သတိပဋ္ဌာန် ဆရာတော် ဦးပဏ္ဍိဝ ၏မြေးတပည့်

မိုးကုတ်မြို့သတိပဋ္ဌာန်ကျောင်းတိုက်

ဝိပဿနာနည်းပြ (ဓမ္မကထိက)

# ဆရာတော်အရှင်သုနန္ဒ

ဟောကြားတော်မူသော

# ဝိပဿနာသင်တန်းနှင့် ကျင့်စဉ်တရားတော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ (ပြည်)

ဆရာတော် ကြည့်ရှုမှမ်းမံပြင်ဆင်သည်။

(ဓမ္မဒါန)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သတိပဋ္ဌာန်ဆရာတော် ဦးပဏ္ဍဝ၏ မြေးတပည့်

မိုးကုတ်မြို့ သတိပဋ္ဌာန် ကျောင်းတိုက်

ဝိပဿနာနည်းပြ (ဓမ္မကထိက)

# အရှင်သုနန္ဒ

ဟောကြားတော်မူသော

# ဝိပဿနာသင်တန်းနှင့် ကျင့်စဉ်တရားတော်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ကောသလ္လ (ပြည်) ဆရာတော်
ကြည့်ရှုမွမ်းမံ ပြင်ဆင်သည်။

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၈၀၅)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၈၂)

၁၉၈၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊

ဝမ္ဗဒါန

၁၃၄၂၊ ဒုတိယဝါဆိုလ၊
အုပ်ရေ (၃၀၀၀)

မျက်နှာဖုံး အတွင်းပုံများရိုက်- လှိုင်ရတနာပုံနှိပ်တိုက်။

ထုတ်ဝေသူ

ဆရာတော်အရှင်သုနန္ဒ (ကင်းလွတ်ခွင့်-၃၀၉)
သတိပဋ္ဌာန်ကျောင်း မိုးကုတ်မြို့၊

ပုံနှိပ်သူ

ဒေါ်စိန်စိန် (၀၂၂၉၉-မြ) လှိုင်ရတနာ ပုံနှိပ်တိုက်၊
အမှတ်-၃၇၊ အခန်း ၁၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့၊



မိုးကုတ်မြို့ သတိပဋ္ဌာန် ကျောင်းတိုက်
ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ မဟာနာယက


ဆရာတော်ဦးပဏ္ဍိတ
သက်တော် (၈၃) နှစ် (ပုံ)

အရှင်သုနန္ဒ သည် ဆရာတော်ကြီး ၏ တူမ အရင်းမှ ဖွားမြင်သော
မြေး ရတနာ ဖြစ်ပါသည်။

# မာတိကာစဉ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | ဆရာတော် ဦးဓမ္မာနန္ဒ၏ ဓမ္မမိတ်ဆွေတို့အားတိုက်တွန်းချက် | က |
| ခ။ | တိပိဋကဓရ အရှင်ဓမ္မကောသလ္လ (ပြည်) ၏ နိဒါနကထာ | ခ |
| ၁။ | နီဝရဏတရားကို အာနာပါနကမ္မဋ္ဌာန်းနှင့်သိပ်ပါ။ | ၁ |
| ၂။ | ရှိတာကပရမတ် မရှိတာကပညတ် | ၂၅ |
| ၃။ | လူ့သံယောဇဉ်ကိုမစွန့်ဘဲနှင့် နိဗ္ဗာန်မရ | ၃၅ |
| ၄။ | သက္ကာယဒိဋ္ဌိပြုတ်ဖို့ရန် ဆရာကောင်းလိုပါတယ် | ၆၀ |
| ၅။ | ဝိမုတ္တိယုဂခေတ်ကို လက်လွှတ်မခံပါနှင့် | ၈၄ |
| ၆။ | ပညတ်အာရုံက လောဘ ဒေါသ မောဟဖြစ်တယ်<br>ပရမတ်အာရုံက လောဘ ဒေါသ မောဟမဖြစ်ဘူး | ၁၀၇ |
| ၇။ | သံသရာလည်တယ်ဆိုတာ ကမ္မနဲ့ဝိပါက | ၁၃၁ |
| ၈။ | ဓါတ်ကြီးလေးပါးနှင့် ရေဥပမာ | ၁၅၂ |
| ၉။ | အပါယ်တံခါးပိတ်သွားရင် ဒုက္ခထက်ဝက်မကကျိုးပါတယ် | ၁၇၅ |
| ၁၀။ | နာမ်ရုပ်အသစ်ဖြစ်ရင် (ဘေး) နာမ်ရုပ်အသစ်မဖြစ်ရင်<br>နိဗ္ဗာန် (အေး) | ၁၉၉ |
| ၁၁။ | သင်္ခတနယ်မှာ စိတ် စေတသိက် ရုပ်၊ အသင်္ခတနယ်မှာ နိဗ္ဗာန် | ၂၂၄ |
| ၁၂။ | သဘာဝလက္ခဏာနှင့်သာမညလက္ခဏာမကွဲရင်မဂ်ဇောမကျနိုင် | ၂၄၅ |
| ၁၃။ | ဉာဏ်တွေ့ဝေဒနာက အမယ်လေးမအော်ရ၊<br>ငါတွေ့ဝေဒနာက အမယ်လေးအော်ရတယ် | ၂၇၀ |
| ၁၄။ | ဣရိယာ ပထပဗ္ဗ | ၂၉၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | သာသနာတော်ရဲ့ဈေးရုံကြီးထဲမှာ သာသနာတော်ရဲ့ပစ္စည်း သီလ သမာဓိ ပညာ သုံးမျိုးရှိတယ် | ၃၂၄ |
| ၁၆။ | ပဋ္ဌဂ္ဂဇနီးမောင်နှံ နာမ်ရုပ်အသံကြားပုံ | ၃၅၁ |
| ၁၇။ | သမ္ဗဇညပဗ္ဗ | ၃၇၇ |
| ၁၈။ | တမ္ဗဒါဌိကလူသတ်ယောကျ်ား တုသိတာသွားနတ်သားဖြစ်ရပုံ | ၄၀၁ |
| ၁၉။ | သတိလွတ်တာနဲ့အမျှ ကိလေသာတွေ သောင်းကျန်းတယ် | ၄၂၇ |
| ၂၀။ | ကြားတိုင်းကြားတိုင်း နာမရူပပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟ ပဋိစ္စသမုပ္ပါဒ် သမ္မသနဉာဏ်ဖြစ်ပုံ | ၄၅၂ |
| ၂၁။ | တရားရှာသော သူငယ်ချင်းနှစ်ယောက် | ၄၇၇ |
| ၂၂။ | စက်လေးပါး | ၄၈၀ |
| ၂၃။ | သက္ကာယဒိဋ္ဌိက ဦးသွားလျှင် အို-နာ-သေ မလွတ် | ၅၂၁ |
| ၂၄။ | ကုန်သည်နှင့်ဘီလူးမ | ၅၄၆ |
| ၂၅။ | ပဋိစ္စသမုပ္ပါဒ် (၁) | ၅၆၆ |
| ၂၆။ | ပဋိစ္စသမုပ္ပါဒ် (၂) | ၅၈၆ |
| ၂၇။ | ပဋိစ္စသမုပ္ပါဒ် (၃) | ၆၀၅ |
| ၂၈။ | ပဋိစ္စသမုပ္ပါဒ် (၄) | ၆၂၆ |
| ၂၉။ | ရှုဉာဏ်နှင့်ပေါ်ဉာဏ် မကွဲသမျှ မဂ်ဇောကျလို့မရ | ၆၅၀ |
| ၃၀။ | ဖြစ်ပျက်ရှုခိုက်မှာ အန္တရာယ်ဆယ်ပါး ပေါ်လာတတ်တယ် | ၆၇၀ |
| ၃၁။ | သစ္စာလေးပါး | ၆၉၄ |
| ၃၂။ | သုံးဆယ့်တစ်ဘုံသည် ပိုက်ကွန်ကြီးနှင့်တူတယ် | ၇၁၂ |
| ၃၃။ | ဂဏကမောဂ္ဂလာန် | ၇၃၃ |



မိုးမိတ်မြို့ ရွှေကျောင်းစာသင်တိုက် မဟာနာယက

ကျေးဇူးတော်ရှင်

## ဆရာတော် ဦးဓမ္မာနန္ဒ

သက်တော် ( ၇၀ )

# ဓမ္မမိတ်ဆွေတို့အား တိုက်တွန်းချက်။

**ကရုဏာဝိယ သတ္တေသု၊ ပညာယဿ မဟေသိနော**
**ဉေယျ ဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။**

**မဟာကရုဏာ**တော်အစ သဗ္ဗညုတ ဉာဏ်တော်အဆုံး အလုံးစုံတို့၏အလည် ဖြစ်တော်မူသော ပါရမီဉာဏ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အစရှိသော ဉာဏ်တော်အပေါင်းကို မိဂပဒဝလဉ္စနနည်းဖြင့် ပေါင်းစည်းလျက် အဆုံးမရှိ အပရိမာဏအနန္တဖြစ်၍ လောကသုံးရပ်၌ အတုမရှိ (တူသူမရှိ) အောက်အဝီစိမှ သည် အထက်ဘဝဂ်တိုင်အောင် အာဏာတော်ချင်းနင်း၊ မင်းအဖြစ်သို့ ရောက်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ကာမရူပ အရူပဟုဆိုအပ်သောလောက သုံးပါး၌ စက်ရဟတ်ချားဆုံလည်နွားသို့ အဖန်ဖန်ရွေ့လျား ပင်ပမ်းနွမ်းနယ်ကြကုန်သောဒုက္ခိတဝေနေယျသတ္တဝါအပေါင်းတို့အား ရွှေရင်တော်နှစ် သားတော်စစ်အတူ သနားတော်မူလှသည် ဖြစ်၍ သတ္တဝါတို့၏အလိုအဇ္ဈာသယကို သိတော်မူသော အာသယာနုသယဉာဏ်၊ ပညိန္ဒြေ ရင့်မရင့်ကို သိတော်မူသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ သတ္တဝါတို့၏ ဉာဏ်အားလျော်စွာ လောကီ လောကုတ္တရာ ကျိုးနှစ်ဖြာကို ထင်စွာသိအောင် ဟောစွမ်းနိုင်သော ဒေသနာ ဉာဏ်တော်အားဖြင့် ဟောကြားပြသ ဆုံးမတော်မူအပ်သော ဒေသနာသုံးရပ်တို့တွင်–

အယံကာယောဘိက္ခဝေ နတုမှာကံ နာပိအညေသံ။ ဟူသော ဒေသနာအရ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်၏ ကင်းပြတ်မှုကို အမှန်လိုလားကြကုန်သော သူတော်ကောင်းတို့အား မိမိခန္ဓာဝယ် “ကေသာ–လောမာ” အစရှိသော သုံးဆယ့်နှစ်ပါးသောကောဋ္ဌာသအစုအဝေးသည် သင်တို့ကိုယ်လည်းမဟုတ်၊ တပါးသော ပုဂ္ဂိုလ်တို့၏ ကိုယ်လည်းမဟုတ်ဟု သဗ္ဗညုတဉာဏ်တော်ဖြင့် ထင်မြင်၍ ဟောကြားတော်မူ၏။ ထို့နောက်တဖန် ဒုက္ခသစ္စာ သမုဒယသစ္စာတို့၏ အစုအဝေးဖြစ်သော မင်းပုဏ္ဏား သူဌေး သူကြွယ် အစရှိကုန်သော နာမပညတ်တို့သည်လည်း မမြဲခြင်းအနိစ္စ၏တည်ရာ၊ ဆင်းရဲခြင်းဒုက္ခ၏တည်ရာ၊ အစိုးမရခြင်း အနတ္တ၏တည်ရာသာလျှင် ဖြစ်ချေ၏ဟု မိမိတို့စိတ်နှလုံးဝယ် ယထာဘူတဉာဏ်ဖြင့် မှန်ကန်စွာ ပိုင်းခြားသတ်မှတ်ထားရပေမည်။ ထိုသို့ မှတ်သားခြင်းမရှိသော ပုဂ္ဂိုလ်တို့သည်မိမိတို့ခန္ဓာကိုယ်ကို တင့်တယ်ခြင်းမရှိသောအသုဘဟုမရှုဘဲ(ဝါ) ဉာဏ်၌ ထင်မြင်စွဲလမ်းလေ့မရှိဘဲ တင့်တယ်သော သုဘသာလျှင် ဖြစ်ချေ၏ဟု အမှားကိုထင်မှတ်စွဲလမ်းသောပုဂ္ဂိုလ်တို့သည် မိမိတို့ကိုယ်ကိုသံသရာရှည်လျားပြီး ဆင်းရဲပင်ပမ်းအောင် ထင်မှားစွဲမှတ်၍နေသည်သာလျှင် မည်ပေ၏။

သို့အတွက်ကြောင့် ထိုအစွဲအလမ်းကို ပယ်ရှားစိမ့်သောငှာ မဟာရက္ခော ဝေါဟာရတိပန နတ္ထိမူလံသာရော တဲဇောပပဋိကာသာခါ ပဏ္ဍံ ပုပ္ဖံ ဖလံ ဟူသော ဒေသနာအရ ကြီးစွာသောသစ်ပင်ကို တခုစိခွဲ၍ရှာသော် သစ်ပင်ဟူ၍ကားမရှိ။ ကာ- ခေါက်- သစ်မြစ်- ပွင့်-သီး- ရွက် ဟူသော အပေါင်းအစုမျှသာရှိ၏။ ထို အပေါင်း အစု ကို ပင် ခေတ္တခဏ သစ်ပင်ဟု ပညတ်ခေါ်ဝေါ်သမုတ်သကဲ့သို့၊ ဤအတူ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အစရှိသဖြင့် သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ အပေါင်းအစုမျှကိုပင် မိမိတို့ကိုယ်ဟူ၍ ခေါ်ဝေါ်သမုတ်ကြလေသည်။ စင်စစ်အားဖြင့်ကိုယ်ဟူ၍ကားမရှိပါပေ။ ထို့ကြောင့်

ဇာနတောပဿတောဟံဘိက္ခဝေ ပဿတော အာသဝါနံ

ခယံဝဒါမိ နောအဇာနတော အပဿတော။ ဟူသော ဒေသနာ အလာ မိန့်မှာသည်မှာ ဟုတ်မှန်သောအတိုင်း သစ္စာလေးပါးတရားကို သိမြင်သော သူသည်သာလျှင် နိဗ္ဗာန်နှင့်နီး၏။ ဟုတ်မှန်သောအတိုင်း သစ္စာလေးပါး တရားကိုမသိမြင်သော သူတို့သည်ကား နိဗ္ဗာန်နှင့်ဝေး၏။ ဥပမာပြရလျှင် ခဲကို ငွေဟု အသိမှား အမြင်မှားလျှင်၊ ခပ်ပြာကိုရွှေဟု အသိမှား အမြင်မှားလျှင်၊ မှတ်ကျောက်ကိုပတ္တမြားဟု အသိမှား အမြင်မှားလျှင် စီးပွားမဖြစ်နိုင်ဘဲ ဆုတ်ယုတ်ပျက်စီးခြင်းတို့သာလျှင် ရောက်ရသကဲ့သို့၊ ထို့အတူ မမြဲသောအနိစ္စတရားကို နိစ္စဟုထင်မှားလျှင်၊ ဆင်းရဲသောဒုက္ခတရားကို သုခဟုထင်မှားလျှင်၊ အစိုးမရသော အနတ္တတရားကို အတ္တဟုထင်မှားလျှင်၊ နိဗ္ဗာန်နှင့်ဝေး၍ ဆေးမတွေ့သော အနာကဲ့သို့ သံသရာခရီးရှည်လျားပြီး ဆင်းရဲပင်ပမ်းနေရမည် ကိုဂုင်း၊ စိတ်၏ အမှတ်သညာသည် ဟုတ်မှန်တိုင်းကို မသိမမြင်တတ်ဘဲ အသိ၏ဖေါက်ပြန် ချွတ်ယွင်းသဖြင့် အမှန်ကိုအမှန်အတိုင်း မမြင်နိုင်ကြဘဲ မြဲခိုင်ရှည်ကြာ သံသရာဝယ် ကမ္ဘာအဆက်ဆက် ရှေးကလည်း ဆင်းရဲဘူးလှလေပြီ။ ယခုလည်း ဆင်းရဲကြဆဲ၊

နောင်လည်းဆင်းရဲကြလတ္တံ့။ ထို့ကြောင့် မိမိတို့ခန္ဓာတွင် ဖြစ်ပျက်နှစ်ပါး ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းလေ့ကျက် အားထုတ်ခြင်းမရှိဘဲ ကြိမ်ဖန်များစွာ ရှုပွားရမည့် ဖြစ်ပျက်နှစ်ပါးဝိပဿနာကမ္မဋ္ဌာန်းတရားများကို မေ့လျော့ပြီးအာရုံငါးပါး ကာမဂုဏ်တရားတို့၌သာ ခုံမင်နှစ်သက် မြတ်နိုးနေသော ပုဂ္ဂိုလ်တို့သည် သံမျှားချိတ်ကို မြိုမှားမိသောငါးကဲ့သို့ ဆင်းရဲဒုက္ခလှလှကြီး အမှန်ခံကြရမည်ဟု တရားသံဝေဂရစေရန် ရည်သန်စိတ်ထား ကရုဏာအားဖြင့် အားလုံးသော ဓမ္မမိတ်ဆွေသူတော်ကောင်းတို့အား ဖြစ်ပျက်နှစ်ပါး ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ဗုဒ္ဓဝါဒအတိုင်း နည်းလမ်းကျကျ လေ့လာမှတ်သားပြီး ပွားများအားထုတ်နိုင်ကြစေရန် မိုးကုတ်မြို့သတိပဋ္ဌာန်ကျောင်းဆရာတော် အရှင်သုနန္ဒမထေရ်သည်

ပိဋကတ်ပါဠိတော်၏ အဆီအနှစ်ကို ထုတ်နှုတ်၍ နေ့စဉ်ဟောကြား ပြသတော်မူ အပ်သော(ဝိပဿနာသင်တန်းနှင့်ကျင့်စဉ်) ကျမ်းကို မကျဉ်းမကျယ်စေဘဲ ထိထိ မိမိ ဟောထားပေသည်။

ထို့ကြောင့် တရားလိုလားသော သူတော်ကောင်းတို့ လက်ဝယ်အရ ဆောင် ထားသင့်သော ကျမ်းစာအုပ်ပင်ဖြစ်ပေသည်။ သို့မှသာ အရှင်၏ဟောစဉ်အတိုင်း စနစ်ကျစွာ ပွားများအားထုတ်နိုင်ကြပေမည်။ ပွားများအားထုတ်နိုင်ကြပါစေ ဟူ၍လည်း အားလုံးသော ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား စေတနာ ကောင်းဖြင့် တိုက်တွန်းနှိုးဆော် အပ်ပါသတည်း။

နေ့စွဲ (၁၀-၁၂-၇၉)

ဆရာတော် ဦးမွှာနန္ဒ
သံဃမဟာနာယက
ရွှေကျောင်းစာသင်တိုက်
မိုးမိတ်မြို့။

# မြတ်စေတနာ ဝေဆာညွှန်းပြု
# တိုက်တွန်းမှုဆိုင်ရာ နိဒါန်းကထာ

သူတော်ကောင်းများသဘောထား။ ။ယဿတ္တာယ ကုလပုတ္တာ သမ္ဗောဓေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ ဘုရားသားတော် သံဃာတော်များ၏ နှလုံးသွင်းအာဘောဂသည် ဒုက္ခငြိမ်းရန် မြတ်နိဗ္ဗာန်သို့ ကေန်ရောက်ရေးပင်ဖြစ်သည်။ ထိုနှလုံးသွင်း အားလျော်စွာ ကိုယ်တိုင်လည်း သံဃဂုဏ် ပီပြင်လာအောင် ကောင်းစွာဖြောင့်မတ် အကျင့်မြတ်ကို မရပ်မနား အားထုတ်ပွားများဘော်မှုကြသလို ပရိသတ်အားလည်း အလားတူပင် အလုပ်ခွင်သို့ မခိုမကပ် မရပ်မနား ရှေ့ကထား၍ သွားစေ လုပ်စေရပါမည်။ သို့မှသာ ဗုဒ္ဓသာသနာတော်ဝယ် ဗုဒ္ဓအာဘော် ကျေလည်ထိမိ ရရှိအပ်သောအနေအထားအချိုးအစားကျပေမည်။

သဒ္ဓါအရှိန် ထိန်ထိန်ဝင်းတောက် အကျိုးရောက်ရ။ ။ ဤဟောစဉ်ကျမ်းတစောင်တဖွဲ့ဖြစ်အောင် စီစဉ်တော်မူသော မိုးကုတ်မြို့သတိပဋ္ဌာန်ကျောင်းဆရာတော် အရှင်သုနန္ဒ၏ လုပ်ရိုပ်နှင့်ဟောစဉ်တို့ကား သာသနာတော်ဝယ် ပီပီပြင်ပြင် လွန်စွာအကျိုးထင် ကျေးဇူးများပေသည်။ ဤစာအုပ် ဖြစ်မြောက်ရေးစွမ်းနိုင်သမျှ အကူအညီပေးကာ ဤနိဒါန်း ရေးသားရသော မိမိမှာပင် မြတ်စေတနာ သဒ္ဓါတိုးပွား အကျိုးများရပါ၏။

မှန်ပါသည်၊ ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊ အမှန်သိမြင်ဘုရားရှင်သည် အများ‌ိတ်ဖုံး လောကသားအားလုံးကို အများကင်းစင် အမှန်မြင်ရေးအတွက် အဘက်ဘက်မှ အဇ္ဈာသယအလိုက် ချိန်ကိုက်အောင် မနားမနေဟောပြ ဓချချွတ်တော် မူခဲ့လေသည်။ ထို့အတူ ဘုရားသားတော်ပီပီ အလုပ်ကိုကိုယ်တိုင်လုပ်သဖြင့် ရအပ်သောဓမ္မအရသာ မြိုက်ဩဇာကို ကျေးဇူးများလှသောတကာတကာမများအား မိမိကဲ့သို့အားပါးတရစားသုံးနိုင်အောင် လှပတင့်တယ်ဖွယ်ဖွယ်ရာရာ တန်ဆာဆင်ယင် ပြုပြင်တည်ခင်းထားသော သတိပဋ္ဌာန်ကျောင်းအရှင်သုနန္ဒ၏ စေတနာသဒ္ဓါ ဝီရိယစွမ်းအားများ ထူးခြားလှသောကြောင့် ဖြစ်ပါသည်။

အံ့ဘွယ်စုံစွာ မြတ်သာသနာ။ ။ မဟာသမုဒ္ဒရာသည် ကမ်းစပ်မှစ၍ အစဉ်သဖြင့် နက်ရှိုင်းသွားပါသည်။ ထို့အတူ သရဏဂုံသီလမှစ၍ အရဟတ္တဖိုလ်အထိ အစဉ်နက်ရှိုင်းလာသော ဘုရားသာသနာဝယ် ယောဂီသူတော်စဉ်တို့သည် သီလဖြူစင်မှု တင်ကိုဖြည့် သမာဓိလောင်း အကျင့်ကောင်း အလုပ်ကောင်းတို့ဖြင့် အရဟတ္တဖိုလ်တိ ကိုစွပြီးမြောက် ခရီးရောက်ကြရပါမည်၊ ခရီးမရောက်သူမရှိရ၊



ဝိပဿနာ သင်တန်း နှင့် ကျင့်စဉ်တရား တော်ကို တည် ဖြတ်တော်မူသော
တိပိဋကဓရ မွေဘဏ္ဍာဂါရိက
ဆရာတော် အရှင်ကောသလ္လ (ပြည်)

မရှိကောင်းပါ။ ထို့ကြောင့်ပင် ဘုရားရှင်က "ငါဘုရားလမ်းစဉ်လျှောက်ခဲ့လျှင် တွင်တွင်ခရီးပြီးရမည်"ဟုရဲရဲတောက်မိန့်ခွန်းညွှန်းတော်မူခဲ့သည်မဟုတ်ပါလော၊

ဗုဒ္ဓအလုပ်ခွင်ဝင်ကြပါစို့။ ။မဟာသမုဒ္ဒရာရေမှန်က ငံရပါမည်။ ချိုချဉ်အရသာမရှိရပါ။ ထို့အဘူ လွတ်မြောက်မှုအရသာ (ဝိမုတ္တိရသ) တပါးသာရှိသော ဗုဒ္ဓသာသနာတော်ဝယ် ကံကယ်၍ လွတ်နေကြသော မိမိအပါအဝင် သူတော်စင်တို့မှာ–

"ရုပ်ဓါတ် နာမ်ဓါတ်၊ ပရမတ်စစ်၊ ဖြစ်ပျက်နှစ်သွယ်၊ မမြင်ကွယ်သော်၊ ရှစ်ဆယ် ကိုးဆယ်၊ အရွယ်ကျော်ကာ၊ တရာလှလှ၊ နေရစေဦး၊ မမြတ်ဘူးတဲ့၊ ဖြစ်ပျက်နှစ်ပါး၊ ထိုတရားကို၊ ထင်ရှားသိမြင်၊ တရက်ပင်သာ၊ နေရပါလျက်၊ တရာထက်သာ၊ မြတ်လှပါသည်၊ ပညာရှင်တို့၊ ရှုမြင်ဘို့။" လက်တို့မိန့်မှာ ဓမ္မပဒ ဒေသနာကို သေချာရှုမြင် အလုပ်ခွင်သို့ တွင်တွင်ကြီး သွားရပါမည်။ သွားနိုင်ကြပါစေ—။

ဗုဒ္ဓပရိသတ် အလုပ်မြတ်ကား။ ။ဇိနံသာသနံ ပရိယာနိ ဒိသွာ အဘိဝဍ္ဎိယာ ဝါယမတိ၊ဘုရားသြဇာခံ တပည့်မှန်သမျှသည် ဘုရားသြဇာယုတ်နိမ့်ရာဝယ် တိုးလာအောင် ကြိုးစားရပါမည်။ သီလနေရာဝယ် သီလကိုဖြည့်၍ သမာဓိပညာနေရာတွင်လည်း သမာဓိပညာ ဖြစ်လာအောင် ကြိုးပမ်းရမည်။ သို့မှသာ ဗုဒ္ဓ၏အလုပ်ခွင်တွင် စင်ဖြူမြင့်မြတ် အလုပ်လုပ်သောပရိသတ် ဖြစ်လာမည်သာ။ ဤအရေးကို လေးနက်ဆင်ခြင် ယောဂီသူတော်စဉ်တို့သည် ဤကျမ်းစာပါ လုပ်စရာများကို သဒ္ဓါဝီရိယ၊ သတိသမာဓိ ပညာ တပ်မဟာတို့ဖြင့် ကိလေသာ ရန်သူများ ကုန်ဆုံးပျက်ပြုန်းသည်အထိ ချေမှုန်းတိုက်ခိုက် အောင်လံစိုက်ကြရပါမည်။ စိုက်နိုင်ကြပါစေဟု အာသီသပြုရင်း နိဒါန်း၏နိဂုံးကို ကမ္ပတ်ဖုံး၍ အဆုံးသတ်ရပါသတည်း။

နေ့စွဲ (၂၁-၁၁-၇၉) အရှင်ကောသလ္လ (ပြည်)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ပဥ္စနိကာယ သာသနဗိမာန်ကျောင်း

ရန်ကင်း–ရန်ကုန်မြို့။

ဖုံး - ၆၁၀၇၆

# အာစရိယာနုဿတိ အဟော ဝန္ဒာမိ သဗ္ဗဒါ


အာစရိယာနံ၊ ပရိယတ်ကျမ်းဂန်ကို လမ်းမှန်စွာ သင်ပြဆုံးမကြွဝါဒ ပေးတော်မူတတ်သော ကျေးဇူးတော်ရှင် မန္တလေးမြို့ မဟာဂန္ဓာရုံရှု မစိုးရိမ်ဆရာတော်၊ မိုးမိတ်၊ မိုးလှိုင်း(၂)မြို့ ဂိုဏ်းချုပ် အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဦးခေမိန္ဒ။ မိုးမိတ်မြို့ မဟာနာယက ရွှေကျောင်း ဆရာတော် ဦးဓမ္မာနန္ဒနှင့် ပဋိပတ်အကျင့်ဉာဏ်ကို လမ်းမှန်ကျနသင်ပြ ဆုံးမကြွဝါဒ ပေးတော်မူတတ်သော မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်း တိုက် ကျေးဇူးတော်ရှင် ကမ္မဋ္ဌာနာစရိယ မဟာနာယက ဆရာတော် ဦးပဏ္ဍိဝ မဟာထေရ်မြတ် တို့ကို (ဝါ) တလုံးတပါဒမျှ တနပ်ပြင် သွန်သင်ပေးတတ် ဆရာတော်အရှင်သူမြတ်တို့ကို။ အဟံ၊ သုနန္ဒဟု နာမ မည်ခေါ် ဘုရားတပည့်တော်သည်။ သဗ္ဗဒါ၊ နေ့ရောညပါ ဘယ်ခါ မပြတ် အထပ်ထပ်သာလျှင်။ ဝန္ဒာမိ၊ လွန်စွာရိုကျိုး လက်စုံမိုး၍ ရှိခိုး ကန်တော့လိုက်ရပါတော့သည်ဘုရား။

**အရှင်သုနန္ဒ**

ဝိပဿနာနည်းပြ (ဓမ္မကထိက)

သတိပဋ္ဌာန်ကျောင်းတိုက်

မိုးကုတ်မြို့



အရှင် သုနန္ဒ
ဝိပဿနာနည်းပြ (ဓမ္မကထိက)
သက်တော် (၄၃) နှစ် (ပုံ)

## နိဗ္ဗာနဓာတ်ဘော်ကို အာနာပါနကမ္မဋ္ဌာန်းနှင့်သိပါ

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၇)ရက် ဟောကြားသောတရား။

ကဲသမာဓိယူကြပါစို့၊ ယနေ့ သမထပိုင်း အပြီးသတ်ပြီး၊ မနက်ဖန်ကျတော့ တဆင့်တက်ကြပါစို့၊ ကဲသမာဓိယူကြပါ၊

အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ။

တောအရပ်၌ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ၊ ဆိတ်ငြိမ် တဲ့ အ ရပ် ဖြစ် စေ၊ ကမ္မဋ္ဌာန်းအားထုတ်ပါဆိုပြီးတော့၊ နေရာဌာနရွေးချယ်ပေးပါတယ်။ အဲဒီတော့ တကာ တကာမတွေ ဒီနေရာ ဒီဌာနမှာဆိုရင် ဆိတ်ငြိမ်တဲ့ သုညာဂါရလို့ ဆိုကြပါစို့၊ အဲဒီသုညာဂါရမှာ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို တင်ပလ္လင်ခွေ၍၊ အထက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားပြီး နှာသီးဖျားမှာ သတိထားလိုက်။ နှာသီးဖျားမှာ သတိထားလိုက်တဲ့ အခါကျတော့ အပြင်လေထုတ်တာ တွေ့မယ်၊ အတွင်းလေသွင်းတာတွေ့မယ်။ အ ပြင် လေ ထုတ် တာ ကို ရှူတယ်၊ အတွင်းလေသွင်းတာက (ရှိုက်တယ်) ရှိုက်တယ်လို့မှတ်ပါ။

ရှူတာက (အာန)၊ ရှိုက်တာက (ပါန)၊ အောက်မေ့တာက (သတိ)၊ ပေါင်းလိုက်စမ်းပါ (အာနာပါနသတိပါဘုရား)၊ ဘာကမ္မဋ္ဌာန်း (အာနာပါနသတိကမ္မဋ္ဌာန်းပါဘုရား) ဒါကြောင့် ပထမနည်း ရှူတယ် ရှိုက်တယ်လို့ မှတ်ပါ။ ရှေ့မတက်ပါနဲ့ဦး၊

ရှူတယ်တချက်ထဲမှတ်၊ ရှိုက်တယ်တချက်ထဲမှတ်လိုက်၊ အဲဒီလိုမှတ်ပေး၊ ဒါဆို တကာ တကာမတွေ၊ အားရလောက်ပြီ၊ မိမိကိုယ်ကိုသမာဓိဖြင့် ကျေနပ်လောက်ပြီဆိုရင် ရှေ့တဆင့်တက်လိုက်ပါစို့၊

(ဒီဃံဝါ အဿသန္တော ဒီဃံအဿသာမီတိ ပဇာနာတိ)။

ဒီဃံ၊ ရှည်စွာ၊ အဿသန္တော၊ ထွက်သက်ကိုရှူသည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ၊ အဿသာမီတိ ထွက်သက်ကိုရှူ၏ဟု၊ ပဇာနာတိ၊ သိပါ၊ (ရှူတယ်ရှူတယ်၊ ရှိုက်တယ် ရှိုက်တယ်လို့သိဦး၊) ဒီဃံ၊ ရှည်စွာ၊ ပဿသန္တော၊ ဝင်သက်ကို ရှိုက်သည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ၊ ပဿသာမီတိ၊ ဝင်သက်ကိုရှိုက်၏ဟု၊ ပဇာနာတိ၊ သိပါ၊ (ရှိုက်တယ်ရှိုက်တယ်လို့သိပါ)။

မြတ်စွာဘုရားအသိခိုင်းတာလား၊ ဘုန်းကြီးကအသိခိုင်းတာလား၊ (မြတ်စွာဘုရားကခိုင်းတာပါဘုရား၊ မြတ်စွာဘုရားစကားနားထောင်တာလား၊ ဘုန်းကြီးစကားနားထောင်တာလား (မြတ်စွာဘုရားစကား နားထောင်တာပါ ဘုရား)

မြတ်စွာဘုရားစကား နားထောင်ရင် မြတ်စွာဘုရား အဆုံးအမ တည်မှာလား၊ ဘုန်းကြီးအဆုံးအမတည်မှာလား (မြတ်စွာဘုရားအဆုံးအမ တည်မှာပါဘုရား) မြတ်စွာဘုရား အဆုံးအမ ဘယ်နှစ်လုံးပါလိမ့်၊ (သုံးလုံးပါဘုရား) သုံးလုံးက ဘာပါလိမ့် (သီလ သမာဓိ ပညာ ပါဘုရား) မနေ့ကလဲ နှစ်ရက်တိုင်တိုင် ရှုခဲ့ပါတယ်။

ရှုစက ရှုဆုံးအထိ ရှုတယ် ရှုတယ် ရှုတယ်လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ် ရှိုက်တယ် ရှိုက်တယ်လို့သိခိုက်မှာ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနောဒုစရိုက်သုံးပါး မလုံခြုံဘူးလား လုံခြုံသလား (လုံခြုံပါတယ်ဘုရား) ဒုစရိုက်ဘယ်နှစ်ပါး လုံခြုံသွားပါလိမ့် (ဆယ်ပါးပါဘုရား) လုပ်ငန်းနဲ့လုံခြုံတာလား အပြောနဲ့လုံခြုံတာလား (လုပ်ငန်းနဲ့လုံခြုံတာပါဘုရား) ဘာကမ္မဋ္ဌာန်းနဲ့ လုံခြုံသွားတာပါလိမ့် (အာနာပါနဿတိ ကမ္မဋ္ဌာန်းနဲ့ပါဘုရား) အဲဒီလိုခင်ဗျား တို့သိပါစေ၊အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်းရင်ဖြင့် ဒုစရိုက်တရားရှောင်ကြဉ် ပြီးသွားဖြစ်ပါတယ်။ အဲဒီလိုဆုံးဖြတ်ချက်ချပါ၊ လုပ်ငန်းနဲ့ပါပြီးတော့ ခင်ဗျား တို့ ရှောင်ကြဉ်တာ၊ အပြောနဲ့ရှောင်ကြဉ်တာ မဟုတ်ဘူး၊ ပရိယတ္တိ ပိုင်းတွင် မဟုတ်ဘူး၊ ပဋိပတ္တိပိုင်းသို့ ရောက်သွားတယ်လို့ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချပါ။

ဒါကြောင့် ရှုစက ရှုဆုံးအထိ၊ ရှုတယ် ရှုတယ် ရှုတယ်လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ် ရှိုက်တယ် ရှိုက်တယ်လို့ သိခိုက်မှာ သီလတွေ မလုံခြုံဘူး လား၊ လုံခြုံသွားသလား (လုံခြုံသွားပါတယ်ဘုရား) သီလမစင်ကြင်ဘူးလား၊ စင်ကြယ်သွားသလား (စင်ကြယ်သွားပါတယ်ဘုရား) သီလစင်ကြယ်လေပြီဖြစ် သောကြောင့် သုဒ္ဓိခုနှစ်ပါးတို့တွင် အခြေခံဖြစ်တဲ့ သီလဝိသုဒ္ဓိနဲ့မပြည့်စုံဘူးလား၊ ပြည့်စုံသွားသလား (ပြည့်စုံသွားပါတယ်ဘုရား) ဘာသုဒ္ဓိနဲ့ ပြည့်စုံသွားသလဲ၊ (သီလဝိသုဒ္ဓိနဲ့ ပြည့်စုံသွားပါတယ် ဘုရား) လုပ်ငန်းနဲ့ ပြည့်စုံသွားတာလား၊ အပြောနဲ့ ပြည့်စုံသွားတာလား (လုပ်ငန်းနဲ့ ပြည့်စုံသွားတာပါ ဘုရား) ဘာ ကမ္မဋ္ဌာန်းနဲ့ ပြည့်စုံသွားတာပါလိမ့် (အာနာပါန ကမ္မဋ္ဌာန်းနဲ့ ပြည့်စုံတာပါ ဘုရား)။

အဲဒီသီလဝိသုဒ္ဓိသည် သတိ သမာဓိနဲ့ယှဉ်တဲ့ သီလလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ခင်ဗျားတို့ ဥပုသ်နေ့တိုင်း စောင့်နေတဲ့ သီလနဲ့တူရဲ့လား (မတူပါဘုရား) ခင်ဗျားတို့ ဥပုသ်နေ့ လက္ခယ်နေ့ ကျောင်း မဘက်ဘူးလား တက်သလား၊ (တက်ပါတယ်ဘုရား) သီလမခံယူဘူးလား၊ ခံယူ သလား (ခံယူပါတယ်ဘုရား)၊ အဲဒါအပြောနဲ့၊ ပရိယတ္တိပိုင်းဘဲဖြစ်တယ်၊ လုပ်ငန်းပိုင်းအထိပါရဲ့လား။ သတိ သမာဓိပါရဲ့လား (မပါပါဘုရား) ဒါကြောင့် သတိနဲ့သမာဓိနဲ့မယှဉ်ဘူး၊ အဲ့ဒီသီလက။

ယနေ့သီလကတော့ဖြင့် သတိနဲ့သမာဓိနဲ့ယှဉ်ပြီး ပြည့်စုံနေတဲ့သီလ ဖြစ်လေသောကြောင့် သီလဝိသုဒ္ဓိနဲ့ပြည့်စုံပါတယ်၊ ဘာဝိသုဒ္ဓိနဲ့ပြည့်စုံတုံး (သီလဝိသုဒ္ဓိနဲ့ပြည့်စုံတာပါဘုရား) သီလကသီလ၊ဝိသုဒ္ဓိကအထူးစင်ကြယ်တာ၊သီလမစင်ကြယ်ဘူးလား၊ စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား) သီလဝိသုဒ္ဓိနဲ့လဲ ပြည့်စုံတယ်၊ သီလသာသနာလဲတည်တယ်၊ သီလသိက္ခာလဲနဲ့လဲ့ ပြည့်စုံတယ်၊ တို့တကာတကာမတွေ ဘယ်လောက်ကောင်းသလဲ၊ အာနာပါနသတိကမ္မဋ္ဌာန်း စီးဖြန်းရတဲ့အကျိုး။

နောက်တချက် ရှူစကရှူဆုံးအထိ ရှူတယ် ရှူတယ် ရှူတယ်လို့သိခိုက်၊ ရှိုက်စကရှိုက်ဆုံးအထိ ရှိုက်တယ်ရှိုက်တယ်လို့ သိခိုက်မှာ စိတ်တွေက ဟိုဟိုဒီဒီရောက်သေးရဲ့လား (မရောက်ပါဘုရား) စိတ်မတည်ဘူးလား တည်သွားသလား (တည်သွားပါတယ်ဘုရား) အဲဒါသမာဓိဗျ။ ဘာသာသနာနဲ့တွေ့တာတုံး(သမာဓိသာသနာနဲ့တွေ့တာပါဘုရား) သီလသာသနာနဲ့လဲတွေ့ပြီ၊ သမာဓိသာသနာလဲ တွေ့ပြီလို့မဆိုထိုက်ဘူးလား။ (ဆိုထိုက်ပါတယ်ဘုရား) အပြောနဲ့လား လုပ်ငန်းနဲ့လား (လုပ်ငန်းနဲ့ပါဘုရား) လုပ်ငန်းနဲ့နော်။

အဲဒီ ရှူရင် ရှူတယ်လို့ သိခိုက်၊ ရှိုက်ရင်ရှိုက်တယ်လို့ သိခိုက်မှာ ခင်ဗျားတို့လောဘဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) အော် ခင်ဗျားတို့စိတ်ဟာ လောဘတွေ ဒေါသတွေနှင့် ယှဉ်သေးရဲ့လား (မယှဉ်တော့ပါဘုရား) ရောသေးရဲ့လား၊ (မရောပါဘုရား) စိတ်ကမသန့်ရှင်းဘူးလား သန့်ရှင်းသွားသလား (သန့်ရှင်းသွားပါတယ်ဘုရား) အကုသိုလ်တွေနဲ့ ယှဉ်သေးရဲ့လား (မယှဉ်တော့ပါဘုရား) မယှဉ်တော့ စိတ်ဟာ သန့်ရှင်းလေပြီဖြစ်သောကြောင့် စိတ္တဝိသုဒ္ဓိ၊ ဘာဝိသုဒ္ဓိတဲ့တုံး (စိတ္တဝိသုဒ္ဓိပါဘုရား)၊ စိတ္တဝိသုဒ္ဓိ၊ စိတ္တကစိတ်၊ သုဒ္ဓိက အထူးစင်ကြယ်တာ၊ စိတ်စင်ကြယ်တယ်လို့ သိပါ၊ သီလလဲစင်ကြယ်တယ်၊ စိတ်လဲစင်ကြယ်တယ်၊ သီလသာသနာလဲတည်တယ်၊ သမာဓိသာသနာလဲတည်တယ်၊ သီလဝိသုဒ္ဓိနဲ့လဲ ပြည့်စုံတယ်၊ စိတ္တဝိသုဒ္ဓိနဲ့လဲပြည့်စုံတယ်၊

သီလသိက္ခာလဲကျင့်ဆဲ၊ သမာဓိသိက္ခာလဲကျင့်ဆဲ၊ သေက္ခပုဂ္ဂိုလ်စာရင်း မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) သေက္ခပုဂ္ဂိုလ်ဆိုတာကျင့်ဆဲ၊ ဘာတွေကျင့်ဆဲတုံး၊ သာသနာတော်မှာ ကျင့်ရတဲ့ သိက္ခာသုံးပါးဘဲ ရှိတယ်၊ ကျင့်ရမဲ့သိက္ခာဘယ်နှစ်ပါးရှိတာပါလိမ့် (သုံးပါးပါဘုရား) သုံးပါးက သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ၊ များရဲ့လား (မများပါဘုရား) သိက္ခာဘယ်နှစ်ပါးပါလိမ့် (သုံးပါးပါဘုရား) အဲဒါဘာတွေပါလိမ့် (သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာပါဘုရား) အော် ခင်ဗျားတို့ သိက္ခာသုံးပါးအနက်က ယခုသိက္ခာဘယ်နှစ်ပါးနဲ့ပြည့်စုံတာပါလိမ့် (နှစ်ပါးနဲ့ပါဘုရား) နှစ်ပါးက ဘာသိက္ခာတွေ

လဲ၊ (သီလသိက္ခာ၊ သမာဓိသိက္ခာပါဘုရား) အပြောနဲ့ပြည့်စုံတာလား၊ လုပ်ငန်းနဲ့ပြည့်စုံတာလား၊ (လုပ်ငန်းနဲ့ပါဘုရား)၊ ဘာကမ္မဋ္ဌာန်းနဲ့ ပြည့်စုံတာပါလိမ့်၊ အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့ ပြည့်စုံတာပါဘုရား) အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့၊ ခင်ဗျားတို့ စီးဖြန်းချိန်မှာ အဓိသိက္ခာနစ်ပါး၊ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

တကာ တကာမတွေ သတိထားပါ။ ရှူစက ရှူဆုံးအထိ ရှူတယ် ရှူတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ ရှိုက်တယ်ရှိုက်တယ်လို့သိပါစေ၊ မြတ်စွာဘုရားက။ ကဲ နောက်တချက် ပြောကြပါစို့ရဲ့၊ နံပါတ် (၃) က၊ ရှူခြင်းအမှုမပြုဘူးလား ပြုသလား၊ ( ပြုပါတယ်ဘုရား ) ရှူခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး၊ ( ရှိုက်ခြင်းအမှု ပြုပါတယ်ဘုရား ) ရှိုက်ခြင်းအမှုပြုပြီးတော့ ဘာအမှုပြုပြန်တုံး၊ ( ရှူခြင်းအမှုပြုပြန်ပါတယ်ဘုရား ) ရှူခြင်းအမှု ပြုပြန်တယ်၊ ဘယ်လိုပြုသလဲဆိုတော့၊ ဤလိုပြုတယ်၊ ဘယ်လိုပြုတာတုံး၊ (ဤလိုပြုတာ) အော်-ရှူတဲ့အခါရော ရှိုက်တဲ့အခါရော ဤလိုပြုတယ်လို့ သိပါ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ ကိုယ်ပြုတာ ပြုမှန်းသိပါလို့ မညွှန်ကြားဘူးလား ညွှန်ကြားသလား၊ (ညွှန်ကြားပါတယ်ဘုရား) ကိုယ်ပြုတာ ပြုမှန်းသိရင် ကမ္မဋ္ဌာန်းဖြစ်ပါတယ်။ ကိုယ်ပြုတာပြုမှန်းမသိရင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား) ရှူခြင်းအမှုပြုပြီးတော့ ဘာအမှုပြုပြန်တုံး (ရှိုက်ခြင်းအမှုပြုပါတယ်ဘုရား )၊ ရှိုက်ခြင်းအမှုပြုပြီးတော့ ဘာအမှုပြုပြန်တုံး၊ ( ရှူခြင်းအမှုပြုပါတယ်ဘုရား)၊ ရပ်မျှားရပ်နေသေးသလား (မရပ်ပါဘုရား)၊ နားမျှားနားနေသေးသလား [မနားပါဘုရား] ခင်ဗျားတို့ကသာ၊အိပ်တာ။ ရှူခြင်းအမှု၊ ရှိုက်ခြင်းအမှုကတော့ အချိန်တိုင်း အချိန်တိုင်း မရှိဘူးလား၊ ရှိနေသလား (ရှိနေပါတယ်ဘုရား)

ဒါဖြင့် ခင်ဗျားတို့ဘာလိုနေတာလဲ၊ (သတိပါဘုရား) သတိထားလိုက်တာနဲ့ တပြိုင်ထဲ၊ ရှူခြင်းအမှုပြုတာ တွေ့ဘယ်၊ ရှိုက်ခြင်းအမှုပြုတာ တွေ့တယ်၊ တွေ့သလား၊ (တွေ့ပါတယ်ဘုရား) ရှူခြင်းအမှု မပြုဘူးလား၊ ပြုတာလား (ပြုပါတယ်ဘုရား) မပြုဘူးလို့ ငြင်းကြည့်စမ်း၊ ရသလား (မရပါဘုရား)၊ ဒါကြောင့် ကမ္မဋ္ဌာန်းဆိုတာ၊ မိမိအဇ္ဈတ္တသန္တာန်မှာကြည့်ရတာ၊ ရှူခြင်းအမှုပြီးတော့၊ ဘာအမှုပြု၊(ရှိုက်ခြင်းအမှုပြုပါတယ်ဘုရား)။ ရှိုက်ခြင်းအမှုပြီးတော့၊ ဘာအမှုပြု ( ရှူခြင်းအမှု ပြုပါတယ်ဘုရား)။ ဘယ်လိုပြုတာတုံး (ဤလိုပြုပါတယ်ဘုရား) ဒါကြောင့်။ ရှူစက ရှူဆုံးအထိ၊ ( ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ မှတ်ပါ ) (ရှိုက်စက၊ ရှိုက်ဆုံးအထိ၊ ဘယ်လိုမှတ်ရမှာတုံး၊ (ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ မှတ်ပါ)၊ နောက်၊ ရှူခြင်းအမှုပြုလဲ၊ ဤလိုပြုတာဘဲ။ ရှိုက်ခြင်းအမှုပြုလဲ (ဤလိုပြုတယ်လို့ မှတ်အုံး)

ဒါနံပါတ် (၃) ကမ္မဿဋ္ဌာန်-ကမ္မဋ္ဌာန်ကမ္မဿ၊ မိမိပြု လုပ် တဲ့ အမှု ပြုလုပ်တဲ့ကိစ္စ၏၊ ဌာန်၊ တည်ခြင်း၊ ကမ္မဋ္ဌာန်၊ မိမိပြုလုပ်တဲ့ ကိစ္စအပေါ်မှာ ကုသိုလ်ကောင်းမှုတည်နေခြင်းသည်၊ ကမ္မဋ္ဌာန်၊ ကမ္မဋ္ဌာန်းဘဲ၊ ရှုခြင်းအမှုပြုတဲ့အပေါ်မှာ၊ သမာဓိကုသိုလ်၊ မတည်ဘူးလား၊ တည်သလား ( တည်ပါတယ်ဘုရား )။ ရှိုက်ခြင်းအမှုပြုတဲ့ အပေါ်မှာရော။ သမာဓိ ကုသိုလ်၊ မတည်ဘူးလား၊ တည်သလား (တည်ပါတယ်ဘုရား) သမာဓိ စိတ်တည်နေတာ ဘာတုံး ကမ္မဋ္ဌာန်း၊ ဒီနေရာ ဘာကမ္မဋ္ဌာန်းတုံး ဆိုတော့၊ သမာဓိ ကမ္မဋ္ဌာန်း၊ ဘာကမ္မဋ္ဌာန်းတုံး။ (သမာဓိ ကမ္မဋ္ဌာန်းပါ ဘုရား)။ ဒါကြောင့်၊ အာနာပါနသတိကမ္မဋ္ဌာန်း ဟုတ်တယ်၊ မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား) သမာဓိကမ္မဋ္ဌာန်း မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)

(အော်) ခင်ဗျားတို့၊ ဘာကမ္မဋ္ဌာန်းစီး ဖြန်း နေ တာ ပါ လိမ့်၊ (သမာဓိကမ္မဋ္ဌာန်းပါဘုရား) မြတ်စွာဘုရားကခိုင်းလို့လား၊ ဘုန်းကြီးကခိုင်းလို့လား။ (မြတ်စွာဘုရားက ခိုင်းတာပါဘုရား) သမာဓိ ဘိက္ခဝေ၊ ဘာဝေထ၊ ဘုရားခိုင်းတော်မူတဲ့ပါဠိတော်စကား၊ ဘိက္ခဝေ၊ချစ်သား၊ ချစ်သမီးတို့၊ သမာဓိ၊ ရှုရင်ရှုတယ်လို့သိတဲ့ သမာဓိ၊ ရှိုက်ရင်ရှိုက်တယ်လို့သိတဲ့ သမာဓိတရားကို၊ ဘာဝေထ၊ ပွားများကြပါကုန်လော့။ ဘုရားကညွှန်ကြားတာလား၊ ဘုန်းကြီးကညွှန်ကြားတာလား၊ ( ဘုရားက ညွှန်ကြားတာပါဘုရား )။ အော်၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ချစ်သားချစ်သမီးတို့ သမာဓိလုပ်ပါဦး၊ သမာဓိကမ္မဋ္ဌာန်းစီးဖြန်းပါဦး။

နာမ်တရား၊ ရုပ်တရား ဟောသလား (မဟောပါဘုရား)။ အနိစ္စ ဒုက္ခ အနတ္တ တွေပြသလား ( မပြသေးပါဘုရား )၊ သမာဓိမရှိရင် နာမ်တရား ရုပ်တရားတို့ ခန္ဓာငါးပါးတို့ ဆိုတာ တွေ့နိုင်ပါ့မလား ( မတွေ့နိုင်ပါဘုရား )။ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်က အခြေခံကစပြီးတော့ သီလ သမာဓိ ပညာ၊ ကျော်တက်လို့ရရဲ့လား [ မရပါဘုရား ]၊ သီလပြီးတော့ သမာဓိ မရဘူးလား၊ [ရပါတယ်ဘုရား] ကျော်တက်ရင် တကာ တကာမတွေ လိမ့်မကျဘူးလား၊ ကျသလား [ကျ ပါ တယ် ဘု ရား] ကျရင်သက်သာသလား၊ မသက်သာဘူးလား၊ [မသက်သာပါဘုရား]။

ဒါကြောင့် အဆင့်ဆင့်တက်လာခဲ့ရတယ်၊ ကမ္မဋ္ဌာန်းဆိုတာ ကလည်း သူ့အဆင့်ဆင့်နဲ့သူ တက်ရတယ်။ ကျော်တက်လို့ ရရဲ့လား [ မ ရ ပါ ဘု ရား ] ဒါကြောင့် တကာ တကာမတွေ ကမ္မဋ္ဌာန်း အားမထုတ်ရသေးဘူး၊ နာမ်တရား ရုပ်တရားတွေ ဖြစ်ပျက်ရှုချလိုက်ပြီဆိုတော့ သမာဓိမရှိတော့ နာမ်တရား၊ ရုပ်တရား ပြတ်ပြတ်သားသား ထင်ရှားပါ့မလား [မထင်ရှားပါဘုရား] မထင်ရှားတော့ ဖြစ်ခြင်း ပျက်ခြင်း မြင်ပါ့မလား [မမြင်ပါဘုရား]။

ဆိုတဲ့ ထိန မိဒ္ဓနီဝရဏတွေငြိမ်းတယ်၊မငြိမ်းဘူးလား၊ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)အဲဒီလို သိခိုက်မှာ စိတ်က ပြန့်သေးရဲ့လား (မပြန့်ပါဘုရား) မပြန့်တော့ ဥဒ္ဓစ္စလဲငြိမ်းတယ်။

အောင် ငါဖြင့် ပြောခဲ့မိလေခြင်း၊ မပြောခဲ့မိလေခြင်း၊ ဆိုခဲ့မိလေခြင်း၊ မဆိုခဲ့မိလေခြင်း၊ ပြုလုပ်ခဲ့မိလေခြင်း၊ မပြုလုပ်ခဲ့မိလေခြင်းဟု ဆိုတဲ့ စိုးရိမ်မှုတွေ၊ ကုက္ကုစ္စတွေပါသေးလား (မပါပါဘုရား)၊ ဘာကမ္မဋ္ဌာန်း စီးဖြန်းလို့လဲ (အာနာပါနဿတိကမ္မဋ္ဌာန်းပါဘုရား) အဲဒီတော့ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏလဲငြိမ်းတယ်၊ ဘာငြိမ်းသလဲ(ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏငြိမ်းပါတယ်ဘုရား)ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏတွေငြိမ်းတယ်၊ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဘယ်နှစ်ပါးရသွားလဲ (လေးပါးပါဘုရား)၊ လေးပါးက ဆိုစမ်းပါဦး (ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိန မိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ) ငြိမ်းတာ အမှန်ဘဲလား (အမှန်ပါ ဘုရား) ငြိမ်းတာ ဟုတ်လေ သလား၊ မဟုတ်လေ ဘူး လား ဆို တဲ့ သို့လောသို့လော လာသေးရဲ့လား(မလာပါဘုရား)၊ ဝိစိကိစ္ဆာကောငြိမ်းမသွားဘူးလား(ငြိမ်းသွားပါတယ်ဘုရား)။နီဝရဏဘယ်နှစ်ပါးငြိမ်းသွားတုံး(ငါးပါးပါဘုရား)။ အောင်နီဝရဏတရား ငါးပါးငြိမ်းတယ်။ နီဝရဏတရား ငါးပါးငြိမ်းလေသည် ဖြစ်သောကြောင့် ဒီကမ္မဋ္ဌာန်းကို သမထကမ္မဋ္ဌာန်းလို့လဲ ဆိုပါတယ်၊ ဘာကမ္မဋ္ဌာန်းပါလိမ့်(သမထကမ္မဋ္ဌာန်းပါဘုရား)။

နီဝရဏေ သမေတီတိ သမထော။

နီဝရဏေ၊ နီဝရဏတရား တို့ကို၊ သမေတိ၊ ငြိမ်းစေ တတ်၏၊
ဣတိတသ္မာ၊ ထို့ကြောင့်၊ သမထော၊ သမထမည်၏။

သမထဆိုတာဘာကြောင့် သမထလို့ခေါ်ရတာလဲ၊ နီဝရဏတရား ငါးပါးငြိမ်းလို့၊ ဘာကြောင့် သမထလို့ ခေါ်တာလဲ (နီဝရဏတရားငါးပါး ငြိမ်းလို့ပါဘုရား)၊ သမထဘာဝနာ၊ဝိပဿနာဘာဝနာ၊ယခု ဘာဘာဝနာတုံး(သမထဘာဝနာပါဘုရား)၊ ဘာကြောင့် သမထဘာဝနာ ခေါ်တာပါလိမ့် (နီဝရဏတရားငါးပါး ငြိမ်းလို့ပါဘုရား` နီဝရဏတရားပါးပါး မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) ငြိမ်းတာ အမှန်ဘဲလား (အမှန်ပါဘုရား) တကာတကာမတွေ ဒီသမထကမ္မဋ္ဌာန်းသာ မစီးဖြန်းရင် နီဝရဏတရားငါးပါးငြိမ်းပါ့မလား (မငြိမ်းပါဘုရား) ဒီနီဝရဏတရား ငါးပါးက ခင်ဗျားတို့ ကျုပ်တို့ ဝိပဿနာဉာဏ်တွေ မရအောင် ဖျက်ဆီးတဲ့ တရား၊ အဲဒီတော့ နီဝရဏတရားငါးပါးကို ရှေးဦးစွာ မငြိမ်းရင် ခင်ဗျားတို့ ဝိပဿနာဉာဏ် ရပါ့မလား (မရပါဘုရား)၊ဒါကြောင့် နီဝရဏတို့ကိုရှေးဦးစွာဖယ်ရသေးတယ်၊ရန်သူကို ရှေးဦးစွာရှင်းလင်းရသေးတယ်၊ဒါမှဝိပဿနာဉာဏ် ခင်ဗျားတို့ရမှာ၊နာမ်တရား ရုပ်တရား

ကိုသိမှာ၊ သို့မဟုတ်ရင် နာမ်တရား၊ ရုပ်တရား ခန္ဓာငါးပါး ဘိုနိုင်ပါမလား၊ ဘယ်သူ တွေက ဖျက်ဆီး တာ ပါ လိမ့်။ (နိဝရဏဘရား ငါးပါးက ပါ ဘုရား) ဝိပဿနာဉာဏ်မရအောင်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရအောင် ဆွဲတွေမျိုးတွေက နှောက်ယှက်သလား၊နိဝရဏတရားတွေက နှောက်ယှက်သလား၊(နိဝရဏတရားတွေက နှောက်ယှက်ဘာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ရန်သူတွေတွေ့ပြီလား ( တွေ့ပါပြီဘုရား ) ရန်သူ ဘယ်နှစ်ပါးလဲ၊ (ငါးပါးပါဘုရား) အဲဒီရန်သူကို ခင်ဗျားတို့၊ ဒါနတရားနဲ့ သွားပြီးငြိမ်းလို့ရသလား(မရပါဘုရား)ဘာနဲ့ငြိမ်းရမတုံး)၊(သမထနဲ့ပါဘုရား)၊ ဒီနေရာမှာ ဘာကမ္မဋ္ဌာန်းငြိမ်းရမှာလဲ၊ (အာနာပါနသတိကမ္မဋ္ဌာန်းနဲ့ပါဘုရား) ဘာကမ္မဋ္ဌာန်းတုံး၊ (အာနာပါနကမ္မဋ္ဌာန်းပါဘုရား)။ အဲဒီအခါမှာ တကာ တကာမတွေ နိဝရဏတရားငါးပါးငြိမ်းတယ်ဆိုတာ ခင် ဗျား တို့ ဆုံး ဖြတ် ပါ တော့၊ သတိလွှတ်လိုက်တာနဲ့ တပြိုင်နက် နိဝရဏ တရားငါးပါးဟာ မသောင်း ကျန်း ဘူး လား၊ သောင်း ကျန်း သ လား( သောင်း ကျမ်း ပါ တယ် ဘု ရား )။ သောင်းကျန်းရင် လောဘသော်ရှင်း၊ ဒေါသ သော်ရဝ်း အိပ်ချင် တယ်၊ ငိုက် မြည်းတယ်၊ပျင်းတယ်၊ဒီစိတ်တွေပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား) အဲဒါမဂ်ဉာဏ် ဖိုလ်ဉာဏ်မရအောင်၊ ဖျက်ဆီးတဲ့တရားလို့ အဲ ဒါ ခင် ဗျား တို့ ဆုံးဖြတ်ချက်ချ၊ လောဘဖြစ်လာရင်၊ ဒါနိဝရဏတရား ပါလား၊ ဝိပဿနာ ဉာဏ်မရအောင် ဖျက်ဆီးတဲ့ တရားပါလား၊ ဒေါသပေါ်ရင်လဲ အဲဒီအတိုင်း နှလုံးသွင်းလိုက် (ထိန မိဒ္ဓတို့၊ ဥဒ္ဓစ္စကုက္ကုစ္စတို့ ဝိစိကိစ္ဆာတို့)၊ အဲဒီတရားငါးပါး သည်၊ ဝိပဿနာဉာဏ်ကိုမရအောင် သူတို့ကနေပြီး ဖျက်ဆီးနေတာလို့ ဆုံးဖြတ် ချက်ချ။

ယခုတော့ တကာ တကာမတွေ (အာနာပါနသတိကမ္မာဋ္ဌာန်း စီးဖြန်းလိုက် တာနဲ့၊ တပြိုင်နက်၊ ဒီနိဝရဏ တရားငါးပါး လာသေးရဲလား ( မလာပါဘုရား ) ဒီနိဝရဏတရားငါးပါး၊ အိပ်ပျော်သွားတယ်၊ အိပ်မပျော်ဘူးလား၊ အိပ်ပျော် သလား (အိပ်ပျော်ပါတယ်ဘုရား)။

မြတ်စွာဘုရား လက်ထက်တော်အခါကာလက၊ နတ် သား တ ယောက် က မြတ်စွာဘုရားကို လျှောက်တယ်၊ (အရှင်ဘုရား အဘယ် တရားတွေနိုးကြားရင် အဘယ်တရားတွေ အိပ်ပျော်ပါသလဲဘုရား) အဘယ်တရားက အိပ်မပျော်ရင်၊ အဘယ်တရားက နိုးကြားပါသလဲဘုရား၊ နတ် သား က မ လျှောက် ဘူး လား၊ လျှောက်သလား (လျှောက်ပါတယ်ဘုရား) လျှောက်တဲ့အခါကျတော့ မြတ်စွာ ဘုရားကဘာပြောသလဲ၊ နတ်သားတဲ့၊ နိဝရဏတရားငါးပါး အိပ်ပျော်ရင်၊ သဒ္ဓါ သတိ ဝိရိယ သမာဓိ ပညာဆိုတဲ့တရားငါးပါး နိုးကြားတယ်၊ နိဝရဏငါးပါး

အိပ်ပျော်ရင် ဘယ်တရားတွေနိုးကြားသလဲ (သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာပါ ဘုရား) မနိုးကြားဘူးလား နိုးကြားသလား (နိုးကြားပါတယ်ဘုရား) ခင်ဗျားတို့ အထူးလုပ်စရာလိုသေးရဲ့လား (မလိုပါဘူးဘုရား)။

နီဝရဏငါးပါး အိပ်ပျော်အောင် ခင်ဗျားတို့ ဘာကမ္မဋ္ဌာန်းစီးဖြန်းရမှာပါလိမ့် (အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းရပါမယ်ဘုရား)၊ အာ နာ ပါ န ဿ တိ ကမ္မဋ္ဌာန်းစီးဖြန်းလိုက်တာနဲ့တပြိုင်နက် နီဝရဏတရားငါးပါးအိပ်ပျော်ပြီးတော့ သဒ္ဓါ သတိဝီရိယ သမာဓိပညာဆိုတဲ့တရား မနိုးကြားဘူးလား နိုးကြားသလား (နိုးကြားပါတယ်ဘုရား)၊ အကယ်၍ ခင်ဗျားတို့ကိုယ် ရှုတာရှုမှန်းမသိ၊ ကိုယ် ရှိုက်တာရှိုက်မှန်း မသိရင် ဘယ်တရားတွေအိပ်ပျော်သလဲ (သဒ္ဓါ သတိ ဝီရိယ ပညာပါဘုရား) သဒ္ဓါ သတိ ဝီရိယ ပညာ အဲဒီတရားတွေအိပ်ပျော်တော့တာဘဲ။ ဘယ်တရားတွေသောင်းကျန်းနိုးကြားမလဲဆိုတော့၊ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၊ဝိစိကိစ္ဆာနီဝရဏ၊အဲဒီနီဝရဏတရားငါးပါးနိုးကြားတော့တာဘဲ။

အဲဒီတော့ တကာ-တကာမတွေ နီဝရဏတရားငါးပါးအိပ်ရမှာလား၊ သဒ္ဓါအစရှိတဲ့ တရားငါးပါးအိပ်ရမှာလား ( နီဝရဏတရားငါးပါးအိပ်ရမှာဘုရား ) နီဝရဏတရားငါးပါး အိပ်ပျော်အောင် အိပ်ပါတော့လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)၊ကလေးများသိပ်တဲ့အခါကြတော့ခင်ဗျားတို့ ပုခက်ထဲထည့်ပြီး သိပ်လိုက်ယင် အိပ်မပျော်ဘူး လား၊ အိပ် ပျော် သလား၊ (အိပ်ပျော်ပါတယ်ဘုရား)။

ဒါကြောင့် နီဝရဏတရားငါးပါးကိုပုခက်နဲ့တူတဲ့အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့ သိပ်ပါတော့လို့၊ မပြောထိုက်ဘူးလား၊ ပြောထိုက်သလား(ပြောထိုက်ပါတယ်ဘုရား)ခင်ဗျားတို့ပုခက်ရပြီမဟုတ်လား (ရပါပြီဘုရား)၊ အိပ်တတ်တဲ့ပုခက်လေ။ ကလေးများအိပ်တဲ့အခါ ကြမ်းပြင်မှာသိပ်တာနဲ့ ပု ခက် ထဲ ထည့် ပြီး သိပ် တာ နဲ့ ဘယ်ဟာက အိပ်ပျော်လွယ်သလဲ (ပုခက်ထဲထည့်ပြီးသိပ်တာက အိပ်ပျော်လွယ်ပါတယ်ဘုရား)၊ ပုခက်ထဲထည့်သိပ်တာကအိပ်ပျော်လွယ်သလို၊ ဥပမာနော်။

ယခုလဲတကာတကာမတွေ ဒီနီဝရဏဘရားငါးပါးကိုအာနာပါနဿတိဆိုတဲ့ ပုခက်နဲ့လွဲပြီး သိပ်လိုက်ရင် အိပ်မပျော်ဘူးလား၊ အိပ်ပျော်သလား ( အိပ်ပျော်ပါတယ်ဘုရား)၊အိပ်ပျော်သွားတာနဲ့တပြိုင်နက် သဒ္ဓါအစရှိတဲ့တရားငါးပါးတွေ မနိုးကြားဘူးလား၊ နိုးကြားသလား (နိုးကြားပါတယ်ဘုရား)၊ သဒ္ဓါအစရှိတဲ့ တရားငါးပါးတွေက ဖျက်ချလိုက်တာဗျ။

တကာ တကာမတွေ သဒ္ဓါဆိုတာက ဘာကိုဖျက်ဆီးသလဲဆိုတော့ ကုက္ကုစ္စကို ဖျက်ဆီးပစ်လိုက်တယ်၊ကုက္ကုစ္စနီဝရဏကိုနှိပ်စက်ပစ်လိုက်တာ၊သဒ္ဓါကိုနှိပ်စက်ပစ်လိုက်တာ၊ဘယ်သူကနှိပ်စက်ပစ်လိုက်ပါလိမ့်[ကုက္ကုစ္စနီဝရဏက တရားပါဘုရား]

သဒ္ဓါက ဘယ်သူကိုနှိပ်စက်တုံး၊ကုက္ကုစ္စနီဝရဏကိုနှိပ်စက်တယ်၊သူ့ဟာနဲ့သူကိုဗျ။ သတိကဥဒ္ဓစ္စကိုနှိပ်စက်တယ်၊ သတိကဘယ်သူ့ကိုနှိပ်စက်တာတုံး(ဥဒ္ဓစ္စကိုနှိပ်စက်တာ ပါဘုရား) ကုက္ကုစ္စနီဝရဏကို သဒ္ဓါတရားက နှိပ်စက်ပစ်လိုက်တယ်။

သတိကဥဒ္ဓစ္စကိုနှိပ်စက်တယ်၊ သတိလွှတ်လိုက်ရင် ခင်ဗျားတို့ စိတ်ပျံ့မှာဘဲ၊ မပျံ့ဘူးလားပျံ့သလား၊ (ပျံ့ပါတယ်ဘုရား) ဥဒ္ဓစ္စပေါ်ဦးမလား (မပေါ်ပါဘူး ဘုရား)၊ ဒါကြောင့်သတိသည် ဘယ်သူ့ကိုငြိမ်းစေတာလဲ (ဥဒ္ဓစ္စကိုငြိမ်းတာပါ ဘုရား)၊ သဒ္ဓါကဘယ်သူ့ကိုငြိမ်းတာတုံး (ကုက္ကုစ္စကိုပါဘုရား)၊ သတိကဥဒ္ဓစ္စ၊ သဒ္ဓါက၊ ကုက္ကုစ္စ၊ ဝိရိယကထိနမိဒ္ဓ။

ဝိရိယကထိနမိဒ္ဓကိုငြိမ်းတယ်၊ နီဝရဏငါးပါးလုံး သူ့ဟာနဲ့သူ အံဝင်ဂွင်ကျ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)၊ တရားငါးပါး က အိပ်ပျော်ရင်၊ တရားငါးပါးက နိုးကြားတော့တာဘဲဗျ၊ တရားငါးပါးက နိုင်ရင်နိုင်၊ မနိုင်ရင် အခြားတရားငါးပါးက နိုင်မယ်၊ သဒ္ဓါက နိုင်ရင်နိုင် မနိုင် ရင် နီဝရဏကမနိုင်ဘူးလား၊ နိုင်သလား(နိုင်ပါတယ်ဘုရား)။ ဒါဆန့်ကျင်ဘက် ဘဲ၊ ခင်ဗျားတို့ အဇ္ဈတ္တသန္တာနဝယ်၊ တရားငါးပါးအိပ်ပျော်ယင် တရားငါးပါး က ဘာလုပ်နေမှာတုံး ( နိုးကြားမှာပါဘုရား )၊ တရားငါးပါး နိုးကြားရင်၊ တရားငါးပါးက အိပ်ပျော်မှာဘဲ။ ရွေးတော့၊ နီဝရဏတရားတွေ အိပ်ပျော်တာ များသလား၊ သို့မဟုတ် သဒ္ဓါ အစ ရှိတဲ့ တရားတွေ အိပ်ပျော်တာ များသလား ဆိုတာ ကိုယ့်ကိုယ်ကိုဆုံးဖြတ်ချက်ချ။

အော်နီဝရဏတရားကတော့ဖြင့် မသိပ်လို့ရပါ့မလား ( မ ရ ပါ ဘု ရား ) ခင်ဗျားတို့သတိလွှတ်လိုက်တာနဲ့တပြိုင်နက် သဒ္ဓါအစရှိတဲ့တရားငါးပါးတွေအမြဲ အိပ်ပျော်နေခဲ့တယ်၊ မအိပ်ပျော်ဘူးလား၊အိပ်ပျော်သလား (အိပ်ပျော်ပါတယ် ဘုရား)။

ခင်ဗျားတို့ သံသရာကမလွတ်တာကဖြင့် သိပ်သင့်တဲ့တရားကိုမသိပ်၊ မ သိ ပ် သင့် တဲ့ တ ရား တွေ သွားပြီးသိပ်တဲ့အခါကျတော့ သံသရာရေယာဉ်မှာ ခင်ဗျား တို့ အမျှောရပ်ရှဲလား အမြုပ်ရပ်ရှဲလား (မရပ်ပါဘုရား) မရပ်တာဘာကြောင့် လဲဆိုတော့၊ ဒီနီဝရဏတရားငါးပါးကြောင့်၊ နီဝရဏတရားငါးပါးနိုးကြားနေ လို့ ယခုကစပြီး။

ခင်ဗျားတို့ နီဝရဏတရားငါးပါးကိုသိပ်ပါသော့၊ သဒ္ဓါအစရှိတဲ့တရားတွေ နိုးကြားအောင် ဘာကမှဌာန်းစီးဖြန်းရမှာတုံး (အာနာပါနသတိကမ္မဋ္ဌာန်းပါ ဘုရား) ဒီမှာပြန်ပြီး မရောက်လာဘူးလားရောက်လာသလား (ရောက်လာပါ တယ် ဘုရား) ရောက်လာပါတယ်။

[Hlaing 2]

ရှုတာကဘာတုံး (အာန)၊ ရှိုက်တာက (ပါန) အောက်မေ့တာက(သတိ)၊ ပေါင်းလိုက်စမ်းပါ (အာနာပါနဿတိ)။ အဲဒီအာနာပါနဿတိကမ္မဋ္ဌာန်းကို ရှုနေရင်၊ ခင်ဗျား တို့သည် နီဝရဏတရားငါးပါး အိပ်ပျော်ပြီးတော့ သဒ္ဓါအစရှိတဲ့တရားငါးပါးမနိုးကြားဘူးလား၊နိုးကြားသလား(နိုးကြားပါတယ်ဘုရား)။ သဒ္ဓါဟာ ကုက္ကုစ္စကိုငြိမ်းတယ်၊ သတိကဥဒ္ဓစ္စကိုငြိမ်းတယ်၊ ဝီရိယက ထိန မိဒ္ဓနီဝရဏကိုငြိမ်းတယ်၊ မငြိမ်းဘူးလားငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ထိနမိဒ္ဓနီဝရဏငြိမ်းတယ်၊ သဒ္ဓါ သတိ ဝီရိယ သမာဓိကကာမစ္ဆန္ဒနဲ့ ဗျာပါဒကိုငြိမ်းတယ်။ သမာဓိကဘာနဲ့ ဘာကိုငြိမ်းနေတာတုံး (ကာမစ္ဆန္ဒနဲ့ ဗျာပါဒပါဘုရား)။

သမာဓိဖြစ်နေရင် လောဘဖြစ်သေးရဲ့လား (မဖြစ်တော့ပါဘုရား) လောဘက ကာမစ္ဆန္ဒ။ ဒေါသကောဖြစ်သေးရဲ့လား (မဖြစ်တော့ပါဘုရား)။ မဖြစ်တော့ ဒေါသက ဗျာပါဒ။ အဲဒီတော့ သမာဓိသည် ဘယ်သူ့ကိုငြိမ်းစေတာတုံး၊ ကာမစ္ဆန္ဒနဲ့ဗျာပါဒ။ ဘာနဲ့ဘာ (ကာမစ္ဆန္ဒနဲ့ဗျာပါဒပါဘုရား)။ ပညာက ဝိစိကိစ္ဆာ။ ပညာကဘယ်သူ့ကိုငြိမ်းလိုက်တုံး (ဝိစိကိစ္ဆာကိုပါဘုရား)။ သဒ္ဓါအစရှိတဲ့တရားငါးပါးနဲ့ ကိုက်မသွားဘူးလား၊ ကိုက်သွားသလား [ကိုက်သွားပါတယ်ဘုရား]။

ဒါကြောင့် သဒ္ဓါအစရှိတဲ့ တရားငါးပါး နိုးကြားလိုက်တာနဲ့ တပြိုင်နက်၊ နီဝရဏတရားငါးပါး တွေကလဲ အိပ်ပျော်ပြီးငြိမ်းသွားတယ်။ မငြိမ်းဘူးလား၊ ငြိမ်းသလား [ငြိမ်းပါတယ်ဘုရား] သူ့ဟာနဲ့သူ၊ သဒ္ဓါက ကုက္ကုစ္စကို ငြိမ်းစေတယ်၊ သတိကဥဒ္ဓစ္စကိုငြိမ်းစေတယ်၊ ဝီရိယက ထိနမိဒ္ဓကိုငြိမ်းစေတယ်၊ သမာဓိက ကာမစ္ဆန္ဒနဲ့ ဗျာပါဒနီဝရဏကို ငြိမ်းစေတယ်၊ ပညာက ဝိစိကိစ္ဆာကို ငြိမ်းစေတယ်၊ မငြိမ်းစေဘူးလား၊ ငြိမ်းစေသလား၊ [ငြိမ်းစေပါတယ်ဘုရား]။

ဒါကြောင့် တကာ တကာမတွေ နတ်သားလျှောက်တာကတော့ဖြင့် မမှန်ဘူးလား၊ မှန်သလား [မှန်ပါတယ်ဘုရား]၊ မလျှောက်သင့်ဘူးလား၊ လျှောက်သင့်သလား [လျှောက်သင့်ပါတယ်ဘုရား]။ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက နီဝရဏတရားငါးပါး အိပ်ပျော်ရင် သဒ္ဓါအစရှိတဲ့ တရား ငါး ပါး နိုးကြားတယ်။ သဒ္ဓါအစရှိတဲ့တရားငါးပါးအိပ်ပျော်ရင် နီဝရဏအစရှိတဲ့ တရားငါးပါးနိုးကြားတယ်။ သဒ္ဓါအစရှိတဲ့တရားငါးပါး နိုးကြားသင့်တယ်လို့ဆုံးဖြတ်ချက်ချတော့၊ သဒ္ဓါအစရှိတဲ့တရားငါးပါးတွေ နိုးကြားချင်ရင် ခင်ဗျားတို့ ဘာကမ္မဋ္ဌာန်းစီးဖြန်းရမှာတုံး [အာနာပါနဿတိကမ္မဋ္ဌာန်းပါဘုရား]၊ အာနာပါနဿတိကမ္မဋ္ဌာန်းဟာ အကျိုးမများဘူးလား၊ များသလား [များပါတယ်ဘုရား]

ခင်ဗျားတို့ကို နာမ်တရား ရုပ်တရား မြတ်စွာဘုရားကပြပြီလား၊ (မပြသေးပါဘုရား)၊ ဖြစ်ပျက်ရှုခိုင်းပြီလား (မရှုခိုင်းသေးပါဘုရား)၊ ဒီကမ္မဋ္ဌာန်းတွင်ဘဲ။

ခင်ဗျားတို့အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား)၊ များပါတယ်။ ဝိပဿနာရှုမယ့်ပုဂ္ဂိုလ်တွေ ရှေးဦးစွာ ဖယ်သင့်တဲ့တရားတွေ ဖယ်ရတယ်။

အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုက်တာနဲ့တပြိုက်နဲ့ ဒီနီဝရဏတရားတွေ ငြိမ်းသွားတဲ့အခါကျတော့ ခင်ဗျားတို့ခန္ဓာမှာကော ငြိမ်ငြိမ်သက်သက်ဖြစ်မလာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)၊ ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက-

+ အယံပိ ခေါ ဘိက္ခဝေအာနာပါနဿတိသမာဓိ၊ ဘာဝိတော ဗဟုလီကတော သန္တောစေဝ ပဏီတောစ။

ဘိက္ခဝေ၊ ချစ်သားတို့၊ အပိစခေါ၊ စင်စစ်သော်ကား၊ အာနာပါနဿတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို၊ ဘာဝိတော၊ ပွားသည်ရှိသော်၊ ဗဟုလီကတော၊ အကြိမ်ကြိမ်အထပ်ထပ်ပွားသည်ရှိသော်၊ ယခုခင်ဗျားတို့ ဘာကမ္မဋ္ဌာန်း ပွားနေတာတုံး ( အာနာပါနဿတိကမ္မဋ္ဌာန်းပါဘုရား ) ပါဠိတော်နဲ့ ကိုက်မလာဘူးလား၊ ကိုက်လာသလား (ကိုက်လာပါတယ်ဘုရား) စည်းကမ်းနဲ့ညီတာကိုးဗျ- ပရိယတ္တိစည်းကမ်းနဲ့ – ပရိယတ္တိလုပ်ငန်းနဲ့ အံဝင်ဂွင်ကျ ဖြစ်အောင် ရှင်းနေပါတယ်။

ဒါကြောင့်၊ အာနာပါနသတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို၊ ဘာဝိတော၊ ပွားအပ်သည်ရှိသော်၊ ဗဟုလီကတော၊ အကြိမ်ကြိမ် အထပ်ထပ်ပွားအပ်သည်ရှိသော်၊ သန္တောဝေ်စ၊ ငြိမ်လည်းငြိမ်သက်ပါတယ်။ မငြိမ်သက်ဘူးလား၊ ငြိမ်သက်သလား၊ ( ငြိမ်သက်ပါတယ်ဘုရား ) ဘာတွေအိပ်ပျော်သွားလို့လဲ၊ (နီဝရဏတရားငါးပါးအိပ်ပျော်သွားလို့ ငြိမ်သက်သွားတာပါဘုရား) ဒီတရားဆိုးငါးပါး မငြိမ်သက်ရင်၊ မဆိုးဘူးလား၊ ဆိုးသလား (ဆိုးပါတယ်ဘုရား) မသောင်းကျန်းဘူးလား၊ သောင်းကျန်းသလား (သောင်းကျန်းပါတယ်ဘုရား) သောင်းကျန်းနေတာ။ အာနာပါနဿတိကြောင့် ဒီနီဝရဏတရားတွေ ငြိမ်သက်သွားတာ။

သန္တောစေဝ၊ ငြိမ်လည်းငြိမ်သက်၏၊ ပဏီတောစ၊ မွန်မြတ်လည်းမွန်မြတ်၏၊ မမွန်မြတ်ဘူးလား၊ မွန်မြတ်သလား၊ (မွန်မြတ်ပါတယ်ဘုရား)၊ ဒါကြောင့် အာနာပါန ဿတိကမ္မဋ္ဌာန်း စီး ဖြန်း ချိန် မှာ တုန် တာတို့၊ လှုပ်တာတို့ ဖြစ်ရသေးသလား (မဖြစ်ရပါဘုရား)၊ အာနာပါနဿတိကမ္မဋ္ဌာန်းကတော့ မတုန်ပါဘူး။ မလှုပ်ပါဘူး။ ခင်ဗျားတို့ ကမ္မဋ္ဌာန်းမှားလို့ တုန်တာ လှုပ်တာ၊ ကမ္မဋ္ဌာန်းမှားလို့လဲတာ၊ အဲဒီလို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလဲဘဲ၊ ခင်ဗျားတို့ ဒီအတိုင်းဆုံးဖြတ်ချက်ချတဲ့၊

---

+ မဟာဝဂ္ဂသံယုတ်ပါဠိတော် သစ္စဟာရကသုတ်

မြတ်စွာဘုရားကိုယ်တော်မြတ်က၊ ဒီ ကိစ္စ နဲ့ ပတ် သက် ပြီး တော့ ပါဠိတော် စကားက ဘယ်လိုထောက်ခံထားသလဲဆိုတော့၊

\+ **တသ္မာတိဟ ဘိက္ခဝေ ဗဟုလံဝိဟာရေန ဗဟုလံဝိဟရတော၊နေဝကာယော ကိလမတိ နစက္ခူနိအနုပါဒါယစ မေ အာသဝေဟိစိတ္တံ ဝိမုစ္စတိ။**

မြတ်စွာဘုရားက ငါလဲအာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းတဲ့အချိန်မှာ ခန္ဓာကိုယ် တုန်လဲမတုန်လှုပ်ဘူး၊ ပင်လဲမပင်ပန်းဘူးတဲ့။ ပင်ပန်းသလား (မပင်ပန်းပါဘုရား)ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ မပင်ပန်းရဘူးဗျ။

သုခိနောစိတ္တံသမာဓိယတိ။ သုခိနောစိတ္တံ၊ စိတ်ချမ်းသာနေတဲ့ပုဂ္ဂိုလ်သည် သမာဓိယတိ၊ စိတ်တည်ပါတယ်။ စိတ်မချမ်းသာရင် သမာဓိရပါ့မလား (မရပါဘုရား)။ သမာဓိမရရင် နာမ်တရား ရုပ်တရားတွေ့ပါ့မလား (မတွေ့ပါဘုရား)၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကဝန်ခံပါတယ်။ ဒီအာနာပါနဿတိကမ္မဋ္ဌာန်းဟာဖြင့် အလွန်မတန်မှ သိမ်မွေ့တဲ့တရား။ ငြိမ်သက်တဲ့တရား။ ငြိမ်သက်သိမ်မွေ့တယ်လို့ ဘုရားကိုယ်တော်မြတ် ဝန်မခံဘူးလား၊ ဝန်ခံသလား (ဝန်ခံပါတယ်ဘုရား)။

မြတ်စွာဘုရားကိုယ်တော်မြတ်သည် အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ ဘုရားအဖြစ်သို့ ရောက်ခဲ့တာ။ အဲ ဒီ တော့ ဘု ရား ဖြစ် အောင် ကျင့် တဲ့ ကမ္မဋ္ဌာန်း ဒီကမ္မဋ္ဌာန်းဘဲ။ အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့ဘုရားဖြစ်တော့ ခင်ဗျားတို့ ကျုပ်တို့လဲ ဘုရားအားထုတ်သွားတဲ့ အာနာပါနဿတိကမ္မဋ္ဌာန်းတခု တနာရီအချိန်မှာအားမထုတ်ရဘူးလား၊အားထုတ်ရသလား [အားထုတ်ရပါတယ်ဘုရား] မမြတ်ဘူးလား မြတ်သလား (မြတ်ပါတယ်ဘုရား)၊ ဒီအချိန်မှာခင်ဗျားတို့ မငြိမ်သက်ဘူးလား၊ ငြိမ်သက်သလား (ငြိမ်သက်ပါတယ်ဘုရား)၊ ဘာတွေအိပ်ပျော်သွားတာတုံး (နီဝရဏတရားငါးပါး အိပ်ပျော်သွားလို့ ငြိမ်သက်သွားတာ။ အဲဒီလို ခင်ဗျားတို့ဆုံးဖြတ်ချက်ချပါ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့၊ ဗဟုလံဝိဟာရေန၊ ဤလိုနေခြင်းဖြင့်၊ ဘယ်လိုနေတာတုံးဆိုတော့ အာနာပါန ဿတိကမ္မဋ္ဌာန်းနဲ့ နေတာ။ ဘာနဲ့နေတာတုံး၊ ( အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့ နေတာပါဘုရား )။ အဲဒီလို အာနာပါနဿတိကမ္မဋ္ဌာန်းရှုပွားပြီးနေတာ။ ဗဟုလံဝိဟာရေန၊ ဤသို့နေခြင်းဖြင့်၊ ဗဟုလံ၊ များစွာ။ တခါထဲနေရမှာလား၊ အ ကြိမ် ကြိမ် နေ ရ မှာ လား၊ [အကြိမ်ကြိမ်နေရမှာပါဘုရား]၊ များစွာနေရမှာလား၊ နည်းနည်းနေရမှာလား [များစွာနေရမှာပါဘုရား]။ ဒါကြောင့်၊ ဗဟုလံ၊ များစွာ၊ ဝိဟာရတော၊ နေသောတသ္မာ၊ ထိုငါဘုရားအား၊ ကာယော၊ ခန္ဓာကိုယ်သည်၊ နေဝကိလမတိ၊

မပင်ပမ်း၊ ပင်ပမ်းရဲ့လား [ မပင်ပမ်းပါဘုရား ]။ အာနာပါနဿတိကမ္မဌာန်း စီးဖြန်းတယ်ဆိုတာ ပင်ပမ်းရဲ့လား [မပင်ပမ်းပါဘုရား]။ တုန်တယ်၊ လဲတယ် ဆိုရင် တကာ တကာမတွေမပင်ပမ်းဘူးလား၊ ပင်ပမ်းသွားသလား [ပင်ပမ်းသွား မှာပါဘုရား။ ပင်ပမ်းသွားမှာပေါ့၊ အဲဒါကမ္မဌာန်းမဟုတ်တော့ဘူးလို့ မှတ်ချက် ချပါတော့။

ဟောဒီကမ္မဌာန်း မတုန်ရဘူး၊ မလှုပ်ရဘူး၊ မလဲရဘူး၊ ဒါကိုခင်ဗျားတို့သိစေ ချင်လွန်းလို့ ဘုန်းကြီးကထပ်ပြီးတော့ ခင်ဗျားတို့ကိုရှင်းပါတယ်။ ဒါကြောင့်-

ကာယော၊ ကိုယ်သည်၊ နေဝကိလမတိ၊ မပင်ပမ်း။ စက္ခုန်မျက်စိတို့သည်၊ နကိလမတိ၊ မပင်ပမ်း၊ ပင်ပမ်းရဲ့လား (မပင်ပမ်းပါဘုရား)၊ မပင်ပမ်းဘူးတဲ့ဗျ။ မြတ်စွာဘုရားကနေ၁၊ အနုပါဒါယ၊ တ စုံ တ ခု သော အာ ရုံ ကို မစွဲလမ်းမူ၍၊ အာနာပါနဿတိကမ္မဌာန်းစီးဖြန်းချိန်မှာ ဒိပြင်အာရုံတွေ စွဲလမ်းသေးသလား၊ (မစွဲလမ်းပါဘုရား) ငါးပါးအာရုံကာမဂုဏ်တွေအပေါ်မှာ စွဲလမ်းတဲ့စိတ်တွေ ပေါ်သေးရဲ့လား (မပေါ်တော့ပါဘုရား) သားတွေ၊ သမီးတွေ၊ ဆွေမျိုး၊ အိုး အိမ်တွေအပေါ်မှာ စွဲလမ်းတဲ့စိတ်၊ ဒီအချိန်မှာပေါ်သေးရဲ့လား (မပေါ်တော့ ပါဘုရား) ဘာပြုလို့မပေါ်တာတုံး၊ (အာနာပါနဿတိကမ္မဌာန်းစီးဖြန်းလို့ပါ ဘုရား) ဘာကမ္မဌာန်းစီးဖြန်းလို့ပါလိမ့် (အာနာပါနဿတိကမ္မဌာန်း စီးဖြန်း လို့ပါဘုရား) အာနာပါနကမ္မဌာန်းစီးဖြန်းသင့်သလား၊ မစီးဖြန်းသင့်ဘူးလား (စီးဖြန်းသင့်ပါတယ်ဘုရား)၊ အားမထုတ်သင့်ဘူးလား၊ အားထုတ်သင့်သလား (အားထုတ်သင့်ပါတယ်ဘုရား) အားထုတ်သင့်ပါတယ်၊ အကျိုးများလွန်းလို့။

အနုပါဒါယ၊ တစုံတခုသောအာရုံကိုမစွဲလမ်းမူ၍၊ မေ၊ ငါ၏၊ စိတ္တံ၊ ရှုနေတဲ့ စိတ်သည်၊ အာသဝေဟိ၊ အာသဝေါတရားတို့မှ၊ ဝိမုစ္စိ၊ လွတ်တယ်။ အဲဒီလိုရှုဆဲ ခဏမှာဖြင့် ခင်ဗျားတို့ လောဘဖြစ်ခွင့် ရသေးရဲ့လား (မရပါဘုရား) လောဘ သည် ကာမာသဝ၊ ဘာအာသဝတုံး (ကာမာသဝပါဘုရား) အာသဝကမလွတ် ဘူးလား၊ လွတ်သလား (လွတ်ပါတယ်ဘုရား)၊ ဘာကမ္မဌာန်းစီးဖြန်းလို့ လွတ် တာတုံး (အာနာပါနကမ္မဌာန်း စီးဖြန်းလို့ပါဘုရား)၊ အဲဒီတော့ အာနာပါန ဿတိကမ္မဌာန်းမစီးဖြန်းရင်မဖြစ်တော့ပါလားလို့ တကာတကာမတွေမပေါ်လာ ဘူးလား၊ ပေါ်လာသလား၊ ( ပေါ်လာပါတယ်ဘုရား ) ပေါ်လာပါတယ်။ တကာ တကာမတွေ သေသေချာချာစဉ်းစားပါ။

အော် ပရိယတ္တိကသာ ကျယ်ကျယ်ဝန်းဝန်းရှင်းနေရတာ၊ လုပ်ငန်းက များရဲ့ လား (မများပါဘုရား) မများဘူး။ ယခုခင်ဗျားတို့သုံးချက်ထဲရယ်။ ပထမနည်း က ဘာတုံး ( ရှူတယ် ရှူတယ် )၊ ပြီးတော့ ( ရှိုက်တယ် ရှိုက်တယ် )။ ပြီးတော့

ဒုတိယနည်းက ဘယ်လိုမှတ်ရမှာတုံး (ရှုတယ် ရှုတယ် ရှုတယ်) (ရှိုက်တယ် ရှိုက်တယ် ရှိုက်တယ်)။ တတိယနည်းက ရှုစက ရှုဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး (ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်)။

အဲ ခင်ဗျားတို့အားထုတ်တဲ့ ရှုကွက်က များရဲ့လား (မများပါဘုရား) ဘယ်နှစ်ချက်ပါလိမ့် (သုံးချက်ပါဘုရား)၊ သုံးချက်ထဲနဲ့ခင်ဗျားတို့ အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား)၊ များပါတယ်။ ဒါကြောင့်-

+ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာဗဟုလီကတာ

မဟပ္ဖလော ဟောတိ၊ မဟာနိသံသော။

မြတ်စွာဘုရားက ဝန်မခံဘူးလား၊ ဝန်ခံသလား (ဝန်ခံပါတယ်ဘုရား) ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ အာ နာ ပါ န ဿ တိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို၊ ဘာဝိတာ၊ ပွားများသည်ရှိသော်၊ ဗဟုလီကတာ၊ အကြိမ်ကြိမ်အထပ်ထပ် ပွားများအပ်သည်ရှိသော်၊ မဟပ္ဖလော၊ များ သော အ ကျိုး ရှိ ၏။ မဟာနိသံသော၊ များသောအကျိုးအာနိသင်တွေရှိတယ်။ မရှိဘူးလား၊ရှိသလား ( ရှိပါတယ်ဘုရား ) ရှိပါတယ်။ အော် ရှိတယ်ဆိုတာသိပြီ၊ အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းရင် အာသဝေါတရားလေးပါးက မလွတ်နိုင်ဘူးလား၊ လွတ်နိုင်သလား (လွတ်နိုင်ပါတယ်ဘုရား)။

ဒါကြောင့်-အနုပါဒါယ၊ တစုံတခုသောအာရုံကိုမစွဲမှု၍၊ မေ၊ ငါ၏၊ စိတ္တံ၊ အဲဒီအာနာပါနဿတိကမ္မဋ္ဌာန်းကို ရှုနေတဲ့စိတ်သည်၊ ဒီစိတ်လောဘနဲ့ ရောသေးရဲ့လား (မရောပါဘုရား) ဒေါသနဲ့ရောသေးရဲ့လား (မရောပါဘုရား)။ အာသဝေဟိ၊ အဲဒီလောဘဆိုတဲ့ ကာမာသဝမှ၊ ဝိမုစ္စိ၊ လွတ်တယ်။ မလွတ်ဘူးလား၊ လွတ်သလား (လွတ်ပါတယ်ဘုရား)၊ လွတ်တယ်နော်၊

ငြိမ်သက်လိုလား၊ မငြိမ်သက်လို့လား ( ငြိမ်သက်လို့ပါဘုရား )၊ ဘာတွေငြိမ်သက်သွားတာတုံး (နိဝရဏတရားတွေပါဘုရား)၊ နိဝရဏတရားငါးပါး ငြိမ်သက်သွားတော့ တုန်ဦးမလား၊ လှုပ်ဦးမလား၊ ( မတုန်လှုပ်တော့ပါဘုရား )၊ တုန်တယ်၊ လှုပ်တယ်ဆိုတာ ကိလေသာရဲ့သတ္တိဗျ။ ဘယ်သူ့သတ္တိတုံး(ကိလေသာရဲ့သတ္တိပါဘုရား)၊ တကာတကာမတွေ ငြိမ်သက်တဲ့တရားလား၊ လဲသွားတဲ့တရားလား (ငြိမ်သက်တဲ့တရားပါဘုရား)။ လဲသွားရင် မြတ်စွာဘုရားကဟောမှာပေါ့၊ တရားအားထုတ်တဲ့အခါကြတော့ အပေါ်ခေါ်သွား။ လဲလို့ရှိရင် တူရအောင်လို့၊ အဲဒီလိုဟောမှာပေါ့။ အဲဒီလိုဟောခဲ့ရဲ့လား (မဟောခဲ့ပါဘုရား) မဟောပါဘူးဗျ။

---

+ မဟာဝဂ္ဂသံယုတ် ကေဓမ္မဝဂ်ပဋ္ဌမဖလသုတ်နှာ ၂၇၃

အရည၈တော၀ါ၊ ရုက္ခမူလ၈တော၀ါ၊သုညာဂါရ၈တော၀ါ၊ တောအရပ်ဖြစ်စေ၊ သစ်ပင်အောက်ဖြစ်စေ၊ ဆိတ်ငြိမ်တဲ့အရပ်ဖြစ်စေဆိုတော့ တယောက်တည်း အားထုတ်ရမှာလား၊ အဖော်နဲ့အားထုတ်ရမှာလား (တယောက်တည်းအားထုတ်ရမှာပါဘုရား)။ လဲရင်အဖော်ခေါ်ခိုင်းမှာပေါ့။ ခုအဖော်ခေါ်ခိုင်းရှိလား (မခေါ်ခိုင်းပါဘုရား)။ အဲဒါ တကာ တကာမတွေ ပါဠိတော်စကားနဲ့ ရှင်းနေတာနော်။ ဒါကြောင့် ဓမ္မပဒ ပါဠိတော်စကားနဲ့ ခင်ဗျားတို့ရှင်းကြပါစို့ရဲ။

\+ ဧကာသနံ ဧကသေယျံ ဧကောစရမတန္ဒိတော
ဧကောဒမ မတ္တာနံ ဝနန္တေနမတော သိယာ။

ဧကာသနံ၊ တယောက်တည်းနေခြင်းကိုရင်း၊ ဧကသေယျံ၊ တယောက်တည်း အိပ်ခြင်းကိုရင်း၊ ကရေ၊ ပြုရမယ်။ ကမ္မဋ္ဌာန်းထိုင်တဲ့ပုဂ္ဂိုလ်ဆိုဒါ အဖော်နဲ့နေရမှာလား၊ တယောက်ထဲနေရမှာလား (တယောက်ထဲနေရမှာပါဘုရား) ယခုခင်ဗျားတို့အိမ်ပြန်သွားတဲ့အခါမှာ တရားအားထုတ်တဲ့အခါဆိတ်ငြိမ်တဲ့ အိမ်ကလေးတွေအားလုံးတိတ်ဆိတ်ပြီဆိုတော့ ခင်ဗျားတို့ဘုရားစင်ရှေ့မှာ တယော[illegible] ထဲအားထုတ်တာလား၊ အဖော်နဲ့အားထုတ်တာလား (တယောက်ထဲအားထုတ်တာပါဘုရား) တယောက်ထဲအားထုတ်တာနော်၊

ဧကာသနံ၊ တယောက်ထီးထည်း နေခြင်းကိုရင်း၊ ဧကသေယျံ၊ တယောက်ထီးထည်း အိပ်ခြင်းကိုရင်း၊ က ရေ၊ ပြု ရာ ၏၊ ဧကော၊ တယောက်ထီးထည်း၊ အန္တိတော၊ မပျင်းရိသည်ဖြစ်၍၊ စရေ၊ ကျင့်ပါလို့၊ ငါတယောက်ထဲ တရားအားထုတ်ရတာ ပျင်းလိုက်တာဆိုပြီး၊ အဖော်သွားမခေါ်နဲ့။ ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မဖြစ်ဘူး၊ မပျင်းပါနဲ့ တယောက်ထဲသာကျင့်ပါ။ အဲဒီတော့၊ ဒီကမ္မဋ္ဌာန်းဟာ လဲတယ်၊ မေ့တယ်ဆိုရင်ဖြင့် တကာ တကာမတွေ တယောက်ထဲကျင့်လို့ရပါ့မလား (မရပါဘုရား) မြတ်စွာဘုရားတရားတော်ကဖြင့် ကျင့်လို့ရပါတယ်။ (အခြားတရားတော့ မဆိုလိုဘူး၊ ဘုန်းကြီးတို့၊ တကာ တကာမတွေ ဆုံးဖြတ်ချက်ချပါတော့)။

ဧကော၊ တယောက်ထီးထည်း၊ အတန္တိကော၊ မပျင်းရိသည် ဖြစ်၍၊ စရေ၊ ကျင့်ပါလော၊ ဧကော၊ တယောက်ထီးထည်း၊ အတ္တာနံ၊ မိမိကိုယ်ကို၊ ဒမယံ၊ ဒမယန္တော၊ ဆုံးမသည်ဖြစ်၍၊ သူများကိုဆုံးမရမှာလား၊ မိမိကိုယ်ကိုဆုံးမရမှာလား (မိမိကိုယ်ကို ဆုံးမရမှာပါဘုရား) မိမိအဇ္ဈတ္တသန္တာန်ဝယ်၊ နိဝရဏအတရား

---

\+ ဓမ္မပါဒ ၅၊ ၃ ကေဝိဟာရိ ၂၉၄

တွေ သောင်းကျန်းရင်၊ မသောင်းကျန်းအောင် ခင်ဗျားတို့ဘယ်ကမ္မဋ္ဌာန်းနဲ့သိပ် ရမှာတုံး၊ (အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့ပါဘုရား)၊ ဒီကမ္မဋ္ဌာန်းကလွဲရင် သိပ် လို့ရပါ့မလား (မရပါဘုရား)၊ ငွေပေးလို့အိပ်ပါ့မလား (မအိပ်ပါဘုရား)၊ နော် သိပ်လို့မရဘူး၊ အိပ်လို့မရဘူး။

ဘာကမ္မဋ္ဌာန်းနဲ့ နီဝရဏတရားငါးပါးကို သိပ်ရမှာတုံး (အာနာပါနဿတိ ကမ္မဋ္ဌာန်းနဲ့သိပ်ရမှာပါဘုရား)၊ အာနာပါနဿတိကမ္မဋ္ဌာန်းနဲ့၊ တကာတကာမ တွေ အဲ ဒီ လို ဆုံး ဖြတ် ချက် ချ ပါ၊ ဒီကမ္မဋ္ဌာန်းမလုပ်လို့ဖြစ်ပါ့မလား [မဖြစ်ပါ ဘုရား]။ ဒီကမ္မဋ္ဌာန်းဖြင့် တကာတကာမတွေ သာသနာတော်နဲ့တွေ့တဲ့အခါကျ တော့ ဘုရားကိုယ်တော်မြတ်အားထုတ်သွားတဲ့ကမ္မဋ္ဌာန်း ခင် ဗျား တို့ ကျုပ် တို့ မလုပ်ယင်မဖြစ်တော့ဘူးဆိုတာကို ငြင်းလို့ရသေးရဲ့လား [မရပါဘုရား]။ မရဘူး လို့ ဆုံးဖြတ်ချက်ချပါ။

ကော၊ တယောက်ထီးတည်း၊ အတ္တါနံ၊ မိမိကိုယ်တိုင်၊ ဒမယံ၊ ဒမယံန္တော၊ ဆုံးမလျက်၊ တကာတကာမတွေဆုံးမနေတာက သားတွေသမီးတွေ၊ ဆွေမျိုးတွေ အပေါ်မှာ ဆုံးမနေတာ၊ အရေးကြီးတာကိုဆုံးမရမယ်။ အရေးကြီးတာက မိမိ ကိုယ်တိုင်ဆုံးမဘို့ရာ အရေးမကြီးဘူးလားကြီးသလား [ အ ရေး ကြီး ပါ တယ် ဘုရား] အရေးကြီးပါတယ်။

ခင်ဗျားတို့ သေတဲ့ အချိန်မှာ၊ သေခါနီးမှာ ကံ ကမ္မနိမိတ် ဂတိနိမိတ်မထင် ဘူး လား ထင်လာမှာလား [ထင်လာမှာပါဘုရား]၊ အဲဒီအချိန်မှာအရေးမကြီး ဘူးလား [ကြီးပါတယ်ဘုရား]။ အဲဒီအချိန်မှာ ခင်ဗျားတို့ဆုံးမနေတဲ့သားတွေ၊ သမီးတွေ၊ ဆွေတွေမျိုးတွေကလာကယ်မှာလား၊ တရားတော်ကကယ်မှာလား [ တရားတော်ကကယ်မှာပါဘုရား ]၊ တ ရား က ကယ် မှာ ပါ နော်။ ခင်ဗျားတို့ အားကိုးရာအစစ်ဖြစ်တဲ့ ဓမ္မနှင့်သာလျှင်နှလုံးသွင်းရမယ်၊ အားကိုးရမယ်၊ လေ့ လာရမယ်။ သင်တန်းတက်ရမယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား ( မရပါဘုရား )။ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချ။ ကိုယ့်ကိုယ်ကိုဆုံးမ၊ အော် ငါမသေဘဲ မနေရဘူး၊ မသေဘဲနေပါ့မလား (မနေပါဘုရား)၊ ဒီပရိသတ်နောက်ထပ်အနှစ် [ ၁၀၀ ] အတွင်း ရှိပါ့မလား [မရှိပါဘုရား] ဘုန်းကြီးလဲမရှိတော့ဘူး တ ရား နာ တဲ့ ပရိသတ်လဲရှိမှာမဟုတ်ဘူးဗျ မသေဘဲနေပါ့မလား (မနေပါဘုရား)

ဒါကြောင့်၊ သေကာနီးမှာဖြင့် ခင်ဗျားတို့ကျုပ်တို့ ယခုအားထုတ်တဲ့ နှလုံး သွင်းထားတဲ့ လေ့ကျင့်ထားတဲ့ လေ့လာထားတဲ့တရားကိုသာ အား ကိုး ရာ အားထားရာအစစ်ဖြစ်တယ်။ ခင်ဗျားတို့ နေ့စဉ်နေ့တိုင်းဆုံးမနေတဲ့ သားတွေ သမီးတွေဆွေမျိုးတွေက ဒီနေရာကယ်နိုင်ပါ့မလား ( မကယ်နိုင်ပါဘုရား )၊ ဒါ ကြောင့် ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုဆုံးမပါ၊ သူတပါးဆုံးမမဲ့အစား ကိုယ့်ကိုယ်ကို

ဆုံးမဘို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ညွှန်ကြားနေသလား၊ မညွှန်ကြားမနေဘူးလား (ညွှန်ကြားနေပါတယ်ဘုရား)၊ ဒါကြောင့်....

အတ္တာနံမိမိကိုယ်ကို၊ ဒမယံ ဒမယန္တော၊ဆုံးမလျက်၊ဝနန္တေ၊တောဥ္။မြတ်စွာဘုရားကတောထဲသွားခိုင်းတာ။မခိုင်းဘူးလားခိုင်းသလား(ခိုင်းပါတယ်ဘုရား)။ ဝနန္တေ၊တောဥ္၊ရမတော၊မွေ့လျော်သည်၊အဲ့ ဆိတ်ငြိမ်တဲ့အရပ်မှာတယောက်ထဲနေရင်တော့မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။ တော အ လယ် ခေါင်ကြီး သွားမှ မဟုတ်ဘူး၊ တောဆိုတာကလဲ ဆိတ် ငြိမ် တဲ့ အ ရပ် ပါ ဘဲ၊ ခင်ဗျားတို့အိမ်မှာလဲ ဘုရားရှေ့မှာ အားလုံးဆိတ်ငြိမ်နေတယ်ဆိုရင် တရားအားထုတ်လို့မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)။ ရပါတယ်။ အဲဒါလဲ တောပါဘဲ။ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒါကြောင့် အဲဒီလိုခင်ဗျားတို့ ဝနန္တေ၊ တောဥ္၊ ရမတော၊ မွေ့လျော်သည်၊ သိယာ၊ဖြစ်ရာ၏၊ ကိုယ့်ကိုယ်ကို မဆုံးမဘဲနဲ့တော့ခင်ဗျားတို့နေလို့ဖြစ်ပါ့မလား၊ [မဖြစ်ပါဘုရား]။ မဖြစ်ဘူး။ အဲဒီလိုမြတ်စွာဘုရားကိုယ်တော်မြတ်သည် ဓမ္မပဒပါဠိ တော် မှာ ဒီအ တိုင်း ဟော ထား လေ သည် ဖြစ် သော ကြောင့် အာ ပါ န သ တိ က မ္မ ဋ္ဌာန်း မစီး ဖြန်း ရင် မဖြစ် ဘူး ဆိုတာတော့ဖြင့် တကာတကာမတွေငြင်းလို့ရသေးရဲ့လား (မရပါဘုရား)။

[အယမေဝ အာနာပါနဿတိ သမာဓိ သာဝုကံ မနသိကာတဗ္ဗော]၊မြတ်စွာဘုရားက၊အယမေဝအာနာပါနဿတိသမာဓိ၊ ဒီအာ နာ ပါ န ဿ တိ နဲ့ ယှဉ် တဲ့ သမာဓိကို ဒီနှာသီးဖျားမှာ သတိထားလိုက်တာနှင့်တပြိုင်နက် ရှူမှုအာရုံမပေါ်ဘူးလား၊ ပေါ်သလား [ပေါ်ပါတယ်ဘုရား]။ ရှိုက်မှုအာရုံမထင်ရှားဘူးလား ထင်ရှားသလား [ ထင်ရှားပါတယ်ဘုရား ]။ လူကထင်ရှားအောင်လုပ်ပေးတာလား သတိကထင်ရှားအောင်လုပ်ပေးတာလား[သတိကထင်ရှားအောင်လုပ်ပေးတာပါဘုရား]။ဘတိကထင်ရှားအောင်လုပ်ပေးတဲ့အခါ စိတ် က ဟို ဟို ဒီ ဒီ ပြေးသွားသေးရဲ့လား[မပြေးပါဘုရား]။ ဒီအာနာပါနအာရုံပေါ်မှာမတည်ဘူးလား၊ တည်သလား [တည်ပါတယ်ဘုရား]။ တည်တာဘာတုံး သ မာ ဓိ၊ ဒီ အာ ရုံ ကို ထင်ရှားအောင်လုပ်ပေးတာကသတိ ဒီအာရုံအပေါ်မှာ စိတ် တည် နေ တာ က သမာဓိ၊ သတိ သမာဓိကွဲရဲ့လား [ကွဲပါတယ်ဘုရား] အာနာပါန အာရုံကိုဖေါ်ပေးတာက လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား [ သတိကဖေါ်ပေးတာပါဘုရား]၊ သတိကဖေါ်ပေးတာနော်၊ သတိရဲ့လက္ခဏာ၊ သတိကဖေါ်ပေးတဲ့အခါကျတော့ အဲဒီအာရုံအပေါ်မှာ စိတ်တည်နေသလား၊ တည်မနေဘူးလား [တည်နေပါတယ်ဘုရား]၊ စိတ်တည်နေတာကဘာပါလိမ့် [ သမာဓိ ]။ သတိရမလာဘူးလား၊ ရလာသလား [ ရလာပါတယ်ဘုရား ]။ ဒီသမာဓိသည်

သတိနဲ့မယှဉ်ဘူးလား၊ ယှဉ်သလား [ယှဉ်ပါတယ်ဘုရား]၊ ဒါကြောင့်-အယမေဝ အာနာပါနသတိသမာဓိ။ ပါဠိတော်စကား။ အယမေဝ အာနာပါနသတိသမာဓိ၊ အာနာပါနသတိနဲ့ယှဉ်တဲ့သမာဓိကို၊ သာဓုကံ၊ ကောင်းစွာ၊ မနသိကာတဗ္ဗော၊နှလုံးသွင်းရမယ်၊ နှလုံးမသွင်းသင့်ဘူးလား၊ သွင်းသင့်သလား[သွင်းသင့်ပါတယ်ဘုရား]နှလုံးသွင်းရမယ်၊ မနသိကာတဗ္ဗော၊နှလုံးသွင်းရမယ်။ အလွန်သင့်လျော်တဲ့ ကမ္မဋ္ဌာန်းလို့ မဆိုထိုက်ဘူးလားဆိုထိုက်သလား [ဆိုထိုက်ပါတယ်ဘုရား] ဆိုထိုက်ပါတယ်။

တကာ တကာမတွေ သတိထားပါ ငါးမိနစ်ဘဲ လိုပါတော့တယ်၊ ရှူစက ရှူဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ်၊ ဘယ်လိုပြုတာတုံး၊ ဤလိုပြုတယ် ဤလိုပြုတယ်၊ ရှိုက်စက ရှိုက်ဆုံးအထိ ဤလိုပြုတယ် ဤ လို ပြု တယ် လို့ သိ ခိုက် မှာ-နော်၊ တဆင့်တက်ကြစို့။ ရှင်း လိုက် ပါ ဦး မယ်၊ အဲဒီအချိန်မှာ ဒီအာနာပါနသတိကမ္မဋ္ဌာန်းကို မရှူဘူးလား၊ ရှူသလား [ရှူပါတယ်ဘုရား]၊ ရှူတာဈာန်လို့ ခေါ်တယ်၊ ဘာတုံး (ဈာန်လို့ခေါ်ပါတယ်ဘုရား)၊ ခင်ဗျားတို့ဈာန်ရနေပါတယ်၊ ဈာန်ဆိုတာကောင်းကင်ပျံနိုင်တာမဟုတ်ဘူး၊ ကောင်းကင်ပျံနိုင်တယ်ဆိုတာက အဘိဉာဏ်တရားက ပျံနိုင်တာ၊ ကောင်းကင်ပျံနိုင်တဲ့ တရားက ဘာက ပျံနိုင်တာတုံး (အဘိဉာဏ်တရားကပါဘုရား)၊ ဈာန်က ပျံနိုင်ရဲ့လား (မပျံနိုင်ပါဘုရား) ဈာန်ဆိုတာ ရှူတာနော်။ ဈာန်ဆိုတာဘာတုံး (ရှူတာပါဘုရား) ဘာကမ္မဋ္ဌာန်းကိုရှူနေတာတုံး ( အာ နာ ပါ န သ တိ ကမ္မဋ္ဌာန်းကိုရှူနေတာပါဘုရား)၊ အဲဒီတော့ ခင် ဗျား တို့ ဈာန် ရ နေ သ လား၊ မရဘူးလား (ရပါတယ်ဘုရား)၊တနာရီအတွင်းရှူနေရင် ဈာန်ရနေတာဘဲ။ကပ်ပြီးရှူနေတဲ့တရား/ဈာန်။

ကြည့်-ဈာန်ရတယ်၊ မရဘူးဆိုတာ၊ ဈာန်အင်္ဂါငါးပါးရှိတယ်၊ ဈာန်အင်္ဂါဘယ်နှစ်ပါးရှိတာတုံး (ငါးပါးပါဘုရား)၊ အဲဒီငါးပါးက ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ သယ်နှစ်ပါးတဲ့တုံး (ငါးပါးပါဘုရား)။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)။ ရှူရင်ရှူတာသိပါစေ၊ ဝိတက်ဆိုတာ အာရုံကိုတင်ပေးခြင်းလက္ခဏာ၊ ဝိတက်ဆိုတာ ဘာကိုတင်ပေးခြင်းလက္ခဏာတုံး (အာရုံကိုတင်ပေးခြင်းလက္ခဏာပါဘုရား)။

ဒီအာနာပါနအာရုံပေါ်မှာ စိတ်ကဟိုရောက်ဒီရောက် ရောက်မသွားအောင် ဘယ်သူကတင်ပေးနေတာတုံး (ဝိတက်ကပါဘုရား)၊ အဲဒီတော့ ဝိတက်ရမလာဘူးလား၊ ရလာဘလား(ရလာပါတယ်ဘုရား)၊ဒီအာနပါနအာရုံပေါ်ကနေပြီးတော့ လိမ့်ကျမသွားအောင်၊ ပြိုကျမသွားအောင် ဘယ်သူကတင်ပေးနေတာတုံး (ဝိတက်ကပါဘုရား) ခင်ဗျားတို့တင်ပေးတာဟုတ်ရဲ့လား ခင်ဗျားတို့အားထုတ်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ခင်ဗျားတို့မှမရှိတာကိုး၊ လူတွေ၊ သတ္တဝါ

တွေ့ ယောက်ျား မိန်းမတွေရှိတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဟုတ်ဘူး။ သင်္ခါရချင်းအားထုတ်သွားတယ်ဆိုတာ (သင်္ခါရာစသင်္ခါရေပိပဿန္တိ) တဲ့၊ သင်္ခါရကို သင်္ခါရက ရှုတာဘဲလို့ မဆိုထိုက်ဘူးလားဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)၊ သင်္ခါရကိုသင်္ခါရက ရှုတာ၊ လူကဝိပဿနာ ရှုတာဟုတ်ရဲ့လား၊ မဟုတ်ဘူးကြည့်၊

ဟောဒီအာနာပါနအာရုံပေါ်ကနေပြီးတော့ စိတ် က လေး ပျံ့ လွင့် မ သွား အောင် ဟိုဟိုဒီဒီမရောက်အောင် ဘယ်သူကတင်ပေးနေတာတုံး (ဝိတက်ကပါ ဘုရား) ဘယ်သူကတင်ပေးတုံးဆိုတော့ ဝိတက်ကတင်ပေးလိုက်တာနော်၊ ဝိတက် မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ဝိတက်ကတင်ပေးလိုက်တယ်၊ နောက် ဝိတက်ကတင်ပေးလိုက်တဲ့အခါကြတော့ ရှု ရင် ရှု တယ် လို့ မသုံး သပ် ဘူးလား (သုံးသပ်ပါတယ်ဘုရား)၊ ရှိုက်ရင်ရှိုက်တယ်လို့ကော မသုံးသပ်ဘူးလား (သုံး သပ်ပါတယ်ဘုရား) အော် ရှုတာကော၊ ရှိုက်တာကော အဲဒီလို သုံးသပ်တာက ဝိစာရ၊ ဘာတဲ့တုံး ( ဝိစာရပါဘုး )၊ ဝိတက်ဝိစာရ ရ မ လာ ဘူး လား၊ ရလား သလား (ရလာပါတယ်ဘုရား)။

အဲဒီလိုဝိတက် ဝိစာရဖြစ်ချိန်မှာ **လောဘကိလေသာလာသေးရဲ့လား** (မလာ ပါ ဘု ရား) ဒေါသကိလေသာလာသေးရဲ့လား ( မလာပါဘုရား )၊ ခင်ဗျားတို့ စိတ်ညစ်တယ်၊ စိတ်ပျက်တယ်ဆိုတာ လောဘကိလေသာကြောင့်၊ ဒေါသကိလေ သာကြောင့်၊ ကိုယ့်ကြောင့်ဟုတ်ရဲ့လား၊ ငါ့ကြောင့်ဟုတ်ရဲ့လား၊ သူများကြောင့် ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)၊ စိတ်ပျက်တယ်ဆိုတာဒေါသကြောင့်၊ စိတ်ပျက် တာ ဘာ တုံး၊ ဒေါသကိလေသာဝင်တာဘဲ၊ ယခုတော့ ခင်ဗျားတို့အဲဒီအချိန်မှာ လော ဘ ကိ လေ သာ တွေ၊ ဒေါသကိလေသာတွေလာသေးရဲ့လား (မလာပါ ဘုရား)၊ မလာတဲ့အခါကြတော့ ဒီနေရာမှာ နှစ်သက်မှုသော မနဿသဘောတွေ၊ ပီတိသဘောတွေမပေါ်ဘူးလား၊ ပေါ်ပါသလား (ပေါ်ပါတယ်ဘုရား) ဝိတက် ဝိစာရပီတိပေါ်လာတယ်၊ ဒေါသလာသေးရဲ့လား (မလာပါဘုရား) သောမနဿ ဖြစ်လာတယ်၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဒါကြောင့် သမထ နဲ့ ယှဉ်တဲ့သောမနဿဟုတ်တယ်မဟုတ်လား၊ သမထနဲ့ယှဉ်တဲ့သောမနဿ အကု သိုလ် နဲ့ ယှဉ် တဲ့ သောမနဿဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ကု သိုလ် နဲ့ ယှဉ် တဲ့ သောမနဿ၊ ပီတိဖြစ်လာတယ်၊ ပီတိဖြစ်တော့ မချမ်းသာဘူးလား၊ ချမ်းသာလား (ချမ်းသာပါတယ်ဘုရား)၊ ချမ်းသာတာကသုခ။

ချမ်းသာလာတဲ့ အခါကျတော့ ခင်ဗျားတို့ ဒီရှုကွက်ကနေပြီးတော့ အခြား တနေရာ ပြောင်းချင် သေးရဲ့လား (မပြောင်းချင်ပါဘုရား)၊ ဒီရှုစိတ်ကလေးက

တည်မသွားဘူးလား၊ တည်သွားသလား (တည်သွားပါတယ်ဘုရား)၊ ချမ်းသာလာတော့တည်နေတာပေါ့။

ခင်ဗျားတို့သက်သာတဲ့နေရာ၊ ချမ်းသာတဲ့ နေရာဆိုလို့ရှိရင် ဒီနေရာဘဲ မနေချင်ဘူးလား၊ နေချင်သလား (နေချင်ပါတယ်ဘုရား)အဲဒီတော့ စိတ်ဟာဒီနေရာမှာ မတည်ဘူးလား၊ တည်နေသလား(တည်နေပါတယ်ဘုရား)၊ ချမ်းသာတော့တည်နေတာက ကေဂ္ဂတာ၊ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာမရဘူးလား၊ရသလား(ရပါတယ်ဘုရား)။

အော် ဝိတက် ဝိစာရ ပီတိသုခဧကဂ္ဂတာဖြစ်လာတယ်၊ အဲဒီလို ဖြစ်လာတော့ ဈာန်အင်္ဂါငါးပါး မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)၊ အဲဒီဈာန်အင်္ဂါငါးပါးနဲ့ ယှဉ်တယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)၊ အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်း ချိန်မှာ၊ ခင်ဗျားတို့ ဈာန်အင်္ဂါငါးပါးနဲ့ယှဉ်ပြီးရှုနေတဲ့၊ ဈာန်ရနေတဲ့ ပုဂ္ဂိုလ်တွေလို့ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချသင့်သလား၊ မချသင့်ဘူးလား (ချသင့်ပါတယ်ဘုရား)၊ အဲ ဈာန်ရနေတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုထိုက်ပါတယ်၊ ဈာန်အင်္ဂါငါးပါးနဲ့ပြည့်စုံနေသလား၊ မပြည့်စုံဘူးလား (ပြည့်စုံပါတယ်ဘုရား) ဒီဈာန်အင်္ဂါငါးပါးနဲ့ ပြည့်စုံတာနဲ့ တပြိုင်နက်ဆန့်ကျင်ဘက်ဖြစ်တဲ့ နီဝရဏတရားတွေ ငြိမ်းမသွားဘူးလား၊ ငြိမ်းသွားသလား (ငြိမ်းသွားပါတယ်ဘုရား)၊ငြိမ်းသွားတယ်။

အဲဒီတော့ တကာတကာမတွေ ငြိမ်းပုံတွေ ပြောကြဦးစို့ရဲ့၊ ဝိတက်က ဘာကိုငြိမ်းစေသလဲဆိုတဲ့အခါကျတော့ ထိနမိဒ္ဓကိုငြိမ်းစေတယ်၊ ဝိတက်က ဘာကိုငြိမ်းစေတယ်(ထိနမိဒ္ဓကိုငြိမ်းစေပါတယ်ဘုရား)။ ထိနမိဒ္ဓကိုငြိမ်းစေတယ်၊ ဝိစာရက ဝိစိကိစ္ဆာနီဝရဏကိုငြိမ်းစေတယ်၊ ဝိစာရကဘာကိုငြိမ်းစေသလဲ(ဝိစိကိစ္ဆာနီဝရဏကိုပါဘုရား)၊ ပီတိကဗျာပါဒနီဝရဏကိုငြိမ်းစေတယ်၊ ပီတိကဘာကိုငြိမ်းစေသလဲ(ဗျာပါဒနီဝရဏကိုငြိမ်းစေပါတယ်ဘုရား)။ သုခကဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကိုငြိမ်းစေတယ်၊ သုခကဘာကိုငြိမ်းစေသလဲ (ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို ငြိမ်းစေပါတယ်ဘုရား)။ဧကဂ္ဂတာက ကာမစ္ဆန္ဒနီဝရဏကို ငြိမ်းစေတယ်၊ မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)၊ နီဝရဏတရားငါးပါးငြိမ်းလိုက်တာနဲ့တပြိုင်နက်၊ နီဝရဏတရားငါးပါး အိပ်ပျော်သွားလိုက်တာနဲ့တပြိုင်နက် ဝိတက် ဝိစာရ ပီတိ သုခဧကဂ္ဂတာလဲ ဖြစ် ပါ တယ်၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာလဲ ဖြစ်ပါတယ်၊ မဖြစ် ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ ဒီတရားတွေက နီဝရဏတရားတွေကို နှိမ်ပစ်လိုက်တယ်၊ ခင်ဗျားတို့ကျုပ်တို့က နှိမ်တာလား၊ သဒ္ဓါအစရှိတဲ့ တရားတွေက နှိမ်တာလား(သဒ္ဓါအစရှိတဲ့တရားတွေကနှိမ်တာပါဘုရား)၊ ခင်ဗျားတို့ကျုပ်တို့က နီဝရ

ဏတရားကို အိပ်ပျော်စေတာလား၊ ဝိတက်အစရှိတဲ့ တရားငါးပါးက အိပ်ပျော်စေတာလား(ဝိတက်အစရှိတဲ့တရားငါးပါးကအိပ်ပျော်စေတာပါဘုရား)။

ဝိတက်ကထိနမိဒ္ဓနီဝရဏကိုငြိမ်းစေတယ်၊ ဝိစာရကဝိစိကိစ္ဆာဝရဏကိုငြိမ်းစေတယ်၊ပြီးတော့ဘာတုံး၊ ပီတိကဗျာပါဒနီဝရဏကိုငြိမ်းစေတယ်၊ သုခကဉဒ္ဓစ္စကုက္ကုစ္စနီဝရဏကိုငြိမ်းစေတယ်၊ ဧကဂ္ဂတာကကာမစ္ဆန္ဒနီဝရဏကို ငြိမ်းစေတယ်၊ မငြိမ်းစေဘူးလား၊ ငြိမ်းစေသလား (ငြိမ်းစေပါတယ်ဘုရား)။ အဲဒီလိုငြိမ်းစေချင်ရင် ခင်ဗျားတို့ ဘာကမ္မဋ္ဌာန်းနဲ့ ငြိမ်းတာပါလိမ့်၊ (အာနာပါနဿတိကမ္မဋ္ဌာန်းပါ ဘုရား)။

အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းရင်လဲ သဒ္ဓါအစရှိတဲ့ တရားငါးပါးနိုးကြားတယ်၊ ဝိတက်အစရှိတဲ့တရားတွေနဲ့လဲပြည့်စုံတယ်၊ မပြည့်စုံဘူးလား၊ ပြည့်စုံသလား၊ (ပြည့်စုံပါတယ်ဘုရား) သီလသာသနာ၊ သမာဓိသာသနာသီလဝိသုဒ္ဓိစိတ္တဝိသုဒ္ဓိ၊သီလသိက္ခာ၊ သမာဓိသိက္ခာတွေနဲ့လဲပြည့်စုံပါတယ်၊မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) ဒီကမ္မဋ္ဌာန်းမလုပ်သင့်ဘူးလား၊ လုပ်သင့်သလား(လုပ်သင့်ပါတယ်ဘုရား)ဒါကြောင့်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက (အယမ္ပိခေါ အာနာပါန ဿတိသမာဓိ သာဓုကံမနသိကာတဗ္ဗော၊ ဤတရားသည် နှလုံးသွင်းထိုက်တဲ့တရားလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား( ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီ အာနာပါန ဿတိကမ္မဋ္ဌာန်းကို ဘယ်နှစ်ချက်၊ ခင်ဗျားတို့ ရှူရတာလဲ (သုံးချက်ပါဘုရား)၊ ရှူကွက်ဘယ်နှစ်ကွက်လဲ(သုံးကွက်ပါဘုရား)၊ပထမအကွက်က ဘယ်လိုရှူရမှာတုံး (ရှူတယ်-ရှိုက်တယ်)။ အဲဒါတမိနစ်လောက်ရှူလိုက်စမ်းပါ။ ရှူတယ်၊ ရှိုက်တယ်။ ရှူတယ်၊ ရှိုက်တယ်။ မိအောင်ဖမ်း။ ရှူမှ ရှူတယ် လို့ သိပါစေ။ ရှိုက်မှ ရှိုက်တယ်လို့ သိပါစေ။ ပထမ ပြောခဲ့တဲ့ အကျိုး တရားတွေ ရပါတယ်။အားထုတ်ပြီးတော့ယူလိုက်စမ်းပါ။ဒါကသင်တန်းမို့ရှင်းအောင်ရှင်းပြနေတယ်။ လုပ်ငန်းနဲ့အရယူလိုက်စမ်းပါ။

အပြင်လေထုတ်တာကိုရှူတယ်။ အတွင်းလေသွင်းတာကိုရှိုက်တယ်။ ရှူတယ်ရှိုက်တယ်။ စောင့်ဖမ်း။ ရှူတယ်ရှိုက်တယ်၊ ဒါလေးတဆင့် ခင်ဗျားတို့တက်လိုက်ပါတော့။ ဒုတိယနည်းက။ ရှူစကရှူဆုံးအထိ၊ ဘယ်လိုမှတ်ရမှာတုံး၊ (ရှူတယ်ရှူတယ်) ရှိုက်စကရှိုက်ဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး ရှိုက်တယ် ရှိုက်တယ် ရှိုက်တယ်)အဲဒါလေးမှတ်လိုက်စမ်းပါ၊ ရှူစကရှူဆုံးအထိ၊ရှူတယ်ရှူတယ်+အဲဒီလိုသိ။ ရှိုက်စကရှိုက်ဆုံးအထိ ရှိုက်တယ်ရှိုက်တယ်၊ အဲဒီလိုသိ၊ မနက်ဖြန်ရှူကွက်၊ ခင်ဗျားတို့ သဘောပေါက်မယ်၊ ရှေ့တက်လို့ရမယ်၊ ဒါကိုရှူခဲ့ပါ၊ အားထုတ်ခဲ့ပါ၊ ရှူစကရှူဆုံးအထိ၊ ရှူတယ်ရှူတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ၊ ရှိုက်တယ်ရှိုက်တယ်လို့ သိပါစေ၊ [ဘုရားကသိခိုင်းတာ]

ဒီဃံ ဝါ အဿသန္တော၊ ဒီဃံ အဿသာမိတိ၊ ပဇာနာတိ၊ ဒီဃံ ဝါ၊ ပဿသန္တော၊ ဒီဃံ ပဿသာမိတိ၊ ပဇာနာတိ၊+အဲဒါ ဒေသနာတော်နဲ့အညီ၊ ခင်ဗျားတို့လုပ်နေတာ၊ မြတ်စွာဘုရားစကားနားထောင်နေတာ+မြတ်စွာဘုရားစကားနားထောင်ရင်၊နီဝရဏတရားတွေ၊အိပ်ပျော်ပြီး၊သဒ္ဓါအစရှိတဲ့တရားတွေနိုးကြားပြီးတော့၊ ဝိတက် အစရှိတဲ့ ဈာန်အင်္ဂါငါးပါးနဲ့ပြည့်စုံတယ်။ ပထမဈာန်တဆင့်ရောက်တာဘဲ။ ဒါသမာဓိကမ္မဋ္ဌာန်း ရတော့တာဘဲ၊ သမာဓိ ကမ္မဋ္ဌာန်း စီးဖြန်း နေတာဘဲ၊ ရှူစကရှူဆုံးအထိ၊ ရှူတယ်ရှူတယ်လို့သိ။ ရှိုက်စက ရှိုက်ဆုံးအထိ၊ ရှိုက်တယ်ရှိုက်တယ်လို့သိ၊ တကာတကာမတွေသိပါ၊ အဲဒီဒုတိယနည်း။

ကဲ-တတိယနည်း ရှူကွက်ရှူကြပါဦးစို့။ တတိယနည်းကြတော့ ရှူစကရှူဆုံးအထိ၊ခင်ဗျားတို့ဘယ်လိုမှတ်ရမှာလဲ၊(ဤလိုပြုတယ်ဤလိုပြုတယ်ဤလိုပြုတယ်) ရှိုက်စကရှိုက်ဆုံးအထိ၊ ဘယ်လိုမှတ်ရမှာလဲ (ဤလိုပြုတယ်ဤလိုပြုတယ်ဤလိုပြုတယ်) အဲဒါကိုခင်ဗျားတို့မှတ်လိုက်စမ်းပါ၊ ရှူစကရှူဆုံးအထိ (ဤ လို ပြု တယ် ဤလိုပြုတယ်) ရှိုက်စကရှိုက်ဆုံးအထိ၊ (ဤလိုပြုတယ်ဤလိုပြုတယ်လို့မှတ်၊ ရှူခြင်းအမှုပြုလဲ ဤလိုပြုတာဘဲ၊ ရှိုက်ခြင်းအမှုပြုလဲ ဤလိုပြုတာဘဲ+ကိုယ်ပြုတာပြုမှန်းသိပါစေ၊ ကိုယ်ပြုတာပြုမှန်းသိလျှင်၊ခင်ဗျားတို့ကမ္မဋ္ဌာန်းခွင်ထဲ ရောက်ပါတယ်၊ ကမ္မဋ္ဌာန်းဘောင်ထဲရောက်ပါတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ပုဂ္ဂိုလ်လို့လဲ ဆိုပါတယ်၊ သတိရှိပြီးတော့၊ ခင်ဗျားတို့ရှူပါ၊ ရှိုက်ပါ၊ ဘုရားကလဲ ဤလိုခိုင်းပါတယ်၊ သတိရှိပြီးတော့ ရှူတဲ့အခါ [ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ သိပါစေ] အဲဒါမိလျှင် ခင်ဗျားတို့ကမ္မဋ္ဌာန်းဖြစ်ပါပြီ)

ကဲ၊ ပထမ-ဒုတိယ-တတိယနည်းဖြင့် နံပါတ်(၁)(၂)(၃)နည်းဖြင့်နီဝရဏတွေ သိပ်ပြီးတော့၊ သဒ္ဓါအစရှိတဲ့ ငါးပါးနိုးကြားပြီး၊ သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ၊ သီလ သာသနာ၊ သမာဓိ သာသနာ၊ သီလသိက္ခာ၊ သမာဓိ သိက္ခာ၊ ဝိ တက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ပူဇော်ကြပါစို့၊ အားလုံး လက် အုပ် ချီ ပါ အချိန်လဲပိုသွားပါတယ်....။

ဣမာယ၊ ဓမ္မာနု ဓမ္မပဋိပတ္တိယာ— ဗုဒ္ဓံပူဇေမိ ဓမ္မံပူဇေမိ သံဃံပူဇေမိ အာစရိယာနံပူဇေမိ၊ ပူဇော်ပါ၏အရှင်ဘုရား—။

သာဓု သာဓု သာဓု....။

## ၍တာ၁ကပရမတ် မ၍ာာကပညာ်

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၈) ရက် ဟောကြားသောတရား။

နှာသီးဖျားမှာသတိထားပြီးတော့ ရှူတယ် ရှိုက်တယ်လို့ မှတ်ပါ။ ရှူစကရှူဆုံး အထိ ရှူတယ်ရှူတယ်လို့ သိပါ၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ် ရှိုက်တယ်လို့ သိပါစေ

ရှူစကရှူဆုံးအထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်။ ရှိုက်စကရှိုက် ဆုံးအထိ၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ မှတ်ပါ။ တတိယနည်း က၊ ရှိုက်စမှ ရှိုက်ဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ အဲဒီလိုမှတ်ပါ။

အဲဒီအထိခင်ဗျားတို့ သမထကမ္မဋ္ဌာန်း၊ အာနာပါနဿတိကမ္မဋ္ဌာန်း၊ သမာဓိ ကမ္မဋ္ဌာန်းဆိုပြီးအကျယ်တဝင့် (၃) ရက်တိုင်တိုင် မရှင်းခဲ့ဘူးလား၊ရှင်းခဲ့သလား (ရှင်းခဲ့ပါတယ်ဘုရား) ရှင်းခဲ့ပါတယ်၊

အဲဒီလိုပဌမအချက်၊ ဒုတိယအချက်၊ တတိယအချက် (၃) ချက် ရှုပွားလိုက် တဲ့အခါ အရင်ကလဲပြောခဲ့ပါတယ်၊ မြတ်စွာဘုရားရဲ့ အဆုံးအမတွေဆိုပြီးတော့ မြတ်စွာဘုရားရဲ့ အဆုံးအမဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာသုံးပါးတို့တွင် သီလ သာသနာ၊ သမာဓိသာသနာ၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ သီလသိက္ခာ၊ သမာဓိ သိက္ခာမတည်ဘူးလား၊ တည်သလား (တည်ပါတယ်ဘုရား) တည်ပါတယ်။ နီဝရဏဘရားငါးပါးကော မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) နီဝရဏဘရားငြိမ်းတော့ ဘယ်တရားတွေနိုးကြားလာသလဲဆိုတော့ သဒ္ဓါအစရှိ တဲ့တရားငါးပါး မနိုးကြားဘူးလား၊ နိုးကြားသလား (နိုးကြားပါတယ်ဘုရား) နီဝရဏတရားငါးပါး အိပ်ပျော်တဲ့အခါ သဒ္ဓါအစရှိတဲ့ တရားငါးပါး နိုးကြား တယ်ဆိုတာ မနေ့ကရှင်းခဲ့ပါတယ်။ မရှင်းခဲ့ဘူးလား၊ (ရှင်းခဲ့ပါတယ်ဘုရား)

အဲဒီလိုရှူရင် ရှူမှန်း သိ တဲ့အချိန်၊ ရှိုက်ရင်ရှိုက်မှန်းသိတဲ့အချိန်မှာ နီဝရဏ တရားငါးပါးငြိမ်းပြီးတော့ သဒ္ဓါအစရှိတဲ့ တရားငါးပါးတွေ နိုးကြားပါတယ်။ နောက်တချက်က ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါး နှင့်လည်းပြည့်စုံပါတယ်လို့မရှင်းခဲ့ဘူးလား ရှင်းခဲ့သလား (ရှင်းခဲ့ပါတယ်ဘုရား) အဲဒါသမထပိုင်း။

ဒါကြောင့် သမထဆိုတာ နီဝရဏငြိမ်းသောကြောင့် သမထ၊ နီဝရဏေ သမေတီတိသမထော နီဝရဏေ၊ နီဝရဏတရားငါးပါးတို့ကို၊ သမေတိ၊ ငြိမ်းစေ တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ သမထော၊ သမထမည်၏။ ဘာကြောင့်သမထ

ခေါ်တာတုံးလို့ဆိုရင်၊ နိဝရဏတရားငါးပါးငြိမ်းလို့ သမထ၊ ဘာကြောင့်ခေါ်တာတုံး (နိဝရဏတရားငါးပါး ငြိမ်းလို့ပါဘုရား) စိတ်တည်နေသောကြောင့် သမာဓိ၊ ဒီလိုမရဘူးလား၊ ရသလား ( ရပါတယ်ဘုရား )။ အဲဒါကြောင့် ယခု သမထကမ္မဋ္ဌာန်း၊ သမာဓိကမ္မဋ္ဌာန်း၊ အာနာပါနဿတိကမ္မဋ္ဌာန်း စီးဖြန်းချိန်မှာ စိတ်တွေက ဟိုဟိုဒီဒီရောက်သေးရဲ့လား (မရောက်ပါဘုရား)၊ဒီအာနာပါနဿတိ အာရုံပေါ်မှာ မတည်ဘူးလား၊ တည်သလား၊ ( တည်ပါတယ်ဘုရား ) အဲဒါ သမာဓိ။

ရှူစကရှူဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့သိခိုက်၊ ရှိုက်စက ရှိုက်ဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ်လို့ သိခိုက်မှာ စိတ်တည်နေတော့ သမာဓိရသလား၊ မရဘူးလား (ရပါတယ်ဘုရား)။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ သမာဓိံ ဘိက္ခဝေဘာဝေထ၊ ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ သမာဓိံ ၊ ရှူရင်ရှူတယ်၊ ရှိုက်ရင်ရှိုက်တယ်လို့သိတဲ့ သမာဓိကို၊ ဘာဝေထ၊ ပွားများကြကုန်လော့။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ သမာဓိမပွားခိုင်းဘူးလား၊ ပွားခိုင်းသလား ( ပွားခိုင်းပါတယ်ဘုရား )။ ယခု ခင်ဗျားတို့ သမာဓိပွားနေတာလား၊ မပွားဘူးလား (ပွားနေတာပါဘုရား) ဘုန်းကြီးခိုင်းလို့ပွားတာလား၊ မြတ်စွာဘုရားခိုင်းလို့ပွားတာလား ( မြတ်စွာဘုရားခိုင်းလို့ပွားတာပါဘုရား ) အော် ခင်ဗျားတို့ မြတ်စွာဘုရားအဆုံးအမ တည်နေပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား ( ဆိုထိုက်ပါတယ်ဘုရား ) ဆိုထိုက်ပါတယ်လို့ ဆုံးဖြတ်ချက်ချပါတော့။

အဲဒီတော့ သမာဓိရှိလာရင် အမှန်တရားမတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ရှေ့တက်တော့မယ်နော်၊ ယနေ့တက္ကက်တက်ရမှာ၊ သမာဓိရရင် (သမာဟိတောဘိက္ခဝေ ယထာဘူတံ ပဇာနာတိ) လို့ ပါဠိတော်စကားတက်လာပါတယ်။ ဘိက္ခဝေ၊ ရဟန်းတို့၊ သမာဟိတော၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်၊ ဘူတံ၊ ဟုတ်မှန်တဲ့သဘောတရားကို၊ ပဇာနာတိ၊ ကွဲကွဲပြားပြားသိတယ်။ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဟုတ်မှန်တဲ့အတိုင်းသိပါ့မလား (မသိပါဘုရား)၊ သမာဓိရှိတဲ့ပုဂ္ဂိုလ် သာလျှင် ဟုတ်မှန်တဲ့တရားကိုသိနိုင်ပါတယ်။ မြတ်စွာဘုရားရဲ့ ပါဠိတော်ကြီးမှာ ဒီအတိုင်းဝန်ခံမထားဘူးလား ထားသလား (ဝန်ခံထားပါတယ်ဘုရား) သမာဓိမရှိတဲ့ပုဂ္ဂိုလ်ဟာ နာမ်တရား၊ ရုပ်တရားမသိနိုင်ပါဘူးတဲ့၊ အပြောပရိယတ္တိအပိုင်းတော့သိမှာပေါ့။ ပဋိပတ္တိအပိုင်းရောက်ပါ့မလား (မရောက်ပါဘုရား) အပြောက ပရိယတ္တိ၊ လုပ်ငန်းက ပဋိပတ္တိလို့ ရှင်းခဲ့ပါတယ်။ အဲဒါကြောင့် သမာဓိရှိစေခြင်းငှာ မြတ်စွာဘုရားက၊ ရှူရင်ရှူမှန်း သိပါစေ၊ ရှိုက်ရင်ရှိုက်မှန်း သိပါစေ၊

ရှည်ရှည်ရှူရင်လဲ ရှည်ရှည်ရှူတယ်လို့ သိပါ၊ ဤလိုပြုရင်လဲ ဤလိုပြုတယ်လို့သိပါ၊ အဲဒီလိုသိနေတော့ သမာဓိမရလာဘူးလား ရလာသလား (ရပါတယ်ဘုရား) သမာဓိရှိရင် အရှိတရားတွေမှာလား၊ မရှိတရားတွေမှာလား (အရှိတရားတွေမှာပါဘုရား)၊ အရှိတရားဆိုတာက မိမိခန္ဓာမှာရှိတာလား၊ ဘောဓာတွေ စာအုပ်တွေထဲမှာရှိတာလား (မိမိခန္ဓာမှာရှိတာပါဘုရား) ရှိတဲ့နေရာကြည့်ရမှာလား၊ မရှိတဲ့နေရာကြည့်ရမှာလား (ရှိတဲ့နေရာကြည့်ရမှာပါဘုရား) မိမိခန္ဓာ၊ ဘယ်နေရာမှာတုံး၊ (မိမိခန္ဓာမှာပါဘုရား) ရှူကွက်က ဘယ်ဌာနမှာတုံး၊ (နှာသီးဖျားမှာပါဘုရား)၊ ဘယ်အချိန်မှာ ကြည့်ရမှာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း ကြည့်ရမှာပါဘုရား)၊ အဲဒီအချိန်မှာ ခင်ဗျားတို့ရှိတဲ့တရားတွေပါတယ်။

အော် သတိနဲ့သမာဓိရလာတဲ့အခါကြတော့ ရှူတဲ့အခါရှိုက်တဲ့အခါသတိထားလိုက်၊ သတိဆိုတာ အရှိတရားဖေါ်တာလား၊ မရှိတရားဖေါ်တာလား (အရှိတရားဖေါ်တာပါဘုရား)၊ အရှိတရားကိုဖေါ်တာက ပရမတ်အာရုံကိုဖေါ်ပေးတာ၊ ရှိတာဘယ်သဘောရှိတာလဲ၊ ဤလိုပြုချင်တဲ့သဘော ခင်ဗျားတို့လုပ်ကြည့်၊ ပြုချင်တဲ့သဘောမရှိဘူးလား၊ ရှိသလား [ရှိပါတယ်ဘုရား]။

[ ဤလိုပြုချင်တဲ့သဘော ] ဤလိုပြုချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)၊ ခင်ဗျားတို့ခန္ဓာမှာ ရှိတာလား၊ စာအုပ်တွေ ဘောတွေမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား) ခင်ဗျားတို့မရှိပါဘူးလို့ ငြင်းကြည့်စမ်းပါ ရပါ့မလား (မရပါဘုရား) ရှိတာအမှန်လား (အမှန်ပါဘုရား) ရှိတဲ့တရားကိုကြည့်ရမှာလား၊မရှိတဲ့တရားကိုကြည့်ရမှာလား(ရှိတဲ့တရားကြည့်ရမှာပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ ဘူတံဘူတတော ပဿတိ၊ ဘူတံ၊ ထင်ရှားရှိတဲ့သဘောတရားကို၊ ဘူတတော၊ ထင်ရှားရှိပါတကားဟု၊ ပဿတိ၊ ရှုပါကြည့်ပါ၊ မြတ်စွာဘုရားကိုယ်တော်မြတ်က အရှိတရားရှုခိုင်းတာလား၊ မရှိတရားရှုခိုင်းတာလား၊ [ အရှိတရားရှုခိုင်းတာပါဘုရား ]။ ရှိတာက ပရမတ်၊ မရှိတာကပညတ်၊ ပရမတ်ဆိုတာက မိမိခန္ဓာမှာရှိတာလား၊ စာအုပ်တွေ၊ ဘောတွေမှာရှိတာလား ( မိမိခန္ဓာမှာရှိတာပါဘုရား ) မိမိခန္ဓာမှာရှိတဲ့ အရှိသဘောကဘယ်လိုရှိတာတုံး၊ (ဤလိုပြုချင်တဲ့သဘောပါဘုရား) ကြည့်လေ မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား)

ရှူတဲ့အခါ ဤလိုပြုချင်တဲ့သဘောလေး၊ ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောလေး၊ သဘောကို ခင်ဗျားတို့မိအောင်ဖမ်းရမယ်။ သူ့ကို ပရိယတ္တိနယ် စကားလုံးသုံးလိုက်ရင် စိတ်လို့ခေါ်တယ်၊ ဘာလို့ခေါ်လိုက်တုံး (စိတ်လို့ခေါ်ပါတယ်ဘုရား) စိတ်လို့သာခေါ်တာ ဤသဘောသာမရှိရင် စိတ်ပြောလို့ ရရဲ့လား (မရပါဘုရား)

ယခုဘယ်သဘောလဲ၊ ဤလိုပြုချင်တဲ့သဘော၊ ဘယ်သဘော [ဤလိုပြုချင်တဲ့သဘောပါဘုရား] အဲဒီသဘောကိုဘာလို့ခေါ်လိုက်တုံး၊ စိတ်၊ စိတ်လို့လဲခေါ်တယ်၊ ဝိညာဏ်လို့လဲခေါ်တယ်၊ နာမ်လို့လဲခေါ်တယ်၊ သင်္ခါရလို့လဲခေါ်တယ်၊ သက္ကာယလို့လည်းခေါ်တယ်၊ ပရမတ်လို့လည်းခေါ်တယ်၊ မခေါ်ဘူးလား၊ ခေါ်သလား [ခေါ်ပါတယ်ဘုရား]

အဲဒါတွေက ဝိဇ္ဇမာနပညတ်တွေ၊ ဘာပညတ်တွေပါလိမ့် [ဝိဇ္ဇမာနပညတ်တွေပါဘုရား] စိတ်လို့ခေါ်တာဘာပညတ်ပါလိမ့်၊ ဝိဇ္ဇမာနပညတ်နော်၊ စိတ်ဆိုဘာလဲမရှိဘူး၊ ရှိတာကဘယ်သဘောတုံး၊ ဤလိုပြုချင်တဲ့သဘော၊ ငါနှင့်တွေ့ရတာလား ဉာဏ်နှင့်တွေ့ရတာလား (ဉာဏ်နှင့်တွေ့ရတာပါဘုရား)ငါနဲ့ထင်ရှားတာလား၊ ဉာဏ်နှင့်ထင်ရှားတာလား (ဉာဏ်နှင့်ထင်ရှားတာပါဘုရား)၊ ပညာဖြင့်ထင်ရှားတဲ့တရား၊ ဉာဏ်ဖြင့်ထင်ရှားတဲ့တရား။

ခင်ဗျားတို့သတိထားလိုက် ရှုတဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောမရှိဘူးလား [ရှိပါတယ်ဘုရား] ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောမရှိဘူးလား ရှိသလား [ရှိပါဘယ်ဘုရား] ဤသဘောကို ဘယ်လိုခေါ်လိုက်တာလဲ [စိတ်]၊ ဘယ်လိုပြောလိုက်တုံး[စိတ်ပါဘုရား] စိတ်၊ [တနည်း] သူ့ကိုနာမ်၊ ဝိညာဏ်၊[တနည်း] သင်္ခါရ [တနည်း] ပရမတ် [တနည်း] သက္ကာယ၊ ဘယ်နှစ်လုံးတုံး (၆) လုံးရတယ်နော်၊ ဘယ်နှစ်မျိုးအမည်ရသလဲ (ခြောက်မျိုးပါဘုရား) ဤသဘောလေးက၊ ခြောက်မျိုးအမည်ရတယ်၊ စာအုပ်တွေဘတ်တဲ့အခါ ဒီနာမည်တွေ၊ ဝိဇ္ဇမာနပညတ်တွေ မတွေ့ဘူးလား၊ တွေ့သလား ( တွေ့ပါတယ်ဘုရား ) ဒီသဘောကိုပြောတာ။

အဲဒီတော့ စာအုပ်က မှတ်တမ်းအဖြစ် ရေးထားတာဘဲ၊ သို့သော် ရှိတာက စာအုပ်ထဲမှာရှိဘာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား) ခန္ဓာမှာလဲဘယ်ဌာနမှာရှိကာတုံး (နှာသီးဖျားမှာရှိတာပါဘုရား) ယခုရှူရှိုက်မှာ၊ ဘယ်အချိန် ဤသဘောရှိတာပါလိမ့်[ ရှူတိုင်း ရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား] မိအောင်ဖမ်းပါ။

ရှူတဲ့အခါ ဤလိုပြုချင်တဲ့သဘော မရှိဘူးလား ( ရှိပါတယ်ဘုရား) ရှိုက်တဲ့အခါ ဤလိုပြုချင်တဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သူ့ကိုဘယ်လိုခေါ်လိုက်သလဲ (စိတ်လို့ခေါ်ပါတယ်ဘုရား) စိတ်ဆိုတာလဲပညတ်ဘဲ။

နောက်ရှုပါများတဲ့အခါကျတော့ စိတ်ဆိုတဲ့ ဝိဇ္ဇမာနပညတ်ကို ခွါပြီးတော့ ထင်ရှားရှိတဲ့သဘောကို ဉာဏ်က ထင်ရှာမလာဘူးလား၊ ထင်ရှားလာသလား ( ထင်ရှားလာပါတယ်ဘုရား ) ဒါကြောင့် ပါဠိတော်စကား ဘယ်နှယ်ပြထား

သလဲဆိုတော့ ( သစ္စံဂယှတိပုဗ္ဗ ဘာဂေဘာဝနာယပန ဝဓုမာနာယပညတ္တိ သမတိက္ကမိတ္တာသဘာဝေယေ၀၊ တိဌန္တိ၊ ) ဒါဘာပြောတာတုံး။ (သုတ်ပါ သေယျ)

ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်း၏ရှေ့အဘို့၌၊ သစ္စံဂယှတိပန၊ ပညတ်အာရုံတွေရသည် ကား၊ သစ္စံ၊ မှန်ပါ၏၊ ပဌမတော့ခင်ဗျားတို့ စိတ်လို့မ ရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား) စိတ်ဆိုဘာ ဘာလဲ ပညတ်။ ဒီပါဠိတော် စကားနှင့် မကိုက် ဘူးလား ကိုက်သလား ကိုက်ပါတယ်ဘုရား)။ သို့သော်ဒီပညတ်ကိုနောက်တဖြေး ဖြေးရှုပါများလာတဲ့အခါကျတော့ ပညတ်မကွာဘူးလား ကွာသလား (ကွာပါ တယ်ဘုရား)။ ထင်ရှားရှိတဲ့တရားကို မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ် ဘုရား)။

ပြောတော့သာ ခင်ဗျားတို့စိတ်လို့ပြောတာ၊ ဘယ်သဘောကိုစိတ်လို့ပြော တာလဲ(ဤလိုပြုချင်တဲ့သဘော)ခေါ်လို့ရရဲ့လား၊ဤသဘောသာမရှိရင်စိတ်လို့ ပြောလို့ရရဲ့လား (မရပါဘုရား) ဒါကြောင့်ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်း၏ရှေ့အဘို့၌ (ထိုင်ထိုင်ချင်းတော့) ဂယှတိပန ပညတ်အာရုံကိုတွေ့ရသည်ကား၊ သစ္စံမှန်ပါ၏။

ဘာဝနာယ၊ ဘာဝနာတရားကို၊ ဝဓုမာနာယ၊ တိုးပွားလာသည်ရှိသော် ခင်ဗျားတို့ အထပ်ထပ်အခါခါ ရှုပါများလာတဲ့အခါ ဉာဏ်က ပိုပြီး တော့ ထက်မလာဘူးလား၊ ထက်လာသလား (ထက်ပါတယ်ဘုရား) ထက်လာတော့ ဉာဏ်က အရှိတရားကို မထင်ရှားဘူးလားထင်ရှားသလား (ထင်ရှားပါတယ် ဘုရား) ဒါကြောင့် ဘာဝနာယ၊ ဘာဝနာကို၊ ဝဓုမာနာယ၊ တိုးပွားလာသည် ရှိသော်၊ ပညတ္တိ၊ ရှေ့ကရှုခဲ့တဲ့သမုတိသစ္စာမျှသာဖြစ်သော ပညတ် အာရုံကို သမတိက္ကမိတ္တာ၊ လွန်မြောက်၍၊ ဘာပညတ်ကိုလွန်မြောက်ရမလဲဆိုတော့၊ ဝိဇ္ဇ မာနပညတ်နှင့် အဝိဇ္ဇမာနပညတ်ကိုလွန်မြောက်ရမယ်၊ ရှုဘယ်၊ ရှုက်တယ်လို့ ခေါ်တာက အဝိဇ္ဇမာနပညတ်၊ စိတ်လို့ခေါ်တာ ကဝိဇ္ဇမာနပညတ်၊ ထင်ရှား ရှိတာ ကပရမတ်။

ဘယ်လိုထင်ရှားရှိတာတုံး (ဤလိုပြုချင်တဲ့သဘော) မိအောင်ဖမ်းထား၊ ဤ သဘောလေးကို ဉာဏ်နှင့်မိပါစေ၊ သိပါစေ၊ ရှိတဲ့တရားကို မြတ်စွာဘုရားက ပြပါတယ်နော်၊ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတဲ့တရားကြည့် တာလား၊ မရှိတဲ့တရားကြည့်တာလား (ရှိတဲ့တရားကြည့်တာပါဘုရား) ခင်ဗျား တို့ ရှိတဲ့တရားကြည့်နေတာ ပရမတ်အာရုံဆိုတာရှိတဲ့တရား၊ ပရမတ်အာရုံဆိုတာ ဘာတုံး [ရှိတဲ့တရားပါဘုရား] ပညတ်အာရုံကမရှိတဲ့တရား။

ယခုခင်ဗျားတို့ပရမတ်အာရုံကိုယူနေတာလား၊ ပညတ် အာရုံကို ယူနေတာ လား [ပရမတ်အာရုံကိုယူနေတာပါဘုရား]ပရမတ်အာရုံဆိုတာ မိမိခန္ဓာမှာလား

သူတပါးခန္ဓာမှာလား ( မိမိခန္ဓာမှာပါတရား ) မိမိခန္ဓာမှာ အရှိတရားမတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) ငါနှင့်တွေ့တာလား၊ ဉာဏ်နှင့်တွေ့တာလား [ဉာဏ်နှင့်တွေ့တာပါဘုရား] ဉာဏ်နှင့်တွေ့တာ အ ရှိ တ ရား က ဘယ် လို သဘောပါလိမ့်[ဤလိုပြုချင်တဲ့ သဘောပါဘုရား]ဘယ်လိုသဘော[ဤလိုပြုချင်တဲ့ သဘောပါဘုရား ]ဘယ်အချိန်မှာလဲ[ ရှုတိုင်းရှုတိုင်းရှုတိုင်း ရှိုက်တိုင်းမှာပါဘုရား၂ ဒီသဘောကိုမိအောင်ဖမ်း။ သဘောဘဲရှိတာဘဲ။

ပြောတော့စိတ်၊ ဝိဉာဏ်တို့၊ နာမ်တို့၊ သခါရတို့၊ ပရမတ်တို့၊ သက္ကာယတို့ မပြောဘူးလား (ပြောပါတယ်ဘုရား) အဲဒါပညတ်၊ ဘာပညတ်တုံး၊ ဝိဇ္ဇမာန ပညတ်၊ ဘာပညတ်ပါလိမ့် [ဝိဇ္ဇမာနပညတ်ပါဘုရား] ရှုတယ်ရှိုက်တယ်လို့ ခေါ်တာက အဝိဇ္ဇမာနပညတ်၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါခေါ်တာက အဝိဇ္ဇမာနပညတ်၊ အဲဒီပညတ်တွေခွာပြီး ရှုပါများတဲ့အခါကျတော့ မကွာဘူးလား ကွာသလား [ကွာပါတယ်ဘုရား]

ဒါကြောင့် ပညတ္တိံ၊ ရှေ့ကရှု၍၊ မှတ်၍ထားအပ်သော သမုတိသစ္စာမျှသာဖြစ်သော ပညတ်အာရုံကို၊ သမတိက္ကမိတွာ လွန်မြောက်၍၊ သဘာဝေဝယေစ၊ သဘောတရား၌သာလျှင် ဟော-သဘာဝေဝယေစတဲ့ပဋိဒ်တော်က သဘောတရားဘဲ မရှိဘူးလား၊ ရှိသလား [ရှိပါတယ်ဘုရား]သဘာဝေဝယေ၀၊ သဘောတရား၌သာလျှင်၊ စိတ္တံ၊ ရှုနေတဲ့စိတ်သည်၊ တိဋ္ဌတိတည်လေတော့၏၊ ရှုမှုရှိုက်မှုပေါ်မှာ တည်တာလား၊ သဘောတရားပေါ်မှာတည်တာလား (သဘောတရားပေါ်မှာ တည်တာပါဘုရား)

သဘောတရားပေါ်မှာတည်တာ၊ ရှုတာရှိုက်တာရှိရဲ့လား [မရှိပါဘုရား] ရှုတယ်ထင်ရင်-ဒိဋ္ဌိ၊ ရှိုက်တယ်တင်ရင်-ဒိဋ္ဌိ၊ ပုဂ္ဂိုလ်သတ္တဝါထင်ရင်ဒိဋ္ဌိ၊ ရှိတာက ဘယ်သဘောပါလိမ့် [ဤလိုပြုချင်တဲ့သဘောပါဘုရား] သူ့ကိုဘယ်လိုခေါ် လိုက်တုံး [ စိတ် ]။

အဲဒီတော့ ခင်ဗျားတို့မခေါ်လို့ဖြစ်ပါ့မလား [မဖြစ်ပါဘုရား] မပြောလို့ ဖြစ်ပါ့မလား [ မဖြစ်ပါဘုရား ] နားလည်အောင်တော့ ခင်ဗျားတို့ကိုပြောရတယ်နော်၊ အဲဒါပြောလို့ရှိရင်ပညတ်ဘဲ၊ ပရမတ်နှင့်နီးတဲ့ပညတ်၊ ဝိဇ္ဇာမာန ပညတ်ဆိုတာ ပရမတ်နှင့်နီးတဲ့ပညတ်၊ အဝိဇ္ဇမာနပညတ်ဆိုတာ ပရမတ်နှင့် ဝေးတဲ့ပညတ်၊ ဒီလိုမှတ်ထားပါ။

ဘုန်းကြီးတို့စာလိုပြောမယ်ဆိုရင်၊ ထင်ရှားရှိတဲ့ သဘောတရားအပေါ်မှာ ခေါ်ဝေါ်ပြောဆိုတာက ဝိဇ္ဇမာနပညတ်၊ ထင်ရှားမရှိတဲ့အပေါ်မှာခေါ်ဝေါ် ပြောဆိုတာက အဝိဇ္ဇမာနပညတ်။

အဲဒီတော့ နားလည်အောင်ပြောရမယ်ဆိုလို့ရှိရင်ဖြင့် ထင်ရှားရှိတဲ့ အရှိတရားကို ပရမတ်နှင့်နီးတဲ့ပညတ်၊ ဘာပညတ်တုံး [ ဝိဇ္ဇမာနပညတ်ပါဘုရား ] ဝိဇ္ဇမာနပညတ်၊ ပရမတ်နှင့်ဝေးတဲ့ပညတ်ကို၊ အဝိဇ္ဇမာနပညတ်၊ ဒီပရမတ်သဘောမရှိလျှင် ဒီပညတ်တွေပေါ်နိုင်ပါ့မလား၊ [ မပေါ်နိုင်ပါဘုရား ] ပရမတ်နှင့် ပညတ်ကင်းကောင်းရဲ့လား၊ [ မကင်းကောင်းပါဘုရား ] ယခုခင်ဗျားတို့သဘောတရားဆိုတာ မတွေ့ဘူးလားတွေ့သလား [ တွေ့ပါတယ်ဘုရား ] ဘယ်သဘောတရားပါလိမ့် [ ဤလိုပြုချင်တဲ့သဘောပါဘုရား ] ရှုတဲ့အခါမှာကော၊ [ ဤလိုပြုချင်တဲ့ သဘော ] ရှိုက်တဲ့အခါကော [ ဤလိုပြုချင်တဲ့ သဘော ပါ ဘုရား ] အဲဒီသဘောကို ပရမတ်နှင့်နီးတဲ့ ပညတ်နှင့်ခေါ်လိုက်တော့ ဘာလို့ခေါ်သလဲ [ စိတ် ]၊

ဒါကြောင့်ဤလိုပြုချင်တာ စိတ်-စိတ်-စိတ်လို့ရှု၊ ရှုတဲ့အခါ ဤလိုပြုချင်တဲ့ သဘောကဘာတုံး [ စိတ်-စိတ်-စိတ် ] လို့ရှု။ လူလို့ရှုခိုင်းတာလား၊ စိတ်လို့ရှုခိုင်းတာလား [ စိတ်လို့ရှုခိုင်းတာပါဘုရား ] မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးက လူ လို့ ရှု ခိုင်း ကာ လား၊ စိတ်လို့ရှုခိုင်းတာလား (စိတ်လို့ရှုခိုင်းတာပါ ဘု ရား)

စိတ္တေစိတ္တာနုပဿီ ဝိဟရတိ၊ သတိပဋ္ဌာန်ပါဠိတော်မှာ၊စိတ္တေ၊ စိတ်၌၊ စိတ္တာနုပဿီ၊ စိတ် စိတ်လို့အဖန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်တဲ့။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ စိတ်လို့ရှုပြီးနေရမှာလား၊ လူတွေ၊ သတ္တဝါတွေ ရှုပြီးနေရမှာလား [ စိတ်လို့ရှုပြီးနေရမှာဘုရား ] ခင်ဗျားတို့ကစိတ်လို့မရှုမိဘူး၊ လူတွေ၊ ယောကျ်ား-မိန်းမတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေ၊ သားသမီးတွေ အဲဒီပေါ်မှာ၊ မရှုဘူးလားရှုသလား [ ရှုပါတယ်ဘုရား ] အရှုမမှားဘူးလား၊ မှားသလား [ မှားပါတယ်ဘုရား ] ကိုယ့်ကိုကိုယ်စဉ်းစားကြည့်၊ ငါဘယ်နှစ်ခါလောက်စိတ်ရှုမိသလဲ၊ မရှုမိရင်မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ စိတ်ရှုခိုင်းသလား၊ လူတွေပုဂ္ဂိုလ်သတ္တဝါတွေရှုခိုင်းသလား၊ [ စိတ်ရှုခိုင်းတာပါဘုရား ] ဒါဖြင့်ခင်ဗျားတို့၊ စိတ်ကိုမရှုမိရင် ဘုရားစကားနားထောင်တာလား၊ (နားမထောင်တာပါဘုရား) ဘုရားစကားနားမထောင်ရာကျတယ်။

ဘုရားစကားနားမထောင်ရင်၊ ဘုရားရဲ့အဆုံးအမတည်ပါ့မလား [ မတည်ပါဘုရား ] မတည်ဘူး၊ သာသနာရှိပါ့မလား [ မရှိပါဘုရား ] သာသနာကွယ်မှာလား တည်မှာလား [ ကွယ်မှာပါဘုရား သီလ၊ သမာဓိ၊ ပညာဆိုတဲ့သာသနာတော် ကြီး ကွယ် တယ် လို့ ခင် ဗျား တို့ ဆုံး ဖြတ် ချက် ချ လိုက် ပါတော့။ ဘာပြုလို့ သာသနာကွယ်တာတုံး [ ဘုရားစကားနားမထောင်လို့ပါဘုရား ]။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ လူတွေ သတ္တဝါတွေ ရှုခိုင်းတာလား၊ စိတ်ရှုခိုင်းတာလား[စိတ်ရှုခိုင်းတာပါဘုရား]

[စိတ္တံသမနုပဿတိ၊ နာမံသမနုပဿတိ]လို့၊ စိတ္တံ၊ စိတ်ကို၊သမနုပဿတိ၊ ရှုရမယ် နာမံ၊နာမ်ကို၊သမနုပဿတိ၊ရှုရမယ်။ သို့သော် ခင်ဗျားတို့က လူတွေပုဂ္ဂိုလ်တွေ၊သတ္တဝါတွေ၊သားတွေ၊သမီးတွေ၊ ဆွေတွေမျိုးတွေ၊ ပစ္စည်းဥစ္စာတွေ သွားရှုနေမိတော့ ပညတ်ရှုတာများတာလား၊ ပရမတ်ရှုတာများတာလား [ပညတ်ရှုတာများပါတယ် ဘုရား] ပညတ်အာရုံဆိုတာ လောဘဖြစ်တဲ့ အာရုံ၊ ဒေါသဖြစ်တဲ့အာရုံ၊ မောဟဖြစ်တဲ့အာရုံ၊ ပရမတ်အာရုံက၊ လောဘဖြစ်ရဲ့လား၊ ဒေါသဖြစ်ရဲ့လား၊မောဟဖြစ်ရဲ့လား[မဖြစ်ပါဘုရား]

အဲဒီတော့ လောဘဖြစ်စရာ အာရုံတွေ၊ ဒေါသဖြစ်စရာအာရုံတွေ၊ မောဟဖြစ်စရာအာရုံတွေသွားပြီး ရှုနေမယ်ဆိုရင်၊ ခင်ဗျားတို့အဇ္ဈတ္တသန္တာန်ဝယ်မနေ့က ပြောခဲ့တဲ့အဘိုင်း၊ နွားနဲ့ တူတဲ့၊ လောဘ ကိလေသာ၊ ဒေါသ ကိလေသာ၊ မောဟကိလေသာက၊ ကောက်ခင်းကြီးနဲ့တူတဲ့သာသနာတော်ကြီးကို မဖျက်ဆီးဘူးလား၊ ဖျက်ဆီးသလား [ဖျက်ဆီးပါတယ်ဘုရား]။ ဖျက်ဆီးတော့ သာသနာတည်သေးရဲ့လား [မတည်ပါဘုရား] ဘာ ပြု လို့ သာသနာ မတည်တာလဲလို့ ဆိုတော့၊ ဘုရားစကားနားမထောင်လို့။

မြတ်စွာဘုရား စကား နားမထောင်ရင်၊ ဘုရားရဲ့ အ ဆုံး အ မ တည်ရဲ့လား [မတည်ပါဘုရား] မြတ်စွာဘုရားက လူလို့ ရှုခိုင်းဆိုတာလား၊ စိတ်လို့ရှုခိုင်းတာလား[စိတ်လို့ရှုခိုင်းတာပါဘုရား]စိတ်ဆိုတာဘယ်လိုသဘောပါလိမ့်၊ကြံလိုပြုချင်တဲ့သဘော၊ဘယ်သဘော[ကြံလိုပြုချင်တဲ့သဘောပါဘုရား]ကြံလိုပြုချင်တဲ့သဘောက ဘယ်အချိန်မှာပါလိမ့်၊ [ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား] ဒါကြောင့် ရှုတဲ့အခါ ကြံလိုပြုချင်တဲ့ သ ဘော က စိတ်၊ စိတ်လို့ရှုပါ၊ နံပါတ်[၄]က ရှိုက်တဲ့အခါမှာလည်း ကြံလိုပြုတဲ့သဘောက ဘာပါလိမ့် [စိတ်-စိတ်-စိတ်]လို့ရှုပါ။

[စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ]

စိတ္တေ၊ စိတ်၌၊ စိတ်ဆိုဘာဘယ်လိုသဘောပါလိမ့်[ကြံလိုပြုချင်တဲ့သဘော] တွေ့ပြီလား [တွေ့ပါပြီဘုရား] စိတ်-စိတ်-စိတ်လို့မပြောကြဘူးလား၊ ပြောကြသလား [ပြောကြပါတယ်ဘုရား]။ စိတ်ဆိုတဲ့ သဘောက ဘယ်သဘောပါလိမ့် [ကြံလိုပြုချင်တဲ့သဘောပါဘုရား] မျက်လုံးနဲ့မြင်ရရဲ့လား၊ [မမြင်ရပါဘုရား] သဏ္ဌာန်ရှိရဲ့လား၊[မရှိပါဘုရား] သဏ္ဌာန်မပါဘူး၊သတ္တဝါတွေကသဏ္ဌာန်တွေ၊ ဆံပင်တွေ၊မွေးညှင်းတွေ၊ခြေသည်းလက်သည်းတွေနဲ့၊ စိတ်ဆိုတဲ့သဘောတရားက ပုံသဏ္ဌာန် ပါရဲ့လား (မပါပါဘုရား) မရှိလို့လား [ရှိပါတယ်ဘုရား] ရှိတဲ့ သဘောက ဘယ်လိုသဘောပါလိမ့် (ကြံလိုပြုချင်တဲ့သဘောပါဘုရား)။

ဒါကြောင့် ဤလိုပြုချင်တဲ့သဘောက ဘာပါလိမ့် (စိတ်-စိတ်-စိတ်] ရှိက်တဲ့ အခါလဲ ဤလိုပြုချင်တဲ့သဘောကဘာပါလိမ့် (စိတ်-စိတ်-စိတ်)လို ရှုပါ၊လူလို့ ရှုတာ ေ၁း၊ စိတ်လို့ရှုတာလား [စိတ်လို့ရှုတာပါဘုရား] စိတ်နှင့်လူနဲ့မကွဲသွား ဘူးလား[ကွဲသွားပါတယ်ဘုရား]ငါနှင့်စိတ်နှင့်ကောကွဲမသွားဘူးလား[ကွဲသွား ပါတယ်ဘုရား]သတ္တဝါနဲ့စိတ်နဲ့ကော ကွဲမသွားဘူးလား(ကွဲသွားပါတယ်ဘုရား) ဘယ်အချိန်ကွဲရမှာတုံး[ ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိက်တိုင်းမှာပါဘုရား] ရှုတိုင်း ရှုတိုင်း၊ ရှိက်တိုင်းရှိက်တိုင်းမှာ စိတ်နဲ့ငါနှင့် ကွဲပြီးသွားအောင် ရှုပါတော့။

စိတ်နှင့်သတ္တဝါနဲ့၊ စိတ်နှင့်ပုဂ္ဂိုလ်နဲ့၊ စိတ်နဲ့ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ တွေနဲ့ကွဲရှုပါ၊ ရှိက်ပါ၊ အော် မြတ်စွာဘုရားကိုယ်တော်မြတ်က မညွှန်ကြားဘူး လား ညွှန်ကြားသလား(ညွှန်ကြားပါတယ်ဘုရား)ညွှန်ကြားတယ်။

စိတ်နဲ့ငါနဲ့၊ စိတ်နဲ့လူနဲ့၊ ခွဲပေးတာ လူကခွဲပေးတာလား၊ ပညာကခွဲပေး တာလား (ပညာကခွဲပေးတာပါဘုရား) ပညာဆိုတာ၊ ပ-ညာ၊ ပ ကွဲကွဲပြား ပြား။ ညာ-က သိတာ၊ ကွဲကွဲပြားပြားသိတာသည်ဘာပါလိမ့် (ပညာပါဘုရား) ဘာနဲ့ဘာကွဲကွဲပြားပြားသိတာတုံး (စိတ်နဲ့ငါနဲ့သိတာပါဘုရား)

ဝိညာဏ်အတ္တတောသမနုပဿတိ။ နာမံအတ္တတောသမနုပဿတိ။ စိတ်ကိုငါ ့သို လုပ်ပြစ်လိုက်တာ၊နာမ်ကိုငါလို့လုပ်ပစ်လိုက်တာ၊ ဝိညာဏ်ကို၊ ငါလို့မယူလိုက် ဘူး လား၊ ယူ လိုက် သ လား (ယူလိုက်ပါတယ်ဘုရား) အဲဒီလိုဘဲယူနေတာ ယခု တော့ ခင်ဗျားတို့စိတ်ကို၊ ငါလို့စွဲယူပါအုံးမလား (မယူတော့ပါဘုရား) ဘယ်သူ က ခွဲပေးလိုက်တာတုံး (ပညာကပါ)ဘယ်သူက (ပညာကပါဘုရား) ခင်ဗျားတို့ ပညာ သိက္ခာ၊ ပညာသာသနာတော်ကြီးနဲ့ တွေ့နေပါပကော၊ မဆိုလိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဘယ်အချိန်မှာပညာသာသနာတော်ကြီးတည်နေတာပါလိမ့်( ရှုတိုင်းရှုတိုင်း ရှိက်တိုင်း ရှိက်တိုင်း မှာပါ ဘုရား) ရှုတိုင်း ရှုတိုင်း ရှိက်တိုင်း ရှိက် တိုင်း မှာ စိတ်နဲ့ငါနဲ့ကွဲပြီး ရှုပါ၊ စိတ်နဲ့ငါနဲ့ကွဲပြီး ရှုရင် ရှိက်ရင်လဲ အဲဒီအချိန်မှာ ခင်ဗျားတို့ ပညာသာသနာမတည်ဘူးလားတည်သလား (တည်ပါတယ်ဘုရား)

ဟိုသမထပိုင်းတုံးက၊ သီလသာသနာ၊ သမာဓိသာသနာမတည်ခဲ့ဘူးလားတည် ခဲ့သလား(တည်ခဲ့ပါတယ်ဘုရား) အော်–ယခုသီလသာသနာ,သမာဓိသာသနာ၊ ပညာသာသနာဆိုတဲ့ သာသနာသုံးရပ်၊ ခင်ဗျားတို့အဇ္ဈတ္တသန္တာန်ဝယ် မတည် ဘူးလား တည်သလား (တည်ပါတယ်ဘုရား) အပြောနဲ့တည်တာလား၊ လုပ်ငန်း နဲ့ တည်တာလား (လုပ်ငန်းနဲ့တည်တာပါဘုရား) အပြောဆိုတာ ပရိယတ္တိ၊ လုပ် ငန်းက၊ ပဋိပတ္တိ၊ ပဋိပတ္တိနဲ့တည်ရင် ခင်ဗျားတို့လောဘငြိမ်းတယ်၊ ဒေါသငြိမ်း တယ် ၊မောဟငြိမ်းတယ်၊ အပြောနဲ့တည်ရင်ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) အပြောနဲ့ဆိုတာကမငြိမ်းဘူး အလုပ်နဲ့မှငြိမ်းရတဲ့တရား။

တကာတကာမတွေ သတိထားလိုက်ကြစမ်းပါ၊ ရှုစက ရှုဆုံးအထိ ဤလိုပြုချင်တဲ့သဘောဟာ ဘာပါလိမ့် (စိတ်-စိတ်-စိတ်-) ရှိုက်စကရှိုက်ဆုံးအထိ ဤလိုပြုချင်တဲ့သဘောဟာဘာပါလိမ့်(စိတ်-စိတ်-စိတ်-)လုပ်လဲလုပ်ကြည့်၊ ဒီသဘောမရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒီသဘော ဘာလို့ခေါ်တုံး (စိတ်)။ ပြီးတော့ ဝိညာဏ်လို့ မခေါ်ဘူးလားခေါ်သလား (ခေါ်ပါတယ်ဘုရား)

ဒါကြောင့် ပါဠိတော်စကားက၊ ဣတိဝိညာဏံ-ဣတိဝိညာဏံ ဤလိုရှုတာ ဣတိ၊ ဤသဘောက၊ ဝိညာဏံ၊ ဝိညာဏ်ပါ၊ စိတ္တံ၊ စိတ်ပါ၊ နာမံ၊ နာမ်ပါ။ ဤလိုပြုချင်တဲ့သဘောဘာပါလိမ့် [ စိတ် ] ပြီးတော့ ဘာ တုံး၊ ဝိညာဏ်၊ နာမ် မတွေ့ဘူးလားတွေ့သလား (တွေ့ပါတယ်ဘုရား) ပြီးတော့ဘာတုံး (သင်္ခါရ)ပြီးတော့ ဘာတုံး (သက္ကာယ) ပြီးတော့ (ပရမတ်) ဤသဘောကိုဘဲပြောတာ။ ဣတိဝိညာဏံပါဠိတော်နှင့်ကော မကိုက်ညီဘူးလား ကိုက်ညီသလား (ကိုက်ညီပါတယ်ဘုရား) လုပ်ငန်းပရိယတ္တိနဲ့၊ ပဋိပတ္တိနဲ့ ညီမှသာလျှင်၊ ဒီဘုရားမှန်တယ်လို့ တကာတကာမတွေ ဆုံးဖြတ်ချက်ချပါတော့။

အပြောနဲ့လုပ်ငန်းနဲ့ညီရတယ်၊ အပြောကပရိယတ္တိ၊ လုပ်ငန်းကပဋိပတ္တိ အဲဒီပြောတဲ့အတိုင်းလုပ်တဲ့အလုပ်သည် မှန်တဲ့အတိုင်း စည်းကမ်းတကျလုပ်တဲ့အလုပ်သည် မအောင်မြင်ဘူးလားအောင်မြင်သလား (အောင် မြင် ပါ တယ် ဘု ရား) အောင်မြင်လာရင် ဘာတွေအောင်မြင်လာမလဲဆိုတော့ ပဋိဝေဓဆိုတဲ့ နိဗ္ဗာန်အရသာမတွေ့လာဘူးလား တွေ့လာသလား (တွေ့ပါတယ်ဘုရား)။

အောင်မြင်လာပါတယ်၊ အဲဒီတော့ တို့တကာတကာမတွေ၊ ပရိယတ္တိကော ပဋိပတ္တိကော တနာရီအတွင်းမှာ၊ ခင်ဗျားတို့ ရှုပွားအားထုတ်ရင် ပဋိဝေဓ ဆိုတဲ့ နိဗ္ဗာန်ဘက်သို့ခေတ္တညွှတ်နေသည်ဟု မဆိုထိုက်ဘူးလား [ဆိုထိုက်ပါတယ် ဘုရား]

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှဆက်ကြပါစို့။

## လယ်တီသံယောဇဉ်ကိုမခွန့်ဘဲနှင့်နိဗ္ဗာန်မရ

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၉)ရက် ဟောကြားသောတရား။

သ မာ ဓိ ယူ ကြ ပါစို့ ရှဲ၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ထက်ဝယ်ဖွဲ့ခွေပြီး၊ အထက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို၊ ဖြောင့်ဖြောင့်ထား၊ နှာသီးဖျားမှာ သတိလေး ထားလိုက်၊ ဘုန်း ကြီး ပြ တဲ့ က မ္မ ဋ္ဌာန်း က ခင်ဗျားတို့ကိုစာရေးပြီးတော့ပြတဲ့ ကမ္မဋ္ဌာန်းမဟုတ်တော့၊ ဘာတိ သ မာ ဓိ မ ရှိ ရင် ဒီကမ္မဋ္ဌာန်းနားလည်ပါ့မလား (နားမလည်နိုင်ပါဘုရား)၊ အောက်ခြေကစပြီး ပြန်ပြန်ပြီးတော့စပေးရပါတယ်။ နှာသီးဖျားမှာသတိထားလိုက်။

နှာသီးဖျားမှာသတိထားလိုက်တဲ့အခါကျတော့ ရှုမှုတွေမယ်၊ရှိုက်မှုတွေမယ်၊ အပြင်လေထုတ်တာတွေမယ်၊အတွင်းလေသွင်းတာတွေမယ်၊ကျုပ်တို့စာလိုဆိုရင်၊ အာနာပါနအဿာသပဿာသ၊ ရှူတယ် ရှိုက်တယ်လို့လဲခေါ်တယ်၊ အတူတူဘဲ။ ဒါကြောင့် အပြင်လေထုတ်တာကို ရှူတယ်၊ အတွင်းလေသွင်းတာကို ရှိုက်တယ်၊ ရှူတယ် ရှိုက်တယ်လို့မှတ်ပါ၊ အပြင်လေထုတ်တာကဘာတဲ့၊ ရှူတယ်။ အတွင်း လေသွင်းတာက ရှိုက်တယ်။ ရှူတာကဘာလို့ခေါ်သလဲ (အာနပါဘုရား)။ ရှိုက် တာက (ပါနပါဘုရား)၊အောက်မေ့တာက (သတိပါဘုရား)။ ပေါင်းလိုက်စမ်း၊ ပေါင်းလိုက်တော့ အာနာပါနသတိကမ္မဋ္ဌာန်း၊

သတိပြန်တည်ထောင်ကြပါစို့ရှဲ။ သ တိ လေး ထား ရှူ တယ်၊ ရှိုက် တယ်။ အဲနောက်တချက် တကာ တကာမတွေ ဒုတိယနည်းသွားကြပါစို့ရှဲ၊ ရှူစကရှူဆုံး အထိ ဒုတိယနည်းက ဘယ်လိုမှတ်ရမှာတုံး၊ ရှူတယ် ရှူတယ် ရှူတယ်၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ် ရှိုက်တယ် ရှိုက်တယ် မှတ်ပါ။ ဒါ တွေ က ခင် ဗျား တို့ အားထုတ်ရမယ်။ ဘယ်နေရာရောက်ရောက် ကမ္မဋ္ဌာန်းမှတ်မိဘို့ အရေးကြီးတယ်။ ဒါကြောင့် တကာ တကာမတွေ ထပ်တလဲလဲ သတိပေးနေရတယ်ဆိုတာ တကာ တကာမတွေအသိပါပဲ။ ဒါကြောင့်-

+ ဒီဃံဝါ အဿသန္တော၊ ဒီဃံအဿသာမိတိပဇာနာတိ၊
ဒီဃံဝါ ပဿ သန္တော၊ ဒီဃံ ပဿသာမိတိ ပဇာနာတိ။

ရှူစက ရှူဆုံးအထိ ရှူတယ်လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ်လို့သိပါ။ ကဲ တတိယနည်းသွားကြပါစို့ရှဲ- တတိယနည်းက ခင်ဗျားတို့ရှူခြင်းအမှု မပြုဘူး လား၊ ပြုသလား (ပြုပါတယ်ဘုရား)၊ ရှူမှုအပြုငြိမ်းတော့ ဘာအမှုပြုတုံး၊ (ရှိုက် ခြင်းအမှု ပြုပါတယ်ဘုရား )၊ ရှိုက် ခြင်း အ မှု ပြု ပြီး တော့ ဘာအမှုပြုပြန်တုံး၊

---

+ မူလပဏ္ဏာသ ပါဠိ ၇၀

(ရှုခြင်းအမှုပြုပါတယ်ဘုရား)၊ အပြုရပ်ရဲ့လား (မရပ်ပါဘုရား)၊ အော်-ရှုခြင်းအမှုပြုတယ်၊ ဘယ်လိုပြုတာတုံး (ဤလိုပြုတယ်)၊ ရှိုက်ခြင်းအမှုပြုလဲ (ဤလိုဘဲပြုတယ်)၊ ဟိုလိုပြုတာလား၊ ဤလိုပြုတာလား (ဤလိုပြုပါတယ်ဘုရား)။

ဒါကြောင့်-ရှုစကရှုဆုံးအထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ သိပါစေ။ တတိယနည်းက ရှုစကရှုဆုံးအထိ၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ သိပါစေ၊ သမထကမ္မဋ္ဌာန်းမှာ ခင်ဗျားတို့ (၃) ချက် ပြထားပါတယ်။ ဘယ်နှစ်ချက်ပြထားသလဲ ( သုံးချက်ပြထားပါတယ်ဘုရား )၊ ဒီသမထကမ္မဋ္ဌာန်းပြရတာက၊ နီဝရဏတရားငါးပါး ငြိမ်းစေခြင်းအကျိုးငှာ ပြပါတယ်။

နီဝရဏတရားငါးပါး ခင်ဗျားတို့သန္တာန်မှာ ရှိနေရင်၊ ဝိပဿနာဉာဏ်ဟာ နားပါ့မလား ( မနားပါဘုရား )။ မနားဘူး၊ ဒါ့ကြောင့် နီဝရဏတရားတွေ ငြိမ်းစေခြင်းအကျိုးငှာ ရှုစကရှုဆုံးအထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ သိပါစေ။ သိပြီးနေ၊ အဲဒီလို သိပြီးနေတဲ့အခါကြတော့ ခင်ဗျားတို့ စိတ်တွေက ဟိုဟိုဒီဒီရောက်သေးရဲ့လား (မရောက်ပါဘုရား)။ စိတ် မ တည် ဘူးလား (တည်ပါတယ်ဘုရား)။ စိတ်တည်လာရင်သမာဓိ၊ စိတ်တည်တာကဘာလဲ (သမာဓိပါဘုရား)။

သတိရှိလို့တည်တာလား၊ သတိမရှိလို့တည်တာလား (သတိရှိလို့ပါဘုရား) သတိရှိလို့တည်တာ သတိက၊ ရှုမှု၊ ရှိုက်မှုဆိုတဲ့အာရုံကိုဖေါ်ပေးတယ်။

စိတ်ကသိပေးနေတော့၊ ဒီအပေါ်မှာ ရှုစိတ်က မတည်ဘူးလား၊ တည်နေသလား (တည်နေပါတယ်ဘုရား။ တည်နေတာအဲဒါသမာဓိကမ္မဋ္ဌာန်း။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကလဲ(သမာဓိံ ဘိက္ခဝေဘာဝေထ)ဘိက္ခဝေ၊ချစ်သားတို့၊ သမာဓိံ၊ သမာဓိကို၊ ဘာဝေထ၊ ပွားများကြပါ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက သမာဓိပွားများခိုင်းတာလား၊ ဘုန်းကြီးက ပွားများခိုင်းတာလား (မြတ်စွာဘုရားကပွားများခိုင်းတာပါဘုရား)။ မြတ်စွာဘုရားကခိုင်းတဲ့အတိုင်း လုပ်တာလား၊ ဘုန်းကြီးကခိုင်းတဲ့အတိုင်းလုပ်တာလား (မြတ်စွာဘုရားခိုင်းတဲ့ အတိုင်းလုပ်တာပါဘုရား)။

မြတ်စွာဘုရားခိုင်းတဲ့အတိုင်းလုပ်ရင် မြတ်စွာဘုရား အဆုံးအမ မ တည် ဘူးလား၊ တည်သလား ( တည်ပါတယ်ဘုရား ) တည်ပါတယ်။ အဆုံးအမသီလ၊ သမာဓိ၊ ပညာတွေ တည်လာနိုင်တယ်။ ဒါကြောင့် ခင်ဗျားတို့ ရှုစကရှုဆုံးအထိ ဤလိုပြုတယ်၊ ဤပြုလိုတယ်၊ ဤလိုပြုတယ်လို့ သိခိုက်၊ ရှိုက်စက ရှိုက်ဆုံးအထိ၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့သိခိုက်မှာဖြင့် ရှေးဦးစွာ နီဝရဏ တရားတွေဖယ်ပေးနေတာနဲ့အတူတူပါဘဲလို့မှတ်ချက်ချ၊ အဲဒါနံပါတ် (၃)။

ကဲ-နံပါတ် (၄) သွားကြပါစို့ရဲ့၊ တကာ တကာမတွေ သတိ၊ သမာဓိရှိတဲ့ အခါ အရှိတရားတွေမှာလား၊ မရှိတရားတွေမှာလား (အရှိတရား တွေမှာပါ ဘုရား)၊ အရှိတရားက စာအုပ်တွေ၊ ဘောတွေမှာရှိတာလား၊ ခန္ဓာမှာရှိတာလား ( ခန္ဓာမှာရှိတာပါဘုရား )။ ယခုရှုကွက်က ခန္ဓာမှာဘယ်ဌာနမှာတုံး (နှာသီးဖျားမှာ)၊ ဘယ်အချိန်မှာရှိတာတုံး ( ရှူတိုင်း ရှူတိုင်း၊ ရှိုက်တိုင်း ရှိုက်တိုင်းမှာပါ ဘုရား)။ အော် ရှူတိုင်း ရှူတိုင်း၊ ရှိုက်တိုင်း ရှိုက်တိုင်း တကာ တကာမတွေ၊ ဤလိုပြုချင်တဲ့သဘော မရှိဘူးလား ရှိသလား ( ရှိပါတယ်ဘုရား )၊ လူသတ္တဝါတွေ၊ ယောကျ်ား၊ မိန်းမတွေရှိတာလား၊ ဤလိုပြုချင်တဲ့သဘောရှိတာလား ( ဤလိုပြုချင်တဲ့သဘောရှိတာပါဘုရား )။ ရှူတဲ့အခါလဲ ဤလိုပြုချင်တဲ့ သဘော၊ ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့သဘော၊ အဲဒီသဘောဟာ လူလား၊ စိတ်လား (စိတ်ပါဘုရား) စိတ်တွေ့မလာဘူးလား၊ တွေ့လာသလား (တွေ့လာပါတယ်ဘုရား)။

ဤလိုပြုချင်တဲ့သဘောကို၊စိတ်လို့လဲခေါ်တယ်၊နာမ်လို့လဲခေါ်တယ်၊ဝိညာဏ်လို့လဲခေါ်တယ်၊ သင်္ခါရလို့လဲခေါ်တယ်၊ သဏ္ဍာယလို့လဲခေါ်တယ်၊ ပရမတ်လို့လဲခေါ်တယ်၊ အမည်နာမအမျိုးမျိုးခေါ်တယ်၊ ဘယ်သဘောကိုခေါ်တာတုံး၊ (ဤလိုပြုချင်တဲ့သဘောကိုခေါ်တာပါဘုရား)။ ဘယ်သဘောတုံး (ဤလိုပြုချင်တဲ့သဘော)။ အဲဒီသဘောကို တကာ တကာမတွေ စာပေနယ်က ဘယ်လိုသုံးပြီးခေါ်တာတုံး၊ (စိတ်လို့ခေါ်ပါတယ်ဘုရား)။ ဘယ်လိုပြောတာတုံး (စိတ်လို့ပြောပါတယ်ဘုရား)။ ပါဠိတော်စကားဆိုရင်–

ဉာတိဝိညာဏံ၊ ဉာတိ၊ ဤသဘောကား၊ ဘယ်သဘောတုံး၊ ဤလိုပြုချင်တဲ့သဘော၊ ဤလိုပြုစေတဲ့သဘော မရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) ဉာတိ၊ ဤသဘောကား၊ ဘာလို့ခေါ်လိုက်တုံး၊ [စိတ်] ပြီးတော့ ဘာလို့ခေါ်လိုက်တုံး၊ ဝိညာဏ်၊ ပြီးတော့ နာမ်၊ ပြီးတော့ သင်္ခါရ၊ ပြီးတော့ သဏ္ဍာယ၊ ပြီးတော့ ပရမတ်လို့ မခေါ်ဘူးလား၊ ခေါ်သလား ( ခေါ်ပါတယ်ဘုရား )။ ဉာတိ၊ ဤသဘောကား၊ ဝိညာဏံ၊ ဝိညာဏ်ပါ၊ နာမံ၊ နာမ်ပါ၊ စိတ္တံ၊ စိတ်ပါ။

လူတွေ သတ္တဝါတွေ၊ ယောကျ်ားမိန်းမတွေဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာပါလိမ့် (စိတ်ပါဘုရား)၊ ပြီးတော့ဘာတုံး (ဝိညာဏ်ပါဘုရား) ပြီးတော့ ဘာတုံး (နာမ်ပါဘုရား) မိအောင်ဖမ်း။

ဒါကြောင့် ပါဠိတော်စကားကတော့၊ ဉာတိဝိညာဏံ၊ ဉာတိညာဏံ၊ ဉာတိ၊ ဤလိုပြုချင်တဲ့သဘော မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ဉာတိဆိုတဲ့ပုဒ်က၊ ဒီသဘောကိုပြောတာ၊ ဤဟာလို့ပြောတာ၊ ဤသဘောကိုပြောတာ။ ဘယ်လိုသဘောတုံး [ ဤလိုပြုချင်တဲ့သဘောပါဘုရား ) ဤလိုပြုချင်တဲ့

သဘောမရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား )။ အဲဒီရှိတဲ့တရား သူတပါး ခန္ဓာမှာလား၊ မိမိခန္ဓာမှာလား ( မိမိခန္ဓာမှာပါဘုရား )၊ ရှိတဲ့နေရာကြည့်ရမှာလား၊ မရှိတဲ့နေရာကြည့်ရမှာလား ( ရှိတဲ့နေရာကြည့်ရမှာပါဘုရား )။ အော်-ရှိတဲ့နေရာကြည့်လိုက်တဲ့အခါကျတော့ ဘယ်သဘောတွေပါလိမ့် (ဤလိုပြုချင်တဲ့သဘောပါဘုရား)၊ ဘယ်သဘော (ဤလိုပြုချင်တဲ့သဘောပါဘုရား)

မြန်မာလိုခေါ်လိုက်တော့ (စိတ်) ဣတိဝိညာဏံ၊ ဣတိဝိညာဏံ၊ ဣတိ၊ ဤလိုပြုချင်တဲ့သဘောသည်၊ ဝိညာဏံ၊ ဝိညာဏ်၊ ဣတိ၊ ဤလိုပြုချင်တဲ့သဘောသည်၊ စိတ္တံ၊ စိတ်၊ ဣတိ၊ ဤလိုပြုချင်တဲ့သဘောသည်၊ နာမံ၊ နာမ်၊ စိတ်တို့နာမ်တို့၊ ဝိညာဏ်တို့၊ တကာ တကာမတွေ့ မတွေ့ဘူးလား၊ တွေ့သလား ( တွေ့ပါတယ်ဘုရား)၊

ငါနှင့်တွေ့တာလား၊ ဉာဏ်နှင့်တွေ့တာလား ( ဉာဏ်နှင့်တွေ့တာပါဘုရား ) လူတွေ၊ သတ္တဝါတွေနဲ့ ထင်ရှားတာလား၊ ဉာဏ်နှင့်ထင်ရှားတာလား (ဉာဏ်နှင့်ထင်ရှားတာပါဘုရား )၊ ဒါကြောင့်၊ ငါနှင့်ထင်ရှားတာလား၊ ဉာဏ်နှင့်ထင်ရှားတာလား ( ဉာဏ်နှင့်ထင်ရှားတာပါဘုရား ) ဉာဏ်နှင့်ထင်ရှားတာ၊ မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား)။

သမာဓိရှိလို့လား၊ မရှိလို့လား (သမာဓိရှိလို့ပါဘုရား)၊ ဒါကြောင့်မြတ်စွာဘုရားကိုယ်တော်မြတ်က သမာဓိရှိလို့ရှိရင် ထင်ရှားတဲ့သဘောတရားကိုတွေ့ပါတယ်။ ထင်ရှားရှိတဲ့သဘောကဘယ်သဘောပါလိမ့် ( ဤလိုပြုချင်တဲ့သဘောပါဘုရား)သူ့ကိုဘာလို့ခေါ်လိုက်တုံး ( စိတ်လို့ခေါ်ပါတယ်ဘုရား )၊ ငါဟုတ်ရဲ့လား၊စိတ်နဲ့ငါနဲ့ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) စိတ်နှင့်လူနှင့်ကော (ကွဲသွားပါတယ်ဘုရား) သတ္တဝါနှင့်စိတ်နဲ့ကော (ကွဲသွားပါတယ်ဘုရား) ဒါမှမဟုတ်ရင် ခင်ဗျားတို့စိတ်ကို၊ ငါလို့လုပ်တယ်၊ သတ္တဝါလို့လုပ်တယ်၊ လူလို့လုပ်တယ်၊ လူတွေ သတ္တဝါတွေ၊ ယောကျ်ား မိန်းမပုဂ္ဂိုလ်တွေရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာပါလိမ့် (စိတ်) ရှိတာကဘာတုံး (စိတ်ပါဘုရား)။

စိတ်နှင့်လူနှင့် မကွဲသမျှ သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား ( မပြုတ်ပါဘုရား ) သက္ကာယဒိဋ္ဌိမပြုတ်ရင် အပါယ်လေးပါးက လွတ်ပါ့မလား ( မလွတ်ပါဘုရား ) မလွတ်နိုင်ဘူး၊ ဒါကြောင့်-

\+ စိတ္တံ အတ္တတော သမနုပဿတိ၊ နာမံ အတ္တတောသမနုပဿတိ၊ ဝိညာဏံ အတ္တတော သမနုပဿတိ တဲ့-

ဒါကြောင့် ခင်ဗျားတို့ရှုတိုင်းရှုတိုင်း၊ ရှိုက်တိုင်းရှိုက်တိုင်းမှာ စိတ်နှင့်ငါနှင့်၊ နာမ်နှင့်ငါနှင့်၊ ဝိညာဏ်နှင့်ငါနှင့်မကွဲတော့၊ စိတ္တံ စိတ်ကို၊ အတ္တတော၊ ငါဟူ၍၊

\+ ပဋိသမ္ဘိဒါမဂ် နှာ ၁၄၇

သမနုပဿတိ ရှုနေတယ်၊ စိတ်ကို ငါငါနှင့်မရှုခဲ့ဘူးလား၊ ရှုခဲ့သလား (ရှုခဲ့ပါတယ်ဘုရား)။ အမေမွေးကတည်းက ဘဝသံသရာတလျှောက်လုံးရှုခဲ့တာ၊ ဒီလိုရှုခဲ့လို့လဲ ခင်ဗျားတို့အမှားတွေရှုခဲ့လို့ သံသရာကမလွှတ်ခဲ့ဘူးဆိုကာ ခင်ဗျားတို့ ငြင်းနိုင်ပါ့မလား (မငြင်းနိုင်ပါဘုရား)။

နာမံ၊ နာမ်ကို၊ အတ္တတော၊ ငါဟူ၍၊ သမနုပဿတိ၊ ရှု၏၊ နာမ်ကိုလဲ ငါလို့ရှုလိုက်တာဘဲ၊ ဝိညာဏံ၊ ဝိညာဏ်ကို၊ အတ္တတော၊ ငါဟူ၍၊ သမနုပဿတိ ရှုတယ်၊ ငါငါနဲ့ခင်ဗျားတို့လုပ်ခဲ့တာ ငါဆိုတာရှိရဲ့လား (မရှိပါဘုရား) ရှိတာက ဘာတုံး (စိတ်) ရှိတာကဘာတုံး (စိတ်ပါဘုရား)။ ဘယ်ဌာနပါလိမ့် (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)။ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ တကာ တကာမတွေ အရှိတရားက ရှုတာရှိုက်တာတွေ ရှိဘာလား စိတ်ရှိတာလား (စိတ်ရှိတာပါဘုရား)၊ စိတ်မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ထင်ရှားသောကြောင့် အဲဒီတရားကဘာတုံး (သက္ကာယပါဘုရား)။

ရှုတယ်ထင်ရင် ဒိဋ္ဌိ၊ ရှိုက်တယ်ထင်ရင် ဒိဋ္ဌိ၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ထင်ရင်ဒိဋ္ဌိ။ ယခုတော့သက္ကာယနဲ့ဒိဋ္ဌိကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း မှာပါဘုရား) ဒါကြောင့် ရှုတဲ့အခါ သက္ကာယနဲ့ဒိဋ္ဌိကွဲပြီးတော့ ရှုတတ်ပါစေ၊ ရှိုက်တဲ့အခါလဲ သက္ကာယနဲ့ဒိဋ္ဌိကွဲပြီးတော့ရှိုက်တတ်ပါစေ။

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ညွှန်ကြားတာပါ။

ဒီဃံဝါ အဿသန္တော ဒီဃံအဿသာမီတိ ပဇာနာတိ။ ဒီဃံ၊ ရှည်စွာ၊ အဿသန္တော၊ ထွက်သက်ကိုရှုသည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ၊ အဿသာမီတိ၊ ထွက်သက်ကိုရှု၏ဟူ၍၊ ပဇာနာတိ၊ သက္ကာယနဲ့ ဒိဋ္ဌိကွဲပါ။ ဘာနဲ့ဘာကွဲပြီး ရှုရမှာတုံး၊ (သက္ကာယနဲ့ဒိဋ္ဌိပါဘုရား) ခင်ဗျားတို့ဟိုတုံးက သက္ကာယနဲ့ဒိဋ္ဌိကွဲပြီး ရှုခဲ့သလား၊ မရှုခဲ့ဘူးလား (မရှုခဲ့ပါဘုရား) ပစ်စလက်ခတ်ရှုခဲ့တာ၊ ပစ်စလက်ခတ်ရှုခဲ့တော့ ခင်ဗျားတို့ဘဝတွေ မများဘူးလား များသလား (များပါတယ်ဘုရား)။ ပစ်စလက်ခတ်ရှုခဲ့တဲ့ဘဝတွေ၊ ပစ်စလက်ခတ်ရှိုက်ခဲ့တဲ့ဘဝတွေ များလှပါပြီ။

ယခုသာသနာတော်နဲ့ တွေ့တဲ့အခါကြတော့ ခင်ဗျားတို့ပစ်စလက်ခတ် မရှုပါနဲ့တော့၊ ဘာနဲ့ဘာကွဲပြီးရှုရမှာတုံး [သက္ကာယနဲ့ဒိဋ္ဌိကွဲပြီး ရှုရမှာပါဘုရား] ဘာနဲ့ဘာကွဲပြီး ရှိုက်ရမှာတုံး (သက္ကာယနဲ့ ဒိဋ္ဌိပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိကွဲပြီး တော့ရှိုက်ပါ။ ဒီဃံ၊ ရှည်စွာ၊ ပဿသာမီတိ၊ ဝင်သက်ကိုရှိုက်၏ဟူ၍၊ ပဇာနာတိ၊

သက္ကာယနဲ့ဒိဋ္ဌိကွဲပါ။ မကွဲဘူးလား ကွဲသလား [ကွဲပါတယ်ဘုရား]မကွဲရင်ခင်ဗျားတို့ အပါယ်မျက်စောင်းထိုးပြီးရှုတာဘဲ။ အပါယ်မျက်စောင်းထိုးပြီး ရှုတော့တာဘဲ။ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိကို ဘုန်းကြီးပြောပေါင်းလဲများလှပါပြီ။ သက္ကာယဒိဋ္ဌိဆိုတဲ့တရားက လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို တားရဲ့လား (မတားပါဘုရား)) ဘယ်ဟာကျတော့ သွားပြီးတားတုံး (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ကိုကျတော့ ကန့်ကွက်နေတဲ့ တရားကဘယ်တရားပါလိမ့် (သက္ကာယဒိဋ္ဌိပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့လှူဒါန်းတဲ့အခါ ဒါနတွေ သီလ သမထဝိပဿနာတွေ မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား)၊ ဒီသက္ကာယဒိဋ္ဌိမကွာဘဲနဲ့လုပ်ရင် ဒီကုသိုလ်သည် လူချမ်းသာပေးပါတယ်၊ နတ်ချမ်းသာပေးပါတယ်၊ ဗြဟ္မာချမ်းသာပေးပါတယ်။ မပေးဘူးလား ( ပေးပါတယ်ဘုရား )။ ဒါဖြင့် နိဗ္ဗာန်ချမ်းသာကော (မပေးပါဘုရား)။

ဒါကြောင့် ပုဏ္ဏားတယောက်ကမြတ်စွာဘုရားကိုလျှောက်ထားတယ်။ အရှင်ဘုရားတဲ့ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ရပါသလားတဲ့၊ မမေးဘူးလား မေးသလား (မေးပါတယ်ဘုရား) မြတ်စွာဘုရားက လူ့သံယောဇဉ်မစွန့်ဘဲနဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာရပါတယ်၊ မရဘူးလား ရသလား (ရပါတယ်ဘုရား)။ လူ့သံယောဇဉ်ကိုမစွန့်ဘဲနဲ့ နိဗ္ဗာန်ချမ်းသာကို ရပါသလားလို့ မေးတဲ့အခါ မြတ်စွာဘုရားက မရဘူးတဲ့၊ ရရဲ့လား (မရပါဘုရား)။

လူ့သံယောဇဉ်ဆိုတာ တကာတကာမတွေ့ဘာမှအောင့်မေ့မနေနဲ့ သက္ကာယဒိဋ္ဌိဘဲ၊ ဘာတဲ့တုံး(သက္ကာယဒိဋ္ဌိပါဘုရား)၊ မြတ်စွာဘုရားကသက္ကာယဒိဋ္ဌိလို့ပြောလိုက်တာဘဲ၊ ဒါကြောင့် သက္ကာယဒိဋ္ဌိဆိုတဲ့ လူ့သံယောဇဉ်ကိုမစွန့်ဘဲ နဲ့မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတာ ရောက်နိုင်ပါ့မလား (မရောက်နိုင်ပါဘုရား) ဒါကြောင့် တကာ တကာမတွေ သက္ကာယဒိဋ္ဌိ ဖြုတ်ဖို့ဆိုတာကတော့ဖြင့် အရေးကြီးတယ်ဆိုတာ ဒီနေရာမှာပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)

ဒါကြောင့် တကာတကာမတွေ ဘယ်အချိန်မှာ သက္ကာယဒိဋ္ဌိကွဲရမှာလဲ(ရှုတဲ့ ရှိုက်တဲ့အချိန်မှာပါဘုရား) ရှုတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်သဘောပါလိမ့်(ဤလိုပြုချင်တဲ့သဘောပါဘုရား) ဤလိုပြုချင်တဲ့စိတ်သဘော မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ထင်ရှားလေသောကြောင့် သက္ကာယ၊ သူ့ကို ရှုတယ် ရှိုက်တယ်လို့ စွဲယူလိုက်ရင် ဘာတုံး (ဒိဋ္ဌိပါ ဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါပါစွဲယူလိုက်ရင်ဒိဋ္ဌိ၊

ဒါကြောင့် သက္ကာယဒိဋ္ဌိပရိယုဋ္ဌိတေန၊ စေတသာဝိဟရတိသက္ကာယဒိဋ္ဌိ ပရေတေနတဲ့ မြတ်စွာဘုရားက သတ္တဝါတွေဆိုတာ သက္ကာယဒိဋ္ဌိ လွှမ်းမိုးပြီးနေတော့တာဘဲတဲ့၊ သက္ကာယဒိဋ္ဌိ နောက်သို့ အစဉ်လိုက်နေတယ် အချိန်တိုင်း အချိန်တိုင်း မနေဘူးလားနေသလား(နေပါတယ်ဘုရား)ဘာ့ကြောင့် ဒီသက္ကာယဒိဋ္ဌိလွှမ်းမိုးနေသလဲဆိုတော့ ရှေ့ပါဠိတော်စကားက၊

ဥပ္ပန္နာယစ၊ သက္ကာယဒိဋ္ဌိယာ နိဿရဏံ ယထာဘူတံ နပ္ပဇာနာတိ တဲ့၊ ဘာ့ကြောင့် သက္ကာယဒိဋ္ဌိ လွှမ်းမိုးနေသလဲ ဆိုတော့ ယထာဘူတဉာဏ်ကို ကွဲကွဲပြားပြားမသိလို့၊ ဘာမသိလို့တုံး(ယထာဘူတဉာဏ်မသိလို့ပါဘုရား)သက္ကာယ လွှတ်မြောက်ကြောင်းကိုလဲမသိ။

ယခုခင်ဗျားတို့ ယထာဘူတဉာဏ်ကို ကွဲကွဲပြားပြားသိလိုက်တော့ သက္ကာယဒိဋ္ဌိလာသေးရဲ့လား (မလာတော့ပါဘုရား) ဒါကြောင့် (ဥပ္ပန္နာယစ သက္ကာယဒိဋ္ဌိယာ နိဿရဏံသက္ကာယ)ဒိဋ္ဌိရဲ့လွှတ်ရာလွှတ်ကြောင်းဖြစ်တဲ့ ယထာဘူတဉာဏ် မသိလို့၊ သက္ကာယဒိဋ္ဌိ လွှမ်းမိုးပြီးတော့နေပါတယ်၊ ဒီလိုပါဠိတော်စကားမှာ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဟောပါတယ်၊ ဆုံးဖြတ်ချက်လဲချထားပါတယ်။

အဲ ယထာဘူတဉာဏ် ရဘို့ ဆိုတာကလဲ တကာ တကာမတွေ သတိ သမာဓိ မပါရင် ရပါ့မလား (မရပါဘုရား) ယခု သတိသမာဓိ ရှိလိုက်တာနဲ့ တပြိုင်နက် ထင်ရှားရှိတဲ့တရား တွေ့တာလား ထင်ရှားမရှိတဲ့တရား တွေ့တာလား (ထင်ရှားရှိတဲ့တရားတွေ့တာပါဘုရား)ထင်ရှားရှိတာကမိမိခန္ဓာမှာတွေ့တာလား သူတပါးခန္ဓာမှာတွေ့တာလား (မိမိခန္ဓာမှာတွေ့တာပါဘုရား)မိမိခန္ဓာမှာ ဘယ်သဘောတွေ့တာဘာပါလိမ့်(ဤလိုပြုချင်တဲ့ စိတ်သဘောပါဘုရား) ဤလိုပြုချင်တဲ့ စိတ်သဘောရှိနေတယ်၊

တဆင့်တက်တော့မယ် တကာတကာမတွေသတိထားပါ၊ရှိနေတာဘာလို့ရှိနေတာလဲဆိုတော့ ဖြစ်လို့ရှိတာ၊ ဘာလို့ရှိတာတုံး(ဖြစ်လို့ရှိတာပါဘုရား)မဖြစ်ရင် ရှိပါ့မလား(မရှိပါဘုရား) ဥပမာတခု ပြပါဦးမယ်၊ မြတ်စွာဘုရား ပေးထားတဲ့ ဥပမာကတော့ နဒီသောတောဝိယ ပဝတ္တတိ၊ မြစ်ရေအယဉ် ကဲ့သို့ မပြဘူးလား ပြသလား (ပြပါတယ်ဘုရား) ဒီလိုဥပမာပေးထားပါတယ်။

တကာ တကာမတွေ ချောင်းရေတွေမှာ ချောင်းတွေတာလား ရေတွေ့တာလား(ရေတွေ့တာပါဘုရား) ကြည့်လိုက်တဲ့အခါ ရေဟာ မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား) ကြည့်တိုင်း ကြည့်တိုင်း ရေရှိတာတွေ့သလား ဒီပြင်ဟာ တွေ့တာလား (ရေတွေ့တာပါဘုရား)

[ Hlaing 5 ]

အဲဒီရေတွေဟာ ကြည့်တိုင်း ကြည့်တိုင်း ရှိနေတယ်၊ ဘာကြောင့် ဒီရေတွေ ရှိရှိနေတာတုံး (အထက်အထက်ကစီးစီးလာလို့ပါဘုရား) အထက်ကမစီးရင် ဒီရေတွေရှိပါ့မလား (မရှိပါဘုရား) တကာ တကာမတွေ သတိထားပြီး ကြည့်လိုက်တာနဲ့ တပြိုင်နက် ဘာရှိနေတုံး (ရေရှိနေပါတယ် ဘုရား) ရှိတာတွေတာလား မရှိတာတွေတာလား (ရှိတာတွေတာပါဘုရား) ရှိတာကဘာရှိနေတာတုံး (ရေရှိနေတာပါဘုရား) ဒီရေ ဘာလို့ရှိနေတာတုံး (အထက်က ရောက်ရောက်လာလို့ပါဘုရား) အထက်ကလာမရောက်ရင် ဒီရေရှိနိုင်ပါ့မလား(မရှိနိုင်ပါဘုရား)ဒီလိုဘဲ ရေနဲ့တူတဲ့ စိတ်သဘောနှာသီးဖျားမှာ သတိထားလိုက်တာနဲ့တပြိုင်နက် ရှိရှိမနေဘူးလား(ရှိရှိနေပါတယ်ဘုရား)ရှိနေတာဘဲ သတိမထားရင်သာ ခင်ဗျားတို့ရှိမှန်းမသိတာ သတိထားလိုက်တာနဲ့ တပြိုင်နက်၊ နှာသီးဖျားမှာ အရှိတရား တွေ့တာလား၊ မရှိတရား တွေ့ဘာလား (အရှိဘရား တွေ့တာပါ ဘုရား)၊ အရှိတရားက ပရမတ်၊ မရှိတာကဘာတုံး (ပညတ်ပါဘုရား) ရှိတာပရမတ်၊ မရှိတာကပညတ်၊ ခင်ဗျားတို့ ပရမတ် တွေ့ဘာလား ပညတ် တွေ့ဘာလား (ပရမတ် တွေ့တာပါဘုရား) ပရမတ်ဆိုတာ ဘယ်သဘောပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘော ဤလိုပြုချင်တဲ့စိတ်သဘော)၊ ဤလိုပြုချင်တာကစိတ်၊အမှန်အားဖြင့်တော့ဓမ္မသဘာဝဘဲရှိတယ်၊ ဒီသဘာဝ တကာတကာမတွေမထင်ရှားဘူးလားထင်ရှားနေသလား (ထင်ရှားနေပါတယ် ဘုရား) မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား) ရှိသောကြောင့် သူ့ကို ပရမတ်။ မရှိတာကဘာတုံး (ပညတ်ပါဘုရား) ပရမတ်တို့ မည်သည်မှာ ကြည့်လေရှိလေ၊ ကြည့်လေရှိလေ၊ ပရမတ်တို့ မည်သည်မှာ ဘာတုံး (ကြည့်လေရှိလေပါဘုရား)ပညတ်တို့မည်သည်မှာ ကြည့်လေမရှိလေ၊ ပညတ်တို့မည်သည်မှာဘာတုံး(ကြည့်လေမရှိလေပါဘုရား)။

ယခု ခင်ဗျားတို့အရှိတရားတွေ့နေတာလား၊ မရှိတရားတွေ့နေတာလား(အရှိတရား တွေ့နေတာပါဘုရား) အရှိတရားက ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာ) ဘယ်အချိန်မှာရှိဘာတုံး( ရှူတိုင်းရှူတိုင်း၊ ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)အော် ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိဘာပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား) ဘယ်သဘော (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား)မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) ရှိတာကဘာလို့ရှိဘာဘုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်နေတာတုံး( ခုမှဖြစ်တာပါဘုရား)ဟိုရေတွေကို တကာ တကာမတွေ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ရေတွေကြည့်လိုက်တဲ့အခါ ရေမတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) တွေ့တာက ဘာလို့ တွေ့တာတုံး (ရောက်ရောက်နေလို့ပါဘုရား)။

ဒီရေ ဘာလို့ တွေ့မြင်နေတာတုံး [ရေရောက်နေလို့ပါဘုရား] ဘယ်တုံးက ဒီရေရှိနေတာတုံး၊ ဘယ်တုံးကရောက်နေတာတုံး[ ခုမှရောက်လို့ပါဘုရား)ယခုလဲ

တကာ တကာမတွေ သတိထားလိုက် တာ နဲ့ တပြိုင်နက်၊ နှာသီးဖျားမှာ စိတ်သဘောမရှိဘူးလားရှိသလား[ရှိပါတယ်ဘုရား] ရှိတာကဘာလို့ရှိရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး [ခုမှဖြစ်တာပါဘုရား)အိမ်တုံးက ဖြစ်တဲ့စိတ်မဟုတ်လား[မဟုတ်ပါဘုရား)အမေမွေးတုံးကစိတ် ခုချိန်ထိရှိသေးရဲ့လား[မရှိပါဘုရား] အခုရှိတဲ့စိတ်က ဘယ်တုံးကဖြစ်တဲ့စိတ်ပါလိမ့် (ခုမှဖြစ်တဲ့စိတ်ပါဘုရား]။

အခု ရှိနေတာ ဘာလို့ရှိရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဒါကြောင့်ရှူတဲ့အခါ ခုမှဖြစ်တဲ့စိတ်၊ ဘယ်တုံးကဖြစ်တဲ့စိတ်(ခုမှဖြစ်တဲ့စိတ်ပါဘုရား)အမေမွေးတုံးက စိတ်ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) မနေ့ကစိတ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အိမ်တုံးကပါလာတဲ့စိတ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်တုံးကဖြစ်တဲ့စိတ် (ခုမှ ဖြစ်တဲ့စိတ်ပါဘုရား) ခုနက ဖြစ်တဲ့စိတ် ရှိသေးရဲ့လား (မရှိပါဘုရား)အေ ယခု ခင်ဗျားတို့ အဖြေမရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) ဒါကြောင့် ရှူတဲ့အခါ ခုမှဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါ ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်၊ တက္ကက်တက်မလာဘူးလားတက်လာသလား (တက်လာပါတယ်ဘုရား)၊ မနေ့ကဖြစ်တဲ့စိတ် ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဘုရား) ဘယ် တုံး ကဖြစ်တဲ့ စိတ်တုံး (ခုမှ ဖြစ်တဲ့စိတ်ပါ ဘုရား) ခုမှ ဖြစ်တဲ့စိတ် မနေ့က-ငါ-တွေ၊ ခုအချိန် အထိ ပါသေးရဲ့လား (မပါပါ ဘုရား) ရှိသေးရဲ့လား (မရှိတော့ပါဘုရား) စိတ်ဖြစ်ဆဲကို-ငါ-လို့ခေါ်တာကိုး၊ဒီစိတ်ဖြစ်တာကို၊ခင်ဗျားတို့ရှူတယ်လို့ ခေါ်တယ်၊ ရှိုက်တယ်လို့ခေါ်တယ်၊ ရှူတာရှိရဲ့လား (မရှိပါဘုရား) ရှိုက်တာ ရှိရဲ့လား (မရှိပါဘုရား) ဘာရှိတာတုံး (စိတ်ပါဘုရား) ဖြစ်တာရှိတယ်၊ ဘာဖြစ်တာ ရှိတာတုံး (စိတ်ဖြစ်တာ ရှိတာပါ ဘုရား)၊ စိတ် မ ဖြစ် ရင် နိဗ္ဗာန်ဘဲ၊ ခင်ဗျားတို့ ခု စိတ်မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ်နေတယ်၊ အဖြစ်ရပ်ရဲ့လား(မရပ်ပါဘုရား) အဖြစ်မရပ်ဘူး၊ ဘယ်တုံးကဖြစ်တဲ့စိတ် (ခုမှဖြစ်တဲ့စိတ်ပါဘုရား)။

ဒါကြောင့်-ရှူတဲ့အခါလဲ ခုမှဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါမှာလဲ ခုမှဖြစ်တဲ့စိတ်။ ဒါကြောင့် ဤလိုပြုတဲ့စိတ်ဟာ ဘယ်တုံးကဖြစ်တာတုံး၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်ကိုရှုပါ။ ရှူတဲ့အခါကော ခုမှဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါကော ခုမှဖြစ်တဲ့စိတ်၊ ပါဠိတော်စကားနဲ့ဆိုရင်-

ဇာတိဝိညာဏဿ သမုဒယော-ဇာတိဝိညာဏဿ သမုဒယော
ဇာတိဝိညာဏဿ သမုဒယော။

ပါဠိတော် ရှု န ည်း- ဇာတိ ဤ သ ဘော ကား ဝိညာဏဿ ဝိဉာဏ်လို့ ခေါ်တဲ့ စိတ်၏ သမုဒယော၊ ဖြစ် ခြင်း ဘဲ၊ လူဖြစ်တာလား (ဝိဉာဏ်စိတ် ဖြစ်

တာပါဘုရား) လူတွေ သတ္တဝါတွေဖြစ်တာလား၊ စိတ်ဖြစ်တာလား (စိတ်ဖြစ်တာပါဘုရား) ငါတွေ ပုဂ္ဂိုလ်တွေဖြစ်တာလား၊ နာမ်ဖြစ်တာလား [နာမ်ဖြစ်တာပါဘုရား] နာမ်တရားဖြစ်တာမတွေ့ဘူးလားတွေ့လာသလား [တွေ့လာပါတယ်ဘုရား]၊ လူနှင့်တွေ့တာလား ဉာဏ်နှင့်တွေ့တာလား (ဉာဏ်နှင့် တွေ့တာပါဘုရား) ငါနှင့်ထင်ရှားတာလား ဉာဏ်နှင့်ထင်ရှားတာလား [ဉာဏ်နှင့်ထင်ရှားတာပါဘုရား] ဒါ့ကြောင့်–

ဣတိဝိညာဏဿသမုဒယော၊ ဣတိဝိညာဏဿသမုဒယော၊ဣတိဝိညာဏဿသမုဒယော၊ ပါဠိတော်ရှုနည်း၊ မြန်မာလိုဆိုရင်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှ ဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ရှုတဲ့အခါရှိုက်တဲ့အခါ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ မနေ့ကစိတ်ဟုတ်ရဲ့လား [မဟုတ်ပါဘုရား] မနက်ကဖြစ်တဲ့စိတ်ဟုတ်ရဲ့ လား(မဟုတ်ပါဘုရား)နေ့လည်ကဖြစ်တဲ့စိတ်ဟုတ်ရဲ့လား [မဟုတ်ပါဘုရား]၊ ဘယ်တုံးကဖြစ်တာပါလိမ့်(ခုမှဖြစ်တဲ့စိတ်ပါဘုရား)အဲခုမှဖြစ်တဲ့စိတ်ကို ခင်ဗျားတို့ ရှုတယ်လို့ထင်တာ၊ ရှုတာဟုတ်ရဲ့လား [မဟုတ်ပါဘုရား] ဘာဖြစ်တာတုံး၊ စိတ်ဖြစ်တာ၊ ရှိုက်တာဟုတ်ရဲ့လား [မဟုတ်ပါဘုရား] ဘာဖြစ်တာတုံး [စိတ်ဖြစ်တာပါဘုရား]။

စိတ်ဖြစ်တာကိုခင်ဗျားတို့ ရှုတယ်လို့ထင်တယ် ရှိုက်တယ်လို့ထင်တယ်၊ ရှိုက်တယ်လို့ထင်ရင် ဒိဋ္ဌိ၊ ရှုတယ်လို့ထင်ရင်ဒိဋ္ဌိ၊ ယခုတော့ဘာတုံး [စိတ်ဖြစ်တာပါဘုရား] မဖြစ်ဘူးလားဖြစ်သလား [ဖြစ်ပါတယ်ဘုရား] ဘယ်တုံးကဖြစ်တာတုံး ခုမှဖြစ်တဲ့စိတ်လို့ရှုလိုက်တော့ ဒိဋ္ဌိလာအုံးမလား[မလာတော့ပါဘုရား]သက္ကာယအပေါ်မှာ ဒိဋ္ဌိကွာမသွားဘူးလားကွာသွားသလား [ကွာသွားပါတယ်ဘုရား] သက္ကာယဒိဋ္ဌိခင်ဗျားတို့ ကင်းမသွားဘူးလားကင်းသွားသလား (ကင်းသွားပါတယ် ဘုရား) သက္ကာယမှဒိဋ္ဌိချုပ်မသွားဘူးလားချုပ်သွားသလား [ချုပ်သွားပါတယ်ဘုရား] သက္ကာယကိုချုပ်ရမှာလား၊ ဒိဋ္ဌိကိုချုပ်ရမှာလား [ဒိဋ္ဌိကိုချုပ်ရမှာပါဘုရား] သက္ကာယသွားချုပ်လို့ရရဲ့လား (မရပါဘူးဘုရား) သက္ကာယတော့ ခင်ဗျားတို့အကြောင်းရှိသရွေ့ဖြစ်မနေဘူးလားဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား)

ဤလိုပြုချင်တဲ့စိတ်သဘောက သက္ကာယ၊ ဤလိုပြုချင်တဲ့စိတ်သဘောက ဘာတုံး (သက္ကာယပါဘုရား) ဒီသက္ကာယတရားရှိမနေဘူးလားရှိနေသလား [ရှိနေပါတယ်ဘုရား] ဘာကြောင့်ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တဲ့စိတ်ပါဘုရား) ရှုတဲ့အခါ ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါကော၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်

ခင်ဗျားတို့ဒီ ရှုကွက်ရောက်မလာဘူးလားရောက်လာသလား(ရောက်လာပါတယ်ဘုရား)

ဒီလိုရှုတဲ့ဉာဏ်သည်၊ နာမပရိစ္ဆေဒဉာဏ်၊ ဘာဉာဏ်တုံး (နာမပရိစ္ဆေဒဉာဏ်ပါဘုရား) နာမက၊ နာမ်၊ ပရိစ္ဆေဒကပိုင်းခြားသိတာ၊ ဉာဏ်ကသိတာ၊ လူကပိုင်းခြားသိတာလား၊ဉာဏ်ကပိုင်းခြားသိတာလား[ဉာဏ်ကပိုင်းခြားသိတာပါဘုရား] လူတွေသတ္တဝါတွေက ပိုင်းခြားသိတာလား၊ ဉာဏ်က ပိုင်းခြားသိတာလား [ဉာဏ်ကပိုင်းခြားသိတာပါဘုရား] ဉာဏ်ကလူတွေသတ္တဝါတွေကိုသိတာလား၊ စိတ်ကိုသိတာလား (စိတ်ကိုသိတာပါဘုရား) ငါကိုသိတာလား နာမ်ကိုသိတာလား ( နာမ်ကိုသိတာပါဘုရား ) ဒါကြောင့် ဘာဉာဏ်ပါလိမ့်၊ နာမပရိစ္ဆေဒဉာဏ်၊ နာမကနာမ်၊ ပရိစ္ဆေဒကပိုင်းခြားသိတာ၊ ဉာဏ်ကသိတာ၊ ဒီနာမ်ကိုဉာဏ်နှင့်ပိုင်းခြားပြီးတော့ မသိဘူးလားသိသလား (သိပါတယ်ဘုရား) ဘာဉာဏ်တဲ့ (နာမပရိစ္ဆေဒဉာဏ်) ခင်ဗျားတို့ လူကိုပိုင်းခြားသိတာလား၊ နာမ်ကို ပိုင်းခြားတာလား(နာမ်ကိုပိုင်းခြားသိတာပါဘုရား) ခင်ဗျားတို့အမြင် မစင်ကြယ်ဘူးလား စင်ကြယ်သွားသလား (စင်ကြယ်သွားပါတယ်ဘုရား)။

အမြင်စင်ကြယ်လေသည်ဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ။ ဘာဝိသုဒ္ဓိတဲ့တုံး (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ဒိဋ္ဌိကအမြင် ဝိသုဒ္ဓိကအထူးစင်ကြယ်တာ၊ မစင်ကြယ်ဘူးလား စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား) ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ ယောကျ်ားမိန်းမတွေနဲ့ ရှုပ်ရှုပ်ထွေးထွေးမြင်တာလား စင်စင်ကြယ်ကြယ်မြင်တာလား (စင်စင် ကြယ် ကြယ် မြင် တာ ပါ ဘု ရား) စင်စင်ကြယ်ကြယ်မြင်လေသည်ဖြစ်သောကြောင့် ဘာသုဒ္ဓိပါလိမ့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ငါကမြင်တာလား ဉာဏ်ကမြင်တာလား(ဉာဏ်ကမြင်တာပါဘုရား)လူကပိုင်းခြားသိတာလားဉာဏ်ကပိုင်းခြားသိတာလား (ဉာဏ်ကပိုင်းခြားသိတာပါဘုရား) ဉာဏ်ကပိုင်းခြားပြီး သိသည်ဖြစ်သောကြောင့် ပရိညာအားဖြင့် ဉာတပရိညာ၊ ဘာပရိညာတဲ့တုံး (ဉာတပရိညာ ပါ ဘု ရား)

ဉာတကဉာဏ်၊ ပရိညာကပိုင်းခြားတာ၊ ဉာဏ်နဲ့ပိုင်းခြားပြီးတော့ ဒီနာမ်တရားကိုသိတာ၊ လူတွေသတ္တဝါတွေကိုသိတာလား နာမ်တရားကိုသိတာလား (နာမ်တရားကိုသိတာပါဘုရား) ဘာနဲ့ပိုင်းခြားတာပါလိမ့် (ဉာဏ်နဲ့ပိုင်းခြားသိတာပါဘုရား) ဒါကြောင့် ဘာပရိညာ (ဉာတပရိညာပါဘုရား)။

နာမပရိစ္ဆေဒဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဉာတပရိညာ ဒီစခမ်းဆိုက်မလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ဆိုက်လာတယ်၊ အော်-တကာတကာမတွေ ရှုတဲ့အခါရှိုက်တဲ့အခါ လူတွေသတ္တဝါတွေဖြစ်တာလား၊ စိတ်ဖြစ်တာလား၊ (စိတ်ဖြစ်တာပါဘုရား) ဘယ်တုံးကဖြစ်ထာပါလိမ့် (ခုမှဖြစ်တာပါဘုရား) ရှုတဲ့အခါ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါ

ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်၊ နာမပရိစ္ဆေဒဉာဏ်၊ သုဒ္ဓိအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ပရိညာအားဖြင့် ဉာတပရိညာ

ဉာတပရိညာစခမ်း ခင်ဗျားတို့မဆိုက်ဘူးလားဆိုက်သလား (ဆိုက်ပါတယ်ဘုရား) ဉာဏ်အပိုင်းရောက်မလာဘူးလား၊ ရောက်လာသလား (ရောက်လာပါတယ်ဘုရား) ဒါကြောင့် ခင်ဗျားတို့ပညာသာသနာမတည်ဘူးလားတည်သလား (တည်ပါတယ်ဘုရား) သီလသာသနာ၊ သမာဓိသာသနာ ပညာသာသနာဆိုတဲ့ သာသနာသုံးရပ်နှင့်ပြည့်စုံပြီးတော့ ခင်ဗျားတို့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိဆိုပြီးသုဒ္ဓိဘယ်နှစ်ပါးရလာတုံး (သုဒ္ဓိသုံးပါးပါဘုရား)သုဒ္ဓိသုံးပါးနဲ့ပြည့်စုံပါတယ်။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာနှင့်ကော ပြည့်စုံမလာဘူးလား (ပြည့်စုံပါတယ်ဘုရား)အမှန်ရှုလို့လားအမှားရှုလို့လား (အမှန်ရှုလို့ပါဘုရား) အမှန်တရားဟာ မိမိခန္ဓာမှာလား သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာ ဘယ်ဌာနမှာတုံး(နှာသီးဖျားမှာပါဘုရား)၊ နှာသီးဖျားမှာ ခင်ဗျားတို့ ဘယ်အချိန်ရှိတာပါလိမ့်(ရှုတိုင်းရှုတိုင်း၊ ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)။

အော် ရှုတဲ့အခါ၊ လူတွေ သတ္တဝါတွေ ဖြစ်တာလား၊ စိတ်ဖြစ်တာလား (စိတ်ဖြစ်တာပါ ဘုရား) ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်- ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) တကာတကာမတွေ့ အဲဒီလိုရှုတဲ့အခါ ဘုန်းကြီးကရှုခိုင်းတာလား၊ မြတ်စွာဘုရားက ရှုခိုင်းတာလား(မြတ်စွာဘုရားကပါဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ရှုခိုင်းတာပါ (ဇာတိဝိညာဏဿ သမုဒယော ဇာတိဝိညာဏဿ သမုဒယော-ဇာတိဝိညာဏဿ သမုဒယော)လို့ရှုပါ။

ဇာတိ၊ ဤသဘောကား၊ ဝိညာဏဿ၊ ဝိညာဏ်၏ သမုဒယော၊ ဖြစ်ခြင်းဘဲ၊ ရှုတာ ရှိုက်တာလား၊ ဝိညာဏ်ဖြစ်တာလား (ဝိညာဏ်ဖြစ်တာပါဘုရား) ရှုတာရှိုက်တာလား၊ စိတ်ဖြစ်တာလား (စိတ်ဖြစ်တာပါဘုရား) ရှုတာရှိုက်တာလား၊ နာမ်တရားဖြစ်တာလား (နာမ်တရားဖြစ်တာပါဘုရား) အော် တကာ တကာမတွေ့ အဖြေကိုရမလာဘူးလားရလာသလား(ရလာပါတယ်ဘုရား) ဒါကြောင့်-

ဇာတံ ဝိညာဏံ ပစ္စုပ္ပန္နံ တဿနိဗ္ဗတ္တိ လက္ခဏံ ဥဒယော

ဇာတံ၊ ဖြစ်ဆဲသော၊ ဝိညာဏံ၊ ဤလိုပွါးခြင်တယ် ဆိုတဲ့ စိတ်သဘောဝိညာဏ်သည် မရှိဘူးလားရှိသလား(ရှိပါတယ်ဘုရား)အဲဒီဝိညာဏ်တရားဟာ အတိတ်က တရားဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်တုံးက တရားတုံး (ခုမှဖြစ်တဲ့စိတ်သဘောတရားပါဘုရား) အခုရှိတဲ့သဘောတရားသည်ဖြစ်ဆဲ-ရှိဆဲသဘောသည်

ဘာတုံး(ဖြစ်ဆဲပါဘုရား)အဲဒါကို မိအောင်ဖမ်း။ ဇာတံ၊ ဖြစ်ဆဲသဘော၊ ဝိညာဏံ၊ ဤလိုပြုချင်တဲ့ စိတ်သဘောတရားသည်၊ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန် တရားတည်း။ ဘာတရားတဲ့လဲ (ပစ္စုပ္ပန်ပါဘုရား) ပစ္စုပ္ပန်ဆိုတာ ဖြစ်ဆဲကို ဆိုတာ၊ ပစ္စုပ္ပန်ဆိုတာ ဘာတုံး[ဖြစ်ဆဲပါဘုရား]အတိတ်ကဖြစ်ခဲ့တာ၊ အနာဂတ်က ဖြစ်လတ္တံ့၊ ပစ္စုပ္ပန်ကဘာတုံး[ဖြစ်ဆဲ]၊ပစ္စုပ္ပန်ရဲ့အခိုက်က[ဖြစ်ဆဲ]၊ အတိတ်ရဲ့အခိုက်က (ဖြစ်ခဲ့တယ်) အနာဂတ်က (ဖြစ်လတံ့) တကာတကာမတွေ ကွဲပြားပြီလား (ကွဲပြားပါပြီဘုရား)။

ယခု ခင်ဗျားတို့ကြည့်နေတာက၊ အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် ကာလသုံးပါးတို့တွင် ဘယ်ကာလကို ကြည့်နေတာတုံး [ပစ္စုပ္ပန်ကာလကြည့်နေတာပါ ဘုရား] အတိတ်သွားရှုလို့ရရဲ့လား [မရပါဘူးဘုရား] ရှိမှမရှိတာကိုး။ အနာဂတ်လဲမရှိသေးဘူး ရှိနေတာက ဘယ်ကာလမှာ ရှိနေတာပါလိမ့် [ပစ္စုပ္ပန်] ဘယ်အချိန်မှာ ရှိနေတာတုံး [ပစ္စုပ္ပန်ပါဘုရား] ဒါကြောင့်–

ဇာတံဝိညာဏံ ပစ္စုပ္ပန္နံ တဿနိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊

ဇာတံ၊ ဖြစ်ဆဲသော၊ဝိညာဏံ၊ဤလိုရှုချင်တဲ့သဘော၊ရှိက်ချင်တဲ့စိတ်ဝိညာဏ်သဘောသည်၊ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်တရားသာတည်း။ တဿ၊ ထိုပစ္စုပ္ပန် ဖြစ်သောသဘောတရား၏၊ နိဗ္ဗတ္တိလက္ခဏံစ၍စ၍ ဖြစ်ပေါ်လာခြင်းသည်၊ဥဒယော ဥဒယမည်၏။ [ဝါ] အဖြစ်လက္ခဏာမည်၏။

အော်-ခင်ဗျားတို့ အဖြစ်လက္ခဏာကို မိအောင်ဖမ်းလိုက်၊ ယခု အဖြစ်ရဲ့အစကို မတွေ့ဘူးလားတွေ့သလား [တွေ့ပါတယ်ဘုရား] အဲဒါဖြစ်စ၏အစွန်းလေးကိုတွေ့၊ အဲဒါ ဘာတုံး(ပစ္စုပ္ပန်)ဘာတဲ့တုံး[ပစ္စုပ္ပန်] ဒါကြောင့် ဝိဘင်းပါဠိတော်မှာ ပြထားပါသေးတယ်။

ဇာတံဘူတံသဉ္ဇာတံနိဗ္ဗတ္တံအဘိနိဗ္ဗတ္တံပါတုဘူတံ ဥပ္ပန္နံ သမုပ္ပန္နံ ဥဋ္ဌိတံ သမုဋ္ဌိတံ ပစ္စုပ္ပန္နံ ပစ္စုပ္ပ န္နေနသင်္ဂဟိတံ၊

ဇာတံ၊ ဤသို့ပြုချင်တဲ့စိတ်သဘောတရားဟာ ဖြစ်ဆဲ၊ မဖြစ်ဘူးလား ဖြစ်နေသလား(ဖြစ်နေပါတယ်ဘုရား)ဘယ်တုံးကဖြစ်ဘုံး[ခုမှဖြစ်ပါတယ်ဘုရား]အော် ဖြစ်ဆဲကိုမိအောင်ကြည့်။

ဇာတံ၊ ဖြစ်ဆဲ၊ လူတွေဖြစ်တာလား၊ဤလိုပြုချင်တဲ့စိတ်သဘောဖြစ်တာလား (ဤလိုပြုချင်တဲ့ စိတ်သဘောဖြစ်တာပါ ဘုရား) ဤပစ္စုပ္ပန်ကာလကို မိအောင်ဖမ်းပါ။

အသံဟိရုံ၊ မပြောင်းရွေ့မီ၊အသံကုပ္ပံ၊ အသံဟိရုံ၊ မပျောက်ပျက်မီ၊ အသံကုပ္ပံ မပြောင်းရွေ့မီ၊ အဲဒီ အချိန် ကလေးမှာ၊ ပစ္စုပ္ပန်တည့်တည့်လေး၊ ခင်ဗျားတို့ ကြည့်ထားနော်၊ ရှုတိုင်း ရှုတိုင်း၊ ရှိက်တိုင်း ရှိက်တိုင်း၊ ဤလိုပြုချင်တဲ့သဘော

လေးဟာ ခုမှတဲ့ဖြစ်တဲ့စိတ်၊ဘယ်တုံးကဖြစ်တာလဲ[ခုမှဖြစ်တာပါဘုရား] ခုမှဖြစ်တဲ့စိတ်၊ ဒါမိအောင်ဖမ်း၊ ဒါ နာမရူပပရိစ္ဆေဒဉာဏ်ဘဲ၊ ဘာဉာဏ်လဲ (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)။

ဒါကြောင့် ပါဠိတော်က ဘယ်လိုပြထားသလဲဆိုတော့ ဇာတိဝိညာဏံ၊ ဤလိုပူချင်တယ်ဆိုတဲ့စိတ်ဝိညာဏ်သဘောတရားသည်၊ဇာတံ၊ဖြစ်ဆဲ၊ တကာတကာမတွေ ပစ္စုပ္ပန် မကျလာဘူးလား ကျလာလား (ကျလာပါတယ်ဘုရား) သဥ္စာတံ၊ ကောင်းစွာဖြစ်ဆဲ၊နိဗ္ဗတ္တံ၊ ဖြစ်ဆဲ၊ အဘိနိဗ္ဗတ္တံ အသစ်ဖြစ်ဆဲ၊ အသစ်ဖြစ်မနေဘူးလား ဖြစ်နေသလား (အသစ်ဖြစ်နေပါတယ်ဘုရား)၊ ဥပ္ပန္နံ၊ ဖြစ်ဆဲ၊ သမုပ္ပန္နံ၊ ကောင်းစွာဖြစ်ဆဲ၊ ဥဋ္ဌိတံ၊ ကောင်းစွာပေါ်ဆဲ၊ သမုဋ္ဌိတံ၊ ကောင်းစွာပေါ်ဆဲ၊ လူပေါ်တာလား စိတ်ပေါ်တာလား (စိတ်ပေါ်တာပါဘုရား)၊ စိတ်သဘောတရားတွေ ပေါ်မလာဘူးလားလာသလား (ပေါ်လာပါတယ်ဘုရား) အဲဒီသဘောတရားလေးကိုမိအောင်ဖမ်းပါတဲ့၊ ဥဋ္ဌိတံ၊ ပေါ်ဆဲ၊သမုဋ္ဌိတံ၊ကောင်းစွာပေါ်ဆဲ၊ ပစ္စုပ္ပန္နံ၊မျက်မှောက်ဖြစ်ဆဲ၊အတိတ်ကဖြစ်နေတာလား၊ ပစ္စုပ္ပန်ဖြစ်နေတာလား (ပစ္စုပ္ပန်ဖြစ်နေတာပါ ဘုရား) အတိတ်က ဖြစ်ခဲ့ပြီ၊ ဖြစ်ပြီးတော့ ပျက်သွားပြီ၊ ရှိသေးရဲ့လား (မရှိတော့ပါ ဘုရား) အနာဂတ်ပေါ်ပလား (မပေါ်သေးပါဘုရား)ဘယ်အချိန်မှာပေါ်နေတုံး(ပစ္စုပ္ပန်မှာ) ဘယ်အချိန်မှာ မျက်မှောက်ဖြစ်နေတာတုံး (ပစ္စုပ္ပန်မှာ)ဒါကြောင့် ပစ္စုပ္ပန္နံ၊ မျက်မှောက်ဖြစ်ဆဲ၊ ပစ္စုပ္ပန်မျက်မှောက်ဖြစ်ဆဲအဖြစ်သို့ ရောက်မနေဘူးလား၊ ရောက်နေသလား (ရောက်နေပါတယ်ဘုရား)

လူလာ.စိတ်လား(စိတ်ပါ) မတွေ့ဘူးလားတွေ့သလား (တွေ့ပါတယ်ဘုရား) အဲဒီအချိန်မှာ တကာတကာမတွေ ဖြစ်ဆဲသဘောတရားလေးကိုမိအောင်ဖမ်းပါ။ (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း)မှာ ခုမှဖြစ်တဲ့စိတ်ဘာတုံ.(ခုမှဖြစ်တဲ့စိတ်) ခုနကဖြစ်တဲ့စိတ်မဟုတ်ဘူးလား (မဟုတ်ပါဘူးဘုရား)။

ဘယ်တုံးကဖြစ်တဲ့စိတ်တုံး (ခုမှဖြစ်တဲ့စိတ်) အဲ ခုမှဖြစ်တဲ့စိတ်လို့ ခင်ဗျားတို့ရှုနေတာ ဘာဉာဏ်ပါလိမ့် (နာမပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ပရိညာအားဖြင့် ညာတပရိညာ။ ဆိုက်မလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်) အော်ခင်ဗျားတို့အမှန်ရှုနေတာလား အမှားရှုနေတာလား (အမှန်ရှုနေတာပါဘုရား) အမှန်ရှုနေရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား)။

သမ္မာဒိဋ္ဌိ ဘိက္ခဝေ နိဗ္ဗာန နိန္နာ၊ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာနပဗ္ဘာရာ၊

ဘိက္ခဝေ၊ ချစ်သားတို့၊ သမ္မာဒိဋ္ဌိ၊ အမှန်ကိုရှုနေတဲ့သမ္မာဒိဋ္ဌိသည်၊ နိဗ္ဗာနနိန္နာ နိဗ္ဗာန်သို့ညွတ်ခြင်းသဘောရှိတယ်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ကိုင်းခြင်းသဘော

ရှိတယ်။ နိဗ္ဗာနပစ္စာရာ နိဗ္ဗာန်သို့ရှိုင်းခြင်းသဘောရှိတယ်။ အ မှန် ကို ရှု နေ တဲ့ သမ္မာဒိဋ္ဌိသည် ဘယ်ကိုညွတ်တာပါလိမ့် (နိဗ္ဗာန်ကိုညွတ်တာပါဘုရား)၊ ဘယ်ကို ကိုင်းတုံး (နိဗ္ဗာန်ကို)၊ ဘယ်လိုရှိုင်းတုံး (နိဗ္ဗာန်ကို)၊ ယခုခင်ဗျားတို့ သမ္မာဒိဋ္ဌိ မရသေးဘူးလား ရသလား (ရပါတယ်ဘုရား) သမ္မာဒိဋ္ဌိမပြည့်စုံဘူးလား ပြည့်စုံ သလား (ပြည့်စုံပါတယ်ဘုရား)၊ အမှန်မြင်လို့လား၊ အမှားမြင်လို့လား (အမှန် မြင်လို့ပါ)။

အမှန်ကရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်) ရှုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်၊ ခုမှ ဖြစ်တဲ့စိတ်) အမှန်ရှုလား၊ အမှားရှုလား (အမှန်ရှုပါဘုရား) အမှန်ရှုရင် သမ္မာ ဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိဆိုတာ ဘယ်ကိုညွတ်တာ တုံး (နိဗ္ဗာန်)၊ ဘယ်ကိုညွတ်တာတုံး (နိဗ္ဗာန်)၊ဘယ်ကိုရှိုင်းတာတုံး (နိဗ္ဗာန်)၊ အော်-ခင်ဗျားတို့ တနာရီအတွင်းမှာ မိမိခန္ဓာကိုယ်ကြီးကို မြတ်စွာဘုရားကိုယ် တော်မြတ်လှူဒါန်းပြီးတော့၊ တ နာ ရီ အ တွင်း မှာ နိဗ္ဗာန်ကိုကိုင်းနေတဲ့ တကာ တကာမတွေ နိဗ္ဗာန်သို့ညွတ်နေတဲ့၊ နိဗ္ဗာန်သို့ရှိုင်းနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ခဏညွတ်တာလား၊ ကြာကြာညွတ်တာလား ( ခဏညွတ်တာပါဘုရား )၊ ခဏညွတ်တာလား၊ လုံးဝညွတ်တာလား (ခဏညွတ်တာပါဘုရား)၊ ခဏညွတ် တာကော အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား)ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ မနက်လင်းကထဲကစပြီးတော့ နိဗ္ဗာန်ကိုညွတ်နေတဲ့အချိန်နဲ့၊ နိဗ္ဗာန်ကိုမညွတ်တဲ့အချိန်၊ဘယ်အချိန်ကများပါလိမ့် (နိဗ္ဗာန်မညွတ်တဲ့အချိန်တွေ က များပါတယ်ဘုရား)၊ ခုတနာရီအတွင်းမှာ အဘိုးမတန်ဘူးလား၊တန်သလား (အဘိုးတန်ပါတယ်ဘုရား)၊။

အမှန်တရားတွေမြင်လိုက်တာနဲ့ဘပြိုင်နက်၊ ခင်ဗျားတို့ရဲ့စိတ်ကနိဗ္ဗာန်ဘက်ကို ကိုင်း ပါ တယ်၊ နိဗ္ဗာန်ဘက်ကို ရှိုင်းပါတယ်၊ နိဗ္ဗာန်ဘက်ကို ညွတ်ပါတယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဝန်မခံဘူးလား၊ ဝန်ခံသလား (ဝန်ခံပါ တယ်ဘုရား) အမှန်မမြင်လို့ရှိရင် ခင်ဗျားတို့နိဗ္ဗာန်ညွတ်ပါ့မလား (မညွတ်ပါ ဘုရား )။ ဘယ်ကိုသွားမှာတုံး ( အပါယ် )။ ဒါကြောင့် ခင်ဗျားတို့ နိဗ္ဗာန်ကို ညွတ်ရင်ညွတ် နိဗ္ဗာန်ကိုမညွတ်ရင် ဘယ်ကိုသွားမှာတုံး ( အပါယ် )။ ဒါဘဲရှိပါ တော့တယ်။

အမှန်သိရင်သိ၊ အမှန်မသိရင် (အမှားသိမှာပါဘုရား)အမှားသိတာက ဝိဇ္ဇာ လား၊ အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) ဒီနှစ်ခုဘဲ။ သမ္မာဒိဋ္ဌိလမ်းနှင့် မိစ္ဆာဒိဋ္ဌိ လမ်း ကြိုက်တဲ့လမ်းကိုလိုက်၊ အဝိဇ္ဇာနှင့် ဝိဇ္ဇာလမ်း ခင်ဗျားတို့ကြိုက်တဲ့လမ်း လိုက်တော့။

လောကီဝိဇ္ဇာလား၊ လောကုတ္တရာဝိဇ္ဇာလား (လောကုတ္တရာဝိဇ္ဇာပါဘုရား) လောကုတ္တရာဝိဇ္ဇာ၊ လောကီဝိဇ္ဇာတွေ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)။

အော်-အခုခင်ဗျားတို့အမှန်သိမနေဘူးလား၊ သိနေသလား (သိနေပါတယ်ဘုရား) ရှုတဲ့အခါလူဖြစ်တာလား၊ စိတ်ဖြစ်တာလား ( စိတ်ဖြစ်တာပါဘုရား ) စိတ်ဖြစ်တာ၊ ဤလိုပြုချင်တဲ့သဘောက ဘာဖြစ်တာတုံး(စိတ်ဖြစ်တာပါ) ဒီစိတ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)၊ ရှိတာကဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တဲ့စိတ်ပါဘုရား)။

ဒါကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်)၊ ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) ဤလိုပြုချင်တဲ့သဘောကို (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အဲဒီလိုရှုနေရင် ခင်ဗျားတို့အမှန်ရှုလား၊ အမှားရှုလား (အမှန်ရှုပါဘုရား)။ အမှန်ရှုရင် သမ္မာဒိဋ္ဌိလား မိစ္ဆာဒိဋ္ဌိလား(သမ္မာဒိဋ္ဌိပါဘုရား)။ အမှန်သိလား၊ အမှားသိလား (အမှန်သိပါဘုရား)၊ အမှန်သိရင် ဝိဇ္ဇာလား၊ အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား)။ အဝိဇ္ဇာလာသေးရဲ့လား (မလာပါဘုရား)၊၊ အဝိဇ္ဇာဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား ( အကုသိုလ်ပါဘုရား )။ အကုသိုလ်ထဲမှာ အဝိဇ္ဇာလောက်ကြီးတဲ့အကုသိုလ် ရှိသေးရဲ့လား (မရှိပါဘုရား) မရှိဘူး၊ ယခုခင်ဗျားတို့အဝိဇ္ဇာက၊ ခုခေတ္တခဏ ကွာမသွားဘူးလား၊ ကွာသွားသလား (ကွာသွားပါတယ်ဘုရား) ကွာသွားတယ်။

အကုသိုလ်ဆိုတာ တကာ တကာမတွေ သေးတာကြီးတာ ရှိသေးရဲ့လား (မရှိပါဘုရား)သဲလုံးကလေးတွေရေထဲချလိုက်ရင် ပေါ်သလား၊မြုပ်သလား (မြုပ်ပါတယ်ဘုရား)သဲလုံးကြီးတွေရေထဲချလိုက်ရင်ကော၊ ပေါ်သလား မြုပ်သလား (မြုပ်ပါတယ်ဘုရား) သေးတာ ကြီးတာ ရွေးနေသေးသလား(မရွေးပါဘုရား) သေးတာလဲမြုပ်တယ်၊ ကြီးတာကော ( မြုပ်ပါတယ်ဘုရား )။ အကုသိုလ်စိတ် [ ၁၂ ] ပါးရှိတယ်။ ဘယ်အပါးဘဲဖြစ်ဖြစ်မြုပ်မှာလား၊ ပေါ်မှာလား (မြုပ်မှာပါဘုရား) မြုပ်မှာဘဲဆိုတာ တကာ တကာမတွေ ရဲရဲတင်းတင်းကြီးကြီးဆုံးဖြတ်ချက်ချပါတော့။

ဒါကြောင့် အမှန်ကိုမသိရင် နစ်နာသလား၊ မနစ်နာဘူးလား [ နစ်နာပါတယ်ဘုရား ] အမှန်ကိုမသိတာ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား၊ [အဝိဇ္ဇာကမသိတာပါဘုရား] အမှန်တရားဆိုတာ မိမိခန္ဓာမှာရှိတာလား၊ သူတပါးခန္ဓာမှာရှိတာလား [ မိမိခန္ဓာမှာရှိတာပါဘုရား ]၊ မိမိခန္ဓာမှာကြည့်လိုက်တဲ့အခါကြတော့ တကာတကာမတွေ ဘယ်သဘောတွေတာပါလိမ့်[ဤလို

ပြုချင်တဲ့စိတ်သဘော] အမှန်မရှိဘူးလား ရှိသလား [ရှိပါတယ်ဘုရား]၊ ရှိတာဘာလို့ရှိနေတာတုံး [ဖြစ်ဖြစ်နေလို့ပါဘုရား]။ ဘယ်တုံ ကဖြစ်တာတုံး [ခုမှဖြစ်တာပါဘုရား] အော်– [ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်] ရှုကြတဲ့အခါကော [ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်[ အဲဒီလိုရှုဆဲမှာ အဲဒီလိုရှုကြဆဲမှာ အဝိဇ္ဇာလာသေးရဲ့လား [မလာပါဘူးဘုရား] မိစ္ဆာဒိဋ္ဌိတွေကောလာပါအုံးမလား [မလာပါဘူးဘုရား]။

အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား) သိလို့လား၊ မသိလို့လား [သိလို့ပါဘုရား] မြင်လို့လား၊ မမြင်လို့လား [မြင်လို့ပါဘုရား] ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊

+ **ဇာနတော ဟံဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ။**

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင်သောသူအား၊ အာသဝါနံ၊ အာသဝေါတရားတို့၏၊ ခယံ၊ ကုန်ခြင်းကို၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏။

သိတဲ့ပုဂ္ဂိုလ် မြင်တဲ့ပုဂ္ဂိုလ်သည် အာသဝေါတရား ကင်းသလား မကင်းဘူးလား (အာသဝေါတရား ကင်းပါတယ် ဘုရား) ကင်းပါတယ်။ အော်-သိတဲ့လူမြင်တဲ့လူဆိုတာ၊ အမှန်သိတဲ့လူ အမှန်မြင်တဲ့လူကို မြတ်စွာဘုရားက ဆိုပါတယ်။ အဇာနတော၊ မသိတဲ့ပုဂ္ဂိုလ်အား၊ အပဿတော၊ မမြင်တဲ့ပုဂ္ဂိုလ်အား၊ အာသဝါနံ၊ အာသဝေါတရားတို့၏၊ ခယံကုန်ခြင်းကို၊ အဟံငါဘုရားသည်၊ နဝဒါမိ ဟောတော်မမူ။ မသိတဲ့ပုဂ္ဂိုလ် မမြင်တဲ့ပုဂ္ဂိုလ် အာသဝေါတရား ကုန်ပါမယ်လို့ ဘုရားကဝန်ခံသလား (ဝန်မခံပါဘူးဘုရား)၊ ဟောရဲ့လား (မဟောပါဘုရား)

အဲဒါကြောင့် တကာ တကာမတွေ သိဘို့ မြင်ဘို့ အရေးမကြီးဘူးလား ကြီးသလား(အရေးကြီးပါတယ်ဘုရား) သိရမှာကအမှန်တရားကိုသိရမှာလား၊ မမှန်တရားကို သိရမှာလား (အမှန်တရားကို သိရမှာပါဘုရား)။ အရှိကိုသိရမှာလား မရှိတာကိုသိရမှာလား (ရှိတာကိုသိရမှာပါဘုရား) ရှိတာက ဘယ်ဌာနမှာရှိတာပါလိမ့် (နာသီးဖျားမှာပါဘုရား)၊ ဘယ်အချိန်မှာ ရှိတာတုံး (ရှုတိုင်း ရှုတိုင်း) ရှုကြတိုင်း ရှုကြတိုင်း (မှာပါဘုရား)၊ ရှုတိုင်း ရှုတိုင်း ရှုကြတိုင်း ရှုကြတိုင်းမှာ ဘယ်သဘောကရှိတာပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘော) ရှိတာဘာလို့ရှိတာပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား)

---

+ ခန္ဓဝဂ္ဂသံ ပါဠိ ဝါသိဇဋ္ဌသုတ် နှာ ၁၂၄ မူလပဏ္ဏာသ (ဝါ) သဗ္ဗာသသုတ် နှာ ၉

ဒါကြောင့် ရှုတဲ့အခါ ဘယ်လိုမှတ်ရမှာတုံး (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) ရှုိက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)အော်-ခင်ဗျားတို့ အမှန်မသိဘူးလားသိသလား(သိပါတယ်ဘုရား)၊ အမှန်မမြင်ဘူးလားမြင်သလား(မြင်ပါတယ်ဘုရား)၊ မြင်ရင် မြတ်စွာဘုရားက ကာမာသဝလဲငြိမ်းတယ်၊ ဘဝါသဝလဲငြိမ်းတယ်၊ ဒိဋ္ဌာသဝလဲ ငြိမ်းတယ်၊ အဝိဇ္ဇာသဝလဲ ငြိမ်းတယ်၊ ကဲ ငြိမ်းမငြိမ်းစစ်တမ်းထုတ်ကြပါစို့ရဲ့၊ တကာတကာမတွေ့သတိထားပါ၊ ရှုတဲ့အခါ ခုမှဖြစ်တဲ့စိတ်လို့ရှုပါ၊ ရှုိက်တဲ့အခါလဲ ခုမှဖြစ်တဲ့စိတ်လို့ရှုိက်ပါ၊ အဲဒီလိုရှုခိုက်မှာ အဲဒီလိုရှုဆဲမှာ လောဘဖြစ်ခွင့်ရသေးရဲ့လား (မရပါဘူးဘုရား) မရတာအမှန်ဘဲလား (အမှန်ပါဘုရား)ရပါတယ်ဆိုပြီး ငြင်းကြည့်စမ်းပါ (ငြင်းမရပါဘုရား)မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ငါဟောတိုင်းလဲမယုံပါနှင့်ငြင်းကြည့်ပါ၊ ဉာဏ်နှင့်ကြည့်ပြီးငြင်းရမှာလား၊ စာတွေကြည့်ပြီးငြင်းရမှာလား[ဉာဏ်နှင့်ကြည့်ပြီးငြင်းရမှာပါဘုရား]၊ ခင်ဗျားတို့မဖြစ်စဉ်နှင့်မကိုက်ဘူးလား ကိုက်သလား(ကိုက်ပါတယ်ဘုရား)အော် ရှုတဲ့အခါ ခုမှဖြစ်တဲ့စိတ်လို့ရှုခိုက်မှာ စိတ်ဟာနှစ်စိတ်ဖြစ်လို့ရရဲ့လား(မရပါဘူးဘုရား)၊ အဲဒီလိုရှုခိုက်မှာ ခင်ဗျားတို့ လောဘဖြစ်ခွင့် ရသေးရဲ့လား (မရပါဘူးဘုရား)လောဘမဖြစ်တော့ ဒီနေရာမှာ၊ ကာမာသဝ မငြိမ်းဘူးလား ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)၊ ကာမာသဝတရားကိုယ်ကိုကောက်လိုက်တော့(လောဘ) အဲဒီ လောဘမငြိမ်းဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) လုပ်ငန်းနဲ့ငြိမ်းတာလား အပြောနှင့်ငြိမ်းတာလား (လုပ်ငန်းနဲ့ငြိမ်းတာပါဘုရား) အပြောနဲ့ကငြိမ်းပါ့မလား (မငြိမ်းပါဘူးဘုရား) အပြောက ကုသိုလ်တော့ ဖြစ်ပါတယ်၊ ကာမာသဝ တကယ်ငြိမ်းတာ ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)အပြောကပရိယတ္တိ၊ အပြောကဘာတုံး (ပရိယတ္တိ) ပြောတော့ပြောရပါတယ်၊ ကုသိုလ်မဖြစ်ဘူးလားဖြစ်သလား(ဖြစ်ပါတယ်ဘုရား)။ တကယ်ငြိမ်းတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) တကယ်ငြိမ်းတာက၊ ပဋိပတ္တိမှငြိမ်းတာ ဘာကငြိမ်းတာတုံး(ပဋိပတ္တိကပါဘုရား)။ ကျင့်စဉ်ထိအောင် ရောက်သွားမှ ခင်ဗျားတို့ လောဘငြိမ်းမှာ။

ကျင့်စဉ်မပါဘဲနှင့် လောဘငြိမ်းရဲ့လား (မငြိမ်းပါဘုရား) အခုခင်ဗျားတို့ ကျင့်စဉ်မပါဘူးလား၊ ပါသလား ( ပါပါတယ်ဘုရား )၊ ကျင့် စဉ် ဆို တာ က ခင်ဗျားတို့ အရှိတရား ကြည့်ရမှာလား၊ မရှိတရားကြည့်ရမှာလား (အရှိတရားကြည့်ရမှာပါဘုရား) ကြည့်ရမှာက ဘယ်ဌာနမှာတုံး (မိမိခန္ဓာမှာပါဘုရား)၊ ဘယ်အချိန်မှာရှိတာတုံး၊ (ရှုတိုင်းရှုတိုင်၊ ရှုိက်တိုင်းရှုိက်တိုင်းမှာပါဘုရား)။ ရှုတိုင်း ရှုတိုင်းမှာ ဘယ်သဘောတွေရှိတာပါလိမ့် [ဤလိုပြုချင်တဲ့စိတ်သဘော-ဤလိုပြုချင်တဲ့စိတ်သဘော] ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့်-

ရှုတဲ့အခါ [ ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်] ရှိုက်တဲ့အခါ [ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်- ။ လောဘလာသေးရဲ့လား [မလာပါဘုရား] ဥာဏ်က ဦးမသွားဘူးလား၊ ဦးသွားသလား[ဦးသွားပါတယ်ဘုရား]ငါကဦးတာလား ဥာဏ်ကဦးတာလား (ဥာဏ်ကဦးတာပါဘုရား) ခင်ဗျားတို့ဥာဏ်ကဦးသွားရင် ဘာဥာဏ်တုံး [နာမပရိစ္ဆေဒဥာဏ်ပါဘုရား] သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ပရိညာအားဖြင့် ညာတပရိညာ။ အဲဒါတွေကဦးသွားလို့ဗျ။ ဥာဏ်ကသာ ဦးမသွားရင် ကာမာသဝရဲ့အကွက်ထဲဝင်မသွားဘူးလား၊ ဝင်သွားသလား (ဝင်သွားပါတယ်ဘုရား ) ဒါကြောင့် ယခုခင်ဗျားတို့ဥာဏ်ကဦးသွားလိုက်တဲ့အခါ ကျတော့၊ လောဘဖြစ်ခွင့်ရသေးရဲ့လား ( မရပါဘုရား ) ငါကဖြစ်ခွင့်မပေးတာလား၊ ဥာဏ်ကဖြစ်ခွင့်မပေးတာလား [ဥာဏ်ကဖြစ်ခွင့်မပေးတာပါဘုရား] ဒါကြောင့် တကာတကာမတွေ သတိလစ်လို့ရပါ့မလား [မရပါဘုရား] အော် ဥာဏ်ကဦးဆောင်ရှုလိုက်တဲ့အခါကျတော့ ဘာတုံး (နာမပရိစ္ဆေဒဥာဏ်)ဘယ်အချိန်မှာ နာမပရိစ္ဆေဒဥာဏ်နဲ့ရှုမှာတုံး (ရှုတိုင်း ရှုတိုင်း ရှိုက် တိုင်း မှာ ပါဘုရား) မိအောင်ဖမ်းပါ။ ယနေ့ရှေ့တကွက်ထဲတက်ပေးနေပါတယ်၊ နားလည်သထက် နားလည်အောင်နော်။ ဖြေးဖြေးလေး ဘုန်းကြီးကရှင်းပေးနေပါတယ်၊ ဘုန်းကြီးကစာနဲ့ရေးပြနေတာမဟုတ်တော့ ခင် ဗျား တို့ ကို မှတ် မိ အောင် ထပ်တလဲလဲ ရှင်းပြနေရတယ်။

ခင်ဗျားတို့က သတိနဲ့သမာဓိရှိမှသာလျှင်၊ ဒီတရားဟာနားလည်ပါတယ်။ သတိသမာဓိမပါရင် နားလည်ပါ့မလား ( နားမလည်ပါဘုရား ) ဒါကြောင့် ခင်ဗျားတို့ကို ထပ်တလဲလဲရှင်းနေရတယ်လို့ သိပါ၊ တကာတကာမတွေသတိထားပါ၊ ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်လို့ ရှုခိုက်မှာ၊ လောဘဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) ဘာအာသဝငြိမ်းသွားတုံး ( ကာမာသဝငြိမ်းသွားပါတယ်ဘုရား ) အ ပြော နှင့် ငြိမ်း တာ လား လုပ်ငန်းနှင့်ငြိမ်းတာလား (လုပ်ငန်းနှင့်ငြိမ်းတာပါဘုရား) ပ ရိ ယ တ္တိ နှင့် ငြိမ်း တာလား (ပဋိပတ္တိနဲ့ပါဘုရား)ပဋိပတ္တိကျင့်စဉ်နဲ့ငြိမ်းတယ်ဆိုတာ ငြင်းလို့ရသေးရဲ့ လား (မရပါဘုရား)

အော်-တကာတကာမတွေ ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာဖြင့် ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်၊ ဖြစ်ရင်ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့တရားလား ( ဆင်းရဲတဲ့တရားပါဘုရား ) ဇာတိပိဒုက္ခလား ဇာတိပိသုခလား (ဇာတိပိဒုက္ခပါဘုရား) ဇာတိဖြစ်လာရင် ဒုက္ခဆင်းရဲတယ်၊ ဆင်းရဲသလားချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)လူတွေသတ္တဝါတွေဖြစ်လို့ ဆင်းရဲတာလား စိတ်ဖြစ်လို့ ဆင်းရဲတာလား (စိတ်ဖြစ်လို့ပါဘုရား) စိတ်ဖြစ်လို့ဆင်းရဲတာ ခင်ဗျား

တို မျက်ရေကျရတာ၊ စိတ်ဖြစ်လို့ကျရတာ၊ စိတ်သာနောက်ထပ်မဖြစ်ရင် နိဗ္ဗာန်၊ အခု နိဗ္ဗာန်ရပြီလား (မရသေးပါဘုရား) ဘာ်ပြုလို့ မရတာတုံး (စိတ်ဖြစ်လို့ပါဘုရား)ဘာဖြစ်လို့တုံး (စိတ်ဖြစ်လို့ပါဘုရား)အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) နိဗ္ဗာန်မရအောင် နှိပ်စက်နေတဲ့ ဘေးကြီးပါကလား၊

ဘေးဆိုက်မလာဘူးလားဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)ဖြစ်တာက ဘေး၊ အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) မရပ်တာကသံသရာ၊ ဖြစ်တာက ဘာပါလိမ့် (ဘေးပါဘုရား) မရပ်တာကသံသရာ၊ အော်သံသရာဘေးကြီးပါလား၊ သံသရာဘေးဆိုတာက မိမိခန္ဓာမှာလား သူတပါးခန္ဓာမှာလား [မိမိခန္ဓာမှာပါဘုရား] ခင်ဗျားတို့သံသရာဘေးဆိုက်မလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ခင်ဗျားတို့သိနေတဲ့ သံသရာဘေးကအတုဗျ၊ လူဖြစ်လိုက် နတ်ဖြစ်လိုက် ပြဟ္မာဖြစ်လိုက်၊ အဲဒီအသိမျိုးက သံသရာအစစ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သံသရာဆိုတာက စိတ်တွေအသစ်အသစ်ဖြစ်နေတာ အဖြစ်မရပ်တာဘာတုံး (သံသရာပါဘုရား) အော်အဖြစ်ဆိုးကြီး ခင်ဗျားတို့တွေ့မနေဘူးလား တွေ့နေသလား (တွေ့နေပါတယ်ဘုရား) လူအဖြစ်ဆိုးလား စိတ်အဖြစ်ဆိုးလား (စိတ်အဖြစ်ဆိုးပါဘုရား)

ဇာတိဘေးကြီး၊ ဇာတိကဖြစ်တာဘေးကဘေး၊ ဘာမရအောင်နှိပ်စက်တာပါလိမ့်(နိဗ္ဗာန်မရအောင်ပါဘုရား)ဘာမရအောင်နှိပ်စက်တုံး(နိဗ္ဗာန်မရအောင်ပါဘုရား) ခင်ဗျားတို့ဘေးကြီးတွေ့ပြီလား (တွေ့ပါပြီဘုရား) ဘာဘေးတုံး (သံသရာဘေးပါဘုရား) အော်သံသရာဘေးက ဘယ်အချိန် မှာ ရှိ နေ တာ တုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား ) ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ သံသရာဘေးကြီးတွေ့နေတယ်နော်၊ အဖြစ်မရပ်တာ သံသရာဘေးဘဲ၊ ဖြစ် ရင် သက် သာ သ လား ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာအမှန်လဲလား (အမှန်ပါဘုရား) ဇာတိပိဒုက္ခလား၊ ဇာတိပိသုခလား (ဇာတိပိဒုက္ခပါဘုရား)

ဒုက္ခမေဝဥပ္ပဇ္ဇ မာနံဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇမာနံ၊ ဖြစ်လာတယ်ဆိုရင်ဖြင့်၊ ဒုက္ခမေဝ ဆင်းရဲတဲ့တရားသာလျှင်၊ ဥပ္ပဇ္ဇတိဖြစ်တယ်၊ ဖြစ်လာရင် ဆင်းရဲတဲ့တရားဖြစ်တာလား ချမ်းသာတဲ့တရားဖြစ်တာလား (ဆင်းရဲတဲ့တရားဖြစ်တာပါဘုရား) အော် ခင်ဗျားတို့ ဆင်းရဲတဲ့တရားမဖြစ်ဘူးလားဖြစ်သလား (ဖြစ်ပါတယ်ဘုရား ) လူဖြင့်လို့ဆင်းရဲတာလား စိတ်ဖြစ်လို့ဆင်းရဲတာလား (စိတ်ဖြစ်လို့ပါဘုရား) စိတ်အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) ဘယ်အချိန်မှာဖြစ်နေတာတုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား)

အော် ခင်ဗျားတို့ဖြစ်လာရင် ဆင်းရဲတယ်ဆိုတာ ဘယ်အချိန်မှာဆင်းရဲတာ တုံး ( ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား ) ရှုတိုင်း ရှုတိုင်းလဲဆင်းရဲ နေတာဘဲ၊ ရှိုက်တိုင်း ရှိုက်တိုင်းဘာတုံး (ဆင်းရဲနေတာပါဘုရား)၊ ဒါဖြင့် ဆင်းရဲမှန်းမသိဘူးလားသိသလား (မသိပါဘုရား)၊ မသိတာ လူကမသိတာလား အဝိဇ္ဇာကမသိတာလား (အဝိဇ္ဇာကမသိတာပါဘုရား)

ဒုက္ခေအညာဏံ အယံဝုစ္စတိ အဝိဇ္ဇာ၊ ဒုက္ခကို မသိတာ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား (အဝိဇ္ဇာကမသိဘာပါဘုရား) ယခုခင်ဗျားတို့သိပြီလား (သိပါပြီဘုရား) စိတ်ဖြစ်ရင် သက်သာသလား၊ မသက်သာဘူးလား(မသက်သာ ပါဘုရား ) မသက်သာတာအမှန်ဘဲလား ( အမှန်ပါဘုရား ) ဆင်းရဲတာအမှန် နော်၊ ငါနဲ့မသက်သာ ဘာလား၊ ဉာဏ်နဲ့မသက်သာတာလား(ဉာဏ်နဲ့မသက်သာ တာပါဘုရား) ဉာဏ်တွေ့လား၊ ငါတွေ့လား (ဉာဏ်တွေ့ပါဘုရား) ဉာဏ်တွေ့ ဆင်းရဲလား၊ ငါတွေ့ဆင်းရဲလား (ဉာဏ်တွေ့ဆင်းရဲပါဘုရား) ငါတွေ့ဆင်းရဲက အော်ရတယ်၊ ဉာဏ်တွေ့ဆင်းရဲကအော်ရသလား (မအော်ရပါဘုရား) ငါတွေ့ ဆင်းရဲက အမယ်လေးတရတယ်၊ ဒိဋ္ဌိမကင်းဘဲကိုး၊ တဏှာမကင်းဘဲကိုးဗျ။

ဉာဏ်တွေ့ဆင်းရဲကအော်ရရဲ့လား (မအော်ရပါဘုရား)၊ နောက် ကိုက်တာ ခဲတာဟုတ်ရဲ့လား ( မဟုတ်ပါဘုရား ) ဘာနဲ့တွေ့တာတုံး (ဉာဏ်နဲ့တွေ့တာပါ ဘုရား) ဒုက္ခဆိုတာ ငါနဲ့တွေ့ရမှာလား၊ ဉာဏ်နဲ့တွေ့ရမှာလား (ဉာဏ်နဲ့တွေ့ရမှာ ပါဘုရား) ပါဠိတော်စကားက၊ ဒုက္ခေဉာဏံ၊ ဒုက္ခေ၊ ဒုက္ခအပေါင်း၌၊ ဉာဏံ၊ ဉာဏ်နဲ့သိခြင်း၊ ဒုက္ခဆိုတာဘာနဲ့သိရမှာလဲ (ဉာဏ်နဲ့ပါဘုရား)

အော် ခင်ဗျားတို့ စိတ်အသစ်အသစ်ဖြစ်တာ မဆင်းရဲဘူးလား၊ ဆင်းရဲ သလား (ဆင်းရဲပါတယ်ဘုရား)၊ ဆင်းရဲတာအမှန်ဘဲလား [ အမှန်ပါဘုရား ] ဘာနဲ့တွေ့တာတုံး [ဉာဏ်နဲ့တွေ့တာပါဘုရား] ဘာနဲ့ထင်ရှားတာတုံး [ဉာဏ်နဲ့ ထင်ရှားတာပါဘုရား] ဉာဏ်နဲ့ထင်ရှားတော့ ခင်ဗျားတို့ အော်ရသေးရဲ့လား၊ [ မအော်ရပါဘုရား ] ငါတွေ့ကျတော့ ခင်ဗျားတို့ ကိုက်လိုက်တာ နာလိုက်တာ ကျင်လိုက်တာနဲ့အော်ရတယ်၊ ငါတွေ့ဝိပဿနာကို ရှုလို့ရရဲ့လား (မရပါဘုရား)၊ ငါနဲ့တွေ့တဲ့ဒုက္ခကို ဝိပဿနာသွားရှုလို့ရရဲ့လား ( မရပါဘုရား ) ဘာနဲ့တွေ့တဲ့ ဒုက္ခကို ဝိပဿနာရှုရမှာလဲ (ဉာဏ်နဲ့တွေ့တဲ့ဒုက္ခကိုပါဘုရား)

ယခုခင်ဗျားတို့ဒုက္ခကိုမတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါပြီဘုရား) ဘာပြု လို့ ခင်ဗျားတို့ဒုက္ခဖြစ်နေတာလဲ (စိတ်ဖြစ်နေလို့ပါဘုရား) ဘယ်အချိန်မှာဖြစ် တာလဲ ( ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) အဖြစ်ရပ်ရဲ့လား(မရပ် ပါဘုရား) အော် ခင်ဗျားတို့သံသရာဘေးကြီးတွေ့နေပါပကော၊ ဒီသံသရာဘေး က မလွတ်ရင် ခင်ဗျားတို့သက်သာပါမလား (မသက်သာပါဘုရား) ခင်ဗျားတို့ ဒီ စိတ် ဖြစ် ချင် သေး ရဲ့ လား [မဖြစ်ချင်ပါဘုရား] ဘာပြုလို့မဖြစ်ချင်တာလဲ၊

(ဆင်းရဲတာသိလို့ပါဘုရား) ရှုချင်တဲ့စိတ် ရှိုက်ချင်တဲ့စိတ် ဤလိုပြုချင်တဲ့စိတ် ဖြစ်ချင်သေးရဲ့လား (မဖြစ်ချင်ပါဘုရား) နောက်ထပ်တဖန်ဖြစ်ချင်တယ်ဆိုတာ က ဘဝါသဝဗျ။

ယခုခင်ဗျားတို့ဖြစ်ချင်သေးရဲ့လား (မဖြစ်ချင်တော့ပါဘုရား) နောက်ထပ် တဖန်ဖြစ်ချင်တယ်ဆိုတာက ဘာအာသဝတုံး ( ဘဝါသဝပါဘုရား ) နောက် ထပ်တဖန် မဖြစ်ချင်တာက ဘာပြုလို့လဲ [ ဆင်းရဲတာသိလို့ပါဘုရား ] အော် ခင်ဗျားတို့ရှုတဲ့အခါ ခုမှုဖြစ်တဲ့စိတ်၊ ခုမှုဖြစ်တဲ့စိတ်ဖြစ်နေလို့ ဆင်းရဲတယ်၊ အဲဒီလို ဆင်ခြင်သိတဲ့အခါ ဉာဏ်နဲ့တွေ့တဲ့အခါ ဘဝါသဝလာသေးရဲ့လား [မလာတော့ ပါဘုရား] နောက်ထပ်တဖန်ဖြစ်ချင်တယ်ဆိုတဲ့တဏှာ လာသေးရဲ့လား ( မလာ တော့ပါဘုရား) အော် ကာမာသဝ ဘဝါသဝ မငြိမ်းဘူးလား၊ ငြိမ်းသလား [ငြိမ်းပါတယ်ဘုရား] ရှုကွက်နဲ့ငြိမ်းတာလား၊ အပြောနဲ့ငြိမ်းတာလား [ရှုကွက် နဲ့ငြိမ်းတာပါဘုရား] အော် ရှုကွက်ကလဲ မရှိတာရှုတာလား၊ အရှိတရားရှုတာ လား (အရှိတရားရှုတာပါဘုရား)

ရှုတဲ့အခါလဲ ဤလိုပြုချင်တဲ့ စိတ်သဘောဟာဘာလဲ (စိတ်ပါဘုရား) ဒီစိတ် ရှိနေတာ ဘာပြုလို့ရှိနေတာတုံး [ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာ တုံး (ခုမှုဖြစ်တာပါဘုရား) အော် ရှုတဲ့အခါလဲ ခုမှုဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါလဲ (ခုမှုဖြစ်တဲ့စိတ်ပါဘုရား) ရှုတဲ့အခါလဲ ခုမှုဖြစ်တဲ့စိတ်လို့ ရှုခိုက်မှာ ကာမာသဝ လဲ ငြိမ်းပါတယ်၊ ပြီးတော့ဘာတုံး (ဘဝါသဝပါဘုရား) ဘဝါသဝလည်းငြိမ်း တယ်၊ ခဏငြိမ်းတာလား၊ ကြာကြာငြိမ်းတာလား ( ခဏငြိမ်းတာပါဘုရား ) တဒင်္ဂနိဿရဏ တဒင်္ဂလွတ်သွားတယ်၊ တဒင်္ဂလွတ်သွားတယ်ဆိုရင်ဘဲ ခင်ဗျားတို့ အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား)

ဒါကြောင့် ခင်ဗျားတို့ယခုအချိန်မှာ အမြတ်ဆုံးအချိန်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) လုပ်ငန်းနဲ့ငြိမ်းတာလား၊ အပြောနဲ့ ငြိမ်းတာလား (လုပ်ငန်းနဲ့ငြိမ်းတာပါဘုရား) ကျင့်စဉ်နဲ့ငြိမ်းတာလား၊ အပြော နဲ့ငြိမ်းတာလား ( ကျင့်စဉ်နဲ့ငြိမ်းတာပါဘုရား ) ကျင့်စဉ်နဲ့ ခင်ဗျားတို့ ငြိမ်းနေ ပါတယ်။

ကာမာသဝ ငြိမ်းတယ်၊ နောက်ဘာငြိမ်းတုံး (ဘဝါသဝပါဘုရား) ဘဝါ သဝငြိမ်းတယ်၊ ငြိမ်းတာအမှန်ဘဲလား ( အမှန်ပါဘုရား ) မငြိမ်းပါဘူးလို့ ခင်ဗျားတို့ငြင်းကြည့်စမ်းပါ၊ ရရဲ့လား (မရပါဘုရား) မရဘူး၊ မှန်နေလို့ကိုဗျ။

ဒါကြောင့် ရှုတဲ့အခါလဲ ခုမှုဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါကော (ခုမှုဖြစ်တဲ့စိတ် ပါဘုရား) အဲဒီလိုရှုခိုက်မှာ တကာတကာမတွေ့ ကာမာသဝလည်းငြိမ်းပါတယ်၊ ပြီးတော့ ဘဝါသဝလည်းငြိမ်းပါတယ်၊အော် လူတွေသတ္တဝါတွေဖြစ်ဘာလား၊ စိတ်ဖြစ်တာလား ( စိတ်ဖြစ်တာပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ

ထင်သေးရဲ့လား (မထင်ပါဘုရား) ရှုတယ် ရှိုက်တယ်ကော ထင်သေးရဲ့လား (မထင်ပါဘုရား) ရှုတယ် ရှိုက်တယ် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမထင်ရင် ဘာတုံး (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌာသဝ၊ ခုဒိဋ္ဌာသဝ လာသေးရဲ့လား (မလာတော့ပါဘုရား)

လူဖြစ်တာရှုတာလား၊ စိတ်ဖြစ်တာရှုတာလား (စိတ်ဖြစ်တာရှုတာပါဘုရား) ရှိတာက လူဖြစ်တာရှိတာလား၊ စိတ်ဖြစ်တာရှိတာလား (စိတ်ဖြစ်တာရှိတာပါဘုရား) ဘယ်အချိန်မှာဖြစ်တာပါလိမ့် (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ခုမှဖြစ်တဲ့စိတ်၊ အဲဒီလိုရှုခိုက်မှာ ဒိဋ္ဌာသဝလာသေးရဲ့လား (မလာပါဘုရား) အာသဝ ဘယ်နှစ်ပါးရှိပါလိမ့်၊ ဆိုစမ်းပါ (ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ) တယ်ဟုတ်ပါလား။

တို့ဟာကာ တကာမတွေ ဒီရှုကွက်မရှုရင်မဖြစ်တော့ပါလား၊ ပဋိပတ္တိထိအောင်မရောက်လာဘူးလား၊ ရောက်လာသလား (ရောက်လာပါတယ်ဘုရား) ပရိယတ္တိတွင်မရပ်ပါနဲ့တော့၊ အပြောနဲ့မရပ်ပါနဲ့တော့၊ လုပ်ငန်းထိအောင်ရောက်ပါစေ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဒီအတိုင်း မညွှန်ကြားဘူးလား ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) ဒါကြောင့် ကာမာသဝလဲငြိမ်းတယ်၊ ဘဝါသဝလဲငြိမ်းတယ်၊ ဒိဋ္ဌာသဝလဲငြိမ်းတယ်၊ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား)

နောက် ဘာအာသဝ ကျန်သေးသလဲ (အဝိဇ္ဇာသဝပါဘုရား) ယခုခင်ဗျားတို့ရှုနေတာက အရှိတရားရှုနေတာလား၊ မရှိတရားရှုနေတာလား (အရှိတရားရှုနေတာပါဘုရား) အရှိတရားကမိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာဘယ်ဌာနမှာလဲ (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) အော် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာဘယ်သဘောဖြစ်တာပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား) သတိလဲထားပါ။

ခင်ဗျားတို့ဤလိုပြုချင်တဲ့စိတ်သဘော၊ ဒီစိတ်သဘောရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား)ဖြစ်တာအမှန်ဘဲလား (အမှန်ပါဘုရား) ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) ရှိတာလဲအမှန်၊ ဖြစ်တာအမှန်ဟုတ်ရဲ့လား၊ ရှိရှိနေတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) မဖြစ်ရင်ရှိပါ့မလား (မရှိပါဘူးဘုရား)။

ရှိတိုင်းရှိတိုင်းဖြစ်ဖြစ်လား၊ ဖြစ်တိုင်းဖြစ်တိုင်းရှိရှိလား (ဖြစ်တိုင်းဖြစ်တိုင်းရှိရှိပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ရှိတာအမှန်ဘဲ လား (အမှန်ပါဘုရား) ရှိလို့ဖြစ်တာလား၊ ဖြစ်လို့ရှိတာလား (ဖြစ်လို့ရှိတာပါဘုရား) ဖြစ်တာလဲအမှန်၊ ရှိတာ

ကောအမှန်၊ ဟော အမှန်သိလား၊ အမှားသိလား (အမှန်သိပါဘုရား)၊ အမှန်သိရင်ဝိဇ္ဇာလား၊ အဝိဇ္ဇာလား ( ဝိဇ္ဇာပါဘုရား ) အဝိဇ္ဇာသဝလာသေးရဲ့လား (မလာတော့ပါဘူးဘုရား) ရှုကွက်နှင့်ငြိမ်းတာလား၊ အပြောနှင့်ငြိမ်းတာလား (ရှုကွက်နှင့်ငြိမ်းတာပါဘုရား)

ဘာဉာဏ်တုံး ( နာမပရိစ္ဆေဒဉာဏ် )၊ ဘာဉာဏ်ပါလိမ့် [နာမပရိစ္ဆေဒဉာဏ်] ခဏငြိမ်းတာလား၊ လုံးဝငြိမ်းတာလား [ခဏငြိမ်းတာပါဘုရား] တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်တဲ့၊ ပဟာန်သုံးမျိုးရှိတာ ခဏငြိမ်းရင်ဘဲ၊ ခဏကွာသွားရင်ဘဲ၊ ခင်ဗျားတို့အကျိုးများပါတယ်။

ဘုရားဘဆူနှင့်တဆူကြား အပါယ်မလားဘူးလို့၊ ဝတ္ထုသက်သေ သာဓကတွေကော မရှိဘူးလား၊ ရှိသလား [ ရှိပါတယ်ဘုရား ] အော်—ဘုရားတဆူနှင့်တဆူကြား အပါယ်မလားအောင်ဖြင့် ဒီဓမ္မကလွဲရင် ဒိပြင်အားကိုးစရာရှိရဲ့လား [မရှိပါဘုရား] ခင်ဗျားတို့သားတွေ သမီးတွေ၊ ဆွေတွေ မျိုးတွေ၊ ပစ္စည်းဥစ္စာတွေက ဘုရားတဆူနှင့်တဆူအကြား အပါယ်မလားအောင် တတ်နိုင်ရဲ့လား ( မတတ်နိုင်ပါဘုရား ) တတ်နိုင်တာ ဘယ်သူကတတ်နိုင်တာတုံး၊ (တရားကပါဘုရား) ဓမ္မကတတ်နိုင်တာ၊ ဘယ်သူကတတ်နိုင်တာတုံး (ဓမ္မ) အော် ယခုဓမ္မဆိုတာအမှန်သဘော၊ ဓမ္မဆိုတာဘာတုံး၊ (အမှန်သဘော) ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) အမှန်သိရင် ဝိဇ္ဇာလား၊ အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား)အဝိဇ္ဇာသဝ ငြိမ်းမသွားဘူးလား၊ ငြိမ်း သွား သ လား ( ငြိမ်းသွားပါတယ်ဘုရား )၊ ဒါကြောင့် အာသဝေါတရားလေးပါး ငြိမ်းပါတယ်။ ဘာကြောင့် အာသဝေါတရားလေးပါးငြိမ်းတာတုံး (အမှန်ကိုသိမြင်လို့) လူတွေ ငါတွေ သတ္တဝါတွေမြင်တာလား၊ စိတ်ကိုမြင်တာလား ( စိတ်ကိုမြင်လို့ပါဘုရား )၊ သတ္တဝါတွေ၊ လူတွေကိုသိတာလား (စိတ်ကိုသိလို့ပါဘုရား)၊ ခုမှဖြစ်တဲ့စိတ်လို့မသိဘူးလား၊ သိရဲ့လား (သိပါတယ်ဘုရား) ဇာနတော၊ သိသောသူအား၊ လူတွေ သတ္တဝါတွေသိတာလား၊ စိတ်သိတာလား (စိတ်ကိုသိတာပါဘုရား)၊ ဘယ်တုံးကဖြစ်တဲ့စိတ်တုံး (ခုမှဖြစ်တဲ့စိတ်)

ဟိုတုံးကဖြစ်ခဲ့တဲ့စိတ် ဟုတ် ရဲ့ လား ( မဟုတ်ပါဘုရား ) ဟော ခင်ဗျားတို့ပိုင်းခြားပြီးသိမလာဘူးလား၊ သိလာသလား ( သိလာပါတယ်ဘုရား ) ငါသိတာလား၊ ဉာဏ်ကသိတာလား (ဉာဏ်ကသိတာပါဘုရား) ဉာဏ်ပါမလာဘူးလား၊ ပါလာသလား ( ပါလာပါတယ်ဘုရား )။ အဲတာ ဝိပဿနာဉာဏ်ဘဲ၊ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင် သော သူ အား၊ အာသဝါနံ၊ အာသဝေါတရား လေးပါးတို့၏၊ ခယံ၊ ကုန်ခြင်းကို၊ အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏၊ မြတ်စွာဘုရားက ဝန်မခံဘူးလား၊ ဝန်ခံသလား [ဝန်ခံပါတယ်ဘုရား)

အဇာနတော၊ မသိတဲ့ပုဂ္ဂိုလ်အား၊ မသိတာ လူကမသိတာလား၊ အဝိဇ္ဇာက မသိတာလား (အဝိဇ္ဇာကပါဘုရား) အပဿတော၊ မမြင်သောပုဂ္ဂိုလ်အား၊ မမြင်တာသမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (မိစ္ဆာဒိဋ္ဌိပါဘုရား) အဝိဇ္ဇာတို့၊ မိစ္ဆာဒိဋ္ဌိရှိနေတဲ့ပုဂ္ဂိုလ်အား တကာ တကာမတွေ အာသဝေါဟရား ကုန်ပါ့မလား (မကုန်ပါဘုရား)

ဒါကြောင့်၊အဇာနတော၊ မသိတဲ့ပုဂ္ဂိုလ်အား၊ အပဿတော။ မမြင်တဲ့ပုဂ္ဂိုလ်အား၊ အာသဝါနံ၊ အာသဝေါတရားလေးပါးတို့၏၊ ခယံ၊ ကုန်ခြင်းကို၊ အဟံ၊ ငါဘုရားသည်၊ န ဝဒါမိ၊ ဟောတော်မမူ၊ ဘုရားကဟောရဲ့လား (မဟောပါဘူး) ယခု ခင်ဗျားတို့ တနာရီအတွင်းမှာ သိမသွားဘူးလား၊ သိသွားသလား(သိသွားပါတယ်ဘုရား) သိသွားရင် ခင်ဗျားတို့ ခေတ္တခဏ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား)။ အဲဒါကြောင့် ဒီအကွက် ဟာ ဖြင့် တကာ တကာမတွေ၊ ရှုတိုင်း ရှုတိုင်း၊ ရှုက်တိုင်း ရှုက်တိုင်း ဘယ်လိုရှုရမှာတုံး(ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)၊ ရှုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အဲဒီလို ရှုပွားရင်ဘာဉာဏ်တဲ့တုံး (နာမပရိစ္ဆေဒဉာဏ်) သုဒ္ဓိက ဘာသုဒ္ဓိပါလိမ့်(ဒိဋ္ဌိဝိသုဒ္ဓိ)။ ပရိညာကကော (ညာတပရိညာ)အဲဒီလို နာမပရိစ္ဆေဒဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ညာတပရိညာစခမ်းနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီး ကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှဆက်ကြပါစို့။

| | |
|---|---|
| ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ | ဗုဒ္ဓံပူဇေမိ |
| ။ ။ | ဓမ္မံပူဇေမိ |
| ။ ။ | သံဃံပူဇေမိ |

# သဏ္ဍာယနဒီပြတ်ဘို့ရန် ဆရာကောင်းလိုပါတယ်

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၁၀) ရက် ဟောကြားသောတရား။

ကဲ-သမာဓိယူကြပါစို့၊ ဘုန်းကြီးတို့တကာတကာမတွေ နောက်ကနေစပြီးမှ၊ ရှေ့တက်လို့ရပါတယ်၊ အောက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကိုထက်ဝယ်ဖွဲ့ခွေ၍၊အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုဖြောင့်ဖြောင့်ထား၊သတိရှေးရှုလိုက်၊သတိရှေးရှုလိုက်တဲ့အခါကျတော့ တကာတကာမတွေနှာသီးဖျားမှာ သတိထားလိုက်၊ နှာသီးဖျားမှာသတိထားလိုက်တော့ သတိဆိုတဲ့သဘောက၊ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေဖေါ်ပေးတာလား၊ရှုမှုရှိုက်မှုအာရုံကိုဖေါ်ပေးတာလား(ရှုမှုရှိုက်မှုအာရုံကိုဖေါ်ပေးတာပါဘုရား) ရှုမှုအာရုံရှိုက်မှုအာရုံဖေါ်ပေးတာ။

ရှုမှုအာရုံ ရှိုက်မှုအာရုံကို ဖေါ်ပေးတာက လူတွေ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေက ဖေါ်ပေးတာလား၊ သတိက ဖေါ်ပေးတာလား (သတိက ဖေါ်ပေးတာပါဘုရား) ဒါကြောင့် တကာ တကာမတွေ ရှုမှုအာရုံရှိုက်မှုအာရုံတွေချင်ရင် သတိမရှိဘဲနှင့်ဖြစ်ပါ့မလား [မဖြစ်ပါဘုရား]ဒါကြောင့်သတိကိုနှာသီးဖျားမှာထားလိုက်။ နှာသီးဖျားမှာ သတိထားလိုက်တော့၊ အပြင်လေထုတ်တာက ဘာတဲ့တုံး(ရှုတယ်) အတွင်းလေသွင်းတာက [ရှိုက်တယ်]ရှိုက်တယ်၊ အဲဒါကိုမှတ်။

ရှုတာကို ဘာလို့ခေါ်တုံး (အာန) ရှိုက်တာက (ပါန) အောက်မေ့တာက (သတိ) ပေါင်းလိုက်စမ်း (အာနာပါန သတိကမ္မဋ္ဌာန်း) အာနာပါနသတိကမ္မဋ္ဌာန်း အား ထုတ်လိုက်ပါအုံး၊ တမိနစ်လောက်ပေါ့၊ ရှုတယ် ရှိုက်တယ် မိအောင်ဖမ်းလိုက်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလဲ၊ သမာဓိ ရှေးဦးစွာလုပ်ပါဦးတဲ့။ သမာဓိမရှိဘဲနှင့် ကမ္မဋ္ဌာန်းတက်ပေးလို့မရဘူး၊ ဒီတိုင်းတက်ပေးလိုက်ရင် ခင်ဗျားတို့၊ အပြောပရိယတ္တိအပိုင်းဘဲ ဖြစ်မယ်၊ ပဋိပတ္တိ လုပ်ငန်းပိုင်းအထိ ခင်ဗျားတို့ ရောက်မှာမဟုတ်ဘူး။

ဒါကြောင့်မြတ်စွာဘုရားက (သမာဓိံ ဘိက္ခဝေ ဘာဝေထ) ဘိက္ခဝေ၊ ချစ်သားတို့ သမာဓိံ၊ သမာဓိကို၊ ဘာဝေထ၊ ပွားများ ကြစမ်းပါ။ ချစ်သားတို့ သမာဓိပွားများကြပါ၊ သမာဓိပွားများကြစမ်းတဲ့၊ မြတ်စွာဘုရားက မိန့်တော်မူပါတယ်။ ဒါကြောင့် (ရှုတယ် ရှိုက်တယ်)တရားအားထုတ်ပြီးသား ဖြစ်သွားအောင်လို့၊ ရှုမှ ရှုတယ်လို့မှတ်၊ ရှိုက်မှရှိုက်တယ်လို့မှတ်။ (ရှုတယ် ရှိုက်တယ်) ကဲ တဆင့်တက်လိုက်ကြပါစို့။

ဒုတိယနည်းက ခင်ဗျားတို့၊ ရှူစမှ ရှူဆုံး အထိ ဘယ်လို မှတ်ရမှာလဲ (ရှူတယ်–ရှူတယ်–ရှူတယ်) ရှိုက်စက ရှိုက်ဆုံး အထိ ဘယ်လိုမှတ်ရမှာလဲ (ရှိုက်တယ်-ရှိုက်တယ်-ရှိုက်တယ်) အဲဒါ မိအောင်ဖမ်းပါ၊ ရှူတတ်သွားအောင်လို့ ခင်ဗျားတို့ ဘုန်းကြီးက နားထောင်ကောင်းအောင် ဟောတာ မဟုတ်ဘူး။ မှတ်မိအောင် ဟောနေတာ၊ ဒါကြောင့် ထပ်တလဲလဲ ခင်ဗျားတို့ကို ပြောနေရပါတယ်။ အားထုတ်တတ်သွားအောင် ဘယ်ရောက်ရောက်၊ ဘယ်မှာနေနေ ကမ္မဋ္ဌာန်းထိုင်တတ်အောင်လို့၊ ရှူစက ရှူဆုံးအထိ (ရှူတယ်-ရှူတယ်-ရှူတယ်)လို့ သိပါ၊ ရှိုက်စကရှိုက်ဆုံးအထိ)ရှိုက်တယ်-ရှိုက်တယ်-ရှိုက်တယ်)လို့ သိပါ။

**+ ဒီဃံ ဝါ အဿသန္တော၊ ဒီဃံအဿသာမိတိ ပဇာနာတိ။**

**ဒီဃံ ဝါ ပဿသန္တော၊ ဒီဃံပဿသာမိတိ၊ ပဇာနာတိ။** တဲ့

ဘုရားက ရှူစက ရှူဆုံးအထိ( ရှူတယ်-ရှူတယ်-ရှူတယ်)လို့ သိပါစေ၊ ရှိုက်စက ရှိုက်ဆုံးအထိ(ရှိုက်တယ်-ရှိုက်တယ်-ရှိုက်တယ်)လို့ သိပါစေ။ ဒါဟာ တရားအားထုတ်နေတာဘဲ၊ ကမ္မဋ္ဌာန်းစီးဖြန်းနေတာဘဲ၊ သတိရှိပြီးတော့ ရှူ၊ သတိရှိပြီးတော့ ရှိုက်၊ သတိမရှိဘဲနှင့် မရှူနှင့်၊ သတိမရှိဘဲနှင့် မရှိုက်နှင့်။ သတိမရှိဘဲနှင့် ရှူရင်၊ သတိမရှိဘဲနှင့်ရှိုက်ရင်၊ ကမ္မဋ္ဌာန်းမဖြစ်ဘူး။

**သော–သတော ဝ၊ အဿသတိ၊ သတော ဝ ပဿသတိ။** သော၊ ထို ကမ္မဋ္ဌာန်းတရားအားထုတ်တဲ့ ပုဂ္ဂိုလ်သည်၊ သတော ဝ၊ သတိရှိသည်ဖြစ်၍သာလျှင်၊ အဿသတိ၊ထွက်သက်ကိုရှူ၏၊ ရှူစက ရှူဆုံးအထိ( ရှူတယ်-ရှူတယ်-ရှူတယ်)သိ။ သော၊ ထိုကမ္မဋ္ဌာန်းတရားအားထုတ်တဲ့ ပုဂ္ဂိုလ်သည် သတော ဝ၊ သတိရှိသည်ဖြစ်၍သာလျှင်၊ ပဿသတိ၊ ဝင်သက်ကို ရှိုက်၏၊ ရှိုက်စကရှိုက်ဆုံးအထိ (ရှိုက်ဘယ်-ရှိုက်တယ်-ရှိုက်တယ်)လို့ သိ၊ ဒီလိုဆိုရင် ခင်ဗျားတို့တော်တော်လေးသမာဓိရလောက်ပြီ ဆိုကြပါစို့၊ ကဲ ရှေ့တဆင့်သွားကြစို့။

ခင်ဗျားတို့ နံပတ်(၃)က၊ ရှူခြင်း အမှုပြုသလား၊ မပြုဘူးလား (ပြုပါတယ် ဘုရား)ပြုပါတယ်၊ ရှိုက်ခြင်းအမှုကော (ပြုပါတယ်) ရှူခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး(ရှိုက်ခြင်းအမှုပြုပါတယ်)ရှိုက်ခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး (ရှူခြင်းအမှုပြုပါတယ်) ဘယ်လိုပြုတုံး(ဤလိုပြုတယ်-ဤလိုပြုတယ်-ဤလိုပြုတယ်) ဘယ်လို ပြုတာတုံး (ဤလိုပြုတယ်-ဤလိုပြုတယ်-ဤလိုပြုတယ်) ကိုယ် ပြု တာ ပြုမှန်းသိ။

---

÷ ပဋိသမ္ဘိဒါမဂ် ပါဠိ ၁၇၅

တတိယနည်း ရှုစကရှုဆုံးအထိ(ဤလိုပြုတယ်-ဤလိုပြုတယ်-ဤလိုပြုတယ်) သိ၊ ဒါကမ္မဋ္ဌာန်းဖြစ်ဘယ်။ ရှိက်စကရှိုက်ဆုံးအထိ (ဤလိုပြုတယ်-ဤလိုပြုတယ်-ဤလိုပြုတယ်)သိ။ ကိုယ်ပြုတာပြုမှန်းသိမှ ကမ္မဋ္ဌာန်းဖြစ်တယ်။

ကမ္မဿဋ္ဌာနံ ကမ္မဋ္ဌာနံ၊ ကမ္မဿ၊ မိမိလုပ်တဲ့အမှုပေါ်မှာ၊ ဌာနံ၊ ကုသိုလ်စိတ်တည်နေခြင်းသည်၊ ကမ္မဋ္ဌာနံ ကမ္မဋ္ဌာန်းပါဘဲတဲ့။ ကိုယ်ပြုတဲ့အမှုပေါ်မှာ သိနေရင် စိတ်ဟည်နေရင် ကမ္မဋ္ဌာန်း ဖြစ်တယ်၊ ဒီနေရာ ဘာကမ္မဋ္ဌာန်းလဲ ဆို တော့၊ သမထကမ္မဋ္ဌာန်း၊ သမာဓိကမ္မဋ္ဌာန်း၊ အာနာပါနသတိကမ္မဋ္ဌာန်းဖြစ်တယ်။

ဒါကြောင့် ရှုစကရှုဆုံး အထိ (ဤလိုပြုတယ် ဤလိုပြုတယ်-ဤလိုပြုတယ်) လို့သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ(ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်) လို့သိပါစေ၊ ဒီလိုသိနေရင် တကာတကာမတွေ ဒီအပိုင်းအထိ သမထကမ္မဋ္ဌာန်းလား၊ ဝိပဿနာကမ္မဋ္ဌာန်းလား (သမထကမ္မဋ္ဌာန်းပါဘုရား) သမထကမ္မဋ္ဌာန်း။

ဒါဖြင့်ရင် သမထလေးနှင့် တကာ တကာမတွေ အချိန်ကုန်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ ဒီသမထက ပညတ်အာရုံ ဖြစ်နေတယ်၊ ပညတ်အာရုံ ဖြစ်နေတော့ သက္ကာယဒိဋ္ဌိကို၊ သမထက ငြိမ်းမှာလား (မငြိမ်းဘူး) ဝိပဿနာတရားကသာ လျှင် သက္ကာယဒိဋ္ဌိကို ငြိမ်းစေတယ်၊ ဘာ တုံး (ငြိမ်းတယ်) သမထသည် သက္ကာယဒိဋ္ဌိမီးပြုတ်ရဲ့လား(မပြုတ်ပါဘုရား) ဝိပဿနာကျမှဘာတုံး (သက္ကာယဒိဋ္ဌိပြုတ်ပါတယ်)ဒီလိုဆုံးဖြတ်ချက်ချ။

မြတ်စွာဘုရားမပွင့်ခင်တုံးက၊ ဒေဝိလရသေ့ကြီးအာဠာရတို့၊ ဥဒကတို့ဆိုတာကြားဘူးပါလိမ့်မယ်၊ ဒီဒေဝိလရသေ့ကြီးဟာ သမထပိုင်းမှာဖြင့် အလွန်ကျွမ်းကျင်လိမ္မာတဲ့ပုဂ္ဂိုလ်ကြီးဘဲ၊ အဘိဥာဏ်ထိအောင် ရသလား မရဘူးလား (ရပါတယ်ဘုရား)ရတယ်၊ကောင်းကင်ထိအောင်ပျံနိုင်တာဘဲ၊အာဠာရတို့၊ဥဒကတို့၊ဒေဝိလတို့။ သို့သော် အဲဒီ အာဠာရ၊ ဥဒက ဆိုတဲ့ ရသေ့ကြီး တွေသည်၊ ဝိပဿနာဉာဏ်ရသွားရဲ့လား၊ (မရပါဘုရား) သက္ကာယဒိဋ္ဌိပြုတ်ရဲ့လား(မပြုတ်သွားဘူး)။

ဒါနဲ့ တကာတကာမတွေသိပြီးသားဖြစ်ပါလိမ့်မယ်၊ မြတ်စွာဘုရားဗောဓိပင်နှင့် ရွှေပလ္လင်ကိုရတော့၊သဟံပတိဗြဟ္မာကြီးကတောင်းပန်တော့ တရားဟောမယ်လို့ စိတ်ဖြစ်လာတဲ့အခါ၊ ဘယ်သူ့ကိုသွားဟောရမလဲလို့ အကြံဖြစ်လာတော့၊ ဒေဝိလရသေ့ကြီးထံ သွားပြီးဟောမှာဘဲ၊ ကျေးဇူးများတယ်ဆိုပြီးတော့ ဒေဝိလရသေ့ကြီးထံ ငါရှေးဦးစွာ တရားဦးဟောမယ်လို့ စိတ်ကအကြံဖြစ်လိုက်တာနဲ့တပြိုင်နက်၊ သဟံပတိဗြဟ္မာကြီးက မှန်လှပါဘုရား၊ ဒေ ဝိ လ ရသေ့ကြီးသည် လွန်ခဲ့တဲ့(၇)လက စုတေမနေသေလွန်သွားပါတယ်ဘုရားလို့၊ မလျှောက်ထားဘူးလား လျှောက်ထားသလား (လျှောက်ထားပါတယ်ဘုရား)။

အဲ ဒီ လို လျှောက် ထား တော့၊ အော်....ဒေဝိလရသေ့ကြီးမရှိတော့ပါလား (မဟာဇာနိယောဝတ-ဘော ဒေဝိလော၊ ဘော၊ အိုအချင်းတို့၊ ဒေဝိလော၊

ဒေဝီလရသေ့ကြီးသည်၊ အပာ့ဇာနိယောဝတ၊ အရှုံးကြီးရှုံးပဟေ့တဲ့ ) မရှုံးဘူးလား ရှုံးသွားသလား (ရှုံးသွားပါတယ်ဘုရား) ဈာန်အဘိဉာဏ်တော့ မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)ဒါဖြင့် ဘာမဖြုတ်သွားလို့တုံး(သက္ကာယဒိဋ္ဌိမဖြုတ်လို့ရှုံးတာ၊ သမထနှင့်သေသွားလို့)ဒါကြောင့် တကာတကာမတွေ့ သမထပိုင်းနှင့် တင်းတိမ်နေလို့ဖြစ်ပါမလား (မဖြစ်ဘူးဗျ) ဘာဖြစ်လို့လဲဆိုတော့၊ သမထက သက္ကာယဒိဋ္ဌိမပြုတ်သေးဘူး၊ (ရှုရင်ရှုမှန်းသိရတာကိုး) ရှိုက်ရင်ကော ရှိုက်မှန်းသိရကယ်၊ ရှုတယ်လို့ မထင်ဘူး လား ထင်နေသေးသလား ( ထင်ပါတယ်ဘုရား ) ရှိုက်တယ်လို့မထင်ဘူးလားထင်သလား (ထင်ပါတယ်ဘုရား) သမထကိုး။ ဝိပဿနာကျမှ သက္ကာယဒိဋ္ဌိပြုတ်တာ၊

မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ အော်....ငါဘုရား ဥရုဝေလတောမှာ မရောက်ခင် သူတို့ထံမှာ နည်းနာနိသျှယူပြီး၊ တရားအားထုတ်ခဲ့တဲ့၊ ဥဒကရသေ့၊ အာဠာရရသေ့တို့ရှိပါသေးလားလို့ အာဠာရရသေ့ကို တရားသွားဟောမယ်လို့ကြံတယ်၊ သဟံပတိဗြဟ္မာကြီးက၊ မှန်လှပါဘုရား၊ အာဠာရရသေ့ကြီးလဲ လွန်ခဲ့တဲ့( ၇ )ရက်လောက်က စုတေမနေသေလွန်သွားပါတယ်ဘုရားတဲ့၊ အဲဒီလိုမလျှောက်ဘူးလားလျှောက်သလား(လျှောက်ပါတယ်ဘုရား) မဟာဇာနိယောဝတ ဘောအာဠာရော၊ ဘော–အိုအချင်းတို့ အာဠာရော၊ အာဠာရ ရသေ့ကြီးသည်၊ မဟာဇာနိယောဝတ အရှုံးကြီးရှုံးပြီဟေ့၊ မရှုံးဘူးလား ရှုံးသွားသလား၊ ဘာမပြုတ်လို့တုံး (သက္ကာယဒိဋ္ဌိမပြုတ်လို့ပါဘုရား)

ဘုန်းကြီးတို့နှင့်တကွ၊ တကာတကာမတွေလဲ၊ မပြုတ်ဘဲနှင့် အသေကဦးသွားရင် မရှုံးဘူးလားရှုံးသလား ( ရှုံးပါတယ်ဘုရား ) ဒီဈာန်ရတဲ့ရသေ့တွေတောင် ရှုံးသေးတာဘဲ။

ဒါနဲ့ ဥဒကရသေ့ရှိသေးတယ်၊ ဥဒကရသေ့ကြီးဆီသွား ထရားဟောမှဘဲ၊ ပဉ္စဝဂ္ဂီငါးဦး တရားမဟောခင်မှာ ဒီစိတ်ဖြစ်တယ်၊ ဒါနဲ့သဟံပတိဗြဟ္မာကြီးက မှန်လှပါဘုရား၊ ဥဒကရသေ့ကြီးသည် ယမန်နေ့ကဘဲ စုတိစိတ်ကျသွားပါတယ် ဘုရားလို့လျှောက်ထားတော့ ဘုရားနှင့်လွဲမသွားဘူးလားလွဲသွားသလား (လွဲသွားပါတယ်ဘုရား) မနာဘူးလား (နာပါတယ်ဘုရား) နာလိုက်တာ၊ ရက်ပိုင်းလေးရယ်နော်၊ အကယ်၍မြတ်စွာဘုရားနှင့်သာတွေ့လိုက်ရင်ဖြင့် အာဠာရတို့၊ ဥဒကတို့ရဟန္တာချက်ခြင်းဖြစ်မဲ့ပုဂ္ဂိုလ်တွေ၊မဆိုထိုက်ဘူးလားဆိုထိုက်သလား ( ဆိုထိုက်ပါတယ်ဘုရား ) သမာဓိကအလွန်အားကောင်းတာကိုးဗျ၊ ဝိပဿနာဉာဏ်ဘဲ လိုနေတယ်၊ သက္ကာယဒိဋ္ဌိ မဖြုတ်တတ်ဘူး၊ သမထတော့ သူတို့လုပ်တတ်တယ်၊ သက္ကာယဒိဋ္ဌိကို ဘယ်လိုဖြုတ်လို့ဖြုတ်ရမှန်းမသိဘူး။

သက္ကာယဒိဋ္ဌိဖြုတ်ရေးကို တကာတကာမတွေ၊ မြတ်စွာဘုရားသာသနာနှင့် တွေ့မှသာလျှင်၊ သက္ကာယဒိဋ္ဌိယာ၊ ဖြုတ်ဖို့နည်းလမ်းတွေ့တယ်။ သာသနာပမှာ ရှိရဲ့လား၊ ယခုခင်ဗျားတို့သာသနာတွင်းလား သာသနာပလား (သာသနာတွင်းမှာပါဘုရား) သာသနာတော်နှင့်တွေ့ပါရဲ့သားနှင့် ခင်ဗျားတို့ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနှင့် အသေက ဦးသွားရင်၊ မရှုံးဘူးလား၊ ရှုံးသလား (ရှုံးပါတယ်ဘုရား)အရှုံးကြီးရှုံးလိမ့်မယ်။ ဥဒကရသေ့ကြီးကို မြတ်စွာဘုရားက၊ တရားဟောမယ်ကြံနေစဉ်မှာ မနေ့က စုတေစိတ်ကျသွားပါပြီး ဘုရားလို့ လျှောက် တော့၊ မဟာဇာနိယော ဝတ ဘော ဥဒတော၊ ဘော အို အချင်းတို့၊ ဥဒကော ဥဒကရသေ့ကြီးသည်၊ မဟာဇာနိယော ဝတ၊ အရှုံးကြီးရှုံးပြီဟေ့၊ မ ရှုံး ဘူး လား၊ ရှုံးသလား (ရှုံးပါတယ်ဘုရား) သူတို့ဟာ ဘယ်ရောက်သွားသလဲလို့ ဉာဏ် နှင့် ဆင်ခြင်စဉ်းစားကြည့်တော့၊ အောင်-အရူပဘုံမှာ ဗြဟ္မာကြီးတွေ သွားဖြစ်နေပါပြီကော၊ အရူပဘုံ ဆိုတာက၊ နာမ် သာ ရှိ ပြီး ရုပ်မရှိတဲ့ဘုံ၊ ဘာ သာ ရှိ ပြီး ဘာ မ ရှိ တဲ့ ဘုံ လဲ (နာမ်သာရှိပြီး ရုပ်မရှိတဲ့ဘုံပါ ဘုရား) ရုပ်ပြစ်ရှစ်ပါးထဲပါတယ်၊ တရားဟောလို့ရရဲ့လား (မရပါဘုရား) တရားဟောလို့သာ ရ တဲ့ ဘုံဆိုရင် မြတ်စွာဘုရား ကိုယ်တော်မြတ်က အပင်ပမ်းခံပြီး တရားမဟောဘူးလား ဟောမှာလား(ဟောမှာပါဘုရား)၊ ယခုဟောလို့ရရဲ့လား(မရပါဘုရား)။

ဒါကြောင့် မြတ်စွာဘုရားကငြီးရှာတော်မူတယ်၊မဟာဇာနိယော၊ဝတဘော အာဠာရော၊ မဟာဇာနိယော ဝတဘောဥဒကော၊ဘော၊အချင်းတို့၊အာဠာရော၊ အာဠာရ ရသေ့ကြီးသည်၊ မဟာဇာနိယော ဝတ၊ အ ရှုံး ကြီး ရှုံး ပြီ၊ ဘော၊ အချင်းတို့၊ ဥဒကော ဥဒကရသေ့ကြီးသည်၊ မဟာဇာနိယော ဝတ၊ အ ရှုံး ကြီး ရှုံးပြီ၊ ဘာပြုလို့အရှုံးကြီးရှုံးရတာလဲ၊ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနှင့်သေသွားလို့၊

တို့ တကာ ဘကာမတွေ နမူနာလေးကြည့်၊ ယခုလဲ ခင်ဗျားတို့ ကျုပ်တို့ဟာ သာသနာတော်နှင့်တွေ့ပါလျက်နဲ့၊ဝိမုတ္တိယုဂ ခေတ်ကြီးနှင့်လဲကြုံပါလျက်သားနဲ့ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနှင့် အသေကဦးသွားရင် မရှုံးဘူးလား ရှုံးသလား (ရှုံးပါတယ်ဘုရား)အရှုံးကြီးလား အရှုံးလေးလား(အရှုံးကြီးပါ)အရှုံးကြီးပါဗျ။

ဒါကြောင့် ခင်ဗျားတို့ မရှုံးရလေအောင် သမထ နှင့် တင်း တိမ် လို့ ရ ရဲ့ လား (မရပါဘုရား) သမထပါလို့ကော ဖြစ်ရဲ့လား (မဖြစ်ပါဘုရား) သမာဓိဆိုတာ တကာတကာမတွေ ရှေးဦးစွာလုပ်ရတယ်၊ ယနေ့ တကာတကာမတွေကို ဘုန်းကြီးက ပြနေတာက ယုဂနဒ္ဓနည်း၊ သမထနှင့်ဝိပဿနာတွဲပြီး ရှုနေတဲ့ သင်တန်းလို့၊ အဲဒီလိုဆုံးဖြတ်ချက်ချ၊ ဘာနဲ့ဘာကွဲပြီးရှုမှာတုံး(သမထနဲ့ဝိပဿနာပါဘုရား)စုံတွဲရှုတာနော်၊ အဲဒါ ယုဂနဒ္ဓနည်း။

ဒါကြောင့် တကာ တကာမတွေ၊ ရှေ့ဆက်ကြပါစို့ရဲ့၊ ရှူ စ က ရှူ ဆုံး အထိ (ဤလိုပြုတယ်-ဤလိုပြုတယ်-ဤလိုပြုတယ်)လို့ မှတ်ပါ။ ရှိုက်စကရှိုက်ဆုံးအထိ (ဤလိုပြုတယ်-ဤလိုပြုတယ်-ဤလိုပြုတယ်) လို့ မှတ် ပါ။ အဲဒီလို မှတ်နေရင် ခင်ဗျားတို့ စိတ်မတည်ဘူးလားတည်သလား(တည်ပါတယ်ဘုရား)စိတ်တည်တာ သမာဓိ၊သမာဓိမရလာဘူးလားရလာသလား( ရလာပါတယ်ဘုရား) သမာဓိရှိတဲ့ ပုဂ္ဂိုလ်သည် အမှန်တရားကို တွေ့မှာလား၊ မမှန်တဲ့တရားကို တွေ့မှာလား (အမှန်တရားကိုတွေ့မှာပါဘုရား)။

သမာဟိတော ဘိက္ခဝေ၊ ယထာဘူတံ ပဇာနာတိ။

ဘိက္ခဝေ၊ ချစ်သားတို့ သမာဟိတော၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်သည်၊ ခင်ဗျားတို့ ဘာပြုလို့ သမာဓိ ရှိနေဘာတုံး (ရှူရင် ရှူမှန်းသိလို့၊ ရှိုက်ရင်ရှိုက်မှန်း သိလို့ပါ ဘုရား) ဘာ ကမ္မ ဌာန်း ပါ လိမ့် (အာနာပါန သတိကမ္မဋ္ဌာန်းပါ ဘုရား) ဘာ ကမ္မ ဋ္ဌာန်း [အာနာပါန သတိကမ္မဋ္ဌာန်းပါ ဘုရား] အာနပါန သတိကမ္မဋ္ဌာန်း စီးဖြန်း နေ တော့ သ မာ ဓိ ရနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

သမာဓိရှိတဲ့ပုဂ္ဂိုလ်သည် အမှန်တရားတွေ့မှာလား၊ မမှန်တဲ့တရားတွေ့မှာလား ( အမှန်တရားတွေ့မှာပါဘုရား ) အမှန်ကိုသိမှာလား၊ မမှန်တာကို သိမှာလား၊ (အမှန်ကိုသိမှာပါဘုရား) အမှန်ကိုသိရမှာ။

(သမာဟိတော၊ ဘိက္ခဝေ ယထာဘူတံပဇာနာတိ) ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဟိတော၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်၊ ယထာဘူတံ၊ ဟုတ်မှန်တဲ့သဘောကို၊ ပဇာနာတိ၊ ကွဲကွဲပြားပြားသိနိုင်တယ်၊ ဟုတ်မှန်တဲ့သဘောဆိုတာ မိမိခန္ဓာမှာရှိတာလား၊ သူဘပါးခန္ဓာမှာရှိတာလား [မိမိခန္ဓာမှာရှိတာပါဘုရား] အရှိတရား ဆိုတာ ဘာတွေ စာအုပ်တွေထဲမှာရှိဘာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာ ရှိတာပါဘုရား) ရှိတဲ့နေရာကြည့်ရမှာလား၊ မရှိတဲ့နေရာကြည့်ရမှာလား (ရှိတဲ့ နေရာကြည့်ရမှာပါဘုရား) ရှိတဲ့နေရာကဘယ်နေရာမှာတုံး (ခန္ဓာမှာပါဘုရား) ခန္ဓာမှာဘယ်ဌာနပါလိမ့် ( နှာသီးဖျားမှာပါဘုရား ) ဘယ်အချိန်မှာရှိတာတုံး ( ရှူတိုင်းလူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား ) အဲဒါတွေ သတိထားလိုက်၊ ရှူတဲ့အခါမှာ၊ ရှိုက်တဲ့အခါမှာသတိထားလိုက်၊ သမာဓိရှိလာတဲ့အခါကြတော့၊ အရှိတရားပေါ်မှာလား၊ မရှိတရားပေါ်မှာလား (အရှိတရားပေါ်မှာပါဘုရား) အရှိတရားကဘယ်သဘောပါလိမ့် ( ဤလိုပြုချင်တဲ့စိတ်သဘော ) ဘယ်သဘော (ဤလိုပြုချင်တဲ့စိတ်သဘော)မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သမာဓိ ရှိလို့တွေ့တာလား၊ မရှိလို့တွေ့တာလား ( ရှိလို့တွေ့တာပါဘုရား ) သမာဓိရှိလို့၊ သတိနှင့် သမာဓိသာမရှိရင် ဒီတရားပေါ်ပေးနိုင်ပါ့မလား ( မပေါ်ပေးနိုင်ပါ

ဘုရား) ဒီတရားကို လူတွေ သတ္တဝါတွေက ဖေါ်ပေးတာလား၊ သတိသမာဓိက ဖေါ်ပေးတာလား [ သတိသမာဓိကဖေါ်ပေးတာပါဘုရား ] ခင်ဗျားတို့လုံးဝ မပါပါဘူးဗျ၊ သတိသမာဓိကနေပြီးတော့ အရှိတရားဖေါ်ပေးတာပါ။

အော် – သတိထားလိုက်တော့၊ စိတ်ကတည်တယ်၊ အရှိတရားတွေ့တယ်၊ အရှိတရားက ဘယ်လိုသဘောတုံး ( ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား ) ရှိက်တဲ့အခါကော ( ဤလိုပြုချင့်တဲ့စိတ်သဘောပါဘုရား ) ရှုတဲ့အခါကော [ ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား ] ဒီစိတ်မရှိဘူးလား၊ ရှိသလား [ ရှိပါတယ်ဘုရား ] ရှိတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က၊ အရှိတရား ကြည့်ခိုင်းတာလား၊ မရှိတရားကြည့်ခိုင်းတာလား [ အရှိတရားကြည့်ခိုင်းတာပါဘုရား ] အရှိတရားက လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ်ရှိတာလား [ စိတ်ရှိတာပါဘုရား ] စိတ်က ဘယ်အချိန်မှာရှိတာတုံး၊ ရှုတိုင်း ရှုတိုင်းမရှိဘူးလား၊ ရှိသလား [ ရှိပါတယ်ဘုရား ] အော် ဒါကြောင့် [ ဘူတံဘူတတော ပဿတိ ] ဘူတံ၊ ထင်ရှားရှိတဲ့ စိတ်သဘောတရားကို၊ ဘူတတော၊ ထင်ရှားရှိပါတကားဟု၍၊ ပဿတိ၊ ကြည့်ပါ။ ဘုရားက အရှိတရားကြည့်ခိုင်းတာလား၊ မရှိတရားကြည့်ခိုင်းတာလား (အရှိတရား ကြည့်ခိုင်းတာပါဘုရား) အရှိတရားကဘယ်ဘောပါလိမ့်(ဤလိုပြုချင်တဲ့စိတ်သဘော) ဘယ်သဘော ( ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား )။ စိတ်လို့ သာခေါ်တာ၊ ရှိတာကဘာတုံး (သဘော) စိတ်ဆိုတာကောရှိရဲ့လား ( မရှိပါဘုရား ) စိတ်က ဝိဇ္ဇမာနပညတ်၊ ဘာပညတ်တုံး (ဝိဇ္ဇမာနပညတ်ပါဘုရား) ရှုတယ်ရှိက်တယ် ခေါ်တာက အဝိဇ္ဇမာနပညတ်၊ စိတ်လို့ ခေါ်တာက (ဝိဇ္ဇမာနပညတ်) ဝိဇ္ဇမာနပညတ်တွေ၊ အဝိဇ္ဇမာနပညတ်တွေခွါပြီးတော့ ထင်ရှားရှိတဲ့သဘောက ဘာပါလိမ့် (ပရမတ်) ထင်ရှားရှိတဲ့သဘောက (ပရမတ်)

ဒါကြောင့်– အဋ္ဌကထာဆရာတော်က၊ ဝိဂ္ဂိုလ်လုပ်ထားပါတယ်။ (ပညတ္တိံ ဌပေတွာဝိသေသေနပဿတီတိ ဝိပဿနာ ) ပညတ္တိံ ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်ကို၊ ဌပေတွာ၊ ခွါ၍၊ ဘာကိုခွါရမှာတုံး (ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ်ပါဘုရား) စိတ်ကဘာပညတ် ( ဝိဇ္ဇမာနပညတ် ) ရှုတယ် ရှိက်တယ်ခေါ်တာက ( အဝိဇ္ဇမာနပညတ် ) ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါခေါ်တာ (အဝိဇ္ဇမာနပညတ်) အတူတူပါဘဲ။

အဲဒီပညတ်တွေကို ကြည့်ရမှာလား၊ ရှိတဲ့ပရမတ်တရားကို ကြည့်ရမှာလား (ရှိတဲ့ပရမတ်တရားကိုကြည့်ရမှာပါဘုရား) ထင်ရှားရှိတဲ့ပရမတ်တရား ကြည့်ပါတဲ့၊ ပညတ်သည် စိတ်လို့ခေါ်တဲ့ ဝိဇ္ဇမာနပညတ်၊ ရှုတယ်ရှိက်တယ်၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါလို့ခေါ်တဲ့ အဝိဇ္ဇမာနပညတ်ကို၊ ဌပေတွာ၊ ခွါ၍၊ ဝိသေ

သေနှ၊ အထူးအားဖြင့်၊ ပဿတိ၊ ကြည့်တတ်၏။ အထူးအားဖြင့် မကြည့်ဘူးလား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) ဘာတွေကိုကြည့်တာတုံး (ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်ကိုခွါကြည့်တာ)။

ဒါကြောင့် ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်ကို၊ ဌပေတွာ၊ ခွါ၍၊ ဝိသေသေနှ၊ အထူးအားဖြင့်၊ ပဿတိ၊ ကြည့်တတ်၏၊ ရှုတတ်၏၊ မြင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်၊ ဝိပဿနာ၊ ဝိပဿနာမည်၏။ ဝိပဿနာဆိုတာ အတူးရှုတာ ဝိပဿနာရဲ့အဓိပ္ပါယ်က ဝိပဿနာဆိုတာဘာတုံး (အထူးရှုတာပါဘုရား) ဝိဆိုတာအထူး၊ ပဿ၊ ဆိုတာကရှုတာ၊ တခါထဲရှုတာလား၊ အကြိမ်ကြိမ်ရှုတာလား (အကြိမ်ကြိမ်ရှုတာပါဘုရား) နာ-ကအကြိမ်ကြိမ်ရှုပွားတာ၊ ဝိပဿနာမရဘူးလား၊ရသလား (ရပါတယ်ဘုရား) ဘယ်လိုခင်ဗျားတို့အထူးရှုတာတုံး (ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်) ကိုခွါပြီးတော့ရှုလို့ထူးတယ်။ ဘာထူးတာတုံး (ဝိဇ္ဇမာနပညတ်) အဝိဇ္ဇမာနပညတ်ကခွါပြီးတော့ ရှုတာဟုတ်ရဲ့လား။ အဲဒါအထူးရှုတာက ဝိပဿနာ၊ ဒါကြောင့်သူ့ကိုအထူးရှုသောကြောင့် ဘာတုံး (ဝိပဿနာ) မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား)။

အော်-စိတ် လို့ ခေါ် ရ တာ၊ နာမ်လို့ သာခေါ်ရတာ၊ ဝိညာဏ်၊ ပ ရ မတ်၊ သက္ကာယလို့သာခေါ်ရတာ၊ စိတ်လို့၊ နာမ်လို့၊ ဝိညာဏ်လို့ အခေါ်ခံရတဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒီသဘောသာမရှိရင် ခင်ဗျားတို့စိတ်ခေါ်လို့ ရပါ့မလား (မရပါဘူးဘုရား) ဘယ်သဘောပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘော) ဘယ်သဘော (ဤလိုပြုချင်တဲ့စိတ်သဘော) အဲဒါကိုဘယ်လိုခေါ်လိုက်သလဲ (စိတ်ပါဘုရား) ပြီးတော့ဘာတုံး (နာမ်ပါဘုရား) ပြီးတော့ဘာတုံး ( ညာဏ်ပါဘုရား ) ပြီးတော့ဘာတုံး ( သခါရပါဘုရား ) ပြီးတော့ (သက္ကာယပါဘုရား) ပြီးတော့ (ပရမတ်ပါဘုရား)။

ဒီသဘောလေးကိုဘဲ ပညတ်တွေခေါ်လိုက်ရတာ၊ ဘာပညတ်တွေလဲ (ဝိဇ္ဇမာနပညတ်ပါဘုရား) အဲဒီပညတ်ကိုခွါလိုက်အုံး၊ ထင်ရှားရှိတဲ့သဘောတရားကို ခင် ဗျား တို့ သိ ပါ စေ၊ မိပါစေ၊ လူတွေ သတ္တ ဝါ တွေ နဲ့ သိ ရ မှာ လား ဉာဏ်နှင့်သိရမှာလား (ဉာဏ်နှင့်သိရမှာပါဘုရား) ငါနှင့်တွေ့မှာလား၊ ဉာဏ်နှင့်တွေ့မှာလား (ညာဏ်နှင့်တွေ့မှာပါဘုရား) ငါနှင့်ထင်ရှားရမှာလား၊ ညာဏ်နှင့်ထင်ရှားရမှာလား (ဉာဏ်နှင့်ထင်ရှားရမှာပါဘုရား) ဘယ်အချိန်ထင်ရှားရမှာတုံး ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း ) အခုအရှိတရားခင်ဗျားတို့တွေ့နေပြီ၊ ဤလိုပြုချင်တဲ့သဘောလေး ရှိသကိုး၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ ရှာလို့ တွေ့ရဲ့လား (မတွေ့ပါဘုရား)

ရှုတယ်-ရှိုက်တယ်ရှာကြည့်စမ်း တွေ့ရဲ့လား (မတွေ့ပါဘုရား) ဘယ်သဘော တွေ့ဘာတုံး ( ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား ) ဤသဘောဘဲတွေ့တယ်၊ မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) အဲဒီဆိုသဘောက၊ သက္ကာယ၊ ဘာတုံး ( သက္ကာယပါဘုရား ) ရှုတယ် ရှိုက်တယ်ထင်ရင် (ဒိဋ္ဌိ)၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါထင်ရင် (ဒိဋ္ဌိ)၊ ယခုခင်ဗျားတို့ သက္ကာယနဲ့ ဒိဋ္ဌိကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) ဒေဝီလ ရသေ့၊ အာဠာရရသေ့ ဥဒက ရသေ့တို့၊ ဒီအတိုင်းသာကွဲသွားရင်၊ ရပ်ပြစ်ရှစ်ပါး ရောက်နိုင်ပါ့မလား ( မရောက်နိုင်ပါဘုရား )။ မနစ်နာဘူးလား၊ နစ်နာသလား ( နစ်နာပါတယ် ဘုရား)။

ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း ဘာနဲ့ဘာကွဲရမှာတုံး(သက္ကာယနှင့်ဒိဋ္ဌိကွဲရမှာပါဘုရား)။ ဘာနဲ့ဘာကွဲရမှာတုံး ( သက္ကာယနှင့်ဒိဋ္ဌိကွဲရမှာပါ ဘုရား)၊ ဒါကြောင့် (ဒီဃံဝါ အဿ သန္တော၊ ဒီဃံအဿာသာမီတိ ပဇာနာတိ) ပဇာနာတိပုဒ်ပါလာတာ၊ ဒီဃံ၊ ရှည်စွာ၊ အဿသန္တော၊ ထွက်သက်ကိုရှူသည်ရှိ သော်၊ ဒီဃံ၊ ရှည်စွာ၊ အဿသာမီတိ၊ ထွက်သက်ကို ရှူ၏ဟူ၍၊ ပဇာနာတိ၊ သက္ကာယနှင့်ဒိဋ္ဌိကွဲပါ၊ ဘာနဲ့ကွဲရမှာတုံး ( သက္ကာယနှင့်ဒိဋ္ဌိကွဲရမှာပါဘုရား ) ဤလိုပြုချင်တဲ့သဘောကဘာတုံး (သက္ကာယ) ရှုတယ်ရှိုက်တယ်ထင်ရင် (ဒိဋ္ဌိ) အခုဒိဋ္ဌိလာသေးရဲ့လား (မလာပါဘုရား) သက္ကာယကိုဖြုတ်ရမှာလား၊ ဒိဋ္ဌိကို ဖြုတ်ရမှာလား ( ဒိဋ္ဌိကိုဖြုတ်ရမှာပါဘုရား ) ဒိဋ္ဌိကိုဖြုတ်ရမှာ၊ သက္ကာယကို ဖြုတ်လို့ရရဲ့လား (မရပါဘုရား) မရဘူး။

ဒါကြောင့် ဒိဋ္ဌိဆိုတဲ့အစွဲကိုချွတ်ရမှာ၊ အဝတ်အထည်တခုဆိုကြပါစို့၊အဝတ် အထည်ဘခုမှာ၊ ခင်ဗျားတို့ဆေးတွေဘာတွေ စွန်းမနေဘူးလား၊ စွန်းနေသလား ( စွန်းနေပါတယ်ဘုရား )၊ အဲဒီဆေးချွတ်ချင်လို့ရှိရင် အဝတ်ကိုလွှတ်ပြစ်ရမှာ လား၊ ဆေးကိုချွတ်ရမှာလား (ဆေးကိုချွတ်ရမှာဘုရား) အဝတ်ကိုလွှတ်ပြစ်လို့ ရပါ့မလား (မရပါဘုရား) မရဘူး။

အဲဒီအစွဲကနာနေလို့ရှိရင်၊ သာမန်ဆေးနဲ့ချွတ်လို့ရပါ့မလား(မရပါဘုရား) ဆေးကောင်းကောင်းနဲ့ချွတ်မှသာလျှင် ဒီအစွဲဟာဘာတုံး (ကျွတ်မှာပါဘုရား) ဆေးမကောင်းရင်ကျွတ်ပါ့မလား (မကျွတ်ပါဘုရား) ယခုလဲသက္ကာယမှာ ဒိဋ္ဌိ အစွဲနေဘ်- အဲဒါသာမန်အစွဲလား၊ ပြင်းပြင်းထန်ထန်စွဲနေတာလား (ပြင်းပြင်း ထန်ထန်စွဲနေတာပါဘုရား) စွဲနေတာအစွဲမနာဘူးလား၊နာသလား (နာပါတယ် ဘုရား အစွဲကခင်ဗျားတို့ဘယ်လောက်နာခဲ့သလဲဆိုတော့၊ အစမထင်သံသရာက စပြီးတော့ ခုချိန်ထိမစွဲဘူးလား၊ စွဲသလား (စွဲပါတယ်ဘုရား) ဘယ်လိုစွဲခဲ့တုံး ၁ါလို့စွဲခဲ့တယ်၊ ဘယ်လိုစွဲခဲ့တုံး (ငါလို့စွဲခဲ့ပါတယ်ဘုရား)

\+ စိတ္တံအတ္တတော၊ သမနုပဿတိ၊ နာမံအတ္တတော သမနုပဿတိ၊ ဝိညာဏံအတ္တတော သမနုပဿတိ၊ အဲဒီလိုစွဲခဲ့တာ။

စိတ္တံ၊ ဤလိုပြုချင်တဲ့ စိတ်သဘောကို၊ အတ္တတော၊ ငါဟူ၍၊ သမနုပဿတိ၊ ရှုတယ်၊ မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား) ယခုလဲရှုဆဲဘဲ၊ ဟိုတုံးကလဲ မရှုခဲ့ဘူးလား၊ ရှုခဲ့သလား (ရှုခဲ့ပါတယ်ဘုရား) မစွဲဘူးလား၊ စွဲသလား (စွဲပါတယ်၊ စွဲလိုက်တာ၊နာမံ၊ နာမ်ကို၊ အတ္တတော၊ ငါဟူ၍၊ ဝိညာဏံ၊ ဝိညာဏ်ကို အတ္တတော၊ ငါဟူ၍၊ ဝိညာဏ်တို့၊ နာမ်တို့၊ စိတ်တို့ဆိုတာ ဘယ်သဘောပါလိမ့် (ဤလိုပြုချင်တဲ့သဘော) မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား)

အဲဒါကို ခင်ဗျားတို့ကျုပ်တို့က တငါငါနှင့် မစွဲခဲ့ဘူးလား၊ စွဲသလား (စွဲပါတယ်ဘုရား)အစွဲကမနာဘူးလားနာသလား [နာပါတယ်ဘုရား]အစွဲကပြင်းထန်တော့၊ အစွဲကနာတော့၊ ဒီအစွဲကို ခင်ဗျားတို့သာမန်ဆေးနှင့်ချွတ်လို့ရပါ့မလား (မရပါဘုရား) ဒါနတည်းဟူသော ဆေးနှင့်ချွတ်လို့ရပါ့မလား (မရပါဘုရား) သီလတည်းဟူသောဆေးနှင့်ကော(မရပါဘုရား)သမထဆိုတဲ့ဆေးနှင့်ကော ချွတ်လို့ရပါ့မလား(မရပါဘုရား)အာဠာရတို့၊ဥဒကတို့၊ဒေဝီလတို့ဆိုတာ၊သမထပိုင်းမှာ ပြောစရာလိုသေးရဲ့လား(မလိုပါဘုရား) အဲဒီသမထဆေးနဲ့ချွတ်တာ ကျွတ်ရဲ့လား (မကျွတ်ပါဘုရား) မကျွတ်ဘူး၊ ဆေးမကောင်းရင် ရပါ့မလား (မရပါဘုရား) ဒါကြောင့် ဆေးကောင်းနဲ့တူတဲ့ ဝိပဿနာဉာဏ်မှ ဒီသက္ကာယပေါ်မှာ ဒိဋ္ဌိကွာတယ်ဆိုတာ တကာ တကာမတွေ့ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ဒီသက္ကာယဒိဋ္ဌိ ပြုတ်ဘို့ရာကသဲ ဆရာကောင်း၊ သမားကောင်း မလိုဘူးလား၊ လိုသလား (လိုပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပြုတ်ဘို့ ဆရာကောင်း၊ သမားကောင်း လိုတယ်၊ အာဠာရတို့၊ ဥဒကတို့၊ဒေဝီလတို့ဆိုတာ ဆရာကောင်းနှင့်မတွေ့လိုက်ရတော့၊ မနစ်နာဘူးလား နစ်နာသလား (နစ်နာပါတယ်ဘုရား) သူတို့ဘာလိုနေတာတုံး (ဆရာကောင်းလိုနေတာပါဘုရား) ဆရာနဲ့တူတဲ့၊ မြတ်စွာဘုရားနှင့်သာ တွေ့လိုက်ရရင် ဒီလိုအဖြစ်ဆိုးကြီးဖြစ်ပါ့မလား (မဖြစ်ပါဘုရား)ယခုတော့ မနစ်နာဘူးလား နစ်နာသလား(နာပါတယ်ဘုရား)မရှုံးဘူးလားရှုံးသလား(ရှုံးပါတယ်ဘုရား)။

ဘာလိုသွားပါ့လိမ့်[ဆရာလိုလို့]ယခုလဲ ခင်ဗျားတို့ သာသနာတော်နှင့်တွေ့ပါလျက်သားနှင့် ဆရာကောင်း သမား ကောင်း၊ မိတ် ကောင်း ဆွေ ကောင်း သက္ကာယဒိဋ္ဌိဖြုတ်ပေးတတ်တဲ့ ဆရာကောင်းသမားကောင်း၊ မိတ်ကောင်း ဆွေကောင်း ယထာဘူတဉာဏ်အထိရနိုင်တဲ့ ဆရာကောင်းသမားကောင်းသာ မတွေ့ရင် တကာ တကာမတွေ့ မနစ်နာဘူးလား နစ်နာမှာလား (နစ်နာမှာပါဘုရား)

---

\+ ပဋိသမ္ဘိဒါမဂ် ပါဠိတော် နှာ ၁၄၇

ဒါကြောင့် သာသနာတော်ကြီးနှင့်တွေ့တဲ့အခါ ဒီအစွဲကလဲ ဘဝသံသရာမှာ အလွန်နာခဲ့တဲ့ အစွဲဖြစ်နေလသောကြောင့် ဒါန၊ သီလ၊ သမထနှင့် ချွတ်လို့ ရတဲ့ အစွဲဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာနဲ့ချွတ်ရမှာတုံး (ဝိပဿနာ) ဘာနဲ့ချွတ် ရမှာတုံး(ဝိပဿနာနှင့်ချွတ်ရမှာပါဘုရား)ဝိပဿနာဆိုတဲ့ဆေးကလဲ ခင်ဗျားတို့ ဆရာကောင်းသမားကောင်း၊ မိတ်ကောင်းဆွေကောင်း ထံမှာ နည်းမခံရင် ရပါ့ မလား(မရပါဘုရား)နည်းသိတော့မလွယ်ဘူးလား၊ လွယ်သလား(လွယ်ပါတယ် ဘုရား) အကျင့်မခက်၊ အသိခက်၏။ လယ်ထွန်မခက်၊ လယ်တည်ခက်၏။ ဒီလို ရှေးဆရာကြီးတွေ မဆိုဘူးလား ဆိုသလား (ဆိုပါတယ်ဘုရား)အကျင့်က ခက်ရဲ့ လား[မခက်ပါဘုရား]အသိကခက်တယ်၊သက္ကာယဒိဋ္ဌိဖြုတ်ရမှာလဲ နည်းလမ်းက ခက်တယ်နော်၊ အဲဒီတော့ သိလို့ရှိရင် မလွယ်ဘူးလား လွယ်သလား (လွယ်ပါ တယ်ဘုရား)။

ဒါကြောင့် [အကျင့်မခက်၊အသိခက်၏၊ လယ်ထွန်မခက်၊လယ်တည်ခက်၏] ရှေးဆရာတော် ကြီးတွေ မဆိုထားဘူးလား ဆိုထားသလား [ဆိုထားပါတယ် ဘုရား]တကာတကာမတွေ ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း ဘာနဲ့ဘာကွဲရမှာ တုံး (သက္ကာယနှင့် ဒိဋ္ဌိ) ဘာနဲ့ဘာကွဲရမှာပါလိမ့် (သက္ကာယနှင့်ဒိဋ္ဌိ ကွဲရမှာပါ ဘုရား)ဤလိုပြုချင်တဲ့သဘောကဘာပါလိမ့် (သက္ကာယ)ဤလိုပြုချင်တဲ့သဘော ကကော (သက္ကာယ) သူ့ကိုဘာလို့ ခေါ်သလဲ (စိတ်) စိတ်သည် သက္ကာယနော်၊ ရှူတယ်ရှိုက်တယ်လို့စွဲယူလိုက်ရင်(ဒိဋ္ဌိ)။

အခု ခင်ဗျားတို့ ရှူတယ် ရှိုက်တယ်လို့ စွဲယူသေးရဲ့လား (မယူပါဘုရား) ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေလို့ကော စွဲယူသေးရဲ့လား(မယူပါဘုရား) ခင်ဗျားတို့ရှူတိုင်းရှူတိုင်း ဘယ်လိုရှူတာတုံး(စိတ် စိတ်-စိတ်)ရှိုက်တဲ့အခါကော (စိတ်-စိတ်-စိတ်) ဤလိုပြုချင်တဲ့ သဘောကကော (စိတ်-စိတ်-စိတ်) ဆိုတော့ သက္ကာယပေါ်မှာ ဒိဋ္ဌိလာသေးရဲ့လား(မလာပါဘုရား)မလာပါဘူး၊

အဲဒီတော့ တကာတကာမတွေ နံပါတ်(၂)ပြောကြပါစို့ရဲ့၊ ရှေ့တဆင့်တက် ကြပါစို့၊ ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ၊ ဒါမနေ့ကဟာ ပြန်စပေးနေ တာနော်၊ ဘုန်းကြီးတို့ ရှေ့ဘက်ချင်လို့၊ ဤလိုပြုချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဤလိုပြုချင်တဲ့ သဘောကော (ရှိပါတယ်ဘုရား) ရှိဘာကဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ ) မဖြစ်ရင်ရှိပါ့မလား (မရှိပါဘုရား) အော်-ရှိရှိနေတာဘာလို့ရှိရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)မဖြစ်ရင် ရှိပါ့ မလား(မရှိပါဘုရား)ဘယ်တုံးကဖြစ်တာပါလိမ့် (ခုမှဖြစ်တာ)ဒါကြောင့် ရှူတဲ့ အခါ(ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) နံပါတ် ၅) မရောက်လာဘူးလား ရောက်

လာသလား(ရောက်လာပါတယ်ဘုရား) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)ရှူတဲ့အခါကော(ခုမှဖြစ်တဲ့စိတ်–ခုမှဖြစ်တဲ့စိတ်) ဇာတိဝိညာဏ်၊ ဇာတိဤသဘောကား၊ ဘယ်သဘောတုံး(ဤသဘော) ဤသဘောလား ဟိုသဘောလား(ဤသဘော) ပစ္စုပ္ပန်မကိုက်ဘူးလား ကိုက်သလား (ကိုက်ပါတယ်ဘုရား) ပစ္စုပ္ပန်ကျရတယ်။ ဇာတိဤသဘောကား၊ ဤသဘောလို့ ဘာလို့ပြောလိုက်တုံး စိတ္တံစိတ်ပါ၊ နာမံနာမ်ပါ၊ ဝိညာဏံဝိညာဏ်ပါ၊ ပါဠိတော်နှင့်ကော မကိုက်ဘူးလား ကိုက်သလား (ကိုက်ပါတယ်ဘုရား) ပါဠိတော်ကိုက် မြတ်စွာဘုရားစကားတော်၊ မြတ်စွာဘုရားရဲ့စကားတော်နှင့်ကော မညီဘူးလားညီသလား(ညီပါတယ်ဘုရား) (ဇာတိဝိညာဏံ၊ ဇာတိဝိညာဏံ၊ ဇာတိဝိညာဏာဿ သမုဒယော) ရှိတာဘာလို့ရှိနေတာတုံး [ဖြစ်လို့ရှိနေတာပါဘုရား] ဇာတိဝိညာဏဿ သမုဒယော၊ လာကိုက်ပြန်ရော၊ ဇာတိဝိညာဏာဿ ဤလိုပုံချင်တဲ့ စိတ်သဘောတရား၏ သမုဒယော၊ဖြစ်ခြင်းဘဲ။ လူတွေသတ္တဝါတွေဖြစ်ဘာလား၊ စိတ်ဖြစ်တာလား(စိတ်ဖြစ်တာပါဘုရား)ငါတွေဖြစ်တာလား၊စိတ်ဖြစ်တာလား၊ဘယ်အချိန်မှာဖြစ်တာတုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်–ခုမှဖြစ်) ဒါကြောင့် ရှူတဲ့အခါ (ခုမှဖြစ်တဲ့စိတ်–ခုမှဖြစ်တဲ့စိတ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်–ခုမှဖြစ်တဲ့စိတ်) ဤလိုရှူပွားတဲ့ဉာဏ်သည်၊ နာမပရိစ္ဆေဒဉာဏ် ဘာဉာဏ်တဲ့တုံး(နာမပရိစ္ဆေဒဉာဏ်)နာမကနာမ်၊ပရိစ္ဆေဒကပိုင်းခြားတာ၊ဉာဏ်ကသိတာ။ နာမ်ကိုပိုင်းခြားပြီးတော့၊ ဉာဏ်က မသိဘူးလားသိသလား(သိပါတယ်ဘုရား) လူကသိတာလား၊ဉာဏ်ကသိတာလား (ဉာဏ်ကသိတာပါဘုရား)ဉာဏ်ကသိတာ ဘာဉာဏ်တဲ့တုံး(နာမပရိစ္ဆေဒဉာဏ်) ယောကျ်ားမိန်းမတွေ သတ္တဝါ ပုဂ္ဂိုလ်တွေပါသေးရဲ့လား (မပါပါဘုရား) တွေ့ရဲ့လား (မတွေ့ပါဘူး) ရှိလျက်သားနဲ့မတွေ့တာလား၊မရှိလို့မတွေ့တာလား(မရှိလို့မတွေ့တာပါဘုရား)မရှိလို့၊ ရှိတဲ့သဘောတရားဘဲတွေ့တယ်၊ ရှိတဲ့သဘောတရားက၊ အော်–ရှူတဲ့အခါလဲ ခုမှဖြစ်တဲ့စိတ်ပါလား၊ အိမ်တုံးကပါလာတဲ့စိတ်ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)။

အမေမွေးတုံးကစိတ်တွေပါသေးရဲ့လား(မပါပါဘူးဘုရား)မပါဘူး၊ခင်ဗျားတို့ အမေမွေးတုံးက စိတ်တွေပါသေးတယ်လို့ထင်ရင် အဲဒါအတ္တ၊ ခိုင်မြဲတယ်လို့ထင်ရင် ဓုဝ၊ မြဲတယ် ခိုင်မြဲတယ် ယူလိုက်တော့တာဘဲ၊ မယူဘူးလား ယူသလား (ယူပါတယ်ဘုရား) ယခုတော့ ခင်ဗျားတို့ မြဲတယ်လို့ ယူသေးရဲ့လား (မယူပါဘုရား)ရှူတဲ့အခါလဲ[ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်]ရှိုက်တဲ့အခါကော [ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်] အဲဒီလို ရှူပွားတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး [နာမပရိစ္ဆေဒ

ဉာဏ်]သုဒ္ဓိအားဖြင့်ဘာသုဒ္ဓိပါလိမ့်[ဒိဋ္ဌိဝိသုဒ္ဓိ]ပရိညာအားဖြင့်[ညာတပရိညာ] မဆိုက်လာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ဆိုက်လာပါတယ်။

တကာတကာမတွေ အပြောနဲ့ဆိုက်တာလား၊လုပ်ငန်းနဲ့ဆိုက်တာလား[လုပ်ငန်းနဲ့ဆိုက်တာပါဘုရား] လုပ်ငန်းနဲ့ဆိုက်တာ ရှုတတ်ပလား၊ ဒီအတိုင်းရှုရမယ်။ [ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်]အဲဒီလို တကာတကာမတွေ(တတ္ထ တတ္ထ ခဏေ ခဏေ] ထိုထိုခဏခဏ၌ ရှုတဲ့ခဏတိုင်း ခဏတိုင်း ဒီအတိုင်း ရှုရမှာ၊ တတ္ထတတ္ထ ခဏေခဏေ၊ထိုထိုခဏခဏ၌၊ အသံဟီရဲ၊ မပြောင်းရွှေ့မိ အသံကုပ္ပံ မချုပ်ပျောက်ပျက်မိ၊

ဤသဘောတရားလေး မပျောက်ပျက်မိမှာ လူလို့ရှုရမှာလား၊ စိတ်လို့ရှုရမှာလား[စိတ်လို့ရှုရမှာပါဘုရား]အဲဒီလိုရှုပါ၊ ဘယ်ခဏမှာ ရှုရမှာတုံး(ရှုတိုင်း ရှုတိုင်း၊ ရှိုက်တိုင်းရှိုက်တိုင်း) ရှုတိုင်းခဏ ရှိုက်တိုင်းခဏမှာ ရှုမှာပါ၊ အရှိတရား ရှုတာလား၊ မရှိတရားရှုတာလား[အရှိတရားကိုရှုတာပါဘုရား] ရှိတာ ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါ) ဘယ်တုံးက ဖြစ်တာတုံး [ခုမှဖြစ်တာပါဘုရား] ဒါကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)။

အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး [နာမပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ)၊ ပရိညာအားဖြင့်(ညာတပရိညာ)လူကပိုင်းခြားတာလား၊ဉာဏ်ကပိုင်းခြားတာလား (ဉာဏ်ကပိုင်းခြားတာပါဘုရား) ဉာဏက၊ ဉာဏ်ပရိညာက ပိုင်းခြားတာ ဉာဏ်က ပိုင်းခြားပြီးတော့ သိလေသည် ဖြစ်သောကြောင့် ဉာတပရိညာစခမ်း ဆိုက်မလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ဆိုက်လာတယ်။

ဟကာတကာမတွေ ရှေ့တက်ကြပါစို့၊ သတိလဲထားပါ၊ ရှေ့တက်တော့မယ်၊ တနေ့က တက္ကက်ဘက်ခဲ့ပါတယ်၊ ဒါလွှတ်ပြီး ပြောလို့ရရဲ့လား (မရပါဘုရား) ဝိပဿနာဆိုတာ ကျော်တက်လို့ ရရဲ့လား (မရပါဘုရား) ပရိယတ္တိစည်းကမ်းနဲ့ ကျင့်ရတယ်၊ စည်းကမ်းမကျတဲ့ ဝိပဿနာသည် တကာ တကာမတွေ လမ်းမှန် ရောက်ပါ့မလား(မရောက်ပါဘုရား)စည်းကမ်းဆိုတာပရိယတ္တိ၊လုပ်ငန်းဆိုတာက ပဋိပတ္တိ၊ စည်းကမ်းကပါတုံး[ပရိယတ္တိပါဘုရား] လုပ်ငန်းက(ပဋိပတ္တိပါဘုရား) စည်းကမ်းကပရိယတ်၊ လုပ်ငန်းကပဋိပတ်ဆိုတော့ ပရိယတ်ကော ပဋိပတ်ကော မရဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

အပြောကပရိယတ် လုပ်ငန်းကဘာပါလိမ့်[ပဋိပတ်ပါဘုရား]ယခုခင်ဗျားတို့ အပြောလဲပါဘယ်၊ လုပ်ငန်းကော မပါဘူးလား (ပါပါတယ်ဘုရား) ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာတော်ကြီးကို အားထုတ်နေတဲ့ တကာတကာမတွေ

လို့ မပြောထိုက်ဘူးလား ပြောထိုက်သလား (ပြောထိုက်ပါတယ်ဘုရား) အကျိုး မများဘူးလား များသလား(များပါတယ်ဘုရား)များပါတယ်၊ ဒီလို စည်းကမ်း တကျနဲ့ လုပ်တဲ့လုပ်ငန်းသည် မအောင်မြင်ဘူးလား အောင်မြင်သလား(အောင် မြင်ပါတယ်ဘုရား)အောင်မြင်ရင်ဘာရမလဲ[ပဋိဝေဓပါဘုရား] ပဋိဝေဓဆိုတာ ဘာတုံး[ပဋိဝေဓဆိုတာနိဗ္ဗာန်]ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာကြီးနဲ့ ခင်ဗျားတို့ရင်ဆိုင်ချင်ရင်၊ တွေ့ချင်ရင် ဘာကို ခင်ဗျားတို့ဖြည့် ဆည်းပူးရမှာလဲ (ပရိယတ်နှင့်ပဋိပတ်) ယခု ပရိယတ်ကော ပါသလား၊ မပါဘူး လား(ပါပါတယ်ဘုရား)။

ခင်ဗျားတို့ သင်တန်းတက်နေတာကပရိယတ်၊ သင်တန်းတက်စဉ် အားထုတ် နေတာဘာတုံး[ပဋိပတ်]မရဘူးလား ရလာသလား(ရလာပါတယ်ဘုရား]ရလာ ပါတယ်။

တနည်းအားဖြင့် တကာ တကာမတွေ ပြောပါအုံးမယ်၊ ဆရာက ပရိယတ်၊ တပည့်ကပဋိပတ်၊ ဒီလိုလဲယူပါတယ်။ ဆရာကဘာတုံး (ပရိယတ်) တပည့်က ပဋိ ပတ်[ပဋိပတ်]နော်၊ခင်ဗျားတို့ပြောတတ်ဘို့ထက်လုပ်ငန်းလုပ်တတ်ဘို့အရေးကြီး သလား၊ မကြီးဘူးလား [ကြီးပါတယ် ဘုရား] တရားဟောတဲ့ ပုဂ္ဂိုလ်ကတော့ ပရိယတ်ကော၊ ပဋိပတ်ကော မကျွမ်းကျင်ဘူးလား၊ ကျွမ်းကျင်ရသလား(ကျွမ်း ကျင်ရပါတယ်ဘုရား)ပရိယတ္တိမကျွမ်းကျင်လို့ တကာတကာမတွေဖြစ်ပါ့မလား (မဖြစ်ပါဘုရား)ဆရာကပရိယတ္တိ၊ တပည့်ကပဋိပတ္တိ၊ခင်ဗျားတို့ကတော့လုပ်ငန်း လုပ်တတ်ဘို့ဘဲ အရေးကြီးပါတယ်။ အရေးမကြီးဘူးလား ကြီးသလား(ကြီးပါ တယ်ဘုရား) ကြီးပါတယ်။ အဲဒီတော့ ပရိယတ်၊ ပဋိပတ် ဆိုတဲ့ တရားနှစ်ပါးနှင့် ဒွန်တွဲပြီး သင်တန်းတက်နေတဲ့ တရားပွဲလို့ ဆိုထိုက်သလား၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)ဆိုထိုက်ပါတယ်။

ဒါကြောင့် တကာ တကာမတွေ ရှေ့ဆက်ကြပါစို့၊ စည်းကမ်းနှင့်အညီ ယခု ခင်ဗျားတို့ ဘာဉာဏ်ပါလိမ့် (နာမပရိစ္ဆေဒဉာဏ်) ဘာဉာဏ် (နာမပရိစ္ဆေဒ ဉာဏ်)နာမပရိစ္ဆေဒဉာဏ်ကို ဘယ်အချိန်မှာဖြစ်တာလဲ ရှုတိုင်း ရှုတိုင်း၊ရှုိက်တိုင်း ရှိုက်တိုင်းမှာ(ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်) ဘာတဲ့တုံး (ခုမှဖြစ်တဲ့စိတ် ခုမှဖြစ် တဲ့စိတ်)အဲဒီလိုရှုပါ။

အဲဒါ နာမပရိစ္ဆေဒဉာဏ်၊ ရှိရှိနေတာ၊ ဖြစ်ဖြစ်နေလို့ ဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ ပါဘုရား) ပ နေ့ က လဲ ပြောပါတယ်။ (နဒီသောတောဝိယ ပ ဝတ္တတိ) မြစ်ရေကိုမျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ် ကြည့်လိုက်တဲ့ အခါကျတော့ ရေ မတွေ့ဘူးလား၊ တွေ့သလား [တွေ့ပါတယ်ဘုရား] ရှိတာတွေ့တာလား၊ မရှိတာ

တွေ့တာလား (ရှိတာတွေ့တာပါဘုရား) အဲဒီဧရိယာ ရှိရှိနေတာ ဘာလို့ ရှိနေတာတုံး [အထက်က ရောက်ရောက်လာလို့] အထက်က ဘာတုံး [ရောက်ရောက်လာလို့ပါဘုရား] မရောက်ရင်ရှိပါ့မလား(မရှိပါဘုရား)

ကြည့်လိုက်တာနဲ့ တပြိုင်နက်၊ အဲဒီဧရိယာ ဘယ်တုံးကရေတုံး (အခုရေပါဘုရား) ခုနရေဘယ်ရောက်သွားသလဲ[စီးသွားပါပြီဘုရား]အခုလိုတကာတကာမတွေ့ နှာသီးဖျားမှာ သတိထားလိုက်တဲ့အခါ၊ လူတွေ ပုဂ္ဂိုလ်တွေ တွေ့တာလား၊ စိတ်တွေ့တာလား(စိတ်တွေ့တာပါဘုရား)ဒီစိတ်မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့)ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ခုမှ ဖြစ်တဲ့ ဘာတုံး (စိတ်-စိတ်) ခုမှဖြစ်တဲ့(စိတ် စိတ်)ခုမှဖြစ်တဲ့ (စိတ် စိတ်) ခုမှဖြစ်တဲ့ (စိတ် စိတ်) စိတ်ဖြစ်တာတော့ ခင်ဗျားတို့ တွေ့ပြီ၊ မတွေ့ဘူးလား တွေ့သလား [တွေ့ပါတယ်ဘုရား] တွေ့ပြီနော်၊ ဒီစိတ်က ဘာကြောင့် ဖြစ်တာလဲလို့ တဆင့်တက်နော်၊ တဆင့်တက် မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား)

ငါ့ကြောင့် ဖြစ်တာလို့ ဆိုလို့ရှိရင်လဲ (သဿတဒိဋ္ဌိ) နော်၊ သူများကြောင့် ဖြစ်တယ်ဆိုရင်လဲ (ဥစ္ဆေဒဒိဋ္ဌိ) အလိုလိုဖြစ်ရင်လဲ [အဟေတုကဒိဋ္ဌိ] အဌကထာဆရာတွေက ဖွင့်ထားတယ်။

ငါ့ကြောင့် ဖြစ်တယ် ထင်ရင်လဲ၊ ဘာဒိဋ္ဌိလဲ [သဿတဒိဋ္ဌိ] သူများကြောင့် ဖြစ်ရင်[ဥစ္ဆေဒဒိဋ္ဌိ]အလိုလိုဖြစ်တယ်ထင်ရင်[ အဟေတုကဒိဋ္ဌိ]

အော်-ဒီစိတ်ဖြစ်နေတာတော့ အမှန်ဘဲ၊ ဖြစ်တာအမှန်ဘဲလား [အမှန်ပါဘဲဘုရား]အမှန်ဘဲ၊ ဖြစ်ဖြစ်နေတယ်။ ငါ့ကြောင့်ဖြစ်တာလား၊ သူများကြောင့်ဖြစ်တာလား၊ အလိုလိုဖြစ်တာလေလားဆိုတဲ့သံသယ၊ ယုံမှားသံသယ ဒီနေရာ မဖြစ်နိုင်ဘူးလား ဖြစ်နိုင်သလား[ဖြစ်နိုင်ပါတယ်ဘုရား] ဖြစ်နိုင်ပါတယ်။

အော် ဒီစိတ်ဟာ၊ ရှူတိုင်းရှူတိုင်း၊ ရှိုက်တိုင်းရှိုက်တိုင်းမှာ၊ ဤလိုပြုချင်တဲ့စိတ်သဘောတွေရှိရှိနေတာ၊ ဖြစ်ဖြစ်နေလို့ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)ဘာကြောင့်ဖြစ်တာတုံးဆိုတော့၊ အကြောင်းကြောင့်ဖြစ်တာ၊ ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) ဒီလောက်ဘဲမှတ်ခဲ့။

ရှူချင်၊ ရှိုက်ချင်တဲ့စိတ်သဘောဘာကြောင့်ဖြစ်တာတုံး[အကြောင်းကြောင့်] ရှူချင်တဲ့စိတ်သဘောဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်) ရှိုက်ချင်တဲ့စိတ်သဘောဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်) ရှိုက်ချင်တဲ့သဘောဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်) ဤ လို ပြု ချင် တဲ့ စိတ် သဘောဘာကြောင့်ဖြစ်တာတုံး ( အကြောင်းကြောင့်ပါဘုရား ) ငါ ကြောင့် ဖြစ် တာဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) သူ များ ကြောင့် ဖြစ် တာ ကော ဟုတ် ရဲ့ လား (မဟုတ်ပါဘုရား) အလိုလိုဖြစ်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)မဟုတ်ပါဘူး။

ဘာကြောင့်တုံး၊ (အကြောင်းကြောင့်) ဒီ လောက် ဘဲ မှတ် ထား အုံး။ ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) ဒါကြောင့် ရှူပွားတဲ့အခါ ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ၊ (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ ရှူကွက်နော်။ ရှိုက်တဲ့အခါလဲ (ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့) အကြောင်းကြောင့်ဖြစ်။ အကြောင်းကိုဆင်ခြင်လိုက်နော်။

လှမ်းလှမ်းပြီးတော့ဆင်ခြင်ပါ၊ ကဲ တကွက်တက်မလာဘူးလား တက်လာသလား(တက်လာပါတယ်ဘုရား)တက်လာပါတယ်၊ ဒါကြောင့် ရှူတဲ့အခါ (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်)အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါကော( ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစတဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ် ) အကြောင်းကြောင့်ဖြစ်။

အဲဒီလိုအကြောင်းကိုလှမ်းလှမ်းပြီးဆင်ခြင်တဲ့ဉာဏ်သည်၊ပစ္စယပရိဂ္ဂဟဉာဏ်၊ ဘာဉာဏ်တဲ့တုံး (ပစ္စယပရိဂ္ဂဟဉာဏ်)။ ပစ္စယဆိုတာကအကြောင်း၊ ပရိဂ္ဂဟက သိမ်းဆည်းထား၊ ဉာဏ်ကဉာဏ်၊အကြောင်းကိုသိမ်းဆည်းတဲ့ဉာဏ်၊ ဘာဉာဏ်တဲ့တုံး (အကြောင်းကိုသိမ်းဆည်းတဲ့ဉာဏ်) မရလာဘူးလားရလာသလား (ရလာပါတယ်ဘုရား) အော် ...ရှူတဲ့အခါလဲ (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့ စိတ်) အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်)အကြောင်းကြောင့်ဖြစ်။ဒီလိုရှူကွက်ပိုင်အောင်လုပ်ထားတုံး။ ပြီးမှ အကြောင်းတွေကိုရှင်းပေးမယ်။

တကာတကာမတွေ၊ ဒါကိုမိအောင်ကိုင်ထား။ ဒါရှူကွက်ဘဲ၊ မူလကမ္မဋ္ဌာန်းဘဲ၊ ခင်ဗျားတို့ရှူရမဲ့ရှူကွက်၊ ဒါကြောင့် (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်)လို့ရှူတာက (နာမပရိစ္ဆေဒဉာဏ်)အကြောင်းကြောင့်ဖြစ်လို့ဆင်ခြင်တဲ့ ဉာဏ်က ပစ္စယပရိဂ္ဂဟဉာဏ်။ ဉာဏ်ဘယ်နှစ်ဉာဏ်နှင့်ရှူတာတုံး (ဉာဏ်နှစ်ဉာဏ်နှင့်ပါဘုရား) ဘာဉာဏ်နှင့်ဘာဉာဏ်ရှူတာတုံး(နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)။

အော် ...လုပ်ငန်းနဲ့ရှူပွားမနေဘူးလား၊ ရှူပွားနေသလား (ရှူပွားနေပါတယ်ဘုရား) ဘယ်အချိန်မှာရှူပွားတာတုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ဒီလိုရှူပွားတတ်ရတယ်၊ ရှူပွားတဲ့အခါလဲ ဤလိုပြုချင်တဲ့စိတ်သဘောက ဘာတုံး (ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်။ ရှိုက်တဲ့အခါကော[ခုမှဖြစ်တဲ့စိတ်၊ခုမှဖြစ်တဲ့စိတ်]အကြောင်းကြောင့်ဖြစ်။ဘယ်ဉာဏ်နှင့်ဘယ်ဉာဏ်တုံး(နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)ဒီဉာဏ်နှစ်ဉာဏ်ပိုင်သွားရင်ခင်ဗျားတို့အကျိုးမများဘူးလားများသလား(များပါတယ်ဘုရား)။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာတော်က ထောက်ခံထားပါတယ်။

+ ဣမိနာပနညာဏေန သမန္နာဂတော၊ ဝိပဿကော၊
ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော၊
စူဠသောတာပန္နောနာမဟောတိ။

ဣမိနာပနညာဏေန၊ ဤနာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါးနှင့် သမန္နာဂတော၊ ပြည့်စုံသော၊ ဝိပဿကော၊ ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်သည်၊ ဘယ်ဉာဏ်နှင့်ဘယ်ဉာဏ်အားထုတ်နေတာတုံး (နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်) ဘယ်အချိန်မှာအားထုတ်တာပါလိမ့် (ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား)

အဲဒီလိုပစ္စုပ္ပန်မှာလဲ ခင်ဗျားတို့မိပါစေ၊ ရှုတဲ့အခါလဲ (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်။ ရှိုက်တဲ့အခါလည်း (ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်)အကြောင်းကြောင့်ဖြစ်။ အဲဒါနာမပရိစ္ဆေဒဉာဏ်နှင့်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ဉာဏ်မရှုနေဘူးလား ရှုနေသလား[ရှုနေပါတယ်ဘုရား] ဒါကြောင့်–

ဣမိနာပန် ညာဏေန ဤနာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဉာဏ်နှင့် သမန္နာဂတော၊ ပြည့်စုံသော၊ ဝိပဿကော၊ ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်သည် ဗုဒ္ဓသာသနေ၊ ဂေါတမ သာသနာတော်ကြီး၌၊ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရသည်ဖြစ်၍၊ ခင်ဗျားတို့မသက်သာဘူးလား သက်သာသွားသလား [သက်သာသွားပါတယ်ဘုရား] အ ပါယ် က လွတ် သွား ရင် သက်သာတာပေါ့၊ အပါယ်ကလွတ်မသွားဘူးလားလွတ်သွားသလား(လွတ်သွားပါတယ်ဘုရား)။

ဘယ်ဉာဏ်ကနေပြီးတော့ အပါယ်တံခါးပိတ်ပေးကိုက်တာလဲ၊ လူကပိတ်တာလား ဉာဏ်ကပိတ်တာလား(ဉာဏ်ကပိတ်တာပါဘုရား)တုံယ်ဉာဏ်နှင့်ပိတ်လိုက်တာတုံး (နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်) အဲဒီဉာဏ်ခင်ဗျားတို့မရသင့်ဘူးလားရသင့်သလား ( ရသင့်ပါတယ်ဘုရား ) ရ အောင် ခင် ဗျား တို့ မကျိုးစားသင့်ဘူးလား ကျိုးစားသင့်သလား ( ကျိုးစားသင့်ပါတယ်ဘုရား ) ကျိုးစားသင့်တယ်နော်၊ ဗုဒ္ဓသာသနေ၊ ဂေါတမသာသနာတော်ကြီး၌၊လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍၊ ခင်ဗျားတို့အားကိုးရာ အားထားရာရမသွားဘူးလား ရသွားသလား၊ (ရသွားပါတယ်ဘုရား)။

သားတွေသမီးတွေကြောင့်လား၊ နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကြောင့်လား၊ ( နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကြောင့်ပါဘုရား )

+ ဝိ ဋ္ဌ ၃ နှာ ၂၄၀

သားသမီးတွေအားကိုးရမှာလား၊ဉာဏ်ကိုအားကိုးရမှာလား(ဉာဏ်ကိုအားကိုး ရမှာပါဘုရား)။ အားကိုးရမဲ့အားထားရမဲ့၊၊ ဝိပဿနာဉာဏ် ခင်ဗျားတို့မရလာ ဘူးလား ရလာသလား (ရပါတယ်ဘုရား)။

ဒါကြောင့် လဒ္ဓဿာသော၊လဒ္ဓပတိဋ္ဌော၊ရအပ်သောထောက်တည်ရာရှိသည် ဖြစ်၍၊ နိယတဂတိကော၊ မြဲသောဂတိရှိသည်ဖြစ်၍၊ အပါယ်ကလွတ်တယ် ဆိုကတည်းက ဂတိမမြဲဘူးလားမြဲသလား [ မြဲပါတယ်ဘုရား ]။ အပါယ်တော့ မကျတော့ဘူးဆိုကတည်းကခင်ဗျားတို့ဂတိမြဲပြီ၊ဘယ်ဘဝဘဲရောက်ရောက်ဘုရား က ပြောင်းပါအုံးမလား [ မပြောင်းတော့ပါဘုရား ] တရားကော (မပြောင်း တော့ပါဘုရား) သံဃာကော ( မပြောင်းပါဘုရား )၊ မပြောင်းတော့ဘူး၊ ဒါကြောင့်-နိယတဂတိကော၊ မြဲသောဂတိရှိသည်ဖြစ်၍၊ စူဠသောတာပန္နော နာမ၊ အငယ်စားစူဠသောတာပန်မည်သည်ဟောတိဖြစ်၏။

စူဠသောတာပန် အပါယ်မလွတ်ဘူးလား၊ လွတ်သလား ( လွတ်ပါတယ် ဘုရား)၊ စူဠသောတာပန် ဖြစ်လာကတည်းကိုက၊ မဟာသောတာပန်အဖြစ်ကို ရွေ့ရှုမနေဘူးလား၊ နေသလား ( ရွေ့ရှုနေပါတယ်ဘုရား )၊ ဘယ်ဉာဏ်နှင့်ဘယ် ဉာဏ်ရလို့လဲ (နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ရလို့ပါဘုရား)။

နာမပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ခင်ဗျားတို့ရှုတိုင်း ရှုတိုင်း ရှိက် တိုင်းရှိုက်တိုင်းမှာ ဘယ်လိုရှုရမှာတုံး(ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)အကြောင်း ကြောင့်ဖြစ်။ ရှိုက်တဲ့အခါကော ( ခုမှဖြစ်တဲ့စိတ် - ခုမှဖြစ်တဲ့စိတ် - အကြောင်း ကြောင့်ဖြစ်)။

အဲဒီလို အကြောင်းကိုဆင်ခြင်လိုက်၊ မဆင်ခြင်ဘူးလား၊ ဆင် ခြင် သ လား ( ဆင်ခြင်ပါတယ်ဘုရား ) အဲဒီလိုဆင်ခြင်တဲ့ဉာဏ်ကဘာဉာဏ် (ပစ္စယပရိဂ္ဂဟ ဉာဏ်) ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ပစ္စယပရိဂ္ဂဟဉာဏ်မရလာဘူး လားရလာသလား[ရလာပါတယ်ဘုရား]ရလာပြီ၊ဒါကြောင့်ပစ္စယပရိဂ္ဂဟဉာဏ်။

အဲဒီတော့ ခင်ဗျားတို့ ရှုချင်တဲ့စိတ် ရှိုက်ချင်တဲ့စိတ်၊ ဤလိုပြုချင်တဲ့စိတ်တွေ မရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား) ဘာလို့ရှိရှိနေသလဲ (ဖြစ်လို့ပါဘုရား) ဘာကြောင့်ဖြစ်ဘာတုံး ( အကြောင်းကြောင့်ပါဘုရား ) ငါကြောင့်လေလား၊ သူ့ကြောင့်လေလား၊ အလိုလိုကြောင့်လေလား၊ သို့လောသို့လော လာသေးရဲ့ လား (မလာပါဘုရား) သို့လောသို့လောမလာပါဘူး။

ယုံမှားသံသယတွေ မလွန်မြောက်ဘူးလား၊လွန်မြောက်သလား(လွန်မြောက် ပါတယ်ဘုရား) တိဏ္ဏော ဝိစိကိစ္ဆာတဲ့၊ ဝိစိကိစ္ဆာက လွန် မြောက်၊ တိ ဏ္ဏော ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာကနေပြီး လွန်မြောက်တယ်၊ သက္ကာယဒိဋ္ဌိလဲ ပြုတ်ခဲ့တယ်၊ ပြီးတော့ဘာတုံး ဝိစိကိစ္ဆာလဲပြုတ်တယ်ဆိုတော့ အပါယ်တံခါး မပိတ်ဘူးလား၊ ပိတ်သလား (ပိတ်ပါတယ်ဘုရား) လုပ်ငန်းနှင့်ပိတ်တာလား၊ အ ပြော နှင့် ပိတ်

တာလား (လုပ်ငန်းနှင့်ပိတ်တာပါဘုရား) ယုံမှားသံသယတွေ မလွန်မြောက်ဘူးလား၊ လွန်မြောက်သလား ( လွန်မြောက်ပါတယ်ဘုရား ) ဘာကိုဆင်ခြင်လိုက်တာတုံး (အကြောင်းကိုပါဘုရား) ဘာကိုဆင်ခြင်လိုက်တာတုံး (အကြောင်းကိုပါဘုရား)။

ယုံမှားသံသယတွေ လွန်မြောက်သွားတဲ့အတွက်ကြောင့်၊ သုဒ္ဓိအားဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ဘာသုဒ္ဓိတုံး (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ကင်္ခါ၊ ယုံမှားခြင်းဝိတရဏကလွန်မြောက်တာ၊ ဝိသုဒ္ဓိက စင်ကြယ်တာ၊ ယုံမှားသံသယတွေက လွတ်မြောက်ပြီးတော့ အကျင့်မစင်ကြယ်ဘူးလား၊ စင်ကြယ်သလား ( စင်ကြယ်ပါတယ်ဘုရား) ဒါကြောင့်ဘာသုဒ္ဓိပါလိမ့် (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ပရိညာအားဖြင့် ဉာတပရိညာ ဘာပရိညာ [ ဉာတပရိညာပါဘုရား ]။ မဆိုက်လာဘူးလား၊ ဆိုက်လာသလား[ ဆိုက်လာပါတယ်ဘုရား ]ဉာဏ်ကဘာဉာဏ်တုံး [ပစ္စယပရိဂ္ဂဟဉာဏ်] သုဒ္ဓိအားဖြင့် [ ကင်္ခါဝိတရဏဝိသုဒ္ဓိ ] ပရိညာအားဖြင့် ဉာတပရိညာဟုတ်လား။

ရှုတဲ့အခါရှိုက်တဲ့အခါ [ ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ် ] လို့ရှုတာက နာမပရိစ္ဆေဒဉာဏ် [ဒိဋ္ဌိဝိသုဒ္ဓိ၊ ဉာတပရိညာ] သူ့ဉာဏ်နှင့် သူ့သုဒ္ဓိနှင့် သူ့ပရိညာမကိုက်ဘူးလား၊ ကိုက်သလား [ကိုက်ပါတယ်ဘုရား]။ အဲဒီတော့တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ [ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်] အကြောင်းကြောင့်ဖြစ်၊ ဘယ်အကြောင်းတွေတုံးလို့ တဆင့်တက်မလာဘူးလား၊ တက် လာ သ လား [တက်လာပါတယ်ဘုရား ]။ အဲဒီစိတ်ဖြစ်ခြင်းအကြောင်းက [လေးပါး] စိတ်ဖြစ်ခြင်းအကြောင်းကဘယ်နှစ်ပါးပါလိမ့် [ လေးပါးပါဘုရား ]။ လေးပါးက၊ အဝိဇ္ဇာ– တဏှာ· ဥပါဒါန်- ကံဘယ်နှစ်ပါးတဲ့တုံး[လေးပါးပါဘုရား]ဆိုစမ်းပါ [အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ ကံပါဘုရား ] အကျယ်တဝင့်ကို မနက်ဖြန်မှရှင်းမယ်။ ဒီလောက်ဘဲခင်ဗျားတို့မှတ်ထားခဲ့အုံး၊ ဤလိုပြုချင်တဲ့စိတ်ဟာ အကြောင်းကိုစွဲ၍ ဖြစ်တာလား၊ အကြောင်းကင်း၍ဖြစ်တာလား [အကြောင်းစွဲပြီးဖြစ်တာပါဘုရား ]ဘယ်အကြောင်းကိုစွဲပြီးဖြစ်တာပါလိမ့် [အဝိဇ္ဇာ-တဏှာ၊ ဥပါဒါန်၊ ကံ]။

ဤလိုပြုချင်တဲ့စိတ်ဟာ၊ အဝိဇ္ဇာကြောင့်လဲဖြစ်တယ်၊ တဏှာကြောင့်လဲဖြစ်တယ်၊ ဥပါဒါန်ကြောင့်လဲဖြစ်တယ်၊ ကံကြောင့်လဲဖြစ်တယ်။ ဖြစ်ပုံကို တကာတကာမတွေ မနက်ဖြန်မှ အကျယ်တဝင့်ရှင်းကြပါစို့၊ ဒီလောက်ဘဲ ခင်ဗျားတို့မှတ်ခဲ့အုံး။

ဤလိုပြုချင်တဲ့စိတ်ဟာ၊ အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့် ဖြစ်တာလား .(အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဘယ်အကြောင်းတွေကြောင့် ဖြစ်တာပါလိမ့် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) အဲဒီအကြောင်းတရားလေးပါး

ကြောင့်ဖြစ်တဲ့စိတ်ဟုတ်လား။ အဲဒီတော့ စိတ်ကအကျိုးတရား (အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ ကံ) က အကြောင်းတရား ( အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ ) က ဘာတုံး အကြောင်းတရား၊ ဤလိုပြုချင်တဲ့စိတ်ကအကျိုးတရား။ ဤလိုပြုချင်တဲ့စိတ်က (အကျိုးတရား) အကြောင်းအကျိုးကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား)။

အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ( ပဋိစ္စသမုပ္ပါဒ်ဉာဏ် ) ဘာဉာဏ်တုံး ( ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား ) အဝိဇ္ဇာ-တဏှာ၊ ဥပါဒါန်၊ ကံသည် အကျိုးတရားလား၊ အကြောင်းတရားလား (အကြောင်းတရားပါဘုရား) ဤလိုပြုချင်တဲ့စိတ်က (အကျိုးတရား)၊ ဤလိုပြုချင်တဲ့ စိတ်က [အကျိုးတရား] အကြောင်းအကျိုးကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး ( ပဋိစ္စသမုပ္ပါဒ်ဉာဏ် ) ပဋိစ္စ၊ အကြောင်းကိုစွဲ၍၊ ဥပ္ပါဒ-ဖြစ်ခြင်း၊ ဤလိုပြုချင်တဲ့စိတ်ဟာ အကြောင်းကိုစွဲဖြစ်တာလား၊ အကြောင်းကင်း ၍ ဖြစ် တာ လား ( အကြောင်းကိုစွဲဖြစ်တာပါဘုရား ) ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်။

ဤလိုပြုချင်တဲ့စိတ်သည် ပဋိစ္စ အဝိဇ္ဇာ-တဏှာ၊ ဥပါဒါန်၊ ကံတည်းဟူသော အကြောင်းကိုစွဲ၍၊ ဥပ္ပါဒေါ၊ ဤလိုပြုချင်တဲ့စိတ်ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား] ပဋိစ္စသမုပ္ပါဒေါ၊ အဝိဇ္ဇာ-တဏှာ၊ ဥပါဒါန်၊ ကံကိုစွဲ၍၊ ဤလိုပြုချင်တဲ့စိတ်သဘောဖြစ်ခြင်း မဖြစ်လာဘူးလား၊ ဖြစ်လာသလား ( ဖြစ် လာ ပါ တယ်ဘုရား)။ ဣတိတသ္မာ-ထို့ကြောင့်၊ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်-ဆိုတဲ့အဓိပ္ပါယ်က အကြောင်းအကျိုးကွဲနေသည့်ဉာဏ်၊ ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ယခုခင်ဗျားတို့လုပ်ငန်းနှင့်ကွဲတာလား၊ အပြောနဲ့ကွဲတာလား (လုပ်ငန်းနှင့်ကွဲတာပါဘုရား) ခန္ဓာမှာကွဲတာလား၊ စာအုပ်တွေ ဘောာတွေထဲမှာ ကွဲတာလား ( ခန္ဓာမှာကွဲတာပါဘုရား ) ခန္ဓာမှာ ဘယ်အချိန် ပဋိစ္စသမုပ္ပါဒ် ကွဲနေတာတုံး (ရှုတိုင်း ရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာပါဘုရား)။

အောာ်-ရှုချင်တဲ့သဘောကဘာတုံး [စိတ်-စိတ်]ရှုက်ချင်တဲ့သဘောကဘာတုံး [စိတ်-စိတ်] ဒီစိတ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ [ ဖြစ်ဖြစ်ခနေလို့ပါဘုရား ] ဘာကြောင့်ဖြစ် ( အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဘယ်အကြောင်းကြောင့်ဖြစ်တာပါလိမ့် [အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ]။ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံသည် အကြောင်းတရားလား၊အကျိုးတရားလား [ အကြောင်းတရားပါဘုရား ] ဤလိုပြုချင်တဲ့စိတ်က [အကျိုးတရားပါဘုရား[ အကြောင်းအကျိုးမကွဲဘူးလား၊ ကွဲသလား [ကွဲပါတယ်ဘုရား] ရှုက္ခက်နှင့်ကွဲတာလား၊ အပြောနှင့်ကွဲတာလား ( ရှုက္ခက်နှင့်ကွဲတာပါဘုရား ) ပရိယတ်

နှင့်ကွဲတာလား၊ ပဋိပတ်နှင့်ကွဲတာလား (ပဋိပတ်နှင့်ကွဲတာပါဘုရား) ပဋိပတ်နှင့်ကွဲမှ ခင်ဗျားတို့အကျိုးများတယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား(မရပါဘုရား) မရဘူး။

ခင်ဗျားတို့သတိထားလိုက်၊ ဉာဏ်ဘယ်နှစ်ဉာဏ်ရတာတုံး [နှစ်ဉာဏ်] နာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ မရလာဘူးလား၊ ရလာသလား [ ရပါတယ်ဘုရား ] ဒီဉာဏ်သုံးဉာဏ် ခင်ဗျားတို့ပိုင်သွားလို့ရှိရင်၊ စူဠသောတာပန် ဟေ့ လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက မထောက်ခံထားဘူးလား၊ ( ထောက်ခံထားပါတယ်ဘုရား ) ဘာကြောင့်လဲလို့ဆိုတော့၊ ခင်ဗျားတို့သိက္ခာ [ သုံးပါး ] နှင့်ပြည့်စုံလို့၊ ဘာကြောင့်တဲ့တုံး [သိက္ခာသုံးပါးနှင့် ပြည့်စုံလို့ပါဘုရား] သိက္ခာဘယ်နှစ်ပါးရှိတာတုံး [ သုံးပါးပါဘုရား ] သုံးပါးက [ သီလ၊ သမာဓိ၊ ပညာ] သိက္ခာသုံးပါး။

အဲ ဒီ တော့၊ သီလသိက္ခာကသုံးပါး၊ သမာဓိသိက္ခာသုံးပါး၊ ပညာသိက္ခာကနှစ်ပါး၊ အားလုံးပေါင်းလိုက်တော့ ဘယ်နှစ်ပါးရှိတုံး [ရှစ်ပါး]၊ ဒီရှစ်ပါးဟာမဂ္ဂင်ရှစ်ပါး၊ ဘာတုံး (မဂ္ဂင်ရှစ်ပါးပါဘုရား)။

အဲဒါ တကာ တကာမတွေရှင်းကြပါအုံးစို့ရဲ့၊ ရှင်းပြီးတော့တရားပွဲသိမ်းပေးပါ့မယ်၊ အချိန်ကလဲနီးပါပြီ၊တကာ တကာမတွေသတိထားလိုက်စမ်းပါ (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ) ဤလိုပြုချင်တဲ့သဘောကဘာတုံး (စိတ်-စိတ်-စိတ်) (ခုမှဖြစ်တဲ့စိတ်–ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ အဲဒီလိုရှုခိုက်မှာ ပါဏာတိပါတ၊ အဒိန္နာဒါန်၊ ကာမေသုမိစ္ဆာစာရ၊ ဆိုတဲ့ကာယဒုစရိုက်သုံးပါးလွန်ကျူးချင်တဲ့စိတ် ပေါ်သေးရဲ့လား (မပေါ်ပါဘုရား)မလုံခြုံဘူးလား၊ လုံခြုံသလား (လုံ ခြုံ ပါ တယ် ဘု ရား) အဲဒါလုံခြုံတဲ့အတွက်ကြောင့် ဘာတုံး(သမ္မာကမ္မန္တမဂ္ဂင်)၊ဘာမဂ္ဂင်ဆိုက်လာတုံး (သမ္မာကမ္မန္တမဂ္ဂင်ပါဘုရား) သမ္မာကမ္မန္တမဂ္ဂင် မဆိုက်ဘူးလား၊ ဆိုက်သလား (ဆိုက်ပါတယ်ဘုရား)

အော်-ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ၊ ဤလိုပြုချင်တဲ့စိတ်ဟာ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ အဲဒီလိုရှုခိုက်မှာ ခင်ဗျားတို့လိမ်ပြောချင်တဲ့စိတ်တွေ ပေါ်သေးရဲ့လား ( မပေါ်ပါဘုရား ) တယောက်နှင့်တယောက် ဟိုတမျိုးဒီတမျိုးပြောချင်တဲ့စိတ်တွေကော လာသေးရဲ့လား (မလာပါဘုရား) ကြမ်းတမ်းတဲ့စကားတွေကော ပြောသေးရဲ့လား (မပြောပါဘုရား) ပြိန်ဖျင်းတဲ့စကားတွေကော ပြောမိသေးရဲ့လား (မပြောမိတော့ပါဘုရား) ဝစီဒုစရိုက်လေးပါး မလုံခြုံဘူးလား၊ လုံခြုံသလား ( လုံခြုံပါတယ်ဘုရား ) အဲဒါလုံခြုံတဲ့အတွက်ကြောင့် သမ္မာဝါစာမဂ္ဂင်ဆိုက်တယ်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တနှစ်ပါးမရဘူးလားရသလား (ရပါတယ်ဘုရား) အဲဒီလို ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ၊ နာမပရိစ္ဆေဒဉာဏ်နှင့်ပစ္စယပရိဂ္ဂဟဉာဏ်ရှုဆဲမှာ သမ္မာဝါစာမဂ္ဂင်လဲဆိုက်တယ်၊ သမ္မာကမ္မန္တမဂ္ဂင်လဲဆိုက်တယ်၊ အဲဒီအချိန်မှာ ခင်ဗျားတို့အသက်ရှင်နေတာလား၊ သေနေတာလား (ရှင်နေတာပါဘုရား) ကုသိုလ်နှင့်ရှင်တာလား အကုသိုလ်နှင့်ရှင်တာလား (ကုသိုလ်နှင့် ရှင်နေဘာပါဘုရား) ကောင်းသောရှင်ခြင်းလား၊ မကောင်းသောရှင်ခြင်းလား (ကောင်းသောရှင်ခြင်းပါဘုရား) ကောင်းသောအသက်ရှင်ခြင်းဖြစ်လေသောကြောင့်၊ သမ္မာအာဇီဝမဂ္ဂင်၊ ဘာမဂ္ဂင် ( သမ္မာအာဇီဝမဂ္ဂင်ပါဘုရား ) မဂ္ဂင်ဘယ်နှစ်ပါးပါလိမ့် (သုံးပါးပါဘုရား) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သီလမဂ္ဂင်သုံးပါး၊ ဘာမဂ္ဂင်သုံးပါးပါလိမ့် (သီလမဂ္ဂင်သုံးပါးပါဘုရား) သီလမဂ္ဂင်ဘယ်နှစ်ပါးရလာတုံး ( သုံးပါးပါဘုရား )။ သုံးပါးကဆိုစမ်းပါအုံး၊ (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ) ဘာမဂ္ဂင်တုံး (သီလမဂ္ဂင်ပါဘုရား) မရလာဘူးလားရလာသလား (ရလာပါတယ်ဘုရား)။ လုပ်ငန်းနှင့်ရလာတာလား၊ အပြောနှင့်ရတာလား (လုပ်ငန်းနှင့်ရတာပါဘုရား)။

တကာတကာမတွေ၊ အားထုတ်မှုမပါဘူးလားပါသလား(ပါပါတယ်ဘုရား) ဝီရိယကော မပြည့်စုံဘူးလား ( ပြည့်စုံပါတယ်ဘုရား ) ဝီရိယက သမ္မာဝါယာမမဂ္ဂင်။ ဘာမဂ္ဂင်တုံး ( သမ္မာဝါယာမမဂ္ဂင်ပါဘုရား ) သတိကော မရှိဘူးလား (ရှိပါတယ်ဘုရား) သတိကသမ္မာသတိမဂ္ဂင်၊ သတိကဘာတုံး (သမ္မာသတိမဂ္ဂင်ပါဘုရား) သမ္မာဝါယာမ၊ သမ္မာသတိရမလာဘူးလားရလာသလား (ရလာပါတယ်ဘုရား)။

အဲဒီတော့ သတိပြည့်စုံလိုက်တာနဲ့၊ သမ္မာဝါယာမနှင့်သမ္မာသတိ။ ဝီရိယနှင့်သတိပြည့်စုံလိုက်တာနဲ့တပြိုင်နက် ခင်ဗျားတို့စိတ်တွေ ဟိုဟိုဒီဒီပြေးသေးရဲ့လား ( မပြေးတော့ပါဘုရား ) ဒီရှုကွက်ပေါ်မှာ၊ နာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်မှာရှုစိတ်တည်မနေဘူးလားတည်နေသလား[တည်နေပါတယ်ဘုရား] တည်နေတာသမ္မာသမာဓိမဂ္ဂင်၊ ဘာမဂ္ဂင်တုံး ( သမ္မာသမာဓိမဂ္ဂင်ပါဘုရား ) ရမလာဘူးလားရလာသလား (ရလာပါတယ်ဘုရား)။

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲဒါကသမာဓိမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်ဘယ်နှစ်ပါးရှိတုံး ( သုံးပါးရှိပါတယ်ဘုရား ) သမာဓိမဂ္ဂင်သုံးပါကဘာပါလိမ့်(သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ)အဲဒါဘာမဂ္ဂင်တုံး(သမာဓိမဂ္ဂင်သုံးပါးဘုရား)အားလုံးဘယ်နှစ်ပါးရသွားပါလိမ့် (ခြောက်ပါးပါဘုရား)။

တကာတကာမတွေ၊ သတိထားလိုက်စမ်းပါ၊ ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ၊ အရှိတရားတွေတာလား၊ မရှိတရားတွေတာလား (အရှိတရားတွေ့တာပါဘုရား) အရှိတရားကလူတွေ၊ သတ္တဝါတွေ၊ ယောကျ်ားမိန်းမပုဂ္ဂိုလ်တွေလား၊ စိတ်သဘောလား ( စိတ်သဘောပါဘုရား )။ ရှိတာဘာလို့ရှိတာပါလိမ့်၊ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တာအမှန်ဘဲလား (အမှန်ပါဘဲဘုရား)ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) အကြောင်းကြောင့်ဖြစ်တာအမှန်ဘဲလား (အမှန်ပါဘုရား)။

အော်-တကာ တကာမတွေ၊ အမှန်မြင်နေတာသည် သမ္မာဒိဋ္ဌိလား မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) ဘာမဂ္ဂင်ပါလိမ့် (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)။ ရမလာဘူးလား ရလာသလား၊ (ရလာပါတယ်ဘုရား) တကာတကာမတွေ အဲဒီရှုစိတ်ကို တခြားရောက်မသွားအောင် ဉာဏ်နှင့်မနောဝိညာဏ်စိတ်နဲ့တွဲပြီး ရှုမနေဘူးလား ရှုနေသလား (ရှုနေပါတယ်ဘုရား)။

အဲဒီရှုစိတ်ကလေးတခြားကိုင်းမသွားအောင်၊ ပြောင်း ရွှေ့ မ သွား အောင် ဘယ်သူကတင်ပေးသလဲဆိုတော့ သမ္မာသင်္ကပ္ပကတင်ပေးတာ၊ ဘာကတင်ပေးတာတုံး(သမ္မာသင်္ကပ္ပကတင်ပေးတာပါဘုရား)သမ္မာသင်္ကပ္ပမဂ္ဂင်မဆိုက်ဘူးလား ဆိုက်လာသလား ( ဆိုက်လာပါတယ်ဘုရား ) အဲဒါသမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပမဂ္ဂင်က ( ပညာမဂ္ဂင် ) ဘာမဂ္ဂင်ပါလိမ့် ( ပညာမဂ္ဂင်ပါဘုရား )။ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကဘာမဂ္ဂင်တုံး (ပညာမဂ္ဂင်ပါဘုရား) ပညာမဂ္ဂင်ကဘယ်နှစ်ပါးလဲ (နှစ်ပါးပါ)။

သီလသိက္ခာဆိုတဲ့ သီလမဂ္ဂင်ကဘယ်နှစ်ပါးလဲ (သုံးပါးပါဘုရား) သမာဓိမဂ္ဂင်က (သုံးပါးပါဘုရား) ပညာမဂ္ဂင်က (နှစ်ပါးပါဘုရား) ပေါင်းလိုက်တော့ (ရှစ်ပါးပါဘုရား) အော် ခင်ဗျားတို့မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါးအကျင့်တရားတွေနဲ့ ပြည့်စုံတော့ အပါယ်လေးပါးက မလွတ်ဘူးလားလွတ်သလား (လွတ်ပါတယ် ဘု ရား)

ဒါကြောင့် အဌကထာဆရာကြီးက ရဲရဲတင်းတင်း ခင်ဗျားတို့ကိုထောက်ခံမပေးဘူးလားပေးသလား (ပေးပါတယ်ဘုရား) ဒီဉာဏ်နှစ်ဉာဏ်ရရင် မင်းတို့ဘဝမြဲတယ် ဟော လို့ ဒီအတိုင်း ခင်ဗျားတို့ကို ရှင်းရှင်းလင်းလင်းထောက်ခံထားတယ် ဆို တာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)

အော် မဂ္ဂင်ရှစ်ပါးနဲ့လဲပြည့်စုံပါတယ်၊ ပြီးတော့ သိက္ခာသုံးပါးနဲ့ကောမပြည့်စုံဘူးလားပြည့်စုံသလား ( ပြည့်စုံပါတယ်ဘုရား ) ဒါကြောင့် ခင်ဗျားတို့မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖေါင်ပေါ်မှာမရောက်ဘူးလားရောက်သလား ( ရောက်ပါတယ်ဘုရား) အဲဒီတော့ မဂ္ဂင်တည်းဟူသောဖေါင်ပေါ်မှာ၊ သီ လ တည်း ဟူ သော တက်မ၊ သမာဓိတည်းဟူသောတက်မ၊ ပညာတည်းဟူသောတက်မနှင့်

ခင်ဗျားတို့လှော်နေသလား လှော်မနေဘူးလား (လှော်နေပါတယ်ဘုရား)တခါ လှော်ရင် တခါမရွေ့ဘူးလား (ရွေ့ပါတယ်ဘုရား) တခါရွေ့သွားရင် ခင်ဗျားတို့ ရောက်ချင်တဲ့ရွာနဲ့နီးသွားမလား၊နီးမသွားဘူးလား[နီးသွားပါတယ်ဘုရား]။

အဲ ဤကဲ့သို့ဘဲ ခင်ဗျားတို့ သီလသမာဓိ ပညာဆိုတဲ့ တက်နှင့် မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖေါင်ကြီးကို ယနေ့တနာရီအတွင်းမှာ လှော်မနေဘူးလားလှော်နေသလား ( လှော်နေပါတယ်ဘုရား )၊ ဘယ်ကိုဦးတည်ပြီးတော့ လှော်နေပါလိမ့် (နိဗ္ဗာန်ကိုပါဘုရား)။ နိဗ္ဗာန်ကိုဦးတည်ပြီးတော့ ခင်ဗျားတို့မဂ္ဂင်ဖေါင်ကြီးက သွားနေတယ်လို့မဆိုထိုက်ဘူးလားဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒီသီလမဂ္ဂင် ပြီးတော့၊ သမာဓိမဂ္ဂင်၊ ပြီးတော့ ပညာမဂ္ဂင်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးတရားနဲ့ကောမပြည့်စုံဘူးလားပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) ဘာဉာဏ်နှင့် ဘာဉာဏ်ရှုနေလို့တုံး (နာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ပဋိစ္စသမုပ္ပါဒ်ဉာဏ်တို့ကိုပါဘုရား) မနက်ဖြန်မှ ခင်ဗျားတို့အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံကို ရှင်းကြစို့ရဲ၊ အချိန်လဲစေ့ပါပြီ၊ ဒီဉာဏ်သုံးဉာဏ်နှင့် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှဆက်ကြပါစို့။

| | | |
|---|---|---|
| ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| ။ | ။ | ဓမ္မံပူဇေမိ |
| ။ | ။ | သံဃံပူဇေမိ |

## ဝိရဉ္စိယဂုခေတ်ကို လက်လွှတ်မခံပါနှင့်

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၁၁) ရက် ဟောကြားသောတရား။

ဘုန်းကြီးတို့ရဲ့သာသနာတော်မှာ ခေတ်ငါးမျိုးရှိပါတယ်၊ခေတ်ဘယ်နှစ်မျိုး ရှိသလဲ (ငါးမျိုးပါဘုရား) ငါးမျိုးရှိတယ်တဲ့၊ အဲဒီခေတ်ငါးမျိုးက၊ ဝိမုတ္တိယုဂ ခေတ်၊ သမာဓိယုဂခေတ်၊ သီလယုဂခေတ်၊ သုတယုဂခေတ်၊ ဒါနယုဂခေတ် ဆိုပြီးတော့ ခေတ်ဘယ်နှစ်မျိုးရှိတဲ့တုံး(ငါးမျိုးပါဘုရား)ငါးမျိုး။

ဝိမုတ္တိယုဂခေတ် ဆိုတာ က၊ ဝိပဿနာတရားတွေကို ဦးစားပေး ပြီးတော့ ကြိုးစားအားထုတ်တဲ့ခေတ်ကို ဝိမုတ္တိခေတ်လို့ ခေါ်ပါတယ်။ သမာဓိယုဂခေတ် - ဆိုတာက သမာဓိကမ္မဋ္ဌာန်းတွေကို ဦးစားပေး ပြီးတော့ ကျင့်ကြံ အားထုတ်တဲ့ ခေတ်ကို သမာဓိယုဂခေတ်။ နောက် သီလယုဂခေတ်၊ သီလယုဂခေတ်ဆိုတာက သီလကိုဦးစားပေးပြီးတော့ ကျင့်ကြံ ကြိုးကုတ်အားထုတ်တဲ့ခေတ်က၊ သီလယုဂ ခေတ်၊ နောက် သုတယုဂခေတ်၊ သုတယုဂခေတ် ဆိုတာက စာပေဗဟုသုတတွေ ကိုဦးစားပေးပြီးတော့ ပြုလုပ်နေတဲ့ခေတ်ကိုသုတယုဂခေတ်၊ နောက်ဆုံးက ဒါန ယုဂခေတ်၊ ဒါနယုဂခေတ် ဆိုတာ က အလှူအတန်းကို ဦးစားပေးပြီး လုပ်တဲ့ ခေတ်ကို ဒါနယုဂခေတ်လို့ခေါ်ပါတယ်။

အဲဒီတော့ တကာတကာမတွေ ဒီခေတ်ငါးပါးကိုသာသနာတော်ငါးထောင် နှင့်ချိန်ကိုက်လိုက်တဲ့အခါကျတော့၊ ဒီဝိမုတ္တိယုဂခေတ်ကအနှစ်ငါးရာကြာတယ်၊ ဝိမုတ္တိယုဂခေတ်က အနှစ်ဘယ်လောက်တုံး[ငါးရာပါဘုရား] သမာဓိယုဂခေတ် ကလဲငါးရာ၊ သမာဓိယုဂခေတ်က(ငါးရာပါဘုရား)သီလယုဂခေတ်ကလဲငါးရာ၊ ပြီးတော့ သုတယုဂခေတ်ကလဲငါးရာ၊ သုတယုဂခေတ်က ဘယ်လောက်ပါလိမ့် (ငါးရာပါဘုရား)ဒါနယုဂခေတ်ကငါးရာဆိုတော့ အားလုံးဘယ်လောက်ရသလဲ (နှစ်ထောင်ငါးရာပါဘုရား)

ယခု သာသနာတော်က နှစ်ထောင်ငါးရာ ကျော်ပြီလား မကျော်ဘူးလား (ကျော်ပါတယ် ဘုရား) ကျော်လာတော့ ဝိမုတ္တိယုဂခေတ် ပြန် ပြီး ဖြစ်မလာ ဘူးလားဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား) ဖြစ်လာတယ်နော်၊ ဝိမုတ္တိယုဂ ခေတ်ဆိုတာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးခါစ အချိန် အခါ ခေတ်မျိုး ပေါ့၊ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

အဲဒီတော့ ခေတ်ကောင်းကာလကောင်းနှင့်တွေ့နေတဲ့အချိန်လို့ မဆိုထိုက်ဘူး လား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒီဝိမုတ္တိယုဂခေတ်မှာ တကယ် ဝိပဿနာကို ဦးစားပေး ပြီးမှ အားထုတ်ရင် တကာတကာမတွေ မဂ်ဉာဏ် ဖိုလ် ဉာဏ်နိဗ္ဗာန်ချမ်းသာကို ရနိုင်တယ်ဆိုတာကတော့ဖြင့် ဒီခေတ်ငါးခေတ်နှင့် ပိုင်း

ခြားလိုက်လို့ရှိရင် ဒီခေတ်ဒီသမယ၊ ဒီအချိန်ရောက်လာပြီလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုဆိုက်ပါတယ်ဘုရား)ဆိုထိုက်ပါတယ်၊ ဝိမုတ္တိယုဂခေတ်အချိန်ကို လက်လွှတ်မခံပါနဲ့လို့ပြောသင့်မပြောသင့်(ပြောသင့်ပါတယ်ဘုရား)အဲဒါလဲ ခင်ဗျားတို့ဆုံးဖြတ်ချက်ချ။ ဒါကခေတ်ငါးမျိုး။

အဲဒီတော့ ခေတ်ငါးမျိုးမှာ ဘာနှင့်တဆင့် ဝေဖန်ရမလဲ ဆိုတော့ ကောင်းခြင်းငါးမျိုး၊ ကောင်းခြင်း ဘယ်နှစ်မျိုးဘဲလဲ (ငါးမျိုးပါဘုရား) ကောင်းခြင်းငါးဖြာလို့လဲ ဆိုပါတယ်၊ ကောင်းခြင်း ငါး ဖြာ က ဘာ လဲ ဆို တော့ အခါရဲ့ကောင်းခြင်း၊ဘာရဲ့ကောင်းခြင်းလဲ[အခါရဲ့ကောင်းခြင်းပါဘုရား]။နံပါတ်(၁) က အခါရဲ့ကောင်းခြင်း၊ နံပါတ်(၂)က ကမ္ဘာရဲ့ကောင်းခြင်း၊ နံပါတ်[၃]က သာသနာတော်ရဲ့ ကောင်း ခြင်း၊ နံပါတ် (၃) က ဘာ လဲ (သာသနာတော်ရဲ့ ကောင်းခြင်းပါဘုရား) နံပါတ်(၄)က ဘာသာရဲ့ကောင်းခြင်း၊ နံပါတ်(၄)က ဘာတဲ့လဲ(ဘာသာရဲ့ကောင်းခြင်းပါဘုရား)နံပါတ်(၅)က ဘဝရဲ့ကောင်းခြင်း၊ နံပါတ်(၅)က ဘာတဲ့လဲ (ဘဝရဲ့ကောင်းခြင်းပါဘုရား) ကောင်းခြင်းဘယ်နှစ်ပါးလဲ(ငါးပါးပါဘုရား)ငါးပါး။

နောက် တကာတကာမတွေကို ပြောပါဦးမယ်၊ ယခုအချိန်အခါသည် ဘယ်အချိန်ဘယ်ကာလလဲလို့ ဘုန်းကြီးတို့ ခေတ်ငါးမျိုးနဲ့ ဝေဖန်လိုက်တဲ့ အခါကျတော့ ဝိမုတ္တိယုဂခေတ် ဖြစ်မလာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) အဲဒီတော့ အခါရဲ့ကောင်းခြင်းနဲ့ မကြုံကြိုက်ဘူးလား ကြုံကြိုက်သလား (ကြုံကြိုက်ပါတယ်ဘုရား) အခါရဲ့ကောင်းခြင်းက ဝိမုတ္တိယုဂခေတ်ဖြစ်လေသောကြောင့် အခါရဲ့ကောင်းခြင်းနှင့်လဲ ခင်ဗျားတို့ရောက်နေပြီလို့၊ဒီလိုဘဲခင်ဗျားတို့ ဆုံးဖြတ်ချက်ချ။

နောက်ဘာလဲဆိုတော့ ကမ္ဘာရဲ့ကောင်းခြင်း၊ ကမ္ဘာရဲ့ကောင်းခြင်းဆိုတာက ယခု ကမ္ဘာသည် ဘဒ္ဒကမ္ဘာ၊ ဘာကမ္ဘာလဲ (ဘဒ္ဒကမ္ဘာပါဘုရား) ဘဒ္ဒကမ္ဘာ၊ ဒီဘဒ္ဒကမ္ဘာဆိုတာဘုရားငါးဆူပွင့်တဲ့ကမ္ဘာ၊ ဘုရားဘယ်နှစ်ဆူပွင့်တာလဲ(ငါးဆူပါဘုရား) အခြားကမ္ဘာတွေက ဘုရားလေးဆူဘဲ ပွင့်တယ်၊ အချို့ကမ္ဘာတွေမှာ ဘုရားလုံးဝမပွင့်ဘူး။ ဒီဘဒ္ဒကမ္ဘာဘုရားငါးဆူပွင့်တဲ့ကမ္ဘာဖြစ်လေသောကြောင့် ကမ္ဘာရဲ့ ကောင်းခြင်းနှင့်လဲ ခင် ဗျား တို့ ကြုံကြိုက်သလား မကြုံကြိုက်ဘူးလား (ကြုံကြိုက်ပါတယ်ဘုရား) ကြုံကြိုက်ပါတယ်၊ ကမ္ဘာရဲ့ကောင်းခြင်း။

နောက်တခုက သာသနာတော်ရဲ့ကောင်းခြင်း၊ ဘာရဲ့ကောင်းခြင်းလဲ (သာသနာတော်ရဲ့ ကောင်းခြင်းပါဘုရား) သာသနာတော်ရဲ့ ကောင်းခြင်းဆိုတာက ယခု ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားတဲ့ နောက်မှာ သာသနာတော် ဘယ်လောက်ထားခဲ့သလဲ [ငါးထောင်ပါဘုရား] အဲ ဒီ တော့ သာ

သနာတော်နှင့်ကော ခင်ဗျားတို့ယခုမတွေ့ကြုံဘူးလား တွေ့ကြုံသလား (တွေ့ကြုံပါတယ်ဘုရား) အဲဒီတော့ သာသနာတော်ရဲ့ ကောင်းခြင်းနှင့်လဲ တွေ့ကြုံ နေရတယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား[မရပါဘုရား]မရဘူးနော်။

ဒါကြောင့် ယနေ့ အချိန်အခါမှာ သာသနာတော်ရဲ့ ကောင်းခြင်းနှင့်ကော မကြုံကြိုက်ဘူးလား၊ကြုံကြိုက်သလား[ကြုံကြိုက်ပါတယ်ဘုရား]၊သာသာတော်ရဲ့ ကောင်းခြင်းနှင့်ကြုံကြိုက်နေတယ်။

နောက် ဘာသာရဲ့ကောင်းခြင်း၊ ဘာရဲ့ကောင်းခြင်းလဲ (ဘာသာရဲ့ကောင်းခြင်းပါဘုရား)ဘာသာရဲ့ကောင်းခြင်းဆိုတာက ယခုခင်ဗျားတို့ယူနေတဲ့ဘာသာဟာဖြင့် အလွန်မတန်မှကောင်းတဲ့ ဗုဒ္ဓဘာသာဆိုတာ က တော့ ဖြင့် ခင်ဗျားတို့သိပြီး ဖြစ်တဲ့ အတွက် ဘာ သာ ကကော မကောင်းဘူးလား ကောင်းသလား [ကောင်းပါတယ်ဘုရား]ကောင်းပါတယ်၊ဘာသာရဲ့ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းနဲ့ကော မတွေ့ကြုံဘူးလား တွေ့ကြုံနေသလား (တွေ့ကြုံနေပါတယ်ဘုရား) တွေ့ကြုံနေတယ်။

နောက်ဘဝရဲ့ကောင်းခြင်း၊ ပြီး တော့ ဘာ တဲ့ တုံး (ဘဝရဲ့ကောင်းခြင်းပါဘုရား) ဘဝရဲ့ကောင်းခြင်းဆိုတာက ယခုခင်ဗျားတို့ရနေတဲ့ မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတဲ့အတိုင်း လူ့ဘဝရဘို့ဆိုတာ မခဲယဉ်းဘူးလား၊ ခဲ ယဉ်း သ လား (ခဲယဉ်းပါတယ်ဘုရား) ဒါကြောင့် ခဲယဉ်းတဲ့ဘဝကြီးခင်ဗျားတို့ရမနေဘူးလား၊ ရနေသလား (ရနေပါတယ်ဘုရား) ရနေသည့်အတွက် ဘဝရဲ့ကောင်းခြင်းနဲ့ကော ခင်ဗျားတို့မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား)။

ဒါကြောင့် ကောင်းခြင်းငါးပါးနဲ့ပြည့်စုံပါလျက်နဲ့ ခင်ဗျားတို့ မေ့မေ့လျော့လျော့ နေမယ်ဆိုလို့ရှိရင် ဒီကောင်းခြင်းငါးဖြာက လွတ်မသွားနိုင်ဘူးလား လွတ်သွားနိုင်သလား (လွတ်သွားနိုင်ပါတယ်ဘုရား) ဒါကြောင့်မြတ်စွာဘုရား ကိုယ်တော်မြတ်က–

မာပမာ ဒတ္ထဘိက္ခဝေ၊ ပစ္ဆာဝိပ္ပဋိသာရိနော၊ မာအဟုဝတ္ထအယံဝေါ၊

အမှာကံအနုသာသနီ၊

ဘိက္ခဝေ၊ ချစ်သားတို့၊ မာပမာ ဒတ္ထ၊ မမေ့ကြပါနဲ့၊ မေ့နေလို့ရှိရင် နောင်တဖန် ပူပန်မှုမရဘူးလား၊ ရသလား၊ (ပူပန်မှုရပါတယ်ဘုရား)။ မေ့နေလို့ရှိရင် ပစ္ဆာ၊ ပဋိသန္ဓေပြန်ရလာသောနောင်အခါကာလသမယ၌၊ တုမှေ၊ သင်ချစ်သားတို့သည်၊ ဝိပ္ပဋိသာရိနော၊ နှလုံးမသာနောင်တပူပန်ခြင်းရှိကြကုန်သည်၊ မာအဟုဝတ္ထ၊ မဖြစ်ကြစေကုန်လင့်၊

ဒါကြောင့် တကာ တကာမတွေ သတိထားဘို့၊ သာသနာတော်နဲ့တွေ့နေတဲ့ အခါမှာ ခင်ဗျားတို့ ကောင်းခြင်းငါးဖြာနှင့် မကြုံကြိုက်ဘူးလား၊ ကြုံကြိုက်နေသလား(ကြုံကြိုက်နေပါတယ်ဘုရား)ခေတ်ကလဲဝိမုတ္တိယုဂခေတ်နဲ့ အခါကောင်း

သမယကောင်းနဲ့ကြုံကြိုက်နေတဲ့အချိန်မှာ ခင်ဗျားတို့သတိလွတ်နေမယ်၊ သတိမေ့နေမယ်၊ မေ့မေ့လျော့လျော့နေမယ်ဆိုရင်ဖြင့်၊ ဒီသာသနာတော်ရဲ့ကောင်းခြင်းငါးဖြာနှင့် လွတ်မသွားနိုင်ဘူးလား၊ လွတ်သွားနိုင်သလား (လွတ်သွားနိုင်ပါတယ်ဘုရား) လွတ်သွားနိုင်တယ်။

ဒါကြောင့် မေ့ဘို့သင့်သလား၊ မသင့်ဘူးလား (မသင့်ပါဘုရား)၊ ဘယ်လိုမမေ့ရမလဲဆိုတော့ တကာ တကာမတွေ အရှိတရားကိုမမေ့ပါနှင့်၊ ဘယ်တရားကိုမမေ့ရမှာတုံး (အရှိတရားပါဘုရား) အရှိတရားဆိုတာလဲ မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား)။ အဲဒီတော့ အရှိတရားကြည့်ချင်ရင် မိမိခန္ဓာမှာကြည့်ရမှာလား၊ သူတပါးခန္ဓာမှာကြည့်ရမှာလား (မိမိခန္ဓာမှာကြည့်ရမှာပါဘုရား) စာအုပ်တွေ၊ ဘောတွေကြည့်ရမှာလား၊(မိမိခန္ဓာမှာကြည့်ရမှာပါဘုရား ) ခန္ဓာမှာကြည့်တဲ့အခါကျတော့ အရှိတရားတွေ့တာလား၊ မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) ဒါမှခင်ဗျားတို့ ကောင်းခြင်းငါးဖြာနဲ့လဲတွေ့တယ်၊ ကြုံကြိုက်တဲ့အခါ အခွင့်အရေးမလွတ်ပါစေနဲ့။

မိမိခန္ဓာမှာသတိထားလိုက်တော့၊ နှာသီးဖျားမှာ သတိထားလိုက်တော့။ ရှေ့တက္ကက်တက်ရအောင် ဒီနေ့ရှင်းရအုံးမှာကို၊ နှာသီးဖျားမှာသတိထားလိုက်တော့ ရှူမှုရှိုက်မှုတွေ့တာလား၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ တွေ့တာလား၊ (ရှူမှုရှိုက်မှုတွေ့တာပါဘုရား) ရှူတာကဘာပါလိမ့် [အာန] ရှိုက်တာက [ပါန] အောက်မေ့တာက [သတိ] ပေါင်းလိုက်စမ်းပါ [အာနာပါနဿတိကမ္မဋ္ဌာန်း] ဒါကြောင့် အာနာပါနဿတိကမ္မဋ္ဌာန်း မမေ့ပါနှင့်၊ မာပမာ ဒတ္ထ ဘိက္ခဝေ၊ ဘိက္ခဝေ၊ ချစ်သားတို့၊ မာပမာဒတ္ထ၊ အာနာပါနဿတိကမ္မဋ္ဌာန်းတွေကိုမမေ့ပါနှင့်၊ မြတ်စွာဘုရားက ညွှန်ကြားတာလား၊ ဘုန်း ကြီး က ညွှန် ကြား တာ လား (မြတ်စွာဘုရားကညွှန်ကြားတာပါဘုရား)၊

ဒါကြောင့်၊ မြတ်စွာဘုရားညွှန်ကြားတော်မူတဲ့အတိုင်း ခင်ဗျားတို့မေ့နေလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မမေ့ပါနှင့်လို့ဆိုတော့ နေ့စဉ်နေ့တိုင်း တနာရီ တနာရီ ခင်ဗျားတို့ သင်တန်းတက်မနေဘူးလား၊ တက်နေသလား (တက်နေပါတယ်ဘုရား) တက်နေပါတယ်။

ခန္ဓာမှာကြည့်ပါ၊ ခန္ဓာမှာကြည့်လိုက်တဲ့အခါကျတော့ အပြင်လေထုတ်တာ တွေ့မယ်၊ အတွင်းလေသွင်းတာတွေ့မယ် ( သို့မဟုတ် ) အဿာသ၊ ပ ဿာ သ၊ သို့မဟုတ်၊ ထွက်လေ-ဝင်လေ၊ ရှူတယ် ရှိုက်တယ် ဒါအတူတူဘဲ၊ တကာတကာမ တွေ အဲဒါသတိထားလိုက်၊ အဲဒါပဌမနည်း။

ဒုတိယနည်းက ရှူစက ရှူဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး (ရှိုက်တယ်-ရှိုက်တယ် ရှိုက်တယ်)အဲဒါခင်ဗျားတို့မှတ်ပါ။ ရှူစက ရှူဆုံးအထိ ရှူတယ်-ရှူတယ်-ရှူတယ်လို့

သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ၊ ရှိုက်တယ်- ရှိုက်တယ်- ရှိုက်တယ်လို့ သိပါစေ။ နောက်တချက် သွားကြပါစို့။

တကာ တကာမတွေ၊ ရှူခြင်းအမှုမပြုဘူးလား (ပြုပါတယ်ဘုရား) ဘယ်လိုပြုပါလိမ့် (ဤလိုပြုပါတယ်ဘုရား) ရှိုက်ခြင်းအမှုမပြုဘူးလား (ပြုပါတယ်ဘုရား) ဘယ်လိုပြုတာတုံး (ဤလိုပြုတာပါဘုရား)။ ဒါကြောင့် ရှူစက ရှူဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး (ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့မှတ်ရမှာပါဘုရား) ရှိုက်စကရှိုက်ဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး (ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့မှတ်ရမှာပါဘုရား) ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့မှတ်၊ သမာဓိမရဘူးလား၊ ရသလား (ရပါတယ်ဘုရား)။

(သမာဓိံ ဘိက္ခဝေ ဘာဝေထ)

ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဓိံ၊ သမာဓိကို၊ ဘာဝေထ၊ ပွားများကြကုန်လော့၊ မြတ်စွာဘုရားခိုင်းတော်မူတဲ့ သမာဓိကမ္မဋ္ဌာန်း ခင်ဗျားတို့ ယခုမစီးဖြန်းဘူးလား၊စီးဖြန်းနေသလား (စီးဖြန်းနေပါတယ်ဘုရား)စီးဖြန်းနေပါတယ်နော်။ သမာဓိကမ္မဋ္ဌာန်း စီးဖြန်းနေပါတယ်၊ သမာဓိလုပ်ငန်း လုပ်နေပါတယ်။ သမာဓိရှိရင် အ ရှိ တ ရား တွေ မှာ လား၊ မရှိတရားတွေမှာလား (အရှိတရားတွေမှာပါဘုရား)။ (သမာဟိတော ဘိက္ခဝေ၊ ယထာဘူတံ ပဇာနာတိ)၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည် ဟုတ်မှန်တဲ့တရားတွေမှာလား၊ မမှန်တဲ့တရားတွေမှာလား ( ဟုတ် မှန် တဲ့ တရားတွေမှာ လုပ်ကြည့်ပါ။

ဤလိုပြုချင်တဲ့သဘောကဘာတုံး(ဤလိုပြုချင်တဲ့သဘောဟာစိတ်ပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိုက်တဲ့အခါလဲ ( ဤ လို ပြု ချင် တဲ့ သဘော) ရှူတဲ့အခါလဲ ဤလိုပြုချင်တဲ့သဘော၊ ဘယ်သဘော ( ဤလိုပြုချင်တဲ့သဘော) မိအောင်ဖမ်း၊ အဲဒီသဘောက၊ လူလား စိတ်လား(စိတ်ပါဘုရား) စိတ်၊

ဒါကြောင့် ရှူတဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောကဘာတုံး [စိတ် စိတ် စိတ်] ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောကဘာတုံး [စိတ် စိတ် စိတ်] နံပါတ်လေး ရှုကွက်မရလာဘူးလား၊ ရလာသလား [ ရ လာ ပါ တယ် ဘု ရား ] ရလာတယ်။ ဘဖြေးဖြေးတက်ခဲ့မယ်နော်။

တကာ တကာမတွေသတိထားလိုက်ပါ၊ ဒီစိတ်မရှိဘူးလား၊ ရှိသလား [ရှိပါတယ်ဘုရား] ရှိတာဘာလို့ရှိနေတာတုံး [ဖြစ်ဖြစ်နေလို့ပါဘုရား] ဘယ်တုံးကဖြစ်တာတုံး [ခုမှဖြစ်တာပါဘုရား] ခုမှဖြစ်တာဘာတုံး (စိတ်ပါဘုရား) ဘယ်တုံးကဖြစ်တဲ့စိတ်တုံး [ ခုမှဖြစ်တဲ့စိတ် ] ဘယ်အချိန်မှာဖြစ်တာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)

အော် ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်း ခုမှဖြစ်တဲ့စိတ် - ခုမှဖြစ်တဲ့စိတ်လို့ ရှုရင် နာမပရိစ္ဆေဒဉာဏ်၊ ဘာဉာဏ်တုံး [နာမပရိစ္ဆေဒဉာဏ်ပါဘုရား] ရှုတာ ရှုက်တာလား၊ စိတ်ဖြစ်တာလား (စိတ်ဖြစ်တာပါဘုရား) မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိကော ကွာမလာဘူးလား (ကွာလာပါတယ်ဘုရား) ဘယ်အချိန်မှာ သက္ကာယဒိဋ္ဌိ ကွာမှာတုံး (ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာပါဘုရား) သက္ကာယဒိဋ္ဌိကွာပြီးတော့ရှုပါတော့၊ သက္ကာယဒိဋ္ဌိ ကွာပြီးတော့ရှုက်ပါတော့။ ခင်ဗျားတို့ပစ်စလက်ခတ်ရှုခဲ့ပေါင်းမများခဲ့ဘူးလား၊ များခဲ့သလား (များခဲ့ပါတယ်ဘုရား) ပစ်စလက်ခတ်ရှုခဲ့တယ်၊ ပစ်စလက်ခတ် ရှုက်ခဲ့တယ်။

သက္ကာယနှင့်ဒိဋ္ဌိမကွဲဘဲရှုခဲ့လို့ ခင်ဗျားတို့ အိုတာလဲမလွတ်ခဲ့ဘူး၊ သေတာလဲ မလွတ်ခဲ့ဘူး၊ သက္ကာယဒိဋ္ဌိ ပြုတ်မှသာလျှင် အအိုအသေ လွတ်တယ်လို့ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီးက ဒီအတိုင်း မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) ဒါကြောင့် တကာ တကာမတွေ သက္ကာယနဲ့ဒိဋ္ဌိပြုတ် ဘို့ အရေးမကြီးဘူးလား၊ အ ရေး ကြီး ဘဲ လား (အရေးကြီးပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပြုတ်ချင်ရင် ခင်ဗျားတို့ အရှိတရားသိရမှာလား၊ မရှိတရားသိရမှာ လား (အရှိတရားသိရမှာပါဘုရား) အရှိတရားက လူတွေသတ္တဝါတွေရှိတာလား စိတ်ရှိတာလား (စိတ်ရှိတာပါဘုရား) ဘယ်ဌာနမှာရှိတာတုံး (နှာသီးဖျားမှာ ပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာပါ ဘုရား)

ဒါကြောင့် ရှုတဲ့အခါကြုံလိုပြုချင်တဲ့သဘောကဘာတုံး (စိတ်-စိတ်-စိတ်) ရှုက်တဲ့အခါ ကြုံလိုပြုချင်တဲ့သဘောက ဘာတုံး (စိတ်- စိတ် စိတ်)၊ စိတ်ဆိုတဲ့ သက္ကာယပေါ်မှာ ငါသူတပါး ယောကျ်ားမိန်းမဆိုတဲ့အထင်တွေ လာ သေး ရဲ့ လား (မလာပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိ ကွဲမသွားဘူးလား (ကွဲ သွား ပါ တယ် ဘုရား) သက္ကာယနဲ့ဒိဋ္ဌိကွဲသွားတော့ တကာ တကာမတွေ သမထကနေပြီး ဝိပဿ နာပိုင်း မရောက်လာဘူးလား၊ ရောက်လာသလား (ရောက်လာပါတယ်ဘုရား)

ဟိုအာဠာရရသေ့ ဥဒကဒေဝီလရသေ့တို့သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့အဘိညာဏ် တော့ရပါရဲ့၊ သက္ကာယဒိဋ္ဌိပြုတ်ရဲ့လား (မပြုတ်ပါဘုရား) သက္ကာယဒိဋ္ဌိ မပြုတ် တော့ ရုပ်ပြစ်ရှစ်ပါးထဲ ရောက်မသွားဘူးလား၊ ရောက် သွား သ လား (ရောက် သွားပါတယ်ဘုရား) မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား) နစ်နာပါတယ်။

ဒါကြောင့် တကာ တကာမတွေလဲ အိုဘာမဦးခင်၊ နာတာမဦးခင်၊ သေတာ မဦးခင်မှာ ဘာပြုတ်ရမှာတုံး (သက္ကာယဒိဋ္ဌိပြုတ်ရမှာပါဘုရား) ဘယ်အချိန်မှာ

ပြုတ်ရမှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ဒါကြောင့် ရှုတဲ့အခါလဲ သက္ကာယနှင့်ဒိဋ္ဌိကွဲပြီးရှုပါ၊ ရှိုက်တဲ့အခါလဲခင်ဗျားတို့ သက္ကာယနှင့်ဒိဋ္ဌိကွဲပြီးတော့ရှိုက်ပါ၊ သက္ကာယဆိုတာအရှိတရား၊ သက္ကာယဆိုတာဘာတုံး (အရှိတရားပါဘုရား) ငါကဘာတုံး (မရှိတရားပါဘုရား) တကာ တကာမတွေ အရှိတရားတွေလိုက်တာနဲ့တပြိုင်နက် သက္ကာယဒိဋ္ဌိ လာသေးရဲ့လား (မလာတော့ပါဘုရား) သက္ကာယဒိဋ္ဌိကွာမသွားဘူးလား (ကွာသွားပါတယ်ဘုရား)

ကြည့်-ရှုတဲ့ရှိုက်တဲ့အခါ ဤ လို ပြု ချင် တဲ့ သ ဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒါဘာလို့ခေါ်တုံး ( စိတ်ပါဘုရား ) ဒီစိတ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား)၊ ဒါကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) ရှိုက်တဲ့အခါ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်တုံး (နာမပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့်ဘာသုဒ္ဓိ (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)

ရှေ့တဆင့်တက်ပြီး၊ ပစ္စယပရိဂ္ဂဟဉာဏ်သွားကြပါစို့၊ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) သူများကြောင့်ဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) အကြောင်းကြောင့်ဖြစ်တာ၊ ဟောဝိစိကိစ္ဆာလာသေးရဲ့လား (မလာတော့ပါဘုရား) ပထမအကွက်က သက္ကာယဒိဋ္ဌိပြုတ်ခဲ့ပြီ၊ ယခုဘာပြုတ်ပြန်တုံး (ဝိစိကိစ္ဆာပါဘုရား)

သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန သောတာပန္နောနာမဟောတိ။

အဋ္ဌကထာဆရာတော်က သည်အတိုင်း မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား) သက္ကာယနဲ့ ဝိစိကိစ္ဆာပြုတ်တော့ သောတာပန်တည်တယ်လို့ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား)။

ဒါကြောင့် တကာ တကာမတွေ သက္ကာယဒိဋ္ဌိပြုတ်ဘို့ အရေးမကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား) ဒီရှုကွက်က တဒင်္ဂမပြုတ်ဘူးလား၊ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ဒါကြောင့်ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ ဒီအတိုင်း ရှု-ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ အကြောင်းကိုလှမ်းပြီးဆင်ခြင်တဲ့ဉာဏ်သည်ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

ငါ့ကြောင့်လေလား၊ သူ့ကြောင့်လေလား၊ အလိုလိုကြောင့်လေလားလို့ ဆိုတဲ့ လားပေါင်းမြောက်မြားစွာ ဝိစိကိစ္ဆာလာသေးရဲ့လား (မလာပါဘုရား) ယုံမှားသံသယတွေက မလွန်မြောက်ဘူးလား၊ လွန်မြောက်သလား (လွန်မြောက်ပါတယ်ဘုရား ) ယုံမှားသံသယ လွန်မြောက်သွားလေသည် ဖြစ်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ဘာဝိသုဒ္ဓိလဲ (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား)။ ကင်္ခါ-ယုံမှားခြင်း၊ ဝိတရဏ- လွန်မြောက်တာ၊ သုဒ္ဓိက- စင်ကြယ်တာ၊ ယုံမှားသံသယတွေလွန်မြောက်ပြီးတော့ အမြင်မစင်ကြယ်ဘူးလား၊စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား ) ဒါကြောင့် ဘာသုဒ္ဓိပါလိမ့် ( ကင်္ခါဝိဘရဏဝိသုဒ္ဓိပါဘုရား ) ဉာဏ်ကဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ညာတပရိညာပါဘုရား) ဒီနေရာရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)။

နာမပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ နှစ်ဉာဏ်မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား) ဘယ်အချိန်မှာရှုရမှာတုံး ( ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ခင်ဗျားတို့ဘယ်လိုရှုမှာတုံး ( ခုမှဖြစ်တဲ့စိတ်-အကြောင်းကြောင့်ဖြစ် ) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-အကြောင်းကြောင့်ဖြစ်)။

အဲဒီလိုအကြောင်းကိုလှမ်းဆင်ခြင်တဲ့ဉာဏ်က ပစ္စယပရိဂ္ဂဟဉာဏ်၊ ခုမှဖြစ်တဲ့စိတ်၊ ခုမှဖြစ်တဲ့စိတ်လို့ရှုတာက၊ နာမပရိစ္ဆေဒဉာဏ် မ ရ ဘူး လား၊ ရ သ လား (ရလာပါတယ်ဘုရား)။ သုဒ္ဓိအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ပရိညာအားဖြင့်ဘာပရိညာ (ညာတပရိညာပါဘုရား)။

ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်၊ အ ကြောင်း ကြောင့် ဖြစ်၊ ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး ( အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ) ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ရလာတယ်၊ အကြောင်းတရားဘယ်နှစ်ပါးတုံး (လေးပါးပါဘုရား) ဘာတွေပါလိမ့် (အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ပါဘုရား) အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတာက အကြောင်းတရားလား၊ အကျိုးတရားလား ( အကြောင်းတရားပါဘုရား ) ဤလိုပြုချင်တဲ့စိတ်က (အကျိုးတရားပါဘုရား) ဤလိုပြုချင်တဲ့စိတ်က အကျိုးတရား၊ သူ့ရဲ့အကြောင်းတရားက ဘယ်သူတုံး (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံပါဘုရား)။

အော်-အကြောင်းအကျိုး ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) လုပ်ငန်းနှင့် ကွဲတာလား၊ အပြောနှင့် ကွဲတာလား (လုပ်ငန်းနှင့်

ကွဲတာပါဘုရား)လုပ်ငန်းနှင့်ကွဲသည့်အတွက်ကြောင့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်)ဘာဉာဏ်တဲ့တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဤလိုပြုချင်တဲ့စိတ်ဟာ အကြောင်းကင်း၍ဖြစ်တာလား၊ အကြောင်းကိုစွဲ၍ဖြစ်တာလား (အကြောင်းကိုစွဲဖြစ်တာပါဘုရား) ဘယ်အကြောင်းတွေစွဲဖြစ်တာတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ) အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဆိုတဲ့အကြောင်းလေးပါးကြောင့် ဤလိုပြုချင်တဲ့စိတ်ဖြစ်တယ်၊ ကဲ-ဒါကိုတဆင့်ရှင်းကြစို့။

အဝိဇ္ဇာဆိုတာကမသိတာ၊ အဝိဇ္ဇာဆိုတာဘာတုံး (မသိတာပါဘုရား) မသိတာ၊ တဏှာကဘာတုံး (လိုချင်တာပါဘုရား) ဥပါဒါန်က စွဲလမ်းတာ၊ ပြင်းထန်တာ၊ ဥပါဒါန်ကဘာတုံး (စွဲလမ်းတာ ပြင်းထန်တာပါဘုရား) ကံကပြုလုပ်တာ၊ ကံကဘာတုံး (ပြုလုပ်တာပါဘုရား) အဲဒီတော့လိုက်ဆိုလိုက်စမ်းပါ။

မသိတော့လိုချင်၊ လိုချင်တော့စွဲလမ်း၊ စွဲလမ်းတော့ပြုလုပ်။ ထပ်ဆိုစမ်းပါ၊ (မသိတော့လိုချင်၊ လိုချင်တော့စွဲလမ်း၊ စွဲလမ်းတော့ပြုလုပ်) မသိတာကဘာပါလိမ့် (အဝိဇ္ဇာ) လိုချင်တာက (တဏှာ)၊ စွဲလမ်းတာက (ဥပါဒါန်)၊ ပြုလုပ်တာက (ကံ) ဒါလေးရအောင်လုပ်ထား၊ မသိတော့လိုချင်၊ လိုချင်တော့စွဲလမ်း၊ စွဲလမ်းတော့ပြုလုပ်၊

မသိတာက (အဝိဇ္ဇာ) လိုချင်တာက (တဏှာ) စွဲလမ်းတာက (ဥပါဒါန်) ပြုလုပ်တာက (ကံ) ဟုတ်ပြီ အဓိပ္ပါယ်ကွဲသွားပြီ။

ကဲမသိတာက အဝိဇ္ဇာဆိုတော့ ဘာတွေမသိတာတုံး၊ တဆင့်တက်မလာဘူးလား၊ တက်လာသလား ( တက်လာပါတယ်ဘုရား ) ဒါကြောင့် ဝိသုဒ္ဓိမဂ် အဌကထာဆရာတော်က ဘယ်လိုဝိဂြိုဟ်ပြုထားသလဲဆိုတော့-

\+ အဝိန္ဒိယံဝိန္ဒတီတိအဝိဇ္ဇာ၊ ဝိန္ဒိယံနဝိန္ဒတီတိအဝိဇ္ဇာ။

မသိသင့်မသိထိုက်တဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေကို၊ ဝိန္ဒတိ၊ သိတတ်၏၊ ဣတိတသ္မာ၊ထို့ကြောင့်၊အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။ ခင်ဗျားတို့ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေလို့ မသိ ဘူးလား၊ သိသလား (သိပါတယ်ဘုရား) သိသင့်သလား၊ မသိသင့်ဘူးလား ( မသိသင့်ပါဘုရား ) မသိတဲ့ဥစ္စာကို သိတာဘာတုံး (အဝိဇ္ဇာပါဘုရား)။

နောက်တနည်းက၊ ဝိန္ဒိယံနဝိန္ဒတီတိ အဝိဇ္ဇာ၊ ဝိန္ဒိယံ၊ သိသင့်သိထိုက်တဲ့နာမ်တရား ရုပ်တရား ခန္ဓာငါးပါး၊ သစ္စာလေးပါးတွေကို၊ နဝိန္ဒတိ၊ မသိတတ်၊ ဣတိတသ္မာ၊ ထို့ကြောင့် အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။

\+ ဝိသုဒ္ဓိမဂ် ဌ ၃ နှာ ၁၅၇

နာမ်လို့သိရဲ့လား (မသိပါဘုရား) နာမ်လို့မသိရင်ဘာတုံး(အဝိဇ္ဇာပါဘုရား) စိတ်လို့မသိတာ ( အဝိဇ္ဇာပါဘုရား ) သင်္ခါရလို့မသိတာ ( အဝိဇ္ဇာပါဘုရား ) ဘယ်လိုသိနေသလဲ လူလို့သိနေတယ်။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့သိနေတယ်၊ ငါလို့ဘဲသိတယ်၊ အဲဒါဘာတုံး (အဝိဇ္ဇာပါဘုရား)။ ရှုတယ်လို့သိတယ်၊ ရှိုက်ဘယ်လို့သိတယ်၊ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား ( အဝိဇ္ဇာပါဘုရား) ဟို အာဋ္ဌာရ၊ ဥဒကတို့မသိဘူးလား သိသလား (သိပါတယ်ဘုရား) ရှုတယ်လို့သိတာဘဲ၊ ပြီးတော့ဘာတုံး ရှိုက်တယ်လို့သိတာဘဲ၊ အဝိဇ္ဇာတန်းလမ်းနှင့်သမထက အဝိဇ္ဇာပယ်ပြီလား (မပယ်သေးပါဘုရား)။

အဲဒီတော့ တကာတကာမတွေ ရှေးအတိတ်က ခင်ဗျားတို့သိပြီးလုပ်ခဲ့သလား မသိဘဲနှင့်လုပ်ခဲ့သလား (မသိဘဲနှင့်လုပ်ခဲ့တာပါဘုရား) နာမ်တရား၊ ရုပ်တရား ခင်ဗျားတို့သိခဲ့တာလား၊ မသိခဲ့ဘူး(မသိခဲ့ပါဘုရား)ခင်ဗျားတို့လုပ်ခဲ့တဲ့ကံတွေ၊ ကုသိုလ်တွေပေါ့၊ မသိဘဲနဲ့မလုပ်ဘူးလား လုပ်သလား(လုပ်ခဲ့ပါတယ်ဘုရား)

မသိတော့ လိုချင်တယ်၊ မသိတော့ဘာတုံး(လိုချင်ပါတယ်ဘုရား) ရှုတဲ့အခါ ရှိုက်တဲ့အခါမှာ စိတ်ဖြစ်တာကို သိရဲ့လား (မသိပါဘုရား) ရှုတယ်လို့သိတယ်၊ ပြီးတော့ ဘာတုံး(ရှိုက်တယ်လို့သိတယ်)ရှုတယ်ရှိုက်တယ် ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာ သဘော ပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘော) ဘာသဘောလဲ (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား) ဤလိုပြုချင်တဲ့ စိတ်သဘော မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှိတာကဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဖြစ်ရင် ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဇာတိပိဒုက္ခလား၊ ဇာတိပိသုခလား (ဇာတိပိဒုက္ခပါဘုရား)ဇာတိဖြစ်လာရင် ဒုက္ခဆင်းရဲတယ်၊ ဒီလိုမသိတာက လူကမသိတာလား အဝိဇ္ဇာကမသိတာလား (အဝိဇ္ဇာကမသိတာပါဘုရား) အဝိဇ္ဇာကမသိတာနော်၊ ခင်ဗျားတို့ ရှေးအတိတ်ကလဲဘဲ ဤလိုပြုချင်တဲ့ စိတ်သဘောတရားအသစ်ဖြစ်တာ ဆင်းရဲတယ်လို့မသိဘဲနဲ့ ကုသိုလ်ကောင်းမှုတွေ မလုပ်ခဲ့ဘူးလား လုပ်ခဲ့ရဲ့လား(လုပ်ခဲ့ပါတယ်ဘုရား) လုပ်တော့ အဲဒီ ကောင်းမှုတွေ မသိတော့ လိုချင်လာတယ်၊ မလိုချင်ဘူးလား လိုချင်သလား (လိုချင်လာပါတယ်ဘုရား)

ဒီလိုရှုလို့ကောင်းတဲ့ဘဝကိုရစမ်းချင်ပါဘိတော့တယ်၊ ဤလိုရှိုက်လို့ကောင်းတဲ့ဘဝကို ရစမ်းချင်ပါဘိတော့တယ်၊ မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား) လူ့ဘဝ ရရပါလို၏ ဆိုတော့ ဘာတုံး (စိတ်ဖြစ်တာရပါတယ် ဘုရား) လူဖြစ်တာလား၊ စိတ်ဖြစ်လာတာလား (စိတ်ဖြစ်လာတာပါဘုရား)စိတ်ဖြစ်လာဘယ်နော်။

စိတ်ဖြစ်လို့ဆင်းရဲတာလား၊ လူဖြစ်လို့ဆင်းရဲတာလား (စိတ်ဖြစ်လို့ဆင်းရဲတာပါဘုရား) ဒေသံ-စိတ်ဖြစ်ရင် ချမ်းသာမှာလား ဆင်းရဲမှာလား (ဆင်းရဲမှာပါဘုရား)လူ့ဘဝလူ့ချမ်းသာရရပါလို၏ဆိုတော့ ချမ်းသာတာရရှဲလား (ဆင်းရဲတာ ရပါတယ်ဘုရား) ဟိုတုံးက ခင်ဗျားတို့ မသိခဲ့ဘူး လူ့ဘဝရရပါလို၏ ဆိုတော့လဲ စိတ်ဖြစ်မှာဘဲ။

ဤလိုရှုချင်တဲ့စိတ်ပြီးတော့ ဘာတုံး(ဤလိုရှိုက်ချင်တဲ့စိတ်)ဤလိုရှိုက်ချင်တဲ့စိတ်ဖြစ်မှာဘဲ၊ လူ့ချမ်းသာရရပါလို၏ဆိုတော့ ခင်ဗျားတို့ရဲ့ လောကမှာ သတ်မှတ်ချက်ပေါ့၊ လောကီအနေနဲ့ စီးပွားဥစ္စာချမ်းသာပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေကော ဘာဖြစ်တာတုံး (စိတ်ဖြစ်တာပါ ဘုရား) ဘာ ဖြစ် တုံး (စိတ်ဖြစ်တာပါဘုရား)စိတ်ဖြစ်တာဘဲရှိတယ်။ သူတို့မှာ ချမ်းသာပါတယ်ဆိုတဲ့ပုဂ္ဂိုလ်တွေလဲစိတ်ဖြစ်တာဘဲ၊ ခင်ဗျားတို့ လောကသတ်မှတ်တဲ့ ဆင်းရဲပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာကော(စိတ်ဖြစ်တာပါဘုရား)စိတ်ဖြစ်တာဘဲ။

စိတ်ဖြစ်ရင် ဆင်းရဲသလားချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား) ကဲ-လူ့လောကတခုလုံးဟာဖြင့် ဆင်းရဲသလားချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား) ချမ်းသာတဲ့လူပြစမ်းပါအုံး(မရှိပါဘုရား)လောကသမုတိသစ္စာမှာတော့ခင်ဗျားတို့ ပြောကြတယ် ပရမတ္ထသစ္စာနယ်ဖြင့် ချမ်းသာတယ် ဆို တဲ့ လူ ရှိသေးရဲ့လား (မရှိပါဘုရား)မရှိဘူးနော်၊

ဘုံသုံးပါးမှာရှိသမျှ ဒုက္ခချည်းဘဲတဲ့ မြတ်စွာဘုရားက၊ ဒုက္ခံတေဘူမကံဝဋ္ဋံ၊ တေဘူမကံ ဘုံသုံးပါး၌ဖြစ်သော၊ ဒုက္ခံ၊ ဒုက္ခတရားသည် ဘုံသုံးပါးမှာဖြင့် ဒုက္ခတရားလားသုခတရားလား(ဒုက္ခတရားပါဘုရား)ဆင်းရဲသလားချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား)လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ အဲဒီ ဘုံသုံးပါးမှာဖြင့် ရှိသမျှပုဂ္ဂိုလ်သတ္တဝါတွေ ဟာဖြင့် စိတ်တွေ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

ဆင်းရဲတာစိတ်ဖြစ်လို့ ဆင်းရဲတာလား၊ လူတွေနတ်တွေဗြဟ္မာတွေ ဖြစ်လို့ဆင်းရဲတာလား [စိတ်ဖြစ်လို့ဆင်းရဲတာပါဘုရား] ကဲ-လူ့ဘဝတောင့်တပါအုံးမလား[မတောင့်တတော့ပါဘုရား]လူ့ဘဝရလာလို့ရှိရင်ဘာရမှာတုံး[စိတ်ဖြစ်တာဘဲရမယ်] နတ်ဘဝရရပါလို၏ ဆို တော့ နတ်ဘဝ ဖြစ်ပြန်တော့ကော ဘာရမှာတုံး [စိတ်ဖြစ်တာရမှာပါ ဘုရား] ရှုချင်တဲ့စိတ်၊ ရှိုက်ချင်တဲ့စိတ် ဖြစ်မှာဘဲ၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာရရပါလို၏၊ အဲဒီလိုခင်ဗျားတို့ တောင့်တပြန်တော့လဲ ဗြဟ္မာရတာလား စိတ်ရတာလား [စိတ်ရတာပါဘုရား] နာမ်ရုပ်ဘဲရမယ်၊ ခန္ဓာငါးပါးဘဲရမယ်၊ စိတ်ဘဲရမယ်၊

ဒီစိတ်ရလာရင် ဒီစိတ်ဖြစ်လာရင် ဆင်းရဲသလား ချမ်းသာသလား [ဆင်းရဲပါတယ်ဘုရား]ဟိုတုံးက ခင်ဗျားတို့ဆင်းရဲတယ်လို့သိခဲ့ရဲ့လား[မသိခဲ့ပါဘုရား]

ဒီလိုမသိဘဲနှင့်ခင်ဗျားတို့လုပ်ခဲ့တယ်၊ မလုပ်ဘူးလားလုပ်သလား [လုပ်ခဲ့ပါတယ်ဘုရား] မသိတာက ဘာပါလိမ့် [အဝိဇ္ဇာ] မသိတော့ မလိုချင်ဘူးလားလိုချင်သလား[လိုချင်ပါတယ်ဘုရား] လူ့ဘဝ လိုချင်တယ်၊ ဘာတုံး (နတ်ဘဝ လိုချင်တယ်)ပြီးတော့ဘာတုံး (ဗြဟ္မာဘဝလိုချင်တယ်) လူ့ဘဝရရပါလို၏၊ နတ်ဘဝရရပါလို၏၊ ဗြဟ္မာဘဝရရပါလို၏၊ အဲဒီလိုဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)

မလုပ်ဘဲမနေနိုင်တာကဘာတုံး (ဥပါဒါန်ပါဘုရား) မလုပ်ဘဲမနေနိုင်တော့ ဥပါဒါန်ဖြစ်တော့ ခင်ဗျားတို့ ပြုလုပ်ပြီ၊ ပြုလုပ်တာက ဘာတုံး(ကံ) ပြုလုပ်ခဲ့တဲ့အခါကျတော့ဘာနဲ့ပြုလုပ်သလဲ ကိုယ်အမူအရာနှင့်ပြုလုပ်တယ်၊ ဘာနဲ့ပြုလုပ်တုံး (ကိုယ်အမူအရာနှင့် ပြုလုပ်ပါတယ်ဘုရား) နှုတ်အမူအရာနှင့်လဲပြုလုပ်တယ်၊ စိတ်အမူအရာ နှင့်လဲ ပြုလုပ်ဘယ်၊ မပြုလုပ်ဘူးလား ပြုလုပ်သလား (ပြုလုပ်ပါတယ်ဘုရား)ကိုယ်အမူအရာနှင့်ပြုလုပ်တာက၊ ကာယသင်္ခါရ၊ ကာယကံ၊ နှုတ်အမူအရာနှင့်ပြုလုပ်တာက၊ ဝစီသင်္ခါရ၊ဝစီကံ၊စိတ်အမူအရာနှင့်ပြုလုပ်တာက၊မနောသင်္ခါရ၊ မနောကံ၊မရဘူးလားရလာသလား(ရပါတယ်ဘုရား)

အဲဒီကံသည် အဝိဇ္ဇာ တဏှာ ဥပါဒါန် မခြံရံဘူးလား ခြံရံသလား (ခြံရံပါတယ်ဘုရား) ခြံရံတယ်၊ ဒီကံ အထမမြောက်လာဘူးလား၊ မြောက်လာသလား (မြောက်လာပါတယ်ဘုရား)ကုသိုလ်ကမ္မပထ၊ အကုသိုလ်ကမ္မပထတွေပေါ့။

ဒီနေရာမှာတော့ ခင်ဗျားတို့ရှေးအတိတ်က၊ပုညာဘိသင်္ခါရ၊ဘာသင်္ခါရတဲ့တုံး (ပုညာဘိသင်္ခါရပါဘုရား) ပုညာဘိသင်္ခါရဆိုတာ ကုသိုလ်သင်္ခါရ၊ အဲဒီ ကုသိုလ်သင်္ခါရဆိုတာ ဘာအမူအရာတွေနဲ့ လုပ်တာတုံး (ကိုယ်အမူအရာနှင့် လုပ်ပါတယ်ဘုရား)ပြီးတော့(နှုတ်အမူအရာနဲ့လုပ်ပါတယ်ဘုရား)ပြီးတော့(စိတ်အမူအရာနှင့်လုပ်ပါတယ်) ဒီဘော့ ကိုယ် အမူအရာနှင့်လုပ်တာက ဘာသင်္ခါရ (ကာယသင်္ခါပါဘုရား) နှုတ်အမူအရာနှင့်လုပ်တာက(ဝစီသင်္ခါရပါဘုရား) စိတ်အမူအရာနှင့်လုပ်တာက(မနောသင်္ခါရ) အဲဒီသင်္ခါရသည်ကံ၊ မရဘူးလားရလာသလား (ရလာပါတယ်ဘုရား)

အဲဒီသင်္ခါရသည်ဘာတုံး (ကံပါဘုရား)ဒီကံသည် ခင်ဗျားတို့ လုပ်တဲ့အခါကျတော့ သိပြီးလုပ်ဘာလား မသိဘဲနှင့်လုပ်တာလား(မသိဘဲနှင့်လုပ်တာပါဘုရား) မသိတာကဘာတုံး(အဝိဇ္ဇာပါဘုရား) မသိတော့ ခင်ဗျားတို့ ဘဝကိုမလိုချင်ဘူးလား(လိုချင်ပါတယ်ဘုရား)မရချင်ဘူးလား(ရချင်ပါတယ်ဘုရား) ရချင်တာက ဘာတုံး (တဏှာပါဘုရား) အောင်-ရ ချင် တဲ့ တဏှာ ဖြစ်လာတော့ ပြင်းပြင်းထန်ထန်စွဲလမ်းတဲ့ဥပါဒါန် မပါဘူးလားပါသလား(ပါပါတယ်ဘုရား)ဥပါဒါန်

ဖြစ်တော့ ခင်ဗျားတို့ ဟိုရှေးအတိတ်က ပုညာဘိသင်္ခါရတွေကို ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာနှင့် လုပ်ခဲ့တော့၊ အခု ခင်ဗျားတို့ လူ့ဘ၀ မရဘူးလား ရလာသလား(ရလာပါတယ်ဘုရား)

လူ့ဘ၀ရတာလား၊ စိတ်ဖြစ်တာလား(စိတ်ဖြစ်တာပါဘုရား)ဒီစိတ်ဖြစ်လာတာ လူဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဒါဖြင့်ရင် လောကမှာ လူလို့ မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ်ဘုရား) လူဖြစ်တာလား၊ စိတ်ဖြစ်တာလား (စိတ်ဖြစ်တာပါဘုရား) စိတ်ဖြစ်တာ၊ အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံ ဆိုတဲ့ ရှေးအတိတ်ကပြုလုပ်တဲ့ အကြောင်းတရားတွေကြောင့် ယခု လူဖြစ်တာလား၊ စိတ်ဖြစ်တာလား (စိတ်ဖြစ်တာပါဘုရား) ငါဖြစ်တာလား (စိတ်ဖြစ်တာပါဘုရား) ဘယ်အချိန်တွေမှာ ဖြစ်နေပါလိမ့် (ရှုတိုင်းရှုတိုင်း၊ ရှိုက်တိုင်း ရှိုက်တိုင်း မှာပါဘုရား)

ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ ဘယ်သဘောဖြစ်တာတုံး (ဤလိုပြုချင်တဲ့စိတ်သဘော ) ဒီစိတ်သဘောဟာ ငါ့ကြောင့်ဖြစ်တာလား၊ အကြောင်းကြောင့် ဖြစ်တာလား ( အကြောင်းကြောင့်ပါဘုရား ) အော် ရှေးအတိတ်က ဘယ်သူတုံး (အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံ)

+ ဣတိ ဣမသ္မိံ သတိ ဣဒံဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံဉပ္ပဇ္ဇတိ။

ဣတိ၊ ဤသို့၊ ဣဒံ၊ ဤအဝိဇ္ဇာ၊ တဏှာ၊ ဉပါဒါန်၊ ကံဆိုတဲ့အကြောင်းတရားလေးပါးသည် မရှိဘူးလားရှိသလား ( ရှိပါတယ်ဘုရား )။ ရှိပါတယ်၊ သတိ၊ ထင်ရှားဖြစ်လာသည်ရှိသော် ဣဒံဟောတိ၊ ဣဒံ၊ ဤ လိုပြု ချင် တဲ့ စိတ် သဘောတရားသည်၊ ဟောတိဖြစ်လေတော့၏။ အော် ဤလိုပြုချင်တဲ့စိတ်ဟာဖြင့် အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံကြောင့် မဖြစ်ဘူးလားဖြစ်သလား ( ဖြစ်ပါတယ်ဘုရား )

ဣမဿ၊ဤအဝိဇ္ဇာ တဏှာ ဉပါဒါန် ကံဆိုတဲ့အကြောင်းတရား၏၊ဉပ္ပါဒေါ ဖြစ်ခြင်းကြောင့် ဣဒံ၊ ဤလိုပြုချင်တဲ့စိတ်သဘောတရားသည်၊ ဉပ္ပဇ္ဇတိဖြစ်တယ်၊ အော်- အဝိဇ္ဇာ တဏှာ ဉ ပ ါဒါန် ကံ ကြောင့် ဤ လို ပြု ချင် တဲ့ စိတ် ဘာ တုံး ( ဖြစ်တာပါဘုရား ) လူဖြစ်တာလား၊ ဤလိုပြုချင်တဲ့စိတ်ဖြစ်တာလား (ဤလိုပြုချင်တဲ့စိတ်ဖြစ်တာပါဘုရား) ငါတွေ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေဖြစ်တာလား ဤလိုပြုချင်တဲ့စိတ်ဖြစ်တာလား ( ဤလိုပြုချင်တဲ့စိတ်ဖြစ်တာပါဘုရား)ရှိတာကလူတွေ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေရှိတာလား၊ ဤလိုပြုချင်တာရှိတာလား (ဤလိုပြုချင်တာရှိတာပါဘုရား)

---

+ ဉဒါန်းပါဠိတော် နှာ ၇၇၊ နိဒါနဝဂ္ဂသံယုတ် ပါ နှာ ၂၆၆၊

ဤလိုပြုချင်တာကို ဘာလို့ခေါ်လိုက်တုံး ( စိတ် )တနည်းဘာတုံး ( နာမ် ) တနည်း ဘာတုံး (ဝိညာဏ်) တနည်း ဘာတုံး (သင်္ခါရ) တနည်း (သက္ကာယ) တနည်း(ပရမတ်) ဒီတရားတွေဖြစ်မလာဘူးလား ဖြစ်လာသလား (ဖြစ်ပါတယ် ဘုရား)

ကဲ တို့တကာတကာမတွေအကြောင်းကြောင့် အကျိုးဖြစ်လာပုံ၊ ကွဲမလာဘူး လား ကွဲလာသလား ( ကွဲလာပါတယ်ဘုရား ) တို့တကာတကာမတွေ ဒီစိတ်ဟာ ဖြင့် ယခုရှိမနေဘူးလား(ရှိနေပါတယ်ဘုရား)ရှိ နေ တာ ဘာ လို့ ရှိ နေ တာ တုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး ( ခုမှဖြစ်တာပါဘုရား ) (ခုမှ ဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) စိတ်ဖြစ်ရင်ဆင်းရဲသလားချမ်းသာသလား (ဆင်းရဲ ပါတယ်ဘုရား)။ ဒီစိတ်နောက်ထပ်ဖြစ်ရင်လဲဆင်းရဲတာဘဲ၊ စိတ်မဖြစ်လိုက်နဲ့ စိတ် ဖြစ်လိုက်ရင်သက်သာရဲလား ( မသက်သာပါဘုရား ) ဘာပြုလို့လဲ၊ နိဗ္ဗာန် မ ရ အောင် နှိပ်စက်နေလို့ ၊ ဘာကြောင့်လဲ (နိဗ္ဗာန်မရောက်အောင်နှိပ်စက်နေလို့ပါ ဘုရား) ဒီစိတ်ဟာနောက်မဖြစ်ရင်ဘာတုံး ( နိဗ္ဗာန် ) အခုနိဗ္ဗာန်ရပြီလား (မရ သေးပါဘုရား)၊ ဘာပြုလို့တုံး (စိတ်ဖြစ်နေလို့ပါဘုရား) ဘယ်အချိန်မှာဖြစ်နေ တာတုံး ( ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား)။

အဲဒီတော့ တို့တကာတကာမတွေ၊ ဒီစိတ်မဖြစ်ချင်ရင်ဖြင့် အကြောင်းကို ခင်ဗျားတို့ချုပ်ရမှာလား၊ အကျိုးကိုချုပ်ရမှာလား (အကြောင်းကိုချုပ်ရမှာပါ ဘုရား) ရှေးအတိတ်ကအဝိဇ္ဇာ တဏှာဥပါဒါန် ကံဆိုတဲ့အကြောင်းတရားတွေ ချုပ်လို့ရရဲ့လား (မရပါဘုရား) ပစ္စုပ္ပန်အကြောင်းကိုချုပ်ရမှာ၊ ဘယ်သူ့ကို ချုပ်ရမှာတုံး(ပစ္စုပ္ပန်အကြောင်းကိုချုပ်ရမှာပါဘုရား)ဒါကြောင့်ပစ္စုပ္ပန်မှာလဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် ချုပ်ဘို့အရေးမကြီးဘူးလားကြီးသလား(ကြီးပါတယ် ဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန်ချုပ်ရမယ် ကံကိုသွားချုပ်လို့မရဘူး၊ ကံ သွားချုပ်လို့ရရဲ့လား (မရပါဘုရား) ကာယကံမရှိဘူးလား (ရှိပါတယ်ဘုရား) သွားဖြတ်လို့ရရဲ့လား (မရပါဘုရား)၊ ဝစီကံကောမရှိဘူးလား (ရှိပါတယ် ဘုရား) အဲဒီဝစီကံ ခင်ဗျားတို့သွားဖြတ်လို့ရရဲ့လား (မရပါဘုရား) မနောကံ ကော စိတ်တွေ မရှိဘူးလား ရှိရဲ့လား (ရှိပါတယ်ဘုရား)၊ ဒီစိတ် သွားသတ်လို့၊ အဲဒီစိတ်သွားဖြတ်လို့ရရဲ့လား (မရပါဘူးဘုရား)။ ဘယ် သူ့ ကို ဖြတ် ရ မှာ တုံး ( အဝိဇ္ဇာ တဏှာ ဥပါဒါန် )ကံသွားမဖြတ်ပါနှင့် တို့တကာတကာမတွေကံတွေ ရှိနေပါတယ်၊ ယခုမရှိဘူးလားရှိသလား ( ရှိပါတယ်ဘုရား ) ကာယသင်္ခါရကိုယ် အမူအယာတွေမလုပ်ဘူးလားလုပ်သလား (လုပ်ပါတယ်ဘုရား) ဘယ်နှယ်သွား ဖြတ်လို့ရမှာလဲ ရပါ့မလား၊ (မရပါဘုရား) ကာယသင်္ခါရမရှိဘူးလား [ရှိပါ တယ် ဘု ရား ] နှုတ်တွေကလည်း ခင်ဗျားတို့ငြိမ်ငြိမ်မနေဘူး၊ ပြောတယ်၊ မပြော

ဘုုးလား ပြောသလား ( ပြောပါတယ်ဘုရား ) သွားဖြတ်ကို ့ရရဲ့လား (မရပါဘုရား) ဝစီကံ၊ ဝစီသင်္ခါရဖြတ်လို့ရရဲ့လား [ မရပါဘူးဘုရား ] မရဘူး၊ စိတ်ကော မရှိဘူးလားရှိရဲ့လား (ရှိပါတယ်ဘုရား)။

အဲဒီစိတ်ကို ခင်ဗျားတို့သွားဖြတ်လို့ရရဲ့လား၊ ( မရပါဘုရား ) ဒါကြောင့် ကံကိုဖြတ်ရမှာလား အဝိဇ္ဇာ တဏှာ ဥပါဒါန်ကိုဖြတ်ရမှာလား (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကိုဖြတ်ရမှာပါဘုရား)။ ဒါကြောင့် ခင်ဗျားတို့မချုပ်ရမဲ့ဟာကို သွားချုပ်မယ်ဆိုရင်ဖြင့် ဒီဝိပဿနာရှုကွက်မှန်ပါ့မလား (မမှန်ပါဘုရား) ချုပ်ရမှာက ဘာကိုချုပ်ရမှာတုံး(အဝိဇ္ဇာ တဏှာ ဥပါဒါန်ပါဘုရား) ဒါကိုချုပ်ရမှာ၊

ရှေးအတိတ်က အဝိဇ္ဇာ တဏှာ ဥပါဒါန်ခြံရံပြီးတော့ ခင်ဗျားတို့ ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေမလုပ်ခဲ့ဘူးလားလုပ်ခဲ့သလား၊ (လုပ်ခဲ့ပါတယ်ဘုရား) ကိလေသာဝဋ်မယှဉ်တဲ့ကံက အကျိုးပေးတာမဟုတ်ဘူး၊ ဘယ်သူက အကျိုးပေါ်လာတာတုံး (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် နှင့်ယှဉ်တဲ့ကံအကျိုးကို ဖြစ်စေတာ) ဝိပါက်ကိုဖြစ်စေတာနော်၊

ဒါကြောင့် ကံကခင်ဗျားတို့ကိုအကျိုးပေးတာမဟုတ်ဘူး၊ အဲဒီကံနောက်က ပါလာတဲ့ဘယ်သူ့သတ္တိတုံး ( အဝိဇ္ဇာ တဏှာ ဥပါဒါန် ) အဝိဇ္ဇာ တဏှာ ဥပါဒါန်ကိလေသာဝဋ်၊ ဘာဝဋ်တဲ့လဲ ( ကိလေသာဝဋ်ပါဘုရား ) ကိလေသာဝဋ် ရမလာဘူးလားရလာသလား (ရလာပါတယ်ဘုရား) ကိလေသာဝဋ်ကိုခင်ဗျားတို့ ဖြတ်ရမှာ၊ တွေ့ပြီလား ( တွေ့ပါပြီဘုရား )၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရသွားဖြတ်လို့ရရဲ့လား ( မရပါဘုရား ) အဲဒီတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့၊ ကာယကံ၊ ဝစီကံ၊ မနောကံက၊ ကမ္မဝဋ် ဘာဝဋ်တဲ့ တုံး (ကမ္မဝဋ်ပါဘုရား)။

အဲဒီကံကကုသိုလ်နှင့်ယှဉ်လိုက်၊ အကုသိုလ်နှင့်ယှဉ်လိုက်၊ ခင်ဗျားတို့ကာယကံကလဲ ကုသိုလ်နဲ့ယှဉ်တဲ့ကာယကံ၊ပြီးတော့ဘာတုံး(အကုသိုလ်နဲ့ယှဉ်တဲ့ကာယကံ) နှုတ်ကလဲ၊ ကုသိုလ်နှင့်ယှဉ်တဲ့ဝစီကံ။ စိတ်ကလဲ၊ အကုသိုလ်နှင့်ယှဉ်တဲ့မနောကံ၊ ကုသိုလ်နှင့်ယှဉ်တဲ့မနောကံ။ ကုသိုလ်ကံ၊ အကု သိုလ် ကံ ဘဲ ပေါ် မလာ ဘူး လား ပေါ်လာသလား ( ပေါ်လာပါတယ်ဘုရား ) အဲဒါကမ္မဝဋ်၊ သူ့ကိုဘာတုံး ( ကမ္မဝဋ်ပါဘုရား ) ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ရမလာဘူးလားရလာသလား (ရလာပါတယ်ဘုရား) ရလာတယ်နော်-

ယခု တကာတကာမတွေ၊ ဤလိုပြုချင်တာဘာတုံး (စိတ်ပါဘုရား) ဤလိုပြုချင်တဲ့သဘောကဘာတုံး ( စိတ်ပါဘုရား ) အဲဒီစိတ်ကဝိပါကဝဋ်၊ ဘာဝဋ်တုံး (ဝိပါကဝဋ်ပါဘုရား)၊ ယခုခင်ဗျားတို့ရှိနေတာဘာဝဋ်တုံး (ဝိပါကဝဋ်ပါဘုရား)ဒီဝိပါကဝဋ်ဆိုတဲ့စိတ်သဘောသည်ဘယ်သူ့ကြောင့်ဖြစ်တာတုံး(အဝိဇ္ဇာ

တဏှာဥပါဒါန်ကြောင့်ပါဘုရား) အဝိဇ္ဇာတဏှာဥပါဒါန်ကြောင့် ဟုတ်တယ် မဟုတ်လား(ဟုတ်ပါတယ်ဘုရား)ဒီအဝိဇ္ဇာတဏှာဥပါဒါန်မပါရင် ဒီကံအကျိုးပေးလို့ရသေးသလား (မရပါဘုရား)။

ဒါကြောင့်တကာတကာမတွေဗီဇသုတ္တန်မှာဘယ်လိုပြထားသလဲဆိုတဲ့အခါကျတော့ မျိုးစေ့ဟာအောင်မြင်တယ်တဲ့ မအောင်မြင်ဘူးလား အောင်မြင်သလား (အောင်မြင်ပါတယ်ဘုရား အောင်မြင်ပါတယ်၊ တခါထဲ ဒီမျိုးစေ့အောင်မြင်ငြားသော်လည်း ပထဝီဝနဿ အာပေါဝနဿတဲ့ ပါဠိတော်က၊ရေကိုအမှီမရရင်၊ မြေကိုအမှီမရရင် အဲဒီမျိုးစေ့အပင်ပေါက်လို့ရသေးသလား (မရပါဘုရား) မျိုးစေ့ကတော့အောင်မြင်လိုက်တာ မြေကိုလဲအမှီမရဘူး၊ ပြီးတော့ဘာတုံး၊ ရေကိုလည်းအမှီမရဘူး၊ အမှီမရရင် ဒီမျိုးစေ့အပင်ပေါက်လို့ရဘေးရဲ့လား (မရပါဘုရား) မရဘူး။

အဲဒီဥပမာအတိုင်းပါဘဲ တကာတကာမတွေလဲ ရေ က ဘာ နဲ့ တူ သ လဲ ဆိုတော့ တဏှာနဲ့တူတယ်၊ ရေကဘာနဲ့တူတုံး (တဏှာနဲ့တူတာပါဘုရား) မြေကဒိဋ္ဌိနဲ့ တူတယ်၊ မြေကဘာနဲ့တူတုံး ( ဒိဋ္ဌိနဲ့တူပါတယ်ဘုရား ) အဲဒီတော့ ဒိဋ္ဌိနဲ့တူတဲ့မြေ၊ ရေနဲ့တူတဲ့တဏှာ၊ အဲဒီတဏှာဒိဋ္ဌိသာ အမှီမရရင် သို့မဟုတ် အဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့အမှီမရရင် မျိုးစေ့နဲ့တူတဲ့ကံအကျိုးပေးလို့ရပါ့မလား (မရပါဘုရား) ကံကဘာနဲ့တူတုံး (မျိုးစေ့နဲ့တူပါတယ်ဘုရား။

ဒီနေရာ တို့တကာတကာမတွေ နားလည်သထက် နားလည်အောင် ကံကမျိုးစေ့နဲ့တူတယ်၊ ရေနဲ့မြေကအဝိဇ္ဇာတဏှာဥပါဒါန်နဲ့တူတယ်၊ ကွဲပြီလား(ကွဲပါပြီဘုရား)အဝိဇ္ဇာတဏှာဥပါဒါန်ကဘာနဲ့တူသလဲဆိုတော့ မြေနှင့်ရေနဲ့တူတယ်။

ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ ဆိုတဲ့ ကာယကံ ဝစီကံ မနောကံကဘာနဲ့တူသလဲဆိုရင်၊ မျိုးစေ့နဲ့တူတယ်၊ အဲဒီတော့ တို့တကာတကာမတွေ ဒီမျိုးစေ့အပင်မပေါက်ချင်ရင် မြေနဲ့တူတဲ့ ရေနဲ့တူတဲ့ အဝိဇ္ဇာတဏှာဥပါဒါန်အပေါ်သာမကျရင်၊ ဒီမျိုးစေ့နဲ့တူတဲ့ကမ္မဝိညာဏ် အပင်ပေါက်လို့ရသေးရဲ့လား(မရပါဘုရား)လူပင်ပေါက်ဦးမလား(မပေါက်ပါဘုရား) ပြိတ္တာပင်ကော(မပေါက်ပါဘုရား)လူပင်တွေနတ်ပင်တွေပြိတ္တာပင်တွေဟာ ဘယ်ပေါ်မှာ လိမ့်ကျနေလို့တုံး (အဝိဇ္ဇာတဏှာဥပါဒါန်ပေါ်မှာ ကျနေလို့ပါဘုရား) ဒီအပေါ်မှာ သွားသွားကျနေတယ်။

အဲဒီတော့ တို့တကာ တကာမတွေ မျိုးစေ့ ကိုဘဲ သတ်မှာလား သို့မဟုတ် ဒီမျိုးစေ့ကို မြေပေါ်မှာမချဘဲနေမှာလား(မြေပေါ်မှာမချဘဲနေမှာပါဘုရား) ရေလဲ မလောင်းနဲ့တော့ ဒီမျိုးစေ့ ပေါက်လို့ ရ သေး ရဲ့ လား (မရပါဘုရား) မရဘူး။

အဲဒီလိုဘဲ တို့တကာတကာမတွေလဲ မြေနဲ့ရေနဲ့တူတဲ့ အဝိဇ္ဇာတဏှာဉပါဒါန်က ကိလေသဝဋ်၊ ဘာဝဋ်တုံး(ကိလေသဝဋ်ပါဘုရား)ကာယသင်္ခါရ၊ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ဝဋ်က ဘာဝဋ်တုံး (ကမ္မဝဋ်ပါဘုရား) ဤလိုပြုချင်တဲ့စိတ်က (ဝိပါကဝဋ်ပါဘုရား)

ဒါကြောင့် ဝိပါကသည် ကမ္မကြောင့်ဖြစ်တယ်၊ ဘယ်သူ့ကြောင့်ဖြစ်တာတုံး (ကံကြောင့်ပါဘုရား) ကံကြောင့်သာပြောတာ၊ အဲဒီနောက်က ဘယ်သူပါတုံး (အဝိဇ္ဇာ တဏှာ ဉပါဒါန်ပါပါတယ်ဘုရား) အဝိဇ္ဇာ တဏှာ ဉပါဒါန် ယှဉ်လို့၊ အဝိဇ္ဇာ တဏှာ ဉပါဒါန်သာ မယှဉ်ရင် ဒီကမ္မသည် ဝိပါကကို ဖြစ်စေပါမလား (မဖြစ်စေပါဘုရား) မဖြစ်စေဘူး၊ အဲဒီတော့ ခင်ဗျားတို့ကမ္မကို ဖြတ်ရမှာလား၊ သို့မဟုတ် အဝိဇ္ဇာတဏှာဉပါဒါန်ကို ဖြတ်ရမှာလား (အဝိဇ္ဇာတဏှာဉပါဒါန်ကို ဖြတ်ရမှာပါ ဘုရား) အဝိဇ္ဇာတဏှာဉပါဒါန်ကို ဖြတ် ရ မယ် ဆို တာ ဒီနေရာမှာ မရှင်းဘူးလား ရှင်းသလား (ရှင်းပါတယ်ဘုရား) ကံကိုသွားဖြတ်လို့ ရရဲ့လား (မရပါဘုရား)

ယခု ခင်ဗျားတို့ ကံတွေရှိနေတယ်၊ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား) အဲဒါဘာကံတုံး (ကုသိုလ်ကံပါဘုရား) ယခု ကုသိုလ်မလုပ်ဘဲနေရဲ့လား (မနေပါဘုရား) ကုသိုလ်လုပ်တဲ့ အခါကျတော့ ဘယ်အမူအရာနဲ့လုပ်တာတုံး(ကိုယ်အမူအရာနဲ့ပါဘုရား)ပြီးတော့(နှုတ်အမူအရာနဲ့လုပ်ပါတယ်ဘုရား) ပြီးတော့ (စိတ်အမူအရာနဲ့ လုပ်ပါတယ်ဘုရား) ကိုယ်အမူအရာနဲ့ လုပ်တယ်၊ နှုတ်အမူအရာနဲ့ လုပ်တယ်၊ စိတ်အမူအရာနဲ့ လုပ်တယ်၊ အဲဒီအမူအရာသည်ဘာတုံး(ကုသိုလ်ကံပါဘုရား)အဲဒီ နှုတ်အမူအရာသည် ဘာကံတုံး (ကုသိုလ်ကံပါဘုရား)စိတ်အမူအရာသည်(ကုသိုလ်ကံပါဘုရား)

ဒါဖြင့် ဒီကုသိုလ်ကံသည် အဝိဇ္ဇာ တဏှာ ဉပါဒါန် ခြံရံလျှင် ဘာပါလာတုံး (အကုသိုလ်ပါလာပါတယ်ဘုရား)ကုသိုလ်နှင့် အကုသိုလ် မရောဘူးလားရောသလား(ရောပါတယ်ဘုရား)အဲဒီလိုကုသိုလ်နှင့်အကုသိုလ်ရောရောပြီးတော့ စိတ်က လုပ်ခဲ့လို့ ခင်ဗျားတို့ကျုပ်တို့ လူပင်တွေမပေါက်ဘူးလားပေါက်သလား(ပေါက်ပါဘယ်ဘုရား)နတ်ပင်တွေပေါက်တယ်၊ ဗြဟ္မာပင်တွေပေါက်တယ်၊ ပေါက်လာတဲ့အခါကျတော့ ဒီအပင်တွေဟာဖြင့် အခက်အလက်တွေကော မတိုးတက်လာဘူးလား တိုးတက်လာသလား (တိုးတက်လာပါတယ် ဘုရား) လူ လော က ကြီး တခုလုံးတိုးတက်လာတယ်၊ နတ်လောကကြီးတခုလုံး တိုးတက်လာတယ်၊ ဗြဟ္မာလောကကြီးတခုလုံး တိုးတက်လာတယ်၊ မတိုးတက်လာဘူးလား တိုးတက်လာသလား(တိုးတက်လာပါတယ်ဘုရား)

ဒီနတ်လောကကြီး တခုလုံး၊ လူလောကကြီး တခုလုံး၊ ဗြဟ္မာလောကကြီး တခုလုံး၊ စည်ပင်နေတာဖြင့် ဘယ်သူ့သတ္တိ ပါလိမ့် (အဝိဇ္ဇာ တဏှာ ဥပါဒါန် သတ္တိပါဘုရား)ဘယ်သူ့ကြောင့်မှမဟုတ်ဘူး၊ဒီသုံးလုံးကြောင့်၊ဘယ်သူ့ကြောင့်တုံး (အဝိဇ္ဇာကဏှာဥပါဒါန်ကြောင့်ပါ ဘုရား) ဒီအဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့ အကြောင်းကြောင့် ဤလိုရှုချင်တဲ့ စိတ်တွေ ဤလိုရှုက်ချင်တဲ့စိတ်တွေ မဖြစ်ဘူးလားဖြစ်သလား(ဖြစ်ပါတယ်ဘုရား)နတ်ဖြစ်ရင်ကောဒါဘဲ၊ ဗြဟ္မာဖြစ်ရင်ကောဒါဘဲ၊ စိတ်ဖြစ်တာဒီသခါ်ရဘဲဗျ။

ဒါကြောင့် တကာတကာမတွေ ရှေးအတိတ်က ခင်ဗျားတို့သည် မသိလို့မိုက်ပြစ်တော့ ထားပါတော့၊ ယခုပစ္စုပ္ပန်မှာနောက်ထပ်တဖန်ဆင်းရဲကိုဖြစ်စေတတ်တဲ့အကြောင်းတရားကို ချုပ်ရမှာလား မချုပ်ရဘူးလား (ချုပ်ရမှာပါ ဘုရား) ဘယ်အကြောင်းတွေတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန်ပါ ဘုရား) အဝိဇ္ဇာတဏှာ ဥပါဒါန်ဆိုတာ လုပ်ငန်းနဲ့ ချုပ်ရမှာလား အပြောနဲ့ချုပ်ရမှာလား(လုပ်ငန်းနဲ့ ချုပ်ရမှာပါဘုရား) စာအုပ်တွေ ဘောတွေထဲမှာရေးပြပြီး ချုပ်ရမှာလား(လုပ်ငန်းနဲ့ချုပ်ရမှာပါဘုရား) ပရိယတ္တိနှင့် ချုပ်ရမှာလား ပဋိပတ္တိနှင့်ချုပ်ရမှာလား (ပဋိပတ္တိနှင့်ချုပ်ရမှာပါဘုရား)

ဒါကြောင့် ခင်ဗျားတို့မသိဘဲနဲ့မလုပ်ပါတော့နဲ့၊ အဝိဇ္ဇာတဏှာဥပါဒါန်ခြံရံပြီးတော့ ကုသိုလ်ကောင်းမှုတွေမလုပ်ပါနဲ့၊ အဝိဇ္ဇာတဏှာခြံရံတဲ့ ကုသိုလ်သည် ဝဋ္ဋနိဿိတကုသိုလ် ဝဋ်ကိုလည်စေတယ်၊ မလည်ဘူးလား လည်သလား (လည်ပါတယ်ဘုရား) အဝိဇ္ဇာတဏှာဥပါဒါန် မခြံရံရင်ဖြင့် ဒီကုသိုလ်သည် သံသရာကိုလည်လို့ရသေးရဲ့လား (မရပါဘုရား) ဒါဝိဝဋ္ဋနိဿိတကုသိုလ်၊ ဘာကုသိုလ်တုံး (ဝိဝဋ္ဋနိဿိတကုသိုလ်ပါဘုရား) ဝဋ်မှ မလွတ်ဘူးလား လွတ်သလား (လွတ်ပါတယ်ဘုရား)

ဒါကြောင့် ခင်ဗျားတို့သည် ကုသိုလ်ကောင်းမှု မလုပ်ဘဲနေပါ့မလား (မနေပါဘုရား) လုပ်တဲ့အခါကျတော့ ခင်ဗျားတို့ သက္ကာယနဲ့ဒိဋ္ဌိကွာဘို့၊ အဝိဇ္ဇာချုပ်ဘို့၊ တဏှာချုပ်ဘို့၊ ဥပါဒါန်ချုပ်ဘို့၊ ဒီရှုကွက်လေးနဲ့လုပ်ရင် ဒီဒါနသည် နိဗ္ဗာန်မရဘူးလားရသလား(ရပါတယ်ဘုရား)ဒီသီလသည် မရဘူးလားရသလား(ရပါတယ်ဘုရား) ဒီသမထ သည် (ရပါတယ်ဘုရား) ဒီဝိပဿနာသည် (ရပါတယ်ဘုရား)အဲဒီလိုဆုံးဖြတ်ချက်ချ။

ဒါကြောင့် တကာ တကာမတွေ လုပ်တဲ့အခါကျတော့ မသိဘဲနဲ့မလုပ်ပါနဲ့၊ မသိတော့ခင်ဗျားတို့က ဒီဘဝရချင်တယ်၊လူဘဝရချင်တယ်၊နတ်ဘဝရချင်တယ်၊

ဖြဖ္စ္စာဘဝရချင်တယ်၊မတောင့်တဘူးလားတောင့်တသလား(တောင့်တပါတယ် ဘုရား)

တချို့ရေစက်ချရှိသေးတယ်၊ တချို့ဘုန်းကြီးတွေရေစက်ချပေးတယ်၊ ခင်ဗျား တို့ကလဲချတယ်၊ ဒေဝမနုဿသုခသမ္ပတ္တိ လူ့ဌ်ဖြစ်တဲ့စည်းစိမ်ချမ်းသာ၊ နတ်ဌ်ဖြစ် တဲ့စည်းစိမ်ချမ်းသာကို၊အနုဘဝတုကာပေ၊ အစဉ်ခံစားလိုသည်ဖြစ်၍၊ သွားပြီ၊ ခင်ဗျားတို့က ချမ်းသာသွားပြီ ထင်နေတာနော်၊ လူဖြစ်တာ ချမ်းသာသလား ဆင်းရဲသလား (ဆင်းရဲပါတယ် ဘုရား) ဒါဖြင့် ခင်ဗျားတို့ လူချမ်းသာထင်ပြီး တောင့်တတယ်၊ သိလို့လား မသိလို့လား (မသိလို့ပါဘုရား) မသိတာဘာပါ လိမ့်(အဝိဇ္ဇာပါဘုရား) တောင့်တတာက (တဏှာပါဘုရား) လာပြီ၊ ဒီကုသိုလ် သည် အဝိဇ္ဇာတဏှာခြံရံတဲ့ ကုသိုလ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆို ထိုက်ပါတယ်ဘုရား)ဆိုထိုက်ပါတယ်။

ဒါကြောင့် သာသနာတော်နဲ့တွေ့တဲ့အခါ ဝိမုတ္တိယုဂခေတ်ကြီးနဲ့ကြုံကြိုက်တဲ့ အခါ ဒီလိုအသိနဲ့လှူဒါန်းရင် ဒီဒါနသည် ဒီသမထဝိပဿနာသည် နိဗ္ဗာန်မရဘူး လားရသလား(ရပါတယ်ဘုရား)ဒါနလဲနိဗ္ဗာန်ရတယ်နော်။

ဒါနဆိုတာ၊ ဒါနံ၊ အလှူဒါနသည်၊ သုခံ၊ လူနတ်နိဗ္ဗာန်သုံးတန် ချမ်းသာကို၊ ဇနေတိ၊ဖြစ်စေ၏၊လူချမ်းသာလဲဖြစ်စေပါတယ်၊နတ်ချမ်းသာလဲဖြစ်စေပါတယ်၊ ပြီးတော့ ဘာတုံး (နိဗ္ဗာန်ချမ်းသာလဲဖြစ်စေပါတယ်ဘုရား) နိဗ္ဗာန်ချမ်းသာကို ဖြစ်စေချင်ရင် ဘာကိုဖြုတ်ရမှာတုံး (အဝိဇ္ဇာတဏှာဥပါဒါန်ပါဘုရား) အဝိဇ္ဇာ တဏှာဥပါဒါန်ကိုဖြုတ်ပါ။

ဒါကြောင့် ခင်ဗျားတို့ရှေးဘဝကတော့ထားပါတော့၊ ယခုဘဝနောက်ထပ် အကြောင်း သတ် ဘို့ အရေးမကြီးဘူးလား ကြီးသလား (ကြီးပါတယ်ဘုရား) အကြောင်း ချုပ် ဘို့ အရေးမကြီးဘူးလား ကြီးသလား (ကြီးပါဘယ်ဘုရား) အကြောင်း ချုပ် ရ မှာ၊ ဤလိုပြုချင်တဲ့စိတ်ကို ချုပ်ရမှာလား၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကို ချုပ် ရ မှာ လား (အဝိဇ္ဇာတဏှာဥပါဒါန်ကို ချုပ်ရမှာပါ ဘုရား) အဝိဇ္ဇာတဏှာဥပါဒါန်ကို ချုပ်ချင်ရင် အရှိတရားကိုရှုရမှာလား (အရှိတရားကို ရှုရမှာပါဘုရား) အရှိဘရားက မိမိခန္ဓာမှာလား၊ စာအုပ်တွေ ဘောတွေ ထဲမှာ လား(မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာတွင် ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါ ဘုရား)နှာသီးဖျားမှာဘယ်အချိန်ရှိမှာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်း မှာပါဘုရား)

ရှူတိုင်း ရှိုက်တိုင်းမှာ ဘယ်သဘောတွေ ရှိတာပါလိမ့် (ဤလိုပြုချင်တဲ့ စိတ် သဘောပါဘုရား) ဤလိုပြုချင်တဲ့စိတ်သဘော၊ လူရှိတာလား၊ စိတ်ရှိတာလား (စိတ်ရှိတာပါဘုရား)ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံး ကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့စိတ်။ ခုမှဖြစ်တဲ့စိတ် ရမလာဘူး

လား၊ ရလာသလား (ရလာပါတယ်ဘုရား) ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာ သလား (ဆင်းရဲပါတယ်ဘုရား) ဇာတိပိုဒုက္ခလား၊ ဇာတိပိသုခလား (ဇာတိပိ ဒုက္ခပါဘုရား)ဇာတိဖြစ်လာရင် ဒုက္ခဆင်းရဲတယ်တဲ့၊ တရားတော်က–

လူဖြစ်လို့ဆင်းရဲတာလား၊ စိတ်ဖြစ်လို့ဆင်းရဲတာလား (စိတ်ဖြစ်လို့ဆင်းရဲ တာပါဘုရား)စိတ်ကလဲဘယ်အချိန်တွေမှာဖြစ်နေတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက် တိုင်းရှိုက်တိုင်း မှာပါ ဘုရား) ဒါဖြင့် ဘယ်အချိန်မှာ ဆင်းရဲတာတုံး (ရှုတိုင်း ရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)တွေ့ပြီလား(တွေ့ပါပြီဘုရား) စိတ်ဖြစ် ရင် ဆင်းရဲတော့တာဘဲ။

+ ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ။

ဥပ္ပဇ္ဇာမာနံ၊ ဖြစ်လာတယ်ဆိုရင်၊ ဒုက္ခမေဝ၊ ဆင်းရဲတဲ့တရားသည်သာလျှင်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ်။ ဖြစ်လာရင်ဆင်းရဲတဲ့တရား ဖြစ်တာလား၊ ချမ်းသာတဲ့တရား ဖြစ်တာလား၊ (ဆင်းရဲတဲ့တရား ဖြစ်တာပါ ဘုရား) ဆင်းရဲ တဲ့ တ ရား က ဘယ် သဘောဖြစ်တာတုံး (ဤလိုပြုချင်တဲ့စိတ်သဘောပါ ဘုရား) ရှိတာက ဘာလို့ရှိ တာတုံး (ဖြစ်ဖြစ်နေလို့ ပါ ဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှ ဖြစ်တာပါ ဘုရား) (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်စိတ်တဲ့စိတ်) ရှုတဲ့အခါကော (ခုမှဖြစ်တဲ့စိတ်– ခုမှဖြစ်တဲ့စိတ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အဲဒီလို စိတ် ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ် ဘုရား) စိတ်ဖြစ်လို့ ဆင်းရဲတယ်။ ဘာဖြစ်လို့ ဆင်းရဲတာတုံး (စိတ်ဖြစ်လို့ပါဘုရား) ရှိုက်တဲ့အခါ ကော (စိတ်ဖြစ်လို့ ဆင်းရဲတာပါ ဘုရား) ရှုတဲ့အခါကော (စိတ်ဖြစ်လို့ဆင်းရဲ တာပါဘုရား) စိတ်မဖြစ်ရင် ဆင်းရဲပါ့မလား (မဆင်းရဲပါဘုရား)

(ဥပ္ပါဒေါဘယံ၊အနုပ္ပါဒေါခေမံ။) ဥပ္ပါဒေါ၊ဤလိုပြုချင်တဲ့စိတ်သဘောဖြစ် ခြင်းသည်၊ ဘယံ၊ဘေးကြီးတည်း။ ခင်ဗျားတို့ဘေးဆိုက်မလာဘူးလား ဆိုက်လာ သလား(ဆိုက်လာပါတယ်ဘုရား) ဆိုက်လာပါတယ်။

အနုပ္ပါဒေါခေမံ၊ အနုပ္ပါဒေါ ဤ လိုပြု ချင် တဲ့ စိတ် ထပ် မဖြစ်ရင်၊ ခေမံ၊ ဘေးမရှိရာ နိဗ္ဗာန်တည်း။ ယခု နိဗ္ဗာန်ရပြီလား (မရသေးပါဘုရား) ဘာပြုလို့ နိဗ္ဗာန်မရသေးတာတုံး(စိတ်ဖြစ်နေလို့ပါဘုရား)

အော် စိတ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာအမှန်ဘဲလား(အမှန်ပါဘုရား) ဆင်းရဲတာအမှန်လို့လူကသိတာလား ဝိဇ္ဇာက သိတာလား (ဝိဇ္ဇာကသိတာပါ ဘုရား) ဝိဇ္ဇာကသိတာ၊ အဝိဇ္ဇာချုပ် မသွားဘူးလား၊ချုပ်သွားသလား(ချုပ်သွားပါတယ်ဘုရား)လုပ်ငန်းနဲ့ချုပ်တာ

+ နိဒါနဝဂ္ဂသံယုတ် ပါဠိ ၂၅၇

လား၊ အပြောနဲ့ချုပ်တာလား (လုပ်ငန်းနဲ့ ချုပ်တာပါဘုရား) လုပ်ငန်းနဲ့ချုပ်တာနော်။

စိတ်သဘာဝကိုကြည့်ပြီးတော့ ခင်ဗျားတို့စိတ်သဘာဝရဲ့အပြစ်ကိုရှုပြီးတော့ အဝိဇ္ဇာချုပ်မသွားဘူးလား ချုပ်သွားသလား(ချုပ်သွားပါတယ်ဘုရား)ဒီစိတ်အသစ်ဖြစ်တာ မဆင်းရဲဘူးလား ဆင်းရဲသလား(ဆင်းရဲပါတယ်ဘုရား)ဇာတိပိဒုက္ခဘဲ၊ ဆင်းရဲတာအမှန်ဘဲလား(အမှန်ပါဘုရား)ဆင်းရဲတာ အမှန်ကို လူကသိတာလား ဝိဇ္ဇာကသိတာလား (ဝိဇ္ဇာကသိတာပါဘုရား) အဝိဇ္ဇာ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)ချုပ်သွားပြီ။

ခင်ဗျားတို့ ဒီစိတ်နောက်ထပ်ဖြစ်ချင်သေးရဲ့လား(မဖြစ်ချင်တော့ပါဘုရား) မဖြစ်ချင်တာ အမှန်ဘဲလား(အမှန်ပါဘုရား)ဘာလို့မဖြစ်ချင်တာတုံး(ဆင်းရဲလို့ပါဘုရား)ဆင်းရဲတာသိနေလို့။

ဒုက္ခေ ဉာဏံ၊ ဒုက္ခေ၊ ဒုက္ခကို၊ ဉာဏံ၊ သိခြင်း။ ဒုက္ခမသိတာကအဝိဇ္ဇာ၊ ယခုဒုက္ခသိလိုက်တော့ ဝိဇ္ဇာမရဘူးလား ရသလား (ရပါတယ်ဘုရား) အဝိဇ္ဇာချုပ်မသွားဘူးလား ချုပ်သွားသလား (ချုပ်သွားပါတယ်ဘုရား) ဆင်းရဲတာကော ဖြစ်ချင်သေးရဲ့လား(မဖြစ်ချင်တော့ပါဘုရား)ဖြစ်ချင်တယ်ဆိုတာ၊ လူကဖြစ်ချင်တာလား၊ တဏှာက ဖြစ်ချင်တာလား၊ (တဏှာကဖြစ်ချင်တာပါဘုရား) တဏှာကောချုပ်မသွားဘူးလား၊ချုပ်သွားသလား၊(ချုပ်သွားပါတယ်ဘုရား)အဝိဇ္ဇာချုပ်၊ တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) အော် ခင်ဗျားတို့အဝိဇ္ဇာလဲချုပ်တယ်၊ တဏှာလဲချုပ်တယ်၊ဥပါဒါန်လဲချုပ်တယ်၊ဘယ်အချိန်မှာချုပ်တာတုံး( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်းမှာလဲ ကာယသင်္ခါရမရှိဘူးလား(ရှိပါတယ်ဘုရား)နှုတ်ကကော ခင်ဗျားတို့ မပြောဘူးလား(ပြောပါတယ်ဘုရား) ဝစီသင်္ခါရ၊ ယခုစိတ်ကော ရှုမနေဘူးလား( ရှုနေပါတယ်ဘုရား) စိတ္တသင်္ခါရ။ ဒီကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ သုံးပါး၊ ယခုအချိန်မှာ အချိန်တိုင်းအချိန်တိုင်းရှိနေတယ်၊ အဲဒီသင်္ခါရသုံးပါး။

အဲဒီသင်္ခါရသုံးပါးနောက်က အဝိဇ္ဇာတဏှာဥပါဒါန် ယှဉ်သေးရဲ့လား(မယှဉ်တော့ပါဘုရား)လုပ်ငန်းလုပ်လို့လား၊ လုပ်ငန်းမလုပ်လို့လား(လုပ်ငန်းလုပ်လို့ပါဘုရား)ပရိယတ္တိကြောင့်လား၊ ပဋိပတ္တိကြောင့်လား(ပဋိပတ္တိကြောင့်ပါဘုရား) ဒါကြောင့် ပဋိပတ္တိကမှ အဝိဇ္ဇာတဏှာဥပါဒါန်ကိုချုပ်တာ၊ ပရိယတ္တိနှင့်တော့ ခင်ဗျားတို့ မချုပ်ဘူး၊ ချုပ်ပါ့မလား (မချုပ်ပါဘုရား) ပရိယတ္တိ ဆိုတာက အပြော၊ ပဋိပတ္တိကလုပ်ငန်း၊ ဟုတ်တယ် မဟုတ်လား(ဟုတ်ပါတယ်ဘုရား)လုပ်ငန်းနဲ့ အခု ခင်ဗျားတို့အဝိဇ္ဇာတဏှာဥပါဒါန်ချုပ်မသွားဘူးလား(ချုပ်သွားပါတယ်ဘုရား)ဘယ်အချိန်မှာချုပ်တာတုံး ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)

ဒါကြောင့် ရှုတိုင်း ရှုတိုင်း ရှိက်တိုင်း ရှိက်တိုင်း မှာ ခုမှဖြစ်တဲ့ စိတ်-ခုမှဖြစ်တဲ့စိတ် ဟုတ်ဘယ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား) စိတ်ဖြစ်လို့ဘာတုံး (ဆင်းရဲဘာပါဘုရား) စိတ်ဖြစ်လို့ဆင်းရဲတယ်၊ စိတ်မဖြစ်ရင်နိဗ္ဗာန်ဟုတ်လား၊

အဲဒီလိုရှုခိုက်မှာ အဝိဇ္ဇာလဲချုပ်ပါတယ်၊ ပြီးတော့တဏှာလဲချုပ်ပါတယ်။ ပြီးတော့ဘာတုံး (ဥပါဒါန်ပါဘုရား) ဥပါဒါန်လဲချုပ်ပါတယ်၊ အဝိဇ္ဇာတဏှာဥပါဒါန်ကိလေသာချုပ်မသွားဘူးလား ချုပ်သွားသလား (ချုပ်သွားပါတယ်ဘုရား) ချုပ်သွားတော့ ဒီကာယသင်္ခါရဆိုတဲ့ကာယကံ ယခုပစ္စုပ္ပန်နော်၊ ဝစီသင်္ခါရဆိုတဲ့ဝစီကံ၊ မနောသင်္ခါရဆိုတဲ့မနောကံ၊ အကျိုးပေးသေးလား(မပေးတော့ပါဘုရား) အဘယ်ကြောင့်မပေးတာတုံး (အဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့ကိလေသာဝဋ်မရှိလို့ပါဘုရား) ဒီကံအကျိုးပေးလို့ရသေးရဲ့လား (မရပါဘုရား) ကံကနောက်ထပ် ဝိပါကဝဋ်ဖြစ်ပါဦးမလား ( မဖြစ်တော့ပါဘုရား ) အော် ကိလေသာဝဋ်ချုပ်လိုက်တာနဲ့တပြိုင်နက် ကံလဲချုပ် ဝိပါကလဲချုပ်၊ မချုပ်ဘူးလား ချုပ်သလား (ချုပ်ပါတယ်ဘုရား)၊

ယခုပစ္စုပ္ပန်ကံတွေတော့ ခင်ဗျားတို့ချုပ်လို့ရရဲ့လား (မရပါဘုရား) နောက်ထပ် ဒီကံကြောင့်-ဒီကုသိုလ်ကြောင့် နောက်ထပ်စိတ်ဖြစ်ပါဦးမလား (မဖြစ်ပါဘုရား) စိတ်မဖြစ်ရင် (နိဗ္ဗာန်ပါဘုရား)စိတ်မပေါ်ရင်(နိဗ္ဗာန်ပါဘုရား)မဟုတ်ဘူးလား ဟုတ်သလား (ဟုတ်ပါတယ်ဘုရား)။

ခင်ဗျားတို့အဝိဇ္ဇာတဏှာဥပါဒါန်ကကိလေသာဝဋ်၊ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရကဘာတုံး (ကမ္မဝဋ်ပါဘုရား) ဤလိုပြုချင်တဲ့စိတ်က (ဝိပါကဝဋ်ပါဘုရား) ဝဋ်ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) ဘာတွေတဲ့ (ကိလေသာဝဋ် ကမ္မဝဋ် ဝိပါကဝဋ်) ပဋိစ္စသမုပ္ပါဒ်ကောမပါဘူးလား (ပါလာပါတယ်ဘုရား)၊ အကြောင်းကြောင့်အကျိုးဖြစ်တယ်၊ ကိလေသာနှင့် ကမ္မဝဋ်ကြောင့်ဘာတုံး ( ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား ) ဒီဝိပါကဝဋ်ကြောင့်ကံဖြစ်ပြန်တယ်၊ စိတ်ဖြစ်လာတာနဲ့တပြိုင်နက် နောက်ထပ်ကာယအ ဝစီကံမနောကံမဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဒါကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာက၊

\+ **ကမ္မာဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ၊**
**ကမ္မာပုနဗ္ဘဝေါဟောတိ၊ ဧဝံလောကော ပဝတ္တတိ၊**

ကမ္မာ၊ကံကြောင့်၊ဝိပါကာ၊စိတ် ဝိဉာဏ်ဆိုတဲ့ဝိပါက်တရားတို့သည်၊ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ရှေးအတိတ် ကံကြောင့် ဤလိုပြုချင်တဲ့ စိတ်ဝိညာဏ် မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဝိပါကော၊ ဝိပါက်တရားသည်၊ ကမ္မသမ္ဘဝေါ၊ ကံကြောင့်

\+ ဝိသုဋ္ဌ ၁ ၄ ၄ နှာ ၂၇၇

ဖြစ်၏၊ကမ္မာ၊ကံကြောင့်၊ပုနဗ္ဘဝေ ါ၊တဖန်ဖြစ်ခြင်းသည်၊ဟောတိ၊ဖြစ်၏။ဝိပါက်ကြောင့် လည်း ဘဝထပ်ဖြစ်တုံး (ကံထပ်ဖြစ်ပါတယ်ဘုရား) လည်မနေဘူးလား လည်နေသလား ( လည်နေပါတယ်ဘုရား ) လည်နေတယ်နော်။ ဧဝံ၊ ဤသို့၊ လောကော၊ လောကကြီးသည်၊ ဝတ္တတိ၊ လည်၍ဖြစ်လေ၏။ ဤလိုပြုချင်တဲ့ စိတ်ဟာဘာတုံး ( ဝိပါကဝဋ်ပါဘုရား ) ဒီဝိပါကဝဋ်ကြောင့် ကံထပ်မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘာကံတွေတုံး (ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ) အဲဒီသင်္ခါရတို့သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ခြံရံမယ် ဆိုရင် နောက်ထပ်ဘဝဖြစ်ဦးမှာတုံး(ဝိပါက်တရားပါဘုရား)။

အဲဒါကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် မခြံရံအောင် ရှုတိုင်း ရှုတိုင်းမှာ ခုမှဖြစ်တဲ့ဘာတုံး ( ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ် ) အကြောင်းကြောင့် ဖြစ်၊ ဘာဉာဏ်နဲ့ဘာဉာဏ်ဘာလိမ့်၊ (နာမပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ပါ ဘုရား) မရဘူးလား ရလာသလား (ရပါတယ် ဘုရား) သုဒ္ဓိအားဖြင့် လည်းဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ပရိညာအားဖြင့် ဉာတပရိညာ။ ဒီစခန်းနဲ့ဘဲ တို့တကာတကာမတွေ အကြောင်းအကျိုးကောကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေထင်သေးရဲ့လား (မထင်ပါဘုရား) သက္ကာယဒိဋ္ဌိကောပြုတ်မသွားဘူးလား (ပြုတ်ပါတယ်ဘုရား) တို့တကာတကာမတွေအကျိုးမများဘူးလား ( များပါတယ်ဘုရား ) ဒါကြောင့် သာသနာတော်နဲ့ တွေ့တဲ့အကျိုးတရားဆိုတာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) သာသနာတော်နဲ့လဲတွေ့တယ်၊

ဘဝကလဲဘဝကောင်း၊ တို့တကာတကာမတွေ မကောင်းဘူးလားကောင်းသလား (ကောင်းပါတယ်ဘုရား) ဘာသာကကော ( ကောင်းပါတယ်ဘုရား ) ဘဝလဲကောင်းတယ်၊ အခါကလဲကောင်းတယ်၊ ကမ္ဘာ ကလဲ ကောင်း တယ်၊ သာသနာတော်ကလဲကောင်းတယ်၊ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံလို့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ချုပ်ဘယ်ဆိုရင် ဆိုထိုက် မဆိုထိုက် ( ဆိုထိုက်ပါတယ်ဘုရား ) အဲဒီအတိုင်း ခင်ဗျားတို့ရှုပါတော့ အချိန်ကလဲစေ့ပြီ၊ နက်ဖြန်မှရှုကွက်တက်ကြပါစို့၊ မနေ့ကရှုကွက်ဘဲ၊ ယနေ့အကြောင်းအကျိုး ခင်ဗျားတို့ရှင်းလိုက်ပါတယ်၊ အချိန်လဲပိုသွားပါပြီ၊ အားလုံးလိုက်ဆိုပါတော့....

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
॥ ॥ ဓမ္မံပူဇေမိ
॥ ॥ သံဃံပူဇေမိ

## ပညတ်အာရုံက သောတာ ဒေါသ မောဟ ဖြစ်တယ်၊ ပရမတ်အာရုံက သောတာ ဒေါသ မောဟ မဖြစ်ဘူး။

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၁၂) ရက် ဟောကြားသောတရား။

ကဲ သမာဓိယူကြပါစို့၊ ယနေ့ရုပ်ပိုင်းတက်ပေးမယ်၊ ရုပ်ပိုင်းစ တက်ကြပါစို့၊ မြတ်စွာဘုရားကိုယ်တော်မြတ်သည် အာနာပါနသတိသုတ္တန်ဟောတိုင်း ဟောတိုင်း အချက်ကြီးသုံးချက်ကို ရှေးဦးစွာဟောပါတယ်၊ အာနာပါနသတိသုတ္တန် တွင်လားဆိုတော့မဟုတ်ပါဘူး၊ အာနာပါနပဗ္ဗပိုင်းမှာလဲ အချက်ကြီးသုံးချက် ဟောကြားတော်မူပါတယ်၊ ဒါအာနာပါနသတိဟောတိုင်းဟောတိုင်း အာနာပါနပဗ္ဗဟောတိုင်းဟောတိုင်း ဘာကစပြီးဟောသလဲဆိုတော့-

\+ ပလ္လင်္ကံ အာဘုဇိတွာဥဇုံကာယံပဏိဓာယပရိမုခံသတိံ ဥပဋ္ဌပေတွာ သောသတောဝ အဿသတိ၊ သတောဝ ပဿသတိ။

ဒီလိုဘဲသုတ်တိုင်းမှာ မြတ်စွာဘုရားကိုယ်တော်မြတ်သည် အာနာပါနသတိ သုတ္တန်ဟောတိုင်း ဒီကစတဲ့အတွက် တကာတကာမတွေလဲ ဒီကကျော်ပြီးတော့ လုပ်ငန်းလုပ်လို့ ရပါ့မလား (မရပါဘုရား)၊

ဒါကြောင့် ဒီကဘဲစရတယ်၊ မြတ်စွာဘုရားဟောတဲ့ပါဠိတော်ကျော်ပြီးပြော လို့ ရရဲ့လား(မရပါဘုရား)မရပါဘူး။ ဒါလဲခင်ဗျားတို့မှတ်ချက်လေးတွေပြတာ ပါဘဲ၊ ဒါကြောင့်တင်ပလ္လင်ခွေလိုက်၊ ပလ္လင်္ကံ အာဘုဇိတွာ နံပါတ် ( ၁ ) က။ နံပါတ် ( ၂ ) က ဥဇုံကာယံ ပဏိဓာယ၊ အထက်ပိုင်းဖြစ်တဲ့ ခါးကိုဖြောင့်ဖြောင့် ထားလိုက်၊ နံပါတ် ( ၃ )က သတိထားလိုက်။ ဒီလိုချည်းဘဲစပါတယ်၊ ဒါကြောင့် သတိထားလိုက်၊ နှာသီးဖျားမှာသတိထားလိုက်၊ နှာသီးဖျားမှာသတိထားလိုက် တော့ ရှူတာတွေ့တယ် ရှိုက်တာတွေ့တယ်၊ အပြင် လေ ထုတ် တာ ကို ဘာ တဲ့ တုံး (ရှူတယ်) အတွင်းလေ သွင်းတာက (ရှိုက်တယ်) အဲဒါမှတ်။

ဒါကျော်ပြီးတော့ ပြလို့မဖြစ်ဘူး၊ မြတ်စွာဘုရားကလဲ အာနာပါနာသတိ သုတ္တန်ဟောတိုင်း ဟောတိုင်း ဒီကစပါတယ်၊ဒါကြောင့် ရှူတယ်ရှိုက်တယ်ဆိုတာ သတိရှိပြီးတော့ ရှူပါရှိုက်ပါ။

သောသတောဝ အဿသတိ၊ သတောဝပဿသတိ။ သော၊ ထို ကမ္မဋ္ဌာန်း ခွင်မှာ ထိုင်နေသောပုဂ္ဂိုလ်သည်၊ သတောဝ၊ သ တိ ရှိ သည် ဖြစ် ၍ သာ လျှင်။ အဿသတိ၊ ထွက်သက်ကိုရှူ၏။ ပဿသတိ။ ဝင်သက်ကိုရှိုက်၏။

---

\+ မူလပဏ္ဏာသ ပါ နှာ ၇၀

ကမ္မဋ္ဌာန်းခွင်ဝင်ရင် သတိရှိပြီးတော့ရှုပါ၊ သတိရှိပြီးတော့ရှိုက်ပါ၊အာနာပါနပဗ္ဗကတက်မဲ့ပုဂ္ဂိုလ်တွေ၊ဒုတိယနည်းကျတော့ရှုစကရှုဆုံးအထိရှူတယ်ရှူတယ် ရှူတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ ရှိုက်တယ် ရှိုက်တယ် ရှိုက်တယ်လို့ သိပါစေ။ သမာဓိယူကြပါဦး၊ တကာတကာမတွေကို ဘုန်းကြီးကစာအုပ်တွေ ဘောတွေစုာရေးပြနေတာလား၊ ခန္ဓာမှာပြနေတာလား (ခန္ဓာမှာပြနေတာပါဘုရား)။ ဒါကြောင့် ခန္ဓာမှာသတိမထားဘဲနဲ့ ဒီတရားတော်နားလည်ပါမလား (နားမလည်ပါဘုရား) ဒါကြောင့် သမာဓိရှေးဦးစွာပြုရတယ်။ သမာဓိမရှိဘဲနဲ့တော့ တကာတကာမတွေ ဒီတရားနားလည်နိုင်ပါ့မလား (နားမလည်နိုင်ပါဘုရား) နားမလည်နိုင်ဘူး။

ဒါကြောင့် မြတ်စွာဘုရားကလဲ သမာဓိမရှိရင် နားမလည်နိုင်ဘူးလို့ ဟောထားပါတယ်၊ သမာဓိရှိမှ နာမ်တရား ရုပ်တရားနားလည်နိုင်တယ်ဆိုတာ(သမာဟိတော ဘိက္ခဝေယထာဘူ တံပဇာနာတိ)ဆို တဲ့ ဒေ သနာ တော် ထင် ရှား ပါတယ်။ ဒါကြောင့် ရှူစကရှူဆုံးအထိ ရှူတယ် ရှူတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံး အ ထိ ရှိုက်တယ် ရှိုက်တယ်လို့ သိပါစေ။ သမာဓိယူလိုက်ဦး။

ဘာတုံးဆိုတော့ ခင်ဗျားတို့စိတ်တွေကပျံ့နေတာ ရှေ့မတက်ခင်မှာ သမာဓိရှိမှလဲ ရှေ့ကိုနားလည်တယ်၊ နောက်တချက် တကာတကာမတွေ တတိယနည်းသွားကြပါစို့၊ တတိယနည်းက ရှူခြင်းအမှုပြုပြန်တယ်၊ ရှူခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး (ရှိုက်ခြင်းအမှုပြုပါတယ်ဘုရား) ရှိုက်ခြင်းအမှုပြုပြီးတော့( ရှူခြင်းအမှုပြုပါတယ်ဘုရား) အပြုရပ်ရဲ့လား (မရပ်ပါဘုရား)

အဲဒီတော့ အပြုကရှိနေတာ၊ တပြုထဲပြုနေတာ၊ ရှူခြင်းအမှုပြုလိုက်၊ရှိုက်ခြင်းအမှုပြုလိုက်နဲ့ ရှူခြင်းအမှုပြုတာကို ရှုမှန်းမသိဘဲနဲ့၊ ရှိုက်ခြင်းအမှုပြုတာကို ရှိုက်မှန်း မသိဘဲနဲ့၊ နာမ်တရား ရုပ်တရားသိပါတယ်ဆိုတာဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ဒါမှတ်ချက်ချ၊ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ပရိယတ္တိပိုင်းတော့ဖြစ်ပါတယ်၊ ပဋိပတ္တိပိုင်းရောက်ပါ့မလား(မရောက်ပါဘုရား) ဒါကြောင့် ပဋိပတ္တိပိုင်းရောက်စေချင်လို့ရှိရင် တကာတကာမတွေ ကိုယ်ပြုတာပြုမှန်းသိပါစေ၊ ဘယ်လိုပြုသလဲဆိုတော့ ရှူခြင်းအမှုပြုတယ်၊ ရှူခြင်းအမှုပြုပြီးတော့၊ ဘာအမှုပြုတုံး(ရှိုက်ခြင်းအမှုပြုပါတယ်ဘုရား) ရှိုက်ခြင်းအမှုပြုတယ်၊ ရှိုက်ခြင်းအမှုပြုပြီးတော့ ဘာအမှုပြုပြန်တုံး( ရှူခြင်းအမှုပြုပါတယ်ဘုရား)ကိုယ်ပြုတာပြုမှန်းသိမှလဲ ကမ္မဋ္ဌာန်းခွင်ဝင်တယ်၊ ကမ္မဋ္ဌာန်းဖြစ်တယ်၊ကိုယ်ပြုတာပြုမှန်းမသိဘဲနဲ့ တကာတကာမတွေရိပ်သာမှာ ကမ္မဋ္ဌာန်းထိုင်ပြီးတော့ ကိုယ်ပြုဘာပြုမှန်းမသိဘဲနဲ့ ကမ္မဋ္ဌာန်းဖြစ်ပါ့မလား(မဖြစ်ပါဘုရား)ကမ္မဿ ဌာန် ကမ္မဋ္ဌာန် တဲ့ဗျ၊ ကိုယ်ပြုတဲ့ အမှုပေါ်မှာ ကုသိုလ်စိတ်တည်နေခြင်းသည် ကမ္မဋ္ဌာန်းဖြစ်တာဘဲ၊ ဒီအထိ ခင်ဗျားတို့ သမထကမ္မဋ္ဌာန်း သမာဓိကမ္မဋ္ဌာန်း အာနာပါနသတိကမ္မဋ္ဌာန်းဖြစ်လာတယ်။

ဒါကြောင့် တတိယနည်းက ရှုစကရှုဆုံးအထိ ဤလိုပြုတယ်ဤလိုပြုတယ်လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ်လို့သိ၊ အဲဒါသမထဘဲ၊ သမထကနေပြီး ရုပ်တရားကိုသွားကြစို့ရဲ့။ စိတ်က ခင်ဗျားတို့ သမ္မသနဥာဏ်ပိုင်းထိအောင် မပြခဲ့ဘူးလား ပြခဲ့သလား(ပြခဲ့ပါတယ်ဘုရား)ပြခဲ့ပါတယ်။ စိတ်ကိုလွှတ်ထားခဲ့တော့၊ နာမ်ကိုထားပြီးတော့ ရုပ်ကိုရှုကြစို့။

ဘာကိုအာရုံပြုရမှာလဲ (ရုပ်ကိုအာရုံပြုရမှာပါဘုရား)နာမ်နှင့်ရုပ် ပေါင်းပြီးဟောရမယ်၊ အခုဟာ တပိုင်းစီသွားတယ်၊ သမာဓိ ရလာတဲ့ အခါကျတော့၊ သတိသမာဓိရှိတဲ့ ပုဂ္ဂိုလ်ဟာ အရှိတရား တွေ့ဘာလား မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) အရှိတရားတွေ့မှာဘဲ၊ သမာဓိမရှိဘဲနဲ့ အရှိတရားတွေ့ပါ့မလား(မတွေ့ပါဘုရား)မတွေ့ဘူး။

ယခု ခင်ဗျားတို့သမာဓိရလာပြီ၊ရလာတဲ့အခါ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ သတိထားလိုက်၊ နှာသီးဖျားမှာ တွန်းကန်သွားတဲ့သဘော၊ လှုပ်ရှားသွားတဲ့သဘော၊ တိုးခတ်သွားတဲ့သဘော၊ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)မရှိဘူးလို့ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ရှိလို့လား မရှိလို့လား (ရှိနေလို့ပါဘုရား)မျက်စိနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား)နှာသီးဖျားမှာ တိုးခတ်သွားတဲ့လေသဘော၊ ဘာသဘောတုံး (လေသဘောပါဘုရား)မိအောင်ဖမ်း။

အဲဒီလေကို မျက်စိနဲ့မြင်ရရဲ့လား(မမြင်ရပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား)ရှိတာကပရမတ်လား ပညတ်လား(ပရမတ်ပါဘုရား)ပရမတ်။အရှိတရားကြည့်ရမှာလား၊ မရှိတရား ကြည့်ရမှာလား (အရှိတရား ကြည့်ရမှာပါ ဘုရား) အရှိတရားကဘယ်သဘောပါလိမ့် (နှာသီးဖျားမှာတိုးခတ်သွားတဲ့ လေသဘောပါဘုရား) အထူးဘဲ ဒီရှုကွက်ကိုမိအောင်ကိုင်ထား၊ ဘယ်သဘောတုံး (နှာသီးဖျားမှာ တိုးခတ်သွားတဲ့လေသဘောပါဘုရား)ဤလိုကောရှုကြည့်လိုက် (ဤလိုနှာသီးဖျားမှာ တိုးခတ်သွားတဲ့လေသဘော) ရှိုက်တဲ့အခါလဲ ဤလိုနှာသီးဖျားမှာ တိုးခတ်သွားတဲ့လေသဘော၊ မိအောင်ဖမ်း။

မျက်စိနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) လေဆိုတာ လူလား ရုပ်လား (ရုပ်ပါဘုရား) ရုပ်တွေ့မလာဘူးလား၊ တွေ့လာသလား ( တွေ့လာပါတယ်ဘုရား ) မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) မျက်စိနဲ့မြင်လို့ရရဲ့လား(မရပါဘုရား)မျက်စိနဲ့မြင်တဲ့ရုပ်မှန်သမျှ ဝိပဿနာရှုလို့မရဟု မှတ်ချက်ချ။ ဉာဏ်နှင့်မြင်တဲ့ရုပ်မှ ဝိပဿနာရှုလို့ရတယ်၊ အဌကထာဆရာကြီးက ဖွင့်ပြပါတယ်။

\+ ယံပဿတိနတံဒိဋ္ဌံ၊ ယံဒိဋ္ဌံတံနပဿတိ။

၊ယံ၊ အကြင်ရုပ်ကို၊ ပဿတိ၊ မျက်လုံးနဲ့မြင်၏၊ တံ၊ ထိုမျက်လုံးနဲ့မြင်တဲ့ရုပ်ကို၊ နဒိဋ္ဌံ၊ ဝိပဿနာဉာဏ်နှင့်မမြင်ကောင်း၊ အော် မျက်လုံးနဲ့မြင်တဲ့ရုပ်ကို ဝိပဿနာဉာဏ်နဲ့တွေ့ကောင်းရဲ့လား (မတွေ့ကောင်းပါဘုရား)။ ယံ၊ အကြင်ရုပ်ကို၊ ဒိဋ္ဌံ၊ ဝိပဿနာဉာဏ်နှင့်မြင်၏၊ တံ၊ ထိုဝိပဿနာဉာဏ်နှင့်မြင်တဲ့ရုပ်ကို၊ န ပ ဿ တိ၊ မျက်လုံးနဲ့မမြင်ကောင်း၊

အော် ဒီ"လေ" မျက်လုံးနဲ့မြင်လို့ရရဲ့လား ( မ ရ ပါ ဘု ရား ) မရှိလို့လား (ရှိပါတယ်ဘုရား) ရှိတယ်၊ မရှိလို့မဟုတ်ဘူး၊ ရှိတဲ့သဘောကိုကြည့်ရမယ်၊ ရှိတဲ့သဘောကိုကြည့်ရမှာလား၊ မရှိတဲ့သဘောကို ကြည့်ရမှာလား (ရှိတဲ့သဘောကိုကြည့်ရမှာပါဘုရား) ရှိတာက ရှုတာရှိုက်တာရှိတာလား၊ လေ သ ဘော ရှိ တာလား (လေသဘောရှိတာပါဘုရား) လေသဘော၊ ဒါရုပ်ကိုပြနေတာ။

ရှုတယ်ဆိုတာခင်ဗျားတို့ပြစမ်းပါ၊ ရှိရဲ့လား (မရှိပါဘုရား) နှာသီးဖျားမှာတိုးခတ်သွားတဲ့လေသဘောဘဲရှိတယ်၊ ဘယ်သဘောရှိတာလဲ (နှာသီးဖျားမှာတိုးခတ်သွားတဲ့လေသဘောပါဘုရား) သူ့ကိုဘာလို့ခေါ်သလဲ (လေပါဘုရား) တနည်း-လေလို့လဲခေါ်တယ်၊ ဝါယောလို့လဲခေါ်တယ်၊ ပါဠိလို (ဠတိရုပ်-ဠတိရုပ်)တဲ့၊ ဠတိ၊ ဤသဘောကား၊ ဘယ်သဘောလဲ (နှာသီးဖျားမှာတိုးခတ်သွားတဲ့လေသဘောပါဘုရား) နှာသီးဖျားမှာတိုးခတ်သွားတဲ့လေသဘောသည်၊ ရုပ္ပံ၊ ရုပ်၊ ဘာတဲ့တုံး (ရုပ်ပါဘုရား) ဒီသဘောဟာရုပ်၊ အမှန်အားဖြင့် ရုပ်လို့ဆိုတာပညတ်ဘဲ၊ ရုပ်လို့ခေါ်တာကဘာတုံး (ပညတ်ပါဘုရား) ရုပ်လို့အခေါ်ခံရတဲ့သဘော၊ လေလို့အခေါ်ခံရတဲ့သဘောဘဲ၊ မိအောင်ဖမ်း။

ရုပ်လို့ဆိုတာလဲ သမုတိသစ္စာနယ်အားဖြင့်သာပြောတာကိုးဗျ၊ ရုပ်လို့ခေါ်ပြောလိုက်တယ်၊ လေလို့ခေါ်ပြောလိုက်တယ်၊ ရုပ်သင်္ခါရလို့ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ပြောလို့မရဘူးလား ( ရပါတယ်ဘုရား ) ရှိတာကဘာတုံး (ဤလိုတိုးခတ်သွားတဲ့သဘော) ဘယ်သဘော (ဤလိုတိုးခတ်သွားတဲ့သဘော) အဲဒီသဘောကို ဘယ်လိုခေါ်လိုက်သလဲ ( လေ ) ပြီးတော့ဘာတုံး (ရုပ်ပါဘုရား) ပြီးတော့ ( သင်္ခါရပါဘုရား ) ပြီးတော့ ( သက္ကာယ ) ပြီးတော့ဘာတုံး (ပရမတ်) အတူတူဘဲ၊ ဒီသဘောကိုခေါ်တာ။

ခင်ဗျားတို့စာပေလေ့လာတဲ့အခါလဲ ဒီသဘောကိုပြောတာပါလို့ မှတ်ချက်ချ၊ ဤသဘောမရှိရင် ရုပ်လို့ခေါ်ပြောလို့ရရဲ့လား ( မရပါဘုရား ) အော်-ခင်ဗျားတို့နှာသီးဖျားမှာ တိုးခတ် တွန်းကန် လှုပ်ရှားသွားတဲ့လေဟာဖြင့် မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ထင်ရှားပါတယ်နော်။

---

\+ မူလပဏ္ဏာသ၊ ဋ၊ ပ၊ နှာ ၂၄၇

ဒီသဘောတရားလေကဒီဖြစ်ဆဲသဘောတရားလေးဘဲ၊ရှိရှိနေတဲ့သဘောတရားကိုမိအောင်ဖမ်း ရှိမနေဘူးလား၊ ရှိနေသလား (ရှိနေပါတယ်ဘုရား) အရှိတရားကြည့်ရတာလား၊ မရှိတရားကြည့်ရတာလား (အရှိတရားကြည့်ရတာပါဘုရား) အရှိတရားဆိုကာ မိမိခန္ဓာမှာလား၊ စာအုပ်တွေ ဘောတွေထဲမှာလား (မိမိခန္ဓာမှာပါဘုရား) ခန္ဓာမှာလဲဘယ်ဌာနမှာတုံး (နှာသီးဖျားပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာဘယ်သဘောရှိတာတုံး (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) အဲဒီလိုမိအောင်ဖမ်း။ ဘယ်သဘော (ဤ လို တိုး ခတ် သွား တဲ့ လေသဘောပါဘုရား) လေလို့ပြောတာသဘောဘဲ။ ဓမ္မာနိဿတ္တနိဇ္ဇီဝသဘာဝ ဝါ၊ သဘာဝတရားဘဲ၊ ပဌမတော့ လေလို့မပြောရဘူးလား၊ ပြောရသလား (ပြောရပါတယ်ဘုရား) မပြောလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) လေဟာပရမတ်လား ပညတ်လား (ပညတ်ပါဘုရား) ပညတ်၊ "လေ" လို့ အခေါ်ခံရတဲ့သဘောက ပရမတ်၊ လေကဘာတုံး (ပညတ်) ဘာပညတ်တုံး (ဝိဇ္ဇမာနပညတ်) ဘာပညတ် (ဝိဇ္ဇမာနပညတ်ပါဘုရား) ရှူတယ်ရှိုက်တယ်ခေါ်လိုက်ရင် (အဝိဇ္ဇမာနပညတ်)။

ဝိဇ္ဇမာနပညတ်– အဝိဇ္ဇမာနပညတ်ကို ခွါပြီးတော့ ထင်ရှားရှိတဲ့ ဤတိုးခတ်သွားတဲ့သဘောဟာဘာတုံး ( ပရမတ် ) မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ဒါကြောင့် ဘယ်လိုပြထားသလဲဆိုတော့

\+ သစ္စံ ဂယှတိပုဗ္ဗဘာဂေ ဘာဝနာယပန ဝစ္စမာနာယ
ပညတ္တိံ သမတိက္ကမိတွာ သဘာဝေယေဝတိဋ္ဌန္တိ

ဒါကဘာပြောသလဲဆိုတော့၊ ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်းစီးဖြန်းသည်၏ ရှေးအဘို့၌၊ ဂယှတိပန ပညတ်အာရုံကို တွေ့ရသည်ကား၊ သစ္စံ–မှန်၏။ ပဌမတော့၊ ပညတ်မတွေ့ဘူးလား၊တွေ့သလား(တွေ့ပါတယ်ဘုရား)ရှူတယ်လို့လဲခေါ်တာဘဲ၊ ရှိုက်တယ်လို့ လဲခေါ်တာဘဲ။ ပြီးတော့အဲဒီကတဆင့်တက်လိုက်တော့(လေ)ဘယ်လိုပြောလိုက်သလဲ(လေပါဘုရား)လေဟာ ပရမတ်လား၊ ပညတ်လား (ပညတ်) ဘာပညတ်တုံး (ဝိဇ္ဇမာနပညတ်)

အဲဒီတော့ ကမ္မဋ္ဌာန်းရဲ့ရှေးအဘို့မှာတော့၊ ဝိဇ္ဇမာနပညတ်တွေ့ကိုတွေ့ရမှာဘဲ၊ မပြောရဘူးလား၊ ပြောရမှာလား (ပြောရမှာပါဘုရား) ပြောရမယ်-ပညတ်လား ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်းစီးဖြန်းသည်၏ရှေးအဘို့၌၊ ဂယှတိပန၊ ပညတ်အာရုံကို

---

÷ သုတ်ပါထေယျ

တွေ့ရသည် ကား၊ သစ္စံ၊ မှန်၏၊ - စိတ်လို့လဲပြောခဲ့တယ်၊ ဟိုတုံးကမပြောခဲ့ဘူးလား၊ ပြောခဲ့သလား (ပြောခဲ့ပါတယ်ဘုရား) ရုပ်ကျတော့ တိုးခတ်သွားတဲ့သဘောကဘာတဲ့တုံး (လေ) ဘယ်လိုခေါ်လိုက်တာလဲ (လေ) ပြီးတော့ (ရုပ်) မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) အဲဒါဘာတုံး (ပညတ်) ဘာပညတ်တုံး (ဝိဇ္ဇမာနပညတ်) ပညတ်တွေ့တယ် ဆိုတာ သစ္စံ၊ မှန်ပါတယ်၊ မမှန်ဘူးလား၊ မှန်သလား (မှန်ပါတယ်ဘုရား)။

ဒီလိုခေါ်တယ်ဆိုတာ မှန်တာဘဲနော်၊ မမှန်ဘူးလား၊ မှန်သလား (မှန်ပါတယ်ဘုရား) မခေါ်လို့ရပါ့မလား (မရပါဘုရား) ဒါကြောင့် နှာသီးဖျားမှာတိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့သဘောကို ဘာသဘောတဲ့တုံး (လေ)ပြီးတော့ (ရုပ်) ပြီးတော့ (သင်္ခါရ) ပြီးတော့ (သက္ကာယ) ပြီးတော့ (ပရမတ်)

ဒေသနာတော်နဲ့လာမကိုက်ဘူးလား၊ ကိုက်သလား ( ကိုက်ပါတယ်ဘုရား ) ဒါကြောင့် ပုဗ္ဗဘာဂေ၊ ကမ္မဋ္ဌာန်းစီးဖြန်းသည်၏ရှေးအဘို့၌၊ ဂယှတိပန၊ပညတ်အာရုံကိုတွေ့ရသည်ကား၊သစ္စံ၊ မှန်ပါတယ်။ ဘာဝနာယပန-ဝိပဿနာဘာဝနာကို၊ ဝဍ္ဎမာနာယ၊ တိုးပွားလာသည်ရှိသော်၊ ရှုဖန်များသည်ရှိသော်ရှုတဲ့အခါကျတော့(လေ)လို့သာပြောရတာကိုး၊ဤသဘောဘဲရှိတယ်၊ ဤလိုတိုးခတ်သွားတဲ့သဘောဘဲရှိတယ်။ ဘယ်သဘောရှိတာတုံး ( ဤလိုတိုးခတ်သွားတဲ့သဘော ) ဤသဘောကလွဲပြီးရှိသေးရဲ့လား (မရှိပါဘုရား) လေလို့သာ ပြောသာပြောရတာ လေဆိုတာကောရှိရဲ့လား (မရှိပါဘုရား) မရှိဘူး။

သို့သော် မပြောလို့တော့ဖြစ်ပါမလား ( မဖြစ်ပါဘုရား ) မဖြစ်လို့ပြောရတာ။ ဒါကြောင့် ပွားများလာတဲ့အခါကျတော့ ဝိဇ္ဇမာနပညတ်တွေ ပျောက်မသွားဘူးလား၊ ပျောက်သွားသလား (ပျောက်သွားပါတယ်ဘုရား) ထင်ရှားရှိတဲ့သဘောတရား၊ ဉာဏ်ကတက်မလာဘူးလား၊ တက်လာသလား (တက်လာပါတယ်ဘုရား) တက်လာတယ်၊ ဒါကြောင့် ဘာဝနာယ၊ ဝိပဿနာဘာဝနာကို၊ ဝဍ္ဎမာနာယ၊ တိုးပွားလာသည်ရှိသော်၊ ပညတ္တိံ၊ ရှေးကယူ၍ မှတ်၍ထားအပ်သော သမုတိသစ္စာမျှသာဖြစ်သောပညတ်အာရုံကို၊ သမတိက္ကမိတွာ၊ လွန်မြောက်၍ရှုပါများတဲ့အခါကျတော့ ဝိဇ္ဇမာနပညတ်တွေ၊ အဝိဇ္ဇမာနပညတ်တွေ၊ သမုတိပညတ်တွေ၊ မလွန်မြောက်ဘူးလား၊ လွန်မြောက်သလား (လွန်မြောက်ပါတယ်ဘုရား) လွန်မြောက်တော့ဘာတွေ့သလဲ၊သဘာဝေယေဝ၊ ဤလိုတိုးခတ်တယ်ဆိုတဲ့သဘောတရား၌သာလျှင်၊ဉာဏ်ဟာ အဲဒီလိုမိရမှာ၊အားထုတ်တဲ့အခါမှာ၊သဘာဝေယေဝ၊ ဤလိုတိုးခတ်တဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲ့ဒီသဘောကိုမှတ်။

ဒီသဘောလေးကိုသာလျှင်၊ စိတ္တံ-ရှုနေတဲ့စိတ်သည်၊ တိဋ္ဌတိ-တည်နေကြကုန်၏။ လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေပေါ်မှာ တည် နေ တာ လား၊ သဘောဘရားပေါ်မှာတည်နေတာလား (သဘောတရားပေါ်မှာ တည်နေတာပါဘုရား) ဘယ်သဘောတရားပေါ်မှာတည်နေတာပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘော) ဟုတ်တယ်မဟုတ်လား။

ဒီသဘောပေါ်မှာ တည်မနေဘူးလား၊ တည်နေသလား (တည်နေပါတယ်ဘုရား) လူတည်ဘာလား၊ စိတ်တည်တာလား ( စိတ်တည်တာပါဘုရား ) စိတ်တည်လာတယ်။ အရှိတရားပေါ်မှာ တည်တာလား၊ မရှိတရားပေါ်မှာတည်တာလား ( အရှိဘရားပေါ်မှာတည်တာပါဘုရား ) အရှိတရားကဘယ်သဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) မ ရှိ ဘူး လား၊ ရှိ သ လား (ရှိပါတယ်ဘုရား) ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) ရှိတာသိတာလား၊ မရှိတာသိတာလား (ရှိတာသိတာပါဘုရား) အရှိတရားဟာပရမတ်လား ပညတ်လား (ပရမတ်ပါဘုရား) ရှိတာက ပရမတ်၊ မရှိတာက ပညတ်၊ ရှိ တာ က ဘာ သဘောပါလိမ့် ( ဤလိုတိုးခတ်သွားတဲ့လေသဘော ) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အရှိတရားကပရမတ်လား၊ ပညတ်လား (ပရမတ်ပါဘုရား) ရှိတာက (ပရမတ်)၊ မရှိတာကဘာတုံး (ပညတ်) ရှိတာကဘယ်သဘောပါလိမ့် ( ဤလိုတိုးခတ်သွားတဲ့လေသဘော ) ရှုတဲ့အခါလဲ (ဤလိုတိုးခတ်သွားတဲ့လေသဘောဘဲရှိတယ်) မိအောင်ဖမ်းထားပါ။

ဒီလိုအရှိကိုတွေ့နေရင် အရှိဟာပရမတ်၊ ပရမတ်အာရုံဆိုတာ လောဘ ဒေါသ မောဟဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) ပညတ်အာရုံကြတော့ဖြစ်တယ် ပညတ်အာရုံက လောဘ-ဒေါသ-မောဟအာရုံတွေဖြစ်တယ်။ ပရမတ်အာရုံက လောဘ ဒေါသ-မောဟအာရုံတွေဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား)

ဒီတော့ လောဘ-ဒေါသ-မောဟမဖြစ်ချင်ရင် ပရမတ်ကိုရှုရမှာလား၊ပညတ်ကိုရှုရမှာလား (ပရမတ်ကိုရှုရမှာပါဘုရား) အရှိတရားကိုရှုရမှာလား၊ မရှိတရားကိုရှုရမှာလား (အရှိတရားကိုရှုရမှာပါဘုရား)။

အော်- အရှိတရားက ခန္ဓာမှာလား၊ စာအုပ်တွေ "ဘော" တွေထဲမှာလား၊ (ခန္ဓာမှာပါဘုရား)ခန္ဓာထဲဘယ်ဌာနတုံး (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)

အော်- ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိတာတုံး (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) လူမရှိဘူးလား (မရှိပါဘုရား) ရှိတယ်ထင်ပါရဲ့ (မရှိပါဘုရား) လူတွေ သတ္တဝါတွေတွေ့ရဲ့လား (မတွေ့ပါဘုရား) ရှိရဲ့သားနဲ့မတွေ့ဘာလား၊ မရှိလို့မတွေ့တာလား (မရှိလို့မတွေ့တာပါဘုရား)

အောင်–မရှိလို့ မတွေ့တာ ခင်ဗျားတို့ သတိနဲ့သမာဓိနဲ့ တွဲရှုလိုက်တဲ့အခါ အရှိတရားဘဲတွေ့မယ်။ မရှိတရားတွေ့နိုင်ပါ့မလား ( မတွေ့နိုင်ပါဘုရား ) မတွေ့နိုင်ဘူး။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါပါရဲ့လား ( မပါပါဘုရား ) မပါဘူး။ ရှိလို့လား မလို့လား ( မရှိလို့ပါဘုရား ) မရှိလို့။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာပညတ်အာရုံ၊ ဘာအာရုံ (ပညတ်အာရုံပါဘုရား) ယခုခင်ဗျားတို့ ပညတ်အာရုံယူထားတာလား၊ ပရမတ်အာရုံယူထားတာလား (ပရမတ်အာရုံယူထားတာပါဘုရား) ပရမတ်အာရုံယူထားတာ။

ပညတ်အာရုံကတော့ လောဘတွေ ဒေါသတွေ မောဟတွေ၊ ခင်ဗျားတို့တ ရား အား ထုတ် တယ် ဆို တာ လောဘငြိမ်းအောင်လုပ်တဲ့လုပ်ငန်း လောဘ ဒေါသ မောဟငြိမ်းချင်ရင် အရှိတရားကြည့်ပါ။ လောဘ ဒေါသ မောဟ ငြိမ်းချင်ရင် ဘာတရားကြည့်ရမှာတုံး (အရှိတရားကြည့်ရမှာပါဘုရား) ပရမတ်အာရုံကိုယူထားပါ။

အဲဒီပရမတ်အာရုံ ဟောဒီနှာသီးဖျားမှာ တိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့ သဘောလေးက နှစ်သက်စရာအာရုံဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) မဟုတ်ဘူး စုံမက်စရာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဟုတ်တော့ လောဘဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) မဖြစ်ဘူး။

ဒီတိုးခတ် တွန်းကန် လှုပ်ရှားသွား တဲ့သဘောလေးက ဒေါသဖြစ်စရာ အာရုံဟုတ်ရဲ့လား (မဟုတ်ပါဘုရား) စိတ်ညစ်စရာ၊ စိတ်ဆိုးစရာ အာရုံဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) စိတ်ညစ်စရာ၊ စိတ်ဆိုးစရာအာရုံမဟုတ်ရင် စိတ်ညစ် စိတ်ဆိုးအုံးမလား ( မညစ်တော့ပါဘုရား ) ဒေါသမဖြစ်တော့ဘူး၊ ဖြစ် သေး ရဲ့ လား (မဖြစ်ပါဘုရား) လောဘလဲမဖြစ်တော့ဘူး၊ ပြီးတော့ ဒေါသလဲမဖြစ်တော့ဘူး၊ မဖြစ်တာအမှန်ဘဲလား (အမှန်ပါဘုရား) ငြင်းလဲငြင်းကြည့်၊ လုပ်လဲလုပ်ကြည့်အုံးနော်။

ဩော်-ခင်ဗျားတို့ယခုရှုနေတာ အမှန်ရှုလား၊ အမှားရှုလား (အမှန်ရှုပါဘုရား) အမှန်မြင်တာလား၊ အမှားမြင်တာလား ( အမှန်မြင်တာပါဘုရား ) အမှန်မြင်ရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိ။

ဩော် မောဟမရှိတော့ဘူး၊ အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အမောဟ အသိအလိမ္မာလို့လဲဆိုတယ်၊ ဉာဏ်လို့လဲဆိုတယ်၊ မဆိုဘူးလား၊ ဆိုသလား၊ ( ဆိုပါတယ်ဘုရား ) ပညာလို့ကော မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား)ဝိဇ္ဇာလို့ကောမခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား) ဒီသဘော အသိ အလိမ္မာ ဉာဏ်ပညာ ဝိဇ္ဇာ အမောဟ အဲဒီသဘောဘဲ+ ဒါ လယ်တီဆရာတော်ဘုရားကြီးက ဒီအတိုင်းဆိုထားတာ အသိ၊ အလိမ္မာ၊ ဉာဏ်

ပညာ၊ ဝိဇ္ဇာ၊ အမောဟ၊ အမှန်ကိုသိနေရင် ဒါအမှန်သိဘဲ။ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) အဲဒါအသိ။

သိရင်မလိမ္မာဘူးလား၊ လိမ္မာသလား (လိမ္မာပါတယ်ဘုရား) လိမ္မာတယ်ဆိုတာလဲ အမောဟ ပညာ ဉာဏ်လို့လဲခေါ်တယ်၊ မောဟပါသေးရဲ့လား (မပါပါဘုရား) မောဟဖြစ်ခွင့်ရှိပါအုံးမလား (မရှိပါဘုရား) အဲဒီတော့လောဘလဲငြိမ်းတယ်၊ ပြီးတော့ ဒေါသလဲငြိမ်းကယ် ပြီးတော့ မောဟလဲငြိမ်းတယ်။

ပညတ်အာရုံယူလို့လား၊ ပရမတ်အာရုံယူလို့လား (ပရမတ်အာရုံယူလို့ပါဘုရား) ပရမတ်အာရုံဆိုတာ အရှိတရားလား၊ မရှိတရားလား (အရှိတရားပါဘုရား) အရှိတရားကဘယ်သဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘော) မိအောင်ဖမ်းထားပါ။

ဒီအာရုံလေးကြည့်နေရင် ရှူနေရင် ( လေ-လေ )လို့သာရှု၊ ရှူတဲ့အခါမှာလဲ နှာသီးဖျားမှာတိုးခတ်သွားတဲ့သဘောဟာ (လေ လေ) ရှိုက်တဲ့အခါမှာလဲ နှာသီးဖျားမှာတိုးခတ်သွားတဲ့သဘောဟာလဲ (လေ လေ) လို့သာရှု။ ဇာတိရုပ်၊ ဇာတိ၊ ဤသဘောကား၊ ရုပ်၊ ရုပ်၊ လူလား ရုပ်လား (ရုပ်) လူနဲ့ရုပ်နဲ့ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) ငါနဲ့ရုပ်နဲ့ကော (ကွဲသွားပါတယ်) ငါကခွဲတာလား၊ ပညာကခွဲတာလား (ပညာကခွဲတာပါဘုရား)

ပညာသာသနာ ပညာသိက္ခာ၊ ခင်ဗျားတို့ ပြည့်စုံမလာဘူးလား၊ ပြည့်စုံလာသလား ( ပြည့်စုံလာပါတယ်ဘုရား ) အမှန်မြင်လို့လား၊ အမှားမြင်လို့လား (အမှန်မြင်လို့ပါဘုရား) အမှန်မြင်လို့၊ ဒီလိုသာအမှန်မမြင်ဘူးဆိုရင်၊ ခင်ဗျားတို့၊ အမှန်မမြင်ဘူးဆိုကတဲက ပညတ်ကို အာရုံပြုနေတော့တာဘဲ။ သားတွေ၊ သမီးတွေ ဆွေမျိုးတွေပေါ်မှာ ခင်ဗျားတို့အာရုံပြုနေတယ်၊ မ ပြု ဘူး လား၊ ပြုသလား (ပြုပါတယ်ဘုရား) အဲဒါပညတ်လား၊ ပရမတ်လား (ပညတ်ပါဘုရား) အိုး အိမ် တွေ ပေါ် မှာ သားတွေ သ မီး တွေ ဆွေ တွေ မျိုး တွေ ဥစ္စာပစ္စည်းတွေပေါ်မှာ အမြဲအာရုံပြုနေတယ်၊ အဲဒီအာရုံသည် ပညတ်အာရုံလား၊ ပရမတ်အာရုံလား ( ပညတ်အာရုံပါဘုရား ) ပညတ်အာရုံဆိုတာ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) လောဘဖြစ်လာတယ်။ ဒေါသဖြစ်လာတယ်။ မောဟဖြစ်လာတယ်။ လောဘဖြစ်ရင်သက်သာရဲ့လား (မသက်သာပါဘုရား) မသက်သာဘူး။

\+ ယေဘူယျေနဟိသတ္တာတဏှာယပေတ္တိဝိသယံ ဥပပဇ္ဇန္တိ တဲ့။

လောဘဖြစ်တဲ့ပုဂ္ဂိုလ်ဟာ တဏှာဖြစ်တဲ့ပုဂ္ဂိုလ်ဟာများသောအားဖြင့် ပြိတ္တာဘုံရောက်တယ်။ ဘယ်ရောက်သတုံး ( ပြိတ္တာဘုံပါဘုရား ) ပြိတ္တာဘုံသွားညွှန်

\+ အဋ္ဌသာလိနီ နှာ ၁၇၂

ကြားတယ်။ သူ့လမ်းနဲ့သူ ခင်ဗျားတို့ အဲဒီပညတ်အာရုံတွေကို ယူမယ် ဆိုရင် ဒေါသကောမဖြစ်ဘူးလား၊ ဖြစ်သလား ( ဖြစ်ပါတယ်ဘုရား ) ဒေါသဖြစ်ရင် ကော ခင်ဗျားတို့သက်သာပါ့မလား (မသက်သာပါဘုရား)

\+ ဒေါသေနဟိစဏ္ဍော ဒေါသေနဟိစဏ္ဍော ဒေါသသဒိသံ နိရယံ ဥပဇ္ဇန္တိ တဲ့။

အဌကထာဆရာက ဒေါသဖြစ်လို့ရှိရင်တဲ့ ငရဲဘုံသွားတဲ့၊ ဘယ်ရောက်မလဲ (ငရဲဘုံပါဘုရား) ဒေါသဖြစ်ရင် (ငရဲ) လောဘဖြစ်ရင် (ပြိတ္တာ)

တကာ တကာမတွေ လူတွေ သတ္တဝါတွေ ယောကျ်ားမိန်းမတွေ အိုးအိမ်တွေ ရှိနေရင် အမှန်ရှုလား၊ အမှားရှုလား (အမှားရှုပါဘုရား)အမှားရှုကတဲက အမှန် သိလား၊ အမှားသိလား (အမှားသိပါဘုရား) အမှားသိရင် ဝိဇ္ဇာလား အဝိဇ္ဇာ လား (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာဆိုတာ မောဟဖြစ်ရင်တိရိစ္ဆာန်၊ မောဟဖြစ်ရင် ဘယ်ရောက်မလဲ (တိရိစ္ဆာန်ဘုံ) အော်- ခင်ဗျားတို့လောဘဖြစ်ရင်လဲမသက်သာ ပါလား (ပြိတ္တာဘုံ)၊ ဒေါသဖြစ်ရင်လဲ (ငရဲဘုံ)၊ မသက်သာပါလား၊ မောဟ ဖြစ်ရင်လဲ (တိရိစ္ဆာန်ဘုံ) မသက်သာပါလား။

ဤလောဘ ဒေါသ မောဟငြိမ်းဘို့ ခင်ဗျားတို့သာသနာတော်နဲ့တွေ့တဲ့အခါ အရေးမကြီးဘူးလား၊ ကြီးသလား ( ကြီးပါတယ်ဘုရား ) အော်- ခင်ဗျားတို့ သာသနာတော်ကြီးဟာလဲ (၅၀၀၀) ထားခဲ့တဲ့သာသနာတော်ကြီးလာမတွေ့ ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ဘာသာကလဲဗုဒ္ဓဘာသာ၊ ကောင်း လိုက်တာ၊ မကောင်းဘူးလား ကောင်းသလား(ကောင်းပါတယ်ဘုရား) ဘာသာ အားဖြင့်ပြောစရာရှိသေးရဲ့လား (မရှိပါဘုရား) ဘဝအားဖြင့်လဲလူ့ဘဝ၊ ခေတ် အားဖြင့်လဲ ဝိမုတ္တိယုဂခေတ်ကြီး၊ ဒီလိုခေတ်ကြီးနဲ့၊ဒီလိုဘာသာနဲ့၊ဒီလိုသာသနာ တော်နှင့်တွေ့ပါလျက်သားနဲ့ ခင်ဗျားတို့လောဘငြိမ်းအောင် ဒေါသငြိမ်းအောင် မောဟငြိမ်းအောင်မှုရှုကွက်မရှုတတ်ရင် ကိုယ်ကျိုးနဲပေါ့လို့ မပြောထိုက်ဘူးလား ပြောထိုက်သလား (ပြောထိုက်ပါတယ်ဘုရား) ပြောထိုက်တယ်ဆိုတာကိုဆုံးဖြတ် ချက်ချပါတော့။

ဒါကြောင့် ခင်ဗျားတို့ လောဘဒေါသမောဟငြိမ်းချင်ရင် အမှန်တရားရှု ရမှာလာလား၊ အမှားတရားရှုရမှာလား (အမှန်တရားရှုရမှာပါဘုရား)အမှန် တရားက မိမိခန္ဓာမှာလားသူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိ ခန္ဓာမှာ ဘယ်ဌာနပါလိမ့် (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာ တုံး ( ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား ) အော် ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ ဘယ်သဘာရှိတာတုံး (ဤ လို တိုး ခတ် သွား တဲ့ လေ

---

\+ အဌသာလိနီ နှာ ၁၇၂

သဘောပါဘုရား) (လေ လေ)လို့ရှုခိုက်မှာ လောဘဖြစ်ခွင့်ရသေးရဲ့လား(မရပါဘုရား) ဒေါသဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) မောဟဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) အမှန်သိနေလို့လား အမှားသိနေလို့လား (အမှန်သိနေလို့ပါဘုရား) အမှန်သိနေတာက အရှိတရားသိတာလား၊ မရှိတရားရှိတာလား (အရှိတရားသိတာပါဘုရား)။လုပ်ငန်းနဲ့သိတာလား အပြောနဲ့သိတာလား(လုပ်ငန်းနဲ့သိတာပါဘုရား။

အော်-လုပ်ငန်းနဲ့သိတဲ့အတွက်ကြောင့် 'သန္ဒိဋ္ဌိကော'တဲ့၊ ဘာတဲ့တုံး ( သန္ဒိဋ္ဌိကောပါဘုရား) ကိုယ်တိုင်သိမနေဘူးလားသိနေသလား (သိနေပါတယ်ဘုရား) ကိုယ်တိုင်သိနေတယ်၊ ကိုယ်တိုင်မြင်နေတယ်၊ လူကိုမြင်တာလား ရုပ်ကိုမြင်တာလား (ရုပ်ကိုမြင်တာပါဘုရား) ရုပ်ဆိုတာဘာသဘောပါလိမ့်၊ (ဤလိုတိုးခတ်သွားတဲ့"လေ"သဘောပါဘုရား)ဒီ"လေ"သဘောမရှိရင်ခင်ဗျားတို့သေမှာ ဒီလေသဘောမရှိဘူးလားရှိနေသလား(ရှိနေပါတယ်ဘုရား)ဒီလေသဘောရှိနေလို့ အသက်ရှင်နေတာ၊ သေခါနီးမှာ တချို့သေသလား မသေဘူးလားဆိုတာ ဝါဂွမ်းနဲ့တင်မကြည့်ဘူးလား တင်ကြည့်သလား (တင်ကြည့်ပါတယ်ဘုရား) ဒါ လေရှိသလား လေမရှိဘူးလားလို့ စမ်းသပ်ကြည့်တာဘဲ၊ အော် လေမရှိတော့ရင် ဒီပုဂ္ဂိုလ်ဟာဘာလဲ၊ သေတော့တာဘဲ။ ယခုခင်ဗျားတို့ သေနေတာလား ရှင်နေတာလား ( ရှင်နေတာပါဘုရား ) အသက်ရှင်တာမဟုတ်ဘူး၊ လေရှိနေတာ၊ လေဖြစ်နေတာ၊ အသက်ဆိုတာကောရှိရဲ့လား ( မရှိပါဘုရား ) မရှိဘူး။

ဝိညာဏ်ဆိုတာ, အသက်ဆိုတာ, လိပ်ပြာကောင်ဆိုတာကောရှိရဲ့လား (မရှိပါဘုရား) အသက်လိပ်ပြာဆိုတာကလဲမရှိဘူး၊ ရှိတာကဘာသဘောတုံး (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) ဤလေရှိနေလို့အသက်ရှင်နေတာ၊ ဒီလေသာမရှိရင် ခင်ဗျားတို့သေမှာ၊ မသေဘူးလားသေမှာလား (သေမှာပါဘုရား)။

ဒါနဲ့ ခင်ဗျားတို့ကိုမေးရဦးမယ်၊ ယခုခင်ဗျားတို့နှာသီးဖျားမှာတိုးခတ်သွားတဲ့ လေသဘောကိုပေးမှာလား၊ လက်ဖြတ်ပေးမှာလား ( လက်ဖြတ်ပေးမှာပါဘုရား) လေပေးရင်တော့သေမှာဘဲ၊ လက်ဖြတ်ပေးလို့ သေပါ့မလား (မသေပါဘုရား)ဒီလက်ကရုပ်မဟုတ်ဘူး၊ အတ္တဘော၊ ရုပ်သာနောက်ထပ်မဖြစ်ရင်ခင်ဗျားတို့ သေမှာ၊ ဤလက်ကဘာတုံး(အတ္တဘောပါဘုရား)ပညတ်ကြီး။ ဒီအတ္တဘောဟာ ရုပ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အတ္တဘောနဲ့နဲ့ရုပ်ကွဲရတယ် ဘာနဲ့ကွဲရမှာတုံး (အတ္တဘောနဲ့ရုပ်နဲ့ကွဲရမှာပါဘုရား) ဒီဟာက ခင်ဗျားတို့မျက်မြင်ရုပ်၊ ဘာရုပ်တဲ့တုံး(မျက်မြင်ရုပ်ပါဘုရား)မျက်မြင်ရုပ်ဝိပဿနာရှုလို့ ရရဲ့လား (မရပါဘုရား) ဘာနဲ့မြင်တဲ့ရုပ်ကို ဝိပဿနာရှုရမှာတုံး (ဉာဏ်နဲ့မြင်တဲ့ရုပ်ကို ဝိပဿနာ

ရှုရမှာပါဘုရား) ဉာဏ်နဲ့ မြင်တဲ့ရုပ်ကို ဝိပဿနာ ရှုရမှာ ဟုတ်တယ် မဟုတ်လား (ဟုတ်ပါတယ်ဘုရား) လက်တော့ပေးနိုင်တယ်၊ မျက်မြင်ရုပ်ပေးနိုင်တယ်ဟုတ်လား၊ခင်ဗျားတို့ကိုမေးမယ်၊နှာသီးဖျားမှာတိုးခတ်သွားတဲ့လေလေးပေးမှာလား မျက်စိဖေါက်ပေးမှာလား (မျက်စိဖေါက်ပေးမှာပါဘုရား) မျက်စိဖေါက်ပေးမှာ။ မျက်စိဖေါက်ပေးလို့ မသေဘူးဟုတ်လား

ဒီလေးသဘောမရှိရင် ခင်ဗျားတို့သေမှာ၊ အသက်ရှင်နေတယ်ဆိုတာ ဒီလေသဘောလေးကြောင့် တွေ့ပြီလား (တွေ့ပါပြီဘုရား) ဒီလေသဘောမရှိဘူးဆိုရင် ငြင်းကြည့်စမ်း ရရဲ့လား (မရပါဘုရား) မရဘူး။

ဒါကြောင့် ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ ဤလိုတိုးခတ်သွားတဲ့ လေသဘော၊ မျက်စိနဲ့မြင်တာလား ဉာဏ်နဲ့မြင်တာလား (ဉာဏ်နဲ့မြင်တာပါဘုရား)မျက်စိနဲ့ထင်ရှားရမှာလား ဉာဏ်နှင့်ထင်ရှားရမှာလား(ဉာဏ်နဲ့ထင်ရှားရမှာပါဘုရား) ဒိဗ္ဗစက္ခုအဘိဉာဉ်ရတဲ့ပုဂ္ဂိုလ်လဲ ဒီရုပ်မမြင်နိုင်၊ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား)

ဉာဏ်နဲ့ထင်ရှားတဲ့တရား၊ ဉာဏ်နဲ့တွေ့တဲ့တရား၊ ဘယ်အချိန်မှာတွေ့ရမှာတုံး (ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား)ဒီရှုက္ခက်မှာ "အာနာပါနပဗ္ဗ"မှာ အမှန်ကို ခင်ဗျားတို့မြင်နေသလား မြင်မနေဘူးလား (မြင်နေပါတယ်ဘုရား) အမှန်သိလား အမှားသိလား (အမှန်သိပါဘုရား) အမှန်သိ။

အခုအားထုတ်ရင် အခုသိတာလား အိမ်ရောက်မှသိတာလား (အခုသိတာပါဘုရား) အခုသိတာကသန္ဒိဋ္ဌိကော၊ အခုသိရင် လောဘအခုငြိမ်းတာလား အိမ်ရောက်မှငြိမ်းတာလား (အခုငြိမ်းတာပါဘုရား) အချိန်စောင့်ရဲ့လား (မစောင့်ပါဘုရား) အချိန်မစောင့်တာက၊ အကာလိကော အခါမလင့်အကျိုးပေးတဲ့တရား၊ အကာလိကောရမလာဘူးလားရလာသလား ( ရလာပါတယ်ဘုရား ) သန္ဒိဋ္ဌိကော, အကာလိကော,နော်-

ယခုခင်ဗျားတို့ နှာသီးဖျားမှာ တိုးခတ်သွားတဲ့သဘော-"လေ-လေ"လို့ရှုခိုက်မှာ သိခိုက်မှာ လောဘငြိမ်းတယ် ဒေါသလဲငြိမ်းတယ် မောဟလဲငြိမ်းတယ်၊ မငြိမ်းဘူးလားငြိမ်းသလား ( ငြိမ်းပါတယ်ဘုရား ) အခုငြိမ်းတာလား အိမ်ရောက်မှငြိမ်းတာလား (အခုငြိမ်းတာပါဘုရား) အခုသိတာကသန္ဒိဋ္ဌိကော အခုငြိမ်းတာက အကာလိကော၊ အခုသိတာကဘာတုံး (သန္ဒိဋ္ဌိကောပါဘုရား) အခုငြိမ်းတာက ( အကာလိကောပါဘုရား ) အကာလိကော၊ မရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား)။

အော် နှာသီးဖျားမှာတိုးခတ်သွားတဲ့လေလို့ ခင်ဗျားတို့သိမနေဘူးလား သိနေသလား ( သိနေပါတယ်ဘုရား ) ဉာဏ်နဲ့မမြင်ဘူးလား မြင်နေသလား (မြင်နေပါတယ်ဘုရား) မြင်နေတယ်၊

+ ဇာနတောဟံဘိက္ခဝေ ပဿတော အာသဝါနံ ခယံဝဒါမိ။

ဘိက္ခဝေ၊ ချစ်သားတို့၊ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင်သောသူအား၊ လူကိုမြင်တာလား ရုပ်ကိုမြင်တာလား (ရုပ်ကိုမြင်တာပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ သိနေတာလား ရုပ်လို့ သိနေ တာ လား (ရုပ်လို့သိနေတာပါဘုရား)ရုပ်လို့သိနေတာ။ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း မှာ နှာသီးဖျားမှာ တိုးခတ်သွားတဲ့သဘောကို-လေ-လို့ရှု။ဣတိ ရူပံ, ပါဠိတော် စကား၊ ဣတိ၊ ဤသဘောကား၊ ဤသဘောကိုဘာလို့ခေါ်တုံး (ရုပ်လို့ခေါ် ပါတယ်ဘုရား) ပါဠိလို ရူပံ၊ မြန်မာလိုရုပ်၊ ဣတိ၊ ဤသဘောကား၊ ရူပံ၊ ရုပ်။ လူဟုတ်ရဲ့လား (မဟုတ်ပါဘုရား) န နရော၊ လူမဟုတ်။ နသတ္တော၊ သတ္တဝါ မဟုတ်ဘူး။ နဣတ္ထိ၊ မိန်းမဟုတ်ဘူး။ နပုရိသော၊ ယော ကျ်ား မ ဟုတ် ဘူး။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ရင်ဘာတုံး (ရုပ်ပါဘုရား) ရုပ်ကိုတွေ့ ပြီလား (တွေ့ပါပြီဘုရား)။

အော် အဲဒီရုပ်ကို ခင်ဗျားတို့ရုပ်လို့ရှုရမှာလား၊ လူတွေသတ္တဝါတွေလို့ရှု မှာလား (ရုပ်လို့ရှုရမှာပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ရုပ်ကိုရှု ခိုင်းဘာလား လူတွေသတ္တဝါတွေကိုရှုခိုင်းတာလား (ရုပ်ကိုရှုခိုင်းတာပါဘုရား) အော် ခင်ဗျားတို့ရုပ်ကိုမရှုရင်ဖြင့် လောဘဖြစ်မယ်၊ ဒေါသဖြစ်မယ်၊ မောဟ ဖြစ်မယ်၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သသား (ဆိုထိုက်ပါတယ်ဘုရား)ဘုရားရှင် ရှုခိုင်းတဲ့အတိုင်း ရှုရင်လောဘဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) ဒေါသဖြစ် ခွင့် ရသေးရဲ့လား (မရပါဘုရား) မောဟဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) လူလို့ရှုလို့လား ရုပ်လို့ရှုလို့လား (ရုပ်လို့ရှုလို့ပါဘုရား) ကာယေကာယာနု ပဿီဝိဟရတိ။ဒီလိုကောသတိပဋ္ဌာန်ပါဠိတော်နှင့် မညီဘူးလားညီသလား(ညီပါ တယ် ဘု ရား)။

ကာယေ၊ နှာသီးဖျားမှာတိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့ကာယ၌၊ကာယာ နုပဿီ၊ လေ-လေလို့ အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်၊ မြတ်စွာ ဘုရားက "လေ" လို့ ရှုခိုင်းတာလား သတ္တဝါလို့ရှုခိုင်းတာလား (လေလို့ရှုခိုင်း တာပါ ဘုရား) ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်း မှာပါ ဘုရား)မိမအောင်ရှု။

တကာတကာမတွေ ရုပ်လို့ရှုနေတာ၊ ထင်ရှားနေတဲ့သဘောကိုခင်ဗျားတို့ ရှုနေတာ၊ ဘူတံ ဘူတတော ပဿတိ၊ ဘူတံ၊ ထင်ရှားရှိတဲ့ ဤလိုတိုးခတ်သွား

---

+ မူလပဏ္ဏာသ (ပါ) သဗ္ဗာသံဝသုတ် နှာ ၉

တဲ့ လေသဘောကို၊ ဘူတတော၊ ထင်ရှားနေပါတကားဟူ၍၊ ပဿတိ၊ ကြည့်ပါ ရှုပါ၊ ထင်ရှားရှိတာကိုကြည့်နေတာလား၊ ထင်ရှားမရှိတာကိုကြည့်နေတာလား (ထင်ရှားရှိတာကိုကြည့်နေတာပါဘုရား) ထင်ရှားရှိတာက လူတွေသတ္တဝါတွေ ရှိတာလား ရုပ်သဘောရှိတာလား ( ရုပ်သဘောရှိတာပါဘုရား ) ရုပ်သဘော ဆိုတာ ဘယ်လိုသဘောပါလိမ့် ( ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား ) ရုပ်တွေ့ပြီလား (တွေ့ပါပြီဘုရား) ရုပ်ကမိမိခန္ဓာမှာလား သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာသတိမထားရင် ဒီလေတွေ့မလား (မတွေ့ပါ ဘုရား) ဒီရုပ်တွေ့ပါ့မလား (မတွေ့ပါဘုရား)။

ယခုတော့ ခင်ဗျားတို့၊ သတိနဲ့သမာဓိပြည့်စုံလာတဲ့အခါမှာ ဉာဏ်ကထင်ရှား မလာဘူးလား ထင်ရှားလာသလား (ထင်ရှားလာပါတယ်ဘုရား) ထင်ရှားလာ တယ်။ အဲဒီလေလို့ သိခိုက်မှာ လေလို့ရှုခိုက်မှာ လောဘ ဒေါသ မောဟငြိမ်း တယ် ဆို တာ ငြင်းလို့ရသေးရဲ့လား ( မရပါဘုရား ) အခုသိရင် အခုငြိမ်းတာ လား အိမ်ရောက်မှငြိမ်းတာလား (အခုငြိမ်းတာပါဘုရား) အခုသိတာကဘာတုံး (သန္ဒိဋ္ဌိကောပါဘုရား) အခုငြိမ်းတာက ( အကာလိကောပါဘုရား ) ရုပ်ဆိုတာ ဘယ်လိုလဲလို့မေးရင် ပြောလို့ရရဲ့လား ( မရပါဘုရား ) လုပ်ငန်းမလုပ်ဘဲနဲ့ ရုပ်သဘောတွေ့ပါ့မလား (မတွေ့ပါဘုရား) မတွေ့ပါဘူး။

တိုတကာတကာမတွေ့လဲ ပြောခဲ့ပေါင်းများလှပါပြီ၊ သကြားဆိုတာချိုတာ လား ငံတာလား ( ချိုတာပါဘုရား ) ဒီလိုတော့ပြောလို့ရတယ်။ မရဘူးလား ရသလား ( ရပါတယ်ဘုရား ) ဘယ်လိုချိုတာတုံး ပြောကြည့်စမ်း ချိုပြစမ်း ရရဲ့ လား(မရပါဘုရား)ထန်းလျက်ဆိုတာချဉ်သလားချိုသလား(ချိုပါတယ်ဘုရား) ထန်းလျက်ဟာချိုတယ်၊ ပြောလို့မရဘူးလား ရသလား(ရပါတယ်ဘုရား)ဘယ် လို ချိုတာတုံးဆိုတော့မရဘောဘူး၊ ဘယ်လိုချိုတာတုံးလို့မေးရင် အဲ ဒီ လူ က ဘယ်လိုပြောလိုက်မလဲ ( စားကြည့်လို့ပြောလိုက်မှာပါဘုရား ) ဒီထန်းလျက် စားကြည့်စမ်း၊ ဒီလိုဘဲပြောလိုက်တယ်၊ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့တရား တော် ကလဲ၊ ရုပ်တရားဆိုတာ ဘယ်လိုသဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့ လေသဘောပါဘုရား) ရုပ်တရားဆိုတာဘယ်လိုတုံး (ဤလိုတိုးခတ်သွားတဲ့လေ သဘောပါဘုရား) ဒီလိုတိုးခတ်သွားတဲ့လေသဘောဟာ ရုပ်လို့တော့ပြောမရ ဘူးလား ရသလား ( ရပါတယ်ဘုရား ) ဘယ်လိုတိုးခတ်သွားတာတုံးဆိုတော့ ခင်ဗျားတို့ပြောလို့ရရဲ့လား (မရပါဘုရား) မိမိကိုယ်တိုင်ကသိတာ၊ သူများသိ လို့ ရ ရဲ့ လား ( မရပါဘုရား ) အဲဒီလိုသူများကမေးရင် လေသဘောဆိုတာ ဘယ်တိုးခတ်သွားတာလဲ၊ ဘယ်လိုသဘောလဲလို့မေးရင် ဧဟိ-ပဿိကော၊ လုပ် လိုက်၊ ဘယ်လိုလုပ်ရမလဲ ( ဧဟိပဿိကောပါဘုရား ) တရားကခေါ်လိုက်တယ်- ဧဟိ၊ လာခဲ့ပါ၊ ပဿိကော၊ လာပြီးတော့ကြည့်ပါ၊ ရှုပါ၊ မရှုဘဲနဲ့သိပါ့မလား

( မသိပါဘုရား ) စာအုပ်တွေ "ဘော"တွေမှာရှုရမှာလား ခန္ဓာမှာရှုရမှာလား (ခန္ဓာမှာရှုရမှာပါဘုရား)လူတွေသတ္တဝါတွေက လာရှုရမှာလား ဉာဏ်နဲ့ရှုရမှာလား(ဉာဏ်နဲ့ရှုမှာပါဘုရား) ဉာဏ်လာခဲ့၊ ခန္ဓာမှာ-ဉာဏ်နဲ့နေ၊

ခင်ဗျားတို့ကြည့်လိုက်၊ ဟော၊ လာခဲ့ပါ၊ ပဿိကော၊ ကြည့်လှည့်ပါ၊ သို့မဟုတ် ဒီသတိပဋ္ဌာန်ကျောင်းတိုက်မှာလာခဲ့ပါ၊ (၆)နာရီမှ (၇)နာရီအတွင်းလာခဲ့ပါလို့ ပြောလို့မရဘူးလား ရသလား(ရပါတယ်ဘုရား)ရုပ်သိချင်လို့ရှိရင်၊ ဟော၊ သတိပဋ္ဌာန်ကျောင်းတိုက်မှာ (၆) နာရီကနေပြီး (၇) နာရီအတွင်းလာခဲ့ပါ၊ ပဿိကော၊ ဒီတရားပွဲမှာ မင်းထိုင်စမ်းပါ၊ မင်းခန္ဓာကြည့်စမ်းပါ၊ ရုပ်မတွေ့ဘူးလား တွေ့မှာလား (တွေ့မှာပါဘုရား) ရုပ်ဆိုတာဘယ်လိုသဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) အဲဒီလိုရဲရဲတင်းတင်းမပြရဲဘူးလား ပြရဲသလား (ပြရဲပါတယ်ဘုရား) ခေါ်ပြလိုက်သည့်အတွက်ကြောင့် ဘာသဘောပါလိမ့် (ဟောပဿိကောပါဘုရား) သန္ဒိဋ္ဌိကော-အကာလိကော၊

ဒီတရား အနီးမှာရှုရမှာလား၊ အဝေးမှာရှုရမှာလား (အနီးရှုရမှာပါဘုရား) ခန္ဓာမှာရှုရမှာလား စာအုပ်တွေ ဘောတွေထဲမှာရှုရမှာလား (ခန္ဓာမှာရှုရမှာပါဘုရား)ဒါကြောင့် ဩပနေယျိကော၊ ဘာတဲ့တုံး(ဩပနေယျိကောပါဘုရား) ဩပနေယျိကော၊ ခန္ဓာမှာကြည့်ရတဲ့တရားပါ၊ ဩပနေယျိကော၊ ခန္ဓာမှာစိုက်ပြီး ရှုရတဲ့တရားပါ၊ အဝေးရှုရတာလား အနီးရှုရတာလား (အနီးရှုရတာပါဘုရား) ကပ်ပြီးရှုရတဲ့တရား၊ ဘယ်မှာကပ်ရမှာတုံး(ခန္ဓာမှာပါဘုရား)။ အဝေးမှာ သွားကြည့်လို့ရှိရင် အရှိတရားတွေ့ပါ့မလား ( မတွေ့ပါဘုရား ) ဒါကြောင့် ဩပနေယျိကော၊ခန္ဓာမှာကပ်ရှုရင် ဤလိုတိုးခတ်သွားတဲ့လေသဘောမတွေ့ဘူးလား တွေ့သလား(တွေ့ပါတယ်ဘုရား)ဉာဏ်နဲ့တွေ့တာလား ငါနဲ့တွေ့တာလား ( ဉာဏ်နဲ့တွေ့တာပါဘုရား ) သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဟောပဿိကော၊ ဩပနေယျိကော၊ ရမလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား)။

နောက်ပြီး ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညုဟိ၊ ဘာ တဲ့ တုံး ( ပစ္စတ္တံ ဝေ ဒိ တ ဗ္ဗော ဝိညု ဟိပါဘုရား ) ပစ္စတ္တံ၊ အသီးသီး၊ ဝိညူဟိ၊ ပညာရှိ မှန်ရင်၊ ဝေ ဒိ တ ဗ္ဗော၊ သိအပ်ခံစားအပ်တဲ့တရား တကာတကာမတွေ့ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘာသဘောပါလိမ့် ( ဤ လို တိုး ခတ် သွား တဲ့ လေ သ ဘော ပါ ဘု ရား ) လူ တော့ သ တ္တ ဝါ တွေ ရှိ တာ လား (တိုး ခတ် သွား တဲ့ လေ ရှိ တာ ပါ ဘု ရား) အဲဒီလေဟာ လူလားရုပ်လား (ရုပ်ပါဘုရား) ရုပ်လို့ရှုခိုက်မှာ စိုးရိမ်မှုတွေလာ

သေးရှိလား (မလာပါဘုရား) စိုးရိမ်မှုတွေမငြိမ်းဘူးလားငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) စိုးရိမ်မှုတွေ ငြိမ်းတယ် ဆိုတဲ့ ခံစားမှု ရမလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) အဲဒါ ပစ္စတ္တံ ဝေဒိတဗ္ဗောနေဉ်-စိုးရိမ်မှုတွေလဲ ငြိမ်း ပါ တယ်၊ အမှန်ရှုလို့လား၊ အမှားရှုလို့လား ( အမှန်ရှုလို့ ပါဘုရား ) ပညတ်အာရုံရှုလို့လား၊ ပရမတ်အာရုံရှုလို့လား( ပရမတ်အာရုံရှုလို့ပါဘုရား ) ပရမတ် အာ ရုံ ဆို တာ ဘယ်သဘောပါလိမ့် [ဤလို တိုးခတ်သွားတဲ့သဘောပါဘုရား]လူလားရုပ်လား[ရုပ်ပါဘုရား]လူအာရုံလားရုပ်အာရုံလား[ရုပ်အာရုံပါဘုရား] အဲဒီရုပ်အာရုံကို မိအောင်ဖမ်းထားပါ။

လုပ် ငန်း နဲ့ ငြိမ်း မှ အမှန် ငြိမ်း တာ၊ အ ပြော နဲ့ ငြိမ်းလို့ ရရှဲလား [မရပါဘုရား) ပရိယတ်နဲ့ ငြိမ်းလို့မရဘူး၊ ပဋိပတ်နဲ့ ငြိမ်းမှ ဒီတရားငြိမ်းလို့ရတယ်၊ လောဘငြိမ်းလို့ရတယ်၊ ဒေါသ၊ မောဟလဲငြိမ်းလို့ရတယ်၊ သောကတွေကော မငြိမ်းဘူးလားငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဒီတရားကငြိမ်းနိုင်တာ၊ ဒီပြင်တရားနဲ့ငြိမ်းလို့ရရှဲလား (မရပါဘုရား) ဒါနနဲ့ငြိမ်းလို့ရရှဲလား (မရပါဘုရား) ငွေပေးလို့ရတဲ့တရားမဟုတ်ဘူး၊ လုပ်ငန်းနဲ့ငြိမ်းရတယ်၊ အောဉ် ရှုတိုင်းရှိုက်တိုင်းမှာ ဤလိုတိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့သဘောဟာ"လေ"လို့ရှုခိုက်မှာ၊ ရုပ်ရုပ်လို့ရှုခိုက်မှာ စိုးရိမ်မှုပေါ်သေးရှိလား (မပေါ်ပါဘုရား) သောကတွေငြိမ်းသွားပြီ၊ ငိုကြွေးမှုတွေကော-အသံတွေကောထွက်ပါဦးမလား (မထွက်တော့ပါဘုရား) ပရိဒေဝတွေငြိမ်းသွားပြီ၊ မငြိမ်းဘူးလားငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ငြိမ်းတာအမှန်ဘဲလား (အမှန်ပါဘုရား)

ခင်ဗျားတို့တရားတွေ့ပြီလား(တွေ့ပါပြီဘုရား)တရားသိတယ်၊တရားမြင်တယ်ဆိုတာ လောဘငြိမ်းတာ၊ဒေါသငြိမ်းတာ၊မောဟငြိမ်းတာ၊ ထူးထူးထွေထွေကြီးမှတ်နေတာ၊ တရားသိတယ်၊ တရားရတယ်၊ တရားကိုသိတယ်ဆိုတာ လောဘငြိမ်းနေရင် ဒေါသငြိမ်းနေရင် မောဟငြိမ်းနေရင် ဒီ ပုဂ္ဂိုလ် တ ရား မရဘူးလားရသလား ( ရပါတယ်ဘုရား ) တရားရတယ်ပြောတာ၊ ဒါကတရားသိတယ်ပြောတာဘဲ။ ယခု ခင်ဗျားတို့ သောကမငြိမ်းဘူးလား ငြိမ်းသလား ( ငြိမ်းပါတယ်ဘုရား) အမှန်တရားရှုလို့လား အမှားတရားရှုလို့လား (အမှန်တရားရှုလို့ပါဘုရား) အရှိတရားရှုလို့လား မရှိတရားရှုလို့လား (အရှိတရားရှုလို့ပါဘုရား)။ အရှိတရားကပရမတ်၊ မရှိတရားကဘာတုံး (ပညတ်ပါဘုရား) ပရမတ်ကိုရှုလို့လား ပညတ်ကိုရှုလို့လား (ပရမတ်ကိုရှုလို့ပါဘုရား)။

အောဉ် ပရမတ် ရှုလိုက်တာနဲ့ တပြိုင်နက် ပရမတ်မြင်လိုက်တာနဲ့ တပြိုင်နက် စိုးရိမ်မှုတွေလာသေးရှိလား(မလာပါဘုရား) သောကငြိမ်းတယ်၊ ဘယ်အာရုံကို မြင်လို့တုံး (ပရမတ်အာရုံကို မြင်လို့ပါဘုရား) ပရမတ်ကို ရှုလို့လား ပညတ်ကို

ရှုလို့လား (ပရမတ်ကိုရှုလို့ပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ သားသမီးတွေ ဆွေမျိုးတွေ သွားရှုရင်ဖြင့် သောက ငြိမ်းပါ့မလား (မငြိမ်းပါဘုရား)အဲဒီအာရုံက သောကဖြစ်စေတယ်၊ ပရမတ်အာရုံက သောကဖြစ်သလား (မဖြစ်ပါဘုရား)လုပ်လဲလုပ်ကြည့်၊ သောကဖြစ်တယ်လို ငြင်းလဲငြင်းကြည့်စမ်း၊ ရရဲ့လား(မရပါဘုရား)မှန်လို့လား၊ မမှန်လို့လား (မှန်လို့ပါဘုရား) မှန်တာဘာပါလိမ့်(တရားပါဘုရား) မှန်တဲ့သဘောတရား၊ တရားဆိုတာကောင်းတာလဲမဟုတ်ဘူး၊ဆိုးတာလဲမဟုတ်ဘူး ကောင်းတယ်ထင်ရင်လောဘလာမယ်၊ဆိုးတယ်ထင်ရင်ဒေါသလာမယ်၊ ကောင်းမကောင်းဆိုတဲ့ အမှုမဲ့ အမှတ်မဲ့နေရင်၊ မောဟလာမယ်။ တရားဆိုတာ ဘာသဘောပါလိမ့် (မှန်တဲ့သဘောပါဘုရား) ဘယ်လိုမှန်တဲ့သဘောလဲဆိုတော့ ရှိတာအမှန်။ ဤလို တိုးခတ်သွားတဲ့လေသဘော မရှိဘူးလားရှိသလား(ရှိပါတယ်ဘုရား)ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား)ရှိတာအမှန်သည် ဘာတုံး(တရားပါဘုရား)

အဲဒီတော့ ခင်ဗျားတို့ အမှန်ကိုရှုတာလား အမှားကို ရှုတာလား (အမှန်ကိုရှုတာပါဘုရား)အမှန်ရှုရင် လောဘမငြိမ်းဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား)လောဘငြိမ်းတာအမှန်ဘဲလား(အမှန်ပါဘုရား) အဲဒါဘာတုံး(တရားပါဘုရား)ဒေါသငြိမ်းတာ အမှန်ဘဲလား(အမှန်ပါဘုရား)အဲဒါဘာတုံး(တရားပါဘုရား)မောဟငြိမ်းတာ အမှန်ဘဲလား(အမှန်ပါဘုရား)အဲဒါဘာတုံး(တရားပါဘုရား)သိပြီလား(သိပါပြီဘုရား)တရားရဲ့သတ္တိထူးလဲ သိအုံးဗျ။ ပြောတော့သာတရား၊ တရားဆိုတဲ့ အဓိပ္ပါယ်ကို နားလည်အုံး။ တရားဆိုတဲ့ သဘောဟာ အမှန်သဘော ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)မရဘူး၊ အဲဒီလိုအမှန်ဆိုတဲ့ တရားပေါ်မှာ ရှုစိတ်ကလေးနဲ့ဉာဏ်နဲ့တဲ့ရှုခိုက်မှာ သောကလာသေးရဲ့လား(မလာပါဘုရား)သောကငြိမ်းတယ်၊ငြိမ်းမှုကိုမခံစားရဘူးလားခံစားရသလား(ခံစားရပါတယ်ဘုရား) အဲဒါ ပစ္စတ္တံဝေဒိတဗ္ဗောဘဲ၊ ပရိဒေဝ၊ ငိုကြွေးမှုတွေလာသေးရဲ့လား (မလာပါဘုရား)မလာတော့ဘူး။

သောကပရိဒေဝဒုက္ခ၊ ဆင်းရဲမှုတွေကော လာသေးရဲ့လား (မလာတော့ပါဘုရား) ပရိဒေဝဒုက္ခဒေါမနဿ၊ စိတ်ညစ်မှုတွေ စိတ်တိုမှုတွေကော ဖြစ်သေးရဲ့လား(မဖြစ်တော့ပါဘုရား)ဒေါသလဲမငြိမ်းဘူးလားငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)ငြိမ်းသွားပါတယ်။ အဲဒီငြိမ်းမှုကိုမခံစားရဘူးလားခံစားရသလား(ခံစားရပါတယ်ဘုရား) ပညာရှိလို့ ခံစားရတာလား၊ ပညာမရှိလို့ ခံစားရတာလား (ပညာရှိလို့ခံစားရတာပါဘုရား)ပညာက ဘာပညာပါလိမ့်(ဝိပဿနာပညာပါဘုရား) ဝိဉူ၊ ဝိပဿနာပညာရှိမှန်ရင်၊ ဝေဒိတဗ္ဗော၊ သောကငြိမ်းတယ်ဆိုတဲ့ အငြိမ်းကိုခံစားရတယ်၊ ပရိဒေဝငြိမ်းတယ်ဆိုတဲ့အငြိမ်းကို ခံစားရတယ်၊ မခံစားထိုက်ဘူးလားခံစားထိုက်သလား(ခံစားထိုက်ပါတယ်ဘုရား)

ဒေါမနဿ၊ နှလုံးမသာယာခြင်းဆိုတဲ့ငြိမ်းမှုကိုခံစားရပါတယ်၊ သောကပရိဒေဝဒုက္ခ ဒေါမနဿ ဥပါယာသက၊ တမြေ့မြေ့နဲ့ ဆွေးနေတဲ့ အဆွေးမျိုးတွေကော လာသေးရဲ့လား (မလာတော့ပါဘုရား) ငြိမ်းမသွားဘူးလား ငြိမ်းသွားသလား (ငြိမ်းသွားပါတယ် ဘုရား) အဲဒီ ငြိမ်းမှုကို မခံစားရဘူးလား ခံစားရသလား(ခံစားရပါတယ်ဘုရား)အဲဒီငြိမ်းမှုကိုခံစားရဟာဘာပါလိမ့်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ဘာတဲ့တုံး (ပစ္စတ္တံဝေဒိတဗ္ဗောဝိညုဟိပါ ဘုရား) တရားဂုဏ်တော်ခြောက်ပါးနဲ့ကော မညီလာဘူးလား ညီလာသလား (ညီလာပါတယ်ဘုရား)မှန်လို့လား မမှန်လို့လား (မှန်လို့ပါဘုရား) မှန်တယ်ဆိုတာ အရှိတရားလား မရှိတရားလား (အရှိတရားပါဘုရား) အရှိတရားက ဘယ်သဘောပါလိမ့် (ဤလိုနှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောပါဘုရား) ဘယ်အချိန်မှာ ပါလိမ့် (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါ ဘုရား) မ ရှိ ဘူး လား ရှိနေသလား (ရှိနေပါတယ်ဘုရား)ရှိရှိနေတယ်၊ ရှိတဲ့သဘောတရားဘဲကြည့်ပါအုံး၊ ရှေ့တဆင့်မတက်သေးဘူး၊ ဘူတံဘူတတော ပဿတိ၊ ဘူတံ၊ ထင်ရှားရှိတဲ့ ဤလို တိုးခတ်သွားတဲ့ လေသဘောတရားကို၊ ဘူတတော၊ ထင်ရှားရှိပါ တကားဟု၊ ပဿတိ၊ ကြည့်ပါ ရှုပါ၊ ရှူတိုင်းရှူတိုင်း နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောကို ဘယ်လိုရှုမတုံး(လေ-လေ-လေ)ရှိုက်တဲ့အခါမှာလဲ နှာသီးဖျားမှာ တိုးခတ်သွားတဲ့သဘောကို(လေ-လေ-လေ)လို့ရှုပါ။

ဒီလိုရှုခိုက်မှာ တကာတကာမတွေ ရှူတယ်လို့ယူပါဦးမလား(မယူပါဘုရား) ရှိုက်တယ်လို့ထင်ပါဦးမလား (မထင်တော့ပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အယူယူပါဦးမလား (မယူပါဘုရား) ထင်ရှားရှိတာ သိလို့လား မသိလို့လား(သိလို့ပါဘုရား) နှာသီးဖျားမှာ တိုးခတ်တွန်းကန်လှုပ်ရှားတဲ့ လေသဘောဆိုတဲ့ ရုပ်သည်သက္ကာယ၊ ဘာတဲ့တုံး (သက္ကာယပါဘုရား) ထင်ရှားရှိတဲ့သဘောဟာဘာတုံး (သက္ကာယပါဘုရား) သူ့ကို ရှူတယ် ရှိုက်တယ်လို့ ထင်ရင်ဘာတုံး(ဒိဋ္ဌိပါဘုရား) ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) ယခုတော့ ခင်ဗျားတို့ ဒိဋ္ဌိတွေ လာသေးရဲ့လား (မလာတော့ပါဘုရား) သက္ကာယပေါ်မှာ ဒိဋ္ဌိမကွာဘူးလားကွာသလား (ကွာပါတယ်ဘုရား)သက္ကာယကိုဖြုတ်ရမှာလား ဒိဋ္ဌိကိုဖြုတ်ရမှာလား (ဒိဋ္ဌိကိုဖြုတ်ရမှာပါဘုရား) သက္ကာယသွားဖြုတ်လို့ရရဲ့လား(မရပါဘုရား)

အဝတ်မှာ ခင်ဗျားတို့စွဲနေရင် အဝတ်ကိုလွှင့်ပစ်ရမှာလား အစွဲကိုချွတ်ရမှာလား(အစွဲကိုချွတ်ရမှာပါဘုရား)အဝတ်ကို လွှင့်ပစ်လို့ရရဲ့လား (မရပါဘုရား) အဲဒီအစွဲကဒိဋ္ဌိ။ အစွဲကနာသလား မနာဘူးလား (နာပါတယ်ဘုရား) သာမန်စွဲလား ပြင်းပြင်းထန်ထန်စွဲလား (ပြင်းပြင်းထန်ထန်စွဲနေတာပါ ဘုရား) အော်

ပြင်းပြင်းထန်ထန်စွဲတဲ့အစွဲသည် ဆေးမကောင်းရင် ချွတ်လို့ရပါ့မလား (မရပါဘုရား) ဒါကြောင့် သက္ကာယဒိဋ္ဌိဆိုတဲ့အစွဲကို ဒါနနဲ့သွားချွတ်လို့ရရဲ့လား (မရပါဘုရား)ဒါနတည်းဟူသော ဆေးနဲ့လဲချွတ်လို့မရ၊ သီလတည်းဟူသောဆေးနဲ့ကော ချွတ်လို့ရရဲ့လား(မရပါဘုရား) သမထ တည်းဟူသောဆေးနဲ့ကော ချွတ်လို့ရရဲ့လား (မရပါဘုရား) အာဠာရရသေ့ ဥဒကရသေ့တို့ သမထအရာမှာ မကျွမ်းကျင်ဘူးလား ကျွမ်းကျင်သလား(ကျွမ်းကျင်ပါတယ်ဘုရား) အဘိညာဏ်တွေမရဘူးလားရသလား(ရပါတယ်ဘုရား)

ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်ရဲ့လား (မပြုတ်ပါဘုရား) ဆေးကောင်းလို့လား ဆေးမကောင်းလို့လား (မကောင်းလို့ပါဘုရား) သက္ကာယဒိဋ္ဌိအစွဲ မပြုတ်ဘူး။ မပြုတ်ဘဲနဲ့သက္ကာယဒိဋ္ဌိတန်းလန်းကြီးနဲ့ သူတို့ စုတိစိတ်မကျဘူးလား ကျသလား (ကျပါတယ်ဘုရား)မရှုံးဘူးလား ရှုံးသလား(ရှုံးပါတယ်ဘုရား)မဟာဇာနိယော ဝတ ဘောအာဠာရော၊ မဟာဇာနိယောဝတဘောဥဒကော၊ မြတ်စွာ ဘုရားက အရှုံးကြီးရှုံးပြီလို့ မငြီးဘူးလား ငြီးသလားဘူး (ငြီးပါတယ်ဘုရား) ဘာပြုလို့လဲ ဆိုတော့ ချွတ်ဆေးကောင်းရမသွားရှာလို့တဲ့၊ ဒီသက္ကာယဒိဋ္ဌိဆိုတဲ့ အစွဲကိုချွတ်ချင်ရင် တကာတကာမတွေ ဝိပဿနာဉာဏ်ဆိုတဲ့ ချွတ်ဆေးကောင်းမှ သာလျှင် သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ဒါကြောင့် တကာတကာမတွေ သာသနာတော်နဲ့တွေ့တဲ့အခါ သာသနာပမှာ ဒီလိုသက္ကာယဒိဋ္ဌိပြုတ်တဲ့ဝိပဿနာဉာဏ်မျိုးရှိရဲ့လား(မရှိပါဘုရား)ရှိတော့ရှိတယ်ထား၊ ဖေါ်ထုတ်တတ်တဲ့ပုဂ္ဂိုလ်မျိုးရှိပါ့မလား(မရှိပါဘုရား)

ယခုသာသနာတော်ထားခဲ့လို့ မြတ်စွာဘုရားဟောတဲ့ ပရိယတ္တိ သာသနာတော်ကြီးရှိလို့ ဒီတရားကိုနားလည်ရတယ်ဆိုလို့ရှိရင် ငြင်း လို့ ရ သေး ရဲ့ လား (မရပါဘုရား) ဒီ တော့ ခင် ဗျား တို့ ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ အရှိတရားရှုရမှာလား၊မရှိတရားရှုရမှာလား (အရှိတရားရှုရမှာပါဘုရား) အရှိတရားက လူတွေ သတ္တဝါတွေတွေ့တာလား၊တိုးခတ်သွားတဲ့လေသဘောလား(တိုးခတ်သွားတဲ့လေသဘောပါဘုရား)တိုးခတ်သွားတဲ့လေသဘောကသက္ကာယ၊ တိုးခတ်သွားတဲ့လေသဘောကဘာတုံး ( သက္ကာယပါဘုရား ) ရှုတယ်ရှိုက်တယ်ထင်ရင် ဘာဖြစ်မလဲ (ဒိဋ္ဌိပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိ ကွဲမသွားဘူးလား၊ ကွဲသွားသလား ( ကွဲသွားပါတယ်ဘုရား )။ ဒါကြောင့် ရှုတဲ့အခါ ရှိုက်တဲ့အခါမှာ သက္ကာယဒိဋ္ဌိ ကွဲပြီးရှုပါ။ ပြီးတော့ဘာတုံး ( သက္ကာယဒိဋ္ဌိကွဲပြီးတော့ရှိုက်ပါ ) အဲဒီလိုဆိုရင် အပါယ်လေးပါးကမလွတ်ဘူးလား၊ လွတ်သလား(လွတ်ပါတယ်ဘုရား)အပါယ်လေးပါးလွတ်ပါတယ်၊ ဒါကြောင့် တို့တကာတကာမတွေ သတိထားလိုက်ပါ။ ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ နှာသီးဖျားမှာ တိုးခတ်တွန်းကန် လှုပ်ရှားသွားတဲ့သဘောလေးဟာဘာတုံး (လေ-လေ-လေ) ရှုပါ။

လေဆိုတာဘာတုံး (ရုပ်ပါဘုရား) ဘာရုပ်တုံး ဝါယောရုပ်၊ မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) ငါနဲ့တွေ့တာလား၊ ဉာဏ်နဲ့တွေ့တာလား (ဉာဏ်နဲ့တွေ့တာပါဘုရား) မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) ဉာဏ်မြင်ရုပ်ကိုခင်ဗျားတို့တွေ့ပြီနော်- သတိထားလိုက်စမ်းပါ။ ဉာဏ်မြင်ရုပ်ကို ဝိပဿနာရှုရမှာလား၊ မျက်မြင်ရုပ်ကိုဝိပဿနာရှုရမှာလား (ဉာဏ်မြင်ရုပ်ကို ဝိပဿနာရှုရမှာပါဘုရား) သတိထားလိုက်ပါ။ တကာ တကာမတွေ့ ရှုတဲ့အခါ နှာသီးဖျားမှာ တိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့သဘော သတိထားလိုက်၊ ရှုတဲ့အခါမှာ လေ နောက်ကိုမလိုက်နဲ့၊ လိုက်ရမှာလား (မလိုက်ရပါဘုရား) ဒီနှာသီးဖျားကနေစောင့်ဖမ်း။ ထိသွား တိုးသွားတဲ့သဘောလေး မိအောင်ဖမ်း။ လေနောက်ကိုမလိုက်နဲ့၊ ဒီနေရာမှာ လေနောက်လိုက်သွားရင် သမာဓိပျက်တတ်တယ်။ လေ-နောက်လိုက်သွားရင်ဘာတုံး (သမာဓိပျက်ပါတယ်ဘုရား) ရှူမှတ်တဲ့အခါ ထွက်လေ မှာတော့ ချက်ကအစ ရင်ချိုင့်အလယ် နှာသီးဖျားအဆုံး၊ ဝင်လေ ကျတော့ နှာသီးဖျားအစ ရင်ချိုင့်အလယ် ချက်မှာအဆုံး၊ ဒီလိုရှုပါလို့ ကျမ်းဂန်ကမပြဘူးလား၊ ပြသလား (ပြပါတယ်ဘုရား)

ဒီနေရာမှာဥပမာပြထားပါတယ်။ တကာတကာမတွေ့ဟာပုခက်မလွှဲဘူးလား လွှဲသလား (လွှဲပါတယ်ဘုရား) အရှေ့သွားလိုက်၊ အနောက်သွားလိုက်၊ မိခင်ကလိုက်သလား (မလိုက်ပါဘုရား) လွှဲလိုက်တဲ့အခါကျတော့ အနောက်ပုခက်ရောက်သွားပြီ၊ အရှေ့ကောမရောက်ဘူးလား (ရောက်လာပါတယ်ဘုရား) ဒါဖြင့် အရှေ့ဘက်ရောက်သွားပြီ၊ ငါ့ရှေ့တည့်တည့်ရောက်လာပြီ၊ အော်-အနောက်ဘက်ရောက်သွားပြီလို့ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) မိခင်ကလိုက်သလား၊ မလိုက်ဘူးလား (မလိုက်ပါဘုရား) မလိုက်ဘဲနဲ့ဘာတုံး (သိနေတယ်)

ယခုလဲ မိခင်နှင့်တူတဲ့ သမာဓိနဲ့တွဲနေတဲ့ရှုစိတ်ဟာ ဒီနားကနေ စောင့်ဖမ်းရမယ်၊ နှာသီးဖျားကနေစောင့်ဖမ်းရမယ်၊ လိုက်မသွားနဲ့၊ အတွင်းကိုလဲလိုက်မသွားနဲ့၊ အပြင်ကိုလဲလိုက်မသွားနဲ့၊ ဒီနှာသီးဖျားကနေစောင့်ဖမ်း၊ လိုက်သွားရင် သမာဓိပျက်တတ်ပါတယ်။

ပါဠိတော်က–

\+ **အဿာသဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ပဿာသဒိမဇ္ဈပရိယောသာနံ သတိယာအနုဂစ္ဆတော ဗဟိဒ္ဓါဝိက္ခေပဂတံစိတ္တံ သမာဓိဿ ပရိပန္ထော။**

အဿာသဒိမဇ္ဈပရိယောသာနံ၊ ဝင်သက်လေ၏အစ အလယ် အဆုံးကို၊သတိယာ၊အမှတ်သတိဖြင့်၊ အနုဂစ္ဆတော၊ အစဉ်လိုက်သောယောဂီပုဂ္ဂိုလ်၏၊ ဗဟိဒ္ဓါ

\+ ပဋိသမ္ဘိဒါမဂ် ပါဠိ နှာ ၁၆၃

ဝိက္ခမ္ဘပဂတံ၊ အပဌ္ဌပုံ့ လွှင့်ခြင်းသို့ရောက်သော၊ စိတ္တံ၊ စိတ်သည်၊ သမာဓိယ၊ သမာဓိ၏၊ ပရိပန္ထော၊ ဘေးရန်တည်း။ ဟော ခင်ဗျားတို့ လိုက်သွားမယ်ဆိုလို့ ရှိရင် အစ အလယ် အဆုံး သုံးပါးလုံး၊ ဒီလိုလိုက်ရင် သမာဓိဖြစ်နိုင်ပါ့မလား၊ (မဖြစ်နိုင်ပါဘုရား) သမာဓိရဲ့ဘေးအန္တရာယ် ပေါ်လာတတ်တယ်။ မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) အဲဒီတော့ လိုက်စရာလိုသေးရဲ့လား (မလိုပါဘုရား) နှာသီးဖျားကနေပြီးတော့ စောင့်ဖမ်းပါ၊ ဘယ်ကနေပြီးတော့ စောင့်ဖမ်းရမှာတုံး (နှာသီးဖျားကပါဘုရား)။

ဒါကြောင့် တကာ တကာမတွေ အစ အလယ် အဆုံး သုံး ပါး လုံး ကို လိုက်မနေပါနဲ့၊ ယနေ့ခင်ဗျားတို့ရှုရမှာက ဒီနှာသီးဖျားကနေပြီးတော့ စောင့်ဖမ်းပါ။ မိခင်သည်ပုခက်လွှဲသကဲ့သို့၊ မသိဘူးလား သိသလား (သိပါတယ်ဘုရား)။ လိုက်စရာလိုသေးရဲ့လား (မလိုပါဘုရား) သမာဓိပျက်သွားမယ်၊ သမာဓိပျက်လို့ ရှိရင် ရှုစိတ်က ပရမတ်အာရုံပေါ်မရောက်ဘဲနဲ့ ဘယ်ရောက်သွားမလဲ ( ပညတ်အာရုံပေါ်ရောက်သွားမှာပါဘုရား) ပညတ်အာရုံရောက်သွားရင် ခင်ဗျားတို့သက်သာပါ့မလား ( မသက်သာပါဘုရား ) ဘာတွေဖြစ်လာမတုံး (လောဘ=ဒေါသ=မောဟဖြစ်မှာပါဘုရား) ဒီလောဘ ဒေါသ မောဟဖြစ်တာလဲ သ က္ကာ ယ ဒိ ဋ္ဌိ မပြုတ်လို့၊ ဘာမပြုတ်လို့တုံး (သက္ကာယဒိဋ္ဌိမပြုတ်လို့ပါဘုရား) အရှိတရားက လွတ်သွားတာကိုး။

ဒါကြောင့် ရှုတိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိတာလဲ (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) မိအောင်ဖမ်းပါ၊ တကာ တကာမတွေ အချိန်လဲစေ့နေပါပြီ။ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဤလိုတိုးခတ်သွားတဲ့သဘောဟာဘာပါလိမ့်၊ လေလေလို့ရှု၊ ရှိုက်တဲ့အခါလဲ ဤလိုတိုးခတ်သွားတဲ့သဘောဟာဘာပါလိမ့် ( လေလေလေ ) လို့ရှုပါ။ ဘုန်း ကြီး က ရှု ခိုင်း တာ လား၊ မြတ်စွာဘုရားကရှုခိုင်းတာလား (မြတ်စွာဘုရားကရှုခိုင်းတာပါဘုရား) မြတ်စွာဘုရားရှုခိုင်းရင် မြတ်စွာဘုရားရဲ့အဆုံးအမ တည်မှာလား၊ ဘုန်းကြီးရဲ့အဆုံးအမတည်မှာလား (မြတ်စွာဘုရားရဲ့အဆုံးအမတည်မှာပါဘုရား)။

အော်- မြတ်စွာဘုရားရဲ့အဆုံးအမတည်ရင် လောဘ ဒေါသ မောဟမငြိမ်းဘူးလား၊ ငြိမ်းသလား ( ငြိမ်း ပါ တယ် ဘု ရား ) ငြိမ်းမှာပေါ့၊ သက္ကာယဒိဋ္ဌိက တခဏပြုတ်သွားတာကိုး၊ သက္ကာယဒိဋ္ဌိ ပြုတ်မသွားဘူးလား၊ ပြုတ်သွားသလား (ပြုတ်သွားပါတယ်ဘုရား) အရှိတရားရှုလို့လား၊ မရှိတရားရှုလို့လား (အရှိတရားရှုလို့ပါဘုရား) ဒါကြောင့် ခင်ဗျားတို့တရားအားထုတ်တယ်ဆိုတာ လောဘငြိမ်းအောင်လုပ်တဲ့လုပ်ငန်း၊ ဒေါသငြိမ်းအောင်လုပ်တဲ့လုပ်ငန်း၊ ပြီး တော့ ဘာ တုံး (မောဟငြိမ်းအောင်လုပ်တဲ့လုပ်ငန်းပါဘုရား) လောဘ ဒေါသ မောဟငြိမ်းရင် ပြီးတာဘဲ။

ခင်ဗျားတို့တရားအားထုတ်တဲ့အခါ မေ့ နေ ရ တော့ မ လို လို ဟုတ်ရဲ့လား ( မဟုတ်ပါဘုရား ) တရားအားထုတ်တယ်ဆိုတာ လောဘ ဒေါသ မောဟငြိမ်းအောင် အမှန်သိနေရင်ဘာတုံး ( လောဘ ဒေါသ မောဟငြိမ်းတာပါဘုရား ) တကာ တကာမတွေ အရှိတရားရှုရမှာလား၊ မရှိတရားရှုရမှာလား (အရှိတရားရှုရမှာပါဘုရား) အရှိတရားသည် မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာဘယ်သဘောရှိတာပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) ဒီသဘောကလွဲရင် ဒိပြင်ဘာတွေတွေ့ဦးမလဲ (မတွေ့ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ကတွေ့လိုက်ရတာ မြင်လိုက်ရတာ ရှိတဲ့တရားမြင်မှာပေါ့၊ မရှိတဲ့တရားမြင်ပါ့မလား (မမြင်ပါဘုရား) တရားအားထုတ်ရင် ပုပ်တာတွေ ပွတာတွေမြင်ရတာနဲ့ မမြင်ဘူးလား၊ မြင်သလား ( မြင် ပါ တယ် ဘု ရား ) ပုပ်တာ ပွတာဆိုတာပညတ်။ အရှိတရားဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ရှိတာက ဘယ်သဘောရှိတာတုံး ( ဤလိုတိုးခတ်သွားတဲ့လေသဘော ) လေဟာလူလား၊ ရုပ်လား (ရုပ်ပါဘုရား) ဒီရုပ်ဟာ ပုပ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ပွတာဟုတ်ရဲ့သား (မဟုတ်ပါဘုရား) အမှုံအမွှားတွေကောပါရဲ့လား(မပါပါဘုရား) အလုံးအခဲသဏ္ဌာန်တွေကောဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဒါဖြင့်ခင်ဗျားတို့က အလုံးသဏ္ဌာန်တွေ အခဲပုံသဏ္ဌာန်တွေမြင်ရတာနဲ့၊ အဲဒီလိုဆိုရင် အမှန်မြင်လား၊ အမှားမြင်လား (အမှားမြင်ပါဘုရား) အမှားမြင်ရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (မိစ္ဆာဒိဋ္ဌိပါဘုရား)။

ခင် ဗျား တို့ ရှု တာ အမှန်ကိုသိချင်လို့ရှုတာ၊ မြင်တာက အမှားမြင်တာ၊ ဒါ စည်းကမ်းကျလို့လား၊ မကျလို့လား (စည်းကမ်းမကျလို့ပါဘုရား) ဒါကြောင့် ဝိပဿနာဆိုတာ စည်းကမ်းနည်းလမ်းနဲ့ဝိပဿနာမှ နိဗ္ဗာန်ရနိုင်တယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား ( မရပါဘုရား ) စည်းကမ်းဆိုတာဘာပါလိမ့် (ပရိယတ္တိပါဘုရား) လုပ်ငန်းဆိုတာဘာပါလိမ့် (ပဋိပတ္တိပါဘုရား)။

ပရိယတ္တိဆိုတဲ့စည်းကမ်းမပါရင် ဒီလုပ်ငန်းအောင်မြင်ပါ့မလား (မအောင်မြင်ပါဘုရား) အမှန်တွေ့နိုင်ပါ့မလား ( မတွေ့နိုင်ပါဘုရား ) အမှန်မတွေ့ဘဲနဲ့ အမှားတွေတွေ့နေတယ်၊ တ ရား အား ထုတ် ရင် လက်ကြီးပွနေတာမြင်ရတာနဲ့၊ လက်ကြီးပုပ်နေတာမြင်ရတာနဲ့၊ လက်ကြီးပြတ်သွားတာမြင်ရတာနဲ့၊ ခန္ဓာကိုယ်ကြီးပျောက်သွားရတာနဲ့၊ အရှိတရားကပျောက်ပါ့မလား (မပျောက်ပါဘုရား) အဲဒါမရှိတရားတွေသွားမြင်နေတာ၊ အရှိတရားမြင်တာလား၊ မရှိတရားမြင်တာလား (မရှိတရားမြင်တာပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက (ဘူတံ ဘူတတော ပဿတိ) ဘူတံ၊ ထင်ရှားရှိတဲ့သဘောတရားကို၊ ဘူတတော၊ ထင်ရှားရှိပါတကားဟု၊ ပဿတိ၊ ကြည့်ပါ၊ အရှိတရားကြည်ခိုင်းတာလား၊ မ ရှိ တ ရား

ကြည့်ခိုင်းတာလား (အရှိတရားကြည့်ခိုင်းတာပါဘုရား) ဒါဖြင့် ခင်ဗျားတို့က ကြည့်တော့အရှိကြည့်တယ်၊ ခုတော့မြင်နေတာကမရှိတာတွေမြင်တယ်၊ မမြင်ဘူးလား၊ မြင်သလား (မြင်ပါတယ်ဘုရား)။

ဒီလိုဆိုရင်- ဒီကမ္မဋ္ဌာန်းမှန်ပါ့မလား (မမှန်ပါဘုရား) အဲ ဒါ ခင် ဗျား တို့ ဆုံးဖြတ်ချက်ချပါ။ လောဘ ဒေါသ မောဟငြိမ်းရင် ဒါတော်ပြီပေါ့။ လောဘ ငြိမ်းအောင်လုပ်ရင်ပြီးတာဘဲ၊ လောဘ ဒေါသ မောဟငြိမ်းနေရင် ဒီတရားမမှန်ဘူးလား မှန်သလား (မှန်ပါတယ်ဘုရား) မငြိမ်းဘူးလား၊ ငြိမ်းသလားဆိုတာ တို့တကာတကာမတွေ့ လေ့လာပါ၊ သုံးသပ်ပါ၊ စစ်ဆေးပါ၊ မ ငြိမ်း ဘူး လား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) အမှန်သာရှုရင် ငြိမ်းပါတယ်။ အမှားရှုရင် ခင်ဗျားတို့ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) အမှန်ဆိုတာကပရမတ်၊ ရှိတာအမှန် ဘာသဘော (ရှိတာအမှန်ပါဘုရား) အမှန်သဘောက ပရမတ်ဆိုတာ မဖေါက် မပြန်မှန်တဲ့သဘော၊ မှန်တဲ့သဘောကနေပြီးတော့မှားတဲ့သဘောဖေါက်ပြန်သေး ရဲ့လား (မဖေါက်ပြန်ပါဘုရား) အဲဒါကိုမဖေါက်မပြန်မြတ်သောကြောင့်ပရမတ် လို့ဆိုတာဘဲ။ ဒီလိုစာကမဆိုထားဘူးလား၊ ဆိုထားသလား (ဆိုထားပါတယ် ဘုရား) အဲဒီတော့ ဤလိုတိုးခတ်သွားတဲ့လေသဘောက ပုပ်တာများ ဖြစ်ပါဦး မလား (မဖြစ်ပါဘုရား) ပွတာဖြစ်ပါဦးမလား (မဖြစ်ပါဘုရား) အမှန်သဘော ဘဲရှိတယ်။ ဒီ အ မှန် သ ဘော က နေပြီး ဒီ ပြင် သ ဘော ပြောင်း သေး ရဲ့ လား (မပြောင်းပါဘုရား) အဲဒါဘာတုံး (ပရမတ်) ယခုပရမတ် မတွေ့ဘူးလား၊ တွေ့ ရဲ့လား (တွေ့ပါတယ်ဘုရား) ဘယ်အချိန်မှာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက် တိုင်းမှာပါဘုရား) ရှူတိုင်းရှိုက်တိုင်းမှာဘယ်သဘောရှိတာတုံး (ဤ လို တိုး ခတ် သွားတဲ့လေသဘောပါဘုရား) ဒီလေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတဲ့တရားရှုရမှာလား၊ မရှိတဲ့တရားရှုရမှာလား (ရှိတဲ့တရားရှုရမှာပါဘုရား) လူလို့ရှုနေတာလား၊ ရုပ်လို့ရှုနေတာလား (ရုပ်လို့ရှုနေတာပါဘုရား) ဘာရုပ် ပါလိမ့် (ဝါယောရုပ်ပါဘုရား) အော်- မြတ်စွာဘုရားဟောတော်မူတဲ့ ကာယေ ကာယာနုပဿီ ဝိဟရတိ ဆိုတဲ့ဒေသနာတော်နဲ့ကော မညီဘူးလား၊ ညီသလား (ညီပါတယ်ဘုရား) ကာယေ၊ နှာသီးဖျားမှာတိုးခတ်သွားတဲ့ လေသဘောတည်း ဟူသောကာယ၌၊ ဒီလေသဘောဟာကာယဘဲ၊ ဒီကာယမျက်လုံးနဲ့ မြင်ရရဲ့လား (မမြင်ရပါဘုရား) မျက်လုံးနဲ့မြင်တဲ့ရုပ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာနဲ့ မြင်ရတာတုံး (ဉာဏ်နဲ့မြင်ရတဲ့ရုပ်ပါဘုရား)။

ဒါကြောင့် ကာယေ၊ နှာသီးဖျားမှာတိုးခတ်သွားတဲ့ လေသဘောတည်းဟူ သောကာယ၌၊ ကာယာနုပဿီ၊ လေလို့အဖန်တလဲလဲရှုနေသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ရှုနေတာလား၊ ရုပ်လို့ရှုနေတာ လား (ရုပ်လို့ရှုနေတာပါဘုရား) ကာယလို့ရှုနေတာနော်၊ ကာယလို့မရှုဘူး

လား၊ ရှုသလား (ရှုပါတယ်ဘုရား) အဲဒီလိုရှုရင် လောဘ ဒေါသ မောဟ တဒင်္ဂ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဒီလောဘ ဒေါသ မောဟ ဘာဖြစ်လို့ငြိမ်းနေတာတုံး (သက္ကာယဒိဋ္ဌိပြုတ်လို့ပါဘုရား) ဘာပြုတ်သွားတာတုံး (သက္ကာယဒိဋ္ဌိပြုတ်သွားတာပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) ဒါကြောင့် တကာ တကာမတွေအချိန်လဲ ပိုသွားပါပြီ။ မနက်ဖြန်မှဒီရုပ်ကို ဓါတ်ကြီးလေးပါးနဲ့ရှင်းပါ့မယ်။ ယခုဘာတုံး (ဝါယောရုပ်ပါဘုရား) ဓါတ်ကြီးလေးပါးရှိတယ်မဟုတ်လား၊ ပထဝီ အာပေါ တေဇော ဝါယော မနက်ဖြန်မှဓါတ်ကြီးလေးပါးစလုံးရှင်းကြစို့၊ ဒီနေ့ဝါယောရုပ်ကိုဘဲရှုပါတော့၊ဒီရှုတဲ့ဉာဏ်နဲ့မြတ်စွာဘုရားကိုပူဇော်ကြပါစို့၊ အားလုံးလိုက်ဆိုပါတော့-

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ... ဗုဒ္ဓံပူဇေမိ<br>
။ ။ ဓမ္မံပူဇေမိ<br>
။ ။ သံဃံပူဇေမိ

## သံသရာလည်တယ်ဆိုတာ ကမ္မနဲ့ ဝိပါက

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆန်း (၁၃) ရက် ဟောကြားသောတရား။

ရှုစကရှုဆုံးအထိ ဤလိုပြုတယ်လို့သိပါစေ၊ ရှိုက်စကရှိုက်ဆုံးထိ ဤလိုပြုတယ်လို့သိပါစေ၊ စတုတ္ထနည်းကဘယ်လိုရှုရမလဲဆိုတော့ အော် ရှုတယ်ရှိုက်တယ်လို့သာပြောတာ၊ ရှိတာကဤလိုသဘောသာရှိတယ်။ ရှိတဲ့သဘောတရားကြည့်လိုက်တော့ ရှုတယ်ရှိုက်တယ်လို့သာပြောတာ၊ ရှိတဲ့သဘောက ဤလိုပြုချင်တဲ့သဘောဘဲရှိတယ်၊ ရှိတာကဤလိုပြုချင်တဲ့သဘောဘဲရှိတယ်၊ ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောဘဲရှိတယ်၊ ဒီသဘောကို စာပေနယ်က စိတ်လို့ခေါ်ပြောလိုက်တယ်၊ ဤသဘောကိုစိတ်လို့ပြောတာကိုး၊ ဒါတွေလဲရှင်းခဲ့ပြီ၊ ဒီအတိုင်းရှုပါ၊ ဒါကြောင့် ဤလိုပြုချင်တဲ့သဘောဟာစိတ်၊ ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့ သဘောဟာစိတ်၊ ဒါနံပါတ် ( ၄ ) စတုတ္ထနည်း၊ ရှုတဲ့အခါ ဤလိုပြုချင်တဲ့ သဘောဟာ စိတ်လို့ရှု၊ ရှိုက်တဲ့အခါ ဤလိုပြုချင်တဲ့သဘောဟာ စိတ် စိတ်လို့ ရှုပါ။

စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

စိတ္တေ။ ဤလိုပြုချင်တဲ့စိတ်သဘော၌၊ စိတ္တာနုပဿီ၊ ဤလိုပြုချင်တဲ့စိတ်သဘောဟာ စိတ်-စိတ်လို့၊ သမနုပဿတိ၊ ရှုရမယ်။ မြတ်စွာဘုရားက ဤလိုပြုချင်တဲ့သဘောဟာလူမဟုတ်ဘူး စိတ်။ လူနဲ့စိတ်နဲ့ကွဲသွားပြီ၊ စိတ်ကသက္ကာယ၊ လူလို့စွဲယူတာကဒိဋ္ဌိ၊ သက္ကာယနဲ့ဒိဋ္ဌိကွဲသွားပြီ၊ ဘယ်အချိန်မှာကွဲတာတုံး (ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းအချိန်မှာပါဘုရား) အဲ ဒါ အ ပါယ် လေး ပါး လွတ်ပြီးတော့ရှုတာ၊ ရှိုက်တာလို့ခေါ်ပါတယ်၊ ဒီလိုမကွဲပြီး ခင်ဗျားတို့မရှုတတ်ရင်မရှိုက်တတ်ရင် အပါယ်လေးပါးကိုမျက်စောင်းထိုးပြီးတော့ရှုနေတယ် ရှိုက်နေတယ်လို့ဆိုပါတော့ ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ရှုတဲ့အခါ ရှိုက်တဲ့အခါ သက္ကာယနဲ့ဒိဋ္ဌိကွဲပြီးရှုပါ၊ စိတ်နဲ့ငါနဲ့ကွဲပြီးရှုပါ၊ စိတ်နဲ့ငါနဲ့ မကွဲရင်-

စိတ္တံ အတ္တဘော သမနုပဿတိ၊

စိတ္တံ၊ စိတ်ကို၊ အတ္တတော၊ ငါဟူ၍၊ သမနုပဿတိ၊ ရှုလိမ့်မယ်။ အဲဒီလိုမကွဲရင် ငါလို့ရှုလိုက်မှာဘဲ၊ ရှိတဲ့သဘောတရားကိုကြည့်လိုက်ရင် အတ္တပြုတ်သွားတာဘဲ၊ အနတ္တဆိုက်လာတာဘဲ ရှိတာက အနတ္တ၊ မရှိတာက အတ္တ၊ အတ္တနဲ့အနတ္တကွဲရတယ်၊ ဤလိုပြုချင်တယ် အနတ္တ၊ ငါမဟုတ်ဘူး၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်

သတ္တဝါမဟုတ်ဘူး၊ နအတ္တာ၊ ကိုယ်မဟုတ်-ငါမဟုတ်၊ န နရော၊ လူမဟုတ်၊ နသတ္တော၊ သတ္တဝါမဟုတ်၊ နပုရိသော၊ ယောကျ်ားမဟုတ်၊ နဣတ္ထိ၊ မိန်းမ မဟုတ်။ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ရင်ဘာလဲ၊ ဤ လို ပြု ချင် တဲ့ သဘော၊ ဤလိုပြုချင်တဲ့ သဘောဟာဘာတုံးဆိုတော့ အဲဒီသဘောကိုစိတ်လို့ ခေါ်ပါတယ်၊ စိတ်လို့ခေါ်ပြောလိုက်တယ်၊ ဒါကြောင့်ရှုတဲ့အခါ ဤလိုပြုချင်တဲ့ သဘောဟာ စိတ်-စိတ်-စိတ်လို့ရှုပါ၊ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောဟာ စိတ်-စိတ်-စိတ်လို့ရှုပါ၊ အဲဒီလိုရှုရင် ခင်ဗျားတို့ အတ္တနဲ့အနတ္တကွဲတယ်၊ အနတ္တနဲ့အတ္တကွဲပြီးရှုနေတာ၊ သက္ကာယနဲ့ဒိဋ္ဌိကွဲပြီးရှုနေတယ်လို့ဆိုပါတော့။

ဒါကြောင့် သက္ကာယနဲ့ဒိဋ္ဌိကွဲပြီးရှုနေတဲ့အချိန် ဘယ်အချိန်တုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား) ဤလိုပြုချင်တဲ့သဘောဟာ စိတ်-စိတ် စိတ်လို့ရှုလိုက်၊ ရှူတဲ့အခါလဲ ဤလိုပြုချင်တဲ့သဘောဟာ စိတ်-စိတ်-စိတ်လို့ရှု၊ ပြောတတ်ဘို့ ဆိုတတ်ဘို့အရေးမကြီးဘူး၊ အားထုတ်တတ်ဘို့အရေးကြီးတယ်၊ ရှု ကွက်ကိုမိအောင်ရှုတတ်ဘို့အရေးကြီးတယ်၊ ပြောတတ်ဆိုတတ်ဘို့က စာ ပေ မှာ ကြည့်ရင်ပြောတတ်တယ်၊ လုပ်ငန်းနဲ့လုပ်တတ်ဘို့အရေးကြီးပါတယ်၊ ပဋိပတ္တိထိ အောင် ရောက်သွားဘို့အရေးကြီးပါတယ်၊ ဒါကြောင့် ရှုစကရှုဆုံးအထိ ဤလို ပြုချင်တဲ့သဘောဟာ စိတ်-စိတ်-စိတ်လို့ရှု၊ ရှိုက်တဲ့အခါလဲ ဤလိုပြုချင်တဲ့ သဘောဟာ စိတ်-စိတ်-စိတ်လို့ရှု၊ အဲဒါသက္ကာယနဲ့ဒိဋ္ဌိကွဲသွားပြီ၊ ငါနဲ့စိတ်နဲ့၊ လူနဲ့စိတ်နဲ့၊ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေနဲ့ကွဲသွားပြီ၊ မြတ်စွာဘုရား ရှုခိုင်းတဲ့အတိုင်းခင်ဗျားတို့ရှုနေပြီလို့ဆိုပါတော့၊

စိတ္တေစိတ္တာနုပဿီဝိဟရတိ၊ စိတ္တေ၊ ဤလိုပြုချင်တယ်ဆိုတဲ့ စိတ် သ ဘော ၌၊ စိတ္တာနုပဿီ၊ စိတ်စိတ်လို့အဖန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်၊ ယခု ခင်ဗျားတို့ လူတွေ သတ္တဝါတွေလို့ ရှုနေတာလား၊ စိတ်စိတ်လို့ ရှုနေတာလား (စိတ်လို့ရှုနေတာပါဘုရား) အဆုံးအမတည်တယ်၊ ဘုရားအဆုံးအမဘည်လို့ သက္ကာယဒိဋ္ဌိပြုတ်ဘာ၊ ဘုရားအဆုံးအမတွေကဘာတွေတုံး (သီလ သမာဓိ ပညာ ပါဘုရား) အခုခင်ဗျားတို့စိတ်နဲ့လူနဲ့ စိတ်နဲ့ငါနဲ့ကွဲသွားတာပညာ၊ အော် သီလ သမာဓိ ပညာ၊ သာသနာတော်ရဲ့ပစ္စည်းအစစ်ဖြစ်တဲ့ သီလပစ္စည်း၊ သမာဓိပစ္စည်း၊ ပညာပစ္စည်းဆိုဘဲ့ ပစ္စည်းသုံးမျိုး ခင်ဗျားတို့ပိုင်သွားပြီ။ လုပ်ငန်းနဲ့ပိုင်တာလား၊ အပြောနဲ့ပိုင်တာလားဆိုတော့လုပ်ငန်းနဲ့ပိုင်တာ၊ အပြောနဲ့ပိုင်တာလား (မဟုတ် ပါဘုရား) လုပ်ငန်းနဲ့ပိုင်တာ၊ သာသနာ့ဈေးရုံကြီးထဲမှာ သာသနာ့ပစ္စည်းကလဲ ဒီသုံးမျိုးဘဲရှိပါတယ်။ သီလပစ္စည်း၊ သမာဓိပစ္စည်း၊ ပညာပစ္စည်း။

ဒါကြောင့် ခင်ဗျားတို့ မအိုခင် မနာခင် မသေခင် သာ သ နာ့ ဈေး ရုံ ထဲ မှာ သာသနာတော်ရဲ့ပစ္စည်းအစစ်ဖြစ်တဲ့ သီလ သမာဓိ ပညာကို မိမိခန္ဓာနဲ့လဲယူနေ တဲ့အချိန်၊ ဒီလိုမှတ်ချက်ချ၊ ဘာပြုလို့လဲ၊ ရှူတိုင်းရှူတိုင်းမှာ ဤ လို ပြု ချင် တဲ့

သဘောဟာ (စိတ်-စိတ်-စိတ်)၊ ရှုကိတ်တဲ့အခါမှာ ဤ လိုပြု ချင် တဲ့ သဘောဟာ (စိတ်-စိတ်-စိတ်)လို့၊ အဲဒီလိုရှုလိုက်တာနဲ့တပြိုင်နက် လူနဲ့စိတ်နဲ့၊ ငါနဲ့ စိတ် နဲ့ သတ္တဝါနဲ့စိတ်ကွဲတော့ ပညာပစ္စည်းရတော့တာပေါ့၊ ယထာဘူတဉာဏ်၊ ပရမတ် အားရုံကိုမိနေပြီ။

နောက် တ ဆင့် တက် လိုက်၊ ရှိနေတာဘာလို့ရှိနေတာတုံးဆိုတော့ ဖြစ်နေလို့ရှိတာ၊ မဖြစ်ရင်မရှိဘူး၊ ဥပမာလဲပေးခဲ့ပါတယ်၊ တကာ တကာမတွေ သတိထားလိုက်ပါ။ ဒီပဇာလဝိယပဝတ္တတိ၊ ဆီမီးလျှံကဲ့သို့၊ ယခုတကာ တကာမတွေမှာ ဒီအလင်းရောင်ရှိပါတယ်။ ဒီအလင်းရောင်တွေဘာလို့ရှိနေတာတုံးဆိုတော့ ဖြစ်နေလို့၊ ဟိုကဒိုင်နမိုလည်ပတ်တဲ့အခါ အလင်းရောင်ရှိနေသလို၊ ယခုလဲသတိထားလိုက်တာနဲ့ တပြိုင်နက် ဤလိုပြုချင်တဲ့သဘောရှိတယ်၊ ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်လို့ရှိတယ်။

ဇာတံ ဝိညာဏံပစ္စုပ္ပန္နံ တဿနိပ္ဖတ္တိလက္ခဏာဥဒယော၊ ရှိဆဲသဘောတရား ဖြစ်ဆဲ၊ အဲဒီလိုအဖြစ်လက္ခဏာကို မိအောင်ဖမ်းလိုက်ပါ။

+ ဇာတံ ဘူတံ သဉ္ဇာတံ နိဗ္ဗတ္တ အဘိနိဗ္ဗတ္တံ ဥပ္ပန္နံ သမုပ္ပန္နံ ဥဋ္ဌိတံ သမုဋ္ဌိတံ ပစ္စုပ္ပန္နံ ပစ္စုပ္ပန္နဝသေန သင်္ဂဟိတံ။

ဇာတံ၊ ဖြစ်ဆဲ၊ ဘယ်သဘောတုံး၊ ဤပြုချင်တဲ့သဘောဟာ ရှိရှိနေတာ ဖြစ်ဖြစ်နေလို့ရှိနေတဲ့သဘောတရားသည်ဖြစ်ဆဲ၊ ဇာတံ၊ ဤလိုပြုချင်တဲ့သဘောဟာ ဖြစ်ဆဲ၊ ဖြစ်ပြီးလဲမဟုတ်ဘူး၊ ဖြစ်လတံ့လဲမဟုတ်ဘူး၊ ဖြစ်ဆဲ။

ရှိရှိနေတာဖြစ်ဖြစ်နေလို့၊ ဒါကိုမိအောင်ဖမ်းထား၊ အဖြစ်လက္ခဏာကို။ ဇာတံ ဖြစ်ဆဲ၊ ဘူတံ၊ ထင်ရှားဖြစ်ဆဲ၊ သဉ္ဇာတံ၊ ကောင်းစွာဖြစ်ဆဲ၊ ဘယ်သဘောဖြစ်ဆဲတုံး (ဤလိုပြုချင်တဲ့စိတ်သဘောဖြစ်ဆဲပါဘုရား) ဤလိုပြုချင်တဲ့စိတ်သဘော ဖြစ်ဆဲ၊ ဘယ်အချိန်မှာလဲ(ရှုတိုင်း ရှုတိုင်း ရှုကိတ်တိုင်းရှုကိတ်တိုင်းမှာပါဘုရား) ဒါကို မိအောင်ဖမ်း။ တဆင့်၊နံပါတ် (၆) က တက်လာပြန်ရော၊ ဘုန်းကြီးတို့ တကာ တကာမတွေသတိထားလိုက်ပါ။ ဇာတံ၊ ဖြစ်ဆဲ၊ ဘူတံ၊ ထင်ရှားဖြစ်ဆဲ၊ သဉ္ဇာတံ၊ ကောင်းစွာဖြစ်ဆဲ၊ နိဗ္ဗတ္တံ၊ အသစ်ဖြစ်ဆဲ၊ အဘိနိဗ္ဗတ္တံ၊ ကောင်းစွာအသစ်ဖြစ်ဆဲ ဖြစ်ဆဲသဘောတရား၊ ရှိဆဲသဘောတရားသည်ဖြစ်ဆဲ၊ မိအောင်ဖမ်း၊ ပစ္စုပ္ပန်မှာ၊ ဒီ နေ ရာ မှာ၊ ရှိရှိနေတာဖြစ်ဖြစ်နေလို့ဘဲ၊ ရေတွေရှိရှိနေတာ အထက်ကရောက် ရောက်နေလို့ဘဲ၊ အဲဒီလိုသတိထားလိုက်တဲ့အခါ အရှိတရားတွေ့တယ်၊ ရှိရှိနေတာ ဘာလို့ရှိ ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘယ်တုံးကဖြစ်တာပါလိမ့် (ခုမှဖြစ်တာပါ

---

+ ဝိသုဒ္ဓိ၊ ၄၊ ၃၊ ၃၅၊ ၂၄၀

ဘုရား) ဒါကြောင့်ရှုတဲ့အခါ ( ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ် ) ရှိုက်တဲ့အခါလဲ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) တကာ တကာမ တွေ့မိအောင်ဖမ်းလိုက်ပါ။ အားထုတ်ပြီးသားလဲဖြစ်သွားပါတယ်။ အားလည်း ထုတ်တတ်သွားအောင်လို့၊ ခင်ဗျားတို့ပြနေတာ။

ဒါကြောင့်- နိဗ္ဗတ္တံ၊ ဖြစ်ဆဲ၊ အဘိနိဗ္ဗတ္တံ၊ အသစ်ဖြစ်ဆဲ၊ ဉပ္ပန္နံ၊ ဖြစ်ဆဲ၊ သမုပ္ပန္နံ၊ ကောင်းစွာဖြစ်ဆဲ၊ ဉဋ္ဌိတံ၊ ပေါ်ဆဲ၊ ဘယ်သဘောပေါ်လာတုံး၊ ဤလို ပြုချင်တဲ့စိတ်သဘောပေါ်လာဆဲ၊ ပေါ်လာဆဲဟာဖြစ်ဆဲဘဲ၊ ဉဋ္ဌိတံ၊ ပေါ်လာ ဆဲ၊ သမုဋ္ဌိတံ၊ ကောင်းစွာပေါ်လာဆဲ၊ ပစ္စုပ္ပန္နံ၊ မျက်မှောက်ဖြစ်ဆဲ၊ ပစ္စုပ္ပန် သဘောဘဲ၊မျက်မှောက်ဖြစ်ဆဲဟာပစ္စုပ္ပန်ဘဲ၊ပစ္စုပ္ပန္နဝသေနသင်္ဂဟိတံ၊ ပစ္စုပ္ပန္နဝ သေန၊ မျက်မှောက်ဖြစ်ဆဲအဖြစ်ဖြင့်၊သင်္ဂဟိတံ၊ ရေတွက်အပ်သော၊ အဲဒီသဘော ကဘာတုံး(ဖြစ်ဆဲသဘောပါဘုရား)လူဖြစ်တာလား၊ စိတ်ဖြစ်တာလားဆိုတော့ စိတ်ဖြစ်တာ၊ ဘယ်အချိန်မှာတုံး (ရှုတိုင်းရှုတိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း မိအောင်ဖမ်း၊ ရှိုက်တိုင်းရှိုက်တိုင်း ရှုတိုင်းရှုတိုင်းမှာ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့ စိတ်–ခုမှဖြစ်တဲ့စိတ်) ရှိုက်တိုင်းရှိုက်တိုင်းမှာ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှ ဖြစ်တဲ့စိတ်) လို့မိအောင်ဖမ်း၊အဲဒါနာမပရိစ္ဆေဒဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဉာတပရိညာ ဆိုက်သွားရော၊ ရှုလိုက်တာနဲ့တပြိုင်နက် ဒိဋ္ဌိဝိသုဒ္ဓိပြောစရာမလိုဘူး၊ဉာတပရိညာ ဆိုစရာမလိုဘူး၊ ပြည့်စုံပါတယ်။ ဒါကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ် တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အရင်တုံးကဖြစ်တဲ့စိတ်မဟုတ်ဘူး၊ အမေမွေးတုံးကစိတ် မဟုတ်ဘူး၊ ခုနကစိတ်လည်းမဟုတ်ဘူး၊ ခုမှဖြစ်တဲ့စိတ်ဘဲ။ ရှုတဲ့အခါလဲ ခုမှဖြစ် တဲ့စိတ်၊ တခါမှမဖြစ်ဘူးတဲ့စိတ်၊ ခုမှဖြစ်တာ၊ ရှိုက်တဲ့အခါလဲ တခါမှမဖြစ်ဘူးတဲ့ စိတ် အသစ်ဖြစ်တာ။

ဒါကြောင့် ရှုတဲ့အခါ ခုမှဖြစ်တဲ့စိတ်၊ ရှိုက်တဲ့အခါလဲ ခုမှဖြစ်တဲ့စိတ်၊ အဲဒါ နာမပရိစ္ဆေဒဉာဏ်၊ သုဒ္ဓိအားဖြင့်ဒိဋ္ဌိဝိသုဒ္ဓိ၊ ပရိညာအားဖြင့် ဉာတပရိညာဆိုက် သွားရော။ တကာတကာမတွေ့သတိထားလိုက်စမ်းပါ၊ ရှေ့တက္ကက်တက်ကြပါစို့၊ နံပါတ် (၇) နော်-ရှိရှိနေတာ ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘာပြုလို့ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) တဆင့်တက်လိုက်၊ ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်– ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါ (ခုမှဖြစ်တဲ့ စိတ်-ခုမှဖြစ်တဲ့စိတ်–ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ အဲဒီလိုအကြောင်း ကို ဆင်ခြင်တဲ့ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဘယ်အကြောင်းကြောင့်ဖြစ်တာ တုံး၊ ရှေးအတိတ်က အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံ၊ အဝိဇ္ဇာ တဏှာ ဉပါဒါန် ကံသည်အကြောင်းတရား၊ ဤလိုပြုချင်တဲ့စိတ်သဘောတရားသည်အကျိုးတရား၊ အကြောင်းအကျိုးကွဲသွားတယ်၊ပစ္စယပရိဂ္ဂဟဉာဏ်လို့ပြောပါတယ်၊အကြောင်း

အကျိုးလဲကွဲပါတယ်။ အကြောင်းအကျိုးကွဲတယ်၊ ဉာဏ်စဉ်ကျတော့ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ကျတော့ အကြောင်းအကျိုးဒီလိုဘဲ ပြောပါတယ်။

ဤလိုပြုချင်တဲ့ စိတ်သဘောဟာ အကြောင်းကင်းပြီးဖြစ်တာလားဆိုတော့၊ အကြောင်းကိုစွဲပြီးဖြစ်တာ၊ဘယ်အကြောင်းတွေစွဲပြီးဖြစ်တာလဲဆိုတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဆိုတဲ့အကြောင်းကြောင့် ဤလိုပြုချင်တဲ့စိတ်သဘောတရားဖြစ်တာကို၊ အကြောင်းမရှိရင်မဖြစ်ဘူး၊ အကြောင်းရှိရှိနေလို့ ဖြစ်တာ၊ ဒါကြောင့်ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ်၊ ရှုက်ထဲ့အခါ ( ခုမှဖြစ်တဲ့စိတ် – ခုမှဖြစ်တဲ့စိတ် – ခုမှဖြစ်တဲ့စိတ် ) အကြောင်းကြောင့်ဖြစ်၊ အဲဒီလိုဆင်ခြင်တဲ့ဉာဏ်သည် နာမပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ်၊ ဉာဏ်နှစ်ဉာဏ်ခင်ဗျားတို့ရှုနေတာ။ ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ (ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်) အကြောင်းကြောင့်ဖြစ် ရှုက်တိုင်းရှုက်တိုင်းမှာ(ခုမှဖြစ်တဲ့စိတ် ခုမှဖြစ်တဲ့စိတ်-ခုမှဖြစ်တဲ့စိတ်)အကြောင်းကြောင့်ဖြစ်၊ အကြောင်းကိုလှမ်းလှမ်းဆင်ခြင်တာက ပစ္စယပရိဂ္ဂဟဉာဏ်၊ သုဒ္ဓိအားဖြင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ပရိညာအားဖြင့် ညာတပရိညာ၊ စခမ်းဆိုက်လာပါတယ်။ အဲဒီအထိ ခင်ဗျားတို့ဆိုက်ရောက်သွားပြီ။

ကဲရှေ့တက်ကြစို့၊ တကာတကာမတွေ ရှေ့သင်တန်းတက်တဲ့အခါတော့ မှတ်ပြီး၊ဖြေလဲဖြေပါ၊ အရှိတရားကိုသတိထားလိုက်၊ အရှိတရားက မိမိခန္ဓာမှာရှိတာလား သူတပါးခန္ဓာမှာ ရှိတာလား ( မိမိခန္ဓာမှာရှိတာပါဘုရား ) မိမိခန္ဓာမှာရှိနေတယ်၊ မိမိခန္ဓာမှာရှိတာ ဘယ်သဘောရှိတာပါလိမ့် (ဤ လို ပြု ချင် တဲ့ စိတ်သဘောပါဘုရား) ရှိတာက ဘာလို့ရှိရှိနေတာတုံး ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘယ်တုံးကဖြစ်တာတုံး ( ခုမှဖြစ်တာပါဘုရား ) ခုမှဖြစ်တဲ့သဘောဟာဘာတုံး (စိတ်ပါဘုရား) ဒီစိတ်ခုမှဖြစ်တာ ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး(ရှေးအတိတ်က အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့်ပါဘုရား)။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား) ဤလိုပြုချင်တဲ့စိတ်သဘာတရားက ( အကျိုးတရားပါဘုရား ) အကြောင်းအကျိုးကွဲသွားတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကုန်လုံးသိမှမဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ မြတ်စွာဘုရားဆင်ခြင်တဲ့ဉာဏ်၊ ပြီးတော့ ပဋ္ဌာန်းဒေသနာတော်ကြီးဆိုတာလဲ မြတ်စွာဘုရား ဆင်ခြင်တဲ့ဉာဏ်၊ အဲဒီတော့ ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းဒေသနာတော်ကြီးတွေ ဆိုတာ အလွန် ကျယ်ဝန်းပါတယ်၊ မကျယ်ဝန်းဘူးလား၊ ကျယ်ဝန်းသလား (ကျယ်ဝန်းပါတယ်ဘုရား)

အဲဒီတော့-

တကာတကာမတွေရဲ့ ဉာဏ်ကနုန့်နေတဲ့အခါကြတော့ အကုန်သိစရာလိုသေးရဲ့လား (မလိုပါဘုရား) ဒီအတိုင်းသိလိုက်ရင် တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ဆင်ခြင်ပြီးသား မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘုန်းကြီး လဲပြောခဲ့ပါတယ်၊ ပင်လယ်သမုဒ္ဒရာရေဟာ ချိုသလား ငန်သလား (ငန်ပါတယ်ဘုရား) အဲဒီရေငန်သလား ချိုသလားသိချင်လို့ရှိရင် ပင်လယ်ရေသမုဒ္ဒရာအလယ်မှာသွားခပ်ပြီးတော့ ဒီရေကိုသောက်မှာလား၊ ကမ်းစပ်ကနေခပ်သောက်မလား (ကမ်းစပ်ကနေခပ်သောက်မှာပါဘုရား) ကမ်းစပ်ကနေခပ်သောက်၊ ဒါဖြင့် ပင်လယ်သမုဒ္ဒရာအလယ်မှာလှေနဲ့လှော်ပြီးတော့ လှေကိုကျွမ်းကျင်ပါတယ်ဆိုရင်တော့ဖြစ်ပါတယ်၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များကြတော့။

မကျွမ်းကျင်ရင်ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒါကြောင့် ပင်လယ်သမုဒ္ဒရာရေငန်သလား ချိုသလားလို့ သိချင်ရင်ဖြင့် အလယ်ရောက်အောင်သွားမနေပါနဲ့တော့၊ ကမ်းစပ်ကနေပြီးတော့ လက်ကလေးနဲ့တို့ပြီးလျက်ကြည့်လိုက်ရင်ငန်တယ်ချိုတယ် မသိဘူးလား၊ သိသလား ( သိပါတယ်ဘုရား ) အော်- ငန်တယ်ဆိုရင် ပင်လယ်သမုဒ္ဒရာတခုလုံးမှာရှိတဲ့ရေတွေဟာ ငန်မှာဘဲလို့ မသိဘူးလားသိသလား ( သိပါတယ်ဘုရား )။ အလယ်ရောက်အောင်သွားစရာလိုသေးရဲ့လား (မလိုပါဘုရား)။ ယခုလဲ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တို့ ပဋ္ဌာန်းဒေသနာတော်တို့ဆိုတာလဲ အလွန်မတန်မှကျယ်ဝန်းတယ်၊ မြတ်စွာဘုရားကျက်စားတဲ့ဉာဏ်တွေ၊ မကျယ်ဝန်းဘူးလား၊ ကျယ်ဝန်းသလား (ကျယ်ဝန်းပါတယ်ဘုရား) ပင်လယ်သမုဒ္ဒရာကြီးနဲ့နှိုင်းယှဉ်ပြထားတယ်၊ ဒီလောက်ကျယ်ဝန်းတဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တို့ ပဋ္ဌာန်းဒေသနာတော်တို့ဆိုတာက ဉာဏ်ကြီးရင်တော့တော်ပါရဲ့၊ဉာဏ်မကြီးတဲ့ပုဂ္ဂိုလ်တွေက အကုန်လိုက်နေစရာလိုသေးရဲ့လား ( မလိုပါဘုရား ) တကွက်ရှုလိုက်တာနဲ့တပြိုင်နက် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ပဋ္ဌာန်းဒေသနာတော်ကြီးကိုရှုပြီးသားမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ ကမ်းနားကရေကိုသောက်လိုက်ရင် အကုန်လုံးသောက်ပြီးသား မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။ သူ့ရဲ့အရသာကိုမသိဘူးလား၊ သိသလား ( သိပါတယ်ဘုရား ) ခုလဲ တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ဆိုတာ လုပ်ငန်းနဲ့သိရမှာလား၊ အပြောနဲ့သိရမှာလား (လုပ်ငန်းနဲ့သိရမှာပါဘုရား) လုပ်ငန်းက အရှိတရားကြည့်ရမှာလား၊ မရှိတရားကြည့်ရမှာလား (အရှိတရားကြည့်ရမှာပါဘုရား) အရှိတရားက ခန္ဓာမှာလား၊ စာအုပ်တွေ ဘောတွေမှာလား ( ခန္ဓာမှာပါဘုရား ) ခန္ဓာဘယ်ဌာနမှာတုံး ( နှာသီးဖျားမှာပါဘုရား ) ဘယ်အချိန်မှာပါလိမ့် (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ခင်ဗျား

တို ဘယ်သဘောရှိတာပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား) ရှိရှိနေတာ ဘာလို့ရှိနေတာတုံး ( ဖြစ် ဖြစ် နေ လို့ ပါ ဘု ရား ) ဘာ့ ကြောင့် ဖြစ် တာ တုံး ( အကြောင်းကြောင့်ပါဘုရား ) ဘယ် အ ကြောင်း တွေ တုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ပါဘုရား)။

အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဆိုတာ အကြောင်းတရားလား၊ အကျိုးတရား လား (အ ကြောင်း တ ရား ပါ ဘု ရား) ဤလိုပြုချင်တဲ့စိတ်သဘောကဘာတုံး ( အကျိုးတရားပါဘုရား ) အကြောင်းအကျိုးကွဲတဲ့ဉာဏ်က ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) အဲဒီမှာ ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ပါရဲလား (မပါပါဘုရား) ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ဆိတ်သုဉ်း မသွားဘူးလား၊ ဆိတ် သုဉ်း သွား သ လား ( ဆိတ်သုဉ်းသွားပါတယ်ဘုရား ) သက္ကာယဒိဋ္ဌိတဒင်္ဂ မပြုတ်ဘူးလား၊ ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ဘယ် နည်းနဲ့ပြုတ်ပြုတ် ပြုတ်ဘို့အရေးကြီးပါတယ်။ သက္ကာယဒိဋ္ဌိပြုတ်ဘို့ အရေးမကြီး ဘူးလား၊ ကြီးသလား ( ကြီးပါတယ်ဘုရား ) သက္ကာယဒိဋ္ဌိပြုတ်ရင် အပါယ် လေးပါးကမလွတ်ဘူးလား၊ လွတ်သလား ( လွတ်ပါတယ်ဘုရား ) ဒါကြောင့် ဒီရှုကွက်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ဆင်ခြင်လိုက်ရင်ဘဲ အကြောင်းအကျိုးကွဲပါတယ်။ မကွဲဘူးလား ကွဲသလား (ကွဲပါတယ်ဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံသည် အကြောင်းတရား၊ ဤလိုပြုချင်တဲ့စိတ်သဘောကဘာတုံး (အ ကျိုး တ ရား ပါ ဘုရား) အကြောင်းအကျိုးဖြစ်မနေဘူးလား၊ ဖြစ်နေသလား (ဖြစ်နေပါတယ် ဘုရား) အကြောင်းကြောင့်ဘာတုံး (အကျိုးပါဘုရား) နောက်-အကျိုးကလဲ (အကြောင်းပြန်ဖြစ်ပါတယ်ဘုရား)။

အကျိုးတရား အကြောင်းတရားကို ရှင်းကြပါစို့၊ ဤလိုပြုချင်တဲ့သဘောက ဘာတုံး (စိတ်ပါဘုရား) ဤလိုပြုချင်တဲ့သဘောကစိတ်၊ ဤစိတ်က အကြောင်း တရားလား၊ အကျိုးတရားလား (အကျိုးတရားပါဘုရား) အကျိုးတရားဖြစ်ပါ တယ်၊ ဤလိုပြုချင်တဲ့စိတ်ဟာ တည်တန့်မှုကောရှိရဲ့လား (မတည်တန့်ပါဘုရား) မြဲကောမြဲရဲ့လား ( မမြဲပါဘုရား ) ဖြစ်ပြီးလျှင်ဘယ်ရောက်တုံး ( ပျက် ပါ တယ် ဘုရား) ခင်ဗျားတို့ကျုပ်တို့စိတ်၏ဖြစ်ခြင်းပျက်ခြင်းဖြင့် အနှိပ်စက်မခံရဘူးလား၊ ခံရသလား (ခံရပါတယ်ဘုရား) စိတ်၏ဖြစ်ခြင်းပျက်ခြင်းဖြင့် အနှိပ်စက်ခံရလေ သောကြောင့် မဆင်းရဲဘူးလား၊ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား) ဒါပေမဲ့ ဆင်းရဲလို့ ဆင်းရဲမှန်းကောသိကြရဲ့လား (မသိပါဘူးဘုရား) ဆင်းရဲမှန်းမသိတာ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား ( အဝိဇ္ဇာကမသိတာပါဘုရား ) အဝိဇ္ဇာသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါ ဘုရား) အကျိုးကနေ ပစ္စုပ္ပန်အကြောင်းပြန်မဖြစ်လာဘူးလား(ဖြစ်လာပါတယ် ဘုရား)။

နောက်တချက်- စိတ်ဖြစ်ပျက်တာ ဆင်းရဲမှန်းမသိတော့ ဤလိုပြုချင်တဲ့စိတ် နောက်ထပ်မဖြစ်ချင်ဘူးလား (ဖြစ်ချင်ပါတယ်ဘုရား) စိတ်နောက်ထပ်ဖြစ်ချင်နေတာ ငါကဖြစ်ချင်တာလား၊ တဏှာကဖြစ်ချင်တာလား (တဏှာကဖြစ်ချင်တာပါဘုရား)တဏှာကအကြောင်းတရားလား၊ အကျိုးတရားလား(အကြောင်းတရားပါဘုရား ) ဖြစ်ချင်တော့ စွဲလမ်းလာတယ်၊ စွဲလမ်းတော့ အားထုတ်လာတယ်၊ အားထုတ်တာက သင်္ခါရဘဲ၊ ကံဘဲ၊ အဲဒီတော့ အကျိုးတရားဖြစ်တဲ့စိတ်ကို အကြောင်းပြုပြီးတော့ အကြောင်းတရားဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဆိုတဲ့ပစ္စုပ္ပန်အကြောင်းပြန်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ ဤလိုပြုချင်တဲ့စိတ်ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)။

အဝိဇ္ဇာ တဏှာ ဥပါဒါန်ကြောင့် ခင်ဗျားတို့ကိုယ်အမူအယာနဲ့ ကုသိုလ်တွေ လုပ်တယ်၊ လုပ်သလား မလုပ်ဘူးလား ( လုပ်ပါတယ်ဘုရား ) အဲဒါဘာ တုံး၊ ကာယသင်္ခါရပြန်ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား) နှုတ်အမူအယာနဲ့ မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) အဲဒါဘာတုံး (ဝစီသင်္ခါရပါဘုရား) စိတ်အမူအယာနဲ့ကော (လုပ်ပါတယ်ဘုရား) အဲဒါက (မနောသင်္ခါရ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရသည် ကမ္မ၊ ကံ။ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ကပေါင်းလိုက်စမ်း (အဝိဇ္ဇာ တဏှာ ဥပါဒါန်) ဟော-အတိတ်ကံလား၊ ပစ္စုပ္ပန်ကံလား (ပစ္စုပ္ပန်ကံပါဘုရား) ဒီပစ္စုပ္ပန် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံအကြောင်းတရား (၄) ပါးသည် ဘယ်သူ့ကြောင့်ဖြစ်တာ တုံးဆိုတော့ အကျိုးတရားကြောင့်ဖြစ်တာ၊ဘယ်သူ့ကြောင့်ဖြစ်တာတုံး(အကျိုးတရားကြောင့်ပါဘုရား ) ဒီနေရာမှာ အကျိုးတရားဆိုတာ ဘယ်သဘောတုံး (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား) စိတ်ကြောင့်ဖြစ်တာနော်။ နာမ်ကြောင့် ဖြစ်တယ်၊ ရုပ်ကြောင့်ဖြစ်တယ်၊ ဟုတ်လား။ အကျိုးကြောင့်လဲ အကြောင်းဖြစ်တယ်၊ ကမ္မကြောင့် ဝိပါကဖြစ်တယ်။

ကံကိုပြောခြင်းအားဖြင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် မပါဘူးလား ပါသလား (ပါပါတယ်ဘုရား) ကမ္မကြောင့်ဘာတုံး ( ဝိပါကဘုရား ) ဤလိုပြုချင်တဲ့စိတ် ဝိပါက မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) သူ့ကို ပဋိစ္စသမုပ္ပါဒ် နည်းနဲ့ပြောမယ်ဆိုရင် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿဝေဒနာ မဟုတ်ဘူးလား၊ ဟုတ်သလား ( ဟုတ်ပါတယ်ဘုရား ) အဲဒီထိအောင် လုပ်မနေနဲ့တော့၊ ဤလိုပြုချင်တဲ့စိတ်ကို ပြော လိုက် ခြင်း အား ဖြင့် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ မပါဘူးလား ပါသလား (ပါပါတယ်ဘုရား)။

ဥပမာတခုပြောပါမယ်၊ ခင်ဗျားတို့ရေတခွက်ကိုတောင်းတယ်၊မတောင်းဘူးလား တောင်းသလား (တောင်းပါတယ်ဘုရား) တောင်း တော့ ရေ၊ ပါတော့

ဘာပါလာတုံး(ခွက်ပါလာပါတယ်ဘုရား)မပါဘူးလားပါသလား (ပါပါတယ် ဘုရား) ခုလဲ ခင်ဗျားတို့ ဘာကို ရှုလိုက်တာတုံး (စိတ်ကိုရှုလိုက်တာပါ ဘုရား) စိတ်ကိုရှုလိုက်တော့ နာမ်ရုပ်လဲရှုပြီး ဖြစ်ပါတယ်၊ သင်္ခါယတနဖဿဝေဒနာလဲ ရှုပြီးဖြစ်ပါတယ်၊ မရှုဘူးလားရှုသလား(ရှုပါတယ်ဘုရား)တကာတကာမတွေ ပိဋကတ်တော်ကြီးဆုံးအောင် လိုက်နေစရာလိုသေးရဲ့လား (မလိုတော့ပါဘုရား) ဒါကြောင့် ဟိမာလုကျပုတ္တက အရှင်ဘုရား တရားကျဉ်းကျဉ်းလေး ဟောပါ ဘုရားလို့ မြတ်စွာဘုရားကို မလျှောက်ဘူးလား လျှောက်သလား (လျှောက်ပါ တယ်ဘုရား) လျှောက် ပါ တယ် နော်၊ ကျဉ်းကျဉ်းဟောလို့ကော မရဘူးလား ရသလား(ရပါတယ်ဘုရား)အချိန်ကမရှိတော့ဘူး၊ ခင်ဗျားတို့အသက်တွေကကြီး လာပြီဆိုတော့ အချိန်ရှိသေးရဲ့လား (မရှိတော့ပါဘုရား) ရှည်ရှည်ဝေးဝေးတွေ လိုက်မနေနဲ့တော့လို့ မပြောထိုက်ဘူးလား ပြောထိုက်သလား (ပြော ထိုက် ပါ တယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်သဘောကို ပြောနေတာ၊ အဲ ဒီ တော့ အ ကြောင်း ကြောင့်ဘာတုံး (အကျိုးပါဘုရား) အကျိုးကြောင့်လဲ (အကြောင်းပါဘုရား) တနည်း ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပြောရင် ကမ္မကြောင့် (ဝိပါကပါဘုရား) ဝိပါက ကြောင့်(ကံပါဘုရား)ဝိပါကကြောင့်ကံ၊ ကံကြောင့် (ဝိပါကဘုရား) ဒီလိုမဖြစ် ဘူးလားဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ခင်ဗျားတို့ နားလည်အောင်ပြောမယ် ဆိုရင် အကြောင်းကြောင့်အကျိုး၊ အကျိုးကြောင့်အကြောင်း၊ ဒါဘဲ၊

+ **ကမ္မာဝိပါကာဝတ္တန္တိ၊ ဝိပါကောကမ္မသမ္ဘဝေါ၊**
**ကမ္မာပုနဗ္ဘဝေါဟောတိ၊ ဧဝံလောကောပဝတ္တတိ။**

ကမ္မာ၊ ကံကြောင့်၊ ဝိပါကာ၊ ဝိပါက်တရားတို့သည်၊ ဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ကံ ကြောင့် ဘာတွေဖြစ်တုံး(ဝိပါကပါဘုရား)ကံဆိုတာကအဝိဇ္ဇာတဏှာဥပါဒါန်၊ ကံဖြစ်တော့ ဘာတွေဖြစ်တုံး(ဤလိုပြုချင်တဲ့စိတ်ပါဘုရား) ဟုတ်လား(မှန်ပါ) စိတ်ပြောလိုက်ရင် နာမ်ရုပ်ပါမလာဘူးလား ပါလာသလား (ပါလာပါတယ် ဘုရား)သင်္ခါယတနကော (ပါလာပါတယ်ဘုရား) ဖဿဝေဒနာ (ပါပါတယ် ဘုရား)ရေတောင်းတာနဲ့တပြိုင်နက် ခွက်ပါသကဲ့သို့၊

ဒါကြောင့် ကမ္မာအဝိဇ္ဇာတဏှာဥပါဒါန်ကံကြောင့်၊ ဝိပါကာ၊ ဤလိုပြုချင် တဲ့စိတ်သဘော ဝိပါက်တရားတို့သည်၊ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ မဖြစ်ဘူးလား ဖြစ်သ လား (ဖြစ်ပါတယ်ဘုရား) ဝိပါကော၊ ဤလိုပြုချင်တဲ့ စိတ်သဘောတရားသည်၊ ကမ္မသမ္ဘဝေါ၊ ကံကြောင့်ဖြစ်၏၊ ကမ္မာ၊ ကံကြောင့်၊ ပုနဗ္ဘဝေါ၊ တဖန်ဖြစ်ခြင်း သည်၊ဟောတိ၊ဖြစ်၏။ ဧဝံ၊ ဤသို့၊လောကော၊လောကကြီးသည်၊ ဘာလောက

---

+ ဝိသုဒ္ဓိမဂ်၊ ၄၊ ၃၊ နှာ ၂၃၇

ကြီးလဲ(လူလောကကြီးပါဘုရား)လူလောကကြီးသည်၊ နတ်လောကကြီးသည်၊ ဗြဟ္မာလောကကြီးသည်၊လူလောကဆိုတာမဟုတ်ဘူး၊ နတ်လောကဆိုတာရှိတာမဟုတ်ဘူး၊ ဗြဟ္မာလောကဆိုတာရှိတာမဟုတ်ဘူး၊ ဘာနဲ့ဘာရှိတာတုံး (ကမ္မနဲ့ဝိပါကပါဘုရား) ကမ္မနဲ့ဝိပါက၊ ဝိပါကနဲ့ကံ၊ ဇော်၊ ဤသို့၊ လောကော၊ လူတွေသမုတ်ထားတဲ့ လူလောကကြီးသည်၊ နတ်လောကကြီးသည်၊ ဗြဟ္မာလောကကြီးသည်၊ ပဝတ္တတိ၊ လည်၍လည်၍နေလေတော့၏။ မလည်ဘူးလား လည်သလား (လည်ပါတယ်ဘုရား)သံသရာလည်ဘယ်ဆိုတာ ကမ္မကြောင့်(ဝိပါကပါဘုရား) ဝိပါက ကြောင့် (ကမ္မပါဘုရား) ဟော လည်မနေဘူးလား လည်နေသလား (လည်နေပါတယ်ဘုရား) အဲဒါ သံသရာ၊ မရဘူးလား ရသလား (ရပါတယ်ဘုရား) တံနည်း အ ကြောင်း ကြောင့် (အကျိုးပါ ဘုရား) အ ကျိုး ကြောင့် (အကြောင်းပါ ဘုရား) အဲ ဒါ သံ သ ရာ၊ မရဘူးလား ရသလား (ရပါတယ်ဘုရား)

သို့သော် အဲဒီ ကမ္မနဲ့ဝိပါက၊ ဝိပါကနဲ့ကံသည် ဘယ်သူက အရင်ဖြစ်တာတုံး ပြောလို့ရရဲ့လား (မရပါဘုရား) နောက် တကာတကာမတွေ မျိုးစေ့နဲ့ သစ်ပင်တို့သည် ဘယ်သူကစဖြစ်တာလဲလို့ ပြောလို့ရရဲ့လား(မရပါဘုရား)မရဘူးနော်၊ ဥပမာဆိုကြပါစို့၊ သရက်ပင်တပင် သရက်သီးမသီးဘူးလား သီးသလား(သီးပါတယ်ဘုရား) အဲဒီ သရက်သီးက မျိုးစေ့မရဘူးလား ရသလား (ရလာပါတယ်ဘုရား)မျိုးစေ့ကိုစိုက်လိုက် သရက်ပင်မပေါက်ဘူးလား ပေါက်သလား(ပေါက်လာပါတယ်ဘုရား)သရက်ပင်ကနေဘာဖြစ်ပြန်တုံး (မျိုးစေ့ပါဘုရား)မျိုးစေ့ကနေပြီးတော့ ဘာပြန်ဖြစ်တုံး(သရက်ပင်ပါဘုရား) ဘယ်ဟာကအရင်ဖြစ်တာလဲလို့ ပြောလို့ရရဲ့လား(မရပါဘုရား)မရဘူး။ အစရှာလို့တွေ့ရဲ့လား (မတွေ့ပါဘုရား) ဒါကြောင့် သံသရာအစရှာ၍ ရဘူးဆိုတာ ဒါဘဲဗျ၊ တကာတကာမတွေ တွေ့ပြီလား(တွေ့ပါပြီဘုရား)

အစမထင် သံသရာမှစ၍ သစ်ပင်ရဲ့အစတွေ့ရဲ့လား (မတွေ့ပါဘုရား) မျိုးစေ့ကြောင့်သစ်ပင်၊ သစ်ပင်ကြောင့် ဘာဖြစ်ပြန်တုံး (မျိုးစေ့ပါဘုရား) ယခုလဲခင်ဗျားတို့သည် ကမ္မကြောင့် ဘာဖြစ်တုံး (ဝိပါကဘုရား) ကမ္မ ဆိုတဲ့ မျိုးစေ့ကြောင့် ဝိပါကဆိုတဲ့အပင်၊လူပင်၊နတ်ပင်၊ဗြဟ္မာပင်၊မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) နောက် လူပင်နတ်ပင်ဗြဟ္မာပင်ဆိုတဲ့ အကျိုးကြောင့် ဘာဖြစ်ပြန်တုံး၊ အကြောင်းဆိုတဲ့ ကံဖြစ်ပြန်ပြီ၊ မရဘူးလား ရသလား (ရပါတယ်ဘုရား ကုသိုလ်ကံတွေ၊အကုသိုလ်ကံတွေမလုပ်ကြဘူးလား လုပ်ကြသလား(လုပ်ကြပါတယ်ဘုရား)ခင်ဗျားတို့ကံတွေလုပ်နေတယ်။

ဒါကြောင့် ကမ္မကြောင့် ဝိပါက၊ ဝိပါကကြောင့်ကံ၊ အဲဒီ လို ဖြစ်နေလို့ လောကကြီးထင်ရှားတာ၊ ကမ္မနဲ့ဝိပါကသာ မရှိရင် လူလို့ရှိနိုင်ပါ့မလား (မရှိ

နိုင်ပါဘုရား) နတ်လောကကြီးကော (မရှိပါဘုရား) ဗြဟ္မာလောကကြီးကော (မရှိပါဘုရား)ဒါကြောင့် လူလောကကြီးတခုလုံးထင်ရှားနေတာ၊ နတ်လောကကြီးတခုလုံးထင်ရှားနေတာ၊ ဗြဟ္မာလောကကြီးတခုလုံး ထင်ရှားနေတာ၊ ဘယ်သူ့ကြောင့်ထင်ရှားနေတာတုံး(ကမ္မနဲ့ဝိပါကကြောင့်ပါဘုရား) ကံနဲ့ဝိပါကမရှိရင် လူလောက နတ်လောက ထင် ရှား နိုင် ပါ့မလား (မထင်ရှားနိုင်ပါ ဘုရား) ဒါကြောင့် ကမ္မကြောင့်ဝိပါက၊ ဝိ ပါ က ကြောင့် က မ္မ ဖြစ် တယ်၊ တ န ည်း၊ အကြောင်း ကြောင့် အ ကျိုး ဖြစ် တယ်၊ အ ကျိုး ကြောင့် ဘာဖြစ်တယ် (အကြောင်းပါဘုရား) အဲဒီတော့ တကာတကာမတွေ့ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ ခင်ဗျားတို့ငြင်းလို့ရသေးရဲ့လား(မရပါဘုရား) အကျိုးကြောင့်ကော အကြောင်းပြန်မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)ဖြစ်တယ်ဆိုဘာ မရှင်းခဲ့ဘူးလား(ရှင်းခဲ့ပါတယ်ဘုရား)

အဲဒီတော့ အကြောင်းကြောင့်အကျိုး၊ အကျိုးကြောင့် အကြောင်းဆိုတာ ဘယ်အကြောင်းကို ချုပ်ရမလဲ၊ ပစ္စုပ္ပန်အကြောင်းကို ချုပ် မှာ လား၊ အတိတ်အကြောင်းကိုချုပ်မှာလား (ပစ္စုပ္ပန်အကြောင်းကို ချုပ်မှာပါဘုရား) ပစ္စုပ္ပန်အကြောင်တရားကို ချုပ်ရမယ်၊ ဘယ်အကြောင်းကို ချုပ်ရမှာတုံး (ပစ္စုပ္ပန်အကြောင်းကို ချုပ်ရမှာပါဘုရား) မချုပ်ရဘူးလား ချုပ်ရမလား (ချုပ်ရမှာပါဘုရား) အဲဒီတော့ ချုပ်ရမဲ့တရားကဘာတုံး (အဝိဇ္ဇာတဏှာဥပါဒါန်) နော်၊ ကံချုပ်လို့ မရဘူး။ ကံတော့ ခင်ဗျားတို့ မရှိဘူးလား ရှိနေသလား (ရှိနေပါတယ်ဘုရား)ရှိပါတယ်၊ချုပ်ရမဲ့တရားကဘာတုံး(အဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့ ကိလေသာဝဋ်ကို ချုပ်ရမှာပါဘုရား) ကာယကံသွားချုပ်လို့ရရဲ့လား (မရပါဘုရား) ဝစီကံကော (မရပါဘုရား) မနောကံကော (မရပါဘုရား) ဤလိုပြုချင်တဲ့စိတ်ချုပ်ခိုင်းလို့ရရဲ့လား (မရပါဘုရား) ဘာကို ချုပ်ရမှာတုံး (အကြောင်းကို ချုပ်ရမှာပါဘုရား) ဒီနေရာမှာ အကြောင်းဆိုတာ ဘာ နဲ့ ဘာ လဲ၊ အဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့ ကိလေသာဝဋ်၊

အဝိဇ္ဇာတဏှာနဲ့ဥပါဒါန် ဆို တဲ့ ကိလေသာဝဋ် ချုပ်လိုက်တာနဲ့ တပြိုင်နက် ဒီကမ္မသည် အကျိုးပေးလို့ရသေးရဲ့လား (မရပါဘုရား) ဒီကမ္မသည် ဝိပါကဝဋ် ဖြစ်စေပါဦးမလား(မဖြစ်ပါဘုရား)ဒီကံသည်ဝိပါကမဖြစ်တော့ ဝိပါကကြောင့် ကံပေါ်ဦးမလား(မပေါ်တော့ပါဘုရား) ဒါကံပြတ်တော့တာဘဲ၊ ကမ္မနဲ့ဝိပါက ချုပ်မသွားဘူးလား ချုပ်သွားသလား (ချုပ်သွားပါတယ်ဘုရား) အဲဒါနိရောဓဘဲ၊ ဘယ်တရားချုပ်လို့ပါလိမ့် (အဝိဇ္ဇာတဏှာဥပါဒါန် ချုပ်လို့ပါဘုရား) ခင် ဗျား တို့ တရားအားထုတ်တယ် ဆိုတာ အဝိဇ္ဇာတဏှာဥပါဒါန် ချုပ်အောင်

လုပ်တဲ့လုပ်ငန်းဆိုတာ မှားပါ့မလား(မမှားပါဘုရား)ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ ခုံမှုဖြစ်တဲ့ ဘာပါလိမ့် (စိတ်ပါဘုရား) ခုမှ ဖြစ်တဲ့စိတ် အကြောင်းကြောင့်ဖြစ်၊ ဟုတ်လား(မှန်ပါဘုရား) ဖြစ်ရင် ဆင်းရဲသလား ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)ဆင်းရဲပါတယ်၊ လူဖြစ်လို့ ဆင်းရဲတာလား၊ စိတ်ဖြစ်လို့ဆင်းရဲတာလား(စိတ်ဖြစ်လို့ပါဘုရား) စိတ်ဖြစ်လို့ဆင်းရဲတာအမှန်ဘဲ လား (အမှန်ပါဘုရား) အမှန်မသိဘူးလား သိသလား (သိပါတယ်ဘုရား) အမှန်သိတာ ဝိဇ္ဇာက သိတာလား၊ လူကသိတာလား (ဝိဇ္ဇာကသိတာပါဘုရား) ဝိဇ္ဇာ ဆိုတဲ့ ဉာဏ် က သိ တာ၊ အဝိဇ္ဇာချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)အဝိဇ္ဇာချုပ်သွားပြီ။

အော် ဤလိုပြုချင်တဲ့ စိတ်သဘောတွေ အသစ်အသစ်ဖြစ်နေလို့ နိဗ္ဗာန်မရ၊ သူမဖြစ်ရင်အေးမှာဆိုတော့ ဒီစိတ်ကို နောက်ထပ်ဖြစ်ချင်တဲ့တဏှာ လာသေးရဲ့လား(မလာတော့ပါဘုရား) အဝိဇ္ဇာချုပ်တော့ ဘာချုပ်သလဲ (တဏှာချုပ်ပါတယ်ဘုရား)တဏှာချုပ်ရင် (ဥပါဒါန်ချုပ်ပါတယ်ဘုရား)အဝိဇ္ဇာချုပ် တဏှာချုပ်၊ ဥပါဒါန်ချုပ်၊ ကံချုပ်တာပေါ့၊ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ နောက်က အဝိဇ္ဇာတဏှာဥပါဒါန်ချုပ်ခဲ့ပြီလို့ မဆိုထိုက်ဘူးလားဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ပဋိစ္စသမုပ္ပါဒ်လည်နိုင်သေးရဲ့လား (မလည်နိုင်တော့ပါဘုရား)

ကမ္မကြောင့် ဘာဖြစ်တုံး (ဝိပါက ဘုရား) ဝိပါကကြောင့် ဘာ ထပ် ဖြစ်တုံး (ကမ္မပါဘုရား) အကြောင်းအကျိုး ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား)ဒီရှုကွက်ထဲမှာ ဒီလောက်ကွဲသွားရင် အကျိုးမများဘူးလားများသလား (များပါတယ်ဘုရား)ပဋိစ္စသမုပ္ပါဒ်ဉာဏ်ကို ရှုပြီးသားမဖြစ်ဘူးလားဖြစ်သလား (ဖြစ်ပါတယ်ဘုရား)အဲဒီလိုရှုလိုက်ရင် အဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့ အကြောင်းတရားချုပ်တယ်၊ အဝိဇ္ဇာတဏှာဥပါဒါန်ချုပ်ချင်ရင် တကာတကာမတွေ အရှိတရားရှုရမှာလား မရှိတရားရှုရမှာလား(အရှိတရားရှုရမှာပါဘုရား) အရှိတရားက ဘယ်သဘောပါလိမ့် (ဤလိုပြုချင်တဲ့ စိတ်သဘောပါဘုရား) မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှုကွက်ပါမလာဘူးလား(ပါလာပါတယ်ဘုရား)အဝိဇ္ဇာတဏှာဥပါဒါန်တော့ချုပ်မယ်ပြောပါတယ်၊ ဘယ်လိုချုပ်ရမယ်မသိရင် တကာတကာမတွေ လွယ်ပါ့မလား (မလွယ်ပါဘုရား) ယခု အဝိဇ္ဇာတဏှာချုပ်ရမယ့်တရားကို ပြပါတယ်၊ အဝိဇ္ဇာတဏှာချုပ်အောင် ရှုရမယ်လို့ မပြဘူးလား ပြသလား(ပြပါတယ်ဘုရား) ဘုန်းကြီးကပြတာလား၊ မြတ်စွာဘုရားက ပြတာလား (မြတ်စွာဘုရားကပြတာပါဘုရား) ဒါကြောင့် မြတ်စွာဘုရားက အဝိဇ္ဇာတဏှာဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်သုံးပါးချုပ်ချင်ရင် အရှိတရား ကြည့်ခိုင်းတာလား၊ မရှိတရားကြည့်ခိုင်းတာလား (အရှိတရားကြည့်ခိုင်းတာပါဘုရား) အရှိတရားက

ပရမတ်လား ပညတ်လား(ပရမတ်ပါဘုရား)ပရမတ်ကြည့်ခိုင်းတာလား၊ ပညတ်ကြည့်ခိုင်းတာလား (ပရမတ်ကြည့်ခိုင်းတာပါ ဘုရား) ပရမတ်ဆိုတာ ဘယ်လိုသဘောပါလိမ့် (ဤလိုပြုချင်တဲ့ စိတ်သဘောပါဘုရား) မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)ရှိကာဘာလို့ရှိနေတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား) ဖြစ်ရင်ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား)ဆင်းရဲတာအမှန်ဘဲလား(အမှန်ပါဘုရား)

ဒုက္ခေ ဉာဏံ၊ ဒုက္ခေ၊ ဆင်းရဲအပေါင်း၌၊ ဉာဏံ၊ သိခြင်း။ လူ က သိ တာလား၊ ဉာဏ်ကသိတာလား (ဉာဏ်ကသိတာပါဘုရား) အဝိဇ္ဇာလာသေးရဲ့လား (မလာပါဘုရား) ဆင်းရဲတဲ့တရားရချင်သေးရဲ့လား၊ လိုချင်သေးရဲ့သား (မလိုချင်တော့ပါဘုရား ) မလိုချင်တော့ တဏှာချုပ်မသွားဘူးလား ( ချုပ်သွားပါတယ်ဘုရား) အဝိဇ္ဇာချုပ် တဏှာချုပ် ဥပါဒါန်ချုပ်။ ကံနောက်ထပ်ပေါ်ဦးမလား (မပေါ်တော့ပါဘုရား) ဒီကံသည် အကျိုးပေးလို့ရပါဦးမလား (မရပါဘုရား) ဒီမျိုးစေ့ကော အသင်ပေါက်လို့ရပါဦးမလား (မရပါဘုရား) မပေါက်ရင် ဒီမျိုးစေ့ကြောင့် အကိုင်းအခက်တွေ ထွက်လာပါဦးမလား (မထွက်လာပါဘုရား) မလာတော့ဘူး။ အဲဒီအတိုင်းရှုလိုက်ရင် မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ကဲရွှေတကွက်ဘက်ကြပါစို့၊ ဒါမနေ့ကအပိုဒ်ရှင်းခဲ့ပါတယ်။ ဒါကို မလွှတ်နဲ့ လွှတ်လို့ရရဲ့လား ( မရပါဘုရား ) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း မှာခုမှဖြစ်တဲ့ဘာတုံး ( စိတ်ပါဘုရား ) ခုမှဖြစ်တဲ့စိတ် အကြောင်းကြောင့်ဖြစ်၊ မိအောင်ဖမ်းထားပါ၊ ဤလိုပြုချင်တဲ့သဘော မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) ဤလိုပြုချင်တဲ့စိတ်သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိဘာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) ဖြစ်ပြီးတာနဲ့တပြိုင်နက်ပျက်၊ မြဲသလား မမြဲဘူးလား ( မမြဲပါဘုရား ) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စပေါ်ပြီနော်၊

ဤလိုပြုချင်တဲ့သဘောဟာ ဖြစ်ပြီးတာနဲ့တပြိုင်ထဲ ရှိသေးရဲ့လား (မရှိတော့ပါဘုရား) ဟုတွာအဘာဝတော၊ အဋ္ဌကထာ ဆရာတော်က။ ဟုတွာ၊ ဖြစ်ပြီးတာနဲ့တပြိုင်နက်၊ အဘာဝတော၊ မရှိတော့ဘူး၊ ဘယ် ရောက် သွား ပါ လိမ့် (ပျက်ပျက်သွားပါတယ်ဘုရား) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စမရဘူးလား ရသလား (ရပါဘယ်ဘုရား) ရလာပြီ၊ တို့တကာတကာမတွေ့သတိထားလိုက်စမ်း၊ ဤလိုပြုချင်တဲ့စိတ်ဖြစ်ပြီးတာနဲ့တပြိုင်ထဲဘယ်ရောက် (ပျက်သွားပါတယ်ဘုရား)ဖြစ်ပြီးတာနဲ့တပြိုင်နက်ပျက်၊ စိတ်ဆိုတဲ့သင်္ခါရတရားတို့၏လားရာဟာအပျက်ဘဲဗျ။ တောကောင်တို့ရဲ့လားရာသည်တော၊ သားသမင်တို့ရဲ့လားရာသည်တော၊ အတောင်ရှိတဲ့သတ္တဝါရဲ့လား ရာ သည် ကောင်း ကင်၊ အတောင်ရှိတဲ့သတ္တဝါတို့ရဲ့ လားရာသည် ဘာတုံး

(ကောင်းကင်ပါဘုရား)သားသမင်တို့ရဲ့လားရာက (တောပါဘုရား) သားသမင်တွေပစ်ကြည့်စမ်း ဘယ်ပြေးမှာတုံး (တောပါဘုရား) အတောင်ရှိတဲ့သတ္တဝါကို ခဲနဲ့ပစ်ကြည့်စမ်း ဘယ်ပျံမှာတုံး (ကောင်းကင်ပါဘုရား) အဲဒီအတိုင်းဘဲ၊ သင်္ခါရတို့ရဲ့လားရာသည် (အပျက်ပါဘုရား) သင်္ခါရတို့ရဲ့လားရာသည်ဘာတုံး (အပျက်ပါဘုရား) အတောင်ရှိတဲ့သတ္တဝါတို့ရဲ့လားရာသည် ( ကောင်းကင်ပါဘုရား ) သားသမင်တို့ရဲ့လားရာသည်တောဆိုသကဲ့သို့၊ ဤလိုပြုချင်တဲ့စိတ်သဘောတရားတို့၏လားရာသည်ဘာတုံး ( အပျက်ပါဘုရား ) အနိစ္စဘဲ၊ မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ဤလိုပြုချင်တဲ့သဘောဟာဘာတုံး (စိတ်) ဒီစိတ်မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိ(ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်တော့ဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) ဖြစ် ပြီး တာ နဲ့ တ ပြိုင် တည်း ဘယ်ရောက် (ပျက်) မြဲလို့လား၊ မမြဲလို့လား(မမြဲလို့ပါဘုရား) အော်-နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စတွေ့ပြီ။

ခင်ဗျားတို့ဟိုတုံးကကော ဤလိုပြုချင်တဲ့စိတ်သဘော မြဲခဲ့ရဲ့လား (မမြဲပါဘုရား) ဟိုတုံးကလဲ ဤလိုပြုချင်တဲ့စိတ်သဘောတရားသည် ဖြစ်ခဲ့ပြီးတော့ ဘယ်ရောက်ခဲ့တုံး (ပျက်ခဲ့ပါတယ်ဘုရား) ဟိုတုံးကလဲ အနိစ္စဖြစ်ခဲ့တယ်။ ဟိုတုံးကလဲ ဘာတုံး (အနိစ္စဖြစ်ခဲ့ပါတယ်ဘုရား) ခုလဲဘာတုံး-အနိစ္စဖြစ်ဆဲ၊ နောင်လဲအနိစ္စဖြစ်အုံးမှာပါလား။ မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) ဟိုတုံးကလဲအနိစ္စဖြစ်ခဲ့တယ်၊ ခုလဲအနိစ္စဖြစ်ဆဲ၊ နောင်လဲ အနိစ္စ ဖြစ်အုံးမှာပါလားလို့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတွင် အနိစ္စလက္ခဏာဖြင့် ဆင်ခြင်တဲ့ ဉာဏ်သည် သမ္မသနဉာဏ်။ ဘာဉာဏ်တုံး ( သမ္မသနဉာဏ်ပါဘုရား ) ကာလ ဘယ်နှစ်ပါးကိုဆင်ခြင်တာတုံး (သုံးပါးပါဘုရား) ကာ လ သုံး ပါး က ဘာ တုံး (အတိတ် အနာဂတ် ပစ္စုပ္ပန်)ဟုတ်ဘယ်မဟုတ်လား၊ဤလိုပြုချင်တဲ့စိတ်သဘော မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးတော့ဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) ဟိုတုံးကလဲ (ပျက်ခဲ့ပါတယ်ဘုရား) ခုလဲ (ပျက်ဆဲ) နောင်လဲ (ပျက်ဦးမှာဘဲ) ဘယ်ကာလကိုသွားပြီးအားကိုးမှာလဲ။ အ တိတ် ကို ပြန် ပြီး ကြည့် ပြန် တော့ လဲ အတိတ်ကိုအားကိုးလို့မရ၊ ဘာဖြစ်တုံး (ပျက်နေလို့ပါဘုရား)။

အတိတ်ကလဲခင်ဗျားတို့ပျက်ခဲ့တယ်၊ လူတွေသေတာလား၊ စိတ်သဘောတွေသေတာလား ( စိတ်သဘောတွေသေတာပါဘုရား ) ခုလဲ လူတွေ သတ္တဝါတွေသေနေတာလား၊ စိတ်သဘောတွေသေနေတာလား (စိတ်သဘောတွေသေနေတာပါဘုရား) ဘယ်အချိန်မှာသေနေတာလဲ(ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) မျက်လုံးနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) ဒီအလောင်းကမျက်လုံးနဲ့မြင်တဲ့သလောင်းလား ဉာဏ်နဲ့မြင်တဲ့အလောင်းလား(ဉာဏ်နဲ့မြင်တဲ့အလောင်း

ပါဘုရား) အခေါင်းပြင်ရသေးရဲ့လား (မပြင်ရပါဘုရား) ခင်ဗျားတို့ သမုတ်အလောင်းသွားကြည့်နေရင် ဝိပဿနာရှုလို့ရပါ့လား (မရပါဘုရား) တို့တကာ တကာမတွေ့ ပရမတ္တသစ္စာရဲ့-ပရမတ်အသေကိုမြင်ရမှာ၊ မျက်လုံးနဲ့မြင်ရမှာလား ဉာဏ်နဲ့မြင်ရမှာလား (ဉာဏ်နဲ့မြင်ရမှာပါဘုရား) ဉာဏ်နဲ့မြင်ရတာ။

အော်- ဤလိုပြုချင်တဲ့စိတ်သဘောဖြစ်ပြီးတာနဲ့တပြိုင်နက် ဘယ်ရောက်သွားပါလိမ့် (ပျက်သွားပါတယ်ဘုရား) ဟိုတုံးကလဲဘာတုံး (ပျက်ခဲ့ပါတယ်ဘုရား) ယခုလဲပျက်ဆဲ၊ နောင်လဲပျက်ဦးမှာဘဲ၊တနည်း-ဟိုတုံးကလဲအနိစ္စဖြစ်ခဲ့တယ်၊ယခုလဲဘာတုံး အနိစ္စဖြစ်ဆဲ၊နောင်လဲအနိစ္စဖြစ်ဦးမှာဘဲ။ အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား) မရဘူးလား ရသလား (ရပါတယ်ဘုရား) ဤလိုပြုချင်တဲ့စိတ်သဘောဖြစ်ပြီးတော့ဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) ပျက်ရင်ကုန်ပါတော့လား (မကုန်ပါဘုရား) မကုန်ဘူး၊ နောက်ထပ်အသစ်ဖြစ်နေလို့။ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အသစ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဖြစ်ရင် ဆင်းရဲတဲ့တရားဖြစ်တာလား၊ ချမ်းသာတဲ့တရားဖြစ်တာလား (ဆင်းရဲတဲ့တရားဖြစ်တာပါဘုရား)။

(ဒုက္ခမေဝ ဥပ္ပဇ္ဇ မာနာဥပ္ပဇ္ဇတိ) ဥပ္ပဇ္ဇမာနာ၊ ဖြစ်လာဘယ်ဆိုရင်ဖြင့်၊ ဘယ်အချိန်မှာဖြစ်တာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဤလိုပြုချင်တဲ့စိတ်သဘောဟာဘာတုံး (စိတ်ပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိ တာ ဘာ လို့ ရှိ တာ တုံး (ဖြစ်လို့ရှိတာပါဘုရား) ဖြစ်ရင်ဆင်းရဲသလား၊ ချမ်း သာ သ လား (ဆင်းရဲပါတယ်ဘုရား)။ အော်-ဒါကြောင့် ဒုက္ခမေဝဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လာတယ်ဆိုရင်၊ ဒုက္ခမေဝ၊ ဆင်းရဲတဲ့တရားသည်သာလျှင်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပါတယ်၊ ဆင်းရဲတဲ့တရားဖြစ်တာလား၊ ချမ်းသာတဲ့တရားဖြစ်တာလား (ဆင်းရဲတဲ့တရားဖြစ်တာပါဘုရား)ဆင်းရဲတဲ့တရားဖြစ်တာ။ ဟိုတုံးကဆင်းရဲခဲ့တယ်၊ ဟိုတုံးကလဲ ဆင်းရဲတဲ့တရားဖြစ်ခဲ့တာလား၊ ချမ်းသာတဲ့တရားဖြစ်ခဲ့တာလား (ဆင်းရဲတဲ့တရားဖြစ်ခဲ့တာပါဘုရား) ယခုလဲဘာတုံး (ဆင်းရဲတဲ့တရားဖြစ်ဆဲ) နောင်လဲဘာတုံး (ဆင်းရဲတဲ့တရားဖြစ်ဦးမှာဘဲ) ချမ်းသာတဲ့အချိန်ရှိသေးရဲ့လား (မရှိပါဘုရား)။ အတိတ်ကိုပြန်ကြည့်ပြန်တော့လဲ ဒုက္ခဖြစ်ခဲ့တယ်၊ ယခုလဲဘာတုံး၊ ဒုက္ခဖြစ်ဆဲ၊ နောင်လဲဘာတုံး (ဒုက္ခဖြစ်ဦးမှာဘဲ) အတိတ်ကိုအားကိုးလို့မရပါလား၊ အနာဂတ်ကိုမျှော်ကိုးလို့ရပါ့မလား ( မရပါဘုရား ) ဒါဖြင့် ခင်ဗျား တို့ က ကောင်းနိုးနိုးနဲ့လုပ်တယ်၊ ဟုတ်လား၊ ဒါမသိလို့မကောင်းဘူးဗျ။ ခင်ဗျားတို့ အဆိုးနဲ့ဘဲတွေ့မယ်၊ အဆိုးဆိုတာဒုက္ခဗျ။ ဆင်းရဲနဲ့တွေ့မယ်၊ ယခုဘဝ ကောင်းနိုးနိုး၊ နောက် ဘ ဝ ကောင်း နိုး နိုး၊ နောက်နှစ်ကောင်းနိုးနိုးနဲ့လုပ်တာ ဘာတုံး (ဆင်းရဲတဲ့တရားပါဘုရား)။

အတိတ်ကလဲ ဆင်းရဲတဲ့တရားဖြစ်ခဲ့တယ်၊ ယခုလဲဘာတုံး (ဆင်းရဲတဲ့တရားဖြစ်ဆဲ) နောင်လဲဆင်းရဲတဲ့တရားဖြစ်ဦးမှာဘဲ၊ကာလသုံးပါးမှာဖြင့် ဘယ်ကာလမှာအားကိုးလို့ မရပါလား(အတီတံ အနုပေက္ခောဟောတိ၊ အနာဂတံ နာဘိနန္ဒတိ)အတီတံ၊ အတိတ်ကို၊ အနုပေက္ခော၊ ငဲ့ကွက်ခြင်းမရှိသည်၊ ဟောတိ၊ ဖြစ်၏၊ အတိတ်ကိုခင်ဗျားတို့ငဲ့ကွက်ပါဦးမလား (မငဲ့ကွက်ပါဘူးဘုရား) ဘာပြုလို့လဲဆိုတော့ အတိတ်ကလဲပျက်ခဲ့တယ်၊ ပြီးတော့ဘာတုံး (ဆင်းရဲခဲ့တယ်) ဒီ လို သိ နေတော့ ငဲ့ကွက်ခြင်းရှိပါဦးမလား (မရှိပါဘုရား) အနာဂတံ နာဘိနန္ဒတိ၊ အနာဂတံ၊ အနာဂတ်ကို၊ နာဘိနန္ဒတိ၊ လှမ်းလှမ်းပြီးတော့ မတောင့်တ မနှစ်သက်တော့ဘူး၊ တောင့်တဦးမလား၊ နှစ်သက်ဦးမလား (မတောင့်တ မနှစ်သက်တော့ပါဘုရား)အနာဂတ်မှာလဲဆင်းရဲမှာဘဲ၊ ယခုလဲဘာတုံး (ဆင်းရဲပါတယ်ဘုရား) ဤလိုပြုချင်တဲ့စိတ်သဘောမဖြစ်နဲ့ တားကြည့်စမ်း ရရဲ့လား ( မရပါဘုရား ) အတ္တမို့လား၊ အနတ္တမို့လား (အနတ္တမို့ပါဘုရား) အနတ္တတွေပြီ။

ဤလိုပြုချင်တဲ့စိတ်သဘော မဖြစ်ပါနဲ့ဆိုပြီးတားလို့မရ၊ မပျက်ပါနဲ့တော့ဆိုပြီး တားရင် (မရပါဘုရား) ဟိုတုန်းကလဲတားလို့ရခဲ့ရဲ့လား ( မရပါဘုရား ) ယခုလဲတားလို့မရ၊ နောင်လဲဘာတုံး (တားရမှာမဟုတ်ပါဘုရား) အတိတ်ကိုငဲ့ပါဦးမလား (မငဲ့ပါဘုရား) အနာဂတ်ကိုမျှော်ကိုးဦးမလား (မမျှော်ကိုးပါဘုရား) ပစ္စုပ္ပန်ကောသာယာပါဦးမလား (မသာယာတော့ပါဘုရား) အော်-ပစ္စုပ္ပန်ကာလမှာလဲ ဤလိုပြုချင်တဲ့စိတ်သဘောဟာ ဖြစ်ပြီးတာနဲ့တပြိုင်ထဲ ဘာတုံး (ပျက်) အနိစ္စ၊ နောက်ထပ်အသစ်ဖြစ်တော့ဆင်းရဲတဲ့ (ဒုက္ခ) မဖြစ်နဲ့မပျက်နဲ့လို့ တားမရတော့ (အနတ္တ) အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ဆဲ၊ ဟိုတုန်းကလဲ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ခဲ့တယ်၊ ယခုလဲအနိစ္စ ဒုက္ခ အနတ္တ ဖြစ်ဆဲပါလား။ နောင်လဲ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ဦးမှာဘဲလို့ အဲ ဒီ လို ရှု တဲ့ ဉာဏ် သည် ဘာ ဉာဏ် တုံး (သမ္မသနဉာဏ်ပါဘုရား) ဘာဉာဏ်တဲ့တုံး (သမ္မသနဉာဏ်ပါဘုရား) သမ္မသနဉာဏ်ဆိုတာ သုံးသပ်တာ စစ်ဆေးတာ၊ အတိတ်ကိုလဲ စစ်ဆေးကြည့်လိုက်တယ်၊ သုံးသပ်ကြည့်လိုက်တယ်၊ ဘာတွေတုံး ( အနိစ္စ ဒုက္ခ အနတ္တတွေပါဘုရား ) ပစ္စုပ္ပန်မှာလဲ စစ်ဆေးသုံးသပ်ကြည့်လိုက်တဲ့အခါကြတော့ ဘာတွေတုံး (အနိစ္စ ဒုက္ခ အနတ္တတွေပါဘုရား) အနာဂတ်ကိုလဲ ဉာဏ်နဲ့သုံးသပ်ကြည့်လိုက်တဲ့အခါကြတော့ဘာတွေတုံး (အနိစ္စ ဒုက္ခ အနတ္တတွေပါတယ်ဘုရား) ဘာတွေဦးမှာတုံး (အနိစ္စ ဒုက္ခ အနတ္တဘဲတွေဦးမှာဘဲ) အဲဒီလို ဆင်ခြင်သုံးသပ်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား)။ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာနဲ့ ဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိပါဘုရား) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဆိုတာ မဂ်ဟုတ်သည်၊ မဟုတ်သည်၊ ဟုတ်

လား၊ မဂ်ဆိုတာခရီး၊ နိဗ္ဗာန်သွားတဲ့လမ်းခရီး ဟုတ်သည်၊ မဟုတ်သည် ဉာဏ် အမြင်စင်ကြယ်ခြင်းသည် ဘာသုဒ္ဓိတုံး (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား) မဂ္ဂါမဂ္ဂက၊ နိဗ္ဗာန်သွားတဲ့ခရီးလမ်း ဟုတ်သည် မဟုတ်သည်၊ ဉာဏက-သိတာ။ ဒဿနက-အမြင်၊ ဝိသုဒ္ဓိက-စင်ကြယ်တာ။ အမြင်မစင်ကြယ်ဘူးလား၊ စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား) စင်ကြယ်ပါတယ်။

ဤလိုပြုချင်တဲ့စိတ်သဘောမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ဒါလွတ်လို့ ရရဲ့လား (မရပါဘုရား) ရှိနေလို့။ ရှိတာ ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီးဘယ်ရောက်[ပျက်သွားပါတယ်ဘုရား]ပျက်ရင်ကုန်ပါတော့လား၊ မကုန်ဘူး၊ နောက်ထပ် အသစ်အသစ်ဖြစ်နေတယ်။ မဖြစ်နဲ့ တားကြည့်စမ်း (မရပါဘုရား)မပျက်နဲ့တားကြည့်စမ်း(မရပါဘုရား)ဟော-ဤလိုသဘောက အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား)ဟိုတုန်းကလဲ၊အနိစ္စဒုက္ခအနတ္တဖြစ်ခဲ့တယ်၊ယခုလဲအနိစ္စဒုက္ခအနတ္တဖြစ်ဆဲ၊ နောင်လဲ အနိစ္စဒုက္ခအနတ္တ ဖြစ်ဦးမှာပါလား။ အဲဒီလို တကာတကာမတွေ့ ဆင်ခြင်လိုက် တဲ့ အ ခါ ကျ တော့ အမှန်ဆင်ခြင်တာလား၊ အမှားဆင်ခြင်တာလား (အမှန်ဆင်ခြင်တာပါဘုရား)အမှန်ဆင်ခြင်တာ။

ဤလိုပြုချင်တဲ့သဘောမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) ရှိတာအမှန်ဘဲလား(အမှန်ပါဘုရား)အဲဒီတရားရှိတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ရှိတာအမှန်ဘဲလား(အမှန်ပါဘုရား)အမှန်ကဘာတုံး (တရားပါဘုရား) တရားနော်။ ဖြစ်ပြီး ဘယ်ရောက်တုံး (ပျက်ပါဘုရား) ပျက်တာ အမှန်ဘဲလား (အမှန်ပါဘုရား)အဲဒါဘာတုံး (တရားပါဘုရား) မှန်တဲ့သဘောကိုဗျ။ ပျက်ရင်ကုန်ပါတော့လား (နောက်ထပ် အသစ်အသစ် ဖြစ်နေလို့) နောက်ထပ် အသစ်အသစ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာအမှန်ဘဲလား(အမှန်ပါဘုရား) အဲဒါတရား။ မဖြစ်နဲ့လို့ တားရရဲ့လား (မရပါဘုရား)မပျက်နဲ့လို့ကောတားရရဲ့လား(မရပါဘုရား)မဖြစ်နဲ့မပျက်နဲ့လို့ တားမ ရ တာ အဲ ဒါ ဘာ လဲ (တရားပါဘုရား) အမှန်သဘော မမြင်ဘူးလား၊ မြင်သလား(မြင်ပါတယ်ဘုရား)အမှန်မြင်တာ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား(သမ္မာဒိဋ္ဌိပါဘုရား) တွေ့ပလား သမ္မာဒိဋ္ဌိ (တွေ့ပါပြီးဘုရား) သမ္မာဒိဋ္ဌိဖြစ်ရင်-သမ္မာဒိဋ္ဌိ ဘိက္ခဝေနိဗ္ဗာနနိန္နာနိဗ္ဗာနပေါဏာနိဗ္ဗာနပဗ္ဘာရာ။

ဘိက္ခဝေ၊ ချစ်သားတို့၊ သမ္မာဒိဋ္ဌိ၊ အမှန်ကိုမြင်နေတဲ့ သမ္မာဒိဋ္ဌိသည်၊ ရှိတာအမှန်လို့ မမြင်ဘူးလား (မြင်ပါတယ်ဘုရား) ဖြစ်တာအမှန်လို့ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)ပျက်တာအမှန်ဘဲလား(အမှန်ပါဘုရား)အမှန်နော်၊မဖြစ်နဲ့မပျက်နဲ့လို့တားမရတာအဲဒါအမှန်၊အဲဒီလိုမြင်နေတဲ့ သမ္မာဒိဋ္ဌိသည်၊ နိဗ္ဗနနိန္နာ၊

နိဗ္ဗာန်သို့ညွတ်ခြင်းသဘောရှိတယ်။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ကိုင်းခြင်းသဘော ရှိတယ်၊ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ရှိုင်းခြင်းသဘောရှိတယ်၊ သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်ကိုကိုင်းတယ်၊ ဘယ်ကိုကိုင်းတာတုံး(နိဗ္ဗာန်ကိုကိုင်းတာပါဘုရား) ဘယ်ကိုညွတ်တာတုံး(နိဗ္ဗာန်ကိုညွတ်တာပါဘုရား)ဘယ်ကိုရှိုင်းတာတုံး(နိဗ္ဗာန်ကိုရှိုင်းတာပါဘုရား)မရှိုင်းဘူးလားရှိုင်းသလား(ရှိုင်းပါတယ်ဘုရား) ဉာဏ်အမြင် မစင်ကြယ်ဘူးလား စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား) ဘာသုဒ္ဓိပါလိမ့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား) မရဘူးလား ရသလား (ရပါတယ်ဘုရား) ပရိညာအားဖြင့်(တီရဏပရိညာပါဘုရား)တီရဏ ကသုံးပါး၊ ပရိညာ-ကပိုင်းခြားတယ်၊ တရားတလုံးတလုံးသတ္တိထူးကို နားလည်ရတယ်၊ တရားတလုံးရဲ့တလုံး အဓိပ္ပါယ်ကို နားမလည်ရင် တရားသိတယ်လို့ ဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘုရား) တရားသိတယ်, တရားရတယ်, ဆိုတာ တရားတလုံးတလုံးရဲ့ အဓိပ္ပါယ်ကို ကွဲသွားရင် ဒီပုဂ္ဂိုလ်တရားရတာဘဲ၊ ထူးထူးဆန်းဆန်းမှတ်မနေနဲ့၊ အဲဒါတီရဏပရိညာ၊ ဘာပရိညာတုံး (တီရဏပရိညာပါဘုရား) တီရဏဆိုတာကသုံးပါး၊ ပရိညာက၊ ပိုင်းခြားတာ၊ ဘာနဲ့ပိုင်းခြားတာလဲဆိုတော့ အနိစ္စဒုက္ခအနတ္တနဲ့ပိုင်းခြားတာ၊ ဘယ်ကာလတွေကို ပိုင်းခြားတာပါလိမ့်၊ အတိတ် အနာဂတ်ပစ္စုပ္ပန် ကာလသုံးပါးကို ပိုင်းခြားတာ၊ အတိတ်ကိုလဲ အနိစ္စဒုက္ခအနတ္တ ဆိုတဲ့ လက္ခဏာရေး၊ သုံးပါးနဲ့ ပိုင်းခြားလိုက်တယ်၊အနာဂတ်ကာလကိုလဲ အနိစ္စဒုက္ခအနတ္တဆိုတဲ့ လက္ခဏာရေး သုံးပါးနဲ့မဆင်ခြင်ဘူးလား၊ ဆင်ခြင်သလား (ဆင်ခြင်ပါတယ်ဘုရား) ပစ္စုပ္ပန်ကာလမှာလဲ အနိစ္စဒုက္ခအနတ္တ လက္ခဏာရေးသုံးပါးနဲ့ ရှုလိုက်တဲ့ အခါကျတော့ တကာတကာမတွေ အတိတ်ကျတော့ဆင်ခြင်တာ၊ အနာဂတ်ကျတော့ ဆင်ခြင်တာ၊ ပစ္စုပ္ပန်ကျတော့ရှုတာ၊ ကွဲပစေနော်၊ သူ့အဓိပ္ပါယ်နဲ့သူသွားတာ၊ အတိတ်ကျတော့ (ဆင်ခြင်တာ) အနာဂတ်ကျတော့ (ဆင်ခြင်တာ) ပစ္စုပ္ပန်ကျတော့ ရှုတာ။ မရဘူးလား ရသလား (ရပါတယ်ဘုရား) ရှေးအတိတ်ကလဲ အနိစ္စဒုက္ခအနတ္တဖြစ်ခဲ့တယ်၊ ယခုလဲ အနိစ္စဒုက္ခအနတ္တဖြစ်ဆဲ၊နောင်လဲဘာတုံး ဖြစ်ဦးမှာဘဲလို့ ဒီလို အနိစ္စဒုက္ခအနတ္တလက္ခဏာရေးသုံးပါးနဲ့ မပိုင်းခြားဘူးလား ပိုင်းခြားသလား(ပိုင်းခြားပါတယ်ဘုရား) လူကပိုင်းခြားတာလား ဉာဏ်ကပိုင်းခြားတာလား (ဉာဏ်ကပိုင်းခြားတာပါဘုရား) ဉာဏ်က ပိုင်းခြားသည့်အတွက်ကြောင့် ပရိညာအားဖြင့် တီရဏပရိညာ၊ ဉာဏ်ကသမ္မသနဉာဏ်၊ သုဒ္ဓိကမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပရိညာအားဖြင့် တီရဏပရိညာ။ တကာ တကာမတွေ ဒီ ရှုကွက်မရှုဘတ်သေးဘူးလား၊ ရှုတတ်ပြီးလား (ရှုတတ်ပါတယ်ဘုရား)ကိုင်း သတိထားလိုက်ပါ၊ တနည်းပြောကြဦးစို့၊ ဤလိုပြုချင်တဲ့ သဘောဟာ လူလား စိတ်လား (စိတ်ပါဘုရား)လွှတ်လို့ရရဲ့လား (မရပါဘုရား) ဒီရှုကွက်ကို လွှတ်ပြောလို့ရရဲ့လား(မရပါဘုရား)တကာတကာမတွေကိုပြောပြနေရတယ်။ ကိုင် ပြနေရတယ်၊

ရှုကွက်လွှတ်ပြီးပြောရင်ဖြင့်အဲဒါပရိယတ္တိပိုင်းလောက်သာကျေနပ်နေမှာစိုးလို့။ ပဋိပတ္တိလုပ်နိုင်ပါစေချင်လို့ ပရိယတ်နဲ့ပဋိပတ်ကွဲပြီး ပြနေတယ်ဆိုရင်၊ ငြင်းလို့ ရပါမလား (မရပါဘူးဘုရား)မရဘူး၊ သတိထားလိုက်၊ ဤလိုပြုချင်တဲ့သဘော ဟာဘာတုံး(စိတ်)ဒီစိတ်မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ရှိတာအမှန်ဘဲ လား(အမှန်ပါဘုရား)ရှိနေဘာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ရင်ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဇာတိပိဒုက္ခာ၊ ဒုက္ခလား၊သုခလား(ဒုက္ခပါဘုရား)ဖြစ်ရင်ဇာတိပါလား၊ဇာတိမရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား) ပျက်တာကဇရာ မရဏ၊ ဖြစ်တာကဇာတိ၊ မဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင် ဘယ်သူက နှိပ်စက်သွားတုံး (ဇရာမရဏပါဘုရား) ဘယ် သူ က ပါ လိမ့် (ဇရာမရဏကပါ ဘုရား)ပေါ်လာတဲ့စိတ်ကို ဇရာမရဏကနှိပ်စက်တယ်၊ မဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင် ဇရာမရဏကနှိပ်စက်သွားတယ်၊ အပျက်နဲ့ဇရာ မရဏအတူတူဘဲ၊ အဖြစ်နဲ့ဘာနဲ့ တူလဲ(ဇာတိနဲ့တူပါတယ်ဘုရား)

ဒါကြောင့် ဤလိုပြုချင်တဲ့သဘော မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်တာဘာတုံး(ဇာတိ)ဖြစ်ပြီး ဘယ်ရောက် (ပျက်ပါတယ်ဘုရား) ပျက်တာကဘာတုံး (ဇရာမရဏပါဘုရား) ဖြစ်ရင်ကောသက်သာရဲ့လား(မသက်သာပါဘုရား)ဖြစ်လာတဲ့သဘောတရားကို ဘယ်သူကနှိပ်စက်သလဲ (ဇရာမရဏကပါဘုရား) ဇရာမရဏက နှိပ်စက်ရင်ကော သက်သာရဲ့လား(မသက်သာပါဘုရား)ယခုခင်ဗျားတို့အနှိပ်စက်ခံနေရပါကော၊ မခံရဘူးလား ခံရသလား (ခံရပါဘယ်ဘုရား)သတ္တဝါတွေက နှိပ်စက်သလား၊ ဇာတိဇရာမရဏကနှိပ်စက်သလား(ဇာတိဇရာမရဏကနှိပ်စက်တာပါဘုရား)နှိပ် စက်နေတာက ဘယ်အချိန်မှာ နှိပ်စက်နေတာပါလိမ့် (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်း ရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း ဤလိုပြုချင်တဲ့သဘော တရားဖြစ်လိုက်၊ ဖြစ်ပြီးဘယ်ရောက်သွားသလဲ (ပျက်သွားပါတယ်ဘုရား) ဖြစ် တာကဘာတုံး(ဇာတိပါဘုရား)ပျက်တာက (ဇရာမရဏပါဘုရား) အော် ဖြစ် လိုက်တာနဲ့တပြိုင်ထဲ အပျက်ကနှိပ်စက်သွားပြီ၊ ယခုလဲ ဖြစ်လိုက်တာနဲ့ တပြိုင်ထဲ ဇရာမရဏက နှိပ်စက်သွားပြီ၊ သမင်ကမွေးလိုက်၊ ကျားကစားလိုက်၊ သမင်က မွေးလိုက် ဘာတုံး (ကျားက စားလိုက်ပါဘုရား) မဖြစ်လိုက်နဲ့ ဖြစ်လိုက်တာနဲ့ တပြိုင်ထဲရှိသေးရဲ့လား(မရှိတော့ပါဘုရား)နှိပ်စက်ခံလိုက်ရပြီ၊ဇရာမရဏကသတ် လိုက်ပြီ၊ နှိပ်စက်လိုက်ပြီ၊

ခင်ဗျားတို့ ထင်နေတဲ့ ဇာတိက အမိဝမ်းခေါင်းမှာ ပဋိသန္ဓေနေတဲ့ဇာတိ၊ ဒီဇာတိဝိပဿနာသွားရှုလို့ရရဲ့လား(မရပါဘုရား)ဆင်ခြင်လို့ဘဲရတယ်နော်၊ ခင်ဗျားတို့ ထင်နေတာကဇရာ-အိုတာလို့ယူတယ်၊ အဲဒီအိုတာကို ဝိပဿနာရှုလို့

ရရှိလား (မရပါဘုရား) မရဏသေတယ်၊ အလောင်းကောင်ကြီးကို မရဏထင်တယ်၊ အဲဒီအသေမျိုးကြည့်လို့ ဝိပဿနာဉာဏ်ရပါ့မလား (မရပါဘုရား) ယခုပရမတ်ရဲ့အဖြစ်၊ ပရမတ်ရဲ့အပျက်၊ သင်္ခါရရဲ့အဖြစ်၊ သင်္ခါရရဲ့အပျက် မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) ဖြစ်တာကဘာတုံး (ဇာတိပါဘုရား) အပျက်ကဘာတုံး (ဇရာမရဏပါဘုရား) အော် ဇာတိဇရာမရဏတွေ ဖြစ်နေပါပကော၊ အချိန်တိုင်းအချိန်တိုင်း ဇာတိဇရာမရဏတွေရပ်ရဲ့လား(မရပ်ပါဘုရား) ဇာတိဖြစ်လိုက်တာနဲ့ တပြိုင်ထဲ ဘာက နှိမ့်စက်သွားတုံး (ဇရာမရဏပါဘုရား) ဇရာမရဏနှိပ်စက်တယ်၊ သမင်ကမွေးလိုက်ရင်း ဘာတုံး (ကျားကစားလိုက်ရင်းပါဘုရား) မွေးလိုက်ရင်း သေလိုက်ရင်း၊ ယခုလဲ ဖြစ်လိုက်ရင်း သေလိုက်ရင်း၊ ဖြစ်လိုက်ရင်းသေလိုက်ရင်း၊ အလောင်းတွေ ထပ်မနေဘူးလား ထပ်နေသလား (ထပ်နေပါတယ်ဘုရား)အဲဒီအလောင်းတွေကိုမြင်ရမှာ၊ ပကတိမျက်လုံးနဲ့မြင်တဲ့အလောင်းမြင်ရုံနဲ့ သံဝေဂလောက်ဘဲ ရမယ်၊ ဝိပဿနာဉာဏ် ထိ အောင် ရပါ့မလား(မရပါဘုရား)ဒီပရမတ်ရဲ့အလောင်း၊ သင်္ခါရရဲ့အလောင်းကိုမြင်ပါ၊ မမြင်ရဘူးလား၊ မြင်ရသလား(မြင်ရပါတယ်ဘုရား)

ခယဋ္ဌေနအနိစ္စံ၊ ဘယဋ္ဌေနဒုက္ခံ၊ အသာရကဋ္ဌေနအနတ္တာ၊

အတိတံအနာဂတံ၊ အတိတ်အနာဂတ်ဖြစ်သော၊ ဤလိုပြုချင်တဲ့ စိတ်သည်၊ ခယဋ္ဌေန၊ ကုန်ခမ်းတတ်တဲ့ အနက်သဘောသတ္တိကြောင့်၊ အနိစ္စံ၊ အနိစ္စမည်၏၊ ဤသဘောမကုန်ခမ်းဘူးလား၊ ကုန်ခမ်းသလား (ကုန်ခမ်းပါတယ်ဘုရား)မသေဘူးလား သေသလား (သေပါတယ်ဘုရား)ဒါကြောင့် သူ့ကို ဘာလို့ခေါ်တုံး (အနိစ္စ)ဘယဋ္ဌေန၊မဖြစ်လိုက်နဲ့ဖြစ်လိုက်ရင် ချမ်းသာတဲ့တရားဖြစ်မှာလား ဆင်းရဲတဲ့တရား ဖြစ်မှာလား (ဆင်းရဲတဲ့တရားဖြစ်မှာပါဘုရား) ကြောက်ဖွယ်ခမန်းတည်းဟူသော အနက်သဘောသတ္တိကြောင့်၊ဒုက္ခံ၊ဒုက္ခမည်၏၊ဘေးကြီးပါလား၊ ဤလိုပြုချင်တဲ့သဘောတရား အသစ်မဖြစ်လိုက်နဲ့ အသစ်ဖြစ်လိုက်တာနဲ့ ကပြိုင်နက်ထဲ ဘေးဆိုက်တော့တာဘဲ၊ မဆိုက်ဘူးလား ဆိုက်သလား (ဆိုက်ပါတယ်ဘုရား)နိဗ္ဗာန်မရအောင်နှိပ်စက်တဲ့ဘေး။ ဘာတုံး (နိဗ္ဗာန်မရအောင် နှိပ်စက်တဲ့ဘေးပါဘုရား) ဤသဘောသာအသစ်မဖြစ်ရင် ဘာတုံး နိဗ္ဗာန်ဘဲ၊ ခုနိဗ္ဗာန်ရပြီလား(မရသေးပါဘုရား) ဘာပြုလို့ပါလိမ့်၊ ဤလိုပြုချင်တဲ့သဘော အသစ်ဖြစ်နေလို့၊ ဘယဋ္ဌေန၊ဤသဘောအသစ်ဖြစ်သောကြောင့်၊ဒုက္ခံ၊ဒုက္ခမည်၏၊အသာရကဋ္ဌေန၊ ဒီသဘောတရား ဖြစ်ပြီး ဘယ်ရောက် (ပျက်) အားကိုးစရာ ရှိရဲ့လား (မရှိပါဘုရား) အသာရကဋ္ဌေန၊ ဘာမှ အနှစ်သာရ မရှိခြင်းကြောင့်၊ အနတ္တာ၊ အနတ္တမည်၏၊ဣတိ၊ဤသို့၊သင်္ခိတ္တာ၊ချုံးလိုက်တော့၊ ဝဝတ္ထာနေ၊ အဲဒီလို ပိုင်းခြားသော ဌာနအရာ၌၊ ပဝတ္တံ၊ ဖြစ်သော၊ ပညာ၊ပညာသည်၊ သမ္မသနညာဏံ၊ သမ္မသနဉာဏ်မည်၏၊ ဘာဉာဏ်တဲ့တုံး(သမ္မသနဉာဏ်ပါဘုရား)-

အတိတ်အနာဂတ်ပစ္စုပ္ပန် အဲဒီလို ရှုလိုက်တော့ သမ္မသနဉာဏ် ရမလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) ဉာဏ်က သမ္မသနဉာဏ်၊ သုဒ္ဓိက မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပရိညာအားဖြင့် တီရဏပရိညာ၊ ပေါင်းလိုက်တော့ ဒီအသိဉာဏ်ဘယ်လောက် ရသွားသလဲ၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ သမ္မသနဉာဏ်၊ ဉာဏ်လေးဉာဏ်၊ သုဒ္ဓိအားဖြင့် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ဝိသုဒ္ဓိငါးပါး။ ပရိညာအားဖြင့် ဉာတပရိညာ၊ တီရဏပရိညာ၊ နှစ်ပါး မရဘူးလား ရလာသလား (ရလာပါတယ်ဘုရား) နာမ်ကို ဒီအပိုင်းမှာဘဲ ထားခဲ့ဦး၊ ရုပ်ကို မနက်ဖြန်မှစပြောပါမယ်၊ ပြီးမှနာမ်ရုပ်နဲ့တွဲပြီး ဉာဏ်စဉ်(၁၆)ပါးပြောကြစို့။ အဲဒါကြောင့် ဒီဉာဏ်လေးဉာဏ်၊ သုဒ္ဓိက ငါးပါး၊ ပရိညာ အားဖြင့် နှစ်ပါး၊ ပြည့်စုံသွားပြီဆိုကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

| | | |
|---|---|---|
| ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| ။ | ။ | ဓမ္မံပူဇေမိ |
| ။ | ။ | သံဃံပူဇေမိ |

## ဓါတ်ကြီးလေးပါးနှင့် ရေဥပမာ

### သက္ကရာဇ်၁၃၄၀-ခု၊ တော်သလင်းလဆန်း(၁၄)ရက်နေ့ ဟောကြားသောတရား။

မြတ်စွာဘုရားဟောတဲ့ကမ္မဋ္ဌာန်းက သတိ သမာဓိမရှိဘဲနဲ့ တကာတကာမတွေ့ ဒီတရား နားလည်နိုင်ပါ့မလား (နားမလည်နိုင်ပါ ဘုရား) ဒါကြောင့် သတိနဲ့ သမာဓိဟာ ရှေးဦးစွာအရေးကြီးတယ်ဆိုတာကိုမှတ်ချက်ချပါ။

ဒါကြောင့် သတိထားလိုက်၊ သတိရှေးရှုလိုက်တဲ့အခါ၊ ဒါနေ့တိုင်းပြနေပါတယ်၊ နှာသီးဖျားမှာသတိရှေးရှုလိုက်တော့၊ အ ပြင် လေ ထုတ် တာ တွေ့ တယ်၊ အ တွင်း လေ သွင်း တာ တွေ့ တယ်။ အပြင်လေထုတ်တာကိုဘာလို့ခေါ်တာတုံး (ရှူတယ်)၊ အတွင်းလေသွင်းတာကို (ရှိုက်တယ်) ရှူတာကို (အာန) ရှိုက်တာကို (ပါန) အောက်မေ့တာက (သတိ) ပေါင်းလိုက်တော့ (အာနာပါနသတိကမ္မဋ္ဌာန်း) မမေ့ပါနဲ့။ အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော မဟပ္ဖလာ တောတိမဟာနိသံသာ။ အာနာပါနသတိကမ္မဋ္ဌာန်း အားထုတ်ရင် များသောအကျိုးရပါတယ်လို့မြတ်စွာဘုရားကဝန်ခံတော်မူပါတယ်။ ဒါကြောင့် ရှူရင်ရှူတယ်လို့သိ၊ ရှိုက်ရင်ရှိုက်တယ်လို့သိ၊ သတိရှိပြီးတော့ရှူ၊ သတိရှိပြီးတော့ရှိုက်၊ သတိမရှိဘဲနဲ့ရှူရင်-သတိမရှိဘဲနဲ့ရှိုက်ရင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ခင်ဗျားတို့ကမ္မဋ္ဌာန်းဖြစ်ချင်ရင် သတိရှိပြီးတော့ရှူပါ၊ သတိရှိပြီးတော့ရှိုက်ပါ။ ဒါမှခင်ဗျားတို့နာမ်တရား-ရုပ်တရား ခန္ဓာငါးပါး အာယတန (၁၂) ပါး၊ ဓါတ် (၁၈) ပါး၊ သစ္စာ (၄) ပါးမြင်နိုင်တယ်။ ဒီလိုမှ သတိမထားဘူးဆိုရင်၊ အဲဒါအပြောသိဘဲဖြစ်ပါတယ်။ ပရိယတ်အပြောလောက်ဘဲဖြစ်ပါတယ်။ ဒါကြောင့် နာမ်တရား ရုပ်တရား ခန္ဓာငါးပါးဆိုတာက ခန္ဓာကိုကြည့်ပြီးမှ ဖြစ်ပါတယ်။

ဒါကြောင့် ပြောတယ် ဆို တာ က ပရိယတ္တိပိုင်းတော့ဖြစ်ပါတယ်။ ပဋိပတ္တိ လုပ်ငန်းပိုင်းထိအောင်မရောက်ဘူး။ ဒါကြောင့် အပြင်လေထုတ်တာကို ရှူတယ်၊ အတွင်းလေသွင်းတာကိုရှိုက်တယ်လို့မှတ်လိုက်။ ပဌမနည်း။ ဒုတိယနည်းက ရှူစက ရှူဆုံးအထိ (ရှူတယ်ရှူတယ်) ရှိုက်စကရှိုက်ဆုံးအထိ ဘယ်လိုမှတ်ရမှာတုံး (ရှိုက်တယ်ရှိုက်တယ်) အဲဒါမှတ်ပါ။ မြတ်စွာဘုရားကမှတ်ခိုင်းတာလား၊ ဘုန်းကြီးက မှတ်ခိုင်းတာလား ( မြတ်စွာဘုရားကမှတ်ခိုင်းတာပါဘုရား ) မြတ်စွာဘုရားက မှတ်ခိုင်းတာပါ။ ဘုန်းကြီးရှေ့က ကန့်လန့်ကန့်လန့် မပါစေနဲ့နော်။ ဘုန်းကြီးရဲ့ ကမ္မဋ္ဌာန်းလား၊ မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းလား (မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းပါ ဘုရား) မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းကို ဘုန်းကြီးတို့က မူလုပ်လို့ရပါ့မလား (မရပါဘုရား) မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းဘဲ၊ ဘုန်းကြီးဟောတာမဟုတ်ဘူး။ မြတ်စွာ

ဘုရားဟောတော်မူတဲ့အတိုင်း တကာတကာမတွေ နေ့တိုင်း ရှင်းပေးနေပါတယ်။ ဒါကြောင့် ရှူစကရှူဆုံးအထိ ရှူတယ်ရှူတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ ရှိုက်တယ်ရှိုက်တယ်လို့ သိပါစေ၊ အဲဒါဒုတိယနည်း။

တတိယနည်းက တကာတကာမတွေ ရှူခြင်းအမှုမပြုဘူးလား (ပြုပါတယ်ဘုရား) ရှူခြင်းအမှုပြုပြီးတော့ဘာအမှုပြုတုံး(ရှိုက်ခြင်းအမှုကိုပြုပါတယ်ဘုရား) ရှိုက်ခြင်းအမှုပြုပြန်တယ်၊ ရှိုက်ခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး (ရှူခြင်းအမှုပြုပါတယ်ဘုရား)။ ကိုယ်ပြုတာပြုမှန်းမသိရင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ကိုယ်ပြုတာပြုမှန်းမသိဘဲနဲ့ နာမ်တရား ရုပ်တရား ခန္ဓာငါးပါးတွေပြောနေရင် အဲဒီအပြောသည် လုပ်ငန်းပါရဲ့လား (မပါပါဘုရား) လုပ်ငန်းမပါရင် ပဋိပတ္တိထိအောင် မရောက်ဘူးဆိုတာဆုံးဖြတ်ချက်ချ။ ဒါကြောင့် ကိုယ်ပြုတာပြုမှန်းသိပါ။ ရှူခြင်းအမှုပြုပြီးရင် ရှိုက်ခြင်းအမှုပြု၊ ရှိုက်ခြင်း အမှုပြုပြီးရင် ရှူခြင်းအမှုပြု၊ ဘယ်လိုပြုသလဲဆိုတော့ ဤလိုပြုတယ်။

ဒါကြောင့် ရှူစကရှူဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့ သိ၊ ရှိုက်စကရှိုက်ဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့ သိလိုက်၊ မြတ်စွာဘုရားခိုင်းတော်မူတဲ့အတိုင်း တကာတကာမတွေသိနေပါတယ်။ အဲဒီလို ကိုယ်ပြုတာကိုယ်သိနေတဲ့ အခိုက်အတန့်မှာ တကာ တကာမတွေရဲ့ စိတ်တွေဟာ ဟိုဟိုဒီဒီရောက်သေးရဲ့လား(မရောက်ပါဘုရား)ဒီအာနာပါနက အာရုံပေါ်မှာ တည်သလား၊ မတည်ဘူးလား (တည်ပါတယ်ဘုရား) တည်တာသမာဓိ၊ တည်တာဘာတုံး (သမာဓိပါဘုရား) အောက်မေ့တာက သတိ၊ တည်တာကသမာဓိ ဆိုတော့ ဘာနှင့်ဘာရလာတုံး၊ သတိနှင့်သမာဓိ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) လုပ်ငန်းနဲ့ရတာလား၊ အပြောနဲ့ရတာလား (လုပ်ငန်းနဲ့ရတာပါဘုရား) လုပ်ငန်းနဲ့။ အချိန်တိုင်းအချိန်တိုင်းရနေရင် တကာတကာမတွေ အကျိုးများပါတယ်။ ဒါသမာဓိကမ္မဋ္ဌာန်း ပွားနေတာဘဲ။

+ သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ယထာဘူတံ ပဇာနာတိ။

သမာဓိရှိရင် ဟုတ်မှန်တဲ့သဘောတရားကို သိနိုင်ပါတယ်တဲ့။ သမာဓိမရှိရင် ဟုတ်မှန်တဲ့သဘောတရားသိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) မသိနိုင်ဘူး၊ ကဲ-ယခုခင်ဗျားတို့သမာဓိရပြီဆိုကြပါစို့၊ သတိသမာဓိနဲ့ပြည့်စုံတော့ သမာဓိဆိုတာ အရှိတရားပေါ်ထုတ်တာလား၊ မရှိတရားပေါ်ထုတ်တာလား (အရှိတရားပေါ်ထုတ်တာပါဘုရား)အရှိတရားကိုလူကပေါ်ထုတ်တာလား၊သတိသမာဓိကပေါ်ထုတ်တာလား (သတိသမာဓိကပေါ်ထုတ်တာပါဘုရား) သတိသမာဓိကိုမှ မရလာရင် အရှိတရားပေါ်ထုတ်နိုင်ပါ့မလား (မပေါ်ထုတ်နိုင်ပါဘုရား)။

---

+ အင်္ဂုတ္တရ သံယုတ်၊ ၄၊ နှာ ၁၇၂၊ ဓိဋ္ဌ

ဒါကြောင့် မြတ်စွာဘုရားကရှေးဦးစွာ သတိသမာဓိရှိဘို့ ဦးစားပေးပြီးဟော ပါတယ်။ ဒါကြောင့် ရှုစကရှုဆုံးအထိ ဤလိုပြုတယ်လို့ သိခိုက်၊ ရှိုက်စကရှိုက် ဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့ သိခိုက်မှာ သတိနဲ့သမာဓိ ပြည့်စုံနေပါပြီလို့ ဆိုကြပါစို့၊သတိသမာဓိနဲ့ပြည့်စုံတော့ သတိသမာဓိသည်ပထမ ပြောခဲ့တဲ့အတိုင်း တကာ တကာမတွေ အရှိုက်ဖေါ်ထုတ်မှာလား၊ မရှိကိုဖေါ် ထုတ်မှာလား (အရှိကိုဖေါ်ထုတ်မှာပါဘုရား) အရှိဆိုတာ ပရမတ်လား၊ ပညတ် လား (ပရမတ်ပါဘုရား) ပရမတ်အာရုံကို ဖေါ်ထုတ်ပေးတာက သတိနဲ့သမာဓိ ဘဲ၊ လူတွေ သတ္တဝါတွေကဖေါ်ထုတ်ပေးတာလား၊ သတိသမာဓိက ဖေါ်ထုတ် ပေးတာလား (သတိသမာဓိက ဖေါ်ထုတ်ပေးတာပါဘုရား) တို့တကာ တကာမ တွေ ရှေးဦးစွာဘာရဘို့ အရေးကြီးနေတာလဲ (သ တိ နဲ့ သ မာ ဓိ ပါ ဘု ရား) ဒါကြောင့် သတိသမာဓိကိုမှမထူထောင်ဘဲနဲ့ နာမ်တရား ရုပ်တရားတွေရဲ့ဖြစ်ခြင်း ပျက်ခြင်း သွား ပြော လို့ ရ ရဲ့ လား (မရပါဘုရား) ဘုန်းကြီးကအခု ဉဒယဗ္ဗယ မဟောသေးပါဘူး၊ဖြစ်ပျက်မှုကိုမပြောရသေးဘူး၊ ဘာပြုလို့လဲဆိုတော့အခြေခံ ဖြစ်တဲ့သက္ကာယဒိဋ္ဌိကိုဘဲဖြုတ်ပစ်လိုက်ရတယ်၊ အရှုခံဖြစ်တဲ့တရားတွေကိုဘဲ ရှင်း ပေးနေတယ်လို့ ဆုံးဖြတ်ချက်ချပါ။ ဒါကြောင့် သတိသမာဓိနဲ့ ပြည့်စုံလိုက်တာနဲ့ တပြိုင်နက် မိ မိ ခန္ဓာ မှာ ရှုတိုင်းရှုတိုင်းမှာ၊ ရှိုက်တိုင်းရှိုက်တိုင်းမှာ ရုပ်ဘက်ကို လှည့်လိုက်ပါ။

ရုပ်တရား ရုပ်ကမ္မဋ္ဌာန်းကိုရှုကြပါစို့၊ ရုပ်ကမ္မဋ္ဌာန်းကို သတိသမာဓိနဲ့ တွဲလိုက် တဲ့အခါကျတော့ ရုပ်ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ် ဘုရား) ရုပ်ဆိုတာ ဘယ်လိုသဘောတုံး (ဤလိုတိုးခတ်သွားတဲ့လေသဘောပါ ဘုရား) အဲဒီလေကိုမိအောင်ဖမ်း။ သူ့ကို ရုပ်လို့လဲခေါ်ပါတယ်၊ ဘာလို့ခေါ် တုံး ( ရုပ်လို့ခေါ်ပါတယ်ဘုရား ) အဲဒီရုပ်ကိုမြင်ရရဲ့လား ( မမြင်ရပါဘုရား ) မရှိလို့လား (ရှိပါတယ်ဘုရား) ရှိပါတယ်။ ဒီလေမရှိရင် ခင်ဗျားတို့အသက်ရှင် လို့ရပါ့မလား (မရပါဘုရား) အဲဒါရုပ်အစစ်ဘဲ၊ ဉာဏ်မြင်ရုပ်လား၊ မျက်မြင် ရုပ်လား ( ဉာဏ်မြင်ရုပ်ပါဘုရား ) မျက်မြင်ရုပ်က ဝိပဿနာရှုလို့ ရပါ့မလား (မရပါဘုရား) မရဘူး၊ အဋ္ဌကထာဆရာကလဲ ပွင့်ပွင့်လင်းလင်း ထောက်ခံထား ပါတယ်။

\+ ယံပဿတိ နတံ ဒိဋ္ဌံ၊ ယံဒိဋ္ဌံ တံနပဿတိ။

ယံ၊ အကြင်ရုပ်ကို၊ ပဿတိ၊ မျက်လုံးနဲ့မြင်၏၊ တံ၊ ထိုမျက်လုံးနဲ့မြင်တဲ့ရုပ်ကို၊ နဒိဋ္ဌံ၊ ဉာဏ်နဲ့မတွေ့ကောင်း၊ မျက် လုံး နဲ့ မြင် တဲ့ ရုပ် ကို ဝိပဿနာရှုလို့ ရရဲ့လား

---

\+ မူလပဏ္ဏာသ၊ ဋ၊ ပ၊ နှာ ၂၄၇

(မ ပါဘုရား) ဘာမြင်ရုပ်ကိုဝိပဿနာရှုရမှာတုံး (ဥာဏ်မြင်ရုပ်ကိုပါဘုရား) တိုးခတ်သွားတဲ့လေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒီလေမျက်လုံးနဲ့ မြင်ရရဲ့လား ( မမြင်ရပါဘုရား ) ကိုင်လို့ကောရရဲ့လား ( မရပါဘုရား ) အမှုံအမွှားတွေပါရဲ့လား (မပါပါဘုရား) ဒြပ်သဏ္ဍာန်တွေကော ရှိရဲ့လား (မရှိပါဘုရား) ဆံပင်တွေ မွေးညှင်းတွေ အဲဒီရုပ်မှာပါရဲ့လား (မပါပါဘုရား) လူက ဆံပင် မွေးညှင်း ခြေသည်းလက်သည်းတွေနဲ့၊ ရုပ်က ဆံပင် မွေးညှင်း ခြေသည်း လက်သည်းမပါ၊ ဒီလိုမှတ်ချက်ချ။

လူကပုံသဏ္ဍာန်ကြီးနဲ့၊ ရုပ်ကပုံသဏ္ဍာန်ရှိရဲ့လား (မရှိပါဘုရား) ဒီတော့ ခင်ဗျားတို့ လူနဲ့ရုပ်နဲ့ ကွဲသင့်သလား၊ မကွဲသင့်ဘူးလား (ကွဲသင့်ပါတယ်ဘုရား) လူနဲ့ရုပ်နဲ့မကွဲရင် ခင်ဗျားတို့သက္ကာယဒိဋ္ဌိပြုတ်ပါ့မလား (မပြုတ်ပါဘုရား) အောင် တကာတကာမတွေ ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊တိုးခတ်သွားတဲ့လေသဘောရှိတာလား(တိုးခတ်သွားတဲ့လေသဘော ရှိတာပါဘုရား) တိုးခတ်သွားတဲ့လေသဘောက ခင် ဗျား တို့ မျက်လုံးနဲ့ မြင်ရရဲ့ လား ( မမြင်ရပါဘုရား ) ဆံပင်တွေ မွေးညှင်းတွေပါရဲ့လား (မပါပါဘုရား) ပုံသဏ္ဍာန်ပါရဲ့လား (မပါပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား) ရှိပါတယ်၊ လက်နဲ့ကိုင်တွယ်လို့ကောရရဲ့လား (မရပါဘုရား)၊ ပရမတ်ဆိုတာ မသိမ်မွေ့ဘူး လား၊ သိမ်မွေ့သလား (သိမ်မွေ့ပါတယ်ဘုရား) သိမ်မွေ့ပါတယ်။

ရှူတိုင်းရှူတိုင်းမှာ နှာသီးဖျားမှာတိုးခတ်သွားတဲ့ လေသဘောဟာ အမှန်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာပရမတ်လား ပညတ်လား (ပရမတ်ပါဘုရား) ခင်ဗျားတို့ပရမတ်အာရုံယူနေတာလား၊ ပညတ်အာရုံယူနေတာလား (ပရမတ်အာရုံယူနေတာပါဘုရား)။ ပရမတ်အာရုံကိုပြောခဲ့ပေါင်းလဲများလှပါပြီ။လောဘဒေါသမောဟ ဖြစ်ခွင့်ရရဲ့လား(မရပါဘုရား)ပညတ်အာရုံကလောဘတွေ ဒေါသတွေ မောဟတွေဖြစ်တယ်၊ ဒါကြောင့်ခင်ဗျားတို့မသေဘဲလဲမနေဘူး၊ မသေဘဲနေပါ့မလား (မနေပါဘူ ဘုရား) သေတဲ့အခါမှာလဲ ပညတ်အာရုံတွေကိုသွားပြုနေရင် လောဘနဲ့သေမယ်၊ ဒေါသနဲ့သေမယ်၊ မောဟနဲ့သေမယ်၊ တခုခုနဲ့သေသွားမှာဘဲ၊ လောဘနဲ့သေရင်သက်သာပါ့မလား (မသက်သာပါဘုရား) လောဘနဲ့သေရင်ပြိတ္တာဘုံ၊ ဘယ်ကိုညွှန်ကြားတုံး (ပြိတ္တာဘုံပါဘုရား)။

\+ ယေဘုယျေနဟိ သတ္တာ တဏှာ ပေတ္တိဝိသယံ ဥပပဇ္ဇန္တိ။
ဒေါသေနဟိ စဏ္ဍဇာတိတာယ ဒေါသသဒိသံနိရယံ ဥပပဇ္ဇန္တိ။

အဋ္ဌကထာဆရာက၊ လောဘဖြစ်ပြီးသေရင် ပြိတ္တာဘုံဘဲ၊ ဒေါသဖြစ်ပြီးသေရင် ငရဲဘုံ၊ဒေါသဖြစ်ရင်ဘယ်ဘုံရောက်မလဲ (ငရဲဘုံပါဘုရား) ဒေါသဖြစ်ရင်ငရဲ၊

\+ အဋ္ဌသာလိနီ နှာ ၁၇၂

မောဟဖြစ်ရင် ဘယ်ဘုံရောက်မလဲ တိရစ္ဆာန်ဘုံ၊ ဘယ်ဘုံတုံး (တိရစ္ဆာန်ဘုံပါ ဘုရား)။

ကဲ တကာတကာမတွေ လောဘ ဒေါသ မောဟဖြစ်ရင် ဘယ်ဘုံဘဲဖြစ်ဖြစ် သက်သာရဲ့လား(မသက်သာပါဘုရား) ဘာအာရုံယူလို့ လောဘ ဒေါသ မောဟ ဖြစ်တာတုံး၊ ပညတ်အာရုံ၊ ဘာအာရုံတုံး (ပညတ်အာရုံပါဘုရား) ပညတ်အာရုံ ဆိုဘာ သားသမီးအာရုံတွေ၊ ဆွေမျိုးအာရုံတွေ၊ ပစ္စည်းအာရုံတွေ၊ အဲဒါပညတ် လား၊ ပရမတ်လား (ပညတ်ပါဘုရား) ပညတ်အာရုံ၊ အဲဒီအာရုံတွေသာ ခင်ဗျား တို့သွားပြုနေမယ်ဆိုရင် လောဘ ဒေါသ မောဟဖြစ်တော့ တာဘဲ၊ လောဘ ဒေါသ မောဟဖြစ်ရင် တကာတကာမတွေ ဘုံသုံးဘုံမှာ တဘုံဘုံခင်ဗျားတို့ရောက် မှာဘဲ၊ ဒါနဲ့ပတ်သက်ပြီးတော့ တကာတကာမတွေကို ပြောပါဦးမယ်။ မြတ်စွာ ဘုရားလက်ထက်တော်အခါက ဇေတဝန်ကျောင်းတော်ကြီးမှာ တိဿဆိုတဲ့ ရဟန်းကြီးတပါးရှိတယ်၊ ဘယ်ရဟန်းတဲ့တုံး (တိဿရဟန်းပါဘုရား) တိဿဆို တဲ့ရဟန်းဟာ တနေ့သောအခါမှာ သူ့ရဲ့ဆွေမျိုးသားချင်းတွေ သင်္ကန်းတစုံလှူ ပါတယ်။ ဘာလှူတာတုံး (သင်္ကန်းလှူတာပါဘုရား) သင်္ကန်းတစုံလှူတဲ့အခါကျ တော့ အဲဒီသင်္ကန်းကို တိဿမထေရ်က အလှူခံပြီးတော့ ဘယ်လိုနှလုံးသွင်းသလဲ ဆိုတော့ နက်ဖြန်နံနက်အခါမှာ ဒီသင်္ကန်းလေးဝတ်ရုံပြီး ဆွမ်းခံထွက်မယ်။ ဒီလို အာရုံမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား) ပညတ်အာရုံလား၊ ပရမတ် အာရုံလား (ပညတ်အာရုံပါဘုရား) ပညတ်အာရုံပါ။

သင်္ကန်းဆိုတာလဲမရှိပါဘူး၊ ပရမတ်နယ်မှာ သင်္ကန်းဆိုတာရှိရဲ့လား(မရှိပါ ဘုရား)သမုတိနယ်မှာတော့ရှိတယ်၊ ပရမတ်နယ်မှာ ကြည့်လိုက်တဲ့အခါဘာတုံး (အဆင်းပါဘုရား) ကြည့်လိုက်ရင် အဆင်း၊ ကြည့်ရင် ဘာရှိတုံး (အဆင်းပါ ဘုရား)ဒီအကွက်တွေမရောက်သေးဘူး။ ဒါပြောပါဦးမယ်၊ခင်ဗျားတို့နမ်းကြည့် ရင်(အနံ့ပါဘုရား)လျက်ကြည့်ရင်(အရသာပါဘုရား)ကိုင်ကြည့်ရင်(အတွေ့ပါ ဘုရား)ဘယ်မှာတုံးသင်္ကန်း၊ ရှိရဲ့လား(မရှိပါဘုရား)

တိဿမထေရ်ကလဲဒီလိုပရမတ်အာရုံကိုမယူဘဲနဲ့ဘာအာရုံယူတာတုံး(ပညတ် အာရုံပါဘုရား) ပညတ်အာရုံယူထားတယ်၊ သင်္ကန်းဆိုတဲ့ပညတ်၊ ဒီသင်္ကန်းကို ဝတ်ပြီး ငါဆွမ်းခံသွားမယ်ဆိုတဲ့ သဏ္ဌာယဒိဋ္ဌိတွေ မလာဘူးလား လာသလား (လာပါတယ်ဘုရား) အဲဒီလို အာရုံပြုပြီး နံနက်လင်းခါနီးမှာ စုတေမနေ ပျံလွန် တော်မူသောအခါ ဘာသွားဖြစ်တုံး ဆိုတော့ အဲဒီ သင်္ကန်းပေါ်မှာ သန်းသွား ဖြစ်တယ်၊ဘာသွားဖြစ်တုံး(သန်းဖြစ်ပါတယ်ဘုရား)သန်းဆိုတာပြိတ္တာဘဲ၊ပြိတ္တာ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ဒီပြိတ္တာ ဘာကြောင့်ဖြစ်တာတုံး (လောဘကြောင့်ပါဘုရား)

\+ ယေဘုယျေနဟိသတ္တာတဏှာပေတ္တိဝိသယံဥပပဇ္ဇန္တိ။

ဒါနဲ့ အဲဒီ မထေရ်ပျံလွန်တော်မူတော့ အနားမှာရှိတဲ့ သံဃာတော်တွေက မထေရ်ရဲ့ပရိက္ခရာတွေသိမ်းတယ်၊ ပရိက္ခရာတွေသိမ်းတော့ သင်္ကန်းပါ မသိမ်းဘူးလား သိမ်းသလား (သိမ်းပါတယ် ဘုရား) သိမ်းလိုက်တဲ့ အ ခါ ကျ တော့ အဲဒီ သင်္ကန်းပေါ်မှာ သန်းအဖြစ်နဲ့ ပြေးနေတယ်တဲ့၊ မပြေးဘူးလား၊ ပြေးသလား (ပြေးပါတယ်ဘုရား) သန်းအဖြစ်နဲ့ ဗုဒ္ဓဘာဝတော်င် စွဲမနေဘူးလား၊ စွဲနေသလား(စွဲနေပါတယ်ဘုရား)အစွဲမနာဘူးလား နာသလား(နာပါတယ်ဘုရား) နာလိုက်ဘာ၊ကြည့်စမ်း၊ ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားရဲ့ခြေတော်ရင်းမှာနေလျက်သားနဲ့ ပြိတ္တာဖြစ်ရတာ တိဿရဟန်းဟာ မနစ်နာဘူးလား၊ နစ်နာသလား(နစ်နာပါတယ်ဘုရား)နစ်နာပါတယ်၊ တရားနှလုံးသွင်းလို့လား မသွင်းလို့ပါလား (တရားနှလုံးမသွင်းလို့ပါဘုရား) ပညတ်အာရုံပြုလို့လား၊ ပရမတ် အာရုံပြုလို့လား(ပညတ်အာရုံပြုလို့ပါဘုရား)

ပညတ်အာရုံပြုရင်ဖြင့် သက်သာပါမလား(မသက်သာပါဘုရား)ဒါကြောင့် ခင်များတို့ သေခါနီးမှာလဲဘဲ (အဲဒီလို ပညတ်အာရုံတွေကိုသာ ယူသွားရင်ဖြင့် မသက်သာဘူး ဆိုတာ၊ ရဲရဲတင်းတင်း ဆုံးဖြတ်ချက် မချသင့်ဘူးလား၊ ချသင့်သလား (ချသင့်ပါတယ်ဘုရား) ဘာအာရုံ ယူမှာတုံး (ပရမတ်အာရုံပါဘုရား) ဒါကြောင့် ယခုကဘည်းက၊ လေ့ကျင့်အားထုတ်ရတယ်၊ သေခါနီးမှာ၊ ဝါယော ဓါတ်၊ ရုပ်ပရမတ်လေးကို အာရုံ ပြုတတ်အောင်လို့၊ ဒီရုပ် အာရုံကလေးက တို့ တကာတကာမတွေ နှစ်သက်စရာအာရုံဟုတ်ရဲ့လား (မဟုတ်ပါဘုရား) နှစ်သက်စရာ အာရုံမဟုတ်ရင် နှစ်သက်ပါမလား (မနှစ်သက်ပါဘုရား) မ နှစ် သက် ရင် လောဘဖြစ်သေးရဲ့လား(မဖြစ်ပါဘုရား) ဟောဒီ တိုးခတ်သွားတဲ့ လေသဘော လေးဟာ စိတ်ကောက်စရာ၊စိတ်ဆိုးစရာ၊စိတ်ညစ်စရာအာရုံဟုတ်ရဲ့လား(မဟုတ်ပါဘုရား) မဟုတ်ရင် ဒေါသဖြစ်သေးရဲ့လား၊ မဖြစ်ပါဘုရား)လောဘလဲ မဖြစ်ဘူး၊ ဒေါသလဲမဖြစ်ဘူး၊ အာရုံမှန်နေလို့၊ ပရမတ်အာရုံယူနေတာ မှန်နေလို့။

အော် တို့တကာတကာမတွေ အရှိတရားအာရုံပြုတာလား၊ မရှိတရားအာရုံပြုတာလား (အရှိတရားအာရုံပြုတာပါဘုရား) ရှိတာ အမှန်ဘဲသား (အမှန်ပါဘုရား)ရှိတာအမှန်လို့ဆိုတော့ မောဟဖြစ်ပါဦးမလား(မဖြစ်ပါဘုရား)လောဘလဲငြိမ်းတယ်၊ဒေါသလဲငြိမ်းတယ်၊မောဟလဲငြိမ်းတယ်ဆိုတော့ မနေ့ကလဲ ရှင်းခဲ့ပါပြီ၊ မငြိမ်းဘူးလား ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) ငြိမ်းတာအမှန်ဘဲလား (အမှန်ပါဘုရား)ကြည့်စမ်းပါ။

\+ အဋ္ဌသာလိနီ ဋ္ဌ နှာ ၁၇၂

မြတ်စွာဘုရားနဲ့အတူနေတဲ့ တိဿမထေရ်မြတ်ကြီးပညတ်အာရုံပြုပြီး ပျံလွန်တော်မူ သွား သည့် အ တွက် ဘာဖြစ်သွားတုံး (သန်းဖြစ်သွားပါတယ် ဘုရား) ရဟန်းကြီးကသန်းဖြစ်နေတယ်၊ မဖြစ်ဘူးလားဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ဘာကို အာရုံပြုလို့ပါလိမ့် (ပညတ်ကိုအာရုံပြုလို့ပါ ဘုရား) ပညတ်အာရုံဆိုတာ လောဘ ဒေါသ မောဟကင်းရဲ့လား(မကင်းပါဘုရား) မကင်းတဲ့အာရုံ သွားယူလိုက်တာကိုးဗျ၊

ဒါနဲ့ ပရိက္ခရာတွေရှင်းလိုက်တဲ့ အခါကျတော့ သင်္ကန်းပေါ်မှာ သန်းကြီးက ပြေးပြေးနေတယ်၊ မပြေးဘူးလားပြေးနေသလား(ပြေးနေပါတယ်ဘုရား)ပြေးနေတော့ မြတ်စွာဘုရားက မြင်တော်မူတယ်၊ ချစ်သားတို့ ဒီသင်္ကန်းကို သွားပြီး မယူလိုက်ကြနဲ့ဦး၊ တိဿရဟန်းကြီးကသန်းဖြစ်ပြီး သင်္ကန်းပေါ်မှာပြေးနေတယ် လို့ မြတ်စွာဘုရားက ဒီအတိုင်းရဟန်းတော်တွေကို မဟောဘူးလားဟောသလား (ဟောပါတယ်ဘုရား) ( ၇ )ရက်မြောက်တဲ့နေ့မှသာ သင်္ကန်းပရိက္ခရာတွေသိမ်းပါတော့တဲ့၊ တိဿရဟန်းကြီး သေခါနီးမှာ ဒီသင်္ကန်းအာရုံပေါ်မှာ နှစ်သက်စွဲလမ်းပြီး စုတိ စိတ်ကျသွားသည့် အတွက်ကြောင့် သန်းဆိုတဲ့ ပြိတ္တာကြီး ဖြစ်နေတယ်။

ဒါကြောင့် တို့တကာတကာမတွေလဲ သေခါနီးမှာ ပညတ်အာရုံများယူသွားမှဖြင့် မနစ်နာဘူးလား နစ်နာသလား(နစ်နာပါတယ်ဘုရား)ဘာအာရုံကိုယူမှာတုံး (ပရမတ်အာရုံကိုပါဘုရား) ပရမတ်အာရုံဆိုတာ အရှိတရားလား မရှိတရားလား (အရှိတရားပါဘုရား) ပရမတ်ဆိုတာ မိမိခန္ဓာရှိတာလား သူတပါးခန္ဓာရှိဘာလား(မိမိခန္ဓာမှာရှိတာပါဘုရား)အောင် မိမိခန္ဓာမှာဘယ်ဌာနမှာတုံး (နှာသီးဖျား မှာပါဘုရား)ဘယ်အချိန်မှာရှိတာပါလိမ့်( ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) အောင် ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိဘာပါလိမ့်၊ ဤလို တိုးခတ်သွားတဲ့ လေသဘောပါ ဘုရား) ဤလေသဘော မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)

ဒါကြောင့် ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ လေလေလေလို့ ရှူပါ၊ ရှူတဲ့အခါလဲလေလေလေလို့ ရှူ ရှိုက်တဲ့အခါလဲလေလေလေလို့ရှူလေလေလေဆိုတာ ရုပ်ရုပ်ရုပ်၊ ဣတိရုပ်၊ ဣတိရုပ်၊ ဣတိ၊ ဤတိုးခတ်သွားတဲ့ လေသဘောဟာ၊ ရုပ်၊ ရုပ်၊ ဣတိ၊ ဤနှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောဟာ ဘာတဲ့တုံး(ရုပ်ပါဘုရား)ရုပ်မနေ့တွေ့ဘူးလား တွေ့သလား(တွေ့ပါတယ်ဘုရား) ငါဟုတ်ရဲ့လား (မဟုတ်ပါဘုရား) လူ ဟုတ် ရဲ့ လား (မဟုတ်ပါဘုရား) လူတွေ သတ္တဝါတွေ ယောကျ်ားမိန်းမပုဂ္ဂိုလ်တွေ မဟုတ်ရင် ဘာတုံး (ရုပ်ပါဘုရား) ဘယ်အချိန်မှာ

ရှိနေတာတုံး( ရှုတိုင်းရှုတိုင်းရှိက်တိုင်းရှိက်တိုင်းမှာပါဘုရား)ဒီရုပ်ကို မျက်လုံးနဲ့ မြင်ရရဲ့လား (မမြင်ပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား)ရှိရဲ့သားနဲ့ မမြင်တာလား၊ မရှိလို့မမြင်တာလား(ရှိရဲ့သားနဲ့မမြင်တာပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့ မြင်ရမှာပါဘုရား) ဉာဏ်နဲ့ မြင်ရမှာ၊ ဉာဏ်နဲ့ ထင်ရှားရမှာ၊ ဒါကြောင့် ရှုတဲ့အခါ လေလေ၊ ရှိက်တဲ့အခါလဲ လေလေ၊ (ရူပံသမနုပဿတိ) ရုပ်၊ ရုပ်တရားကို၊ သမနုပဿတိ၊ အဖန် တလဲလဲ ရှုအပ်၏။ (ကာယေ ကာယာနုပဿီဝိဟရတိ)ဒီအတိုင်းမဟောဘူးလား၊ဟောသလား(ဟောပါတယ်ဘုရား) ကာယေ၊နှာသီးဖျားမှာတိုးခတ်နေတဲ့ကာယတည်းဟူသော ရုပ်ကာယ၌၊ကာယာနုပဿီ၊လေဓလလို့ အဖန်ဖန်ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်၊ လူတွေသတ္တဝါတွေရှုပြီးနေရမှာလား၊လေလေလို့ရှုပြီးနေရမှာလား(လေလေလို့ရှုပြီးနေရမှာပါဘုရား)ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါလို့ ရှုနေရမှာလား၊ရုပ်လို့ ရှုနေရမှာလား (ရုပ်လို့ ရှုနေရမှာပါဘုရား)ရုပ်၊ လေဆိုဘာ ဝါယောရုပ်၊ မတွေ့ဘူးလား တွေ့သလား(တွေ့ပါတယ်ဘုရား)တွေ့လာတယ်။

နောက်တဆင့်တက်ကြပါစို့၊တကာတကာမတွေ ဒီလေရှိနေတာဘာလို့ရှိနေတာပါလိမ့်(ဖြစ်ဖြစ်နေလို့ပါဘုရား)မဖြစ်ရင်ရှိပါ့မလား(မရှိပါဘုရား) (နဒီသောတောဝိယ၊ ဒီပဇာလဝိယပဝတ္တတိဆိုတဲ့အတိုင်း မြစ်ထဲမှာ၊ချောင်းထဲမှာ၊ ကြည့်လိုက်တဲ့အခါကျတော့ ဘာတွေတုံး (ရေတွေ့ပါတယ်ဘုရား)အဲဒီ ခင်ဗျားတို့မျက်စိအောက်မှာ မြင်တဲ့ရေဟာ ဘယ်တုံးက ရေလဲ (ခုမှ ရောက်တဲ့ ရေပါဘုရား) ခုနကရေက ဘယ်ရောက်သွားတာတုံး (စီးဆင်းသွားပါပြီဘုရား) ဒီရေဘာပြုလို့ရှိရှိနေတာတုံး(အထက်ကရောက်ရောက်လာလို့ပါဘုရား)ခုလဲတို့တကာတကာမတွေ သတိထားတိုင်း ထားတိုင်း၊ လေမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှိပါတယ်။

ရှိနေတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးက ဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှုတဲ့အခါမှာ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ ရှိက်တဲ့အခါလဲ (အခုမှဖြစ်တဲ့လေ)(ဇာတံရူပံပစ္စုပ္ပန္နံ တဿနိဗ္ဗတ္တိလက္ခဏံ ဥဒယော) ဇာတံ၊ဖြစ်ဆဲသော၊ ရုပံ၊ဤတိုးခတ်သွားတဲ့လေသဘောတရားသည်၊ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း၊ အတိတ်တရား ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အနာဂတ်တရားဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာတရားပါလိမ့်( ပစ္စုပ္ပန်ပါဘုရား) ပစ္စုပ္ပန်ဆိုတာဖြစ်ဆဲ၊ ပစ္စုပ္ပန်ဆိုဘာဘာတုံး (ဖြစ်ဆဲပါဘုရား)ရှိရှိနေတာဖြစ်ဖြစ်နေလို့၊ရှိဆဲသဘောတရားသည်ဖြစ်ဆဲ၊ အတိတ်ဆိုတာက ဖြစ်ခဲ့တာ၊ အနာဂတ်ဆိုတာကဖြစ်လတံ့၊ ယခုဘာတဲ့တုံး(ဖြစ်ဆဲပါဘုရား)ဘယ်အချိန်မှာဖြစ်တာတုံး (ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း

ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေဖြစ်ဘာလား၊ ရုပ်ဖြစ်တာလား (ရုပ်ဖြစ်တာပါဘုရား) ရှူတိုင်း ရှူတိုင်းမှာ ခုမှဖြစ်တဲ့ရုပ်၊ ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့ရုပ်ပါဘုရား) ရှူတဲ့အခါခုမှဖြစ်တဲ့ရုပ်၊ တနည်း ခုမှဖြစ်တဲ့လေ၊ လေနဲ့ရုပ်အတူတူမဟုတ်ဘူးလား၊ဟုတ်သလား (ဟုတ်ပါတယ်ဘုရား) လေလို့ သာပြောရတာ ရုပ်လို့ သာပြောရတာ၊ ဤသဘောဘဲ၊ မရှိဘူးလားရှိသလား(ရှိပါတယ်ဘုရား) ရှိနေတာ ဘာလို့ ရှိနေတာလဲ ဆိုတော့ (ဖြစ်ဖြစ်နေလို့ ပါဘုရား) (ဠတိရူပဿ သမုဒယော)ဠတိရူပဿ၊ ဤနှာသီးဖျားမှာ တိုးခတ်နေတဲ့လေသဘောတရား၏ သမုဒယော၊ဖြစ်ခြင်းဘဲ၊ ရှူတာရှိုက်တာလားလေဖြစ်တာလား (လေဖြစ်တာပါဘုရား)ရှူတာရှိုက်တာရှိရဲ့လား(မရှိပါဘုရား) ရှူတယ်ရှိုက်တယ်ထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား)

ဖြစ်နေတာဘာဖြစ်နေတာတုံး(လေ)တနည်း (ရုပ်)ဖြစ်တာ၊ ဘယ်အချိန်မှာဖြစ်တာလဲဆိုတော့၊ (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) သတိလဲထားပါ၊ ဒါကိုရှုပါ၊ ရှူတဲ့အခါလဲ (ခုမှဖြစ်တဲ့လေ၊ အခုမှဖြစ်တဲ့လေ) ရှိုက်တဲ့အခါကော(အခုမှဖြစ်တဲ့လေ၊တနည်း၊အခုမှဖြစ်ဘဲ့ရုပ်၊အခုမှဖြစ်တဲ့ရုပ်) အဲဒီလိုရှူတဲ့ဉာဏ်သည်၊ ရူပပရိစ္ဆေဒဉာဏ်၊ ဘာ ဉာဏ် တုံး (ရူပပရိစ္ဆေဒ ဉာဏ်ပါဘုရား)ရူပက(ရုပ်)ပရိစ္ဆေဒက၊ပိုင်းခြားတာ၊ ဉာဏ်က၊သိတာ၊ လူကပိုင်းခြားသိတာလား၊ ဉာဏ်ကပိုင်းခြားသိတာလား (ဉာဏ်ကပိုင်းခြားသိတာပါဘုရား) ရုပ်ကိုပိုင်းခြားလေည်ဖြစ်သောကြောင့်၊ ဘာဉာဏ်တဲ့တုံး(ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) လူတွေ သတ္တဝါတွေကို ပိုင်းခြားတာလား၊ ရုပ်ကိုပိုင်းတာလား (ရုပ်ကိုပိုင်းခြားတာပါဘုရား)

ရုပ်ကို ခင်ဗျားတို့ ဘယ်အချိန်မှာပိုင်းခြားတာလဲ (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)ရှူတိုင်း ရှူတိုင်း ရှိုက်ရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေဖြစ်တာလား၊ ရုပ်ဖြစ်တာလား (ရုပ်ဖြစ်တာပါဘုရား) ရုပ်ဆိုတာ ဘယ်လိုသဘောပါလိမ့်(ဤလိုတိုးခတ်သွားတဲ့လေသဘော) မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ရှိတာဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ ပါ ဘုရား) ဘယ်တုံးကဖြစ်တာတုံး(အခုမှဖြစ်ဘာပါဘုရား)ဒါကြောင့် ရှူတဲ့အခါ(အခုမှဖြစ်တဲ့လေ-အခုမှဖြစ်တဲ့လေ) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့လေ-အခုမှဖြစ်တဲ့လေ) တနည်း၊ ရှူတဲ့အခါ (အခုမှဖြစ်တဲ့ရုပ်၊ အခုမှဖြစ်တဲ့ရုပ်) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့ရုပ်၊ အခုမှဖြစ်တဲ့ရုပ် ) အဲဒီလို ရှူတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ရူပကိုစ္ဆေဒဉာဏ်ပါဘုရား)

အဲဒီလို အချိန်အခါမှာ ခင်ဗျားတို့ သက္ကာယပေါ်မှာ ဒိဋ္ဌိလာသေးရဲ့လား (မလာပါဘုရား) နှာသီးဖျားမှ တိုးခတ်သွားတဲ့လေသည် သက္ကာယ၊ လေသည်

ဘာတုံး(သက္ကာယပါဘုရား) ရုပ်ဘာတုံး (သက္ကာယပါဘုရား) ဒါကို ရှုတယ် ရှုက်တယ်လို့စွဲယူလိုက်ရင် ဘာဖြစ်မှာတုံး (ဒိဋ္ဌိဖြစ်ပါတယ်ဘုရား) ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ ရုပ်နဲ့လူနဲ့ကွဲပြီးရှုပါတော့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

ဒီဃံဝါ အဿသန္တော ဒီဃံ အဿသာမိတိ ပဇာနာတိ၊

ဒီဃံ၊ရှည်စွာ၊အဿသန္တော၊ထွက်သက်ကိုရှုသည်ရှိသော်၊ဒီဃံ၊ရှည်စွာ၊အဿသာမိတိ၊ ထွက်သက်ကိုရှု၏လို့၊ ပဇာနာတိ၊ ရုပ်နဲ့လူနဲ့ကွဲပြီးတော့ရှုပါ၊ ဘာနဲ့ဘာကွဲပြီးရှုရမှာတုံး (ရုပ်နဲ့လူနဲ့ကွဲပြီးရှုရမှာပါဘုရား)အဲဒီလိုမှမရှုရင် ငါငါနဲ့ မရှုဘူးလားရှုသလား(ရှုပါတယ်ရာဘုး)

ရူပံအတ္တတောသမနုပဿတိ။

ရူပံ၊ ရုပ်တရားကို၊ အတ္တတော၊ ငါဟူ၍၊ သမနုပဿတိ၊ ရှုတယ်၊ ယခုတော့ ခင်ဗျားတို့ရှုသေးရဲ့လား (မရှုပါဘုရား) မရှိတရားရှုတာလား၊ အရှိတရားရှုတာလား(အရှိတရားရှုတာပါဘုရား)ရုပ်ဟာအရှိတရား၊ငါကအရှိတရားဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒါကြောင့် ဒီလိုတိုးခတ်သွားတဲ့ လေသဘောလေးပေါ်မှာ ငါဆိုတဲ့အစွဲ မကျွတ်ဘူးလား ကျွတ်သလား(ကျွတ်ပါတယ်ဘုရား)ရှုတယ် ရှုက်တယ်ဆိုတဲ့ အစွဲကော ကျွတ်မသွားဘူးလား ကျွတ်သွားသလား (ကျွတ်သွားပါဘုရား)ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေ ထင်နေတာကော လာသေးရဲ့လား (မလာတော့ပါဘုရား) ဘယ်အပေါ်မှာ ကွဲသွားတာတုံး (ရုပ်ပေါ်မှာ ကွဲသွားတာပါဘုရား) သက္ကာယကိုဖြုတ်ရမှာလား ဒိဋ္ဌိကိုဖြုတ်ရမှာလား (ဒိဋ္ဌိကိုဖြုတ်ရမှာပါဘုရား)

တကာတကာမတွေ အဝတ်အထည်ကိုစွဲနေတယ်ဆိုရင်ဖြင့် အဝတ်ကိုလွှင့်ပစ်ရမှာလားအစွဲကိုဖြုတ်ရမှာလား (အစွဲကိုဖြုတ်ရမှာပါဘုရား)ဒါဖြင့် ခင်ဗျားတို့ သက္ကာယကိုချွတ်လို့ရရဲ့လား (မရပါဘုရား) ဘာကိုချွတ်ရမှာတုံး (အစွဲကိုချွတ်ရမှာပါဘုရား)ဒိဋ္ဌိဆိုတဲ့အစွဲကိုခင်ဗျားတို့ချွတ်ရမှာ၊ဒိဋ္ဌိဆိုတဲ့အစွဲ၊မာနဆိုတဲ့အစွဲ၊ အဲဒီအစွဲချွတ်ရမှာ၊ သင်္ခါရကို ခင်ဗျားတို့သွားပြီးချွတ်လို့ရမလား(မရပါဘုရား) ဒီနေရာမှာ တိုးခတ်သွားတဲ့လေသဘောဟာသင်္ခါရ၊ ဘာသင်္ခါရတုံး(ရုပ်သင်္ခါရပါဘုရား)ဒီရုပ်သင်္ခါရကို ခင်ဗျားတို့အား ချုပ်ခိုင်းလို့ရရဲ့လား(မရပါဘုရား)

အကြောင်းရှိရင်၊ မဖြစ်ဘူးလား၊ ဖြစ်နေမှာလား (ဖြစ်နေမှာပါဘုရား) ဒီသင်္ခါရပေါ်မှာစွဲနေတာဘာတုံး(ဒိဋ္ဌိ)တဏှာမာန၊ ဒါကိုချွတ်ရမယ်၊ဒီအစွဲချွတ်ရင် ခင်ဗျားတို့အရှိတရားကြည့်ရမှာလား၊ မရှိတရားကြည့်ရမှာလား (အရှိတရား

ကြည့်ရမှာပါဘုရား)လူတွေသတ္တဝါတွေရှိတာလား၊ ရုပ်ရှိတာလား(ရုပ်ရှိတာပါဘုရား) ရှိတာ ဘယ်အချိန်မှာရှိတာတုံး ( ရှုတိုင်း ရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာရှိနေတာပါဘုရား) ရှုတိုင်း ရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ၊ ဤလိုတိုးခတ်သွားတဲ့လေသဘော၊ ဒါလေးမရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ရှိတာဘာလို့ ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး(အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ) တနည်း၊(အခုမှဖြစ်တဲ့ရုပ်၊ အခုမှဖြစ်တဲ့ရုပ်)

အဲ ဒီ လို ရှု တဲ့ ဉာဏ် သည် ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) လူတွေသတ္တဝါတွေကို ပိုင်းခြားပြီးသိတာလား၊ ရုပ်ကိုပိုင်းခြားပြီး သိတာလား (ရုပ်ကိုပိုင်းခြားသိတာပါဘုရား) အခု ခင်ဗျားတို့ ရှုတိုင်း ရှုတိုင်း ပိုင်းခြားပြီး သိနေတာ၊ ရှုက်တိုင်းရှုက်တိုင်း၊ ရုပ်ကိုပိုင်းခြားပြီး သိနေတာ မြတ်စွာဘုရားက သိခိုင်းတာလား၊ ဘုန်းကြီးကသိခိုင်းတာလား (မြတ်စွာဘုရားက သိခိုင်းတာပါဘုရား)

မြတ်စွာဘုရားက ရှုခိုင်းတာလား၊ဘုန်းကြီးက ရှုခိုင်းတာလား(မြတ်စွာဘုရားက ရှုခိုင်းတာပါဘုရား) ဒါကြောင့် သမုဒယဓမ္မာနုပဿီဝါကာယသ္မိံ ဝိဟရတိ၊ ကာယသ္မိံ၊နှာသီးဖျားမှာတိုးခတ်နေတဲ့လေသဘောကာယ၌၊ကာယတွေ့ပြီလား (တွေ့ပါပြီဘုရား)

သမုဒယဓမ္မာနုပဿီဝါ၊အဖြစ်သဘောကိုအဖန်တလဲလဲရှုသည်ဖြစ်၍၊ဝိဟရတိ နေ၏။ အခု ဘာပြုလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ ပါဘုရား) အဖြစ်ကို ရှုခိုင်းနေတာ၊ သမုဒယဓမ္မာနုပဿီဝါ၊ အဖြစ်သဘောကိုအဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်၊ ယခု ခင်ဗျားတို့ အဖြစ်မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား)

ပထမကာယကိုရှုဦး၊ရုပ်ရုပ်လို့၊ယခုတော့ရုပ်ရဲ့အဖြစ်ကိုရှုဦး၊ကာယေကာယာနုပဿီဝိဟရတိ၊အဲဒါရုပ်ကိုရှုခိုင်းတာ၊သမုဒယဓမ္မာနုပဿီဝါကာယသ္မိံ ဝိဟရတိ၊ ရုပ်ရဲ့အဖြစ်ရှုခိုင်းတာ၊လူ့တွေသတ္တဝါတွေရဲ့အဖြစ်ကိုရှုခိုင်းတာလား၊ရုပ်ရဲ့အဖြစ်ကို ရှုခိုင်းတာလား(ရုပ်ရဲ့အဖြစ်ကိုရှုခိုင်းတာပါဘုရား)

ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ ဘယ်သဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့ လေသဘောရှိတာပါဘုရား) မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) အဲဒါကာယေကာယာနုပဿီဝိဟရတိဘဲ။

နောက်တဆင့်တက်လိုက်၊ ရှိတာဘာပြုလို့ရှိရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) ရှုတိုင်း ရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ (ခုမှဖြစ်တဲ့လေ၊ခုမှဖြစ်တဲ့လေ၊ခုမှဖြစ်တဲ့လေ) တနည်း (ခုမှဖြစ်တဲ့

ရုပ်၊ခုမှဖြစ်တဲ့ရုပ်)မရဘူးလား ရသလား (ရလာပါတယ်ဘုရား) အဲဒါ သမုဒယဓမ္မဝ ါကာယသ္မိံ ဝိဟရတိ၊ ဒိပါဠိတော်နဲ့ကော မညီဘူးလား ညီသလား (ညီပါတယ်ဘုရား) ပါဠိတော်နှင့်အညီ ခင်ဗျားတို့ မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား)ပါဠိတော်ဆိုတာ မြတ်စွာဘုရားရဲ့စကားတော်၊ ဘယ်သူ့စကားလဲ(မြတ်ဘုရားရဲ့စကားတော်ပါဘုရား) ဒါကြောင့် မြတ်စွာဘုရားရဲ့ စကားတော်နဲ့အညီ ယခု နှလုံးမသွင်းဘူးလား သွင်းသလား(သွင်းပါတယ်ဘုရား)

မြတ်စွာဘုရား ကိုယ်တော် မြတ် ကြီး က (သမုဒယဓမ္မာနုပဿိဝ ါကာယသ္မိံ ဝိရဟတိ၊ ကာယသ္မိံ)နှာသီးဖျားမှာ တိုးခတ်သွားတဲ့လေသဘောတည်းဟူသော ရုပ်ကာယ၌၊ သမုဒယဓမ္မာနုပဿိဝ ါ၊ အဖြစ်သဘောကို အဖန်တလဲလဲ ရှုသည် ဖြစ်၍၊ ဝိဟရတိ၊နေရမယ်။

ဘာကိုရှုခိုင်းတာတုံး(အဖြစ်ပါဘုရား)လူအဖြစ်ကိုရှုရမှာလား၊ ရုပ်အဖြစ်ကို ရှုရမှာလား (ရုပ်အဖြစ်ကိုပါဘုရား) ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ တနည်း၊ ခုမှဖြစ်တဲ့ရုပ်၊ ခုမှဖြစ်တဲ့ရုပ်၊ ခုမှဖြစ်တဲ့ရုပ်၊ နှစ်ချက်လောက်ဘဲရှုလိုက်၊ ဒေသနာတော်နဲ့ကော မညီဘူးလားညီသလား(ညီပါတယ်ဘုရား)

ခင်ဗျားတို့ လူနဲ့ရုပ်နဲ့ ငါနဲ့ရုပ်နဲ့ကော ရောနေသေးရဲ့လား (မရောပါဘုရား) ခင်ဗျားတို့ ပြတ်ပြတ်သားသား မမြင်ဘူးလား မြင်သလား (မြင်ပါတယ်ဘုရား) လူကမြင်တာလား၊ ဉာဏ်ကမြင်တာလား(ဉာဏ်ကမြင်တာပါဘုရား)လူက ပိုင်းခြားပြီးသိတာလား၊ ဉာဏ်ကပိုင်းခြားပြီးသိတာလား (ဉာဏ်ကပိုင်းခြားပြီးသိတာပါဘုရား) ဉာဏ်က လူနဲ့ရုပ်နဲ့ ပိုင်းခြားပြီးသိတာ၊ ငါနဲ့ရုပ်နဲ့ပိုင်းခြားပြီးသိတာ၊ လူဆိုတာ ဆံပင် မွေးညှင်း ခြေသည်း လက်သည်းတွေနဲ့၊ ပရမတ်ရုပ်ဆိုတာ ဆံပင်မွေးညှင်းခြေသည်းလက်သည်းတွေပါရဲ့လား(မပါပါဘုရား) ဒြပ် သဏ္ဍာန်တွေ၊ ပုံသဏ္ဍာန်တွေဆိတ်သုဉ်းခဲ့တယ်၊ မရှိလို့လား(ရှိပါတယ်ဘုရား)ရှိတာဘာ ရှိတာတုံး(ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) ဉာဏ်နဲ့ထင်ရှားရမယ်။

ရှိနေတာကဖြစ်နေလို့၊ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့ရုပ်၊ ဒီအတိုင်းရှု၊ အဲဒီလို ရှုခိုက်မှာ ခင်ဗျားတို့အမြင်တွေ စင်ကြယ်ဘူးလား စင်ကြယ်သလား(စင်ကြယ်ပါတယ်ဘုရား) အမြင် စင်ကြယ်သွားလေပြီ ဖြစ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ဘာသုဝိဒ္ဓိတဲ့လဲ(ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ဒိဋ္ဌိကအမြင်၊ ဝိသုဒ္ဓိက၊ စင်ကြယ်တာ၊ လူနဲ့ရုပ်နဲ့ အမြင် စင်ကြယ်သွားတာ၊ ငါနဲ့ရုပ်နဲ့ အမြင်စင်ကြယ်တာ၊ အော် နဂိုကတော့ ခင်ဗျားတို့အတ္တဘောကြီးကိုရုပ်ထင်နေတာ၊ဆံပင်မွေးညှင်းခြေသည်းလက်သည်းတွေနဲ့ အတ္တဘောကြီးကို ရုပ်လို့ယူတာ၊ မယူဘူးလား ယူသလား (ယူပါတယ်ဘုရား)ရုပ်ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာတဲ့တုံး(အတ္တဘောကြီးပါဘုရား)

ရုပ်ဆိုတာ မျက်လုံးနဲ့မြင်ကောင်းရဲ့လား(မမြင်ကောင်းပါဘုရား)အတ္တဘောကြီးက မျက်လုံးနဲ့မြင်တယ်ဗျ။ မျက်လုံးနဲ့မြင်တဲ့ရုပ် ဝိပဿနာရှုလို့ ရရဲ့လား (မရပါဘုရား)ဘာနဲ့မြင်တဲ့ရုပ်ကို ဝိပဿနာရှုရမှာတုံး (ဉာဏ်နဲ့မြင်တဲ့ရုပ်ကို ရှုရမှာပါဘုရား)ခုခင်ဗျားတို့ မြင်နေတာက ဉာဏ်မြင်ရုပ်လား၊ မျက်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) ဉာဏ်မြင်ခန္ဓာလား၊ မျက်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) ဉာဏ်မြင်ခန္ဓာက ဘယ်သဘောပါလိမ့် (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါ ဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောမရှိဘူးလား၊ရှိနေသလား(ရှိနေပါတယ်ဘုရား)ရှိရှိနေတာဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ ပါဘုရား) ဘယ်တုံးက ဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှုတဲ့အခါ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ တနည်း၊ ခုမှဖြစ်တဲ့ရုပ်၊ ခုမှဖြစ်တဲ့ရုပ်၊ ခုမှဖြစ်တဲ့ရုပ်၊ အဲဒီလို ရှုတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့်(ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)အမြင်မစင်ကြယ်ဘူးလား စင်ကြယ်သလား(စင်ကြယ်ပါတယ်ဘုရား)

ပရိညာအားဖြင့် ဉာတပရိညာ၊ ဘာပရိညာတုံး (ဉာတပရိညာပါ ဘုရား) ဉာတက၊ဉာဏ်၊ ပရိညာက၊ ပိုင်းခြားတာ၊ လူကပိုင်းခြားသိတာလား၊ ဉာဏ်က ပိုင်းခြားသိတာလား(ဉာဏ်ကပိုင်းခြားသိတာပါဘုရား)ဉာဏ်က ဘာနဲ့ဘာပိုင်းခြားတာလဲ(လူနဲ့ရုပ်နဲ့ပိုင်းခြားတာ)ငါနဲ့ရုပ်နဲ့ ပိုင်းခြားတာ၊ဒါကြောင့် ပရိညာအားဖြင့် ဉာတပရိညာ၊ ကဲ ဒါဖြင့် ပေါင်းလိုက်တော့ ရူပပရိစ္ဆေဒဉာဏ်၊ သုဒ္ဓိအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ ပရိညာအားဖြင့် ဉာတပရိညာ၊ ပရိညာစခမ်း ဆိုက်ပလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)

တကာတကာမတွေသတိထားလိုက်ပါဦး၊ ရှုတိုင်း ရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ အပြင် လေ ထုတ် တဲ့ အခါ ပူမှုသဘောပါတယ်၊ ဘာသဘောပါတုံး (ပူမှုသဘောပါဘုရား) ဝမ်းထဲမှာအပူဓာတ်မရှိဘူးလားရှိသလား(ရှိပါတယ်ဘုရား) ဒါကြောင့် တကာတကာမတွေ အပြင်လေထုတ်တဲ့အခါ ပူမှုသဘောပါသလား၊ အေးမှုသဘောပါသလား(ပူမှုသဘောပါပါတယ်ဘုရား) ဆုံးဖြတ်ချက်ချ ဘယ်သဘောပါတုံး (ပူမှုသဘောပါဘုရား) ပူတယ်ဆိုတာက တေဇော၊ ဘာတဲ့တုံး (တေဇောပါဘုရား) ဘာတေဇောလဲ (ဉဏှတေဇောပါဘုရား) သေချာလဲလုပ်ကြည့်၊ ပူမှုသဘောလေးပါတယ်၊ မပါဘူးလား ပါသလား (ပါပါတယ်ဘုရား) အတွင်းလေ သွင်းတဲ့အခါ အေးမှုသဘောပါတယ်၊ အတွင်းလေ သွင်းတဲ့အခါ အေးမှုသဘောမပါဘူးလား ပါသလား (ပါပါတယ်ဘုရား) အပြင်မှာ အအေးဓာတ်တွေ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ထိုသဘောက ဘာပါလိမ့် (သီတတေဇောပါဘုရား)

အော် တေဇောဆိုတာဘာလဲ၊ လူလား၊ ရုပ်လား(ရုပ်ပါဘုရား) ဒါဖြင့် ရုပ်မဖြစ်ဘူးလား ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား) မြင်ရရဲ့လား (မမြင်ရပါဘုရား) လက်နဲ့ကိုင်တွယ်လို့ ရရဲ့လား (မရပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်း မှာပါဘုရား) အော် ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာ နှာသီးဖျားမှာ တိုးခတ်သွားတဲ့လေ၊ အပြင်လေထုတ်တဲ့အခါ ကျဘော့၊ ပူမှုသဘော၊ ဥဏှတေဇော၊ ရုပ်၊ ဥဏှတေဇောဆိုတာ၊ လူလား၊ ရုပ်လား၊(ရုပ်ပါဘုရား)

အတွင်းလေ၊ သွင်းတဲ့အခါ ပူမှုသဘောလား၊ အေးမှုသဘောလား (အေးမှုသဘောပါဘုရား)အေးမှုသဘောက ဘာတေဇောတုံး (သီတတေဇောပါဘုရား) မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)ရလာတယ်။

တကာ တကာမတွေ ရှူတဲ့အခါ ရှိုက်တဲ့အခါ အသံမမြည်ဘူးလား၊ မြည်သလား(မြည်ပါတယ်ဘုရား)အဲဒါ ပထဝီရဲ့သဘောဘဲ၊ မြည်တဲ့သဘောက ဘာတုံး(ပထဝီပါဘုရား)မြည်တာပထဝီရဲ့သတ္တိ၊ ဘယ်သူ့သတ္တိတုံး (ပထဝီရဲ့သတ္တိပါဘုရား) ရှိုက်တဲ့အခါကော မမြည်ဘူးလား မြည်သလား (မြည်ပါတယ်ဘုရား) ဘယ်သူ့ရဲ့သတ္တိတုံး(ပထဝီရဲ့သတ္တိပါဘုရား) ပထဝီမပါဘူးလား ပါသလား(ပါပါတယ်ဘုရား)ဘယ်အချိန်မှာပါနေတာတုံး(ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ပထဝီဟာ လူလား၊ ရုပ်လား (ရုပ်ပါဘုရား) တေဇောရုပ်လဲ ပါတယ်၊ ဝါယောရုပ်လဲပါတယ်၊ ပထဝီရုပ်လဲပါတယ်၊ မပါဘူးလား ပါသလား(ပါပါတယ်ဘုရား) အဲဒီ ပထဝီရယ်၊ တေဇောရယ်၊ ဝါယောရယ်၊ ဒီသုံးပါး ပြိုကျမသွားအောင် လူကဖွဲ့စည်းပေးတာလား၊ အာပေါကဖွဲ့စည်းပေးတာလား(အာပေါကပါဘုရား) အာပေါကော မပါဘူးလား ပါသလား (ပါပါတယ်ဘုရား) ရုပ်ဘယ်နှစ်ပါးတုံး(လေးပါးပါဘုရား)

လေးပါးကဘာတွေတုံး(ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါ) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်ဌာနမှာရှိတာတုံး (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်ရှိုက်တိုင်း မှာပါဘုရား) အော် ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘာတုံး (ဓာတ်ကြီးလေးပါးပါဘုရား) ရှူတဲ့အခါကော (ဓာတ်ကြီးလေးပါးပါဘုရား) ရှိုက်တဲ့အခါကော (ဓာတ်ကြီးလေးပါးပါဘုရား) ဘယ်မှာလဲ လူရှိသလား(မရှိပါဘုရား) ရှိတာက ဓာတ်ကြီးလေးပါး၊ ဓာတ်ကြီးလေးပါးက လူလား၊ ရုပ်လား (ရုပ်ပါဘုရား) ရုပ် သည် သက္ကာယ၊ ဓာတ်ကြီးလေးပါးသည်သက္ကာယ၊ ရှူတယ်ရှိုက်တယ်ထင်ရင် ဘာဖြစ်သွားမလဲ(ဒိဋ္ဌိပါဘုရား)သက္ကာယနဲ့ဒိဋ္ဌိပေါင်းလိုက်စမ်း(သက္ကာယဒိဋ္ဌိပါဘုရား) ဟုတ်ပြီ၊ သက္ကာယဒိဋ္ဌိ။

ခင်ဗျားတို့ ခေတ်ကြီးလေးပါးနဲ့ ရှုတာ ရှိုက်တာ၊ ခေတ်ကြီး လေး ပါး နဲ့ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါမကွဲရင် သက္ကာယဒိဋ္ဌိ ဖြစ်မလား မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဘယ် အ ချိန် မှာ ဖြစ်တာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား)မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက-

ဒီဃံဝါအဿသန္တော ဒီဃံအဿသာမိတိ ပဇာနာတိ၊

ဒီဃံ၊ ရှည်စွာ၊ အဿသန္တော၊ ထွက်သက်ကိုရှုသည်ရှိသော်၊ ဒီဃံ၊ရှည်စွာ၊ အဿသာမိတိ၊ ထွက်သက်ကို ရှု၏ဟူ၍၊ ပဇာနာတိ၊ ခေတ်ကြီးလေးပါးနဲ့ လူနဲ့ သတ္တဝါနဲ့ကွဲပါစေ၊ တဲ့၊ ခင်ဗျားတို့ ပစ်စလက်ခတ်ရှုခဲ့ရှိုက်ခဲ့ကြတာ၊ ခေတ်ကြီး၊ လေးပါးနဲ့ငါနဲ့မကွဲခဲ့ကြဘူး၊ ကွဲခဲ့ကြရဲ့လား(မကွဲခဲ့ပါဘုရား) ခေတ်ကြီးလေး ပါး ကို (အတ္တဘော သမနုပဿတိ) တဲ့။ ငါလို့ရှုတာဘဲ၊ မရှုခဲ့ဘူးလား၊ ရှုခဲ့ သလား( ရှုခဲ့ပါတယ်ဘုရား)

ဘဝသံသရာမှာ ခင်ဗျားတို့ငါဆိုတဲ့ အစွဲကြောင့် ယခုလိုဒုက္ခရောက်နေတယ် ဆိုတာမှားပါ့မလား(မမှားပါဘုရား)ငါဆိုတာရှိရဲ့လား(မရှိပါဘုရား)ရှိတာက ဘာတုံး (ခေတ်ကြီးလေးပါးပါ ဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ခေတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲရမှာ၊ ဘာကွဲရမှာတုံး (ခေတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲ ရမှာပါဘုရား) ယခု ခင်ဗျားတို့ကွဲပြီးလား (ကွဲပါပြီဘုရား)ဟိုတုံးကကွဲခဲ့ရဲ့လား (မကွဲခဲ့ပါဘုရား) မကွဲတော့ ခေတ်ကြီးလေးပါးသက္ကာယငါလို့ထင်တာကဒိဋ္ဌိ။

သက္ကာယဒိဋ္ဌိပရိယုတ္တိတေန စေတသာဝိဟရတိ။

သက္ကာယဒိဋ္ဌိပရိယုတ္တိတေန၊ သက္ကာယဒိဋ္ဌိသည် လွှမ်း မိုး အပ် သည် ဖြစ် ၍၊ စေတသာစိတ်ဖြင့်၊ ဝိဟရတိ၊နေတယ်၊

သက္ကာယဒိဋ္ဌိ လွှမ်းမိုးပြီးနေတာလား၊ မလွှမ်းမိုးဘဲနေတာလား (သက္ကာယ ဒိဋ္ဌိလွှမ်းမိုးပြီး နေတာပါဘုရား) ဘာပြုလို့ သက္ကာယဒိဋ္ဌိ လွှမ်းမိုးသလဲ ဆိုတော့ ခေတ်ကြီးလေးပါးနဲ့ ငါနဲ့မကွဲလို့၊ ဘာနဲ့ဘာမကွဲလို့တုံး (ခေတ်ကြီးလေးပါးနဲ့ ငါနဲ့မကွဲလို့ပါဘုရား)ဘယ်အချိန်မှာမကွဲတာပါလိမ့် (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်း ရှိုက်တိုင်းမှာပါဘုရား)

အေဘ် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းပါ ခေတ်ကြီးလေးပါးနဲ့ ငါနဲ့ကွဲရ မှာပါလား၊ ဒီလိုမှမကွဲရင် သက်သာပါ့မလား (မသက်သာပါဘုရား)အပယ်မီး ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) အပယ်မီး ငြိမ်းချင်ရင် ဘာနဲ့ဘာ ကွဲရမှာတုံး (ခေတ်ကြီးလေးပါးနဲ့ ငါကွဲရမှာပါဘုရား) ဒီ ခေတ် ကြီး လေး မ ရှိ ဘူး လား၊ ရှိသလား(ရှိပါတယ်ဘုရား)ဘာကြောင့်ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်အချိန်မှာ ဖြစ်တာတုံး ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း မှာပါဘုရား)

ဒါကြောင့် ရှူတဲ့အခါ ခုမှဖြစ်တဲ့ ခေတ်ကြီးလေးပါး၊ ရှိုက်တဲ့အခါ ခုမှဖြစ်တဲ့ ခေတ်ကြီးလေးပါး၊ ခေတ်ကြီးလေးပါး ဖြစ်တာလား၊ ရှူတာ ရှိုက်တာလား (ခေတ်ကြီးလေးပါးဖြစ်တာပါဘုရား) ရှူတာရှိုက်တာ ရှိရဲ့လား (မရှိပါဘုရား)

ခေတ်ကြီးလေးပါးဖြစ်တာကို ရှူတယ်၊ ခေတ်ကြီးလေးပါးဖြစ်တာကို ရှိုက်တယ်၊ ရှူတာရှိရဲ့လား(မရှိပါဘုရား)ရှိုက်တာကော ရှိရဲ့လား(မရှိပါဘုရား)အဲဒါ ရှူတယ်လို့ စွဲယူလိုက်ရင်၊ ရှိုက်တယ်လို့ စွဲယူလိုက်ရင် ဘာ လာ မှာ တုံး (ဒိဋ္ဌိပါဘုရား) လူတွေ သတ္တဝါတွေပေါ်မှာ စွဲယူတာလား၊ ခေတ်ကြီးလေးပါးပေါ်မှာ စွဲယူတာလား (ခေတ်ကြီးလေးပါးပေါ်မှာ စွဲယူတာပါဘုရား) ခေတ်ကြီးလေးပါး ရုပ်ပေါ်မှာ ငါလို့ စွဲယူလိုက်တော့ သက္ကာယဒိဋ္ဌိ မလွှမ်းမိုးဘူးလား၊ လွှမ်းမိုး သ လား (လွှမ်းမိုးပါတယ်ဘုရား) ဒါကြောင့် အာဋ္ဌာရရသေ့၊ ဥဒကရသေ့ တို့မှာ ရှူတယ်လို့ သိတာဘဲ၊ ရှိုက်တယ်ကော မသိဘူးလား (သိပါတယ်ဘုရား)သမထမှာ မကျွမ်းကျင်ဘူးလား၊ ကျွမ်းကျင်သလား(ကျွမ်းကျင်ပါတယ်ဘုရား)အဘိဉာဏ်တွေကော မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)ကောင်းကင်တွေလဲပျံနိုင်တယ်၊အာဋ္ဌာရ၊ ဥဒကတို့ကသက္ကာယဒိဋ္ဌိပြုတ်ရဲ့လား(မပြုတ်ပါဘုရား)ခေတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲရဲ့လား (မကွဲပါဘုရား)ခေတ်ကြီးလေးပါးနဲ့ ငါနဲ့မကွဲဘဲနဲ့စုတိစိတ်ကျသွားတော့ မရှုံးဘူးလား၊ရှုံးသလား(ရှုံးပါတယ်ဘုရား) ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက–

မဟာဇာနိယော ဝတဘော အာဋ္ဌာရရော၊

မဟာဇာနိယော ဝတဘော ဥဒကော။

ဘော၊အိုအချင်းတို့၊အာဋ္ဌာရရော၊အာဋ္ဌာရရသေ့သည် မဟာဇာနိယော ဝတ၊ အရှုံးကြီးရှုံးပြီဟော့လို့၊ မရှုံးဘူးလား၊ ရှုံးသလား(ရှုံးပါတယ်ဘုရား)ဘာနဲ့ဘာ မကွဲလို့တုံး (ခေတ်ကြီးလေးပါးနဲ့ငါနဲ့မကွဲလို့ပါဘုရား) တနည်း၊ သက္ကာယနဲ့ ဒိဋ္ဌိမကွဲလို့၊ ဘာနဲ့ဘာမကွဲတာတုံး (သက္ကာယနဲ့ဒိဋ္ဌိမကွဲလို့ပါဘုရား) ခေတ်ကြီးလေးပါးနဲ့ငါနဲ့မကွဲရင် မရှုံးဘူးလား၊ ရှုံးသလား(ရှုံးပါတယ်ဘုရား)ဘယ်အချိန်မှာကွဲရမှာတုံး(ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)ခင်ဗျားတို့မရှူဘဲ မနေပါဘူး၊ နေရဲ့လား(မနေပါဘုရား)ရှူပြီးဘာလုပ်တုံး (ရှိုက်ပါတယ်ဘုရား) ရှိုက်ပြီးဘာလုပ်တုံး(ရှူပါတယ်ဘုရား)အဲဒီအချိန်မှာကွဲရမှာ။ ကွဲရမဲ့အချိန်၊ ရှူရမဲ့ဌာန၊ ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) ဒါကြောင့် ခင်ဗျားတို့ ပစ်စလက်ခတ်မရှူပါနဲ့၊ ပစ်စလက်ခတ်မရှိုက်ပါနဲ့၊ မိမိ ကို လဲ မိမိ ဆုံးဖြတ်ပါ။

အော် ရုပ်နဲ့နာမ်နဲ့မကွဲရင်၊ ခေတ်ကြီးလေးပါးနဲ့ ငါနဲ့မကွဲရင်၊ အပယ်လေးပါးမှ လွတ်ပါမလား (မလွတ်ပါဘုရား) ကိုယ့်အကျိုးစီးပွားကို ခင်ဗျားတို့က

တကယ် အစစ်လိုချင်ရင် ဘာ နဲ့ ဘာ ကွဲရမှာတုံး (ခေါတ်ကြီးလေးပါးနဲ့ ငါနဲ့ပါ ဘုရား) အော် ခေါတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲဘို့အရေးကြီးနေပါပကောလို့၊ ပြော ဆိုထိုက်၊ မပြောဆိုထိုက်(ပြောဆိုထိုက်ပါတယ်ဘုရား)ကိုယ့်အကျိုးစီးပွားအစစ် က အပယ်လေးပါးကလွှတ်ဘို့ရာ ကိုယ့်အကျိုးစီးပွားအစစ်ဘဲ၊ ခင်ဗျားတို့ပညတ် အာရုံတွေ အာရုံပြုနေလို့ ရှိရင် အပယ်လေးပါးက လွှတ်ပါ့မလား (မလွှတ်ပါ ဘုရား)လင်းကဘည်းက ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုစဉ်းစားကြည့်ပါ၊ပရမတ်အာရုံ ပြုတဲ့အချိန်နဲ့ပညတ်အာရုံပြုတဲ့အချိန် ဘယ်အချိန်တွေကများသလဲ(ပညတ်အာရုံ ပြုတဲ့အချိန်တွေက များပါတယ်ဘုရား) ပညတ်အာရုံပြုတဲ့အချိန်ဆိုရင် သက္ကာယ ဒိဋ္ဌိပြုတ်ပါ့မလား(မပြုတ်ပါဘုရား)အော် အပယ်သွားတဲ့အချိန်နဲ့ အပယ်မသွား တဲ့အချိန် ဘယ်အချိန်တွေကများပါလိမ့် (အပယ်သွားတဲ့အချိန်က များပါတယ် ဘုရား) ကြောက်စရာကောင်းလိုက်တာ၊ မကောင်းဘူးလား၊ ကောင်းသလား (ကြောက်စရာကောင်းပါတယ်ဘုရား)

ဒီကနေ့ တကာတကာမတွေ သတိသမာဓိနဲ့ ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း မှာ လူနဲ့ငါနဲ့ကွဲပြီး ရှုပါ၊ မရှုဘူးလား ရှုသလား(ရှုပါတယ်ဘုရား) ရှုရင်ရှုပါ၊ အပယ်မီးလဲ ငြိမ်းပါစေ၊ ရှုလဲရှုပါ၊ ရှိုက်လဲရှိုက်ပါ၊ အပယ်မီးလဲ ငြိမ်းပါစေ၊ အပယ်မီး ငြိမ်းပြီးတော့ ရှုပါတော့၊ အပယ်မီးငြိမ်းပြီးတော့ ရှိုက်ပါတော့လို့ မပြောထိုက်ဘူးလား ပြောထိုက်သလား (ပြောထိုက်ပါတယ်ဘုရား) ခင်ဗျားတို့ အပယ်မီးမငြိမ်းဘဲနဲ့ ရှုခဲ့ပေါင်းဘဝတွေ မများဘူးလားများသလား (များပါ တယ်ဘုရား) အပယ်မီးမငြိမ်းဘဲနဲ့ရှိုက်ခဲ့တဲ့ဘဝတွေ မများဘူးလားများသလား (များပါတယ်ဘုရား)ဟိုအရင်ဘဝတွေထားခဲ့၊ ဒီဘဝတွင်များလိုက်တာ၊ အချိန် တိုင်းအချိန်တိုင်း မများဘူးလား များသလား (များပါတယ်ဘုရား) အပယ်မီး မငြိမ်းဘဲနဲ့ရှုတာရှိုက်တာလား၊ ငြိမ်းပြီးမှရှုတာရှိုက်တာလား(မငြိမ်းဘဲနဲ့ရှုတာ ရှိုက်တာပါဘုရား)

ယခုတော့ သာသနာတော်နဲ့လဲ တွေ့ပါတယ်၊ ခင်ဗျားတို့ သာသနာတော်ရဲ့ ကောင်းခြင်းနဲ့လဲမတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ဘာသာရဲ့ ကောင်းခြင်းနဲ့လဲ ကြုံကြိုက်နေတယ်၊ ဘဝရဲ့ကောင်းခြင်းနဲ့လဲ ကြုံကြိုက်နေတယ်၊ ခေတ်အားဖြင့်လဲ မကောင်းဘူးလား ကောင်းသလား(ကောင်းပါတယ်ဘုရား) ဝိမုတ္တိယုဂခေတ်နဲ့ ကြုံကြိုက်နေတဲ့ကာလမှာ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း မှာ သက္ကာယဒိဋ္ဌိ မကွဲရင်ဖြင့် ခင်ဗျားတို့ ကိုယ်ကျိုးနဲ့ပေါ့လို့ ပြောထိုက် မပြော ထိုက်(ပြောထိုက်ပါတယ်ဘုရား)

အပယ်ကမလွှတ်ရင်၊ ကိုယ်ကျိုးနဲ့တာဘဲ၊ သက္ကာယဒိဋ္ဌိပြုတ်ဘို့ အရေးကြီး ပါတယ်၊ ဘာ ပြုတ် ဘို့ အရေးသလဲ (သက္ကာယဒိဋ္ဌိပြုတ်ဘို့ အရေးကြီးပါတယ် ဘုရား) ဒါကြောင့် အပယ်လေးပါးက လွှတ်ဘို့အရေးကြီးပါတယ် ဘာလွှတ်ဘို့

အရေးကြီးနေတာလဲ (အပယ်လေးပါးကပါဘုရား) အပယ်လေးပါးက လွတ်တယ်ဆိုတာ၊အပြောနဲ့လွတ်တာလား၊ လုပ်ငန်းနဲ့လွတ်တာလား(လုပ်ငန်းနဲ့လွတ်တာပါဘုရား)လုပ်ငန်းမပါဘဲနဲ့၊ ပဋိပတ္တိ၊ ကျင့်စဉ်မပါဘဲနဲ့၊ အပယ်လေးပါးက လွတ်ပါမလား (မလွတ်ပါဘုရား) မလွတ်ပါဘူး၊ ဒါကြောင့် အပယ်လေးပါး လွတ်ချင်ရင်၊ ဘာနဲ့ဘာကွဲရမှာတုံး(ဓာတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲရမှာပါဘုရား) ပြီးတော့ဘာတုံး(ရုပ်နဲ့ငါနဲ့ပါဘုရား)တနည်း၊ သက္ကာယနဲ့ဒိဋ္ဌိပါဘုရား)

ဘယ်အချိန်မှာကွဲရမှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်ဘိုင်းရှိုက်ဘိုင်းမှာပါဘုရား၊ အဲဒီတော့ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဓါတ်ကြီးလေးပါး ရှိတာလား ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေရှိတာလား (ဓါတ်ကြီးလေးပါးရှိတာပါဘုရား) ငြင်းလို့ရသေးရဲ့လား ( မရပါဘုရား ) အပြင်လေထုတ်တဲ့အခါ ပူမှုသဘောလား၊ အေးမှုသဘောလား ( ပူမှုသဘောပါဘုရား ) အဲ ဒါ ဘာ တုံး (တေဇောရုပ်) ဘာတေဇောတုံး (ဥဏှတေဇောရုပ်ပါဘုရား) အတွင်းလေသွင်းတဲ့အခါ အေးမှုသဘောလား၊ ပူ မှု သ ဘော လား (အေးမှုသဘောပါဘုရား) အေးမှုသဘောကဘာတုံး ( တေဇောရုပ်ပါဘုရား ) ဘာ တေ ဇော တုံး (သီတတေဇောပါဘုရား) သီတတေဇောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) လူလား ရုပ်လား (ရုပ်ပါဘုရား) နောက်တချက်၊ ခင်ဗျားတို့ အသံမထွက်ဘူးလား၊ ထွက်သလား (ထွက်ပါတယ်ဘုရား) ဒီအသံထွက်တာဘယ်သူကြောင့်ထွက်တာတုံး (ပထဝီကြောင့်ပါဘုရား) ပထဝီဟာ လူလား ရုပ်လား (ရုပ်ပါဘုရား) အဲဒီ ပထဝီရယ်၊ တေဇောရယ်၊ ဝါယောရယ် ပေါင်းပေးတာ လူကပေါင်းပေးတာလား၊အာပေါကဖွဲ့စည်းပေးတာလား (အာပေါကဖွဲ့စည်းပေးတာပါဘုရား) ပထဝီ၊ တေဇော ဝါယော၊ အာပေါ ဓါတ်ကြီးလေးပါး မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)

ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုဖြစ်တာပါဘုရား) ဒါကြောင့်-ရှုတဲ့အခါမှာ (အခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး-အခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး-အခုမှဖြစ်တဲ့ ဓါတ်ကြီးလေးပါး) အဲဒီလိုရှုရင်ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ရူပကရုပ်၊ ပရိစ္ဆေဒက-ပိုင်းခြားတာ၊ ရုပ်တွေလို့ မပိုင်းခြားဘူးလား၊ ပိုင်းခြားသလား (ပိုင်းခြားပါတယ်ဘုရား) ဒါက-ဝါယော၊ ဒါက-တေဇော၊ ဒါက-အာပေါ၊ ဒါက-ပထဝီဆိုပြီးတော့ လူကပိုင်းခြားတာလား၊ ဉာဏ် က ပိုင်း ခြား တာ လား (ဉာဏ်ကပိုင်းခြားတာပါဘုရား) ဉာဏ်ကပိုင်းခြားလေသည် ဖြစ်သောကြောင့်

ဘာဉာဏ်ပါလိမ့် ( ရူပပရိစ္ဆေဒဉာဏ်ပါဘုရား ) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် ဘာပရိညာ (ဉာတပရိညာပါဘုရား)။

တကာတကာမတွေ ဒီအတိုင်းရှုနေတဲ့အခါမှာ၊ ရှုတဲ့အခါမှာ(ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး၊ ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး)၊ ရှုက်တဲ့အခါကော (ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး၊ ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး) ရှုတတ်ပြီလား (ရှုတတ်ပါပြီဘုရား) အဲဒါဘာဉာဏ်တုံး (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) အော်-ဒီလိုရှုခိုက်မှာ သက္ကာယဒိဋ္ဌိ မကွာဘူးလား၊ ကွာသလား ( ကွာပါတယ်ဘုရား ) သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား၊ ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လုပ်တတ်ပြီလား(လုပ်တတ်ပါပြီဘုရား)။ သက္ကာယဒိဋ္ဌိ ဘာ ကြောင့် ဖြစ် သ လဲ ဆို တော့ သက္ကာယဒိဋ္ဌိရဲ့ လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရားမသိလို့၊ အသိမခက်ဘူးလား ခက်သလား (ခက်ပါတယ်ဘုရား) အသိကခက်တယ်၊ အကျင့်ကမခက်ဘူး၊ အကျင့်ကမခက်၊ အသိကခက်၏၊ လယ်ထွန်မခက် လယ်တည်ခက်၏။ ရှေးကဆရာကြီးတွေ မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား)။

ယခု သက္ကာယဒိဋ္ဌိ လွတ်မြောက်ရာလွတ်မြောက်ကြောင်းခင်ဗျားတို့မဆင်ခြင်တတ်ဘူးလား၊ ဆင်ခြင်တတ်သလား (ဆင်ခြင်တတ်ပါပြီဘုရား) ဘယ်အချိန်မှာ ဆင်ခြင်ရမှာတုံး (ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ ဆင်ခြင်ရမှာပါဘုရား) အော်-ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ ဘာနဲ့ဘာကွဲရမှာတုံး (ဓါတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲရမှာပါဘုရား) ဓါတ်ကြီးလေးပါးနဲ့ငါနဲ့ကွဲသွားရင် သက္ကာယဒိဋ္ဌိပြုတ်သွားတာဘဲ။ ငါဖြစ်တာလား၊ ဓါတ်ကြီးလေးပါးဖြစ်တာလား (ဓါတ်ကြီးလေးပါးဖြစ်တာပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ဖြစ်တာလား၊ ဓါတ်ကြီးလေးပါးဖြစ်တာလား (ဓါတ်ကြီးလေးပါး ဖြစ်တာပါဘုရား) ရှုတဲ့အခါမှာ (ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး၊ ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး) ရှုက်တဲ့အခါမှာလဲ (ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး၊ ခုမှဖြစ်တဲ့ဓါတ်ကြီးလေးပါး) လို့ ရှုခိုက်မှာ လောဘဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) ဒေါသဖြစ်ခွင့် ရသေးရဲ့လား (မရပါဘုရား) မောဟဖြစ်ခွင့်ရသေးရဲ့လား ( မရပါဘုရား ) လောဘလဲ ငြိမ်းတယ်၊ ဒေါသလဲငြိမ်းတယ်၊ မောဟလဲငြိမ်းတယ်၊ရှုကွက်မှန်လို့လား၊မှားလို့လား (ရှုကွက်မှန်လို့ပါဘုရား) ရှုကွက်မှန်နေလို့။ အမှန်ကိုကြည့်နေလို့၊

လောဘ၊ဒေါသ၊ မောဟငြိမ်းတယ်ဆိုတာ ဘာကြောင့်ငြိမ်းရတာလဲဆိုတော့ သက္ကာယဒိဋ္ဌိပြုတ်လို့၊ ဘာကြောင့်ငြိမ်းသွားတာတုံး (သက္ကာယဒိဋ္ဌိပြုတ်သွားလို့ပါဘုရား) သက္ကာယဒိဋ္ဌိမပြုတ်ရင် ခင်ဗျားတို့ပညတ်အာရုံပြုတော့မှာ၊ ပညတ်ကိုအာရုံပြုရင် လောဘ ဒေါသ မောဟ ငြိမ်းရဲ့လား (မငြိမ်းပါဘုရား) ဘာပြုလို့

ာလောဘ ဒေါသ မောဟမငြိမ်းသလဲဆိုတော့ သက္ကာယဒိဋ္ဌိကြောင့်၊ ဘာကြောင့် ဘုံး ( သက္ကာယဒိဋ္ဌိကြောင့်ပါဘုရား ) သက္ကာယဒိဋ္ဌိ ဖြစ်လိုက်တာနဲ့ တပြိုင်ထဲ ာလောဘဖြစ်ခွင့်ရသွားတယ်၊ ဒေါသဖြစ်ခွင့်ရသွားတယ်၊ မောဟဖြစ်ခွင့် ရသွား တယ်။

သက္ကာယဒိဋ္ဌိပေါ်မှာ ဒိဋ္ဌိကွာလိုက်တာနဲ့တပြိုင်ထဲ ခုမှဖြစ်တဲ့ ဓါတ်ကြီးလေး ပါးလို့ရှုခိုက်မှာ သက္ကာယဒိဋ္ဌိပေါ်မှာ ဒိဋ္ဌိမကွာဘူးလား ကွာသလား (ကွာပါ တယ်ဘုရား) ဟော့-ထင်ရှားရှိတဲ့ဓါတ်ကြီးလေးပါးသက္ကာယ၊ ရှုတယ်ရှိုက်တယ် ငါသူတပါး ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ထင်တာကဘာတုံး (ဒိဋ္ဌိပါ ဘုရား) သက္ကာယပေါ်မှာဒိဋ္ဌိမကွာဘူးလား၊ကွာသလား (ကွာပါတယ်ဘုရား) သက္ကာယပေါ်မှာ ဒိဋ္ဌိကွာလိုက်တာနဲ့တပြိုင်ထဲ လောဘတွေ ဒေါသတွေ မောဟ တွေ၊ ဣဿာတွေ၊ မစ္ဆရိယတွေ မငြိမ်းဘူးလား၊ ငြိမ်းသွားသလား (ငြိမ်းသွား ပါတယ်ဘုရား) အမှန်မြင်လို့လား၊ အမှားမြင်လို့လား ( အမှန် မြင် လို့ ပါ ဘုရား) အရှိတရားမြင်တာလား၊ မရှိတရားမြင်တာလား (အရှိတရားမြင်တာပါ ဘုရား) အရှိတရားက မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါ ဘုရား) မိမိခန္ဓာဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား) နှာ သီး ဖျား မှာ ဘယ်အချိန်မှာရှိတာပါလိမ့် ( ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား )။ ရှိနေတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာလဲ လို့ဆိုတော့၊ အော်-ခုမှဖြစ်တဲ့ ဓါတ်ကြီးလေးပါး၊ အဲဒီလိုရှုခိုက်မှာ သက္ကာယ ဒိဋ္ဌိလဲကွာပါတယ်၊ လောဘ ဒေါသ မောဟလဲငြိမ်းပါတယ်။

တို့တကာတကာမတွေ အကျိုးမများဘူးလား၊ များသလား (များပါတယ် ဘုရား) များပါတယ်၊ ဒါကြောင့်-

**အာနာပါနဿတိဘိက္ခဝေ ဘာဝိတာဗဟုလိကတာမဟပ္ဖလာဟောတိ၊ မဟာနိသံသာ။**

ဘိက္ခဝေ၊ ချစ်သားတို့၊ အာနာပါနဿတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို၊ ဘာကမ္မဋ္ဌာန်းပွားလို့တုံး (အာနာပါနဿတိကမ္မဋ္ဌာန်းပါဘုရား) အာနာပါန ဿတိကမ္မဋ္ဌာန်းက ဘုန်းကြီးရဲ့ ကမ္မဋ္ဌာန်းလား၊ မြတ်စွာဘုရားရဲ့ ကမ္မဋ္ဌာန်းလား (မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းပါဘုရား) မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်း အားထုတ်တာ လား၊ ဘုန်းကြီးရဲ့ကမ္မဋ္ဌာန်းအားထုတ်တာလား (မြတ် စွာ ဘု ရား ရဲ့ က မ္မ ဋ္ဌာန်း အားထုတ်တာပါဘုရား) တကာတကာမတွေ ဝိပဿနာရှုကွက်ထဲမှာ ရှေ့ကဆရာ ကန့်လန့်ကန့်လန့်မပါစေနဲ့၊ ပုဂ္ဂိုလ် သတ္တဝါတွေပါနေရင် ဒီရှုကွက်မှန်ပါ့မလား (မမှန်ပါဘုရား) မမှန်ဘူး။

အပြင်မှာတော့ ကိုယ့်ဆရာသမားတွေအနေနဲ့ မကြည်ညိုသင့်ဘူး လား၊ ကြည်ညိုသင့်သလား (ကြည်ညိုသင့်ပါတယ်ဘုရား) ကြည်ညိုသင့်ပါတယ်၊ သမုတိနယ်မှာတော့၊ ပရမတ်နယ်မှာတော့ တပည့်ရော ဆရာရောမလာခဲ့နဲ့၊ဆရာတွေ တပည့်တွေဆိုတာရှိရဲ့လား (မရှိပါဘုရား) ပရမတ်နယ်မှာမရှိဘူး၊ သမုတိနယ်မှာတော့ (ရှိပါတယ်ဘုရား) ရှိပါတယ်၊ ဒီလိုလဲခွဲခြားပြီး မှတ်ချက်ချ။

ယခုဝိပဿနာရှုကွက်ထဲမှာဖြင့်ပုဂ္ဂိုလ်တွေသတ္တဝါတွေ ရှောကကန့်လန့်ကန့်လန့်နဲ့မလာနဲ့၊ ရှိတဲ့သဘောတရားကိုသာအာရုံပြုပါ။ ရှိတာကဘယ်သဘောရှိတာတုံး (ဓါတ်ကြီးလေးပါးပါဘုရား) ဓါတ်ကြီးလေးပါးကနေပြီးတော့ ဒိပြင်သဘောမြင်သေးရဲ့လား (မမြင်ပါဘုရား) မမြင်ဘူး။ ရှုတဲ့အခါ ဓါတ်ကြီးလေးပါး၊ ရှုကြတဲ့အခါကော (ဓါတ်ကြီးလေးပါးပါဘုရား)ဒါဘဲတွေ့မှာဘဲ၊ ရှိတဲ့တရားတွေ့မှာလား၊ မရှိတဲ့တရားတွေ့မှာလား (ရှိတဲ့တရားတွေ့မှာပါဘုရား)။ ကမ္မဋ္ဌာန်းထိုင်တဲ့အခါ ရှိတဲ့တရားမြင်မှာလား၊ မရှိတဲ့တရားမြင်မှာလား (ရှိတဲ့တရားမြင်မှာပါဘုရား) ခင်ဗျားတို့က ကမ္မဋ္ဌာန်းထိုင်တဲ့အခါ ဘာတွေမြင်ရတာနဲ့၊ ညာတွေမြင်ရတာနဲ့ မပြောဘူးလား၊ပြောသလား (ပြောပါတယ်ဘုရား) ရှိတာမြင်တာလား၊ မရှိတာမြင်တာလား (မရှိတာမြင်တာပါဘုရား)။ အဲဒါမှန်ပါ့မလား (မမှန်ပါဘုရား)။

တကာတကာမတွေ ရဲရဲတင်းတင်းဆုံးဖြတ်ချက်ချပါ၊ ပရမတ်အာရုံကလွဲရင် ဒိပြင်အာရုံရှိသေးရဲ့လား (မရှိပါဘုရား) ဒီအချိန်မှာ ဘယ်အာရုံတုံး (ဓါတ်ကြီးလေးပါးပါဘုရား) ရုပ်အာရုံနော်၊ လူအာရုံလား ရုပ်အာရုံလား (ရုပ်အာရုံပါဘုရား) သတ္တဝါအာရုံလား၊ ရုပ်အာရုံလား (ရုပ်အာရုံပါဘုရား) ရုပ်အာရုံတွေနေတာလား၊ လူတွေ သတ္တဝါတွေအာရုံတွေနေတာလား (ရုပ်အာရုံတွေနေတာပါဘုရား) ရုပ်အာရုံကို မျက်လုံးနဲ့မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ် နဲ့ မြင် ရ မှာ ပါ ဘုရား) ဉာဏ် နဲ့ ထင် ရှား နေ တယ်၊ ဒီသဘောကလွဲပြီး ခင်ဗျားဘို့ ဒိပြင်သဘော မြင်နိုင်ပါဦးမလား (မမြင်နိုင်ပါဘုရား) မရှိတဲ့တရားမြင်ပါ့မလား (မမြင်ပါဘုရား) ရှိတဲ့တရားဘဲတွေ့တယ်။

ရှိတဲ့တရားကဘာတုံး (ဓါတ်ကြီးလေးပါးပါဘုရား) ဒီနေရာ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ဓါတ်ကြီးလေးပါးတို့တွင် ဘယ်တရားက ထင်ရှားတုံး (ဝါယောကထင်ရှားပါတယ်ဘုရား) ဝါယော က ထင် ရှား တယ်၊ ပထဝီကော ထင်ရှားသလား (မထင်ရှားပါဘုရား) တေဇောကော ထင်ရှားသလား (မထင်ရှားပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား) အာပေါကော ထင်ရှားရဲ့လား၊ (မထင်ရှားပါဘုရား) ထင်ရှားတာက ဝါယော။ အဲဒီတော့ ထင်ရှားတာ ရှုမှာလား၊မထင်ရှားတာရှုမှာလား(ထင်ရှားတာရှုမှာပါဘုရား) ဒါကြောင့် ထင်ရှားတာကိုရှုပါတော့-

ရှုတဲ့အခါ (ခုမှဖြစ်တဲ့လေ ခုမှဖြစ်တဲ့လေ ခုမှဖြစ်တဲ့လေ) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့လေ ခုမှဖြစ်တဲ့လေ ခုမှဖြစ်တဲ့လေ) တနည်း ရှုတဲ့အခါ (ခုမှဖြစ်တဲ့ရုပ် ခုမှဖြစ်တဲ့ရုပ် ခုမှဖြစ်တဲ့ရုပ်) ရှိုက်တဲ့အခါ (ခုမှဖြစ်တဲ့ရုပ် ခုမှဖြစ်တဲ့ရုပ် ခုမှဖြစ်တဲ့ရုပ်) အဲဒီလို ရှုလိုက်တာနဲ့တပြိုင်နက် ဝါယော၊ ရှုလိုက်တာနဲ့တပြိုင်တည်း ပထဝီလဲရှုပြီးသားဖြစ်ပါတယ်။ တေဇောကော(ရှုပြီးသားဖြစ်ပါတယ်)အာပေါကော ရှုပြီးသားလဲဖြစ်ပါတယ်၊ နေ့ဘ်–ဘာကိုရှုလိုက်တာနဲ့ပြီးတာလဲ (လေကိုရှုလိုက်တာနဲ့ပြီးတာပါဘုရား) ဝါယောကိုရှုလိုက်ရင် ကျန်တဲ့ဓါတ်သုံးပါးလဲပါတယ်၊ မပါဘူးလား ပါသလား (ပါပါတယ်ဘုရား)၊ တပါးကိုစွဲပြီးတော့ သုံးပါးဖြစ်တယ်၊ သုံးပါးကိုစွဲပြီးတော့ တပါးဖြစ်တယ်၊ နှစ်ပါးကိုစွဲပြီးတော့နှစ်ပါးဖြစ်တယ်လို့ ပဌာန်းပါဠိတော်မှာ ဒီအတိုင်း မဆိုဘူးလား၊ ဆိုထားသလား (ဆိုထားပါတယ်ဘုရား) ပဌာန်းပါဠိတော်ကြီးမှာ မဟာသုတ်လေးပါးဟာ တပါးကိုစွဲပြီးတော့ သုံးပါးဖြစ်တယ်၊ သုံးပါးကိုစွဲပြီးတော့ တပါးဖြစ်တယ်၊ နှစ်ပါးကိုစွဲပြီးတော့ နှစ်ပါးဖြစ်တယ်။ အဲဒီလို ခင်ဗျားတို့ပဌာန်းဒေသနာတော်ကြီးက ဆိုထားလေပြီဖြစ်သောကြောင့် ဒီနေရာမှာထင်ရှားတာကဝါယော၊ဘယ်သူထင်ရှားတာတုံး (ဝါယောထင်ရှားတာပါဘုရား) ဝါယော ဆိုတာ ဘာ တုံး (လေပါဘုရား)။

လေကိုရှုလိုက်ခြင်းအားဖြင့် ကျန်တဲ့ဓါတ်သုံးပါးကော ရှုပြီးသား မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဥပမာလဲ ဘုန်းကြီးတို့ တကာတကာမတွေပြောခဲ့ပါတယ်၊ခင်ဗျားတို့ရေမတောင်းဘူးလား၊ တောင်းသလား (တောင်းပါတယ်ဘုရား) တောင်းတော့ဘာတုံး (ရေပါဘုရား) ခွက်မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) တောင်းတာကရေ၊ ပါတော့ဘာပါလာတုံး (ခွက်ပါဘုရား) ခွက်ပါလာတယ်၊ ခုလဲ ဘုန်းကြီးတို့ တ ကာ တ ကာ မ တွေ ရှုတာက ဝါယောရုပ်၊ ဝါယောရှုလိုက်တာနဲ့တပြိုင်ထဲ ပထဝီ အာပေါ တေဇောရုပ်တွေကော ရှုပြီးသားမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ရှုပြီး သားဖြစ်ပါတယ်။

ဒါကြောင့် ဒီနေရာမှာ ထင်ရှားရှိတဲ့လေကိုရှုပါတော့၊ ထင်ရှားတဲ့ ဘာကိုရှုရမှာတုံး (လေကိုပါဘုရား) လေဆိုတာ လူလား၊ ရုပ်လား (ရုပ်ပါဘုရား) ဘယ်အချိန်မှာ ခင်ဗျားတို့ထင်ရှားတာပါလိမ့် ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တဲ့လေသဘောပါဘုရား) ဒါကြောင့်ရှုတဲ့အခါ (ခုမှဖြစ်တဲ့လေ–ခုမှဖြစ်

တဲ့လေ) ရိုက်တဲ့အခါကော ( ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိလဲ (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် ဘာပရိညာလဲ (ဉာတပရိညာပါဘုရား) ဉာတပရိညာစခန်းကို မဆိုက်ဘူးလား၊ ဆိုက်သလား (ဆိုက်ပါတယ်ဘုရား)။

အဲဒီ ဝါယောလေဓါတ်ကို တကာတကာမတွေ့ ရှုနေခိုက်မှာ လော ဘ တွေ၊ ဒေါသတွေ မောဟတွေ ဖြစ် ခွင့် မ ရ တော့ ဘူး၊ သက္ကာယဒိဋ္ဌိလဲ ပြုတ်ပါတယ်၊ သက္ကာယဒိဋ္ဌိပြုတ်လေပြီဖြစ်သောကြောင့် အပါယ်လေးပါးက လွတ်ပါတယ်လို့ ဆုံးဖြတ်ချက်ချပါတော့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
။ ။ ဓမ္မံပူဇေမိ
။ ။ သံဃံပူဇေမိ

အပါယ်တံခါးပိတ်သွားရင် ဒုက္ခဆက်ခက်မကကျူးပါတယ်။

သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၁) ရက် ဟောကြားသော တရား။

## အာနာပါနသတိကမ္မဋ္ဌာန်း အမှတ် ( ၉ )

သမာဓိထူထောင်ကြပါစို့၊ မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းဆိုတာ ကျော်တက်လို့ မရပါဘူး။ လုပ်ငန်းစဉ်မှာဖြင့် ဒါကြောင့် သတိနဲ့ သမာဓိဈေးဦးစွာ ထူထောင်လိုက်ပါ။ အောက်ပိုင်းဖြစ်တဲ့ကိုယ်ကိုထက်ဝယ်ဖွဲ့ခွေပြီး အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုဖြောင့်ဖြောင့်ထားလိုက်ပါ။ နှာသီးဖျားမှာသတိထားလိုက်ပါ။

နှာသီးဖျားမှာသတိထားလိုက်တော့၊ အပြင်လေထုတ်တာတွေ့မယ်၊ အတွင်းလေသွင်းတာတွေ့မယ်၊အပြင်လေထုတ်တာကိုဘာလို့ခေါ်တုံး(ရှူတာပါဘုရား) အတွင်းလေသွင်းတာကို(ရှိုက်တယ်လို့ခေါ်ပါတယ်ဘုရား)အဲဒီရှူတာ၊ ရှိုက်တာကို မိအောင်ဖမ်းပါ။

တနည်း၊ ရှူတာက(အာန) ရှိုက်တာက(ပါန) အောင့်မေ့တာက (သတိ) ပေါင်းလိုက်တော့ အာနာပါနသတိကမ္မဋ္ဌာန်း၊ အာနာပါနသတိကမ္မဋ္ဌာန်းက ဘုန်းကြီးရဲ့ ကမ္မဋ္ဌာန်းလား၊ မြတ်စွာဘုရားရဲ့ ကမ္မဋ္ဌာန်းလား (မြတ်စွာဘုရားရဲ့ ကမ္မဋ္ဌာန်းပါဘုရား)

မြတ်စွာဘုရားပေးတဲ့ကမ္မဋ္ဌာန်းကို နေ့တိုင်း အားထုတ်နေတယ်၊ နာလဲနာရတယ်။ တနာရီအတွင်းမှာဖြင့် မိမိခန္ဓာကိုယ်ကို မြတ်စွာဘုရားကို လှူဒါန်းပြီးပြစ်မှားမိတဲ့အပြစ်တွေကို ကန်တော့ပြီး မိမိအပေါ်မှာ ပြစ်မှားထားတဲ့ ပုဂ္ဂိုလ်တွေကို ကျေကျေနပ်နပ်ခွင့်ပြုပြီး ဘုရားပေးတော်မူတဲ့ အာနာပါနသတိကမ္မဋ္ဌာန်းကို အခြေခံပြီးတော့ ရုပ်ဓမ္မ၊နာမ်ဓမ္မတွေပေါ်အောင် နှလုံးသွင်းနေတဲ့အချိန်၊ အားထုတ်နေတဲ့အချိန်လို့ ဆုံးဖြတ်ချက်ချပါ။

ဒါကြောင့် ရှူတယ်ရှိုက်တယ်လို့သိရမယ်။ ဒါပဌမနည်း၊ဒုတိယနည်းကျတော့ ရှူစက ရှူဆုံးအထိ ဘယ် လို မှတ် သ လဲ(ရှူတယ် ရှူတယ်လို့ မှတ်ပါတယ်ဘုရား) ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ် ရှိုက်တယ်လို့ မှတ်ပါ။ ခင်ဗျားတို့ အဲဒါကို အားထုတ်ပါ။

ဒီအတိုင်းဘဲ အားထုတ်ရမှာဘဲ၊ ကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ ဒီအတိုင်း နှလုံးသွင်းရတယ်၊ ဒီတိုင်းစနစ်တကျရှူရတယ်။ ရှူစကရှူဆုံးအထိ ရှူတယ်ရှူတယ်လို့သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ သိပါစေ၊ ဒါကနံပါတ်(၂)

နံပါတ်(၃)ကတော့ တကာတကာမတွေ ရှူခြင်းအမှုမပြုဘူးလား၊ပြုသလား (ပြုပါတယ် ဘုရား) ရှူခြင်း အမှု ပြု ပြီး တော့ ဘာ တုံး (ရှိုက်ခြင်းအမှုပြုပါတယ်

ဘုရား) နေ့တိုင်းနေ့တိုင်း ဒါဟာမူလကမ္မဋ္ဌာန်းဘဲ။ နေ့တိုင်းနေ့တိုင်း အားထုတ်နေကြဖြစ်ပါတယ်။

ရှူခြင်းအမှုပြုပြီးတော့ ရှိုက်ခြင်းအမှုပြုပြန်တယ်၊ ရှိုက်ခြင်းအမှု ပြုပြီးတော့ ရှူခြင်းအမှုပြုပြန်တယ်၊ မြတ်စွာဘုရားကလဲ ကိုယ်ပြုတာ ကိုယ်သိရမယ် တဲ့၊ ဒီလို ညွှန်ကြားထားပါတယ်။

ကိုယ်ပြုတာမှကိုယ်မသိရင် ဒီပုဂ္ဂိုလ်ဟာ သတိရှိသလား မရှိဘူးလား (မရှိပါဘုရား)သတိမရှိရင် သမာဓိဖြစ်ပါ့မလား (မဖြစ်ပါဘုရား) သမာဓိမှ မဖြစ်ရင် ယထာဘူတဉာဏ်၊ဟုတ်မှန်တဲ့ ရုပ်တရား နာမ်တရား သိနိုင်ပါ့မလား(မသိနိုင်ပါဘုရား)

ဟုတ်မှန်တဲ့ရုပ်တရားနာမ်တရားမှမသိရင် အနိစ္စ၊ဒုက္ခ၊အနတ္တ၊ ဆိုတဲ့ လက္ခဏာရေးသုံးပါး ရှုဆင်ခြင်လို့ ရပါ့မလား (မရပါဘုရား) ဒါမှ မ ရ ရင် ခင်ဗျားတို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ဘူးလို့ ဒီလိုအဓိပ္ပါယ်ထွက်လာပါတယ်။

ဒါကြောင့် အခြေခံဖြစ်တဲ့ သတိကိုမလွှတ်ပါစေနဲ့ နံပါ(၃)မှာ ရှူစကရှူဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံးအထိ ဤလိုပြုတယ်ဤလိုပြုတယ်လို့ သိပါစေ။

ယခု တနာရီအချိန်အတွင်းမှာဖြင့် မိမိရဲ့အကျိုးစီးပွားအစစ်တွေ၊ ခင်ဗျားတို့နှလုံးသွင်းနေတော့ အလွန် အမြတ်ဆုံးအချိန်လို့ ဆုံးဖြတ်ချက်ချပါ။ ဖြဟ္မဝိဟရ၊ မြတ်သောနေခြင်းလို့ ဆိုပါတယ်။

ကမ္မဋ္ဌာန်းအားထုတ်နေတဲ့အချိန်ဟာ၊ အမြတ်ဆုံးအချိန်၊ အမြတ်ဆုံးနေခြင်းလို့၊ ဘုရားတဆူတင်မကဘူး၊ ပွင့်တော်မူတဲ့ မြတ်စွာဘုရားတိုင်း ဒီလိုညွှန်ကြားပါတယ်။

ဒါကြောင့် မြတ်စွာဘုရား ညွှန်ကြားတဲ့အတိုင်း နေ ခြင်း မျိုး ဖြင့် တနာရီအတွင်းမှာနေတာအမြတ်ဆုံးနေခြင်းပါလို့၊ မြတ်စွာဘုရားရဲ့တရားကိုနှလုံးသွင်းပြီးနေရတဲ့အချိန်၊ ဒါကြောင့် မြတ်စွာဘုရားပေးတဲ့ကမ္မဋ္ဌာန်းကို မလွှတ်ပါစေနဲ့။

ရှူစကရှူဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ် ဤလိုပြုတယ်လို့ သိပါ။ ရှိုက်စကရှိုက်ဆုံးအထိ ဤလိုပြုတယ် ဤလိုပြုတယ်ဤလိုပြုတယ်လို့ သိပါ။ ဒါသမထ၊ သမာဓိ၊အာနာပါနသတိကမ္မဋ္ဌာန်း။

ကဲ-ရှေ့ဆက်ကြပါစို့၊ သတိ၊သမာဓိ၊ဒီလောက်လိုရင် ရလောက်ပါပြီ။ ဒီလိုမှ လုပ်မပေးရင် မဖြစ်ဘူး။ ခင်ဗျားတို့က အဆင်းမျိုးစုံတွေ၊ အသံမျိုးစုံတွေ၊ အနံ့မျိုးစုံတွေ၊ အရသာမျိုးစုံတွေ၊ အတွေ့မျိုးစုံတွေ၊ အကြံအစည်မျိုးစုံတွေပေါ်မှာ စိတ်တွေကပြေးနေတာကိုးဗျ။

ဒါကြောင့် စိတ်ကိုပဌမဖမ်းလိုက်ရတာ၊သတိ၊သမာဓိနဲ့ အဲဒီစိတ်ကိုဖမ်းလိုက်ရတယ်၊ စိတ်တည်ငြိမ်လာတဲ့ အခါကျတော့၊ သမာဓိရှိလာတဲ့ အခါကျတော့၊

သတိနဲ့ သမာဓိတို့ ဆိုတာက တကာတကာမတွေ အရှိတရားဖေါ်တာလား၊ မရှိတရားဖေါ်တာလား(အရှိတရားဖေါ်တာပါဘုရား)

အရှိတရားဆိုတာ မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား)မိမိခန္ဓာထဲ၊ ဒီအချိန်၊ ဒီရှူကွက်မှာ ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား)ဘယ်အချိန်မှာရှိတာတုံး( ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းအခါမှာ သတိထားလိုက်ပါ၊ နှာသီးဖျားမှာ ကိုးခတ်တိုးခတ်သွားတဲ့ သဘောမရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)သူ့ကို ဘာလို့ခေါ်တုံး(ရုပ်ပါဘုရား) တနည်း(ဝါယော) တနည်း(လေ) ဒီလိုမခေါ်ဘူးလား၊ခေါ်သလား(ခေါ်ပါတယ်ဘုရား)ခေါ်ပါတယ်။ (ဣတိရုပံ-ဣတိရုပံ) ဤလိုနှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘော၊ ဤသဘောကို ဘာလို့ပြောလိုက်တုံး(ရုပ်ပါဘုရား)ဒါကြောင့် ဣတိရုပံ။

ဣတိ၊ဤနှာသီးဖျားမှာ၊ တိုးခတ်သွားတဲ့ လေသဘောဟာ၊ ရုပံ ရုပ်၊ ဤနှာသီးဖျားမှာ၊ တိုးခတ်သွားတဲ့လေသဘောဟာ၊ လူလား ရုပ်လား (ရုပ်ပါဘုရား) ဘာရုပ်ပါလိမ့်(ဝါယောရုပ်ပါဘုရား)ရုပ်လို့သာပြောရတာ၊ ဤနှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောကိုပြောတာ၊ ဘယ်သဘောကိုပြောတာတုံး (ဤလို တိုးခတ်သွားတဲ့လေသဘောပါဘုရား)ဤလေသဘောကို ဘာလို့ခေါ်လိုက်တုံး (ရုပ်ပါဘုရား)ရုပ်ဆိုတာက အမှန်အားဖြင့်ပညတ်ဘဲ၊ ဘာပညတ်တုံး (ဝိဇ္ဇမာန ပညတ်ပါဘုရား)

ထင်ရှားရှိတဲ့သဘောက ပရမတ်၊ ထင်ရှားရှိတဲ့သဘောက ဘယ်သဘောတုံး (ဤလိုတိုးခတ်သွားတဲ့သဘောပါဘုရား)သူ့ကို ဘာလို့ခေါ်တုံး(လေလို့ခေါ်ပါတယ်ဘုရား)

လေလို့ခေါ်သာခေါ်နေကြတာ လေလို့ခေါ်တာလဲပညတ်ဘဲဗျ၊ နားလည်အောင် လေလို့ပြောတာ၊ အမှန်အားဖြင့် လေလို့ဆိုတာ ဝိဇ္ဇမာန ပညတ်ဘဲ ဖြစ်တယ်။

ဒါကြောင့် ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ တိုးခတ် တွန်းကန်သွားတဲ့ လေသဘောလေးကို မိအောင်ဖမ်း၊ ရှူတဲ့အခါလူလား၊ ရုပ်လား (ရုပ်ပါဘုရား) ရှိုက်တဲ့ခါလဲရုပ်ရှိတာလား၊ လူတွေသတ္တဝါတွေရှိတာလား(ရုပ်ရှိတာပါဘုရား) ရုပ်ဆိုတာ ဘယ်သဘောပါလိမ့် (ရှူတဲ့အခါ ဤလိုးခတ်သွားတဲ့ဘော) ရှိုက်တဲ့အခါကော (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား)

ဒီရုပ်ထဲမှာ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေ ပါရဲ့လား (မပါပါဘူးဘုရား) လူတွေဆိုတာက၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေတူ အရေပါး ပုံသဏ္ဍာန်တွေမရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)

လူတွေသတ္တဝါတွေက ပုံသဏ္ဌာန်တွေနဲ့၊ ရုပ်ကပုံသဏ္ဌာန်ပါရဲ့လား (မပါပါဘုရား)ပုံသဏ္ဌာန်ရှိရဲ့လား (မရှိပါဘုရား)မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ပုံသဏ္ဌာန်ရှိတဲ့ ရုပ်ကို ရှုခိုင်းတာလား၊ ပုံသဏ္ဌာန်မရှိတဲ့ ရုပ်ကို ရှုခိုင်းတာလား (ပုံသဏ္ဌာန်မရှိတဲ့ရုပ်ကိုရှုခိုင်းတာပါဘုရား)

တကယ်ရှိတဲ့ ရုပ်က ပုံသဏ္ဌာန်ရှိတဲ့ ရုပ်လား၊ ပုံ သ ဏ္ဌာန် မ ရှိ တဲ့ ရုပ် လား (ပုံသဏ္ဌာန်မရှိတဲ့ရုပ်ပါဘုရား)ဤလိုရှုတဲ့အခါ တိုးခတ်သွားတဲ့လေသဘောဟာ ပုံသဏ္ဌာန်ပါရဲ့လား(မပါပါဘုရား)လေးဒေါင့်များ ဟုတ်ရဲ့လား(မဟုတ်ပါဘူးဘုရား)အဝိုင်းကောပါသလား (မပါပါဘူးဘုရား) အမှုန်အမွှားတွေကော ပါရဲ့လား(မပါပါဘူးဘုရား)မရှိလို့လား(ရှိပါတယ်ဘုရား)ရှိပါတယ်။ ဘယ်သဘောတုံး(ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား)

မသိမ်မွေ့ဘူးလား သိမ်မွေ့သလား(သိမ်မွေ့ပါတယ်ဘုရား) ပရမတ်ဆိုတာ ဉာဏ်နဲ့ တွေ့လေ၊ အင်မတန် ထင်ရှားလေ၊ ဉာဏ်နဲ့မတွေ့ရင် ထင်ရှားပါ့မလား (မထင်ရှားပါဘုရား)အလွန်ထင်ရှားတဲ့တရား။

သတိသမာဓိလွတ်နေလို့ ခင်ဗျားတို့ သတိလွတ်လိုက်တာနဲ့ တပြိုင်ထဲ မရှိတဲ့ ပညတ်အာရုံတွေ ပေါ်မှာ မရောက်ဘူးလား၊ ရောက်သလား (ရောက်ပါတယ်ဘုရား) ဘယ်အာရုံတွေလဲ သားသမီးအာရုံတွေ၊ ဆွေမျိုးအာရုံတွေ၊ သတ္တဝါအာရုံတွေ ယူလိုက်တော့တာဘဲ၊ အဲဒီ သတ္တဝါအာရုံယူလို့ရှိရင် သတ္တဝါဆိုတာ ဝိပဿနာရှုလို့ရရဲ့လား(မရပါဘူးဘုရား)

ကျုပ်တို့စာပေမှာ ဆိုထားတယ်၊ မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာဆိုတာ၊ ဗြဟ္မဝိဟာရတရားလေးပါး မဆိုဘူးလား ဆိုသလား(ဆိုပါတယ်ဘုရား)

သတ္တဝါပညတ်ကို အာရုံပြုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တို့က ဘာကို အာရုံပြုတာတုံး (သတ္တဝါပညတ်ကို အာရုံပြုတာပါဘုရား) အဲ ဒီ တော့ ခင်ဗျားတို့သတ္တဝါကိုမြင်လိုက်ရင် မေတ္တာပို့ရမှာ၊ သတ္တဝါလို့ထင်လိုက်ရင် ဘာလုပ်ရမှာတုံး(မေတ္တာပို့ရမှာပါဘုရား)

ပရမတ်အာရုံကျတော့ (ဝိပဿနာရှုရမှာပါဘုရား) အဲဒီတော့ မေတ္တာမပို့ဘဲနဲ့ ခင်ဗျားတို့က သတ္တဝါပညတ်တွေကို မယူဘူးလား၊ ယူသလား(ယူပါတယ်ဘုရား) အဲဒီ သတ္တဝါပညတ်ပေါ်မှာ ခင်ဗျားတို့က လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

သတ္တဝါပညတ်ကို အာရုံပြုလိုက်ရင် လောဘ ဖြစ်မယ်၊ ဒေါသ ဖြစ် မယ်၊ ပြီးတော့ ဘာဖြစ်မှာတုံး(မောဟဖြစ်မှာပါဘုရား)တခုခုတော့ဖြစ်မယ်၊မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်မှာပါဘုရား)သူ့အပေါ်မှာ မကျေနပ်မှုတွေဖြစ်လာမယ်။

ပုဂ္ဂိုလ်ကိုမြင်လို့မကျေနပ်တာကိုးဗျ၊ ပုဂ္ဂိုလ်သတ္တဝါလို့သာမမြင်ရင် ဒီဒေါသ ပေါ်သေးရဲ့လား(မပေါ်ပါဘူးဘုရား)

ရှိတဲ့တရားမြင်တာလား၊ မရှိတဲ့တရားမြင်တာလား(မရှိတဲ့တရား မြင်တာပါ ဘုရား)ရှိတဲ့တရားက ပရမတ်လားပညတ်လား(ပရမတ်ပါဘုရား) ပရမတ်ကိုမြင် ရမှာလားပညတ်ကိုမြင်ရမှာလား(ပရမတ်ကိုမြင်ရမှာပါဘုရား)

ပရမတ်ကိုမြင်ရင် လောဘ၊ဒေါသ၊မောဟဖြစ်သေးရဲ့လား(မဖြစ်ပါဘုရား) သတ္တဝါပညတ်အာရုံကို မြင်လိုက်တာနဲ့ တပြိုင်နက် ခင်ဗျားတို့ မေတ္တာပို့ရင်ပို့၊ မပို့ရင် ဘာတွေဖြစ်လာမလဲ (လောဘ၊ဒေါသ၊မောဟ၊ဖြစ်ပါတယ်ဘုရား)ဒီသုံး မျိုးဘဲရှိတယ်။

ဒါကြောင့် သတ္တဝါပညတ်ကို အာရုံပြုလိုက်ရင် ခင်ဗျားတို့ ဘာလုပ်ရမှာတုံး (မေတ္တာပို့ရမှာပါဘုရား) ပရမတ်အာရုံတွေ့ရင် ဘာလုပ်ရမှာတုံး (ဝိပဿနာရှု ရမှာပါဘုရား)ဒါခင်ဗျားတို့မှတ်ချက်ပါဘဲ။

သတ္တဝါပညတ်အာရုံကို ပြုလိုက်တာနဲ့ တပြိုင်ထဲ၊ မေတ္တာ မပို့နိုင်ဘူး ဆို ရင် ဒီပုဂ္ဂိုလ်ကိုအကြောင်းပြုပြီး ကိလေသာတွေ မပွားဘူးလားပွားသလား(ပွားပါ တယ်ဘုရား)ပွားမှာပါ။

မိမိအဇ္ဈတ္တသန္တာန်မှာ ထင်ရှားရှိတဲ့တရားကိုကော အာရုံပြုလိုက်ရင်လောဘ၊ ဒေါသ၊ မောဟ ဖြစ် ခွင့် ရ လေးရဲ့လား (မရပါဘူးဘုရား) မိမိအဇ္ဈတ္တသန္တာန် မှာ အရှိတရား တွေ့တာလား၊ မရှိတရား တွေ့တာလား (အရှိတရား တွေ့တာပါ ဘုရား)

အရှိတရားက ဘယ်သဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့ လေသဘောပါ ဘုရား) အဲဒီ လေဆိုတာ လူလား၊ ရုပ်လား (ရုပ်ပါဘုရား) သတ္တဝါအာရုံပြုရ တာလား၊ ရုပ်အာရုံပြုနေရတာလား ( ရုပ်အာရုံပြုနေတာပါဘုရား ) ဒီထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေ ပါ ရဲ့ လား (မပါပါဘုရား) တွေ့ရဲ့လား (မတွေ့ပါဘုရား) မရှိလို့ မတွေ့တာလား၊ ရှိရဲ့သားနဲ့ မတွေ့တာလား (မရှိလို့ မတွေ့တာပါဘုရား)ဒီရုပ်တရားကလွဲရင် ဒိပြင်တရားတွေ့နိုင်သေးရဲ့လား (မတွေ့ နိုင်ပါဘုရား)

အရှိတရားက ဘယ်သဘောပါလိမ့် (ဤလိုတိုးခတ်သွားတဲ့ လေသဘောပါ ဘုရား)မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ရှိတာ ဘာလို့ရှိ(ဖြစ်ဖြစ်နေလို့ ပါဘုရား) ဘယ်တုံးက ဖြစ်နေတာလဲ (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှုတဲ့ အခါ (ခုမှဖြစ်တဲ့လေ၊ခုမှဖြစ်တဲ့လေ၊ခုမှဖြစ်တဲ့လေ) ရှိုက်တဲ့အခါကော (ခုမှဖြစ် တဲ့လေ၊ခုမှဖြစ်တဲ့လေ၊ခုမှဖြစ်တဲ့လေ)ဒီလိုရှုရင် ဘာဉာဏ်တုံး ရူပပရိစ္ဆေဒဉာဏ် ပါဘုရား)

လူနဲ့ရုပ်နဲ့ကွဲမသွားဘူးလား(ကွဲသွားပါတယ်ဘုရား)ငါနဲ့ရုပ်နဲ့ကောကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) ပုဂ္ဂိုလ် သတ္တဝါနဲ့ကော ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား)

လူနဲ့ရုပ်နဲ့ကွဲသွားတာ လူကခွဲပေးတာလား ပညာကခွဲပေးတာလား(ပညာကခွဲပေးတာပါဘုရား) အမြင်မစင်ကြယ်ဘူးလား၊ စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား)ငါနဲ့မြင်တာလား ဉာဏ်နဲ့မြင်တာလား(ဉာဏ်နဲ့မြင်တာပါဘုရား) ငါအမြင်လားဉာဏ်အမြင်လား(ဉာဏ်အမြင်ပါဘုရား)

ခင်ဗျားတို့ ယခုပြောနေတာက ငါအမြင်နဲ့ပြောနေတာလား၊ ဉာဏ်အမြင်နဲ့ပြောနေတာလား (ဉာဏ်အမြင်နဲ့ ပြောနေတာပါဘုရား) ငါနဲ့ရုပ်နဲ့ကွဲသွားတာကိုးဗျ။

အဲဒီတော့ အမြင်မစင်ကြယ်ဘူးလား၊ စင်ကြယ်သလား (စင်ကြယ်ပါတယ်ဘုရား)အမြင်စင်ကြယ်ပြီး ဖြစ်သောကြောင့် ဘာသုဒ္ဓိပါလိမ့် (ဒိဋ္ဌိဝိသုဒ္ဓိ)လူကပိုင်းခြားသိတာလား၊ ဉာဏ်ကပိုင်းခြားသိတာလား(ဉာဏ်ကပိုင်းခြားသိတာပါဘုရား)

ဉာဏ်က ပိုင်းခြားသိလေသည် ဖြစ်သောကြောင့် ဘာ ပ ရိ ညာ လဲ (ဉာတပရိညာပါဘုရား) ဘယ်အချိန်မှာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) အ ပြင် လေ ထုတ် တဲ့ အခါ ပူမှုသဘောပါသလား၊ အေးမှုသဘောပါသလား(ပူမှုသဘောပါပါတယ်ဘုရား) ဒါဘာတဲ့တုံး (တေဇောပါဘုရား) ဘာတေဇောတုံး(ဥဏှတေဇောပါဘုရား)အဲဒီတေဇောဟာ လူလားရုပ်လား (ရုပ်ပါဘုရား)

အတွင်းလေသွင်းတဲ့အခါ ပူမှုသဘောပါသလား၊ အေးမှုသဘောပါသလား (အေးမှုသဘောပါပါတယ်ဘုရား) အေး မှု သဘော က ဘာ တုံး (တေဇောပါဘုရား)ဘာတေဇောတုံး(သီတတေဇောပါဘုရား)ဝါယော၊တေဇောမထင်ရှားဘူးလား၊ ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)ထင်ရှားတယ်။ လုပ်ငန်းလုပ်ကြည့်မှထင်ရှားတာ၊ ခင်ဗျားတို့ရှူတဲ့အခါ မမြည်ဘူးလား၊ မြည်သလား(မြည်ပါတယ်ဘုရား) ဘယ်သူ့သတ္တိတုံး (ပထဝီရဲ့သတ္တိပါဘုရား) ရှိုက်တဲ့ အခါကော အသံမထွက်ဘူးလား (ထွက်ပါတယ်ဘုရား) ဒီ အ သံ ဘာလို့ထွက်လာတာတုံး ပထဝီလွန်ကဲလို့ထွက်လာတာ။

ပထဝီလွန်ကဲတဲ့အခါ အသံမြည်လာတာဘဲ၊ မမြည်ဘူးလား၊ မြည်သလား (မြည်ပါတယ်ဘုရား)ပထဝီ၊တေဇော၊ဝါယော၊ဒီသုံးပါးမရဘူးလား၊ရသလား (ရပါတယ်ဘုရား)အဲဒီသုံးပါးကိုပြိုကွဲမသွားအောင် လူကဖွဲ့စည်းတာလား၊ အာပေါကဖွဲ့စည်းတာလား (အာပေါကဖွဲ့စည်းတာပါဘုရား)

အာပေါကောမပါဘူးလား၊ ပါသလား(ပါပါတယ်ဘုရား)ဓာတ်ကြီးဘယ်နှစ်ပါးရတုံး (လေးပါးရပါတယ်ဘုရား) ဆိုစမ်းပါ။ ပထဝီ၊တေဇော၊အာပေါ၊ ဝါယော၊ ဒီဓာတ်ကြီးလေးပါး မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာ မှာလား (မိမိခန္ဓာမှာ ရှိတာပါဘုရား) မိမိခန္ဓာ ဒီနေရာမှာ ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား) နှာသီးဖျားမှာ ဘယ်အချိန်မှာရှိတာပါလိမ့်(ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊ ဓာတ်ကြီးလေးပါးရှိတာလား(ဓာတ်ကြီးလေးပါးရှိတာပါဘုရား) ရှိရှိနေတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)

ဘယ်တုံးကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား)ဒါကြောင့် ရှူတဲ့အခါ၊ခုမှဖြစ်တဲ့ဓာတ်ကြီးလေးပါး၊ ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့ဓာတ်ကြီးလေးပါး)ဓာတ်ကြီးလေးပါးဖြစ်တာလား၊လူတွေသတ္တဝါတွေဖြစ်တာလား(ဓာတ်ကြီးလေးပါးဖြစ်တာပါဘုရား) ဓာတ်ကြီးလေးပါးဖြစ်တာကို ရှူတယ်၊ ဓာတ်ကြီးလေးပါးဖြစ်တာကိုဘာတုံး (ရှိုက်တာပါဘုရား)ရှူတာရှိရဲ့လား (မရှိပါဘုရား) ရှိုက်တာရှိရဲ့လား(မရှိပါဘုရား)ရှူတယ်ရှိုက်တယ်ထင်ရင်ဘာတုံး(ဒိဋ္ဌိပါဘုရား) ရှိတာကဘာတုံး(ဓာတ်ကြီးလေးပါးပါဘုရား) ဓာတ်ကြီးလေးပါးသည် သက္ကာယ ဘာကြောင့် သက္ကာယလို့ခေါ်သလဲဆိုတော့၊'ထင်ရှားရှိလို့၊ ဘာကြောင့် သက္ကာယလို့ခေါ်တုံး (ထင်ရှားရှိလို့ပါဘုရား) သက္ကာယရဲ့ အဓိပ္ပါယ် နားလည်ပြီနော် (နားလည်ပါပြီဘုရား) လူတွေ ထင်ရှားတာလား၊ ဓာတ်ကြီးလေးပါး ထင်ရှားတာလား (ဓာတ်ကြီးလေးပါးထင်ရှားတာပါဘုရား) လူတွေက သက္ကာယလား၊ ဓာတ်ကြီးလေးပါးက သက္ကာယလား(ဓာတ်ကြီးလေးပါးက သက္ကာယပါဘုရား) သက္ကာယနဲ့လူနဲ့ကွဲပလား(ကွဲပါပြီဘုရား)

ဘာကြောင့် သက္ကာယခေါ်တာတုံး၊ ထင်ရှားရှိနေလို့၊ သန္တောကာယော၊ သက္ကာယော၊ တဲ့။ ထင်ရှားရှိရှိနေလို့သက္ကာယ၊ အဲဒီထင်ရှားရှိရှိနေတဲ့ သက္ကာယပေါ်မှာ ရှူတယ်လို့စွဲယူလိုက်ဘာဘာတုံး(ဒိဋ္ဌိပါဘုရား)ဆိုးဆေးပေါ့ဗျ၊ဆိုးဆေးနဲ့မတူဘူးလား၊ တူသလား(တူပါတယ်ဘုရား)သက္ကာယက အဝတ်အထည်ကြီးနဲ့တူပါတယ်။အဝတ်အထည်နဲ့တူတဲ့ သက္ကာယကို ဖြုတ်ရမလား၊ ဆိုးဆေးနဲ့တူတဲ့ ဒိဋ္ဌိကိုဖြုတ်ရမှာလား(ဆိုးဆေးနဲ့တူတဲ့ဒိဋ္ဌိကိုဖြုတ်ရမှာပါဘုရား) အစွဲကိုဖြုတ်ရမှာလား၊ အဝတ်အထည်ကိုဖြုတ်ရမှာလား(အစွဲကိုဖြုတ်ရမှာပါဘုရား)ခင်ဗျားတို့ မဖြုတ်ရမယ့်တရားကိုသွားဖြုတ်ရင် အကျိုးများပါ့မလား(မများပါဘုရား)

သင်္ခာယကို ဖြုတ်လို့မရဘူး၊ ဘာကိုဖြုတ်ရမှာတုံး(ဒိဋ္ဌိကိုဖြုတ်ရမှာပါဘုရား) ဩော်- ခင်ဗျားတို့ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ ခေတ်ကြီး လေး ပါး ရှိတာလား (ခေတ်ကြီးလေးပါး ရှိတာပါ ဘုရား)

ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်အချိန်မှာဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား)ဒါကြောင့် ရှုတဲ့အခါ၊ ခုမှဖြစ်တဲ့ခေတ်ကြီးလေးပါး ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့ခေတ်ကြီးလေးပါး) လူတွေသတ္တဝါတွေ ဖြစ်ဘာလား၊ ခေတ်ကြီးလေးပါးဖြစ်တာလား (ခေတ်ကြီးလေးပါး ဖြစ်တာပါဘုရား) လူလို့အစွဲလာသေးရဲ့လား(မလာတော့ပါဘုရား)

ငါလို့ဆိုတဲ့အစွဲ၊ ပုဂ္ဂိုလ်သတ္တဝါယောကျ်ားမိန်းမအစွဲ၊ လာနိုင်သေးရဲ့လား (မလာနိုင်တော့ပါဘုရား) လူတွေပေါ်မှာစွဲတာလား၊ သင်္ခာယပေါ်မှာ စွဲတာလား (သင်္ခာယပေါ်မှာစွဲတာပါဘုရား) သင်္ခာယပေါ်မှာစွဲတာဗျ။ ယခု စွဲလို့ရသေးရဲ့လား (မရပါဘုရား) ဘာပြုလို့စွဲမရတာတုံးဆိုတော့ သင်္ခာယနဲ့ဒိဋ္ဌိကွဲသွားလို့၊ဘာနဲ့ဘာကွဲသွားလို့တုံး (သင်္ခာနဲ့ဒိဋ္ဌိကွဲသွားလို့ပါဘုရား) ထင်ရှားရှိတဲ့တရားနဲ့ ထင်ရှားမရှိတဲ့တရားကွဲသွားလို့။ ထင်ရှားရှိတာက လူတွေသတ္တဝါတွေကထင်ရှားရှိတာလား၊ ခေတ်ကြီးလေးပါးကထင်ရှားရှိတာလား(ခေတ်ကြီးလေးပါးက ထင်ရှားရှိတာပါဘုရား) ခေတ်ကြီးလေးပါးကဘာတုံး (သင်္ခာယ) လူတွေသတ္တဝါတွေ ယောကျ်ားမိန်းမပုဂ္ဂိုလ်တွေလို့ စွဲယူတာကဘာတုံး (ဒိဋ္ဌိပါဘုရား)

သင်္ခာယနဲ့ ဒိဋ္ဌိကွဲသွားပြီ၊ ဘယ်အချိန်မှာ ကွဲတာဘာလိမ့် (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း သင်္ခာယနဲ့ ဒိဋ္ဌိကွဲသွားရင် ခင်ဗျားတို့အပါယ်လေးပါးက လွတ်မသွားဘူးလား၊ လွတ်သွားသလား(လွတ်သွားပါတယ်ဘုရား)လွတ်သွားပါတယ်။

ဒီလိုမှ ခင်ဗျားတို့ကွဲမသွားရင် အပါယ်လေးပါးက လွတ်ပါ့မလား (မလွတ်ပါဘုရား) မလွတ်တော့ဘူးဗျ၊ အရေးကြီးတာက ခင်ဗျား တို့ ဥဒယဝယဆိုတဲ့ ဖြစ်ခြင်း ပျက်ခြင်းကို အသာထားလိုက်အုံး၊ ဖြစ်ပျက်ဆိုတာ အလွန်မတန် မြင့်သွားပါတယ်၊ မမြင့်ဘူးလား(မြင့်ပါတယ်ဘုရား) ခင်ဗျားတို့ အရေးကြီးတာက သင်္ခာယဒိဋ္ဌိပြုတ်ဘို့အရေးကြီးတယ်။ ဘာအရေးကြီးတုံး (သင်္ခာယဒိဋ္ဌိပြုတ်ဘို့ အရေးကြီးပါတယ် ဘုရား) သင်္ခာယကို ဖြုတ်ရမှာလား၊ ဒိဋ္ဌိကိုဖြုတ်ရမှာလား (ဒိဋ္ဌိကိုဖြုတ်ရမှာပါ ဘုရား) အဲဒီ အပါယ်လေးပါးက လွတ်ဘို့ အရေးကြီးပါတယ်။ အရေးမကြီးဘူးလား၊ကြီးသလား(ကြီးပါတယ်ဘုရား)

အပါယ်လေးပါးက လွတ်ချင်ရင်၊ အရှိတရားရှုရမှာလား၊ မရှိတရားရှုရမှာလား (အရှိတရားရှုရမှာပါဘုရား) အရှိတရားက ပရမတ်လား၊ ပညတ်လား၊ (ပရမတ်ပါဘုရား)ပရမတ်အာရုံယူရမှာလား၊ပညတ်အာရုံယူရမှာလား(ပရမတ်အာရုံယူရမှာပါဘုရား) ပရမတ်အာရုံကို ယူရင် ဘာလုပ်ရမှာတုံး (ရှုရမှာပါဘုရား) ပညတ်အာရုံတွေ့ရင် ဘာလုပ်ရမယ် (မေတ္တာပို့ရမှာပါဘုရား) မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ကရုဏာဆိုတာက ဆင်းရဲတဲ့ ပုဂ္ဂိုလ်တွေ့ရင် သနားရမှာ၊ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေကြည့်ပြီးတော့ ဝမ်းမြောက်ရမယ်၊ အဲဒီလို ခင်ဗျားတို့ ဝမ်းလဲမသာချင်၊ ဝမ်းလဲမနဲချင်ဘူး ဆို ရင် ဖြင့် ဘာလုပ်ရမလဲ ဥပေက္ခာပြုရမယ်။

သတ္တဝါပညတ်ကျတော့ဒီလိုဘဲရှုရမယ်။ဒီပြင်ကိုရှုလို့ရရဲ့လား(မရပါဘုရား) ဝိပဿနာရှုလို့ရရဲ့လား(မရပါဘုရား) သတ္တဝါပညတ်ကို အနိစ္စ၊ဒုက္ခ၊အနတ္တ လို့ ရှုလို့ရရဲ့လား (မရပါဘုရား) ဖြစ်ပျက် ရှုလို့ရရဲ့လား (မရပါဘုရား) ပညတ်ကို ဖြစ်ပျက်ရှုလို့မရဘူးဆိုတာ ရဲရဲတင်းတင်းကြီး ဆုံးဖြတ်ချက်ချလိုက်ပါ။ ဘာကို ဖြစ်ပျက် ရှုရမှာတုံး (ပရမတ်ပါဘုရား) ပရမတ်အာရုံမှမမြင်ဘဲနဲ့ ပရမတ်မှ မသိဘဲနဲ့ ဖြစ်ပျက်ဆိုတာ ရှုလို့ရရဲ့လား(မရပါဘုရား)

ဖြစ်ပျက်ဆိုတာ ရှုဉာဏ်တရားလဲမဟုတ်ပါဘူး။ဖြစ်ပျက်ဆိုတဲ့တရားက ဉာဏ်မှာပေါ်တဲ့ တရားပါ၊ ဘာတဲ့တုံး (ဉာဏ်မှာပေါ်တဲ့တရားပါ ဘုရား) ရှုဉာဏ် ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ရှုရမှာက ပရမတ်ကိုရှုရမှာ၊ ပရမတ်ဆိုတာက အရှိတရားလား၊ မရှိတရားလား (အရှိတရားပါဘုရား) အရှိတရားကိုရှုရမှာ အရှိတရားက မိမိခန္ဓာမှာလား၊သူတပါးခန္ဓာမှာလား(မိမိခန္ဓာမှာပါဘုရား)မိမိခန္ဓာမှာ ဘယ်အချိန်မှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိတာပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား)မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ)တနည်း(ခုမှဖြစ်တဲ့ဓာတ်ကြီးလေးပါး၊ ခုမှဖြစ်တဲ့ဓာတ်ကြီးလေးပါး၊ ခုမှဖြစ်တဲ့ဓာတ်ကြီးလေးပါး) ဒီဓာတ်ကြီးလေးပါး တို့တွင် ဘယ်သူကထင်ရှားတုံး (ဝါယောကထင်ရှားပါတယ်ဘုရား) အဲဒီတော့ မြတ်စွာဘုရားက ထင်ရှားတဲ့တရားကို ရှုပါဆိုတော့ ပထဝီ၊တေဇော၊အာပေါ၊ဝါယော ဓာတ်ကြီးလေးပါးတို့တွင် ဒီနေရာမှာ ဘယ်ဓာတ်ကိုရှုရမှာတုံး (ဝါယောဓာတ်ကိုရှုရမှာပါဘုရား) ဝါယောဓာတ်ရှုလိုက်တာနဲ့ တပြိုင်ထဲ ပထဝီလဲရှုပြီးဖြစ်ပါတယ်။ တေဇောလဲ ရှုပြီးဖြစ်ပါတယ်။ အာပေါလဲရှုပြီးဖြစ်ပါတယ်။ ဝါယော တခုဘဲရှုလိုက်ပါတော့၊ ကောဋ္ဌာသမှာဘဲ၊ တလုံးသောတရားကိုရှုလိုက်ပါတော့၊ တလုံးသောတရားက ဒီနေရာမှာဘယ်သူတုံး (ဝါယောပါဘုရား)

လောကမလွန်ကဲဘူးလား၊လွန်ကဲသလား (လွန်ကဲပါတယ်ဘုရား) ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ရုပ်ရှိတာလား (ရုပ်ရှိတာပါဘုရား) ဘာရုပ်ပါလိမ့် (ဝါယောရုပ်ပါဘုရား) ဒါ့ကြောင့် ရှုတဲ့အခါ၊ ရှိုက်တဲ့အခါမှာ (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) ဖြစ်တယ်၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ဖြစ်နေပါတယ်ဘုရား) ဒီဝါယောရုပ်ဟာ၊ အကြောင်းမရှိဘဲနဲ့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒီလေ ငါ့ကြောင့်ဖြစ်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သူများကြောင့်ဖြစ်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အလိုလိုဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

အော်-ဒီနှာသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့ လေသဘောတရားဆိုတဲ့ ဝါယောရုပ်တရားသည် ငါ့ကြောင့်ဖြစ်တယ်လို့ယူလိုက်ရင် သဿတဒိဋ္ဌိ၊ ဘာဒိဋ္ဌိတုံး (သဿတဒိဋ္ဌိပါဘုရား) သူများကြောင့်ဖြစ်တယ်လို့ ယူလိုက်ရင် ဥစ္ဆေဒဒိဋ္ဌိ ဘာဒိဋ္ဌိတုံး (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) အလိုလိုဖြစ်တယ်လို့ ယူလိုက်ရင် အဟေတုကဒိဋ္ဌိ၊ ဘာဒိဋ္ဌိတုံး (အဟေတုကဒိဋ္ဌိပါဘုရား) ဒိဋ္ဌိတွေ မလာဘူးလား လာသလား (လာပါတယ်ဘုရား) အဲဒီတော့ ဒီနှာသီးဖျားမှာ တိုးတတ်သွားတဲ့ လေသဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာပြုလို့ ရှိရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)

ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဘာကြောင့်ဖြစ်တာပါလိမ့် (အကြောင်းကြောင့်ပါဘုရား) ယုံမှားသံသယဓတွေလာပါအုံးမလား (မလာပါဘုရား) နောက်– ငါ့ကြောင့်ဖြစ်လေသလား၊ သူများကြောင့် ဖြစ်လေသလား၊ အလိုလိုဖြစ်လေသလားဆိုတဲ့ ယုံ မှား သံ သ ယ ဝိစိကိစ္ဆာတွေ လာ သေး ရဲ့ လား (မလာတော့ပါဘုရား) တိဏ္ဏောဝိစိကိစ္ဆောတဲ့၊ ဝိစိကိစ္ဆာက မလွန်မြောက်ဘူးလား၊ လွန်မြောက်သလား (လွန်မြောက်ပါတယ်ဘုရား) ဘာကိုဆင်ခြင်လိုက်သလဲ (အကြောင်းကိုဆင်ခြင်လိုက်လို့ပါဘုရား) အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ပစ္စယဆိုတာအကြောင်း၊ ပရိဂ္ဂဟဆိုဘာသိမ်းဆည်းတာ၊ အကြောင်းကိုသိမ်းဆည်းပြီးသိတဲ့ဉာဏ်၊ ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

လူဖြစ်ကြောင်းလား၊ ရုပ် ဖြစ် ကြောင်း လား (ရုပ်ဖြစ်ကြောင်းပါဘုရား) ရုပ်ရဲ့ဖြစ်ခြင်းအကြောင်းကို မဆင်ခြင်ဘူးလား၊ ဆင်ခြင်သလား (ဆင် ခြင် ပါတယ်ဘုရား) အဲဒါကြောင့်ရှုတဲ့အခါ (ခုမှဖြစ်တဲ့လေ ခုမှဖြစ်တဲ့လေ)အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့လေ အခုမှဖြစ်တဲ့လေ)အကြောင်းကြောင့်ဖြစ်၊ ဒီလို မဆင်ခြင်ဘူးလား၊ ဆင်ခြင်သလား (ဆင်ခြင်ပါတယ်ဘုရား)

(ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) လို့ ရှုတဲ့ဉာဏ်က ရူပပရိစ္ဆေဒဉာဏ်၊ ဘာဉာဏ်တုံး (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) အကြောင်းကို လှမ်းဆင်ခြင်လိုက်တဲ့ဉာဏ်က ဘာဉာဏ်တုံး ( ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား ) ဉာဏ်ဘယ်နှစ်ဉာဏ်နဲ့ဆင်ခြင်တာတုံး (နှစ်ဉာဏ်နဲ့ပါဘုရား)

နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ဉာဏ်နဲ့ ခင်ဗျားတို့ ရှုမနေဘူးလား၊ ရှုနေသလား (ရှုနေပါတယ်ဘုရား) ဘယ်အချိန်မှာ ရှုတာတုံး (ရှုတိုင်း ရှု တိုင်း ရှိုက် တိုင်း ရှိုက် တိုင်း မှာ၊ ခုမှဖြစ်တဲ့လေ - ခုမှဖြစ်တဲ့လေ၊ အကြောင်းကြောင့်ဖြစ်) ဘာဉာဏ်လဲ ( ရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား ) အကြောင်းကိုလှမ်းပြီး မဆင်ခြင်ဘူးလား (ဆင်ခြင်ပါတယ်ဘုရား) ငါ့ကြောင့်လေလား၊ သူ့ကြောင့်လေလား၊ အလိုလိုကြောင့်လားဆိုတဲ့ လားပေါင်းများစွာလာသေးရဲ့လား၊ (မလာပါဘုရား) ယုံမှားသံသယတွေ လွန်မြောက်သွားသလား မလွန်မြောက်ဘူးလား (လွန်မြောက်သွားပါတယ်ဘုရား)

ဒါ့ကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ဘာသုဒ္ဓိတုံး (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ကင်္ခါက၊ ယုံမှားခြင်း၊ ဝိတရဏက၊ လွန်မြောက်တာ၊ သတ္တဝါတွေပေါ်မှာ လွန်မြောက်တာလား၊ ရုပ်ပေါ်မှာ လွန်မြောက်တာလား (ရုပ်ပေါ်မှာ လွန်မြောက်တာပါဘုရား) ဒီလိုလဲကွဲရသေးတယ်၊ သံသယတွေ မလွန်မြောက်ဘူးလား၊ လွန်မြောက် သ လား ( လွန်မြောက်သွားပါတယ်ဘုရား ) သတ္တဝါတွေပေါ်က လွန်မြောက်တာလား၊ရုပ်ပေါ်ကလွန်မြောက်တာလား (ရုပ်ပေါ်ကလွန်မြောက်တာပါဘုရား) ရုပ်ဟာ ငါ့ကြောင့်လေလား၊ သူ့ကြောင့်လေလား၊ အလိုလိုကြောင့်လေလားလို့ လားပေါင်းများစွာလာသေးရဲ့လား (မလာတော့ပါဘုရား) ယုံမှားသံသယတွေ မလွန်မြောက်ဘူးလား၊ လွန်မြောက်သွားသလား (လွန်မြောက်ပါတယ်ဘုရား) လွန်မြောက်သွားခြင်းကြောင့်ဘာသုဒ္ဓိလဲ (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ကင်္ခါက၊ ယုံမှားခြင်း၊ ဝိတရဏက လွန်မြောက်တာ၊ သုဒ္ဓိက၊ စင်ကြယ်တာ၊ ယုံမှားသံသယတွေလွန်မြောက်ပြီး အမြင်စင်ကြယ်လေပြီဖြစ်သောကြောင့် ဘာသုဒ္ဓိလဲ (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား)

ဉာဏ်ကပိုင်းခြားတာလား၊ လူကပိုင်းခြားတာလား (ဉာဏ်ကပိုင်းခြားတာပါဘုရား) ဉာဏ်ကပိုင်းခြားလေပြီဖြစ်သောကြောင့် ဘာပရိညာလဲ (ဉာတပရိညာပါဘုရား) လူကပိုင်းခြားပြီးတော့သိတာလား၊ ဉာဏ်ကပိုင်းခြားပြီးသိတာလား (ဉာဏ်ကပိုင်းခြားသိတာပါဘုရား) ဉာဏ် က ပိုင်း ခြား သိ ခြင်း ကြောင့် ဉာတကဉာဏ်၊ ပရိညာကပိုင်းခြားတာ၊ လူတွေ သတ္တဝါတွေ ဒီအထဲပါရဲ့လား (မပါပါဘုရား) သင်္ခါရတွေက၊ သင်္ခါရတွေကို ရှုမနေဘူးလား၊ ရှု နေ သ လား ( ရှုနေပါတယ်ဘုရား )ခင်ဗျားတို့လုပ်ငန်းကိုမပါဘူးဗျ။

သင်္ခါရတွေက၊ သင်္ခါရကို ကျေးဇူးပြုနေတာကို ငါငါလို့ ခေါ်နေကြတာ၊ သတ္တဝါလို့ပြောနေကြတာ၊ လူလို့ပြောနေကြတာ၊ အမှန်အားဖြင့် သင်္ခါရချင်း သင်္ခါရကျေးဇူးပြုပြီးဖြစ်နေကြတာ၊ အဖြစ်ရပ်ရှဲလား (မရပ်ပါဘုရား) မရပ်ဘူး ဗျ၊ အဲဒါကိုသမုတိသစ္စာအနေနဲ့ မသမုတ်ဘူးလား၊ သမုတ်သလား (သမုတ်ပါတယ်ဘုရား)အဲဒါကသမုတ်ရှိဗျ၊ အဟုတ်ရှိဟုတ်ရဲလား(မဟုတ်ပါဘုရား)အဟုတ်ရှိက ဘယ်သဘောပါလိမ့်(ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား)အဲဒါက ဘာတုံး (အဟုတ်ရှိပါဘုရား)လူတွေ သတ္တဝါပုဂ္ဂိုလ်တွေက သမုတ်ရှိဗျ၊ သမုတ်ရှိတာ၊ အဟုတ်ရှိတာက (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) အဟုတ်ရှိနဲ့ သမုတ်ရှိကွဲရမယ်နော်၊ ရှိရှိနေတာဘာလို့ရှိရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဒါကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်၊ ရှိက်တဲ့အခါကော (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်၊ အဲဒါ ဘာဉာဏ်နဲ့ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

သုဒ္ဓိအားဖြင့်ဘယ်နှစ်ပါးပါလိမ့် (နှစ်ပါးပါဘုရား) ဘာသုဒ္ဓိနဲ့ဘာသုဒ္ဓိတုံး (ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့်ဘာပရိညာ (ဉာတပရိညာပါဘုရား) ပရိညာက တပါးထဲရတယ်။ ဒီရှုကွက်ကလေးနဲ့ မပြည့်စုံဘူးလား၊ ပြည့်စုံသလား(ပြည့်စုံပါတယ်ဘုရား) ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ခင်ဗျားတို့ရှုတတ်ပြီလား (ရှုတတ်ပါပြီဘုရား) ဘယ်အချိန်မှာရှုရမှာတုံး (ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိက်တိုင်းမှာပါဘုရား) ဒီဉာဏ်နှစ်ဉာဏ်နဲ့ ရှုရင် ခင်ဗျားတို့ ဝိနိပါတိကဘေးကြီးက လွတ်တယ်ဗျ၊ ဘာဘေးကလွတ်တုံး (ဝိနိပါတိက ဘေးကပါဘုရား)

ဝိနိပါတိကဘေးဆိုတာ အလွန်ကြောက်စရာကောင်းတာ၊ တကာ တကာမတွေ နွေရာသီမှာသစ်ပင်တွေ ခြောက်နေသလား၊ စိုနေသလား (ခြောက်နေပါတယ်ဘုရား)သစ်ပင်တွေခြောက်နေတဲ့အခါကြတော့သစ်ရွက်တွေကောမခြောက်ဘူးလား၊ ခြောက်သလား (ခြောက်ပါတယ်ဘုရား) တပေါင်းလပြည့်ဆိုတော့၊ လေကကောမတိုက်ဘူးလား၊ တိုက်သလား (တိုက်ပါတယ်ဘုရား) လေတိုက်တဲ့အခါ သစ်ပင် သစ်ရွက်တွေ ကြွေမကျဘူးလား၊ ကျသလား (ကြွေကျပါတယ်ဘုရား) ကြွေကျတဲ့သစ်ရွက်သည် ဘယ်နေရာကျမလဲလို့ ပြောနိုင်ရဲ့လား (မပြောနိုင်ပါဘူးဘုရား) သူကျချင်တဲ့နေရာ မကျဘူးလား ကျသလား (ကျပါတယ်ဘုရား) ကျင်းထဲကျချင်ကျမယ်၊ ချောက်ထဲကျချင်ကျမယ်၊ တောင်ပေါ်ကျချင်ကျမယ်၊ မြေပြန့်ကျချင်ကျမယ်၊ မကျဘူးလား ကျသလား (ကျပါတယ်ဘုရား) ကျချင်တဲ့နေရာကျမှာ၊ သေချာပေါက်ပြောလို့ရရဲ့လား (မရပါဘုရား)

ခင်ဗျားတို့လဲဘဲ သာသနာတော်နဲ့ တွေ့တဲ့အခါ ရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ မရှုတတ်ရင် မပွါးတတ်ရင် သစ်ရွက်ခြောက်ကလေးများလိုဘဲတဲ့ ကျချင်ရာမကျဘူးလား၊ ကျသလား (ကျပါတယ်ဘုရား)ငရဲဘုံ ကျချင်ကျမယ်၊ တိရိစ္ဆာန်ဘုံကျချင်ကျမယ်၊ ပြိတ္တာဘုံကျချင်ကျမယ်၊ အသူရကာယ်ဘုံကျချင်ကျမယ်၊ သို့မဟုတ် လူ့ပြည်ရောက်ချင်ရောက်မယ်၊ ပြီးတော့ နတ်ပြည် ရောက် ချင်ရောက်မယ်၊ ဗြဟ္မာပြည်ရောက်ချင်ရောက်မယ်၊ တနေရာရာတော့ မကျဘူးလား၊ ကျမလား(ကျမှာပါဘုရား) သေချာပေါက် ဘယ်နေရာမှာရယ်လို့ ပြောလို့ရရဲ့လား(မရပါဘုရား)

ဒီရူပပရိစ္ဆေဒဉာဏ်နဲ့ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ဒီနှစ်ဉာဏ်ပိုင်တဲ့ ပုဂ္ဂိုလ်ဟာတော့ သေချာပေါက် ပြောလို့ရပါတယ်။ ဒါကြောင့် ခင်ဗျားတို့ သာသနာတော်ရဲ့ ကောင်းခြင်း၊ခေတ်ရဲ့ကောင်းခြင်းဆိုတဲ့ ကောင်းခြင်းတွေနဲ့ပြည့်စုံနေတဲ့အခါမှာ သေချာပေါက်အလုပ်ကို မလုပ်သင့်ဘူးလား၊ လုပ်သင့်သလား(လုပ်သင့်ပါတယ်ဘုရား)သေချာပေါက်လုပ်ငန်းဆိုတာ ဘာဉာဏ်နဲ့ ဘာဉာဏ်တုံး (ရူပပရိစ္ဆေဒဉာဏ်နဲ့ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)ဒီဉာဏ်နှစ်ဉာဏ်ရှုတတ်ဘို့ အရေးမကြီးဘူးလား၊ကြီးသလား(ကြီးပါတယ်ဘုရား)

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ-

\+ **ဣမိနာပန ဉာဏေန၊ သမန္နာဂတော၊ ဝိပဿကောဗုဒ္ဓသာသနေ၊ လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော၊ နိယတဂတိကောစူဠသောတာပန္နော နာမဟောတိ**၊ လို့။

ဒီလို မထောက်ခံထားဘူးလား၊ ထောက်ခံထားသလား (ထောက်ခံထားပါတယ်ဘုရား)

ဣမိနာပန၊ ဉာဏေန၊ ဤရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ဉာဏ်နှင့်။ သမန္နာဂတော၊ပြည့်စုံသော၊ဝိပဿကော၊ ဝိပဿနာတရားအားထုတ်သော ပုဂ္ဂိုလ်သည်၊ ခင်ဗျားတို့ ဘာဉာဏ်နဲ့ဘာဉာဏ် အားထုတ်နေတာတုံး (ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ဉာဏ်နဲ့အားထုတ်နေတာပါဘုရား)

ဒီဉာဏ်နှစ်ဉာဏ်ကို ရှုတတ် ရင်ဖြင့် အပါယ်မလားဘူး သေချာပါတယ်လို့၊ ထောက်ခံထားပါတယ်။ သို့သော် ခင် ဗျား တို့ က ဒီဉာဏ်နှစ်ဉာဏ် ရှုတတ်ရင် အပါယ်လေးပါးက လွတ်တယ်လို့ ကျမ်းဂန်ကဆိုထားတော့ မရှုချင်ဘူးလား၊ ရှုချင်သလား (ရှုချင်ပါတယ်ဘုရား) အလုပ် လုပ်တတ်ဘို့ ရှုတတ်ဘို့ မခက်ဘူး

\+ ဝိသုဒ္ဓိမဂ်၊ ၌၊ ၃၊ နှာ ၂၄၀

လား၊ခက်သလား(ခက်ပါတယ်ဘုရား)အပြောကလွယ်တယ်၊ လုပ်ငန်းကလွယ်ရဲ့လား(မလွယ်ပါဘုရား)လုပ်ငန်းလုပ်တတ်ဘို့ရာ တကာတကာမတွေ လွယ်ရဲ့လား (မလွယ်ပါဘုရား)

အားထုတ်တတ်ဘို့ အရေးကြီးပါတယ်၊ အပြောကတော့ မလွယ်ဘူးလား၊ လွယ်သလား(လွယ်ပါတယ်ဘုရား)စာနဲ့ကြည့်ပြောရတာကို၊ လုပ်ငန်းနဲ့အံ့ဝင်ဂွင်ကျဖြစ်ဘို့ ကတော့ လွယ်ရဲ့လား (မလွယ်ပါဘုရား) ဆရာမရှိဘဲနဲ့ ဖြစ်ရဲ့လား (မဖြစ်ပါဘူးဘုရား) ဒါကြောင့် ပဋိပတ္တိလုပ်ငန်းဟာဖြင့် ဆရာမပါဘဲနဲ့ ရပါ့မလား(မရပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ယထာဘူတံဉာဏာယသတ္တာယ၊ ပရိယေသိတဗ္ဗော လို့။ ဟုတ်တိုင်းမှန်စွာ သိတဲ့ ဆရာရှာဟေ့လို့ မမှာဘူးလား(မှာပါတယ်ဘုရား)မင်းတို့ယထာဘူတဉာဏ်ပြနိုင်တဲ့ဆရာကောင်းသမားကောင်းရှာပါတဲ့။

မြတ်စွာဘုရားက အပါယ်လေးပါးက လွတ်အောင် ညွှန်ပြနိုင်တဲ့၊ ဆရာကောင်း၊သမားကောင်းရှာပါ၊ ဘုရားကမှာတာလား၊ ဘုန်းကြီးကမှာတာလား (ဘုရားကမှာတာပါဘုရား)မြတ်စွာဘုရားကဟောတာလား၊ ဘုန်းကြီးကဟောတာလား(မြတ်စွာဘုရားကဟောတာပါဘုရား) မြတ်စွာဘုရားက အပါယ်လေးပါးကလွတ်အောင် ညွှန်ပြနိုင်တဲ့ ဆရာကောင်းသမားကောင်းရှာဘို့ အရေးကြီးတယ်ဟေ့တဲ့၊ အရေးမကြီးဘူးလား၊ ကြီးသလား (အရေးကြီးပါတယ်ဘုရား)

ဆရာတွေကတော့ အများကြီးဘဲ၊ မများဘူးလား၊ များသလား (များပါတယ်ဘုရား)ဒါပေမယ့်လို့ တကာတကာမတွေ အပါယ်လေးပါးကလွတ်အောင် ညွှန်ပြနိုင်တဲ့ဆရာကောင်းသမားကောင်းမရှာလို့ဖြစ်ပါ့မလား(မဖြစ်ပါဘုရား) မဖြစ်ဘူး၊ ဒါကြောင့် ဘုရားကဆရာကောင်းရှာလို့ မမှာဘူးလား၊ မှာသလား (မှာပါတယ်ဘုရား)

တို့တကာတကာမတွေ ဆရာကောင်း သမားကောင်း မရှာရင် ဘုရားစကားနားမထောင်တာနဲ့အတူတူဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ဒါကြောင့် အပါယ်လေးပါးကလွတ်ဘို့ရာ အရေးမကြီးဘူးလား ကြီးသလား (အရေးကြီးပါတယ်ဘုရား) ယခု အပါယ်လေးပါးက လွတ်နိုင်တဲ့ ရှုကွက် မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)ဘာဉာဏ်နဲ့ဘာဉာဏ်တုံး(ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

အဲဒီနှစ်ဉာဏ် ရှုရင် မသေချာဘူးလား၊ သေချာသလား (သေချာပါတယ်ဘုရား) ဘာသေချာတာတုံး (အပါယ်လေးပါးက လွတ်တာ သေချာတာပါဘုရား)

ဒါကြောင့် ဣမိနာပနဉာဏေန၊ ဤရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ဉာဏ်နဲ့၊သမ္မန္နာဂတော၊ပြည့်စုံသော၊ဝိပဿကော၊ဝိပဿနာတရားအားထုတ်

တဲ့ယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ၊ ဗုဒ္ဓမြတ်စွာဘုရား သာသနာတော်ကြီး၌၊ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၏။ အပါယ်က လွတ်သွားရင် မသက်သာဘူးလား၊ သက်သာသလား(သက်သာပါတယ်ဘုရား)

ဒုက္ခထက်ဝက်မက ကျိုးမသွားဘူးလား၊ ကျိုးသွားသလား (ကျိုးသွားပါတယ်ဘုရား) ဒါကြောင့် လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍၊ ခင်ဗျားတို့ ရေထဲမှာ ခြေထောက် ထောက်မိထားရင် နစ်ပါဦးမလား(မနစ်ပါဘုရား)မထောက်မိရင် နစ်မြုတ်ပြီး မသေဘူးလား၊ သေသလား(သေပါတယ်ဘုရား)အဲဒီလို ခင်ဗျားတို့ နစ်မြုတ်ပြီးသေခဲ့တဲ့ဘဝတွေမများဘူးလား၊များသလား(များပါတယ်ဘုရား)

ဘာပြုလို့ နစ်နစ်ပြီး၊ မြုတ်မြုတ်ပြီး၊ သေခဲ့တဲ့ဘဝတွေများတာလဲ ဆိုတော့ ထောက်တည်ရာ မရခဲ့လို့ ဘာပြုလို့တုံး (ထောက်တည်ရာ မရခဲ့လို့ပါဘုရား) ဒီနေရာ ထောက်ရာဆိုတာ ဘာဉာဏ်နဲ့ဘာဉာဏ်ကို ဆိုတာပါလိမ့်(ရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘုန်းကြီးဟောတာလား၊ မြတ်စွာဘုရားဟောတာလား (မြတ်စွာဘုရားဟောတာပါဘုရား) ဘုန်းကြီးရဲ့ကမ္မဋ္ဌာန်းလား၊ မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းလား (မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းပါဘုရား) ယူနေတာက ဘုန်းကြီးကမ္မဋ္ဌာန်းလား၊ မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းကို ယူနေတာလား(မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းကိုယူနေတာပါဘုရား)မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းပါ။ အဲဒါကိုအာရုံပြုပါ။ ပုဂ္ဂိုလ်ရှေ့က ကန့်လန့်ကန့်လန့်မပါစေနဲ့။

အပြင်မှာတော့ ကိုယ့်ဆရာသမားသံဃာတော်အနေနဲ့ ကြည်ညိုသင့်ပါတယ်။ ဝိပဿနာရှုကွက်ထဲမှာတော့ ပုဂ္ဂိုလ်ကရှေ့ကကန့်လန့်ကန့်လန့်နဲ့မခံနဲ့၊ ပုဂ္ဂိုလ်တွေ ဒြပ်သဏ္ဌာန်တွေက ရှေ့က ကန့်လန့်ခံနေရင် ဒီဝိပဿနာရှုကွက် ဟုတ်ပါ့မလား (မဟုတ်ပါဘုရား)ရှုတာကဝိပဿနာ ပုဂ္ဂိုလ်က ရှေ့ကကန့်လန့်ခံနေရင် ထောက်တည်ရာ ရနိုင်ပါမလား(မရနိုင်ပါဘုရား)သက်သာရာရနိုင်ပါမလား (မရနိုင်ပါဘုရား)ဒါကြောင့် သူ့အပိုင်းကိုယ့်အပိုင်း ပြတ်ပြတ်သားသားရှင်းပါ။ သိပ်ပြီးတော့ ဒီတရားပိုင်းနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်တွေမငဲ့ပါနဲ့၊ ငဲ့စရာလိုသေးသလား(မလိုပါဘုရား)ပုဂ္ဂိုလ်တွေငဲ့နေရင်ဘယ်သူ့ဒုက္ခရောက်မှာတုံး၊ခင်ဗျားတို့ဘဲဒုက္ခရောက်မှာ၊ မိမိကိုယ်ဘဲ ဒုက္ခရောက်မှာ။ ဒါကြောင့် ဝိပဿနာတရားလုပ်ငန်း လုပ်တဲ့အခါမှာ ဓမ္မကိုငဲ့ရမှာလား၊ ပုဂ္ဂိုလ်ကိုငဲ့ရမှာလား(ဓမ္မကိုငဲ့ရမှာပါဘုရား)ပုဂ္ဂိုလ်ကိုအားကိုးရမှာလား၊ ဓမ္မကိုအားကိုးရမှာလား (ဓမ္မကိုအားကိုးရမှာပါဘုရား) သေခါနီးအခါကာလမှာ သားသမီးတွေဆွေမျိုးတွေ အားကိုးရမှာလား၊ ဓမ္မကို အားကိုးရမှာလား (ဓမ္မကို အားကိုးရမှာပါ ဘုရား) ဓမ္မ က မှ ထောက်တည်ရာ အစစ်၊ အားကိုးရာအစစ်လို့၊ ကျမ်းဂန်က ပြမထားဘူးလား၊ ပြထားသလား

(ပြထားပါတယ်ဘုရား) ဒါကြောင့် ဗုဒ္ဓသာသနေ၊ ဂေါတမ သာသနာတော်မြတ်ကြီး၌ လဒ္ဓသာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော ရအပ်သော ထောက်တည်ရာ ရှိသည်ဖြစ်၍၊ မရဘူးလား၊ ရသလား (ရပါတယ် ဘုရား)

ထောက်တည်လို့မရရင် ခင်ဗျားတို့ မြုတ်သေမှာ၊ မြုတ်သေရင် သက်သာပါ့မလား (မသက်သာပါဘုရား) မြုတ်သေတဲ့ဘဝပေါင်း မများဘူးလား၊ များသလား (များပါတယ်ဘုရား) ဘာပြုလို့ မြုတ်သေခဲ့တာတုံး (ထောက်တက်ရာ မရခဲ့လို့ပါဘုရား) အဲဒီအတိုင်းဆုံးဖြတ်ချက်ချ။

ဒါကြောင့် နိယတဂတိဘော၊ မြဲသောဂတိရှိသည်ဖြစ်၍၊ ဂတိကော၊မမြဲဘူး လား၊ မြဲသလား(မြဲပါတယ်ဘုရား)အပါယ်လေးပါးကလွတ်ပြီလို့ လက်ခမောင်း ခတ်လို့မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ဘာဉာဏ်နဲ့ဘာဉာဏ် ရှုလို့တုံး (ရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ရှုလို့ပါဘုရား) ရူပပရိစ္ဆေဒဉာဏ်နဲ့ပစ္စယ ပရိဂ္ဂဟဉာဏ် ခင်ဗျားတို့ရှုတတ်ရဲ့လား (ရှုတတ်ပါတယ်ဘုရား) ဘယ်အချိန်မှာ ရှုရမှာတုံး၊ ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိုက်တိုင်းမှာ ဘယ်လိုရှုရမှာတုံး (ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား ) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ၊ ဘယ်လိုရှုရမှာတုံး(ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ)အကြောင်းကြောင့်ဖြစ်၊ ဉာဏ်နှစ်ဉာဏ်ရှုမနေဘူးလား၊ ရှုနေသလား (ရှုနေပါတယ်ဘုရား)

အဲဒီအတိုင်းရှုရမှာ၊ အဲဒီအတိုင်းနှလုံးသွင်းရမှာ၊ အပါယ်လေးပါးက လွတ်တာတော့မှန်ပါရဲ့၊ ဘယ်လိုရှုရမှန်းမသိရင် လွတ်ကြောင်းကော သိပါရဲ့လား၊ လုပ်နိုင်းပိုင်းမသိရင်ဖြင့် တိုတကာတကာမတွေ့၊ မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား)

ပဋိပတ္တိအဆင့်ထိရောက်အောင်ခင်ဗျားတို့ကိုပြနေပါတယ်၊ဒီလိုဆိုရင် နိယတ ဂတိကော၊ မြဲသောဂတိရှိသည်ဖြစ်၍၊ စူဠသောတာပန္နောနာမ စူဠသောတာပန် မည်သည်(ဝါ)သောတာပန်အငယ်စားမည်သည်၊ ဟောတိဖြစ်၏တဲ့။

စူဠသောတာပန်ဆိုတာ မဟာသောတာပန်ဖြစ်ဘို့ ရှေ့ရှုမနေဘူးလား၊ ရှေ့ရှု နေသလား (ရှေ့ရှုနေပါတယ်ဘုရား) အပါယ်တံခါး မပိတ်ဘူးလား၊ ပိတ်သွား သလား(ပိတ်သွားပါတယ်ဘုရား) အပါယ်တံခါးပိတ်သွားရင် ဒုက္ခတဝက်မကျိုး ဘူးလား၊ ကျိုးသွားသလား (ကျိုးသွားပါတယ်ဘုရား) မ ဆိုထိုက် ဘူး လား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဘာဉာဏ်နဲ့ဘာဉာဏ် ရှုလို့တုံး (ရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဉာဏ်ရှုလို့ပါဘုရား)

ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့ လေ) အကြောင်းကြောင့်ဖြစ်၊ ခုမှဖြစ်တဲ့လေဆိုတော့ လူဖြစ်တာလား၊ ရုပ်ဖြစ် တာလား (ရုပ်ဖြစ်တာပါဘုရား) လူနဲ့ရုပ်နဲ့ ကွဲမသွားဘူးလား၊ ကွဲသွားသလား

(ကွဲသွားပါတယ်ဘုရား) လူနဲ့ရုပ်နဲ့ ကွဲသွားလေပြီ ဖြစ်သောကြောင့် သက္ကာယ ပေါ်မှာ ဒိဋ္ဌိစင်မသွားဘူးလား၊ စင်သွားသလား (ဒိဋ္ဌိစင်သွားပါတယ်ဘုရား) ဒီ လေ ဟာ ဘာ့ ကြောင့် ဖြစ် တာ တုံး (အကြောင်းကြောင့်ဖြစ်တာပါဘုရား) အကြောင်းကြောင့်ဖြစ်လို့ ဆင်ခြင်လိုက်တာနဲ့တပြိုင်ထဲ ဝိစိကိစ္ဆာလဲ တဒင်္ဂပြုတ်သွားတယ်၊ ဘယ်သူပြုတ်တာတုံး (ဝိစိကိစ္ဆာပြုတ်ဘာပါဘုရား)

သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာပြုတ်ရင် ခင်ဗျားတို့ မသေချာဘူးလား၊ သေချာသလား (သေချာပါတယ်ဘုရား) ဘာကလွတ်တာ သေချာတာတုံး (အပါယ်ကလွတ်တာသေချာတာပါဘုရား) ဟုတ်လား၊သေချာပေါက်လုပ်ငန်းကြီးရမထားဘူးလား၊ ရထားသလား (ရထားပါတယ်ဘုရား) သာသနာတော်က ကောင်းပါလျှက်၊ ဘဝကလဲကောင်းပါလျှက်၊ သာ သ နာ တော် နဲ့ တွေ့ပါလျှက်၊ ဒီလိုသေချာပေါက်လုပ်ငန်းကြီးကိုမရဘဲနဲ့၊ အသေကဦးသွားရင် ခင်ဗျားတို့ မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား) နောက်နောင် ဒီလို အချိန် ဒီလိုဘဝရချင်မှရမှာ၊ တနေရာမှာရောက်သွားရင်ဖြင့် ဒီသာသနာတော်နဲ့လွဲရချေရှဲ၊ မလွဲဘူးလား၊ လွဲသွားသလား (လွဲသွားပါတယ်ဘုရား) ဒီ အ တိုင်း သာအားထုတ်သွားရင်ဖြင့် ဒီသာသနာတော်မှာ ဒီဘုရားသာသနာတော်ကြီးမှာဖြင့် သေချာပေါက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မဝင်နိုင်ဘူးလား၊ ဝင်နိုင်သလား (ဝင်နိုင်ပါတယ်ဘုရား)

ဒါကြောင့် ခုအချိန်က ဒီအတိုင်းသာလုပ်တား၊ ဒီ ဘ ဝ မှာ ဖြင့် ခင်ဗျားတို့ ဒီဉာဏ်နှစ်ဉာဏ် ရှုတဲ့ခဏမှာ စုဋ္ဌသောတာပန်မဖြစ်ဘူးထား၊ မ ဟာသောတာပန်မဖြစ်ဘူးထား၊ ဒီလိုရှုနေတဲ့ပုဂ္ဂိုလ်သည် ဒီကုသိုလ်ကြောင့် စုတိစိတ်ကျသွားတဲ့အခါ၊ အိပ်သော်ယောကျ်ား နိုးသော်လားသို့၊ မသက်သာဘူးလား၊ သက်သာသလား (သက်သာပါတယ်ဘုရား) ဒီလောက်သက်သာရင်ဘဲ ခင်ဗျားတို့ အားမကိုးရဘူးလား၊ အားကိုးရသလား (အားကိုးရပါတယ်ဘုရား) ဒါသောတာပန်မဖြစ်ပါဘူး၊ ဒီတရား ရှုပြီးသေတဲ့ပုဂ္ဂိုလ်ကို ပြောနေတာနော်၊ သောတာပန်ဖြစ်တာ မဖြစ်တာ ခင်ဗျားတို့ကျုပ်တို့နဲ့ဆိုင်ရှဲလား (မဆိုင်ပါဘူးဘုရား)ဘာလုပ်မှာတုံး (အားထုတ်ရမှာပါဘုရား) ဥပမာပြောပါမယ်၊ ဝါးနှစ်လုံးမီးထွက်အောင်မပွတ်ဘူးလား၊ ပွတ်သလား (ပွတ်ပါတယ်ဘုရား) ဝါးနှစ်လုံးပွတ်ဘို့ကခင်ဗျားတို့တာဝန်၊ မီးထွက်ဘို့က ခင်ဗျားတို့တာဝန် ဟုတ်ရှဲလား (မဟုတ်ပါဘုရား) အဲဒီလိုဘဲ ဝိပဿနာဉာဏ်နဲ့ခန္ဓာနဲ့ပွတ်ဘို့ရာက၊ တိုက်ဘို့ရာက၊ ခင်ဗျားတို့တာဝန် မီးနဲ့တူတဲ့မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါ်ဘို့ရာက၊ ခင်ဗျားတို့ကျုပ်တို့နဲ့ ဆိုင် ရှဲ လား (မဆိုင်ပါဘူးဘုရား)

ဓမ္မဆိုတာက၊ ဆောင်တဲ့သဘော၊ ဓမ္မဆိုတာက၊ သူ့သဘောနဲ့သူဆောင်သွားမှာ၊ ခင်ဗျားတို့ကျုပ်တို့လုပ်ငန်းကအားထုတ်ဘို့၊ ခန္ဓာနဲ့ဉာဏ်နဲ့၊ ဒီနေရာဘာခန္ဓာပါလိမ့် (ရူပက္ခန္ဓာပါ ဘုရား) ရူပက္ခန္ဓာနဲ့၊ ဝိပဿနာ ရှုနေတဲ့ဉာဏ်နဲ့ တိုက်နေဘို့၊ ပွတ်နေဘို့ အားထုတ်နေဘို့က ဘယ်သူ့ရဲ့တာဝန်တုံး၊ ခင်ဗျားတို့ ကျုပ်တို့ရဲ့တာဝန်၊ မီးနဲ့တူတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ပေါ်ဘို့ဆိုက၊ ခင်ဗျားတို့ ကျုပ်တို့ကိစ္စ၊ တာဝန်ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)

တာဝန်မဟုတ်တာကို တာဝန်ကြီးတခုအနေနဲ့ လုပ်မနေပါနဲ့တော့။ မပြောထိုက်ဘူးလား၊ ပြောထိုက်သလား (ပြောထိုက်ပါတယ် ဘုရား) အားထုတ်ဘို့ ကြိုးစားဘို့ ဆင်ခြင်ဘို့က ခင်ဗျားတို့ ကျုပ်တို့တာဝန်၊ အဲဒီအတိုင်းဆင်ခြင်သွားရင်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ စုတိစိတ်ကျသွားရင်၊ မသက်သာဘူးလား၊ သက်သာသလား ( သက်သာပါတယ်ဘုရား ) အိပ်သော်ယောကျ်ား နိုးသော်လားသို့ သက်သာပါတယ်။ သက္ကာယဒိဋ္ဌိ ပြုတ်သွားတာကိုဗျ။ အဲဒီလို ခဏပြုတ်ခြင်းသည်၊ ခဏကွာခြင်းသည်၊ ဘုရားတဆူနှင့်တဆူကြားအပါယ်မလားဘူး၊အပါယ်မလားဘူးဆိုတဲ့ ဝတ္ထုသက်သေသာဓကတွေ အများကြီးရှိပါတယ်။ ဒီဝတ္ထုသက်သေတွေကို စာတွေထဲကြည့်ရင်ရပါတယ်။

ဒါကြောင့် တကာတကာမတွေသတိထားလိုက်ပါ။ အဲဒီလိုရူပပရိစ္ဆေဒဉာဏ်ပစ္စယပရိဂ္ဂဟဉာဏ်၊ နှစ်ဉာဏ်ရှုနေတဲ့ပုဂ္ဂိုလ်သည် စုတိစိတ်ကျသွားရင် ဘာတဲ့တုံး။ အိပ်သောယောကျ်ား နိုးသကဲ့သို့။ အဲဒီမှာရောက်မှာ၊ ရောက် သွား ရင် တဲ့နတ်ပြည်မှာရောက်တယ် ထားပါတော့။ ဥပမာ – နတ်ပြည်ရောက်သွားရင် နတ်အရိယာတွေနဲ့တွေ့တယ်၊ နတ်အရိယာတွေနဲ့တွေ့လို့ရှိရင်၊ နတ် အ ရိ ယာ တွေကကောင်းသောစကား ပြော မှာ လား၊ မ ကောင်း သော စ ကား ပြော မှာ လား ( ကောင်းသောစကားပြောမှာပါဘုရား ) တရားစကားဘဲပြောမှာ၊ ရုပ်တရား၊ နာမ်တရား၊ အနိစ္စ ဒုက္ခ အနတ္တတွေ ပြောရင် အဲဒီမှာ သောတာပန်ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်သလား (ဖြစ်နိုင်ပါတယ်ဘုရား)

တရားဆွေးနွေးတဲ့ သုဓမ္မာဇရပ်ကြီးရှိတယ်၊ အဲဒီမှာ အရိယာတွေ စုကြတာဘဲ၊ စုပြီးတော့ ဓမ္မသာကစ္ဆာတွေပြောပြီး၊ အဲဒီမှာဘဲ သောတာပန်တွေ၊ သကဒါဂါမ်တွေ မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်သလား (ဖြစ်နိုင်ပါတယ်ဘုရား) အဲဒါကြောင့် တကာ တကာမတွေ အားမလျှော့ပါနဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရေးကခင်ဗျားတို့ကျုပ်တို့နဲ့ မဆိုင်ပါဘူး။ ခင် ဗျား တို့ ကျုပ် တို့ က ဘာလုပ်ရမှာတုံး (အားထုတ်ရမှာပါဘုရား)ခန္ဓာနဲ့ဉာဏ်နဲ့တိုက်ရမှာ၊ ဒီနေရာ ဘာခန္ဓာနဲ့တိုက်တာတုံး (ရူပက္ခန္ဓာပါဘုရား) ဘယ်အချိန်မှာပါလိမ့် (ဤ လို တိုး ခတ် သွား တဲ့ လေသဘောပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား)

ဘာကြောင့်ဖြစ်တာပါလိမ့် ( အကြောင်းကြောင့်ဖြစ်တာပါဘုရား ) ရှုတဲ့အခါလဲ (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါလဲ (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်၊ အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်နဲ့ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့် ( ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ ) ဝိသုဒ္ဓိဘယ်နှစ်ပါးရတုံး (နှစ်ပါးပါဘုရား) ပရိညာအားဖြင့် ဘာပရိညာတုံး (ဉာတပရိညာပါဘုရား ) ခင်ဗျားတို့ရှုတတ်အောင်လို့ ဘုန်းကြီးက ထပ်ပြောပေးနေတာ၊ ရှုတတ်အောင်၊ ဒီရှုကွက် မပျောက်အောင်လို့ပါ၊ အပြောတွေလျှော့ပြီးတော့ လုပ်ငန်းပါစေချင်လို့ ထပ်တလဲလဲ ပြောနေရတယ်။ မပြောရဘူးလား၊ ပြောရသလား (ပြောရပါတယ်ဘုရား)

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလဲ ဘာဝိတော ဗဟုလီကတော၊ တခါထဲပွားရမှာလား၊ အကြိမ်ကြိမ်ပွားရမှာလား (အကြိမ်ကြိမ်ပွားရမှာပါဘုရား) တခါထဲပွားရမှာလား၊ ခဏခဏပွားရမှာလား ( ခဏခဏပွားရမှာပါဘုရား ) ဒါကြောင့် ထပ်တလဲလဲပြောနေရတယ်၊ နောက်မြတ်စွာဘုရားဟောတဲ့ ဒေသနာတော်နဲ့ မညီဘူးလား၊ ညီသလား (ညီပါတယ်ဘုရား) မထပ်လို့ရရဲ့လား (မရပါဘူးဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလဲ အနုပဿနာ အနုပဿနာလို့ မပြဘူးလား၊ ပြသလား (ပြပါတယ်ဘုရား) အနုဆိုတာက အဖန်ဖန်အထပ်ထပ် ပဿဆိုတာက ကြည့်တာ၊ အဖန်ဖန်ကြည့်ရတာ။ ဒါကြောင့်အဖန်ဖန်အထပ်ထပ် ပြောရတာ၊ မပြောရင်သိပါ့မလား (မသိပါဘုရား)

ဒါကြောင့် ဒီရှုကွက်လွတ်သွားမှာစိုးလို့ ဒီရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို ခဏခဏကိုင်ပြီးပြနေရတာ။ လူကကိုင်ပြတာလား၊ ဉာဏ်ကပြတာလား (ဉာဏ်ကပြတာပါဘုရား) ဉာဏ်နဲ့ကိုင်ပြီးတော့ ဉာဏ်နဲ့ဆုပ်ကိုင်ထားပါ၊ ဘယ်အချိန်မှာ ဆုပ်ကိုင်ရမှာတုံး ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား ) ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိတာပါလိမ့် (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာပါလိမ့် ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘယ် တုံး က ဖြစ် တာ တုံး (ခုမှဖြစ်တာပါဘုရား) ဘာ့ကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဘာဉာဏ်နဲ့ ဘာဉာဏ်တုံး (ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ကဲ ရှေ့ တ ဆင့် တက် ကြ ပါ စို့၊ ဘယ်အကြောင်းကြောင့်ဖြစ်သလဲလို့ တဆင့်မတက်လာဘူးလား (တက်လာပါတယ်ဘုရား)

အကြောင်းကြောင့်ဖြစ်တာတော့မှန်ပါတယ်။ အဲဒီနေရာမှာဘယ်အကြောင်းကြောင့်လဲဆိုတော့ (ကံ စိတ် ဥတု အာဟာရ ပါဘုရား) ကံ ကြောင့် ဖြစ် တယ်၊

စိတ်ကြောင့်ဖြစ်တယ်၊ ဥတုကြောင့် ဖြစ်တယ်၊ အာဟာရကြောင့် ဖြစ်တယ်၊ ကံ စိတ် ဥတု အာဟာရသည် အကြောင်းတရားလား၊ အကျိုးတရားလား၊ (အကြောင်းတရားပါဘုရား) နှာသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့ လေသဘောတရားကဘာတရားပါလိမ့် (အကျိုးတရားပါဘုရား) အကြောင်းအကျိုး ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည်ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ အပြောနဲ့ရတာလား၊ လုပ်ငန်းနဲ့ရတာလား (လုပ်ငန်းနဲ့ရတာပါဘုရား) ပစ္စယပရိဂ္ဂဟဉာဏ်ဟာ ဘယ်အချိန်မှာရတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေဖြစ်တာလား၊ ရုပ်ဖြစ်တာလား (ရုပ်ဖြစ်တာပါဘုရား) ဒီရုပ်ဟာ ဘာ့ကြောင့် ဖြစ်တာတုံး (အကြောင်းကြောင့် ဖြစ်တာပါဘုရား) ဘယ်အကြောင်းကြောင့် ဖြစ်တာပါလိမ့် (ကံ စိတ် ဥတု အာဟာရ ပါဘုရား) ဒီ ကံ စိတ် ဥတု အာဟာရသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား)

နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောက အကြောင်းတရားလား၊ အကျိုးတရားလား (အကျိုးတရားပါဘုရား) အကြောင်းအကျိုး ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) အဲဒီလိုအကြောင်းအကျိုး ကွဲသွားတဲ့ဉာဏ်သည် ဘာဉာဏ်လဲ (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ပစ္စယပရိဂ္ဂဟေဒေါ၊ အကြောင်းကိုစွဲ၍ဖြစ်ခြင်း အဓိပ္ပါယ်သိပြီလား။ (သိပါပြီဘုရား) ပစ္စယပရိဂ္ဂဟ နားလည်ထားပါအုံး။ ဒီနေရာမှာဘယ်အကြောင်းကိုစွဲပြီးဖြစ်တာတုံး (ကံ စိတ် ဥတု အာဟာရကိုစွဲပြီးဖြစ်တာပါဘုရား) ကံ စိတ် ဥတု အာဟာရသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကျိုးတရားပါဘုရား) နှာသီးဖျားမှာ တိုး ခတ် သွား တဲ့ လေသဘောက (အကျိုးတရားပါဘုရား) အကြောင်းအကျိုး ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) ဘယ်အချိန်မှာဖြစ်တာတုံး (ရှုတိုင်းရှိုက်တိုင်းမှာပါဘုရား)

ဒါကြောင့် ပစ္စယပရိဂ္ဂဟကိုသိရမှာက ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ သိရမှာ၊ စာအုပ်တွေ ကောတွေမှာ သိရမှာလား၊ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာသိရမှာလား (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ သိရမှာပါဘုရား) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘာတွေသိရမှာတုံး (ပစ္စယပရိဂ္ဂဟကိုသိရမှာပါဘုရား) ပစ္စယ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းကိုစွဲ၍၊ ဥပ္ပါဒေါ၊ နှာသီးဖျားမှာတိုးခတ်သွားတဲ့လေသဘောဖြစ်ခြင်း။ ပစ္စယပရိဂ္ဂဟေဒေါ၊ အဲဒီ ကံ၊ စိတ်၊ ဥတု၊ အာဟာရကို စွဲ၍ဖြစ်သော နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောကို၊ ပစ္စယပရိဂ္ဂဟေဒေါတိ၊ ပစ္စယပရိဂ္ဂဟဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

ယခုခင်ဗျားတို့ဉာဏ်စိုက်ရမှာက ပဋိစ္စသမုပ္ပါဒ် စာအုပ်တွေထဲမှာလား၊ ခန္ဓာထဲမှာလား (ခန္ဓာထဲမှာပါဘုရား) ဘယ်အချိန်မှာ ဉာဏ်စိုက်ရမှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှိုက်တိုင်းမှာ လူ တွေ ဖြစ် တာလား၊ လေဖြစ်တာလား (လေဖြစ်တာပါဘုရား) လေဖြစ်တာ ဘာ့ကြောင့်ဖြစ်တာလဲ (အကြောင်းကြောင့်ပါဘုရား) ဘယ်အကြောင်းကြောင့်ဖြစ်တာလဲ (ကံ စိတ် ဥတု အာဟာရကြောင့်ပါဘုရား) ကံ စိတ် ဥတု အာဟာရသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား)

နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောက အ ကြောင်း တ ရား လား၊ အကျိုးတရားလား(အကျိုးတရားပါဘုရား) ရှုတိုင်းရှိုက်တိုင်း အကြောင်းအကျိုးကွဲသွားရင် ပဋိစ္စသမုပ္ပါဒ်ဉာဏ် မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဟာ အလွန်ကျယ်ဝန်းပါတယ်၊ ဘုရားဆင်ခြင်တဲ့ဉာဏ်၊ ခင်ဗျားတို့ဉာဏ်တွေက ကြီးရင်လိုက်ပါတော့၊ ဉာဏ်တွေကန့်ရင် လိုက် စ ရာ လိုသေးရဲ့လား (မလိုပါဘုရား)

ရှုကွက်ထဲဒီလောက်ကွဲသွားရင် ပဋိစ္စသမုပ္ပါဒ်ကို ရှုပြီးဖြစ်တယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒီရှုကွက်ထဲ ပုဂ္ဂိုလ် သတ္တဝါတွေ ယောကျ်ား မိန်းမတွေ ပါရဲ့လား ( မပါပါဘုရား ) အ ကြောင်း ကြောင့် အကျိုးဖြစ်တာဘဲ၊ အော်-အကြောင်းကြောင့် အကျိုးမျှသာဘဲလို့ ဆင်ခြင်ရင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ မဆိတ်သုဉ်းဘူးလား၊ ဆိတ်သုဉ်းသလား ( ဆိတ်သုဉ်းပါတယ်ဘုရား ) သက္ကာယဒိဋ္ဌိ တဒင် မပြုတ်ဘူးလား ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ဝိစိကိစ္ဆာကော (ပြုတ်ပါတယ်ဘုရား)

တကာ တကာမတွေ နဲ့နဲ့သတိထားလိုက်ပါအုံး။ နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောက အ လို လို ဖြစ် တာ လား၊ အ ကြောင်း ကြောင့် ဖြစ် တာ လား ( အကြောင်းကြောင့်ဖြစ်တာပါဘုရား ) ငါ့ကြောင့်ဖြစ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလား (အကြောင်းကြောင့်ဖြစ်တာပါဘုရား) သူ များ ကြောင့်ဖြစ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလား (အကြောင်းကြောင့်ဖြစ်တာပါဘုရား) အဖေ အမေကြောင့် ဖြစ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလား၊ ( အကြောင်းကြောင့်ဖြစ်တာပါဘုရား ) ဘယ် အ ကြောင်း တုံး (ကံ စိတ် ဥတု အာဟာရပါဘုရား) ကံဆိုတာက ရှေးအတိတ်ကကံ၊ အတိတ်အကြောင်းတရား၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်က၊ ပစ္စုပ္ပန် အကြောင်းတရားလို့ မှတ်ချက်ချပါ။

အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကြောင်းကိုစွဲပြီးတော့ ကျေးဇူးမပြုဘူးလား ပြုသလား (ကျေးဇူးပြုပါတယ်ဘုရား) ပစ္စုပ္ပန်အကြောင်းလဲသိရတယ်၊ အတိတ်

အကြောင်းလဲသိရတယ်၊ အတိတ်အကြောင်းကဘာတုံး (ကံပါဘုရား) ပစ္စုပ္ပန်အကြောင်းက (စိတ် ဥတု အာဟာရပါဘုရား) အတိတ်ကကံတွေ မလုပ်ခဲ့ဘူးလား၊ လုပ်ခဲ့သလား(လုပ်ခဲ့ပါတယ်ဘုရား) ကုသိုလ်ကံတွေပေါ့။ ဘာကံတွေတုံး (ကုသိုလ်ကံတွေပါဘုရား)အဲဒီကုသိုလ်ကံရဲ့နောက်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ကမ္မကို ယူလိုက်ခြင်းအားဖြင့်၊ ဒီနေရာမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန် လဲပါတယ်၊ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ဒီကံသည် အဝိဇ္ဇာ တဏှာ ဥပါဒါန် သာမပါရင် ဒီနာမ်ရုပ်ဖြစ်အုံးမလား (မဖြစ်တော့ပါဘုရား) ယခုတော့ ရှေးအတိတ်ကကံကြောင့် ဒီနာမ်ရုပ်တွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်သူပါလို့တုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန် ပါလို့ပါဘုရား) ဘယ်သူနဲ့ ယှဥ်ပြီးတော့ ဖြစ်ခဲ့တာလဲ (အဝိဇ္ဇာ တဏှာ ဥပါဒါန်နဲ့ယှဥ်ဖြစ်ခဲ့လို့ပါဘုရား)

စိတ်ရဲ့အကြောင်းတရားက ဘယ်နှစ်ပါးတုံး (လေးပါးပါဘုရား) လေးပါးက ဘာတွေပါသလဲ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံပါဘုရား) အဝိဇ္ဇာ၊ တဏှာ ဥပါဒါန် မပြောတော့ဘူး၊ ကံပြောလိုက်ခြင်းအားဖြင့် ပါပြီးဖြစ်တယ်။ မပါဘူးလား ပါသလား (ပါပါတယ်ဘုရား) ကံကိုပြောလိုက်ခြင်းအားဖြင့် အဝိဇ္ဇာ၊ တဏှာ ဥပါဒါန်ပါပြီးလို့ ဒီလိုဆုံးဖြတ်ချက်ချ။ ရွတ်သွားမှာစိုးလို့ ဒီလောက်ဘဲပြောပါတယ်၊ အဲဒီ အဝိဇ္ဇာ တဏှာ ဥပါဒါန် ခြံရံပြီးလုပ်ခဲ့တဲ့ကံကြောင့် ဤလိုရှုချင်တဲ့စိတ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)စိတ်ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်ပါတယ်ဘုရား)

လူတွေ သတ္တဝါတွေကြောင့် ဖြစ်တာလား၊ ကံကြောင့် ဖြစ်တာလား (ကံကြောင့် ဖြစ်တာပါဘုရား) အဲဒီကံကလဲ ဘာခြံရံလို့လဲ (အဝိဇ္ဇာ တဏှာ ဥပါဒါန် ခြံရံလို့ပါဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန် ခြံရံတဲ့ ကံကြောင့် ဤလိုပြုချင်တဲ့ ဘာတုံး (စိတ်ပါဘုရား) စိတ်ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ကံ စိတ် ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒီစိတ်ကြောင့် နှာသီးဖျားမှာတိုးခတ်နေတဲ့လေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) စိတ်ကြောင့် ဘာဖြစ်လာပါလိမ့် (လေဖြစ်ပါတယ်ဘုရား) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) စိတ်ကလဲ ပစ္စုပ္ပန်၊ လေကလဲပစ္စုပ္ပန်ဘဲ၊ ဒီပစ္စုပ္ပန်အကြောင်းကြောင့် နှာသီးဖျားမှာ တိုးခတ်တဲ့လေ မဖြစ်ဘူးလား၊ ဖြစ်သလား (လေဖြစ်ပါတယ်ဘုရား)

ကံစိတ်ဖြစ်လာပါတယ်၊ အနုရောက်ဆဲဥတုကကော မထောက်ပံ့ဘူးလား၊ ထောက်ပံ့သလား (ထောက်ပံ့ပါတယ်ဘုရား) ရောက်ဆဲဥတုကလဲ ထောက်ပံ့တယ်၊ ဥတုက ပြင်းပြင်းထန်ထန် ဖေါက်ပြန်ရင် ခင်ဗျားတို့ အသက်ရှင်လို့ ရပါ

မလား (မရပါဘုရား) အသက်ရှင်လို့မရဘူးဆိုတာ လေမဖြစ်တာကိုပြောတာ၊ ယခုလေဖြစ်အောင် ညီညီညွတ်ညွတ်နဲ့ ထောက်ပံ့တယ်၊ မထောက်ပံ့ဘူးလား၊ ထောက်ပံ့သလား (ထောက်ပံ့ပါတယ်ဘုရား) အကြောင်း ညီညွတ်အောင် သင့်လျော်အောင်ထောက်ပံ့မထားဘူးလား၊ထောက်ပံ့ထားသလား၊(ထောက်ပံ့ထားပါတယ်ဘုရား) ယခုရောက်ဆဲဥတုမပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ဥတုဆိုတာဘာလဲ၊ ပူမှုသဘော အေးမှုသဘော၊ ဘယ်ဥတုတုံး (ခုရောက်ဆဲဥတုပါဘုရား)

အရင်တုံးကဥတုလား၊ အခုဥတုလား (အခုဥတုပါဘုရား) ပစ္စုပ္ပန်အာဟာရကော မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ဘယ်တုံးက အာဟာရလဲ (အခုအာဟာရပါဘုရား)ခင်ဗျားတို့စားထားတဲ့အာဟာရ မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား) စိတ်၊ ဥတု၊ အာဟာရက ပစ္စုပ္ပန် အကြောင်း၊ ကံက ဘာတုံး အတိတ်အကြောင်း။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် နှာသီးဖျားမှာ တိုးခတ်တဲ့လေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေ သည် အ မေ အဖေ ကြောင့်လား၊ အကြောင်းကြောင့်လား(အကြောင်းကြောင့်ပါဘုရား) ဘယ်အကြောင်းကြောင့်တုံး(ကံ၊စိတ်၊ဥတု၊အာဟာရပါဘုရား)ကံသည်၊အတိတ်အကြောင်းလား၊ပစ္စုပ္ပန်အကြောင်းလား(အတိတ်အကြောင်းပါဘုရား)

စိတ်က ပစ္စုပ္ပန်အကြောင်း (ဥတုက၊ အခုဥတု၊ အာဟာရက၊အခုအာဟာရ၊ ပါဘုရား)ယခုစိတ်ကြောင့်၊ ယခုလေဖြစ်တာ၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)စိတ်နဲ့လေ၊ရှေ့နောက် ဆိုင်းသေးရဲ့လား(မဆိုင်းပါဘုရား)တပြိုင်ထဲ အတူတကွဖြစ်တာ သဟဇာတပစ္စည်း၊ ဘာပစ္စည်းတုံး(သဟဇာတပစ္စည်းပါဘုရား)ဒီနေရာမှာ၊ နီးသောအကြောင်းဟာ ဘာတုံး (စိတ်)စိတ်သည် နီးသောအကြောင်းဘဲ၊ ကံသည်ဝေးသောအကြောင်း၊ စိတ်ကမထင်ရှားဘူးလား၊ ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)

ရှုချင်တဲ့စိတ် ဖြစ်တာနဲ့တပြိုင်ထဲ၊ နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေ ဖြစ်တယ်။ ရှိုက်ချင်တဲ့စိတ်ဖြစ်တာနဲ့ နှာသီးဖျားမှာတိုးခတ်တဲ့လေ ဖြစ်တယ်။ စိတ်က ဘာတုံး(နာမ်ပါဘုရား)လေကဘာတုံး(ရုပ်ပါဘုရား)အဲဒီတော့ ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေ ဖြစ်တာလား၊ လေသဘောဖြစ်တာလား(လေသဘောဖြစ်တာပါဘုရား)

ဘယ်အချိန်မှာ ရှိတာတုံး (ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘော ရှိတာတုံး (ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား)ရှိရှိမနေဘူးလား(ရှိနေပါတယ်ဘုရား)ရှိရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်

တာပါဘုရား)ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဒါကြောင့် ရှုတဲ့အခါ၊ ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေ၊ အကြောင်းကြောင့်ဖြစ်။ ရှိက်တဲ့အခါကော ခုမှဖြစ်တဲ့လေ၊ခုမှဖြစ်တဲ့လေ၊ အကြောင်းကြောင့်ဖြစ်။ ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး(ကံ၊စိတ်၊ဥတု၊အာဟာရပါဘုရား)ကံ၊စိတ်၊ဥတု၊ အာဟာရသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား)

နှာသီးဖျားမှာ တိုးခတ် တွန်းကန် သွားတဲ့ လေသဘောဟာ ဘာတရားတုံး (အကျိုးတရားပါဘုရား)အကြောင်းအကျိုးကွဲမသွားဘူးလား၊ ကွဲသွားသလား ကွဲသွားပါတယ်ဘုရား)အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်က ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်က (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) အကြောင်း ကို ဆင်ခြင်တဲ့ ဉာဏ်က (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)ခုမှဖြစ်တဲ့လေ၊ ခုမှဖြစ်တဲ့လေလို့ ဆင်ခြင်တဲ့ဉာဏ်က(ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဒီရှုကွက်ထဲမှာ ဒီဉာဏ်သုံးဉာဏ် တပြိုင်ထဲ ထင်ရှားမလာ ဘူးလား၊ ထင်ရှားလာသလား(ထင်ရှားလာပါတယ်ဘုရား)ဘယ်ဉာဏ်ဘယ်ဉာဏ် ဆိုစမ်းပါ(ရူပပရိစ္ဆေဒဉာဏ်၊ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

သုဒ္ဓိအားဖြင့် ဘယ်နှစ်ပါးလဲ (ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) သီလသမာဓိနဲ့ကော မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) သီလပြည့်စုံတော့ သီလဝိသုဒ္ဓိ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) စိတ်စင်ကြယ်သည် ဖြစ်သောကြောင့် စိတ္တဝိသုဒ္ဓိ၊သုဒ္ဓိဘယ်နှစ်ပါးရတုံး၊ သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ၊လေးပါးမရဘူးလားရသလား(ရလာပါတယ်ဘုရား)

ဒီနေရာမှာ သုဒ္ဓိကလေးပါး၊ ဉာဏ်ကနှစ်ပါး၊ ပရိညာတပါး မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) အဲဒီသုဒ္ဓိ၊ ဉာဏ်၊ ပရိညာဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ပူဇော်ကြပါစို့။

ကဲ အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ—ဗုဒ္ဓံပူဇေမိ
〃 〃 ဓမ္မံပူဇေမိ
〃 〃 သံဃံပူဇေမိ

## နှာခေါင်းဖျားသတိကပ်စဉ် ခံစားနေရတဲ့ ...

**နှာခံရှုင်အသစ်ဖြစ်ရင်(ဘေး) နှာခံရှုင်အသစ်မဖြစ်ရင်နိဗ္ဗာန်(အေး)**

**သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၂) ရက် ဟောကြားသော တရား။**

ကဲ-သမာဓိယူကြပါစို့ရဲ့၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ထက်ဝယ်ဖွဲ့ခွေပြီးတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့် ထားလိုက်ပါ။ သတိရှေ့ရှုလိုက်၊ သတိရှေ့ရှုလိုက်ဆိုတော့ သတိ ဘယ်နေရာမှာထားရမှာတုံး (နှာသီးဖျားမှာပါဘုရား) နှာသီးဖျားမှာထားတော့ အပြင်လေ ထုတ် တာ တွေ့ မယ်။ အတွင်းလေသွင်းတာ တွေ့မယ်။ (သို့မဟုတ်) ရှူတာတွေ့မယ်။ ရှိုက်တာတွေ့မယ်။ ဒါကိုတော့ အဿာသ ပဿာသ အာနာပါန ဒီလိုလဲ ဆိုပါတယ်။ ဒါကြောင့် အပြင်လေ ထုတ် တာ ကို ရှူ တယ်။ အတွင်းလေသွင်းတာကို ရှိုက်တယ်လို့ မှတ်။ ရှူတယ်၊ရှိုက်တယ်မှတ်။ သမာဓိထူထောင်ပါအုံး၊ ဒါမှဒေသနာတော်မကျော်ရာကျပါတယ်။ သမာဓိရှိမှလဲ ဒီတရားနာလို့ ရပါတယ်။ သမာဓိရှိစေခြင်းငှါ မြတ်စွာဘုရားကိုယ်တော်မြတ်က(သော သတော ဝအဿသတိ။သတော ဝပဿသတိ) ဒီလိုပြပါတယ်။ သတိရှိပြီးတော့ ရှူပါ။ သတိရှိပြီးတော့ရှိုက်ပါ။

နောက် ဒုတိယနည်းက ရှူစက ရှူဆုံးထိ ဘယ်လိုမှတ်ရမလဲ( ရှူတယ်- ရှူတယ်) ရှိုက်စကရှိုက်ဆုံးအထိ(ရှိုက်တယ်-ရှိုက်တယ်)အဲဒီလိုမှတ်၊

**+ ဒီဃံ ဝါ အဿသန္တော၊ ဒီဃံ အဿသာမီတိ ပဇာနာတိ။**

**ဒီဃံ ဝါ ပဿသန္တော၊ ဒီဃံ ပဿသာမီတိ ပဇာနာတိ။**

ဒီဒေသနာတော်နဲ့လဲညီပါတယ်။ ရှူစက ရှူဆုံးထိ( ရှူတယ်- ရှူတယ်) ရှိုက်စက ရှိုက်ဆုံးထိ( ရှိုက်တယ်-ရှိုက်တယ်)လို့ သိ။

နောက် နံပါတ်( ၃ )က ခင်ဗျားတို့ရှူခြင်းအမှုမပြုဘူးလား၊ပြုသလား(ပြုပါတယ်ဘုရား)ဘယ်လိုပြုသလဲ (ဤလိုပြုတယ်-ဤလိုပြုတယ်) ရှိုက်ခြင်းအမှုကော မပြုဘူးလား (ပြုပါတယ်ဘုရား) ဘယ်လိုပြုတုံး (ဤလိုပြုတယ်-ဤလိုပြုတယ်) ကိုယ်ပြုဘာကိုယ်သိပါ။ ရှူစက ရှူဆုံးထိ (ဤလိုပြုတယ်-ဤလိုပြုတယ်) ရှိုက်စက ရှိုက်ဆုံးထိ (ဤလိုပြုတယ်-ဤလိုပြုတယ်) လို့ သိပါ။ အဲဒါ သမာဓိကမ္မဋ္ဌာန်း၊ သမထကမ္မဋ္ဌာန်း၊ အာနာပါနကမ္မဋ္ဌာန်းဘဲ။

သမထသမာဓိ၊အာနာပါနသတိဆိုတဲ့ ဒီကမ္မဋ္ဌာန်းမပါဘဲနဲ့ တကာတကာမတွေ ဝိပဿနာကမ္မဋ္ဌာန်းတက်လို့ ရရဲ့လား (မရပါဘုရား)ဒါကြောင့် နေ့စဉ်နေ့

---

+ ပဋိသမ္ဘိဒါမဂ်၊ ပါ၊ နှာ ၁၇၅

တိုင်း သမထကမ္မဋ္ဌာန်းနဲ့ဝိပဿနာကမ္မဋ္ဌာန်းဒွန်တွဲပြီး ရှုပွားတဲ့နည်းသည်ယုဂနဒ္ဓနည်းလို့ ဆိုပါတယ်။ အစုံအစုံ တွဲတက်သွားပါတယ်တဲ့။ သမထက ကျော်ပြီးပြောလို့ ကောရရဲ့လား(မရပါဘုရား) သမာဓိလဲရှိအုံးမှကိုးဗျ။

သမာဓိမရှိဘဲနဲ့ ရုပ်တရား၊နာမ်တရား မြင်နိုင်ပါ့မလား(မမြင်နိုင်ပါဘုရား) ရုပ်တရား၊နာမ်တရားမသိဘဲနဲ့ ခင်ဗျားတို့ ဥဒယဝယဆိုတဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းကို ရှုလို့ရပါ့မလား (မရပါဘုရား) မရပါဘူး။ ဒီလို အဓိပ္ပါယ်ထွက်လာပါတယ်။ ဒါကြောင့် တရားအားထုတ်တယ်ဆိုတာ ဘုန်းကြီးတို့တကာတကာမတွေ အခြေခံ ဖြစ် တဲ့ သီလ သမာဓိဟာ အရေးမကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား) အဲဒီသီလသမာဓိနဲ့ပြည့်စုံမှ ပညာဆိုတဲ့ ဝိပဿနာပညာ ပြည့်စုံနိုင်တယ်။ သတိသမာဓိမရှိတဲ့ပုဂ္ဂိုလ် (သို့မဟုတ်) သီလသမာဓိမရှိတဲ့ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်တည်မလား(မတည်ပါဘုရား)မတည်ဘူး၊ဒီလိုဆုံးဖြတ်ချက်ချ။ဒါကြောင့် ခင်ဗျားတို့ကို အမှန်တရားတွေ ရှိနေတဲ့သဘောတရားတွေသိစေချင်လို့ မြတ်စွာဘုရား ကိုယ်တော်မြတ် ကြီးက (သော သတောဝ အဿသတိ၊ သတောဝပဿသတိ။)သတိရှိပြီး ရှူပါ။ ရှိုက်ပါလို့ ဆိုပါတယ်။ ဒါကြောင့် ရှူစက ရှူဆုံးထိ (ဤလိုပြုတယ်-ဤလိုပြုတယ်) လို့သိ။ ရှိုက်စက ရှိုက်ဆုံးထိ (ဤလိုပြုတယ်-ဤလိုပြုတယ်)လို့သိပေး။

ကဲ-တဆင့်တက်ကြပါစို့၊ တကာတကာမတွေ သတိ သမာဓိနဲ့ ပြည့်စုံလာတဲ့ အခါကျတော့ ဒီသမာဓိ ဆိုတဲ့ တရားသည် အရှိတရားဖေါ်သလား၊ မရှိတရား ဖေါ်သလား(အရှိတရားဖေါ်တာပါဘုရား)အရှိတရားဆိုတာက တကာတကာမတွေ မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာ ဘယ်ဌာနပါလိမ့် (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာတုံး (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိတာတုံး (ဤလိုတိုးခတ်သွားတဲ့လေသဘော) ဘယ်သဘောရှိတာတုံး(ဤလိုတိုးခတ်သွားတဲ့လေသဘော) ဒီလေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒီလေရှိရှိနေတာ ဘာ ပြု လို့ ရှိ နေ တာ တုံး (ဖြစ်ဖြစ်နေလို့) ဘာ့ကြောင့်ဖြစ်တာတုံး(အကြောင်းကြောင့်ဖြစ်တာပါဘုရား)ဒါကြောင့် ရှူတဲ့အခါ (ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်၊

ဒီရှုကွက် တက်မလာဘူးလား၊ တက်လာသလား (တက်လာပါတယ်ဘုရား) သတိ သမာဓိနဲ့ လုပ်ငန်းစွင်နဲ့တက်လာတယ်။ တကာတကာမတွေ မနေ့ကလဲပြခဲ့ပါတယ်။ ဒီကနေပြီး ခင်ဗျားတို့ကို ဒါကိုလွှတ်ပြီး ပြသွားလို့ရှိရင် နားလည်ပါ့မလား (မလည်ပါဘူးဘုရား)

ဒါကြောင့် ခင်ဗျားတို့ အစဉ်ကို ဖျက်လို့ရပါ့မလား (မရပါဘုရား) အစဉ်အတိုင်းတက်ရတယ်။ ဒါကြောင့်ရှုတဲ့အခါမှာလဲ(ခုမှဖြစ်တဲ့လေ-ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်။ ရှိုက်တဲ့အခါမှာကော (ခုမှဖြစ်တဲ့လေ – ခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်။ ဘာဉာဏ်နဲ့ ဘာဉာဏ်တုံး ( ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိတုံး (ဒိဋ္ဌိဝိသုဒ္ဓိ) (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့်ဘာပရိညာလဲ (ဉာတပရိညာ) အဲဒီရှုကွက်နဲ့သာ ရှုနေရင် မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) ပြည့်စုံလာပါတယ်

မနေ့ကပြောခဲ့တာတွေကို ပြန်ပြီးတော့ရှင်းပေးတာပါ။ အဲ ဒီ တော့- သတိလက်မလွတ်ပါနဲ့။ ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းကို မီအောင်ဖမ်းပါ။ ဒါကြောင့် ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ (အခုမှဖြစ်တဲ့လေ-အခုမှဖြစ်တဲ့လေ) အကြောင်းကြောင့်ဖြစ်၊ ဒီလိုရှုပါ၊ (အခုမှဖြစ်တဲ့လေ-အခုမှဖြစ်တဲ့လေ)လို့ရှုတာက ရူပပရိစ္ဆေဒဉာဏ်။ အကြောင်းကြောင့်ဖြစ်လို့ဆိုတာက-ဘာဉာဏ်တုံး ( ပစ္စယပရိဂ္ဂဟဉာဏ် ပါဘုရား ) အကြောင်းကိုသိမ်းဆည်းတဲ့ဉာဏ်၊ ဘာဉာဏ် (အကြောင်းကိုသိမ်းဆည်းတဲ့ဉာဏ်) ဒီနေရာမှာ အကြောင်းကိုသိမ်းဆည်းလိုက်တော့ ငါ့ကြောင့်လေလား၊ သူ့ကြောင့်လေလား၊ အလိုလိုကြောင့်လားဆိုတဲ့ သဘောတွေ လာသေးရဲ့လား (မလာတော့ပါဘူးဘုရား) ဒီနေရာမှာ ဝိစိကိစ္ဆာကော စင်မသွားဘူးလား၊ စင်သွားသလား (စင်သွားပါတယ်ဘုရား) စင်သွားပါတယ်။

အကြောင်းကြောင့်ဖြစ်ဆိုတော့ ဘယ်အကြောင်းတွေကြောင့် ဖြစ် တာ တုံး (ကံ စိတ် ဥတု အာဟာရ) အဲ....ကံစိတ် ဥတု အာဟာရတည်းဟူသောအကြောင်းတရားကြောင့် ဒီနှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေဖြစ်တာ၊ငါ့ကြောင့်လဲဖြစ်တာမဟုတ်ဘူး၊ သူ့ကြောင့်လဲဖြစ်တာမဟုတ်ဘူး၊ အလိုလိုကြောင့်လဲဖြစ်တာမဟုတ်ဘူး၊ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားတွေက (ထောက်ပံ့တိုင်း ထောက်ပံ့တိုင်း) ဤလိုတိုးခတ်သွားတဲ့လေသဘောက မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်နေပါတယ်) ဖြစ်ပါတယ်။

ဒါ့ကြောင့် တကာတကာမတွေ ကံဆိုတာက အတိတ်အကြောင်း၊ ကံဆိုတာ ဘာတုံး (အတိတ်အကြောင်း) အတိတ်အကြောင်းတရားက-ကံ၊ အဲဒီကံနောက်က မသိမယာနဲ့ဘာတွေပါလာခဲ့သလဲဆိုတော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ပါလာတယ်။မပါဘူးလား၊ပါသလား(ပါလာပါတယ်ဘုရား) အဝိဇ္ဇာတဏှာဥပါဒါန်

ယှဉ်တဲ့ကံကြောင့် ဟုယ်တယ်မဟုတ်လား (ဟုတ်ပါတယ်ဘုရား) အဝိဇ္ဇာ တဏှာ ဥပါဒါန် မယှဉ်တဲ့ကံသည် အကျိုးပေးလို့ရသေးရဲ့လား (မရပါဘုရား) အကျိုးပေါ်ပါ့မလား (မပေါ်ပါဘူး) အဲဒီတော့ ရှေးအတိတ်ကံသည် ရှေးအတိတ်ကံကြောင့်အကျိုးတရားဖြစ်တယ်ဆိုကထဲကိုက ဒီကံသည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ယှဉ်ကိုယှဉ်ရမယ်။

အဲဒီတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကို မပြောတော့ဘူး။ ရုပ်ကျတော့ ကံကို ပြောလိုက်ခြင်းအားဖြင့် ဒီကံသည်ဘာနဲ့ယှဉ်နေတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန်နဲ့ ယှဉ်ပါတယ်ဘုရား) အဲဒါ အတိတ်အကြောင်းတရား၊ ဘာ တ ရား လဲ (အတိတ် အကြောင်းတရားပါဘုရား) ပစ္စုပ္ပန်အကြောင်းတရားက စိတ် ဥတု အာဟာရ မတွေ့ဘူးလား၊ တွေ့သကား (တွေ့ပါတယ်ဘုရား) အဲဒီတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့အကြောင်းတရားလေးပါး၊ အတိတ်အကြောင်းတရားကဘယ်သူတုံး (ကံ) ပစ္စုပ္ပန်အကြောင်းတရားက (စိတ် ဥတု အာဟာရ)ဟုတ်တယ်မဟုတ်လား၊ ဒါက ဥပတ္ထမ္ဘက-ကံ။ ဟိုဟာက-ဇနကကံ၊ ဒီလိုလာတာကိုးဗျ။ ကံတွေက လဲ အမျိုးမျိုးရှိတာကိုးဗျ။ ဒါကြောင့် တကာ တကာမတွေ သတိထားလိုက်ပါ။ အဲဒီတော့ ရှေးအတိတ်က အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ခြံရံတဲ့ကံကြောင့် ဤလိုရှုချင်တဲ့စိတ် မဖြစ်လာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဖြစ်လာပြီနော်၊ ကံ စိတ် မရလာဘူးလား၊ ( ရလာပါတယ် ) ဤလိုရှုက်ချင်တဲ့စိတ်ဟာ ငါကြောင့်ဖြစ်တာလား၊ ကံကြောင့်ဖြစ်တာလား (ကံကြောင့်ဖြစ်တာပါဘုရား) အဲဒီကံက ဘာနှင့်ယှဉ်တာတုံး (အဝိဇ္ဇာ တဏှာ ဥပါဒါန်)ဟုတ်လား။

အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ကံကြောင့် ဤ လို ရှုက် ချင် တဲ့ စိတ် ဖြစ် တာ၊ ဟိုတုန်းကလဲပြောခဲ့တယ်မဟုတ်လား၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံကြောင့် စိတ်ဖြစ်တာပါလို့မပြောခဲ့ဘူးလား၊ ပြောခဲ့သလား (ပြောခဲ့ပါတယ်ဘုရား) ဒီနေရာမှာတော့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကိုချန်ထားပြီးတော့ ရှေးအတိတ်ကကံကြောင့် ဤလိုပြုချင်တဲ့စိတ် မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ်တယ်နော်၊ ကံ-စိတ် ရမလာဘူးလား (ရလာပါတယ်ဘုရား)စိတ်ဖြစ်လိုက်တာနဲ့တပြိုင်နက် နှာသီးဖျားမှာတိုးခတ်သွားတဲ့လေ မဖြစ်ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ဖြစ်လာပါတယ်။ လေဟာ လူလား ရုပ်လား ( ရုပ်ပါဘုရား ) ရုပ်မဖြစ်လာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဒီရုပ်ကို တကာတကာမတွေ ရောက်ဆဲဖြစ်တဲ့ဥတုကကော မထောက်ပံ့ဘူးလား၊ ထောက် ပံ့ သ လား (ထောက်ပံ့ပါတယ်ဘုရား) ဘယ်တုံးကဥတုတုံး (ယခုရောက်ဆဲဥတုပါဘုရား) အခုရောက်ဆဲဥတုဆိုတာ အပူသဘော အအေးသဘော၊ အေးမှုနဲ့ ပူမှုကလဲ ရုပ်တရားကို မထောက်ပံ့ဘူးလား၊ ထောက်ပံ့သလား (ထောက်ပံ့ပါတယ်ဘုရား)

သူကော အကြောင်းကင်းရဲ့လား (မကင်းပါဘုရား) ဥတုဆိုတဲ့ အကြောင်းတရားလဲ ဒီနှာသီးဖျားမှာ တိုးခတ်တဲ့လေဟာ ကင်းရဲ့လား ( မကင်းပါဘုရား ) ဒီအကြောင်းကလဲ ပစ္စုပ္ပန်မှာ ထောက်ပံ့နေတယ်။ အဲဒီတော့ ခင်ဗျားတို့ အစာအာဟာရတွေ မစားဘူးလား စားသလား (စားပါတယ်ဘုရား) အဲဒီတော့ ဒီအစာအာဟာရကလဲ ဒီလေကိုမထောက်ပံ့ဘူးလားထောက်ပံ့သလား(ထောက်ပံ့ပါတယ်ဘုရား) ဒီအကြောင်းတရားတွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

အာဟာရသာမရှိရင် ဒီလေဖြစ်လို့ရပါ့မလား (မရပါဘုရား) မရဘူး။ ဥတုကလဲ ဖေါက်ပြန်သွားမယ်ဆိုရင်ကော ဒီလေဖြစ်လို့ရပါ့မလား (မရပါဘုရား) စိတ်ကလဲမရှိရင် ဒီလေဖြစ်လို့ရပါ့မလား (မရပါဘုရား) ဟုတ်တယ်မဟုတ်လား အဲဒါကြောင့် နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘောသည် ဘယ်အကြောင်းတွေကြောင့်ဖြစ်တုံး (ကံ စိတ် ဥတု အာဟာရ) အကြောင်း တရားလေးပါးကြောင့်ဖြစ်တယ်။

အဲဒီတော့ ကံ စိတ် ဥတု အာဟာရသည် အကြောင်းတရား၊ နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘောကဘာတုံး ( အကျိုးတရား) အကြောင်းအကျိုးကွဲမလာဘူးလား၊ ကွဲလာသလား(ကွဲလာပါတယ်ဘုရား) ဘယ်အချိန်မှာကွဲတာတုံး (ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း) ဟော- အကြောင်းနဲ့အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်) ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ ပစ္စယပရိဂ္ဂဟဉာဏ်ကော ရှုပြီးသားမဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

အဲဒီတော့ ဒီနေရာမှာ တကာ တကာမတွေ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ ဆိုတဲ့ အကြောင်းတရားလေးပါးတို့တွင် နီးသောအကြောင်း ဝေးသောအကြောင်းဆိုတာကွဲရတယ်။ ဝေးသောအကြောင်းကဘယ်သူတုံး (ကံ) နီးသောအကြောင်းက (စိတ်)

ဤလိုပြုချင်တဲ့သဘောဟာဘာတုံး (စိတ်) စိတ်ဖြစ်တော့ ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) လေသည် လူတွေ သတ္တဝါတွေကြောင့် ဖြစ်တာလား၊ စိတ်ကြောင့်ဖြစ်တာလား (စိတ်ကြောင့်ဖြစ်တာပါဘုရား) ဒါကြောင့် ကျမ်းဂန်လိုတော့ စိတ္တဇရုပ်၊ ဘာရုပ်တုံး (စိတ္တဇရုပ်) စိတ္တက-စိတ်၊ ဇက-ဖြစ်တာ၊ ရုပ်က-ရုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်၊ ဘာတဲ့တုံး (စိတ်ကြောင့်ဖြစ်တဲ့ရုပ်) ဘယ်အချိန်မှာဖြစ်တာတုံး ( ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း ) အော်- ရှူချင်တဲ့သဘောကဘာတုံး (စိတ်)၊ ရှိုက်ချင်တဲ့သဘောကကော (စိတ်)၊ ဤလိုပြုချင်တဲ့သဘောကကော (စိတ်)၊ စိတ်ဖြစ်တော့ဘာဖြစ် (လေဖြစ်) လေမဖြစ်ဘူးလား ဖြစ်သလား

(ဖြစ်ပါတယ်ဘုရား) စိတ်ကဘာတရားတုံး (နာမ်တရားပါဘုရား) လေက ဘာတရားတုံး (ရုပ်တရားပါဘုရား) နာမ်-ရုပ် ရမလာဘူးလား၊ရလာသလား(ရလာပါတယ်ဘုရား ; ဘယ်အချိန်မှာတုံး (ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း) အော်-ရှူတဲ့အခါလဲ (စိတ်နဲ့လေ) ရှိုက်တဲ့အခါကော (စိတ်နဲ့လေ) လူတွေ သတ္တဝါတွေပါရဲ့လား (မပါပါဘုရား) လူတွေ သတ္တဝါတွေ တွေ့ရဲ့လား (မတွေ့ပါဘုရား) ရှိရဲ့သားနဲ့မတွေ့တာလား၊ မရှိလို့မတွေ့တာလား ( မရှိလို့မတွေ့တာပါဘုရား ) ရှိတာကဘာနဲ့ဘာ (စိတ်နဲ့လေ) တနည်း (နာမ်နဲ့ရုပ်)

အဲ-မတွေ့လာဘူးလား၊ တွေ့လာသလား (တွေ့လာပါတယ်ဘုရား) တွေ့လာပါတယ်။ တကာတကာမတွေ့သတိလဲ့ထားပါ။ ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ စိတ်နဲ့လေကလွဲရင် ဒိပြင်တွေ့သေးရဲ့လား (မတွေ့ပါဘုရား) အရှိတရားတွေ့တာလား၊ မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) အရှိတရားကဘယ်သဘောနဲ့ဘယ်သဘောပါလိမ့် (စိတ်သဘောနဲ့လေသဘော) စိတ်သဘောနဲ့လေသဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့) မဖြစ်ရင်ရှိပါမလား (မရှိပါဘူး) အော်- ပဌမ အရှိတရားကိုကြည့်ရမယ်။ အရှိတရားကြည့်ရမှာလား၊ မရှိတရားကြည့်ရမှာလား (အရှိတရားကြည့်ရမှာပါဘုရား) အ ရှိ တ ရား က မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား၊ (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး( ရှူတိုင်း ရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောတွေရှိတာတုံး (စိတ်သဘောနဲ့လေသဘော) စိတ်ကဘာတရား (နာမ်တရား) လေကဘာတရား (ရုပ်တရား) နာမ်နဲ့ရုပ်ဘဲရှိတယ်။ ရှူတဲ့အခါလဲ (နာမ်နဲ့ရုပ်)၊ ရှိုက်တဲ့အခါလဲ (နာမ်နဲ့ရုပ်) တနည်း (စိတ်နဲ့လေ) လူတွေ သတ္တဝါတွေ ရှူတာလား၊ နာမ်ရုပ်ရှူတာလား (နာမ်ရုပ်ရှူတာပါဘုရား) နာမ်ရုပ်ရှူရမှာ (ဣတိနာမရူပံ) ဣတိ၊ ဤသဘောတရားကား၊ နာမရူပံ၊ နာမ်ရုပ်တည်း။ ဤသဘောတရားမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဤလိုပြုချင်တဲ့သဘောက ဘာတုံး (စိတ်) စိတ်ဖြစ်တော့ ဘာ ဖြစ် တုံး (လေဖြစ်ပါတယ်ဘုရား) စိတ်ကဘာတရား (နာမ်တရား) လေ က ဘာ တ ရား (ရုပ်တရား) အော် နာမ်-ရုပ် မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား)

ဒါကြောင့် ပါဠိတော်က ( ဣတိနာမရူပံ ) ဣတိ၊ ဤသဘောကား နာမ်ရုပ်တည်း။ လူတွေ သတ္တဝါတွေလား၊ နာမ်ရုပ်လား (နာမ်ရုပ်ပါဘုရား) ဒီနာမ်ရုပ်သာ မသိရင်တဲ့ လောဘကင်းပါရစေ၊ ဒေါသကင်းပါရစေ၊ မောဟကင်းပါရစေလို့ ဘယ်လိုဘဲခင်ဗျားဟို ကြိုးစားအားထုတ်သော်လဲဘဲ လောဘ ဒေါသ မောဟ

ကင်းပါ့မလား (မကင်းပါဘုရား) နာမ်ရုပ်ဆိုတဲ့ ယထာဘူတဉာဏ် သိလိုက်တာနဲ့တပြိုင်နက် လောဘ ဒေါသ မောဟ ဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) မရဘူးနော်။

ဒါ့ကြောင့် အဋ္ဌကထာဆရာက-

**ယထာဘူတံ အဇာနန္တာ။ သုခ္ခိကာမာပိယေဇ္ဇဓ။**

**ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ။ ဝါယမန္တာပိယောဂိနော။**

ဣဓ၊ ဤငါဘုရားသာသနာတော်၌၊ ယထာဘူတံ၊ ဟုတ်မှန်သော ရုပ်နာမ်သဘောတွေကို၊ အဇာနန္တာ၊ ဟုတ်တိုင်းမှန်စွာ မသိကြကုန်ဘဲ၊ သုခ္ခိကာမာပိ၊ လောဘ ဒေါသ မောဟတို့မှ စင်ကြယ်ခြင်းကို အလိုရှိကြကုန်သော၊ ယေယောဂိနော၊ အကြင်ယောဂီရှင်တို့သည်၊ သန္တိ၊ ရှိကုန်၏၊ တေယောဂိနော၊ ထိုယောဂီရှင်သူတော်စင်တို့သည်၊ ဝါယမန္တာပိ၊ လောဘ ဒေါသ မောဟ တို့မှ ကင်းစင်အောင် ဘယ်လိုပင် ကြိုး စား အား ထုတ် ကြ ကုန် သော်လည်း၊ ဝိသုဒ္ဓိံ၊လောဘ ဒေါသ မောဟတို့မှ ကင်းစင်ရာ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ချမ်းသာသို့၊ နာဓိဂစ္ဆန္တိ၊ မရောက်နိုင်၊ မရနိုင်ကြကုန်။

အဋ္ဌကထာ ဆရာက ဒီအတိုင်း မ ထောက် ခံ ဘူး လား၊ ထောက် ခံ သ လား ( ထောက်ခံထားပါတယ်ဘုရား ) ဒီယထာဘူတဉာဏ်မှ နာမ်နဲ့ရုပ်မှ ခင်ဗျားတို့မသိဘဲနဲ့ လောဘငြိမ်းပါရစေ၊ ဒေါသငြိမ်းပါရစေ၊ မောဟငြိမ်းပါရစေဆိုလို့ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) မြတ်စွာဘုရားရှေ့တော်မှာ (ဣဒံမေပုညံ အာသဝက္ခယံ ဝဟံဟောတု) လို့ မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား) နာမ်-ရုပ်ကော သိရဲ့လား (မသိပါဘုရား) နာမ်ရုပ် မသိဘဲနဲ့ လောဘ မငြိမ်းပါဘူးတဲ့။

ဘယ်လိုဘဲ အားထုတ်အားထုတ် နာမ်တရား ရုပ်တရားမှမသိဘဲနဲ့ ခင်ဗျားတို့ လောဘ ဒေါသ မောဟတွေ၊ ဣဿာ မစ္ဆရိယတွေ ငြိမ်း ပါ့ မ လား (မငြိမ်းပါဘုရား) ဘာ မ သိ လို့ တုံး (နာမ်ရုပ်မသိလို့ပါ) ဘာမသိလို့တုံး (နာမ်နဲ့ရုပ်) ဒါကြောင့် ယထာဘူတံ၊ ဟုတ်မှန်တဲ့တရားကို၊ အဇာနန္တာ၊ မသိကြကုန်ဘဲ၊ နော် နာမ်တရားနဲ့ ရုပ်တရားတော့မသိဘူး။

သုခ္ခိကာမာပိ၊ လောဘ ဒေါသ မောဟတို့မှ စင်ကြယ်ခြင်းကို အလိုရှိကြပါကုန်သော်လည်း၊ ခင်ဗျားတို့လောဘမှ စင်ကြယ်ချင်တယ်၊ ဒေါသမှစင်ကြယ်ချင်တယ်၊မောဟမှစင်ကြယ်ချင်တယ်။ မစင်ကြယ်ချင်ဘူးလား၊ စင်ကြယ်ချင်သလား (စင်ကြယ်ချင်ပါတယ်ဘုရား) စင်ကြယ်တော့စင်ကြယ်ချင်ပါရဲ့၊ နာမ်နဲ့ရုပ် သိရဲ့လား (မသိပါဘုရား) နာမ်နဲ့ရုပ်မှမသိရင် လောဘ ဒေါသ မောဟ စင်ကြယ်ပါ့မလား (မစင်ကြယ်ပါဘုရား)

ဘယ်လိုပင် ခင်ဗျားတို့ အားထုတ်ငြားသော်လည်း သောဘငြိမ်းပါမလား (မငြိမ်းပါဘုရား) ဒေါသ မောဟ ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) ယေယောဂိနော၊ အကြင်ယောဂီရှင်သူတော်စင်တို့သည်၊ သန္တိ၊ ရှိကုန်၏၊ တေယောဂိနော ထိုယောဂီရှင်သူတော်စင်တို့သည်၊ ဝါယမန္တာပိ၊ လောဘ ဒေါသ မောဟ တို့မှ ကင်းစင်အောင် ဘယ်လိုပင် ကြိုးစားအားထုတ်ကြကုန် သော်လည်း၊ လောဘ၊ ဒေါသ မောဟငြိမ်းခြင်းသို့ရောက်ပါ့မလား (မရောက်ပါဘုရား)

လောဘ ဒေါသ မောဟ ကင်းစင်ရာ မဂ်-ဖိုလ်-နိဗ္ဗာန် ဟူသော ချမ်းသာသို့၊ နာဓိဂစ္ဆန္တိ၊ မရောက်နိုင်၊ မရနိုင်ကြကုန်။ ဒီလို အဋ္ဌကထာဆရာက မပြထားဘူးလား၊ ပြထားသလား (ပြထားပါတယ်ဘုရား) ဒါကြောင့် တကာတကာမတွေ ရှေးဦးစွာ နာမ်တရားနဲ့ရုပ်တရားကိုတော့ သေသေချာချာ မသိသင့်ဘူးလား၊ သိသင့်သလား (သိသင့်ပါတယ်ဘုရား)

ဒီနာမ်တရား ရုပ်တရားမှမသိပါဘဲနဲ့ ဖြစ်ပျက်ကောရှုလို့ရပါ့မလား (မရပါဘုရား) အနိစ္စ ဒုက္ခ အနတ္တကော ရှုလို့ရပါ့မလား (မရပါဘုရား) ဒါကြောင့်-နာမ်တရား ရုပ်တရားကို ရှေးဦးစွာ မသိသင့်ဘူးလား၊ သိသင့်သလား (သိသင့်ပါတယ်ဘုရား) ရှေးဦးစွာသိရမယ်။

ဒီနာမ်တရား-ရုပ်တရားသိဘို့ဆိုတာကလဲ သတိ သမာဓိမပါဘဲနဲ့ ရပါ့မလား (မရပါဘုရား) အခုခင်ဗျားတို့ သတိ သမာဓိနဲ့ပြည့်စုံတဲ့အခါမှာ အရှိတရားတွေ့တာလား၊ မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) အရှိတရားက မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား)

အော်-မိမိခန္ဓာမှာ၊ တကာတကာမတွေ နာမ်တရားနဲ့ရုပ်တရား ရှိတာလား၊ လူတွေ သတ္တဝါတွေရှိတာလား (နာမ်တရားနဲ့ရုပ်တရားရှိတာပါဘုရား)မိမိခန္ဓာမှာ စိတ်သဘောနဲ့လေသဘော ရှိတာလား၊ ပုဂ္ဂိုလ် သတ္တဝါ ရှိတာလား (စိတ်သဘောနဲ့လေသဘောရှိတာပါဘုရား) စိတ်သဘော လေ သ ဘော ဘဲ ရှိ တယ်၊ နာမ် ရုပ်မျှဘဲရှိတယ်။

ပရမတ္ထတောပန နာမရူပမတ္တမေဝ အတ္ထိတိ။ ဇေ၀ပဿတော ဟိဒဿနံ နာမ ဟောတိ။

ဒီနာမ်တရား ရုပ်တရားကိုမြင်လို့ရှိရင်လဲ ယထာဘူတဉာဏ်တဲ့၊ ဘာဉာဏ်တုံး (ယထာဘူတဉာဏ်)

ယထာဘူတဉာဏ်လို့လဲခေါ်တယ်။ နာမရူပပရိစ္ဆေဒဉာဏ်လို့လဲခေါ်တယ်။ ဒီဉာဏ်နှစ်ဉာဏ် အတူတူဘဲလို့မှတ်။ တကာတကာမတွေကြည့်လေ။ ပန၊စင်စစ် ကေန်အမှန်သော်ကား။ပရမတ္ထတော=ပရမတ္ထအားဖြင့် နာမရူပမတ္တမေဝ=နာမ်တရားနဲ့ရုပ်တရားမျှသည်သာလျှင် အတ္ထိ၊ရှိ၏။ ဘာနဲ့ဘာရှိတာတုံး (နာမ်နဲ့ရုပ်ပါဘုရား)ဒီပြင်ရှိသေးရဲ့လား(မရှိပါးဘုရား)

ဘယ်အချိန်မှာရှိတာတုံး(ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း) ရှူတိုင်းရှူတိုင်းရှိုက်ကိုင်းရှိုက်တိုင်းမှာဘယ်သဘောနဲ့ဘယ်သဘောရှိတာတုံး(စိတ်သဘောနဲ့လေသဘော) တနည်း ဘယ်သဘောနဲ့ဘယ်သဘော (နာမ်သဘောနဲ့ရုပ်သဘောပါဘုရား) နာမရူပမတ္တမေဝ၊ နာမ်တရားနဲ့ ရုပ်တရားမျှသည်သာလျှင်၊ အတ္ထိ၊ရှိ၏။ သတ္တောနာမ=ငါသူတပါးယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါမည်သည်နတ္ထိ၊မရှိ။ ရှိရဲ့လား(မရှိပါဘုရား)ရှိတာက ဘာနဲ့ဘာပါလိမ့် (စိတ်သဘောနဲ့လေသဘော) တနည်း (နာမ်သဘောနဲ့ရုပ်သဘော) ဘယ်အချိန်မှာရှိတာတုံး (ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း) အခုအရှိတရားကို ခင်ဗျားတို့ တွေ့မနေဘူးလား၊ တွေ့နေသလား(တွေ့နေပါတယ်ဘုရား)လူနဲ့တွေ့တာလား၊ဉာဏ်နဲ့တွေ့တာလား(ဉာဏ်နဲ့တွေ့တာပါဘုရား)လုပ်ငန်းနဲ့တွေ့တာလား၊ အပြောနဲ့တွေ့တာလား(လုပ်ငန်းနဲ့တွေ့တာပါဘုရား)လုပ်လဲလုပ်ကြည့်နော်။

အဲဒီ ယထာဘူတဉာဏ်ကို ခန္ဓာနဲ့တွေ့ရမှာလား၊ လူနဲ့တွေ့ရမှာလား(ခန္ဓာနဲ့တွေ့ရမှာပါဘုရား)မိမိခန္ဓာထဲမှာ တွေ့ရမှာနော်။ သတိထားလိုက်။ ဒါကြောင့် သတ္တောနာမ၊ ငါသူတပါးယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါမည်သည်။နတ္ထိ၊မရှိ၊ ဣတိ၊ ဤသို့၊ ဂဏှာတိ၊ ယူ၏။ ဟိသစ္စံမှန်၏။ ဧဝံ၊ဤသို့။ ပဿတော၊ရှုပွားသော ယောဂီပုဂ္ဂိုလ်၏၊ ဒဿနံ၊ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ခြင်းသည်။ ယထာဘူတဒဿနံ နာမ၊ ဟုတ်တိုင်းမှန်ရာကို သိမြင်ခြင်းမည်၏။

ယခု ခင်ဗျားတို့ဟုတ်မှန်တဲ့အတိုင်းမြင်နေတာလား၊ မဟုတ်မမှန်တာမြင်နေတာလား(ဟုတ်မှန်တဲ့အတိုင်းမြင်နေတာပါဘုရား)

ဟုတ်မှန်တယ်ဆိုတာက နာမ်ရုပ်တရားလား၊ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါလား(နာမ်တရားနဲ့ရုပ်တရားပါဘုရား)ယခုခင်ဗျားတို့မြင်နေတာက နာမ်ရုပ်မြင်နေတာလား၊ ပုဂ္ဂိုလ်သတ္တဝါမြင်နေတာလား(နာမ်နဲ့ရုပ်မြင်တာပါဘုရား)နာမ်ရုပ်ဆိုတာ ဘယ်သဘောနဲ့ဘယ်သဘောပါလိမ့် (စိတ်သဘောနဲ့ လေသဘောပါဘုရား)ဘယ်အချိန်မှာတုံး(ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း)

ဩော် ရှူချင်တဲ့သဘောဟာ ဘာတုံး(စိတ်)ရှိုက်ချင်တဲ့သဘောဟာဘာတုံး (စိတ်)ဤလိုပြုချင်တဲ့သဘောကကော(စိတ်) စိတ်ဖြစ်တော့ ဘာဖြစ်(လေဖြစ်) လေဖြစ်တယ်။ စိတ်ကဘာတရား (နာမ်တရား) လေကဘာတရား (ရုပ်တရား) နာမ်ရုပ်မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)

ခင်ဗျားတို့ နာမ်ရုပ်ရှုနေတာလား၊ လူတွေသတ္တဝါတွေရှုနေတာလား(နာမ်ရုပ်ရှုနေတာပါ)ဒါကြောင့် ရှူတဲ့အခါ(စိတ်နဲ့လေ)လို့ရှု ရှိုက်တဲ့အခါလဲ(စိတ်နဲ့လေ၊ စိတ်နဲ့လေ၊ စိတ်နဲ့လေ) လို့ရှု၊ ဟုတ်လား၊ အဲဒီလိုရှုရင် လူတွေ သတ္တဝါတွေရှုတာလား၊ နာမ်ရုပ်ရှုတာလား (နာမ်ရုပ်ရှုတာပါဘုရား) အရှိတရားရှုတာလား၊ မရှိတရားရှုတာလား(အရှိတရားရှုတာပါဘုရား)

အဲဒီနာမ်ရုပ်က တကာတကာမတွေ သက္ကာယတရား၊ ဘာတရားလဲ (သက္ကာယတရား)ရှုတယ်ရှုက်ဘယ်ထင်ရင်(ဒိဋ္ဌိ)ပေါင်းလိုက်စမ်းပါ (သက္ကာယဒိဋ္ဌိ)ယခုခင်ဗျားတို့ နာမ်နဲ့ရုပ်ရှုနေတော့ သက္ကာယပေါ်မှာ ဒိဋ္ဌိလာသေးရဲ့လား (မလာတော့ပါဘူး)ဒိဋ္ဌိအစွဲလာသေးရဲ့လား (မလာတော့ပါဘူး) အမှန်မြင်လို့လား၊ အမှားမြင်လို့လား(အမှန်မြင်လို့ပါဘုရား)အမှန်မြင်လို့။

အမှန်မြင်တော့ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား(သမ္မာဒိဋ္ဌိပါဘုရား)မိစ္ဆာဒိဋ္ဌိမပယ်ဘူးလား၊ ပယ်သလား (ပယ်ပါတယ်ဘုရား) ပယ်သွားတယ်။ ဒါကြောင့် နာမရူပံဘိက္ခဝေဇာနတော ပဿတောမိစ္ဆာဒိဋ္ဌိ ပဟီယတိ) တဲ့။ မြတ်စွာဘုရားက၊ဘိက္ခဝေ၊ချစ်သားချစ်သမီးတို့၊နာမရူပံ၊နာမ်တရားနဲ့ရုပ်တရားကို နာမ်တရားနဲ့ရုပ်တရားဆိုတာ ဘယ်သဘောနဲ့ ဘယ်သဘောပြောတာလဲ(စိတ်သဘောနဲ့လေသဘောပါဘုရား) ဘယ်အချိန်မှာပါလိမ့် (ရှုတိုင်းရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာပါဘုရား)ဒီအချိန်မှာအားထုတ်ကြည့်။

စိတ်သဘောနဲ့ လေသဘော မမိဘူးလား၊ မိသလား (မိနေပါတယ်ဘုရား) ဉာဏ်နဲ့မိတာလား၊ ငါနဲ့မိတာလား (ဉာဏ်နဲ့မိတာပါဘုရား) ဉာဏ်နဲ့မိရမယ်။ ဉာဏ်နဲ့သိရမယ်။ကြည့်လေ၊ ဘိက္ခဝေ၊ချစ်သားချစ်သမီးတို့၊နာမရူပံ၊နာမ်တရားနဲ့ရုပ်တရားကို(ဝါ)စိတ်သဘောနဲ့ လေသဘောကို၊ ဇာနတော၊သိသောသူအား ပဿတော၊ မြင်သောသူအား၊ မိစ္ဆာဒိဋ္ဌိ၊ မှားသောအမြင်ကို၊ပဟီယတိ၊ပယ်၏။ မိစ္ဆာဒိဋ္ဌိကို ပယ် လိုက် တော့ ဘာဒိဋ္ဌိ ရောက်လာမလဲ (သမ္မာဒိဋ္ဌိ ရောက်လာပါတယ်ဘုရား) သမ္မာဒိဋ္ဌိဆိုတာ ပညာ၊ ဝိပဿနာပညာ မရလာဘူးလား၊ ရလာသလား(ရလာပါတယ်) ဝိပဿနာပညာရလာတော့ တကာတကာမတွေ လောဘ ဒေါသ မောဟတွေ မငြိမ်းဘူးလား၊ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)အမှန်မြင်လို့လား၊အမှားမြင်လို့လား(အမှန်မြင်လို့ပါ)

အမှန်မြင်လိုက်တာနဲ့တပြိုင်နက် ခင်ဗျားတို့ ဒီစိတ်သဘောလေသဘောပေါ်မှာ ငါလို့စွဲယူသေးရဲ့လား(မယူပါဘုရား)ဒီအစွဲပြုတ်မသွားဘူးလား၊ပြုတ်သွားသလား (ပြုတ်သွားပါတယ် ဘုရား) ငါမှမဟုတ်ရင်၊ ငါဉစ္စာ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ငါဉစ္စာမှမဖြစ်ဘဲနဲ့ တကာတကာမတွေ ငါ့ကိုယ်၊ ငါ့အတ္တဘောဟုတ်ရဲ့လား(မဟုတ်ပါဘုရား)

+ နေတံ မမ နေသောဟမသ္မိ န မေသော အတ္တာတိ။

ဒီနာမ်တရားနဲ့ရုပ်တရားသည်၊မပေ၊ငါ၏၊နသန္တကံ၊ဉစ္စာမဟုတ်၊ဤစိတ်သဘောနဲ့လေသဘော ခင်ဗျားတို့ဉစ္စာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ငါ့ဉစ္စာမဟုတ်ဘူး။

+ သဠာယတနသံယုတ် ပါ၊ နှာ ၂၃၆

ငါ့ဥစ္စာမှ မဟုတ်လို့ရှိရင် တကာ တကာမတွေ ငါလို့ပြောလို့ရပါအုံးမလား (မရပါဘုရား)သော၊ဤသဘောတရားသည်၊ အဟံ၊ ငါသည်၊ နအသ္မိ၊မဖြစ်ခဲ့၊ ငါဖြစ်ရဲ့လား (မဖြစ်ပါဘုရား)မာနစွဲပြုတ်တယ်။ တဏှာစွဲကော (ပြုတ်ပါတယ် ဘုရား)အတ္တမဟုတ်ရင်ဘာတုံး (အနတ္တပါဘုရား)အနတ္တဆိုတာ မျက်စိနဲ့မြင်ရရဲ့ လား (မမြင်ရပါဘုရား) အတ္တကိုယ်ကြီးဟာ မျက်စိနဲ့မြင်ရတယ်။ အနတ္တ ဆိုတဲ့ နာမ်တရားနဲ့ရုပ်တရားက မျက်စိနဲ့မြင်လို့ရရဲ့လား (မရပါဘုရား) ဘာနဲ့မြင်ရမှာ တုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား) စိတ်သဘောနဲ့လေသဘော မျက်စိနဲ့မြင်လို့ရရဲ့ လား(မရပါဘုရား)ဘာနဲ့မြင်ရမှာတုံး ဉာဏ်နဲ့ပါဘုရား)

ဤလိုပြုချင်တဲ့ သဘောကဘာတုံး (စိတ်) စိတ်ဖြစ်တော့ဘာဖြစ်တုံး (လေ ဖြစ်)စိတ်ကဘာတရား(နာမ်တရား) လေကဘာတရား(ရုပ်တရား) နာမ်တရားနဲ့ ရုပ်တရား၊ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ရှုတိုင်းရှုတိုင်းရှုက်တိုင်းရှိုက်တိုင်း)ဒါကြောင့်ရှုတဲ့အခါ(စိတ်နဲ့လေ-စိတ်နဲ့လေ စိတ်နဲ့လေ)ရှိုက်တဲ့အခါ (စိတ်နဲ့လေ၊စိတ်နဲ့လေ၊စိတ်နဲ့ခလ)

အဲဒီလို ရှုလို့ရှိရင် ယထာဘူတဉာဏ်။ ဘာဉာဏ်တဲ့တုံး (ယထာဘူတဉာဏ် ပါဘုရား)ဒီနေရာမှာ ခင်ဗျားတို့အစွဲမပြုတ်ဘူးလား၊ပြုတ်သလား(ပြုတ်ပါတယ် ဘုရား) ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလဲ၊

+ **နာမရူပံဘိက္ခဝေနတုမှာကံတံပဇာဟထ၊**
**တံဝေါပဟီနံဟိတာယသုခါယဘဝိဿတိ။**

လို့ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ချစ်သားချစ်သမီးတို့၊နာမရူပံ၊နာမ်တရားနဲ့ရုပ်တရားသည်၊နတုမှာ ကံ၊ သင်တို့၏ဥစ္စာမဟုတ်။ ခင်ဗျားတို့ဥစ္စာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒီစိတ် သဘောနဲ့ လေသဘောသည် ခင်ဗျားတို့ ဥစ္စာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သိမ်းဆည်းလို့ရရဲ့လား(မရပါဘုရား) မရှိလို့လား(ရှိပါတယ်) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့)ဖြစ်ပြီးဘယ်ရောက်တုံး(ပျက်)

ပျက်တာဘဲ သိမ်းဆည်းလို့ ရရဲ့လား (မရပါဘုရား) ငါ့ဥစ္စာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)ခင်ဗျားတို့က(ငါ့ဥစ္စာ)လို့ထင်နေလို့ရှိရင်ဖြင့် ဒီအစွဲရှိနေရင် သံသရာကရပ်ပါ့မလား (မရပ်ပါဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဒီအစွဲတွေကို မဖြုတ်ခိုင်းဘူးလား၊ ဖြုတ်ခိုင်းသလား (ဖြုတ်ခိုင်းပါတယ်ဘုရား) ဖြုတ်ခိုင်းနေတာနော်။ ဒီအစွဲကိုဖြုတ်ခိုင်းနေတာ။

---

+ ခန္ဓဝဂ္ဂသံယုတ်၊ ပါ၊ နှာ ၂၀

နာမရူပံဘိက္ခဝေနတုမှာကံတံပဇာဟထ၊
တံဝေါပဟီနံဟိတာယသုခါယဘဝိဿတိ။

ပါဠိတော်ဆိုတာ ဘုရားစကားတော်။ ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊နာမ ရူပံ၊ နာမ်တရားနဲ့ရုပ်တရားသည်၊ နတုမှာကံ၊ သင်တို့၏ ဥစ္စာမဟုတ်၊ ခင်ဗျားတို့ ဥစ္စာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)တံ၊ ထို သင်တို့ရဲ့ ဥစ္စာမဟုတ်တဲ့ နာမ်တရား ရုပ်တရားကို၊ ပဇာဟထ၊ ပယ်စွန့်ကြကုန်လော၊ စွန့်ကြဆိုတာ ဒီနာမ်တရား ရုပ် တရားကို စွန့်ခိုင်းတာ မဟုတ်ဘူး။ ဒီနာမ်တရား ရုပ်တရား ပေါ်မှာ စွဲနေတဲ့ အစွဲကိုပယ်ခိုင်းတာ၊ စွန့်ခိုင်းတာ။

ဘာကို ပယ်ခိုင်းတာတုံး (အစွဲ)အစွဲပြုတ်မှ နာမ်ရုပ် နောက်ထပ် မပေါ်မှာ ကိုးဗျ။ ဟုတ်ဘယ်မဟုတ်လား(ဟုတ်ပါတယ်ဘုရား)အကြောင်းရှိရင် မပေါ်ဘူး လား၊ပေါ်နေသလား(ပေါ်နေပါတယ်ဘုရား)ခင်ဗျားတို့ဟာ အဝိဇ္ဇာတဏှာရဲ့ အပြစ်တွေကြောင့် ယခု ခန္ဓာမပေါ်ဘူးလား၊ ပေါ်သလား (ပေါ်လာပါတယ် ဘုရား) ဘာခန္ဓာတုံး (နာမ်ခန္ဓာနဲ့ ရုပ်ခန္ဓာပါဘုရား) စိတ်သဘောဆိုတာ ဘာ ခန္ဓာတုံး(နာမ်ခန္ဓာပါဘုရား) ရုပ်သဘောက ဘာခန္ဓာတုံး (ရုပ်ခန္ဓာပါဘုရား) မရှိဘူးလား၊ရှိသလား(ရှိနေပါတယ်ဘုရား)ရှိနေတယ်နော်။ ဘာကြောင့်ရှိ(ဖြစ် ဖြစ်နေလို့)ဘာကြောင့်ဖြစ်တာတုံး(အကြောင်းကြောင့်ဖြစ်)အကြောင်းမရှိရင် ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)နောက်ထပ်အကြောင်းမပေါ်ဘို့ အရေးမကြီးဘူး လား၊ ကြီးသလား (ကြီးပါတယ်ဘုရား) ဒါကြောင့် မြတ်စွာဘုရားကိုယ်တော် မြတ်ကြီးက ဒီနာမ်ဘရားရုပ်တရားပေါ်မှာစွဲနေတဲ့ ပစ္စုပ္ပန်အကျိုးတရားကြောင့် အကြောင်းတရားမပေါ်စေနဲ့တဲ့၊ အကြောင်းတရားဆိုတာ ဘာတွေတုံး(အဝိဇ္ဇာ တဏှာ ဥပါဒါန်)

တနည်း၊ တဏှာ မာနဒိဋ္ဌိ၊ မရလာဘူးလား၊ ရလာသလား (ရလာပါတယ် ဘုရား)ရလာပါတယ်။အဲဒါတွေလဲ စွန့်လိုက်ပါလို့ ပြောတာ။ ဘိက္ခဝေ၊ချစ်သား ချစ်သမီးတို့၊ နာမရူပံ၊ နာမ်တရားနဲ့ ရုပ်တရားသည်၊ နတုမှာကံ၊ သင်တို့ရဲ့ ဥစ္စာ မဟုတ်၊ တံ၊ ထိုသင်တို့ရဲ့ဥစ္စာမဟုတ်တဲ့ နာမ်ဘရားနဲ့ရုပ်တရားကို၊ပဇာဟထ၊ ပယ် စွန့်ကြကုန်လော့၊ ဝေါ၊ သင်တို့အား၊ တံ၊ ထိုနာမ်တရားနဲ့ရုပ်တရားကို၊ ပဟီနံ၊ ပယ်သည် ရှိသော်၊ ဟိတာယ၊ မဂ်စီးပွါး ဖိုလ်စီးပွါး အကျိုးငှါ ဒီနာမ်တရား ရုပ်တရားပေါ်မှာစွဲနေတဲ့ အစွဲကို ပယ်လိုက်ရင် မဂ်ရဲ့အကျိုးစီးပွါးတွေ မပေါ် လာဘူးလား၊ ပေါ်လာသလား(ပေါ်လာပါတယ်)

ဖိုလ်ရဲ့ အကျိုးစီးပွါးတွေကော မရလာဘူးလား၊ ရလာသလား (ရလာပါ တယ်ဘုရား)ဟိတာယ၊မဂ်စီးပွါး ဖိုလ်စီးပွါးအကျိုးငှါ သုခါယ နိဗ္ဗာန်ချမ်းသာ

အကျိုးငှါ ဘဝိဿတိ၊ ဖြစ်လိမ့်မယ်။ မြတ်စွာဘုရားက ဝန်မခံဘူးလား၊ ဝန်ခံသလား(ဝန်ခံပါတယ်ဘုရား) ဒါကြောင့် တကာတကာမတွေ ဒီအစဲ့ ကျွတ်ချင်ရင် အရှိတရားကြည့်ရမှာလား၊ မရှိတရားကြည့်ရမှာလား(အရှိတရားကြည့်ရမှာပါဘုရား)

အရှိတရားက ပရမတ်လား၊ ပညတ်လား(ပရမတ်ပါဘုရား) ပရမတ်ဆိုတာ အရှိတရားလား၊ မရှိတရားလား(အရှိတရားပါဘုရား) အရှိတရားက မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာ ဘယ်သဘောတွေရှိတာတုံး (စိတ်သဘောနဲ့ လေသဘော) တနည်း (နာမ်တရားနဲ့ ရုပ်တရား) ဘယ်အချိန်မှာရှိတာတုံး(ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)

ဩော်-ယခု ခင်ဗျားတို့အရှိတရားတွေ ရှုမနေဘူးလား(ရှုနေပါတယ်ဘုရား) အဲ ကောင်းသောနှလုံးသွင်းခြင်းလို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) အမှန်ကိုရှုနေတာလား၊ အမှားကိုရှုနေတာလား (အမှန်ကိုရှုနေတာပါဘုရား)အဲဒီသဘောရှိတာ ဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့)ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ရှုတဲ့ အခါ (ခုမှဖြစ်တဲ့စိတ်နဲ့လေ) ရှိုက်တဲ့ အခါကော(ခုမှဖြစ်တဲ့စိတ်နဲ့လေ)

တနည်း(ခုမှဖြစ်တဲ့နာမ်နဲ့ရုပ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့နာမ်နဲ့ရုပ်)အိမ်ကဖြစ်လာတဲ့ နာမ်ရုပ်တွေ ဒီအထိပါသေးရဲလား (မပါပါဘုရား) ဟိုတုံးကဖြစ်ပြီးတော့ ဘာတုံး (ဟိုတုံးကပျက်ပါတယ်ဘုရား) ဒါကြောင့်၊

နဒိသောတောဝိယပဝတ္တတိ။

ဆိုတဲ့ အတိုင်း တကာ တကာမတွေ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်သည် ရေ တွေ မတွေ့ဘူးလား၊တွေ့သလား(တွေ့ပါတယ်ဘုရား)

အဲဒီရေတွေဘာလို့တွေ့ရှိနေတာတုံး(ရောက်ရောက်နေလို့ပါဘုရား)မရောက်ရင်ရှိပါ့မလား (မရှိပါဘုရား) ယခုလဲ ခင်ဗျားတို့ သတိထားလိုက်ရင် ဘာရှိတုံး (နာမ်နဲ့ရုပ်)ဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဘာကြောင့် ဖြစ်တာတုံး(အကြောင်းကြောင့်)အဲဒီလိုဆင်ခြင်လိုက်တဲ့အခါကျတော့ နာမရူပပရိစ္ဆေဒဉာဏ်။ ပရိယပရိဂ္ဂဟဉာဏ်တွေ မပါလာဘူးလား၊ ပါလာသလား (ပါလာပါတယ်ဘုရား)

ရှုတဲ့အခါ တကာတကာမတွေ ဤလိုပြုချင်တဲ့သဘောဟာ ဘာတုံး (စိတ်) စိတ်ဖြစ်တော့ ဘာဖြစ် (လေဖြစ်, စိတ်က ဘာတရား (နာမ်တရား) လေကဘာတရား(ရုပ်တရား)နာမ်ရုပ်ရှိတာလား၊ လူတွေသတ္တဝါတွေရှိတာလား (နာမ်ရုပ်ရှိတာပါဘုရား)ဒီဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ်၊ နာမက နာမ်။ ရူပက ရုပ်။

ပရိစ္ဆေဒက ပိုင်းခြားတာ ဘာနဲ့ဘာ ပိုင်းခြားတုံး (နာမ်နဲ့ရုပ် ပိုင်းခြားတာပါဘုရား)

နာမ်နဲ့ရုပ်ပိုင်းခြားတယ်ဆိုတာ အပြောနဲ့ပိုင်းခြားတာလား၊ လုပ်ငန်းနဲ့ပိုင်းခြားတာလား (လုပ်ငန်းနဲ့ပိုင်းခြားတာပါဘုရား) ဘယ်အချိန်မှာ ပိုင်းခြားတာပါလိမ့်( ရှုတိုင်း ရှုတိုင်းရှုက်တိုင်းရှုက်တိုင်း)ဩော်-ရှုတိုင်း ရှုတိုင်း ရှုက်တိုင်းရှုက်တိုင်းမှာ ဘယ်သဘောနဲ့ ဘယ်သဘောတွေ ဖြစ်နေတာတုံး (စိတ်သဘောနဲ့လေသဘော)ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့စိတ်နဲ့လေ)တနည်း ရှုက်တဲ့အခါ (ခုမှဖြစ်ဘဲ့နာမ်နဲ့ရုပ်)

အဲဒီလို ရှုနေတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိတုံး(ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် ဘာပရိညာ (ဉာတပရိညာ) ဒိဋ္ဌိဝိသုဒ္ဓိမစင်ကြယ်ဘူးလား၊ စင်ကြယ်သလား(စင်ကြယ်ပါတယ်ဘုရား)လူတွေသတ္တဝါတွေ မြင်လို့လား၊ နာမ်ရုပ်မြင်လို့လား (နာမ်ရုပ်မြင်လို့ပါ ဘုရား) ဒါကြောင့် (နာမရူပါနံယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ) နာမရူပါနံ၊ နာမ်ရုပ်သဘောတရားကို၊ ယာထာဝဒဿနံ၊မဖောက်မပြန်ဟုတ်တိုင်းမှန်ရာကို ဉာဏ်ဖြင့်မြင်ခြင်းသည်၊ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ဘာကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်သလဲ ဆိုတော့ နာမ်နဲ့ရုပ် ပိုင်းခြားစွာ သိလို့ ဘာကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်တာတုံး (နာမ်နဲ့ရုပ် ပိုင်းခြားစွာသိလို့) နာမ်တရားနဲ့ရုပ်တရားမှ ပိုင်းခြားမသိရင် ခင်ဗျားတို့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)အမြင်တွေစင်ကြယ်ပါ့မလား (မစင်ကြယ်ပါဘုရား) ခင်ဗျားတို့ လူတွေသတ္တဝါတွေယောကျ်ားမိန်းမတွေလို့ဘဲ မြင်နေမှာ နာမ်ရုပ်မြင်မှာ မဟုတ်ဘူး။

ယခုလို သတိထားလိုက်တဲ့အခါ လူဆိုတာရှာလို့တွေ့ရဲ့လား(မတွေ့ပါဘုရား) ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါရှာလို့တွေ့ရဲ့လား (မတွေ့ပါဘုရား) ရှိရဲ့သားနဲ့မတွေ့တာလား၊ မရှိလို့မတွေ့တာလား (မရှိလို့မတွေ့တာပါ ဘုရား) ရှိတာက ဘယ်သဘောတွေရှိတာပါလိမ့်(စိတ်သဘောနဲ့လေသဘော)ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့)ဘယ်တုံးကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား)

ဒါကြောင့် ရှုတိုင်းရှုတိုင်းရှုက်တိုင်းရှုက်တိုင်းမှာ ဘယ်လိုရှုရမှာတုံး(ခုမှဖြစ်တဲ့စိတ်နဲ့လေ) အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ခေါ်သလဲ (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာ) ဉာတပရိညာ မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ဆိုက်လာပြီ၊ ကကာ တကာမတွေ့ သတိထားလိုက်စမ်းပါ၊ သတိထားလိုက် တဲ့ အခါကျတော့ ဤလိုပြုချင်တဲ့ သ ဘော မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား)

လူနဲ့တွေ့တာလား၊ဥာဏ်နဲ့တွေ့တာလား(ဥာဏ်နဲ့တွေ့တာပါဘုရား)ငါနဲ့တွေ့တာလား၊ ဥာဏ်နဲ့တွေ့တာလား (ဥာဏ်နဲ့ တွေ့တာပါ ဘုရား) တွေ့ပြီနော်၊ တို့တကာတကာမတွေ့ ဤလိုပြုချင်တဲ့သဘောလေးဟာဘာတုံး(စိတ်)ဘာသဘော (စိတ်) မျက်စိနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား) အချိန်တိုင်းအချိန်တိုင်းရှိနေတာ ဤလိုပြုချင်တဲ့သဘော သတိထားကြည့်။

ဤလိုပြုချင်တဲ့ သဘောဟာ ဘာလဲ (စိတ်) စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်နက်ဘာ ဖြစ် (လေဖြစ်) စိတ် က အကြောင်းတရား၊ လေက အကျိုးတရား၊ လေက အကြောင်းတရား ဖြစ်သွားပြန်ရော၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား)

နှာသီးဖျားမှာ တိုးခတ်တွန်းကန်တဲ့လေသဘောမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အဲဒီလေကိုသိတာ။ လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား)

အော်-စိတ်ကပြန်သိပြန်ပြီ၊ ဒီနေရာမှာ လေကအကြောင်းတရားဖြစ်ပြီးတော့ စိတ်ဘာဖြစ်ပြန်တုံး ( အကျိုးတရား ) အကျိုးဖြစ်ပြန်ပြီး အ ကြောင်း အ ကျိုး လည်မနေဘူးလား(လည်နေပါတယ်ဘုရား) စိတ်အကြောင်းကြောင့်ဘာဖြစ်တုံး (လေဖြစ်) ဒီလေကြောင့်ဘာဖြစ်ပြန်တုံး (စိတ်ဖြစ်) စိတ်ဖြစ်နေပြန်ပြီ။

နာမ်ကြောင့်လဲရုပ်ဖြစ်တယ်၊ ရုပ်ကြောင့်လဲနာမ်ဖြစ်တယ်၊ ဤလိုပြု ချင် တဲ့ သဘောဟာဘာတုံး (စိတ်) ဒီစိတ်ဖြစ်လိုက်တာနဲ့ဘပြိုင်နက်ဘာဖြစ် (လေဖြစ်) ဟော-စိတ်ကဘာတရား (နာမ်တရား) သူက အ ကြောင်း လား၊ အ ကျိုး လား (အကြောင်း) လေကဘာတုံး (အကျိုးတရား) လေကအကျိုးတရားဖြစ်လာပြန်ပြီနော်။

နောက်ဒီလေကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ် က သိ တာ ပါ ဘုရား) အဲဒီတော့ လေကဘာဖြစ်ပြန်တုံး (အကြောင်းတရား) စိတ်ကဘာတုံး (အကျိုးတရား) အကြောင်းအကျိုးလည်မနေဘူးလား၊ လည်နေသလား (လည်နေပါတယ်ဘုရား)အကြောင်းအကျိုးလည်သည့်ဥာဏ်သည် ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်) ပဋိစ္စသမုပ္ပါဒ် ဒီနေရာမှာ လည် မ နေ ဘူး လား၊ လည်နေသလား (လည်နေပါတယ်ဘုရား) ရှိတဲ့နေရာလည်တာလား၊ မရှိတဲ့နေရာလည်တာလား (ရှိတဲ့နေရာလည်နေတာပါဘုရား)

လည်ဘာသိချင်ရင် စာအုပ်တွေ ဘောတွေမှာကြည့်ရမှာလား၊ ခန္ဓာမှာကြည့်ရမှာလား (ခန္ဓာမှာကြည့်ရမှာပါဘုရား) လည်တဲ့နေရာကြည့်ရမှာလား၊ မလည်တဲ့နေရာကြည့်ရမှာလား (လည်တဲ့နေရာကြည့်ရမှာပါ) ခင် ဗျား တို့ မ လည် တဲ့ နေရာသွားကြည့်ရင် လည်တာသိပါ့မလား (မသိပါဘုရား) နော်-သိ ရ မှာ က

တကာတကာမတွေ ခန္ဓာနဲ့ ပဋိစ္စသမုပ္ပါဒ်သိရမှာ။ စာပဋိစ္စသမုပ္ပါဒ်သိရမှာလား၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်သိရမှာလား (ခန္ဓာပဋိစ္စသမုပ္ပါဒ်သိရမှာပါဘုရား)

စာပဋိစ္စသမုပ္ပါဒ်က လောဘ ဒေါသ မောဟ မငြိမ်းဘူး။ ပုဂ္ဂိုလ် သတ္တဝါ ပညတ် မငြိမ်းဘူး၊ ငြိမ်းရဲ့လား (မငြိမ်းပါဘုရား) ပညတ်ထင်သေးတာဘဲ။ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကျတော့ ဒီနေရာမှာ ယောကျ်ား၊ မိန်းမ၊ သတ္တဝါတွေ၊ ပါရဲ့လား (မပါပါဘုရား) အချိန်တိုင်းအချိန်တိုင်းမလည်ဘူးလား၊ လည်နေသလား (လည်နေပါတယ်) လည်နေတာဘဲနော်။

အော်–ဤလိုပြုချင်တဲ့သဘောဟာဘာပါလိမ့် (စိတ်) စိတ်ဖြစ်တော့ဘာဖြစ်တုံး (လေဖြစ်) စိတ်ကဘာတရား (နာမ်တရား) အကြောင်းလား၊ အကျိုးလား (အကြောင်းတရား) လေကဘာတုံး (အကျိုးတရား) အကြောင်း အကျိုး ကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) နောက်လေက ဘာ ဖြစ် လာ ပြန် တုံး (အကြောင်း)

ဒီလေကိုသိတဲ့စိတ်ကဘာတုံး (အကျိုး) ဟော နာမ် ကြောင့် ရုပ် ဖြစ်၊ ရုပ်ကြောင့်နာမ်ဖြစ်၊ သည့်အပြင်ဘာဖြစ်သေးတုံး (မဖြစ်ပါဘုရား) နာမ်–ရုပ် လည်မနေဘူးလား လည်နေသလား (လည်နေပါတယ်ဘုရား) အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) ·အဲဒီလိုအဖြစ်မရပ်ဘဲလည်နေတာကို ပဋိစ္စသမုပ္ပါဒ်၊ တနည်း သံသရာဘာတဲ့တုံး (သံသရာ) သံသရာကြီး လည်မနေဘူးလား၊ လည်နေသလား (လည်နေပါတယ်)

အလည်ရပ်ရဲ့လား( မရပ်ပါဘုရား) မရပ်ဘူးဗျ၊တကာတကာမတွေဒီသံသရာဝဋ်ကကျွတ်ဘို့ အရေးမကြီးဘူးလား၊ အရေးကြီးသလား (အရေးကြီးပါတယ်ဘုရား) ချုံးလိုက်တဲ့အခါကျတော့ နာမ်တရားနဲ့ဘာတုံး (ရုပ်တရား) ဒါပါဘဲဗျ။ ဒိပြင်ရှိသေးရဲ့လား (မရှိပါဘုရား)

ဒီနာမ်တရားနဲ့ ရုပ်တရား မရှိဘူးလား ရှိသလား ( ရှိပါတယ်ဘုရား ) ဘယ်အချိန်မှာရှိတာတုံး ( ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) ရှိနေတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်တဲ့စိတ်နဲ့လေ) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့စိတ်နဲ့လေ) တကာ တကာမတွေ အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား)

အဖြစ်မရပ်တာသံသရာဘဲ၊ လူတွေ သတ္တဝါတွေ အဖြစ်မရပ်တာလား၊ နာမ်ရုပ်အဖြစ်မရပ်တာလား (နာမ်ရုပ်အဖြစ်မရပ်တာပါဘုရား) ဘယ် အ ချိန် မှာ အဖြစ်မရပ်တာပါလိမ့် (ရှုတိုင်း ရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား) သံသရာဆိုတာဒါဘဲ၊ ဒီနာမ်တရားနဲ့ရုပ်တရား နောက်ထပ်မဖြစ်ရင်ဘာတုံး ( နိဗ္ဗာန် ) ယခုနာမ်ရုပ်ဖြစ်နေလို့နိဗ္ဗာန်မရတာ။ ဘာဖြစ်လို့နိဗ္ဗာန်မရတာတုံး (နာမ်ရုပ်ဖြစ်နေလို့)

ဖြစ်ရင်ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့တရားလား (ဆင်း ရဲ တဲ့ တ ရား ပါ ဘုရား) ဇာတိပိဒုက္ခလား၊ ဇာတိပိသုခလား ( ဇာတိပိဒုက္ခပါဘုရား ) ဇာတိပိ ဒုက္ခ၊ လူဇာတိလား၊ နာမ်ရုပ်ဇာတိလား (နာမ်ရုပ်ဇာတိပါဘုရား) လူဇာတိကို မြင်ရမှာလား၊နာမ်ရုပ်ဇာတိကိုမြင်ရမှာလား (နာမ်ရုပ်ဇာတိကိုမြင်ရမှပါဘုရား) တကာတကာမတွေ ယခုနာမ်ရုပ်ရဲ့ဇာတိ မတွေ့ဘူးလား တွေ့သလား (တွေ့ပါပြီ ဘုရား) ဘယ်အချိန်မှာတွေ့တာတုံး ( ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း ) အဲဒီ အချိန်မှာရှုရမှာနော်၊

ရှုရမယ့်ဌာန ရှုရမယ့်အချိန်မျက်ခြေမပြတ်စေနဲ့၊ တရားနှလုံးသွင်းရမယ့်ဌာန တရားနှလုံးသွင်းရမယ့်အချိန်ကို အသပ်ထပ်ပြန်ပြီးတော့ ဘုန်းကြီးကပြန်ပြီးပြနေ ရပါတယ်၊ သတိလဲထားပါ။ တကာတကာမတွေ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက် တိုင်း စိတ်သဘော လေသဘောတွေ အသစ်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါ တယ်ဘုရား)

+ **နိစ္စနဝါဝ ဟုတွာ သင်္ခါရာဥပဋ္ဌဟန္တိ၊**

သင်္ခါရာ၊ သင်္ခါရတရားတို့သည်၊ နိစ္စနဝါဝ၊ မရပ်မနားဖြစ်ပွားကြကုန်၏ဟူ၍ လျှင်၊ ဟုတွာ၊ ဖြစ်၍၊ ဥပဋ္ဌဟန္တိ၊ ယောဂီဉာဏ်မှာထင်မြင်လာကြကုန်၏။

လူကထင်ရှားတာလား၊ ဉာဏ်နဲ့ထင်ရှားတာလား (ဉာဏ်နဲ့ထင်ရှားတာပါ ဘုရား) လူတွေ သတ္တဝါတွေ အသစ်အသစ်ဖြစ်တာလား၊ နာမ်ရုပ်အသစ်အသစ် ဖြစ်တာလား (နာမ်ရုပ်အသစ်အသစ်ဖြစ်တာပါဘုရား) ဒီနာမ်ရုပ်အသစ်အသစ် ဖြစ်လို့နိဗ္ဗာန်မရတာ။ ဒီနာမ်ရုပ်သာမဖြစ်ရင်ဘာတုံး (နိဗ္ဗာန်) ယခုခင်ဗျားတို့ နိဗ္ဗာန်ရပလား (မရသေးပါဘုရား) ဘာပြုလို့နိဗ္ဗာန်မရတာတုံး (နာမ်ရုပ်ဖြစ်နေ လို့ပါဘုရား)

သားတွေ သမီးတွေ ဆွေတွေမျိုးတွေကြောင့် နိဗ္ဗာန်မရတာလား၊ နာမ်ရုပ် ဖြစ်နေလို့ နိဗ္ဗာန်မရတာလား ( နာမ်ရုပ်ဖြစ်နေလို့ နိဗ္ဗာန်မရတာပါဘုရား ) ဒီနာမ်ရုပ်သာနောက်ထပ်မဖြစ်ရင် ဘာတဲ့တုံး (နိဗ္ဗာန်) နိဗ္ဗာန်မရအောင်နှိပ်စက် တတ်တဲ့ဘေးကြီးလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား ( ဆို ထိုက် ပါ တယ် ဘုရား) ဥပ္ပါဒေါဘယံ အနုပ္ပါဒေါခေမံ။ ဥပ္ပါဒေါ၊ နာမ်ရုပ်အသစ်အသစ် ဖြစ် ခြင်းသည်၊ ဘယံ၊ ဘေးတည်း၊ နာမ်ရုပ်အသစ်အသစ်ဖြစ်တာဘာတဲ့တုံး (ဘေး ပါဘုရား) နာမ်ရုပ် အသစ်မဖြစ်ရင်ဘာတုံး (နိဗ္ဗာန်) အေးမှာဘဲ၊ ယ ခု အေး ရဲ့ လား(မအေးပါဘုရား)ယခုခင်ဗျားတို့မျက်ရည်တွေမကျရဘူးလား ကျရသလား

---

+ ဝိသုဒ္ဓိမဂ်၊ ဌ၊ ၃၊ နှာ ၂၆၈

(ကျရပါတယ်ဘုရား) ဘာ့ကြောင့်တုံး (နာမ်ရုပ်ဖြစ်နေလို့) ခင်ဗျားတို့မစိုးရိမ်ရဘူးလား၊ စိုးရိမ်ရသလား (စိုးရိမ်ရပါတယ်ဘုရား) စိုး ရိမ် ရ တာ ဘာပြုလို့တုံး (နာမ်ရုပ်ဖြစ်နေလို့)

ခင်ဗျားတို့ကတော့ အောင့်မေ့မှာဘဲ၊ ငါ့အဆင်မပြေတာ ငွေမရှိလို့ဆိုပြီး စိုးရိမ်ရတယ်လို့မထင်ဘူးလား၊ ထင်သလား (ထင်ပါတယ်) အန္ဓပုထုဇဉ်အနေနဲ့တော့ ဒီအတိုင်းထင်မှာဘဲ၊ အ မှန် အား ဖြင့် အရိယာမျက်စိနဲ့ ကြည့်လိုက်တဲ့အခါကျတော့ နာမ်ရုပ်တွေအသစ်ဖြစ်နေလို့ မအေးတာဘဲလို့၊ နာမ် ရုပ် သာ အသစ်မဖြစ်ရင် ခင်ဗျားတို့မအေးဘူးလား၊ အေး သ လား (အေးမှာပါဘုရား) နာမ်ရုပ်သာအသစ်မဖြစ်ရင် သောကတွေ၊ ပရိဒေဝတွေ၊ ဒုက္ခတွေ၊ ဒေါမနဿတွေ၊ ဥပါယာသတွေ လာသေးရဲ့လား (မလာတော့ပါဘုရား)

ယခု ဒုက္ခ ဒေါမနဿ ဥပါယာသတွေဖြစ်ရတာ ဘယ်သူ့ကြောင့်တုံး (နာမ်ရုပ်ကြောင့်ပါဘုရား ) နာမ်ရုပ် အသစ်အသစ်ဖြစ်နေလို့ ဒီလိုမိအောင်ဖမ်းပါ၊ နာမ်ရုပ်တွင် ရပ်မနေနဲ့၊ ဘာဖြစ်လို့တုံး ( နာမ်ရုပ်အသစ်ဖြစ်နေလို့ ) အသစ်မဖြစ်ရင်ဘာတုံး (နိဗ္ဗာန်) နိဗ္ဗာန်မှာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ရှိသေးရဲ့လား (မရှိပါဘုရား)

နာမ်ရုပ်တွေ အသစ်အသစ်ဖြစ်နေလို့သာ သောကပရိဒေဝ၊ ဒုက္ခဒေါမနဿ ဥပါယာသတွေဖြစ်တာ နာမ်ရုပ်ပေါ်မှာတည်ပြီးဖြစ်တာ၊ ဒီသောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဒီအကျိုးဆက်တရားငါးပါးက လူတွေသတ္တဝါတွေပေါ်မှာ မှီဖြစ်တာလား၊ နာမ်ရုပ်ပေါ်မှာ မှီဖြစ်တာလား (နာမ်ရုပ်ပေါ်မှာ မှီဖြစ်တာပါဘုရား) နာမ်ရုပ်သာနောက်ထပ်မဖြစ်ရင် ဒီသဘောတရားပေါ်သေးရဲ့လား (မပေါ်တော့ပါဘုရား)

အော်–ခင်ဗျားတို့အပြစ်တွေ့ပြီလား (တွေ့ပါပြီဘုရား) အ ပြစ် က ဘာ တုံး (နာမ်ရုပ်အသစ်အသစ်ဖြစ်နေလို့) ယခုပဋိသန္ဓေရနေတဲ့ဘေးကြီး မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) အဲဒါဘာပြုလို့တုံး (နာမ်ရုပ်အသစ်အသစ်ဖြစ်နေလို့ ) အိုရတဲ့ဘေးကြီးနဲ့ ခင်ဗျားတို့ ရင်မဆိုင်ရဘူးလား၊ ရင်ဆိုင် ရ သ လား (ရင်ဆိုင်ရပါတယ်ဘုရား) တရားခံမတွေ့ဘူးလား၊ တွေ့သလား (တွေ့ ပါ တယ် ဘုရား)

ဒီနာမ်နဲ့ရုပ်သာ အ သစ် မ ဖြစ် ရင် အိုလဲမအိုရဘူး၊ နာလဲမနာရဘူး၊ သေလဲမသေရဘူး၊ ယခုတော့ အိုဘေး နာဘေး သေဘေးကြီးတွေနဲ့ မတွေ့ရဘူးလား၊ တွေ့ရသလား (တွေ့ရပါတယ်ဘုရား) ရပ်ရဲ့လား(မရပ်ပါဘုရား)ဟော ခင်ဗျားတို့မရပ်တာသံသရာ၊ တွေ့နေတာကဘေး၊ သံသရာဘေးကြီးဘဲ။

သံသရာဘေးကြီးဆိုတာ မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါ) မိမိခန္ဓာမှာ ဒီသံသရာဘေးကြီးက ဘယ်အချိန်မှာရှိနေတာတုံး (ရှုတိုင်း

ရှုတိုင်းရှိက်တိုင်းရှိက်တိုင်း)ဒါကို ခင်ဗျားတို့ မမြင်ဘူးဗျ၊ ဒီသံသရာဘေးကြီးကို မြင်မှ ခင်ဗျားတို့လုပ်တဲ့ကုသိုလ်သည် ဒီသံသရာဝဋ်ဆင်းရဲမှ လွတ်နိုင်တာ။

ဒီသံသရာဝဋ်ဆင်းရဲဘေးမှ မမြင်ဘဲနဲ့ ပေးကမ်းလှူဒါန်းနေတဲ့ ဒါနတွေဟာ ဒီသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပါ့မလား (မလွတ်မြောက်နိုင်ပါဘုရား) ဆိုတာကတော့ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ-လို့ ခင် ဗျား တို့ မ ဆို ဘူး လား၊ ဆိုသလား (ဆိုပါတယ်ဘုရား)

သံသရာဆိုတာရုပ်နာမ်အသစ်ဖြစ်တာ။ ရုပ် နာမ် အသစ်ဖြစ်တယ်ဆိုတာ ဘာ တုံး (သံသရာပါဘုရား) နာမ်ရုပ်တွေ အသစ်အသစ်ဖြစ်နေလို့ ခင်ဗျားတို့ အအို မရုပ်၊ အနာမရုပ်၊ အသေမရုပ်တာနော်- အဲဒါဘာတုံး (သံသရာ) အို နာ သေ မရုပ်တာ ဘယ် သူ့ ကြောင့် တုံး (နာမ်ရုပ်ကြောင့်ပါဘုရား) ဘာ ဖြစ် လို့ တုံး (အသစ်အသစ်ဖြစ်နေလို့) ဘယ်အချိန်မှာ နာမ်ရုပ်အသစ်အသစ်ဖြစ်နေတာတုံး (ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိက်တိုင်းမှာပါဘုရား)

ရှုတိုင်းရှုတိုင်းရှိက်တိုင်းရှိက်တိုင်းမှာ ခင်ဗျားတို့ အိုဘေးကြီး၊ နာဘေးကြီး၊ သေဘေးကြီးနဲ့တွေ့နေသလား၊ မတွေ့ဘူးလား (တွေ့နေပါတယ်ဘုရား) တွေ့နေ တယ်ဗျ။ ဉာဏ်နဲ့မြင်တဲ့ဘေးလား၊ မျက်စိနဲ့မြင်တဲ့ဘေးလား (ဉာဏ်နဲ့မြင်တဲ့ဘေး ပါဘုရား) ဒီဘေးဟာ ခင်ဗျားတို့ဉာဏ်နဲ့မြင်လို့ကြောက်တာလား၊ မျက်စိနဲ့မြင် လို့ကြောက်တာလား၊ (ဉာဏ်နဲ့မြင်လို့ကြောက်တာပါဘုရား)

ဉာဏ်နဲ့မြင်တဲ့ အကြောက်သည် အော်ရသေးရဲ့လား ( မအော်ရပါဘုရား ) မျက်စိနဲ့မြင်တဲ့အကြောက်ကအော်ရတယ်။ ဒါကြောင့် ဉာဏ်မြင်ကြောက် ဉာဏ် မြင်ဘေးကြီးပေါ့။ မမြင်ရဘူးထား၊ မြင်ရသလား(မြင်ရပါတယ်ဘုရား) ဒီဘေး ကြီးဟာ အိုဘေး၊ နာဘေး၊ သေဘေးဆိုတာ လူတွေ သတ္တဝါတွေ ဖြစ်နေလို့ လား၊ နာမ်ရုပ်ဖြစ်နေလို့လား (နာမ်ရုပ်ဖြစ်နေလို့ပါဘုရား)

နာမ်ရုပ်ကဘယ်အချိန်မှာဖြစ်နေတာတုံး(ရှုတိုင်းရှုတိုင်းရှိက်တိုင်းရှိက်တိုင်း) အော် ရှုတိုင်းရှုတိုင်း ရှိက်တိုင်းရှိက်တိုင်းမှာ ဘယ်သဘောတွေ ဖြစ်နေတာတုံး (စိတ်သဘောနဲ့လေသဘော)ဒီစိတ်သဘောနဲ့လေသဘောသာမဖြစ်ရင်(နိဗ္ဗာန်) အအိုကောလာအုံးမလား (မလာတော့ပါဘူး) အနာအသေတွေကော (မလာ တော့ပါဘုရား) ဒုက္ခတွေအကုန်ငြိမ်းတယ်၊

ယခုဒုက္ခတွေရဲ့စုဝေးရာဌာနသည် ဘယ်ပေါ်မှာတုံး (နာမ်ရုပ်ပေါ်မှာ) ဒုက္ခ တွေရဲ့စုဝေးရာဌာနသည် လူတွေ သတ္တဝါတွေ ပေါ်မှာလား၊ နာမ်ရုပ်ပေါ်မှာ လား (နာမ်ရုပ်ပေါ်မှာပါ) တွေ့မလား (တွေ့ပါပြီဘုရား) နာမ်ရုပ်သာနောက် ထပ်မဖြစ်ရင်ဘာတုံး (နိဗ္ဗာန်) ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက

\+ နာမရူပံ ဘိက္ခဝေ နတုမှာကံ ပဇဟထ တံဝေါ ပဟီနာ ဟိတာယ
သုခါယ ဘဝိဿတိ

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ နာမရူပံ၊ နာမ်တရားနဲ့ရုပ်တရားသည်၊ နတုမှာကံ၊ သင်တို့ရဲ့ဥစ္စာ မဟုတ်၊ ဒီနာမ်တရားနဲ့ ရုပ်တရား ခင်ဗျားတို့ရဲ့ဥစ္စာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) တံ၊ ထိုသင်တို့ရဲ့ဥစ္စာမဟုတ်တဲ့နာမ်တရားနဲ့ရုပ်တရားကို ပဇဟထ၊ ပယ်စွန့်ကြကုန်လော့၊ အပယ်မခိုင်းဘူးလား၊ ပယ်ခိုင်းသလား (ပယ်ခိုင်းပါတယ်ဘုရား) ဒီနာမ်တရား ရုပ်တရားပေါ်မှာ မစွဲလမ်းပါတော့နဲ့၊ စွဲရင် ဒီနာမ်ရုပ် ပြန်မရဘူးလား ရမှာလား (ရမှာပါဘုရား) ပြန် ရ ရင် ဒီ ပေါ် မှာ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသတွေ မတည်ဘူးလား၊ တည်မှာလား (တည်မှာပါဘုရား)

ဒီပေါ်မှာတည်ပြီးဖြစ်နေတာဘဲ၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ် မှာ ပါဘုရား) ဒါကြောင့် ဒီနာမ်တရားနဲ့ရုပ်တရားကို ပဇဟထ၊ ပယ်စွန့်ကြကုန်လော့၊ တံ၊ ထိုနာမ်တရားနဲ့ရုပ်တရားကို၊ ပဟီနာ၊ ပယ် စွန့် သည် ရှိ သော်၊ ဝေါ၊ သင်တို့အား၊ ဟိတာယ၊ မဂ်ချမ်းသာ ဖိုလ်ချမ်းသာအကျိုးငှာ၊ သုခါယ၊ နိဗ္ဗာန်ချမ်းသာအကျိုးငှာ၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဒီနာမ်တရားနဲ့ရုပ်ကရားသာ ခင်ဗျားတို့မပယ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒီနာမ်တရားနဲ့ရုပ်တရားကို ခင်ဗျားတို့အစွဲသန်နေရင် ဒီသဘောမှာ နှစ်သက်နေရင် စွဲလမ်းနေရင်၊ နှစ်သက်စွဲလမ်းတယ်ဆိုတာ၊ လူကစွဲလမ်းတာလား၊ တဏှာကစွဲလမ်းတာလား (တဏှာကစွဲလမ်းတာပါ)

တဏှာက အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရား) အကြောင်းဖြစ်ပေါ်လာရင် အကျိုးဖြစ်ပေါ်လာမှာဘဲ၊ မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) ပေါ်မှာဘဲ၊ အဲဒီတော့ အကြောင်းဖြစ်တဲ့တဏှာကိုဖြတ်လိုက်ရင် အကျိုးခန္ဓာပေါ်လို့ရသေးရဲ့လား (မရပါဘုရား) အကျိုးခန္ဓာမပေါ်ရင် ဒုက္ခလာသေးရဲ့လား (မလာပါဘုရား)

ဒါကြောင့် တကာတကာမတွေ အစွဲမဖြတ်သင့်ဘူးလား၊ ဖြတ်သင့်သလား (ဖြတ်သင့်ပါတယ်ဘုရား) လူတွေပေါ်မှာစွဲနေတဲ့ အစွဲလား၊ နာမ်ရုပ်ပေါ်မှာစွဲနေတဲ့အစွဲလား (နာမ်ရုပ်ပေါ်မှာစွဲနေတဲ့အစွဲပါဘုရား) ဒီနာမ်ရုပ်ပေါ်မှာ စွဲနေတဲ့အစွဲဖြတ်ချင်ရင် အရှိတရားကြည့်ရမှာလား၊ မ ရှိ တ ရား ကြည့်ရမှာလား (အရှိတရားကြည့်ရမှာပါဘုရား) အရှိတရားက ဘယ်သဘောနဲ့ဘယ်သဘော ရှိတာပါလိမ့် (စိတ်သဘောနဲ့လေသဘော)

\+ ခန္ဓာဝဂ္ဂသံယုတ်၊ ပါ၊ နှာ ၂၀

စိတ်သဘောနဲ့လေသဘောကဘယ်အချိန်မှာတုံး ( ရှုတိုင်းရှုတိုင်း ရှိက်တိုင်း ရှိက်တိုင်း) မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာပါလိမ့် (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ်တာပါလိမ့် (ဒီခုမှဖြစ်တာပါ) ဘယ်လိုဖြစ်တာလဲ (အခုမှဖြစ်တဲ့စိတ်နဲ့လေ) အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်)အဲဒီလိုရှုခိုက်မှာ အစွဲလာသေးရဲ့လား (မလာပါဘုရား) အဲဒီလိုအမှန်ကိုရှုတဲ့အခါမှာ မ ရ ဘူး သေး တဲ့ ကု သိုလ် တွေ မရဘူးလား ရလား (ရပါတယ်)မဖြစ်ဘူးသေးတဲ့ကုသိုလ်တရားတွေဖြစ်ပြီးတော့ ဖြစ်ပြီးတဲ့အကုသိုလ်တွေ မငြိမ်းဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်) မြတ်စွာဘုရားက ဟောတော်မူထားပါတယ်။

**ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာစ အကုသလာဓမ္မာ ပရိဟာယန္တိ။**

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်၊ မနသိကရောတော၊ နာမ်တရား ရုပ်တရားပေါ်မှာ နှလုံးသွင်းသောပုဂ္ဂိုလ်အား၊ အနုပ္ပန္နာ၊ မဖြစ်ပေါ်ကုန်သေးသော၊ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ ခင်ဗျားတို့မဖြစ်ဘူးသေးတဲ့ ကုသိုလ်တရားတွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

တခါမှမဖြစ်ဘူးသေးတဲ့ကုသိုလ်တွေ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘဝသံသရာမှာ ဒီကုသိုလ်မရခဲ့လို့ ခင်ဗျားတို့ဟာ အိုနာသေမလွတ်ဘူးဆိုတာငြင်းလို့ရသေးရဲ့လား(မရပါဘုရား) ဒါကြောင့်သာသနာတော်နဲ့တွေ့တဲ့အချိန် ဘာသာကလဲအယူမှန်၊ ဘဝကလဲ မြင့်မြတ်တဲ့အချိန်မှာ လူတွေသတ္တဝါတွေကို နှလုံးသွင်းနေရမှာလား၊ နာမ်ရုပ်ကိုနှလုံးသွင်းရမှာလား (နာမ်ရုပ်ကို နှလုံးသွင်းရမှာပါဘုရား)

နာမ်ရုပ်ကိုသာ နှလုံးမသွင်းမိရင် ကိုယ်ကျိုးနည်းပေါ့လို့ မပြောဆိုထိုက်ဘူးလား၊ ပြောဆိုထိုက်သလား (ပြောဆိုထိုက်ပါတယ်ဘုရား) နာမ် ရုပ် ကို နှ လုံး မသွင်းမိရင် ပညတ်အာရုံတွေနှလုံးသွင်းမိမှာဘဲ၊ ပညတ်အာရုံဆိုတာက လောဘ ဒေါသ မောဟငြိမ်းရဲ့လား (မငြိမ်းပါဘုရား) ဘာပြုလို့ လောဘ ဒေါသ မောဟ မငြိမ်းသလဲဆိုတော့ သက္ကာယဒိဋ္ဌိမပြုတ်လို့၊ဘာပြုလို့တုံး(သက္ကာယဒိဋ္ဌိမပြုတ်လို့)

သက္ကာယဒိဋ္ဌိမပြုတ်ရင် အပါယ်လေးပါးကို တကာတကာမတွေ့ရှေ့ရှုနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အ ပါယ် ကို ညွှတ်နေတော့တာဘဲ၊ ဟော ယခုခင်ဗျားတို့ နာမ်တရားနဲ့ ရုပ်တရားရဲ့ အဖြစ်ကိုနှလုံးသွင်းခိုက်မှာ လူတွေ သတ္တဝါတွေကို နှလုံးသွင်းတာလား၊ နာမ်ရုပ်ကိုနှလုံးသွင်းတာလား (နာမ်ရုပ်ကိုနှလုံးသွားတာပါဘုရား) နာမ်ရုပ်က (အနတ္တ) လူတွေ သတ္တဝါတွေက (အတ္တ) အတ္တနဲ့အနတ္တ ကွဲ မ သွား ဘူး လား (ကွဲ သွား ပါ

တယ်) ကွဲသွားတော့ သက္ကာယဒိဋ္ဌိ လာသေးရဲ့လား ( မလာတော့ပါဘုရား ) မလာတော့သက္ကာယဒိဋ္ဌိပြုတ်သွားရော၊ လောဘ ဒေါသ မောဟ မငြိမ်းဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဒါကြောင့် မြတ်စွာဘုရားက ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်၊ မနသိကရောတော၊ ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း နာမ်တရားနဲ့ရုပ်တရားကို နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်အား၊ အနုပ္ပန္နာ၊ မဖြစ်ပေါ်ကုန်သေးသော၊ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

မဖြစ်ဘူးသေးတဲ့ကုသိုလ်တရားတွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဥပ္ပန္နာ၊ ဖြစ်ပေါ် ကုန်ပြီးသော၊ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်လည်း၊ ပဟီယန္တိ၊ ပယ်ပျောက်ကုန်၏။ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ မပယ်ပျောက်ဘူးလား၊ ပယ်ပျောက်သလား (ပယ်ပျောက်ပါတယ်ဘုရား) ဘယ်လောက် တကာတကာမတွေအကျိုးများသလဲ။

ခင်ဗျားတို့ ကျုပ်တို့မှာ ဘဝသံသရာက အကုသိုလ်တွေ အနန္တ မရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) အကုသိုလ်ဘုရားတွေဟာ အကျိုးပေးချိန်တန်ရင် သူကအကျိုးပေးမှာဘဲ၊ အကျိုးပေးခွင့် မ ရ သေး ခင် တော့ မ ပေး သေး ဘူး၊ အကုသိုလ်အကျိုးပေးခွင့်ရလာရင် တကာ တကာမတွေ သက် သာ ပါ့ မ လား (မသက်သာပါဘုရား)

\+ **ကမ္မပ္ပရာဗပတ္တာနံ ဝိနာသေယပစ္စုပဋ္ဌိတေ။**

**အနယော နယရူပေန ဗုဒ္ဓိ မက္ကမ္မဇ္ဈတိဋ္ဌတိ။**

ကမ္မပရဝပတ္တာနံ၊ ကု သိုလ် ကံ ပျက်စီးချိန်ရောက်လာသော အခါသမယ၌၊ ဝိနာသေ၊ ပျက်စီးကြောင်းတရားသည်၊ပစ္စုပဋ္ဌိတေ၊ ရှေးရှုတည်လာသည်ရှိသော် အနယော၊ ကြီးပွားရာကြီးပွားကြောင်းမဟုတ်တဲ့ နည်းလမ်းကို၊ န ယ ရူ ပေ န၊ ကြီးပွားရာကြီးပွားကြောင်းဟူသောနည်းလမ်းဖြင့်၊ ဝုဒ္ဓိ၊ ကြီး ပွား ရာ ကြီး ပွား ကြောင်းတွေကို၊ အဲက္ကမျ၊ ချိုးဖဲ့နှိမ်နင်းပြီးတော့၊ တိဋ္ဌတိ၊ တည်လေတော့၏။

အ ကု သိုလ် ဝင် လာ ရင် အကုသိုလ်မျက်စိနဲ့ကြည့်တော့တာဘဲ၊ အကုသိုလ်မျက်စိနဲ့ကြည့်လို့ရှိရင် ကြီးပွားရာကြီးပွားကြောင်း နည်းလမ်းကို ကြီးပွား ရာ ကြီးပွားကြောင်းလို့ ထင်နိုင်ပါ့မလား(မထင်နိုင်ပါဘုရား) ဘာမျက်စိဖြစ်သွားတုံး(အကုသိုလ်မျက်စိဖြစ်သွားပါတယ်ဘုရား)ဒီတော့ အကုသိုလ်နား အကုသိုလ်နှာခေါင်း၊ အကုသိုလ်လျှာ၊ အကုသိုလ်ကိုယ်တွေ မ ဖြစ် လာ ဘူး လား ဖြစ်လာ

\+ ဝဇီရဗုဒ္ဓိ၊ နှ၊ နှာ ၆၉

သလား (ဖြစ်လာပါတယ်ဘုရား) ကြောက်စရာမကောင်းဘူးလား (ကြောက်စရာပါဘုရား)အဲဒီအကုသိုလ်တွေပယ်ဘို့ဟာဖြင့် တကာတကာမတွေမရဘူးသေးတဲ့ ကုသိုလ်တွေဖြစ်မှပယ်နိုင်မယ်။

ယခုခင်ဗျားတို့မဖြစ်ဘူးသေးတဲ့ကုသိုလ် မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)အတ္တတွေလို့လား၊ အနတ္တတွေလို့လား(အနတ္တတွေလို့ပါ) အနတ္တတရားတွေလိုက်တာနဲ့ တပိုင်နက် ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ ပယ်ပြီးတော့ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေဘာတုံး(ဖြစ်တယ်) မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား)လူတွေ သတ္တဝါတွေလို့ရှုနေလို့လား၊ နာမ်ရုပ်လို့ရှုနေလို့လား(နာမ်ရုပ်ရှုနေလို့ပါဘုရား)ဘယ်အချိန်မှာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း) ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘောရှိတာတုံး (စိတ်သဘောနဲ့ လေသဘော) စိတ်သဘောကဘာတရားပါလိမ့်(နာမ်တရား)လေကဘာသဘောပါလိမ့် (ရုပ်တရား) ဤကားနာမ်၊ ဤကား ရုပ်လို့ ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား)

ဉာဏ်နဲ့ကွဲတာလား၊ မျက်စိနဲ့ကွဲတာလား (ဉာဏ်နဲ့ကွဲတာပါဘုရား) နာမ်နဲ့ရုပ်ကွဲတာဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့် (ဒိဋ္ဌိဝိသုဒ္ဓိ)ပရိညာအားဖြင့် ဘာပရိညာ(ဉာတပရိညာပါဘုရား) ဉာတပရိညာစခမ်း ဆိုက်မလာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ဘယ်အချိန်မှာတုံး( ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါ)

တကာတကာမတွေ သတိထားလိုက်ပါ။ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ စိတ်သဘောနဲ့လေသဘောမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) အဖြစ်မရပ်ဘူးနော်။ အဲဒီ အဖြစ်မရပ်တာကို ဘာတဲ့တုံး(သံသရာ)ဒီသံသရာအဖြစ်ဘေးမှလွတ်ချင်ရင် တကာတကာတွေ အရှိတရားနှလုံးသွင်းရမှာလား၊ မရှိတရားနှလုံးသွင်းရမှာလား(အရှိတရားနှလုံးသွင်းရမှာပါဘုရား)

အရှိတရားက အတ္တလား၊ အနတ္တလား(အနတ္တပါဘုရား) အတ္တကိုနှလုံးသွင်းရင်ဖြင့် တို့တကာတကာမတွေသက်သာပါ့မလား (မသက်သာပါဘုရား) မသက်သာဘူး၊ လောဘ ဒေါသ မောဟတွေမငြိမ်းဘူး၊ ဒါကြောင့် တကာတကာမတွေ အနတ္တတရားဆိုတာ ဘယ်တရားနဲ့ ဘယ်တရားတုံး (နာမ်တရားနဲ့ ရုပ်တရားပါဘုရား) ဩော်-နာမ်ရုပ်မျှသာ ရှုတိုင်းရှုတိုင်း ဘာနဲ့ဘာ (နာမ်နဲ့ရုပ်) ရှိုက်တိုင်း

ရှိုက်တိုင်းကော (နာမ်နဲ့ရုပ်)နာမ်နဲ့ရုပ် ကွဲသွားရင် တကာ တကာမတွေ့ အကျိုး မများဘူးလား၊ များသလား(အကျိုးများပါတယ်ဘုရား) ဒါကြောင့်၊

**ဒီဃံဝါအဿသန္တော၊ ဒီဃံအဿသာမီတိ ပဇာနာတိ။**

**ဒီဃံဝါပဿသန္တော၊ ဒီဃံပဿသာမီတိ ပဇာနာတိ။**

ဒီဃံ၊ ရှည်စွာ၊ အဿသန္တော၊ ထွက်သက်ကိုရှူသည်ရှိသော်၊ ဒီဃံ၊ ရှည်စွာ၊ အဿသာမီတိ၊ ထွက်သက်ကိုရှူ၏ဟူ၍၊ ပဇာနာတိ၊ နာမ်နဲ့ရုပ်ကွဲပြီးသိ၏။

ဘာနဲ့ဘာ ကွဲရမှာတုံး (နာမ်နဲ့ရုပ် ကွဲရမှာပါ) ဘယ် အ ချိန်မှာ ကွဲရမှာတုံး (ရှူတိုင်း ရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း)မြတ်စွာဘုရားကကွဲခိုင်းတာလား၊၊ဘုန်းကြီး ကကွဲခိုင်းတာလား (မြတ်စွာဘုရားကွဲခိုင်းတာပါဘုရား) နာမ်နဲ့ရုပ်ကွဲပါဆိုတာ ပညာ၊ ပဇာနာတိ၊ မှာ၊ ပ ကတပုဒ်။ ဇာနာတိကတပုဒ်။ ပ၊ ကွဲ ကွဲ ပြား ပြား။ ဇာနာတိသိရမယ်။ နာမ်နဲ့ရုပ်ကွဲကွဲပြားပြားသိရမယ်။

နာမ်နဲ့ရုပ်သာ ကွဲကွဲပြားပြားမသိရင် တကာတကာမတွေ့ သက္ကာယဒိဋ္ဌိတန်း လန်းနဲ့ရှူနေတယ်လို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ရှူနေရင် ဘယ်ကိုညွှန်ပြနေတာတုံး (အပါယ်ပါဘုရား) ဘယ်ကိုညွှတ်နေမှာတုံး(အပါယ်ကိုညွှတ်နေမှာပါဘုရား)

ယခု ခင်ဗျားတို့ရှူတတ်ပလား(ရှူတတ်ပါပြီဘုရား)ခင်ဗျားတို့ပုစ်စလက်ခတ် ရှူခဲ့ပေါင်းလဲများလှပါပြီ၊ မသိဘဲနဲ့ရှူခဲ့ပေါင်းလဲများလှပါပြီ။ဒီဘဝတွင် မဟုတ် ပါဘူး။ ဘဝသံသရာအဆက်ဆက်မှာ မသိဘဲနဲ့ရှူခဲ့တဲ့ဘဝတွေ မများခဲ့ဘူးလား၊ များခဲ့သလား (များခဲ့ပါတယ်ဘုရား) မသိဘဲနဲ့အိုခဲ့ပေါင်း၊ နာခဲ့ပေါင်း၊ သေခဲ့ ပေါင်း ဘဝတွေရေတွက်လို့ရရဲ့လား (မရပါဘုရား) ဘာနဲ့ဘာ မသိတာတုံး (နာမ်နဲ့ရုပ်)

နာမ်နဲ့ရုပ်ဆိုတာ သာသနာတွင်းမှာသိရမဲ့တရား၊ သာသနာပအခါမှာ၊ နာမ် နဲ့ရုပ် သိရရဲ့လား (မသိရပါဘုရား) သိဘို့မပြောနဲ့ ကြားတောင် မကြားရဘူး၊ ကြားကော၊ ကြားရရဲ့လား (မကြားရပါဘုရား) သာသနာတွင်း ကာလမှာသာ လျှင် သာသနာတော်နဲ့ တွေ့မှသာလျှင် မြတ်စွာဘုရားအဆူဆူတွေနဲ့ တွေ့မှသာ လျှင် နာမ်ရုပ်ဆိုတဲ့အသံကိုကြားရတယ်။ နာမ်တရားနဲ့ရုပ်တရားသိရတယ်။ ယခု သာသနာတော်နဲ့ကြုံလို့ မသိရဘူးလား၊ သိရသလား(သိရပါတယ်ဘုရား)

ဘယ်အချိန်မှာသိရမှာတုံး( ရှူတိုင်း ရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း)အဲဒီအချိန်မှာ ကွဲရမှာ၊ နာမ် ရုပ် ကို ခင် ဗျား တို့ စာအုပ်တွေ၊ ဘော့ာတွေထဲမှာ ခွဲရမှာလား၊ ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာခွဲရမှာလား (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက် တိုင်းမှာ ခွဲရမှာပါဘုရား) ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း၊ ဘယ်သဘောနဲ့ ဘယ်သဘောရှိတာတုံး(စိတ်သဘောနဲ့လေသဘောပါဘုရား) ဒါကြောင့် ဒီဃံ၊ ရှည်စွာ၊ ပဿသန္တော၊ ဝင်သက်ကိုရှိုက်သည်ရှိသော်၊ဒီဃံ၊ရှည်စွာ၊ပဿသာမီတိ၊

ဓင်သက်ကိုရိုက်၏ဟူ၍၊ပဇာနာတိ၊ နာမ်နဲ့ရုပ်ကွဲပါ၊ဘာနဲ့ဘာကွဲရမှာတုံး(နာမ်နဲ့ရုပ်ပါဘုရား) နာမ်နဲ့ရုပ်ကွဲပြီးတော့ရှုပါ။ နာမ်နဲ့ရုပ်ကွဲပြီးတော့ရိုက်ပါတော့။ ဘယ်မှာကွဲရမှာတုံး (ခန္ဓာမှာပါ)ခန္ဓာမှာ ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား)နှာသီးဖျားမှာ သတိမထားရင် ဒီနာမ်တရား၊ ရုပ်တရားဖေါ်လို့ရရဲ့လား (မရပါဘုရား)

သတိက၊ နာမ်တရားနဲ့ ရုပ်တရားဖေါ်ပေးတယ်။ လူကရှုတာလား၊ ဉာဏ်ကရှုတာလား (ဉာဏ်ကရှုတာပါ)ပုဂ္ဂိုလ်သတ္တဝါပါသေးရဲ့လား (မပါပါဘုရား) ဒီနေရာမှာ ပုဂ္ဂိုလ်သတ္တဝါတွေယောကျ်ားမိန်းမတွေ မဆိတ်သုဉ်းသွားဘူးလား၊ ဆိတ်သုဉ်းသွားသလား (ဆိတ်သုဉ်းသွားပါတယ် ဘုရား) ဆိတ်သုဉ်းသွားတော့ လောဘတွေလဲ ဆိတ်သုဉ်းတယ်၊ ဒေါသတွေလဲ ဆိတ်သုဉ်းတယ်၊ မောဟတွေလဲ ဆိတ်သုဉ်းတယ်။

ဒါကြောင့် ရှုတိုင်းရှုတိုင်း ရိုက်တိုင်းရိုက်တိုင်းမှာ ဘာနဲ့ဘာ ကွဲရမှာတုံး (စိတ်နဲ့လေ)တနည်း(နာမ်နဲ့ရုပ်)အဲဒီအတိုင်း ကွဲပြီးရှုပါတော့။

ဤလိုပြုချင်တဲ့သဘောဟာ ဘာတုံး(စိတ်)စိတ်ဖြစ်တော့ ဘာဖြစ်(လေဖြစ်) စိတ်ကဘာတရား(နာမ်တရား) လေက(ရုပ်တရား)နာမ်ရုပ်မရှိလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့)ဘယ်တုံးကဖြစ် (ခုမှဖြစ်) ဒါကြောင့် ရှုတဲ့အခါ(ခုမှဖြစ်တဲ့စိတ်နဲ့လေ)တနည်း ရိုက်တဲ့အခါ(ခုမှဖြစ်တဲ့နာမ်နဲ့ရုပ်)

အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး(နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိတုံး(ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် ဘာပရိညာတုံး (ဉာတပရိညာ)ဟုတ်လား။အဲဒီအတိုင်းရှုပါတော့။ အဲဒီနာမရူပပရိစ္ဆေဒဉာဏ်၊ဒိဋ္ဌိဝိသုဒ္ဓိဉာတပရိညာ စခမ်းဖြင့် ကျင့်စဉ်အတိုင်း မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ—ဗုဒ္ဓံပူဇေမိ
" " ဓမ္မံပူဇေမိ
" " သံဃံပူဇေမိ

## သန်တနယ်မှာစိဘ်ခေတသိက်ရင် အသန်တနယ်မှာနိဗ္ဗာန်

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၃) ရက် ဟောကြားသော တရား။

## အမှတ်စဉ် (၁၁)

---

ကဲ-အားလုံးသမာဓိယူကြပါစို့၊ အောက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို ထက်ဝယ်ဖွဲ့ခွေပြီးတော့ အထက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၊ နှာသီးဖျားမှာသတိထားပါ။

သောသတောဝအဿသတိ၊ သတောဝပဿသတိ၊ တဲ့။

မြတ်စွာဘုရားက သတိရှိပြီးတော့ ရှူပါ ရှိုက်ပါ။ သတိမရှိဘဲမရှူပါနဲ့။ မရှိုက်ပါနဲ့။ ကမ္မဋ္ဌာန်းမဖြစ်ဘူး။

သောသတောဝအဿသတို့၊ သတောဝပဿသတိ၊ တဲ့၊

မြတ်စွာဘုရားကိုယ်တော်မြတ် ညွှန်ကြားထားပါတယ် ဒါကြောင့် အပြင်လေထုတ်တာကိုဘာတဲ့(ရှူတယ်) အတွင်းလေသွင်းတာကို(ရှိုက်တယ်) ရှူတာက (အာန)ရှိုက်တာက(ပါန)အောင့်မေ့တာကသတိ၊ ပေါင်းလိုက်တော့ (အာနာပါနဿတိကမ္မဋ္ဌာန်း)

အဲဒါမှတ်လိုက်၊ ရှူရင်ရှူတယ်၊ ရှိုက်ရင်ရှိုက်တယ်လို့သိပါ။ နောက်ပြီးတော့တဆင့်တက်ကြပါစို့၊ ဒုတိယနည်းကျတော့ ရှူစက ရှူဆုံးထိ ခင်ဗျားတို့ ဘယ်လိုမှတ်ရမှာလဲ(ရှူတယ်) ရှိုက်စကရှိုက်ဆုံးထိဘယ်လိုမှတ်ရမှာလဲ (ရှိုက်တယ်) အဲဒီအတိုင်း ဒုတိယနည်းပွားများပါ၊ သမာဓိကိုရှေ့ဦးစွာထူထောင်မှ ဝိပဿနာတက်လို့ရပါတယ်။ နေ့စဉ်နေ့တိုင်း ဒီကစပြီးတော့ ခင်ဗျားတို့ တက်ပေးခဲ့ပါတယ်၊ ရှူစကရှူဆုံးထိ (ရှူတယ်ရှူတယ်) ရှိုက်စကရှိုက်ဆုံးထိ (ရှိုက်တယ်ရှိုက်တယ်) လို့သိပါစေ။

တရားလဲနာရင်း ဝိပဿနာကမ္မဋ္ဌာန်းလဲအားထုတ်ရင်း ပရိယတ္တိပဋိပတ္တိဒွန်တွဲသွားတဲ့ အချိန်လို့ဆုံးဖြတ်ချက်ချပါ။ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာကိုမိမိတို့ အချိန်သတ်မှတ်ပြီး သာသနာတော်ကြီးကို အားပေးပြုလုပ်နေတဲ့အချိန်၊ ကိုယ့်အဇ္ဈတ္တသန္တာန်မှာ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ တည်တန့်အောင်လုပ်နေတာ၊ ဒါကြောင့် ဒီအချိန်မှာ အားထုတ်မှုလဲပါရအောင် ဆိုပြီးတော့သင်တန်းနဲ့တွဲပြီးတက်နေရဘာပါ။ ရှူစကရှူဆုံးထိ(ရှူတယ်) ရှိုက်စကရှိုက်ဆုံးထိ (ရှိုက်တယ်)လို့သိပါစေ၊

ကဲ-တတိယနည်းသွားကြစို့၊ ခင်ဗျားတို့ ရှူခြင်းအမှုမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား)ရှူခြင်းအမှုပြုပြီးတော့ (ရှိုက်ခြင်းအမှုပြုပါတယ်ဘုရား)

အောင်-ရှိုက်ခြင်းအမှုပြုပြီးတော့ (ရှူခြင်းအမှုပြုပါတယ်ဘုရား) ရှူခြင်းအမှု ဘယ်လိုပြုသလဲဆိုတော့ (ဤလိုပြုတယ်ဤလိုပြုတယ်လို့မှတ်)ဒါကြောင့် ရှူစကရှူဆုံးထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့ သိပါစေ၊ ရှိုက်စကရှိုက်ဆုံးထိ ဤလိုပြုတယ် ဤလိုပြုတယ်လို့သိပါစေ၊ ကိုယ်ပြုတာပြုမှန်းသိပါစေ။ ကိုယ်ပြုတာ ပြုမှန်းမသိဘဲနဲ့ ပြုတယ်လို့မှတ်ရင် အဲဒါကမ္မဋ္ဌာန်းမဖြစ်ဘူး။ ကိုယ်ပြုတာ ပြုမှန်းသိနေရင် ကမ္မဋ္ဌာန်း ဖြစ်ပါတယ်။ ကိုယ်ပြုတာ ပြုမှန်းမသိရင် ဒီပုဂ္ဂိုလ် သမာဓိဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား)ကိုယ်ရှူတာရှူမှန်းမသိ၊ ကိုယ်ရှိုက်တာရှိုက်မှန်းမသိတဲ့ ပုဂ္ဂိုလ်ကဒါရပ်ဘဲ၊ ဒါနာမ်ဘဲလို့ပြောသာပြောတာ သတိမပါဘဲနဲ့ ရှူတာရှူမှန်းမသိဘဲနဲ့ ရှိုက်တာရှိုက်မှန်းမသိဘဲနဲ့ ပြောနေသည့်အတွက် အဲဒီ ပုဂ္ဂိုလ်သည် ပဋိပတ္တိထိအောင်ရောက်ပါ့မလား(မရောက်ပါဘုရား)

မရောက်ဘူး၊ ကျင့်စဉ်အထိ မပါဘူး၊ ပရိယတ္တိအပြောလောက်ဘဲ ပြီးသွားတယ်၊ အပြောကတော့ ပရိယတ္တိနယ်ပယ်မှာ အလွန်မဘန်မှ ကျယ်ဝန်းပါတယ်။ ပြောစရာတွေမကုန်နိုင်ပါဘူး။ သို့သော် လုပ်ငန်းလုပ်တတ်ဘို့ကတော့အရေးကြီးပါတယ်။ ပဋိပတ္တိကျင့်စဉ်ပါဘို့၊ ဒါကြောင့် ခင်ဗျားတို့ လုပ်ငန်းစဉ်လဲပါလေအောင် သမာဓိလဲရှိအောင် နောက်ကပြန်ပြီး စပေးပါ့မယ်၊ ဒါကြောင့် ရှူစကရှူဆုံးထိ ဤလိုပြုတယ်ဤလိုပြုတယ်လို့ သိပါ။ ရှိုက်စကရှိုက်ဆုံးထိ ဤလိုပြုတယ် ဤလိုပြုတယ်လို့သိပါ။ ဤလိုပြုတယ် ဤလိုပြုတယ် လို့သိနေတဲ့ ပုဂ္ဂိုလ်သည် သတိရှိလို့လား၊ သတိမရှိလို့လား(သတိရှိလို့ပါဘုရား)ဒါ သတိထားလိုက်တာနဲ့တပြိုင်နက် ဤလိုပြုတယ်လို့ သိခိုက်မှာ စိတ်တွေ၊ ဟိုဟိုဒီဒီ ရောက်သေးရဲ့လား (မရောက်ပါဘုရား) ဒီအခါမှာ မတည်ဘူးလား၊ တည်သလား(တည်ပါတယ်ဘုရား) လူတွေသတ္တဝါတွေပေါ်မှာ တည်တာလား အာနာပါနအာရုံပေါ်မှာ တည်တာလား(အာနာပါနအာရုံပေါ်မှာတည်တာပါဘုရား)အဲ ရှူမှုအာရုံပေါ်မှာ ရှိုက်မှုအာရုံပေါ်မှာတည်တာပါ၊ စိတ်တည်လာတာက သမာဓိ၊ ဘာတဲ့တုံး (သမာဓိ) အဲဒီတော့ သတိ သမာဓိမရဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)အောင့်မေ့တာက သတိ၊ စိတ်တည်တာက သမာဓိ၊ ပေါင်းလိုက်တော့ (သတိ သမာဓိ)

သတိသမာဓိတရားသည် အရှိတရားဖေါ်တာလား၊ မရှိတရားဖေါ်တာလား (အရှိတရားဖေါ်တာပါဘုရား)အဲဒီ အရှိတရားရလာရင် အရှိတရားယထာဘူတဉာဏ်ကို ပိုင်းခြားစွာမသိနိုင်ဘူးလား၊ သိနိုင်သလား(သိနိုင်ပါတယ်ဘုရား)

သမာဟိတောဘိက္ခဝေယထာဘူတံပဇာနာတိ၊ တဲ့၊

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ သမာဟိတော၊ ရှူရင်ရှူတယ်၊ ရှိုက်ရင်ရှိုက်တယ်လို့ ၁ဒိသောပုဂ္ဂိုလ်သည်၊ သိတဲ့ပုဂ္ဂိုလ်ကိုပြောတာလား၊ မသိတဲ့ပုဂ္ဂိုလ်ကို ပြောတာလား(သိတဲ့ပုဂ္ဂိုလ်ကိုပြောတာပါဘုရား) ဘိက္ခဝေ၊ လို့မပါဘူးလား၊

ပါသလား(ပါပါတယ်ဘုရား)ဘိက္ခဝေလို့ ပါလာရင် မြတ်စွာဘုရားဟောတော်မူတဲ့တရားတော်လို့ မှတ်။ အာဝုသော လို့ ဆိုတာတွေက၊ သာဝကတွေ၊ ဟောတဲ့တရားတဲ့၊ ဘိက္ခဝေ၊ ပါလာရင် ဘုရားဟောဘဲ၊ အာဝုသော လို့ ဆိုထားရင် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ အဂ္ဂသာဝက၊ မဟာသာဝက၊ ဖြစ်ကြတဲ့ အရှင်သာရိပုတ္တရာ၊အရှင်မဟာမောဂ္ဂလာန်၊အရှင်မဟာကဿပ၊အရှင်ကောဋ္ဌိက၊ အရှင်အာနန္ဒာ၊ အစရှိတဲ့ပုဂ္ဂိုလ်တွေဟောတာပါ။ ဒါဗဟုသုတအဖြစ် ပြောတာပါ။ သမာဟိတော ရှုရင် ရှုတယ်၊ ရှိုက်ရင် ရှိုက်တယ်လို့ သိတဲ့ သမာဓိရှိသော ပုဂ္ဂိုလ်သည်၊ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တဲ့ ရုပ်နာမ်တရားကို ပဇာနာတိ။ ဤကား ရုပ်၊ ဤကားနာမ်လို့ ကွဲကွဲပြားပြားသိနိုင်တယ်။

သမာဓိမရှိဘဲနဲ့ ဒီဟာနာမ်တရားဘဲ၊ ဒီဟာရုပ်တရားဘဲလို့ သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား)မသိနိုင်ပါဘူးလို့ ရဲရဲတင်းတင်းဆုံးဖြတ်ချက်ချပါ။ တချို့က ပြော ကြ တယ်၊ သမာဓိကတော့ မရှိဘူး၊ သမာဓိယူရတယ်ဆိုတာ မိမိခန္ဓာမှာ ယူရတာလား၊ သူတပါးခန္ဓာမှာယူရတာလား (မိမိခန္ဓာမှာ ယူရတာပါဘုရား) မိမိခန္ဓာမှာ သတိ သမာဓိ မရှိဘဲနဲ့ ဒီဟာ ရုပ်တရားဘဲ၊ ဒီဟာ နာမ်တရားဘဲလို့ ပြောနေရင် ဒီအပြောဟာ ပရိယတ္တိပိုင်းဘဲ ဖြစ်ပါတယ်။ ပဋိပတ္တိပိုင်းထိအောင် ရောက်ပါ့မလား(မရောက်ပါဘုရား) အပြောဘဲဖြစ်ပါတယ်၊ လုပ်ငန်းပါရဲ့လား (မပါပါဘုရား)

အဲဒီတော့ တကာတကာမတွေ လောဘဒေါသမောဟဆိုတာတွေက အပြောနဲ့ငြိမ်းတာလား၊လုပ်ငန်းနဲ့ငြိမ်းတာလား(လုပ်ငန်းနဲ့ငြိမ်းတာပါဘုရား)ပရိယတ္တိနဲ့ငြိမ်းတာလား၊ ပဋိပတ္တိနဲ့ငြိမ်းတာလား(ပဋိပတ္တိနဲ့ငြိမ်းတာပါဘုရား)အဲဒီတော့ လောဘ ဒေါသ မောဟ တရားတွေ ငြိမ်းချင်ရင် ပရိယတ္တိတွင်ရပ်နေလို့ ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)ဘယ်ထိအောင်ရောက်ရမှာတုံး(ပဋိပတ္တိထိအောင်ရောက်ရမှာပါဘုရား) ဒါကြောင့် သတိလေးထားလိုက်စမ်းပါ။ သတိရှိရင် သမာဓိမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သမာဓိရှိရင် နာမ်တရားနှင့် ရုပ်တရားကွဲကွဲပြားပြားမသိနိုင်ဘူးလား၊ သိနိုင်သလား(သိနိုင်ပါတယ်ဘုရား) အဲဒီတော့ သမာဓိရှိလိုက်တာနဲ့ တပြိုင်နက် ဤလိုပြုချင်တဲ့သဘော မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ဤလိုပြုချင်တဲ့ သဘောက လူလား၊ စိတ်လား(စိတ်) တွေ့ပြီလား (တွေ့ပါပြီ) သမာဓိရှိလို့တွေ့တာလား၊ သမာဓိမရှိလို့တွေ့တာလား (သမာဓိရှိလို့တွေ့တာပါဘုရား) စိတ်ဆိုတဲ့ သဘောဟာ ဘယ်လိုသဘောပါလိမ့် (ဤလိုပြုချင်တဲ့သဘော) ဒီစိတ်သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)ရှိနေတယ်။

စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်နက် နှာသီးဖျားမှာ တိုးခတ် တွန်းကန် သွားတဲ့ သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) နှာသီးဖျားမှာ တိုးခတ်တွန်း

ကန်သွားတဲ့သဘောဟာ လူလား၊ ရုပ်လား(ရုပ်ပါဘုရား)ဘာရုပ်တုံး(ဝါယောရုပ်ပါဘုရား) ဒီဝါယောရုပ်ဟာ လူကြောင့်ဖြစ်တာလား၊ စိတ်ကြောင့်ဖြစ်တာလား(စိတ်ကြောင့်ဖြစ်တာပါဘုရား) စိတ်ဖြစ်လိုက်ဘာနဲ့တပြိုင်နက် ဘာဖြစ်တုံး(လေဖြစ်ပါတယ်ဘုရား)အဲဒါ မနေ့ကရှင်းခဲ့ပါပြီ၊ အခုပြန်စပေးနေတာ၊ တကာတကာမတွေ သတိထားလိုက်ပါ။ ရှူတိုင်းရှိုက်တိုင်းမှာ ဘယ်သဘောတွေရှိတာတုံး(စိတ်သဘောနဲ့လေသဘော) ရှူချင်တဲ့သဘော စိတ်ဖြစ်လိုက်တာနဲ့တပြိုင်နက်နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေမဖြစ်ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

စိတ်ကြောင့်ဘာဖြစ်တုံး(လေဖြစ်ပါတယ်ဘုရား) စိတ်ကနာမ်တရား၊ လေကရုပ်တရား၊ ရုပ်တရားနာမ်တရား မတွေ့ဘူးလား၊ တွေ့သလား (တွေ့လာပါတယ်ဘုရား) ဘယ်အချိန်မှာ တွေ့တာတုံး ( ရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း) အဲဒီရှူတိုင်းရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊ နာမ်ရုပ်ရှိတာလား(နာမ်ရုပ်ရှိတာပါဘုရား)အရှိတရားတွေတာလား၊ မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) အရှိဘရားက ပရမတ်လား၊ ပညတ်လား (ပရမတ်ပါဘုရား) ခင်ဗျားတို့ ပရမတ်တွေ့နေတယ်။ ခန္ဓာတွေ့နေတယ်။ ခန္ဓာမတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) တာခန္ဓာလဲ ဆိုတော့ နာမ်ခန္ဓာနဲ့ရုပ်ခန္ဓာ၊ဘာခန္ဓာတွေလဲ(နာမ်ခန္ဓာနဲ့ရုပ်ခန္ဓာ)ဤလိုပြုချင်တဲ့စိတ်သဘောက ဘာခန္ဓာတုံး (နာမ်ခန္ဓာပါဘုရား) နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေသဘောက ဘာခန္ဓာတုံး(ရုပ်ခန္ဓာ)မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) အပြောနဲ့သိတဲ့ခန္ဓာလား၊ လုပ်ငန်းနဲ့သိတဲ့ခန္ဓာလား (လုပ်ငန်းနဲ့ သိတဲ့ခန္ဓာပါဘုရား) ဒီခန္ဓာဟာ မျက်စိနဲ့ မြင်ရရဲ့လား (မမြင်ရပါဘုရား)ဘာနဲ့မြင်ရမှာတုံး(ဉာဏ်နဲ့မြင်ရမှာပါဘုရား)ဉာဏ်နဲ့မြင်ရတဲ့တရား။

ပရမတ်သဘာဝဆိုတာ မသိမ်မွေ့ဘူးလား၊ သိမ်မွေ့သလား (သိမ်မွေ့ပါတယ်ဘုရား)သိမ်မွေ့တယ်။ စိတ်ဖြစ်တိုင်း ဤလိုပြုချင်တဲ့ စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်းမှာ နှာသီးဖျားမှာ လူတွေသတ္တဝါတွေဖြစ်တာလား။ တိုးခတ်သွားတဲ့လေသဘော ဖြစ်တာလား (တိုးခတ်သွားတဲ့ လေသဘော ဖြစ်တာပါဘုရား) စိတ်ကြောင့် ဘာဖြစ်တာတုံး(လေဖြစ်ပါတယ်ဘုရား) အဲဒီလေကိုလူကသိတာလား၊ စိတ်ကသိဘာလား(စိတ်ကသိတာပါဘုရား)စိတ်ကသိတာ။ စိတ်ကြောင့်ဘာဖြစ်တုံး(လေဖြစ်ပါတယ်ဘုရား) လေကြောင့် ဘာဖြစ်(စိတ်) တနည်း နာမ်ကြောင့် ဘာဖြစ် (ရုပ်ဖြစ်ပါတယ်ဘုရား) ရုပ်ကြောင့် ဘာဖြစ် (နာမ်ဖြစ်ပါတယ်ဘုရား) အဖြစ်ရပ်ရဲ့လား(မရပ်ပါဘုရား)မလည်ဘူးလားလည်သလား(လည်နေပါတယ်ဘုရား) အကြောင်းကိုစွဲပြီး အကျိုးမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်

ဘုရား) နောက် အကျိုးတရားက အကြောင်း ပြန်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ် တယ်။ အကြောင်းအကျိုး မလည်ဘူးလား၊ လည်နေသလား(လည်နေပါတယ်ဘုရား)အကြောင်းအကျိုးလည်နေတာသည်ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်) ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်) စာအုပ်တွေထဲမှာ လည်နေတာလား၊ မိမိခန္ဓာမှာလည်နေတာလား (မိမိခန္ဓာမှာလည်နေတာပါဘုရား) ခန္ဓာမှာဘယ်ဌာနလည်နေတာလဲ(နှာသီးဖျားမှာပါဘုရား)ဘယ်အချိန်မှာလည်နေတာပါလိမ့် ( ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာပါဘုရား)

အော်- လည်တယ်ဆိုတာ လူတွေသတ္တဝါတွေ ဖြစ်တာလား၊ စိတ်နဲ့လေဖြစ်တာလား (စိတ်နဲ့လေဖြစ်တာပါဘုရား) ပုဂ္ဂိုလ်သတ္တဝါတွေဖြစ်တာလား၊ နာမ်ရုပ်တွေဖြစ်တာလား(နာမ်ရုပ်ဖြစ်တာပါဘုရား) နာမ်ရုပ်တွေ အသစ်အသစ်ဖြစ်နေတယ်၊ အဖြစ်ရပ်ရဲ့လား(မရပ်ပါဘုရား)မရပ်မနားဖြစ်နေတယ်၊ ဒီအဖြစ်မရပ်တာသည်၊သံသရာ၊ အဖြစ်မရပ်တာ ဘာတဲ့တုံး (သံသရာပါဘုရား) တနည်း အကြောင်းကြောင့်ဘာတုံး(အကျိုး)အကျိုးကြောင့်ဘာတုံး(အကြောင်းပြန်ဖြစ်) အဲဒီလိုအကြောင်းအကျိုးလည်နေတာက ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

တကာတကာမတွေ ပစ္စုပ္ပန်မှာ လည်မနေဘူးလား၊ လည်နေသလား(လည်နေပါတယ်ဘုရား) အချိန်တိုင်းလည်နေတယ်၊ တရားကိုယ်ကောက်လိုက်တဲ့အခါကျတော့ ဘာရလာတုံး (စိတ်သဘောနဲ့လေသဘောပါဘုရား) ဤလိုပြုချင်တဲ့သဘောဟာဘာတုံး (စိတ်) စိတ်ဖြစ်တော့ ဘာဖြစ် (လေဖြစ်) နှာသီးဖျားမှာ တိုးခတ်တွန်းကန်တဲ့လေမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) စိတ်က ဘာတရား (နာမ်တရားပါဘုရား) လေကဘာတရား (ရုပ်တရားပါဘုရား) နာမ်တရားနှင့်ရုပ်တရားမရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိနေတာတုံး( ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း) ဒါကြောင့် ရှုတဲ့အခါ စိတ်နဲ့လေ၊ ရှိုက်တဲ့အခါကော(စိတ်နဲ့လေပါဘုရား)တနည်း ရှုတဲ့အခါ(နာမ်နဲ့ရုပ်) ရှိုက်တဲ့အခါကော(နာမ်နဲ့ရုပ်) လူတွေသတ္တဝါတွေ ရှုတာလား၊ နာမ်ရုပ်ဖြစ်တာလား (နာမ်ရုပ်ဖြစ်ဘာပါဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက နာမ်တရားရုပ်ဘရားရှုခိုင်းတာလား၊ လူတွေသတ္တဝါတွေ ရှုခိုင်းတာလား (နာမ်တရားရုပ်တရားရှုခိုင်းတာပါဘုရား) နာမ်ရုပ်ရှုနေရင် ဘုရားစကားနားထောင်တာလား (ဘုရားစကားနားထောင်နေတာပါဘုရား)

ဘုရားစကားနားထောင်ရင် ဘုရားရဲ့အဆုံးအမတွေ မတည်ဘူးလား၊ တည်သလား (တည်နေပါတယ်ဘုရား) ဘုရားရှင်ရဲ့ အဆုံးအမကလဲ သိပ်မများလှ

ပါဘူး၊ ဘယ်နှစ်ပါးပါလိမ့်(သုံးပါးပါဘုရား) သုံးပါးက ဘာတွေပါလိမ့်(သီလ သမာဓိ ပညာ) ရှုတဲ့အခါ စိတ်နဲ့လေလို့ ရှုခိုက်မှာ သီလမလုံခြုံဘူးလား၊ လုံခြုံ သလား (လုံခြုံပါတယ်ဘုရား) ကာယကံတွေ ဝစီကံတွေ လွန်ကျူးပါအုံးမလား (မလွန်ကျူးပါဘုရား)မလွန်ကျူးတော့ သီလမလုံခြုံဘူးလား၊ လုံခြုံသလား(လုံခြုံ ပါတယ်ဘုရား) ဘုရားစကားနားထောင်လို့လား၊ နားမထောင်လို့လား (နား ထောင်လို့ပါဘုရား)ဘုရားစကားနားထောင်တော့ သီလသာသနာ သီလဝိသုဒ္ဓိ မပြည့်စုံဘူးလား၊ပြည့်စုံသလား(ပြည့်စုံပါတယ်ဘုရား)အဲဒီသီလဆိုတဲ့အဆုံးအမ ခင်ဗျားတို့ရဲ့အဇ္ဈတ္တသန္တာန်မှာမရောက်လာဘူးလား၊ ရောက်လာသလား(ရောက် လာပါတယ်ဘုရား) လုပ်ငန်းနဲ့ရောက်တာလား၊ အပြောနဲ့ရောက်တာလား(လုပ် ငန်းနဲ့ရောက်တာပါဘုရား) လုပ်ငန်းက ရှုတဲ့အခါဘယ်လိုရှုတာတုံး(စိတ်နဲ့လေ) ရှုကိုက်တဲ့အခါကော(စိတ်နဲ့လေ) တနည်း ရှုတဲ့အခါ(နာမ်နဲ့ရုပ်)

ဉာတိနာမရူပံ၊ ဉာတိနာမရူပံ။

ဒီလိုရှုလိုက်တာဘဲ၊ ဉာတိ၊ ဤသဘောကား၊ နာမရူပံ၊ နာမ်နဲ့ရုပ် ဘာနဲ့ဘာ (နာမ်နဲ့ရုပ်)

လူတွေသတ္တဝါတွေလား၊ နာမ်ရုပ်လား(နာမ်ရုပ်ပါဘုရား)အဲဒီလိုရှုခိုက်မှာ ကာယဒုစရိုက်တွေ ဝစီဒုစရိုက်တွေ လွန်ကျူးချင်တဲ့ စိတ်တွေ ပေါ်သေးရဲ့လား (မပေါ်တော့ပါဘုရား)မပေါ်တော့ သီလဆိုတဲ့အဆုံးအမ မတည်လာဘူးလား၊ တည်လာသလား (တည်လာပါတယ်ဘုရား) စိတ်တွေကကော ဟိုဟိုဒီဒီရောက် သေးရဲ့လား(မရောက်တော့ပါဘုရား)သမာဓိဆိုတဲ့ အဆုံးအမကော မတည်လာ ဘူးလား၊ တည်လာသလား(တည်လာပါတယ်ဘုရား)အော်–ရှုတဲ့အခါ လူတွေ သတ္တဝါတွေရှိတာလား၊ စိတ်နဲ့လေရှိတာလား(စိတ်နဲ့လေရှိတာပါဘုရား) လူနဲ့ စိတ်နဲ့၊ လူနဲ့ နာမ်နဲ့ရုပ် ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွား ပါတယ် ဘုရား)လူကခွဲတာလား၊ ပညာကခွဲတာလား(ပညာကခွဲတာပါဘုရား) ပညာက ခွဲတာဆိုတော့ သီလသမာဓိပညာ အဆုံးအမတွေ မတည်လာဘူးလား၊တည်လာ သလား(တည်လာပါတယ်ဘုရား)တည်တာက ဘုရားစကားနားထောင်လို့လား၊ နားမထောင်လို့လား (နားထောင်လို့ပါဘုရား) ဘုရားရှင်က နာမ်တရား ရုပ် တရား ရှုခိုင်းတာလား၊လူတွေသတ္တဝါတွေရှုခိုင်းတာလား(နာမ်တရား ရုပ်တရား ရှုခိုင်းတာပါဘုရား) ဒါကြောင့်၊

**နာမရူပံသမနုပဿတိ၊**

နာမရူပံ၊ နာမ်တရားနဲ့ရုပ်တရားကို၊သမနုပဿတိ၊ ရှုရမယ်။ နာမ်တရားနဲ့ ရုပ် တရားရှုလိုက်တာနဲ့တပြိုင်နက် တကာတကာမတွေ ဒိဋ္ဌိလာသေးရဲ့လား (မလာ တော့ပါဘုရား)

နာမရူပဝဝတ္ထာနေနသင်္ကာယဒိဋ္ဌိယာပဟာနံ။

နာမရူပဝဝတ္ထာနေန၊ နာမ်တရားနဲ့ ရုပ်တရားကို ပိုင်းခြား မှတ်သားခြင်းကြောင့် သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိကို၊ ပဟာနံ၊ ပယ်စွန့်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ သက္ကာယဒိဋ္ဌိမပယ်ဘူးလား၊ ပယ်သလား (ပယ်ပါတယ်ဘုရား) လူတွေသတ္တဝါတွေမြင်လို့လား၊ နာမ်ရုပ်မြင်လို့လား (နာမ်ရုပ်မြင်လို့ပါဘုရား)ဘယ်အချိန်မှာမြင်တာတုံး(ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း) အော်–ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ ဤလိုပြုချင်တဲ့သဘောဟာဘာတုံး (စိတ်ပါဘုရား) စိတ်ဖြစ်တော့ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား)

နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေ မဖြစ် ဘူး လား၊ ဖြစ် သ လား (ဖြစ်ပါတယ်ဘုရား) စိတ်ကဘာသာရား (နာမ်တရား) လေကဘာတရား (ရုပ်တရား) နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ရှေ့ဘဆင့်တက်လိုက်၊ ရှူတဲ့အခါမှာ (အခုမှဖြစ်တဲ့စိတ်နဲ့လေ) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့စိတ်နဲ့လေ) တနည်း ရှူတဲ့အခါ (အခုမှဖြစ်လဲနာမ်နဲ့ရုပ်) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်) အဲဒီလို ရှူတဲ့ဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ်၊ ဘာဉာဏ်ရလာပြန်တုန်း (နာမရူပပရိစ္ဆေဒဉာဏ်) ဤကားနာမ်၊ ဤကားရုပ်လို့ကွဲကွဲပြားပြားသိတဲ့ဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ်၊ မရလာဘူးလား၊ ရလာသလား (ရလာပါဘယ်ဘုရား) လုပ် ငန်း နဲ့ ရ တာ လား၊ အပြောနဲ့ရတာလား (လုပ်ငန်းနဲ့ရတာပါဘုရား) ကျင့်စဉ်နဲ့သိတာလား အပြောနဲ့သိတာလား (ကျင့်စဉ်နဲ့သိတာပါဘုရား) အပြောကပရိယတ္တိ၊ ကျင့်စဉ်ကပဋိပတ္တိဆိုတော့ခင်ဗျားတို့ပဋိပတ္တိသာသနာတော်ကြီး မတည်ဘူးလား တည်သလား (တည်ပါတယ်ဘုရား) ပဋိပတ္တိ သာသနာတော်ကြီး တည် ရှိ နေ တဲ့ အ ချိန် မှာ ပရိယတ်ကော မပါဘူးလား၊ ပါသလား(ပါပါတယ်ဘုရား)ဒါကြောင့် ပရိယတ် ပဋိပတ်ဒွန်တွဲပြီး သင်တန်းတက်နေတဲ့ ပရိသတ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

တကာတကာမတွေသတိထားပါ၊ ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ အခုမှဖြစ်တဲ့ဘာတုံး (စိတ်နဲ့လေ) တနည်း (အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်) အဲ ဒီ လို ရှူ တဲ့ ဉာဏ်သည် ဘာဉာဏ်တဲ့တုံး (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဒါမ နေ့ က မရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား (ရှင်းခဲ့ပါတယ်ဘုရား)

တကာတကာမတွေ နောက်တဆင့်တက်လိုက်ကြပါစို့၊ ရှုကွက်တခုရှုတတ်လို့ရှိရင် အားလုံးအကျိုးပြုပါတယ်၊ ကုသိုလ်တရားတွေက ကု သိုလ် တ ရား တွေ ကို

ကျေးဇူးပြုတယ်ဆိုတာဒါဘဲ။ ခင်ဗျားတို့ နေ့တိုင်းမှန်မှန်တရားသင်တန်းတက်နေတဲ့ပုဂ္ဂိုလ်တွေဟာ တဖြေးဖြေးအသိဉာဏ်တွေ တိုးမလာဘူးလား၊တိုးလာသလား ( တိုးလာပါတယ်ဘုရား ) ကုသိုလ်တရားကနေပြီး ကုသိုလ်တရားကို ကျေးဇူးပြုတယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

**ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော**

ဒီလိုဟောတော်မူတာကိုး။ ကုသလောဓမ္မော၊ ကုသိုလ်ဖြစ်သောတရားသည်၊ ကုသလဿဓမ္မဿ၊ကုသိုလ်ဖြစ်သောတရားအား၊ ဥပနိဿယပစ္စယေန၊ ဥပနိဿယ ပစ္စယ သတ္တိဖြင့်၊ပစ္စယော၊ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ဟောတိ၊ ဖြစ်၏။ ပဋ္ဌာန်းဒေသနာတော်ကြီးက ပြမထားဘူးလား၊ ပြ ထား သ လား (ပြထားပါတယ်ဘုရား)ဒီဒေသနာတော်တွေကရှုကွက်ထဲမဝင်လာဘူးလား၊ဝင်လာသလား (ဝင်လာပါတယ်ဘုရား)

အဲဒါကြောင့် ရှုစကရှုဆုံးအထိ အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်၊ ဘယ် တုံး က ဖြစ် တဲ့ နာမ်ရုပ်တုံး (အခုမှဖြစ်တဲ့နာမ်ရုပ်ပါဘုရား) နာမ် တ ရား ရဲ့ အ ကြောင်း ကော ခင်ဗျားတို့မပြောခဲ့ဘူးလား၊ ပြောခဲ့သလား ( ပြောခဲ့ပါတယ်ဘုရား ) စိတ်ရဲ့ အကြောင်းတရားက (လေးပါး) လေးပါးက (အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ) ဒါရှင်းခဲ့ပြီးပြီ။ နောက်ရုပ်ရဲ့အကြောင်းတရားကကော ဘယ်နှစ်ပါးလဲ လေးပါး။ လေးပါးကဘာတုန်းဆိုတော့ ကံ စိတ် ဥတု အာဟာရ၊ အဲဒီလို မရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား (ရှင်းခဲ့ပါတယ်ဘုရား)

ဒါကြောင့် ရှုတိုင်း ရှိုက် တိုင်း မှာ ( အခုမှဖြစ်တဲ့ စိတ်နဲ့လေ ) အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့စိတ်နဲ့လေ) အကြောင်းကြောင့် ဖြစ်။ ဒါဘာဉာဏ်တဲ့တုံး (နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်) ပစ္စယ ပရိဂ္ဂဟဉာဏ် အထူးရှင်းစရာလိုသေးရဲ့လား (မလိုတော့ပါဘုရား) မလိုတော့ပါဘူး။ ခင်ဗျားတို့ရှုကွက် တက်မလာဘူးလား၊ တက်လာသလား ( တက် လာ ပါ တယ်ဘုရား) အော် အခုမှဖြစ်တဲ့စိတ်နဲ့လေကဘာဉာဏ်တဲ့တုံး (နာမရူပပရိစ္ဆေဒဉာဏ်) အကြောင်းကြောင့်ဖြစ်ကဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်) နှစ်ဉာဏ်မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) သဒ္ဓါအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) နောက်တဆင့်က ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဤလိုပြုချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား) ဤလိုပြုချင်တဲ့သဘောဟာ ဘာပါလိမ့် (စိတ်ပါဘုရား) ဒီစိတ်ကို လူက ဖေါ်ပေးတာလား၊သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား)

သိတိကော မထင်ရှားဘူးလာ။ ထင် ရှား သ လား ( ထင်ရှားပါတယ်ဘုရား ) ထင်ရှားပါတယ်။ စိတ္တကစိတ်၊ သတိကစေတသိက်၊ နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေကဘာတုံး (ရုပ်) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်) အဲဒီတော့ စိတ် စေတသိက် ရုပ်တွေရှိတာလား၊ လူတွေ သတ္တဝါတွေရှိတာလား (စိတ် စေဘသိက် ရုပ်ခတွေရှိဘာပါဘုရား) စိတ် စေတသိက် ရုပ်တွေ ဘယ်အချိန်မှာရှိတာလဲ (ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း) တွေ့ပလား (တွေ့ပါပြီဘုရား) ပရမတ္ထတရားလေးပါးရှိတယ်၊ (စိတ် စေတသိက် ရုပ် နိဗ္ဗာန်)တနည်း ပါဠိတော်က (သင်္ခတာဓမ္မာ အသင်္ခတာဓမ္မာ) ဆိုပြီးတော့ဒုကမှာဒီလိုခွဲလိုက်တယ်၊ သင်္ခတအရ၊ စိတ် စေတသိက် ရုပ် ကောက်လိုက်။ အသင်္ခတအရ နိဗ္ဗာန်ကောက်လိုက်၊ ဒီတော့ သင်္ခတနယ်နဲ့ အသင်္ခတနယ် ကွဲမသွားဘူးသား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား)

သင်္ခတနယ်မှာ ဘာတရားတွေရှိတာလဲဆိုရင် (စိတ် စေတသိက် ရုပ်ပါဘုရား) အသင်္ခတနယ်က ဘာတရားတွေရှိတာလဲ (နိဗ္ဗာန်ပါဘုရား) ပိဋကတ်တော်ကြီးကုန်ရော၊ ပိဋကတ်တော်ကြီး ဘယ်လောက်ပင် ကျယ်ဝန်းကျယ်ဝန်း ချုံးလိုက်တော့ (စိတ် စေတသိက် ရုပ် နိဗ္ဗာန်) ဒီလေးပါးထဲပါဘဲ၊ များရဲ့လား (မများပါဘုရား) ယခုခင်ဗျားတို့ရောက်နေတဲ့နယ်က ဘယ်နယ်ထဲလဲ (သင်္ခတနယ်ထဲမှာပါဘုရား) အော်-သင်္ခတနယ်ထဲမှာ ဘယ်တရားတွေရှိတာတုံး (စိတ် စေတသိက် ရုပ်) ခင်ဗျားတို့သူ့နယ်ထဲမှာနေရင် သူ့ဘဲရှိမှာပေါ့၊ ဒိပြင်တရားရှိနိုင်ပါ့မလား (မရှိနိုင်ပါဘုရား)

ဘာတွေရှိတာတုံး (စိတ် စေတသိက် ရုပ်) လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ် စေတသိက် ရုပ် ရှိ တာ လား (စိတ် စေတသိက် ရုပ် ရှိတာပါဘုရား) စိတ် စေတသိက် ရုပ်ဆိုဘာ မိမိခန္ဓာမှာလား၊ စာအုပ်တွေ ဘောတွေထဲမှာလား (မိမိခန္ဓာမှာပါဘုရား) ရှိတဲ့နေရာကြည့်ရမှာလား၊ မရှိတဲ့နေရာကြည့်ရမှာလား (ရှိတဲ့နေရာကြည့်ရမှာပါဘုရား) မရှိတဲ့နေရာသွားကြည့်ရင် စိတ် စေတသိက် ရုပ် တွေ့ပါ့မလား (မတွေ့ပါဘုရား) ရှိတာက ဘယ်မှာရှိတာလဲ ( ခန္ဓာမှာပါဘုရား ) ခန္ဓာမှာလဲ ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း) ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာနှာသီးဖျားဆိုဘဲ့ခန္ဓာမှာကြည့်မှ ခင်ဗျားတို့ ပဋိပတ်ကျင့်စဉ်ထိအောင်ရောက်မှာ၊ ဒါမှ လောဘ ဒေါသ မောဟ ငြိမ်းမှာ၊ စာအုပ်ထဲသွားကြည့်လို့ လောဘ ဒေါသ မောဟ ငြိမ်းပါ့မလား ( မငြိမ်းပါဘုရား ) ပဋိပတ္တိပိုင်းရောက်မှ လော ဘ တွေ ဒေါသတွေ မောဟတွေငြိမ်းတယ်။ ခင်ဗျားတို့ရှုတဲ့အခါမှာ ဘာနဲ့ဘာရှိတာတုံး (စိတ် စေတသိက် ရုပ်) ရှိုက်တဲ့အခါကော (စိတ် စေတသိက် ရုပ်) ရှုတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ရှိုက်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

စိတ် စေတသိက်က ရုပ်က မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ဒါကြောင့် စိတ် စေတသိက် ရုပ်သည် သက္ကာယတရား၊ ဘာတရားတဲ့တုံး (သက္ကာယတရားပါဘုရား) ရှုတယ်ရှိုက်တယ်ထင်ရင် ဘာတုံး (ဒိဋ္ဌိပါဘုရား)ပေါင်းလိုက်တော့(သက္ကာယဒိဋ္ဌိပါဘုရား)ယခုတော့ခင်ဗျားတို့သက္ကာယပေါ်မှာ ဒိဋ္ဌိလာသေးရဲ့လား (မလာတော့ပါဘုရား) အမှန်ရှုလို့လား၊ အမှားရှုလို့လား (အမှန်ရှုလို့ပါဘုရား) အမှန်က လူတွေ သတ္တဝါတွေ ရှုတာလား၊ စိတ် စေတသိက် ရုပ် ရှုလို့လား ( စိတ် စေတသိက် ရုပ် ရှု လို့ ပါ ဘု ရား ) အဲ-စိတ် စေတသိက် ရုပ်ရှုဆဲမှာ လောဘ ဒေါသ မောဟ ဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား)

ပဋိပတ္တိထိအောင် ရောက်လာလို့ပေါ့။ ပဋိပတ္တိထိအောင် မရောက်လို့ရှိရင် လောဘ ဒေါသ မောဟ မငြိမ်းဘူး။ အခု ခင်ဗျားတို့အမှန်တရားမြင်လိုက်တာနဲ့ တပြိုင်နက် ယထာဘူတဉာဏ် ရလိုက်တာနဲ့ တပြိုင်နက် လောဘ ဒေါသ မောဟတွေ ခေတ္တခဏကွာမသွားဘူးလား၊ ကွာသွားသလား(ကွာသွားပါတယ်ဘုရား)

ဘူတံဘူတတော ပဿတိ။

ဘူတံ၊ထင်ရှားရှိတဲ့ စိတ် စေတသိက် ရုပ်တရားတွေကို ဘူတတော၊ ထင်ရှားရှိပါတကားဟု၊ ပဿတိ၊ကြည့်ပါ၊ရှုပါ၊ မြတ်စွာဘုရားက ခိုင်းတော်မူတာလား၊ ဘုန်းကြီးကခိုင်းတာလား(မြတ်စွာဘုရားကခိုင်းတော်မူတာပါဘုရား)

မြတ်စွာဘုရားခိုင်းလို့ရှုရင် မြတ်စွာဘုရားရဲ့ အဆုံးအမတွေ မတည်လာဘူးလား၊တည်လာသလား(တည်လာပါတယ်ဘုရား)သီလ သမာဓိ ပညာတည်လိုက်တာနဲ့တပြိုင်နက် လောဘ ဒေါသ မောဟတွေလာသေးရဲ့လား(မလာပါဘုရား) မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းသွားပါတယ်ဘုရား)လူတွေသတ္တဝါတွေရှုလို့လား၊ စိတ် စေတသိက် ရုပ်ရှုလို့လား(စိတ် စေတသိက် ရုပ်ရှုလို့ပါ)ဘယ်အချိန်မှာ ရှုတာတုံး (ရှုတိုင်း ရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း) ရှု တဲ့ အ ခါ ဤလိုပြုချင်တဲ့ သဘောဟာ ဘာတုံး(စိတ်) ဤလိုပြုချင်တဲ့သဘောကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား(သတိကဖေါ်ပေးတာပါဘုရား)

သတိကဘာပါလိမ့် (စေတသိက်) နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေကဘာပါလိမ့်(ရုပ်)ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်) ရှု တဲ့ အ ခါ (စိတ် စေတသိက် ရုပ်)ရှိုက်တဲ့အခါကော(စိတ် စေတသိက် ရုပ်) လူတွေသတ္တဝါတွေရှိတာလား၊ စိတ် စေတသိက် ရုပ် ရှိတာလား(စိတ် စေတသိက် ရုပ် ရှိတာပါဘုရား)သခ်ိတနယ်လား၊အသခ်ိတနယ်လား(သခ်ိတနယ်ပါဘုရား)သခ်ိတနယ်မှာ ဘာတရားတွေ ရှိတာတုံး (စိတ် စေတသိက် ရုပ်) စိတ် စေတသိက် ရုပ်က လွဲရင် အခြားတရားတွေကောရှိသေးရဲ့လား(မရှိပါဘုရား)အသခ်ိတနယ်မှာ ဘာရှိတာ

တုံး(နိဗ္ဗာန်)သခ်ံတနယ်မှာ လူတွေသတ္တဝါတွေရှိတာမဟုတ်ဘူး။ ဘာတွေရှိတာ တုံး(စိတ် စေတသိက် ရုပ်) အသခ်ံတနယ်မှာလဲ လူတွေသတ္တဝါတွေရှိတာမဟုတ်ဘူး၊ ဘာတုံး(နိဗ္ဗာန်)လူတွေသတ္တဝါတွေယောကျ်ားမိန်းမတွေ ရှိတယ်လို့ မျှားမြတ်စွာဘုရားက ဟောရဲ့လား (မဟောပါဘုရား) နသတ္တော၊ သတ္တဝါမဟုတ်၊ နဇီဝေါ၊ မိန်းမမဟုတ်၊ နပုရိသော၊ ယောကျ်ားမဟုတ်၊ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေမဟုတ်ရင်ဘာလဲ(စိတ် စေတသိက် ရုပ်) ယခု မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) တို့တကာတကာမတွေ သတိထားပါ။ စာအုပ်တွေထဲမှာရှိနေတဲ့ စိတ် စေတသိက် ရုပ်လား၊ ခန္ဓာထဲမှာရှိနေတဲ့ စိတ် စေတသိက် ရုပ်လား (ခန္ဓာထဲမှာ ရှိနေတဲ့ စိတ် စေတသိက် ရုပ်ပါဘုရား)ဒါကြောင့် ခန္ဓာထဲမှာရှိနေတဲ့စိတ် စေတသိက် ရုပ်ကိုသိတာလား၊စာအုပ်ထဲမှာရှိနေတဲ့ စိတ်စေတသိက်ရုပ်သိတာလား(ခန္ဓာမှာရှိတဲ့ စိတ်စေတသိက်ရုပ်ကိုသိတာပါ)မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ရှိနေတယ်၊ ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း) မိအောင်ဖမ်း။

ခင်ဗျားတို့ ထပ်ထပ်ပြောနေရတယ်။ ရှုတဲ့အခါ ဘာနဲ့ဘာ ရှိတာတုံး (စိတ် စေတသိက် ရုပ်) ရှိုက်တဲ့အခါကော(စိတ် စေတသိက် ရုပ်)ဒီစိတ် စေတသိက် ရုပ်တွေရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှေ့တဆင့်တက်လိုက် (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ရှုတဲ့အခါကော (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်)ဘယ်အချိန်မှာဖြစ်နေတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်း)ဒီအချိန်မှာဖြစ်တာနော်၊ စိတ် စေတသိက် ရုပ်ဆိုတာက ဒီနေရာမှာဖြစ်တာ၊ ဒီပြင်နေရာ ဖြစ်တာမဟုတ်ဘူး။ ဒီပြင်အချိန် ဖြစ်တာမဟုတ်ဘူး။ တကာတကာမတွေ ရှုကွက်နဲ့လာပြီးတော့ မကိုက်ဘူးလား၊ ကိုက်သလား(ကိုက်ပါတယ်ဘုရား) ကျင့်စဉ်နဲ့ကော မကိုက်ဘူးလား၊ ကိုက်သလား (ကိုက်ပါတယ်ဘုရား)မှန်လို့လား၊ မမှန်လို့လား(မှန်လို့ပါဘုရား)တရားဆိုတာ ဘာသဘောပါလိမ့်(မှန်တဲ့သဘောပါဘုရား)အမှန်တရားမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဒါကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ရှိုက်တဲ့ အခါကော (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) အဲဒီလို ရှုတဲ့ ဉာဏ်သည် ဘာဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)

အခြေခံဉာဏ်ကို ရှုခိုင်းနေတာ၊ အောက်ဆုံးဉာဏ်ဘဲ၊ ဒီဉာဏ်မပိုင်ဘဲနဲ့ ဒီပြင်ဉာဏ်စဉ်တွေတက်လို့ရပါ့မလား (မရပါဘုရား) ဖြစ်ပျက်ရှုလို့ရပါမလား (မရပါဘုရား) ဖြစ်-ပျက်ကို နောက်မှ ရှုခိုင်းမှာနော်၊ အခု ဖြစ်-ပျက် ရှုခိုင်းပြီ

လား(မခိုင်းသေးပါဘုရား)ယနေ့ပါဆိုရင် ဆယ့်သုံးရက်၊ဆယ့်လေးရက်လောက် ရှိသွားပြီ ဖြစ်-ပျက်ကို ခင်ဗျားတို့မပြသေးဘူး၊ အခြေခံဖြစ်တဲ့ယထာဘူတဉာဏ် ကိုပိုင်အောင်လုပ်ရမယ်။

ဒီဉာဏ်မှမသိလို့ရှိရင် ဒီပြင်ဉာဏ်ဘက်လို့ရပါ့မလား(မရပါဘုရား)စာအုပ် နဲ့တက်ရမှာလား၊ လုပ်ငန်းနဲ့တက်ရမှာလား(လုပ်ငန်းနဲ့တက်ရမှာပါဘုရား)ခန္ဓာ ကြည့်ပြီးတက်ရမှာလား (ခန္ဓာကြည့်ပြီးတက်ရမှာပါဘုရား) ယခု တရားပွဲတလ သင်တန်းမှာဖြင့် ခန္ဓာမှာကြည့်ပြီး သင်တန်းတက်နေတယ်ဆိုတာ ငြင်းလို့ရသေး ရဲ့လား(မရပါဘုရား)ဒါကြောင့် ရှုတဲ့အခါ (စိတ် စေတသိက် ရုပ်)ရှုကိုက်တဲ့အခါ ကော(စိတ် စေတသိက် ရုပ်ပါဘုရား) စိတ် စေတသိက် ရုပ် ရှိတာလား၊ လူတွေ သတ္တဝါတွေရှိတာလား (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား)

ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှုတဲ့အခါ(ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ရှုကိုက်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်စေတသိက်ရုပ်) အဲဒီလိုရှုတဲ့ ဉာဏ်သည် ဘာ ဉာဏ်(နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအား ဖြင့်(ဉာတပရိညာပါဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာ ပါတယ်ဘုရား) တကာတကာပတွေ သတိထားပါ။ ဤလိုပြုချင်တဲ့ သဘောဟာ ဘာပါလိမ့်(စိတ်)မထင်ရှားဘူးလား၊ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား) ဤလိုပြုချင်တဲ့သဘောဟာဘာတဲ့(စိတ်ပါဘုရား)

ဒီစိတ်ကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား(သတိကဖေါ် ပေးတာပါဘုရား) သတိကဘာတရားတုံး (စေတသိက်) နှာသီးဖျားမှာ တိုးခတ် တွန်းကန်တဲ့လေဟာဘာတရားတုံး(ရုပ်တရားပါဘုရား)တနည်း ပြောမယ်ဆိုရင် ဤလိုပြုချင်တဲ့သဘောဟာ ဝိညာဏ်၊ စိတ်ကိုဝိညာဏ်လို့ကောက်လိုက်ပါ။ဒီစိတ် ကိုလူကဖေါ်ပေးတာလား၊သတိကဖေါ်ပေးတာလား(သတိကဖေါ်ပေးတာပါ ဘုရား)သတိက နာမ်၊ သတိဟာဘာဖြစ်သွားတုံး(နာမ်) နှာသီးဖျားမှာ တိုးခတ် သွားတဲ့လေကဘာတုံး (ရုပ်ပါဘုရား) ပေါင်းလိုက်တော့ (ဝိညာဏ်-နာမ်-ရုပ်)

ဒီနေရာမှာ ဘယ်ဌာနပါလိမ့်(နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာ တုံး (ရှုတိုင်းရှုတိုင်း ရှုကိုက်တိုင်းရှုကိုက်တိုင်း) အော်-ဝိညာဏ်-နာမ်-ရုပ်ဆိုတာ စာ အုပ်တွေထဲမှာ ရှိတာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား) ရှိတဲ့ နေရာကြည့်ရမှာလား၊ မရှိတဲ့နေရာ ကြည့်ရမှာလား (ရှိတဲ့နေရာ ကြည့်ရမှာပါ ဘုရား)မရှိတဲ့နေရာသွားပြီးကြည့်ရင် ဝိညာဏ် နာမ် ရုပ်တွေ့ပါ့မလား(မတွေ့ပါ ဘုရား)ရှိတဲ့နေရာကြည့်ရမှာ ရှိတာကဘယ်ဌာနမှာလဲ(နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှုတိုင်းရှုကိုက်တိုင်းရှုကိုက်တိုင်း) အော်-ရှုတဲ့အခါ

ရှိုက်တဲ့အခါမှာ ဤလိုပြုချင်တဲ့သဘောဟာဘာတုံး(စိတ်)သူ့ကိုဘာလိုကောက် လိုက်တုံး(ဝိညာဏ်)ဒီဝိညာဏ်ကို လူကဖေါ်ပေးတာလား၊သတိကဖေါ်ပေးတာ လား(သတိကဖေါ်ပေးတာပါဘုရား)အဲဒီသတိကိုဘာတရားလို့ကောက်ပြန်တုံး (နာမ်) နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေက ဘာတရားတုံး (ရုပ်ပါ ဘုရား)ပေါင်းလိုက်တော့(ဝိညာဏ် နာမ် ရုပ်)ရှူတဲ့အခါကော (ဝိညာဏ် နာမ် ရုပ်) ရှိုက်တဲ့အခါကော (ဝိညာဏ် နာမ် ရုပ်) ခင်ဗျားတို့ တွေ့ပြီလား၊ ဝိညာဏ် နာမ် ရုပ်(တွေ့ပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ်သင်တန်း တက်နေတဲ့ ပုဂ္ဂိုလ်တွေကြား ဘူးပါလိမ့်မယ်၊ ဝိညာဏ် နာမ် ရုပ်ဘယ်မှာရှိတာတုံး(ခန္ဓာမှာပါ)

ခန္ဓာမှာတွေ့တာလား၊ စာအုပ်တွေ ဘောတွေမှာတွေ့တာလား(ခန္ဓာမှာတွေ့ တာပါဘုရား) နောက်တကွက်တက်လိုက်၊ ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ် နေလို့ပါဘုရား)ဘယ်အချိန်မှာဖြစ်တာတုံး(ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်း) ဒါကြောင့် ရှူတိုင်းရှူတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ (ခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ်) ဒီ အကွက် မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) နံပါတ်(၁)က နာမ်နဲ့ရုပ်၊ နံပါတ်(၂)က စိတ် စေတသိက် ရုပ်၊ နံပါတ်(၃)က ဝိညာဏ် နာမ် ရုပ်၊ အကုန်လုံးပေါင်းလိုက်ရင် ဘာဉာဏ်ရလာသလဲ (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)

သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့်(ဉာတပရိညာ) တနည်း တ ကာ တ ကာ မတွေ့ ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ကော တွဲရှုလို့ မရဘူးလား၊ ရလာ သလား(ရပါတယ်ဘုရား)အော်-ရှူတိုင်းရှူတိုင်း ရှူတိုင်းရှူတိုင်းမှာ လူတွေရှိတာ လား၊စိတ်သဘော လေသဘောရှိတာလား(စိတ်သဘောလေသဘောရှိတာပါ) ရှိတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ်တာလဲ (ခုမှဖြစ်တာ ပါဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့ စိတ်နဲ့လေ) အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့ အခါကော (ခုမှဖြစ်တဲ့စိတ်နဲ့လေ) အကြောင်းကြောင့်ဖြစ်၊ ဘယ်ဉာဏ်နဲ့ ဘယ် ဉာဏ်ရှုတာတုံး(နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပစ္စယပရိဂ္ဂဟဉာဏ်)ခင်ဗျားတို့ကြိုက်တဲ့ ရှုကွက်နဲ့ရှုလို့မရဘူးလား၊ရသလား(ရပါတယ်ဘုရား)နောက် တနည်း (ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်း) နံပါတ်(၃) ရှုကွက်မှာ လူတွေ သတ္တဝါတွေရှိတာ လား၊ ဝိညာဏ် နာမ် ရုပ်ရှိတာလား (ဝိညာဏ် နာမ် ရုပ်ရှိတာပါဘုရား) ရှိတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ် တာပါဘုရား) ဒါကြောင့် ရှူတိုင်း ရှူတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ (ခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ်) အကြောင်းကြောင့်ဖြစ်၊ ရှိုက် တဲ့ အ ခါ ကော (ခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ် ) အကြောင်းကြောင့်ဖြစ်၊ ဘယ်ဉာဏ်နဲ့ ဘယ်ဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိနဲ့

ကခါဝိတရဏဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဆိုက်မလာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)

ဒါကြောင့် ခင်ဗျားတို့ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ နံပါတ်(၁) ရှုကွက်က (စိတ်နဲ့လေ) နံပါတ်(၂)က (စိတ် စေတသိက် ရုပ်) နံပါတ်(၃)က (ဝိညာဏ် နာမ် ရုပ်) နာမရူပပရိစ္ဆေဒဉာဏ်မှာ ဒီ အ တိုင်း ရှုလို့ မရဘူးလား၊ ရသလား(ရပါတယ်ဘုရား) ဒါကြောင့် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်) ဒီနေရာတွင် ရလာတယ်မဟုတ်လား၊ နောက်ပြီး အကြောင်းကိုလဲ မဆင်ခြင်လိုက်ဘူးလား၊ ဆင်ခြင်လိုက်သလား (ဆင်ခြင်လိုက်ပါတယ်ဘုရား)အဲဒီနှစ်ဉာဏ်ရှုရင် ခင်ဗျားတို့ အပါယ်တံခါးပိတ်ပြီး။

+ **ဣမိနာပန ဉာဏေန၊ သမ္ပန္နာဂတော၊ ဝိပဿကော ဗုဒ္ဓသာသနေ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော၊ နိယတဂတိကောစူဠသောတာပန္နော နာမဟောတိ။** လ္ဟို၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက ဖွင့်ပြထားပါတယ်။ ဘဝမြဲပြီလို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)နံပါတ်(၁)ကရှုကွက်မှာ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘယ်သဘော ရှိတာပါလိမ့် (စိတ်သဘောနဲ့ လေသဘောရှိတာပါဘုရား)

ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) စိတ်ဆိုတာ ဘယ်လိုသဘောပါလိမ့် (ဤလိုပြုချင်တဲ့သဘောပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) လေဆိုတာ ဘယ်လိုသဘောပါလိမ့် (ဤလို ကိုးခတ် တွန်းကန်သွားတဲ့သဘော)ဒီသဘောဘဲရှိပါတယ်ဗျာ။ဒီအပြင် မရှိပါဘူး ဟုတ်လား၊ အမှန်တရားမတွေ့ဘူးလား၊ တွေ့သလား(တွေ့ပါတယ်ဘုရား) အမှန်ဆိုတာဘာတုံး(တရား) တရားတွေ့တယ် ဆိုတာ ဘာတုံး (အမှန်သဘောကို တွေ့တာပါဘုရား) အ မှန်သဘောကိုတွေ့ရင် အမှန်တရားကို သိမြင်နေတာဘဲ၊ အမှန်သိမြင်နေရင် တရားမြင် တာ ဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ခင်ဗျားတို့က တရားရတယ်ဆိုတာ တမျိုးတဖုံ ဖြစ်ရတော့ မလိုလိုကိုး၊ ယခုသိနေတာ တမျိုးတဖုံ ဖြစ်စရာလိုသေးရဲ့လား (မလိုပါဘုရား) အ မှန် တ ရား ကို သိမြင်နေရင် ပြီးတာဘဲ။ အမှန်တရားကို သိမြင်လိုက်တာနဲ့တပြိုင်နက် အမှားတရားတွေဟာ မပယ်ဘူးလား၊ ပယ်သလား (ပယ်ပါတယ်ဘုရား) နာမ်တရားရုပ်တရားသိလိုက်တာနဲ့ တပြိုင်နက် အမှားမပယ်ဘူးလား၊ ပယ်သလား (ပယ်ပါတယ်ဘုရား)

---

+ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၃၊ နှာ ၂၄၀

နာမရူပံ ဘိက္ခဝေဇာနတော ပဿတောမိစ္ဆာဒိဋ္ဌိပဟီနံဟောတိ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ နာမရူပံ၊ နာမ်တရားနဲ့ရုပ်တရားကို၊ ဇာနတော၊ သိသောသူအား၊ ပဿတော၊ မြင်သော သူအား၊ မိစ္ဆာဒိဋ္ဌိ၊ မှားသော အမြင်ကို၊ ပဟီနံ၊ပယ်ခြင်းသည်၊ဟောတိ၊ဖြစ်၏။ နာမ်တရားနဲ့ရုပ်တရားကို သိမြင်လိုက်တာနဲ့တပြိုင်ထဲ မိစ္ဆာဒိဋ္ဌိမပယ်ဘူးလား၊ ပယ်သလား (ပယ်ပါတယ်ဘုရား)

မိစ္ဆာဒိဋ္ဌိပယ်ရင် ဘာဒိဋ္ဌိရောက်လာသလဲ (သမ္မာဒိဋ္ဌိ ရောက် လာ ပါ တယ် ဘုရား)သမ္မာဒိဋ္ဌိဆိုတာ ပညာ၊ ဘာပညာတုံးဆိုတော့ ဝိပဿနာ ပညာ၊ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)လုပ်ငန်းနဲ့ကျင့်စဉ်နဲ့ ရတာလား အပြောနဲ့ရတာလား (လုပ်ငန်းနဲ့ကျင့်စဉ်နဲ့ ရတာပါဘုရား) တကာတကာမတွေ ဒီလိုပဋိပတ္တိနဲ့ ပြည့်စုံလာတဲ့အခါကျတော့ လောဘတွေ ဒေါသတွေ မောဟတွေ ငြိမ်းတာအမှန်၊ မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) အမှန်မြင်လို့လား၊အမှားမြင်လို့လား(အမှန်မြင်လို့ပါဘုရား) မိအောင်ဖမ်း၊ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊စိတ်သဘော လေသဘော ရှိတာလား(စိတ်သဘော လေသဘောရှိတာပါဘုရား)ရှိတာအမှန်ဘဲနော်၊ စိတ်ဆိုတာဘယ်သဘောပါလိမ့် (ဤလိုပြုချင်တဲ့သဘော) လေဆိုတာဘယ်သဘော ပါလိမ့် (ဤလိုတိုးခတ်တွန်းကန်သွားတဲ့ သဘောပါဘုရား)ရှိတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့)ဖြစ်ပြီးဘယ်ရောက်(ပျက်)မြဲလို့လား၊ မမြဲလို့လား(မမြဲလို့ပါ)နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) (နာမရူပံအနိစ္စံ)နာမရူပံ၊ နာမ်တရားနဲ့ရုပ်တရားသည် အနိစ္စံ အမြဲမရှိကုန်။

ဟိုတုံးကလဲ နာမ်တရားနဲ့ရုပ်တရားမမြဲခဲ့။ ယခုလဲ နာမ်တရားနဲ့ရုပ်တရားမမြဲ။ နောင်လဲ နာမ်တရားနဲ့ ရုပ်တရား မြဲအုံးမှာမဟုတ်ဘူး။ အဲဒီလို ရှုတဲ့ ဉာဏ်သည် သမ္မသနဉာဏ်။ ဘာဉာဏ်တဲ့တုံး (သမ္မသနဉာဏ်ပါဘုရား)ဉာဏ်တဉာဏ် တက်မလာဘူးလား၊ တက်လာသလား(တက်လာပါတယ်ဘုရား) တကာတကာမတွေ သတိထားပါ။ဟိုတုံးကလဲ စိတ် စေတသိက် ရုပ်တို့သည် အနိစ္စဖြစ်ခဲ့တယ်။ယခုလဲ အနိစ္စဖြစ်ဆဲ။ နောင်လဲ စိတ် စေတသိက် ရုပ်တို့သည် အနိစ္စဖြစ်အုံးမှာဘဲ၊ မဖြစ်ဘူးလား၊ဖြစ်မှာလား(ဖြစ်မှာပါဘုရား)အတိတ် အနာဂတ်ပစ္စုပ္ပန်ကာလသုံးပါးကို အနိစ္စလက္ခဏာနဲ့ ရှုတဲ့ဉာဏ်သည်ဘာဉာဏ်(သမ္မသနဉာဏ်ပါဘုရား)ရှုကွက်ဒီ အ တိုင်း တက်မလာဘူးလား၊ တက်လာသလား (တက်လာပါတယ်ဘုရား) စိတ်သဘော လေသဘောဖြစ်ရင်(စိတ် စေတသိက် ရုပ်)ဝိညာဏ် နာမ် ရုပ်၊အတူတူဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)ဒါကြောင့် ဒီစိတ်သဘော လေသဘောကို မိ အောင် ဖမ်း ပါ၊ ဒီနာမ်ရုပ်တရား နှစ်ပါးဟာ စာအုပ်တွေထဲမှာလား၊ ခန္ဓာမှာလား (ခန္ဓာမှာပါဘုရား) ခန္ဓာမှာဘယ်ဌာနမှာတုံး(နှာသီးဖျားမှာပါဘုရား)

ဘယ်အချိန်မှာတုံး( ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း )အော်- ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊ နာမ်ရုပ်ရှိတာလား(နာမ် ရုပ်ရှိတာပါဘုရား) ရှိဘာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီး ဘယ် ရောက်(ပျက်)ပျက်ရင်ကုန်ပါတော့လား၊ နောက်ထပ်မဖြစ်ဘူးလား၊ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)နောက်ထပ်ဖြစ်ရင် ဆင်းရဲသလား၊ချမ်းသာသလား(ဆင်းရဲ ပါတယ်ဘုရား) ဇာတိပို ဒုက္ခလား၊ ဇာတိပိ သုခလား (ဇာတိပိဒုက္ခပါဘုရား) ဒုက္ခဖြစ်ရင် ဆင်းရဲဘာဘဲ၊ လူဖြစ်လို့ ဆင်းရဲတာလား၊ နာမ်ရုပ်တွေ ဖြစ်နေလို့ ဆင်းရဲတာလား(နာမ်ရုပ်တွေဖြစ်နေလို့ဆင်းရဲတာပါဘုရား) ဟိုတုံးကလဲ နာမ် ရုပ်တွေ အသစ်အသစ်ဖြစ်နေလို့ဆင်းရဲခဲ့တယ်။ယခုလဲ နာမ်ရုပ်တွေအသစ်အသစ် ဖြစ်နေရလို့ဆင်းရဲတယ်၊ နောင်လဲ နာမ်ရုပ်တွေ ခဏမစဲတသဲသဲဖြစ်အုံးမှာဘဲလို့ ရှုပွါးတဲ့ဉာဏ်သည်ဘာဉာဏ်ပါလိမ့်(သမ္မသနဉာဏ်)အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာ ဒုက္ခလက္ခဏာနဲ့ရှုပွါးနေတာ။တကာတကာမတွေ စိတ်သဘော လေသဘောမိအောင်ဖမ်းထားပါ။ ဒီသဘောမရှိဘူးလား၊ ရှိသလား(ရှိပါတယ် ဘုရား)ရှိတာ အမှန်ဘဲလား (အမှန်ပါဘုရား) ရှိတာပရမတ်လား၊ ပညတ်လား (ပရမတ်ပါဘုရား)

ယခု ခင်ဗျားတို့ ပရမတ်အာရုံလား၊ ပညတ်အာရုံလား (ပရမတ်အာရုံပါ ဘုရား) ပရမတ်အာရုံက ဘာအာရုံပါလိမ့်(နာမ်အာရုံ ရုပ်အာရုံ) မမိဘူးလား၊ မိသလား (မိပါတယ်ဘုရား) ယခု ခင်ဗျားတို့ စိတ်သဘောလေသဘော မရှိဘူး လား၊ ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား)ဖြစ်ပြီးဘယ်ရောက်(ပျက်) မပျက်ပါနဲ့လို့ တားလို့ရရဲ့လား (မရပါဘုရား) မဖြစ်ပါနဲ့လို့ တားလို့ရရဲ့လား (မရပါဘုရား)တားမရတာ အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား) ဟိုတုံး ကလဲ နာမ်တရားနဲ့ရုပ်တရားတို့သည် မဖြစ်ပါနဲ့မပျက်ပါနဲ့လို့တားမရခဲ့။ ယခုလဲ မဖြစ်ပါနဲ့မပျက်ပါနဲ့လို့တားမရ။ နောင်လဲ မဖြစ်ပါနဲ့မပျက်ပါနဲ့လို့ တားရအုံး မှာ မဟုတ်ဘူး။ အဲဒီလို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးကို အနတ္တ လက္ခဏာနဲ့ ဆင်ခြင်ရှုပွါးတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (သမ္မသနဉာဏ်ပါ ဘုရား)သမ္မသနဉာဏ်ပိုင်းရောက်မလာဘူးလား၊ ရောက်လာသလား(ရောက်လာ ပါတယ်ဘုရား)တကာတကာမတွေ သတိထားပါ၊ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက် တိုင်းမှာ လူတွေသတ္တဝါတွေ ရှိတာလား၊ စိတ်သဘော လေသဘောရှိတာလား (စိတ်သဘော လေသဘောရှိတာပါဘုရား)မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ဒီစိတ်သဘောကို လူကဖေါ်ပေးတာလား၊ သတိက ဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိက စိတ်လား၊ စေတ သိက်လား(စေတသိက်ပါဘုရား)အော်-စိတ် စေတသိက်မရလာဘူးလား၊ ရလာ

သလား(ရလာပါတယ်ဘုရား) နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့သဘော က ဘာတုံး (ရုပ်) သူတို့ကို အကျဉ်းချုံး ခွဲလိုက်တော့ ဘာတုံး (နာမ်ရုပ်) စိတ်နဲ့ စေတသိက်ကိုနာမ်လို့တခုကောက်လိုက်၊ လေက တပိုင်းကောက်လိုက်တော့ ဘာ တုံး(နာမ်ရုပ်ပါဘုရား)ဒီလိုလဲခွဲတတ်ပါစေ၊

အော်-ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ ဘာတွေရှိနေတာတုံး (နာမ်နဲ့ ရုပ်)ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီးဘယ်ရောက် (ပျက်) ဖြစ်ရင် မဆင်းရဲဘူးလား၊ဆင်းရဲသလား(ဆင်းရဲပါတယ်ဘုရား)ဖြစ်တာက ဇာတိနော်။ ဖြစ်တိုင်းဖြစ်တိုင်း(ပျက်) ရှိတိုင်းရှိတိုင်း (ဖြစ်ဖြစ်နေလို့) ဆိုကြည့်စမ်း (ရှိတိုင်း ရှိတိုင်းဖြစ်ဖြစ် (ဖြစ်တိုင်းဖြစ်တိုင်း ပျက်ပျက်) ဟိုတုံးကလဲ ဖြစ်ပြီးတော့ ပျက်ခဲ့ တယ်၊ ယခုလဲဖြစ်ပြီးတော့ပျက်ဆဲ၊ နောင်လဲဖြစ်ပြီးတော့ ပျက်အုံးမှာဘဲ။ ဒီရှုတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (သမ္မသနဉာဏ်) ဒီ လို ကော ရှုလို့ မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)ရှုကွက်တွေစုံသွားအောင်လို့ တကာတကာမတွေကို ပြောနေရပါတယ်၊ မှတ်လဲထားပါ။ တကာတကာမတွေ သတိထားလိုက်တာနဲ့ တပြိုင်နက် အရှိတရားတွေ့တာလား၊ မရှိတရားတွေ့တာလား(အရှိတရားတွေ့တာ ပါဘုရား) ရှိုက်တိုင်းရှိုက်တိုင်းဘာတုံး (ဖြစ်ဖြစ်နေပါတယ်ဘုရား) ဖြစ်တိုင်း ဖြစ်တိုင်း ဘာတုံး(ပျက်ပျက်နေပါတယ်ဘုရား) ဖြစ်တာကဇာတိ၊ ပျက်တာကဇရာမရဏ။ အော်-ဖြစ်တိုင်းဖြစ်တိုင်း ခင်ဗျားတို့ မဆင်းရဲဘူးလား၊ ဆင်းရဲသလား(ဆင်းရဲ ပါတယ်ဘုရား) လူက နှိပ်စက်တာလား၊ ဇာတိက နှိပ်စက်တာလား (ဇာတိက နှိပ်စက်တာပါဘုရား) ဘယ်အချိန်မှာ နှိပ်စက်နေတာတုံး (ရှုတိုင်းရှုတိုင်း ရှိုက် တိုင်းရှိုက်တိုင်း)

အော်- စိတ်သဘော လေသဘော အသစ်အသစ်ဖြစ်နေတဲ့ ဇာတိကနှိပ်စက် နေတာ၊ မဆင်းရဲဘူးလား၊ဆင်းရဲသလား(ဆင်းရဲပါတယ်ဘုရား) အဲဒါဘာတုံး (ဇာတိ)ဖြစ်ပြီးဘယ်ရောက်(ပျက်) ပျက်ဘာကဘာတုံး (ဇရာမရဏ) ဖြစ်လိုက် တာနဲ့တပြိုင်နက် ဘယ်သူကနှိပ်စက်တာတုံး (ဇရာမရဏက နှိပ်စက်တာပါဘုရား) အချိန်တိုင်း အချိန်တိုင်း ခံနေရတယ်။ ဘယ်အချိန်မှာ ခံနေရတာတုံး (ရှုတိုင်း ရှုကိုင်းရှိုက်တိုင်းရှိုက်တိုင်း) ရှုတိုင်း ရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်းမှာ လူတွေသတ္တဝါ တွေကနှိပ်စက်တာလား၊ ဇာတိဇရာမရဏကနှိပ်စက်တာလား (ဇာတိဇရာမရဏ ကနှိပ်စက်တာပါဘုရား)

ဇာတိဆိုတော့ အမိဝမ်းမှာ ပဋိသန္ဓေနေတဲ့ဇာတိမျိုး၊ ဟုတ်ရဲ့လား(မဟုတ် ပါဘုရား)ဘာဇာတိတုံး (နာမ်ရုပ်ဇာတိ) နာမ်ရုပ်ဖြစ်တာကို ဇာတိဆိုတာနော်၊ နာမ်ရုပ်ဇာတိကို မြင်ရမယ်၊ အမိဝမ်းမှာ ပဋိသန္ဓေနေတဲ့ ဇာတိမျိုး ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အဲ ဒီ ဇာ တိ မျိုး ဝိပဿနာရှုလို့ရရဲ့လား (မရပါဘုရား)

မရဘူးနော်၊ ပစ္စုပ္ပန်မှာရှိရှိနေတာဘာလို့ရှိ(ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ဖြစ်နေတဲ့ဇာတိ ဒီဇာတိကိုမိအောင်ဖမ်း၊ ဉာဏ်နဲ့မိပါစေ။ ရုပ်နာမ်တရားတွေ အသစ်အသစ်ဖြစ်မနေဘူးလား၊ဖြစ်နေသလား(ဖြစ်နေပါတယ်ဘုရား)

**+ နိစ္စနဝါဝဟုတ္တာသင်္ခါရာဉပဋ္ဌဟန္တိ။**

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတို့သည်၊ နိစ္စနဝါဝ၊ အမြဲမပြတ် အသစ်အသစ်တို့သည်သာလျှင်၊ ဟုတွာ၊ ဖြစ်ကုန်၍၊ ဉပဋ္ဌဟန္တိ၊ ယောဂီဉာဏ်ဝမှာ ထင်မြင်လာကြကုန်၏။ မျက်စိနဲ့ထင်ရှားတာလား၊ဉာဏ်နဲ့ထင်ရှားတာလား(ဉာဏ်နဲ့ထင်ရှားတာပါဘုရား)အသစ်အသစ်တွေမဖြစ်ဘူးလား၊ ဖြစ်နေသလား(ဖြစ်နေပါတယ်ဘုရား) လူတွေသတ္တဝါတွေ ဖြစ်တာလား၊ နာမ်ရုပ်အသစ်ဖြစ်တာလား (နာမ် ရုပ် အသစ်ဖြစ်တာပါ ဘုရား) နာမ် ရုပ် အသစ်အသစ် ဖြစ်တာ ဘာတုံး (ဇာတိ)ဖြစ်ပြီးဘယ်ရောက်(ပျက်) ပျက်တာဘာတုံး(ဇရာမရဏ)

ဖြစ်လိုက်တာနဲ့တပြိုင်နက် လူတွေသတ္တဝါတွေကနှိပ်စက်တာလား၊ဇရာမရဏက နှိပ်စက်တာလား (ဇရာမရဏက နှိပ်စက်တာပါဘုရား) တကာ တကာမတွေ ဇာတိဇရာမရဏဆိုတဲ့တရားက ခင်ဗျားတို့ကို အချိန်ရှိတိုင်းမှာ နှိပ်စက်နေတယ်။ နာမ်တရား ရုပ်တရားမဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင် ဘယ်သူက နှိပ်စက်တာတုံး (ဇရာမရဏကနှိပ်စက်တာပါဘုရား)မဆင်းရဲဘူးလား၊ ဆင်းရဲသလား(ဆင်းရဲပါတယ်ဘုရား)ဟိုတုံးကလဲ ဖြစ်ပြီးပျက်ခဲ့တယ်။ ယခုလဲ ဖြစ်ပြီးပျက်ဆဲ။ နောင်လဲဖြစ်ပြီးပျက်အုံးမှာဘဲဆို့ ဆင်ခြင်တဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (သမ္မသနဉာဏ်ပါဘုရား)သမ္မသနဉာဏ်ပိုင်းရောက်မလာဘူးလား၊ ရောက်လာသလား(ရောက်လာပါတယ်ဘုရား)

တကာတကာမတွေ ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုတ်တိုင်းမှာ အရှိတရားသိရမှာလား၊ မရှိတရားသိရမှာလား (အရှိတရား သိရမှာပါဘုရား) အရှိတရားက ဘယ်သဘော ပါလိမ့် (စိတ်သဘောနဲ့ လေသဘောပါဘုရား) ဒီစိတ်သဘော လေသဘော ထင်ရှားမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာက ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီးဘယ်ရောက် (ပျက်) ပစ္စုပ္ပန်မှာလဲ ဖြစ်ပြီးပျက်တဲ့သဘောဘဲ ရှိတယ်။ သူ့ကို ငါလို့ခေါ်လို့ရသေးလား (မရပါဘုရား) မိုးရွာတဲ့အခါ ခင်ဗျားတို့ ရေတွေပွက်နေတာ၊ ရေပူဖော င်းလေးတွေ မတွေ့မိဘူးလား(တွေ့မိပါတယ်ဘုရား) ဒီရေပူဖေါင်းလေးတွေကို လှလို့ကိုင်ကြည့်မည်လုပ်ခါရှိသေး၊ ရှိသေးရဲလား (မရှိတော့ပါဘုရား) ယခုလဲ ခင်ဗျားတို့ ဤလိုရှုကိုင်း

---

+ ဝိသုဒ္ဓိ၊ ၄၊ ၃၊ နှာ ၂၆၇

ရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ စိတ်သဘောနဲ့ လေသဘော၊ ငါလို့ပြောမယ်ကြံ ကာရှိသေး၊ သူရှိသေးရဲ့လား(မရှိတော့ပါဘုရား)သူလို့ပြောမယ်ကြံကာရှိသေး၊ မရှိတော့ဘူး။ ဒါမြဲလို့လား၊ မမြဲလို့လား(မမြဲလို့ပါဘုရား)

ယောက်ျားမိန်းမပုဂ္ဂိုလ်သတ္တဝါပြောမယ်ကြံတုံး၊ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား)မမြဲတဲ့သဘောတရား နှစ်သက်လို့ရပါအုံးမလား(မရပါဘုရား) သိမ်းပိုက်ထားလို့ကောရရဲ့လား (မရပါဘုရား)ငါဟုတ်လို့လား၊ ငါမဟုတ်လို့လား(ငါမဟုတ်လို့ပါဘုရား) ငါမဟုတ်ရင် ငါ့ဥစ္စာဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား) ဒါကြောင့်၊

\+ နေတံမမနေသောဟမသ္မိနမေသောအတ္တာတိဝေမေတံ ယထာဘူတံသမ္မပ္ပညာယဒဋ္ဌဗ္ဗံ။

သော၊ ဤစိတ်သဘောနဲ့ လေသဘောတရားသည်၊ မမ၊ ငါ၏၊ နသန္တကံ၊ ဥစ္စာမဟုတ်၊ ခင်ဗျားတို့ ဥစ္စာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ငါ့ဥစ္စာလို့ပြော ကြည့်စမ်းပါရှိသေးရဲ့လား(မရှိတော့ပါဘုရား) ဘယ်ရောက်သွားတုံး(ပျက်သွားပါတယ်ဘုရား) တကာ တကာမတွေ့ ပုရွက်ဆိပ်ကလေးတွေ တန်းစီပြီး တွင်းထဲဝင်နေတာ မြင်ဘူးသလား (မြင်ဘူးပါတယ်ဘုရား) တွင်း ဝ မှာ ရောက် နေ တဲ့ ပုရွက်ဆိပ်ကလေးကိုကြည့်နေ၊ ကြည့်လိုက်တာနဲ့တပြိုင်နက်အဲဒီပုရွက်ဆိပ်ကလေး ရှိသေးရဲ့လား(မရှိတော့ပါဘုရား)ဘယ်ရောက်သွားတုံး (တွင်းထဲဝင်သွားပါပြီဘုရား)

ယခုလဲ တကာတကာမတွေ့ သင်္ခါရဆိုတဲ့ စိတ်သဘော လေသဘော ဖြစ်လိုက်တာနဲ့တပြိုင်နက်ဘယ်ရောက်(ပျက်)မြဲလို့လား၊ မမြဲလို့လား(မမြဲလို့ပါဘုရား) မမြဲတာဟာ ဆင်းရဲသလား၊ ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)ဘာပြုလို့ ဆင်းရဲတာတုံး(ဖြစ်ဖြစ်နေလို့)ဖြစ်ဖြစ်နေတာဟာ ဘာတရားတုံး(ဇာတိ)ဇာတိလို့ ဆိုတဲ့ နာမ်ရုပ်တရားတွေက အသစ်အသစ်ဖြစ်ပြီး နှိပ်စက်နေတာ၊ ဘယ်အချိန်မှာနှိပ်စက်နေတာတုံး(ရှုတိုင်း ရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း)ငါလို့ပြောစရာရှိသေးရဲ့လား(မရှိတော့ပါဘုရား) ယခု ခင်ဗျားတို့ ရုပ်ဓမ္မ နာမ်ဓမ္မ သင်္ခါရ တရား တို့ရဲ့ အဖြစ်အပျက်ကို မြင်မလာဘူးလား၊ မြင်လာသလား(မြင်လာပါတယ်ဘုရား)

အော်- ယခု ပစ္စုပ္ပန်မှာတော့ ရုပ် နာမ် တရားတွေဟာ ဖြစ်ပြီးပျက်နေပါကလား၊ ဟိုတုံးကတော့တည်နေသလားဆိုတော့ အတိတ်ကိုလှမ်းဆင်ခြင်လိုက်ပြန်တော့လဲ အတိတ်ကလဲဘာတုံး (ဖြစ်ပြီးတော့ ပျက်ခဲ့တာဘဲ) မပျက်ခဲ့ဘူးလား၊

\+ သဠာယတနသံယုတ်၊ ပါ၊ နှာ ၂၃၆

ပျက်ခဲ့သလား(ပျက်ခဲ့ပါတယ်ဘုရား)‚နောင်လဲဘဲ ဖြစ်ပြီးရင်ဘာတုံး (ပျက်အုံးမှာဘဲ) ယခု ဖြစ်ပြီး ပျက်ဆဲဘဲ။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာ ဘယ်ကာလမှာအားမကိုးရဘူး၊ အားကိုးရသလား(အားမကိုးရပါဘုရား)

ခင်ဗျားတို့ လူ့ဘဝရလိုပါ၏လို့ ဆုတောင်းရင် ဘာကိုဆုတောင်းနေတာလဲ (နာမ်ရုပ်ကိုဆုတောင်းနေတာပါဘုရား)နာမ်ရုပ်ဖြစ်လာရင် ဘာတုံး (ပျက်အုံးမှာဘဲ)အပျက်ပြန်ရမလာဘူးလား၊ရလာသလား(ရလာပါတယ်ဘုရား)နတ်ဘဝ ဆုတောင်းရင်ကော(နာမ်ရုပ်ရမှာပါဘုရား) နာမ်ရုပ်ဖြစ်လာရင် ဘာတုံး(ပျက်မှာပါဘုရား) ဗြဟ္မာဘဝရပါလို၏ဆိုတော့ကော (နာမ်ရုပ်ရမှာပါဘုရား) နာမ်ရုပ်တွေ့ရလာရင် ဖြစ်လာရင်တော့ ပျက်မှာဘဲ၊ ဒုက္ခတွေပြန်မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား) ဒါကြောင့် ခင်ဗျားတို့ အတိတ်ကိုလဲမတွေးနဲ့ အနာဂတ်ကိုလဲ မမျှော်ပါနဲ့တော့ ကောင်းနိုးကောင်းနိုးနဲ့ကောင်းရဲ့လား (မကောင်းပါဘုရား) ဖြစ်ပျက်နဲ့ချည်း တွေ့နေရတယ်။ ဟိုအတိတ်တုံးကလဲ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ခဲ့တယ်။ ယခုလဲ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ဆဲ၊ နောင်လဲ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်အုံးမှာဘဲ။

အတီတံအနုပေက္ခာဟောတိ။အတီတံ၊အတိတ်က နာမ်ရုပ်ကို၊အနုပေက္ခာ၊ ငဲ့ကွက်ခြင်း မရှိသည်၊ ဟောတိ၊ ဖြစ်၏။

အတိတ်ကိုငဲ့အုံးမှာလား (မငဲ့တော့ပါဘုရား) ဘာဖြစ်လို့တုံး (အနိစ္စ ဒုက္ခ အနတ္တကို မြင်လို့ပါဘုရား) အနာဂတံ နာဘိနန္ဒတိ၊ အနာဂတံ၊ အနာဂတ်ကို၊ နာဘိနန္ဒတိ၊ မနှစ်သက် နောက်ထပ် ခင်ဗျားတို့ တောင့်တချင် သေးရဲ့လား (မတောင့်တချင်တော့ပါဘုရား)ဘာဖြစ်လို့တုံး (အနိစ္စ ဒုက္ခ အနတ္တ ဖြစ်အုံးမှာပါဘုရား) အဲဒီလို အနိစ္စ ဒုက္ခ အနတ္တလို့ လက္ခဏာယာဉ် သုံးပါးနဲ့ ဆင်ခြင်တဲ့ ဉာဏ်သည်ဘာဉာဏ်တဲ့တုံး (သမ္မသနဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့်ဘာသုဒ္ဓိတုံး (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား)

မဂ္ဂါမဂ္ဂဆိုတာ နိဗ္ဗာန်သို့သွားတဲ့လမ်းဟုတ်သည်မဟုတ်သည်ကို ဉာဏ်အမြင် စင်ကြယ်တာကို ပြောတာပါ။ တကာတကာမတွေ ယခုလူတွေသတ္တဝါတွေပေါ်မှာ ရှုတာလား၊ နာမ်ရုပ်ပေါ်မှာရှုတာလား (နာမ်ရုပ်ပေါ်မှာ ရှုတာပါဘုရား) နာမ်ရုပ်ပေါ်မှာ ခင်ဗျားတို့ လက္ခဏာ ဘယ်နှစ်ပါးနဲ့ ရှုတာတုံး (သုံး ပါး နဲ့ ပါဘုရား)အော်-ဒီနာမ်တရား ရုပ်တရားဟာ အနိစ္စအမှန်။ ပြီးတော့ဘာတုံး (ဒုက္ခအမှန်)ပြီးတော့ အနတ္တအမှန် အမှန်တရား မမြင်လာဘူးလား၊ မြင်လာသလား (မြင်လာပါတယ်ဘုရား)

အမှန်မြင်ရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိ ဆိုတာ နိဗ္ဗာန်ကိုသွားတဲ့လမ်းလား၊အပါယ်ကိုသွားတဲ့လမ်းလား(နိဗ္ဗာန်ကိုသွား တဲ့လမ်းပါဘုရား)

+ နိဗ္ဗာနနိန္နာဘိက္ခဝေ၊ သမ္မာဒိဋ္ဌိနိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာတိ။

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊သမ္မာဒိဋ္ဌိ၊ အမှန်တရားကိုရှုမှတ်နေတဲ့ သမ္မာဒိဋ္ဌိဉာဏ်အမြင်သည် လူကရှုတာလား၊သမ္မာဒိဋ္ဌိကရှုတာလား(သမ္မာဒိဋ္ဌိကရှုတာပါဘုရား) ဟော- သမ္မာဒိဋ္ဌိ မျက်လုံး ခင် ဗျား တို့ ရမလာဘူးလား (ရလာပါတယ်ဘုရား) နိဗ္ဗာနနိန္နာ၊ နိဗ္ဗာန်သို့ ညွတ်ခြင်းသဘော ရှိ၏။ နိဗ္ဗာနပေါဏာ၊ နိဗ္ဗာန်သို့ကိုင်းခြင်းသဘောရှိ၏။ နိဗ္ဗာနပဗ္ဘာရာ၊ နိဗ္ဗာန်သို့ရှိုင်းခြင်းသဘောရှိ၏။

ဒါကြောင့် နိဗ္ဗာန်သို့သွားတဲ့လမ်းအမှန်လို့ ခင်ဗျားတို့ ဉာဏ်အမြင်မှာ မစင်ကြယ်လာဘူးလား၊ စင်ကြယ်လာသလား (စင်ကြယ်လာပါတယ် ဘုရား) ဒီလိုစင်ကြယ်လာတာသည်ဘာသုဒ္ဓိတုံး(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် ဘာပရိညာတုံး(တီရဏပရိညာပါဘုရား)တီရဏဆိုတာသုံးပါး၊ပရိညာက ပိုင်းခြားတာ၊ ဘယ်သုံးပါးနဲ့ပိုင်းခြားတာတုံးဆိုတော့ အနိစ္စဒုက္ခအနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးနဲ့ ပိုင်းခြားတာ၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်၊ ဒီဉာဏ် သုံးပါးနဲ့ ပိုင်းခြားလေသည် ဖြစ်သောကြောင့် ဘာပရိညာ (တီရဏပရိညာပါဘုရား) ဉာဏ်က (သမ္မသနဉာဏ်ပါဘုရား) သုဒ္ဓိက (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ)ဆိုက်မလာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား) ရှုကွက်မှာတော့(နာမရူပပရိစ္ဆေဒဉာဏ်)ပြီးတော့(ပစ္စယပရိဂ္ဂဟဉာဏ်)ပြီးတော့ (သမ္မသနဉာဏ်)ဘယ်နှစ်ဉာဏ်လဲ (သုံးဉာဏ်ပါဘုရား) ဘာကိုရှုတာတုံး (နာမ်ရုပ်ကိုရှုတာပါဘုရား)နံပါတ်(၁)ကနာမ်ရုပ်ကိုရှုတာ၊ နံပါတ်(၂)က စိတ် စေတသိက်ရုပ်၊နံပါတ်(၃)က(ဝိညာဏ်နာမ်ရုပ်) ဒီတရားများကို ဘယ်ဉာဏ်တွေနဲ့ ရှုလိုက်တာတုံး (နာမရူပပရိစ္ဆေဒဉာဏ်) ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ)ပရိညာအားဖြင့် ဆိုစမ်းပါအုံး (ဉာတပရိညာ ၊တီရဏပရိညာ)ဒီစခမ်းဆိုက်မလာဘူးလား၊ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)

ကဲ-အချိန်စေ့သွားပြီး မနက်ဖြန်မှ ခန္ဓာငါးပါး တက်ပေးမယ်။ မြတ်စွာဘုရားအား ပူဇော်ကြပါစို့။

| | | |
|---|---|---|
| ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| ။ | ။ | ဓမ္မံပူဇေမိ |
| ။ | ။ | သံဃံပူဇေမိ |

+ သဠာယတနသံယုတ်၊ ပါ၊ နှာ ၃၀၇

# သဘာဝလင်္ကာရာနှင့် သာသနာလင်္ကာရာ မဟာဂန္ဓာရုံ မင်ဗောဓိကျောင်း

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ်(၄)ရက်နေ့ ဟောကြားသောတရား။

## အမှတ်စဉ် ( ၁၂ )

ကဲ-သမာဓိယူကြပါစို့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် အာနာပါန သတိကမ္မဋ္ဌာန်းကိုဟောတိုင်း၊ အာနာပါနပဗ္ဗကို ဟောတိုင်း ရှေးဦးစွာ အချက် သုံးချက်ကိုပြထားပါတယ်။

ပလ္လင်္ကံ၊ အာဘုဇိတွာ၊ ဥဇုံကာယံပဏိဓါယ၊ပရိမုခံ၊သတိံ၊ဥပဋ္ဌပေတွာ။ တဲ့၊

အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကို ဖွဲ့ခွေပြီးတော့ အထက်ပိုင်း ဖြစ်တဲ့ ခန္ဓာ ကိုယ်ကိုဖြောင့်ဖြောင့်ထား၊ နှာသီးဖျားမှာသတိထားပြီးတော့ အပြင်လေထုတ် တာကိုရှူတယ်။ အတွင်းလေသွင်းတာကို ရှိုက်တယ်မှတ်။ ဒါကြောင့် ခင်ဗျားတို့ ကမ္မဋ္ဌာန်းထိုင်ရင်ထိုင်ချင်း ပထမနည်းက ဘယ်လိုမှတ်ရမှာတုံး( ရှူတယ်ရှိုက်တယ် လို့မှတ်ရမှာပါဘုရား)နောက် ဒုတိယနည်းက ရှူစက ရှူဆုံးအထိ( ရှူတယ် ရှူတယ်) ရှိုက်စက ရှိုက်ဆုံးအထိ (ရှိုက်တယ် ရှိုက်တယ်) လို့မှတ်။ တတိယနည်းကျတော့ ရှူခြင်းအမှုပြုတယ် ရှူခြင်းအမှုပြုပြီးတော့ ရှိုက်ခြင်းအမှုပြုတယ်။ ရှိုက်ခြင်းအမှုကို ပြုပြီးတော့ ရှူခြင်းအမှုပြုတယ်၊ ကိုယ်ပြုတာ ပြုမှန်းသိပါ။ ဒါကြောင့် တတိယ နည်းက ရှူစမှ ရှူဆုံးအထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်။ ရှိုက်စမှ ရှိုက်ဆုံးအထိ ဤလိုပြုတယ်၊ ဤလိုပြုတယ်လို့မှတ်။ တဆင့်တက်ကြစို့၊ တကာ တကာမတွေ ရှူမှုရှိုက်မှုမပြုဘဲနေရဲ့လား(မနေပါဘုရား) ရှူခြင်းအမှုပြုပြီးတော့ ရှိုက်ခြင်းအမှု ပြု၊ ရှိုက်ခြင်းအမှုပြုပြီးတော့ ရှူခြင်းအမှုပြု။

အဲဒီလို ရှူတိုင်းရှိုက်တိုင်းမှာ သတိထားလိုက်တဲ့အခါကျတော့ သမာဓိဆိုတဲ့ တရားကော ပြည့်စုံလာသလား၊မပြည့်စုံလာဘူးလား(ပြည့်စုံလာပါတယ်ဘုရား) စိတ်တည်လာတော့ သမာဓိဖြစ်လာတယ်၊ သတိ၊သမာဓိရှိလာတာနှင့်တပြိုင်နက် တကာတကာမတွေ သတိ၊ သမာဓိဆိုတာ အရှိတရားကိုဖေါ်တယ်။ မရှိတရားကို ဖေါ်တာလား(အရှိတရားပါ) ရှူတိုင်းရှိုက်တိုင်းမှာ ဘယ်သဘောနဲ့ဘယ်သဘော တွေရှိသလဲ(စိတ်သဘောနဲ့လေသဘောတွေရှိပါတယ်ဘုရား)

စိတ်ဆိုတာ ဘယ်လိုသဘောပါလိမ့်၊ ဤလိုပြုချင်တဲ့သဘောတွေ၊ စိတ်ဖြစ် တာနဲ့တပြိုင်နက်၊ နှာသီးဖျားမှာ တိုးခတ်လာတဲ့ လေသဘောကော မဖြစ်လား၊ ရှေ့နောက်ဆိုင်းသေးရဲ့လား၊တပြိုင်နက်ဖြစ်တယ်၊ စိတ်နဲ့လေဟာ ရှေ့နောက်များ ဆိုင်းသလား၊စိတ်ကအရင်ဖြစ်တာလား၊လေကအရင်ဖြစ်ဘာလား၊တပြိုင်နက်ထဲ

ဖြစ်တာလား (ယပ္ပိုင်ထဲဖြစ်တာပါဘုရား) အတူတကွဖြစ်တာ၊ ဤလိုပြုချင်တဲ့သဘောကဘာပါလိမ့်(စိတ်) စိတ်ဖြစ်တော့(လေဖြစ်)စိတ်က ဘာတရား (နာမ်တရား)လေကဘာတရား(ရုပ်တရား)ရှိတာက ရှုတိုင်းရှိုက်တိုင်းမှာလူတွေသတ္တဝါတွေ ရှိတာလား၊ နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာ) ဘာဖြစ်လို့ရှိနေတာတုံးဖြစ်ဖြစ်နေလို့ရှိ၊ ဘယ်လိုအခါဖြစ်တုံး(ခုမှဖြစ်တာ) ဒါကြောင့် ရှုတဲ့အခါ ခုမှဖြစ်တဲ့စိတ်နဲ့လေ၊ ရှိုက်တဲ့အခါ (ခုမှဖြစ်တဲ့စိတ်နဲ့လေ) အဲဒီလို သိတဲ့ ဉာဏ်သည် ဘာဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာ)မနေ့ကလဲရှင်းပြခဲ့ပြီ၊

တကာ တကာမတွေ သတိထားပါ။ ရှုတိုင်း ရှိုက်တိုင်းမှာ ဤ လို ပြု ချင် တဲ့ သဘောကဘာလဲ စိတ်၊ ဤလိုပြုချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်)လူလားစိတ်လား(စိတ်)ဤစိတ်ကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား(သတိကဖေါ်ပေးတာပါဘုရား)

သတိကဘာတုံး(စေတသိက်)နှာသီးဖျားမှာတိုးခတ်တွန်းကန်သွားတဲ့လေကဘာတုံး(ရုပ်)ပေါင်းလိုက်စမ်း(စိတ် စေတသိက် ရုပ်)အော်-စိတ် စေတသိက် ရုပ်ဆိုတာ သင်္ခတတရားလား၊ အသင်္ခတတရားလား(သင်္ခတတရား) (သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ) သင်္ခတအရ ဘာတွေ ကောက်သလဲ ဆိုတော့ စိတ် စေတသိက် ရုပ်၊ ဘာတွေကောက်တုံး(စိတ် စေတသိက် ရုပ်ပါဘုရား)စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ၊ဒီလိုကောက်တယ်။

သင်္ခတတရားဆိုတာ ဘယ်နှစ်ပါးလဲ (သုံးပါးပါဘုရား) သုံးပါးဆိုတာ ဘာတုံး (စိတ် စေတသိက် ရုပ်ပါဘုရား) အသင်္ခတတရားဆိုတာ ဘယ်နှစ်ပါးတုံး (တပါး) တပါးဆိုတာ ဘယ်သူတုံး (နိဗ္ဗာန်) ပရမတ္ထတရားလေးပါး ကုန်ရော၊ သင်္ခတ၊အသင်္ခတခွဲလိုက်တော့ ပိဋကတ်တော်ကြီးတခုလုံး ကုန်မသွားလား၊ကုန်သွားသလား(ကုန်သွားပါတယ်ဘုရား)

သင်္ခတတရားကဘယ်နှစ်ပါးတုံး(သုံးပါးပါဘုရား) အသင်္ခတတရားက ဘယ်နှစ်ပါး(တပါး) အားလုံးပရမတ္ထတရား ဘယ်နှစ်ပါးရှိတာတုံး (လေးပါးရှိတာပါဘုရား) အဲဒီလေးပါးကဘာတွေလဲ (စိတ် စေတသိက် ရုပ် နိဗ္ဗာန်ပါဘုရား) ခင်ဗျားတို့ယခုရောက်နေတဲ့နယ်က သင်္ခတနယ်လား၊ အသင်္ခတနယ်လား(သင်္ခတနယ်ပါဘုရား) သင်္ခတနယ်မှာ ခင်ဗျားတို့ ရောက်နေရင် သင်္ခတတရားက လွဲရင် ဒီပြင်တရားရှိသေးရဲ့လား(မရှိပါဘုရား)

အသင်္ခတနယ်က နိဗ္ဗာန်၊ ခင်ဗျားတို့ ရောက်နေတာက သင်္ခတနယ်ဆိုတော့ သင်္ခတတရားကလွဲရင်ရှိသေးသလား(မရှိပါဘုရား)သင်္ခတတရားတွေဆိုတာ ဘာတွေတုံး(စိတ်စေတသိက်ရုပ်ပါဘုရား)အဲဒီသင်္ခတတရားတွေကစာအုပ်တွေ၊ဘော

တွေမှာရှိတာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား) ခန္ဓာထဲ ဘယ်ဌာနမှာရှိတာတုံး (နှာသီးဖျားမှာ)ဘယ်အချိန်မှာ ရှိတာတုံး ( ရှူတိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှိုက်တိုင်းမှာ ဤလိုပြုချင်တဲ့သဘောက ဘာတုံး(စိတ်)တွေပြီလား၊ခန္ဓာမှာ၊ ငြင်းလို့ ရသ းားမရှိဘူးလို့ငြင်းကြည့်စမ်းပါ၊ရှိလို့ လား၊မရှိလို့လား(ရှိလို့)ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) အဲဒါဘာတုံး(တရား) အမှန်သဘောတွေ့နေတာလား၊ မမှန်တဲ့သဘောတွေ့နေတာလား (အမှန်သဘောတွေ့နေတာပါဘုရား) တရားတွေ့နေတာလား၊ တရားမတွေ့ဘဲ နေတာလား (တရားတွေ့နေတာပါဘုရား)

ခင်ဗျားတို့ တရားတွေ့တယ်ဆိုတာ ထူးထူးဆန်းဆန်းတွေ မှတ်မနေနဲ့၊ အမှန်တရားသိနေရင် ဒီပုဂ္ဂိုလ် တရားတွေ့နေပြီ။ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ပရမတ်အာရုံလား၊ ပညတ်အာရုံလား(ပရမတ်အာရုံ) ပရမတ်အာရုံဆိုတာ၊ အရှိတရားလား၊ မရှိတရားလား (အရှိတရားပါဘုရား) အရှိတရားကိုအာရုံပြုနေတာလား၊ မရှိတရား အာရုံပြုနေတာလား(အရှိတရားကို အာရုံပြုနေတာပါ) အရှိတရားအာရုံဆိုတာ ဤလိုပြုချင်တဲ့သဘောက ဘာတုံး (စိတ်)မတွေ့ဘူးလားတွေ့သလား( တွေ့ပါတယ်ဘုရား)စိတ်ဆိုတဲ့ ပရမတ်ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) စိတ်ဆိုတဲ့သင်္ခတတရားရလာပြီ၊ ဒီစိတ်ကို လူကဖေါ်ထုတ်တာလား၊ သတိကဖေါ်ထုတ်တာလား (သတိက ဖေါ်ထုတ်တာပါဘုရား) လူက ထင်ရှားစေတာလား၊ သတိက ထင်ရှားစေတာလား (သတိကထင်ရှားစေတာပါဘုရား) လူတွေသတ္တဝါတွေရှိရဲ့လား (မရှိပါဘုရား) သတိကထင်ရှားတာ၊ သတိကစိတ်လား၊စေတသိက်လား(စေတသိက်ပါဘုရား) အဲဒီစိတ်တို့ စေတသိက်တို့ ဖြစ်လိုက်တာနဲ့တပြိုင်နက် နှာသီးဖျားမှာတိုးခတ်တွန်းကန်သွားတဲ့လေသဘောမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

အဲဒီနှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘောက ဘာတုံး(ရုပ်) ပေါင်းလိုက်စမ်း(စိတ် စေတသိက် ရုပ်)ဘယ်နေရာမှာ ရှိတာတုံး(နှာသီးဖျားမှာပါဘုရား)ဘယ်အချိန်မှာ ရှိနေတာတုံး (ရှူတိုင်း ရှိုက်တိုင်းမှာပါ ဘုရား) ရှိနေတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးက ဖြစ်တာတုံး(ခုမှဖြစ်တာပါ ဘုရား)ဒါကြောင့် ရှုတဲ့အခါ ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်ရှိုက်တဲ့အခါမှာကော (ခုမှဖြစ်တဲ့စိတ် စေတသိက် ရုပ်ပါဘုရား)အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာပါလိမ့် (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) နောက် နံပါတ်(၃)တနည်းခွဲကြပါစို့။

ဤလိုပြုချင်တဲ့သဘောက ဘာသဘော၊ စိတ်၊မျက်လုံးနဲ့ မြင်ရရဲ့လား(မမြင်ရပါ ဘုရား)မှရှိလို့ လား (ရှိပါတယ် ဘုရား) အဲဒီစိတ်ကို တနည်းဝိညာဏ်လို့

ကောက်ပါ၊ ဘာလို့ဆိုပြန်တာတုံး (ဝိညာဏ်ပါ ဘုရား)စိတ် ဝိညာဏ် သဘော တွေကို လူကဖော်ထုတ်ဘာလား၊သတိကဖော်ထုတ်တာလား(သတိက ဖော်ထုတ် တာပါ ဘုရား)သတိကခဏတသိက် သူ့ကိုနာမ်လို့ကောက်ပါ၊ ဘာလို့ကောက် ပြန်တာတုံး (နာမ်) နွားသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေကို ဘာလို့ ကောက်လိုက်တုံး (ရုပ်ပါ ဘုရား) စာအုပ်ထဲမှာ ကောက်ပြနေတာလား၊ ခန္ဓာ ထဲမှာကောက်ပြနေတာလား(ခန္ဓာထဲမှာကောက်ပြနေတာပါဘုရား)ခင်ဗျားတို့ ကိုယ်ခန္ဓာထဲမှာရှိတာကို ပြနေတာလား၊ စာအုပ်တွေ ဘောတွေထဲမှာ ပြနေတာ လား(ခန္ဓာထဲမှာ ပြနေတာပါဘုရား)

ခန္ဓာကိုယ်ကို ဘောကြီးသဖွယ်လို့မှတ်လိုက်၊ဒါကြောင့် အဋ္ဌကထာဆရာတွေ ကလဲ ပြပါတယ်။ အတ္တနော ကရဇကာယေ ဉာဏံ၊ သြတာရေတွာ၊ အတ္တဘာဝံ သမ္မသန္တော နိသီဒိ၊ ကရဇကာယေ၊ ကရဇကာယ၌။ ဉာဏံ၊ ဉာဏ်ကို။ သြဘာရေတွာ၊ ချ၍။ အတ္တဘာဝံ၊ အတ္တဘောကြီးတခုလုံးကို။ သမ္မသန္တော၊ သုံးသပ်ဆင်ခြင်လျက်၊ နိသီဒိ၊ ထိုင်ရမယ်။ ကာရဇကာယပေါ်မှာ ဉာဏ်ချထား ရမယ်။ ကရဇကာယ ရုပ်ပေါ်မှာ ချရမှာလား၊ လူတွေ သတ္တဝါတွေပေါ်မှာ ချရမှာလား (ရုပ် ကရဇကာယပေါ်မှာ ချရမှာပါ ဘုရား)၊ အမှန်အားဖြင့် ကရဇကာယဆိုတာ ဓာတ်ကြီးလေးပါးနဲ့ ပသာဒရုပ်ငါးပါး၊ ဟဒယဝတ္ထုရုပ် ကာရဇကာယဆိုဘာ ဘာတုံး၊ ဓာတ်ကြီးလေးပါးနဲ့ ပသာဒရုပ်ငါးပါးဟဒယ ဝတ္ထုရုပ်သည် ကရဇကာယ၊ ဘာကာယတုံး (ကရဇကာယ) ဒါကြောင့် ဒီနေရာမှာ တကာ တကာမတွေ ဘာကာယကို ဉာဏ်နှင့်ထင်ရှားရမလဲဆိုရင်(ရုပ် ကရဇကာယ)ဘာကာယဘုံး (ရုပ်ကရဇကာယပါ ဘုရား)

နွားသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘောက လူလား ရုပ်လား (ရုပ်)ဘာရုပ်ပါလိမ့် (ဝါယောရုပ်)အဲဒါက ကရဇကာယလို့ မဆိုဘူးလား ဆိုသလား(ဆိုပါတယ်)ဒါကြောင့် ကရဇကာယေ၊ နွားသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့ လေသဘောဘည်းဟူသော ကရဇကာယ၌၊ ဉာဏံ၊ ဉာဏ်ကို သြတာရေတွာ၊ ချ၍၊ အတ္တဘာဝံ၊ အတ္တဘောကြီးတခုလုံးကို၊ သမ္မသန္တော၊ သုံးသပ်ဆင်ခြင်လျက်၊ သုံးသပ်ဆင်ခြင်လိုက်တော့ နွားသီးဖျားမှာ တိုးခတ် သွားတဲ့ လေသဘော မတွေ့ဘူးလား တွေ့သလား(တွေ့ပါတယ် ဘုရား)သတိ ထားလို့တွေ့ဘာလား (သတိထားလို့ တွေ့ဘာပါဘုရား)။

ခင်ဗျားတို့ သတိထားသင့်သလား (သတိထား သင့်ပါတယ်ဘုရား)သတိက အရှိတရားဖော်ဘာလား ပရှိတရား ဖော်တာလား (အရှိတရားကို ဖော်တာပါ ဘုရား)အရှိတရားက လူတွေသတ္တဝါတွေကို ဖော်တာလား၊ ရုပ်တရားကို ဖော် တာလား(ရုပ်ကိုဖော်ဘာပါ ဘုရား)ရုပ်ဆိုတာ ဘယ်လိုသဘောပါလိမ့်(ကျွဲလို

တိုးခတ်သွားတဲ့ လေသဘော) နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောက ရုပ်တရား ဤလိုပြုချင်တဲ့ သဘောက ဘာတုံး (စိတ်) ဒီစိတ်ကို လူက ဖော်တာလား သတိက ဖော်တာလား(သတိကဖော်တာပါဘုရား)သတိက ဘာတရားလဲ စေတသိက်၊နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘောက(ရုပ်)ကွဲပြီလား၊ဒါက ခင်ဗျားတို့ လုပ်ငန်းနဲ့ကွဲမှာလား အပြောနဲ့ကွဲမှာလား(လုပ်ငန်းနဲ့ပါဘုရား) စာအုပ်တွေ ဘောတွေထဲမှာ ကွဲနေတာလား၊ ခန္ဓာထဲမှာ · ကွဲနေတာလား(ခန္ဓာထဲမှာ ကွဲနေတာပါဘုရား)လူက ခွဲတာလား၊ ဉာဏ်က ခွဲတာလား (ဉာဏ်က ခွဲတာပါဘုရား)ဉာဏ်က ခွဲပေးနေတယ်။

ဒါ့ကြောင့် ဤလိုပြုချင်တဲ့သဘောက စိတ် ဝိညာဏ်၊ စိတ်ကို ဘာကောက်လိုက်သလဲ(ဝိညာဏ်) ဒီစိတ်ကို လူကဖော်တာလား၊ သတိက ဖော်တာလား (သတိ)သတိဆိုဘာ ဘာကောက်လိုက်ပြန်သလဲ(နာမ်) နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေကိုဘာတုံး (ရုပ်)ပေါင်းလိုက်စမ်း (ဝိညာဏ် နာမ် ရုပ်) လူတွေသတ္တဝါတွေ ရှိတာလား၊ ဝိညာဏ်နာမ်ရုပ်တွေ ရှိနေတာလား(ဝိညာဏ် နာမ် ရုပ်တွေ ရှိနေတာပါဘုရား)ရှိရှိနေတာ ဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးက ဖြစ်တာလဲ(ခုမှ ဖြစ်ဘာပါဘုရား)ဒါ့ကြောင့် ရှုတဲ့အခါ(ခုမှဖြစ်တဲ့ ဝိညာဏ်နာမ်ရုမ်)အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါ ဘုရား) ရှေ့တဆင့် တက်ကြပါစို့။ သတိလဲ ထားလိုက်ပါ၊ အတ္တနော ကရဇကာယေ ဉာဏံ ဩတာရေတွာ အတ္တဘာဝံ သမ္မသန္တော၊ နိသိဒိ။ကရဇကာယကို သတိထားလိုက်၊ကရဇကာယဆိုတာလူတွေ သတ္တဝါတွေလား ရုပ်သဘောတွေလား(ရုပ်သဘောပါ ဘုရား)ဒီနေရာမှာ ဘာရုပ်တုံး(ဝါယောရုပ်ပါ ဘုရား)နှာသီးဖျားမှာ တိုးခတ်သွားတဲ့လေကို သတိထားလိုက် တွန်းကန်သွားတဲ့သဘောက လူလား ရုပ်လား(ရုပ်ပါဘုရား)သူ့ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ရူပက္ခန္ဓာပါ ဘုရား)ရမလာ ဘူးလား(ရလာပါတယ် ဘုရား)မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါတယ် ဘုရား) မျက်မြင်ခန္ဓာလား ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင် ခန္ဓာပါဘုရား)နှာသီးဖျားမှာ တိုးခတ်သွားတဲ့လေသဘောက ရုပ်ပါ ဘာခန္ဓာတဲ့တုံး(ရူပက္ခန္ဓာပါဘုရား) မရှိဘူးလား(ရှိပါတယ် ဘုရား)ရှိဘာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား) အချိန်တိုင်း အချိန်တိုင်းမှာ ဖြစ်နေပါတယ်၊ ရူပက္ခန္ဓာဖြစ်နေတာ ဘယ်အချိန်မှာ ဖြစ်နေတာတုံး(ရှုတိုင်းရှိက်တိုင်းမှာပါဘုရား)တွေ့ပလား၊ခင်ဗျားဘို့ ခန္ဓာဖြစ်ချိန် ဒီခန္ဓာ မျက်သုံးနဲ့လဲ မမြင်ရ၊ ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့ မြင်ရမှာပါဘုရား)ဒီခန္ဓာ မရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)မျက်မြင်ခန္ဓာလား ဉာဏ်မြင် ခန္ဓာလား(ဉာဏ်မြင်ခန္ဓာပါဘုရား) မျက်မြင်ခန္ဓာက ဆံပင်

မွေးညှင်း ခြေသည်း လက်သည်း သွားတွေနဲ့ ဥဘက်မြင်ခန္ဓာက ဆံပင် မွေးညှင်း ခြေသည်း လက်သည်းတွေပါရဲ့လား (မပါပါ ဘုရား)ခင်ဗျားတို့ မျက်မြင်ခန္ဓာ ရှုရမှာလား၊ ဥဘက်မြင်ခန္ဓာ ရှုရမှာလား(ဥဘက်မြင်ခန္ဓာ ရှုရမှာပါ ဘုရား)

ဥဏ်မြင်ခန္ဓာဆိုတာ အပြောနဲ့ ရရဲ့လား(မရပါ ဘုရား)ဘာနဲ့မှ ရမှာတုံး (လုပ်ငန်းနဲ့မှ ရမှာပါဘုရား)လုပ်ငန်းမပါဘဲနဲ့ ခင်ဗျားတို့ နားလည်နိုင်ပါ မလား(နားမလည်နိုင်ပါ ဘုရား)ဥဏ်မြင်ခန္ဓာဆိုတာ စာအုပ်တွေထဲမှာလား၊ မိမိအဇ္ဈတ္တမှာလား (မိမိအဇ္ဈတ္တမှာပါ ဘုရား) မိမိအဇ္ဈတ္တမှာ ဘယ်အချိန်မှာ ရှိတာတုံး(ရှုတိုင်း ရှိုက်တိုင်းမှာပါ ဘုရား)ရှုတိုင်း ရှိုက်တိုင်းမှာ ဘယ်သဘော ရှိတာတုံး(ဤသို့တိုးခတ်သွားတဲ့ လေသဘောပါ ဘုရား)ဘာခန္ဓာလဲ(ရူပက္ခန္ဓာ ပါ ဘုရား)မရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား) ရှိနေတာ ဘာလို့ရှိနေ တာတုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးက ဖြစ်တာတုံး (ခုမှ ဖြစ်တာပါ ဘုရား)ခုမှဖြစ်တဲ့ ရူပက္ခန္ဓာ ဘယ်တုံးကဖြစ် (ခုမှ ဖြစ်တဲ့ ရူပက္ခန္ဓာပါ ဘုရား) အိမ်တုံးက ရူပက္ခန္ဓာက ဒီအချိန်ထိအောင် ပါသေးရဲ့လား (မပါပါ ဘုရား)မရှိ တော့ဘူး၊ ဒါကို မိအောင် ဖမ်းထား။'

နောက်တချက် တကာ တကာမတွေ သတိထားလိုက် စမ်းပါ၊ ရှုကြည့်စမ်း တောက်လျှောက် ရှုလို့ရရဲ့လား (မရပါ ဘုရား)ဘာလုပ်ပြန်တုံး (ရှိုက်တယ်) တောက်လျှောက်ရှိုက်လို့ ရရဲ့လား(မရပါ ဘုရား)နောက် ခင်ဗျားတို့ ခံသာ သလောက် ရှုတယ်၊ မခံသာတော့ ဘာပြန်လုပ်တုံး(ရှိုက်ပါတယ်ဘုရား)တောက် လျှောက် ရှိုက်လို့ ရရဲ့လား(မရပါ ဘုရား)မရတာ ဘာပြုလို့လဲ (မခံသာလို့ပါ ဘုရား)မခံတာက ဒုက္ခ၊ မခံသာတာက ဘာတုံး (ဒုက္ခဝေဒနာပါ ဘုရား)ခံသာ တာက သုခ၊ ခံသာတာက ဘာတုံး (သုခဝေဒနာပါ ဘုရား) ခံသာတာ မခံသာတာကို ခံစားတာမရှိဘူးလား ရှိသလား(ရှိပါတယ်)တွေ့ပြီလား ဝေဒနာ (တွေ့ပါပြီ ဘုရား)ခံသာတဲ့ သဘော မခံသာတဲ့သဘောတွေကို ခံစားတာ မရှိ ဘူးလား ရှိသလား(ရှိပါတယ် ဘုရား)ဘယ်အချိန်မှာတုံး(ရှုတိုင်း ရှိုက်တိုင်းမှာ ပါ ဘုရား) ဝေဒနာသဘောတွေက မထင်ရှားဘူးလား ထင်ရှားသလား(ထင် ရှားပါတယ် ဘုရား)ဝေဒနာဆိုတာ ခံသာတဲ့သဘော မခံသာတဲ့သဘောကို ခံစားတာပါ၊ မထင်ရှားဘူးလား ထင်ရှားသလား(ထင်ရှားပါတယ် ဘုရား)။

သဘာဝကဝေဒနာကို ရှုရမလား၊ ဗမ္မတာဝေဒနာကို ရှုရမလား (သဘာဝ ဝေဒနာကိုရှုရမှာပါဘုရား) ခင်ဗျားတို့က ဗမ္မတာဝေဒနာကို သွားရှုတယ်။ နာ တာ၊ ကိုက်တာ၊ ခဲတာ၊ ကျင်တာတွေကို ဝေဒနာ လုပ်ပြီး သွားရှုတယ်။ အဲ ဒ ဝေဒနာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အဲဒီ ဝေဒနာမျိုးကို တားလို့ရတယ်၊ ဆေးထိုးလိုက်ရင်၊ သက်သာမှုရသလား၊ မရဘူးလား(ရပါတယ်ဘုရား)

တောက်လျှောက် ရှုလို့ရရဲ့လား (မရပါဘုရား) မခံသာတော့ ဘာလုပ်တုံး (ရှုကိပါတယ်ဘုရား)တောက်လျှောက်ရှုကိလို့ရရဲ့လား(မရပါဘုရား)ခံသာတာ ဖြစ်လိုက်ပြီးတော့ ဘာတုံး၊ မခံသာဖြစ်လိုက်၊ ခံသာတာ မခံသာတာကိုခံစားတဲ့ ဝေဒနာမပေါ်ဘူးလား၊ ပေါ်သလား(ပေါ်ပါတယ်ဘုရား)

ဒူးတွေ၊ ပေါင်တွေက ပေါ်တာလား၊ အာနာပါနအာရုံက ပေါ်တာလား (အာနာပါနအာရုံက ပေါ်တာပါဘုရား) ဒူးကပေါ်ရတာနဲ့၊ ပေါင်ကပေါ်ရ တာနဲ့၊ ကိုယ်ကပေါ်ရတာနဲ့၊ ဒူးတွေ၊ပေါင်တွေ၊ရှိရဲ့လား(မရှိပါဘုရား)

အဲဒါက သမုတ်ထားတာဗျ။ သမုတ်ရှိ၊ အဟုတ်ရှိ ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား) ဒါကြောင့် သမုတ်ရှိကို ကြည့်ရမှာမဟုတ်ဘူး။ အဟုတ်ရှိကိုကြည့်ရမှာ။ ခင်ဗျားတို့ အာနာပါနအာရုံက သမာဓိကိုယူရင်ဖြင့် အာနာပါနကနေ ဝေဒနာ ဖေါ်တတ်ရတယ်။ ဘယ်ကဖေါ်ရမှာတုံး (အာနာပါနဿတိက ဖေါ်ရမှာပါ ဘုရား) ဒီအာနာပါနမှာ ရှုပြီးတော့ ဒီပြင်နေရာ၊ ဝေဒနာဖေါ်ရင် ဒီရှုကွက်မှန် ပါ့မလား(မမှန်ပါဘုရား)

တကာတကာမတွေ သတိထားလိုက်စမ်းပါ။ ရှုတိုင်းရှုကိတိုင်းမှာ၊ ခံသာတဲ့ သဘော၊မခံသာတဲ့သဘော ရှိသလား၊မရှိဘူးလား(ရှိပါတယ်ဘုရား) ခံသာတာ ကို ခံစားတာက ဘာဝေဒနာတုံး (သုခဝေဒနာပါဘုရား) မခံသာတာကိုခံစား တာက(ဒုက္ခဝေဒနာပါဘုရား)အဲဒီအထဲမှာ ခံသာတာလဲမဟုတ်၊ မခံသာတာလဲ မဟုတ် တဲ့ သဘောကို ခံစားတဲ့ ဥပေက္ခာဝေဒနာလဲ ပါတယ်။ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ဝေဒနာ ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) သုံးပါးက (သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာပါ ဘုရား) မရှိဘူး လား၊ ရှိသလား(ရှိပါတယ်ဘုရား) ဘယ်ဌာနမှာရှိတာတုံး (နှာသီးဖျားမှာပါ ဘုရား)ဘယ်အချိန်မှာတုံး(ရှုတိုင်းရှုကိတိုင်းမှာပါဘုရား)

ကဲ-တကာတကာမတွေ ဝေဒနာရှုရမဲ့ဌာန၊ရှုရမဲ့အချိန်၊ ခံသာတဲ့သဘောကို ခံစားတာ။ မခံသာတဲ့သဘောကိုခံစားတာ။ ခံသာတာလဲမဟုတ်၊ မခံသာတာလဲ မဟုတ်တဲ့ ဥပေက္ခာသဘောကိုခံစားတာဝေဒနာဘဲ။

ဥပေက္ခာဝေဒနာ ဆိုတာက သိမ်မွေ့တယ်၊ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာက ထင်ရှားတယ်၊ ဥပေက္ခာဝေဒနာက မထင်ရှားဘူး (ဒုဒ္ဒိပနာ) တဲ့၊ အဋ္ဌကထာ ဆရာက သိနိုင်ခဲ့တယ်တဲ့။

တောက်လျှောက်ရှုလို့ရရဲ့လား (မရပါဘုရား) ရှုရသလောက် မရှုဘူးလား (ရှုပါတယ်ဘုရား)ရှုရသလောက်ရှုတာကသုခဝေဒနာ။ ရှုလို့မရတော့ဘာလုပ် တုံး(ရှုကိပါတယ်ဘုရား)ခံသာလို့လား၊ မခံသာလို့လား(မခံသာလို့ပါဘုရား)

【Hlaing 26】

နောက်ထပ် ပြန်ပြီးတော့ရှိုက်ပြန်ပြီ။ တောက်လျှောက်ရှိုက်လို့ရရဲ့လား (မရပါဘုရား) မရတော့ ဘာလုပ်ပြန်တုံး ရှူပြန်ပြီ။ ခံသာသလိုနေတာလား၊ မခံသာသလိုနေတာလား (ခံသာသလိုနေတာပါဘုရား) ဆင်းရဲနေတာဘဲ၊ ခံသာသလိုမနေဘူးလား၊ နေသလား(နေပါတယ်ဘုရား)ရှူပြီးရင်(ရှိုက်) ရှိုက်ပြီးရင် (ရှူ) ခံသာလို့ ရှူနေတာလား၊ မခံသာလို့ ရှူနေတာလား (မခံသာလို့ ရှူနေတာပါဘုရား)ဒါကြောင့် ခင်ဗျားတို့ခံသာသလိုရှူလိုက်ရှိုက်လိုက်၊အဲဒါဘာသဘောတုံး (ဝေဒနာသဘောပါဘုရား)

ခံသာတာကို ခံစားတာကဘာဝေဒနာ(သုခဝေဒနာပါဘုရား) မခံသာတာကို ခံစားတာက(ဒုက္ခဝေဒနာပါဘုရား) သုခဝေဒနာ၊ ဒုက္ခဝေဒနာ မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား)ဘယ်အချိန်မှာပါလိမ့်(ရှူတိုင်းရှိုက်တိုင်းမှာပါဘုရား)ဝေဒနာဆိုတာ ခံစားတဲ့သဘော။ ဘာသဘောတုံး (ခံစားတဲ့သဘောပါဘုရား) နာတဲ့သဘောလား၊ ခံစားတဲ့သဘောလား (ခံစားတဲ့သဘောပါဘုရား) တွေ့ပလား (တွေ့ပါပြီဘုရား)ခံသာတဲ့သဘောနဲ့ မခံသာတဲ့သဘောတွေကိုခံစားတာ တကာတကာမတွေ့ နာတာ၊ကျင်တာ၊ကိုက်တာ၊ခဲတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ခင်ဗျားတို့ ဒီဝေဒနာက အမယ်လေး အော်ရသေးသလား (မအော်ရပါဘုရား) ငါနဲ့တွေ့လို့လား၊ ဉာဏ်နဲ့တွေ့လို့လား(ဉာဏ်နဲ့တွေ့လို့ပါဘုရား)

ဉာဏ်နဲ့တွေ့တဲ့ဝေဒနာသည် အမယ်လေးအော်ရရဲလား(မအော်ရပါဘုရား) ငါနဲ့တွေ့တဲ့ဝေဒနာက (အမယ်လေးအော်ရတယ်) မအော်ရဘူးလား၊ အော်ရသလား(အော်ရပါတယ်ဘုရား)

ဒိဋ္ဌိမကင်းဘဲကိုးဗျ။ သက္ကာယဒိဋ္ဌိပါလာရင် နာရတာနဲ့ ကျင်ရတာနဲ့ ကိုက်ရတာနဲ့ ခဲရတာနဲ့ ဒါပညတ်တွေဘဲ၊ အဲဒါက ဓမ္မတာဒုက္ခ၊ ဓမ္မတာဝေဒနာ၊ ဘာဝေဒနာတုံး(ဓမ္မတာဝေဒနာပါဘုရား)

အဲဒီ ဓမ္မတာဝေဒနာ ဆေးတိုက်လိုက် မပျောက်ဘူးလား၊ ပျောက်သလား (ပျောက်ပါတယ်ဘုရား) ဒီ ခံ စား မှု ဝေဒနာက ပျောက်ရဲ့လား (မပျောက်ပါဘုရား)ခံသာတာမခံသာတာတွေကို ခံစားတာဝေဒနာဆေးထိုးလို့ရရဲ့လား(မရပါဘုရား) ဆေးကုလို့ကောရရဲ့လား (မရပါဘုရား) ဒါက သဘာဝဝေဒနာ၊ ဘာဝေဒနာလဲ(သဘာဝဝေဒနာပါဘုရား)

အန္ဓကာရေ၊ အမှိုက်တိုက် ထဲသို့၊ ပဝိသနေဝဝိယ၊ ဝင်ရောက်ဘိ သကဲ့သို့တဲ့။ အင်မတန်ခက်တယ်၊သိမ်မွေ့တယ်၊ မသိမ်မွေ့ဘူးလား(သိမ်မွေ့ပါတယ်ဘုရား) ဒီနေရာ၊ ဒ႑ကထာက ဥပမာပြတယ်။

တောမုဆိုးတယောက်ဟာ သမင်ကိုလိုက်တယ်၊မလိုက်ဘူးလား၊လိုက်သလား (လိုက်ပါတယ်ဘုရား) သမင်က ကျောက်ဖျာကြီးပေါ် ဖြတ်ပြေးတယ်၊ မုဆိုးက နောက်က ခြေရာခံပြီးမလိုက်လာဘူးလား၊ လိုက်လာသလား(လိုက်လာပါတယ် ဘုရား) ကျောက်ဖျာကြီးနား ရောက်တဲ့ အခါကျတော့ ကျောက်ဖျာကြီးပေါ် တက်တဲ့ခြေရာ၊ မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ကျောက်ဖျာ ပေါ်က ဆင်းတဲ့ခြေရာလဲ တွေ့တယ်၊ ကျောက်ဖျာပေါ်မှာ ခြေရာတွေ့သလား၊ မတွေ့ဘူးလား(မတွေ့ပါဘုရား)မတွေ့ဘူး။

ကျောက်ဖျာပေါ်မှာတက်တဲ့ခြေရာနဲ့ ကျောက်ဖျာပေါ်ကဆင်းတဲ့ခြေရာကို ကြည့်ခြင်းအားဖြင့် စာလိုတော့ မိဂပဒဝလဉ္ဇနနည်းပေါ့၊ကျောက်ဖျာပေါ်မှာ ဒီသမင်မဖြတ်ဘူးလား၊ ဖြတ်သလား(ဖြတ်ပါတယ်ဘုရား)

အဲဒီဥပမာအတိုင်းဘဲ တကာတကာမတွေ့ခံသာတဲ့သဘောဆိုတဲ့ သုခဝေဒနာ နဲ့တူတဲ့ခြေရာ၊ မတွေ့ဘူးလား၊ တွေ့သလား(တွေ့ပါတယ်ဘုရား)မခံသာဘူးဆိုတဲ့ ဒုက္ခဝေဒနာနဲ့ တူတဲ့ ဒုက္ခဝေဒနာ မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ် ဘုရား)

ဒီခြေရာ နှစ်ခုနဲ့ တူတဲ့၊ သုခဝေဒနာ ဒုက္ခဝေဒနာကို ကြည့်ခြင်းအားဖြင့် ဥပေက္ခာဝေဒနာ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ခြေရာရှိသကိုးလို့၊အဲဒီလို မသိထိုက်ဘူးလား၊သိထိုက် သလား(သိထိုက်ပါတယ်ဘုရား) အဲဒီလောက်ဘဲ သိထိုက်ပါတယ်လို့ ဥပမာ မပြ ဘူးလား၊ ပြသလား(ပြပါတယ်ဘုရား)

ဥပေက္ခာဝေဒနာက သိမ်မွေ့တယ်၊ နက်နဲတယ်၊ အလွန်မတန် သိနိုင်ခဲတယ်၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာကိုရှုခြင်းအားဖြင့် ဥပေက္ခာဝေဒနာ ရှုပြီးသား မဖြစ် ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

ဒါကြောင့် ရှုတိုင်းရှုက်တိုင်းမှာ ခံသာတဲ့သဘောပြီးတော့ ဘာလဲ(မခံသာ တဲ့သဘော)တခါတလေ ခံသာတာလဲမဟုတ်၊ မခံသာတာလဲမဟုတ်၊ အညီအမျှ သဘော ဒီသဘောတွေကို ခံစားတဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ် ဘုရား) သုခကိုလဲခံစားတာ၊ ဒုက္ခကိုလဲခံစားတာ ဥပေက္ခာကော (ခံစားတာပါ ဘုရား) သုခဝေဒနာကိုလဲ ခံစားတယ်၊ ဒုက္ခဝေဒနာကိုလဲခံစားတယ်၊ ဥပေက္ခာ ဝေဒနာကိုလဲခံစားတယ်၊ဝေဒယတီတိ၊ ဝေဒနာတဲ့။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်၊ ဝေဒနာ၊ ဝေဒနာမည်၏။

ခံစားတတ်သောကြောင့် ဘာလဲ (ဝေဒနာပါဘုရား) ဘာ ကို ခံ စား သ လဲ ဆိုတော့ အာရမ္မဏံရသံ၊ဝေဒယတီတိ။ ဝေဒနာ၊အာရမ္မဏရသံ၊ အာရုံရဲ့အရသာ ကို ဝေဒယတိ၊ ခံစားကတတ်၏။ဣတိတသ္မာ၊ထို့ကြောင့်၊ဝေဒနာ၊ဝေဒနာမည်၏။

အာရုံရဲ့အရသာကို ခံစားတာဘာတုံး (ဝေဒနာပါဘုရား) လူတွေ သတ္တဝါတွေကိုခံစားတာလား၊ အာရုံရဲ့အရသာကိုခံစားတာလား (အာရုံရဲ့ အရသာကို ခံစားတာပါဘုရား) တကာတကာမတွေ တခါတလေ အနိဋ္ဌာရုံတွေ မသင့်မတင့်တဲ့အာရုံတွေ အာရုံမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား) အဲဒီတော့ကျ ဝေဒနာမပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) မခံစားဘူးလား၊ ခံစားသလား (ခံစားပါတယ် ဘုရား) ဘာဝေဒနာပေါ်တာလဲဆိုတော့ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာကို လူက ခံစားတာလား၊ ဝေဒနာက ခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား) ဒီအာရုံကို ဝေဒနာကခံစားတာလား၊ လူက ခံစားတာလား (ဝေဒနာကခံစားတာပါဘုရား) တခါတလေ တကာတကာမတွေ ဣဋ္ဌာရုံတွေ နှလုံးမသွင်းဘူးလား၊ သွင်းသလား(သွင်းပါတယ်ဘုရား) အဲဒီ အာရုံကို မခံစားဘူးလား၊ ခံစားသလား (ခံစားပါတယ်ဘုရား) အဲဒီ ဣဋ္ဌာရုံကို ခံစားတာ၊ ဘာဝေဒနာလဲ(သုခဝေဒနာပါဘုရား)သုခဝေဒနာ နော်။

လူတွေ သတ္တဝါတွေက ခံစားတာလား၊ သုခဝေဒနာက ခံစားတာလား (သုခဝေဒနာကခံစားတာပါဘုရား) တခါတလေ၊ ဣဋ္ဌ မဇ္ဈတ္တ ဆိုတဲ့၊ အလယ်အလတ်၊ သုခဘက်လဲမပါ၊ ဒုက္ခဘက်လဲမပါ၊ အညီအမျှမခံစားဘူးလား၊ ခံစားသလား (ခံစားပါတယ်ဘုရား) အဲဒါ ဘာဝေဒနာလဲ (ဥပေက္ခာဝေဒနာပါဘုရား) ဒီသဘော မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)ရလာတယ်နော်၊ ဝေဒနာကဘာသဘော (ခံစားတဲ့သဘောပါဘုရား) ကိုင်းခံစားတဲ့သဘော၊ နာတဲ့သဘောဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာကိုခံစားတုံး (အာရုံကို ခံစားတာပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဝေဒနာကမ္မဋ္ဌာန်းကို ဖေါ်တော့မယ်ဆိုတော့ ရုပ်ကစဖေါ်ပါတယ်၊ ဘာကစဖေါ်တုံး (ရုပ်ကစဖေါ်ပါတယ်ဘုရား)လူတွေဟာ ရုပ်ကမ္မဋ္ဌာန်းကထင်ရှားတယ်၊ ဘာကထင်ရှားတာတုံး (ရုပ်ကမ္မဋ္ဌာန်းထင်ရှားတာပါဘုရား) ရုပ်ကိုဟောပြီးမှ ရုပ်ကနေဝေဒနာဖေါ်တယ်။ ဘယ်ကနေဖေါ်တာတုံး (ရုပ်ကနေပြီးဖေါ်ပါတယ်ဘုရား) ဒူးတွေ ပေါင်တွေ ဒူးတွေက ဖေါ်တာလား၊ ရုပ်ကဖေါ်တာလား (ရုပ်ကဖေါ်တာပါဘုရား) ဘာကနေဖေါ်တုံး (ရုပ်ကနေဖေါ်ပါတယ်ဘုရား) နတ်တွေမှာတော့ နာမ်ကမ္မဋ္ဌာန်းက ထင်ရှားတယ်၊ ဘာကမ္မဋ္ဌာန်း ထင်ရှားသလဲ (နာမ်ကမ္မဋ္ဌာန်း ထင်ရှားပါတယ်ဘုရား)

ဒါ့ကြောင့် ဝေဒနာကမ္မဋ္ဌာန်းဟာ နတ်တွေကထင်ရှားတယ်၊လူတွေကျတော့ ဘာကထင်ရှားတုံး ( ရုပ်ကမ္မဋ္ဌာန်းကထင်ရှားပါတယ်ဘုရား ) ထင်ရှားတဲ့ ရုပ်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားကရှေးဦးစွာဟောပါတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က ဝေဒနာကမ္မဋ္ဌာန်း ဖေါ်တော့မယ်ဆိုလျှင် ဘာကစဟောတုံး (ရုပ်ကစ

ဟောပါတယ်ဘုရား) ဘာကြောင့် ရုပ်ကမ္မဋ္ဌာန်းကစဟောသလဲဆိုတော့ ဒီနေရာမှာ တနည်းပြောကြပါစို့ ဆိုရင် ရုပ်ဆိုတာ ဖောက်ပြန်တဲ့သဘော၊ ရုပ်ဆိုတာ ဘာတုံး (ဖောက်ပြန်တဲ့သဘောပါဘုရား) ရုပ္ပတီတိရူပံတဲ့၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ ရူပံ၊ ရုပ်မည်၏။ ဒီလို ဆိုမထားဘူးလား၊ ဆိုထားသလား ( ဆိုထားပါတယ်ဘုရား ) ဥတုကြောင့် မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား (ဖောက်ပြန်ပါတယ်ဘုရား) အခုရောက်ဆဲဖြစ်နေတဲ့ ဥတုတွေကြောင့် ခင်ဗျားတို့ အဇ္ဈတ္တသန္တာန်မှာရှိနေတဲ့ ရုပ်သဘောတွေ မဖောက်ပြန်ဘူးလား ဖောက်ပြန်သလား (ဖောက်ပြန်ပါတယ်ဘုရား)

သီတေနပိရုပ္ပတိ၊ ဥဏှေနပိရုပ္ပတိတဲ့၊ မဆိုထားဘူးလား၊ ဆိုဆားသလား၊ (ဆိုထားပါတယ်ဘုရား)သီတေနပိ၊ အအေးဆိုတဲ့တေဇော၊ ရုပ်ကြောင့်လဲ၊ရုပ္ပတိ ဖောက်ပြန်တယ်၊ မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား (ဖောက်ပြန်ပါတယ်ဘုရား)

ဒီဖောက်ပြန်တဲ့သဘောကို လူကခံစားတာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာကခံစားတာပါဘုရား)ဝေဒနာကခံစားတာ။ ဖောက်ပြန်တဲ့သဘောက ပြင်းပြင်းထန်ထန်ဖြစ်ရင် ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား) ဖောက်ပြန်တဲ့သဘောက သိမ်သိမ်မွေ့မွေ့ဖြစ်ရင် ( သုခဝေဒနာပါဘုရား ) အညီအမျှ ဖောက်ပြန်ရင် (ဥပေက္ခာဝေဒနာ)' မရှင်းဘူးလား၊ ရှင်းသလား (ရှင်းပါတယ်ဘုရား) မိအောင်ဖမ်း၊ ဒါဒေသနာတော်နဲ့ ခင်ဗျားတို့ကို ရှင်းနေတာ။ တကာတကာမတွေ သုခဝေဒနာလဲလုပ်မနေနဲ့၊ ဒုက္ခဝေဒနာလဲလုပ်မနေနဲ့၊ ဥပေက္ခာဝေဒနာလဲလုပ်မနေနဲ့၊ တလုံးထဲပေါင်းလိုက်ရင် ဘာရတုံး (ဝေဒနာပါဘုရား)

သုခကောဝေဒနာ၊ ဒုက္ခကောဝေဒနာ၊ ဥပေက္ခာကကော (ဝေဒနာပါဘုရား) တလုံးထဲပေါင်းလိုက်တော့၊ ဝေဒနာတလုံးထဲဘဲရတယ်။ ဘာတလုံးထဲရတုံး (ဝေဒနာပါဘုရား) ဒါဘဲငှတယ်။ ချမ်းသာဘာ ဆင်းရဲတာလဲလုပ်မနေနဲ့ ဘာရတုံး (ဝေဒနာပါဘုရား) ဝေဒနာ ဆိုတဲ့ သဘောက ဘာသဘောတုံး ( ခံစားတဲ့သဘောပါဘုရား ) ဘာကိုခံစားဘာတုံး၊ အာရုံကိုခံစားတာ၊ ရုပ်ရဲ့ ဖောက်ပြန်တဲ့သဘောကို ခံစားတာ မတွေ့လာဘူးလား၊ တွေ့လာသလား (တွေ့လာပါတယ်ဘုရား) တိုးခတ်နေတဲ့လေသဘာဝကော၊ မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား (ဖောက်ပြန်ပါတယ်ဘုရား)

အပူသဘောဖြစ်လိုက်၊ ပြီးတော့ အအေးသဘောဖြစ်လိုက်။ မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား (ဖောက်ပြန်ပါတယ်ဘုရား) ဒီဖောက်ပြန်နေတဲ့သဘောကို ခံစားနေတာ လူကခံစားတာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား) ဝေဒနာက ခံစားတာ၊

နောက်တကာတကာမတွေ ဝေဒနာကို ဒုံးတွေ ခါးတွေကဖေါ်နေတာလား ရုပ်ကဖေါ်နေတာလား(ရုပ်ကဖေါ်နေတာပါဘုရား) ဘာရုပ်ပါလိမ့် (ဝါယော ရုပ်ပါဘုရား) မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား)

ဒီရုပ်သာမရှိရင် ဝေဒနာရှိနိုင်ပါ့မလား (မရှိနိုင်ပါဘုရား) ခန္ဓာ ငါး ပါး တပြိုင်ထဲဖြစ်တာဗျ။ အဲဒါကြောင့် သုခတွေ ဒုက္ခတွေ ဥပေက္ခာတွေကိုလုပ်မနေနဲ့တော့၊ သူ့ကိုပေါင်းလိုက်တော့ဘာတုံး (ဝေဒနာပါဘုရား) ဝေဒနာတလုံးထဲ ရပါတယ်။

အဲဒီဝေဒနာကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား)မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာ) ဘယ်အချိန်မှာတုံး (ရှူတိုင်းရှိုက်တိုင်းမှာပါဘုရား) ရှူတိုင်းရှိုက်တိုင်းမှာ ခံသာတဲ့သဘော၊ မခံသာတဲ့သဘောကဝေဒနာ၊ မရှိဘူးလား ရှိသလား၊ (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) သူ့ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား) မရလာဘူးလား၊ ရလာသလား၊ (ရလာပါတယ်ဘုရား) ဝေဒနာက္ခန္ဓာကိုရှုရမှာ၊ ရှုကွက် မ မှန် ရင် ခင်ဗျားတို့ ပညတ်ဝေဒနာတွေနောက် လိုက်တတ်တယ်။ ဘာဝေဒနာတွေနောက် လိုက်တာတုံး (ပညတ်ဝေဒနာတွေနောက်ပါဘုရား)

ပညတ်ဝေဒနာဆိုတာ တကာတကာမတွေသက္ကာယဒိဋ္ဌိမကင်းဘူး။ သက္ကာယဒိဋ္ဌိမကင်းတော့ အမယ်လေးနာလိုက်တာ၊ နာတာသွားရှုတော့ ဒိဋ္ဌိမပါဘူးလား ပါသ လား ( ပါပါတယ်ဘုရား ) ဒီ လို နာ တာ ဟာ ဝေ ဒ နာ ဟုတ် ရဲ့ လား (မဟုတ်ပါဘုရား)သဘောကခံစားတဲ့သဘော။ ဘာကိုခံစားတာပါလိမ့် (အာရုံကိုခံစားတဲ့သဘောပါဘုရား) နာတာ ကိုက်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အောင်နေရသေးရဲ့လား (မအောင်ပါဘုရား) ငါနဲ့တွေလို့လား၊ဉာဏ်နဲ့တွေလို့လား (ဉာဏ်နဲ့တွေလို့ပါဘုရား) ငါတွေ့ဝေဒနာလား၊ ဉာဏ်တွေ့ဝေဒနာလား (ဉာဏ်တွေ့ဝေဒနာပါဘုရား) ငါတွေ့ဝေဒနာကို ဝိပဿနာ ရှုရမှာလား၊ ဉာဏ်တွေ့ဝေဒနာကို ဝိပဿနာရှုရမှာလား (ဉာဏ်တွေ့ဝေဒနာကိုရှုရမှာပါဘုရား) ငါတွေ့ဝေဒနာကိုဝိပဿနာရှုရင် နာတယ်ထင်တယ်။ ဉာဏ်တွေ့ဝေဒနာကို ဝိပဿနာရှုရင် နာတယ်ထင်သေးရဲ့လား (မထင်ပါဘုရား) နာတယ်ထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိနဲ့ ဝေဒနာနဲ့မကွဲလို့ နာတယ်ထင်တာ၊ ကွဲပြီလား (ကွဲပါပြီဘုရား) ဝေဒနာကထင်ရှားရှိလို့ သက္ကာယ၊ နာတယ်ထင်တာက ဘာတုံး (ဒိဋ္ဌိပါဘုရား) ပေါင်းလိုက်တော့ (သက္ကာယဒိဋ္ဌိပါဘုရား) သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ရှုတဲ့ဝေဒနာ သည် မအောင်ရဘူးလား၊ အောင်ရလာလား (အောင်ရပါတယ်ဘုရား)

အဲဒီဝေဒနာနောက်လိုက်သွားရင်–

\+ တတ္ထ ဟတ္ထပါဒေ အတိစိရံသမိဥ္စေတွာ ပသာရေတွာဝေဝါ ဋ္ဌိတဿခဏေ ခဏေ ဝေဒနာဉပ္ပဇ္ဇန္တိ စိတ္တံကောဂ္ဂံနှလာဘတိ ကမ္မဋ္ဌာနံ ပရိပတတိဝိသေသံ နာဓိဂစ္ဆတိ။

သမိဥ္စတေ၊ ပသာရိတေ ဆိုတဲ့ ပါဠိတော်ရဲ့အဖွင့်ပြီးတော့၊ ဥဇုံကာယံ ပဏိဓါယ၊ ပါဠိတော်ရဲ့အဖွင့်မှာ ဘယ်လိုလဲဆိုတော့၊ ဟတ္ထပါဒေ၊ လက်ခြေတို့ကို၊ အတိစိရံ၊ အလွန်ကြာမြင့်စွာ၊ သမိဥ္စေတွာဝါ၊ ခွေ၍သော်၎င်း၊ ပသာရေတွာဝါ၊ ဆန့်၍သော်၎င်း၊ ခင်ဗျားတို့တင်ပလ္လင်ခွေမထားဘူးလား ခွေထားသလား (ခွေထားပါတယ်ဘုရား) တရားအားထုတ်မှ မဟုတ်ဘူး၊ တင် ပ လ္လင် ခွေ ထား ရင် ဝေဒနာတွေက ပြင်းပြင်းထန်ထန်ဖြစ်တာဘဲ၊ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ညောင်းတာဘဲ၊ ကိုက်တာဘဲ၊ ဒါ ဒိဋ္ဌ ကင်း ရဲ့ လား (မကင်းပါဘုရား)

ဒါ့ကြောင့်အဲဒီဟာ၊သမိဥ္စေတွာဝါပသာရေတွာဝါ၊ အဖွင့်အတိုင်းမဖြစ်လာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) နောက် ဥဇုံကာယံ၊ အဖွင့်ကျတော့၊ သမိဥ္စေတွာဝါ၊ ခွေ၍သော်၎င်း၊ ပသာရေတွာဝါ၊ ဆန့်၍သော်၎င်း။

ဒီခါ၊ကြာကြာဆန့်ထားရင်လဲဘဲ တခါတလေ ဝိပဿနာရှုကွက်ကမမှန်တော့ ကိုက်လိုက်တာလို့ မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား) ဒိဋ္ဌိကင်းသလား (မကင်းပါဘုရား) ဉာဏ်တွေဝေဒနာလား၊ ငါ တွေ့ ဝေ ဒ နာ လား (ငါတွေ့ဝေဒနာပါဘုရား) အဲဒါငါတွေ့ဝေဒနာ ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)

သက္ကာယဒိဋ္ဌိ ပြုတ်ရဲ့လား (မပြုတ်ပါဘုရား) နာတယ်ထင်ရင် ဒိဋ္ဌိ၊ ညောင်းတယ် ကိုက်တယ်ထင်ရင်ဘာတုံး (ဒိဋ္ဌိ) ခံစားတဲ့သဘောက (ဝေဒနာပါဘုရား) ဝေဒနာက (ခံစားတဲ့သဘောပါဘုရား) လူတွေ သတ္တဝါတွေကို ခံစားတာလား အာရုံကိုခံစားတာလား (အာရုံကိုခံစားတာပါဘုရား) ချုပ်သဘောတရားတွေရဲ့ ဖေါက်ပြန်တဲ့သဘောကိုခံစားတာ။ မခံစားဘူးလား၊ ခံစားသလား (ခံစားပါတယ်ဘုရား) ခံစားတာကဘာတုံး (ဝေဒနာပါဘုရား) တကာ တကာမတွေ ဝေ ဒ နာ က မ္မ ဋ္ဌာန်း က မခက်ဘူးလား၊ ခက်သလား (ခက် ပါ တယ် ဘု ရား) ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က လူ့ပြည်မှာ ဝေဒနာကမ္မဋ္ဌာန်းကို ဟောတော့မယ်ဆိုရင် ရုပ်ကစပြီးဟောတာ၊ ဘာကစဟောတုံး (ရုပ်ကစဟောပါတယ်ဘုရား)

---

\+ မူလပဏ္ဏာသ၊ ဋ၊ ပ၊ နှာ ၂၆၈

ရုပ်နဲ့ဝေဒနာမကွဲသမျှ ဝေဒနာကမ္မဋ္ဌာန်း မှန်ပါ့မလား ( မမှန်ပါဘုရား ) ဟတ္ထပါဒေ၊ လက်ခြေတို့ကို၊အတိစီရံ၊ အလွန်ကြာမြင့်စွာ၊ သမိဥ္စတွာဝ ါ၊ ကွေး၍သော်၎င်း၊ ပသာရေတွာဝ ါ၊ ဆန့်၍သော်၎င်း၊ ဝေဒနာ၊ ဝေဒနာတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏၊ မ ဖြစ် ဘူး လား၊ ဖြစ် သ လား (ဖြစ် ပါ တယ် ဘု ရား) ဝေဒနာတွေဖြစ်လာတယ်။ အဲဒီဝေဒနာတွေ ဖြစ်လာတဲ့အခါကျတော့ ဝေဒနာကိုမရှုတတ်တော့ အဲဒီဝေဒနာကို နာတယ်လို့မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား) နာတယ်လို့ယူရင်ဒိဋ္ဌိ၊ ကိုက် တယ် ညောင်း တယ် လို့ ယူရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) ဝေဒနာရဲ့ခံစားတဲ့သဘောကို သူမမြင်မိတော့ဘူး၊ ဒီ ကရဇကာယရဲ့ ဖေါက်ပြန် တဲ့ သ ဘော ကို ခံစားတဲ့ ဝေဒနာဓါတ် ထိအောင် မရောက်တော့ နာတယ်လို့ ယူလိုက်။ ဘာလို့ ယူလိုက်တုံး (နာတယ်လို့ ယူလိုက်ပါတယ်ဘုရား)

အဲဒီဝေဒနာနောက်လိုက်ပြီး ကုန်အောင်ရှု ကုန်ပြီလား(မကုန်ပါ ဘုရား) အကြောင်းရှိရင် မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ် ဘုရား)ကုန်ခိုင်းလို့ ရရဲ့လား(မရပါ ဘုရား) ဝေဒနာကို ဘာလဲ အနတ္တတရားတဲ့၊ ဘာတရားတုံး (အနတ္တတရားပါ ဘုရား)ကုန်ခိုင်းလို့ ရရဲ့လား(မရပါ ဘုရား)ချုပ်ခိုင်းလို့ ရရဲ့လား(မရပါ ဘုရား)ဘာတရားတုံး(အနတ္တတရားပါ ဘုရား)ဒါကြောင့် ကြာကြာထိုင်လိုက်တဲ့အခါ ဟတ္ထပါဒေ၊ လက်ခြေတို့ကို။ အတိစီရံ၊ အလွန်ကြာမြင့်စွာ။ သမိဥ္စတွာဝ ါ၊ ခွေ၍သော်၎င်း။ ပသာရေတွာဝ ါ၊ ဆန့်၍သော်၎င်း။ ခဏ ခဏ၊ ခဏတိုင်း ခဏတိုင်း၊ ဝေဒနာ၊ ဝေဒနာတို့သည်။ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ အဲဒီဝေဒနာနောက်လိုက်ရင် တုန်တုန်ခိုက်ခိုက် လဲတာတို့ ဘာတို့မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ် ဘုရား)မပြင်းထန်လာဘူးလား ပြင်းထန်လာသလား (ပြင်းထန်လာပါတယ် ဘုရား) ပြင်းထန်လာတယ်၊ နောက် ရှုကွက် မှန်လို့လား မမှန်လို့လား(မမှန်လို့ပါဘုရား)

အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ဘာဖြစ်တုံး၊ တဿ၊ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်ခြင်းကို။ နလဘတိ၊ မရတော့ဘူး။ စိတ်တည်ကြည် သေးရဲ့လား(မဘည်ပါဘုရား) စိတ်မတည်တော့ သမာဓိ ရှိသေးရဲ့လား(မရှိပါဘုရား)သမာဓိ မရှိဘဲနဲ့ ဝေဒနာ တွေ့ပါ့မလား(မတွေ့ပါ ဘုရား) နာတာကြီး သွားယူလိုက်တာကိုး၊ ဘာသွားယူလိုက်တာတုံး(နာတာ သွားယူလိုက်တာပါ ဘုရား)နာတာ ကိုက်တာ ခဲတာကော မသိဘူးလား (သိပါတယ်ဘုရား)တရားထိုင်မှ မဟုတ်ဘူး၊ ခင်ဗျားတို့ ကြာကြာထိုင်ကြည့်စမ်း၊ တနေရာမှာနာတာ မဖြစ်လာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ် ဘုရား) ဒီဝေဒနာမျိုး မသိဘူးလား သိသလား (သိပါတယ် ဘုရား) ဝေဒနာဆိုတာ

တကာ တကာမတွေ ခံစားတဲ့သဘာဝထိအောင်သိရမှာ ဘာကို ခံစားတာတုံး (အာရုံကိုခံစားတာပါဘုရား)

နောက် ရုပ်ရဲ့ဖောက်ပြန်တဲ့သဘောကို ခံစားတာ သိတေနပိရုပ္ပတိ၊ ဥဏှေန ပိရုပ္ပတိ၊ ရုပ်ရဲ့ဖောက်ပြန်တဲ့သဘောကို ခံစားတာ ဘာတုံး(ဝေဒနာပါ ဘုရား) ရုပ်မှမသိဘဲနဲ့ ဝေဒနာသိနိုင်ပါ့မလား(မသိနိုင်ပါဘုရား)အဲဒါတကာ တကာမ တွေ မှတ်ချက်ချ။ ခဏော ခဏော၊ တော်တော်လေး ကြာလာသော အခါ၌။ ဋ္ဌိတဿ၊ တည်သော။ ကုလပုတ္တဿ၊ အမျိုးကောင်းသား အမျိုးကောင်းသမီး အား။ ဝေဒနာ၊ ပြင်းထန်တဲ့ ဝေဒနာသည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြလေကုန်၏။ အဲဒီလိုဖြစ်လာတဲ့အခါ၊ တဿ၊ထိုပုဂ္ဂိုလ်၏၊ စိတ္တံ၊စိတ်သည်။ ကေဂ္ဂ ၊တည်ကြည် ခြင်းကို။ နလဘတိ၊ မရတော့ဘူး။သမာဓိရှိသေးရဲ့လား(မရှိတော့ပါဘူးဘုရား) စိတ်တည်ကြည်သေးရဲ့လား(မတည်တော့ပါ ဘုရား)သမာဓိပျက်တော့ လဲသွား တယ်၊ မလဲဘူးလား လဲသလား(လဲသွားပါတယ် ဘုရား)သမာဓိ ဘာပြုလို့ပျက် တာတုံး(သတိမရှိလို့ပါ ဘုရား)သတိနဲ့ သမာဓိ ရှိသေးရဲ့လား (မရှိပါ ဘုရား) သတိနဲ့ သမာဓိမရှိတော့ လဲသွားတာတို့ တုန်တာတို့ဒါကမ္မဋ္ဌာန်းဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ပရိပတတိ၊ ပြိုကွဲပျက်စီးလေ တော့၏။ ကမ္မဋ္ဌာန်းမပျက်စီးဘူးလား ပျက်စီးသလား(ပျက်စီးပါတယ် ဘုရား) ကျမ်းဂန်က ဒီလိုပြပါတယ်။

ခင်ဗျားတို့ ရှု့ကွက်မှားသွားရင် ဒီအတိုင်းမဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါ တယ်ဘုရား)ကမ္မဋ္ဌာနံ၊ ဝေဒနာ ကမ္မဋ္ဌာန်းသည်။ ပရိပတတိ၊ ပြိုကွဲပျက်စီးလေ တော့၏။ ဝိသေသံ၊ တရားထူးတရားမြတ်ကို(ဝါ)ဝိသေသံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကို။ နာဓိဂစ္ဆတိ၊ မရနိုင်။ ရနိုင်ပါ့မလား (မရနိုင်ပါ ဘုရား)ရှု့ကွက်မှန်လို့လား မှားလို့လား(မှားလို့ပါ ဘုရား)အဲဒါ ဝေဒနာနဲ့ရုပ်နဲ့မကွဲလို့ ဘာနဲ့ဘာ မကွဲလို့တုံး(ဝေဒနာနဲ့ရုပ်နဲ့မကွဲလို့ပါဘုရား) ရှေးဦးစွာ ရုပ်ကိုနားလည်ရမယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် ဝေဒနာ ကမ္မဋ္ဌာန်းကို ဟောတော့မယ်ဆိုရင် ဘာကစဟောသလဲ (ရုပ်က စဟောပါတယ် ဘုရား)လူ့ပြည်မှာ နတ်ပြည်မှာဘော့ ဝေဒနာကမ္မဋ္ဌာန်းကို ဦးစားပေး ဟော ပါတယ်။

နောက် ခင်ဗျားတို့ ဝေဒနာကမ္မဋ္ဌာန်းဟာ မသိမ်မွေ့ဘူးလား သိမ်မွေ့ သလား(သိမ်မွေ့ပါတယ် ဘုရား)မနက်နဲဘူးလား နက်နဲသလား(နက်နဲပါတယ် ဘုရား)တကာ တကာမတွေ နားမလည်တဲ့ အခါကျတော့ ဒီဝေဒနာနောက် လိုက်သွားရင် ဒီအပိုင်းတွေ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်လာပါတယ်ဘုရား) ဒါကမ္မဋ္ဌာန်းဖြစ်ပါ့မလား(မဖြစ်ပါ ဘုရား)မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား

(မရနိုင်ပါဘူးဘုရား)ကျမ်းဂန်က သမိဝဥ္စီတော၊ ပသာရီတော၊ အဖွင့်။ ဥဇုံကာယံ အဖွင့်မှာ ဒီအတိုင်း ဆုံးဖြတ်ချက် ချမထားဘူးလား(ချထားပါတယ် ဘုရား) ဆုံးဖြတ်ချက် ချထားပါတယ်ဆိုတာ တကာ တကာမတွေ ဒီအတိုင်းမှတ်ချက်ချ၊ ဒါ့ကြောင့် ဝေဒနာဆိုတာ ဘာသဘောတုံး (ခံစားတဲ့ သဘောပါ ဘုရား) ဝေဒနာဆိုတာ အာနာပါနပဗ္ဗမှာ ဘယ်ဌာနမှာတုံး (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာ ရှိတာတုံး(ရှူတိုင်း ရှိုက်တိုင်းမှာပါဘုရား)ဒူးတွေ ပေါင်တွေက ဖော်တာလား ရုပ်သဘောက ဖော်တာလား(ရုပ်က ဖော်တာပါ ဘုရား)နှာသီး ဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘော မရှိဘူးလား ရှိသလား(ရှိပါ တယ်ဘုရား) ရှိနေတာ ဘာလို့ရှိ(ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးက ဖြစ် တာတုံး(ခုမှဖြစ်တာပါ ဘုရား )ရုပ်ဖြစ်လိုက်တာနဲ့တပြိုင်ထဲ ဝေဒနာကော မဖြစ် ဘူးလား ဖြစ်သလား (ဖြစ်ပါကယ် ဘုရား) ရှူတယ် တောက်လျှောက် ရရဲ့လား (မရပါဘုရား)နောက် ဝင်လေဖြစ်ပြန်ရော၊ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါ တယ်ဘုရား)

ခံသာလို့လား မခံသာလို့လား (မခံသာလို့ပါ ဘုရား)မခံသာတော့ ခံသာ သလို မနေဘူးလား နေသလား(နေပါတယ် ဘုရား) ခံသာတာတွေ မခံသာ တွေလုပ်မနေနဲ့၊ အဲဒီ့ သဘောဘာတုံး (ဝေဒနာပါ ဘုရား) ဣတိဝေဒနာ၊ ဣတိဝေဒနာလို့ ပါဠိတော်က ဒါဘဲရှိတယ်။ ဣတိ၊ ဤသဘောကား၊ ဝေဒနာ ဝေဒနာတည်း၊ ဝေဒနာဆိုတာ ဘယ်သဘော (ခံစားတဲ့ သဘောပါဘုရား) လူတွေသတ္တဝါတွေကိုခံစားတာလား အာရုံကို ခံစားတာလား(အာရုံကို ခံစား တာ ဘုရား)ဝေဒနာ တွေ့ပြီလား(တွေ့ပါပြီ ဘုရား) အဲဒီဝေဒနာကို ခန္ဓာဖွဲ့ လိုက်တော့ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါ ဘုရား)မရလာဘူးလား ရလာ သလား (ရလာပါတယ် ဘုရား)ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ ခန္ဓာ(နှစ်)ပါး ရလာ တယ်၊ တကာ တကာမတွေ သတိထားပါ၊ ရှူရင် ရှူတယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)ရှိုက်ရင် ရှိုက်တယ်လို့ မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား) လူကမှတ်တာလား သညာ သဘောလား(သညာသဘောပါဘုရား)

အဲဒီသညာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(သညာက္ခန္ဓာပါဘုရား)ခန္ဓာ ဘယ်နှစ်ပါးရလာတုံး (သုံးပါးပါ ဘုရား )ဆိုကြည့်စမ်း၊ ရူပက္ခန္ဓာ ဝေနာက္ခန္ဓာ သညာက္ခန္ဓာ တကာ တကာမတွေ ရှူလိုတာ မရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား)ရှိုက်လိုတာကော မရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)ရှူလို ရှိုက်လို တာ လူလား စေတနာလား (စေတနာပါဘုရား)အဲဒီစေတနာကို ခန္ဓာဖွဲ့လိုက် တော့ ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါ ဘုရား) မရလာဘူးလား (ရလာပါတယ် ဘုရား)ရှူရင်ရှူတယ်လို့ မသိဘူးလား(သိပါတယ်ဘုရား)ရှိုက်ရင် ရှိုက်တယ်လို့

မသိဘူးလား(သိပါတယ်ဘုရား)လူက သိတာလား စိတ်က သိတာလား (စိတ်က သိတာပါဘုရား)အဲဒီစိတ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ဝိညာဏက္ခန္ဓာပါ ဘုရား)ခန္ဓာဘယ်နှစ်ပါးတုံး(ငါးပါးပါဘုရား)ငါးပါးက ဆိုစမ်းပါ(ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပါ ဘုရား) ဘယ်ဌာန မှာတုံး(နှာသီးဖျားမှာပါ ဘုရား)ဘယ်အချိန်မှာတုံး (ရှူတိုင်း ရှိုက်တိုင်းမှာပါ ဘုရား)ရှူတာ ရှိရဲ့လား(မရှိပါဘုရား)ရှိတာဘာတုံး (ခန္ဓာငါးပါးပါ ဘုရား) ရှူတာ ရှိုက်တာရှိရဲ့လား(မရှိပါ ဘုရား)ဘာရှိတုံး(ခန္ဓာငါးပါးပါ ဘုရား)ခန္ဓာ ငါးပါးသည် သက္ကာယ၊ ခန္ဓာငါးပါးသည် ဘာတရားလဲ(သက္ကာယပါ ဘုရား) ဘာ့ကြောင့် သက္ကာယတရားလို့ ခေါ်သလဲ (ထင်ရှားရှိလို့ပါ ဘုရား)သန္တော ကာယော သက္ကာယောတဲ့။ မရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား)ဘယ် အချိန်မှာ ရှိနေတာတုံး (ရှူတိုင်း ရှိုက်တိုင်းမှာပါ ဘုရား)နှာသီးဖျားမှာ ခန္ဓာ ငါးပါးမရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)မျက်မြင်ခန္ဓာလား ဉာဏ်မြင် ခန္ဓာလား(ဉာဏ်မြင်ခန္ဓာပါ ဘုရား)မျက်မြင်ခန္ဓာ ရှုရမှာလား ဉာဏ်မြင်ခန္ဓာ ရှုရမှာလား(ဉာဏ်မြင်ခန္ဓာ ရှုရမှာပါ ဘုရား)တကာ တကာမတွေ့ ခန္ဓာမတွေ့ ဘူးလား တွေ့သလား(တွေ့ပါတယ် ဘုရား)လူနဲ့တွေ့တာလား ဉာဏ်နဲ့တွေ့တာ လား(ဉာဏ်နဲ့တွေ့တာပါဘုရား)ခန္ဓာရှိရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ် နေလို့ပါဘုရား)

ဘယ်တုံးက ဖြစ်တာတုံး(ခုမှဖြစ်တာပါ ဘုရား) ဒါ့ကြောင့် ရှူတဲ့အခါ(ခုမှ ဖြစ်တဲ့ ခန္ဓာငါးပါး ရှိုက်တဲ့အခါကော ခုမှဖြစ်တဲ့ ခန္ဓာငါးပါး အဲဒီလို ရှူတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပ ပရိစ္ဆေဒဉာဏ်ပါ ဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါ ဘုရား)ပရိညာ အားဖြင့် (ဉာတပရိညာပါ ဘုရား) ရှူလို့ မရ ဘူးလား ရသလား (ရပါတယ် ဘုရား)ခန္ဓာငါးပါး ဖြစ်တာကို ရှူတယ် ခန္ဓာ ငါးပါးဖြစ်တာကို ရှိုက်တယ် ခေါ်နေတယ်၊ ရှူတာ ရှိုက်တာ ရှိရဲ့လား(မရှိပါ ဘုရား)ရှိတာဘာတုံး(ခန္ဓာငါးပါးပါ ဘုရား)ခန္ဓာကွဲပြီလား(ကွဲပါပြီ ဘုရား) အာနာပါန အာရုံနဲ့ကွဲရတာ ဒီအတ္တဘောကြီးထဲ ကွဲတာလား၊ အာနာပါန အာရုံထဲကွဲတာလား(အာနာပါန အာရုံထဲကွဲတာပါ ဘုရား)အတ္တဘောကြီးက မြင်ရတယ်ဗျ၊ ဒီအာနာပါနအာရုံက မြင်ရရဲ့လား(မမြင်ရပါ ဘုရား)လက်တွေ ခြေတွေပါရဲ့လား(မပါပါ ဘုရား)

အတ္တဘောကြီးကလက်တွေခြေတွေနဲ့ မျက်မြင်ခန္ဓာကိုဝိပဿနာရှုလို့ရရဲ့လား (မရပါဘုရား)ဘာခန္ဓာကို ရှုရမှာလဲ(ဉာဏ်မြင်ခန္ဓာကို ရှုရမှာပါ ဘုရား) ယခု ခင်ဗျားတို့ ဒီဉာဏ်မြင်ခန္ဓာ မျက်လုံးနဲ့ မြင်ရရဲ့လား(မမြင်ရပါ ဘုရား)ဉာဏ်နဲ့

ကျတော့ ခင်ဗျားတို့ မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါတယ် ဘုရား)ဉာဏ်ထဲမှာရှင်းသွားရင် အဲဒါဘာရားသိတာဘဲတရားရတာဘဲ ဒါ့ကြောင့် ရှုတဲ့အခါ (ခုမှဖြစ်တဲ့ ခန္ဓာငါးပါး ခုမှဖြစ်တဲ့ ခန္ဓာငါးပါး) ရှိုက်တဲ့အခါလဲ (ခုမှဖြစ်တဲ့ ခန္ဓာငါးပါး ခုမှဖြစ်တဲ့ခန္ဓာငါးပါး)အဲဒီလို ရှုခိုက်မှာ လောဘတွေ ဒေါသတွေမငြိမ်းဘူးလား ငြိမ်းသလား(ငြိမ်းပါတယ် ဘုရား)အမှန် ရှုလို့လား အမှားရှုလို့လား (အမှန်ရှုလို့ပါ ဘုရား) အမှန်သိရင် သမ္မာဒိဋ္ဌိလား မိစ္ဆာဒိဋ္ဌိလား(သမ္မာဒိဋ္ဌိပါ ဘုရား)ဘာကို ရှုနေလို့တုံး(ခန္ဓာငါးပါးကို ရှုနေလို့ပါ ဘုရား)ဘယ်အချိန်မှာ ရှုတာတုံး( ရှုတိုင်း ရှိုက်တိုင်းမှာပါ ဘုရား) ရှုတိုင်း ရှိုက်တိုင်းမှာ လူတွေသတ္တဝါတွေ ဖြစ်နေတာလား ခန္ဓာငါးပါး ဖြစ်နေတာလား (ခန္ဓာငါးပါးဖြစ်နေတာပါ ဘုရား)

ခန္ဓာငါးပါးသည် သက္ကာယတရား၊ ဘာပြုလို့ သက္ကာယခေါ်တာတုံး(ထင်ရှား ရှိရှိနေလို့ပါ ဘုရား)ရှုတယ် ရှိုက်တယ်ထင်ရင် ဘာတုံး(ဒိဋ္ဌိပါ ဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါထင်ရင် ဘာတုံး(ဒိဋ္ဌိပါ ဘုရား)ပေါင်းလိုက်တော့ (သက္ကာယဒိဋ္ဌိပါ ဘုရား) ဘာရလာတာတုံး (သက္ကာယဒိဋ္ဌိပါ ဘုရား) အခုလို ခန္ဓာငါးပါးရှုခိုက်မှာ သက္ကာယဒိဋ္ဌိ လာသေးရဲ့လား(မလာတော့ပါဘူး ဘုရား)ဒါ့ကြောင့် ခန္ဓာငါးပါးနဲ့ သက္ကာယဒိဋ္ဌိ ကွဲပါစေ၊ ဘယ်အချိန်မှာ ကွဲရမှာတုံး( ရှုတိုင်း ရှိုက်တိုင်းမှာပါ ဘုရား)ဒါ့ကြောင့် ရှုတဲ့အခါ ခန္ဓာငါးပါးနဲ့ သက္ကာယဒိဋ္ဌိကွဲပြီးတော့ ရှုပါ၊ ရှိုက်တဲ့အခါမှာလဲ ခင်ဗျားတို့ ခန္ဓာငါးပါးနဲ့ သက္ကာယဒိဋ္ဌိကွဲပြီးတော့ ရှိုက်ပါ၊ဒါမှသက္ကာယဒိဋ္ဌိပြုတ်မှာကိုဗျ၊ ဒီလိုခင်ဗျားတို့ မရှုတတ် မရှိုက်တတ်ရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား (မပြုတ်ပါဘူး ဘုရား) ခင်ဗျားတို့ မြတ်စွာဘုရားဟသင်ပေးနေတာဘာတုံး(ရှိုက်တတ်အောင် သင်ပေးနေတာ)ဒီနေရာ သဘောပေါက်ရင် ကျန်တဲ့နေရာသဘောမပေါက်နိုင်ဘူးလား ပေါက်နိုင်သလား (ပေါက်နိုင်ပါတယ် ဘုရား)ဒါ့ကြောင့် သတိထားလိုက် ရှုတိုင်း ရှိုက်တိုင်းမှာ ဘာနဲ့ဘာ ကွဲရမှာတုံး(ခန္ဓာငါးပါး သက္ကာယနဲ့ ဒိဋ္ဌိကွဲရမှာပါဘုရား) တနည်းဘာတုံး (သက္ကာယနဲ့ ဒိဋ္ဌိကွဲရမယ်) ခန္ဓာငါးပါးသည် ဘာတုံး(သက္ကာယပါဘုရား) ရှုတယ် ရှိုက်တယ်ထင်ရင် ဘာတုံး( ဒိဋ္ဌိပါ ဘုရား) ဒီလိုဆိုတော့ ကွဲမသွားဘူးလား ကွဲသွားသလား(ကွဲသွားပါတယ် ဘုရား)

နောက်တဆင့်တက်ကြစို့၊ တို့တကာ တကာမတွေ သတိထားလိုက်၊ နောက်တချက်က သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ ဘာလက္ခဏာနဲ့ ဘာလက္ခဏာတုံး(သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာပါ ဘုရား) ဒီခန္ဓာငါးပါး ခွဲရမှာ သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာမကွဲရင် မဂ်ဖောမကျနိုင်၊ မကွဲရဘူးလား ကွဲရမှာလား(ကွဲရမှာပါ ဘုရား)သဘာဝလက္ခဏာဆိုတာ တကာ တကာမတွေ

မိမိခန္ဓာမှာရှိတာလား သူတပါး ခန္ဓာမှာ ရှိတာလား (မိမိခန္ဓာမှာ ရှိတာပါဘုရား) သဘာဝလက္ခဏာဆိုတာဘာလဲဆိုတော့ နှာသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့ လေသဘောမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) အဲဒီလေဟာ လူလား ရုပ်လား(ရုပ်ပါဘုရား)

ရုပ်ကဖေါက်ပြန်တဲ့သဘောရှိတယ်၊ဘာသဘောရှိတုံး(ဖေါက်ပြန်တဲ့သဘောရှိပါတယ်ဘုရား) ဖေါက်ပြန်နေတဲ့လက္ခဏာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရုပ်က ဖေါက်ပြန်တဲ့သဘောသဘာဝလက္ခဏာ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)

အဲဒီ ဖေါက်ပြန်တဲ့သဘောကို လူက ခံစားတာလား၊ ဝေဒနာက ခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား) ဝေဒနာက ခံစားတဲ့သဘော တူရဲ့လား (မတူပါဘုရား)

ရုပ်နဲ့ဝေဒနာတူရဲ့လား (မတူပါဘုရား) ရုပ်ကဖေါက်ပြန်မယ်၊ ဝေဒနာက ဘာတုံး (ခံစားပါမယ်ဘုရား) အဲဒါ သဘာဝလက္ခဏာဘဲ၊ တူရဲ့လား (မတူပါဘုရား) မတူလို့ တကာတကာမတွေ့ သတိထားလို့ ပြောတာ။

ရှုရင်ရှုတယ်လို့ မမှတ်ဘူးလား၊ မှတ်သလား (မှတ်ပါတယ်ဘုရား) ရှိုက်ရင် ရှိုက်တယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) လူက မှတ်တာလား၊ သညာသဘောလား (သညာသဘောပါ ဘုရား) သညာက မှတ်တဲ့သဘော။ သညာက ဘာသဘောတုံး (မှတ်တဲ့သဘောပါဘုရား) တူရဲ့လား (မတူပါဘုရား)

ရုပ် ဝေဒနာ သညာ သဘာဝ လက္ခဏာခြင်း တူရဲ့လား (မ တူ ပါ ဘု ရား) သဘာဝလက္ခဏာခြင်းမတူဘူး။ စေတနာက စေ့ဆော်တဲ့သဘော၊ စေတနာက ဘာသဘောတုံး (စေ့ဆော်တဲ့သဘောပါဘုရား) စေတနာကိုခန္ဓာဖွဲ့လိုက်တော့ သင်္ခါရက္ခန္ဓာ။ဘာခန္ဓာတုံး(သင်္ခါရက္ခန္ဓာပါဘုရား)

တူရဲ့လား (မတူပါဘုရား) ဝိညာဏ်ကဘာတုံး၊ သိတဲ့သဘော၊ ဝိညာဏ်က ဘာတုံး (သိတဲ့သဘောပါဘုရား) သဘောခြင်းမတူတဲ့တရားငါးပါး။ သဘောခြင်းတူရဲ့လား(မတူပါဘုရား)

သဘောခြင်းမတူတဲ့တရားဘယ်နှစ်ပါးတုံး(ငါးပါးပါဘုရား)ငါးပါးကဘာတုံး(ရုပ် ဝေဒနာ သညာ စေတနာ ဝိညာဏ်ပါဘုရား)တူရဲ့လား(မတူပါဘုရား) သဘောခြင်းမတူတဲ့ ဝါဒခြင်းမတူတဲ့ ယုံကြည်ချက်ခြင်းကောတူရဲ့လား(မတူပါဘုရား)

သဘောခြင်း ဝါဒခြင်းမတူတဲ့ လူငါးယောက်၊ ခင်ဗျားတို့ ခန္ဓာမှာလား၊ သူတပါး ခန္ဓာမှာလား (တပည့်တော်တို့ခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာ မရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား) သဘောလက္ခဏာခြင်းမတူတဲ့ တရားငါးပ ါး ဟာ စာအုပ်တွေဘောတွေထဲမှာလား မိမိခန္ဓာထဲမှာလား(ခန္ဓာထဲမှာပါဘုရား)

ခန္ဓာထဲမှာဘာယ်သဘောတွေတုံး(ရုပ် ဝေဒနာ သညာ စေတနာ ဝိညာဏ်ပါဘုရား)မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)တူရဲ့လား(မတူပါဘုရား)

ရုပ်က ဖေါက်ပြန်မယ်၊ ဝေဒနာကဘာတုံး ခံစားမယ်။ ဒီငါးဦး အဆင်ပြေအောင် ခင်ဗျားတို့ ပေါင်းနေရတာဗျ။ မပေါင်းရဘူးလား၊ ပေါင်းရသလား(ပေါင်းရပါတယ်ဘုရား) ဒါကြောင့် မသက်သာသူတို့ မငြိုငြင်အောင် ခင်ဗျားတို့ နေ့တိုင်းနေ့တိုင်း လုပ်မနေဘူးလား၊လုပ်နေသလား(လုပ်နေရပါတယ်ဘုရား) ရှုပြီးရင်ဘာလုပ်ပြန်ရတုံး (ရှိက်ရပါတယ်ဘုရား) ရှိုက်ပြီးရင် ဘာလုပ်ရပြန်တုံး (ရှူရပါတယ်ဘုရား)

ငြိမ်ငြိမ်နေလို့ရရဲ့လား(မနေရပါဘုရား) သူတို့ချင်းညီညွတ်အောင် လုပ်ပေးနေရတယ်၊ ရုပ်က ဖေါက်ပြန်မယ်၊ ဝေဒနာကဘာတုံး (ခံစားပါမယ်ဘုရား) သညာကမှတ်မယ်။စေတနာကစေ့ဆော်မယ်။ဝိညာဏ်ကသိမယ်။တူရဲ့လား(မတူပါဘုရား)

အဲဒီတော့ မတူတဲ့ခန္ဓာငါးပါး၊ ဝါဒခြင်းမတူတဲ့ခန္ဓာငါးပါးကို ခင်ဗျားတို့ အချိန်တိုင်းအချိန်တိုင်း မပြုပြင်ဘူးလား၊ပြုပြင်နေရသလား(ပြုပြင်နေရပါတယ်ဘုရား)ငြိမ်ငြိမ်နေရသလား(မနေရပါဘုရား)

ဒါကြောင့် အာသီဝိသောပမသုတ်မှာ ကာလေန ကာလံ ဝုဋ္ဌါပေတဗ္ဗာ။ ကာလေနကာလံ နှာပေတဗ္ဗာ၊ ကာလေန ကာလံ ဘောဇေတဗ္ဗာ၊ ကာလေန ကာလံ၊ သံဝါသေတဗ္ဗာ။ ဒီလိုဟောမထားဘူးလား၊ ဟောထားသလား (ဟောထားပါတယ်ဘုရား)

ကာလေနကာလံ သင့်လျော်သောအခါ၌၊ ဝုဋ္ဌါပေတဗ္ဗာ၊ထစေအပ်၏။ အိပ်ယာကထချိန်တန်မထရဘူးလား၊ ထရသလား(ထရပါတယ်ဘုရား)ထပေးရတာဘဲ၊ ဒီခန္ဓာငါးပါးကြောင့် ဘယ်သူ့ကြောင့်လဲ(ဒီခန္ဓာငါးပါးကြောင့်ပါဘုရား)

ဒီခန္ဓာငါးပါး မရှိရင် ဒါတွေ လုပ်နေစရာ လိုသေးသလား (မလိုတော့ပါဘုရား) ကာလေနကာလံ၊ သင့်လျော်သောအခါ၌၊ နှာပေတဗ္ဗာ၊ ရေချိုးစေအပ်၏။ ရေချိုးချိန်ကျတော့ ရေချိုးပေးရတယ်၊ ပူတယ်ဆိုလို့ရှိရင် ဘာ လုပ် ရ တုံး (ရေချိုးပေးရပါတယ်ဘုရား)ချမ်းတယ်ဆိုရင်ဘာတုံး၊ စောင်တွေ ခြုံမပေးရဘူးလား(ခြုံရပါတယ်ဘုရား)

နောက် ငြိမ်ငြိမ်နေလို့ရရဲ့လား (မနေရပါဘုရား) တူမှမတူတာကိုးဗျ၊ ဟိုက ဖေါက်ပြန်လိုက်၊ ဒီကဖေါက်ပြန်လိုက်၊ ရုပ်ကဖေါက်ပြန်မယ်၊ ဝေဒနာကခံစားမယ်၊ သူတို့ချင်းညီညွတ်သလား၊ မညီညွတ်ဘူးလား(မညီညွတ်ပါဘုရား)

အဲဒါကြောင့် ခင်ဗျားတို့ မသက်သာတာ၊ သက်သာရဲ့လား(မသက်သာပါဘုရား) ကာလေနကာလံ သင့်လျော်သောအခါ၌၊ နှာပေတဗ္ဗာ၊ ရေချိုးစေအပ်၏၊ ကာလေနကာလံ သင့်သောအခါ၌၊ ဘောဇေတဗ္ဗာ၊ ကျွေးမွေးစေအပ်၏။

အချိန်တန်မစားရဘူးလား၊ စားရသလား(စားရပါတယ်ဘုရား) ဘာကြောင့်လဲ (ခန္ဓာငါးပါးကြောင့်ပါဘုရား)မညီညွတ်တဲ့လူငါးယောက်ရှိနေလို့၊ ညီညွတ်တဲ့ လူလား၊ မညီညွတ်တဲ့ လူလား (မညီညွတ်တဲ့ လူပါဘုရား) မ ညီ ညွတ် တဲ့ လူ ငါး ယောက် က ဘယ် သူ တွေ တုံး (ရုပ်ဝေဒနာ သညာ စေတနာ ဝိညာဏ်ပါ ဘုရား) ညီညွတ်ကြရဲ့လား (မညီညွတ်ပါ ဘုရား) မညီညွတ်တော့ ခင်ဗျားတို့ ငြိမ်ငြိမ်နေရရဲ့လား (မနေရပါဘုရား) နောက် ထချိန်ထပေးရတယ်၊ရေချိုးတန် ရေချိုးပေးရတယ်၊ စားချိန်တန်စားပေးရတယ်၊ ကာလေန ကာလံ၊ သင့်လျော် သောအခါ၌၊ဘောဇေတဗ္ဗာ၊ကျွေးမွေးစေအပ်၏၊ ကာလေနကာလံ၊ သင့်လျော် သောအခါ၌၊ သံဝသေတဗ္ဗာ၊ အိပ်စေအပ်၏၊ အိပ်ချိန်တန်အိပ်ပေးရပြန်ပြီ၊

ဘယ်သူ့ကြောင့်လဲ ခန္ဓာငါးပါးကြောင့် တူလို့လား၊မတူလို့လား(မတူလို့ ပါဘုရား) ဝါဒမတူတဲ့ ခန္ဓာငါးပါး၊ မိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား)ဒီမတူတဲ့လူနဲ့ မတူတဲ့ခန္ဓာငါးပါး၊ ခင်ဗျားတို့မရထားဘူး လား၊ ရထားသလား(ရထားပါတယ်ဘုရား) မရှိဘူးလား၊ ရှိသလား(ရှိပါတယ် ဘုရား)

ဘယ်အချိန်မှာ ရှိနေတာတုံး (ရှူတိုင်း ရှိုက်တိုင်းမှာပါ ဘုရား) အချိန်တိုင်း အချိန်တိုင်းမှာ ရှိနေတယ်ဆိုတာ ငြင်းလို့ရရဲ့လား (ငြင်းလို့မရပါဘုရား) ရှိတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)

ခန္ဓာငါးပါး ဖြစ်တာကို ငါလို့ခေါ်တာကိုးဗျ။ ငါဆိုတာ ရှိရဲ့လား (မရှိပါ ဘုရား)ရှိတာကဘာတုံး ခန္ဓာငါးပါးဖြစ်တာဘဲရှိတယ်၊ ဒီခန္ဓာငါးပါးရှိနေတာ ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ် တာပါဘုရား) ရှူတဲ့အခါ ခုမှဖြစ်တဲ့ခန္ဓာငါးပါး၊ ရှိုက်တဲ့အခါ ခုမှဖြစ်တဲ့ခန္ဓာ ငါးပါး။

လူ့ဘဝ ရရပါလိုက်၍လို့ ခင်ဗျားတို့ ဆုတောင်းတာဘာရတုံး (ခန္ဓာငါးပါးရ မှာပါဘုရား)နတ်ဘဝရရပါလိုက်၍လို့ ဆုတောင်းရင်ကော ဒီခန္ဓာငါးပါးဘဲ ရမှာ ပါဘဲဘုရား)

မညီညွတ်တဲ့လူငါးယောက်ရမှာဘဲ။ ဒုက္ခမများဘူးလား၊ များသလား (များ ပါတယ်ဘုရား) ငြိမ်ငြိမ်မနေရဘူးလား၊ နေရသလား (မနေရပါဘုရား)

ရေချိုးပေးရစာပေးရဖေါက်ပြန်နေတာ။ ဒီသဘောတွေခံစားတာလူကခံစား တာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာကခံစားတာပါဘုရား)မထင်ရှား ဘူးလား၊ ထင်ရှားသလား ( ထင်ရှားပါတယ်ဘုရား ) နာတာ ကိုက်တာလား၊ (မဟုတ်ပါဘုရား) တကာ တကာမတွေ ကွဲကွဲပြားပြားရှူကြပါ၊ ကွဲကွဲပြားပြား ရှိုက်ကြပါ။ အဲဒါက သဘာဝလက္ခဏာ၊ ဘာလက္ခဏာတုံး (သဘာဝလက္ခဏာ

ပါဘုရား) ရုပ်ကဖေါက်ပြန်တဲ့လက္ခဏာ၊ ဝေဒနာကခံစားတဲ့လက္ခဏာ၊ သညာက မှတ်သားတဲ့လက္ခဏာ၊ စေတနာက စေ့ဆော်တဲ့လက္ခဏာ၊ ဝိညာဏ်က သိတဲ့လက္ခဏာ၊ ဒါသဘာဝလက္ခဏာဘဲ၊ နောက်သာမညလက္ခဏာ။

သာမညလက္ခဏာဆိုတာ တကာတကာမတွေ့ သတိထားလိုက်ပါ။ သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာမကွဲရင် မဂ်ဇောမကျနိုင်ဘူး၊ ဘာမကျနိုင်တာတုံး ( မဂ်ဇောမကျနိုင်တာပါဘုရား ) ဒါ့ကြောင့် သတိထားလိုက်၊ နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေသဘော၊ မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒါရုပ်ရဲ့အနိစ္စ၊ ရုပ်အနိစ္စ၊ နောက်ရှူတဲ့အခါမှာ ခံသာတဲ့သဘော၊ မခံသာတဲ့သဘော၊ လူလား၊ ဝေဒနာလား (ဝေဒနာပါဘုရား) ဒီဝေဒနာ မရှိဘူးလား၊ ရှိသလား (ရှိနေပါတယ်ဘုရား) ရှိနေတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စကျတော့ လာတူတယ်နော်၊ ရုပ်ကကော အနိစ္စ၊ ဝေဒနာကကော အနိစ္စ၊ တရားသဘောခြင်းကောတူရဲ့လား (မတူပါဘုရား) သဘာဝလက္ခဏာကမတူ၊ သာမညလက္ခဏာကျတော့တူတယ်၊ ခန္ဓာဆိုတာ အပေါင်းကိုဗျ။

ခန္ဓာအမည် မရဘူးလား ရသလား (ရပါတယ်ဘုရား) ရုပ်နောက်ကကော၊ ဝေဒနာနောက်ကကော (ခန္ဓာပါဘုရား) သညာနောက်ကကော ခန္ဓာ၊ သင်္ခါရနောက်ကကော ခန္ဓာ၊ ဝိညာဏ်နောက်ကကော (ခန္ဓာပါဘုရား) လာပြီးမတူဘူးလား၊ တူသလား (တူပါတယ်ဘုရား) ခန္ဓာကျတော့ တူတူသွားတယ်။ အနိစ္စလဲတူတယ်၊ ဘာတူတုံး (အနိစ္စပါဘုရား) မှတ်သားမှုကောမရှိဘူးလား (ရှိပါတယ်ဘုရား) ရှိရှိနေတာ ဘာလို့ရှိရှိနေတာတုံး ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) မြဲလို့လား (မမြဲလို့ပါဘုရား)

နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) မပေါင်းဘူးလား၊ ပေါင်းသလား (ပေါင်းပါတယ်ဘုရား) ဘယ်မှာသွားပေါင်းတာလဲ (အနိစ္စမှာ သွားပေါင်းပါတယ်ဘုရား) ရှေ့ကသဘောခြင်းကတော့ တူရဲ့လား (မတူပါဘုရား) ခန္ဓာရဲ့သဒ္ဒါက အပေါင်း၊ ဘယ်လိုပေါင်းသလဲ၊ အနိစ္စမှာ လာလာပေါင်းတယ်။ ရုပ်ကလဲအနိစ္စ၊ ဝေဒနာကော အနိစ္စ၊ သညာကော အနိစ္စ၊

အော်-ဤလိုပြုချင်တယ်ဆိုတဲ့ စေတနာလေး မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီး ဘယ်ရောက်

သွားတုံး (ပျက်သွားပါတယ်ဘုရား) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) ဟော အနိစ္စ ကျ လာ တူ တယ်။ အ နိ စ္စ ကျ တော့ လာ မ ပေ ါင်း ဘူး လား၊ ပေါင်းသလား (ပေါင်းပါတယ်ဘုရား) အနိစ္စမှာ လာပေါင်းခြင်းကြောင့် ဘာ တုံး (ခန္ဓာပါဘုရား) ခန္ဓာအမည်ရတယ်၊ မ ရ ဘူး လား၊ ရသလား (ရပါတယ် ဘုရား)

ရုပ်ကလဲ အနိစ္စကျတော့ လာလာပေါင်းတယ်၊ ဝေဒနာကလဲအနိစ္စ၊ သညာ ကလဲ အနိစ္စ၊ သင်္ခါရကလဲအနိစ္စ၊ ဝိညာဏ်ကကော (အနိစ္စပါဘုရား) အနိစ္စသည် သာမညလက္ခဏာ၊ ဘာလက္ခဏာတုံး (သာမညလက္ခဏာပါဘုရား) ရုပ်၊ဝေဒနာ သညာ၊ စေတနာ၊ ဝိညာဏ်ကဘာတုံး (သဘာဝလက္ခဏာပါဘုရား) အနိစ္စက ဘာတုံး (သာမညလက္ခဏာပါဘုရား) မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)

တကာတကာမတွေကို ဥပမာပြောပါ့မယ်၊ ပြောခဲ့ပေါင်းလဲများပါပြီ၊ ဒီမြို့ ထဲမှာဆိုရင် တအိမ်နဲ့တအိမ် နေတာ ထိုင်တာခြင်း တူရဲ့လား ( မတူပါဘုရား ) နောက် နေပုံထိုင်ပုံခြင်းကော တူရဲ့လား (မတူပါဘုရား) သဘာဝလက္ခဏာခြင်း တူရဲ့လား (မတူပါဘုရား)

သေကြည့်စမ်း၊ ဘယ်သွားပေါင်းတုံး(သင်းချိုင်းသွားပေါင်းပါတယ်ဘုရား) ချမ်းသာတဲ့လူကော ဘယ်ရောက်မှာတုံး (သင်းချိုင်းရောက်မှာပါဘုရား)ဆင်းရဲ တဲ့လူကောဘယ်သွားပေါင်းမှာတုံး(သင်းချိုင်းမှာပေါင်းမှာပါဘုရား)

သင် ချိုင်း ကျ တော့ သွား တူ တယ်။ မတူဘူးလား တူသလား (တူပါတယ် ဘုရား) သဘာဝကျတော့တူရဲ့လား (မတူပါဘုရား) သေ တဲ့ အ ခါ ကျ တော့ အခေါင်းပြင်ရတာခြင်းတူတယ်၊ နောက် သင်းချိုင်းကျတော့ သွားသွားပေါင်း တယ်။ချမ်းသာတဲ့လူကောသင်းချိုင်းရောက်တာဘဲ၊ ဆင်းရဲတဲ့လူကော သင်ချိုင်း ရောက်တာဘဲဗျ။ ခန္ဓာငါးပါးရှိတဲ့ပုဂ္ဂိုလ်ဆိုရင် အပျက်ချည်းဘဲ။ အ ပျက် ကျ လာမပေါင်းဘူးလား၊ ပေါင်းသလား (ပေါင်းပါတယ်ဘုရား) အနိစ္စကျ သွား သွားပေါင်းတယ်။ ခင်ဗျားတို့ဘယ်လိုဘဲ သဘာဝလက္ခဏာ မတူပေမဲ့ သာမည လက္ခဏာကျတော့တူပါတယ်။ ဒါကြောင့် ငါနဲ့မတူဘူး မတန်ဘူးလို့ မလုပ်ပါနဲ့ တော့။ လုပ်စရာလိုသေးရဲ့လား (မလိုပါဘုရား) သေတဲ့အခါကျတော့အတူတူ၊ အခေါင်းထဲသွားရတာဘဲ၊ မသွားရဘူးလား၊ သွားရသလား (သွားရပါတယ် ဘုရား) မြေမြှုတ်ခံရတယ်၊ မပေါင်းဘူးလား၊ ပေါင်းသလား (ပေါင်းသွားပါ တယ်ဘုရား)

ဆင်းရဲသားကော၊ ချမ်းသာတဲ့လူကော၊ မင်းရောစိုးရော၊ဒီနေရာမှာမပေါင်း ဘူးလား၊ ပေါင်း သ လား (ပေါင်းပါတယ်ဘုရား) အဲဒါ သာမညလက္ခဏာနဲ့ တူတယ်၊ ဘာလက္ခဏာ (သာမညလက္ခဏာပါဘုရား) နောက် တကာ တကာမ

တွေ့ခန္ဓာငါးပါးဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) အပျက်ကျတော့သွားပေါင်းတယ်။ ပျက်ရင်ကုန်ပါတော့လား (မကုန်ပါဘုရား) (နောက်ထပ် အသစ်အသစ် ဖြစ်ဖြစ်နေလို့ပါဘုရား) အသစ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲကျတော့ တူပြန်ရော၊ နောက်ရုပ်အသစ်ဖြစ်တာလဲဆင်းရဲတာဘဲ၊ ဝေဒနာအသစ်ဖြစ်ရင်ကော (ဆင်းရဲပါတယ်ဘုရား) သညာအသစ်ဖြစ်ရင်ကော (ဆင်းရဲပါတယ်ဘုရား) စေတနာအသစ်ဖြစ်ရင်၊ ဝိညာဏ်အသစ်ဖြစ်ရင်ကော (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာကျတော့တူတယ်၊ နောက်အနိစ္စတူတယ်၊ ဒုက္ခတူတယ်၊ သဘောခြင်းတော့တူရဲ့လား (မတူပါဘုရား) မတူတာကဘာလက္ခဏာတုံး(သဘာဝလက္ခဏာပါဘုရား) နောက်ပိုင်း တူတူနေတာက ဘာလက္ခဏာလဲ (သာမညလက္ခဏာပါဘုရား)

မဖြစ်နဲ့ မပျက်နဲ့လို့တားကြည့်စမ်း၊ တားလို့ရရဲ့လား (မရပါဘုရား) ဝေဒနာကော တား လို့ ရ ရဲ့ လား ( မရပါဘုရား ) နောက် သညာ၊ သင်္ခါရ၊ ဝိညာဏ် သဘောကော တားလို့ရရဲ့လား (မရပါဘုရား) တားမရတာခြင်းကော တူမနေဘူးလား (တူနေပါတယ်ဘုရား) အနတ္တတူတယ်။ ဒါ့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကျတော့ သွားပေါင်းတယ်။ ဘယ်လိုဘဲသူတို့ချင်း ဝါဒခြင်းမတူတူ၊ ရုပ်၊ ဝေဒနာ သညာ၊ စေတနာ၊ ဝိညာဏ်တွေမတူတူ၊ အဖြစ်ကျတော့တူတယ်၊ အ ပျက် ကျတော့ တူပြန်ပြီ။ အဖြစ်နဲ့အပျက်နဲ့ကော တားလို့ရရဲ့လား (မရပါဘုရား) အနိစ္စ ဒုက္ခ၊ အနတ္တ၊ အမည်မရဘူးလား ရသလား (ရပါတယ်ဘုရား) အနိစ္စကိုပေါင်းတယ်။ ပြီးတော့ (ဒုက္ခကိုပေါင်းတယ်) ပြီးတော့ (အနတ္တကိုပေါင်းတယ်) ဘာအမည်ရတုံး (ခန္ဓာအမည်ရပါတယ်ဘုရား)

သဘာဝလက္ခဏာဆိုတာဘာတုံး (ရုပ်၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဝိညာဏ်ပါဘုရား) သာမညလက္ခဏာဆိုကာက (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား) အဲဒီလို သဘာဝလက္ခဏာနဲ့ သာမညလက္ခဏာ မကွဲရင် မဂ်ဇောမကျဘူး။ အဲ ဒီ တော့ တကာတကာမတွေ သဘာဝလက္ခဏာကိုရှုလိုက်ရင် သာမညလက္ခဏာမပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) ပရိညာအားဖြင့် တီရဏ ပရိ ညာ ခေါ်တာဘဲ၊သာမညလို့ လဲခေါ်တယ်။ တကာတကာမတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဆိုတာ လူတွေ သတ္တဝါတွေအပေါ်မှာ ရှုရမှာလား၊ ခန္ဓာငါးပါးပေါ်မှာ ရှုရမှာလား (ခန္ဓာငါးပါးပေါ်မှာရှုရမှာပါဘုရား) ခ န္ဓာ ငါး ပါး ရှု လိုက် တာ နဲ့ တပြိုင်ထဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကပေါ်တဲ့ဉာဏ်၊ ခန္ဓာငါးပါးကဘာတုံး (ရှုဉာဏ်ပါဘုရား) သဘောပေါက်ပြီလား (သဘောပေါက်ပါပြီဘုရား)

ဖြစ်ပျက်ကိုရှုရမှာလား၊ ခန္ဓာငါးပါးကိုရှုရမှာလား (ခန္ဓာငါးပါးကိုရှုရမှာပါဘုရား) ခန္ဓာငါးပါးကိုရှုရင် ဘာပေါ်တုံး ( ဖြစ်ပျက်ပေါ်ပါတယ်ဘုရား ) ဘုန်းကြီးဥပမာပြောပါမယ်။ လသာတဲ့အခါ လင်ပန်းထဲရေထည့်ပြီး ကြည့်လိုက်ရင် ဘာ ပေါ် တုံး (လပေါ်ပါတယ်ဘုရား) ကြည့်တော့ဘာကြည့်တုံး (ရေ) ပေါ်တော့ဘာပေါ်တုံး ( လပေါ်ပါတယ်ဘုရား ) ကြည့်တာကတခြား၊ ပေါ်တာကတခြား၊ ယခုခင်ဗျားတို့ကြည့်တာက ဘာကိုကြည့်တာတုံး (ခန္ဓာငါးပါးကြည့်တာပါဘုရား) ပေါ်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကြည့်တာတခြား ပေါ်တာတခြား၊ ဝိပဿနာ ရှုတယ်ဆိုတာ အဲဒီလိုကွဲရတယ်။ ဒါ သာမညလက္ခဏာနဲ့ သဘာဝလက္ခဏာ၊ ဤလိုကွဲကွဲပြားပြားသိမှ မဂ်ဇောကျနိုင်တယ်။

ကဲ အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
။ ။ ဓမ္မံပူဇေမိ
။ ။ သံဃံပူဇေမိ

## ဉာဏ်တွေဝေနေတာက အမယ်လေးမအောင်ရ
## ငါတွေဝေနေတာ အမယ်လေး အောင်ရတယ်။

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၅) ရက် ဟောကြားသော တရား။

### အမှတ်စဉ် (၁၃)

ယနေ့ အာနာပါနပြီးအောင်ခန္ဓာငါးပါးကိုဘဲ သတိပဋ္ဌာန်လေးပါးနဲ့တွဲပြီး တော့ ယနေ့နိဂုံးချုပ် ပါမယ်၊ မနက်ဖြန် ဣရိယာ ပထပဗ္ဗ ဝိပဿနာရှုကွက် ပြောင်းပေးပါမယ်၊ ဣရိယာပထပြီးရင် သမ္ပဇညပဗ္ဗ၊ သမ္ပဇညပဗ္ဗပြီးရင် ဓာတ် (၁၈)ပါး၊ ဓာတ်(၁၈)ပါးပြီးရင် ပဋိစ္စသမုပ္ပါဒ်ပြမယ်၊ ပဋိစ္စသမုပ္ပါဒ်ပြီးမှ တကာတကာမတွေကို သမ္မသနဉာဏ် ဥဒယဗ္ဗယ ဉာဏ်ကနေပြီးတော့ အထက် ဉာဏ်စဉ်(၁၆)ပါးကို နိဂုံးချုပ်ပေးပါမယ်၊ ဒီတရားပွဲ အစီအစဉ်က ဒီအတိုင်း ရှိပါတယ်၊ အဲဒီတော့ ယနေ့အာနာပါနပဗ္ဗ အဆုံးသတ်ကြစို့၊ အားလုံး သတိထား လိုက်ကြပါ၊ (အတ္တနော ကရဇကာယေ ဉာဏံ ဩဘာရေတွာ အတ္တဘာဝံ သမ္မသန္တော နိသီဒိ။ အတ္တနော၊ မိမိ၏။ ကရဇကာယေ ကရဇကာယ၌။ ဉာဏံ၊ ဉာဏ်ကို။ ဩတာရေတွာ၊ ချ၍။ အတ္တဘာဝံ၊ မိမိကိုယ်အတ္တဘောကိုသမ္မသန္တော သုံးသပ်ဆင်ခြင်လျက်။ နိသီဒိ၊ နေ၏။ အဋ္ဌကထာဆရာက ဖွင့်ပြတယ်။ ကရဇ ကာယဆိုတာတဲ့ မဟာဘုတ်လေးပါးနဲ့ ပသာဒရုပ်ငါးပါး ကရဇကာယ ဆိုတာဘာလဲ(မဟာဘုတ်လေးပါးနဲ့ ပသာဒရုပ် ငါးပါးပါ ဘုရား) ဒီနေရာမှာ မဟာဘုတ်လေးပါးတို့တွင် ဘယ်ဓာတ်ကို ဦးစားပေးပြီး ပြနေသလဲ(ဝါယော ဓာတ်ပါ ဘုရား)ဒါကြောင့် ဒီဝါယောဓာတ်ကို သတိထားရမယ်။

အပြင်လေ ထုတ်တာကို ဘာတုံး(ရှူတယ်) အတွင်းလေ သွင်းတာကို ရှိုက် တယ်၊ ရှူတယ်ရှိုက်တယ်မှတ် ပထမနည်း၊ ဒါကျော်မြောလို့ မရဘူး၊ နေ့တိုင်း ပြောနေရတာဘဲ၊ သတိနဲ့သမာဓိတွဲပြီးတော့ ဝိပဿနာကမ္မဋ္ဌာန်း တက်ပေးနေ တာ ရှူရင်ရှူတယ်လို့သိ ရှိုက်ရင်ရှိုက်တယ်လို့သိ၊ ခန္ဓာမှာဘဲကြည့်၊ ရှူမှုအာရုံနဲ့ ရှိုက်မှုအာရုံကနေပြီး ဖော်ပေးနေတာ၊ နောက် ဒုတိယနည်းက ရှူစက ရှူဆုံးထိ ဘယ်လိုမှတ်ကြသလဲ (ရှူတယ် ရှူတယ်) ရှိုက်စက ရှိုက်ဆုံးထိ (ရှိုက်တယ် ရှိုက် တယ်) အဲဒီလိုမှတ်။

မြတ်စွာဘုရားမှတ်ခိုင်းတာ မြတ်စွာဘုရားသိခိုင်းတော်မူတာ ဘုန်းကြီးက မှတ်ခိုင်းတာမဟုတ်ဘူး၊ ဒါကိုထပ်ခါထပ်ခါပြောခဲ့ပါတယ်၊ မိမိတနာရီအတွင်း မှာ မြတ်စွာဘုရားကိုယ်တော်မြတ်အား မိမိခန္ဓာကိုယ် အတ္တဘောကြီးကိုလှူပြီး ပဋိပတ္တိကျင့်စဉ်တွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတယ်ဆိုရင် ဒီအချိန်ဟာ အမြတ်ဆုံးအချိန် ဓမ္မဝိဟာရတရားဖြင့် နေတယ်လို့ ဆိုထိုက်ပါတယ်။

မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ကို နှလုံးသွင်းနေရခြင်းသည် မြတ်သောနေခြင်းဖြင့် နေရတာနဲ့ အတူတူဘဲတဲ့၊ ပွင့်တော်မူကြတဲ့ ဘုရားရှင်တိုင်း ဟောကြားတော်မူပါတယ်။ ဒါကြောင့် တကာ တကာမတွေ ယခုအချိန်မှာဖြင့် အမြတ်ဆုံးအချိန် အမြတ်ဆုံးနေခြင်းလို့ ဒီလိုဆုံးဖြတ်ချက်ချ ဘာ့ကြောင့်လဲ ဆိုတော့ ဘုရားရှင်ဟောတော်မူတဲ့ တရားဒေသနာတော်တွေကို နှလုံးသွင်းနေရလို့ ဘုရားရှင်ခိုင်းတော်မူတဲ့အတိုင်း လုပ်ငန်းစဉ်ကို လုပ်နေရလို့ ဘုရားစကားနားထောင်နေလို့ ဒီလိုဆုံးဖြတ်ချက်ချ၊ ဒါကြောင့် ရှူစက ရှူဆုံးအထိ( ရှူတယ် ရှူတယ်)လို့ သိပါစေ။ ရှိုက်စကရှိုက်ဆုံးထိ ရှိုက်တယ်ရှိုက်လို့ဘိပါစေ။

နောက်တတိယနည်းကျတော့ ခင်ဗျားတို့ရှူခြင်းအမှု မပြုဘူးလားပြုသလား (ပြုပါတယ် ဘုရား) ရှူခြင်းအမှု ပြုပြီးတော့ ဘာအမှုပြုတုံး(ရှိုက်ခြင်းအမှု ပြုပါတယ်ဘုရား)ရှိုက်ခြင်းအမှုပြုပြီးပြန်တော့ ဘာအမှုပြုပြန်တုံး (ရှူခြင်းအမှုပြုပါတယ်ဘုရား)အပြုက ရပ်သေးရဲ့လား (မရပ်ပါ ဘုရား)မရပ်ဘူး၊ ခင်ဗျားတို့ အိပ်သာအိပ်နေတယ် အပြုရပ်ရဲ့လား (မရပ်ပါ ဘုရား) မရပ်ဘူး၊ အစမထင် အနမတဂ္ဂဘဝသံသရာကစပြီးတော့ ခင်ဗျားတို့ အပြုတွေ ရပ်ခဲ့ရဲ့လား (မရပ်ပါ ဘုရား)ယနေ့အချိန်အထိ မရပ်ဘူး၊ ရှူခြင်းအမှုပြုလိုက်ရ ရှိုက်ခြင်းအမှု ပြုလိုက်ရ ဤလိုအပြုမရပ်တာတွေဟာ သံသရာတွေဘဲ၊

ဒီလိုအပြုအမှုဟာဖြင့် တကာတကာမတွေအသခ်တနယ်ဖြစ်တဲ့နိဗ္ဗာန်ရောက်မှ ဒီအပြုဟာရပ်မှာဘဲ၊ သခ်တနယ်မှာတော့ ဒီအပြုတွေ ရပ်နိုင်ပါ့မလား(မရပ်နိုင်ဘူး)ဒါကြောင့် ရှူမှုတွေဟာဖြင့် အချိန်တိုင်း အချိန်တိုင်း ပြုနေရတာ၊ အဲဒါကိုယ်ပြုတာကိုပြုမှန်းသိ ကိုယ်ပြုတာကို ပြုမှန်းမှမသိဘဲနဲ့ တကာ တကာမတွေ ကမ္မဋ္ဌာန်းဘောင်အတွင်း ဝင်ပါ့မလား (မဝင်ပါဘုရား)မဝင်ဘူး၊ ကမ္မဋ္ဌာန်းခွင်မှမဝင်ဘဲနဲ့ ဒီပုဂ္ဂိုလ်သည် ရုပ်တရား နာမ်တရား အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာ ငါးပါးဆိုတာတွေ သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား)

သမာဓိမှမရှိတာ သမာဓိပျက်လို့လား မပျက်လို့လား(သမာဓိပျက်လို့ပါ) ဘာပြုလို့ သမာဓိမရှိသလဲလို့ဆိုတော့ သတိလွှတ်နေလို့ ဘာပြုလို့ သမာဓိမရှိတာတုံး(သတိလွှတ်နေလို့ပါ ဘုရား)ဒါကြောင့် သတိဟာ ရှေးဦးစွာ အရေးမကြီးဘူးလား အရေးကြီးသလား(အရေးကြီးပါတယ်)ဒါကြောင့် ဘုရားရှင်က ဈာယထ ဘိက္ခဝေ မာပမာဒတ္ထ။ ဘိက္ခဝေ၊ ချစ်သားတသီး ချစ်သမီးတို့။ မာပမာဒတ္ထ၊ မမေ့မလျော့ကြကုန်လင့်။ ဈာယထ၊ ရှုမှတ် ပွားများ ကြကုန်လော့။ မမေ့မလျော့ကြနဲ့တဲ့ ဘာကိုမမေ့ရမှာလဲလို့ ဆိုရင်ဖြင့် သမထကမ္မဋ္ဌာန်း

ဝိပဿနာကမ္မဋ္ဌာန်းတွေကို မမေ့ကြပါနဲ့တဲ့၊ ဘာကမ္မဋ္ဌာန်းကို မမေ့ကြရမှာတုံး (သမထကမ္မဋ္ဌာန်း ဝိပဿနာ ကမ္မဋ္ဌာန်းကိုပါ ဘုရား)

ဘိက္ခဝေ၊ ချစ်သားတသီး ချစ်သမီးတို့။ မာပမာဒတ္ထ၊ မမေ့မလျော့ ပေါ့ပေါ့စားစား မနေကြကုန်လင့်။ ဈာယထ၊ သမထ ဝိပဿနာနှစ်ဖြာ ကမ္မဋ္ဌာန်းတွေကို ရှုမှတ်ပွားများ ကြကုန်လော့။ ပစ္ဆာ၊ နောင်ခါကာလ သမယဉ္စ၊ ဝိပ္ပဋိသာရိနော၊ တရား အားမထုတ်ခဲ့ရလေခြင်း ဆိုတဲ့ နှလုံး မသာယာမှုတွေ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ တရားတွေမရှုခဲ့ရလေခြင်းလို့ နှလုံးမသာယာမှုတွေမဖြစ်ကြကုန်လင့်လို့ မြတ်စွာဘုရား မဆုံးမဘူးလား ဆုံးမသလား (ဆုံးမပါတယ်ဘုရား)ဒါ မြတ်စွာဘုရား နေ့တိုင်း နေ့တိုင်း ဆုံးမနေတဲ့တရားတော် ဒါကြောင့် တကာတကာမတွေလဲ မသေခင်လေးမှာ မအိုခင်လေးမှာ မနာခင်လေးမှာမမေ့ကြပါနဲ့ ဘာတွေမမေ့ရမှာလဲ ဆိုလို့ရှိရင် သမထ ဝိပဿနာ နှစ်ဖြာကမ္မဋ္ဌာန်းတရားကိုမမေ့ကြနဲ့တဲ့၊ သားတွေသမီးတွေ ဆွေတွေမျိုးတွေကို မမေ့ရမှာလား တရားကိုမမေ့ရမှာလား(တရားကို မမေ့ရမှာပါ ဘုရား)

အဲတရားကိုမမေ့ကြနဲ့ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတွေကို မမေ့နဲ့ ယခုသတိထားလိုက်တဲ့အခါကျတော့ တကာတကာမတွေ ရှူစက ရှူဆုံးထိ (ရှူတယ်ရှူတယ်)လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ (ရှိုက်တယ် ရှိုက်တယ်)လို့သိ၊ အဲဒီလို မသိဘူးလား သိသလား(သိပါတယ် ဘုရား)သတိရှိလို့လား သတိမရှိလို့လား(သတိရှိလို့ပါဘုရား)ဩော် ရှူခြင်းအမှုပြုလို့ ရှူခြင်းအမှုပြုတယ်၊ ရှိုက်ခြင်း အမှုပြုလို့ ရှိုက်ခြင်းအမှုပြုတယ် ဘယ်လိုပြုသလဲဆိုတော့ (ဤလိုပြုတယ်) အဲဒီလိုသိနေရင် သတိသမာဓိမပြည့်စုံဘူးလား ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား)ဒီနေရာမှာ သတိသမာဓိဆိုတာ အရှိတရားဖော်ထုတ်တာလား မရှိတရားဖော်ထုတ်တာလား (အရှိတရားဖော်ထုတ်တာပါ ဘုရား) အရှိတရားက တကာတကာမတွေလဲ နေ့ကိုင်းပြောနေကြပါတယ်၊ ခန္ဓာမှာရှိတာလား စာအုပ်တွေထဲမှာရှိတာလား(ခန္ဓာမှာရှိတာပါ ဘုရား)ခန္ဓာမှာ ရှိတယ်၊ခန္ဓာမှာ သတိထားလိုက်တဲ့အခါကျတော့ (ရှူတိုင်း ရှိုက်တိုင်း)မှာ ဤလို တိုးခတ်သွားတဲ့ လေသဘောမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) အဲဒါမိအောင် ဖမ်းလိုက်ပါ။ နှာသီးဖျားမှာ တိုးခတ်တွန်းကန် ရွေ့လျားသွားတဲ့ ဝေလသဘော မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)လူလား ရုပ်လား(ရုပ်ပါဘုရား)သူ့ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ(ရူပက္ခန္ဓာ) ဥာဏ်မြင်ခန္ဓာလား မျက်မြင်ခန္ဓာလား (ဥာဏ်မြင် ခန္ဓာပါဘုရား)ဒီခန္ဓာမရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)ဘယ်အချိန်မှာ ရှိနေတာတုံး(ရှူတိုင်း ရှိုက်တိုင်း) ရှူတိုင်း ရှိုက်ကိုင်းမှာ ရူပက္ခန္ဓာ ရှိပါတယ်၊ ရှူတဲ့အခါလဲရူပက္ခန္ဓာ၊ ရှိုက်တဲ့အခါလဲရူပက္ခန္ဓာ၊ဒီခန္ဓာရှိနေတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့)ဘယ်တုံးက ဖြစ်တာတုံး(အခုမှဖြစ်တာပါဘုရား)

တကာတကာမတွေ တရားတလုံး သဘောပေါက်သွားလို့ရှိရင် ကျန်တရားတွေရဲ့သဘောတွေကော မပေါက်ဘူးလား ပေါက်သလား (ပေါက်ပါတယ်ဘုရား)ဒါကြောင့်(ဧကော ဓမ္မော ဘိက္ခဝေ)ကိုးဗျ။ မြတ်စွာဘုရားကိုယ်တော်မြတ်က(ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ၊ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ) ဘိက္ခဝေ၊ ချစ်သားတို့၊ ဧကော၊ တခုတည်းသော၊ ဓမ္မော၊ တရားကို၊ ဘာဝိတော၊ ပွားများအပ်သည် ရှိသော်။ ဗဟုလီကတော၊ ကြိမ်ဖန်များစွာ ပွားများ လေ့လာအပ်သည် ရှိသော်၊ အဘိညာယ၊ သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိခြင်းငှာ။ သမ္ဗောဓာယ နိဗ္ဗာနာယ၊ တဏှာကုန်ခြင်းကင်းခြင်းအကျိုးငှာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ၊ သံဝတ္တတိ၊ ဖြစ်၏။ တလုံးတည်းသောတရားကိုသိလိုက်ရင် သစ္စာလေးပါးကော ဆိုက်မလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ် ဘုရား) ဆိုက်လာပါတယ်။ သစ္စာလေးပါး ဆိုက်ကထဲကိုက နိဗ္ဗာန်ကို မျက်မှောက်မပြုဘူးလား ပြုသလား(ပြုပါတယ်ဘုရား)ဒါကြောင့်တလုံးသောတရားကို သိလို့ရှိရင် ကျန်တဲ့တရားတွေရဲ့ သဘောလဲ ထိုနည်းအတူဘဲလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ် ဘုရား)

ဒါကြောင့် တကာ တကာမတွေ နှာသီးဖျား တိုးခတ်တွန်းကန် ရွေ့လျားသွားတဲ့ လေသဘော မရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား) မရှိပါဘူးလို့ ငြင်းလို့ရရဲ့လား(မရပါဘူး ဘုရား)ဒါ မှန်လို့လား မှားလို့လား (မှန်လို့ပါ ဘုရား)အဲဒါတရားဘဲ ဒီသဘောကိုမိရမယ်၊ အရှိတရားကို မိနေရမယ်၊ ဒီနှာသီးဖျားမှာ တိုးခတ်တွန်းကန်ရွေ့ရှားသွားတဲ့ လေသဘောဟာ လူလား ရုပ်လား (ရုပ်ပါဘုရား)သူ့ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ရူပက္ခန္ဓာပါ ဘုရား) အချိန်တိုင်း ရှူတိုင်းရှိုက်တိုင်း ရူပက္ခန္ဓာရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား)

ဘယ်တုံးက ဖြစ်တာတုံး (အခုမှ ဖြစ်တာပါ ဘုရား) ဘယ်တုံးက ဖြစ်တဲ့ ရူပက္ခန္ဓာလဲ(အခုမှဖြစ်တဲ့ ရူပက္ခန္ဓာပါ ဘုရား)အခုမှဖြစ်တဲ့ရူပက္ခန္ဓာဟာ ဉာဏ်မြင် ခန္ဓာလား မျက်မြင်ခန္ဓာလား (ဉာဏ်မြင် ခန္ဓာပါ ဘုရား)သြော် တို့တကာ တကာမတွေ ဒီခန္ဓာကိုသတိထားပြီး မိအောင်ဖမ်းပါ၊ ကဲ ရှေ့တဆင့် တက်ကြပါစို့၊ တို့တကာ တကာမတွေ ရှူတိုင်းရှိုက်တိုင်းမှာ ခံသာတဲ့သဘော မခံသာတဲ့သဘော မထင်ရှားဘူးလား ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား) ရှူကြည့်စမ်း၊ ခင်ဗျားတို့ တောက်လျှောက်ရှူလို့ ရရဲ့လား(မရပါ ဘုရား) ခံသာလို့လား မခံသာလို့လား(မခံသာလို့ပါ ဘုရား)မခံသာတော့ ရှိုက်လိုက်ရင် ခံသာမလားဆိုပြီး ရှိုက်လိုက်ပြန်တော့ ခံသာရဲ့လား (မခံသာပါဘုရား) ရှိုက်လိုက်လို့

မခံသာပြန်တော့ တခါရှုလိုက်ပြန်တယ်၊ ဩော် ရှုလို့ကောင်းသလောက် မရှုသလား ရှုသလား(ရှုပါတယ်ဘုရား) ခံသာသလောက် ရှုလိုက်တယ်၊ ခံသာတာက သုခဝေဒနာ၊မခံသာတာက ဘာတုံး(ဒုက္ခဝေဒနာ)ခံသာတာလဲ မဟုတ် မခံသာသာလဲ မဟုတ်ဘဲ့ သဘောက ဘာတုံး (ဥပေက္ခာ ဝေဒနာ) ဝေဒနာသုံးပါးလုံး မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါတယ် ဘုရား) ဒီဝေဒနာသုံးပါးက ဒူးတွေပေါင်တွေခါးတွေကပေါ်နေတာလား အာနာပါနအာရုံက ပေါ်နေဘာလား (အာနာပါန အာရုံက ပေါ်နေတာပါ ဘုရား) ဒီအာရုံကပေါ်နေတာ တို့တကာ တကာမတွေ သတိထားလိုက်ပါ၊ အပြင်လေထုတ်တဲ့အခါ ပူမှုသဘောပါသလား အေးမှုသဘောပါသလား(ပူမှုသဘောပါတာပါ ဘုရား)

ပူမှုသဘောက လူလားရုပ်လား(ရုပ်ပါဘုရား)ဘာရုပ်ပါလိမ့်(တေဇောရုပ်) ဘာတေဇောရုပ်ပါလိမ့် (ဥဏှတေဇောပါဘုရား) နောက်တချက် တို့တကာတကာမတွေ အတွင်းလေသွင်းတဲ့အခါ ပူမှုသဘောပါသလား အေးမှုသဘောပါသလား(အေးမှုသဘောပါ ပါတယ်ဘုရား)ဘာရုပ်တုံး (သီတတေဇောရုပ်ပါဘုရား)တူရဲ့လား(မတူပါ ဘုရား)အအေးဖြင့် ဖောက်ပြန်လိုက် ပြီးတော့ဘာတုံးအပူဖြင့် ဖောက်ပြန်လိုက်၊ သီတေနပိရုပ္ပတိ ဥဏှေနပိရုပ္ပတိ ဟုတ်လား၊ ဒီဖောက်ပြန်တဲ့သဘောကို လူကခံစားတာလား ဝေဒနာက ခံစားတာလား(ဝေဒနာက ခံစားတာပါ ဘုရား)ဝေဒနာမပေါ်ဘူးလား ပေါ်သလား (ပေါ်လာပါတယ် ဘုရား)

ဖောက်ပြန်တဲ့ဒဏ်ချက်က ပြင်းထန်ရင် ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား)ရုပ်ရဲ့ဖောက်ပြန်တဲ့ဒဏ်ချက်က သိမ်သိမ်မွေ့မွေ့ဖောက်ပြန်ရင်ဘယ်သူကခံစားတာတုံး(သုခဝေဒနာက ခံစားတာပါဘုရား)ရုပ်ကအညီမျှ ဩဠာရိကရုပ်သုခုမရုပ်တို့ဟာ အညီမျှသိမ်မွေ့တဲ့ဘက်ကလဲမပါ ကြမ်းတမ်းတဲ့ဘက်ကလဲမပါရင် ဘယ်သူက ခံစားတုံး (ဥပေက္ခာဝေဒနာက ခံစားတာပါ ဘုရား) လူတွေသတ္တဝါတွေက ခံစားတာလား ဝေဒနာက ခံစားတာလား(ဝေဒနာက ခံစားတာပါဘုရား)ဩော် တကာတကာမတွေ နှာသီးဖျားမှာ တိုးခတ်သွားတဲ့ လေသဘောမရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)

ရှိတာဘာလို့ရှိ ဖြစ်ဖြစ်နေလို့ ဖြစ်နေခြင်းအားဖြင့်လဲ ဖောက်ပြန်တယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) အဖြစ်ရုပ်ရဲ့လား (မရုပ်ပါဘူးဘုရား)ဒါလဲ ဖောက်ပြန်တာပါဘဲ၊ ဒီသဘောကို လူက ခံစားတာလားဝေဒနာက ခံစားတာလား(ဝေဒနာက ခံစားတာပါဘုရား)ဝေဒနာခံစားတာနော်၊လူတွေသတ္တဝါတွေကခံစားတာမဟုတ်ဘူး။ သုခဝေဒနာ ဒုက္ခဝေဒနာ

ဥပေက္ခာဝေဒနာတွေကခံစားတာပါ၊ တကာ တကာမတွေထင်ရှားတာကတော့ ရှုတိုင်းရှိက်တိုင်းမှာခံသာတဲ့သဘောပြီးတော့ဘာတုံး(မခံသာတဲ့သဘော)မထင် ရှားဘူးလား ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)

လူလားဝေဒနာလား(ဝေဒနာပါဘုရား)ဝေဒနာ၊ခံသာတာကသုခဝေဒနာ မခံသာတာကဒုက္ခဝေဒနာနောက်ပြီးခံသာတာလဲမဟုတ်မခံသာတာလဲမဟုတ်တဲ့ ဝေဒနာက ဘာဝေဒနာ(ဥပေက္ခာဝေဒနာပါ ဘုရား)သုခတွေ ဒုက္ခတွေ လုပ် မနေနဲ့ အားလုံးပေါင်းလိုက်တော့ ဘာတုံး(ဝေဒနာ) မရလာဘူးလား၊ ရလာ သလား(ရလာပါတယ် ဘုရား)ဝေဒနာဆိုတာ ဘာတုံး၊ ခံစားတဲ့ သဘော။ ဝေဒယတီတိဝေဒနာ။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိသသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဒီလိုကိုးဗျ။

တကာ တကာမတွေ ခံစားတဲ့သဘောကို သုခလုပ်နေလို့ရှိရင်ချမ်းသာတယ် လို့ထင်ရင် အဲဒီနောက်က'လောဘ'လိုက်မလာဘူးလား လိုက်လာသလား(လိုက် လာပါတယ်ဘုရား)လိုက်လာမှာဘဲ၊ ဒုက္ခဝေဒနာနောက် ခင်ဗျားတို့ လိုက်သွား ရင်ဘာတုံး(ဒေါသဖြစ်လာပါတယ်ဘုရား)ဒေါသဖြစ်လာမယ်၊ ဝေဒနာနောက် မလိုက်ရဘူးလား လိုက်ရမှာလား(မလိုက်ရပါဘူးဘုရား)မလိုက်ရပါဘူးဗျ၊ ဥဇုနဲ့ ထင်ရှားရှုနေရမှာ သုခဝေဒနာနောက်လိုက်သွားရင် ခင်ဗျားတို့လောဘဖြစ်လာ လိမ့်မယ်၊ ဒုက္ခနောက်လိုက်ရင်ဘာတုံး(ဒေါသဖြစ်လာပါတယ် ဘုရား)ဥပေက္ခာ ဝေဒနာနောက်လိုက်သွားရင် မောဟဖြစ်လိမ့်မယ်၊ သုခဝေဒနာလုပ်ရင် (သုခ ဝေဒနာယ ဖုဋ္ဌော သမာနော အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ တဿ ရာဂံအနုသယော အနုသေတိတဲ့ဗျ)

သုခဝေဒနာနောက်လိုက်သွားရင် သူက ဝေဒနာကို ဝေဒနာမှန်း ပိုင်းပိုင်း ခြားခြားမရှုတတ်ဘူး၊ ဝေဒနာဆိုတာခံစားတဲ့သဘော နှစ်သက်သွားလိုက်တယ် ဆိုကထဲက တို့တကာ တကာမတွေ သုခဝေဒနာနောက်က ဘာလိုက်လာမလဲ (လောဘတဏှာ)မဖြစ်ဘူးလားဖြစ်သလား(ဖြစ်ပါတယ်ဘုရား)သုခဝေဒနာယ၊ သုခဝေဒနာနှင့်၊ ဖုဋ္ဌော၊ တွေ့ထိသည်ရှိသော်။ သုခဝေဒနာနဲ့ ခင်ဗျားတို့မတွေ့ ဘူးလားတွေ့သလား (တွေ့ပါတယ် ဘုရား)လူတွေသတ္တဝါတွေနဲ့ တွေ့တာလား ရှုစိတ်နဲ့ တွေ့တာလား (ရှုစိတ်နဲ့ တွေ့တာပါ ဘုရား)ရှုစိတ်နဲ့ ဝေဒနာ သွားတွေ့ တယ်၊ သွားတွေ့တော့ ဝေဒနာကို ပိုင်ပိုင်နိုင်နိုင်မရှုတတ်တော့ အဲဒီသုခနောက် လိုက်သွားရော၊ မလိုက်ဘူးလား လိုက်သွားသလား(လိုက်သွားပါတယ် ဘုရား) သုခဝေဒနာယ၊ သုခဝေဒနာနဲ့။ ဖုဋ္ဌော၊ တွေ့ထိသည်။ သမာနော၊ ဖြစ်သည် ရှိသော်။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ အဘိဝဒတိ၊ ကောင်းလေစွ ကောင်း

လေစွဟု နှုတ်ကပြောလေတော့၏။ အဲဒီလို လုပ်မလာဘူးလား လုပ်လာသလား (လုပ်လာပါတယ် ဘုရား) ကောင်းတယ် လုပ်လာတာဘဲ ဝေဒနာမှန်းမသိဘူး၊ အဘိုန္နတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ။ အဲဒီအာရုံမျိုးမှ သိမ်းပိုက်ထား ချင်တယ်၊ ဒီလိုဖြစ်မလာဘူးလား ဖြစ်လာသလား(ဖြစ်လာပါတယ် ဘုရား) ဒါ ဝေဒနာနောက် လိုက်လို့လား မလိုက်လို့လား (လိုက်လို့ပါ ဘုရား)ဝေဒနာ နောက် မလိုက်ရဘူး၊ တကာ တကာမတွေ အဲဒီနောက်လိုက်သွားရင် တဿ၊ ထို ပုဂ္ဂိုလ်၏သန္တာန်၌၊ ရာဂံအနုသယော၊ ကာမရာဂ အနုသယသည်၊ အနုသေတိ၊ အဖန်ဖန် အထပ်ထပ်ကိန်း၏။

လောဘမဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ် ဘုရား) အဲဒီတော့ တကာ တကာမတွေသုခလုပ်မနေနဲ့၊ဘာတုံး(ဝေဒနာ)ဝေဒနာဆိုတာ ဘာသဘောပါ လိမ့်(ခံစားတဲ့သဘော)လာအုံးမလား လောဘ(မလာတော့ပါဘုရား)နှစ်သက် တယ်ဆိုရင်ပါသွားမှာ ခင်ဗျားတို့က အဲဒီဘက် သိပ်မျှားတယ်၊ ပုထုဇဉ်တွေ ဆို တာ မပါသွားနိုင်ဘူးလား ပါသွားနိုင်သလား (ပါသွားနိုင်ပါတယ် ဘုရား)ပါ သွားနိုင်တာဘဲ၊ တကာတကာမတွေ နောက်မခံသာတာကဘာတုံး(ဒုက္ခဝေဒနာ ပါဘုရား)အဲဒီလို ဒုက္ခနောက်ကိုလဲ လိုက်မသွားနဲ့ ဒုက္ခကိုလဲ ဘာလို့ရှုရမှာတုံး၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာ နုပဿီ၊ ဝေဒနာဟုအဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊နေရမယ်။ သတိပဋ္ဌာန် ပါဠိတော်ကြီးက ရဲရဲတင်းတင်းဒီအတိုင်းဆုံးဖြတ်ချက် ချမထားဘူးလားချထား ဘူးလား(ချထားပါတယ်ဘုရား)သုခလို့လဲရှုမနေနဲ့၊ ဒုက္ခလို့လဲရှုမနေနဲ့ဉပေက္ခာ လို့လဲရှုမနေနဲ့ ဘာလို့ရှုရမှာတုံး (ဝေဒနာ) အဲဝေဒနာလို့ ရှုလိုက်၊ ဒုက္ခလို့ ရှုလိုက်ပြန်တော့လဲ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်မရှုတတ်တော့ ဒုက္ခနောက် လိုက်မသွား သလား လိုက်သွားသလား (လိုက်သွားပါတယ် ဘုရား)နာလိုက်တာ ကိုက်လိုက် တာ ခဲလိုက်တာ အဲဒီနောက်မလိုက်ဘူးလား လိုက်သလား(လိုက်ပါတယ်ဘုရား) လိုက်သွားတော့ ဒီယောဂီပုဂ္ဂိုလ်ဟာ ဘယ်လိုဖြစ်သွားသလဲ ဆိုတော့။

ဒုက္ခာယဝေဒနာယ ဖုဋ္ဌော သမာနော သောစတိ ကိလမတိ ပရိဒေဝတိ ဉရတ္တာဠိံ ကန္ဒတိ သမ္မောဟံ အပဇ္ဇတိ တဿာပဋိဃာနုသယော အနုသေတိ။

ဒီပါဠိတော်ထဲဝင်လာပြန်ရော၊ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာနဲ့။ ဖုဋ္ဌော၊ တွေ့ထိသည်။ သမာနော၊ ဖြစ်လတ်ရှိသော်။ လူတွေသတ္တဝါတွေနဲ့ တွေ့တာလား ရှုစိတ်နဲ့တွေ့တာလား(ရှုစိတ်နဲ့တွေ့တာပါ ဘုရား) ဝေဒနာနဲ့တွေ့တာ သုခဒုက္ခ ဆိုပြီးတော့ နာတယ် ကိုက်တယ်လို့ သွားမယူလိုက်ဘူးလား ယူလိုက်သလား (ယူလိုက်ပါတယ် ဘုရား)ယူလိုက်တယ်၊ ဒုက္ခာယဝေဒနာယ၊ ဒုက္ခဝေဒနာနဲ့။ ဖုဋ္ဌော၊တွေ့သည်။ သမာနော၊ ဖြစ်သည်ရှိသော်။ သောစတိ၊ စိုးရိမ်ရ၏။

စိုးရိမ်မှုတွေပေါ်မလာဘူးလား ပေါ်လာသလား(ပေါ်လာပါတယ်ဘုရား) အဲဒါဒုက္ခဝေဒနာကို မရှုတတ်လို့ ဘာကိုမရှုတတ်လို့တုံး (ဝေဒနာကို မရှုတတ်လို့ပါဘုရား)ဝေဒနာမရှုတတ်လို့၊ ဝေဒနာကို ပိုင်ပိုင်နိုင်နိုင် ပရမတ် ပညတ်ကွဲကွဲနဲ့ သက္ကာယဒိဋ္ဌိဖြုတ်ပြီး မလုပ်တတ်လို့။ ဒုက္ခဝေဒနာယ၊ ဒုက္ခဝေဒနာနဲ့၊ ဖုဋ္ဌော၊ တွေ့သည်။သမာနော၊ ဖြစ်သည်ရှိသော်။သောစတိ၊ စိုးရိမ်၏။ကိလမတိ၊ ပင်ပန်း၏။ ဥရတ္တာဠိံ ကန္ဒတိ၊ ရင်ခတ်တီးပြီးတော့ မြည်တမ်းလေတော့၏။ သမ္မောဟံ၊ တွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်လေတော့၏။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေ ခြေကားယား လက်ကားယား ဖြစ်မနေဘူးလား ဖြစ်နေသလား(ဖြစ်နေပါတယ် ဘုရား) တချို့မေ့မသွား ဘူးလား(မေ့သွားပါတယ်ဘုရား)အဲဒါ ဒုက္ခနောက်လိုက်သွားလို့ ဝေဒနာကို ပိုင်းပိုင်းခြားခြားမသိလို့ ဒုက္ခဝေဒနာနောက်လိုက်သွားတာပညတ်တွေနောက်လိုက်သွားတာငါအနေနဲ့လိုက်သွားတာကိုး၊ ဒါကြောင့်သမ္မောဟံ၊တွေဝေခြင်းသို့။ အာပဇ္ဇတိ ရောက်၏။ လဲတော့တာဘဲ မလဲဘူးလား လဲသလား(လဲပါတယ် ဘုရား)

တချို့များ တရားအားထုတ်နေရင်လဲ ရတာနဲ့ အဲဒီလိုဆိုလို့ရှိရင် မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းဟာလဲတတ်သလား (မလဲတတ်ပါဘုရား) တုန်ရဲ့လား (မတုန်ပါဘုရား)လှုပ်ရဲ့လား(မလှုပ်ပါဘုရား)မတုန်မလှုပ်ဘူးလို့ ဆုံးဖြတ်ချက်ချ။ ပါဠိတော်မှာ တိတိကျကျရှိတယ်၊ လဲတယ်ဆိုရင် မြတ်စွာဘုရား ကိုယ်တော်မြတ်က-

\+ **ကောသန်ကေသေယျံ ကောစရေ၊ မတန္ဒိတော၊**
**တောဒမယမတ္တာနံ၊ ဝနန္တေရမိတောသိယာ။**

ဓမ္မပဒပါဠိတော်မှာ မဟောဘူးလား၊ ဟောသလား(ဟောပါတယ်ဘုရား) ကောသနံ၊ တယောက်ထီးထီးနေခြင်းဖြင့်၎င်း၊ ကေသေယျံ၊ တယောက်ထီးထီးအိပ်ခြင်းဖြင့်၎င်း၊ ကရေပြုရမယ်။လဲတဲ့ကမ္မဋ္ဌာန်းဆိုရင်အဖေါ်ခေါ်ရမှာပေါ့ဗျ။ တော၊ တယောက်ထီးထီး၊အတန္ဒိတော၊ မပျင်းမရိသည်ဖြစ်၍ စရေ၊ကျင့်လော့၊ ကော၊တယောက်ထီးထီး၊အတ္တာနံ၊ မိမိကိုယ်ကို၊ ဒမယံ၊ ဒမယန္တော၊ ဆုံးမသည်ဖြစ်၍ ဝနန္တေ၊ တောအုပ်၌၊ ရမိတော၊မွေ့လျော်သည်၊သိယာဖြစ်ရာ၏။ အဖေါ်လိုသေးရဲ့လား (မလိုပါဘုရား) လဲလို့လား၊ မလဲလို့လား (မလဲလို့ပါဘုရား) ကမ္မဋ္ဌာန်းထိုင်ရင်း ဘာပြုလို့လဲသွားသလဲဆိုတော့ ဝေဒနာနောက်လိုက်သွားလို့ ဘာကြောင့်တုံး (ဝေဒနာနောက်လိုက်သွားလို့ပါဘုရား) ဝေဒနာကို ပိုင်းပိုင်းခြားခြားမသိလို့၊ ဒါကြောင့် ခင်ဗျားတို့ သုခတွေလဲလုပ်မနေနဲ့ ဒုက္ခတွေလဲလုပ်မနေနဲ့ဘာတဲ့တုံး(ဝေဒနာ) အဲဒီကိုလိုက်သွားရင် တဿ၊ထိုပုဂ္ဂိုလ်၏သန္တာန်၌၊

\+ ဓမ္မပါဌ၊ နှာ ၅၆၊ ကေဝိဟာရီ

ပဋိဃာနုသယော၊ ဒေါသဆိုတဲ့ ပဋိဃာနုသယသည်၊ အနုသေတိ။ လျှောက်ပတ်သောအကြောင်းကိုရ၍ ဖြစ်လာလေတော့၏။ ဒေါသ မဖြစ်ဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား)

ဒါကြောင့် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာနောက်လဲ မလိုက်နဲ့ လိုက်သွားရင်ဘာဖြစ်မတုံး(လောဘ ဒေါသ မောဟ)မဖြစ်ဘူးလား၊ဖြစ်မလား (ဖြစ်မှာပါ ဘုရား) ဒါကြောင့် သုခတွေ ဒုက္ခတွေ ဥပေက္ခာတွေ လုပ်မနေနဲ့ ဝေဒနာလို့ရှုပါ။

အားလုံးဝေဒနာလို့ လုပ်လိုက်ပါ။ ဝေဒနာဆိုတာ တကာတကာမတွေ့ ရှုတိုင်းရှိက်တိုင်းမှာ ခံသာတဲ့သဘော၊ ပြီးတော့ ဘာတုံး (မခံသာတဲ့သဘော) ဒီသဘောတွေကို ခံစားတာ၊ ဒီခံစားတဲ့သဘောကိုမိအောင် ဖမ်းလိုက်ပါ။ မရှိဘူးလား၊ ရှိနေသလား (ရှိနေပါတယ်) ဘယ်အချိန်မှာ ရှိတာတုံး (ရှုတိုင်းရှိုက်တိုင်း) ရှုတိုင်းရှိုက်တိုင်းမှာ အာနာပါနအာရုံမှာ ဝေဒနာမပေါ်ဘူးလား၊ ပေါ်သလား(ပေါ်ပါတယ်ဘုရား)

ဒူးတွေ ခါးတွေ ပေါင်တွေ ပေါ်နေတာလား၊ အာနာပါနအာရုံကပေါ်နေတာလား (အာနာပါနအာရုံကပေါ်နေတာပါဘုရား) ဒီအာရုံက ပေါ်ရတာ။ ဒီမှာ သမာဓိယူရတာကိုဗျ။ တကာတကာမတွေ့ သတိကို မိအောင်ဖမ်းထားပါနော်။ ယခုတွေ့နေတဲ့ ခံစားတယ်ဆိုတဲ့ဝေဒနာက နာကျင်တာ ကိုက်ခဲတာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) အမယ်လေး အော်ရသေးရဲ့လား(မအော်ရပါဘုရား) ဥာဏ်တွေ့ဝေဒနာလား၊ငါတွေ့ဝေဒနာလား(ဥာဏ်တွေ့ဝေဒနာပါဘုရား)

ဥာဏ်တွေ့ဝေဒနာ အမယ်လေး အလိုလေး မအော်ရဘူး။ ငါတွေ့ဝေဒနာကတော့ အမယ်လေး အလိုလေး အော်ရတယ်။ ဒါဘာပြုလို့လဲဆိုတော့ သက္ကာယဒိဋ္ဌိမကင်းလို့၊ ဘာမကင်းလို့တုံး(သက္ကာယဒိဋ္ဌိမကင်းလို့ပါဘုရား) ကလေးတွေ သွားဆိတ်ကြည့်စမ်းပါ။ မအော်ဘူးလား၊ အော်သလား (အော်ပါတယ်ဘုရား)နာတာကိုးဗျ၊တကာဘကာမတွေ့ ဝေဒနာဆိုတာ ငါတွေ့ဝေဒနာရှုရမှာလား၊ ဥာဏ်တွေ့ဝေဒနာရှုရမှာလား(ဥာဏ်တွေ့ဝေဒနာရှုရမှာပါဘုရား)

ငါတွေ့ဝေဒနာက ဒါဆေးထိုးလိုက်ရင် ပျောက်သေးတယ်။ ခင်ဗျားတို့က နာလှချည်ရဲ့၊ အောင့်လှချည်ရဲ့ဆိုတဲ့ ဓမ္မဘာ ဝေဒနာ ဓမ္မတာ ဒုက္ခက ဆရာဝန်နဲ့ဆေးကုသလိုက်ရင် မသက်သာဘူးလား၊ သက်သာသလား(သက်သာပါတယ်ဘုရား) ဟောဒီရှုတိုင်းရှိုက်တိုင်းမှာ ခံစားတဲ့သဘောကို ခင်ဗျားတို့ဆေးထိုးကြည့်စမ်းပါ ရရဲ့လား(မရပါဘုရား) ဘယ်လိုမှဆေးကုလို့မရဘူး၊ အကြောင်းရှိရင် မဖြစ်ဘူးလား၊ဖြစ်နေသလား(ဖြစ်နေပါတယ်ဘုရား)

အဲဒီဝေဒနာက ဉာဏ်တွေ့ဝေဒနာလား၊ ငါတွေ့ဝေဒနာလား (ဉာဏ်တွေ့ဝေဒနာပါဘုရား)ငါတွေ့ဝေဒနာကို ရှုရမှာလား၊ ဉာဏ်တွေ့ဝေဒနာကို ရှုရမှာလား (ဉာဏ်တွေ့ဝေဒနာရှုရမှာပါဘုရား) ဒီဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ဝေဒနက္ခန္ဓာပါဘုရား)ခန္ဓာဘယ်နှစ်ပါးရလာတုံး(နှစ်ပါး) ရူပက္ခန္ဓာ၊ ပြီးတော့ (ဝေဒနက္ခန္ဓာပါဘုရား) ရှုရင်ရှုတယ်လို့ မမှတ်ဘူးလား၊ မှတ်သလား (မှတ်ပါတယ်ဘုရား) ရှိုက်ရင်ရှိုက်တယ်လို့မမှတ်ဘူးလား၊ မှတ်သလား (မှတ်ပါတယ်ဘုရား) လူကမှတ်တာလား၊ သညာကမှတ်တာလား (သညာက မှတ်တာပါဘုရား) အဲဒီ သညာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (သညာက္ခန္ဓာပါဘုရား) ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ ဘယ်နှစ်ပါးရှိသွားပြီလဲ(သုံးပါးပါဘုရား)

ရှုလိုတယ်ရှိုက်လိုတယ်ဆိုတဲ့သဘောမရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား) ဒါလူလား၊ စေတနာလား (စေတနာပါဘုရား) စေတနာကို ခန္ဓာဖွဲ့လိုက်တော့ (သင်္ခါရက္ခန္ဓာပါဘုရား) နှာသီးဖျားမှာ တိုးခတ်တွန်းကန် ရွေ့လျားသွားတဲ့လေသဘောကိုလူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အဲဒီစိတ်ကို ခန္ဓာဖွဲ့လိုက်တော့ဘာခန္ဓာလဲ(ဝိညာဏက္ခန္ဓာပါဘုရား) ခန္ဓာဘယ်နှစ်ပါးရလာပါလိမ့်(ငါးပါးပါဘုရား)ဆိုစမ်းပါအုံး (ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာဝိညာဏက္ခန္ဓာ)မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ဘယ်အချိန်မှာ ရှိနေတာတုံး (ရှုတိုင်း ရှိုက်တိုင်းမှာပါ ဘုရား) ရှုတိုင်း ရှိုက်တိုင်းမှာ ခန္ဓာငါးပါး၊ ရှုတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ရှိုက်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာတုံး(ခန္ဓာငါးပါး)ခန္ဓာငါးပါးသည် သက္ကာယ ရှုတယ်ရှိုက်တယ် ထင်ရင်ဘာတုံး(ဒိဋ္ဌိ) သက္ကာယနဲ့ဒိဋ္ဌိ ပေါင်းလိုက်တော့ (သက္ကာယဒိဋ္ဌိပါဘုရား) ယခု သက္ကာယနဲ့ဒိဋ္ဌိမကွဲဘူးလား၊ ကွဲသလား(ကွဲသွားပါတယ်ဘုရား)

စတုဟာပါယေဟိစ ဝိပ္ပမုတ္တော၊ အပါယ်လေးပါးကိုမှမလွတ်ဘူးလား လွတ်သွားသလား (လွတ်သွားပါတယ်ဘုရား) တကာတကာမတွေ အမှန်မြင်လို့လား အမှားမြင်လို့လား (အမှန်မြင်လို့ပါဘုရား) ရှုတိုင်းရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်နေတာလဲ (အခုမှဖြစ်တာပါဘုရား) အခုမှဖြစ်တာဘာတုံး ( ခန္ဓာငါးပါး ) ရှိုက်တဲ့အခါကော (အခုမှဖြစ်တဲ့ခန္ဓာငါးပါး) လူတွေ သတ္တဝါတွေ မဟုတ်ဘူး။ ခန္ဓာငါးပါးဖြစ်တာကို ရှုတယ်ရှိုက်တယ်။ အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာ) ဒီတော့ ဉာဏ်ကဦးမလာဘူးလား၊ ဦး လာ သ လား (ဉာဏ်ကဦးလာပါတယ်ဘုရား) နာမရူပပရိစ္ဆေဒဉာဏ်ကဦးလိုက်တဲ့အခါ သက္ကာယပေါ်မှာဒိဋ္ဌိလာသေးရဲ့လား (မလာတော့ပါဘုရား) အဲဒါအပါယ်မီးငြိမ်းတာဘဲဗျ။ အပါယ်မီးမငြိမ်း

ဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) အရေးကြီးတဲ့အပါယ်မီး၊ သက္ကာယ ပေါ်မှာဒိဋ္ဌိကို ရှုတိုင်းရှုတိုင်းကွာပါစေ၊ ရှိုက်တိုင်းရှိုက်တိုင်းကွာပါစေ၊ တကာ တကာမတွေသတိထားလိုက်ပါ၊ ရွှေဘဆင့်တက်ကြစို့။

တကာ တကာမတွေ ရှုတိုင်းရှိုက်တိုင်းမှာ သတိမရှိဘူးနဲ့ ထင်ရှားပါ့မလား (မထင်ရှားပါဘုရား) သတိရှိလိုက်တာနဲ့တပြိုင်နက် စိတ်ကော မ တည် လာ ဘူး လား၊ တည်လာသလား (တည်လာပါတယ်ဘုရား) ရှုမှတ်တာကသတိ၊စိတ်တည် တာကသမာဓိ၊ သတိ သမာဓိ မပြည့်စုံလာဘူးလား၊ ပြည့်စုံလာသလား (ပြည့်စုံ လာပါတယ်ဘုရား) သတိ သမာဓိက အရှိတရားပေါ်တာလား၊ မရှိတရားပေါ် တာလား (အရှိတရားပေါ်တာပါဘုရား) သတိ သမာဓိရှိလိုက်တာနဲ့ တပြိုင်နက် နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

ရှိတာက လူလား ရုပ်လား (ရုပ်ပါဘုရား) ဘာရုပ်ပါလိမ့် ( ဝါယောရုပ် ) ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒီရုပ်မရှိဘူးလား၊ ရှိနေ သလား (ရှိနေပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဘယ် တုံးကဖြစ် (အခုမှဖြစ်တာပါဘုရား) အခုမှဖြစ်တာနော်၊ ဖြစ်ရင် ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) ဒုက္ခမသိလို့ရှိရင် ဒီရုပ်ပေါ်ကို ခင်ဗျားတို့ မနှစ်သက်ဘူးဇော၊ နှစ်သက်နေမှာ လား (နှစ်သက်နေမှာပါဘုရား) နှစ်သက်နေမှာဘဲဗျ။

ယောဘိက္ခဝေ ရူပံအဘိနန္ဒတိသော ဒုက္ခံ အဘိနန္ဒတိ ယောဒုက္ခံ အဘိနန္ဒတိ သော အပရိမုတ္တော ဒုက္ခသမာဓိ ဝဒါမိ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ ယော- အကြင်သူသည်၊ ရူပံ၊ ရုပ်တရားကို၊ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ သော၊ ထိုရုပ်တရားကို နှစ်သက်သောသူသည်၊ ဒုက္ခံ၊ ဆင်းရဲကို၊ အဘိနန္ဒတိ၊ အလွန်နှစ်သက်သည်မည်၏။ ရုပ်တရားကိုနှစ်သက် နေတဲ့သူဟာ ဘာကိုနှစ်သက်နေတာတုံး (ဒုက္ခကိုနှစ်သက်နေတာပါဘုရား) ဒုက္ခ ကိုနှစ်သက်နေတာနဲ့မတူဘူးလား၊ တူသလား (တူပါတယ်ဘုရား) နှာသီးဖျား မှာ တိုးခတ်တွန်းကန်နေတဲ့ လေသဘောလေး မရှိဘူးလား ရှိနေသလား (ရှိနေ ပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)

ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဇာတိပိ ဒုက္ခလား၊ ဇာတိပိသုခလား (ဇာတိပိဒုက္ခပါဘုရား) အော်-ဒုက္ခကိုမသိရင် ဒီရုပ် ပေါ်မှာ မသာယာဘူးလား သာယာမှာလား (သာယာမှာပါဘုရား) မနှစ်သက် ဘူးလား၊ နှစ် သက် သ လား (နှစ်သက်ပါတယ်ဘုရား) လူတွေ သတ္တဝါတွေကို နှစ်သက်တာလား၊ ဒု က္ခ ကို နှစ် သက် တာ လား (ဒုက္ခကိုနှစ်သက်တာပါဘုရား)

ဒုက္ခကို နှစ်သက်နေတာ သိလို့လား မသိလို့လား ( မသိလို့ပါဘုရား ) ဒုက္ခ အညာဏ် အယံဝုစ္စတိ အဝိဇ္ဇာ၊ ဒုက္ခကိုမသိတာဘာတုံး (အဝိဇ္ဇာပါဘုရား) အော်-မသိတော့ မနှစ်သက်ဘူးလား နှစ်သက်သလား (နှစ်သက်ပါတယ်ဘုရား)

လူကနှစ်သက်တာလား၊ တဏှာကနှစ်သက်တာလား (တဏှာကနှစ်သက်တာပါဘုရား) အဝိဇ္ဇာ တဏှာ အကြောင်း ပြန်ပြန်ဖြစ်နေတယ်၊ မဖြစ်ဘူး လား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်အချိန်မှာ အကြောင်းတွေဖြစ်နေတာတုံး (ရှုတိုင်းရှိက်တိုင်းမှာ) ပစ္စုပ္ပန်အကြောင်းပြန်ဖြစ်နေတော့ အနာဂတ် အကျိုး ပေါ်တာကိုးဗျ၊ အနာဂတ်ခန္ဓာ ပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)အဲဒါကြောင့် အဝိဇ္ဇာ တဏှာတွေသေစေချင်ရင်အကြောင်း တရားတွေ ချုပ်ရမှာလား၊ အကျိုးတရားတွေချုပ်ရမှာလား (အကြောင်းတရားတွေ ချုပ်ရမှာပါဘုရား)

ပစ္စုပ္ပန်အကြောင်းကိုချုပ်ရမှာလား၊ အတိတ်အကြောင်းကို ချုပ်ရမှာလား (ပစ္စုပ္ပန်အကြောင်းကို ချုပ်ရမှာပါဘုရား) အတိတ်အကြောင်းကို ချုပ်လို့ရပါ့ မလား (မရပါဘုရား) ပစ္စုပ္ပန်မှာ အဝိဇ္ဇာ တဏှာ အကြောင်းချုပ်ဘို့ အရေး မကြီးဘူး လား၊ကြီးသလား (အရေးကြီးပါတယ်ဘုရား) ဒီအဝိဇ္ဇာ တဏှာ မချုပ် ရင် အနာဂတ်ခန္ဓာမပေါ်ဘူးလား၊ပေါ်မလား(ပေါ်မှာပါဘုရား) ဒါကြောင့် အဝိဇ္ဇာ တဏှာ ချုပ်စေချင်လို့ မြတ်စွာဘုရားက ဣတိရူပံ၊ ဣတိရူပံ၊ ဣတိရူပဿ သမုဒယော၊ ဣတိ၊ ဤသဘောကား၊ ရူပံ၊ ရုပ်ဘဲ၊ ဣတိ၊ ဤသဘောကား၊ ရူပဿ၊ ရုပ်၏၊ သမုဒယော၊ ဖြစ်ကြောင်းဘဲတဲ့။ လူတွေ သတ္တဝါတွေ ဖြစ်တာ လား၊ ရုပ်ဖြစ်တာလား (ရုပ်ဖြစ်တာပါဘုရား) ဘယ်တုံးကဖြစ်တာဟုံး (အခုမှ ဖြစ်တာပါဘုရား)

ဖြစ်ရင်ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဒုက္ခကိုမသိ တဲ့အခါကျတော့ ရုပ်ကို မနှစ်သက်ဘူးလား နှစ်သက်သလား (နှစ်သက်ပါတယ် ဘုရား) ဒါကြောင့် မြတ်စွာဘုရားက၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယော၊ အကြင်သူ သည်၊ ရူပံ၊ ရုပ်ကို၊ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏၊ သော၊ထိုရုပ်ကိုနှစ်သက်သော သူသည်၊ ဒုက္ခံ၊ ဆင်းရဲကို၊ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ ဘာကိုနှစ်သက်တာ လဲ (ဆင်းရဲကိုနှစ်သက်တာပါဘုရား) ယော၊ အကြင်သူသည်၊ ဒုက္ခံ၊ ဆင်းရဲကို၊ အဘိနန္ဒတိ၊အလွန်နှစ်သက်၏၊ သော၊ ထိုဒုက္ခကိုနှစ်သက်သောသူသည် ဒုက္ခသ္မာ၊ အပါယ်အစရှိသောဆင်းရဲမှ၊ အပရိမုတ္တော၊ မလွတ်မြောက်သောသူဟူ၍၊အဟံ၊ ငါဘုရားသည်၊ ဝဒါမိ၊ ဟောတော်မူ၏။

တကာတကာမတွေ အဲဒီလိုဆိုလို့ရှိရင် အပါယ်ကလွတ်ပါ့မလား (မလွတ်ပါ ဘုရား) မလွတ်ဘူး။ ဘာပြုလို့လဲဆိုတော့ ရုပ်ကိုလဲမသိဘူး၊ ရုပ်ရဲ့အဖြစ်ကိုလဲ မသိဘူး၊ ရုပ်ရဲ့အပျက်ကိုလဲမသိတော့အဝိဇ္ဇာ တဏှာ မလာဘူးလား လာသလား (လာပါတယ်ဘုရား)အဝိဇ္ဇာ တဏှာလာတော့အပါယ်အစရှိသောဒုက္ခအပေါင်း မှလွတ်ပါ့မလား (မလွတ်ပါဘုရား) ဒါ့ကြောင့် တကာ တကာမတွေ သိရမှာက

ဇာတိရူပံ ဇာတိရူပဿ သမုဒယော ဇာတိရူပဿအတ္ထင်္ဂမော

ဒီသုံးချက်ဘဲဗျ၊ ဇာတိ၊ ဤသဘောကား၊ ရူပံ၊ ရုပ်တည်း၊ ဘာတဲ့တုံး (ရုပ်ပါ ဘုရား) ရုပ်ဆိုတာ ဘယ်သဘောပါလိမ် (ဤလိုတိုးခတ်သွားတဲ့ လေသဘော ပါဘုရား) အဲဒီသဘောက လူလား ရုပ်လား (ရုပ်ပါဘုရား) ခန္ဓာဖွဲ့တော့ ဘာ တုံး (ရူပက္ခန္ဓာပါဘုရား)သတိပဋ္ဌာန်နည်းအားဖြင့် ပြောရမယ်ဆိုရင် အဲဒီ တိုးခတ်သွားတဲ့လေသဘောက (ကာယ) ဘာကာယတုံး (ရုပ်ကာယပါဘုရား) ကာယေကာယာနုပဿီ ဝိဟရတိ။ ကာယေ၊ နှာသီးဖျားမှာတိုးခတ်နေတဲ့ကာယ ၌၊ ကာယာနုပဿီ၊ လေဟုအဖန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်၊ ဒီလို မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အဲဒီတော့ ခင်ဗျား တို့ ကာယကိုရှုမနေဘူးလား၊ ရှုနေသလား (ရှုနေပါတယ်ဘုရား)

သတိပဋ္ဌာန်နည်းနဲ့ဆိုရင် ကာယ၊ ခန္ဓာအားဖြင့်ဆိုရင် (ရူပက္ခန္ဓာပါဘုရား) ဒီအတိုင်းဆိုရင်လေ၊ တနည်း ရုပ်မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ် ဘုရား) စာပေနယ်ကအမျိုးမျိုးခေါ်ပါတယ်။ နောက်တဆင့် သတိပဋ္ဌာန်ပါဠိ တော်က သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ဒီမျက်မြင်ဟာကာယဟုတ် ရဲ့လား (မဟုတ်ပါဘုရား)အဲဒါကမျက်မြင်ကာယတွေ့ပြီလား (တွေ့ပါပြီဘုရား) ကာယသ္မိံ၊ နှာသီးဖျားမှာတိုးခတ်နေတဲ့ကာယ၌၊သမုဒယဓမ္မာနုပဿီဝါ၊အဖြစ် ကို အ ဖန် တ လဲ လဲ ရှု သည် ဖြစ် ၍၊ ဝိဟရတိ၊ နေရမယ်။ အဲဒါကြောင့် တကာ တကာမတွေ သတိထားလိုက်စမ်းပါ။ နှာသီးဖျားမှာ တိုး ခတ် တွန်း ကန် နေ တဲ့ လေသဘောလေး မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) အဲဒါကာယရှုလိုက် တာ၊ လေလေလို့ရှုလိုက်တာ၊ ကာယရှိနေတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေ လို့ပါဘုရား) ဘယ်တုံးကဖြစ်တာလဲ (အခုမှဖြစ်တာပါဘုရား)

ဒါကြောင့် အခုမှဖြစ်တဲ့လေ အခုမှဖြစ်တဲ့လေ။ အဲဒါ သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ ဘဲ။ မကိုက်လာဘူးလား၊ ကိုက်လာသလား (ကိုက်လာပါ တယ်ဘုရား) ဒီသဘောတရားဖြစ်ပြီးတော့ဘယ်ရောက် (ပျက်)၊ ဖြစ် ပြီး တာ နဲ့ တပြိုင်ထဲကယ်ရောက်တုံး (ပျက်ပါတယ်ဘုရား) ဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ကာယသ္မိံ၊ နှာသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့ လေသဘောဟု ဆိုအပ်သောကာယ၌၊ ဝယဓမ္မာနုပဿီဝါ၊ အပျက်သဘောကို အဖန်တလဲလဲရှု

သည်ဖြစ်၍၊ ဝိဟာရတိ၊ နေရမယ်။ မြတ်စွာဘုရားက ခိုင်းတာလား၊ ဘုန်းကြီးက ခိုင်းတာလား (မြတ်စွာဘုရားကခိုင်းတာပါဘုရား)

မြတ်စွာဘုရားရဲ့တရားလား၊ ဘုန်းကြီးရဲ့တရားလား (မြတ်စွာဘုရားရဲ့တရားပါဘုရား) မြတ်စွာဘုရားရဲ့အဆုံးအမကို ခင်ဗျားတို့လိုက်နာနေတယ်လို့မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် မြတ်သောနေခြင်းတဲ့ဗျ။ တနာရီအတွင်းမှာ အမြတ်ဆုံးနေခြင်းလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဆိုထိုက်ပါတယ်။ ဒါကြောင့် တကာတကာမတွေ သတိထားပါ။ နှာသီးဖျားမှာ တိုးခတ်တွန်းကန်နေတဲ့လေသဘောက ဘာတုံး (ကာယပါဘုရား) အဲဒီလေသဘော မရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား)

လေသဘောဆိုတဲ့ကာယ ရှိရှိနေတာ ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) နိစ္စလို့ရှုရမှာလား၊ အနိစ္စလို့ရှုရမှာလား (အနိစ္စလို့ရှုရမှာပါဘုရား) သတ္တဝါတွေပေါ်မှာ ရှုရမှာလား၊ ရုပ်ကာယပေါ်မှာရှုရမှာလား (ရုပ်ကာယပေါ်မှာ ရှုရမှာပါဘုရား) အော် – ရုပ်သဘောကာယ၊ တကြိမ်ထဲရှုရမှာလား၊ အကြိမ်ကြိမ်ရှုရမှာလား (အကြိမ်ကြိမ်ရှုရမှာပါဘုရား) အကြိမ်ကြိမ်အခါခါ ရှုရလေသည်ဖြစ်သောကြောင့် ဝိပဿနာ၊ ဘာတဲ့တုံး (ဝိပဿနာပါဘုရား)

အနုဆိုတာက အကြိမ်ကြိမ်၊ ပဿဆိုတာက ရှုတာ၊ အကြိမ်ကြိမ်အခါခါ ရှုတယ်ဆိုတာ လူတွေ သတ္တဝါတွေပေါ်မှာ ရှုဘာလား၊ လေသဘော ကာယပေါ်မှာရှုဘာလား (လေသဘောကာယပေါ်မှာရှုတာပါဘုရား)လေသဘောကာယဆိုဘာ မိမိသန္တာန်မှာလား၊သူဘပါးသန္တာန်မှာလား (မိမိသန္တာန်မှာပါဘုရား) မိမိအဇ္ဈတ္တမှာဘယ်သဘောပါလိမ့်(ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) မတွေ့ဘူးလား တွေ့သလား(တွေ့ပါတယ် ဘုရား) ဒီလေသဘောက ဘာတုံး (ကာယပါဘုရား)အဲဒီကာယ ဖြစ်ပြီးတာနဲ့ထပြိုင်နက်ထဲ ဘယ်ရောက်သွားသလဲ (ပျက်ပါတယ် ဘုရား)မမြဲလို့လား မြဲလို့လား (မမြဲလို့ပါ ဘုရား)နိစ္စလား အနိစ္စလား(အနိစ္စပါဘုရား)ဒီကာယကို နိစ္စလို့ရှုရမှာလားအနိစ္စလို့ရှုရမှာလား (အနိစ္စလို့ရှုရမှာပါ ဘုရား)

တခါထဲလားအခါခါလား(အခါခါပါဘုရား) တကြိမ်ထဲလား အကြိမ်ကြိမ်လား(အကြိမ်ကြိမ်ပါ ဘုရား) အကြိမ်ကြိမ် ရှုရလေသည် ဖြစ်သောကြောင့် အနုပဿနာ၊ ကာယနဲ့အနုပဿနာ ပေါင်းလိုက်စမ်းပါ (ကာယာနုပဿနာပါ

ဘုရား)မရလာဘူးလား ရလာသလား(ရလာပါတယ်ဘုရား)ကာယာနုပဿနာ ဒီကာယကို သတိကဖော်ပေးတာလား လူကဖော်ပေးတာလား(သတိကဖော်ပေးတာပါဘုရား)အောင့်မေ့မှု သတိမပါဘူးလား ပါသလား(ပါပါတယ်ဘုရား) အောင့်မေ့တာဘာတုံး(သတိပါ ဘုရား)အဲဒီသတိဟာ လူပေါ်မှာ တည်တာလား ကာယပေါ်မှာ တည်တာလား(ကာယပေါ်မှာ တည်တာပါဘုရား) ဘာကာယတုံး(ရုပ်ကာယပါ ဘုရား)အဲဒီကာယပေါ်မှာ သတိတည်နေခြင်းသည် ပဋ္ဌာန။

ပေါင်းလိုက်တော့(ကာယာနုပဿနာသတိပဋ္ဌာန်ပါ ဘုရား)လက္ခဏာ အားဖြင့် ဘာလက္ခဏာလဲ(အနိစ္စလက္ခဏာပါဘုရား)ဝယဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ဒီဒေသနာတော်နဲ့ မကိုက်လာဘူးလား ကိုက်လာသလား(ကိုက်လာပါတယ်ဘုရား)ကာယသ္မိံ နှာသီးဖျားမှာ တိုးခတ်နေတဲ့ လေသဘောဟူသော ကာယ၌၊ ဝယဓမ္မာနုပဿီဝါ အပျက်သဘောကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝိဟရတိ၊ နေရမယ်၊ မြတ်စွာဘုရားကနေခိုင်းတာလား ဘုန်းကြီးက နေခိုင်းတာလား(ဘုရားရှင်က နေခိုင်းတာပါဘုရား)ဒါနဲ့ ခင်ဗျားတို့ နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား)အနိစ္စလို့ အကြိမ်ကြိမ်ရှုရမှာလား (အကြိမ်ကြိမ် ရှုရမှာပါ ဘုရား)

အပျက်သဘောကို အဖန်ဖန်ရှုသည် ဖြစ်သောကြောင့် ကာယနဲ့အနုပဿနာ ပေါင်းလိုက်တော့ကာယာနုပဿနာ အောင့်မေ့တာကသတိ၊ တည်နေတာက ပဋ္ဌာန်၊ပေါင်းလိုက်တော့(ကာယာနုပဿနာ သတိပဋ္ဌာန်ပါ ဘုရား)လက္ခဏာ အားဖြင့်ဘာလက္ခဏာတုံး(အနိစ္စလက္ခဏာပါဘုရား)ဪ ခင်ဗျားတို့ ကာယာနုပဿနာသတိပဋ္ဌာန်ကိုအနိစ္စရှုပြီးတော့တကြောင်းတည်းခရီးဖြစ်တဲ့သတိပဋ္ဌာန် လမ်းကြောင်းအတိုင်း နိဗ္ဗာန်ကိုသွားနေတယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ် ဘုရား)

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတိပဋ္ဌာန်ပါဠိတော်မှာဒီအတိုင်းဟောမထားဘူးလား ဟောထားသလား(ဟောထားပါတယ် ဘုရား)ကာယသတိပဋ္ဌာန်မရလာဘူးလား ရလာသလား(ရလာပါတယ် ဘုရား) ဘာလက္ခဏာနဲ့ ရှုတာတုံး(အနိစ္စလက္ခဏာပါ ဘုရား)ဩော် အနိစ္စလက္ခဏာ ရှုပြီးတော့ ကာယာနုပဿနာ သတိပဋ္ဌာန်ကို ပွားများပြီး နိဗ္ဗာန်သွားနေတဲ့ ပရိသတ်လို့ မထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ် ဘုရား)တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ နှာသီးဖျားမှာ တိုးခတ်တွန်းကန်နေတဲ့ လေသဘောကို မိအောင်ဖမ်းထားလိုက်ပါ၊ မရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)ရှိကာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား)

ဘယ်တုံးကဖြစ်(အခုမှ ဖြစ်တာပါ ဘုရား)ဖြစ်ရင် ဆင်းရဲတဲ့ တရားလား ချမ်းသာတဲ့ တရားလား (ဆင်းရဲတဲ့တရားပါ ဘုရား)ဇာတိပိုဒုက္ခလား ဇာတိပိ သုခလား (ဇာတိပိဒုက္ခပါ ဘုရား)ဇာတိဖြစ်ရင် ဒုက္ခဆင်းရဲတယ်၊ မဆင်းရဲ ဘူးလား ဆင်းရဲသလား(ဆင်းရဲပါတယ် ဘုရား)ဒါဖြင့် ဒုက္ခလို့ ရှုရမှာလား သုခလို့ရှုရမှာလား(ဒုက္ခလို့ရှုရမှာပါ ဘုရား)လူတွေ သတ္တဝါတွေ အပေါ်မှာ ရှုရမှာလား ရုပ်ကာယပေါ်မှာ ရှုရမှာလား(ရုပ်ကာယပေါ်မှာ ရှုရမှာဘုရား) ဩော်ဒီရုပ်ကာယဖြစ်နေလို့ ဆင်းရဲတယ်၊ သူ့အသစ်အသစ်ဖြစ်နေလို့ နှိပ်စက်မရ တာ အဲဒီလိုရှုနေတာသည် တကာတကာမတွေ့ သုခလား ဒုက္ခလား (ဒုက္ခပါ ဘုရား)

တကြိမ်ထဲရှုရမှာလား အကြိမ်ကြိမ် ရှုရမှာလား (အကြိမ်ကြိမ် ရှုရမှာပါ ဘုရား)အကြိမ်ကြိမ်ရှုတာက အနုပဿနာ၊ လူတွေသတ္တဝါတွေပေါ်မှာ အကြိမ် ကြိမ်ရှုတာလား ရုပ်ကာယပေါ်မှာ အကြိမ်ကြိမ် ရှုတာလား(ရုပ်ကာယပေါ်မှာ အကြိမ်ကြိမ် ရှုတာပါဘုရား) ကာယနဲ့ နုပဿနာပေါင်းလိုက်တော့(ကာယာ နုပဿနာပါဘုရား)အောင့်မေ့တာကသတိ တည်နေတာက ဘာတုံး(ပဋ္ဌာန) ပေါင်းလိုက်တော့ (ကာယာနုပဿနာ သတိပဋ္ဌာန်ပါ ဘုရား) ဘယ်အချိန်မှာ ကာယာနုပဿနာ သတိပဋ္ဌာန် ပွားနေတာတုံး(ရှုတိုင်းရှိုက်တိုင်းမှာပါ ဘုရား) ဘာလက္ခဏာနဲ့ ပွားတာတုံး(ဒုက္ခလက္ခဏာနဲ့ပါ ဘုရား)ပွားတတ်ပြီလား (ပွား တတ်ပါပြီ ဘုရား)ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတာ ဒီအတိုင်းပွားရတယ် လက္ခဏာအားဖြင့် အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ မရလာဘူးလားရလားသလား (ရလာပါတယ် ဘုရား)ဒါဖြင့် တကာ တကာမတွေ့ သတိထားလိုက်ပါ၊ အရှိ တရားကို ကြည့်ရမှာလား မရှိတရားကို ကြည့်ရမှာလား(အရှိတရားကို ကြည့်ရမှာ ပါဘုရား)အရှိတရားကို လက်မလွှတ်အောင် အထပ်ထပ်ပြောနေရတာ နှာသီး ဖျားမှာ တိုးခတ်တွန်းကန်နေတဲ့ လေသဘော မရှိဘူးလားရှိနေသလား(ရှိနေပါ တယ် ဘုရား)

လူလား ကာယလား(ကာယပါ ဘုရား)ရှိနေတာ ဘာလို့ရှိနေတာတုံး(ဖြစ် ဖြစ်နေလို့ပါဘုရား)ဒီဖြစ်နေတဲ့ ရုပ်ကာယသည် ပဖြစ်ပါနဲ့လို့တားစမ်းပါ၊ ရရဲ့ လား(မရပါဘုရား)ဖြစ်ပြီး ဘယ်ရောက်(ပျက်) မပျက်ပါနဲ့လို့ တားကြည့်စမ်း ပါ၊ ရရဲ့လား(မရပါ ဘုရား) အတ္တလား အနတ္တလား(အနတ္တပါ ဘုရား)ဩော် အနှစ်သာရကော ရှိရဲ့လား(မရှိပါ ဘုရား)ဖြစ်ပြီးတာနဲ့ တပြိုင်ထဲ ဘယ်ရောက် (ပျက်)တည်မျှား တည်သေးရဲ့လား (မတည်ပါ ဘုရား)သူ့အသုံးချတော့မယ် ကြံဆဲ ရှိသေးရဲ့လား(မရှိတော့ပါဘုရား)တုစ္ဆ သုည ဘာမှမရှိဘူး၊ ဖြစ်လိုက် တာနဲ့ တပြိုင်နက်(ပျက်)စွဲလန်းစရာ နှစ်သက်စရာ အာရုံရှိသေးရဲ့လား(မရှိပါ ဘုရား)ဖြစ်ပြီးတာနဲ့တပြိုင်ထဲ ဘယ်ရောက်သွားသလဲ(ပျက်သွားပါတယ် ဘုရား)

မဖြစ်ပါနဲ့လို့လဲ တားမရ၊ ရရဲ့လား(မရပါ ဘုရား) မပျက်နဲ့လို့ကော တားရရဲ့လား(မရပါဘုရား)ဩြော် အတ္တလား အနတ္တလား(အနတ္တပါ ဘုရား)အတ္တလို့ရှုရမှာလား အနတ္တလို့ရှုရမှာလား(အနတ္တလို့ ရှုရမှာပါ ဘုရား)တကြိမ်ထဲလား အကြိမ်ကြိမ်လား(အကြိမ်ကြိမ်ပါ ဘုရား)တခါထဲလား အခါခါလား (အခါခါပါ ဘုရား)ဩြော် အခါခါရှုတာ အကြိမ်ကြိမ်ရှုတာက ဘာတုံး(အနုပဿနာပါ ဘုရား)လူတွေ သတ္တဝါတွေပေါ်မှာ ရှုတာလား ရုပ်ကာယပေါ်မှာ ရှုတာလား(ရုပ်ကာယပေါ်မှာ ရှုတာပါဘုရား)

ရုပ်ကာယဆိုတာ ဘယ်သဘောပါလိမ့် ( ဤလိုတိုးခတ်သွားတဲ့လေသဘောပါဘုရား) ဒါကိုမိအောင်ဖမ်း။ ဒီအရှိတရားလွှတ်လို့မရဘူး။ အဲဒီရုပ်ကာယသည် ဖြစ်ဖြစ်ပြီး မပျက်ပါနဲ့လို့လဲတားမရ။ မဖြစ်ပါနဲ့လို့လဲတားမရ။ ရရဲ့လား(မရပါဘုရား) အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား) အကြိမ်ကြိမ်မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား) အကြိမ်ကြိမ်ရှုတာကဘာတုံး (အနုပဿနာပါဘုရား) ကာယနဲ့အနုပဿနာနဲ့ပေါင်းလိုက်တော့ (ကာယာနုပဿနာပါဘုရား) အောင့်မေ့တာကသတိ၊ တည်နေတာကပဋ္ဌာန၊ ပေါင်းလိုက်တော့(ကာယာနုပဿနာသတိပဋ္ဌာန်ပါဘုရား)

ဘယ်အချိန်မှာရှုတာတုံး(ရှုတိုင်းရှိုက်တိုင်း) ရှုတိုင်းရှိုက်တိုင်းမှာကာယာနုပဿနာသတိပဋ္ဌာန်နဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကော မရှုဘူးလား၊ ရှုနေသလား(ရှုနေပါတယ်ဘုရား) ကာယာနုပဿနာသတိပဋ္ဌာန်ပေါ်မှာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ။ အနတ္တလက္ခဏာနဲ့ရှုပြီးတော့ နိဗ္ဗာန်သွားနေတဲ့ ပရိသတ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား ( ဆိုထိုက်ပါတယ်ဘုရား ) ဆိုထိုက်ပါတယ်။ တကာတကာမတွေသတိထားပါ။ ဒါကိုအနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

အဲဒီတော့အနိစ္စာနုပဿနာ၊ဒုက္ခာနုပဿနာ၊အနတ္တာနုပဿနာနဲ့ကာယာနုပဿနာသတိပဋ္ဌာန်ပွားပြီးတော့ ခင်ဗျားတို့ ဘယ်ကိုညွှတ်နေတာတုံး (နိဗ္ဗာန်ကိုညွှတ်နေတာပါဘုရား) ခေတ္တခဏ မညွှတ်ဘူးလား၊ ညွှတ်နေသလား (ညွှတ်နေပါတယ်ဘုရား) တဒင်္ဂညွှတ်နေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆို ထိုက် သ လား (ဆိုထိုက်ပါတယ်ဘုရား) အဲဒါဘာတုံး(ကာယာနုပဿနာသတိပဋ္ဌာန်ပါဘုရား) ဘာလက္ခဏာနဲ့ ရှုနေတာတုံး (အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာနဲ့ ရှုနေတာပါဘုရား). ဘာနုပဿနာတွေနဲ့ရှုနေတာတုံး (အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာတွေနဲ့ ရှုနေတာပါဘုရား) အဲဒီ အနုပဿနာ ရှေ့က အနိစ္စ ဒုက္ခ အနတ္တထည့်လိုက်တော့၊ အနိစ္စာနုပဿနာ၊ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)

တကာတကာမတွေ စာပေကြည့်တဲ့အခါ မတွေ့ဘူးလားတွေ့သလား(တွေ့ပါတယ်ဘုရား)ဒါကိုပြောတာဗျ၊ ဘယ်အချိန်မှာရှုရမှာတုံး (ရှုတိုင်းရှိုက်တိုင်း) ရှုတာလဲမသိ၊ ရှိုက်တာလဲမသိဘဲနဲ့ စာအုပ်ထဲကအနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ သိ နိုင် ပါ့ မ လား (မသိနိုင်ပါဘုရား) ခင်ဗျားတို့ မဂ္ဂဖိုလ်ထိ အောင်ရောက်ပါ့မလား (မရောက်ပါဘုရား) အပြောဘဲဗျ။ ယခုတော့ လုပ်ငန်း မပါဘူးလား ပါသလား (ပါပါတယ်ဘုရား) ခင်ဗျားတို့ခန္ဓာမှာ ကာယာနုပဿနာ သတိပဋ္ဌာန်ကို အနုပဿနာသုံးမျိုးနဲ့ မ ရှု ဘူး လား၊ ရှုသလား (ရှုပါတယ်ဘုရား)

လက္ခဏာအားဖြင့်လဲသုံးမျိုး ဒါဘဲ၊ အတူတူပါဘဲ၊ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ကာယာနုပဿနာသတိပဋ္ဌာန်ပြီးတော့ ဝေဒနာနုပဿနာသတိပဋ္ဌာန်။ တကာတကာမတွေ ရှုတိုင်းရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိဘာလား၊ ခံစားတဲ့သဘောရှိတာလား (ခံစားတဲ့သဘောရှိတာပါဘုရား) ခံစားတဲ့သဘောကဘာတုံး(ဝေဒနာပါဘုရား) ဒီလိုကောက်ယူလိုက်၊ ဒီသဘောက ဘယ်အချိန်မှာရှိတာတုံး( ရှုတိုင်းရှိုက်တိုင်း) ဒီဝေဒနာမရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) အမယ်လေးတရတဲ့ဝေဒနာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ငါတွေ့ဝေဒနာလား၊ ဉာဏ်တွေ့ဝေဒနာလား ( ဉာဏ်တွေ့ဝေဒနာပါဘုရား )

ဉာဏ်တွေ့ဝေဒနာကိုအားထုတ်ရမှာလား၊ ငါတွေ့ဝေဒနာကိုအားထုတ်ရမှာလား (ဉာဏ်တွေ့ဝေဒနာကိုအားထုတ်ရမှာပါဘုရား) ဉာဏ် တွေ့ ဝေ ဒ နာ ကို အားထုတ်ရမှာနော်။ ဘာတုံး ဝေဒနာနုပဿနာသတိပဋ္ဌာန်နဲ့ အားထုတ်ရမှာ၊ မဆိုဆိုက်ဘူးလား၊ ဆိုဆိုက်သလား (ဆိုဆိုက်ပါတယ်ဘုရား) အော်–ရှုတိုင်းရှိုက်တိုင်းမှာ ခံသာတဲ့သဘော၊ မခံသာတဲ့သဘော၊ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သူ့ကိုကောက်လိုက်တော့ဘာတုံး (ဝေဒနာပါဘုရား) ဒီဝေဒနာ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဣတိဝေဒနာ ဣတိဝေဒနာ၊ဝေဒနာလို့ မပေါ်လာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) ပြီးတော့ မှတဆင့်တက်လိုက်၊ ဝေဒနာသု ဝေဒနာနုပဿနာ ဝိဟရတိ။

ဝေဒနာသု၊ ဝေဒနာတို့၌၊ ဝေဒနာဆိုတာ ရှု တိုင်း ရှိုက် တိုင်း မှာ ခံသာတဲ့ သဘော မခံသာတဲ့သဘောကို ခံစားတာ။ အဲဒါဘာတုံး ( ဝေဒနာပါဘုရား ) ဝေဒနာနုပဿီ၊ ဝေဒနာဟုအဖန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ-နေရမယ်။ ဝေဒနာဆိုတာ ခံသာတဲ့သဘော မခံသာတဲ့သဘောကိုခံစားတာ။ ကိုက်တာ၊ ခဲတာ၊ ကျင်တာ ထုံတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ခံသာတာလဲ ဝေဒနာသဘောဘဲ၊ မခံသာတာလဲဝေဒနာသဘောဘဲ၊ခံသာတာလဲမဟုတ်၊ မခံသာတာလဲမဟုတ်တာကလဲ ဝေဒနာသဘောတရားပါဘဲ။ ဟုတ်လား၊ ဓမ္မာ နိဿတ္တာ နိဇ္ဇီဝသဘာဝါ၊ သတ္တဝါလည်းမဟုတ်၊ ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊

သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ ရှိတာက လူတွေ သတ္တဝါတွေရှိတာလား၊ သဘောတရားသာ ရှိတာလား (သဘောတရားသာရှိတာပါဘုရား) ဘာ သ ဘော တုံး (ဝေဒနာ သဘောပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) နောက်တဆင့် တက်လိုက်၊ သမုဒယဓမ္မာနုပဿီဝါ ဝေဒနာသုဝိဟရတိ။

ဝေဒနာသု၊ ဝေဒနာတို့၌၊ သမုဒယဓမ္မာနုပဿီဝါ၊ အဖြစ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်။ ဒီဝေဒနာမရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာ လဲ (အခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် ရှုတဲ့အခါမှာ (အခုမှဖြစ်တဲ့ဝေဒနာ- အခုမှဖြစ်တဲ့ဝေဒနာ) ရှုပါ။ သမုဒယဓမ္မာနုပဿီဝါ ဝိဟရတိနဲ့ မ ညီ ဘူး လား၊ ညီသလား(ညီပါတယ်ဘုရား) မြတ်စွာဘုရားက အဖြစ်ကိုမရှုခိုင်းဘူးလား ရှုခိုင်း သလား (ရှုခိုင်းပါတယ်ဘုရား)

ဖြစ်ပြီးတော့ဘယ်ရောက် (ပျက်) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) ဝယဓမ္မာနုပဿီဝါဝေဒနာသုဝိဟရတိ သတိပဋ္ဌာန်ပါဠိတော်နဲ့ မကိုက်ဘူးလား၊ ကိုက်လာသလား (ကိုက်လာပါတယ် ဘုရား) ဝေဒနာသု၊ ရှုတိုင်းရှိုက်တိုင်းမှာ ခံသာတဲ့သဘော၊ မခံသာတဲ့သဘော ဆိုတဲ့ဝေဒနာတို့၌၊ ဝယဓမ္မာနုပဿီဝါ၊ အပျက်သဘောကို အဖန်တလဲလဲရှုသည် ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်။ မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) တခါထဲရှုရမှာလား၊ အ ကြိမ် ကြိမ် ရှု ရ မှာ လား (အကြိမ်ကြိမ်ရှုရမှာပါဘုရား) အကြိမ်ကြိမ်ရှုတာကအနုပဿနာ၊ ဘာတုံး (အနု ပဿနာပါဘုရား) လူတွေ သတ္တဝါတွေပေါ်မှာ ရှုရမှာလား၊ ဝေဒနာပေါ်မှာ ရှုရမှာလား(ဝေဒနာပေါ်မှာရှုရမှာပါဘုရား) ဘယ်အချိန်မှာဝေဒနာနုပဿနာ ရှုနေတာတုံး (ရှုတိုင်းရှိုက်တိုင်းမှာပါဘုရား) လုပ်ငန်းစဉ်ပါမလာဘူးလား၊ ပါ လာသလား (ပါလာပါတယ်ဘုရား) ဒါ့ကြောင့် ပရိယတ္တိဆိုတဲ့စည်းကမ်းလဲပါ ပါတယ်။ ပဋိပတ္တိဆိုတဲ့လုပ်ငန်းသဲပါပါတယ်။ နောက် ပရိယတ္တိနဲ့ ပဋိပတ္တိ ဒွန်တွဲ ပြီး သင်တန်းဘက်နေတဲ့ပရိသတ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက် ပါတယ်ဘုရား) ပရိယတ္တိဘောင်ကကျော်လို့ရရဲ့လား (မရပါဘုရား)

ဒါကြောင့်ပရိယတ္တိကစည်းကမ်း၊ ပဋိပတ္တိကလုပ်ငန်း။ လုပ်ငန်းတခုစည်းကမ်း မရှိရင် အောင်မြင်နိုင်ပါ့မလား (မအောင်မြင်ပါဘုရား ) လောကီ စီးပွားမှာလဲ စည်းကမ်းမရှိရင်မအောင်မြင်သလို နိဗ္ဗာန်ရောက်တဲ့လုပ်ငန်းတခုဟာ နိဗ္ဗာန်ရချင် တဲ့ပုဂ္ဂိုလ်ဟာ စည်းကမ်းရှိရမှာလား၊ စည်းကမ်းမရှိရဘူးလား (ရှိရမှာပါဘုရား) ဒီနေ့ကမ္မဋ္ဌာန်းသည် စည်းကမ်းရှိတဲ့ကမ္မဋ္ဌာန်းလား၊ စည်းကမ်းမရှိတဲ့ ကမ္မဋ္ဌာန်း လား ( စည်းကမ်းရှိတဲ့ကမ္မဋ္ဌာန်းပါဘုရား ) စည်းနဲ့ကမ်းနဲ့ ပြောနေတာနော်။

မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်နဲ့အညီ ဝယဓမ္မာနုပဿိဝ ါ ဝေဒနာသု ဝိဟရတိ၊ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒါကြောင့် ဝေဒနာပေါ်မှာရှုတာလား၊ လူတွေ သတ္တဝါတွေပေါ်မှာရှုတာလား (ဝေဒနာ ပေါ်မှာရှုတာပါဘုရား)

နိစ္စလို့ရှုတာလား၊ အနိစ္စလို့ရှုတာလား (အနိစ္စလို့ရှုတာပါဘုရား) တကြိမ် ထဲလား၊ အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါဘုရား) အကြိမ်ကြိမ်ရှုတာက ဘာ တုံး (အနုပဿနာပါဘုရား) ဝေဒနာနဲ့အနုပဿနာပေါင်းလိုက်တော့ ဝေဒနာ နုပဿနာ၊ အောင့်မေ့တာကသတိ၊ တည်နေတာကပဋ္ဌာန်၊ ပေါင်း လိုက် တော့ (ဝေဒနာနုပဿနာပါသတိပဋ္ဌာန်ပါဘုရား) ဘာလက္ခဏာနဲ့ ရှုတာတုံး (အနိစ္စ လက္ခဏာနဲ့ရှုတာပါဘုရား) ဘာအနုပဿနာနဲ့ရှုတာတုံး(အနိစ္စနုပဿနာနဲ့ရှုတာ ပါဘုရား) နှစ်ချက်မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)

အနိစ္စလက္ခဏာ၊ အနိစ္စနုပဿနာနော်။ ယောဂီတွေနားလည်အောင်လို့ ဗဟု သုတရှိအောင်လို့ပြောပေးနေတာ။ စာပေနဲ့လဲညီအောင်၊ အနိစ္စလက္ခဏာ၊အနိစ္စ နုပဿနာနဲ့တွဲပြီးတော့ ဝေဒနာသတိပဋ္ဌာန်ကိုရှုပွားနေတဲ့ တကာတကာမတွေလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) သတိပဋ္ဌာန် ပွား နေရင် ဘယ်ကိုသွားနေတာလဲ ( နိဗ္ဗာန်ပါဘုရား ) ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါ။ တကြောင်းတည်းသောခရီးလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆို ထိုက်ပါတယ်ဘုရား) တကာတကာမတွေ သတိထားလိုက်စမ်းပါ။ ရှုတိုင်း ရှိုက် တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခံသာတဲ့သဘော မခံသာတဲ့သဘော တွေကိုခံစားတဲ့သဘောရှိတာလား (ခံသာတဲ့သဘော မခံသာတဲ့သဘောတွေကို ခံစားတဲ့သဘောရှိတာပါဘုရား)

ခံသာတဲ့သဘော မခံသာတဲ့သဘောတွေကို ခံစားတာက လူလား၊ ဝေဒနာ လား (ဝေဒနာပါဘုရား) ဝေဒနာလို့ မရလာဘူးလား၊ ရလာသလား (ရလာ ပါတယ်ဘုရား) ဒီဝေဒနာရှိရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်နေတာပါဘုရား)

ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့တရားလား ( ဆင်းရဲတဲ့တရားပါဘုရား ) သူ့ကိုသုခလို့ရှုရမှာလား၊ ဒုက္ခလို့ရှုရမှာလား (ဒုက္ခလို့ရှုရမှာပါဘုရား) တခါ ထဲလား၊ အခါခါလား (အခါခါပါဘုရား) တကြိမ်ထဲလား၊ အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါဘုရား) အကြိမ်ကြိမ်အခါခါရှုတာကဘာတုံး (အနုပဿနာပါ ဘုရား) ဝေဒနာနဲ့အနုပဿနာပေါင်းလိုက်စမ်း (ဝေဒနာအနုပဿနာပါဘုရား)

အောင့်မေ့တာကသတိ၊ တည်နေတာကပဋ္ဌာန်၊ ပေါင်းလိုက်တော့ ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊ ဘယ်အချိန်မှာရှုတာပါလိမ့် ( ရှု တိုင်း ရှိုက် တိုင်း မှာ ပါ

ဘုရား) လက္ခဏာအားဖြင့်ဘာလက္ခဏာ (ဒုက္ခလက္ခဏာပါဘုရား) အနုပဿနာ အားဖြင့် ဘာအနုပဿနာ (ဒုက္ခာနုပဿနာပါဘုရား) မကွဲလာဘူးလား၊ ကွဲလာ သလား (ကွဲလာပါတယ်ဘုရား) ဉာဏ်ထဲ မထင်ရှားလာဘူးလား၊ ထင်ရှားလာ သလား (ထင်ရှားပါတယ်ဘုရား) စာအုပ်တွေ ဘောတွေထဲမှာ ထင်ရှားတာ လား၊ ခန္ဓာမှာထင်ရှားတာလား (ခန္ဓာမှာထင်ရှားတာပါဘုရား) ခန္ဓာမှာဘယ် အချိန်မှာ ထင်ရှားတာပါလိမ့် (ရှုတိုင်းရှုက်တိုင်းမှာပါဘုရား)

အာနာပါနပြောရင် အာနာပါနပဗ္ဗ လွတ်ပြောလို့ ရရဲ့လား(မရပါဘုရား) ဣရိယာပထပြောရင် ဣရိယာပထပဗ္ဗ ကိုင်ပြောရတယ်၊ သူ့ကိုလွတ်လို့ခဲ့လို့ မရ ဘူး၊ တကာတကာမတွေကိုပြောချင်ရာပြောတဲ့ တရားဟောဓမ္မကထိကဖြစ်သွား မှာပေါ့နော်၊ စည်းကမ်းနဲ့ပြောတာလား စည်းကမ်းမရှိပြောနေတာလား(စည်း ကမ်းနဲ့ပြောနေတာပါဘုရား)စည်းကမ်းနဲ့ ခင်ဗျားတို့ကိုပြောနေတာ၊ သတိထား ပါ၊ ယောဂီတွေနားလည်အောင်လို့ ထပ်တလဲလဲပြောနေရတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကကော ထပ်တလဲလဲ မဟောဘူးလား ဟောသလား(ဟော ပါတယ် ဘုရား)

တခါထဲရှုခိုင်းတာလား အကြိမ်ကြိမ်ရှုခိုင်တာလား(အကြိမ်ကြိမ် ရှုခိုင်းတာ ပါဘုရား)ဒါ့ကြောင့် ယောဂီတို့ကို ထပ်တလဲလဲမပြောရဘူးလားပြောရသလား (ပြောရပါတယ် ဘုရား)ဒီလိုထပ်တလဲလဲ ပြောတာတောင်မှ မမှတ်မိနိုင်ဘူး ဒီအဘိဓမ္မာတရားတွေက အလွန်မတန်မှ ခက်ခဲနက်နဲသိမ်မွေ့တဲ့ တရားလို့ မဆို ထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား)ဒါကြောင့် တကာ တကာမတွေ သတိထားပါ၊ ရှုတိုင်းရှုက်တိုင်းမှာ ခံသာတဲ့သဘော မခံသာတဲ့ သဘောတွေကို ခံစားတဲ့သဘောရှိတာလား လူတွေသတ္တဝါတွေ ရှိတာလား (ခံသာတဲ့သဘော မခံသာတဲ့သဘောတွေကို ခံစားတဲ့သဘော ရှိတာပါဘုရား) ခံသာတဲ့သဘော မခံသာတဲ့သဘောတွေကို ခံစားတာကဘာတဲ့တုံး(ဝေဒနာပါ ဘုရား)မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှိရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးက ဖြစ်တာတုံး(အခုမှ ဖြစ်တာပါ ဘုရား) ဖြစ်ပြီးဘယ်ရောက်(ပျက်ပါတယ် ဘုရား)မဖြစ်နဲ့လို့ တားလို့ရရဲ့လား(မရပါ ဘုရား)မပျက်နဲ့လို့ တားလို ရရဲ့လား (မရပါ ဘုရား)အတ္တလား အနတ္တလား (အနတ္တပါဘုရား)အတ္တလို့ရှုရမှာလား အနတ္တလို့ရှုရမှာလား(အနတ္တလို့ ရှုရ မှာပါဘုရား)တခါထဲလား အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါ ဘုရား)အကြိမ် ကြိမ်ရှုတာဘာလဲ(အနုပဿနာပါ ဘုရား)

အောင့်မေ့တာကသတိ၊ တည်နေတာကပဋ္ဌာန် ပေါင်းလိုက်တော့(ဝေဒနာ နုပဿနာသတိပဋ္ဌာန်ပါဘုရား)ဘာလက္ခဏာနဲ့ ရှုနေတာတုံး (အနတ္တလက္ခဏာ ပါဘုရား)ဘာအနုပဿနာနဲ့ ရှုတာတုံး (အနတ္တာနုပဿနာနဲ့ ရှုတာပါ ဘုရား)

အနတ္တလက္ခဏာ အနတ္တာနုပဿနာမရလာဘူးလားရလာသလား(ရလာပါတယ် ဘုရား)ဘယ်အချိန် ရှုနေတာတုံး (ရှုတိုင်း ရှိုက်တိုင်းမှာပါ ဘုရား) တကာ တကာမတွေ ဒီအာနာပါနပဗ္ဗကနေပြီးတော့ ကြိုက်တဲ့ ကမ္မဋ္ဌာန်း၊ ကြိုက်တဲ့ သတိပဋ္ဌာန်ကို ရှုပွားပါ။

ဒါကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာနဲ့သို့မဟုတ်အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာအနတ္တာနုပဿနာနဲ့ ရှုပွားပြီးတော့ နိဗ္ဗာန်ကိုကိုင်းနေတယ်၊ နိဗ္ဗာန်ကိုရှိုင်းနေတယ်၊ နိဗ္ဗာန်သို့ ညွတ်နေတဲ့ ပရိသတ်လို့ မပြောထိုက်ဘူးလား ပြောထိုက်သလား(ပြောထိုက်ပါတယ် ဘုရား)ဘာကမ္မဋ္ဌာန်းရှုပွားနေတာတုံး (ဝေဒနာနုပဿနာကမ္မဋ္ဌာန်း ရှုပွားနေပါတယ်ဘုရား)ဘယ်အချိန်မှာ ရှုပွားနေတာတုံး(ရှုတိုင်းရှိုက်တိုင်းမှာပါဘုရား) တွေ့ပြီလား၊ တကာ တကာမတွေ ကာယာနုပဿနာ သတိပဋ္ဌာန်ပြီးတော့ ဘာတုံး(ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပါဘုရား)

ဝေဒနာနုပဿနာသတိပဋ္ဌာန်ပြီးတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ယနေ့ ကုန်အောင် ပြောကြစို့၊ မနက်ဖြန် ဣရိယာပထပဗ္ဗကို ဟောမှာ ဖြစ်ပါတယ်၊ ဒါကြောင့် တကာတကာမတွေ သတိထားလိုက်ပါ၊ ရှုတိုင်းရှိုက်တိုင်းမှာလူတွေ သတ္တဝါတွေရှိတာလား နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေသဘော ရှိတာလား(လေသဘောရှိတာပါ ဘုရား)ဒီလေကို လူကသိတာလား စိတ်က သိတာလား(စိတ်က သိတာပါ ဘုရား)အဲဒီစိတ်ကို ဘာလို့ခေါ်တုံး (စိတ္တပါ ဘုရား)ဒီစိတ်ကရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးက ဖြစ်တာတုံး(အခုမှဖြစ်တာပါ ဘုရား)

ဖြစ်ပြီးဘယ်ရောက်(ပျက်) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါ ဘုရား)နိစ္စ လား အနိစ္စလား(အနိစ္စပါ ဘုရား)နိစ္စလို့ ရှုရမှာလား အနိစ္စလို့ ရှုရမှာလား (အနိစ္စလို့ရှုရမှာပါ ဘုရား)တခါထဲလား အခါခါလား(အခါခါပါ ဘုရား) အခါခါ ရှုတာဘာတုံး(အနုပဿနာပါဘုရား)သတ္တဝါတွေအပေါ်မှာ ရှုတာ လား စိတ်ပေါ်မှာရှုတာလား (စိတ်ပေါ်မှာရှုတာပါ ဘုရား ,စိတ္တနဲ့အနုပဿနာ ပေါင်းလိုက်စမ်း(စိတ္တာနုပဿနာပါ ဘုရား)အောင်မေ့တာက သတိ၊ တည် နေတာက ပဋ္ဌာန၊ ပေါင်းလိုက်တော့ (စိတ္တာနုပဿနာသတိပဋ္ဌာန်ပါဘုရား) စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ဘာလက္ခဏာနဲ့ ရှုနေထာတုံး (အနိစ္စလက္ခဏာနဲ့ ရှုနေတာပါ ဘုရား)

**[Hlaing 30]**

ဘာအနုပဿနာနဲ့ ရှုတာတုံး(အနိစ္စာနုပဿနာနဲ့ ရှုတာပါ ဘုရား) ဘယ်အချိန်မှာ ရှုတာတုံး(ရှုတိုင်း ရှိက်တိုင်းမှာပါ ဘုရား) မရလာဘူးလား ရလာသလား(ရလာပါတယ် ဘုရား)တကာ တကာမတွေ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကြိုက်တဲ့ပုဂ္ဂိုလ်က အနိစ္စ လက္ခဏာနဲ့ ရှုလို့မရဘူးလား (ရလာပါတယ် ဘုရား) ဒီနေရာမှာ နှာသီးဖျားမှာ တိုးခတ်တွန်းကန်နေတဲ့ လေသဘောကို သိတာ လူကသိတာလား စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား)မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှိတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဖြစ်ရင်ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ် ဘုရား)သုခလား ဒုက္ခလား(ဒုက္ခပါဘုရား)သုခလို့ ရှုရမှာလား ဒုက္ခလို့ ရှုရမှာလား (ဒုက္ခလို့ ရှုရမှာပါဘုရား)တကြိမ်ထဲလား အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါ ဘုရား)အကြိမ်ကြိမ်ရှုတာဘာတုံး(အနုပဿနာ)လူတွေသတ္တဝါတွေပေါ်မှာ ရှုရမှာလား စိတ်ပေါ်မှာ ရှုရမှာလား(စိတ်ပေါ်မှာရှုရမှာပါ ဘုရား)

စိတ်နဲ့ အနုပဿနာပေါင်းလိုက်တော့ (စိတ္တာနုပဿနာပါ ဘုရား)အောင့်မေ့တာက သတိ၊ တည်နေတာက ပဋ္ဌာန၊ ပေါင်းလိုက်တော့(စိတ္တာနုပဿနာသတိပဋ္ဌာန်ပါဘုရား)ဘာလက္ခဏာတုံး(ဒုက္ခလက္ခဏာနဲ့ပါဘုရား)ဘာနုပဿနာနဲ့တုံး(ဒုက္ခာနုပဿနာပါဘုရား)မပြည့်စုံဘူးလား ပြည့်စုံသလား(ပြည့်စုံလာပါတယ် ဘုရား) ဩော် နှာသီးဖျားမှာ တိုးခတ်တွန်းကန်နေတဲ့ လေသဘောကိုခင်ဗျားတို့သိနေတဲ့စိတ်ကို ဒုက္ခလို့မရှုဘူးလားရှုနေသလား(ရှုနေပါတယ်ဘုရား) စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ဒုက္ခလက္ခဏာနဲ့ ရှုပွားနေတယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ် ဘုရား)

အဲဒီစိတ်ရှိနေတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီး ဘယ်ရောက်(ပျက်)မဖြစ်ပါနဲ့လို့ တားရရဲ့လား(မရပါဘုရား)မပျက်ပါနဲ့လို့ တားရရဲ့လား(မရပါဘုရား)အတ္တလား အနတ္တလား(အနတ္တပါ ဘုရား)အတ္တလို့ ရှုရမှာလား အနတ္တလို့ရှုရမှာလား(အနတ္တလို့ရှုရမှာပါဘုရား)တကြိမ်ထဲလား အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါ ဘုရား) အကြိမ်ကြိမ် ရှုတာ ဘာတုံး (အနုပဿနာပါဘုရား)အနတ္တလို့ အကြိမ်ကြိမ်ရှုတာ အောင့်မေ့တာက သတိ၊ တည်နေတာကပဋ္ဌာန၊ ပေါင်းလိုက်တော့ (စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါ ဘုရား) လက္ခဏာအားဖြင့် ဘာလက္ခဏာ(အနတ္တလက္ခဏာပါ ဘုရား) ဘာအနုပဿနာ(အနတ္တာနုပဿနာပါ ဘုရား)

စိတ္တာနုပဿနာသတိပဋ္ဌာန်ကိုအနိစ္စလက္ခဏာဒုက္ခလက္ခဏာ အနတ္တလက္ခဏာ၊ အနုပဿနာအားဖြင့်အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာနဲ့ရှုပွား

ပြီး နိဗ္ဗာန်သွားနေတဲ့ပရိသတ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ဘယ်အချိန်မှာတုံး(ရှုတိုင်း ရှုက်တိုင်းမှာပါ ဘုရား)ဒါကြောင့် ကာယာနုပဿနာ သတိပဋ္ဌာန် ဝေဒနာ နုပဿနာသတိပဋ္ဌာန် စိတ္တာ နုပဿနာ သတိပဋ္ဌာန် နောက်ဘာကျန်သေးသလဲ(ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ ဘုရား) တကာ တကာမတွေ သတိထားလိုက်ပါ၊ ခန္ဓာဘယ်နှစ်ပါးရှိတာတုံး(ငါးပါးပါ ဘုရား)

ရူပက္ခန္ဓာကကာယာနုပဿနာသတိပဋ္ဌာန်၊ဝေဒနာက္ခန္ဓာကဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ ဝိညာဏက္ခန္ဓာက စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ သညာက္ခန္ဓာနဲ့ သင်္ခါရက္ခန္ဓာက ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဒါပထမ ခင်ဗျားတို့နားလည်အောင် ရှင်းထားတာ ဒါကြောင့် တကာတကာမတွေ သတိထားလိုက် ရှုတိုင်းရှုက်တိုင်း မှာ သတိထားလိုက် ရှုရင်ရှုတယ်လို့ မမှတ်ဘူးလား မှတ်သလား (မှတ်ပါတယ် ဘုရား)လူကမှတ်တာလား သညာကမှတ်တာလား(သညာကမှတ်တာပါဘုရား) အဲဒီသညာသည်ဘာတုံး(ဓမ္မ)ဘယ်လို ကောက်မလဲ ဓမ္မကောက်လိုက် ရှုလိုတာ ရှုက်လိုတာ လူလားစေတနာလား(စေတနာပါဘုရား)အဲဒီစေတနာက ဘာတုံး (ဓမ္မပါ ဘုရား)မရလာဘူးလား ရလာသလား(ရလာပါတယ် ဘုရား)

သညာတို့ စေတနာတို့ မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ရှိတာ ဘာ လို့ရှိ(ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီးဘယ်ရောက်(ပျက်)မြဲလို့လား၊မမြဲလို့လား (မမြဲလို့ပါဘုရား)နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) နိစ္စလို့ ရှုရမှာလား အနိစ္စလို့ရှုရမှာလား(အနိစ္စလို့ရှုရမှာပါဘုရား)တခါထဲလား၊အကြိမ်ကြိမ်လား (အကြိမ်ကြိမ်အခါခါပါ ဘုရား) အကြိမ်ကြိမ် ရှုတာ ဘာတုံး (အနုပဿနာပါ ဘုရား)ဓမ္မနဲ့အနုပဿနာပေါင်းလိုက်တော့(ဓမ္မာနုပဿနာပါဘုရား) အောင့်မေ့ တာကသတိ တည်နေတာက ပဋ္ဌာန ပေါင်းလိုက်တော့ (ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်ပါဘုရား)

ဘာလက္ခဏာပါလိမ့်(အနိစ္စလက္ခဏာပါဘုရား) တကာတကာမတွေ ရှုတိုင်း ရှုက်တိုင်းမှာ မှတ်သားတဲ့ သဘောတွေ စေ့ဆော်တဲ့သဘောတွေ မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) အဲဒါ တရားကိုယ်ကောက်တော့ (ဓမ္မပါဘုရား)ရှိရှိ နေတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်(အခုမှဖြစ် တာပါဘုရား)ဖြစ်ရင်ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) သုခလို့ရှုရမှာလား ဒုက္ခလို့ရှုရမှာလား (ဒုက္ခလို့ရှုရမှာပါဘုရား) တကြိမ်တည်လား အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါ ဘုရား)

အကြိမ်ကြိမ်ရှုတာက ဘာတုံး (အနုပဿနာပါဘုရား) ပေါင်းလိုက်တော့ ဓမ္မာနုပဿနာ၊ အောင့်မေ့တာကသတိ၊ ဘည်နေတာကပဋ္ဌာန၊ ပေါင်းလိုက်တော့ (ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား) ဘာလက္ခဏာတုံး (ဒုက္ခလက္ခဏာပါဘုရား) ဘာအနုပဿနာတုံး (ဒုက္ခာနုပဿနာပါဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား) တကာတကာမတွေ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ဒုက္ခလက္ခဏာနဲ့ ရှုပွါးပြီး နိဗ္ဗာန်သွားနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

တကာတကာမတွေ သတိထားပါ။ ရှုတိုင်းရှိုက်တိုင်းမှာ မှတ်သားတဲ့သဘော စေ့ဆော်တဲ့သဘော မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား)မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)

ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီး ဘယ်ရောက် (ပျက်) မဖြစ်ပါနဲ့လို့ တားလို့ရရဲ့လား (မရပါဘုရား) မပျက်ပါနဲ့လို့တားရရဲ့လား (မရပါဘုရား) အတ္တလား အနတ္တလား (အနတ္တပါဘုရား) လူတွေသတ္တဝါတွေ ပေါ်မှာလား ဓမ္မပေါ်မှာလား (ဓမ္မပေါ်မှာပါဘုရား) အတ္တလို့ ရှုရမှာလား အနတ္တလို့ ရှုရမှာလား (အနတ္တလို့ရှုရမှာပါဘုရား) တခါထဲလား အခါခါလား(အခါခါပါဘုရား)အော်-အခါခါရှုတာဘာတုံး(အနုပဿနာပါဘုရား)ဘယ်အပေါ်မှာရှုတာတုံး(ဓမ္မပေါ်မှာပါဘုရား) ဓမ္မနဲ့အနုဿနာပေါင်းလိုက်တော့ (ဓမ္မာနုပဿနာပါဘုရား) အောင့်မေ့တာက သတိ၊ တည်နေတာက ပဋ္ဌာန ပေါင်းလိုက်တော့(ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား)

ဘာလက္ခဏာနဲ့တုံး (အနတ္တလက္ခဏာနဲ့ပါ ဘုရား) ဘာ အနုပဿနာနဲ့တုံး (အနတ္တာနုပဿနာနဲ့ပါ ဘုရား) တကာ တကာမတွေ ဘယ်အချိန်မှာ ဓမ္မာနုပဿနာရှုရမှာတုံး(ရှုတိုင်းရှိုက်တိုင်းမှာပါဘုရား) အော်-ရှုတိုင်းရှိုက်တိုင်းမှာ ဓမ္မာနုပဿနာသတိ ပဋ္ဌာန်ကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာနဲ့ တနည်း အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာဖြင့် ရှုပွါးပြီးတော့ ဘယ်ကိုသွားနေတာတုံး (နိဗ္ဗာန်ပါဘုရား) မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)သတိပဋ္ဌာန် ဘယ်နှစ်ပါးရသွားတုံး (လေးပါးပါဘုရား)ဆိုစမ်းပါ။

(ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘုရား) အဲဒီ သတိပဋ္ဌာန် လေးပါးက စာအုပ်တွေထဲမှာရှိတာလား၊ ခန္ဓာမှာရှိတာလား(ခန္ဓာမှာရှိတာပါဘုရား)ခန္ဓာမှာ ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်းရှိုက်တိုင်းမှာပါဘုရား) ရှုတိုင်းရှိုက်တိုင်းမှာ သတိပဋ္ဌာန် လေးပါးကို အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တ

လက္ခဏာ တင်ပြီးတော့ အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာနဲ့ ရှုပွါးပြီးတော့ မနေထိုက်ဘူးလား၊နေထိုက်သလား(နေထိုက်ပါတယ်ဘုရား)

အဲဒီသတိပဋ္ဌာန်လေးကိုမိမိတို့ထင်ရှားတဲ့သတိပဋ္ဌာန်ပေါ်မှာအနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတင်ပြီးတော့ ရှုပွါးပြီးနေပါ၊ ဒီသတိပဋ္ဌာန်လေးပါးကို အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာနဲ့ ရှုမှတ်ပွါးများပြီးတော့ အမြတ်ဆုံးပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ...ဗုဒ္ဓံပူဇေမိ
။ ။ ဓမ္မံပူဇေမိ
။ ။ သံဃံပူဇေမိ

## ဣရိယာပထပဗ္ဗ

## ( ၁ )

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ်(၆)ရက်နေ့ ဟောကြားသောတရား။

ကဲ-ယနေ့ ရှုကွက်တမျိုးပြောင်းကြပါစို့ရဲ့၊ အာနာပါနပဗ္ဗကို ခေတ္တချန်ထား ပြီးတော့ ဣရိယာပထပဗ္ဗ ယနေ့ တက်ကြပါစို့ရဲ့၊ အာနာပါနပဗ္ဗကို ဥဘတ်စဉ် (၁၆)ပါးကျမှ ပြန်ပြီးဆက်ပေးပါမယ်။

အခုတော့ အောက်ခြေဖြစ်တဲ့ အာနာပါနပဗ္ဗဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗကို သိမ်းပေးနေပါတယ်။ ယနေ့ ရှုကွက်ပြောင်းကြပါစို့။ ဣရိယာပထပဗ္ဗမှာ၊ သွား တဲ့အခါ ရပ်တဲ့အခါ ထိုင်တဲ့အခါ လျောင်းတဲ့အခါ၊ ဣရိယာပုတ်( ၄ )ပါးကို ကမ္မဋ္ဌာန်းမလွတ်ပုံ၊ ကမ္မဋ္ဌာန်းရှုရမဲ့အကြောင်း မြတ်စွာဘုရား ဟောကြားထား ပါတယ်။ ကဲ-သွားတဲ့အခါ ရှုတတ်အောင်ပြောကြပါစို့။

ဘုန်းကြီးက ဒီဣရိယာပထကမ္မဋ္ဌာန်းကိုလျှောက်ပြီးပြရမှာပါဘဲ၊ သို့သော်လဲ အသံကဖမ်းထားပြန်တော့ စာအုပ်ဖြစ်မြောက်ရေး အဖွဲ့က ကူးယူနေလေတော့ ဘုန်းကြီးက ဒီပလ္လင်ပေါ်ကဘဲပြပါတော့မယ်၊

အဲဒီတော့ ဣရိယာပထပဗ္ဗမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် ရှေး ဦးစွာ ဘယ်လိုဟောထားသလဲဆိုတော့ သွားတာကစပြီးတော့ပြပါတယ်။

\+ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊
ဝံပိခေါ ဘိက္ခုဝေ ကာယေ ကာယာနုပဿီ ဝိဟရတိ။

ပါဠိတော်စကား။ မြတ်စွာဘုရားရဲ့ စကားတော်က ဒါဘဲဟောပါတယ်။

သွားတဲ့အခါ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဂစ္ဆန္တော ဝါ၊ သွားသည် လည်းဖြစ်သော၊ ဘိက္ခု၊ ရဟန်းသည်၊ ဘိက္ခု၊ အမျိုးကောင်းသား အမျိုးကောင်း သမီးသည်၊ ဂစ္ဆာမီတိ၊ သွား၏ဟူ၍၊ ပဇာနာတိ၊ သိရမယ်။

သွားရင်သွားတယ်လို့ သိရမယ်။ သွားရင်ဘာတဲ့တုံး (သွားတယ်လို့ သိရပါ မယ်ဘုရား) ဘုန်းကြီးတို့တကာတကာမတွေ မသွားဘူးလား၊ သွားသလား(သွား ပါတယ်ဘုရား) သွားပါတယ်။ သွားတယ်လို့ သိတဲ့အချိန်နဲ့ သွားတယ်လို့ မသိတဲ့ အချိန် ဘယ်အချိန်က များတုံး (မသိတဲ့အချိန်က များပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ သတိ သမာဓိ ရှိတဲ့အချိန်နဲ့ မရှိတဲ့အချိန် ဘယ်အချိန်တွေက များတုံး

\+ မူလပဏ္ဏာသ၊ ပါ၊ နှာ ၇၁၊ ၇၂

(သတိ သမာဓိမရှိတဲ့အချိန်ကမျှားပါတယ်ဘုရား)ငြင်းလို့ရသေးရဲ့လား(မရပါ ဘုရား)

သွားရင် သွားတယ်ဆိုတာ မှတ်ရမယ် တဲ့၊ မြတ်စွာဘုရားက ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိပဇာနာတိ။ ဂစ္ဆန္တော ဝါ၊ သွားသည်လည်းဖြစ်သော၊ ဘိက္ခု၊ ရဟန်းသည်၊ ဝါ၊အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ ဂစ္ဆာမီတိ၊သွား၏ဟူ၍၊ ပဇာနာတိ၊ သိရမယ်။သွားရင်သွားတယ်လို့ သိတဲ့။ လှမ်းရင်လှမ်းတယ်လို့ သိတဲ့။ ကြွရင် ကြွတယ်လို့ သိ၊ တို့ တကာ တကာမတွေ ခြေထောက် မကြွဘူးလား၊ ကြွသလား(ကြွပါတယ်ဘုရား)

ကြွတယ် လှမ်းတယ် ချတယ်ဘယ်နှစ်ချက်လဲ(၃-ချက်ပါ ဘုရား)သုံးချက်က ဘာတွေတုံး(ကြွတယ် လှမ်းတယ် ချတယ်)ဒီရှုကွက်ကို မှတ်ထား အမှန်အားဖြင့် (၆)ချက်ရှိတယ် အဋ္ဌကထာဆရာက ပြတာ။

ဒါဘဲမှတ်ထား ကြွတယ် လှမ်းတယ် ချတယ်မြတ်စွာဘုရားကသိခိုင်းတာလား ဘုန်းကြီးက သိခိုင်းတာလား(မြတ်စွာဘုရားက သိခိုင်းတာပါ ဘုရား) အဲဒီလို သိရင်တဲ့ ပါဠိတော်က တဆင့်တက်လာပါတယ်။

ဧဝံပိခေါ ဘိက္ခဝေ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ဘိက္ခဝေ၊ချစ်သား ချစ်သမီးတို့။ ဧဝံပိခေါ၊ ဤသို့လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဖန်တလဲလဲရှုသိပြီး။ ဝိဟရတိ၊ နေရမယ်။ သတိပဋ္ဌာန်ပါဠိတော်မှာ မြတ်စွာဘုရား ဟောတော်မူပါတယ်။

အမှန်ကသွားရင် သွားတယ်လို့ သိနေတာ သမထကမ္မဋ္ဌာန်း ဘာကမ္မဋ္ဌာန်း (သမထကမ္မဋ္ဌာန်းပါ ဘုရား)သမထကမ္မဋ္ဌာန်း မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)သက္ကာယဒိဋ္ဌိ ပြုတ်ပြီလား(မပြုတ်သေးပါ ဘုရား)

အတ္တသညာတွေ သတ္တဝါသညာတွေ ပယ်ပြီလား (မပယ်သေးပါ ဘုရား) မပယ်သေးဘူး၊ သွားရင် သွားတယ်သိအုံး၊ ဒီနေရာမှာ အဋ္ဌကထာဆရာက ပြထားတယ်(ဗုဒ္ဓဿ ဘဂဝတော ဒေသနာ ဒုဝိဓာ ဟောတိ သမ္မုတိဒေသနာစ ပရမတ္ထဒေသနာစာတိ) ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဒေသနာ၊ ဒေသနာတော်သည် သမ္မုတိဒေသနာစ၊သမ္မုတိဒေသနာဝင်း။ ပရမတ္ထဒေသနာစ၊ပရမတ္ထဒေသနာဝင်း။ ဣတိ၊ ဤသို့။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

မြတ်စွာဘုရား တရားဟောတဲ့အခါမှာ ဒေသနာနှစ်မျိုးနဲ့ ဟောတယ်၊ ဒေသနာ ဘယ်နှစ်မျိုးနဲ့ ဟောတုံး(နှစ်မျိုးနဲ့ ဟောပါတယ် ဘုရား) နှစ်မျိုးက သမ္မုတိဒေသနာ ပရမတ္ထဒေသနာ။

ဒီနေရာမှာ ဂစ္ဆန္တော ဝါဂစ္ဆာမီတိ ပဇာနာတိဆိုတဲ့ဒေသနာသည် သမ္မုတိ ဒေသနာ၊ ဘာဒေသနာတုံး(သမ္မုတိဒေသနာပါ ဘုရား)သမ္မုတိဒေသနာနဲ့ ဟော

လိုက်တာ တနည်းဘုန်းကြီးတို့ စာပေနယ်မှာ နိတတ္ထ တို့နေယျတတ္ထတို့ နိတတ္ထဆိုတာက ခင်ဗျားတို့နားလည်အောင် ပြောရမယ်ဆိုရင် ပြောင်ပြောင်ပြောတဲ့ ဒေသနာဘဲ၊ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ရှိတဲ့အတိုင်းဟောလိုက်တာသည် ဘာတုံး(နိတတ္ထပါ ဘုရား)တိုက်ရိုက်ဟောတာ၊ နေယျတ္ထကတော့ သွယ်ဝိုက်ပြီးဟောရတာ၊ နေယျတ္ထဆိုတာဘာတုံး (သွယ်ဝိုက်ဟောရတာပါ ဘုရား) တခါထဲ ဒီပုဂ္ဂိုလ်ကိုဒါနကထာ သီလကထာ သဂ္ဂကထာ အစရှိသော တရားတွေမရှိဘူးလား ရှိသလား(ရှိပါတယ် ဘုရား)အဲဒီကထာတွေနဲ့ ဟောလာပြီးမှရှိတဲ့ ပရမတ္ထကို နိတတ္ထပြောင်းဟောတယ်၊ အဲဒါကနိတတ္ထ။

ဒီလိုလဲ မြတ်စွာဘုရား မဟောဘူးလား ဟောသလား(ဟောပါတယ်ဘုရား) အဲဒီတော့ ဒီနေရာမှာ ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိဆိုတဲ့ ဒေသနာတော်သည် ဘာဒေသနာတုံး (သမုတိဒေသနာပါ ဘုရား)သွားရင် သွားတယ်လို့ သိ၊ ကြွရင်ကြွတယ်လို့ သိ၊ လှမ်းရင် လှမ်းတယ်လို့ သိ၊ ချရင်ချတယ်လို့သိ။

အဲဒီတော့ ခင်ဗျားတို့ဒီအသိသည် သတ္တဝါဟူသော သညာတွေ ပြုတ်ပြီလား (မပြုတ်သေးဘူးဘုရား)ဒီနေရာမှာ အဋ္ဌကထာဆရာကတက်လာတယ်၊ ဘယ်လိုတက်လာသလဲဆိုတော့....

\+ **သောဏသိင်္ဂါလာ ဒယော ပိ ဂစ္ဆန္တာ ဂစ္ဆာမိတိပဇာနန္တိ။ ဂစ္ဆာန္တာ** သွားကုန်သော၊ **သောဏသိင်္ဂါလာ ဒယော ပိ** အိမ်ခွေး တောခွေး **အစရှိသော** တိရိစ္ဆာန်တွေလဲဘဲ၊ **ဂစ္ဆာမိတိ** သွားကြကုန်၏ဟု၊ **ပဇာနန္တိ**၊ သိကြကုန်၏။

အိမ်ခွေး တောခွေး အစရှိသော တိရိစ္ဆာန်တွေလဲ သွားရင်း သွားတယ်လို့ မသိဘူးလား သိသလား(သိပါတယ် ဘုရား) သိပါတယ်တဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်က ဒီနေရာမှာ ဒီအသိမျိုးကို မလိုပါဘူးတဲ့၊ ဒီအသိမျိုး လိုချင်သလား(မလိုချင်ပါ ဘုရား) မလိုချင်ပါဘူးတဲ့။

ခင်ဗျားတို့အိမ်ခွေးတောခွေးအစရှိတဲ့ တိရိစ္ဆာန်တွေလဲသိပါတယ်၊ နပနေတံဝေဂုပံ ဇာနနံ သန္ဒာယ ဝုတ္တံ။ ပနဇာနန္တာပိ၊ ထိုထိုတိရိစ္ဆာန်အသိမျိုးကို သိကုန်သော်လဲ၊ ဝေဂုပံ၊ ဤသို့သဘောရှိသော။ တံဇာနနံ၊ ထိုသို့ သိခြင်းမျိုးကို၊ သန္ဒာယ၊ ရည်ရွယ်၍။ ဘဂဝတော၊ မြတ်စွာဘုရားသည်။ တေံဒေသနံ၊ ထိုဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ ဒေသနာကို၊ နဝုတ္တံ၊ ဟောတော်မူသည် မဟုတ်။

ဒီဒေသနာ ဟောတာက တောခွေး အိမ်ခွေးတွေအသိမျိုးနဲ့သိပြီး သွားခိုင်းတာမဟုတ်ဘူးတဲ့၊ အဋ္ဌကထာကပြတယ်၊ အဲဒီလိုသွားရင် အဲဒီလိုအသွားမျိုးက

\+ မူလပဏ္ဏာသ၊ ၄၊ ပါ၊ နှာ ၂၅၅

ဝေရူပံ ဟိဇာနန် သတ္တုပလဒ္ဓိ နုပဇဟတိ အတ္တသညံ့နုသမုဋ္ဌာဋ္ဌေတိကမ္မဋ္ဌာနံ ဝါသတိပဋ္ဌာန ဘာဝနာဝါနုဟောတိ။ ဒါအဋ္ဌကထာစကား။

ဒါဘာပြောသလဲဆိုတော့ ကသ္မာ အဘယ့်ကြောင့် ဘုရားဟောတော်မူ သနည်းဟူမူကား ဝေရူပံ ဤသို့သဘောရှိသော ဇာနနံ၊ တိရစ္ဆာန်တို့၏သိခြင်း မျိုးသည်။ ဟိသသ္မာအကြင်ကြောင့် သတ္တုပလဒ္ဓိ၊ သတ္တဝါဟူသော အယူကို နုပဇဟတိ မစွန့်ဘူး၊ အဲဒီလို သွားရင် သွားတယ်လို့သိတာ သတ္တဝါဟူသော အယူကိုစွန့်ရဲလား(မစွန့်ပါဘုရား)မြတ်စွာဘုရားက ဒီလိုအသိမျိုးလေးနဲ့ အလို မရှိဘူး၊ ဒီဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိကို အဋ္ဌကထာဆရာက ဖွင့်မပြ ဘူးလားပြသလား(ပြပါတယ် ဘုရား)

ဒါကြောင့်အဋ္ဌကထာဆရာကို ကျေးဇူးမတင်ထိုက်ဘူးလား တင်ထိုက်သလား (တင်ထိုက်ပါတယ် ဘုရား)ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဇာနနံ၊ ဤသို့ တိရိစ္ဆာန်အသိမျိုးသည်။ သတ္တုပလဒ္ဓိ၊ သတ္တဝါဟူသော အယူကို။ နုပဇဟတိ၊ မစွန့်ဘူးတဲ့။ အတ္တသညံ၊ ငါဟူသော အတ္တသညာကို။ နုသမုဋ္ဌာဋ္ဌေတိ၊ မသတ်။ ငါဆိုတဲ့အယူကော စွန့်ပြီလား(မစွန့် ပါဘုရား)မစွန့်သေးဘူး ငါဆိုတဲ့အယူကိုမစွန့်သေးဘူး၊ အဲဒီလိုသတ္တဝါဟူသော အမှတ် ငါဆိုတဲ့အယူမစွန့်ဘဲနဲ့ ခင်ဗျားတို့ ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘူး ဘုရား)

သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကော ဖြစ်ပါ့မလား (မဖြစ်ပါ ဘုရား)ကမ္မဋ္ဌာနံဝါ၊ ကမ္မဋ္ဌာန်းတရားသည်လည်း။ နုဟောတိ၊ မဖြစ်။ သတိပဋ္ဌာနဘာဝနာဝါ၊ သတိ ပဋ္ဌာန်ဘာဝနာသည်လည်း။ နုဟောတိ၊ မဖြစ်ဘူးတဲ့။

ဒါကြောင့် အဲဒီအသိကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိဒေသနာကိုဟောတော်မူတာမဟုတ်ပါဘူးတဲ့။

တသ္မာ၊ ထိုကြောင့်။ ဝေရူပံဇာနနံ၊ ဤသို့ တိရိစ္ဆာန်တို့ သိခြင်းဖြင့်သာ သိသည်ကို၊ သန္ဓာယ ရည်၍။ ဇတံ၊ ထိုဂစ္ဆန္တောဝါဂစ္ဆာမီတိပဇာနာတိ ဟူသော ဒေသနာတော်ကို နဝုတ္တံ၊ ဟောတော်မူသည်မဟုတ်။ ဣတိ၊ ဤသို့။ ဥာတဗ္ဗံ၊ သိအပ်၏။

ဒါကို ရည်ရွယ်ပြီးဟောဘာ မဟုတ်ဘူးတဲ့၊ သတ္တဝါသညာတွေ သတ္တဝါ ဟူသောအယူ ငါဆိုတဲ့သညာတွေ ဒီနေရာမှာ ပယ်ရမှာလား မပယ်ရဘူးလား (ပယ်ရမှာပါဘုရား)ပယ်မှ ဒီနေရာမှာ ကမ္မဋ္ဌာန်းလဲဖြစ်မယ်၊ ဘုရားရဲ့ အလိုကျလဲ ဖြစ်မယ်၊ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

ဒါကြောင့် ဣမဿပနဘိက္ခုနောဇာနနံ သတ္တုပလဒ္ဓိ ပဇဟတိအ တ္တသညံ နုသမုဋ္ဌာဋ္ဌေတိ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနာ ဘာဝနာစဟောတိဆိုပြီး အဋ္ဌ ကထာဆရာက ဖွင့်ပြန်ရော၊ ပန၊ ဆက်၍ဆိုဦးအံ့၊ ဣမဿ၊ ဤသတိပဋ္ဌာန်

ကမ္မဋ္ဌာန်းကို ပွားစေသော၊ ဘိက္ခုနော၊ ရဟန်း၏။ ဝါ၊ အမျိုးကောင်းသား အမျိုးကောင်းသမီး၏။ ဇာနန်၊ သိခြင်းသည်၊ သတ္တုပလဒ္ဓိ၊ သတ္တဝါဟူသော အယူကို ပဇဟတိ၊ စွန့်တယ်၊ သွားတဲ့အခါသတ္တဝါဟူသောအယူကို စွန့်ရမည်။ အတ္တသညာ၊ ကိုယ်ဆိုတဲ့ အတ္တသညာကို၊ ဥဂ္ဃါဋေတိ၊ ပယ်၏ သတ်၏ ခင်ဗျားတို့ ပယ်မှသာလျှင်။ ကမ္မဋ္ဌာနဉ္စေဝ၊ ကမ္မဋ္ဌာန်းသည်လည်း၊ ဟောတိ၊ ဖြစ်တယ်။

သတိပဋ္ဌာနဘာဝနာစ၊ သတိပဋ္ဌာန်တရားကို ပွားစေခြင်းသည်လည်း၊ ဟောတိ၊ ဖြစ်တယ်။ ဤလို အဋ္ဌကထာဆရာက ရှင်းမထားဘူးလား၊ ရှင်းထားသလား (ရှင်းထားပါတယ်ဘုရား) ကဲ-ကောင်းပြီ၊ တို့တကာတကာမတွေ အဲဒီတော့- သတ္တဝါဟူသော အယူ၊ ငါဟူသောအမှတ်သညာကို သွားတဲ့အခါမှာ မပယ်ရဘူးလား၊ ပယ်ရမှာလား (ပယ်ရမှာပါဘုရား)

အဲဒါကြောင့် သွားတဲ့အခါမှာ သွားတယ်လို့မသိရဘူးလား၊ သိရမှာလား (သိရမှာပါဘုရား) သွားရင်သွားတယ်လို့ ပဌမတော့ ပညတ်အနေနဲ့သိရမှာဘဲ၊ သမထကမ္မဋ္ဌာန်းမှာ မသိရဘူးလား၊ သိရမှာလား (သိရမှာပါဘုရား)

ကွေးရင်ကွေးတယ်၊ လှမ်းရင်လှမ်းတယ်၊ ချရင်ချတယ်လို့သိပါ၊ အဲဒါ သမထ သတိရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) သတိရလာတော့ သမာဓိတည်မလာဘူးလား တည်လာသလား (တည်လာပါတယ်ဘုရား) သမာဓိ တည်လာတဲ့အခါ ရှေ့တဆင့်တက်ခဲ့။

\+ **ဣဒံဟိကောဂစ္ဆတိ နကောစိသတ္တောဝါ ပုဂ္ဂလောဝါ ဂစ္ဆတိ၊ ကဿဂမနံ နကဿစိ သတ္တဿဝါ ပုဂ္ဂလဿဝါ ဂမနံဟောတိ။ ကိံကာရဏာ ဂစ္ဆတိ၊ စိတ္တကိရိယ ဝါယော ဝါတု ဝိပ္ဖါရေန ဂစ္ဆတိ ဧဝံသမ္ပဇာနနံ သန္တာယ ဝုတ္တံ။**

ကိုယ့်ကိုယ်ကို ကွေးရင်ကွေးတယ်၊ လှမ်းရင်လှမ်းတယ်၊ ချရင်ချတယ်လို့ သိခိုက်မှာ ကောဂစ္ဆတိ၊ ဘယ်သူသွားသလဲ။ ကိုယ့်ဟာကိုယ်စဉ်းစားကြည့်။ ကောဂစ္ဆတိ၊ ဘယ်သူသွားသလဲလို့။ သွားတော့သွားတာဘဲ၊ ဘယ်သူများသွားနေသလဲ၊ ယောဂီမှာ အဲဒီလို ဉာဏ်တဆင့် မတက်ရဘူးလား၊ တက်ရသလား (တက်ရပါတယ်ဘုရား)

စဉ်းစားရတယ်၊ ကောဂစ္ဆတိ၊ ဘယ်သူသွားသလဲ၊ ကောစိ၊ တစုံတယောက်သော၊ သတ္တောဝါ၊ သတ္တဝါသည်၎င်း၊ ပုဂ္ဂလောဝါ၊ပုဂ္ဂိုလ်သည်၎င်းနဂစ္ဆတိ၊ သွားသည်မဟုတ်။ သတ္တဝါသွားတာဟုတ်ရဲ့လား မဟုတ်ဘူး။ သတ္တဝါသွားတာ

\+ မူလပဏ္ဏာသ၊ ဌ၊ ပ၊ နှာ ၂၅၆

လဲမဟုတ်ဘူး။ ယောဂီက ကိုယ့်ကိုယ်ကိုဆင်ခြင်လိုက်၊ သွားတဲ့အခါမှာ ပုဂ္ဂိုလ် သတ္တဝါတွေသွားတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သွားတော့သွားတယ်လို့ ကော မှတ်မနေဘူးလား (မှတ်ပါတယ်ဘုရား) ကောဂစ္ဆတိ၊ ကော၊ အဘယ်သူ သည်၊ ဂစ္ဆတိ၊ သွားသနည်း၊ ကောစိ၊ တစုံတယောက်သော၊ပုဂ္ဂလော ဝါ၊ပုဂ္ဂိုလ် သည်လဲ၊ နဂစ္ဆတိ၊ သွားသည်မဟုတ်၊ ပုဂ္ဂိုလ်တွေသွားတာဟုတ်ရဲ့လား (မဟုတ် ပါဘုရား)

ကောစိ၊ တစုံတယောက်သော၊ သတ္တောဝါ၊ သတ္တဝါသည်၎င်း၊ နဂစ္ဆတိ၊ သွားသည်မဟုတ်၊ ပုဂ္ဂိုလ်သွားတာလဲမဟုတ်၊သတ္တဝါသွားတာလဲမဟုတ်။ ကဿ၊ အဘယ်သူ၏၊ ဂမနံ၊ သွားခြင်းနည်း၊

ကိုယ့်ဟာကိုမေး ဘယ်သူသွားနေတာတုံးလို့၊ သတိသမာဓိနဲ့ သွားတဲ့အခါ ကိုယ့်ကိုယ်ကိုဒီမှာဆင်ခြင်လိုက်။ ဆင်ခြင်ပုံခင်ဗျားတို့ကိုပြနေတာ။ကဿ၊အဘယ် သူ၏၊ ဂမနံ၊ သွားခြင်းနည်း။ ကဿစိ၊ တစုံတယောက်သော၊ သတ္တဿဝါ၊ သတ္တ ဝါ၏လည်း၊ နဂမနံ၊ သွားခြင်းမဟုတ်။ သတ္တဝါသွားတာလဲမဟုတ်ဘူး။

ကဿစိ၊ တစုံတယောက်သော၊ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်၏လည်း၊ နဂမနံ၊ သွားခြင်းမဟုတ်၊ တစုံတယောက်သောပုဂ္ဂိုလ်သွားတာ ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား) ဒီလိုတဆင့်တက်ခဲ့၊ ခင်ဗျားတို့ သွားရင်သွားတယ်လို့ကော သိမနေဘူး လား (သိနေပါတယ်ဘုရား) ဒါဖြင့်သွားရင်သွားတယ်လို့သိနေတာနဲ့ အဲဒီတွင် အချိန်ကုန်မနေနဲ့၊

အဲဒါ အတ္တသညာ၊ သတ္တဝါသညာပြုတ်ပြီလား ( မပြုတ်သေးပါဘုရား ) အဲဒီတော့ ခင်ဗျားတို့သတ္တဝါသညာ၊ အတ္တသညာမပြုတ်ဘဲနဲ့ အသေဦးသွားရင် သက္ကာယဒိဋ္ဌိတန်းလန်းနဲ့သေသွားတယ်လို့ကော မ ဆို ထိုက် ဘူး လား၊ ဆိုထိုက် သလား (ဆိုထိုက်ပါတယ်ဘုရား)

ခင်ဗျားတို့ သမထအရှိန်ကြောင့် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ မပေးဘူးလား ပေးမှာလား(ပေးမှာပါဘုရား) သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ပါသွား တော့ အပါယ်မှာ ဂျွမ်းပြန်ပြန်ကျနေတာ ဘယ်သူ့ကြောင့်လဲ (သ က္ကာ ယ ဒိ ဋ္ဌိ ကြောင့်ပါဘုရား)

ဒါကြောင့် – မြတ်စွာဘုရားကိုယ်တော်မြတ်က သက္ကာယဒိဋ္ဌိပြုတ်စေချင်လို့ ဒီနေရာမှာ သတ္တဝါသညာတွေ၊ အတ္တသညာတွေ မပယ်ခိုင်းဘူးလား ပယ်ခိုင်း သလား (ပယ်ခိုင်းပါတယ်ဘုရား) ပယ်ခိုင်းတယ်။

ဒါကြောင့် ကိုယ့်ကိုယ်ကိုမေး၊ ကောဂစ္ဆတိ၊ အဘယ်သူသွားသနည်း၊ ကော စိ၊ တစုံတယောက်သော၊ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်၎င်း၊ သတ္တောဝါ၊ သတ္တဝါ

သည်ဝင်း၊ နဂစ္ဆတိ၊ သွားသည်မဟုတ်။ ကဿစိ၊ တစုံတယောက်သောသူ၏၊ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်၏ဝင်း၊ သတ္တဿဝါ၊ သတ္တဝါ၏ဝင်း။ နဂမနံ၊ သွားခြင်း မဟုတ်။ ပုဂ္ဂိုလ် သတ္တဝါတွေသွားတာမဟုတ်ပါလား။ ရှေ့တဆင့်တက်။

ကိံ ကာရဏာဂစ္ဆတိ၊ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဂစ္ဆတိ၊ သွားသလဲ။ တဆင့်တက်လာပြန်ရော၊သွားတော့မသွားဘူးလား သွားနေသလား (သွားနေပါတယ်ဘုရား) သွားနေတယ်၊ ဘယ်သူ့ကြောင့်သွားသလဲ။ ရှေ့ဆက် လာတယ်။

စိတ္တကိရိယ ဝါယော ဓါတု ဝိပ္ဖါရေန၊ စိတ်ကြောင့်ဖြစ်သောဝါယောဓါတ် ပြန့်နှံ့သောအားဖြင့်၊ ဂစ္ဆတိ၊ သွားတယ်၊ အဲဒီတော့ တို့တကာ တကာမတွေ ကြွချင်တာဘာတုံး (စိတ်) ကြွချင်တဲ့သဘောဟာဘာတုံး (စိတ်ပါဘုရား)

လှမ်းချင်တဲ့သဘောကကော (စိတ်) ချချင်တဲ့သဘောကကော (စိတ်) အဲဒီ တော့ သွားတယ်လို့မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ်ဘုရား) သွား ချင်တယ်ဆိုတဲ့သဘောဟာ လူလား စိတ်လား (စိတ်ပါဘုရား) စိတ်ဖြစ်လိုက်တာ နဲ့တပြိုင်တည်း လေဖြစ်လာတယ်၊ မ ဖြစ် ဘူး လား ဖြစ် သ လား (ဖြစ်ပါတယ် ဘုရား) စိတ်ဖြစ်လိုက်တာနဲ့တပြိုင်တည်း တကိုယ်လုံး "လေ" ပျံ့နှံ့မတည်လာဘူး လား၊ တည်လာသလား(တည်လာပါတယ်ဘုရား)စိတ်ကဘာတရားတုံး (နာမ် တရား) လေကဘာတရားတုံး (ရုပ်တရားပါဘုရား) နာမ်ရုပ်ပါလား။

သွားတာရှိရဲ့လား (မရှိပါဘုရား) ရှိတာဘာတုံး (နာမ်ရုပ်) ကြွတာရှိရဲ့လား (မရှိပါဘုရား) ဘာတုံး (နာမ်ရုပ်) လှမ်းတာရှိရဲ့လား (မရှိပါဘုရား) ဘာတုံး (နာမ်ရုပ်ပါဘုရား) ချတာရှိရဲ့လား (မရှိပါဘုရား) ဘာရှိတာတုံး (နာမ်ရုပ်ပါ ဘုရား)

အဲဒီတော့ ကြွတယ်ဆိုတဲ့သဘောက ဘာတုံး၊ စိတ်လား လူလား (စိတ်ပါ ဘုရား) စိတ်ဖြစ်လိုက်တာနဲ့တပြိုင်ထဲ ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) ပဌမ စိတ်ကြောင့် ပဌမလေ။ ဒုတိယစိတ်ကြောင့် ဒုတိယလေ၊ တတိယစိတ်ကြောင့် တတိယလေ၊ သူ့စိတ်နဲ့ဘာတုံး (သူ့လေပါဘုရား) သူ့စိတ်နဲ့သူ့လေ။

တို့ဘကာဘကာမတွေ နမူနာပြနေပါတယ်၊ ဟောကြွချင်တယ် မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ကြွချင်တာဘာတုံး (စိတ်ပါဘုရား) ပြီးတော့ဘာ ဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) လေဖြစ်တော့၊ ပဌမစိတ်ကြောင့် ပဌမလေ၊ ဒုတိယစိတ်ကြောင့် ဒုတိယလေ၊ တတိယစိတ်ကြောင့် တတိယလေ။

အဲဒီတော့ စိတ်ချင်းတူရဲ့လား (မတူပါဘုရား) စိတ်ချင်းမတူတော့ လေချင်း ကောတူရဲ့လား ( မတူပါဘုရား ) လေချင်းမတူတော့ ဒီအမူအယာချင်းကော တူရဲ့လား (မတူပါဘုရား) ဒီအမူအယာ ဘာ့ကြောင့်မတူသလဲဆိုတော့ လေခြင်း မတူလို့။ လေကလဲ ဘာ့ကြောင့်မတူတာတုံး၊ စိတ်မတူလို့၊ စိတ် အ မျိုး မျိုး

ကြောင့် လေအမျိုးမျိုး။ လေအမျိုးမျိုးကြောင့် အမူအယာအမျိုးမျိုး မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

ဒီအမူအရာကိုရှုရမှာလား၊ စိတ်သဘောနဲ့လေသဘောကို ရှုရမှာလား (စိတ်သဘောနဲ့လေသဘောကိုရှုရမှာပါဘုရား)စိတ်ကဘာတရားတုံး နာမ်တရား၊လေက ဘာတရားတုံး(ရုပ်တရား)နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

နာမ်ကဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား)ဒါကြောင့် ကြွတဲ့အခါ (အခုမှဖြစ်တဲ့စိတ်နဲ့လေ)လှမ်းတဲ့အခါကော (အခုမှဖြစ်တဲ့စိတ်နဲ့လေ) ချတဲ့အခါကော (အခုမှဖြစ်တဲ့ စိတ်နဲ့လေ)သွားတာရှိရဲ့လား ဘာနဲ့ဘာရှိတာတုံး(စိတ်နဲ့လေပါဘုရား) စိတ်နဲ့လေဘဲရှိတယ်။အဲဒီတော့ သွားတိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား စိတ်နဲ့လေရှိတာလား (စိတ်နဲ့လေရှိတာပါဘုရား) ကြွတဲ့အခါကော စိတ်နဲ့လေ၊ လှမ်းတဲ့အခါကော စိတ်နဲ့လေ၊ ချတဲ့အခါကော (စိတ်နဲ့လေပါဘုရား)

ဘယ်အချိန်မှာတုံး (ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာပါဘုရား) ဒီသုံးချက်ကို ခင်ဗျားတို့မိအောင်ရှု၊ မသွားဘဲနေရဲ့လား (မနေပါဘုရား) ကြွချင်တဲ့သဘောဘာတုံး(စိတ်)စိတ်ဖြစ်တော့ဘာဖြစ်(လေဖြစ်ပါတယ်ဘုရား) စိတ်ကဘာတရား (နာမ်တရားပါဘုရား)လေကဘာတရား (ရုပ်တရားပါဘုရား)နာမ် ရုပ် ကြွတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) လှမ်းချင်တယ်ဆိုတဲ့ သဘောကဘာတုံး (စိတ်) စိတ်ဖြစ်တော့ဘာဖြစ်တုံး(လေဖြစ်) စိတ်ကဘာတရားတုံး (နာမ်တရား) လေက ဘာတရားတုံး(ရုပ်တရား)

ချချင်တဲ့သဘောကစိတ်၊ စိတ်ဖြစ်တော့ လေဖြစ်၊ လေဖြစ်တော့ ချချင်တယ်ဆိုတဲ့အမူအရာဖြစ်လာတယ်။ ဒီအမူအရာဘယ်သူ့သတ္တဝါတုံး (လေရဲ့သတ္တိ) ဒီလေဟာလဲ ဘယ်သူ့ကြောင့်ဖြစ်တာတုံး(စိတ်ကြောင့်ဖြစ်တာ)

အဲဒီတော့ တကာ တကာမတွေ လူသေကောင်တွေဟာ အမူအရာရှိရဲ့လား (မရှိပါဘုရား)ဘာနဲ့ဘာမရှိလို့တုံး (စိတ်နဲ့လေမရှိလို့ပါဘုရား) စိတ်မရှိတော့ လေမရှိတော့ဘူး၊ လေမရှိတော့ အဲဒီလူသေကောင် လှုပ်ရဲ့လား(မလှုပ်ပါဘုရား) ဘာပြုလို့မလှုပ်တာတုံး(စိတ်နဲ့လေမရှိလို့ပါဘုရား)စိတ်နဲ့လေမရှိလို့ဟုတ်လား။

တကာတကာမတွေ သွားလာလှုပ်ရှားမှုမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘာသဘောနဲ့ ဘာသဘောကြောင့်တုံး (စိတ်သဘောနဲ့ လေသဘောကြောင့်ပါဘုရား)မထင်ရှားဘူးလား၊ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)

အဲဒီတော့ ခင်ဗျားတို့ ကြွတဲ့အခါ လှမ်းတဲ့အခါ ချတဲ့အခါ ဘာသဘောနဲ့ ဘာသဘောရှိတာတုံး (စိတ်သဘောနဲ့လေသဘောပါဘုရား) စိတ်က ဘာတရားတုံး(နာမ်တရား)လေကဘာတရားတုံး(ရုပ်တရားပါဘုရား)

နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သွားတဲ့အခါလဲ (စိတ်နဲ့လေပါဘုရား)ကြွတဲ့အခါကော(စိတ်နဲ့လေ)လှမ်းတဲ့အခါကော စိတ်နဲ့လေ၊ ရွှေ့တိုးတဲ့အခါကော စိတ်နဲ့လေ၊ ထိတဲ့အခါကော စိတ်နဲ့လေ၊မရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား)

ဒီတော့ သွားတယ်ဆိုတဲ့ အမှတ် သညာ၊ ပျောက်မသွားဘူးလား၊ ပျောက်သွားသလား (ပျောက်သွားပါတယ်ဘုရား) သွားတယ်ထင်သေးရဲ့လား (မထင်တော့ပါဘုရား)စိတ်နဲ့လေက သဏ္ဌာယ၊ နာမ်နဲ့ရုပ်ကဘာတုံး (သဏ္ဌာယ) သွားတယ်ထင်ရင်ဒိဋ္ဌိ၊ ထိတယ်ထင်ရင်ဘာတုံး(ဒိဋ္ဌိပါဘုရား)

ရှိတာက(စိတ်နဲ့လေပါဘုရား) စိတ်နဲ့လေကဘာတုံး(သဏ္ဌာယ) သဏ္ဌာယနဲ့ဒိဋ္ဌိပေါင်းလိုက်တော့ (သဏ္ဌာယဒိဋ္ဌိပါဘုရား) ဒီလိုမကွဲရင် ခင်ဗျားတို့ ကြွတိုင်း လှမ်းတိုင်း ချကိုင်း သဏ္ဌာယဒိဋ္ဌိမလွှမ်းမိုးဘူးလား၊ လွှမ်းမိုးသလား (လွှမ်းမိုးပါတယ်ဘုရား)

သဏ္ဌာယဒိဋ္ဌိလွှမ်းမိုးနေရင် အပါယ်ကို သွားနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) ဘာပြုလို့ တုံး သဏ္ဌာယဒိဋ္ဌိပါလာလို့၊ သဲတ္တဝါဟူသောအယူ၊ ငါဟူသောအယူ၊ မယူဘူးလား၊ ယူသလား(ယူပါတယ်ဘုရား)ဘယ်အချိန်မှာယူတာတုံး(ကြွတိုင်း လှမ်းတိုင်း ချကိုင်းမှာပါဘုရား)

အဲဒီအချိန်မှာ ဘယ်သဘောနဲ့ ဘယ်သဘောရှိတာတုံး (စိတ်သဘောနဲ့လေသဘောပါဘုရား) စိတ်ဖြစ်လိုက်တာနဲ့တပြိုင်တည်း(လေဖြစ်တာပါဘုရား) စိတ်အမျိုးမျိုးဖြစ်တော့ဘာဖြစ်တုံး (လေအမျိုးမျိုး ဖြစ်ပါတယ်ဘုရား) လေအမျိုးမျိုးဖြစ်တော့ အမူအရာအမျိုးမျိုး မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

ဒီအမူအရာတွေဟာ တခုနဲ့တခုတူရဲ့လား(မတူပါဘုရား) ဘာပြုလို့ မတူတာတုံး(လေမတူလို့ပါဘုရား)လေမတူတာကဘာပြုလို့ တုံး(စိတ်မတူလို့ပါဘုရား) စိတ်မတူတော့ လေကမတူဘူး၊ လေကမတူတော့ အမူအရာအမျိုးမျိုး ဖြစ်လာတယ်။

ကာယဝိညတ်မဖြစ်လာဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ် ဘုရား) ကာယဝိညတ်ကို ရှုရမှာမဟုတ်ဘူး ဘာကိုရှုရမှာတုံး (စိတ်သဘောနဲ့ လေသဘောကိုရှုရမှာပါဘုရား)စိတ်က ဘာတရားတုံး (နာမ်တရားပါ ဘုရား)လေကဘာတရားတုံး(ရုပ်တရားပါဘုရား)

နာမ်ရုပ်ကို ရှုရမှာ ဘာကိုရှုရမှာတုံး(နာမ်ရုပ်ကို ရှုရမှာပါ ဘုရား)မျက်မြင်နာမ်ရုပ်လား ဉာဏ်မြင်နာမ်ရုပ်လား (ဉာဏ်မြင် နာမ်ရုပ်ပါ ဘုရား)ဒီလက်ကို ဝိပဿနာရှုလို့ ရရဲ့လား(မရပါ ဘုရား) လက်ဆိုတာကော ရှိရဲ့လား (မရှိပါ

ဘုရား)ဘယ်သဘောနဲ့ ဘယ်သဘောတုံး(စိတ်သဘောနဲ့ လေသဘောပါဘုရား) အမူအရာတခုနဲ့တခု တူရဲ့လား(မတူပါ ဘုရား)လှုပ်တာ ဟုတ်ရဲ့လား(မဟုတ်ပါ ဘုရား)ဘာတုံး (စိတ်သဘောနဲ့ လေသဘောပါ ဘုရား)စိတ်က ဘာတရားတုံး (နာမ်တရားပါ ဘုရား)လေက(ရုပ်ဘရားပါဘုရား) သူ့သဘောက မထင်ရှား ဘူးလား ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)

ဒီရှုကွက်မှာ ဘယ်အချိန်မှာ ထင်ရှားတာတုံး(ကြွတိုင်း လှမ်းတိုင်း ချတိုင်း မှာပါဘုရား)မရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား) နာမ် ရုပ် ရှိတာလား လူတွေသတ္တဝါတွေ ရှိတာလား(နာမ်ရုပ်ရှိတာပါ ဘုရား)နာမ်တရား ရုပ်တရား မကွဲဘူးလားကွဲသလား(ကွဲလာပါတယ်ဘုရား)

တို့တကာ တကာမတွေ သတိထားလိုက်ပါ၊ တကာ တကာမတွေ အချိန်တိုင်း အချိန်တိုင်း ငြိမ်ငြိမ်နေရဲ့လား(မနေပါ ဘုရား)ဘယ်သူ့ရဲ့ သတ္တိတုံး(လေရဲ့သတ္တိ ပါဘုရား)အဲဒီလေဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး(စိတ်ကြောင့်ပါ ဘုရား) စိတ်ကဘာတုံး(နာမ်)လေကဘာတုံး(ရုပ်ပါ ဘုရား)မဖြစ်လာဘူးလား ဖြစ်လာ သလား(ဖြစ်ပါတယ် ဘုရား)လေအမျိုးမျိုးတွေဖြစ်တော့ အမူအရာတွေကလဲ ဘာတုံး(အမျိုးမျိုးဖြစ်ပါတယ် ဘုရား)အမူအရာ အမျိုးမျိုးဖြစ်တော့ ပညတ် အမျိုးမျိုးမခေါ်ဘူးလား ခေါ်သလား(ခေါ်ပါတယ် ဘုရား)

**+ စိတ္တနာနတ္တမာဂမ္မ၊ နာနတ္တံဟောတိဝါယုနော၊**
**ဝါယုနာနတ္တတောနာနာဟောတိ ကာယဿဣဉ္ဇနာ။**

ကျမ်းဂန်က၊ စိတ္တာနာနတ္တံ၊ စိတ်အမျိုးမျိုးကို၊အာဂမ္မ၊ စွဲ၍။ ဝါယုနော၊ လေသဘော၏။ နာနတ္တံ၊ အထူးထူး အပြားပြားရှိသည်၏ အဖြစ်သည်၊ ဟောတိ ဖြစ်၏။စိတ်အမျိုးမျိုးတွေကြောင့်လေအမျိုးမျိုးတွေ မဖြစ်ဘူးလား(ဖြစ်ပါတယ် ဘုရား) ဝါယုနာနတ္တတော လေ အမျိုးမျိုး တွေ ကြောင့်၊ ကာယဿ၊လက်ခြေ စသော ကိုယ်၏။ ဣဉ္ဇနာ၊ တုန်လှုပ် ရွေ့ရှား သွားလာ လှုပ်ရှားမှု စသည်များ သည်၊ နာနာ၊ အထူးထူးအပြားပြားရှိသည်။ ဟောတိဖြစ်၏။

လက်ခြေတွေ တုန်လှုပ်မှု အမျိုးမျိုးအစားစား မရှိဘူးလား ရှိသလား(ရှိပါ တယ်ဘုရား)ဘယ်သူ့ကြောင့်တုံး(လေကြောင့်ပါ ဘုရား)ဒီလေကလဲ ဘယ်သူ့ ကြောင့် ဖြစ်တာတုံး(စိတ်ကြောင့်ပါဘုရား) စိတ်အမျိုးမျိုးတွေကြောင့် လေ အမျိုးမျိုးတွေ လေအမျိုးမျိုးတွေကြောင့် ဘာတုံး(အမူအရာ အမျိုးမျိုးတွေ) အမူအရာအမျိုးမျိုးတွေကြောင့်ဘာတုံး(ပညတ်အမျိုးမျိုးတွေ)အမူအရာ တခုနဲ့

+ သုတ္တနိပါတ် အဋ္ဌကထာ၊ နှာ ၂၃၇

တခု ပညတ်ချင်းကော တူရဲ့လား(မတူပါဘုရား) ဘာမတူလို့တုံး(လေမတူလို့ပါဘုရား)လေကလဲ ဘာ့ကြောင့် မတူတာတုံး(စိတ်မတူလို့ပါဘုရား)နာမ် ရုပ်တွေ အသစ်အသစ်မပြောင်းဘူးလား ပြောင်းနေသလား(ပြောင်းနေပါတယ်ဘုရား) တချိန်နဲ့တချိန်တူရဲ့လား(မတူပါဘုရား) အမူအရာတခုနဲ့တခု တူရဲ့လား(မတူပါဘုရား)ဘာမတူလို့တုံး(စိတ်နဲ့လေ မတူလို့ပါဘုရား)တကာတကာမတွေ့ သတိထားလိုက်ပါ၊ ဒီနေရာမှာ အဋ္ဌကထာဆရာက ရှေ့ဘယ်လိုပြထားသလဲဆိုတော့။

\+ ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ ဝါယော ဝိညတ္တိံ ဇနေတိ စိတ္တကိရိယ ဝါယောဓာတုဝိပ္ဖာရေ နသကလကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။

ဂစ္ဆာမီတိ၊ သွားအံ့ဟူ၍၊ စိတ္တံ၊ စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ် သွားချင်တယ်ဆိုတာဘာတုံး(စိတ်) ဟောမပြဘူးလား ပြထားသလား (ပြထားပါတယ်ဘုရား)ကျမ်းဂန်က ပြတာလား ဘုန်းကြီးက ပြတာလား(ကျမ်းဂန်က ပြတာပါဘုရား)

ဂစ္ဆာမီတိ၊ သွားအံ့ဟူ၍၊ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ် ဖြစ်တာကဘာတုံး(စိတ်)တံစိတ္တံ၊ ထိုစိတ်သည်။ ဝါယံ၊ လေကို၊ ဇနေတိ၊ ဖြစ်စေတယ်။ ဝါယော၊လေသည်၊ ဝိညတ္တိံ၊ အမူအရာဆိုတဲ့ ကာယဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေတယ်၊ ဝိညတ်ရုပ်တွေ မဖြစ်စေဘူးလား ဖြစ်စေသလား (ဖြစ်စေပါတယ်ဘုရား) အမူအရာတွေ တူရဲ့လား (မတူပါ ဘုရား) ခင်ဗျားတို့ ဒီအမူအရာတွေပြောင်းတိုင်း ပြောင်းတိုင်း ပညတ်အမျိုးမျိုးတွေ မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ်ဘုရား)အမှန်အားဖြင့် ဘယ်သဘောနဲ့ ဘယ်သဘောတုံး (စိတ်သဘောနဲ့ လေသဘောပါဘုရား)စိတ်က ဘာတရားတုံး(နာမ်တရားပါဘုရား) လေကဘာတရားတုံး (ရုပ်တရားပါဘုရား)

စိတ်သဘောနဲ့လေသဘောဘဲ၊ မမြင်လာဘူးလား မြင်လာသလား(မြင်လာပါတယ်ဘုရား)မျက်မြင်လား ဉာဏ်မြင်လား (ဉာဏ်မြင်ပါဘုရား)

ဒါကြောင့် တံစိတ္တံ၊ထိုစိတ်သည်၊ ဝါယံ၊လေကို၊ ဇနေတိ၊ ဖြစ်စေတယ်။ ဝါယော၊လေသည်၊ဝိညတ္တိံ၊ကိုယ်အမူအရာဆိုတဲ့ဝိညတ်ကို၊ ဇနေတိ၊ ဖြစ်စေတယ်၊ သွားတဲ့အမူအရာမဖြစ်စေဘူးလား၊ ဖြစ်စေသလား(ဖြစ်စေပါတယ်ဘုရား)

ကြွတဲ့အမူအရာ ပြီးတော့ဘာတုံး(လှမ်းတဲ့အမူအရာ)ချတဲ့အမူအရာ လှမ်းတဲ့ အမူအရာ မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ကြွတဲ့အမူအရာ လှမ်းတဲ့အမူအရာ ချတဲ့အမူအရာ ဒီအမူအရာတွေကို ရှုရမှာလား စိတ်သဘော လေ

---

\+ မူလပဏ္ဏာသ၊ ဌ၊ ၃၊ နှာ ၂၅၆

သဘောကို ရှုရမှာလား (စိတ်သဘော လေသဘောကို ရှုရမှာပါဘုရား) ဒီအမူ အရာတွေ မရှိဘူးလား၊ရှိနေသလား(ရှိနေပါတယ်ဘုရား)

ဒီအမူအရာတွေဟာ ဘယ်သူ့ကြောင့်ဖြစ်နေတာတုံး (စိတ်နဲ့လေကြောင့်ပါ ဘုရား)စိတ်ကဘာတရား(နာမ်တရားပါဘုရား) လေကဘာတရားတုံး(ရုပ်တရား ပါဘုရား) နာမ် ရုပ်ကြောင့်။

နာမ်တရား ရုပ်တရား အခုမမြင်ဘူးလား၊ မြင်လာသလား (မြင်လာပါတယ် ဘုရား) ဘယ်အချိန်မှာတုံး (ကွေးတိုင်း လှမ်းတိုင်း ချတိုင်းမှာပါ ဘုရား) ဘယ် သဘောနဲ့ဘယ်သဘောပါလိမ့်(စိတ်သဘောနဲ့လေသဘောပါဘုရား)

ဒါကြောင့် ဂစ္ဆာမိတိ၊သွားအံ့ဟူ၍၊စိတ္တံ၊စိတ်သည်၊ဥပ္ပဇ္ဇတိဖြစ်တယ်။တံစိတ္တံ ထိုစိတ်သည်၊ ဝါယံ၊လေကို၊ဇနေတိ၊ဖြစ်စေတယ်။ ဝါယော၊လေသည်၊ဝိညတ္တိံ၊ ကွေးခြင်းလှမ်းခြင်းချခြင်းဆိုတဲ့ အမူအရာကြိယာကို၊ဇနေတိ၊ ဖြစ်စေတယ်။ မဖြစ် ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

အဲဒါ ဘာကြောင့် ဖြစ်သလဲဆိုတော့ စိတ္တကိရိယ ဝါးယာဓာတုဝိပ္ဖါရေန၊ စိတ်သည် ပြုပြင်အပ်သော လေသဘောပျံ့နှံ့ခြင်းကြောင့် သကလကာယဿ အ လုံးစုံသော ရူပကာယ၏၊ဝါ၊ခန္ဓာကိုယ်ကြီး၏ ဒီဟာကဘာတုံး(ကိုယ်ပါဘုရား) မျက်မြင်ကိုယ် မရှိဘူးလားရှိသလား(ရှိပါတယ်ဘုရား)

သကလ ကာယဿ၊ အလုံးစုံသော ကိုယ်၏၊ပုရတော အဘိနိဟာရော၊ ရှေ့သို့ ဆောင်ခြင်းကို၊ဂမနံတိ၊သွား၏ဟူ၍၊ ဝုစ္စတိ၊ဆိုအပ်၏။ ခင်ဗျားတို့ စိတ်သဘော ကြောင့် ဘာဖြစ်တုံး (လေသဘော) ဒီလေဖြစ်လို့ ဒီခန္ဓာကိုယ်က ရှေ့ကို ညွတ် မသွားဘူးလား သွားသလား(သွားပါတယ်ဘုရား)အဲဒါကို ခင်ဗျားတို့၊ ကျုပ်တို့ က သွားတယ်လို့ခေါ်တာ၊

မခေါ်ဘူးလားခေါ်သလား(ခေါ်ပါတယ် ဘုရား)သွားတာ ရှိရဲ့လား(မရှိ ပါဘုရား)ကွေးတာ လှမ်းတာ ချတာရှိရဲ့လား(မရှိပါဘုရား)

ရှိတာကဘာနဲ့ဘာတုံး(စိတ်သဘောနဲ့ လေသဘောပါဘုရား)တနည်း ဘာနဲ့ ဘာတုံး(နာမ်နဲ့ရုပ်)မတွေ့လာဘူးလား တွေ့လာသလား (တွေ့ပါတယ် ဘုရား) တကာတကာမတွေ့ကို လုပ်ငန်းနဲ့ပြောနေတာလား အပြောနဲ့ ပြောနေတာလား (လုပ်ငန်းနဲ့ပြောနေတာပါ ဘုရား)

ပဋိပတ္တိဆိုတဲ့ လုပ်ငန်းခွင်ထဲမှာ မရောက်လာဘူးလား ရောက်လာသလား (ရောက်လာပါတယ် ဘုရား) တကာ တကာမတွေ သတိထားလိုက်ပါ၊ ဒီခန္ဓာ ကိုယ်ကြီး ရွေ့လျားနေတယ် သွားနေတယ်လို့ ခင်ဗျားတို့ပြောတာဘဲနော်။

ဥပမာ-လှည်းသွားတယ်တဲ့၊ လှည်းသွားသလား (မသွားပါဘူး)လှည်းသွား တယ် လှည်းရပ်တယ်လို့သာခေါ်ကြတာ လှည်းကသွားရဲ့လား(မသွားပါဘုရား) လှည်းက လှုပ်ရဲ့လား(မလှုပ်ပါ ဘုရား)မလှုပ်ပါဘူးဗျ။

ဒီနေရာမှာ အဋ္ဌကထာဆရာက ဘယ်လိုပြထားသလဲဆိုတော့

\+ ဂေါဏောပနသကဋ္ဌေယောဇေတွာ သာရထိမှိပါဇေန္တေ သကဋ္ဌောဂစ္ဆတိ တိဋ္ဌန္တေသကဋ္ဌောတိဋ္ဌတိ ဝေါဟာရမတ္တံ ဝဋ္ဋတိ။

သာရထိမှိ၊ လှည်းမောင်းသမားသည်။ ဂေါဏေ၊ နွားတို့ကို။ သကဋ္ဌေ၊ လှည်း၌။ ယောဇေတွာ၊ ကျ၍၊ နွားမကောက်ဘူးလားကောက်သလား(ကောက်ပါတယ်ဘုရား)နွားကထားတယ်၊ ပါဇေန္တေ၊ မောင်းနှင်သည်ရှိသော်။သကဋ္ဌော လှည်းသည်။ ဂစ္ဆတိ၊ သွား၏။

မသွားဘူးလား သွားသလား(သွားပါတယ် ဘုရား)အမှန်အားဖြင့် လှည်း သွားတာ မဟုတ်ဘူး၊ ခင်ဗျားတို့က လှည်းသွားတယ်လို့ မခေါ်ဘူးလား ခေါ် သလား(ခေါ်ပါတယ်ဘုရား)တိဋ္ဌန္တေ၊ နွားကိုရပ်စေသည်ရှိသော်၊ သကဋ္ဌော၊ လှည်းသည်။ တိဋ္ဌတိ၊ ရပ်၏။ လှည်းရပ်တယ်လို့ မဆိုပြန်ဘူးလား ဆိုပြန်သလား (ဆိုပါတယ် ဘုရား)ဣတိ၊ ဤသို့။ ဝေါဟာရမတ္တံ၊ ဆိုကာမျှသည်။ ဟောတိ၊ ဖြစ်၏။

ပြောကာမျှ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ် ဘုရား) လှည်းရပ်တာ ဟုတ်ရဲ့လား(မဟုတ်ပါ ဘုရား)အဲဒါဘာ့ကြောင့် ရပ်ရသလဲဆိုတော့ နွားနဲ့နွား မောင်းသမားသာမရှိရင် ဒီလှည်းသွားပါ့မလား (မသွားပါ ဘုရား)သွားတယ် လို့လဲပြောလို့မရ၊ ဘာနဲ့ဘာရှိလို့ဘုံး(နွားနဲ့ လှည်းမောင်းသမား ရှိလို့ပါဘုရား) သာရထိမှိ၊ ရထားထိန်းသည်(ဝါ)လှည်းမောင်းသမားသည်။ ဂေါဏေ၊ နွား တို့ကို။ သကဋ္ဌေ၊ လှည်း၌။ ယောဇေတွာ၊ ကျ၍။ ပါဇေန္တေ၊ မောင်းနှင်သည် ရှိသော်။သကဋ္ဌော၊ လှည်းသည်။ ဂစ္ဆတိ၊ သွား၏။ မပြောကြဘူးလား ပြောကြ သလား(ပြောကြပါတယ် ဘုရား)

တိဋ္ဌန္တေ၊ နွားကိုမသွားရပ်စေသည်ရှိသော်။ သကဋ္ဌော၊ လှည်းသည်။ တိဋ္ဌတိ၊ ရပ်၏၊ ဣတိ၊ဤသို့။ဝေါဟာရမတ္တံ၊ဆိုကာမျှ ပြောကာမျှသည်။ ဟောတိ၊ဖြစ်၏။

အမှန်အားဖြင့် ဘာနဲ့ဘာရှိလို့တုံး၊ နွားနဲ့ လှည်းမောင်း သမားကြောင့် အဲဒီတော့ ဒီနေရာမှာခင်ဗျားတို့ မျက်မြင်ခန္ဓာကိုယ် အတ္တဘောက ဘာနဲ့တူသလဲ ဆိုတော့ လှည်းနဲ့တူတယ်၊ ဘာနဲ့တူတုံး(လှည်းနဲ့တူပါတယ် ဘုရား)

သကဋ္ဋံ ဝိယကာယော။ ကာယော၊ ဤအတ္တဘောခန္ဓာကိုယ်ကား၊သကဋ္ဋံ ဝိယ၊ လှည်းနဲ့တူတယ်။ ဘာနဲ့တူတုံး (လှည်းနဲ့တူပါတယ် ဘုရား) ဂေါဏာဝိယ စိတ္တဇဝါတာ။ စိတ္တဇဝါတာ၊ စိတ်ကြောင့်ဖြစ်သော လေတို့သည်။ ဂေါဏာဝိယ၊ နွားနဲ့တူကုန်၏။ နွားကဘာနဲ့တူဘုံး (လေနဲ့တူပါတယ် ဘုရား)ဘာလေတုံး(စိတ် ကြောင့်ဖြစ်တဲ့ လေပါဘုရား)

\+ မူလပဏ္ဏာသ၊ ဋ၊ ပ၊ နှာ ၂၅၆

+ယကဉ္စ ဝိယကာယော ဂေါဏာဝိယစိတ္တဇဝါတာ သာရထိဝိယစိတ္တံ။

လေကန္တာနဲ့ တူတယ်လို့ မှတ်လိုက်၊ သာရထိဝိယစိတ္တံ၊ စိတ္တံ၊ စိတ်သည်။ သာရထိဝိယ၊ လှည်းမောင်းသမားနဲ့တူတယ်၊စိတ်ကဘာနဲ့တူတုံး(လှည်းသမားနဲ့ တူပါတယ် ဘုရား)

နွားက ဘာနဲ့တူတုံး(လေနဲ့တူပါတယ် ဘုရား)လှည်းသမားက ဘာနဲ့တူတုံး (စိတ်နဲ့တူပါတယ်ဘုရား)လှည်းက ဘာနဲ့တူတုံး(ခန္ဓာကိုယ်နဲ့ တူပါတယ် ဘုရား) ခန္ဓာကိုယ်ကသွားသလား(မသွားပါဘုရား)လှည်းကကော သွားသလား(မသွား ပါဘုရား)

လှည်းသွားတယ်လို့ ခင်ဗျားတို့ပြောနေကြတာ ဘယ်သူနဲ့ဘယ်သူ့ကြောင့် ပါလိမ့်(လှည်းသမားနဲ့ နွားကြောင့်ပါဘုရား)ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာကိုယ်က ဘာနဲ့တူသလဲ(လှည်းနဲ့တူပါတယ်ဘုရား)လှည်းက သွားသလား(မသွားပါဘူး)

ကျုပ်တို့ခန္ဓာကိုယ်ကကော သွားတတ်ရဲ့လား (မသွားတတ်ပါဘူး ဘုရား) ယခု ခင်ဗျားတို့ ငြိမ်ငြိမ်နေရဲ့လား (မနေပါ ဘုရား) ဘယ်သူ့ကြောင့်လဲ(လေ ကြောင့်ပါဘုရား)ဒီလေကလဲ ဘယ်သူ့ကြောင့်ပါလိမ့်(စိတ်ကြောင့်ပါ ဘုရား) လှည်းဟာသွားတယ်လို့သာပြောရတာ လှည်းမောင်းသမားနဲ့နွားကြောင့် အမှန် အားဖြင့် လှည်းသွားတာ မဟုတ်ဘူး သွားတာ ရှိရဲ့လား(မရှိပါ ဘုရား)လှည်း ဆိုတာ သွားတာလဲမဟုတ် ရပ်တာလဲ မဟုတ်ဘူး၊ ခင်ဗျားတို့ သွားတယ်ဆိုတဲ့ ဝေါဟာရပညတ်က လှည်းမောင်းသမားနဲ့ နွားကြောင့်။

ယခုလဲ ခင်ဗျားတို့ကျုပ်တို့က သွားတယ်လို့ မဆိုဘူးလား ဆိုသလား(ဆိုပါ တယ်ဘုရား)ကွေတယ် လှမ်းတယ် ပြီးတော့ ဘာတုံး (ချတယ်)ကွေတာ ရှိရဲ့လား (မရှိပါဘုရား)ဘာနဲ့ဘာတုံး(စိတ်သဘောနဲ့ လေသဘောပါ ဘုရား)ချတာရှိရဲ့ လား(မရှိပါ ဘုရား)ဘာနဲ့ဘာ(စိတ်သဘောနဲ့ လေသဘောပါဘုရား) စိတ်က ဘာတရားတုံး(နာမ်တရားပါ ဘုရား)လေက ဘာတရား(ရုပ်တရားပါ ဘုရား) နာမ်တရားနဲ့ ရုပ်တရားဘဲ ရှိတာပါလား လူတွေ သတ္တဝါတွေကော ပါရဲ့လား (မပါပါဘူး ဘုရား)သတ္တဝါဟူသော အယူကိုလဲ မပယ်ဘူးလား ပယ်သလား (ပယ်ပါတယ်ဘုရား)သတ္တဝါဟူသောအယူကိုလဲမယူတော့ဘူး၊ ငါဟူသောအတ္တ လာသေးရဲ့လား(မလာတော့ပါဘုရား)မပါတော့ဘူး၊ဒီလိုသာ သွားတိုင်း သွား တိုင်းမှာသို့မဟုတ် ကွေတိုင်း လှမ်းတိုင်း ချတိုင်းမှာနာမ်တရားနဲ့ ရုပ်တရားသာမသိ ရင် ငါသွားတယ်လို့ယူလိုက်တာဘဲ။

မယူဘူးလားယူသလား(ယူပါတယ် ဘုရား)အဲဒီလိုဆိုရင် ကမ္မဋ္ဌာန်းဖြစ်ပါ့ မလား(မဖြစ်ပါဘုရား)သတ္တုပလဒ္ဓိ၊ သတ္တဝါဟူသော အယူကို။ နပဇဟတိ၊

---

+ မူလပဏ္ဏာသ၊ ၄၊ ပ၊ နှာ ၂၅၆

မစွန့်၊ အတ္တသညာ၊ ငါဟူသောအမှတ်သညာကို။ နသမုဂ္ဃာဋေတိ၊ မခွါမသတ်၊ ကမ္မဋ္ဌာနဝေဠေ၊ ကမ္မဋ္ဌာန်း တရားသည်လည်း။ နဟောတိ၊ မဖြစ်။ သတိပဋ္ဌာန၊ ဘာဝနာစ၊ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းပွားစေသည်လည်း၊ နဟောတိ၊ မဖြစ်။

သတိပဋ္ဌာန်တရားပွားတယ်လို့ ဆိုထိုက်ပါ့မလား(မဆိုထိုက်ပါ ဘုရား)ဘာနဲ့ ဘာမကွာကို့တုံး၊ သတ္တဝါဟူသောအယူ ယူထားလို့ လူလို့ ခင်ဗျားတို့က ရှုနေလို့ ငါလို့ရှုနေလို့၊ နာမ်ရုပ်ကိုရှုကိုမရှုဘူး၊ ဘာကို မရှုတာတုံး(နာမ်ရုပ်ကို မရှုတာပါဘုရား)လူတွေ သတ္တဝါတွေရှုရမှာလား နာမ်ရုပ်ရှုရမှာလား(နာမ်ရုပ် ရှုရမှာပါဘုရား)

ဘယ်အချိန်မှာ ရှုရမှာတုံး (ကြွတိုင်း လှမ်းတိုင်း လှမ်းတိုင်း ချတိုင်းမှာပါ ဘုရား)ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ လူတွေသတ္တဝါတွေ ရှိတာလား နာမ်ရုပ် ရှိတာလား(နာမ်ရုပ်ရှိတာပါဘုရား)နာမ်ရုပ်ရှိတာ၊ ရှိတဲ့တရား တွေ့နေတာလား မရှိတဲ့ တရားတွေ့နေတာလား (ရှိတဲ့တရား တွေ့နေတာပါ ဘုရား)မျက်မြင်တွေ့လား ဉာဏ်မြင်တွေ့လား(ဉာဏ်မြင်တွေ့ပါ ဘုရား)

နာမ်တရား ရုပ်တရား မတွေ့လာဘူးလား တွေ့လာသလား (တွေ့လာပါတယ် ဘုရား)ရှိလို့တွေ့တာလား မရှိလို့ တွေ့တာလား(ရှိလို့တွေ့တာပါ ဘုရား)သတိ သမာဓိမရှိလာဘူးလား ရှိလာသလား(ရှိလာပါတယ် ဘုရား)အဲဒီလို ရှုခိုက်မှာ သတ္တဝါဟူသောအယူတွေ၊ ငါဟူသောအယူတွေ လာပါအုံးမလား(မလာတော့ ပါဘူးဘုရား)

သက္ကာယပေါ်မှာ ဒိဋ္ဌိမကွာဘူးလား ကွာသလား(ကွာသွားပါတယ် ဘုရား) သွားတိုင်း သွားတိုင်း သက္ကာယဒိဋ္ဌိ ပြုတ်တယ်၊ ကြွတိုင်း ကြွတိုင်း သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလားပြုတ်သလား (ပြုတ်ပါတယ်ဘုရား)လှမ်းတိုင်း လှမ်းတိုင်း ချတိုင်း ချတိုင်းကော မပြုတ်ဘူးလား (ပြုတ်ပါတယ်ဘုရား)

အရှိတရားကို တွေ့လို့လား မရှိတရားကို တွေ့လို့လား (အရှိတရားတွေ့လို့ပါ ဘုရား) အရှိတရားက ဘယ်သဘောနဲ့ ဘယ်သဘောပါလိမ့် (စိတ်သဘောနဲ့လေ သဘောပါဘုရား)စိတ်သဘောနဲ့လေသဘော မရှိဘူးလားရှိသလား(ရှိပါတယ် ဘုရား)လူကသွားတာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)

ဝါယောဓာတ်က ဆောင်တာ၊ ဘာကဆောင်တာတုံး (ဝါယောဓာတ်က ပါဘုရား)ဥပမာ–လှေသွားဘယ်လှိုမခေါ်ဘူးလား ခေါ်သလား(ခေါ်ပါတယ် ဘုရား)လှေကသွားရဲ့လား(မသွားပါဘုရား)ဘယ်သူ့ရဲ့ သတ္တိတုံး(လေရဲ့သတ္တိပါ ဘုရား)လေနဲ့ရွက်နဲ့ တိုက်မသွားဘူးလား တိုက်သွားသလား(တိုက်သွားပါတယ် ဘုရား)လှေကသွားတာလား လေကဆောင်ယူသွားတာလား (လေကဆောင်ယူ သွားတာပါဘုရား)လေသဘော၊ ဒီနေရာအဋ္ဌကထာကပြတယ်။

+ နာဝါမာလုတဝေဂေန ဇိယာဝေဂေန တေဇနံ
ယထာယာတိ တထာကာယော ယာတိဝါတဟတောအယံ

ဒါဘာပြောသလဲဆိုရင်၊ မာလုတဝေဂေန၊ လေ၏အဟုန်ကြောင့်။ နာဝါ၊ လှေသည်။ ယာတိယထာစ၊ သွားသကဲ့သို့ရင်း၊ ဩြော်-လှေသွားတာလား လေရဲ့သဘောလား (လေသဘောပါဘုရား)

လေရဲ့အဟုန်ကြောင့်နော်၊ ဒါကြောင့် ဇိယာဝေဂေန၊ လေးညို့အဟုန်ကြောင့်။ တေဇနံ၊ မြားသည်။ ယာတိယထာစ၊ သွားသကဲ့သို့ရင်း။ ခင်ဗျားတို့ မြားမပစ်ဘူးလား ပစ်သလား(ပစ်ပါတယ်ဘုရား) မြားကသွားတာလား လေရဲ့ သတ္တိလား (လေရဲ့သတ္တိပါ ဘုရား) မြားသွားတာ ရှိရဲ့လား(မရှိပါ ဘုရား)အဲဒီ လိုဘဲ ဒီခန္ဓာကိုယ်ဟာ သွားတာရှိရဲ့လား (မရှိပါ ဘုရား)ဘာသဘောတုံး (လေ သဘောပါ ဘုရား) ဒီလေဟာ ဘယ်သူ့ကြောင့်တုံး (စိတ်ကြောင့်ပါ ဘုရား) စိတ်ကဘာတရားတုံး(နာမ်တရားပါ ဘုရား)လေက ဘာတရားတုံး(ရုပ်ဘုရားပါ ဘုရား)နာမ်နဲ့ရုပ် ရမလာဘူးလား(ရလာပါတယ်ဘုရား)

ဘယ်အချိန်မှာ နာမ်ရုပ်ရှိတာတုံး(ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာပါ ဘုရား) ဒီရှုကွက်ကို မလွှတ်နဲ့ ဒီရှုကွက်ကို ခင်ဗျားတို့ပြောနေတာ ဒီရှုကွက်ကို ခင်ဗျားတို့ သွားတတ်အောင် ကြွတတ်အောင် လှမ်းတတ်အောင် ချတတ်အောင် ပြနေတာ သတိထား။

ကြည့် မာလုတဝေဂေန၊ လေ၏အဟုန်ကြောင့်။ နာဝါ၊ လှေသည်။ ယာတိယထာစ၊ သွားသကဲ့သို့ရင်း။ ဇိယာဝေဂေန၊ လေးညို့၏ အဟုန်ကြောင့်၊ တေဇနံ၊ မြားသည်၊ ယာတိယထာစ၊ သွားသကဲ့သို့ရင်း။ တထာ၊ ထိုအတူ၊ အယံ ကာယော၊ဤကိုယ်သည်။ဝါတဟတော၊ဝါယောဓာတ်ယူဆောင်သောကြောင့်၊ ယာတိ၊ သွား၏။

ဒီလိုမဆိုဘူးလား ဆိုသလား(ဆိုပါတယ် ဘုရား)သွားတယ်ဆိုတာ ဘယ်သူ့ သတ္တိတုံး (ဝါယောသတ္တိပါ ဘုရား) ဝါယောဆိုတာ လူလား ရုပ်လား(ရုပ်ပါ ဘုရား) ဒီဝါယောကကော ဘယ်သူ့ကြောင့်ဖြစ်တဲ့ ဝါယောလဲ (စိတ်ကြောင့် ဖြစ်တဲ့ဝါယောပါဘုရား)

စိတ္တဇဝါယော မရလာဘူးလား ရလာသလား(ရလာပါတယ်ဘုရား)စိတ်က ဘာတရားတုံး(နာမ်တရား)လေက ဘာတရားတုံး(ရုပ်တရားပါ ဘုရား)နာမ် ရုပ် ဘုရား ဖြစ်မလာဘူးလား ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား) ဒီတရား မရှိ

+ မူလပဏ္ဏာသ၊ ဌ၊ ပ၊ နှာ ၂၅၇

ဘူးလား ရှိနေသလား(ရှိနေပါတယ် ဘုရား)ဒီလိုရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်အချိန်မှာ ဖြစ်နေတာတုံး(သွားတဲ့အခါမှာ ဖြစ်တာပါဘုရား)ဒါ့ကြောင့် သွားတဲ့အခါ (အခုမှဖြစ်တဲ့ စိတ်နဲ့လေ အခုမှဖြစ်တဲ့ စိတ်နဲ့လေ ) ကြွတဲ့အခါမှာလဲ (အခုမှဖြစ်တဲ့ စိတ်နဲ့လေ အခုမှဖြစ်တဲ့ စိတ်နဲ့လေ) လှမ်းတဲ့အခါ (အခုမှဖြစ်တဲ့ စိတ်နဲ့လေ အခုမှဖြစ်တဲ့ စိတ်နဲ့လေ) ချတဲ့အခါလဲ (အခုမှဖြစ်တဲ့စိတ်နဲ့လေ အခုမှဖြစ်တဲ့ စိတ်နဲ့လေ) အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး(နာမရူပ ပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိပါလိမ့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါ ဘုရား)

ဒီကရွေ ခင်ဗျားတို့ အမှုမဲ့အမှတ်မဲ့ မသွားပါတော့နဲ့ ထင်ရှားရှိတဲ့သဘောကို ကြည့်ရမှာလား ထင်ရှားမရှိတဲ့ သဘောကို ကြည့်ရမှာလား (ထင်ရှားရှိတဲ့သဘောကို ကြည့်ရမှာပါ ဘုရား)ထင်ရှားရှိတဲ့ သဘောက ပရမတ်လား ပညတ်လား(ပရမတ်ပါဘုရား)

ဩော် ကြွတိုင်းကြွတိုင်းမှာ ဘယ်သဘောနဲ့ ဘယ်သဘော ရှိတာတုံး (စိတ်သဘောနဲ့ လေသဘော ရှိတာပါဘုရား) မရှိဘူးလား ရှိသလား (ရှိနေပါတယ် ဘုရား)ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးက ဖြစ်တာတုံး(အခုမှဖြစ်တဲ့စိတ်နဲ့လေ အခုမှဖြစ်တဲ့စိတ်နဲ့လေ)

အဲဒီလိုရှုချလိုက်တာနဲ့တပြိုင်ထဲ သွားတယ်ဆိုတဲ့အယူလာသေးရဲ့လား(မလာတော့ပါဘုရား)ကြွတယ်ဆိုတဲ့အယူကော ယူပါအုံးမလား(မယူတော့ပါ ဘုရား) လှမ်းတယ်ဆိုတဲ့အယူကော ယူပါအုံးမလား (မယူတော့ပါ ဘုရား)ချတယ်ဆိုတဲ့ အထင်ကော ထင်ပါအုံးမလား(မထင်တော့ပါ ဘုရား)

သတ္တဝါဟူသောသညာတွေကော မပယ်ဘူးလား ပယ်သလား(ပယ်ပါတယ် ဘုရား)အတ္တလို့ယူသော အမှတ်ကော လာသေးရဲ့လား(မလာတော့ပါ ဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက အဲ ဒါ ကို ရည်ရွယ်ပြီးတော့ ဟော တော်မူပါတယ်။

မြတ်စွာဘုရားက ဒီလိုသိစေချင်တာ၊ နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် သိစေချင်တာ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။ ဂစ္ဆန္တောဝါ၊ သွားသည်လည်းဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဝါ၊ အမျိုးကောင်းသား အမျိုးကောင်း သမီးသည်။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ နာမ်နဲ့ရုပ်ကို ကွဲကွဲပြားပြား သိပါတဲ့။ ဘာနဲ့ဘာ ကွဲကွဲပြားပြားသိစေချင်တာလဲ (နာမ်ရုပ်ကို ကွဲကွဲပြားပြား သိစေချင်တာပါဘုရား)နာမ်တရား ရုပ်တရားကွဲကွဲပြားပြားသိပါ၊ နာမ်တရားနဲ့ ရုပ်တရား သာ ခင်ဗျားတို့ ကွဲကွဲပြားပြားမသိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား (မပြုတ်ပါဘုရား)သက္ကာယဒိဋ္ဌိမပြုတ်ရင် အပါယ်လေးပါးက လွတ်ပါ့မလား(မလွတ်ပါဘုရား)

ဒါကြောင့် ခင်ဗျားတို့ သွားတိုင်း ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ နာမ်နဲ့ရုပ် ကွဲပါစေ၊ ဘာနဲ့ဘာ ကွဲရမှာတုံး(နာမ်နဲ့ရုပ် ကွဲရမှာပါ ဘုရား)နာမ်နဲ့ရုပ် ကွဲပြီး သွားတတ်ပါစေ။

သွားတာရှိရဲ့လား(မရှိပါဘုရား)ကြွတာ ရှိရဲ့လား(မရှိပါ ဘုရား)လှမ်းတာ ရှိရဲ့လား(မရှိပါ ဘုရား)ချတာ ရှိရဲ့လား(မရှိပါ ဘုရား)ဘာနဲ့ဘာ ရှိတာတုံး (နာမ်နဲ့ရုပ် ရှိတာပါ ဘုရား) ဣတိနာမရူပံ၊ သွားတိုင်း သွားတိုင်းမှာ။ ဣတိ၊ ဤသဘောတရားကား။ နာမရူပံ၊ နာမ် ရုပ်တည်း။

လူတွေ သတ္တဝါတွေသွားတာလား နာမ်ရုပ်ဖြစ်တာလား (နာမ် ရုပ်ဖြစ်တာပါဘုရား)နာမ် ရုပ်ဖြစ်တာကိုသွားတယ်၊ နာမ်ရုပ်ဖြစ်တာကိုလှမ်းတယ်၊နာမ် ရုပ်ဖြစ်တာကို ချတယ်မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ် ဘုရား) သွားတယ်ထင်ရင် ဒိဋ္ဌိ၊ ကြွတယ်ထင်ရင် (ဒိဋ္ဌိပါ ဘုရား) လှမ်းတယ် ထင်ရင် (ဒိဋ္ဌိပါ ဘုရား)ချဘယ်ထင်ရင် (ဒိဋ္ဌိပါ ဘုဆား) ရှိတာက ဘာတရားတုံး (နာမ်ရုပ်ပါ ဘုရား)

အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(နာမရူပ ပရိစ္ဆေဒ ဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိ (ဒိဋ္ဌိဝိသုဒ္ဓိပါ ဘုရား) ပရိညာအားဖြင့် ဘာပရိညာလဲ (ဉာတပရိညာပါ ဘုရား) မဆိုက်လာဘူးလား ဆိုက်လာသလား (ဆိုက်လာပါ တယ် ဘုရား)

ဒါကြောင့်တကာတကာမတွေ ဒီပါဠိတော်အတိုင်း ပြောကြပါစို့ရဲ့ သတိ ထားလိုက်ပါ။

\+ **ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ**
**ဧဝံမ္ပိခေါ ဘိက္ခဝေဘိက္ခု ကာယေ ကာယာနုပဿီဝိဟရတိ။**

သွားတဲ့အခါ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းနဲ့ သွားရမှာကိုးဗျ။

ပထမ၊ ကာယာနုပဿနာ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းနဲ့သွားရမယ်တဲ့။ သတိထား လိုက်။ ဂစ္ဆန္တော ဝါ၊ သွားသည်လည်း ဖြစ်သော။ ဘိက္ခု၊ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိရမယ်။ ပထမသွားတယ်လို့ သိ၊ ပညတ်မခံဘူးလား ခံသလား(ခံပါတယ် ဘုရား)ပထမ တော့ ပညတ်တွေသေးတယ် မကွာသေးဘူး၊ နောက် ရှုပါများတဲ့ အခါကျတော့ ဒီပညတ်မစင်ဘူးလား စင်သလား(စင်ပါတယ် ဘုရား)

ဘယ်သူသွားတာလဲ၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေ သွားတာလား သွားတဲ့လူ ရှိသေးရဲ့လား(မရှိပါ ဘုရား)ရှိတာက ဘာရှိတာတုံး(စိတ်နဲ့ လေပါ

\+ မူလပဏ္ဏာသ၊ ပါ၊ နှာ ၇၁၊

ဘုရား)တွေ့မလာဘူးလား တွေ့လာသလား (တွေ့လာပါတယ် ဘုရား)ဉာဏ်က မလိုက်လာဘူးလား လိုက်လာသလား (လိုက်လာပါတယ် ဘုရား)စိတ်နဲ့လေသာ ရှိတာပါဘဲလား။

စိတ်ကဘာတရားတုံး(နာမ်တရားပါဘုရား)လေက ဘာတရားတုံး(ရုပ်တရားပါဘုရား)လေသဘောတရားတွေ မထင်ရှားဘူးလား ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)လူလားရုပ်လား(ရုပ်ပါဘုရား)အဲဒီလေက ဘာရုပ်တုံး(ဝါယောရုပ်ပါ ဘုရား) ဒီဝါယောရုပ် ရှုလိုက်တာနဲ့တပြိုင်ထဲ ကျန်တဲ့ခေတ်သုံးပါးကောရှုပြီးသား မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ် ဘုရား)ဖြစ်ပါတယ်ဆိုတာလဲ့ ခင်ဗျားတို့ကိုပြောခဲ့တယ်။

ဒါကြောင့် ရှေ့တဆင့်တက်ကြစို့။ဝေမ္ဗိဝေါဘိက္ခဝေ ဘိက္ခုကာယေကာယာနုပဿီဝိဟရတိ။ ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ ဝေမ္ဗိ၊ ဤသို့လည်း၊ ကာယေ၊ သွားတိုင်းသွားတိုင်း လှမ်းတိုင်းလှမ်းတိုင်း လေဆိုတဲ့ကာယ၌၊ လှုပ်ရှားတဲ့လေဆိုတဲ့ကာယ၌။ ကာယာနုပဿီ၊ ရုပ်ကာယလို့အဖန်တလဲလဲရှု၍။ ဝိဟရတိ၊နေရမယ်၊

ခြေထောက်လှမ်းတာရှုရမှာလား၊ ကာယလို့ရှုရမှာလား (ကာယလို့ရှုရမှာပါဘုရား) ဘာကာယတုံး (ရုပ်ကာယပါဘုရား) မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) တွန်းကန်သွားတဲ့သဘော၊ လှုပ်ရှားသွားတဲ့သဘော၊ ရွေ့လျားသွားတဲ့သဘော၊ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) လက်လှုပ်ရှားတာလား၊ လေရဲ့သတ္တိလား (လေရဲ့သတ္တိပါဘုရား)လက်ကမျက်မြင်ရုပ်၊ လေကမျက်မြင်ရုပ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာမြင်ရုပ်တုံး (ဉာဏ်မြင်ရုပ်ပါဘုရား) ဉာဏ်မြင်ရုပ်ကိုရှုရမှာလား၊ မျက်မြင်ရုပ်ကိုရှုရမှာလား (ဉာဏ်မြင်ရုပ်ကိုရှုရမှာပါဘုရား)

မထင်ရှားဘူးလား၊ ထင်ရှားနေသလား (ထင်ရှားပါတယ်ဘုရား) ဘယ်သူ့ရဲ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား) ဘယ်သူက ယူဆောင်သွားတာတုံး (လေကယူဆောင်သွားတာပါဘုရား ) တကာ တကာမတွေ စိတ်အမျိုးမျိုးတွေ ဖြစ်တော့၊ လေအမျိုးမျိုးတွေဖြစ်တယ်၊ လေအမျိုးမျိုးတွေဖြစ်တော့ အမူအယာ ပညတ်တွေကကောအမျိုးမျိုးဖြစ်တယ်၊ တူပဲ့လား (မတူပါဘုရား)

အဲဒီလေသည် လူလား ရုပ်လား (ရုပ်ပါဘုရား) ကာယအားဖြင့် ဘာကာယ (ရုပကာယပါဘုရား) ဒါကြောင့် သတိပဋ္ဌာန်တရားသည် သွားတိုင်းသွားတိုင်း ကြွတိုင်းကြွတိုင်း၊ လှမ်းတိုင်းလှမ်းတိုင်း၊ ချတိုင်းချတိုင်းမှာ သွားတာလာတာတွေ ရှိတာလား၊ လေသဘောရှိတာလား (လေသဘောရှိတာပါဘုရား)

လေကိုသတိပဋ္ဌာန်နည်းနဲ့ ဘာလို့ကောက်လိုက်တုံး (ကာယလို့ကောက်ပါတယ်ဘုရား) ကာယမရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)ဒီရုပ်ကာယမရှိဘူးလား ရှိနေသလား (ရှိပါတယ်ဘုရား)

ဒါကြောင့်ကာယေကာယာနုပဿီဝိဟရတိ ကိုးဗျ။ ကာယေ၊ သွားတိုင်းသွားတိုင်း လေဆိုတဲ့ကာယ၌၊ သွားတာရှုရမှာလား၊လေသဘောကိုရှုရမှာလား (လေသဘောကိုရှုရမှာပါဘုရား) ကာယာနုပဿီ၊ လေလေလို့ အဖန်တလဲလဲရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်။

မြတ်စွာဘုရားက နေခိုင်းတာလား၊ ဘုန်းကြီးက နေခိုင်းတာလား (မြတ်စွာဘုရားက နေခိုင်းတာပါဘုရား) မြတ်စွာဘုရားက ရှုခိုင်းတာလား၊ ဘုန်းကြီးက ရှုခိုင်းတာလား ( မြတ်စွာဘုရားက ရှုခိုင်းတာပါဘုရား ) ရှေ့တဆင့်တက်လိုက်၊ သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။ ဒီဒေသနာ မ လာ ဘူး လား၊ လာသလား ( လာပါတယ်ဘုရား ) တကာ တကာမတွေကို သတိပဋ္ဌာန်ပါဠိတော်နဲ့ ရှင်းနေပါတယ်။

ကာယသ္မိံ ၊ သွားတိုင်းသွားတိုင်း၊ ကွေးတိုင်းကွေးတိုင်း၊ လှမ်းတိုင်း လှမ်း တိုင်း၊ လေဆိုတဲ့ကာယ၌၊ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမယ်။ ဘာကိုရှုခိုင်းတာတုံး (အဖြစ်ပါဘုရား) တို့ တကာတကာမတွေ လှမ်းတိုင်းလှမ်းတိုင်းမှာ၊ကွေးတိုင်းကွေးတိုင်း၊ ချတိုင်းချတိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ လေသဘောရှိတာလား (လေသဘောရှိတာပါ ဘုရား) အဲဒီလေဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး(အခုမှဖြစ်တာပါဘုရား) ဒါကြောင့် ကွေးတိုင်းကွေးတိုင်း၊ လှမ်းတိုင်းလှမ်းတိုင်း၊ ချတိုင်းချတိုင်းမှာ (အခုမှဖြစ်တဲ့လေ-အခုမှဖြစ်တဲ့လေ) အဲဒါ သမုဒယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။

အဖြစ်ကိုမရှုဘူးလား ရှုသလား (ရှုပါတယ်ဘုရား) ဘာ သ တိ ပ ဋ္ဌာန် တုံး (ကာယာနုပဿနာသတိပဋ္ဌာန်ပါဘုရား) မရှုဘူးလား ရှုသလား (ရှုနေပါတယ် ဘုရား) ဘယ်အချိန်မှာ ရှုနေတာတုံး (ကွေးတိုင်းကွေးတိုင်း၊ လှမ်းတိုင်းလှမ်းတိုင်း၊ ချတိုင်းချတိုင်းမှာပါဘုရား) မထင်ရှားဘူးလား ထင်ရှားသလား (ထင်ရှားပါ တယ်ဘုရား)

အဲဒီလိုရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) လူတွေ သတ္တဝါတွေ အနိစ္စလား၊ ရုပ်ကာယအနိစ္စလား (ရုပ်ကာယအနိစ္စပါဘုရား) ရုပ်ကာယပေါ်မှာရှုရမှာလား၊လူတွေ သတ္တဝါတွေပေါ်မှာ ရှုရမှာလား(ရုပ်ကာယ ပေါ်မှာ ရှုရမှာပါဘုရား)ဘယ်အချိန်မှာရှုရမှာတုံး(ကွေးတိုင်းကွေးတိုင်း၊လှမ်းတိုင်း လှမ်းတိုင်း၊ ချတိုင်းချတိုင်းရှုရမှာပါဘုရား)

မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) အော်–နိစ္စလို့ရှုရမှာလား၊ အနိစ္စလို့ရှုရမှာလား (အနိစ္စလို့ရှုရမှာပါဘုရား) တကြိမ်ထဲလား၊ အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါဘုရား) အကြိမ်ကြိမ်ရှုတာက အနုပဿနာ။ လူတွေ သတ္တဝါတွေ ရှုတာလား၊ ရုပ်ကာယကို ရှုတာလား (ရုပ်ကာယကို ရှုတာပါဘုရား)

ဘာကာယတုံး (ရုပ်ကာယပါဘုရား) ဘာရုပ်တုံး (ဝါယောရုပ်ပါဘုရား) ကာယနဲ့ အနုပဿနာ ပေါင်းလိုက်စမ်း (ကာယာနုပဿနာပါဘုရား) အောင့်မေ့တာက (သတိပါဘုရား) တည်နေတာက (ပဋ္ဌာန) ပေါင်းလိုက်တော့ (ကာယာနုပဿနာသတိပဋ္ဌာန်ပါဘုရား) ဘာအချိန်မှာ ကာယာနုပဿနာ သတိပဋ္ဌာန် ရှုတာတုံး (ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာပါဘုရား) ဘာလက္ခဏာနဲ့ ရှုတာတုံး (အနိစ္စလက္ခဏာနဲ့ရှုတာပါဘုရား)

ဘာအနုပဿနာနဲ့ ရှုတာတုံး (အနိစ္စာနုပဿနာပါဘုရား) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒါ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းဘဲဗျ။ သွားတဲ့အခါ သတိပဋ္ဌာန်ကမ္မဋ္ဌာန်းနဲ့သွားပါ။ ဒါကိုပြောတာ။

မြတ်စွာဘုရားပါဠိတော်နဲ့ကော မညီလာဘူးလား၊ ညီလာသလား (ညီလာပါတယ်ဘုရား) ဒါကြောင့် တကာတကာမတွေ ကြွတတ်ပါစေ၊ လှမ်းတတ်ပါစေ ချတတ်ပါစေ၊ ကြွတာ လှမ်းတာဆိုတာ ရှိရဲ့လား (မရှိပါဘုရား) နေ့ာ်–မရှိဘူး။ ရှိတာကဘာနဲ့ဘာ (စိတ်နဲ့လေပါဘုရား)

စိတ်သဘောနဲ့လေသဘော။ ဝါယောကာယကိုပြမနေဘူးလား၊ပြနေသလား (ပြနေပါတယ်ဘုရား) တကာတကာမတွေ သတိထားလိုက်စမ်းပါ။ ကြွတဲ့အခါ ကြွတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာသဘောနဲ့ဘာသဘော(စိတ်သဘောနဲ့လေသဘောပါဘုရား)

စိတ်သဘောနဲ့လေသဘော၊ ယခု ဝါယောကာယကို ပြမနေဘူးလား၊ ပြနေသလား (ပြနေပါတယ်ဘုရား) တကာတကာမတွေ သတိထားလိုက်စမ်းပါ။ ကြွတဲ့အခါ ကြွတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာသဘောနဲ့ ဘာသဘော၊ (စိတ်သဘောနဲ့လေသဘောပါဘုရား) စိတ်အမျိုးမျိုးတွေဖြစ်တော့ လေအမျိုးမျိုး တွေ ဖြစ် တယ်၊ လေအမျိုးမျိုးတွေဖြစ်တော့ အမူအယာအမျိုးမျိုးတွေဖြစ်တယ်၊အမူအယာက ကာယဝိညတ်ရုပ်။ ကာယဝိညတ်ကိုရှုရမှာလား၊ လေသဘောကိုရှုရမှာလား(လေသဘောကိုရှုရမှာပါဘုရား)ကာယဝိညတ်ရုပ်ဆိုတဲ့အမူအယာက ခင်ဗျားတို့မမြင်ရဘူးလား၊ မြင်ရသလား (မြင်ရပါတယ်ဘုရား) ဒါက မျက်မြင်ရုပ်ဟုတ်လား။ ဥာဏ်မြင်ရုပ်က မျက်လုံးနဲ့မြင်ရရဲ့လား ( မမြင်ရပါဘုရား )

ဘာသဘောတုံး (လေသဘောပါဘုရား) လေကမထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား)

လူလားရုပ်လား(ရုပ်ပါဘုရား) သတိပဋ္ဌာန်အားဖြင့် သူ့ကိုဘာလို့ခေါ်တုံး (ကာယလို့ခေါ်ပါတယ် ဘုရား)ဘာကာယတုံး (ရုပ်ကာယပါ ဘုရား)မရှိဘူးလား(ရှိနေပါတယ် ဘုရား)ရှိတာဘာလို့ ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး(အခုမှ ဖြစ်တာပါ ဘုရား)ဖြစ်ရင် ချမ်းသလား ဆင်းရဲသလား(ဆင်းရဲပါတယ် ဘုရား)ဒုက္ခလား သုခလား(ဒုက္ခပါ ဘုရား)ဒုက္ခလို့ရှုရမှာလား သုခလို့ရှုရမှာလား(ဒုက္ခလို့ ရှုရမှာပါဘုရား) တကြိမ်ထဲလား အကြိမ်ကြိမ်လား(အကြိမ်ကြိမ်ပါဘုရား)အကြိမ်ကြိမ် ရှုရမှာက ဘာတုံး(အနုပဿနာပါဘုရား)ကာယနဲ့အနုပဿနာ ပေါင်းလိုက်တော့(ကာယာနုပဿနာပါဘုရား) အောက်မေ့တာကသတိ၊ တည်နေတာကပဋ္ဌာန၊ ပေါင်းလိုက်တော့ (ကာယာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဘယ်အချိန်မှာ ကာယာနုပဿနာ သတိပဋ္ဌာန် ရှုတာတုံး (ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာပါ ဘုရား) ဘာလက္ခဏာနဲ့ ရှုတာတုံး(ဒုက္ခလက္ခဏာနဲ့ပါ ဘုရား)မရလာဘူးလား ရလာသလား(ရလာပါတယ်ဘုရား )ဒါကြောင့်သွားတဲ့အခါ ကာယာနုပဿနာသတိပဋ္ဌာန်နဲ့သွားတတ်ပါစေ။ တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ လူတွေရှိတာလား စိတ်သဘောလေ သဘောရှိတာလား (စိတ်သဘော လေသဘောရှိတာပါဘုရား)မရှိပါဘူးလို့ ငြင်းကြည့်စမ်းပါ(မရပါ ဘုရား)တကယ်ရှိတာဟုတ်ရဲ့လား(ဟုတ်ပါတယ်ဘုရား)ရှိတာပရမတ်လား ပညတ်လား(ပရမတ်ပါဘုရား)ယခုခင်ဗျားတို့ ပရမတ်ကိုတွေ့နေတာလား ပညတ်ကိုတွေ့နေတာလား (ပရမတ်ကို တွေ့နေတာပါဘုရား)ခင်ဗျားတို့ ပရမတ်ကိုတွေ့နေတာ။ အဲဒီတော့ ဒီနေရာမှာ တကာ တကာမတွေ ထင်ရှားတဲ့ ကာယာနုပဿနာကို ပြောကြစို့ရဲ့၊ ကြွတဲ့အမူအရာ မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) ဒီအမူအရာ ဘယ်သူ့သတ္တိကြောင့်လဲ(လေရဲ့သတ္တိကြောင့်ပါဘုရား)

အဲဒီလေဟာ လူလား ရုပ်လား(ရုပ်ပါ ဘုရား)သတိပဋ္ဌာန် နည်းအားဖြင့် ကာယ၊ ဒီကာယ မရှိဘူးလား ရှိနေသလား (ရှိနေပါတယ် ဘုရား)ဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား )ဘယ်ဘုံးက ဖြစ်တာတုံး(အခုမှဖြစ်တာပါ ဘုရား) ဖြစ်ပြီးဘယ်ရောက်(ပျက်)မဖြစ်နဲ့လို့ တားရရဲ့လား(မရပါ ဘုရား) အတ္တလား အနတ္တလား (အနတ္တပါ ဘုရား) အတ္တလို့ရှုရမှာလား အနတ္တလို့ ရှုရမှာလား (အနတ္တလို့ရှုရမှာပါ ဘုရား)တခါထဲလား အခါခါလား (အခါခါပါ ဘုရား) တကြိမ်ထဲလား အကြိမ်ကြိမ်လား (အကြိမ်ကြိမ်ပါ ဘုရား) အကြိမ်ကြိမ် အခါခါရှုတာက အနုပဿနာ၊ လူတွေ သတ္တဝါတွေပေါ်မှာ ရှုတာလား ရုပ်ကာယပေါ်မှာ ရှုတာလား(ရုပ်ကာယပေါ်မှာ ရှုတာပါဘုရား)

ကာယနဲ့အနုပဿနာပေါင်းလိုက်တော့ ကာယာနုပဿနာ၊အောက်မှေ့တာက သတိ၊ တည်နေတာကပဋ္ဌာန၊ ပေါင်းလိုက်တော့(ကာယာနုပဿနာ သတိပဋ္ဌာန် ပါဘုရား)ကာယာနုပဿနာသတိပဋ္ဌာန်ကို ဘာလက္ခဏာနဲ့ ရှုနေတာတုံး(အနတ္တ လက္ခဏာနဲ့ ရှုနေတာပါ ဘုရား) ဘာအနုပဿနာနဲ့ ရှုနေတာတုံး (အနတ္တာ နုပဿနာနဲ့ရှုနေတာပါဘုရား)ကာယာနုပဿနာသတိပဋ္ဌာန်ကို ဘာအနုပဿနာ နဲ့ ရှုနေတာတုံး(အနတ္တာနုပဿနာနဲ့ရှုနေတာပါဘုရား)ဘယ်အချိန်မှာ ကာယာ နုပဿနာသတိပဋ္ဌာန်ကို အနတ္တာနုပဿနာလက္ခဏာနဲ့ ရှုနေတာတုံး (ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာပါ ဘုရား)

ဒီအချိန်မှာကော ကမ္မဋ္ဌာန်းလွတ်ရဲ့လား (မလွတ်ပါ ဘုရား) အဲဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက....

+ **ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိဝေမ္မိခေါဘိက္ခဝေ ဘိက္ခု၊ကာယေ ကာယာနုပဿီဝိဟရတိ သမုဒယဓမ္မာ နုပဿီဝါကာယသ္မိံ ဝိဟရတိ။**

ဒီသတိပဋ္ဌာန်ပါဠိတော်နဲ့ကော မညီဘူးလား ညီသလား(ညီပါတယ်ဘုရား) ခင်ဗျားတို့သွားတဲ့အခါ သတိရှိရမှာလား မရှိရဘူးလား(သတိရှိရမှာပါဘုရား) ပထမတော့ သွားရင်သွားတယ်၊ ကြွရင်ကြွတယ်၊ လှမ်းရင် လှမ်းတယ်၊ ချရင် ချ တယ်၊ အဲဒီလို ပထမသိရမှာလား မသိရဘူးလား(သိရမှာပါ ဘုရား)ပထမတော့ ခင်ဗျားတို့ သမထအနေနဲ့မရှုရဘူးလား ရှုရမှာလား (ရှုရမှာပါဘုရား)ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ။ ဂစ္ဆန္တောဝါ၊ သွားသည်လည်းဖြစ်သော။ ဘိက္ခု၊အမျိုးကောင်း သား အမျိုးကောင်းသမီးသည်။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။ သွားရင်သွားတယ်လို့သိ၊သမာဓိရလာတဲ့အခါ သတိပြည့်စုံလာတဲ့အခါကျတော့ ငါသွားတယ်လို့ မှတ်နေတယ်၊ ဘယ်သူသွားတာပါလိမ့်လို့ တဆင့်မလာဘူးလား လာသလား(လာပါတယ်ဘုရား)

ငါသွားတာ ဟုတ်မှဟုတ်ပါလေရဲ့လား၊ငါလဲမဟုတ်ပါလား ဒီလိုမှတက်လာ ဘူးလား တက်လာသလား(တက်လာပါတယ် ဘုရား)ငါကောရှိရဲ့လား (မရှိပါ ဘူးဘုရား)သတ္တဝါသွားတာကော ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား)ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါတွေလှမ်းတာကြွတာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)မဟုတ် ဘူး၊ သတိနဲ့ သမာဓိ ရှိလာတဲ့အခါ အရှိတရား တွေ့လာပါလိမ့်မယ်၊ သတိနဲ့ သမာဓိက အရှိတရားဖော်တာလား မရှိတရားဖော်တာလား(အရှိတရား ဖော် တာပါဘုရား)သမာဓိရှိလိုက်တာနဲ့တပြိုင်ထဲ အရှိတရားဖော်တာလား မရှိတရား ဖော်တာလား(အရှိတရား ဖော်တာပါ ဘုရား)

+ သဠာယတနသံယုတ်၊ ပါ၊ နှာ ၃၀၂

**သမာဟိတော ဘိက္ခဝေ ယထာဘူတံပဇာနာတိ။**

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ သမာဟိတော၊ သမာဓိတည်ကြည်ခြင်း ရှိသောပုဂ္ဂိုလ်သည်။ သွားရင်သွားတယ်လို့ သိခိုက် သမာဓိမရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)ကွေးရင်ကွေးတယ်လို့သိ၊ လှမ်းရင် လှမ်းတယ်လို့သိ၊ ချရင် ချတယ်လို့သိ အဲဒီလိုသိခိုက်မှာ သမာဓိမရှိလာဘူးလား ရှိလာသလား (ရှိလာပါတယ်ဘုရား )သမာဓိရှိရင် ယထာဘူတဉာဏ်ဆိုတဲ့ အမှန်တရား မမြင်နိုင်ဘူးလား မြင်နိုင်သလား(မြင်နိုင်ပါတယ် ဘုရား)အမှန်တရားဆိုတာ လူတွေသတ္တဝါတွေလား(မဟုတ်ပါဘုရား) နာမ်ရုပ်ချည်းသာ ဒါကြောင့် (သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။) ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ သမာဟိတော၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်(ဝါ)သွားရင်သွားတယ်၊ ကွေးရင်ကွေးတယ်၊ လှမ်းရင်လှမ်းတယ်၊ ချရင်ချတယ်လို့သိတဲ့ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တဲ့ နာမ်တရား ရုပ်တရားကို။ ပဇာနာတိ၊ သိ၏။

သမာဓိမရှိတဲ့ပုဂ္ဂိုလ် သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) တကာ တကာမတွေ မသွားဘဲနေရှဲလား ( မနေပါဘုရား ) မကွေးဘဲကော နေရှဲလား (မနေပါဘုရား) မလှမ်းဘဲကောနေရှဲလား (မနေပါဘုရား)မချဘဲကောနေရှဲလား (မနေပါဘုရား ) ခင်ဗျားတို့သိရှဲလား ( မသိပါဘုရား ) သိတဲ့အချိန်နဲ့ မသိတဲ့အချိန် ဘယ်အချိန်ကများသလဲ(မသိတဲ့အချိန်ကများပါတယ်ဘုရား)သွားတာသွားမှန်းမသိ၊ လှမ်းတာလှမ်းမှန်းမသိ၊ ချတာချမှန်းမသိဘဲနဲ့ နာမ်တရားရုပ်တရားသိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ပြောဘော့ ခင်ဗျားတို့ပြောတတ်မှာဘဲ၊ တကယ်သိတာဘော့မဟုတ်ဘူး။ ပရိယတ္တိပိုင်းတော့ဖြစ်ပါတယ်၊ ပဋိပတ္တိလုပ်ငန်းထိအောင် ရောက်ပါ့မလား ( မရောက်ပါဘုရား ) ပရိယတ္တိ အဆင့်နဲ့လောဘ၊ ဒေါသ၊ မောဟ ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) ဘယ်အဆင့်ရောက်မှတုံး (ပဋိပတ္တိအဆင့်ရောက်မှပါဘုရား) လောဘငြိမ်းတယ်၊ ပြီးတော့ဘာတုံး (ဒေါသငြိမ်းတယ်) ပြီးတော့ဘာတုံး (မောဟငြိမ်းတယ်)

ဒါကြောင့် ခင်ဗျားတို့ သွားတဲ့အခါ၊ ကွေးတဲ့အခါ၊ လှမ်းတဲ့အခါ၊ ချတဲ့အခါ၊ သတိမထားဘဲနဲ့ မကွေးပါနဲ့၊ မလှမ်းပါနဲ့၊ မချပါနဲ့၊ သတိလွှတ်လိုက်တာနဲ့တပြိုင်ထဲ ထင်ရှားရှိတဲ့နာမ်တရား၊ ရုပ်တရားတွေ့နိုင်ပါ့မလား (မတွေ့နိုင်ပါဘုရား)

ဒါကြောင့် သတိအရေးမကြီးဘူးလား၊ ကြီး သလား (အရေးကြီးပါတယ်ဘုရား) ဒါကြောင် အပ္ပမာဒေနဘိက္ခဝေသမ္ပာဒေထ။ ချစ်သားတို့ မမေ့မလျော့မပေါ့ဆသော သတိတရားနှင့် ပြည့်စုံကြလို့ မြတ်စွာဘုရား ကိုယ်တော်မြတ် က ပရိနိဗ္ဗာန်ပြုခါနီးမှာ အရေးကြီးလို့မှာတာလား (အရေးကြီးလို့မှာတာပါဘုရား)

+ စျာယထဘိက္ခဝေ မာပမာဒတ္ထ၊ ပစ္ဆာဝိပ္ပဋိသာရိနော့
မာအဟုဝတ္ထအယံဝေါ၊ အမှာကံအနုသာသနီ။

မြတ်စွာဘုရား နေ့စဉ်ဒီအတိုင်း မဆုံးမဘူးလား၊ ဆုံးမသလား (ဆုံးမပါတယ်ဘုရား) ဘိက္ခဝေ၊ ချစ်သားတို့၊ စျာယထ၊ ရှုကြကုန်လော့။ လူတွေ သတ္တဝါတွေကို ရှုခိုင်းတာလား၊ နာမ်ရုပ်ရှုခိုင်းတာထာလား (နာမ်ရုပ်ကိုရှုခိုင်းတာပါဘုရား)

ဘယ်အချိန်မှာ ရှုခိုင်းတာတုံး (ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ ရှုရမှာပါဘုရား) ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ ဘယ်သဘောရှိတာတုံး (စိတ်သဘောနဲ့ လေသဘောပါဘုရား) သတိထားလိုက်ပါ။

သတိမရှိဘဲနဲ့ အမှန်ပြောနိုင်ပါ့မလား (မပြောနိုင်ပါဘုရား) အမှန်မြင်ပါ့မလား (မမြင်ပါဘုရား) ဒါကြောင့် သတိနဲ့သွားပါ၊

အော်-ကြွရင်ကြွတယ်လို့သိ။ လှမ်းရင်လှမ်းတယ်လို့သိ၊ ချရင်ချတယ်လို့သိပါ။ ကြွတဲ့အခါ၊ လှမ်းတဲ့အခါ၊ ချတဲ့အခါ၊ အမူအယာ တခုနဲ့တခု တူရဲ့လား (မတူပါဘုရား) ဘာကြောင့် မတူတာတုံး "လေ" က မတူလို့။ "လေ" ကလဲ ဘာမတူလို့တုံး စိတ်မတူလို့။ စိတ်ကဘာတရားတုံး (နာမ်တရားပါဘုရား) လေက ဘာတရားတုံး (ရုပ်တရားပါဘုရား) နာမ်ဘရားတွေမတူတိုင်း ရုပ်တရားတွေကောတူရဲ့လား (မတူပါဘုရား) အမူအယာတွေကောတူရဲ့လား (မတူပါဘုရား) စိတ်အမျိုးမျိုး တွေကြောင့် လေအမျိုးမျိုးတွေဖြစ်။ လေအမျိုးမျိုးတွေကြောင့် အမူအယာအမျိုးမျိုတွေဖြစ်။ ဒီအမူအယာအမျိုးမျိုးတွေကို ပညတ်အမျိုးမျိုးတွေခေါ်ကြတယ်။ ပညတ်ဆိုတာရှိတဲ့တရားဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

ရှိတာက ဘာတရားပါလိမ့် (စိတ်သဘောနဲ့ လေသဘောပါဘုရား) စိတ်ကဘာဘရားပါလိမ့် ( နာမ်တရားပါဘုရား ) လေကဘာတရားတုံး (ရုပ်တရားပါဘုရား) ဘိက္ခဝေ၊ ချစ်သားတို့၊ စျာယထ၊ နာမ်တရားနဲ့ ရုပ်တရားရှုပါ။ ဘယ်အချိန်မှာရှုခိုင်းတာတုံး (ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ ပါဘုရား) နောက်-မာပမာဒတ္ထ၊ မမေ့ပါနဲ့။ မေ့ရမှာလား၊ မမေ့ရဘူးလား (မမေ့ရပါဘုရား) ကြွတဲ့အခါလဲမမေ့ပါနဲ့ သတိထားကြပါ။ လှမ်းတဲ့အခါ ချတဲ့အခါလဲသတိထားပါ။ မမေ့ပါနဲ့။ ဘာတရားနဲ့ဘာတရားပေါ်မှာတုံး (နာမ်တရားနဲ့ရုပ်တရားပေါ်မှာပါဘုရား) လူတွေ သတ္တဝါတွေပေါ်မှာလား၊ နာမ်တရားနဲ့ရုပ်တရားပေါ်မှာလား ( နာမ်တရားနဲ့ရုပ်တရားပေါ်မှာပါဘုရား ) အရှိတရားပေါ်မှာလား၊ မရှိတ ရား ပေါ် မှာ လား (အရှိတရားပေါ်မှာပါဘုရား) အရှိတရားက ဘာတရားနဲ့

---

+ မူလပဏ္ဏာသ၊ ပါ၊ ဒွေဝါဝိတက္ကသုတ်နှာ ၁၆၇

ဘာတရားပါလိမ့် (နာမ်တရားနဲ့ရုပ်တရားပါဘုရား) တနည်း (စိတ်သဘောနဲ့လေ သဘော) ဒီသဘောကိုမိအောင်ဖမ်းထားပါ။ ပစ္စာ၊ နောက်ကာလမှ။ ဝိပ္ပဋိသာရိနော၊ ငါတရားအားမထုတ်လိုက်ရခြင်းလို့၊ အဲဒီကျမှစိုးရိမ်မှုတွေမဖြစ်နဲ့။ စိတ်မချမ်းမသာတွေမဖြစ်နဲ့။

ခင်ဗျားတို့မသေဘဲနေပါ့မလား (မနေပါဘုရား) မနေပါဘူး၊ သေမှာပါ။ ဟောဒီပရိသတ် နောင်အနှစ် (၅၀) အတွင်း တရားဟောဘုန်းကြီးကော ရှိပါ အုံးမလား (မရှိနိုင်ပါဘုရား) အကုန်သေမှာဘဲ။ သေမှာလား၊ မသေဘူးလား (သေမှာပါဘုရား) သေခါနီးကာလကျမှ ငါဖြင့် တရားအားမထုတ်ခဲ့ရလေခြင်း၊ ဒီအချိန်ကျမှ နှလုံးမသာမယာဖြစ်နေရင်ဖြင့် တကာတကာမတွေ အချိန်ရသေးရဲ့ လား (မရပါဘုရား) ဒါကြောင့် အချိန်ရတုံးခင်ဗျားတို့ မကြိုးစားသင့်ဘူးလား၊ ကြိုးစားသင့်သလား (ကြိုးစားသင့်ပါတယ်ဘုရား)

လူတွေ သတ္တဝါတွေကို ရှုရမှာလား၊ နာမ်ရုပ်ကိုရှုရမှာလား (နာမ်ရုပ်ကိုရှုရ မှာပါဘုရား) အဲဒါကြောင့် နာမ်ရုပ်ကိုမရှုမိရင် သေခါနီးမှာ ယောကျ်ား၊မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါတွေ၊ သား သမီးတွေ ရှုမိနေမယ်။ မရှုမိဘူးလား၊ ရှုမိမှာလား (ရှုမိမှာပါဘုရား) အဲဒါနှစ်နာရောဗျ။ ဒီလောကနှစ်နာတာများ ရှိသေးရဲ့လား (မရှိပါဘုရား) အရှိတရားမရှုဘဲနဲ့ မရှိတရားသွားရှုလို့ လောဘ ဒေါသ မောဟ ငြိမ်းပါ့မလား (မငြိမ်းပါဘုရား) အဲဒီမရှိတဲ့ပညတ်ကိုသွားရှုရင် လောဘ ဒေါသ မောဟ ဖြစ်တော့တာဘဲ။ မ ဖြစ် ဘူး လား၊ ဖြစ် သ လား (ဖြစ်ပါတယ်ဘုရား) လောဘ ဒေါသ မောဟဖြစ်ပြီးသေရင် သက်သာပါ့မလား(မသက်သာပါဘုရား)

လောဘဖြစ်ရင်ပြိတ္တာဘုံ၊ ဒေါသဖြစ်ရင်ငရဲဘုံ၊ မောဟဖြစ်ရင် တိရစ္ဆာန်ဘုံ မရှင်းခဲ့ဘူးလား၊ရှင်းခဲ့သလား(ရှင်းခဲ့ပါတယ်ဘုရား)ဒါကြောင့် တကာတကာမ တွေ သေခါနီးအခါကာလမှာ၊ မာပစ္ဆာဝိပ္ပဋိသာရိနော၊ နှလုံးမသာမယာ မဖြစ် ရအောင် မြတ်စွာဘုရား ကိုယ်တော်က လူတွေ သတ္တဝါတွေကို ရှုခိုင်းတာလား၊ နာမ်ရုပ်ကိုရှုခိုင်းတာလား (နာမ်ရုပ်ကိုရှုခိုင်းတာပါဘုရား)

ဘယ်အချိန်မှာရှုရမှာတုံး(ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာပါဘုရား) ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာ ကြွတာရှိရဲ့လား(မရှိပါဘုရား)ဘာရှိတာတုံး (နာမ်နဲ့ရုပ်) တနည်းဘာတုံး (စိတ်နဲ့လေ) မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါ တယ်ဘုရား) ဒီလိုကြွချင်တဲ့သဘောကဘာတုံး (စိတ်ပါဘုရား) စိတ် ဖြစ် တော့ လေဖြစ်လာတယ်။ လေဖြစ်တော့ ဒီအမူအယာတွေဖြစ်တယ်။ မဖြစ်ဘူးလား၊ ဖြစ် သလား (ဖြစ်ပါတယ်ဘုရား) လှမ်းချင်တဲ့စိတ်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ် ပါတယ်ဘုရား) စိတ်ဖြစ်တော့လေဖြစ်၊ လေဖြစ်တော့ လှမ်းတဲ့အမူအယာ ဖြစ်

လာတယ်။ ချချင်တာကဘာတုံး (စိတ်) စိတ်ဖြစ်တော့ လေဖြစ်တယ်။ လေဖြစ်တော့ ဒီအမူအယာမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အမှန်အားဖြင့် ရှိတာကဘာနဲ့ဘာ (စိတ်နဲ့လေ) စိတ်က ဘာတရားပါလိမ့် ( နာမ်တရား ) လေကဘာတရားပါလိမ့် (ရုပ်တရား) နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)

ဘယ်တုံးကဖြစ်ဘာတုံး ( အခုမှဖြစ်တဲ့ စိတ်နဲ့လေ-အခုမှဖြစ်တဲ့ စိတ်နဲ့လေ ) အဲဒီလိုရှုခိုက်မှာ လောဘဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) ဒေါသကော (မရပါဘုရား) မောဟကော (မရပါဘုရား) အမှန်ရှုလို့လား၊ အမှားရှုလို့လား ( အမှန်ရှုလို့ပါဘုရား ) သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) ခင်ဗျားတို့နာမ်ရုပ်ရှုလိုက်တာနဲ့တပြိုင်နက်ထဲ မိစ္ဆာဒိဋ္ဌိမပယ်ဘူးလား၊ပယ်သလား (ပယ်ပါတယ်ဘုရား)

နာမရူပံဘိက္ခဝေ ဇာနတော မိစ္ဆာဒိဋ္ဌိ ပဟီယတိတဲ့။

မြတ်စွာဘုရားက ဘိက္ခဝေ၊ ချစ်သားတို့။ နာမရူပံ၊ နာမ်တရားနဲ့ရုပ်တရားကို၊ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ နာမ်ရုပ်သိတဲ့လူကိုပြောတာလား၊ မသိတဲ့လူကိုပြောတာလာ (သိတဲ့လူကိုပြောတာပါဘုရား)

. ဇာနတော၊ သိသောသူအား။ ပဿတော၊မြင်သောသူအား။လူတွေသတ္တဝါတွေကို မြင်ရမှာလား နာမ်ရုပ်ကို မြင်ရမှာလား(နာမ်ရုပ်ကို မြင်ရမှာပါဘုရား) လူတွေ သတ္တဝါတွေ ဆွေမျိုးတွေ သိရမှာလား နာမ်ရုပ် သိရမှာလား (နာမ်ရုပ်သိရမှာပါ ဘုရား)မြတ်စွာဘုရားသိခိုင်းတာကို ယခုခင်ဗျားတို့ တနာရီအတွင်းမှာမသိရဘူးလား သိရသလား(သိရပါတယ် ဘုရား)အကျိုးမများဘူးလား များသလား(များပါတယ် ဘုရား)ဘိက္ခဝေ၊ ချစ်သားတို့။ နာမရူပံ၊ ကြွတိုင်း လှမ်းတိုင်း ချတိုင်းအခါ၌ နာမ်ရုပ်ကို။ ဇာနတော၊ သိသောသူအား။ ပဿတော၊မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအယူကို။ ပဟီယတိ၊ ပယ်၏။

ဘာကို ပယ်တာတုံး(မိစ္ဆာဒိဋ္ဌိကိုပါ ဘုရား) မိစ္ဆာဒိဋ္ဌိကိုပယ်ရင် ဘာဒိဋ္ဌိနဲ့ ပြည့်စုံ[illegible] (သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံလာပါတယ် ဘုရား) သမ္မာဒိဋ္ဌိနဲ့ ပြည့်စုံရင် ခင်ဗျားတို့ ဘယ်ကိုသွတ်နေမှာတုံး(နိဗ္ဗာန်ကို ညွတ်နေမှာပါဘုရား)

\+ နိဗ္ဗာနနိန္နာဘိက္ခဝေသမ္မာဒိဋ္ဌိ နိဗ္ဗာနပေါဏာ နိဗ္ဗာန ပဗ္ဘာရာတိ။

ဟောနိဗ္ဗာန်ကို မညွတ်ဘူးလား ညွတ်သလား (ညွတ်ပါတယ် ဘုရား)မကိုင်းဘူးလား ကိုင်းသလား(ကိုင်းပါတယ်ဘုရား)မရှိုင်းဘူးလား ရှိုင်းသလား(ရှိုင်းပါတယ်ဘုရား)အဲဒီတော့ တကာ တကာမတွေ ဂုရိယာပထပဗ္ဗမှာ ဘယ်အချိန်ရှုရ

\+ သဠာယတနသံယုတ် ပါ၊ နှာ ၃၀၇

မှာတုံး(ကြွတိုင်း လှမ်းတိုင်း ချတိုင်းမှာရှုရမှာပါ ဘုရား)ပထမတော့ ကြွရင်ကြွတယ်လို့သိ၊ လှမ်းရင်လှမ်းတယ်လို့သိ၊ ချရင်ချတယ်လို့သိ၊ အဲဒီလိုသိမှ သမာဓိဖြစ်ပါမယ်၊ သမာဓိရလာတဲ့ အခါကျတော့ အရှိတရားကိုရှုပါ။ အရှိတရားက လူတွေ သတ္တဝါတွေလား စိတ်သဘော လေသဘောလား (စိတ်သဘော လေသဘောပါ ဘုရား)ကြွချင်တာ (စိတ်) စိတ်ဖြင့်တော့ (လေဖြစ်) လေဖြစ်တော့ (ကြွတဲ့အမှုအရာတွေ ဖြစ်တယ်)ကြွတာ ဟုတ်ရဲ့လား(မဟုတ်ပါ ဘုရား) စိတ်က ဘာတရား နာမ်တရား၊ လေက ဘာတရား ရုပ်တရား၊ နာမ်ရုပ်ဖြစ်တာကို ကြွတယ်၊ ကြွတာ ဟုတ်ရဲ့လား(မဟုတ်ပါ ဘုရား)သွားတယ်ထင်ရင် ဒိဋ္ဌိ။ နာမ်ရုပ်ရှုလိုက်၊ သက္ကာယဒိဋ္ဌိမစင်ဘူးလား စင်သလား (စင်ပါတယ် ဘုရား)

ဘာဒိဋ္ဌိ စင်သွားတာတုံး (သက္ကာယဒိဋ္ဌိ စင်သွားတာပါ ဘုရား) လှမ်းချင်တာဘာတုံး စိတ်၊ လှမ်းချင်တာ ဟုတ်ရဲ့လား(မဟုတ်ပါ ဘုရား) စိတ်ဖြစ်တော့ ဘာဖြစ်(လေဖြစ်)လှမ်းတာ ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား)လှမ်းတယ် ထင်ရင် ဘာတုံး ဒိဋ္ဌိ။ ရှိတာက ဘာနဲ့ဘာ (စိတ်နဲ့လေပါ ဘုရား)ခင်ဗျားတို့ စိတ်နဲ့လေ နာမ်နဲ့ရုပ်ရှုခိုက်မှာ လှမ်းတယ်ဆိုတဲ့ အယူ၊ လှမ်းတယ်ဆိုတဲ့အမြင် မြင်ပါအုံးမလား(မမြင်ပါဘုရား)ဒိဋ္ဌိမစင်ဘူးလား စင်သလား (စင်ပါတယ် ဘုရား) ဘာဒိဋ္ဌိတုံး(သက္ကာယဒိဋ္ဌိပါ ဘုရား)ချတာ ဟုတ်ရဲ့လား(မဟုတ်ပါ ဘုရား)ဘာတုံး စိတ်။ စိတ်ဖြစ်တော့ လေဖြစ်၊ စိတ်က ဘာတရား(နာမ်တရား)လေက ဘာတရား (ရုပ်တရား)နာမ်ရုပ်ကို သိလိုက်တာနဲ့တပြိုင်ထဲ နာမ်ရုပ်ကိုမြင်လိုက်တာနဲ့ တပြိုင်ထဲ ကြွတယ် လှမ်းတယ် ချတယ်ဆိုတဲ့ အယူလာသေးရဲ့လား(မလာပါဘူး ဘုရား) ဒိဋ္ဌိမစင်ဘူးလား စင်သလား(စင်ပါတယ် ဘုရား)ဘာဒိဋ္ဌိတုံး(သက္ကာယ ဒိဋ္ဌိပါ ဘုရား)သတ္တဝါပေါ်ကစင်တာလား နာမ်ရုပ်ပေါ်ကစင်တာလား(နာမ်ရုပ်ပေါ်ကစင်တာပါဘုရား) နာမ်ရုပ်တရားပေါ်မှာ ကြွတယ် လှမ်းတယ် ချတယ်ဆိုတဲ့ အထင်တွေ သတ္တဝါတွေ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်ဟူသော အစွဲတွေ မစင်သွားဘူးလားစင်သွားသလား (စင်သွားပါတယ် ဘုရား)

ဘာဒိဋ္ဌိစင်သွားဘာတုံး(သက္ကာယဒိဋ္ဌိပါဘုရား)ဘာဉာဏ်ရှုတာတုံး(နာမရူပပရိစ္ဆေဒ ဉာဏ်ပါ ဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါ ဘုရား)ပရိညာ အားဖြင့် (ဉာတပရိညာပါဘုရား)အဲဒီဉာဏ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

| | | |
|---|---|---|
| ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| ။ | ။ | ဓမ္မံပူဇေမိ |
| ။ | ။ | သံဃံပူဇေမိ |

## သာသနာ့ခေတ်ရဲ့ ဈေးရုံကြီးထဲမှာ သာသနာ့ခေတ်ရဲ့ ပစ္စည်း သီလ သမာဓိ ပညာ သုံးမျိုးရှိတယ်။

သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၇)ရက်နေ့ ဟောကြားသောတရား။

## ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်း ( ၂ )

မနေ့က ဣရိယာပထပဗ္ဗမှာ၊ ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိ၊ ပါဠိတော် အဖွင့်ကိုအဋ္ဌကထာဆရာမှာရှိတဲ့အတိုင်း တကာတကာမတွေကိုရှင်းပြခဲ့ပါပြီ။

ဒီနေ့တော့ ဣရိယာပထပဗ္ဗ လေးပါးအနက်က သုံးပါးကျန်ပါတယ်။ ရပ်တဲ့ အခါ၊ ထိုင်တဲ့အခါ၊ လျောင်းတဲ့အခါ၊ ယနေ့အပြီးဘဲ ရှင်းလိုက်ကြပါစို့၊ မနက် ဖြန်ကျတော့ သမ္ပဇညပဗ္ဗ ဆက်ကြပါစို့၊

ကဲ့ရှေ့တက်ကြပါစို့ရဲ့။ ကျန်တဲ့ ဣရိယာပထ သုံးပါးအနက်က ဘာကစပြောရ မလဲဆိုရင်ဖြင့် ရပ်တာကစပြောပါမယ်၊ ရပ်တာပြပြီးတဲ့အခါကျမှ လျောင်းတာ ကိုပြပါမယ်။

အဲဒီတော့ ရပ်ရင်ရပ်တယ်လို့ သိရမယ်တဲ့၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး က တကာတကာမတွေ မေတ္တာသုတ်ဟောကြားထားတော်မူပါတယ်၊

တိဋ္ဌံစရံနိသိန္နောဝ သယာနော၊ ယာဝတာဿဝိတမိဒ္ဓေါ၊

ဧတံသတိံ အဓိဋ္ဌေယျဗြဟ္မမေတံ ဝိဟာရမိဓမာဟု။ လို့ ဟောတော်မူပါတယ်။

တိဋ္ဌံဝါ၊ ရပ်သော်၎င်း။ စရံဝါ၊ သွားသော်၎င်း။ နိသိန္နောဝါ၊ ထိုင်သော် ၎င်း၊ သယာနောဝါ၊ လျောင်းသော်၎င်း။ ဒီဣရိယာပုတ်လေးပါးဘဲ ပြပါတယ်။ အဲဒီလိုရပ်တဲ့အခါ၊ သွားတဲ့အခါ၊ ထိုင်တဲ့အခါ၊ လျောင်းတဲ့အခါမှာတဲ့ သတိရှိ ပါစေတဲ့၊

ဘာရှိရမှာတဲ့တုံး (သတိရှိရမှာပါဘုရား) အဲဒါကြောင့် တိဋ္ဌံစရံနိသိန္နောဝ သယာနောယာဝ တာဿဝိတမိဒ္ဓေါ ဧတံသတိံ တဲ့၊ အဲဒီလိုသတိရှိရင်တဲ့ မြတ်သော နေခြင်းလို့ မြတ်စွာဘုရားဟောတော်မူပါတယ်၊ အဲဒီတော့ ဣရိယာပုတ်လေးပါး မှာ သတိရှိနေရင်ဖြင့် ခင်ဗျားတို့ မြတ်သောနေခြင်းလား၊ မမြတ်သောနေခြင်း လား (မြတ်သောနေခြင်းပါဘုရား)

ဗုဒ္ဓါ၊ ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တို့သည် အာဟု၊ ဟောတော်မူကုန်ပြီ တဲ့။ ဘုရားတဆူတွင်မကဘူး။ ပွင့်တော်မူပြီးတဲ့ ဘုရားအဆူတိုင်း ဟောတော်မူပါ တယ်။ ဣရိယာပုတ်လေးပါးမှာသတိရှိနေရင်ဖြင့် မြတ်သောနေခြင်းလို့ ဒီအတိုင်း မေတ္တာသုတ်မှာ ဟောမထားဘူးလား၊ ဟောထားသလား (ဟောထားပါတယ်

ဘုရား) အဲဒါကြောင့် ဣရိယာပုတ်လေးပါးမှာ သတိမရှိရင်မဖြစ်တော့ဘူးဆိုတာ ဒီနေရာမှာ ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)

အဲဒါကြောင့် မနေ့က သွားတဲ့အခါမှာ သတိရှိပြီးတော့ သွားပါဆိုသလို။ ယနေ့လဲ ရပ်တဲ့အခါခင်ဗျားတို့မရပ်ဘဲနေပါ့မလား (မနေပါဘုရား) မရပ်ကြဘူးလား၊ ရပ်ကြသလား (ရပ်ပါတယ်ဘုရား) ရပ်တဲ့အခါ သတိရှိပြီးတော့ ရပ်ရမှာပါ၊ သတိမရှိဘဲနဲ့ ရပ်ရမှာလား (သတိရှိပြီးရပ်ရမှာပါဘုရား) သတိရှိပြီးတော့ ရပ်ရင် မြတ်သောနေခြင်းလို့ မြတ်စွာဘုရားအဆူဆူ ဟောတော်မူခဲ့တဲ့ ဒေသနာတော်နဲ့ မညီဘူးလား၊ ညီသလား (ညီပါတယ်ဘုရား)

ဒါကြောင့်၊ ရပ်တဲ့အခါ ရပ်တယ်လို့ သိပါ။ ရပ်တဲ့အခါ ဘယ်လိုသိရမှာတုံး (ရပ်တယ်လို့သိရမှာပါဘုရား) ဒါဖြင့် သတ္တဝါဟူသောအယူ၊ အတ္တသညာဟူသောအယူ စွန့်ပြီလား (မစွန့်သေးပါဘုရား) သမထဘဲ ရှိသေးတယ်။ ရပ်ရင်ရပ်တယ်လို့ သိရင်သမထကမ္မဋ္ဌာန်းလား၊ဝိပဿနာကမ္မဋ္ဌာန်းလား (သမထကမ္မဋ္ဌာန်းပါဘုရား) မှတ်ချက်ချပါ။ အော်-မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့အဆုံးအမကို မနေ့ကလဲပြောခဲ့ပါတယ်။

ဈာယထဘိက္ခဝေ မာပမာဒတ္ထ၊ ပစ္ဆာဝိပ္ပဋိသာရိနော

မာအဟုဝတ္ထအယံဝေါ၊ အမှာကံအနုသာသနီ။

ဘိက္ခဝေ၊ ချစ်သားတို့။ မာပမာဒတ္ထ၊ မမေ့မလျော့ကြနဲ့။ ဘာမမေ့ရမှာတုံး။ ဈာယထ၊ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကို ရှုကြကုန်လော့။ ဘာကမ္မဋ္ဌာန်းနဲ့ ဘာကမ္မဋ္ဌာန်းကို ရှုရမှာလဲ (သမထကမ္မဋ္ဌာန်းနဲ့ ဝိပဿနာကမ္မဋ္ဌာန်းရှုရမှာပါဘုရား) ရပ်ရင်ရပ်တယ်လို့ သိတာ ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား) သမထကမ္မဋ္ဌာန်း မဖြစ်လာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)

ဒါကြောင့် ဈာယထ၊သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကိုရှုကြကုန်လော့ မာပမာဒတ္ထ၊ မမေ့မလျော့ နေကြကုန်လင့်။ ပစ္ဆာ၊ နောက်ခါကာလသမယ၌၊ ဝိပ္ပဋိသာရိနော၊ သေခါနီးအခါကာလမှာမျက်ရည်ကျနေရင်၊ စိုးရိမ်နေရင်၊ ငါတရားအားမထုတ်ခဲ့ရလေခြင်း ဆိုပြီး ပူဆွေးနေရင် အလကားဘဲဆိုတာ တကာတကာမတွေ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ကျန်းမာရေးကောင်းတဲ့အချိန်၊သင့်လျော်တဲ့အချိန်၊ခင်ဗျားတို့ကလဲကျန်းမာရေး ကောင်းတဲ့အချိန်၊ ဒီလိုလဲ ညီညွတ်အုံးမှကိုး။ ဒီလိုမညီညွတ်ရင် ဒီတရားပွဲကဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အလွန်မတန်မှ ပါရမီပါလာ တဲ့ ပုဂ္ဂိုလ်တွေဒီကမ္မဋ္ဌာန်းတရားတွေ မြတ်စွာဘုရားတရားတွေ နာရတယ်ဆိုတာလဲ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ။

အတိသဒ္ဒါနဲ့ ထည့်မထားဘူးလား၊ ထည့်ထားသလား (ထည့်ထားပါတယ်ဘုရား) အလွန်မတန်မှ နာရခဲ ကြားခဲရတဲ့ တရားတွေ နာကြားရတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဘက်ပေါင်းစုံကနေပြီးတော့ အကြောင်းညီညွတ်နေလို့။

အကြောင်းမညီညွတ်ရင် တကာတကာ မတွေ့ ဒီတရားနာလို့ အားထုတ်လို့ရပါ့မလား (မရပါဘုရား) ဒါ့ကြောင့်မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက၊ မာပမာဒတ္ထာမမေ့မလျော့ကြကုန်နဲ့၊ ပစ္ဆာ၊ နောက်ခါကာလ သမယ၌။ ဝိပ္ပဋိသာရိနော၊ တရားအားမထုတ်ခဲ့ရလေခြင်း၊ နှစ်နာလေခြင်းဆိုတဲ့ နောင်တတဖန် ပူပန်မှုကို၊ မာအဟုဝတ္ထ၊ မဖြစ်ကြကုန်လင့်၊ အယံ၊ ဤ သည် ကား၊ ဝေါ၊ သင် တို့ အား၊ အမှာက၊ ငါဘုရားတို့၏၊ အနုသာသနီ၊ ဆုံးမတော်မူချက်ပါပေတည်း။

မြတ်စွာဘုရားရဲ့အဆုံးအမလား၊ ဘုန်းကြီးရဲ့အဆုံးအမလား (မြတ်စွာဘုရားရဲ့အဆုံးအမပါဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို အားထုတ်ကြကုန်လော့ဆိုတော့ ရပ်ရင်ရပ်တယ်လို့သိရင် ဘာကမ္မဋ္ဌာန်းပါလိမ့် ( သမထကမ္မဋ္ဌာန်းပါဘုရား ) အဲ- ရပ်ရင်ရပ်တယ်လို့ ပဌမသိအုံး၊ နောက်တဆင့်တက်ခဲ့။

ကောတိဋ္ဌတိ နကောစိတိဋ္ဌတိ ကိံကရဏာတိဋ္ဌတိ။

ကော၊ အဘယ်သူသည်။ တိဋ္ဌတိ၊ ရပ်သနည်း။ တဆင့်တက်လာခဲ့။ သတိသမာဓိလေးနဲ့ပြည့်စုံလာတဲ့အခါ ဉာဏ်ကမတက်လာဘူးလား၊ တက်လာသလား (တက်လာပါတယ်ဘုရား)

ဘယ်သူရပ်သလဲဆိုတဲ့ စူးစမ်းမှုတွေ ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)ကော၊ အဘယ်သူသည်။ တိဋ္ဌတိ၊ ရပ်သနည်း။ နကောစိတိဋ္ဌတိ၊ တစုံတယောက်မျှ ရပ်သူမရှိ။ သတ္တဝါတွေ ပုဂ္ဂိုလ်တွေ ယောကျ်ား၊ မိန်းမတွေ ရပ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ပုဂ္ဂိုလ်ရပ်တာ သတ္တဝါရပ်တာလဲမဟုတ်ဘူး၊ ယောကျ်ား မိန်းမတွေ ရပ်တာလဲ မဟုတ်ဘူး၊ ကသ္ဆ စိ၊ တစုံတယောက်သော၊ သတ္တဿဝါ၊ သတ္တဝါ၏ငင်း၊ ပုဂ္ဂလဿဝါ၊ ပုဂ္ဂိုလ်၏ငင်း။ နတိဋ္ဌတိ၊ ရပ်သည်မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါရပ်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ကိံကရဏာတိဋ္ဌတိ။ ကိံကရဏာ၊ အဘယ် အကြောင်း ကြောင့်။ တိဋ္ဌတိ၊ ရပ်သနည်း။ ဘာ့ကြောင့် ရပ်တဲ့အမူအယာတွေ ဖြစ်လာသလဲဆိုတော့ အဋ္ဌကထာဆရာကပြနေတယ်။

စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေနတိဋ္ဌတိ။

စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ်သည်ပြုပြင်အပ်သော လေသဘော၏ပျံ့နှံ့ခြင်းကြောင့်၊တိဋ္ဌတိ၊ရပ်၏၊ရပ်ချင်တဲ့သဘောမရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)

ရုပ်ချုပ်တယ်ဆိုတဲ့သဘောက လူလား စိတ်လား(စိတ်ပါဘုရား)စိတ်ဖြစ်လိုက်တာနဲ့တပြိုင်ထဲ ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) စိတ္တဇဝါယော မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်လာပါတယ်ဘုရား) လေဖြစ်လာတာနဲ့တပြိုင်ထဲ ရုပ်ခြင်းအမူအရာမဖြစ်ဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား) ဘယ်သူ့သတ္တိတုံး(လေရဲ့သတ္တိပါဘုရား)

လေကလဲဘယ်သူ့ကြောင့်ဖြစ်တာတုံး(စိတ်ကြောင့်ပါဘုရား)စိတ်အမျိုးမျိုးတွေကြောင့် လေအမျိုးမျိုးဖြစ်၊ လေအမျိုးမျိုးတွေကြောင့် ရုပ်ခြင်း အမူအရာကိုရိယာအမျိုးမျိုးတွေမဖြစ်ဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)

အဲဒီရုပ်ခြင်းအမူအရာကိုရိယာအမျိုးမျိုးတွေကို ခင်ဗျားတို့ကျုပ်တို့ကပညတ်အမျိုးမျိုးတွေနဲ့ မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား) ဒါဖြင့် ဘယ်နေရာ ရပ်နေတယ်။ တောင်ဘက်ရပ်နေတယ်။ မြောက်ဘက်ရပ်နေတယ်။ ဒီပညတ်အမျိုမျိုးတွေနဲ့မခေါ်ဘူးလား၊ ခေါ်သလား(ခေါ်ပါတယ်ဘုရား)

အမူအရာအမျိုးမျိုးတွေကို ပညတ်အမျိုးမျိုးတွေနဲ့ မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား) အဲဒီတော့ ဘယ်လိုဘဲခေါ်ခေါ် အမှန်သဘောက ဘယ်သဘောနဲ့ ဘယ်သဘောရှိတာလဲ (စိတ်သဘောနဲ့ လေသဘောပါဘုရား) အမှန်က စိတ်သဘောနဲ့ လေသဘောဘဲရှိတယ်။ ပဌမစိတ်ကြောင့် ပဌမလေ။ ဒုတိယစိတ်ကြောင့် ဒုတိယလေ။ တတိယစိတ်ကြောင့်တတိယလေ။ တတိယလေကြောင့် တတိယအမူအရာ မဖြစ်ဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား)

သူ့စိတ်နဲ့သူ့လေ။ သူ့အမူအရာ။ ခင်ဗျားတို့ အမူအရာတွေဟာ အသေးစိတ်အားဖြင့် တူရဲ့လား(မတူပါဘုရား) အမူအရာမတူတာ လေမတူလို့ လေမတူတာလဲ စိတ်မတူလို့။အဲဒီတော့ ဓါတ်သားနှစ်ခုက ဘာနဲ့ဘာလဲ (စိတ်နဲ့လေပါဘုရား)

စိတ်ကဘာတရား(နာမ်တရားပါဘုရား)လေကဘာတရားတုံး (ရုပ်တရားပါဘုရား) အော်-ရပ်တိုင်းရပ်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ နာမ်ရုပ်တရားရှိတာလား (နာမ်ရုပ်တရားရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရပ်တိုင်းရပ်တိုင်းမှာပါဘုရား) အော်-ရပ်ချုပ်တယ်ဆိုတဲ့စိတ် အဲဒီစိတ်ကြောင့် လေဖြစ်လာတယ်၊ ဒီလေကြောင့် ရုပ်တဲ့အမူအရာကိုရိယာတွေ ပေါ်မလာဘူးလား ပေါ်လာသလား(ပေါ်လာပါသယ်ဘုရား)

အဲဒီတော့ ရုပ်ခြင်း အမူအရာဟာ ဘယ်သူ့ကြောင့် ဖြစ်လာသလဲဆိုတော့ (လေကြောင့်ပါဘုရား) ဒီလေကလဲ ဘယ်သူ့ကြောင့်ဖြစ်တာတုံး စိတ်ကြောင့်ဖြစ်တာ စိတ်ကဘာဘရားတုံး(နာမ်တရားပါဘုရား) လေကဘာတရားတုံး (ရုပ်တရားပါဘုရား)အော် ရုပ်ဘာရှိတာလား၊နာမ်ရုပ်ရှိတာလား(နာမ်ရုပ်ရှိတာပါ

ဘုရား)လူတွေ သတ္တဝါတွေရပ်တာလား၊ နာမ်ရုပ်ဖြစ်တာလား(နာမ်ရုပ်ဖြစ်တာပါဘုရား)

ဘယ်အချိန်မှာရှိတာတုံး (ရပ်တိုင်းရပ်တိုင်းမှာပါ ဘုရား) ရပ်တိုင်းရပ်တိုင်း ဘာနဲ့ဘာပါလိမ့် (စိတ်နဲ့လေပါဘုရား)စိတ်နဲ့လေကို ရှုရမှာလား၊ ရပ်တာကိုရှုရမှာလား(စိတ်နဲ့လေကိုရှုရမှာပါဘုရား)စိတ်ကဘာတရားပါလိမ့် (နာမ်တရားပါဘုရား) လေက ဘာဘရားပါလိမ့် (ရုပ်ဘရားပါဘုရား) နာမ်ရုပ်ကိုရှုရမှာလား လူတွေသတ္တဝါတွေကိုရှုရမှာလား(နာမ်ရုပ်ကိုရှုရမှာပါဘုရား)

ဘယ်အချိန်မှာရှုရမှာတုံး (ရပ်တိုင်းရပ်တိုင်းမှာပါဘုရား) အဲဒီလိုရှုဆဲမှာ ငါ ဟူသောအယူ၊ သတ္တဝါဟူသောအယူတွေယူမိပါအုံးမလား (မယူမိပါဘုရား)လူ ဟူသော အမှတ်သညာတွေကော မပယ်ဘူးလား၊ ပယ်သလား (ပယ်ပါတယ် ဘုရား)အမှန်ရှုသို့လား၊အမှားရှုလို့လား(အမှန်ရှုလို့ပါဘုရား)

အမှန်က လူတွေသတ္တဝါတွေရှိတာလား၊ နာမ်ရုပ်ရှိတာလား(နာမ်ရုပ်ရှိတာ ပါဘုရား) နာမ်ရုပ်ကဘယ်အချိန်မှာရှိတာတုံး (ရပ်တိုင်းရပ်တိုင်းမှာပါ ဘုရား) အဲဒီလိုရှုခိုက်မှာ တကာတကာမတွေ သတ္တဝါဟူသော အယူကော မပယ်လိုက် ဘူးလား၊ပယ်လိုက်သလား(ပယ်ပါတယ်ဘုရား) ဒါကြောင့်–

\+ ဣမဿပနဘိက္ခုနော ဇာနနံ့သတ္တုပလဒ္ဓိံ ပဇဟတိ၊
**အတ္တသညံ့ဥဂ္ဃါဋေတိကမ္မဋ္ဌာနဉ္စဝ သတိပဋ္ဌာနဘာဝနာစဟောတိ၊**

ပန၊အထူးသိကိုဆိုဦးအံ့၊ ဣမဿ၊ဤသတိပဋ္ဌာန်ကိုပွါးစေသော၊ဘိက္ခုနော၊ အမျိုးကောင်းသား အမျိုးကောင်းသမီး၏ (ဝါ) တရားအားထုတ်တဲ့ ယောဂီ အပေါင်း၏၊သတ္တုပလဒ္ဓိံ၊သတ္တဝါဟူသောအယူကို၊ပဇဟတိ၊ပယ်စွန့်လိုက်တယ်။ သတ္တဝါဟူသောအယူ မစွန့်လိုက်ဘူးလား၊ စွန့်လိုက်သလား(စွန့်ပါတယ်ဘုရား) နာမ်ရုပ်မြင်လို့လား၊ သတ္တဝါတွေမြင်လို့လား (နာမ်ရုပ်မြင်လို့ပါဘုရား) အရှိ တရားမြင်လို့လား၊မရှိတရားမမြင်လို့လား(အရှိတရားမြင်လို့ပါဘုရား)

အရှိတရားဆိုတာ ပရမတ်လား၊ ပညတ်လား (ပရမတ်ပါဘုရား) ပရမတ်ဆို တာ အရှိတရားလား၊မရှိတရားလား(အရှိတရားပါဘုရား)အရှိတရားက မိမိခန္ဓာ မှာလား၊ သူတပါးခန္ဓာမှာလား(မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာ ဘယ်အချိန် မှာရှိတုံး (ရပ်တိုင်းရပ်တိုင်းမှာပါဘုရား) နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါ တယ်ဘုရား)

ဤလိုအမှန်မြင်ဆဲမှာ သတ္တဝါဟူသောအယူကို ယူမိသေးရဲ့လား (မယူမိပါ ဘုရား) မယူမိတော့ ကမ္မဋ္ဌာန်းမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

\+ မူလပဏ္ဏာသ၊ ဋ၊ ပ၊ နှာ ၂၅၆

အတ္တသညာ၊ ကိုယ်ဟူသောအတ္တသညာကို၊ ဥဂ္ဃါဋေတိ၊ ပယ်သတ်လိုက်တယ်။ ငါ ဟူသော အမှတ်သညာတွေကော မပယ်လိုက်ဘူးလား၊ ပယ်လိုက်သလား (ပယ် လိုက်ပါတယ်ဘုရား)

ကမ္မဋ္ဌာနဉ္စေဝ၊ ကမ္မဋ္ဌာန်းသည်လည်း၊ဟောတိ၊ဖြစ်၏။ ကမ္မဋ္ဌာန်းတရားမဖြစ် လာဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား)သတိပဋ္ဌာနဘာဝနာစ၊ သတိပဋ္ဌာန်ကိုပွါးများသည်လည်း၊ဟောတိ၊ဖြစ်၏။ သတိရှိလို့လား၊မရှိလို့လား (သတိရှိလို့ပါဘုရား) သတိမရှိဘဲနဲ့ အမှန်တရားပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါ ဘုရား) အဲဒီတော့ သတိပဋ္ဌာန်တရား အားထုတ်ပြီးသား မဖြစ်ဘူးလား၊ ဖြစ်သ လား(ဖြစ်ပါတယ်ဘုရား)

ဘယ်အချိန်မှာပါလိမ့်(ရုပ်တိုင်းရုပ်တိုင်းမှာပါဘုရား)ဒါကြောင့်ဒုဋ္ဌကထာ ဆရာက ရှေ့ဘယ်လိုဆက်ပြထားပြန်သလဲဆိုတော့—

+ **တိဋ္ဌာမီတိစိတ္တံဥပ္ပဇ္ဇတိ၊တံဝါယံဇနေတိဝါယောဝိညတ္တိံဇနေတိ၊ စိတ္တကိရိယဝါယောဓာတုဝိပ္ဖါရေနသကလကာယဿကောဋိတော ပဋ္ဌာယဥဿိတဘာဝေါဋ္ဌာနဋ္ဌိဝုစ္စတိ။**

တိဋ္ဌာမီတိ၊ ငါရပ်အံ့ဟူ၍၊ စိတ္တံ၊ စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ်၊ ရပ်ချင်တဲ့ သဘောကလူလား၊ စိတ်လား(စိတ်ပါဘုရား)စိတ်မဖြစ်လာဘူးလား၊ ဖြစ်လာသ လား(ဖြစ်လာပါတယ်ဘုရား)

လူတွေ သတ္တဝါတွေ ဖြစ်တာလား၊ စိတ်ဖြစ်တာလား (စိတ် ဖြစ်တာပါ ဘုရား) ရပ်ချင်တယ်ဆိုတဲ့သဘော၊ စိတ်ဖြစ်တော့ ဘာဖြစ်တုံး (လေဖြစ်ပါတယ် ဘုရား) ဒါကြောင့် တိဋ္ဌတီတိ၊ငါရပ်အံ့ဟူ၍၊ စိတ္တံ၊စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ဖြစ်တယ်။ တံစိတ္တံ၊ ထိုစိတ်သည်၊ ဝါယံ၊လေကို၊ဇနေတိ၊ဖြစ်စေ၏။

စိတ်က လူတွေ သတ္တဝါတွေကို ဖြစ်စေတာလား၊ လေကို ဖြစ်စေတာလား (လေကိုဖြစ်စေတာပါဘုရား) စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်ထဲ လေမပျံ့နှံ့ဘူးလား၊ ပျံ့နှံ့သလား (ပျံ့နှံ့ပါတယ်ဘုရား) တကိုယ်လုံး ပျံ့နှံ့ပြီးတော့ မတည်ဘူးလား၊ တည်သလား(တည်ပါတယ်ဘုရား)

စိတ်ကြောင့်ဘာဖြစ်လဲ (လေဖြစ်ပါတယ် ဘုရား) လေဖြစ်တာနဲ့ တပြိုင်ထဲ ဘာဖြစ်တာလဲ(အမူအရာဖြစ်တာပါ ဘုရား)ဝါယော၊ လေသည်၊ ဝိညတ္တိံ၊ ရပ် ခြင်းဆိုတဲ့အမူအရာ ဝိညတ်ရုပ်ကို၊ ဇနေတိ၊ ဖြစ်စေတယ်။ ဝိညတ်ရုပ်ကို ဖြစ်စေ တာလူကဖြစ်စေတာလား လေကဖြစ်စေတာလား(လေကဖြစ်စေတာပါ ဘုရား)

+ မူလပဏ္ဏာသ၊ ဌ၊ ၃၊ နှာ ၂၅၆

ဟော လေကကော ဘယ်သူကဖြစ်စေတာလဲ(စိတ်ကဖြစ်စေတာပါ ဘုရား)စိတ်ကြောင့်လေဖြစ်၊ လေကြောင့် အမူအရာဖြစ်၊ ဒါကြောင့်၊ ဝါယော၊ လေသည်။ ဝိညတ္တိ၊ ရုပ်ခြင်းအမူအရာ ဝိညတ်ရုပ်ကို။ ဇနေတိ၊ ဖြစ်စေတယ်။ ဣတိ၊ ဤသို့ (ဝါ)ဣတိ ဤသို့ ဖြစ်ခြင်းသည်။ စိတ္တကြိယာဝါယောဓာတုဝိပ္ဖာရေန၊ စိတ်သည်ပြုပြင်အပ်သော လေသဘောပျံ့နှံ့ခြင်းကြောင့်။ သကလကာယဿ၊ အလုံးစုံသောခန္ဓာကိုယ်၏။ ကောဋ္ဌိတောပဋ္ဌာယ၊ ဖနောင့်စွန်းမှစ၍။ ဥဿိတဘာဝေါ၊ ထောင်နေသည်၏ အဖြစ်ကို။ ဌာနန္တိ၊ ရုပ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဖနောင့်ကနေပြီး တကိုယ်လုံး ထောင်မနေဘူးလား ထောင်နေသလား (ထောင်နေပါတယ် ဘုရား)အဲဒါကို ခင်ဗျားတို့ ကျုပ်တို့က ဘယ်လိုခေါ်လိုက်သတုံး (ရပ်တယ်လို့ ခေါ်ပါတယ် ဘုရား)ရပ်တာ ရှိရဲ့လား(မရှိပါ ဘုရား) ငါကော ရှိရဲ့လား (မရှိပါ ဘုရား)ရှိတာကဘာလဲ (စိတ်နဲ့လေပါဘုရား)စိတ္တကြိယဝါယောဓာတုဝိပ္ဖာရေနတဲ့။ စိတ်ကြောင့်ဖြစ်တဲ့ ဘာတုံး(လေပါဘုရား) စိတ်က ဘာတရားလဲ(နာမ်တရားပါ ဘုရား)လေက ဘာတရားလဲ (ရုပ်တရားပါဘုရား)ရှိတာနာမ်ရုပ်ရှိတာလား သတ္တဝါတွေယောကျ်ား မိန်းမတွေ ရှိတာလား (နာမ်ရုပ်ရှိတာပါ ဘုရား)

နာမ်ရုပ်ရှိတာ ဘယ်အချိန်မှာ ရှိတာဘုံး (ရပ်တိုင်းမှာပါ ဘုရား) ရပ်တိုင်းရပ်တိုင်းမှာ ရှိရှိနေတာဘာလို့ရှိနေတာလဲ(ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးကဖြစ်ဘာလဲ(အခုမှဖြစ်တာပါဘုရား)ဘယ်အချိန်မှာဖြစ်တာလဲ(ရပ်တိုင်း ရပ်တိုင်းမှာပါဘုရား)ရပ်တိုင်း ရပ်တိုင်းမှာ(အခုမှဖြစ်တဲ့စိတ်နှင့်လေ အခုမှဖြစ်တဲ့စိတ်နှင့်လေ)အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိ(ဒိဋ္ဌိဝိသုဒ္ဓိ)ပရိညာအားဖြင့် ဘာပရိညာလဲ(ဉာတပရိညာပါဘုရား)တကာ တကာမတွေ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ရပ်တတ်ပါစေ၊ အဲဒီလိုနာမရူပပရိစ္ဆေဒဉာဏ်က အရှုဦးသွားရင် သက္ကာယပေါ်မှာ ဒိဋ္ဌိတွေလာသေးရဲ့လား(မလာတော့ပါ ဘုရား)

သက္ကာယဒိဋ္ဌိ ခဏမကွာဘူးလား ကွာသလား(ကွာသွားပါတယ် ဘုရား) သက္ကာယဒိဋ္ဌိကွာသွားရင် အပါယ်လေးပါးကမလွတ်ဘူးလားလွတ်သလား(လွတ်ပါတယ်ဘုရား)အပါယ်လေးပါးကလွတ်ပြီးတော့ ရပ်တတ်ပါစေ။မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက မပြောဘူးလား ပြောသလား (ပြောပါတယ် ဘုရား)

ဒါက ရပ်တာနဲ့ ပတ်သက်ပြီးတော့ ပြီးရော။

နောက်တချက်က တကာ တကာမတွေ ထိုင်နေတာကတော့ နောက်ဆုံးမှပြောကြစို့။ မ‌ ေလျှောင်းဘူလား လျှောင်းသလား (လျှောင်းပါတယ် ဘုရား) မအိပ်ဘူးလား အိပ်သလား(အိပ်ပါတယ် ဘုရား)လျှောင်းတဲ့အခါ အိပ်တဲ့အခါ ပဋ္ဌမတော့ အိပ်တယ်လို့ သိပေးရမယ်။ ဘယ်လိုသိရမှာတုံး၊ အိပ်ရင် အိပ်တယ်လို့

သိရမှာကိုး။ သူက အိပ်ရင် အိပ်တယ်လို့ မသိတော့ သမာဓိဖြစ်ပါ့မလား (မဖြစ်ပါဘုရား)သမာဓိမဖြစ်တော့ ဒီနာမ်တရား ရုပ်တရား ပေါ်ပါ့မလား(မပေါ်ပါဘုရား)အဲဒီတော့ နာမ်တရား ရုပ်တရားမသိရင် မကွဲရင် သက္ကာယဒိဋ္ဌိ ကွာပါ့မလား(မကွာပါဘူးဘုရား)

သက္ကာယဒိဋ္ဌိမပြုတ်ရင် အပါယ်လေးပါးက လွတ်ပါ့မလား (မလွတ်ပါဘုရား)အပါယ်လေးပါးမလွတ်တဲ့နဲ့ အိပ်တာဘဲလို့ မဆိုထိုက်ဘူးလားဆိုထိုက်သလား(ဆိုထိုက်ပါတယ် ဘုရား) အဲဒီတော့ ခင်ဗျားတို့ မအိပ်ဘဲ နေပါ့မလား (မနေပါဘုရား) အိပ်တဲ့အခါလဲ မြတ်စွာဘုရား ကိုယ်တော်မြတ်က အိပ်ဘတ်ပါစေ ဆိုပြီးဘော့။ အိပ်တဲ့အခါလဲ ဘယ်လိုမှတ်ရမတုံး (အိပ်တယ်လို့ မှတ်) လျှောင်းရင်လဲ လျှောင်းတယ်လို့မှတ်၊ လျှောင်းတာနဲ့အိပ်တာ အတူတူဘဲ ဆိုကြပါစို့။ စာမှာဘော့ သယနံ၊ အိပ်ခြင်း။ ဒီလိုပြပါတယ်၊ လျှောင်းတဲ့အခါမှာလဲ ခင်ဗျားတို့ပဌမလျှောင်းတယ်လို့ မမှတ်ရဘူးလား မှတ်ရသလား(မှတ်ရပါတယ်ဘုရား) ပြီးတော့ဘာတုံး၊ အိပ်တယ်လို့ မမှတ်ရဘူးလား (မှတ်ရမှာပါ ဘုရား) ဒီလိုမှတ်ရင်ဘာကမ္မဋ္ဌာန်းလဲ (သမထကမ္မဋ္ဌာန်းပါ ဘုရား)သမထ ကမ္မဋ္ဌာန်း ဖြစ်လာတဲ့အခါ သတိသမာဓိရမလာဘူးလား ရလာသလား(ရလာပါတယ် ဘုရား) သတိ သမာဓိနဲ့ပြည့်စုံလာတဲ့အခါ သတိ သမာဓိဆိုတာ အရှိတရားဖော်တာလား မရှိတရား ဖော်တာလား(အရှိတရားဖော်တာပါ ဘုရား) အရှိတရားကို ဖော်ပေးပါတယ်။

အရှိတရားက လူတွေသတ္တဝါတွေ ရှိတာလား နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာပါဘုရား) ဒါ့ကြောင့် တဆင့်တက်ခဲ့ပါ။ ဩော်-အိပ်ရင် အိပ်တယ်လို့ မှတ်ခိုက်မှာ၊ကောသယတိ၊ကော၊ အဘယ်သူသည်၊ သယတိ၊ အိပ်သနည်း။ ဒီလိုမိမိကိုယ် မမေးရဘူးလား မေးရမှာလား (မေးရမှာပါ ဘုရား) ဒီအတိုင်းတက်ခဲ့ရတယ်။ ရမ်းပြီးတက်လို့ မရဘူး၊ အဌကထာဆရာက ရှင်းပြပေး နေပါတယ်၊ ကော၊ အဘယ်သူသည်။ သယတိ၊ အိပ်သနည်း။ ကောစိ၊ တစုံတယောက်သော ဇွတ္တိဝါ၊ မိန်းမသည်ရင်း။ ပုရိသောဝါ၊ . ယောကျ်ားသည်ပင်း။ နသယတိ၊ အိပ်သည်မဟုတ်။

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ အိပ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)ယောကျ်ားမိန်းမအိပ်တာလဲ မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ အိပ်ဘာလဲ မဟုတ်၊ ကဿစိ၊ တစုံတယောက်သော။ ဇွတ္တိယာဝါ၊ မိန်းမ၏မူလည်း။ ပုရိသဿဝါ၊

ယောကျ်ား၏မူလည်း။ နသယနံ၊ အိပ်ခြင်းမဟုတ်။ ပုဂ္ဂိုလ်သတ္တဝါတွေ အိပ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

ကိံကရဏာသယတိ၊ ကိံကာရဏာ။ အဘယ်အကြောင်းကြောင့်။ သယတိ၊ အိပ်သလဲ။ ဘာကြောင့် ဒီလိုအိပ်တဲ့အမူအရာတွေ ဖြစ်လာသလဲလို့ ဒီလိုတဆင့်မတက်လာဘူးလား တက်လာသလား (တက်လာပါတယ် ဘုရား) (စိတ္တကိရိယဝါယောဓာတု ဝိပ္ဖာရေန)စိတ်သည် ပြုပြင်အပ်သော လေသဘော၏ ပျံ့နှံ့ခြင်းကြောင့်၊ သယတိ၊ အိပ်၏။ အိပ်ချင်တယ်ဆိုတဲ့သဘော မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) အိပ်ချင်တယ်ဆိုတာ လူလား စိတ်လား (စိတ်ပါ ဘုရား) စိတ်ဖြစ်တော့ဘာဖြစ် လေဖြစ်၊ လေဖြစ်တော့ ဒီလိုအိပ်တဲ့အမူအရာပေါ်မလာဘူးလား ပေါ်လာသလား(ပေါ်လာပါတယ် ဘုရား)ပေါ်လာတယ်။ အမူအရာတခုနဲ့တခု တူသလား(မတူပါ ဘုရား)ဘာမတူလို့လဲ (လေမတူလို့ပါ ဘုရား) လေက ဘာကြောင့် မတူတာလဲ (စိတ်မတူလို့ပါဘုရား)စိတ်အမျိုးမျိုးတွေ ဖြစ်တော့ လေအမျိုးမျိုးတွေဖြစ်၊ လေအမျိုးမျိုးတွေ ဖြစ်တော့ ဒီလိုအိပ်ခြင်း အမူအရာတွေ တမူရာနဲ့တမူရာ တူသလား(မတူပါ ဘုရား)သူ့ဖြင့် ပက်လက်အိပ်တယ် မှောက်အိပ်တယ် စောင်းအိပ်တယ် တောင်ဘက်လှည့်အိပ်တယ် မြောက်ဘက်လှည့်အိပ်တယ်ဆိုတဲ့ ပညတ်တွေ ပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)တောင်ဘက်တို့ မြောက်ဘက်တို့ အနောက်ဘက်တို့ အရှေ့ဘက်တို့ဆိုတာရှိရဲ့လား (မရှိပါဘုရား) ပက်လက်တို့ မှောက်လျက်တို့ ရှိရဲ့လား (မရှိပါဘုရား) ရှိတာ ဘာသဘောနဲ့ ဘာသဘောလဲ (စိတ်သဘောနဲ့ လေသဘောပါဘုရား)စိတ်က ဘာတရားလဲ(နာမ်တရားပါဘုရား)လေက ဘာတရားလဲ(ရုပ်တရားပါ ဘုရား)ဩော်–နာမ်ရုပ်ဘဲ ရှိတာပါကလား။ ဘယ်အချိန်မှာရှိတာပါလိမ့် (အိပ်တိုင်း လျောင်းတိုင်း မှာပါဘုရား)

ဘာသဘောနဲ့ ဘာသဘောရှိတာလဲ(စိတ်သဘောနဲ့ လေသဘောပါ ဘုရား) ရှိတဲ့တရားကြည့်ရမှာလား မရှိတဲ့တရားကြည့်ရမှာလား(ရှိတဲ့တရားကြည့်ရမှာပါဘုရား)ရှိတဲ့တရားက မိမိခန္ဓာမှာလား သူတပါးခန္ဓာမှာလား (မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာဘယ်အချိန်မှာ ကြည့်ရမှာပါလိမ့် (အိပ်တိုင်း လျောင်းတိုင်းမှာပါဘုရား)အိပ်တိုင်း လျောင်းတိုင်းမှာ ဘယ်သဘောတွေရှိတာပါလိမ့်(စိတ်သဘောနဲ့ လေသဘောပါဘုရား) စိတ်က ဘာတရား (နာမ်တရားပါ ဘုရား) လေကဘာတရားလဲ(ရုပ်တရားပါ ဘုရား)ဩော် နာမ်ရုပ်မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)ရှိတာ ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံကဖြစ်တာလဲ(အခုမှဖြစ်တာပါဘုရား)ဒါကြောင့် အိပ်တဲ့အခါ လျောင်းတဲ့အခါ(အခုမှဖြစ်တဲ့စိတ်နဲ့လေ အခုမှဖြစ်တဲ့စိတ်နဲ့လေ)အဲဒီလို ရှုတဲ့ဉာဏ်သည်ဘာဉာဏ်ပါလိမ့်(နာမရူပ ပရိစ္ဆေဒဉာဏ်ပါ ဘုရား) သဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါ

ဘုရား) ပရိညာအားဖြင့် (ဥာတပရိညာပါ ဘုရား) အိပ်တိုင်း လျောင်းတိုင်း နာမ်သဘောနဲ့ရုပ်သဘော ဒီသဘောတွေမဖြစ်ဘူးလားဖြစ်သလား(ဖြစ်ပါတယ် ဘုရား)ဒါကြောင့်။

**+ သယာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ တံ ဝါယံဇနေတိ၊ ဝါယောဝိညတ္တိံဇနေတိ စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖာရေနသကလသရီရဿတိရိယတော ပသာရဏံသယနန္တိ ဝုစ္စတိတဲ့။အဋ္ဌကထာကရှင်းပေးနေပါတယ်။**

သယာမိတိ၊ အိပ်အံ့ဟူ၍။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ အိပ်ချင်တယ်ဆိုတဲ့ သဘောကဘာတုံး(စိတ်ပါ ဘုရား)ငြင်းလို့ ရသေးရဲ့လား မရပါဘုရား) ဒါကြောင့် အဋ္ဌကထာဆရာက တိတိ ကျကျ မထောက်ခံဘူးလား ထောက်ခံသလား(ထောက်ခံပါတယ် ဘုရား) သယာမိတိ၊ အိပ်အံ့ဟူ၍၊ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏။ စိတ်ဖြစ်လိုက်တာနဲ့တပြိုင်ထဲ ဘာဖြစ်တာထုံး(လေဖြစ်ပါတယ်ဘုရား)ဒါ့ကြောင့်၊တံစိတ္တံ၊ ထိုစိတ်သည်။ဝါယံ၊လေကို ဇနေတိ၊ ဖြစ်စေ၏။ စိတ်ဖြစ်တာနဲ့ဘာဖြစ် (လေဖြစ်ပါတယ် ဘုရား) လေဖြစ်တော့ အမူအရာကိရိယာဖြစ်ပါတယ် ဘုရား)အိပ်တဲ့အမူအရာတခုနဲ့တခုတူရဲ့လား (မတူပါဘုရား)အိပ်တဲ့အခါ ဟိုဘက်လှည့် ဒီဘက်လှည့် မလှည့်ဘူးလား လှည့်သလား(လှည့်ပါတယ် ဘုရား)အမူအရာတခုနဲ့တခု တူသလား(မတူပါ ဘုရား) အမူအရာတခုနဲ့တခုမတူတာ ဘာ့ကြောင့်လဲ(လေမတူလို့ ပါဘုရား)

လေကလဲဘာ့ကြောင့်မတူတာတုံး (စိတ်မတူလို့ပါဘုရား) စိတ်အမျိုးမျိုးတွေကြောင့် လေအမျိုးမျိုးတွေ၊ လေအမျိုးမျိုးတွေကြောင့် အမူအယာအမျိုးမျိုးတွေ ဟိုဘက်လှည့်၊ ဒီဘက်လှည့်၊ အမူအယာအမျိုးမျိုးတွေ ပေါ်မလာဘူးလား၊ ပေါ်လာသလား ( ပေါ်လာပါတယ်ဘုရား ) ပေါ်လာတယ်နော်၊ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) တရားကိုယ်ကတော့ ဘယ်သဘောနဲ့ဘယ်သဘောလဲ (စိတ်သဘောနဲ့လေသဘောပါဘုရား) စိတ်ကဘာတုံး (နာမ်တရား)လေကဘာတရား (ရုပ်တရား) ဒီနာမ်ရုပ်ကြောင့် အမူအယာတွေ ပေါ် မ နေ ဘူး လား၊ ပေါ်နေသလား (ပေါ်နေပါတယ်ဘုရား)

စိတ်သဘော လေသဘောကို မျက်လုံးနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) အမူအယာ ကိရိယာက မျက်လုံးနဲ့မြင်ရတယ်။ စိတ်သဘော လေသဘောကို ရှုရမှာလား၊ အမူအယာဝိညတ်ရုပ်ကိုရှုရမှာလား (စိတ်သဘော လေသဘောကို ရှုရမှာပါဘုရား) စိတ်သဘော- လေသဘောကို မြင်အောင်ကြည့်ပါ။ ဘယ်အချိန်မှာ

+ မူလပဏ္ဏာသ၊ ဋ္ဌ၊ ပ၊ နှာ ၂၅၆

ကြည့်ရမှာလဲ (အိပ်တိုင်း လျှောင်းတိုင်းပါဘုရား) မိအောင်ဖမ်းထားပါ။ အဌကထာက ရှင်းပြနေတာ။

စိတ္တံ၊ အိပ်ချင်တဲ့စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာတယ်။ တံစိတ္တံ၊ ထိုစိတ်သည်။ ဝါယံ၊ လေကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဝါယော၊ လေသည်။ ဝိညတ္တိ၊ အိပ်ခြင်းအမူအယာကိရိယာကို၊ ဇနေတိ၊ ဖြစ်စေတတ်တယ်။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဤလေဘာကြောင့်ဖြစ်သလဲဆိုတော့၊ စိတ္တကိရိယ ဝါယော ဓါတု ဝိပ္ဖါရေန၊ စိတ်သည် ပြုပြင်အပ်သော လေသဘော၏ ပျံ့နှံ့ခြင်းကြောင့်၊ စိတ်ဖြစ်လိုက်တာနဲ့တပြိုင်ထဲ အကုန်လုံးလေတွေ မ ပျံ့ နှံ့ ဘူး လား၊ ပျံ့နှံ့သလား (ပျံ့နှံ့ပါတယ်ဘုရား)

စိတ္တကိရိယ ဝါယော ဓါတု ဝိပ္ဖါရေန၊စိတ်သည်ပြုပြင်အပ်သောလေသဘော၏ပျံ့နှံ့ခြင်းကြောင့်။ သကလသရီရဿ၊ အလုံးစုံသောခန္ဓာကိုယ်ကို၊ တိရိယတော တုံးလုံး။ ပသာရဏံ၊ ခင်းခြင်းကို၊ဝါ၊ဆန့်ခြင်းကို။ သယနန္တိ၊ အိပ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အဲဒီတော့ ခန္ဓာကိုယ်တခုလုံးဟာ တုံးလုံးကြီးမလှဲဘူးလား၊လှဲသလား (လှဲနေပါတယ်ဘုရား) တုံးလုံးလှဲပြီးတော့ အိပ်သကဲ့သို့၊ တုံးတုံးလှဲပြီး အိပ်နေတယ်လို့ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ဘယ်သူဖြင့် ဟိုဘက်လှည့်အိပ်တယ်၊ ဒီဘက်လှည့်အိပ်တယ်။ မ ပြော ဘူး လား၊ ပြော သ လား (ပြောပါတယ်ဘုရား)

ပညတ်တွေအမျိုးမျိုး မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ဘာပြုလို့ ပညတ်အမျိုးမျိုးတွေ ပေါ်လာတာတုံး (လေအမျိုးမျိုးတွေကြောင့်) ဘာ့ကြောင့် လေအမျိုးမျိုးတွေ ဖြစ်လာတာတုံး ( စိတ်အမျိုးမျိုးတွေကြောင့် ) ဘယ်အချိန်မှာတုံး (အိပ်တိုင်း လျှောင်းတိုင်းမှာပါဘုရား) မပြောထိုက်ဘူးလား၊ ပြောထိုက်သလား (ပြောထိုက်ပါတယ်ဘုရား) ဒါ့ကြောင့် ဒီအချိန်မှာဖြင့် အိပ်တယ်ဆိုတာရှိရဲ့လား(မရှိပါဘုရား)လျှောင်းတယ်ဆိုတာရှိရဲ့လား (မရှိပါဘုရား) ရှိတာက ဘယ်သဘောနဲ့ဘယ်သဘော (စိတ်သဘောနဲ့ လေသဘောပါဘုရား) စိတ်ကဘာတရား (နာမ်တရား) လေကဘာတရား (ရုပ်တရား) နာမ်ရုပ်မရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) ဘယ်အချိန်မှာ ရှိနေတာတုံး (အိပ်တိုင်းလျှောင်းတိုင်းမှာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်နေတာလဲ (အခုမှဖြစ်တာပါဘုရား)

ဒါကြောင့် အိပ်တဲ့အခါ လျှောင်းတဲ့အခါ (အခုမှဖြစ်တဲ့စိတ်နဲ့လေ-အခုဖြစ်တဲ့စိတ်နဲ့လေ) တနည်း (ခုမှဖြစ်တဲ့နာမ်ရုပ်-ခုမှဖြစ်တဲ့နာမ်ရုပ်) ဘယ်အချိန်မှာလဲ (အိပ်တိုင်း လျှောင်းတိုင်းမှာပါဘုရား) ဤလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့်

(ဉာတပရိညာ) သွားတဲ့အခါလဲဒီအတိုင်းဘဲ၊ ရပ်တဲ့အခါကော ဒီအတိုင်း မရှုရဘူးလား (ရှုရမှာပါဘုရား) လျှောင်းတဲ့အခါလဲဒီအတိုင်း၊ နာမရူပရိစ္ဆေဒဉာဏ်က ဦးပါစေ။ ဒီအတိုင်းနာမရူပပရိစ္ဆေဒဉာဏ်ကမဦးရင် သက္ကာယဒိဋ္ဌိက မဦးဘူးလား၊ ဦးသွားမှာလား (ဦးသွားမှာပါဘုရား)

သက္ကာယဒိဋ္ဌိက ဦးသွားရင် သက် သာ ပါ့ မ လား ( မသက်သာပါဘုရား ) သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ဆိုရင် ခင်ဗျားတို့လူချမ်းသာလဲမတားဘူး၊ နတ်ချမ်းသာလဲမတားဘူး၊ ဗြဟ္မာချမ်းသာလဲမတားဘူး၊ တားရဲ့လား ( မတားပါဘုရား ) နိဗ္ဗာန်ချမ်းသာကျတော့ တားနေတယ်။ မတားဘူးလား၊ တားမှာလား (တားမှာပါဘုရား) အဲဒီတော့ နိဗ္ဗာန်ကိုကန့်ကွက်နေတဲ့ သက္ကာယဒိဋ္ဌိကို အရင်မရှင်းသင့်ဘူးလား၊ ရှင်းသင့်သလား (ရှင်းသင့်ပါတယ်ဘုရား)

ဘယ်အချိန်မှာ ရှင်းရမှာလဲ (အိပ်တိုင်း လျှောင်းတိုင်း ရှင်းရမှာပါဘုရား) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒါအိပ်တာ လျှောင်းတာနဲ့ပတ်သက်ပြီး ဒါလောက်ဆို ရှင်းလောက်ပါပြီ။ အဲဒီတော့ ထိုင် တဲ့ အ ခါ အသေးစိတ်ပြောကြပါစို့။ တ ခု ပြော လိုက် ရင် အကုန်ပြောလို့မရဘူးလား၊ ရသလား ( ရပါတယ်ဘုရား ) ခင်ဗျားတို့ အခုထိုင်နေတာလား၊ ရပ်နေတာလား၊ (ထိုင်နေပါတယ်ဘုရား) အိပ် နေ တာ လား၊ ထိုင်နေတာလား (ထိုင်နေတာပါဘုရား) ထိုင်ရင်ထိုင်တယ်လို့မှတ်။ ထိုင်ရင်ဘာတဲ့တုံး (ထိုင်တယ်လို့မှတ်ရမှာပါဘုရား) ထိုင်လို့ထိုင်တယ်လို့မှတ်တာဘဲ။ မှားသလား၊ မှန်သလား (မှန်ပါတယ်ဘုရား) သမထအနေနဲ့ မမှန်ဘူးလား၊ မှန်သလား (မှန်ပါတယ်ဘုရား) ငါထိုင်တယ်ဘဲလုပ်လိုက်အုံး။ ငါပြုတ်ရဲ့လား(မပြုတ်သေးပါဘုရား)သမထက ငါပြုတ်ရဲ့လား (မပြုတ်ပါဘူး) ငါထိုင်တယ်၊ ငါရှုတယ်၊ ငါရှိုက်တယ်။ အတူတူဘဲ။ အခု ခင်ဗျားတို့ မထိုင်ဘူးလား၊ ထိုင်နေသလား (ထိုင်နေပါတယ်ဘုရား) ထိုင်ရင်ထိုင်တယ်လို့သိ။ ထိုင်ရင်ထိုင်တယ်လို့သိနေတာ ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား) သမထကမ္မဋ္ဌာန်းဆိုတာ (နီဝရဏေ သမေတီတိ သမထော) နီဝရဏေ နီဝရဏတို့ကို။ သမေတီ၊ ငြိမ်းစေတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ သမထော၊ သမထမည်၏။

သမထဆိုတာ ဘာတွေငြိမ်းစေတာလဲ (နီဝရဏတရားတွေကို ငြိမ်းစေတာပါဘုရား) ကဲ-နီဝရဏ ဘယ်နှစ်ပါးတုံး (ငါးပါးပါဘုရား) နီဝရဏတရားကိုငြိမ်းစေတာသည်ဘာလဲ (သမထပါဘုရား) အဲဒီတော့ ထိုင်ရင်ထိုင်တယ်လို့သိနေရင် ဘာတဲ့တုံး (သမထပါဘုရား) ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား) ဘာပြုလို့ သမထကမ္မဋ္ဌာန်း ခေါ်ရတာလဲ (နီဝရဏတရားငါးပါး ငြိမ်းလို့ပါဘုရား) အဲဒီတော့ နီဝရဏတရားငါးပါး ငြိမ်းသလား၊ မငြိမ်းဘူးလား ဆိုတာ

စစ်ဆေးကြည့်ပါ။ ထိုင်ရင် (ထိုင်တယ်-ထိုင်တယ်) လို့ သိခိုက်မှာ လောဘဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) လောဘဖြစ်ခွင့်မရတော့ ကာမစ္ဆန္ဒနီဝရဏ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဘာနီဝရဏ ငြိမ်းတာတုံး (ကာမစ္ဆန္ဒနီဝရဏ ငြိမ်းတာပါဘုရား)

ဘယ်လိုမှတ်လို့တုံး (ထိုင်တယ်လို့မှတ်နေလို့ပါဘုရား) ထိုင်တယ်လို့မှတ်လိုက်တာနဲ့ တပြိုင်တည်း ကာမစ္ဆန္ဒနီဝရဏ ငြိမ်းတယ်။ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ငြိမ်းတာအမှန်ဘဲလား (အမှန်ပါဘုရား) သေချာလဲ သတိထားကြည့်၊ ထိုင်ရင် (ထိုင်တယ်-ထိုင်တယ်) လို့ မသိဘူးလား၊ သိနေသလား (သိနေပါတယ်ဘုရား)

ထိုင်ရင် ထိုင်တယ်လို့ မှတ်ခိုက်မှာ ဒေါသဖြစ်ခွင့်ရသေးရဲ့လား(မရပါဘုရား) ဘယ်နီဝရဏ ငြိမ်းသွားတုံး (ဗျာပါဒနီဝရဏ ငြိမ်းသွားပါတယ်ဘုရား) အဲဒီတော့ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ကာမစ္ဆန္ဒနီဝရဏတရားကိုယ်က ဘာတုံး (လောဘပါဘုရား) ဗျာပါဒနီဝရဏက (ဒေါသပါဘုရား)လောဘ ဒေါသ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဘယ်အချိန်မှာ ငြိမ်းနေတာတုံး(ထိုင်တိုင်း ထိုင်တိုင်းမှာပါဘုရား) ဘယ်လိုမှတ်နေလို့တုံး (ထိုင်တယ်လို့မှတ်နေလို့ပါဘုရား)ဘယ်လိုရှုနေလို့တုံး (ထိုင်တယ်လို့ရှုနေလို့ပါဘုရား) အဲဒီတော့ သမထမဟုတ်ဘူးလား၊ ဟုတ်ရဲ့လား (ဟုတ်ပါတယ် ဘုရား) အဲဒီတော့ ဒီလိုထိုင်တယ်လို့ရှုခိုက်မှာ ကာမစ္ဆန္ဒနီဝရဏလဲငြိမ်းတယ်၊ ဗျာပါဒနီဝရဏလဲငြိမ်းတယ်၊ ထိုင်ရင်ထိုင်တယ်လို့ သိခိုက်မှာ ပျင်းရိတဲ့စိတ်တွေ ငိုက်မြည်းချင်တဲ့စိတ်တွေ ထိုင်းမှိုင်းတဲ့စိတ်တွေ ပေါ်သေးရဲ့လား (မပေါ်ပါဘုရား) အဲဒါထိနမိဒ္ဓနီဝရဏငြိမ်းတာ၊ ဘယ်အချိန်မှာ ငြိမ်းတာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား)

အော်ပြောခဲ့မိလေခြင်း၊ လုပ်ခဲ့မိလေခြင်း၊ မမှာခဲ့မိလေခြင်း၊ မသွားခဲ့မိလေခြင်း သွားခဲ့မိလေခြင်းဆိုတဲ့ စိုးရိမ်မှုတွေ လာသေးရဲ့လား(မလာတော့ပါဘုရား) ဘာပြုလို့ မလာတာတုံး (ထိုင်ရင် ထိုင်မှန်း သိနေလို့ပါ ဘုရား) ထိုင်ရင် ထိုင်တယ်လို့ သိနေလို့ ခင်ဗျားတို့ အဲဒါ ဘာကမ္မဋ္ဌာန်းတုံး (သမထ ကမ္မဋ္ဌာန်းပါဘုရား) ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏကော မငြိမ်းဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား)ယခုထိုင်နေတာလားရပ်နေတာလား(ထိုင်နေတာပါဘုရား)ညြောင်ရပ်ထာ လေလားဆိုတဲ့ သို့လောသို့လောလာသေးရဲ့လား(မလာတော့ပါဘုရား)ယခုနေတာလားသွားနေတာလား(ထိုင်နေတာပါဘုရား) ထိုင်တယ်လို့ မသိဘူးလား သိနေသလား(သိနေပါတယ်ဘုရား) ထိုင်နေတာလား အိပ်နေတာလား (ထိုင်နေတာပါဘုရား) ညြောင် အိပ်တယ်လို့ သို့လော သို့လော လာသေးရဲ့လား (မလာတော့ပါဘုရား)

ငါ ရုပ်များရုပ်နေသလား ထိုင်များထိုင်နေသလား အိပ်များအိပ်နေသလား ဆိုတဲ့ သို့လော သို့လောလာသေးရဲ့လား (မလာတော့ပါ ဘုရား) ထိုင်တယ်လို့ မှတ်ခိုက်မှာနီဝရဏလာသေးရဲ့လား(မလာတော့ပါ ဘုရား)နီဝရဏဘယ်နှစ်ပါး ငြိမ်းသွားပြီလဲ(ငါးပါးပါ ဘုရား) ငါးပါးက ဘာတွေတုံး (ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာနီဝရဏပါ ဘုရား) မငြိမ်းဘူး လား ငြိမ်းသလား(ငြိမ်းပါတယ် ဘုရား)နီဝရဏ ငြိမ်းတယ်ဆိုတာ ဘာ့ကြောင့် ငြိမ်းတာတုံး(ထိုင်တယ်လို့ သိနေလို့ပါ ဘုရား)ဘာ့ကြောင့် ငြိမ်းတာတုံး (ထိုင် တယ်လို့ သိနေလို့ပါ ဘုရား)ထိုင်တယ်လို့ သိနေရင် ဘာကမ္မဋ္ဌာန်တုံး (သမထ ကမ္မဋ္ဌာန်းပါဘုရား)ဘာ့ကြောင့် သမထကမ္မဋ္ဌာန်းခေါ်တာတုံး (နီဝရဏတရား ငါးပါးငြိမ်းနေလို့ပါ ဘုရား)နီဝရဏတရားမငြိမ်းရင် သမထကမ္မဋ္ဌာန်း ဖြစ်ပါ့ မလား(မဖြစ်ပါဘုရား)ဝိပဿနာကမ္မဋ္ဌာန်းတက်ချင်ရင် ရှေးဦးစွာနီဝရဏတရား ငါးပါးကို ငြိမ်းရတယ်။ ဝိပဿနာဉာဏ်ကို ဖျက်ဆီးနေတာ လူတွေ သတ္တဝါ တွေက ဖျက်ဆီးတာလား နီဝရဏတရားက ဖျက်ဆီးတာလား(နီဝရဏတရားက ဖျက်ဆီးတာပါဘုရား)

နီဝရဏတရားက ဖျက်ဆီးတာနော်၊ ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ နီဝရဏ တရားတွေရဲ့အပြစ်၊ တရားအားမထုတ် ချင်ဘူးဆိုတာ နီဝရဏတရားကြောင့် ဝိပဿနာဉာဏ်တွေကို ဖျက်ဆီးတာ လူတွေ သတ္တဝါတွေက ဖျက်ဆီးတာလား နီဝရဏတရားတွေက ဖျက်ဆီးတာလား (နီဝရဏတရားတွေက ဖျက်ဆီးတာပါ ဘုရား)ဘယ်သူ့အပြစ်မှ မဟုတ်ဘူး၊ နီဝရဏတရားတွေရဲ့ အပြစ်ပါ၊ တရားမနှာ ချင်ဘူး တရားအားမထုတ်ချင်ဘူးဆိုတာ နီဝရဏတရားတွေကြောင့်။ နီဝရဏ တရားတွေနှောင့်ယှက်နေရင် အမှန်တရားတွေသိနိုင်ပါ့မလား(မသိနိုင်ပါဘုရား) မမြင်နိုင်ဘူး။ ဥပမာပြောရအုံးမယ်၊ မြတ်စွာဘုရား ဟောတော်မူထားတဲ့ ဥပမာ ပါ။ ရေကကြည်လိုက်တာ မကြည်ဘူးလား ကြည်သလား(ကြည်ပါတယ် ဘုရား) အဲဒီကြည်တဲ့ရေထဲကို ဆေးအစိမ်းတို့အနီတို့ အဝါတို့ ထည့်လိုက်စမ်းပါ။ ရေဟာ ကြည်သေးရဲ့လား(မကြည်တော့ပါ ဘုရား)ဘယ့်နှယ်ဖြစ်သွားမလဲ(နောက်သွား မှာပါဘုရား) ဒီနောက်သွားတဲ့ရေထဲကို ငုံ့ကြည့်လိုက်တော့ မိမိရဲ့ မျက်နှာကို မြင်ရသေးရဲ့လား (မမြင်ရတော့ပါ ဘုရား) ဖုံးလွှမ်းမသွား ဘူးလား (ဖုံးလွှမ်း သွားပါတယ် ဘုရား)

ကြည်တဲ့ရေထဲမှာကြည့်လိုက်ရင် မိမိရဲ့မျက်နှာ မမြင်ရဘူးလား မြင်ရသလား (မြင်ရပါတယ်ဘုရား)ယခု ရေကနောက်သွားတဲ့ အခါကျတော့ မိမိရဲ့မျက်နှာ ရုပ်ကို မြင်ရသေးရဲ့လား(မမြင်ရပါဘုရား)ဘာ့ကြောင့်လဲဆိုတော့ ဆေးကြောင့် ရေကြောင့်လား ဆေးကြောင့်လား (ဆေးကြောင့်ပါ ဘုရား) ရေရဲ့အပြစ်လား

ဆေးရဲ့ အပြစ်လား (ဆေးရဲ့အပြစ်ပါ ဘုရား)ယခုလဲ တကာ တကာမတွေ နာမ်တရား ရုပ်တရားမြင်ရဲ့လား(မမြင်ပါဘုရား)ဘယ်သူ့ကြောင့်လဲဆိုတော့နီဝရဏကြောင့်။ နီဝရဏကဘာနဲ့တူသလဲဆိုတော့ ဆေးနဲ့တူတယ်၊ နီဝရဏတွေက ဘာနဲ့တူဘုံး(ဆေးနဲ့တူပါတယ် ဘုရား) ခင်ဗျားတို့ ကျုပ်တို့ရဲ့ဉာဏ်က ဘာနဲ့တူသလဲ (ရေနဲ့တူပါတယ် ဘုရား)ဒီဝိပဿနာကို ဖျက်ဆီးတာက လူတွေ သတ္တဝါတွေက ဖျက်ဆီးတာလား နီဝရဏတရားတွေက ဖျက်ဆီးတာလား(နီဝရဏတရားတွေက ဖျက်ဆီးတာပါ ဘုရား)

ခင်ဗျားတို့ ငြင်းလို့ရသေးရဲ့လား (မရပါ ဘုရား) နီဝရဏတရား ငါးပါးဝင်လိုက်တာနဲ့တပြိုင်ထဲ အမှန်တရားမြင်နိုင်ပါ့မလား (မမြင်နိုင်ပါ ဘုရား)အရှိတရားတွေ့နိုင်ပါ့မလား(မတွေ့နိုင်ပါ ဘုရား)အဲဒီသဘောကို တကာတကာမတွေ မိမိရဲ့အသိဉာဏ်တွေကို ဖျက်ဆီးနှောက်ယှက်နေတာ မိမိတို့ရဲ့ ဝိပဿနာဉာဏ်ကို ဖျက်ဆီးနှောင့်ယှက်နေတာ လူတွေ သတ္တဝါတွေက နှောက်ယှက်တာလား နီဝရဏတရားက နှောက်ယှက်တာလား (နီဝရဏတရားက နှောင့်ယှက်တာပါ ဘုရား)ဒါ့ကြောင့် ဝိပဿနာဉာဏ်ကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ နီဝရဏတရားတွေကိုရှေးဦးစွာ မရှင်းသင့်ဘူးလား ရှင်းသင့်သလား(ရှင်းသင့်ပါတယ် ဘုရား) နီဝရဏတရားတွေကို ရှင်းသင့်ရင် သတိမရှိဘဲနဲ့ ဖြစ်ပါ့မလား(မဖြစ်ပါ ဘုရား) ဒီနေရာမှာသတိဆိုတာ အမှန်တရားကိုဖော်တာလား မမှန်တရားကိုဖော်တာလား (အမှန်တရားကို ဖော်တာပါဘုရား) သတိဆိုတာ မိမိခန္ဓာမှာ ထားရမှာလား သူဘပါးခန္ဓာမှာ ထားရမှာလား(မိမိခန္ဓာမှာထားရမှာပါ ဘုရား) မိမိခန္ဓာမှာ ဘယ်အချိန်မှာ ထားရမှာတုံး (ထိုင်တိုင်း ထိုင်တိုင်းမှာပါ ဘုရား)ထိုင်ရင် ထိုင်တယ်လို့ သိမနေဘူးလား သိနေသလား(သိနေပါတယ် ဘုရား)အဲဒီလိုသိခိုက်မှာ နီဝရဏတရားငါးပါးလုံး ပြုတ်ပါတယ်၊ မပြုတ်ဘူးလား ပြုတ်သလား(ပြုတ်ပါတယ်ဘုရား) ဒီလိုမှမသိရင် နီဝရဏတရားငါးပါး ပြုတ်ပါ့မလား (မပြုတ်ပါဘုရား)မပြုတ်ရင် နာမ်တရား ရုပ်တရား အမှန်တရားတွေ သိပါ့မလား မြင်ပါ့မလား(မသိပါဘုရား)

အမှန်တရားတွေကို ဖုံးလွှမ်းတာ လူတွေ သတ္တဝါတွေက ဖုံးလွှမ်းတာ မဟုတ်ရင် ဘယ်သူကဖုံးလွှမ်းတာတုံး(နီဝရဏတရားတွေက ဖုံးလွှမ်းတာပါဘုရား)ပဋ္ဌမ နီဝရဏတရားကို ရှင်းရတယ်၊ တနည်း မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဥပမာပေးထားပါတယ်။

ခင်ဗျားတို့ ရေနွေးမတည်ဘူးလား၊ ကည်သလား (တည်ပါတယ်ဘုရား)ရေနွေးတည်တော့ အောက်ကမီးတွေထိုး၊ ပြီးထိုးတော့ ရေနွေးတွေ ပွက်မလာဘူးလား၊ ပွက်လာသလား (ပွက်လာပါတယ်ဘုရား) အဲဒီ ပွက်လာတဲ့ ရေနွေးထဲကို

ဘာတွေပွက်နေတုံး(ရေတွေကပွက်နေပါတယ်ဘုရား)
ခင်ဗျားတို့ ငုံ့ကြည့်စမ်း၊ ခင်ဗျားတို့ မျက်နှာမြင်ရပါ့မလား (မမြင်ရပါဘုရား)
တကာ တကာမတွေလဲဘဲ နီဝရဏဘုရားတွေ ပွက်နေရင် အမှန်တရား မြင်ပါ့မလား(မမြင်ပါဘုရား) နီဝရဏတရားဆိုတာ လောဘ, ဒေါသ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ, ဒီတရား ငါးပါးကို ပြောတာ၊ ဒီနေရာမှာ မောဟတော့ မကင်းဘူး၊ မောဟ ဆိုတာ ဝိပဿနာမှကင်းအောင်လုပ်နိုင်တာ၊ ဝိပဿနာဉာဏ်မှ ပယ်တာ၊ သမထကပယ်ရဲ့လား (မပယ်ပါဘုရား)
မောဟငြိမ်းအောင်မတတ်နိုင်ဘူး။ လောဘငြိမ်းအောင်တတ်နိုင်တယ်။ ဒေါသငြိမ်းအောင် တတ်နိုင်တယ်၊ မတတ်နိုင်ဘူးလား၊ တတ်နိုင်သလား (တတ်နိုင်ပါတယ်ဘုရား) အဲဒီလိုဘဲ တကာတကာမတွေ ဒေါသဖြစ်နေတဲ့ လူတယောက် ဝိပဿနာဉာဏ်ဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား)သူကပွက်နေပြီကိုး၊သူ့ခန္ဓာကိုယ်မှာ မပွက်ဘူးလား၊ပွက်နေသလား(ပွက်နေပါတယ်ဘုရား)
နီဝရဏတွေ သောင်းကျန်းပြီးပြောနေကြတာ၊ နီဝရဏတရားတွေ သောင်းကျန်းပြီးပြောနေလို့ရှိရင် အမှန်ဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား) ဒါကြောင့် တကာတကာမတွေ နီဝရဏတရားတွေကို အရင်ရှင်းရတယ်။ နီဝရဏဆိုတာက မိမိရဲ့လက်တွေနဲ့ဖယ်ရမှာလား၊ သမထဉာဏ်နဲ့ဖယ်ရမှာလား(သမထဉာဏ်နဲ့ဖယ်ရမှာပါဘုရား)
လက်နဲ့ဖယ်လို့ကောရရဲ့လား (မရပါဘုရား) ဉာဏ်နဲ့ဖယ်ရတာ ဘာနဲ့ဖယ်ရမှာတုံး(သမထဉာဏ်နဲ့ဖယ်ရမှာပါဘုရား)ဘာဉာဏ်တုံး(သမထဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်မဟုတ်ဘူးနော်။
ရှေးဦးစွာ သမထကျော်သွားလို့ကော ရရဲ့လား (မရပါဘုရား) ဒါ သမထတွေပါလို့ အပြစ်သွားတင်လို့မရဘူး၊သမထကော နီဝရဏမငြိမ်းဘူးလား၊ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) ဒီနီဝရဏတွေ ငြိမ်းမှ ဒီဝိပဿနာဉာဏ်တွေ ပေါ်မှာပါ။ သမထဉာဏ်မဖြစ်ဘဲနဲ့ ဝိပဿနာဉာဏ် ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)ဒီနေရာမှာ တကာဘကာမတွေကို ပြောလိုက်ပါတယ်၊
ဒါကြောင့် တကာတကာမတွေ ထိုင်တဲ့အခါ ဘယ်လိုသိရမှာတုံး) ထိုင်တယ်လို့သိရမှာပါဘုရား) အဲဒီအချိန်အခါမှာ နီဝရဏတရားမငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) အဲဒီတော့ ထိုင်တော့ဆိုင်တယ်လို့မှတ်ရင်း သမာဓိတွေလဲရလာပြီဆိုပါတော့ သတိတွေကလဲ တိုးပွါးလာပြီဆိုပါစို့။ အဲဒီကျတော့ တဆင့်တက်ခဲ့၊ ဘယ်လိုတက်ရမှာလဲဆိုတော့။
ကောနိသိဒတိ၊ကော၊အဘယ်သူသည်၊ နိသိဒတိ၊ ထိုင်သလဲ၊ ဟော - တဆင့်တက်မလာဘူးလား၊ တက်လာသလား(တက်လာပါတယ်ဘုရား) ကောစိ၊ တစုံတယောက်မျှ၊ နနိသိဒတိ၊ထိုင်သူမရှိ၊သတ္တဝါ၊ ထိုင်တာဟုတ်ရဲ့လား (မဟုတ်ပါ

ဘုရား) ပုဂ္ဂိုလ်ထိုင်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ယောကျ်ား မိန်းမတွေ ထိုင်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)

နောက်တဆင့်တက်လာတယ်။ ကဿစိ၊ တစုံတယောက်သောသူသည်၊နနိသိဒနံ၊ထိုင်ခြင်းမဟုတ်။ပုဂ္ဂိုလ်ထိုင်တာလဲမဟုတ်။သတ္တဝါထိုင်တာလဲမဟုတ်။ကိံ ကရဏာ၊အဘယ်ကြောင်းကြောင့်။နိသိဒတိ၊ထိုင်သလဲ။ စိတ္တကိရိယ၊ဝါယောဓာတုဝိပ္ဖါရေန၊စိတ်သည် ပြုပြင်အပ်သော လေသဘော၏ပျံ့နှံ့ခြင်းကြောင့်၊နိသိဒတိ၊ထိုင်၏၊ထိုင်ချင်တယ်ဆိုတဲ့သဘောတွေ မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား) ထိုင်ချင်တဲ့သဘောဆိုတာ လူလား စိတ်လား( စိတ်ပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ်၊ လေဖြစ်။ လေဖြစ်တော့ဘာတွေဖြစ်လာတုံး(အမူအရာတွေဖြစ်လာပါတယ်ဘုရား) ထိုင်ချင်တဲ့အမူအရာ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဒီထိုင်ခြင်းအမူအရာ ဘယ်သူ့ကြောင့်လဲလို့မေးရင် (လေကြောင့်ပါဘုရား)လေကလဲ ဘယ်သူ့ကြောင့်လို့မေးရင် (စိတ်ကြောင့်ပါဘုရား)

ဒါကြောင့် ပဌမစိတ်ကြောင့် ပဌမလေ။ ပဌမထိုင်တဲ့အမူအရာ၊ ဒုတိယစိတ်ကြောင့် ဒုတိယလေ၊ ဒုတိယလေကြောင့် ဒုတိယထိုင်တဲ့ အမူအရာ။ အမူအရာ တခုနဲ့တခုတူရဲ့လား (မတူပါဘုရား) ငါထိုင်နေတာကြာလှပြီဆိုတော့ ဒီထိုင်နေတာကမြဲနေသလိုလို၊မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူပါတယ်ဘုရား)ငါဆိုဘဲ့အတ္တသညာလဲယူလိုက်ဘယ်။ ထိုင်တယ်ဆိုတဲ့သတ္တဝါပညတ်တွေကော မယူလိုက်ဘူးလား၊ ယူလိုက်သလား(ယူပါတယ်ဘုရား)

ငါထိုင်နေတာ ကြာလှပေါ့လို့ ယူလိုက်တော့ ဒီထိုင်နေတာက အမြဲရှိနေသလိုလို မယူလိုက်ဘူးလား၊ ယူသလား(ယူပါတယ်ဘုရား) အဲဒီတော့ ထိုင်တယ် ထိုင်တယ်ဆိုတာမရှိဘူးလား၊ ရှိသလား (မရှိပါဘုရား) ရှိတာက ဘာနဲ့ဘာလဲ (စိတ်နဲ့လေပါဘုရား) ပဌမစိတ်ကြောင့် ပဌမလေ။ ပဌမအမူအရာ။ ဒုတိယစိတ်ကြောင့် ဒုတိယလေ။ ဒုတိယထိုင်တဲ့အမူအရာ။

တချိန်နဲ့တချိန်ထိုင်တဲ့အမူအရာတူရဲ့လား(မတူပါဘုရား)မတူဘူးဗျ။ ယခုထိုင်နေတာဘဲလို့ မလုပ်လိုက်နဲ့၊တရားအားထုတ်တဲ့အခါငါကြာကြာထိုင်နိုင်တယ်လို့ ဒီလိုမယူလိုက်ဘူးလား၊ ယူသလား (ယူပါတယ်ဘုရား) အဲဒီတော့ သမုတိသစ္စာအားဖြင့် မပြောရဘူးလား၊ ပြောရသလား (ပြောရပါတယ်ဘုရား) ထိုင်တာရှိရဲ့လား(မရှိပါဘုရား)ရှိတာကဘာနဲ့ဘာပါလိမ့် (စိတ်နဲ့လေပါဘုရား)

ဒီအတိုင်းရှုလို့ မရဘူးလား၊ ရသလား(ရပါတယ်ဘုရား) အာနာပါနပဗ္ဗမှာကော ထိုင်တယ်လို့ ကမ္မဋ္ဌာန်းခွင်ဝင်လို့ မရဘူးလား(ရပါတယ်ဘုရား)ပဌမစိတ်ကြောင့် ပဌမလေ၊ပဌမထိုင်တဲ့အမူအရာ။ဒုတိယစိတ်ကြောင့် ဒုတိယလေ။ဒုတိယထိုင်တဲ့အမူအရာ။တတိယစိတ်ကြောင့် တတိယလေ။တတိယအမူအရာ။ တူရဲ့လား (မတူပါဘုရား)

စိတ်အမျိုးမျိုး ဖြစ်တိုင်း၊ လေတွေကလဲ အမျိုးမျိုးဖြစ်၊ လေအမျိုးမျိုးဖြစ်တိုင်း၊ ထိုင်ခြင်းအမူအရာ ကြိယာအမျိုးမျိုးဖြစ်။ အဲဒီ အမျိုးမျိုးတွေပေါ်မှာ၊ ပညတ်တွေ အမျိုးမျိုးခေါ်၊ မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား)ခေါ်တ်သားနှစ်ခုကဘာလဲဆိုတော့ နာမ်နဲ့ရုပ်၊ ဘာနဲ့ဘာပါလိမ့် (စိတ်နဲ့လေ)တနည်း(နာမ်နဲ့ရုပ်ပါဘုရား)ဘယ်အချိန်မှာ ရှိတာလဲ( ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား)ထိုင်ကိုင်းထိုင်တိုင်းမှာလူတွေသတ္တဝါတွေရှိတာလား၊စိတ်သဘောရှိတာလား(စိတ်သဘော လေသဘောရှိတာပါဘုရား)

စိတ်သဘော လေသဘော ဘယ်အချိန်မှာ ရှိတာတုံး(ထိုင်တိုင်း ထိုင်တိုင်းမှာပါဘုရား)ထိုင်တဲ့အခါ ကြောင့် ထိုင်တယ် ထိုင်ဟယ်သာပြောရတာ ထိုင်တာမရှိဘူး။ ရှိတာကဘာနဲ့ဘာ (စိတ်နဲ့လေပါ ဘုရား)စိတ်က ဘာလဲ (နာမ်) လေကဘာလဲ(ရုပ်)နာမ်ရုပ်ဘဲရှိတယ်။ ဘာနဲ့ဘာ ရှိတာပါလိမ့် (နာမ်ရုပ်ဘဲ ရှိပါတယ်ဘုရား)ရှိရှိနေတာ ဘာလို့ရှိရှိနေတာလဲ(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးက ဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) အော် ဒါကြောင့်(ခုမှဖြစ်တဲ့ရုပ်နဲ့နာမ် ခုမှဖြစ်တဲ့ရုပ်နဲ့နာမ်) တနည်း (ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှဖြစ်တဲ့စိတ်နဲ့လေ) ဘယ်အချိန်မှာဖြစ်တာပါလိမ့် (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) အခုထိုင်တဲ့အခါမှာ တရားအားထုတ်ပြီးသား မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ် ဘုရား)ထိုင်တဲ့အခါနာမ်ရုပ်မရှု့တတ်ဘူးလား ရှုတတ်သလား (ရှုတတ်ပါတယ် ဘုရား)

မြတ်စွာဘုရားက (ကမ္မဋ္ဌာနံ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ)ကိုး၊ ကမ္မဋ္ဌာန်းမှလွတ်တဲ့နေရာ ရှိရဲ့လား(မရှိပါ ဘုရား) ကမ္မဋ္ဌာန်းလွတ်တဲ့နေရာ မရှိဘူး။ သတိသမာဓိဘဲလိုတယ်။ သတိသမာဓိရှိရင် ကမ္မဋ္ဌာန်း မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ဖြစ်ပါတယ်။ တကာ တကာမတွေ့ အဋ္ဌကထာဆရာက ဘယ်လိုပြထားသလဲ ဆိုရင်ဖြင့်....

\+ နိသီဒါမီတိ စိတ္တံ ဥပ္ပဇ္ဇတိတံ ဝါယံဇနေတိ ဝါယော ဝိညတ္တိံဇနေတိ။
စိတ္တကိရိယ ဝါယောဓာတုဝိပ္ဖာရေန ဟေဋ္ဌိမကာယဿသမိဉ္ဇနံ။
ဥပရိမကာယဿဥဿိတဘာဝေါ နိသဇ္ဇာတိ ဝုစ္စတိ။

နိသီဒါမီတိ၊ ထိုင်အံ့ဟူ၍၊ စိတ္တံ၊ စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ထိုင်ချင်တယ်ဆိုဘာဘာလဲ(စိတ်ပါဘုရား) စိတ်ဖြစ်တာပါတဲ့၊ ထိုင်တာ မဟုတ်ဘူးတဲ့၊ ဘာဖြစ်တာလဲ(စိတ်ဖြစ်တာပါ ဘုရား)စိတ်ဖြစ်တော့ ဘာဖြစ်လာသလဲ(လေဖြစ်ပါတယ်ဘုရား) တံစိတ္တံ၊ ထိုထိုင်ချင်တဲ့ စိတ်သည်။ ဝါယံ၊ လေကို၊ ဇနေတိ၊ ဖြစ်

---

\+ မူလပဏ္ဏာသ၊ ၄၊ ၃၊ နှာ ၂၅၆

စေ၏။ စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်တည်း ဘာဖြစ် (လေဖြစ်ပါတယ် ဘုရား)လေဖြစ်တော့ ဘာဖြစ်လာတုံး (အမူအရာဖြစ်ပါတယ် ဘုရား) ဘာအမူအရာပါလိမ့် (ထိုင်တဲ့အမူအရာပါဘုရား)ဝါယော၊ လေသည်။ ဝိညတ္တိံ၊ ထိုင်ခြင်းအမူအရာဆိုတဲ့ဝိညတ်ရုပ်ကို။ ဇနေတိ၊ ဖြစ်စေတယ်။

ဘယ်မလဲသတ္တဝါတွေပါရဲ့လား(မပါပါ ဘုရား)ငါတွေ ပါရဲ့လား(မပါပါဘုရား)ငါဆိုတဲ့ဒိဋ္ဌိတွေ၊ သတ္တဝါဆိုတဲ့ဒိဋ္ဌိတွေ မစင်ကြယ်ဘူးလား စင်ကြယ်သလား(စင်ကြယ်ပါတယ် ဘုရား) သက္ကာယဒိဋ္ဌိ မစင်ကြယ်ဘူးလား စင်ကြယ်သလား(စင်ကြယ်ပါဘယ်ဘုရား)လူတွေသတ္တဝါတွေပေါ်က စင်ကြယ်တာလား နာမ်ရုပ်ပေါ်က စင်ကြယ်တာလား (နာမ်ရုပ်ပေါ်က စင်ကြယ်တာပါ ဘုရား) အပါယ်လေးပါး လွတ်သွားတာဘဲ၊ ဘာကလွတ်သွားတုံး (အပါယ်လေးပါးက လွတ်သွားပါဘယ်ဘုရား) အပါယ်လေးပါး လွတ်သွားရင် ဒုက္ခမသက်သာဘူးလား သက်သာသလား(သက်သာပါတယ်ဘုရား)သက်သာသွားတယ်။သာသနာတော်နဲ့ ဒါမှတွေ့ရကျိုး နပ်တာ။ ဒီသက္ကာယဒိဋ္ဌိမပြုတ်ရင် သာသနာတော်နဲ့တွေ့ကျိုးနပ်ရဲ့လား(မနပ်ပါဘုရား)

ဒါကြောင့် တကာ တကာမတွေ ထိုင်တိုင်းထိုင်တိုင်းမှာ ဘာသဘောပါလိမ့် (စိတ်သဘောနဲ့လေသဘောပါဘုရား)တနည်း(နာမ်နဲ့ရုပ်ပါဘုရား)ဘယ်အချိန်မှာတုံး(ထိုင်တိုင်း ထိုင်တိုင်းမှာပါဘုရား) အော် စိတ်ကြောင့်ဘာဖြစ် လေဖြစ်၊ လေကြောင့်ထိုင်ခြင်းအမူအရာ။ ဒါကြောင့် ဝိညတ္တိံ၊ ထိုင်ခြင်းအမူအရာ ဝိညတ်ရုပ်ကို။ ဇနေတိ၊ ဖြစ်စေတယ်။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖာရေန၊ စိတ်သည်ပြုပြင်အပ်သော လေသဘောပျံ့နှံ့ခြင်းကြောင့် စိတ်ဖြစ်လိုက်တာနဲ့တပြိုင်တည်း လေတွေဘကိုယ်လုံး မပျံ့နှံ့ဘူးလား ပျံ့နှံ့သလား (ပျံ့နှံ့ပါတယ် ဘုရား) စိတ်ဖြစ်တော့ဘာဖြစ်လေဖြစ်၊ အဲဒီလေက လဲကျမသွားအောင် မထောက်ကန်ထားဘူးလားထောက်ကန်ထားသလား(ထောက်ကန်ထားပါတယ်ဘုရား)လူက ထောက်ကန်တာလား လေကထောက်ကန်တာလား (လေကထောက်ကန်တာပါဘုရား) လေသာမဖြစ်ရင် ဘာဖြစ်သွားမှာတုံး(လဲသွားမှာပါဘုရား) အခုတော့ လေကထောက်ကန်ထားတယ်။ ဒီလေဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး(စိတ်ကြောင့်ဖြစ်တာပါဘုရား)တကာ တကာမတွေ လူသေကောင်ကိုဆောင်လို့ရရဲ့လား(မရပါဘုရား) ဘာမရှိလို့တုံး(လေမရှိလို့ပါဘုရား)လေကလဲ ဘာမရှိလို့တုံး(စိတ်မရှိလို့ပါဘုရား)

စိတ်မရှိလေမရှိတော့ လှုပ်လို့ရသေးရဲ့လား (မရပါဘုရား) အဲဒီအတ္တဘောကြီးအသုံးချလို့ ရသေးရဲ့လား(မရပါဘုရား) စိတ်သဘော လေကဘော ရှိနေလို့သာ စိတ်သဘော လေသဘောတွေ အသစ်အသစ် ဖြစ်နေလို့သာ သွားလို့ရတယ်။ ချပ်လို့ရတယ်။ ထိုင်လို့ရတယ်။ လျောင်းလို့ရတယ်။ စိတ်သဘော လေ

သဘောသဘာမဖြစ်ရင် သွားလို့ ရပ်လို့ အိပ်လို့ရပါ့မလား (မရပါဘုရား)အဲဒါ သေတော့တာဘဲ။ သေတဲ့အခါကျတော့ ဒီခန္ဓာအသုံးချလို့ ရသေးရဲ့လား(မရ ပါဘုရား)ထင်းကမီးဆိုက်လို့ရသေးတယ်။ အသုံးချလို့ရသေးတယ်။ အတ္တဘော ကြီး သေစမ်းပါ၊ စိတ်သဲဘော လေသဘော မဖြစ်ဘဲ နေကြည့်စမ်းပါ၊ ဒီခန္ဓာ အသုံးချလို့ရရဲ့လား (မရပါဘုရား) ဘယ်လိုမှ အသုံးချလို့ မရဘူး၊ လူတွေက ကော လက်ခံပါ့မလား(လက်မခံပါဘုရား)မစွန့်လွှတ်ဘူးလား စွန့်သလား (စွန့် ပါဘယ်ဘုရား)အသုံးချမရလို့စွန့်တာလား အသုံးချရလို့စွန့်တာလား(အသုံးချ မရလို့စွန့်တာပါ ဘုရား)ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ သေရင်ဘာမှ အသုံး ချလို့မရတော့ဘူး၊ မသေခင်မှာအသုံးချလို့ မရဘူးလား ရသလား (ရပါတယ် ဘုရား)ဒါကြောင့် ခန္ဓာကိုယ်ကို အရင်းအနှီးပြုပါ။ ဘာကို အရင်းအနှီး ပြုရ မှာတုံး(ခန္ဓာကိုယ်ကို အရင်းအနှီးပြုရမှာပါ ဘုရား)

ငွေတွေချည်း သိပ်အားကိုးမနေနဲ့ဘာကိုအားကိုးရမှာတုံး(ခန္ဓာကိုယ်ကို အား ကိုးရမှာပါ ဘုရား)ခန္ဓာ ကိုယ်ကို အားကိုးပါ။ ခန္ဓာထဲကနေပြီးသူတော်ကောင်း တရားတွေ ညှစ်ထုတ်ပါ။ ခန္ဓာထဲကဘာတရားတွေ ညှစ်ထုတ်ရမှာတုံး (သူတော် ကောင်းတရားတွေ ညှစ်ထုတ်ရမှာပါ ဘုရား) သူတော်ကောင်းတရားတွေ ညှစ် ထုတ်ပါ။ သူတော်ကောင်းတရားတွေက ဘာတုံး(သီလသမာဓိပညာပါဘုရား) ဒီသီလ သမာဓိ ပညာကို ငွေနဲ့လဲလှယ်ပြီးယူရမှာလား ခန္ဓာနဲ့လဲပြီးယူရမှာလား (ခန္ဓာနဲ့လဲပြီး ယူရမှာပါဘုရား) ဒါကြောင့် ခင်ဗျားတို့ တလသင်တန်းဆိုပြီး တနာရီ တနာရီ ခန္ဓာနဲ့ သူတော်ကောင်း ဥစ္စာတွေ မလဲခဲ့ဘူးလား လဲခဲ့သလား (လဲခဲ့ပါတယ်ဘုရား) သာသနာ့ ဈေးရုံကြီး ထဲမှာ သာသနာတော်ရဲ့ ပစ္စည်း အစစ်ဆိုတာဘာတုံး(သီလ သမာဓိ ပညာပါဘုရား)

ယခုသာသနာ့ဈေးရုံကြီး ဖွင့်မထားဘူးလား၊ ဖွင့်ထားသလား (ဖွင့်ထားပါ တယ်ဘုရား) မြတ်စွာဘုရားက သာသနာငါးထောင် မထားခဲ့ဘူးလား၊ ထားခဲ့ သလား (ထားခဲ့ပါတယ်ဘုရား) ဒါဟာသာသနာတော်ရဲ့ဈေးရုံဘဲ။ သာသနာ တော်ရဲ့ဈေးရုံဆိုတာ သာသနာတော်ရဲ့ပစ္စည်းရှိမှာဘဲ။ သာသနာတော်ရဲ့ပစ္စည်း မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သာသနာတော်ရဲ့ပစ္စည်းဆိုတာ ဘာ တွေတုံး (သီလ သမာဓိ ပညာပါဘုရား) အဲဒီ သာ သ နာ တော် ရဲ့ ဈေးရုံထဲမှာ သာသနာတော်ရဲ့ပစ္စည်းကို ဝယ်တဲ့အခါ ငွေနဲ့ဝယ်ရမှာလား၊ ခန္ဓာနဲ့ ဝယ်ရမှာ လား (ခန္ဓာနဲ့ဝယ်ရမှာပါဘုရား) ခန္ဓာမပုပ်ခင်မှာ အမြန်မဝယ်သင့်ဘူးလား၊ ဝယ်သင့်သလား(ဝယ်သင့်ပါတယ်ဘုရား)ယနေ့အချိန်အခါမှာခန္ဓာနဲ့သာသနာ့ ဈေးရုံကြီးထဲမှာ သာသနာပစ္စည်းအစစ်တွေ ဝယ်ယူနေတဲ့အချိန်လို့ မဆိုသင့်ဘူး လား၊ ဆိုသင့်သလား ( ဆိုသင့်ပါတယ်ဘုရား ) ဘယ်အချိန်မှာတုံး (ထိုင်တိုင်း ထိုင်တိုင်းမှာပါဘုရား) ထိုင်တိုင်းထိုင်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊

စိတ်သဘောနဲ့ လေသဘော ရှိတာလား (စိတ်သဘောနဲ့ လေသဘော ရှိတာပါ ဘုရား)

အေဘ်- စိတ်ကဘာတရားပါလိမ့် ( နာမ်တရား )· လေကဘာတရားပါလိမ့် (ရုပ်ဘုရားပါဘုရား) ဘယ်တုံးကဖြစ်တာတုံး ( ခုမှဖြစ်တာပါဘုရား ) ထိုင်တဲ့ တဲ့အခါ ခုမှဖြစ်တဲ့စိတ်နဲ့လေလို့ ရှုခိုက်မှာ သီလ သမာဓိ ပညာ မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) ခင်ဗျားတို့နာမ်ရုပ်ထင်လိုက်တာနဲ့ တပြိုင် ထဲ လူနဲ့နာမ်ရုပ် ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) လူကခွဲတာလား၊ပညာကခွဲတာလား(ပညာကခွဲတာပါဘုရား) ပညာဆိုတဲ့ပစ္စည်း ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) သီလ သမာဓိ ပညာဆို တဲ့ပစ္စည်း လုပ်ငန်းနဲ့ရတာလား၊အပြောနဲ့ရတာလား(လုပ်ငန်းနဲ့ရတာပါဘုရား) လုပ်ငန်းနဲ့ဝယ်ယူလိုက်တာ၊အပြောနဲ့ဝယ်ယူလိုက်တာမဟုတ်ဘူး။ လုပ်ငန်းနဲ့ဝယ် ယူတာပါလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဒါကြောင့် စိတ်ကြောင့်ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) လေကြောင့် ဟောဒီထိုင်တဲ့အမူအယာ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ် ဘုရား) ဘာကြောင့်ဖြစ်သလဲဆိုတော့ စိတ္တကိရိယ ဝါယော ဓါတု ဝိပ္ဖါရေန၊ စိတ်သည် ပြုပြင်အပ်သောလေသဘော၏ ပျံ့နှံ့ခြင်းကြောင့်၊ ဟေဋ္ဌိမကာယဿ၊ ချက်မှစ၍အောက်ဖြစ်သောကိုယ်၏၊ သမိဥ္စနံ၊ ကွေးခြင်းကို၊ ချက်၏အောက်ဖြစ် သောခန္ဓာကိုယ်ကို မကွေးဘူးလား၊ ကွေးသလား (ကွေးပါတယ်ဘုရား).

ပုရိမကာယဿ၊ ချက်၏အထက်ဖြစ်သော ခန္ဓာကိုယ်၏။ ဥဿိတဘာဝေါ၊ ချက်၏အထက်ဖြစ်သော ခန္ဓာကိုယ်ထောင်သည်၏အဖြစ်ကို အောက်ဖြစ်တဲ့ ခန္ဓာ ကိုယ်ကိုဘာလုပ်တာတုံး (ကွေးထားပါတယ်ဘုရား) အထက်ဖြစ်တဲ့ခန္ဓာကိုယ်ကို တော့ (ထောင်ထားပါတယ်ဘုရား) ထောင်ထားတယ်။

ဒါကြောင့် အဋ္ဌကထာဆရာကပြတာ။ ဟေဋ္ဌိမကာယဿ၊ အောက်ဖြစ်သော ခန္ဓာကိုယ်၏။ သမိဥ္စနံ၊ ကွေးထားခြင်းကို။ ပုရိမကာယဿ၊ ချက်၏အထက်ဖြစ် သောခန္ဓာကိုယ်၏။ ဥဿိတဘာဝေါ၊ ထောင်သည်၏အဖြစ်ကို၊ နိသဇ္ဇာတိ၊ ထိုင် ၏ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏တဲ့။ အောက်ဖြစ်တဲ့ခန္ဓာကိုယ်ကိုတော့ ကွေးထားတယ်။ အထက်ဖြစ်တဲ့ခန္ဓာကိုယ်ကိုတော့ ထောင်ထားတယ်။ အဲဒါကို ဘာလို့ခေါ်တုံး (ထိုင်ဘယ်လို့ခေါ်ပါတယ်ဘုရား)ပခေါ်ဘူးလား၊ခေါ်သလား (ခေါ်ပါတယ် ဘုရား) ထိုင်တာရှိရဲ့လား(မရှိပါဘုရား)ကွေးတာရှိရဲ့လား (မရှိပါဘုရား) ရှိဘာ က ဘာနဲ့ဘာတုံး ( စိတ်သဘောနဲ့လေသဘောပါဘုရား ) စိတ်ကဘာတရားပါ လိမ့် (နာမ်တရားပါဘုရား) လေကဘာတရားပါလိမ့် (ရုပ်ကရားပါဘုရား)

နာမ်ရုပ်မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ထိုင်

တိုင်းထိုင်တိုင်းမှာ (ခုမှဖြစ်တဲ့စိတ်နဲ့လေ-ခုမှဖြစ်တဲ့စိတ်နဲ့လေ) တနည်း (ခုမှဖြစ်တဲ့နာမ်နဲ့ရုပ်-ခုမှဖြစ်တဲ့နာမ်နဲ့ရုပ်) ဘယ်အချိန်မှာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား)

အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဆိုက်မလာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) ရှေ့တဆင့်ခွဲလိုက်ကြပါစို့။

ထိုင်တိုင်းထိုင်တိုင်းမှာ ထိုင်ချင်တဲ့သဘော မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) လူလား စိတ်လား (စိတ်ပါဘုရား) အဲဒီစိတ်ကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိကဘာတုံး (စေတသိက်ပါဘုရား) ဒီထိုင်ခြင်းအမူအယာ ကိရိယာကိုဖြစ်စေတဲ့ လေမရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) လူလား၊ ရုပ်လား (ရုပ်ပါဘုရား) ဘာရုပ်တုံး (ဝါယောရုပ်ပါဘုရား) လဲမကျသွားအောင် မထောက်ကန်ဘူးလား ထောက်ကန်သလား (ထောက်ကန်ထားပါတယ်ဘုရား) လူကထောက်ကန်တာလား၊ ဝါယောဓါတ်က ထောက်ကန်တာလား (ဝါယောဓါတ်ကပါဘုရား) ဝါယောဓါတ်ဟာ လူလား ရုပ်လား (ရုပ်ပါဘုရား) စိတ် စေတသိက် ရုပ် ဘယ်အချိန်မှာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ထိုင်တိုင်းထိုင်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊ စိတ် စေတသိက် ရုပ်ရှိတာလား (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား) ထိုင်တိုင်းထိုင်တိုင်းမှာတင်မဟုတ်ဘူး။ သွားတိုင်းသွားတိုင်းလဲ စိတ် စေတသိက် ရုပ်ရှိတာ။ ရပ်တိုင်းရပ်တိုင်း လျောင်းတိုင်းလျောင်းတိုင်းကော (စိတ် စေတသိက် ရုပ်ပါဘုရား)

ထိုင်တိုင်းထိုင်တိုင်း၊ ရပ်တိုင်းရပ်တိုင်း၊ သွားတိုင်းသွားတိုင်း၊ လျောင်းတိုင်းလျောင်းတိုင်း လူတွေ သတ္တဝါတွေရှိတာလား၊ စိတ် စေတသိက် ရုပ်တွေရှိတာလား ( စိတ် စေတသိက် ရုပ်တွေရှိတာပါဘုရား ) စိတ် စေတသိက် ရုပ်ဆိုတာ သစ္စာတရားလား၊ အသစ္စာတရားလား (သစ္စာတရားပါဘုရား) ယခုရောက်နေတဲ့နယ်က သစ္စာနယ်လား၊ အသစ္စာနယ်လား(သစ္စာနယ်ပါဘုရား) သစ္စာနယ်မှာဘာတွေရှိတာတုံး (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား) အသစ္စာနယ်မှာဘာတွေရှိတာတုံး (နိဗ္ဗာန်ပါဘုရား)

တကာ ဘကာမတွေ နိဗ္ဗာန်ရပြီလား (မရသေးပါဘုရား) အဲဒီနယ်မှမရောက်သေးဘဲကိုး။သူ့နယ်မှာရောက်ရင်သူဘဲရှိမှာပေါ့။ဒီနယ်မှာဆိုရင် စိတ် စေတသိက် ရုပ်ကလွဲရင် ဘာရှိဦးမှာတုံး (မရှိပါဘုရား) ပိဋကတ်တော်ကြီးကို ချုံးလိုက်ရင် (စိတ် စေတသိက် ရုပ်ပါဘုရား) ပိဋကတ်တော်ကြီး ဘယ်လောက်ဘဲကျယ်ကျယ် ဝန်းဝန်းပြောပြော။ ချုံးလိုက်တော့ဘယ်နှစ်မျိုးတုံး (သုံးမျိုးပါဘုရား)ပဌာန်း

ဒေသနာတော်ကြီးဘယ်လောက်ဘဲကျယ်ကျယ်ဝန်းဝန်းပြောပြော၊ ချုံးလိုက်ရင် ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား)

ပဋိစ္စသမုပ္ပါဒ်ကြီး ဘယ်လောက်ဘဲလှည့်လှည့်၊ ဘယ်လောက်ဘဲကျယ်ကျယ်၊ ချုံးလိုက်ရင် (စိတ် စေတသိက် ရုပ် သုံးပါးပါဘုရား) ဒီသုံးပါးသိရင်ခင်ဗျားတို့ ပိဋကတ်တော်ကြီးသိတာနဲ့အတူတူဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) လုပ်ငန်းနဲ့သိရမှာလား၊ အပြောနဲ့သိရမှာလား (လုပ်ငန်းနဲ့ သိရမှာပါဘုရား) ဘယ် အ ချိန် မှာ သိရမှာတုံး (ထိုင်တိုင်း သွားတိုင်း ရပ်တိုင်း လျောင်းတိုင်းမှာပါဘုရား) အဲဒီအချိန်မှာသိရမှာ။

အဲဒီအချိန်မှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ် စေတသိက် ရုပ်ရှိတာလား (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား)အောင် ထိုင်ချင်တဲ့သဘောက လူလား၊ စိတ်လား (စိတ်ပါဘုရား)စိတ်သဘောကိုလူကဖေါ်တာလား၊ သတိကဖေါ်တာ လား (သတိကဖေါ်တာပါဘုရား) သ တိ က ဘာ တုံး (စေတသိက်ပါဘုရား) ပေါင်းလိုက်စမ်း (စိတ် စေတသိက်ပါဘုရား) ယခု ထိုင်တဲ့အမူအယာ ကိရိယာ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒီအမူအယာ ဘယ်သူ့သတ္တိတုံး၊ (လေရဲ့သတ္တိပါဘုရား) ဒီလေက မထောက်ကန်ထားဘူးလား၊ ထောက်ကန်ထား သလား (ထောက်ကန်ထားပါတယ်ဘုရား) ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)

အဲဒီလေဟာ ဘာတုံး (ရုပ်ပါဘုရား) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်ပါဘုရား) ဘယ်အချိန်မှာတုံး (ထိုင်တိုင်းမှာပါ ဘုရား)ဒီထိုင်တိုင်းမှာ စိတ် စေတသိက် ရုပ်မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှိတာ ဘာလို့ရှိနေတာ တုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးက ဖြစ်တာတုံး(ခုမှ ဖြစ်တာပါ ဘုရား) ဒါကြောင့် ထိုင်တဲ့အခါ(ခုမှဖြစ်တဲ့စိတ် စေတသိက် ရုပ်)အဲဒီလိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပ ပရိစ္ဆေဒဉာဏ်ပါ ဘုရား)

သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့်(ဉာတပရိညာပါဘုရား) သွားတဲ့အခါကော(ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်)ရပ်တဲ့အခါကော(ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) လျောင်းတဲ့ အခါကော (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ဣရိယာပုတ်(၄)ပါးလုံး ဒီလိုရှုလိုက်ထဲ့ အခါကျတော့ သက္ကာယဒိဋ္ဌိ လာသေးရဲ့ လား (မလာတော့ပါ ဘုရား)အပါယ်တံခါးပိတ်ပြီး သွားနေတာဘဲဗျ။

အပါယ်တံခါးပိတ်ပြီးတော့ ရပ်တယ် ထိုင်တယ် လျောင်းတယ် မဆိုထိုက်ဘူး လား ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) တကာ တကာမတွေ စိတ်ကို ဝိဉာဏ်လို့ ကောက်လိုက်ပါ၊ စေတသိက်က ဘာတုံး(နာမ်တရား) လေက(ရုပ်ပါ ဘုရား)ဝိဉာဏ်နာမ်ရုပ် မရလာဘူးလား ရလာသလား(ရလာပါတယ် ဘုရား) ဒါကြောင့် ဘယ်အချိန်မှာရှိတာတုံး(ထိုင်တိုင်းသွားတိုင်းရပ်တိုင်းလျောင်းတိုင်း မှာပါဘုရား)

ထိုင်တဲ့အခါ လူတွေ သတ္တဝါတွေ ရှိတာလား၊ ဝိညာဏ်နာမ်ရုပ် ရှိတာလား (ဝိညာဏ်နာမ်ရုပ်ရှိတာပါဘုရား)ရှိရှိနေတာ ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ထိုင်တဲ့အခါ ဘယ်လိုရှုရမှာတုံး(ခုမှဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ်)ရပ်တိုင်း လျောင်းတိုင်း (ခုမှဖြစ်တဲ့ ဝိညာဏ်နာမ်ရုပ်ပါ ဘုရား)အဲဒီလိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)

သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိပါ ဘုရား)ပရိညာအားဖြင့်(ဉာတပရိညာပါဘုရား) အဲဒီလိုရှုရင် သက္ကာယဒိဋ္ဌိ ပြုတ်မသွားဘူးလား ပြုတ်သွားသလား(ပြုတ်သွားပါတယ်ဘုရား)အဲဒါနာမ်ရုပ်ကွဲသွားလို့ မကွဲဘူးလားကွဲသလား (ကွဲသွားပါတယ်ဘုရား)

## နာမရူပဝဝတ္ထာနေန သက္ကာယဒိဋ္ဌိယာ ပဟီနော ဟောတိ။

နာမရူပဝဝတ္ထာနေန၊ နာမ်တရားနဲ့ရုပ်တရားပိုင်းခြားသိသဖြင့်။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိမှ။ ပဟီနော၊ ပယ်သည်။ ဟောတိ၊ ဖြစ်၏၊ သက္ကာယပေါ်မှာ ဒိဋ္ဌိမကွာဘူးလား၊ ကွာသလား (ကွာပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပြုတ်သွားရင် အပါယ်လေးပါးက မလွတ်ဘူးလား၊ လွတ်သလား (လွတ်ပါတယ်ဘုရား) လွတ်သွားတယ်။ သက္ကာယဒိဋ္ဌိ ပြုတ်သွားရင် ဝိစိကိစ္ဆာကော မပြုတ်ဘူးလား၊ ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ပြုတ်တော့တာဘဲ။ အကုသိုလ်မှာ အပါယ်ကိုကျစေတဲ့သက္ကာယဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပြုတ်သွားတယ်၊ ခင်ဗျားတို့နားလည်အောင်စာပေနဲ့ပြောမယ်ဆိုရင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုနဲ့ ဝိစိကိစ္ဆာတခု၊ ငါးခုပြုတ်သွားတယ်။ ဘယ်နှစ်ခုပြုတ်သွားတုံး (ငါးခုပြုတ်သွားပါတယ်ဘုရား) အဲဒါ အပါယ်ကျစေဘတ်တဲ့တရား (ငါးပါး) ပြုတ်သွားတာဗျ။

အကုသိုလ်တော့ ရှိသေးတာဘဲ။ ကျန်တဲ့အကုသိုလ်က အပါယ်ကိုမလားစေဘူး။ အဲဒီတော့ အပါယ်ကိုလားစေတဲ့အရေးကြီးတဲ့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ။ ဒိဋ္ဌိကဘယ်နှစ်ပါးတုံး(လေးပါးပါဘုရား)ဝိစိကိစ္ဆာကတပါး။ ပေါင်းလိုက်တော့ (ငါးပါးပါဘုရား) ဒိဋ္ဌိဂတသမ္ပယုတ်လေးခု၊ ဝိစိကိစ္ဆာတခု။ ဒိဋ္ဌိပြုတ်လိုက်တာနဲ့ တပြိုင်ထဲ ဒိဋ္ဌိနဲ့ယှဉ်တဲ့စိတ်တွေပြုတ်တာဘဲ။ မပြုတ်ဘူးလား၊ပြုတ်သလား(ပြုတ်ပါတယ်ဘုရား) ဘယ်အချိန်မှာပြုတ်တာတုံး (ထိုင်တိုင်း သွားတိုင်း ရပ်တိုင်း လျောင်းတိုင်းမှာပါဘုရား)ထိုင်တိုင်း သွားတိုင်း ရပ်တိုင်း လျောင်းတိုင်း လူတွေ သတ္တဝါတွေရှိတာလား၊ ဝိညာဏ်နာမ်ရုပ်ရှိတာလား (ဝိညာဏ်နာမ်ရုပ်ရှိတာပါဘုရား)

အဲဒီလို လူနဲ့သတ္တဝါနဲ့၊ ဝိညာဏ်နာမ်ရုပ်နဲ့ ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား)တကာတကာမတွေ့သတိထားလိုက်စမ်းပါ၊ ထိုင်တဲ့အခါ

ခဲ့လိုက်ကြပါအုံးစို၊ ထိုင်တဲ့အခါမှာ ထိုင်ချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) လူလား၊ စိတ်လား (စိတ်ပါဘုရား) စိတ်ဖြစ်တော့ဘာဖြစ် (လေဖြစ်ပါတယ်ဘုရား)လေဖြစ်တော့ ထောက်ကန်တဲ့အမူအယာပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)

ဒီအမူအယာကြီး ပြိုလဲ မကျသွားအောင် မ ထောက် ကန် ထား ဘူး လား၊ ထောက်ကန်ထားသလား (ထောက်ကန်ထားပါတယ်ဘုရား) ဒီလေက လူလား၊ ရုပ်သား (ရုပ်ပါဘုရား) မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား)

အဲဒီဉာဏ်မြင်ရုပ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး ( ရူပက္ခန္ဓာပါဘုရား ) ခန္ဓာရမလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား) ဘယ်အချိန်မှာရလာသလဲ (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား)မျက်မြင်ခန္ဓာကို ဝိပဿနာရှုရမှာလား၊ ဉာဏ်မြင်ခန္ဓာကို ဝိပဿနာရှုရမှာလား (ဉာဏ်မြင်ခန္ဓာကိုဝိပဿနာရှုရမှာပါဘုရား)

အော်-တကာ တကာမတွေ ရူပက္ခန္ဓာရပါပြီ။ ထိုင်တဲ့အခါမှာ ငြိမ်ငြိမ်နေရဲ့လား (မနေပါဘုရား) ဟိုဘက် ဒီဘက် မပြောင်းဘူးလား၊ ပြောင်းသလား၊ ( ပြောင်းပါတယ်ဘုရား ) ခံသာလို့ပြောင်းတာလား၊ မခံသာလို့ပြောင်းတာလား (မခံသာလို့ပြောင်းတာပါဘုရား) အော်-ခံသာတဲ့သဘော၊ မ ခံ သာ တဲ့ သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ် အ ချိန် မှာ ရှိတာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ထို ထိုင်တိုင်းထိုင်တိုင်း ခံသာတဲ့သဘောခံစားလိုက်၊ မခံသာတဲ့သဘော ခံစားလိုက်။ သို့မဟုတ် ခံသာတာလဲမဟုတ်၊ မခံသာတာလဲမဟုတ်ဆိုတဲ့ လေသဘောကို ခံစားလိုက်၊ ခံစားတယ်ဆိုတာ "ဝေဒနာသဘောဘဲ" ဝေဒနာဆိုဘာ ခံစားတဲ့သဘောဘဲ၊ ခံသာတာကိုလဲ ခံစားတယ်၊ မခံသာတာကိုလဲခံစားတယ်။ ခံသာတာလဲမဟုတ်၊ မ ခံ သာ တာ လဲ မ ဟုတ် တဲ့ သဘောကိုလဲခံစားတယ်။ အကျဉ်းချုံးလိုက်တော့ခံစားတာဟာဝေဒနာသဘောပါဘဲ၊ မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား)

ရှေ့ကိုတဆင့်ပြောကြပါစို့။ သွား ရပ် ထိုင် လျောင်းဆိုတဲ့ ဣရိယာပုတ် လေးပါးမှာ ဒုက္ခလက္ခဏာမရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား)အဲဒီဒုက္ခလက္ခဏာကိုမထင်နိုင်အောင် ဘယ်သူတွေက ဖုံးလွှမ်းထားသလဲဆိုတော့ (ဣ ရိ ယာ ပုတ် လေးပါးက ဖုံးလွှမ်းထားတယ်လို့မှတ်ချက်ချပါ) ဒုက္ခလက္ခဏာကို ဖုံးလွှမ်းထားတာဟာ လူတွေ သတ္တဝါတွေကဖုံးလွှမ်းထားတာလား၊ ဣရိယာပုတ်လေးပါးက ဖုံးလွှမ်းထားတာလား (ဣရိယာပုတ်လေးပါးကဖုံးလွှမ်းထားတာပါဘုရား)

အဲဒီဣရိယာပုတ်လေးပါးထဲမှာရှိတဲ့ဒုက္ခလက္ခဏာကို မျက်လုံးနဲ့မြင်ရမှာလား ဉာဏ်နှင့်မြင်ရမှာလား (ဉာဏ်နှင့်မြင်ရပါဘုရား) ဝိပဿနာဉာဏ်နှင့်မြင်ရမှာ။

ဣရိယာပုတ်မပြောင်းမှ ဒုက္ခလက္ခဏာ ထင်ရှားလာတယ်ဆိုတာ မဟုတ်ပါဘူး။ ဒုက္ခလက္ခဏာကို ဣရိယာပုတ်ပြောင်းသည်ဖြစ်စေ၊ မပြောင်းသည်ဖြစ်စေ ဉာဏ်ဦးစီးပြီးတော့ ဒုက္ခလက္ခဏာကိုထင်ရှားအောင်ရှုရမယ်၊

အဲဒီတော့ တကာတကာမတွေ ဒီနေရာမှာ ဘယ်အချိန်မှာ ထင်ရှားရမှာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ဝေဒနာဆိုတာ နာတာ ကိုက်တာ ကျင်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒီဝေဒနာ ငါနဲ့တွေ့ရမှာလား၊ ဉာဏ်နဲ့တွေ့ရမှာလား ( ဉာဏ်နဲ့တွေ့ရမှာပါဘုရား ) ဉာဏ်တွေ့ဝေဒနာလား၊ ငါတွေ့ဝေဒနာလား (ဉာဏ်တွေ့ဝေဒနာပါဘုရား) ဉာဏ်တွေ့ဝေဒနာက အောင်ရသေးရဲ့လား၊ (မအောင်ရပါဘုရား) မအောင်ရပါဘူးဗျ။ ဒီသဘောကို မိအောင်ဖမ်းထားလိုက်ပါ။ အဲဒီတော့ ဝေဒနာကိုခန္ဓာဖွဲ့လိုက်တော့ ဘာ ခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား) ခံသာတာကိုခံစားတာကသုခဝေဒနာ။ မခံသာတာကိုခံစားတာက ဒုက္ခဝေဒနာ။ ခံသာတာလဲမဟုတ်၊ မခံသာတာလဲမဟုတ်၊ အညီအမျှခံစားတာက (ဥပေက္ခာဝေဒနာပါဘုရား)

သုခ ဒုက္ခ ဥပေက္ခာတွေလုပ်မနေနဲ့။ တ လုံး ထဲ ပေါင်း လိုက် တော့ ဘာ တုံး (ဝေဒနာပါဘုရား) ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး (ဝေဒနာက္ခန္ဓာပါဘုရား) ဒီဝေဒနာက္ခန္ဓာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိတာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ထိုင်တဲ့အခါ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ။ ထိုင်တဲ့အခါထိုင်တယ်လို့မမှတ်ဘူးလား၊ မှတ်သလား (မှတ်ပါတယ်ဘုရား) လူက မှတ်တာလား၊ သညာကမှတ်တာလား (သညာကမှတ်တာပါဘုရား) အဲဒီသညာကိုခန္ဓာဖွဲ့လိုက်တော့ဘာခန္ဓာ (သညာက္ခန္ဓာပါဘုရား) ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ထိုင်ချင်တဲ့စေတနာ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒီစေတနာကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (သင်္ခါရက္ခန္ဓာပါဘုရား) ထိုင်ရင်ထိုင်တယ်လို့မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အဲဒီစိတ်ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ဝိညာဏက္ခန္ဓာ ပါဘုရား)

ခန္ဓာ ဘယ်နှစ်ပါး ရလာတုံး (ငါးပါးပါဘုရား) ဘယ်အချိန်မှာရတာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) အောင် ထိုင်တိုင်းထိုင်တိုင်းမှာခန္ဓာဘယ်နှစ်ပါးရတုံး (ငါးပါးပါဘုရား) ဆိုစမ်းပါ (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) အောင် ထိုင်တိုင်းထိုင်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား)

ယခုခင်ဗျားတို့ ရှိတဲ့တရားကြည့်တာလား၊ မရှိတဲ့တရားကြည့်တာလား (ရှိတဲ့တရားကြည့်ဘာပါဘုရား ) လူတွေ သတ္တဝါတွေဆိုတာ ရှိ တာ ဟုတ် ရဲ့ လား၊ (မဟုတ်ပါဘုရား) ရှိတာကဘာတုံး (ခန္ဓာငါးပါးပါဘုရား) ဘယ်အချိန်မှာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ရှိတာဘာလို့ ချိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်ဘာပါဘုရား) ဒါကြောင့်ထိုင်တဲ့အခါ (ခုမှဖြစ်တဲ့ခန္ဓာငါးပါး) လူတွေ သတ္တဝါတွေ ဖြစ်တာလား၊ ခန္ဓာငါးပါးဖြစ်တာလား (ခန္ဓာငါးပါးဖြစ်ဘာပါဘုရား) ဘယ်အချိန်မှာ ဖြစ်ဘာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ပြီးတော့ သွားတိုင်း ရပ်တိုင်း လျောင်းတိုင်း ခန္ဓာငါးပါးဖြစ်ဘယ်၊ ဒါကြောင့် ခန္ဓာငါးပါးကို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတင်ပြီးတော့ အဲဒီဝိပဿနာဉာဏ်နဲ့ မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

| | | |
|---|---|---|
| ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| ။ | ။ | ဓမ္မံပူဇေမိ |
| ။ | ။ | သံဃံပူဇေမိ |

## ပဉ္စမ ဓာနီးခေါင်နှင့် နာမ်ရုပ် အသံကြားမှု

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၈)ရက်နေ့ ဟောကြားသောတရား။

ဒီနေ့ သမ္မာဒိဋ္ဌိပဗ္ဗမှာ ဆက်ပြီးတော့ပြောကြပါစို့ရဲ့။ ဣရိယာပထပဗ္ဗကို ပြော ခဲ့ပါတယ်။ သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာပါဘုရား) နာမ်ရုပ်ရှိတယ်။ ရှိတဲ့ တရားဖော်ပေးခဲ့ဘယ်။ နာမ်ရုပ်ဘဲရှိတယ်၊ နာမ်ရုပ်ကိုရှုရမယ်။ ဒါ့ကြောင့် နာမ် တရား ရုပ်တရားကို ပိုင်းပိုင်းခြားခြား သွားတိုင်း၊ ရပ်တိုင်း၊ ထိုင်တိုင်း၊ လျောင်း တိုင်းမှာ ကွဲကွဲပြားပြားသတိပညာနဲ့တွဲပြီးရှုသွားရင် သာသနာတော်နဲ့တွေ့ရကျိုး နပ်တယ်ဆိုဘာ ဆုံးဖြတ်ချက်ချပါလို့ ပြောသင့် မပြောသင့် (ပြောသင့်ပါတယ် ဘုရား)

ဘာ့ကြောင့်လဲဆိုတော့ ဒီနေ့မှာဥပုသ်နေ့ဖြစ်သောကြောင့် ရှေ့ပိုင်းမှာ နည်း နည်းလေးပြောပေးပါဦးမယ်၊ ရှုကွက်မရောက်ခင်မှာ ဘာ့ကြောင့်လဲဆိုလို့ရှိရင် ဒီနာမ်တရားရုပ်တရားကွဲကွဲပြားပြားမပြောပါနဲ့။နာမ်သံ ရုပ်သံကြားရတဲ့ကုသိုလ် တောင်မှ အလွန် မ တန် မှ အကျိုးများတဲ့အကြောင်း၊ ဝတ္ထုသက်သေ သာဓက ကလေးတခုရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ တကာတကာမတွေ ဗဟုသုတရှိပါစေ ခြင်းအကျိုးငှာနည်းနည်းပြောပါဦးမယ်။ ကဿပမြတ်စွာဘုရားလက်ထက်တော် အခါက ပဉ္စဂ္ဂလင်မယားနှစ်ယောက်ရှိပါတယ်တဲ့။ ပုဏ္ဏားလင်မယားနှစ်ယောက်၊ ဘာလင်မယားတဲ့တုံး (ပုဏ္ဏားလင်မယားပါဘုရား) ပဉ္စဂ္ဂလင်မယားလို့လဲခေါ် တယ်။ အဲဒီလိုပဉ္စဂ္ဂလင်မယားနှစ်ယောက်က ဆင်းရဲကြပါတယ်။ ကဿပမြတ်စွာ ဘုရားသခင်သည် တရားဟောတဲ့အခါမှာ လေးလမှ တကြိမ်ထဲ ဟောပါတယ်၊ လေးလမှာဘယ်နှစ်ကြိမ်ဟောတုံး (တကြိမ်ဘဲဟောပါတယ်ဘုရား)

ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကတော့ဖြင့် ညဉ့်သုံး ယာမ်လုံး မဟောရဘူးလား၊ ဟောရသလား ( ဟောရပါတယ်ဘုရား ) ဟော တယ်။ ဘုန်းကြီးတို့ဂေါတမမြတ်စွာဘုရားက သက်တမ်းတိုတဲ့ကာလမှာပွင့်ရတာ ကိုး‌ဗျ။ ကဿပမြတ်စွာဘုရားရှင်ကတော့ အနှစ်နှစ်သောင်းတမ်းမှာ ပွင့်တော့ သက်တော် မရှည်ဘူးလား၊ ရှည်သလား ( ရှည်ပါတယ်ဘုရား ) အသက်ကရှည် တော့ တရားကိုအေးအေးဆေးဆေး ဟောပါတယ်။ လေးလမှတကြိမ်ထဲ ဟော တော်မူပါတယ်။

ကဲပြောကြပါဦး၊ ကဿပ မြတ်စွာဘုရားကိုယ်တော်မြတ် တရားဟောတော့ မယ်ဆိုတော့လူတွေကသူ့ထက်ငါဘဲ မသွားကြဘူးလား၊ သွားကြသလား(သွားကြပါတယ်ဘုရား) သွားကြတော့ ပဉ္စဂ္ဂပုဏ္ဏားလင်မယားကတော့ မသွားနိုင်။ သွားနိုင်ရဲ့လား(မသွားနိုင်ပါဘုရား) မသွားနိုင်ဘူး။ ဘုရားပွင့်မှန်းလဲသိတယ်၊ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) တရားပွဲရှိမှန်းလဲသိတယ်။ ဒီပဉ္စဂ္ဂပုဏ္ဏားလင်မယား ဒီတရားပွဲသွားရဲ့လား (မသွားပါဘုရား) မသွားဘူးဗျ။ ဒါနဲ့ အဲဒီတရားပွဲမှာ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဘာဟောသလဲဆိုတော့။ မိမိအဇ္ဈတ္တသန္တာန်မှာကြည့်တဲ့အခါ နာမ်တရား ရုပ်တရားဘဲရှိတယ်။ ဘာတရားနဲ့ ဘာတရားရှိတုံး (နာမ်တရားနဲ့ရုပ်တရားပါဘုရား) နာမ်တရားနဲ့ ရုပ်တရားဘဲရှိတယ်။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိလို့ ဒီလိုဟောတာဘဲ၊

အဲဒီတော့ ဒီနေရာဣရိယာပထပဗ္ဗမှာ ဘယ်အချိန်နာမ်တရားနဲ့ရုပ်တရားတွေရှိတာလိုလဲဆိုတော့(သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာပါဘုရား) ဣရိယာပထလေးပါး မရလာဘူးလား (ရလာပါတယ် ဘုရား) အဲဒီအချိန်မှာ ရှိတာ။ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ရှိတာလား၊ နာမ်ရုပ်ရှိတာလား၊ (နာမ်ရုပ်ရှိတာပါဘုရား) နာမ်ရုပ်ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ကဿပ မြတ်စွာဘုရားကဟောတာ၊ ဘယ်တုံးကဖြစ်တာတုံးတဲ့ (ခုမှဖြစ်တာပါဘုရား) ဖြစ်ပြီးတော့ (ပျက်ပါတယ်ဘုရား)

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါးနဲ့ ဟောလိုက်တော့ အဲဒီတရားပွဲမှာ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ ကျွတ်တန်းဝင်တဲ့ပုဂ္ဂိုလ်တွေ ကျွတ်တန်းဝင်လို့ တချို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ တချို့ သရဏဂုံသုံးပါးတည်လို့ ကျွတ်တန်းမဝင်ဘူးလား၊ ဝင်ကြသလား ( ကျွတ်တန်းဝင်ကြပါတယ်ဘုရား ) အဲဒီတရားပွဲလဲပြီးရော ပရိသတ်ကြီးက ကိုယ့်အိမ်ကိုမပြန်ကြဘူးလား၊ ပြန်ကြသလား (ပြန်ကြပါတယ်ဘုရား) ကိုယ့်အိမ်ကို ပြန်သွားကြတဲ့အခါကျတော့ ပထမပြောခဲ့တဲ့ ပဉ္စဂ္ဂပုဏ္ဏားလင်မယားနှစ်ယောက်ရဲ့ အိမ်ဘေးကလမ်းရှိတယ်။ အဲဒီလမ်းက နေပြီးတော့တချို့မသွားဘူးလား၊ သွားသလား (သွားပါတယ်ဘုရား) သွားရင်း လမ်းမှာပြောသွားကြတယ်၊ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ဟောတဲ့တရား က ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးတဲ့၊ နာမ်တရားနဲ့ ရုပ်တရားသာ ရှိတယ်၊သွားတိုင်းရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာစိတ်သဘောနဲ့လေသဘောတွေ၊ နာမ်တရားနဲ့ရုပ်တရားတွေသာရှိတယ်၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးလို့ ပရိသတ်ကြီးကပြန်သွားတဲ့အခါ ဆွေးနွေးပြီး မသွားဘူးလား၊ သွားသလား (သွားပါတယ်ဘုရား) အဲဒီလိုသွားတဲ့အခါ ဒီပဉ္စဂ္ဂ ပုဏ္ဏားလင်မယားနှစ်ယောက်အနက် ပုဏ္ဏေးမကြီးကကြားတယ်။ ဘယ်သူကကြားတာတုံး(ပုဏ္ဏေးမကြီးကပါဘုရား)

အော်-ယနေ့တရားပွဲမှာ မြတ်စွာဘုရားဟောတဲ့တရားက ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးတဲ့၊ နာမ်တရားနဲ့ရုပ်တရားသာရှိတယ်ဆိုပါလား။ သူ့စိတ်ထဲ ဒီလိုဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဒါနဲ့ သူ့ရဲ့ ပုဏ္ဏားကြီးကိုပြောတယ်။ ပုဏ္ဏားကြီးဒီနေ့ ကဿပမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးဟောတဲ့တရားက ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူးတဲ့၊ နာမ်တရားနဲ့ရုပ်တရားသာရှိတယ်ဆိုပါလား။ ပုဏ္ဏားကြီးကိုမပြောလိုက်ဘူးလား၊ပြောလိုက်သလား (ပြောလိုက်ပါတယ်ဘုရား) ပုဏ္ဏားကြီးက ဘာပြန်ပြောလိုက်သလဲ ဆိုတော့၊ ရှင်မရယ် ဘုရားဟောတာဘဲ ဟုတ်မှာပေါ့၊ ဘုရားအပေါ် တရားအပေါ် မယုံကြည်ဘူးလား၊ ယုံကြည်သလား (ယုံကြည်လိုက်ပါတယ်ဘုရား)

အဲဒီနာမ်သံ ရုပ်သံ မကြားရဘူးလား၊ ကြားရသလား (ကြားရပါတယ်ဘုရား) ဘုရားရှေ့မှာသွားတရားနာရတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)မြတ်စွာဘုရားရှေ့မှာသွားပြီး နာကြားရတာမဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောတော်မူတဲ့တရားကို တဆင့် နာမ်နဲ့ရုပ်နဲ့ဆိုတဲ့ အသံလေးဘဲကြားရတယ်။ ဤကားနာမ်၊ ဤကားရုပ်လို့ကွဲကွဲပြားပြားသတိနဲ့ပညာနဲ့သိတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) နာမ်သံ ရုပ်သံကြားရတယ်။ ဒီနာမ်သံ ရုပ်သံကြားရတဲ့ကုသိုလ်ကောင်းမှုကြောင့် အဲဒီပဥ္စဂ္ဂပုဏ္ဏားလင်မယားနှစ်ယောက်သည်စုတေမနေ၊ သေလွန်တဲ့အခါကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားအကြားမှာ အပါယ်မလားတော့ဘဲ၊ လူချမ်းသာ၊ နတ်ချမ်းသာ စုန်ဆန်ခံစားရတယ်လို့ ဒီလို သက်သေ သာဓကမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အကျိုးမများဘူးလား များသလား (များပါတယ်ဘုရား) နာမ်သံ ရုပ်သံကြားရတဲ့ကုသိုလ်။ ဘာကုသိုလ်လဲ (နာမ်သံ ရုပ်သံကြားရတဲ့ကုသိုလ်ပါဘုရား) နာမ်သံရုပ်သံကြားရတဲ့ကုသိုလ်သည် ဘုရားတဆူနဲ့တဆူအကြား အပါယ်လားရဲ့လား (မလားပါဘုရား)

တကာတကာမတွေ ပဥ္စဂ္ဂပုဏ္ဏားလင်မယားထက် မသာဘူးလား၊ သာသလား (သာပါတယ်ဘုရား) သာပါတယ်။ မိမိရဲ့အတ္တဘောသန္တာန်မှာ ဤကားရုပ်ဘဲ၊ ဤကားနာမ်ဘဲ၊ ဘယ်အချိန်မှာတုံး (သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းပါဘုရား)

အဲဒီလိုဆိုရင်ဖြင့် ခင်ဗျားတို့ ကျုပ်တို့ ဘုရားတဆူနဲ့ တဆူအကြား အပါယ်မလားဘူးဆိုတာ မယုံကြည်သင့်ဘူးလား (ယုံကြည်သင့်ပါတယ်ဘုရား) ဝတ္ထုသက်သေသာဓကမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ကဲ တကာတကာမတွေ တိုတိုပြောကြပါစို့၊ အဲဒီပဥ္စဂ္ဂပုဏ္ဏားလင်မယားနှစ်ယောက်သည် ဂေါတမမြတ်စွာဘုရားရဲ့ သာသနာမှာ သူတို့နှစ်ယောက်ဘဲ လာဖြစ်တယ်။ သူတို့ ပုဏ္ဏားလင်မယားနှစ်ယောက်လာမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

ဒါနဲ့တနေ့သောအခါ ဂေါတမမြတ်စွာဘုရားကိုယ်တော်မြတ်က နံနက်လင်းတဲ့အခါမှာ ယနေ့ဘယ်သူ့ကို ချွတ်ရမလဲဆိုပြီးတော့ နေ့စဉ်နေ့တိုင်း သဗ္ဗညုတရွှေဉာဏ်တော်နဲ့ မဆင်ခြင်ဘူးလား၊ ဆင်ခြင်သလား (ဆင်ခြင်ပါတယ်ဘုရား) ဆင်ခြင်ရတယ်။

ဒါကြောင့် နံနက်မိုးသောက်အလင်းရောက်တဲ့အခါ ယနေ့ငါဘယ်သူ့သွားတရားဟောရပါမလဲ၊ ဘယ်သူ့ကိုသွားဟောရရင်ကျွတ်တန်းဝင်မလဲလို့သဗ္ဗညုတရွှေဉာဏ်တော်နဲ့ဆင်ခြင်လိုက်တဲ့အခါ ဒီပုဏ္ဏားလင်မယားနှစ်ယောက်ကို ဉာဏ်တော်ထဲမှာ လာထင်ရှားပါတယ်၊ မထင်ရှားဘူးလား ထင်ရှားသလား(ထင်ရှားပါတယ်ဘုရား)ဒီပုဏ္ဏေးမနဲ့ ပုဏ္ဏားကြီးသာ တရားဟောရလျှင် မုချအနာဂါမ်တည်မဲ့ပုဂ္ဂိုလ်တွေ နောင်တော် ကဿပမြတ်စွာဘုရား လက်ထက်တော် အခါက နာမ်သံ ရုပ်သံကြားဘူးတဲ့ကုသိုလ်တွေ သူတို့မှာရှိတယ်။ ငါဘုရားတရားဟောရရင်အကျိုးများလေရဲ့ အနာဂါမ်တည်မှာမုချဘဲလို့ မြတ်စွာဘုရား မြင်တော်မမူဘူးလားမြင်တော်မူသလား(မြင်တော်မူပါတယ်ဘုရား)မြတ်စွာဘုရား မြင်ဘော်မူသည့်အတွက်ကြောင့် တပါးထဲ ပဥ္စဂ္ဂပုဏ္ဏားလင်မယားနှစ်ယောက်ထံ ကြွပြီးဆွမ်းသွားခံတယ်။ အဲဒီအခါမှာ ပဥ္စဂ္ဂပုဏ္ဏားလင်မယားနှစ်ယောက်က ထမင်းစားနေတဲ့အချိန်၊ ဘာလုပ်နေတဲ့အချိန်တုံး (ထမင်းစားနေတဲ့ အချိန်ပါဘုရား) ထမင်းစားနေတဲ့အချိန်၊ ပုဏ္ဏေးမကြီးက အပြင်ကိုလှည့်ပြီး ထမင်းစားတယ်၊ ပုဏ္ဏားကြီးက အိမ်ဘက်ကိုမျက်နှာမူပြီးတော့ထမင်းစားတယ်။ မျက်နှာချင်းဆိုင်မဖြစ်ဘူးလား ဖြစ်နေသလား(ဖြစ်နေပါတယ်ဘုရား)မြတ်စွာဘုရား ကိုယ်တော်မြတ် ဆွမ်းသွားရပ်တဲ့အခါကျတော့ ဘယ်သူအရင်မြင်သလဲ (ပုဏ္ဏေးမကြီးပါဘုရား) ပုဏ္ဏေးမကြီးက အရင်မြင်တယ်။

ပုဏ္ဏေးမကြီးက ဘုရားအမည်ခံတဲ့ သိဒ္ဓတ္ထမင်းသား သူတို့ကဘုရားကို ယုံကြည်တာမှ မဟုတ်ဘာ၊ ယုံကြည်ရှဲလား (မယုံကြည်ပါဘုရား) မယုံကြည်သေးဘူး။ ဘုရားအမည်ခံတဲ့ သိဒ္ဓတ္ထမင်းသား တို့အိမ်လာပြီးဆွမ်းခံနေပါပကော။ တို့ကလဲ ထမင်းစားနေတဲ့အချိန် အကယ်၍ ပုဏ္ဏားကြီးသာ သိသွားလျှင် ငါထမင်း ပြန်ချက်ရချေရဲ့။ အဲဒီတော့ အသံ[illegible]က်ပြီး အရှင်ဘုရား ကန်တော့ဆွမ်းပါ ဆိုပြန်တော့လဲ ပုဏ္ဏားကြီးသိသွားရင် ငါပြန်ပြီးတော့ ထမင်းချက်ခိုင်းရင် ဒုက္ခရောက်လိမ့်မယ်၊ ပုဏ္ဏေးမကြီးကမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကိုဘယ်လိုကန်တော့ဆွမ်းလုပ်လိုက်သလဲဆိုတော့ မျက်စပစ်ပြလိုက်တယ်၊ ဘယ်လိုလုပ်လိုက်တာတုံး (မျက်စပစ်ပြလိုက်ပါတယ်ဘုရား) မျက်စပစ်ပြလိုက်တယ်၊ ကန်တော့ဆွမ်းပေါ့။ ပုဏ္ဏေးမကြီးက မျက်စပစ်ပြလိုက်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ခေါင်းခါတယ်၊ မသွားဘူးတဲ့၊ ခေါင်းမခါဘူးလား ခါသလား (ခါပါတယ်ဘုရား) အကျိုးများမှာမြင်လို့နော်။

တကာ တကာမတွေ လဲဘဲ ဒီသာသနာတော်မှာ ကျွတ်တန်းမဝင်ရင် အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်တော်အခါကာလမှာဖြင့် အရိမေတ္တေယျ ဘုရားဆွမ်းခံကြွမယ်ဆိုတာမသေချာဘူးလား သေချာသလား(သေချာပါတယ် ဘုရား)အဲဒီကျတော့ ခင်ဗျားတို့ကမျက်စပစ်တော့ ဘုရားခေါင်းခါမှာဘဲ၊ မခါ ဘူးလားခါမှာလား(ခါမှာပါဘုရား)ဘာ့ကြောင့်ဆိုတော့ နာမ်သံ ရုပ်သံ ကြား ရတဲ့ကုသိုလ် ဒီကုသိုလ် အကျိုးများပါတယ်နော်၊ ဒါကနာမ် ဒါကရုပ်ဆိုပြီး တော့ ဣရိယာပထ ပဗ္ဗလေးမျိုးစလုံးမှာ ပြတ်ပြတ်သားသား ကွဲကွဲပြားပြား သိတော့ အကျိုးများတယ်ဆိုတာ ယုံယုံကြည်ကြည်နဲ့ ဆုံးဖြတ်ချက်ချပါ။ ကဲ- ပြောကြပါစို့၊ပုဏ္ဏေးမကြီးက မျက်စပစ်ပြလိုက်တဲ့အခါဂေါတမမြတ်စွာဘုရား က ဘာပြန်ပြလိုက်သလဲ (ခေါင်းခါပြပါတယ်ဘုရား)ဒါနဲ့ ပုဏ္ဏေးမကြီးက ရယ် တယ်။ပုဏ္ဏေးမကြီးကရယ်လိုက်တဲ့အခါကျတော့ ပုဏ္ဏားကြီးကလှည့်ကြည့်တယ်။ လှည့်မကြည့်ဘူးလား လှည့်ကြည့်သလား (ကြည့်ပါတယ်ဘုရား)

ဩော် ဘုရားရှင်ကြွလာသလား ဘုရား၊ တပည့်တော်တို့ကလဲ ထမင်းစား နေတဲ့အချိန် ဖြစ်နေပါတယ်ဘုရား၊ တပည့်တော်တို့ ယမင်းစားနေသည့်အတွက် ကြောင့် ဘယ်လိုမှမတတ်နိုင် ဖြစ်နေပါတယ်ဘုရား၊ အရှင်ဘုရား တပည့်တော် လျှောက်ပါရစေ၊ တပည့်တော်တို့ ယခုစားဆဲဖြစ်နေသည့်အတွက် တပည့်တော် တို့ရဲ့ စားကြွင်းစားကျန်များကို လှူများလှူကောင်းပါ့ရဲ့လားဘုရား၊ မလျှောက် ဘူးလား လျှောက်သလား(လျှောက်ပါတယ်ဘုရား) မြတ်စွာဘုရား ကိုယ်တော် မြတ်ကြီးက ဘာမိန့်တော်မူသလဲဆိုတော့ အသင်ပုဏ္ဏားကြီးတဲ့၊ ငါဘုရားနှင့် တကွ ငါ့ရဲ့တပည့်သာဝကတွေဆိုတာ သူတောင်းစားတွေနဲ့အတူတူဘဲတဲ့၊ ဘာနဲ့ အတူတူတုံး(သူတောင်းစားနဲ့ပါဘုရား)သူတောင်းစားတွေနဲ့အတူတူဘဲလို့ပြော လိုက်တော့ သိဒ္ဓတ္ထမင်းသားဘုရားအမည်ခံတဲ့မင်းသားဟာ တယ်မာန်ချပါလား ဆိုပြီးတော့ပုဏ္ဏားကြီးက မကြည်ညိုဘူးလား ကြည်ညိုသလား(ကြည်ညိုပါတယ် ဘုရား)စကြာစတေးမန္ဓာတ်မင်းတို့ရဲ့ စည်းစိမ်တွေကို လက်လွှတ်ပြီး ဉရုဝေဠ တောမှာ ခြောက်နှစ်ကာလပတ်လုံးကျင့်ကြံပြီးတော့ ဂေါတမဆိုတဲ့ အမည်ရတဲ့ သမ္မာသမ္ဗုဒ္ဓအမည်ရတဲ့မင်းသားတယ်မာန်ကျပါလား၊မြတ်စွာဘုရားက အသင် ပုဏ္ဏားကြီး ငါဘုရားနှင့်တကွ ငါ့ရဲ့တပည့်သာဝကတွေ သူတောင်းစားတွေနဲ့ အတူတူဘဲ၊ စားကြွင်းလှူလဲ အလှူခံကောင်းပါတယ်၊ စားဦးလှူလဲ လှူကောင်း ပါတယ်။ ဒီလိုမိန့်တော်မမူဘူးလား မိန့်တော်မူသလား (မိန့်တော်မူပါတယ် ဘုရား) -

ဒါ့ကြောင့် တို့တကာ တကာမတွေ စားကြွင်းဆိုပြီးမလှူဘဲမနေနဲ့ စေတနာ ပဓာန၊ မလှူရဘူးလား လှူရသလား(လှူရပါတယ်ဘုရား) မလှူကောင်းဘူးလား လှူကောင်းသလား(လှူကောင်းပါတယ်ဘုရား)လှူကောင်းပါတယ်၊စားကြွင်းလဲ

လူကောင်းပါတယ်၊စားလယ်လဲလူကောင်းပါတယ်။ပြီးတော့ ဘာတုံး(စားဦးလဲ လူလဲလူလောင်းပါတယ်)အဲဒီလို မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက မိန့်တော်မူတော့ ပုဏ္ဏားကြီးက ကြည်ညိုမလာဘူးလား ကြည်ညိုလာသလား (ကြည်ညိုလာပါတယ်ဘုရား) အဲဒီလိုဆိုရင် အရှင်ဘုရား ကြွတော်မူပါဘုရား၊ မပင့်ဘူးလား ပင့်သလား(ပင့်ပါတယ်ဘုရား) ပင့်ပြီး သူတို့စားထားတဲ့ အကြွင်းအကျန်လေးကိုသပိတ်ထဲထည့် ပုဏ္ဏားကြီးကကပ်တယ်။မြတ်စွာဘုရားကပ်တော့ မြတ်စွာဘုရားက အလှူခံပြီး အိမ်မှာဘဲ ဆွမ်းဘုဉ်းပေးတယ်၊ ဆွမ်းမဘုဉ်းပေးဘူးလား ဘုဉ်းပေးသလား(ဘုဉ်းပေးပါတယ်ဘုရား)ဆွမ်းလဲ ဘုဉ်းပေးပြီးတာနဲ့ တမြွက်တည်း ပုဏ္ဏားကြီးကမြတ်စွာဘုရားကို လျှောက်ထားပါတယ်၊ အရှင်ဘုရားတဲ့ အရှင်ဘုရား သာသနာတော်မှာ အရှင်ဘုရားရဲ့တပည့်သာဝကတွေကို အရှင်ဘုရားက ဘိက္ခု ဘိက္ခုနဲ့ ခေါ်ပါတယ်ဘုရား၊ ဘိက္ခုဆိုတဲ့အဓိပ္ပါယ်က ဘယ်လိုပါလဲဘုရား) မလျှောက်ဘူးလား လျှောက်သလား (လျှောက်ပါတယ်ဘုရား) ဘိက္ခုဆိုတာ တကာတကာမတွေ ရဟန်းထင်မမှတ်မနေနဲ့၊ဘိက္ခုဆိုတဲ့ အဓိပ္ပါယ်က ချစ်သားချစ်သမီး။ ဘိက္ခုဆိုတဲ့ အဓိပ္ပါယ်ကဘာတုံး (ချစ်သားချစ်သမီးပါဘုရား)ချစ်သားချစ်သမီးလို့ ဟောတာ။ ဘုရားက ဘိက္ခု၊ ဘိက္ခဝေ ဒီလိုခေါ်တယ်။ ချစ်သား ချစ်သမီးတို့လို့ မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ်ဘုရား)

မြတ်စွာဘုရားကိုယ်တော်မြတ်က ငါဘုရားသည် ငါ့ရဲ့တပည့်သာဝကတွေကို ဘိက္ခု ဘိက္ခုလို့ ခေါ်တာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ငါဘုရားခေါ်သည်မဟုတ်၊ နာမ်တရားဘဲ ရုပ်တရားဘဲလို့ သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာ နာမ်တရားဘဲ ရုပ်တရားဘဲလို့ ပိုင်းပိုင်းခြားခြားသိတဲ့ ပုဂ္ဂိုလ်ကို ငါဘုရားသည် ဘိက္ခုလို့ ခေါ်တယ်။ မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ်ဘုရား) နာမ်တရား ရုပ်တရားသိတဲ့ပုဂ္ဂိုလ်ကို ဘာခေါ်လိုက်တုံး (ဘိက္ခုလို့ခေါ်ပါတယ်ဘုရား) နာမ်တရား ရုပ်တရားမသိတဲ့ ပုဂ္ဂိုလ်ကို ခင်ဗျားတို့ ဘိက္ခုလို့ ခေါ်လို့ရရဲ့လား(မရပါဘုရား)ချစ်သားဆိုတဲ့စာရင်း၊ ချစ်သမီးဆိုတဲ့ စာရင်းထဲပါပါ့မလား(မပါပါဘုရား) ဒါကြောင့် ခင်ဗျားတို့ ကျုပ်တို့သည် သာသနာတော်နဲ့တွေ့တဲ့အခါ ချစ်သားဆိုတဲ့ စာရင်းထဲမှာ ချစ်သမီးဆိုတဲ့ စာရင်းတွေထဲမှာမပါသင့်ဘူးလား ပါသင့်သလား(ပါသင့်ပါတယ်ဘုရား)ပါသင့်ရင် ဘာနဲ့ဘာ ကွဲကွဲပြားပြားသိရမှာတုံး(နာမ်နဲ့ရုပ်ပါဘုရား)

လူတွေ သတ္တဝါတွေလို့ သိရမှာလား၊ နာမ်ရုပ်လို့ သိရမှာလား (နာမ်ရုပ်လို့ သိရမှာပါဘုရား)နာမ်ရုပ်သာမသိရင်ခင်ဗျားတို့ဘိက္ခုဝေဆိုတဲ့ပုဒ်ထဲပါ့ပါ့မလား (မပါပါဘုရား) မြတ်စွာဘုရားတပည့်သာဝကစာရင်းထဲမပါရင်ဖြင့် မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား) နစ်နာတော့မှာဘဲဗျ။ ဒါ့ကြောင့်

တို့တကာ တကာမတွေ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ် လင်မယားနှစ်ယောက်ကို ငါဘုရားသည် ဘိက္ခုလို့ ဆိုတာက၊ ဤကားနာမ်၊ ဤကား ရုပ်လို့ ကွဲကွဲပြားပြားသိတဲ့ပုဂ္ဂိုလ်ကို ဘိက္ခုလို့ ဒီလိုခေါ်ပါတယ်လို့ မညွှန်ကြား ဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား)

နာမ်တရား ရုပ်တရားတွေ ရှိရှိနေတာ ဖြစ်ဖြစ်နေလို့၊ ဖြစ်ပြီးဘယ်ရောက်၊ (ပျက်ပါတယ်ဘုရား) အဲဒီနာမ်ရုပ်တို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကို အနိစ္စ ဒုက္ခ အနတ္တ လို့ဆက်ဟောလိုက်တော့ ပဋိစ္စသမုပ္ပါဒ်လင်မယားနှစ်ယောက်သည် တထိုင်တည်း နဲ့ အနာဂါမ်တည်တယ်။ မတည်ဘူးလား၊ တည်သလား (တည်ပါတယ်ဘုရား) သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဆိုတော့ ဘယ်နှစ်ဆင့်လောက် ရောက် သွားတုံး ( သုံးဆင့်ပါဘုရား ) သုံးဆင့်မတည်ဘူးလား ( တည်ပါတယ်ဘုရား ) ဘယ်ကုသိုလ်ကြောင့်တည်တာပါလိမ့် (နာမ်သံ ရုပ်သံကြားရတဲ့ ကုသိုလ်ကြောင့် ပါဘုရား) ကြည့်စမ်း တို့တကာတကာမတွေ နာမ်သံ ရုပ်သံကြားရတဲ့ကုသိုလ်က ဘုရားတဆူနဲ့တဆူအကြား အ ပါယ် မ လား တော့ ဘူး။ အပါယ်လားရဲ့လား၊ (မလားပါဘုရား)

ဘုရားတဆူနဲ့တဆူကြား အပါယ်မလားရဘဲ ဘုရားတည်းဟူသော သူတော် ကောင်းတွေနဲ့တွေ့လိုက်တော့လဲ အနာဂါမ်တည်တယ်လို့ဆိုတော့ အကျိုးမများ ဘူးလား၊ များသလား (များပါတယ်ဘုရား) ကုသိုလ်ကနေပြီးတော့ ကုသိုလ် ကျေး ဇူး မ ပြု ဘူး လား၊ ပြုသလား (ပြုပါတယ်ဘုရား) ကဿပ၊ မြတ်စွာဘုရား လက်ထက်ကကြားခဲ့ရတဲ့ ရုပ်သံ နာမ်သံ့ကုသိုလ်က ဂေါတမမြတ်စွာဘုရား ကိုယ် တော်မြတ်ကြီးလက်ထက်တော်အခါကာလမှာ မြတ်စွာဘုရားကလည်း ရုပ်တရား နာမ်တရား အသံမပေးလိုက်ဘူးလား၊ ပေး လိုက် သ လား (ပေး လိုက် ပါ တယ် ဘုရား) အဲဒီလို အသံပေးလိုက်တာနဲ့ တပြိုင်တည်း ရှေးအတိတ်က ပြုလုပ်ခဲ့ရတဲ့ ကုသိုလ်ကကျေးဇူးမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား) အ ကျိုး ပြု ပါ တယ်။ အဲဒီလိုအကျိုးပြုလိုက်တာနဲ့တပြိုင်တည်း ဘာတည်သွားတုံး (အနာဂါမ် ပါဘုရား) ဒါကြောင့်-

ကုသလော ဓမ္မော၊ ကုသလဿ ဓမ္မဿ၊ နတ္ထိ ပစ္စယေန ပစ္စယော။

ကုသလော၊ ကုသိုလ်ဖြစ်သော။ ဓမ္မော၊ တရားသည်။ ကုသလဿ၊ ကုသိုလ် ဖြစ်သော။ ဓမ္မဿ၊ တရားတော်အား။ နတ္ထိပစ္စယေန၊ နတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စ ယော၊ ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ဘာပစ္စည်းတဲ့ တုံး (နတ္ထိပစ္စည်းပါဘုရား) တကာတကာမတွေသတိထားလိုက်ပါ။ ဟို ကဿပ မြတ်စွာဘုရားလက်ထက်တော်အခါကာလက ဒီပဋိစ္စသမုပ္ပါဒ်လင်မယားဟာရုပ်သံ နာမ်သံကြားတဲ့အချိန်က သူ့အဇ္ဈတ္တသန္တာန်ဝယ် နာမ်တရားတွေ ရုပ်တရားတွေ

ကြားရတဲ့ကုသိုလ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒီအချိန်ကနာမ်တရား ရုပ်တရားကို ကြားရတဲ့ ကုသိုလ်တရားက ဒီဂေါတမ သာသနာတော် ထိအောင်ပါရဲ့လား (မပါပါဘုရား)

အဲဒီတုံးက ရုပ်နာမ်ဖြစ်ပြီးတော့ (ပျက်ပါတယ်ဘုရား) ပါရဲ့လား (မပါပါဘုရား) အဲဒီခန္ဓာကနေပြီးတော့ ဒီခန္ဓာထိအောင် ပါရဲ့လား ( မပါပါဘုရား ) သို့သော် အဲဒီကုသိုလ်ခန္ဓာက ဒီဘဝမှာဖြစ်နေတဲ့ ကုသိုလ်ခန္ဓာကိုကျေးဇူးမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား) အဲဒါကြောင့်-

ပုရိမာ ပုရိမာ၊ ကုသလာခန္ဓာ။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုသလာနံ ခန္ဓာနံ၊ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ-ပုရိမာ၊ ရှေးရှေးဖြစ်ကုန်သော၊ ကုသလာခန္ဓာ၊ ကုသိုလ်ခန္ဓာတို့သည် ပစ္ဆိမာနံ-ပစ္ဆိမာနံ၊ နောက်နောက်ဖြစ်ကုန်သော၊ ကုသလာနံ၊ ခန္ဓာနံ၊ ကုသိုလ်ခန္ဓာတို့အား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။ (အနန္တရူပနိဿယ)ပဋ္ဌာန်းဒေသနာတော်ကပြထားပါတယ်။ ယခု တကာတကာမတွေ ခန္ဓာမရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) ဘယ်အချိန်မှာရှိနေတာတုံး။ ထိုင်တိုင်းထိုင်တိုင်း။ ဘယ်အချိန်မှာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ထိုင်တိုင်းထိုင်တိုင်း ခန္ဓာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ခန္ဓာဘယ်နှစ်ပါးရှိတာတုံး (ငါးပါးပါဘုရား) မပြောခဲ့ဘူးလား ပြောခဲ့သလား (ပြောခဲ့ပါတယ်ဘုရား)ဒီခန္ဓာရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တဲ့ခန္ဓာတုံး (ခုမှဖြစ်တဲ့ခန္ဓာပါဘုရား) ခုမှဖြစ်တဲ့ခန္ဓာ။ ဘယ်တုံးကခန္ဓာတုံး (ခုမှဖြစ်တဲ့ခန္ဓာပါဘုရား) ဘယ်အချိန်မှာဖြစ်နေတာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) ခုမှဖြစ်တဲ့ခန္ဓာဆိုတော့ ခုနကဖြစ်တဲ့ခန္ဓာရှိသေးရဲ့လား (မရှိတော့ပါဘုရား)

သို့သော်ခုနကဖြစ်တဲ့ခန္ဓာကခုမှဖြစ်တဲ့ခန္ဓာကိုကျေးဇူးမပြုဘူးလား၊ပြုသလား (ပြုပါတယ်ဘုရား) မရှိဘဲနဲ့ကျေးဇူးပြုတာ။ ရှိပြီးကျေးဇူးပြုတာလား၊ မရှိဘဲနဲ့ကျေးဇူးပြုတာလား (မရှိဘဲနဲ့ကျေးဇူးပြုတာပါဘုရား) ကုသိုလ်ခန္ဓာလား အကုသိုလ်ခန္ဓာလား (ကုသိုလ်ခန္ဓာပါဘုရား) ကုသိုလ်ခန္ဓာတွေ၊ ခုဘချိန်နဲ့တချိန် တူသေးရဲ့လား (မတူပါဘုရား) ခုနကခန္ဓာ ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) ဘယ်တုံးကခန္ဓာတုံး (ခုမှဖြစ်တဲ့ခန္ဓာပါဘုရား) ကုသိုလ်နဲ့ယှဉ်တဲ့ခန္ဓာလား၊ အကုသိုလ်နဲ့ယှဉ်တဲ့ခန္ဓာလား (ကုသိုလ်နဲ့ယှဉ်တဲ့ခန္ဓာပါဘုရား)

ကုသိုလ်နဲ့ယှဉ်တဲ့ခန္ဓာတွေ မဖြစ်ဘူးလား၊ ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား) အချိန်တိုင်းအချိန်တိုင် း ဘယ်အချိန်မှာတုံး (ထိုင်တိုင်း ထိုင်တိုင်းမှာပါဘုရား) ထိုင်တိုင်·တိုင်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာပါးပါးရှိ

တာလား ( ခန္ဓာငါးပါးရှိတာပါဘုရား ) ရှိတာဘာလို့ရှိနေတာပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ခန္ဓာငါးပါး။ ကုသိုလ်ခန္ဓာလား၊ အကုသိုလ်ခန္ဓာလား (ကုသိုလ်ခန္ဓာပါဘုရား) ဒါဖြင့် ခုနဖြစ်တဲ့ကုသိုလ်ခန္ဓာ ရှိသေးရဲ့လား (မရှိပါဘုရား) မရှိဘဲနဲ့ကျေးဇူးပြုသလား၊မပြုဘူးလား(ပြုပါတယ်ဘုရား) မရှိဘဲနဲ့ကျေးဇူးပြုသည့်အတွက်ကြောင့် ဘာပစ္စည်းတုံး (နတ္ထိပစ္စည်းပါဘုရား) နတ္ထိပစ္စည်း။

ဒါ့ကြောင့် ရှေးရှေးခန္ဓာက နောက်နောက်ခန္ဓာကို ကျေးဇူးမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား) ပဌာန်းဒေသနာတော်က–

\+ **ပုရိမာ-ပုရိမာ ကုသလာခန္ဓာ၊ ပစ္ဆိမာနံ-ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊**

ပုရိမာ-ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော၊ ခုနကခန္ဓာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်တုံးကခန္ဓာတုံး (ခုမှဖြစ်တဲ့ခန္ဓာပါဘုရား) ပုရိမာ-ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော၊ ခုနကဖြစ်တဲ့ခန္ဓာက ရှေးရှေးမှာဖြစ်ခဲ့တာဘဲ၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ကျေးဇူးမပြုဘူးလား၊ ပြုရဲ့လား (ပြုပါတယ်ဘုရား) ပုရိမာပုရိမာ၊ ရှေး၌ဖြစ်ကုန်သော၊ ကုသလာ ခန္ဓာ၊ ကုသိုလ်ခန္ဓာတို့သည်၊ ပစ္ဆိမာနံ-ပစ္ဆိမာနံ၊ နောက်နောက်ဖြစ်ကုန်သော။ ကုသလာနံ၊ ခန္ဓာနံ၊ ကုသိုလ်ခန္ဓာတို့ကို၊ဘာပစ္စည်းနဲ့ကျေးဇူးပြုတာတုံး(ဥပနိဿယပစ္စည်းနဲ့ပါဘုရား) ဥပနိဿယပစ္စယေန၊ ဥပနိဿယပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏၊ ကျေးဇူးမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား)

ပဉ္စဂ္ဂပဏ္ဏာသလင်မယားနှစ်ယောက် ကုသိုလ်ခန္ဓာတွေကနေပြီးတော့ ရှေးရှေးကုသိုလ်ခန္ဓာက နောက်နောက်ကုသိုလ်ခန္ဓာတွေကို ကျေး ဇူး မ ပြု ဘူး လား၊ ပြုသလား (ပြုပါတယ်ဘုရား)

ရှေးရှေးကုသိုလ်ခန္ဓာက တကာတကာမတွေ ရုပ်သံ နာမ်သံ ကြားရတယ်၊မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးနဲ့ တွေ့လိုက်တဲ့အခါကျတော့ ဘိက္ခုဆိုတဲ့ အဓိပ္ပါယ်ကို ရှင်းလိုက်သည်နှင့် တပြိုင်နက်ဘာခန္ဓာပြန်ဖြစ်တာတုံး(ကုသိုလ်ခန္ဓာပါဘုရား)

ကုသိုလ်ခန္ဓာ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘာကုသိုလ်ခန္ဓာအထိအောင် ရသွားသလဲ(အနာဂါမ်ခန္ဓာပါဘုရား) ဘယ်ရောက်သွားတုံး

\+ ပဋ္ဌာနပါဠိတော် ပဉ္စဝါရ ဥပနိဿယ

(အနာဂါမ်ခန္ဓာပါဘုရား)ကြည့်စမ်း၊ ရုပ်သံ နာမ်သံ ကြားရတဲ့ ကုသိုလ်ခန္ဓာက မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ တရားကိုနာရတော့ အနာဂါမ်တည်တဲ့ ကုသိုလ်ခန္ဓာကို ကျေးဇူးမပြုဘူးလား၊ ပြုသလား(ပြုပါတယ်ဘုရား)ဘာကျေးဇူးပြုတာတုံး (ဥပနိဿယပစ္စည်းပါဘုရား) ဥပနိဿယပစ္စယေန၊ အနန္တရူပနိဿယပစ္စယ၊ သတ္တိဖြင့် ပစ္စယော၊ဥပကာရကော၊ကျေးဇူးပြုသည်၊ဟောတိ၊ဖြစ်၏။

အကျိုး မများဘူးလား၊ များသလား (များပါတယ်ဘုရား) ဒါကြောင့် တကာ တကာမတွေလဲ ဒီခန္ဓာ ကတော့ ဖြစ်ပြီး ဘယ်ရောက်တုံး (ပျက်ပါတယ်ဘုရား) ဖြစ်ပြီ.ပျက်ဘာဘဲ၊ သို့သော် ဒီကုသိုလ်ခန္ဓာက နောက် ကုသိုလ်ခန္ဓာကို ကျေးဇူး ပြုဘူးလား၊ပြုသလား(ပြုပါတယ်ဘုရား)

ရှိပြီးကျေးဇူးပြုတာလား၊ မရှိဘဲနဲ့ကျေးဇူးပြုတာလား (မရှိဘဲနဲ့ကျေးဇူးပြုတာပါဘုရား)မရှိဘဲနဲ့ကျေးဇူးပြုတာကိုဘာပစ္စည်းပါလိမ့် (ဥပနိဿယပစ္စည်းပါဘုရား)ဥပနိဿယပစ္စည်း မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ဥပနိဿယပစ္စည်းနဲ့ ယခုကျေးဇူးမပြုဘူးလား၊ ပြုသလား(ပြုပါတယ်ဘုရား)

ပြုလိုက်တော့ အနာဂါမ်တည်သွားတယ်ဆိုကြပါစို့။ဒီတော့ တို့တကာတကာမတွေ သာသနာတော်နဲ့ တွေ့တဲ့အခါ နာမ်တရားရုပ်တရားသိတဲ့ ကုသိုလ်ဖြင့် မရရင် မဖြစ်တော့ပါလားလို့ ပေါ်မလာဘူးလား၊ ပေါ်လာသလား(ပေါ်လာပါတယ်ဘုရား)မသိရင်ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)မသိရင် တကာတကာမတွေ သာသနာတော်နှင့်လဲတွေ့ပါလျက်သားနဲ့ ရုပ်တရားနာမ်တရားမှမသိဘဲနဲ့အသေက ဦးသွားရင် မနစ်နာဘူးလား၊ နစ်နာသလား(နစ်နာပါတယ်ဘုရား) နစ်နာမှာဘဲ၊ ဗရမ်းဗတာဖြစ်မှာဘဲ၊ဗရမ်းဗဘာမဖြစ်ဘူးလား ဖြစ်မှာလား(ဖြစ်မှာပါဘုရား) ဗရမ်းဗဘာဆိုတာ ကျချင်တဲ့နေရာကျမှာ ဝိနိပါတိကဘေး၊ ဘာဘေးတဲ့တုံး(ဝိနိပါတိကဘေးပါဘုရား)

ဝိနိပါတိကဘေးဆိုတာ ဗရမ်းဗတာဘေး၊ ဗရမ်းဗတာဘေးဆိုတာ သေချာပေါက်ပြောလို့ရရဲ့လား(မရပါဘုရား) ငရဲတိရိစ္ဆာန် ပြိတ္တာ အသူရကာယ် ကျချင်ကျမယ်၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ကျချင်လဲကျမယ်။ သေချာပေါက်ပြောလို့ရမလား (မရပါဘုရား) ဘာပြုလို့သေချာပေါက်ပြောလို့မရတာလဲ (နာမ်ရုပ်မသိလို့ပါဘုရား) ဘယ်အချိန်မှာ မသိတာတုံး (သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာပါဘုရား)

အဲဝိနိပါတိကဘေးကြီးနဲ့သေသွားရင် မနစ်နာဘူးလား၊နစ်နာသလား(နစ်နာပါတယ်ဘုရား) သာသနာတော်နဲ့ တွေ့တဲ့အခါမှာဖြင့် သေချာပေါက်လုပ်ငန်းဆိုတာ ဘာကုသိုလ်ဘာလိမ့် (နာမ်တရားရုပ်တရားသိရတဲ့ကုသိုလ်ပါဘုရား) ဒီကုသိုလ်သည် ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ ပယ်တာ၊ ဘာပြုလို့ ဖြစ်ပြီးတဲ့

အကုသိုလ်တွေပယ်သလဲဆိုတော့ မဖြစ်ဘူးသေးတဲ့ကုသိုလ်တွေရလို့၊ ဘာပြုလို့တုံး(မဖြစ်ဘူးသေးတဲ့ကုသိုလ်တွေရလို့ပါဘုရား)

နာမ်တရားရုပ်တရားဆိုတာ ဘယ်တုံးကမှမသိခဲ့ဘူး။ ယခု မသိဘူးလား၊ သိသလား (သိရပါတယ်ဘုရား) သိရတော့ တကာတကာမတွေ တခါမှမသိရဘူးသေးတဲ့ နာမ်တရားရုပ်တရားတွေ ယခုမသိရဘူးလား သိရသလား(သိရပါတယ်ဘုရား) သိရတော့ ကုသိုလ်ကြောင့် ဖြစ်ပြီးတဲ့ အကုသိုလ်တွေ မပယ်ဘူးလား၊ ပယ်သလား(ပယ်ပါတယ်ဘုရား)

ပဥ္စဂ္ဂပုဏ္ဏားလင်မယားနှစ်ယောက်သည် ဒီလိုသေသေချာချာ သိတာမဟုတ်ဘူး၊ နာမ်သံ ရုပ်သံ ကြားရတာနဲ့ ဘုရားတဆူနဲ့တဆူအကြား အပါယ်လေးပါးရောက်သေးရဲ့လား(မရောက်ပါဘုရား)အပါယ်လေးပါးကမလွတ်ဘူးလား၊လွတ်သလား(လွတ်ပါတယ်ဘုရား)နောက် ဘုရားလက်ထက်မှာ အနာဂါမ်တည်သွားတယ်ဆိုတော့ ဒီထက်အကျိုးများတာရှိသေးရဲ့လား (မရှိပါဘုရား) ဒါကြောင့် တကာ တကာမတွေ သာသနာတော်နဲ့တွေ့တဲ့အခါ သေချာပေါက် လုပ်ငန်းကတော့ဖြင့် အေးအေးဆေးဆေး လုပ်ရမှာလား၊ အရေးတကြီး လုပ်ရမှာလား (အရေးတကြီးလုပ်ရမှာပါ ဘုရား) အရေးတကြီးဆိုတာ ခင်ဗျားတို့ ဘာနဲ့ဘာသိရမှာတုံး (နာမ်နှင့်ရုပ်ပါဘုရား) ဘယ်အချိန်မှာ သိရမှာတုံး (သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာပါဘုရား) အဲဒါ ဣရိယာပထပဗ္ဗ ဣရိယာပုတ်လေးပါးနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားတို့ပြောခဲ့ပါတယ်။

ကဲ-တဆင့် တကာ တကာမတွေ သမ္ပဇညအနေနဲ့ ပြောကြပါစို့။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက သမ္ပဇညပဗ္ဗမှာ အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သမ္ပဇာနကာရီ၊ဟောတိ။

အိမ်ကနေ ကျောင်းကို မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား) အဲဒါကအဘိက္ကန္တ၊ ဘာတဲ့တုံး(အဘိက္ကန္တပါဘုရား) ကျောင်းကနေ ခင်ဗျားတို့ ဘယ်ပြန်မှာတုံး (အိမ်ပြန်မှာပါဘုရား) အိမ်ပြန်တာကပဋိက္ကန္တ၊ အိမ်ပြန်တာက ဘာတဲ့တုံး (ပဋိက္ကန္တပါဘုရား) ပဋိက္ကန္တ နောက်ဆုတ်တာ။

ဒီလို ထိုင်တဲ့အခါမှာ ရှေ့သို့ မညွတ်ဘူးလား၊ ညွတ်သလား (ညွတ်ပါတယ်ဘုရား) အဲဒါအဘိက္ကန္တ။ ဒီလိုနောက်ညွတ်လိုက်တာက ပဋိက္ကန္တ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) အဘိက္ကန္တေ၊ ရှေ့သို့ တက်သည်ရှိသော် ပဋိက္ကန္တ၊ နောက်သို့ဆုတ်သည်ရှိသော် သမ္ပဇာနကာရီ၊ပညာဖြင့်ဆင်ခြင်၍ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း ပြုလေ့ရှိသည်၊ဟောတိ၊ဖြစ်၏။

သတိရှိပြီးတော့ ရှေ့သို့တက်ရမှာလား၊ သတိမရှိဘဲနဲ့တက်ရမှာလား (သတိရှိပြီးတော့ တက်ရမှာပါဘုရား) နောက်ဆုတ်တဲ့အခါ သတိရှိပြီးဆုတ်ရမှာလား၊ သတိမရှိဘဲ ဆုတ်ရမှာလား (သတိရှိပြီးဆုတ်ရမှာပါ ဘုရား) ဒါလဲ အဘိက္ကန္တ၊ ပဋိက္ကန္တမရဘူးလား၊ရသလား(ရပါတယ်ဘုရား) အဘိက္ကန္တေ၊ ရှေ့သို့တက်သည်ရှိသော်၊ ဒီဘက်ကိုစောင်းလိုက်၊ ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သည်ရှိသော်၊ ဒီလိုကော မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) ကမ္မဋ္ဌာန်း မလွတ်ပုံ၊ ဘုရားကဟောတော်မူတာ၊

ကမ္မဋ္ဌာနံ ဝိနိမုတ္တောဓမ္မောနာမ နတ္ထိ၊ ကမ္မဋ္ဌာန်းလွတ်တဲ့ တရား ရှိရဲ့လား (မရှိပါဘုရား)ဒါကြောင့် ခင်ဗျားတို့ ရှေ့တက်တဲ့အခါ ဒီလိုလုပ်တာလဲ ရှေ့သို့တက်ခြင်း၊နောက်သို့ဆုတ်ခြင်း မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

ဒီလိုလုပ်တဲ့အခါမှာ တကာတကာမတွေ သတိထားရမှာလား၊ သတိမထားရဘူးလား (သတိထားရမှာပါဘုရား) သတိထားပြီးတော့ ခင်ဗျားတို့ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းလုပ်ပါတော့နော်။

(မှတ်ချက်။ ကိုယ်အမူရာ ပြန်ရှင်းနေသည်။)

သတိမရှိဘဲနဲ့ခင်ဗျားတို့ရှေ့သို့တက်ရင်၊ နောက်သို့ဆုတ်ရင်၊ အမှန်တရားပေါ်ပါ့မလား (မပေါ်ပါဘုရား) နာမ်ရုပ်သိပါ့မလား (မသိပါဘုရား) မသိရင် ခင်ဗျားတို့မဖြစ်ဘူးသေးတဲ့ကုသိုလ်တွေဖြစ်ပါ့မလား (မဖြစ်ပါဘုရား)

ဒါကြောင့် သတိသမာဓိမပါဘဲနဲ့ရပါ့မလား (မရပါဘုရား) သတိ သမာဓိကိုရှေးဦးစွာလုပ်ပါ။ ရှေ့သို့တက်ရင်လဲရှေ့သို့တက်တယ်လို့သိ၊ နောက်သို့ဆုတ်ရင်လဲ နောက်သို့ဆုတ်တယ်လို့သိပါ။ ထိုင်လဲမရဘူးလား၊ ရသလား (ရပါတယ်ဘုရား) သွားရင်ကော (ရပါတယ်ဘုရား) သွားတဲ့အခါလဲ ရှေ့သို့တက်၊ တခါတလေ နောက် လှည့် မကြည့် ဘူး လား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) အဲဒါ နောက်သို့ဆုတ်တာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒီအချိန်အခါမှာ တကာတကာမတွေ ရှေ့သို့တက်ချင်တဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှေ့သို့တက်ချင်တဲ့သဘောက လူလား၊ စိတ်လား (စိတ်ပါဘုရား) ဟိုဣရိယာပထပဗ္ဗပြခဲ့တယ်။ အာနာပါနပဗ္ဗတုံးက မပြခဲ့ဘူးလား (ပြခဲ့ပါတယ်ဘုရား) ဒီလိုမြတ်စွာဘုရားကပြတာ။ အရေးကြီးလို့ပြတာလား၊ အရေးမကြီးလို့ပြတာလား (အရေးကြီးလို့ပြတာပါဘုရား)

ဒါဖြင့် မြတ်စွာဘုရားပြတဲ့အတိုင်း ကျော်ပြ လို့ ရ ရဲ့ လား (မရပါဘုရား) ဒီဒေသနာတော်ကိုတော့ ကုန်အောင်ပြရမှာဘဲ၊ ချန်ထားလို့ရရဲ့လား (မရပါဘုရား) မြတ်စွာဘုရားကမချန်ဘဲနဲ့ ဘုန်းကြီးကချန်ခဲ့လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒါ့ကြောင့် ဒေသနာအစဉ်အားဖြင့် တက်ပေးနေတာပါ။

အဘိက္ကန္တေ၊ ရှေ့သို့တက်သည်ရှိသော်၊ ဒီလိုကော မတက်ဘူးလား၊ (တက်ပါတယ်ဘုရား) ပဋိက္ကန္တေ၊ နောက်သို့ဆုတ်သည်ရှိသော်၊ ဒီလိုကောမဆုတ်ဘူးလား (ဆုတ်ပါတယ်ဘုရား) သမ္ပဇာနကာရီ၊ သတိပညာနဲ့ ဆင်ခြင်၍ ရှေ့သို့တက်ခြင်း ဆုတ်ခြင်းကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

သတိနဲ့ပညာပါရမယ်။ ဘာနဲ့ဘာပါရမတုံး (သတိနဲ့ပညာပါဘုရား) သတိက လူတွေ သတ္တဝါတွေကို ဖေါ်ထုတ်တာလား၊ နာမ်ရုပ်ကို ဖေါ်ထုတ်တာလား၊ (နာမ်ရုပ်ကို ဖေါ်ထုတ်တာပါဘုရား) သတိထားလိုက်တာနဲ့တပြိုင်နက်၊ ဤလို ရှေ့တက်ချင်တဲ့သဘောကဘာတုံး (စိတ်ပါဘုရား) ဤလိုနောက်သို့ဆုတ်ချင်တဲ့ သဘောက (စိတ်ပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ်လိုက်တုံး (လေဖြစ်ပါတယ် ဘုရား)

လေကတကိုယ်လုံးမပျံ့နှံ့ဘူးလား၊ ပျံ့နှံ့သွားသလား (ပျံ့ နှံ့ သွား ပါ တယ် ဘုရား) လေဖြစ်လိုက်တာနဲ့တပြိုင်နက် ဒီအမူအယာ မဖြစ်ဘူးလား၊ ဖြစ်သလား၊ (ဖြစ်ပါတယ်ဘုရား) ဒီအမူအရာကဝိညတ်ရုပ်။ ဘာဝိညတ်ရုပ်တုံး (ကာယဝိညတ်ရုပ်ပါဘုရား) ဒီအမူအရာက ဘယ်သူ့သတ္တိကြောင့်ဖြစ်တာတုံး (လေ့ရဲ့သတ္တိပါဘုရား) ဒီလေကလဲဘယ်သူ့ကြောင့်ဖြစ်တာတုံး (စိတ်ရဲ့သတ္တိကြောင့်ပါဘုရား) စိတ်အမျိုးမျိုးတွေကြောင့် လေအမျိုးမျိုးတွေ၊ လေအမျိုးမျိုးတွေကြောင့် ဘာတုံး (အမူအရာအမျိုးမျိုးတွေပါဘုရား) အမူအရာအမျိုးမျိုးတွေ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) ဒီလိုဖြစ်လိုက်။ ဒီလိုဖြစ်လိုက်၊ ဒီလိုဖြစ်လိုက်၊ ဒါဘယ်သူ့ရဲ့သတ္တိတုံး (လေ့ရဲ့သတ္တိပါဘုရား) မှတ်ချက်။ (အမူအရာပြုလုပ်၍ပြသည်)

လေကတူရဲ့လား (မတူပါဘုရား) ဘာမတူလို့တုံး (စိတ်မတူလို့ပါဘုရား) စိတ်မတူတော့ဘာတုံး (လေမတူပါဘုရား) လေမတူတော့ အမူအရာကလဲမတူ၊ အမူအရာမတူတော့ ခင်ဗျားတို့ ပညတ်တွေ ခေါ်တာကော တူရဲ့လား (မတူပါဘုရား) ပညတ်တွေ ထွက်မလာဘူးလား၊ ထွက်လာသလား (ထွက်လာပါတယ်ဘုရား) အော်-စိတ်သဘောနဲ့လေသဘောကြောင့်၊ စိတ်ကဘာတရားလဲ (နာမ်တရားပါဘုရား) လေကကောဘာတရားတုံး (ရုပ်တရားပါဘုရား) ရှေ့ညွှတ်တာလား၊ နာမ်ရုပ်လား (နာမ်ရုပ်ပါဘုရား) ရှေ့ညွှတ်တယ်ထင်ရင်ဒိဋ္ဌိ၊ နောက်ညွှတ်တယ်ထင်ရင်ကော (ဒိဋ္ဌိပါဘုရား) ရှေ့တက်တယ်ထင်ရင် (ဒိဋ္ဌိပါဘုရား)နောက်ဆုတ်ဘယ်ထင်ရင် (ဒိဋ္ဌိပါဘုရား) ဘာနဲ့ဘာတုံး (နာမ်နဲ့ရုပ်ပါဘုရား) တနည်း စိတ်နဲ့လေ။

ရှေ့တက်တဲ့အခါမှာလဲဘာနဲ့ကာ(စိတ်နဲ့လေပါဘုရား) နောက်ဆုတ်တဲ့အခါကော (စိတ်နဲ့လေပါဘုရား) စိတ် နဲ့ လေ မ ရှိ ဘူး လား၊ ရှိသလား (ရှိပါတယ်ဘုရား) လူတွေ သတ္တဝါတွေရှိတာလား၊ စိတ်နဲ့လေရှိတာလား (စိတ်နဲ့လေရှိတာ

ပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှေ့တက်တဲ့အခါ (ခုမှဖြစ်တဲ့စိတ်နဲ့လေ-ခုမှဖြစ်တဲ့စိတ်နဲ့လေ) နောက်ဆုတ်တဲ့အခါကော (ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှဖြစ်တဲ့စိတ်နဲ့လေ) ဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဒါကို ခင်ဗျားတို့ မရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား (ရှင်း ခဲ့ပါ တယ်ဘုရား)

ခင်ဗျားတို့နာမရူပပရိစ္ဆေဒဉာဏ်ဦးလိုက်တာနဲ့တပြိုင်နက် သက္ကာယပေါ်မှာ ဒိဋ္ဌိလာသေးရဲ့လား (မလာပါဘုရား) သက္ကာယဒိဋ္ဌိမကွာဘူးလား၊ ကွာသလား (ကွာပါတယ်ဘုရား) သက္ကာယဒိဋ္ဌိကွာတော့ အပါယ်လေးပါးကမလွတ်ဘူးလား လွတ်သလား (လွတ်ပါတယ်ဘုရား) ဘုရားတဆူနဲ့တဆူကြားတောင် မဟုတ်ပါဘူးဗျ။ သက္ကာယဒိဋ္ဌိပြုတ်သွားရင်တကာတကာမတွေ့ဒီသာသနာတော်မှာနိဗ္ဗာန်မဝင်နိုင်ဘူးလား၊ ဝင်နိုင်သလား (ဝင်နိုင်ပါတယ်ဘုရား)

အခုပြုတ်တာက ခဏပြုတ်တာလား၊ ကြာကြာပြုတ်တာလား (ခဏပြုတ်တာပါဘုရား) ခဏပြုတ်တာလဲခင်ဗျားတို့အထင်မသေးလိုက်ပါနဲ့။ ဘုရားတဆူနဲ့တဆူအကြားဘာတဲ့တုံး (အပါယ်မလားပါဘုရား) ပဉ္စဂ္ဂပုဏ္ဏားလင်မယားကို ကြည့်လိုက်ရင် တကာတကာမတွေ့ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)ဘယ်အချိန်မှာ ခင်ဗျားတို့ နာမ်နဲ့ရုပ်ရှုရမှာတုံး (ရှေ့သို့တက်တဲ့အခါ နောက်သို့ဆုတ်တဲ့အခါပါဘုရား) အဲဒီအချိန်မှာရှုပါတော့၊ ဒီလောက်ဆိုရင် အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သိရှေပေါ့ဗျ။

ကဲ နောက်တဆင့်ပြောကြပါစို့။

အာလောကိတေ ဝိလောကိတေ သမ္ပဇာန ကာရီဟောတိ။

အာလောကိတေ၊ တည့်တည့်ကြည့်သည်ရှိသော်။ မ ကြည့် ဘူး လား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) ဘုန်းကြီးကကြည့်တာ ဟုတ်ရဲ့လား၊ မဟုတ်ဘူးနော်၊ ကြည့်ပြောရတာဘဲ။

အာလောကိတေ၊ တည့်တည့်ကြည့်သည်ရှိသော်။ ဝိလောကိတေ၊ တစောင်းကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ရှုဆင်ခြင်၍။ တည့်တည့်ကြည့်မှု၊ တစောင်းကြည့်မှုကိုပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။တည့်တည့်ကြည့်တဲ့အခါတည့်တည့်ကြည့်တယ်လို့သိရမယ်။ စိုက်ကြည့်ရင်စိုက်ကြည့်တယ်၊ မျက်စောင်းထိုးရင်မျက်စောင်းထိုးတယ်လို့ခင်ဗျားတို့သိ၊ ပထမသိရမှာသတိထားလိုက်၊ စိုက်ကြည့်ရင် စိုက်ကြည့်ဘယ်၊ မျက်စောင်းထိုးရင် မျက်စောင်းထိုးတယ်။

အဲဒီတော့ တဆင့်တက်လိုက်။ တကာတကာမတွေ့ မျက်စောင်းထိုးတာ ရှိရဲ့လား (မရှိပါဘုရား) စိုက်ကြည့်တာကောရှိရဲ့လား (မရှိပါဘုရား) စိုက်ကြည့်ချင်တယ်ဆိုတဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ပြောလို့ရရဲ့လား (မရပါဘုရား) စိုက်ကြည့်ချင်တဲ့သဘောက လူလား၊ စိတ်လား၊ (စိတ်ပါဘုရား) စိတ်မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)

စိတ်ဖြစ်တော့ဘာဖြစ်တုံး (လေပါဘုရား) လေဖြစ်တော့ ဖွင့်ကြည့်တဲ့ အမူအရာကလေးမဖြစ်လာဘူးလား ဖြစ်လာသလား(ဖြစ်လာပါတယ် ဘုရား)လေက အထက်မျက်လွှာကို တွန်းပေးလိုက် အောက်မျက်လွှာကို ဖိပေးတော့ ဖွင့်တဲ့အမူအရာပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)ဘယ်သူ့သတ္တိတုံး(လေရဲ့သတ္တိကြောင့်ပါဘုရား)မျက်စိက မှိတ်မသွားဘူးလား(မှိတ်သွားပါတယ်ဘုရား)ဘယ်သူ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား) မှိတ်ချင်တာက ဘာတုံး (စိတ်ပါဘုရား)စိတ်ဖြစ်တော့ ဘာဖြစ်တုံး(လေပါဘုရား)လေဖြစ်တော့ အပေါ်ကမျက်လွှာကိုဖိချလိုက် အောက်မျက်လွှာကို အထက်သို့ ပင့်ပေးလိုက်တယ်။ ဘယ်သူ့ရဲ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား)

လေကလူလားရုပ်လား(ရုပ်ပါဘုရား)ဘယ်သူ့သတ္တိ (လေရဲ့သတ္တိပါဘုရား) ဒီမျက်စိဖွင့်လိုက်မှိတ်လိုက်နဲ့ ဟုတ်တယ် မဟုတ်လား၊ ဖွင့်လိုက် မှိတ်လိုက်နဲ့ မလုပ်ဘူးလား လုပ်သလား(လုပ်ပါတယ်ဘုရား)ဒါက ခင်ဗျားတို့က ငါဖွင့်ချင်လို့ဖွင့်တယ်လို့ထင်တယ်၊ အမှန်ကဘာသဘောနဲ့ ဘာသဘောတုံး(စိတ်သဘောနဲ့ လေသဘောပါဘုရား) ဘယ်စက်ယန္တရားနဲ့ လာဖွင့်ရသေးသလဲ (မဖွင့်ရပါဘုရား) ကြည့်ချင်တယ်၊ စိုက်ကြည့်ချင်တယ်ဆိုတဲ့သဘောက ဘာတဲ့တုံး(စိတ်ပါဘုရား) စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်နက် ဘာဖြစ် (လေဖြစ်ပါတယ်ဘုရား) လေဖြစ်လိုက်တာနဲ့ တပြိုင်နက် အထက်မျက်လွှာကို လေကတင်ပေးလိုက်တယ်၊ အောက်မျက်လွှာကို ဖိပေးလိုက်တော့ ဖွင့်တဲ့အမူအရာ ပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)ဖွင့်တဲ့ အမူအရာက ဝိညတ်ရုပ်၊ ဘာရုပ်တုံး(ဝိညတ်ရုပ်ပါဘုရား)ဖွင့်တဲ့အမူအရာကိုကြည့်ရမှာလား စိတ်နဲ့လေကိုကြည့်ရမှာလား(စိတ်နဲ့လေကိုကြည့်ရမှာပါဘုရား)

စိတ်က ဘာဘုရား (နာမ်တရားပါဘုရား) လေကဘာတရား (ရုပ်ဘုရားပါဘုရား)နာမ်ရုပ်ကိုကြည့်ရမှာလား မျက်လုံးဖွင့်တဲ့ အမူအရာကို ကြည့်ရမှာလား (နာမ်ရုပ်ကိုကြည့်ရမှာပါဘုရား) နာမ်ရုပ်ကို ရှုရမှာလား ဒီအမူအရာကြီးကိုရှုရမှာလား(နာမ်ရုပ်ကိုရှုရမှာပါဘုရား)အမူအရာကိုရှုလိုက်ရင် ငါစိုက်ကြည့်တာဘဲ ခင်ဗျားတို့လာတော့မှာဘဲ ဒေါသတွေ မသောင်းကျန်းလာဘူးလား သောင်းကျန်းလာသလား (သောင်းကျန်းပါတယ်ဘုရား) လောဘတွေ မသောင်းကျန်း

လာဘူးလား(လာပါတယ်ဘုရား) သောင်းကျန်း လာတော့မှာဘဲ၊ ဘာပြုလို့လဲ ဆိုတော့ အမှန်ကိုမမြင်လို့၊ဘာပြုလို့တုံး(အမှန်ကိုမမြင်လို့ပါဘုရား) အမှန်က လူတွေသတ္တဝါတွေလား စိတ်သဘောနဲ့ လေသဘောလား (စိတ်သဘောနဲ့ လေ သဘောပါဘုရား )

ဘယ်အချိန်မှာတုံး (စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း မှာပါဘုရား)စိုက်ကြည့်တိုင်းစိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်းထိုးတိုင်း ဘယ် သဘောတွေရှိတာတုံး(စိတ်နဲ့လေသဘောပါဘုရား)စိတ်က ဘာတရားတုံး(နာမ် တရားပါဘုရား)လေကဘာတရား (ရုပ်တရားပါဘုရား) နာမ်ရုပ်ဖြစ်တာကို ဖွင့် တယ်လို့ခေါ်တာ ဖွင့်တာရှိရဲ့လား (မရှိပါဘုရား) စိုက်ကြည့်တာ ရှိရဲ့လား(မရှိ ပါဘုရား)မျက်စောင်းထိုးတာ ရှိရဲ့လား (မရှိပါဘုရား) ဒါ့ကြောင့် အဋ္ဌကထာ ဆရာက ဒီနေရာမှာဘယ်လိုပြထားသလဲဆိုရင်။

\+ အဗ္ဘန္တရေ အတ္တာနာမ အာလောကေတာ ဝါ၊ ဝိလောကေတာ ဝါ နတ္ထိ။ ဠတိစိတ္တကိရိယာဝါယောဓာတု ဝိပ္ဖါရဝသေနေဝ၊ ပဟေဋ္ဌိပံအက္ခိဒလံ၊ အဓောသိဒတိ၊ဥပရိမံ ဥဋ္ဌံ၊ လင်္ဃေတိ။ ကောစိယန္တကေနဝိဝရန္တောနမာ နတ္ထိ။ တတော စက္ခုဝိညာဏံ၊ ဒဿနကိစ္စံ သာဓေန္တံ ဥပ္ပဇ္ဇတိတိ။

အဋ္ဌကထာဆရာတော်ကြီးက ရှင်းရှင်းလင်းလင်းဖွင့်မထားဘူးလား ဖွင့်ထား သလား (ဖွင့်ထားပါတယ်ဘုရား) အဗ္ဘန္တရေ၊ ရုပ်နာမ်တွင်း၌။ ဒီလိုစိုက်ကြည့် ချင်တဲ့သဘောကဘာတုံး(စိတ်ပါဘုရား)စိတ်ဟာ လူလား နာမ်လား (နာမ်ပါ ဘုရား)ကြည့်လိုပြုချင်တဲ့သဘောက စိတ်လား ငါလား (စိတ်ပါဘုရား) အဲဒီစိတ် ဆိုတဲ့ နာမ်တရားထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေပါရဲ့လား(မပါပါ ဘုရား)(အဗ္ဘန္တရေ)နာမ်ရုပ်တွင်း၌ စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်နက် ဘာဖြစ်တုံး (လေပါဘုရား) ဒီအမှုအရာ မပေါ်လာဘူးလား ပေါ်လာသလား (ပေါ်လာ ပါတယ်ဘုရား)ဒီအမှုအရာ ဘယ်သူ့ရဲ့ သတ္တိတုံး (လေရဲ့သတ္တိပါဘုရား)အဲဒီလေ ထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား (မပါပါဘုရား)မပါဘူး။ အဗ္ဘန္တရေ၊ ရုပ်နာမ်တွင်း၌။ ဖွင့်တိုင်း စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း ထိုးတိုင်း၌ အဲဒီအချိန်အခါမှာ လူတွေ သတ္တဝါတွေ ရှိတာလား နာမ်ရုပ်ရှိတာ လား (နာမ်ရုပ်ရှိတာပါဘုရား) အဲဒီနာမ်ရုပ်အတွင်းထဲမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါပါရဲ့လား (မပါပါဘုရား)

အဗ္ဘန္တရေ၊နာမ်ရုပ်အတွင်း၌၊ အတ္တာနာမ၊ ငါ့သူတပါးယောကျ်ားမိန်းမ မည် သည်။ နတ္ထိ မရှိဘူး၊ အာလောကေတာ ဝါ၊ စိုက်ကြည့်တတ်တဲ့ သူသည်ရင်း၊

---

\+ မူလပဏ္ဏာသ၊ ၄၊ ၃၊ နှာ ၂၆၆

ဝိလောကေတာဝ၊ တစောင်းကြည့်တတ်တဲ့ သူသည်ဋင်း၊ နတ္ထိ၊ မရှိ။ တစောင်းကြည့်တဲ့ပုဂ္ဂိုလ်ရှိရဲ့လား(မရှိပါဘုရား) မျက်စောင်းထိုးတဲ့ ပုဂ္ဂိုလ်ကော ရှိရဲ့လား (မရှိပါဘုရား) စိုက်ကြည့်တဲ့ပုဂ္ဂိုလ် ရှိတယ်လို့ ထင်နေလို့ ဒုက္ခများတာ မျက်စောင်းထိုးတဲ့သူရှိတယ်ထင်နေလို့ ခင်ဗျားတို့ ဘာဖြစ်တာတုံး (ဒုက္ခများတာပါဘုရား)မဆိုထိုက်ဘူးလားဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)စိုက်ကြည့်တာရှိရဲ့လား(မရှိပါဘုရား) မျက်စောင်းထိုးတာကော ရှိရဲ့လား (မရှိပါဘုရား)အဌကထာဆရာက တာမှမရှိပါဘူးတဲ့။ အာလောကေတာဝ၊ စိုက်ကြည့်တတ်သော သူသည်ဋင်း။ ဝိလောကေတာဝ၊ တစောင်းကြည့်တတ်တဲ့သူသည်ဋင်း။ နတ္ထိ၊ မရှိပါ၊ ရှိရဲ့လား(မရှိပါဘုရား) မရှိဘူး။

ဇုတိ၊ ဤသို့။ စိတ္တကိရိယဝါယောဓာတုဝိပ္ဖာရဝသေနဝ၊ စိတ်သည် ပြုပြင်အပ်သော လေသဘောပျံ့နှံ့ခြင်းကြောင့်သာလျှင်။ ဟေဋ္ဌိမံ၊ အောက်ဖြစ်သော။ အက္ခိဒလံ၊ မျက်လွှာပြင်သည်။ အဓော၊ အောက်သို့။ သီဒတိ၊ နစ်၏(ဝါ)ချ၏။ မချဘူးလား ချသလား (ချပါတယ် ဘုရား) ဘယ်သူ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား)လေကပိပေးလိုက်တာပါတဲ့။ လူတွေ သတ္တဝါတွေ ပါရဲ့လား (မပါပါဘုရား)ရှိရဲ့လား(မရှိပါဘုရား) ဘယ်သူ့ရဲ့သတ္တိ (လေရဲ့သတ္တိပါဘုရား)

ဥပရိမံ၊ အထက်ဖြစ်သောမျက်လွှာပြင်သည်၊ ဥဒ္ဓံ၊ အထက်သို့။ လင်္ဃေတိ၊ ကြွ၏၊ (ဝါ) တက်၏။ အထက်မျက်လွှာပြင်ကို ဘယ်သူကတင်ပေးလိုက်တာတုံး (လေကပါဘုရား) လေရဲ့သတ္တိ၊ ဖွင့်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဟုတ်ဘူးဗျ။ ဒါကြောင့် ဥပရိမံ၊ အထက်ဖြစ်သောမျက်လွှာပြင်သည်။ ဥဒ္ဓံ၊ အထက်သို့။ လင်္ဃေတိ၊ ကြွ၏။ ကောစိ၊ တစုံတယောက်သောသူက။ ယန္တကေန၊ စက်ယန္တယားဖြင့်။ ဝိဝရန္တော နာမ၊ ဖွင့်လှစ်သောသူမည်သည်။ နတ္ထိ၊ မရှိ။

ဘယ်သူက ဒီမျက်လုံးကို လာဖွင့်ပေးတာရှိရဲ့လား (မရှိပါဘုရား) ဘယ်သူ့သတ္တိနဲ့ဘယ်သူ့သတ္တိတုံး (စိတ်နဲ့လေပါဘုရား)ဤလိုစိုက်ကြည့်ချင်တဲ့သဘောကဘာတုံး (စိတ်ပါဘုရား) စိတ်ဖြစ်လိုက်တာနဲ့တပြိုင်နက်ဘာဖြစ် (လေဖြစ်တာပါဘုရား) အဲဒီတော့ ဒီဖွင့်တဲ့အမှုအရာ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဖွင့်တဲ့အမှုအရာကိုရှုရမှာလား၊ စိတ်သဘောနဲ့လေသဘောကိုရှုရမှာလား (စိတ်သဘောနဲ့လေသဘောကိုရှုရမှာပါဘုရား) စိတ်သဘောနဲ့လေသဘော။ စိတ်နဲ့လေဖြစ်တာကိုကြည့်တယ်လို့ခေါ်တာ။ ကြည့်တာရှိရဲ့လား၊ (မရှိပါဘုရား) စိတ်နဲ့လေဖြစ်တာကိုမျက်စောင်းထိုးတယ်။ မျက်စောင်းထိုးတာရှိရဲ့လား (မရှိပါဘုရား) မျက်စောင်းထိုးတယ်လို့ထင်နေလို့၊ စိုက်ကြည့်တယ်ထင်နေလို့၊ လောဘ ဒေါသ မောဟတွေသောင်းကျန်းတယ်။

ဣဿာမစ္ဆရိယတွေသောင်းကျန်းတယ်။ အမုန်မြင်လို့သောင်းကျန်းတာလား အမုန်မမြင်လို့ သောင်းကျန်းတာလား ( အမုန်မမြင်လို့ သောင်းကျန်းတာပါ ဘုရား) အမုန်က ကြည့်တိုင်းကြည့်တိုင်းမှာ စိုက်ကြည့်တိုင်းစိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်းမျက်စောင်းထိုးတိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ်သဘော လေသဘောရှိတာလား (စိတ်သဘောလေသဘောရှိတာပါဘုရား)

ငြင်းကြည့်စမ်းပါ၊ ငြင်းလို့ရရဲလား ( မရပါဘုရား ) တကာ တကာမတွေ ဘယ်အချိန်မှာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) ဘာတွေရှိတာတုံး (စိတ်နဲ့လေပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ ရှိနေတာပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) (ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှဖြစ်တဲ့စိတ်နဲ့လေ) မျက်စောင်းထိုးတဲ့အခါမှာကော (ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှဖြစ်တဲ့စိတ်နဲ့လေ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိ အားဖြင့် ( ဒိဋ္ဌိဝိသုဒ္ဓိ ) ပရိညာအားဖြင့် (ဉာတပရိညာ) မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) တကာ တကာမတွေ ဘယ်အချိန်မှာရှုရမှာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) နှစ်ချက်နော်။

အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီဟောတိ။

ဒီဒေသနာတော်နဲ့မညီဘူးလား၊ ညီသလား(ညီပါတယ်ဘုရား)အာလောကိတေ၊တည့်တည့်ကြည့်သည်ရှိသော်၊ ဝိလောကိတေ၊ တစောင်းကြည့်သည်ရှိသော် မကြည့်ဘူးလား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) ဒီအချိန်မှာ ကမ္မဋ္ဌာန်းဖြစ်ပြီးတော့ကြည့်ရမှာလား၊ကမ္မဋ္ဌာန်းမဖြစ်ဘဲနဲ့ကြည့်ရမှာလား (ကမ္မဋ္ဌာန်းဖြစ်ပြီးတော့ကြည့်ရမှာပါဘုရား)ကမ္မဋ္ဌာန်းဦးဆောင်ပြီးတော့စိုက်ကြည့်ရင်ကုသိုလ် မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ကုသိုလ်ခန္ဓာဖြစ်ရင် ကုသိုလ်ခန္ဓာဘဲ၊ ကျေးဇူးမပြုဘူးလား၊ ပြုသလား (ပြုပါတယ်ဘုရား)

တကာ တကာမတွေ စိုက်ကြည့်တဲ့အခါ ဘာနဲ့ဘာရှိရမှာတုံး (သတိနဲ့ပညာပါဘုရား)သတိကအရှိတရားကိုဖေါ်ထုတ်တယ်။ သတိကဘာတရားကိုဖေါ်ထုတ်တာတုံး (အရှိတရားကိုဖေါ်ထုတ်တာပါဘုရား) အရှိတရားက လူတွေ သတ္တဝါတွေလား၊ စိတ်သဘော လေသဘောလား (စိတ်သဘောလေသဘောပါဘုရား) စိတ်သဘောလေသဘောကို သတိက ဖေါ်ထုတ်တာလား၊ လူကဖေါ်ထုတ်တာလား (သတိကဖေါ်ထုတ်တာပါဘုရား) ဘယ်အချိန်မှာဖေါ်ထုတ်တာတုံး(စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း သတိကဖေါ်ထုတ်တာ။ ပညာက ပိုင်းခြားပေးတယ်။ ပညာကဘာလုပ်ပေးတုံး(ပိုင်းခြားပေးပါတယ်ဘုရား) ဘယ်လိုပိုင်းခြားပေးသလဲဆိုတော့ ဒါကနာမ်၊ ဒါကရုပ်၊ ဘယ်သူကပိုင်းခြားတာ တုံး (ပညာက ပိုင်းခြားတာပါဘုရား)

သိတာက ဘယ်သူကသိပေးသလဲ၊ ဝိညာဏ်ကသိပေးတယ်။ ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား)သတိရယ် ပညာရယ်ဝိညာဏ်ရယ်။ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ဘယ်အချိန်မှာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) ဟုတ်ဘယ်မဟုတ်လား၊ အဲဒီလို စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း သတိမပါဘဲနဲ့ အမှန်တရားဖေါ်နိုင်ပါ့မလား(မဖေါ်နိုင်ပါဘုရား)အမှန်တရားကဘယ်သဘော ပါလိမ့် (စိတ်သဘောနဲ့လေသဘောပါဘုရား) ဒီအမှန်တရားကို သတိကဖေါ် ထုတ်တာလား၊ လူကဖေါ်ထုတ်တာလား ( သတိကဖေါ်ထုတ်တာပါဘုရား ) ဘယ်သူကပိုင်းခြားတာတုံး (ပညာကပါဘုရား)ဘယ်လိုပိုင်းခြားတာတုံး(နာမ် နဲ့ရုပ်ပိုင်းခြားတာပါဘုရား) ပညာကမသိတတ်ဘူး ပိုင်းခြားရုံပိုင်းခြားတတ်တာ၊ သတိကလဲ ဖေါ်ရုံဖေါ်တတ်တာ။ သူ့လက္ခဏာနဲ့သူ။ လက္ခဏာခြင်းတူရဲ့လား၊ (မတူပါဘုရား) မတူဘူး။ သဘာဝလက္ခဏာတွေမတူဘူး။ ဝိညာဏ်က ဘာလုပ် ပေးတုံး (သိပေးတာပါဘုရား) ဝိညာဏ်ကမပိုင်းခြားတတ်ဘူး၊ပိုင်းခြားတတ်ရဲ့ လား (မပိုင်းခြားတတ်ပါဘုရား)ပညာကပိုင်းခြားပေးမှဝိညာဏ်ကသိတာ။မသိ ဘူးလား၊ သိသလား (သိပါတယ်ဘုရား)

ဒါ့ကြောင့် ပညာနဲ့ဝိညာဏ်မကွဲသူမျှမဂ်ဇောကျလို့မရ။ ဘာနဲ့ဘာမကွဲရင်၊ (ပညာနဲ့ဝိညာဏ်မကွဲရင်ပါဘုရား)ယခုပညာနဲ့ဝိညာဏ်ကွဲပြီလားကွဲပါပြီဘုရား၊ ပညာကဘာလုပ်ဘတ်ဘာလဲ (ပိုင်းခြားပေးတာပါဘုရား) လူတွေ သတ္တဝါတွေ ကိုပိုင်းခြားပေးတာလား၊ နာမ်ရုပ်ကိုပိုင်းခြားပေးတာလား(နာမ်ရုပ်ကိုပိုင်းခြား ပေးတာပါဘုရား) ဝိညာဏ်က ဘာလုပ်သလဲ (သိပေးတာပါဘုရား) အဲဒီတော့ ပညာနဲ့ဝိညာဏ်ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) အဲဒီနာမ်တရားနဲ့ရုပ် တရားဖေါ်ပေးတော့ ဘယ်သူကဖေါ်ပေးတာတုံး (သတိကပါဘုရား) သတိက မဖေါ်ရင် ပညာကပိုင်းခြားပေးလို့ရရဲ့လား (မရပါဘုရား) မရပါဘူးဗျ။

သူ့လုပ်ငန်းနဲ့သူဝင်လာတယ်၊ ဘယ် အ ချိန် မှာ တုံး (စိုက်ကြည့်တိုင်း မျက် စောင်းထိုးတိုင်း) ဘာသဘောနဲ့ ဘာသဘောရှိတာတုံး (စိတ် သ ဘော နဲ့ လေ သဘောပါဘုရား) စိတ်သဘောနဲ့လေသဘော။ စိတ်ကဘာတရား (နာမ်တရား ပါဘုရား) လေကဘာတရား(ရုပ်ကရာ ပါဘုရား)နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိဘာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ် ကုံးကဖြစ်တာကုံး (ခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် (ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှ ဖြစ်တဲ့စိတ်နဲ့လေ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒ ဉာဏ်ပါဘုရား) နာမရူပပရိစ္ဆေဒဉာဏ် မရလာဘူးလား၊ ရလာသလား (ရလာ ပါတယ်ဘုရား)

နောက်တဆင့်ခဲ့ကြပါစို့၊ ဒီလိုစိုက်ကြည့်ချင်တဲ့သဘော ရှိ သ လား၊ မရှိဘူး လား (ရှိပါတယ်ဘုရား) အဲဒီသဘောကိုလူကဖေါ်ပေးတာလား၊ သတိကဖေါ်

ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) ဒီလိုစိုက်ကြည့်ချင်တဲ့သဘောက လူလား စိတ်လား (စိတ်ပါဘုရား) ဒီစိတ်ကလူကိုဖေါ်တာလား၊ သတိကဖေါ် ပေးတာလား (သတိကပါဘုရား) သတိကဘာတုံး (စေတသိက်ပါဘုရား) စိတ် ဖြစ်တော့ဘာဖြစ် (လေဖြစ်) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

ဒီလေဖြစ်တော့ ကြည့်တဲ့အမူအရာ ပေါ်မလာဘူးလား၊ ပေါ်လာသလား၊ (ပေါ်လာပါတယ်ဘုရား) ဒီအမူအရာက ဘယ်သူ့ရဲ့သတ္တိတုံး (လေရဲ့သတ္တိပါ ဘုရား) လေဟာလူလား ရုပ်လား(ရုပ်ပါဘုရား)ပေါင်းလိုက်တော့ (စေတသိက် ရုပ်) ဘယ်အချိန်မှာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်းမှာ ပါဘုရား) စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း လူတွေ သ တ္တ ဝါ တွေ ရှိ တာ လား၊ စိတ် စေတသိက် ရုပ် တွေ ရှိ တာ လား (စိတ် စေတသိက် ရုပ် ရှိတာပါဘုရား) စိတ် စေတသိက် ရုပ်ဆိုတာ သခ်တတရားလား၊ အသခ်တတရားလား(သခ်တတရားပါ ဘုရား) သခ်တဘာရား၊ အသခ်ဘတရားကဘာတုံး (နိဗ္ဗာန်ပါဘုရား) သခ်တနယ် ထဲက တရားဘယ်နှစ်ပါးရှိတာတုံး (သုံးပါးပါဘုရား) သုံးပါးကဘာတုံး (စိတ် စေတသိက် ရုပ်ပါဘုရား) ဘယ်အချိန်မှာရှိနေတာတုံး (စိုက်ကြည့်တိုင်း စိုက် ကြည့်တိုင်း မျက်စောင်းထိုးတိုင်းထိုးတိုင်း ) သ တ္တ ဝါ တွေ ရှိ တာ လား၊ စိတ် စေတသိက် ရုပ်ရှိတာလား (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား) ပရမတ္ထသုံးပါး မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ပရမတ္ထတရားက လေး ပါးရှိတာကိုး။ နိဗ္ဗာန်က အသခ်တနယ်၊ သခ်တနယ်မှာက စိတ်ရယ်၊ စေတသိက် ရယ်၊ ရုပ်ရယ်၊ ဝိပဿနာရှုရမဲ့တရားက များရဲ့လား ( မများပါဘုရား ) ဘယ် နှစ်ပါးတုံး(သုံးပါးပါဘုရား) သုံးပါးကဘာတုံး(စိတ် စေတသိက် ရုပ်ပါဘုရား) ဒီစိတ် စေတသိက် ရုပ်ကို အကျဉ်းချုံးလိုက်တော့ နာမ်နဲ့ရုပ်။ ပိဋကတ်တော်ကြီး ကုန်မသွားဘူးလား၊ ကုန်သွားသလား (ကုန်သွားပါတယ်ဘုရား) နာမ်ရုပ်သိရင် အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား) အချိန်တိုင်း အချိန် တိုင်း နာမ်ရုပ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

ဘယ် အ ချိန် မှာ ရှိတာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) လူတွေ သတ္တဝါတွေရှိတာလား၊ စိတ် စေတသိက် ရုပ်ရှိတာတား (စိတ် စေတသိက် ရုပ် ရှိ တာပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် တာတုံး (ခုမှဖြစ်တာပါဘုရား)

ဒါ့ကြောင့် (ခုမှဖြစ်တဲ့စိတ် စေတသိက် ရုပ်၊ ခုမှဖြစ်တဲ့စိတ် စေတသိက် ရုပ်) မျက်စောင် ထိုးပဲ့အခါကော (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်၊ ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ် သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)

တနည်း တကာ့ကကာ့မတွေစိုက်ကြည့်ချင်တဲ့သဘောက လူလား စိတ်လား(စိတ်ပါဘုရား) စိတ်ကိုဝိညာဏ်ကောက်လိုက်ပါ၊ ဒီစိတ်ကိုလူကဖေါ်တာလား၊ သတိက ဖေါ်တာလား(သတိကဖေါ်တာပါဘုရား)သတိကဘာတုံး (နာမ်ပါဘုရား) စိတ်တို့ စေတသိက်တို့ ဖြစ်တဲ့အခါကျတော့ လူဖြစ်တာလား၊ လေဖြစ်တာလား (လေဖြစ်တာပါဘုရား)လေဖြစ်တော့ ဒီအမှုအယာကိုရိယာပေါ်မလာဘူးလား၊ ပေါ်လာသလား(ပေါ်လာပါတယ်ဘုရား) ဒီအမှုအရာ လူလား လေလား(လေပါဘုရား) လေရဲ့သတ္တိ။ လေက နာမ်လား၊ ရုပ်လား (ရုပ်ပါဘုရား)ပေါင်းလိုက်တော့ဝိညာဏ်နာမ်ရုပ်။ ဘာနဲ့ဘာလဲ(ဝိညာဏ်နာမ်ရုပ်ပါဘုရား)လူတွေသတ္တဝါတွေရှိကာလား၊ ဝိညာဏ်နာမ်ရုပ်ရှိတာလား (ဝိညာဏ်နာမ်ရုပ်ရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) ရှိတာဘာလို့ရှိကာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ကြည့်တဲ့အခါ[ခုမှဖြစ်တဲ့ဝိညာဏ်နာမ်ရုပ်ခုမှဖြစ်တဲ့ဝိညာဏ်နာမ်ရုပ်]မျက်စောင်းထိုးတဲ့အခါကော (ခုမှဖြစ်တဲ့ဝိညာဏ်နာမ်ရုပ်၊ ခုမှဖြစ်တဲ့ဝိညာဏ်နာမ်ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား) အပါယ်လေးပါးပိတ်တဲ့တရားဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

တို့တကာ တကာမတွေ ကမ္မဋ္ဌာန်းလွတ်တာ ရှိသေးရဲ့လား (မရှိပါဘုရား) အဲဒီတော့ ဂရုစိုက်လဲစိုက်ကြည့်ပေါ့။ ကုသိုလ်ကော မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) မျက်စောင်းထိုးရင်လဲထိုးပေါ့၊ ကုသိုလ်မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ကုသိုလ်ဦးစီးပြီး ကြည့်ပါတော့၊ လုပ်ပါတော့။ မကြည့်ဘတ်ဘူးလား၊ ကြည့်တတ်သလား (ကြည့်တတ်ပါတယ်ဘုရား)

နောက်တချက် တကာတကာမတွေ သတိထားလိုက်စမ်းပါ။ စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း အရှိတရားပေါ်တာလား၊ မရှိတရားပေါ်တာလား (အရှိတရားပေါ်တာပါဘုရား)အရှိတရားဆိုတာလူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိကဖေါ်ပြီးကြည့်တဲ့အခါ ဒီကြည့်ခြင်းအမှုပြုတဲ့ကိရိယာတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒါဘယ်သူ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား) လေကလူလား၊ ရုပ်လား (ရုပ်ပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) မျက်မြင်ရုပ်လား၊ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) ရုပ်ကိုခန္ဓာဖွဲ့လိုက်တော့ (ရူပက္ခန္ဓာပါဘုရား) ဘာမြင်ခန္ဓာ (ဉာဏ်

မြင်ခန္ဓာပါဘုရား) မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား)

ရုပက္ခန္ဓာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိနေတာတုံး (စိုက်ကြည့်တိုင်းမျက်စောင်းထိုးတိုင်း) လူတွေ သတ္တဝါတွေရှိတာလား၊ ရုပ်ခန္ဓာရှိတာလား (ရုပ်ခန္ဓာရှိတာပါဘုရား) ရုပက္ခန္ဓာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ခန္ဓာ။ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) မရဘူး။ တကာတကာမတွေ့သတိထားလိုက်စမ်းပါ။ တကာတကာမတွေ့စိုက်ကြည့်ပြီးတော့ ဘာလုပ်တုံး၊ မျက်စောင်းထိုးလိုက်၊ မျက်စိကမှိတ်လိုက် ဖွင့်လိုက် မရှိဘူးလား (ရှိပါတယ်ဘုရား)

ဖွင့်ပြီးတော့ဘာတုံး (မှိတ်ပါတယ်ဘုရား) သက်သာလို့လား၊ မသက်သာလို့လား (မသက်သာလို့ပါဘုရား) ကြာကြာဖွင့်လို့ရရဲ့လား (မရပါဘုရား)မသက်သာတော့ဘာလုပ်တုံး (မှိတ်) ကြာကြာမှိတ်လို့ရရဲ့လား (မရပါဘုရား)မသက်သာတော့ဘာလုပ်ပြန်သလဲ (ဖွင့်ပါတယ်ဘုရား) သက်သာတာဖြစ်လိုက်၊ မသက်သာတာဖြစ်လိုက်၊ ငြိမ်ငြိမ်နေရဲ့လား (မနေပါဘုရား) သက်သာလို့နေတာလား၊ မသက်သာလို့နေတာလား (မသက်သာလို့နေတာပါဘုရား) သက် သာ တယ် ထင်နေတာ။ ဟုတ်တယ်မဟုတ်လား (မှန်ပါ့)

ဒုက္ခံတွေဘူမကံဝန္ထံ

ဘုံသုံးပါးမှာဆိုလို့ရှိရင်ဒုက္ခဘဲလို့မြတ်စွာဘုရားကိုယ်တော်မြတ်ဟောမထားဘူးလား၊ ဟောထားသလား (ဟောထားပါတယ်ဘုရား) မျက်စိကငြိမ်ငြိမ်နေရဲ့လား (မနေပါဘုရား) ဘယ်လိုနေတုံး (ဖွင့်လိုက်မှိတ်လိုက် ဖွင့်လိုက်မှိတ်လိုက်) မခံသာလို့လား၊ ခံသာလို့လား (မခံသာလို့ပါဘုရား) ခံသာသလောက် ဖွင့်ထားတယ်။ မခံသာတော့ဘာလုပ်တုံး (မှိတ်ပါတယ်ဘုရား) ခံသာသလောက်မှိတ်ဘယ်၊ မခံသာတော့ဖွင့်တယ်။ ခံသာတာကိုခံစားတာက သုခဝေဒနာ၊ မခံသာတာကိုခံစားတာကဒုက္ခဝေဒနာ။ ခံသာတာလဲမဟုတ်၊ မခံသာတာလဲမဟုတ်တာကိုခံစားတာက ဥပေက္ခာဝေဒနာ။ နာတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ခင်ဗျားတို့မျက်စိကိုက်နေမှ၊ မျက်စိနာနေမှ ဝေဒနာထင်နေတာ။ အဲဒီဝေဒနာမျိုး ဝိပဿနာရှုလို့ရရဲ့လား (မရပါဘုရား) အဲဒါပညတ်ဝေဒနာ။ ငါမကောင်းဘူး၊ ငါကောင်းရဲ့လား (မကောင်းပါဘုရား) ခုအဲဒီလိုဆိုရင် မအောင်ရဘူးလား၊ အောင်ရသလား (အောင်ရပါတယ်ဘုရား) မျက်စိကနာလိုက်တာ ဝေဒနာရှုပေါ့။ အဲဒီလိုခင်ဗျားတို့လုပ်ဘယ်၊ နာတာရှုခိုင်းနေပိုနာမှာပေါ့။ မနာဘူးလား၊ နာမှာလား (နာမှာပါဘုရား) ဝေဒနာဆိုတဲ့သဘောက တကာတကာမတွေ့ မသိမ်မွေ့ဘူးလား၊ သိမ်မွေ့သလား(သိမ်မွေ့ပါတယ်ဘုရား)ဝေဒနာအချိန်တိုင်းအချိန်တိုင်း

မရှိဘူးလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိတာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) ပြီးတော့ (မှိတ်တိုင်းမှိတ်တိုင်း ဖွင့်တိုင်းဖွင့်တိုင်း) မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ဘာသဘောတွေတုံး (ခံသာတဲ့သဘော မခံသာတဲ့သဘောပါဘုရား) ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ခံသာတဲ့သဘောကို ခံစားတာက ဘာဝေဒနာ (သုခဝေဒနာပါဘုရား) မခံသာတာကို ခံစားတာက (ဒုက္ခဝေဒနာပါဘုရား) ခံသာတာလဲမဟုတ် မခံသာတာလဲမဟုတ်တာကိုခံစားတာက(ဥပေက္ခာဝေဒနာပါဘုရား) ဒါဖြင့် သုခဝေဒနာ၊ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာတွေလဲလုပ်မနေနဲ့၊ တလုံးထဲပေါင်းလိုက်တော့ ဝေဒနာ။ သုခနောက်လိုက်သွားရင်လောဘဖြစ်တော့မှာ ဟုတ်တယ်မဟုတ်လား(ဟုတ်ပါတယ်ဘုရား)

ခံသာတယ်ဆိုပြီးတော့နှစ်သက်သွားတော့လောဘမလိုက်လာဘူးလား၊ လိုက်လာသလား (လိုက်ပါတယ်ဘုရား) လောဘလုံ့က အထိုးခံရမှာဘဲ၊ အဲဒီတော့ တခါတခလ ဆင်းရဲလှချည်ရဲ့လို့ ဆိုပြီးတော့ ဒုက္ခနောက်လိုက်သွားရင် ဒေါသမလိုက်လာဘူးလား၊ လိုက်လာသလား (လိုက်လာပါတယ်ဘုရား) ဥပေက္ခာနောက်လိုက်သွားရင် မောဟလိုက်လာမယ်၊ လောဘ၊ ဒေါသ၊ မောဟဖြစ်လာမယ်။ ဒါ့ကြောင့် သုခ ဒုက္ခ ဥပေက္ခာလုပ်မနေနဲ့၊ အားလုံးတလုံးထဲပေါင်းလိုက်တော့ဘာခန္ဓာ (ဝေဒနာက္ခန္ဓာပါဘုရား)ဝေဒနာက္ခန္ဓာမရှိဘူးလား၊ ရှိသလား၊ (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (စိုက်ကြည့်တိုင်း မျက်စောင်းထိုးတိုင်း) ပြီးတော့ဘာတုံး(မှိတ်တိုင်းမှိတ်ကိုင်း ဖွင့်တိုင်းဖွင့်တိုင်း)ဘာသဘောတွေပုံး (ဝေဒနာသဘောပါဘုရား) ခံသာတဲ့သဘော မခံသာတဲ့သဘောကိုခံစားတာ၊ သူ့ကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ဝေဒနာက္ခန္ဓာပါဘုရား) အော်ရကဲ့ဝေဒနာ၊ ဟုတ်ရဲ့လား၊ အော်ရတဲ့ဝေဒနာက ငါကောင်းရဲ့လား (မကောင်းပါဘုရား) သက္ကာယဒိဋ္ဌိမပြုတ်လို့ အော်ရတာ၊ သက္ကာယဒိဋ္ဌိပြုတ်ပြီးတော့ ဉာဏ်နဲ့တွေ့တဲ့ဝေဒနာကအော်ရသေးရဲ့လား(မအော်ရပါဘုရား)

အခု ဉာဏ်တွေ့ဝေဒနာလား၊ ငါတွေ့ဝေဒနာလား (ဉာဏ်တွေ့ဝေဒနာပါဘုရား) ဉာဏ်တွေ့ဝေဒနာက အော်ရသေးရဲ့လား (မအော်ရပါဘုရား) ငါတွေ့ဝေဒနာက (အော်ရပါတယ်ဘုရား)

ယခု ကြည့်တိုင်းကြည့်တိုင်းမှာ၊ မျက်စောင်းထိုးတိုင်းထိုးတိုင်းမှာ၊ မှိတ်တိုင်းမှိတ်တိုင်းမှာ၊ဖွင့်တိုင်းဖွင့်တိုင်းမှာဘာသဘောတွေတုံး၊ ခံသာတဲ့သဘောမခံသာတဲ့သဘောတွေကိုခံစားတာ။ အဲဒါခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ဝေဒနာက္ခန္ဓာပါဘုရား) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ခန္ဓာဘယ်နှစ်ပါးရလာတုံး (နှစ်ပါးပါဘုရား) စိုက်ကြည့်ရင် စိုက်ကြည့်တယ်လို့ မမှတ်ဘူးလား၊ (မှတ်ပါတယ်ဘုရား) ဖွင့်ရင်ကော (မှတ်ပါတယ်ဘုရား) ပိတ်ရင်ကော

(မှတ်တာပါဘဲဘုရား) လူကမှတ်တာလား၊ သညာကမှတ်တာလား (သညာက မှတ်တာပါဘုရား) သညာကိုခန္ဓာဖွဲ့လိုက်တော့ဘာခန္ဓာ (သညာက္ခန္ဓာပါဘုရား) စိုက်ကြည့်လိုတဲ့စေတနာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) မျက်စောင်း ထိုးလိုတယ်။ စေတနာလား၊ လူလား (စေတနာပါဘုရား) စေတနာကို ခန္ဓာဖွဲ့ လိုက်တော့ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား) ကြည့်ရင်ကြည့်တယ်လို့မသိဘူး လား (သိပါတယ်ဘုရား) မျက်စောင်းထိုးရင် မျက်စောင်းထိုးတယ်လို့ မသိဘူး လား (သိပါတယ်ဘုရား) လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာ ပါဘုရား) စိတ်ကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ဝိညာဏက္ခန္ဓာပါဘုရား) ခန္ဓာ ဘယ်နှစ်ပါးပါလိမ့် (ငါးပါးပါဘုရား)

ရူပက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ၊ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား) ခန္ဓာငါးပါး ဘယ်အချိန်မှာ ရှိတာတုံး (စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း မျက် စောင်း ထိုးတိုင်းထိုးတိုင်း မှိတ်တိုင်းမှိတ်တိုင်း ဖွင့်တိုင်းဖွင့်တိုင်း ဘာဖြစ်တာတုံး (ခန္ဓာငါးပါးပါဘုရား)ဉာဏ်မြင်ခန္ဓာလား၊ မျက်မြင်ခန္ဓာလား(ဉာဏ်မြင်ခန္ဓာ ပါဘုရား)မျက်မြင်ခန္ဓာကိုရှုရမှာလား၊ ဉာဏ်မြင်ခန္ဓာကိုရှုရမှာလား (ဉာဏ်မြင် ခန္ဓာကိုရှုရမှာပါဘုရား)ဒီခန္ဓာရှိနေတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား)

စိုက်ကြည့်တဲ့အခါ (ခုမှဖြစ်တဲ့ခန္ဓာငါးပါး ခုမှ ဖြစ်တဲ့ခန္ဓာငါးပါး) မျက် စောင်းထိုးတဲ့ အခါ (ခုမှဖြစ်တဲ့ခန္ဓာငါးပါး ခုမှ ဖြစ်တဲ့ခန္ဓာငါးပါး) ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား၊ ဒုက္ခလား (ဒုက္ခပါဘုရား) ဒုက္ခအမှန်ဘဲလား (အမှန်ပါဘုရား) ဒီခန္ဓာငါးပါး ဖြစ်နေလို့ နိဗ္ဗာန်မရတာ၊ ဘာလို့နိဗ္ဗာန်မရတာတုံး(ခန္ဓာငါးပါးဖြစ်နေလို့ပါဘုရား)

ခန္ဓသမံ၊ဒုက္ခံနာမ၊နတ္ထိ၊ခန္ဓသမံ၊ခန္ဓာနှင့်တူသော၊ဒုက္ခံနာမ၊ဆင်းရဲမည်သည်၊ နတ္ထိမရှိ၊ခန္ဓာနဲ့တူတဲ့ဆင်းရဲရှိသေးရဲ့လား(မရှိပါဘုရား)ဆင်းရဲတာအမှန်ဘဲလား (အမှန်ပါဘုရား)ဆင်းရဲတာအမှန်၊ ဘာ့သစ္စာ(ဒုက္ခသစ္စာ) ခန္ဓာဖြစ်လို့ ဆင်းရဲ တာလား လူဖြစ်လို့ဆင်းရဲတာလား(ခန္ဓာဖြစ်လို့ဆင်းရဲတာပါဘုရား) ခန္ဓာဖြစ် ချင်သေးရဲ့လား(မဖြစ်ချင်ပါဘုရား) ခန္ဓာဖြစ်ချင်တယ်၊ ရချင်တယ်ဆိုတာ လူက ဖြစ်ချင်တာလား၊ တဏှာကဖြစ်ချင်တာလား(တဏှာကဖြစ်ချင်တာပါဘုရား)

အော်-တဏှာမသေဘူးလား၊ သေသလား (သေပါတယ်ဘုရား) ဘာပြုလို့ သေတာတုံး(ဒုက္ခသိလို့)ဘာပြုလို့တုံး(ဒုက္ခသိလို့ပါဘုရား)ဒုက္ခသိတာက လူက သိတာလား၊ ဝိဇ္ဇာကသိတာလား (ဝိဇ္ဇာကသိတာပါဘုရား) အဝိဇ္ဇာချုပ်မသွား ဘူးလား (ချုပ်သွားပါတယ်ဘုရား) အဝိဇ္ဇာချုပ်တော့ တဏှာချုပ် မချုပ်ဘူး လား(ချုပ်သွားပါတယ်ဘုရား)

အဝိဇ္ဇာနိရောဓေါ၊ တဏှာနိရောဓေါ၊ အဝိဇ္ဇာနိရောဓေါ၊ အဝိဇ္ဇာ ချုပ်လိုက်တာနဲ့ ဘာချုပ်တုံး(တဏှာချုပ်ပါတယ်ဘုရား)ဒုက္ခသစ္စာပိုင်းခြားသိလိုက်တာနဲ့ တပြိုင်နက် အဝိဇ္ဇာမချုပ်ဘူးသား(ချုပ်ပါတယ်ဘုရား)ဒီဒုက္ခသစ္စာဖြစ်တဲ့ ခန္ဓာငါးပါး ရချင်သေးရဲ့လား (မရချင်ပါဘုရား) မရချင်ဘူးဆိုတာက တဏှာလာသေးရဲ့လား (မလာပါဘုရား) အဝိဇ္ဇာနဲ့ တဏှာသည် အကြောင်းတရားလား၊ အကျိုးတရားလား(အကြောင်းတရားပါဘုရား)အကြောင်းချုပ်မသွားဘူးလား ချုပ်သွားသလား (ချုပ်သွားပါတယ်ဘုရား) အကြောင်းချုပ်ရင် နောက်ထပ် ခန္ဓာပေါ်သေးရဲ့လား(မပေါ်ပါဘုရား)မပေါ်တော့ဘူး။

ဒါကြောင့် လိုချင်တယ်၊ ဖြစ်ချင်တယ်ဆိုတဲ့ တဏှာ မပယ်ဘူးလား (ပယ်ပါတယ်ဘုရား) ငါက ပယ်တာလား၊ ဉာဏ်ကပယ်တာလား (ဉာဏ်က ပယ်တာပါဘုရား)ဉာဏ်ကပယ်လိုက်ဘယ်။ ပညာကသမုဒယသစ္စာမပယ်လိုက်ဘူးလား၊ပယ်လိုက်သလား (ပယ်လိုက်ပါတယ်ဘုရား) သမုဒယအကြောင်း ပယ်လိုက်တာနဲ့ တပြိုင်တည်း အကျိုးလာသေးရဲ့လား (မလာပါဘုရား) အကြောင်းချုပ်ရင် အကျိုးချုပ်တယ်၊ အကြောင်းအကျိုးချုပ်တာက နိရောဓသစ္စာ၊ အကြောင်းအကျိုးချုပ်တာက ဘာသစ္စာလဲ (နိရောဓသစ္စာပါဘုရား) ယခုရှုနေတာ အမှန်ရှုလား၊အမှားရှုလား(အမှန်ရှုပါဘုရား)

လူတွေသတ္တဝါတွေရှုတာလား ခန္ဓာငါးပါးရှုတာလား (ခန္ဓာငါးပါးရှုတာပါဘုရား) ခန္ဓာငါးပါး ဘယ်အချိန်မှာရှုတာတုံး (ကြည့်တိုင်းကြည့်တိုင်း မျက်စောင်း ထိုးတိုင်းထိုးတိုင်း) လူတွေသတ္တဝါတွေ ရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီး(ပျက်ပါတယ်ဘုရား)မြဲလို့လား၊ မမြဲလို့လား(မမြဲလို့ပါဘုရား) မမြဲတာအမှန်ဘဲလား(အမှန်ပါဘုရား)အမှန်။

အမှန်ရှုတာသည် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိသည်၊မဂ္ဂသစ္စာ၊ဘာသစ္စာ(မဂ္ဂသစ္စာပါဘုရား)အဲဒီတော့ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ သစ္စာလေးပါး မဆိုက်ဘူးလား၊ ဆိုက်သလား (ဆိုက်ပါတယ်ဘုရား) ဘယ်အချိန်မှာဆိုက်ရမှာတုံး (စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း မျက်စောင်း ထိုးတိုင်း ထိုးတိုင်း) ပြီးတော့ ဘာတုံး (မှိတ်တိုင်း မှိတ်တိုင်း ဖွင့်တိုင်းဖွင့်တိုင်း)မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)

ဒါကြောင့် ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ။ ကမ္မဋ္ဌာန ဝိနိမုတ္တော ကမ္မဋ္ဌာန်းမှလွတ်သော၊ဓမ္မောနာမ တရားမည်သည်၊ နတ္ထိ၊မရှိ။ ကမ္မဋ္ဌာန်းလွတ်တဲ့ တရားများရှိသေးရဲ့လား(မရှိပါဘုရား) အဲဒီအချိန်အခါမှာ တကာတကာမတွေ

သစ္စာလေးပါးနဲ့ တန်းဆာဆင်လိုက်တော့ ဒီနေရာ အကြောင်းတွေ ချုပ်မသွားဘူးလား(ချုပ်သွားပါတယ်ဘုရား) ပစ္စုပ္ပန်အကြောင်းတွေချုပ်သွားရင် အနာဂတ်မှာ အကျိုးပေါ်လာပါဦးမလား(မပေါ်လာပါဘုရား)

ဒါကြောင့် အကြောင်းအကျိုးချုပ်တာ ဘာပါလိမ့် (နိဗ္ဗာန်ပါဘုရား) အကြောင်းအကျိုးချုပ်တာက နိဗ္ဗာန်ဘဲ၊ ယခုနိဗ္ဗာန်ကို မှန်းဆပြီး မျက်မှောက်ပြုမသွားဘူးလား၊ ပြုသွားသလား(ပြုသွားပါတယ်ဘုရား)

ဒီနေ့ အဘိဓမ္မတ္ထပဋိစ္စသမုပ္ပါဒ်နှင့် အာလောကိတော၊ဝိလောကိတော၊မရှင်းဘူးလား၊ ရှင်းသလား (ရှင်းပါတယ်ဘုရား) ကဲ- ဒီနေ့ မြတ်စွာဘုရားကို သစ္စာလေးပါး တရားတော်နဲ့ ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ
" " ဓမ္မံ ပူဇေမိ
" " သံဃံ ပူဇေမိ

# သမ္မာဉာဏ်ပဉ္စ

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ် (၉)ရက်နေ့ ဟောကြားသောတရား။

## သမ္မာဉာဏ်ပဉ္စကမ္မဋ္ဌာန်း ( ၂ )

သမ္မာဉာဏ်ပဉ္စမှာ ဘာအရေးကြီးသလဲဆိုတော့ သတိနဲ့ပညာပြည့်စုံဖို့ အရေးကြီးပါတယ်။ သမ္မာဉာဏ်ပဉ္စသတိသမ္ပဇဉ်ဆိုတဲ့အတိုင်း သတိနဲ့ပညာ ဦးစီးရမယ်။ ဘယ်အချိန်မှာ ဦးစီးရမလဲဆိုတော့ ရှေ့သို့တက်တိုင်းတက်တိုင်း နောက်သို့ဆုတ်တိုင်းဆုတ်တိုင်း၊ စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း၊ စောင်းကြည့်တိုင်း စောင်းကြည့်တိုင်းမှာ သတိနဲ့ပညာပြည့်စုံရမယ်၊ ဦးစီးရမယ်။

ဒါကို သမ္မာဉာဏ်ပဉ္စကဆိုတယ်။တကာတကာမတွေ အရေးအကြီးဆုံးကတော့ သတိဟာဖြင့် အရေးကြီးဆုံးဘဲလို့ မှတ်ချက်ချပါ။ ဘာအရေးကြီးဆုံးလဲ(သတိအရေးကြီးဆုံးပါဘုရား)သာသနာတော်နဲ့တွေ့တဲ့အခါမှာ၊ အရိယာတို့ရဲ့နေခြင်းမျိုးဖြစ်အောင် ဘာအရေးကြီးဆုံးလဲ(သတိပါဘုရား)

အဲဒီတော့ သာသနာတော်နဲ့ တွေ့တဲ့ အခါမှာ အရိယာဝါသ ဆိုတဲ့ အိမ်ဆောက်ချင်ရင် သတိတည်းဟူသောလက်နက်နဲ့ ဆောက်ရမယ်လို့ စာပေမှာရှိပါတယ်။ ဥပမာအားဖြင့် ပြောကြပါစို့ရဲ့၊ တကာတကာမတွေ အိမ်တွေမဆောက်ဘူးလား၊ ဆောက်သလား(ဆောက်ပါတယ်ဘုရား) အိမ်တွေကို ကောင်းအောင်ဆောက်ကြတာဘဲ၊အိမ်ကောင်းကောင်းနဲ့နေချင်သလား၊ အိမ်စုတ်စုတ်နဲ့နေချင်သလား(အိမ်ကောင်းကောင်းနဲ့နေချင်ပါတယ်ဘုရား)

အဲဒီလိုဘဲ တကာတကာမတွေလဲ သာသနာတော်အတွင်းမှာ အရိယာဝါသဆိုတဲ့ အိမ်ကောင်းဘို့ကဖြင့် အရေးမကြီးဘူးလား၊ ကြီးသလား (အရေးကြီးပါတယ်ဘုရား)အိမ်တအိမ်ဟာ မိုးလဲမလုံဘူး အကာအရံတွေလဲမရှိဘူးဆိုရင် ဒီအိမ်မှာနေရတာ ဆင်းရဲသလား၊ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား) အန္တရာယ်ကော မဖြစ်ဘူးလား(ဖြစ်မှာပါဘုရား)

မိုးရွာရင် စိုရွှဲမယ်။ နေပူရင် ပူမယ်ဆိုတဲ့ အန္တရာယ်တွေ ရှိမယ်။ အဲဒီ ဥပမာအတိုင်းဘဲ သာသနာတော်နဲ့ တွေ့ပါလျက်သားနဲ့ အရိယာဝါသ ဆိုတဲ့ အိမ်ကိုမဆောက်ရင်ဖြင့် နေရပါမလား (မနေရပါဘုရား) နေရလို့ရှိရင်လဲ အန္တရာယ်တွေနဲ့တွေ့မယ်လို့ ဆုံးဖြတ်ချက်ချပါ။ ဘာအန္တရာယ်တွေလဲဆိုရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အန္တရာယ်တွေနဲ့ မတွေ့ဘူးလား၊တွေ့မှာလား(တွေ့မှာပါဘုရား)

ဘာမဆောက်လို့လဲဆိုတော့ အရိယာဝါသအိမ်တော်ကိုမဆောက်လို့ဆိုတာ ငြင်းလို့ ရသေးရဲ့လား (မရပါဘုရား) အဲ ဒီ တော့ အရိယာဝါသ အိမ်တော် ဆောက်ချင်ရင် ဘာလက်နက်နဲ့ဆောက်ရမှာတုံး (သတိတည်းဟူသော လက်နက် နဲ့ ဆောက်ရမှာပါဘုရား)

အဲဒီတော့ ဘယ်အချိန်မှာဆောက်ရမလဲဆိုရင် အာနာပါနပဗ္ဗမှာ ရှူတိုင်းရှူ တိုင်း (ရှိုက်တိုင်းရှိုက်တိုင်း) ဣရိယာပထပဗ္ဗမှာဆိုရင် (သွားထိုင်း ရပ်တိုင်း ထိုင် တိုင်း လျှောင်းတိုင်း)သမ္ပဇဉ္ဉပဗ္ဗမှာဆိုရင်နှစ်ကွက်တက်ခဲ့ပါတယ်။ အဲဒီနှစ်ကွက် က ဘာတွေလဲဆိုတော့ (ရှေ့သို့ တက်တိုင်းတက်တိုင်း နောက်သို့ဆုတ်တိုင်း ဆုတ် တိုင်းရှေ့သို့ကြည့်တိုင်းကြည့်တိုင်း ဘေးသို့စောင်းကြည့်တိုင်းစောင်းကြည့်တိုင်း) ဘာရှိရမှာလဲ (သတိရှိရမှာပါဘုရား)

အဲဒီလိုသတိရှိနေရင် အရိယာဝါသဆိုတဲ့အိမ်တော် ဆောက်ပြီးနေတဲ့ တကာ တကာမတွေလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒါ့ကြောင့် သာသနာတော်နဲ့တွေ့တဲ့အခါ သတိဟာအရေးအကြီးဆုံးဘဲဆိုတာကို မြတ်စွာဘုရားကိုယ်တော်မြတ်က

အပ္ပမာဒေနသမ္ပာဒေထ၊ချစ်သားတို့ မမေ့မလျော့ မပေါ့မဆသော သတိတရားနှင့်ပြည့်စုံကြကုန်လော့။ မာပမာဒတ္တမနုယုဉ္ဇေ၊ ချစ်သားချစ်သမီးတို့ မမေ့ကြနဲ့ မမေ့ကြနဲ့လို့ အထပ်ထပ်အခါခါ မြတ်စွာဘုရားကိုယ်တော်မြတ်က မမှာကြားဘူးလား၊ မှာကြားသလား (မှာကြားပါတယ်ဘုရား) ဒါနဲ့ဝိပဿနာ ရှုကွက်မပြောခင်မှာ တကာတကာမတွေကိုနည်းနည်းပြောပါအုံးမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရခြင်းရဲ့ အင်္ဂါနှစ်ပါးရှိတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရခြင်းအင်္ဂါ ဘယ် နှစ်ပါးရှိဘာတုံး (နှစ်ပါးပါဘုရား) အဲဒီနှစ်ပါးကဘာတွေလဲဆိုရင် နံပါတ်(၁) က ကိရိယပရိဟာနီတဲ့။ နံပါတ် (၂) က ပါပမိတ္တတဲ့။ နှစ်ချက် ပြထားတယ်။ နံပါတ် (၁) ဖြစ်တဲ့ ကိရိယပရိဟာနီဆိုတာ ပြုသင့်ပြုထိုက်တဲ့ကိစ္စတွေ မပြုရင်လဲ ဘဲ၊ ယုတ်လျော့နေရင် ပြု သင့် ပြု ထိုက် တဲ့ ကိစ္စတွေ မပြည့်စုံဘူးဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)

ကိရိယပရိဟာနီဆိုဘာ ပြုသင့်ပြုထိုက်တဲ့ကိစ္စတွေ မပြုဘဲနဲ့လျော့နေရင် မဂ် ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူး။ ဒီနေရာမှာဘယ်လိုကိရိယပရိဟာနီလဲ၊ ဘယ်လိုယုတ် လျော့တာလဲ၊ ဘယ်လိုမပြည့်စုံဘာလဲဆိုတော့ ဒီနေရာမှာ နှစ်မျိုးပြထားတယ်။ တရားဟောတဲ့ပုဂ္ဂိုလ်ကလဲပြည့်စုံရဘယ်၊ ပြုသင့်ပြုထိုက်တဲ့ကိစ္စတွေကို ပြည့်ပြည့် စုံစုံရှိရတယ်။ တရားနာတဲ့ပုဂ္ဂိုလ်တွေကလဲ ပြုသင့်ပြုထိုက်တဲ့ကိစ္စတွေကိုပြုထားရ တယ်လို့ ဒီလိုတချက်ထွက်လာတယ်။ အခိပ္ပါယ်ကဘယ်လိုလဲဆိုတော့တရားဟော

တဲ့ပုဂ္ဂိုလ်ကမဂ်ဉာဏ်ဖိုလ်ဉာဏ်ရရာရကြောင်းဖြစ်တဲ့တရားတော်တွေကိုပြည့်ပြည့် စုံစုံအကွက်စေ့စေ့ပြောတတ်ဟောတတ်ရတယ်။ တရားဟောတဲ့ပုဂ္ဂိုလ်ကမပြည့် ရင်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒါက ဆရာတွေ ဘုန်းကြီးတွေဘက်က။ အဲဒီတော့ တရားနာတဲ့ ပုဂ္ဂိုလ်တွေဘက်ကလဲ ဆရာ ဘုန်းကြီးတွေက မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်တွေနဲ့အညီ မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ရောက်ကြောင်းတရားတွေကိုနာရုံနာကြားပြီးတော့အားမထုတ် ဘဲနေရင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)

အဲဒီတော့ တရားနာတဲ့ပုဂ္ဂိုလ်ကလဲဘဲ တရားနာရုံဘဲလား၊ အားမထုတ်ရဘူး လား (အားထုတ်ရမှာပါဘုရား) နာလဲနာကြားရမယ်၊ အားလဲထုတ်ရမယ်။ နည်းနည်းအားထုတ်ရမှာလား၊ များများအားထုတ်ရမှာလား (များများအား ထုတ်ရမှာပါဘုရား) နည်းနည်းအားထုတ်ရင်ပြည့်ပြည့်စုံစုံဖြစ်ပါ့မလား (မဖြစ် ပါဘုရား) ဆုတ်ယုတ်သွားနိုင်တယ်။ ဒါကြောင့် တရားဟောတဲ့ဘုန်းကြီးကလဲ ရုပ်တရား နာမ်တရား၊ အနိစ္စ ဒုက္ခ အနတ္တနဲ့စပ်တဲ့တရားလဲ ဖြစ်ရမယ်။ ပြည့်ပြည့် စုံစုံဖြစ်ရမယ်။ ဒီဘက်ကလဲမလျော့ရဘူး။

တရားနာတဲ့ပုဂ္ဂိုလ်ဘက်ကလဲ လျော့လို့ရရဲ့လား (မရပါဘုရား) ခင်ဗျားတို့ ဘက်ကလဲပြည့်ပြည့်စုံစုံဖြစ်ရမယ်၊ ပြည့်ပြည့်စုံစုံဆိုတာ တရားနာတဲ့အခါ မှတ်မိ အောင်နာရမယ်။ တရားနာတဲ့အခါမှာနားထောင်ကောင်းအောင်နာရမှာလား၊ မှတ်မိအောင်နာရမှာလား (မှတ်မိအောင်နာရမှာပါဘုရား) မှတ်မိအောင်နာပြီး တော့ မှတ်သားမိတဲ့တရားကို ပြစ်ထားရမှာလား၊ အားထုတ်ရမှာလား (အား ထုတ်ရမှာပါဘုရား) အားမထုတ်ရင်ပြည့်စုံပါ့မလား (မပြည့်စုံပါဘုရား)

ဒါ့ကြောင့် နှစ်ဦးနှစ်ဘက်ဒီနေရာမှာပြတယ်။ တရားဟောတဲ့ဆရာဘုန်းကြီး ကော၊ တရားနာတဲ့ပုဂ္ဂိုလ်ကော၊ ကိရိယပရိဟာနိတဲ့။ ပြုသင့်ပြုထိုက်တဲ့ ကိစ္စတွေ ကို ပြည့်ပြည့်စုံစုံဖြစ်အောင်ပြုမထားရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါ့မလား (မရပါ ဘုရား) ဒါကြောင့် တလသင်တန်းဆိုပြီး မဟောဘူးလား၊ ဟောသလား (ဟော နေပါတယ်ဘုရား) တရက်တည်းနဲ့ ပြည့် စုံ ပါ့ မ လား (မပြည့်စုံနိုင်ပါဘုရား) အားလုံးရက်စေ့လာတဲ့အခါ တရားမပြည့်စုံလာဘူးလား၊ ပြည့်စုံလာသလား၊ (ပြည့်စုံလာပါတယ်ဘုရား)

ဒါ့ကြောင့် ဘုန်းကြီးကလဲ ပြည့်စုံအောင်ဆိုပြီး ရက်ရှည်သတ်မှတ်ပြီးတော့ ဟောကြားပြသညွှန်ကြားနေကယ်ဆိုတာ မှားပါ့မလား (မမှားပါဘုရား)တရား ဟာ တနာရီထဲဟောရုံနဲ့ ပြည့်စုံနိုင်ပါ့မလား ( မပြည့်စုံပါဘုရား ) ဒါ့ကြောင့် ပြည့်စုံသထက်ပြည့်စုံအောင်ဆိုပြီး တလသင်တန်းသတ်မှတ်ပြီး ပြောရ ဟောရမဲ့ တာဝန်က ဘုန်းကြီးကို့တာဝန်၊ ခင်ဗျားတို့ရဲ့တာဝန်ကဘာတုံး (ပြောဟောတဲ့

တရားအတိုင်းအားထုတ်ရမှာပါဘုရား) အဲဒီလို နှစ်ဘက်ညီမှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တယ်။ ဒီလိုဆရာဘက်နဲ့တပည့်ဘက် မညီရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား(မရနိုင်ပါဘုရား) မရနိုင်ဘူးတဲ့။ ဒီတချက်လဲခင်ဗျားတို့မှတ်ပါ။ နောက်တချက်ကိုပြောပါအုံးမယ်၊ ကိရိယပရိဟာနိနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော်အခါက ဘုရားရဲ့ရှေ့တော်မှောက်မှာ မြတ်စွာဘုရားက ရဟန်းပရိသတ်တွေ တရားဟောမဲ့အချိန် ရ ဟန်း ပ ရိ သတ် တွေ လဲ မြောက်မြားစွာရှိနေတယ်၊

အဲဒီအချိန် ဘယ်သူရောက်လာသလဲဆိုတော့ ကန္ဒာရကပရဗိုဇ်နဲ့ ပေဿဆိုတဲ့ တကာ သူတို့နှစ်ယောက်ရောက်လာတယ်။ တ ကာ က ဘယ် သူ တုံး (ပေဿပါ ဘုရား)ပရဗိုဇ်ကဘယ်သူတုံး(ကန္ဒာရကပရဗိုဇ်ပါဘုရား) မြတ်စွာဘုရားရှေ့တော် မှောက်ရောက်လာတဲ့အခါကျတော့ ရဟန်းပရိသတ်ကလဲမနည်းဘူးတဲ့။ ပရိသတ် ကလဲငြိမ်နေတာဘဲ။ ကန္ဒာရကပရဗိုဇ်မှာ စိတ်အကြံဖြစ်ပါတယ်၊ သူ့စိတ်ထဲမှာ အကြံဖြစ်လာတာက ဘယ်လိုလဲဆိုတော့ ဒီလောက်များတဲ့ ရဟန်းပရိသတ်ထဲမှာ စကားပြောသံလဲမကြားရ၊ဆူသံလဲမကြားရ ငြိမ်သက်နေပါလား။မြတ်စွာဘုရား ရဲ့အဆုံးအမဟာ တယ်ကောင်းပါလားလို့ ပရဗိုဇ်ရဲ့စိတ်ထဲမှာ အကြံမဖြစ်လာဘူး လား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) အကြံဖြစ်လာတဲ့အတိုင်း မြတ် စွာဘုရားကိုလျှောက်ထားတယ်။ အရှင်ဘုရား အရှင်ဘုရားရဲ့ပရိသတ်ဟာအလွန် မတန်မှ သိမ်မွေ့လှပါတယ်ဘုရား၊ အရှင်ဘုရားရဲ့အဆုံးအမဩဝါဒကလဲ တယ် ကောင်းပါလားဘုရား။ ဒီလောက်များလှတဲ့ ပရိသတ်ကြီးဟာ စကားပြောသံလဲ မကြားရ၊ ဆူသံလဲမကြားရ၊ ခြေလက်တွေကလဲငြိမ်ပြီးနေပါတယ်ဘုရား။ အရှင် ဘုရားရဲ့ ဩ ဝါ ဒ အ ဆုံး အ မ ဟာ အလွန်အံ့ဩစရာကောင်းပါလားဘုရားလို့ ကန္ဒာရကပရဗိုဇ်က မလျှောက်ဘူး လား၊ လျှောက် သ လား (လျှောက်ပါတယ် ဘုရား)

ရဟန်းပရိသတ်ကလဲ မြင်တော်စွာဘုရားတရားဟောတော့မယ်ဆိုတော့ သတိရှိပြီး နေတာလား၊သတိမရှိဘဲနေတာလား(သတိရှိပြီးနေတာပါဘုရား)ယခုလဲတကာ တကာမတွေသတိထားလိုက်ပါ။ ဘယ်အချိန်မှာ သတိထားရမလဲဆိုရင် ယခုဣရိ ယာပထလေးပါးမှာ ဘယ်ဣရိယာပုတ်ဖြင့်နေတာလဲ(ထိုင်ခြင်းဣရိယာပုတ်နဲ့နေ ပါတယ်ဘုရား)ထိုင်ရင်ထိုင်တယ်ထိုင်တယ်လို့ သတိထားပါ။ဒါဘုရားရဲ့အဆုံးအမ မတည်ဘူးလား၊ တည်သလား (တည်ပါတယ်ဘုရား) ယခုသတိမရှိဘူးလား၊ ရှိ သလား (ရှိပါတယ်ဘုရား)ဘယ်အချိန်မှာရှိနေတာလဲ (ထိုင်နေတဲ့အပေါ်မှာပါ ဘုရား) အဲဒီတော့ လှုပ်ရှားသေးရဲ့လား (မလှုပ်ရှားပါဘုရား) မငြိမ်ဘူးလား၊ ငြိမ်နေသလား (ငြိမ်နေပါတယ်ဘုရား)

မြတ်စွာဘုရားလက်ထက်တော်အခါကလဲဒီလိုဘဲ။ မြတ်စွာဘုရားတရားဟောတော်မူတဲ့အချိန်မှာ ပရိသတ်ကငြိမ်ပြီးနေတော့ ပရဗိုဇ်ကမအံ့ဩဘူးလား၊အံ့ဩသလား (အံ့ဩပါတယ်ဘုရား) အရှင်ဘုရားရဲ့ အဆုံးအမ ဩဝါဒဟာ အလွန်ကောင်းပါလား ဘုရား။ ဒီလောက် များပြားလှတဲ့ ပရိသတ်ကြီးဟာ ဘာသံမှ မကြားရပါလားဘုရား။ အဲဒီလို လျှောက်ထားတော့ မြတ်စွာဘုရားကိုယ်တော်မြတ်က ဘာပြောသလဲဆိုတော့ ကန္ဒာရကပရဗိုဇ် ငါဘုရားရဲ့ တပည့်သာဝကဆိုတာ သတိရှိပြီးတော့နေတာ။

ဘယ်လိုနေတာလဲ (သတိရှိပြီးနေတာပါဘုရား) သတိမရှိဘဲနဲ့ နေတာလား (သတိရှိပြီးနေတာပါဘုရား) သတိမရှိဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်တွေ အရိယာဝါသနေ အိမ်ဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား)အိမ်မရှိတဲ့လူလိုပေါ့။ အိမ်မရှိတဲ့လူဟာ လေဟာပြင်မှာမနေရဘူးလား၊ နေရသလား(နေရပါတယ်ဘုရား) လေဟာပြင်မှာနေရင် နေပူတဲ့အခါနေပူထဲမှာနေရမယ်။ မိုးရွာတဲ့အခါမိုးရွာထဲမှာနေရမယ်။ ဒီအတိုင်းဘဲ တကာ တကာမတွေလဲဘဲ လောကုတ္တရာနယ်ပယ်မှာ သတိမရှိရင် အိမ်မရှိတာနဲ့ အတူတူဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

အရိယာဆိုတဲ့ အိမ်မှမရှိရင် ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ ဘေးတွေကလွတ်ပါ့မလား (မလွတ်ပါဘုရား) အဲဒီလို ဘေးအန္တရာယ်အမျိုးမျိုးတွေ မတွေ့ရဘူးလား၊ တွေ့ရမှာလား (တွေ့ရမှာပါဘုရား) အို နာ သေမ ရပ်ခဲ့တာ အဲဒီအိမ်မဆောက်ခဲ့လို့ အရိယာဝါသဆိုတာ ဘာနဲ့ဆောက်ရမှာတုံး (သတိနဲ့ပါဘုရား) ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ကန္ဒာရကပရဗိုဇ်ကို ငါ့ရဲ့ တပည့်သာဝကတွေက သတိနဲ့နေတာတဲ့၊ သတိရှိလိုက်တာနဲ့ တပြိုင်တည်း မငြိမ်သက်ဘူးလား၊ ငြိမ်သက်သလား(ငြိမ်သက်ပါတယ်ဘုရား) ကာယကံမှုတွေ သောင်းကျန်းပါအုံးမလား (မသောင်းကျန်းပါဘုရား) ဝစီကံမှုတွေ မနောကံမှုတွေ သောင်းကျန်းတယ်ဆိုတာ သတိရှိလို့လား၊ သတိမရှိလို့လား (သတိမရှိလို့ပါဘုရား) သတိရှိလိုက်တာနဲ့ တပြိုင်တည်း ကာယကံ မှုတွေ ဝစီကံ မှုတွေ မနောကံ မှုတွေ သောင်းကျန်းနိုင်ပါအုံးမလား (မသောင်းကျန်း နိုင်တော့ပါဘုရား)

ဘာပြုလို့မသောင်းကျန်းတာတုံး (သတိရှိနေလို့ပါဘုရား) မငြိမ်ဘူးလား၊ ငြိမ်နေသလား (ငြိမ်နေပါတယ်ဘုရား)ယခုလဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ ရှေ့မှောက်မှာ ရဟန်းပရိသတ်တွေ ငြိမ်သက် မနေဘူးလား (ငြိမ်နေပါတယ်

ဘုရား)ဘာပြုလို့ငြိမ်နေတာတုံး(သတိရှိလို့ပါဘုရား)မြတ်စွာဘုရားကငါဘုရားရဲ့ တပည့်သာဝကတွေက သတိနဲ့နေတာတဲ့။ သတိမရှိတဲ့ပုဂ္ဂိုလ်ကို မြတ်စွာဘုရားရဲ့ တပည့်သာဝကလို့ ဆိုနိုင်ပါ့မလား (မဆိုနိုင်ပါဘုရား) မြတ်စွာဘုရားရဲ့ တပည့် သာဝကဖြစ်ချင်ရင် သတိရှိရမှာလား၊သတိမရှိရဘူးလား(သတိရှိရမှာပါဘုရား) ဘယ်အချိန်အခါမှာ သတိရှိရမှာလဲ (ထိုင်တိုင်းထိုင်တိုင်းမှာပါဘုရား) သို့မဟုတ် (ရှုတိုင်းရှုတိုင်းရှိုက်တိုင်းရှိုက်တိုင်း) မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) အဲဒီလို သတိရှိလိုက်တာနဲ့ တပြိုင်တည်း ကာယကံတွေ ဝစီကံတွေ မနောကံတွေ နှောက်ယှက်ခွင့် ရသေးရဲ့လား (မရပါဘုရား) သတိတည်းဟူသော ချွန်းနဲ့အုပ် လိုက်တော့ ငြိမ်သက် မသွားဘူးလား (ငြိမ်သက်သွားပါတယ် ဘုရား) ဘုရားရဲ့ အဆုံးအမဩဝါဒဟာ တကာတကာမတွေ့အတွက် မကောင်းဘူးလား၊ ကောင်း သလား(ကောင်းပါတယ်ဘုရား)ကောင်းလိုက်ထာတဲ့။ ကန္ဒာရကပရဗိုဇ်ကကော မချီးကျူးဘူးလား၊ ချီးကျူးသလား (ချီးကျူးပါတယ်ဘုရား)

ဒါနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ကန္ဒာရကပရဗိုဇ် ဒီပရိသတ်ထဲမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်ပြီး ကိလေသာကုန်ခန်းနေတဲ့ ရဟန္တာတွေလဲ ပါတယ်။ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) သောတာပန် သက ဒါဂါမ် အနာဂါမ် ရဟန်းတွေလဲပါတယ်။ အရိယာတွေလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) သောတာပန်မဖြစ်သေးတဲ့ သတိရှေးရှု ပြီး ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ ပုထုဇဉ်ရဟန်းတွေလဲပါတယ်။မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) ကမ္မဋ္ဌာန်းအားထုတ်နေတဲ့ပုဂ္ဂိုလ်ကော သတိမရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)

သတိရှိရင် အဲဒီ ပုဂ္ဂိုလ်ဟာ မယဉ်ကျေးဘူးလား၊ ယဉ်ကျေးသလား (ယဉ် ကျေးပါတယ် ဘုရား) ဆူသံ အော်သံ ငေါက်သံ ရယ်သံတွေ လာသေးရဲ့လား (မလာတော့ပါဘုရား)သတိရှိလို့လား၊ သတိမရှိလို့လား(သတိရှိလို့ပါဘုရား) အဲဒီလိုမြတ်စွာဘုရားက ကန္ဒာရကပရဗိုဇ်ကို ဒီအတိုင်း မညွှန်ကြားဘူးလား ညွှန် ကြားသလား(ညွှန်ကြားပါတယ်ဘုရား)

ပေဿဆိုတဲ့ ဒကာကလဲ ဆက်ပြီး လျှောက်ပြန်တယ်။ အရှင်ဘုရားတဲ့ အရှင် ဘုရားကို တပည့်တော် လျှောက်ထားပါရစေ ဘုရားတဲ့။ ကန္ဒရကပရိဗိုဇ်လျှောက် ထားတဲ့အတိုင်း အရှင်ဘုရားရဲ့ ပရိသတ်က အလွန်မတန် သိမ်မွေ့နူးညံ့ပါလား ဘုရား။ ဘာသံမှမကြားရပါလားဘုရား။ အရှင်ဘုရားရဲ့ အဆုံးအမဩဝါဒဟာ ဖြင့် ဘယ်ပြီး ကောင်းပါလား ဘုရား။ တပည့်တော် လျှောက်ထားပါရစေ။ လောကမှာ နွားအစရှိတဲ့ တိရိစ္ဆာန်တွေ မကောက်ကျစ်ဘူးဘုရား၊ မစဉ်းလဲဘူး ဘုရား၊ တိရိစ္ဆာန် တွေက ကောက်ကျစ်သလား (မကောက်ကျစ်ပါ ဘုရား)

တိရိစ္ဆာန်တွေဟာ မကောက်ကျစ်မစဉ်းလဲဘူးဘုရား။တိရိစ္ဆာန်တွေဟာ ကျင်ကြီး စွန့်ချင်လဲ လူရှေ့သူရှေ့မှာလဲ စွန့်တာဘဲဘုရား။ ဟန်မဆောင်ဘူးဘုရား။ ကျင်ငယ်စွန့်ရင်လဲ ဒီတိရိစ္ဆာန်တွေက လူရှေ့သူရှေ့ကော မစွန့်ဘူးလား(စွန့်ပါတယ်ဘုရား) တိရိစ္ဆာန်ကတော့ ဟန်ဆောင်မှု မရှိပေမဲ့ တပည့်တော်တို့ လူသားတွေကတော့ ဟန်ဆောင်မှုအပြည့်တွေနဲ့ပါလားဘုရားတဲ့။

မလျှောက်ဘူးလား၊ လျှောက်သလား (လျှောက်ပါတယ်ဘုရား) လူတွေကတော့ ရှေ့တမျိုး ကွယ်ရာတမျိုးပါ ဘုရား။ လူတွေက ပရိယာယ် မများဘူးလား များသလား (များပါတယ် ဘုရား) များပါတယ်နော်။ ပေဿတကာ လျှောက်တဲ့အတိုင်းကြည့် စာပေမှာပါတဲ့အတိုင်း လူတွေက ပရိယာယ်များလှပါတယ်ဘုရား။ ဒီလိုပရိယာယ်များလှတဲ့လူတွေကို အရှင်ဘုရား ငြိမ်သက်အောင် ဆုံးမဘာဟာဖြင့် ဘုရားတပည့်တော် အရှင်ဘုရားရဲ့ဩဝါဒကို အံ့ဩလို့မဆုံးပါဘူးဘုရား။ အရှင်ဘုရားရဲ့ဆုံးမဩဝါဒ တယ်ကောင်းပါလားဘုရား။

ပေဿတကာက မလျှောက်ဘူးလား၊ လျှောက်သလား (လျှောက်ပါတယ်ဘုရား) ဘုရားရဲ့ အဆုံးအမဆိုဘာဘာတုံး (သတိပါဘုရား) သတိရှိလိုက်တာနဲ့ တပြိုင်တည်း မယဉ်ကျေးဘူးလား၊ယဉ်ကျေးသလား(ယဉ်ကျေးပါတယ်ဘုရား) ကာယ ဒုစရိုက်တွေ ဝစီ ဒုစရိုက်တွေ လုပ်သေးရဲ့လား (မလုပ်တော့ပါဘုရား) ဘာ့ကြောင့် မလုပ်တာလဲ (သတိရှိလို့ပါဘုရား) ဒီသတိတရားကို မြတ်စွာဘုရားက ဟောတာလား ဘုန်းကြီးကဟောတာလား (မြတ်စွာဘုရားက ဟောတာပါဘုရား) (မာပမာဒတ္တဘိက္ခဝေ။) ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ မာပမာဒတ္တ၊ မမေ့မလျော့ကြကုန်လင့်လို့ မြတ်စွာဘုရားက မဟောကြားဘူးလား (ဟောကြားပါတယ်ဘုရား)

ဘယ်အချိန်မှာ မမေ့ရမှာတုံး (ထိုင်တိုင်းထိုင်တိုင်းမှာပါ ဘုရား) မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) ဒီလိုမှတ်ချက်ချ၊ ဒါနဲ့အရှင်ဘုရား၊ တပည့်တော်လဲ တခါတလေ သတိထားပြီး တရားအားထုတ် ပါတယ်ဘုရား၊ နှလုံးသွင်းပါတယ်ဘုရားတဲ့။ မလျှောက်ထားဘူးလား (လျှောက်ထားပါတယ်ဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်ကလဲ တရားဟောတော့မည့်ဆဲဆဲ ဖြစ်လေသောကြောင့် ပေဿနှင့်တကွ ကန္ဒာရကပရိဗိုဇ် အစရှိသော ပရိသတ်လေးပါးကို တရားစပြီးဟောလိုက်တယ်။ တရားလဲ စပြီးဟောလိုက်ရော၊ ပေဿဆိုတဲ့ တကာက အရှင်ဘုရားတပည့်တော်ကိစ္စတွေရှိနေလို့ ပြန်ပါရစေဘုရားတဲ့။

တရားပွဲမှာဝတ်ချပြီးတော့ ပြန်မသွားဘူးလား၊ ပြန်သွားသလား(ပြန်သွားပါတယ်ဘုရား) တရားပွဲဆုံးတဲ့အခါ မြတ်စွာဘုရားက၊ ချစ်သားတို့ ပေဿဆိုတဲ့

တကာဟာ ပညာရှိယောကျ်ားဘဲ။ ဒီတကာဟာ ငါ့တရားကို ဆုံးအောင် နားထောင်မယ်ဆိုရင် သောတာပန်ဖြစ်မဲ့ တကာဘဲ။ ယခု သူရှုံးသွားပြီ။ သောတာပန်အဖြစ်ဟာ လွတ်သွားပြီ။ ဘာပြုလို့ သောတာပန် မတည်တာတုံး (တရားဆုံးအောင် မနာလို့ပါဘုရား)

တရားဆိုတာ တကာတကာမတွေ တပိုင်းတစနာလို့ ရရဲ့လား(မရပါဘုရား) ယခု တလ သင်တန်း ဆိုပြီး သက်မှတ်ချက်ချထားပြီးတော့ တလ သင်တန်းမှာ မှန်မှန်မလာက်ရင် ဒီတရားသဘောပေါက်ပါ့မလား(မပေါက်ပါဘုရား)နားလည်ပါ့မလား(နားမလည်ပါဘုရား) နားမလည်ရင် အကျိုးများပါ့မလား (မများပါဘုရား) ဒါကြောင့် တရားဆိုတာ ဆုံးအောင် နာသင့်သလား၊ မနာသင့်ဘူးလား(နာသင့်ပါတယ်ဘုရား) နာရတယ်။ ကြည့် မြတ်စွာဘုရားက ချစ်သားတို့ ပေဿ ဆိုတဲ့ တကာဟာ ရှုံးသွားပြီ တရားသာ ပြည့်ပြည့်စုံစုံ နာလိုက်မယ်ဆိုရင် သောတာပန် မတည်ဘူးလား၊ တည်မှာလား (တည်မှာပါဘုရား) တရားဟောခါစရှိသေး၊ ဒါ့ကြောင့် တရားဟောတဲ့ပုဂ္ဂိုလ်ကလဲ တရားကို ပြည့်ပြည့်စုံစုံဟောရတယ်၊ မပြည့်စုံလို့ရှိရင် တကာတကာမတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ပေဿ ဒါယကာက မြတ်စွာဘုရား တရားစဟောခါစရှိသေး၊ တရားပြည့်စုံပြီလား (တရားမပြည့်စုံသေးပါဘုရား) မပြည့်စုံသေးဘဲနဲ့ ပေဿ ဒါယကာပြန်သွားတော့ မြတ်စွာဘုရားတတ်နိုင်ရဲ့လား ( မတတ်နိုင်ပါဘုရား ) မတတ်နိုင်ဘူး။ ပြည့်ပြည့်စုံစုံမှမနာတာကိုးဗျ။ ဒါကြောင့် ဟောတဲ့ပုဂ္ဂိုလ်ကလဲ တရားကို ပြည့်ပြည့်စုံစုံဟောရတယ်။ နာတဲ့ပုဂ္ဂိုလ်ကလဲ နာကြားရုံမျှမဟုတ်ဘဲ၊ မှတ်သားပြီးဘာလုပ်ရမှာတုံး (အားထုတ်ရမှာပါဘုရား) ပြည့်စုံမှ၊ မပြည့်စုံရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား(မရနိုင်ပါဘုရား) ယခုပေဿဆိုတဲ့ဒါယကာ တရားပြည့်စုံသွားရဲ့လား (မပြည့်သေးပါဘုရား) တရားကိုလဲ ပြည့်ပြည့်စုံစုံမနာ။ တရားပြည့်ပြည့်စုံစုံမနာတော့ တရားသိရဲ့လား (မသိပါဘုရား)

တရားအားထုတ်နည်းတွေနားလည်ရဲ့လား (နားမလည်ပါဘုရား) အားထုတ်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အဲဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပါ့မလား (မရပါဘုရား)ဒါကြောင့်နှစ်ဦးနှစ်ဘက်မပြည့်စုံသင့်ဘူးလား၊ ပြည့်စုံသင့်သလား (ပြည့်စုံသင့်ပါတယ်ဘုရား) ဒါကြောင် ကျမ်းဂန်က ဒီနေရာဘယ်လိုပြသလဲဆိုတော့ မြတ်စွာဘုရားရှေတော်မှောက် ရောက်ပါလျက် ပေဿ ဒါယကာ သည် သောတာပန်ဖြစ်ဘို့ အင်္ဂါရှိပါလျက်သားနဲ့ သောတာပန် မဖြစ်တာဖြင့် ဘယ်လို အကြောင်းကြောင့်လဲဆိုတော့မြတ်စွာဘုရားကမဟောဘူးလားတဲ့၊ သောတာပန်ဖြစ်မယ်ဆိုရင်တားပါတော့လားတဲ့၊ ဒီလိုမပြောသင့်ဘူးလား၊ ပြောသင့်သလား (ပြောသင့်ပါတယ်ဘုရား) ဒါနဲ့ မြတ်စွာဘုရားက တားမယ်ဆိုရင် တားလို့ရပါတယ်။ သို့ပေမဲ့ တားနေဖို့အလကားဘဲတဲ့။ တားလို့သာ သူနေရမှာကိုး။ တရား

တော်ပေါ်မှာသူစိတ်ဝင်စားရဲ့လား (မဝင်စားပါဘုရား) မြတ်စွာဘုရားတားလို့သာ သူနေရမှာ၊သူ့ကိစ္စအပေါ်မှာသာသူစိတ်ရောက်နေမှာ။ ဒီလိုဆိုရင်သူတရားပြည့်စုံနိုင်ပါ့မလား (မပြည့်စုံနိုင်ပါဘုရား)ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကမတားတာတဲ့။

တားလို့ရသော်လည်း ဒီတရားပေါ်မှာစိတ်ဝင်စားပါ့မလား (မဝင်စားပါဘုရား) သူပြောစရာကိစ္စ လုပ်စရာကိစ္စ တွေပေါ်မှာသာ သူစိတ်ရောက်နေမှာ။

အဲဒါကြောင့်တကာတကာမတွေလဲဘဲတရားနာတဲ့အခါစေတနာသဒ္ဓါတရားတွေထားပြီးတရားနာပါ။ ဝတ်ကျေတန်းကျေ နာလို့ရရဲ့လား (မရပါဘုရား) ပုဂ္ဂိုလ်တွေငဲ့ပြီးတရားနာလို့ရရဲ့လား (မရပါဘုရား) သူ့ကြောင့် ငါတရားသွားနာရတာလို့မလုပ်ပါနဲ့။ စေတနာ သဒ္ဓါတရားနဲ့ဂရုစိုက်ပြီးနာပါ။ အဲဒီလိုပုဂ္ဂိုလ်တွေငဲ့ပြီး တရားပွဲတွေလိုက်နေရင် အကျိုးများပါ့မလား ( မများပါဘုရား ) ပြည့်စုံပါ့မလား (မပြည့်စုံပါဘုရား)မပြည့်စုံဘူး။ ကိရိယပရိဟာနိပုဒ်ထဲပါသွားမယ်။ နော်-ခင်ဗျားတို့လုပ်သင့်တာတွေမလုပ်၊ မလုပ်သင့်တာတွေကိုတော့ လိုက်လုပ်တယ်။ ဓမ္မနဲ့ပတ်သက်ပြီး လောကငဲ့လို့ရရဲ့လား (မရပါဘုရား) ပုဂ္ဂိုလ်တွေသွားမငဲ့နဲ့၊ လောကရေးရာတွေသွားမငဲ့ပါနဲ့။

ဂုဏဝန္တေပဿန္တိတိဇနာ၊ဆိုတဲ့အတိုင်း ဂုဏ်ရှိတဲ့လူတွေကိုသွားမငဲ့ပါနဲ့။ ဒီလူတွေကခင်ဗျားတို့သေတဲ့အခါကယ်နိုင်ပါ့မလား (မကယ်နိုင်ပါဘုရား) ဘယ်သူက ကယ်မှာတုံး (ဓမ္မကပါဘုရား) တရားကဘဲကယ်မှာ။ ခင်ဗျားတို့ တရားရဖို့ဘဲ အရေးကြီးပါတယ်၊ ပုဂ္ဂိုလ်တွေငဲ့ပြီး တရားပွဲတွေ လိုက်နေမယ်၊ ပုဂ္ဂိုလ်တွေဂုဏ်တွေငဲ့ပြီး ရိပ်သာတွေကိုဝင်နေမယ်ဆိုရင်ဖြင့် တကာ တကာမတွေ ကိရိယပရိဟာနိဆိုတဲ့ပုဒ်ထဲရောက်သွားမယ်။

လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေမဟုတ်ဘဲနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေ ပြည့်စုံသင့်တာတွေမပြည့်စုံဘဲနဲ့ လောကရေးရာတွေ ငဲ့ပြီးတော့နေရင် တကာတကာမတွေမနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား) လောကီစီးပွားရှာတဲ့အခါ ပုဂ္ဂိုလ်ရေးတွေငဲ့ချင်ငဲ့ပါ၊ လောကုတ္တရာစီးပွား ရှာတဲ့အခါမှာတော့ ပုဂ္ဂိုလ်ရေးတွေတကွက်မှငဲ့စရာမလိုပါဘူးလို့ မ ပြော သင့် ဘူး လား၊ ပြောသင့်သလား(ပြောသင့်ပါတယ်ဘုရား)ငဲ့လိုက်ရင်ခင်ဗျားတို့နစ်နာမှာလား၊သူတပါးနစ်နာမှာလား (တပည့်တော်တို့နစ်နာမှာပါဘုရား)

ပေဿဆိုတဲ့ ဒါယကာကိုကြည့်ပါ၊ သွားစရာ လာစရာကိစ္စ ရှိပါတယ်ဘုရားဆိုတော့ မြတ်စွာဘုရားက တားရဲ့လား (မတားပါဘုရား) မြတ်စွာဘုရားငဲ့ပြီးတော့တရားနာရမယ်ဆိုရင် တရားရပါ့မလား (မရပါဘုရား) ဒါကြောင့်ပုဂ္ဂိုလ်ကိုမငဲ့ဘဲနဲ့ ဓမ္မကိုငဲ့ပြီးတရားနာယူ ပါ ကိရိယပရိဟာနိဆိုတဲ့ ပုဒ်အရ ခင်ဗျားတို့ကို

ရှင်းပေးပါတယ်။ နောက်တချက်က ပါပမိတ္တ။ ဘာတဲ့တုံး (ပါပမိတ္တပါဘုရား) ပါပဆိုတာက-မကောင်းတာ။မိတ္တဆိုတာက-အဆွေခင်ပွန်း။မကောင်းတဲ့အဆွေခင်ပွန်းတွေနဲ့ပေါင်းမိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)

ဒါကြောင့် ကလျာဏမိတ္တနဲ့တွေ့ဘို့အရေးမကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား) ပါပမိတ္တကို ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်ပါ။ ဓမ္မန္တရာယ်ပြုမဲ့ ပုဂ္ဂိုလ်တွေကို ရှောင်နိုင်သမျှရှောင်ပါ။ ခင်ဗျားတို့ တရားအားထုတ်ချင်တယ်ဆိုပါစို့။ တရားအားမထုတ်ရအောင် ပရိယာယ်အမျိုးမျိုးနဲ့ ကန့်ကွက်မယ်။ တရားနာမယ်ဆိုရင် တရားမနာဖြစ်အောင် ပရိယာယ်အမျိုးမျိုးနဲ့ ကန့်ကွက်မယ်ဆိုရင် ဓမ္မန္တရာယ်ဖြစ်တယ်လို့ မဆိုထိုက်ဘူးလား၊ ဆို ထိုက် သ လား (ဆိုထိုက်ပါတယ်ဘုရား)အဲဒါပါပမိတ္တ-မကောင်းတဲ့မိတ်ဆွေဘဲ။ အဲဒီလိုမကောင်းတဲ့မိတ်ဆွေတွေနဲ့ပေါင်းမိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား(မရနိုင်ပါဘုရား)ဒါနဲ့ တကာတကာမတွေလဲ သိပြီး သား ပါ။ ဉပမာပြောရမယ်ဆိုရင် အဇာတသတ်မင်းကို ခင်ဗျားတို့ကြားဘူးပါတယ်။ အဇာတသတ်မင်းက သူ့ရဲ့ဖခင် ဗိမ္ဗိသာရမင်းကြီးကို မသတ်ဘူးလား၊ သတ်သလား (သတ်ပါတယ်ဘုရား) ကောင်းတဲ့မိတ်ဆွေနဲ့ တွေ့လို့လား၊ မကောင်းတဲ့မိတ်ဆွေနဲ့တွေ့လို့လား (မကောင်းတဲ့မိတ်ဆွေနဲ့ တွေ့လို့ပါဘုရား) မကောင်းတဲ့မိတ်ဆွေကဘယ်သူလဲဆိုတော့ ဒေဝဒတ်။ ဒေဝဒတ်နဲ့သွားတွေ့လိုက်တဲ့အခါကျတော့ မလုပ်သင့်မလုပ်ထိုက်တာတွေ မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) လုပ်မိတော့ဘယ်သူနစ်နာသွားသလဲ (အဇာတသတ်မင်း နစ်နာသွားပါတယ်ဘုရား)

အဇာတသတ်မင်း နစ်နာတာဘဲ။ ဖခင်ကြီး သွားသတ်လိုက်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်က သာမညဖလသုတ်မှာ မဟောဘူးလား၊ ဟောသလား (ဟောပါတယ်ဘုရား) သာမညဖလသုတ် ဟောတဲ့အချိန်က အဲဒီလို ဖခင်ကြီးကို သာမသတ်ခဲ့မိရင်အဇာတသတ်မင်းသည်သောတာပန်ဖြစ်မဲ့ပုဂ္ဂိုလ်။သောတာပန်တည်မဲ့အင်္ဂါတွေရှိလျက်သားနဲ့မိတ်ဆွေယုတ်နဲ့သွားပေါင်းမိတဲ့အတွက်မဂ္ဂန္တရာယ်တွေ ဖိုလ်အန္တရာယ်တွေ မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား) သောတာပတ္တိမဂ်ဉာဏ် သောတာပတ္တိဖိုလ်ဉာဏ်ရနိုင်ပါလျက်သားနဲ့ မဂ်ဖိုလ်ကိုလက်မလွှတ်ရဘူးလား၊ လက်လွှတ်ရသလား (လက်လွှတ်ရပါတယ်ဘုရား) ကောင်းတဲ့မိတ်ဆွေတွေနဲ့တွေ့လို့လား၊ မကောင်းတဲ့မိတ်ဆွေတွေနဲ့တွေ့လို့လား (မကောင်းတဲ့မိတ်ဆွေနဲ့တွေ့လို့ပါဘုရား)

ဒီနေရာမှာ မ ကောင်း တဲ့ မိတ် ဆွေ က ဘယ် သူ တုံး (ဒေဝဒတ်ပါဘုရား) ဒါကြောင့် ပါပမိတ္တနဲ့ပေါင်းမိလို့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တဲ့ ပါရမီရှိသော်လဲ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှဲလား ( မရပါဘုရား )

ဒါကြောင့် ပါပမိတ္တလဲရှောင်ပါလို့ စာပေကပြမထားဘူးလား၊ပြထားသလား (ပြထားပါတယ်ဘုရား) ကိုရိယပရိဟာနိယ၊ ပရိဟာနိပြုသင့်ပြုထိုက်တဲ့ကိစ္စတွေကိုပြုပါ။ ပြည့်ပြည့်စုံစုံလုပ်ပါ။ တရားဟောဘုန်းကြီးကလဲ ပြည့်စုံပါစေ။ တရားနာတဲ့ပုဂ္ဂိုလ်ကလဲ ပြည့် စုံ ပါ စေ၊ မိတ် ဆွေ ကောင်း နဲ့ ပေါင်း ဖေါ် ပြီး တော့ မကောင်းတဲ့မိတ်ဆွေတွေနဲ့ မပေါင်းသင့်ပါနဲ့။ ဒီအင်္ဂါနှစ်ရပ်နဲ့ လွတ်သွားရင် ခင်ဗျားတို့မဂ်ဉာဏ်ဖိုလ်ဉာဏ်မရနိုင်ဘူးလား၊ရနိုင်သလား(ရနိုင်ပါတယ်ဘုရား)

အဲဒီတော့ တရားဟောဘုန်းကြီးကလဲ တလသင်တန်းဆိုတော့ တလကပိုရင်လဲပိုသွားမှာ၊ မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား) နေ့တိုင်းနေ့တိုင်းဟောခဲ့တာဆိုတော့ တရားမပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား)တပိုင်းတစနဲ့ လာတလှည့် မလာတလှည့်ဆိုရင် ခင်ဗျားတို့ ပြည့်စုံပါ့မလား (မပြည့်စုံပါဘုရား) တရားကိုသာ ဆုံးအောင်နာပါ။ တရားပြည့်ပြည့်စုံစုံဖြစ်လာပါလိမ့်မယ်၊ မပြည့်စုံရင်တော့ ခင်ဗျားတို့ ပေယျဒါယကာလို ဖြစ်သွားလိမ့်မယ်။ ပေယျဒါယကာဟာ တရားမပြည့်စုံသေးဘဲ ထသွားတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်ပါလျက်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရဲ့လား (မရပါဘုရား) မနစ်နာဘူးလား၊ နစ် နာ သ လား ( နစ်နာပါတယ်ဘုရား ) တကာ တကာမတွေ့လဲဘဲ မြတ်စွာဘုရားရဲ့တရားဒေသနာတော်တွေကို နာကြားတဲ့အခါမှာ တပိုင်းတစနာရမှာလား၊ ဆုံးအောင်နာရမှာလား (ဆုံးအောင်နာရမှာပါဘုရား)

ခင်ဗျားတို့ တရားဆုံးအောင် နာမှပြည့်စုံမှာ ဆုံးအောင်မနာရင် ပြည့်စုံပါ့မလား ဟောတဲ့ပုဂ္ဂိုလ်ကလဲ ပြည့်စုံရမယ်။ နာတဲ့ပုဂ္ဂိုလ်ကလဲပြည့်စုံစွာ နာမယ်ဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘဲ နေပါ့မလား (မနေပါဘုရား) ရနိုင်ပါတယ်။ အဲဒီဝတ္ထု သက်သေကို ထောက်ပါတော့။ မြတ်စွာဘုရားရဲ့ ဩဝါဒက ဘာလဲ (သဘိပါဘုရား)သတိဆိုတဲ့ချွန်းနဲ့အုပ်လိုက်တာနဲ့တပြိုင်တည်း ခင်ဗျားတို့ ငြိမ်ကျမသွားဘူးလား၊ငြိမ်ကျသွားသလား(ငြိမ်ကျသွားပါတယ်ဘုရား)လုပ်နိုင်သေးရဲ့လား (မလုပ်နိုင်ပါဘုရား)

ဆူသံ ဆဲသံ အော်သံတွေ ငိုသံတွေ ရယ်သံတွေ ခင်ဗျားတို့ ထွက်သေးရဲ့လား (မထွက်တော့ပါဘုရား) မြတ်စွာဘုရား လက်ထက်တော် အခါကလဲ ရဟန်းပရိသတ်တွေ သဘိရှိလိုက်တာနဲ့ တပြိုင်တည်း ရဟန်းပရိသတ်တွေ မငြိမ်သက်ဘူးလား၊ ငြိမ်သက်သလား (ငြိမ်သက်ပါဘယ် ဘုရား) ယခုလဲ ခင်ဗျားတို့ တနာရီအတွင်းမှာ ငြိမ်ငြိမ်သက်သက်ဖြစ်မနေဘူးလား၊ ဖြစ်နေသလား(ဖြစ်နေပါတယ်ဘုရား)ဘာလို့ငြိမ်သက်တာတုံး (သတိရှိလို့ပါဘုရား) အရပ်ထဲမှာ ခင်ဗျားတို့ ငြိမ်သက်နေသလား၊ဆူနေသလား(ဆူနေပါတယ်ဘုရား)သတိရှိလို့လား၊ သတိမရှိလို့လား(သတိမရှိလို့ပါဘုရား) ဒါကြောင့် ခင်ဗျားတို့ သတိရှိပါစေ။

ကဲ-ရှေ့တက္ကက် တက်ကြပါစို့။ ဘယ်အချိန်မှာ သတိရှိရမှာတုံးဆိုတော့ ဣရိယာပထပဗ္ဗမှာ သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းမှာ ဘာရှိရမှာလဲ (သတိရှိရမှာပါဘုရား) အဲဒါတွေမပြောခဲ့ဘူးလား၊ ပြောခဲ့သလား၊ ပြောခဲ့ပါတယ်ဘုရား) ခင်ဗျားတို့ မပြခဲ့ဘူးလား၊ ပြခဲ့သလား (ပြခဲ့ပါတယ်ဘုရား) သတိရှိလိုက်တာနဲ့တပြိုင်ထဲ အရှိတရားပေါ်တာလား၊ မရှိတရားပေါ်တာလား (အရှိတရားပေါ်တာပါဘုရား) နောက် သမ္ပဇညပဗ္ဗမှာလဲ တကာတကာမတွေ့ သတိထားလိုက်ပါ။ ရှေ့သို့တက်တိုင်း၊ နောက်သို့ ဆုတ်တိုင်း၊ ရှေ့သို့ စိုက်ကြည့်တိုင်း စိုက်ကြည့်တိုင်း စောင်းကြည့်တိုင်း စောင်းကြည့်တိုင်းမှာ ဘာရှိရမှာတုံး (သတိရှိရမှာပါဘုရား) ဒါတွေလဲ ပြောခဲ့ပြီးပါပြီ။

ယနေ့ တဆင့်တက်ကြပါဦးစို့၊ တကာတကာမတွေ ဒေသနာတော်ကိုကျော်တက်လို့ရရဲ့လား (မရပါဘုရား) မြတ်စွာဘုရား ဒေသနာတော်ရှိတဲ့ အတိုင်းကတော့ ဘုန်းကြီးကရှင်းပေးရမှာ မြတ်စွာဘုရားဟောတော်မူတဲ့ ဒေသနာတော်ကို ချန်ထားလို့ရရဲ့လား (မရပါဘုရား) ဒါကြောင့် မြတ်စွာဘုရားက သမ္ပဇညပဗ္ဗမှာ ဘယ်လိုဟောတော်မူသလဲဆိုတော့(သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီဟောတိ။) သမိဉ္ဇိတေ၊ ဆန့်တဲ့လက်ကွေးသည် ရှိသော်၊ မကွေးဘူးလား၊ ကွေးသလား(ကွေးပါတယ်ဘုရား)ပသာရိတေ၊ ကွေးတဲ့လက် ဆန့်တန်းသည်ရှိသော်၊ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ကွေးမှုဆန့်မှုကို ပြုလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။

သတိရှိပြီးကွေးရမှာလား၊ သတိမရှိဘဲနဲ့ကွေးရမှာလား (သတိရှိပြီးကွေးရမှာပါဘုရား) သတိရှိပြီးကွေးပါ။ သတိရှိပြီးဆန့်တန်းရမှာလား၊ သတိမရှိဘဲနဲ့ ဆန့်တန်းရမှာလား (သတိရှိပြီးဆန့်တန်းရမှာပါ ဘုရား) သတိရှိပြီးဆန့်၊ သတိရှိပြီးကွေးတော့ မယဉ်ကျေးဘူးလား၊ ယဉ်ကျေးသလား (ယဉ်ကျေးပါတယ်ဘုရား) ကြမ်းတမ်းပါအုံးမလား (မကြမ်းတမ်းပါဘုရား) သတိရှိလို့လား၊ သတိမရှိလို့လား(သတိရှိလို့ပါဘုရား) ဟော- ဆန့်တဲ့အခါလဲ သတိနဲ့ဆန့်ပါ၊ မယဉ်ကျေးဘူးလား၊ယဉ်ကျေးသလား(ယဉ်ကျေးပါတယ်ဘုရား)ဘယ်သူ့ရဲ့သတ္တိတုံး(သတိရဲ့သတ္တိပါဘုရား)ဒါကြောင့် မြတ်စွာဘုရားက-

(မာပမာဒတ္ထာဘိက္ခဝေ၊ မာပမာဒတ္ထာဘိက္ခဝေ။)နဲ့ မညွှန်ကြားဘူးလား၊ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) (ဈာယထဘိက္ခဝေ မာပမာဒတ္ထ။)

ဘိက္ခဝေ၊ ချစ်သားတို့၊ မာပမာဒတ္ထ၊ မမေ့ကြပါကုန်လင့်။ ဈာယထ၊ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို ပွါးရှုကြပါကုန်လော့၊ ဘာကမ္မဋ္ဌာန်းရှုရမှာတုံး(သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းပါဘုရား (ကွေးရင် ကွေးတယ်လို့သိတာ ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား) ဆန့်ရင် ဆန့်တယ်လို့

သိတာဘာကမ္မဋ္ဌာန်း(သမထကမ္မဋ္ဌာန်းပါဘုရား)ကွေးရင်ကွေးတယ်လို့ သိ။ဆန့်ရင်လဲဆန့်တယ်လို့ သိ။

ပကွေးဘူးလား၊ ကွေးသလား (ကွေးပါတယ်ဘုရား) မဆန့်ဘူးလား၊ ဆန့်သလား(ဆန့်ပါတယ်ဘုရား)ခင်ဗျားတို့ လက်ချောင်းလေးတွေ မကွေးဘူးလား (ကွေးပါတယ်ဘုရား) ကွေးရင်ကွေးတယ်၊ ဆန့်ရင်ဆန့်တယ်လို့ မှတ်နေရင် ဘာကမ္မဋ္ဌာန်းတုံး(သမထကမ္မဋ္ဌာန်းပါဘုရား) ကွေးရင်ကွေးတယ်လို့ သိခိုက်မှာ ဆန့်ရင်ဆန့်တယ်လို့ သိခိုက်မှာ နီဝရဏတရားငါးပါး ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား)နီဝရဏတရားငါးပါးမငြိမ်းဘူးလား၊ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) ကာမစ္ဆန္ဒနီဝရဏ။ ဗျာပါဒနီဝရဏ။ ထိနမိဒ္ဓနီဝရဏ။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ။ ဝိစိကိစ္ဆာနီဝရဏ။ နီဝရဏ ဘယ်နှစ်ပါးတုံး (ငါးပါးပါဘုရား) အဲဒီ နီဝရဏ ငါးပါး မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)

ဘာပြုလို့ငြိမ်းတာလဲဆိုတော့ ကွေးရင်ကွေးတယ်လို့ သိနေလို့ ဆန့်ရင်ဆန့်တယ်လို့ သိနေလို့ ငြိမ်းတာ။ ကွေးရင် ကွေးတယ်လို့ သိနေခိုက်မှာ ဆန့်ရင်ဆန့်တယ်လို့ သိနေခိုက်မှာ နီဝရဏတရားငါးပါးငြိမ်းပါတယ်။ဒါကြောင့် ရှေးဦးစွာ ခင်ဗျားတို့သမထကမ္မဋ္ဌာန်းကိုပွါးများကြပါ။သမထကမ္မဋ္ဌာန်းက နီဝရဏတရားငါးပါးကိုပယ်တယ်၊ လူတွေ သတ္တဝါတွေက ပယ်တာလား၊ သမထကမ္မဋ္ဌာန်းက ပယ်တာလား (သမထကမ္မဋ္ဌာန်းကပယ်တာပါဘုရား) ဘယ်သူ့ကို ပယ်တာတုံး (နီဝရဏတရားငါးပါးကို ပယ်တာပါဘုရား) ဒါကြောင့် ကွေးရင်ကွေးတယ်လို့ မှတ်ပါ။ ဆန့်ရင် ဆန့်တယ်လို့ မှတ်ပါ။ အဲဒါဘာကမ္မဋ္ဌာန်း (သမထကမ္မဋ္ဌာန်း ပါဘုရား)

ဒါကြောင့် သတိ သမာဓိ ရလာပြီဆိုရင် ရှေ့တဆင့် ကွေးချင်တဲ့ သဘော မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ကွေးချင်တဲ့သဘောက လူလား၊ စိတ်လား (စိတ်ပါဘုရား) စိတ်ဖြစ်တော့ဘာဖြစ် (လေဖြစ်ပါတယ်ဘုရား) လေဖြစ်တော့ ကွေးတဲ့အမူအရာမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဒီအမူအရာကိုရိယာပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) အမူအရာတခုနဲ့တခုတူရဲ့လား(မတူပါဘုရား)

ဘာမတူလို့တုံး(လေမတူလို့ပါဘုရား) လေကလဲ ဘာကြောင့် မတူတာတုံး (စိတ်မတူလို့ပါဘုရား)စိတ်အမျိုးမျိုးတွေကြောင့် လေအမျိုးမျိုးတွေဖြစ်၊ လေအမျိုးမျိုးတွေကြောင့် အမူအရာအမျိုးမျိုးတွေဖြစ်။ အမူအရာ တခုနဲ့တခုတူရဲ့လား(မတူပါဘုရား) ပဌမစိတ်ကြောင့် ပဌမလေ။ ပဌမအမူအရာ။ ဒုတိယစိတ်ကြောင့် ဒုတိယလေ။ ဒုတိယ အမူအရာ။ တတိယ စိတ်ကြောင့် တတိယလေ။

တတိယအမူအရာ။ တူရဲ့လား (မတူပါဘူးရား) အမူအရာအမျိုးမျိုး တွေကြောင့် ပညတ်အမျိုးမျိုးတွေမခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား)ကွေး တယ်ဆန့်တယ်။ ပြီးတော့ မှောက်တယ်။ချတယ်။ခင်ဗျားတို့ ခေါ်ကြတယ်။ အမူ အရာတူလို့လား၊ မတူလို့လား (မတူလို့ပါဘုရား)

အမူအရာအမျိုးမျိုးတွေပေါ်မှာ ခင်ဗျားတို့က ပညတ်အမျိုးမျိုးတွေနဲ့ကွေး တယ်၊ဆန့်ဘယ်။ချဘယ်၊ ရမ်းဘယ်။ လက်ရပ်တယ်နဲ့ ပြောကြ၊ ဆိုကြတယ်။ ဒါ ဘယ်သူ့ရဲ့သတ္တိလဲ(စိတ်သဘောနဲ့လေသဘောရဲ့သတ္တိပါဘုရား)စိတ်ကဘာတရား ပါလိမ့် (နာမ်ဘရားပါဘုရား) လေက ဘာတရားပါလိမ့် (ရုပ်တရားပါဘုရား) ကွေးဘာ ဆန့်တာ ရှိတာလား၊ နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာပါဘုရား) ဘယ်အချိန်မှာရှိဘာတုံး(ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်းမှာပါဘုရား) ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ်သဘော လေသဘော ရှိတာလား (စိတ်သဘော လေသဘော ရှိတာပါ ဘုရား)

ရှိတာဘာပြုလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်(အခုမှ ဖြစ်တာပါဘုရား)ဘယ်အချိန်မှာဖြစ်(ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်း) ဒါကြောင့် ကွေးတဲ့အခါမှာ (အခုမှဖြစ်တဲ့စိတ်နဲ့လေ အခုမှဖြစ်တဲ့စိတ်လေ) ဆန့် တဲ့အခါကော(အခုမှဖြစ်တဲ့စိတ်နဲ့လေ အခုမှဖြစ်တဲ့စိတ်နဲ့လေ)အဲဒီလို ရှုတဲ့ဉာဏ် သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိ (ဒိဋ္ဌိ ဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါဘယ်ဘုရား) ဘယ်အချိန်မှာတုံး (ကွေးတိုင်းဆန့် တိုင်း)မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

ဒါကြောင့် အဋ္ဌကထာဆရာက ဒီနေရာမှာ ဘယ်လို ဖွင့်ထားသလဲ ဆိုတော့။

+ **အဗ္ဘန္တရေအတ္တာနာမကောစိသမိဉ္ဇန္တော ဝါ ပသာရေန္တော ဝါ နတ္ထိ။ ဝုတ္တပ္ပကာရစိတ္တကိရိယာဝါယောဓာတုဝိပ္ဖါရေနပန သုတ္တာကဍ္ဎနဝသေန ဒါရုယန္တဿဟတ္ထပါဒလောဠနံဝိယသမိဉ္ဇနပသာရဏံ ဟောတိတိ။**

အဗ္ဘန္တရေ၊ ရုပ်နာမ်အတွင်း၌၊ ကွေးတာလား၊ နာမ်ရုပ်ရှိတာလား(နာမ်ရုပ် ရှိတာပါဘုရား) ဆန့်တာရှိတာလား၊ နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာပါ ဘုရား) အဲဒီ နာမ်ရုပ် အတွင်းမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ပါရဲ့လား (မပါပါဘုရား)ဒါကြောင့်၊ အဗ္ဘန္တရေ၊ ကွေးတိုင်းကွေးတိုင်းဆန့်တိုင်းဆန့်တိုင်း

+ မူလပဏ္ဏာသ၊ ဋ၊ ပ၊ နှာ ၂၆၉

ဆိုတဲ့ နာမ်ရုပ်အတွင်း၌၊ အတ္တာနာမ၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမည်သည်၊ နတ္ထိ၊ မရှိ။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား (မပါပါဘုရား) ကွေးတာဆန့်တာရှိရဲ့လား(မရှိပါဘုရား)ရှိတာကဘာတုံး(စိတ်နဲ့လေပါဘုရား) တနည်း(နာမ်နဲ့ရုပ်ပါဘုရား)

ကောစိ၊တစုံတယောက်သော။ သမိဉ္ဇေန္တောဝါ၊ ကွေးတတ်သောသူသည်ဂုဏ်း၊ ပသာရေန္တောဝါ၊ ဆန့်တန်းတတ်သောသူသည်ဂုဏ်း။ နတ္ထိ၊ ဘာတခုမျှ မရှိပေ။ ကွေးတဲ့လူလဲမရှိ၊ ဆန့်တဲ့လူလဲမရှိ။ အဲဒီတော့ ကွေးတဲ့ဆန့်တဲ့လူမရှိရင် ဘာရှိတုံး (စိတ်နဲ့လေပါဘုရား)ပန၊ စင်စစ်ကေန်အမှန်အားဖြင့်။ ဝုတ္တပ္ပကာရစိတ္တကိရိယာဝါယောဓာတုဝိပ္ဖါရေန၊ ပြဆိုအပ်ခဲ့ပြီးသော အပြားရှိသော စိတ်သည် ပြုပြင်အပ်သောလေသဘော၏ ပျံ့နှံ့ခြင်းကြောင့်။ သုတ္တကစုန္ဒဝသေန၊ကြိုးတုံ့ဖြင့်ဆွဲငင်ခြင်း၏အစွမ်းဖြင့်။ ဒါရုယန္တဿ၊ သစ်သားစက်ရုပ်၏။ ဟတ္ထပါဒလောဠနံဝိယ၊ လက်ခြေတို့ကို လှုပ်သကဲ့သို့။ သမိဉ္ဇနပသာရဏံ၊ ကွေးခြင်း ဆန့်ခြင်း အမှုအရာကြိယာမျှသည်၊ ဟောတိ၊ ဖြစ်၏။

တကာတကာမတွေ့ ဘာသဘောနဲ့ ဘာသဘော(စိတ်သဘောနဲ့ လေသဘောပါဘုရား) စိတ်ကြောင့်လေဖြစ်၊ လေဖြစ်တော့ ဒီကွေးတဲ့အမှုအယာ မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ကွေးတာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဘာနဲ့ဘာ(စိတ်နဲ့လေပါဘုရား) ဆန့်တဲ့အမှုအရာ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)ဘာနဲ့ဘာ(စိတ်နဲ့လေပါဘုရား)ဥပမာအားဖြင့် ဘယ်လိုလဲဆိုတော့ ခင်ဗျားတို့ ရုပ်သေးမကြည့်ဘူးဘူးလား ကြည့်ဘူးသလား (ကြည့်ဘူးပါတယ်ဘုရား) အရုပ်က သစ်သားရုပ်ကြီးဘဲ၊ ဒီအရုပ်က က,တတ်ရဲ့လား(မက,တတ်ပါဘုရား) လှုပ်တတ်ရဲ့လား (မလှုပ်တတ်ပါဘုရား) အထက်က ရုပ်သေးဆရာ မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရုပ်သေးဆရာရဲ့ လက်ထဲမှာ ကြိုးမပါဘူးလား ပါသလား (ပါပါတယ်ဘုရား)ကြိုးမပါဘဲနဲ့ ရုပ်သေးဆရာဆွဲလို့ ဒီအရုပ်လှုပ်ရှားပါ့မလား(မလှုပ်ရှားပါဘုရား)

အဲဒီကြိုးကို ရုပ်သေးဆရာက ဆွဲလိုက်တော့ ဒီအရုပ်ဟာ လှုပ်မနေဘူးလား (လှုပ်နေပါတယ်ဘုရား) လှုပ်နေတော့ ခင်ဗျားတို့ ပရိသတ်က က,နေတယ်လို့ မထင်ဘူးလား ထင်သလား (ထင်ပါဘယ်ဘုရား) တကယ်က,နေကယ်လို့ မယူလိုက်ဘူးလား ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား) တကယ်က,တယ်လို့ ယူလိုက်တော့ တချို့ရုပ်သေးကြည့်ရင်း မျက်ရည်တွေ မကျဘူးလား ကျသလား (ကျပါတယ်ဘုရား) က,တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)က,တာ ရှိရဲ့လား လှုပ်ဘာရှိရဲ့လား (မရှိပါဘုရား)ရှိနေတာ ဘာတွေရှိနေသလဲဆိုတော့ ရုပ်သေး

【Hlaing 40】

ဆရာရယ်၊အရုပ်ရယ်၊ကြိုးရယ်ဒါဘဲရှိတယ်။ ဘယ်နှစ်ခု ရှိတာတုံး(သုံးခုရှိပါတယ် ဘုဆုး)ဒီဥပမာအတိုင်းပါဘဲ၊ တကာတကာမတွေရဲ့ ခန္ဓာကိုယ်အတ္တဘောကြီးက အရုပ်နဲ့တူတယ်။ ဘာနဲ့တူဘာတုံး(အရုပ်နဲ့တူပါတယ်ဘုရား)ဒီအတ္တဘောကြီးက မလှုပ်ဘတ်ဘူး၊ ရပ်တတ်ရဲ့လား(မရပ်တတ်ပါဘုရား)သွားတတ်ရဲ့လား (မသွား တတ်ပါဘုရား) ကွေးဘတ်ရဲ့လား (မကွေးတတ်ပါဘုရား) ဆန့်တတ်ရဲ့လား (မဆန့်တတ်ပါဘုရား) အဲဒီတော့ ခန္ဓာကိုယ်အတ္တဘောကြီးက ဘာနဲ့တူတာတုံး (အရုပ်နဲ့တူပါတယ်ဘုရား)ကြိုးကလေနဲ့တူဘယ်၊ ရုပ်သေးဆရာကစိတ်နဲ့တူတယ်၊ ရုပ်သေးဆရာကဘာနဲ့တူတာတုံး(စိတ်နဲ့တူပါတယ်ဘုရား)

ရုပ်သေးဆရာနဲ့တူတဲ့စိတ်ကြောင့် ကြိုးနဲ့တူတဲ့လေ မဖြစ်လာဘူးလားဖြစ်လာ သလား (ဖြစ်လာပါတယ်ဘုရား) ကြိုးနဲ့တူတဲ့လေ ဖြစ်လိုက်တာနဲ့ တပြိုင်ထဲ အရုပ်နဲ့တူတဲ့ ခင်ဗျားတို့ကျုပ်တို့ခန္ဓာကိုယ်က ကွေးတဲ့အမူအရာတွေ၊ ဆန့်တဲ့အမူ အရာတွေ၊ မြောက်ဘဲ့အမူအယာတွေ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) အမှန်အားဖြင့်ကွေးဘာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဆန့်တာဟုတ်ရဲ့ လား(မဟုတ်ပါဘုရား) အရုပ်က ကွေးတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဆန့် တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒီအရုပ်က ကွေးတဲ့အမူအယာ၊ ဆန့်တဲ့အမူ အယာဖြစ်နေတာဟာ ဘယ်သူတွေရဲ့ ပယောဂကြောင့်လဲ(ကြိုးနဲ့ရုပ်သေးဆရာ ကြောင့်ပါဘုရား)

ရုပ်သေးဆရာနဲ့ကြိုးကြောင့် ရုပ်သေးဆရာနဲ့ကြိုးသာမရှိရင် ဒီအရုပ်လှုပ်သေး ရဲ့လား(မလှုပ်တော့ပါဘုရား)ထို့အတူ ခင်ဗျားတို့ ကျုပ်တို့လဲ ယခုငြိမ်ငြိမ်နေရ ရဲ့လား (မနေပါဘုရား) မလှုပ်ဘူးလား လှုပ်သလား (လှုပ်နေပါတယ်ဘုရား) ကွေးလိုက် ဆန့်လိုက် ပြီးဘော့မြောက်လိုက် ငြိမ်ငြိမ်နေရဲ့လား(မနေပါဘုရား) ဘယ်သူ့သတ္တိကြောင့်လဲ (စိတ်နဲ့လေရဲ့ သတ္တိကြောင့်ပါဘုရား) စိတ်က ဘာနဲ့ တူ ာတုံး(ရုပ်သေးဆရာနဲ့ တူပါတယ်ဘုရား) လေကကော (ကြိုးနဲ့တူပါတယ် ဘုရား) ဒီအတ္တဘောကြီးက ဘာနဲ့တူဘာပါလိမ့် (အရုပ်နဲ့တူပါတယ်ဘုရား) အဲဒီဘော့စိတ်နဲ့လေမရှိလိုက်တာနဲ့တပြိုင်တည်း ဒီအတ္တဘောကြီးလှုပ်သေးရဲ့လား (မလှုပ်တော့ပါဘုရား)မလှုပ်တော့ ပုပ်လာပြီဗျနော်၊ မသေဘူးလား သေသွား သလား (သေသွားပါတယ်ဘုရား)ဒါကို ခင်ဗျားတို့က သေဘယ်လို့ ခေါ်တာ သေတာမဟုတ်ဘူး၊ ဘာနဲ့ဘာ မရှိလို့တုံး (စိတ်နဲ့လေမရှိတာပါဘုရား) စိတ်နဲ့ လေမရှိတော့ ဒီအတ္တဘောကြီး လှုပ်လို့ရသေးရဲ့လား (မရပါဘုရား) ကွေးလို့ ရသေးရဲ့လား(မရပါဘုရား)ဆန့်လို့ရသေးရဲ့လား (မရပါဘုရား) သြော် ယခု ခင်ဗျားတို့ ကွေးလိုက် ဆန့်လိုက် မြောက်လိုက်နဲ့ ဘယ်သူ့ကြောင့်ပါလိမ့်(စိတ်နဲ့ လေကြောင့်ပါဘုရား)စိတ်က ဘာတရားပါလိမ့် (နာမ်တရားပါဘုရား) လေက ဘာတရား(ရုပ်တရားပါဘုရား)သြော် နာမ်ရုပ်ရှိလို့ပါလား။

မျက်မြင်နာမ်ရုပ်လား ဉာဏ်မြင်နာမ်ရုပ်လား (ဉာဏ်မြင်နာမ်ရုပ်ပါဘုရား) မျက်လုံးနဲ့ မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား) ဩော် ဘယ်အချိန်မှာမြင်ရမှာတုံး(ကွေးတိုင်း ဆန့်တိုင်းပါဘုရား)မြှောက်တိုင်း မြှောက်တိုင်းမရဘူးလား(ရပါတယ်ဘုရား)ခေါင်းစောင်းတိုင်း စောင်းတိုင်း မရဘူးလား (ရ လာ ပါ တယ် ဘု ရား) ဒါတွေလဲ ဝိပဿနာရှုလို့ရတာဘဲ၊ ဘာသဘောနဲ့ ဘာသဘောတွေတုံး၊ စိတ်သဘောနဲ့ လေသဘောတွေချည်းဘဲ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)

(ကမ္မဋ္ဌာနံဝိနိမုတ္တော ဓမ္မောနာမနတ္ထိ)ကမ္မဋ္ဌာနံဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှလွတ်သော၊ ဓမ္မောနာမ၊တရားမည်သည်၊ နတ္ထိ၊မရှိ၊ကမ္မဋ္ဌာန်းမှလွတ်သောအံရာများ ရှိသေးရဲ့လား (မရှိပါဘုရား) အကြိမ်တိုင်း အကြိမ်တိုင်း လူတွေသတ္တဝါတွေ ရှိတာလား နာမ်ရုပ်ရှိတာလား(နာမ်ရုပ်ရှိတာပါ ဘုရား)ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ ပါ ဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှ ဖြစ်တာပါ ဘုရား) ဒါ့ကြောင့်ကွေးတဲ့အခါ (အခုမှဖြစ်တဲ့ စိတ်နဲ့လေ အခုမှဖြစ်တဲ့ စိတ်နဲ့လေ) ဆန့်တဲ့အခါကော(အခုမှဖြစ်တဲ့ စိတ်နဲ့လေ)

တနည်းကွေးတဲ့အခါ (အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်-အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်)ဆန့်တဲ့အခါကော (အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်-အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်က ဘာဉာဏ်တုံး ( နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား ) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် ( ဉာတပရိညာပါဘုရား ) နာမရူပပရိစ္ဆေဒဉာဏ်မှာ ဤကားနာမ်၊ ဤကားရုပ်လို့ မပိုင်းခြားဘူးလား၊ ပိုင်းခြားသလား (ပိုင်းခြားပါတယ်ဘုရား) လူကပိုင်းခြားတာလား၊ ဉာဏ်ကပိုင်းခြားတာလား (ဉာဏ်က ပိုင်းခြားတာပါဘုရား) သိတာက လူကသိတာလား၊ ဝိညာဏ်က သိတာလား (ဝိညာဏ်ကသိတာပါဘုရား)

ဒီနေရာမှာပညာနဲ့ဝိညာဏ်ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) ရုပ်တရား နာမ်တရားကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိက နာမ်တရားနဲ့ ရုပ်တရားကို ဖေါ်ပေးတယ်။ ဝိညာဏ်ကဘာတုံး (သိပေးပါတယ်ဘုရား) ပညာကပိုင်းခြားတယ်။ မ ရ လာ ဘူး လား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒီတရားတွေ လူတွေ သတ္တဝါတွေပေါ်မှာလား (နာမ်ရုပ်ပေါ်မှာလား (နာမ်ရုပ်ပေါ်မှာပါဘုရား) ဘယ်အချိန်မှာ ရှုနေကြတာပါလိမ့် (ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်း) ဒီသဘောတရားတွေ ဖြစ်မနေဘူးလား၊ ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား) အဲဒါကိုခင်ဗျားတို့ကသွားတယ် လာတယ် မျက်စောင်းထိုးတယ် စိုက်ကြည့်တယ်။ အဲဒါတွေရှိရဲ့လား (မရှိပါဘုရား) ကွေးတယ် ဆန့်တယ် မျက်စောင်းထိုးတယ်၊ စိုက်ကြည့်တယ်ထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိရှိနေရင်ငါစိုက်ကြည့်တာဘဲလို့

ထင်နေတာဘဲ၊ ဒါသတိရှိလို့လား၊ သတိမရှိလို့လား (သတိမရှိလို့ပါဘုရား) သတိမရှိရင် ဒီကောင်ငါ့ကိုစိုက်ကြည့်တယ်ဆိုတာ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) သတိမရှိရင်ငြိမ်သက်ပါ့အုံးမလား (မငြိမ်သက်ပါဘုရား)

မျက်စောင်းထိုးတဲ့အခါ ဒီအကောင်ငါ့ကိုမျက်စောင်းထိုးတယ်။ ဒီအကောင်လဲခေါ်တယ်၊ မျက်စောင်းထိုးတယ်လို့လဲဆိုတော့ ဒိဋ္ဌိတွေ မထွက်လာဘူးလား၊ (ထွက်လာပါတယ်ဘုရား) အရှိတရားကိုပြောနေတာလား၊ မရှိတရားကိုပြောနေတာလား(မရှိတရားကိုပြောနေတာပါဘုရား)အဟုတ်ရှိကိုပြောတာလား၊သမုတ်ရှိကိုပြောတာလား (သမုတ်ရှိကိုပြောတာပါဘုရား) သိရမှာက အဟုတ်ရှိကိုသိရမှာလား၊ သမုတ်ရှိကိုသိရမှာလား ( အဟုတ်ရှိကိုသိရမှာပါဘုရား ) အဲဒီတော့ မပြောရဘူးလား၊ ပြောရမှာလား (ပြောရမှာပါဘုရား) ပြောတော့ စိုက်ကြည့်တယ်လို့ပြောပါ။ ထင်တော့မထင်ပါနဲ့၊ သမုတိသစ္စာအနေနဲ့တော့ ပြောပါ။ အပြစ်မရှိပါဘူး၊ ထင်တော့မထင်နဲ့။

ထင်ချင်ဘာတုံး (ဒိဋ္ဌိ) ကွေးတယ် ဆန့်တယ်လို့တော့ ပြောပါ၊ ထင်တော့မထင်ပါနဲ့။ ကွေးတယ်ဆန့်တယ်ထင်ရင်ဒိဋ္ဌိ။ ကွေးတယ် ဆန့်တယ်လို့ မပြောဘဲနေလို့ရရဲ့လား (မရပါဘုရား) ပြောကာမျှတော့ပြောရပါတယ်။ ကွေးတယ်ဆန့်တယ်ဆိုတာရှိတာမဟုတ်ဘူး။ ရှိတာကဘာတုံး (စိတ်နဲ့လေပါဘုရား) ဆန့်တယ်လို့ပြောကာမျှသာပါလား၊ ရှိတာကဘာနဲ့ဘာ (စိတ်နဲ့လေပါဘုရား) စိတ်ကဘာတရား (နာမ်တရားပါဘုရား) လေကဘာတရား(ရုပ်တရားပါဘုရား) အော်နာမ်နဲ့ရုပ်သာရှိတာပါလား၊ လူတွေ သတ္တဝါတွေ ရှိတာလား၊ နာမ်နဲ့ရုပ်ရှိတာလား (နာမ်နဲ့ရုပ်ရှိတာပါဘုရား)ဘယ်အချိန်မှာရှိတာတုံး (ကွေးတိုင်းကွေးတိုင်းဆန့်တိုင်းဆန့်တိုင်း) မ ရ လာ ဘူး လား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒါကြောင့် သမိဥ္စိတေ ပသာရိတေ သမ္ပဇာနကာရီဟောတိ။ သမိဥ္စိတေ၊ ကွေးသည်ရှိသော်။ ပသာရိတေ၊ ဆန့်တန်းသည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ကွေးမှုဆန့်မှုကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပကာရေန ဥာယတိဇာနာတိတိပညာတဲ့။ ပညာဆိုတာပ+ညာ။ ပ-ကွဲကွဲပြားပြား၊ ညာ-သိခြင်း။ ကွဲကွဲပြားပြားသိပြီးတော့ကွေးပါ၊ကွဲကွဲပြားပြားသိပြီးတော့ဆန့်ပါ။ ဘာနဲ့ဘာကွဲရမှာတုံး (စိတ်နဲ့လေပါဘုရား) တနည်း နာမ်နဲ့ရုပ်၊ သမ္ပဇာနကာရီဆိုတာကဒါကိုပြတာ။

တကာ တကာမတွေကွဲပြီလား (ကွဲပါပြီဘုရား) တရားထူးတလုံးရဲ့သတ္တိထူးကို ကွဲကွဲပြားပြားသိပါ။ မသိရင်ပြည့်စုံပါ့မလား (မပြည့်စုံပါဘုရား) မပြည့်စုံဘဲနဲ့ တရားအားထုတ်လို့ရပါ့မလား (မရပါဘုရား) တရားမှအားမထုတ်တတ်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒါ့ကြောင့် တကာ

တကာမတွေ တရားဟောတဲ့ ဘုန်းကြီးကလဲ ပြည့်ပြည့်စုံစုံဖြစ်အောင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရာရကြောင်းကိုပြည့်ပြည့်စုံစုံဟောရတယ်။ နာတဲ့ပုဂ္ဂိုလ်ကလဲ ဟော တဲ့တရားကိုအားထုတ်ရဘယ်။ ဒါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပါတယ်။ အားမထုတ် ဘဲနဲ့ရပါ့မလား (မရနိုင်ပါဘုရား)

ဒါကြောင့် တကာ တကာမတွေ သတိထားလိုက်ပါ။ သတိထားလိုက်တာနဲ့ တပြိုင်တည်း အရိယာဝါသဆိုတဲ့ အိမ်ကြီးထဲမှာ ချမ်းချမ်းသာသာ မနေရဘူး လား၊ နေရသလား (နေရပါတယ်ဘုရား) အပါယ်လေးပါးက မလွတ်ဘူးလား၊ လွတ်သွားသလား (လွတ်သွားပါတယ်ဘုရား) အန္တရာယ်တွေလာပါအုံးမလား၊ (မလာပါဘုရား) ဒါကြောင့် တကာ တကာမတွေ သတိထားလိုက်ပါ။ ဘယ် အချိန်မှာသတိထားရမှာတုံး (ကွေးတိုင်းဆန့်တိုင်းမှာပါဘုရား)

ကွေးလိုက် ဆန့်လိုက် ခင်ဗျားတို့ တခုခုတော့ပြုလုပ်နေတာဘဲ။ ငြိမ်ငြိမ်နေရဲ့ လား (မနေပါဘုရား) လက်ကိုကွေးမထားဘူးလား၊ ကွေးထားသလား (ကွေး ထားပါတယ်ဘုရား) ဒါကွေးတာဟုတ်ရဲ့လား ( မဟုတ်ပါဘုရား ) ဒါဖြင့် ဘာ သဘောလဲ(စိတ်သဘောနဲ့လေသဘောပါဘုရား) ဒလစပ်ဖြစ်မနေဘူးလား၊ ဖြစ် နေသလား (ဖြစ်နေပါတယ်ဘုရား) အော်- တကာတကာမတွေ ကွေးချင်တယ် ဆိုတဲ့သဘောကဘာတုံး (စိတ်ပါဘုရား)ဒီစိတ်ကိုလူကဖေါ်ပေးတာလား၊ သတိ က ဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိကဘာတရားတုံး (စေတသိက်ပါဘုရား) ဒီကွေးတဲ့အမူအရာဟာ လူလား ရုပ်လား(ရုပ်ပါဘုရား) နော်-ဘယ်သူ့သတ္တိလဲ၊ ဝါယောရဲ့သတ္တိ။ ဝါယောက လူလား ရုပ်လား (ရုပ်ပါ ဘုရား) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်)

ဘယ်အချိန်မှာတုံး(ကွေးတိုင်းဆန့်တိုင်းမှာပါဘုရား) ဘာသဘောတွေရှိတာ တုံး (စိတ် စေတသိက် ရုပ်ပါဘုရား) ရှိရှိနေတာဘာလို့ရှိရှိနေတာတုံး (ဖြစ်ဖြစ် နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် တကာ တကာမတွေ ကွေးတဲ့အခါ (အခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ဆန့်တဲ့ အခါကော(အခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ် ပါလိမ့် ( နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား ) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)

အဲဒါအပါယ်လေးပါးကလွတ်တာဘဲဗျ။ ရှုတတ်ပြီလား။ တကာတကာမတွေ ကွေးတဲ့အခါ ဆန့်တဲ့အခါဆင်ခြင်တတ်ရမယ်။ ဆင်ခြင်တတ်အောင်လို့သင်တန်း တက်နေတာ။ ပြည့်ပြည့်စုံစုံ ဖြစ်သွားအောင်၊ တနေ့ထက်တနေ့ပိုင်သွားအောင်၊ သင်တန်းပေး နေတာ။ မပြည့်စုံလို့ရှိရင်အစွန်မြင်ပါ့မလား(မမြင်နိုင်ပါဘုရား) အမှန်တရားကို မမြင်လို့ရှိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါ

ဘုရား) ဒါကြောင့် ဤလိုပြုချင်တဲ့သဘောဟာဘာတုံး၊ လူလား စိတ်လား(စိတ်ပါဘုရား) အဲဒီစိတ်ကို ဝိညာဏ်လို့ ကောက်လိုက်ပါ။

ဒီစိတ်ကို လူကဖေါ်ပေးတာလား၊သတိကဖေါ်ပေးတာလား(သတိကဖေါ်ပေးတာပါဘုရား)သတိကဘာတုံး (နာမ်ပါဘုရား) ဒီလှုပ်ရှားတဲ့ အမူအရာဟာ လူလား လေလား (လေပါဘုရား) လေက လူလား ရုပ်လား (ရုပ်ပါဘုရား) ပေါင်းလိုက်တော့ဘာတုံး(ဝိညာဏ် နာမ် ရုပ်ပါဘုရား)ဘယ်အချိန်မှာ ဝိညာဏ် နာမ် ရုပ်ဖြစ်တာလဲ (ကွေးတိုင်းဆန့်တိုင်းမှာပါဘုရား) ကွေးတိုင်း ဆန့်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား ဝိညာဏ် နာမ် ရုပ်ရှိတာလား(ဝိညာဏ် နာမ် ရုပ်ရှိတာပါဘုရား)ဘယ်အချိန်မှာတုံး (ကွေးတိုင်းဆန့်တိုင်းမှာပါဘုရား)

ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါ ဘုရား) ဒါကြောင့် ကွေးတဲ့အခါ (အခုမှဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ်)ဆန့်တဲ့အခါကော (အခုမှဖြစ်တဲ့ဝိညာဏ်နာမ်ရုပ်) ဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) အော်-ခင်ဗျားတို့ ယခုအရိယာဝါသ ဆိုတဲ့ အိမ်တော်ကြီး ဆောက်မနေဘူးလား၊ ဆောက်နေသလား (ဆောက်နေပါတယ်ဘုရား) အဲဒီအဓိပ္ပါယ်ထဲ ရောက်မနေဘူးလား၊ ရောက်နေသလား (ရောက်နေပါတယ်ဘုရား) ရောက်မှအဘိုးတန်တာပါ။ ခင်ဗျားတို့အိမ်တွေ အပြိုင်အဆိုင် ဆောက်နေကြပါတယ်။ လောကမှာ အဲဒီခင်ဗျားတို့ ငွေကုန်ခံပြီးဆောက်နေတဲ့အိမ်တွေက ရန်သူမျိုးငါးပါးနဲ့ကင်းရဲ့လား(မကင်းပါဘုရား)

ရန်သူမျိုးငါးပါးနဲ့ဆက်ဆံတယ်။ မဆက်ဆံဘူးလား၊ ဆက်ဆံသလား(ဆက်ဆံပါတယ်ဘုရား) ဒီအရိယာဝါသ ဆိုတဲ့ အိမ်က ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံရဲ့လား (မဆက်ဆံပါဘုရား) ခင်ဗျားတို့ အိမ်တွေတော့ အပြိုင်ဆောက်ကြတယ်။ အရိယာဝါသအိမ်ကိုတော့ ဆောက်ရမှန်းမသိဘူး။ အရိယာဝါသ အိမ်ဆောက်တဲ့အခါမှာ ငွေကုန်သေးရဲ့လား(မကုန်ပါဘုရား) အရိယာဝါသအိမ်ဆောက်တဲ့အခါ ငွေကုန်စရာလိုသေးရဲ့လား(မလိုပါဘုရား)ဘာနဲ့ဆောက်ရမှာတုံး(သတိနဲ့ဆောက်ရမှာပါဘုရား)

သတိရှိလိုက်တာနဲ့ တပြိုင်ထဲ တကာတကာမတွေ ငွေရှိသည်ဖြစ်စေ၊ ငွေမရှိသည်ဖြစ်စေ၊ အရိယာဝါသအိမ်ဘော်ဆောက်လို့မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) အဲဒီအရိယာဝါသဆိုတဲ့ အိမ်တော်ကို သတိနဲ့ဆောက်လိုက်တာနဲ့ တပြိုင်ထဲ ဒိဋ္ဌိတွေ ဝိစိကိစ္ဆာတွေ လောဘ ဒေါသ မောဟတွေ ဒုစရိုက်တွေ လာသေးရဲ့လား (မလာတော့ပါဘုရား) အန္တရာယ်မရှိတော့ဘူးပေါ့။ မဆောက်ရင်တော့ ရှိမှာဘဲ။ အန္တရာယ်တွေမလာဘူးလား၊ လာမှာလား (လာမှာပါဘုရား)

ဒါကြောင့် တကာတကာမတွေ ယခုတနာရီအတွင်းမှာ အရိယာဝ ါသအိမ်တော် ဆောက်လုပ်နေတဲ့ ပရိသတ်ဆိုရင်မှားပါ့လား (မမှားပါဘုရား) အမှန်ကို ရှုနေတာလား၊အမှားကိုရှုနေတာလား(အမှန်ကိုရှုနေတာပါဘုရား) အရှိတရားရှုတာလား၊ မရှိတရားရှုတာလား (အရှိတရားရှုတာပါဘုရား) အရှိတရားဆိုတာ ဘယ်အချိန်မှာရှိနေတာတုံး(ကွေးတိုင်း ဆန့်တိုင်းမှာပါဘုရား)

ကွေးတိုင်းဆန့်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား ဝိညာဏ် နာမ် ရုပ် ရှိတာလား(ဝိညာဏ် နာမ် ရုပ် ရှိတာပါဘုရား)ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး(အခုမှဖြစ်တာပါဘုရား)ဒါကြောင့် ကွေးတဲ့အခါ (အခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ်) ဆန့် တဲ့ အ ခါ (အခုမှဖြစ်တဲ့ ဝိညာဏ်နာမ်ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)

တကာတကာမတွေ သတိထားလိုက်စမ်းပါ။ ဘယ်အချိန်မှာသတိထားရမှာတုံး (ကွေးတိုင်း ဆန့်တိုင်းမှာပါဘုရား) ခင်ဗျားတို့ လက်ကလေးတွေကို ကွေးကြည့်ဆန့်ကြည့် ဘုန်းကြီးပြတဲ့အတိုင်း လိုက်လုပ်ပါ။ ကိုယ်ကမကွေးဘဲနဲ့ ကွေးတယ်မလုပ်ပါနဲ့။ မဆန့်ဘဲနဲ့ဆန့်တယ်မလုပ်ပါနဲ့။ ကိုယ်က မကွေးဘဲနဲ့ ကွေးတယ်ပြောရင် လိမ်နေတာဘဲလို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)ကွေးမှကွေးတယ်ပြောပါ၊ ဆန့်မှဆန့်တယ်ပြောပါ။ ဒါ ခင်ဗျားတို့ မြင်အောင် ဘုန်းကြီးကပြရတာ၊ ကွေးတဲ့အခါမှာ တကာတကာမတွေ ကွေးတဲ့အမူအရာက ဘယ်သူသတ္တိတုံး(လေရဲ့သတ္တိပါဘုရား)

အဲဒီလေဟာ,လူလား ရုပ်လား(ရုပ်ပါဘုရား)အဲဒီရုပ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ရူပက္ခန္ဓာပါဘုရား) ဆန့်တဲ့အခါလဲ (ရူပက္ခန္ဓာပါဘုရား)မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) ဘယ်အချိန်မှာတုံး (ကွေးတိုင်းဆန့်တိုင်းမှာပါဘုရား) ခင်ဗျားတို့လက်ကလေးတွေ ကြည့်ပြီးလိုက်ခဲ့ ဝိပဿနာ လုပ်ငန်းလုပ်တဲ့ အခါမှာ ဒီလိုအလုပ် ပါရတယ်။ အဲဒီတော့ တကာတကာမတွေ ရူပက္ခန္ဓာမရလာဘူးလား၊ ရလာသလား (ရပါတယ်ဘုရား) ကွေးပြီး ခင်ဗျားတို့ ဘာပြန်လုပ်တုံး ဆန့်လိုက်၊ တောက်လျှောက်ကွေးလို့ ရရဲ့လား (မရပါဘုရား)

တောက်လျှောက်ကွေးလို့မရတော့ တော်ကြာ ဘာလုပ်ပြန်တုံး(ဆန့်လိုက်) ခံသာလို့လား၊မခံသာလို့လား(မခံသာလို့ပါဘုရား) မခံသာတော့ ခင်ဗျားတို့ ကွေးလိုက် ဆန့်လိုက် ငြိမ်ငြိမ်နေရရဲ့လား (မနေရပါဘုရား) အဲဒီ မခံသာတာကို ခံစားတာဟာ ဝေဒနာရဲ့ သဘောဘဲ။ နာတာ ကိုက်တာ ခဲတာ ဟုတ် ရဲ့ လား (မဟုတ်ပါဘုရား) ဘာသဘောပါလိမ့် (ဝေဒနာသဘောပါဘုရား) ခံစားတဲ့

သဘော၊ ကောင်းတဲ့အာရုံခံစားတာက သုခဝေဒနာ။ မကောင်းတဲ့အာရုံခံစား တာကဒုက္ခဝေဒနာ၊ ကောင်းမကောင်း ဆိုတဲ့ တတြမဇ္ဈတ္တအာရုံ ခံစားတာက ဥပေက္ခာဝေဒနာ၊ အဲဒီဝေဒနာတွေ တလုံးတည်းပေါင်းလိုက်တော့ (ဝေဒနာ ပါဘုရား)ခံသာတဲ့သဘော၊မခံသာတဲ့သဘောကိုခံစားတာ။ အော်ရသေးရဲ့လား (မအော်ရပါဘုရား) ဥာဏ်တွေ့ဝေဒနာလား၊ ငါတွေ့ဝေဒနာလား (ဥာဏ်တွေ့ ဝေဒနာပါဘုရား) ဥာဏ်တွေ့ဝေဒနာက အော်ရသေးရဲ့လား (မအော်ရပါ ဘုရား) အော်ရတာဘာဝေဒနာတုံး (ငါတွေ့ဝေဒနာပါဘုရား) ဒိဋ္ဌိမကင်းလို့ အော်ရတာ။ငါမှမဟုတ်ဘဲနဲ့အော်စရာလိုသေးရဲ့လား(မလိုပါဘုရား)ငါထင်လို့ နာတာ။ ငါမှမဟုတ်ဘဲနဲ့ နာရဲ့လား (မနာပါဘုရား) အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား)

ငါနဲ့ဝေဒနာကွဲပါစေ၊ အတ္တနဲ့ အနတ္တ ကွဲပါစေ၊ အတ္တ နဲ့ အနတ္တ မကွဲရင် ခင်ဗျားတို့အော်ရမှာဘဲ၊ ဒါ့ကြောင့်ကွေးတိုင်းဆန့်တိုင်းမှာ ခံသာတဲ့သဘောကို ခံစားတာ၊ မခံသာတဲ့သဘောကိုခံစားတာ ခံသာတာလဲမဟုတ်၊ မခံသာတာလဲ မဟုတ်တဲ့သဘောကို ခံစားတာဘာတုံး ဝေဒနာ၊ အဲဒီဝေဒနာကို ခန္ဓာဖွဲ့လိုက် တော့ ဘာခန္ဓာတုံး(ဝေဒနာက္ခန္ဓာပါဘုရား)ဘယ်အချိန်မှာတုံး(ကွေးတိုင်းဆန့် တိုင်းမှာပါဘုရား)ဝေဒနာက္ခန္ဓာရှိပါတယ်၊ ဒူးတွေပေါင်တွေက ဖော်တာလား (ကွေးမှုဆန့်မှုအမှုအရာကိုဖော်တာပါဘုရား)အဲဒီအထဲမှာ ကြည့်ရမှာ၊သို့မဟုတ် ရင် ခင်ဗျားတို့က ကိုက်တာ ခဲတာ ညောင်းတာတွေကို ဝေဒနာ လုပ်နေတယ်။ ဝိပဿနာရှုကွက် မှန်ပါ့မလား (မမှန်ပါဘုရား) အာရုံအာရမ္မဏိကမှ မမှန်ရင် ဒီဝိပဿနာဟာ မဂ်ဥာဏ် ဖိုလ်ဥာဏ် ရပါ့မလား (မရပါဘုရား) ဒါ့ကြောင့် ရှုကွက်က မှန်ရဘယ်၊ ခင်ဗျားတို့ ကွေးတိုင်း ဆန့်တိုင်းမှာ ခံသာတဲ့ သဘောကို ခံစားတာ၊မခံသာတဲ့သဘောကိုခံစားတာ၊ အဲဒါလူလားဝေဒနာလား(ဝေဒနာ ပါဘုရား)အဲဒီဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ဝေဒနာက္ခန္ဓာ၊ အော် ကွေးရင်ကွေး တယ်လို့မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား)ဆန့်ရင် ဆန့်တယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) လူကမှတ်တာလား သညာကမှတ်တာလား(သညာက မှတ် တာပါဘုရား )အဲဒီသညာကိုခန္ဓာဖွဲ့လိုက်တော့သညာက္ခန္ဓာ၊ကွေးလိုတဲ့ဆန့်လိုတဲ့ စေတနာမရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား)

အဲဒီစေတနာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား) ကွေးရင် ကွေးဘယ်လို့ မသိဘူးလား (သိပါတယ်ဘုရား) ဆန့်ရင် ဆန့်တယ်လို့ မသိဘူးလား (သိပါတယ်ဘုရား) အဲဒါစိတ်လား လူလား (စိတ်ပါဘုရား)အဲဒီ စိတ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး (ဝိညာဏက္ခန္ဓာပါဘုရား)ခန္ဓာဘယ်နှစ် ပါးပါလိမ့် (ငါးပါးပါဘုရား) ဘယ်အချိန်မှာတုံး (ကွေးတိုင်း ဆန့်တိုင်းမှာပါ ဘုရား)လူတွေ သတ္တဝါတွေရှိတာလား ခန္ဓာငါးပါး ရှိတာလား (ခန္ဓာငါးပါး

ရှိတာပါဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ကွေးတိုင်း ဆန့်တိုင်းမှာပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် ကွေးတိုင်း ဆန့်တိုင်းမှာ (အခုမှဖြစ်တဲ့ခန္ဓာငါးပါး အခုမှဖြစ်တဲ့ခန္ဓာငါးပါး)အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဘယ်အချိန်မှာတုံး (ကွေးတိုင်းဆန့်တိုင်းမှာပါဘုရား) လူတွေသတ္တဝါတွေရှိတာလား ခန္ဓာငါးပါး ရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား)ရှိတာက ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)

ဘယ်တုံးကဖြစ်တာတုံး(အခုမှဖြစ်တာပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား) မြဲလို့လားမမြဲလို့လား(မမြဲလို့ပါဘုရား)နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား)လူအနိစ္စလား ခန္ဓာအနိစ္စလား (ခန္ဓာငါးပါး အနိစ္စပါဘုရား) အနိစ္စကဘယ်အချိန်မှာ ဖြစ်နေတာတုံး(ကွေးတိုင်း ဆန့်တိုင်းမှာပါဘုရား)အနိစ္စရှုလို့မရဘူးလား(ရပါတယ်ဘုရား) ခန္ဓာငါးပါး အသစ် အသစ် မဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ဖြစ်ရင် ဆင်းရဲသလား ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)ဘယ်အချိန်မှာ ဖြစ်တာတုံး(ကွေးတိုင်း ဆန့်တိုင်း မှာပါဘုရား) ကွေးတိုင်းကွေးတိုင်းဆင်းရဲတာဘဲ၊ ဆန့်တိုင်း ဆန့်တိုင်းဆင်းရဲတာဘဲ၊ သုခလား ဒုက္ခလား(ဒုက္ခပါဘုရား)ပြော် ခန္ဓာငါးပါးဒုက္ခလားလူဒုက္ခလား(ခန္ဓာငါးပါး ဒုက္ခပါဘုရား)

ခန္ဓာငါးပါးဖြစ်နေလို့ ဒုက္ခ၊ ဒီခန္ဓာငါးပါးမဖြစ်နဲ့လို့ တားရရဲ့လား(မရပါဘုရား)မပျက်ပါနဲ့လို့ တားရရဲ့လား (မရပါဘုရား) အတ္တလား အနတ္တလား (အနတ္တပါဘုရား)ဘယ်အချိန်မှာတုံးကွေးတိုင်းဆန့်တိုင်းမှာပါဘုရား)လူအနတ္တလား ခန္ဓာငါးပါးအနတ္တလား (ခန္ဓာငါးပါးအနတ္တပါဘုရား)အဲဒီတော့ အနိစ္စ ဒုက္ခ အနတ္တဘယ်အချိန်မှာရှုရမှာတုံး(ကွေးတိုင်း ဆန့်တိုင်းမှာပါ ဘုရား)လူတွေသတ္တဝါတွေကို အနိစ္စဒုက္ခအနတ္တရှုရမှာလား ခန္ဓာငါးပါးကိုအနိစ္စ ဒုက္ခ အနတ္တရှုရမှာလား(ခန္ဓာငါးပါးအနိစ္စဒုက္ခအနတ္တရှုရမှာပါဘုရား)အရင်တုံးကလဲ ခန္ဓာငါးပါး၊ အ နိ စ္စ ဒု က္ခ အ န တ္တ ဖြစ်ခဲ့တာဘဲ၊ ယခုလဲဖြစ်ဆဲ နောင်လဲဖြစ်အုံးမှာဘဲ၊ ဘယ်အချိန်မှာတုံး(ကွေးတိုင်း ဆန့်တိုင်းမှာပါ ဘုရား)အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့်(တီရဏပရိညာပါဘုရား) အပါယ်တံခါး မပိတ်ဘူးလားပိတ်သလား(ပိတ်ပါတယ်ဘုရား)အဲ့ဒါ အရိယာဝါသအိမ်ကြီးထဲ ခနဘယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အိမ်ကောင်းကောင်းထဲ ရောက်မလာဘူးလား ရောက်လာသလား (ရောက်လာပါတယ် ဘုရား)

ဒီအိမ်က ကိလေသာကင်းတယ်ဗျ၊ ခင်ဗျားတို့အိမ်က ကိလေသာမကင်းဘူး၊ ဒါကြောင့် လောဘကင်းတယ်၊ ဒေါသကင်းတယ်၊ မောဟကင်းတယ်၊ လောဘ ဒေါသ မောဟဘာ့ကြောင့်ကင်းသလဲဆိုတော့ သက္ကာယဒိဋ္ဌိပြုတ်လို့၊ သက္ကာယ ဒိဋ္ဌိကဘာလို့ပြုတ်တာတုံး(သတိရှိလို့ပါဘုရား)သတိတည်းဟူသော လက်နက်နဲ့ အရိယာဝါသအိမ်ဆောက်ပြီးတော့ တနာရီအတွင်းမှာ လောဘဒေါသမောဟ တွေ သောင်းကျန်းသေးသလား (မသောင်းကျန်းပါဘုရား) မယဉ်ကျေးဘူး လား ယဉ်ကျေးသလား(ယဉ်ကျေးပါတယ်ဘုရား) ဒါ့ကြောင့် ဘုရားရဲ့တပည့် သာဝကဆိုတာ ယဉ်ကျေးရတာလား သောင်းကျန်းရတာလား(ယဉ်ကျေးရပါ တယ်ဘုရား)

ယခုခင်ဗျားတို့ မယဉ်ကျေးဘူးလား ယဉ်ကျေးသလား(ယဉ်ကျေးပါတယ် ဘုရား)မြို့ထဲရွာထဲမှာနေတဲ့ လူတွေနဲ့တူသေးရဲ့လား (မတူပါဘုရား)ဘုရားရှင်၏ တပည့်ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား)အဲဒါ အရိယာသာဝက ဘုရားတပည့် ဒါကြောင့် မြတ်စွာဘုရားရဲ့ တပည့်သာဝကအနေနဲ့ မြတ်စွာဘုရားကို ပူဇော်ကြ ပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ—ဗုဒ္ဓံပူဇေမိ

။ ။ ဓမ္မံပူဇေမိ

။ ။ သံဃံပူဇေမိ

## အင်္ဂုလိမာလ ဒါဂ္ဂါကလူသတ်ယောကျ်ား ဘုရားသားတော်ဖြစ်ရပုံ။

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ်(၁၀)ရက်နေ့ဟောကြားသောတရား။

ဒီနေ့ သမ္မာဇ္ဈာပဗ္ဗ အကုန်ပြောကြပါစို့။ နက်ဖြန်ခါကျတော့ ဓါတ် (၁၈) ပါး တက်ကြပါစို့။ တဖြေးဖြေးလဲတရားပွဲသိမ်းဘိုကနီးလာပြီ။ ဒီနေ့သမ္မာဇ္ဈာပဗ္ဗ ကို တကာ တကာမတွေ ကုန်အောင်ရှင်းကြပါစို့ရဲ့။ အဲဒီတော့ သမ္မာဇ္ဈာ ဆိုတာ သတိနဲ့ပညာရှိရမယ်လို့ ထပ်တလဲလဲပြောခဲ့ပါတယ်။ မနေ့ကလဲပြောခဲ့ပါတယ်။ အရိယာဝါသ၊ အရိယာတို့ရဲ့စံအိမ်ကို ခင်ဗျားတို့ရချင်ရင် ဆောက်ချင်ရင် ဘာနဲ့ ဆောက်ရမှာလဲ (သတိနဲ့ပါဘုရား) သတိနဲ့ဆောက်ရမယ်။ သတိမပါဘဲနဲ့ အရိယာတို့ရဲ့ နေအိမ် စံအိမ်ဟာ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒါ့ကြောင့် သတိဟာ အရေးကြီးပါတယ်လို့ ထပ်တလဲလဲပြောခဲ့ပါတယ်။

နောက်တချက် မနေ့က ကိရိယပရိဟာနိနှင့် ပါပမိတ္တ ဒါကိုလဲ ရှောင်ရမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရခြင်း၏ အင်္ဂါနှစ်ပါးဘဲ။ မနေ့က ရှင်းခဲ့ပါတယ်။ ကိရိယ ပရိဟာနိဆိုတာ ပြုသင့်ပြုထိုက်တာကို မပြုရင်လဲ မဂ်ဉာဏ် 'ဖိုလ်ဉာဏ် ရနိုင်ပါ့ မလား (မရနိုင်ပါဘုရား) ပြီးတော့ ပါပမိတ္တ-ယုတ်မာတဲ့မိတ်ဆွေတွေနဲ့ပေါင်း သင်းရင်ကော မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါ့မလား (မရပါဘုရား) မရဘူးဆိုတာ မနေ့က အဇာတသတ်သက်သေထားပြီး ရှင်းခဲ့ပါတယ်။

ဒါကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဘို့ဟာဖြင့် ကလျာဏမိတ္တနှင့်ပေါင်းမိဘို့ရာ အရေးကြီးတယ်ဆိုတာကိုဆုံးဖြတ်ချက်ချပါ။ မိတ်ကောင်း ဆွေကောင်း မလိုဘူး လား၊ လိုသလား (လိုပါတယ်ဘုရား) အဲဒီတော့ မိတ်ကောင်းဆိုတာ ဒီနေရာမှာ ပရိယတ္တိဘဲ။ မိတ်ကောင်းဆိုတာ ဘာပါလိမ့် ( ပရိယတ္တိပါဘုရား ) မိတ်ကလဲ ကောင်းရမယ်၊ စိတ်ကလဲနီဝရဏတရားတွေမရှင်းရဘူးလား၊ ရှင်းရမလား (ရှင်း ရပါမယ်ဘုရား) စိတ်ကလဲ ကောင်းကောင်းမွန်မွန်ရှိရမယ်။ မိတ်ကလဲကောင်းရ မယ်။ စိတ် က လဲ ကောင်း ရ မယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တကာ တကာမတွေ နည်းနည်းပြောပါဦးမယ်။ ယနေ့ သမ္မာဇ္ဈာပဗ္ဗ နောက်ဆုံးနေ့ဘဲ၊ တကာတကာမ တွေလဲဒါသိပြီးသားပါ။ ကြားလဲကြားဘူးပါတယ်၊ နာလဲနာဘူးပါလိမ့်မယ်၊ ဟိုတမ္ဗဒါဠိက သူသတ်ယောကျ်ားကြီးဆိုတာ ကြားဘူးကြပါလိမ့်မယ်။

အဲဒီတမ္ဗဒါဠိကဆိုတဲ့ လူသတ်ယောကျ်ားကြီး ဘယ်လောက် လူတွေသတ်ခဲ့ သလဲဆိုတော့ တနေ့တည်းနှင့် လူနှစ်ထောင်တောင်သတ်ခဲ့တယ်။ မင်းရဲ့လူသတ် ယောကျ်ားခန့်ထားတဲ့အခါကျတော့ ရာဇဝတ်သင့်တဲ့ လူတွေကို သတ်တဲ့အခါ

ဒီတမ္ဗဒါဌိက လူသတ်ယောကျ်ားကြီးက သတ်ရတယ်။ တနေ့တည်းမှာ လူဘယ်လောက်သတ်ခဲ့တာတုံး ( နှစ်ထောင်ပါဘုရား ) မ သတ် ရ ဘူး ဆို တဲ့ ရက် မှာ နှစ်ယောက် သုံးယောက်ကိုတော့ဖြင့် သတ်ရပါသေးတယ်တဲ့။ နေ့တိုင်းမသတ်ရဘူးလား၊ သဘ်ရသလား (သတ်ရပါတယ်ဘုရား) ဘယ်လောက်ကြာသွားသလဲ ဆိုတော့ ပဥ္စပညာသဝဿာနိ၊ ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး၊ နှစ်ပေါင်း ငါးဆယ့်ငါးနှစ် ကြာသွားတယ်။ နှစ်ပေါင်းဘယ်လောက်လဲ (ငါးဆယ့်ငါးနှစ်ပါဘုရား) နှစ်ပေါင်းငါးဆယ့်ငါးနှစ်အတွင်း နေ့တိုင်းမသတ်ရဘူးလား၊ သတ်ရသလား (သတ်ရပါတယ်ဘုရား)

တဲနေ့သောအခါ ရှင်ဘုရင်က မင်းအသက်လဲကြီးပြီ။ လူတွေ သတ်တဲ့အခါ တချက်ထဲနဲ့သေအောင်မသတ်နိုင်ဘဲ အားအင်ဗလ ကုန်ခမ်းတဲ့အတွက် ရာထူးက ချလိုက်တယ်။ ရာထူးကချလိုက်တဲ့နေ့၊ အော်-ငါဖြင့် အသက်ငါးဆယ့်ငါးနှစ် ကာလပတ်လုံး သွေးစွန်းတဲ့လက်၊ သွေးစွန်းတဲ့ခန္ဓာဖြစ်ခဲ့တယ်။ ယနေ့တော့ဖြင့် ထောပတ်နှင့်ရောသော ယာဂုထမင်းကို ချက်ပြီးစားမယ်၊ ဘုန်းကြီးတို့စာပေမှာ တွေ့ရတာက ရှေးမင်းတွေက ဒီအမှုကိုထမ်းတဲ့ပုဂ္ဂိုလ်ဟာ အင်္ဂါလေးချက် မလုပ်ရဘူးတဲ့၊ ဘာတွေလဲဆိုရင် အဝတ်အစားသစ်သစ် မဝတ်ရဘူးတဲ့၊ တမ္ဗဒါဌိကကို အဝတ်အစားသစ်သစ်မဝတ်ရဘူးတဲ့။ ရှင်ဘုရင်ကချမှတ်ပေးတာ၊ ဒါဥပဒေဘဲ။ ထောပတ်နှင့်ရောသော ယာဂုထမင်းကို မစားရဘူး။ ဒါတော့ ဘာသဘောရယ် မသိဘူး။ ဘုန်းကြီးတို့စာပေမှာတွေ့ရတယ်။ နောက်တချက်က "နံ့သာပျောင်း နံ့သာတွေမလိမ်းရဘူး" နောက်ဆုံးအချက်က မြလေးပန်း မပန်ရဘူး၊ အချက် ဘယ်နှစ်ချက်ရှိသွားပြီတုံး (လေးချက်ပါဘုရား)အဲဒါ ဒီအမှုထမ်းတဲ့ပုဂ္ဂိုလ်များ မလုပ်ရဘူး။

မလုပ်ရတော့ ဒီတမ္ဗဒါဌိက လူသတ်ယောကျ်ားဟာ ငါးဆယ့်ငါးနှစ်ကာလ ပတ်လုံး လူတွေသတ်ခဲ့ဘူးလား (သတ်ခဲ့ပါတယ်ဘုရား) အဲဒီအချိန်မှာ ထောပတ်နှင့်ရောသော ယာဂုထမင်းကို ဒီတမ္ဗဒါဌိကကြီး စားရရဲ့လား (မစားရပါဘုရား) အဝတ်အစားသစ်သစ်ကော ဝတ်ရသလား (မဝတ်ရပါဘုရား) ပန်းနံ့သာပျောင်းတွေကော ပန်ရ လိမ်းရသလား (မပန်ရ မလိမ်းရပါဘုရား) ဒါနဲ့သူ ရာထူးကျတဲ့အခါကျတော့ ငါယနေ့ရေချိုးပြီး နံ့သာတွေလိမ်းမယ်။ မြလေးပန်းတွေပန်ပြီးတော့ တမ္ဗဒါဌိကကြီးဟာ ထောပတ်နဲ့ရောသော ယာဂုထမင်းကို ငါစားမယ်။ အိမ်ရှင်မကိုထမင်းမချက်ခိုင်းဘူးလား၊ ချက်ခိုင်းသလား (ချက်ခိုင်းပါတယ်ဘုရား)

ပြောပါဦးမယ်။ အားလုံးကြားလဲ ကြားဘူးပါလိမ့်မယ်။ မိတ်ဆွေကောင်းနဲ့ တွေ့တဲ့အခါကျတော့ အားကိုးရာ အားထားရာဖြစ်သွားပုံကိုပြောချင်လို့ပါ။ ဒါနဲ့

ဘုန်းကြီးတို့မြတ်စွာဘုရားရဲ့လက်ျာတော်ရံဖြစ်တဲ့ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး နိရောဓသမာပတ်မှ ထတဲ့အချိန်၊ ယနေ့ ငါနိရောဓသမာပတ်မှ ထပြီးတော့ ဘယ်သူ့ သွားတရားဟောရပါ့မလဲလို့ ကြည့်လိုက်တဲ့အခါ တမ္ဗဒါဌိကကြီး သွားပြီးမြင်တယ်။ အော်-ယနေ့ တမ္ဗဒါဌိကကြီး သေရမဲ့နေ့ပါလားလို့ သွားပြီးမြင်တယ်၊ ငါသာသွားတရားမဟောရင် ဒီတမ္ဗဒါဌိကကြီး ကိုယ်ကျိုးနည်းရချီရဲ့။ ငါသွားတရားဟောလိုက်ရရင် သူ့ရဲ့ဆင်းရဲဒုက္ခကို ကယ်တင်ရာကျမယ်။

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက တမ္ဗဒါဌိကအိမ်မှာဆွမ်းသွားခံတယ်။ ဆွမ်းသွားမခံဘူးလား၊ ခံသလား (ခံပါတယ်ဘုရား) ဆွမ်းခံတဲ့အခါကျတော့ တမ္ဗဒါဌိကကြီးက ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်လဲမြင်ရော အရှင်ဘုရား ကြွတော်မူပါဘုရား။ တချိန်က တပည့်တော်ကို အရှင်ဘုရားတွေ့တဲ့အချိန်မှာ တပည့်တော်မှာ လှူစရာတန်းစရာကလဲမရှိ။ တပည့်တော်ရဲ့ ခန္ဓာနဲ့လက်တွေကလဲ သွေးစွန်းတဲ့လက်၊ သွေးစွန်းတဲ့ခန္ဓာဖြစ်နေပါတယ်ဘုရား။

ယနေ့တော့ ဘုရားတပည့်တော်လုပ်ငန်းကထွက်ပြီး အနားယူတဲ့နေ့ပါဘုရား။ ဘုရားတပည့်တော်ရဲ့ထောပတ်နှင့်ရောနှောသောယာဂုဆွမ်းကို အရှင်ဘုရားအလှူခံတော်မူပါဘုရား။ အလှူခံသပိတ်ထဲထည့်ပြီးတော့ ကပ်လှူတယ်။ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလဲ အဲဒီမှာဘဲဆွမ်းဘုဉ်းပေးတော့အနားက တမ္ဗဒါဌိကကြီးက ယပ်လေခပ်ပေးနေတယ်တဲ့၊ ဓမ္မပဒအဋ္ဌကထာမှာပြထားတယ်။ ရှင်သာရိပုတ္တရာဆွမ်းဘုဉ်းပေးတိုင်း ဆွမ်းဘုဉ်းပေးတိုင်း တမ္ဗဒါဌိကကြီးကကြည့်ပြီး ချင်ခြင်းတပ်လာတယ်။ သိပ်ပြီးစားချင်လာတယ်။

၅၅-နှစ်ကာလပတ်လုံးမစားရတဲ့အစာဆိုတော့ သိပ်စားချင်လာတယ်။ စားချင်တော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သိတယ်၊ ဒါနဲ့ တကာတော် အိမ်ထဲမှာသွားစားချေဦးလို့ ခွင့်မပြုဘူးလား၊ ခွင့်ပြုသလား (ခွင့်ပြုပါတယ်ဘုရား) ခွင့်ပြုတယ်။ အိမ်ထဲမှာသွားစားပြီးလို့ အပြင်ပြန်ထွက်လာတော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆွမ်းအနုမောဒနာတရားဟောကြားတော်မူပါတယ်၊ အစဉ်အတိုင်း ဒါနကထာ သီလကထာ သဂ္ဂကထာ ကာမာနံအာဒီနဝကထာ မဂ္ဂကထာ ဟောကြားတော်မူပါတယ်၊ ဟောပင်ဟောသော်လဲ တမ္ဗဒါဌိကကြီးက တရားဒေသနာတော်ပေါ်မှာ စိတ်မတည်ဘူး၊ စိတ်တည်ရဲ့လား (မတည်ပါဘုရား)

တရားနာရင်းနာရင်း ဘယ်လိုဖြစ်နေသလဲဆိုတော့ (၅၅) နှစ်ပတ်လုံး သတ်ခဲ့တဲ့လူတွေကိုသွားပြီး အာရုံရောက်နေတယ်။ ဒါကို ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သိတော်မူတယ်။ ဒါနဲ့ တမ္ဗဒါဌိကကြီးက အရှင်ဘုရား တရားဟောကြားတာ တော်ပါတော့ဘုရား၊ ရှေ့ဆက်ပြီး မဟောပါနဲ့တော့။ အရှင်ဘုရား

ဟောကြားတော်မူတဲ့တရားကို ဘုရားတပည့်တော် နားလဲမလည်ပါဘူး၊ မှတ်လဲ မမှတ်မိပါဘူးဘုရား။

အရှင်ဘုရားဟောကြားတော်မူတဲ့ တရားတွေက အလွန်မတန်မှ ခက်ခဲနက်နဲတော်မူပါတယ်ဘုရား။ တပည့်တော်အရှင်ဘုရားရဲ့တရားကိုနာရင်းနာရင်း တရားတော်ပေါ်မှာစိတ်မရောက်ဘဲနဲ့ တပည့်တော် (၅၅) နှစ်ကာလပတ်လုံးသတ်ခဲ့တဲ့ လူတွေပေါ်မှာဘဲ စိတ်ရောက်နေပါတယ်ဘုရားတဲ့။

သူ့စိတ်မတည်ကြည်ပုံ မလျှောက် ထား ဘူး လား လျှောက် ထား သ လား (လျှောက်ထားပါတယ်ဘုရား)ဒါနဲ့ မိတ်ဆွေဆိုတာ လိမ္မာရတယ်။ ကလျာဏမိတ်ဆွေဆိုတာကြည့်၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အလွန်မတန်မှ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်၊ ပညာအရာမှာ တေဒဂ်ရ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ဘယ်လိုမိန့်တော်မူသလဲဆိုတော့ တမ္ဗဒါဌိက သင်သည် (၅၅)နှစ်တို့ပတ်လုံး လူတွေသတ်ခဲ့တာ သင်သတ်ချင်လို့ သတ်တာလား ရှင်ဘုရင်က သတ်ခိုင်းလို့ သတ်တာလားလို့ ပရိယာယ်နဲ့ မေးလိုက်တယ်။ အာရုံပြောင်းပေးလိုက်တယ်။ မှန်လှပါဘုရား တပည့်တော်ကသတ်ချင်လို့ သတ်တာမဟုတ်ပါဘုရား၊ ရှင်ဘုရင်ကသတ်ခိုင်းလို့သတ်ရတာပါဘုရား၊ ရှင်ဘုရင်က သတ်ခိုင်းလို့သတ်ပေမဲ့ သင့်မှာ အပြစ်ရှိလေရော့ သလား၊ အပြစ်တော့ ရှိတယ်၊ သို့သော်လဲ တရားနာဖြစ်အောင်လို့ အာရုံပြောင်းပေးလိုက်တဲ့ သဘောပါဘဲ။ မှန်လှပါဘုရား၊ အဲဒီလိုဆိုရင် တပည့်တော်နားလည်ပါတယ်ဘုရား၊ အရှင်ဘုရား တရားသာ ဆက်ဟောတော်မူပါဘုရား၊ တပည့်တော်ဆက်နာပါရစေ၊အဲဒီအခါမှာ ရှင်သာရိပုတ္တရာ ကိုယ် တော် မြတ် ကြီး က တ ရား ဆို တာ ဝေးဝေးရှာရတာ မဟုတ်ပါဘူးတဲ့၊ တရားဆိုတာဝေးဝေးရှာရတာဟုတ်သလား(မဟုတ်ပါဘုရား)ဝေးဝေးရှာရတာလား အနီးမှာရှာရတာလား (အနီးမှာ ရှာရတာပါဘုရား)မိမိခန္ဓာကိုယ်မှာရှာရမှာလား စာအုပ်တွေဘောတွေထဲမှာ ရှာရမှာလား (မိမိခန္ဓာမှာရှာရမှာပါဘုရား) ဒါကြောင့် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တမ္ဗဒါဌိက သင့်ရဲ့ခန္ဓာမှာ သတိထားပြီးနေပါ၊ ဒါကြောင့် သတိဟာ အရေးမကြီးဘူးလား ကြီးသလား(အရေးကြီးပါတယ်ဘုရား) သတိလက်လွှတ်လို့ရှိရင် တရားရနိုင်ပါ့မလား(မရနိုင်ပါဘုရား)ဒါကြောင့် သတိတည်းဟူသော လက်နက်နဲ့ အရိယာဝါသအိမ်တော်ကြီးဆောက်မှသာလျှင် အောင်အောင်မြင်မြင်နှင့် ဆောက်လုပ်နိုင်တယ်ဆိုတာ မှတ်ချက်ချပါ။

ဒါကြောင့်သတိရှိရမှာလား သတိမရှိရဘူးလား(သတိရှိရမှာပါဘုရား)ဘယ်အချိန်တွေမှာ သတိရှိရမှာတုံး (ကွေးတိုင်းကွေးတိုင်း ဆန့်တိုင်းဆန့်တိုင်း) သတိရှိပြီး သူ့ရှုကွက် သူရှုသွားတာပေါ့။ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တမ္ဗဒါဌိကကို ခန္ဓာမှာသတိထားဆိုပြီး အရှိတရားဟောလိုက်တာ အရှိတရားက

လူတွေသတ္တဝါတွေမှာရှိတာလား ခန္ဓာငါးပါးမှာ ရှိတာလား(ခန္ဓာငါးပါးမှာ ရှိတာပါဘုရား)ခန္ဓာငါးပါးသာရှိတာ လူတွေသတ္တဝါတွေဆိုတာ ရှိတာမဟုတ်ဘူးတဲ့၊ အဲဒီခန္ဓာငါးပါးရှိနေတာ ဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက်(ပျက်)ပျက်တာမြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား(အနိစ္စပါဘုရား)သဗ္ဗရူပံ အနိစ္စံကိုးဗျ။ ပျက်ရင်ကုန်ပါတော့လား ဘာပြုလို့ မကုန်တာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ရင် ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) မဖြစ်နဲ့လို့ တားလို့ရရဲ့လား(မရပါဘုရား) မပျက်ပါနဲ့လို့တားလို့ရရဲ့လား(မရပါဘုရား)အတ္တလား အနတ္တလား (အနတ္တပါဘုရား)အနိစ္စ ဒုက္ခ အနတ္တ။

ဒီခန္ဓာငါးပါးဟာ အခုမှအနိစ္စဒုက္ခအနတ္တမဟုတ်ပါဘူး၊ ဟိုအတိတ်တုံးကလဲ ဒီခန္ဓာငါးပါးဟာ အနိစ္စ ဒုက္ခ အနတ္တဖြစ်ခဲ့တယ်၊ အခုလဲဘာတုံး(အနိစ္စ ဒုက္ခ အနတ္တဖြစ်ဆဲ)နောင်လဲ အနိစ္စဒုက္ခအနတ္တဖြစ်ဦးမှာဘဲ၊ အနိစ္စ ဒုက္ခ အနတ္တဖြစ်ဦးမှာပါလား၊ အဲဒီလိုရှုတဲ့ဉာဏ်သည်သမ္မသနဉာဏ်ဖြစ်တယ်၊ တမ္ဗဒါဌိက လူသတ်ယောကျ်ားကြီးကို ရှင်သာရိပုတ္တရာ တရားဟောလိုက်တော့ တမ္ဗဒါဌိကသည် အနုလောမဉာဏ် ရသွားတယ်။ ဘာဉာဏ်ရသွားတုံး (အနုလောမဉာဏ်ပါဘုရား)အနုလောမဉာဏ်ဆိုတာ သုံးဉာဏ်ရှိတယ်။ အနုလောမဉာဏ် ဘယ်နှစ်ဉာဏ်ရှိတာတုံး(သုံးဉာဏ်ပါဘုရား )နောက်ပိုင်း တရားပွဲသိမ်းတဲ့အခါကျတော့ ရှင်းပါလိမ့်မယ်။ ပဌမက အနုလောမဉာဏ်စာပေမှာတော့ ရှင်းထားတာ၊ သမ္မသနဉာဏ်ကစပြီးတော့ ဝိပဿနာအားလုံးသည် အနုလောမဉာဏ်၊ ဘာဉာဏ် (အနုလောမဉာဏ်ပါဘုရား) တပါးမရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား)

သောတာပတ္တိမဂ္ဂဿဩရတောကိုဗျ၊ သောတာပတ္တိမဂ်ရဲ့ ရှေ့အဘို့ အနုလောမဉာဏ်လို့ ဆိုထားတော့ သောတာပတ္တိမဂ်အနီး သင်္ခါရုပေက္ခာဉာဏ်ရဲ့ အရင်းပိုင်း၊ ဘာဉာဏ်ရဲ့ အရင်းပိုင်းတုံး (သင်္ခါရုပေက္ခာဉာဏ်ရဲ့ အရင်းပိုင်းပါဘုရား)မဂ်ရဲ့အနီးဖြစ်တဲ့ သင်္ခါရုပေက္ခာဉာဏ်ရဲ့ အရင်းပိုင်းကိုလဲ အနုလောမဉာဏ်၊ ဒါလဲ တဉာဏ်မရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) မဂ္ဂဝီထိမှာ မဂ်ဇောကျတဲ့အခါ အနုလုံမပါဘူးလား ပါသလား (ပါပါတယ်ဘုရား) (ပရိကံဥပစာအနုလုံ) အဲဒီမဂ္ဂဝီထိမှာ အနုလောမဉာဏ် မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ဒီနေရာမှာ အဋ္ဌကထာဆရာက သောတာပတ္တိမဂ္ဂဿဩရတောလို့ဆိုတော့ သောတာပတ္တိမဂ်နှင့်မဝေးလှတဲ့ အနုလောမဉာဏ် အရင့်ပိုင်းတော့ မဖြစ်နိုင်ဘူး ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) မဂ်ရဲ့အနီး သင်္ခါရုပေက္ခာဉာဏ်ရဲ့အရင့်ပိုင်း မဖြစ်နိုင်ဘူးလား ဖြစ်နိုင်သလား (ဖြစ်နိုင်ပါတယ်ဘုရား )တိတိကျကျမပြဘူး။

သမ္မသနဉာဏ်မှစပြီးတော့ ဝိပဿနာအားလုံး ဘာဉာဏ်တုံး (အနုလောမဉာဏ်) အဲဒီလိုကော မဖြစ်နိုင်ဘူးလား ဖြစ်နိုင်သလား (ဖြစ်နိုင်ပါတယ်ဘုရား) အဲဒါအနုလောမိကခန္တိဉာဏ်တဲ့။ဘာဉာဏ်(အနုလောမိကခန္တိဉာဏ်ပါဘုရား) အနုလောမ၊မဂ်နဲ့လျော်တဲ့ဉာဏ်တွေ အဲဒီတော့ သမ္မသနဉာဏ်နဲ့ အနုလောမိကခန္တိဉာဏ် မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) အဲဒီအထိ ဟောတယ် ဆိုပါစို့၊ မဟောလိုက်ဘူးလား ဟောလိုက်သလား(ဟောလိုက်ပါတယ်ဘုရား)ဘယ်သူကဟောတာတုံး (ရှင်သာရိပုတ္တရာပါဘုရား) ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အဲဒီလိုဟောလိုက်တာနဲ့တပြိုင်ထဲ တမ္ဗဒါဌိက သူသတ်ယောကျ်ားသည် အနုလောမိကခန္တိဉာဏ်ရတယ်၊ ဘာဉာဏ်ရသွားတုံး(အနုလောမိကခန္တိဉာဏ်ပါဘုရား)

ဒီနောက်တော့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက အော်-တမ္ဗဒါဌိကကြီး ဒီအနုလောမိကခန္တိဉာဏ်ရတော့ လုံလောက်သွားပြီး ဆိုပြီး ပြန်ကြွသွားတယ်။ မကြွသွားဘူးလား၊ကြွသွားသလား(ကြွသွားပါတယ်ဘုရား)တမ္ဗဒါဌိကကြီးကလဲ လိုက်ပို့တယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကို လိုက်မပို့ဘူးလား၊ပို့သလား (လိုက်ပို့ပါတယ်ဘုရား) လိုက်ပို့ပြီးတော့ပြန်လာ။ အပြန်မှာ ရန်ငြိုးဖွဲ့ခဲ့တဲ့ဘီလူးမက နွားယောင်ဆောင်ပြီး ဝှေ့သတ်လိုက်တော့ တမ္ဗဒါဌိကကြီး သေရော၊ မသေဘူးလား၊သေသလား(သေပါတယ်ဘုရား)သေတော့ ယခုဘယ်ရောက်သွားသလဲ ဆိုတော့ တုသိတာနတ်ပြည်မှာ ရောက်သွားတယ်။ ကြည့်စမ်း၊ ဒါ မိတ်ဆွေကောင်းနဲ့တွေ့လို့လား၊ မတွေ့လို့လား(တွေ့လို့ပါဘုရား)မိတ်ဆွေကောင်းကဘယ်သူပါလိမ့်(ရှင်သာရိပုတ္တရာပါဘုရား)

ဒါကြောင့် မိတ်ဆွေကောင်း ဆိုတဲ့ ဆရာကောင်း သမားကောင်း တွေကို တကာတကာမတွေ့ မလိုဘူးလား၊ လိုသလား (လိုပါတယ်ဘုရား) ဒါကြောင့် ပါပမိတ္တနဲ့တွေ့ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရဲ့လား (မရပါဘုရား) ကလျာဏမိတ္တနဲ့တွေ့တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးလား၊ ရနိုင်သလား (ရနိုင်ပါတယ်ဘုရား)ဒီတမ္ဗဒါဌိက လူသတ်ယောကျ်ားကြီးကို ကြည့်စမ်း၊နှစ်ပေါင်း ငါးဆယ်နဲ့ ငါးနှစ် ကာလပတ်လုံး ဘာတွေလုပ်ခဲ့တာတုံး (လူတွေ သတ်ခဲ့တာပါ ဘုရား)

အဲဒီကံအကျိုးပေးခွင့် ရရဲ့လား (မရပါဘုရား) ဘယ်ဉာဏ်က ဦးသွားသလဲ ဆိုတော့ အနုလောမိကခန္တိဉာဏ်က ဦးသွားတယ်။ မိတ်ဆွေကောင်းနဲ့ မတွေ့လို့လား၊တွေ့လို့လား(တွေ့လို့ပါဘုရား)မိတ်ဆွေကောင်းကဘယ်သူတုံး(ရှင်သာရိပုတ္တရာပါဘုရား) ကြည့်လေ၊ ရှင်သာရိပုတ္တရာဆိုတဲ့ မိတ်ဆွေကောင်းနဲ့တွေ့သွားတော့ တရားကနေပြီး မကယ်ဘူးလား၊ ကယ်သလား(ကယ်ပါတယ်ဘုရား)

ဒါကြောင့် တကာတကာမတွေ မိတ်ဆွေကောင်းက အရေးမကြီးဘူးလား (အရေးကြီးပါတယ် ဘုရား) အဲ-ကလျာဏမိတ္တ ဆိုတာ သိပ်အရေးကြီးတယ်၊ တမ္ဗဒါဌိကကြီးစုတေမနေသေလွန်တော့ ရဟန်းတော်တွေက သူ့ အကြောင်းကို ပြောဆိုနေကြတယ်။ ဘယ်လိုပြောဆိုနေကြသလဲဆိုတော့။ အော်- တမ္ဗဒါဌိက လူသတ်ယောကျ်ားကြီး ယနေ့သေသွားပြီး အခုလောက်ဆို အဝီစိငရဲမှာ အလူး အလဲ ခံနေရရှာတော့တယ်။ အပါယ်မှာ မုချ ကျမဲ့ တမ္ဗဒါဌိကကြီးပါလားလို့ ရဟန်းတော်တွေအချင်းချင်း တီးတိုးစကား ပြောဆိုနေကြတယ်။ မပြောကြဘူး လား၊ ပြောကြသလား (ပြောကြပါတယ်ဘုရား)ဒါကို ဘုရားရှင်သိတော်မူတော့ ချစ်သားတို့ ဘာစကားတွေ ပြောဆိုနေကြသလဲလို့ မိန့်တော်မူတော့၊ မှန်လှပါ ဘုရားတပည့်တော်တို့ ဤအမည် ဤအမည်ရှိသော စကားကို ပြောဆိုနေကြပါ တယ်ဘုရား။ ယနေ့ တမ္ဗဒါဌိကကြီးစုတေမနေသေလွန်သွားလို့ ယခုလောက်ဆို အဝီစိငရဲ ရောက်နေမဲ့ အကြောင်း တပည့်တော်များ ပြောဆို နေကြပါတယ် ဘုရား။

မြတ်စွာဘုရားက ချစ်သားရဟန်းတို့ တမ္ဗဒါဌိကကြီးသည်တုသိတာနတ်ပြည် သို့ရောက်သွားတယ်လို့ မိန့်တော်မူလိုက်တော့ ရဟန်းတော်များက အရှင်ဘုရား ဘယ်နှယ့်ကြောင့် ဒီလောက်ဆိုးတဲ့တမ္ဗဒါဌိကကြီးတယောက် တုသိတာနတ်ပြည် ရောက်သွားရတာလဲဘုရား။ ချစ်သားရဟန်းတို့ တမ္ဗဒါဌိကကြီးသည် သေခါနီး အခါကာလမှာ မိတ်ဆွေကောင်းနဲ့ တွေ့သွားတယ်။ ဘာနဲ့တွေ့သွားသလဲ(မိတ် ဆွေကောင်းနဲ့ တွေ့သွားပါတယ်ဘုရား။

မိတ်ဆွေကောင်းကဘယ်သူလဲ (ရှင်သာရိပုတ္တရာပါဘုရား) ရှင်သာရိပုတ္တရာ တည်းဟူသော မိတ်ဆွေကောင်းနဲ့ တွေ့သွားသည့်အတွက် ရှင်သာရိပုတ္တရာကိုယ် တော်မြတ်ကြီး ဟောတော်မူတဲ့တရားကို နှလုံးသွင်းမှန်မှန်နဲ့ ကြားနာလိုက်ရတဲ့ တရားတော်ရဲ့ ဂုဏ်ကြောင့် အသိဉာဏ်က ဦးမသွားဘူးလား။ ဦးသွားသလား (ဦးသွားပါတယ်ဘုရား) ဒီအနုလောမိကခန္တိဉာဏ်ကြောင့် ကျရမဲ့ အဝီစိငရဲကို မကျဘဲနဲ့ တုသိတာ နတ်နန်းမှာ စံမြန်းနေရတဲ့ အကြောင်း မြတ်စွာဘုရားကိုယ် တော်မြတ်က အမိန့်မရှိဘူးလား၊ ရှိသလား(အမိန့်ရှိပါတယ်ဘုရား)

\+ သုဘာသိတံသုဏိတ္ဝာနနဂရေစောရဃာတကော၊
အနုလောမခန္တိံ လဒ္ဓါန မောဒတိတိဒိဝံဂတော။

နဂရေ၊ ရာဇဂြိုဟ်မြို့ကြီး၌၊ စောရဃာတကော၊ ခိုးသူတွေကို သတ်နေတဲ့ တမ္ဗဒါဌိကယောကျ်ားကြီးသည်၊ သုဘာသိတံ၊ရှင်သာရိပုတ္တရာရဲ့တရားတော်ကို၊

---

\+ ဓမ္မပဒ၊ ၅၊ ပ၊ နှာ ၄၀၇ မိဌေ

သုဏ်တွာန၊ ကြားနာရသည်ဖြစ်၍၊ အနုလောမခန္တီ၊ အနုလောမိကခန္တိဉာဏ်ကို၊ လဒ္ဓါန၊ ရသည်ဖြစ်၍၊ တိဒိဝံ၊ တုသိတာနတ်နန်းသို့၊ ဂတော၊ ရောက်သည်ဖြစ်၍၊ မောဒတိ၊ ဝမ်းမြောက်ဝမ်းသာနေလေတော့၏။

မြတ်စွာဘုရားက ဒီပါဠိတော်နဲ့ဝန်မခံဘူးလား၊ ဝန်ခံသလား(ဝန်ခံပါတယ်ဘုရား) ယခု နတ်ပြည်ရောက်မသွားဘူးလား၊ ရောက်သွားသလား (ရောက်သွားပါတယ်ဘုရား) ဒါကြောင့် ကလျာဏမိတ္တဟာဖြင့် အရေးမကြီးဘူးလား၊ ကြီးသလား (အရေးကြီးပါတယ် ဘုရား) ကလျာဏမိတ္တနဲ့ တွေ့ရုံတင်မဟုတ်ဘူး၊ ကလျာဏမိတ္တပြောတဲ့စကားကို နားထောင်ရမှာလား၊ နားမထောင်ရဘူးလား (နားထောင်ရမှာပါဘုရား)

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက တရားဟောတဲ့အခါ တမ္ဗဒါဌိက ကြီးကို တမ္ဗဒါဌိက စိတ်တွေ ဟိုဟိုဒီဒီရောက်မနေနဲ့၊ သတိထားပါလို့မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား(ညွှန်ကြားပါတယ်ဘုရား)သတိကမိမိခန္ဓာမှာလား၊ သူတပါးခန္ဓာမှာလား(မိမိခန္ဓာမှာပါဘုရား) မိမိခန္ဓာမှာ သတိကိုထားလိုက်ပါ။ အဲဒီတော့ ရှူကွက်တကွက်နဲ့ သတိထားပြီးတော့ ရှူကွက်ကို ပြောကြပါစို့ရဲ့။ အနုလောမခန္တိဉာဏ်ထိအောင်ပေါ့။ သတိထားလိုက်၊ ဒီရှူကွက်က တဆင့်တက်လာတယ်။ ဒီရှူကွက်ကကျော်လို့ရရဲ့လား (မရပါဘုရား) ဒေသနာတော်က ဘယ်လို ပြသလဲဆိုတော့ (သမိဒ္ဓိတေ ပသာရိတေ သမ္ပဇာနကာရီဟောတိ။) မနေ့က ဒါ ပြီးသွားပြီမဟုတ်လား (ပြီးသွားပါတယ်ရာဘုရား)

ယနေ့(သင်္ဃာဋိပတ္တစီဝရဓာရဏေသမ္ပဇာနကာရီဟောတိ) သင်္ဃာဋိပတ္တ စီဝရဓာရဏေ၊ဒုကုဋ်သင်္ကန်းသပိတ်ပရိက္ခရာကို ကိုင်ဆောင်ရာ၌၊သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ကိုင်ဆောင်ခြင်းအမှုကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒါရဟန်းတော်တွေကိုဟောတာ၊ တကာ တကာမတွေကျတော့ အဝတ်အထည် တွေ မကိုင်ဘူးလား ကိုင်သလား(ကိုင်ပါတယ်ဘုရား)ကိုင်တယ်။ တကာတကာမ တွေ လက်ကိုင်ပုဝါမကိုင်ဘူးလား ကိုင်သလား(ကိုင်ပါတယ်ဘုရား) ရဟန်းတွေ ကတော့ သင်္ကန်းတွေဘာတွေမကိုင်ဘူးလား ကိုင်သလား(ကိုင်ပါတယ်ဘုရား ) ကိုင်တဲ့အခါ သတိနဲ့ပညာတွဲပြီးတော့ ကိုင်ပါ။ ပဌမကိုင်တယ်လို့ မှတ်ရမယ်။ ဘယ်လို မှတ်ရမှာတုံး (ကိုင်တယ်လို့မှတ်ရမှာပါဘုရား) ကိုင်ရင် ကိုင်တယ်လို့ မှတ်၊ ကိုင်တယ်လို့မမှတ်ဘဲနဲ့ တကာတကာမတွေ ကျော်ရှုလို့ ရရဲ့လား(မရပါ ဘုရား)အဝတ်ကိုင်ရင်လဲ ကိုင်တယ်ကိုင်တယ်လို့မှတ်၊ ကိုင်လို့ကိုင်တယ် မှတ်တာ ဘဲ မှားလို့လား(မမှားပါဘုရား)သမထမှာ တကာတကာမတွေ ဒိဋ္ဌိကွာပြီလား (မကွာသေးပါဘုရား) ငါကိုင်တယ်လုပ်လိုက်ဦး မရဘူးလား(ရပါတယ်ဘုရား) အဲဒါဘာကမ္မဋ္ဌာန်း (သမထကမ္မဋ္ဌာန်းပါဘုရား)ကိုင်ရင် ကိုင်တယ်လို့ မှတ်တာ ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား)

နီဝရဏတရားတွေ မငြိမ်းဘူးလားငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)ဘယ်လို တုံး ကိုင်ရင် (ကိုင်တယ် ကိုင်တယ်လို့မှတ်) အိုးခွက်တွေကော မကိုင်ဘူးလား (ကိုင်ပါတယ်ဘုရား)ကိုင်ရင် ကိုင်တယ်လို့ မှတ်ပါ။ ရာဇဂြိုဟ်ပြည်က တကာ တကာမတွေဟာ သတိပဋ္ဌာန်တရားပွားများလိုက်ကြတာ ထမင်းချက်ရင်း ဟင်း ချက်ရင်းနဲ့ သောတာပန်တွေတည်ကြသတဲ့။ မတည်ကြဘူးလား တည်ကြသလား (တည်ကြပါတယ်ဘုရား)

ကမ္မဋ္ဌာန်း မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဘယ်လောက် ကျေးဇူးတင်စရာ ကောင်းသလဲ ခင်ဗျားတို့ ကျုပ်တို့ကိုကမ္မဋ္ဌာန်းမလွတ်ပုံတွေပြမထားဘူးလား ပြထားသလား(ပြထားပါ တယ်ဘုရား)ဒါကြောင့် ကိုင်ရင် ကိုင်တယ်လို့ဘဲ မှတ်ပါ။ ကိုင်လို့ ကိုင်တယ်ဘဲ မှတ်တာ မှားရဲ့လား (မမှားပါဘုရား) သမထအရာမှာ မှားရဲ့လား (မမှားပါ ဘုရား)ဒါဖြင့် ကိုင်တာကဘယ်သူကိုင်တာလဲ တဆင့်တက်လို့မရဘူးလား(ရပါ တယ်ဘုရား) ကိုင်တာတော့မရှိဘူး။ ရှိရဲ့လား(မရှိပါဘုရား) ဆုပ်တာ ကိုင်တာ ယူတာ မရှိဘူး၊ ရှိတာကဘယ်သဘောလဲဆိုတော့ ကိုင်ချင်တဲ့သဘောဘဲ ရှိတာ၊ ဘာသဘော(ကိုင်ချင်တဲ့သဘောပါ ဘုရား) ကိုင်ချင်တဲ့သဘောဆိုတာ လူလား စိတ်လား(စိတ်ပါဘုရား) မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) စိတ် ဖြစ်တော့ ဘာဖြစ်တုံး(လေဖြစ်ပါတယ်ဘုရား)

လေဖြစ်တော့ ဒီလိုကိုင်တဲ့အမူအရာက ဘယ်သူ့သတ္တိတုံး (လေရဲ့ သတ္တိပါ ဘုရား)ဒီလေကဘယ်သူ့သတ္တိတုံး(စိတ်ရဲ့သတ္တိပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ် တုံး(လေဖြစ်ပါတယ်ဘုရား)လေဖြစ်တော့ဒီအမူအရာမဖြစ်ဘူးလား ဖြစ်သလား (ဖြစ်လာပါတယ်ဘုရား)

+ **စိတ္တနာနတ္တမာဂမ္မ၊ နာနတ္တံဟောတိဝါယုနော**
**ဝါယုနာနတ္တတောနာနာဟောတိကာယဿဣဉ္ဇနာ။**

စိတ္တနာနတ္တံ၊ စိတ်အမျိုးမျိုးအစားစားကို။ အာဂမ္မ၊စွဲ၍။ ဝါယုနော၊ လေ သဘော၏။ နာနတ္တံ၊ အထူးထူး အပြားပြား ရှိသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ စိတ်အမျိုးမျိုးဖြစ်တော့ ( လေအမျိုးမျိုးတွေ ဖြစ်ပါတယ် ဘုရား ) ဝါယုနာနတ္တတော၊ လေသဘောကို အထူးထူးအပြားပြား ဖြစ်ပေါ်လာရခြင်း ကြောင့်။ ကာယဿ၊ လက်ခြေစသောကိုယ်၏။ ဣဉ္ဇနာ၊ တုန်လှုပ် ရွေ့လျား သွားလာမှုစသည်များသည်။ နာနာ၊ အထူးထူး အပြားပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

+ သုတ္တနိပါတ အဋ္ဌကထာ၊ နှာ ၂၃၇

အဋ္ဌကထာဆရာက ဒီလို မထောက်ခံထားဘူးလား ထောက်ခံထားသလား (ထောက်ခံထားပါတယ်ဘုရား) စိတ်အမျိုးမျိုးတွေ ဖြစ်တော့ ဘာအမျိုးမျိုးတွေ ဖြစ်သလဲ (လေအမျိုးမျိုးဖြစ်ပါတယ်ဘုရား) လေအမျိုးမျိုးတွေ ဖြစ်တဲ့အခါကျတော့ လက်ခြေတွေ လှုပ်ခြင်း ကိုင်ခြင်းဆိုတဲ့ လှုပ်ရှားမှု အမူအရာတွေ ဖြစ်မလာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ကိုင်တာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဆုပ်တာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဘာသဘောနဲ့ ဘာသဘော (စိတ်သဘောနဲ့ လေသဘောပါဘုရား) စိတ်က ဘာတရားပါလိမ့် (နာမ်တရားပါ ဘုရား)လေက ဘာတရားပါလိမ့် (ရုပ်တရားပါဘုရား)

ဘယ်အချိန်မှာတုံး (ကိုင်တိုင်းကိုင်တိုင်း) အော် ကိုင်တိုင်းကိုင်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊စိတ်သဘောလေသဘောရှိတာလား (စိတ်သဘောလေသဘောရှိတာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (အခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် ကိုင်တဲ့အခါ (အခုမှဖြစ်တဲ့စိတ်နဲ့လေ-အခုမှဖြစ်တဲ့စိတ်နဲ့လေ) တနည်း ကိုင်တဲ့အခါ (အခုဖြစ်တဲ့ နာမ်နဲ့ရုပ်-အခုမှဖြစ်တဲ့ နာမ်နဲ့ရုပ် ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)သက္ကာယဒိဋ္ဌိဖြုတ်ပေးနေတာ။ မြတ်စွာဘုရားက ကိုင်တိုင်းကိုင်တိုင်း တကာတကာမတွေ့ သက္ကာယဒိဋ္ဌိ လာသေးရဲ့လား (မလာတော့ပါဘုရား) ထင်ရှားရှိတဲ့သဘောကဘာတုံး (သက္ကာယပါဘုရား) ကိုင်တယ်ထင်တာက ဘာတုံး (ဒိဋ္ဌိပါဘုရား) အဲဒီတော့ သက္ကာယနဲ့ဒိဋ္ဌိကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား)

သက္ကာယဒိဋ္ဌိကွဲ သွားလိုက်တာနဲ့ တမ္ပိုင်နက် စတူပာယပါယေဟိစ ဝိပ္ပမုတ္တော၊ အပါယ်တံခါးပိတ်တယ်။ မ ပိတ် ဘူး လား၊ ပိတ်သလား (ပိတ်ပါတယ်ဘုရား) အရေးကြီးတာကလဲ အပါယ်တံခါးပိတ်ဘို့ အရေးကြီးပါတယ်။ ဘယ်အချိန်မှာ ပိတ်ရမှာတုံး (ကိုင်တိုင်းကိုင်တိုင်း)

သံဃာဋိပတ္တစီဝရဓာရဏေသမ္ပဇာနကာရီဟောတိ။

ရဟန်းတွေမှာတော့ သင်္ကန်းကိုင်တဲ့အခါမှာလဲကိုင်တယ်ဆိုတာရှိရဲ့လား (မရှိပါဘုရား) ကိုင်တဲ့အခါမှာသတိထားလိုက်ပါ။ ဘာသဘောနဲ့ဘာသဘောသာရှိတာတုံး(စိတ်သဘောနဲ့လေသဘောပါဘုရား) စိတ်ကဘာတရား (နာမ်) လေကဘာဘရား (ရုပ်) ပေါင်းလိုက်တော့(နာမ်နဲ့ရုပ်ပါဘုရား)အော်-ကိုင်တာမဟုတ်ပါလား။ နာမ်တရားနဲ့ ရုပ်တရားသာ ရှိတာပါလား၊ လူတွေ သတ္တဝါတွေပါရဲ့လား (မပါပါဘုရား) အိုးခွက်တွေမကိုင်ဘူးလား၊ ကိုင်သလား (ကိုင်ပါတယ်

ဘုရား)ကိုင်တယ်ဆိုတာကောရှိရဲ့လား (မရှိပါဘုရား)ဘာသဘောနဲ့ဘာသဘော ရှိတာတုံး(စိတ်သဘောနဲ့ လေသဘောပါဘုရား)စိတ်ကဘာတရား (နာမ်တရား) လေက ဘာတရား (ရုပ်တရား) ဒါကြောင့် နာမ်နဲ့ရုပ်။ ဘာနဲ့ဘာတုံး (နာမ်နဲ့ ရုပ်ပါဘုရား)

ဒါကြောင့် အဋ္ဌကထာဆရာက-

+ **အဇ္ဈတ္တရေ အတ္တာနာမကောစိ စိဝရံပါရုပေန္တော နတ္ထိ။ ဝုတ္တပ္ပကာရ စိတ္တ ကိရိယဝါယော ဓါတု ဝိပ္ဖါရေနေဝပနစိဝရပါရုပနံ ဟောတိ။**

အဇ္ဈတ္တရေ၊ ရုပ်နာမ်အတွင်း၌။ အတ္တာနာမ၊ ငါသူတပါး ယောကျာ်း မိန်းမ မည်သည်။ နတ္ထိ၊ မရှိ။ ကိုင် တဲ့ အ ခါ ဘာ နဲ့ ဘာ တုံး ( နာမ်နဲ့ရုပ်ပါဘုရား ) ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဝါရှိလား ( မပါပါဘုရား ) မရှိပါဘူးတဲ့။ ကောစိ၊ တစုံတယောက်သောသူသည်၊ စိဝရံ၊ သင်္ကန်းကို၊ ပါရုပေန္တော၊ ဝတ်ရုံ ဆင်မြန်းသောသူသည်။ နတ္ထိ၊ မရှိ၊ အဝတ်သင်္ကန်းဝတ်ရုံတာ ရှိရဲ့လား (မရှိပါ ဘုရား)

ခင်ဗျားတို့ကော အဝတ်ဝတ်တာရှိရဲ့လား(မရှိပါဘုရား)ဘာရှိတာတုံး(စိတ် နဲ့လေပါဘုရား) ကမ္မဋ္ဌာန်းလွတ်ရဲ့လား (မလွတ်ပါဘုရား) သတိဘဲလိုပါတယ်။ ဘာလိုသလဲ(သတိပါဘုရား)တဘက်ခြုံတာကောဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဘာ နဲ့ ဘာ ရှိ တုံး (စိတ်နဲ့လေပါဘုရား) တနည်းဘာလဲ (နာမ်နဲ့ရုပ်ပါဘုရား) ကမ္မဋ္ဌာန်းလွတ်တာရှိသေးရဲ့လား (မရှိပါဘုရား)

ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မောနာမနတ္ထိ။

ကမ္မဋ္ဌာနဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှလွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ၊ ကမ္မဋ္ဌာန်းမှလွတ်တဲ့တရားများ ရှိသေးရဲ့လား (မရှိပါဘုရား) မရှိပါ ဘူးဗျ။ အော်-ကိုင်တိုင်းကိုင်တိုင်းမှာ ယူတိုင်းယူတိုင်းမှာ ဝတ်တိုင်းဝတ်တိုင်းမှာ ဘာနဲ့ဘာရှိတာတုံး ( စိတ်နဲ့လေပါဘုရား ) စိတ်နဲ့လေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား)

ဒါ့ကြောင့် လုံချည်ဝတ်တိုင်းဝတ်တိုင်းမှာ (အခုမှဖြစ်တဲ့စိတ်နဲ့လေ- အခုမှ ဖြစ်တဲ့စိတ်နဲ့လေ) ဒါကိုဝတ်တယ်ခေါ်တာပါ။ လုံချည်ဝတ်ဘယ်လို့တော့ပြော ရမှာဘဲ။ သမုတိသစ္စာပယ်လို့ရရဲ့လား (မရပါဘုရား) လုံချည်ဝတ်တယ်လို့တော့

---

+ မူလပဏ္ဏာသ၊ ဌ၊ ပ၊ နှာ ၂၇၀

ပြောပါ။ သို့ခသာ် ဝတ်တယ်တော့မထင်နဲ့။ ထင်လိုက်ရင်ဘာဖြစ်သွားမလဲ (ဒိဋ္ဌိပါဘုရား) ပြောတော့ပြောပါ။

ဘာသိဘမေဝဟောတိ။ ဘာသိတမေဝ၊ ပြောကာမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။ ပြောသာပြောရတာ၊ ရှိတာကဘာသဘောနဲ့ဘာသဘော (စိတ်နဲ့လေပါဘုရား) တနည်း (နာမ်သဘောနဲ့ရုပ်သဘောပါဘုရား) မကွဲဘူးလား ကွဲသလား (ကွဲပါတယ်ဘုရား) နာမ်နဲ့ရုပ်ကွဲသွားရင် သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား၊ ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ဘယ်အချိန်မှာပြုတ်တာတုံး (ကိုင်တိုင်းကိုင်တိုင်း) ဘာကိုင်ကိုင် ကိုင်တယ်ဆိုရင်စိတ်နဲ့လေချည်းဘဲ၊ ဘာနဲ့ဘာ(စိတ်နဲ့လေပါဘုရား) နောက်တချက်ပြောကြပါစို့ရဲ့၊ ဒေသနာကျော်လို့မရပါဘူး၊ ဒေသနာတော်ကုန်အောင်တော့ ရှင်းရပါလိမ့်မယ်။ နောက်တချက်ကဘာတုံး၊

အသိတေ ပိတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊

အသိတေ၊ စားသည်ရှိသော်။ ပိတေ၊သောက်သည်ရှိသော်။ ခါယိတေ၊ ခဲစားသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်၊ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍စားခြင်းအမှုကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏၊

ခင်ဗျားတို့မစားဘူးလား၊ စားသလား (စားပါတယ်ဘုရား) မစားဘဲမနေဘူး။ ခင်ဗျားတို့ရဲ့ပါးစပ်တွေ မစားဘူးလား (စားပါတယ်ဘုရား) စားတဲ့အခါဘယ်နှစ်ခါများသတိထားပြီးစားဘူးတုံး (မစားဘူးပါဘုရား) သတိမထားရင်သက္ကာယဒိဋ္ဌိလာပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် သတိတည်းဟူသော လက်နက်ဖြင့် အရိယာဝါသတည်းဟူသော အိမ်ကြီးကို မဆောက်ရဘူးလား၊ ဆောက်ရသလား (ဆောက်ရမှာပါဘုရား) ဒါဆောက်နေတဲ့အချိန်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) သတိနဲ့ဆောက်ကြပါ၊

ဒါကြောင့် စားတဲ့အခါမှာသတိထားပြီးစားကြပါ။ စားတယ်လို့ထင်လိုက်ရင် ဘာတုံး (ဒိဋ္ဌိ) ပဌမ စားတယ်ဆိုရင် စားတယ်စားတယ်လို့မှတ်ပါ။ စားရင်ဘာတုံး (စားတယ်စားတယ်)၊ ယူရင်ဘာတုံး (ယူတယ်ယူတယ်) လို့ မှတ်ပါ။ ဒါသမထကမ္မဋ္ဌာန်းဘဲ။

လှမ်းရင် လှမ်းတယ်လှမ်းတယ်လို့ မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား) ဇွန်းယူရင်လဲ (ယူတယ် ယူတယ် ယူတယ်) ဒီလိုကမ္မဋ္ဌာန်းလဲမပြကြဘူးလား (ပြပါတယ်ဘုရား) ဒါကမ္မဋ္ဌာန်းဖြစ်တယ်၊ ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား) အော်-ဘယ်သူစားတာတုံး၊ တဆင့်မတက်ရဘူးလား တက်ရသလား (တက်ရပါတယ်ဘုရား) ဉာဏ်နဲ့တက်ခဲ့၊ စားတာတော့ဟုတ်တယ်။

စားတာတော့မှတ်နေတယ်။ ယူတာမှတ်နေတယ်။ စားတယ်သာပြောတာ၊ ဘယ်သူများစားတာပါလိမ့်။ တဆင့်မတက်လာဘူးလား၊တက်လာသလား (တက်လာပါတယ်ဘုရား)

စိတ္တကရိယဝါယောဓာတုဝိပ္ဖါရေန။ စိတ်သည်ပြုပြင်အပ်သော လေသဘော၏ပျံ့နှံ့ခြင်းကြောင့်၊ စိတ်ဖြစ်လို့ဘာဖြစ် (လေဖြစ်တာပါဘုရား) လေဖြစ်တော့ ဒီပါးစပ် အထက်နှုတ်ခမ်းကို ဘယ်သူကလှန်ပေးလိုက်တာတုံး (လေကပါဘုရား) အောက်နှုတ်ခမ်းကိုတော့ လေက ဖိပေးလိုက်တော့ ပါးစပ်ဟတဲ့အမူအရာ မဖြစ်လာဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား) ဒီပါးစပ်ဟတဲ့ အမူအရာဘယ်သူ့ရဲ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား) လေကလဲ ဘယ်သူကြောင့်တုံး (စိတ်ကြောင့်ပါဘုရား)

တကာတကာမတွေ ကြည့်စမ်း၊ လူသေကောင် ပါးစပ်ဟရဲ့လား (မဟပါဘုရား)ပါးစပ်ပိတ်ရဲ့လား(မပိတ်ပါဘုရား)သူ့ဟာသူမနေဘူးလား၊ နေသလား (နေပါတယ် ဘုရား) ဘာပြုလို့တုံး (လေမရှိလို့ပါ ဘုရား) လေမရှိတာ ဘာ့ကြောင့်တုံး (စိတ်မရှိလို့ပါဘုရား)ယခုတော့ ခင်ဗျားတို့ပါးစပ်က ငြိမ်ငြိမ်နေရဲ့လား(မနေပါဘုရား) ဖွင့်လိုက် ပိတ်လိုက်၊ အဲဒီတော့ စားတယ်သာ ပြောရတာစားတာရှိရဲ့လား (မရှိပါဘုရား)

ဘယ်သဘောနဲ့ ဘယ်သဘော ရှိတာတုံး (စိတ်သဘောနဲ့ လေသဘောပါဘုရား)စားချင်တယ်ဆိုတဲ့သဘောကဘာတုံး(စိတ်ပါဘုရား) စိတ်နဲ့လေဖြစ်တာကို စားတယ်။ပါးစပ်ဟတယ်။အမှန်ကဘာနဲ့ဘာရှိတာတုံး(စိတ်နဲ့လေပါဘုရား) စိတ်ကဘာတရား (နာမ်တရား) လေကဘာတရား (ရုပ်တရား) နာမ်နဲ့ရုပ် ဘယ်အချိန်မှာတုံး (စားတိုင်းစားတိုင်း) စားတိုင်းစားတိုင်းမှာ လူတွေ သတ္တဝါတွေရှိဘာလား၊ နာမ်ရုပ်ရှိတာလား(နာမ်ရုပ်ရှိတာပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)

စားရုံတွင်မဟုတ်ဘူးနော်။ ပီတေ၊သောက်သည်ရှိသော်၊ မသောက်ဘူးလား၊ သောက်သလား(သောက်ပါတယ်ဘုရား) သောက်တဲ့အခါမှာလဲ ဘာသဘောနဲ့ ဘာသဘောတုံး (စိတ်သဘောနဲ့ လေသဘော) သောက်တာရှိရဲ့လား သောက်တယ်ထင်ရင်ဘာတုံး(ဒိဋ္ဌိ) ရှိတာကဘာနဲ့ဘာ(စိတ်နဲ့လေပါဘုရား) စိတ်ကဘာတရား(နာမ်တရား)လေကဘာတရား(ရုပ်တရား)ပေါင်းလိုက်တော့(နာမ်နဲ့ရုပ်) ဒါလောက်ဆိုရင်ကွဲပါတယ်။ နောက်ကလဲပြခဲ့ပြီးပြီဘဲ။

ဒါကြောင့် သိတေ၊စားသည်ရှိသော်၊ပီတေ၊သောက်သည်ရှိသော်၊ခါယိတေ၊ခဲစားသည်ရှိသော်၊ ခဲဘွယ်တွေကော မခဲစားဘူးလား၊ ခဲစားသလား (ခဲစားပါတယ်ဘုရား)ခေါက်ဆွဲတွေ ပေါင်မုံ့ တွေဆိုတာ ခဲဘွယ်တွေဘဲ။ အဲဒါတွေကို

မစားဘူးလား၊ စားသလား(စားပါတယ်ဘုရား) မခဲဘူးလား၊ ခဲသလား (ခဲပါတယ်ဘုရား)ခဲတာ အမှန်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာနဲ့ဘာတုံး (စိတ်နဲ့လေပါဘုရား) စိတ်ကဘာတရား (နာမ်တရား) လေကဘာတရား (ရုပ်တရား) ဟော-ဘာနဲ့ဘာတုံး(နာမ်နဲ့ရုပ်)

ဒါကြောင့် (ဣတိနာမရူပံ ဣတိနာမရူပံ။), ဒါပါဠိတော် ရှုနည်း ခဲစားတဲ့အခါမှာလဲဘဲ၊ နာမ်နဲ့ရုပ် ဘာနဲ့ဘာ(နာမ်နဲ့ရုပ်ပါဘုရား)မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါ ဘုရား) ဘယ်အချိန်မှာဖြစ်တာတုံး (ခဲစားတိုင်းခဲစားတိုင်းပါဘုရား) ခါယိတော၊ ခဲစားသည်ရှိသော်၊ သာယိတော၊ လျက်သည်ရှိသော်၊ ခင်ဗျားတို့လျက်ဆားတွေမလျက်ဘူးလား၊ လျက်သလား(လျက်ပါတယ်ဘုရား)

ခင်ဗျားတို့က လျက်တယ်ထင်နေမှာ လျက်တယ်ဆိုတာကော ရှိရဲ့လား(မရှိပါဘုရား)ရှိတာက စိတ်သဘောနဲ့လေသဘောတွေ တစပ်တည်းရှိမနေဘူးလား၊ ရှိနေသလား (ရှိနေပါတယ် ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီးဘယ်ရောက်(ပျက်ပါဘုရား)နောက်ထပ်အသစ်သစ်တွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အဖြစ်တွေရပ်ရဲ့လား (မရပ်ပါဘုရား) အဲဒါ သံသရာဘဲ။

ခင်ဗျားတို့ လျက်တယ်ထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) လျက်ချင်တယ်ဆိုတာဘာတုံး(စိတ်)စိတ်ဖြစ်တော့ဘာဖြစ်တုံး(လေဖြစ်ပါတယ်ဘုရား) လေဖြစ်တော့ဒီအမူအရာတွေဖြစ်ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား) ဒီအမူအရာတွေဖြစ်တာ ဘယ်သူ့ရဲ့သတ္တိတုံး (လေရဲ့သတ္တိပါဘုရား) လေက ဘယ်သူ့ကြောင့်ဖြစ်တာတုံး (စိတ်ရဲ့သတ္တိကြောင့်ပါဘုရား) စိတ်ကဘာတရား(နာမ်တရား) လေကဘာတရား(ရုပ်)ဟော-နာမ်နဲ့ရုပ် ဘယ်အချိန်မှာတုံး (လျက်တိုင်း လျက်တိုင်း) မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိနေတာပါလိမ့်(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဘယ်အချိန်မှာတုံး စားတိုင်းစားတိုင်း၊ သောက်တိုင်းသောက်တိုင်း၊ ခဲစားတိုင်းခဲစားတိုင်း၊ လျက်တိုင်းလျက်တိုင်း၊ ဘယ်နှစ်ချက်တုံး(လေးချက်ပါဘုရား)

သိတေ၊ စားသည်ရှိသော်၊ ပီတေ၊ သောက်သည်ရှိသော်၊ ခါယိတေ၊ ခဲစားသည်ရှိသော်၊ သာယိတေ၊ လျက်သည်ရှိသော်၊ ဒါပါဠိတော်စကားနော်။ ဘယ်နှစ်ချက်တုံး(လေးချက်ပါဘုရား)အဲဒီအချိန်မှာ သတိမရှိရဘူးလား၊ ရှိရသလား (ရှိရပါတယ် ဘုရား) သတိနဲ့ပညာရှိပြီးတော့စားပါ။ သတိနဲ့ပညာရှိပြီးတော့သောက်ပါ။ သတိနဲ့ပညာရှိပြီးတော့ခဲစားပါ၊ သတိနဲ့ပညာရှိပြီးတော့လျက်ပါ။

လို့ ဘုရားကိုယ်တော်မြတ် မညွန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) သယ်သူကညွှန်ကြားနေတာလဲ၊ မြတ်စွာဘုရားက ညွှန်ကြားနေတာလား (မြတ်စွာဘုရားက ညွှန်ကြားနေတာပါဘုရား) မြတ်စွာဘုရားပေးတဲ့ ကမ္မဋ္ဌာန်းနော်၊

အသိဘော၊ ပိတော၊ ခါယိတော၊ သာယိတေသမ္ပဇာနကာရီဟောတိ။

အဲဒီလို စားတိုင်း စားတိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊ နာမ်နဲ့ရုပ်ရှိတာလား(နာမ်နဲ့ရုပ်ရှိတာပါဘုရား)ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဘယ်အချိန်မှာတုံး စားတိုင်းစားတိုင်း၊ သောက်တိုင်းသောက်တိုင်း၊ ခဲစားတိုင်းခဲစားတိုင်း၊ လျက်တိုင်းလျက်တိုင်း၊ ဘာနဲ့ဘာရှိတာတုံး(စိတ်နဲ့ရုပ်ပါဘုရား)

တနည်း(နာမ်နဲ့ရုပ်ပါဘုရား) ရှိနေတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်ဘာတုံး (အခုမှဖြစ်တာပါဘုရား) အခုမှဖြစ်တဲ့ စိတ်နဲ့လေ၊ အခုမှဖြစ်တဲ့စိတ်နဲ့လေ၊ အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့်ဘာသုဒ္ဓိ (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာ)ဆိုက်မလာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)

ကဲ-နောက်တဆင့် တက်ကြစို့။ ပါဠိတော်တော့ ကုန်အောင်ပြရမှာဘဲ၊ ချန်ထားခဲ့လို့ မဖြစ်ဘူး၊ ချန်ရင် ဘုန်းကြီးအပြစ် ဖြစ်မှာပေါ့။ နောက်တဆင့်က ဘာလဲ (ဥစ္စာရပဿာဝကမ္မေသမ္ပဇာနကာရီဟောတိ။) ဥစ္စာရပဿာဝကမ္မေ ကျင်ကြီးကျင်ငယ်ကိုစွန့်သည်ရှိသော်၊ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ကျင်ကြီးကျင်ငယ်ကိုစွန့်လေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။ မြတ်စွာဘုရားက ခင်ဗျားတို့ ကျုပ်တို့ကို ကမ္မဋ္ဌာန်းမလွတ်အောင် မညွှန်ကြားလား၊ ညွှန်ကြားသလား(ညွှန်ကြားပါတယ်ဘုရား)ဒါဖြင့် ဟကာတကာမတွေ ကမ္မဋ္ဌာန်းတရားဦးစီးပြီး မလုပ်သင့်ဘူးလား၊ လုပ်သင့်သလား (လုပ်သင့်ပါတယ်ဘုရား) ကျင်ကြီးကျင်ငယ်ကို စွန့်ရာကစပြီး ကမ္မဋ္ဌာန်းမလွတ်ပုံကို ဘုရားရှင်ပြတော်မူပါတယ်။ ကျင်ကြီးကျင်ငယ်စွန့်ရာမှာလဲဘဲ ကမ္မဋ္ဌာန်းအားထုတ်လို့ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)အားထုတ်ပုံ အားထုတ်နည်းက ပဌမ ခင်ဗျားတို့ ကျင်ကြီးစွန့်တယ်ဆိုပါတော့ ကျင်ကြီးစွန့်ရင် စွန့်တယ်လို့သိပါ။ မသိရဘူးလား၊ သိရမှာလား(သိရမှာပါဘုရား) အမှုမဲ့အမှတ်မဲ့မစွန့်နဲ့။

ကျင်ကြီးကျင်ငယ်ကိုစွန့်ရင် စွန့်တယ် စွန့်တယ်လို့သိတာ သမထ၊ ဘာတဲ့တုံး (သမထပါဘုရား)မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ကိုယ်ပြုတာပြုမှန်းသိရမှာကိုးဗျ။ ကိုယ်ပြုတာပြုမှန်းသိရင် သမထကမ္မဋ္ဌာန်းဖြစ်တယ်။ ကဲ- ကျင်ကြီးလဲ စွန့်ရသေးတယ်၊ ကုသိုလ်လဲ ဖြစ်သေးတယ်၊ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)

အဲဒါကြောင့် ကုသိုလ် မလွတ်အောင်လို့ ဘုရားရှင်ကပြတာ၊ ဘုန်းကြီးက ပြနေတာလား၊ မြတ်စွာဘုရားကပြနေတာလား (မြတ်စွာဘုရားက ပြနေတာပါ ဘုရား) မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်းကို ခင်ဗျားတို့ နာကြားနေရတာ၊ ဘုန်းကြီး ကမ္မဋ္ဌာန်းမဟုတ်ဘူး။ အဲဒါလဲသတိထားအုံး။ အဲဒါကြုပ်ကြုပ်သတိထား။

ဒါကြောင့် အိမ်သာတက်တဲ့အခါမှာ ကျင်ကြီးစွန့်ရင် ကျင်ကြီးစွန့်တယ်လို့ မသိရဘူးလား သိရမှာလား (သိရမှာပါဘုရား) ကျင်ကြီးစွန့်လို့မှ ကျင်ကြီးစွန့် တယ်လို့မသိရင် ခင်ဗျားတို့ ရုပ်တရား နာမ်တရား သိနိုင်ပါ့မလား (မသိနိုင်ပါ ဘုရား)ရုပ်တရားနာမ်တရားမသိရင် အနိစ္စ ဒုက္ခ အနတ္တတွေကို ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘုရား)မပေါ်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရနိုင်ပါ့မလား(မရနိုင်ပါ ဘုရား)ဒီအတိုင်းအဖြေထွက်မလာဘူးလား ထွက်လာသလား(ထွက်လာပါတယ် ဘုရား)ဩြဲ့ ပဋ္ဌမကျင်ကြီးစွန့်ရင်လဲ ကျင်ကြီးစွန့်တယ်လို့ သိ၊ နောက်တချက် ဘယ်သူစွန့်တာတုံးလို့ တဆင့်တက်လိုက်ပါ၊ စွန့်ချင်တယ် ခိုတဲ့သဘော မရှိဘူး လား ရှိသလား(ရှိပါတယ်ဘုရား)ရှိတာက ပညတ်လားပရမတ်လား(ပရမတ်ပါ ဘုရား)စွန့်ချင်တယ်ဆိုတဲ့သဘောက လူလား စိတ်လား (စိတ်ပါဘုရား) စိတ်နဲ့ လူနဲ့ကွဲသွားပြီလား(ကွဲသွားပါပြီဘုရား)ကွဲလာတယ်။ လူကခွဲတာလား၊ပညာက ခွဲထာလား(ပညာကခွဲတာပါဘုရား)ပညာကခွဲပေးတယ်။ ပညာဖြင့် ဆင်ခြင်ပြီး ကျင်ကြီး ကျင်ငယ် မစွန့်သင့်ဘူးလား စွန့်သင့်သလား (စွန့်သင့်ပါတယ်ဘုရား) ခန္ဓာရလာလို့ရှိရင် ဒါတွေစွန့်ရမှာဘဲ၊ ရှောင်လွှဲလို့ ရရဲ့လား (မရပါဘုရား) ကျင်ကြီး ကျင်ငယ် စွန့်တဲ့အခါမှာ ကျင်ကြီး ကျင်ငယ် စွန့်ချင်တဲ့ သဘောဘဲ ရှိတယ်။ လူတွေသတ္တဝါတွေ ယောကျ်ားမိန်းမတွေရှိတာ ဟုတ်ရဲ့လာ.(မဟုတ်ပါ ဘုရား)အဲဒီ ကျင်ကြီးကျင်ငယ်စွန့်ချင်တဲ့ သဘောက လူလား စိတ်လား(စိတ်ပါ ဘုရား) စိတ်ဖြစ်လိုက်တာနဲ့ တပြိုင်နက် ဘာဖြစ်လာတုံး (လေဖြစ်လာပါတယ် ဘုရား)လေဖြစ်လိုက်တာနဲ့တပြိုင်နက် အထဲမှာရှိတဲ့ ကျင်ကြီးတွေကို မထုတ်လိုက် ဘူးလား ထုတ်လိုက်သလား(ထုတ်လိုက်ပါတယ် ဘုရား)

ဘယ်သူကထုတ်တာလဲလူရဲ့သတ္တိလားလေရဲ့သတ္တိလား(လေရဲ့သတ္တိပါဘုရား) လေကတွန်းကန်ထုတ်လိုက်တယ်၊ ခင်ဗျားတို့ကျုပ်တို့ရဲ့ လုပ်ငန်းပါရှဲလား ဘယ် သဘောနဲ့ ဘယ်သဘောတုံး(စိတ်သဘောနဲ့ လေသဘောပါဘုရား)စိတ်က ဘာ တရားတုံး (နာမ်တရားပါဘုရား) လေကဘာတရားတုံး (ရုပ်တရားပါဘုရား) နာမ်နဲ့ ရုပ်တရားဘဲရှိတယ်၊ ကျင်ကြီးစွန့်တာ ရှိတာလား နာမ်နဲ့ရုပ် ရှိတာလား (နာမ်နဲ့ရုပ် ရှိတာပါဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ကျင်ကြီး စွန့်တိုင်း စွန့် တိုင်း)ဒီအချိန်ကော သတိမထားရဘူးလား ထားရမှာလား(သတိထားရမှာပါ ဘုရား)တကာတကာမတွေ သမာဓိလဲ ပိုပြီးရပါတယ်၊ ဒီအချိန်မှာ အထူးသတိ ထားပါ။ ကိုယ်မှာ လွယ် ထား ရ တဲ့ အန္တရာယ်တွေလဲ စွန့်ပစ် ရသေးတယ်၊

ကုသိုလ်လဲရသေးတယ်။ ကုသိုလ်မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဒါကြောင့်အရမ်းမဲ့မစွန့်ပါနဲ့၊ သတိထားပြီး မစွန့်သင့်ဘူးလား စွန့်သင့်သလား (စွန့်သင့်ပါတယ်ဘုရား)

သတိထားပြီး စွန့်ရမယ်လို့ ဘုန်းကြီးက ဟောတာလား မြတ်စွာဘုရားက ဟောတာလား(မြတ်စွာဘုရားကဟောတာပါဘုရား)သတိထားမှ အရိယာဝါသ ဆိုတဲ့ အရိယာတို့ရဲ့ နေခြင်းဖြစ်မှာ။ သတိမထားရင် အရိယာတို့ရဲ့နေခြင်း ဖြစ်ပါ့ မလား(မဖြစ်ပါဘုရား)ဒါကြောင့် ကျင်ကြီးစွန့်တဲ့အခါမှာဘဲဖြစ်ဖြစ် ကျင်ငယ် စွန့်တဲ့အခါမှာဘဲဖြစ်ဖြစ် ကျင်ကြီးစွန့်တာရှိတာလား စိတ်သဘောလေသဘော ရှိတာလား (စိတ်သဘော လေသဘောဘဲ ရှိပါတယ်ဘုရား) ကျင်ကြီးကျင်ငယ် စွန့်ချင်တဲ့သဘောက ဘာတုံး(စိတ်ပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ်(လေဖြစ် ပါတယ်ဘုရား)လေဖြစ်တော့ ကျင်ကြီးကျင်ငယ်တွေ ထွက်လာတဲ့ အမူအရာကိရိ ယာတွေ မပေါ်လာဘူးလား ပေါ်လာသလား(ပေါ်လာပါတယ်ဘုရား) အဲဒီ အပြင်ထွက်လာတဲ့ အညစ်အကြေးကိရိယာတွေဟာ ဘယ်သူ့ရဲ့သတ္တိတုံး (လေရဲ့ သတ္တိပါဘုရား) လေမြင်ရရဲ့လား (မမြင်ရပါဘုရား) ကျင်ကြီးက ရုပ်မဟုတ်ဘူး လေကသာရုပ်ဖြစ်တယ်။

မျက်မြင်ရုပ်လား ဉာဏ်မြင်ရုပ်လား(ဉာဏ်မြင်ရုပ်ပါဘုရား) မျက်မြင်ရုပ်ကို ဝိပဿနာရှုရမှာလား ဉာဏ်မြင်ရုပ်ကို ဝိပဿနာရှုရမှာလား (ဉာဏ်မြင်ရုပ်ကို ဝိပဿနာရှုရမှာပါဘုရား)ကျင်ကြီးကျင်ငယ်တွေထွက်လာတဲ့ အမူအရာကိရိယာ တွေဟာ ဘယ်သူ့ရဲ့သတ္တိတုံး(လေရဲ့သတ္တိပါဘုရား) လေဖြစ်လာတာ ဘယ်သူ့ သတ္တိကြောင့်တုံး(စိတ်ကြောင့်ပါဘုရား)စိတ်က ဘာတရား(နာမ်တရား)လေက ဘာတရား(ရုပ်တရား) နာမ်ရုပ်မရှိဘူးလား ရှိသလား (ရှိပါတယ် ဘုရား)ဘယ် အချိန်မှာ ရှိတာတုံး (ကျင်ကြီး စွန့်တိုင်းစွန့်တိုင်း) မိအောင်ဖမ်း။ ရှိတာဘာလို့ ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှ ဖြစ်တာ ပါ ဘုရား) ဒါကြောင့်(ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှဖြစ်တဲ့စိတ်နဲ့လေ) ဘယ်အချိန် မှာ ဖြစ်တာတုံး(ကျင်ကြီးစွန့်တိုင်းစွန့်တိုင်း)ဒီလိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ်ပါ လိမ့်(နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိပါ ဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ တရားအားမထုတ် ကောင်းဘူးလား တရားအားထုတ် ကောင်းသလား (တရားအားထုတ်ကောင်း ပါတယ်ဘုရား) အားထုတ်ကောင်းပါတယ်။ ကမ္မဋ္ဌာန်းလွတ်တဲ့အချိန် ရှိသေးရဲ့ လား(မရှိပါဘုရား)

(ဥစ္စာရပဿာဝကမ္မေသမ္ပဇာနကာရီဟောတိ) ဥစ္စာရပဿာဝကမ္မေ၊ ကျင် ကြီးကျင်ငယ်ကိုစွန့်သည်ရှိသော်ကျင်ငယ်ကော မစွန့်ဘူးလားစွန့်သလား(စွန့်ပါ

တယ်ဘုရား) ပဌမတော့ ကျင်ငယ်စွန့်တယ်လို့မသိရဘူးလား သိရသလား(သိရပါတယ်ဘုရား)ကျင်ငယ်စွန့်တယ်လို့မှမသိရင် နာမ်ရုပ်ပေါ်ပါ့မလား (မပေါ်ပါဘုရား)ပဌမ သတိ သမာဓိ ယူလိုက်ဦး၊ ကျင်ငယ်စွန့်တယ်၊ ကျင်ငယ်စွန့်တယ်လို့သိ။ နောက်ကျင်ငယ်စွန့်တာ ဘယ်သူစွန့်တာတုံးလို့ တဆင့်တက်ခဲ့၊ ငါစွန့်တာလဲမဟုတ်ဘူး။ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါစွန့်တာလဲ မဟုတ်ဘူး ကျင်ငယ်စွန့်ချင်တယ်ဆိုတဲ့သဘောဘဲရှိတယ်၊ ကျင်ငယ်စွန့်ချင်တယ်ဆိုတဲ့ သဘောက လူလားစိတ်လား (စိတ်ပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ် (လေဖြစ်ပါတယ်ဘုရား)လေဖြစ်တော့ဒီကျင်ငယ်တွေကိုအပြင်ရောက်အောင် လူကထုတ်တာလား လေကထုတ်တာလား (လေကထုတ်တာပါဘုရား) ဘယ်သူ့ရဲ့သတ္တိဘုံး (လေရဲ့သတ္တိပါဘုရား)

လေမရှိရင် ဒီအညစ်အကြေးတွေပြင်ပရောက်ပါ့မလား(မရောက်ပါဘုရား) စိတ်ဖြစ်တော့ (လေဖြစ်ပါဘယ်ဘုရား)လေဖြစ်တော့ ကျင်ငယ်တွေ ထွက်မလာဘူးလား ထွက်လာသလား(ထွက်လာပါတယ်ဘုရား)ကျင်ငယ်ဘခုနှင့်တခု တူရဲ့လား(မတူပါဘုရား)ဘာပြုလို့မတူတုံး(လေမတူလို့ပါဘုရား) လေဘာကြောင့်မတူထုံး(စိတ်မတူလို့ပါဘုရား)စိတ်ကဘာတရား (နာမ်တရားပါဘုရား)လေကဘာတရား(ရုပ်တရားပါဘုရား) မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား) ကျင်ငယ်စွန့်တာ ရှိတာလား နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး(ကျင်ငယ်စွန့်တိုင်းစွန့်တိုင်း)ရှိတာဘာလို့ ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်တာ ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် အခုမှဖြစ်တဲ့နာမ်နဲ့ရုပ် အခုမှဖြစ်တဲ့နာမ်နဲ့ရုပ် ဘယ်အချိန်မှာဖြစ်တာတုံး(ကျင်ငယ်စွန့်တိုင်းစွန့်တိုင်း)အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) မဆိုက်လာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ် ဘုရား)

(ဥစ္စာရပဿာဝကမ္မေသမ္ပဇာနကာရီဟောတိ) ဒီဒေသနာတော်နဲ့ မညီဘူးလား ညီသလား(ညီပါတယ်ဘုရား)ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ်ကိုစွန့်သည်ရှိသော်၊ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍၊ ကျင်ကြီးကျင်ငယ်ကိုစွန့်လေ့ရှိသည်၊ ဟောတိ၊ဖြစ်၏။ဘုရားရဲ့တပည့်သာဝကများမှာတော့ကျင်ကြီးကျင်ငယ်စွန့်တဲ့အခါ သတိလွတ်ရဲ့လား (မလွတ်ပါဘုရား) သတိမလစ်ရဘူးဗျ။
သတိလစ်လိုက်ရင် သက္ကာယဒိဋ္ဌိ မဝင်လာဘူးလား၊ ဝင်လာသလား (ဝင်လာပါတယ်ဘုရား)သက္ကာယဒိဋ္ဌိဝင်လာတာနဲ့တပြိုင်ထဲ လောဘ ဒေါသ မောဟတွေ ဣဿာမစ္ဆရိယာတွေ မ သောင်း ကျန်း ဘူး လား၊ သောင်းကျန်းသလား၊

(သောင်းကျန်းပါတယ်ဘုရား) သောင်းကျန်းရင် သက်သာပါ့မလား (မသက်သာပါဘုရား) တကာတကာမတွေ သတိဟာအရေးမကြီးဘူးလား၊ ကြီးသလား (အရေးကြီးပါတယ်ဘုရား) ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကလဲ မာပမာဒတ္ထဘိက္ခဝေ၊ မာပမာဒတ္ထဘိက္ခဝေနဲ့ အထပ်ထပ်အခါခါ မညွှန်ကြားဘူးလား (ညွှန်ကြားပါတယ်ဘုရား)

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ မာပမာဒတ္ထ၊ မမေ့ကြပါနဲ့။ လူတွေ သတ္တဝါတွေကိုမမေ့ကြနဲ့လို့ ပြောတာလား၊ နာမ်ရုပ်ကိုမမေ့ဘို့ပြောတာလား (နာမ်ရုပ်ကိုမမေ့ဘို့ပြောတာပါဘုရား)နာမ်ရုပ်အရှိတရားကိုမမေ့ကြပါနဲ့။အရှိတရားကို သတိထားလိုက်တာနဲ့တပြိုင်နက် သက္ကာယဒိဋ္ဌိလာသေးရဲ့လား (မလာပါဘုရား) လောဘတွေ ဒေါသတွေ မောဟတွေ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ငြိမ်းသွားတယ်။ နောက်တဆင့်တက်ကြစို့။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ၊ ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ ...

ဂတေ၊ သွားသည်ရှိသော်၊ ဒီစကားကိုမရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား (ရှင်းခဲ့ပါပြီဘုရား) ဌိတေ၊ ရပ်သည်ရှိသော်၊ ရပ်ခြင်းကိရိယာနဲ့ ပတ်သက်ပြီးတော့ မပြောခဲ့ဘူးလား၊ ပြောခဲ့သလား(ပြောခဲ့ပါတယ်ဘုရား)ပြောခဲ့ပြီးပြီ။ နိသိန္နေ၊ ထိုင်သည်ရှိသော်၊ထိုင်တဲ့အခါကောမပြခဲ့ဘူးလား၊ပြခဲ့သလား (ပြခဲ့ပါပြီဘုရား)

သွားတဲ့အခါ ကမ္မဋ္ဌာန်းဖြစ်အောင် သွားတတ်ပါစေ။ ရပ်တဲ့အခါမှာလဲဘဲ ကမ္မဋ္ဌာန်းဖြစ်အောင် ရပ်တတ်ပါစေ။ ထိုင်တဲ့အခါမှာလဲ ကမ္မဋ္ဌာန်းဖြစ်အောင် ထိုင်တတ်ပါစေ။ ဒါ့ကြောင့် ဂတေ၊ သွားသည်ရှိသော်၊ ဌိတေ၊ ရပ်သည်ရှိသော် နိသိန္နေ၊ ထိုင်နေသည်ရှိသော်။ သုတ္တေ၊ အိပ်ပျော်နေသည်ရှိသော်။ ခင်ဗျားတို့ မအိပ်ဘူးလား၊ အိပ်သလား (အိပ်ပါတယ်ဘုရား) အိပ်တဲ့အခါမှာဘဝင်စိတ်ဖြစ်တယ်တဲ့။ ဘာစိတ်ဖြစ်တုံး (ဘဝင်စိတ်ပါဘုရား)

ဘဝင်စိတ်ဆိုတာဘာမှမသိဘူး။ ဒါပေမဲ့ ဒီနေရာမှာအာရုံတော့ယူတယ်။ သိတော့မသိဘူး။ ကုသိုလ်ကံ အကုသိုလ်ကံ အာရုံကိုတော့ယူတယ်။ မယူဘူးလား၊ ယူသလား(ယူပါတယ်ဘုရား)ကုသိုလ်ကံ အကုသိုလ်ကံအာရုံနိမိတ်ကိုယူပြီးတော့ အိပ်တယ်၊ မအိပ်ဘူးလား၊ အိပ်သလား (အိပ်ပါတယ်ဘုရား) သိတော့သိရဲ့လား (မသိပါဘုရား) အာရုံတော့ယူတယ်နော်။ ဒါမှနိုးတဲ့အခါ ဒီအာရုံအရ မနိုးဘူးလား၊ နိုးသလား (နိုးပါတယ်ဘုရား) နိုးလာမှာကိုး။ အဲဒီလိုကျမ်းဂန်ကပြထားပါတယ်၊ အိပ်တဲ့အခါကျတော့ဘဝင်စိတ်ဖြစ်နေတာ၊ ဒီဘဝင်စိတ်ဟာသိတတ်ရဲ့လား (မသိတတ်ပါဘုရား) အဲဒီဘဝင်စိတ်က ဘယ်သူ့မှီပြီးဖြစ်နေသလဲဆိုတော့ ဟဒယချုပ်ဝတ္ထုကိုမှီပြီးဖြစ်နေတာ။ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေကိုမှီပြီး

ဖြစ်နေတာလား၊ ဟဒယဝတ္ထုရုပ်ကိုမှီဖြစ်တာလား (ဟဒယဝတ္ထုရုပ်ကိုမှီဖြစ်တာပါဘုရား) ဟော-ဘဝင်စိတ်နဲ့ ဟဒယဝတ္ထု။

ဘဝင်စိတ်က (နာမ်တရား)ဟဒယဝတ္ထုက (ရုပ်တရား) ဘာနဲ့ဘာရှိတာတုံး (နာမ်နဲ့ရုပ်ပါဘုရား) ပုဂ္ဂိုလ် သတ္တဝါရှိတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာနဲ့ဘာရှိတာတုံး (နာမ်နဲ့ရုပ်ပါဘုရား)ဘဝင်စိတ်ကဘာတုံး (နာမ်ပါဘုရား) ဟဒယဝတ္ထုက (ရုပ်ပါဘုရား) အော်-နာမ်တရားနဲ့ရုပ်တရား မရှိဘူး လား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိဘာတုံး (အိပ်တိုင်းအိပ်တိုင်း) အိပ်တိုင်းအိပ်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ နာမ်သဘောနဲ့ရုပ်သဘောရှိတာလား (နာမ်သဘောနဲ့ ရုပ်သဘောရှိတာပါဘုရား) ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား)

ဒါကြောင့် အိပ်တဲ့အခါလဲ (အခုမှဖြစ်တဲ့နာမ်နဲ့ရုပ် အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်) ဒါပေမဲ့သူ့ကျတော့ရှုလို့မရဘူး၊ ဆင်ခြင်ရတယ်။ အိပ်နေတဲ့အခါရှုလို့ရသလား (မရပါဘုရား) နိုးတဲ့အခါ ကျတော့ ဆင်ခြင်လို့ရသလား ( ရပါတယ်ဘုရား ) အိပ်တယ်ဆိုတာ ငါအိပ်တယ်သာပြောရတာ နာမ်နဲ့ရုပ်ဘဲ။ ဘာနဲ့ဘာတုံး (နာမ်နဲ့ရုပ်ပါဘုရား) မဆင်ခြင်ဘူးလား၊ ဆင် ခြင် သ လား (ဆင်ခြင်ပါတယ်ဘုရား) ဆင်ခြင်တာနဲ့ရှုတာတခြားဝဲနော်။

ရှုတာက—ပစ္စုပ္ပန်၊ ဆင်ခြင်တာက-အတိတ်နဲ့ အနာဂတ်၊ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) အိပ်ထဲမှာ ခင်ဗျားတို့ရှုလို့ရသလား (မရပါဘုရား) အိပ်ပြီးတဲ့အခါ မနိုးဘူးလား၊ နိုးသလား ( နိုးပါတယ်ဘုရား ) နိုးလာတဲ့အခါ ဆင်ခြင်လို့မရဘူးလား၊ ရသလား(ရပါတယ်ဘုရား) အိပ်တဲ့အခါဘယ်သဘောနဲ့ဘယ်သဘောတုံး (နာမ်သဘောနဲ့ရုပ်သဘောပါဘုရား) ဘဝင်စိတ်က (နာမ်ပါဘုရား) ဟဒယဝတ္ထုက (ရုပ်ပါဘုရား) ပရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိဘာဘာလို့ရှိဘာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တဲ့နာမ်နဲ့ရုပ် ပါဘုရား) ဘယ်အချိန်မှာတုံး (အိပ်တိုင်းအိပ်တိုင်းပါဘုရား) အဲဒီလိုရှုဘဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဉာတပရိညာ မဆိုက်လာဘူးလား၊ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)

ဂတေ ဌိတေ နိသိန္နေ သုတ္တေ အရ၊ ရှင်းမသွားဘူးလား၊ ရှင်းသွားသလား (ရှင်းသွားပါတယ်ဘုရား) ဇာဂရိတေ၊ နိုးကြားသည်ရှိသော်။ အိပ်ရာကမနိုးဘူးလား၊ နိုးသလား ( နိုးပါတယ်ဘုရား ) အိပ်ရာက နိုးလိုက်သည်နှင့် တပြိုင်နက် မနောဓါတ်နှင့် မနောဝိညာဏ်စိတ်ဖြစ်တာပါ။ ဘာနဲ့ဘာတုံး (မနောဓါတ်နှင့်

မနောဝိညာဏ်စိတ်ဖြစ်တာပါဘုရား) မနောဝိညာဏ်စိတ်ဆိုတာသိတာ။ မနောဓါတ်ကညွှတ်ဘာ။ သူတို့မဖြစ်လာဘူးလား၊ဖြစ်သလား(ဖြစ်လာပါတယ်ဘုရား) တပြိုင်တည်းဖြစ်တယ်။ ဘယ် လို ဖြစ် လာ သ လဲ (တပြိုင်တည်းဖြစ်လာပါတယ်ဘုရား)

မနောဝိညာဏ်စိတ်ကဒီနေရာမှာ လေလို့ပြောလို့မရဘူး။ မနောဝိညာဏ်စိတ်က ဟဒယဝတ္ထုရုပ်ကို မှီဖြစ်တယ်၊ ဘယ်လိုမှီဖြစ်တာတုံး (ဟဒယဝတ္ထုရုပ်ကိုပါဘုရား) ဟဒယဝတ္ထုက ရုပ်တရား၊ မနောဝိညာဏ်စိတ်က နာမ်တရား။ ရုပ်တရား နာမ်တရားမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာတုံး (နိုးတိုင်းနိုးတိုင်း) ဇာဂရိတော၊ ပုဒ်အရပြောတာနော်-

ဇာဂရိတော၊ နိုးကြားသည်ရှိသော်။ နိုးကြားတဲ့အခါကျတော့ ငါနိုးတာရှိရဲ့လား (မရှိပါဘုရား)

လူတွေသတ္တဝါတွေနိုးတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာနဲ့ဘာတုံး(နာမ်နဲ့ရုပ်)ဘာစိတ်တုံး(မနောဝိညာဏ်စိတ်)ရုပ်က(ဟဒယဝတ္ထုရုပ်ပါဘုရား)နာမ်နဲ့ရုပ်ဖြစ်တာကိုနိုးတယ်လို့ခေါ်တာပါလား၊ နိုးတာရှိရဲ့လား၊ နိုးတယ်ထင်ရင် ဘာတုံး(ဒိဋ္ဌိပါဘုရား)အိပ်ယာကနိုးနိုးခြင်းလဲ ကမ္မဋ္ဌာန်းရှုလို့မရဘူးလား၊ရသလား (ရပါတယ်ဘုရား)ဇာဂရိတော၊ နိုးကြားသည်ရှိသော်၊ အိပ်ယာက နိုးတယ်သာပြောတာ။ အိပ်ယာကထတယ်သာပြောတာ နာမ်နဲ့ရုပ်ဖြစ်တာဘဲ။ ဘာနဲ့ဘာဖြစ်တာတုံး (နာမ်နဲ့ရုပ်ဖြစ်တာပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား)

အခုမှဖြစ်တဲ့ နာမ်နဲ့ရုပ်။ အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်။ ဘယ်အချိန်မှာဖြစ်တာတုံး (နိုးကြားတိုင်းနိုးကြားတိုင်း) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)မဆိုက်လာဘူးလား၊ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)နိုးတဲ့အခါကော ကမ္မဋ္ဌာန်းမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်လာပါတယ်ဘုရား)

ဘာသိတော၊ စကားပြောသည်ရှိသော်။ ခင်ဗျားတို့ စကားမပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ပဌမ စကားပြောရင် ပြောတယ်လို့သိပါ။ စကားပြောတယ်၊စကားပြောဘယ်လို့မှတ်။ ဒါသမထကမ္မဋ္ဌာန်းမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ငါထည့်လိုက်ဦးရတယ်။ ငါစကားပြောတယ်။ ငါစကားပြောတယ်လို့။ ဘယ်သူစကားပြောတာတုံး (ငါစကားပြောတာပါဘုရား)ငါစကားပြောရင် ငါစကားပြောတယ်လို့သိတာဘာကမ္မဋ္ဌာန်း(သမထကမ္မဋ္ဌာန်းပါဘုရား)

{ Hlaing 43 }

သမထနဲ့ဝိပဿနာဒွန်တွဲပြနေတာနော်။ ဒီဟာ ယုဂနဒ္ဓနည်းလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) မြတ်စွာဘုရားက ဒွန်တွဲမပြဘူးလား၊ပြသလား(ပြပါတယ်ဘုရား)ယခုလဲ သမထနဲ့ဝိပဿနာဒွန်တွဲပြီးပြနေတယ်လို့ ဆိုကြပါစို့။ တကာတကာမတွေ သတိထားလိုက်ပါ၊ ဘယ်လိုသတိထားရမလဲဆိုရင် စကားပြောတဲ့အခါ ပြောတယ် ပြောတယ့်လို့ သိ။ အဲဒါဘာကမ္မဋ္ဌာန်း(သမထကမ္မဋ္ဌာန်းပါဘုရား)

အဲဒီတော့ တဆင့်တက်လိုက်။ စကားပြောချင်တယ်၊ စကားပြောချင်တယ်ဆိုဘာ လူကပြောချင်တာလား၊ စိတ်သဘောလား(စိတ်သဘောပါဘုရား) ငါစကားပြောချင်ကာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်သဘောတုံး (စိတ်သဘောပါဘုရား) စိတ်ဖြစ်လာတာ။ လေမပါဘူးလား ပါပါတယ်။ သို့သော်အသံက ထင်ရှားတယ်၊ စကားပြောလိုက်တဲ့ အခါကျတော့ အသံက ပေါ်လာတယ်။ အသံမြင်ရရဲ့လား(မမြင်ရပါဘုရား)မရှိလို့လား (ရှိပါတယ်ဘုရား)ဘယ်သူ့ကြောင့်ဖြစ်တဲ့အသံတုံး (စိတ်ကြောင့်ပါဘုရား)

အော်-စကားပြောတဲ့ အခါကျတော့ ဘာသဘောနဲ့ ဘာသဘောတုံး (စိတ်သဘောနဲ့ အသံသဘောပါဘုရား) မရှိဘူးလား (ရှိပါတယ်ဘုရား) ပြောတိုင်းပြောတိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ်နဲ့အသံသဘောရှိတာလား(စိတ်နဲ့အသံသဘောရှိတာပါဘုရား) စိတ်နဲ့အသံဘဲ။ ဘုန်းကြီး ယခုတရားဟောနေတာလား၊ စိတ်နဲ့အသံလား(စိတ်နဲ့အသံပါဘုရား)ပြောတာရှိရဲ့လား (မရှိပါဘုရား)ဆဲတာဆိုတာရှိရဲ့လား(မရှိပါဘုရား)ငိုတာကောရှိရဲ့လား(မရှိပါဘုရား)ရယ်ဘာကော(မရှိပါဘုရား)ဘာနဲ့ဘာရှိတာတုံး(စိတ်နဲ့အသံပါဘုရား)

အော်- ငိုတာလဲမရှိဘူး၊ ဆဲတာလဲမရှိဘူး၊ ဝေါက်တာလဲမရှိဘူး၊ ဒါဖြင့်ဝေါက်ဘယ်၊ ဆဲတယ်၊ငိုတယ်။လို့ ထင်နေလို့ ဒုက္ခများနေတာ၊မများဘူးလား၊များသ..း(များပါဘယ်ဘုရား)အဲဒီပေါ်မှာ ခင်မင်နေကျတော့ လောဘဘွေဖြစ်လိုက်၊ ဒေါသဘွေဖြစ်လိုက်၊ မောဟတွေဖြစ်လိုက်၊

ရာဂဂ္ဂိယံအာဒိတ္တံ၊ ဒေါသဂ္ဂိယံအာဒိတ္တံ။ မောဟဂ္ဂိယံအာဒိတ္တံ။

ရာဂမီးတွေ တောက်လိုက်။ ဒေါသမီးတွေ တောက်လိုက်။ မောဟ မီးတွေ တောက်လိုက်၊မတောက်ဘူးလား၊တောက်သလား(တောက်ပါတယ်ဘုရား)

ဘယ်အချိန်မှာ တောက်တာတုံး (စကားပြောတိုင်းပြောတိုင်း) စကားပြောတယ်လို့ထင်ဘော့ ငါပြောတယ်။ ငါလို့လဲထင်တယ်၊ ပြောဘယ်လို့လဲထင်တယ်။ တခုမှမမှန်ဘူး၊ မှန်ရဲ့လား (မမှန်ပါဘုရား) ရှိတာက ဘာသဘောနဲ့ ဘာသဘော(စိတ်သဘောနဲ့ အသံသဘောပါဘုရား) စိတ်ကဘာတရား (နာမ်တရားပါဘုရား)အသံကဘာတရား (ရုပ်တရားပါဘုရား) နာမ်ဘရားနဲ့ရုပ်တရားဘဲရှိတာဘဲ။ ဘယ်အချိန်မှာရှိဘာတုံး(စကားပြောတိုင်းပြောတိုင်း)

တရားဟောတာရှိရဲ့လား(မရှိပါဘုရား)သမုတိနယ်မှာတော့ရှိတယ်၊ ပရမတ္ထနယ်မှာတော့ရှိရဲ့လား(မရှိပါဘုရား) သမုတိနယ်မှာတော့ တရားဟောတယ်လို့ မပြောရဘူးလား၊ ပြောရသလား(ပြောရပါတယ်ဘုရား) ပြောရပါတယ်။ ယခုချိန်မှာတော့ ဘာနဲ့ဘာရှိတာတုံး (စိတ်နဲ့ အသံပါဘုရား) ဘုန်းကြီး ဦးသုန္ဒ တရားဟောတာလဲမရှိဘူး။ ဦးသုန္ဒလဲမရှိဘူး။ တရားဟောတာလဲမရှိဘူး။ ရှိတာက ဘယ်သဘောနဲ့ဘယ်သဘော(စိတ်သဘောနဲ့အသံသဘောပါဘုရား)

စိတ်ကဘာတရားတုံး(နာမ်တရား) အသံကဘာတရား (ရုပ်တရားပါဘုရား) နာမ်တရားနဲ့ရုပ်တရား ဘယ်အချိန်မှာ ရှိတာတုံး (ပြောတိုင်းပြောတိုင်း) ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး(အခုမှဖြစ်တဲ့စိတ်နဲ့အသံ)ဘယ်အချိန်မှာတုံး(စကားပြောတိုင်းပြောတိုင်း)ဘာသိတော၊စကားပြောသည်ရှိသော်။ ဒါမြတ်စွာဘုရားရဲ့ပါဠိတော်စကား။နာမ်နဲ့ရုပ်ဘဲရှိပါတယ်။ စကားပြောတာမရှိပါဘူးတဲ့။ စကားပြောတယ်ထင်ရင်(ဒိဋ္ဌိ)ဆဲတယ်၊ ဆိုတယ်၊ ငေါက်တယ်ထင်ရင်(ဒိဋ္ဌိ) ရှိတာကဘာနဲ့ဘာ(စိတ်နဲ့အသံပါဘုရား)

(တုဏှိဘာဝေ၊) ဆိတ်ဆိတ်နေသည်ရှိသော်၊ ခင်ဗျားတို့ ဆိတ်ဆိတ်မနေဘူးလား(နေပါတယ်ဘုရား) တခါတလေ စကားမပြောဘဲနဲ့ ငြိမ်ငြိမ်လေးနေတယ်။ ငြိမ်ငြိမ်နေရင် ငြိမ်ငြိမ်နေတယ်လို့သိလိုက်ပါ၊ တုဏှိဘာဝေ၊ ဆိတ်ဆိတ်နေရင် ဆိတ်ဆိတ်နေတယ်လို့မသိရဘူးလား၊ သိရသလား(သိရပါတယ်ဘုရား) စိတ်ထဲမှာသိ။ အဲဒါဘာကမ္မဋ္ဌာန်းလဲ(သမထကမ္မဋ္ဌာန်းပါဘုရား) အော်-ဆိတ်ဆိတ်နေချင်တဲ့သဘောကဘာတုံး(စိတ်ပါဘုရား)စိတ်ဖြစ်မလာဘူးလား၊ဖြစ်လာသလား(ဖြစ်လာပါတယ် ဘုရား) အဲဒီစိတ်က လူကိုမှီဖြစ်တာလား၊ ဟဒယဝတ္ထုရုပ်ကိုမှီဖြစ်တာလား(ဟဒယဝတ္ထုရုပ်ကိုမှီဖြစ်တာပါဘုရား)

အဲဒါကျတော့ လေတို့အသံတို့သွားမလုပ်နဲ့ ဟဒယဝတ္ထုရုပ်။ ဘယ်သူ့ကိုမှီဖြစ်တာတုံး (ဟဒယဝတ္ထုရုပ်ပါဘုရား) စိတ်ကဘာတရား (နာမ်တရား) ဟဒယဝတ္ထုကဘာတရား(ရုပ်တရားပါဘုရား) ဘာနဲ့ဘာလဲ(နာမ်နဲ့ရုပ်ပါဘုရား)ဘယ်တုံးကဖြစ်တာလဲ (ဆိတ်ဆိတ်နေတဲ့ အချိန်မှာပါဘုရား) ဆိတ်ဆိတ်နေတိုင်းနေတိုင်း ဘာနဲ့ဘာရှိတာလဲ(စိတ်နဲ့ဟဒယဝတ္ထုရုပ်ပါဘုရား) စိတ်နဲ့ဟဒယဝတ္ထုရုပ်သဘောဘဲရှိတယ်။ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်ဘာတုံး(အခုမှဖြစ်တဲ့နာမ်နဲ့ရုပ်)ဘယ်အချိန်မှာဖြစ်တာတုံး(ဆိတ်ဆိတ်နေတိုင်းနေတိုင်း) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒါဘာဉာဏ်တုံး(နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့်(ဉာတပရိညာပါဘုရား) ဘာသိတော၊ဆိုတဲ့ပုဒ်ပြန်ပြောပြီးတော့ တရားပွဲသိမ်းပေးပါမယ်။

ဘာသိဘော၊ စကားပြောသည်ရှိသော်။ စကားပြောတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ပဌမစကားပြောတာ မသိရဘူးလား သိရသလား (သိရပါတယ်ဘုရား) ငါစကားပြောတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) စကားပြောချင်တဲ့ သဘောမရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) စိတ်ဖြစ်တော့ ဘာဖြစ်(အသံဖြစ်ပါတယ်ဘုရား)ဒီနေရာအသံပြောတော့ ထင်ရှားတာက အသံ၊ ထင်ရှားတာ ပြောရတယ်။ ပရမတ်ဆိုတာလေကောမပါဘူးလား(ပါပါတယ်ဘုရား)သို့သော် အသံကပိုထင်ရှားတော့ အသံဘဲပြောပါ။ ထင်ရှားတာကို ရှုရတယ်။အာနာပါန မှာလဲပထဝီအာပေါတေဇောဝါယောဓာတ်ကြီးလေးပါး မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား)ထင်ရှားတာက ဘာတုံး (ဝါယောပါဘုရား) အဲဒီသဘော မျိုးလိုဘဲ၊ယခုလဲ အသံကမထင်ရှားဘူးလား ထင်ရှားသလား(ထင်ရှားပါတယ် ဘုရား)အဲဒီတော့စကားပြောချင်တယ်ဆိုတဲ့ သဘောကဘာတုံး(စိတ်ပါဘုရား) စိတ်ဖြစ်တော့(အသံဖြစ်ပါတယ်ဘုရား)

သြော်အသံဆိုတာလူလားရုပ်လား(ရုပ်ပါဘုရား) အဲဒီအသံသဘောကိုလူက ဖော်ပေးတာလား သတိကဖော်ပေးတာလား (သတိက ဖော်ပေးတာပါဘုရား) သတိက စေတသိက်နော်၊ စကားပြောချင်တာကစိတ်အဲဒီစိတ်ကိုဖော်ပေးတာက သတိ၊ သတိကဘာတုံး(စေတသိက်ပါဘုရား) အသံက ဘာတုံး (ရုပ်ပါဘုရား) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်ပါဘုရား) မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ဘယ်အချိန်မှာ ရှိတာတုံး(စကားပြောတိုင်း စကားပြောတိုင်းမှာပါ ဘုရား)စကားပြောတိုင်း ပြောတိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား စိတ် စေဘာသိက် ရုပ် ရှိတာလား(စိတ် စေတသိက် ရုပ်ရှိတာပါဘုရား) ရှိတာဘာလို့ ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်ဘာပါ ဘုရား)ဒါကြောင့်အခုမှဖြစ်တဲ့ စိတ်စေတသိက်ရုပ် အခုမှဖြစ်တဲ့ စိတ်စေတသိက် ရုပ်၊ ဘယ်အချိန်မှာတုံး (စကားပြောတိုင်း ပြောတိုင်း) စိတ်ကို ဝိညာဏ်လို့ ကောက်လိုက်ပါ၊ စေတသိက်ကိုတော့ နာမ်လို့ကောက်၊ အသံကိုတော့ဘာတုံး (ရုပ်ပါဘုရား)ပေါင်းလိုက်တော့(ဝိညာဏ်နာမ်ရုပ်) ဘယ်အချိန်မှာတုံး(စကား ပြောတိုင်း ပြောတိုင်း)ရှိဘာ ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ် တုံးက ဖြစ်ဘာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် အခုမှဖြစ်တဲ့(ဝိညာဏ် နာမ်ရုပ်)ဘယ်အချိန်မှာတုံး (စကားပြောတိုင်းပြောတိုင်း) အဲဒီလိုရှုတဲ့ ဉာဏ် သည်ဘာဉာဏ်ပါလိမ့်(နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိ)ပရိညာ အားဖြင့်(ဉာတပရိညာပါဘုရား) ကဲ ပရလာဘူးလား ရလာသလား (ရလာပါ တယ် ဘုရား) ပရမတ်ဘရားကင်းလို့ ရရဲ့လား(မရပါဘုရား) သခ်ံတတရားစုတွေ အချိန်တိုင်း အချိန်တိုင်းမှာ ကမ္မဋ္ဌာန်းလွတ်ရဲ့လား (မလွတ်ပါဘုရား)တကာ တကာမတွေ ပြောတိုင်းပြောတိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား အသံသဘော

ရှိတာလား(အသံသဘော ရှိတာပါဘုရား) အသံမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)မြင်ရရဲ့လား (မမြင်ရပါဘုရား)

အလုံးအပြားအတိုအရှည်ကော ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဒြပ်သဏ္ဌာန်တွေ ပါရဲ့လား(မပါပါဘုရား)မရှိလို့လား (ရှိပါတယ်ဘုရား) သတိရှိလေ ထင်ရှားလေဘဲ။ အသံဓာတ်ဟာ သိပ်ထင်ရှားလာတယ်။ အဲဒီအသံက လူလား ရုပ်လား(ရုပ်)ရုပ်ကိုခန္ဓာဖွဲ့လိုက်တော့ဘာခန္ဓာ(ရူပက္ခန္ဓာပါဘုရား)စကားပြောတဲ့အခါမှာ ကောင်းမကောင်းဆိုတဲ့ ဝေဒနာပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) ဒါခံစားတဲ့သဘော။ လူကိုခံစားတာလား အာရုံကိုခံစားတာလား(အာရုံကိုခံစားတာပါဘုရား)အသံအာရုံကိုခံစားတာ။အသံအာရုံကို ခံစားတာဟာ လူကခံစားတာလား ဝေဒနာကခံစားတာလား(ဝေဒနာကခံစားတာပါဘုရား)တခါဘလေ ဒီအသံလေးကောင်းတယ်လို့ မခံစားဘူးလား ခံစားသလား(ခံစားပါတယ်ဘုရား)ဒီအသံကြီးက မကောင်းဘူး ပိတ်ထားလိုက်စမ်း ဒါလဲခံစားတာဘဲ။ ခံသာတဲ့သဘော မခံသာတဲ့သဘောကို ခံစားတာ အဲဒါဘာတုံး(ဝေဒနာပါဘုရား)သူ့လက္ခဏာက ဘာတုံး(ခံစားတဲ့လက္ခဏာပါဘုရား)အဲဒီဝေဒနာခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ဝေဒနာက္ခန္ဓာပါ ဘုရား) ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ မရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (စကားပြောတိုင်း ပြောတိုင်း) ကြည့်စမ်း။ ဝေဒနာ မပါဘူးလား ပါသလား(ပါပါတယ်ဘုရား) ခင်ဗျားတို့က ဒူးတွေ ပေါင်တွေ ခါးတွေ သွားကြည့်တယ်။ ဒီထဲမှာကော၊ဘာသိတေ၊ စကားပြောသည်ရှိသော် ဒီထဲမှာ ခန္ဓာငါးပါးပါတယ်။

သတိမရှိရင်သာမသိတာကို။ ဘာသိတေ၊ စကားပြောသည်ရှိသော်၊ စကားပြောတဲ့အခါမှာ ခန္ဓာငါးပါးကွဲပြီးတော့ စကားပြောပါ။ အသံက ဘာခန္ဓာ (ရူပက္ခန္ဓာပါဘုရား) ခံစားတာက (ဝေဒနာက္ခန္ဓာပါဘုရား) စကားပြောရင်ပြောတယ်လို့မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) လူကမှတ်တာလား၊ သညာက မှတ်တာလား (သညာကမှတ်တာပါဘုရား) အဲဒီသညာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (သညာက္ခန္ဓာပါဘုရား)

စကားပြောလိုတယ်ဆိုတာ လူလား၊ စေတနာလား ( စေတနာပါဘုရား ) စေတနာကိုခန္ဓာဖွဲ့လိုက်တော့ဘာခန္ဓာ (သင်္ခါရက္ခန္ဓာ) စကားပြောရင်ပြောတယ်လို့မသိဘူးလား (သိပါတယ်ဘုရား)လူကသိတာလား၊ စိတ်ကသိတာလား(စိတ်က ပါဘုရား)သူ့ကိုခန္ဓာဖွဲ့လိုက်တော့ဘာခန္ဓာ (ဝိညာဏက္ခန္ဓာပါဘုရား)အော် ခန္ဓာငါးပါးမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိတာတုံး (စကားပြောတိုင်းပြောတိုင်း) စကားပြောတိုင်းပြောတိုင်းမှာ ခန္ဓာငါးပါး မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့

ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့ခန္ဓာငါးပါး-အခုမှဖြစ်တဲ့ခန္ဓာငါးပါး)ဖြစ်ပြီးလျှင် ဘယ်ရောက်(ပျက်ပါတယ်ဘုရား) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) မမြဲတာက အနိစ္စ၊ နောက်ထပ်ခန္ဓာငါးပါးအသစ်အသစ်ဖြစ်နေတာက ဒုက္ခ၊ မဖြစ်နဲ့ မပျက်နဲ့ တားမရတာက အနတ္တတရား၊ အနိစ္စ ဒုက္ခ အနတ္တတရားပါလား။ ဟိုတုံးကခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တဖြစ်ခဲ့တယ်။ နောင်လဲ ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်အုံးမှာဘဲ။ ယခုလဲခန္ဓာငါးပါးဟို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ဆဲ၊ ဤလိုရှုဆင်ခြင်တဲ့ဉာဏ်သည် သမ္မသနဉာဏ်၊ ဘာဉာဏ် (သမ္မသနဉာဏ်ပါဘုရား)

သမ္မသနဉာဏ်ပိုင်းကစပြီးအနုလောမခန္တီဉာဏ်သို့မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) တမ္ဗဒါဌိကသည် အနုလောမခန္တိဉာဏ်ရပြီး စုတိစိတ်ကျသွားတော့ အပါယ်လေးပါးကလွတ်ပြီး တုသိတာနတ်နန်းသို့ ရောက်မသွားဘူးလား(ရောက်သွားပါတယ်ဘုရား)ယနေ့လဲဘုန်းကြီးတို့တကာတကာမတွေကို သမ္မသနဉာဏ်ပိုင်းအထိ ရောက် မ သွား ဘူး လား (ရောက်သွားပါတယ်ဘုရား) ဒီသမ္မသနဉာဏ်ပိုင်းအထိ ရှုပွားဆင်ခြင်တတ်ရင် အပါယ်တံခါးပိတ်နိုင်တယ်ဆိုတာ ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချပါတော့။ ဒီနေ့သမ္မသနဉာဏ်ပိုင်းနှင့် မြတ်စွာဘုရားကိုပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့၊

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ....ဗုဒ္ဓံပူဇေမိ

" " ဓမ္မံပူဇေမိ

" " သံဃံပူဇေမိ

## သဘာဝလွှတ်ဘာဝနှင့်အချုံ ကိုလေသာတွေ့သောင်းကျန်းတယ်။

## သက္ကရာဇ် ၁၃၄၀-ခု၊တော်သလင်းလဆုတ်(၁၁)ရက်နေ့ဟောကြားသောတရား။

ယခုဘာကို နှလုံးသွင်းနေကြတာပါလိမ့် (ရုပ်နာမ်ကို နှလုံးသွင်းနေတာပါဘုရား) ဘယ်အချိန်မှာနှလုံးသွင်းနေတာလဲ (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား) လုပ်ငန်းပါပါစေ၊ အဲဒီအချိန်မှာနှလုံးသွင်းနေတာ။ ယောနိသောမနသိကာရေန အသင့်အတင့်နှလုံးသွင်းခြင်းအားဖြင့်၊ သမ္မာပဋိပဒေန္နာ၊ ကောင်းစွာအမှန်ကိုမြင်ခြင်းသည်၊ အမှန်မြင်တာလား၊ အမှားမြင်တာလား (အမှန်မြင်တာပါဘုရား) လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေ မြင်နေတာလား၊ နာမ်ရုပ်ကိုမြင်နေတာလား (နာမ်ရုပ်ကိုမြင်နေတာပါဘုရား)

ဒါကြောင့် သမ္မာပဋိပဒေန္နာ၊ အမှန်တရားကိုကျင့်ခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ သစ္စိကာတဗ္ဗော၊ မျက်မှောက်ပြုအပ်၏ဟူ၍၊ ဝုတ္တံ၊ ဆိုအပ်၏။ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အမှန်မြင်လို့လား၊ အမှားမြင်လို့လား (အမှန်မြင်လို့ပါဘုရား) မြင်တိုင်းကြည့်တိုင်းမှာဘာသဘောတွေ ရှိနေတာတုံး (အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘောသုံးပါးဆုံ ဖြစ်ဖြစ်နေပါတကား) ဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်တုံး(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) လူတွေ သတ္တဝါတွေလို့မြင်နေတာလား၊ နာမ်ရုပ်လို့မြင်နေတာလား (နာမ်ရုပ်လို့မြင်နေတာပါဘုရား)

အမြင်မစင်ကြယ်ဘူးလား၊ စင် ကြယ် သ လား (စင်ကြယ်ပါတယ်ဘုရား) (အမြင်စင်ကြယ်လေသည်ဖြစ်သောကြောင့် ဘာသုဒ္ဓိတုံး (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ဒိဋ္ဌိက-အမြင်၊ ဝိက-အထူး၊ သုဒ္ဓိက- စင်ကြယ်တာ။ အမြင်ကတော့ဖြင့် အထူးစင်ကြယ်နေတယ်လို့ ခင်ဗျားတို့မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) သုဒ္ဓိကဘာသုဒ္ဓိ (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ရုပ်နဲ့နာမ်ပိုင်းခြားတာ လူကပိုင်းခြားတာလား၊ ဉာဏ်ကပိုင်းခြားတာလား (ဉာဏ်ကပိုင်းခြားတာပါဘုရား) ဉာဏ်ကပိုင်းခြားလေသည် ဖြစ်သောကြောင့် ဘာ ပ ရိ ညာ (ဉာတပရိညာပါဘုရား) ဉာတက-ဉာဏ်၊ ပရိညာက- ပိုင်းခြားတာ။ လူကပိုင်းခြားတာလား၊ ဉာဏ်ကပိုင်းခြားတာလား (ဉာဏ်ကပိုင်းခြားတာပါဘုရား) ဒါကြောင့် ဘာပရိညာတုံး (ဉာတပရိညာပါဘုရား) ဒီစခမ်း မ ဆိုက် လာ ဘူး လား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)

တကာတကာမတွေ သတိထားလိုက်ပါ၊ ကြည့်တိုင်းမြင်တိုင်းမှာဖြင့် အဲဒီလို အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘော ဉာဏ်ထဲမိအောင် မတွေ့ရင်ဖြင့် မိန်းမ ယောကျ်ားဆိုတဲ့နိမိတ် ယူလိုက်မှာဘဲ။ မယူဘူးလား၊ ယူမှာလား၊

(ယူမှာပါဘုရား) အိုးအိမ်တိုက်တာဆိုတဲ့နိမိတ်တွေ၊ အိမ်မှာရှိနေတဲ့ ပစ္စည်းဥစ္စာ မော်တော်ကားတွေအစရှိတဲ့နိမိတ်တွေကိုယူလိုက်ရင် တကာတကာမတွေကုသိုလ်တရားတွေ တိုးပွားမှာလား၊ အကုသိုလ်တရားတွေ တိုးပွားမှာလား (အကုသိုလ်တရားတွေ တိုးပွားမှာပါဘုရား) အကုသိုလ်တရားတွေတိုးပွားမှာ။ အဲဒီလို နိမိတ်ကိုသာယူမိရင်ဖြင့် အကုသိုလ်တရားတွေတိုးပွားမဲ့အစား၊ မျက်လုံးကို ဓါးအချွန်ကြီးနဲ့ထိုးဖေါက်လိုက်တာက မြတ်သေးတယ်တဲ့။ မမြတ်ဘူးလား၊ မြတ်သလား၊ (မြတ်ပါတယ်ဘုရား)

ကာဏ်းနေတာကမှ ဒီမျက်လုံးပေါက်က လောဘ ဒေါသ မောဟတွေ ဖြစ်သေးရဲ့လား(မဖြစ်ပါဘုရား)အဲဒီတော့မျက်လုံးဖွင့်လိုက်တာနဲ့တပြိုင်နက်လောဘ ဒေါသ မောဟ ဖြစ်မဲ့အစား ဓါးအချွန်နဲ့ထိုးဖေါက်လိုက်တာက မြတ်သေးတယ်။ ဘာယူလိုက်လို့တုံး (နိမိတ်ယူလိုက်လို့ပါဘုရား) ဒါကြောင့်၊

+ **ဝရံဘိက္ခဝေ တတ္တာယအယော သလာကာယ အာဒိတ္တာယ သမ္ပဇ္ဇလိတာယ သဇောတိဘူတာယ စက္ခုန္ဒြိယံ သမ္ပလိမဋ္ဌံ နတွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော**တဲ့။

မြတ်စွာဘုရားက ဟောတော်မူပါတယ်။ ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့၊ တတ္တာယ၊ ရဲရဲငြိးသော။ အာဒိတ္တာယ၊ တပြောင်ပြောင်တောက်လောင်နေသော သမ္ပဇ္ဇလိဘာယ၊တထိန်ထိန်တောက်လောင်နေသော။ သဇောတိဘူတာယ၊ အခိုးအလျှံတွေနဲ့တောက်လောင်၍နေသော။ အယောသလာကာယ၊သံတံချွန်ကြီးဖြင့် စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ သမ္ပလိမဋ္ဌံ၊ ထိုးဖေါက်လိုက်ခြင်းသည်။ ဝရံ၊ မြတ်ပါသေး၏တဲ့။

ဘာယူလိုက်လို့တုံး (နိမိတ်ယူလိုက်လို့ပါဘုရား) နော်- ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ နိမိတ်ယူမဲ့အစား ဘာကမြတ်တုံး (သံတံချွန်ဖြင့်ထိုးဖေါက်လိုက်တာက မြတ်ပါသေးဘယ်ဘုရား) သံတံချွန်နဲ့ ထိုးဖေါက်လိုက်တာက မြတ်သေးတယ်ဆိုတာ မြတ်စွာဘုရားကဟောတာလား၊ ဘုန်းကြီးကဟောတာလား (မြတ်စွာဘုရားကဟောဘာပါဘုရား) ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့၊ စက္ခုဝိညေယျေသု၊စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော၊ ရူပေသု၊အဆင်းရူပါရုံတို့၌၊ အဆင်းရူပါရုံကို လူကသိဘာလား၊ စိတ်ကသိဘာလား (စိတ်ကသိဘာပါဘုရား)

စက္ခုဝိညာဏ်စိတ်က အဆင်းကိုသိတာလား၊ လူတွေ သတ္တဝါတွေကို သိတာလား ( စက္ခုဝိညာဏ်စိတ်က သိတာပါဘုရား ) အဆင်းကိုသိတာနော်၊ ဒီမှာပြထားတာကြည့်။ စက္ခုဝိညေယျေသု၊စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ရူပေသု၊

+ သဠာယတနဝဂ္ဂသံယုတ်၊ အာဒိတ္တသုတ် နှာ ၃၇၇

အဆင်းရူပါရုံတို့၌။ မြင်တာကအဆင်းရူပါရုံကိုမြင်တာ။ ယောကျ်ားဘဲ မိန်းမဘဲ ပုဂ္ဂိုလ် သတ္တဝါဘဲလို့ နိမိတ်မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား) အဲဒီလိုနိမိတ်ယူလိုက်ထာနဲ့တပြိုင်နက်ထဲ ဒီယောကျ်ား မိန်းမနိမိတ်တွေရဲ့ သွားဟန် လာဟန် ပြုံးဟန် ရယ်ဟန် စသော အမှတ်အသားတွေ ယူလိုက်ပြန်ရော။ မယူလိုက်ဘူးလား၊ ယူလိုက်သလား(ယူပါတယ်ဘုရား)ဒီလိုယူမဲ့အစား မျက်စိပေါက်ကို ဘာနဲ့ထိုးတာကမြတ်သလဲ (သံတံချွန်နဲ့ထိုးဖေါက်တာက မြတ်ပါသေးတယ်ဘုရား)ဒါကြောင့် စက္ခုဝိညာဉယျေသု၊စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော၊ ရူပေသု၊ အဆင်းရူပါရုံ တို့၌၊ နိမိတ္တဂ္ဂါဟော ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ နိမိတ် အမှတ်အသားကို ယူ ခြင်း ၎င်း၊ အနုဗျဥ္စနသော၊ အဲဒီ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတို့ရဲ့ သွားဟန်လာဟန်ပြုံးဟန် စသော နိမိတ်ကို အသေးစိတ်ယူခြင်းသည်၎င်း၊ နတ္တေဝဝရံ၊ မမြတ်သည်သာတည်း။

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဆိုတဲ့ နိမိတ်တွေကို ယူလိုက်ရင် တကာတကာမတွေမြတ်ပါ့မလား(မမြတ်ပါဘုရား) မမြတ်ကထဲကရှုံးပြီ၊ မရှုံးဘူးလား၊ ရှုံးသလား (ရှုံးပါတယ်ဘုရား) ရှုံးရင်လဲရှုံးရမယ်။ မြတ်ရင်လဲမြတ်ရမယ်။ အရှုံးအမြတ်မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)မျက်စိကကြည့်တိုင်းကြည့်တိုင်း မရှုံးအောင် ကြည့်တတ်ပါစေ။ မျက်စိပေါက်က ကြည့်တိုင်းကြည့်တိုင်း အရှုံးနဲ့ ကြည့်နေရင် မနစ်နာဘူးလား၊ နစ်နာသလား(နစ်နာပါတယ်ဘုရား)

ဂင်္ဂါဝါလု သဲစုမျှမက ပွင့်တော်မူခဲ့တဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်တွေ တရားဓမ္မတွေဟောကြားတော်မူခဲ့ပေမဲ့ ခင်ဗျားတို့ကလွတ်အောင်ရှောင်ခဲ့တယ်။ အဲဒါ ဘာပြုလို့ရှောင်ခဲ့သလဲ ဆိုတော့ ပြန်ပြန်ပြီးတော့ ငြင်းနေလို့၊ ဘုရားရှင်ကိုယ်တော်မြတ်တွေက ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေမရှိဘူး၊ အဆင်းသဘောဘဲရှိတယ်တဲ့။ ခင်ဗျားတို့ကျုပ်တို့က ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရှိတယ်လို့ မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ် ဘုရား) နိမိတ်တွေ သွားယူလိုက်တယ်၊ အသေးစိတ် အမှတ်အသားတွေလဲ သွားယူလိုက်တယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က အခြင်းအရာအာကာရနိမိတ်တွေ မယူပါနဲ့လို့ တားမြစ်တော်မူပါလျက်နဲ့ ခင်ဗျားတို့ကယူ ဘာဖြစ်သေးသလဲ ဆိုပြီးတော့ အတင်းဇွတ်ယူလိုက်တော့ အဖြစ်တွေရပ်ရဲ့လား (မရပ်ပါဘုရား)

အဖြစ်မရပ်တာသည် ဘာပါလိမ့် (သံသရာပါဘုရား) ယခု အချိန်ထိ ရပ်ရဲ့လား(မရပ်ပါဘုရား) လူတွေသတ္တဝါတွေအဖြစ်မရပ်တာလား၊ နာမ်ရုပ်အဖြစ်မရပ်ဘာလား(နာမ်ရုပ်အဖြစ်မရပ်တာပါဘုရား)ဘယ်ဌာနကအဖြစ်မရပ်တာလဲ (မျက်စိပေါက်ကပါဘုရား)ဘယ်အချိန်မှာမရပ်တာတုံး (ကြည့်တိုင်းကြည့်ညှိင်း

မြင်တိုင်းမြင်တိုင်းမှာပါဘုရား)ကြည့်တိုင်းကြည့်တိုင်းမြင်တိုင်းမြတိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ နာမ်ရုပ်သဘောရှိတာလား (နာမ်ရုပ်သဘောရှိတာပါ ဘုရား)နာမ်ရုပ်သဘောတွေက ဘယ်သဘောတွေပါလိမ့်(အဆင်းသဘော မျက်စိ အကြည်သဘော စိတ်သဘော သုံးပါးပေါင်း ဆုံ၍ ဖြစ်ဖြစ်နေပါ တကား) အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်လဲ (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအား ဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)

နောက်တနည်း ဆိုလိုက်စမ်းပါ၊ ခင်ဗျားတို့မှတ်မိအောင်လို့ သင်တန်းတက် ဘူးတဲ့ ပုဂ္ဂိုလ်တွေလဲပါတယ်၊ သင်တန်းမတက်ဘူးတဲ့ပုဂ္ဂိုလ်တွေလဲပါတယ်။ သင် တန်းတက်ဘူးတဲ့ပုဂ္ဂိုလ်တွေလဲကျေသထက်ကျေအောင် ဆိုပြီးတော့ ထပ်တလဲလဲ ပြောနေတာပါ။ သတိထားပါ။ အဆင်းသဘော၊ မျက်စိ အကြည်သဘောက ရုပ်တရား။အဆင်းသိတဲ့စိတ်ကနာမ်တရား။ဖြစ်ရှိနေပါတကား။ ဒါဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဆိုစမ်းပါ။ အဆင်းသဘော၊ မျက်စိအကြည့် သဘောကရုပ်တရား။ အဆင်းသိတဲ့စိတ်ကနာမ်တရား။ ရုပ်တရား နာမ်တရားတို့ သည် ဖြစ်ရှိနေပါတကား။ အဲ ဒါ ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒ ဉာဏ်ပါ ဘုရား)

ဘယ်အချိန်မှာ ရှုရမှာတုံး (ကြည့်တိုင်းကြည့်တိုင်း မြင်တိုင်းမြင်တိုင်းမှာပါ ဘုရား)မရလာဘူးလား၊ရလာသလား(ရလာပါတယ်ဘုရား)တကာတကာမတွေ နာမရူပပရိစ္ဆေဒဉာဏ် ပိုင်ပြီ။ နောက်တချက် ပစ္စယပရိဂ္ဂဟဉာဏ်ပိုင်းကို သွား ကြစို့။ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါပြီးသွားအောင် မျက်စိပေါက်က သတိထားလိုက်။ တကာတကာမတွေ ဒါဘာလဲ (နာရုပ်ပါဘုရား) အဆင်းသဘော မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)အစွဲကသိပ်နာတယ်ဗျ။ မျက်စိနဲ့မြင်နေတာတောင်မှ နာရီ လုပ်လိုက်သေးတယ်။ဘာသဘောရှိတယ်(အဆင်းသဘောပါဘုရား)နာရီဆိုတာ ရှိရဲ့လား(မရှိပါဘုရား)

ဘယ်လိုရှိတာတုံး(အဆင်းသဘောပါဘုရား)ဒီအဆင်းသဘောမရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဒါကြောင့် ကြည့်တိုင်းကြည့်တိုင်း မြင်တိုင်းမြင်တိုင်းမှာ(အခုမှဖြစ်တဲ့ အဆင်း) (အခုမှဖြစ်တဲ့အဆင်း) အဲဒီဟော့ အဆင်းသက်သက်ရှုတာနော်။ ဒါအခုမှဖြစ်တဲ့ အဆင်း ဘယ်တုံးကဖြစ်တာလဲ(အခုမှဖြစ်တဲ့အဆင်းပါဘုရား) အဲဒီလိုရှုတဲ့ဉာဏ် သည် ရူပပရိစ္ဆေဒဉာဏ် ဘာဉာဏ်ပါလိမ့် (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဒါက ရုပ်သက်သက်ရှုလိုက်တာ။ ရုပ်နဲ့နာမ်ပေါင်းရှုတာက (နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား)

အဆင်းမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒီအဆင်း မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်(အခုမှဖြစ်တဲ့အဆင်းပါဘုရား)အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်လဲ(ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဖြစ်နေတာဟုတ်တယ်။ ဘာကြောင့်ဖြစ်နေတာလဲ(အကြောင်းကြောင့်ပါဘုရား)ဒါကြောင့် (အခုမှဖြစ်တဲ့အဆင်း)အကြောင်းကြောင့်ဖြစ်၊ အကြောင်းကိုပြီးမှရှင်းမယ်နော်။ အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) မကွဲလာဘူးလား၊ ကွဲလာသလား(ကွဲလာပါတယ်ဘုရား)

ဒီအဆင်းငါ့ကြောင့်ဖြစ်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) သူများကြောင့်ဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အလိုလိုဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့် ဖြစ်တာတုံး (အကြောင်းကြောင့်ဖြစ်တာပါ ဘုရား) အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)ငါ့ကြောင့်ဖြစ်လေသလား၊ သူ့ကြောင့်ဖြစ်လေသလား၊အလိုလိုကြောင့်များဖြစ်လေသလား ဆိုတဲ့ သို့လော သို့လောတွေ လာသေးရဲ့လား (မလာပါဘုရား)အဲဒီသံသယတွေ မလွန်မြောက်ဘူးလား၊ လွန်မြောက်သွားသလား(လွန်မြောက်ပါတယ်ဘုရား) ယုံမှားသံသယတွေ လွန်မြောက်သွားလေသည်ဖြစ်သောကြောင့် ဘာသုဒ္ဓိလဲ(ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား)ကင်္ခါကယုံမှားခြင်း၊ ဝိတရဏက၊ လွန်မြောက်ခြင်း၊ သုဒ္ဓိက၊ စင်ကြယ်တာ၊ ယုံမှားသံသယတွေ လွန်မြောက်ပြီးတော့ ဒီအဆင်းပေါ်မှာ အမြင်မစင်ကြယ်ဘူးလား၊ စင်ကြယ်သွားသလား (စင်ကြယ်သွားပါတယ်ဘုရား)

ဒါကြောင့် ဘာသုဒ္ဓိတုံး (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ဉာဏ်က ဘာဉာဏ်တဲ့လဲ(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)တကာတကာမတွေ ဒီဟာဘာတုံး (အဆင်းပါဘုရား) ဘယ်တုံးက အဆင်းလဲ (အခုမှဖြစ်တဲ့အဆင်းပါဘုရား) ဒီအလင်းရောင်က ဘယ်တုံးကအလင်းရောင်လဲ (အခုမှဖြစ်တဲ့အလင်းရောင်ပါဘုရား) အခုမီးရောင်ဘဲ အခုနကမီးရောင် ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)အခုနက ဒိုင်နမိုပတ်နဲ့အခုဒိုင်နမိုပတ်တူရဲ့လား (မတူပါဘုရား) ဘယ်တုံးကအလင်းလဲ (အခုအလင်းပါဘုရား)

ဒီဖယောင်းတိုင်မှာ မီးမရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ဘယ်တုံးက မီးတောက်လဲ (အခုမီးတောက်ပါ ဘုရား) အခုမီးတောက်ဟာ အခုအလင်းဘဲ အခုဆီနဲ့အခုမီးနဲ့အခုမီးတောက် အခုအလင်း ယခုလဲ ဒီအတိုင်းဘဲ၊အခုအလင်းနဲ့

အခုအဆင်းဘဲ၊ဒီအဆင်းမရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိ (ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (အခုမှဖြစ်တဲ့အဆင်း) ဘာကြောင့်ဖြစ် အကြောင်းကြောင့်ဖြစ်။ အဲဒီလို အကြောင်းကို လှမ်း လှမ်း ပြီး ဆင်ခြင်တဲ့ ဉာဏ်သည်ဘာဉာဏ်တဲ့လဲ (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဒီအဆင်းဟာ ဘယ်အကြောင်းကြောင့်ဖြစ်ဘာလဲလို့ မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား)

ဥပမာဆိုကြပါစို့။ ဒီနာရီအဆင်းထဲမှာ ကံပါရဲ့လား (မပါပါဘုရား) စိတ်ကောပါရဲ့လား (မပါပါဘုရား) အာဟာရကော ပါရဲ့လား (မပါပါဘုရား) ဒီအဆင်းဟာ စိတ်ကြောင့်ဖြစ်ဘာလား (မဟုတ်ပါဘုရား) ကံကြောင့်ဖြစ်တာလား(မဟုတ်ပါဘုရား)အာဟာရကြောင့်ဖြစ်တာလား(မဟုတ်ပါဘုရား)ဒါဖြင့် ဘယ်သူ့ကြောင့်ဖြစ်တာတုံး(ဥတုကြောင့်ဖြစ်တာပါဘုရား)ဒီအဆင်းဟာ ဘယ်အကြောင့်ဖြစ်တာတုံး (ဥတုကြောင့်ဖြစ်တာပါဘုရား) ဥတု သည်အကြောင်းဟာလား၊ အကျိုးဟာလား(အကြောင်းဟာပါဘုရား)အဆင်းက အကျိုးတရား၊ ဥတုကအကြောင်းတရား။

အကြောင်းအကျိုးကွဲမလာဘူးလား၊ကွဲလာသလား (ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဘယ်အချိန်မှာကွဲရမှာလဲ ( ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား ) ပဋိစ္စသမုပ္ပါဒ်ဆိုတာဘာလဲ (ကြည့်တိုင်းမြင်တိုင်းမှာကွဲရမှာပါဘုရား) ဘာနဲ့ဘာကွဲရမှာလဲဆိုတော့ အကြောင်းနဲ့အကျိုးကွဲရမယ်၊ ဒီအဆင်းသည် အကြောင်းလား၊ အကျိုးလား (အကျိုးပါဘုရား) ဥတုကဘာတုံး (အကြောင်းပါဘုရား) ယခု ပေါက်အဲ ပူတဲ့သဘော အေးတဲ့သဘောကဘာတုံး(ဥတုပါဘုရား)အဲဒီဥတုသည် အကြောင်းလား၊ အကျိုးလား (အကြောင်းပါဘုရား) အ ဆင်း က အ ကျိုး၊ အကြောင်းအကျိုးကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား)

အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)ပဋိစ္စသမုပ္ပါဒ်ဉာဏ်လဲရတယ်၊ နာမရူပပရိစ္ဆေဒဉာဏ်လဲပြည့်စုံလာတယ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ်တွေနဲ့လဲ ပြည့်စုံလာတယ်၊ ဉာဏ်ဘယ်နှစ်ပါးရသလဲ (သုံးပါးပါဘုရား) ဘယ်အချိန်မှာပြည့်စုံရမှာလဲ (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) တကာတကာမတွေ့ ဒါဘာလဲ (အဆင်းပါဘုရား) မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) လက်ကိုတွေ့တာလား၊ အဆင်းကိုတွေ့တာလား (အဆင်းကိုတွေ့တာပါဘုရား) ဒီအဆင်းမရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ရှိနေလို့ပါဘုရား) ဘယ်တုံးကဖြစ် ... တုံး ( အခုမှဖြစ်တာပါဘုရား ) ဘာ့ကြောင့်ဖြစ်ပါလိမ့် (အကြောင်းကြောင့်ဖြစ်တာပါဘုရား)

အခုမှဖြစ်တဲ့အဆင်းလို့ ရှုတာက ဘာဥာဏ် ( ရူပပရိစ္ဆေဒဉာဏ်ပါဘုရား ) အကြောင်းကြောင့်ဖြစ်လို့ ဆင်ခြင်တာက ဘာဥာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဉာဏ်နှစ်ဉာဏ် မရလာဘူးလား (ရလာပါတယ်ဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့အဆင်း) အကြောင်းကြောင့်ဖြစ်။ ဘယ်ဉာဏ်နဲ့ဘယ်ဉာဏ် တွဲရှုရမှာတုံး (ရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်အချိန်မှာတွဲရှုရမှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) မ ရ လာ ဘူး လား၊ ရလာသလား၊ (ရလာပါတယ်ဘုရား) (အခုမှဖြစ်တဲ့အဆင်း-အခုမှဖြစ်တဲ့အဆင်း)အကြောင်းကြောင့်ဖြစ်။ ဘယ်အကြောင်းတွေကြောင့်ဖြစ်တာတုံး (ကံ စိတ် ဥတု အာဟာရပါဘုရား) သက်ရှိသတ္တဝါမှန်ရင် ( ကံ စိတ် ဥတု အာဟာရပါဘုရား ) သက်မဲ့မှန်ရင် (ဥတုကြောင့်ပါဘုရား)

သက်မဲ့အရာဝတ္ထုမှန်ရင် ဥတုကြောင့်ဖြစ်တဲ့အဆင်းချည်းဘဲမှတ်။ အဲဒီတော့ သက်ရှိပုဂ္ဂိုလ်တွေရဲ့ အဆင်းမှန်သမျှ (ကံ စိတ် ဥတု အာဟာရချည်းမှတ်) အဲဒီ ကံ စိတ် ဥတု အာဟာရက အ ကြောင်း တ ရား လား၊ အ ကျိုး တ ရား လား၊ (အကြောင်းတရားပါဘုရား) အဆင်းက (အကျိုးတရားပါဘုရား) အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည်ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ပဋိစ္စ၊ ကံ စိတ် ဥတု အာဟာရကိုစွဲ၍။ သမုပ္ပါဒေါ၊ အဆင်းသဘောဖြစ်ခြင်း။ ပဋိစ္စသမုပ္ပါဒေါ၊ အကြောင်းတရားကိုစွဲ၍အကျိုးတရားမည်သည်။ ပဋိစ္စသမုပ္ပါဒေါတိ၊ပဋိစ္စသမုပ္ပါဒ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပဋိစ္စသမုပ္ပါဒ် ဘယ်အချိန်မှာ ဖြစ်တာတုံး၊ (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) ကြည့်တိုင်းမြင်တိုင်းမှာ အကြောင်းနဲ့အကျိုး မကွဲရဘူးလား(ကွဲရမှာပါဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည်ဘာဉာဏ် ( ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပါဘုရား ) အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်က ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

ထင်ရှားရှိတဲ့သဘောကိုရှုတာက ရူပပရိစ္ဆေဒဉာဏ်။ ဉာဏ်ဘယ်နှစ်ဉာဏ်တုံး (သုံးဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် ( ဒိဋ္ဌိဝိသုဒ္ဓိ–ကင်္ခါဝိတရဏဝိသုဒ္ဓိ)ပရိညာအားဖြင့်[ဉာတပရိညာ]ဘယ်အချိန်မှာဖြစ်တာတုံး(ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) အဲဒီလိုရှုဘတ်ရမယ်။ ဝိပဿနာရှုကွက်ဆိုတာဒီအတိုင်းရှုဘတ်ရမယ်။ စာအုပ်တွေဘောတွေထဲမှာရှုတာလား၊ မိမိခန္ဓာမှာရှုတာလား (မိမိခန္ဓာမှာရှုတာပါဘုရား) ဘယ်အချိန်မှာရှုတာလဲ(ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား)ရုပ်ရဲ့အကြောင်းတရား အကျိုးတရား ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား)

တကာတကာမတွေ အဆင်းနဲ့ပတ်သက်ပြီး အကြောင်းအကျိုးကွဲသွားတော့ မျက်စိအကြည်သဘော ပြောကြပါစို့။ မျက်စိအကြည်သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဆင်းသဘောတွေ ရှိတိုင်းရှိတိုင်း မျက်စိအကြည်

သဘောကလိုက်ပြီးမြင်နေရမှာလား(မမြင်ရပါဘုရား)ဘာနဲ့မြင်ရမှာတုံး(ဉာဏ်နဲ့မြင်ရမှာပါဘုရား) ဒီအဆင်းသဘောတွေ ရှိခြင်းအားဖြင့် မျက်စိအကြည်သဘောဘွေ ရှိတာကိုး။ အဆင်းကိုသိတတ်တဲ့စိတ်တွေ ရှိခြင်းအားဖြင့် မျက်စိအကြည်သဘောတွေရှိနေလို့ကိုး။ မသိရဘူးလား၊ သိရသလား (သိရပါတယ်ဘုရား)

တကာ တကာမတွေ ပြောပါအုံးမယ်။ တခါတလေ အိမ်ခေါင်မိုးပေါ်၊ ကျောင်းခေါင်မိုးပေါ်က ကျေးငှက်ကလေးတွေ အသံမမြည်ဘူးလား၊ မြည်သလား (မြည်ပါတယ်ဘုရား) အဲဒီကျေးငှက်တွေကိုမျက်စိနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) တအာ့အာ့နဲ့အော်မြည်နေတဲ့အသံကိုတော့ကြားဘူးမှာပါ။ ဒီကျီးဟာ တအာ့အာ့နဲ့ အော်မြည်နေရတော့ သူ့ပါးစပ်ဟာ ပိတ်နေသလား၊ ဟနေသလား (ပါးစပ်ဟနေပါတယ်ဘုရား) သွားကြည့်စရာလိုသေးရဲ့လား (မလိုပါဘုရား) အဲဒီလိုဘဲ တကာ တကာမတွေ အဆင်းသိတဲ့စိတ်ကော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

ဒီအဆင်းဒီလိုနေတာကိုးလို့ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ဒီအဆင်းသိတဲ့စိတ်ရှိခြင်းအားဖြင့် မျက်စိအကြည်သဘောရှိတာ မသိရဘူးလား၊ သိရသလား ( သိရပါတယ်ဘုရား ) ဒီလောက်ဘဲသိလို့ရတယ်။ မျက်စိအကြည်သဘောတွေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတယ်။ အချိန်တိုင်းရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာပါလိမ့် (အခုမှဖြစ်တာပါဘုရား) အခုမှဖြစ်တဲ့မျက်စိအကြည်၊ အဲဒါကဘာဉာဏ်တုံး (ရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဘာ့ကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့် ဖြစ်တာပါဘုရား) အဲဒီလိုဆင်ခြင်တာက ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) မျက်စိအကြည်ကျတော့ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး (ကံကြောင့်ဖြစ်ပါတယ်ဘုရား) စိတ်မလာခဲ့နဲ့သူက ကမ္မဇရုပ်ဘဲ။ ကံသည် အကြောင်းတရားလား၊ အကျိုးတရားလား ( အကြောင်းတရားပါဘုရား ) မျက်စိအကြည်က (အကျိုးတရား)

အကြောင်းအကျိုးကွဲမလာဘူးလား၊ကွဲလာသလား (ကွဲလာပါတယ်ဘုရား) ဘယ်ဌာနမှာကွဲရမှာတုံး (မျက်စိမှာပါဘုရား)ဘယ်အချိန်မှာကွဲရမှာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား) အဆင်းနဲ့ အကြောင်းအကျိုး ကွဲရတယ်။ မျက်စိအကြည်နဲ့ အကြောင်းအကျိုးကွဲရတယ်။ အကြောင်းအကျိုးမှမကွဲရင်ခင်ဗျားတို့စာအုပ်တွေ ဘောတွေမှာ ကြည့်နေခြင်းအားဖြင့် အကျိုးများပါ့မလား (မများပါဘုရား) ကွဲရမဲ့နေရာကွဲမှ သိရမဲ့နေရာသိမှကိုး။ မကွဲရမဲ့နေရာ မသိရမဲ့နေရာ သွားသိနေရင် ပရိယတ္တိပိုင်းတော့ ဖြစ်ပါတယ်။ ပဋိပတ္တိ ကျင့်စဉ်ထိအောင်

ရောက်ပါမလား(မရောက်ပါဘုရား)ဒါကြောင့် ပဋိပတ္တိကျင့်စဉ်ထိအောင် အားထုတ်တိုင်း အားထုတ်ကိုင်း အကြောင်းနဲ့အကျိုးမျှသာရှိတယ်၊ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ရှိရဲ့လား ( မရှိပါဘုရား ) ကြည့်တိုင်းကြည့်တိုင်း မျက်စိအကြည်ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တဲ့မျက်စိအကြည်) အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်ပါလိမ့်(ရူပပရိစ္ဆေဒဉာဏ်ပါဘုရား)ဘာကြောင့်ဖြစ်(အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဒါဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်အကြောင်းကြောင့်ဖြစ် (ကံအကြောင်းကြောင့်ပါဘုရား) ရှေးအတိတ်ကံသည် (အကြောင်းတရား) ယခုမျက်စိအကြည်က (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည်ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)

ဘယ်အချိန်မှာကွဲရမှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာ ပါဘုရား) ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) တ ရား တ လုံး ရဲ့ သ တ္တိ ထူး ကို အကြောင်းအကျိုးကွဲရဘယ်။ တကာဘကာမတွေ့ဒါဘာတုံး(အဆင်းပါဘုရား) လက်သို့စွဲယူလိုက်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) အဆင်းက-သက္ကာယ၊ လက်လို့စွဲယူလိုက်ဘာက (ဒိဋ္ဌိပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိပေါင်းလိုက်တော့ (သက္ကာယဒိဋ္ဌိပါဘုရား) အခုအဆင်းလို့ရှုတဲ့အခါကျတော့ ဒိဋ္ဌိလာသေးရဲ့လား (မလာပါဘုရား) ဒီအဆင်းကိုလူကသိဘာလား၊ စိတ်ကသိဘာလား (စိတ်ကသိတာပါဘုရား)

အဆင်းကိုသိတာက စက္ခုဝိညာဏ်စိတ်ကသိတာ နာမ်တရားလို့လဲခေါ်တယ်။ စက္ခုဝိညာဏစိတ်လို့လဲခေါ်တယ်၊ ခေါ်သာခေါ်ရတာ အဆင်းသိတဲ့သဘောဘဲ။ ဘာသဘောတုံး (အဆင်းသိတဲ့သဘောဘဲ) ဒီအဆင်းသိတဲ့စိတ်သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိနေတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်ဘာလဲ (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့အဆင်းသိတဲ့စိတ်) ဘယ်အချိန်မှာရှုရမှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာရှုရမှာပါဘုရား) ကြည့်တိုင်းမြင်တိုင်းမှာ ( အခုမှဖြစ်တဲ့အဆင်းသိတဲ့စိတ် ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမပရိစ္ဆေဒဉာဏ်ပါဘုရား) ရုပ်မပါဘူးနော် နာမ်သက်သက်ပြတာ၊ ဘာဉာဏ်လဲ (နာမပရိစ္ဆေဒဉာဏ်ပါဘုရား)

ကြည့်တဲ့အခါ မြင်တဲ့အခါဘာသိတာတုံး (အဆင်းသိတာပါဘုရား) အဲဒီအဆင်းကို လူကသိတာလား၊ စိတ်ကသိတာလား ( စိတ်ကသိတာပါဘုရား ) ဒီအဆင်းမြင်တိုင်း ကြည့်တိုင်း အဆင်းသိတဲ့စိတ် မ ဖြစ် ဘူး လား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်တုံးကဖြစ်တာပါလိမ့် (အခုဖြစ်တဲ့စိတ်) ဘာစိတ်လဲ (အဆင်းသိတဲ့စိတ်) ဒါကြောင့် (အခုမှဖြစ်တဲ့အဆင်းသိတဲ့စိတ်) လက်ကိုသိတဲ့စိတ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး [နာမပရိစ္ဆေဒဉာဏ်ပါဘုရား] သုဒ္ဓိအားဖြင့် [ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား] ပရိညာအားဖြင့် [ဉာတပရိညာပါဘုရား]

ဘာကြောင့်ဖြစ် [ အကြောင်းကြောင့် ဖြစ်တာပါဘုရား ] အကြောင်း ကို ဆင်ခြင်တဲ့ဉာဏ်သည်ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဒီအဆင်းသိတဲ့စိတ်ဟာ ဘယ်အကြောင်းကြောင့်ဖြစ်တာလဲလို့ ဒီလိုမတက်လာဘူးလား၊တက်လာသလား [တက်လာပါတယ်ဘုရား] အဆင်းသိတဲ့ စိတ်ရဲ့အကြောင်းတရားကိုလဲ သိရအုံးမယ်။ ဒါမှမဟုတ်ရင် အမေ့ကြောင့်လား၊ အဖေ့ကြောင့်လား၊ ငါ့ကြောင့်လား၊ သူများကြောင့်လားဆိုတဲ့ ဝိစိကိစ္ဆာအကုသိုလ် မဝင်လာဘူးလား ဝင်လာသလား[ဝင်လာပါတယ်ဘုရား] သူ့အကြောင်းတရား မသိသင့်ဘူးလား သိသင့်သလား [သိသင့်ပါတယ်ဘုရား] ဒါပဋိစ္စသမုပ္ပါဒ်ဘဲဗျ၊ ဒီအဆင်းသိတဲ့စိတ်ဟာ အကြောင်းမရှိဘဲနဲ့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ပါဠိတော်က-

**စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ**

**စက္ခုံစ၊** စက္ခုပသာဒကိုင်း။ ရူပေစ၊ အဆင်းရူပါရုံကိုင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မျက်စိအကြည်သဘောနဲ့ အဆင်းသဘောတိုက်ဆိုင်ပြီးဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်ဗျ။ ငါကြောင့်ဖြစ်တာဟုတ်ရဲ့လား[မဟုတ်ပါဘုရား]ဘာသဘောနဲ့ဘာသဘောပါလိမ့်[မျက်စိအကြည်သဘောနဲ့အဆင်းသဘောကြောင့်ဖြစ်တဲ့ အဆင်းသိတဲ့စိတ်ဖြစ်တာ] မျက်စိမှိတ်ထားလိုက်စမ်းပါ၊ မျက်စိအကြည်ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) အဲဒီမျက်စိအကြည်မဖြစ်ရင် အဆင်းမြင်ရသေးရဲ့လား (မမြင်ရပါဘုရား) အဆင်းမမြင်ရရင်း အဆင်းကိုသိတဲ့စိတ်ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား)

အဲဒီတော့မျက်စိဖွင့်လိုက်တာနဲ့တပြိုင်နက်ထဲအဆင်းသိတဲ့စိတ်ဖြစ်ရော။ ဘယ်သူ့ကြောင့်ဖြစ်တာတုံး ( မျက်စိအကြည်နဲ့ အဆင်းကြောင့် ဖြစ်တာပါဘုရား ) ဒီနှစ်ပါးကြောင့်ဖြစ်တာ။မျက်စိအကြည်နဲ့အဆင်းသည်အကြောင်းလား၊အကျိုးလား (အကြောင်းပါဘုရား) အဆင်းသိတဲ့စိတ်က (အကျိုးတရား) အကြောင်းအကျိုးကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) ဘယ် အ ချိန် မှာ ကွဲရမှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) ကြည့်တိုင်းမြင်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ အဆင်းသဘောရှိတာလား (အဆင်းသဘောရှိတာပါဘုရား) အဲဒီအဆင်းသဘောကို လူကသိတာလား၊ စိတ်ကသိတာလား၊ (စိတ်ကသိတာပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

ရှိရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့ အဆင်းသိတဲ့စိတ်) အကြောင်းကြောင့်ဖြစ်။ ဘယ်အကြောင်းကြောင့် ဖြစ်တာလဲ (မျက်စိအကြည်သဘောနဲ့ အဆင်းသဘောကြောင့် ဖြစ်တာပါဘုရား) ဘယ်နှစ်ပါးပါလိမ့် (နှစ်ပါးပါဘုရား) မျက်စိအကြည်သဘော အဆင်းသဘောက အ ကြောင်း လား၊

အကျိုးလား (အကြောင်းပါဘုရား) အဆင်းသိတဲ့စိတ်က (အကျိုးတရားပါဘုရား) အကြောင်းအကျိုး ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား)

အဆင်းသိတဲ့အကြောင်းတရားက ဘယ်သူနဲ့ဘယ်သူပါလိမ့်(အဆင်းသဘောနဲ့မျက်စိအကြည်သဘော နှစ်ပါးပါဘုရား) မျက်စိအကြည်နဲ့ အဆင်းသာမရှိရင် ဒီအဆင်းသိတဲ့စိတ်ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)ဒီစိတ်သဘောကလဲအကြောင်းအကျိုးမျှသာရှိဘယ်။ လူတွေ သတ္တဝါတွေရှိတာလား၊ အကြောင်းအကျိုးရှိတာလား (အကြောင်းအကျိုးရှိတာပါဘုရား) သက္ကာယဒိဋ္ဌိ ပြုတ်မသွားဘူးလား၊ (ပြုတ်သွားပါတယ်ဘုရား)သဿတတို့ ဥစ္ဆေဒတို့ အဟေတုကတို့လာသေးရဲ့လား (မလာတော့ပါဘုရား)

အမှန်မြင်လို့လား၊ အမှားမြင်လို့လား ( အမှန်မြင်လို့ပါဘုရား ) တကာတကာမတွေ အဆင်းသိတဲ့စိတ်ဖြစ်ကြောင်းကဘယ်နှစ်ပါးလဲ [နှစ်ပါးပါဘုရား] နှစ်ပါးကဘာတွေပါလိမ့် [အဆင်းသဘောနဲ့ မျက်စိအကြည်သဘောပါဘုရား] အဋ္ဌကထာက နည်းလေးပါးနဲ့ ပြထားပါတယ်။ ဘယ်လိုပြထားသလဲ ဆိုတော့ မျက်စိအကြည်ရယ်၊ အဆင်းရယ်၊ အလင်းရယ်၊ နှလုံးသွင်းမှုရယ်၊ဘယ်နှစ်ပါးလဲ [လေးပါးပါဘုရား] နှလုံးသွင်းမှုမပါရင် ဖြစ်ပါ့မလား [မဖြစ်ပါဘုရား] အဲဒီတော့ မျက်စိအကြည်ရယ်၊ အဆင်းရယ်၊ အလင်းရယ်၊ နှလုံးသွင်းမှုရယ်၊ အဲဒီလေးပါးက အကြောင်းတရားလား၊ အကျိုးတရားလား [အကြောင်းတရားပါဘုရား]အဆင်းသိတဲ့စိတ်က[အကျိုးတရား][အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်လဲ [ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား] အရေးကြီးတာက ဘယ်နှစ်ပါးတုံး [နှစ်ပါးပါဘုရား] နှစ်ပါးကဘာတုံး [မျက်စိအကြည်သဘောနဲ့အဆင်းသဘောကြောင့် အဆင်းသိတဲ့စိတ်ဖြစ်] မျက်စိအကြည်သဘောနဲ့ အဆင်းသဘော ကဘာတုံး [အကြောင်းတရားပါဘုရား] အဆင်းကိုသိတဲ့စိတ်က [အကျိုးတရား] အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် ( ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား ) ဒါကြောင့်ဘယ်အချိန်မှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) တကာတကာမတွေသတိထားလိုက်စမ်းပါ။ ကြည့်တိုင်းမြင်တိုင်းမှာ အကြောင်းအကျိုးဒီလိုမှမကွဲရင် အကုသိုလ်တွေမပွားဘူးလား ပွားသလား (ပွားပါတယ်ဘုရား)

ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ လောဘ ဒေါသ မောဟ စသောတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ မဖြစ်ဘူးလား၊ ဖြစ်မှာလား (ဖြစ်မှာပါဘုရား) ဘာပြုလို့လဲ။ သတိရှိလို့လား၊ သတိမရှိ

လို့လား (သတိမရှိလို့ပါဘုရား) မျက်စိပေါက်က ဘာလုပ်ရမှာတုံး (သတိထားရမှာပါဘုရား) သတိထားလို့ရှိရင် အကုသိုလ်ဝင်နိုင်ပါ့မလား (မဝင်နိုင်တော့ပါဘုရား) သတိက အမှန်တရားဖေါ်တာလား၊ မမှန် တ ရား ဖေါ် တာ လား၊ (အမှန်တရားဖေါ်တာပါဘုရား)အမှန်တရားက လူတွေသတ္တဝါတွေရှိတာလား၊ နာမ်ရုပ်သဘောရှိတာလား(နာမ်ရုပ်သဘောရှိတာပါဘုရား) နာမ်ရုပ်ကို လူတွေ သတ္တဝါတွေက ဖေါ်ပေးတာလား၊ သတိက ဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) တကာတကာမတွေ သတိထားလိုက်တဲ့အခါ အဆင်းသဘော ရှိတာလား၊ လူတွေ သတ္တဝါတွေ ရှိတာလား (အဆင်းသဘောရှိတာပါဘုရား) ဒီအဆင်းကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) ဒီအဆင်းကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ်က သိတာပါဘုရား) ဒီစိတ်ကိုပေါ်လာအောင် လူကဖေါ်ပေးတာလား၊ သတိက ဖေါ်ပေးတာလား ( သတိကဖေါ်ပေးတာပါဘုရား ) စိတ်က-စိတ်၊ သတိက-စေတသိက်၊ အဆင်းက ရုပ်၊ ဒီတော့ (စိတ် စေတသိက် ရုပ်) ဘယ်ဌာနမှာတုံး (မျက်စိပေါက်မှာပါဘုရား)

ဘယ်အချိန်မှာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) ကြည့်တိုင်းမြင်တိုင်းမှာလူတွေ သတ္တဝါတွေရှိတာလား၊အဆင်းသဘောရှိတာလား(အဆင်းသဘောရှိတာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် ကြည့်တိုင်းမြင်တိုင်းမှာ (အခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)ခင်ဗျားတို့ကြည့်တဲ့အခါ မြင်တဲ့အခါ လူကိုသိတာလား အဆင်းကိုသိတာလား (အဆင်းကိုသိတာပါဘုရား) အဆင်းကိုသိတာ လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား)

စိတ်ကို သတိကဖေါ်ပေးတာလား၊ လူကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါ ဘုရား) စိတ်ကဝိညာဏ်၊ သတိကနာမ်၊ အဆင်းကရုပ်၊ ဝိညာဏ် နာမ် ရုပ် ကွဲမလာဘူးလား၊ ကွဲလာသလား(ကွဲလာပါတယ်ဘုရား) ကြည့်တိုင်း မြင်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ ဝိညာဏ် နာမ် ရုပ် ရှိတာလား (ဝိညာဏ် နာမ် ရုပ်ရှိတာပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးကဖြစ်တာတုံး (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် ကြည့်တဲ့ အခါ(အခုမှဖြစ်တဲ့ဝိညာဏ် နာမ် ရုပ်) ဘယ်အချိန်မှာ ဖြစ်တာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒ ဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)

တကာ တကာမတွေ ကြည့်တဲ့အခါ လူတွေ သတ္တဝါတွေ တွေ့တာလား၊ အဆင်းသဘော တွေ့တာလား (အဆင်းသဘောတွေ့တာပါ ဘုရား) လူဆိုတာ ရှိရဲ့လား (မရှိပါ ဘုရား) လူဆိုတာလဲမရှိ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ဆိုတာလဲမရှိ ရှိတာကဘာတုံး (အဆင်းသဘောပါ ဘုရား) အဆင်းကလူလား၊ ရုပ်လား(ရုပ်ပါဘုရား)လူနဲ့ရုပ်နဲ့ကွဲမသွားဘူးလား(ကွဲသွားပါတယ်ဘုရား)အဲဒီ ရုပ်ကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ရူပက္ခန္ဓာပါဘုရား) ခင်ဗျားတို့ ကြည့်တဲ့ အခါမှာ ဣဋ္ဌာရုံနဲ့တွေ့တဲ့အခါ ကြည့်လို့ကောင်းတယ်၊ အနိဋ္ဌာရုံနဲ့တွေ့တဲ့အခါ ကြည့်လို့မကောင်းဘူး၊ အဲဒါဘာသဘောတုံး(ဝေဒနာသဘောပါဘုရား)

ဝေဒနာဆိုတာ ခံစားတဲ့သဘော လူတွေ သတ္တဝါတွေကို ခံစားတာလား၊ အာရုံကိုခံစားတာလား(အာရုံကိုခံစားတာပါဘုရား) ကြည့်တိုင်းကြည့်တိုင်းမှာ ကောင်းမကောင်းဆိုတဲ့အာရုံကို မခံစားဘူးလား၊ ခံစားသလား(ခံစားပါတယ် ဘုရား) ကောင်းတယ် ဆိုတာက သုခဝေဒနာ။ မကောင်းဘူး ဆိုတာက ဒုက္ခ ဝေဒနာ။ ကောင်းမကောင်းဆိုတာက ဥပေက္ခာဝေဒနာ။ တပါးတည်းပေါင်း လိုက်တော့ဘာတုံး (ဝေဒနာပါဘုရား) လက္ခဏာကတော့ (ခံစားတဲ့လက္ခဏာ ပါဘုရား) သဘောကတော့ (ခံစားတဲ့သဘောပါ ဘုရား) ဘယ်အချိန်မှာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါ ဘုရား) ဝေဒနာမရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)အဲဒီဝေဒနာကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ဝေဒနာ က္ခန္ဓာပါဘုရား)

ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ ခင်ဗျားတို့ ကြည့်တဲ့အခါမှာ မမှတ်သားဘူးလား၊ မှတ်သားသလား(မှတ်သားပါတယ်ဘုရား) လူကမှတ်တာလား၊ သညာက မှတ် တာလား(သညာကမှတ်တာပါဘုရား)ဒီသညာကိုခန္ဓာဖွဲ့လိုက်တော့(သညက္ခန္ဓာ ပါဘုရား)ကြည့်လိုဘယ်၊ မြင်လိုဘယ်၊ ဆိုတာကစေတနာ။ ဒီစေတနာကို ခန္ဓာ ဖွဲ့လိုက်တော့ဘာခန္ဓာတုံး(သင်္ခါရက္ခန္ဓာပါဘုရား)တကာတကာမတွေ ကြည့်လိုက် တဲ့ အခါကျတော့ လူလို့သိတာလား၊ ရုပ်လို့သိတာလား (ရုပ်လို့ သိတာပါ ဘုရား) လူကိုသိတာလား၊ အဆင်းကိုသိတာလား (အဆင်းကိုသိတာပါဘုရား) အဲဒီရုပ်ဘရားကို လူကသိတာလား၊ စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား) အဲဒီစိတ်ကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး(ဝိညာဏက္ခန္ဓာပါဘုရား) ခန္ဓာဘယ် နှစ်ပါးရလာတုံး(ငါးပါးပါဘုရား)ခန္ဓာငါးပါးဆိုစမ်းပါ။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ (အပ္ပမာ ဒဿဘိက္ခဝေ အနုပ္ပန္နာစေဝကုသလာဓမ္မာဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ အကုသလာဓမ္မာ ပဟီယန္တိ။

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့ အပ္ပမာဒသာ မမေ့မလျော့သောပုဂ္ဂိုလ်အား အနုပန္နာ၊ မဖြစ်ပေါ်ကုန်သေးသော၊ ကုသလဓမ္မာစေဝ၊ ကုသိုလ်တရားတို့သည် သာလျှင် ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်လာကုန်၏၊ မမေ့တဲ့ ပုဂ္ဂိုလ်အား မဖြစ်သေးတဲ့ ကုသိုလ်တရားတွေဖြစ်တယ်တဲ့၊ ဒါကြောင့် တကာတကာမတွေ မေ့သင့်သလား၊ မမေ့သင့်ဘူးလား(မမေ့သင့်ပါဘုရား)

သတိဟာ အရေးမကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား)မြတ်စွာဘုရားက မမေ့တဲ့ပုဂ္ဂိုလ်အား မဖြစ်သေးတဲ့ ကုသိုလ်တရားတွေ ဖြစ်ပါတယ်တဲ့၊ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေ ပယ်ပျောက်ဆုတ်ယုတ်ပါတယ်တဲ့၊ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်ပြီးသော၊ အကုသလာဓမ္မာစ၊ အကုသိုလ်တရားတို့ကိုလည်း၊ ပဟီယန္တိ၊ ပယ်ပျောက် ဆုတ်ယုတ်စေကုန်၏၊ ဒါကြောင့် တကာတကာမတွေ မမေ့ကြနဲ့ မေ့ရင်ဖြင့် အကုသိုလ်ဘရားတွေ ဖြစ်ပြီး၊ ကုသိုလ်တရားတွေ ပျက်စီး မှာဘဲ၊ ခင်ဗျားတို့ကျုပ်တို့မေ့သင့်သလား၊ မမေ့သင့်ဘူးလား(မမေ့သင့်ပါဘုရား)သတိထားသင့်သလား၊ သတိမထားသင့်ဘူးလား (သတိထားသင့်ပါတယ်ဘုရား)

သတိထားတယ်ဆိုတာက မိမိခန္ဓာမှာထားရမှာလား၊သူတပါးခန္ဓာမှာထား ရမှာလား (မိမိခန္ဓာမှာထားရမှာပါ ဘုရား) သတိထားရမဲ့ နေရာတွေက မျက်စိ နား နှာ လျှာ ကိုယ် မန ဆိုတဲ့ ခြောက်ဌာနမှာ ဖြစ်ပါတယ်၊ ဘယ်နှစ်ဌာနမှာ သတိထားရမှာတုံး(ခြောက်ဌာနမှာပါဘုရား) အဲဒီခြောက်ဌာနက ဘာတွေတုံး (မျက်စိ နား နှာ လျှာ ကိုယ် မန ပါဘုရား) အဲဒီခြောက်ဌာနမှာ သတိထားရမယ်၊ မြတ်စွာဘုရားက ( ဒိဋ္ဌေ ဒိဋ္ဌမတ္တံဘဝိဿတိ၊ ) ဒိဋ္ဌေ၊ မြင် သည် ရှိ သော်၊ ဒိဋ္ဌမတ္တံ၊ မြင်ကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရာ၏၊ သုတေ၊ သုတမတ္တံဘဝိဿတိ၊ သုတေ၊ကြားသည်ရှိသော်၊ သုတမတ္တံ၊ ကြားကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရာ၏။ မုတေ မုတမတ္တံဘဝိဿတိ၊ မုတေ၊ တွေ့ထိသည်ရှိသော်၊ မုတမတ္တံ၊ တွေ့ထိကာမျှ သည်၊ဘဝိဿတိ၊ဖြစ်ရာ၏။

ဝိညာတေဝိညာတမတ္တံဘဝိဿတိ၊ ဝိညာတေ၊ သိသည်ရှိသော်၊ ဝိညာတမတ္တံ၊ သိကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရာ၏၊ အချက်လေးချက် ဟောတော်မူတယ်။ မြင်ရင်မြင်ကာမျှ၊ ကြားရင်ကြားကာမျှ၊ တွေ့ရင်တွေ့ကာမျှ၊ သိရင်သိကာမျှ၊မြင် ရင်မြင်ကာမျှဆိုတာ မြင်တဲ့အခါမှာ လောဘ ဒေါသ မောဟမဖြစ်စေနဲ့၊ မြင်တဲ့ အခါမှာဘာမဖြစ်ရမှာလဲ(လောဘဒေါသမောဟ မဖြစ်ရမှာပါဘုရား)လောဘ ဒေါသ မောဟ မဖြစ်ရအောင်ပြောတာ၊ အဲဒီတော့ တကာတကာမတွေ မြင်တဲ့ အခါမကြည့်ဘူးလား၊ ကြည့်သလား(ကြည့်ပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ သတိထားပြီးကြည့်ကြတာလား၊ သတိမထားဘဲကြည့်ကြတာလား(သတိမထား ဘဲကြည့်ကြတာပါဘုရား)

သတိမထားဘဲ ကြည့်လို့ရှိရင် ခင်ဗျားတို့ နာမ်တရားရုပ်တရားခန္ဓာငါးပါး မကွဲဘဲနဲ့ ရှိတဲ့တရားတွေမြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘုရား) မရှိတာက လူတွေ သတ္တဝါတွေ မိန်းမ ယောကျ်ားတွေ အိုး အိမ် တိုက်တာတွေ မရမတ်နယ်ပယ် မှာ ရှိရဲ့လား (မရှိပါဘုရား) သခ်တနယ်ပယ် မှာတော့ စိတ် စေတသိက် ရုပ်ဘဲ ရှိတာကိုး။ တနည်း ရုပ်နာမ်နှစ်ပါးဘဲရှိတာကိုး။ ဒါကလဲ့ရင်ရှိသေးရဲ့လား (မရှိ ပါဘုရား) ဒါပေမယ်လို့ သတိမထားဘဲ ကြည့်တဲ့အခါကျတော့ ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါတွေကို မမြင်ဘူးလား၊မြင်သလား(မြင်ပါတယ်ဘုရား)

အဲဒီ နိမိတ်တွေ ယူလိုက်ရင် ဒါကုသိုလ်ဖြစ်မလား၊ အကုသိုလ်ဖြစ်မလား (အကုသိုလ်ဖြစ်မှာပါ ဘုရား) မြင်တဲ့အခါမှာ မြတ်စွာဘုရားက (စက္ခုနာရူပံ ဒိသွာမာနိမိတ္တဂ္ဂါဟီဟောတိ။ မာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဒိကရဏံ(လ) အသံဝုတံ၊ ပါပကာ၊အကုသလာဓမ္မာအန္ဒာသဝေယျုံ။)

စက္ခုနာ၊ မျက်စိဖြင့်၊ ရူပံ၊ အဆင်းရူပါရုံကို၊ ဒိသွာ၊ မြင်သည်ရှိသော်၊ အော် မျက်စိနဲ့မြင်တာက လူတွေ သတ္တဝါတွေကို မြင်တာလား၊ အဆင်းမြင်တာလား (အဆင်းမြင်တာပါဘုရား) မြတ်စွာဘုရားဟောတော်မူတဲ့ ပါဠိတော်စကားမှာ အဆင်းသဘောရှိတာလား၊ လူတွေ သတ္တဝါတွေရှိတာလား (အဆင်းသဘော ရှိတာပါဘုရား) အဆင်းဘဲရှိတာဘဲ၊ တကာတကာမတွေ မြင်မြင်သမျှ အဆင်း သဘောချည်းဘဲ၊ တကာ တကာမတွေ အဆင်းသဘောမြင်တာလား၊ လူတွေ သတ္တဝါတွေ မြင်တာလား (အဆင်းသဘောမြင်တာပါဘုရား) မျက်စိအကြည် သဘောနဲ့လာတွေ့သမျှ အဆင်းသဘောချည်းဘဲမှတ်လိုက်ပါ။

ဒါကြောင့် စက္ခုနာ၊ မျက်စိဖြင့်၊ ရူပံ၊ အဆင်းရူပါရုံကို၊ ဒိသွာ၊ မြင်သည်ရှိ သော်၊ မြင်တာက အဆင်းရူပါရုံကို မြင်တာလား၊ ယောကျ်ား မိန်း မပုဂ္ဂိုလ် သတ္တဝါတွေကို မြင်တာလား (အဆင်းရူပါရုံကိုမြင်တာပါဘုရား) နိမိတ္တဂ္ဂါဟီ၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေကို မာအဂ္ဂါဟီ၊ မယူလိုက်နဲ့၊ မြင်တဲ့ အခါ အဆင်းလို့ရှုရမှာလား၊ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေလို့ရှုရမှာ လား (အဆင်းလို့ရှုရမှာပါ ဘုရား) အဆင်းလို့ရှုချလိုက်၊ ဒီအဆင်းက နဲနဲခက် တယ်၊ အစဉ်အတိုင်းမှိုသာ ပြရတာ၊ ဒီပြင် အသံအစ ရှိတာတွေက လွယ်တယ်၊ ဒီအဆင်းသဘောက နဲနဲခက်တယ် သတိထား။

စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊အဆင်းရူပါရုံကို။ ဒိသွာ၊ မြင်သည်ရှိသော်။ နိမိတ္တံ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူသောနိမိတ်ကို၊ မာအဂ္ဂါဟီ၊ မယူလိုက်ပါ နဲ့။ အနုဗျဉ္ဇနဂ္ဂါဟီ၊ အဲဒီယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတဲ့ အပေါ်မှာ

သွားဟန် လာဟန် ပြုံးရယ်ဟန်ဆိုတဲ့ အသေးစိတ် အမှတ်အသားတွေကိုလဲ မယူလိုက်ပါနဲ့။ ခင်ဗျားတို့ ကျုပ်တို့က သတိမထားဘဲ ကြည့်လိုက်တဲ့အခါကျတော့ ပုဂ္ဂိုလ် သတ္တဝါ နိမိတ်တွေမယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား)

နိမိတ်ယူလိုက်တာနဲ့တပြိုင်တည်း ယောကျ်ား မိန်းမတွေသွားတာက ဘယ်လို၊ သူရပ်ဘာကဘယ်ကဲ့သို့၊ သူပြုံးတာလေးကဘယ်လို၊ သူလမ်းလျှောက်တာလေးက ဘယ်လိုလေး၊ အစရှိသည်ဖြင့် သွားပုံ လာပုံ ရယ်ပုံ ပြုံးပုံ အဲဒီအသေးစိတ်အမှတ်အသားတွေကို မယူလိုက်ဘူးလား၊ ယူလိုက်သလား ( ယူလိုက်ပါတယ်ဘုရား ) မြတ်စွာဘုရားကယူခိုင်းသလား၊ မယူခိုင်းဘူးလား (မယူခိုင်းပါဘုရား) မြတ်စွာဘုရားက မယူပါနဲ့တဲ့။ ခင်ဗျားတို့ ကျုပ်တို့ကယူတယ်။ မယူဘူးလား၊ ယူသလား (ယူပါတယ်ဘုရား) မြတ်စွာဘုရားကို ထော်လော်ကန့်လန့်လုပ်နေတဲ့ပရိသတ်လို့ ဆိုရင် မှားပါ့မလား (မမှားပါဘုရား)

အဲဒီလို မြတ်စွာဘုရားကို ထော်လော်ကန့်လန့် လုပ်ခဲ့လို့ ယခုအချိန်ထိသံသရာ ရှည်နေတယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား ( မရပါဘုရား ) မြတ်စွာဘုရားက ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေကို နှလုံးမသွင်းပါနဲ့တဲ့။ ခင်ဗျားတို့ကျုပ်တို့က နေ့တိုင်းနေ့တိုင်းနှလုံးသွင်းနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) နှလုံးသွင်းလိုက်တာနဲ့ တပြိုင်တည်း အဲဒီ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ သွားဟန်၊ လာဟန်၊ ပြုံးဟန်၊ ရယ်ဟန်၊ အစရှိတဲ့ အသေးစိတ် အမှတ်အသားတွေကိုယူတယ်။ ယူလိုက်ရင် အဲဒီအသေးစိတ် အမှတ်အသားတွေပေါ်မှာ လောဘ ဒေါသ မောဟ တရားတွေဖြစ်လာမယ်။ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

မြတ်စွာဘုရားကိုယ်တော်မြတ်က ကြည့်တဲ့အခါမှာ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဒိဋ္ဌမတ္တံ၊မြင်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်ရာ၏။ မြတ်စွာဘုရားက မြင်ရင် မြင်ကာမျှသာကြည့်၊ လောဘမဖြစ်စေနဲ့၊ ဒေါသမဖြစ်စေနဲ့၊ မောဟ ဖြစ်စေနဲ့တဲ့။ သို့သော်ခင်ဗျားတို့ကျုပ်တို့ကအမှားမြင်နေတော့ လောဘ တွေဖြစ်လာတယ်၊ ဒေါသတွေဖြစ်လာတယ်၊ မောဟတွေဖြစ်လာတယ်။ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်ဌာနမှာဖြစ်တာလဲ (မျက်စိဌာနမှာပါဘုရား) ဘယ်အချိန်မှာဖြစ်တာလဲ ( ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား ) နှစ်ချက်ပေါ့၊ ဒီအချိန်မှာဖြစ်တယ်။ ဒီအချိန်မှာသောင်းကျန်းတယ်၊ ဘာ့ကြောင့်လဲလို့ ဆိုတဲ့အခါကျတော့ မယူသင့်တာတွေ မဟုတ်တာတွေ သွားယူလို့။

မဟုတ်တာတွေသွားပြီး နှလုံးသွင်းလိုက်တော့ အကုသိုလ်တွေ သောင်းကျန်းလာရော။ အဲဒါ ဘာပြုလို့လဲဆိုတော့ သတိမရှိလို့။ သတိမလွတ်ဘူးလား၊ လွတ်သလား (လွတ်ပါတယ်ဘုရား) ဒါ့ကြောင့် စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို၊ အသံဝုတံ၊

သတိဖြင့်မစောင့်စည်းသည်ဖြစ်၍၊ ဝိဟရန္တံ၊ နေသော။ ဇနံဘိက္ခုံ၊ ထိုရဟန်းကို။ ဓါ၊ ထိုအမျိုးကောင်းသောအမျိုးသမီးကို။ ပါပကာ၊ ယုတ်မာကုန်သော၊ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်၊ အန္ဒာသဝေယျုံ။ ·အစဉ်တစိုက် ယိုစီးကြလေကုန်၏၊ ဘယ်ဌာနကယိုစီးတာလဲ (မျက်စိပေါက်ကပါဘုရား) အကုသိုလ်ဆိုတာက လောဘ ဒေါသ မောဟ တရားတွေ။ ဒီတရားတွေဟာ မျက်စိပေါက်က မယိုစီးဘူးလား၊ ယိုစီးသလား (ယိုစီးပါတယ်ဘုရား) သတိရှိလို့လား၊ သတိမရှိလို့လား(သတိမရှိပါဘုရား)သတိမရှိလိုက်တာနဲ့တပြိုင်နက်ခင်ဗျားတို့ယောကျ်ားဆိုတဲ့နိမိတ်တွေ၊ မိန်းမဆိုတဲ့နိမိတ်တွေ၊ အိုးအိမ်တိုက်တာဆိုတဲ့ နိမိတ်တွေ မယူလိုက်ဘူးလား၊ယူလိုက်သလား[ယူလိုက်ပါတယ်ဘုရား]သတိမရှိလိုက်တာနဲ့တပြိုင်တည်း ပြုံးဟန် ရယ်ဟန်စသော အသေးစိတ် အမှတ်အသားတွေကော မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား)

ယူလိုက်ရင် ယုတ်မာတဲ့ အကုသိုလ်တရားတွေ မျက်စိပေါက်က မဖြစ်လာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) မျက်စိပေါက်ကလောဘမီးတွေ ဒေါသမီးတွေ မောဟမီးတွေ မ တောက် လာ ဘူး လား၊ တောက် လာ သ လား၊ ( တောက်လာပါတယ်ဘုရား ) စက္ခုနာ၊ မျက်စိပေါက်က၊ အာဒိတ္တံ၊ မီးတွေ တောက်နေတယ်။ ကေနဒ္ဒေန အာဒိတ္တံ၊ ကေနဒ္ဒေန၊ အဘယ်မီးဖြင့်၊ အာဒိတ္တံ၊ တောက်လောင်နေသလဲ။ ရာဂဂ္ဂိယာအာဒိတ္တံ ဒေါသဂ္ဂိယာအာဒိတ္တံ မောဟဂ္ဂိယာ အာဒိတ္တံ။ ရာဂဂ္ဂိယာ၊ ရာဂတည်းဟူသောမီးဖြင့်၊ အာဒိတ္တံ၊ တောက်လောင်၍ နေတယ်၊ ခင်ဗျားတို့ ကျုပ်တို့ရဲ့ မျက်စိပေါက်က မီး တွေ မ တောက် ဘူး လား၊ တောက်သလား (တောက်ပါတယ်ဘုရား) ဘာမီးတုံး (ရာဂမီးပါဘုရား)

ဘာပြုလို့ ဒီမီးတောက်တာတုံး (သတိမရှိလို့ပါဘုရား) ဒါကြောင့် သတိမရှိလိုက်တာနဲ့တပြိုင်နက် မဖြစ်သေးတဲ့အကုသိုလ်တရားတွေဖြစ်ပြီးတော့ ဖြစ်ပြီးတဲ့ကုသိုလ်တရားတွေကော မ ပျက် စီး ဘူး လား၊ ပျက်စီးသလား (ပျက်စီးပါတယ်ဘုရား) သတိလွတ်လိုက်တာနဲ့ဘပြိုင်နက် မီးတောက်လာတယ်။ ရာဂဂ္ဂိယာ၊ ရာဂတည်းဟူသောမီးဖြင့်။ အာဒိတ္တံ၊တောက်လောင်၍နေတယ်၊ ဒေါသဂ္ဂိယာ၊ဒေါသတည်းဟူသောမီးဖြင့်။ အာဒိတ္တံ၊ တောက်၍နေတယ်။ မောဟဂ္ဂိယာ၊ မောဟတည်းဟူသောမီးဖြင့်၊ အာဒိတ္တံ၊တောက်၍နေတယ်။ မီးတွေဘဟုန်းဟုန်းတောက်နေတာ တောက်မှန်းသိရဲ့လား (မသိပါဘုရား) ဘာပြုလို့တုံး (သတိမရှိလို့ပါဘုရား) သတိလွတ်လို့လား၊ သတိမလွတ်လို့လား (သတိလွတ်လို့ပါဘုရား)

သတိလွတ်တာနဲ့အမျှ ကိလေသာတွေသောင်းကျန်းလိုက်တာ၊ သောင်းကျန်းမှန်းလဲမသိ။ အကုသိုလ်တွေ သောင်းကျန်းတာ သောင်းကျန်းမှန်းလဲ မသိဘူး။ လောဘမီးတွေ ဒေါသမီးတွေတဟုန်းဟုန်းတောက်ပြီးသေခဲ့ရတဲ့ဘဝတွေ မများ

ဘူးလား၊ မျှားခဲ့သလား (မျှားခဲ့ပါတယ်ဘုရား) ရေတွက်လို့ရရဲ့လား (မရပါဘုရား) ဒါကြောင့် သာသနာတော်နဲ့တွေ့တဲ့အခါမှာ လောဘမီးတွေ ဒေါသမီးတွေ မောဟမီးတွေ မငြိမ်းရင်ဖြင့် ဒီမီးတွေအငြိမ်းရပ်ပါ့မလား (မရပ်ပါဘုရား) အဓတာက်ရပ်ပါ့မလား (မရပ်ပါဘုရား) ဘာ့ကြောင့်လဲလို့ဆိုတော့ လောင်စာက ထည့်ထည့်ပေးနေတာကိုး။ လောင်စာထည့်ထည့်ပေးနေတော့ မီးမလောင်ဘူးလား၊ လောင်သလား (လောင်ပါတယ်ဘုရား)

လောင်စာကဘာလဲလို့ဆိုရင် သက္ကာယဒိဋ္ဌိ၊ လောင်တာက လောဘ ဒေါသ မောဟ။ လောင်တာကဘယ်သူတုံး (လောဘမီး ဒေါသမီး မောဟမီး) လောင်စာကဘာတုံး (သက္ကာယဒိဋ္ဌိပါဘုရား) ငါငါနဲ့ သတိရှိလို့လား၊ သတိမရှိလို့လား (သတိမရှိလို့ပါဘုရား) ဒါကြောင့် မျက်စိပေါက်ကသတိရှိရမှာလား၊သတိမရှိရဘူးလား (သတိမရှိရမှာပါဘုရား) သတိရှိလိုက်စမ်းပါ။ ပဌမမြင်ရင် မြင်တယ်လို့မှတ်။ ဘယ်လိုမှတ်ရမှာလဲ (မြင်တယ်လို့မှတ်ရမှာပါဘုရား)

ဘာဘဲမြင်မြင် မြင်တယ်မြင်တယ်လို့မှတ်။ ယောကျ်ားမြင်တယ်၊ မိန်းမမြင်တယ်၊ ပုဂ္ဂိုလ်မြင်တယ်၊ သတ္တဝါမြင်တယ်လုပ်မနေနဲ့၊ မျက်စိရှေ့မှာလာလာသမျှ ဘယ်လိုမှတ်ရမှာတုံး ( မြင်တယ်မြင်တယ်လို့ မှတ်ရမှာပါဘုရား ) အဲဒါ ဘာကမ္မဋ္ဌာန်းပါလိမ့် (သမထကမ္မဋ္ဌာန်းပါဘုရား) သတိရှိလို့လား၊ သတိမရှိလို့လား (သတိရှိလို့ပါဘုရား) သတိရှိလို့။ သတိမရှိရင် ခင်ဗျားတို့မြင်တယ်လို့ မှတ်ပါ့မလား (မမှတ်ပါဘုရား) မမှတ်တော့ဘူး။ ခင်ဗျားတို့ လောဘမျက်စိနဲ့ ဒေါသမျက်စိနဲ့ မောဟမျက်စိနဲ့ဘဲကြည့်ဘယ်။ မကြည့်ဘူးလား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) ကုသိုလ်မျက်စိလား၊ အကုသိုလ်မျက်စိလား (အကုသိုလ်မျက်စိပါဘုရား)

အကုသိုလ်မျက်စိနဲ့ ခင်ဗျားတို့ကြည့်ကြတယ်။ ဒါကြောင့် မြတ်စွာဘုရားက ကြည့်တတ်အောင်လို့ -

ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိတဲ့။

ကမ္မဋ္ဌာန်းလွတ်ရဲ့လား (မလွတ်ပါဘုရား) ကမ္မဋ္ဌာန်းမလွတ်အောင်လို့ မြတ်စွာဘုရားက ဟောတော်မူတာ။ ဘယ်လောက် ကျေးဇူးကြီးမားသလဲ (ကျေးဇူးကြီးပါတယ်ဘုရား) ဣရိယာပထပဗ္ဗမှာရော သမ္ပဇညပဗ္ဗမှာရော လိုလေသေးမရှိအောင် ပြတော်မူထားပါတယ်။ ယခုလဲ ဓါတ်တဆယ့်ရှစ်ပါး ပြတော်မူပြန်ပြီ။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဒိဋ္ဌမတ္တံ၊ မြင်ကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရာ၏။ မြင်ရင် ဘာတုံး၊ မြင်တယ်ဘဲမှတ်၊ မြင်ရင်ဘယ်လိုမှတ်ရမှာလဲ (မြင်ရင်မြင်တယ်မြင်တယ်လို့မှတ်ရမှာပါဘုရား) မြင်ရင်မြင်တယ်လို့ မှတ်ခိုက်မှာ နိဝရဏဘရားငါးပါး ပငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား)

မြင်ရင်မြင်တယ်လို့ မမှတ်ရင် နီဝရဏတရား ငါးပါး သောင်းကျန်းပြီးတော့ ဝိပဿနာဉာဏ်တွေကို နီဝရဏတရားငါးပါးက ဖျက်ဆီးပြစ်နေတယ်။ ဘယ်ဌာနမှာဖျက်ဆီးပစ်နေတာလဲ (မျက်စိဌာနမှာပါဘုရား) ဘယ်အချိန်မှာဖျက်ဆီးတာတုံး (မြင်တိုင်းကြည့်တိုင်းမှာပါဘုရား) သတိမရှိရင် ဖြစ်တော့တာဘဲ။ နီဝရဏတရားတွေသောင်းကျန်းတော့ ဝိပဿနာဉာဏ်တွေပျက်စီး။ ဝိပဿနာဉာဏ်တွေပျက်စီးတာနဲ့တပြိုင်တည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘုရား) ဒါ့ကြောင့် တကာတကာမတွေ ရှေးဦးစွာ မြင်ရင်မြင်တယ်ဘဲ မှတ်ပါ၊ မြင်တယ်မြင်တယ်လို့ဘဲမှတ်ပါ၊ အဲဒီလိုမှတ်ခိုက်မှာ ဘာကမ္မဋ္ဌာန်းလဲ (သမထကမ္မဋ္ဌာန်းပါဘုရား)

သမထကမ္မဋ္ဌာန်းဆိုတာမှတ်တဲ့သဲဘော၊ သညာကဦးဆောင်တယ်၊ ဝိပဿနာကမ္မဋ္ဌာန်းက-ပညာကဦးဆောင်တယ်။ အဲဒီလိုမှတ်ချက်ချပါ၊ သမထမှာ သညာကောင်းရတယ်။ ဝိပဿနာမှာ ဘာ ကောင်း ရ မှာ တုံး (ပညာကောင်းရမှာပါဘုရား) ဒါကြောင့် ခင်ဗျားတို့ရှုတဲ့အခါမှာ ဘယ်လိုမှတ်ရမှာတုံး (မြင်တယ်မြင်တယ်လို့ မှတ်ရမှာပါဘုရား) နောက်တဆင့် တက်ကြစို့။ မြင်တာတော့ ငါမြင်တယ်ဆိုတာမှတ်နေပြီး ဘာတွေကိုမြင်နေတာတုံး၊ ဘာတွေရှိနေတာတုံး၊ ရှိတဲ့တရားမြင်မှာလား၊ မရှိတဲ့တရားမြင်မှာလား (ရှိတဲ့တရားမြင်မှာပါဘုရား) ရှိတဲ့တရားမြင်မှာ။ တကာ တကာမတွေ သတိထားလိုက်ပါ၊ ရှိတဲ့တရားမြင်မှာဘဲ။ အဲဒီတော့ ရှိတာက ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရှိတာလား၊ အဆင်းသဘောရှိတာလား (အဆင်းသဘောရှိတာပါဘုရား) အဆင်းလို့မှတ်လို့။

မြင်တဲ့အခါမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒါဖြင့်ဘာတုံး (အဆင်းပါဘုရား) ဘာသဘော (အဆင်းသဘောပါဘုရား) အဲဒါ အဆင်းလို့လဲခေါ်တယ်၊ ရုပ်လို့လဲခေါ်တယ်။ ဝဏ္ဏဓါတ်လို့လဲခေါ်တယ်၊ မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား) သဒ္ဒါရလို့လဲခေါ်တယ်။ ပရမတ်လို့လဲခေါ်တယ်။ အဆင်းလို့ခေါ်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) တကာတကာမတွေ ဒါဘာလဲလို့ဆိုလို့ရှိရင် ဥပမာ ဟောဒီဘုန်းကြီးလက်ကိုကြည့်စမ်း၊ အဲဒါဘာတုံး (အဆင်းပါဘုရား) အဆင်းဆိုတာက ပြောသာပြောရတာ။ အဆင်းသဘောကောရှိရဲ့လား (မရှိပါဘုရား)

အဆင်းလို့အခေါ်ခံတဲ့သဘော၊ ပရမတ်ထိအောင်ဆိုက်တယ်၊ အဆင်းလို့ခေါ်တာလဲပညတ်၊ ရုပ်လို့ကောမခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား) ရုပ်လို့ခေါ်တာလဲပညတ်ဘဲ။ ဝဏ္ဏလို့ခေါ်ရင်ကော (ပညတ်ပါဘုရား) ရူပဓါတ်ခေါ်ရင်လဲပညတ်ဘဲ၊ ရူပါယတနခေါ်ရင်လဲ ပညတ်ဘဲ။ အမျိုးမျိုး မခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား) ဘာပညတ်တုံး (ဝိဇ္ဇမာနပညတ်ပါဘုရား)

ဒါအနီရောင်လေးဘဲလို့ဆိုရင် (အဝိဇ္ဇမာနပညတ်) အနီဆိုတာရှိရဲ့လား (မရှိပါဘုရား) အဖြူဆိုတာရှိရဲ့လား(မရှိပါဘုရား)ရှိတာကဘာတုံး (အဆင်းပါဘုရား) အဖြူ အနီ အဝါ အစိမ်း အပြာ အညို အနက် လို့ ခေါ်တာက (အဝိဇ္ဇမာန ပညတ်) အဆင်းလို့ခေါ်တာက အဝိဇ္ဇမာနပညတ်။

အဲဒီဝိဇ္ဇမာနပညတ် အဝိဇ္ဇာမာနပညတ်မှထိုးထွင်းပြီး အဆင်းလို့အခေါ်ခံရတဲ့ သဘောသတ္တိသည် ပရမတ်။ အဆင်းလို့အခေါ်ခံရတဲ့သဘောသတ္တိသည် ဘာတုံး(ပရမတ်ပါဘုရား)တကာတကာမတွေ မျက်တောင်အစွန်းကစပြီး ဒီအကြားမှာ အဆင်းချည်းဘဲမှတ်၊ ဒီအဆင်း လက်နှင့်ကိုင်လို့ရရဲ့လား ( မရပါဘုရား ) အဆင်းတွေမရှိဘူးလား (ရှိပါတယ်ဘုရား) အဆင်းသဘောတွေမျက်စိနဲ့မြင်လို့ရရဲ့လား (မရပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား) အဆင်းတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒီအရာဝတ္ထုတွေမှ အဆင်းထင်နေတာ။ ဒီအရာဝတ္ထုမရှိလဲ ဒီအကြားမှာ အဆင်းတွေ၊ ကောင်း ကင် ကြည့် လဲ ဒီအကြားမှာ အဆင်းတွေဘဲ။ သူက မျက်စိနဲ့မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား)

မသိမ်မွေ့ဘူးလား၊ သိမ်မွေ့သလား (သိမ်မွေ့ပါတယ်ဘုရား) အဆင်းတို့ ရုပ်တို့ ဝဏ္ဏဓါတ်တို့ဆိုတာတွေက ဘာတဲ့တုံး (ဝိဇ္ဇမာနပညတ်ပါဘုရား) အစိမ်း အနီ အဝါ အပြာလို့ခေါ်တာကဘာတုံး(အဝိဇ္ဇမာနပညတ်ပါဘုရား)အဲဒီတော့ ဝိဇ္ဇမာနပညတ် အဝိဇ္ဇမာနပညတ်မှ ခွါပြီး ထင်ရှားရှိတဲ့သဘာဝသည် ဘာတုံး (ပရမတ်ပါဘုရား) သူ့ကိုဘယ်လိုခေါ်သတုံး (အဆင်းလို့ခေါ်ပါတယ်ဘုရား) အဆင်းလို့မခေါ်လို့ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)သမုတိသစ္စာအနေနဲ့မပြောရဘူးလား၊ ပြောရသလား (ပြောရပါတယ်ဘုရား) ဒါကြောင့် တကာ တကာမတွေ မြင်မြင်သမျှဘာတုံး (အဆင်းပါဘုရား) အဆင်းက လူလား ရုပ်လား (ရုပ်ပါဘုရား)

ခင်ဗျားတို့ ယောကျ်ား မိန်းမတွေရှိတာလား၊ အဆင်းရှိတာလား (အဆင်းရှိတာပါဘုရား)အဲဒီအဆင်းက မျက်စိနဲ့မြင်ကောင်းတဲ့အရာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)လူကတော့ မျက်စိနဲ့မြင်ကောင်းတယ်။ အဆင်းကမျက်စိနဲ့မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘုရား) အဆင်းကဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား) ဉာဏ်နဲ့ထင်ရှားရတဲ့တရား၊ ပ ရ မတ် တို့ မည် သည် မှာ မျက်စိနဲ့မြင်ကောင်းတဲ့တရားမဟုတ်ဘူး။ ဒါကြောင့် တကာတကာမတွေ သတိထားလိုက်စမ်းပါ။ အဆင်းလို့အခေါ်ခံရတဲ့ သဘောသတ္တိတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘာရှိတာတုံး (အဆင်းပါဘုရား)

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ နိမိတ်ကို ယူရမှာလား၊ အဆင်းကိုယူရမှာလား (အဆင်းကိုယူရမှာပါဘုရား)မာနိမိတ္တဂ္ဂါဟီ၊ယောကျ်ား မိန်းမ ပုဂ္ဂိုလ်

သတ္တဝါလို့မယူလိုက်ပါနဲ့။ မာအနုဗျဉ္စနဂ္ဂါဟီ၊ အဲဒီ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ သွားဟန် လာဟန် ပြုံးဟန် ရယ်ဟန်ဆိုတဲ့ အသေးစိတ်နိမိတ်တွေလဲမယူလိုက်ပါနဲ့။ ယူလိုက်ရင် ဘာတွေသောင်းကျန်းလာမလဲ (အကုသိုလ်တွေသောင်းကျန်းလာမှာပါဘုရား) အကုသိုလ်ဆိုတာ ဘာတွေပါလိမ့် (လောဘ ဒေါသ မောဟ ပါဘုရား) ဘယ်ဌာနကလဲ (မျက်စိပေါက်ကပါဘုရား) သတိမရှိလိုက်တာနဲ့တပြိုင်တည်း အကုသိုလ်တွေ သောင်းကျန်းလာမှာဘဲ၊ သ တိ ရှိ ရင် အကုသိုလ်တရားတွေ သောင်းကျန်းနိုင်သေးရဲ့လား (မ သောင်း ကျန်း နိုင် ပါဘုရား)

သတိထားလိုက်တဲ့ အခါကျတော့ ပဋ္ဌမမြင်တယ်၊ မြင်တယ်သာပြောရတာ၊ ရှိတာကဘာသဘောတုံး(အဆင်းသဘောပါဘုရား)အဆင်းက လူလား ရုပ်လား (ရုပ်ပါဘုရား) အဲဒီအဆင်းသည် လူနဲ့လာတွေ့တာလား၊ မျက်စိအကြည်နဲ့ လာတွေ့တာလား (မျက်စိအကြည်နဲ့တွေ့တာပါဘုရား) မျက်စိအကြည်နဲ့လာတွေ့တာ ငါနဲ့တွေ့တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မျက်စိအကြည်ခါတ် မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) မျက်စိနဲ့အကြည်နဲ့တခြားစီနော်၊ ဥပမာ-ခင်ဗျား တို့ အိမ်တွေမှာ ကြမ်းတွေမတိုက်ဘူးလား၊ တိုက်သလား (တိုက်ပါတယ်ဘုရား) ကြမ်းတွေတိုက်လိုက်တဲ့အခါကျတော့ အရောင်တွေ ထွက်မလာဘူးလား၊ ထွက်လာသလား (ထွက်လာပါတယ်ဘုရား) အရောင်ဟာကြမ်းဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ကြမ်းဟာအရောင်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ကြမ်းခင်းပျဉ်က ကော အရောင်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အဲဒီအရောင်နဲ့ ကြမ်းပျဉ်အခင်း ကော ကင်းလို့ရရဲ့လား(မရပါဘုရား)မျက်စိဟာအကြည်ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)အကြည်ဟာမျက်စိဟုတ်ရဲ့လား(မဟုတ်ပါဘုရား)သို့သော် ကင်းကောင်းရဲ့လား (မကင်းကောင်းပါဘုရား)

အဲဒီအဆင်းက မျက်စိနဲ့မြင်ကောင်းတဲ့တရားဟုတ်ရဲ့လား (မဟုတ်ပါဘုရား) လူကတော့ မျက်စိနဲ့မြင်ကောင်းတယ်။ အဆင်းက မျက်စိနဲ့ မြင်ကောင်းရဲ့လား (မမြင်ကောင်းပါ ဘုရား) အဆင်းကဘာနဲ့ မြင်ရမှာလဲ (ဉာဏ်နဲ့ မြင်ရမှာပါ ဘုရား) အဆင်းကလူလား၊ ရုပ်လား (ရုပ်ပါဘုရား) မျက်စိအကြည်ကကော (ရုပ်ပါဘုရား)ရုပ် ရုပ်ခြင်းလာပြီးမတိုက်ဆိုင်ဘူးလား၊ တိုက်ဆိုင်သလား(တိုက်ဆိုင်ပါတယ်ဘုရား) အဆင်းနဲ့မျက်စိအကြည်နဲ့ လာတိုက်ဆိုင်တဲ့အခါကျတော့ လူဖေါ်သလား၊ စိတ်ဖေါ်သလား(စိတ်ဖေါ်ပါတယ်ဘုရား) ဘာစိတ်ဖေါ်တာလဲ (အဆင်းသိတဲ့စိတ်ပါဘုရား)

လူကိုသိတဲ့စိတ်လား၊ အဆင်းသိတဲ့စိတ်လား (အဆင်းသိတဲ့စိတ်ပါဘုရား) ဟကာ တကာမတွေ အဆင်းရယ် မျက်စိအကြည်ရယ် အဆင်းသိတဲ့ စိတ်ရယ် ဘာရှိတာလဲ (အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘော ဒီသုံးပါး

ဘဲရှိတယ်။ ဒီသုံးပါးကလွဲရင် ရှိသေးရဲ့လား(မရှိပါဘုရား)မြင်တာရှိရဲ့လား(မရှိပါဘုရား) ရှိတာက ဘာသဘောတွေ ရှိတာပါလိမ့် (အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘောရှိတာပါ ဘုရား) ဘယ်အချိန်မှာရှိတာလဲ (ကြည့်တိုင်း မြင်တိုင်းမှာပါ ဘုရား) ကြည့်တိုင်း မြင်တိုင်းမှာ ငါမြင်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မြင်တာဆိုတာကော ရှိရဲ့လား (မရှိပါ ဘုရား) ကြည့်တယ်ဆိုတာကောရှိရဲ့လား(မရှိပါဘုရား)

ရှိတာက ဘယ်သဘောတွေ ရှိတာတုံး (အဆင်းသဘော မျက်စိ အကြည်သဘော စိတ်သဘောရှိတာပါ ဘုရား) ဒါဘဲရှိတယ်။ ဒီပြင် ဘာများရှိနိုင်သေးသလဲ(မရှိနိုင်ပါဘုရား) ဒါကို ခင်ဗျားတို့ကျုပ်တို့က မရှိတာကိုရှိတာလုပ်တယ်။ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါ ဒီအထဲပါရဲ့လား (မပါပါဘုရား) ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါနဲ့ တွေ့တာလား၊အဆင်းသဘောနဲ့တွေ့တာလား(အဆင်းသဘောနဲ့တွေ့တာပါဘုရား) ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါဆိုတဲ့အရာဝတ္ထုနဲ့ တွေ့တယ်ဆိုရင် မျက်စိပေါက်သွားမှာပေါ့။ မပေါက်ဘူးလား၊ ပေါက်သလား (ပေါက်မှာပါဘုရား)ယခုတော့ သာသဘောနဲ့တွေ့လို့တုံး(အဆင်းနဲ့တွေ့လို့ပါဘုရား) အဆင်းနဲ့ငါ တွေ့တာလား၊ မျက်စိအကြည်သဘောနဲ့ တွေ့တာလား (မျက်စိအကြည်သဘောနဲ့တွေ့တာပါဘုရား)

မျက်စိ အကြည်ဟာ ငါဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား) ငါဟာ မျက်စိအကြည်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မျက်စိအကြည်ဟာ မျက်စိအကြည်ဘဲ။ အဆင်းဆိုတာကော ငါဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဟုတ်ဘူး။ အဆင်းဟာ အဆင်းဘဲ၊အဲဒီအဆင်းနဲ့ မျက်စိအကြည်နဲ့လာတွေ့တိုင်း တွေ့တိုင်း စိတ်သဘော ပေါ်တာလား၊ လူတွေ သတ္တဝါတွေပေါ်တာလား (စိတ်သဘောပေါ်တာပါ ဘုရား)ကဲ-စိတ်ဘဲရှိတယ်။ ဘယ်အချိန်မှာရှိနေတာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား)ကြည့်တိုင်းမြင်တိုင်းမှာ တကာတကာမတွေ ဘာသဘောရှိတာပါလိမ့် (အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘောပါဘုရား) မရှိဘူးလား၊ ရှိရဲ့လား(ရှိပါတယ်ဘုရား)ဘယ်အချိန်မှာရှိနေတာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား)

အဲဒီအတိုင်းတွေ့လာပြီနော် (ပရမတ်မတွေ့လာဘူးလား၊ တွေ့လာသလား (တွေ့လာပါတယ် ဘုရား) အဲဒီ အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘောတွေ ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာလဲ (အခုမှဖြစ်တာပါ ဘုရား) ဒါကြောင့် အခုမှဖြစ်တဲ့သဘော ဘယ်အချိန်မှာဖြစ်တာလဲ (ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား) တကာ တကာမတွေ အဆင်းဟာ လူလား၊ ရုပ်လား(ရုပ်ပါဘုရား)မျက်စိအကြည်ကကော လူလား၊ ရုပ်လား(ရုပ်

ပါဘုရား)မျက်စိအကြည်သဘောနဲ့အဆင်းသဘောက ရုပ်တရား။ အဆင်းသိတဲ့ စိတ်ကနာမ်တရား။ ဘာတရားနဲ့ ဘာတရားပါလိမ့် (ရုပ်တရားနဲ့ နာမ်တရားပါ ဘုရား)

လူတွေ သတ္တဝါတွေ ရှိတာလား၊ ရုပ် နာမ် ရှိတာလား (ရုပ်နာမ်ရှိတာပါ ဘုရား) ဒါကျတော့ ရုပ် နာမ် ဟိုအာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗ သမ္ပဇညပဗ္ဗ တို့က နာမ် ရုပ်။ ဒီကြတော့ဘာပြတုံး (ရုပ် နာမ်ပါဘုရား) ဘာကို အရင်ပြတုံး (ရုပ်ကိုအရင်ပြပါတယ်ဘုရား) ပဌမကဘာကိုအရင်ပြသလဲ (နာမ်ကိုအရင်ပြပါ တယ်ဘုရား)ဒါကြောင့် နာမ် ရုပ်။ ရုပ်ကိုအရင်ပြတော့၊ ရုပ် နာမ်။ ယခုခင်ဗျား တို့ ရုပ်ကို အရင်ဖော်မပြဘူးလား၊ ဖော်ပြသလား (ဖော်ပြပါတယ် ဘုရား) အဆင်းသဘော မျက်စိအကြည်သဘောကဘာတုံး(ရုပ်တရားပါဘုရား)အဆင်း သိတဲ့စိတ်က(နာမ်တရားပါဘုရား) ဘာတရားတွေရှိနေတာလဲ ရုပ်တရား၊ နာမ် တရားတွေရှိနေတာဘဲ။ ဘယ်အချိန်မှာရှိနေတာတုံး (ကြည့်တိုင်းမြင်တိုင်းမှာပါ ဘုရား)

ကြည့်တိုင်း မြင်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ ရုပ်နာမ်တရားရှိ တာလား(ရုပ်တရားနာမ်တရားရှိတာပါဘုရား) ရုပ်နာမ်ဆိုတာ ဘယ်လိုသဘော တွေပါလိမ့်(အဆင်းသဘောမျက်စိအကြည်သဘော အဆင်းသိတဲ့စိတ်သဘော) မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေ လို့ပါဘုရား)ဘယ်တုံးကဖြစ်တာလဲ(အခုမှဖြစ်တာပါဘုရား)ဒါကြောင့်(အခုမှ ဖြစ်တဲ့ရုပ်နာမ်) ဘယ်အချိန်မှာဖြစ်တာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား)

အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဘယ်ဌာနကတုံး (မျက်စိဌာနကပါ ဘုရား) ဘယ်အချိန်မှာလဲ (ကြည့်တိုင်း မြင် တိုင်းမှာပါ ဘုရား) ကြည့်တိုင်း မြင်တိုင်းမှာ ဤကားရုပ်၊ ဤကားနာမ်လို့ ကွဲ မသွားဘူးလား၊ ကွဲသွားသလား(ကွဲသွားပါတယ်ဘုရား) ဤကားရုပ် ဤကား နာမ်လို့ကွဲသွားတဲ့အခါ ရုပ်နာမ်လို့ရှုနေတာလား၊ လူတွေသတ္တဝါတွေလို့ရှုနေ တာလား(ရုပ်နာမ်လို့ရှုနေတာပါဘုရား)ရုပ်နာမ်ကိုရှုတဲ့အခါကျတော့ ရုပ်နာမ် ကိုရှုဆဲမှာ ရုပ်နာမ်ကအရှိတရားလား၊ မရှိတရားလား (အရှိတရားပါဘုရား)အရှိ တရားရှုရမှာလား၊ မရှိတရားရှုရမှာလား(အရှိတရားရှုရမှာပါဘုရား)

အရှိတရားက ပရမတ်လား၊ ပညတ်လား(ပရမတ်ပါဘုရား) အရှိက ပရမတ်၊ မရှိကပညတ်၊ ယခု ခင်ဗျားတို့ပရမတ်ကိုရှုနေတာလား၊ ပညတ်ကိုရှုနေတာလား (ပရမတ်ကို ရှုနေတာပါ ဘုရား) ပရမတ်ဆိုတာက ဘာသဘောတွေ ပါလိမ့် (အဆင်းသဘော မျက်စိအကြည်သဘော အဆင်းသိတဲ့ စိတ်သဘောပါဘုရား)

အဲဒီသဘောတွေ ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်နေတာလဲ (အခုမှဖြစ်တာပါဘုရား) အခုမှဖြစ်တဲ့ရုပ်နာမ်လို့ အဲဒီလိုရှုခိုက်မှာ လောဘ ဖြစ်ခွင့် ရသေးရဲ့လား၊ ဒေါသ ဖြစ်ခွင့် ရသေးရဲ့လား (မရပါဘုရား) ဒါကြောင့် လောဘ ဒေါသ မောဟတွေ ဖြစ်ခွင့်မရတာ အရှိတရားရှုလို့လား၊ မရှိတရားရှုလို့လား (အရှိတရားရှုလို့ပါဘုရား)

ဒါကြောင့်(ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ၊)ဒိဋ္ဌေ မြင်သည်ရှိသော်၊ဒိဋ္ဌမတ္တံ၊မြင်ကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရာ၏၊ ရုပ်တရား နာမ်တရားရှုနေခိုက်မှာ ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ၊ဖြစ်ပါတယ်၊ မဖြစ်ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ဤကားရုပ်၊ ဤကားနာမ်လို့ ရှုနေရင်ဖြင့် လောဘ ဒေါသ မောဟတွေငြိမ်းတဲ့အတွက် အဲဒီအချိန်ခါမှာ (ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ)ရှုကွက်မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်လာပါတယ်ဘုရား) အမှန်ရှုလို့လား၊ အမှားရှုလို့လား (အမှန်ရှုလို့ပါဘုရား)အမှန်က လူတွေ သတ္တဝါတွေရှိတာလား၊ ရုပ်နာမ်ရှိတာလား (ရုပ် နာမ်ရှိတာပါဘုရား) အမှန်ဆိုတာ ဘယ်သဘောပါလိမ့် (အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘောပါဘုရား)

ဘယ်အချိန်မှာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါ ဘုရား) ဒါကြောင့် တကာတကာမတွေ့ လိုက်ဆိုစမ်းပါ။ (အဆင်းသဘော မျက်စိ အကြည်သဘော စိတ်သဘော) သုံးပါးဆုံပေါင်းဆုံ၍ ဖြစ်ရှိနေပါတကား။ ရှိလို့ဖြစ်တာလား၊ ဖြစ်လို့ရှိတာလား(ဖြစ်လို့ရှိတာပါဘုရား) ဒါကြောင့် ဖြစ်ရှိနေပါတကား။ အဲဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား) ဘယ်အချိန်မှာရှုရမှာလဲ (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား) ကြည့်တိုင်းမြင်တိုင်းမှာ ဘယ်လိုရှုရမှာတုံး ဆိုစမ်းပါ၊ အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘော သုံးပါးဆုံ ပေါင်းဆုံ၍ ဖြစ်ရှိနေပါတကား၊ အဲဒီလိုရှုလိုက်တာနဲ့ တပြိုင်တည်း ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ၊ ဆိုတဲ့ ဒေသနာတော်နဲ့ မညီဘူးလား၊ ညီသလား (ညီပါတယ်ဘုရား) အဲဒီလို ရှုလိုက်တာနဲ့ တပြိုင်တည်း လောဘ ဒေါသ မောဟ ဆိုတဲ့ အကုသိုလ်တရားတွေ လာသေးရဲ့လား (မလာပါဘုရား) အကုသိုလ်တရားတွေ မငြိမ်းဘူးလား၊ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) အမှန်ရှုလို့လား၊အမှားရှုလို့လား (အမှန်ရှုလို့ပါ ဘုရား) အမှန်ကို လူကရှုတာလား၊ ဉာဏ်ကရှုတာလား (ဉာဏ်ကရှုတာပါဘုရား) ဘာဉာဏ်နဲ့ ရှုချလိုက်တာပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပါဘုရား)

အော်-နာမရူပပရိစ္ဆေဒဉာဏ် ဦးသွားလိုက်တာနဲ့ တပြိုင်နက် ကိလေသာဝင်သေးရဲ့လား (မဝင်တော့ပါဘုရား) ဉာဏ်က ဦးသွားတာကိုး။ ဒါကြောင့်

ဠွေဒိဋ္ဌမတ္တံဘဝိဿတိ၊ ဒိဋ္ဌ၊ မြင်သည်ရှိသော်၊ ဒိဋ္ဌမတ္တံ၊ မြင်ကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရမယ်။ အဲဒီပါဠိတော်နဲ့ရှုကွက်နဲ့လာမကိုက်ဘူးလား၊ ကိုက်သလား ကိုက်ပါတယ် ဘုရား) မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိတော်နဲ့ ကိုက်ရင် တရားမှန်သလား၊မှားသလား(မှန်ပါတယ်ဘုရား) အမှန်တရားကိုရှုနေတယ်လို့ ဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

အမှန်ကို ရှုနေရင် နိဗ္ဗာန်ကို မျက်မှောက် ပြုနေတယ်လို့လဲ ဆိုနိုင်ပါတယ်။ ဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အမှန်ရှုနေတယ် ဟိုတာ အမှန်ကို နှလုံးသွင်းနေလို့ဘဲ၊ အဲဒီတော့ ဒီနေရာမှာ သမ္မာပဋိပန္နော ဆိုတဲ့ပါဠိတော်နဲ့လဲ ကိုက်ညီသည်ဖြစ်၍ ဤကောင်းမြတ်သော အကျင့်မြတ်ဖြင့် မြတ်စွာဘုရားကိုပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

| | | |
|---|---|---|
| ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| 〃 | 〃 | ဓမ္မံပူဇေမိ |
| 〃 | 〃 | သံဃံပူဇေမိ |

[Hlairg 46]

## ကြာခဲ့ဖိုင်းကြာခဲ့ဖိုင်းန ဘခန္ဓပဝရိန္ဓဝဒပဓ္ဓယပရိက္ခဟ သနေ့ဒါဒ် သမ္မသနဉာဏ်ဖြစ်ပုံ

## သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ်(၁၂)ရက်နေ့ဟောကြားသောတရား။

သုခိနော စိတ္တံ သမာဓိယတိ၊ စိတ်ချမ်းသာမှသမာဓိဖြစ်ပါတယ်ဆိုတာလဲရှင်းခဲ့ပါတယ်။ တကာတကာမတွေ ဗျာအင်္ဂါ ငါးပါးမှာကြည့်ပါ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတော့ သုခဖြစ်မှ ဧကဂ္ဂတာဖြစ်တာ။ ချမ်းသာမှသမာဓိဖြစ်တယ်။ ဒါကြောင့် ကမ္မဋ္ဌာန်းခွင် ဝင်တဲ့အခါ တရားနာတဲ့အခါမှာ စိတ်ကိုချမ်းချမ်းသာသာထားရတယ်။ ဒါမှလဲ တရားတော်ကိုမှတ်မိပါတယ်။ သုခိနော စိတ္တံ သမာဓိယတိ၊ ဆိုတဲ့ပုဒ်နဲ့လဲညီပါတယ်။ စိတ်ချမ်းသာမှ သမာဓိဖြစ်တယ်။ သမာဓိဖြစ်မှ အရှိတရားတွေကို ပိုင်ပိုင်နိုင်နိုင်သိနိုင်ပါတယ်။

ယထာဘူတဉာဏ်ကိုရနိုင်တယ်။ ယထာဘူတဉာဏ်ကိုရမှ နိဗ္ဗိန္ဒဉာဏ်ကို ရနိုင်တယ်။ နိဗ္ဗိန္ဒဉာဏ်ကိုရမှ မဂ်ဉာဏ်ဖြစ်တယ်လို့ ပါဠိတော်နည်းက ဒီအတိုင်းလာပါတယ်။ ပါဠိတော် နည်းကတော့ ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မဂ်ဉာဏ်၊ ဒီအတိုင်းလာပါတယ်။ ဒီသုံးဉာဏ်ဘဲပြတယ်။ ဒါကြောင့်ယထာဘူတဉာဏ်၊ အမှန်ထင်ရှားရှိတဲ့သဘောတရားကို သိချင်ရင် သမာဓိရှိရမယ်။ သမာဓိရှိချင်ရင် စိတ်ချမ်းသာရမယ်။ စိတ်ချမ်းသာမှ သမာဓိဖြစ်ပါတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ်နဲ့ ချမ်းချမ်းသာသာဖြစ်အောင်နေပါ။ ခန္ဓာကိုယ်ကိုသင့်လျော်အောင်နေပါလို့ ကျမ်းဂန်ကပြပါတယ်။ မှတ်မိဘို့အရေးကြီးပါတယ်။

ယနေ့ဆိုရင်ဖြင့် မနေ့က ဓါတ် (၁၈) ပါးတို့တွင် စက္ခုဓါတ်၊ ရူပဓါတ်၊ ဝိညာဏဓါတ်ဆိုပြီးတော့ပြခဲ့ပါတယ်။ မျက်စိပေါက်ကအရှိတရားကိုမြင်ဘို့၊ အရှိတရားကိုသိဘို့ဆိုတာ သတိမရှိရင်တော့ တကာတကာမတွေ အရှိတရားကိုသိမြင်နိုင်ပါ့မလား (မသိမြင်နိုင်ပါဘုရား) အဲ သမာဓိမမြင်နိုင်ဘူး။ အရှိတရားကိုတွေ့ချင်ရင် သတိမရှိရဘူးလား၊ ရှိရသလား (ရှိရပါတယ်ဘုရား) သတိရှိရမယ့်ဌာနက ဘယ်နှစ်ဌာနရှိတာတုံး (ခြောက်ဌာနပါဘုရား) ခြောက်ဌာနကဘာတွေလဲ (မျက်စိ နား နှာခေါင်း လျှာ ကိုယ် မန ပါဘုရား) ခြောက်ဌာနမှာ သတိထားလိုက်။ မနေ့ကတော့ မျက်စိမှာ သတိထားပြီးတော့ ပြပါတယ်။ မျက်စိမှာသတိမရှိရင် မျက်စိမှာမစောင့်ရှောက်ရင် ကိလေသာတွေ မဝင်ဘူးလား၊ ဝင်မှာလား (ဝင်မှာပါဘုရား) ဝင်မှာဘဲ။

ဒါ့ကြောင့် ပါဠိတော်စကားမှာဆိုရင်ဖြင့်-

စက္ခုန္ဒြိယံအသံဝုတဿ ဘိက္ခဝေ ဝိဟရတောစိတ္တံ ဗျာသိဉ္စတိ

စက္ခုဝိညေယျေသု ရူပေသု။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို၊ အသံဝုတဿ၊သတိနှင့်မစောင့်ရှောက်သည်ဖြစ်၍။ ဝိဟရတော၊ နေသောပုဂ္ဂိုလ်၏၊ စိတ္တံ၊ စိတ်သည်။ စက္ခုဝိညေယျေသု၊ စက္ခုဝိညာဏ်ဖြင့်သိအပ်ကုန်သော။ ရူပေသု၊ အဆင်းရူပါရုံတို့၌။ ဗျာသိဉ္စတိ၊ ကိလေသာအပူမီးကို စိုစွတ်လေတော့၏၊ မျက် စိ မှာ သ တိ မ ထား ရင် ကိလေသာတွေ မ ဝင် ဘူး လား၊ ဝင်မှာလား (ဝင်မှာပါဘုရား) ကိလေသာတွေဝင်မှာဘဲ။ ကိလေသာတွေဝင်မယ်။ ဒုစရိုက်တရားတွေဝင်မယ်။ မျက်စိမှာလားဆိုတော့၊ နားမှာလဲသတိမထားရင် ကိလေသာတွေ မဝင်ဘူးလား၊ ဝင်မှာလား (ဝင်မှာပါဘုရား) ဝင်မှာဘဲ၊ သတိရှိလို့လား၊ သတိမရှိလို့လား (သတိမရှိလို့ပါဘုရား) သတိမရှိလိုက်တာနဲ့တပြိုင်နက် နားမှာ ကိလေသာတွေ အကုန်လုံး ဝင်ဖျက်ဆီးဘော့မှာဘဲ။ ကိလေသာဆိုတာ ကုသိုလ်တရားလား၊ အကုသိုလ်တရားလား ( အကုသိုလ်တရားပါဘုရား ) အကုသိုလ်တရားတွေ သောင်းကျန်းတော့တာဘဲ။ အဲဒီလိုဆုံးဖြတ်ချက်ချ။ ဒါကြောင့်-

သောတိန္ဒြိယံ အသံဝုတဿ ဘိက္ခဝေ ဝိဟရတော စိတ္တံ ဗျာသိဉ္စတိ

သောတဝိညေယျေသု သဒ္ဒေသု။

သောတိန္ဒြိယံ၊ သောတိန္ဒြေကို။ အသံဝုတဿ၊ မစောင့်ရှောက်သည် ဖြစ်၍။ ဝိဟရတော၊ နေသောပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ သောတဝိညေယျေသု၊ သောတဝိညာဏ်ဖြင့်သိအပ်ကုန်သော။ သဒ္ဒေသု၊ အသံတို့၌။ ဗျာသိဉ္စတိ၊ ကိလေသာအပူမီးဖြင့်စိုစွတ်တော့၏။ ကိလေသာတွေဝင်တယ်။ အကုသိုလ်တွေဝင်တယ်။

ဒါ့ကြောင့် သတိထားရမှာလား၊ သတိမထားရဘူးလား (သတိထားရမှာပါဘုရား) ဘယ်လိုသတိထားရမလဲဆိုရင် ကြားရင်ကြားတယ်လို့ ပဌမမှတ်လိုက်အုံး၊ သမထအရာမှာဖြင့် သညာကဦးစီးပေးရတယ်။ ဝိပဿနာအရာမှာပညာကဦးစီးတယ်။ ဒီလိုမှတ်။

တကာတကာမတွေ နားမှာသတိထားလိုက်တဲ့အခါကျတော့ ဘာဘဲလာလာ ကြားရင်ကြားတယ်လို့မှတ်။ ဒါကလူသံဘဲ၊ ဒါကယောကျ်ားအသံ၊ မိန်းမအသံ၊ ပုဂ္ဂိုလ်ရဲ့အသံတွေဘဲလို့အဲဒီလိုမလုပ်နဲ့။ ကြားတယ်ကြားတယ်လို့ မှတ်နေတာဖြင့် သမထကမ္မဋ္ဌာန်းလား၊ ဝိပဿနာကမ္မဋ္ဌာန်းလား ( သမထကမ္မဋ္ဌာန်းပါဘုရား ) သမထကမ္မဋ္ဌာန်းဖြစ်ပါတယ်။

သမထကမ္မဋ္ဌာန်းကို လွှတ်လို့ရရဲ့လား (မရပါဘုရား) ပဌမသတိနဲ့ သမာဓိဦးထောင်ရပါတယ်။ ဝိပဿနာဆိုတာ ကျော်တက်လို့ရရဲ့လား (မရပါဘုရား) တက်လျှောက် နာမ်ရုပ်ရှုလို့ရရဲ့လား (မရပါဘုရား) အ ပြော တော့ ရ မယ်။

လုပ်နေ်းပိုင်းနဲ့ကျတော့ ဒေသနာကိုကျော်ပြီး တက်လို့ရရဲ့လား (မရပါဘုရား) တကာတကာမတွေ ဒီကျောင်းပေါ် တက်လာတယ်ဆိုရင် လှေခါး တ ထစ် ပြီး တထစ်တက်လာတာလား၊ ကျော်ပြီးတက်လာတာလား (တထစ်ပြီးတထစ်တက် လာတာပါဘုရား) အဲဒီလိုဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရချင်တယ်ဆိုရင်ဖြင့် အခြေခံ က စပြီးတော့ တဆင့်ပြီးတဆင့် တက်ရတယ်။ ကျော်တက်လို့ရရဲ့လား (မရပါ ဘုရား)

ဒါ့ကြောင့် အိမ်တိုကျောင်းတိုတက်တဲ့အခါတောင်မှမလွယ်တာ၊ နိဗ္ဗာန်ရဘို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဘို့ဆိုတာ လွယ်ရဲ့လား (မလွယ်ပါဘုရား) အခြေခံလွတ်ခဲ့ လို့ရရဲ့လား (မရပါဘုရား) ဒါကြောင့် တကာတကာမတွေရှေးဦးစွာသမာဓိကို ထူထောင်ပါဦး၊ သမာဓိ ဘိက္ခဝေဘာဝေထ၊ ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဓိ၊ ကြားရင်ကြားတယ်ဆိုတဲ့သမာဓိကို။ ဘာဝေထ၊ ပွားများကြကုန်လော့။ ကြား ရင် ကြားတယ်လို့မှတ်ပါဦး။ နားဝမှာဘာဘဲလာလာ ကြားရင်ဘယ်လိုမှတ်ရ မှာလဲ (ကြားတယ်) ဘယ်မှာသတိထားရမှာတုံး (နားဝမှာပါဘုရား) ကြား တယ် ကြားတယ်ဘဲမှတ်ပါ။

အဲဒီလို ကြားရင်ကြားတယ်လို့မှတ်ခိုက်မှာ ကာမစ္ဆန္ဒ နီဝရဏ အစရှိတဲ့ နီဝရ ဏ တရားငါးပါးတွေ သောင်းကျန်းပါဦးမလား (မသောင်းကျန်းပါဘုရား) ဘာမှတ်နေလို့တုံး (ကြားရင်ကြားတယ်လို့မှတ်နေလို့ပါဘုရား) ဘာကမ္မဋ္ဌာန်း (သမထကမ္မဋ္ဌာန်းပါဘုရား) သမထကမ္မဋ္ဌာန်းဆိုတာ နီဝရဏတရားငါးပါးငြိမ်း တာ။ သမထကမ္မဋ္ဌာန်းဆိုတာ ဘာကိုငြိမ်းတာလဲ (နီဝရဏတရား ငါးပါးပါ ဘုရား) ပထမရှေးဦးစွာ နီဝရဏတရားငါးပါးကို ငြိမ်းရသေးတယ်။ ဝိပဿနာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေဖျက်ဆီးပြစ်တာ၊ လူကဖျက်ဆီးတာလား၊နီဝရဏ တရားတွေကဖျက်ဆီးတာလား (နီဝရဏတရားတွေက ဖျက်ဆီးတာပါဘုရား)

နီဝရဏတရားငါးပါးက ဖျက်ဆီးတော့ ရှေးဦးစွာ နီဝရဏတရားငါးပါးကို ဖယ်လိုက်ပါဦး၊ လုပ်နေ်းနဲ့ဖယ်ရမှာလား၊ အပြောနဲ့ဖယ်ရမှာလား (လုပ်ငန်းနဲ့ ဖယ်ရမှာပါဘုရား) အပြောနဲ့ဖယ်လို့ရပါ့မလား (မရပါဘုရား) အပြော ပရိ ယတ္တိနဲ့ဖယ်ရင် ဖယ်လို့မရ၊ ပဋိပတ္တိနဲ့ဖယ်ရမယ်။ ပဋိပတ္တိဆိုတဲ့လုပ်ငန်းနဲ့ဘယ်လို ဖယ်ရမလဲဆိုရင် နားဝကကာယ်လိုမှတ်မလဲ (ကြားတယ် ကြားကာယ် ကြားတယ်) ဒီလိုမှတ်ပါ။

အဲဒီလိုကြားရင်ကြားတယ်လို့ မှတ်ခိုက်မှာဖြင့် နီဝရဏတရားတွေ အိပ်ပျော် ပြီးတော့ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာ ဆိုတဲ့ တရားငါးပါး၊ မန်းကြားဘူး လား၊နိုးကြားသလား(နိုးကြားပါတယ်ဘုရား)နိုးကြားလာတယ်။ ဒါမှခင်ဗျား တို့ ဝိပဿနာဉာဏ်တက်လို့ရမှာ၊ သို့မဟုတ် တက်လို့ရပါ့မလား(မရပါဘုရား)

ဘယ်သူတွေက ဖုံးလွှမ်းနေလို့လဲ ဆိုရင်ဖြင့် နီဝရဏ တရားတွေက ဖုံးလွှမ်းနေလို့ ဘယ်သူက ဖုံးလွှမ်းနေတာတုံး (နီဝရဏတရား ငါးပါးကပါ ဘုရား) နီဝရဏတရားငါးပါးက ဖုံးလွှမ်းနေတာ။ တကာ တကာမတွေ ရေကန်တခုမှာ ရေတွေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရေတွေတော့ ရှိပါတယ်၊ အပေါ်ကမှော်တွေက မဖုံးထားဘူးလား၊ ဖုံးထားသလား (ဖုံးထားပါတယ်ဘုရား)မှော်တွေကဖုံးထားလိုက်တဲ့ အခါကျတော့ ရေမြင်ရရဲ့လား (မမြင်ရပါဘုရား) ရေမရှိလို့လား (ရှိပါတယ်ဘုရား) မြင်ကောမြင်ရရဲ့လား (မမြင်ရပါဘုရား) ဘာပြုလို့မမြင်ရတာလဲ (မှော်တွေက ဖုံးထားလို့ပါဘုရား) ရေညှိတွေ မှော်တွေကဖုံးထားလို့။

အဲဒီလိုဘဲ တကာတကာမတွေရဲ့ ခန္ဓာကိုယ်က ရေကန်ကြီးနဲ့တူတယ်။ ဘာနဲ့တူသလဲ(ရေကန်ကြီးနဲ့ပါဘုရား) ရေကန်ကြီးနဲ့တူတဲ့ခန္ဓာကိုယ်ထဲမှာ ရေနဲ့တူတဲ့ အရှိတရားတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒီပရမတ်တွေ မမြင်အောင် မသိအောင် ဖုံးလွှမ်းထားတာက လူတွေသတ္တဝါတွေ ယောကျ်ားမိန်းမတွေက ဖုံးလွှမ်းထားတာလား၊နီဝရဏတရားကဖုံးလွှမ်းထားတာလား(နီဝရဏတရားကဖုံးလွှမ်းထားတာပါဘုရား) မှော်နဲ့တူတဲ့ နီဝရဏတရားက ဖုံးလွှမ်းထားတာ။ ဒါကြောင့် မှော်နဲ့တူတဲ့ နီဝရဏတရားကို ရှေးဦးစွာမဖယ်ဘဲနဲ့၊ ရုပ်တရားနာမ်တရား ခန္ဓာငါးပါးတွေ သိပါတယ်၊ မြင်ပါတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) အပြောတော့ ဖြစ်ပါတယ်။ စာပေနဲ့ပြောရင်တော့ ရပါတယ်။လုပ်ငန်းနဲ့ပြောလို့ ရရဲ့လား(မရပါဘုရား)တကာတကာမတွေ လုပ်ငန်းခွင်ဝင်ချင်တယ် ဆိုရင်ဖြင့် ရှေးဦးစွာ ဘာကို ဖယ်ထားရမှာတုံး (နီဝရဏတရားငါးပါးဖယ်ထားရမှာပါဘုရား)

နီဝရဏတရားငါးပါးဆိုတာ ခင်ဗျားတို့ရဲ့ လက်သဏ္ဌာန် ခြေသဏ္ဌာန်တွေနဲ့ ဖယ်လို့ရတာလား၊ သမထနဲ့ ဖယ်လို့ရတာလား (သမထနဲ့ပါ ဘုရား) ဘာကမ္မဋ္ဌာန်းနဲ့ဖယ်ရမှာတုံး (သမထကမ္မဋ္ဌာန်းနဲ့ပါဘုရား) သမထကမ္မဋ္ဌာန်းနဲ့ဖယ်ရမှာ။ သမထကမ္မဋ္ဌာန်းဖြစ်ချင်ရင် နားပေါက်မှာ သတိထားလိုက်ပါ။ ကြားရင် ဘယ်လိုမှတ်ရမှာလဲ(ကြားတယ်လို့မှတ်ရမှာပါဘုရား) ကြားရင် ကြားတယ်လို့ မှတ်ခိုက်မှာ မှော်နဲ့တူတဲ့နီဝရဏတွေခေတ္တဖယ်မသွားဘူးလား၊ဖယ်သွားသလား (ဖယ်သွားပါတယ်ဘုရား) ဖယ်သွားတယ်။ နီဝရဏတွေ ဖယ်သွားတယ်၊ ငြိမ်းသွားတယ်။

ဒီနေရာမှာ တကာ တကာမတွေ သဒ္ဓါ အစရှိတဲ့ တရားတွေ နိုးကြားမလာဘူးလား(နိုးကြားလာပါတယ်ဘုရား) ဒါကြောင့် ကြားရင် ကြားတယ်လို့မှတ်ခိုက်မှာ နီဝရဏ တရားငါးပါးငြိမ်းပြီးတော့၊ ခင်ဗျားတို့ရဲ့စိတ်မှာ နီဝရဏတရား

တွေနဲ့ရောသေးရဲ့လား (မရောတော့ပါဘုရား) စိတ်မစင်ကြယ်လာဘူးလား၊ စင်ကြယ်လာသလား (စင်ကြယ်လာပါတယ် ဘုရား) စိတ်စင်ကြယ်ပြီး မတည်ဘူးလား၊တည်သလား(တည်ပါတယ်ဘုရား)အဲဒါသမာဓိ။

သတိရှိလို့လား၊ သတိမရှိလို့လား (သတိရှိလို့ပါ ဘုရား) ဘယ်မှာ သတိရှိတာတုံး(နားမှာပါဘုရား) သတိရှိလိုက်တာနဲ့တပြိုင်နက် နီဝရဏတရားတွေငြိမ်းပြီးတော့ စိတ်က ကြားတယ်ဆိုတဲ့ တရားပေါ်မှာ တည်မနေဘူးလား၊ တည်နေသလား(တည်နေပါတယ်ဘုရား) သတိ သမာဓိ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) (သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။)

ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဟိတော၊ သမာဓိရှိတဲ့ ပုဂ္ဂိုလ်သည်၊ သမာဓိရှိတယ်ဆိုတာ၊နီဝရဏတရားမကင်းဘူးလား၊ကင်းသလား(ကင်းပါတယ်ဘုရား) အဲဒါကိုပြောတာ၊ သမထကမ္မဋ္ဌာန်း၊ သမာဓိကမ္မဋ္ဌာန်းလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) အဲဒါ သမထ ကမ္မဋ္ဌာန်း သမာဓိကမ္မဋ္ဌာန်း ဖြစ်လာတယ်။

အဲဒီသမာဓိကမ္မဋ္ဌာန်း ဖြစ်လာတာနဲ့ တပြိုင်နက် သမာဓိက အရှိတရားပေါ်တာလား မရှိတရားပေါ်တာလား(အရှိတရားကိုပါဘုရား) ဘိက္ခဝေ၊ရဟန်းတို့၊ သမာဟိတော၊သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်၊ ယထာဘူတံ၊ ဟုတ်မှန်တဲ့သဘောတရားကို၊ပဇာနာတိ၊ကွဲကွဲပြားပြားသိနိုင်တယ်။ သမာဓိရှိမှသိတာလား၊သမာဓိမရှိဘဲနဲ့သိဘာလား(သမာဓိရှိမှပါဘုရား) သမာဓိမရှိဘဲနဲ့ တကာတကာမတွေ့ လုပ်ငန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒါကြောင့် သမာဓိရှိစေခြင်းငှာ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ကြားရင်ကြားတယ်လို့မှတ်တဲ့။

(သုတေ၊သုတမတ္တံဘဝိဿတိ။)သုတေ၊ ကြားသည်ရှိသော်၊ သုတမတ္တံ၊ ကြားခါမျှသည်၊ဘဝိဿတိ၊ ဖြစ်ရမယ်။ ကြားရင်ကြားတယ်လို့မှတ်။ အဲဒီလိုမှတ်ခိုက်မှာ သတိ၊ သမာဓိ၊ ပြည့်စုံဘော့ နောက်တဆင့် တက်လိုက် ကြားတယ်တာ မှတ်ရတယ်။ ကြားတယ်သာပြောရတယ်။ ကြားတာလဲမရှိ၊ ဒီလို တဆင့်တက်လိုက်ဝိပဿနာရှုတဲ့ယောဂီပုဂ္ဂိုလ်။မိမိကိုယ်ကိုသုံးသပ်ရဘယ်။ဆင်ခြင်ရတယ်။စဉ်းစားရတယ်။နှလုံးသွင်းရတယ်။

ကြားတယ်သာမှတ်နေဘာ ကြားရင်ကြားတယ်လို့ မှတ်နေတာဖြင့် သတိ၊ သမာဓိရှိစေချင်လို့ မှတ်ခိုင်းတာ၊ ကြားတယ်လို့မှတ်ရင် ကြားတယ်ဆိုတာမရှိ။ ပြောတယ်ဆိုတာလဲမရှိ။ကြားတယ်ဆိုတာလဲမရှိ၊ နားထောင်တယ်ဆိုတာလဲမရှိ။ နားထောင်တဲ့လူလဲမရှိ။ ကြားတဲ့လူလဲမရှိ။ ရှိတာက ဘယ်သဘော ရှိတာလဲဆိုတော့ အသံ၊ ဘာသဘောပါလိမ့် (အသံသဘောပါဘုရား) ရှိတာက ကြားတာရှိတာလား၊ အသံရှိတာလား(အသံရှိတာပါဘုရား ကြားတယ်လို့မှတ်ရင် ဘာတဲ့တုံး(သမထပါဘုရား) မရလာဘူးလား (ရလာပါတယ်ဘုရား) အဲဒီသမထက

တဆင့်တက်လိုက်တော့ ကြားတယ်သာပြောတာ အသံဘဲရှိတာ၊ ရှိတာ ဘာရှိတုံး (အသံပါဘုရား)

တကာဘကာမတွေ တရားဟောတာရှိတာလား၊ အသံရှိတာလား၊ (အသံရှိတာပါ ဘုရား) အသံဘဲရှိတာ၊ တရားဟောတယ်ဘာ ပြောရတာ သမုတိသစ္စာနယ်မှာတော့ တရားဟောတယ်။ မပြောဘူးလား (ပြောပါတယ် ဘုရား) တရားဟောတာရှိရဲ့လား(မရှိပါဘုရား)ရှိတာကဘာတုံး(အသံပါဘုရား) တရားဟောတယ်ဆိုတာ ကြည့်စမ်း ရှိရဲ့လား (မရှိပါ ဘုရား) ရှိတာဘာရှိ (အသံပါဘုရား) တသံပြီးတသံရှိတာကို တရားဟောတယ်လို့ ခေါ်လေတော့၏၊ တရားဟောတယ် တသံပြီးမှုတသံဖြစ်။ အဲဒါကို လောက ဘယ်လိုပြောလိုက်တာတုံး၊ တရားဟောတယ်လို့သာခေါ်ရတာ တရားဟောတာ ရှိရဲ့လား(မရှိပါဘုရား) ရှိတာကဘာသဘောတွေတုံး(အသံသဘောပါဘုရား)

ဒါကြောင့်တကာတကာမတွေမိမိတို့နားမှာသတိထားလိုက်ပါ၊လာလာသမျှဘာသဘောတုံး(အသံသဘောပါဘုရား) အသံလို့ရှုလိုက်၊ လူတွေသတ္တဝါတွေယောကျ်ားမိန်းမတွေဘဲ ဆိုတာတွေ ခေါ်တာတွေ ပြောတာတွေ တရားဟောတာတွေ ဆိုတာတွေ ရှုရမှာလား၊ အသံလို့ရှုရမှာလား (အသံလို့ ရှုရမှာပါဘုရား)အသံဆိုတာက ဖြစ်တဲ့နေရာ တနေရာ ပေါ်တဲ့နေရာကတနေရာ အဲဒီတော့ ဖြစ်တဲ့နေရာရှုရမှာလား၊ ပေါ်တဲ့နေရာ ရှုရမှာလား (ပေါ်တဲ့နေရာ ရှုရမှာပါဘုရား)

တကာတကာမတွေကြည့် (ဖြောင်း) (လက်ခုပ်တီးပြသည်) ဒီမှာ မဖြစ်ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ပေါ်တော့ ဘယ်ဌာနမှာပေါ်တုံး (နားအကြည်မှာပ ါဘုရား) အဲဒီတော့ (ဖြောင်းဖြောင်း) ဒီနေရာရှုရမှာလား၊ နားအကြည်မှာ ရှုရမှာလား(နားအကြည်မှာပါဘုရား) ဒါကြောင့် (ဖြောင်း) ဖြစ်တာကတနေရာ ပေါ်တာကတနေရာ တကာတကာမတွေ ရှုရမှာက ဘယ်နေရာတုံး (ပေါ်တဲ့နေရာပါဘုရား) ဖြစ်တဲ့နေရာ ရှုရမှာလား၊ ပေါ်တဲ့နေရာ ရှုရမှာလား (ပေါ်တဲ့နေရာရှုရမှာပါဘုရား) အဲဒီပေါ်တဲ့နေရာသတိထားပါ၊ ဟောဒီ (ဖြောင်း) မှာမလာခဲ့နဲ့ ဒီမှာ (ဖြောင်း) ဘာသဘောရှိတာတုံး (အသံသဘောပါဘုရား)ဘယ်သူနဲ့တွေ့တာတုံး (နားအကြည်နဲ့ပါဘုရား) ဒါကြောင့်-

သောတေန သဒ္ဒံ သုတွာ မာနိမိတ္တဂ္ဂါဟီဟောတိ၊ မာအနုဗျဉ္ဇနဂ္ဂါဟီ။

သောတေန၊ နားနှင့်၊ သဒ္ဒံ၊ အသံကို။ (ဖြောင်း) ဒါဘာသဘောတုံး(အသံသဘောပါဘုရား) လက်ခုပ်တီးတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဘာသဘောတုံး (အသံသဘောပါဘုရား) သောတေန၊ နားနှင့်။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြားသည်ရှိသော် (ဖြောင်း) ခင်ဗျားတို့မကြားဘူးလား၊ ကြားသလား (ကြားပါတယ်ဘုရား) ကြားတယ်သာပြောတာ ဘာတုံး (အသံပါဘုရား) (ဖြောင်း)

မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) လက်ခုပ်တီးတာလား၊ အသံလား၊ (အသံပါဘုရား) ဟော (ဖြောင်း ဖြောင်း) တသံပြီးတသံ၊ ဒီအသံလူနဲ့လာတွေ့တာလား၊နားအကြည်နဲ့လာတွေ့တာလား[နားအကြည်နဲ့လာတွေ့တာပါဘုရား] ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က သောတေန၊ နားနဲ့။ သဒ္ဒံ၊ အသံကို သုတွာ၊ ကြားသည်ရှိသော်၊ နိမိတ္တဂ္ဂါဟီ၊ လက်ခုပ်တီးတယ်ဆိုတဲ့နိမိတ်ကို။ မာ အဂ္ဂါဟီ၊ မယူလိုက်ပါနဲ့။

(ဖြောင်း) လက်ခုပ်တီးတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာတုံး (အသံပါဘုရား) လက်ခုပ်တီးတယ်လို့ ယူလိုက်ရင် နိမိတ်ယူမသွားဘူးလား၊ ယူသွားသလား (ယူသွားပါတယ်ဘုရား) နိမိတ်ကိုယူလိုက်ရင် ဒိဋ္ဌိမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ဖြစ်တဲ့အခါကျတော့ လက်ခုပ်တီးတဲ့အသံကကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ လောဘတွေ ဒေါသတွေ ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) လက်ခုပ်ဆိုတာရှိရဲ့လား (မရှိပါဘုရား) လက်ခုပ်တီးသံမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) လက်ခုပ်မရှိဘူး၊ ဘာရှိတာတုံး (အသံပါဘုရား) လက်ခုပ်ကိုမယူဘဲနဲ့ ဘာယူရမှာတုံး (အသံပါဘုရား)

ဒါ့ကြောင် သောတေန၊နားနဲ့။ သဒ္ဒံ၊ အသံကို၊ သုတွာ၊ ကြားသည်ရှိသော်။ နိမိတ္တဂ္ဂါဟီ၊ ဖြောင်းဖြောင်းလို့ လက်ခုပ်တီးတယ်ဆိုတဲ့ နိမိတ်ကို။ မာအဂ္ဂါဟီ၊ မယူလိုက်ပါနဲ့။ ဘာလို့ယူရမှာတုံး ( အသံလို့ယူရမှာပါဘုရား ) မာအနုဗျဉ္ဇနဂ္ဂါဟီ၊ အဲဒီဖြောင်းလက်ခုပ်တီးတယ်ဆိုတဲ့ သဘောလေးက ဘယ်လိုတီးတာဘဲ၊ တီးတဲ့အခါဘယ်လိုမြည်တာဘဲ၊အဲဒီလို အသေးစိတ်အမှတ်အသားတွေကိုလဲ မယူလိုက်ပါနဲ့။ နိမိတ်ယူလိုက်ရင် အသေးစိတ်အမှတ်အသားတွေ မလာဘူးလား၊လာမလား၊ (လာမှာပါဘုရား) လက်ခုပ်ကဘယ်လိုတီးလိုက်တာလဲ၊ အဲဒီလို အသေးစိတ်တွေလာဦးမလား (မလာပါဘုရား) အဲဒီလိုနိမိတ်ယူလိုက်တော့ လာမှာဘဲ။ နိမိတ်မယူရင်လာဦးမလား (မလာတော့ပါဘုရား)

ဥပမာ-ပြောကြပါစို့ရဲ့။ ကြက်တွန်သံလို့မပြောကြဘူးလား၊ ပြောကြသလား (ပြောကြပါတယ်ဘုရား) ကြက်ဆိုတာရှိရဲ့လား (မရှိပါဘုရား) တွန်တာကောရှိရဲ့လား (မရှိပါဘုရား) ရှိတာဘာတုံး (အသံပါဘုရား) ဒါကြက်တွန်သံပါလို့ဆိုတော့ အသံကိုမယူဘဲနဲ့ ဘာသွားယူလိုက်တုံး (ကြက်ပါဘုရား) အဲဒီလိုမယူလိုက်ဘူးလား၊ ယူလိုက်သလား(ယူလိုက်ပါတယ်ဘုရား)အဲဒီကြက်က အကြောင်လေးဘဲ၊ အကြားလေးဘဲ၊ အနီလေးဘဲ၊ အဝါလေးဘဲလို့ အသေးစိတ် အမှတ်အသားတွေ မ လာ ဘူး လား၊ လာသလား (လာပါတယ်ဘုရား) ဒါ့ကြောင့် သောတေန၊ နားနဲ့။ သဒ္ဒံ၊ အသံကို။ သုတွာ၊ကြားသည်ရှိသော်။ မာနိမိတ္တဂ္ဂါဟီ၊ ကြက်ဆိုတဲ့နိမိတ်ကို မယူလိုက်ပါနဲ့။ ဘာလို့ယူလိုက်ရမှာတုံး (အသံပါဘုရား)

မာအန်နဲ့ဗျဉ္စနဂ္ဂါဟိ၊ အဲဒီကြက်ကူ အဖြူလေး၊ အပြာလေး၊ အကြောင်လေး၊ အကျားလေး၊ အဝါလေး၊ အနီလေးဆိုတဲ့ အသေးစိတ် အမှတ်အသားတွေကို။ မာအဂ္ဂါဟိ၊ မယူလိုက်ပါနဲ့၊ ဘာယူလိုက်ရမှာတုံး(အသံပါဘုရား) ကြက်ဆိုတာ ရှိရဲ့လား (မရှိပါဘုရား) တွန်တာဆိုတာရှိရဲ့လား (မရှိပါဘုရား) ဘာရှိတာတုံး (အသံပါဘုရား) ဘာနဲ့တွေ့တာတုံး (နားအကြည်နဲ့ပါဘုရား) နားအကြည်နဲ့ လာတွေ့တဲ့အခါ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ်ဘုရား) စိတ်ပေါ်တယ်။ ဘာစိတ်တုံး (အသံသိတဲ့စိတ်ပါဘုရား)

တကာတကာမတွေ ဘုန်းကြီးရဲ့အသံဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာတဲ့ တုံး (အသံပါဘုရား) ဦးသုန္ဒဆိုတာရှိရဲ့လား (မရှိပါဘုရား) သမုတိသစ္စာနယ် မှာတော့ရှိတယ်။ ပရမတ္ထနယ်မှာ မရှိဘူး။ ရှိတာဘာတုံး (အသံပါဘုရား) အဲဒီ အသံက ငါနဲ့တွေ့တာလား၊ နားအကြည်နဲ့တွေ့တာလား (နားအကြည်နဲ့လာတွေ့ တာပါဘုရား) အသံကလူလား၊ ရုပ်လား (ရုပ်ပါဘုရား) နားအကြည်ကကော လူလား၊ ရုပ်လား (ရုပ်ပါဘုရား) လာမတွေ့ဘူးလား၊ လာတွေ့သလား (တွေ့ ပါတယ်ဘုရား)

ငါဆိုတာပါရဲ့လား ( မပါပါဘုရား ) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ပါရဲ့လား (မပါပါဘုရား) ဘယ်အချိန်မှာတုံး(ကြားတိုင်းကြားတိုင်းနားထောင် တိုင်း နားထောင်တိုင်း) ဒီအချိန်မှာရှုနေ၁်။ တကာတကာမတွေသတိထားလိုက်၊ အသံသဘောတွေစဲရဲ့လား ( မစဲပါဘုရား ) အသံတွေ တသံနဲ့တသံ တူရဲ့လား၊ (မတူပါဘုရား) အဲဒီ အသံခြင်းမတူသလို၊ နားအကြည်တွေကကော တူရဲ့လား၊ (မတူပါဘုရား)အကြောင်းတိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း ပေါ်လာတယ်။ ရှေ့က ရှိနှင့်နေတာမဟုတ်ဘူး။

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ။ ကောင်းကင်မှာလျှပ်မပစ်ဘူးလား၊ ပစ်သလား (ပစ်ပါတယ်ဘုရား) ရှိနှင့်နေတာဟုတ်ရဲ့လား ( မဟုတ်ပါဘုရား ) အကြောင်း တိုက်ဆိုင်တဲ့အခါ လက်ခနဲ လက်ခနဲ မဖြစ်လာဘူးလား၊ ဖြစ်လာသလား (ဖြစ် လာပါတယ်ဘုရား) တကာ တကာမတွေ အသံသဘော၊ နားအကြည်သဘော တွေဟာ အကြောင်းတိုက်ဆိုင်မှုဖြစ်တာ။ ဘာကြောင့်ဖြစ်တာ (အကြောင်းတိုက် ဆိုင်မှုပါဘုရား) ကြိုပြီးတော့ရှိနှင့်နေတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)ဖြစ်ဘို့ ရန်ကော အဆင်သင့်စောင့်နေတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အကြောင်း တိုက်ဆိုင်မှုဘာတုံး (ဖြစ်တာပါဘုရား) အကြောင်းတိုက်ဆိုင်မှု ပေါ်ပေါ်လာ တာ။ အကြောင်းမတိုက်ဆိုင်ရင်ပေါ်ပါ့မလား (မပေါ်ပါဘုရား) အဲဒါကြောင့် ခုအသံနဲ့ခုအကြည့်ဘဲ၊ ခုနကအသံနဲ့ နားအကြည် ရှိသေးရဲ့လား (မရှိပါဘုရား) အကြောင်းတိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း နားအကြည်တွေကလဲ ဒီထဲမှာရှိနှင့်နေ တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အသံနဲ့တိုက်ဆိုင်မှုသာလျှင် ပေါ်ပေါ်လာ

တာ။ မတိုက်ဆိုင်ပေါ်ပါမလား (မပေါ်ပါဘုရား) အဲဒီတော့ အသံနဲ့ နား အကြည်နဲ့ တိုက်ဆိုင်တဲ့အခါကျတော့ လူပေါ်တာလား၊ စိတ် ပေါ် တာ လား၊ (စိတ်ပေါ်တာပါဘုရား) ဘာစိတ်တုံး (အသံသိတဲ့စိတ်ပါဘုရား)

ခင်ဗျားတို့ ကြားတိုင်းကြားတိုင်း နားထောင်တိုင်း နားထောင်တိုင်းမှာ တီး တာ မြည်တာ ခေါက်တာ တရားဟောတာ ရှိတာလား၊ ဘယ်သဘောတွေရှိတာ တုံး (အသံသဘော နားအကြည်သဘော စိတ်သဘော) ဒီပြင်ရှိသေးရဲ့လား၊ (မရှိပါဘုရား ) ဘယ်အချိန်မှာရှိဘာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါ ဘုရား) တကာတကာမတွေ ပထမပြောခဲ့တဲ့အတိုင်း တရားဟောတာ ပါရဲ့လား (မပါပါဘုရား) ဘာတဲ့တုံး (အသံပါဘုရား) အသံပေါ်လိုက်တာနဲ့တပြိုင်နက် အဲဒီအသံကို ဘယ်သူကသိဘာတုံး ( စိတ်ကပါဘုရား ) ရှေ့နောက် ဆိုင်းသေးရဲ့ လား (မဆိုင်းပါဘုရား)

ဒီသုံးလုံးတပြိုင်နက်ဖြစ်ဘာ။ သဟဇာတပစ္စည်း၊ ဘာပစ္စည်းတုံး (သဟဇာတ ပစ္စည်းပါဘုရား) သဟဇာတပစ္စည်းဆိုဘာ အတူတကွဖြစ်တာ။ အကြောင်းတိုက် ဆိုင်တိုင်း ပစ္စယ၊ အကြောင်းတရားတွေ တိုက်ဆိုင်တိုင်း အတူတကွဖြစ်နေတာ။ လူတွေ သတ္တဝါတွေဖြစ်ဘာလား၊ ဘယ်သဘောတွေဖြစ်တာတုံး (အသံသဘော နားအကြည်သဘော စိတ်သဘော) ဘယ်အချိန်မှာ ဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား)နောက်ထပ်နားထောင်တိုင်းမှာ ဘယ်သဘောတွေ ရှိတာတုံး (အသံသဘော နားအကြည်သဘော စိတ်သဘော) မရှိဘူးလား၊ ရှိ သလား(ရှိပါတယ်ဘုရား)ဘယ်အချိန်တွေမှာ ရှိတာတုံး (ကြားတိုင်းကြားတိုင်း နားထောင်တိုင်း နားထောင်တိုင်း) အရှိဘရား ရှုတာလား၊ မရှိတရားရှုတာလား၊ (အရှိဘရားရှုဘာပါဘုရား)ဘူတံ ဘူတဘော ပဿတိ။ ဘူတံ၊ ထင်ရှားရှိတဲ့အသံ သဘော နားအကြည်သဘော စိတ်သဘောတဆားကို၊ ဘူဘတော၊ ထင်ရှားရှိပါ တကားဟု။ ပဿတိ၊ ရှုရမယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က အရှိတရားရှုခိုင်း တာလား၊ မရှိတရားရှုခိုင်းတာလား (အရှိတရားရှုခိုင်းတာပါဘုရား)

ယခုကြားတိုင်း နားထောင်တိုင်းမှာ အရှိတရားရှုတာလား၊ မရှိတရားရှုတာ လား (အရှိတရားရှုတာပါဘုရား) အရှိတရားက ဘယ်သဘောတွေ ရှိ တာ တုံး (အသံသဘော နားအကြည်သဘော စိတ်သဘော)မရှိဘူးလား၊ရှိသလား (ရှိပါ တယ်ဘုရား) ဘယ်အချိန်မှာရှိနေတာတုံး (ကြားတိုင်း ကြားတိုင်း) အဲဒီတော့ ခေါက်တယ်ထင်ရင် (ဒိဋ္ဌိပါဘုရား) ဆဲဘယ်ထင်ရင် (ဒိဋ္ဌိပါဘုရား) ပြောတယ် ထင်ရင် (ဒိဋ္ဌိပါဘုရား) တရားဟောတယ်ထင်ရင် (ဒိဋ္ဌိပါဘုရား) ရှိတာကဘာနဲ့ ဘာ (ရုပ်နဲ့နာမ်ပါဘုရား) အသံနဲ့နားအကြည်ကဘာတုံး (ရုပ်ပါဘုရား) အသံ သိတဲ့စိတ်က (နာမ်ပါဘုရား) ပေါင်းလိုက်တော့ ( ရုပ်နဲ့နာမ်ပါဘုရား ) ဘယ် အချိန်မှာရှိတာတုံး (ကြားတိုင်းကြားတိုင်း နားထောင်တိုင်းနားထောင်တိုင်း)

ကြားတယ်ဆိုတာကောရှိရဲ့လား (မရှိပါဘုရား) ရှိတာကရုပ်နဲ့နာမ်။ ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့ရုပ်နာမ်-ခုမှဖြစ်တဲ့ရုပ်နာမ်) လို့ရှုပါ။

ခုမှဖြစ်တဲ့ရုပ်နာမ်ကိုကြားတယ်။ ကြားတာရှိရဲ့လား(မရှိပါဘုရား)ဘာရှိတုံး (ရုပ်နာမ်ဖြစ်တာဘဲရှိတယ်)ရုပ်နာမ်ဖြစ်တာကို ခေါ်တယ်၊ ရုပ်နာမ်ဖြစ်တာကို ပြောတယ်၊လောက မခေါ်ဘူးလား၊ ခေါ်သလား(ခေါ်ပါတယ်ဘုရား) ပြောတာ ဆဲဘာ ဆိုတာ ခေါ်တာဆိုတာရှိရဲ့လား(မရှိပါဘုရား)ရုပ်နာမ်ဖြစ်တယ် ဆိုတာကို လောကမှာ ဆဲတယ် ဆိုတယ် ခေါ်တယ် တရားဟောတယ်ဆိုကြ ပါမလား၊ ရုပ်တရားနဲ့ နာမ်တရားဆိုတာ ဘယ်သဘောတွေတုံး အသံသဘော နားအကြည်သဘော စိတ်အကြည်သဘော အဲဒီသုံးပါးစုံ ပေါင်းဆုံ၍ ဖြစ်ဖြစ်နေပါကလား၊ ဒီလိုရှုရင်ဘာဉာဏ်လဲ(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)

ကြားတိုင်း ကြားတိုင်း နားထောင်တိုင်း နားထောင်ကိုင်းမှာ နာမရူပပရိစ္ဆေဒဉာဏ်၊ ရှုပြစမ်းပါဦး၊ဘယ်လိုရှုမှာတုံး အသံသဘော နားအကြည်သဘော စိတ်သဘောသုံးပါးစုံပေါင်းဆုံ၍ ဖြစ်ဖြစ်နေပါတကား။ အဲဒီလိုရှုရင် ဘာဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဘယ်အချိန်မှာ ရှုရမှာတုံး(ကြားတိုင်း နားထောင်တိုင်း)အဲဒီလိုကြားတိုင်းနားထောင်တိုင်းမှာဒီအတိုင်းရှုလိုက်ရင် ဒေါသဖြစ်ဦးမလား (မဖြစ်ပါဘုရား) လောဘတွေ လာဦးမလား (မလာပါဘုရား) မောဟတွေ လာဦးမလား (မလာပါဘုရား) လောဘမီး ဒေါသမီး မောဟမီး မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား)ဘာကဦးသွားတုံး (ဉာဏ်ကဦးသွားလို့ပါဘုရား)

ဒါကြောင့် ဉာဏ်က အရင်ဦးဘို့ အရေးကြီးပါတယ်။ ဉာဏ်က မဦးရင် သက္ကာယဒိဋ္ဌိကဦးသွားမယ်။ ဉာဏ်ကမဦးရင် ဘာကဦးသွားလိမ့်မတုံး(သက္ကာယဒိဋ္ဌိပါဘုရား) ဒါကြောင့် ခင်ဗျားတို့ ကြားတိုင်းနားထောင်တိုင်းမှာ ဘာဉာဏ်က ဦးသွားရမှာတုံး (နာမရူပပရိစ္ဆေဒဉာဏ်) ဉာဏ်ကဦးပါစေ။

ကြားတိုင်းကြားတိုင်းမှာဖြင့် အသံသဘော နားအကြည်သဘောကဘာတုံး (ရုပ်တရားပါဘုရား) အသံသိတဲ့စိတ်က ဘာတရား (နာမ်တရားပါဘုရား)ရုပ်တရား နာမ်တရားဖြစ်ဖြစ်နေပါကလား။ အဲဒီလိုရှုလိုက်တာဘာဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)

အဲဒီလို ရုပ်နာမ်ခွဲပြီးရှုပြစမ်းပါဦး (အသံသဘော နားအကြည်သဘောက ရုပ်တရား၊ အသံသိတဲ့စိတ်က နာမ်တရား) ရုပ်တရား နာမ်တရား ဖြစ်ဖြစ်နေပါကလား။ဘယ်အချိန်မှာ ဖြစ်ဖြစ်နေတာတုံး (ကြားတိုင်းနားထောင်တိုင်း) အဲဒီ

ဒီအချိန်မှာ နာမရူပပရိစ္ဆေဒဉာဏ် ရှုလိုက်တော့ သက္ကာယဒိဋ္ဌိ လာသေးရဲ့လား (မလာတော့ပါဘုရား)ဒီတော့ ရုပ်နဲ့နာမ်ကသက္ကာယ အဲဒါကို တရားဟောတယ်လို့ထင်တာက ဘာတုံး (ဒိဋ္ဌိပါဘုရား) ပေါင်းလိုက်စမ်းပါ၊ (သက္ကာယဒိဋ္ဌိပါဘုရား) ဒါကြောင့် တရားနာတဲ့အခါလဲ လောကမှာပြောတာပြောရတဲ့ ဘာသဘောတွေတုံး(အသံသဘောတွေပါဘုရား) အဲဒီအသံသဘောတွေကလဲ ဘယ်သူနဲ့လာတွေ့တုံး(နားအကြည်သဘောနဲ့ပါဘုရား) နားအကြည်သဘောနဲ့ လာတွေ့တော့ လူတွေပေါ်တာလား၊ စိတ်တွေပေါ်တာလား(စိတ်တွေပေါ်တာပါဘုရား)ဘာစိတ်တုံး (အသံသိတဲ့စိတ်ပါဘုရား)

အကျဉ်းချုံးလိုက်တော့ ဘာနဲ့ဘာပါလိမ့်(ရုပ်နဲ့နာမ်ပါဘုရား) မရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ခုမှဖြစ်တဲ့ ရုပ် နာမ် ဘယ်အချိန်မှာဖြစ်တာတုံး(ကြားတိုင်းနားထောင်တိုင်းမှာပါ) အဲဒီလိုရှုလိုက်တဲ့အခါ သက္ကာယပေါ်မှာ ဒိဋ္ဌိကွာမသွားဘူးလား၊ ကွာသွားသလား (ကွာသွားပါတယ်ဘုရား) သက္ကာယဒိဋ္ဌိကွာသွားလိုက်တာနဲ့တပြိုင်နက် ရာဂမီး ဒေါသမီး မောဟမီး မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) ဘာဉာဏ်နဲ့ ငြိမ်းလိုက်တာတုံး(နာမရူပပရိစ္ဆေဒဉာဏ်နဲ့ပါဘုရား)နာမရူပပရိစ္ဆေဒဉာဏ်ကြောင့် ငြိမ်းသွားတာပါ။အရှိတရားကိုဖေါ်လိုက်တာဘဲ ဒီအရှိတရားကို လူတွေသတ္တဝါတွေကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား)

တကာတကာမတွေ အသံကိုသိတာက လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အဲဒီစိတ်ကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား(သတိကဖေါ်တာပါဘုရား)စိတ်က စိတ်၊ သတိကဘာတုံး (စေတသိက်ပါဘုရား)အသံကရုပ် ပေါင်းလိုက်စမ်းပါ (စိတ် စေတသိက် ရုပ်) ကြားတိုင်း နားထောင်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား စိတ် စေတသိက်ရုပ် ရှိတာလား (စိတ် စေတသိက် ရုပ် ရှိတာပါဘုရား)

ဘယ်အချိန်မှာရှိတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါရာရား) ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါ ဘုရား) ဒါကြောင့် ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်၊ ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်၊ ဘယ်အချိန်မှာ ဖြစ်နေတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

တကာ တကာမတွေ သဘောထားလိုက်စမ်းပါ။ အသံကိုသိတာ လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အသံသဘောတွေစဲ့ရှိလား

(မစဲပါဘုရား) အခု အသံသိတဲ့စိတ်တွေ ပပေါ်ဘူးလား၊ပေါ်သလား(ပေါ်ပါတယ်ဘုရား) ဒီအသံကိုသိတဲ့စိတ်တွေက လူကိုစွဲပြီးဖြစ်တာလား၊ အသံကိုစွဲပြီးဖြစ်တာလား (အသံကိုစွဲပြီးဖြစ်တာပါဘုရား) အသံဆိုတဲ့ ရုပ်ကိုစွဲပြီး မဖြစ်လာဘူးလား (ဖြစ်လာပါတယ်ဘုရား)

အပိစခေါကာကံပဋိစ္စသဒ္ဒေါဝိယ၊ သဒ္ဒေါဝိယနာမံ ပဝတ္တတိ။ အပိစခေါ၊ စင်စစ်သော်ကား၊ ကာကံ၊ ကြီးကို၊ပဋိစ္စ၊စွဲ၍၊ သဒ္ဒေါ၊ အသံသည် ပဝတ္တတိဝိယ ဖြစ်သကဲ့သို့၊ တထာ၊ ထို့အတူ၊ ရူပံ၊ ရုပ်ကို ပဋိစ္စ၊ စွဲ၍၊ နာမံ၊ နာမ်တရားသည်၊ ပဝတ္တတိ၊ဖြစ်တယ်။

နာမ်တရားက လူတွေ သတ္တဝါတွေကို စွဲဖြစ်တာလား ရုပ်ကို စွဲဖြစ်တာလား (ရုပ်ကိုစွဲဖြစ်တာပါဘုရား)ဒီနေရာဘာရုပ်တုံး(အသံရုပ်ပါဘုရား) ဘယ်သဘောတုံး(အသံသဘောပါဘုရား) အသံသဘောကို စွဲဖြစ်တယ်။ အသံကဘာတုံး(ရုပ်ပါဘုရား)အသံကိုသိတဲ့စိတ်က(နာမ်ပါဘုရား)ပေါင်းလိုက်တော့(ရုပ်နာမ်)အဲဒီရုပ်တရားနဲ့ နာမ်တရားက လူတွေ သတ္တဝါတွေမှီဖြစ်တာလား၊ နားအကြည်မှီဖြစ်တာလား (နားအကြည်မှီ ဖြစ်တာပါ ဘုရား) အသံကလဲရုပ်၊ နားအကြည်ကလဲရုပ်၊ အသံသိတဲ့စိတ်က နာမ်၊ အသံက သဒ္ဒါရုံဘဲ၊ နားအကြည်က သောတပသာဒ၊ အသံသိတဲ့ စိတ်က သောတဝိညာဏ်စိတ် ဘာစိတ်တဲ့တုံး (သောတဝိညာဏ်စိတ်ပါဘုရား)

သောတဝိညာဏ်စိတ်လို့လဲခေါ်တယ်၊ နာမ်လို့လဲခေါ်တယ်၊ သင်္ခါရလို့လဲခေါ်တယ်၊ ပရမတ်လို့လဲခေါ်တယ်၊ သက္ကာယလို့လဲခေါ်တယ်၊ မခေါ်ဘူးလား၊ခေါ်သလား(ခေါ်ပါတယ်ဘုရား) ဒီသဘောတွေကို ခေါ်နေတာ အချိန်တိုင်းအချိန်တိုင်း မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်အချိန်တွေမှာဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား)

အဲဒီစိတ်ကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) စိတ်ကဝိညာဏ် သတိကဘာတုံး(နာမ်ပါဘုရား) အသံကဘာတုံး(ရုပ်ပါဘုရား)ပေါင်းလိုက်စမ်း (ဝိညာဏ် နာမ် ရုပ်ပါဘုရား)လူတွေ သတ္တဝါတွေရှိတာလား၊ ဝိညာဏ်နာမ်ရုပ်ရှိတာလား (ဝိညာဏ် နာမ် ရုပ်ရှိတာပါဘုရား)

ကြားတိုင်း နားထောင်တိုင်းမှာ ဆဲတာ ဆိုတာ ခေါက်တာ မြည်တာ တွန်တာ ရှိတာလား၊ ဝိညာဏ် နာမ် ရုပ် ရှိတာလား (ဝိညာဏ် နာမ် ရုပ် ရှိတာပါဘုရား)ဘယ်အချိန်မှာရှိနေတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တာပါ ဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ်၊ ခုမှဖြစ်တဲ့

ဝိညာဏ် နာမ် ရုပ်) ဘယ်အချိန်မှာဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်း) အဲဒီလိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာ) မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား) ဒီလိုဉာဏ်ကဦးသွားလို့ရှိရင် ဒီနားပေါက်က မီးတွေဘောက်ဦးမလား(မတောက်ပါဘုရား)ဘာမီးတွေတုံး(ရာဂမီး၊ဒေါသမီး၊ မောဟမီးတွေပါ ဘုရား) အဲဒီလို မရှုလိုက်မိရင် နားပေါက်က မီးတဟုန်းဟုန်း တောက်မယ်။ မတောက်ဘူးလား၊ တောက်မှာလား (တောက်မှာပါဘုရား) မီးတောက်ဘယ်နှစ်ခုတုံး (သုံးခုပါဘုရား) ဒါ့ကြောင့်-

ရာဂဂ္ဂိယံအာဒိတ္တံ၊ ဒေါသဂ္ဂိယံအာဒိတ္တံ၊ မောဟဂ္ဂိယံအာဒိတ္တံ။

ရာဂဂ္ဂိယံ ရာဂတည်းဟူသောမီးသည်၊ အာဒိတ္တံ၊ တောက်လောင်၍နေတယ်။ ဒေါသဂ္ဂိယံ၊ ဒေါသတည်းဟူသော မီးသည်၊ အာဒိတ္တံ၊ တောက်လောင်၍ နေတယ်။ မောဟဂ္ဂိယံ၊ မောဟတည်းဟူသောမီးသည်၊ အာဒိတ္တံ၊ တောက်လောင်၍ နေတယ်။

သိလို့တောက်တာလား၊ မသိလို့တောက်တာလား(မသိလို့ပါဘုရား) ဘာမသိလို့တုံး (ရုပ်နာမ်မသိလို့ပါဘုရား) ရုပ်နာမ်မသိတာ၊ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား( အဝိဇ္ဇာကမသိတာပါဘုရား) ဘယ်အချိန်မှာ မသိတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါ ဘုရား) ခင်ဗျားတို့ မကြားဘူးလား၊ ကြားသလား (ကြားပါတယ်ဘုရား) ကြားတိုင်းမသိတော့ ဘာဦးစီးသွားမလဲ (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား)

အကုသိုလ်ထဲမှာဖြင့် အဝိဇ္ဇာလောက်ကြီးတဲ့ အကုသိုလ် ရှိသေးရဲ့လား (မရှိပါဘုရား)အကုသိုလ်ဆိုတာ သေးတာကြီးတာရှိရဲ့လား(မရှိပါဘုရား) သေးတာလဲမြှုပ်မှာဘဲ၊ကြီးတာလဲမြှုပ်မှာဘဲ၊ အလယ်ခေါင်မှာရပ်သေးသလား(မရပ်ပါဘုရား)မရပ်ဘူးတဲ့။ အဲဒါကြောင့် တကာတကာမတွေ ဒီလိုမသိတာဖြင့် ခင်ဗျားတို့ သတိရှိလို့လား၊ သတိမရှိလို့လား (သတိမရှိလို့ပါဘုရား) သတိက အရေးမကြီးဘူးလား၊ ကြီးသလား (အရေးကြီးပါတယ် ဘုရား) ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်က (မာပမာဒတ္ထဘိက္ခဝေ) လို့ သတိမပေးဘူးလား၊ ပေးသလား (ပေးပါတယ်ဘုရား)

ဘိက္ခဝေ၊ ရဟန်းတို့၊ မာပမာဒတ္ထ၊ ပမေ့ကြပါနဲ့၊ မျက်စိပေါက်ကလဲမမေ့နဲ့၊ နားပေါက်ကလဲမမေ့နဲ့၊ မေ့ရင် မီးတွေတောက်လောင်ခံရလိမ့်မယ်။ မတောက်လောင်ဘူးလား၊ တောက်လောင်သလား(တောက်လောင်ပါတယ်ဘုရား) မျက်မြင်မီးလား၊ ဉာဏ်မြင်မီးလား (ဉာဏ်မြင်မီးပါဘုရား) မျက်စိနဲ့တော့မမြင်ရဘူး။ ဉာဏ်နဲ့ကြည့်ရင်မီးတွေတောက်လောင်တော့တာဘဲ၊ ရာဂမီး ဒေါသမီး

မောဟမီးတွေ ဒီရာဂမီးလောင်ခဲ့ပြီးတော့ ခင်ဗျားတို့ ကျုပ်တို့ အိုခဲ့ပေါင်းလဲ များခဲ့တယ်၊ နာခဲ့ပေါင်းလဲများခဲ့တယ်၊ သေခဲ့ပေါင်းလဲများခဲ့ပါတယ်။ ဘာ လောင်ပြီး သေတာပါလိမ့် (မီးလောင်ပြီး သေတာပါဘုရား) ဘာမီးပါလိမ့် (လောဘမီး ဒေါသမီး မောဟမီးတွေပါဘုရား)

ဒီမီးလောင်တာလဲ တကာတကာမတွေ ဘယ်သူ့ကြောင့် လောင်ခဲ့ရတာတုံး (သက္ကာယဒိဋ္ဌိကြောင့်ပါဘုရား)သက္ကာယဒိဋ္ဌိကလဲ ဘာကြောင့်သက္ကာယဒိဋ္ဌိဖြစ် တာတုံး (သတိလွတ်နေလို့ပါဘုရား) သတိလွတ်နေလို့ ဒီလို အဖြေထွက်မလာ ဘူးလား၊ ထွက်လာသလား(ထွက်လာပါတယ်ဘုရား) အရေးကြီးတာကဘာတုံး (သတိပါဘုရား) သတိထားလိုက်တာနဲ့တပြိုင်နက် အရှိတရားတွေမပေါ်လာဘူး လား(ပေါ်လာပါတယ်ဘုရား) တကာတကာမတွေ ယခုကြားတိုင်းနားထောင် တိုင်းမှာ တရားဟောတာလား၊ အသံသဘောလား (အသံသဘောပါဘုရား) အသံဟာတရားဟောတာလား၊ရုပ်လား(ရုပ်ပါဘုရား)ဒီရုပ်ကိုခန္ဓာဖွဲ့လိုက်တော့ (ရူပက္ခန္ဓာပါ ဘုရား) ဘယ်အချိန်မှာ ရူပက္ခန္ဓာ ဖြစ်တာတုံး (ကြားတိုင်း နား ထောင်တိုင်းမှာပါ ဘုရား) မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင် ခန္ဓာပါဘုရား)ဉာဏ်မြင်ခန္ဓာတွေပြီ၊ ဒီဉာဏ်မြင်ခန္ဓာ ခင်ဗျားတို့ မျက်လုံးနဲ့မြင် ရရဲ့လား(မမြင်ရပါဘုရား) မရှိလို့လား(ရှိပါတယ်ဘုရား)

အသံတွေစဲရဲ့လား(မစဲပါဘုရား) တသံပြီးတသံ ယခု ဘုန်းကြီးဟောနေတာ တရားဟောတယ်သာပြောရတာ ရှိနေတာကဘာတုံး(အသံပါဘုရား) ဘယ်သူနဲ့ လာတွေ့တာတုံး(နားအကြည်နဲ့ပါဘုရား)ငါနဲ့လာတွေ့တာဟုတ်ရဲ့လား(မဟုတ် ပါဘုရား)ဘုန်းကြီးဟောတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာရှိနေတာတုံး (နားအကြည်နဲ့အသံပါဘုရား) ဘုန်းကြီးထံကဘာတုံး(အသံ) ခင်ဗျားတို့ထံက (နားအကြည်ပါဘုရား) လာမတိုက်ဆိုင်ဘူးလား၊ တိုက်ဆိုင်သလား (တိုက်ဆိုင် ပါတယ်ဘုရား) တိုက်ဆိုင်လိုက်သည်နှင့်တပြိုင်နက် ခင်ဗျားတို့ရဲ့ အဇ္ဈတ္တသန္တာန် မှာ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေပေါ်တာလား၊ စိတ်သဘောပေါ်တာ လား(စိတ်သဘောပေါ်ကာပါဘုရား) ဘာစိတ်တုံး (အသံသိတဲ့စိတ်ပါဘုရား) သုံးပါး ပေါင်းဆုံနေတာကို တရားနာတယ်လို့ ခေါ်တာဘဲ၊ တရားနာတယ်ဆို တာရှိရဲ့လား (မရှိပါဘုရား)

သမုတိသစ္စာနယ်မှာတော့ မပြောရဘူးလား၊ပြောရသလား(ပြောရပါတယ် ဘုရား)သမုတိသစ္စာနယ်မှာတော့ မှန်ပါတယ်။ ပရမတ္ထသစ္စာနယ်မှာတော့ မှန်ရဲ့ လား (မမှန်ပါဘုရား) ပရမတ္ထသစ္စာနယ်မှာတော့ ဘာတွေရှိတာတုံး (အသံ သဘော နားအကြည်သာဘာ စိတ်သဘော) ဒါတွေဘဲရှိပါတယ်။ ဒါကြောင့် အသံဟာ လူလား၊ ရုပ်လား(ရုပ်ပါဘုရား) သူ့ကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာလဲ

(ရှုပက္ခန္ဓာပါဘုရား) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘယ်အချိန်မှာရတာတုံး (ကြားတိုင်းနားထောင်တိုင်းမှာပါဘုရား)

တကာတကာမတွေ ကြားတိုင်း နားထောင်တိုင်းမှာ ကောင်းမကောင်းတွေကို ခံစားတာ၊ မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ကောင်းမကောင်းဆိုတဲ့ သဘောတွေကို ခံစားတာ၊ သဘောတော့ရှိတာဘဲ။ အဲဒီသဘောက ဘာတုံး (ဝေဒနာပါဘုရား)ခံစားတဲ့သဘောကဘာလဲ (ဝေဒနာသဘောပါဘုရား)

(အာရမ္မဏရသံ၊ဝေဒယတိတိ၊ဝေဒနာ။)အာရမ္မဏရသံ၊အာရုံ၏အရသာကို၊ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ ဝေဒနာ၊ ဝေဒနာမည်၏။ ဝေဒနာဆိုတာ လူတွေသတ္တဝါတွေကို ခံစားတာလား၊ အာရုံကိုခံစားတာလား (အာရုံကို ခံစားတာပါ ဘုရား) အာရုံကိုခံစားတာ ဒီနေရာမှာ တကာတကာမတွေ အသံရဲ့အာရုံကို မခံစားဘူးလား၊ခံစားသလား(ခံစားပါတယ်ဘုရား)ခံစားတယ်နော်။ ရုပ်အာရုံကို ခံစားတယ်၊ ဒီအသံသဘောသာ မပေါ်ရင် ဝေဒနာ ပေါ်လို့ရပါ့မလား (မရပါဘုရား) ခန္ဓာငါးပါးဖြစ်ဘယ်ဆိုတာ တပါးဖြစ်ရင် ကျန်လေးပါး တပြိုင်နက် ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)

နားထောင်လို့ ကောင်းတယ်၊ မကောင်းဘူး၊ တခါတလေ အမူမဲ့ အမှတ်မဲ့ နားမထောင်ဘူးလား၊ နားထောင်သလား (နားထောင်ပါတယ် ဘုရား) နားထောင်ကောင်းတယ်ဆိုတာ ဘာဝေဒနာလဲ(သုခဝေဒနာပါဘုရား)နားထောင်မကောင်းဘူး ဆိုတာက (ဒုက္ခဝေဒနာပါ ဘုရား) နားထောင်ကောင်းတာလဲ မဟုတ် မကောင်းတာလဲ မဟုတ်တာက (ဥပေက္ခာဝေဒနာပါဘုရား) ဝေဒနာ ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) ဘယ်အချိန်မှာတုံး (ကြားတိုင်းနားထောင်တိုင်းမှာပါဘုရား) တကာတကာမတွေ တခါတလေ ကက်ဆက်တို့ ရေဒီယိုတို့ နားမထောင်ဘူးလား၊ နားထောင်သလား (နားထောင်ပါတယ် ဘုရား) နားထောင်တယ်။ ခင်ဗျားတို့ ကြိုက်တဲ့အာရုံနဲ့ တွေ့တဲ့အခါကျတော့ အဲဒါလေး ဖွင့်အုံးဟ လို့ မလုပ်ဘူးလား၊ လုပ်သလား(လုပ်ပါတယ်ဘုရား)

အဲဒီအသံအာရုံပေါ်မှာ စွဲသွားတဲ့အခါကျတော့ ဒီအသံကို နားထောင်ချင်တာက ဆန္ဒ။ နားထောင်ချင်တာကဘာတုံး(ဆန္ဒပါဘုရား)စွဲလမ်းတာက(ရာဂပါဘုရား)ဆန္ဒ ရာဂ မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား) ဆန္ဒရာဂ ကွဲထားအုံး။ဒီအသံကိုနားထောင်ချင်တာကဘာတုံး(ဆန္ဒ) အဲဒီအသံပေါ်မှာစွဲလမ်းနေတာက ဘာတုံး(ရာဂပါဘုရား) ဆန္ဒနဲ့ ရာဂ ကွဲပါစေ။ အဲဒီတော့ သတိမထားလို့ရှိရင် နားထောင်တိုင်း ဘာတွေဖြစ်နေတုံး(ဆန္ဒနဲ့ရာဂပါဘုရား) ဆန္ဒနဲ့ရာဂဖြစ်တော့တာဘဲ၊

တခါတလေ တကာတကာမတွေ နားထောင်ချင်တဲ့ အခါမျိုး ပေါ်မလာဒဘူးလား၊ ပေါ်လာသလား(ပေါ်လာပါတယ် ဘုရား) ပိတ်လိုက်ကွာ၊ ဒီအသံနားမထောင်ချင်ဘူး ဆိုတော့ ဘာသဘောပေါ်လာတုံး (ဒေါသ သဘောပါဘုရား) ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား)

တကာ တကာမတွေ အသံကိုအကြောင်းပြုပြီး အာသဝတရားတွေ မယိုစီးဘူးလား၊ယိုစီးသလား(ယိုစီးပါတယ်ဘုရား) ဒီအသံသဘော မကျဘူးလား၊ကျသလား(ကျပါတယ်ဘုရား) အဲဒီလိုသဘောကျတဲ့ အခါကျတော့ ကာမာသဝယိုစီးတော့တာဘဲ၊ ဘာအာသဝ ယိုစီးတာတုံး (ကာမာသဝပါ ဘုရား) အဲဒီအခပေါ်မှာ စွဲလမ်းတယ်၊ ခင်မင်တယ်၊ စုံမက်ဘယ်၊ ဒါကဘာအာသဝလဲ (ကာမာသဝပါဘုရား)

အဲဒီဘော့ အသံပေါ်မှာစွဲလမ်း၊ ရုပ်တရားပေါ်မှာစွဲလမ်းတော့ ဒီရုပ်တရားကိုဘဲ နောက်ထပ်ဘဖန်ကြားချင်တယ်၊ အသံကိုမကြားချင်ဘူးလား၊ ကြားချင်သလား (ကြားချင်ပါတယ်ဘုရား) ဒီအသံကိုကြားချင်တယ်၊ နောက်ထပ်တဖန်အသံအသစ်ဖြစ်တာကိုတောင့်တတယ်။ ဖွင့်လိုက်ပါဦး၊ ဒီအသံဘဲကြားချင်တယ်၊ နားထောင်ချင်တယ်၊ နောက်ထပ်နားထောင်ချင်တယ်၊ အသံကြားချင်တယ်ဆိုတာ ဘာအာသဝတုံး ( ဘဝါသဝပါဘုရား ) သူ့ကို တရားကိုယ်ကောက်လိုက်တော့ (လောဘ) လောဘတဏှာဘဲမဟုတ်လား (ဟုတ်ပါတယ်ဘုရား) ကာမာသဝ၊ ဘဝါသဝ။

သူကအသံလို့မရှူဘူးဗျ။ဘာလို့ရှုလိုက်သလဲဆိုတော့သီချင်းဆိုရင်သီချင်းလို့ဘဲသင်လိုက်တာဘဲ။ တရားလို့ထင်လိုက်တယ်၊ ပြောတယ်လို့ထင်လိုက်တယ်။ အဲဒါဘာအာသဝတုံး(ဒိဋ္ဌာသဝပါဘုရား)အသံကိုအသံမှန်းမသိတာက အဝိဇ္ဇာသဝ၊ ဘာအာသဝတုံး (အဝိဇ္ဇာသဝပါဘုရား) အာသဝေါတရား ဘယ်နှစ်ပါးရလာဘုံး (လေးပါးပါဘုရား) ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ယိုစီးဘူးလား၊ ယိုစီးသလား (ယိုစီးပါတယ်ဘုရား) ဘယ်သူက ယိုစီးတာတုံး နားပေါက်ကပါဘုရား) ဘယ်အချိန်မှာယိုစီးတာလဲ (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား)

ဒါ့ကြောင့်တကာတကာမတွေ ဒီအာသဝကိုသတိနဲ့ ပညာမပါဘဲနဲ့ အာသဝယိုစီးမှုရပ်ပါ့မလား (မရပ်ပါဘုရား) အဲဒီတော့ဘာလိုနေတာတုံး (သတိနဲ့ပညာပါဘုရား)သတိကအရှိတရားကိုဖေါ်ထုတ်တယ်။ပညာကပိုင်းခြားတယ်၊ ဝိညာဏ်က ရှုတယ်၊ ခင်ဗျားတို့ပါရဲ့လား (မပါပါဘုရား) ခင်ဗျားတို့ တရားအားထုတ်ကာ ဟုတ်ရဲ့လား ( မဟုတ်ပါဘုရား ) ဘယ်သူ့လုပ်ငန်းတွေတုံး။ သတိ ပညာညာဏ်ကွဲရတယ်။ ဘယ်အချိန်မှာကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) သတိထားလိုက်ပါ။

တကာတကာမတွေသတိထားလိုက်တာနဲ့တပြိုင်ထဲ အရှိတရားပေါ်တာလား၊ မရှိတရားပေါ်တာလား ( အရှိတရားပေါ်တာပါဘုရား ) အရှိတရားက ဘယ်သဘောတွေပါလိမ့်(အသံသဘော နားအကြည်သဘော စိတ်သဘောပါဘုရား) ဘယ်သူကဖေါ်ပေးလိုက်တာလဲ (သတိကပါဘုရား) အသံကိုကော ဘယ်သူကဖေါ်ပေးလိုက်တာတုံး (သတိကပါဘုရား) နားအကြည်ကိုကော (သတိကပါဘုရား) စိတ်ကော (သတိကပါဘုရား) သတိကဖေါ်ပေးလိုက်တယ်။

ပညာကပိုင်းခြားပေးတယ်။ ဘယ်လိုပိုင်းခြားပေးသလဲဆိုတော့ ဒါကအသံ၊ ဒါကနားအကြည်၊ ဒါကစိတ်၊ ဒီလိုပိုင်းခြားပေးတာ။ ဘယ်သူက ပိုင်းခြားပေးတာတုံး (ပညာကပါဘုရား)

ပကာရေနဉာယတိ ဇာနာတီတိပညာ။ ပ-ညာ၊ ပ-ကွဲကွဲပြားပြား၊ ညာက သိပေးလိုက်တာ၊ ကွဲကွဲပြားပြား မလုပ်ပေးလိုက်ဘူးလား၊ လုပ်ပေးလိုက်သလား ( လုပ်ပေးလိုက်ပါတယ်ဘုရား ) ဘယ်သူကသိပေးတုံး ( ဝိညာဏ်ကပါဘုရား ) ဝိညာဏ်ကမပိုင်းခြားတတ်ဘူး။ သိပေးရုံသိပေးတတ်တာ။ ပညာကဘာလုပ်ပေးလိုက်တုံး (ပိုင်းခြားပေးတယ်) သတိကဘာလုပ်ပေးသလဲဆိုတော့ အာရုံကိုဖေါ်ပေးတယ်။ သတိက ဘာကိုဖေါ်ပေးတုံး (အာရုံကိုဖေါ်ပေးတာပါဘုရား) ရုပ်အာရုံကိုဖေါ်ပေးတယ်။ပြီးတော့(နာမ်အာရုံပါဘုရား)လူကဖေါ်ပေးတာလား၊ သတိက ဖေါ်ပေးတာလား (သတိကပါဘုရား) ဒါကရုပ်၊ ဒါကနာမ်လို့ ပိုင်းခြားပေးတာက ဘယ်သူက ပိုင်းခြားပေးတာတုံး ( ပညာကပါဘုရား )ရှုတာက (ဝိညာဏ်ပါဘုရား) ဝိညာဏ်ကရှုတာ။ ခင်ဗျားတို့ ပါသေးရဲ့လား (မပါပါဘုရား)

တကာ တကာမတွေ သတိ ပညာ ဝိညာဏ်တို့က အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဆိုတဲ့ အာသဝေါတရားလေးပါး ယိုစီးပါဦးမလား ( မယိုစီးပါဘုရား ) ဘာပြုလို့တုံး (သတိရှိလို့ပါဘုရား) သတိရှိလို့။ သတိကဖေါ်ပေး၊ ပညာကပိုင်းခြားပေး၊ ဝိညာဏ်ကရှုပေးတယ်၊ ဘယ်အချိန်မှာရှုတာတုံး ( ကြားတိုင်း နားထောင်တိုင်းမှာ ပါဘုရား ) လူတွေ သတ္တဝါတွေလို့ရှုတာလား၊ ရုပ်နာမ်လို့ရှုတာလား (ရုပ်နာမ်လို့ရှုတာပါဘုရား) လူတွေ သတ္တဝါတွေရှိတာလား၊ ရုပ်နာမ်ရှိတာလား (ရုပ်နာမ်ရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာ ပါဘုရား) ရှိတာဘာလို့ရှိတာတုံး ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘယ်တုံးကဖြစ်တာပါလိမ့် ( ခုမှဖြစ်တာပါဘုရား ) ခုမှဖြစ်တဲ့ ရုပ်နာမ်ကို လောကကြားတယ် ခေါ်တယ်။ တရားဟောတယ်၊ ပြောတယ်၊ဆိုတယ်၊ ဆဲတယ်၊ ခေါ်တယ်၊ ငိုတယ်၊ တီးတယ် မြည်တယ် ဖြစ်နေတာကဘာတုံး (ရုပ်နာမ်ပါဘုရား) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)

အဲဒီတော့ တကာတကာမတွေ ကြားတိုင်း နားထောင်တိုင်းမှာ ဒီအာရုံကို ခံစားတဲ့သဘောမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) လူလား၊ ဝေဒနာလား (ဝေဒနာပါဘုရား) အဲဒီဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ (ဝေဒနာက္ခန္ဓာပါဘုရား) ကြားရင်ကြားတယ်လို့ မမှတ်ဘူးလား ( မှတ်ပါတယ်ဘုရား ) မှတ်တဲ့ သဘောကိုခန္ဓာဖွဲ့လိုက်တော့(သညာက္ခန္ဓာပါဘုရား) ကြားတယ်ဆိုတာ လူလား၊ စေတနာလား (စေတနာပါဘုရား) နားထောင်လိုတာ လူလား၊ စေတနာလား (စေတနာပါဘုရား)စေတနာကိုခန္ဓာဖွဲ့လိုက်တော့ (သင်္ခါရက္ခန္ဓာပါဘုရား)အသံကိုသိတာ။ လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) သူ့ကိုခန္ဓာဖွဲ့လိုက်တော့(ဝိညာဏက္ခန္ဓာပါဘုရား)ခန္ဓာဘယ်နှစ်ပါးပါလိမ့် (ငါးပါးပါဘုရား) ငါးပါးကဆိုစမ်းပါ (ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပါဘုရား) ခင်ဗျားတို့ကြားတိုင်းကြားတိုင်းမှာ ပြောတာ ဆိုတာ ဆဲတာ ဒေါက်တာ ရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါး ရှိတာပါဘုရား) ရှိတာဘာလို့ရှိနေတာပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ကြားတိုင်းကြားတိုင်းမှာ(ခုမှဖြစ်တဲ့ခန္ဓာငါးပါး-ခုမှဖြစ်တဲ့ခန္ဓာငါးပါး)

ခန္ဓာငါးပါးဖြစ်တာကိုခင်ဗျားတို့က တီးတယ် မြည်တယ်လို့ မခေါ်ဘူးလား ခေါ်သလား (ခေါ်ပါတယ်ဘုရား) ဆဲတာ ဆိုတာရှိရဲ့လား ( မရှိပါဘုရား ) ရှိတာကဘာတုံး (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါး ဖြစ်တာကို တရားဟောတယ်တဲ့၊ တရားဟောတာရှိရဲ့လား (မရှိပါဘုရား) ဘာရှိတာတုံး (ခန္ဓာငါးပါး ရှိတာပါ ဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာ ပါဘုရား) အဲဒီလိုရှုတဲ့ ဥာဏ်သည် ဘာဥာဏ်ပါလိမ့် [နာမရူပပရိစ္ဆေဒဥာဏ်ပါ ဘုရား] သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား )ပရိညာအားဖြင့် (ဉာတပရိညာပါ ဘုရား)

တကာတကာမတွေသတိထားပါ။ ပြောပြပါဦးမယ်။ ပစ္စယပရိဂ္ဂဟဥာဏ် ပြကြစို့။ ဒေါင်ဒေါင်၊ ဒါဘာတုံး (အသံပါဘုရား) ထွေးခံသံ မဟုတ်ဘူးလား၊ (မဟုတ်ပါဘုရား) ဘာတုံး (အသံပါဘုရား) ဒေါင်ဒေါင် ဒီအသံမရှိဘူးလား၊ (ရှိပါတယ်ဘုရား)မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား) ထင်ရှားလိုက်တာ၊ ဘယ်သူနဲ့လာတွေ့တာတုံး (နားအကြည်နဲ့ပါဘုရား) (ဖြောင်းဖြောင်း) ဒါကကောဘာတုံး (အသံပါဘုရား) လက်ခုပ်တီးတာ မဟုတ်ဘူးလား (မဟုတ်ပါဘုရား) ဖြောင်း ဒီအသံမရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား)

အကြောင်းမရှိဘဲနဲ့ဖြစ်ပါ့မလား(မဖြစ်ပါဘုရား)ဒါကြောင့် (ခုဖြစ်တဲ့အသံ ခုမှဖြစ်တဲ့အသံ) အကြောင်းကြောင့်ဖြစ်။ ဒီလိုကောရှုလို့မရဘူးလား(ရပါတယ်

ဘုရား) (ခုမှဖြစ်တဲ့အသံ-ခုမှဖြစ်တဲ့အသံ) အကြောင်းကြောင့်ဖြစ်၊ အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်၊ ဘာဉာဏ် ( ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား ) သုဒ္ဓိအားဖြင့် (ကင်္ခါဝိတရဏဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)

ဖြောင်း၊ ဒီအသံက ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး။ မ လာ ဘူး လား၊ လာသလား (လာပါတယ်ဘုရား) အကြောင်းဘယ်နှစ်ပါးကြောင့် ဖြစ်တာတုံး (လေးပါးကြောင့်ပါဘုရား) လေးပါးကဆိုစမ်းပါ (ကံ စိတ် ဥတု အာဟာရ) အဲဒီတော့ အကြောင်းတရားလေးပါးကြောင့်လို့ပြောတာ၊ ဒီနေရာမှာ နီးသော အကြောင်းကစိတ်၊ စိတ်ကြောင့်ဖြစ်တဲ့အသံ၊ ဒါဘဲ၊ ကံ ဥတု အာဟာရတို့မလာခဲ့နဲ့၊ စိတ်ကြောင့်ဖြစ်တဲ့အသံ၊စိတ်ကြောင့်ဖြစ်တဲ့အသံ၊(ဖြောင်း)ဒါဘာကြောင့်ဖြစ်၊ စိတ်ကြောင့်ဖြစ်။ ဘုန်းကြီးမှာ စိတ်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ခုအသံဖြစ်ပြီးပြီလား ( မဖြစ်သေးပါဘုရား ) ဟော ဖြောင်း-စိတ်ဖြစ်လိုက်တာနဲ့တပြိုင်တည်း ဘာဖြစ် ( အသံဖြစ်ပါတယ်ဘုရား ) အသံဖြစ်၊ စိတ်က (အကြောင်းတရား) အသံက (အကျိုးတရား) အကြောင်းအကျိုး ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပါဘုရား) ဘယ်အချိန်မှာ ကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား)

ဟောဒါ ဖြောင်း၊ စိတ်ကြောင့်ဖြစ်တဲ့အသံ၊ စိတ်ကဘာတရား (အကြောင်းတရားပါဘုရား) အသံကဘာတရား (အကျိုးတရားပါဘုရား)အော်-အကြောင်းအကျိုးမျှသာရှိတယ်။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေပါရဲ့လား (မပါပါဘုရား) မြည်တာ တီးတာ ဆိုတာတွေပါရဲ့လား(မပါပါဘုရား) ဘာသဘောနဲ့ဘာသဘော (စိတ်သဘောနဲ့အသံသဘောပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)ဖြောင်း၊အသံ။ စိတ်ကြောင့်ဖြစ်တဲ့အသံ။စိတ်က (အကြောင်းတရား) အသံက ( အကျိုးတရား ) အကြောင်းအကျိုးကွဲတဲ့ဉာဏ် ဘာဉာဏ်၊ (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဒေါင်၊ ဒါလဲဘာတုံး (အသံပါဘုရား) ဒီအသံ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့အသံ-ခုမှဖြစ်တဲ့အသံ၊ ဘယ်အကြောင်းကြောင့်ဖြစ် ( စိတ်နဲ့ဥတုကြောင့်ပါဘုရား ) ဒေါင်-စိတ်နဲ့ဥတုကြောင့်ဖြစ်တဲ့အသံ၊ စိတ်တော့ တုဇော ကိုးဗျ။ စိတ် ဥတုကြောင့်ဖြစ်တဲ့ ဘာတုံး ( အသံပါဘုရား ) စိတ်အရင်းခံဖြစ်ပြီးတော့ ဥတုကြောင့်ဖြစ်တဲ့အသံ။ ဒီလိုမဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား)

ဒေါင် ဒီအသံမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဒါဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ဘာကြောင့်ဖြစ်၊

( အကြောင်းကြောင့် ဖြစ်တာပါဘုရား ) ဘယ်အကြောင်းကြောင့် (စိတ် ဥတု ကြောင့်ပါဘုရား) စိတ်နဲ့ဥတုက (အကြောင်းတရား) အသံက (အကျိုးတရား ပါဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပါဘုရား)ဘယ်အချိန်မှာကွဲရမှာတုံး(ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) (ဒေါက်)ဒါကောဘာတုံး (အသံပါဘုရား)ဒီအသံကော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်၊ (ခုမှဖြစ်တာပါဘုရား) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဒေါက်ဒေါက်၊ ဒီအသံဘယ်အကြောင်းကြောင့်ဖြစ် (စိတ် ဥတုကြောင့် ဖြစ်တာ ပါဘုရား) ဒါကျတော့ စိတ်မပါတော့ဘူး၊ ဘုန်းကြီးလက်နဲ့မထိဘူးဗျ။ ဒေါက် ဒေါက်၊ ဥတုကြောင့်ဖြစ်တဲ့အသံ။ ဘာ့ ကြောင့် ဖြစ် တာ တုံး (ဥတုကြောင့်ပါ ဘုရား) လက်နဲ့ထိရဲ့လား (မထိပါဘုရား) ဒေါက်၊ ဒီမှာကော (ဥတုပါဘုရား) အဲဒီတော့ ဘာ့ကြောင့်ဖြစ်တဲ့အသံ (ဥတုကြောင့်ပါဘုရား)

ဥ တု က ဘာ တုံး (အကြောင်းတရားပါဘုရား) အသံက (အကျိုးတရားပါ ဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါ ဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာ ပါဘုရား)

ပဋိစ္စသမုပ္ပါဒ်ဆိုတော့ ရှုကွက်ထဲကွဲရမှာ၊ စာအုပ်တွေ ဘောတွေမှာ ကွဲရမှာ လား၊ ရှုကွက်ထဲမှာကွဲရမှာလား (ရှုကွက်နဲ့ကွဲရမှာပါဘုရား) ဘယ်အချိန်မှာကွဲရ မှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) ဒီဓါတ်တဆယ့်ရှစ်ပါး ပြီး လျှင် ပဋိစ္စသမုပ္ပါဒ်ပြပါဦးမယ်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဒါလဲခွဲရဦးမှာ၊ ဒီမှာပဋိစ္စ သမုပ္ပါဒ်ဉာဏ်ကောမပါဘူးလား၊ပါသလား[ပါလာပါတယ်ဘုရား]ဒေါင်၊ဒါက ဘာတုံး(အသံ)ထွေးခံသံလား (မဟုတ်ပါဘုရား) ဒီအသံမရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား) ဒီအသံက ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့် ဖြစ်တာပါ ဘုရား) ဘယ်သူ့ကြောင့်ဖြစ်ကာတုံး (ဥတုကြောင့်ပါဘုရား) ဥတုကဘာတရား (အကြောင်းတရားပါဘုရား) အသံက ( အကျိုးတရားပါဘုရား ) အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) အဲဒီလိုလဲကွဲ ပါ။ ( ဒေါက် ) ဒါဥတုကြောင့်ဖြစ်တဲ့အသံ၊ ဒါဘာ့ကြောင့်ဖြစ်တာတုံး (ဥတု ကြောင့်ပါဘုရား) တခါတလေ မိုးဃ်းချုန်းသံ မ ကြား ဘူး လား၊ ကြားသလား၊ (ကြားပါတယ်ဘုရား) အဲဒါဘာ့ကြောင့်ဖြစ်တာတုံး ( ဥတုကြောင့်ပါဘုရား ) တခါတလေ ဗိုက်ထဲမှာ မမြည်ဘူးလား (မြည်ပါတယ်ဘုရား)အဲဒါ ဘာ့ကြောင့် တုံး (ဥတုကြောင့်ပါ ဘုရား) အဲဒါလဲ ဥတုကြောင့် ဖြစ်တယ်။ ခုမှဖြစ်တဲ့အသံ၊

ဘာ့ကြောင့် ဖြစ်တဲ့အသံတုံး ( ဥတုကြောင့်ဖြစ်တဲ့အသံ ) အဲဒါကိုလဲ အသံလို့ ရှုရမယ်။

တကာ တကာမတွေ အဲဒါကြောင့် သတိထားပါ။ ဥပမာ ပြောပါဦးမယ်။ အောက်ကိုချလိုက်တယ်ဆိုပါတော့။ ဒေါက် မမြည်ဘူးလား၊မြည်သလား (မြည်ပါတယ်ဘုရား) ဘာတုံး (အသံပါဘုရား) အသံမရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား)ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဘယ်အကြောင်းကြောင့်ဖြစ် (ဥတုကြောင့်ပါဘုရား) ဒီမှာလွှတ်ချလိုက်တာ၊ ဒေါက် ဘုန်းကြီးလက်က မထိပါဘူး။ အောက်ကလဲဥတု၊ အပေါ်ကလဲဥတု။ ဒီတော့ ဘုန်းကြီးလက်နဲ့ထိရဲ့လား(မထိပါဘုရား) အဲဒီတော့ ဒီအသံဘာ့ကြောင့်ဖြစ်တာတုံး (ဥတုကြောင့်ပါဘုရား)

ဒါ့ကြောင့် အသံတွေကြားတိုင်းကြားတိုင်း ဒီအသံဟာဘာသံလဲ၊ ဘယ်သူ့ကြောင့်ဖြစ်တာလဲ(အကြောင်းကြောင့်) ဘယ်အကြောင်းကြောင့်လဲ၊ဒီလိုကောမကွဲရဘူးလား၊ ကွဲရသလား (ကွဲရပါတယ်ဘုရား) ဘယ်အချိန်မှာ ကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) ဒီလိုမကွဲရဘူးလား၊ ကွဲ ရ သ လား၊ (ကွဲရပါတယ်ဘုရား) တကာတကာမတွေ ခြေထောက်နဲ့သွားတယ်။ အောက်ကမြေကြီးနဲ့ထိတော့ တခွပ်ခွပ်ခွပ်နဲ့ မမြည်ဘူးလား၊ မြည်သလား (မြည်ပါတယ်ဘုရား) မြည်တယ်။ တခွပ်ခွပ်ခွပ်နဲ့မြည်တာ ဘိနပ်သံလား ( မဟုတ်ပါဘုရား ) ဘာတုံး (အသံပါဘုရား) ဘိနပ်သံလို့ထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား)

အဲဒီအသံကျတော့ ဘယ်သူ့ကြောင့်ဖြစ်တာတုံး (ဥတုကြောင့် ဖြစ်တာပါဘုရား)ဟော-ပျဉ်ပေါ်မှာမသွားဘူးလား၊ သွားသလား (သွားပါတယ်ဘုရား) ဘိနပ်မပါဘဲနဲ့ တဒိုင်းဒိုင်းနဲ့မဆင်းဘူးလား၊ဆင်းသလား (ဆင်းပါတယ်ဘုရား) ဒိုင်းဒိုင်းဒိုင်းနဲ့ရှိရဲ့လား (မရှိပါဘုရား) ဘာရှိတာတုံး (အသံပါဘုရား) အဲဒီအသံရှိနေဘာဘာလို့ရှိတာလဲ(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ပါဘုရား) ဘယ်အကြောင်းကြောင့်(စိတ်ဥတုကြောင့်ပါဘုရား) အဲဒီလိုကြားတိုင်းကြားတိုင်းမှာ အဲဒီလိုကွဲပါစေ။ အကြောင်းအကျိုး ကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား)ဘယ်အချိန်မှာကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) မရှိဘူးလား (ရှိပါတယ်ဘုရား) တကာတကာမတွေ နားအကြည်မရှိဘူးလား (ရှိပါတယ်ဘုရား) အသံဖြစ်တိုင်းဖြစ်တိုင်းမှာ နားအကြည်မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘာ့ကြောင့်ဖြစ် (ကံကြောင့်ပါဘုရား) ကံက (အကြောင်းတရား) နားအကြည်က (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား)

အသံနဲ့နားအကြည်နဲ့တိုက်ဆိုင်တဲ့အခါ လူပေါ်တာလား၊စိတ်ပေါ်တာလား (စိတ်ပေါ်တာပါဘုရား) ဘာစိတ်တုံး(အသံသိတဲ့စိတ်ပါဘုရား)သူ့ကို သောတဝိညာဏ်စိတ်လို့ မဆိုဘူးလား(ဆိုပါတယ်ဘုရား) အဲဒီစိတ်မရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်(ခုမှဖြစ်တာပါဘုရား)ခုမှဖြစ်တဲ့အသံသိတဲ့စိတ်၊ဘာ့ကြောင့်ဖြစ်(အကြောင်းကြောင့်ဖြစ်) အဲဒီလိုဆင်ခြင်တဲ့ဉာဏ်သည်ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်)

ဘယ် အ ကြောင်း တွေ ကြောင့် ဖြစ်တာတုံး (နားအကြည်နဲ့ အသံသဘောကြောင့်ပါဘုရား) နားအကြည်နဲ့ အသံသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား) အသံသိတဲ့စိတ်က (အကျိုးတရားပါဘုရား) ဒီလိုအကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)ပဋိစ္စ၊ အကြောင်းကိုစွဲ၍၊ ဥပ္ပါဒေါ၊ ဖြစ်ခြင်း။ ပဋိစ္စသမုပ္ပါဒေါ၊ အကြောင်းကိုစွဲ၍ဖြစ်ခြင်း။ အ သံ သိ တဲ့ စိတ် က အကြောင်းကင်းဖြစ်တာလား၊ အကြောင်းကိုစွဲဖြစ်တာလား[အကြောင်းကိုစွဲဖြစ်တာပါဘုရား]ဘယ်အကြောင်းစွဲဖြစ်တာတုံး ( နားအကြည်သဘော အသံသဘော ) အဲဒီနှစ်ခုကို စွဲဖြစ်တာ။ ဒီနားအကြည်သဘောနဲ့အသံသဘောက (အကြောင်းတရား)

ပဋိစ္စ၊ နားအကြည်သဘော၊ အသံသဘောကို စွဲ၍၊ ဥပ္ပါဒေါ၊ အသံသိတဲ့စိတ်ဖြစ်ခြင်း၊ အသံသိတဲ့ စိတ်ဟာ အလိုလိုဖြစ်တာ၊ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ် သူ တွေ ကြောင့် လဲ နားအကြည်နဲ့ အသံသဘောကြောင့် ပဋိစ္စသမုပ္ပါဒေါ၊ အဲဒီလိုနားအကြည်နဲ့အသံသဘောကိုစွဲပြီး ဖြစ်တဲ့စိတ်။အဲဒီစိတ်ကို၊ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ်လို့ မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား) အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)ဘယ်အချိန်မှာပေါ်ရမှာတုံး (ကြားတိုင်းနားထောင်တိုင်းမှာပါဘုရား)မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

နားအကြည်သဘောနဲ့ အသံသဘောကဘာတုံး (အကြောင်းတရား) အသံသိတဲ့စိတ်က (အကျိုးတရား) အကြောင်းအကျိုး ကွဲတဲ့ ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်က(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) အော်-ခုမှဖြစ်တဲ့အသံသိတဲ့စိတ်လို့ရှုတာက နာမပရိစ္ဆေဒဉာဏ်ချပ်ပါရဲ့လား(မပါပါဘုရား) အဲဒီလိုမရှုတတ်ဘူးလား၊ ရှုတတ်သလား (ရှုတတ်ပါတယ်ဘုရား)

တနည်း ဘယ်လိုပြသလဲ အသံသိတဲ့ စိတ်က အကြောင်းတရား လေးပါးကြောင့်ဖြစ်တယ်လို့ပြပါတယ်။လေးပါးက နားအကြည်သဘော အသံသဘော အာကာသ နှလုံးသွင်း အဲဒီအကြောင်းတရား လေးပါးကြောင့် အသံသိတဲ့စိတ်

ဖြစ်တယ်။ အသံသိတဲ့စိတ် ဖြစ်ကြောင်းသည် ဘယ်နှစ်ပါးရှိတာတုံး (လေးပါး ပါဘုရား)ဆိုစမ်းပါ။နားအကြည်သဘော အသံသဘော အာကာသ နှလုံးသွင်း အဲဒီအကြောင်းတရားကြောင့် လူတွေသတ္တဝါတွေဖြစ်တာလား၊အသံသိတဲ့စိတ် ဖြစ်တာလား(အသံသိတဲ့စိတ်ဖြစ်တာပါဘုရား) အဲဒီနားအကြည်သဘော အသံ သဘော အာကာသ နှလုံးသွင်းက အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါ ဘုရား) အသံသိတဲ့ စိတ်က (အကျိုးတရားပါ ဘုရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါ ဘုရား) ပစ္စုပ္ပန်မှာ ကွဲရမှာဗျ။ ဟိုအရင်က အဝိဇ္ဇာကြောင့် သင်္ခါရကြောင့် ဆို တာတွေ ခင်ဗျားတို့သိခဲ့ရဲ့လား (သိခဲ့ပါတယ်ဘုရား) ပစ္စုပ္ပန်မှာ ကွဲမှရှုကွက်ထဲ ဝင်တယ်။ ပစ္စုပ္ပန်မကွဲရင် ရှုကွက်ထဲဝင်ပါ့မလား (မဝင်ပါဘုရား) ဘယ်အချိန် မှာ ကွဲရမှာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါ ဘုရား) မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

အဲဒီတော့ တကာတကာမတွေ ကြားတိုင်းနားထောင်တိုင်းမှာ နာမရူပပရိ စ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ပဋိစ္စသမုပ္ပါဒ်ဉာဏ် မရလာဘူးလား၊ ရလာ သလား(ရလာပါတယ် ဘုရား) ကြားတိုင်း ကြားတိုင်းမှာ တကာတကာမတွေ ပြောတာ ဆိုတာ ဆဲတာ ဒေါက်တာတို့ ရှိတာလား၊ ခန္ဓာငါးပါး ရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ခန္ဓာငါးပါး ကွဲပြီမဟုတ်လား (ကွဲပါပြီဘုရား) ကြားတိုင်းနားထောင်တိုင်း ခန္ဓာငါးပါးကွဲပါစေ။ ခင်ဗျားတို့က အတ္တလောဘ ကို ခန္ဓာလုပ်လုပ်နေလို့ ပြောနေရတာ၊ ဒီထဲမှာ ခင်ဗျားတို့ ကွဲရမယ်။ မြင်တိုင်း မြင်တိုင်း ခန္ဓာငါးပါး၊ ကြားတိုင်းကြားတိုင်း (ခန္ဓာငါးပါးပါ ဘုရား) ခန္ဓာ ငါးပါး မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ကြားတာရှိတာလား၊ ခန္ဓာ ငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါ ဘုရား) ခင်ဗျားတို့ နားထောင်တာ ရှိတာလား၊ ခန္ဓာငါးပါး ရှိတာလား (ခန္ဓာငါးပါး ရှိတာပါဘုရား) တီးတာ မှုတ်တာ ရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါး ရှိတာပါ ဘုရား) ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ ပါဘုရား)ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ် တာပါဘုရား) ခုမှဖြစ်တဲ့ခန္ဓာငါးပါး၊ ခုမှဖြစ်တဲ့ ခန္ဓာငါးပါး၊ ဘယ်အချိန်မှာ ဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်း) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ် ဘုရား) မြဲလို့လား၊မမြဲလို့လား (မမြဲလို့ပါဘုရား)နိစ္စလား၊ အနိစ္စလား(အနိစ္စ ပါဘုရား)လူအနိစ္စလား၊ ခန္ဓာငါးပါးအနိစ္စလား (ခန္ဓာငါးပါးအနိစ္စပါဘုရား) ကြားတာ နားထောင်တာ အနိစ္စလား၊ ခန္ဓာငါးပါး အနိစ္စလား (ခန္ဓာငါးပါး အနိစ္စပါဘုရား)

ပျက်ပျက်သွားရင် ကုန်ပါတော့လား၊ နောက်ထပ် အသစ် ဖြစ်ဖြစ်မလာ ဘူးလား (လာပါတယ်ဘုရား) လူတွေ သတ္တဝါတွေဖြစ်တာလား၊ ခန္ဓာငါးပါး

ဖြစ်တာလား (ခန္ဓာငါးပါးဖြစ်တာပါဘုရား) ဘယ်အချိန်မှာ ခန္ဓာငါးပါးဖြစ်လာတာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါ ဘုရား) ဒီရှုကွက် လွတ်လို့ရရဲ့လား(မရပါဘုရား) ခန္ဓာအသစ်အသစ်ဖြစ်နေတာ၊ ချမ်းသာတာလား၊ ဆင်းရဲတာလား(ဆင်းရဲတာပါဘုရား) သုခလား၊ ဒုက္ခလား(ဒုက္ခပါဘုရား)

ဒီခန္ဓာငါးပါးမဖြစ်ပါနဲ့လို့ တားကြည့်စမ်းပါ ရရဲ့လား(မရပါဘုရား) ခန္ဓာငါးပါးတွေ မပျက်ပါနဲ့ တားကြည့်စမ်း ရရဲ့လား (မရပါဘုရား) အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား) အဲဒီတော့ အနိစ္စ ဒုက္ခ အနတ္တ၊ လူအနိစ္စ ဒုက္ခ အနတ္တလား၊ ခန္ဓာငါးပါးအနိစ္စဒုက္ခအနတ္တလား (ခန္ဓာငါးပါးအနိစ္စဒုက္ခအနတ္တပါဘုရား) ခန္ဓာငါးပါးက ဘယ်အချိန်မှာ အနိစ္စ ဒုက္ခ အနတ္တဖြစ်တာတုံး(ကြားတိုင်းနားထောင်တိုင်းမှာပါဘုရား)

အော်-ဟိုတုံးကလဲ ကြားတိုင်း နားထောင်တိုင်းမှာ ခန္ဓာငါးပါး တို့သည် အနိစ္စဒုက္ခအနတ္တ ဖြစ်ခဲ့တယ်။ ယခုလဲ ကြားတိုင်းနားထောင်တိုင်း ခန္ဓာငါးပါး တို့သည် အနိစ္စဒုက္ခအနတ္တဖြစ်ဆဲ၊ နောင်လဲဖြစ်ဦးမယ်။ နားထောင်ဦးမယ်ဆိုရင် ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တဖြစ်ဦးမှာဘဲ၊ အဲဒီလို အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးကို ဆင်ခြင်တဲ့ ဉာဏ်သည် ဘာဉာဏ် (သမ္မသနဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ပရိညာအားဖြင့် (တီရဏပရိညာ) တီရဏဆိုတာသုံးပါး၊ ပရိညာဆိုတာကပိုင်းခြားတာ၊ ဘယ်သူနဲ့ပိုင်းခြားတာတုံး အနိစ္စ ဒုက္ခ အနတ္တနှင့် ပိုင်းခြားတယ်။

ဒီအနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဉာဏ်နဲ့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးကို ပိုင်းခြားပြီးတော့ မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား) လူကရှုတာလား၊ဉာဏ်ကရှုတာလား(ဉာဏ်ကရှုတာပါဘုရား)အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ်ကရှုလိုက်တော့ ပရိညာအားဖြင့် (တီရဏပရိညာပါဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား) ဉာဏ်က ဘာဉာဏ် (သမ္မသနဉာဏ်) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါ ဘုရား) ပရိညာအားဖြင့်(တီရဏပရိညာပါဘုရား)

အဲဒီတော့ သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ် အားလုံးသည် အနုလောမခန္တိဉာဏ် တမ္မဒါဠ်ကသည် ဒီဉာဏ်ရသည်နှင့် တပြိုင် နက် လူသတ်တဲ့ကံတွေ အကျိုးပေးလို့ရသေးရဲ့လား(မရတော့ပါဘုရား) ဒီဉာဏ်ရလို့မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ဒီပြင် ဥစ္စာတွေရလို့ လား၊ဒီဉာဏ်ရလို့ လား (ဉာဏ်ရလို့ ပါဘုရား) အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဝိပဿနာဉာဏ် ပါမလာဘူးလား၊ပါလာသလား(ပါလာပါတယ်ဘုရား)တကာတကာမတွေ ကြားတိုင်း ကြားတိုင်းမှာ ဉာဏ်ဘယ်နှစ်ဉာဏ်နဲ့ ပြည့်စုံလာပါလိမ့် (လေးဉာဏ်ပါဘုရား)

လေးဉာဏ်က ဆိုစမ်းပါ။ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ပင်္ခိစ္စ သမုပ္ပါဒ်ဉာဏ် သမ္မသနဉာဏ် ဘယ်အချိန်မှာရှုရမှာတုံး (ကြားတိုင်းနားထောင် တိုင်းမှာပါဘုရား)

ကြားတိုင်းနားထောင်တိုင်းမှာ ဒီဉာဏ်လေးဉာဏ်နဲ့ ရှုလိုက်ရင် ခင်ဗျားတို့ လောဘမီး ဒေါသမီး မောဟမီးတွေ တောက်လို့ ရဦးမှာလား (မရပါဘုရား) အကုသိုလ်တွေပယ်မသွားဘူးလား၊ ပယ်သွားသလား (ပယ်သွားပါတယ်ဘုရား) ရှုလို့လား၊ မရှုလို့လား (ရှုလို့ပါဘုရား) ဉာဏ်ဘယ်နှစ်ဉာဏ်နဲ့ ရှုလိုက်ဘာတုံး (လေးဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့်ဘယ်နှစ်သုဒ္ဓိ (ငါးသုဒ္ဓိ)နှင့် ပြည့်စုံပါတယ်။ (ငါးသုဒ္ဓိ)က သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါတယ်။

ကဲ-အချိန်လဲ စေ့သွားပြီး ဉာဏ်လေးဉာဏ် သုဒ္ဓိငါးပါး ပရိညာ နှစ်ပါး စခမ်းနှင့် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ—ဗုဒ္ဓံပူဇေမိ

။ ။ ဓမ္မံပူဇေမိ

။ ။ သံဃံပူဇေမိ

## တရားရှာသော သူငယ်ချင်းနှစ်ယောက်

## သက္ကရာဇ် ၁၃၄၀-ခု၊တော်သလင်းလဆုတ်(၁၃)ရက်နေ့ဟောကြားသောတရား။

အဲဒီတော့ ယနေ့တက္ကတ်တက်ကြပါစို့ရဲ့။ မြတ်စွာဘုရားကိုယ်တော်မြတ်သည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီတော်တွေဖြည့်ပြီးတော့ မြောက်နှစ်ပတ်လုံး၊ ဥရုဝေဠတောမှာ တရားအားထုတ်ရတယ်ဆိုတာလဲ အားလုံးတကာတကာမတွေ သိပြီးသားပါ။ အဲဒီတော့ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကျင့်ကြံကျိုးကုတ် အားထုတ်ပြီးမှသိအုပ်တဲ့တရားတော်တွေကို တကာ တကာမတွေ နေ့စဉ်နေ့တိုင်း မှတ်သားရတဲ့တရားတော်တွေဖြစ်ပါတယ်။ ဒီတရားတော်ဆိုရင် အို နာ သေ လွတ်တဲ့ တရားလို့ အဲဒီလိုဆုံးဖြတ်ချက်ချပါ။ ဒါ့ကြောင့် အားလုံးသော သတ္တဝါတွေရဲ့ အဇ္ဈတ္တသန္တာန်မှာ အို၊ နာ၊ သေ၊ မရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) အိုတာလဲရှိတယ်။ နာတာလဲရှိတယ်။ သေတာလဲရှိတယ်။

ဒါ့ကြောင့် အို နာ သေ ရှိရင် မအိုရာ၊ မနာရာ၊ မသေရာကော မရှိနိုင်ဘူး လား (ရှိနိုင်ပါတယ်ဘုရား) ဒါ့ကြောင့် ခင်ဗျားတို့ မအိုရာ၊ မနာရာ၊ မသေရာ ဖြစ်တဲ့တရားကို သိချင်လို့ ရချင်လို့ နေ့တိုင်းတရားနာတယ်ဆိုတာ ငြင်းလို့ရသေး ရဲ့လား (မရပါဘုရား) ဒါ့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်မှာ သင်္ခတာဓမ္မာ၊အသင်္ခတာဓမ္မာ၊ သင်္ခတ တရားက အိုတာ နာတာ သေတာ ရှိတဲ့တရား။ အသင်္ခတနယ်က အို နာ သေ ဆိုတာ ရှိရဲ့လား ( မရှိပါဘုရား ) အသင်္ခတနယ်က ဘာ တွေ ရှိ တုံး (နိဗ္ဗာန်ပါဘုရား) သင်္ခတနယ်ကဘာတွေရှိတုံး (အို နာ သေပါဘုရား) တနည်း ဘာတုံး (စိတ် စေတသိက် ရုပ်) ဒါတွေထပ်ဖြစ်ပြီးတော့ ပျက်တယ်ဆိုတာ သေ နေတာဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဒါနဲ့ပတ်သက်ပြီး တကာတကာမတွေ ရှေးပိုင်းနည်းနည်း ပြောပေးပါဦးမယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့လကျာ်တော်ရံဖြစ်တဲ့ရှင်သာရိပုတ္တရာ၊လက်ဝဲ တော်ရံဖြစ်တဲ့ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးနှစ်ပါးဟာ အလွန်မတန် သင်ရှားတဲ့ကိုယ်တော်မြတ်ကြီးတွေပါ။ တကာ တကာမတွေ သိပြီးဖြစ်ပါတယ်။

ရှင်သာရိပုတ္တရာအလောင်းနဲ့ ရှင်မောဂ္ဂလာန်အလောင်းတို့ဟာ ဒီအို နာ သေ သွတ်တဲ့တရားကိုရှာပါတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ငယ်နာမည် က ဥပတိဿ၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးရဲ့ ငယ်နာမည်က ကော လိတ၊ ဥပတိဿနဲ့ကောလိတ။ သူတို့ကငယ်သူငယ်ချင်းတွေဖြစ်တယ်။ တနေ့သော အခါနက္ခတ်သဘင်ပွဲကြီးကိုသွားကြပါတယ်။ နက္ခတ်သဘင်ပွဲကြီးရောက်တဲ့အခါ နက္ခတ်ပွဲသဘင်မှာ လူထုကြီးတရပ်လုံးက မပျော်ဘူးလား၊ ပျော်နေသလား၊

(ပျော်နေပါတယ်ဘုရား) ငါးပါးအာရုံ ကာမဂုဏ်တွေနဲ့ ပျော်နေတော့ ကောလိတနဲ့ ဥပတိဿတို့ကစဉ်းစားတယ်၊

အော်–ဒီနက္ခတ်သဘင်ပွဲမှာဖြင့် လူထုကြီးတရပ်လုံးဘယ်လောက်ပင်ပျော်နေပျော်နေ အနှစ်တရာအတွင်းမှာ အကုန်သေမဲ့ ပရိသတ်ပါလားလို့ ဒီလိုသံဝေဂဉာဏ်ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) အဲဒီအတိုင်းပါဘဲ၊ တကာ တကာမတွေ နောက်အနှစ်တရာမှာဆိုရင်ဖြင့် ဒီပရိသတ်တယောက်မှမရှိဘော့ဘူးဆိုတာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) သေရမှာဘဲ။ အနှစ်ဘရာအတွင်းမှာ ခင်ဗျားတို့ကျုပ်တို့ရှိပါဦးမလား (မရှိပါဘုရား) မရှိတော့ဘူး။ ဘာပြုလို့လဲဆိုတော့ ခင်ဗျားတို့ကျုပ်တို့ရဲ့ အဇ္ဈတ္တသန္တာန် ဝယ်အိုနာသေ ရှိနေလို့ မရှိဘူးလား၊ရှိသလား (ရှိပါတယ်ဘုရား)အဲဒီ အိုနာသေရှိနေလို့၊ ရှင်သာရိပုတ္တရာအလောင်းနဲ့ ရှင်မဟာမောဂ္ဂလာန်အလောင်း ဖြစ်တဲ့ကောလိတနဲ့ ဥပတိဿတို့က နက္ခတ်သဘင်ပွဲကြီးမှာ ပရိသတ်ကြီးကို ကြည့်ပြီးသူတို့က မပျော်နိုင်ပါဘူး။ သံဝေဂဉာဏ်တွေ မဖြစ်ဘူးလား၊ ဖြစ်သလား၊ (ဖြစ်ပါတယ်ရာဘုး) အော် အနှစ်တရာအတွင်းမှာဖြင့် ဒီပရိသတ် အကုန်သေမဲ့ပရိသတ်ပါလား၊ တို့ရဲ့အဇ္ဈတ္တသန္တာန်မှာ အိုနာသေ ရှိပါလား၊ အိုနာသေရှိရင် မအိုရာ မနာရာ မသေရာဖြစ်တဲ့နေရာ ရှိရမယ်။ ဒီလိုဉာဏ် ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)

ဒါနဲ့သူတို့ မအိုတဲ့တရား၊ မနာတဲ့တရား၊ မသေတဲ့တရား ရှာမယ်ဆိုပြီးတော့သူတို့နှစ်ယောက်ထွက်လာကြတယ်။ ဥပတိဿနဲ့ဘယ်သူတုံး[ကောလိတပါဘုရား] ထွက်လာတဲ့အခါကျတော့ သူတို့ဆရာအမျိုးမျိုးကိုတွေ့တယ်၊ သိဉ္စည်းတွေ၊တိတ္ထိတွေ၊ တက္ကဒ္ဒန်းတွေ ဆရာတင်ပြီးတော့ မအိုရာ မနာရာ မသေရာ တရားတွေ အားထုတ်ခဲ့တာ။

ဒါနဲ့သူဘို့ကပါရမီရှင်တွေဆိုတော့ ဒီတရားသည် အိုဘာလွတ်တဲ့တရားမဟုတ်ဘူး။ နာကာလဲလွတ်တဲ့တရားမဟုတ်ဘူး။ သေတာလဲလွတ်တဲ့တရားမဟုတ်ဘူးဆိုတာ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ဒီတရားနဲ့တော့ အိုနာသေလွတ်မှာမဟုတ်ဘူး၊ သူငယ်ချင်းတို့ဆက်ပြီးတော့ရှာကြစို့၊ တယောက်တလမ်းစီခွဲပြီးတော့သွားကြစို့၊ အိုနာသေ လွတ်တဲ့တရားတွေ့သူကပြောစတန်းလို့ ဂတိပြုပြီးတော့ မအိုမနာ မသေတဲ့တရား မရှာဘူးလား၊ ရှာသလား (ရှာပါတယ်ဘုရား) တိုက်ပြောကြပါစို့။ ရှာတဲ့အခါကျတော့ ပဥ္စဝဂ္ဂီငါးဦးတို့တွင် အငယ်ဆုံးဖြစ်တဲ့ ရှင်အဿဇိမထေရ်က ရွာတရွာမှာ ဆွမ်းခံကြွတယ်၊ ဆွမ်းခံကြွတော့ ရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ ဥပတိဿနဲ့ သွားတွေ့တယ်။ ရှင်သာရိပုတ္တရာအလောင်းက ရှင်အဿဇိကိုယ်တော်မြတ်ကိုမြင်လိုက်တာနဲ့ဘဲ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်

မှာ အို နာ သေ လွတ်တဲ့တရားရှိတယ်ဆိုတာ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ပညာရှိကြီးတွေဆိုတော့ သိတာပေါ့။

ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အို နာ သေ လွတ်တယ်ဆိုပြီးတော့ ရှင်အဿဇိ ကိုယ်တော်မြတ်ကြီးနောက် လိုက်ဘော့တာပေါ့။ ခွါ သေး ရဲ့ လား (မခွါတော့ပါဘုရား) မခွါတော့ဘူး။ နောက်ကလိုက်တော့တာဘဲ။ ဘာ ပြု လို့ လဲ ဆို တော့ ဒီပုဂ္ဂိုလ်မှာ အို နာ သေ လွတ်တဲ့တရားရှိတယ်။ ဒီတရားတော့ဖြင့်ငါမရရအောင်ယူမယ်ဆိုပြီး ရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ ဥပတိဿကရှင်အဿဇိကိုယ်တော်မြတ်နောက်ကမခွါတော့ဘဲ နေခဲ့တယ်။ အိုတာ နာတာ သေတာ လွတ်အောင်ညွှန်ပြတတ်တဲ့ဆရာ မရှိသင့်ဘူးလား၊ ရှိသင့်သလား (ရှိသင့်ပါတယ်ဘုရား)

သဥ္စာပရိယေသိတဗ္ဗော၊ သတ္ထာ၊ ဆရာကို။ ပရိယေသိတဗ္ဗော၊ ရှာရမယ်လို့ဘုရားကအရှာခိုင်းတာလား၊ ဘုန်းကြီးက အရှာခိုင်းတာလား (ဘုရားက အရှာခိုင်းတာပါဘုရား) ယထာဘူတံ ဉာဏ သတ္ထာယ၊ ပရိယေသိတဗ္ဗော။ ယထာဘူတဉာဏ်၊ ရုပ်တရား နာမ်တရားတွေကို ပိုင်းပိုင်းခြားခြားပြနိုင်တဲ့ဆရာကောင်းကိုရှာပေါ့။ ဒေသနာတော်မှာလဲဒီလိုပြမထားဘူးလား၊ ပြထားသလား (ပြထားပါတယ်ဘုရား)

ကြည့်စမ်း၊ ရှင်အဿဇိကိုယ်တော်မြတ်ကြီးနောက်ကို ဥပတိဿကြီးလိုက်နေတယ်။ ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ မုချ အသေလွတ်တဲ့တရား ရှိတယ်ဆိုပြီး လိုက်လာတယ်။ ဒါနဲ့ ရှင်အဿဇိကိုယ်တော်မြတ်ကြီးက ဒီရွာမှာဆွမ်းခံပြီး အပြင်ရောက်တဲ့အခါကျတော့ ဟိုတုံးကယခုလို ကျောင်းတွေ ကန်တွေမရှိဘူး။ သာသနာပြုခါစကိုး။ ဆွမ်းခံပြီးတော့ သစ်ပင်အောက်မှာဖြစ်စေ၊ ကျောက်ဖြာပေါ်မှာဖြစ်စေ၊ ဆွမ်းဘုဉ်းပေးရတယ်။ ဒါနဲ့ ရွာပြင်ရောက်တဲ့အခါ ရှင်အဿဇိ ကိုယ်တော်မြတ်ကြီးက ရလာတဲ့ဆွမ်းကိုဘုန်းပေးနေပါတယ်၊ ဥပတိဿကြီးကလဲ အနားကမခွါ။ ဒါနဲ့ ရှင်အဿဇိကိုယ်တော်မြတ်ကြီး ဆွမ်းဘုဉ်းပေးပြီးတော့ သပိတ်များကိုဆေးကျောပြီးတဲ့အခါ ဥပတိဿကြီးက လျှောက်ထားပါတယ်။ အရှင်ဘုရားသိတော်မူတဲ့တရားကို တပည့်တော်အား ဟောတော်မူပါဘုရားလို့ တရားမတောင်းဘူးလား၊ တောင်းသလား (တောင်းပါတယ်ဘုရား)အရှင်ဘုရားသိတော်မူတဲ့တရား အရှင်ဘုရားသန္တာန်မှာ အသေလွတ်တဲ့တရားရှိပါတယ်ဘုရား။ အဲဒီအသေလွတ်တဲ့တရားကို တပည့်တော်အား ညွှန်ကြားဆုံးမတော်မူပါဘုရားလို့ လျှောက်ထားတော့ ရှင်အဿဇိကိုယ်တော်မြတ်ကြီးက ဘာမိန့်တော်မူသလဲဆိုတော့ ရသေ့ကြီးတဲ့ ငါဘုရားမဟောတတ်ဘူးလို့ မငြင်းဘူးလား (ငြင်းပါတယ်ဘုရား) ရဟန္တာတော့ရဟန္တာဘဲ၊ ဒါပေမဲ့ ရှင်အဿဇိကိုယ်တော်မြတ်က ငါတရားမဟောတတ်ဘူး၊ တရားမသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ဟော တတ် ရဲ့ လား (မဟောတတ်ပါဘုရား)

ရှင်အဿဇိကိုယ်တော်မြတ်ကြီးက ငါတရားမဟောတတ်ဘူး၊ ငါတို့ရဲ့ဆရာဖြစ်တဲ့ဂေါတမမြတ်စွာဘုရားရှိပါတယ်။ မြတ်စွာဘုရားထံမှာသွားပြီးတော့တရားနာခချေပါလို့ညွှန်ကြားလိုက်တယ်၊ ဒါနဲ့ဥပတိဿကဆက်ပြီးတော့လျှောက်တယ်။ တရားရှည်ရှည်မဟုတ်ပါဘူးဘုရား၊ အရှင်ဘုရားသိတော်မူတဲ့တရားတလုံးထဲ ချီးမြှောက်တော်မူပါဘုရား ဟောတော်မူပါဘုရားလို့လျှောက်ထားတော့ရှင်အဿဇိကိုယ်တော်မြတ်ကြီးကဘာဟောလိုက်သလဲဆိုတော့ ဒီနေရာမှာ၊ ယေဓမ္မာ ဟေတုပ္ပဘာဝါ တေသံဟေတု တထာဂတော။ အဲဒီလိုဘဲ ဟော လိုက် ခါ ရှိသေး၊ ရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ ဥပတိဿက မှန်လှပါဘုရား၊အရှင်ဘုရား တော်ပါတော့ဘုရား၊ ရှေ့ဆက်ပြီးဘော့မဟောပါနဲ့ဘုရား၊ တပည့်တော်သိပါပြီဘုရား၊ ဟော ဆရာကောင်းနဲ့တွေ့တဲ့အခါ ပါရမီရှင်တွေဆိုတော့ သိမ သွား ဘူး လား၊ သိသွားသလား (သိသွားပါတယ်ဘုရား)

(ယေဓမ္မာ၊ ဟေတုပ္ပဘာဝါ၊ တေသံဟေတုံ၊ တထာဂတော။)ဒီလို ရှင်အဿဇိကိုယ်ဘော်မြတ်ကြီးက မိန့်လိုက်တာနဲ့ တပြိုင်ဘည်း ရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ ဥပတိဿသည်၊ သောတာပန် တည်သွားတယ်။ ဘာတည်သွားတာတုံး (သောတာပန်ပါဘုရား) မမြန်ဘူးလား၊ မြန်သလား (မြန်ပါတယ်ဘုရား) မြန်တာပေါ့၊ တသင်္ချေနဲ့ကမ္ဘာတသိန်းပါရမီတွေဖြည့်ကျင့်ခဲ့တဲ့ပုဂ္ဂိုလ်ကြီးဘဲ။

(ယေဓမ္မာ ဟေတုပ္ပဘာဝါ တေသံဟေတုံ၊တထာဂတော။)ဆိုတဲ့ အဓိပ္ပါယ်က မျက်စိ နား နှာခေါင်း လျှာ ကိုယ် မန ဆိုတဲ့ ဒွါရခြောက်ပေါက်မှာ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေဆိုတာရှိတာမဟုတ်ဘူး။ဘာရှိသလဲဆိုတော့အကြောင်းအကျိုးမျှသာရှိတယ်၊ ဘာဝဲ့တုံး (အကြောင်းအကျိုးပါ ဘုရား) အကြောင်းအကျိုးမျှသာရှိတယ်။

အကြောင်းကလဲ ရုပ်နာမ်၊ အကျိုးကလဲဘာတုံး (ရုပ်နာမ်ပါဘုရား) ဒါဘဲဟောလိုက်တယ်။ ရုပ်တရား နာမ်တရား ဘယ်ဌာနတွေမှာတုံး (မျက်စိ နား နှာ လျှာ ကိုယ် မနပါဘုရား) အဲဒီဒွါရခြောက်ပေါက်မှာ အော်-ရုပ်နာမ် အကျိုးမျှသာရှိတယ်။ ဒါလောက် ပြလိုက်ခါရှိသေး သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်တရားသုံးပါးပြုတ်ပြုတ်ပြုံးသွားတယ်။

ဒါကြောင့် ပါရမီရှင် ကြီးတွေ ဆိုတာ ခဏရယ်၊ ဒါနဲ့ အရှင်သာရိတ္တရာအလောင်းဖြစ်တဲ့ ဥပတိဿ ကိုယ်တော်ကြီးက အရှင်ဘုရားတော်ပါတော့ ဘုရား တပည့်ဘော်သိပါပြီဘုရား ဆိုပြီးတော့ သောတာပန် တည်သွားတယ်၊ မူလကဂတိထားခဲ့တဲ့ သူငယ်ချင်း ကောလိတကို သွားပြောမယ် ဆိုပြီး သူငယ်ချင်းကိုလိုက်ရှာပါတယ်။ သူငယ်ချင်းကောလိတနဲ့ တွေ့တဲ့အခါ ရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတက အော်-ဥပတိဿကြီး အသေလွတ်တဲ့တရားရခဲ့ပြီ။

မြင်တာနဲ့ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ပါရမီဉာဏ် ရှိတဲ့ ပုဂ္ဂိုလ်တွေက သိတယ်။ ပါရမီဉာဏ်မရှိတဲ့ပုဂ္ဂိုလ်တွေက သိပါ့မလား (မသိပါ ဘုရား)ဒီပုဂ္ဂိုလ်သန္တာန်မှာ အသေလွှတ်တဲ့တရားရှိတယ်။ မရှိဘူးဆိုတာ ပညာရှိတဲ့ ပုဂ္ဂိုလ်မှသာသိတယ်။ ပညာမရှိတဲ့ပုဂ္ဂိုလ်သိပါ့မလား (မသိပါဘုရား)

ကြည့်ပါလား၊ ကောလိတက ဥပတိဿကို မြင်လိုက်တာနဲ့ တပြိုင်ထဲ ဥပတိဿတော့ အသေလွှတ်တဲ့တရားရခဲ့တယ်။ သူငယ်ချင်း မင်းအသေလွှတ်တဲ့ တရားရခဲ့ပြီမဟုတ်လားလို့ မေးတော့တာဘဲ။ ဒါနဲ့ ဥပတိဿက ရခဲ့ဘယ်ဆိုပြီး၊ (ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံဟေတုံ၊ တထာဂတော၊ ) ဒီလို ပြောလိုက်တာနဲ့တပြိုင်ထဲ ရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတလဲ သောတာပန် တည်သွားတယ်။ အဓိပ္ပါယ်က ဘာတုံး အကြောင်းရုပ်နာမ်၊ အကျိုးရုပ်နာမ်၊ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါတွေ ရှိတာလား၊ ရုပ်နာမ်ရှိတာလား (ရုပ်နာမ် ရှိတာပါဘုရား)ရုပ်တရား နာမ်တရားသိရင် သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား၊ ပြုတ် သလား(ပြုတ်ပါတယ်ဘုရား) ဝိစိကိစ္ဆာကော (ပြုတ်ပါတယ်ဘုရား) ဝိစိကိစ္ဆာ ပြုတ်တော့ သီလတွေကော ဖေါက်ပြန်ပါအုံးမလား (မဖေါက်ပြန်ပါ ဘုရား) သီလဗ္ဗတ ပရာမာသတွေလဲပြုတ်ပြီ။

ဒါကြောင့် (နာမရူပဝဝတ္ထာနေန် သက္ကာယဒိဋ္ဌိယာ ပဟီနေ ဟောတိ။

နာမရူပဝဝတ္ထာနေန၊ နာမ်တရားနှင့် ရုပ်တရားကိုပိုင်းခြားသဖြင့် သက္ကာယ ဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိကို၊ ပဟီနေ၊ ပယ်သည်၊ ဟောတိ၊ ဖြစ်၏။ နာမ်နဲ့ ရုပ်ကို ကွဲကွဲပြားပြား သိလိုက်တာနဲ့ တပြိုင်တည်း သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား၊ ပြုတ် သလား(ပြုတ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပြုတ်တော့ အပါယ်မီးက မအေးဘူး လား၊အေးသလား(အေးပါတယ်ဘုရား)ဒါဖြင့် တကာတကာမတွေ အရေးကြီး တာက မင်္ဂဖိုလ်ရဘို့ထက် သက္ကာယဒိဋ္ဌိပြုတ်ဘို့က ပိုပြီး အရေးကြီးပါတယ်။ ဆုံး ဖြတ်ချက်ချပါ။ ဘာပြုတ်ဘို့အရေးကြီးတာတုံး(သက္ကာယဒိဋ္ဌိပြုတ်ဘို့အရေးကြီး ပါတယ်ဘုရား)သက္ကာယဒိဋ္ဌိပြုတ်ရင် ဘာမီးတွေငြိမ်းတုံး(အပါယ်မီးပါဘုရား) အပါယ်မီးငြိမ်းဘို့ အရေးကြီးပါတယ်။ သာသနာတော်နဲ့တွေ့တဲ့အခါ သက္ကာယ ဒိဋ္ဌိပြုတ်ချင်ရင် မျက်စိ နား နှာ လျှာ ကိုယ် မန ဆိုတဲ့ အာရုံ ခြောက်ပါးမှာ ရုပ်နဲ့နာမ် ကွဲကွဲပြားပြားသိရမယ်၊

ဘာကွဲကွဲပြားပြားသိရမှာတုံး (ရုပ်နဲ့နာမ်ပါ ဘုရား) ဒါကြောင့် ရုပ်နဲ့နာမ် ကွဲကွဲပြားပြားသိရမယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ဒါကြောင့် မျက်စိကလဲ မြင်တိုင်းမြင်တိုင်းမှာ လူတွေသတ္တဝါတွေရှိတာလား၊ ရုပ်နာမ်ရှိတာ လား (ရုပ်နာမ်ရှိတာပါ ဘုရား) ဒါလဲ ရှင်းခဲ့ပြီ ဘယ်အချိန်မှာတုံး (မြင်တိုင်း

ကြည့်တိုင်း နားထောင်တိုင်း ကြားတိုင်း) လူတွေ သတ္တဝါတွေ ရှိတာလား၊ ရုပ်နာမ်ရှိတာလား(ရုပ်နာမ်ရှိတာပါဘုရား)

ယနေ့ တဆင့်တက်ကြစို့။ ဒီနေ့ဘာတုံး (နှာခေါင်းပါဘုရား) နှာခေါင်းမှာ သတိထားလိုက် ဘယ်မှာသတိထားရမှာတုံး(နှာခေါင်းမှာပါဘုရား)သတိထား လိုက်တဲ့အခါကျတော့ ပထမ နံတယ်လို့မှတ်။ နံရင် နံတယ်နံတယ်လို့မှတ်နေရင် သမထကမ္မဋ္ဌာန်းဖြစ်တယ်။ ဘာကမ္မဋ္ဌာန်းပါလိမ့် (သမထကမ္မဋ္ဌာန်းပါ ဘုရား) မြင်ရင်မြင်တယ်လို့မှတ်တာလဲ (သမထကမ္မဋ္ဌာန်းပါဘုရား)

ကြားရင် ကြားတယ်လို့မှတ်တာကလဲ (သမထကမ္မဋ္ဌာန်းပါ ဘုရား) နံရင် နံတယ်လို့မှတ်တာကော(သမထကမ္မဋ္ဌာန်းပါဘုရား)သမထကမ္မဋ္ဌာန်းကို ကျော် ပြောလို့ရရဲ့လား(မရပါဘုရား) ပထမနံတယ်လို့ သတိထားလိုက်။ နံရင်နံတယ် လို့မှတ်ခိုက်မှာ ကာမစ္ဆန္ဒအစရှိတဲ့ နီဝရဏတရားတွေ လာသေးရဲ့လား (မလာ တော့ပါ ဘုရား) မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ် ဘုရား) ဘာ ကမ္မဋ္ဌာန်းနဲ့ ဖမ်းလိုက်တာတုံး (သမထကမ္မဋ္ဌာန်းနဲ့ပါ ဘုရား) တနည်း သမာဓိ ကမ္မဋ္ဌာန်း။ သမထကမ္မဋ္ဌာန်းလို့လဲ ခေါ်တယ်၊ အဲဒီလို မှတ်ရင်ဖြင့် (နီဝရဏေ သမေတီတိသမထော၊) ဆိုတဲ့ အတိုင်း နီဝရဏတရားတွေ ငြိမ်းသောကြောင့် သမထမရဘူးလား၊ရသလား(ရပါတယ်ဘုရား)

နောက်တဆင့် တက်လိုက်ပါစို့၊ နံတယ်သာပြောရတယ်။ နံတယ်ဆိုတာ ရှိရဲ့ လား(မရှိပါဘုရား)နံတတ်တဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါကော ရှိရဲ့လား (မရှိပါဘုရား)မရှိဘူး၊နံဘယ်ဆိုတာလဲ မရှိဘူး။ သမာဓိကရလာတော့။

သမာဟိတော ဘိက္ခဝေ၊ ယထာဘူတံ၊ ပဇာနာတိ။

ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဟိတော၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်၊ယထာဘူတံ၊ မဖေါက်မပြန် ဟုတ်မှန်တဲ့အတိုင်း နာမ်တရားနဲ့ရုပ်တရားကို၊ ပဇာနာတိ၊ ဉာဏ် ပညာအားဖြင့် ကွဲကွဲပြားပြားသိနိုင်ဘယ်။ သမာဓိမရှိဘဲနဲ့ ရုပ်နာမ်ကွဲပါ့မလား (မကွဲပါဘုရား) ဒါကြောင့် နံရင်နံဘယ်လို့ သိနေတာက ဘာတုံး (သမာဓိပါ ဘုရာ.) သမာဓိကိုရှေးဦးစွာပွားများပါ၊

သမာဓိ ဘိက္ခဝေဘာဝေထ။

ဘိက္ခဝေ၊ချစ်သားတို့၊ သမာဓိ၊နံရင်၊နံတယ်လို့သိတဲ့သမာဓိကို၊ဘာဝေထ၊ ပွါးများကြကုန်လော၊ နံရင်နံတယ်လို့ သိတာက ဘာတုံး (သမာဓိပါဘုရား) သမာဓိရှိရင် အရှိတရား တွေ့ဘာလား၊ မရှိတရား တွေ့တာလား (အရှိတရား တွေ့ဘာပါဘုရား)အရှိတရားက နံရင်နံဘယ်လို့မှတ်တာ။ နံတယ်ဆိုတာမရှိဘူး။ နံဘဘ်တဲ့ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါကောရှိရဲ့လား (မရှိပါဘုရား) ရှိတာ ဘာရှိတာလဲဆိုတော့ (အနံ့ပါဘုရား)အနံ့ဘဲရှိတယ်၊ အနံ့သဘော၊ မွှေးတာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ဘာသဘောဘုံး (အနံ့သဘောပါဘုရား)

ဘာလို့ရှုရမှာတုံး (အနံ့လို့ရှုရမှာပါ ဘုရား) ပုပ်တယ်ထင်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား)မွှေးတယ်ထင်ရင်(ဒိဋ္ဌိပါဘုရား) နံတယ်ထင်ရင် ရှိတာကဘာရှိတာတုံး (အနံ့ပါဘုရား)ရှိတာကလဲသက္ကာယ၊ အနံကလဲသက္ကာယ၊ ဘာကြောင့် သက္ကာယလို့ခေါ်တာတုံး(ထင်ရှားရှိလို့ပါဘုရား) ဒါကောဘာတုံး(အနံ့) လက်ကိုင်ပုဝါနံ့ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) လက်နံ့ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာတဲ့တုံး (အနံ့ပါဘုရား) လက်လို့ထင်လိုက်ရင်ဘာတုံး (ဒိဋ္ဌိပါဘုရား) လက်ကိုင်ပုဝါလို့ထင်လိုက်ရင်(ဒိဋ္ဌိ) ရှိတာကဘာတုံး(အနံ့ပါဘုရား)

ဒါကြောင့်ဃာနေနနံ့ခေါင်နှင့်၊ဂန္ဓံ၊အနံ့ကို၊ဃာယိတွာ၊နမ်းရှူသည်ရှိသော်၊ မနမ်းရှူဘူးလား၊နမ်းရှူသလား(နမ်းရှူပါတယ်ဘုရား)နိမိတ္တဂ္ဂါဟီ၊လက်ကိုင်ပုဝါဘဲ ဆိုတဲ့ နိမိတ်ကို၊ မာအဂ္ဂါဟိ၊ မယူလိုက်နဲ့၊ လက်ကိုင်ပုဝါဆိုတဲ့ နိမိတ်ကို ယူရမှာလား(မယူရပါဘုရား) ဘာကိုယူရမှာတုံး (အနံ့ပါဘုရား) အနုဗျဉ္ဇနဂ္ဂါဟီ၊ ဒီလက်ကိုင်ပုဝါရဲ့အနံ့က မွှေးလိုက်တာ၊ နံလိုက်တာ ဆိုတဲ့ အသေးစိတ် အမှတ်အသားတွေကိုလဲ မာအဂ္ဂါဟိ၊ မယူလိုက်ပါနဲ့။ မြတ်စွာဘုရားက မယူခိုင်းတာလား၊ဘုန်းကြီးကမယူခိုင်းဘာလား(မြတ်စွာဘုရားကမယူခိုင်းတာပါဘုရား)

ဇ္ဇတိရူပံဇ္ဇတိရူပံ၊ ဤသဘောကဘာတုံး အနံ့ရုပ်အနံရုပ်သာပြောရတာ၊ဤသဘောလေးကိုခေါ်တာ။နမ်းရှူကြည့်လိုက်။ ဤသဘောလေးကဘာတုံး(အနံ့ပါဘုရား)သူ့ကိုအနံ့လို့သာပြောရတယ်။ ရှိတာကဘာတုံး(သဘောပါဘုရား) ဇ္ဇတိရူပံ၊ ဇ္ဇတိ၊ ဤသဘောကား၊ ဤသဘောမရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ရူပံ၊ရုပ်၊ရုပ်လို့သူမခေါ်ဘူးလား၊ ခေါ်သလား (ခေါ်ပါတယ်ဘုရား) အနံ့လို့ကော မပြောဘူးလား၊ပြောသလား(ပြောပါတယ်ဘုရား)

အနံ့လို့လဲခေါ်တယ်၊ရုပ်လို့လဲခေါ်တယ်၊ဂန္ဓဓာတ်လို့လဲခေါ်တယ်၊ဘယ်လိုခေါ်ခေါ် ဘယ်သဘောခေါ်တာတုံး (အနံ့ပါသုရား) ပရိသတ် နားလည်အောင် ပြောရတာ။ သဘောသက်သက်ဘဲရှိတယ်။ မရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား)ပုပ်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာရှိတာတုံး(အနံ့ရှိတာပါဘုရား)

တခါတလေ အညော်နံ့နံတယ်လို့မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ညော်တာကော ရှိရဲ့လား(မရှိပါဘုရား) ငြုတ်သီးညော်နံ့နံတယ်၊ ကြက်သွန်ဖြူညော်နံ့နံတယ်ဆိုတော့ တခုမှ ရှိတဲ့တရားကို မထင်ဘူး၊ ငြုတ်သီးဆိုတာကောရှိရဲ့လား (မရှိပါဘုရား) ညော်တယ်ဆိုတာကော ရှိရဲ့လား (မရှိပါဘုရား)နံတယ်ဆိုတာကော ရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာတုံး (အနံ့ပါဘုရား)ကြက်သွန်ဖြူ၊ ငြုတ်သီးနံ့တွေ လုပ်မနေပါနဲ့ လာလာသမျှ ဘာသာရှိတုံး (အနံ့ပါဘုရား)

မာနိမိတ္တဂ္ဂါဟိ၊ ကြည်သွန်ဖြူ ငြုတ်သီး စသည်လို့ နိမိတ်တွေကို မယူလိုက်ပါနဲ့၊ဘာလို့ယူလိုက်ရမလဲ(အနံ့လို့ယူလိုက်ရမှာပါဘုရား)မာအနုဗျဉ္ဇနဂ္ဂါဟိ၊ အဲဒီ ငြုတ်သီး ကြက်သွန် ဆိုတဲ့ အနံ့တွေက မွှေးလိုက်တာ နံလိုက်တာ ဆိုတဲ့ အသေးစိတ်အမှတ်အသားတွေကိုလဲမယူလိုက်ပါနဲ့ ယူလိုက်ရင် လောဘဖြစ်မယ်၊ ဒေါသဖြစ်မယ်၊ မောဟဖြစ်မယ်၊ အမှန်ယူလို့လား၊ အမှားယူလို့လား (အမှားယူလို့ပါဘုရား) သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (မိစ္ဆာဒိဋ္ဌိပါဘုရား) မိစ္ဆာဒိဋ္ဌိ အမှားမြင်တာကိုနော်။

အော် တကာတကာမတွေကအနံ့လို့မရှုဘဲ၊ မွှေးလိုက်တာလို့ယူလိုက်တော့ မွှေးတယ်ဆိုတာ ရှိရဲ့လား (မရှိပါဘုရား) ဒါဖြင့် မွှေးတယ်လို့ ယူလိုက်တော့ အသေးစိတ်အမှတ်အသားတွေ မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား) ယူလိုက်တော့ လောဘဖြစ်လာတယ်၊ ဒီအနံ့ကြီးက ဆိုးလိုက်တာ ဆိုးတာရှိရဲ့လား(မရှိပါဘုရား)ရှိတာကဘာရှိ (အနံ့ပါဘုရား) ဒါဖြင့် ဘယ်လိုယူလိုက်တုံး ဆိုးတယ်ဆိုးတယ်လို့ ယူလိုက်တော့ ဒေါသ အနံ့လို့ မသိလို့လား၊ သိလို့လား (မသိလို့ပါဘုရား) အနံ့လို့မသိတာ ဘာတုံး (မောဟပါဘုရား) ဃာနေန၊ အာဒိတ္တံ၊ ဃာနေန၊ နှာခေါင်းက၊အာဒိတ္တံ၊ မီးတွေတောက်နေတယ်၊ နှာခေါင်းပေါက်က မီးတွေမတောက်ဘူးလား၊ တောက်သလား (တောက်ပါတယ်ဘုရား)

တကာတကာမတွေက မွှေးတယ် နံတယ် ပုပ်တယ်လို့ ယူလိုက်တော့ ဘာတုံး (ဒိဋ္ဌိပါဘုရား) ဘယ်ပေါ်မှာယူဘာတုံး (ရုပ်ပေါ်မှာပါဘုရား) အနံ့ပေါ်ယူလိုက်တော့ အနံ့ကဘာတုံး (သက္ကာယပါ ဘုရား) ပုပ်တယ် မွှေးတယ် နံတယ် ညှော်တယ် ဆိုတာက ဘာတုံး (ဒိဋ္ဌိပါဘုရား) ပေါင်းလိုက်စမ်း(သက္ကာယဒိဋ္ဌိ) ဘယ်အချိန်မှာဖြစ်တာတုံး (နမ်းရှူထိုင်းနမ်းရှူတိုင်းပါဘုရား) သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ရှူတော့ လောဘမီးတောက်တာပေါ့။ ဒေါသမီးကော (တောက်ပါတယ်ဘုရား)မောဟမီးကော (တောက်ပါတယ်ဘုရား)

ကေနဋ္ဌေနအာဒိတ္တံ၊ ကေနဋ္ဌေန၊ အဘယ်မီးဖြင့်၊ အာဒိတ္တံ၊ တောက်လောင်နေသလဲ၊ရာဂဂ္ဂိယံအာဒိတ္တံ၊ ဒေါသဂ္ဂိယံအာဒိတ္တံ၊ မောဟဂ္ဂိယံအာဒိတ္တံ၊ရာဂဂ္ဂိယံ၊ ရာဂ ဘည်းဟူသောမီးသည်၊ အာဒိတ္တံ၊ တောက်၍နေတယ်။ မတောက်ဘူးလား၊ တောက်သလား (တောက်ပါတယ်ဘုရား) အမှန်ရှူလို့လား၊ အမှားရှူလို့လား (အမှားရှူလို့ပါဘုရား)အမှားရှူလိုက်တာက ပုပ်တယ် မွှေးတယ်လို့ သွားရှူလိုက်တာကို။ ရှူရမှာက ဘာကိုရှူရမှာတုံး (အနံ့ပါဘုရား) ရှိတာကဘာတုံး (အနံ့ပါဘုရား)ပုပ်တယ် မွှေးတယ် နံတယ်ဆိုတာ ရှိရဲ့လား(မရှိပါဘုရား) ရှိတာကအနံ့၊

အနံ့ကရုပ်တရား။ ဣတ္ထိရုပ်၊ ပုရိသရုပ်၊ ဤသဘောကရုပ်၊ ရုပ်လို့မရှိမိဘဲ၊ မွှေးတယ် နံတယ်လို့ရှိမိလိမ့်မယ်။ ရှိမိရင် လောဘမီး ဒေါသမီး မောဟမီး မတောက်ဘူးလား၊ တောက်သလား (တောက်ပါတယ်ဘုရား)

ရာဂဂ္ဂိယံအာဒိတ္တံ၊ ရာဂတည်းဟူသော မီးတောက်၍ နေတယ်။ ဒေါသဂ္ဂိယံ အာဒိတ္တံ၊ ဒေါသတည်းဟူသော မီးတောက်၍ နေတယ်။ မောဟဂ္ဂိယံအာဒိတ္တံ၊ မောဟတည်းဟူသော မီးတောက်၍နေတယ်။ ဒါကြောင့် တကာ တကာမတွေ ရေမွှေးနံ့ ရေမွှေးဆိုတာ ရှိရဲ့လား (မရှိပါဘုရား) ရှိတာက ဘာတုံး (အနံ့ပါဘုရား)တခါတလေမှာ နံ့သာဖြူကရမက်အနံ့လို့ ယူလိုက်တယ်၊ ကရမက်ဆိုတာ ရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာတုံး (အနံ့ပါဘုရား) မာနိတ္တဂ္ဂါဟိ။ အဲဒီ နံ့သာဖြူ ကရမက်ဆိုတဲ့နိမိတ်ကို၊ မာအဂ္ဂါဟိ၊မယူလိုက်ပါနဲ့၊ ယူရမှာကဘာတုံး (အနံ့ပါဘုရား) အနုဗျဥ္စနဂ္ဂါဟိ။ အဲဒီ နံ့သာဖြူ ကရမက် ဆိုတဲ့ အသေးစိတ် အမှတ်အသားတွေကိုလဲ၊မာအဂ္ဂါဟိ၊ မယူလိုက်ပါနဲ့။ မြတ်စွာဘုရားက မယူနဲ့လို့ ပြောတယ်၊ ခင်ဗျားတို့ ကျုပ်တို့က ယူတယ် ဘုရားစကား နားထောင်တာလား၊ နားမထောင်တာလား (နားမထောင်တာပါဘုရား)

ဘုရားစကား နားမထောင်ရင် ဘုရားရဲ့ တပည့်သာဝကတွေ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဘုရားရဲ့အဆုံးအမ တည်ပါ့မလား (မတည်ပါဘုရား) ဘုရားရဲ့ အဆုံးအမတွေက ဘာပါလိမ့် (သီလ သမာဓိ ပညာ ပါဘုရား) ခင်ဗျားတို့က နိမိတ်တွေ သွားယူလိုက်ရင် သီလလဲမရှိဘူး၊ သမာဓိလဲမရှိဘူး၊ ပညာလဲမရှိဘူး၊ သာသနာတော်ရဲ့ ပစ္စည်းဖြစ်တဲ့ သာသနာ ဈေးရုံကြီး ထဲမှာ သာသနာ့ပစ္စည်း အစစ်ဖြစ်တဲ့ သီလ သမာဓိ ပညာတွေ မပျက်စီးဘူးလား၊ ပျက်စီးသလား(ပျက်စီးသွားပါတယ် ဘုရား) လူတွေ သတ္တဝါတွေက ဖျက်ဆီးတာလား၊ လောဘ ဒေါသ မောဟတွေက ဖျက်ဆီးတာလား (လောဘ ဒေါသ မောဟတွေက ဖျက်ဆီးတာပါ ဘုရား) ဒီလောဘတွေ ဒေါသတွေ မောဟတွေ ဘာကြောင့် ဒီနှာခေါင်းပေါက်မှာ ဝင်ဝင်လာရသလဲဆိုတော့ သတိလွတ်လွတ်နေလို့ သတိမရှိလို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

ဒါကြောင့်(မာပမာဒတ္ထဘိက္ခဝေ၊မာပမာဒတ္ထဘိက္ခဝေ။)မြတ်စွာဘုရားက ဘိက္ခဝေ၊ ချစ်သားတို့၊မာပမာဒတ္ထ၊မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆမနေလိုက်ပါနဲ့၊မေ့မေ့လျော့လျော့နေရင် ဘာတွေဝင်လာမလဲ (လောဘ ဒေါသ မောဟတွေပါဘုရား) ဘယ်အချိန်မှာဝင်မှာတုံး (နမ်းရှုတိုင်း နမ်းရှုတိုင်းမှာပါဘုရား) အော်-သက္ကာယဒိဋ္ဌိ ဝင်တော့ လောဘ ဒေါသ အကြိုက် တွေ့မသွား ဘူးလား၊ (တွေ့သွားပါတယ်ဘုရား)

ဒါကြောင့် တကာ တကာမတွေ နမ်းရှုတိုင်း နမ်းရှုတိုင်း အရှိတရား ရှုရမှာလား၊ မရှိတရားရှုရမှာလား (အရှိတရားရှုရမှာပါဘုရား) လက်ကိုင်ပုဝါဆိုတာ

ရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာတုံး (အနန့်ပါဘုရား) လက်ကိုင်ပုဝါဆိုတဲ့ နိမိတ်ကိုဖျောက်လိုက်၊ မြတ်စွာဘုရားက နိမိတ်ကို ယူလိုက်ရင် သက္ကာယဒိဋ္ဌိလာမယ်၊ သက္ကာယဒိဋ္ဌိလာလိုက်တာနဲ့တပြိုင်နက် လောဘ ဒေါသ မောဟ ဖြစ်မယ်၊ လောဘ ဒေါသ မောဟ ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား)

နမ်းရှုတိုင်း အကုသိုလ်တွေနဲ့ပါလားလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ယခုတော့ တကာတကာမတွေ အရှိတရားရှုတာလား၊ မရှိတရားရှုတာလား (အရှိတရားရှုတာပါဘုရား) ဒီအနန့်သည် လူနဲ့လာတွေ့တာလား၊ နှာခေါင်းအကြည်နဲ့ လာတွေ့တာလား (နှာခေါင်းအကြည်နဲ့ပါဘုရား) နှာခေါင်းအကြည်က ငါဟုတ်ရဲ့လား(မဟုတ်ပါဘုရား)နှာခေါင်းအကြည်ဘဲဗျ။

နှာခေါင်းအကြည်နဲ့ ဘာနဲ့ လာတွေ့တာတုံး (အနန့်နဲ့ပါဘုရား) အနန့်နဲ့နှာခေါင်းအကြည်နဲ့လာတွေ့တော့ လူပေါ်တာလား၊စိတ်ပေါ်တာလား(စိတ်ပေါ်တာပါဘုရား) ဘာစိတ်တုံး (အနန့်သိတဲ့စိတ်ပါ ဘုရား) ဘယ်မှာတုံး မွှေးတာရှိရဲ့လား(မရှိပါဘုရား)ဘယ်မှာတုံးနံတာ။ ရှိတယ်ဆိုတာကအနန့်ရယ် နှာခေါင်းအကြည်ရယ် စိတ်ရယ် ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား)

ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊ ဒီလိုသုံးပါးဘဲ။ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အနန့်သဘော နှာခေါင်းအကြည်သဘော စိတ်သဘော ဒါပြင် ဘာရှိသေးတုံး (ဘာမှမရှိပါဘုရား) မွှေးတာ ရှိရဲ့လား (မရှိပါဘုရား)နံတာရှိရဲ့လား (မရှိပါဘုရား) ညှော်တာရှိရဲ့လား (မရှိပါဘုရား)ဘာရှိဘာတုံး(အနန့်သဘော နှာခေါင်းအကြည်သဘော စိတ်သဘောပါဘုရား)

အနန့်သဘော နှာခေါင်းအကြည်သဘော စိတ်သဘောက သက္ကာယ။ဘာပြုလို့သက္ကာယလို့ခေါ်တာတုံး(ထင်ရှားရှိလို့ပါဘုရား)သူ့ကို မွှေးတယ် နံတယ် ပုပ်တယ် ထင်လိုက်ရင် ဘာဖြစ်မလဲ (ဒိဋ္ဌိပါဘုရား) ပေါင်းလိုက်စမ်းပါ (သက္ကာယဒိဋ္ဌိပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိ မကွဲသမျှ အပါယ်မီးငြိမ်းပါ့မလား (မငြိမ်းပါဘုရား)ဒါကြောင့် အနိစ္စ ဒုက္ခ အနတ္တတွေ ဘေးဖယ်ထားအုံး၊ဖြစ်ခြင်းပျက်ခြင်းဆိုတဲ့ ဥဒယဗ္ဗယကိုအသာထားအုံး၊ ဘုန်းကြီးမဟောသေးဘူး။ သက္ကာယဒိဋ္ဌိဘဲ ဖြုတ်ပေးနေတာ။ အရေးကြီးလို့ ဖြုတ်တာလား၊ အရေးမကြီးလို့ ဖြုတ်တာလား (အရေးကြီးလို့ပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်သည်၊ ရှေးဦးစွာ ဘာကိုဖြုတ်သလဲ (သက္ကာယဒိဋ္ဌိကိုဖြုတ်တာပါဘုရား)

ဒါ့ကြောင့် နာမရူပပရိစ္ဆေဒဉာဏ်ကစဟောတာ၊ ဥဒယဗ္ဗယဉာဏ်ကစဟောတာလား၊ နာမရူပပရိစ္ဆေဒဉာဏ်က စဟောတာလား (နာမရူပပရိစ္ဆေဒဉာဏ်က စဟောတာပါဘုရား) နာမ်နဲ့ရုပ် မကွဲဘဲနှင့် ဖြစ်ပျက်ရှုလို့ ရပါ့မလား (မရပါဘုရား) နာမ်နဲ့ရုပ်မှမကွဲဘဲ။ ဥဒယဗ္ဗယဆိုတဲ့ ထိပ်ဆုံးသွားရှုနေလို့ ရပါ့မလား၊

(မရပါဘုရား) အဲဒီလိုရှုလိုက်တာနဲ့တပြိုင်နက်. မွေးတာ ပုပ်တာတွေ ထင်ပါအုံး မလား (မထင်ပါဘုရား) ဘာကိုရှုလိုက်လို့လဲ (ရုပ်နာမ်ရှုလိုက်လို့ပါဘုရား) ပုပ်ဘာ မွေးတာတွေ ရှုရမှာလား၊ ရုပ်နာမ်ကိုရှုရမှာလား (ရုပ်နာမ်ကိုရှုရမှာပါ ဘုရား) ဣတိနာမရူပံ။ ဣတိ၊ ဤသဘောကား၊ နာမရူပံ၊ နာမ်ရုပ်။ ဘာနဲ့ဘာ လဲ (နာမ်နဲ့ရုပ်ပါဘုရား) လက်ကိုင်ပုဝါနံ့ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာ နဲ့ဘာတုံး (နာမ်နဲ့ရုပ်ပါဘုရား)

အနံ့သဘော၊ နှာခေါင်းအကြည်သဘော၊စိတ်သဘော၊ ဒါရှိတာဘဲ။ ဒီပြင် ရှိသေးရဲ့လား (မရှိပါဘုရား) ရှိတာကြည့်ရမှာလား၊ မရှိတာကြည့်ရမှာလား၊ (ရှိတာကြည့်ရမှာပါဘုရား) (ဘူတံဘူတတော ပဿတိ) ဘူတံ၊ ထင်ရှားရှိတဲ့ အနံ့သဘော၊ နှာခေါင်းအကြည်သဘော၊စိတ်သဘောကို၊ ဘူတတော၊ထင်ရှား ရှိပါတကားဟူ၍။ ပဿတိ၊ ရှုပါတဲ့၊ ဘုရားကရှုခိုင်းတာ၊ ဘယ်အချိန်မှာရှုရမှာ တုံး (နမ်းရှုတိုင်း နမ်းရှုတိုင်းမှာပါဘုရား) နမ်းရှုတဲ့အခါ တကာ တကာမတွေ ပုပ်တာ မွေးတာရှိတာလား၊ အနံ့သဘောရှိတာလား (အနံ့သဘောရှိတာပါ ဘုရား)ဒီအနံ့ကိုလူကသိတာလား၊ စိတ်ကသိဘာလား (စိတ်ကသိတာပါဘုရား) ဒီစိတ်ကိုလူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေး တာပါဘုရား) စိတ်က-စိတ်၊ သတိက-စေတသိက်၊ အနံ့ကဘာတုံး(ရုပ်) ပေါင်း လိုက်စမ်းပါ(စိတ် စေတသိက် ရုပ်) ဘယ်အချိန်မှာတုံး(နမ်းရှုတိုင်းမှာပါဘုရား) နမ်းရှုတိုင်းမှာ စိတ် စေတသိက် ရုပ်ရှိတာလား၊ ပုပ်ဘာ မွေးတာ နံတာတွေရှိတာ လား (စိတ် စေတသိက် ရုပ် ရှိတာပါဘုရား) သင်္ခတတရားလား၊ အသင်္ခတတရား လား (သင်္ခတတရားပါဘုရား) အသင်္ခတတရားက ဘာတုံး (နိဗ္ဗာန်ပါဘုရား) ဒီနေ့တကာတကာမတွေ နိဗ္ဗာန်ရပြီလား (မရသေးပါဘုရား)

တကာတကာမတွေရောက်နေတဲ့နယ်က ဘာနယ်တုံး (သင်္ခတနယ်ပါဘုရား) သင်္ခတနယ်မှာဘာပစ္စည်းတွေရှိတာတုံး (စိတ် စေတသိက် ရုပ်ပါဘုရား) ခင်ဗျား တို့ အဇ္ဈတ္တသန္တာန်မှာ စိတ် စေတသိက် ရုပ်ကလွဲပြီး ဘာများရှိသေးတုံး (ဘာမျှ မရှိပါဘုရား) နိဗ္ဗာန်က အသင်္ခတနယ်မှာ။ သင်္ခတနယ်မှာတော့ စိတ် စေတသိက် ရုပ်၊ ဒီသုံးပါးကလွဲရင် ဒီဟာအပြင်ရှိသေးရဲ့လား (မရှိပါဘုရား) ပိဋကတ်တော် ကြီးချဲ့တယ်ဆိုဘာ စိတ် စေဘသိက် ရုပ်ကနေပြီး ချဲ့ချဲ့သွားတာ။ မ ဆို ထိုက် ဘူး လား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဒါ့ကြောင့် တကာတကာမတွေ အကျိုးကဘော့ဘယ်နှစ်ပါးရှိတာတုံး (သုံး ပါးပါဘုရား) သုံးပါးကဆိုစမ်းပါ (စိတ် စေတသိက် ရုပ်) ဒီရှုကွက် ဘယ်အချိန် မှာရှိတာတုံး (နမ်းရှုတိုင်းမှာပါဘုရား) နမ်းရှုတိုင်းမှာ ခင်ဗျားတို့က ပုပ်တယ်၊ မွေးတယ်၊နံတယ်လို့ယူလိုက်ပြန်ရော၊ မရှိတာကိုသွားယူတယ်။ မရှိတာကပညတ်

ရှိတာကဘာလဲ (ပရမတ်ပါဘုရား) ခင်ဗျားတို့က ပညတ်တွေဘဲ သွားသွားပြီးရှု နေရင် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပါ့မလား (မဖြစ်နိုင်ပါဘုရား) အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးမှမဖြစ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ မဂ်ဇော ဖိုလ်ဇော ကျနိုင်ပါ့မလား (မကျနိုင်ပါဘုရား)

ပရမတ်နဲ့ပညတ်မကွဲလို့၊ ဘာမကွဲလို့လဲ (ပရမတ်နဲ့ပညတ်ပါဘုရား)ပရမတ် က ဘာတုံး (စိတ် စေတသိက် ရုပ်ပါဘုရား) ဒွေးတယ် နံတယ် ပုပ်တယ်လို့ပြော လိုက်ရင်ဘာတုံး (ပညတ်ပါဘုရား) တခါတလေ ပန်းနံ့လို့ မပြောဆိုဘူးလား၊ ပြောဆိုသလား (ပြောဆိုပါတယ်ဘုရား) ပန်းဆိုတာရှိရဲ့လား၊ (မရှိပါဘုရား) ဒီပန်းလို့အခေါ်ခံရတဲ့သဘောဘဲရှိတယ်၊ ဥပမာဆိုကြပါစို့။ ဟောဒါဘာတုံး (ပန်းပါဘုရား) ဒီသဘောကိုကြည့်လိုက်တဲ့အခါကျတော့ ဘာတွေတုံး (အဆင်း ပါဘုရား) ပန်းမဟုတ်ဘူးလား (မဟုတ်ပါဘုရား) အနီ အဖြူ မဟုတ်ဘူးလား၊ (မဟုတ်ပါဘုရား) ကြည့်တော့ဘာလဲ (အဆင်းပါဘုရား)

သူ့ကိုလှုပ်ကြည့်လိုက်စမ်း၊ ဘာရှိတုံး (အသံပါဘုရား) ဘယ်မတုံး ပန်းရှိရဲ့ လား (မရှိပါဘုရား) နမ်းကြည့်တော့ဘာတွေသလဲ (အနံ့ပါဘုရား) ဘယ်မတုံး ပန်းပျောက်မသွားဘူးလား၊ ပျောက်သွားသလား(ပျောက်သွားပါတယ်ဘုရား) ရှိတဲ့ဘာရားတွေဘာလား၊မရှိတဲ့တရားတွေတာလား[ရှိတဲ့တရားတွေတာပါဘုရား] ဒါဘာတုံး (နာရီပါဘုရား) ဘာလဲ (အဆင်းပါဘုရား) အနီလေးဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ကြည့်တော့ဘာတုံး (အဆင်းပါဘုရား) ဒါကော ဒေါက် ဒေါက် (အသံပါဘုရား) နာရီဘယ်မှာတုံး နာရီရှာစမ်းပါ။ နာရီထင်လို့ကြည့် တော့ဘာတုံး (အဆင်းပါဘုရား) ရုပ်တရားဘဲ။ အဆင်းဖြစ်လိုက်ဘာနဲ့ တပြိုင် နက်၊ စိတ် စေတသိက် ရုပ်၊ မျက်စိကမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါခွဲခွဲ ပြီးသွားဘဲ၊ ခေါက်တော့ဘာဖြစ်တုံး (အသံပါဘုရား) ဒေါက်ဒေါက်၊ ဘာတုံး (အသံပါဘုရား)နာရီသံမဟုတ်ဘူးလား (မဟုတ်ပါဘုရား) မျက်စိနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) ခေါက်ကြည့်လိုက်တော့(အသံ) နမ်းကြည့်လိုက်တော့ (အနံ့ ပါဘုရား) နာရီရှိရဲ့လား (မရှိပါဘုရား)

ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက မာနိမိတ္တဂ္ဂါဟီ၊ နာရီဆိုတဲ့ ပုံသဏ္ဌာန်နိမိတ်ကိုလဲမယူလိုက်ပါနဲ့။ ယူရမှာလား (မယူရပါဘုရား) ကြည့်လိုက် တော့ (အဆင်း) ခေါက်ကြည့်လိုက်တော့ (အသံပါဘုရား) နမ်းကြည့်တော့၊ (အနံ့ပါဘုရား) မာအနုဗျဉ္စနဂ္ဂါဟီ၊ ဒီနာရီလေးက အဖြူလေးဘဲ၊ အနီလေးဘဲ၊ အပြာလေးဘဲဆိုတဲ့ အသေးစိတ်အမှတ်အသားကိုလဲ မယူလိုက်ပါနဲ့။ ယူလိုက်ရင် လောဘ ဒေါသ မောဟဖြစ်မယ်။ ယူလိုက်တာနဲ့တပြိုင်နက် သက္ကာယဒိဋ္ဌိ မဖြစ် ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

နမ်းကြည့်တော့ရှိတာဘာတုံး (အနံ့ပါဘုရား)နာရီရှိရဲ့လား (မရှိပါဘုရား) ရှိတဲ့တရားတွေမှာလား၊ မရှိတဲ့တရားတွေမှာလား (ရှိတဲ့တရားတွေမှာပါဘုရား) သခ်တနယ်မှာရှိတာကဘာတွေတုံး (စိတ် စေတသိက် ရုပ်ပါဘုရား) ဒီအနံ့ကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိက-စေတသိက်၊ ဒီအနံ့ကိုလူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အနံ့ကဘာတုံး (ရုပ်ပါဘုရား)ပေါင်းလိုက်စမ်းပါ (စိတ် စေတသိက် ရုပ်ပါဘုရား) ဘယ်အချိန်မှာသိရဖှာတုံး (နမ်းရှုတိုင်း နမ်းရှုတိုင်းမှာပါဘုရား)

နမ်းရှုတိုင်းနမ်းရှုတိုင်း လူတွေ သတ္တဝါတွေရှိတာလား၊ စိတ် စေတသိက် ရုပ် ရှိတာလား (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား) ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ဘယ်အချိန်မှာရှိတာတုံး (နမ်းရှုတိုင်းမှာပါဘုရား)ဘာဉာဏ်တုံး(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဆိုက်လာသလား၊မဆိုက်လာဘူးလား (ဆိုက်လာပါတယ်ဘုရား)

တကာတကာမတွေ အရှိတရားတွေတာလား၊ မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) အရှိတရားကဘာတုံး(အနံ့ပါဘုရား) အဲဒီအနံ့ကရုပ်၊ ဒီအနံ့ကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) အဲဒီသတိက စေတသိက်၊ အနံ့ကို လူကသိတာလား၊စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အဲဒီစိတ်ကို ဝိညာဏ်ခေါ်တယ်။ ပေါင်း လိုက် စမ်း၊ (ဝိညာဏ်နာမ်ရုပ်)

အော်–နမ်းရှုတိုင်းမှာ မွှေးတာ ပုပ်တာရှိတာလား၊ ဝိညာဏ်နာမ်ရုပ် ရှိတာလား (ဝိညာဏ်နာမ်ရုပ်ရှိတာပါဘုရား)

ရှိတာဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား)နမ်းရှုတိုင်းမှာ (ခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ်) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်(နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့်(ဉာတပရိညာ) အော်-ဉာဏ်က ဦးသွားလို့၊ ဉာဏ်ကမဦးဘဲ သေသွားရင် ငါကဦးသွားမယ်။ ငါဦးပြီးသေသွားရင် သက်သာပါ့မလား (မသက်သာပါဘုရား) ငါဆိုတာဘာတုံး (ဒိဋ္ဌိပါဘုရား) သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ သေရင် အပါယ်လွတ်ပါ့မလား (မလွတ်ပါဘုရား)ယခုတော့ ဘာကဦးသွားပြီးလဲ (ဉာဏ်ကပါဘုရား)ဉာဏ်ဦးပြီးသေမှာလား၊ ငါဦးပြီးသေမှာလား(ဉာဏ်ဦးပြီးသေမှာပါဘုရား)ဘာဉာဏ်ဦးပြီးသေမှာတုံး(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)

ဘယ်အချိန်မှာတုံး(နမ်းရှုတိုင်းမှာပါဘုရား)မျက်စိကဆိုရင်(မြင်တိုင်း ကြည့်တိုင်း)နားကဆိုရင် (ကြားတိုင်း နားထောင်တိုင်း) နှာခေါင်းကဆိုလျှင်(နမ်းရှု

တိုင်း) အရှိတရားကွဲရမှာလား၊ မရှိတရားကွဲရမှာလား (အရှိတရားကွဲရမှာပါ ဘုရား) လူကခွဲတာလား၊ ဉာဏ်ကခွဲတာလား (ဉာဏ်က ခွဲတာပါဘုရား) ဘာ ဉာဏ်နဲ့ခွဲရမှာတုံး (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဒီဉာဏ်ဦးသွားရင် စိတ်ချ ရပြီလို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

ရှင်သာရိပုတ္တရာအလောင်းနဲ့ ရှင်မဟာမောဂ္ဂလာန်အလောင်းသည် ဒီဉာဏ် ရမသွားဘူးလား၊ ရသွားသလား (ရသွားပါတယ်ဘုရား) သောတာပန်တည် သွားတယ်ဆိုတာ ဒီဉာဏ်က စဘာဘဲ။ ရုပ် နာမ်ကွဲသွားလိုက်တာနဲ့ တပြိုင်နက် သူကတော့ ဝိက္ခမ္ဘနဲ၊သမုစ္ဆေဒ၊သူကတော့အကြွင်းမဲ့ပယ်ပစ်လိုက်တာကိုး။တကာ တကာမတွေက ပယ်ပြီးပလား (မပယ်ပါဘုရား) မပယ်ဘူးဗျ။ ခဏဘဲ၊ တဒင် ဆိုတာ ခဏလေး သတိရှိတုံး သတိလွတ်သွားတာနဲ့ ပြိုင်နက် မလာဘူးလား လာသလား (လာပါတယ်ဘုရား) သက္ကာယဒိဋ္ဌိ ဝင်ဘော့တာဘဲ။ သို့သော်လဲ ခဏကွာရင် ခင်ဗျားတို့ကျုပ်တို့ အကျိုးမများဘူးလား၊ များသလား (များပါ တယ်ဘုရား)

မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်သည် လေး သင်္ချေ နှင့် ကမ္ဘာတသိန်း ကာလပတ်လုံး အားထုတ်ပြီးမှ သိရတဲ့တရားတွေ တဒင်သိရရင်ဘဲ သာသနာ တော်မှာ သိရမဲ့တရားကို သိပြီလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့်မို့ နမ်းရှုတိုင်း လူတွေသတ္တဝါတွေရှိတာလား၊ ဝိညာဏ်နာမ်ရုပ်ရှိတာ လား(ဝိညာဏ်နာမ်ရုပ်ရှိတာပါဘုရား)

ရှိတာက ဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါ ဘုရား) ဒါကြောင့် ခုမှဖြစ်တဲ့ ဝိညာဏ် နာမ် ရုပ်၊ ခုမှဖြစ်တဲ့ ဝိညာဏ်နာမ်ရုပ်၊ ဒီလိုရှုတဲ့ဉာဏ်သည်ဘာဉာဏ်လဲ(နာမရူပပရိစ္ဆေဒဉာဏ်)

တကာ တကာမတွေ သတိထားလိုက်ပါ။ နမ်းရှုတိုင်းမှာ ပုပ်တာ မွှေးတာ ရှိတာလား၊ဘာရှိတာလဲ(အနံ့ရှိတာပါဘုရား) အဲဒီအနံ့ဟာ လူလား၊ ရုပ်လား (ရုပ်ပါဘုရား) မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) မျက်မြင်ရုပ်ကိုရှုရမှာလား၊ ဉာဏ်မြင်ရုပ်ကိုရှုရမှာလား(ဉာဏ်မြင်ရုပ်ကိုရှုရမှာပါ ဘုရား) ဉာဏ်မြင်ရုပ်ကဘာတုံး (အနံ့ပါဘုရား) ရေမွှေးနံ့လား၊ ပေါင်ဒါနံ့ လား(မဟုတ်ပါဘုရား) ဘာတုံး (အနံ့ပါဘုရား) အနံ့လို့ရှုလိုက်တာနဲ့ တပြိုင် နက် ဒီပေါ်မှာစွဲပါအုံးမလား(မစွဲပါဘုရား)

အဲဒီအနံ့ဆိုတဲ့ရုပ်ကဘာခန္ဓာ(ရူပက္ခန္ဓာပါဘုရား)ရူပက္ခန္ဓာမရလာဘူးလား ရလာသလား(ရလာပါတယ်ဘုရား) ဘယ်အချိန်မှာရတာလဲ (နမ်းရှုတိုင်းမှာပါ ဘုရား)မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) ဒီရူပ က္ခန္ဓာက မျက်စိနဲ့မမြင်ကောင်း၊ ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့မြင်ရမှာပါဘုရား)

ဘာဉာဏ်နဲ့ မြင်ရမလဲဆိုတော့ ဝိပဿနာဉာဏ်နဲ့မြင်ရမှာ။ ဘာဉာဏ်နဲ့မြင်ရမှာတုံး(ဝိပဿနာဉာဏ်နဲ့ မြင်ရမှာပါဘုရား) ဘယ်အချိန်မှာမြင်ရမှာတုံး (နမ်းရှုတိုင်းမှာပါဘုရား)

အဲဒီတော့ နမ်းရှုတိုင်းမှာ ကောင်းမကောင်း ဆိုတဲ့ သဘော မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ကောင်းတယ်ဆိုတာက သုခဝေဒနာ။ မကောင်းဘူးဆိုတာက ဒုက္ခဝေဒနာ။ ကောင်းတာလဲမဟုတ်၊ မကောင်းတာလဲမဟုတ်တာက (ဥပေက္ခာဝေဒနာပါဘုရား) ဝေဒနာဘယ်နှစ်ပါး ပေါ်လာတုံး (သုံးပါးပါဘုရား) သုံးပါးက ဆိုစမ်းပါ။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ၊ ဘယ်အချိန်မှာ ပေါ်တာတုံး (နမ်းရှုတိုင်းမှာပါဘုရား)

နမ်းရှုတိုင်းမှာ လူတွေသတ္တဝါတွေ ပေါ်တာလား၊ ဝေဒနာပေါ်တာလား (ဝေဒနာ ပေါ်တာပါ ဘုရား) လူက ခံစားတာလား၊ ဝေဒနာဖြစ်တာလား (ဝေဒနာဖြစ်တာပါ ဘုရား) ဒီအနံ့အာရုံကို ခံစားတယ်ဆိုတာက ငါက ခံစားတယ်လို့ထင်နေတာ ငါပါရဲ့လား(မပါပါဘုရား) ဘာတုံး (ဝေဒနာပါဘုရား) ဝေဒနာဆိုတာ ခံစားတာ ဒီနေရာ ဝေဒနာ ဘယ်နှစ်ပါးပါလိမ့် (သုံးပါးပါဘုရား)သုံးပါးကဆိုစမ်းပါ (သုခဝေဒနာ ဒုက္ခဝေဒနာ ဥပက္ခာဝေဒနာ)

သုခဝေဒနာပေါ်လာရင်လဲ သုခဝေဒနာကို လူက ခံစားတာလား၊ သုခဝေဒနာက ဖြစ်လာတာလား (ဝေဒနာ ဖြစ်လာဘာပါ ဘုရား) သုခဝေဒနာဖြစ်တာ။ ဒုက္ခဝေဒနာပေါ်လာရင်လဲ ဒီလိုဘဲ ဒုက္ခဝေဒနာဖြစ်တာ။ ဥပေက္ခာဝေဒနာပေါ်လာရင် ဘယ်သူက ခံစားတာလဲ (ဥပေက္ခာဝေဒနာ ဖြစ်တာပါဘုရား)

ကဲ-လူတွေ သတ္တဝါတွေ ပါသေးရဲ့လား (မပါပါဘုရား) ငါက ခံစားတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ငါကခံစားတယ်ထင်ရင် အမယ်လေးအော်ရမယ်။ မအော်ရဘူးသား၊ အော်ရသလား (အော်ရပါတယ်ဘုရား) ခုတော့ ဘယ်သူက ခံစားတာလဲ (ဝေဒနာကခံစားတာပါဘုရား) ဉာဏ်တွေ့ဝေဒနာလား၊ ငါတွေ့ဝေဒနာလား(ဉာဏ်တွေ့ဝေဒနာပါဘုရား)

ဉာဏ်တွေ့ဝေဒနာက အော်ရသေးရဲ့လား (မအော်ရပါ ဘုရား) ငါတွေ့ဝေဒနာက အော်ရတယ်။ ကိုက်တယ် ခဲတယ် ဆိုတဲ့ ဝေဒနာက ငါတွေ့ဝေဒနာ။ အဲဒီဝေဒနာက သက္ကာယဒိဋ္ဌိတန်းလန်းနဲ့၊ သက္ကာယဒိဋ္ဌိတန်းလန်းနဲ့ ဝိပဿနာရှုနေရင် အကျိုးများပါမလား (မများပါ ဘုရား) ပညတ် ဒုက္ခ သွားရှုပ်နေမှာ။ ရှုရမှာကဘာဝေဒနာလဲ(ဉာဏ်တွေ့ဝေဒနာပါဘုရား)ဘယ်အချိန်မှာရှုရမှာတုံး

(နမ်းရှုတိုင်းမှာပါဘုရား)ခါးတွေ ပေါင်တွေက ပေါ်နေတာလား၊ဒီနမ်းရှုတိုင်း အာရုံတွေက ပေါ်နေတာလား (နမ်းရှုတိုင်းဆိုတဲ့ အာရုံတွေက ပေါ်နေတာပါ ဘုံရား)

အနံ့အာရုံတွေက ပေါ်နေတယ်။ လက်တွေ ခါးတွေက ပေါ်နေတာလား၊ အနံ့အာရုံကပေါ်နေတာလား (အနံ့အာရုံက ပေါ်နေတာပါဘုရား) အနံ့က လူလား၊ရုပ်လား(ရုပ်ပါဘုရား)အနံ့ဆိုတာက လူကဖေါ်ပေးရတာလား၊ရုပ်က ဖေါ်ရတာလား (ရုပ်ကဖေါ်ရတာပါဘုရား) မျက်မြင်ရုပ်က ဖေါ်ရတာလား၊ ဉာဏ်မြင်ရုပ်ကဖေါ်ရတာလား(ဉာဏ်မြင်ရုပ်ကဖေါ်ရတာပါဘုရား) ဝေဒနာ ဖေါ်တဲ့အခါ မျက်မြင်ရုပ်ကဖေါ်တယ်၊ ဒူးကနာရတာနဲ့ အဲဒါ ဝေဒနာစိုက်ရှု နေတာ ဟုတ်လဲမဟုတ်ဘူး။ အဲဒါပညတ်ဝေဒနာ သွားရှုနေတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

ဒုက္ခသာဖြစ် ဒုက္ခသစ္စာမထိုက်။ ယမိုက် ပါဠိတော်မှာ ဒါတွေလဲ ရှိတာဘဲ။ ဒါယမိုက် ပါဠိတော်မှာ ကြည့်ပြောနေတာ မနက်နဲဘူးလား၊ နက်နဲသလား (နက်နဲပါတယ်ဘုရား) တကာ တကာမတွေ နမ်းရှုတိုင်းမှာ ဝေဒနာမပေါ်ဘူး လား၊ပေါ်သလား(ပေါ်ပါတယ်ဘုရား)ဘယ်လိုပေါ်သလဲ ကောင်းတဲ့သဘော မကောင်းတဲ့သဘော ပြီးတော့ ကောင်းတာလဲမဟုတ် မကောင်းတာလဲ မဟုတ် တဲ့ သဘောတွေကို ခံစားတာ။ ကောင်းတဲ့သဘောကသုခဝေဒနာ၊ မကောင်းတဲ့ သဘောက ဒုက္ခဝေဒနာ၊ ကောင်းတာလဲမဟုတ် မကောင်းတာလဲ မဟုတ်တဲ့ သဘောက(ဥပေက္ခာဝေဒနာပါဘုရား)

ဒါကြောင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလဲလုပ်မနေပါနဲ့ တော့ တခါတည်းပေါင်းလိုက်သော့ဘာတဲ့တုံး(ဝေဒနာပါဘုရား) ဒီဝေဒနာရဲ့ သဘောက ခံစားတဲ့သဘော၊ လူကို ခံစားတာလား၊ အာရုံကို ခံစားတာလား (အာရုံကိုခံစားတာပါဘုရား)

ဘယ်မလဲ နာတာပါရဲ့လား (မပါပါဘုရား) ဒီနမ်းရှုတိုင်းမှာ နာတာပါရဲ့ လား ( မပါပါဘုရား ) နာတာ ကိုက်တာ ခဲတာဆိုတာ ဝေဒနာ ဟုတ် ရဲ့ လား၊ (မဟုတ်ပါဘုရား) ဝေဒနာဆိုတဲ့သဘောက ဟောဒီနမ်းရှုတဲ့အခါကောင်းတယ် ဆိုတဲ့သဘောလို့ လောကပြောရတာ။ အဲဒါဘာဝေဒနာတုံး (သုခဝေဒနာပါ ဘုရား) ခံစားတဲ့သဘောဘဲ။ ဘာကိုခံစားတာတုံး(အာရုံကိုခံစားတာပါဘုရား) လူတွေ သတ္တဝါတွေကိုခံစားတာလား၊ အာရုံကိုခံစားတာလား (အာရုံကိုခံစား တာပါဘုရား) အာရုံကိုခံစားတဲ့သဘောနမ်းရှုတိုင်းမှာ မပါဘူးလား၊ပါသလား (ပါပါတယ်ဘုရား) ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)

သဘိရှိလေထင်ရှားလေ၊ သတိရှိလေထင်ရှားလေ၊ဝေဒနာသဘောမထင်ရှား ဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ် ဘုရား) ဝေဒယတိတိ ဝေဒနာ။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ဝေဒနာမည်၏။ ဘာကိုခံစားသလဲဆိုရင် အာရမ္မဏရသံ ဝေဒယတိတိဝေဒနာ။ အာရမ္မဏရသံ၊ အာရုံရဲ့အရသာကို။ ဝေဒယတိ၊ခံစားတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဝေဒနာ ဝေဒနာမည်၏။

ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့ ခန္ဓာငါးပါး-ခုမှဖြစ်တဲ့ ခန္ဓာငါး ပါး) ဘယ်အချိန်မှာ ရှိနေတာတုံး (နမ်းရှူတိုင်းမှာပါဘုရား) ကဲ- ပုပ်တာရှိရဲ့ လား (မရှိပါဘုရား) ပုပ်တာ မွှေးတာဖြစ်တာလား၊ ခန္ဓာငါးပါးဖြစ်တာလား (ခန္ဓာငါးပါးဖြစ်တာပါဘုရား) ခန္ဓာငါးပါးဖြစ်တာကိုမွှေးတယ်၊ ခန္ဓာငါးပါး ဖြစ်တာကို နံတယ်။ ခန္ဓာငါးပါးဖြစ်တာကို ပုပ်တယ်။ ခန္ဓာငါးပါး ဖြစ်တာကို ညှော်တယ်၊ မဆိုဘူးလား၊ ဆိုသလား ( ဆိုပါတယ်ဘုရား ) ဖြစ်တာကဘာတုံး (ခန္ဓာငါးပါးပါဘုရား)တပ္ပိုင်နက်ဖြစ်တာ ဟာ၊ သဟဇာတပစ္စည်း တကွ မဖြစ် ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ရှေ့နောက် ဆန့်ကျင်သေးသတား၊ (မဆန့်ကျင်ပါဘုရား) ဘယ်အချိန်မှာဖြစ်တာလဲ (နမ်းရှူတိုင်းမှာပါဘုရား)

အဲဒီလိုရှူတဲ့အခါကျတော့သက္ကာယဒေိဋ္ဌိမှာဒိဋ္ဌိလာသေးရဲ့လား(မလာတော့ ပါဘုရား) အဲဒီလိုရှူတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာ) မဆိုက်လာ ဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)

တကာတကာမတွေနမ်းရှူတဲ့အခါ လက်ကိုင်ပုဝါနံ့ဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား) ဘာတဲ့ (အနံ့ပါဘုရား) ဒီအနံ့ မရှိဘူးလား၊ ရှိသလား (ရှိပါတယ် ဘုရား) ဒီအနံ့ဘာလို့ရှိဘာတုံး ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘာ့ ကြောင် ဖြစ်၊ (အကြောင်းကြောင့်ဖြစ်တာပါဘုရား) အော်-အကြောင်းရှိတိုင်း မဖြစ်ဘူးလား ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့အနံ့-ခုမှဖြစ်တဲ့ အနံ့) မဖြစ်ဘူးလား၊ ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ဖြစ်တာပါဘုရား) ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါ ဘုရား) ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ပစ္စယပရိဂ္ဂဟ ဉာဏ်ရလာတယ်။

ဘာ့ကြောင့်ဖြစ်(အကြောင်းကြောင့်ဖြစ်) ဘယ်အကြောင်းကြောင့်လဲ(ဥတု ကြောင့်ပါဘုရား) မဖြစ်လာဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား) ဥတုကြောင့်ဖြစ်တဲ့အနံ့။ ဥတုသည် အကြောင်းတရား၊ အနံ့က အကျိုးတရား၊

အကြောင်းနဲ့အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (နမ်းရူတိုင်း နမ်းရူတိုင်းမှာပါဘုရား) မကွဲဘူးလား၊ ကွဲသလား (ကွဲပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်ဉာဏ် မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) တကာတကာမတွေ့လက်ကိုနမ်းကြည့်စမ်း၊ ဘာတွေတုံး (အနံ့) ဒီအနံ့မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတဲ့ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ဖြစ်) အဲဒီလိုဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်) ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး (ကံ စိတ် ဥတု အာဟာရ) ကံ စိတ် ဥတု အာဟာရသည် (အကြောင်းတရား) အနံ့က (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်) ဘယ်အချိန်မှာကွဲရမှာတုံး (နမ်းရူတိုင်း နမ်းရူတိုင်းမှာပါဘုရား) သူ့အကွက်နဲ့သူရူတတ်ရတယ်။ သက်ရှိမှာဆိုရင် အနံ့ဟာ ကံ စိတ် ဥတု အာဟာရကြောင့်ဖြစ်တာ။ ကဲ-တကာတကာမတွေကမ္မဋ္ဌာန်းလွတ်တဲ့နေရာရှိသေးရဲ့လား (မရှိပါဘုရား)

ဒါ့ကြောင့် တကာတကာမတွေ သတိထားလိုက်။ အဲဒီအနံ့ဆိုတဲ့သဘောက လူနဲ့ လာ တွေ့ တာ လား၊ နှာခေါင်းအကြည်နဲ့ လာတွေ့တာလား၊ (နှာခေါင်းအကြည်နဲ့လာတွေ့တာပါဘုရား) နှာခေါင်းအကြည် မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အနံ့တွေ့ဖြစ်တိုင်းဖြစ်တိုင်း နှာခေါင်းအကြည်ဖြစ်။ ဘယ်တုံးကဖြစ်တဲ့နှာခေါင်းအကြည်လဲ(ခုမှဖြစ်တဲ့နှာခေါင်းအကြည်ပါဘုရား)ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ဖြစ်) ဘယ်အကြောင်းကြောင့်ပါလိမ့် (ကံကြောင့်ပါဘုရား)အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်က (ပစ္စယပရိဂ္ဂဟဉာဏ်)ဘယ်အကြောင်းလဲ (ကံပါဘုရား) ရှေးအတိတ်ကံသည် (အကြောင်းတရား) နှာခေါင်းအကြည်သည် (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်လဲ (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) မရလာဘူးလား၊ရလာသလား (ရလာပါတယ်ဘုရား) တကာတကာမတွေသတိထားလိုက်စမ်းပါ။ နမ်းရူတိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ အနံ့သဘောရှိတာလား (အနံ့သဘောရှိတာပါဘုရား) ဒီအနံ့သဘောကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါ ဘုရား) ဘာစိတ်တုံး (အနံ့သိတဲ့ စိတ်ပါ ဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

ရှိတာဘာလို့ရှိ (ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် (ခုမှဖြစ်တဲ့အနံ့သိတဲ့စိတ်) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ပါဘုရား) အဲဒီလို ဆင်ခြင်တဲ့ဉာဏ်က (ပစ္စယပရိဂ္ဂဟဉာဏ်) ဘယ်အကြောင်းကြောင့်ဖြစ်တာလဲ။ ဒီစိတ်ဟာ နှာခေါင်းအကြည်ရယ်၊ အနံ့ရယ်၊ အဲဒီနှစ်ပါးစုံကြောင့်ဖြစ်တာပါ။

အဲဒီ နှာခေါင်းအကြည်နဲ့အနံ့ကြောင့် အနံ့သိတဲ့စိတ်။ နှာခေါင်းအကြည်နဲ့ အနံ့က (အကြောင်းတရား) အနံ့သိတဲ့စိတ်က ( အကျိုးတရား ) အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည်ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်) ဘယ်အချိန်မှာ ကွဲရမှာ တုံး ( နမ်းရှူတိုင်းမှာပါဘုရား ) အဲဒီလိုကွဲရတယ်၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်ဉာဏ်၊ အကြောင်းအကျိုးကွဲပါတယ်။

တကာတကာမတွေ သတိထားလိုက်စမ်းပါ၊ အော်–နမ်းရှူတဲ့အခါမှာ လက် ကိုင်ပုဝါရှိတာလား၊ အနံ့ရှိတာလား (အနံ့ရှိတာပါဘုရား) လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) ဒီစိတ်မရှိဘူးလား၊ ရှိသလား (ရှိပါ တယ်ဘုရား)ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်) ဒါကြောင့် (ခုမှဖြစ်တဲ့အနံ့သိတဲ့စိတ်) ဘာကြောင့်ဖြစ် (အကြောင်း ကြောင့်ဖြစ်တာပါဘုရား) အကြောင်းကိုဆင်ခြင်တဲ့ ဉာဏ်က (ပစ္စယပရိဂ္ဂဟ ဉာဏ်)

ဒီအနံ့ဟာ ငါကြောင့်ဖြစ်နေတာလား၊ သူများကြောင့် ဖြစ်နေတာလား၊ သို့လောသို့လောလာသေးရဲ့လား၊ အဲဒီတော့ ယုံမှားသံသယတွေကိုမလွန်မြောက် ဘူးလား၊ လွန်မြောက်သလား (လွန်မြောက်သွားပါတယ်ဘုရား) အကြောင်းကို ဆင်ခြင်လိုက်တော့ ယုံမှားသံသယကို လွန်မြောက်တာ၊ ဘာသုဒ္ဓိ (ကင်္ခါဝိတရဏ ဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာ)

တနည်းအားဖြင့် တကာ တကာမတွေ အနံ့သိတဲ့စိတ်လား၊ လက်ကိုင်ပုဝါ သိတဲ့စိတ်လား (အနံ့သိတဲ့စိတ်ပါဘုရား) မရှိဘူးလား၊ ရှိသလား (ရှိပါတယ် ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘာ့ကြောင့်ဖြစ် (အကြောင်း ကြောင့်ပါဘုရား)

ခုနကအကြောင်းနှစ်ပါးကြောင့် မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) အကြောင်းလေးပါးကြောင့်လဲ ဖြစ်ပါတယ်။ အကြောင်းလေးပါးက ဘာတွေလဲဆိုတော့ နှာခေါင်းအကြည် အနံ့ လေ နှလုံးသွင်းရယ်၊ အဲဒီလေးပါး ကြောင့် အနံ့သိတဲ့စိတ်ဖြစ်တယ်။ နှာခေါင်းအကြည် အနံ့ လေ နှလုံးသွင်းရယ်။ ဒီလေးပါးက အကြောင်းတရား၊ အနံ့သိတဲ့စိတ်က (အကျိုးတရားပါဘုရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်(ပဋိစ္စသမုပ္ပါဒ်ဉာဏ်)ဘယ်အချိန် မှာ ကွဲရမှာတုံး(နမ်းရှူတိုင်းမှာပါဘုရား) ဒါကြောင့် တကာတကာမတွေ နမ်းရှူ တိုင်းမှာ ဉာဏ်ဘယ်နှစ်ပါး ရလာတုံး (နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ် ပဋိစ္စသမုပ္ပါဒ်ဉာဏ် ) မရလာဘူးလား၊ ရလာသလား (ရလာပါတယ် ဘုရား)

တကာတကာမတွေ နမ်းရှုတိုင်းမှာ ပုပ်တာမွှေးတာရှိတာလား၊ ခန္ဓာငါးပါး ရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား)ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ ပါဘုရား)ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ခန္ဓာငါးပါး ဘယ်အချိန်မှာဖြစ်တာတုံး (နမ်းရှုတိုင်းမှာပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား)မြဲလို့လား၊မမြဲလို့လား(မမြဲလို့ပါဘုရား)နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား)

အော်-ပျက်ရင် ကုန်ပါတော့လား၊ နောက်ထပ်မဖြစ်ပါနဲ့တော့(နောက်ထပ်အသစ်အသစ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ် ဘုရား) ဆင်းရဲရင် သုခလား ဒုက္ခလား(ဒုက္ခပါဘုရား)ဒီခန္ဓာငါးပါးမဖြစ်နဲ့လို့တားရရဲ့လား(မရပါဘုရား)အတ္တလား၊ အနတ္တလား(အနတ္တပါဘုရား)ပေါင်းလိုက်စမ်း (အနိစ္စ ဒုက္ခ အနတ္တ) ဘယ်အချိန်မှာတုံး (နမ်းရှုတိုင်းမှာပါဘုရား)

ပုပ်တာ မွှေးတာတွေ အနိစ္စ ဒုက္ခ အနတ္တလား၊ ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တလား(ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တပါဘုရား) ဟိုတုံးကလဲ ခင်ဗျားတို့ နမ်းရှုတိုင်း ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ခဲ့တယ်။ ယခုလဲ နမ်းရှုတိုင်း ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တဖြစ်ဆဲ။ နောင်လဲ နမ်းရှုမယ်ဆိုရင် ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တ ဖြစ်အုံးမှာဘဲ။ အဲဒီလို ကာလသုံးပါးကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးနဲ့ ဆင်ခြင်တဲ့ ဉာဏ်သည် ဘာဉာဏ် (သမ္မသနဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ပရိညာအားဖြင့် (တီရဏပရိညာ) ဘယ်အချိန်မှာတုံး (နမ်းရှုတိုင်းမှာပါဘုရား) သမ္မသနဉာဏ် ရမလာဘူးလား(ရလာပါတယ်ဘုရား)

တမ္ပဒါဋ္ဌိကကြီး လူတွေသတ်ခဲ့တဲ့ ကံပျောက်တာ ဒီဉာဏ်ဘဲလို့၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အနုလောမိက ခန္တိဉာဏ်၊ ဒီအနုလောမိကခန္တိဉာဏ်ရလာတာနဲ့ တမ္ပဒါဋ္ဌိကကြီးဟာ ငါးဆဲ့ငါးနှစ်ကာလ ပတ်လုံး လူတွေသတ်ခဲ့တာ၊ အဲဒီကံတွေ အကျိုးပေးလို့ ရသေးရဲ့လား (မရပါဘုရား) ဘာကဦးသွားတာတုံး (ဉာဏ်ကဦးသွားပါတယ်ဘုရား) ဘာဉာဏ်ကဦးသွားပါလိမ့်(သမ္မသနဉာဏ်ပါဘုရား) သမ္မသနဉာဏ်၊ အနုလောမိကခန္တိဉာဏ်လို့လဲခေါ်တယ်။ဒီဉာဏ်ရအောင် မလုပ်သင့်ဘူးလား၊လုပ်သင့်သလား(လုပ်သင့်ပါတယ်ဘုရား)

ဒေါကြောင့် နမ်းရှုတိုင်းမှာ ဉာဏ်ဘယ်နှစ်ပါးရလာပါလိမ့် (လေးဉာဏ်ပါဘုရား)လေးဉာဏ်ဆိုစမ်းပါ (နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ပဋိစ္စသမုပ္ပါဒ်ဉာဏ် သမ္မသနဉာဏ်။ သုဒ္ဓိအားဖြင့် ဘယ်နှစ်ပါးရမလဲ ဆိုစမ်းပါ။

သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ, ဝိသုဒ္ဓိက ဘယ်နှစ်ပါးလဲ(ငါးပါးပါဘုရား)ဉာဏ်ကလေးပါး။ပရိညာက (နှစ်ပါးပါဘုရား)နှစ်ပါးကဆိုစမ်းပါ(ဉာတပရိညာတီရဏပရိညာ)ဘယ်အချိန် မှာ ရတာပါလိမ့် (နမ်းရှုတိုင်းမှာပါ ဘုရား) လုပ်ငန်းနှင့်ပိုင်မှ အကျိုးများမှာ စာအုပ်တွေ ဘောတွေမှာ သိရမှာလား ခန္ဓာမှာသိရမှာလား (ခန္ဓာမှာသိရမှာ ပါဘုရား) ခန္ဓာမှာ ဘယ်အချိန်မှာသိရမှာတုံး (နမ်းရှုတိုင်းမှာပါ ဘုရား) မရှု တတ်ဘူးလား၊ ရှုတတ်သလား (ရှုတတ်ပါပြီဘုရား)

အဲဒီအတိုင်း ဉာဏ်လေးပါး။ သုဒ္ဓိငါးပါး။ ပရိညာအားဖြင့် နှစ်ပါး၊ အဲဒီ အတိုင်း ရှုပါတော့ အချိန်လဲစေ့ပါပြီ အဲဒီ ဉာဏ် သုဒ္ဓိ ပရိညာတို့ဖြင့် မြတ်စွာ ဘုရားကို ပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ    ဗုဒ္ဓံ ပူဇေမိ

။    ။    ဓမ္မံ ပူဇေမိ

။    ။    သံဃံ ပူဇေမိ

## စက်လေးပါး။

### သက္ကရာဇ် ၁၃၄၀-ခု၊ တော်သလင်းလဆုတ်(၁၄)ရက်နေ့ဟောကြားသောတရား။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရဖို့ဆိုတာ တကာတကာမတွေ့ အကြောင်းမညီ ညွတ်ရင် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) အဲဒီတော့ဒီနေရာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ဘို့အတွက် အကြောင်းအင်္ဂါတွေ ပြထားပါတယ်။ အကြောင်းအင်္ဂါ ဘယ်နှစ်ပါးလဲဆိုတော့လေးပါး။ လေးပါးက ပုဗ္ဗေစ ကတပုညတာစက်၊ ပတိရူပ ဒေသဝါသစက်၊ သပ္ပုရိသူပ နိဿယစက်၊ အတ္တသမာ ပဏိဓိစက်လို့ စက်ဘယ် နှစ်ပါးတဲ့တုံး (လေးပါးပါဘုရား) ဒီစက်လေးပါးနဲ့ညီမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုရနိုင်ပါတယ်။ ပုဗ္ဗေစ ကတပုညတာစက်ဆိုတာ တကာတကာမတွေ့ ရှေး က ပြုခဲ့ဘူးတဲ့ကောင်းမှုအထူးတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)

အတိတ်ကမိမိတို့ပြုခဲ့ဘူးတဲ့ ကောင်းမှုအထူးကြောင့် ယခု မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတဲ့အတိုင်း လူ့ဘဝမရလာဘူးလား၊ ရလာသလား (ရလာပါတယ် ဘုရား) အဲဒီတော့ ပုဗ္ဗေစ ကတပုညတာစက်နဲ့ကော မပြည့်စုံဘူးလား၊ ပြည့်စုံ သလား (ပြည့်စုံပါတယ်ဘုရား) ငြင်းစရာလိုသေးသလား (မလိုပါဘုရား) ဒါက ပုဗ္ဗေစ ကတပုညတာစက်။

နောက် ပတိရူပဒေသဝါသစက် ဆိုတာက ယခုခင်ဗျားတို့ကျုပ်တို့ လူ့ဘဝ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘဝသမ္ပတ္တိ၊ ဘဝနဲ့လဲ ပြည့်စုံ၂ါတယ်။ ဘာ သာ အား ဖြင့် လဲ မကောင်းဘူးလား၊ ကောင်းသလား၊ (ကောင်းပါတယ်ဘုရား) ဘာသာအားဖြင့်လဲ ဗုဒ္ဓဘာသာ။ ဘဝအားဖြင့်လဲလူ့ ဘဝ။ ခေတ်အားဖြင့်လဲ ဝိမုတ္တိယုဂခေတ်နဲ့ မကြုံကြိုက်ဘူးလား၊ကြုံကြိုက်သလား (ကြုံကြိုက်ပါတယ်ဘုရား) အဲဒါ ပတိရူပဒေသဝါသစက်။ သင့်တင့်လျောက်ပတ် တဲ့ ခေတ်နဲ့ အချိန်အခါနဲ့လဲဘဲပြည့်စုံပါတယ်။ ပုဗ္ဗေစ ကတပုညတာစက်နဲ့လဲပြည့် စုံဘယ်၊ မြတ်စွာဘုရားရဲ့သာသနာတော်နဲ့လဲ ကြုံကြိုက်ဘယ်။ သင့်တင့်လျောက် ပတ်တဲ့အခါကာလလို့ မ ဆို ထိုက် ဘူး လား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား)

နောက်တချက်က သပ္ပုရိသူပ နိဿယစက်ဆိုတာက ခင်ဗျားတို့ အထက်က ပြောခဲ့တဲ့အချက်နှစ်ချက်နဲ့ပြည့်စုံငြားသော်လဲ မိတ်ကောင်းဆွေကောင်းနဲ့ မတွေ့ ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) သပ္ပုရိသူပ နိဿယ စက်ဆိုဘာ သူတော်ကောင်းတွေကို မပေါင်းသင်းရဘူးလား၊ ပေါင်းသင်းရမှာ လား (ပေါင်းသင်းရမှာပါဘုရား) သူတော်ကောင်းတွေပေါင်းသင်းမှ သူတော်

ကောင်းတွေရဲ့ဟောပြောတဲ့တရား မနာရဘူးလား၊ နာ ရ မှာ လား (နာရမှာပါဘုရား) သူတော်ကောင်းတွေနဲ့ မပေါင်းမိရင် တရားနာလို့ ရပါ့မလား (မရပါဘုရား) တ ရား နာ ဘို့ ဆို တာ တကာ တကာမတွေ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ၊ အလွန်မတန်မှ ခဲရင်းပါတယ်၊ အတိသဒ္ဒါ၊ ဝ ည့် မ ထား ဘူး လား၊ ထည့်ထားသလား (ထည့်ထားပါတယ်ဘုရား)

တကာတကာမတွေတရားတော့နာတာဘဲ။ တရားမနာဘူးလား(နာပါတယ်ဘုရား) ဒီတရားက ဘယ်လိုတရား ဖြစ်ရမလဲဆိုတော့ သံသရာက လွတ်ရာလွတ်ကြောင်းဖြစ်ရမယ်၊သံသရာကလွတ်ရာလွတ်ကြောင်းတရားကိုနာဘို့ရာ အားထုတ်ဘို့ရာ၊ သိဘို့ရာ မခဲရင်းဘူးလား (ခဲရင်းပါတယ်ဘုရား) ခဲရင်းလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံတဲ့၊ တရားနာဘို့ရာ၊ သိဘို့ရာ၊အားထုတ်ဘို့ရာ အလွန်မတန်မှ ခဲရင်းပါတယ်တဲ့။ မခဲရင်းဘူးလား၊ (ခဲရင်းပါတယ်ဘုရား)

သပ္ပုရိသူပ နိဿယစက်နဲ့လဲပြည့်စုံ၊ မိတ်ကောင်းဆွေကောင်းတွေနဲ့ တွေ့ပြန်သော်လဲဘဲ၊ အဲ ဒီ မိတ် ကောင်း ဆွေ ကောင်း က မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ တရားကိုလဲ ညွှန်ကြားနိုင်ရမယ်။ မညွှန်ကြားနိုင်လို့ရှိရင် မိတ်ကောင်း ဆွေကောင်းဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) သပ္ပုရိသူပ နိဿယစက်အတိုင်း တကာ တကာမတွေကို ပြောနေပါတယ်။ ဟောတော်မူတဲ့တရားက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့နီးစပ်တဲ့တရားဖြစ်ရမယ်၊ ရုပ်နာမ်နဲ့စပ်တဲ့တရားဖြစ်ရမယ်၊ ဒီတရားမှမဟုတ်ရင် ဒိပြင် အခြားတရားတွေဆိုရင် သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)

ခင်ဗျားတို့တရားတော့နာကြတာဘဲ၊မနာဘူးလား၊ နာသလား (နာပါတယ်ဘုရား) ဒီနာတဲ့တရားသည် ရုပ်တရားနာမ်တရားနဲ့စပ်ရမယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့စပ်ရမယ်။ အဲဒီတရားမျိုးကို နာကြားရမယ်။ နာကြားတဲ့အတိုင်း အားမထုတ်ရဘူးလား၊ အားထုတ်ရမှာလား (အားထုတ်ရမှာပါဘုရား) ဒါကြောင့်

ယထာဘူတံ ဉာဏာယ သတ္ထာပရိယေ သိတဗ္ဗော။ ယထာဘူတံ ဉာဏာယ၊ ယထာဘူတဉာဏ်ကိုပြနိုင်တဲ့၊ သတ္ထာ၊ ဆရာကို။ ပရိယေသိတဗ္ဗော၊ ရှာမှီးရမယ်။ ဘာဉာဏ်ပြနိုင်တဲ့ဆရာကိုရှာရမှာလဲ (ယထာဘူတဉာဏ်ပါဘုရား) ယထာဘူတဉာဏ်ဆိုတာ ဒါကရုပ်၊ ဒါကနာမ်၊ မိတ်ဆွေကောင်း ဆရာကောင်းကိုရှာရမယ်ပြောတာ။ အဲဒီ မိတ်ကောင်း ဆွေကောင်းတွေ့ရင် သပ္ပုရိသူပနိဿယစက်၊မပြည့်စုံဘူးလား၊ ပြည့်စုံမှာလား (ပြည့်စုံမှာပါဘုရား)

အော် – ဒါကရုပ်၊ ဒါကနာမ်လို့ ပိုင်းပိုင်းခြားခြား ပြနိုင်တဲ့ ဆရာကောင်း၊ သခင်းကောင်းမတွေ့ရင် သပ္ပုရိသူပနိဿယစက်နဲ့ ပြည့်စုံပါ့မလား (မပြည့်စုံပါဘုရား) ဒါ့ကြောင့် ဤကားရုပ်တရားဘဲ၊ ဤကားနာမ်တရားဘဲဆိုတဲ့ ယထာ

ဘူတဉာဏ်ကိုပြနိုင်တဲ့ ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်း မလိုဘူးလား၊ လိုသလား (လိုပါတယ်ဘုရား) အဲဒါပြည့်စုံရင် ဘာပ္ပရိသူပ နိဿယစက်နဲ့ ပြည့်စုံတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဤကားရုပ်၊ ဤကားနာမ်လို့ကွဲရမှာက တကာတကာမတွေ မိမိခန္ဓာမှာ ကွဲရမှာလား၊ သူတပါးခန္ဓာမှာကွဲရမှာလား ( မိမိခန္ဓာမှာကွဲရမှာပါဘုရား ) မိမိခန္ဓာဘယ်ဌာနမှာကွဲရမလဲဆိုရင် (နားထောင်တိုင်း ကြားတိုင်း နမ်းရှုတိုင်း)အဲဒီဌာနတွေမှာ ဤကားရုပ်၊ဤကားနာမ်လို့ကွဲဘို့ ဆရာသမားကောင်း မိတ်ဆွေကောင်း မလိုဘူးလား၊ လိုသလား (လိုပါတယ်ဘုရား)

ဒါနဲ့ပြည့်စုံရင် သပ္ပုရိသူပ နိဿယစက်နဲ့ မပြည့်စုံဘူးလား၊ ပြည့်စုံသလား၊ (ပြည့်စုံပါတယ်ဘုရား) အဲဒါ နံပါတ် (၃) နံပါတ် (၄) က၊ အတ္တသမာ ပဏိဓိစက်။ အတ္တသမာ ပဏိဓိစက်ဆိုဘာက တကာ တကာမတွေ ဒီမိတ်ဆွေကောင်း၊ ဆရာသမားကောင်းတွေညွှန်ကြားတဲ့အတိုင်း အားမထုတ်ရဘူးလား၊ အားထုတ်ရမှာလား (အားထုတ်ရမှာပါဘုရား) အားလဲထုတ်အုံးမှ။ အားမထုတ်ရင်ရပါ့မလား[မရပါဘုရား]အတ္တသမာပဏိဓိစက်ဆိုတာအားထုတ်ဘို့ပါဘဲ။ ဒါကြောင့် တကာတကာမတွေ ဘာလိုနေသလဲဆိုတာ မိမိကိုယ်ကို စစ်ဆေးကြည့်၊ ပုဗ္ဗေ စကတပုညတာအပိုင်းကလဲ သာသနာတော်နဲ့ တွေ့နေလို့။ ဝိမုတ္တိယုဂခေတ်နဲ့ ကြုံကြိုက်နေတယ်ဆိုတော့ ငြင်းလို့ရသေးရဲ့လား ( မရပါဘုရား ) ပြောစရာလိုသေးသလား (မလိုပါဘုရား) ဒါလဲပြည့်ပြည့်စုံစုံရှိပါတယ်။ သပ္ပုရိသူပ နိဿယစက် အပိုင်းမှာလဲ ယခုသံဃာတော်အရှင်သူမြတ်တွေ တရားဟောတဲ့ပုဂ္ဂိုလ်တွေအမျိုးမျိုးက သွန်သင်ပြသ မ ဆုံး မ ဘူး လား၊ ဆုံးမသလား (ဆုံးမပါတယ်ဘုရား) သံဃာတော်အရှင်မြတ်တွေက မြတ်စွာဘုရားဟောတော်မူတဲ့ ပရိယတ္တိစည်းကမ်းနဲ့ဆုံးမပါတယ်၊ ပဋိပတ္တိလုပ်ငန်းတွေကို ရှင်းမပေးဘူးလား၊ ရှင်းပေးသလား၊ (ရှင်းပေးပါတယ်ဘုရား)

ယနေ့ တကာတကာမတွေ တလ သင်တန်းမှာလဲ ပရိယတ္တိစည်းကမ်းနဲ့ပဋိပတ္တိလုပ်ငန်းတွေကို စနစ်တကျ နေ့တိုင်း ဒေသနာတော်နဲ့အညီ တဆင့်တက်မပေးဘူးလား၊ တက်ပေးသလား (တက်ပေးပါတယ်ဘုရား) မြတ်စွာဘုရား ဟောတော်မူတဲ့ ပရိယတ္တိဆိုတဲ့ မိတ်ဆွေကို ခင်ဗျားတို့ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) သပ္ပုရိသူပ နိဿယစက်နဲ့လဲ ပြည့်စုံလာတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)ခင်ဗျားတို့ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) အထက်ပါစကားနဲ့လဲ ပြည့်စုံပြီဆိုပါစို့၊ နံပါတ် (၄) က ဘာလိုနေတာလဲ (အားထုတ်မှုလိုနေတာပါဘုရား) ခင်ဗျားတို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတာက ဘာလိုနေသလဲဆိုတော့ အားထုတ်မှုလိုနေတယ်၊ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ဒါလိုနေတာဘဲဗျ။

ပဌမ ၁-၂-၃ ကတော့ မပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ် ဘုရား)ဘာလိုနေတာလဲ နံပါတ်(၄)ဖြစ်တဲ့ အားထုတ်မှုလိုပါတယ်။ ဒါကြောင့် တကာတကာမတွေ အားထုတ်မှုလိုနေရင် မိမိခန္ဓာကိုညာနေလို့ဘဲလို့ ပြောထိုက် မပြောထိုက် (ပြောထိုက်ပါတယ် ဘုရား) ခန္ဓာကို ညာနေလို့ ရရဲ့လား (မရပါ ဘုရား) ခန္ဓာကိုမညာပါနဲ့ ခင်ဗျားတို့ မသေဘဲနေမှာမဟုတ်ဘူး၊ မသေဘူးလား (သေမှာပါဘုရား) သေရင် အသုံးချလို့ ရသေးရဲ့လား (မရပါဘုရား) သေရင် ဘယ်လိုမှ အသုံးချလို့ မရဘူး၊ ထင်းကမှ မီးဆိုက်လို့ ရသေးတယ်။ အတ္တဘော သေကြည့်လိုက်စမ်းပါ။ ဘယ်လိုလုပ်လို့မှ အသုံးချလို့ မရတော့ဘူး။ ဒါကြောင့် မသေခင်လေးမှာ ဒီခန္ဓာကိုယ်ကို အသုံးချသင့် မချသင့် (ချသင့်ပါတယ်ဘုရား)

တကာတကာမတွေ ဥပမာ ပြောပါဦးမယ်။ လူတယောက်က သူဌေးကြီး ထံမှာလာပြီး အရှင်သူဌေးကြီး အရှင်ထံမှ နွားကို အကျွန်ုပ်ကို ငှါးပါ ဆိုတော့ သူဌေး ကြီးက ငွေဘဆယ်နဲ့ ငှါးလိုက်တယ်။ အဲဒီလူက နွားကို ငှါးလာတဲ့ အခါ ကျတော့ သူက စဉ်းစားတယ်။ ဒါဖြင့် သူဌေးကြီးထံက ဒီနွား ငှါးခဲ့တာ ရက် စေ့လို့ရှိရင်ဖြင့် သူဌေးကြီးကိုပြန်ပေးရမဲ့နွားဘဲ၊ မပေးရဘူးလား (ပေးရမှာပါ ဘုရား)

ဒါကြောင့် သူဌေးကြီးကိုပြန်မပေးခင်မှာ ဒီနွားကိုအသုံးချမှဖြစ်မယ်။မစဉ်း စားဘူးလား၊ စဉ်းစားသလား (စဉ်းစားပါတယ် ဘုရား) ဒီနွားကို အရင်းအနှီး ပြုမှဖြစ်မယ်။ ဒါမှအမြတ်ရမယ်ဆိုပြီးတော့ ခိုင်းလိုက်တာ။ နွားကိုမခိုင်းဘူးလား (ခိုင်းပါတယ် ဘုရား)ခိုင်းလိုက်တော့ ငွေဘယ်လောက်ရပါသလဲ ဆိုတော့ ငွေ တရာရလာတယ်။ နွားငှါးက ပေးရတာက ဘယ်လောက်ပေးရသလဲ (တဆယ် ပါဘုရား) ဘယ်လောက်မြတ်သလဲ(ကိုးဆယ်ပါဘုရား) အမြတ်မထွက်ဘူးလား ထွက်သလား (ထွက်ပါတယ်ဘုရား) ရက်စေ့တဲ့အခါကျတော့ သူဌေးကြီးက မင်းငါ့နွားပြန်ပေးဆိုတော့ ပြန်မပေးဘူးလား (ပေးပါတယ် ဘုရား) နွားရယ် ငွေတဆယ်ရယ်ပေးပြီးတော့ ငွေဘယ်လောက်ကျန်သလဲ (ကိုးဆယ်ကျန်ပါတယ် ဘုရား)အမြတ်မထွက်လာဘူးလား၊ ထွက်လာသလား(ထွက်လာပါတယ်ဘုရား)

အဲဒီအမြတ်ရတာ ခိုင်းလို့လား၊ မခိုင်းလို့လား (ခိုင်းလို့ပါဘုရား) နောက် လူတယောက်က သူဌေးမင်းတဲ့ ကျွန်ုပ်ကိုလဲ နွားငှါးပါဆိုပြီးတော့ နွားမငှါး ဘူးလား(ငှါးပါတယ်ဘုရား) တဆယ်နဲ့ဘဲငှါးလိုက်တယ်။

အဲဒီလူက နွားကိုသနားလို့မခိုင်းဘဲ နွားကလဲချော့လိုက်တာ၊လှလိုက်တာ၊ မခိုင်းရက်ဘူး၊ သူက သနားနေတာ နေ့တိုင်း ဒီနွားကိုကျွေးမွေးပြီး ကောင်းမွန် စွာထား ရေချိုးလို့ နေ့စဉ် ကျွေးပြီး နွားကို ခိုင်းရဲ့လား (မခိုင်းပါ ဘုရား)

နောက်နှစ် လ ရက်စေ့တဲ့အခါ သူဌေးကြီးက ပြန်မတောင်းဘူးလား၊ တောင်းသလား(တောင်းပါတယ်ဘုရား) ငါ့နွားပြန်ပေးဆိုတော့ မပေးလိုက်ရဘူးလား (ပေးရပါတယ်ဘုရား) ပေးလိုက်ရတဲ့အခါကျတော့ ငွေတဆယ်လဲရှုံးသေးတယ်။ နေ့တိုင်းနေ့တိုင်း ကျွေးရတဲ့ ဒုက္ခတွေကော မခံရဘူးလား၊ ခံရသလား (ခံရပါတယ်ဘုရား)ခိုင်းလို့လား၊ မခိုင်းလို့လား(မခိုင်းလို့ပါဘုရား)အသုံးချလို့လား အသုံးမချလို့လား(အသုံးမချလို့ပါဘုရား)

အဲဒီဥပမာအတိုင်းဆိုကြပါစို့၊ရှိုင်းတယ်လို့လဲမအောင်းမေ့နဲ့ တကာတကာမတွေရဲ့ ခန္ဓာအတ္တဘောက ဘာနဲ့တူသလဲဆိုတော့ နွားနဲ့တူတယ်၊ သူဌေးကြီးက ဘာနဲ့တူသလဲဆိုတော့ သေမင်းနဲ့တူတယ်။ အဲဒီတော့ ခန္ဓာကိုယ်ကို တနေ့နေ့မှာ သူဌေးကြီးနဲ့တူတဲ့ သေမင်းလက်ထဲ မအပ်ရဘူးလား(အပ်ရမှာပါဘုရား)

အပ်ရမှာတော့ သေချာတယ် ရက်မစေ့သေးလို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် သူဌေးကြီးနဲ့တူတဲ့ သေမင်းလက်မအပ်ခင်မှာ နွားနဲ့တူတဲ့ ခန္ဓာကိုယ်အတ္တဘောကို ခိုင်းသင့်သလား (ခိုင်းသင့်ပါတယ်ဘုရား) အသုံးချသင့်သလား၊ မချသင့်ဘူးလား (ချသင့်ပါတယ် ဘုရား) အကယ်၍ အသုံးမချလိုက်ရင် ခန္ဓာကိုယ်ကို အလှပြင်နေတာနဲ့ အချိန်ကုန်သွားမယ် နေ့တိုင်းကော မကျွေးရဘူးလား၊ ကျွေးရသလား(ကျွေးရပါတယ်ဘုရား) အတ္တဘောကို နေ့တိုင်း နေ့တိုင်း ကျွေးပေးရတယ်။ နေ့စဉ် နေ့တိုင်း မစောင့်ရှောက်ရဘူးလား၊ စောင့်ရှောက်ရသလား (စောင့်ရှောက်ရပါတယ်ဘုရား)

\+ **ကာလေနကာလံဝုဋ္ဌာပေတဗ္ဗာ၊ ကာလေနကာလံနှာပေတဗ္ဗာ**
**ကာလေနကာလံဘောဇေတဗ္ဗာ ကာလေနကာလံ သံဝေသေတဗ္ဗာ။**

ကာလေနကာလံ၊ သင့်လျော်သော်အခါ၌၊ ဝုဋ္ဌာပေတဗ္ဗာ၊ ထစေအပ်၏။ ထမပေးရဘူးလား (ထပေးရပါတယ် ဘုရား) နေ့စဉ်လား၊ တနေ့တည်းလား (နေ့စဉ်ပါဘုရား)ခုအချိန်အထိ ရပ်ခဲ့လား(မရပ်ပါဘုရား)

ဒါကြောင့် ကာလေနကာလံ၊ သင့်လျော်သောအခါ၌၊ ဝုဋ္ဌာပေတဗ္ဗာ၊ထစေအပ်၏၊ ကာလေနကာလံ၊ သင့်လျော်သောအခါ၌၊ နှာပေတဗ္ဗာ၊ ရေချိုးစေအပ်၏၊ခန္ဓာကိုယ်ကို နေ့တိုင်း ရေချိုးမပေးရဘူးလား(ချိုးပေးရပါတယ်ဘုရား)

ကာလေနကာလံ၊ သင့်လျော်သောအခါ၌၊ ဘောဇေတဗ္ဗာ၊ ကျွေးမွေးစေအပ်၏။ မကျွေးရဘူးလား ကျွေးရသလား (ကျွေးရပါတယ်ဘုရား) ကာလေနကာလံ၊ သင့်လျော်သောအခါ၌၊သံဝေသေတဗ္ဗာ၊အိပ်စေအပ်၏။အဲဒီလိုလုပ်ငန်းတွေဟာ တနေ့တည်းလုပ်ရတာလား၊ နေ့စဉ်လုပ်ရတာလား (နေ့စဉ်လုပ်ရတာ

---

\+ သံယုတ်ပါဠိတော်၊ ၃၊ နှာ၊ ၃၀၁

ပါဘုရား)မဆင်းရဲဘူးလား၊ ဆင်းရဲသလား(ဆင်းရဲပါဘုရား) နေ့ရှိတိုင်းပြုမြင်လိုက်ရတဲ့ခန္ဓာကိုယ်။ အဲဒီတော့ ခန္ဓာကိုယ်ကို သေမင်းနဲ့တူတဲ့ သူဌေးကြီးလက်မအပ်ခင်မှာ အသုံးချသင့်သလား၊ မချသင့်ဘူးလား(ချသင့်ပါတယ်ဘုရား)

ဒီခန္ဓာကိုယ်ထဲက သူတော်ကောင်းတရားတွေ ညှစ်မထုတ်သင့်ဘူးလား၊ ညှစ်ထုတ်သင့်သလား (ညှစ်ထုတ်သင့်ပါတယ် ဘုရား) သူတော်ကောင်းတရားတွေနဲ့ ဒီခန္ဓာကိုယ်နဲ့မလဲသင့်ဘူးလား၊ လဲသင့်သလား (လဲသင့်ပါတယ် ဘုရား) ဒီခန္ဓာကိုယ်ကိုမသေခင် အသုံးမချဘူးဆိုရင် ဒုတိယ နွားငှါးတဲ့ လူလိုပေါ့။ ဘာမှလဲမခိုင်းတော့ အမြတ်ထွက်ရဲ့လား (မထွက်ပါဘုရား) အရှုံးနဲ့ သူဌေးကြီးကို မအပ်လိုက်ရဘူးလား၊ အပ်လိုက်ရသလား (အပ်လိုက်ရပါတယ်ဘုရား) သူဌေးကြီးကို အရှုံးနဲ့ နွားအပ်လိုက်ရသလို သူတော်ကောင်းတရားနဲ့မလဲလိုက်ရင်ဖြင့် အရှုံးနဲ့ဘဲ သေမင်းလက်ကိုအပ်ရမယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား(မရပါဘုရား)

ဒါကြောင့် အရှုံးနဲ့ သေမင်းလက်ကို အပ်ရမှာလား၊ အမြတ်နဲ့အပ်မှာလား (အမြတ်နဲ့အပ်မှာပါ ဘုရား) အမြတ်နဲ့ အပ်ရင် တရားအားထုတ်သင့်သလား၊ အားမထုတ်သင့်ဘူးလား (အားထုတ်သင့်ပါတယ်ဘုရား) အတ္တသမာ ပဏိဓိ၊ဒါ လိုနေတာ မလိုဘူးလား (လိုပါတယ်ဘုရား) ဒါကြောင့် အဇ္ဈတ္တသန္တာန်မှာ သူတော်ကောင်းတရားတွေ၊ အမြတ်ဆုံးတရားတွေ၊ ညှစ်မထုတ်သင့်ဘူးလား၊ ညှစ်ထုတ်သင့်သလား (ညှစ်ထုတ်သင့်ပါတယ်ဘုရား)

ဒါကြောင့် မြတ်စွာဘုရားက ဘယ်လိုပြထားသလဲဆိုတော့-

ပို့ဋ္ဌေယျ ကာယတော မေဒ်။ ခနတောဖေဂ္ဂုနာ၀ရံ၊
တေနမေဒေနနိဗ္ဗာနံ။ ကိဏေယအဇရံ၀ရံ။

ဖေဂ္ဂုနာ၊ ကိုးဆယ့်ခြောက်ဖြာ အနာရောဂါဖြင့် အမြဲ ဆက်ဆံဖိစီး၍နေသော၊ ကာယတော၊ အလျှားတလံ အနံတထွာမျှ ရှိသော၊ ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ထဲက ခင်ဗျားတို့ ကျုပ်တို့ရဲ့ ခန္ဓာက ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတွေနဲ့ အမြဲမဆက်ဆံဘူးလား၊ ဆက်ဆံသလား (ဆက်ဆံပါတယ် ဘုရား) ခင်ဗျားတို့ ကျုပ်တို့ ခန္ဓာက ကောင်းတာများ ရှိသေးရဲ့လား (မရှိပါ ဘုရား)ကောင်းမှုမကောင်းတာကိုးဗျ။ကောင်းတဲ့လူနဲ့ဆက်ဆံသလား၊မကောင်းတဲ့လူနဲ့ဆက်ဆံသလား(မကောင်းတဲ့လူနဲ့ဆက်ဆံပါတယ်ဘုရား)

ခန္ဓာကိုယ် အတ္တဘောကြီး ကလဲ ကောင်းရဲ့လား ( မကောင်းပါ ဘုရား ) မကောင်းဘူး။ ကြည့်လိုက်တော့ ခန္ဓာကိုယ်မှာ အသုံးချစရာ အရာ၀တ္ထုရှိရဲ့လား (မရှိပါဘုရား) ခင်ဗျားတို့ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်က ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတွေနဲ့ အမြဲဆက်ဆံနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား

(ဆိုထိုက်ပါတယ် ဘုရား) ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတွေနဲ့ အမြဲ ဆက်ဆံပြီးတော့နေတယ်၊ ကိုးဆယ့်ခြောက်ပါးသောအနာရောဂါတွေနဲ့ဆက်ဆံ နေတော့ အခုကောင်းနေပေမဲ့ ဘော်တော်ကြာ ကောင်းရဲ့လား (မကောင်းပါ ဘုရား) အခုရှိသေးတယ်၊ ဘော်တော်ကြာ ရှိသေးရဲ့လား (မရှိတော့ပါဘုရား) ဒီလိုမပြောကြဘူးလား၊ပြောကြသလား(ပြောကြပါတယ်ဘုရား)

ဒီခန္ဓာကိုယ်က ဘာတွေနဲ့ ဆက်ဆံနေတာတုံး၊ ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတွေနဲ့ ဆက်ဆံနေတာဗျ။ စိတ်ချရဲ့လား (စိတ်မချရပါ ဘုရား) ဒါကြောင့် စိတ်မချရတဲ့ခန္ဓာကိုယ်ကြီးမှာ အချိန်ရှိတဲ့အခါ အသုံးချသင့်သလား မချသင့်ဘူးလား(အချသုံးသင့်ပါတယ်ဘုရား)

နိဗ္ဗာန်ဆိုတဲ့ ပစ္စည်းနဲ့ လဲသင့်သလား၊ မလဲသင့်ဘူးလား (လဲသင့် ပါတယ် ဘုရား) ဒါကြောင့် ခန္ဓာကိုယ်ကို နိဗ္ဗာန်ဆိုတဲ့ ပစ္စည်းနဲ့ အချိန်ရှိခိုက်မှာ လဲပါလို့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒီအတိုင်း မဟောထားဘူးသလား၊ ဟောထား သလား(ဟောထားပါတယ်ဘုရား)

ဒါကြောင့် ဖေဂ္ဂုနာ၊ ကိုးဆယ့်ခြောက်ပါးသော အနာရောဂါနှင့် အမြဲ ဆက်ဆံဖိစီး၍နေသော၊ ကာယတော။ အလျားတလံ၊ အနံတထွာမျှ ရှိသော ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ထဲက၊ ဝရံ၊ မြတ်လှစွာသော၊ မေဒံ၊ သူတော် ကောင်းတရား တည်းဟူသော အဆီအနှစ်ကို၊ ပိဋ္ဌေယျ၊ ညှစ်ထုတ်ရာ၏၊ ဒီခန္ဓာ ကိုယ်ထဲကနေပြီးတော့ ခန္ဓာကိုယ်မနာမှီမှာ မသေမှီမှာ မပုပ်မှီ ဘာတရားတွေ ညှစ်ထုတ်ရမှာတုံး(သူတော်ကောင်းတရားတွေပါဘုရား) သူတော်ကောင်းတရား တွေဆိုတာ ဘာတွေတုံး[သီလ သမာဓိ ပညာ ပါဘုရား]

ဘယ်ကညှစ်ထုတ်ရမှာတုံး[ခန္ဓာကိုယ်ကပါဘုရား]မြတ်စွာဘုရားကပြနေတာ ကာယတော၊အလျားတလံ၊အနံတထွာရှိသော၊ ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ် ထဲက၊ ဝရံ မြတ်လှစွာသော၊ မေဒံ၊ သူတော်ကောင်းတည်းဟူသော အဆီအနှစ် ကို၊ ပိဋ္ဌေယျ၊ ညှစ်ထုတ်ရာ၏။ ဒီခန္ဓာကိုယ်ကြီး မအိုခင် မနာခင် မသေခင်မှာ ညှစ်ထုတ်ပါတဲ့။ အိုပြီမှတော့ တရားအာ ထုတ်လို့ ရပါ့မလား (မရပါဘုရား) အို နာ မှတော့ တကာတကာမတွေ ဥာဏ်တွေကလဲ နည်းကုန်ပြီ နားတွေကလဲ တိုင်းကုန်ပြီ မျက်လုံးတွေကလဲမှုန်ကုန်ပြီး၊ အလွန်မဘန်မှ ခက်ခဲ နက်နဲတဲ့ တရား မှတ်မိနိုင်ပါ့မလား(မမှတ်မိနိုင်ပါဘုရား)

ဒါ့ကြောင့် တကာတကာမတွေ ငယ်သော ကြီးသော ရွေးလို့ရရဲ့လား (မရ ပါဘုရား) ဥာဏ်ကောင်းတုံးအချိန်မှာ ဒီသူတော်ကောင်းတရားတွေကို ဒီခန္ဓာ ကိုယ်ထဲက ညှစ်မထုတ်သင့်ဘူးလား၊ ညှစ်ထုတ်သင့်သလား (ညှစ်ထုတ်သင့်ပါ

တယ်ဘုရား) ညွှတ်ထုတ်သင့်ပါတယ်။ မမာမကျန်း ဖြစ်မှ တရားနာချင်ပါတယ် ဆိုတာ ဖြစ်နိုင်ပါမလား (မဖြစ်နိုင်ပါ ဘုရား) ဒါ့ကြောင့် အိုမှ နာမှ တရားနာ ချင်ပါတယ်ဆိုတာ ဖြစ်နိုင်ပါမလား(မဖြစ်နိုင်ပါဘုရား)

ဒါ့ကြောင့် မအိုခင်မှာ အနာ အသေကမဦးခင်မှာ ခန္ဓာကိုယ်ထဲက သူတော် ကောင်းတရားတွေ ညွှတ်မထုတ်သင့်ဘူးလား၊ ညွှတ်ထုတ်သင့်သလား (ညွှတ်ထုတ် သင့်ပါတယ်ဘုရား)

ဖေဂ္ဂုနာ၊ ကိုးဆယ့်ခြောက်ဖြာ၊ အနာရောဂါတို့ဖြင့် ဖိစီးနှိပ်စက်အပ်သော၊ ကာယတော၊ အလျားတလံ၊ အနံတထွာမျှရှိသော၊ ဤခန္ဓာကိုယ်ယုတ်အကောင် ပုပ်ထဲက၊ ဝရံ၊ မြတ်လှစွာသော၊မေဒံ၊ သူတော်ကောင်းတရား တည်းဟူသော၊ အဆီအနှစ်ကို၊ပိဋ္ဌေယျ၊ညွှတ်ထုတ်ရာ၏။

ဖေဂ္ဂုနာ၊ ရန်သူငါးတန်၊ ဆက်ဆံ၍နေသော၊ ဓနတော၊ ပစ္စည်းဥစ္စာထဲက ခင်ဗျားတို့ ရှာဖွေ စုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေကလဲ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံသလား၊ မဆက်ဆံဘူးလား (ဆက်ဆံပါတယ် ဘုရား) ဆက်ဆံတယ်။ အထင်ကြီးစရာရှိသေးရဲ့လား(မရှိပါဘုရား)

ခင်ဗျားတို့ ပစ္စည်းဥစ္စာတွေလဲ အထင်ကြီးမနေနဲ့၊ ဒီပစ္စည်းဥစ္စာတွေကလဲ ရန်သူမျိုးငါးပါးနဲ့ အချိန်တိုင်းမှာဆက်ဆံနေတာ၊ မဆက်ဆံဘူးလား၊ ဆက်ဆံ သလား(ဆက်ဆံပါတယ် ဘုရား) ခန္ဓာကိုယ်ကတော့ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာတွေနဲ့ ဆက်ဆံနေဘယ်။ ကောင်းရဲ့လား (မကောင်းပါဘုရား) ခန္ဓာကိုယ်က ဘာနဲ့ဆက်ဆံနေဘာလဲ (ကိုးဆယ့်ခြောက်ပါးသော အနာရောဂါ တွေနဲ့ ဆက်ဆံနေပါတယ် ဘုရား) ပစ္စည်း ဥစ္စာတွေက ဘာနဲ့ ဆက်ဆံနေသလဲ (ရန်သူမျိုးငါးပါးနဲ့ပါ ဘုရား) ခန္ဓာကိုယ်ကတော့ ကိုးဆယ့်ခြောက်ပါးသော အနာရောဂါတွေနဲ့ဆက်ဆံဘယ်၊ ဒါကြောင့် ကိုးဆယ့်ခြောက်ပါးသော အနာ ရောဂါဝေဒနာတွေကမဦးခင် ခန္ဓာကိုယ်ထဲက သူတော်ကောင်းတရားကို ညွှတ် ထုတ်လိုက်ပါ။ ခင်ဗျားတို့ရှိထားတဲ့ ပစ္စည်းတွေလဲ ရန်သူမျိုးငါးပါးက မဦးခင် မှာ ဒီပစ္စည်းဥစ္စာထဲက သူတော်ကောင်း တရားတွေ မညွှတ်ထုတ်သင့်ဘူးလား၊ ညွှတ်ထုတ်သင့်သလား (ညွှတ်ထုတ်သင့်ပါတယ်ဘုရား)

ဒါကြောင့် ဖေဂ္ဂုနာ၊ ရန်သူငါးတန် ဆက်ဆံ၍နေသော၊ ဓနတော၊ ပစ္စည်း ဥစ္စာထဲက၊ ဝရံ၊ မြတ်လှစွာသော၊ မေဒံ၊ သူတော်ကောင်း တည်းဟူသော၊ အဆီ အနှစ်ကို၊ ပိဋ္ဌေယျ၊ ညွှတ်ထုတ်ရာ၏။ ခင်ဗျားတို့ ရရှိထားတဲ့ ပစ္စည်းဥစ္စာတွေလဲ သာသနာတော်အတွက် အသုံးချလိုက်ရင် အကျိုးမများဘူးလား၊ များသလား (များပါတယ် ဘုရား) ငါအတွက် မဟုတ်ဘူး။ ဘယ်သူ့အတွက်လဲ သာသနာ တော်အတွက်၊ အဲဒီလို ရလာတဲ့ ပစ္စည်းဥစ္စာတွေကို လောဘမခြံရံ ဒေါသမခြံရံ

မောဟလဲမခြံရံဘဲနဲ့ ဘာနဲ့ခြံရံရမှာလဲ၊ ဝိပဿနာနဲ့ ခြံရံပြီးတော့ လှူသင့်ဘူးလား၊ လှူသင့်သလား(လှူသင့်ပါတယ်ဘုရား)

လှူတဲ့အခါမှာလဲ ခင်ဗျားတို့ လှူဘတ်ရမယ်။ လောဘ ဒေါသ မောဟနဲ့ ခြံရံပြီးတော့ မလှူပါနဲ့။ ဘာနဲ့ခြံရံပြီးတော့ လှူရမှာတုံး (ဝိပဿနာနဲ့ ခြံရံပြီးတော့ လှူရမှာပါဘုရား) ခင်ဗျားတို့ရလာတဲ့ပစ္စည်းဥစ္စာတွေကို ဝိပဿနာဉာဏ်နဲ့ တန်းဆာဆင်ပြီး လှူလိုက်ရင် ဒီပစ္စည်းဥစ္စာထဲက သူတော်ကောင်းတရားတွေ ညှစ်ထုတ်တာဘဲလို့ ဆိုထိုက်သလား၊ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)

ဒါကြောင့် ဖေဂ္ဂုနာ၊ ရန်သူမျိုးငါးတန် ဆက်ဆံ၍ နေသော၊ မနေတော၊ ပစ္စည်းဥစ္စာထဲက၊ မေဒံ၊ သူတော်ကောင်းတရား တည်'ဟူသော အဆီအနှစ်ကို၊ ပိဋ္ဌေယျ၊ ညှစ်ထုတ်ရာ၏။

တေနမေဒေန၊ ထိုသူတော်ကောင်းတရား တည်းဟူသော အဆီအနှစ်ဖြင့်၊ ဝရံ၊မြတ်လှစွာသော၊အဇရံ၊မအိုရာဖြစ်သော၊ နိဗ္ဗာနံ၊နိဗ္ဗာန်ကို၊ ကိဏေယျ၊ဝယ်ရာ၏။(ဝါ)လဲလှယ်ယူရာ၏။ သူတော်ကောင်းတရားနဲ့ခင်ဗျားတို့ရဲ့ ခန္ဓာနဲ့လဲပါ။ နိဗ္ဗာန်နဲ့ဘာနဲ့လဲမှာတုံး ခန္ဓာနဲ့လဲပါ။ တနည်း နိဗ္ဗာန်နဲ့ရထားတဲ့ပစ္စည်းနဲ့လဲပါ။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒီအတိုင်း မဟောဘူးလား၊ ဟောသလား (ဟောပါတယ်ဘုရား) ဒါကြောင့် ခင်ဗျားတို့ကျုပ်တို့ကို အို နာ သေက မဦးခင် ခန္ဓာကိုယ် အကောင်ပုပ် ထဲက ဘာညှစ်ထုတ်ရမှာတုံး (သူတော်ကောင်းတရား ညှစ်ထုတ်ရမှာပါ ဘုရား) သူတော်ကောင်းတရားက ဘာတွေလဲ သီလ သမာဓိ ပညာ။ သီလ သမာဓိ ပညာ ဆိုတဲ့ တရားတွေရချင်ရင် လဲလှယ်ယူချင်ရင် သတိရှိရမှာလား(သတိရှိရမှာပါဘုရား)

သတိက မိမိခန္ဓာမှာရှိရမှာလား၊ သူတပါးခန္ဓာမှာရှိရမှာလား (မိမိခန္ဓာမှာရှိရမှာပါဘုရား)မိမိခန္ဓာထဲ ဘယ်ဌာနမှာကြည့်ရမှာတုံး(မျက်စိ နား နှာခေါင်း လျှာ ကိုယ် မန ပါဘုရား) ဘယ်နှစ်ဌာနတုံး (ခြောက်ဌာနပါဘုရား) ဒီခြောက်ဌာနမှာ သတိထားရမယ်။ မျက်စိပေါ်ကကလဲ ခင်ဗျားတို့ သတိထားခဲ့တယ်။ နောက် တကာတကာမတွေ လျှာမှာသတိထားလိုက်ပါ။ သူတော်ကောင်းတရား ခင်ဗျားတို့ ညှစ်ထုတ်ချင်ရင် ဘယ်မှာ သတိထားရမှာတုံး (လျှာအကြည်မှာပါဘုရား)ခင်ဗျားတို့မစားဘူးလား၊ စားသလား(စားပါတယ်ဘုရား)မစားဘဲနေရဲ့လား(မနေပါဘုရား)

ဒါဖြင့် သတိရှိပြီး စားတဲ့အချိန်နဲ့ သတိမရှိဘဲစားတဲ့အချိန် ဘယ်အချိန်က များသလဲ(သတိမရှိဘဲနဲ့စားတဲ့အချိန်ကများပါတယ်ဘုရား)စားတဲ့အခါ အမှတ်မထင် စားခဲ့တယ်။ စားတဲ့အခါ သတိမရှိတော့ သတိမရှိလိုက်တာနဲ့ တပြိုင်နက် စားတိုင်းမှာ လောဘမီး ဒေါသမီး မောဟမီးတွေ မတောက်လောင်ဘူးလား၊

တောက်လောင်သလား(လောက်လောင်ပါတယ်ဘုရား) သတိရှိလို့လား၊ သတိမရှိလို့လား(သတိမရှိလို့ပါဘုရား) ဒါကြောင့် ခင်ဗျားတို့ သတိမရှိရဘူးလား၊ သတိရှိရမှာလား (သတိရှိရမှာပါဘုရား) ဘယ်အချိန်မှာ သတိရှိရမှာလဲ (စားတိုင်းစားတိုင်းမှာပါဘုရား)

ဒါကြောင့် စားတဲ့အခါမှာ စားတယ်လို့မှတ်ပါ၊ ဘယ်လိုမှတ်ရမှာတုံး(စားတယ်လို့မှတ်ရမှာပါဘုရား) စားတယ် စားတယ်။ မစားဘူးလား၊ စားသလား (စားပါတယ်ဘုရား) မြင်ရင်လဲမြင်တယ်၊ ကြားရင်လဲကြားတယ်၊ နမ်းရှူရင်လဲ နမ်းရှူတယ်၊ စားရင်ကော စားတယ်လို့မှတ်၊ စားရင်စားတယ်လို့ မှတ်ခိုက်မှာ သတိလဲထား၊ သတိမရှိဘဲနဲ့ စားဘယ်လို့မှတ်ပါမလား(မမှတ်ပါဘုရား)နောက် မှတ်မိပါမလား (မမှတ်မိပါဘုရား) ဒါကြောင့် စားရင် စားတယ်လို့မှတ်ပါ။ အဲဒီလိုမှတ်ခိုက်မှာ လောဘ စတဲ့ ကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏတရားတွေ မငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) ဘာကြောင့် ငြိမ်းတာတုံး စားရင် စားတယ်လို့မှတ်လို့ သမထကမ္မဋ္ဌာန်းလား၊ ဝိပဿနာကမ္မဋ္ဌာန်းလား (သမထကမ္မဋ္ဌာန်းပါဘုရား)

သမထကမ္မဋ္ဌာန်း ဆိုတာ ဘာတရားတွေ ငြိမ်းတာတုံး (နီဝရဏတရားတွေ ငြိမ်းတာပါဘုရား) နီဝရဏတရားတွေငြိမ်းချင်ရင် တကာတကာမတွေ့လျှာမှာ ဆိုရင် စားတယ်စားတယ်လို့မှတ်လိုက်။ မလွယ်ဘူးလား၊ လွယ်သလား(လွယ်ပါတယ်ဘုရား)ဘုရားပေးတဲ့နည်းလမ်း၊ စားရင်စားတယ်လို့မှတ်ခိုက်မှာ လောဘဒေါသ အစ ရှိသော နီဝရဏတရားတွေ တဒင် မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဘာကမ္မဋ္ဌာန်းကငြိမ်းလိုက်တာတုံး (သမထကမ္မဋ္ဌာန်းပါဘုရား)သတိရှိလို့လား၊ သတိမရှိလို့လား(သတိရှိလို့ပါဘုရား)သတိထားလိုက်တာနဲ့တပြိုင်ဘည်း စားတယ်လို့မသိဘူးလား၊သိသလား(သိပါတယ်ဘုရား)

သတိမထားရင် စားမှန်းသိရဲ့လား(မသိပါဘုရား)နောက် စားရင် စားတယ်လို့သိခိုက်မှာ စားရင်စားတယ်လို့ သိသိနေတာ သတိရှိလို့လား၊ သတိမရှိလို့လား(သတိရှိလို့ပါဘုရား) သတိရှိလိုက်တာနဲ့ တပြိုင်တည်း ခင်ဗျားတို့စိတ်တွေ ဟိုဟိုဒီဒီရောက်သေးရဲ့လား(မရောက်ပါဘုရား) ဒီစားတဲ့အပေါ်မှာ စိတ်မတည်ဘူးလား၊တည်သလား(တည်ပါတယ်ဘုရား) အော် စိတ်မိုက် စိတ်ရိုင်းကို သတိတည်းဟူသော ကြိုးနဲ့ မချည်လိုက်ဘူးလား၊ ချည်လိုက်သလား (ချည်ပါတယ်ဘုရား)ဘယ်အချိန်မှာချည်တာတုံး(စားတိုင်းမှာပါဘုရား) စားတိုင်းမှာ စိတ်က ဟိုဟိုဒီဒီရောက်သေးရဲ့လား(မရောက်ပါဘုရား) စိတ်ကဒီအပေါ်မှာ မတည်ဘူးလား၊ တည်သလား (တည်ပါတယ်ဘုရား) တည်နေတာက ဘာတုံး (သမာဓိပါဘုရား)

ဒါကြောင့် ဘာကမ္မဋ္ဌာန်းပါလိမ့် (သမာဓိကမ္မဋ္ဌာန်းပါဘုရား) သမထကမ္မဋ္ဌာန်းလို့လဲ ခေါ်တယ်။ သမာဓိ ကမ္မဋ္ဌာန်းလို့လဲ မပြောဘူးလား၊ ပြောသလား(ပြောပါတယ်ဘုရား)သတိရှိနေလို့လား၊ သတိမရှိလို့လား(သတိရှိလို့ပါဘုရား) သတိနဲ့သမာဓိ ခင်ဗျားတို့မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘယ်အချိန်မှာ သတိ သမာဓိရှိရမှာလဲ (စားတိုင်း စားတိုင်းမှာပါဘုရား)စားတိုင်း သတိသမာဓိမပြည့်စုံဘူးလား၊ ပြည့်စုံသလား (ပြည့်စုံပါတယ်ဘုရား)

ဒီခန္ဓာကိုယ်မပုပ်ခင်မှာ ခင်ဗျားတို့ ကျုပ်တို့ သတိ သမာဓိ ဆိုတဲ့ သူတော်ကောင်းတရားတွေ ညှစ်ထုတ်နေသလား (ညှစ်ထုတ်နေပါတယ် ဘုရား) ဟနေ့မှ တနာရီ ညှစ်ထုတ်နေတာ၊ ဒါမှ ကိုယ့်အကျိုးစီးပွါးအစစ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

သတိထားလိုက်တာနဲ့ တပြိုင်တည်း သတိ သမာဓိ တည်းဟူသော သူတော်ကောင်းတရားတွေ မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား) သတိရှိလို့လား၊ သတိမရှိလို့လား (သတိရှိလို့ပါဘုရား)ဘယ်အချိန်မှာ သတိရှိရမှာတုံး(စားတိုင်းမှာပါဘုရား)သတိသမာဓိ ရမလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

သတိသမာဓိပြည့်စုံတာနဲ့ တပြိုင်တည်း သတိက အရှိတရား ပေါ်တာလား၊ မရှိတရားပေါ်တာလား (အရှိတရားပေါ်တာပါ ဘုရား) ဒါကြောင့် မြတ်စွာဘုရားသခင်က (သမာဓိ ဘိက္ခဝေ ဘာဝေထ။ သမာဟိတော ဘိက္ခဝေယထာဘူတံ ပဇာနာတိ။)

ဘိက္ခဝေ၊ ချစ်သားတို့၊ သမာဓိ၊ သမာဓိကို၊ ဘာဝေထ၊ ပွါးများကြကုန်လော။ သမာဟိတော၊ သမာဓိရှိသောသူသည်၊ ယထာဘူတံ၊ဟုတ်မှန်တဲ့ရုပ်နာမ်သဘောကို၊ ပဇာနာတိ၊ ကွဲကွဲပြားပြားသိနိုင်တယ်။ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ဟာ သိနိုင်ပါမလား(မသိနိုင်ပါဘုရား) ဒါကြောင့် သမာဓိ မရှိဘဲနဲ့ ဒါက ရုပ်တရား နာမ်တရား တွေရဲ့ ဖြစ်ခြင်း ပျက်ခြင်းလို့ ပြောနေရင် အပြောဘဲ ဖြစ်ပါတယ်။ လုပ်ငန်းပါရဲ့လား(မပါပါဘုရား)

ပရိယတ္တိတော့ မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ပဋိပတ္တိ ကျင့်စဉ်ထိအောင် ရောက်ရဲ့လား (မရောက်ပါ ဘုရား) ပဋိပတ္တိ ကျင့်စဉ်ထိအောင် မရောက်ရင် တကာတကာမတွေ လောဘတွေ ဒေါသတွေ သက္ကာယဒိဋ္ဌိတွေ ငြိမ်းပါမလား (မငြိမ်းပါ ဘုရား) ဘာကြောင့် သက္ကာယဒိဋ္ဌိ မငြိမ်းတာလဲဆိုတော့ သတိလွှတ်နေလို့၊ သတိမရှိတော့ သမာဓိရှိပါမလား(မရှိပါဘုရား)သတိသမာဓိ မရှိတာနဲ့တပြိုင်တည်း အရှိတရားပေါ်ကို မပေါ်ဘူး။ မရှိတဲ့ တရားပေါ်မှာဘဲ။ မရှိတာ.ကဘာတုံး (ပညတ်ပါဘုရား) ပရမတ်ဆိုက်ပါမလား (မဆိုက်ပါဘုရား)

ဒါကြောင့် တကာတကာမတွေ ဤကားရုပ်၊ ဤကားနာမ်လို့ ယထာဘူတဉာဏ်နဲ့သိချင်ရင် သတိသမာဓိရှိရမှာလား၊မရှိရဘူးလား(ရှိရမှာပါဘုရား)သတိသမာဓိရှိအောင် လုပ်ငန်းလုပ်ရမှာလား၊ မလုပ်ရဘူးလား (လုပ်ရမှာပါဘုရား) လုပ်ငန်းက ယခုဘယ်ဌာနမှာတုံး(လျှာမှာပါဘုရား)

လျှာမှာ ဘယ်အချိန် သတိထားရမှာတုံး (စားတိုင်းမှာပါဘုရား) စားရင်ဘာတဲ့တုံး(စားတယ် စားတယ်) နောက်တဆင့်တက်လိုက်။ စားတယ်တာပြောတာ စားတာ ရှိရဲ့လား (မရှိပါဘုရား) စားတတ်တဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ကော ရှိရဲ့လား ( မ ရှိ ပါ ဘု ရား ) စားတာလဲမရှိ၊ စားတတ်တဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေလဲ မရှိ၊ ရှိတာက လျှာအကြည်ပေါ်မှာ ဘာတွေ ရှိတာလဲ ဆိုတော့ အရသာ၊ ဘာတွေရှိတာတုံး (အရသာပါဘုရား) စားတာ ရှိရဲ့လား(မရှိပါဘုရား)စားတယ်ထင်ရင်ဘာတုံး(ဒိဋ္ဌိပါဘုရား)မျိုတယ်ထင်ရင်(ဒိဋ္ဌိပါဘုရား)ရှိတာကဘာတုံး(အရသာပါဘုရား)

ယော- အရသာက သက္ကာယ၊ စားတယ် သောက်တယ် ထင်တာက ဘာတုံး (ဒိဋ္ဌိပါဘုရား)သက္ကာယနဲ့ဒိဋ္ဌိပေါင်းလိုက်စမ်း(သက္ကာယဒိဋ္ဌိပါဘုရား)စားတိုင်းသက္ကာယနဲ့ဒိဋ္ဌိမကွဲတော့ ခင်ဗျားတို့ ငါစားတယ်လို့မထင်ဘူးလား၊ ထင်သလား (ထင်ပါတယ်ရာရား)

မေ့မေ့လျော့လျော့ မစားဘူးလား၊ စားသလား(စားပါတယ် ဘုရား)သတိမရှိဘဲနဲ့စားတာလား၊ သတိရှိပြီးစားတာလား (သတိမရှိဘဲနဲ့စားတာပါဘုရား) သတိမရှိဘဲနဲ့စားတဲ့ပုဂ္ဂိုလ်သည် အကောင်းလို့ဆိုရမှာလား၊အရူးလို့ဆိုရမှာလား (အရူးလို့ ဆိုရမှာပါ ဘုရား) (ပုထုဇ္ဇနော ဥမ္မတ္တကော။)လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) ပြောကြတယ်၊ ဒီလူ သတိမရှိပါဘူးလို့ မပြောဘူးလား၊ ပြောသလား(ပြောပါတယ်ဘုရား)သတိမရှိတဲ့လူကိုအသုံးချလို့ရပါမလား(မရပါဘုရား)

ဥပမာ-တချို့ လူမမာသွားမေးတယ်။ ဒီလူ သတိမရှိပါဘူးကွာဆိုတော့ ဒီလူကြာကြာခံပါမလား(မခံပါဘုရား)မသွားဘူးလား၊ သွားမှာလား(သွားမှာပါဘုရား) ဘယ်ကို သွားမှာတုံး (ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ် သွားမှာပါဘုရား) ဘယ်နှစ်ပါးတုံး (လေးပါးပါဘုရား) ဘာပြုလို့တုံးဆိုတော့ သတိလွတ်နေလို့ သတိလွတ်လိုက်တာနဲ့တပြိုင်တည်း အရှိတရားပေါ်ပါမလား (မပေါ်ပါဘုရား)

အရှိတရားကဘာတုံး(အရသာပါဘုရား) ခင်ဗျားတို့စားလိုက်တာနဲ့ တပြိုင်တည်း ငန်တာ ဖန်တာ ပေါ်တာလား၊ အရသာပေါ်တာလား (အရသာပေါ်တာပါဘုရား) ချိုတာ ငန်တာ ဖန်တာ တွေ့တာလား၊ အရသာတွေ့တာလား (အရသာ တွေ့တာပါဘုရား) အရသာတွေ့တာ ချိုတာ ရှိရဲ့လား(မရှိပါဘုရား)

ချိုတာ ငန်တာ ဖန်တာ ခါးတာ ရှိရဲ့လား (မရှိပါ ဘုရား) ရှိတာက အရသာ။ အရသာက ချဉ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)

ဒါပေမဲ့ စားတဲ့အခါ ချဉ်လိုက်တာလို့ မပြောဘူးလား၊ပြောသလား(ပြောပါတယ်ဘုရား) ချဉ်တာရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာတုံး (အရသာပါဘုရား)ဘယ်လိုယူလိုက်တာလဲ ချဉ်တယ်လို့ယူလိုက်တယ်၊ ချဉ်တယ်ထင်ရင် (ဒိဋ္ဌိပါဘုရား) ရှိတာကဘာတုံး (အရသာပါဘုရား) ချဉ်တာနဲ့အရသာ မကွဲတာက ဝိဇ္ဇာလား၊အဝိဇ္ဇာလား(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာက ကုသိုလ်လား၊ အကုသိုလ်လား(အကုသိုလ်ပါဘုရား) စားတိုင်းစားတိုင်း အကုသိုလ်တွေဖြစ်နေတာ၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) မေးကထဲက မချိုဘူးလားမေးနေတာ၊ နောက် ဟိုကလဲ ချိုပါတယ် ပြောမှာဘဲ၊ အရသာလို့များပြောရဲ့လား(မပြောပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်က ချိုတာမရှိဘူး။ အရသာတာရှိတယ်၊ ရှိတာကဘာတုံး(အရသာပါဘုရား)

ချိုတာရှိရဲ့လား (မရှိပါဘုရား) ဒါဖြင့် ခင်ဗျားတို့က ချိုလိုက်တာလို့ မရှိတာကိုအရှိလုပ်လိုက်တယ်။ ပညတ်ကို အရှိလုပ်လိုက်တယ်။ရှိတာပရမတ်၊အရသာကို ချိုတယ်လို့ယူလိုက်တယ်။ ချိုတယ်လို့ထင်ရင်ဘာတုံး(ဒိဋ္ဌိပါဘုရား)ရှိတာက အရသာ။ ခါးတယ်လို့ ထင်တာက (ဒိဋ္ဌိပါဘုရား) ခါးလိုက်တာလို့ မပြောဘူးလား (ပြောပါတယ်ဘုရား) ခါးတာရှိရဲ့လား (မရှိပါဘုရား) ချိုတာရှိရဲ့လား (မရှိပါဘုရား)ရှိတာကဘာတုံး(အရသာပါဘုရား)

စပ်တာ ခါးတာ ငန်တာ ချိုတာ ရှိတာလား၊ အရသာရှိတာလား(အရသာရှိတာပါဘုရား)အရသာက သက္ကာယ။ ချိုတာဖန်တာဆိုမှတာက(ဒိဋ္ဌိပါဘုရား) ချိုတယ် ခါးတယ် ဖန်တယ် ထင်ရင် ဘာတုံး (ဒိဋ္ဌိပါဘုရား) တကာတကာမတွေ့ ဒါဘာတုံး မာလကာသီး၊ မာလကာသီးရှိတာလား၊ အရသာရှိတာလား (အရသာ ရှိတာပါဘုရား) မာလကာသီးဆိုတာ ရှိရဲ့လား (မရှိပါ ဘုရား) ရှိတာက ဘာတုံး(အရသာပါဘုရား)မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ဒီအရသာ မြင်ရရဲ့လား(မမြင်ရပါဘုရား) မာလကာသီးကမြင်ရတယ်။ အရသာက မြင်ရရဲ့လား(မမြင်ရပါဘုရား)

ဒါကြောင့် မာနိမိတ္တဂ္ဂါဟီ၊ မာလကာသီးဆိုတဲ့ နိမိတ်ကို မယူလိုက်ပါနဲ့စားတဲ့အခါမှာ ဘာယူရမှာတုံး (အရသာယူရမှာပါဘုရား) ထမင်းမစားဘူးလား၊ စားသလား (စားပါတယ် ဘုရား) ထမင်း ဆိုတဲ့ နိမိတ်ကို မယူလိုက်ပါနဲ့၊ မာနိမိတ္တဂ္ဂါဟီ၊ ထမင်းတို့ ဟင်းတို့ စသည်ဖြင့် မယူလိုက်ပါနဲ့။ ယူရမှာက ဘာတုံး (အရသာပါဘုရား)ထမင်း ဟင်းလျှာ မုန့်လို့ မယူလိုက်ဘူးလား၊ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား)

အဲဒါ နိမိတ်ကိုယူလိုက်တာ၊ မြတ်စွာဘုရားကမယူပါနဲ့တဲ့။ ခင်ဗျားတို့ ကျုပ်တို့က ယူတယ်။ ဘုရားကိုထော်လော်ကန့်လန့်လုပ်ခဲ့တာဖြင့် အချိန်တွေ မများခဲ့ဘူးလား၊ များခဲ့သလား (များခဲ့ပါတယ်ဘုရား) သဲလုံးနှင့်အမျှ ပွင့်တော်မူခဲ့တဲ့ဘုရားတွေကို အငြင်းသန်ခဲ့လို့ ဒီလောက် သံသရာရှည်တယ် ဆိုရင် ပြောထိုက်မပြောထိုက် (ပြောထိုက်ပါတယ်ဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်တွေက လျှာအကြည်ပေါ်မှာ တွေ့ရင် ဘာတုံး (အရသာပါဘုရား) ရုပ်ဘဲတဲ့။ ထမင်းဟင်းလျှာ စသည်ရှိရဲ့လား (မရှိပါဘုရား) ဒါကြောင့် မာနိမိတ္တဂ္ဂါဟီ။ ထမင်းဟင်း လျှာ မုန့် အစရှိသည်လို့ မယူလိုက်ပါနဲ့။ မာနုဗျဉ္စနဂ္ဂါဟီ၊ ဒါလေးက ချိုလိုက်ဘာလို့ အသေးစိတ် အမှတ်အသားတွေကိုလဲ မယူလိုက်ပါနဲ့။

ဒီမာလကာသီးက ချိုလိုက်တာလို့ မယူဘူးလား၊ ယူသလား (ယူပါတယ်ဘုရား) ချဉ်လိုက်ဘာ ငန်လိုက်တာ စပ်လိုက်တာ အဲဒီလိုယူလိုက်လို့ သက္ကာယဒိဋ္ဌိမီးတွေကလောင်၊ သက္ကာယဒိဋ္ဌိ တည်းဟူသော လုံမကြီးစူးပြီးတော့ မသေခဲ့ဘူးလား၊သေခဲ့သလား (သေခဲ့ပါတယ်ဘုရား) ဒါကြောင့် သက္ကာယဒိဋ္ဌိပြုတ်ဘို့အရေးမကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား) သက္ကာယဒိဋ္ဌိပြုတ်ဘို့ မြတ်စွာဘုရားက ရှေးဦးစွာ ရုပ်နဲ့နာမ်ကို ခွဲပေးနေပါတယ်။ဘာကိုခွဲပေးနေတာတုံး(ရုပ်နဲ့နာမ်ပါဘုရား)ယခု ဘယ်အချိန်မှာကွဲတာတုံး(စားတိုင်းမှာပါဘုရား) စားတိုင်း စားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာရှိရဲ့လား၊ အရသာရှိတာလား (အရသာရှိတာပါ ဘုရား) ဒါကြောင့် မာနုဗျဉ္စနဂ္ဂါဟီ၊ ချိုတာ ငန်တာ ချဉ်တာ ဖန်တာ ခါးတာ စပ်တာဘဲ ဆိုတဲ့ အသေးစိတ် အမှတ်အသားတွေကို မယူပါနဲ့။ ရှိတာက ဘာသဘောတုံး(အရသာပါဘုရား)

မုတေမုတမတ္တံ ဘဝိဿတိ။ မုတော၊ တွေ့သည်ရှိသော်၊ မုတမတ္တံ၊ တွေ့ကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရမယ်။ ဒီအရသာဆိုတာ လူနဲ့ လာတွေ့တာလား (လျှာအကြည်နဲ့လာတွေ့ဘာလား(လျှာအကြည်နဲ့လာတွေ့တာပါဘုရား) အရသာကလဲ ရုပ်၊ လျှာအကြည်ကလဲရုပ်၊ တကာတကာမတွေ့ ရုပ်မရလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)

ချဉ်တာ ငန်တာ ဖန်တာတွေပါရဲ့လား(မပါပါဘုရား)ရှိတာကဘာသဘောပါလိမ့် (အရသာသဘော လျှာအကြည်သဘော) နှစ်ခုမရလာဘူးလား (ရလာပါတယ်ဘုရား)လျှာအကြည်သဘောနဲ့ အရသာသဘောတွေတော့ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေ ပေါ်တာလား၊ စိတ်ပေါ်တာလား(စိတ်ပေါ်တာပါဘုရား)ဘာစိတ်တုံး (အရသာသိတဲ့စိတ်ပါဘုရား) ဘယ်အချိန်မှာ ပေါ်တာလဲ

(စားတိုင်းစားတိုင်းမှာပါ ဘုရား) စားတိုင်းမှာဖြင့် တကာတကာမတွေ သတိထားလိုက်စမ်းပါ။ စားတိုင်းမှာ ဘာသဘောတွေရှိတာတုံး (အရသာသဘော လျှာအကြည်သဘော စိတ်သဘောတွေပါဘုရား)

ချိုတာ ငန်တာ ဖန်တာ စပ်တာ ရှိရဲ့လား ( မရှိပါဘုရား ) ရှိတာက ဘာသဘောတွေပါလိမ့် (အရသာသဘော လျှာအကြည်သဘော စိတ်သဘော သုံးပါးပေါင်းဆုံ၍ဖြစ်ရှိနေပါကလား၊ ဘယ်အချိန်မှာတုံး(စားတိုင်းမှာပါဘုရား) စားတိုင်းစားတိုင်းမှာဖြင့် အရသာသဘော လျှာအကြည်သဘော စိတ်သဘော သုံးပါးပေါင်းဆုံ၍ဖြစ်ရှိနေပါကလား။အဲဒီလိုရှုလိုက်ရင် ဘာဉာဏ်တုံး(နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား) ဉာဏ်က ဦးမလာဘူးလား (ဦးလာပါတယ် ဘုရား) ဉာဏ်ကဦးမသွားရင် သက္ကာယဒိဋ္ဌိက ဦးသွားမယ်။ သက္ကာယဒိဋ္ဌိမဦးခင် ဉာဏ်ဦးဘို့ အရေးကြီးပါတယ်။

ဉာဏ်သာမဦးရင် ဘာကဦးမှာတုံး (သက္ကာယဒိဋ္ဌိပါဘုရား) သက္ကာယဒိဋ္ဌိက ဘော့ ချိုတယ်လို့ရှုလိုက်တာဘဲ၊ ချိုတာ ငန်တာ ဖန်တာ ဆိမ့်တာ ရှိရဲ့လား(မရှိပါဘုရား)ချိုတယ် ချဉ်တယ် ငန်တယ် ဖန်တယ်ထင်ရင် ဘာတုံး (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိကမဦးဘူးလား (ဦးပါတယ်ဘုရား) ဘယ်အချိန်တွေမှာ ဦးတာလဲ ဆိုတော့ (စားတိုင်းမှာပါ ဘုရား) ဒီလိုဆိုရင် သက္ကာယဒိဋ္ဌိမီးက အချိန်တိုင်းအချိန်တိုင်း လောင်နေရပါပြီကော မလောင်ဘူးလား (လောင်ပါတယ် ဘုရား) သံသရာတလျှောက်လုံး သက္ကာယဒိဋ္ဌိမီးတွေ တောက်လောင်ပြီး သေခဲ့တဲ့ ဘဝတွေ သက္ကာယဒိဋ္ဌိလှုံမကြီးစူးပြီးသေခဲ့တဲ့ဘဝတွေ အိုခဲ့ နာခဲ့ သေခဲ့တဲ့ ဘဝတွေ ရေတွက်လို့ရရဲ့လား(မရပါဘုရား)

ဒါကြောင့် တကာတကာမတွေ စားတိုင်း စားတိုင်းမှာ သက္ကာယဒိဋ္ဌိပြုတ်ချင်ရင် သတိရှိရမှာလား၊ သတိမရှိရဘူးလား(သတိရှိရမှာပါဘုရား)ဘယ်အချိန်မှာ သတိရှိရမှာတုံး (စားတိုင်းမှာပါဘုရား) စားတိုင်းစားတိုင်းမှာ သတိရှိပါ။ စားတိုင်း စားတိုင်းမှာ သတိရှိလိုက်တဲ့ အခါကျတော့ ချိုတာ ချဉ်တာ ငန်တာ ဖန်တာ တွေ့တာလား၊ အရသာ တွေ့တာလား (အရသာသဘော တွေ့တာပါဘုရား)အရသာကဘာနဲ့လာတွေ့တာလဲ(လျှာအကြည်နဲ့ပါဘုရား)လျှာအကြည်နဲ့တွေ့တော့ ဘာပေါ်လာတာလဲ (စိတ်ပေါ်တာပါဘုရား) အရသာသိတဲ့ စိတ်ပေါ်ပါတယ်။

ဒါကြောင့် ပစ္စုပ္ပန်ရှုကွက်မှာ စားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာ ရှိတာလား၊ အရသာသဘောရှိတာလား(အရသာသဘောရှိတာပါဘုရား) အဲဒီတော့ အရသာသဘော လျှာအကြည်သဘော စိတ်သဘော သုံးပါးပေါင်းဆုံ၍ ဖြစ်ရှိနေပါကလား၊ ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား) ကဲ-ငွေရှုကွက် သွားကြပါစို့။ အရသာသဘောနဲ့ လျှာအကြည်သဘောက ဘာပါလိမ့်

(ရုပ်ပါဘုရား)အရသာသိတဲ့စိတ်က(နာမ်တရားပါဘုရား)ရုပ်တရားနဲ့နာမ်တရား ဖြစ်ရှိနေပါကလား၊ ဒါ ဒုတိယရှုကွက်။

သက္ကာယဒိဋ္ဌိမဦးခင် ဒုတိယရှုကွက်မှာ ဉာဏ်က ဦးအောင် ရှုလိုက်စမ်းပါ။ ဘယ်လိုရှုမလဲ၊ အရသာသဘော လျှာအကြည်သဘောက ရုပ်တရား။ အရသာ သိတဲ့စိတ်သဘောကနာမ်တရား။ ရုပ်တရားနာမ်တရားဖြစ်ရှိနေပါကလား၊ ဘယ် အချိန်မှာရှုရမှာတုံး (စားတိုင်းစားတိုင်း) ဒီအတိုင်း ရှုလိုက်ရင် သက္ကာယဒိဋ္ဌိလာ သေးရဲ့လား(မလာတော့ပါဘုရား)

ဒါကြောင့် မုတေ မုတမတ္တံဘဝိဿတိ။ မုတေ၊ တွေ့သည်ရှိသော်၊ မုတမတ္တံ၊ တွေ့ခါမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရမယ်။ တွေ့ရင် တွေ့ကာမျှဆိုတာ ရုပ်နာမ်ရှုနေ ရင် တွေ့ရင် တွေ့ခါမျှဘဲ။ ရုပ်နာမ်မရှုမိရင် တကာတကာမတွေ့ တွေ့ရင်တွေ့ခါမျှ ဖြစ်ပမလား (မဖြစ်ပါဘုရား) တွေ့ရင် တွေ့ခါမျှ ဖြစ်တော့ လောဘတွေ ဒေါသ တွေ မောဟတွေ ဖြစ်တော့တာဘဲ။ ဒီလောဘ ဒေါသ မောဟ ကလဲ ဘယ်သူ့ ကြောင့်ဖြစ်ဘာတုံး သက္ကာယဒိဋ္ဌိကြောင့်၊ သက္ကာယဒိဋ္ဌိက ဘာကြောင့် ဖြစ်တာ လဲဆိုတော့ သတိလွှတ်နေလို့။ တကာ တကာမတွေ့ စားတိုင်းမှာ သတိမရှိရဘူး လား(သတိရှိရမှာပါဘုရား)

ကဲ-နောက်တဆင့် တကာ တကာမတွေ့ သတိထားပါဦး၊ စားတိုင်းမှာ လျှာ အကြည်နဲ့ လာတွေ့တိုင်းမှာ စပ်တာ ချိုတာ ဖန်တာ သဘော တွေ့တာလား၊ အရသာသဘောတွေ့တာလား (အရသာသဘောတွေ့တာပါ ဘုရား) အဲဒီ အရ သာသဘော မြင်ရရဲ့လား ( မမြင်ရပါ ဘုရား ) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့ပါ ဘုရား)ဉာဏ်မြင်ရုပ်လား၊ မျက်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) ဉာဏ်မြင် ရုပ်က ဘယ်အချိန်မှာတုံး (စားတိုင်းစားတိုင်းမှာပါဘုရား)

ဒီဉာဏ်မြင်ရုပ် ဆိုတဲ့ အရသာသဘောကို ခန္ဓာဖွဲ့လိုက်တော့ (ရူပက္ခန္ဓာပါ ဘုရား) ဒီအရသာဆိုတဲ့ ရုပ်ကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ်က သိတာပါဘုရား) အရသာသိတဲ့စိတ်၊ စာလိုပြောတော့ ဇိဝှါဝိညာဏ်စိတ်၊ ဒီစိတ် ကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာ ပါဘုရား) သတိက ဘာတုံး (စေတသိက်ပါ ဘုရား) အရသာက ဘာတုံး (ရုပ်) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်)ဘယ်အချိန်မှာ စိတ် စေတသိက် ရုပ်ရှိ တာလဲ စားတိုင်းမှာပါဘုရား)

ဒီစိတ် စေတသိက် ရုပ်ဖြစ်တာကို ခင်ဗျားတို့က စားတယ်ခေါ်တာ၊ စားတာ ရှိရဲ့လား (မရှိပါဘုရား) ဘာရှိတာတုံး (စိတ် စေတသိက် ရုပ် ပါဘုရား) သစ္စာ လား၊အသစ္စာလား(သစ္စာပါဘုရား)သစ္စာနယ်မှာ သစ္စာတရားတွေမှာပေါ့၊ ဘယ်အချိန်မှာတုံး (စားတိုင်း စားတိုင်း) သစ္စာ တရားကလဲ ဘယ်နှစ်ပါးတုံး (စိတ်စေတသိက်ရုပ်)မရှိဘူးလား(ရှိပါတယ်ဘုရား)

ဘယ်အချိန်မှာရှိတာတုံး (စားတိုင်းစားတိုင်း) ရှိတာဘာလို့ရှိတာတုံး(ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်ပါတယ် ဘုရား) ခုမှဖြစ်တဲ့ စိတ်စေတသိက် ရုပ်၊ ဘယ်အချိန်မှာ ဖြစ်နေတာတုံး(စားတိုင်းမှာပါဘုရား) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသု)ပရိညာအားဖြင့် (ဉာတပရိညာ)

တကာတကာမတွေသတိထားလိုက်ပါ၊ စားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာရှိတာလား၊ ဘာသဘောရှိတာတုံး (အရသာသဘော ရှိတာပါ ဘုရား) အဲဒီအရသာသဘောကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား)ဒီစိတ်ကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) အဲဒီသတိကနာမ်၊ အရသာကရုပ်၊ ပေါင်းလိုက်တော့ ဝိညာဏ် နာမ်ရုပ်၊ ဝိညာဏ် နာမ် ရုပ်ရှိတာကိုစားတယ်ထင်ရင်(ဒိဋ္ဌိပါဘုရား) ဒီဝိညာဏ် နာမ်ရုပ်က သက္ကာယ၊ ကဲ-ပေါင်းလိုက်စမ်း (သက္ကာယဒိဋ္ဌိပါဘုရား) ဒီဝိညာဏ် နာမ်ရုပ်က (သက္ကာယ) ချိုတယ် ငန်တယ် ဖန်တယ် ထင်တာက ဒိဋ္ဌိ၊ ဆိုလိုက် စမ်း (သက္ကာယဒိဋ္ဌိပါဘုရား)ဒီလိုသက္ကာယနဲ့ဒိဋ္ဌိမှမကွဲရင် စားတိုင်းစားတိုင်း လောဘမီးတွေ၊ ပြီးတော့ ဒေါသမီးတွေ မောဟမီးတွေ တောက်ပြီးတော့ စားတယ်။ သက္ကာယနဲ့ဒိဋ္ဌိကွဲလိုက်တာနဲ့ တပြိုင်နက် လောဘမီးတွေ ဒေါသမီးတွေ မောဟမီးတွေ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား)

ငါကငြိမ်တာလား၊ ဉာဏ်ကငြိမ်တာလား၊ (ဉာဏ်က ငြိမ်တာပါဘုရား) ဘာဉာဏ်ကငြိမ်းလိုက်တာတုံး၊(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) ဘယ်သူက ဦးသွားတုံး၊ (ဉာဏ်ကဦးသွားတာပါဘုရား) သက္ကာယ ဒိဋ္ဌိက ဦးတာလား၊ဉာဏ်ကဦးတာလား၊ (ဉာဏ်ကဦးတာပါဘုရား) ဉာဏ်ကမဦးရင် ဘာကဦးသွားမလဲ၊ (သက္ကာယ ဒိဋ္ဌိကပါဘုရား) သက္ကာယဒိဋ္ဌိက အဦးများပါတယ်၊ အမှုမဲ့အမှတ်မဲ့ စားလိုက်တာ သက္ကာယဒိဋ္ဌိဖြစ်တော့တာဘဲ၊ ချိုလိုက်တာ ငန်လိုက်တာ စပ်လိုက်တာနဲ့။

ဒါ့ကြောင့် ဒီကရှေ့ ဂျီး(ဂျေး)မများပါနဲ့ လျှာမရှည်ပါနဲ့လို့ မဆိုသိုက်ဘူးလား ဆိုထိုက်သလား၊ (ဆိုထိုက်ပါတယ်ဘုရား) ပုထုဇဉ်တွေဆိုတာ လျှာရှည်တဲ့အမျိုး၊ စပ်ရတာနဲ့ ငန်ရတာနဲ့ ဖန်ရတာနဲ့ အရသာကို မရှုတတ်ဘူး၊ အဲဒီတော့ သက္ကာယပေါ်မှာ ဒိဋ္ဌိတွေလာတော့တာဘဲ၊ ဘယ်အချိန်လာမှာတုံး၊ (စားတိုင်းမှာပါဘုရား) ဒါ့ကြောင့် သက္ကာယနဲ့ ဒိဋ္ဌိကွဲလိုက်ရင် ဂျေး(ဂျီး) များစရာလိုသေးရဲ့လား၊ (မလိုတော့ပါဘုရား)။

သက္ကာယဒိဋ္ဌိကွဲလိုက်တာနဲ့ မီးတောက် သေးရဲ့လား၊ (မတောက်တော့ပါဘုရား) ဘာမီးတွေတုံး၊ (လောဘမီး ဒေါသမီး မောဟ မီးတွေပါဘုရား) မတောက်တော့ဘူး၊ဒါ့ကြောင့် စားတိုင်းစားတိုင်းမှာ ယော ကျားမိန်းမ၊ ပုဂ္ဂိုလ်

သတ္တဝါတွေ၊ ချိုတာ ဆိမ့်တာ ငန်တာ ဖန်တာ ရှိတာလား၊ ဝိညာဏ် နာမ်ရုပ်ရှိတာလား၊ (ဝိညာဏ်နာမ်ရုပ်ရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး၊ (စားတိုင်းစားတိုင်းမှာပါဘုရား) ရှိတာ ဘာလို့ရှိတာတုံး၊(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်) ခုမှဖြစ်တဲ့ဝိညာဏ်နာမ်ရုပ် ဘယ်အချိန်မှာ ရှုရမှာတုံး၊ စားတိုင်းစားတိုင်း၊ အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်၊ (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)

တကာ တကာမတွေ သတိထားလိုက်ပါ၊ စားတိုင်းစားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာ ဆိမ့်တာရှိတာလား၊ အရသာသဘော ရှိတာလား၊ (အရသာသဘောရှိတာပါဘုရား) အရသာသဘောက ဘာပါလိမ့်၊ (ရုပ်ပါဘုရား) ဒီရုပ်ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာတုံး၊ (ရူပက္ခန္ဓာပါဘုရား) ဘယ်အချိန်မှာ ရူပက္ခန္ဓာရှိတာတုံး၊ (စားတိုင်းစားတိုင်းမှာပါဘုရား) မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား၊ (ဉာဏ်မြင်ခန္ဓာပါဘုရား) ဉာဏ်မြင်ခန္ဓာကိုရှုပါ။

တကာ တကာမတွေ အဲဒီလို စားတိုင်းမှာ ကောင်းမကောင်း ဆိုပြီးတော့ မပေါ်ဘူးလား ပေါ်သလား၊ (ပေါ်ပါတယ်ဘုရား၊ ကောင်းတာက သုခဝေဒနာ၊ မကောင်းဘူးဆိုတာက ဒုက္ခဝေဒနာ၊ ကောင်းတာလဲမဟုတ်၊ မကောင်းတာလဲမဟုတ်ဆိုတာက (ဥပေက္ခာဝေဒနာပါဘုရား) ဝေဒနာ ဘယ်နှစ်ပါးပေါ်တာတုံး၊ (သုံးပါးပါဘုရား) ဘာတဲ့ဆိုစမ်းပါ၊ (သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာပါဘုရား) အဲဒီအရသာ သဘောနဲ့ လျှာအကြည်သဘောမတွေ့ရင် ဝေဒနာ ပေါ်ပါမလား၊ (မပေါ်ပါဘုရား) ယခုတော့ လျှာအကြည်နဲ့အရသာသဘောတွေ့လိုက်တာနဲ့ တပြိုင်နက် ခံစားတဲ့ဝေဒနာ ပေါ်တယ်၊ လူတွေသတ္တဝါတွေက ခံစားတာလား ဝေဒနာက ခံစားတာလား၊ (ဝေဒနာက ခံစားတာပါဘုရား)

ဒါကြောင့် တကာ တကာမတွေ စားတိုင်းမှာ ကောင်းတယ်လဲ လုပ်မနေနဲ့၊ ကောင်းတယ်လုပ်နေရင် သုခဝေဒနာနှော်နောက်က ဘာလိုက်မလဲ၊(လောဘပါဘုရား) မကောင်းဘူးဆိုပြန်တော့လဲ မကောင်းဘူးဆိုတဲ့သဘောက ဒုက္ခဝေဒနာအဲဒီနောက်က ဘာလိုက်မလဲ၊ ဒေါသလိုက်မှာပါဘုရား) ကောင်းမကောင်းအမှုမဲ့အမှတ်မဲ့နေလိုက်ပြန်တော့ (ဥပေက္ခာဝေဒနာပါဘုရား) နောက်က ဘာလိုက်လာမလဲ၊ (မောဟလိုက်မှာပါဘုရား) ဒါ့ကြောင့် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ လုပ်မနေနဲ့တော့၊ တပါးတည်း ပေါင်းလိုက်တော့ ဘာတုံး၊ (ဝေဒနာပါဘုရား) စားတဲ့ဘာသော ကောင်းမကောင်းမရှိဘူး၊ခံစားတဲ့သဘောဘဲရှိတယ်၊ လူတွေ သတ္တဝါတွေကို ခံစားတာလား၊ အာရုံကိုခံစားတာလား၊ (အာရုံကိုခံစားတာပါဘုရား) အရသာသဘောနဲ့ လျှာအကြည်နဲ့တွေ့မှ ခံစား

တာ၊ အရသာသဘောနဲ့ လျှာအကြည်နဲ့မတွေ့တော့ အရသာ ပေါ်သေးရဲ့လား၊ (မပေါ်ပါဘုရား)။

နာတာ ကိုက်တာ ခဲတာလား၊ ခံစားတဲ့သဘောလား။ (ခံစားတဲ့သဘောပါဘုရား) ဘယ်ဌာနမှာ ပေါ်နေတာတုံး၊ (စားတိုင်းမှာပါဘုရား) စားတိုင်းမှာ လျှာအကြည်ကပေါ်တာ၊ စားတိုင်းမှာ လျှာအကြည်ကနေ ဝေဒနာပေါ်တယ်၊ လျှာအကြည်က ဘာတုံး၊(ရုပ်ပါဘုရား)ဝေဒနာက လူတွေ သတ္တဝါတွေအပေါ်မှာ ဝေဒနာပေါ်တာလား၊ လျှာအကြည်ပေါ်မှာ ပေါ်တာလား၊ (လျှာအကြည်မှာပါဘုရား) လျှာအကြည်က ရုပ်၊ ဝေဒနာကလူတွေ သတ္တဝါတွေမှာပေါ်တာလား၊ ရုပ်မှာပေါ်တာလား၊ (ရုပ်မှာပေါ်တာပါဘုရား) ရုပ်နဲ့ ဝေဒနာနဲ့ မကွဲသမျှ ရှုကွက်မမှန်၊ ရုပ်နဲ့ဝေဒနာမကွဲရင် ဒီကမ္မဋ္ဌာန်း မှန်ပါ့မလား၊ (မမှန်ပါဘုရား) အာရုံအာရမ္မဏကမှ မမှန်ရင် ဒီရှုကွက်မှန်ပါမလား၊ (မမှန်ပါဘုရား) မမှန်နိုင်ဘူးလို့ ဆုံးဖြတ်ချက်ချပါ။

ကြည့်ပါ အရသာသဘောနဲ့ လျှာအကြည်သဘောသာ မတွေ့ဘဲနဲ့ ခံစားတယ်၊ ဒီအာရုံက ခံစားတယ်ဆိုဘာ ပေါ်ပါ့မလား၊ (မပေါ်ပါဘုရား) အရသာကရုပ်၊ ရုပ်-ရုပ်ချင်း အာရုံနဲ့လာပြီးမတိုက်ဆိုင်ဘူးလား၊ တိုက်ဆိုင်သလား၊ (တိုက်ဆိုင်ပါတယ်ဘုရား)တိုက်ဆိုင်လိုက်တဲ့အခါကျတော့လူက ခံစားတာလား၊ ဝေဒနာကခံစားတာလား၊ (ဝေဒနာက ခံစားတာပါဘုရား) ဝေဒနာကဘဲ ခံစားတယ်။

ခံစားတဲ့သဘောကလေးကို ခင်ဗျားတို့က ကောင်းတယ် မကောင်းဘူး၊ ကောင်းတာလဲမဟုတ်၊ မကောင်းတာလဲမဟုတ်ဟု မပြောဘူးလား၊ ပြောသလား၊ (ပြောပါတယ်ဘုရား) ရှိတာကဘာတုံး၊ (ခံစားတဲ့ သဘောပါဘုရား) ဒူးတွေ ပေါင်တွေ ခါးတွေက ပေါ်နေတာလား၊ ရုပ်ကပေါ်နေတာလား၊ (ရုပ်ကပေါ်နေတာပါဘုရား) ဘာရုပ်တုံးဆိုတော့ လျှာအကြည် ဝေဒနာပေါ်တဲ့ ဌာနကလဲ ဒီဌာနမှာဘဲ။ ခင်ဗျားတို့က ရင်ဘတ်ရှုရတာနဲ့ ဒူးရှုရတာနဲ့၊ တခါ ယောဂီတယောက် ပြောဘူးပါတယ်၊ ဝေဒနာ ရှုလို့မရဘူးတဲ့၊ လည်မျိုမှာတစ်နေတာတဲ့၊ ဝေဒနာ လည်မျိုမှာဟစ်နေတာရှိလို့လား၊ (မနေပါဘုရား)ပညတ်မခံဘူးလား ခံသလား၊ (ခံပါတယ်ဘုရား) ဝေဒနာဆိုတာက ခံစားတဲ့သဘောဘာကိုခံစားတာတုံး၊ (အာရုံကိုခံစားတာပါဘုရား)

ဒီဇိဝှါပသာဒဆိုတဲ့ အကြည့်နဲ့ အရသာဆိုတဲ့အာရုံနဲ့ တိုက်ဆိုင်မှသာလျှင် ခံစားတဲ့ဝေဒနာပေါ်တာ၊ မတိုက်ဆိုင်ရင် ဝေဒနာပေါ်ပါ့မလား၊ (မပေါ်ပါဘုရား) နက်ဖြန်မှ ဆက်ရှင်းပါ့မယ်။

အဲဒီလိုစားတိုင်းစားတိုင်း လျှာအကြည်နဲ့တွေ့တိုင်းတွေ့တိုင်း ခံစားတဲ့ဝေဒနာ မရှိဘူးလား ရှိသလား၊ (ရှိပါတယ်ဘုရား) အဲဒီဝေဒနာ ခန္ဓာဖွဲ့လိုက်တော့

ဘာခန္ဓာ ဝေဒနာက္ခန္ဓာပါဘုရား) ဒီအရသာသဘောကို မမှတ်ဘူးလား၊ မှတ်သလား၊ (မှတ်ပါတယ်ဘုရား) လူကမှတ်တာလား သညာက မှတ်တာလား၊ (သညာကမှတ်တာပါဘုရား) သညာက ဘာခန္ဓာလဲ၊ (သညာက္ခန္ဓာပါဘုရား)

စားလိုတယ် မရှိဘူးလား၊ (ရှိပါတယ်ဘုရား) စားလိုဘာက စေတနာ၊ စေတနာကို ခန္ဓာဖွဲ့လိုက်တော့ (သင်္ခါရက္ခန္ဓာပါဘုရား) ဒီအရသာကို လူကသိတာလား စိတ်ကသိတာလား၊ (စိတ်ကသိတာပါဘုရား) ဒီစိတ် ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ၊ (ဝိညာဏက္ခန္ဓာပါဘုရား)

ခန္ဓာဘယ်နှစ်ပါးတုံး (ငါးပါးပါဘုရား) ဘယ်အချိန်မှာတုံး (စားတိုင်းစားတိုင်းမှာပါဘုရား) မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ခန္ဓာငါးပါး ရှိတာ ဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ ခန္ဓာငါးပါး ခုမှဖြစ်တဲ့ ခန္ဓာငါးပါး ခန္ဓာငါးပါးဖြစ်တာကို စားတယ်လို့ခေါ်တယ်။ စားတာရှိရဲ့လား (မရှိပါဘုရား) ခန္ဓာငါးပါးဖြစ်တာကို ချိုတယ်ချိုတာရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာတုံး (ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါးဖြစ်တာကို စားတယ်၊စားတာရှိရဲ့လား စားတယ်ထင်ရင်(ဒိဋ္ဌိပါဘုရား) ရှိတာကဘာတုံး (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါးသည် သက္ကာယခါးတယ်၊ ချိုတယ်၊ ငန်တယ်၊ ဖန်တယ်ထင်ရင် ဒိဋ္ဌိ ပေါင်းလိုက်စမ်း (သက္ကာယဒိဋ္ဌိပါဘုရား) အဲဒီလို စားတိုင်းစားတိုင်းမှာ သက္ကာယနဲ့ ဒိဋ္ဌိမကွဲသမျှ ခင်ဗျားတို့ အပါယ်မီးငြိမ်းပါ့မလား (မငြိမ်းပါဘုရား) အပါယ်မီး ငြိမ်းချင်ရင် စားတိုင်းစားတိုင်းမှာ သက္ကာယနဲ့ဒိဋ္ဌိကွဲပါစေ။

စားတိုင်းစားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာ စပ်တာ ရှိတာလား၊ ခန္ဓာငါးပါး ရှိတာလား ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာဘာလို့ရှိဘာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ ခန္ဓာငါးပါး၊ ခုမှဖြစ်တဲ့ခန္ဓာငါးပါး၊ ဘယ်အချိန်မှာ ဖြစ်တာတုံး(စားတိုင်းစားတိုင်းမှာပါဘုရား) လာဦးမလား ဒိဋ္ဌိတွေ (မလာပါဘုရား) လောဘတွေ ဒေါသတွေ မောဟတွေ ဝင်ဦးမလား မဝင်တော့ပါဘုရား)။

(မုတေ မုတမတ္တံဘဝိဿတိ) မုတေ၊ တွေ့သည်ရှိသော်။ မုတမတ္တံ၊ တွေ့ကာမျှ။ ဘဝိဿတိ၊ ဖြစ်ရမယ်။ ခန္ဓာငါးပါးလို့ ရှုဆဲမှာ သက္ကာယဒိဋ္ဌိ လာဦးမလား (မလာပါဘုရား) ရှုတယ်ထင်အုံးမလား (မထင်ပါဘုရား) ဖန်တယ် စပ်တယ်ထင်ဦးမလား (မထင်ပါဘုရား) ဘာတဲ့တုံး (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါးဘဲဖြစ်တာရှိတယ်၊ အရသာသဘောဘဲရှိတယ်။ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာကြည့်ရမှာလား မရှိတာကြည့်ရမှာသား (ရှိတာကြည့်ရမှာပါဘုရား) ရှိတာက ပရမတ်၊ မရှိတာကဘာတုံး (ပညတ်ပါဘုရား)မရှိတာ

တွေကို ဖန်တယ် ငန်တယ် ချိုတယ် ဆိမ့်တယ်လို့ သွားယူလိုက်တော့ ဒိဋ္ဌိမလာဘူးလား လာသလား (လာပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိတွေ စားတိုင်းစားတိုင်း မဖြစ်ဘူးလား (ဖြစ်ဖါတယ်ဘုရား) သက္ကာယဒိဋ္ဌိဖြစ်ရင် အပါယ်မီးငြိမ်းပါ့မလား (မငြိမ်းပါဘုရား) ဒါကြောင့် တကာတကာမတွေ စားတိုင်းစားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာ ဆိမ့်တာ ရှိတာလား ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား)ရှိတာပါလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ဒါ့ကြောင့် ခုမှဖြစ်တဲ့ ခန္ဓာငါးပါး ဘာဉာဏ်တုံး (နာမရူပ ပရိစ္ဆေဒ ဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် ဉာတပရိညာ မဆိုက်လာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)။

ဒီခန္ဓာငါးပါး မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား) ပျက်တာ မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) နောက်ထပ်အသစ် မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ဖါတယ်ဘုရား) နောက်ထပ်အသစ်ဖြစ်ရင် ဆင်းရဲမလားချမ်းသာမလား (ဆင်းရဲပါတယ်ဘုရား) သုခလားဒုက္ခလား(ဒုက္ခပါဘုရား) မဖြစ်နဲ့မပျက်နဲ့လို့ တားရသလား (မရပါဘုရား) အတ္တလား အနတ္တလား (အနတ္တပါဘုရား) အော်-ဘယ်အချိန်မှာတုံး (စားတိုင်းစားတိုင်းမှာပါဘုရား)။

စားတိုင်းစားတိုင်းမှာ ခန္ဓာ ငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ဆဲ ဟိုတုံးကလဲ စားတိုင်းစားတိုင်း ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ခဲ့တယ်။ ယခုလဲစားတိုင်းစားတိုင်း ခန္ဓာငါးပါး တို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ဆဲ နောင်လဲ စားဦးမယ်ဆိုလို့ရှိရင် ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်အုံးမှာပါကလား အဲဒီလို ဆင်ခြင်တဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (သမ္မသန ဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (တီရဏပရိညာပါဘုရား) မဆိုက်လာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)

အနိစ္စဆိုတဲ့ ဆေးတော်၊ ဒုက္ခဆိုတဲ့ ဆေးတော်၊ အနတ္တဆိုတဲ့ ဆေးတော်၊ ခင်ဗျားတို့ မမှီဝဲဘူးလား မှီဝဲသလား (မှီဝဲပါတယ်ဘုရား) တရားတော်ကို မမှီဝဲဘူးလား မှီဝဲသလား (မှီဝဲပါတယ်ဘုရား) ဒီတရားတော်ကို မှီဝဲလိုက်ရင် ဒီတရားတော်က အဇ္ဈတ္တ သန္တာန်မှာ အနာနဲ့တူတဲ့ ကိလေသာတွေ မအံထုတ်ဘူးလား အံထုတ်မလား (အံထုတ်မှာပါဘုရား) တရားတည်းဟူသော ဆေးစားလို့လား မစားလို့လား (စားလို့ပါဘုရား) ဘာဆေးစားလို့တုံး အနိစ္စ ဒုက္ခ အနတ္တ ဆေးက ဘက်နှစ်လုံးတုံး (သုံးလုံးပါဘုရား) များနေ့လား (မများပါဘုရား)

စားရမဲ့ဆေးကို စားပါ စားရမဲ့ဆေးကို မလိမ်းပါနဲ့ ခင်ဗျားတို့က မစားဘဲနဲ့ လိမ်းဆေးအဖြစ်သွားအသုံးချရင် အဇ္ဈတ္တသန္တာန်မှာ ကိလေသာတွေ အပြင် အံနိုင်ပါ့မလား (မအံနိုင်ပါဘုရား) ဒီဆေးတော်ကို စားမှသာလျှင် ကိလေသာ တွေ အံမှာ ဒါ့ကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ငါက ဆေးဆရာ ကြီး ဆေးဘဲတိုက်နိုင်တယ်ရောဂါပျောက်အောင်မလုပ်နိုင်ဘူး ဆေးကသာလျှင် ရောဂါပျောက်အောင်လုပ်နိုင်တယ် ဆေးမစားရင်ပျောက်ပါ့မလား (မပျောက် ပါဘုရား)။

ယခုလဲဘာဘာတကာမတွေ အနိစ္စဆေး၊ ပြီးတော့ဘာတုံးဒုက္ခဆေး၊ ပြီးတော့ အနတ္တဆေး၊ အဲဒါကို ကျင့်ကြံကျိုးကုတ်အားထုတ်ရှုပွါးရင် စားတာနဲ့ မတူဘူး လားတူသလား (တူပါတယ်ဘုရား) ရှုရင် စားတာနဲ့တူသည် ဖြစ်သောကြောင့် အဇ္ဈတ္တသန္တာန်မှာ သောင်းကျန်းနေတဲ့ လောဘဆိုတဲ့အနာရောဂါတွေ ကိလေ သာတွေ မအံဘူးလား အံသလား (အံပါတယ်ဘုရား) အံ့ထုတ်တယ် မြတ်စွာ ဘုရားဟောတော်မူတဲ့ အံဆေးဆိုတဲ့ ဆေးတော်ကြီး စာပေမှာ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) အဲဒီအတိုင်း ရှုပေါ့ ဒီဉာဏ်ဘာဉာဏ်လဲ (သမ္မ သနဉာဏ်ပါဘုရား)

တကာဘကာမတွေ တဆင့်ပြောကြပါဦးစို့ရဲ့ လျှာနဲ့တွေ့တဲ့အခါမှာလကာ သီးနဲ့တွေ့ဘာလား ဘာနဲ့ တွေ့တာပါလိမ့် (အရသာနဲ့ တွေ့တာပါဘုရား) အရသာမရှိဘူးလား(ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘာ့ကြောင့်ဖြစ်(အကြောင်းကြောင့်ပါဘုရား)အရသာသည် ဘယ်အကြောင်း ကြောင့်ဖြစ်တာတုံး (ဥတုကြောင့်ပါဘုရား) ဥတုသည် အကြောင်းတရား အရ သာကအကျိုးတရား အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည်ဘာဉာဏ်ပဌိစ္စသမုပ္ပါဒ် ဉာဏ်၊ ဟောမာလကာသီးနဲ့တွေ့တာလား အရသာနဲ့တွေ့တာလား (အရသာနဲ့ တွေ့တာပါဘုရား)မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား) ဘာလို့ရှိ (ဖြစ်ဖြစ် နေလို့ပါဘုရား) ဘယ်တုံးကဖြစ် ခုမှဖြစ် ဒါ့ကြောင့်ခုမှဖြစ်တဲ့အရသာ ဘာ့ ကြောင့်ဖြစ်၊ အကြောင်းကြောင့်ဖြစ် ဒီလိုဆင်ခြင်တဲ့ဉာဏ် ဘာဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ် ဘယ်အကြောင်းကြောင့် ဖြစ်တာတုံး (ဥတုကြောင့်ပါဘုရား) ဥတုသည် (အကြောင်းတရား) အရသာက (အကျိုးတရား)အကြောင်းအကျိုး ကွဲတဲ့ဉာဏ် ဘာဉာဏ် ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဘယ်အချိန်မှာကွဲရမှာတုံး(စားတိုင်း စားတိုင်း)။

တကာ တကာမတွေဒါဘာတုံး (အရသာပါဘုရား) လက်မဟုတ်ဘူးလား (မဟုတ်ပါဘုရား) ဒီအရသာ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ရှိ၊ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ပါ ဘုရား) အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်လဲ ပစ္စယပရိဂ္ဂဟဉာဏ်

ဘယ်အကြောင်းကြောင့်ဖြစ်တာတုံး (ကံစိတ် ဥတုအာဟာရကြောင့်ပါဘုရား) (လက်ကို လျှာနဲ့လျက်ပြသည်)။

ကံ စိတ် ဥတု အဟာရသည် အကြောင်းတရား၊ အရသာက အကျိုးတရား အကြောင်းအကျိုးကွဲတဲ့ဉာဏ် (ပဋိစ္စ သမုပ္ပါဒ်ဉာဏ်ပါဘုရား) အကြောင်း အကျိုးလဲ ကွဲသွားတယ် အကြောင်းကိုလဲ ဆင်ခြင်ပြီးသား ဖြစ်မလာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတာဘုရား)ဒီမှာ လျှာအကြည်ဆိုဘာ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိဘာဘာလို့ရှိ ဖြစ်နေလို့ပါဘုရား)ဘာ့ကြောင့် ဖြစ် (အကြောင်းကြောင့်ပါဘုရား) အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်သည် ဘာ ဉာဏ် (ပစ္စယ ပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်အကြောင်းကြောင့် ဖြစ်တာတုံး (ကံကြောင့်ပါဘုရား) ကံက အကြောင်းတရား လျှာအကြည်က အကျိုးတရား အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)

ဒီအရသာကို လူကသိတာလား စိတ်ကသိဘာလား (စိတ်က သိတာပါ ဘုရား) ဘာစိတ်တုံး (အရသာသိတဲ့စိတ်ပါဘုရား)မရှိဘူးလား ရှိသလား(ရှိပါ တယ်ဘုရား) ဘယ်တုံးကရှိလာတုံး (စားတိုင်းစားတိုင်းမှာပါဘုရား) စားတိုင်း စားတိုင်းမှာ အရသာသိတဲ့စိတ် မရှိဘူးလား ရှိသလာ (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် ခုမှဖြစ် ဒါ့ကြောင့် ခုမှဖြစ်တဲ့ အရသာသိတဲ့စိတ် ခုမှဖြစ်တဲ့ အရသာသိတဲ့စိတ် ဘာ့ကြောင့်ဖြစ် အကြောင်းကြောင့်ဖြစ် အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ် (ပစ္စယ ပရိဂ္ဂဟဉာဏ်ပါဘုရား)။

ဘယ်အကြောင်းကြောင့် ဖြစ်တာပါလိမ့် (အရသာသဘော လျှာအကြည် သဘော (၂ ပါးစုံကြောင့်ပါဘုရား)အရသာသိတဲ့စိတ်သည် အရသာသဘော အလျှာအကြည်သဘော ဒီအကြောင်းနှစ်ပါးကြောင့်ဖြစ်တာပါလားလို့ ရှုပွား ရမယ် အရသာသဘော လျှာအကြည်သဘောက အကြောင်းတရား အရသာ သိတဲ့စိတ်က အကျိုးတရား အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ပဋိစ္စသမုပ္ပါဒ် ဉာဏ် ဘာဉာဏ်(ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ကဲအချိန်လဲစေ့ပြီ ဒီဉာဏ်နဲ့ မြတ်စွာဘုရားကိုပူဇော်ကြစို့။

ကဲ-အချိန်စေ့ပြီ၊ နက်ဖြန်မှဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
။ ။ ဓမ္မံပူဇေမိ
။ ။ သံဃံပူဇေမိ

## သက္ကာယဒိဋ္ဌိက ဦးသွားလျှောင် အမှ ၅၁ သော မလျှော်။

## သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၁)ရက်နေ့ ဟောကြားသောတရား။

ဈာယထဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာဝိပ္ပဋိသာရိနော၊ အဟုဝတ္ထ၊ အယံ ဝေါအမှာကံ၊ အနုသာသနီ၊ ဆိုပြီးတော့ မြတ်စွာဘုရားသခင်သည် သံဃာတော် အရှင်မြတ်တွေကို နေ့တိုင်းဆုံးမတော်မူတဲ့ ဒေသနာတော်ဖြစ်ပါတယ်။ဒီဒေသနာ တော်က ဘာလဲဆိုတော့-

ဈာယထဘိက္ခဝေ၊ မာပမာဒတ္ထ။

ဘိက္ခဝေ၊ ချစ်သားတို့၊ မာပမာဒတ္ထ၊ မမေ့ကြပါနဲ့၊ ဈာယထ၊ သမထ ကမ္မဋ္ဌာန်းနှင့် ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ရှုပွါးကြကုန်လော့။ ဘုရားကိုယ် တော်မြတ်က သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကိုရှုရမယ်၊ သမထကမ္မဋ္ဌာန်း ကိုရှုချင်ရင် တကာ တကာမတွေ သတိရှိရမှာလား၊ မရှိရဘူးလား (ရှိရမှာပါ ဘုရား)သတိကဘယ်ဌာနမှာရှိရမလဲ(မျက်စိ နား လျှာ ကိုယ် မန)အဲဒီမှာ သတိ ထားရမယ်။ သတိမရှိဘဲနဲ့ကမ္မဋ္ဌာန်းမဖြစ်ဘူး။

ယနေ့တော့ တကာ တကာမတွေ အသေးစိတ် ပြောကြပါဦးစို့၊ တွေ့တိုင်း တွေ့တိုင်းမှာ သတိထားရမယ်၊ ဘယ်အချိန်မှာ သတိထားရမလဲ (တွေ့တိုင်းမှာ ပါဘုရား) ဒါကြောင့် မိမိရဲ့လက်ဖဝါးလေးနဲ့ အောက်မှာ ထိကြည့်ပါ။ တွေ့တဲ့ အခါမှာ တွေ့တယ်လို့မှတ်ရမယ်။ တွေ့ရင် ဘယ်လိုမှတ်ရမှာတုံး (တွေ့တယ်လို့ မှတ်ရမှာပါဘုရား) တွေ့ရင်တွေ့တယ်လို့မှတ်နေရင် သမထကမ္မဋ္ဌာန်း။

မုတေမုတမတ္တံဘဝိဿတိ။

မုတေ၊ တွေ့သည်ရှိသော်၊ မုတမတ္တံ၊ တွေ့ခါမျှ၊ဘဝိဿတိ၊ဖြစ်ရမယ်။ တွေ့ရင် တွေ့ခါမျှ။ ဒါကြောင့် တကာတကာမတွေ တွေ့ရင်ဘယ်လိုမှတ်ရမှာတုံး(တွေ့ခါ မျှပါဘုရား)တွေ့ရင်တွေ့တယ်လို့မှတ်နေတဲ့အချိန်မှာ လောဘ အစရှိတဲ့ နီဝရဏ တရားတွေ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) ဘာကမ္မဋ္ဌာန်း ဖြစ်လို့ ငြိမ်းတာတုံး (သမထကမ္မဋ္ဌာန်းပါ ဘုရား) (နီဝရဏေ သမေတီတိသမ ထော၊) တဲ့။ နီဝရဏေ၊ နီဝရဏကရားတို့ကို၊ သမေတိ၊ ငြိမ်းစေတတ်၏။ ဣတိ၊ တသ္မာ၊ထို့ကြောင့်၊ သမထော၊သမထကို၊ဗျ။

အဲဒီတော့ သမထ ကမ္မဋ္ဌာန်းသည် ဘယ်တရားတွေကို ငြိမ်းစေတတ်သလဲ (နီဝရဏတရားပါဘုရား) ဘယ်အချိန်မှာငြိမ်းရမှာတုံး (တွေ့တိုင်းမှာပါဘုရား)

တွေ့ရင်ဘယ်လိုမှတ်ရမှာလဲ(တွေ့တယ်လို့ မှတ်ရမှာပါဘုရား)တွေ့ရင်တွေ့တယ်လို့ မှတ်နေရင် ခင်ဗျားတို့ရဲ့ စိတ်တွေ ဟိုဟိုဒီဒီ ရောက်သေးရဲ့လား ( မရောက်ပါဘုရား)စိတ်မတည်ဘူးလား၊ တည်သလား (တည်ပါတယ်ဘုရား) စိတ်တည်နေတာ သမာဓိ၊ ဘာကမ္မဋ္ဌာန်းရလာတုံး (သမာဓိကမ္မဋ္ဌာန်းပါဘုရား) ဒါကြောင့် သမထကမ္မဋ္ဌာန်း၊ သမာဓိကမ္မဋ္ဌာန်းရလာပါတယ်။

ဒါဖြင့် တကာ ထကာမတွေ တဆင့်တက်လိုက်တော့ တွေ့တယ် ဆိုတာတော့ ဟုတ်ပြီ၊ ဘာတွေ တွေ့သလဲလို့ ရှေ့တဆင့် မတက်ရဘူးလား (တက်ရပါတယ်ဘုရား)ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ တွေ့နေသလား၊ ငါဆိုတဲ့အနေနဲ့ တွေ့နေသလား၊ တွေ့တတ်တဲ့ ပုဂ္ဂိုလ်ကော ရှိနေသလား၊ ဒီလိုဉာဏ်က မလိုက်လာဘူးလား၊ လိုက်လာသလား (လိုက်လာပါတယ်ဘုရား) တွေ့ရင်တွေ့တယ်လို့ မှတ်နေရင် အတ္တသညာကင်းပြီလား (မကင်းသေးပါဘုရား) သတ္တဝါဟူသော အယူကောကင်းပြီလား(မကင်းသေးပါဘုရား)ဘာကမ္မဋ္ဌာန်းဖြစ်လို့တုံး(သမထကမ္မဋ္ဌာန်းဖြစ်လို့ပါဘုရား)

ဒါကြောင့် တဆင့်တက်လိုက်။ ဘာနဲ့တွေ့နေတာလဲ၊ဖျာနဲ့တွေ့နေတာလား၊ အိပ်ယာခင်းနဲ့ တွေ့နေတာလား၊ စောင်နဲ့တွေ့နေတာလား၊ သို့မဟုတ် လုံချည် အင်္ကျီတွေနဲ့တွေ့နေတာလားလို့ ဆိုတော့ ဒီလိုမဟုတ်ပါဘူးတဲ့။ တွေ့တာဘာတွေနဲ့တွေ့နေသလဲ ဆိုတော့ ပူမှုသဘော, အေးမှုသဘော, ကြမ်းမှုသဘော, နူးမှုသဘော, ဘယ်နှစ်ချက်တုံး (လေးချက်ပါဘုရား) ဒီပြင် တွေ့စရာရှိသေးရဲ့လား (မရှိပါဘုရား)တကာတကာမတွေ လုပ်ငန်းပါပါစေ။

ခင်ဗျားတို့ တွေ့တဲ့အခါမှာ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေ ဖျာတွေ ကောဇောတွေ ကြမ်းတွေနဲ့တွေ့နေတာလား၊ ပူမှုသဘော အေးမှုသဘောနဲ့တွေ့တာလား (ပူမှုသဘော အေးမှုသဘောနဲ့ပါ ဘုရား) ပြီး တော့ (ကြမ်းမှုသဘော နူးမှုသဘောပါဘုရား) အဲဒီ ပူမှုသဘော, အေးမှုသဘော, ကြမ်းမှုသဘော, နူးမှုသဘော မျက်လုံးနဲ့မြင်ရသလား (မမြင်ရပါဘုရား) ဘာနဲ့မြင်ရမှာတုံး (ဉာဏ်နဲ့ပါဘုရား)ဉာဏ်မြင်ရုပ်လား၊ မျက်မြင်ရုပ်လား(ဉာဏ်မြင်ရုပ်ပါဘုရား)

တကာတကာမတွေ သတိထားလိုက်ပါ၊ ပူဘယ် အေးတယ်ဆိုတာ တေဇော၊ ကြမ်းတယ်နူးတယ်ဆိုတာပထဝီ၊ မျက်လုံးနဲ့မြင်ကောင်းရဲ့လား (မမြင်ကောင်းပါဘုရား)အဲဒီရုပ်ကို ဘာနဲ့မြင်ရမှာတုံး(ဉာဏ်နဲ့မြင်ရမှာပါဘုရား)အဲဒီပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘောတွေကို တခုတည်းပေါင်းလိုက်တော့ (အတွေ့ရုပ်)ဘာရုပ်တုံး(အတွေ့ရုပ်ပါဘုရား) အဲဒီအတွေ့ရုပ်သည် လူနဲ့တွေ့တာလား၊ ကိုယ်အကြည်နဲ့တွေ့တာလား (ကိုယ်အကြည်နဲ့တွေ့တာပါဘုရား)

တကာ့တကာ့မတွေ့ဆိပ်ကြည့်၊ နာတဲ့နေရာမှန်သမျှ ဘာတုံး(ကိုယ်အကြည်ပါဘုရား) ဆံပင် မွေးညှင်း ခြေသည်းလက်သည်း သွား အဲဒီနေရာတွေ ဆိပ်ကြည့်၊ နာရဲ့လား(မနာပါဘုရား)ဒီနေရာ ကိုယ်အကြည်ရှိရဲ့လား(မရှိပါဘုရား) ကာယပသာဒရုပ်မရှိဘူး၊အဲဒီတော့ ကာယပသာဒရုပ်ရှိတဲ့နေရာနဲ့ ကိုယ်အကြည်နဲ့ ဖောဋ္ဌဗ္ဗနဲ့ တွေ့မှသာလျှင် အတွေ့သိတဲ့စိတ်ဟာပေါ်ပါတယ်။ဆံပင် မွေးညှင်း ခြေသည်းလက်သည်းတွေကို ကြည့်ပါ။ အတွေ့သိတဲ့စိတ်ပေါ်ရဲ့လား (မပေါ်ပါဘုရား) ဘာပြုလို့ မပေါ်တာတုံး (ကိုယ်အကြည်မရှိလို့ပါဘုရား)

တကာ့တကာ့မတွေ့ လူသေကောင်တွေကိုဆိပ်ကြည့်၊ သူတို့သိရဲ့လား(မသိပါဘုရား)ဘာပြုလို့တုံး(ကိုယ်အကြည်မရှိလို့ပါဘုရား)အဲဒီကိုယ်အကြည်မရှိတော့ သူတို့မှာ နာတယ် ခဲတယ် ကိုက်တယ် အစ ရှိသဖြင့် သူတို့သိရဲ့လား (မသိပါဘုရား)ကိုယ်အကြည်မရှိလို့မသိဘူး။သူတို့မှာ ကာယပသာဒရုပ်မရှိရင် အပြင်ကလေအရှိစသည်နဲ့တွေ့ရင်သိတဲ့စိတ်ပေါ်သေးရဲ့လား(မပေါ်ပါဘုရား)အဲဒီတော့ ရုပ် နာမ် ရှိသေးရဲ့လား(မရှိပါဘုရား)

ဒါကြောင့် ခင်ဗျားတို့ ကိုယ်အကြည်ရှိတဲ့ နေရာမှန်သမျှ အတွေ့သိတဲ့စိတ် မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) ကိုယ်အကြည်နဲ့ လူတွေ သတ္တဝါတွေနဲ့ တွေ့တာလား၊ ပူမှုသဘော အေးမှုသဘောနဲ့ တွေ့တာလား (ပူမှုသဘော အေးမှုသဘောနဲ့ တွေ့တာပါဘုရား) ဖျာတွေ သင်ဖြူးတွေ ကြမ်းတွေနဲ့ တွေ့တာလား၊ ကြမ်းမှုသဘော နူးမှုသဘောနဲ့ တွေ့တာလား ( ကြမ်းမှုသဘော နူးမှုသဘောနဲ့တွေ့တာပါဘုရား) ဘာနဲ့တွေ့တာတုံး (ကိုယ်အကြည်နဲ့ တွေ့တာပါဘုရား)လာတွေ့တဲ့အခါကျတော့ လူပေါ်သလား၊ စိတ်ပေါ်သလား(စိတ်ပေါ်တာပါ ဘုရား) ဘာစိတ်တုံး (အတွေ့သိတဲ့ စိတ်ပါ ဘုရား) အဲဒီတော့ အတွေ့သဘော ကိုယ်အကြည်သဘော စိတ်သဘော ဘယ်နှစ်ပါးရတုံး (သုံးပါးပါဘုရား)ဒီအပြင်ရှိသေးရဲ့လား(မရှိပါဘုရား)အဲဒီတွေ့တိုင်းမှာ ဘယ်သဘောတွေ ရှိဘာလဲ (အတွေ့သဘော ကိုယ်အကြည်သဘော စိတ်သဘောပါ ဘုရား) သုံးပါးစုံမတွေ့ဘူးလား၊ တွေ့သလား(တွေ့ပါတယ်ဘုရား)

အဲဒီလိုတွေ့တိုင်းမှာ ဖျာ အစရှိသည်တို့နှင့်တွေ့တာလား (သို့မဟုတ်) တွေ့တိုင်းမှာ ဖျာတွေ ကော်ဇောတွေရှိတာလား၊ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါတွေရှိတာလား၊ အတွေ့သဘောတွေရှိတာလား။ (အတွေ့သဘော ရှိတာပါဘုရား) ဘာနဲ့လာတွေ့တာတုံး၊ (ကိုယ်အကြည်နဲ့ပါဘုရား) ကိုယ်အကြည်နဲ့လာတွေ့တော့ လူပေါ်တာလား စိတ်ပေါ်တာလား၊ (စိတ်ပေါ်တာပါဘုရား) ဘာစိတ်တုံး၊ အတွေ့သိတဲ့ စိတ်ပါဘုရား) အဲဒီတော့ အတွေ့သဘော ကိုယ်အကြည်သဘော စိတ်သဘော သုံးပါးပေါင်းဆုံး၍ ဖြစ်ရှိနေပါတကားလို့သိရင် ဘာဥာဏ်လဲ၊ (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ပရိညာ

အားဖြင့် ဉာတပရိညာ မဆိုက်လာဘူးလား ဆိုက်လာသလား၊ (ဆိုက်လာပါတယ်ဘုရား) ဘယ်အချိန်မှာတုံး၊ (တွေ့တိုင်းမှာပါဘုရား)

ဖန်ခွက်နဲ့တွေ့တာဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) ဘာနဲ့တွေ့တာတုံး၊(အတွေ့ပါဘုရား) ဒီမှာ ဘာနဲ့တွေ့တာတုံး၊ ပူမှုသဘော အေးမှုသဘော ပြီးတော့ကြမ်းမှုသဘော နူးမှုသဘော ဖန်ခွက်ရှိရဲ့လား၊ (မရှိပါဘုရား) ကြည့်တော့ဘာရှိတုံး၊ (အဆင်းပါဘုရား) တီးကြည့်ရင်ဘာတုံး၊ (အသံပါဘုရား) နမ်းကြည့်တော့ (အနံ့ပါဘုရား) လျက်ကြည့်တော့ (အရသာပါဘုရား)ကိုင်ကြည့်တော့(အတွေ့ပါဘုရား) ဖန်ခွက်လို့ထင်ရင်ဘာတဲ့လဲ (ဒိဋ္ဌိပါဘုရား) အရှိတရားရှုရမှာလား မရှိတရားရှုရမှာလား၊ (အရှိတရားရှုရမှာပါဘုရား) ဘယ်အချိနမှာ ရှုရမှာတုံး၊ (တွေ့တိုင်းမှာပါဘုရား) ကိုင်တာဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) ရှိတာက ဒီမှာဘာတွေရှိနေတာတုံး၊ (ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘောပါဘုရား) လက်နဲ့တွေ့တာထင်ပါရဲ့ (မဟုတ်ပါဘုရား) ဘာနဲ့လာတွေ့တာတုံး၊ (ကိုယ်အကြည်နဲ့ပါဘုရား) လက်ရှိရဲ့သား၊ (မရှိပါဘုရား) ရှိနေတာက ဘာတုံး၊ (ကိုယ်အကြည်ပါဘုရား) ကိုယ်အကြည်နဲ့ဖန်ခွက်နဲ့တွေ့တာဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) ဘာနဲ့တွေ့ဘာတုံး၊ ပူမှုသဘော အေးမှုသဘောကြမ်းမှုသဘော နူးမှုသဘော၊ တွေ့လိုက်တဲ့အခါကျတော့ ဖန်ခွက်သိတဲ့ စိတ်ပေါ်တာထင်ပါရဲ့ (မဟုတ်ပါဘုရား) ဘာစိတ်ပေါ်တာတုံး၊ (အတွေ့သိတဲ့စိတ်ပါဘုရား) ဖန်ခွက်ရှိရဲ့လား၊ (မရှိပါဘုရား) ဖန်ခွက်ထင်ရင်ဘာတဲ့တုံး၊ (ဒိဋ္ဌိပါဘုရား)အရှိတရားရှုရမှာလား၊ (အရှိတရားရှုရမှာပါဘုရား) ဘယ်အချိန်မှာ ရှုရမှာတုံး။ (တွေ့တိုင်းမှာပါဘုရား) တွေ့တိုင်းတွေ့တိုင်း ဘယ်သဘောရှိတာတုံး၊ (အတွေ့သဘော ကိုယ်အကြည်သဘော စိတ်သဘော သုံးပါးစုံပေါင်းဆုံး၍ ရှိရှိနေပါတကား။

ညာဏ်ကဦးမလာဘူးလား ဦးလာသလား၊ (ဦးလာပါတယ်ဘုရား) ဉာဏ်မဦးရင် သက္ကာယဒိဋ္ဌိကဦးလာမယ်၊ ကိုင်လိုက်လို့ ဖန်ခွက်ထင်ရင် သက္ကာယဒိဋ္ဌိဖြစ်လာမယ်၊ သက္ကာယဒိဋ္ဌိက နိဗ္ဗာန်ဘက်ကို လှည့်တာလား အပါယ်ဘက်ကိုလှည့်တာလား၊ (အပါယ်ဘက်ကို လှည့်တာပါဘုရား) ဉာဏ်က ဘယ်ကိုလှည့်တာတုံး၊ (နိဗ္ဗာန်ပါဘုရား) ညာဏ်တဦးရမှာလား သက္ကာယဒိဋ္ဌိက ဦးရမှာလား၊ (ဉာဏ်ကဦးရမှာပါဘုရား) ဉာဏ်ကဦးချင်ရင် သတိရှိရမှာလား သတိမရှိရဘူးလား၊ (သတိရှိရမှာပါဘုရား) သတိ ဘယ်အချိန်မှာရှိရမှာတုံး၊ (တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား) ဒါ့ကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက။

မုတေ မုတ မတ္တံ ဘဝိဿတိ။

မုတေ၊ တွေ့သည်ရှိသော် လူတွေသတ္တဝါတွေနဲ့တွေ့တာလား ဖန်ခွက်နဲ့တွေ့တာလား၊ ပူမှု အေးမှုသဘောနဲ့တွေ့တာလား၊ (ပူမှု အေးမှုသဘောနဲ့တွေ့တာ

ပါဘုရား) မုတော၊ တွေ့သည်ရှိသော် တွေ့တာ ကိုင်တာမဟုတ်ဘူး၊တွေ့ရင်တွေ့ ခါမျှဘဲလို့မှတ်ရမယ်။

မုတော၊တွေ့သည်ရှိသော် မုဘမတ္တံ၊တွေ့ခါမျှသည် ဘဝိဿတိ ဖြစ်ရမယ်၊ တွေ့ရင် တကာ တကာမတွေ့ ဖန်ခွက်နဲ့တွေ့တာလား (ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘောနဲ့တွေ့တာပါဘုရား) ဒီသဘောတွေက ရုပ်လား လူလား၊ (ရုပ်ပါဘုရား) ဒီရုပ်က ငါနဲ့လာတွေ့တာလား ကိုယ်အကြည်နဲ့လာ တွေ့တာလား၊(ကိုယ်အကြည်နဲ့ လာတွေ့တာပါဘုရား) ကိုယ်အကြည်ကလဲရုပ်၊ ရုပ်·ရုပ်ချင်း လာမတွေ့ဘူးလား၊ (လာတွေ့ပါတယ်ဘုရား) အတွေ့သဘောနဲ့ ကိုယ်အကြည်သဘောက ရုပ်တရား၊အတွေ့သဘောနဲ့ကိုယ်အကြည်သဘောတွေ့ တဲ့အခါ လူပေါ်သလား စိတ်ပေါ်သလား၊ (စိတ်ပေါ်တာပါဘုရား) ဘာစိတ် တုံး၊ (အတွေ့သိတဲ့စိတ်ပါဘုရား) သိတဲ့စိတ်က ဘာတုံး၊ (နာမ်ပါဘုရား)

ဒုတိယနည်းကတွေ့တိုင်းမှာ နာမရူပပရိစ္ဆေဒညာဏ်မရဘူးလား ရသလား၊ (ရပါတယ်ဘုရား) နာမရူပပရိစ္ဆေဒညာဏ်မရရင် ဘာကဦးသွားမှာလဲ (သက္ကာ ယဒိဋ္ဌိကပါဘုရား) သက္ကာယဒိဋ္ဌိကတော့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်း သာ တားရဲ့လား။ (မတားပါဘူးဘုရား) နိဗ္ဗာန်ချမ်းသာကျတော့ (တားပါ တယ်ဘုရား)

အဲဒီတော့ သက္ကာယဒိဋ္ဌိတရားကို ခင်ဗျားတို့ မပယ်သင့်ဘူးလား ပယ်သင့် သလား (ပယ်သင့်ပါတယ်ဘုရား) ဘယ်အချိန်မှာ ပယ်ရမှာတုံး (တွေ့တိုင်းတွေ့ တိုင်းမှာပါဘုရား) ငါနဲ့ပယ်ရမှာလား ဉာဏ်နဲ့ပယ်ရမှာလား (ဉာဏ်နဲ့ပယ်ရ မှာပါဘုရား) ဘာဉာဏ်နဲ့ပယ်ရမှာတုံး (နာမရူပပရိစ္ဆေဒ ဉာဏ်နဲ့ပါဘုရား) ဒါက ရုပ်ဘဲ၊ ဒါကနာမ်ဘဲလို့ ပိုင်းပိုင်းခြားခြားသိရင် သက္ကာယဒိဋ္ဌိ မပြုတ်ဘူး လား ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ဘာကဦးသွားလို့လဲ (ဉာဏ်ကဦး သွားလို့ပါဘုရား) ဘယ်အချိန်မှာ ဦးရမှာတုံး (တွေ့တိုင်းမှာပါဘုရား) တွေ့ တိုင်း နာမ်တရားနဲ့ ရုပ်တရား မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား)

တကာ တကာမတွေ့ ဒုတိယနည်းရှုလိုက်စမ်းပါဦး၊ နာမရူပပရိစ္ဆေဒညာဏ် ဘယ်လိုရှုရမှာတုံး၊ အတွေ့သဘော ကိုယ်အကြည်သဘောက ရုပ်တရား၊ အတွေ့ သိတဲ့စိတ်က နာမ်တရား၊ ရုပ်တရား နာမ်တရားဖြစ်ဖြစ်နေပါတကား၊ အဲဒီလိုရှု ရင် ဘာဉာဏ်လဲ၊ နာမရူပပရိစ္ဆေဒဉာဏ် သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာ အားဖြင့် ဉာတပရိညာ ဆိုက်မလာဘူးလား ဆိုက်လာသလား(ဆိုက်လာပါတယ် ဘုရား) ဒါ့ကြောင့် နာမ်နဲ့ရုပ်မကွဲရင် ဒါကရုပ်ဘဲ ဒါကနာမ်ဘဲလို့မသိရင် ဘာ ကဦးသွားမှာတုံး (သက္ကာယဒိဋ္ဌိကပါဘုရား) သက္ကာယဒိဋ္ဌိက ဦးသွားရင်ခေါင်း ဘယ်ကိုလှည့်မှာတုံး၊ (အပါယ်ပါဘုရား) အပါယ်လေးပါးသို့ လှည့်သွားမယ်

အပါယ်ရွာမှာ ခေါင်းစင်းပြီး ခင်ဗျားတို့ကျုပ်တို့ မခံခဲ့ရဘူးလား ခံခဲ့ရသလား (ခံခဲ့ရပါတယ်ဘုရား) အဲဒါ ဘာ့ကြောင့်လဲဆိုတော့ သက္ကာယဒိဋ္ဌိကြောင့်၊

ဘဝသံသရာမှာ အိုနာသေတွေ ရပ်ခဲ့ရဲ့လား (မရပ်ခဲ့ပါဘုရား) ဘာ့ကြောင့်လဲ (သက္ကာယ ဒိဋ္ဌိကြောင့်ပါဘုရား) ဒါကြောင့် သက္ကာယ ဒိဋ္ဌိဆိုတဲ့ ရန်သူကို ရှေးဦးစွာ မရှင်းသင့်ဘူးလားရှင်းသင့်သလား (ရှင်းသင့်ပါတယ်ဘုရား)သက္ကာယဒိဋ္ဌိ ရှင်းချင်ရင် ပယ်ချင်ရင် ဘာညာဏ်ရှုရမှာတုံး၊ နာမရူပပရိစ္ဆေဒဉာဏ်ကို ရှုရမှာပါဘုရား) ဘယ်အချိန်မှာ ရှုရမှာတုံး (တွေ့တိုင်းတွေ့တိုင်း) တွေ့တိုင်း လူတွေ သတ္တဝါတွေ ရှိတာလား၊ ရုပ်နဲ့ နာမ် ရှိတာလား (ရုပ်နဲ့နာမ် ရှိတာပါ ဘုရား)

ရှိတာဘာလို့ ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်(ခုမှဖြစ်တာပါ ဘုရား) ဒါကြောင့် ခုမှဖြစ်တဲ့ရုပ်နာမ် ဘယ်အချိန်မှာ ဖြစ်နေတာတုံး (တွေ့တိုင်းမှာပါဘုရား)ဒါဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)

ဒီအတွေ့သဘောကို ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘောနူးမှုသဘောကို လူကသိတာလား၊စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား)ဒီစိတ်ကို လူက ဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား ( သတိက ဖေါ်ပေးတာပါ ဘုရား)စိတ်ကစိတ်၊ သတိကစေတသိက်၊ အတွေ့ကဘာတုံး(ရုပ်ပါဘုရား)ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်) ဘယ်အချိန်မှာတုံး (တွေ့တိုင်းမှာပါဘုရား)

မြတ်စွာဘုရား ကိုယ်တော်မြတ်က တွေ့တိုင်း တွေ့တိုင်း ရုပ်နဲ့နာမ် ကွဲရမယ်။ ရုပ်နဲ့နာမ်မကွဲရင် ခင်ဗျားတို့ သာသနာတော်နဲ့ တွေ့ကျိုးနပ်ပါ့မလား (မနပ်ပါဘုရား) သာသနာတော်ကြီးရှိပါလျက် ရုပ်နဲ့နာမ်ကွဲမလာရင် အပါယ်လေးပါးက လွတ်ပါ့မလား(မလွတ်ပါဘုရား) အပါယ်လေးပါးကမလွတ်ရင် မနစ်နာဘူးလား၊နစ်နာသလား(နစ်နာပါတယ်ဘုရား)ဘာကဦးသွားလို့တုံး(သက္ကာယဒိဋ္ဌိက ဦးသွားလို့ပါဘုရား)

တွေ့တိုင်း တွေ့တိုင်းမှာ သက္ကာယဒိဋ္ဌိက ဦးသွားရင်ဖြင့် ကိုယ်ကျိုးနဲ့ပေါ့လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား ( ဆိုထိုက်ပါတယ် ဘုရား ) သက္ကာယဒိဋ္ဌိက ဦးသွားရင်ဖြင့် အို နာ သေ မလွတ်တော့ဘူး၊ ဘဝသံသရာကလဲ အလွန်မတန်မှ ရှည်လျားတယ်ဆိုတာလဲ ခင်ဗျားတို့သိပြီးသားပါ။ ဒီလိုသံသရာရှည်ခဲ့တာ ဘာကြောင့် ရှည်ခဲ့ရသလဲ ဆိုရင် တွေ့တိုင်းတွေ့တိုင်းမှာ သက္ကာယနဲ့ဒိဋ္ဌိမကွဲလို့ တွေ့တိုင်း တွေ့တိုင်းမှာ တကာ တကာမတွေ့ ကိုယ်တွေ့ လက်တွေ့နဲ့ တွေ့တာလား၊ ပူမှုသဘော အေးမှုသဘောတွေနဲ့ တွေ့တာလား (ပူမှုသဘော အေးမှုသဘောတွေနဲ့တွေ့တာပါဘုရား) ပူမှုသဘောကို လက်တွေ့ ကိုယ်တွေ့နဲ့ တွေ့တာလား၊ ကိုယ်အကြည်နဲ့ တွေ့တာလား (ကိုယ်အကြည်နဲ့တွေ့တာပါဘုရား)ပူမှုသဘော အေးမှုသဘောက မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား(ဉာဏ်မြင်ရုပ်ပါဘုရား)

ကိုယ်အကြည်က မျက်လုံးနဲ့ မြင်ရရဲ့လား(မမြင်ရပါဘုရား)ဒီအတွက်ဘောကမြင်ရတယ်။ကာယသာဒကိုယ်အကြည်ရုပ်ကမမြင်ရဘူး၊ ဉာဏ်မြင်ရုပ်ကိုရှုရမှာလား၊ မျက်မြင်ရုပ်ကိုရှုရမှာလား (ဉာဏ်မြင်ရုပ်ကို ရှုရမှာပါဘုရား)

အဲဒီရုပ်သဘောတရားတွေကို လူကသိတာလား၊ စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား)ဘာကိုသိတဲ့စိတ်ပါလိမ့် (အတွေ့သိတဲ့စိတ်ပါဘုရား) အတွေ့သဘော ကိုယ်အကြည်သဘောကရုပ်။ အတွေ့သိတဲ့စိတ်ကနာမ်၊ ဘယ်အချိန်မှာဖြစ်တာတုံး (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ရုပ်နာမ် အဲဒီလိုရှုတဲ့ ဉာဏ်သည်ဘာဉာဏ်လဲ(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)လာဦးမလားသက္ကာယဒိဋ္ဌိ(မလာတော့ပါဘုရား) ဒီနေရာမှာ သက္ကာယဒိဋ္ဌိစင်လိုက်တာနဲ့ လောဘမီးတွေ ဒေါသမီးတွေ မောဟမီးတွေ ဒီခန္ဓာက တောက်ပါအုံးမလား (မတောက်တော့ပါဘုရား)

တကာတကာမတွေ အဲဒီအတွေ့သိတဲ့စိတ်ကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား(သတိကဖေါ်တာပါဘုရား)အတွေ့ကိုကော(သတိက ဖေါ်တာပါဘုရား)အဲဒီသတိက စေတသိက်၊ အတွေ့ကဘာတုံး(ရုပ်ပါဘုရား) အဲဒီတော့စိတ် စေတသိက် ရုပ်၊ ပရမတ္ထတရားသုံးပါး၊ ဘယ်အချိန်မှာရှိတာတုံး(တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား)သင်္ခတတရားလား၊ အသင်္ခတတရားလား (သင်္ခတတရားပါဘုရား)

စိတ်ကိုတော့ဝိညာဏ်၊ သတိစေတသိက်ကိုတော့နာမ်၊ အတွေ့ကိုတော့ ဘာတုံး(ရုပ်ပါဘုရား)ပေါင်းလိုက်စမ်း(ဝိညာဏ် နာမ် ရုပ်)ဘယ်အချိန်မှာ ဝိညာဏ်နာမ် ရုပ်တွေရှိတာတုံး(တွေ့တိုင်းတွေ့တိုင်း)ရှိတာဘာလို့ရှိတာတုံး(ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တဲ့ဝိဉာဏ်နာမ်ရုပ်) ဘယ်အချိန်မှာဖြစ်နေတာတုံး (တွေ့တိုင်းတွေ့တိုင်း) ဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်(နာမရူပပရိစ္ဆေဒဉာဏ်)သုဒ္ဓိအားဖြင့်(ဒိဋ္ဌိဝိသုဒ္ဓိ)ပရိညာအားဖြင့် (ဉာတပရိညာ)မဆိုက်လာဘူးလား၊ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား)

ကုသိုလ်တရားတွေက ကုသိုလ်တရားတွေကို ကျေးဇူးပြုမလာဘူးလား၊ပြုလာသလား(ပြုလာပါတယ်ဘုရား)အသိဉာဏ်တွေမတိုးတက်လာဘူးလား တိုးတက်လာသလား (တိုးတက်လာပါတယ်ဘုရား) ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုနေတယ်လို့ မဆိုထိုက်ဘူးလား၊ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)ဒါကြောင့် တကာတကာမတွေ တွေ့တိုင်းတွေ့တိုင်းမှာ လက်နဲ့တွေ့ဘာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာနဲ့တွေ့တာတုံး(ကိုယ်အကြည်နဲ့တွေ့တာပါဘုရား)လက်နဲ့ဖန်ခွက်နဲ့တွေ့တာထင်ပါရဲ့(မဟုတ်ပါဘုရား) ဘာနဲ့တွေ့တာတုံး (ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘောနဲ့ တွေ့တာပါဘုရား)

အဲဒီသဘောတွေက လူလား၊ ရုပ်လား(ရုပ်ပါဘုရား)အဲဒီရုပ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာလဲ(ရူပက္ခန္ဓာပါဘုရား) မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) ဘယ်အချိန်မှာတုံး (တွေ့တိုင်းမှာပါဘုရား) အာရုံနဲ့ ဝတ္ထု တွေ့တိုင်းတွေ့တိုင်း ရူပက္ခန္ဓာ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) အဲဒီခန္ဓာနဲ့ အတွေ့သဘောနဲ့ ကိုယ်အကြည်နဲ့ လာတွေ့တော့ ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘော၊ မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) အဲဒီပူမှု အေးမှုသဘော အသစ်အသစ် ဖြစ်လိုက်၊ ပြီးတော့ ကြမ်းမှုသဘော နူးမှုသဘောတွေ အသစ်အသစ်ဖြစ်လိုက်၊ တည်မြဲတည်နေသလား (မတည်ပါဘုရား) ဖြစ်ပြီးတော့ ပျက် ပျက် မသွားဘူးလား၊ သွားသလား ( သွားပါတယ် ဘုရား ) မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား (ဖောက်ပြန်ပါတယ် ဘုရား) လူက ဖောက်ပြန်တာလား၊ ရုပ်ကဖောက်ပြန်တာလား(ရုပ်ကဖောက်ပြန်တာပါဘုရား)လူကမဖောက်ပြန်ဘူး၊ ပညတ်တရား ရုပ်ကဖောက်ပြန်တာ။

ရုပ္ပတီတိရူပံ၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်၊ ရူပံ၊ ရုပ်မည်၏။ရုပ်ကဖောက်ပြန်တဲ့သဘော။ ဒီရုပ်သဘောတရား မရှိဘူးလား၊ရှိသလား (ရှိပါတယ် ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်နေလို့ပါ ဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်သွားပါတယ်ဘုရား)ပျက်ရင်ကုန်ပါတော့လား၊ နောက်ထပ် အသစ်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အသစ်အသစ်တွေ ဖြစ်ခြင်းဖြင့်လဲ နောက်ထပ် မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား ( ဖောက်ပြန်ပါတယ် ဘုရား)ဖောက်ပြန်နေတယ်။

အဲဒီ ပူမှုသဘော အေးမှုသဘော အသစ်အသစ် ဖြစ်လိုက်၊ အေးမှုသဘော အသစ်အသစ်ဖြစ်လိုက်၊ မဖြစ်ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)

သီတေနပိရုပ္ပတိ၊ ဥဏှေနပိရုပ္ပတိ။

သီတေနပိ၊ အအေးကြောင့်ဖြင့်လဲ၊ ရုပ္ပတိ၊ ဖောက်ပြန်တတ်၏၊ ဥဏှေနပိ၊ အပူကြောင့်ဖြင့်လဲ၊ ရုပ္ပတိ၊ ဖောက်ပြန်တယ်။ အအေးအသစ်အသစ် ဖြစ်လိုက်၊ အပူအသစ်အသစ်ဖြစ်လိုက်၊ ပြီးတော့ ကြမ်းမှုအသစ်အသစ်ဖြစ်လိုက်၊ နူးမှုအသစ်အသစ်ဖြစ်လိုက်၊ အဲဒီလို ဖောက်ပြန်တဲ့ သဘောတွေကို မခံစားဘူးလား၊ ခံစားသလား(ခံစားပါတယ်ဘုရား) လူကခံစားတာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာကခံစားတာပါဘုရား) ဘယ်အချိန်တွေမှာ ခံစားတာတုံး (တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား)

တွေ့တိုင်းတွေ့တိုင်းမှာ နာတာ ကျင်တာ ကိုက်တာ ခဲတာ ရှိတာလား ဝေဒနာရှိတာလား (ဝေဒနာရှိတာပါဘုရား) ဝေဒနာဆိုတာ ဘာသဘောတုံး

(ခံစားတဲ့သဘောပါဘုရား) ရုပ်က ဖောက်ပြန်တဲ့သဘော၊ ဝေဒနာက ခံစားတဲ့သဘော၊ ရုပ်နဲ့ဝေဒနာနဲ့ မကွဲသမျှ ဝေဒနာကမ္မဋ္ဌာန်းမှန်ပါ့မလား (မမှန်ပါဘုရား) အဲဒီဝေဒနာ လူကဖော်တာလား ရုပ်ကဖော်တာလား ရုပ်ကဖော်တာပါဘုရား)

ဝေဒနာ ကမ္မဋ္ဌာန်းကို ဒူးတွေ ပေါင်တွေက ဖော်ရမှာလား ရုပ်ကဖော်ရမှာလား (ရုပ်ကဖော်ရမှာပါဘုရား) မျက်မြင်ရုပ်ကဖေါ်ရမှာလား ဉာဏ်မြင်ရုပ်ကဖေါ်ရမှာလား (ဉာဏ်မြင်ရုပ်က ဖေါ်ရမှာပါဘုရား) ဉာဏ်မြင်ရုပ်ဆိုတာက ပူမှုသဘော အေးမှုသဘော၊ ဒီပူမှုသဘော အေးမှုသဘောလေးရယ် ဖောက်ပြန်တဲ့သဘောလေးကို ခံစားတာက လူကခံစားတာလား ဝေဒနာက ခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား) ဘယ်အချိန်မှာ ခံစားတာတုံး (တွေ့တိုင်းမှာပါဘုရား) ဒါကြောင့် အဋ္ဌကထာဆရာတော်က

ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာဝ၊ဝေဒယတိ။

ဝတ္ထုံ ဝတ္ထုရုပ်ကို ဒီနေရာမှာ ကာယဝတ္ထုရုပ် မရဘူးလား ရသလား (ရပါတယ်ဘုရား) ကိုယ်အကြည်က ကာယဝတ္ထု၊ အဲဒီကာယဝတ္ထုကိုလူတွေသတ္တဝါတွေက အာရုံပြုတာလား ကာယဝတ္ထုကို အာရုံပြုတာလား (ကာယဝတ္ထုကိုအာရုံပြုတာပါဘုရား) ကာယဝတ္ထုကို အာရုံပြုတာ၊ အတွေ့သဘောက ဘာတွေတွေ့တာတုံး၊ ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘော၊ အဲဒါတွေကို အာရုံပြုတယ်၊ ဒီပြင်ဟာနဲ့ တွေ့လို့ရသလား (မရပါဘုရား)

တကာ တကာမတွေ ဒီကိုယ်အကြည်ဟာ အဆင်းနဲ့တွေ့လို့ရသလား (မရပါဘုရား) အသံနဲ့တွေ့လို့ရသလား (မရပါဘုရား) အနံ့နဲ့တွေ့လို့ရသလား (မရပါဘုရား) အရသာနဲ့ကော တွေ့လို့ရရဲ့လား (မရပါဘုရား) ဘာနဲ့တွေ့ရမလဲဆိုတော့ ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘော၊ လူလား ရုပ်လား (ရုပ်ပါဘုရား) အဲဒီရုပ်တရားတွေကို အာရုံပြုတယ်၊ ဒါ့ကြောင့်

ဝတ္ထုံ အာရမ္မဏံ ကတွာ ဝေဒနာ ဝဝေဒယတိ။

ဝတ္ထုံ ဝတ္ထုကို၊ အာရမ္မဏံ အာရုံကို ကတွာပြု၍ ဝေဒနာဝ ဝေဒနာကသာလျှင် ဝေဒယတိ ခံစားတယ်။

ဝတ္ထုနဲ့ အာရုံတိုက်ဆိုင်တိုက်ဆိုင်တိုင်း လူပေါ်သလား ဝေဒနာပေါ်သလား (ဝေဒနာပေါ်တာပါဘုရား) ဝေဒနာဆိုဘာ ဘာတုံး (ခံစားတဲ့သဘောပါဘုရား) ဘယ်အချိန်မှာ ခံစားတဲ့သဘောပေါ်တာတုံး (တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား) ပေါင်တွေ ခါးတွေက ပေါ်တာလား ရုပ်ကပေါ်တာလား (ရုပ်ကပေါ်တာပါဘုရား) ဒီနေရာမှာ ကိုယ်အကြည် ရုပ်ကနေပေါ်တာ ကာယပသာဒရုပ်ကနေပေါ်တာ။

အဲဒီကာယပသာဒရုပ် ဖောက်ပြန်တဲ့သဘောက ပြင်းပြင်းထန်ထန် ဖောက်ပြန်လာလို့ရှိရင် ဒုက္ခဝေဒနာပေါ်တယ်၊ ဒုက္ခဝေဒနာကို ဘယ်သူက ခံစားတာတုံး၊ ဝေဒနာက ခံစားတာ ရုပ်က ပြင်းပြင်းထန်ထန်ဖောက်ပြန်ရင်ဒီရုပ်ရဲ့ဖောက်ပြန်တဲ့ ဒဏ်ချက်ကို ဖောက်ပြန်တာက ခင်ဗျားတို့ကျုပ်တို့က ခံစားတာလား ဝေဒနာက ခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား) ပြင်းပြင်းထန်ထန် ဖောက်ပြန်တော့ ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါဘုရား) ဒီဒုက္ခကို ဒုက္ခဝေဒနာကဘဲ ခံစားတယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ရုပ်က သိမ်သိမ်မွေ့မွေ့ဖောက်ပြန်ရင် သုခဝေဒနာက ခံစားတယ်၊ ဒီသုခဝေဒနာကို ဘယ်သူက ခံစားတာတုံးဆိုတော့ သုခဝေဒနာကဘဲ ပြန်ပြီးတော့ ခံစားတယ်၊ တကာ တကာမတွေ ဒီရှုကွက်အတွက်ငါပါသလား (မပါပါဘုရား) ဝေဒနာနဲ့ငါ ကွဲမသွားဘူးလား (ကွဲသွားပါတယ်ဘုရား) ဝေဒနာကို ငါလို့ထင်ရင် အော်ရမယ်၊ အမယ်လေး တရမယ်၊ ဘာပြုလို့လဲ (ငါ့ပါလို့ပါဘုရား) ဘာ့ကြောင့်တုံး (သက္ကာယဒိဋ္ဌိကြောင့်ပါဘုရား) ကိုက်လိုက်တာ နာလိုက်တာ ကျင်လိုက်တာ ခဲလိုက်တာ ဘယ်သူ့သတ္တိလဲ (သက္ကာယ ဒိဋ္ဌိပါဘုရား) ယခု ခင်ဗျားတို့ ဝေဒနာက ခံစားတဲ့သဘော မပေါ်ဘူးလား ပေါ်သလား (ပေါ်ပါတယ်ဘုရား)

ခံစားမှုသဘော မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) ငါနဲ့တွေ့တာလား ဉာဏ်နဲ့တွေ့တာလား (ဉာဏ်နဲ့တွေ့တာပါဘုရား) အဲဒီဝေဒနာခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ဝေဒနာက္ခန္ဓာပါဘုရား) ငါတွေ့ခန္ဓာလားဉာဏ်တွေ့ခန္ဓာလား၊ (ဉာဏ်တွေ့ခန္ဓာပါဘုရား)ဘယ်အချိန်မှာ တွေ့တာတုံး(တွေ့တိုင်း တွေ့တိုင်း) လူတွေ သတ္တဝါတွေနဲ့ လာတွေ့တာလား ကိုယ်အကြည်နဲ့လာတွေ့တာလား (ကိုယ်အကြည်နဲ့ လာတွေ့တာပါဘုရား) ကိုယ်အကြည်နဲ့လာတွေ့တိုင်းလာတွေ့တိုင်း ခံစားတဲ့သဘောမပေါ်ဘူးလား ပေါ်သလား(ပေါ်ပါတယ်ဘုရား) အချိန်တိုင်းအချိန်တိုင်း ခံစားတဲ့သဘောတွေ မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား) ရှိတာဘာလို့ရှိတာဘုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ဝေဒနာ။

ဒါ့ကြောင့် ဝေဒနာဖော်ရင်ဖြင့် လူတွေသတ္တဝါတွေက ဖော်ရမှာလား ရုပ်ကဖော်ရမှာလား (ရုပ်ကဖော်ရမှာပါဘုရား) ဘယ်ရုပ်တုံး (ကာယပသာဒရုပ်ပါဘုရား)အဲဒီပသာဒရုပ်နဲ့လက်တွေ ဖျာတွေနဲ့တွေ့တာလား ပူမှုအေးမှုသဘောတွေနဲ့တွေ့တာလား (ပူမှုအေးမှုသဘောတွေနဲ့တွေ့တာပါဘုရား) ပူတာ အေးတာ ရုပ်လားဝေဒနာလား (ရုပ်ပါဘုရား) ပူတာဘာပါလိမ့် (ရုပ်ပါဘုရား)

အေးတာကော (ရုပ်ပါဘုရား) ဝေဒနာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ရုပ်နဲ့ ဝေဒနာနဲ့ မကွဲသမျှ ရှုကွက်မှန်ပါ့မလား (မမှန်ပါဘုရား) ဒါ့ကြောင့် ရုပ်နဲ့ ဝေဒနာနဲ့ကွဲရတယ်၊ ငါနဲ့ဝေဒနာနဲ့ကွဲရတယ်၊ ငါနဲ့ဝေဒနာနဲ့မကွဲရင် ဝေဒနာကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား)

ဒါကြောင့် ကာယပသာဒရုပ်က ပြင်းပြင်းထန်ထန် ဖောက်ပြန်လို့ရှိရင် ဘာဝေဒနာပေါ်မှာတုံး (ဒုက္ခဝေဒနာပါဘုရား) အဲဒါ ကာယိကဒုက္ခဝေဒနာ ကာယိကဒုက္ခဆိုတာ ဘာကြောင့် ကာယိကဒုက္ခလို့ ခေါ်ရသလဲဆိုတော့ ကာယပသာဒရုပ်မှာ ပေါ်လာသည့်အတွက်ကြောင့် ကာယပသာဒရုပ်ရဲ့ ဖောက်ပြန်မှုဒဏ်ချက်ကို ပြင်းပြင်းထန်ထန်ခံစားတာက ဘာဝေဒနာတုံး(ကာယိက ဒုက္ခဝေဒနာပါဘုရား)ပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)

တကာ တကာမတွေ အဲဒီကာယပသာဒရုပ်က သိမ်သိမ်မွေ့မွေ့ဖောက်ပြန်ရင် ဘာဝေဒနာပေါ်တာတုံး (သုခဝေဒနာပါဘုရား) အဲဒီတော့ ကာယပသာဒရုပ်မှာ သိမ်သိမ်မွေ့မွေ့ဖောက်ပြန်သည့်အတွက် ကာယိက သုခဝေဒနာ၊ကာယိက သုခဝေဒနာလို့ တင်စားပြီးခေါ်တာ အမှန်အားဖြင့်တော့ ဝေဒနာဘဲ၊ ဒါက ကာယိကသုခ၊ ကာယိကဒုက္ခနဲ့ မဆိုကြဘူးလားဆိုကြသလား (ဆိုပါတယ်ဘုရား) အဲဒါ တင်စားပြီးဆိုတာ တင်စားပြီးပြောတာ။

ဥပမာ-ပြောပါဦးမယ်၊ ရှင်သာရိပုတ္တရာမှာ သာရိပုတ္တလို့ မပြောဘူးလား (ပြောပါတယ်ဘုရား) မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးရဲ့ လက်ျာတော်ရံဖြစ်တဲ့ သာရိပုတ္တနာလို့ ဒီလိုပြောတယ်၊ ဘာပြုလို့သာရိပုတ္တရာလို့ခေါ်ရတာလဲဆိုတော့ သာရိပုတ္တရာ၏၊ မယ်တော် ပုဏ္ဏေးမကြီးက သာရိပုဏ္ဏေးမ၊ အဲဒီတော့ ဒီရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သာရိပုဏ္ဏေးမကြီးရဲ့သားဆိုတော့ ပုတ္တဆိုဘာ သား ပုတ္တဆိုတာကဘာတုံး (သားပါဘုရား) သာရိဆိုတဲ့ပုဏ္ဏေးမကြီးရဲ့သား။ အဲဒီလို မယ်တော်ကို အစွဲပြုပြီးတော့ သာရိပုတ္တလို့ခေါ်တာ၊

အဲဒီလိုစွဲပြီးခေါ်တာလို ကာယပသာဒပေါ်မှာ ကာယပသာဒရုပ်ရဲ့ဒဏ်ချက်ကို ပြင်းပြင်းထန်ထန် ခံစားတဲ့အတွက်ကြောင့် ဘာဝေဒနာတဲ့လဲ (ကာယိကဒုက္ခဝေဒနာပါဘုရား) ကာယိက၊ ကာယပသာဒဘာရုပ်တုံး (ကာယပသာဒရုပ်ပါဘုရား) ပြင်းပြင်းထန်ထန် ဖေါက်ပြန်တဲ့သဘောကဒုက္ခ၊ အဲဒီဒုက္ခက လူလား၊ ဝေဒနာလား(ဝေဒနာပါဘုရား) အဲဒီတော့ ပေါင်းလိုက်တော့ (ကာယိကဒုက္ခဝေဒနာပါဘုရား) တင်စားပြီးတော့ ခေါ်တာ၊ အမှန်အားဖြင့် တပါးတည်းပြောရင်တော့ ဘာတုံး (ဝေဒနာပါဘုရား) ဝေဒနာဆိုတာ ဘာတုံး (ခံစားတဲ့

သဘော)ကာယိက သုခဝေဒနာ၊ ဒီလိုကော မသုံးဘူးလား၊သုံးသလား(သုံးပါတယ်ဘုရား) ကာယိကဆိုတာ ကာယပသာဒ၊ ဒီကာယပသာဒရုပ်ကလဲ တကာတကာမှာတွေ တည်မျှားတည်နေသလား(မတည်ပါဘုရား)မဖေါက်ပြန်ဘူးလား၊ ဖေါက်ပြန်သလား (ဖေါက်ပြန်ပါတယ်ဘုရား)

သိမ်သိမ်မွေ့မွေ့ ဖေါက်ပြန်တဲ့ အခါကျတော့ လူက ခံစားတာလား၊ သုခဝေဒနာကခံစားတာလား (သုခဝေဒနာက ခံစားတာပါဘုရား) သုခဝေဒနာ ပေါ်မလာဘူးလား ( ပေါ်လာပါတယ်ဘုရား ) ကာယိကနဲ့သုခနဲ့ ပေါင်းလိုက်တော့(ကာယိကသုခပါဘုရား)အဲဒီသုခဟာ လူလား၊ဝေဒနာလား (ဝေဒနာပါဘုရား)ငါလား ဝေဒနာလား (ဝေဒနာပါဘုရား) အဲဒီတော့ ပေါင်းလိုက်စမ်းပါ(ကာယိကသုခဝေဒနာပါဘုရား)

ဒါကြောင့် ကာယိကဒုက္ခဝေဒနာ၊ ကာယိကသုခဝေဒနာတွေ လုပ်မနေနဲ့ အားလုံးချုံးလိုက်တော့ (ဝေဒနာပါ ဘုရား) ဝေဒနာဆိုတာ ဘာသဘောတုံး (ခံစားတဲ့သဘောပါဘုရား)ဘာကိုခံစားတာလဲ (အာရုံကိုပါဘုရား) အဲဒီတော့ ကာယပသာဒနဲ့ပူမှုသဘောနဲ့ လာမတွေ့ဘူးလား၊ တွေ့သလား(တွေ့ပါတယ်ဘုရား)ပူတာဟာ လူလား၊ရုပ်လား(ရုပ်ပါဘုရား) ဝေဒနာလား၊ ရုပ်လား(ရုပ်ပါဘုရား) အဲဒီ ပူမှုသဘောကို မခံစားဘူးလား၊ ခံစားသလား (ခံစားပါတယ်ဘုရား)ဝေဒနာက ငါဟုတ်ရဲ့လား(မဟုတ်ပါဘုရား)

ဝေဒနာက ငါမဟုတ်ဘဲနဲ့ ခင်ဗျားတို့ ခအော်စရာ လိုသေးရဲ့လား (မလိုပါဘုရား)ငြီးစရာလိုသေးရဲ့လား(မလိုပါဘုရား)ဝေဒနာ"ငါ"လို့ထင်နေရင်အော်ရတယ်၊ ငြီးရတယ်၊ မငြီးရဘူးလား၊ ငြီးရသလား(ငြီးရပါတယ်ဘုရား)သက္ကာယဒိဋ္ဌိကြောင့် ဒိဋ္ဌိမစင်လို့မှတ်ပါ။

ဘုရားရဟန္တာတွေ ငြီးရဲ့လား(မငြီးပါဘုရား) ဝေဒနာ"ငါ"လို့ရှုလို့လား၊ မရှုလို့လား(မရှုလို့ပါဘုရား)ဝေဒနာဟာ ဝေဒနာဘဲ။ ဝေဒနာကအတ္တလား အနတ္တလား (အနတ္တပါ ဘုရား) အနတ္တလို့ရှု။ ငါလို့ရှုရင် အတ္တကို ရှုမှာပေါ့။ ခင်ဗျားတို့ကျုပ်တို့က အတ္တရှုနေလို့ ဒီဥစ္စာပေါ်မှာ အကြောင်းပြုပြီးပြောမနေဘူးလား၊ပြောနေသလား(ပြောနေပါတယ်ဘုရား)

ဒါကြောင့် ဝတ္ထုနဲ့အာရုံနဲ့ တွေ့တိုင်းတွေ့တိုင်း လူတွေ သတ္တဝါတွေ ပေါ်တာလား၊ဝေဒနာပေါ်တာလား (ဝေဒနာပေါ်တာပါဘုရား) အဲဒီဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာလဲ (ဝေဒနာက္ခန္ဓာပါဘုရား) တွေ့ရင်တွေ့တယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) မှတ်တာကဘာခန္ဓာလဲ (သညာက္ခန္ဓာပါဘုရား) ခင်ဗျားတို့ တွေ့လိုတယ် ကိုင်လိုတယ် ထိလိုတယ် ဒါလူလား၊ စေတနာလား (စေတနာပါဘုရား) အဲဒီစေတနာကို ခန္ဓာဖွဲ့လိုက်တော့ (သင်္ခါရက္ခန္ဓာပါဘုရား)

တွေ့ရင်တွေ့တယ်လို့ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) လူက သိတာလား၊စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား)အဲဒီစိတ်ကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာလဲ ( ဝိညာဏက္ခန္ဓာပါ ဘုရား ) ခန္ဓာဘယ်နှစ်ပါး ရလာတုံး (ငါးပါးပါဘုရား) ငါးပါးက ဆိုစမ်းပါဦး (ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပါဘုရား)

ဘယ်အချိန်မှာတုံး(တွေ့တိုင်းမှာပါဘုရား)တွေ့တိုင်းတွေ့တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား) လက်တွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါ ဘုရား) ကိုက်တာ ခဲတာ ရှိရဲ့လား ( မရှိပါ ) ရှိတာပါရှိတုံး ( ခန္ဓာငါးပါးပါဘုရား ) ဘယ်အချိန်မှာ ရှိဘာတုံး (တွေ့တိုင်းမှာပါ ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်နေလို့ပါဘုရား) ဘယ်တုံးက ဖြစ်တာတုံး (ခုမှဖြစ်တဲ့ခန္ဓာငါးပါး၊ ခုမှဖြစ်တဲ့ခန္ဓာငါးပါး)

ခန္ဓာငါးပါးဖြစ်တာကိုကိုင်တယ်၊ ခန္ဓာငါးပါးဖြစ်တာကိုထိတယ်၊ ဖန်ခွက်နဲ့ထိတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သက်န်းနဲ့ထိတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာဖြစ်တာတုံး (ခန္ဓာငါးပါးဖြစ်တာပါ ဘုရား) ကိုင်တာလဲ မရှိဘူး၊ ထိတာလဲမရှိဘူး။ဒီမှာ အတွေ့ကိုသတိထားလိုက်ရင် ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘော၊ ရုပ်ခန္ဓာ ဖြစ်လိုက်တာနဲ့ တပြိုင်နက် ကျန်တဲ့နာမ်ခန္ဓာလေးပါး မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) တပြိုင်တည်းဖြစ်တော့ သဟဇာတပစ္စည်း အတူတကွ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ရုပ်ခန္ဓာဖြစ်လိုက်တာနဲ့တပြိုင်တည်း နာမ်ခန္ဓာလေးပါးလဲ တပြိုင်တည်းဖြစ်၊ ခင်ဗျားဟို ကျုပ်တို့ နေ့တဲ့ဘုံက ခန္ဓာဘယ်နှစ်ပါးဖြစ်တဲ့ ဘုံလဲ ( ငါးပါးပါဘုရား) ပဉ္စဝေါကာရလို့ဆိုတဲ့ ခန္ဓာငါးပါးဖြစ်တဲ့ဘုံ။

ဒါကြောင့် သင်္ကန်းတွေ လက်တွေ ဖန်ခွက်တွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် (ခုမှဖြစ်တဲ့ ခန္ဓာငါးပါး)ဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (နာမရူပပရိစ္ဆေဒဉာဏ်ပါ ဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါ ဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါ ဘုရား) မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)

သတိထားလိုက်စမ်းပါ။ ဒီမှာ ပူမှုသဘော အေးမှုသဘော မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) လူလား ရုပ်လား(ရုပ်ပါဘုရား) ဒီရုပ်မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား )ဘယ်တုံးကဖြစ်တာတုံး(ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တဲ့ရုပ်၊

ပုမ္မူသဘောကိုဘဲရှုရှု အေးမှုသဘောရှုရှု တေဇောရုပ်ဘဲ။ ဒါကြောင့် ခုမှ ဖြစ်တဲ့ တေဇောရုပ်(သို့မဟုတ်) ခုမှဖြစ်တဲ့ပထဝီ၊ ဒီလိုကော မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) ဖြစ်နေတာ ဘာကြောင့်ဖြစ်နေတာတုံး (အကြောင်းကြောင့်ပါ ဘုရား) ဘယ်အကြောင်းကြောင့် ဖြစ်တာတုံး (ဥတု ကြောင့်ပါ ဘုရား) ဖန်ခွက်မှာ ဥတုမရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒီဥတု ကြောင့်ဖြစ်တဲ့၊ ကိုယ်အကြည်နဲ့ လာမတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)တွေ့ တော့ ဒီမှာအတွေ့ သိတဲ့စိတ် မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်နေပါတယ် ဘုရား) အချိန်တိုင်းအချိန်တိုင်း တွေ့တိုင်းတွေ့တိုင်း မပေါ်ဘူးလား၊ ပေါ်နေ သလား(ပေါ်နေပါတယ်ဘုရား)ခုမှဖြစ်တဲ့အတွေ့ ဘာကြောင့်ဖြစ်(အကြောင်း ကြောင့်ပါဘုရား) အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်လဲ (ပစ္စယ ပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်အကြောင်းကြောင့် ဖြစ်တာတုံး (ဥတုကြောင့်ပါ ဘုရား)ဥတုသည်အကြောင်းတရား၊ အတွေ့ကဘာတုံး(အကျိုးတရား)ဒီလိုကွဲတဲ့ ဉာဏ်ဘာဉာဏ်(ပင္စိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)မရဘူးလား ရသလား(ရပါတယ် ဘုရား)

တကာတကာမတွေ့ ဒါဘာတုံး လက်၊ လက်ချင်းတွေ့တာလား (မဟုတ်ပါ ဘုရား) ဘာတုံး (အတွေ့ပါဘုရား) ဘာနဲ့ လာတွေ့တုံး (ကိုယ်အကြည်နဲ့ပါ ဘုရား)ဒီအတွေ့မှာလဲ ပူမှု အေးမှု ကြမ်းမှုနူမှုသဘော မရှိဘူးလား၊ရှိနေသလား (ရှိနေပါတယ်ဘုရား)ရှိတာဘာလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)

ဘယ်တုံးကဖြစ် (ခုမှဖြစ်တဲ့အတွေ့) ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့် ဖြစ်) အကြောင်းကိုဆင်ခြင်တဲ့ဉာဏ် ဘာဉာဏ်လဲ (ပစ္စယပရိဂ္ဂယ ဉာဏ်ပါ ဘုရား) သုဒ္ဓိအားဖြင့် ဘာသုဒ္ဓိ (ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပရိညာအားဖြင့် (ဉာတ ပရိညာပါဘုရား) ဆိုက်မလာဘူးလား ဆိုက်လာသလား (ဆိုက်လာပါတယ် ဘုရား)

အတွေ့ရုပ် ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) ဘယ် အကြောင်းကြောင့်ဖြစ်တာပါလိမ့် (ကံ စိတ် ဥတု အာဟာရကြောင့်ပါဘုရား) ကံစိတ် ဥတု အာဟာရသည် အကြောင်း တရားလား အကျိုး တရားလား (အကြောင်းတရားပါဘုရား)အတွေ့ရုပ်က(အကျိုးတရားပါဘုရား)အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)

တကာ တကာမတွေ့ ဒီမှာဘာရှိတာတုံး (ကိုယ်အကြည်ပါဘုရား) လက်ရှိ တာလား ကိုယ်အကြည်ရှိတာလား(ကိုယ်အကြည်ရှိတာပါဘုရား) ကိုယ်အကြည် နဲ့ဖန်ခွက်နဲ့တွေ့တာလား ဘာနဲ့တွေ့တာတုံး (အတွေ့နဲ့ပါဘုရား) အတွေ့နဲ့ သာ အဲဒီလိုသာ မှတ်လိုက်လေးချက်ငြိမဟုတ်လား (အတွေ့နဲ့မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား) ကိုယ်အကြည်ကော ဒီမှာ မဖြစ်ဘူးလား ဖြစ်သလား

(ဖြစ်ပါတယ်ဘုရား) အတွေ့ဖြစ်တိုင်းဖြစ်တိုင်း ကိုယ်အကြည်ကလဲဖြစ် ဒီကိုယ်အကြည်မရှိဘူးလားရှိသလား (ရှိပါတယ်ဘုရား)

ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်တာ ဘာ့ကြောင့်ဖြစ် (အကြောင်းကြောင့်ဖြစ်) အကြောင်းကိုဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)ကိုယ်အကြည်သည် ဘာကြောင့်ဖြစ်တာတုံး(အကြောင်းကြောင့်) ဘာအကြောင်းတုံး (ကံအကြောင်းပါဘုရား) ကံသည် အကြောင်းတရား ကိုယ်အကြည်က (အကျိုးတရား) အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)

အတွေ့နဲ့ကိုယ်အကြည်နဲ့တွေ့တဲ့အခါ လူပေါ်သလား စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ်ဘုရား) ဘာစိတ်တုံး (အတွေ့သိတဲ့စိတ်ပါဘုရား) အတွေ့သိတဲ့စိတ်က ဘယ်အကြောင်းကြောင့် ဖြစ်တာတုံး (အတွေ့သဘော ကိုယ်အကြည်သဘောကြောင့်ပါဘုရား) အတွေ့သဘော ကိုယ်အကြည်သဘော နှစ်ပါးကြောင့် အတွေ့သိတဲ့စိတ်ဖြစ်တယ်။

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ၊ ဥပ္ပဇ္ဇတိ၊ ကာယဝိညာဏံ။

ကာယဉ္စ ကာယပသာဒရုပ်ကိုရှင်း၊ ဖောဋ္ဌဗ္ဗေစ အတွေ့ ဖောဋ္ဌဗ္ဗရုပ်ကိုရှင်း၊ ကာယဝိညာဏံ အတွေ့ကိုသိတဲ့ ကာယဝိညာဏ်စိတ်သည် ဥပ္ပဇ္ဇတိဖြစ်တယ်၊ ဒီအတွေ့သိတဲ့စိတ်က ကိုယ်အကြည်နဲ့အတွေ့ကြောင့်ကိုယ်အကြည်ကအကြောင်းတရား အတွေ့ကဘာတုံး (အကျိုးတရားပါဘုရား) ကိုယ်အကြည်နှင့်အတွေ့က အကြောင်းတရား၊ အတွေ့သိတဲ့စိတ်ကအကျိုးတရား အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ရမသာဘူးလားရလာသလား (ရလာပါတယ်ဘုရား)

နောက် အဌကထာနည်းက ဘယ်နှစ်ပါးလဲဆိုတော့ လေးပါး၊ အတွေ့သိတဲ့စိတ်ဖြစ်ကြောင်းလေးမျိုးက ကိုယ်အကြည်ရယ် အတွေ့ရယ် ပထဝီရယ် နှလုံးသွင်းရယ် ဘာတဲ့တုံး (ကိုယ်အကြည်ရယ် အတွေ့ရယ် ပထဝီရယ် နှလုံးသွင်းရယ်) အဲဒါ အကြောင်းတရားလား အကျိုးတရားလား (အကြောင်းတရားပါဘုရား) ဘယ်အကြောင်းတရားတုံး (အတွေ့သိတဲ့စိတ်ရဲ့ အကြောင်းတရား) ကိုယ်အကြည် အတွေ့ ပတဝီ နှလုံးသွင်းက အကြောင်းတရား၊ အတွေ့သိတဲ့စိတ်ကဘာတုံး(အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဒီလို ခွဲမထားဘူးလားခွဲထားသလား (ခွဲထားပါတယ်ဘုရား)

ဒါ့ကြောင့် တကာတကာမတွေ အဲဒီလိုကော ရှုလို့မရဘူးလား ရသလား (ရပါတယ်ဘုရား) လူတွေ သတ္တဝါတွေ ယောကျ်ားမိန်းမပုဂ္ဂိုလ်တွေရှိတာလား

ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ဘယ်အချိန်မှာ ရှိတာတုံး (ရှုတိုင်းရှုတိုင်းမှာပါဘုရား)ရှိရှိနေတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) မြဲလို့လားမမြဲလို့လား (မမြဲလို့ပါဘုရား) မမြဲတာ အနိစ္စလား နိစ္စလား (အနိစ္စပါဘုရား) ဘယ်အချိန်မှာတုံး (တွေ့တိုင်းတွေ့တိုင်း) လူတွေ သတ္တဝါတွေဖြစ်တာလား ခန္ဓာငါးပါးဖြစ်တာလား (ခန္ဓာငါးပါးဖြစ်တာပါဘုရား)

ဖြစ်ရင်ကုန်ပါတော့လား နောက်ထပ်အသစ်မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ်ပြီးနောက် (ပျက်) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) မဖြစ်နဲ့မပျက်နဲ့လို့ တားရရဲ့လား (မရပါဘုရား) ဘယ်အချိန်မှာတုံး (တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား)မျက်မြင်ခန္ဓာလား ဉာဏ်မြင်ခန္ဓာလား (ဉာဏ်မြင်ခန္ဓာပါဘုရား) နောက် အတ္တလား အနတ္တလား (အနတ္တပါဘုရား)

အနိစ္စ ဒုက္ခ အနတ္တဆိုတာ မျက်မြင်ခန္ဓာကိုရှုရမှာလား ဉာဏ်မြင်ခန္ဓာကိုရှုရမှာလား (ဉာဏ်မြင်ခန္ဓာကိုရှုရမှာပါဘုရား) ဘယ်အချိန်မှာလဲ (တွေ့တိုင်းတွေ့တိုင်း) တွေ့တိုင်း ဉာဏ်မြင်ခန္ဓာကိုရှုရမှာလား (ရှုရမှာပါဘုရား) တွေ့တိုင်းတွေ့တိုင်း ခန္ဓာငါးပါးဖြစ်ပြီးတော့ဘယ်ရောက် (ပျက်ပါတယ် ဘုရား) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စလို့ရှုလိုက်တာနဲ့တပြိုင်နက် ဝိပဿနာဉာဏ် ပေါ်မလာဘူးလား(ပေါ်လာပါတယ်ဘုရား) နောက် အနိစ္စာ နုပဿနာဉာဏ် ရှုလိုက်တာနဲ့တပြိုင်နက် အမှန်ရှုလား အမှားရှုလား (အမှန်ရှုပါဘုရား) အမှန်ရှုရင် သမ္မာဒိဋ္ဌိလား မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိဆိုတာ ဘယ်ကိုညွှတ်တာပါလိမ့် (နိဗ္ဗာန်ပါဘုရား)

ဉာဏ်က ဘယ်ကိုလှည့်လိုက်တုံး (နိဗ္ဗာန်ကိုပါဘုရား) ဒီလိုသာမရှုမိရင်သက္ကာယဒိဋ္ဌိသာရှုမိလိမ့်မယ်၊ သက္ကာယဒိဋ္ဌိကိုရှုမိရင် ဘယ်ကိုလှည့်မှာတုံး (အပါယ်ကိုပါဘုရား)ဉာဏ်ကဦးသွားရင် ဘယ်ကိုလှည့်မှာတုံး (နိဗ္ဗာန်ကိုလှည့်မှာပါဘုရား) အနိစ္စာ နုပဿနာဉာဏ် ဘယ်မှာတုံး (တွေ့တိုင်းမှာပါဘုရား) မျက်မြင်ခန္ဓာပေါ်မှာလား ဉာဏ်မြင်ခန္ဓာပေါ်မှာလား (ဉာဏ်မြင်ခန္ဓာပေါ်မှာပါဘုရား) ဉာဏ်မြင်ခန္ဓာပေါ်မှာတွေ့တိုင်းတွေ့တိုင်း ခန္ဓာငါးပါးဖြစ်ပြီးတော့ဘယ်ရောက် (ပျက်ပါတယ်ဘုရား) မြဲလို့လား မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလားအနိစ္စလား (အနိစ္စပါဘုရား) နောက်ထပ်အသစ်ဖြစ်ရင် မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲရင် သုခလား ဒုက္ခလား (ဒုက္ခပါဘုရား)

မဖြစ်နဲ့မပျက်နဲ့လို့ တားရရဲ့လား (မရပါဘုရား) အတ္တလား အနတ္တလား (အနတ္တပါဘုရား) ယခုတော့ အနိစ္စအမှန် ဒုက္ခအမှန် အနတ္တအမှန်လို့ အနိစ္စာ

နုပဿနာ ဒုက္ခာနုပဿနာ ပြီးတော့ ဘာတုံး၊ အနတ္တာ နုပဿနာ ဒီဉာဏ်သုံးပါးနဲ့ရှုလိုက်တော့ ခင်ဗျားတို့ဉာဏ်ဟာ ဘယ်ကိုလှည့်သွားမလဲ (နိဗ္ဗာန်ဘက်လှည့်သွားမှာပါဘုရား) မညွတ်ဘူးလား ညွတ်သွားသလား (ညွတ်သွားပါတယ်ဘုရား) ဒီလိုသာ မရှုမိရင် သက္ကာယ ဒိဋ္ဌိကဦးသွားတော့ ဘယ်ကိုလှည့်မလဲ (အပါယ်ကိုပါဘုရား) အဲဒါဘဲ ခင်ဗျားတို့ ကိုယ့်ဟာကိုယ်စဉ်းစားတော့။

ဒါနဲ့ပတ်သက်ပြီး ဥပမာပြောပါဦးမယ်၊ လူတွေ သတ္တဝါတွေ ယောကျ်ားမိန်းမတွေက အနိစ္စလား၊ ခန္ဓာငါးပါးကအနိစ္စဒုက္ခအနတ္တလား (ခန္ဓာငါးပါးက အနိစ္စဒုက္ခအနတ္တပါဘုရား)ခန္ဓာငါးပါးကို အနိစ္စဒုက္ခအနတ္တလို့ မသိလို့ အိုနာသေ မရပ်ဘာလို့ဆိုလို့ရှိရင် မှားပါ့မလား(မမှားပါပါဘုရား)

တကာတကာမတွေကို ဥပမာပြောပါဦးမယ်။ ညဥ့်သန်းခေါင်ယံမှာ မိုးသည်းတွေကလဲ မှောင်ကျပြီးနေတယ်။ ညဥ့်ကောမနက်ဘူးလား၊ နက်သလား(နက်ပါတယ်ဘုရား) ညကလဲသန်းခေါင်ယံ လူတယောက်ကလဲ အဲဒီတောအုပ်ကြီးထဲမှာ မျက်စိလည်ပြီးတော့ နေတယ်၊ မလည်ဘူးလား၊ လည်သလား (လည်ပါတယ်ဘုရား)ဘယ်မှာလည်နေတာလဲ(တောအုပ်ကြီးထဲမှာပါဘုရား)ညက ညဥ့်မနက်ဘူးလား၊ နက်သလား(နက်ပါတယ်ဘုရား) ညဥ့်နက်တယ် (၁၂)နာရီလောက် မိုးသည်းတွေကလဲ တခါတည်း မှောင်ပြီးတော့ မကျလာဘူးလား၊ ကျလာသလား (ကျလာပါတယ်ဘုရား)

သူမျက်စိလည်နေတော့ လမ်းသိရဲ့လား(မသိပါဘုရား)လမ်းမသိတော့ အဲဒီအချိန်မှာ သူကမ္ဘာ့ပျက်ကြီးနားရောက်သွားတယ်။ကျမ်းဂန်ကပြတယ်။သူဘယ်နားရောက်သွားတုံး(ကမ္ဘာ့ပျက်ကြီးနားပါဘုရား) ကမ္ဘာ့ပျက်ကြီးနားရောက်သွားတော့ ရေတွေက စီးလာတဲ့အခါ ဒိုက်ကြီးတွေပါလာတယ်တဲ့၊ ဘာတွေပါလာတုံး(ဒိုက်ကြီးတွေပါလာပါတယ်ဘုရား)

ဒိုက်ကြီးတွေ မှော်တွေနဲ့ စုပြီး ပါလာတဲ့ အခါကျတော့ မျက်စိလည်နေတဲ့ယောကျ်ားကစဉ်းစားတယ်။ မျက်စိလည်နေတဲ့အတွက် နတ်သိကြားတွေက ငါ့အဘို့ ဖေါင်ကြီးလုပ်ပေးတာနဲ့တူတယ်။ မထင်ထိုက်ဘူးလား၊ ထင်ထိုက်သလား (ထင်ထိုက်ပါတယ်ဘုရား) ငါ့အတွက် ဖေါင်ကြီးလုပ်ပေးတယ်ဆိုပြီး ဒီဒိုက်ကြီးပေါ်တက်စီးတော့တာဘဲ။ မစီးဘူးလား၊ စီးသလား (စီးပါတယ်ဘုရား) ဒီဒိုက်ကြီးက ကျိုးတွေနဲ့ကြိမ်တွေနဲ့ချည်ထားတဲ့ဖေါင် ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) မဟုတ်ဘူး။ ဟိုတစု ဒီတစုနဲ့ အုံလိုက်ကြီးပါလာတယ်၊ ဒါနဲ့သူက ဒီဒိုက်ကြီးပေါ်တက်ထိုင်ပြီး လိုက်မသွားဘူးလား၊လိုက်သွားသလား(လိုက်သွားပါတယ်ဘုရား) လိုက်သွာ တယ်။

မျက်စိမလည်ဘူးလား၊ လည်သလား (လည်ပါတယ်ဘုရား) အဲဒီဒိုက်ကြီးထဲမှာလဲဘဲ၊ ငန်းကျားမြွေကြီးလေးကောင်ပါလာတယ်။ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ဒါဖြင့် သိရဲ့လား (မသိပါဘုရား) မသိဘူး။ ဒီဖေါင်ကြီးနဲ့တူတဲ့ ဒိုက်ကြီးပေါ်မှာ မြွေကြီးလေးကောင်ရှိနေတဲ့ ဒိုက်ကြီးပေါ်မှာ ဒီမျက်စိလည်နေတဲ့ပုဂ္ဂိုလ်က စီးမသွားဘူးလား၊ စီးသွားသလား(စီးသွားပါတယ်ဘုရား) စီးသွားတဲ့အခါ သွားရင်းသွားရင်းနဲ့ မြွေကြီးလေးကောင်ကလဲ မကိုက်ဘူးလား ကိုက်သလား (ကိုက်ပါတယ် ဘုရား) ကိုက်မှန်းကော သိရဲ့လား (မသိသေးပါဘုရား)မြွေကြီးလေးကောင်ကကိုက်နေတာ ကိုက်မှန်းလဲမသိဘူး။ ဒါ့ကြောင့်အတွက် နတ်သိကြားတွေက ဖန်ဆင်းပေးလိုက်ဘာဆိုပြီး ဒီဒိုက်ကြီးပေါ် လိုက်သွားတာ၊ မလိုက်ဘူးလား၊ လိုက်သွားသလား(လိုက်သွားပါတယ်ဘုရား) ပင်လယ်သမုဒ္ဒရာထဲရောက်မသွားဘူးလား(ရောက်သွားပါတယ်ဘုရား)ပင်လယ်သမုဒ္ဒရာထဲရောက်တော့ လေမုန်တိုင်းကလဲတိုက်၊ လှိုင်းတွေကလဲကြီးပြီးလာတဲ့အခါကျတော့ ပြိုကွဲထွက်သွားတယ်။ မပြိုကွဲဘူးလား၊ ပြိုကွဲသွားသလား (ပြိုကွဲသွားပါတယ်ဘုရား) ပြိုကွဲသွားတဲ့အခါကျတော့ ဒီလူဘယ်ရောက်သွားသလဲဆိုတော့ မြုပ်သွားတယ်။ မြုပ်သွားပြီး မသေဘူးလား၊ သေသလား (သေသွားပါတယ်ဘုရား) သေပြီးတော့ ငါးလိပ်တို့ရဲ့အစာ ဖြစ်သွားတယ်။ အဲဒီဥပမာအတိုင်းပါဘဲ၊ ဒိုက်ကြီးက ဘာနဲ့တူသလဲဆိုတော့ ခန္ဓာငါးပါးနဲ့တူတယ်။

ဒီဒိုက်ကြီးကဘာနဲ့တူသလဲ(ခန္ဓာငါးပါးနဲ့တူတာပါဘုရား) ခန္ဓာငါးပါးကို ခင်ဗျားတို့ကျုပ်တို့က ရှေးကုသိုလ်ကံကြောင့် ဒီခန္ဓာရလာတယ်ဆိုပြီ ဒီလိုအထင်မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) အမှန်အားဖြင့် တကာတကာမတွေက ကောင်းဘယ်ထင်တာဘဲ။ မျက်စိလည်နေတာလား၊ မလည်ဘူးလား (လည်နေတာပါဘုရား)အဲဒီတော့ ဒိုက်ကြီးက ဘာနဲ့တူဘာတုံး(ခန္ဓာငါးပါးနဲ့ပါဘုရား) အဲဒီဒိုက်ကြီးထဲမှာ မြွေကြီးဘယ်နှစ်ကောင်ပါတုံး (လေးကောင်ပါဘုရား) မြွေကြီးလေးကောင်ကဓာတ်ကြီးလေးပါး။ မြွေကြီးလေးကောင်က ဘာနဲ့တူတာတုံး (ဓာတ်ကြီးလေးပါးပါ ဘုရား) လေးပါးက ဆိုလိုက်စမ်းပါ (ပထဝီ တေဇော အာပေါ ဝါယော) ခန္ဓာငါးပါးနဲ့တူတဲ့ဒိုက်ကြီးပေါ်မှာ မြွေကြီးလေးကောင်နဲ့တူတဲ့ဓာတ်ကြီးလေးပါး၊ ခင်ဗျားတို့ကျုပ်တို့ မရဘူးလား၊ ရသလား(ရပါတယ်ဘုရား)

ခန္ဓာငါးပါး ဖေါင်ကြီးပေါ်မှာ မစီးဘူးလား၊ စီးသလား (စီးနေပါတယ်ဘုရား) ဓာတ်ကြီးလေးပါး ကလဲ မဖေါက်ပြန်ဘူးလား၊ ဖေါက်ပြန်သလား (ဖေါက်ပြန်ပါတယ်ဘုရား) ဖေါက်ပြန်နေတယ်။ တကာ တကာမတွေ ဖေါက်ပြန်မှန်းသိရဲ့လား(မသိပါဘုရား) ဖေါက်ပြန်တဲ့အခါကျတော့ ပြုပြင်လိုက်ရတာ ငြိမ်ငြိမ်နေလို့ရရဲ့လား(မနေရပါဘုရား)အပူကလွန်ကဲလို့ရှိရင် အေးအောင်ဆိုပြီး

တော့ ဆေးကျွေးရပြန်ပြီ။ မကျွေးရဘူးလား၊ ကျွေးရသလား (ကျွေးရပါတယ်ဘုရား)အဲဒါ မြွေကြီးလေးကောင်ကိုက်နေတာ၊ မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား)

ဘယ်အချိန်တွေမှာ ကိုက်နေတာလဲ(တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား)မကိုက်ဘူးလား(ကိုက်ပါဘယ်ဘုရား)ပြောမယ်ဆိုရင် မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း ပြီးတော့ စားတိုင်းစားတိုင်း၊ ပြီးတော့ တွေ့တိုင်းတွေ့တိုင်း ဘယ်သူကကိုက်နေတာတုံး ( မြွေကြီးလေးကောင်ကပါ ဘုရား ) မြွေကြီးလေးကောင်က ဘာတုံး (ဓာတ်ကြီးလေးပါးပါဘုရား) ဓာတ်ကြီးလေးပါး ညီညွတ်အောင် ချော့မနေရဘူးလား(ချော့နေရပါတယ်ဘုရား)

ဒီမြွေကြီးလေးကောင်၊ တကောင်ကောင်က အမျက်ထွက်ပြီး ကိုက်လိုက်လို့ရှိရင် သက်သာပါ့မလား(မသက်သာပါဘုရား) ယခုလဲ ဒိုက်ကြီးနဲ့တူတဲ့ခန္ဓာမှာ မြွေကြီးလေးကောင် မပါလာဘူးလား၊ ပါလာသလား(ပါလာပါတယ်ဘုရား) မြွေကြီးလေးကောင် စိတ်မဆိုးရအောင် နေ့တိုင်းချော့နေရတယ်။ မချော့ရဘူးလား၊ချော့ရသလား(ချော့ရပါတယ်ဘုရား)

+ **ကာလေနကာလံဝုတ္ထာပေတဗ္ဗံ၊ ကာလေနကာလံနှာပေတဗ္ဗံ၊**
**ကာလေနကာလံဘောဇေတဗ္ဗံ၊ ကာလေနကာလံသံဝေသေတဗ္ဗံ။**

အာသီဝိသောပမသုတ္တန်မှာ ပြထားပါတယ်။

**ကာလေနကာလံ**၊ သင့်သောအခါ၌၊ **ဝုတ္ထာပေတဗ္ဗံ**၊ ထ၍စအပ်၏။ အိပ်ယာကထချိန်၌၊မထရဘူးလား၊ ထရသလား(ထရပါတယ်ဘုရား)မင်းသိပ်အိပ်မနေနဲ့ နေမကောင်းဖြစ်နေလိမ့်မယ် ထဦးမှပေါ့လို့မပြောဘူးလား၊ ပြောသလား(ပြောပါတယ်ဘုရား) မြွေကြီးလေးကောင် ညီညွတ်အောင် လုပ်မနေရဘူးလား၊နေရသလား (နေရပါတယ်ဘုရား) မြွေကြီးလေးကောင်ကိုက်နေတာဘဲ၊ မကိုက်ဘူးလား၊ ကိုက်နေသလား (ကိုက်နေပါတယ်ဘုရား) နေ့တိုင်း နေ့တိုင်း အကိုက်ခံနေရတယ်။ **ကာလေနကာလံ**၊ သင့်သောအခါ၌ **နှာပေတဗ္ဗံ**၊ ရေချိုးစေအပ်၏။ ရေမချိုးဘဲ ရရဲ့လား ( မရပါ ဘုရား ) ပူပါတယ်၊ ရေချိုးမှဘဲ ဆိုပြီးတော့ အပူကလွန်ကဲတော့ အအေးဓာတ်မပေးရဘူးလား ပေးရသလား (ပေးရပါတယ်ဘုရား) အအေးဓာတ်နဲ့ ညှိရပြန်ရော။ ငြိမ်ငြိမ်နေလို့ရရဲ့လား (မနေရပါဘုရား) ငြိမ်ငြိမ်မနေရဘူး၊ ဘာပြုလို့လဲဆိုတော့ ဓာတ်ကြီးလေးပါး၊ မြွေကြီး

+ သံယုတ္တနိကာယ် အာသီဝိသောပမသုတ္တန်

လေးကောင်ရှိတဲ့ ဒိုက်ကြီးကိုသွားယူမိတာကို၊ အထင်ကြီးတာကို၊ အထင်မကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား) အထင်ကြီးတာဟာ မျက်စိလည်တာနဲ့မတူဘူးလား (တူပါတယ်ဘုရား)

ကာလေန ကာလံ၊ သင့်လျော်လျောက်ပတ်သောအခါ၌၊ နှာပေတဗ္ဗံ၊ ရေချိုးစေအပ်၏။ ခင်ဗျားတို့ကျုပ်တို့ရေချိုးပေးရတာ မျက်နှာသစ်ပေးရတာ ခြေဆေးပေးရတာ မပေးရဘူးလား ပေးရသလား (ပေးရပါတယ်ဘုရား) အဲဒါ မြွေကြီးလေးကောင်ကိုက်နေတာဘဲ၊ မကိုက်ဘူးလား ကိုက်နေသလား (ကိုက်နေပါတယ်ဘုရား) ကိုက်သို့ကော ကိုက်မှန်းသိရဲ့လား (မသိပါဘုရား) မသိတာဘာတုံး (အဝိဇ္ဇာပါဘုရား) တောအုပ်ကြီးထဲရောက်နေတာကို၊ တောအုပ်ကြီးနဲ့မတူဘူးလား တူသလား (တူပါတယ်ဘုရား) ညဥ့်နက်သန်းခေါင်ယံလဲဖြစ် မှောင်ကလဲမှောင်နေတော့မသိဘူး၊ ကိုက်လို့ကိုက်မှန်းလဲမသိဘူး၊ ကာလေန ကာလံ၊ သင့်တင့်သောအခါ၌၊ နှာပေတဗ္ဗံ၊ ရေချိုးစေအပ်၏။ ဘောဇေတဗ္ဗံ၊ ကျွေးမွေးစေအပ်၏။ တခါတလေမကျွေးရဘူးလား ကျွေးရသလား (ကျွေးရပါတယ်ဘုရား) နေ့တိုင်းနေ့တိုင်း အကျွေးရပ်ရဲ့လား (မရပ်ပါဘုရား) ဒါလေးစားလိုက် ဒါမှညီညွတ်မှာ ဒီအာဟာရလေးလုပ်ဦးမှာပေါ့ အာဟာရရှိမှပေါ့ အာဟာရမရှိလျှင် ဘယ်ဖြစ်မလဲ မပြုပြင်ရဘူးလား ပြုပြင်ရသလား (ပြုပြင်ရပါတယ်ဘုရား)

အဲဒီခတ်ကြီးလေးပါးကို ညီညွတ်အောင်လုပ်နေရတာမြွေကြီးလေးကောင် ဒေါသမဖြစ်အောင် ငြိမ်အောင် သူ့ကို နေ့စဥ်နေ့တိုင်း ကျွေးပေးရတယ်၊ ငြိမ်သွားအောင်လို့ ဒီလိုသာမကျွေးလို့ရှိရင် ဒီမြွေကြီးလေးကောင်က ဒေါသဖြစ်ပြီး ကိုက်လိုက်ရင် မသေဘူးလား သေမှာလား (သေမှာပါဘုရား) အဲဒါ မြွေကြီးလေးကောင် တကောင်ကောင်က ဒေါသဖြစ်ပြီးကိုက်သတ်တာဘဲ၊ ဘယ်သူကိုက်သတ်တာတုံး (မြွေကြီးလေးကောင် တကောင်ကောင်ပါဘုရား) သေတယ်ဆိုတာ ပထဝီလွန်ကဲရင်လဲ သေတာဘဲ၊ အာပေါလွန်ကဲရင်ကော (သေတာပါဘဲဘုရား) တေဇောလွန်ကဲရင်ကော (သေတာပါဘဲဘုရား) ဝါယောလွန်ကဲရင်ကော (သေတာပါဘဲဘုရား)

မြွေကြီးလေးကောင် တကောင်ကောင်က ကိုက်သတ်လို့သေတာ အဲဒီတော့ ယခုမသေတာ ခတ်လေးပါး ညီညွတ်နေလို့ ခင်ဗျားတို့ကျုပ်တို့က အချော့ကောင်းနေတာ၊ အချော့မကောင်းဘူးလား၊ ကောင်းသလား (ကောင်းပါတယ်ဘုရား) ကျွေးသင့်တဲ့အခါ ကျွေးပေးလိုက် ရေချိုးပေးတန် ရေချိုးပေးလိုက် ကာလေန ကာလံ၊ သင့်လျော်လျောက်ပတ်သောအခါ၌၊ ဘောဇေတဗ္ဗံ၊ ကျွေးမွေးစေအပ်၏။ ကာလေန ကာလံ၊ သင့်သောအခါ၌၊ သံဝေသေတဗ္ဗံ၊ အိပ်စေအပ်၏။

အချိန်တန် ဘာလုပ်ပေးရတုံး (အိပ်ပေးရပါတယ်ဘုရား) အချိန်တန်အိပ်မှ ပေါ့၊ အိပ်လို့မပျော်လို့ရှိရင် အိပ်ဆေးတွေ စားပေးရပြန်ပြီ မချော့ရဘူးလား ချော့ရသလား (ချော့ရပါတယ်ဘုရား) ဒေါသမဖြစ်အောင်လို့ ဒေါသဖြစ်ရင် သက်သာပါ့မလား၊ တကောင်ကောင်က ဒေါသဖြစ်ပြီးတော့ ကိုက်လိုက်ရင် မရဏံဝါ သေခြင်းသို့ရင်း၊မရဏမတ္တံဝါ၊သေလောက်ရုံမျှသော၊ဒုက္ခံဝါ ဆင်းရဲ ကိုရင်း၊ နိဂစ္ဆတိ၊ ရောက်ပေလိမ့်မယ်၊

မသေတောင်မှ သက်သာပါ့မလား (မသက်သာပါဘုရား) ဒါ့ကြောင့် သူ့ ကိုချော့နေရတာ၊ ဘာပြုလို့တုံးဆိုတော့ ဒိုက်ကြီးကို အထင်ကြီးနေတာကိုး၊ ဒိုက်ကြီးကို အထင်ကြီးမိလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါ တယ်ဘုရား) ဒီခန္ဓာကြီးကို အထင်ကြီးနေရင် မြေကြီးလေးကောင်ရမှာဘဲ၊ မရ ဘူးလား ရသလား (ရပါတယ်ဘုရား) မြေကြီးလေးကောင်ရပြီး တကောင် ကောင်ကိုက်လိုက်လို့ရှိရင် ဒိုက်ကြီးနဲ့တူတဲ့ ခန္ဓာကိုယ်ကြီး မပျက်စီးဘူးလား ပျက်စီးသွဲလား (ပျက်စီးပါတယ်ဘုရား) ပျက်စီးတော့ ဒီခန္ဓာကိုယ်ကြီး မြုပ် မသွားဘူးလား (မြုပ်သွားပါတယ်ဘုရား)

သေခဲ့ပေါင်းတွေ ရေတွက်လို့ရရဲ့လား (မရပါဘုရား) မြုပ်မြုပ်ပြီးတော့ သေခဲ့တာ ဘယ်သူ့ကြောင့်မှမဟုတ်ဘူး၊ ဒိုက်ကြီးနဲ့တူတဲ့ ခန္ဓာငါးပါးကို ခင်ဗျားတို့ကျုပ်တို့က အကောင်းမထင်ဘူးလား ထင်သလား (ထင်ပါတယ် ဘုရား) ထင်တယ် အတ္တလိုထင်တယ် ကောင်းရဲ့လား (မကောင်းပါဘုရား)အဲဒါ ကို အကောင်းလို့ထင်နေတာ အတ္တလိုထင်နေတာ သိလို့လား မသိလို့လား (မသိလို့ပါဘုရား) မသိတာက အဝိဇ္ဇာ၊ ကောင်းတယ်လို့ထင်တော့ မလိုချင် ဘူးလား လိုချင်သလား (လိုချင်ပါတယ်ဘုရား) လိုချင်တော့ဘာတုံး (တဏှာ ပါဘုရား) အဝိဇ္ဇာ တဏှာမရလာဘူးလားရလာသလား (ရလာပါတယ်ဘုရား) အဝိဇ္ဇာတဏှာဆိုတဲ့ ဂါအုပ်ကြီးနဲ့တူတဲ့ ညဥ့်သန်းခေါင်ယံအခါမှာ မသိမှုဆိုတဲ့ အဝိဇ္ဇာကြောင့် ဒီဒိုက်ကြီးနဲ့တူတဲ့ ခန္ဓငါးပါးကို ဉာဏ်မြင်ခန္ဓာ ပြောနေတာ လား မျက်မြင်ခန္ဓာပြောနေတာလား (မျက်မြင်ခန္ဓာပြောနေတာပါဘုရား)

ဒိုက်ကြီးနဲ့တူတဲ့ ဒီခန္ဓာကြီးကို သိကြား ဗြဟ္မာ နတ်တွေက ဖန်ဆင်းပေးတာ ဘဲ၊ ဒါဟာဖြင့် ငါအဘွက် ဖန်ဆင်းပေးတာဘဲဆိုပြီးတော့ မျက်စိလည်တဲ့လူက ခန္ဓာပေါ်မှာ အထင်ကြီးပြီးတော့ တက်မထိုင်ဘူးလား တက်ထိုင်သလား (ထိုင် သွားပါတယ်ဘုရား) ခင်ဗျားတို့ ကျုပ်တို့ကလည်း အထင်ကြီးပြီး နောက်ထပ် လည်း ခန္ဓာရရေးအတွက်ဆိုပြီး မကျိုးစားဘူးလား ကျိုးစားသလား (ကျိုးစား ပါတယ်ဘုရား)မျက်စိမလည်လို့လား လည်လို့လား (လည်လို့ပါဘုရား)သိလို့

လား မသိလို့လား (မသိလို့ပါဘုရား) မသိတာကဘာတုံး (အဝိဇ္ဇာပါဘုရား) မသိတော့ ဒီဒိုက်ကြီးနဲ့တူတဲ့ ခန္ဓာ မရချင်ဘူးလား ရချင်သလား (ရချင်ပါတယ် ဘုရား)

လူဘဝရ ရပါလို၏ဆိုပြီးတော့ ဒီဒိုက်ကြီးနဲ့တူတဲ့ ခန္ဓာငါးပါး မရဘူးလား ရသလား (ရမှာပါဘုရား) နတ်ဘဝရ ရပါလို၏ဆိုတော့ ဘာရပြန်တုံး (ခန္ဓာငါးပါးပါဘုရား) ဗြဟ္မာဘဝရ ရပါလို၏ဆိုပြန်တော့ ဘာရမှာတုံး (ခန္ဓာငါးပါးပါဘုရား) ခင်ဗျားတို့က ငွေတွေရှိတာနဲ့ အဲဒီငွေတွေ ပုံပုံပြီး လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာရအောင် မလုပ်ဘူးလား လုပ်နေသလား (လုပ်နေပါတယ်ဘုရား) သိလို့လား မသိလို့လား (မသိလို့ပါဘုရား) မျက်စိလည်လို့လား မလည်သို့လား (လည်လို့ပါဘုရား) ဒီခန္ဓာငါးပါးသည် မြဲသလားမမြဲဘူးလား (မမြဲလို့ပါဘုရား)

အနိစ္စလား၊ နိစ္စလား (အနိစ္စပါဘုရား) ခင်ဗျားတို့က နိစ္စလို့ထင်နေတယ်၊ နိစ္စသညာ အမှတ်မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား) ဒီခန္ဓာငါးပါးအသစ်အသစ်ဖြစ်နေတာ ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ခင်ဗျားတို့ ချမ်းသာတယ်လို့ထင်နေတာ၊ အဲဒီတော့ အမှတ်မှားတာ၊ မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား) သုခသညာလို့ထင်တယ်၊ ဒါ မျက်စိလည်တာဘဲ၊ မလည်ဘူးလားလည်နေသလား (လည်နေပါတယ်ဘုရား)

ဒီခန္ဓာငါးပါး မဖြစ်ပါနဲ့မပျက်ပါနဲ့လို့ တားရရဲ့လား (မရပါဘုရား)အတ္တလား အနတ္တလား (အနတ္တပါဘုရား) အနတ္တကို ခင်ဗျားတို့ကျုပ်တို့က အတ္တလို့ဆိုပြီး ယူလိုက်တယ်၊ မယူဘူးလား (ယူပါတယ်ဘုရား) အဲဒါ မျက်စိလည်တာ မျက်စိလည်လိုက်သည်နှင့်တပြိုင်နက် ဒီခန္ဓာပေါ်တက်ပြီး ယူတော့တာဘဲ၊ ခန္ဓာရရေးဘဲလုပ်တော့တာဘဲ၊ မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား) ဒီက ရှေ့မှာ ခင်ဗျားတို့ ခန္ဓာလိုချင်သေးရဲ့လား (မလိုချင်တော့ပါဘုရား) ရချင်သေးရဲ့လား (မရချင်တော့ပါဘုရား) ခန္ဓာမှာ အထင်ကြီးစရာ ရှိသေးရဲ့လား (မရှိပါဘုရား)

အဲဒီခန္ဓာမှာ အန္တရာယ်တွေ မပါလာဘူးလား၊ ပါလာသလား (ပါလာပါတယ်ဘုရား) အန္တရာယ် ဘယ်နှစ်ကောင်ပါတုံး (လေးကောင်ပါဘုရား) လေးကောင်က ဘာလဲ (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) တွေ့တိုင်း တွေ့တိုင်း ဘာသဘောတွေတုံး (ပူမှုသဘော၊ အေးမှုသဘော၊ ကြမ်းမှုသဘော၊ နူးမှုသဘော၊ တွန်းကန်မှုသဘော။ ခတ်ကြီးလေးပါးနဲ့ တွေ့တာ။ ဘာနဲ့တွေ့တာတုံး (ခတ်ကြီးလေးပါးနဲ့ တွေ့တာပါဘုရား)

ခတ်ကြီးလေးပါးနဲ့ ငါနဲ့တွေ့တာလား (ကိုယ်အကြည်နဲ့ တွေ့တာလား (ကိုယ်အကြည်နဲ့ တွေ့တာပါဘုရား)ကိုယ်အကြည်နဲ့တွေ့တော့ လူပေါ်သလား

စိတ်ပေါ်သလား (စိတ်ပေါ်တာပါဘုရား) ဘာစိတ်တုံး (အတွေ့သိတဲ့ စိတ်ပါဘုရား) မပေါ်လာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ် ဘုရား) ဒီသဘောဘဲရှိတယ်၊ အဲဒီသဘောတွေခိုင်မြဲရဲ့လား (မခိုင်မြဲပါဘုရား) နိစ္စလား အနိစ္စလား(အနိစ္စပါဘုရား) မြဲလို့လား၊ မမြဲလို့လာ(မမြဲလို့ပါဘုရား)

ဖြစ်ပြီးတာနဲ့ ဘယ်ရောက် (ပျက်ပါတယ်ဘုရား) ပျက်ရင်ကုန်ပါတော့လား၊ နောက်ထပ် အသစ်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)ဆင်းရဲတာဟာ ဉာဏ်မြင်ဆင်းရဲလား၊ ငါမြင် ဆင်းရဲလား (ဉာဏ်မြင်ဆင်းရဲပါဘုရား) လူတွေ သတ္တဝါတွေ ဖြစ်လို့ ဆင်းရဲတာလား၊ ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာလား (ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာပါဘုရား)

ဉာဏ်မြင် ခန္ဓာဖြစ်လို့ ဆင်းရဲတာလား၊ ငါမြင်ခန္ဓာဖြစ်လို့ ဆင်းရဲတာလား (ဉာဏ်မြင်ခန္ဓာဖြစ်လို့ ဆင်းရဲတာပါဘုရား) ဉာဏ်မြင်ခန္ဓာက ဘယ်အချိန်မှာ ဖြစ်ဘာတုံး (တွေ့တိုင်း တွေ့တိုင်းမှာပါဘုရား) တွေ့တိုင်း တွေ့တိုင်း ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတယ် ခန္ဓာငါးပါးမဖြစ်ရင် ဘာတုံး (နိဗ္ဗာန်ပါဘုရား) ခန္ဓာငါးပါး ဖြစ် နေ တော့ (ဆင်းရဲပါတယ်ဘုရား) ခန္ဓာငါးပါး နောက်ထပ် မဖြစ်တော့ ဘာတဲ့ (နိဗ္ဗာန်ပါဘုရား) ခန္ဓာနိရောဓော နိဗ္ဗာနံ ခန္ဓာချုပ်ရင် နိဗ္ဗာန်၊ ခန္ဓာချုပ်ရင် ဘာတုံး (နိဗ္ဗာန်ပါဘုရား) ဖြစ်ပြီးပျက် ပျက်ပြီး နောက်ထပ် အသစ်ဖြစ် အသစ်ဖြစ်နေလို့ ဆင်းရဲတာ လူတွေဖြစ်လို့ ဆင်းရဲတာလား၊ ခန္ဓာဖြစ်လို့ ဆင်ရဲတာလား (ခန္ဓာဖြစ်လို့ ဆင်းရဲတာပါဘုရား) ဉာဏ်မြင်ခန္ဓာဖြစ်လို့ ဆင်းရဲတာလား (ဉာဏ်မြင်ခန္ဓာဖြစ်လို့ ဆင်းရဲတာပါဘုရား)

သုခလား၊ ဒုက္ခလား (ဒုက္ခပါဘုရား) နိဗ္ဗာန်မမြင်အောင် နှိပ်စက်နေတဲ့ ခန္ဓာငါးပါး မနှိပ်စက်ဘူးလား၊ နှိပ်စက်သလား (နှိပ်စက်ပါတယ်ဘုရား) နှိပ်စက်နေတာ အချိန်တိုင်း အချိန်တိုင်း မနှိပ်စက်ဘူးလား ( နှိပ်စက်ပါတယ်ဘုရား) မြွေကြီးလေးကောင်ကလည်း အချိန်တိုင်း အချိန်တိုင်း မကိုက်ဘူးလား၊ ကိုက်သလား၊ (ကိုက်ပါတယ်ဘုရား) ချော့လိုက်ရတာ ပြီးနိုင်ရဲ့လား (မပြီးပါဘုရား) မပြီးနိုင်ဘူး အထင်ကြီးမနေနဲ့ ဒီခန္ဓာကို အထင်ကြီးစရာ ရှိသေးရဲ့လား (မရှိပါဘုရား) ဒီခေါတ်ကြီးလေးပါထဲက တကောင် ကောင်က ချို့ယွင်းလိုက်ရင် ခင်ဗျားတို့ သက်သာပါ့မလား (မသက်သက်ပါဘုရား) ဒါ့ကြောင့် မဆင်းရဲဘူးလား၊ ဆင်းရဲလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲကာ အမှန်ဘဲလား (အမှန်ပါဘုရား)

ဆင်းရဲတာ အမှန်သိတာက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာလို့ ပိုင်းပိုင်းခြားခြား မသိဘူးလား (သိပါတယ်ဘုရား) ခန္ဓာငါးပါးဖြစ်လို့

ဆင်းရဲတာလား၊ လူတွေ သတ္တဝါတွေဖြစ်လို့ ဆင်းရဲတာလား (ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာပါဘုရား) ဘယ်အချိန်မှာ ဆင်းရဲဘာပါလိမ့် (တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား) အဲဒီလို အမှန်သိတဲ့အတွက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ပိုင်းခြားစွာ သိတဲ့ဉာဏ်သည် သစ္စဉာဏ် ဘာဉာဏ်တဲ့တုံး (သစ္စဉာဏ်ပါဘုရား) ဉာဏ်ကလည်း၊ ဒီနေရာမှာ သုံးဉာဏ်ပေါ်ပါတယ် "သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်" ဘယ်နှစ်ဉာဏ်တုံး (သုံးဉာဏ်ပါဘုရား) သုံးဉာဏ်က ဆိုစမ်းပါ (သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်)

ဓမ္မစက္က ပဝတ္တနသုတ္တန်မှာ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) လူတွေ သတ္တဝါတွေဖြစ်လို့ ဆင်းရဲတာကား၊ ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာလား (ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာပါဘုရား) ဘယ်အချိန်မှာ ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာတုံး (တွေ့တိုင်း တွေ့တိုင်းမှာပါဘုရား) ခန္ဓာငါးပါးဖြစ်ရင် ဆင်းရဲတာဖြစ်တာလား၊ ချမ်းသာတာဖြစ်တာလား (ဆင်းရဲတဲ့တရားဖြစ်တာပါဘုရား) အမှန်ဘဲလား (အမှန်ပါဘုရား)

ဆင်းရဲတဲ့တရား အမှန်လို့ သိတာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာကို ပိုင်းခြားစွာ သိတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (သစ္စဉာဏ်ပါဘုရား) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘာသိလို့တုံး (ဒုက္ခသစ္စာ သိလို့ပါဘုရား)

ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာလား၊ လူဖြစ်လို့ ဆင်းရဲတာလား (ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတာပါဘုရား) ခန္ဓာငါးပါးဖြစ်တော့ ဆင်းရဲတာအမှန်လို့ သိလိုက်ဘာ ဘာဉာဏ်လဲ (သစ္စဉာဏ်ပါဘုရား) ဒုက္ခသစ္စာကို သိဘို့ရန် ကိစ္စမပွားရင် ဖြစ်ပါမလား (မဖြစ်ပါ ဘုရား) ဒုက္ခသစ္စာ သိဘို့ရန် ပြုလုပ်ရမည် ကိစ္စသည် ကိစ္စဉာဏ်၊ သစ္စာဉာဏ် ကိစ္စဉာဏ် နှစ်ဉာဏ်မရလာဘူးလား၊ရလာသလား (ရလာပါတယ်ဘုရား) ဘယ်ပေါ်မှာ ရတာတုံး (ဒုက္ခသစ္စာပေါ်မှာပါဘုရား) ဒုက္ခသစ္စာပေါ်မှာလဲ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် သမုဒယသစ္စာပေါ်မှာလဲ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် အကုန်ခွဲလို့ မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) နိရောဓ သစ္စာပေါ်မှာလဲ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် မဂ္ဂသစ္စာပေါ်မှာလဲ (သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်) ယခု ဒုက္ခသစ္စာပေါ်မှာ ခွဲနေတာ ဘယ်အပေါ်မှာ ခွဲနေရတာတုံး (ဒုက္ခသစ္စာပေါ်မှာပါဘုရား) ခန္ဓာငါးပါးဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာအမှန်ဘဲလား (အမှန်ပါဘုရား) ဘာပြုလို့ ဆင်းရဲတာတုံး (နိဗ္ဗာန်မရအောင် နှိပ်စက်နေလို့) နိဗ္ဗာန်မရအောင် နှိပ်စက်တာအမှန်ဘဲလား (အမှန်ပါဘုရား)အမှန်ဘဲဆိုတော့ ဒုက္ခက ဆင်းရဲတာ သစ္စာက အမှန်ဆိုတော့ ဘာသစ္စာ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကို ပိုင်းခြားစွာ သိတဲ့

ဉာဏ်သည် သစ္စဉာဏ်၊ သစ္စဉာဏ်မရလာဘူးလား ရလာသလား (ရလာပါ တယ်ဘုရား) သစ္စာဉာဏ်ကို ရလာတော့ သိလာတော့ ခင်ဗျားတို့ နောက်ထပ် အားမထုတ်ရဘူးလား အားထုတ်ရမှာလား (အားထုတ်ရမှာပါဘုရား)တကြိမ် တခါအားထုတ်ရမှာလား၊ အကြိမ်ကြိမ် အားထုတ်ရမှာလား (အကြိမ်ကြိမ် အားထုတ်ရမှာပါဘုရား) အဲဒီလို အကြိမ်ကြိမ်အားထုတ်တာဟာ ပြုဘွယ်ကိစ္စ တွေကို ပြုနေတာဘဲလို့ ဆုံးဖြတ်ချက်ချပါ။

အဲဒီလိုပြုဘွယ်ကိစ္စတွေကို ပြုပြုနေတော့ ဝိပဿနာဉာဏ်တွေ မတက်လာ ဘူးလား၊ တက်လာသလား (တက်လာပါတယ်ဘုရား)

အဲဒီလိုတက်လာတာဟာ ပြုဘွယ်ကိစ္စတွေပြုလို့လား၊ မပြုလို့လား (ပြုလို့ ပါဘုရား) ပြုဘွယ်ကိစ္စကို အကြိမ်ကြိမ်ပြုလို့ သိလာတဲ့ဉာဏ်သည် ကိစ္စဉာဏ် ဘာဉာဏ်ပါလိမ့် (ကိစ္စဉာဏ်ပါဘုရား)

နောက်တချက် သွားကြစို့ ဒီကိစ္စဉာဏ်ကို ရင့်သထက်ရင့်အောင် အကြိမ် ကြိမ် အဖန်ဖန် အားထုတ်လာပါတယ် မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ပြည့်စုံလျှင် ပြုဘွယ်ကိစ္စပြီးသည်အတွက် ကတဉာဏ်ဖြစ်ပေါ်ပါတယ် ဘာဉာဏ် (ကတ ဉာဏ်ပါဘုရား

တကာ, တကာမတွေ ကတဉာဏ်ဆိုတာ ဘာဝနာအမှုပြီးမြောက်တဲ့ဉာဏ် ဆိုပါတယ် ဘာဉာဏ် (ဘာဝနာအမှုပြီးမြောက်တဲ့ဉာဏ်ပါဘုရား)အောက်မဂ် အောက်ဖိုလ် သုံးပါးကို ချန်ထား၊အထက် အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြစ်ရင် ပြုဘွယ်ကိစ္စတွေ မရှိတော့ပါ ပြုဘွယ်ကိစ္စတွေ ပြုပြီးပြီဟု သိတဲ့ဉာဏ်သည် ကတဉာဏ် ဘာဉာဏ်ပါလိမ့် (ကတဉာဏ်ပါဘုရား) သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ဉာဏ်ဘယ်နှစ်ဉာဏ်ပါလိမ် (သုံးဉာဏ်ပါဘုရား)

ကဲ-အချိန်ကလဲစေ့ပြီး သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်များဖြစ် မြတ် စွာဘုရားကို ပူဇော်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ....ဗုဒ္ဓံပူဇေမိ

။ ။ ဓမ္မံပူဇေမိ

။ ။ သံဃံပူဇေမိ

# ကုန်သည်နှင့် ဘိုးသွေးဖေ။

## သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၂)ရက်နေ့ ဟောကြားသောတရား။

ယခု ခုတ်တဆယ့်ရှစ်ပါး ကျန်နေတဲ့အခုရုံပိုင်းကို ရှင်းကြပါစို့ရဲ့ အဲဒီ တော့ခ ုတ်တဆယ့်ရှစ်ပါး ကွဲကွဲပြားပြားသိချင် နားလည်ချင်ရင် သတိရှိရမှာ လား၊ သတိမရှိရဘူးလား (သတိရှိရမှာပါဘုရား) သတိမရှိလို့တော့ နားလည် ပါမလား (နားမလည်ပါဘုရား) ဒါကြောင့် မျက်စိ နား နှာခေါင်း လျှာ ကိုယ် မနော မှာ မြင်တိုင်း ကြားတိုင်း နံမ်းရှုတိုင်း စားတိုင်းစာတိုင်း တွေ့တိုင်း တွေ့ဘိုင်း ကြံစည်တိုင်းမှာဖြင့် သတိလက်လွတ်လိုက်တာနဲ့ တပြိုင်ထဲ ခင်ဗျားတို့ ဝိပ္ပလ္လာသတရားတွေ ဝင်လာမှာပါဘဲ။

ဝိပ္ပလ္လာသတရားဆိုတာ သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ ဘယ် နှစ်ပါးရှိတာတုံး (သုံးပါးပါဘုရား) သုံးပါးက ဘာတွေတုံး(သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ ပါဘုရား) မြန်မာလိုပြောမယ်လိုရင် သညာ ဝိလ္လာသဆိုတာ အမှတ်မှားတာ စိတ္တဝိပ္ပလ္လာသဆိုတာ အသိမှားတာ ဒိဋ္ဌိ ဝိပ္ပလ္လာသဆိုတာ အယူမှားတာ မှားခြင်း ဘယ်နှစ်မျိုးရှိတာပါလိမ့်(သုံးပါးပါ ဘုရား) ဒီမှားခြင်းသုံးပါးဟာ မိမိခန္ဓာမှာဖြစ်တာလား၊ သူတပါးခန္ဓာမှာ ဖြစ်တာလား (မိမိခန္ဓာမှာဖြစ်တာပါဘုရား) မိမိခန္ဓာမှာ ဘယ်ဌာနတွေကဖြစ် တာပါလိမ့် (မျက်စိ နား နှာ လျှာ ကိုယ် မနကပါဘုရား)

အဲဒီဌာနတွေမှာဖြစ်တော့ ဒီနေရာမှာ သတိထားသင့်သလား သတိမထား သင့်ဘူးလား(သတိထားသင့်ပါတယ်ဘုရား) ဝိပ္ပလ္လာသသုံးပါးဖြစ်တာကတော့ သတိမရှိလို့ဘဲ ဘာမရှိလို့ဖြစ်တာလဲ (သတိမရှိလို့ပါဘုရား) သတိမရှိလိုက် တာနဲ့တပြိုင်ထဲ အမှန်တရားသိမှာလား မမှန်တရားသိမှာလား (မမှန်တရားသိ မှာပါဘုရား) မမှန်တဲ့တရားသိတာ ဝိဇ္ဇာလား အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) တရားကိုယ်ကောက်လိုက်တော့ မောဟဘဲ ဘယ်သူ့လက်ချက်လဲ (အဝိဇ္ဇာပါ ဘုရား) ဒါကြောင့် ဝိပ္ပလ္လာသ သုံးပါးဟာ သတိမရှိရင် အချိန်တိုင်းမှာဖြစ် တတ်ပါတယ်။

မြင်တိုင်းမှာ ဝိပ္ပလ္လာသ သုံးပါးဖြစ်တယ် ဘာပြုလို့လဲဆိုတော့ သတိလွတ် နေလို့ဆိုတာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)ဒါကြောင့် တကာ တကာမ တွေ ခမ္မာရုံပိုင်းမပြခင်မှာ ရှေ့ပိုင်း နည်းနည်းပြောပါအုံးမယ် အဲဒီ ဝိပ္ပလ္လာသ သုံးပါးဟာ ဘယ်အပေါ်မှာ မှားသလဲဆိုတော့ မျက်စိ နား နှာ လျှာ ကိုယ် မန အဲဒီမှားခြင်းသုံးမျိုးက အနိစ္စ ဒုက္ခ အနတ္တ အသုဘ ဆိုတဲ့ တရားတွေ

ပေါ် မှားနေဘာ အနိစ္စပေါ်မှာလဲ ဒီဝိပ္ပလ္လာသသုံးမျိုးဖြစ်နေတယ် ဒုက္ခပေါ်မှာ သုံးမျိုး အနတ္တပေါ်မှာလဲ သုံးမျိုး အသုဘပေါ်မှာလဲ သုံးမျိုးဖြစ်နေတယ် အဲဒီတော့ သုံးလေးလီ တဆယ့်နှစ်ပါးဆိုတော့ ဝိပ္ပလ္လာသ ဘယ်နှစ်ပါးရသလဲ (တဆယ့်နှစ်ပါးပါဘုရား)ဝိပ္ပလ္လာသ(၁၂)ပါးဆိုတာ တကာတကာမတွေ့စာပေမှာတွေ့ဘူးပါလိမ့်မယ် ဒါကိုပြောတာဘဲ တရားကိုယ်ကောက်လိုက်တော့ သုံးပါးပါဘဲ ဒါနဲ့ပတ်သက်ပြီး အဋ္ဌကထာဆရာက ဥပမာပေးထားပါတယ်။

ဥပမာ-လူဘယောက်ဟာ ခရီးသွားရင်း တောအုပ်ကြီးထဲမှာ ရောက်သွားပါတယ်၊ ဒီလူဟာ ကုန်သည်တယောက်ပါဘဲ၊ ဒီကုန်သည်ဟာ ဒီတောအုပ်ကြီးထဲမှာ မျက်စိလည်နေတယ်တဲ့၊ ဒီတောအုပ်ကြီးတနေရာမှာ ဘီလူးတွေအုပ်စိုးနေတဲ့နေရာရောက်သွားတယ်၊ ရောက်သွားတော့ ဘီလူးမကြီးက ဒီကုန်သည်မြင်တဲ့အခါကျဘော့ရွာကြီးဖန်ဆင်းလိုက်ဘယ် ရွာကြီ ဖန်ဆင်းပြီးတော့အလွန်တရာမှ ကောင်းမွန်တဲ့ လှလှပပအိမ်ကြီးကိုလဲ ဖန်ဆင်းလိုက်တယ်၊ ဒါနဲ့ ကုန်သည်က ငါဟာ မျက်စိလည်နေတယ် ဒီရွာမှာဝင်ပြီး ဟည်ခိုမှဘဲ ရွာကြီးကလဲ သာသာယာယာရှိလိုက်တာ၊ ဒီရွာကြီးက ဘယ်သူဖန်ဆင်းထားတာလဲ (ဘီလူးမဖန်ဆင်းထားတာပါဘုရား)

သူ ရွာလို့မမှတ်ဘူးလား မှတ်သလား (မှတ်ပါတယ်ဘုရား) ဝိပ္ပလ္လာသ မဖြစ်လာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ရွာကြီးဘဲလို့ထင်လိုက်တယ်၊ သူထင်နေတာ ရွာအစစ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒါနဲ့ ဒီဘီလူးမကြီး ဖန်ဆင်းထားတဲ့အိမ်မှာဘဲဝင်လိုက်တော့ ဘီလူးမကို ကျွန်တော် ဒီအိမ်မှာ တညတည်းခိုပါရစေတဲ့ ခွင့်မဘောင်းဘူးလား တောင်းသလား (တောင်းပါတယ်ဘုရား) ခွင့်ဘောင်းတော့ဘီလူးမကလဲ ခွင့်ပေးလိုက်တာဘဲ၊ ဒီကုန်သည်ဟာ အိမ်လို့ကော အမှတ်မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား)အသိကော မမှားဘူးလား(မှားပါတယ်ဘုရား) အယူကောမမှားဘူးလားမှားသလား (မှားပါတယ်ဘုရား) ဘီလူးမကြီးဖန်ဆင်းထားတယ်ဆိုတာကော သူသိရဲ့လား (မသိပါဘုရား)

ငါနဲ့ကုန်သည်က ညအချိန်အခါကျတော့ ဘီလူးမကိုမေးတယ်၊ ခင်ဗျားရဲ့ ခင်ပွန်း ဘယ်သွားသလဲတဲ့၊ မမေးဘူးလား မေးသလား (မေးပါတယ်ဘုရား) ဘီလူးမက ကျမမှာ ခင်ပွန်းယောကျ်ားမရှိပါဘူးလွတ်လွတ်လပ်လပ်ပါတဲ့၊မပြောဘူးလား ပြောသလား (ပြောပါတယ်ဘုရား) အဲ ဒီ တော့ ကုန် သ ည် က လဲ ကျွန်တော်လဲလွတ်လွတ်လပ်လပ်ပါဘဲဆိုပြီးတော့ တဦးနဲ့တဦးအကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြတယ်၊ အိမ်ထောင်ပြုကြတယ်၊ ဒီကုန်သည်ဟာ ဘီလူးမမှန်းသိရဲ့လား (မသိပါဘုရား)

ဘီလူးမရယ် လူအစစ်ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) မဟုတ်ပေမဲ့ဒီကုန်သည် က လူသားအမျိုးသမီးအစစ်ဘဲလို့ မထင်ဘူးလား ထင်သလား (ထင်ပါတယ် ဘုရား) အဲဒီအမျိုးသမီးယောင်ဆောင်တဲ့ ဘီလူးမကလဲ ဒီကုန်သည်ယောကျ်ား ကို လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးတယ်၊ ပြုစုလုပ်ကျွေးတော့ ဒီကုန်သည် က ဒီအပေါ်မှာ မသာယာဘူးလား သာယာသလား (သာယာပါတယ်ဘုရား) အမှတ်မှားမှုတွေ အသိမှားမှုတွေ အယူမှားမှုတွေ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်လာပါတယ်ဘုရား) ဝိပ္ပလ္လာသ တရားတွေဘဲ၊ ဒါနဲ့ လူယောင်ဆောင်တဲ့ ဘီလူးမနဲ့ ကုန်သည်ယောကျ်ားဟာ နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်ကြ တယ်။

တနေ့တော့ ကုန်သည်ယောကျ်ားရဲ့ မိတ်ဆွေသူငယ်ချင်း ဝိဇ္ဇာဓိုရ်က ငါ့ရဲ့ သူငယ်ချင်းဟာ ဘယ်များရောက်နေသလဲ နှစ်ပေါင်းများစွာကြာပြီး ဘယ်များ ရောက်နေသလဲ၊ အရောင်းအဝယ်သွားမယ်ဆိုပြီး ထွက်သွားလိုက်တာ အခုထိ ပြန်ရောက်မလာသေးဘူး၊ ဘယ်ရောက်လို့ ဘယ်များ သွားနေပါလိမ့်ဆိုပြီး လိုက်ရှာတယ်၊ ရှာတဲ့အခါ တိုတိုပြောကြပါစို့၊ ဘီလူးမဖန်ဆင်းထားတဲ့ရွာကြီး ရောက်သွားတယ်၊ ရောက်သွားတဲ့အခါကြတော့ အဲဒီအိမ်မှာဘဲ သူ့ရဲ့သူငယ် ချင်းကို သွားတွေ့တယ်၊ သွားတွေ့တဲ့အခါ ဩော် ငါ့သူငယ်ချင်း အမှတ်မှားနေ ပြီ အသိမှားနေပြီ အယူမှားနေပြီ၊ သူ့မိန်းမက ဘီလူးမကြီး၊ ဘီလူးမမှန်းသူ မသိဘူး။

လူသားအမျိုးသမီးစစ်စစ်ထင်ပြီး ပေါင်းဖေါ်နေတာ သူ့ရဲ့အမှတ်မှား အသိ မှား အယူမှားမှုတွေဘဲလို့ သူငယ်ချင်း ဝိဇ္ဇာဓိုရ်ဉာဏ်ထဲမှာ မပေါ်လာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) ပေါ်လာတော့ သူငယ်ချင်းလာ အုံး မင်းရဲ့မိန်းမကို အထင်ကြီးမနေနဲ့ မင်းရဲ့မိန်းမက ဘီလူးမကြီးကွလို့ မပြော လိုက်ဘူးလား ပြောလိုက်သလား (ပြောပါတယ်ဘုရား) သူငယ်ချင်း ငါ့ရဲ့ မိန်းမကို ဒီလိုရက်ရက်စက်စက်မပြောပါနဲ့တဲ့၊ ဝိဇ္ဇာဓိုရ် ယောကျ်ားကပြောသော် လဲဘဲ ဒီကုန်သည်က ယုံကြည်ရဲ့လား (မယုံကြည်ပါဘုရား) ဟိုက အမှန်ပြောနေ တာဘဲ၊ ဒါနဲ့သူငယ်ချင်း မင်း ဒီမိန်းမနဲ့ ဆက်မပေါင်းနဲ့ မင်းရဲ့အမျိုးသမီးက လူသားစစ်စစ်မဟုတ်ဘူး ဘီလူးမကြီး တနေ့ကျတော့ ဒီဘီလူးမက မင်းကိုသတ် ပြီး စ းလိမ့်မယ်၊ မင်းကို ဟန်ဆောင်နေတာ ညာနေတာ လိမ်နေတာ။

ဝိဇ္ဇာဓိုရ်က ဒီလိုပြောလိုက်တော့ သူယုံကြည်ရဲ့လား (မယုံကြည်ပါဘုရား) ငါ့ရဲ့အမျိုးသမီးကို ဒီလောက်ရက်ရက်စက်စက်မပြောပါနဲ့ကွာတဲ့ ကုန်သည်က ပြန်ပြီးမပြောဘူးလား ပြောသလား (ပြောပါတယ်ဘုရား) သူငယ်ချင်း ငါ ပြောမယ်၊ ဒီအင်္ဂါရပ်တွေ မင်းရဲ့အမျိုးသမီး မင်းရဲ့မိန်းမကိုကြည့်စမ်း၊ မင်းရဲ့

မိန်းမဟာ ဘီလူးအင်္ဂါရပ်ငါးချက်နဲ့ပြည့်စုံတယ်၊ (၁)အချက်က မျက်ထောင့်နီတယ်၊ (၂)အချက်က မျက်တောင်မခတ်ဘူး၊ (၃)အချက်က နဖူးမောက်တယ်၊ (၄)အချက်က နှာရောင်ကောက်တယ်၊ (၅)အချက်က ဖနှောင့်တိုတယ်၊ အားလုံး အင်္ဂါဘယ်နှစ်ချက်တုံး (၅ ချက်ပါဘုရား) မင်းရဲ့အမျိုးသမီးကို သေသေချာချာကြည့်စမ်း၊ ဘီလူးတို့ရဲ့ အင်္ဂါငါးချက်နဲ့ ပြည့်စုံနေတယ်၊ အဲ ဒီ တော့ မှ ကုန်သည်ယောကျ်ားက သေဘောချာချာကြည့်ဘော့ အင်း မျက်ထောင့်နီတာလဲ မှန်တယ်၊ မျက်တောင်မခတ်တာလဲမှန်တယ်၊ နဖူးမောက်တာလဲမှန်တယ်၊ နှာရောင်ကောက်တာလဲမှန်တယ်၊ ဖနှောင့်တိုတာလဲမှန်တယ်၊မသိဘူးလားသိသလား (သိပါတယ်ဘုရား) မင်းပြောတဲ့ အင်္ဂါရပ်တွေတော့ မှန်ပါတယ် ဘီလူးဖြစ်မယ်လို့ ငါမယုံကြည်နိုင်ဘူးတဲ့၊ အင်္ဂါရပ်တွေတော့သူသိတယ်တဲ့ သိပင်သိငြားသော်လဲ ဒီကုန်သည်က မယုံကြည်နိုင်ဘူး၊ ပြီးမှ ဥပမာ-ဥပမေယျပြောပါမယ်။

အဲဒီလိုမပြောပါနဲ့ကွာတဲ့၊ မင်းပြောတဲ့အင်္ဂါရပ်တွေညီသော်လဲ ပြည့်စုံသော်လဲ ငါ့ရဲ့အမျိုးသမီးက ငါ့အပေါ် သိပ်ကောင်းတာကွာတဲ့ အမှတ်မှားမှုတွေ အသိမှားမှုတွေ အယူမှားမှုတွေ ပေါ်မလာဘူးလား ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) အမှတ်မှားမှုတွေဖြစ်လာတယ် ဒါနဲ့ သူ့ရဲ့သူငယ်ချင်းဝိဇ္ဇာ ဓိုရ်က ဘီလူးမအစစ်မှန်းသိနေတော့ အတင်း ဇွတ်ပြောနေတယ်၊ မင်းရဲ့မိန်းမ ဟာ လူသားစစ်စစ်မဟုတ်ဘူး ဘီလူးမကြီးပါ၊ ငါ နောက်တချက်ပြောအုံးမယ်၊ မင်းမယုံလို့ရှိရင် မင်းမိန်းမကို ပရိယာယ်နဲ့ နေပူထဲ ခေါ်သွားကြည့်စမ်းပါ၊ အရိပ်မထွက်ဘူးကွ၊ လူသားဆိုရင် အရိပ်ထွက်တယ်၊ ဒါက ဘီလူးမမို့ အရိပ် မထွက်တာ မယုံရင် မင်းခေါ်ကြည့်စမ်း၊ မပြဘူလား ပြသလား (ပြပါတယ် ဘုရား)

အဲဒါနဲ့ ကုန်သည်ယောကျ်ားလဲ သူ့မိန်းမကို ပရိယာယ်နဲ့ နေပူထဲကို ခေါ်သွားတယ်၊ နေပူထဲရောက်တဲ့အခါ အရိပ်ထွက်ရဲ့လား (မထွက်ပါဘုရား) အရိပ် မထွက်မှန်းလဲသိပြန်ရော သူငယ်ချင်း မင်းပြောတဲ့အတိုင်း အရိပ်မထွက်တာ တော့ ဟုတ်ပါပြီကွာ၊ ဒါပေမယ့်လို့ ငါမယုံကြည်နိုင်ဘူး၊ ဝိပ္ပလ္လာသ တရားဟာ ကြောက်စရာမကောင်းဘူးလား ကောင်းသလား (ကောင်းပါတယ်ဘုရား) အမှတ်မှား အသိမှား အယူမှားတွေကိုး၊ ခင်ဗျားတို့ကျုပ်တို့လဲ ဒီအတိုင်းဘဲဗျ၊ နောက် အမှတ်မှားမှုတွေက ဖေါက်ပြန်နေတယ်၊ အသိမှားမှုတွေက ဖေါက်ပြန် နေတယ်၊ အယူမှားမှုတွေက ဖေါက်ပြန်နေတယ်။

ဘယ်ဌာနတွေက ဖေါက်ပြန်နေတာတုံး (မျက်စိ နား နှာခေါင်း လျှာကိုယ် မနကပါဘုရား) အဲဒီဌာနတွေက ဖေါက်ပြန်တာဘဲ၊ ဒီဌာနတွေကလွဲပြီးဖေါက် ပြန်တဲ့နေရာရှိသေးရဲ့လား (မရှိပါဘုရား) တကာ တကာမတွေ ဒီဖေါက်ပြန်မှု တွေ ဘယ်အချိန်မှာ ဖေါက်ပြန်တာတုံး (မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြား

တိုင်း နမ်းရှုတိုင်းနမ်းရှုတိုင်း စားတိုင်းစားတိုင်း တွေ့ထိ တိုင်း တွေ့ထိ တိုင်း ကြံစည်တိုင်းကြံစည်တိုင်းမှာ ပါဘုရား) အဲဒီအချိန်မှာ ဝိပဿနာသတွေမဖေါက်ပြန်ဘူးလား ဖေါက်ပြန်သလား (ဖေါက်ပြန်ပါတယ်ဘုရား) ဒီကုန်သည်မှာလဲ ဒီခြောက်ဌာနက ဖေါက်ပြန်နေတာ၊ မဖေါက်ပြန်ဘူးလားဖေါက်ပြန်နေသလား (ဖေါက်ပြန်ပါတယ်ဘုရား) သတိလဲထား ဒကာဒကာမတွေ၊ အဲဒီလိုအရိပ်မထွက်တာလဲသိတယ်၊ မယုံကြည်ဘူးတဲ့၊ ဒါနဲ့ သူ့ငယ်ချင်းဝိဇ္ဇာခိုရ်က သူငယ်ချင်း ဘီလူးမမှ ဘီလူးမအစစ်၊ မင်းသာ ဒီဘီလူးမနဲ့ ဆက်လက်ပေါင်းနေမယ်ဆိုရင် မင်း အသက်ရှည်မှာမဟုတ်ဘူး၊ မင်းသေမှာ မင်းကိုစားချင်လို့ ဟန်ဆောင်ပြီး ရွာကြီးဖန်ဆင်းနေတာ မင်းကို အမျိုးမျိုးပြုစုနေတာ၊ ဒါကို မင်းကအထင်ကြီးမနေနဲ့ နောက်တခု ငါပြောအုံးမယ်သူငယ်ချင်း၊ ငါပြောတာသေချာမှတ်ထား၊ မင်းရဲ့မိန်းမ ဘီလူးမအစစ်ဖြစ်ကြောင်း ငါပြောမယ်၊ ညအခါမှာ မင်းရဲ့မိန်းမ အိပ်နေတဲ့အချိန် မင်းက မီးနဲ့ထွန်းကြည့်လိုက် မီးထွန်းကြည့်လိုက်တဲ့အခါ ဇာတိရုပ်တွေပေါ်လာလိမ့်မယ်။

ဒီဘီလူးမက စိတ်နဲ့ ဖန်ဆင်းထားတာ၊ တကယ် ဟုတ် ရဲ့ လား (မဟုတ်ပါဘုရား) ဒီတော့ စိတ်နဲ့ဖန်ဆင်းထားတာဆိုတော့ အိပ်တဲ့အခါမှာ၊ အဲ-ဖန်ဆင်းနိုင်တဲ့စိတ်ရှိရဲ့လား(မရှိပါဘုရား)ဘဝင်စိတ်ဘဲရှိတယ်။ ဘဝစိတ်ဆိုတာ မသိစိတ်ကိုပြောတာ၊ ဘဝင်စိတ်က ဒီလို မဖန်ဆင်းနိုင်ဘူး၊ မနောဝိညာဏ်စိတ်ကသာ ဖန်ဆင်းနိုင်တာ၊ ဘဝင်စိတ်က ဖန်ဆင်းနိုင်သလား (မဖန်ဆင်းနိုင်ပါ ဘုရား) အိပ်တဲ့အချိန်မှာ ဘဝင်စိတ်ဖြစ်တယ်။ အဲဒီအချိန်မှာ ဇာတိရုပ် ပေါ်လာတယ်၊ ညာလို့မရဘူး၊ ဒါကြောင့် အိပ်တဲ့အချိန်မှာ မင်းရဲ့မိန်းမဟာ ဇာတိရုပ် ပြလိမ့်မယ်၊ မင်းထကြည့်စမ်းလို့ပြောတယ်။

ဒါနဲ့ ကုန်သည်ယောကျ်ားက ညအခါမှာ ငါ့သူငယ်ချင်းပြောတာ၊ ဟုတ်မဟုတ် ထကြည့်မှဘဲ ဆိုပြီး မီးထွန်းကြည့်တဲ့အခါ လူယောင်ဆောင် ထားတဲ့ ဘီလူးမကြီးက သွားတွေခေါ်ထွက်နေတယ်။ လျှာကြီးကလဲထွက်နေတယ်။ သွားရည်တွေကလဲ တမျှားမျှားကျနေတယ်။ အဲဒါ ဒီကုန်သည် မမြင်ဘူးလား၊ မြင်သလား(မြင်ပါတယ်ဘုရား) မြင်တဲ့အခါကျတော့ ငါ့သူငယ်ချင်းဝိဇ္ဇာခိုရ်ပြောတာမှန်လိုက်တာ၊ ဘီလူးကြီးမှ ဘီလူးမကြီးပါဘဲ။ ဒီပေါ်မှာ စွဲလမ်းသလား၊ မစွဲလမ်းသလား (မစွဲလမ်းပါဘုရား) အမြင်မှန်ရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)

နဂိုက အမှတ်မှားမှုတွေ အသိမှားမှုတွေ အယူမှားမှုတွေဖြစ်ခဲ့တယ်။ အခုမှားသေးရဲ့လား(မမှားပါဘုရား)အမှန်မြင်လို့လား၊ မမြင်လို့လား (အမှန်မြင်လို့ပါဘုရား) သူကိုယ်တိုင် ကြည့်လိုက်တဲ့အခါကျတော့ ဟာ ဟုတ်ပါလား၊ ဒီဘီလူးမနဲ့သာဆက်နေရင် ငါ့ကိုတနေ့စားမဲ့အစွယ်ပါလား။ အဲဒီတော့ ဒီဘီလူးမ

ဒီအတိုင်း ထားလို့ မဖြစ်ဘူးဆိုပြီး ဓါးဆွဲပြီး ခုတ်ထွက်ပြေးတော့တာဘဲ၊ မပြေးဘူးလား၊ ပြေးသလား (ပြေးပါတယ်ဘုရား) အဲဒီ ဥပမာအတိုင်းဘဲ တကာ တကာမတွေ့လဲဘဲ မြင်တိုင်း မြင်တိုင်း ကြားတိုင်း ကြားတိုင်း အစရှိသည်တို့မှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား)

ဝိဇ္ဇာမိုရ်ယောကျ်ားနဲ့တူတဲ့ မြတ်စွာဘုရားက ဘီလူးမရဲ့အင်္ဂါငါးပါးနဲ့တူတဲ့ ခန္ဓာငါးပါး၊ မဟောဘူးလား၊ ဟောသလား(ဟောပါတယ်ဘုရား) ချစ်သား၊ ချစ်သမီးတို့ ကြည့်တိုင်း ကြည့်တိုင်း မြင်တိုင်း မြင်တိုင်း စသည်တို့မှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ခန္ဓာငါးပါး ဘယ်အချိန်မှာ ရှိနေတာတုံး (မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာပါဘုရား)မြတ်စွာဘုရားကဟောတာလား၊ ဘုန်းကြီးက ဟောတာလား ( မြတ်စွာဘုရားက ဟောတာပါဘုရား ) ဝိဇ္ဇာမိုရ် ယောကျ်ားက မြတ်စွာဘုရားနဲ့တူတယ်။ ယခု မြတ်စွာဘုရား ရှိရဲ့လား (မရှိပါဘုရား) မြတ်စွာဘုရားမရှိတော့ ပရိယတ္တိရှိတယ်၊ ပရိယတ္တိကဝိဇ္ဇာမိုရ်နဲ့တူတယ်။ ပရိယတ္တိစည်းကမ်းနဲ့ အညီ ဘုန်းကြီးတို့က ခင်ဗျားတို့ကို မပြောဘူးလား၊ ပြောသလား(ပြောပါတယ်ဘုရား)ခန္ဓာငါးပါးသာရှိတာပါ။

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူးလို့ ညတိုင်း ညတိုင်း တနာရီ တနာရီ မဟောဘူးလား၊ ဟောသလား (ဟောပါတယ်ဘုရား) မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ခင်ဗျားတို့ကို ဘုန်းကြီးက ဟောပေးနေရပါတယ်။ ဒီအမှတ်ပျောက်ရဲ့လား (မပျောက်ပါဘုရား) ယောကျ်ားမဟုတ် ပုဂ္ဂိုလ်သတ္တဝါ မဟုတ် ဘာလဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ခန္ဓာငါးပါးလို့ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့က ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဘဲလို့ မယူဘူးလား၊ ယူသလား (ယူပါတယ်ဘုရား)

ခင်ဗျားတို့ကျုပ်တို့က အယူမမှားဘူးလား၊မှားသလား(မှားပါတယ်ဘုရား) အမှတ်တွေကော(မှားပါတယ်ဘုရား)အသိတွေကော(မှားပါတယ်ဘုရား)ဘယ်လိုမှားနေသလဲဆိုတော့ လူလို့ ယူလိုက်တယ်။ လူလို့ အမှတ်မှားတယ်။ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါလို့ အသိမှားတယ်၊ မမှားဘူးလား၊ မှားသလား (မှားပါတယ်ဘုရား) ဒီခြောက်ပါးသောဌာနကနေပြီးတော့ မှားနေတာ အဆူဆူသော ဘုရားရှင်တွေကတော့ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ ဘာရှိတုံး(ခန္ဓာငါးပါးဘုရား)

{Hlaing 56}

ဝိဇ္ဇာဓိုရ်က ကုန်သည်သူငယ်ချင်းကို သူငယ်ချင်းတဲ့၊ မင်းရဲ့ အမျိုးသမီးက လူသားအစစ်မဟုတ်ဘူး ဘီလူးမကြီးပါ၊ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား)ဘီလူးမဖြစ်ကြောင်း အင်္ဂါ ငါးချက်နဲ့ညီတယ်၊ မျက်ထောင့်ကလဲ နီတယ်၊ မျက်တောင်မခတ်၊ နဖူးကလဲ မောက်တယ်၊ နှာရောင်ကလဲ ကောက်တယ်၊ ဖနှောင့်ကလဲတိုတယ်၊ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား)ပြောသော်လဲယုံရဲ့လား(မယုံပါဘုရား)ယခု ဝိဇ္ဇာဓိုရ်နဲ့တူတဲ့ မြတ်စွာဘုရား အဆူဆူတွေက ဘီလူးမအင်္ဂါနဲ့ တူတဲ့ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပါလို့ မပြောဘူးလား၊ ပြောသလား(ပြောပါတယ်ဘုရား)

ဟောပေမယ်လို့ ခင်ဗျားတို့ ကျုပ်တို့က ယုံရဲ့လား (မယုံပါဘုရား) သညာဝိပ္ပလ္လာသ စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်ကိုမပြုတ်ဘူး။ ဘာပြုလို့တုံးဆိုတော့ အားထုတ်မှုမပါသေးလို့ အားထုတ်မှုကမလိုဘူးလား၊ လိုသလား(လိုပါတယ်ဘုရား)အပြောနဲ့သိပါ့မလား (မသိပါဘုရား) သိရင်ပြီးရောဆိုတာ ဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား)တကာတကာမတွေ့ကြည့် ဝိဇ္ဇာဓိုရ်က သူ့ရဲ့သူငယ်ချင်းကိုပြောတာ၊ ဘီလူးမကြီးပါတဲ့။ ဒီနေရာမှာ ဘီလူးမကြီးက ဘာနဲ့တူသလဲဆိုတော့ ခန္ဓာငါးပါးနဲ့တူတယ်။ ဝိဇ္ဇာဓိုရ်ယောကျ်ားက ဘာနဲ့တူတာတုံး(မြတ်စွာဘုရားနဲ့တူပါတယ်ဘုရား)ယခုတော့ သပ္ပုရိသသံဝေသပေါ့။မမှီဝဲရဘူးလား မှီဝဲရသလား(မှီဝဲရပါတယ်ဘုရား)

မျက်စိလည်နေတဲ့ ပုဂ္ဂိုလ်က အန္ဓပုထုဇဉ် အန္ဓပုထုဇဉ် ဆိုတော့ မလည်ဘူးလား၊လည်သလား(လည်ပါတယ်ဘုရား) အမှတ်မှားမှု အသိမှားမှုတွေနဲ့ အချိန်ကုန်နေတယ်၊ မြင်တိုင်းကြားတိုင်းမှာ မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ဒါကြောင့် ဝိဇ္ဇာဓိုရ်ယောကျ်ားနဲ့ တူတဲ့ မြတ်စွာဘုရားက ခန္ဓာငါးပါး သာရှိဘာပါ။ ယောကျ်ားမိန်းမပုဂ္ဂိုလ်သတ္တဝါ မရှိပါဘူးဆိုပြီး မဟောဘူးလား ဟောသလား (ဟောပါတယ်ဘုရား) ဟောပင် ဟောငြားသော်လဲ ခင်ဗျားတို့ ကျုပ်တို့ကယောကျ်ားဘဲ မိန်းမဘဲ ပုဂ္ဂိုလ်ဘဲ သတ္တဝါဘဲလို့ အမှတ်မှားမှု အသိမှားမှုတွေ မမှားဘူးလား၊ မှားသလား (မှားပါတယ်ဘုရား)

မှားနေတော့ ဒီအပေါ်မှာသာယာနေတယ်။ မသာယာဘူးလား၊ သာယာသလား (သာယာပါတယ် ဘုရား) သာယာတယ်၊ နှစ်သက်တယ်ဆိုတာ လူက နှစ်သက်တာလား၊ တဏှာကနှစ်သက်တာလား(တဏှာကပါဘုရား) အဲဒီလို နှစ်သက်နေတာ သိလို့လား၊ မသိလို့လား (မသိလို့ပါဘုရား) မသိတာ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား(အဝိဇ္ဇာကမသိတာပါဘုရား) ဟော အဝိဇ္ဇာ တဏှာ ရမလာဘူးလား၊ ရလာသလား (ရလာပါတယ် ဘုရား) ဝိဇ္ဇာဓိုရ်

ယောကျ်ားက သူ့ရဲ့သူငယ်ချင်းကို နောက်တဆင့် ပြောတယ်မဟုတ်လား၊ မင်းရဲ့ မိန်းမကို နေပူမှာထားကြည့်ပါလို့ မပြောဘူးလား၊ပြောသလား(ပြောပါတယ် ဘုရား)ဝိဇ္ဇာမိုရ်ယောကျ်ားနဲ့တူတဲ့ မြတ်စွာဘုရားက ချစ်သား ချစ်သမီးတို့၊ခန္ဓာ ငါးပါးဟာ မြဲတဲ့တရားမဟုတ်ဘူး၊ ဖြစ်ပြီးတော့ ပျက်တာဘဲတဲ့၊ (မဟောဘူး လား၊ ဟောသလား(ဟောပါတယ်ဘုရား)

အဲဒါ အနိစ္စ ဒုက္ခ အနတ္တဘဲ ပြောတာနဲ့ ယုံရဲ့လား၊ မယုံပြန်ဘူး။ ခင်ဗျားတို့ ကျုပ်တို့ခန္ဓာငါးပါးကိုသိတာဘဲ။ ဒီခန္ဓာငါးပါးဖြစ်ခြင်းပျက်ခြင်းကို စာပေနဲ့ မသိဘူးလား၊ သိသလား(သိပါတယ်ဘုရား)ဒီလိုသိယုံနဲ့ဖြစ်ပါ့မလား (မဖြစ်ပါ ဘုရား)အားထုတ်ရမှာလား၊ အားမထုတ်ရဘူးလား (အားထုတ်ရမှာပါဘုရား) ခန္ဓာငါးပါးရဲ့ဖြစ်ပျက်ကိုမြင်အောင် မကြည့်ရဘူးလား၊ ကြည့်ရမှာလား(ကြည့် ရမှာပါဘုရား) ဝိဇ္ဇာမိုရ်ယောကျ်ားက သူငယ်ချင်းတဲ့ မင်းရဲ့မိန်းမ အိပ်နေတဲ့ အချိန်မှာ မီးထွန်းကြည့်စမ်းပါ။ မီးထွန်းကြည့်လိုက်ရင် ဇာတိရုပ်ပေါ်လာပါ လိမ့်မယ်၊ ယခုလဲ ခင်ဗျားတို့ကျုပ်တို့သည် မျက်စိ နား နှာ လျှာ ကိုယ် မန တို့ဒွါ ကြားတိုင်း မြင်တိုင်း စသည်ဖြင့် သတိထားပြီး ပညာ မျက်စိဖြင့် ကြည့်စမ်းပါ။ သတိနဲ့ပညာမပါရင် ဇာတိရုပ်မြင်ပါ့မလား (မမြင်ပါဘုရား) ခန္ဓာငါးပါးမြင် ပါ့မလား(မမြင်ပါဘုရား) အပြောဘဲ။ စာအုပ်ထဲ ဘောတွေထဲမှာ ပြနေတာနဲ့ အတူတူဘဲ၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ခန္ဓာ ကြည့်လို့လား၊ခန္ဓာမကြည့်လို့လား(ခန္ဓာမကြည့်လို့ပါဘုရား)သေသေချာချာ မီးထွန်းမကြည့်လို့၊ ဝိဇ္ဇာဉာဏ်အလင်းရောင်နဲ့ မကြည့်ရင် ခန္ဓာငါးပါး မြင်နိုင် ပါ့မလား(မမြင်နိုင်ပါဘုရား)

ခန္ဓာကဘာနဲ့တူတုံး ဘီလူးမနဲ့တူတယ် ဘီလူးမဟာ ဒီကုန်သည်ယောကျ်ားကို တနေ့မသတ်ဘူးလား (သတ်မှာပါဘုရား) ယခုလဲ ဘီလူးမနဲ့တူတဲ့ ခန္ဓာငါးပါး ကို သာယာနေမယ် ခင်တွယ်နေမယ်ဆိုရင် ဘယ်သူက သတ်မှာလဲ(ခန္ဓာကသတ် မှာပါဘုရား) ခန္ဓာသည် လူသတ်ယောကျ်ား ငါးဦးနဲ့တူတယ် (အာသိဝိသော ပမ) သုတ်မှာ မြတ်စွာဘုရားဟောတော်မူပါတယ်၊ အဲဒီတော့ လူသတ်သမား ငါးဦးနဲ့တူတဲ့ခန္ဓာငါးပါး အဇ္ဈတ္တသန္တာန်မှာ မရှိဘူးလား ရှိသလား (ရှိပါ တယ်ဘုရား)

တကာ တကာမတွေကို သတ်နေတာ ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါ တွေက သတ်တာလား၊ ခန္ဓာငါးပါးက သတ်ထာလား (ခန္ဓာငါးပါးက သတ် တာပါဘုရား) သေသေနေတာ ဘယ်သူ့ကြောင့်လဲ (ခန္ဓာငါးပါးကြောင့်ပါ ဘုရား) ဒီခန္ဓာငါးပါးဘဲ၊ မပြေးရင် အသေရပ်ပါ့မလား (မရပ်ပါဘုရား) အိုတာ နာတာကော ရပ်ပါ့မလား (မရပ်ပါဘုရား) ဒါကြောင့် ဒီခန္ဓာငါးပါး

က ပြေးသင့်သလား မပြေးသင့်ဘူးလား (ပြေးသင့်ပါတယ်ဘုရား) ပြေးသင့်တယ်ဆိုတာ ခြေထောက်နဲ့ပြေးရမှာလား သတိပညာနဲ့ပြေးရမှာလား (သတိပညာနဲ့ပြေးရမှာပါဘုရား)

ဒါ့ကြောင့် တကာ တကာမတွေ သတိပညာရှိသင့်သလား မရှိသင့်ဘူးလား (ရှိသင့်ပါတယ်ဘုရာ၊) ဘယ်ဌာနတွေ ရှိရမှာလဲ (မျက်စိ နား နှာ လျှာ ကိုယ်မနမှာပါသူရား) ဘယ်အချိန်မှာ သတိပညာရှိရမှာလဲ (မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်းတိုင်းမှာပါဘုရား)ဒီနေရာမှာ ကြံစည်တိုင်းသတိပညာထားလိုက်ပါ၊ ဝိညာတေ ဝိညာတမတ္တံဘဝိဿတိ၊ ဝိညာတေ၊သိသည်ရှိသော်၊ ဝိညာတမတ္တံ၊သိကာမျှသည်၊ဘဝိဿတိ၊ဖြစ်ရာ၏၊ လို့မဟောကြားဘူးလား ဟောကြားလား (ဟောကြားပါတယ်ဘုရား)

သိတယ်ဆိုတာ မနောဝိညာဏ်စိတ် ကြံစည်တယ်ဆိုတာ မနောဝိညာဏ်စိတ်အဲဒါကြောင့် မနောဝိညာဏ်စိတ်ဖြစ်တဲ့အခါမှာ ကြံစည်ရင် ကြံစည်တယ်လို့သိ၊ ဒါသမထကမ္မဋ္ဌာန်း၊ ကြံစည်တယ်လို့ သိတာ ဘာကမ္မဋ္ဌာန်းတုံး (သမထကမ္မဋ္ဌာန်းပါဘုရား) မနောဒွါရမှာ သတိမထားဘူးလား ထားသလား(ထားပါတယ်ဘုရား) နောက်တဆင့်က တကာတကာမတွေ ကြံစည်တယ်ဆိုတာရယ်စိတ်ကူးတယ်ဆိုတာရယ်ရှိရဲ့လား(မရှိပါဘုရား)ဒါဘာလဲဆိုတော့မနောဝိညာဏ်စိတ်၊ ဘယ်အချိန်မှာ ဖြစ်တာလဲ(ကြံစည်တိုင်း ကြံစည်တိုင်း စိတ်ကူးတိုင်း စိတ်ကူးတိုင်းမှာပါဘုရား) တခါတလေအိပ်ရာထဲမှာ မကြံစည်ဘူးလား ကြံစည်သလား(ကြံစည်ပါတယ်ဘုရား) စိတ်ကူးလိုက်တာ နေ့လည်က လုပ်ကိုင်ပြောဆိုထားခဲ့တဲ့ အာရုံတွေ မကြံစည်ဘူးလား ကြံစည်သလား (ကြံစည်ပါတယ်ဘုရား) ဟိုရှေးဖြစ်ပြီးခဲ့တဲ့အာရုံတွေ စိတ်ကူး နောက်လုပ်မဲ့ဟာတွေ စိတ်ကူးနဲ့ဒီလိုမကြံစည်ဘူးလား၊ ကြံစည်သလား (ကြံစည်ပါတယ်ဘုရား)

စိတ်ကူးတယ် ကြံစည်တယ်ဆိုတာ အတူတူဘဲ ကြံစည်တာ စိတ်ကူးတာရှိရဲ့လား(မရှိပါဘုရား)ကြံစည်တယ် စိတ်ကူးတယ်ထင်ရင် ဘာတုံး(ဒိဋ္ဌိပါဘုရား) ရှိတာက ဘာပါလိမ့် (မနောဝိညာဏ်စိတ်ပါဘုရား) မနောဝိညာဏ်စိတ်က၊ သက္ကာယ၊ ကြံစည်တယ် စိတ်ကူးတယ်ဆိုတာက (ဒိဋ္ဌိပါဘုရား) သက္ကာယနဲ့ဒိဋ္ဌိပေါင်းလိုက်တော့(သက္ကာယဒိဋ္ဌိပါဘုရား) ဘယ်အချိန်မှာ သက္ကာယဒိဋ္ဌိဖြစ်တာတုံး (ကြံစည်တိုင်း ကြံစည်တိုင်း စိတ်ကူးတိုင်း စိတ်ကူးတိုင်းမှာပါဘုရား)ရှိတာက မနောဝိညာဏ်စိတ် ကြံစည်တယ် စိတ်ကူးတယ်လို့ သက္ကာယထန်းလန်းနဲ့ဘယ်ကို ဦးလှည့်နေတာလဲ (အပါယ်ပါဘုရား)

ခင်ဗျားတို့ကတော့ ငါ့အတွက် ကြံစည်တယ်လို့ ပြောတာဘဲ ငါကြံစည်စိတ်ကူးနေတယ်တဲ့ ကြံစည်စိတ်ကူးတာ ရှိရဲ့လား (မရှိပါဘုရား) ရှိတာက

ဘာတုံး (မနောဝိညာဏ်စိတ်ပါဘုရား) မနောဝိညာဏ်စိတ်ဆိုတာ သိကာမျှ ဒါကြောင့် ဝိညာတေ ဝိညာတမတ္တံ ဘဝိဿတိဆိုတဲ့ ဒေသနာတော်နဲ့ မညီဘူးလား ညီသလား(ညီပါတယ်ဘုရား)ဝိညာတေ၊ သိသည်ရှိသော်၊ ဝိညာတမတ္တံ၊ သိကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရမယ် သိကာမျှဘဲဖြစ်ရမယ် ဒီထက်တိုးသွားရင် ခင်ဗျားတို့သက်သာပါ့မလား(မသက်သာပါဘုရား ကြံစည်တယ် စိတ်ကူးတယ် ဆိုတာရှိရဲ့လား (မရှိပါဘုရား)ရှိတာက ဘာတုံး(မနောဝိညာဏ်စိတ်ပါဘုရား)

ဘယ်အချိန်မှာရှိတာလဲ(ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါဘုရား) ရှိတာ ဘာလို့ရှိတာတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်အခါက ဖြစ်တာလဲ (အခုမှဖြစ်တာပါဘုရား)အခုမှဖြစ်တဲ့မနောဝိညာဏ်စိတ် ဘယ်အချိန်မှာဖြစ်နေတာလဲ (ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါဘုရား) စိတ်ကူးတယ် စဉ်းစားတယ် ကြံစည်တယ်ထင်ရင် ဘာလဲ (ဒိဋ္ဌိပါဘုရား) ရှိတာက ဘာလဲ (မနောဝိညာဏ်စိတ်ပါဘုရား) မနောဝိညာဏ်စိတ်က ဘာတရားလဲ (သက္ကာယပါရာရား) သက္ကာယနဲ့ ဒိဋ္ဌိခွဲတာ လူကခွဲတာလား ဉာဏ်ကခွဲတာလား (ဉာဏ်ကခွဲတာပါဘုရား) ဉာဏ်က ဦးသွားတာလား ဒိဋ္ဌိက ဦးသွားတာလား (ဉာဏ်ကဦးသွားတာပါဘုရား) အေးအေးနေတာဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) ကြံစည်စိတ်ကူးနေတာဘဲ၊ မနောဝိညာဏ်စိတ်ဆိုတာ စိတ်ကူးတယ် ကြံစည်တယ်လို့ဘဲ သိတယ်၊ အဲဒါ ဘာလဲ (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိဆိုတာ ကုသိုလ်လား အကုသိုလ်လား(အကုသိုလ်ပါဘုရား) ငါဘာမှ မလုပ်ဘူး ငါ့ဟာငါ အေးအေးနေတာဘဲလို့ မပြောဘူးလား(ပြောဘူးပါတယ်ဘုရား) နေရင်းထိုင်ရင်းဘာဖြစ်နေသလဲ (အကုသိုလ်ဖြစ်နေတာပါဘုရား) ခင်ဗျားတို့ ခေါင်းကဘယ်ကိုမြှားဦးလှည့်နေတာလဲ (အပါယ်ပါဘုရား) ဉာဏ်က ဦးလို့လား ဒိဋ္ဌိကဦးလို့လား (ဒိဋ္ဌိကဦးလို့ပါဘုရား) ကြံစည်တိုင်းမှာ ဉာဏ်က ဦးရမှာလား၊ ဒိဋ္ဌိက ဦးရမှာလား(ဉာဏ်ကဦးရမှာပါဘုရား)

ဉာဏ်ကဦးရင် ဘာနဲ့ဘာကွဲမှာလဲ (သက္ကာယနဲ့ဒိဋ္ဌိပါဘုရား) ဘယ်အချိန်မှာကွဲရမှာလဲ (ကြံစည်စိတ်ကူးတိုင်းမှာပါဘုရား) ကြံစည်စိတ်ကူးတိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ မနောဝိညာဏ်စိတ်ရှိတာလား (မနောဝိညာဏ်စိတ်ရှိတာပါဘုရား)ရှိဘာ ဘာလိုရှိနေတာလဲ(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာလဲ(အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့မနောဝိညာဏ်စိတ်) လာပါအုံးမလား၊ ဒိဋ္ဌိ(မလာပါဘုရား) တကာ တကာမတွေ ဘီလူးမနဲ့တူတဲ့ မနောဝိညာဏ်စိတ် သိမသွားဘူးလား သိသွားသလား (သိသွားပါတယ်ဘုရား)

ရန်သူကို မြင်သွားတော့ ဒီအပေါ်သာယာပါအုံးမလား (မသာယာတော့ပါဘုရား) နဂိုရ်ကတော့ ငါထင်တယ် ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါထင်တယ် ဖန်ဆင်းထားတာကိုဗျ ဘီလူးမက ဖန်ဆင်းမထားဘူးလား ထားသလား

(ဖန်ဆင်းထားပါတယ်ဘုရား) ဝိဉာဏ်တွေက လှည့်စားထားတာ မျက်လှည့်နဲ့ တူတယ်၊ မတူဘူးလား (တူပါတယ်ဘုရား) ခုတော့ လှည့်လို့ရသေးရဲ့လား (မရပါဘုရား )ဘာပြုလို့တုံး (သတိနဲ့ပညာပြည့်စုံနေလို့) ဘယ်အချိန်မှာသတိနှင့်ပညာပြည့်စုံနေတာလဲ(ကြံစည်စိတ်ကူးတိုင်းမှာပါဘုရား)ကဲ တကာတကာမတွေရှေ့တဆင့်တက်ကြပါစို့၊

အဲဒီမနောဝိညာဏ်စိတ်က သိတာတော့ ဟုတ်ပြီး ဘာကိုသိတာလဲဆိုတော့ ဓမ္မာရုံကို သိတာ ဘာကိုသိတာလဲ(ဓမ္မာရုံကိုပါဘုရား) ဓမ္မာရမ္မဏံပန ပသာဒ သုခုမရူပစိတ္တ စေတသိက နိဗ္ဗာနပညတ္တိဝသေနဆဓာသင်္ဂဟတို သင်္ဂြိုဟ်က ဒီအတိုင်းပြထားပါတယ် ဓမ္မာရုံက ဘယ်နှစ်မျိုးရှိတာလဲ(ခြောက်မျိုးပါဘုရား) ဓမ္မာရုံခြောက်မျိုးက ရုပ်ဓမ္မာရုံ နာမ်ဓမ္မာရုံ နိဗ္ဗာန်ဓမ္မာရုံ ပညတ်ဓမ္မာရုံ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ဒီနေရာမှာ ပညတ်ဓမ္မာရုံနဲ့ဘဲ ရှင်းကြပါစို့ ပညတ်ဓမ္မာရုံကလဲ အကျယ်ကြီးပါဘဲ။

ဒါကြောင့် တကာ တကာမတွေ ဓမ္မာရုံဆိုတဲ့သဘောက ခင်ဗျားတို့မန္တလေးရောက်ဘူးရဲ့လား(ရောက်ဘူးပါတယ်ဘုရား) မန္တလေးရောက်တဲ့အခါ မဟာမြတ်မုနိဘုရားကြီးကိုဖူးဘူးကြပါတယ် မန္တလေးကိုစိတ်ကူးကြည့်လိုက်စမ်းပါ ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဘုရား) တကယ် ရောက်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဟာမြတ်မုနိဘုရားကြီးကို အာရုံပြုလိုက်စမ်း အာရုံရောက်မသွားဘူးလား (ရောက်သွားပါတယ်ဘုရား) မဟာမြတ်မုနိဘုရားကြီးက ဘယ်ဘက်လှည့်နေတာလဲ (အရှေ့ဘက်လှည့်နေဘာပါဘုရား) အခုမြင်တာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)သူရောက်ခဲ့တုံးက စိတ်ကူးထဲမှာ မြင်နေ ကြံစည်နေတာတွေ ဘယ်အပေါ်မှာ စိတ်ကူးသလဲဆိုတော့ ဒီပညတ်ဓမ္မာရုံပေါ်မှာ ဘယ်ဓမ္မာရုံလဲ (ပညတ်ဓမ္မာရုံပေါ်မှာပါဘုရား) မဟာမြတ်မုနိဘုရားကြီးက ပညတ်ဓမ္မာရုံ ဘယ်သူက စိတ်ကူးတာလဲ (မနောဝိညာဏ်စိတ်ကပါဘုရား)

ငါဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဓမ္မာရုံကကော ငါဟုတ်ရဲ့လား (မဟုတ်ပါဘုရား) တကာတကာမတွေက တငါငါနဲ့နေတာ၊ မျက်လှည့်ပြတာနဲ့မတူဘူးလား (တူပါတယ်ဘုရား) ကောင်းပြီး ပညတ်ဓမ္မာရုံ ဆိုတဲ့ မဟာမြတ်မုနိဘုရားကြီးဆီရောက်သွားအောင် မနောဓါတ်ကညွတ်လိုက်တယ်၊ ဘယ်သူကညွတ်လိုက်တာလဲ(မနောဓါတ်ကပါဘုရား)မနောဓါတ်က ဘယ်ကိုညွတ်လိုက်သလဲဆိုတော့ မဟာမြတ်မုနိဘုရားကြီးဆိုတဲ့ ပညတ်ဓမ္မာရုံကို ညွတ်လိုက်တယ်၊ အဲဒီ မဟာမြတ်မုနိဆိုတဲ့အာရုံကို လူကသိတာလား၊စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား) ဘာစိတ်လဲ (မနောဝိညာဏ်စိတ်ပါဘုရား)

မနောဓါတ်ကညွတ်တယ်၊ မနောဝိညာဏ်စိတ်က သိတယ်၊ ဘယ်အပေါ်မှာ သိတာလဲဆိုတော့(ဓမ္မာရုံပေါ်မှာပါဘုရား)ဘယ်ဓမ္မာရုံပေါ်မှာလဲ (မဟာမြတ်မုနိဆိုတဲ့ ပညတ်ဓမ္မာရုံပေါ်မှာပါဘုရား)အခု တကာတကာမတွေ အိမ်ကိုစိတ်ကူးကြည့်စမ်းပါ၊ စိတ်ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဘုရား) စိတ်ရောက်သွားတော့ ဘယ်နေရာမှာ ဘာပစ္စည်းတွေ ထားတယ်ဆိုတာ မသိဘူးလား သိသလား(သိပါတယ်ဘုရား)ဒီစိတ်ကို ဘယ်သူကညွတ်ပေးလိုက်တာလဲ (မနောဓါတ်ကပါဘုရား) သိတာက (မနောဝိညာဏ်စိတ်ကပါဘုရား) ဘာကိုသိတာလဲ ဆိုတော့ ကိုယ်ကြံစည်တဲ့ဓမ္မာရုံပေါ်မှာသိတယ်။

ကိုယ့်အိမ်ကဘာဖြစ်သွားသလဲ(ဓမ္မာရုံပါဘုရား)အိမ်ဆိုတဲ့ပညတ်အာရုံပေါ်မှာ မနောဓါတ်က မညွတ်ဘူးလား၊ ညွတ်သလား (ညွတ်ပါတယ်ဘုရား) ညွတ်လိုက်တော့ အိမ်လို့သိတာ၊ လူကသိတာလား၊စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား) ဘာစိတ်က သိတာလဲလို့မေးရင် (မနောဝိညာဏ်စိတ်ကပါဘုရား) ဘယ်သူက ညွတ်ပေးတာလဲ (မနောဓါတ်ကပါဘုရား) မနောဝိညာဏ်ဓါတ်က လူတွေ သတ္တဝါတွေကို မှီပြီးသိတာလား၊ ဟဒယဝတ္ထုရုပ်ကို မှီပြီးသိတာလား (ဟဒယဝတ္ထုရုပ်ကိုမှီပြီးသိတာပါဘုရား)

ဟဒယဝတ္ထုရုပ်ဆိုတာ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) မြင်လို့ရရဲ့လား(မရပါဘုရား) ဘုရားရှင်ရဲ့အရာ၊ ခင်ဗျားတို့ ကျုပ်တို့ အရာမဟုတ်ဘူး၊ တကာ တကာမတွေ ဆိုကြပါစို့၊ အသံကို မျက်စိနဲ့ တွေ့ကောင်းရဲ့လား (မတွေ့ကောင်းပါဘုရား) ဘယ်သူ့ရဲ့အရာလဲ(နားအကြည်ရဲ့အရာပါဘုရား) နားရဲ့အရာကို မျက်စိအရာလုပ်လို့ ရရဲ့လား(မရပါဘုရား) ဒါကြောင့် မြတ်စွာဘုရားရဲ့အရာကို ခင်ဗျားတို့ကျုပ်တို့ရဲ့အရာ လုပ်လို့ရပါမလား (မရပါဘုရား) ဟဒယဝတ္ထုရဲ့အရာဟာ ဘယ်သူ့ရဲ့အရာလဲ (မြတ်စွာဘုရားရဲ့အရာပါဘုရား) အဆင်းက မျက်စိအရာဘဲ၊ အနံ့ကနှာခေါင်းအရာဘဲ၊ အနံ့ကိုမျက်လုံးကြည့်လို့ ရရဲ့လား (မရပါဘုရား) ကာယပသာဒနဲ့ တွေ့လို့ရရဲ့လား (မရပါဘုရား) ဘာနဲ့သိရမှာတုံး(နှာခေါင်းအကြည်နဲ့ပါဘုရား)

သူ့အရာ ကိုယ့်အရာကိုး။ ဒါကြောင့် ဟဒယဝတ္ထုရုပ်ကို မှီပြီးတော့ မနောဓါတ်နဲ့ မနောဝိညာဏဓါတ် ဘယ်သူ့ကိုသိတာလဲလို့မေးရင် (ဓမ္မာရုံကို သိတာပါဘုရား) ဓမ္မာရုံတွေကိုသိပေးနေတယ်နော်။ မနောဓါတ်နဲ့မနောဝိညာဏဓါတ်က နာမ်တရား၊ ဟဒယဝတ္ထုကရုပ်တရား၊ ဒါကြောင့် ရုပ်တရား နာမ်တရား မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ဘယ်အချိန်မှာရှိနေတာလဲ (ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါဘုရား) ကြံစည်တိုင်းစိတ်တိုင်းမှာ ယောကျာ်း မိန်းမ ပုဂ္ဂိုလ် သတ္တဝါရှိတာလား၊ ရုပ်နာမ်ရှိတာလား (ရုပ် နာမ်ရှိတာပါဘုရား)

ဘာကြောင့်ရှိရှိနေတာပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်နေတာလဲ(အခုမှဖြစ်တဲ့ရုပ်နာမ်) ဘယ်အချိန်မှာဖြစ်တာလဲ (ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါ ဘုရား) ရုပ် နာမ် ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒါကြောင့် ခန္ဓာဖွဲ့လိုက်တော့ ဟဒယဝတ္ထုရုပ်က ရူပက္ခန္ဓာ၊ ကြံစည်စိတ်ကူးတဲ့အခါ ကောင်းမကောင်း ဆိုတဲ့ သဘောကို ခံစားတာက ဝေဒနာ။ ဝေဒနာကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာရသလဲ(ဝေဒနာက္ခန္ဓာပါဘုရား) စိတ်ကူးတိုင်း မမှတ်ဘူးလား(မှတ်ပါတယ်ဘုရား) အဲဒါ သညာကမှတ်တာလား၊ လူကမှတ်တာလား(သညာကမှတ်တာပါဘုရား) ဒီသညာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာလဲ(သညာက္ခန္ဓာပါဘုရား)

စိတ်ကူးတိုင်း စေတနာမပါဘူးလား (ပါပါတယ်ဘုရား) ဒီစေတနာကို ခန္ဓာဖွဲ့လိုက်တော့(သင်္ခါရက္ခန္ဓာ)တကာတကာမတွေ့စိတ်ကူးတဲ့အခါ ဓမ္မာရုံကိုသိတာ၊ လူက သိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါ ဘုရား) အဲဒီစိတ်ကို ခန္ဓာ ဖွဲ့လိုက်တော့ ဘာခန္ဓာရလာသလဲ (ဝိညာဏက္ခန္ဓာပါ ဘုရား) ခန္ဓာဘယ်နှစ်ပါး ရလာသလဲ ( ငါးပါးပါ ဘုရား ) ဆိုစမ်းပါ (ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာပါ ဘုရား) ကြံစည် စိတ်ကူးတိုင်းမှာ လူတွေ သတ္တဝါတွေဖြစ်တာလား၊ ခန္ဓာငါးပါးဖြစ်တာလား (ခန္ဓာငါးပါးဖြစ်တာပါ ဘုရား)

အဲဒီခန္ဓာငါးပါးဘယ်တုံးကဖြစ်တာလဲ(အခုမှဖြစ်တာပါဘုရား)ဒါကြောင့် အခုမှဖြစ်တဲ့ခန္ဓာငါးပါးလို့ ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား)ဒီဉာဏ်သုဒ္ဓိ ပရိညာစခမ်း မဆိုက်လာဘူးလား၊ ဆိုက်လာသလား (ဆိုက်လာပါတယ်ဘုရား)ဘီလူးမနဲ့တူတဲ့ ခန္ဓာငါးပါး တွေ့မလာဘူးလား၊ တွေ့လာသလား (တွေ့လာပါတယ်ဘုရား) ဘယ်အချိန်မှာတွေ့တာလဲ (ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါ ဘုရား) သညာဝိပ္ပလ္လာသတွေ လာပါအုံးမလား (မလာပါဘုရား)တကာတကာမတွေ လူလို့ ယူပါအုံးမလား (မယူတော့ပါဘုရား) လူလို့ စွဲလမ်းပါအုံးမလား(မစွဲလမ်းပါဘုရား)အဲဒီလိုမစွဲလမ်းတော့ ဒိဋ္ဌိဝိပ္ပလ္လာသ လာပါအုံးမလား(မလာပါဘုရား) ဘာကိုသိလို့ပါလိမ့် (ခန္ဓာငါးပါးသိနေလို့ပါဘုရား)

ခန္ဓာငါးပါးရှိတာအမှန်ဘဲလား (အမှန်ပါဘုရား) အဲဒီလိုခန္ဓာငါးပါးသိနေတော့ အမှန်တရားသိနေတာလား အမှားသိနေတာလား (အမှန်သိနေတာပါဘုရား) ဒါဖြင့် ဝိဇ္ဇာလား အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား)ဝိဇ္ဇာမိုရ်ရဲ့ ယောကျ်ားဖြစ်လာပြီကိုး၊ တကာတကာမတွေ ဒီဥပမာနဲ့လာမကိုက်ဘူးလား ကိုက်သလား

(ကိုက်ပါတယ်ဘုရား) ယခုတော့ တကာတကာမတွေက ကြံစည်တိုင်း ငါစိတ်ကူးနေတာလို့မဆိုဘူးလား ဆိုသလား (ဆိုပါတယ်ဘုရား) ငါဆိုတာကောရှိရဲ့လား(မရှိပါဘူးဘုရား) စိတ်ကူးတယ် စဉ်းစားတယ်ဆိုတာကောရှိရဲ့လား (မရှိပါဘုရား) တကာတကာမတွေက ပြောကြသေးတယ် ငါဘာမှ မလုပ်ဘူး တယောက်ထဲ အေးအေးနေတာ မပြောဘူးလား ပြောသလား(ပြောပါတယ်ဘုရား)

အေးအေးနေတယ်ဆိုတာ မဟုတ်ပါဘူးဗျ ဟိုဟာစိတ်ကူး ဒီဟာစိတ်ကူးနဲ့ အငြိမ်ကို မနေပါဘူး ကြံစည်တဲ့အခါမှာ ခန္ဓာငါးပါးကို ဘယ်နှစ်ခါများ ရှုဘူးပါသလဲ (မရှုဘူးပါဘုရား) အရှိတရားရှုနေတာလား မရှိတရားရှုနေတာလား(မရှိတရားရှုနေတာပါဘုရား) ဘီလူးမကို ဘီလူးမမှန်းမသိဘူး ခန္ဓာငါးပါးကိုဖန်ဆင်းထားတဲ့လူလို့ ထင်နေကြတယ် ဟုတ်တယ်မဟုတ်လား၊ လူအနေနဲ့ စဉ်းစားတယ် ငါအနေနဲ့စဉ်းစားတယ် မစဉ်းစားဘူးလား စဉ်းစားသလား (စဉ်းစားပါတယ်ဘုရား)ယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စဉ်းစားတယ် ငါဟူသော အမှတ်သညာတွေ သတ္တဝါဟူသော အမှတ်သညာတွေ မပါဘူးလား ပါသလား (ပါပါတယ်ဘုရား)

ဘယ်အချိန်မှုလဲ (ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါဘုရား)ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ကမ္မဋ္ဌာန်းမဖြစ်ရင် ကုသိုလ်ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဘာဖြစ်မှာလဲ (အကုသိုလ်ဖြစ်မှာပါဘုရား) ဘယ်ကိုခေါင်းလှည့်နေတာလဲ (အပါယ်ပါဘုရား) ဘာ့ကြောင့်လဲဆိုတော့ သက္ကာယဒိဋ္ဌိရှိနေလို့ ဘာရှိနေလို့လဲ(သက္ကာယဒိဋ္ဌိရှိလို့ပါဘုရား)သက္ကာယနဲ့ဒိဋ္ဌိမကွဲလို့ ကြံစည်တိုင်း စိတ်ကူးတိုင်းမှာ ဘာနဲ့ဘာကွဲရမှာလဲ (သက္ကာယနဲ့ဒိဋ္ဌိပါဘုရား) ကြံစည်တိုင်းမှာ သက္ကာယဒိဋ္ဌိဘာလို့ဖြစ်တာလဲဆိုတော့ သက္ကာယဆိုတဲ့ ခန္ဓာငါးပါးနဲ့ ဒိဋ္ဌိမကွဲလို့ ခန္ဓာနဲ့ငါနဲ့မကွဲလို့ ဒါကြောင့် ကြံစည်တိုင်း စိတ်ကူးတိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား) ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့ခန္ဓာငါးပါး) ဖြစ်ပြီး ဘယ်ရောက် (ပျက်) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) အနိစ္စလို့မရှုဘူးလား ရှုသလား(ရှုပါတယ်ဘုရား) အမှန်ကို ရှုလိုက်တာ မီးထွန်းကြည့်လိုက်တာဘဲ ဝိဇ္ဇာဉာဏ်အလင်းရောင်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာငါးပါးသည် မြဲသလား မမြဲဘူးလား (မမြဲပါဘုရား) နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား)နဂိုရ်က နိစ္စထင်တယ် နိစ္စလို့ အမှတ်မှားခဲ့တယ် အဲဒါသညာဝိပ္ပလ္လာသ မမှားခဲ့ဘူးလား မှားခဲ့သလား (မှားခဲ့ပါတယ်ဘုရား) နိစ္စဘဲလို့ အသိမှားခဲ့တယ် အဲဒါ ဘာဝိပ္ပလ္လာသလဲ (စိတ္တဝိပ္ပလ္လာသပါဘုရား)

နိစ္စမြဲတယ်လို့ ယူခဲ့တယ် အဲဒါဘာဝိပ္ပလ္လာသလဲ (ဒိဋ္ဌိဝိလ္လာသပါဘုရား)

အနိစ္စမှာ သုံးချက်မရဘူးလား(ရပါတယ်ဘုရား)ယခု ခန္ဓာငါးပါးဖြစ်ပြီးတော့ ဘယ်ရောက်လဲ(ပျက်ပါတယ်ဘုရား) ဒါဖြင့် မြဲလို့လား မမြဲလို့လား (မမြဲလို့ ပါဘုရား) ဘယ်အချိန်မှာလဲ(ကြံစည်စိတ်ကူးတိုင်းမှာပါဘုရား) လူတွေသတ္တဝါ တွေ မမြဲဘာလား ခန္ဓာငါးပါးမမြဲတာလား (ခန္ဓာငါးပါးမမြဲတာပါဘုရား) ဒီအချိန်မှာ ဝိပ္ပလ္လာသသုံးပါးလာနိုင်ပါအုံးမလား (မလာနိုင်ပါဘုရား) မလာ တော့ဘူး၊ မျက်စိလည်ပျောက်မသွားဘူးလား ပျောက်သလား(ပျောက်သွား ပါတယ်ဘုရား)

ဘီလူးမဘဲ့သို့ မြင်မလာဘူးလား မြင်လာသလား (မြင်လာပါတယ်ဘုရား) ခန္ဓာဟာ ဘာနဲ့တူသလဲ (ဘီလူးမနဲ့တူပါတယ်ဘုရား) ဘီလူးမနဲ့တူတဲ့ခန္ဓာက မပြေးချင်ဘူးလား ပြေးချင်သလား (ပြေးချင်ပါတယ်ဘုရား) ဟိုတချိန်တုံးက တော့ ဒီခန္ဓာကို အကောင်းထင်ပြီး လုပ်ငန်းတွေလုပ်တယ်၊ မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား) လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ရအောင် ငွေတွေ ပုံပုံပြီးတော့ လုပ်လိုက်ကြတာ မလုပ်ဘူးလား လုပ်သလား (လုပ်ပါတယ်ဘုရား) အားမထုတ်ဘူးလား အားထုတ်သလား (အားထုတ်ပါ တယ်ဘုရား) အဲဒီအလုပ်ကို အားထုတ်တာတွေဟာ ကံတွေဘဲ ဘာတွေနဲ့အား ထုတ်ထားသလဲဆိုတော့ ကာယကံ ဝစီကံ မနောကံတွေ ကာယသင်္ခါရ ဝစီသင်္ခါ မနောသင်္ခါရတွေနဲ့ လုပ်ထားတာနော်။

ဘီလူးမနဲ့တူတဲ့ခန္ဓာငါးပါးရအောင်လုပ်တာ ဒါကို မကြိုးစားကြဘူးလား ကြိုးစားကြသလား (ကြိုးစားကြပါတယ်ဘုရား)ကြိုးစားတော့ ဘီလူးမနဲ့တူတဲ့ ခန္ဓာငါးပါးပြန်မရဘူးလား (ရပါတယ်ဘုရား) အသေလွတ်ရှိလား (မလွတ်ပါ ဘူးဘုရား) ခင်ဗျာတို့ကို ဘယ်သူမှ မသတ်ဘူး ဒီခန္ဓာငါးပါးက သတ်တာ ကျုပ်ငဝါးပင်တွေကို ဘယ်သူကမှ မသတ်ဘူး သူ့ရဲ့အသီးက သတ်တာ ကျူ ပင်ဝါးပင်တွေမသီးလိုက်နဲ့ သီးရင်သေတာဘဲ ယခုလဲ ခန္ဓာငါးပါးမရလိုက်နဲ့ ရလိုက်ရင် ဘာဖြစ်မလဲ (သေတာပါဘုရား) မဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင်ပျက် တော့တာဘဲ၊ မြဲလို့လား မမြဲလို့လား(မမြဲလို့ပါဘုရား) ဘယ်သူမှ သတ်တာ မဟုတ်ဘူး ဒီခန္ဓာငါးပါးကြောင့် အသေမရပ်တာ မမြင်ဘူးလား မြင်သလား (မြင်ပါတယ်ဘုရား) ဒီခန္ဓာငါးပါးက မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ် ဘုရား) လွတ်ချင်းတဲ့ဉာဏ်တွေ မပေါ်လာဘူးလား (ပေါ်လာပါတယ် ဘုရား) နိစ္စမြင်လို့လား၊ အနိစ္စမြင်လို့လား (အနိစ္စမြင်လို့ပါဘုရား) ခန္ဓာ ငါးပါးအသစ်ဖြစ်ရင် ဆင်းရဲသလား ချမ်းသလား (ဆင်းရဲပါတယ်ဘုရား) သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) ချမ်းသာတယ်ဆိုတဲ့အမှတ်သညာတွေလာ သေးရဲ့လား (မလာပါဘုရား) ခန္ဓာငါးပါးအသစ်ဖြစ်နေလို့ နိဗ္ဗာန်မရတာ ခန္ဓာငါးပါးသာ နောက်ထပ်မဖြစ်ရင်ဘာလဲ (နိဗ္ဗာန်ပါဘုရား)

ယခု တကာတကာမတွေဆင်းရဲရပ်ရဲလား(မရပ်ပါဘုရား) ဘာပြုလို့ပါလိမ့် ( ခန္ဓာငါးပါး ဖြစ်နေလို့ပါဘုရား ) ဒီရှုကွက်မှာ ဘယ်အချိန် ဖြစ်နေတာလဲ (ကြံစည် စိတ်ကူးတိုင်းမှာပါဘုရား) ရှုကွက်မလွတ်နဲ့ ဒီရှုကွက် ပျောက်သွားလို့ ရရဲ့လား (မရပါဘုရား) ရှုရမဲ့အချိန် ရှုရမဲ့ဌာန အဲဒါမိထားရတယ်။ ပရိယတ္တိ အပြောမျိုးနဲ့ လျှောက်ပြောလို့ရရဲ့လား (မရပါဘုရား) ပြောရုံနဲ့ သိပါ့မလား (မသိပါဘုရား)ဝိဇ္ဇာဓိုရ်ယောက်ျားက မင်းရဲ့ဘီလူးမ၊ ဒီအင်္ဂါတွေနဲ့ ညီပါတယ် လို့ မပြောဘူးလား (ပြောပါတယ်ဘုရား) ယုံရဲ့လား (မယုံပါဘုရား) မီးထွန်း ကြည့်တော့ မယုံဘူးလား၊ ယုံသလား (ယုံပါတယ်ဘုရား)

ယခုလဲ တကာ တကာမတွေကို မြတ်စွာဘုရားက ပရိယတ္တိစည်းကမ်းတွေ မပြောဘူးလား၊ ပြောသလား (ပြောပါတယ် ဘုရား) ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး အာယတနတဆဲ့နှစ်ပါး ဓါတ်တဆဲ့ရှစ်ပါးပြောတယ်။ပြောရုံနဲ့မသိဘူး၊ ဘယ်လိုလုပ်ရမလဲ ကြည့်ရမယ်၊ ပွါးရမယ်။ အားထုတ်ရမယ်။ ဒါမှ သိမှာကိုး။ ယခုလဲ ကြံစည် စိတ်ကူးတိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါး ရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား)ဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါ ဘုရား)ဘယ်တုံးကဖြစ်တာလဲ(အခုမှဖြစ်တာပါဘုရား)ဒါကြောင့် (အခုမှဖြစ်တဲ့ ခန္ဓာငါးပါး) ဖြစ်ရင် ဆင်းရဲတဲ့တရားဖြစ်တာလား၊ ချမ်းသာတဲ့တရား ဖြစ်တာ လား(ဆင်းရဲတဲ့တရားဖြစ်တာပါဘုရား)

ဆင်းရဲပါတယ်ဆိုတော့ ချမ်းသာတယ်ဆိုတဲ့ အမှတ်မှားပါအုံးမလား(မမှား ပါဘုရား)အသိကော မှားပါအုံးမလား(မမှားပါဘုရား) အယူကောမှားပါအုံး မလား (မမှားပါဘုရား) ဝိပ္ပလ္လာသသုံးပါးလုံးစင်သွားပြီ၊ နိစ္စကိုအနိစ္စ သုခကို ဒုက္ခလို့ရှုတော့ ဝိပ္ပလ္လာသမပြုတ်ဘူးလား၊ ပြုတ်သလား (ပြုတ်ပါတယ်ဘုရား) ဒီခန္ဓာငါးပါး မဖြစ်ပါနဲ့ မပျက်ပါနဲ့ တားလို့ရရဲ့လား (မရပါဘုရား) တားမရ တာ အတ္တလား၊ အနတ္တလား ( အနတ္တပါဘုရား ) အနတ္တလို့ရှုကတဲက ငါပါ ဆိုတဲ့ အမှတ်သညာလာပါအုံးမလား (မလာပါဘုရား) ငါမှငါဆိုတဲ့ အယူတွေ ကော လာပါအုံးမလား(မလာပါဘုရား) အနိစ္စ ဒုက္ခ အနတ္တ လို့ ရှုလိုက်တာနဲ့ တပြိုင်နက် ခန္ဓငါးပါးကနေပြီးတော့ မပြေးဘူးလား (ပြေးပါတယ် ဘုရား) ဘာဥာဏ်တွေနဲ့ ပြေးသလဲ ဆိုတော့ အနိစ္စာနုပဿနာဥာဏ် ဒုက္ခာနုပဿနာ ဥာဏ် အနတ္တာနုပဿနာဥာဏ်နဲ့ ခန္ဓာငါးပါးပေါ်က ပြေးနေတာ။ ဘီလူးမရဲ့ လည်ပင်းကိုဖြတ်ပြီး အဲဒီ ကုန်သည်ပြေးသကဲ့သို့ ခင်ဗျားတို့ ကျုပ်တို့လဲဘဲ ခန္ဓာ ငါးပါးရှိနေလို့ဆင်းရဲ ဘာဘဲ၊ ခန္ဓာငါးပါးမဖြစ်ရင် ဘယ်လောက်အေးမလဲ

[ Hlaing 57 ]

ဆိုတဲ့ အသိဉာဏ်တွေ ရလိုက်တော့ ခန္ဓာငါးပါးတွေ ဖြစ်ပြီးတော့ ဘယ်ရောက်သွားသလဲ(ပျက်)ဖြစ် ပျက်ဆိုတဲ့သဘောကို မြင်လိုက်တာနဲ့တပြိုင်နက်ထဲ ဒီခန္ဓာငါးပါးပေါ်ကနေပြီး မပြေးဘူးလား၊ ပြေးသလား(ပြေးပါတယ်ဘုရား)

ဘာဉာဏ်တွေနဲ့ ပြေးနေတာတုံး ( အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်နဲ့ပါ ဘုရား ) အဲဒီဉာဏ်နဲ့ ပြေးမှလွတ်မှာ ဘယ်အချိန်မှာ ပြေးရမှာပါလိမ့် (ကြံစည်စိတ်ကူးတိုင်းမှာပါ ဘုရား) တကာတကာမတွေ ကြံစည်စိတ်ကူးတိုင်းမှာ လူတွေသတ္တဝါတွေဖြစ်နေတာလား၊ ခန္ဓာငါးပါးဖြစ်နေတာလား(ခန္ဓာငါးပါးဖြစ်နေတာပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) ဒါပြေးတာဘဲ၊ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)ပဌမ မနောကနေပြီးတော့ မနောဓါတ်ကညွှတ်တယ်၊ မနောဝိညာဏ်စိတ်ကသိတယ်၊ လူတွေသတ္တဝါတွေကိုသိတာလား၊ ဓမ္မာရုံကိုသိတာလား (ဓမ္မာရုံကိုသိတာပါဘုရား)

ဥပမာ- တရားရုံးက ဟဒယဝတ္ထုရုပ်နဲ့ တူတယ်၊ တရားသူကြီးက မနောဝိညာဏ်စိတ်နဲ့တူတယ်။ မနောကဘာနဲ့တူသလဲဆိုရင် ရဲနဲ့တူတယ်။ ဓမ္မာရုံကသူခိုးဓါးပြနဲ့တူတယ်။ အဲဒီတော့ ရဲက သူခိုးဓါးပြကို ဖမ်းရုံဘဲဖမ်းပေးတယ်။ ဥပဒေကြောင်းအရ ဆုံးဖြတ်လို့ရရဲ့လား (မရပါဘုရား) ဆုံးဖြတ်ချက်က ဘယ်သူကချပေးမှာလဲ(တရားသူကြီးကပါဘုရား)တရားသူကြီးနဲ့တူတဲ့ မနောဝိညာဏ်စိတ်က သိပေးရတယ်။ အဲဒီဥပမာလိုဘဲ တကာတကာမတွေ ရဲနဲ့တူတဲ့ မနောဓါတ်က သူခိုးဓါးပြနဲ့ တူတဲ့ ဓမ္မာရုံတွေကို ဖမ်းမလာဘူးလား (ဖမ်းလာပါတယ်ဘုရား) ဘယ်ကိုဖမ်းလာပါလိမ့် (ရုံးကိုပါ ဘုရား) ရုံးက ဘာနဲ့တူသလဲ ဟဒယဝတ္ထုရုပ်ဆိုတဲ့ရုံးကိုရောက်လာတာနဲ့တပြိုင်ထဲ ဒါသူခိုးဘဲ၊ ဒါဓါးပြဘဲလို့ ဘယ်သူက ဆုံးဖြတ်သလဲ ( တရားသူကြီးနဲ့ တူတဲ့ မနောဝိညာဏ် စိတ်က ဆုံးဖြတ် ပေးပါတယ်ဘုရား)

ယနေ့ တကာ တကာမတွေ ဓါတ် တဆဲ့ရှစ်ပါး ရှင်းရမှာကိုး။ အဲဒီတော့ မနောဓါတ် မနောဝိညာဏဓါတ် ဟဒယဝတ္ထုရုပ်ကို မှီဖြစ်တဲ့ ခန္ဓာငါးပါးကို မရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား (ရှင်းခဲ့ပါတယ်ဘုရား) အားလုံးပေါင်းလိုက်တဲ့အခါကျတော့ အကြည်ကခြောက်ပါး၊ အကြည်ခြောက်ပါးက မျက်စိအကြည် နားအကြည် နှာခေါင်းအကြည် လျှာအကြည် ကိုယ်အကြည် မနောအကြည် အကြည်ဘယ်နှစ်ပါးပါလိမ့် (ခြောက်ပါးပါ ဘုရား) ဒီအကြည် ခြောက်ပါးကို အတွင်းအဇ္ဈတ္တိက အာယတနခြောက်ပါးလို့ ခေါ်တယ်။ ပသာဒရုပ် ခြောက်ခုလို့လဲ ခေါ်တယ်။ အပြင် အာရုံခြောက်ပါးက ဘာတွေလဲ ဆိုတော့ အဆင်း အနံ့ အသံ အရသာ အတွေ့ အကြံအစည်။ ဒါကအပြင်အာရုံခြောက်ပါး၊ ဒါကို

ဗာဟိရာယတနခြောက်ပါး၊ အပြင်အာယတနခြောက်ပါးလို့ခေါ်တယ်။အဇ္ဈတ္တိကာယတနခြောက်ပါး၊ ဗာဟိရာယတနခြောက်ပါး၊ အားလုံး ပေါင်းလိုက်တော့ဘယ်လောက်ရှိသလဲ(အာယတနတဆဲ့နှစ်ပါးပါဘုရား)

အဲဒီအာယတန(၁၂)ပါးက စာအုပ်တွေ ဘောတွေထဲမှာ ရှိတာလား မိမိခန္ဓာမှာရှိတာလား (မိမိခန္ဓာမှာရှိတာပါ ဘုရား) ဘယ်အချိန်မှာ အာယတန(၁၂) ပါး ရှိတာလဲ (မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာပါဘုရား)အာယတန(၁၂)ပါးဖြစ်တဲ့အချိန် အာယတနဖြစ်တဲ့ဌာနဒါမှမသိရင် ဘယ်လိုသွားရှုမလဲ ရှုလို့ရပါ့မလား (မရပါ ဘုရား) အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတန ခြောက်ပါး၊ ဒီအာယတနတွေ မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိ(ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်တာလဲလို့ မေးရင် (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့အာယတန(၁၂)ပါး)

ဒီလိုကော ရှုလို့မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) မြင်တိုင်း ကြားတိုင်းမှာ အဲဒီလိုရှု၊ အဲဒါ အာယတန(၁၂)ပါး။ နောက်ပြီး ဝိညာဏ်ခြောက်ပါးက ဘာလဲဆိုရင် အဆင်းသိတဲ့စိတ် အသံသိတဲ့စိတ် အနံ့သိတဲ့စိတ် အရသာသိတဲ့စိတ် အတွေ့သိတဲ့စိတ် အကြံအစည် သိတဲ့စိတ် ပေါင်း ဘယ် နှစ် ပါး လဲ ခြောက်ပါးပါဘုရား။ အဲဒါ ဝိညာဏ်ခြောက်ပါး။ စာလိုပြောမယ်ဆိုရင် စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှာဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ် မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ဝိညာဏ်က ခြောက်ပါး၊ ပဿာဒအကြည်က ခြောက်ပါး၊ အာရုံကခြောက်ပါး။ ပေါင်း(တဆဲ့ရှစ်ပါးပါဘုရား)အာယတန(၁၂)ပါးထဲကို ဝိညာဏ်ခြောက်ပါးထည့်လိုက်တော့ (ဓါတ်တဆဲ့ရှစ်ပါးရရော)ဒီလိုကော ပေါင်းလို့မရဘူးလား၊ ရလာသလား(ရပါတယ်ဘုရား)

တနည်းအားဖြင့် မြင်တိုင်းမြင်တိုင်းမှာ မျက်စိအကြည်သဘော အဆင်းသဘော စိတ်သဘော အားဖြင့် မျက်စိက သုံးပါး၊ နားကသုံးပါး၊ နှာခေါင်းကသုံးပါး၊ လျှာကသုံးပါး၊ ကိုယ်ကသုံးပါး၊ မနကသုံးပါး၊ ၃×၆=လီ=၁၈ ပါး=ဓာတ်(၁၈)ပါးဟာ တကာတကာမတွေ စာအုပ်တွေ ဘောတွေထဲမှာ ရှိတာလား ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား) ဒီဓာတ် (၁၈) ပါး ဘယ်အချိန်မှာရှိတာလဲ (မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာပါဘုရား) လူတွေသတ္တဝါတွေရှိတာလား၊ ဓာတ်(၁၈) ပါးရှိတာလား (ဓာတ်=၁၈ ပါးရှိတာပါဘုရား)ရှိတာ ဘာလို့ရှိနေတာလဲလို့မေးရင် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်နေတာလဲ (အခုမှဖြစ်တဲ့ဓာတ် (၁၈) ပါး) အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါ

ဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဓာတ်(၁၈)ပါးအကျဉ်းချုံးလိုက်တော့ ရုပ်နဲ့နာမ် ဒါဘဲ အာယတန (၁၂)ပါး အကျဉ်းချုံးလိုက်တော့ ရုပ်နဲ့နာမ် ခန္ဓာငါးပါးအကျဉ်းချုံးလိုက်ရင်ကော ရုပ်နဲ့နာမ် ဝိညာဏ်နာမ်ရုပ်အကျဉ်းချုံးလိုက်ရင်ကော (ရုပ်နဲ့နာမ်ပါဘုရား)စိတ်စေတသိက် ရုပ်အကျဉ်းချုံးလိုက်တော့ ဘာတုံး(ရုပ်နဲ့နာမ်ပါဘုရား) အဲဒီတော့ တကာတကာမတွေရဲ့ အဇ္ဈတ္တသန္တာန်ဝယ် နံပါတ်(၁)က ရုပ်နဲ့နာမ် ပြီးတော့ စိတ်စေတသိက် ရုပ် ဝိညာဏ် နာမ်ရုပ်ပြီးတော့ ခန္ဓာငါးပါး အာယတန (၁၂)ပါး ဓာတ်(၁၈) ပါး ကျန်သေးရဲ့လား (မကျန်တော့ပါဘုရား) ပိဋကတ်တော်ကြီး ကုန်သွားသလား(ကုန်သွားပါတယ်ဘုရား)

(ဓာတ်=၁၈ ပါး ကုန်သွားပြီး အာယတန (၁၂) ပါး ခန္ဓာငါးပါး မြင်တိုင်း ကြားတိုင်း အစရှိမှာ ဒီအတိုင်းရှုက (ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ သုတေ သုတမတ္တံဘဝိဿတိ၊ မုတေမုတမတ္တံဘဝိဿတိ၊ ဝိညာတေဝိညာတမတ္တံ ဘဝိဿတိ) ဒီဒေသနာတော်နဲ့မညီဘူးလား ညီသလား(ညီပါတယ်ဘုရား) အဲဒီလို မရှုမိရင် ဘီလူးမကို လူသားအမျိုးသမီးထင်သလို ခန္ဓာငါးပါး အာယတန (၁၂)ပါး ဓာတ် (၁၈)ပါးကို ငါလို့ ထင်လိမ်မယ်၊ အမြင်းမမှားဘူးလား မှားသလား(မှားပါတယ်ဘုရား) မှားရင်အသေရပ်ပါ့မလား (မရပ်ပါဘုရား) အို နာ ရပ်ပါ့မလား (မရပ်ပါဘုရား)

အဲဒီတော့ အို နာ သေရပ်အောင် အရိယာတရားရှုရမှာလား မရိုတရားရှုရမှာလား (အရိယာတရားရှုရမှာပါဘုရား) အဆင်းမြင်လိုက်တာနဲ့တပြိုင်နက် အရိုတရားတွေဖြစ်ပြီး ဘယ်ရောက် (ပျက်) အပျက်တရားမြင်လိုက်တာနဲ့ တပြိုင်နက်ထဲ ဒီခန္ဓာ ပေါ်က အာယတန (၁၂) ပါး ဓာတ် (၁၈) ပါးပေါ်က မပြေးဘူးလား ပြေးသလား (ပြေးပါတယ်ဘုရား) ဒီဉာဏ်နဲ့ပြေးတတ်ပါစေ၊ ယနေ့ဓာတ်(၁၈)ပါး ကုန်ပါပြီ၊ မနက်ဖန် ပဋိစ္စသမုပ္ပါဒ်သင်တန်းစကြပါစို့၊ တကာတကာမတွေ ရတယ်ပဟုတ်လား၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊သင်္ခါရပစ္စယာ ဝိညာဏံ၊ လို့ အဲဒါ မနက်ဖြန်ဟောပါ့မယ်၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာမှာ ရှိတာလား စာအုပ်တွေ ဘောတွေမှာရှိတာလား(ခန္ဓာမှာရှိတာပါဘုရား) ရှိတဲ့ နေရာပြရမှာလား မရှိတဲ့နေရာပြရမှာလား(ရှိတဲ့နေရာပြရမှာပါဘုရား) ရှိတဲ့ နေရာပြမှ ရှိတဲ့တရားသိမှာ မရှိတဲ့နေရာသွားပြနေတော စာလိုတော့ နားလည် ပါကယ်၊ ကိုရင်လေးတွေ သင်ထားတောင် နားလည်ပါတယ်။

ဘုန်းကြီးကျောင်းက ကိုရင်လေးဆိုရင် ဒီနှစ်အဘိဓမ္မာစာမေးပွဲ တပြည်လုံး မှာ တတိယရတယ်၊ ဒါပေပဲ့ ဖူးသိရုံဘဲရှိတယ်၊ ပဋိပတ္တိအဆင့်ထိအောင်ရောက် ရဲ့လား (မရောက်ပါဘုရား) ပဋိပတ္တိအဆင့်ထိအောင် သိမှ ရှိတဲ့တရားကို သိမှာ

မြင်မှာ ဒါမှပြေးမှာ ဒါမှ မဟုတ်ရင် ပြေးပါမလား (မပြေးပါဘုရား) ခန္ဓာဒုက္ခမှ မသိဘဲနဲ့ ခန္ဓာဒုက္ခမှလွတ်ရာလွတ်ကြောင်း မလုပ်တော့ဘူး၊ ခန္ဓာမြင်မှ ခန္ဓာရဲ့ဒုက္ခကိုသိမှာ ခန္ဓာရဲ့ဒုက္ခကို သိမှ ခန္ဓာရဲ့ဒုက္ခလွတ်ရာလွတ်ကြောင်းအလုပ်ကို လုပ်တော့မပေါ့ ဟုတ်လား။

ဒါကြောင့် မနက်ဖြန်မှ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ခွဲကြပါစို့၊ ယနေ့ အာရုံ (၆) ပါး ပဿဒအကြည် (၆) ပါး ဓာတ် (၁၈) ပါးကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ် သုံးပါးဖြင့် မရှုဘူးလား ရှုသလား (ရှုပါတယ်ဘုရား) ဒီတော့ ဝိပ္ပလ္လာသ (၁၂)ပါး ပြုတ်မသွားဘူးလား ပြုတ်သွားသလား (ပြုတ်သွားပါတယ်ဘုရား) ဒီဝိပ္ပလ္လာသ(၁၂) ပါးဆိုတဲ့အသိမှား အမှတ်မှား အမြင်မှားမှုတွေ စင်မသွားဘူးလား စင်သွားသလား(စင်သွားပါတယ်ဘုရား)ခန္ဓာငါးပါး အာယတန (၁၂) ပါး ဓာတ်(၁၈)ပါးကို တက္ခဏာယာဉ်သုံးပါးဖြင့် ရှုမှတ်ပွားများပြီး ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြပါစို့။

ကဲ-အချိန်စေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ—ဗုဒ္ဓံပူဇေမိ

〃 〃 ဓမ္မံပူဇေမိ

〃 〃 သံဃံပူဇေမိ

## ပဋိစ္စသမုပ္ပါဒ် [ ၁ ]

### သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၄)ရက်နေ့ ဟောကြားသောတရား။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အ ကြောင်း ကို စွဲ၍ ကောင်း စွာ ဖြစ် ပေါ် ခြင်း လို့ အဓိပ္ပါယ်ရပါတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်က စာအုပ်တွေ ဘောတွေမှာရှိတာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါ ဘုရား) ရှိတဲ့နေရာကြည့်ရမှာလား မရှိတဲ့နေရာကြည့်ရမှာလား (ရှိတဲ့နေရာကြည့် ရမှာပါဘုရား) မရှိတဲ့နေရာသွားကြည့်ရင် မရှိတဲ့ပညတ်ဘဲတွေ့မယ်၊ ရှိတဲ့ပရမတ် တရားကိုမတွေ့နိုင်ဘူး။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်လည်တယ်ဆိုတာ ခန္ဓာမှာလည် တာပါဘဲ။

ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပရိယတ္တိ ပိုင်းတော့ဖြစ်တယ်၊ ပဋိပတ္တိ အပိုင်းကျတော့ ခန္ဓာမှာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်မြင်စေခြင်းအကျိုးငှာ မြတ်စွာ ဘုရားကိုယ်တော်မြတ်သည် ပဋိပတ္တိပိုင်းထိအောင် ဟောပြောပြသ ညွှန်ကြား တော်မူခဲ့ပါတယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တို့ ပဋ္ဌာန်းဒေသနာတို့ဆိုတာအလွန် မဘန်မှ နက်နဲခက်ခဲသိမ်မွေ့ပါတယ်၊ အဋ္ဌကထာ ဆရာက ပဋိစ္စသမုပ္ပါဒ်နဲ့ပဋ္ဌာန်း ဒေသနာတော်ဆိုတာ သဗ္ဗညုတ ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ အရာဖြစ်ပါ တယ်တဲ့ အဲဒီလိုဆို ထားပါတယ်။

မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ အနုလုံ၊ ပဋိလုံအားဖြင့် ဆင်ခြင်တဲ့တရား တော်တွေဖြစ်ပါတယ်၊ ဘယ်လိုဆင်ခြင်တဲ့တရားတွေ ဖြစ်စေကာမူမြတ်စွာဘုရား ရဲ့အရာဖြစ်တဲ့တရားကို သိဘို့ရာမှာ ဉာဏ်က အလွန်မတန်မှ သေးသိမ်ပါသေး တယ်၊ သို့သော်လဲ ခင်ဗျားတို့က သိပ်ပြီး ဉာဏ်ရင့်နေရင်တော့ ဘုန်းကြီးမပြော လိုပါဘူး၊ ဉာဏ်ကြီးရင်တော့ ဒီဒေသနာတော်ကြီး မလိုက်သင့်ဘူးလား (လိုက် သင့်ပါတယ်ဘုရား) ဉာဏ်ကမကြီး အသက်တကြီးပြီး ဒီပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်ကို လိုက်ရင်းလိုက်ရင်းနဲ့ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ အသေက ဉီးသွားရင် အပါယ်လေးပါးကလွတ်ပါမလား (မလွတ်ပါဘုရား) မနစ်နာဘူးလား (နစ်နာ ပါတယ်ဘုရား) အဲဒါကြောင့် ကိုယ့်အရာမဟုတ်တာကို ကိုယ့်အရာလုပ်ပြီး ဖိလိုက် မနေပါနဲ့လို့ မပြောသင့်ဘူးလား (ပြောသင့်ပါတယ်ဘုရား)

အဲဒါကြောင့် ယနေ့ခင်ဗျားတို့ခန္ဓာပဋိစ္စသမုပ္ပါဒ်ကိုခန္ဓာမှာကြည့်ရမှာလား စာအုပ်တွေ ဘောတွေမှာကြည့်ရမှာလား(ခန္ဓာမှာကြည့်ရမှာပါဘုရား)ခန္ဓာမှာ အကြောင်းအကျိုး ကွဲသွားရင် ဒါ ပဋိစ္စသမုပ္ပါဒ် နားလည်ပြီလို့ မဆိုထိုက်ဘူး

လား (ဆိုထိုက်ပါတယ်ဘုရား) ခန္ဓာမှာ ဘယ်ဌာနတွေမှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာရှိသလဲဆိုတော့ (မျက်စိ နား နှာ လျှာ ကိုယ် မန) အဲဒါဘာရှိတဲ့နေရာလဲ (ပဋိစ္စသမုပ္ပါဒ်ရှိတဲ့နေရာပါဘုရား) အဲဒီခြောက်ဌာနက ပဋိစ္စသမုပ္ပါဒ်ရှိတဲ့နေရာ ဌာနဘဲရှိတဲ့နေရာ ကြည့်ရမှာလား မရှိတဲ့နေရာကြည့်ရမှာလား (ရှိတဲ့နေရာကြည့်ရမှာပါဘုရား) ရှိတဲ့ဌာနကြည့်၊ မျက်စိ နား နှာ လျှာကိုယ် မနမှာကြည့် ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်အချိန်မှာလည်နေတာတုံး (မြင်တိုင်း ကြားတိုင်း နမ်းရှုတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာပါဘုရား) အဲဒါ ပဋိစ္စသမုပ္ပါဒ်လည်နေတဲ့ အချိန်ဘဲ။

တကာ တကာမတွေပဋိစ္စသမုပ္ပါဒ်လည်တဲ့ဌာနက မျက်စိ နား နှာ လျှာကိုယ် မန လည်တဲ့အချိန်က မြင်တိုင်း ကြားတိုင်း နမ်းရှုတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်း အဲဒီအချိန်မှာလည်တယ် ဘယ်လိုလည်သလဲဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ကြီးကို ခင်ဗျားတို့ရပါတယ်၊ အဝိဇ္ဇာပစ္စယာ၊ သင်္ခါရာ အဲဒါရှင်းရမှာ ပါဠိတော်စကား အဝိဇ္ဇာပစ္စယာ မသိမှုဆိုတဲ့ အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ သင်္ခါရာ၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတို့သည် သမ္ဘဝန္တိ၊ဖြစ်ကုန်၏။ ဒါ ပါဠိတော်စကား။

အဝိဇ္ဇာကြောင့် ဘာဖြစ်တုံး (သင်္ခါရဖြစ်ပါတယ်ဘုရား) ဒီလိုနားလည်အုံး၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကသုံးမျိုး၊ သုံးမျိုးက ပုညာဘိသင်္ခါရ၊အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ၊ သင်္ခါရဘယ်နှစ်မျိုးလဲ (သုံးမျိုးပါဘုရား) ပုညာဘိသင်္ခါရဆိုတာ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ် ခင်ဗျားတို့ကျုပ်တို့ ယခုလုပ်နေတဲ့ကုသိုလ်သည်ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရဆိုတာ အကုသိုလ် အာနေဉ္ဇာဘိသင်္ခါရဆိုတာ အရူပကုသိုလ်၊ အဲဒီတော့ ဒီနေရာမှာ ဆိုင်တဲ့ ကုသိုလ်သည် ပုညာဘိသင်္ခါရ ခင်ဗျားတို့ကျုပ်နဲ့ဆိုင်တဲ့ သင်္ခါရသည် ဘာသင်္ခါရတုံး (ပုညာဘိသင်္ခါရပါဘုရား) ဒီလိုဘဲ မိမိနဲ့သက်ဆိုင်တာကိုဘဲပြောကြပါစို့၊

အဝိဇ္ဇာ ပစ္စယာ၊ မသိမှုဆိုတဲ့ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် သင်္ခါရာ၊ ပုညာဘိသင်္ခါရတို့သည် သမ္ဘဝန္တိဖြစ်ကုန်၏။ အဲဒီတော့ အဝိဇ္ဇာ မသိမှုဆိုတာ ဘာတွေမသိတာလဲလို့ဆိုတော့ သစ္စာလေးပါး၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကိုမသိတာ သစ္စာလေးပါး၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာ ငါး ပါးကို မသိတာ ဘယ်သူလဲ (အဝိဇ္ဇာပါဘုရား) အဝိန္ဒိယံ၊ ဝိန္ဒတီတိ အဝိဇ္ဇာ၊ အဝိန္ဒိယံယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ ရှုတယ်ရှိက်တယ်၊ ကွေးတယ် ဆန့်တယ်ဆိုတဲ့တရားတွေကို ဝိန္ဒတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့် အဝိဇ္ဇာ အဝိဇ္ဇာမည်၏တဲ့၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာက ဝိဂ္ဂဟ်ဆိုထားတယ်၊ မသိသင့် မသိထိုက်တဲ့တရားတွေ သိပြီးတော့ သိသင့်သိလိုက်တဲ့တရားတွေမသိတာဘာတဲ့တုံး (အဝိဇ္ဇာပါဘုရား)အဲဒီ

တော့ အဝိဇ္ဇာက ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါး၊ သစ္စာလေးပါး မသိဘဲနဲ့ ခင်ဗျားတို့မလုပ်ခဲ့ဘူးလား လုပ်ခဲ့သလား (လုပ်ခဲ့ပါတယ်ဘုရား) ရှေးအတိတ်က ခင်ဗျားတို့ မသိဘဲနဲ့ ကုသိုလ်တွေလုပ်ခဲ့တယ်၊ မလုပ်ခဲ့ဘူးလား လုပ်ခဲ့သလား (လုပ်ခဲ့ပါတယ်ဘုရား) မသိတာကဘာတုံး (အဝိဇ္ဇာပါဘုရား) ပြုလုပ်တာက ဘာတုံး (သင်္ခါရပါဘုရား) သင်္ခါရဆိုတာကံဘဲ၊ ရှေးက ခင်ဗျားတို့ကျုပ်တို့ လူဖြစ်ကြောင်း ကံတွေမလုပ်ခဲ့ဘူးလား လုပ်ခဲ့သသား(လုပ်ခဲ့ပါတယ်ဘုရား)သိပြီး လုပ်ခဲ့ဘာလား မသိဘဲလုပ်ခဲ့တာလား (မသိဘဲလုပ်ခဲ့တာပါဘုရား) မသိဘဲနဲ့ငါ ဆိုတဲ့အနေနဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့ဘယ်။

ရှေးအတိတ်က ငါဆိုတဲ့အမှတ်သညာနဲ့ ကုသိုလ်တွေလုပ်ခဲ့တယ် သတ္တဝါ ဟူသော ယောကျ်ားမိန်းမဆိုတဲ့အယူနဲ့ ခင်ဗျားတို့ကျုပ်တို့သည် ကုသိုလ်ကောင်းမှုတွေ မလုပ်ခဲ့ဘူးလား လုပ်ခဲ့သလား (လုပ်ခဲ့ပါတယ်ဘုရား) လုပ်ခဲ့တာက ကံ၊ သိပြီးလုပ်ဘာလား မသိဘဲနဲ့လုပ်ဘာလား (မသိဘဲနဲ့လုပ်တာပါဘုရား) မသိဘဲနဲ့ လုပ်ခဲ့တယ်၊ မသိတာက ဘာတုံး (အဝိဇ္ဇာပါဘုရား) ပြုလုပ်တာက (ကံပါဘုရား) ကံဆိုတာ သင်္ခါရ၊ ခင်ဗျားတို့ယခုလူ့ဘဝ မရလာဘူးလား ရလာသလား (ရလာပါဘယ်ဘုရား) ရသာတာက လူတွေ သတ္တဝါတွေ ရလာတာလား ရုပ်နာမ်နှစ်ပါးရလာတာလား (ရုပ်နာမ်နှစ်ပါးရလာတာပါဘုရား)

ရှုမှု ရှိုက်မှုတွေ မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှုချင်တယ် ရှိုက်ချင်တယ်ဆိုတဲ့ သဘောဟာ လူလားစိတ်လား (စိတ်ပါဘုရား) ဒီစိတ်မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ရှိ (ဖြစ်နေလို့ပါဘုရား) ဘယ်တုန်းကဖြစ် (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် အခုမှဖြစ်ဘဲ့စိတ် ဒီစိတ်ဖြစ်ရင် ဆင်းရဲသလား ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ယခု ခင်ဗျားတို့ ဒုက္ခရမလာဘူးလား ရသာသလား (ရလာပါတယ်ဘုရား) ဘာဒုက္ခတုန်း (စိတ်ဖြစ်တဲ့ဒုက္ခပါဘုရား) စိတ်ဖြစ်တော့ လေမဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) လေဟာ လူလား ရုပ်လား (ရုပ်ပါဘုရား) ရုပ်ဖြစ်တဲ့ဒုက္ခ ဒီတော့ ရုပ် နာမ်ဖြစ်တဲ့ဒုက္ခ မရသာဘူးလား ရလာသလား (ရလာပါတယ်ဘုရား)

နာမ်ရုပ်ကြောင့်ဖြစ်တဲ့ဒုက္ခ ဘယ်သူကြောင့် ရလာတာလဲဆိုတော့ အဝိဇ္ဇာနဲ့ သင်္ခါရကြောင့် အဝိဇ္ဇာနဲ့သင်္ခါရသည် အကြောင်းတရား နာမ်ရုပ်အသစ်သစ်ဖြစ်ခြင်းသည် ဒုက္ခ အကျိုးဘရား၊ အကြောင်းကြောင့် အကျိုးဖြစ်မလာဘူးလား ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ခင်ဗျားတို့ သိလို့ရတာလား မသိလို့ရတာလား (မသိလို့ရတာပါဘုရား) မသိတာက ဘာတုံး (အဝိဇ္ဇာပါဘုရား) ပြုလုပ်တာက သင်္ခါရ ဒီတော့ ဆိုလိုက်စမ်းပါ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ အဝိဇ္ဇာ သင်္ခါရဟူသော အကြောင်းကြောင့် ယခုခင်ဗျားတို့ ရှုချင်တဲ့ စိတ်သဘောနှင့်

တိုးခတ်တဲ့လေသဘော ရှိက်ချင်တဲ့စိတ်သဘောနှင့် တိုးခတ်တဲ့လေသဘောမရလာဘူးလား ရလာသလား(ရလာပါတယ်ဘုရား) ရှူချင်တဲ့စိတ် ရှိက်ချင်တဲ့စိတ်တွေဖြစ်တာ ဆင်းရဲသလား ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)ရှေးအတိတ်က ဒုက္ခကို သိပြီးလုပ်ခဲ့လို့လား မသိဘဲနဲ့လုပ်ခဲ့လို့လား (မသိဘဲနဲ့လုပ်ခဲ့လို့ပါဘုရား)ဒုက္ခေအညာဏံအယံဝုစ္စတိ အဝိဇ္ဇာ၊ဒုက္ခေ၊ဒုက္ခကို၊ အညာဏံမသိခြင်းသည် အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏၊ ဟိုတုန်းက ခင်ဗျားတို့ မသိဘဲနဲ့ အဝိဇ္ဇာသင်္ခါရတွေလုပ်ခဲ့တော့ ယခု ဒုက္ခကြီး ပြန်မရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) ဒုက္ခပြန်ရလာတယ်။

ဒုက္ခပြန်ရတယ်ဆိုတာ ရုပ်ရပြန်တာဘဲ ရုပ်မှာလဲပထဝီ အာပေါ တေဇော ဝါယော ခတ်ကြီးလေးပါးပါဘဲ၊ ခတ်ကြီးလေးပါး ခင်ဗျားတို့ ပြန်မရလာဘူးလား(ရလာပါတယ်ဘုရား) ခတ်ကြီးလေးပါးက မြေကြီးလေးကောင်နဲ့တူတယ်၊ မြေကြီးလေးကောင်က ယခု ခင်ဗျားတို့ အကိုက်မခံရဘူးလား အကိုက်ခံရသလား(အကိုက်ခံရပါတယ်ဘုရား) ဒီမြွေကြီးလေးကောင် အကိုက်ခံရတာဘယ်သူကြောင့်လဲဆိုတော့ အဝိဇ္ဇာသင်္ခါရကြောင့် ဘယ်သူကြောင့်လဲ(အဝိဇ္ဇာသင်္ခါရကြောင့်ပါဘုရား) သူများကို အပြစ်တင်စရာလိုသေးသလား (မလိုပါဘုရား)

အဝိဇ္ဇာနဲ့သင်္ခါရကြောင့် ယခု မြွေကြီးလေးကောင်နဲ့တူတဲ့ ခတ်ကြီးလေးပါးရမလာဘူးလား ရလာသလား(ရလာပါတယ်ဘုရား) ခင်ဗျားတို့ ငြိမ်ငြိမ်နေလို့ရရဲ့လား (မနေရပါဘုရား) ငြိမ်ငြိမ်မနေရဘူးဆိုတာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ငြိမ်ငြိမ်မနေရဘူးဆိုတာ မြွေကြီးလေးကောင်နဲ့တူတဲ့ ခတ်ကြီးလေးပါး ဖေါက်ပြန်နေတယ်ဆိုတာ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ယခု တရားနာရင်းဘဲ ဟိုဘက်ပြောင်းလိုက် ဒီဘက်ပြောင်းလိုက်နဲ့ မလုပ်ရဘူးလား လုပ်ရသလား (လုပ်ရပါတယ်ဘုရား) မြွေကြီးလေးကောင်ငြိမ်သက်နေအောင်အချိန်တိုင်း ပြုစုနေရတယ်၊ အပြုစု နားရရဲ့လား (မနားရပါဘုရား) အနမတဂ္ဂ သံသရာကစပြီး ခုအချိန်ထိ ခန္ဓာကိုယ်ကို နေ့စဉ်ပြုပြင်နေရတယ်၊ မပြုပြင်ရဘူးလား (ပြုပြင်ရပါတယ်ဘုရား)

ကာလေနကာလံ ဝဋ္ဋာပေတဗ္ဗာ၊ ကာလေနကာလံ နှာပေတဗ္ဗာ
ကာလေနကာလံ ဘောဇေတဗ္ဗာ၊ ကာလေနကာလံသံဝေသေတဗ္ဗာ

အချိန်တိုင်း အချိန်တန်ထပေးရတယ်၊ ကျွေးချိန်တန် ကျွေးပေးရတယ်၊ မကျွေးရဘူးလား ကျွေးရသလား(ကျွေးရပါတယ်ဘုရား)ရေချိုးပေးချိန်ရေချိုးပေးရတယ်၊ အိပ်ချိန်တန် အိပ်ပေးရတယ်၊ ကောင်းတာရတာလား ဆိုးတာရ

တာလား (ဆိုးတာရတာပါဘုရား) ဘယ်သူ့ကြောင့်ရတာလဲ (အဝိဇ္ဇာနဲ့သင်္ခါရကြောင့်ပါဘုရား) အကြောင်းကြောင့် အကျိုးဒုက္ခမခံစားရဘူးလား ခံစားရသလား (ခံစားရပါတယ်ဘုရား) ဟိုတုန်းက မြွေကြီးလေးကောင် ကိုက်နေတာမသိဘဲနဲ့ သင်္ခါရတွေလုပ်ခဲ့တယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား)

မြွေကြီးလေးကောင်နဲ့တွေ့တဲ့ ခေတ်ကြီးလေးပါး အသစ်အသစ်ဖြစ်နေတာဆင်းရဲတယ်လို့မသိဘဲနဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ခဲ့တယ် မလုပ်ခဲ့ဘူးလားလုပ်ခဲ့သလား (လုပ်ခဲ့ပါတယ်ဘုရား) သိလို့လုပ်တာလား မသိလို့လုပ်တာလား (မသိလို့လုပ်တာပါဘုရား)မသိတာက ကုသိုလ်လား အကုသိုလ်လား(အကုသိုလ်ပါဘုရား) ပြုလုပ်တာက ကုသိုလ်၊ မသိတာက အကုသိုလ်၊ ကုသိုလ်ကောင်းမှုမပြုလုပ်ဘူးလား ပြုလုပ်သလား (ပြုလုပ်ပါတယ်ဘုရား) သိပြီးလုပ်တာလားမသိဘဲနဲ့လုပ်တာလား(မသိဘဲနဲ့လုပ်တာပါဘုရား)မသိတာကဝိဇ္ဇာလား အဝိဇ္ဇာလား ( အဝိဇ္ဇာပါ ဘုရား ) အဲဒီတော့ အဝိဇ္ဇာဆိုတဲ့ အကုသိုလ် မပါလာဘူးလား ပါလာသလား (ပါလာပါတယ်ဘုရား) ကုသိုလ်နဲ့အကုသိုလ် မရောဘူးလား ရောသလား (ရောပါတယ်ဘုရား) ခင်ဗျားတို့လုပ်ခဲ့တဲ့ ရှေး အ တိ တ် ကကုသိုလ်သည် အကုသိုလ်နဲ့ရောပြီး လုပ်ခဲ့တဲ့ ဒါန၊ သီလသည်ကုသိုလ်နဲ့အကုသိုလ်ရောပြီး ဆောက်တည်ခဲ့တဲ့ သီလ၊ သမထသည် အကုသိုလ်နဲ့ရောပြီး လုပ်ခဲ့တဲ့သမထလို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဒိဋ္ဌိမပြုတ်ဘဲနဲ့ အားထုတ်ခဲ့တဲ့တရားပေါ့၊ ပညတ်မခွာဘဲနဲ့လုပ်ခဲ့တဲ့ဝိပဿနာဟာ ဝိပဿနာအဆင့်ထိ ရောက်ပါ့မလား (မရောက်ပါဘုရား) အဲဒီတော့ ရှေးအတိတ်က ဒါနမှုတွေ၊ သီလမှုတွေ၊ သမထ ဝိပဿနာမှုတွေကို မသိဘဲနဲ့ပြုလုပ်တာ မသိတာက အကုသိုလ်၊ ပြုလုပ်တာက ပုညာဘိသင်္ခါရ အဲဒီတော့ မသိဘဲနဲ့လုပ်ခဲ့တဲ့ ပုညာဘိသင်္ခါရကြောင့် မသိမှုဆိုတဲ့ အဝိဇ္ဇာကြောင့် သက္ကာယဒိဋ္ဌိပြုတ်ရဲ့လား (မပြုတ်ပါဘုရား) သက္ကာယဒိဋ္ဌိမပြုတ်တော့ ဒီကုသိုလ်ဟာ လူချမ်းသာနတ်ချမ်းသာ ဗြဟ္မာချမ်းသာတော့ ရပါတယ်၊ နိဗ္ဗာန်ချမ်းသာကို ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) သိလို့လား မသိလို့လား (မသိလို့ပါဘုရား) ။ မသိတာကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား)

ဒါကြောင့် ဒီ ဒါနသည် အကုသိုလ်ပါနေသည့်အတွက် အရှိန်ကုန်တဲ့အခါအောက်သို့ ပြန်ကျမလာဘူးလား (ကျလာပါတယ်ဘုရား) ဘယ်သူ့ကြောင့်အောက်ပြန်ကျလာတာလဲ (အကုသိုလ်ကြောင့်ပါဘုရား)အထက်တက်တာဘယ်သူ့ကြောင့်လဲ (ကုသိုလ်ကြောင့်ပါဘုရား) ဓမ္မသင်္ဂဏီပါဠိတော်မှာ ကုသလာဓမ္မာ အကုသလာဓမ္မာလို့ လမ်းနှစ်သွယ်ပြထားပါတယ်၊ ကုသိုလ်လမ်းအကုသိုလ်

လမ်း ခင်ဗျားတို့ကုသိုလ်တည်းဟူသော လမ်းသွားရင်သွား မသွားရင်တော့ အကုသိုလ်တည်းဟူသောလမ်းသွားနေတာပါဘဲ၊ နေ့တိုင်းနေ့တိုင်း အချိန်တိုင်း အချိန်တိုင်းကုသိုလ်ဖြစ်ရင်ဖြစ် ကုသိုလ်မဖြစ်ရင်အကုသိုလ်ဖြစ်တာဘဲ၊ဒါကြောင့် ဒါနဘဲလုပ်လုပ်၊ သီလဘဲဆောက်တည်ဆောက်တည်၊ သမထ ဝိပဿနာဘဲလုပ်လုပ် မသိဘဲနဲ့လုပ်တဲ့ကုသိုလ်သည် မိဿကကုသိုလ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဟိုတုန်းကလဲ လှူခဲ့ကြပါတယ်။ ယခုလဲလှူဆဲပါဘဲ။ နောင်လဲလှူကြမဲ့ တကာ တကာမတွေပါဘဲ။ ဒါပေမဲ့ လှူပင်လှူကြသော်လဲ ပိုက်ဆံရှိလို့ ပုံလှူတာဘဲရှိတယ်၊ သိပြီးလှူတာနဲ့မသိဘဲနဲ့လှူတာနဲ့ ဘယ်အလှူတွေက များပါလိမ့် (မသိဘဲနဲ့လှူတာက များပါတယ်ဘုရား)ဘာကိုမသိဘဲနဲ့လှူတာလဲဆိုတော့ ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါး၊ သစ္စာလေးပါးကို မသိဘဲနဲ့လှူတယ်၊ မသိတာက အဝိဇ္ဇာ၊ လှူတာက ကုသိုလ်၊ မရလာဘူးလား၊ ရလာသလား(ရလာပါတယ်)ဒါကြောင့် သာသနာ တော်နဲ့တွေ့တဲ့အခါ ဒါန သီလ သမထ ဝိပဿနာလုပ်တဲ့အခါမှာသိပြီး ကုသိုလ် ကောင်းမှုလုပ်ရမှာလား၊ မသိဘဲနဲ့လုပ်ရမှာလား (သိပြီးလုပ်ရမှာပါဘုရား)

မသိဘဲနဲ့လုပ်တဲ့ ဒါနသည် ဝိဝဋ္ဋနိဿိတဒါနဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဝဋ္ဋနိဿိတဒါနဘဲ ဖြစ်တယ်။ ဝဋ်ပြန်လည်တယ်။ ဝဋ္ဋသီလ၊ ဝဋ္ဋသမထ ပြန်ပြီး လည်မယ်၊ ဒါကြောင့် သာသနာတော်နဲ့တွေ့တဲ့အချိန် ဘာသာကာလဲအမြင်မှန်တဲ့ ဘာသာ ခေတ်ကလဲ ဝိမုတ္တိယုဂခေတ်နဲ့ ကြုံကြိုက်တဲ့ အချိန်မှာ အဝိဇ္ဇာကလဲ တန်းလန်းနဲ့ ကုသိုလ်ကောင်းမှုလုပ်ရင် ကိုယ်ကျိုးမနဲဘူးလား(နဲပါတယ်ဘုရား) ငွေလဲကုန်သေး အကုသိုလ်လဲ ဖြစ်သေးဆိုရင် ဟန်ပါ့မလား (မဟန်ပါဘုရား)

ဒါကြောင့် ရှေးအတိတ်က ခင်ဗျားတို့ ကျုပ်တို့က မသိလို့ လိုက်ခဲ့တာတော့ ထားလိုက်ပါတော့ ယခု ပစ္စုပ္ပန်မှာသိပြီးတော့ ကုသိုလ်ကောင်းမှု ပြုလုပ်ကြပါ။ သိပြီးလုပ်ရမယ်၊ ဘာကိုသိပြီးလုပ်ရမလဲဆိုတော့ သစ္စာလေးပါး ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး၊ ဒါသိပြီးတော့လုပ်တဲ့ကုသိုလ်သည် ဝိဝဋ္ဋနိဿိတဒါန ဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့ကုသိုလ်လို့ မဆိုထိုက်ဘူးလား၊ (ဆိုဆိုက်ပါတယ်ဘုရား)

ဒါကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတာ ဒါဘဲ။ တကာတကာမတွေ သိတဲ့ အတိုင်း စာအုပ်တွေ ဘောတွေမှာလည်တာလား၊ ခန္ဓာမှာလည်တာလား (ခန္ဓာ မှာလည်တာပါဘုရား) ခန္ဓာမှာ ဘယ်ဌာနမှာ လည်တာတုံး (မျက်စိ နား နှာ လျှာ ကိုယ် မန မှာပါဘုရား)ဘယ်အချိန်မှာလည်တာပါလိမ့် (မြင်တိုင်း ကြား တိုင်း နမ်းရှုတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာပါဘုရား)တကာတကာမ တွေ မျက်စိက မကြည့်ဘူးလား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) ကြည့်တဲ့

အခါ သတိထားပြီး ကြည့်တဲ့အချိန်နဲ့ သတိမထားဘဲကြည့်တဲ့အချိန် ဘယ်အချိန်က များပါလိမ့် (သတိမထားဘဲကြည့်တဲ့အချိန်က များပါတယ်ဘုရား)

သတိမထားကတည်းကိုက အမှန်တရားသိပါ့မလား(မသိပါဘုရား) ရုပ်နာမ်မသိတော့ဘူး။ ရုပ်နာမ်မသိတာက လူကမသိတာလား၊ အဝိဇ္ဇာကမသိဘာလား (အဝိဇ္ဇာက မသိတာပါ ဘုရား) အဝိဇ္ဇာက ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား) ခင်ဗျားတို့ ကြည့်တိုင်း အကုသိုလ် ဖြစ်နေပါပကော အဝိဇ္ဇာဘန်းလန်းကြီးနဲ့ ကြည့်လိုက်တယ်။ သတိမထားဘဲနဲ့ ကြည့်လိုက်တဲ့အခါ ကျတော့ အဆင်းကိုအဆင်းမှန်းမသိဘူး၊ သိရဲလား (မသိပါဘုရား) အဆင်းကို မသိတာ။ လူကမသိတာလား၊ အဝိဇ္ဇာက မသိတာလား (အဝိဇ္ဇာကမသိတာပါ ဘုရား) အဝိဇ္ဇာဆိုတာက ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ သွားသိတယ်။ ထိုသင့်သိထိုက်တဲ့ အဆင်းကိုတော့မသိဘူး။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အိုးအိမ် ပစ္စည်းတွေကိုသိတာ ဘာပါလိမ့် (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)ဘယ်အချိန်မှာ ဖြစ်နေတာတုံး (မြင်တိုင်း ကြားတိုင်း မှာပါဘုရား)ဥပမာ-ရုပ်ရှင်မကြည့်ဘူးလား(ကြည့်ပါတယ်ဘုရား) ရုပ်ရှင်ကြည့်တဲ့အခါ အဆင်းလို့ ရှုမိရဲ့လား (မရှုမိပါဘုရား)

ပိတ်ကားပေါ်မှာ တရုပ်ပြီးတရုပ်ပေါ်လာတာကို ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဘဲ၊ တောတောင်ဘဲလို့ မသိဘူးလား (သိပါတယ်ဘုရား) ဝိဇ္ဇာဖြစ်နေတာလား၊ အဝိဇ္ဇာဖြစ်နေတာလား (အဝိဇ္ဇာဖြစ်နေတာပါ ဘုရား) ခင်ဗျားတို့ ရုပ် နာမ် မကွဲဘဲနဲ့ကြည့်တာ ဖြစ်သောကြောင့် ငွေလဲကုန် အဝိဇ္ဇာလဲ ဖြစ်သေးတယ်ဆိုတော့ မနစ်နာဘူးလား၊ နစ်နာသလား(နစ်နာပါတယ်ဘုရား) ငွေပေးပြီးတော့ အကုသိုလ်ဝယ်ယူတာနဲ့ မတူဘူးလား (တူပါတယ်ဘုရား) ကြည့်တတ်ရင်တော့ ကုသိုလ်ဖြစ်ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက မကြည့်ရဘူးလို့ ဟောရဲ့လား(မဟောပါဘုရား) ကြည့်ပါ၊ ကြည့်ရင်သတိထားရမှာလား၊ သတိမထားရဘူးလား(သတိထားရမှာပါဘုရား)

(ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ။) ဒိဋ္ဌေ၊မြင်သည်ရှိသော်၊ ဒိဋ္ဌမတ္တံ၊မြင်ကာမျှသည်၊ ဘဝိဿတိ၊ ဖြစ်ရမယ်။ မြင်ရင် မြင်ကာမျှ ကြည့်ပါလို့ မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ် ဘုရား) မြင်ရင် မြင်ကာမျှဆိုတာ ရုပ်နဲ့ နာမ်နဲ့ကွဲရမယ်။ ကြည့်တဲ့အခါ ပုဂ္ဂိုလ်သတ္တဝါတွေရှိဘာလား၊ အဆင်းသဘော ရှိဘာလား (အဆင်းသဘောရှိတာပါဘုရား) ဒီအဆင်းသဘောကို လူကသိတာလား၊ စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား) အဆင်းက လူလား ရုပ်လား (ရုပ်ပါဘုရား) အဆင်းသိတဲ့ စိတ်က ရုပ်လား နာမ်လား (နာမ်ပါဘုရား) ဘာတွေသာရှိတာဘုံး(ရုပ်နဲ့နာမ်ပါဘုရား) ဘယ်အချိန်မှာရှိတာလဲ (ကြည့်တိုင်းမှာ ပါဘုရား)

အမှန်ရှိတာက ရုပ်နာမ်၊ ခင်ဗျားတို့ သိနေတာက ပုဂ္ဂိုလ်သတ္တဝါ အဲဒါ ဘာတုံး (အဝိဇ္ဇာပါဘုရား) လူလို့သိနေရင် ဘာတုံး (အဝိဇ္ဇာပါဘုရား) ခေါ်တော့ မခေါ်ရဘူးလား ခေါ်ပါ။ ရှိတာ သိရမှာလား၊ မရှိတာ သိရမှာလား (ရှိတာသိရမှာပါဘုရား) မြင်တိုင်း အဝိဇ္ဇာတွေ ဖြစ်နေတယ်။ ရုပ် နာမ်ကို မသိတော့ ကြည့်ပြီးရင်း ကြည့်ချင်ရင်း ကြည့်ချင်တယ်ဆိုတာ လူလား၊ စေတနာလား(စေတနာပါဘုရား) စေတနာက သင်္ခါရ၊ သိပြီးတော့ ကြည့်ချင်တာလား မသိဘဲနဲ့ ကြည့်ချင်တာလား (မသိဘဲနဲ့ ကြည့်ချင်တာပါဘုရား) ဘာကိုမသိဘဲ ကြည့်ချင်တာလဲ ရုပ် နာမ်ကိုမသိဘဲနဲ့ ကြည့်ချင်တာ။ ရုပ် နာမ်ကို မသိတာက အဝိဇ္ဇာ၊ ကြည့်ချင်တာကသင်္ခါရ၊ ဆိုလိုက်စမ်းပါ(အဝိဇ္ဇာပစ္စယာသင်္ခါရာ)ဘယ်ဌာနကဖြစ်တာတုံး (မျက်စိကပါဘုရား) ဘယ်အချိန်မှာဖြစ်တာတုံး (မြင်တိုင်း ကြည့်တိုင်းမှာပါဘုရား) အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရကအကျိုးတရား၊ အကြောင်းအကျိုး ကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါ ဘုရား) တကာတကာမတွေ အကြောင်းအကျိုး ကွဲမလာဘူးလား (ကွဲလာပါတယ် ဘုရား) ကြည့်တိုင်း ခင်ဗျားတို့က အမှုမဲ့ အမှတ်မဲ့ ကြည့်လိုက်တယ်။ ကြည့်လိုက်တော့ အဆင်းကို အဆင်းမှန်းမသိဘူး။

သိပြီးတော့ကြည့်တာလား၊ မသိဘဲနဲ့ကြည့်တာလား (မသိဘဲနဲ့ကြည့်တာပါဘုရား)မသိတာကအဝိဇ္ဇာ၊ အဝိဇ္ဇာဆိုတာ ကုသိုလ်လား (အကုသိုလ်ပါဘုရား) ခင်ဗျားတို့ သင်္ခါရတွေ ကုသိုလ်နဲ့ လုပ်တာလား၊ အကုသိုလ်နဲ့ လုပ်တာလား (အကုသိုလ်နဲ့လုပ်တာပါဘုရား)အဝိဇ္ဇာအကြောင်းခံပြီးသင်္ခါရတွေဖြစ်နေတယ်။ ဘာသင်္ခါရတွေလဲ ဆိုတော့ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရတွေ ဖြစ်နေတယ်။ဘယ်အချိန်မှာတုံး(ကြည့်တိုင်းမြင်တိုင်းမှာပါဘုရား)မသိဘဲနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ရုပ်နာမ်မသိဘဲနဲ့ ခင်ဗျားတို့ မပြုလုပ်ဘူးလား၊ ပြုလုပ်သလား (ပြုလုပ်ပါတယ်ဘုရား)

ကိုယ်အမူအယာ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ကိုယ်အမူအယာကဘာသင်္ခါရတုံး(ကာယသင်္ခါရပါဘုရား) မသိဘဲနဲ့လှုပ်ရှားမှုတွေ ရုပ်ဓမ္မ နာမ်ဓမ္မကို မဆင်ခြင် နှလုံးမသွင်းဘဲနဲ့ ခင်ဗျားတို့ လှုပ်ရှားမှုတွေ မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) ကြည့်ပြီးရင်းကြည့်ချင်ရင်းလို့ ပါးစပ်ကမပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား)ဘာသင်္ခါရတုံး (ဝစီသင်္ခါရပါဘုရား) ဒီသင်္ခါရ ဘယ်သူ့ကြောင့်ဖြစ်တာလဲ (အဝိဇ္ဇာကြောင့်ပါ ဘုရား) စိတ်မပါရင် ဝစီသင်္ခါရဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အဲဒါ ဘာသင်္ခါရလဲ(မနောသင်္ခါရပါဘုရား)ဒါကြောင့် အဝိဇ္ဇာပစ္စယာ၊ ရုပ်ဓမ္မ နာမ်ဓမ္မကို မသိတဲ့ အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ သင်္ခါရာ၊ ကြည့်တိုင်း မြင်တိုင်းမှာ ကာယသင်္ခါရ ဝစီသင်္ခါရ

မနောသင်္ခါရတို့သည်၊ သမ္ဘဝန္တိ၊ဖြစ်ကုန်၏။ အချိန်တိုင်း ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)

ပဋိစ္စသမုပ္ပါဒ် လည်မနေဘူးလား လည်နေသလား (လည်နေပါတယ်ဘုရား) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ် ဘာသင်္ခါရတွေတုန်း (ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေပါဘုရား) ခင်ဗျားတို့ မျက်စိက ကြည့်ပြီးလှုပ်ရှားတယ် ပြောဆိုတယ် စိတ်ကူးတယ်၊ ဒါတွေဟာ ဘာတွေတုံး (သင်္ခါရပါဘုရား) သိလို့လား မသိလို့လား (မသိလို့ပါဘုရား) မြင်တိုင်းမြင်တိုင်း ကြားတိုင်းကြားတိုင်း စသည်မှာ ဘာတွေကွဲရမှာတုံး (အဝိဇ္ဇာပစ္စယာသင်္ခါရာ စာအုပ်ထဲကွဲရင်စာကျက်ထားတာဘဲရှိမယ်၊ ယခု ခန္ဓာမှာ မကွဲလာဘူးလား ကွဲလာသလား (ကွဲလာပါတယ်ဘုရား) နားမှာလဲ ဒီအတိုင်းဘဲ၊ နားမှာ အသံတွေစဲ့ရဲ့လား (မစဲပါဘုရား) ခင်ဗျားတို့သတိထားပြီး နားထောင်တာနဲ့ သတိမထားဘဲ နားထောင်တာ ဘယ်အချိန်တွေက များပါလိမ့် (သတိမထားဘဲ နားထောင်တဲ့အချိန်တွေကများပါတယ်ဘုရား) သတိမရှိကထဲက အမှန်သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား)အမှန်မသိတာလူကမသိတာလား အဝိဇ္ဇာကမသိတာလား(အဝိဇ္ဇာကမသိတာပါဘုရား) ခင်ဗျားတို့ ကြားတိုင်းကြားတိုင်း နားထောင်တိုင်းနားထောင်တိုင်းမှာ ဆဲတယ်ဆိုတယ် တီးတယ် မြည်တယ် သီချင်းဆိုတယ် အဲဒီလိုဘဲ သိတယ်၊ တရားဟောတယ်လို့ သိတယ်။

တရားဟောတာရှိရဲ့လား၊ ရှိတာကဘာတုံး (အသံပါဘုရား) အသံလို့မသိဘူး ဘုန်းကြီး တရားဟောတာ ဒီလိုမလာဘူးလား (လာပါတယ်ဘုရား)ခင်ဗျားတို့ပြောတာ တခုမှအမှန်မပါဘူး၊ ရှိတာကဘာပါလိမ့် (အသံပါဘုရား)အသံဖြစ်တဲ့နေရာကတခြား ပေါ်တဲ့နေရာကတခြား၊ ဖြစ်တဲ့နေရာ သတိထားရမှာလား ပေါ်တဲ့နေရာသတိထားရမှာလား (ပေါ်တဲ့နေရာသတိထားရမှာပါဘုရား)ဘယ်မှာပေါ်တာတုံး (နားမှာပါဘုရား)နားမှာသတိထားဟောဒီမှာကြည့်ဘုန်းကြီးလက်ခုတ်တီးပြမယ်၊ အသံဖြစ်လာတာကဒီလက်၊ပေါ်တော့နားမှာ ဒီတော့ဘယ်မှာသတိထားရမှာတုံး(နားမှာပါဘုရား) အဲဒီလို ခင်ဗျားတို့က သတိမထားဘူး၊ ဆဲရင်ဆဲတဲ့နေရာ သတိထားတယ်၊ ဒီသတိထားတာ မမှားဘူးလား မှားသလား (မှားပါတယ်ဘုရား)

သီချင်းဆိုတယ် နားမှာသတိပထာ·ဘူး၊ သီချင်းဆိုတယ်လို့ သိလိုက်တယ်၊ တရားဟောတယ်လို့ သိလိုက်တယ်၊ ဆဲတယ်ဆိုတယ် ငိုတယ်ရီတယ် အဲဒီအသိမျိုးသည် အမှန်သိလား အမှားသိလား (အမှားသိပါဘုရား) အမှားသိတာဟာ ကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား)အကုသိုလ်မီးတွေမတောက်ဘူးလား တောက်သလား (တောက်ပါတယ်ဘုရား) ဘာပြုလို့လဲဆိုတော့သတိမထားလို့ သတိမထားတော့ ဤကားရုပ် ဤကားနာမ်လို့ မကွဲတော့ဘူး။

ရှိတာကဘာသဘော (အသံသဘောပါဘုရား) အဲဒီအသံကို လူကသိတာလား စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အသံက ရုပ်တရား စိတ်က နာမ်တရားမရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုန်းကဖြစ်တာလဲ (အခုမှဖြစ်တာပါဘုရား)ဒါကြောင့် ကြားတိုင်းကြားတိုင်းမှာ (အခုမှဖြစ်တဲ့ရုပ်နာမ်) ဘယ်အချိန်မှာ ဖြစ်တာတုံး (ကြားတိုင်းကြားတိုင်း နားထောင်တိုင်းနားထောင်တိုင်းမှာပါဘုရား) အဲဒီလို မရှုမိရင်ဘာတုန်း (အဝိဇ္ဇာပါဘုရား)

နားထောင်တိုင်း အကုသိုလ်မီးတွေ တောက်တယ်၊ အဲဒီတော့ မသိမှုအဝိဇ္ဇာကြောင့် သီချင်းဖွင့်လိုက်တော့ ဒီသီချင်းကောင်းတယ်၊ နောက်ထပ် ဖွင့်စမ်းပါ။ ခိုင်းမှာလား၊မခိုင်းဘူးလား(ခိုင်းပါတယ်ဘုရား)နားထောင်ချင်လို့ခိုင်းတာ၊ နားထောင်ချင်တာကစေတနာသင်္ခါရ၊ ဒီသင်္ခါရသည်ဘယ်သူ့ကြောင့်ပါလိမ့်[အဝိဇ္ဇာကြောင့်ပါဘုရား]ဒါကြောင့်(အဝိဇ္ဇာပစ္စယာသင်္ခါရာ) နားထောင်ချင်တယ်ဆိုတာလဲ သင်္ခါရပါဘဲ။ ဘယ်သူဦးစီးတဲ့ သင်္ခါရတုံး (အဝိဇ္ဇာဦးစီးတဲ့ သင်္ခါရပါဘုရား)

အကုသိုလ်ဆိုတဲ့အဝိဇ္ဇာသင်္ခါရကြောင့် ကာယသင်္ခါရ၊ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အဲဒီတော့ အဝိဇ္ဇာကြောင့် ဘာဖြစ်၊ (သင်္ခါရဖြစ်ပါတယ်ဘုရား) ဘယ်အချိန်မှာဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အော်- ခင်ဗျားတို့ နားထောင်တာလဲမရှိဘူး၊ ကြားတာလဲမရှိဘူး၊ ဆဲတာဆိုတာလဲမရှိဘူး။ ရှိတာကဘာနဲ့ဘာ (အသံနဲ့စိတ်ပါဘုရား) အသံကဘာတရားတုံး (ရုပ်တရားပါဘုရား) စိတ်ကဘာတရား ( နာမ်တရားပါဘုရား ) ရုပ်ဘရား နာမ်တရားလို့ မသိတာကဘာတုံး (အဝိဇ္ဇာပါဘုရား) မသိဘဲနဲ့ကိုယ်အမူအရာတွေမလုပ်ဘူးလား၊ (လုပ်ပါတယ်ဘုရား) နားကကြားပြီးတော့လုပ်နေတာ။ နှုတ်အမူအရာတွေကော မပြောဘူးလား (ပြောပါတယ်ဘုရား) အဲဒါကဘာတွေတုံး (သင်္ခါရပါဘုရား)

ဘာသင်္ခါရတုံး (ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရပါဘုရား) အဲဒီကြားတိုင်း နားထောင်တိုင်းမှာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတို့သည်ဘယ်သူ့ကြောင့်ဖြစ်တာတုံး (အဝိဇ္ဇာကြောင့်ပါဘုရား) ဘယ်ကဖြစ်တာတုံး (နားပေါက်ကပါဘုရား) ဘယ်အချိန်မှာဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား)ဒီမှာ ပဋိစ္စသမုပ္ပါဒ် မလည်ဘူးလား၊လည်နေသလား(လည်နေပါတယ်ဘုရား) အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်တာဟာ အချိန်တိုင်းမှာဖြစ်နေတယ်၊ ဒီသင်္ခါရ ဘာပြုလို့ဖြစ်သလဲဆိုတော့မသိလို့၊ ဘာမသိတာလဲဆိုတော့ ရုပ်ဓမ္မ နာမ်ဓမ္မ မသိလို့။ ဒီလိုမလာဘူးလား (လာပါတယ်ဘုရား)

သင်္ခါရကိုတော့ဖြတ်လို့ရရဲ့လား မရဘူး။ ဘယ်သူ့ကိုဖြတ်ရမှာလဲ (အဝိဇ္ဇာကိုဖြတ်ရမှာပါဘုရား) ဒီနေရာမှာ ရုပ်တရား နာမ်တရားသိလိုက်တာနဲ့ တပြိုင်ထဲ အဝိဇ္ဇာလာသေးရဲ့လား(မလာတော့ပါဘုရား)ဝိဇ္ဇာဉာဏ်နဲ့ဖြစ်တဲ့သင်္ခါရ၊ဒီသင်္ခါရဆိုတဲ့ကမ္မသည် အဝိဇ္ဇာမပါတော့ နောက်ထပ်ခန္ဓာ ပေါ်သေးရဲ့လား (မပေါ်တော့ပါဘုရား) အဲဒီတော့ ဒီနေရာ အဝိဇ္ဇာပစ္စယာသင်္ခါရဆိုတဲ့အပိုဒ်မှာ အဝိဇ္ဇာကိုချုပ်ရမှာလား၊ သင်္ခါရကိုချုပ်ရမှာလား (အဝိဇ္ဇာကိုချုပ်ရမှာပါဘုရား)

ယခုခင်ဗျားတို့ ကာယသင်္ခါရတွေ မရှိဘူးလား (ရှိပါတယ်ဘုရား) ကိုယ်အမူအရာက ဘာသင်္ခါရတုံး (ကာယသင်္ခါရပါဘုရား) နှုတ်အမူအရာက (ဝစီသင်္ခါရပါဘုရား) ကြံစည်စိတ်ကူးတာက (မနောသင်္ခါရပါဘုရား) အဲဒီ ကာယသင်္ခါရ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေကို ချုပ်လို့ရရဲ့လား (မရပါဘုရား) ဘယ်သူ့ကို ချုပ်ရမှာတုံး (အဝိဇ္ဇာကိုချုပ်ရမှာပါဘုရား) မသိမှုဆိုတဲ့အဝိဇ္ဇာကိုချုပ်ရင်လွတ်ပါတယ်၊ ဤကားရုပ် ဤကားနာမ်လို့ဆိုရင် ဘာချုပ်သွားတုံး (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) အဲ- အဝိဇ္ဇာချုပ်တော့တာဘဲ၊

နည်းမသိလို့ခက်တာ၊ နည်းသိတော့ခက်ရဲ့လား (မခက်ပါဘုရား) အဝိဇ္ဇာချုပ်လိုက်တာနဲ့တပြိုင်ထဲ ပဋိစ္စသမုပ္ပါဒ် လည်လို့ရသေးရဲ့လား (မရပါဘုရား) အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ်တယ်။ အဝိဇ္ဇာဖြစ်ရင် သင်္ခါရကော (ဖြစ်ပါတယ်ဘုရား) ဖြစ်တာလဲသိရမယ်၊ ချုပ်တာလဲသိရမယ်။ အခုမသိရဘူးလား (သိရပါတယ်ဘုရား) ဘယ်ဌာနကတုံး (နားပေါက်ကပါဘုရား) ဘယ်အချိန်မှာတုံး (ကြားတိုင်း နားဓာတ်ထင်တိုင်းမှာပါဘုရား) နောက်တချက် တကာ တကာမတွေ့ သတိထားလိုက်စမ်းပါ။

နှမ်းရှူတိုင်းမှာ ခင်ဗျားတို့နှမ်းရှူတဲ့အခါကျတော့ နံတယ်၊ မွှေးတယ်၊ပုပ်တယ်လို့မယူဘူးလား (ယူပါတယ်ဘုရား) ဒါက ကရမက်နံ့ နံ့သာဖြူ၊ ဒါက ငြုပ်သီးနံ့လို့ မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ငြုပ်သီးနံ့၊ နံ့သာဖြူနံ့တို့ဆိုတဲ့ဟာရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာတုံး (အနံ့ပါဘုရား)အနံ့က မြင်ရရဲ့လား (မမြင်ရပါဘုရား) အဲဒီအနံ့ဟာ လူလား၊ ရုပ်လား (ရုပ်ပါဘုရား) ဒီအနံ့ကိုလူကသိတာလား၊ စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား) စိတ်ကဘာတရားတုံး (နာမ်တရားပါဘုရား)နှမ်းရှူတိုင်းမှာ ဤကားရုပ် ဤကားနာမ်လို့မသိတော့ မွှေးကိုက်တာ ပုပ်လိုက်တာလို့မယူဘူးလား၊ ယူသလား (ယူပါတယ်ဘုရား)

မွှေးတယ်လို့သိတယ်၊ ပုပ်တယ်လို့သိတယ်၊ ဒီအသိဟာ လူကသိတာလား၊ အဝိဇ္ဇာကသိတာလား(အဝိဇ္ဇာကသိတာပါဘုရား) အဝိဇ္ဇာမလာဘူးလား (လာပါတယ်ဘုရား) အဝိဇ္ဇာဆိုတာ အကုသိုလ်တရား။ အကုသိုလ်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်အချိန်မှာဖြစ်နေတာတုံး (နှမ်းရှူတိုင်းမှာပါ

ဘုရား) သိလို့ဖြစ်တာလား၊ မသိလို့ဖြစ်တာလား (မသိလို့ဖြစ်တာပါဘုရား) မသိတာက အဝိဇ္ဇာလား၊ ဝိဇ္ဇာလား ( အဝိဇ္ဇာပါဘုရား ) အဝိဇ္ဇာသည် ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား) အကုသိုလ်ထဲမှာ အဝိဇ္ဇာလောက်ကြီးတဲ့အကုသိုလ်များရှိသေးရဲ့လား (မရှိပါဘုရား)ဒါကြောင့်ခင်ဗျားတို့အဝိဇ္ဇာဖြစ်တာကဖြင့် သတိရှိလို့လား၊ သတိမရှိလို့လား (သတိရှိလို့ပါဘုရား)

ဒါကြောင့်မြတ်စွာဘုရားကိုယ်တော်မြတ်က (မာပမာဒတ္တာဘိက္ခဝေ) လို့သတိပေးတော်မူတာပေါ့။ ချစ်သားတို့ မျက်စိပေါက်ကလဲမမေ့ပါနဲ့။ နားပေါက်ကလဲ မမေ့ပါနဲ့။ နှာခေါင်းပေါက်ကလဲ မမေ့ပါနဲ့။ ဒီပြင်နေရာ မမေ့ခိုင်းတာမဟုတ်ဘူး၊ဒီနေရာမမေ့ခိုင်းတာ။ ဒီနေရာမှာသတိထားလိုက်ရင်အရှိတရားပေါ်မှာလား၊ မရှိတရားပေါ်မှာလား (အရှိတရားပေါ်မှာပါဘုရား) နမ်းရှူတဲ့အခါ ပုပ်တာ မွှေးတာ ရှိတာလား၊ အနံ့သဘောရှိတာလား (အနံ့သဘောရှိတာပါဘုရား) အဲဒီအနံ့ကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) အနံ့ကဘာတရား (ရုပ်တရားပါဘုရား) အနံ့သိတဲ့စိတ်က (နာမ်တရားပါဘုရား) ဘာတရားနဲ့ဘာတရားဖြစ်တာတုံး (ရုပ်တရားနဲ့နာမ်တရားဖြစ်တာပါဘုရား)

ဘယ်အချိန်မှာရှိတာတုံး(နမ်းရှူတိုင်းမှာပါဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (အခုမှဖြစ်တာပါဘုရား) အခုမှဖြစ်တဲ့ရုပ်နာမ် အဲဒီလိုမရှုမိဘူး၊ နမ်းရှူတိုင်းအခုမှဖြစ်တဲ့ရုပ်နာမ်လို့မရှုဘဲနဲ့ နံလိုက်တာ၊ ပုပ်လိုက်တာ၊ မွှေးလိုက်တာ မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) ဒီလိုမသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) အဲဒီလိုသိရင် ကုသိုလ်သိလား၊ အကုသိုလ်သိလား (အကုသိုလ်သိပါဘုရား) ကုသိုလ်ဖြစ်ရင်ဖြစ်၊ကုသိုလ်မဖြစ်ရင် အကုသိုလ်ဖြစ်မှာဘဲ၊ မျက်စိပေါက်ကလဲ အကုသိုလ်ဖြစ်မှာဘဲ၊ နားကလဲ အကုသိုလ်ဖြစ်မှာဘဲ။

သိတာကဘာကို သိရမှာလဲ (ရုပ်ဘရား နာမ်တရားကို သိရမှာပါဘုရား) ရုပ်နာမ်တရားမသိရင်အကုသိုလ်၊ ရုပ်နာမ်တရားသိရင်ဘာတုံး (ကုသိုလ်ပါဘုရား) ရုပ်နာမ်တရားသိလိုက်တာနဲ့တပြိုင်ထဲ အပါယ်မီးငြိမ်းတယ်။ မငြိမ်းဘူးလား(ငြိမ်းပါတယ်ဘုရား) ရုပ်တရား နာမ်တရားမသိရင် အပါယ်မီးတောက်တယ်။ ငြိမ်းတာနဲ့တောက်တာ ဒါနှစ်ခုဘဲရှိတယ်မဟုတ်လား (ဒါနှစ်ခုဘဲရှိပါတယ်ဘုရား)

ကုသလာ အနဝဇ္ဇသုခဝိပါက လက္ခဏာ။ အကုသလာသာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာလို့ မြတ်စွာဘုရား ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောတော်မူပါတယ်။

ကုသိုလ်ကအပြစ်မရှိဘူး၊ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိတယ်၊ အကုသိုလ်ကအပြစ်နှင့်တကွ မကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိတယ်။ ဒါကြောင့် မျက်စိ၊ နား၊ နှာခေါင်းက ကုသိုလ်ဖြစ်ရင်ဖြစ်၊ ကုသိုလ်မဖြစ်ရင်

အကုသိုလ်ဖြစ်မှာဘဲ။ ဒိဋ္ဌေဒိဋ္ဌမတ္တံဘဝိဿတိ။ သုတေသုတမတ္တံဘဝိဿတိ။ မုတေ မုတမတ္တံဘဝိဿတိ။ မုတေ၊ နှာခေါင်းအကြည်နဲ့ တွေ့သည်ရှိသော်၊ မုတမတ္တံ၊ တွေ့ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်ရမယ်။ လူတွေ သတ္တဝါတွေနဲ့လာတွေ့တာလား နှာခေါင်းအကြည်နဲ့ လာတွေ့တာလား၊ (နှာခေါင်းအကြည်နဲ့ လာတွေ့တာပါ ဘုရား)

အကုသိုလ်မဖြစ်စေနဲ့ပြောတာ တွေ့တဲ့အခါလဲအကုသိုလ်မဖြစ်စေနဲ့၊ ကြည့်တဲ့အခါ ကြားတဲ့အခါလဲ အကုသိုလ်မဖြစ်စေနဲ့။ အကုသိုလ်မဖြစ်စေချင်ရင် ဘာကို ရှုနေရမှာတုံး (နာမ်ရုပ်ရှုနေရမှာပါဘုရား) အဲဒါ (နာမရူပပရိစ္ဆေဒဉာဏ်) အခု တော့ နာမရူပပရိစ္ဆေဒဉာဏ်ကိုဘဲ ရှင်းပေးနေပါတယ်။ ဉာဏ်စဉ် (၁၆) ပါးကို နောက်မှရှင်းပေးပါ့မယ်။ ဒါကြောင့် ခင်ဗျားတို့မှာ နှာခေါင်းကလဲ အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတဲ့အတိုင်း သင်္ခါရကပြုလုပ်တာ။ အဲဒီပြုလုပ်တဲ့အခါမှာ အဝိဇ္ဇာနဲ့ မပြုလုပ်ပါနဲ့။ ဘယ်သူနဲ့ပြုလုပ်ရမှာတုံး (ဝိဇ္ဇာနဲ့ပြုလုပ်ရမှာပါဘုရား)

နောက်ပြီး ခင်ဗျားတို့ စားတဲ့အခါမှာလဲ သိပြီးစားတာနဲ့ မသိဘဲနဲ့စားတာ ဘယ်အချိန်ကများပါလိမ့် (မသိဘဲနဲ့စားတဲ့အချိန်က များပါတယ်ဘုရား) ကိုယ့် ကိုယ်ကို လိမ်လို့ရရဲ့လား (မရပါဘုရား) ခင်ဗျားတို့ စားတဲ့အခါမှာလဲ အမှုမဲ့ အမှတ်မဲ့စားတာဘဲ။ အမှုမဲ့ အမှတ်မဲ့စားတဲ့ အခါကျတော့ ချိုတယ် ချဉ်တယ် ငန်တယ် ခါးတယ် ဖန်တယ်လို့ဒီလိုသိမလာဘူးလား(သိပါတယ်ဘုရား)အရသာ လို့မသိဘူး၊ ချိုတယ် ငန်တယ် ခါးတယ်လို့ သိတယ်။ အမှန်သိလား၊ အမှားသိလား(အမှားသိပါဘုရား)အမှားသိတာ ဝိဇ္ဇာလား၊ အဝိဇ္ဇာလား(အဝိဇ္ဇာပါဘုရား)အဝိဇ္ဇာကကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား)

ခင်ဗျားတို့မသိဘဲနဲ့စားရင် စားတိုင်း အကုသိုလ်မီးတွေတောက်ပြီး စားနေတဲ့ ပရိသတ်လို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)ကိုယ့်ထမင်းကိုယ်စားပြီး အကုသိုလ်ဖြစ်တယ်ဆိုတော့ မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ် ဘုရား) သတိရှိလို့လား၊ သတိမရှိလို့လား (သတိမရှိလို့ပါဘုရား) စားတိုင်း စားတိုင်းမှာ ဘုရားရှင် ကိုယ်တော်မြတ်က (မာပမာဒတ္တတိက္ခဝေ။) စားတိုင်း သတိထားပါ။ မမေ့မလျော့ပါနဲ့တဲ့။ မေ့လိုက်ရင် အကုသိုလ်မီး တောက်တော့ တာဘဲ။ မတောက်ဘူးလား၊ တောက်သလား(တောက်ပါတယ်ဘုရား) ခင်ဗျား တို့ အမှုမဲ့ အမှတ်မဲ့ စားတော့ အရသာလို့မသိဘူး။ ချိုတာ ခါးတာ ငန်တာ ဖန် တာရှိတာလား၊ အရသာသဘောရှိတာလား(အရသာသဘောရှိတာပါဘုရား) ဒီအရသာသဘောက လူနဲ့လာတွေ့တာလား၊ လျှာအကြည်နဲ့ လာတွေ့တာလား (လျှာအကြည်နဲ့ လာတွေ့တာပါဘုရား)

လျှာအကြည်နဲ့ လာတွေ့တော့ လူပေါ်တာလား၊ စိတ်ပေါ်တာလား (စိတ်ပေါ်တာပါဘုရား) ဘာစိတ်တုံး (အရသာသိတဲ့ စိတ်ပါဘုရား) အရသာက ရုပ်တရား၊ အရသာသိတာကစိတ်၊ ရုပ်တရား နာမ်တရား မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)ရှိတာဘာလို့ရှိနေဘာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား)ဘယ်တုံးကဖြစ်ဘာလဲ(အခုမှဖြစ်တာပါဘုရား)ဒါကြောင့်(အခုမှဖြစ်တဲ့ရုပ်နာမ်)အဲဒီလိုမရှုမိဘူး၊စားတဲ့အခါမှာ(အခုမှဖြစ်တဲ့ရုပ်နာမ်)လို့မရှုမိရင် ဘာကဦးသွားသလဲ ဆိုတော့ သက္ကာယဒိဋ္ဌိကဦးသွားတယ်။

ဒါကြောင့် သက္ကာယဒိဋ္ဌိ ဦးဆောင်ပြီးတော့ မစားပါနဲ့ နာမရူပပရိစ္ဆေဒဉာဏ်ဦးဆောင်ပြီးတော့စားပါလို့ မြတ်စွာဘုရားက မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား ( ညွှန်ကြားပါတယ် ဘုရား ) ကိုယ့် ထမင်း ကိုယ်စား ပြီးတော့ အကုသိုလ်ဖြစ်တာလောက် နစ်နာတာရှိသေးရဲ့လား (မရှိပါဘုရား) ခင်ဗျားတို့ပြောတော့ ကိုယ့်ထမင်းကိုယ်စားတာဘာဖြစ်သလဲမပြောဘူးလား၊ပြောသလား (ပြောပါတယ်ဘုရား)ကိုယ့်ထမင်းကိုစားတာဘဲ၊ အကုသိုလ်ဖြစ်လို့ဖြစ်မှန်းမသိဘူး၊ အပြစ်ဖြစ်လို့ဖြစ်မှန်းမသိဘူး၊သတိရှိလို့လား (သတိမရှိလို့ပါဘုရား)မမေ့လို့လား (မေ့လို့ပါဘုရား)

ဒါကြောင့် မေ့ပြီးတော့မစားပါနဲ့ လျှာကအကုသိုလ်ဖြစ်မဲ့အစား မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ အဲဒီ လျှာကြီးကို အလွန်မတန် ထက်လှစွာသောသင်ခုန်းဓါးနဲ့ဖြတ်ပြစ်လိုက်တာက မြတ်သေးတယ်လို့ အဲဒီလို မဟောဘူးလား၊ ဟောသလား (ဟောပါတယ်ဘုရား) ဒါကြောင့် စားတဲ့အခါ အစာအာဟာရတွေပေါ်မှာ ဂျေး(ဂျီး)များမနေပါနဲ့ ချိုတာ ခါးတာ ငန်ဘာ ဖန်တာ ရှိတာလား၊ အရသာရှိတာလား (အရသာရှိတာပါ ဘုရား) ဒါကြောင့် စားတဲ့အခါ ကုသိုလ်ဖြစ်အောင် စားပါ။ ဝမ်းလဲပြည့်သေးဟယ်။ ကုသိုလ်လဲဖြစ်သေးတယ်ဆိုရင်ဖြင့် တကာဘကာမတွေမမြတ်ဘူးလား၊မြတ်သလား(မြတ်ပါတယ်ဘုရား) အဲဒါကောင်းသောစားခြင်းပါဘဲ၊

ခင်ဗျားတို့ကိုယ့်ထမင်းကိုယ်စားပြီးလျှာပေါ်ကအကုသိုလ်မီးတွေတောက်နေမယ်ဆိုရင် လောဘမီ.တွေ ဒေါသမီးတွေ မောဟမီးတွေတောက်တယ်၊မတောက်ဘူးလား၊ တောက်သလား (တောက်ပါတယ်ဘုရား) သိလို့လား၊ မသိလို့လား (မသိလို့ပါဘုရား)ဘာကိုမသိတာတုံး(ရုပ်နာမ်ကိုမသိတာပါဘုရား)ရုပ်နာမ်ကိုမသိတာ၊ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား (အဝိဇ္ဇာက မသိတာပါဘုရား) မသိဘဲနဲ့ ခင်ဗျားတို့ မစားဘူးလား၊ စားသလား (စားပါတယ်ဘုရား) မသိဘဲနဲ့စားတာက ကိုယ်အမှုအယာ မပါဘူးလား(ပါပါတယ်ဘုရား) အဲဒါက ဘာသင်္ခါရလဲ(ကာယသင်္ခါရပါဘုရား)

မသိတာကအဝိဇ္ဇာ၊စားတဲ့အမူအယာက ကာယသင်္ခါရ၊အဝိဇ္ဇာပစ္စယာအရသာ ဟု မသိခြင်းကြောင့် သင်္ခါရ၊ အမူအယာဆိုတဲ့ ကာယသင်္ခါရတို့သည်၊ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) ဘယ်အချိန်မှာ ဖြစ်တာတုံး(စားတိုင်းမှာပါသူရား) စားတိုင်းမှာ ပဋိစ္စသမုပ္ပါဒ်ဖြစ်နေပုံကို ရှင်းပြနေတာ။ အဲဒီတော့ စားတဲ့အခါမှာခင်ဗျားတို့က ချိုလိုက်တာ ငန်လိုက်တာလို့မပြောဘူးလား (ပြောပါတယ်ဘုရား) သိပြီးပြောတာလား၊ မသိဘဲနဲ့ပြောတာလား (မသိဘဲနဲ့ ပြောတာပါဘုရား) ဘာကိုမသိဘဲနဲ့ပြောတာလဲ (ရုပ်နာမ်ကိုမသိဘဲနဲ့ ပြောတာပါဘုရား) ဒါဘာသင်္ခါရပါလိမ့် (ဝစီသင်္ခါရပါဘုရား)အဝိဇ္ဇာပစ္စယာ၊စားတိုင်းမှာ ဒါကရုပ်ဘဲ ဒါကနာမ်ဘဲလို့မသိတဲ့ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ချိုလိုက်တာ ငန်လိုက်တာဟူသော ဝစီသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ အဲဒီသင်္ခါရတွေဘယ်သူ့ကြောင့်ဖြစ်တာတုံး (အဝိဇ္ဇာကြောင့်ပါဘုရား) အဝိဇ္ဇာကအကြောင်းတရား၊ သင်္ခါရကအကျိုးတရား၊ အကြောင်းအကျိုး မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘယ်ဌာနကဖြစ်နေတာတုံး (လျှာက ဖြစ်နေတာပါဘုရား) ဘယ်အချိန်မှာဖြစ်နေတာတုံး (စားတိုင်းမှာပါဘုရား)

စားတိုင်းမှာ ချိုလိုက်တာ ကောင်းလိုက်တာ ဒါလေးမဆိုးဘူး၊ မနက်ဖြန်ထပ်ပြီးစားအုံးမှဘဲလို့ စိတ်ထဲက မကြံစည်ဘူးလား ကြံစည်သလား (ကြံစည်ပါတယ်ဘုရား) စိတ်မကူးဘူးလား (ကူးပါတယ်ဘုရား) စိတ်ကူးတာက ဘာသင်္ခါရပါလိမ့် (မနောသင်္ခါရပါဘုရား) သိလို့စိတ်ကူးတာလား မသိဘဲနဲ့စိတ်ကူးတာလား (မသိဘဲနဲ့စိတ်ကူးတာပါဘုရား) မသိတာက အဝိဇ္ဇာ စိတ်ကူးတာက သင်္ခါရ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဘယ်ဌာနကတုံး (လျှာဌာနကပါဘုရား) ဘယ်အချိန်မှာတုံး (စားတိုင်းစားတိုင်းမှာပါဘုရား)

တကာတကာမတွေ့သတိထားလိုက်ပါ ကိုယ်ကာယကလဲ ခင်ဗျားတို့ အတွေ့အထိလို့ မရှုမိဘူး၊ ဖျာပေါ်ထိုင်တယ် အခင်းပေါ်ထိုင်တယ်၊ အဲဒီလိုမယူဘူးလား ဘူသလား (ယူပါတယ်ဘုရား) အတွေ့ကရုပ်ရဲ့လား(မရုပ်ပါဘုရား)အင်္ကျီလုံချည်နဲ့တွေ့တယ် တဘက်နဲ့တွေ့တယ် အင်္ကျီ လုံချည် တဘက်တို့ဆိုတာတွေဟာ ရှိရဲ့လား (မရှိပါဘုရား) ရှိတာက ဘာသဘောတွေရှိတာတုံး (ပူမှုအေးမှုသဘောပါဘုရား) အင်္ကျီ လုံချည်နဲ့တွေ့တာလား ပူမှု အေးမှုသဘောနဲ့တွေ့တာလား (ပူမှုအေးမှုသဘောကြမ်းမှု နူးမှုသဘောနဲ့တွေ့တာပါဘုရား) ငါနဲ့လာတွေ့တာလား ကိုယ်အကြည်နဲ့လာတွေ့တာလား (ကိုယ်အကြည်နဲ့လာတွေ့တာပါဘုရား)

ဒီလို တွေ့ကိုင်းတွေ့တိုင်းမှာ သတိမထားဘူး၊ အင်္ကျီလုံချည်ဝတ်တဲ့အခါ အမှုမဲ့ အမှတ်မဲ့ ဝတ်တာဘဲ မဝတ်ဘူးလား (ဝတ်ပါတယ်ဘုရား) အတွေ့တွေကော ခင်ဗျားတို့ရုပ်ရဲ့လား (မရုပ်ပါဘုရား) ဒီမှာ အတွေ့တွေ့ မရှိဘူးလား (ရှိပါတယ်ဘုရား) လေမရှိဘူးလား ရှိသလား(ရှိပါတယ်ဘုရား) လေမရှိရင် သေသွားမှာ

ပေါ့၊ ယခု ဗဟိဒ္ဓလေတွေ မရှိဘူးလား (ရှိပါတယ်ဘုရား) ဘယ်သူနဲ့လာတွေ့တာတုံး (လေနဲ့တွေ့တာပါဘုရား) လေထဲမှာ ပူမှု အေးမှုသဘော ကြမ်းမှု နူမှုသဘော မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) အဲဒီအတွေ့ကို အတွေ့လို့ မရှုမိကြဘူး၊ ဒီအင်္ကျီကလေး ဝတ်လို့ကောင်းလိုက်တာ ဒီလုံချည်ကလေး ဝတ်ရကောင်းလိုက်တာဒီလိုမပြောဘူးလား(ပြောပါတယ်ဘုရား) အတွေ့လို့ရှုမိရဲ့လား (မရှုမိပါဘုရား) အတွေ့လို့ ခင်ဗျားတို့မသိဘူး၊ လုံချည် အင်္ကျီလို့ ဘဲသိတယ်၊ အမှန်သိလား အမှားသိလား (အမှားသိပါဘုရား) အတွေ့လို့မသိဘဲ လုံချည်အင်္ကျီလို့သိနေတာ၊ ဝိဇ္ဇာလား အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာမရလာဘူးလား ရလာသလား (ရလာပါတယ်ဘုရား) ဘယ်အချိန်မှာတုံး (တွေ့တိုင်းတွေ့တိုင်းမှာပါဘုရား) တွေ့တိုင်းတွေ့တိုင်းမှာ အဝိဇ္ဇာတွေမဖြစ်ဘူးလား ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) အဝိဇ္ဇာက ကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါဘုရား) လုံချည်ဝတ်တိုင်းဝတ်တိုင်း တွေ့တိုင်းတွေ့တိုင်း အကုသိုလ်တွေနဲ့ ဝတ်နေပါလားလို့ မပြောထိုက်ဘူးလား(ပြောထိုက်ပါတယ်ဘုရား)

ခင်ဗျားတို့ သာသနာတော်နဲ့တွေ့တဲ့အခါ သတိမေ့လို့ရပါ့မလား (မရပါဘုရား) ဒါကြောင့် သတိနဲ့အဝတ်ကိုဝတ်တဲ့အခါမှာ အတွေ့ရှိတာလား၊ လုံချည်အင်္ကျီရှိတာလား (အတွေ့ရှိတာပါဘုရား) အဲဒီအတွေ့က လူနဲ့လာတွေ့တာလား၊ ကိုယ်အကြည်နဲ့လာတွေ့တာလား (ကိုယ်အကြည်နဲ့လာတွေ့တာပါဘုရား) ကိုယ်အကြည်နဲ့လာတွေ့တာတော့ လူပေါ်တာလား၊ စိတ်ပေါ်တာလား (စိတ်ပေါ်တာပါဘုရား) အတွေ့သဘော ကိုယ်အကြည်သဘောကရုပ်တရား။ အတွေ့သိတဲ့စိတ်ကနာမ်တရား။ ရုပ်တရား နာမ်တရား မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (အခုမှဖြစ်တာပါဘုရား) ဒါကြောင့် (အခုမှဖြစ်တဲ့ရုပ်နာမ်)

အဲဒီလိုအတွေ့ကိုအတွေ့လို့မရှုဘဲနဲ့ခင်ဗျားတို့ကဒီဟာဝတ်ချင်ရတာနဲ့ ဟိုဟာဝတ်ချင်ရတာနဲ့၊ ဒီအသိဟာအမှန်သိလား၊ အမှားသိလား (အမှားသိပါဘုရား) အမှားသိတာ ဝိဇ္ဇာလား၊ အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) သင်္ခါရတွေမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)အဝိဇ္ဇာကြောင့် ဘာသင်္ခါရတွေဖြစ်သလဲဆိုတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေဖြစ်တယ်။ ကိုယ်ကာယကလဲ အတွေ့နဲ့ပတ်သက်ပြီး ငြိမ်ငြိမ်မနေဘူး။ စိတ်ကလဲအတွေ့နဲ့ပတ်သက်ပြီး ငြိမ်ငြိမ်မနေဘူး။ အဝိဇ္ဇာကိုဦးစီးပြီး သင်္ခါရတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား) ဘယ်ဌာနကတုံး (ကိုယ်အကြည်ကပါဘုရား)

ဘယ်အချိန်မှာဖြစ်နေတာတုံး (တွေ့တိုင်းမှာပါဘုရား) တွေ့တိုင်းဘာတွေဖြစ်နေတာတုံး (အဝိဇ္ဇာနှင့်သင်္ခါရပါဘုရား) အဝိဇ္ဇာက အကြောင်းတရား။ သင်္ခါရက အကျိုးတရား။အကြောင်းအကျိုးဖြစ်မလာဘူးလား(ဖြစ်လာပါတယ်ဘုရား)

ဘယ်အချိန်မှာဖြစ်နေတာတုံး (တွေ့တိုင်းမှာပါဘုရား) ဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)ပဋိစ္စသမုပ္ပါဒ်ဉာဏ် မရလာဘူးလား၊ (ရလာပါတယ်ဘုရား) ဒီလိုသိရင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးဘယ်လောက်ဘဲ ကျယ်ဝန်းပါစေ။ ဒီလောက်သိလိုက်တာနဲ့ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ရဲ့ သဘောကို မရိပ်မိဘူးလား (ရိပ်မိပါတယ်ဘုရား) ပင်လယ်သမုဒ္ဒရာကြီးဟာဘယ်လောက်ဘဲ ကျယ်ကျယ်၊ကမ်းနားကရေကိုခပ်သောက်လိုက်တော့ ပင်လယ်သမုဒ္ဒရာထဲမှာရှိတဲ့ ရေတွေအားလုံးရဲ့အရသာကို မသိဘူးလား ( သိပါတယ်ဘုရား ) အဲဒီလို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးဘယ်လောက်ဘဲကျယ်ကျယ် မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ် မနမှာ ဆင်ခြင်နှလုံးသွင်းလိုက်ရင် ပဋိစ္စသမုပ္ပါဒ်ရဲ့ ဉာဏ်သွားကို မမိဘူးလား(မိပါတယ်ဘုရား) တွေ့တိုင်းမှာခင်ဗျားတို့ဘာတွေဖြစ်နေတာတုံး(အဝိဇ္ဇာနှင့် သင်္ခါရပါဘုရား) အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတာ စာအုပ်တွေ ဘောတွေမှာဖြစ်နေတာလား၊ ခန္ဓာမှာဖြစ်နေတာလား (ခန္ဓာမှာဖြစ်နေတာပါဘုရား)

ဒီရှုကွက်ဟာ ဘယ်အချိန်မှာဖြစ်နေတာတုံး (တွေ့တိုင်းမှာပါဘုရား)ဒီလိုမြင်ရ သိရမှာဘဲ။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာသိမဟုတ်ဘဲနဲ့ ဉာဏ်သိဖြစ်ရမယ်။ စာလိုကော မသိရဘူးလားဆိုတော့သိရမယ်။ စာလိုသိတာက ပရိယတ္တိ။ ပရိယတ္တိ မပါဘဲနဲ့ကောဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အရေးကြီးတာက ခင်ဗျားတို့ဘာသိရမလဲဆိုတော့ ဉာဏ်သိဖြစ်အောင်လုပ်ရမယ်။ ခန္ဓာမှာ ပဋိစ္စသမုပ္ပါဒ်ဖြစ်အောင် လုပ်ရမယ်။ အချိန်ကလဲမရှိတော့ဘူး။ အသေကဦးသွားရင်ခင်ဗျားတို့နစ်နာမယ်။ ဒါကြောင့် စာအုပ်တွေ ဘောတွေပေါ်မှာ ပဋိစ္စသမုပ္ပါဒ်လှည့်နေမဲ့အစား ခန္ဓာမှာဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ကြိုးစားပြီး လုပ်သင့်ပါတယ်လို့ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား)

ဒါဖြင့်တွေ့တိုင်းမှာ ဘာနဲ့ဘာဖြစ်တာတုံး(အဝိဇ္ဇာပစ္စယာသင်္ခါရာပါဘုရား) မဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) တကာတကာမတွေ့တခါတလေ စိတ်မကူးလား (ကူးပါတယ်ဘုရား) ငါစိတ်ကူးတာရှိတယ်။ ငါဆိုတာကော ရှိရဲ့လား (မရှိပါဘုရား) ဒါဖြင့် စိတ်ကူးတာဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ကြံစည်တာကောရှိရဲ့လား (မရှိပါဘုရား) ရှိတာဘာတုံး (မနောဝိညာဏ်စိတ်) ကြံစည်တယ်ဆိုတာ လူတွေ သတ္တဝါတွေ ကြံစည်တာလား၊ မနောဝိညာဏ်စိတ်ဖြစ်တာလား (မနောဝိညာဏ်စိတ်ဖြစ်တာပါဘုရား)မနောဝိညာဏ်စိတ်က လူကိုမှီဖြစ်တာလား၊ ဟဒယဝတ္ထုရုပ်ကိုမှီဖြစ်တာလား (ဟဒယဝတ္ထုရုပ်ကို မှီဖြစ်တာပါဘုရား) ဟဒယဝတ္ထုကရုပ်တရား။ မနောဝိညာဏ်စိတ်ကနာမ်တရား။ စိတ်ကူးတာရှိတာလား၊ ရုပ်နာမ်ရှိတာလား (ရုပ်နာမ်ရှိတာပါဘုရား)

အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာက အဝိန္ဒိယံ၊ မသိသင့် မသိထိုက်သော ကြံစည်တယ် စိတ်ကူးတယ်ဆိုတဲ့သဘောကို။ ဝိန္ဒတိ၊ ကြံစည်တယ်

လို့သိတယ်၊ စိတ်ကူးတယ်လို့သိတယ်။ ဇာတိတသွာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ မည်၏။ ကြံစည်တာ စိတ်ကူးတာရှိရဲ့လား(မရှိပါဘုရား)ရှိတာကဘာတုံး (မနောဝိညာဏ်စိတ်ပါဘုရား) အဲဒီမနောဝိညာဏ်စိတ်က ဘယ်ကိုမှီဖြစ်တာတုံး (ဟဒယဝတ္ထုကိုမှီဖြစ်တာပါဘုရား) ဟဒယဝတ္ထုက ရုပ်တရား၊ မနောဝိညာဏ်စိတ်က နာမ်တရား။ ရှိတာကဘာနဲ့ဘာတုံး (ရုပ်နဲ့နာမ်ပါဘုရား) ရှိတာကိုမသိ၊ မရှိတာကိုသိတာဘာတုံး (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာဖြစ်တော့ဘာဖြစ်မလဲ (သင်္ခါရပါဘုရား) ဘာသင်္ခါရတွေဖြစ်မှာတုံး (ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရပါဘုရား) ဘယ်အချိန်မှာဖြစ်မှာတုံး ( ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါဘုရား ) စိတ်ကူးတဲ့အခါမှာလဲ ကိုယ်အမူအရာတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒါဘာသင်္ခါရတုံး (ကာယသင်္ခါရပါဘုရား)စိတ်ကူးတဲ့အတိုင်း မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) ငါတော့ ဒီလိုစိတ်ကူးထားတယ်ဆိုတာ ဘာသင်္ခါရတုံး (ဝစီသင်္ခါရပါဘုရား) စိတ်ကူးမှု ကြံစည်မှု မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) စိတ်ကူးတာ ကြံစည်တာဘာတဲ့တုံး (မနောသင်္ခါရပါဘုရား) ဒီသင်္ခါရသုံးပါး မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

သင်္ခါရသုံးပါးဘယ်သူဦးဆောင်နေတာတုံး (အဝိဇ္ဇာပါဘုရား) ဒါကြောင့် အဝိဇ္ဇာနှင့်သင်္ခါရ၊ ဘယ်ဌာနကဖြစ်တာတုံး (မနကပါဘုရား)ဘယ်အချိန်မှာဖြစ်တာတုံး (ကြံစည်တိုင်းမှာပါဘုရား) ဒါကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ ပါဠိတော်စကားသည် စာအုပ်တွေ ဘောတွေထဲမှာ ဖြစ်တာလား၊ ခန္ဓာမှာဖြစ်တာလား (ခန္ဓာမှာဖြစ်တာပါဘုရား) ခန္ဓာမှာ ဘယ်ဌာနတွေက ဖြစ်နေတာတုံး (မျက်စိ နား နှာ လျှာ ကိုယ် မနက ပါဘုရား) ဘယ်အချိန်မှာ ဖြစ်နေတာတုံး၊ (မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာပါဘုရား) တွေ့ပြီလား ပဋိစ္စသမုပ္ပါဒ် ဖြစ်တဲ့ဌာန၊ စာအုပ်တွေ ဘောတွေထဲမှာ မကြည့်ပါနဲ့၊ ခန္ဓာမှာကြည့်ပါ။ ခြောက်ဌာနမှာဖြစ်တဲ့အချိန်ကော မသိဘူးလား (သိပါပြီဘုရား)

ဖြစ်တဲ့ဌာနလဲမသိဘဲနဲ့၊ ဖြစ်တဲ့အချိန်လဲမသိဘဲနဲ့၊ ပဋိစ္စသမုပ္ပါဒ် နားလည်ပါတယ်ဆိုပေမဲ့ ပရိယတ္တိဘဲဖြစ်မယ်။ လုပ်ငန်းနဲ့နားလည်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အဲဒီတော့ အပြောနဲ့နားလည်ရမှာလား၊ လုပ်ငန်းနဲ့နားလည်ရမှာလား (လုပ်ငန်းနဲ့နားလည်ရမှာပါဘုရား) အပြောက ဘုန်းကြီးကပြောနေပါတယ်။ ခင်ဗျားတို့က လုပ်ငန်းနဲ့ နားလည်နေပါတယ်လို့ မပြောထိုက်ဘူးလား၊ (ပြောထိုက်ပါတယ်ဘုရား) အပြော ပရိယတ္တိ၊ လုပ်ငန်းက ပဋိပတ္တိ၊ ယနေ့ ပဋိစ္စသမုပ္ပါဒ်ဟာအပြောပရိယတ္တိလဲပါတယ်။ လုပ်ငန်းပဋိပတ္တိလဲပါတယ်။ ဒါကြောင့် ပရိယတ် ပဋိပတ္တိသာသနာတော်ကြီးကို ခင်ဗျားတို့ ဆည်းပူးနေတဲ့အချိန်လို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)သာသနာပြုတယ်ဆိုတာဒါကိုဆိုပါတယ်။

ပရိယတ် ပဋိပတ်သာသနာတော်ကြီး ခင်ဗျားတို့ကြိုးစားပြီးပြုမနေဘူးလား၊ ပြုနေသလား ( ပြုနေပါတယ်ဘုရား ) ဒါမှ ပဋိဝေဓဆိုတဲ့ အရသာထွက်မယ်၊ ပဋိပတ္တိလုပ်ငန်းမပါဘဲနဲ့ ပဋိဝေဓအရသာထွက်ပေါ်နိုင်ပါ့မလား (မပေါ်နိုင်ပါဘုရား) ဆရာကပရိယတ္တိ၊ တပည့်ကပဋိပတ္တိ၊ ဆရာကတော့ ပရိယတ္တိကျွမ်းကျင်ရတယ်နော်၊ ဆရာသမား ပရိတ်မကျွမ်းကျင်ရင် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဆရာဖြစ်တဲ့ပုဂ္ဂိုလ်ကပရိယတ္တိလဲလိမ္မာရတယ်၊ ပဋိပတ္တိလဲကျွမ်းကျင်ရတယ်။ ဒါမှသာ တပည့်တွေဟာ ကမ္မဋ္ဌာန်းမှန်မှန်ကန်ကန်ဖြစ်မယ်။ တချို့ကပရိယတ္တိကိုပယ်သလိုပြောတယ်၊ စာမလိုပါဘူးတဲ့ ဟုတ်လား။ ခင်ဗျားတို့တပည့်တွေကပရိယတ္တိနားမလည်ချင် ရပ်နေပါ။ တရားဟောမဲ့ပုဂ္ဂိုလ်တွေမှ မဟုတ်ဘဲ။ ခင်ဗျားတို့ကဘာလုပ်ရမှာလဲ (တရားအားထုတ်ရမှာပါဘုရား) တရားအားထုတ်ရမှာဆိုတော့ ပဋိပတ္တိကျွမ်းကျင်ရမယ်။ ဆရာက ပရိယတ်ကော ပဋိပတ်ကောကျွမ်းကျင်ရမယ်။ သူ့စည်းကမ်း ကိုယ့်စည်းကမ်းဆိုတာရှိရတယ်၊ စာပေမှာဟောထားတာရှိတယ်၊

ဒါကြောင့် ယနေ့ပဋိစ္စသမုပ္ပါဒ်သင်တန်းဟာ ပရိယတ္တိစည်းကမ်းနှင့် ပဋိပတ္တိလုပ်ငန်းပါ မပါဘူးလား၊ ပါသလား(ပါပါတယ်ဘုရား)အဝိဇ္ဇာပစ္စယာသင်္ခါရာ အဲဒါပါဠိတော်စကား၊ ဒီပါဠိတော်စကားလေးကို လုပ်ငန်းနဲ့ ယခုမပြဘူးလား၊ ပြသလား (ပြပါတယ်ဘုရား) မျက်စိ နား နှာ လျှာ ကိုယ် မန မှာ၊ မြင်တိုင်း ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာ ဘာတွေဖြစ်နေတာတုံး (အဝိဇ္ဇာ ပစ္စယာ သင်္ခါရပါဘုရား) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အဝိဇ္ဇာနဲ့သင်္ခါရ ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) သိပ်ပြီး ဆန္ဒစောမနေပါနဲ့။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ မျက်စိ နား နှာ လျှာ ကိုယ် မနမှာ ဒီလောက်သိသွားရင် ပဋိစ္စသမုပ္ပါဒ် သိပြီလို့ ခင်ဗျားတို့ဆုံးဖြတ်ချက်မချသင့်ဘူးလား (ချသင့်ပါတယ်ဘုရား)

သိပ်ပြီးတော့ကျယ်ကျယ်ဝန်းဝန်းလိုက်နေစရာလိုသေးလား (မလိုပါဘုရား) ဥပမာအားဖြင့်ဘယ်လိုပြထားသလဲဆိုရင် ပင်လယ်သမုဒ္ဒရာကြီးဟာ အလွန်မတန်ကျယ်ဝန်းနက်နဲပါတယ်၊ အဲဒီ နက်နဲကျယ်ဝန်းတဲ့ ပင်လယ်သမုဒ္ဒရာကြီးရဲ့ရေကိုသောက်ကြည့်လိုက်ရင် ငန်တဲ့အရသာရှိပါတယ်တဲ့။ ဒီငန်တဲ့ပင်လယ်သမုဒ္ဒရာရေကိုသောက်ချင်ရင် ခင်ဗျားတို့ပင်လယ်သမုဒ္ဒရာအလယ်ခေါင်မှာသွားပြီးသောက်နေရမှာလား၊ ကမ်းစပ်ကနေပြီးတော့ လက်ခုတ်နဲ့ခပ်သောက်လိုက်ရင် ပင်လယ်သမုဒ္ဒရာကြီးတခုလုံးမှာရှိတဲ့ ရေတွေရဲ့ အရသာကို အကုန်လုံးသိတာပါဘဲ။ ဒီပင်လယ်ထဲကရေတွေဟာအကုန်လုံးငန်တယ်လို့ မသိရဘူးလား(သိရပါတယ်ဘုရား)

ပင်လယ်သမုဒ္ဒရာရဲ့ အလယ်ခေါင်မှာ သွားသောက်နေစရာ လိုသေးရဲ့လား၊ (မလိုပါဘုရား) ဘာပြုလို့လဲဆိုတော့ ခင်ဗျားတို့ ဉာဏ်တွေက အလွန်မတန်မှ သေးသိမ်နှုံ့နှေးပါတယ်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက အလွန်မတန်မှ

နက်နဲကျယ်ဝန်းပါတယ်။ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကဘာနဲ့တူသလဲဆိုရင် ပင်လယ်သမုဒ္ဒရာကြီးနဲ့တူပါတယ်။ ခင်ဗျားတို့ရဲ့ဉာဏ်က သေးငယ်နုံ့နေးတယ်။ အဲဒီတော့ ပင်လယ်သမုဒ္ဒရာကြီးနဲ့တူတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး ကို ခင်ဗျားတို့အကုန်လုံး လိုက်နိုင်ပါ့မလား (မလိုက်နိုင်ပါဘုရား) မလိုက်နိုင်ပြေး သော်လဲ ပင်လယ်သမုဒ္ဒရာရေကို ကမ်းစပ်ကနေခပ်သောက်လိုက်ရင် ပင်လယ်ထဲ မှာရှိတဲ့ရေတွေအကုန်လုံးရဲ့ ငန်တဲ့ အ ရ သာ ရှိ တာ ကို သိ သ လို ခင်ဗျားတို့လဲ အကြောင်းနဲ့အကျိုး ကွဲသွားရင် ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို သိတာနဲ့ အတူတူဘဲလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား ( ဆိုထိုက်ပါတယ်ဘုရား ) အရေးကြီးတာက အကြောင်းနဲ့အကျိုး ကွဲဖို့ပါဘဲ။ တနည်းပြထားသေးတယ်။

ပင်လယ်သမုဒ္ဒရာကြီးကို လှေငယ်ကလေးနဲ့သွားလို့ရပါ့မလား(မရပါဘုရား) လှေငယ်ကလေးနဲ့သွားလို့ရှိရင် ပင်လယ်ကလဲကျယ်၊လှိုင်းကလဲကြီး၊ လေမုန်တိုင်း ကလဲထန်ဆိုတော့ ဒီလှေဟာ မမှောက်ဘူးလား၊ မှောက်မှာလား (မှောက်မှာပါ ဘုရား)မှောက်သွားရင် ဒီလှေကိုစီးသွားတဲ့ခရီးသည်တွေဟာ ငါး လိပ် မိချောင်း တို့ရဲ့အစာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အဲဒီလူတွေဟာ ပင်လယ်ရေကိုလဲ မသောက်လိုက်ရဘူး။ ဒီလှေကလေးနဲ့သွားနေတော့ လှိုင်းမိ လှေမှောက်ပြီး သေ သွားတော့ ပင်လယ်ရေရဲ့အရသာကိုသိလိုက်ရရဲ့လား (မသိလိုက်ရပါဘုရား)

ခင်ဗျားတို့လဲကျယ်ဝန်းလှတဲ့ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးနောက်လိုက်နေ ရင် သက္ကာယဒိဋ္ဌိကမပြုတ်။ သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာနောက် လိုက်ရင်းလိုက်ရင်းနဲ့အသေကဦးသွားရင် ပင်လယ်သမုဒ္ဒရာရေရဲ့ အရသာကို မသိ သလို ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ရဲ့ အရသာကို သိနိုင်ပါ့မလား (မသိနိုင်ပါ ဘုရား)ဒါကြောင့် တကာတကာမတွေ ကျယ်ကျယ်ဝန်းလိုက်မနေပါနဲ့။ ခင်ဗျား တို့ရဲ့ဉာဏ်က လှေကလေးနဲ့ တူပါတယ်၊ ဒါကြောင့် တကာ တကာမတွေ တရား တလုံးရဲ့သတ္တိထူးတွေကို ကွဲကွဲပြားပြားသိဖို့ဟာ အရေးကြီးပါတယ်။ ခင်ဗျားတို့ သဗ္ဗတ်အူလိုက်နေလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဝိပဿနာအူပေါက်နေရင် သက္ကာယဒိဋ္ဌိကဦးသွားမယ်။

သက္ကာယဒိဋ္ဌိက ဦးသွားရင် မ နစ် နာ ဘူး လား ( နစ်နာပါတယ်ဘုရား ) ဒါကြောင့် ဝိပဿနာအူမပေါက်အောင် အဝိဇ္ဇာနဲ့သင်္ခါရကို ခင်ဗျားတို့မကွဲသင့် ဘူးလား ( ကွဲသင့်ပါတယ်ဘုရား ) ကွဲတဲ့ဌာနတွေ သိပြီမဟုတ်လား (သိပါပြီ ဘုရား) ကွဲတဲ့အချိန်ကော သိပြီမဟုတ်လား (သိပါပြီဘုရား) မြတ်စွာဘုရားကို ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးနဲ့သိပြီး ပူဇော်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ—ဗုဒ္ဓံပူဇေမိ
" " ဓမ္မံပူဇေမိ
" " သံဃံပူဇေမိ

# ပဋိစ္စသမုပ္ပါဒ် [ ၂ ]

## သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လွန်း(၅)ရက်နေ့ ဟောကြားသောတရား။

ပဋိစ္စသမုပ္ပါဒ် ဆိုတာ အကြောင်းတရားတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးများတို့၏ ဖြစ်ပေါ်ခြင်းလို့ အဓိပ္ပါယ်ရပါတယ်၊ အကြောင်းအကျိုးကွဲသွားမှ ဒါပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို နားလည်ပြီးသား ဖြစ်ပါတယ်၊ ဒီပဋိစ္စသမုပ္ပါဒ်ကို တကာ တကာမတွေ နေ့တိုင်းလဲ ပြောခဲ့ပါတယ်၊ ဒီပဋိစ္စသမုပ္ပါဒ် ဖြစ်တဲ့ဌာနက ဘယ်နှစ်ဌာနရှိသလဲ (၆-ဌာနပါ ဘုရား) အဲဒီတော့ ရှိတဲ့နေရာ ကြည့်ရမှာလား၊ မရှိတဲ့နေရာ ကြည့်မှာလား (ရှိတဲ့နေရာ ကြည့်ရမှာပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကလဲ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ၊ နာမရူပံ၊နာမရူပပစ္စယာ၊ သဠာယတနံ၊ သဠာယတနပစ္စယာဖဿော- ဒီလို ဒေသနာတော်က ထွက်ပေါ်လာပါတယ်၊ မနေ့က အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတဲ့ အပိုင်းကို မရှင်းခဲ့ဘူးလား (ရှင်းခဲ့ပါတယ်ဘုရား) အဝိဇ္ဇာဆိုတာ မသိတာ၊ ဘာကို မသိတာလဲဆိုတော့ သစ္စာလေးပါး, ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါး တနည်း- သိသင့် သင့်ထိုက်တဲ့ သစ္စာလေးပါး ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို မသိဘဲနဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ သွားတာ၊ လာတာ၊ စားတာ၊ အိပ်တာဘဲ။ အဲဒီလို သိတာသည် ဘာလဲ (အဝိဇ္ဇာပါ ဘုရား)

အဲဒါကြောင့် တကာ တကာမတွေ သတိမရှိဘဲနဲ့ နားထောင်ရင်ဖြင့် အဝိဇ္ဇာ မဖြစ်ဘူးလား ဖြစ်မှာလား (ဖြစ်မှာပါဘုရား) အဝိဇ္ဇာဆိုတာ ကုသိုလ်တရားလား၊ အကုသိုလ် တရားလား (အကုသိုလ်တရားပါ ဘုရား) အဲဒီတော့ သတိထားသင့်သလား၊ မထားသင့်ဘူးလား (ထားသင့်ပါတယ် ဘုရား) ဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက (ဈာယထဘိက္ခဝေ မာပမာဒတ္ထ) ချစ်သားတို့ မမေ့ကြနဲ့၊ အရှိတရားဖြစ်တဲ့ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်ကြလော့၊ မညွန်ကြားဘူး၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ် ဘုရား) အဲဒါ အကုသိုလ်မဖြစ်စေချင်လို့။

အကုသိုလ်ဆိုတာ မျက်စိ နား နှာ လျှာ ကိုယ် မန ကဖြစ်တာ ဒီ ၆-ဌာန အပြင် ဖြစ်တဲ့နေရာ ရှိသေးရဲ့လား (မရှိပါဘုရား) ဒီ ၆-ဌာနက ဖြစ်တာ၊ အဲဒီတော့ တကာ တကာမတွေ ကြည့်တိုင်း မြင်တိုင်းမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ သိပြီးတော့ ကြည့်တယ်၊ ရုပ် နာမ် နှစ်ပါး ခန္ဓာငါးပါး သစ္စာလေးပါး မသိဘဲနဲ့ ကြည့်တယ်၊ ဒီလို သိနေတဲ့ အသိသည် ဘာတဲ့လဲ

(အဝိဇ္ဇာပါဘုရား) ဩော်- မသိတာက အဝိဇ္ဇာ၊ ကြည့်ချင်တာက သင်္ခါရ ပါဋိဇ်တော် ရွတ်လိုက်စမ်းပါအုံး(အဝိဇ္ဇာပစ္စယာသင်္ခါရာ) ဘယ်ဌာနကလဲ မျက်စိကပါ ဘုရား) ဘယ်အချိန်မှာလဲ (ကြည့်တိုင်း မြင်တိုင်းမှာပါ ဘုရား) တကာ တကာမတွေ နားထောင်တဲ့အခါ အသံလို မရှုဘူး။ တီးတာ မြည်တာ သီချင်းဆိုတာဘဲ။ တရားဟောတာဘဲ။ အဲဒီလို သိတာသည် ဘာသိလဲ (အဝိဇ္ဇာသိပါဘုရား) ရုပ်ဓမ္မ နာမ်ဓမ္မ မသိတာက ဘာလဲ (အဝိဇ္ဇာပါဘုရား)

နားထောင်ချင်တာက ဘာလဲ (သင်္ခါရပါဘုရား) ဆိုလိုက်ပါအုံး (အဝိဇ္ဇာပစ္စယာ သင်္ခါရာ) ဘယ်ဌာနကလဲ (နားကပါဘုရား) ဘယ်အချိန်မှာလဲ (ကြားတိုင်း နားထောင်တိုင်းမှာပါဘုရား) နမ်းရှူတဲ့ အခါမှာလဲ အနံ့လို့ မသိဘူး၊ ရုပ်ကို ရုပ်မှန်း မသိဘူး။ နံတယ် မွှေးတယ်လို့ သိတာဟာ အမှန်သိလား၊ အမှားသိလား (အမှားသိပါဘုရား) အမှားသိရင်ဝိဇ္ဇာလား၊ အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) ဩော်- မှန်တာကို မသိ၊ မှားတာကို သိတာက ဘာခေါ်သလဲ (အဝိဇ္ဇာပါဘုရား) မသိတာက အဝိဇ္ဇာ၊ နမ်းရှူချင်တာက သင်္ခါရ၊ ဘယ်ဌာနကလဲ (နှာခေါင်းကပါဘုရား) ဘယ်အချိန်မှာ ဖြစ်တာလဲ (နမ်းရှူတိုင်း နမ်းရှူတိုင်း)။

ခန္ဓာမှာ ဖြစ်တာလား၊ စာအုပ်တွေ ဘောတွေမှာ ဖြစ်တာလား (ခန္ဓာမှာ ဖြစ်တာပါဘုရား) စားတဲ့ အခါမှာလဲ ချိုတယ် ချဉ်တယ် ငန်တယ် ဖန်တယ်လို့ သိတယ်၊ အရသာလို့ မသိဘူး။ သိရမှာက ဘာကိုသိရမှာပါလိမ့် (အရသာလို့ သိရမှာပါဘုရား) ချိုတာ ချဉ်တာ ငန်တာ စပ်တာကို သိတာက အမှန်သိလား၊ အမှားသိလား (အမှားသိပါဘုရား) အမှားသိတာဝိဇ္ဇာလား၊ အဝိဇ္ဇာလား (အဝိဇ္ဇာပါဘုရား) မသိတာက အဝိဇ္ဇာ၊ စားချင်တာက သင်္ခါရ။ ဘယ်ဌာနကလဲ (လျှာကပါဘုရား) ဘယ်အချိန်မှာ ဖြစ်တာလဲ (စားတိုင်းမှာပါဘုရား) စားတိုင်း စားတိုင်းမှာ အဝိဇ္ဇာပစ္စယာသင်္ခါရ ဖြစ်နေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား)။

တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ တွေ့တိုင်းမှာ လုံချည် အင်္ကျီတွေ ဖျာတွေ အခင်းတွေနဲ့ လက်နဲ့ တွေ့တယ်၊ ခြေနဲ့ တွေ့တယ်လို့ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ရှိတာက ဘယ်သဘော ရှိသလဲဆိုရင် ပူမှု အေးမှု သဘော ကြမ်းမှု နူးမှုတဲ့သဘော ဒါဘဲရှိတယ်။ အဲဒါကဘာလဲ (အတွေ့ပါဘုရား) ရှိတာက အတွေ့၊ တကာ တကာမတွေက ဖျာတွေ ကြမ်းတွေကို သိလိုက်တယ်၊ အရှိကို မသိဘူး၊ မှန်တာကို မသိဘဲနဲ့ မှားတာကိုသိတာ ဘာပါလိမ့် (အဝိဇ္ဇာပါ ဘုရား) ခင်ဗျားတို့ တွေ့ချင်တာက ဘာလဲ (သင်္ခါရပါဘုရား) ဘယ်ဌာနကတုန်း (ကိုယ်အကြည်ကပါ ဘုရား) ဘယ်အချိန်မှာတုန်း (တွေ့တိုင်းမှာပါ ဘုရား) ခင်ဗျားတို့ ကြံစည် စိတ်ကူးတဲ့အခါမှာလဲ ကြံစည်တယ် စိတ်ကူးတယ်

ဆိုတာ ရှိရဲ့လား (မရှိပါဘုရား) ရှိတာက မနောဝိညာဏ်စိတ် ခင်ဗျားတို့က ကြံစည်တယ် တွေးတောတယ် စိတ်ကူးတယ်လို့ သိနေတယ်၊ မှန်တာကို မသိဘဲနဲ့ မမှန်တာတွေကို သိနေတာ ဘာတဲ့တုန်း (အဝိဇ္ဇာပါဘုရား)။

ကြံစည်တယ် စိတ်ကူးတယ် တွေးတောတယ်ဆိုတာ ဘာတုန်း (သင်္ခါရပါဘုရား) ရွတ်လိုက်ပါအုံး ပါဠိတော် (အဝိဇ္ဇာပစ္စယာသင်္ခါရာ) ဘယ်ဌာနကတုန်း (မနကပါဘုရား) ဘယ်အချိန်မှာတုန်း (ကြံစည်တိုင်းမှာဘုရား) ၆-ဌာနမှာ အဝိဇ္ဇာပစ္စယာသင်္ခါရတွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ်ပါတယ်၊ အချိန်တိုင်း အချိန်တိုင်း ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) အဝိဇ္ဇာက အကြောင်းတရား သင်္ခါရက အကျိုးတရား အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဒီလောက်သိရင်ဘဲ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး သိပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် ပဋ္ဌာန်းဒေသနာတော်တို့ ဆိုတာ အလွန်မတန်မှ ခက်ခဲ နက်နဲ့ သိမ်မွေ့တယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါဘယ်ဘုရား)။

မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ဖြင့် ကျက်စားတော်မူတဲ့ အရာတွေ အလွန်မတန်မှ နက်နဲတဲ့ ဒေသနာတော်ကြီးတွေ [မြတ်စွာဘုရား အနုလုံ ပဋိလုံ ဆင်ခြင်တဲ့ ဒေသနာတော်ကြီးတွေ ဥပမာ ပြောပါအုံးမယ်၊ ပင်လယ်သမုဒ္ဒရာကြီးဟာ မနက်ဘူးလား၊ နက်သလား (နက်ပါတယ် ဘုရား)နက်တဲ့ အပြင် မကျယ်ဘူးလား၊ ကျယ်သလား (ကျယ်ပါတယ် ဘုရား) ဒီတော့ တို့က တကာ တကာမတွေ ပင်လယ်ထဲ ဆင်းသွားတဲ့အခါ မိမိ ထောက်မိသလောက်ဘဲ ရပ်ပါရတော့၊ မထောက်မိတဲ့နေရာ ဆက်သွားရင် မမြုပ်ဘူးလား၊ မြုပ်မှာလား (မြုပ်မှာပါဘုရား)။

ထောက်မိတဲ့နေရာလောက်သာ ဘုန်းကြီးတို့ တကာ တကာမတွေ ရပ်ပါ၊ အဲဒီလိုဆိုရင် မြုပ်ပါ့မလား (မမြုပ်ပါ ဘုရား) ပင်လယ်သမုဒ္ဒရာထဲ ရပ်နေတာနဲ့ အတူတူပါဘဲ၊ ပဋိစ္စသမုပ္ပါဒ် ပဋ္ဌာန်းဒေသနာတော်တို့ ဆိုတာက အလွန်မတန်မှ ခက်ခဲ နက်နဲ သိမ်မွေ့ ကျယ်ပြန့်တဲ့ တရားတော်ကြီးပါ၊ မြတ်စွာဘုရား အနုလုံပဋိလုံ ကျက်စားတဲ့ ဒေသနာတော်ကြီးကို ခင်ဗျားတို့ကျုပ်တို့က အကျယ်တဝင့် လိုက်နေလို့ ဖြစ်ပါ့မလား (မဖြစ်ပါ ဘုရား) ကိုယ့်ဉာဏ်နဲ့ ထောက်မိသလောက်သာ ထောက်ပါလို့ မပြောသင့်ဘူးလား၊ ပြောသင့်သလား (ပြောသင့်ပါတယ်ဘုရား) ဒါကြောင့် (၆) ဌာနမှာ အကြောင်းနဲ့ အကျိုး သိနေရင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး သိနေတယ်လို့ ကျက်စားနေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒီလောက်သိရင်ဘဲ မကျေနပ်သင့်ဘူးလား(ကျေနပ်သင့်ပါတယ်ဘုရား)ကျေနပ်သင့်ပါတယ်၊ အကြောင်းနဲ့

အကျိုး ကွဲသွားရင် လူတွေ သတ္တဝါတွေ လာသေးရဲ့လား (မလာပါ ဘုရား) သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား၊ ပြုတ်သလား (ပြုတ်ပါတယ်ဘုရား)။

နောက်ပြီး ပါဠိတော်က ဘာတဲ့လဲ(သင်္ခါရပစ္စယာဝိညာဏံ) သင်္ခါရပစ္စယာ သင်္ခါရ ဟူသော အကြောင်းကြောင့် ဝိညာဏံ လောကီဝိပါက် ဗာတ္တိံ သဟု ဆို အပ်သော ဝိညာဏ်သည် သမ္ဘဝတိ ဖြစ်၏၊ သင်္ခါရကြောင့် ဘာဖြစ်တာပါလိမ့် (ဝိဉာဏ်ပါဘုရား) ကြည့်ချင်တယ်ဆိုဘာက ဘာလဲ (စေတနာပါဘုရား) စေ တနာက ဘာလဲ (သင်္ခါရပါဘုရား) ကြည့်ချင်တာ မရှိဘူးလား (ရှိပါတယ် ဘုရား) ကြည့်တဲ့အခါ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ် ဘုရား) ဘာစိတ်ပါလိမ့် (အဆင်းသိတဲ့ စိတ်ပါဘုရား) ပါဠိလိုပြောရင် စက္ခု ဝိညာဏ်=စိတ် စက္ခုဝိညာဏ်စိတ် ပေါ်မလာဘူးလား၊ပေါ်လာသလား (ပေါ် လာပါတယ် ဘုရား)။

ကြည့်ချင်တယ်ဆိုတဲ့ စေတနာက ဘာပါလိမ့် (သင်္ခါရပါဘုရား) အဆင်း ကိုသိတဲ့စိတ်က ဘာလဲ(ဝိညာဏ်ပါဘုရား) ပါဠိတော် ရွတ်လိုက်စမ်းပါ(သင်္ခါရ ပစ္စယာဝိညာဏ်) ဘယ်ဌာနက ဖြစ်တာလဲ (မျက်စိထဲကပါ ဘုရား) ဘယ်အချိန် မှာ ဖြစ်တာလဲ (ကြည့်တိုင်း မြင်တိုင်းပါ ဘုရား) ကြည့်ချင်တယ်၊ မြင်ချင်တယ် ဆိုတာက ဘာလဲ (သင်္ခါရပါဘုရား) သင်္ခါရဖြစ်လိုက်တာနဲ့ တပြိုင်ထဲ အဆင်း သိတဲ့စိတ် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဆင်းသိတဲ့စိတ်က ဘာပါ လိမ့်(ဝိညာဏ်ပါဘုရား) ကြည့်ချင်တယ်မြင်ချင်တယ်ဆိုတဲ့ သင်္ခါရက အကြောင်း တရား၊ အဆင်းသိတဲ့စိတ်က အကျိုးတရား အကြောင်းအကျိုး မကွဲလာဘူး လား (ကွဲလာပါတယ် ဘုရား)။

အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စ သမုပ္ပါဒ် ဉာဏ်ပါဘုရား) ဘယ်အချိန်မှာ ကွဲတာတုန်း (ကြည့်တိုင်း မြင်တိုင်းမှာပါ ဘုရား) ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲပါတယ် ဘုရား) အကြောင်းကိုစွဲပြီး မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါ တယ်ဘုရား) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ် – သင်္ခါရကြောင့် ဘာဖြစ်လာသလဲ (ဝိညာဏ်ပါဘုရား)သင်္ခါရပစ္စယာ ကြည့်ချင်တယ်မြင်ချင်တယ်ဆိုတဲ့အကြောင်း ကြောင့် ဝိညာဏံ အဆင်းကိုသိတဲ့စိတ်သည် သမ္ဘဝတိ ဖြစ်၏၊ အဆင်းသိတဲ့စိတ် မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) အဆင်းကိုသိတဲ့ စက္ခုဝိညာဏ် စိတ်က အကြောင်းတရားလား၊ အကျိုးတရားလား (အကျိုးတရားပါ ဘုရား) ကြည့်ချင်တယ် မြင်ချင်တယ်ဆိုတဲ့ စေတနာက အကြောင်းတရား၊ အကြောင်း အကျိုး ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ် ဘုရား) နောက် တချက်က နားမှာ သတိထားလိုက်တဲ့ အခါကျတော့ ဆဲတာ ဆိုတာ မြည်တာ သီချင်းဆိုတာ တရားဟောတာ ရှိကာလား၊ အသံရှိတာလား (အသံရှိတာပါ

ဘုရား) ဩော်-ဒီအသံ နားထောင်ချင်တယ်၊ ကြားချင်တယ် ဆိုတာ လူလား စေတနာလား (စေတနာပါဘုရား) အဲဒီစေတနာက ဘာပါလိမ့် (သင်္ခါရပါ ဘုရား) ကြားချင်တော့ နားမထောင်ဘူးလား (နားထောင်ပါတယ် ဘုရား) နားထောင်တော့ မကြားဘူးလား၊ ကြားသလား (ကြားပါတယ် ဘုရား)။

ကြားတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာပေါ်သလဲဆိုတော့ စိတ် ဘာ စိတ်ပေါ်သလဲ ဆိုတော့ (အသံသိတဲ့စိတ်ပါ ဘုရား) အသံသိတဲ့စိတ်က ဝိညာဏ် ဒီနေရာ ဘာဝိညာဏ်ပါလိမ့် (သောတဝိညာဏ်ပါ ဘုရား) ကြားချင်တယ်၊ နားထောင်ချင်တယ် ဆိုတာက သင်္ခါရ အဲဒီနားထောင်ချင်တယ်၊ ကြားချင်တယ် ဆိုတဲ့ သင်္ခါရကြောင့် အသံကိုသိတဲ့ သောတဝိညာဏ်စိတ် မဖြစ်ဘူးလား ဖြစ် သလား (ဖြစ်ပါတယ်ဘုရား) ဒါကြောင့် ပါဠိတော်က ဘယ်လိုပါလိမ့် (သင်္ခါရ ပစ္စယာဝိညာဏံပါ ဘုရား) ဘယ်ဌာနကလဲ (နားကပါဘုရား) ဘယ်အချိန်မှာ ဖြစ်ပေါ်တာလဲ (ကြားတိုင်း နားထောင်တိုင်း) ဘာတွေဖြစ်နေတာလဲ (သင်္ခါရ ပစ္စယာ ဝိညာဏံပါ ဘုရား)။

သင်္ခါရက အကြောင်းတရား၊ အသံကိုသိတဲ့ သောတဝိညာဏ်စိတ်က အကျိုး တရား၊ အကြောင်းအကျိုး မကွဲဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ် ပါဘုရား) ဩော်-စေတနာဆိုတဲ့ သင်္ခါရအကြောင်းကြောင့် အသံကိုသိတဲ့ သောတဝိညာဏ်စိတ် ဖြစ်တာပါလားလို့ အကြောင်းအကျိုး ကွဲလိုက်တာနဲ့ တပြိုင်နက် တီးတယ် မြည်တယ် ဆိုတယ် ဆဲတယ် ဒေါက်တယ် သီချင်းဆိုတယ် တရားဟောတယ်ဆိုတာ လာပါအုံးမလား (မလာပါဘူးဘုရား)။

အမှန် သိမသွားဘူးလား၊ သိသွားသလား (သိသွားပါတယ် ဘုရား) အကြောင်းက သင်္ခါရ အကျိုးက ဘာတရားပါလိမ့် (ဝိညာဏ်ပါဘုရား) ဘာ ဝိညာဏ်ပါလိမ့် (သောတဝိညာဏ်ပါဘုရား) သောတဝိညာဏ်ဆိုတာ ဘာပါ လိမ့် (အသံသိတဲ့ စိတ်ပါဘုရား) ပါဠိလိုဆိုရင် (သောတဝိညာဏ်ပါဘုရား) ဒီတော့ သောတဝိညာဏ် မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဘယ်ဌာနက ရလာတာလဲ (နားကပါဘုရား) ဘယ်အချိန်မှာ ရလာတာလဲ (ကြားတိုင်း နားထောင်တိုင်းပါဘုရား) ဩော်-ကြားတိုင်း နားထောင်တိုင်း မှာ သင်္ခါရပစ္စယာ ဝိညာဏ်တွေ ဖြစ်နေပါလားလို့ ဒီလိုကော မရှုသင့်ဘူးလား (ရှုသင့်ပါတယ်ဘုရား) မဆင်ခြင်သင့်ဘူးလား၊ (ဆင်ခြင်သင့်ပါတယ် ဘုရား)။

အဲဒီလို ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒီအချိန်မှာ ဒီဌာနမှာ ဒီလို နားလည်ရမှာ စာ အုပ်တွေ ဘောတွေမှာ နားလည်ရမှာလား ကြားတိုင်းမှာ နားလည်ရမှာလား (ကြားတိုင်း နားလည်ရမှာပါဘုရား) ဒါကြောင့် ဒီအချိန်တော့ ပဋိစ္စသမုပ္ပါဒ် မကွဲဘူး၊ စာထဲမှာတော့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်-အဝိဇ္ဇာသင်္ခါရ တဏှာ

ဥပါဒါန် ကံ ဈေးအတိတ်အကြောင်းတရားငါးပါး ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ က ပစ္စုပ္ပန် အကျိုးတရားငါးပါး စာကတော့ ဒီလို ခွဲထားပါတယ်၊ ပစ္စုပ္ပန်အကြောင်းဆိုလဲဘဲ တကာ တကာမတွေ သင်္ခါရတို့ တဏှာ အဝိဇ္ဇာတို့ မလာဘူးလား (လာပါတယ်ဘုရား)။

ပစ္စုပ္ပန် အကြောင်းတရားငါးပါး စွဲလိုက်တော့ ဝိညာဉ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာအနာဂါတ် အကျိုးငါးပါး ဖြစ်ပေါ်လာတယ်၊ အဲဒီလို စာသဘော နားလည်မလာဘူးလား (နားလည်ပါတယ်ဘုရား) တကာ တကာမတွေ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ငယ်ငယ်ကထဲက နားလည်ပါတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ဒါပေမဲ့ ပဋိပတ္တိဉာဏ်စွမ်း အနေနဲ့ ကျတော့ တကာ တကာမတွေ လွယ်ရဲ့လား (မလွယ်ပါဘုရား) မလွယ်ဘူး ဒါကြောင့် ပဋိပတ္တိဉာဏ်စွမ်း အနေနဲ့ သိစေချင်လွန်းလို့ ကြားတိုင်း နားထောင်တိုင်း ဘာနဲ့ ဘာဖြစ်တာလဲ (သင်္ခါရနဲ့ ဝိညာဏ်ပါဘုရား)သင်္ခါရကြောင့် ဘာဖြစ် (ဝိညာဏ်ပါဘုရား) နားထောင်ချင်တယ်၊ ကြားချင်တယ်ဆိုတော့ ဘာလဲ (သင်္ခါရပါဘုရား)။

နားထောင်ချင်တယ်ဆိုတော့ တကာ တကာမတွေ ဘာဖြစ်ပေါ်လာသလဲ (စိတ်ဖြစ်ပေါ်လာပါတယ်ဘုရား) ဘာစိတ်ပါလိမ့် (အသံသိတဲ့ စိတ်ပါဘုရား) ပါဠိလို သောတဝိညာဏ်စိတ်၊ ဒီသောတဝိညာဏ်စိတ်ဟာ ငါ့ကြောင့်လား သူများကြောင့်လား အကြောင်းကြောင့် ဖြစ်တာလား (အကြောင်းကြောင့် ဖြစ် ာပါဘုရား) ဒီနေရာမှာ ဘယ်အကြောင်းကြောင့် ဖြစ်တာပါလိမ့် (သင်္ခါရ ေ ာကြောင့်ပါဘုရား) ဒီနေရာ ဘာတရားကို ကောက်သလဲ (စေတနာပါ ဘုရား) ပစ္စုပ္ပန်အကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးတွေ ဖြစ်မနေဘူးလား (ဖြစ်နေပါ တယ်ဘုရား) ဖြစ်နေတယ် ရှုကွက်မှာ ဒီလိုနားလည်ရတယ်၊ အဲဒီတော့ သင်္ခါရက ာကြောင်းတရား၊ ဝိညာဏ်က ဘာပါလိမ့်(အကျိုးတရားပါဘုရား)အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ဘယ်ဌာနမှာ ကွဲရမှာလဲ (နားမှာ ကွဲရမှာပါဘုရား) ဘယ်အချိန်မှာ ကွဲရ မှာလဲ (ကြားတိုင်း နားထောင်တိုင်း) ဪ-ဒီအချိန် ဒီဌာနမှာ ဒီလိုကွဲရမှာ တကာ တကာမတွေ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဆိုတာ ဒီလို နားလည်ရမှာ၊ သို့မဟုတ်ရင် စာအုပ်တွေ ဘောတွေ စက်ဝိုင်းကြီးတွေထဲမှာ ခင်ဗျားတို့ ရောက် နေပါလိမ့်မယ်၊ စာအုပ်တွေ ဘောတွေထဲမှာ မသင်ရဘူးလားဆိုတော့ သင်ရ ပါတယ်၊ ပဋိပတ္တိဉာဏ်စွမ်း ရချင်ရင်ဖြင့် အဲဒီအတိုင်း ကြည့်နေလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ရှိတဲ့နေရာ ကြည့်ရမှာလား၊ မရှိတဲ့နေရာ ကြည့်ရမှာလား(ရှိတဲ့ နေရာ ကြည့်ရမှာပါဘုရား) ပဋိစ္စသမုပ္ပါဒ် ကြည့်တယ်ဆိုတာ မိမိခန္ဓာမှာ ကြည့်

ရမှာလား၊ စာအုပ်တွေ ဘောတွေထဲမှာ ကြည့်ရမှာလား (ခန္ဓာမှာ ကြည့်ရမှာ ပါဘုရား) မိမိခန္ဓာမှာ ဒီရှုကွက် ဘယ်ဌာနမှာ ရှိတာလဲ (နားမှာပါဘုရား) ဘယ်အချိန်မှာ ရှိတာပါလိမ့် (ကြားတိုင်း နားထောင်တိုင်း) ကြားတိုင်း နားထောကိုင်းမှာ ဘာနဲ့ ဘာဖြစ်လာတာလဲ (သင်္ခါရနဲ့ ဝိညာဏ်ပါဘုရား) သင်္ခါရက အကြောင်းတရား၊ ဝိညာဏ်က (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ ဉ : ဏ်သည် ဘာညာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟညာဏ်ပါဘုရား)။

ကိုယ်ပိုင်ဉာဏ်ရှိသလောက် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို နားလည်ရင် ဒါ ဘူ ဘူပါဘဲလို့မှဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) တကာတကာမတွေ့ ၊ာခေါင်းမှာ သတိထားလိုက်တဲ့အခါကျတော့ မွှေးလိုက်တာ နံလိုက်တာ ညှော်လိုက်တာလို့ မပြောဘူးလား ( ပြောပါတယ်ဘုရား ) မွှေးတာ နံတာ ပုပ်တာ ညှော်တာရှိတာလား၊ အနံ့သဘောရှိတာလား (အနံ့သဘောရှိတာပါဘုရား) ဒီအနံ့သဘောကို မွှေးချင်တဲ့ နမ်းရှုချင်တဲ့သဘော ရှေးဦးစွာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) နမ်းရှုချင်တယ်ဆိုတာ လူလား၊ စေတနာလား (စေတနာပါဘုရား)

စေတနာကို ဒီနေရာ ဘာကောက်မလဲ (သင်္ခါရ) နမ်းရှုချင်တော့ မနမ်းဘူးလား (နမ်းပါတယ်ဘုရား) နမ်းရှုတဲ့အခါ လူပေါ်တာလား၊ စိတ်ပေါ်တာလား (စိတ်ပေါ်ပါတယ်ဘုရား) ဘာစိတ်ပါလိမ့် (အနံ့သိတဲ့စိတ်) ပါဠိလိုကျတော့ (ဃာနဝိညာဏ်စိတ်) ဒီဃာနဝိညာဏ်စိတ်ဟာ ငါ့ကြောင့်ဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သူများကြောင့်ဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အလိုလိုဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့်ဖြစ်တာပါလိမ့် (သင်္ခါရကြောင့်ပါဘုရား) ပါဠိတော်ရွတ်လိုက်စမ်းပါအုံး (သင်္ခါရပစ္စယာဝိညာဏံ) သင်္ခါရပစ္စယာ၊ နမ်းရှုချင်တယ်ဆိုတဲ့ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ အနံ့ကိုသိတဲ့ ဃာနဝိညာဏ်စိတ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

နမ်းရှုချင်တဲ့သင်္ခါရကြောင့်အနံ့ကိုသိတဲ့ဃာနဝိညာဏ်စိတ်ဖြစ်တယ်။ဒီတော့ စေတနာသင်္ခါရကဘာတရားလဲ (အကြောင်းတရား) အနံ့ကိုသိတဲ့စိတ်က ဘာပါလိမ့် (အကျိုးတရား) အကြောင်းအကျိုး ဒီနေရာမှာ ကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) ဘယ်ဌာနက ကွဲရမှာလဲ ( နှာခေါင်းကပါဘုရား ) ဘယ်အချိန်မှာ အကြောင်းအကျိုး ကွဲရမှာပါလိမ့် (နမ်းရှုတိုင်း) နမ်းရှုတိုင်းမှာ မွှေးတယ် နံတယ် ပုပ်တယ် ညှော်တယ်ဆိုတာမရှိပါဘူး။ အမှန်ရှိတာက အကြောင်းနဲ့အကျိုးမျှသာရှိတာပါ။ ဘာရှိတာပါလိမ့်(အကြောင်းနဲ့အကျိုးပါ) ဘာရှိတာပါလိမ့်(အကြောင်းနဲ့အကျိုးပါဘုရား) ရှုကွက်မှာအကြောင်းနဲ့အကျိုးက ဘယ်သူပါလိမ့် (သင်္ခါရ) အကျိုးကဘယ်သူပါလိမ့် (ဝိညာဏ်) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေပါရဲ့လား (မပါပါဘုရား) ဒီလိုအကြောင်းအကျိုး ကွဲသွား

ရင် ငရဲမီးမငြိမ်းဘူးလား၊ ငြိမ်းသလား(ငြိမ်းပါတယ်ဘုရား) အဲဒီလိုအကြောင်းနဲ့အကျိုးကွဲသွားတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဘယ်ဌာနမှာကွဲရမှာလဲ (နမ်းရှုတိုင်း) စာအုပ်တွေ ဘောတွေမှာ ကွဲရမှာလား၊ နမ်းရှုတိုင်း နမ်းရှုတိုင်းကွဲရမှာလား (နမ်းရှုတိုင်းကွဲရမှာပါဘုရား)

နမ်းရှုတိုင်းမှာ ဘာဒေသနာတော် ကွဲရမှာပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ပါဘုရား) မဆိုထိုက်ဘူးလား ( ဆိုထိုက်ပါတယ်ဘုရား ) သာသနာတော်နဲ့ တွေ့ ရ လို့ သာ ဒီလောက်သိရတာ။ သာသနာတော်နဲ့သာမတွေ့ရင် ဒီတရားတော်တွေ သိနိုင်ပါ့ မလား (မသိနိုင်ပါဘုရား) ဒါကြောင့် မွေးတယ် နံ့တယ် ပုပ်တယ် လုပ်မနေနဲ့။ အကြောင်းနဲ့အကျိုးသာရှိတယ်လို့မှတ်။ တကာတကာမတွေသတိထားလိုက်စမ်းပါ၊ စားတဲ့အခါ သတိမထားရင် ချိုလိုက်တာ ငန်လိုက်တာ ခါးလိုက်တာ စပ်လိုက်တာ ချဉ်လိုက်တာလို့ မပြောဘူးလား (ပြောပါတယ်ဘုရား)

အမှန်သိလား၊ အမှားသိလား (အမှားသိပါဘုရား) ဒီတော့ အချိုလေးမှ စားချင်တယ်၊ အချဉ်လေးမှစားချင်တယ်၊ အငန်လေးမှ အစပ်ကလေးမှ စားချင်တယ်လို့ ဖြစ် မ လာ ဘူး လား (ဖြစ်လာပါတယ်ဘုရား) စားချင်တာ လူလား၊ စေတနာလား(စေတနာပါဘုရား)ဒီစေတနာကို တရားကိုယ်ကောက်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်နည်းအရဘာကောက်မလဲ (သင်္ခါရပါဘုရား) သင်္ခါရပစ္စယာ ဘာပါလိမ့် (ဝိညာဏ်) သင်္ခါရကြောင့် လူတွေ သတ္တဝါတွေဖြစ်မှာလား၊ ဝိညာဏ်ကြောင့်ဖြစ်လာမှာလား (ဝိညာဏ်ပါဘုရား) စားချင်တယ်ဆိုတော့ မစားဘူးလား၊ စားသလား (စားပါတယ်ဘုရား) စားတဲ့အခါကျတော့ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ်ဘုရား) ဘာစိတ်လဲ (အရသာသိတဲ့စိတ်)

အရသာသိတဲ့စိတ်ကဝိညာဏ်။ စားမယ် စားချင်တယ်ဆိုတဲ့သဘောက ဘာပါလိမ့် (သင်္ခါရ) အရသာသိတဲ့စိတ်ကဘာစိတ်လဲ (ဝိညာဏ်) ပါဠိတော်ကဘာတဲ့တုံး(သင်္ခါရပစ္စယာဝိညာဏံ) ဒီနေရာမှာ သင်္ခါရပစ္စယာဝိညာဏံ ဆိုတဲ့သဘောက စာအုပ်တွေ ဘောတွေထဲမှာဖြစ်နေတာလား၊လျှာမှာဖြစ်တာလား (လျှာမှာဖြစ်တာပါဘုရား) လျှာမှာ ဘယ်အချိန်ဖြစ်လာတာပါလိမ့် (စားတိုင်း) မစားဘဲနဲ့ ပဋိစ္စသမုပ္ပါဒ် လျှာမှာဖြစ်တယ်ဆိုတာဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) ပရိယတ္တိတော့ ဖြစ်ပါတယ်၊ ပဋိပတ္တိဉာဏ်စွမ်း ပါပါ့မလား (မပါပါဘုရား) ပဋိပတ္တိဉာဏ်စွမ်းနဲ့ ကျင့်ချင်ရင် မစားဘဲနဲ့ ကုသိုလ်ရပါ့မလား (မရပါဘုရား) မရဘူး။ စားတိုင်းမှာ သင်္ခါရကြောင့် ဝိညာဏ်။ ဘာဝိညာဏ်လဲ (ဇိဝှာဝိညာဏ်ပါဘုရား)

ဇိဝှာဝိညာဏ် ခင်ဗျားတို့စားတိုင်းစားတိုင်း ဖြစ်ပါတယ်၊ အဲဒီ ဇိဝှာဝိညာဏ်က ဘယ်သူ့ကြောင့် ဖြစ်တာလဲလို့မေးရင် ( စေတနာသင်္ခါရကြောင့် ) စားမယ် စားချင်တယ်ဆိုတဲ့သဘောတွေဟာစေတနာတွေဘဲ။ ငါတွေလား၊ စေတနာတွေ

လား ( စေတနာတွေ့ပါဘုရား ) အဲဒီစေတနာကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ဘာကောက်မလဲ (သင်္ခါရ) အဲဒီသင်္ခါရကြောင့်ဝိညာဏ်။ ဒါကြောင့် သင်္ခါရပစ္စယာဝိညာဏံ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) သင်္ခါရပစ္စယာ၊ စားမယ် စားချင်တယ်ဆိုတဲ့ စေတနာသင်္ခါရကြောင့်။ ဝိညာဏံ၊ အရသာကိုသိတဲ့ ဇိဝှာဝိညာဏ်စိတ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

ဘယ်အချိန်မှာ ဖြစ်နေတာလဲမေးရင် (စားတိုင်း) ပဋိစ္စသမုပ္ပါဒ် မလည်ဘူးလား၊ လည်သလား (လည်ပါတယ်ဘုရား) ဒါကြောင့် တကာ တကာမတွေလည်တဲ့နေရာကိုမကြည့်ဘဲ မလည်တဲ့နေရာကိုကြည့်နေလို့ သိပါ့မလား (မသိပါဘုရား) ပရိယတ်အနေနဲ့တော့ သိပါတယ်။ ပဋိပတ်အဆင့်ထိအောင် ရောက်ပါ့မလား (မရောက်ပါဘုရား) မရောက်ဘူးလို့ ဆုံးဖြတ်ချက်ချပါတော့။

နောက်ပြီး တကာတကာမတွေ တွေ့ထိတဲ့အခါမှာ အဝတ်နဲ့တွေ့တယ်၊ လုံချည်နဲ့တွေ့တယ်။ တဘက်နဲ့တွေ့တယ်၊ ဖျာနဲ့တွေ့တယ်၊ ကြမ်းနဲ့တွေ့တယ်။ ဒီလိုမယူကြဘူးလား၊ ယူကြသလား (ယူကြပါတယ်ဘုရား) လုံချည် အင်္ကျီတို့ ဖျာ ကြမ်းတို့ဆိုတာတွေဟာရှိရဲ့လား (မရှိပါဘုရား) ရှိတာကဘာပါလိမ့် (ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးမှုသဘောပါဘုရား) မျက်စိနဲ့မြင်ရရဲ့လား (မမြင်ရပါဘုရား) ဖျာတို့ ကြမ်းတို့က မျက်စိနဲ့မြင်ရတယ်။ ရုပ်က မျက်စိနဲ့မမြင်ရဘူး။ ဘာနဲ့မြင်ရမှာလဲ (ဉာဏ်နဲ့ပါဘုရား) အဲဒီပူမှု အေးမှုသဘောတွေ တွေ့မယ် တွေ့မယ်နဲ့ ဒီလိုစေတနာ ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)

ဒီနေရာထိုင်ချင်တယ်ဆိုတာ တွေ့ချင်တာဘဲ။ ဒီနေရာ အိပ်ချင်တယ် ထိုင်ချင်တယ်ဆိုတာရှိရဲ့လား (မရှိပါဘုရား) မရှိပါဘူး။ နေရာဆိုတဲ့သတ်မှတ်ချက်ထဲမှာ သတိထားကြည့်လိုက်ရင် ပူမှုသဘော အေးမှုသဘောတွေ့မယ်။ ကြမ်းတဲ့သဘော နူးညံ့တဲ့သဘောရှိမယ်။ ဒါကိုမိအောင်ဖမ်း။ ဒီတော့ တွေ့ချင်တယ်၊ ထိချင်တယ်၊ ကိုင်ချင်တယ်ဆိုတာ လူလား၊ စေတနာလား ( စေတနာပါဘုရား ) တရားကိုကောက်တော့ (သင်္ခါရပါဘုရား) ဒီတွေ့ချင်တဲ့သင်္ခါရကြောင့် လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ်ဘုရား) ဘာစိတ်ပေါ်တာလဲ (အတွေ့သိတဲ့စိတ်) အတွေ့သိတဲ့စိတ်က ဒီနေရာဘာပါလိမ့် (ဝိညာဏ်) ပါဠိတော်ရွတ်လိုက်စမ်းပါအုံး (သင်္ခါရပစ္စယာဝိညာဏံ) ဘယ်ဌာနမှာလဲ (ကိုယ်အကြည်ဌာနပါဘုရား)

ဘယ်အချိန်မှာပါလိမ့် ( တွေ့တိုင်းမှာ ) တွေ့တိုင်း တွေ့တိုင်း အကြောင်းနဲ့အကျိုး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား) ဒီနေရာမှာ ဘယ်အကြောင်းနဲ့ ဘယ် အ ကျိုး ဖြစ် နေ တာ လဲ ( သင်္ခါရနဲ့ဝိညာဏ် ) သင်္ခါရက ဘာပါလိမ့်

(အကြောင်း) ဝိညာဏ်က (အကျိုး) အကြောင်းနဲ့အကျိုး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ရပ်ရဲ့လား (မရပ်ဘူး) တကာ တကာမတွေ သတိမထားလို့ ပဋိစ္စသမုပ္ပါဒ် လည်တယ်ဆိုတာ မိမိခန္ဓာမှာ အချိန်တိုင်းလည်နေတာ။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဆိုဘာ ယခု မျက်စိ နား နှာ လျှာ ကိုယ် မန ဆိုတဲ့ဒွါရနတွေမှာဘဲလည်နေတယ်ဆိုတာ ငြင်းလို့ ရသေးရဲ့လား (မရပါဘုရား) အကြောင်းအကျိုးလည်မနေဘူးလား (လည်နေပါတယ်ဘုရား) ယခုရှုကွက်မှာ ဘယ်အချိန်မှာ လည်နေတာပါလိမ့် (တွေ့တိုင်း) တွေ့မယ်ဆိုတဲ့ စေတနာ သင်္ခါရက ဘာလဲ (အကြောင်းတရား) တွေ့တဲ့အခါကျတော့ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ်ဘုရား)။

ဘာစိတ်ပါလိမ့် (အတွေ့သိတဲ့ စိတ်ပါဘုရား) ပါဠိလိုဆိုရင် ဘာစိတ်လဲ (ကာယဝိညာဏ်စိတ်ပါဘုရား)သင်္ခါရပစ္စယာ တွေ့ချင်တယ်ဆိုတဲ့ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏံ တွေ့ထိတယ်ဆိုတဲ့ ကာယဝိညာဏ်စိတ်သည် သမ္ဘ-ဝတိ ဖြစ်၏၊ ကာယဝိညာဏ်စိတ် ဘယ်အချိန်မှာ ဖြစ်တာပါလိမ့် (တွေ့တိုင်း တွေ့တိုင်း) အတွေ့တွေကော ရပ်ရဲ့လား (မရပ်ပါဘုရား) အဲဒီတော့ အကြောင်း အကျိုး လည်မနေဘူးလား၊ လည်နေသလား (လည်နေပါတယ် ဘုရား) တခါ တလေ တကာ တကာမတွေ ဒါစိတ်ကူးထားပါတယ်၊ ငါစဉ်းစားလိုက်ပါအုံးမယ် စသည်ဖြင့် မပြောကြဘူးလား၊ ပြောကြသလား (ပြောကြပါတယ်ဘုရား) စဉ်းစားနေတယ်၊ စိတ်ကူးနေတယ်ဆိုဘာ လူလား စေတနာလား (စေတနာပါဘုရား) ကြံစည်နေတယ်ဆိုတာ စေဘနာရှိတာလား မနောဝိညာဏ်စိတ် ရှိဘာလား (မနောဝိညာဏ်စိတ် ရှိတာပါဘုရား)။

စေတနာက လူတွေ သတ္တဝါတွေကို ကြံစည်တာလား ဓမ္မာရုံကို ကြံစည်တာလား (ဓမ္မာရုံကြံစည်တာပါဘုရား) ဓမ္မာရုံ (၆) ပါးတို့တွင် တပါးပါးကို ကြံစည်တာ၊ ကြံစည်တော့ လူပေါ်သလား စိတ်ပေါ်သလား (စိတ်ပေါ်တာပါဘုရား) ဘာစိတ်ပါလိမ့် (မနောဝိညာဏ်စိတ်) ပါဠိတော် ရွတ်လိုက်စမ်းပါအုံး (သင်္ခါရပစ္စယာ ဝိညာဏံ) ဘယ်ဒွါနလဲ (မန ကပါဘုရား) ဘယ်အချိန်မှာပါလိမ့် (ကြံစည်တိုင်း) သင်္ခါရပစ္စယာ ကြံစည်မယ်၊ စိတ်ကူးမယ်ဆိုတဲ့ သင်္ခါရဟူသော အကြောင်းကြောင့် မနောဝိညာဏံ ကြံစည်တယ်ဆိုတဲ့ မနောဝိညာဏ်စိတ်သည် သမ္ဘဝတိ ဖြစ်၏၊ကြံစည်မယ်ဆိုတဲ့ သင်္ခါရကဘာတရားလဲ(အကြောင်းတရားပါဘုရား) မနောဝိညာဏ်စိတ်က ဘာတရားလဲ (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ဒါလောက်သိသွားရင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အခြေခံ ရသွားပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)အကြောင်းအကျိုး ကွဲလိုက်တာနဲ့ တပြိုင်ထဲ ငါတွေ့တယ် ဆိုတဲ့ အယူတွေလာသေးရဲ့လား (မလာ တော့ပါဘုရား) သတ္တဝါဟူသောအမှတ်သညာတွေကော လာအုံးမလား(မလာ ပါဘုရား) သက္ကာယဒိဋ္ဌိပြုတ်သွားပြီး သာသနာမှာ ထောက်တည်ရာရသွားပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား(ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် အဝိဇ္ဇာ ပစ္စယာသင်္ခါရာသင်္ခါရပစ္စယာ ဝိညာဏံဒီမရောက်လာဘူးလား၊ရောက်လာသလား (ရောက်လာပါတယ်ဘုရား) သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ ပါဠိတော်စကားက စာအုပ်တွေ ဘောတွေထဲမှာလား၊ ခန္ဓာထဲမှာလား (ခန္ဓာထဲမှာပါဘုရား)ခန္ဓာ ထဲမှာ ဘယ်ဌာနတွေမှာ ဖြစ်နေတာလဲ (မျက်စိ နား နှာ လျှာ ကိုယ် မနှ) ဒီအဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ က ဘယ်အချိန်မှာ ဖြစ်နေတာ လဲ (မြင်တိုင်း ကြားတိုင်း နားထောင်တိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံ စည်တိုင်း) တကာ တကာမတွေ ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)။

ဒါကြောင့် ဒီအချိန်မှာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမှာ ဒီလိုမှ နားမလည်ရင် စာပဋိစ္စသမုပ္ပါဒ်ဘဲ ခံနေမှာ ခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် နားလည်မှာ မဟုတ်ဘူး၊ ဘုရားက ဘာနဲ့ ဘာနားလည်ရမှ တဲ့လဲ (အကြောင်းနဲ့ အကျိုးပါ ဘုရား) အဲဒီတော့ ခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို အချိန်တိုင်း အချိန် တိုင်း အဝိဇ္ဇာပစ္စယာသင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ အဲဒီထိအောင် နားလည် မလာဘူးလား၊ နားလည်လာသလား (နားလည်လာပါပြီဘုရား) ကဲ ရှေ့တဆင့် တက်ပြီး ပါဠိတော် ရွတ်လိုက်စမ်းပါဦး (ဝိညာဏ ပစ္စယာ နာမ ရူပံ)။

ဝိညာဏပစ္စယာ ဝိညာဏ်ဟူသော အကြောင်းကြောင့် နာမရူပံ နာမ်သည် ၎င်း ရုပ်သည်၎င်း နာမ်ရုပ်သည်၎င်း သမ္ဘဝတိ ဖြစ်၏၊ အဲဒီလို နားလည်တာက စာလိုနားလည်တာ အရေးကြီးတာက ဘာနဲ့နားလည်ရမှာလဲ(ခန္ဓာနဲ့ပါဘုရား) ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်ဆိုတာ ရှင်းပြပါစို့၊ တကာ တကာမတွေ ကြည့်တိုင်း မြင်တိုင်းမှာ လူတွေ သတ္တဝါတွေ မြင်တာလား၊ အဆင်းမြင်တာ လား (အဆင်းကို မြင်တာပါဘုရား) အဆင်းကိုသိတာလား၊ လူကိုသိတာလား (အဆင်းကို သိတာပါဘုရား) သတိမထားရင်တော့ လူကိုသိမှာဘဲ၊ ဒီအဆင်းကို လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) ဘာစိတ်လဲ (အဆင်းကိုသိတဲ့ စိတ်ပါဘုရား)။

အဆင်းကိုသိတဲ့စိတ်က ဝိညာဏ် ဒီအဆင်းကို လူကဖေါ်တာလား၊ သတိက ဖေါ်တာလား (သတိကဖေါ်တာပါဘုရား)သတိကဘာပါလိမ့် (နာမ်)အဆင်း က (ရုပ်) ပေါင်းလိုက်တော့ (နာမ်ရုပ်ပါဘုရား)ရမလာဘူးလား၊ရလာသလား (ရလာပါတယ်ဘုရား) ပါဠိတော် ရွတ်လိုက်စမ်းပါဦး (ဝိညာဏ ပစ္စယာ နာမ

ရူပံ) ဝိညာဏ်ကြောင့် ဘာဖြစ်တာလဲ (နာမ်ရုပ် ဖြစ်ပါတယ်ဘုရား) ဘယ်အချိန်မှာ ဖြစ်နေတာပါလိမ့် (ကြည့်တိုင်း မြင်တိုင်း) ဒီအချိန်မှာ နားလည်ရမှာ၊ ကြည့်တဲ့အခါကျတော့ တကာ တကာမတွေ လူတွေ သတ္တဝါတွေလို့ သိတာလား၊ အဆင်းလို့ သိဘာလား (အဆင်းလို့ သိတာပါဘုရား) အဆင်းကိုသိတာလူလား စိတ်လား (စိတ်ပါဘုရား) ဘာစိတ်ပါလိမ့် (အဆင်းကိုသိတဲ့စိတ်) ပါဠိလို ဘယ်လိုပြောမလဲ (စက္ခုဝိညာဏ်စိတ်) အဆင်းကို လူက ဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား)သတိကဘာပါလိမ့်(နာမ်)၊ အဆင်းက ဘာလဲ (ရုပ်) ပေါင်းလိုက်တော့ (နာမ်ရုပ်) ဝိညာဏ်ကြောင့် ဘာဖြစ် (နာမ်ရုပ်ဖြစ်) ပါဠိတော်က ဘယ်လိုပါလိမ့် (ဝိညာဏပစ္စယာ နာမရူပံ) ဝိညာဏ်က အကြောင်းတရား နာမ်ရုပ်က (အကျိုးတရား)အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(ပစ္စယပရိဂ္ဂဟဉာဏ်)ပစ္စယပရိဂ္ဂဟလှည့်နေတာမျက်စိပေါက်က မလည်ဘူးလား၊ လည်သလား (လည်ပါတယ်ဘုရား) မျက်စိက ကြည့်တိုင်း မြင်တိုင်းမှာ (ဝိညာဏပစ္စယာ နာမရူပံ) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊

နောက်ပြီး သတိထားလိုက်တဲ့ အခါကျတော့ နားက အသံသဘော ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)အဲဒီအသံကို လူကသိတာလား၊ စိတ်က သိတာလား (စိတ်ကသိတာပါဘုရား) စိတ်က ဘာပါလိမ့် (ဝိညာဏ်)ဒီနေရာ ဘာဝိညာဏ်ပါလိမ့် (သောတဝိညာဏ်) ပေါ်မလာဘူးလား၊ (ပေါ်လာပါတယ်ဘုရား) အသံသိတဲ့စိတ် ပေါ်လာတယ်၊ ဒီအသံကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိက ဖေါ်တာပါဘုရား) သတိက ဘာတရားလဲ (နာမ်) အသံက ဘာပါလိမ့် (ရုပ်) ပေါင်းလိုက်တော့ ဘာတဲ့ (နာမ်ရုပ်)ဘယ်သူကြောင့် ဖြစ်တာလဲ (ဝိညာဏ်ကြောင့်ပါဘုရား) ဒီနေရာ ဘာဝိညာဏ်ပါလိမ့် (သောတဝိညာဏ်ပါဘုရား)။

ပါဠိတော် ရွတ်လိုက်စမ်းပါအုံး (ဝိညာဏပစ္စယာ နာမရူပံ) ဖြစ်မလာဘူးလား (ဖြစ်လာပါတယ် ဘုရား) ဝိညာဏပစ္စယာ သောတဝိညာဏ် ဟူသော အကြောင်းကြောင့် နာမရူပံ အသံကိုဖေါ်တဲ့ သတိတည်းဟူသော နာမ် အသံဆိုတဲ့ ရုပ်တရားသည် သမ္ဘဝတိ ဖြစ်၏၊ ဘယ်ဌာနမှာ ဖြစ်တာလဲ (နားက) ဘယ်အချိန်မှာဖြစ်တာလဲ(ကြားတိုင်း နားထောင်တိုင်း) ကြားတိုင်း နားထောင်တိုင်းမှာ ဘာတွေဖြစ်တာလဲ (ဝိညာဏပစ္စယာ နာမရူပံ) ဝိညာဏ်က အကြောင်းတရား နာမ်ရုပ်က ဘာတဲ့ (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်) ဘယ်ဌာနကကွဲတာပါလိမ့် (နားကပါဘုရား)ဘယ်အချိန်မှာကွဲရမှာလဲ(ကြားတိုင်း နားထောင်တိုင်း)ဝိညာဏပစ္စယာ နာမရူပံ ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)။

တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ နမ်းရှုတဲ့အခါ နံတာ မွှေးတာ ပုပ်တာ တွေ့တာလား၊ အနံ့သဘောတွေ့တာလား (အနံ့သဘော တွေ့တာပါဘုရား) အဲဒီ အနံ့သဘောကို လူကသိတာလား၊ စိတ်ကသိတာလား(စိတ်ကသိတာပါဘုရား) ဘာစိတ်ပါလိမ့် (အနံ့သိတဲ့စိတ်) ပါဠိလိုပြောတာ ဘာတဲ့ (ဃာနဝိညာဏ်စိတ်) ဃာနဝိညာဏ်စိတ် ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) အဲဒီအနံ့ကို လူကဖေါ်တာလား၊သတိကဖေါ်တာလား (သတိက ဖေါ်တာပါဘုရား)။

သတိကဘာပါလိမ့် (နာမ်) အနံ့ကဘာလဲ (ရုပ်) ပေါင်းလိုက်တော့ (နာမ်ရုပ်) ဘယ်သူ့ကြောင့်ဖြစ်တာလဲ (ဝိညာဏ်ကြောင့်) ပါဠိတော်က ဘယ်လိုဆိုထားသလဲ (ဝိညာဏပစ္စယာနာမရူပံ) ဘယ်ဌာနကဖြစ်တာလဲ (နှာခေါင်းကပါဘုရား) ဘယ်အချိန်မှာဖြစ်တာလဲ (နမ်းရှုတိုင်း) အဲဒီတော့ ဃာနဝိညာဏ်စိတ်က (အကြောင်းတရား) နာမ်ရုပ်က (အကျိုးတရား) ဒီလိုအကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) နောက်ပြီး တကာတကာမတွေ သတိထားလိုက်စမ်းပါ။ တွေ့တိုင်းမှာ အတွေ့ကိုသိတာ။ လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား)

ဘာစိတ်ပါလိမ့် (တွေ့ထိစိတ်ပါဘုရား) ပါဠိလိုကျတော့ (ကာယဝိညာဏ်စိတ်) ကာယဝိညာဏ်စိတ်က အကြောင်းတရား။ အတွေ့ကိုလူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိကဖေါ်တာ။ သတိက ဘာလဲ(နာမ်)အတွေ့ကဘာပါလိမ့် (ရုပ်) ပေါင်းလိုက်တော့(နာမ်ရုပ်)အဲဒီနာမ်ရုပ်သည်ဘယ်သူ့ကြောင့်ဖြစ်တာလဲ (ဝိညာဏ်ကြောင့်) ပါဠိတော်က [ဝိညာဏပစ္စယာနာမရူပံ]ဘယ်ဌာနကလဲ[ကိုယ်အကြည်က]ဘယ်အချိန်မှာဖြစ်တာလဲ[တွေ့တိုင်း တွေ့တိုင်း] အော်- တွေ့တိုင်း ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်နေပါလားလို့ ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) အကြောင်းအကျိုးကွဲသွားပြီလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)

တကာတကာမတွေ ကြံစည်စိတ်ကူးတိုင်းမှာ လူကကြံစည်တာလား၊ မနောဝိညာဏ်စိတ်ကကြံစည်တာလား(မနောဝိညာဏ်စိတ်ကပါဘုရား)မနောဝိညာဏ်စိတ်ဖြစ်မလာဘူးလား ( ဖြစ်လာပါတယ်ဘုရား ) အဲဒီတော့ ကြံစည်တဲ့မနောဝိညာဏ်စိတ်က လူတွေ သတ္တဝါတွေကို သိနေတာလား၊ ဓမ္မာရုံကိုသိနေတာလား (ဓမ္မာရုံကိုသိနေတာပါဘုရား) ဓမ္မာရုံ (၆) ပါးတို့တွင် တပါးပါးကို သိမနေဘူးလား (သိနေပါတယ်ဘုရား) ဥပမာ ရုပ်ဓမ္မာရုံဆိုကြပါစို့၊ ဒီဓမ္မာရုံက ကာလသုံးပါးကိုအာရုံပြုတယ်၊ ဒီမှာကြည့်လိုက်တဲ့အခါကျတော့ ဘာရှိသလဲ (ထွေးခံ

ရှိပါတယ်ဘုရား) ထွေး ခံ ရှိ တာ လား၊ အဆင်းသဘော ရှိတာလား (အဆင်းသဘောရှိတာပါဘုရား)

ဒီအဆင်းကဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် ( အခုမှဖြစ်တာပါဘုရား ) အခုမှဖြစ်တဲ့အဆင်းကို ပထမအဆင်းလို့သိတော့ ဒီအဆင်းဟာဤလိုဘဲ၊ ဟိုတုန်းကလဲ ဒီသဘောနေမှာဘဲလို့ စိတ်မကူးဘူးလား၊ စိတ်ကူးသလား (စိတ်ကူးပါတယ်ဘုရား) နောင်လဲ ဒီအဆင်းဟာ ဒီလိုဘဲနေမှာဘဲလို့ စိတ်မကူးဘူးလား (စိတ်ကူးမှာပါဘုရား) ထွေးခံပေါ်မှာကြံစည်နေတာလား၊ အဆင်းပေါ်မှာကြံစည်နေတာလား (အဆင်းပေါ်မှာပါဘုရား) အဆင်းဟာ လူလား၊ ရုပ်လား (ရုပ်) ထွေးခံလား၊ရုပ်လား (ရုပ်) အဲဒီရုပ်သည်ဓမ္မာရုံ။ ရုပ်ဓမ္မာရုံလို့ခေါ်တယ်။ ဘာဓမ္မာရုံလဲ (ရုပ်ဓမ္မာရုံပါဘုရား) ရုပ်ဓမ္မာရုံ ရမလာဘူးလား (ရလာပါတယ်ဘုရား) ဓမ္မာရမ္မဏံပန ပသာဒသုခုမရူပ စိတ္တစေတသိက နိဗ္ဗာနပညတ္တိဝသေနဆဓါသင်္ဂယှတိ၊ လို့ဆိုတော့ ဒီဓမ္မာရုံကလဲ (၆) ပါးရှိတာ။ ဒီတော့ အတိတ်ကလဲဤလိုအဆင်းမျိုးရှိခဲ့မှာဘဲ။ ယခုလဲဤလိုအဆင်းဘဲရှိတယ်။ နောင်လဲဤလိုဆင်းမျိုးရှိအုံးမှာပါလားလို့ မဆင်ခြင်ဘူးလား (ဆင်ခြင်ပါတယ်ဘုရား) မကြံစည်ဘူးလား (ကြံစည်ပါတယ်ဘုရား)

ကြံစည်စိတ်ကူးတယ်ဆိုတာ လူကစိတ်ကူးတာလား၊ မနောဝိညာဏ်စိတ်က စိတ်ကူးတာလား (မနောဝိညာဏ်ကပါဘုရား) မနောဝိညာဏ်စိတ်က ဝိညာဏ်၊ အဆင်းကဘာတရားလဲ (ရုပ်) ဒီအဆင်းကိုလူကဖေါ်တာလား၊သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိကဘာလဲ (နာမ်) မျက်စိဖြင့်မြင်ရတဲ့ အာရုံကြည့်ပြီးတော့ စိတ်ကူးကြည့်လိုက်တာ ဒီလိုမျက်စိနဲ့မြင်တဲ့သဘော ဟုတ်ရဲ့ လား(မဟုတ်ပါဘုရား) စိတ်ကူးပြီးဒီအဆင်းမျိုး ဟိုတုန်းကလဲရှိခဲ့မှာဘဲ။ ယခုလဲ ဒီအဆင်းဟာ ဒီသဘောဘဲကိုး။ တော်တော်ကြာ ဘယ်လိုများ နေပါလိမ့်မလဲ။ ဤလိုမလာဘူးလား (လာပါတယ်ဘုရား)

ဒါကဘယ်ဓမ္မာရုံပေါ်မှာ ကြံစည်တာတုံး ( ရုပ်ဓမ္မာရုံပေါ်မှာပါဘုရား ) ဒီဓမ္မာရုံတရားတွေကို လူ က ဖေါ် ပေး တာ လား၊ သတိကဖေါ်ပေးတာလား၊ (သတိကဖေါ်ပေးတာပါဘုရား) သတိကဘာတရားတုံး (နာမ်) ရုပ်ဓမ္မာရုံက ဘာတရား (ရုပ်ပါဘုရား) နာမ်ရုပ်ရမလာဘူးလား (ရလာပါတယ်ဘုရား) ပါဠိတော်ရွတ်လိုက်စမ်းပါ။ (ဝိညာဏပစ္စယာနာမရူပံ) မနောဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား) ဘယ်ဌာနမှာဖြစ်တာလဲ (မနပါဘုရား) ဘယ်အချိန်မှာဖြစ်တာလဲ (ကြံစည်တိုင်း စိတ်ကူးတိုင်း)

မနောဝိညာဏ်စိတ်က အကြောင်းတရား။ နာမ်ရုပ်ကဘာတရားလဲ (အကျိုးတရားပါဘုရား) အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စ

သမုပ္ပါဒ်ဉာဏ်ပါဘုရား) ဘယ်ဌာနကကွဲတာပါလိမ့်(မနကပါဘုရား)ဘယ်အချိန်မှာကွဲတာလဲ (ကြံစည်စိတ်ကူးတိုင်း)ဘယ်ဌာနတွေမှာဖြစ်နေတာပါလိမ့် (မျက်စိ နား နှာ လျှာ ကိုယ် မန) ဒီဌာနတွေမှာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) စာအုပ်တွေ ဘောတွေထဲမှာ ဖြစ်တာမဟုတ်ဘူးနော်။ ခန္ဓာမှာဖြစ်နေတာ။ ဖြစ်တဲ့နေရာကြည့်မှ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ရမှာ။ မဖြစ်တဲ့နေရာ သွားကြည့်ရင် ပဋိစ္စသမုပ္ပါဒ်ဉာဏ်သိပါ့မလား။ ပရိယတ္တိလောက်တော့သိပါတယ်။ ပဋိပတ္တိဉာဏ်စွမ်းထိအောင်ရောက်ပါ့မလား(မရောက်ပါဘုရား) ပဋိပတ္တိထိအောင်ရောက်မှအကျိုးများတာကို၊ နောက်တချက်ကဘာတဲ့၊ ပါဠိတော်က (နာမရူပပစ္စယာ သဠာယတနံ)တဲ့။ နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသောအကြောင်းကြောင့်။ သဠာယတနံ၊ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှာယတန ကာယာယတန မနာယတနသည်၊ သမ္ဘဝတိ၊ ဖြစ်၏။ ပါဠိတော်က ဒီအတိုင်းမပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) သဠာယတနကို ဆ+အာယတန လို့ပုဒ်ဖြတ်လိုက်ပြီး၊ သကို ဆပြောင်းလိုက်၊ ဆကခြောက်၊ အာယတနက တည်ရာဌာန (၆) ပါးသော၊ စက္ခုစသော အာယတနဖြစ်တယ်လို့ စာပေကဒီအတိုင်းပြထားပါတယ်။

အဲဒီတော့ တကာ တကာမတွေ နားလည်အောင် ရှုကွက်နဲ့ ပြောကြပါစို့။ ခင်ဗျားတို့ကြည့်တဲ့အခါ လူပေါ်တာလား၊အဆင်းပေါ်တာလား(အဆင်းပေါ်တာပါဘုရား) အဆင်းကလူလား (ရုပ်) ဒီအဆင်းကိုလူကဖေါ်တာလား၊ သတိက ဖေါ်တာလား (သတိကဖေါ်တာပါဘုရား)သတိကဘာတရားပါလိမ့်(နာမ်) အဆင်းသိတဲ့စိတ်ကလဲဘာလဲ (ရုပ်) နာမ်ရုပ် ရမလာဘူးလား (ရလာပါတယ်ဘုရား) အဲဒီနာမ်တရားနဲ့ရုပ်တရားသည် လူကိုမှီတာလား၊ မျက်စိအကြည်ကိုမှီတာလား (မျက်စိအကြည်ကိုမှီတာပါဘုရား) မျက်စိအကြည်က စက္ခာယတန၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါပါရဲ့လား (မပါပါဘုရား)

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးက အလည်ရပ်ရဲ့လား ( မရပ်ပါဘုရား ) အနမတဂ္ဂ ဘဝသံသရာကစပြီး ယခုအချိန်ထိ အလည်ရပ်ရဲ့လား (မရပ်ပါဘုရား) အဲဒါသံသရာဘဲ။ ဒီလိုလည်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ရပ်သွားမှ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာဖြစ်တာနဲ့ချုပ်တာပြယာပါ၊ ယခုဖြစ်တာကိုပြနေတာ။ ချုပ်တာကိုမပြသေးဘူး၊ အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓါ၊ သင်္ခါရနိရောဓေါ။ ဒါက အချုပ်ကိုပြတာ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာက အဖြစ်ကိုပြတာ။ အဖြစ်ရယ် အချုပ်ရယ်ဆိုဘော့ဖြစ်ချုပ်။ ခင်ဗျားတို့ကိုနားလည်အောင်ပြောရရင်ဖြစ်ပျက်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာကိုပြတာပါလိမ့် (ဖြစ်ပျက်ကိုပြတာပါဘုရား)

ယခုပြောနေတာက ဘာသတောကိုပြောနေတာလဲ(အဖြစ်သဘော)အဝိဇ္ဇာကြောင့် (သင်္ခါရဖြစ်) သင်္ခါရကြောင့် (ဝိညာဏ်ဖြစ်) ဝိညာဏ်ကြောင့် (နာမ်ရုပ်) နာမ်ရုပ်ကြောင့် ( သဠာယတနဖြစ် ) လူတွေ သတ္တဝါတွေ ဖြစ်မှာလား၊

သဋ္ဌာယတနဖြစ်မှာလား (သဋ္ဌာယတနဖြစ်မှာပါဘုရား) အဲဒါကြောင့် အဆင်းသဘောသ တ်ဆို တဲ့ နာမ်သဘော။ စိတ်ဆိုတဲ့ နာမ် သ ဘော တွေ ဟာ လူတွေသတ္တဝါတွေကိုမှီဖြစ်တာလား၊ မျက်စိအကြည်ကိုမှီဖြစ်တာလား [မျက်စိအကြည်ကို မှီဖြစ်တာပါဘုရား] မျက်စိအကြည်ကဘာပါလိမ့် (စက္ခာယတန) မြန်မာလိုပြောရင် မျက်စိအကြည်၊ စာလိုပြောရင်ဘာတဲ့ (စက္ခာယတန) ဘယ်သူ့ကြောင့်ဖြစ်ဘာလဲ [နာမ်ရုပ်ကြောင့်] ဘယ်ဌာနကလဲ (မျက်စိကပါဘုရား) ဘယ်အချိန်မှာဖြစ်တာပါလိမ့် (ကြည့်တိုင်းမြင်တိုင်း) မမြင်ဘူးလား၊ မြင်သလား (မြင်ပါတယ်ဘုရား) နာမရူပပစ္စယာသဋ္ဌာယတနံ။ နာမ်ရုပ်က (အကြောင်းတရား) မျက်စိအကြည်ကဘာလဲ (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည်ဘာဉာဏ်တဲ့လဲ (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)

ဒေသနာဆိုတာ သတ္တဝါ ဝေနေယျာသယ အားလျော်စွာ သူ့နေရာနှင့်သူ ဟောသွားရတာ၊ ဟိုတုံးကတော့ မျက်စိအကြည်သည် ကံကြောင့်ဖြစ်တယ်လို့ မပြောခဲ့ဘူးလား (ပြောခဲ့ပါတယ်ဘုရား) ဒီနေရာမှာတော့ နာမ်ရုပ်ကြောင့်ဖြစ်တယ်တဲ့၊ ကဲ-ဒေသနာတော်ဟာ မဆန်းကြယ်ဘူးလား (ဆန်းကြယ်ပါတယ်ဘုရား) ဒီလောက်ဆန်းကြယ်နက်နဲတဲ့ ဒေသနာတော်ကြီးကို အကုန်လိုက်လို့ ရရဲ့လား (မရပါဘုရား) ကိုယ်နဲ့ မှီလောက်ရုံလေး လိုက်ပါတော့၊ မမှီတာတွေကိုလိုက်နေလို့ရှိရင် အချိန်ကကုန် သက္ကာယဒိဋ္ဌိက မပြုတ် ဝိပဿနာက အူပေါက်ဟိုလိုလို ဒီလိုလိုနဲ့ ငါနဲ့ အချိန်ကုန်သွားရင် မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား)။

ဥပမာ ရေကန်တခုထဲမှာ ငါး(၅)ကောင်ရှိတယ် ဆိုပါစို့၊ ငါးကောင်လုံးလိုက်ဖမ်းနေရင် မိပါ့မလား (မမိပါဘုရား) ငါးကောင်းလုံး လိုက်ဖမ်းနေရင်တကောင်မှ မိမှာမဟုတ်ဘူး၊ ဖမ်းရမှာကတကောင်ထဲ၊ ယခုလဲ တကာ တကာမတွေ အလွန်ကျယ်ဝန်းတဲ့ ဒေသနာတော်ကြီးကို အကျဉ်းချုံးလိုက်တဲ့ အခါကျတော့ ခန္ဓာငါးပါးသာ ရှိပါတယ်၊ ထပ်ပြီး အကျဉ်းချုံ လိုက်ပြန်တော့ နာမ်ရုပ်နှစ်ပါး၊ တခါထပ်ပြီး ချုံးလိုက်ပြန်တော့ ကောဓမ္မော တပါးထဲရယ် (ကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ) လို့မပြဘူးလား (ပြပါတယ်ဘုရား) တခုထဲသော တရားကို ပွားပါတဲ့။ အများကြီးပွားရမှာလား၊ တခုထဲပွားရမှာလား (တခုထဲ ပွားရမှာပါဘုရား) ကိုယ်ကျွမ်းကျင်တဲ့တရား တပါးထဲသာ မအောင်ဖမ်းသွားနော်၊ လျှောက်ပြီး ရှုပ်ရှည်ဝေးဝေးလိုက်မနေနဲ့ တကာ တကာမတွေရဲ့ ဉာဏ်တွေကအလွန်မှ သေးငယ်တာ။

ဉာဏ်ကြီးတဲ့သူတွေကိုတော့ မဆိုလိုပါဘူး၊ အဲဒီတော့ တခုသော တရားကို

ပွားလိုက်လို့ရှိရင် အဘိညာဏ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ဆိုတဲ့အတိုင်း နိဗ္ဗာန်မျက်မှောက်မပြုနိုင်ဘူးလား (ပြုနိုင်ပါတယ်ဘုရား) ယခုလဲ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ဘယ်လောက်ပဲ ကျယ်ဝန်းကျယ်ဝန်း အကြောင်းနဲ့အကျိုးကွဲသွားရင် ပဋိစ္စသမုပ္ပါဒ် မမိဘူးလား၊ မိသွားသလား (မိသွားပါတယ်ဘုရား) ၄ ါး(၅)ကောင်ထဲက တကောင်ကောင်မိအောင် ဖမ်းနိုင်ရင် ကျန်လေးကောင်လဲ မမိနိုင်ဘူးလား (မိနိုင်ပါတယ်ဘုရား) ရှည်ရှည်ဝေးဝေးတွေ လုပ်မနေနဲ့ တလုံးထဲသာမိအောင်ဖမ်းပါလို့ ပြောနေပါတယ်။

တကာ တကာမတွေ ကြားတိုင်း နားထောင်တိုင်းမှာ တီးတာ ဆိုတာ ဆဲတာ ခေါ်တာ သီချင်းဆိုတာ တရားဟောတာ ရှိတာလား၊ အသံသဘော ရှိတာလား (အသံသဘောရှိတာပါဘုရား) ဒီအသံကို လူကဖေါ်တာလား၊ သတိက ဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိက (နာမ်) အသံသဘောက ဘာလဲ (ရုပ်) နာမ်ရုပ်ရမလာဘူးလား (ရလာပါတယ်ဘုရား) အဲဒီနာမ်တရားနဲ့ ရုပ်တရားသည် လူကိုမှီဖြစ်တာလား၊နားအကြည်ကိုမှီဖြစ်တာလား (နားအကြည်ကို မှီဖြစ်တာပါဘုရား) နားအကြည်က သောတာယတန၊ သောတာယတန မရလာဘူးလား (ရလာပါတယ်ဘုရား) နာမ်တရားနဲ့ ရုပ်တရားက ဘာတဲ့ (အကြောင်းတရား) နားအကြည်က ဘာတရားလဲ (အကျိုးတရား) အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်(ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)ဘယ်အချိန်မှာ ကွဲရမှာလဲ (ကြားတိုင်း နားထောင်တိုင်း) မကွဲဘူးလား (ကွဲပါတယ်ဘုရား) နာမ်ရုပ်ကြောင့် ဘာဖြစ် (သဠာယတနဖြစ်) နာမ်ရုပ်က အကြောင်းတရား သောတာယတနက အကျိုးတရား အကြောင်းအကျိုး ကွဲမလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) ဘယ်အချိန်မှာ ကွဲရမှာလဲ (ကြားတိုင်း နားထောင်တိုင်း) ဒီလိုကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

တကာ တကာမတွေ သတိထားလိုက်စမ်းပါ။ ရှူတဲ့အခါမှာလဲ မွှေးတာ နံတာ ပုပ်တာ ညှော်တာ ရှိတာလား၊ အနံ့သဘောရှိတာလား(အနံ့သဘောရှိတာပါဘုရား) အနံ့သဘောက လူလား ရုပ်လား (ရုပ်) ဒီရုပ်ကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိက ဘာပါလိမ့် (နာမ်)အနံ့က ဘာလဲ (ရုပ်) ပေါင်းလိုက်တော့ ဘာတဲ့ (နာမ်ရုပ်) အဲဒီနာမ်ရုပ်သည် လူတွေ သတ္တဝါတွေကို မှီဖြစ်တာလား၊ နှာခေါင်းအကြည်ကို မှီဖြစ်တာလား (နှာခေါင်းအကြည်ကို မှီဖြစ်တာပါဘုရား) နာမရူပပစ္စယာ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတနံ နှာခေါင်းအကြည်တည်းဟူသော ဃာနာယတနသည် သမ္ဘဝတိ ဖြစ်၏၊ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)နှာခေါင်းအကြည်ရုပ်က(အကျိုးတရား)နာမ်ရုပ်က (အကြောင်း

တရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်လဲ (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်ဌာနက ကွဲရမှာလဲ (နှာခေါင်းကပါဘုရား) ဘယ်အချိန်မှာ ကွဲရမှာပါလိမ့် (နမ်းရှူတိုင်း) ဒီအချိန်မှာကွဲရမှာ။ တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ စားတိုင်းမှာ ချိုတာ ငန်တာ ဖန်တာ စပ်တာ ရှိတာလား၊ အရသာသဘောရှိတာလား (အရသာသဘောရှိတာပါဘုရား)အရသာသဘောက လူလား ရုပ်လား (ရုပ်ပါဘုရား) အဲဒီ အရသာသဘောကို လူကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား)။

သတိကဘာတဲ့လဲ (နာမ်) နှစ်ခုပေါင်းလိုက်တော့ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ်မရလာဘူးလား (ရလာပါတယ်ဘုရား)ဘယ်အချိန်မှာရတာလဲ (စားတိုင်း) နာမ်ရုပ်ဖြစ်လာတော့ အဲဒီ နာမ်တရားနဲ့ ရုပ်တရားသည် ဘယ်ကို မှီဖြစ်တာပါလိမ့် (လျှာအကြည်ကို မှီဖြစ်တာပါဘုရား) ပါဠိလိုတော့ ဇိဝှာယတန နာမ်ရုပ်ကြောင့် ဘာဖြစ်တာလဲ (ဇိဝှာယတန) နာမ်ရုပ်က ဘာတရားလဲ (အကြောင်းတရား) ဇိဝှာယတနက (အကျိုးတရား) ဘယ်ဌာနက ဖြစ်တာလဲ (လျှာကပါဘုရား) ဘယ်အချိန်မှာ ဖြစ်တာပါလိမ့် (စားတိုင်း စားတိုင်း) အကြောင်းနဲ့ အကျိုးကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) ဒီလို အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) တကာ တကာမတွေ သတိထားလိုက်ပါ။

တွေ့တိုင်း တွေ့တိုင်းမှာ ပူမှုသဘော အေးမှုသဘော ကြမ်းမှုသဘော နူးညံ့မှုသဘော တွေ့တာလား၊ လူတွေ သတ္တဝါတွေ တွေ့တာလား (ပူမှုသဘော အေးမှုသဘော ကြမ်းတမ်းမှုသဘော နူးညံ့မှုသဘော တွေ့တာပါဘုရား) ဒီသဘောဟာ လူလား ရုပ်လား (ရုပ်တရားပါဘုရား) အဲဒီရုပ်ကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိကဘာတရားလဲ (နာမ်တရား) နှစ်ခုပေါင်းလိုက်တော့ (နာမ်ရုပ်ပါဘုရား) နာမ်ရုပ် ရမလာဘူးလား(ရလာပါတယ်ဘုရား) ဒီနာမ်ရုပ်ကြောင့် ဘာဖြစ်လာသလဲ (ကာယာယတန) အဲဒီနာမ်တရားနဲ့ ရုပ်တရားသည် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေကို မှီဖြစ်တာလား၊ ကိုယ်အကြည်ကို မှီဖြစ်တာလား (ကိုယ်အကြည်ကို မှီဖြစ်တာပါဘုရား)။

ပါဠိလိုပြောမယ်ဆိုရင် ကာယာယတနကို မှီဖြစ်တာ နာမရူပပစ္စယာ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတန ကိုယ်အကြည်ရုပ်ဟု ဆိုအပ်သော ကာယာယတနသည် သမ္ဘဝတိ ဖြစ်၏။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) နာမ်ရုပ်က အကြောင်းတရား၊ ကိုယ်အကြည်ကဘာလဲ (အကျိုးတရား) အဲဒီလို အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)။

တကာ တကာမတွေ ကြံစည်တယ်စိတ်ကူးတယ်ဆိုတာ လူက ကြံစည်စိတ်ကူးတာလား၊ မနောဝိညာဏ်စိတ် ဖြစ်တာလား (မနောဝိညာဏ်စိတ် ဖြစ်တာပါဘုရား) ဒီမနောဝိညာဏ်စိတ်ကို လူကဖေါ်ပေးတာလား၊ သတိုကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) ဓမ္မာရုံ (၆)ပါးတို့တွင် တပါးပါးကို အာရုံပြုပြီး မကြံစည်ဘူးလား၊ ကြံစည်သလား(ကြံစည်ပါတယ်ဘုရား) ဒီဓမ္မာရုံတွေကို လူကဖေါ်ပေးတာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိက ဘာတရားလဲ (နာမ်တရားပါဘုရား) ရုပ်ဓမ္မာရုံက ဘာတရားလဲ (ရုပ်တရား) အဲဒီတော့ နာမ်ရုပ် ဖြစ်ပေါ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား) ဒီနာမ်ရုပ်ကြောင့် ဘာဖြစ်လာတာလဲ (သဠာယတန ဖြစ်ပါတယ်ဘုရား)ပါဠိတော်ရွတ်လိုက်စမ်းပါအုံး(နာမရူပပစ္စယာ သဠာယတနံ)ဒီနေရာမှာ မနောအကြည်ခေါ် မနောဘဝင်ကို ယူရမှာ၊ မနောအကြည်က မနာယတနဆိုတဲ့ အာယတနပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ဒါကြောင့် နာမရူပပစ္စယာ နာမ်ရုပ်ဟူသော အကြောင်းကြောင့် သဠာယတနံ မနောဘဝင်ဟု ဆိုအပ်သော မနာယတနသည် သမ္ဘဝတိ ဖြစ်၏၊ မဖြစ်လာဘူးလား (ဖြစ်လာပါတယ်ဘုရား) အဲဒီတော့ အာယတန(၆)ပါး မဖြစ်လာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဝိညာဏ် (၆)ပါးကြောင့် ဘာဖြစ်လာတာလဲ (အာယတန ၆-ပါး ဖြစ်လာပါတယ်ဘုရား) ပါဠိတော် ရွတ်လိုက်စမ်းပါ (နာမရူပပစ္စယာ သဠာယတနံ) နာမ်ရုပ်ကြောင့် အာယတန (၆)ပါး မဖြစ်ပါဘူးလို ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) နောက်ကပြန်ပြီးတော့ ပါဠိတော်ဖြင့် ရွတ်ဘာသာသဇ္ဈာယ်ပြီး မြတ်စွာဘုရားကို ပူဇော်ကြပါစို့ရဲ့(အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ နာမရူပပစ္စယာ သဠာယတနံ) ဒီပါဠိတော်နှင့်ပင် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
" " ဓမ္မံပူဇေမိ
" " သံဃံပူဇေမိ

## သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လွန်း(၆)ရက်နေ့ ဟောကြားသောတရား။

မနေ့က ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဘယ်ရောက်သွားသလဲ(နာမရူပပစ္စယာ သဠာယတနံပါဘုရား) အဲဒါ ပြီးသွားပြီနော်၊ ယနေ့ သဠာယတန ပစ္စယာ ဖဿောက စပြောရပါလိမ့်မယ်၊ ဒီတော့ မနေ့ကပြခဲ့တဲ့အထိ ပါဠိတော်စကား ရွတ်ရတာ ကုသိုလ်ဖြစ်ပါတယ်၊ ရောက်တဲ့အထိ ပါဠိရွတ်စမ်းပါ(အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ နာမရူပပစ္စယာ သဠာယတနံ) အဲဒီအထိ နာမရူပပစ္စယာ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံကို မနေ့က ရှင်းပြခဲ့ပြီးပါတယ်။

ယနေ့ သဠာယတနပစ္စယာ၊ ဘာတဲ့ (ဖဿော) အာယတနကြောင့် ဖဿ ဖြစ်ပါတယ်၊ ဘာကြောင့်ဖြစ်(အာယတနကြောင့် ဖဿဖြစ်) အဲဒီတော့ တကာ တကာမတွေ ကြည့်တိုင်း မြင်တိုင်းမှာ ကြည့်လိုက်တဲ့အခါ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ပေါ်တာလား၊ အဆင်းသဘော ပေါ်တာလား (အဆင်း သဘောပေါ်တာပါဘုရား) အဲဒီအဆင်းသဘောဟာ လူနဲ့ လာတွေ့တာလား၊ မျက်စိအကြည်နဲ့ လာတွေ့တာလား (မျက်စိအကြည်နဲ့ လာတွေ့တာပါဘုရား) မျက်စိအကြည်နဲ့လာတွေ့တော့ လူပေါ်သလား၊ စိတ်ပေါ်သလား(စိတ်ပေါ်ပါ တယ်ဘုရား) ဘယ်နှစ်ပါး ဖြစ်လာတုံး (သုံးပါးပါဘုရား)။

(စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော)တဲ့ ပါဠိတော်က စက္ခုံစ စက္ခုပသာဒကိုရင်း ရူပေစ အဆင်းရူပါကိုရင်း ပဋိစ္စစွဲ၍ စက္ခုဝိညာဏံ အဆင်းကိုသိတဲ့ စက္ခုဝိညာဏ်စိတ်သည် ဥပ္ပဇ္ဇတိ ဖြစ်တယ်၊ တိဏ္ဏံ အဲဒီသုံးပါးကို သုံးပါးဆိုတာက အဆင်းရယ်, မျက်စိအကြည်ရယ်၊ စိတ်ရယ်, မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) တိဏ္ဏံ အဲဒီ သုံးပါးကို သင်္ဂတိ ပေါင်းဆုံခြင်းသည် ဖဿော ဖဿမည်၏၊ ဒီသုံးပါးပေါင်းဆုံတာ လူက ပေါင်းဆုံတာလား၊ ဖဿကပေါင်းဆုံတာလား(ဖဿကပေါင်းဆုံတာပါဘုရား) ဖဿက ပေါင်းဆုံပေးတာ၊ ဘယ်ဌာနမှာ ပေါင်းဆုံပေးတာတုံး (မျက်စိမှာပါ ဘုရား) ဘယ်အချိန်မှာ ဖဿ၊၊ ဒီသုံးပါးကို ပေါင်းဆုံပေးတာတုံး (ကြည့် တိုင်း မြင်တိုင်း)။

မပေါင်းဘူးလား၊ ပေါင်းသလား (ပေါင်းပါတယ်ဘုရား) အဲဒါကို စက္ခု သမ္ဖဿတဲ့ မျက်စိပေါက်က ဖဿ မဖြစ်ဘူးလား၊ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ဒီဖဿ ဘယ်သူ့ကြောင့် ဖြစ်သလဲဆိုတော့ အာယတနကြောင့် ဘယ်သူ့ကြောင့် ဖြစ်တာတုံး (အာယတနကြောင့်ပါဘုရား) မျက်စိအကြည်သာ မရှိရင် အဆင်းနဲ့

လာတွေ့ပါမလား (မတွေ့ပါဘုရား) အဆင်းနဲ့ မျက်စိအကြည်နဲ့ လာတွေ့တယ် ပေါင်းဆုံပေးတယ် ဆိုတာ လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေက ပေါင်းဆုံပေးတာလား၊ ဖဿက ပေါင်းဆုံပေးတာလား (ဖဿကပါ ဘုရား) မျက်စိအကြည်ဓာတ်ရှိလို့ မျက်စိအကြည်ဓာတ်သာ မရှိရင် ဖဿက ပေါင်းဆုံ ပေးလို့ရရဲ့လား (မရပါဘုရား) မျက်စိ အကြည်ဓာတ်ကြောင့် ဘာဖြစ်တုံး (ဖဿဖြစ်ပါတယ်ဘုရား) ဒါကြောင့် သဠာယတန ပစ္စယာ ဖဿော အာယတန သည် အကြောင်းတရား ဖဿက ဘာတုံး (အကျိုးတရားပါဘုရား)အကြောင်း အကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ဘယ်ဌာနကတုံး (မျက်စိကပါဘုရား) ဘယ်အချိန်မှာတုံး (ကြည့်တိုင်း မြင် တိုင်း) ပါဠိတော်ရွတ်လိုက်ပါအုံး (သဠာယတနပစ္စယာ ဖဿော) ဒီလောက် ဆိုတော်ပြီး နောက်တချက်က နားမှာ သတိထားလိုက်ပါ၊ နားမှာ သတိထား လိုက်တော့ တီးတာ မြည်တာ ဆဲတာ ဆိုတာ တရားဟောတာ ရှိတာလား အသံ သဘောရှိတာလား (အသံသဘောရှိတာပါ ဘုရား) အဲဒီအသံသဘောက ဘယ် သူနဲ့လာတွေ့တာတုံး (နားအကြည်နဲ့ပါဘုရား) နားအကြည်နဲ့ လာတွေ့လိုက် တော့ ဘာပေါ်လာတုံး (စိတ်ပေါ်လာပါတယ်ဘုရား) ဘာစိတ်တုံး (အသံသိ တဲ့ စိတ်ပါ ဘုရား)။

ဒီသုံးပါးဘဲဖြစ်တယ်၊ ကြားတိုင်း မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)ဒီသုံး ပါးကို ဘယ်သူက ပေါင်းဆုံပေးတာပါလိမ့်(ဖဿကပါဘုရား) သုံးပါးပေါင်း ဆုံပေးတာ ဖဿ နားအကြည်သာ မရှိရင် ပေါင်းဆုံပေးလို့ ရရဲ့လား (မရပါ ဘုရား) ဒါကြောင့် အသံနဲ့ နားအကြည်နဲ့ တိုက်ဆိုင်တိုင်း တွေ့တိုင်းမှာ ဘာ သဘောဖြစ်သာတုံး (ဖဿပါဘုရား) ဖဿသဘော မရှိဘူးလား (ရှိပါတယ် ဘုရား)ဒီအသံသဘော နားအကြည်နဲ့ စိတ်သဘော သုံးပါးပေါင်းဆုံတဲ့သဘော က ဘာတုံး (ဖဿပါ ဘုရား) အဲဒီတော့ နားအကြည်ဆိုတဲ့ အာယတနက (အကြောင်းတရား)ဖဿက (အကျိုးတရား)အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ဒီနေ့ဥမှာ သောတသမ္ဖဿ ဘာတဲ့တုံး (သောတသမ္ဖဿ) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ကြားတိုင်း နားထောင်တိုင်းမှာ ဖဿသဘောတွေ တွေ့ပြီ မဟုတ်လား (တွေ့ပါပြီဘုရား) နမ်းရှူတဲ့ အခါမှာလဲဘဲ မွှေးတာ နံတာ ပုပ်တာ ရှိရဲ့လား (မရှိပါဘုရား) ဘာသဘောရှိတာတုံး (အနံ့သဘောရှိတာပါဘုရား) အဲဒီအနံ့သဘောက ဘယ်သူနဲ့ လာတွေ့တာတုံး (နှာခေါင်းအကြည်နဲ့ပါဘုရား) နှာခေါင်းအကြည်နဲ့ လာတွေ့တော့ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ် ပေါ်တာပါဘုရား) ဘယ်နှစ်ပါး ပေါ်လာတုံး(သုံးပါးပါဘုရား) အနံ့သဘော နှာခေါင်းအကြည်သဘော စိတ်သဘော တိဏ္ဏံသင်္ဂတိ သုံးပါးပေါင်းဆုံပေးခြင်း

သည် ဖဿော ဖဿ မည်၏၊ ဒီသုံးပါးကို ပေါင်းဆုံပေးတာ လူတွေ သတ္တဝါ တွေ ယောကျာ်း မိန်းမတွေ ပေါင်းဆုံပေးတာလား၊ ဖဿက ပေါင်းဆုံပေးတာ လား (ဖဿက ပေါင်းဆုံပေးတာပါဘုရား) ဘယ်အချိန်မှာလဲ (နမ်းရှူတိုင်း နမ်းရှူတိုင်း) အဲဒီတော့ အာယတနက အကြောင်းတရား၊ ဖဿက အကျိုးတရား အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏတဲ့လဲ (ပဋိစ္စသမုပ္ပါဒ်ဉာဏ်) ဘယ် အချိန်မှာ ကွဲရမှာလဲ (နမ်းရှူတိုင်း နမ်းရှူတိုင်း) မကွဲလာဘူးလား (ကွဲလာပါ တယ် ဘုရား) ဒီတနည်းသိရင် ကျန်တဲ့ဟာတွေလဲ သိပါတယ်။

တကာ တကာမတွေ စားတဲ့အခါ ချိုတာ ငန်တာ ဖန်တာ ရှိတာလား အရသာသဘော ရှိတာလား (အရသာသဘော ရှိတာပါဘုရား) ဒီအရသာ သဘောက လူနဲ့လာတွေ့တာလား၊ လျှာအကြည်နဲ့ လာတွေ့တာလား (လျှာ အကြည်နဲ့လာတွေ့တာပါဘုရား) လျှာအကြည်နဲ့ လာတွေ့တော့ ဘာပေါ်ပါ လိမ့် (စိတ်ပေါ်ပါတယ် ဘုရား) ဘာစိတ်လဲ (အရသာသိတဲ့စိတ်) အရသာ သဘောရယ် လျှာအကြည်ရယ် စိတ်သဘောရယ်၊ ဒီသုံးပါးကို ဘယ်သူကပေါင်း ဆုံပေးတာလဲ (ဖဿကပါဘုရား) ဘယ်ဌာနက ပေါင်းဆုံပေးတာတုံး (လျှာက ပါဘုရား) ဘယ်အချိန်မှာ ပေါင်းဆုံပေးတာတုံး (စားတိုင်း စားတိုင်း) အဲဒီ လျှာအကြည် ဆိုတဲ့ အရသာက အကြောင်းတရား၊ ဖဿက အကျိုးတရား၊ အကြောင်းအကျိုးကွဲမလာဘူးလား(ကွဲလာပါတယ်ဘုရား) အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

တကာ တကာမတွေ တွေ့တိုင်း တွေ့တိုင်းမှာ လုံချည် အင်္ကျီ အခင်းတွေနဲ့ တွေ့ ထိတာလား၊ ပူမှုသဘော အေးမှုသဘောနဲ့ တွေ့တာလား (ပူမှုသဘော အေးမှု သဘောနဲ့ တွေ့တာပါဘုရား) လက်တွေ ခြေတွေနဲ့ တွေ့နေတာလား ကြမ်းမှု သဘော နူးမှုသဘောနဲ့တွေ့တာလား (ကြမ်းမှုသဘော နူးမှုသဘောနဲ့ တွေ့တာ ပါဘုရား) ပူမှု အေးမှုသဘော ကြမ်းမှု နူးမှုသဘောက အတွေ့ရုပ်၊ ဘာရုပ်တဲ့လဲ (အတွေ့ရုပ်ပါဘုရား) ဒီအတွေ့က လူနဲ့လာတွေ့တာလား၊ ကိုယ်အကြည်နဲ့ လာ တွေ့တာလား (ကိုယ်အကြည်နဲ့ လာတွေ့တာပါဘုရား) ကိုယ်အကြည်နဲ့တွေ့ တော့ ဘာပေါ်လာသလဲ (စိတ်ပါဘုရား) ဘာစိတ်ပါလိမ့် (အတွေ့သိစိတ်ပါ ဘုရား)။

ဘယ်နှစ်ပါး ပေါ်လာပြီလဲ (သုံးပါးပါဘုရား) ဒီသုံးပါးကို ဘယ်သူက ပေါင်းပေးတာပါလိမ့် (ဖဿကပါဘုရား) ဖဿ ပေါ်မလာဘူးလား (ပေါ် လာပါတယ်ဘုရား) ဒီသုံးပါးပေါ်တိုင်း ဖဿ ဖြစ်မလာဘူးလား (ဖြစ်လာပါ တယ်ဘုရား) ဒီသုံးပါးမပေါ်ရင် ဖဿ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အတွေ့ သဘော ကိုယ်အကြည်သဘော စိတ်သဘော သုံးပါးပေါင်းဆုံပေးတာ ဘာ တဲ့တုံး (ဖဿ) ဒီနေရာမှာ အာယတနက (အကြောင်းတရား) ဖဿက (အကျိုး

တရား) ဒီလို အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တဲ့လဲ (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်ဌာနကတုံး(ကိုယ်အကြည်မှာပါဘုရား) ဘယ်အချိန်မှာလဲ (တွေ့တိုင်း တွေ့တိုင်း)အဲဒီလိုရှုပါ၊ နောက်တချက်က တကာတကာမတွေ့ မနောဘဝင်ဆိုတာ ရှိတယ်။ အဲဒီမနောဘဝင်က ဓမ္မာရုံကို အာရုံပြုတာ ညွတ်တာ- ဓမ္မာရုံဆိုတာ (၆)မျိုးရှိတယ် (၆)မျိုးက ပသာဒ သုခုမရုပ စိတ္တ စေတသိက နိဗ္ဗာန ပညတ္တိဝသေန ဆဓါသင်္ဂဟတိလို့ လက်သန်း အဋ္ဌကထာကပြတယ်၊ အဲဒီ ဓမ္မာရုံ (၆)မျိုးတွင် တပါးပါးကိုသွားပြီး ညွတ်တယ်၊ မညွတ်ဘူးလား (ညွတ်ပါတယ်ဘုရား)။

တပါးပါးပေါ်မှာသွားညွတ်တဲ့အခါ လူတွေ သတ္တဝါတွေပေါ်လာသလား၊ စိတ်ပေါ်လာသလား (စိတ်ပေါ်လာပါတယ်ဘုရား) ဘာစိတ်လဲဆိုတော့ မနောဝိညာဏ်စိတ်။ ဘာစိတ်လဲ (မနောဝိညာဏ်စိတ်ပါဘုရား)ဒီတော့ မနောအကြည်သဘောရယ် ဓမ္မာရုံရယ်၊ မနောဝိညာဏ်စိတ်ရယ်၊ ဘယ်နှစ်ပါးတုံး (သုံးပါးပါတရား) သုံးပါးပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) မနောဝိညာဏ်စိတ်ရယ် မနောဘဝင်ဆိုတဲ့အကြည်သဘောရယ်၊ ဓမ္မာရုံ (၆) ပါးတို့တွင်တပါးပါးသောအာရုံရယ်၊ ဘယ်နှစ်ပါးပါလိမ့် (သုံးပါးပါဘုရား) ဒီသုံးပါးကို ဘယ်သူက ပေါင်းဆုံပေးတာလဲ (ဖဿကပါဘုရား)

ဖဿကပေါင်းပေးတာ။ ဖဿပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ဘယ်ဌာနကတုံး (မနကပါဘုရား) ဘယ်အချိန်မှာပေါ်တာတုံး (ကြုံစည်တိုင်းမှာပါဘုရား) ကြုံစည်တိုင်းဖဿသဘောတွေ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) ဒီနေရာမှာ မနောဘဝင်ဆိုတဲ့ မနာယတနက (အကြောင်းတရား) ဖဿက ( အကျိုးတရား ) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး၊ (ပစ္စယပရိဂ္ဂဟဉာဏ်) ဘယ်ဌာနကကွဲရမှာတုံး (မနကပါဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး(ကြုံစည်တိုင်း ကြုံစည်တိုင်း) ဖဿ (၆) မျိုး ရမလာဘူးလား(ရလာပါတယ်ဘုရား)

မျက်စိပေါက်မှာဖြစ်တာကစက္ခုသမ္ဖဿ။ နားမှာဖြစ်တာကသောတသမ္ဖဿ၊ နှားခေါင်းပေါက်က ဃာနသမ္ဖဿ၊ လျှာမှာက ဇိဝှာသမ္ဖဿ၊ ကိုယ်ကာယက ကာယသမ္ဖဿ၊ မနကျတော့ မနောသမ္ဖဿနော်။ ဖဿ (၆) မျိုးဆိုစမ်းပါအုံး (စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ) ဖဿဘယ်နှစ်မျိုးရသလဲ (၆-မျိုးပါဘုရား) အကြည်ကလဲ (၆) မျိုး၊ ဖဿကကော (၆) မျိုး၊ အာယတန (၆) မျိုးရှိတော့ဖဿကလဲ(၆)မျိုး ရှိရမှာဘဲ၊ အကြည် (၆) မျိုး ဖဿ (၆) မျိုး မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)

အဲဒါကို သင္ဌာ ယ တ န ပ စ္စ ယာ ဖ ဿော၊ အာယတန (၆) ပါးသည် အကြောင်းတရား။ ဖဿ (၆) ပါးကအကျိုးတရား။ ဘယ်အချိန်မှာအကြောင်း အကျိုးဖြစ်နေတာလဲ (မြင်တိုင်း ကြားတိုင်း နမ်းရှုတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်း) အဲဒီအချိန်မှာ အာယတနဟူသောအကြောင်းကြောင့် ဖဿ (၆) မျိုး မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အာယတန (၆) ပါးက ဘာပါလိမ့် (အကြောင်းတရား) ဖဿက (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ် သည် ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ကဲ-နောက်တချက်ရှေ့ကို သွားကြပါစို့၊ ဖဿပစ္စယာ၊ ဘာတဲ့တုံး (ဝေဒနာ) ဒီတော့ ဝေဒနာကိုသိချင်လို့ ရှိရင်ဖြင့် မျက်စိ နား နှာခေါင်း လျှာ ကိုယ် မနကဖေါ်ရမှာ၊ ဒူးတွေ ပေါင်တွေ ခါးတွေက ဖေါ်လို့ရရဲ့လား ( မရပါဘုရား ) သတိထားလိုက်တဲ့အခါကျတော့ လူတွေ သတ္တဝါတွေရှိတာလား၊ အဆင်းသဘောရှိတာလား (အဆင်းသဘောရှိ တာပါဘုရား)အဲဒီအဆင်းသည် လူနဲ့လာတွေ့တာလား၊မျက်စိအကြည်နဲ့လာတွေ့ တာလား (မျက်စိအကြည်နဲ့လာတွေ့တာပါဘုရား)

မျက်စိအကြည်နဲ့လာတွေ့တော့ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ် ပေါ်ပါတယ်ဘုရား) စိတ်ကဘာစိတ်တုံး (အဆင်းသိတဲ့စိတ်ပါဘုရား) ဘယ် နှစ်ပါးရလာတုံး (သုံးပါးပါဘုရား) မရလာဘူးလား (ရလာပါတယ်ဘုရား) ဒီသုံးပါးကို လူကပေါင်းပေးတာလား၊ ဖဿကပေါင်းပေးတာလား (ဖဿက ပေါင်းပေးတာပါဘုရား)ဖဿကပေါင်းပြီနော်။ ဥပမာပြောပါဦးမယ်၊ ဆီကြိတ် တဲ့ဆီဆုံကြီး ခင်ဗျားတို့မမြင်ဘူးဘူးလား (မြင်ဘူးပါတယ်ဘုရား) ဒီဆီဆုံကြီးထဲ မှာ နှမ်းတွေ မြေပဲတွေထည့်ပြီးတော့ မကြိတ်ဘူးလား၊ ကြိတ်သလား (ကြိတ်ပါ တယ်ဘုရား) ကြိတ်လိုက်တဲ့အခါ ဘာတွေထွက်လာလဲ (ဆီတွေထွက်လာပါ တယ်ဘုရား) ဒီအတိုင်းဘဲ ဆီဆုံကြီးဟာဘာနဲ့တူသလဲဆိုတော့ မျက်စိအကြည်နဲ့ တူတယ်။ အဆင်းကဘာနဲ့တူသလဲဆိုတော့ နှမ်းတွေ မြေပဲတွေနဲ့တူတယ်။ အဆင်း ကိုသိတဲ့စိတ်က အဲဒီနှမ်းတွေ မြေပဲတွေကိုထည့်တဲ့လူနဲ့တူတယ်။ မတူဘူးလား (တူ ပါတယ်ဘုရား) ဒီနှမ်းနဲ့မြေပဲမပါဘဲနဲ့ ဆီထွက်ပါ့မလား (မထွက်ပါဘုရား)နှမ်း တွေ မြေပဲတွေ ဆီဆုံထဲ ထည့်လိုက်တဲ့အခါ ကျည်ပွေ့ကြီးက မကြိတ်ဘူးလား၊ ကြိတ်သလား ( ကြိတ်ပါတယ်ဘုရား ) ကျည်ပွေ့ကြီးက ဘာနဲ့တူသလဲဆိုတော့ ဖဿနဲ့တူတယ်။ ကျည်ပွေ့ကဘာနဲ့တူသလဲ (ဖဿနဲ့တူပါတယ်ဘုရား)

ကျည်ပွေ့ကြီးကနှမ်းတွေ မြေပဲတွေကြိတ်ချေပြစ်လိုက်တယ်၊ မကြိတ်ချေဘူး လား ( ကြိတ်ချေပါတယ်ဘုရား ) အဲဒီဥပမာအတိုင်းဘဲ၊ အဆင်းသဘောရယ်၊ မျက်စိအကြည်သဘောရယ်၊ စိတ်သဘောရယ်၊ ဒီသုံးပါးကို ဘယ်သူကကြိတ်ချေ တာလဲ (ဖဿကပါဘုရား) ကျည်ပွေ့ကြီးကနှမ်းတွေကိုကြိတ်ချေပေးလိုက်တော့ ဆီတွေထွက်လာသလို၊ မျက်စိအကြည်သဘောရယ်၊ အဆင်းသဘောရယ်၊ စိတ်

သဘောရယ် ဖဿကကြိတ်ချေပေးလိုက်တဲ့အခါ ဣဋ္ဌာရုံ အနိဋ္ဌာရုံတွေ ထွက်လာတယ်။ မထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား) ဣဋ္ဌာရုံ အနိဋ္ဌာရုံဆိုတာ ကောင်းတဲ့အာရုံ မကောင်း တဲ့ အာ ရုံ မထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား) ဒီဖဿကကြိတ်ချေပေးလိုက်တဲ့အခါ ဆီနဲ့တူတဲ့အာရုံဟာ မထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား) ဣဋ္ဌာရသ အနိဋ္ဌာရသဆိုတဲ့ အရသာကို ဘယ်သူက ခံစားသလဲဆိုတော့ ဝေဒနာကခံစားတာ။ ဘယ် သူ က ခံ စား တာ တုံး (ဝေဒနာကခံစားတာပါဘုရား)ဥပမာ ဒီဆီတွေကိုစားသောက်တဲ့အခါကျတော့ ခံစားတယ်ဆိုတာ လူတွေ သတ္တဝါတွေကခံစားတာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာကခံစားတာပါဘုရား) အဲဒီသဘောအတိုင်းဘဲ အဆင်းသဘော မျက်စိအကြည်သဘော စိတ်သဘော သုံးပါးပေါင်းဆုံပြီး ကြိတ်ချေပေးနေတာဘဲ။ ဖဿက ကြိတ်ချေပေးလိုက်တဲ့အခါ ဣဋ္ဌာရသ အနိဋ္ဌာရသဆိုတဲ့ ကောင်း မကောင်းဆိုတဲ့အာရုံမထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား)

ကောင်းတဲ့အာရုံကိုခံစားတာက သုခဝေဒနာ။ မကောင်းတဲ့အာရုံကို ခံစားတာက ဒုက္ခဝေဒနာ။ ကောင်း မကောင်းဆိုတဲ့ဝေဒနာကိုခံစားတာက ဥပေက္ခာဝေဒနာ။ ဘယ်သူ့လက်ချက်တုံး (ဖဿရဲ့လက်ချက်ပါဘုရား)ဖဿကတွေ့ထိပေးတော့ ဣဋ္ဌာရသ အနိဋ္ဌာရသဆိုတဲ့အာရုံကို လူကခံစားတာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာကခံစားတာပါဘုရား) ပါဠိရှုတ်ကြည့်စမ်း (ဖဿပစ္စယာ ဝေဒနာ) ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ခံစားမှုဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်တယ်။ လူတွေ သတ္တဝါတွေကို ခံစားတာလား၊ အာရုံကိုခံစားတာလား ( အာရုံကိုခံစားတာပါဘုရား ) အာရမ္မဏရသံဝေဒယတိတိဝေဒနာ။ အာရမ္မဏရသံ၊ အာရုံရဲ့အရသာကို။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။

အာရုံရဲ့အရသာကိုခံစားသောကြောင့်ဘာတဲ့တုံး(ဝေဒနာပါဘုရား)ဒီနေရာမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ လုပ်မနေနဲ့။ သဘောတရားတခုတည်းကိုသာမှတ်။ ဘာ သ ဘော လဲ ဆို တော့ အာရုံကိုခံစားတဲ့ သဘောဟာ ဘာလဲ (ဝေဒနာပါဘုရား)ဒီအာရုံကဘယ်သူ့ကြောင့်ပေါ်လာတာတုံး (ဖဿကြောင့်ပါဘုရား) ဖဿကြောင့် ပေါ်လာတဲ့အာရုံကို ခံစားတဲ့သဘော မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) တကာတကာမတွေ ရုပ်နဲ့ဝေဒနာ ကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) တကာ တကာမတွေ သတိထားလိုက်ပါ။ ကြည့်တိုင်း မြင်တိုင်းမှာ ဘာသဘောရှိတာတုံး ( အဆင်းသဘော ရှိတာပါဘုရား ) အဆင်းက လူဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာတုံး (ရုပ်ပါဘုရား) ဒီရုပ်ဟာ ငါနဲ့လာတွေ့တာလား၊ မျက်စိအကြည်နဲ့ လာတွေ့တာလား (မျက်စိအကြည်နဲ့ လာတွေ့တာပါဘုရား)

မျက်စိအကြည်ကလူလား၊ ရုပ်လား (ရုပ်ပါဘုရား) မျက်မြင်ရုပ်လား၊ ဥဏ် မြင်ရုပ်လား (ဥာဏ်မြင်ရုပ်ပါဘုရား) ဝေဒနာဆိုတာ မျက်မြင်ရုပ်က ပေါ်တာလား၊ ဥာဏ်မြင်ရုပ်က ပေါ်တာလား ( ဥာဏ်မြင်ရုပ်က ပေါ်တာပါဘုရား ) ဒီအထဲမှာ နာတာ ကိုက်တာ ကျင်တာ ခဲတာ ထုံတာပါရဲ့လား(မပါပါဘုရား) ဝေဒနာဆိုတဲ့ သဘောက ခံစားတဲ့သဘော ဖဿရဲ့ ကြိတ်ချေမှုကြောင့် ဖြစ်ပေါ် လာတဲ့ အာရုံကို ခံစားတဲ့သဘော အဲဒါကဘာလဲ (ဝေဒနာ)လူပေါ်မှာ ပေါ် တာလား၊ ရုပ်ပေါ်မှာ ပေါ်တာလား (ရုပ်ပေါ်မှာ ပေါ်တာပါဘုရား) မျက် မြင်ရုပ်ပေါ်ရမှာလား၊ ဥာဏ်မြင်ရုပ်ပေါ်ရမှာလား(ဥာဏ်မြင် ရုပ်ပေါ်ရမှာပါ ဘုရား) မျက်စိအကြည်ရယ်, အဆင်းရူပါရုံရယ်, စက္ခု ဝိညာဏ်စိတ်ရယ်, ဒီသုံး ပါး ပေါင်းဆုံပြီးတော့ ဖဿ ဖြစ်လာရော၊ ဖဿကြောင့် ပေါ်လာတဲ့ ဣဋ္ဌရသ အနိဋ္ဌာရသကို ဘယ်သူက ခံစားတာလဲ (ဝေဒနာက ခံစားတာပါဘုရား)။

ဒါကြောင့် ဖဿ ပစ္စယာဝေဒနာ ဖဿ ပစ္စယာ ဖဿဟူသော အကြောင်း ကြောင့် ဝေဒနာ ခံစားမှုဝေဒနာသည် သမ္ဘဝတိ ဖြစ်၏။ ဘယ်ဌာနက ဖြစ် တာတုံး။ (မျက်စိက)ဘယ်အချိန်မှာ ဖြစ်တာလဲ (ကြည့်တိုင်း မြင်တိုင်း) စသို ဆိုရင်တော့ စက္ခု သမ္ဖဿ ဇာဝေဒနာပေါ့၊ဘာဝေဒနာတဲ့လဲ(စက္ခု သမ္ဖဿဇာ ဝေဒနာ) လူနဲ့လာတွေ့တာလား၊ အဆင်းသဘောနဲ့လာတွေ့တာလား(အဆင်း အဘောနဲ့ လာတွေ့တာပါဘုရား) ဘယ်သူက ပေါင်းပေးတာတုံး (ဖဿကပါ ဘုရား) မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒီတော့ စက္ခု သမ္ဖဿနော်၊ အဲဒီ စက္ခု သမ္ဖဿဖြစ်လို့ ဝေဒနာဖြစ်တာ၊ ဒါကြောင့် ပေါင်းလိုက်တော့ စက္ခု သမ္ဖဿဇာ ဝေဒနာ။

စက္ခု သမ္ဖဿ မျက်စိဆိုတဲ့ စက္ခု သမ္ဖဿကြောင့်၊ အဆင်းနဲ့မျက်စိ အကြည်နဲ့ တိုက်ဆိုင်မှုကြောင့် ဇာ ဖြစ်လာတယ်၊ လူတွေ သတ္တဝါတွေ ဖြစ်တာလား၊ ဝေ ဒနာဖြစ်တာလား (ဝေဒနာဖြစ်တာပါဘုရား) ဘယ်ဌာနမှာလဲ (မျက်စိကပါ ဘုရား) ဘယ်အချိန်မှာ ဝေဒနာဖြစ်တာတုံး (ကြည့်တိုင်း မြင်တိုင်း) ဒီတော့ ဖဿ ပစ္စယာ ဝေဒနာ မရှင်းဘူးလား (ရှင်းပါတယ်ဘုရား) ဖဿနဲ့ ဝေဒနာ ကွဲ ရတယ်နော်၊ ဖဿနဲ့ ဝေဒနာမှ မကွဲရင် ဒီရှုကွက် မှန်ပါ့မလား (မမှန်ပါဘုရား) ဝေဒနာဖေါ်တဲ့အခါမှာ ဒူးတွေ ပေါင်တွေ ခါးတွေ သွားဖေါ်နေတာ။

ကမ္မဌာန်း ဖြစ်ပါ့မလား(မဖြစ်ပါဘုရား) မျက်မြင်ခန္ဓာက ပေါ်ရမှာလား၊ ဥာဏ်မြင်ခန္ဓာကပေါ်ရမှာလား(ဥာဏ်မြင်ခန္ဓာကပေါ်ရမှာပါဘုရား) ဝေဒနာ ဆိုတာ ခန္ဓာက ပေါ်တာပါ၊ တကာ တကာမတွေ နားထောင်တိုင်းမှာ ဆဲတာ ဆိုတာ ငေါက်တာ မြည်တာ တရားဟောတာ သီချင်းဆိုတာ ရှိတာလား၊ အသံ သဘောရှိတာလား (အသံသဘော ရှိတာပါဘုရား)အဲဒီ အသံသဘောက ဘယ်

သူနဲ့ လာတွေ့တာတုံး (နားအကြည်နဲ့ပါဘုရား) နားအကြည်ကလူလား ရုပ်လား (ရုပ်ပါဘုရား) အသံက လူလား ရုပ်လား (ရုပ်ပါဘုရား) မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား)။

ဒီဉာဏ်မြင်ရုပ်က ဝေဒနာကို ဖေါ်ရမှာ၊ ဒူးတွေ ပေါင်တွေ ခါးတွေက ဖေါ်လို့ရရဲ့လား (မရပါဘုရား) ဒီဉာဏ်မြင်ရုပ်မှာ တွေ့လိုက်တဲ့ အခါ လူပေါ်တာလား၊စိတ်ပေါ်တာလား(စိတ်ပေါ်တာပါဘုရား)ဘာစိတ်တုံး(အသံသိစိတ်ပါဘုရား) ဘယ်နှစ်ပါး ပေါ်လာတာလဲ (သုံးပါးပါဘုရား) ဒီသုံးပါးကို ဘယ်သူက ပေါင်းပေးတာလဲ (ဖဿကပါဘုရား) ဘယ်သူက တွေ့ပေးတာတုံး(ဖဿကပါဘုရား) ဖဿက တွေ့ထိပေးလိုက်တဲ့အခါ ဣဋ္ဌရသ အနိဋ္ဌရသ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)ဒီရသ ကိုလူက ခံစားတာလား၊ ဝေဒနာက ခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား)ဣဋ္ဌရသ အနိဋ္ဌရသ ဆိုတာက ပါဠိစကား၊ မြန်မာလိုကတော့ ကောင်းတဲ့အာရုံ မကောင်းတဲ့အာရုံ ဒီအာရုံကို ဘယ်သူက ခံစားတာတုံး (ဝေဒနာကပါဘုရား)။

အချိန်တိုင်း မခံစားဘူးလား (ခံစားပါတယ် ဘုရား) ဘယ်အချိန်မှာ ခံစားတာလဲ(ကြားတိုင်းကြားတိုင်း)ဝေဒနာသဘောမထင်ရှားဘူးလား(ထင်ရှားပါတယ် ဘုရား) နားအကြည်က နေပြီးတော့ ဝေဒနာ သဘောတွေ ခင်ဗျားတို့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဘယ်သူ့ကြောင့် ဖြစ်တာတုံး(ဖဿကြောင့်ပါဘုရား) ပါဠိတော် ရွတ်လိုက်ပါအုံး (ဖဿ ပစ္စယာ ဝေဒနာ) ဒီနေရာ ဘယ်ဌာနကဖြစ်တာတုံး (နားကပါဘုရား) ဘယ်ချိန်မှာ ဖြစ်ဘာတုံး (ကြားတိုင်းကြားတိုင်း)ဖဿ ပစ္စယာ ဝေဒနာရှုရင် ဒီအချိန်မှာ ရှုရမှာ၊ မျက်စိ နှား နှစ်ပါး ရမသွားဘူးလား (ရသွားပါတယ်ဘုရား)။

နမ်းရှုတဲ့အခါမှာလဲ မွှေးတာ နံတာ ပုပ်တာ ရှိတာလား၊ အနံ့သဘော ရှိတာလား (အနံ့သဘောရှိတာပါဘုရား) အနံ့က မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား) ဒီအနံ့သည် လူနဲ့တွေ့တာလား၊ နှာခေါင်းအကြည်နဲ့ တွေ့တာလား(နှာခေါင်းအကြည်နဲ့လာတွေ့တာပါဘုရား) နှာခေါင်းအကြည်နဲ့ လာတွေ့တော့ လူပေါ်သလား၊ စိတ်ပေါ်သလား(စိတ်ပေါ်ပါတယ်ဘုရား) ဘာစိတ်တုံး (အနံ့သိတဲ့စိတ်ပါ ဘုရား) ဘယ်နှစ်ပါး ပေါ်လာသလဲ (သုံးပါးပါဘုရား)တိဏ္ဏံ သုံးပါးကုန်သော ဃာနပသာဒ ဂန္ဓာရုံ ဃာနဝိညာဏ်စိဘ်တို့၏ သင်္ဂတိ ပေါင်းဆုံခြင်းသည် ဖဿော ဖဿ မည်၏၊ တိဏ္ဏံ သင်္ဂတိ ဖဿော အရဖြစ်မလာဘူးလား (ဖြစ်လာပါတယ် ဘုရား) ဖဿက တွေ့ထိပေးလိုက်တော့ ဣဋ္ဌရသ အနိဋ္ဌရသဆိုတဲ့ အတွေ့သဘော ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ဒီဣဋ္ဌရသ အနိဋ္ဌရသကို လူက ခံစားတာလား၊ ဝေဒနာက ခံစားတာလား

(ဝေဒနာက ခံစားတာပါဘုရား) ဒီဝေဒနာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး (ဖဿကြောင့်ပါဘုရား) ဖဿက အကြောင်းတရား၊ ဝေဒနာက(အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) အဲဒီသုံးပါးက အနံ့သဘော နှာခေါင်းအကြည်သဘော စိတ်သဘောကို ဖဿက တွေ့ထိပေးတယ်၊ ဒီတွေ့ထိပေးတဲ့ဖဿ ဒဏ်ချက် ပြင်းထန်ရင် ဒုက္ခဝေဒနာ ပေါ်တယ်၊ ဖဿဒဏ်ချက်က သိမ်မွေ့ရင် သုခဝေဒနာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ဖဿဒဏ်ချက်က ပြင်းထန်သည် ဖြစ်စေ၊ သိမ်မွေ့သည်ဖြစ်စေ ပေါ်ရင် ဘာပေါ်လာမလဲ (ဝေဒနာပါဘုရား) ဝေဒနာကိုသာ ရှုလိုက်၊ ဝေဒနာဆိုတာ ဘယ်သဘောလဲ (ခံစားတဲ့သဘောပါဘုရား) ဘာကို ခံစားတာလဲ (အာရုံကို ခံစားတာပါဘုရား) ဖဿက တွေ့ထိပေးလိုက်တဲ့ အာရုံကို ခံစားတဲ့သဘော၊ အာရုံ့ အာရမ္မဏိက မမှန်ရင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အာရုံနဲ့ အာရမ္မဏိက မမှန်ရင် ဝေဒနာကမ္မဋ္ဌာန်းက မှန်ပါ့မလား (မမှန်ပါဘုရား)။

ဝေဒနာကမ္မဋ္ဌာန်းက မသိမ်မွေ့ဘူးလား၊ သိမ်မွေ့သလား(သိမ်မွေ့ပါတယ်ဘုရား) ဒီအကြောင်းတရားတွေမှ နားမလည်ရင် ဝေဒနာသဘောကို နားလည်နိုင်ပါ့မလား (နားမလည်နိုင်ပါဘုရား) တကာ တကာမတွေ သတိထားလိုက်ပါ၊ နမ်းရှုတိုင်းမှာ ဖဿ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) ဖဿဖြစ်ရင် ဘာလာမလဲ (ဝေဒနာပါဘုရား) ဖဿဆိုတာ နှာခေါင်းအကြည်ရယ်၊ အနံ့သဘောရယ်၊ အနံ့သိတဲ့စိတ်ရယ် သုံးပါး ပေါင်းဆုံပေးတာ ဖဿဘဲ၊ တွေ့ထိတိုင်းပေါ်ပေးတာ ဘာတုံး (ဝေဒနာပါဘုရား) ဒီဝေဒနာက ဘာကို ခံစားတာလဲ (အာရုံကို ခံစားတာပါဘုရား)။

ဒီအာရုံရဲ့ သဘောကို ခံစားတာက ဝေဒနာ ဒီတော့ ဖဿနဲ့ ဝေဒနာကွဲ မသွားဘူးလား (ကွဲသွား ါတယ်ဘုရား) ဖဿက အကြောင်းတရား၊ ဝေဒနာ က အကျိုးတရား၊ အကြောင်းအကျိုး ကွဲမလာဘူးလား (ကွဲလာပါကယ်ဘုရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ တွေ့တိုင်း တွေ့တိုင်း လုံချီ အင်္ကျီ အခင်းတွေနဲ့ တွေ့တာလား၊ ပူမှု အေးမှုသဘောတွေနဲ့ တွေ့တာလား (ပူမှု အေးမှု သဘောနဲ့ တွေ့တာပါဘုရား)။

ဖျာတွေ သင်ဖျူးတွေနဲ့ တွေ့တာလား၊ ကြမ်းမှုသဘော၊ နူးညံ့မှုသဘောတွေနဲ့ တွေ့တာလား(ကြမ်းမှုသဘော၊ နူးညံ့မှုသဘောတွေနဲ့ တွေ့တာပါဘုရား) ဖျာ သင်ဖျူးတို့ဆိုတာ ရှိရဲ့လား (မရှိပါဘူးဘုရား) လုံချီ အင်္ကျီ အခင်းတွေဆိုတာကော ရှိရဲ့လား (မရှိပါဘုရား) အမှန်ရှိတာက ပူမှု အေးမှုသဘော၊ ပြီးတော့

(ကြမ်းမှုသဘော နူးညံ့မှုသဘော) ဒီအတွေ့သဘောတွေက လူနဲ့ လာတွေ့တာလား၊ ကိုယ်အကြည်နဲ့လာတွေ့တာလား(ကိုယ်အကြည်နဲ့လာတွေ့တာပါဘုရား) ကိုယ်အကြည်ကို မျက်စိနဲ့ မြင်ရရဲ့လား (မမြင်ရပါဘုရား) လက်တွေ ခြေတွေ ဆံပင်တွေက မျက်စိနဲ့ မြင်ရတယ်၊ ဒါက မျက်မြင်ရုပ်၊ အဲဒီရုပ်ကို ဝိပဿနာရှုလို့ ရရဲ့လား (မရပါဘုရား) ဉာဏ်မြင်ရုပ်ပေါ်မှာ ဝိပဿနာရှုရမယ်၊ ကိုယ်အကြည်တွေ တကိုယ်လုံးမှာ မရှိဘူးလား (ရှိပါတယ်ဘုရား)တကာ တကာမတွေ ဆိတ်ကြည့်စမ်းပါ။ နာတဲ့နေရာမှန်သမျှ ကိုယ်အကြည်ရုပ် ရှိတာချည်းဘဲ၊ ဆံပင်မွေးညှင်း ခြေသည်း လက်သည်း သွား ဒီနေရာတွေမှာ ကိုယ်အကြည်ရုပ် ရှိရဲ့လား (မရှိပါဘုရား) ကိုယ်အကြည်မရှိတော့ အဲဒီနေရာက ဝေဒနာပေါ်ရဲ့လား (မပေါ်ပါဘုရား) ဘာမရှိလို့တုံး (ကိုယ်အကြည်မရှိလို့ပါဘုရား) ဝေဒနာဟာ ရုပ်က ဖေါ်ရဘာလား၊ လူက ဖေါ်ရတာလား (ရုပ်က ဖေါ်ရတာပါဘုရား) ကာယပသာဒခေါ်တဲ့ ကိုယ်အကြည်ရုပ်က ဖေါ်ရတာ၊ ဒီကိုယ်အကြည်ရုပ်က မြင်ရရဲ့လား (မမြင်ရပါဘုရား) မရှိလို့လား (ရှိပါတယ်ဘုရား)မျက်မြင်ရုပ်လား၊ ဉာဏ်မြင်ရုပ်လား (ဉာဏ်မြင်ရုပ်ပါဘုရား)။

အဲဒီတော့ ကိုယ်အကြည်ရုပ်ကို ကိုယ်အကြည်ရုပ်လို့မှမသိဘဲနဲ့ ဝေဒနာသိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) ရုပ်နဲ့ ဝေဒနာ မကွဲသမျှ တကာ တကာမတွေ ဝေဒနာကမ္မဋ္ဌာန်း မှန်ပါ့မလား (မမှန်ပါဘုရား) ဒီကိုယ်အကြည်နဲ့ ဖျာတွေနဲ့ တွေ့တာလား၊ ပူမှုသဘော အေးမှုသဘော တွေ့တာလား(ပူမှု အေးမှုသဘောနဲ့ တွေ့တာပါဘုရား)ပူမှု အေးမှုသဘောက လူနဲ့လာတွေ့တာလား၊ ကိုယ်အကြည်နဲ့ လာတွေ့တာလား (ကိုယ်အကြည်နဲ့လာတွေ့တာပါဘုရား) ကိုယ်အကြည်နဲ့လာတွေ့တော့ လူပေါ်သလား၊ စိတ်ပေါ်လာသလား(စိတ်ပေါ်လာပါတယ်ဘုရား) သုံးပါးပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ဒီသုံးပါးကို ဘယ်သူက ပေါင်းပေးတာတုံး (ဖဿကပါဘုရား)။

ဆုံကျည်ပွေ့က နှမ်းတွေ မြေပဲတွေကို ကြိတ်ချေပေးလိုက်တဲ့အခါ ဆီတွေထွက်လာသလို ကိုယ်အကြည်သဘော အတွေ့သဘော အတွေ့ထိတဲ့ စိတ်သဘောကို ဖဿတည်းဟူသော ကျည်ပွေ့က ကြိတ်ချေပေးလိုက်တဲ့အခါ ကောင်းမကောင်းဆိုတဲ့ အာရုံပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား) ဣဋ္ဌရသ အနိဋ္ဌရသဆိုတဲ့ အာရုံတွေပေါ်လာတယ်၊ ဒီပေါ်လာတဲ့ အာရုံကို လူက ခံစားတာလား၊ ဝေဒနာက ခံစားတာလား(ဝေဒနာက ခံစားတာပါဘုရား)ဝေဒနာ ပေါ်လာတယ်၊ ဒီဝေဒနာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး (ဖဿကြောင့်ပါဘုရား) ဒီလိုမကွဲရဘူးလား၊ ကွဲရမှာလား (ကွဲရမှာပါဘုရား) ဝေဒနာအာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာစေတသိက်ကိုင်း စာပေက ဝေဒနာဆိုတာဟာ အာရုံ၏ အရသာကို ခံစားတာပါတဲ့၊ နာတာ ကိုက်တာ

ခဲ့တာကို ခံစားတာလား၊ အာရုံ၏ အရသာကို ခံစားတာလား(အာရုံ၏အရသာကို ခံစားတာပါဘုရား)။

ဒီနေရာမှာ တကာ တကာမတွေ အတွေ့အာရုံ အဲဒီ အတွေ့ဆိုတဲ့သဘောနဲ့ ကိုယ်အကြည်သဘောနဲ့တွေ့တိုင်း ဘာပေါ်တုံး(စိတ်)ဒီစိတ်ပေါ်တိုင်း ဒီသုံးပါးကို ဘယ်သူက ပေါင်းပေးတာလဲ (ဖဿကပါဘုရား) ဖဿက ပေါင်းပေးတိုင်း ဆိမ့်နဲ့တူတဲ့ အာရုံမပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲဒီဆိမ့်နဲ့တူတဲ့ အာရုံကို ဘယ်သူက ခံစားတာလဲ (ဝေဒနာက ခံစားတာပါဘုရား) ဝေဒနာကွဲမလာဘူးလား(ကွဲလာပါတယ်ဘုရား)ပါဠိတော်ရွတ်လိုက်ပါအုံး(ဖဿ ပစ္စယာ ဝေဒနာ) ဖဿ ပစ္စယာဖဿဟူသောအကြောင်းကြောင့် ဝေဒနာ ဝေဒနာသည် သမ္ဘဝတိ ဖြစ်တယ်၊ ဘယ်ဌာနက ဖြစ်တာတုံး (ကိုယ်အကြည်ကပါဘုရား) ဘယ်အချိန်မှာ ဖြစ်တာတုံး (တွေ့တိုင်း တွေ့တိုင်း) တွေ့တိုင်းဘာဖြစ်တာတုံး၊ ပါဠိတော်က (ဖဿ ပစ္စယာ ,ဝေဒနာ)တဲ့။

ဖဿက အကြောင်းတရား၊ ဝေဒနာက အကျိုးတရား၊ အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တဲ့တုံး(ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)ဘယ်ဌာနကလဲ (ကိုယ်အကြည်ကပါဘုရား) ဘယ်အချိန်မှာတုံး (တွေ့တိုင်း) မပေါ်လာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) တကာ တကာမတွေ သတိထားလိုက်ပါ၊ စားတိုင်းမှာ လူနဲ့ လာတွေ့ဘာလား၊ လျှာအကြည်နဲ့ လာတွေ့တာလား[လျှာအကြည်နဲ့ တွေ့တာပါဘုရား]လျှာအကြည်နဲ့တွေ့တော့ ဘာပေါ်လာသလဲ [စိတ်ပေါ်ပါတယ်ဘုရား] သုံးပါးပေါ်မလာဘူးလား [ပေါ်လာပါတယ်ဘုရား]အဲဒီသုံးပါးကို ဘယ်သူကပေါင်းပေးလိုက်တာလဲ[ဖဿကပါဘုရား] ခင်ဗျားတို့ဝေဒနာကို ပေါ်ကိုမပေါ်သေးဘူးနော်၊ စားတိုင်း စားတိုင်းမှာ ပထမ ဘာပေါ်မလဲ [အရသာသဘောပါဘုရား] ပြီးတော့ ဘာတဲ့လဲ [လျှာအကြည်သဘော] ပြီးတော့ [စိတ်] ခင်ဗျားတို့ဝေဒနာပေါ်ပြီလား [မပေါ်သေးပါဘုရား] အဲဒီသုံးပါးကို ဘယ်သူကပေါင်းပေးလိုက်တာလဲ [ဖဿကပါဘုရား]၊

ဖဿက ပေါင်းပေးတဲ့အခါကျတော့ ဆိမ့်နဲ့တူတဲ့အာရုံ ပေါ်မလာဘူးလား [ပေါ်လာပါတယ်ဘုရား] ဒီအာရုံကို ဘယ်သူက ခံစားတာလဲ [ဝေဒနာကပါဘုရား] လျှာအကြည်က ဆိမ့်ဆိမ့်နဲ့တူတယ်၊ အရသာဆိုတဲ့သဘောတွေက နှမ်းတွေ မြေပဲတွေနဲ့တူတယ်၊ အဲဒီတော့ လျှာနဲ့အရသာဆိုတဲ့ နှမ်းတွေ မြေပဲတွေနဲ့ တွေ့လိုက်တဲ့အခါကျတော့ လူပေါ်သလား၊ စိတ်ပေါ်သလား [စိတ်ပေါ်ပါတယ်ဘုရား] စိတ်ပေါ်တယ်၊ ဘာစိတ်ပေါ်လာသလဲ [အရသာသိတဲ့စိတ်ပါဘုရား] အရသာသိတဲ့စိတ်ဘဲ ပေါ်သေးတယ်၊ ဝေဒနာမပေါ်သေးဘူးနော်၊ ဒီဟာကို

ကျော်ပြီးတော့ ဝေဒနာရှုလို့ ရပါ့မလား [မရပါဘုရား]ဒါကိုမသိဘဲနဲ့ ဝေဒနာ ကမ္မဋ္ဌာန်းသွားပြီး ရှုလို့ရပါ့မလား [မရပါဘုရား]။

ကြည့်အခုစိတ်ပေါ်လာတယ်၊ အရသာသိတဲ့စိတ်ရယ်၊ ရသာရုံရယ်၊ လျှာအကြည်သဘောရယ်၊ ဘယ်နှစ်ပါးပါလိမ့် [သုံးပါးပါဘုရား] ဒီသုံးပါး ဘယ်သူပေါင်းပေးတာလဲ [ဖဿက ပေါင်းပေးပါတယ်ဘုရား] ကျည်ပွေ့နဲ့တူတဲ့ ဖဿက ပေါင်းပေးတာ၊ အရသာသိတဲ့စိတ်က ဘာနဲ့တူတာတုံး[နှမ်းတွေ မြေပဲတွေကို ဆီဆုံထဲ ထည့်ပေးနေတဲ့ လူနဲ့တူတယ်] စိတ်မပါဘဲနဲ့ ထည့်ပေးလို့ ရပါ့မလား [မရပါဘုရား] စိတ်က ဆီဆုံထဲထည့်လိုက်ရော ဘာတွေ ထည့်လိုက်တာတုံး [နှမ်းတွေ မြေပဲတွေပါဘုရား) ထည့်ပေးလိုက်တော့ ဒီနှမ်းတွေ မြေပဲတွေကို ဘယ်သူက ကြိတ်ပေးမှာတုံး(ဖဿက ကြိတ်ပေးမှာပါဘုရား)ကျည်ပွေ့နဲ့တူတဲ့ ဖဿက ကြိတ်လိုက်တဲ့အခါ အရေတွေ ထွက်မလာဘူးလား (ထွက်လာပါတယ်ဘုရား) အဲဒီအရေက ဘာနဲ့တူသလဲဆိုတော့ အာရုံ၊ အဲဒီအာရုံကို ဘယ်သူက ခံစားတာလဲ (ဝေဒနာကခံစားတာပါဘုရား) ဒီကျမှ ဝေဒနာလာတာ၊ ဝေဒနာကမ္မဋ္ဌာန်း ပြောကျလွန်းလို့ ဒီနေရာမှာ ဖိပြီး ပြောနေပါတယ်၊ ဒါကြောင့် ကွဲသထက် ကွဲပါစေတော့ ဆိုပြီး ဒီနေရာလေးကျတော့ ထပ်တလဲလဲ ပြောလေ့ရှိပါတယ်၊ သတိထားပါ၊ ဝေဒနာကမ္မဋ္ဌာန်း မှန်မှန်ကန်ကန်ဖြစ်သွားအောင်လို့ သိမဟုတ်ရင် ခင်ဗျားတို့က နာတာ ကိုက်တာ ခဲတာ ဝေဒနာထင်နေတာ။

ဖဿဖြစ်တိုင်း ဝေဒနာမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) စားတိုင်းမှာ ဝေဒနာသဘော မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) ဝေဒနာဆိုတာ ဘာသဘောလဲ (ခံစားတဲ့သဘောပါဘုရား) ဘာကို ခံစားတာလဲ (အာရုံကိုခံစားတာပါဘုရား) ဒီအာရုံကလဲ ဘာကြောင့် ပေါ်လာသလဲဆိုတော့(ဖဿကြောင့်)ဘယ်သူတွေကို ကြိတ်ချေပေးလိုက်တာတုံး ရသာရုံရယ်၊ လျှာအကြည်သဘောရယ်၊ စားသိစိတ်ရယ်၊ ဒီသုံးပါးကို ကျည်ပွေ့နဲ့တူတဲ့ ဖဿက ကြိတ်ချေပေးလိုက်တဲ့အခါ ဆီနဲ့ တူတဲ့အာရုံ ပေါ်ထွက်လာတယ်၊ ဒီအာရုံကျမှ ဘယ်သူက ခံစားတာတုံး (ဝေဒနာက ခံစားတာပါဘုရား)။

လူက ခံစားတာလား၊ ဝေဒနာကခံစားတာလား (ဝေဒနာကခံစားတာပါဘုရား) ငါက ခံစားတာလား (ဝေဒနာကခံစားတာပါဘုရား)ငါနဲ့ ဝေဒနာနဲ့ ကွဲသွားပြီ၊ ဘာကွဲသွားတုံး (ငါနဲ့ ဝေဒနာနဲ့ပါဘုရား) ငါတွေ့ဝေဒနာဆိုရင် အောင်နေရမှာ၊ အခုတော့ ငါနဲ့ ဝေဒနာကွဲသွားပြီ၊ ငါနဲ့ ဝေဒနာကွဲအောင် ဘယ်သူက ခွဲပေးတာတုံး (ဉာဏ်က ခွဲပေးတာပါဘုရား) ဉာဏ်ကခွဲလိုက်တဲ့အခါ ခင်ဗျားတို့ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိ လာသေးရဲ့လား (မလာတော့ပါဘုရား) ဒီဝေဒနာကြောင့် ခင်ဗျားတို့ အမယ်လေး တရသေးရဲ့လား (မတရပါဘုရား)

စားတိုင်း ဝေဒနာကမ္မဋ္ဌာန်းရှုလို့ မရဘူးလား (ရပါတယ်ဘုရား)၊

ဒီလိုမဟုတ်ရင် တကာ တကာမတွေက ဒီခန္ဓာပေါ်မှာ ဝေဒနာလို့ ထင်နေတယ်။ မထင်ဘူးလား (ထင်ပါတယ်ဘုရား) ခန္ဓာကိုယ်ကမပေါ်ပါဘူး၊ ကိုယ်အကြည်ကပေါ်တာ၊ ကိုယ်ကပေါ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အတ္တဘောက ပေါ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်ဌာနကပေါ်တာတုံး (ကိုယ်အကြည်ကပါဘုရာ ဒီနေရာကျတော့ ဘယ်ဌာနကပေါ်တာတုံး (လျှာအကြည်ကပါဘုရား) တကာတကာမတွေ စားတိုင်းမှာ လျှာအကြည်နဲ့တူတဲ့ဆီဆုံ၊ နှမ်းတွေ မြေပဲတွေနဲ့တူတဲ့ ထမင်း ဟင်း၊ လူနဲ့တူတဲ့စိတ်၊ မ ရ လာ ဘူး လား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒီလို သုံးပါးညီလိုက်တာ တပြိုင်နက် ကျည်ပွေ့နဲ့တူတဲ့ဖဿက မကြိတ်ဘူးလား၊ ကြိတ်သလား ( ကြိတ်ပါတယ်ဘုရား ) ကြိတ်လိုက်တော့ ဆီမထွက်လာဘူးလား (ထွက်လာပါတယ်ဘုရား) ကျည်ပွေ့ကသာ မကြိတ်ရင် ဆီထွက်ပါ့မလား (မထွက်ပါဘုရား) အရသာတခြား၊ လျှာအကြည်တခြား၊ အရသာသိတဲ့စိတ်တခြားထားလိုက်၊ ဖဿသာမဖြစ်ရင် ခံစားတဲ့ဝေဒနာ ပေါ်သေးရဲ့လား ( မပေါ်ပါဘုရား ) ယခုတော့ ဒီသုံးပါး ပေါင်းလိုက်တာနဲ့ တပြိုင်နက် ဆီနဲ့တူတဲ့အာရုံ ထွက်မလာဘူးလား (ထွက်လာပါတယ်ဘုရာ) အဲဒီအာရုံကိုဘယ်သူကခံစားတာတုံး (ဝေဒနာကပါဘုရား) ဘယ်ဌာနက ခံစားတာတုံး (လျှာကပါဘုရား)

ဘယ်အချိန်မှာခံစားတာတုံး (စားတိုင်း) စားတိုင်း ဝေဒနာကမ္မဋ္ဌာန်းရှုလို့ မရဘူးလား (ရပါတယ်ဘုရား) စားလဲစားရသေးတယ်၊ ဝေဒနာကမ္မဋ္ဌာန်းလဲ ဖြစ်သေးတယ်ဆိုတော့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား) မလုပ်သင့်ဘူးလား ( လုပ်သင့်ပါတယ်ဘုရား ) ပါဠိတော်က ဇိဝှာသမ္ဖဿဇာ ဝေဒနာတဲ့။ ဘာဝေဒနာ (ဇိဝှာသမ္ဖဿဇာဝေဒနာ) ဇိဝှာဆိုတာက လျှာ၊ သမ္ဖဿဆိုတာက တွေ့တာ။ ဒီလိုတွေ့သည့်အတွက်ကြောင့် ဇာ၊ ဖြစ်တယ်။ ဘာဖြစ်တုံး (ဝေဒနာဖြစ်ပါတယ်ဘုရား) ဟော-လျှာအကြည်ကကော ဝေဒနာဖြစ်ပေါ်မလာဘူးလား (ဖြစ်ပါတယ်ဘုရား) လျှာအကြည်ကကော ဝေဒနာကမ္မဋ္ဌာန်းစီးဖြန်းလို့ မရဘူးလား (ရပါတယ်ဘုရား)

ဖဿက (အကြောင်းတရား) ဝေဒနာက (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ဘယ်ဌာနကတုံး (လျှာကပါဘုရား) လျှာအကြည်ကဘယ်အချိန်မှာတုံး (စားတိုင်း) ကဲ စားတိုင်း ဝေဒနာရှုလို့ မရဘူးလား (ရပါဘယ်ဘုရား) ရပါတယ်လို့ဆုံးဖြတ်ချက်ချပါ၊ မျက်စိလည်မနေပါတော့နဲ့။ ကာယပသာဒကမှ ခင်ဗျားတို့ ဝေဒနာပေါ်ရတယ် ထင်မနေပါနဲ့၊

မကြုံစည်ဘူးလား၊ ကြုံစည်သလား (ကြုံစည်ပါတယ်ဘုရား) ကြုံစည်တယ်ဆိုတာ လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေက ကြုံစည်တာ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား)ပထမဘာဖြစ်သလဲဆိုတော့ မနောဘဝင်။ ဘာတဲ့တုံး (မနော်ဘဝင်ပါဘုရား)အဲဒီမနောဘဝင်က လူတွေသတ္တဝါတွေပေါ်မှာညွတ်တာလား၊ အာရုံပေါ်မှာ ညွတ်တာလား ( အာရုံပေါ်မှာညွတ်တာပါဘုရား ) ဘယ်အာရုံပေါ်မှာညွတ်တာလဲဆိုတော့ ဓမ္မာရုံပေါ်မှာညွတ်တာ။ ရုပ်ဓမ္မာရုံ၊ နာမ်ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံ၊ နိဗ္ဗာန်ဓမ္မာရုံ၊ ဒီဓမ္မာရုံတွေမရှိဘူးလား (ရှိပါတယ်ဘုရား) ဓမ္မာရုံ ဘယ်နှစ်မျိုးရှိတာတုံး ( ၆ မျိုးပါဘုရား) အဲဒီဓမ္မာရုံ [၆] မျိုး တမျိုးမျိုးပေါ်မှာ လူတွေ သတ္တဝါတွေက ညွှတ်လိုက်တာသလား၊ မနောဘဝင်အကြည်က ညွှတ်လိုက်ဘာလား (မနောဘဝင်အကြည်ကညွှတ်လိုက်တာပါဘုရား) မနောဘဝင်အကြည်ဆိုဘာမရှိဘူးလား (ရှိပါတယ်ဘုရား)မနောဘဝင်ကညွှတ်လိုက်တဲ့အခါ အဲဒီဓမ္မာရုံတွေကိုသိတာ လူကသိတာလား၊ စိတ်ကသိတာလား (စိတ်ကသိတာပါဘုရား) စိတ်ကသိတာ မနောဘဝင်အကြည်ရယ်၊ ဓမ္မာရုံရယ်၊ မနောဝိညာဏ်စိတ်ရယ်၊ ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) သုံးပါးမရလာဘူးလား (ရလာပါတယ်ဘုရား) ဘယ်အချိန်မှာပေါ်တာတုံး (ကြုံစည်တိုင်း) ကြုံစည်တိုင်း စိတ်ကူးတိုင်း မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)

ကြုံစည်တိုင်း စိတ်ကူးတိုင်းမှာ ဘယ်သဘောတွေပေါ်တာလဲ (မနောဘဝင်အကြည် ဓမ္မာရုံ မနောဝိညာဏ်စိတ်) ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) အဲဒီသုံးပါးကို လူကပေါင်းပေးတာလား၊ ဖဿက ပေါင်းပေးတာလား (ဖဿကပေါင်းပေးတာပါဘုရား)ဖဿကပေါင်းပေးတဲ့အခါ အာရုံပေါ်မလာဘူးလား ( ပေါ်လာပါဘယ်ဘုရား ) ပေါ်လာတယ်။ ဣဋ္ဌရသ အနိဋ္ဌရသ အာရုံတွေ။ ကောင်းတဲ့အာရုံကို ကြုံစည်တဲ့အခါ ဣဋ္ဌရသ၊ မကောင်းတဲ့အာရုံကို ကြုံစည်တဲ့အခါအနိဋ္ဌရသ။ အဲဒီရသဆိုတာ အာရုံ။ ဒီအာရုံကိုခံစားတာကဘာတုံး(ဝေဒနာပါဘုရား) ကောင်းတာက ဝေဒနာမဟုတ်ဘူးနော်။ မကောင်းတာလဲ ဝေဒနာ မဟုတ်ဘူး။

အဲဒီလို အာရုံကိုခံစားတဲ့သဘောကမှ ဝေဒနာ။ ကောင်း မကောင်းဆိုတာ နားလည်အောင်လို့ ပညတ်အားဖြင့်ပြောဘာပါ၊ အမှန်အားဖြင့်တော့ဒီကောင်း မကောင်းဆိုတဲ့အာရုံမရှိဘူးလား (ရှိပါတယ်ဘုရား) ဒီအာရုံရှိလို့ ကောင်းတယ်ဆိုတဲ့ပညတ်ရှိဘာပေါ့။ အဲဒီအာရုံသာမရှိရင် ကောင်းတယ်ဆိုတဲ့ပညတ်ရှိနိုင်ပါ့မလား ( မရှိနိုင်ပါဘုရား ) ဒီအာရုံတွေကိုခံစားတာ ဘယ်သူက ခံစားတာတုံး၊ (ဝေဒနာကပါဘုရား) ဝေဒနာသဘောထိအောင် ဖမ်းလိုက်။ မနောဘဝင်အကြည်ရယ်၊ ဓမ္မာရုံရယ်၊ မနောဘဝင်စိတ်ရယ်၊ ဒီသုံးပါး ပေါင်းဆုံပေးတာ ဘယ်သူတုံး (ဖဿပါဘုရား)

ဖဿကပေါင်းပေးလိုက်တာနဲ့တပြိုင်နက် ဣဋ္ဌာရသ အနိဋ္ဌာရသဆိုတဲ့အာရုံကို ဘယ်သူကခံစားတာတုံး (ဝေဒနာပါဘုရား) အဲဒီဝေဒနာ ဘယ်သူ့ကြောင့်ဖြစ်တာလဲ (ဖဿကြောင့်ပါဘုရား) ပါဠိတော်ရွတ်ပါအုံး (ဖဿပစ္စယာဝေဒနာ) ဖဿကြောင့်ဘာဖြစ်တာတုံး (ဝေဒနာပါဘုရား) ဖဿက (အကြောင်းတရားပါဘုရား) ဝေဒနာက ( အကျိုးတရား ) အကြောင်းအကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဘယ်ဌာနမှာကွဲရမှာတုံး (မနကပါဘုရား) ဘယ်အချိန်မှာကွဲရမှာတုံး (ကြံစည်တိုင်း) ကြံစည်တိုင်း စိတ်ကူးတိုင်း ဝေဒနာကမ္မဋ္ဌာန်းရှုလို့မရဘူးလား (ရပါတယ်ဘုရား) ခင်ဗျားတို့က ဒီခန္ဓာကိုယ်ရှုမှဝေဒနာကမ္မဋ္ဌာန်းဖြစ်တယ်ထင်နေတာ။ ကြံစည်တိုင်းမှာလဲဝေဒနာကမ္မဋ္ဌာန်းဖြစ်ပါတယ်။ ရှုတတ်ရင်ပေါ့။ မရှုတတ်ရင်ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ရှုတတ်ရင်တော့ ဖြစ်ပါတယ်။ ဉာဏ်ဘဲလိုပါတယ်။ ဝိပဿနာဆိုတာ ဘာလုပ်ငန်းတုံး (ဉာဏ်လုပ်ငန်းပါဘုရား)ငါလုပ်ငန်းမဟုတ်ဘူး။ ဒါကြောင့်တကာတကာမတွေ ဝေဒနာပေါ်တဲ့ဌာန ဘယ်နှစ်ဌာနရှိတာတုံး( ၆ ဌာနပါဘုရား )ဘယ်ဌာနတွေပါလိမ့် (မျက်စိ နား နှာ လျှာကိုယ် မနပါဘုရား) ဒီဌာနတွေက ဝေဒနာပေါ်တာပါ။

ဝေဒနာရှုချင်ရင် ဒီဌာန(၆) ခုမှာတခုခုရှုလို့မရဘူးလား(ရပါတယ်ဘုရား) ဒီဌာန (၆) ခုက ဘယ်အချိန်မှာ ဝေဒနာတွေ ပေါ်တာတုံး (ကြည့်တိုင်း ကြားတိုင်း နမ်းရှုတိုင်း စားတိုင်း တွေ့ထိတိုင်း ကြံစည်တိုင်း) အဲဒီအချိန်မှာ ဘာတွေပေါ်တာတုံး ( ဝေဒနာပါဘုရား ) ဝေဒနာပေါ်တဲ့ဌာနက ဘယ်နှစ်ဌာနတုံး ( ၆-ဌာနပါဘုရား ) ပြင်းလို့ရသေးရဲ့လား (မရပါဘုရား) ကြိုက်တဲ့ဌာနက ဝေဒနာကမ္မဋ္ဌာန်း ရှုလို့မရဘူးလား (ရပါတယ်ဘုရား) ဖဿဖြစ်တိုင်း ဘာဖြစ်မှာတုံး (ဝေဒနာဖြစ်မှာပါဘုရား)

ဝတ္ထုနဲ့အာရုံတိုက်ဆိုင်တိုင်း လူတွေ သတ္တဝါတွေက ခံစားတာလား၊ဝေဒနာက ခံစားတာလား (ဝေဒနာကခံစားတာပါဘုရား) မျက်စိအကြည်နဲ့အဆင်းနဲ့ မတိုက်ဆိုင်ဘူးလား ( တိုက်ဆိုင်ပါတယ်ဘုရား ) တိုက်ဆိုင်တော့ စက္ခုဝိညာဏ်စိတ်ဖြစ်လာတယ်။ ဒီသုံးပါး ပေါင်းဆုံလိုက်တော့ ဘာဖြစ်လာသလဲ (ဖဿဖြစ်လာပါတယ်ဘုရား) ဖဿဖြစ်တော့ဘာပေါ်လာဘာတုံး (ဝေဒနာပေါ်ပါတယ်ဘုရား) အာရုံကိုခံစားဘဲ့ဝေဒနာပေါ်ဘော့တာဘဲ။ နားအကြည်နဲ့ဘာနဲ့ တိုက်ဆိုင်တာတုံး (အသံနဲ့ပါဘုရား) နားအကြည်နဲ့အသံနဲ့ တိုက်ဆိုင်တော့ ဘာဖြစ်လာတုံး (အသံသိတဲ့စိတ်ဖြစ်ပါတယ်ဘုရား) ဒီသုံးပါး ပေါင်းဆုံတော့ ဘာတဲ့လဲ (ဖဿပါဘုရား) ဖဿဖြစ်တိုင်း ဘာဖြစ်လာတုံး (ဝေဒနာပါဘုရား)နှာခေါင်းအကြည်နဲ့ အနံ့တိုက်ဆိုင်တိုင်း ဘာဖြစ်လာတုံး (အနံ့သိတဲ့စိတ် ဖြစ်ပါတယ်ဘုရား)ဒီသုံးပါးပေါင်းဆုံလိုက်တော့ ဘာဖြစ်လာတုံး (ဖဿဖြစ်ပါတယ်ဘုရား)

ဖဿဖြစ်တိုင်း ဖြစ်တိုင်း ဘာပေါ်လာသလဲ (ဝေဒနာပါဘုရား)။

တကာ တကာမတွေ စားတိုင်းမှာ လျှာအကြည်နဲ့ အရသာ မတိုက်ဆိုင်ဘူးလား (တိုက်ဆိုင်ပါတယ်ဘုရား)တိုက်ဆိုင်တော့ ဘာဖြစ်လာတုံး(အရသာသိတဲ့စိတ် ဖြစ်ပါတယ်ဘုရား) သုံးပါးပေါင်းဆုံဟော့ ဘာဖြစ်လာတုံး (ဖဿဖြစ်ပါတယ်ဘုရား) ဖဿဖြစ်တိုင်း ဘာတုံး (ဝေဒနာပါဘုရား) ဝေဒနာက ဘာတုံး (အာရုံကို ခံစားတဲ့သဘော) ဖဿက ပေါင်းဆုံပေးတဲ့သဘော ဖဿနဲ့ ဝေဒနာကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား)စားတိုင်းမှာ ဝေဒနာနဲ့ကမ္မဋ္ဌာန်း ရှုလို့မရဘူးလား (ရပါတယ်ဘုရား) ဝေဒနာကမ္မဋ္ဌာန်းရှုတော့မယ်ဆိုရင် ဖဿနဲ့ဝေဒနာကွဲရမယ်၊ နောက်ဟချက်က ရုပ်နဲ့ဝေဒနာနဲ့ ကွဲရတယ်၊ ဒီလိုမှ မကွဲရင် ဝေဒနာကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒါမှမဟုတ်ရင် နာလိုက်တာ ကိုက်လိုက်တာ ခဲလိုက်တာ ကျင်လိုက်တာဆိုပြီး ဒါတွေဘဲရှုတာဘဲ၊ ဒီကမ္မဋ္ဌာန်းမှန်ပါ့မလား(မမှန်ပါဘုရား)ဒါကြောင့် ဝေဒနာကမ္မဋ္ဌာန်းကို သိပါစေတော့လို့ ထပ်တလဲလဲ ရှင်းပေးနေရပါတယ်၊ မနောဘဝင် အကြည်နဲ့ ဓမ္မာရုံနဲ့ တိုက်ဆိုင်တိုင်း ဘာဖြစ်လာတုံး (ကြံသိစိတ် ဖြစ်ပါတယ်ဘုရား) ဒီသုံးပါးပေါင်းဆုံတော့ ဘာဖြစ် (ဖဿဖြစ်ပါတယ်ဘုရား) ဖဿဖြစ်တိုင်း ဘာပေါ်တုံး (ဝေဒနာပါဘုရား) တကာ တကာမတွေ ဖဿနဲ့ ဝေဒနာ ကွဲသွားပြီ၊ ရုပ်နဲ့ ဝေဒနာလဲ ကွဲသွားပြီ။

ဒါကြောင့် မျက်စိအကြည်က ဖြစ်ပေါ်လာတယ်ဆိုရင် စက္ခု သမ္ဖဿ ဇာ ဝေဒနာ ပြီးတော့ ဘာတုံး (သောတ သမ္ဖဿ ဇာ ဝေဒနာ ဃာန သမ္ဖဿ ဇာ ဝေဒနာ ဇိဝှာ သမ္ဖဿ ဇာ ဝေဒနာ ကာယသမ္ဖဿ ဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ) မဖြစ်လာဘူးလား (ဖြစ်လာပါတယ်ဘုရား) ဝေဒနာဟာ ဒီဋ္ဌာန ကလွဲရင် ဒီပြင်ဌာနတွေက ဖြစ်နိုင်သေးရဲ့လား (မဖြစ်နိုင်ပါဘုရား) ဝေဒနာဖြစ်တဲ့ဌာန ဝေဒနာဖြစ်တဲ့အချိန် ဝေဒနာကမ္မဋ္ဌာန်း ရှုချင်တဲ့ ပုဂ္ဂိုလ်များ ဒီအတိုင်းသာ ရှုပါတော့။

နောက်ပြီးတော့ ဝေဒနာပစ္စယာတဏှာ ဝေဒနာပစ္စယာ ခံစားခြင်းသဘောဟူသောအကြောင်းကြောင့်တဏှာ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသည် ဝါရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာသည် သမ္ဘဝတိ ဖြစ်၏၊ ဝေဒနာကြောင့် ဘာဖြစ်တုံး (တဏှာဖြစ်ပါတယ် ဘုရား) ရူပတဏှာ၊ တကာ တကာမတွေ သတိထားလိုက်ကြည့်တဲ့အခါ လူတွေ သတ္တဝါတွေ တွေ့တာလား၊ အဆင်းသတောတွေ့တာလား (အဆင်းသဘော တွေ့တာပါဘုရား) ဒီအဆင်းသဘောက ဘာနဲ့လာတွေ့တာတုံး (မျက်စိအကြည်နဲ့ လာတွေ့တာပါဘုရား) မျက်စိအကြည်နဲ့ လာတွေ့တော့ လူပေါ်သလား၊ စိတ်ပေါ်သလား (စိတ်ပေါ်ပါတယ်ဘုရား)။

စိတ်ပေါ်တော့ ဒီသုံးပါးကို ဘယ်သူက ပေါင်းပေးတာတုံး (ဖဿကပါဘုရား) ဖဿဖြစ်တော့ ဘာဖြစ်(ဝေဒနာဖြစ်)ဝေဒနာဆိုတာ ဘယ်လိုသဘောပါလိမ့် (အာရုံကိုခံစားတတ်တဲ့သဘောပါဘုရား) ဒီတော့ ကောင်းမကောင်းဆိုတဲ့အာရုံ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ဒီအဆင်းအာရုံပေါ်မှာ ခံစားပြီးရင်း ခံစားချင်ရင်း မဖြစ်လာဘူးလား (ဖြစ်လာပါတယ်ဘုရား) နှစ်သက်လို့လား၊ မနှစ်သက်လို့လား (နှစ်သက်လို့ပါဘုရား)ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေကို နှစ်သက်တာလား၊ အဆင်းကို နှစ်သက်တာလား (အဆင်းကို နှစ်သက်တာပါဘုရား) အဆင်းကို နှစ်သက်တာက ဘာပါလိမ့် (တဏှာပါဘုရား) ခံစားတာက (ဝေဒနာ)ခံစားလို့နှစ်သက်တာလား၊ နှစ်သက်လို့ ခံစားတာလား (ခံစားလို့ နှစ်သက်တာပါဘုရား)ဘယ်ပေါ်မှာ နှစ်သက်တာတုံး (အဆင်းပေါ်မှာပါဘုရား) ဒီအဆင်းရုပ်ပေါ်မှာ နှစ်သက်သည့်အတွက် အကြောင့် ဘာတဏှာလဲ (ရူပတဏှာပါဘုရား) ဘယ်ဌာနကတုံး (မျက်စိကပါဘုရား) ဘယ်အချိန်မှာ ရူပတဏှာဖြစ်တာလဲ (ကြည့်တိုင်း မြင်တိုင်း) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ နားထောင်တဲ့အခါကျတော့ ဆဲတာ ဆိုတာ မြည်တာ သီချင်းဆိုတာ တရားဟောတာတွေ ရှိတာလား၊ အသံသဘောရှိတာလား (အသံသဘောရှိတာပါဘုရား)။

အဲဒီ အသံသဘောက လူနဲ့ လာတွေ့တာလား၊ နားအကြည်နဲ့ လာတွေ့တာလား (နားအကြည်နဲ့ လာတွေ့တာပါဘုရား) တွေ့တယ်ဆိုတာဘာတုံး (ဖဿ) ဖဿ ဖြစ်လိုက်တာနဲ့ဘာဖြစ် (ဝေဒနာ) ဝေဒနာဆိုတာက ဘာတုံး (ခံစားတဲ့သဘောပါဘုရား) ဒီအသံရဲ့ အရသာကို ခံစားတဲ့သဘော ပေါ်လိုက်တာနဲ့ တပြိုင်နက် နှစ်သက်မှုသဘော မဖြစ်လာဘူးလား (ဖြစ်လာပါတယ်ဘုရား) နှစ်သက်တာကဘာတုံး (တဏှာပါဘုရား) လူတွေ သတ္တဝါတွေပေါ်မှာ နှစ်သက်တာလား၊ အသံပေါ်မှာ နှစ်သက်တာလား (အသံပေါ်မှာ နှစ်သက်တာပါဘုရား) အသံဟာ လူလား၊ ရုပ်လား (ရုပ်ပါဘုရား)။

အဲဒါ သဒ္ဒါရုပ်၊ အဲဒီ သဒ္ဒါရုပ်ပေါ်မှာ နှစ်သက်တာက ဘာတဏှာ (သဒ္ဒတဏှာပါဘုရား) ဘယ်အချိန် သဒ္ဒတဏှာဖြစ်တာလဲ (ကြားတိုင်း နားထောင်တိုင်း) တကာ တကာတွေ နမ်းရှူတဲ့အခါမှာလဲ မွှေးတာ ပုပ်တာ နံတာ ရှိတာလား။ အနံ့သဘော ရှိတာလား (အနံ့သဘောရှိတာပါဘုရား) တခါတလေ အနံ့ကလေးက မွှေးလိုက်တာလို့ဆိုတော့ အဲဒီမွှေးတယ်ဆိုတဲ့ အာရုံကို ဘယ်သူက ခံစားတာတုံး (ဝေဒနာက ခံစားတာပါဘုရား) မွှေးတယ်ဆိုတဲ့ အာရုံကို ဝေဒနာက ခံစားတော့ နှစ်သက်ဘာကျတော့ ဘယ်သူက နှစ်သက်သလဲ(တဏှာကပါဘုရား) ပါဠိတော်ရွတ်လိုက်စမ်းပါဦး (ဝေဒနာ ပစ္စယာ တဏှာ)။

မွေးတယ်ဆိုတဲ့ သဘောကို ဘယ်သူက ခံစားတာပါလိမ့် (ဝေဒနာကပါဘုရား) အဲဒီတော့ မွေးတယ်ဆိုတဲ့ သဘောကို ဘယ်သူက နှစ်သက်ပြန်သလဲ (တဏှာကပါဘုရား) အမှန်အားဖြင့် မွေးတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) နံတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မွေးတာ နံတာ မဟုတ်ဘူး၊ ဘာရှိတာတုံး (အနံ့ပါဘုရား) အနံ့လို့ မရှုဘူးဆိုရင် တဏှာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)အနံ့သဘောဘဲလို့ ရှုလိုက်ရင် ကောင်းတာလဲမပေါ်ဘူး၊ မကောင်းတာလဲမပေါ်ဘူး၊ မှန်တဲ့သဘောဘဲပေါ်လာတယ်၊ ဒါကြောင့် တကာ တကာမတွေ နမ်းရှုတဲ့အခါမှာ မွေးတာကိုအနံ့သဘောလို့ မရှုမိတော့ ဒီမွေးတယ်ဆိုတဲ့ သဘောကိုဘဲ ခံစားနေတယ်၊ မခံစားဘူးလား (ခံစားပါတယ်ဘုရား)။

မွေးတယ်ဆိုတဲ့ အာရုံကို ခံစားတော့ ဒီအာရုံကို ဘယ်သူက နှစ်သက်တာလဲ (တဏှာက နှစ်သက်တာပါဘုရား) ဒီတော့ ဝေဒနာနဲ့ တဏှာ မကွဲလာဘူးလား၊ ကွဲလာသလား (ကွဲလာပါတယ်ဘုရား) ပါဠိတော် ရွတ်လိုက်စမ်းပါအုံး (ဝေဒနာပစ္စယာတဏှာ) ဘယ်ဌာနကတုံး (နှာခေါင်းကပါဘုရား) ဘယ်အချိန်မှာဖြစ်တာလဲ (နမ်းရှုတိုင်း) ဝေဒနာက အကြောင်းတရား၊ တဏှာက အကျိုးတရား၊ အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား) ပဋိစ္စသမုပ္ပါဒ်ဉာဏ် နှာခေါင်းကနေပြီးတော့ ဖြစ်နေတယ်၊ ဂန္ဓာရုံကို နှစ်သက်ပြီးဖြစ်သောကြောင့် ဂန္ဓတဏှာ၊ ဘာတဏှာတဲ့တုံး(ဂန္ဓတဏှာပါဘုရား) ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာရမလာဘူးလား (ရလာပါတယ်ဘုရား)။

စားတဲ့အခါမှာလဲ ချိုတာ ခါးတာ ငန်တာ စပ်တာလို့ အရသာ မခံစားဘူးလား၊ ခံစားသလား (ခံစားပါတယ်ဘုရား) လူက ခံစားတာလား၊ ဝေဒနာက ခံစားတာလား (ဝေဒနာက ခံစားတာပါဘုရား) ခံစားတော့ ဘယ်သူက နှစ်သက်နေတာလဲ (တဏှာကပါဘုရား)ပါဠိတော်ရွတ်လိုက်စမ်းပါအုံး(ဝေဒနာပစ္စယာတဏှာ) ဝေဒနာက ဘာတုံး (အကြောင်းတရား) တဏှာက (အကျိုးအရား) လူတွေ သတ္တဝါတွေပေါ်မှာ နှစ်သက်တာလား၊ အရသာပေါ်မှာ နှစ်သက်တာလား (အရသာပေါ်မှာ နှစ်သက်တာပါဘုရား) ရသာရုံပေါ်မှာ နှစ်သက်လေသည် ဖြစ်သောကြောင့် ဘာတဏှာတုံး (ရသတဏှာပါဘုရား)။

ဘယ်သူ့ကြောင့် ဖြစ်လာလဲ (ဝေဒနာကြောင့်ပါဘုရား) ဆိုလိုက်စမ်းပါ ပါဠိတော် (ဝေဒနာပစ္စယာတဏှာ) ဘယ်ဌာနကတုံး(လျှာက)ဘယ်အချိန်မှာ ဖြစ်တာတုံး (စားတိုင်း စားတိုင်း) ဒါကြောင့် ခင်ဗျားတို့ စားတိုင်းစားတိုင်း ပဋိစ္စသမုပ္ပါဒ်ဉာဏ်နဲ့စားရင် ဗိုက်လဲ ပြည့်သေးတယ်၊ ကုသိုလ်လဲ ရသေးတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) စားတိုင်းမှာ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ရှုလို့မရဘူးလား (ရပါတယ်ဘုရား) စားတာဟုတ်ရဲ့လား

(မဟုတ်ပါဘုရား) အကြောင်းနဲ့ အကျိုးဘဲ ဖြစ်နေတယ်၊ ဒီနေ့ရာ ဘယ်အကြောင်းနဲ့ ဘယ်အကျိုးဖြစ်နေတာပါလိမ့် (ဝေဒနာနဲ့ တဏှာပါဘုရား)။

ဝေဒနာလဲဖြစ်ပြီး ဘယ်ရောက်(ပျက်) တဏှာလဲဖြစ်ပြီးဘယ်ရောက် (ပျက်) ဒီလိုကော ကမ္မဋ္ဌာန်းရှုလို့ မရဘူးလား (ရပါတယ်ဘုရား) ဝေဒနာနှင့် တဏှာ ဘယ်အချိန်မှာ ကွဲရမှာလဲ (စားတိုင်း စားတိုင်း) ဝေဒနာကအကြောင်းတရား၊ တဏှာက ဘာတရားလဲ (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)။

တကာ တကာမတွေ နောက်ဘချက် သတိထားလိုက်စမ်းပါ၊ တွေ့တဲ့အခါကျတော့ ခင်ဗျားတို့ ဖျာ သင်ဖြူးတွေ ကော်ဇောတွေနဲ့ တွေ့နေတာလား၊ အေးမှုသဘော ပူမှုသဘောနဲ့ တွေ့နေတာလား (ပူမှုသဘော အေးမှုသဘောနဲ့ တွေ့နေတာပါဘုရား)လက်တွေ ခြေတွေနဲ့ တွေ့တာလား၊ ကြမ်းမှုသဘော နူးမှုသဘောနဲ့ တွေ့ဘာလား (ကြမ်းမှုသဘော နူးမှုသဘောနဲ့ တွေ့တာပါဘုရား) ဘာနဲ့လာတွေ့တာတုံး (ကိုယ်အကြည်နဲ့ပါဘုရား) တွေ့တယ် ထိတယ်ဆိုတာ ဘာလဲ (ဖဿ) ဖဿဖြစ်တော့ ဘာဖြစ်လာသလဲ (ဝေဒနာပါဘုရား) ဝေဒနာဆိုတာ ဘယ်လိုသဘောပါလိမ့် (ခံစားတဲ့သဘောပါဘုရား) ဘာကိုခံစားတာပါလိမ့်(အာရုံကို ခံစားတာပါဘုရား) အဲဒီလိုအာရုံ အာရပ္ပဏ်က ကွဲရမယ်၊ အာရုံကို ခံစားတဲ့ သဘောပေါ်လိုက်ဘာနဲ့ တပြိုင်နက် ဒီအာရုံကို မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဘုရား) ဒီနေရာ ဘာအာရုံတုံး (အတွေ့အာရုံပါဘုရား)။

အတွေ့က လူလား၊ ရုပ်လား (ရုပ်ပါဘုရား) ဒီအတွေ့ပေါ်မှာ နှစ်သက်နေသောကြောင့် ဘာတဏှာပါလိမ့်(ဖောဋ္ဌဗ္ဗတဏှာပါဘုရား) ဖောဋ္ဌဗ္ဗတဏှာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒီတဏှာ ဘယ်သူကြောင့် ဖြစ်တာလဲ (ဝေဒနာကြောင့်ပါဘုရား)ခံစားတဲ့သဘောကြောင့် ဒီအတွေ့ပေါ်မှာ နှစ်သက်တဲ့တဏှာဖြစ်တာ၊ ဘယ်ဌာနကဖြစ်တာလဲ(ကိုယ်အကြည်က)ဘယ်အချိန်မှာဖြစ်နေတာလဲ (တွေ့တိုင်း) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒီလို အကြောင်းအကျိုးကွဲသွားတော့ ဘာဉာဏ်တဲ့တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)။

နောက်တချက် တကာ တကာမတွေသတိထားလိုက်စမ်းပါ၊ ကြံစည်တဲ့အခါ မနောဓာတ်က မညွှတ်ဘူးလား၊ ညွှတ်သလား (ညွှတ်ပါတယ်ဘုရား) လူတွေ သတ္တဝါတွေမှာ ညွှတ်တာလား၊ ဓမ္မာရုံပေါ်မှာ ညွှတ်တာလား (ဓမ္မာရုံပေါ်မှာပါဘုရား) အာရုံနဲ့ အာရမ္မဏ်က ကွဲရတယ်၊ ဒီမနောဓါတ်ဆိုတဲ့ သဘောတရားက ညွှတ်တဲ့သဘော၊ ဘယ်အပေါ်မှာ ညွှတ်တာတုံး (ဓမ္မာရုံပေါ်မှာဘုရား) ဓမ္မာရုံ (၆)ပါး တပါးပါးပေါ်မှာ မညွှတ်ဘူးလား(ညွှတ်ပါတယ်ဘုရား)ညွှတ်ပေးတော့ လူကသိတာလား၊ စိတ်သိတာလား (စိတ်ကသိတာပါဘုရား)ဘာ စိတ်

ပါလိမ့် (မနောဝိညာဏ်စိတ်) ဒီသုံးပါးကို ဘယ်သူက ပေါင်းဆုံပေးတာလဲ (ဖဿကပါဘုရား)ဖဿက ပေါင်းပေးလိုက်တော့ ဘာပေါ်လာသလဲ(ဝေဒနာ ပါဘုရား)။

အာရုံကို ခံစားတဲ့သဘော ပေါ်လိုက်တာနဲ့ တပြိုင်နက် ဒီအာရုံပေါ်မှာ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ် ဘုရား) ဒါကြောင့် ဒီဓမ္မာရုံပေါ်မှာ နှစ်သက်တဲ့သဘော ပေါ်လာတာ ဘယ်သူ့ကြောင့်တုံး (ဝေဒနာကြောင့်ပါ ဘုရား) ကောင်းတဲ့ အာရုံပေါ်မှာ နှစ်သက်ပြီး ကြံစည်စိတ်ကူးနေတဲ့သဘော ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ဒီဓမ္မာရုံပေါ်မှာ နှစ်သက်နေသောကြောင့် ဓမ္မတဏှာ၊ ဘာတဏှာတုံး (ဓမ္မတဏှာပါဘုရား) ဒီဓမ္မတဏှာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး (ဝေဒနာကြောင့်ပါဘုရား) ဘယ်ဌာနကတုံး (မနကပါဘုရား) ဘယ်အချိန်မှာ ဝေဒနာပေါ်တာတုံး (ကြံစည်တိုင်း စိတ်ကူးတိုင်းမှာပါဘုရား)။

ကြံစည်တိုင်း စိတ်ကူးတိုင်း ဓမ္မတဏှာဖြစ်နေတယ်၊ တဏှာဘယ်နှစ်မျိုးရသွားပြီလဲ (၆-မျိုးပါဘုရား)၆-မျိုးက ဘာတွေလဲ ဆိုစမ်းပါ(ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မာတဏှာ) ဝေဒနာကော ဘယ်နှစ်မျိုးတုံး (၆-မျိုးပါဘုရား) ဝေဒနာ (၆)မျိုးကြောင့် တဏှာ (၆)မျိုးဖြစ်၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) အကြည် (၆)မျိုးကြောင့် ဖဿ (၆)မျိုးဖြစ်၊ ဖဿ(၆)မျိုးကြောင့် ဝေဒနာ (၆)မျိုးဖြစ်၊ ဝေဒနာ (၆)မျိုးကြောင့် တဏှာ (၆)မျိုးဖြစ်၊ ခင်ဗျားတို့ ပါသေးရဲ့လား (မပါပါဘုရား) သူ့အကြောင်းနဲ့ သူ့အကျိုး ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား)။

ကဲ ရှေ့ဆက်ပြီး ပါဠိတော် ရွတ်လိုက်စမ်းပါအုံး (တဏှာပစ္စယာ ဥပါဒါနံ) တဏှာပစ္စယာ တဏှာဟူသော အကြောင်းကြောင့် ဥပါဒါနာ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် သတ္တဝါဒုပါဒါန်သည် သမ္ဘဝတိ ဖြစ်၏၊ တဏှာကြောင့်ဘာဖြစ်တာတဲ့တုံး(ဥပါဒါန်ပါဘုရား)တဏှာကနှစ်သက်တာ၊ ဥပါဒါန်က စွဲလမ်းတာ၊ ဥပမာ ဘုန်းကြီးတို့ တကာ တကာမတွေ ဆိုကြပါစို့၊ ကြည့်လိုက်တဲ့အခါ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ တွေ့ရာလား၊ အဆင်းသဘောတွေ့တာလား (အဆင်းသဘော တွေ့ကာပါဘုရား) ဒီအဆင်းကို လူက နှစ်သက်တာလား၊ တဏှာက နှစ်သက်တာလား (တဏှာက နှစ်သက်တာပါ ဘုရား) ရူပတဏှာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ပထမ နှစ်သက်တဲ့ ရူပတဏှာပေါ်လာတယ်၊ နှစ်သက်တဲ့သဘော ပေါ်လာတော့ ဒီအဆင်းကို မြင်ပြီးရင်း မြင်ချင်ရင်ဘဲ စွဲလမ်းလို့လား၊ မစွဲလမ်းလို့လား (စွဲလမ်းလို့ပါဘုရား) စွဲလမ်းတာက ဘာတုံး (ဥပါဒါန်ပါဘုရား) ဘယ်

ပေါ်မှာ စွဲလမ်းတာတုံး (အဆင်းရုပ်ပေါ်မှာ) ပထမ ဘယ်ပေါ်မှာ နှစ်သက်တာတုံး (အဆင်းရုပ်ပေါ်မှာ) နှစ်သက်တာက ဘာလဲ(တဏှာပါဘုရား)စွဲလမ်းတာက (ဥပါဒါန်) ဒီနေရာမှာ ဘာဥပါဒါန်လဲဆိုတော့ ကာမုပါဒါန်၊ ဘာဥပါဒါန်တုံး (ကာမုပါဒါန်ဘုရား) အာရုံငါးပါး ကာမဂုဏ်တရားလို့ မပြောကြဘူးလား (ပြောကြပါတယ်ဘုရား) အဆင်းက ဘာအာရုံလဲ (ကာမအာရုံ) ဒီကာမအာရုံပေါ်မှာ စွဲလမ်းသည့်အစွဲကြောင့် ဘာဥပါဒါန်လဲ(ကာမုပါဒါန်) ဒီနေရာ ကာမအာရုံ၊ ကာမုပါဒါန်ဘယ်သူ့ကြောင့် ဖြစ်တာတုံး(တဏှာကြောင့်ပါဘုရား)။

ပါဠိတော်ရှတ်လိုက်စမ်းပါအုံး (တဏှာပစ္စယာ ဥပါဒါနံ) တဏှာပစ္စယာ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ ဟူသော အကြောင်းကြောင့် ဥပါဒါနံ စွဲလမ်းနှစ်သက်တဲ့ ကာမုပါဒါန်သည် သမ္ဘဝတိ ဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန် ဖြစ်မလာဘူးလား(ဖြစ်လာပါတယ်ဘုရား) ဘာဥပါဒါန်တုံး (ကာမုပါဒါန်ပါဘုရား)။

ကဲ ဘုန်းကြီးတို့ တကာ တကာမတွေ (၁)နာရီအချိန် စေ့သွားပြီ မနက်ဖြန်မှ ဆက်ကြဦးစို့၊ မြတ်စွာဘုရားကို မိမိတို့၏ အသိဉာဏ်ဖြင့် ပူဇော်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ
။ ။ သံဃံ ပူဇေမိ
။ ။ ဓမ္မံ ပူဇေမိ

# ပဋိစ္စသမုပ္ပါဒ် [ ၄ ]

## သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၇)ရက်နေ့ ဟောကြားသောတရား။

တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ၊ မရဏ၊ ဒါပြီးရင်ပြီးသွားပါပြီ။ အဲဒီတော့ မနေ့က ဘယ်အထိရှင်းခဲ့သလဲ။ တဏှာ ပစ္စယာ ဥပါဒါနံ မရောက်ဘူးလား၊ရောက်လာသလား (ရောက်လာပါတယ်ဘုရား) အဲဒီရောက်တဲ့အထိ ပါဠိတော်ဆိုစမ်းပါဦး၊ကုသိုလ်ဖြစ်အောင်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာဥပါဒါနံ။

တဏှာပစ္စယာဥပါဒါနံ၊ ကြည့်တိုင်း မြင်တိုင်းမှာ အဆင်းကိုသာယာနှစ်သက်တာက တဏှာ။ အဆင်းကိုသာယာနှစ်သက်တာက ဘာတဲ့တုံး (တဏှာပါဘုရား) အဲဒီအဆင်းကို စွဲလမ်းတာက ဥပါဒါန်၊ ပေါင်းလိုက်တော့ တဏှာ ဥပါဒါန် ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) အသံမှာလဲဒီအတိုင်းဘဲ။ အသံသဘောကိုနှစ်သက်သာယာတာကဘာလဲ (တဏှာပါဘုရား) စွဲလမ်းတာက (ဥပါဒါန်ပါဘုရား) အနံ့သဘောကို သာယာနှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်။ တဏှာ ဥပါဒါန် မဖြစ်ဘူးလား (ဖြစ်လာပါတယ်ဘုရား)

အရသာကိုသာယာနှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ကြံစည်တဲ့သဘောကို သာယာနှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ တဏှာဥပါဒါန်ဖြစ်ပုံ။ ဥပါဒါန်ကလဲ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ ဥပါဒါန်ဘယ်နှစ်မျိုးရှိတာတုံး (လေးမျိုးပါဘုရား) ဆိုစမ်းပါ၊ (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်။ တဏှာပစ္စယာ၊ တဏှာ ဟူသော အကြောင်းကြောင့် ဥပါဒါန်၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန် လေးမျိုးတို့သည်၊ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏တဲ့။

အဲဒီတော့ တဏှာဖြစ်တိုင်း ဥပါဒါန်လေးမျိုး ဖြစ်တယ်။ ဥပါဒါန်လေးမျိုး ဘယ်လိုဖြစ်သလဲဆိုတော့ အကျဉ်းချုံးပြောကြပါစို့။ ကြည့်တဲ့အခါ အဆင်းကို မစွဲလမ်းဘူးလား (စွဲလမ်းပါတယ်ဘုရား) အဆင်းက ကာမဂုဏ်ဘဲ၊ ရူပါရုံဆိုတာ ကာမဂုဏ်၊ အဲဒီရူပါရုံဆိုတဲ့ အဆင်းပေါ်မှာ သာယာစွဲလမ်းတာက ကာမုပါဒါန်။ ကာမုပါဒါန် ရမလာဘူးလား (ရလာပါတယ်ဘုရား) အဲဒီတော့ ဒီအဆင်းကိုလဲ အဆင်းလို့ မရှုဘူး။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါလို့ရှုတယ်။

မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒါ ဘာဥပါဒါန်တုံး (ဒိဋ္ဌုပါဒါန် ပါဘုရား) အယူမှားသလား၊ မှန်သလား (မှားပါတယ်ဘုရား) မှားလို့ရှိရင် အကျင့်တွေကော မဖေါက်ပြန်ဘူးလား၊ ဖေါက်ပြန်သလား (ဖေါက်ပြန်ပါတယ် ဘုရား) ဖေါက်ပြန်တာက သီလဗ္ဗတုပါဒါန်။ အကျင့်ဖေါက်ပြန်တာကဘာတဲ့လဲ (သီလဗ္ဗတုပါဒါန်ပါဘုရား)

ငါမြင်တယ်လို့ မျက်စိအကြည်ကို ငါလုပ်လိုက်ပြန်တယ်။ မျက်စိအကြည်ကို ငါမလုပ်လိုက်ဘူးလား (လုပ်လိုက်ပါတယ်ဘုရား) ငါမြင်တယ်လို့ စွဲလမ်းတာက ဘာဥပါဒါန်လဲ ( အတ္တဝါဒုပါဒါန် ပါဘုရား ) ဘယ်အချိန်မှာ ဥပါဒါန်တရား ဖြစ်တာလဲ ( မြင်တိုင်း ကြည့်တိုင်း ) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) ဥပါဒါန် ဘယ်နှစ်ပါးဖြစ်တာတုံး (လေးပါးပါဘုရား) အဲဒီ ဥပါဒါန် လေးပါးက ဘယ်သူ့ကြောင့်ဖြစ်တာတုံး (တဏှာကြောင့်ပါဘုရား) ဆိုစမ်းပါ။ (တဏှာပစ္စယာ ဥပါဒါန်)ကြားတဲ့အခါမှာလဲ အသံသဘောကိုသာယာနှစ်သက် စွဲလမ်းမှုမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အသံကို စွဲလမ်းတယ်။ စွဲလမ်းတာကဘာဥပါဒါန်တုံး(ကာမုပါဒါန်ပါဘုရား)အသံလို့မရှိဘူး။ ဆဲတယ် ဆိုတယ် ခေါက်တယ် တီးတယ် မြည်တယ် တရားဟောတယ်လို့ ထင်တာက ဘာ ဥပါဒါန်တုံး ( ဒိဋ္ဌုပါဒါန် ပါဘုရား ) အကျင့်ဖေါက်ပြန်တာက (သီလဗ္ဗတု ပါဒါန်) ငါကြားတယ်လို့ လုပ်လိုက်၊ ဘာလုပ်လိုက်တုံး (ငါကြားတယ်လို့ စွဲယူ လိုက်တာက အတ္တဝါဒုပါဒါန်)

ဘယ်ဌာနကလဲ(နားအကြည်ကပါဘုရား) ဘယ်အချိန်မှာ ဥပါဒါန်လေးမျိုး ဖြစ်တာတုံး (ကြားတိုင်း နားထောင်တိုင်း) ဘယ်သူ့ကြောင့်ဖြစ်တာတုံး(တဏှာ ကြောင့်ပါဘုရား) ရွတ်လိုက်စမ်းပါအုံး (တဏှာပစ္စယာ ဥပါဒါန်) ဖြစ်တယ်ဗျ။ အဲဒါကြောင့် တကာ တကာမတွေ အဝိဇ္ဇာမပြုတ်သမျှ ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်ကြီးဟာ အချိန်တိုင်း မလည်ဘူးလား၊ လည်သလား (လည်ပါတယ်ဘုရား) လည်နေတယ်နော်။ တကာ တကာမတွေ သတိထားလိုက်စမ်းပါ။ နှာခေါင်း ပေါက်လဲ ဒါအကျဉ်းချုပ်ပြောလိုက်တာပါဘဲ။ ဒီလောက်ပြောရင် သိပါတ ။ နှာခေါင်းကလဲ အနံ့သဘောတွေပေါ်မှာ မသာယာဘူးလား၊ သာယာသလား (သာယာပါတယ်ဘုရား) သာယာပြီး မစွဲလမ်းဘူးလား၊ စွဲလမ်းသလား (စွဲလမ်း ပါတယ်ဘုရား)

အဲဒီအနံ့ပေါ်မှာ စွဲလမ်းတာက ဘာဥပါဒါန် ( ကာမုပါဒါန်ပါဘုရား ) ဒီအနံ့ကို အနံ့လို့မရှိဘူး။ နံလိုက်တာ မွှေးလိုက်တာ ပုပ်လိုက်တာလို့ အဲဒီလိုယူ လိုက်တာက ဘာဥပါဒါန်တုံး (ဒိဋ္ဌုပါဒါန်ပါဘုရား) အကျင့်ဖေါက်ပြန်တာက ဘာတုံး (သီလဗ္ဗတုပါဒါန်ပါဘုရား) ငါနမ်းရှူတာဘဲ၊ ငါကိုယ်တိုင် နမ်းလိုက် တာ၊ ငါကိုယ်တိုင်ဘဲ အဲဒီဥစ္စာ နမ်းရှူလိုက်တယ်၊ အဲဒီလို မယူလိုက်ဘူးလား၊ ယူ

လိုက်သလား(ယူလိုက်ပါတယ်ဘုရား) အဲဒါ ဘာဥပါဒါန်တုံး(အတ္တဝါဒုပါဒါန်ပါဘုရား) ဘယ်သူ့ကြောင့်ဖြစ်တာတုံး (တဏှာကြောင့်ပါဘုရား) ဘယ်ဌာနကတုံး (နှာခေါင်းကပါဘုရား) ဘယ်အချိန်မှာတုံး (နမ်းရှုတိုင်းမှာပါဘုရား)

နမ်းရှုတိုင်းမှာ တဏှာပစ္စယာ ဥပါဒါန် မလည်ဘူးလား၊ လည်နေသလား (လည်နေပါတယ်ဘုရား) တဏှာက အကြောင်းတရား။ ဥပါဒါန်က ဘာတုံး၊ (အကျိုးတရားပါဘုရား) အကြောင်း အကျိုး ကွဲတဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) မကွဲလာဘူးလား၊ကွဲလာသလား(ကွဲလာပါတယ်ဘုရား) တကာတကာမတွေ စားတဲ့အခါ ဒီအရသာကလေး ကောင်းလိုက်တာဆိုပြီးတော့ မစွဲလမ်းဘူးလား၊ စွဲလမ်းသလား (စွဲလမ်းပါတယ်ဘုရား) လူတွေသတ္တဝါတွေပေါ်မှာ စွဲလမ်းတာလား၊ ဒီအရသာပေါ်မှာ စွဲ လမ်း တာ လား၊ ( အရသာပေါ်မှာစွဲလမ်းတာပါဘုရား ) အဲဒီအရသာပေါ်မှာ စွဲလမ်းတာက ဘာဥပါဒါန်တုံး (ကာမုပါဒါန်ပါဘုရား)

ကောင်းတယ်သွားပြီး မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား) အဲဒီထမင်းကကောင်းတယ်၊ အဲဒီထမင်းကပျော့ပျော့လေး၊ အဲဒီဟင်းကကောင်းတယ်၊ အဲဒီမုန့်က ကောင်းတယ်၊ အဲဒီလို ခင်ဗျားတို့ယူလိုက်တာက ဘာဥပါဒါန် (ဒိဋ္ဌုပါဒါန်ပါဘုရား) အ ကျင့် ဖေါက် ပြန် တာ က ဘာဥပါဒါန် (သီလဗ္ဗတုပါဒါန်ပါဘုရား) ငါစားလို့ကောင်းလိုက်တာ၊ အရသာ ငါလုပ်လိုက်တယ်။လျှာအကြည်ကိုငါလုပ်လိုက်ဘယ်။ငါမနေ့က စားလိုက်တာ ကောင်းလိုက်တာ။ ခုစားကြည့်စမ်း၊ ခုလဲ ကောင်းလိုက်တာလို့ အရသာတို့ လျှာအကြည်တို့ပေါ်မှာ ကောင်းဘယ်လို့ထင်လိုက်၊ ငါစားတယ်လို့ ငါဝါးတယ်လို့ ငါလျက်တယ်သို့ထင်လိုက်တာက ဘာဥပါဒါန်တုံး (အတ္တဝါဒုပါဒါန်ပါဘုရား) ဘယ်ဌာနကတုံး (လျှာကပါဘုရား) ဘယ်အချိန်မှာတုံး (စားတိုင်း စားတိုင်းမှာပါဘုရား) စားတိုင်း စားတိုင်း ပါဠိတော် ရွတ်လိုက်စမ်းပါ။ ဘာဖြစ်နေတာတုံး (တဏှာ ပစ္စယာ ဥပါဒါန်) တဏှာကဘာတုံး (အကြောင်းတရား) ဥပါဒါန်က (အကျိုးတရား)အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည်ဘာဉာဏ်တုံး(ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)

ဒါကြောင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက စားတဲ့အခါမှာလဲဘဲ သတိထား.ပြီးစားပါလို့ မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) ဒီလိုမှ မဟုတ်ရင် တဏှာဥပါဒါန်တွေ မဖြစ်ဘူးလား၊ ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား) တွေ့တဲ့အခါမှာလဲ အတွေ့သဘောကို သာယာစွဲလမ်းတာက ဘာဥပါဒါန်တုံး (ကာမုပါဒါန်ပါဘုရား)အဲဒီအတွေ့ကိုလဲ ပူမှုသဘော အေးမှုသဘော နူးညံ့မှုသဘော ကြမ်းမှုသဘောလို့ မသိဘူး၊ ဖျာနဲ့တွေ့တယ် ကော်ဇောနဲ့တွေ့ဘယ် အင်္ကျီ လုံချီနဲ့တွေ့တယ်လို့ ထင်တာက ဘာဥပါဒါန်တုံး

(ဒိဋ္ဌုပါဒါန်ပါဘုရား)အကျင့်ဖောက်ပြန်တာက သီလဗ္ဗတုပါဒါန်၊ အဲဒီအပေါ်မှာ ငါထိုင်တာ၊ ဒီအင်္ကျီကလေး ငါဝတ်လိုက်တာ၊ အတွေကို ငါလို့မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား)။

ကိုယ်အကြည်ကိုလဲ ငါလို့ ယူလိုက်ဘာက ဘာဥပါဒါန်(အတ္တဝါဒုပါဒါန်ပါဘုရား)ဘယ်ဌာနကလဲ(ကိုယ်အကြည်ကပါဘုရား)ဘယ်အချိန်မှာ အတ္တဝါဒုပါဒါန်ဖြစ်နေတာလဲ (တွေ့တိုင်း တွေ့တိုင်းမှာပါဘုရား) ဒေသနာတော် ရွတ်လိုက်စမ်းပါ၊ (တဏှာပစ္စယာ ဥပါဒါန်)တဏှာက အကြောင်းတရား၊ ဥပါဒါန်က ဘာတုံး (အကျိုးတရားပါဘုရား) ဘယ်ဌာနက ဖြစ်တာတုံး (ကိုယ်အကြည်ကပါဘုရား) ဘယ်အချိန်မှာ ဖြစ်နေတာတုံး (တွေ့တိုင်း တွေ့တိုင်းမှာပါဘုရား) တကာ တကာမတွေ တခါတလေ ကြံစည်တယ် စိတ်ကူးတယ်၊ မိမိစိတ်ကူးတဲ့ အာရုံလေးပေါ်မှာသာယာစွဲလမ်းတာကဘာဥပါဒါန်(ကာမုပါဒါန်ပါဘုရား) ဒါကို ခင်ဗျားတို့က ငါစိတ်ကူးတယ်၊ အဲဒီ စိတ်ကူးတဲ့ ဓမ္မာရုံပေါ်မှာ ဘာကို စိတ်ကူးနေတာဘဲ၊ ဟိုဟိုဒီဒီကိစ္စ စိတ်ကူးနေတာဘဲ ;သွားမယ်လို့ သွားဘို့ အစီအစဉ်တွေ စိတ်ကူးနေတယ် စဉ်းစားနေတယ်လို့ ယူလိုက်တာက ဘာဥပါဒါန်တုံး (ဒိဋ္ဌုပါဒါန်ပါဘုရား)။

အကျင့်ဖောက်ပြန်တာက သီလဗ္ဗတုပါဒါန် ငါစိတ်ကူးတယ်လို့ ခင်ဗျားတို့က ယူလိုက်တာက ဘာဥပါဒါန်လဲ (အတ္တဝါဒုပါဒါန်ပါဘုရား) စိတ်ကူးတိုင်း စိတ်ကူးတိုင်း ဥပါဒါန်လေးမျိုးမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) ဘယ်သူ့ကြောင့်ဖြစ်တာတုံး (တဏှာကြောင့်ပါဘုရား) ရွတ်လိုက်စမ်း (တဏှာပစ္စယာ ဥပါဒါန်) တဏှာက အကြောင်းတရား၊ ဥပါဒါန်လေးပါးက ဘာတုံး (အကျိုးတရား) အကြောင်းအကျိုးကွဲတဲ့ဉာဏ်သည် ဘာဉာဏ် (ပဋိစ္စသမုပ္ပါဒ်ဉာဏ်ပါဘုရား)။

ဘယ်ဌာနကတုံး (မနကပါဘုရား) ဘယ်အချိန်မှာလဲ(ကြံစည်တိုင်း ကြံစည်တိုင်းမှာပါဘုရား)မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် မနက တဏှာတည်းဟူသော အကြောင်းကြောင့် ဥပါဒါန်လေးမျိုး မဖြစ်ဘူးလား။ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား) ဖြစ်ပါတယ်၊ ကဲ ရှေ့သွားကြစို့ ဥပါဒါနပစ္စယာ၊ ဘာတဲ့တုံး (ဘဝေါ) ဥပါဒါနပစ္စယာ ပထမပြောခဲ့တဲ့ ဥပါဒါန်လေးပါးကြောင့် ဘဝေါကမ္မဘဝ ဥပပတ္တိဘဝသည် သမ္ဘဝတိ ဖြစ်၏၊ ဥပါဒါန်လေးပါးကြောင့်ဘာဖြစ်တုံး(ဘဝဖြစ်ပါတယ်ဘုရား)ဘဝကလဲနှစ်မျိုးရှိတယ်၊ ကမ္မဘဝ ဥပပတ္တိဘဝ ဘာတဲ့တုံး (ကမ္မဘဝ ဥပပတ္တိဘဝပါဘုရား)။

ဤနေရာမှာ ကမ္မဘဝကို ယူရမယ်၊ ဒီနေရာမှာ ဘာကိုယူရမှာလဲ၊ (ကမ္မဘဝကိုယူရမှာပါဘုရား) ကမ္မဘဝဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံသည် ကမ္မဘဝ၊

ဆိုစမ်းပါဦး (ကုသိုလ်ကံ အကုသိုလ်ကံသည် ကမ္မဘဝ) ကံတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိပါတယ် ကုသိုလ်ကံ ဖြစ်ရင်ဖြစ် ကုသိုလ်ကံမှ မဖြစ်ရင် ဘာကံတွေ ဖြစ်နေမှာတုံး (အကုသိုလ်ကံဘုရား) ဒါကြောင့် ကုသလ ကမ္မပထနဲ့ အကုသလကမ္မပထကလွဲရင် ဖြစ်တဲ့အချိန်ရှိသေးရဲ့လား(မရှိပါဘုရား) ကုသလကမ္မပထဖြစ်ရင်ဖြစ် ကုသလကမ္မပထမှ မဖြစ်ရင် အကုသလကမ္မပထ ဖြစ်တယ်၊(ကုသလာဓမ္မာ အကုသလာဓမ္မာ)လမ်းနှစ်လမ်းကိုး၊အဲဒီတော့ယခုကံတွေ ရှိခနတယ်၊ မရှိဘူးလား၊ ရှိသလား ရှိပါတယ်ဘုရား) ရှိတယ်၊ ဘာကံတွေ လဲလို့ဆိုတော့ ကုသိုလ်ကံ၊ ပြီးတော့ အကုသိုလ်ကံ၊ တနည်း ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ ဒီကမ္မက အခု ပစ္စုပ္ပန်ကံ၊ ဟိုတုံးက သင်္ခါရ က အတိတ်ကံလို့ ဒေသနာတော်က ဒီလို ခွဲခြားပြတယ်။ ဒီကမ္မက ပစ္စုပ္ပန်ကံ တွေ ကိုယ်အမူအရာနဲ့ မလုပ်ဘူးလား၊ လုပ်သလား(လုပ်ပါတယ်ဘုရား)အဲဒါက ကာယကံ၊ နှုတ်အမူအရာနဲ့ မပြောဘူးလား၊ ပြောသလား(ပြောပါတယ်ဘုရား) အဲဒါက ဘာကံတုံး (ဝစီကံပါဘုရား)စိတ်အမူအရာနဲ့ကော မပြုလုပ်ဘူးလား။ ပြုလုပ်သလား (ပြုလုပ်ပါတယ်ဘုရား) အဲဒါက ဘာကံတုံး (မနောကံပါဘုရား) ကံပြုလုပ်နေတဲ့ အချိန်တိုင်း အချိန်တိုင်း ဒီကာယကံ ဝစီကံ မနောကံဆိုတဲ့ ဒီကံ သုံးပါးနောက်က ဥပါဒါန်တွေ ပါလာရင် ဒီကံတွေ ကုသိုလ်နှင့် ရောနှောနေ တာလား၊ အကုသိုလ်နှင့် ရောနေတာလား (အကုသိုလ်နဲ့ ရောနေတာပါဘုရား) အကုသိုလ်နဲ့ ရောနေတယ်လို့ မဆိုထိုက်ဘူးလာ၊ ဆိုထိုက်သလား (ဆိုထိုက်ပါ တယ်ဘုရား)။

ဒါနလုပ်လဲ ဒါနကတော့ ကုသိုလ်၊ ဒါပေမယ့်လို့ ဥပါဒါန်လေးပါး ပါနေရင် ဒီကုသိုလ်သည် ဘာနဲ့ရောနေတုံး (အကုသိုလ်နဲ့ ရောနေပါတယ်ဘုရား) အကုသိုလ်နဲ့ရောပြီး ပြုလုပ်တဲ့ကံ ဖြစ်လေသောကြောင့် မိဿကကံတဲ့၊ ဘာကံတုံး (မိဿကကံပါဘုရား) မိဿကဆိုတာ ရောတာ၊ ကုသိုလ်ကော အကုသိုလ်ကော မရောဘူးလား၊ ရောသလား (ရောပါတယ်ဘုရား) ကုသိုလ်ကောင်းမှုတွေ မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့ အခါကျတော့ ဥပါဒါန် လေးပါးကို မဖြုတ်ဘဲနဲ့လုပ်တယ်၊ဥပါဒါန်လေးပါးက ဘာတဲ့တုံး (ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊အတ္တဝါဒုပါဒါန် ပါဘုရား) လုပ်တယ်။

ငါဆိုတဲ့ အနေနဲ့ ကုသိုလ်ကောင်းမှုလုပ်လိုက်တာ၊ အဲဒါ အတ္တဝါဒုပါဒါန်၊ ဘာဥပါဒါန်တုံး (အတ္တဝါဒု ပါဒါန်ပါဘုရား) အတ္တဝါဒုပါဒါန် ဖြစ်လာ တယ်၊ ငါပြုလုပ်တယ် ဆိုဘာက အတ္တဝါဒုပါဒါန်၊ ငါ့အနေနဲ့ ဆရာတော်တွေ ကိုလှူလိုက်တာ၊ ဘယ်ဂိုဏ်းဂဏက ဆရာတော်တွေကိုလှူလိုက်တာ၊ ဘယ်ကျောင်း တိုက်က သံဃာတော်တွေကို လှူလိုက်တာလို့ သမုတိအားဖြင့်တော့ ရှိပါတယ်၊

ပရမတ္ထနယ်မှာတော့ဖြင့် ကျောင်းတွေ သံဃာတော်တွေ ပုဂ္ဂိုလ်တွေဆိုတာ ရှိရဲ့လား (မရှိပါဘုရား) အဲဒီတော့ ကျောင်းတွေ သံဃာတော်တွေ ပုဂ္ဂိုလ်တွေ လို့ သွားယူလိုက်တာက ဘာဥပါဒါန် (ဒိဋ္ဌုပါဒါန်ပါဘုရား)။

အဲဒီ ပုဂ္ဂိုလ်တွေကိုငါလှူလိုက်တာ ဆိုတာက ဘာဥပါဒါန် (အတ္တဝါဒုပါဒါန်ပါဘုရား) အတ္တဝါဒုပါဒါန်လဲပါတယ်၊ ဒိဋ္ဌုပါဒါန်ကော မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) တကာ တကာမတွေ အဲဒီတော့ ငါလှူရင် ငါရမှာပေါ့၊ မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) ငါလှူရင် ငါရမယ်၊ ငါ့ဘဝကောင်းစားမယ်၊ နောက်ဘဝကောင်းစားရင် ဆိုတဲ့ သာယာနှစ်သက်တဲ့ စွဲလမ်းမှုကော မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) အဲဒါက ဘာဥပါဒါန်တုံး (ကာမုပါဒါန်ပါဘုရား) မပါဘူးလား။ ပါသလား (ပါပါတယ်ဘုရား) အကျင့်ဖောက်ပြန်တာက သီလဗ္ဗတုပါဒါန်။ ဥပါဒါန်လေးမျိုး ဖြစ်လာတယ်ဗျ၊ သိလို့လား မသိလို့လား (မသိလို့ပါဘုရား) မသိတာက ဘယ်သူလဲ၊ လူက မသိတာလား၊ အဝိဇ္ဇာက မသိတာလား (အဝိဇ္ဇာက မသိတာပါဘုရား)။

အဝိဇ္ဇာက မသိတော့ တဏှာမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား) တဏှာဖြစ်တော့ ဥပါဒါန်ဖြစ်တယ်၊ တဏှာပစ္စယာ ဥပါဒါန် အဲဒီတော့ ဒီဒါန ကုသိုလ် သီလကုသိုလ် သမထ ကုသိုလ်သည် ကုသိုလ်တော့ ကုသိုလ်ဘဲ ကုသိုလ် မလုပ်ဘူးလား၊ လုပ်သလား(လုပ်ပါတယ်ဘုရား) လုပ်တာကတော့ ကုသိုလ်ဘဲ၊ သို့သော် သူ့နောက်က ဘာပါလာတုံး (ဥပါဒါန်လေးပါးပါဘုရား) အဲဒီ ဥပါဒါန်လေးပါးက ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား) ကုသိုလ်နောက်က အစွဲကမပြုတ်တာက ဘာတုံး(အကုသိုလ်ပါဘုရား) ကုသိုလ်နဲ့ အကုသိုလ် မရောဘူးလား ရောသလား(ရောပါတယ်ဘုရား) ကုသိုလ် အကုသိုလ် ရောနေတော့ ယခုလုပ်နေတဲ့ ကမ္မဘဝဆိုတဲ့ ကံသည် ကမ္မဘဝဆိုတာ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ကာယကံတွေ ဝစီကံတွေ မနောကံတွေ အဲဒီ ကမ္မဘဝဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဘဝမရလာဘူးလာဘူး လား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံသည် ကုသိုလ်နဲ့ အကုသိုလ်ရောနေတော့ ကုသိုလ်ကံ အရှိန်ကြောင့် လူချမ်းသာ နတ်ချမ်းသာတွေ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ကုသိုလ် အရှိန်ကုန်လျှင် အပါယ်ဆိုးကျတယ်၊ သံသရာလည်နေတာ ဘယ်သူ့ကြောင့်တုံး (အကုသိုလ်ကြောင့်ပါဘုရား)။

ဒီနေရာ ဘယ်အကုသိုလ်တုံး (ဥပါဒါန်လေးပါးပါဘုရား)ပါဋ္ဌိဂွတ်လိုက်စမ်း ပါဦး၊ ဥပါဒါနပစ္စယာ ဘဝေါ ဥပါဒါနပစ္စယာ ဘာတုံး (ဘဝပါဘုရား)

ဘာဘာဝတုံး(ကမ္မဘာဝပါဘုရား) ကမ္မဘာဝဆိုတာ ဒီနေရာ ကုသိုလ် အကုသိုလ်၊ ကုသိုလ်နဲ့ယှဉ်တဲ့ ကာယကံ၊ အကုသိုလ်နဲ့ယှဉ်တဲ့ ကာယကကံ၊ ကုသိုလ်နဲ့ယှဉ်တဲ့ ဝစီကံ အကုသိုလ်နဲ့ယှဉ်တဲ့ ဝစီကံ၊ ကုသိုလ်နဲ့ယှဉ်တဲ့ မနောကံ အကုသိုလ်နဲ့ ယှဉ်တဲ့ မနောကံသည် ကမ္မဘာဝ ဒီကမ္မဘာဝသည် ဘယ်သူ့ကြောင့် ဖြစ်တာတုံး (ဥပါဒါန်ကြောင့်ပါဘုရား)။

တကာ တကာမတွေ့ မကြည့်ဘူးလား၊ ကြည့်သလား(ကြည့်ပါတယ်ဘုရား) ကြည့်လိုက်တယ်၊ ကြည့်လိုက်တဲ့အခါကျတော့ အဆင်းကို အဆင်းမှန်းမသိဘူး၊ ဒီအရာဝတ္ထုပေါ်မှာ မစွဲလမ်းဘူးလား၊ စွဲလမ်းသလား(စွဲလမ်းပါတယ်ဘုရား) စွဲလမ်းသာယာတာက ဘာတုံး (ကာမုပါဒါန်ပါဘုရား) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။

အဲဒီ စွဲလမ်းတဲ့အခါကျတော့ ဒီသာယာစွဲလမ်းတာ အကြောင်းပြုပြီး ကိုယ်အမူအယာ မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) အဲဒီ ကိုယ်အမူအယာ သည်ဘာပြန်ဖြစ်သွားတာတုံး(ကာယကံ)သာယာစွဲလမ်းတယ်ဆိုတော့ လောဘ မယှဉ်ဘူးလား၊ ယှဉ်သလား (ယှဉ်ပါတယ်ဘုရား) လောဘက ကုသိုလ်လား၊ အကုသိုလ်သား (အကုသိုလ်ပါဘုရား)အဲဒီအကုသိုလ်နဲ့ ယှဉ်ပြီးတော့ ကိုယ်အမူအယာမလုပ်ဘူးလား၊ လုပ်သလား(လုပ်ပါတယ်ဘုရား) ဒီအဆင်းကိုအကြောင်းပြုပြီး လျှာက မပြောဘူးလား၊ ပြောသလား (ပြောပါတယ်ဘုရား) အဆင်းကို အဆင်မှန်း မသိတော့ ဒါလေးက လှလိုက်တာ ချောလိုက်တာ ကောင်းလိုက်တာနဲ့ ခင်ဗျားတို့ ထပ်တလဲလဲ မပြောဘူးလား (ပြောပါတယ်ဘုရား) ဘာနဲ့ ယှဉ်တာလဲ (လောဘနဲ့ပါဘုရား) အရာဝတ္ထုကို ရရှိရန် မကြံစည်ဘူးလား၊ ကြံစည်သလား (ကြံစည်ပါတယ်ဘုရား) ကြံစည်တယ်၊ ရချင်တယ် လိုချင်တယ် ဆိုတာက ဘာတုံး (လောဘပါဘုရား) လောဘက ကုသိုလ်လား၊ အကုသိုလ် လား (အကုသိုလ်ပါဘုရား) အကုသိုလ်နဲ့ ကြံစည်တယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါသယ်ဘုရား)။

အဲဒီတော့ မနောကံသည် အကုသိုလ်နဲ့ မယှဉ်ဘူးလား၊ ယှဉ်သလား(ယှဉ်ပါတယ်ဘုရား)ယှဉ်တယ်၊ ဒါဘင်ဘဲလားဆိုတော့ အဆင်းကို မြင်တဲ့အခါ အဆင်းမှန်းမသိဘူး၊သိရဲ့လား(မသိပါဘုရား)လူတွေ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ အရာဝတ္ထုတွေလို့ ထင်လိုက်တော့ ဘာဥပါဒါန် ဖြစ်လာတာတုံး (ဒိဋ္ဌု-ပါဒါန်ပါဘုရား)ဖြစ်မလာဘူးလား၊ ဖြစ်လာသလား(ဖြစ်လာပါတယ်ဘုရား) ဖြစ်လာတော့ အဲဒီအတိုင်း အပြောတွေက မမှားဘူးလား၊ မှားသလား(မှားပါတယ်) အလုပ်တွေကော မှားမှာဘဲ ကြံစည်တာကော (မှားပါတယ်ဘုရား) မှားမှာပေါ့၊ အမှန်ကို မမြင်တော့ အမှားတွေကို ဖေါက်ဖေါက်ပြန်ပြန် မလုပ်ဘူးလား၊ လုပ်သလား (လုပ်ပါတယ်ဘုရား) အဲဒါ သီလဗ္ဗတုပါဒါန်။

ဘာဥပါဒါန်တုံး (သီလဗ္ဗတုပါဒါန်ဘုရား)သီလတွေ ဖောက်ပြန်သွားတယ်၊ သီလတွေ မဖောက်ပြန်ဘူးလား၊ ဖောက်ပြန်သလား(ဖောက်ပြန်ပါတယ်ဘုရား) ရုပ်နာမ် ဓမ္မကို ငါလို့ လုပ်ယူလိုက်တော့ ဘာဥပါဒါန်တုံး[အတ္တဝါဒုပါဒါန်] အဲဒီ ပါဒါန်လေးမျိုးကြောင့် ကာယကံတွေလုပ်တယ်၊ ပြီးတော့ ဝစီကံတွေ ပြီးဘော့မနောကံတွေ အဲဒီကာယကံ ဝစီကံ မနောကံသည်ဘာတုံး ကမ္မဘဝ ဘာဘဝ (ကမ္မဘဝပါဘုရား) အဲဒီ ကာယကံ ဝစီကံ မနောကံ ဆိုတဲ့ ကမ္မဘဝ သည်ဘယ်သူ့ကြောင့်ဖြစ်တာတုံး၊ ဥပါဒါန်ကြောင့်၊ဘယ်သူ့ကြောင့်(ဥပါဒါန် ကြောင့်ပါဘုရား) ရွတ်လိုက်စမ်းပါ၊ [ဥပါဒါနပစ္စယာ ဘဝေါ။]

မျက်စိပေါက်က ပြောရင် နားလဲဒီအတိုင်းပေါ့၊ ဒီအတိုင်းဆိုရင် တကာ တကာမတွေ မရှင်းသွားဘူးလား၊ ရှင်းသွားသလား (ရှင်းသွားပါတယ် ဘုရား) မျက်စိတခုက ရှင်းသွားရင် နားပေါက်ကလဲ အတူတူဘဲလို့ မဆို ထိုက်သလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် မျက်စိ ပေါက်က ကြည့်တိုင်း ကြည့်ကိုင်း မြင်တိုင်း မြင်တိုင်းမှာ ဥပါဒါန်ကြောင့် ဘာ ဖြစ်နေတာလဲ[ဘဝ] ဘာဘဝတုံး(ကမ္မဘဝပါဘုရား)ကမ္မဘဝဆိုတာ ကုသိုလ် အကုသိုလ်တွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)။

ကမ္မဘဝ ကုသိုလ် အကုသိုလ်သည် ဘယ်သူ့ကြောင့် ဖြစ်တာတုံး၊ ဥပါဒါန် ကြောင့် အဲဒီ ဥပါဒါန်က ဘယ်သူ့ကြောင့် ဖြစ်တာတုံး၊ တဏှာကြောင့် ကဲ တဏှာကြောင့် ဥပါဒါန်ဖြစ်၊ ဥပါဒါန်ကြောင့် ယခု ခင်ဗျားတို့ ကံတွေ ဖြစ်နေတယ်နော်၊ အချိန်တိုင်း အချိန်တိုင်း မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ် ပါတယ် ဘုရား) ဘယ်ဌာနက ဖြစ်နေတာတုံး (ခြောက်ဌာနကပါ ဘုရား) အဲဒီ ခြောက်ဌာနကလွဲရင် ဒီပြင် ဖြစ်စရာဌာန ရှိသေးသလား (မရှိပါဘုရား) ခြောက်ဌာနမှာဖြစ်ဘယ်၊ ဖြစ်တဲ့အချိန်မှာလဲ ခင်ဗျားတို့ မြင်တိုင်း ကြားတိုင်း ကြားတိုင်း ကြည့်တိုင်း မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဘာ တွေ ဖြစ်ဘာလဲ၊ ဥပါဒါန်ကြောင့်[ဘဝ] ရွတ်လိုက်စမ်းပါ (ဥပါဒါနပစ္စယာ ဘဝေါ) ဘာဘာတုံး (ကမ္မဘဝ) ဟော ကမ္မဘဝ ဖြစ်လာတယ်၊ ဒီကမ္မဘဝ ကြောင့် ခင်ဗျားတို့နောက်ထပ် အကျိုးမပေါ်ဘူးလား၊ ပေါ်သလား (ပေါ် ပါတယ်ဘုရား) အကျိုးပေါ်လာမယ်နော်။

အကျိုးတဆူး ခင်ဗျားတို့ပေါ်လာမယ်၊ အဲဒီ နောက်ထပ်တဖန် ဖြစ်တာက ဥပပတ္တိဘဝ ဘာဘဝ (ဥပပတ္တိပါဘုရား) ဒီကမ္မဘဝကြောင့် ဥပပတ္တိဘဝ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဥပပတ္တိဘဝဆိုတာ ရုပ်ဘုံမှာ ဖြစ်ရင် ဘာဘဝ။ (ရူပဘဝ) အဲဒါ ဘာဘဝလဲဆိုတော့ (ဥပပတ္တိဘဝပါဘုရား) မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

တကာတကာမတွေ ဒီဘဝကမှစုတေ သေလွန်သွားတဲ့အခါ ဘုံးကနဲဆို နတ်ပြည်ရောက်မယ်။ နတ်ပြည်ဖြစ်မသွားဘူးလား၊ ဖြစ်သွားသလား (ဖြစ်သွားပါတယ်ဘုရား) ဘာဘဝ (ဥပပတ္တိဘဝပါဘုရား) ဥပပတ္တိဘဝဆိုတာ အဲဒီသဘောလေးဘဲ။ ဒီဘဝက အကုသိုလ်ကံစေတနာတွေကြောင့် စုတေမနေ့ သေလွန်သွားပြီး ဘုံးကနဲဆိုရဲမှာသွားဖြစ်ရင် အဲဒါဘာဘဝ (ဥပပတ္တိဘဝ) အဲဒါဥပပတ္တိဘဝ။ ကမ္မဘဝဆိုတာက ယခုပစ္စုပ္ပန်မှာ လုပ်နေတဲ့ ကုသိုလ်ကံ အကုသိုလ်ကံသည် ဘာဘဝလဲ (ကမ္မဘဝ) ကုသိုလ်ကံ အကုသိုလ်ကံ အားလျော်စွာ နောက်ဘဝမှာ ဘုံးကနဲဖြစ်ပေါ်လာတာကဘာတုံး (ဥပပတ္တိဘဝ) အဲဒီတော့ ဥပပတ္တိဘဝက ဘဝကြီး ကိုးပါးရှိတယ်။ ဘဝကြီး ဘယ်နှစ်ပါးရှိတာတုံး ( ၉ ပါးရှိပါတယ်) ကိုးပါးက - ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ အသညီဘဝ၊ နေဝသညီ နာသညီဘဝ၊ ပဉ္စဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ဧကဝေါကာရဘဝ၊ ဘဝကြီးဘယ်နှစ်ပါး ရှိတာတုံး (ကိုးပါးရှိပါတယ်ဘုရား)

အဲဒီဘဝကြီးကိုးပါးသည် ဘာတဲ့တုံး ဥပပတ္တိဘဝ၊ ဘာဘဝ (ဥပပတ္တိဘဝပါဘုရား) ဒီနေရာမှာဘဝအရ ဘယ်ဘဝကိုယူရမှာတုံး (ကမ္မဘဝကိုယူရမှာပါဘုရား) ဥပပတ္တိဘဝ ခင်ဗျားတို့ဖြစ်ပြီးပြီလား၊ မဖြစ်သေးဘူး။ ကမ္မဘဝ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)ကမ္မဘဝဆိုတာဘာတွေတုံး (ကုသိုလ်ကံ အကုသိုလ်ကံ) မြင်တိုင်း ကြားတိုင်းမှာ ကုသိုလ်ကံ အကုသိုလ်ကံတွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါကယ်ဘုရား) အဲဒီတော့ ကုသိုလ်ကံ အကုသိုလ်ကံဖြစ်တယ်ဆိုတာ မြင်တိုင်းဖြစ်တာ။ ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်း ကုသိုလ်ကံဖြစ်ချင်ဖြစ်၊ ကုသိုလ်ကံမဖြစ်ရင် ဘာတုံး (အကုသိုလ်ကံပါဘုရား) တခုခုမဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)

ဒီကံတွေသည် ဘယ်သူ့ကြောင့်ဖြစ်တာတုံး ( ဥပါဒါန်ကြောင့်ပါဘုရား ) ဥပါဒါန်သည် ဘယ်သူ့ကြောင့် ဖြစ်တာတုံး ( တဏှာကြောင့်ပါဘုရား ) ဒီလိုအကြောင်းအကျိုးတွေ မကွဲဘူးလား၊ ကွဲသလား (ကွဲပါတယ်ဘုရား) အဲဒီတော့ ရွတ်လိုက်စမ်းပါအုံး (ဥပါဒါနပစ္စယာဘဝေါ) ဥပါဒါန်လေးပါးကအကြောင်းတရား။ ကမ္မဘဝက ယခုပစ္စုပ္ပန်မှာ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ကမ္မဘဝက အကျိုးတရားနော်။ အကြောင်းအကျိုးကွဲတဲ့ဉာဏ်က ဘာဉာဏ်၊(ပစ္စယပရိဂ္ဂဟဉာဏ်) ဘာဉာဏ်လဲ ( ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား ) ရပလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)

ကဲ-ရှေ့တဆင့်တက်လိုက်စမ်းပါ။ ဘဝပစ္စယာ၊ ဘာပဲ့တုံး (ဇာတိ) ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ ရုပ်တရား နာမ်တရား တို့ အသစ်အသစ်ဖြစ်တယ်ဆိုတဲ့ဇာတိတရားသည်။ သဉ္ဇာတိ၊ ဖြစ်တယ်။ အဲဒီတော့

ကုသိုလ် အကုသိုလ်ဆိုတဲ့ ကံအားလျော်စွာ နိဗ္ဗာန်မရမီတော့ ခင်ဗျားတို့မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ဖြစ်လာတယ်ဆိုတော့ လူ့ဘဝဖြစ်ပါတယ်ဆိုရင် လူ့ဘဝလူချမ်းသာ ဖြစ်တယ်ဆိုတာ ဘာဖြစ်မှာတုံး (ရုပ်နာမ်ပါဘုရား) နတ်ဘဝ နတ်ချမ်းသာ ဖြစ်တယ်ဆိုတာလဲ ဘာဖြစ်မှာတုံး (ရုပ်နာမ်) ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာဖြစ်တယ်ဆိုတာလဲ ဘာဖြစ်မှာတုံး (ရုပ်နာမ်) ရုပ်နာမ်နောက်ထပ်အသစ်အသစ်ဖြစ်ခြင်းသည် ဘာတုံး (ဇာတိပါဘုရား) ဟော-ဇာတိဆိုတာက တနေ့ကလဲ ပြောပါတယ်။ ခင်ဗျားတို့ ရုပ်ဇာတိ နာမ်ဇာတိ အမိဝမ်းခေါင်းထဲမှာ ပဋိသန္ဓေတည်နေတယ်၊ သံသေဒဇ ဂဗ္ဘသေယျ၊ ဒီလိုကောပြောလို့မရဘူးလား၊ ရသလား ( ရပါတယ်ဘုရား ) ရပါတယ်။ ဇလာဗုဇ္ဇလို့ ထားပါတော့။ အဲဒါတွေကတော့ စာပေနယ်မှာရှိပါတယ်။ ဘယ်လိုဘဲဖြစ်ဖြစ် ရုပ်ဓမ္မနာမ်ဓမ္မဖြစ်တာဘဲ။ ပဋိသန္ဓေနေတယ်ဆိုတာလဲ ဘာဖြစ်တာတုံး။ ရုပ်တရား နာမ်တရားဖြစ်၊ ဟုတ်တယ်မဟုတ်လား၊ ရုပ်တရား နာမ်တရားဖြစ်တာဘဲ။ သံသေဒဇဖြစ်တယ်ဆိုတာလဲ ရုပ်ဘရား နာမ်တရားဖြစ်တာဘဲ။ အဲဒီတော့ လူ့ဘဝလူချမ်းသာ၊ နတ်ဘဝနတ်ချမ်းသာ၊ ဗြဟ္မာဘဝဗြဟ္မာချမ်းသာ ဖြစ်ဘာလဲ ဘာဖြစ်တာတုံး (ရုပ်တရား နာမ်တရား) ရုပ်တရား နာမ်တရား အသစ်ဖြစ်တာသည် ဘာတုံး (ဇာတိ) ယခုလဲခင်ဗျားတို့ ဇာတိမရှိဘူးလား၊ ရှိသလား ( ရှိပါတယ်ဘုရား ) ရုပ်နာမ်တရား မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား)ဘယ်အချိန်မှာရှိတာတုံး (ကြည့်တိုင်း မြင်တိုင်း) ကြည့်တိုင်း ကြည့်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ အဆင်းရှိတာလား (အဆင်းရှိတာပါဘုရား)

အဲဒီအဆင်းသဘောဟာ ငါနဲ့လာတွေ့တာလား၊ မျက်စိအကြည်နဲ့ လာတွေ့တာလား ( မျက်စိအကြည်နဲ့လာတွေ့တာပါဘုရား ) မျက်စိအကြည်နဲ့ လာတွေ့တော့ လူပေါ်တာလား၊ စိတ်ပေါ်တာလား (စိတ်ပေါ်တာပါဘုရား) စိတ်ပေါ်တယ်။ အဆင်းကရုပ်တရား၊မျက်စိအကြည်ကကော (ရုပ်တရားပါဘုရား)အဆင်းသိတဲ့စိတ်က (နာမ်တရားပါဘုရား) ရုပ်တရား နာမ်တရား မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်(ခုမှဖြစ်)ခုမှဖြစ်တဲ့ရုပ်နာမ်။ ရုပ်နာမ်ဖြစ်ဆဲပေါ်မှာ ကုသိုလ်ကံ အကုသိုလ်ကံတွေ မဖြစ်ဘူးလား၊ ဖြစ်နေသလား ( ဖြစ်နေပါတယ်ဘုရား ) အဲဒီတော့ ရုပ်နာမ်တွေ အသစ်အသစ်ဖြစ်နေတာသည် ဘာတုံး (ဇာတိပါဘုရား)

ယခုလဲခင်ဗျားတို့ဘာရနေဘာလဲ(ဇာတိ) နောက်ထပ်လဲဇာတိချုပ်ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်တွေမလုပ်ဘဲနဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ၊ ကမ္မဘဝတွေ ဥပါဒါန်နဲ့ယှဉ်တဲ့ ကမ္မဘဝဖြစ်ရင် နောက်ထပ်ဘာရမှာတုံး (ဇာတိပါဘုရား) လူတွေဖြစ်မှာလား၊ ရုပ်နာမ်ဖြစ်မှာလား ( ရုပ်နာမ်ဖြစ်မှာပါဘုရား ) ဇာတိဆိုတာ၊ လူဖြစ်တာဇာတိလား၊ ရုပ်နာမ်ဖြစ်တာဇာတိလား (ရုပ်နာမ်ဖြစ်

တာ ဇာတိပါဘုရား) ယခုလဲ ခင်ဗျားတို့ ဇာတိမရဘူးလား၊ ရမှာလား (ရမှာပါဘုရား) ယခုလဲ ရုပ်နာမ်ရနေတယ်။ နောင်လဲ ရုပ်နာမ်ရတာက ဘယ်သူ့ကြောင့် ရုပ်နာမ်ရတာတုံး (ဘဝကြောင့်ပါဘုရား)

ဘဝဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံကြောင့်၊ ဒီကုသိုလ်ကံ အကုသိုလ်ကံက ဘာနဲ့ယှဉ်တာတုံး (ဥပါဒါန်နဲ့ယှဉ်တာပါဘုရား) အဲဒီဥပါဒါန်က ဘယ်သူနဲ့ယှဉ်တာတုံး၊ တဏှာနဲ့ဟုတ်လား။ တဏှာနဲ့ယှဉ်တာ၊ ရုပ်နာမ်အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) ရုပ်နာမ်အဖြစ်မရပ်တာ ဘာတဲ့တုံး (ဇာတိ) ရုပ်နာမ်အဖြစ်မရပ်တာ ဇာတိ။ ခုလဲဇာတိဖြစ်ဆဲ၊ နောင်လဲဇာတိဖြစ်ဦးမှာဘဲ။ ဘာပြုလို့လဲ (ဥပါဒါန်လေးပါး မပြုတ်လို့ပါဘုရား) ဥပါဒါန်လေးပါး ပြုတ်သွားလို့ရှိရင် ဇာတိဖြစ်လို့ ရသေးရဲ့လား (မရပါဘုရား) ဥပါဒါန်လေးပါး ပြုတ်သွားလိုက်တာနဲ့တပြိုင်နက် ကမ္မဘဝ ဟုတ်လား။ ယခုကမ္မဘဝမရှိဘူးလား၊ရှိသလား(ရှိပါတယ်ဘုရား) ကုသိုလ်ကံ အကုသိုလ်ကံ။ အဲဒီတော့ ကုသိုလ်ကံကော အကုသိုလ်ကံကော ထားပါတော့။ အဲဒီ ခင်ဗျားတို့လုပ်နေတဲ့ ကုသိုလ်ကံဆိုတာ အဲဒီကုသိုလ်ကံနောက်က လုပ်ခဲ့တဲ့ ဒါန သီလ သမထ ဝိပဿနာကုသိုလ်သည် ဥပါဒါန်လေးပါးနှင့် မယှဉ်ရင် ဒီကမ္မဘဝသည် ဇာတိဖြစ်လို့ ရသေးရဲ့လား (မရပါဘုရား) မရတော့ဘူး။ အဲဒီတော့ ခင်ဗျားတို့ ယခုကမ္မဘဝကို ဖြုတ်ရမှာလား၊ ဥပါဒါန်ကို ဖြုတ်ရမှာလား (ဥပါဒါန်ကိုဖြုတ်ရမှာပါဘုရား) ကမ္မဘဝကို သွားဖြုတ်လို့ ရမှာလား (မရပါဘုရား) မရဘူးဗျ။

အဲဒီ ဥပါဒါန်နဲ့ယှဉ်တဲ့ကံဖြစ်ရင် ဥပါဒါန်ကို ဖြုတ်ရမှာ ဥပါဒါန်ဖြုတ်လိုက်တာနဲ့ တပြိုင်နက် ဥပါဒါန် မယှဉ်တဲ့ကံ အဲဒီကံသည် နောက်ထပ် ရုပ်ဓမ္မ နာမ်ဓမ္မပေါ်ပါ့အုံးမလား (မပေါ်ပါဘုရား) မပေါ်ဘူး၊ ဒါကြောင့် တဏှာ တဏှာမတွေ့ဘာဘဲလုပ်လုပ် အလှူအတန်းဘဲ လုပ်လုပ် သီလ သမထ ဝိပဿနာဘဲ လုပ်လုပ် ဥပဒါန်ဖြုတ်မှ ဖြစ်မယ်ဆိုတာ ဒီနေရာ မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) ကံကို ချုပ်ရမှာလား၊ ဥပါဒါန်ကို ချုပ်ရမှာလား (ဥပါဒါန်ကို ချုပ်ရမှာပါဘုရား)။

ဘဝပစ္စယာဇာတိ၊ကမ္မဘဝပစ္စယာဇာတိ၊ကမ္မဘဝပစ္စယာ၊ကမ္မဘဝဟူသော အကြောင်းကြောင့် ဇာတိရုပ်ဓမ္မ နာမ်ဓမ္မတို့၏ ဖြစ်ခြင်းသည် သမ္ဘဝတိ ဖြစ်၏၊ ရုပ်ဓမ္မ နာမ်ဓမ္မဖြစ်တာ ဘယ်သူ့ကြောင့်တုံး၊ ကမ္မဘဝကြောင့် သို့သော် ကမ္မဘဝကို သွားပြီးတော့ ဖြုတ်လို့ရရဲ့လား (မရပါဘုရား) ကမ္မဘဝ သွားချုပ်လို့ ရရဲ့လား (မရပါဘုရား) ဘာကို ချုပ်စေရမှာတုံး (ဥပါဒါန်ပါဘုရား) အဲဒီ ဥပါဒါန်နောက်က ဘာပါတုံး(တဏှာပါဘုရား)အဲဒါ ချုပ်သွားရင် ဒီကမ္မဘဝသည် ဇာတိကို ဖြစ်စေအုံးမလား (မဖြစ်ပါဘုရား) မဖြစ်တော့ဘူး။

ယခုဘော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်တိုင်း ပြုလုပ်တိုင်း ဥပါဒါန်တရားက ကပ်ကပ်ပြီးတော့ ပါတယ်၊ မယုံဘူးလား၊ ယုံသလား (ယုံပါတယ်ဘုရား) ဥပါဒါန်တွေနဲ့ ခင်ဗျားတို့ လုပ်တယ် ငါကုသိုလ်လုပ်တယ်၊ ငါဆိုကတည်းကိုက ဥပါဒါန်မပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား) ငါလုပ်ရင် ငါရမှာပေါ့၊ ဘဝကိုရချင်တယ်ဆိုတဲ့တဏှာကောမပါဘူးလား ပါသလား(ပါပါတယ်ဘုရား) ဒါကြောင့် ဘယ်ပုဂ္ဂိုလ်ကို လှူလိုက်တာဘဲ၊ ဒိဋ္ဌုပါဒါန် အတ္တဝါဒုပါဒါန် ကာမုပါဒါန်ဆိုတဲ့ အဲဒီ ဥပါဒါန်လေးပါးနဲ့ လုပ်လိုက်တဲ့အခါကျတော့ ဒီကမ္မ ဘဝသည် အကျိုးမပေးဘူးလား၊ ပေးမှာလား (ပေးပါတယ်ဘုရား) အကျိုး ပေးရင် ကောင်းတာပေးမှာလား၊ မကောင်းတာပေးမှာလား (မကောင်းတာ ပေးမှာပါဘုရား)။

ဆင်းရဲတာ ရမှာလား၊ ချမ်းသာတာ ရမှာလား (ဆင်းရဲတာရမှာပါဘုရား) ဆင်းရဲတာက လူတွေ သတ္တဝါတွေ ရမှာလား၊ ရုပ်နာမ်ရမှာလား (ရုပ်နာမ် ရမှာပါဘုရား) ရုပ်နာမ်ရမှာဘဲ၊ မရဘူးလား ရမလား (ရမှာပါဘုရား) မဖြစ် ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ရုပ်နာမ်ဖြစ်တာ၊ ဘာတုံး (ဇာတိ ကပါဘုရား) ရှေ့ဆိုလိုက်စမ်းပါဦး၊ ဇာတိပစ္စယာ ဇရာမရဏ နှစ်ချက် ဇာတိ ဖြစ်ရင် ဘာဖြစ်မှာတုံး (ဇရာမရဏပါဘုရား) သမ္ဘဝန္တိ ဖြစ်ကုန်၏။

ဇရာနဲ့ မရဏက အပျက်၊ ဇာတိက ဘာတုံး(အဖြစ်ပါဘုရား)ဖြစ်ပျက်ဆိုတာ လူတွေ သတ္တဝါတွေက ဖြစ်ပျက်တာလား၊ ရုပ်တရားနာမ်တရားက ဖြစ်ပျက် တာလား (ရုပ်တရား နာမ်တရားက ဖြစ်ပျက်တာပါဘုရား) ဘယ်ဌာနက ဖြစ် ပျက်တာတုံး (မျက်စိကပါ) ဘယ်အချိန်မှာ ဖြစ်ပျက်တာတုံး (ဖြစ်တိုင်း မြင် တိုင်းမှာပါဘုရား) ဇာတိ ဇရာ မရဏသည် ဘာတုံး (ဖြစ်ပျက်ပါဘုရား) အဲဒီ တော့ ဇာတိပစ္စယာ ဇရာမရဏ၊ ပြီးတော့ ဘာတဲ့တုံး (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ (၅)မျိုး၊ ဘယ်နှစ်မျိုးတုံး (ငါးမျိုးပါဘုရား)။

ရုပ်တရား နာမ်တရား အသစ်အသစ်ဖြစ်နေလို့ သောကဖြစ်ရတယ်၊ ရုပ်တရား နာမ်တရားမဖြစ်ရင် ဘာတဲ့လဲ (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ရောက်သွားရင် ခင်ဗျား တို့ သောကဖြစ်စရာ လိုသေးရဲ့လား (မလိုပါဘုရား) သောက ပရိဒေဝဒက ခင်ဗျားတို့ ငိုကြွေးရတယ်။ မျက်ရေတွေ ကျရတယ်ဆိုတာ ဘယ်သူ့ကြောင့် ဖြစ်တာပါလိမ့် (ဇာတိကြောင့်ပါဘုရား) ဇာတိရဲ့ အကျိုးဆက်တွေ၊ ဘယ်သူ့ရဲ့ အကျိုးဆက်လဲ(ဇာတိရဲ့အကျိုးဆက်တွေပါဘုရား)ဇာတိရဲ့ အကျိုးဆက်ငါးပါး ဇာတိ ဇရာ မရဏ သောက သောကသည် စိုးရိမ်ဘာ၊ ပရိဒေဝက ငိုကြွေးတာ၊ ဒုက္ခ မဆင်းရဲဘူးလား၊ ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား)။

ငြိမ်ငြိမ်ကိုမနေဘူး၊ နေရသလား (မနေရပါဘုရား) အားတယ်လို့ကော ရှိရဲ့လား (မရှိပါဘုရား) ဘယ်သူ့ကြောင့်ပါလိမ့် (ဇာတိကြောင့်ပါဘုရား) ဘာ

ဇာတိပါလိမ့် (ရုပ်နာမ်ဇာတိပါဘုရား) ရုပ်နာမ်ဇာတိ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အချိန်တိုင်း အချိန်တိုင်းမှာရှိတယ်၊ ရှိတာ ဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီး ဘယ်ရောက် (ပျက်ပါတယ်ဘုရား)အဲဒီ ရုပ်ဓမ္မ နာမ်ဓမ္မတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းရှိနေလို့ ခင်ဗျားတို့ သောကတွေ ပရိဒေဝတွေ ဒုက္ခတွေ ဒေါမနဿတွေ စိတ်မချမ်းသာတာတွေ စိတ်ညစ်တာတွေ စိတ်ကောက်တာတွေ တင္ဒေွေပူပန်မှုတွေ ဘယ်သူ့ကြောင့်ဖြစ်ရတာလဲ (ဇာတိကြောင့်ပါဘုရား) ဇာတိဆိုတာ ဘယ်သူတုံး (ရုပ်နာမ်ပါဘုရား) ရုပ်နာမ်ဖြစ်နေလို့ ရုပ်နာမ်မဖြစ်ရင် ဆင်းရဲပါအုံးမလား (မဆင်းရဲပါဘုရား) မျက်ရေတွေ ကျစရာလိုသေးရဲ့လား(မလိုတော့ပါဘုရား)သောကတွေ ပူဆွေးမှုတွေ ငိုကြွေးမှုတွေ လာသေးရဲ့လား (မလာတော့ပါဘုရား)။

ခင်ဗျားတို့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်ရတာ ဘယ်သူ့ကြောင့် ဖြစ်ရတာလဲ (ဇာတိကြောင့်ပါဘုရား) ဘာဇာတိကြောင့်လဲ (ရုပ်နာမ်) အဲ ရုပ်နာမ် ဇာတိကြောင့် ရုပ်နာမ်သာ နောက်ထပ်မဖြစ်ရင်၊ ဘာတဲ့တုံး (နိဗ္ဗာန်ပါဘုရား) ခင်ဗျားတို့ နိဗ္ဗာန်ရပြီလား (မရသေးပါဘုရား) နိဗ္ဗာန်မရလို့ မဆင်းရဲဘူးလား၊ ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား) စိုးရိမ်ရတယ် ပူဆွေးရတယ် ငိုကြွေးရတယ် ဆင်းရဲရတယ် တင္ဒေွေနဲ့ ပူလောင်နေရတယ်၊ အဲဒါ ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ ဇာတိရှိနေလို့ ဇာတိသာ နောက်ထပ်မဖြစ်ရင် ဘာတဲ့တုံး (နိဗ္ဗာန်ပါဘုရား)။

ဒီဇာတိဟာလဲ ဘယ်သူ့ကြောင့် ဖြစ်ရတာလဲ (ဘဝကြောင့်ပါဘုရား) ဘာဘဝတုံး (ကမ္မဘဝပါဘုရား) ကမ္မဘဝဆိုတာ ဘာလဲ (ကုသိုလ် အကုသိုလ်ကံပါဘုရား) ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါမှာလဲ အကုသိုလ်နဲ့ မရောအောင် အရေးမကြီးဘူးလား၊ကြီးသလား(ကြီးပါတယ်ဘုရား)ကြီးပါတယ် အကုသိုလ်နဲ့ မရောနဲ့၊ ခင်ဗျားတို့ ဝိပဿနာဉာဏ်မပါရင် ရောမှာဘဲ၊ ဝိပဿနာဉာဏ်နှင့် တန်ဆာဆင်မှ ဒီအကုသိုလ်နဲ့ မရောမှာ ကုသိုလ်လုပ်တိုင်း လုပ်တိုင်း အကုသိုလ်နဲ့ ရောရောနေတာ အကုသိုလ်နဲ့ ရောနေတော့ သောကတွေ ပြန်ရနေတယ်၊ ပရိဒေဝတွေ ဒုက္ခတွေ ဒေါမနဿတွေ ဥပယာသတွေ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)ဒီသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဘာကြောင့် ရတာလဲဆိုတော့ (ဇာတိကြောင့်ပါဘုရား) ကဲ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဒုက္ခ ကၡန္ဓဿ ဒုက္ခအစုတဲ့၊ ဘာအစုလဲ (ဒုက္ခအစုပါဘုရား) ဒုက္ခ အစုတွေ။

ကောင်းတာ တကွက်မှ မပါဘူး၊ ပါရဲ့လား (မပါပါဘုရား) ဒုက္ခ ကၡန္ဓဿ သမုဒယော ဟောတိ ဒုက္ခ ကၡန္ဓဿ ဒုက္ခအစု၏ သမုဒယော ဖြစ်ခြင်းသည်၊

ဟောတိ ဖြစ်၏၊ ချမ်းသာတာတွေ ဖြစ်နေတာလား၊ ဆင်းရဲတာတွေ ဖြစ်နေတာလား (ဆင်းရဲတာတွေ ဖြစ်နေပါတယ်ဘုရား) ဘယ်ဌာနတွေကတုံး (မျက်စိ နား နှာ လျှာ ကိုယ် မနု အဲဒီဌာနတွေက ဒုက္ခအစုကြီး ဖြစ်နေတာ အဝိဇ္ဇာပစ္စယာ သင်္ခါရ မလည်ဘူးလား၊ လည်သလား (လည်ပါတယ်ဘုရား) အဲဒါက ဖြစ်တဲ့အပိုင်း။

တကာ တကာမတွေ၊ ကဲ ဒါတဖြေးဖြေးနဲ့ အသေးစိတ် ခွဲလိုက်ကြပါအုံးစို့ရဲ၊ အဝိဇ္ဇာပစ္စယာ ဘာတဲ့တုံး (သင်္ခါရပါဘုရား)ပါဠိတော်က ဒီလောက်ဘဲပြတယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရ အဝိဇ္ဇာက အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား) အကြောင်းတရား။

အဝိဇ္ဇာကို ဆိုလိုက်ခြင်းအားဖြင့် တဏှာဥပါဒါန်ပါတယ်၊ အဝိဇ္ဇာကို ဆိုလိုက်ခြင်းအားဖြင့် ဘာတုံး (တဏှာဥပါဒါန်ပါဘုရား) သင်္ခါရကို ယူလိုက်ခြင်းအားဖြင့် ကမ္မဘဝပါတယ်။

အဲဒီတော့အဝိဇ္ဇာကိုယူလိုက်တော့တဏှာနဲ့ဥပါဒါန်၊သင်္ခါရကို ယူလိုက်တော့ ဘာပါတုံး (ကံပါဘုရား) အဲဒီတော့ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံ ဘယ်နှစ်ပါးတုံး (ငါးပါးပါဘုရား) အဲဒါ အတိတ်အကြောင်းတရား ငါးပါး၊ ဘာအကြောင်းတရား ငါးပါးလဲ (အတိတ်အကြောင်းတရား ငါးပါးပါဘုရား) ပါဠိတော်ကတော့ အဝိဇ္ဇာနှင့် သင်္ခါရပြတယ်၊ အကြောင်းတရား သို့သော် အဝိဇ္ဇာကို ယူလိုက်ခြင်းအားဖြင့် တဏှာဥပါဒါန်ပါတယ်၊ သင်္ခါရကိုယူလိုက်ခြင်းအားဖြင့် ကံပါတယ်၊ မပါဘူးလား ပါသလား (ပါပါတယ်ဘုရား) အားလုံး ဘယ်နှစ်ပါးရသလဲ (ငါးပါးပါဘုရား) အဲဒီတော့ အတိတ်အကြောင်းတရား ဘယ်နှစ်ပါးတုံး(ငါးပါးပါဘုရား)ငါးပါး၊ ငါးပါးဆိုစမ်းပါ၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊နောက်ကတဏှာ၊ဥပါဒါန် ကံထည့်လိုက်၊ ဘယ်နှစ်ပါး ထည့်လိုက်တုံး (သုံးပါး) သုံးပါးထည့်လိုက်တော့ ဘယ်နှစ်ပါးရသလဲ (ငါးပါးပါဘုရား) ဆိုစမ်းပါ၊ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံ အဲဒါက အတိတ်အကြောင်းတရားငါးပါး၊အဲဒီအတိတ်အကြောင်းတရားငါးပါးကြောင့် ရှေးအတိတ်ကနေ၍၊ ဒါရှေးအတိတ်က အခု အခါမဟုတ်ဘူး၊ ရှေးအတိတ်က အဲဒီ အကြောင်းတရားငါးပါးကြောင့် ရှုချင်တဲ့စိတ်တွေ ရမလာဘူးလား၊ ရလာသလား(ရလာပါတယ်ဘုရား)ရှိုက်ချင်တဲ့စိတ်တွေကော ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒီစိတ်က ဘာတုံး (ဝိညာဏ်) ဘာရလာတုံး(ဝိညာဏ်ပါဘုရား)အဆင်းကိုသိတဲ့စိတ်ကလဲ ဝိညာဏ် အသံကိုသိတဲ့ စိတ်ကကော (ဝိညာဏ်ပါဘုရား) အနံ့သိတဲ့စိတ်က ဝိညာဏ်၊ အရသာသိတဲ့စိတ်က ဝိညာဏ်၊ အတွေ့သိတဲ့စိတ်ကကော (ဝိညာဏ်ပါဘုရား) အကြံအစည်ကို တွေးတောသိတဲ့စိတ်က (ဝိညာဏ်ပါဘုရား) ဟော ဝိညာဏ်မရ

လာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ဝိညာဏ်ခြောက်ပါး ရလာတယ်၊ ဝိညာဏ်ရရင် နာမ်ရုပ်မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) မပြောခဲ့ဘူးလား၊ ပြောခဲ့သလား (ပြောခဲ့ပါတယ်ဘုရား)။

ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အဲဒီအတိုင်း ဘယ်နှစ်ပါးတုံး (ငါးပါး) ဆိုစမ်းပါ (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)အဲဒါက အကျိုးတရား ငါးပါး၊ ဘာအကျိုးတရား (ပစ္စုပ္ပန်အကျိုးတရား ငါးပါးပါဘုရား) အတိတ်အကြောင်းတရားကငါးပါး၊ ပစ္စုပ္ပန်အကျိုးတရားက ငါးပါး၊ ဘယ်နှစ်ပါး ရလာတုံး (ဆယ်ပါးပါဘုရား)။

အဲဒီပစ္စုပ္ပန် အကျိုးတရားကြောင့် ဟိုဘက်မှာဝေဒနာ ပြီးတော့ ဘာတဲ့လဲ တဏှာဥပါဒါန် မပါဘူးလား၊ ပါသလား(ပါပါတယ်ဘုရား)တဲ့ကာ တကာမတွေ တဏှာဥပါဒါန်ကို ယူလိုက်ခြင်းအားဖြင့် ဝေဒနာ ပစ္စယာတဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ ရမလာဘူးလား၊ ရလာကလား (ရလာပါတယ်ဘုရား)။

တဏှာ ဥပါဒါန် ဘဝ အဲဒီတော့ တဏှာ ဥပါဒါန်ဘဝကို ယူလိုက်ခြင်းအားဖြင့် ဟိုရှေးအတိတ်က အဝိဇ္ဇာ သင်္ခါရ ပြန်ကောက်ခဲ့၊ အဝိဇ္ဇာသင်္ခါရ နှစ်ပါးထည့်လိုက်တော့ ဘယ်နှစ်ပါး ရလာသလဲ (ငါးပါးပါဘုရား) အဲဒါက ပစ္စုပ္ပန်အကြောင်းတရားငါးပါး၊ဘာအကြောင်းတရားငါးပါးပါလိမ့်(ပစ္စုပ္ပန်အကြောင်းတရား ငါးပါးပါဘုရား) ပစ္စုပ္ပန်အကြောင်းတရား ငါးပါးက ဆိုလိုက်စမ်းပါ၊ တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ၊ ဘယ်နှစ်ပါး ရလာသလဲ (ငါးပါးပါဘုရား) အဲဒီတော့ အတိတ်အကြောင်းတရားက ငါးပါး ပစ္စုပ္ပန်အကျိုးတရားငါးပါး ပစ္စုပ္ပန်အကြောင်းတရားက ငါးပါး ပစ္စုပ္ပန်အကြောင်းတရားက ဘယ်နှစ်ပါးတုံး (ငါးပါးပါဘုရား) အဲဒီတော့ ဘယ်နှစ်ပါးရလာတုံး (၁၅ ပါးပါဘုရား) ဆဲ့ငါးပါးရလာတယ်။

အနာဂတ်မှာ ဘာရှိတုံး (ဇာတိ ဇရာ မရဏ) ဘာရှိတုံး (ဇာတိ ဇရာ မရဏပါဘုရား) ဇာတိ ဇရာ မရဏဆိုတာ ဖြစ်တာ ပျက်တာနော်၊ ဇာတိ ဇရာ မရဏဆိုတာ ဇာတိက (အဖြစ်) ဇရာ မရဏက ဘာတုံး (အပျက်) အဲဒီတော့ ဇာတိ ဇရာ မရဏ ကို ပြော လိုက် ခြင်း အား ဖြင့် ဘယ် သူ တွေ ဖြစ် လို့ ဘယ်သူတွေပျက်တာလဲဆိုတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿဝေဒနာ ဒါတဲ့ ပြန်ရတယ်၊ ဇာတိ ဇရာ မရဏကို ပြောလိုက်ခြင်းအားဖြင့် ဘာတွေ ပြန်ရလာမလဲ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အဲဒါ အနာဂတ်အကျိုးတရားငါးပါး၊ အနာဂတ်အကျိုးတရား ဘယ်နှစ်ပါးတုံ (ငါးပါးပါဘုရား) အတိတ်အကြောင်းတရားက ငါးပါး ပစ္စုပ္ပန် အကျိုးတရားက ငါးပါး၊ ပစ္စုပ္ပန်

အကြောင်းတရားက ငါးပါး အနာဂတ်အကျိုးတရားက ငါးပါး၊ ငါးလေးလီ ဘယ်လောက်တုံး (နှစ်ဆယ်ပါဘုရား) အဲဒါ အခြင်းအရာ (၂၀)ဖြစ်တာဘဲ။

အဲဒီတော့ အစွန့်ကသုံးပါး၊ အစွန့် ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) အစွန့်ဆိုတာ ကာလ၊ ကာလဆိုတာ အတိတ်အနာဂတ် ပစ္စုပ္ပန် အဲဒါက အစွန့်လို့ ခေါ်တယ်၊ ဘာလို့ ခေါ်တုံး (အစွန့်ခေါ်ပါတယ်ဘုရား)။

နောက် အလွှာကလေးလွှာ၊ အလွှာက ဘယ်လောက်တုံး (လေးလွှာပါဘုရား) အလွှာ လေးလွှာက တကာ တကာမတွေ လွယ်လွယ်ဘဲ ပြောလိုက်ကြအုံးစို့၊ အဝိဇ္ဇာသင်္ခါရက တလွှာ၊ ဘာတဲ့တုံး (အဝိဇ္ဇာ သင်္ခါရက တလွှာပါဘုရား) အဲဒါက အတိတ်တလွှာ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ အဲဒီအထိက ဘာတုံး (တလွှာ) ဘယ်နှစ်လွှာ ရလာတုံး (နှစ်လွှာပါဘုရား) ဟိုဘက် ဘာကျန်သေးတုံး။ တဏှာ ဥပါဒါန်ဘဝက တလွှာ ဘယ်နှစ်လွှာရလာတုံး (သုံးလွှာပါဘုရား)ဇာတိ ဇရာ မရဏက တလွှာ၊ အလွှာ ဘယ်နှစ်လွှာရလာတုံး (လေးလွှာပါဘုရား)။

အဲဒီ အခြင်းအရာက နှစ်ဆယ်၊ အလွှာက လေးလွှာနော်၊ ပြီးတော့ ဘာတုံး (အစွန့်ကသုံးပါး ကာလက သုံးစွန့် အစပ်ကသုံးစပ်) အစပ်က ဘယ်နှစ်စပ်တုံး (သုံးစပ်ပါဘုရား) သုံးစပ်က သင်္ခါရနဲ့ ဝိညာဉ်က တစပ်၊ ဘာနဲ့ဘာက တစပ်တုံး (သင်္ခါရနှင့် ဝိညာဏ်က တစပ်ပါဘုရား) ဝေဒနာနှင့် တဏှာက တစပ်၊ ပြီးတော့ ဘဝနှင့် ဇာတိကတစပ်၊ ဘယ်နှစ်စပ်တုံး (သုံးစပ်ပါဘုရား) သုံးစပ်က ဆိုစမ်းပါ (သင်္ခါရနှင့် ဝိညာဏ်ကတစပ် ဝေဒနာနှင့် တဏှာကတစပ် ဘဝနှင့် ဇာတိကတစပ်) စပ်တယ်ဆိုတာ တဏှာကစပ်တာ၊ အစပ်ဘယ်နှစ်စပ်တုံး(သုံးစပ်ပါဘုရား)။

အခြင်းအရာက နှစ်ဆယ် အလွှာက လေးလွှာ အစွန့်ကသုံးပါး အစပ်က သုံးစပ် မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ပါတယ်ဘုရား)ပြီးတော့ တကာ တကာမတွေ အင်္ဂါက ၁၂ပါး အင်္ဂါက ဘယ်နှစ်ပါးတုံး (တဆဲ့နှစ်ပါးပါဘုရား) တဆဲ့နှစ်ပါးကို အရှိအတိုင်းရေတွက်လိုက်၊ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ပေါင်းလိုက်တော့ ဘယ်လောက်တုံး (၁၂ပါး) အဲဒါက ဘာတုံး (အင်္ဂါတဆဲ့နှစ်ပါး) ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ဘယ်နှစ်ပါးရှိတုံး (တဆဲ့နှစ်ပါးပါဘုရား) မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)။

အဲဒါပဋိစ္စဒေသနာတော်ကြီး ကုန်မသွားဘူးလား၊ ကုန်သွားသလား (ကုန်သွားပါတယ်ဘုရား) အဲဒါ ပဋိစ္စဒေသနာတော်အကုန်ဘဲ၊ တကာ တကာမတွေ ဒါအကျဉ်းချုံးလိုက်ဘာ ဒါအဖြစ်ကို ပြတာ၊ အဲဒီတော့ အချုပ်ကို ပြကြပါဆို

တော့၊ အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော မရလာဘူးလား။ ရလာသလား (ရလာပါတယ် ဘုရား) သင်္ခါရနိရောဓာ ဝိညာဏနိရောဓော အဖြစ်ကိုပြပြီး အချုပ်ကို ပြကြစို့။

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓါ၊ သင်္ခါရနိရောဓေါ၊ အဝိဇ္ဇာချုပ်ရင် ဘာချုပ်မလဲ (သင်္ခါရချုပ်မယ်၊ သင်္ခါရချုပ်ရင် ဝိညာဏ်ချုပ်မယ်) အဲဒီတော့ ဘာချုပ်ဘို့အရေးကြီးတာလဲ (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာချုပ်ဘို့ အရေးကြီးပါတယ်၊အဝိဇ္ဇာချုပ်ရင် တကာတကာမတွေ သင်္ခါရလဲချုပ်ပါတယ်။ အဝိဇ္ဇာဆိုတာက သစ္စာလေးပါးကိုမသိတာ၊ ဘာတဲ့တုံး (အဝိဇ္ဇာပါဘုရား) သစ္စာလေးပါး တရားကိုသိလိုက်ရင်ဘာတုံး (ဝိဇ္ဇာပါဘုရား) အဲဒီတော့ တကာတကာမတွေ သစ္စာလေးပါးမသိဘဲနဲ့ ကြည့်တိုင်း မြင်တိုင်း ကြားတိုင်းမှာ သစ္စာလေးပါးတရားကို မသိဘဲနှင့် ရုပ်တရား နာမ်တရားမသိရင် သစ္စာလေးပါးသိပါ့မလား (မသိပါဘုရား) ရုပ်တရား နာမ်တရား၊ ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ ဓါတ်တဆယ့်ရှစ်ပါး၊ သစ္စာလေးပါးတရားကို မသိတာဘာတုံး (အဝိဇ္ဇာပါဘုရား) ရုပ်တရား နာမ်တရား၊ ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ ဓါတ်တဆယ့်ရှစ်ပါး၊ သစ္စာလေးပါးတရားသိရင် ဘာတုံး (ဝိဇ္ဇာပါဘုရား)

ယခု ရုပ်နာမ်နှစ်ပါး မကွဲဘူးလား၊ကွဲခဲ့သလား(ကွဲခဲ့ပါတယ်ဘုရား)သိသွားပြီ။ ခန္ဓာငါးပါးကော ကွဲသွားပြီဆိုတော့ အာယတန တဆယ့်နှစ်ပါးလဲ ကွဲခဲ့ပြီ။ ဓါတ်တဆယ့်ရှစ်ပါးလဲ ကွဲခဲ့ပြီ။ သစ္စာလေးပါး ဆက်ကြပါစို့။ သစ္စာလေးပါးသိရင် ဘာလဲ (ဝိဇ္ဇာပါဘုရား) သစ္စာလေးပါးမသိတာက (အဝိဇ္ဇာ)

ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေအညာဏံ၊ ဒုက္ခနိရောဓေအညာဏံ၊
ဒုက္ခနိရောဓ၊ ဂါမိနိပဋိပဒါအညာဏံ၊ အယဝုစ္စတိအဝိဇ္ဇာ။

ပါဠိတော်က ဒုက္ခေ၊ ဒုက္ခကို။ အညာဏံ၊ မသိခြင်းသည်။ ဒုက္ခသမုဒယေ၊ ဒုက္ခဖြစ်ကြောင်းကို။ အညာဏံ၊ မသိခြင်းသည်။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာကို။ အညာဏံ၊ မသိခြင်းသည်။ ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ၊ ဒုက္ခ၏ ချုပ် ကြောင်း ကျင့်ဝတ်ပဋိပတ် အကျင့်မြတ်ကို၊ အညာဏံ၊ မသိခြင်းသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ။

သစ္စာလေးပါးတရားကို မသိတာဘာလဲ (အဝိဇ္ဇာပါဘုရား) သစ္စာလေးပါတရားသိရင်ဘာတုံး (ဝိဇ္ဇာပါဘုရား) လောကီဝိဇ္ဇာလား၊ လောကုတ္တရာဝိဇ္ဇာလား (လောကုတ္တရာဝိဇ္ဇာပါဘုရား) အဲဒီတော့ သစ္စာလေးပါးသိဘို့အရေးမကြီးဘူးလား၊ ကြီးသလား (ကြီးပါတယ်ဘုရား) သစ္စာလေးပါး ဘယ်ဌာနတွေမှာသိရမှာလဲ (မျက်စိ နား နှာခေါင်း လျှာ ကိုယ် မန) အဲဒီတော့ မျက်စိကလာပြောကြပါစို့။

တကာတကာမတွေ ကြည့်လိုက်တဲ့အခါ လူပေါ်တာလား၊ အဆင်းပေါ်တာလား ( အဆင်းပေါ်တာပါဘုရား ) အဆင်းပေါ်တာနော်။ လူ ရှိတာ လား၊ အဆင်းရှိတာလား (အဆင်းရှိတာပါဘုရား) အဆင်းက ဝါနဲ့လာတွေ့တာလား၊ မျက်စိအကြည်နဲ့ လာတွေ့တာလား ( မျက်စိအကြည်နဲ့ လာတွေ့တာပါဘုရား ) သစ္စာလေးပါးသိချင်ရင် ရုပ်နာမ်မသိဘဲနဲ့ သစ္စာလေးပါး သိကိုမသိဘူး။ သိပါ့မလား (မသိပါဘုရား) အဆင်းနဲ့လူနဲ့လာတွေ့တာလား၊ မျက်စိအကြည်နဲ့လာတွေ့တာလား(မျက်စိအကြည်နဲ့လာတွေ့တာပါဘုရား) မျက်စိအကြည်နဲ့လာတွေ့တော့ လူပေါ်တာလား၊ စိတ်ပေါ်တာလား (စိတ်ပေါ်တာပါဘုရား) စိတ်ပေါ်တယ်။ အဆင်းသဘော မျက်စိအကြည်သဘောက ရုပ်တရား၊ အဆင်းသိတဲ့စိတ်က ဘာတုံး (နာမ်တရားပါဘုရား) ရုပ်တရား နာမ်တရား မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာ ရှိနေတာတုံး (ကြည့်တိုင်း မြင်တိုင်း) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်) ခုမှဖြစ်တဲ့တဲ့ ရုပ်နာမ် ခုမှဖြစ်တဲ့ရုပ်နာမ်။ ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား)

မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) ပျက်ရင် ကုန်ပါတော့လား။ နောက်ထပ် မဖြစ်ဘူးလား၊ ဖြစ် သ လား (ဖြစ်ပါတယ်ဘုရား) ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား၊ ဒုက္ခလား (ဒုက္ခပါဘုရား) မဖြစ်နဲ့ မပျက်နဲ့လို့ တားရရဲ့လား (မရပါဘုရား) အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား) အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာဉာဏ် မဆိုက်လာဘူးလား၊ဆိုက်လာသလား(ဆိုက်လာပါတယ်ဘုရား) ဆိုက်လာပြီ။

လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေ အနိစ္စ ဒုက္ခ အနတ္တလား၊ ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တလား ( ရုပ် နာမ် အနိစ္စ ဒုက္ခ အနတ္တ ပါဘုရား ) ရုပ်တရား နာမ်တရား အသစ်အသစ်ဖြစ်နေတာ မဆင်းရဲဘူးလား၊ ဆင်းရဲသလား၊ (ဆင်းရဲပါတယ်ဘုရား) ဖြစ်တာလဲဆင်းရဲရင် ပျက်တာကော မဆင်းရဲဘူးလား၊ ဆင်းရဲသလား (ဆင်းရဲပါတယ်ဘုရား) ဖြစ်လာလိုက်ရင် အပျက်ကနှိပ်စက်လိုက်၊ အဖြစ်ကနှိပ်စက်လိုက်၊ အပျက်ကနှိပ်စက်လိုက်။ လူတွေ သတ္တဝါတွေ ပေါ်မှာ နှိပ်စက်တာလား၊ ရုပ်နာမ်ပေါ်မှာ နှိပ်စက်တာလား (ရုပ်နာမ်ပေါ်မှာ နှိပ်စက်နေတာပါဘုရား) ရုပ်နာမ်ပေါ်မှာ နှိပ်စက်နေတာ။ ဘယ်အချိန်တွေမှာ နှိပ်စက်နေတာတုံး ( ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား ) မနှိပ်စက်ဘူးလား၊ နှိပ်စက်သလား (နှိပ်စက်ပါတယ်ဘုရား)

အနှိပ်စက်မခံရဘူးလား၊ ခံရသလား ( ခံရပါတယ်ဘုရား ) ဖြစ်ခြင်းက နှိပ်စက်လိုက်။ ပြီးတော့ဘာတုံး(ပျက်ခြင်းကနှိပ်စက်လိုက်)နှိပ်စက်နေပါကလား၊ နိဗ္ဗာန်မရသမျှကာလပတ်လုံး အနှိပ်စက်ခံနေရပါကလား။ မခံရဘူးလား၊ ခံရ

သလား (ခံရပါတယ်ဘုရား) ဟိုတုံးကလဲအနှိပ်စက်ခံခဲ့ရတယ်။ ယခုလဲ အနှိပ်စက် ခံဆဲ၊ နောင်လဲ နိဗ္ဗာန်မရဘူးဆိုရင် အနှိပ်စက် ခံရဦးမှာပါကလား။ မခံရဘူး လား၊ ခံရသလား (ခံရမှာပါဘုရား) မဆင်းရဲဘူးလား၊ ဆင်းရဲသလား (ဆင်းရဲ ပါတယ်ဘုရား) မျက်မြင်ဆင်းရဲလား၊ ဉာဏ်မြင်ဆင်းရဲလား (ဉာဏ်မြင်ဆင်းရဲ ပါဘုရား) ဉာဏ်မြင်ဆင်းရဲနော်။ ငါမြင်ဆင်းရဲတာမဟုတ်ဘူး။ ဉာဏ်မြင်ဆင်းရဲ ကိုမြင်ရမယ်။

ရုပ်ဓမ္မ နာမ်ဓမ္မတွေ ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်နေတာ။ နိဗ္ဗာန်မရအောင် ဖြစ်ခြင်း ပျက်ခြင်းဖြင့် မနှိပ်စက်ဘူးလား၊ နှိပ် စက် သ လား (နှိပ်စက်ပါတယ် ဘုရား) မြင်တိုင်းမြင်တိုင်းရုပ်တရား နာမ်တရားတို့သည် ဖြစ်ပျက်ဖြစ်ပျက်နဲ့ ကပ် ကပ်ပြီး နှိပ်စက်ညှင်းဆဲနေတာ အမှန်လို့ အဲဒီလိုမသိဘူးလား၊ သိသလား (သိပါ တယ်ဘုရား) အဲဒီသိတဲ့ဉာဏ်သည် ဘာသစ္စာ ( ဒုက္ခသစ္စာပါဘုရား )ရုပ်တရား နာမ်တရားတို့သည် ဖြစ်ပျက်ဖြစ်ပျက်နဲ့ ကပ်ကပ်ပြီးတော့ နှိပ်စက်ညှင်းဆဲနေတာ အမှန်လို့ ဉာဏ်ထဲမှာထင်ရှားနေခြင်းသည် ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာမတွေ့ဘူးလား၊ တွေ့သလား (တွေ့လာပါတယ်ဘုရား)

ဆင်းရဲတာအမှန်လို့ မမြင်ဘူးလား၊ မြင်သလား ( မြင်လာပါတယ်ဘုရား ) ဆင်းရဲတာအမှန်လို့မြင်လိုက်တာ ဒုက္ခသစ္စာ။ တကာတကာမတွေ့ ဓမ္မစက္က ပဝတ္တန သုတ်အရပြောမယ်ဆိုရင် သစ္စာဉာဏ်။ ဘာဉာဏ်နဲ့သိလိုက်တာတုံး (သစ္စာဉာဏ် ပါဘုရား) ဒုက္ခသစ္စာကို သစ္စဉာဏ်နဲ့သိလိုက်တယ်။ မြင်တိုင်းမြင်တိုင်း ပြီးတော့ ဘာလဲ (ကြားတိုင်း နမ်းရှူတိုင်း စားတိုင်း တွေ့တိုင်း ကြံစည်တိုင်းမှာ)မျက်စိက ရှုတတ်ရင် အကုန်မရှုတတ်ဘူးလား (ရှုတတ်ပါတယ်ဘုရား) ကြည့်တိုင်း မြင် တိုင်း စသည်တို့မှာ ရုပ်တရား နာမ်တရားတို့သည် ဖြစ်ပျက်ဖြစ်ပျက်နဲ့ ကပ်ကပ်ပြီး နှိပ်စက်ညှင်းဆဲနေတာ အမှန်လို့မြင်တဲ့ဉာဏ်သည်ဘာဉာဏ်[သစ္စဉာဏ်ပါဘုရား] ဘယ်သစ္စာပေါ်မှာမြင်တာတုံး (ဒုက္ခသစ္စာပေါ်မှာမြင်တာပါဘုရား)

ရုပ်တရားနာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကိုသာ အဖန်ဖန်ရှုရမယ်။ ဖြစ်ရင် ပျက်ရင် ဆင်းရဲမှာလား၊ ချမ်းသာမှာလား ( ဆင်းရဲမှာပါဘုရား ) တကြိမ်ထဲ ရှုရမှာလား၊ အကြိမ်ကြိမ်ရှုရမှာလား ( အကြိမ်ကြိမ် ရှုရမှာပါဘုရား ) အဲဒီလို အကြိမ်ကြိမ်ရှုရမည့် ပြုဘွယ်ကိစ္စတွေ မရှိဘူးလား၊ ရှိသလား (ပြုဘွယ်ကိစ္စ ရှိပါ တယ်ဘုရား)

အဲဒီလိုပြုဘွယ်ကိစ္စတွေ ပြုပြုနေတော့ ဝိပဿနာဉာဏ်တွေ တက်လာတယ်၊ ပြု ဘွယ်ကိစ္စတွေကိုအခါခါပြုလုပ်လို့ သိလာတဲ့ဉာဏ်သည် ကိစ္စဉာဏ်၊ပြုဘွယ်ကိစ္စကို သိတဲ့ဉာဏ်သည် ဘာဉာဏ် (ကိစ္စဉာဏ်ပါဘုရား) သစ္စဉာဏ် ကိစ္စဉာဏ်။

ဒါကြောင့် သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်၊ ဒုက္ခသစ္စာပေါ်မှာ ဉာဏ်သုံးဉာဏ် ထွက်မလာဘူးလား၊ ထွက်လာသလား (ထွက်လာပါတယ် ဘုရား) အမှန်မြင်လား၊ အမှားမြင်လား (အမှန်မြင်ပါဘုရား) ရုပ်နာမ်ပေါ်မှာလား၊ လူတွေ သတ္တဝါတွေပေါ်မှာလား (ရုပ်နာမ်ပေါ်မှာပါဘုရား) ဘယ်အချိန်မှာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား) မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ကြည့်တိုင်း မြင်တိုင်းမှာ ပထမပြောခဲ့တဲ့အတိုင်း အဆင်းသဘော မျက်စိအကြည်သဘောက ဘာတရား (ရုပ်တရားပါဘုရား) အဆင်းသိတဲ့စိတ်က (နာမ်တရားပါဘုရား) ရုပ်တရား နာမ်တရား မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် ခုမှဖြစ်၊ ခုမှဖြစ်တဲ့ ရုပ်နာမ် ဖြစ်ပြီး ဘယ်ရောက် (ပျက်ပါတယ်ဘုရား)။

ခင်ဗျားတို့ အဖြစ်ကနှိပ်စက်လိုက် အပျက်ကနှိပ်စက်လိုက်၊ နှိပ်စက်တာအမှန်၊ နှိပ်စက်ရင်း ဆင်းရဲတာလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာ အမှန်ဘဲလား (အမှန်ပါဘုရား) ဆင်းရဲတာ အမှန်လို့သိတဲ့ဉာဏ်သည် ဘာဉာဏ် (သစ္စဉာဏ်ပါဘုရား) ပြုဘွယ်ကိစ္စကို ပြုပြုနေတာက (ကိစ္စဉာဏ်ပါဘုရား) ပြုဘွယ်ကိစ္စတွေ ပြုပြီးပြီဟု သိတဲ့ဉာဏ်သည် ကတဉာဏ်၊ ဘာဉာဏ် (ကတဉာဏ်ပါဘုရား)။

အဲဒီတော့ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် သိလိုက်တာနဲ့ တပြိုင်နက် အဝိဇ္ဇာလာသေးရဲ့လား(မလာပါဘုရား) ဘာချုပ်သွားလို့လဲ (အဝိဇ္ဇာဉာဏ်ပါဘုရား)။

ဒုက္ခေ ဉာဏံ အယံ ဝုစ္စတိ ဝိဇ္ဇာ ပါဠိတော်စကား ဒုက္ခေ ဒုက္ခကို။ ဉာဏံ သိခြင်းသည် လူတွေ သတ္တဝါတွေက သိတာလား၊ ဉာဏ်ကသိတာလား (ဉာဏ်က သိတာပါဘုရား) ဘာဉာဏ်ပါလိမ့်။ သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ဒုက္ခေ၊ ဒုက္ခကို။ ဉာဏံ၊ သိခြင်းသည်၊ ဝိဇ္ဇာ၊ ဝိဇ္ဇာဟူ၍။ ဉစ္စတိ၊ ဆိုအပ်၏။ ဒုက္ခကို မသိတာ ဘာတုံး (အဝိဇ္ဇာပါဘုရား) ဒုက္ခကို သိတာက (ဝိဇ္ဇာပါဘုရား) ယခု ခင်ဗျားတို့ အဝိဇ္ဇာချုပ်မသွားဘူးလား၊ ချုပ်သွားသလား (ချုပ်သွားပါတယ်ဘုရား) ဘာဉာဏ်ပေါ်လာတုံး (ဝိဇ္ဇာဉာဏ်ပေါ်လာပါတယ်ဘုရား)။

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော အဝိဇ္ဇာ ချုပ်လိုက်တာနဲ့ တပြိုင်နက် ဘာချုပ်တုံး (သင်္ခါရချုပ်ပါတယ်ဘုရား) ပြောနေစရာလိုသေးရဲ့လား (မလိုတော့ပါဘုရား) သင်္ခါရချုပ်ရင် ဝိညာဏ်ချုပ်၊ ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်၊ နာမ်ရုပ်ချုပ်ရင် သဠာယတနချုပ် အဲဒီလို ပြောစရာမလိုတော့ဘူး၊ အဝိဇ္ဇာဆိုတဲ့ ခေါင်းဆောင် အဝိဇ္ဇာဆိုတဲ့ ဉဒ္ဓ ကို ဉာဏ်နဲ့ ရိုက်ခွဲလိုက်တာနဲ့ တပြိုင်နက် နောက်ထပ် သင်္ခါရတွေ ဖြစ်အုံးမလား (မဖြစ်ပါ

ဘုရား) မဖြစ်တော့ဘူး၊ ရထားကြီးဟာ ခေါင်းတွဲကြီး ဖျက်ဆီးလိုက်တော့ ဒီရထားဟာ သွားလို့ရသေးရဲ့လား (မရပါဘုရား) ပြေးလို့ရသေးရဲ့လား (မရပါဘုရား) သံသရာပြေးနေတယ်ဆိုတာ ခေါင်းတွဲက ဘယ်သူတုံး (အဝိဇ္ဇာပါဘုရား) ယခုခေါင်းတွဲကို ဉာဏ်နဲ့ ထိုးခွဲလိုက်တော့ အဝိဇ္ဇာ လာသေးရဲ့လား (မလာပါဘုရား) အဝိဇ္ဇာ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)။

အဝိဇ္ဇာချုပ်တော့ ဘာချုပ်တုံး (သင်္ခါရချုပ်ပါတယ်ဘုရား) ကဲ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ခင်ဗျားတို့ အဝိဇ္ဇာချုပ်လိုက်တာနဲ့ တပြိုင်နက် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် ချုပ်မသွားဘူးလား၊ ချုပ်သွားသလား (ချုပ်သွားပါတယ်ဘုရား) ဘယ်ဌာနကချုပ်သွားတာတုံး (မျက်စိကပါဘုရား)ဘယ်အချိန်မှာ ချုပ်ရမှာတုံး (ကြည့်တိုင်း မြင်တိုင်းမှာပါဘုရား)။

ကြည့်တိုင်း မြင်တိုင်းမှာ ဒုက္ခသစ္စာ ပိုင်းခြားသိလိုက်တာနဲ့ တပြိုင်နက် အဝိဇ္ဇာချုပ်၊ အဝိဇ္ဇာချုပ်ရင် ပဋိစ္စသမုပ္ပါဒ်ချုပ်တော့တာဘဲ၊ အဝိဇ္ဇာချုပ်လိုက်တာနဲ့ တပြိုင်နက် တဏှာလဲ ချုပ်တော့တာဘဲ။ ရုပ်တရား နာမ်တရားကို ဒုက္ခသစ္စာပိုင်းခြားသိလိုက်တာနဲ့တပြိုင်နက် အဝိဇ္ဇာချုပ်တော့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး ချုပ်တော့တာဘဲ၊ ဖြစ်ချုပ်ဘဲ ရှိတာမဟုတ်လား၊ ခုဖြစ်တာကို မပြခဲ့ဘူးလား၊ ပြခဲ့သလား (ပြခဲ့ပါတယ်ဘုရား) ယခု ဘာပြတာတုံး (အချုပ်ပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ မြင်တိုင်းမှာ ရုပ်တရား နာမ်တရားတို့သည် အစဉ်မပြတ် မြစ်ရေစီးနေသလို ဖြစ်ခြင်း ပျက်ခြင်းနဲ့ ကပ်၍ ကပ်၍ နှိပ်စက်ညှင်းဆဲနေတာ အမှန်ဘဲလို့ မသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) အဲဒီလိုသိတာ ဘာသစ္စာတဲ့တုံး (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ပိုင်းခြားပြီးသိလိုက်တာနဲ့တပြိုက်နက် ရုပ်တရား နာမ်တရား နောက်ထပ် ဖြစ်ချင်သေးရဲ့လား (မဖြစ်ချင်ပါဘုရား) ဖြစ်ချင်တယ် လိုချင်တယ်ဆိုတာ လူက ဖြစ်ချင်တာလား၊ တဏှာကဖြစ်ချင်တာလား (တဏှာကဖြစ်ချင်တာပါဘုရား) တဏှာလာသေးရဲ့လား (မလာတော့ပါဘုရား) တဏှာဘာဖြစ်လို့ မလာသလဲဆိုတော့ အဝိဇ္ဇာချုပ်လို့၊ ဘာချုပ်လို့တုံး (အဝိဇ္ဇာချုပ်လို့ပါဘုရား)။

ဆင်းရဲတာ အမှန်လို့ သိသွားတာက ဝိဇ္ဇာ၊ ဆင်းရဲတာ အမှန်လို့ သိလိုက်တာနဲ့တပြိုင်နက် အဝိဇ္ဇာချုပ်တယ်၊ အဝိဇ္ဇာချုပ်လိုက်တာနဲ့တပြိုင်နက် ဒီဆင်းရဲတာလိုချင် ရချင်သေးရဲ့လား (မလိုချင် မရချင်ပါဘုရား) မလိုချင် မရချင်တော့ တဏှာမချုပ်ဘူးလား၊ ချုပ်သလား (ချုပ်ပါတယ်ဘုရား) အဝိဇ္ဇာချုပ်ရင် (တဏှာချုပ်ပါတယ်ဘုရား) တဏှာသည် အကြောင်းတရားလား အကျိုးတရားလား (အကြောင်းတရားပါဘုရား) အကြောင်း၊ သမုဒယသစ္စာ မပယ်ဘူး

လား၊ ပယ်သလား(ပယ်ပါတယ်ဘုရား) ဘာကိုပိုင်းခြားသိလို့တုံး (ဒုက္ခသစ္စာ) ပိုင်းခြားသိလိုက်တာနဲ့ တပြိုင်နက် သမုဒယသစ္စာပယ်တယ်။

သမုဒယသစ္စာပယ်တယ်ဆိုတာ လောဘဖြစ်ခွင့်မရတော့ဘူးလို့ ပြောတာ၊ လောဘ ဒီနေရာမှာ မဖြစ်ဘဲနဲ့ ချုပ်တယ်၊ ဘယ်လိုချုပ်တာတုံး (မဖြစ်ဘဲ ချုပ်တာပါဘုရား) ဖြစ်ချုပ်လား မဖြစ်ဘဲနဲ့ ချုပ်တာလား (မဖြစ်ဘဲ ချုပ်တာပါဘုရား) ဘာဖြစ်လို့ မဖြစ်ဘဲချုပ်တာတုံး (ဒုက္ခသစ္စာလို့ သိလို့) ဒုက္ခသစ္စာကို ဘယ်ဉာဏ်တွေနဲ့ သိတာတုံး (သစ္စဉာဏ် ကိစ္စဉာဏ်) သိလိုက်တာနဲ့ တပြိုင်နက် ဘောဘမဖြစ်ဘဲနဲ့ချုပ် တဏှာမဖြစ်ဘဲနဲ့ ချုပ်တာကိုပယ်တယ်၊ သမုဒယသစ္စာ ပယ်တယ်လို့ မဆိုဘူးလား၊ ဆိုသလား (ဆိုပါတယ်ဘုရား)သမုဒယသစ္စာဆိုတာ ဘာတုံး (လောဘပါဘုရား) အဲဒီလောဘသည် အကြောင်းတရားလား အကျိုးတရားလား (အကြောင်းတရားပါဘုရား) အကြောင်းချုပ်ရင် နောက်ထပ် အနာဂတ်မှာ ခန္ဓာပေါ်အုံးမှာလား (မပေါ်ပါဘုရား)။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး ပေါ်အုံးမှာလား(မပေါ်ပါဘုရား)ဘာချုပ်သွားလို့တုံး(အကြောင်းချုပ်လို့ပါဘုရား) အကြောင်းတရားက ဒီနေရာမှာ ဘယ်သူလဲ (တဏှာပါဘုရား)ဘယ်သူချုပ်လိုက်တာလဲ (တဏှာပါဘုရား)အဝိဇ္ဇာကော မချုပ်ဘူးလား၊ ချုပ်သလား (ချုပ်ပါတယ်ဘုရား) အဝိဇ္ဇာတဏှာ ချုပ်သွားတယ်နော်၊ အဝိဇ္ဇာတဏှာ ချုပ်တဲ့အခါ ကျတော့ ဥပါဒါန် ကံ သင်္ခါရတွေကော မချုပ်ဘူးလား အဲဒီတော့ အကြောင်း တရားချုပ်တော့ အကျိုးတရားပေါ်အုံးမလား (မပေါ်ပါဘုရား) အကြောင်း အကျိုးချုပ်တာက နိရောဓသစ္စာ၊ အကြောင်းအကျိုးချုပ်တာ ဘာသစ္စာ (နိရောဓသစ္စာပါဘုရား) ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ အမှန်ရှုလို့ ချုပ်တာလား၊ အမှားရှုလို့ ချုပ်တာလား (အမှန်ရှုလို့ ချုပ်တာပါဘုရား) အမှန်က သုခသစ္စာလို့ ရှုတာလား၊ ဒုက္ခသစ္စာလို့ ရှုတာလား (ဒုက္ခသစ္စာလို့ ရှုတာပါဘုရား) ဒုက္ခသစ္စာလို့ရှုတာ လူတွေ သတ္တဝါတွေပေါ်မှာ ရှုတာလား၊ ရုပ်နာမ်ပေါ်မှာ ရှုတာလား (ရုပ်နာမ်ပေါ်မှာ ရှုတာပါဘုရား)။

ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် ကပ်နှိပ်စက်တဲ့ ဆင်းရဲကို ရှုမနေဘူးလား၊ ရှုနေသလား (ရှုနေပါတယ်ဘုရား)အမှန်ရှုတာလား၊ အမှား ရှုတာလား [အမှန်ရှုတာပါဘုရား] အမှန်ရှုရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) အဲဒီ သမ္မာဒိဋ္ဌိသည် မဂ္ဂသစ္စာ ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား) အဲဒီတော့ ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ သစ္စာလေး ပါး မဆိုက်ဘူးလား၊ ဆိုက်သလား (ဆိုက်ပါတယ်ဘုရား)။

ဒုက္ခေဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခ နိရောဓေ ဉာဏံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါဉာဏံ အယံ ဝုစ္စတိ ဝိဇ္ဇာ။ ဒုက္ခကိုသိရင် ဝိဇ္ဇာဒုက္ခရဲ့ဖြစ်ကြောင်းကို သိရင်

ဘာတုံး (ဝိဇ္ဇာပါဘုရား) ဒုက္ခသစ္စာရဲ့ဖြစ်ကြောင်းက ဘာတုံး (တဏှာ) ဒုက္ခရဲ့ ချုပ်ရာကိုသိတာက ဘာတုံး (နိရောဓသစ္စာ) အဲဒါ ဘာတုံး (ဝိဇ္ဇာ)အကြောင်း ချုပ်ရင် အကျိုးမချုပ်ဘူးလား၊ ချုပ်သလား (ချုပ်ပါတယ်ဘုရား)အကြောင်း ချုပ်ရင် အကျိုးချုပ်တာက ဘာသစ္စာ နိရောဓသစ္စာ၊ နိရောဓသစ္စာကို သိတာက ဘာလဲ (ဝိဇ္ဇာပါဘုရား)။

အဲဒီ ဒုက္ခရဲ့ချုပ်ကြောင်း ကျင့်ဝတ် ပဋိပတ် အကျင့်မြတ်ကိုသိတာက ဘာလဲ [မဂ္ဂသစ္စာ] မဂ္ဂသစ္စာသိတာက ဘာလဲ (ဝိဇ္ဇာ) ဝိဇ္ဇာဉာဏ် မရလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား)ဝိဇ္ဇာဉာဏ်ရလိုက်တာနဲ့ တပြိုင်နက် အဝိဇ္ဇာ ချုပ်မသွားဘူးလား၊ ချုပ်သွားသလား [ချုပ်သွားပါတယ်ဘုရား] အဲဒီတော့ ပါဠိတော်က အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓါ သင်္ခါရ နိရောဓော သင်္ခါရ နိရောဓါ ဝိညာဏ နိရောဓော။

အဝိဇ္ဇာချုပ်တော့ သင်္ခါရချုပ်တယ်၊ သင်္ခါရချုပ်တော့ ဘာချုပ်သလဲ ဝိညာဏ်ချုပ်၊ ဝိညာဏ်ချုပ်တော့ ဘာချုပ်တုံး(နာမ်ရုပ်ချုပ်)ဝိညာဏ နိရောဓါ နာမရူပ နိရောဓော အကုန်ချုပ်မသွားဘူးလား (ချုပ်သွားပါတယ် ဘုရား) ပဋိစ္စသမုပ္ပါဒ် လည်လို့ရသေးရဲ့လား (မရပါဘုရား) ဘယ်သူ့ကို ချုပ်ပေးလိုက်တာလဲ(အဝိဇ္ဇာကိုပါဘုရား) အဝိဇ္ဇာချုပ်လိုက်တာနဲ့ တပြိုင်နက် ချုပ်ပြီးပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

နောက်တချက် တကာ တကာမတွေ ရှင်းပြပါအုံးစို့၊ အစပ် ဘယ်နှစ်စပ်တုံး (သုံးစပ်ပါဘုရား) သင်္ခါရနဲ့ ဝိညာဏ်က တစပ်၊ ဝေဒနာနဲ့ တဏှာက တစပ်၊ ဘဝနဲ့ ဇာတိကတစပ်၊ အဲဒီတော့ အစပ်ကို ဖြတ်လိုက်၊ ဘာကို ဖြတ်ရမှာတုံး (အစပ်ကို ဖြတ်ရမှာပါဘုရား)ဥပမာ ဝါလုံးနှစ်လုံးထောင်ထား၊ ကြိုးကလေးနဲ့ ဆက်ပေးထား၊ မဆက်ထားဘူးလား ဆက်ထားသလား (ဆက်ထားပါတယ် ဘုရား) အဲဒီတော့ ဒီဝါးလုံးကို ခုတ်ပြစ်ရမှာလား၊ ကြိုးကလေးကို ဖြတ်ရမှာ လား (ကြိုးကို ဖြတ်ရမှာပါဘုရား) အဲဒီလိုဘဲ သင်္ခါရနဲ့ ဝိညာဏ်ကို ဘယ်သူက စပ်ပေးတာလဲ [တဏှာကပါဘုရား]။

သင်္ခါရဆိုတာ တကာ တကာမတွေ ကြည့်ချင်တာ မြင်ချင်တာ လူလား စေတနာလား (စေတနာပါဘုရား) အဲဒီစေတနာသည် ဘာလဲ(သင်္ခါရ)ဒီသင်္ခါရ ချုပ်လို့ရပါမလား (မရပါဘုရား)တကာ တကာမတွေ မကြည့်ဘူးလား၊ ကြည့် သလား (ကြည့်ပါတယ်ဘုရား) ကြည့်တော့ လူပေါ်တာလား၊ စိတ်ပေါ်တာ လား (စိတ်ပါဘုရား) ဘာစိတ်တုံး (အဆင်းသိတဲ့စိတ်ပါဘုရား) အဆင်းသိတဲ့ စိတ်က ဝိညာဏ်၊ အဆင်းသိတဲ့စိတ်က ဘာတုံး (ဝိညာဏ်ပါဘုရား)။

အဲဒီ စေတနာဆိုတဲ့ သင်္ခါရနဲ့ ဝိညာဏ်နဲ့ ဘယ်သူက စပ်ပေးတာလဲ(တဏှာက စပ်ပေးတာပါဘုရား)တကာ တကာမတွေ ဒီတဏှာကို ဖြတ်ချင်ရင် ဘယ်သူ့ကို

ရှုရမှာတုံး (သင်္ခါရကို ရှုရမှာပါဘုရား)ပြီးတော့ ဝိညာဏ်ကို ရှုရမယ်၊ သင်္ခါရဘဲ ရှုရှု ဝိညာဏ်ကိုဘဲရှုရှု၊ စေတနာဆိုတဲ့သင်္ခါရ မရှိဘူးလား၊ ရှိသလား (ရှိပါတယ် ဘုရား) ကြည့်ချင်တယ်ဆိုတာက ဘာလဲ (စေတနာပါဘုရား) အဲဒါဘာလဲ (သင်္ခါရပါဘုရား) သင်္ခါရမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ် (ခုမှဖြစ်) ခုမှဖြစ်တဲ့ သင်္ခါရဖြစ်ပြီးရင် ဘယ်ရောက် (ပျက်ပါတယ်ဘုရား) အဲဒီလို ဖြစ်ပျက်ရှုလိုက် တော့ အဝိဇ္ဇာချုပ် တဏှာချုပ် မချုပ်ဘူးလား၊ ချုပ်သလား (ချုပ်ပါတယ် ဘုရား)။

မူလ နှစ်ပါးဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ချုပ်သွားတဲ့အတွက် ပဋိစ္စသမုပ္ပါဒ် လည် လို့ရလား (မရပါဘုရား) ဒီအတိုင်းရှု ဆင်ခြင်ပွားပါတော့ စေတနာကိုဘဲရှုရှု ဝိညာဏ်ကိုဘဲရှုရှု တရားတလုံးကိုသာရှု ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အမြဲ နှိပ်စက်နေ ပါတကားဟု ရှုပွားလျှင် ပဋိစ္စသမုပ္ပါဒ် လည်လို့မရတော့ပါဘူး၊ ကဲ အချိန်လဲ စေ့ပြီ တရားပွဲသိမ်းကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
။ ။ သံဃံပူဇေမိ
။ ။ ဓမ္မံပူဇေမိ

## ၄၃ ဉာဏ် နှင့် ပေါ် ဉာဏ် ကွဲသမျှ မဂ်ဇော ကျလို့ မရ

## သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၈)ရက်နေ့ ဟောကြားသောတရား။

ဉာဏ်စဉ် (၁၆) ပါးကို အားထုတ်မှုနဲ့တွဲပြီးပြကြပါစို့။ အားထုတ်ပုံနဲ့တကွ ရှေးဦးစွာ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံကာယံ ပဏိဓါယ ပရိမုခံသတိံ ဥပဋ္ဌပေတွာ ဆိုတော့ တင်ပလ္လင်ခွေလိုက်၊ တကာ တကာမတွေက မိမိတို့ထိုင်တတ်တဲ့အတိုင်းထိုင်၊ ဘယ်လက်ဖဝါးမှာ ညာလက်တင်ထားပြီး သတိထားလိုက်။ မြတ်စွာဘုရားက ဒါနေ့ ဦးစွာပြုရမဲ့ ပုဗ္ဗကိစ္စတွေ။ ပလ္လင်္ကံ အာဘုဇိတွာ၊ အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုခွေထား။ ဥဇုံကာယပဏိဓါယ၊ကာယံ၊ အထက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓါယ၊ ထား၍။ ခါးကိုဖြောင့်ဖြောင့်ထား။ ပရိမုခံသတိဉပဋ္ဌပေတွာ၊သတိရှေးရှုလိုက်၊ဘယ်မှာရှေးရှုရမှာတုံး(နှာသီးဖျားမှာပါဘုရား) အာနာပါနပဗ္ဗက တက်ကြစို့။

သတိထားလိုက်တာနဲ့ တပြိုင်နက် အပြင်လေထုတ်တာတွေ့မယ်၊ အတွင်းလေသွင်းတာတွေ့မယ်။ အပြင်လေထုတ်တာက ရှူတယ်၊ အတွင်းလေသွင်းတာကို ရှိုက်တယ်လို့မှတ်။ ပထမ ရှူတယ်ရှိုက်တယ်လို့မှတ်။ အားထုတ်ဘို့ဘဲ။ ဒီနေ့ ဥဒယဗ္ဗယဉာဏ်ထိပြမယ်လို့သတိလဲထား၊ အဲဒါပထမနည်း။

ဒုတိယနည်းကျတော့ ရှူစကရှူဆုံးအထိ ရှူတယ်လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ်လို့သိ။ မြတ်စွာဘုရားကသိခိုင်းတဲ့ကမ္မဋ္ဌာန်း၊ ဒါကြောင့် ရှူစကရှူဆုံးအထိ ရှူတယ်လို့သိပေး၊ ရှိုက်စကရှိုက်ဆုံးအထိ ရှိုက်တယ်လို့သိပေးရင် ဘုရားရဲ့ တပည့်သာဝကဖြစ်ပါတယ်။ ဒါက ဒုတိယနည်း။ တတိယနည်းကျတော့ ရှူခြင်းအမှုကိုပြုတယ်။ ဘယ်လိုပြုသလဲဆိုတော့ ဤလိုပြုတယ်လို့မှတ်။ ရှိုက်ခြင်းအမှု မပြုဘူးလား (ပြုပါတယ်ဘုရား) ဘယ်လိုပြုတာတုံး (ဤလိုပြုတာပါဘုရား) အာနာပါနမှာ ဒီအတိုင်း တက်ရမယ်။ ကျော်ပြီးတော့ ရှူလို့ရရဲ့လား (မရပါဘုရား) တဆက်ထဲအားထုတ်မှုပြုရတယ်။

ရှူစကရှူဆုံးအထိ ဤလိုပြုတယ်လို့မှတ်၊ ရှိုက်စကရှိုက်ဆုံးအထိ ဤလိုပြုတယ်လို့မှတ်။ ဒီအဆင့်သုံးဆင့်လောက်ကတော့ သမထကမ္မဋ္ဌာန်း၊ သမာဓိကမ္မဋ္ဌာန်းလုပ်ရသေးတယ်။ သမာဓိကမ္မဋ္ဌာန်း ကျော်ပြောလို့ရရဲ့လား (မရပါဘုရား) သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ ဘိက္ခဝေ၊ ချစ်သားတို့။ သမာဓိံ၊ သမာဓိကို။ ဘာဝေထ၊ ပွားကြကုန်လော့။ မြတ်စွာဘုရားက သမာဓိ ပွားများပါအုံးလို့ မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) ဒါကြောင့် ခင်ဗျားတို့ သမာဓိကိုကျော်ပြီး ဝိပဿနာတက်ချင်လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)ဒါကြောင့် သမာဓိကို ရှေးဦးစွာလုပ်ပါအုံး၊ သမာဓိမရှိရင် ဒီတရားတွေ မြင်နိုင်ပါ့မလား။ (သမာဟိတောဘိက္ခဝေ ယထာဘူတံ ပဇာနာတိ) ဘိက္ခဝေ၊

ချစ်သားချစ်သမီးတို့။ သမာဟိတော၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်။ ယထာဘူတံ၊ ဟုတ်မှန်တဲ့ နာမ်တရား ရုပ်တရားကို။ ပဇာနာတိ၊ ကွဲကွဲပြားပြား သိနိုင်တယ်။ သမာဓိမရှိတဲ့ပုဂ္ဂိုလ် နာမ်တရား ရုပ်တရား ကွဲကွဲပြားပြားသိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) သမာဓိရှိမှ နာမ်တရား ရုပ်တရားကို ကွဲကွဲပြားပြား သိနိုင်တယ်။ သမာဓိမရှိဘဲနဲ့ ဒါနာမ် ဒါရုပ်ဘဲလို့ ဆိုတာ အပြောဘဲ။ အဲဒါ လုပ်ငန်းမပါဘူး။ လုပ်ငန်းနဲ့ပြောတာမဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချ။ တကာ တကာမတွေ ပြောတဲ့ အခါမှာ ပရိယတ္တိနဲ့ပြောရမှာလား၊ ပဋိပတ္တိနဲ့ ပြောရမှာလား (ပဋိပတ္တိနဲ့ ပြောရမှာပါဘုရား) အဲ-ပဋိပတ္တိကျင့်စဉ်နဲ့ တွဲပြီးပြောတာက ပရိယတ္တိ။ လုပ်ငန်းက ပဋိပတ္တိ။ ပရိယတ်ကော ပဋိပတ်ပါ တွဲပြီးတော့ ပြောရတယ်။

(သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ) ဘိက္ခဝေ၊ ချစ်သားတို့။ သမာဟိတော၊ သမာဓိရှိတဲ့ပုဂ္ဂိုလ်သည်။ ရှုရင်ရှုမှန်းသိ။ ရှိုက်ရင်ရှိုက်မှန်း သိနေရင် သမာဓိရှိတာဘဲ။ ရှုရင်ရှုမှန်းမသိ၊ ရှိုက်ရင် ရှိုက်မှန်းမသိတဲ့ပုဂ္ဂိုလ် သမာဓိဖြစ်ပါ့မလား ( မဖြစ်ပါဘုရား ) ခွေးတွေ နွားတွေ မ ရှူ ဘူး လား (ရှူပါတယ်ဘုရား) မရှိုက်ဘူးလား (ရှိုက်ပါတယ်ဘုရား) သူတို့သိရဲ့လား ( မသိပါဘုရား ) သတိမရှိတော့ ဝိပဿနာဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ခင်ဗျားတို့လဲ မသိဘူးဆိုရင် ရိုင်းတယ်လို့ မအောင့်မေ့ပါနဲ့။ တိရိစ္ဆာန်တွေနဲ့အတူတူဘဲလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် ကိုယ်ရှူတာ ရှူမှန်းသိပါ။ ကိုယ်ရှိုက်တာရှိုက်မှန်းသိပါ။ အဲဒါ သမာဓိလုပ်နေတာဘဲ။

အဲဒီသမာဓိရှိမှ ဒါကနာမ်ဘဲ၊ ဒါကရုပ်ဘဲလို့ကွဲမှာ။ အဲဒီ နာမ်တရား ရုပ်တရားကွဲမှ နိဗ္ဗာန်မဂ်ဖိုလ်ကို ရနိုင်တယ်။ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ။ ယထာဘူတံ ဇာနံ ပဿံ အန္တကရော ဟောတိ။ ပါဠိတော်စကားက ယထာဘူတံ၊ ဟုတ်မှန်တဲ့နာမ်တရားနဲ့ရုပ်တရားကို။ ဇာနံ ဇာနန္တော၊ သိသောသူ အား။ ပဿံ ပဿန္တော၊ မြင်သောသူအား။ အန္တကရော၊ လောကဆုံးရာ နိဗ္ဗာန် တိုင်အောင် ရနိုင် ရောက်နိုင်သည်။ ဟောတိ၊ ဖြစ်၏။ နာမ်နဲ့ရုပ်ကိုသိရင် နိဗ္ဗာန် ထိအောင် မရောက်နိုင်ဘူးလား(ရောက်နိုင်ပါတယ်ဘုရား) နိဗ္ဗာန်မရနိုင်ဘူးလား (ရနိုင်ပါတယ်ဘုရား) ရောက်နိုင် ရနိုင်တယ်လို့ ပါဠိတော်ကပြနေတာ။

မြတ်စွာဘုရားရဲ့စကားက ချစ်သားတို့ သမာဓိရှိပါစေ။ သမာဓိရှိရင် နာမ်တရားနဲ့ရုပ်တရားသိမြင်မယ်။ နာမ်တရားနဲ့ရုပ်တရားသိမြင်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရနိုင်တယ်လို့ ဘုရားကဝန်ခံတော်မူတယ်။

ယထာဘူတံ ဇာနံ ပဿံ အန္တကရော ဟောတိ။ ယထာဘူတံ၊ ဟုတ်မှန်တဲ့နာမ်တရားနဲ့ရုပ်တရားကို။ ဇာနံ ဇာနန္တော၊ သိသောသူအား။ ပဿံ ပဿန္တော၊ မြင်သောသူအား။ အန္တကရော၊ နိဗ္ဗာန်တိုင်အောင်ရောက်နိုင်သည်။ ဟောတိ၊ ဖြစ်၏။

နာမ်တရားနဲ့ရုပ်တရားမသိဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒါ့ကြောင့် ခင်ဗျားတို့ အခြေခံဖြစ်တဲ့ နာမ်တရားနဲ့ ရုပ်တရားကွဲဘို့အရေးကြီးတယ်လို့ ဆိုတာ ငြင်းလို့ရသေးရဲ့လား(မရပါဘုရား) နာမ်တရား ရုပ်တရားကွဲမှသက္ကာယဒိဋ္ဌိပြုတ်တာ။ နာမ်ရုပ်မကွဲရင် သက္ကာယဒိဋ္ဌိပြုတ်ပါ့မလား (မပြုတ်ပါဘုရား) သက္ကာယဒိဋ္ဌိမပြုတ်ဘဲနဲ့ ဝိပဿနာဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)

ဒါ့ကြောင့် တကာ တကာမတွေ ရှုရင်ရှုမှန်းသိ၊ ရှိုက်ရင်ရှိုက်မှန်းသိနေတာ သမာဓိ။ သမာဓိရှိတဲ့ အခါကျတော့ သတိရှိတယ်။ သတိရှိလို့ သမာဓိရှိတာ။ သတိမရှိရင် သမာဓိဖြစ်ပါ့မလား ( မဖြစ်ပါဘုရား ) အဲဒီတော့ သတိ သမာဓိ မရလာဘူးလား (ရလာပါတယ်ဘုရား) သတိ သမာဓိက အရှိတရား ပေါ်တာလား၊ မရှိတရားပေါ်တာလား ( အရှိတရားပေါ်တာပါဘုရား ) အရှိတရားကို ပေါ်ပေးလိုက်တာ။ အရှိတရားဆိုတာ ရှုတဲ့ရှိုက်တဲ့အခါ ရှုချင်တဲ့သဘော၊ ရှိုက်ချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) မရှိဘူးလို့ငြင်းပါအုံး ရရဲ့လား (မရပါဘုရား) အမှန်ရှိတာ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား) အဲဒီ အမှန်ရှိတာတရားဘဲ။ တရားမတွေ့ဘူးလား (တွေ့ပါတယ်ဘုရား) အမှန်ရှိတာ တွေ့တာသည် အဲဒါတရားတွေ့တာလို့ မှတ်ချက်ချ။

ဤလိုပြုချင်တဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အဲဒါကို ဘာလို့ခေါ်ပြောလိုက်တုံး (စိတ်လို့ခေါ်ပြောလိုက်ပါတယ်ဘုရား) ဟော စိတ်ရလာပြီ။ သတိမထားရင် ဒီစိတ်ကိုသိပါ့မလား ( မသိပါဘုရား ) ယခုတော့ ရှုတိုင်း ရှိုက်တိုင်းမှာ ဤလိုပြုချင်တဲ့သဘောက ဘာလဲ (စိတ်ပါဘုရား) စိတ်ဖြစ်တော့ လေဖြစ်တယ်။ နှာသီးဖျားမှာ တိုးခတ်တွန်းကန်တဲ့လေ မ ဖြစ် ဘူး လား၊ (ဖြစ်ပါတယ်ဘုရား) စိတ်ကဘာတရားလဲ ( နာမ်တရားပါဘုရား ) လေကဘာ တရားတုံး (ရုပ်တရားပါဘုရား) နာမ်တရား ရုပ်တရား မတွေ့ဘူးလား (တွေ့ပါပြီဘုရား) ဘယ်အချိန်မှာတွေ့တာတုံး (ရှုတိုင်း ရှိုက်တိုင်းမှာပါဘုရား)

အရှိတရားတွေ့တာလား၊ မရှိတရားတွေ့တာလား (အရှိတရားတွေ့တာပါဘုရား) ရှိတာက ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ရှိတာလား၊ စိတ်နဲ့လေရှိတာလား (စိတ်နဲ့လေရှိတာပါဘုရား) စိတ်နဲ့လေရှိတာ၊ ရှုတိုင်း ရှုတိုင်း စိတ်နဲ့လေ၊ ရှိုက်တဲ့အခါကော (စိတ်နဲ့လေ) အဲဒီလိုရှုအုံး၊ ပထမကွဲရအုံးမှာ ရှုအုံးမှာ၊ ဒါကျော်ရှုလို့ ရရဲ့လား (မရပါဘုရား)။

(ဘူတံ ဘူတတော ပဿတိ) ဘူတံ၊ ထင်ရှားရှိတဲ့သဘော လေသဘောကို။ ဘူတတော၊ ထင်ရှားရှိပါတကား ဟူ၍။ ပဿတိ၊ ရှုပါ။ မြတ်စွာဘုရားကရှုခိုင်းတာ၊ ဘယ်အချိန်မှာ ရှုရမှာပါလိမ့် (ရှုတိုင်း ရှိုက်တိုင်း) မရှုဘဲလဲ မနေဘူး၊ မရှိုက်ဘဲကော နေရဲ့လား(မနေပါဘုရား) ရှုတာ ရှိုက်တာရှိတာလား၊ စိတ်နဲ့

လေရှိတာလား (စိတ်နဲ့လေ ရှိတာပါဘုရား) စိတ်နဲ့လေက သင်္ကာယ၊ ရှုတယ် ရှုိက်တယ်လို့ထင်တာက ဘာလဲ (ဒိဋ္ဌိပါဘုရား) ပေါင်းလိုက်စမ်းပါ (သင်္ကာယ ဒိဋ္ဌိ) သင်္ကာယဒိဋ္ဌိမကွဲရင် ဝိပဿနာဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒါကြောင့် အရှိတရား သိစေချင်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်က သမာဓိ လုပ်အုံးလို့ ဒီလို မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ် ဘုရား)။

သမာဓိလုပ်လိုက်တော့ သမာဓိက အရှိတရားမပေါ်လာဘူးလား၊ ပေါ်လာ သလား (ပေါ်လာပါတယ်ဘုရား) ဘာနဲ့ဘာ (စိတ်နဲ့လေပါဘုရား) ထင်ရှားရှိ သောကြောင့် စိတ်နဲ့လေသည် သင်္ကာယ။ ဒါကိုဘဲ ရှုတယ် ရှုိက်တယ်လို့ထင်ရင် ဘာတုံး (ဒိဋ္ဌိပါဘုရား) ယခု သင်္ကာယနဲ့ ဒိဋ္ဌိ မကွဲဘူးလား၊ ကွဲသလား (ကွဲသွား ပါတယ် ဘုရား) ဘယ်အချိန်မှာ ကွဲရမှာတုံး (ရှုတိုင်း ရှုိက်တိုင်းပါဘုရား) ဒါကြောင့် (ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ)တဲ့ ဒီဃံ၊ ရှည်စွာ။ အဿသန္တော၊ ထွက်သက်ကိုရှုသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ၊ အဿသာ မီတိ၊ ထွက်သက်ကို ရှု၏ဟူ၍။ ပဇာနာတိ သင်္ကာယနဲ့ ဒိဋ္ဌိကွဲပါ။ ဘာကွဲရမှာ တုံး (သင်္ကာယနဲ့ ဒိဋ္ဌိပါဘုရား) သင်္ကာယက ဘာတွေတုံး(စိတ်နဲ့လေပါဘုရား) ရှုတယ် ရှုိက်တယ်ထင်တာက[ဒိဋ္ဌိပါဘုရား] ကွဲမသွားဘူးလား၊ ကွဲသွားသလား (ကွဲသွားပါတယ်ဘုရား) အဲဒီ သင်္ကာယနဲ့ ဒိဋ္ဌိ ကွဲရင်ဘဲ အပါယ်မီး ငြိမ်းတယ်၊ နည်းသိတော့ လွယ်ပါတယ်၊ နည်းမသိတော့ မခက်ဘူးလား၊ ခက်သလား (ခက် ပါတယ်ဘုရား) ဘုန်းကြီးတို့ မြတ်စွာဘုရားကိုယ်တော်မြတ်သည် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကျင့်ကြံပြီးတော့ အားထုတ်လို့ သိပြီးမှဟောတဲ့တရား။

တကာ တကာမတွေ ဥပမာ ပြောပါအုံးမယ်၊ စစ်ကိုင်းတံတားကြီး မရှိဘူး လား (ရှိပါတယ်ဘုရား) အဲဒီ စစ်ကိုင်းတံတားကြီး ဆောက်လုပ်ပေးထားတော့ ခင်ဗျားတို့သွားလို့မလွယ်ဘူးလား၊ လွယ်သလား(လွယ်ပါတယ်ဘုရား)အကယ်၍ ဒီတံတားကြီးသာမရှိရင် လွယ်ပါ့မလား(မလွယ်ပါဘုရား) မလွယ်သလို တံတား ကြီးနဲ့ တူတဲ့ တရားတော်ကို အလုပ်သမားတွေနဲ့ တူတဲ့ ဗိသုကာနဲ့ တူတဲ့ မြတ်စွာဘုရားက ထုတ်ဖော်ပေးခဲ့လို့ ခင်ဗျားတို့ မသိရဘူးလား (သိရပါတယ် ဘုရား)သိတော့ လွယ်တယ်၊ ခူးပြီးသား ထမင်းကိုစားရသလိုဘဲ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကတော့ ကျင့်လိုက်ရတာ အားထုတ်လိုက်ရတာ၊ ဘုရားဖြစ်မဲ့ ဘဝတောင်မှ ဥရုဝေလတောမှာ ခြောက်နှစ်လုံးလုံး အားမထုတ်ခဲ့ရဘူးလား၊ အားထုတ်ခဲ့ရသလား (အားထုတ်ခဲ့ရပါတယ်ဘုရား) ဒီတရားတော် သိစေချင်လို့ ရစေချင်လို့ ဒါကြောင့် ရှုတိုင်း ရှုတိုင်းမှာ ဘာနဲ့ဘာ ကွဲရမှာတုံး (သင်္ကာယနဲ့ ဒိဋ္ဌိပါဘုရား) သင်္ကာယဆိုတာက ဘာတုံး (စိတ်နဲ့လေပါဘုရား)အဲဒီစိတ်နဲ့လေ ဟာ သင်္ကာယ။

ဒီဃံ၊ ရှည်စွာ။ ပဿသန္တော၊ ဝင်သက်ကို ရှိုက်သည်ရှိသော်။ ရှိုက်တဲ့အခါလဲ၊ ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်သက်ကိုရှိုက်၏ဟူ၍။ ပဇာနာတိ၊ သက္ကာယနဲ့ ဒိဋ္ဌိ ကွဲပါစေ၊ ရှူတိုင်း သက္ကာယနဲ့ ဒိဋ္ဌိကွဲပြီး ရှူပါ။ ရှိုက်တိုင်း သက္ကာယနဲ့ ဒိဋ္ဌိ ကွဲပြီးရှိုက်ပါလို့ မြတ်စွာဘုရားကိုယ်တော်မြတ်က မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) သက္ကာယဒိဋ္ဌိ မကွဲဘဲနဲ့ ရှူရင် ရှိုက်ရင် တိရိစ္ဆာန်တွေနဲ့ ဘာထူးသေးသလဲ၊ ထူးသေးရဲ့လား (မထူးပါဘုရား) တိရိစ္ဆာန် ဘဝက ကျွတ်ချင်ရင်ဖြင့် ဘာနဲ့ဘာ ကွဲရမှာတုံး (သက္ကာယနဲ့ ဒိဋ္ဌိပါဘုရား) ဘယ်အချိန်မှာ ကွဲရမှာတုံး (ရှူတိုင်း ရှိုက်တိုင်း) အော်- ရှူတဲ့အခါ သက္ကာယနဲ့ ဒိဋ္ဌိ ကွဲသွားပြီ။

ရှိတာက ရှူတာ ရှိုက်တာ ရှိတာလား၊ စိတ်နဲ့လေ ရှိတာလား (စိတ်နဲ့လေ ရှိတာပါ ဘုရား) စိတ်က ဘာတရားပါလိမ့် (နာမ်တရားပါ ဘုရား) လေက (ရုပ်တရားပါဘုရား) ရှူတိုင်း ရှိုက်တိုင်းမှာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ တွေ ရှိတာလား၊ နာမ်ရုပ်ရှိတာလား (နာမ်ရုပ်ရှိတာပါဘုရား) ရှိတာ ဘာလို့ ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှ ဖြစ်တာပါဘုရား) ဒါကြောင့် ခုမှဖြစ်တဲ့ စိတ်နဲ့လေ၊ ရှူတဲ့အခါကော (ခုမှဖြစ်တဲ့ စိတ်နဲ့လေ)ရှိုက်တဲ့ အခါကော (ခုမှဖြစ်တဲ့ စိတ်နဲ့လေ) အဲဒီလိုရှူတဲ့ဉာဏ်သည် ဘာဉာဏ်(နာမရူပ ပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ညာတပရိညာ) သက္ကာယဒိဋ္ဌိ ကွာမသွားဘူးလား၊ ကွာသွားသလား (ကွာသွားပါတယ်ဘုရား)

ကဲ တဆင့်တက်လိုက်ကြပါစို့၊ ဒီနာမ်တရားနဲ့ ရုပ်တရား အလိုလိုဖြစ်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ငါ့ကြောင့် ဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သူများကြောင့်ဖြစ်တာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာကြောင့် ဖြစ် (အကြောင်းကြောင့်ဖြစ်တာပါ ဘုရား) အကြောင်းကို မရှင်းခဲ့ဘူးလား (ရှင်းခဲ့ပါတယ် ဘုရား) ဒါကြောင့် စိတ်နဲ့လေတို့သည် ရှိရှိနေတာ ဘာလို့ရှိ [ဖြစ်ဖြစ်နေလို့ပါဘုရား] ဘယ်တုံးကဖြစ် [ခုမှဖြစ်တာပါ ဘုရား] ဒါကြောင့် ရှူတဲ့အခါ ခုမှဖြစ်တဲ့ စိတ်နဲ့လေ၊ အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့ အခါကော ခုမှဖြစ်တဲ့ စိတ်နဲ့လေ၊ အကြောင်းကြောင့်ဖြစ်၊ ဘာဉာဏ်နဲ့ ရှုနေတာတုံး (နာမ ရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဒါအပါယ်မီးငြိမ်းတဲ့ တ ုံးဘဲ၊ ပစ္စယပရိဂ္ဂဟဉာဏ် ဆင်ခြင်လိုက်ဘာနဲ့ တပိုင်နက် ခင်ဗျားတို့ ယုံမှားသံသယတွေ မလွန်မြောက်ဘူးလား၊ လွန်မြောက်သလား [လွန်မြောက် ပါတယ်ဘုရား]။

ငါ့ကြောင့် ဖြစ်လေသလား၊ သူများကြောင့် ဖြစ်လေသလား၊ အလိုလို ကြောင့် ဖြစ်လေသလားဆိုတဲ့ ဝိစိကိစ္ဆာ သံသယတွေ လာပါအုံးမလား [မလာ တော့ပါဘုရား] (တိဏ္ဏော ဝိစိကိစ္ဆော) ဝိစိကိစ္ဆာက လွန်မြောက်သွားပြီလို့

မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ယုံမှား သံသယတွေ လွန်မြောက်သွားသည့်အတွက်ကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ကဲ ရှုတိုင်း ရှုတိုင်းမှာ စိတ်နဲ့လေ မရှိဘူးလား၊ ရှိသလား [ရှိပါတယ်ဘုရား] ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးရင် ဘယ်ရောက် (ပျက်) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား)ဟိုတုံးကကော မြဲခဲ့ရဲ့လား (မမြဲခဲ့ပါဘုရား) ဟိုတုံးကလဲ အနိစ္စဖြစ်ခဲ့တယ်၊ ယခုလဲ အနိစ္စဖြစ်ဆဲ၊ နောင်လဲ အနိစ္စဖြစ်အုံးမှာပါလား။

ဒီစိတ်နဲ့လေပေါ်မှာ သာယာနှစ်သက်စရာ လိုသေးရဲ့လား(မလိုပါဘုရား) ဖြစ်ပြီးတော့ ပျက်တော့တာကိုးဗျ၊သိမ်းပိုက်မှုကြံဆဲ ရှိသေးရဲ့လား (မရှိတော့ပါဘုရား) ဟိုတုံးကလဲ ဖြစ်ပြီးတော့ပျက်ခဲ့တယ်၊ ယခုလဲ ဖြစ်ပြီးတော့ ဘာတုံး (ပျက်ဆဲ) နောင်လဲ ဖြစ်ပြီးတော့ ဘာတုံး (ပျက်အုံးမှာပါလား) ပျက်ရင် ကုန်ပါတော့လားဆိုတော့ နောက်ထပ် မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) အသစ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတယ်ဆိုတာ သုခလား၊ ဒုက္ခလား (ဒုက္ခပါဘုရား) အော်-ဟိုတုံးကလဲ ဒုက္ခဖြစ်ခဲ့တယ်၊ ယခုလဲ စိတ်နဲ့လေတို့သည် အသစ်အသစ် ဖြစ်လေသောကြောင့် ဒုက္ခဖြစ်ဆဲ၊ နောင်လဲ စိတ်နဲ့လေတို့သည် ဒုက္ခဖြစ်အုံးမှာပါလား၊ အဲဒီလို ရှုတဲ့ဉာဏ်သည် သမ္မသနဉာဏ်၊ မဖြစ်ပါနဲ့ မပျက်ပါနဲ့လို့ တားရရဲ့လား [မရပါဘုရား] အတ္တလား အနတ္တလား (အနတ္တပါဘုရား)။

ဟိုတုံးကလဲ အနတ္တဘဲ၊ ယခုလဲ အနတ္တဖြစ်ဆဲ၊ နောင်လဲ အနတ္တဖြစ်အုံးမှာပါလား၊ အဲဒီလိုဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ပရိညာအားဖြင့် (တီရဏပရိညာပါဘုရား)အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးကို ရုပ်တရားပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တနဲ့ ဆင်ခြင်သုံးသပ်လေသည် ဖြစ်သောကြောင့် သမ္မသနဉာဏ် သုဒ္ဓိအားဖြင့် မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ။ ပရိညာအားဖြင့် (တီရဏ ပရိညာ) တီရဏဆိုတာ သုံးပါး၊ ပရိညာဆိုတာက ပိုင်းခြားတာ၊ ဘယ်သုံးပါးနဲ့ ပိုင်းခြားတာတုံး (အနိစ္စ ဒုက္ခ အနတ္တ)အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဒီလက္ခဏာရေး သုံးပါးနဲ့ ပိုင်းခြားလေသည် ဖြစ်သောကြောင့် ဘာပရိညာ (တီရဏ ပရိညာပါဘုရား)။

အဲဒီတော့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးကို ဆင်ခြင်တဲ့ အခါ အတိတ်ကလဲဖြစ်ပြီးတော့ ပျက်ခဲ့တယ်၊ ယခုလဲ ဖြစ်ပြီးတော့ ပျက်ဆဲ၊ နောင်လဲ ဖြစ်ပြီးတော့ ပျက်အုံးမှာဘဲ၊ ဒီတခါကျတော့ တကာ တကာမတွေ အတိတ်ကို လွှတ်လိုက်၊ အနာဂတ်ကိုလဲ လွှတ်လိုက်ပါ၊ ဘာကို ရှုရမှာတုံးဆိုတော့ ပစ္စုပ္ပန် ဥဒယဗ္ဗယကျတော့ ဘာကို ရှုရမှာတုံး (ပစ္စုပ္ပန်ပါဘုရား)။

\+ ဇာတံနာမရူပါနံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော၊
ဝိပရိဏာမ လက္ခဏံ ဝယော။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာက)။

ဇာတံ၊ ဖြစ်ဆဲသော။ နာမရူပါ၊ နာမ်တရား ရုပ်တရားတို့သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း။ ပစ္စုပ္ပန်ဆိုတာက ဖြစ်ဆဲ။ အတိတ်ဆိုတာ ဖြစ်ခဲ့တာ။ အနာဂတ်က ဖြစ်လတံ့။ ယခု ဘာကို ရှုရမှာတုံး (ဖြစ်ဆဲ ပစ္စုပ္ပန်ကို ရှုရမှာပါဘုရား) အတိတ်ကို မရှုနဲ့၊ အနာဂတ်ကို မရှုနဲ့၊ ဘာကို ရှုရမှာတုံး (ပစ္စုပ္ပန်ကိုပါဘုရား) ပစ္စုပ္ပန်က လူတွေ သတ္တဝါတွေကို ရှုရမှာလား၊ နာမ်ရုပ်ကို ရှုရမှာလား၊ (နာမ်ရုပ်ကို ရှုရမှာပါဘုရား) ဘယ်အချိန်မှာ ရှုရမှာတုံး (ရှုတိုင်း ရှိုက်တိုင်း) တကာ တကာမတွေ ဒါကို မိအောင်ဖမ်း၊ အကုန်လုံး ရှုတတ်တယ်၊ မျက်စိဖွင့်တိုင်း ကြည့်တိုင်း နားထောင်တိုင်း ရှုလို့မရဘူးလား (ရပါတယ်ဘုရား) ရုပ်နာမ်ကွဲနေပြီဘဲ၊ ရုပ်နာမ်ကိုဘဲ ရှုသွားရမှာ။

ဇာတံ၊ ဖြစ်ဆဲသော၊ နာမရူပံ၊ စိတ်သဘော လေသဘောဆိုတဲ့ နာမ်တရား ရုပ်တရားသည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာတည်း။ တဿ၊ ထိုပစ္စုပ္ပန်ဖြစ်သော နာမ်တရား ရုပ်တရားတို့၏၊ စိတ်သဘောနှင့် လေသဘောတို့၏။ နိဗ္ဗတ္တိ လက္ခဏံ၊ စ၍ စ၍ ဖြစ်ပေါ်လာခြင်းသည်။ ဥဒယော၊ ဥဒယမည်၏။ (ဝါ) အဖြစ်လက္ခဏာမည်၏။ အဖြစ် ပိုင်မလာဘူးလား (ပိုင်လာပါတယ်ဘုရား)။

ရှိရှိနေတာ ဘာလို့ရှိရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်နေလို့ရှိတာ၊ မဖြစ်ရင် ရှိပါ့မလား(မရှိပါဘုရား) ဖြစ်ပြီးရင် ဘယ်ရောက် (ပျက်) ဝိပရိဏာမ လက္ခဏံ ဝယော ဝိပရိဏာမ လက္ခဏံ။ ဖောက်ပြန်ပျက်စီး၍ သွားခြင်းသည်၊ ဖြစ်လာတဲ့ သဘောသည် ပျက်စီးသွားမယ်၊ ဖြစ်လာတယ်ဆိုတာ ခင်ဗျားတို့ အထင်ကြီးမနေနဲ့ ပျက်စီးဘို့ ဖြစ်လာတာ၊ နာမ်တရား ရုပ်တရား မဖြစ်လိုက်နဲ့၊ ဖြစ်လိုက်ရင် ဘယ်ရောက်မှာတုံး (ပျက်ပါတယ်ဘုရား) ဖြစ်လာတာက ဘာပြုလို့ ဖြစ်လာတာတုံး (ပျက်စီးမယ်လို့ပါဘုရား) အဲဒါလဲ စဉ်းစား၊ ခင်ဗျားတို့က အဖြစ်ကြီးဘဲ ထည့်တွက်မနေနဲ့။ ဖြစ်လာတာမှန်ရင် ပျက်ရမှာဘဲ၊ ကြည့် ဝိပရိဏာမ လက္ခဏံ၊ ဖောက်ပြန်ပျက်စီး၍ သွားခြင်းသည်။ ဝယော၊ ဝယမည်၏။ (ဝါ) အပျက်လက္ခဏာမည်၏။ ဖောက်ပြန်ပျက်စီး၍သွားတာ ဘာတုံး(အပျက်ပါဘုရား) ဝယလို့ မဆိုဘူးလား (ဆိုပါတယ် ဘုရား) ဖြစ်တာက ဥဒယ၊ ပျက်တာက ဝယ၊ ပေါင်းလိုက်တော့ (ဥဒယဗ္ဗယ) လူကသိတာလား၊ ဉာဏ်က သိတာလား (ဉာဏ်ကသိတာပါဘုရား) ပေါင်းလိုက်တော့ (ဥဒယဗ္ဗယဉာဏ်ပါဘုရား)။

\+ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၃၊ နှာ ၂၆၅

ဥဒယဗ္ဗယဉာဏ် ဖြစ်မလာဘူးလား (ဖြစ်လာပါတယ် ဘုရား) ဖြစ်ပြီးတာနဲ့ တပြိုင်နက် ဘယ်ရောက် (ပျက်) ဘယ်သဘောတွေ ပျက်တာတုံး(စိတ်သဘောနဲ့ လေသဘော)ဖြစ်ပြီးတော့ ပျက်တယ်၊ အော် ဖြစ်ပျက်ဘဲ ရှိပါကလား။ စိတ်သဘော လေသဘော မဖြစ်လိုက်နဲ့၊ ဖြစ်လိုက်ရင် ပျက်တော့တာဘဲ၊ ဒါကို ခင်ဗျားတို့ မိအောင်ဖမ်း။ တကာ တကာမတွေ ဥပမာ ပြောပါဦးမယ်၊ အပ်ကလေးတခု ထောင်ထား၊ အပေါ်က မုံညင်းစေ့လေးတွေ ချလိုက်၊ အပ်ဖျားကလေးထိထိပြီးတော့ ကျကျသွားမယ်၊ ထိလိုက်တာနဲ့ တပြိုင်နက်ကျ၊ တည်များ တည်နေသေးရဲ့လား (မတည်ပါဘုရား) အဲဒီ မုံညင်းစေ့ကလေးဟာ အပ်ဖျားလေးထိပြီး ကျသကဲ့သို့ ရှူတိုင်း ရှိုက်တိုင်းမှာ စိတ်သဘော လေသဘောတို့သည် ဖြစ်ပြီးတာနဲ့ တပြိုင်နက် ဘာဖြစ်တုံး (ပျက်) ဒီလို ဝိသုဒ္ဓိမဂ်ကပြတယ်။

\+ ယထာ နာမ သူစိယံ ဠိတာယံ သာသပေါ ခိတ္တော သိခံ ဖုဋ္ဌမတ္တော ဝိဂစ္ဆတိ နတိဋ္ဌတိ ဧဝံ သင်္ခါရာ ဥပ္ပဇ္ဇိတွာ ဘိဇ္ဇန္တိ၊နတေသံအဝဋ္ဌာနံ အတ္ထိ"တိ။

ယထာနာမ၊ ဥပမာ ပြောရမယ်ဆိုရင်၊ ဠိတာယံ၊ မတ်စောက်တည်းသော။ သူစိယံ၊ အပ်ဖျားဦး၊ ခိတ္တော၊ ပစ်အပ်သော၊ သာသပေါ၊ မုံညင်းစေ့သည်။ တသာ၊ ထိုအပ်၏၊ သိခံ၊ အဖျားကို။ ဖုဋ္ဌမတ္တော၊ ထိခါမျှဖြစ်၍။ ဝိဂစ္ဆတိ၊ ကင်းလွတ်၏။ နတိဋ္ဌတိယထာ၊ မတည်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ၊ သင်္ခါရာ၊ ရုပ်နာမ်သင်္ခါရတို့သည်၊ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်လာပြီး၍။ ဘိဇ္ဇန္တိ၊ ပျက်ကြရကုန်၏၊ တေသံ သင်္ခါရာနံ၊ ထိုရုပ်နာမ်သင်္ခါရတရားတို့၏၊ အဝဋ္ဌာနံ၊ တည်တန့် ရပ်နားခြင်းသည်၊ နအတ္ထိ၊ မရှိ၊ ဣတိ၊ ဤသို့ သိမှတ်အပ်၏။ ကျမ်းဂန်က ဒီအတိုင်းပြထားပါတယ်။

ဒါကြောင့် အဲဒီအပ်ဖျားလေးပေါ်မှာ မုံညှင်းစေ့ကလေးတင်လိုက် ကျလိုက် တင်လိုက် ကျလိုက်၊ အဲဒီ ဥပမာအတိုင်းပါဘဲ၊ စိတ်သဘော လေသဘောတို့လဲ ဖြစ်လိုက် ပျက်လိုက် ဖြစ်ပေါ်မလာဘူးလား (ပေါ်လာတယ်ဘုရား) ဖြစ်ပျက်ဆိုတာ ဒါဘဲ၊ တကာ တကာမတွေ သတိထားလိုက်ပါ၊ အော် ရှူတိုင်း ရှိုက်တိုင်းမှာ စိတ်သဘော လေသဘောတို့ဖြစ်ပြီးတာနဲ့ ဘယ်ရောက် (ပျက်) ဒါကြောင့် ရှူတဲ့အခါ စိတ်နဲ့လေ ဖြစ်ပျက်၊ ရှိုက်တဲ့အခါကော (စိတ်နဲ့လေ ဖြစ်ပျက်ပါဘုရား) စိတ်ရှုရှု လေရှုရှု နှစ်ပါးစုံရှုရှု ရှုလို့မရဘူးလား (ရပါတယ်ဘုရား) ဖြစ်ပျက်လို့မရှုနဲ့၊ စိတ်နဲ့လေ ဖြစ်ပျက်လို့ရှုရမှာနော်၊ ခင်ဗျားတို့က စိတ်နဲ့လေ မပါဘူး၊ နာမ်နဲ့ရုပ်မပါဘူး၊ ဖြစ်ပျက် ဒီလိုဘဲလုပ်တယ်၊ ရှုရမှာကဘာတုံး(စိတ်နဲ့ လေဖြစ်ပျက်) သို့မဟုတ်ရင် စိတ်ဆိုရင်လဲစိတ် ရုပ်ဆိုရင်လဲရုပ် ဖြစ်ပျက်၊ ဒီလို ရှုရမှာ။

\+ ဝိသုဒ္ဓိ၊ ၊ ၃၊ နှာ ၂၆၅

ရုပ်ကိုမမြင်ဘဲနဲ့ ရုပ်ရဲ့ဖြစ်ပျက်မြင်ပါ့မလား (မမြင်ပါဘုရား) စိတ်ကို မမြင်ဘဲနဲ့ စိတ်ရဲ့ဖြစ်ပျက် မြင်ပါ့မလား (မမြင်ပါဘုရား) ဖြစ်ပျက်က လက္ခဏာ၊ ဖြစ်ပျက်က ဘာတုံး (လက္ခဏာပါဘုရား) အဲဒီ ဖြစ်ပျက်ကို ရှုရမှာ မဟုတ်ဘူး၊ စိတ်နဲ့လေ ဖြစ်ပျက်ကိုရှုရမှာ၊ စိတ်နဲ့လေကိုရှုရင် ဖြစ်ပျက်ပေါ်တယ်၊ ဒါကြောင့် ရှုဉာဏ်နဲ့ ပေါ်ဉာဏ်မကွဲရင် မဂ်ဇော မကျနိုင်ဘူး၊ ရှုဉာဏ်ကို ရှုရမှာလား၊ ပေါ်ဉာဏ်ကို ရှုရမှာလား (ရှုဉာဏ်ကို ရှုရမှာပါမှာပါဘုရား) ရှုဉာဏ်ကစိတ်နဲ့လေ၊ ပေါ်ဉာဏ်က ဘာတုံး(ဖြစ်ပျက်ပါဘုရား)ဖြစ်ပျက်ကို ရှုရမှာလား၊ စိတ်နဲ့လေကို ရှုရမှာလား (စိတ်နဲ့လေကို ရှုရမှာပါဘုရား) စိတ်နဲ့လေ ရှုလိုက်တာနဲ့ တပြိုင်နက် ဘာပေါ်လာတုံး(ဖြစ်ပျက်ပါဘုရား)ဖြစ်ပျက်မြင်တော့တာဘဲ၊ မမြင်ချင်ပါဘူးဆိုပြီး နေလို့ရရဲ့လား (မရပါဘုရား) ဒါကြောင့် ရှုတာက တခြား ပေါ်တာကတခြား ရှုတာကဘာတုံး (စိတ်နဲ့လေပါဘုရား) ပေါ်တော့ ဘာတွေ ပေါ်တုံး (ဖြစ်ပျက်ပါဘုရား)ဒါကို ကွဲရတယ်၊ ဒါကိုမကွဲရင် တကာ တကာမတွေ ဖြစ်ပျက်နဲ့ဘဲ အချိန်ကုန်သွားမယ်၊ ဘာဖြစ်ပျက်မှန်း မသိဘဲ ဖြစ်နေမယ်၊ ဒီရှုဉာဏ်နဲ့ ပေါ်ဉာဏ်ကွဲရတယ်၊ ရှုဉာဏ်နဲ့ပေါ်ဉာဏ်မသိရင် မဂ်ဇော ကျလို့ ရရဲ့လား(မရပါဘုရား) ဒီလို ရှုဉာဏ်နဲ့ပေါ်ဉာဏ်မသိရင် တွေဝေသွားနိုင်တယ်၊ ဝိပဿနာ အူပေါက်သွားနိုင်တယ်။

ဒါကြောင့် ရှုရမှာက ဘာကိုရှုရမှာတုံး (စိတ်နဲ့လေပါဘုရား) ဘယ်အချိန် ရှုရမှာတုံး (ရှုတိုင်း ရှိုက်တိုင်း) အော်–စိတ်နဲ့လေ ရှုလိုက်တာနဲ့တပြိုင်နက် ဘာ ပေါ်တုံး (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်တွေ့တော့တာဘဲ၊ မတွေ့ချင်ပါဘူးဆိုလို့ ရရဲ့လား ( မရပါဘုရား ) ဒါကြောင့် ဖြစ်တာကတခြား ပေါ်တာကတခြား၊ ဥပမာဆိုပါစို့။ တန်ဆောင်မုန်းလပြည့်နေ့မှာ လင်ပန်းထဲ ရေတွေထည့်ကြည့်ရင် လပေါ်နေတာကိုမြင်ရမယ်၊ ကြည့်တာကဘာကိုကြည့်တာတုံး (ရေကိုပါဘုရား) ပေါ်တော့ဘာပေါ်တုံး(လပါဘုရား)ဒါကြောင့် ကြည့်တာကရေ၊ ပေါ်တာက (လပါဘုရား) တခြားစီ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) ယခု ရေက ဘာနဲ့တူသလဲဆိုတော့ စိတ်နဲ့လေနဲ့တူတယ်၊ တနည်း နာမ်နှင့်ရုပ်နဲ့တူတယ်။ တနည်း သင်္ခါရနဲ့တူ ။ယ်။ နာမ်တရား ရုပ်တရား သင်္ခါရလို့ လဲခေါ်တယ်၊ အဲဒီ သင်္ခါရဆိုတဲ့ နာမ်နဲ့ရုပ် စိတ်နှင့်လေ ကြည့်လိုက်တော့ “လ” နဲ့တူတဲ့ ဘာကိုမြင်တာတုံး (ဖြစ်ပျက်ကိုပါဘုရား) ရှုတာက ဘာနဲ့ဘာတုံး ( စိတ်နဲ့လေပါဘုရား ) စိတ်နဲ့လေဆိုတဲ့ သင်္ခါရကိုရှုရမှာ။ ဝိပဿနာရှုကွက်ထဲမှာ ဒါကို ခင်ဗျားတို့ ကွဲပါစေ။

တနည်း ဥပမာ ပြောပါဦးမယ်၊ တကာ တကာမတွေ မှန်မကြည့်ဘူးလား၊ ကြည့်သလား (ကြည့်ပါတယ်ဘုရား) ကြည့်တော့ ဘာကြည့်တာတုံး (မှန်ပါဘုရား) ပေါ်တော့ ဘာပေါ်ပါလိမ့် ( အရိပ်ပါဘုရား ) မြင်တော့ ခင်ဗျားတို့

အရုပ်မြင်တာဘဲ။ မမြင်ဘူးလား၊ မြင်သလား (မြင်ပါတယ်ဘုရား) မမြင်ချင်ပါ ဘူးဆိုလို့ ရရဲ့လား (မရပါဘုရား) ဒါကြောင့် မှန်နဲ့တူတဲ့စိတ်နဲ့လေသာ ကြည့်ပါ။ ပညတ်စင်စင်နဲ့ကွဲပါစေ။ ပရမတ်ဆိုက်သွားအောင် မှန်နှင့်တူတဲ့ နာမ်တရား ရုပ် တရားသာကြည့်ပါ ရှုပါ။ နာမ်တရားနဲ့ရုပ်တရား ရှုလိုက်တာနဲ့တပြိုင်နက် ဘာမြင် မှာတုံး (ဖြစ်ပျက်မြင်မှာပါဘုရား) ဖြစ်တာက ဥဒယ၊ ပျက် တာ က ဘာ တုံး (ဝယ) ဟော ဥဒယဗ္ဗယဉာဏ် စိတ်နဲ့လေဖြစ်ပျက်။

ရှုတဲ့အခါ စိတ်နဲ့လေဖြစ်ပျက်၊ ရှုက်တဲ့အခါကော (စိတ်နဲ့လေဖြစ်ပျက်) အဲဒီ လို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ဥဒယဗ္ဗယဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ပရိညာအားဖြင့် (တီရဏပရိညာ) ဖြစ်ပျက်ဆိုတာ အနိစ္စ ဒုက္ခ အနတ္တ ရှုတာဘဲ။ လက္ခဏာရေးသုံးပါး မရှုဘူးလား၊ ရှုသလား(ရှုပါ တယ်ဘုရား ) ဒီနေရာမှာ လက္ခဏာအားဖြင့် အနိစ္စလက္ခဏာ။ ဘာလက္ခဏာ (အနိစ္စလက္ခဏာပါဘုရား) အနိစ္စလက္ခဏာကိုကောက်တာ၊

ဒါကြောင့် ရှုတိုင်းရှုက်တိုင်းမှာ စိတ်နဲ့လေဖြစ်ပျက်။ စိတ်နဲ့လေကိုသာရှုပါ။ ဖြစ်ပျက်မြင်တာဘဲ။ စိတ်နဲ့လေမမြင်ဘဲနဲ့ ဖြစ်ပျက်လို့ ရှုလို့ရပါ့မလား (မရပါ ဘုရား) လက္ခဏာဆိုတာ ရှုလို့မရဘူး၊ လက္ခဏာဆိုတာ ပရမတ်လဲ မဟုတ်ဘူး။ ပညတ်လဲမဟုတ်ဘူး။ သိကြောင်း မှတ်ကြောင်းလက္ခဏာဘဲ။ ဘာလက္ခဏာတုံး (အနိစ္စလက္ခဏာပါဘုရား) ဒီနေရာမှာ သုံးချက်ကွဲရသေးတယ်။ ဥဒယဗ္ဗယဉာဏ် က နည်းနည်းရှုပ်တယ်နော်။ ဥဒယဗ္ဗယဉာဏ်မှာ အနိစ္စလက္ခဏာ၊ အနိစ္စာနုပဿ နာ၊ အနိစ္စာနုပဿီ၊ အနိစ္စလက္ခဏာဆိုတာဘာတုံး(ဖြစ်ပျက်ပါဘုရား)ဖြစ်ပျက် သည် ဘာလက္ခဏာလဲ (အနိစ္စလက္ခဏာပါဘုရား) အဲဒီလိုကောက်လိုက်။ အနိစ္စ နုပဿနာဆိုတာက အဲဒီဖြစ်ပျက်ကိုရှုတဲ့ဉာဏ်သည် လူကရှုတာလား၊ ဉာဏ်ကရှု တာလား (ဉာဏ်ကရှုတာပါဘုရား) ဒါကအဖြစ် ဒါကအပျက်လို့ ပိုင်းခြားပေး တာ လူကပိုင်းခြားပေးတာလား၊ ဉာဏ်ကပိုင်းခြားပေးတာလား (ဉာဏ်ကပိုင်း ခြားပေးတာပါဘုရား) တခါထဲပိုင်းခြားတာလား၊ အခါခါ ပိုင်းခြားတာလား (အခါခါ ပိုင်းခြားပေးတာ ပါဘုရား) အဲဒါက အနိစ္စာနုပဿနာ၊ ဉာဏ်က အနိစ္စာနုပဿနာ။ ဉာဏ်ကဘာတုံး (အနိစ္စာနုပဿနာပါဘုရား)အနိစ္စလက္ခဏာ အနိစ္စာနုပဿနာ ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) အဲဒီ အနိစ္စလက္ခဏာ အနိစ္စာနုပဿနာကိုရှုတာ ဉာဏ်ကရှုတာ၊ အဲဒီရှုတဲ့ပုဂ္ဂိုလ်က အနိစ္စနုပဿီ။ ဖြစ်ပျက်ကဘာတုံး ( အနိစ္စလက္ခဏာ ) ဖြစ်ပျက်ရှုတဲ့ဉာဏ်က (အနိစ္စနုပဿနာ) ရှုတဲ့ပုဂ္ဂိုလ်က (အနိစ္စနုပဿီ) ဘယ်နှစ်ချက်လဲ(သုံးချက်ပါ ဘုရား) တကာ တကာမတွေ့ ဒီအတိုင်းမှတ်ရမယ်၊

ဘယ်အချိန်မှာ ကွဲရမှာတုံး (ရှုတိုင်း ရှုက်တိုင်း) ရှုတိုင်း ရှုက်တိုင်းမှာဖြင့် ရှုတာရှုက်တာရှိတာလား၊ စိတ်သဘော လေသဘောရှိတာလား (စိတ်သဘော

လေသဘော ရှိတာပါဘုရား) ဒါကိုလွှတ်ပြီးတော့ ပြောလို့ရရဲ့လား (မရပါ ဘုရား) သူကအဓိကဘဲ၊ ဒါကိုကိုင်ထားမှ။ ဒီစိတ်သဘော လေသဘော မရှိဘူး လား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ် ရောက် (ပျက်သွားပါတယ်ဘုရား) ဒီစိတ်သဘော လေသဘောကို လူကဖေါ်ပေး တာလား၊ သတိကဖေါ်ပေးတာလား (သတိကဖေါ်ပေးတာပါဘုရား) သတိက ဖေါ်ပေးတယ်။

တကာ တကာမတွေ ဒီစိတ်သဘော လေသဘောကို သတိကဖေါ်ပေးဘယ်၊ စိတ်ကိုလဲ သတိကဖေါ်ပေးတယ်။ နာမ်တရားနဲ့ ရုပ်တရားကို သတိကဖေါ်တာ လား၊ လူကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) ပညာက ပိုင်းခြားပေး တယ်၊ ဘယ်လိုပိုင်းခြားပေးသလဲဆိုတော့ ဒါကအဖြစ် ဒါကအပျက်လို့ပိုင်းခြား ပေးတယ်။ အဖြစ်အပျက်ကို ပိုင်းခြားပေးတာ ဘယ်သူက ပိုင်းခြားပေးတာတုံး (ပညာကပါဘုရား) ပညာ ဉာဏ် အတူတူဘဲ။

သတိက အာရုံကိုဖေါ်ပေးတယ်။ နာမ်အာရုံ ရုပ်အာရုံကို မဖေါ်ဘူးလား၊ (ဖေါ်ပါတယ်ဘုရား)စိတ်သဘောနဲ့လေသဘောကို ဘယ်သူကဖေါ်ပေးတာတုံး (သတိကပါဘုရား) ပိုင်းခြားတာက ဘယ်သူကပိုင်းခြားပေးတာတုံး (ပညာက ပါဘုရား) ပညာကဘယ်လိုပိုင်းခြားလိုက်တာတုံး (ဖြစ်ပျက်ကို ပိုင်းခြားတာပါ ဘုရား) အဖြစ်နဲ့အပျက်ကိုပိုင်းခြားတယ်။ သိတာက မနောဝိညာဏ်စိတ်ကသိပေး တယ်။

ဒီဥဒယဝယ ဉာဏ်မှာ ခင်ဗျားတို့ရှုတာဟုတ်ရဲ့လား။ သင်္ခါရာဝ သင်္ခါရေပိ ပဿန္တိ၊ သင်္ခါရေ၊ သင်္ခါရတို့ကို။ သင်္ခါရေပိ၊ သင်္ခါရ တ ရား တို့ က သာ လျှင်။ ပဿန္တိ၊ ဝိပဿနာရှုကုန်၏။ ခင်ဗျားတို့ ဝိပဿနာရှုတာဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား) သတိ ပညာ ဝိညာဏ်တို့ ဒီနေရာ မရှုဘူးလား၊ ရှု သ လား (ရှုပါတယ် ဘုရား) ရှုနေတယ်၊ ဘယ်ပေါ်မှာရှုတာတုံး (စိတ်နဲ့လေပေါ်မှာပါဘုရား) လူ တွေ သတ္တဝါတွေပေါ်မှာရှုတာလား၊ စိတ်သဘော လေသဘောပေါ်မှာရှုတာ လား (စိတ်သဘော လေသဘောပေါ်မှာ ရှုတာပါဘုရား) စိတ်သဘော လေ သဘောပေါ်မှာ ဘယ်သူတွေက ဝိပဿနာရှုနေတာတုံး (သတိ ပညာ ဝိညာဏ် တို့ကပါဘုရား) ကဲ့ပါစေနော်။ ဥဒယဝယဉာဏ်မှာ ဖြစ်ပျက်ဖြစ်ပျက်နဲ့ ပြော တော့ လွယ်တယ်၊ ဒီလို တလုံးချင်း ခင်ဗျားတို့မသိရဘူးလား(သိရမှာပါဘုရား) ဒီလိုသိမှ ဥဒယဗ္ဗယဉာဏ်မှာ ခင်ဗျားတို့ခရီးရောက်တယ်လို့ မှတ်ချက်ချပါ။

သတိက စိတ်သဘောနဲ့ လေသဘောကို ဖေါ်ပေးဘယ်။ ပညာက အဖြစ်နဲ့ အပျက်ကိုပိုင်းခြားပေးတယ်။ဝိညာဏ်ကဘာလုပ်ပေးတုံး(သိပေးပါတယ်ဘုရား) ဘယ်ပေါ်မှာလဲ (စိတ်သဘောနဲ့ လေသဘောပေါ်မှာ ပါဘုရား) ငါပေါ်မှာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေ ပေါ်

မှာလား၊ စိတ်သဘော လေသဘောပေါ်မှာလား (စိတ်သဘော လေသဘော ပေါ်မှာပါဘုရား) ဒီအတိုင်းရှုနေတာ။ သတိကနေပြီးတော့ စိတ်သဘော လေသဘောဖေါ်ပေး၊ ပညာက ဒါကအဖြစ် ဒါကအပျက်လို့ပိုင်းခြားပြီး ဝိညာဏ်က သိပေးနေတယ်။ အဲဒီလို ရှုရင်းရှုရင်းဉာဏ်ကတက်လာတော့ ဖြစ်ပျက်ကိုပြတ်ပြတ်သားသား မြင်လာတယ်။ ဝိညာဏ်ကလဲ သိသိပေးတယ်။ သတိကလဲ ဖေါ်ဖေါ်ပေးတယ်။ တော်တော်ကြာတော့သတိကမလိုက်နိုင်ဘူး။ သတိကမလိုက်နိုင်တော့ ဒီပညာဆိုတဲ့သဘောက အားကောင်းနေတဲ့အခါ ဖြစ်ပျက်ဖြစ်ပျက်နဲ့ နှစ်ချက်သုံးချက်တော့ မပိုင်းခြားဘူးလား၊ ပိုင်းခြားသလား (ပိုင်းခြားပါတယ်ဘုရား) ပိုင်းခြားပေးတဲ့အတိုင်း ဝိညာဏ်ကသိသိပေးနေတယ်။ သတိကပါရဲ့လား (မပါပါဘုရား) သတိကကျန်မနေခဲ့ဘူးလား (ကျန်နေခဲ့ပါတယ်ဘုရား) သတိကကျန်နေပြီး ဖေါ် မ ပေး တဲ့ အ ခါ ကျ တော့ နာမ်အာရုံ ရုပ်အာရုံ စိတ်သဘော လေသဘောကို ဉာဏ်ကပိုင်းခြားခွင့်ရသေးရဲ့လား (မရပါဘုရား) မရတော့ ဝိညာဏ်ကကော သိခွင့်ရသေးရဲ့လား (မရပါဘုရား) အဲဒီတော့ သတိကဖေါ်မပေးတော့ ပညာက ဒါအဖြစ်ဘဲ ဒါအပျက်ဘဲလို့ သူကမပြတော့ဘူး။ မပြတော့ ဝိညာဏ်က ဘာသိရမှန်းမသိတော့ ဒီနေရာမှာဘာကျန်နေတုံး (ဝိညာဏ်ပါဘုရား) ဝိညာဏ်က ဘာရှုရမှန်းမသိဘူးဗျ။ ဒီနေရာမှာ ပိတ်ဆို့နေတယ်။ မပိတ်ဆို့ဘူးလား၊ ပိတ်ဆို့သလား (ပိတ်ဆို့ပါတယ်ဘုရား) ဒီနေရာမှာ ပိတ်ဆို့နေတယ်။

သတိကလဲဖေါ်ပေးတယ်၊ ဖြစ်ပျက်ကနေ ဉာဏ်က မထင်ရှားဘူးလား၊ ထင်ရှားသလား (ထင်ရှားပါတယ်ဘုရား) ဝိညာဏ်ကကော သိသိမပေးဘူးလား (သိပေးပါတယ်ဘုရား) အဲဒီတော့ သင်္ခါရေ ရှုတိုင်းရှိက်ကိုင်း စိတ်သဘော လေသဘောဆိုတဲ့သင်္ခါရတရားတို့သည်။ လဟုံ၊ လျင်လျင်မြန်မြန်။ဥပဟန္တေသု၊ ဉာဏ်ထဲမှာထင်ရှားလာကုန်သည်ရှိသော်။ ဥပ္ပါဒံဝါ၊ ဥပ္ပါဒ်သို့ရင်း ဌိတိံဝါ-ဌိကိုရင်း ပဝတ္တံဝါ ပဝတ္တကိုရင်း နိမိတ္တံဝါ နိမိတ်ကိုရင်း နသံပါပုနန္တိ မရောက်ကုန်။

အဲဒီထိအောင် မရောက်တဲ့အခါကျတော့ ဒီနေရာမှာ ဖြစ်ပျက်ဆုံးသွားသလိုလို ဘာလိုလို ရှုစရာမရှိတော့ဘူးလိုလို၊ ဒီလို ယောဂီက မယူလိုက်ဘူးလား၊ ယူလိုက်သလား (ယူလိုက်ပါတယ်ဘုရား)အဲဒါကမဂ္ဂဉာန်း မပျက်ဘူးလား၊ ပျက်သလား (ပျက်ပါတယ်ဘုရား) ခင်ဗျားတို့ ဖြစ်ပျက်ရှုတယ်ဆိုတာက ဖြစ်ပျက်ရချင်လို့ ရှုတာလား၊ နိဗ္ဗာန်ရချင်လို့ ရှုတာလား (နိဗ္ဗာန်ရချင်လို့ ဖြစ်ပျက်ဆိုတဲ့ ဉဒယဝယဉာဏ်ကို ရှုတာပါဘုရား၊ ဖြစ်ပျက်ကြီးတော့ တပည့်တော်တို့ မလိုချင်ပါဘူးဘုရား) ဘာကိုလိုချင်လို့တုံး (နိဗ္ဗာန်ကို လိုချင်လို့ပါဘုရား) နိဗ္ဗာန်ရချင်လို့ ခင်ဗျားတို့ ဖြစ်ပျက်ရှုရတာပါ။

ဖြစ်ပျက် ရှုတယ်ဆိုတာက သတိတိုးပွားစေခြင်းအကျိုးငှာ ပညာတိုးပွားစေခြင်းငှာ ဖြစ်ပျက်ရှုတာ၊ ဘာတိုးပွားစေချင်လို့ (သတိနဲ့ ပညာပါဘုရား) ဘာရင့်ကျက်စေချင်လို့တုံး (သတိနဲ့ပညာပါဘုရား) ဖြစ်ပျက်က နိဗ္ဗာန်ရမှာလား၊ သတိနဲ့ပညာက နိဗ္ဗာန်ရမှာလား (သတိနဲ့ပညာက နိဗ္ဗာန်ရမှာပါဘုရား) ဒါကွဲပါစေနော်၊ သတိနဲ့ပညာ ရင့်ကျက်စေချင်လို့ ဖြစ်ပျက်ရှုခိုင်းတာ၊ ဖြစ်ပျက်က နိဗ္ဗာန်မရဘူး၊ နိဗ္ဗာန်ကို ကျေးဇူးပြုတာက ဘယ်တရားတွေက ကျေးဇူးပြုတာတုံး (သတိနဲ့ပညာကပါဘုရား)။

ယာဝဒေဝ ဉာဏ မတ္တာယ ပဋိဿတိ မတ္တာယ သတိပဋ္ဌာန် ပါဠိတော်မှာ ဒီအတိုင်းရှိတယ်၊ (ယာဝဒေဝ ဉာဏ မတ္တာယ ပဋိဿတိ မတ္တာယ) သတိနဲ့ပညာ တိုးပွားစေခြင်းအကျိုးငှာ သမုဒယ ဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယ ဓမ္မာ နုပဿီဝါ ကာယသ္မိံ ဝိဟရတိ အဖြစ်သဘော အဖန်တလဲလဲ ရှုရမယ်၊ အပျက်သဘော အဖန်တလဲလဲ ရှုရမယ်။အဖြစ်အပျက်ကို အဖန်တလဲလဲ ရှုရမယ်၊ ဘာကြောင့် အဖြစ်အပျက်ကို အဖန်တလဲလဲ ရှုရလဲဆိုတော့ သတိကို တိုးပွားစေခြင်းအကျိုးငှာ ပညာတိုးပွားစေခြင်းအကျိုးငှာ သတိနဲ့ပညာကို ဒီသတိပညာက ဘယ်ကိုကျေးဇူးပြုမှာလဲ (နိဗ္ဗာန်ကိုပါဘုရား) ဖြစ်ပျက်ကကျေးဇူးပြုမှာလား၊ သတိပညာကကျေးဇူးပြုရမှာလား (သတိပညာက ကျေးဇူးပြုမှာပါဘုရား) ဒါကွဲပါစေ။

တကာ တကာမတွေ ဒီနေရာမှာ သတိလစ်နေတဲ့ ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းမှန်ပါ့မလား (မမှန်ပါဘုရား) သတိလွတ်သွားတဲ့အခါကျတော့ သင်္ခါရတရားတွေကလဲ မြန်မြန်ဖြစ်ခြင်း ပျက်ခြင်းတွေက မြန်လာတော့ သတိကမလိုက်နိုင်၊ ဉာဏ်က တချက်နှစ်ချက်တော့ ပိုင်းခြားပေးတယ်၊ နောက်ပိုင်းခြားပေးလို့ ရသေးရဲ့လား (မရပါဘုရား) မရတော့ ဝိညာဏ်က ဘာလုပ်ရမှန်း မသိနိုင်၊ ဖြစ်ပျက်ဆုံးသွားတယ်လို့ ယူလိုက်တယ်၊ မယူလိုက်ဘူးလား (ယူလိုက်ပါတယ်ဘုရား) ဖြစ်ပျက်ဆုံးသွားတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာလစ်နေတာလဲ(သတိ (ပါဘုရား) သတိမရှိတော့ ပညာကော ရှိနိုင်ပါ့မလား (မရှိနိုင်ပါဘုရား)။

အဲဒီတော့ တရားအားထုတ်တာ သတိပညာတိုးပွားစေချင်လို့ အားထုတ်တာ၊ သတိပညာမရှိရင် ကမ္မဋ္ဌာန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အကျိုးများပါ့မလား (မများပါဘုရား) အဲဒါ ကမ္မဋ္ဌာန်း မဟုတ်တော့ဘူး၊ ကမ္မဋ္ဌာန် ပရိဟာပွတိ ကမ္မဋ္ဌာန် ကမ္မဋ္ဌာန်းတရားသည် ပရိတပ္ပတိ ပြိုကွဲပျက်စီးလေတော့၏၊ ဘာမရှိလို့တုံး (သတိနဲ့ပညာ မရှိလို့ပါဘုရား)။

ဒါကြောင့် (နာဟံ ဘိက္ခဝေ မုဋ္ဌသတိဿ အသမ္ပဇာနဿ အာနပါနဿတိ ဘာဝနာ ဝဒါမိ)

ဘိက္ခဝေ၊ ရဟန်းတို့၊ မုဋ္ဌသတိဿ၊ သတိလွတ်နေသော။ အသမ္ပဇာနဿ၊ ပညာမပါတဲ့ပုဂ္ဂိုလ်အား သတိနဲ့ပညာမပါရင် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မဖြစ်ဘူးလို့ မြတ်စွာဘုရားက ညွှန်ကြားနေပြန်ပြီ၊ ဒါကြောင့် သတိပညာ အရေးကြီးပါတယ်။

ရှုတိုင်း ရှိုက်ဘိုင်းမှာ မိပါစေ၊ စိတ်သဘော လေသဘောတို့သည် ဖြစ်ပြီး ပျက်၊ စိတ်နဲ့လေ ဘာတုံး (ဖြစ်ပျက်ပါဘုရား) ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှိုက်တိုင်း) မိအောင်ဖမ်း၊ စိတ်နဲ့လေ မလွတ်နဲ့၊ စိတ်နဲ့လေလွတ်သွားရင် ဖြစ်ပျက်ရှုလို့ ရရဲ့လား (မရပါဘုရား)။

ဘိက္ခဝေ၊ ရဟန်းတို့၊ မုဋ္ဌသတိဿ၊ ဖြစ်ပျက်နဲ့ သတိလွတ်နေသော ပုဂ္ဂိုလ်အား အသမ္ပဇာနဿ၊ ဖြစ်ပျက်၌ ပညာမပါတဲ့ပုဂ္ဂိုလ်အား၊ အာနာပါနဿတိဘာဝနာ၊ အာနာပါနဿတိဘာဝနာကို၊ အဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမူ သတိနဲ့ပညာလွတ်နေတဲ့ပုဂ္ဂိုလ်အား အာနာပါနဿတိကမ္မဋ္ဌာန်းကို ငါဘုရားဟောတော်မမူဘူးတဲ့၊ မြတ်စွာဘုရားဟောရဲ့လား (မဟောပါဘုရား) ကမ္မဋ္ဌာန်းဖြစ်ရဲ့လား (မဖြစ်ပါဘုရား) မဖြစ်ပါဘူး။

ဒါကြောင့် တကာ တကာမတွေ ရှုတိုင်းရှိုက်တိုင်းမှာ ဘယ်သဘောတွေ ရှိတာတုံး (ဒီစိတ်သဘောနဲ့ လေသဘောပါဘုရား) အရှိတရားကို မိအောင်ဖမ်း ရမှာလား၊ မရှိတရားကို မိအောင်ဖမ်းရမှာလား (အရှိတရားကို မိအောင်ဖမ်းရမှာပါဘုရား) လူနဲ့မိရမှာလား၊ ဉာဏ်နဲ့မိရမှာလား (ဉာဏ်နဲ့မိရမှာပါဘုရား) ဒါကို မိအောင်ဖမ်း စိတ်နဲ့လေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးတော့ ဘယ်ရောက် (ပျက်) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) ဟော အနိစ္စပါလက္ခဏာ ရမလာဘူးလား (ရလာပါတယ် ဘုရား)။

ဖြစ်ပြီးတာနဲ့ တပြိုင်နက် ပျက်တော့တာဘဲ၊ အဲဒီလို တကာ တကာမတွေ ဖြစ်ပျက်ရှုခိုက်မှာ ဖြစ်ပျက်ဆုံးသွားတာတို့ ယောဂီပုဂ္ဂိုလ်မှာ မဖြစ်ဘတ်ဘူးလား၊ ဖြစ်တတ်သလား (ဖြစ်ဘတ်ပါတယ်ဘုရား) အဲဒီလို ဖြစ်ပျက်ဆုံးသွားတာနဲ့ ဘာဘာညာညာ မြင်ရတာနဲ့ ဒါတွေ လာတတ်တယ်၊ အဲဒါတွေ လာလို့ ရှိရင် ဒါကမ္မဋ္ဌာန်းမဟုတ်သေးဘူး၊ ဒါတွေကို နှစ်သက်မနေနဲ့၊ အဲဒါတွေကို ခင်ဗျားတို့ အထင်ကြီးမနေနဲ့၊ စိတ်သဘောလေသဘောသာရှိမယ်၊ စိတ်သဘော လေသဘောက လွဲရင် ရှိသေးရဲ့လား (မရှိပါဘုရား)။

စိတ်ဖြစ်တော့ ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) စိတ်က ဘာတရား (နာမ်တရား) လေကဘာတရား (ရုပ်တရားပါဘုရား) နာမ်တရား ရုပ်တရား မရှိဘူးလား ရှိသလား (ရှိပါတယ်ဘုရား) ရှိတာအမှန်ဘဲလား (အမှန်ပါဘုရား)

အဲဒါဘာတုံး (တရားပါဘုရား) ရှိတာဘဲ ခင်ဗျားတို့တွေ့မှာ အမှန်သဘောဘဲ ခင်ဗျားတို့တွေ့နေမယ်။

အမှန်ကလွဲရင် ဒီအထဲမှာ ဘာမှမရှိဘူး၊ ပုပ်တာတွေ ပွတာတွေ ရွတာတွေ ပါရဲ့လား (မပါပါဘုရား) ဒြပ်တွေ ပုံသဏ္ဌာန်တွေပါရဲ့လား (မပါပါဘုရား) မပါနိုင်ဘူး၊ ရှိလဲမရှိဘူး ဒီအထဲမှာ ဒြပ်တွေ ပုံသဏ္ဌာန်တွေသွားထင်ရင် နိမိတ်တွေ သွားထင်တယ်၊ ဒါကမဂ္ဂဉာဏ်ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မဖြစ်တော့ဘူးဗျ၊ ရှိတဲ့တရားက လွတ်သွားပြီ၊ ဒါအမှန်ရှိတဲ့တရားကို ခင်ဗျားတို့ အာရုံမပြုတော့ဘူး။

ခင်ဗျားတို့ ရှုစိတ်ကလေးက အမှန်သိတဲ့ သဲ့ဘောတရားကို မြင်နေရတယ်၊ အမှန်ရှိတာက လူတွေ သတ္တဝါတွေ ရှိတာလား၊ စိတ်သဘော လေသဘောရှိတာလား (စိတ်သဘော လေသဘောရှိတာပါဘုရား) ရှိတာ အမှန်ဘဲလား၊ (အမှန်ပါဘုရား) အဲဒါ ဘာပါလိမ့် (တရားပါဘုရား) ရှိတာ ဘာလိုရှိ(ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်တာအမှန်ဘဲလား (အမှန်ပါဘုရား)အဲဒါဘာတုံး(တရား) ဘယ်တုံးက ဖြစ်တာလဲ (ခုမှဖြစ်တာပါဘုရား) ခုမှဖြစ်တာအမှန်ဘဲလား (အမှန်ပါဘုရား) အဲဒါဘာတုံး (တရား) ဖြစ်ပြီးတော့ ဘယ်ရောက်ပါလိမ့် (ပျက်) ပျက်တာအမှန်ဘဲလား (အမှန်ပါဘုရား) တရားဆိုတာ ဒါဘဲဗျ။

ခင်ဗျားတို့က တရားဆိုတာ ဘာဖြစ်ရတော့မလိုလိုနဲ့ ဖြစ်ချင်လို့ ဖြစ်နိုင်မှာလား (မဖြစ်ပါဘုရား) ရှိတာလေးတွေ့နေတာဘဲ၊ ရှိတာမြင်နေရင် ဒါတရားတွေ့နေတာဘဲ၊ အဲဒီ စိတ်သဘော လေသဘောသည် ဖြစ်ပြီးတော့ပျက်၊ ဒီလိုရှုခိုက်မှာ လောဘဖြစ်ခွင့်ရသေးရဲ့လား (မရတော့ပါဘုရား) ဒေါသဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား) မောဟဖြစ်ခွင့်ရသေးရဲ့လား (မရပါဘုရား)လောဘ ဒေါသ မောဟငြိမ်းတယ်၊ မငြိမ်းဘူးလား ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) အမှန်သိလို့လား၊ အမှားသိလို့လား (အမှန်သိလို့ပါဘုရား)အမှန်မြင်လို့လား၊ အမှားမြင်လို့လား (အမှန်မြင်လို့ပါဘုရား) ဒီလောက်ဘဲ သိရမှာပေါ့။

လောဘ ဒေါသ မောဟငြိမ်းအောင်လုပ်တဲ့လုပ်ငန်း၊ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်တယ်ဆိုတာ လောဘ ဒေါသ မောဟငြိမ်းအောင် အားထုတ်တဲ့အလုပ်ဘဲ၊ လောဘ ဒေါသ မောဟဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား (အကုသိုလ်ပါဘုရား) အကုသိုလ်ငြိမ်းအောင်လုပ်တာ မငြိမ်းဘူးလား၊ ငြိမ်းသလား (ငြိမ်းပါတယ်ဘုရား) အကုသိုလ်ငြိမ်းရင် ခင်ဗျားတို့ တော်ရောပေါ့၊ ဘာဖြစ်ချင်သေးတုံး၊ ဖြစ်ချင်လို့ ဖြစ်ရဲ့လား (မဖြစ်ပါဘုရား) သူ့သဘောနဲ့သူ ဖြစ်နေတာဘဲ။

ဖြစ်နေတာကစိတ်သဘောနဲ့ လေသဘော၊ ဖြစ်ပြီးတော့ဘယ်ရောက် (ပျက်) ဖြစ်တာကလဲ အမှန် ပျက်ဘာကလဲ အမှန် လူတွေ သတ္တဝါတွေ ဖြစ်တာ ပျက်တာအမှန်လား၊ စိတ်သဘော လေသဘော ဖြစ်ဘာပျက်တာ အမှန်လား (စိတ်သဘော လေသဘော ဖြစ်ဘာပျက်တာအမှန်ပါဘုရား) ဘယ်အချိန်မှာ ဖြစ်တာပျက်တာအမှန်တုံး (ရှုတိုင်း ရှိုက်တိုင်း) ရှုတိုင်း ရှိုက်တိုင်း စိတ်နဲ့လေ ဖြစ်ပျက်၊ အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ် (ဥဒယဗ္ဗယဉာဏ်ပါ ဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ) ပရိညာအားဖြင့်(တီရဏ ပရိညာ)လက္ခဏာအားဖြင့် (အနိစ္စလက္ခဏာ) ပြီးတော့ (အနိစ္စာနုပဿနာ အနိစ္စာနုပဿီ) တချက်ဘဲပြတယ်၊ ဒုက္ခနဲ့ အနတ္တမပါဘူး၊ ဒီနေရာမှာ အနိစ္စကောက်တယ်၊ ဖြစ်ပျက်က အနိစ္စလက္ခဏာ၊ ဖြစ်ပျက်ရှုနေတဲ့ဉာဏ်က အနိစ္စာနုပဿနာ ဖြစ်ပျက် ရှုနေတဲ့ ပုဂ္ဂိုလ်က အနိစ္စာနုပဿီ။

ဒီနေရာမှာ တဆင့် ပေါ်တတ်သေးတယ်၊ ဘာတွေ ပေါ်သလဲဆိုတော့ ဝိပဿနာကို ဖျက်ဆီးတဲ့ညစ်ညူးကြောင့် တရားဆယ်ပါးပေါ်တယ်၊ ဝိပဿနာ အန္တရာယ်ဆယ်ပါးပေါ်လာတတ်တယ်၊ ဝိပဿနာအန္တရာယ်ဆယ်ပါးက ဘာတွေလဲဆိုရင်ဖြင့် ဩဘာသ၊ဉာဏ၊ပီတိ၊ပဿဒ္ဓိ၊သုခ၊အဓိမောက္ခ၊ပဂ္ဂဟ၊ဥပဋ္ဌာန၊ ဥပေက္ခာ နိကန္တိ၊ ဘယ်နှစ်ပါးတုံး(၁၀ ပါးပါဘုရား)အဲဒါ ဝိပဿနာညစ်ညူးကြောင်း ဆယ်ပါး၊ ဝိပဿနာအန္တရာယ်ဆယ်ပါး၊ ဝိပဿနာအန္တရာယ်ဆယ်ပါး လိုက်ဆိုစမ်းပါအုံး (ဩဘာသ ဉာဏ ပီတိ ပဿဒ္ဓိ သုခ အဓိမောက္ခ ပဂ္ဂဟ ဥပဋ္ဌာန ဥပေက္ခာ နိကန္တိ) ဘယ်နှစ်ပါးတုံး (ဆယ်ပါးပါဘုရား) မနက်ဖြန်ကြ ဒီဆယ်ပါးအသေးစိတ် ရှင်းပေးမယ်ပေါ့။

တကာ တကာမတွေ ရှုတိုင်း ရှိုက်တိုင်းမှာ စိတ်နဲ့လေ ဖြစ်ပျက်၊ ဖြစ်ပြီးဘယ်ရောက် (ပျက်) နဒီသော တောဝိယ ပဝတ္တတိကိုး မြစ်ရေအယဉ်ကဲ့သို့လို့ ကျမ်းဂန်က မပြဘူးလား၊ ပြသလား (ပြပါတယ်ဘုရား) မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်က ရေတွေစီးနေတဲ့မြစ်ရေကို မကြည့်ဘူးလား၊ ကြည့်သလား(ကြည့်ပါတယ်ဘုရား) ကြည့်တော့ မျက်စိအောက်မှာ ဘာတွေရှိတာလဲ (ရေတွေရှိနေပါတယ်ဘုရား) ရှိတာ ဘာလို့ရှိနေတုံး (အထက်က ရောက်ရောက်နေလို့ပါဘုရား) မရောက်ရင် ရှိပါ့မလား (မရှိပါဘုရား) ရောက်ပြီးရင် ဘယ်ရောက် (အောက်စီးသွားပါတယ်ဘုရား) ရပ်များရပ်နေသေးရဲ့လား (မရပ်ပါဘုရား) ဒီမြစ်ရေ ရပ်တာ ရှိရဲ့လား (မရှိပါဘုရား) ရောက်လာလိုက်ရင် စီးဆင်းသွားတာဘဲ၊ ဒီတော့ မျက်စိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကရောက်လာတဲ့ရေကို ခုရောက်တဲ့ရေ ခုရောက်တဲ့ရေလို့ ဆိုရင် မှန်သလား (မှန်ပါတယ်ဘုရား) မှန်တယ်၊ ခုရောက်တဲ့ရေလို့ဆိုတော့ ယခုတင်ကရေ ဘယ်ရောက်သွားတုံး (အောက်စီးသွားပါတယ်ဘုရား) အောက်စီးသွားတယ်။

အဲဒီလိုဘဲ တကာ တကာမတွေ ရှုတိုင်းရှိုက်တိုင်း ခုမှဖြစ်တဲ့ စိတ်နဲ့လေ၊ ဖြစ်ပြီးဘယ်ရောက် (ပျက်) အဲဒီတော့ စိတ်နဲ့လေဖြစ်ပျက်၊ ဖြစ်ပျက်လို့ရှုခိုက်မှာ ဩဘာသဆိုတဲ့ အန္တရာယ်ဝင်လာတတ်တယ်၊ ဘာအန္တရာယ်တုံး (ဩဘာသပါဘုရား) မိမိတို့ရဲ့ တတောင့်ထွာ နှစ်ခတောင် စသည်မှာ အလင်းရောင်လိုလို ပေါ်လာတတ်တယ်၊ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်ဟာ အန္တရာယ်ဆယ်ပါး တပါးပါးကို ပေါ်လာတတ်တယ်၊ ဒါတွေကို တွေ့ရတတ်တယ်၊ မတွေ့လို့ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

ဒါတွေ့လာတဲ့အခါကျတော့ ဒါကို မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဘဲလို့ ထင်နေမှာစိုးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဝိပဿနာဉာဏ်ကို ဖျက်ဆီးတဲ့တရား၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တားတဲ့တရား၊ ဒါလေးနဲ့ တင်းတိမ်နေမှာစိုးလို့ ဒါမဂ်ထင်ပါရဲ့၊ ဖိုလ်ထင်ပါရဲ့၊ နိဗ္ဗာန်ထင်ပါ့ရဲ့ဆိုပြီး ယောဂီပုဂ္ဂိုလ် ရှေ့ဆက် တရားအားထုတ်ပါဦးမလား (အားမထုတ်တော့ပါဘုရား) တရားဆက်အားမထုတ်တဲ့အခါကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါဦးမလား (မရပါဘုရား) ဒီတော့ ဩဘာသဆိုတဲ့ အလင်းရောင်က မတားလိုက်ဘူးလား(တားလိုက်ပါတယ်ဘုရား) ဒါကြောင့်ဩဘာသဆိုတဲ့ အလင်းရောင်က မဂ်တု ဖိုလ်တု နိဗ္ဗာန်တုလို့ မဆိုထိုက်ဘူးလို့ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒီနေရာမှာ မဂ်တု ဖိုလ်တု နိဗ္ဗာန်တုမပေါ်တတ်ဘူးလား (ပေါ်တတ်ပါတယ်ဘုရား)။

ပေါ်တတ်တဲ့ အခါကျတော့ အော် မဂ်တု ဖိုလ်တု နိဗ္ဗာန်တုပါကလား၊ ဒီဩဘာသဆိုတဲ့ အရောင်ကော မြဲရဲ့လား (မမြဲပါဘုရား) သူလဲ ဖြစ်ပြီးတော့ ဘာတုံး (ပျက်ပါဘုရား) သူလဲဖြစ်ပြီးတော့ ပျက်လို့ရှုလိုက်၊ သူ့ကို ခင်ဗျားတို့ နှစ်သက်မနေနဲ့၊ မရှုရင် နှစ်သက်နေမှာဘဲ၊ အဲဒီလိုမှ ဖြစ်ပျက်မရှုရင် ဒီပေါ်မှာ မသာယာဘူးလား၊ သာယာသလား (သာယာပါတယ်ဘုရား) သာယာသွားတယ်ဆိုကတဲ့ကိုက တဏှာဖြစ်လာတယ်၊ မဖြစ်လာဘူးလား (ဖြစ်လာပါတယ်ဘုရား) ဒီတဏှာကတော့ ဖြစ်ကောင်းတဲ့တဏှာပါ၊ မဖြစ်ကောင်းဘူးလား(ဖြစ်ကောင်းပါတယ်ဘုရား)ဒီတဏှာက ဖြစ်ကောင်းတဲ့တဏှာဖြစ်တယ်၊ ဖြစ်ကောင်းတဲ့ လောဘ ဖြစ်ကောင်းတဲ့ ဒေါသဆိုတာ ရှိသေးတယ်၊ ဒါကဘာတုံး (ဖြစ်ကောင်းတဲ့လောဘ) နိဗ္ဗာန်နဲ့စာရင်တော့ မကောင်းဘူးပေါ့၊ ဒီပြင်နဲ့ စာရင်ကော မကောင်းဘူးလား၊ ကောင်းသလား (ကောင်းပါတယ်ဘုရား)။

ဟိုတုံးကဆိုရင်ဖြင့် စိတ္တလတောင်မှာ ရဟန်းတော်နှစ်ပါး တရားအားထုတ်နေတယ်၊ ဘာတောင်တဲ့တုံး (စိတ္တလတောင်ပါဘုရား) အဲဒီစိတ္တလတောင်မှာ လဆုပ်ပက္ခ လကွယ်နေ့၊ အရပ်မျက်နှာတို့ကလဲ မိုးတိမ်တွေ ဖုံးလွှမ်းနေတယ်၊ အင်္ဂါလေးပါးနဲ့ပြည့်စုံတဲ့ အမိုက်မှောင်ကြီး ဖြစ်နေတဲ့အချိန်မှာ ရဟန်းငယ်က

ရဟန်းကြီးလျှောက်တယ်၊ အရှင်ဘုရားတပည့်တော် အာနာပါနပဗ္ဗ အားထုတ်တဲ့အခါ စေတီယင်ပြင်မှာ အလင်းရောင်တွေ တပည့်တော် မြင်ရတယ်ဘုရား၊ စေတီယင်ပြင်ကြီးမှာ လင်းလို့ဘုရား၊ မထေရ်ကြီးက ဘာပြောတုံး (ငါရှင်သင်းမြင်တာက ဘာဟုတ်သေးသလဲ၊ ငါမြင်ရတာမှ မဟာသမုဒ္ဒရာမှာရှိတဲ့ ငါးလိပ်တွေ အကုန်မြင်ရတယ်)တဲ့၊ အဲဒါ ဘာတုံးဆိုတော့ ဝိပဿနာ ညစ်ညူးကြောင့် အန္တရာယ်မပေါ်ဘူးလား၊ ပေါ်သလား(ပေါ်ပါတယ်ဘုရား) အဲဒါ နှစ်သက်နေလို့ရှိရင် ရှေ့ဆက် တရားအားထုတ်ပါဦးမလား (အားမထုတ်တော့ပါဘုရား) မရပ်ဘူးလား၊ ရပ်နေမှာလား (ရပ်နေမှာပါဘုရား) ရပ်နေလို့ရှိရင် မဂ် ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)။

ဒီနေရာ ဘယ်သူက ဖျက်ဆီးသလဲဆိုတော့ ဩဘာသဆိုတဲ့ မဂ်တု ဖိုလ်တုက ဖျက်ဆီးလိုက်တဲ့အခါကျတော့ ရပ်မသွားဘူးလား၊ ရပ်သွားသလား(ရပ်သွားပါတယ်ဘုရား) တချို့ကလဲ ဩဘာသဆိုတဲ့ ဒီအလင်းရောင်ပေါ်မှာ မနှစ်သက်ဘူးလား နှစ်သက်သလား(နှစ်သက်ပါတယ်ဘုရား) အဲဒါဘာတုံး(လောဘပါဘုရား) မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား)ဒီလောဘဘဏှာက ဖြစ်ကောင်းတဲ့ လောဘတဏှာဘဲ။

တကာ တကာမတွေ ပြောပါဦးမယ်၊ မဟာသီဝမထေရ်ကြီးဆိုတာ ကြားဘူးကြပါလိမ့်မယ်၊ မဟာသီဝမထေရ်ကြီးဆိုတာ ဂိုဏ်းကြီး (၁၈) ဂိုဏ်းရဲ့ မဟာနာယက မထေရ်ကြီး၊ သူ့ရဲ့တပည့်တွေကို စာပေ ပရိယတ္တိပို့ချ တရားဟောတရားပြလိုက်တဲ့အတွက် ရဟန္တာတွေ ဖြစ်ကုန်ကြတယ်၊ သူ့ရဲ့တပည့် ရဟန်းတော်တပါးက ငါ့ဆရာကြီး ယခု ဘာများလုပ်နေသလဲ ကြည့်လိုက်တဲ့ အခါကျတော့ အော် ငါ့ဆရာကြီးဖြင့် ပုထုဇဉ်ဘဝနဲ့ဘဲ အချိန်ကုန်နေပါကလား၊ ငါသွားရှဲ သတိပေးဦးမှဘဲလို့ ကြွလာပြီး မထေရ်ကြီးကိုရှိခိုးတယ်၊ ရဟန္တာဆိုပေမဲ့ ဆရာကို ရှိခိုးရတယ်၊ ရှိခိုးပြီးတဲ့အခါ ဘာကိစ္စလာသလဲလို့ သူ့တပည့်ကိုမေးတယ်၊ မှန်လှပါဘုရားတဲ့၊ တပည့်တော် လျှောက်ပါရစေ၊ အရှင်ဘုရား တပည့်များချည့်ဘဲ ကျေးမနေပါနဲ့၊ အရှင်ဘုရားလဲ စားပါဦးဘုရား၊ အရှင်ဘုရား ပေးတော်မူတဲ့ ဓမ္မနဲ့တူတဲ့ ဆေးတော်တွေ တပည့်များကို ပေးတော့ တပည့်များက စားတော့ ကိလေသာတွေအန်ပြီး သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာတွေ ဖြစ်ကုန်တယ်ဘုရား၊ မလျှောက်ဘူးလား၊လျှောက်သလား(လျှောက်ပါတယ်ဘုရား) မဟာသီဝမထေရ်ကြီးက သူကတော့ပေးတယ်သူကိုယ်တိုင်မစားတော့ သူ့အဇ္ဈတ္တသန္တာန်မှာ လောဘဆိုတဲ့ ကိလေသာ ဒေါသဆိုတဲ့ အနာတွေ မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) အန်ထုတ်ရဲ့လား (အန်မထုတ်ပါဘုရား) စားမှ မစားဘဲကိုး၊ မစားဘဲနဲ့တော့ အန်ထုတ်ပါ့မလား (အန်မထုတ်ပါဘုရား)တကာ

တကာမတွေ စားတယ်ဆိုတာ အားထုတ်ရတာ၊ အာ မထုတ်ဘဲနဲ့ ရပါ့မလား (မရပါဘုရား)။

ဒါနဲ့ မဟာသီဝမထေရ်ကြီးက ငါအားထုတ်လိုက်ရင် ခဏပါဘဲ၊ ဟောမာန် မခံဘူးလား (ခံပါတယ်ဘုရား) ခံလိုက်တယ်၊ အားထုတ်ရင် ခဏပါဘဲတဲ့၊ သူ့ ကိုယ်သူ အထင်ကြီးနေတယ်၊ ဒါနဲ့ တပည့်လုပ်သူက အဲဒီလိုဆိုရင် ကောင်းပါပြီ ဘုရား ဆိုပြီးတော့ ကောင်းကင်က ပြန်ကြွသွားတယ်၊ ဒီတော့ မဟာသီဝ မထေရ်ကြီးက ငါ့တပည့် ငါ့ကို လှောင်သွားပါကလား၊ ငါဒီပဝါရဏာအမီ ရဟန္တာမဖြစ်ဖြစ်အောင် ကျိုးစားမဟဲ ဆိုပြီး တရားအားထုတ်လိုက်တာ ပဝါ ရဏာပွဲမှာ ရဟန္တာဖြစ်ရဲ့လား (မဖြစ်ပါဘုရား) ဘယ်လောက်ကြာသွားသလဲဆို တော့ နှစ်ဆဲ့ကိုးနှစ် ကြာသွားတယ်၊ ဒီတနှစ်မှာ ရဟန္တာအဖြစ်နဲ့ ပဝါရဏာ မပြုရရင် နောက်တနှစ်မှာ ရဟန္တာအဖြစ်နဲ့ ပဝါရဏာပြုမဟဲ့ဆိုပြီး အားထုတ် တာဘဲ၊ ရခဲ့လား(မရပါဘုရား)ဘယ်နှစ်နှစ်ကြာသွားတုံး (၂၉ နှစ်ပါဘုရား)။

အဲဒီ နှစ်ဆဲ့ကိုးနှစ်ထိ ပဝါရဏာ ပြုတိုင်း ပြုတိုင်း သူမျက်ရေကျခဲ့တယ်၊ မျက်ရေမကျဘူးလား၊ ကျသလား (ကျပါတယ်ဘုရား) ငါဒီဘဝ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရမဲ့ အကောင်မဟုတ်ဘူး၊ ငါ့ရဲ့ တပည့်တွေကတော့ ရဟန္တာဖြစ်ကုန်ပြီ၊ ငါကတော့ဖြင့် ဒီဘဝ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရမဲ့ အကောင်မဟုတ်ဘူး ဆိုပြီး အရဟတ္တမင်္ဂ အရဟတ္တဖိုလ်တွေနဲ့ ပတ်သက်ပြီးတော့ မျက်ရေတွေ ကျတယ်၊ တကာ တကာမတွေ မျက်ရေကျတာက သားတွေ ဆွေတွေ မျိုးတွေ ပစ္စည်းဥစ္စာ တွေနဲ့ ပတ်သက်ပြီးတော့ မျက်ရေကျတာ၊ မဟာသီဝမထေရ်ကြီးက ဘာနဲ့ပတ် သက်ပြီးတော့ မျက်ရေကျတာတုံး (အရဟတ္တမင်္ဂ အရဟတ္တဖိုလ်နဲ့ပါဘုရား) မျက်ရေကျတာခြင်း တူရဲ့လား (မတူပါဘုရား) မတူဘူးနော်။

နှစ်ဆဲ့ကိုးနှစ်မြောက်မှာ ဒီတခါတော့ဖြင့် အပြတ်အားထုတ်မယ် ဆိုပြီး အားထုတ်လိုက်တာ ဖြစ်ရဲ့လား (မဖြစ်ပါဘုရား) တောထဲမှာ တပါးတည်းနေ တယ်၊ အားထုတ်လို့မရတော့ နောက်ဆုံးမှာ ဟက်ဟက်ပက်ပက် ငိုလိုက်တာ၊ အဲနှစ်ဆဲ့ကိုးနှစ်မြောက်မှာ မငိုဘူးလား၊ ငိုသလား(ငိုပါတယ်ဘုရား)မဟာသီဝ မထေရ်ကြီး ငိုတဲ့အခါကျတော့ နတ်သမီးကလဲတနေရာကနေပြီးတော့ ဟက်ဟက် ပက်ငိုလိုက်ဘာ၊ ဒီလိုငိုတော့ မဟာသီဝမထေရ်ကြီးက စဉ်းစားတယ်၊ ဒီတော မြိုင်ကြီးထဲ ဘယ်က တကာမရောက်နေတာတုံး၊ ဘာကြောင့် ဒီနေရာလာပြီး ငိုနေတာပါလဲ ဆိုပြီးတော့ သွားကြည့်တယ်၊ ဟဲ့ တကာမ ဘာကြောင့် ငိုနေ တာတုံး၊ မှန်လှပါဘုရား တပည့်တော် လူသားမဟုတ်ပါဘုရား၊ နတ်သမီးပါ ဘုရားလို့ လျှောက်ထားလိုက်တယ်၊ ဘာပြုလို့နတ်သမီးက လာငိုနေတာတုံးလို့ဆို တော့ အရဟတ္တမင်္ဂ အရဟတ္တဖိုလ်ဆိုဘာ ငိုရင်ရမလားလို့ တပည့်တော်လဲ ငိုနေ တာပါဘုရားလို့ မလျှောက်ဘူးလား (လျှောက်ပါတယ်ဘုရား)။

မဟာသီဝမထေရ်ကြီးက ငါ့အကြောင်း နုတ်တွေတောင် သိကုန်ပါပကော လို့ဆိုပြီး ကျိုးစားအားထုတ်လိုက်တာ အနှစ်သုံးဆယ်မြောက် ပဝါရဏာမှာ မှာ ရဟန္တာဖြစ်တယ်၊ အဲဒီကျမှ အနှစ်သုံးဆယ်တိုင်တိုင် ရေမချိုးခဲ့တော့ ဘယ် လောက်အားထုတ်တယ်ဆိုတာ တကာ တကာမတွေ စဉ်းစားကြည့်၊ အားမထုတ် ဘူးလား၊ အားထုတ်သလား (အားထုတ်ပါတယ်ဘုရား) အနှစ်သုံးဆယ်တိုင် တိုင် ရေမချိုးတော့ အဲဒီမဟာသီဝမထေရ်မှာ ဂျီးတွေ တခါထဲပေမနေဘူးလား၊ ပေနေသလား (ပေနေပါတယ်ဘုရား) သိကြားမင်းကြီးကိုယ်တိုင် ရေချိုးပေး တယ်တဲ့၊ ရဟန္တာလဲဖြစ်ရော သိကြားနေနိုင်ရဲလား (မနေနိုင်ပါဘုရား)ရဟန္တာ မဖြစ်ခင်တော့ သိကြားလက်ပိုက်ကြည့်နေတယ်၊ ရဟန္တာဖြစ်တဲ့အခါကျတော့ သိကြားမင်းကိုယ်တိုင် မဟာသီဝမထေရ်ကြီးကို ရေချိုးပေးတယ်လို့ ကျမ်းဂန် မှာရှိတယ်။

တကာ တကာမတွေ ပြောလိုတာက ဖြစ်ကောင်းတဲ့ဒေါသ၊ ဖြစ်ကောင်းတဲ့ လောဘရှိတယ် ဆိုတဲ့အချက်ကို သိစေလိုလို့ပါဘဲ၊ ရှုတိုင်းရှိုက်တိုင်းမှာ စိတ် သဘော လေသဘောဟာ ဘာတုံး (ဖြစ်ပျက်ပါဘုရား) ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှိုက်တိုင်း) အဲဒီလိုရှုရှိုက်မှာ တခါတလေ ခင်ဗျားတို့ ဩဘာသအလင်း ရောင်တွေ မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား)အဲဒီအလင်းရောင် ကို ခင်ဗျားတို့ နှစ်သက်နေရင် အဲဒါဘာတုံး(တဏှာလောဘပါဘုရား)ဒီလောဘ မဖြစ်ကောင်းဘူးလား (ဖြစ်ကောင်းပါတယ်ဘုရား) သို့သော် နိဗ္ဗာန်နဲ့စာရင် မကောင်းပါ။ ကောင်းရဲလား (မကောင်းပါဘုရား)။

အဲဒီ ဩဘာသအလင်းရောင် ပေါ်လာရင်လဲ နှစ်သက်မနေနှင့် သူ့ကိုလဲ ဖြစ်ပျက်ရှုပါတော့၊ ကဲ နက်ဖြန်မှ ဆက်ကြပါစို့ အချိန်လဲစေ့ပါပြီ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ
။ ။ သံဃံ ပူဇေမိ
။ ။ ဓမ္မံ ပူဇေမိ

## ဖြစ်ပျက်နှစ်ခိုက်မှာ အနန္တရေယ်ဆယ်ပါး ပေါ်လာဘတ်တယ်

### သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၉)ရက်နေ့ ဟောကြားသောတရား။

### ဉာဏ်စဉ် တဆယ့်ခြောက်ပါး (၂)

ပလ္လင်္ကံ အာဘုဇိတွာ နိသီဒတိတဲ့။ တင်ပလ္လင်ခွေ၊ ဘယ်လက်ပေါ် ညာလက်တင်ထား၊ ခါးဖြောင့်ဖြောင့်ထား၊ သတိထား၊ ဒီနေရာမှာ အာနာပါနကနေပြနေသည်ဖြစ်သောကြောင့် သတိ ဘယ် မှာ ထား ရ မှာ လဲ (နှာသီးဖျားမှာပါဘုရား) နှာသီးဖျားမှာ သတိထားလိုက်တဲ့အခါ အပြင်လေထုတ်တာ တွေ့မယ်၊ အတွင်းလေသွင်းတာတွေ့မယ်။ အပြင်လေထုတ်တာက ရှူတာ၊ အတွင်းလေသွင်းတာက ရှိုက်တာ။ ရှူတာက အာန၊ ရှိုက်တာက ပါန၊ အောင့်မေ့တာက သတိ၊ ပေါင်းလိုက်တော့ (အာနာပါနသတိပါဘုရား)

ဘာကမ္မဋ္ဌာန်းလဲ (အာနာပါနသတိကမ္မဋ္ဌာန်းပါဘုရား) အာနာပါနသတိကမ္မဋ္ဌာန်းဆိုတာ မြတ်စွာဘုရားရဲ့ က မ္မ ဋ္ဌာန်း ဟုတ် ရဲ့ လား (မြတ် စွာ ဘု ရား ရဲ့ ကမ္မဋ္ဌာန်းပါဘုရား) မြတ်စွာဘုရားရဲ့ကမ္မဋ္ဌာန်း နှလုံးသွင်းပါ။ ရှူမှ ရှူတယ်လို့သိပေး၊ ရှိုက်မှရှိုက်တယ်လို့သိပေး။ သမာဓိမရှိဘဲနဲ့ ဉာဏ်စဉ်တက်လို့ရလား (မရပါဘုရား) မရဘူး။ သမာဓိကိုလွတ်ပြီးတော့ ပြောလို့မရပါဘူး။ ဒါကြောင့် ရှူရင်ရှူတယ်သိပါ။ ရှိုက်ရင်ရှိုက်မှန်းသိပါလို့ ပြောရပါတယ်။

နောက် ဒုတိယနည်းက ရှူစက ရှူဆုံးအထိ ရှူရင် ရှူတယ်ရှူတယ်လို့ သိပါ။ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ်ရှိုက် ဘယ်လို့ သိပါ။ တတိယ နည်းကျတော့ တကာတကာမတွေ့ ရှူခြင်းအမှုမပြုဘူးလား၊ ပြုသလား ပြုပါတယ်ဘုရား) ဘယ်လိုပြုသလဲဆိုတော့ ဤလိုပြုတယ်၊ ရှိုက်ခြင်းအမှု မပြုဘူးလား ( ပြုပါတယ်ဘုရား ) ဘယ်လိုပြုသလဲ၊ ဤလိုပြုတယ်။ ကိုယ်ပြုတာ ပြု မှန်း သိ ပါ။ ကိုယ်ပြုတာ ပြုမှန်းမသိဘဲနဲ့၊ ကမ္မဋ္ဌာန်းဖြစ်ပါမလား (မဖြစ်ပါဘုရား) ဒါ့ကြောင့် ရုပ်တရား နာမ်တရားသိချင်ရင် ကိုယ်ပြုတာပြုမှန်းသိပါတဲ့။ သမာဓိရှိပါစေ။

သမာဓိ ဘိက္ခဝေဘာဝေထ သမာဟိတောဘိက္ခဝေ ယထာဘူတံ ပဇာနာတိ ယထာဘူတံ၊ ဇာနံ၊ ပဿံ၊ အန္တကရောဟောတိ၊ ဒေသနာတော်က ပထမ သမာဓိ လုပ်ပါ။ သမာဓိရှိပြီဆိုရင် ရုပ်တရား နာမ်တရား သိနိုင်တယ်၊ ရုပ်တရား နာမ်တရားသိရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရနိုင်တယ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဝန်ခံမထားဘူးလား၊ ဝန်ခံထားသလား (ဝန်ခံထားပါတယ်ဘုရား) ဝန်ခံထားပါတယ်။ ဒါ့ကြောင့် ရှေ့ပိုင်းမှာ ဘာရှိရမှာလဲ (သမာဓိ ရှိရမှာပါဘုရား) သမာဓိရှိချင်ရင် ကိုယ်ပြုတာပြုမှန်းသိနေရင် သမာဓိ။ နောက် ရှူရင်ရှူ

မှန်းသိတော့ (သမာဓိပါဘုရား) ရှိက်ရင်ရှိက်မှန်း သိနေရင်ကော (သမာဓိပါဘုရား) သတိရှိလို့သမာဓိရှိတာလား၊ သတိမရှိလို့ ရှိတာလား (သတိရှိလို့ပါဘုရား) အဲ-သတိရှိရင် သမာဓိဖြစ်လာတာဘဲ။ ဒါ့ကြောင့် သတိ သမာဓိ ရမလာဘူးလား၊ ရလာသလား (ရလာပါတယ်ဘုရား) ရလာတယ်။ ဘယ်အချိန် သတိ သမာဓိရလာတာပါလိမ့် (ရှူတိုင်း ရှိက်တိုင်း) ဒီရှူကွက်မလွတ်ပါစေနှင့်။ သတိ သမာဓိရှိလာတဲ့အခါ သတိ သမာဓိသည် အရှိတရားဖေါ်တာလား၊ မရှိတရားဖေါ်တာလား(အရှိတရားဖေါ်တာပါဘုရား) အရှိတရားက တကာတကာမတွေ့နေတိုင်းပြောပေးနေပါတယ်။ ဤလိုပြုချင်တဲ့သဘောကဘာလဲ (စိတ်ပါဘုရား) စိတ်ဖြစ်တော့ဘာဖြစ်လဲ (လေ) စိတ်ကဘာတရားပါလိမ့် (နာမ်တရား) လေကဘာတရားပါလိမ့် (ရုပ်တရားပါဘုရား)

ရုပ်တရား နာမ်တရား မရှိဘူးလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာ ရုပ်တရား နာမ်တရားရှိတာလဲလို့မေးရင်(ရှူတိုင်း ရှိက်တိုင်းမှာပါဘုရား) ဒါ့ကြောင့် ရှိတဲ့အချိန်မှာ ရှိတဲ့တရားကိုဘဲ ကြည့်ရမယ်။ (ဘူတံ ဘူတတော ပဿတိ) ဘူတံ၊ ထင်ရှားရှိတဲ့ စိတ်သဘောနဲ့ ရုပ်သဘောကို၊ ဘူတတော၊ ထင်ရှားရှိပါတကားဟူ၍၊ ပဿတိ၊ ကြည့်ရမယ်၊ ဒါ့ကြောင့် ရှူတဲ့အခါ စိတ်နဲ့လေ၊ ရှိက်တဲ့အခါကော ( စိတ်နဲ့လေပါဘုရား ) အရှိတရားရှု၊ အရှိတရားက ပရမတ်၊ မရှိတာကဘာတုံး (ပညတ်ပါဘုရား) ဒါ့ကြောင့် အရှိတရားရှုရမှာလား၊ မရှိတရားရှုရမှာလား (အရှိတရားရှုရမှာပါဘုရား) အရှိတရားကိုရှုပါ။ အရှိတရားက ဘာနဲ့ဘာရှိတာလဲ (စိတ်နဲ့လေပါဘုရား)ဘယ်အချိန်မှာရှိတာလဲ (ရှူတိုင်း ရှိက်တိုင်းမှာပါဘုရား)အဲဒါကြောင့် ရှူတဲ့အခါလဲစိတ်နဲ့လေ၊ရှိက်တဲ့အခါလဲစိတ်နဲ့လေ မိအောင်ဖမ်း၊ အဲဒီလိုရှုပါအုံး၊ ဒါနံပါတ်တစ်။

ကဲ-နံပါတ် (၂) တက်ကြပါဦးစို့။ နံပါတ် (၂) ကျတော့ ရှိရှိနေတာဘာပြုလို့ရှိရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) လူတွေ သတ္တဝါတွေ ရှိကာလား၊ စိတ်နဲ့လေရှိတာလား (စိတ်နဲ့လေရှိတာပါဘုရား) ရှိတာဘာလို့ရှိနေကာလဲ ( ဖြစ်ဖြစ်နေလို့ပါဘုရား ) ဘယ်တုံးကဖြစ်ဘာလဲ ( ခုမှဖြစ်တာပါဘုရား ) (ခုမှဖြစ်တဲ့စိတ်နဲ့လေ ခုမှဖြစ်တဲ့စိတ်နဲ့လေ) အဲဒီလိုရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဉာတပရိညာဆိုက်လာတယ်၊ ရှူတိုင်းရှိက်တိုင်းမှာ မိအောင်ဖမ်းပါ။ စိတ်နဲ့လေရှိရှိနေတာ ဖြစ်ဖြစ်နေလို့။ ငါ့ကြောင့်ဖြစ်ဘာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)သူများကြောင့်ဖြစ်တာဟုတ်ရဲ့သား(မဟုတ်ပါဘုရား) အလိုလိုဖြစ်ဘာ ဟုတ် ရဲ့ လား ( မဟုတ်ပါဘုရား ) ဘာ ကြောင့် ဖြစ် တာ လဲ

{ Hlaing 68 }

(အကြောင်းကြောင့်ပါဘုရား) အကြောင်းကြောင့်လို့ မရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား (ရှင်းခဲ့ပါတယ်ဘုရား)

ဒါ့ကြောင့်ရှုတဲ့အခါ (ခုမှဖြစ်တဲ့စိတ်နဲ့လေ-ခုမှဖြစ်တဲ့စိတ်နဲ့လေ) အကြောင်းကြောင့်ဖြစ်။ ဒါဘာဉာဏ်နဲ့ ဘာဉာဏ်ပါလိမ့် (နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတော့ ဘာသုဒ္ဓိတုံး (ကင်္ခါဝိတရဏဝိသုဒ္ဓိ) ပရိညာအားဖြင့် (ဉာတပရိညာ၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်) ဒီလိုဘက်ခဲ့ရတယ်။ ဒီအဆင့်ကျော်တက်လို့ရရဲ့လား (မရပါဘုရား) ဒါ့ကြောင့် ရှုတိုင်းရှုတိုင်းဘာနဲ့ဘာရှိတာတုံး(စိတ်နဲ့လေ)ဒါမိအောင်ဖမ်းထား။ ရှိနေတာကဘာလို့ရှိနေတာလဲ (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီးတော့ဘယ်ရောက်(ပျက်ပါတယ်ဘုရား) ဟိုတုံးကလဲဖြစ်ပြီးတော့ (ပျက်ခဲ့ပါတယ်ဘုရား) ယခုလဲဖြစ်ပြီးတော့ ပျက်ဆဲ၊ နောင်လဲဖြစ်ရင် ပျက်အုံးမှာဘဲ။ အဲဒီလို ဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ပရိညာအားဖြင့် (တီရဏပရိညာ) ဆိုက်ပါတယ်၊

အဲဒီတော့ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးမှာအတိတ်နဲ့ အနာဂတ်ကိုလွှတ်ပြီးတော့ ပစ္စုပ္ပန်ကို ရှုရမယ်။ ဘာကိုရှုရမှာလဲ (ပစ္စုပ္ပန်ကို ရှုရမှာပါဘုရား)အဲဒီပစ္စုပ္ပန်ကို ဥဒယဗ္ဗယဉာဏ်နဲ့ရှုရမယ်။ ဘာဉာဏ်နဲ့ရှုရမယ် (ဥဒယဗ္ဗယဉာဏ်နဲ့ရှုရမှာပါဘုရား) ဥဒယဆိုတာက-အဖြစ်၊ ဝယဆိုတာက-အပျက်၊ ဖြစ်ပျက် ရှုရမယ်၊ ဒါ့ကြောင့် တကာ တကာမတွေ့ သတိထားလိုက်။ ရှုတိုင်းရှိုက်တိုင်းမှာ ဘာသဘောတွေရှိတာတုံး(စိတ်သဘောနဲ့လေသဘော ရှိတာပါဘုရား) စိတ်နဲ့လေမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိရှိနေတာလဲ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား)

အော်-ရှုတဲ့အခါလဲ(စိတ်နဲ့လေဖြစ်ပျက်)ရှုိက်တဲ့အခါကော (စိတ်နဲ့လေ ဖြစ်စိတ်နဲ့လေလွှတ်လို့ရရဲ့လား (မရပါဘုရား) စိတ်နဲ့လေက လက္ခဏာဝန္တ။ ဖြစ်ပျက်က လက္ခဏာကိုး။ စာပေမှာလက္ခဏာနဲ့ လက္ခဏာဝန္တ ကွဲရသေးတာကိုး။ စိတ်နဲ့လေက လက္ခဏာဝန္တ။ ဖြစ်ပျက်ကဘာလဲ (လက္ခဏာပါဘုရား) ဟုတ်လား၊ လက္ခဏာနဲ့လက္ခဏာဝန္တကွဲရတယ်။ လက္ခဏာနဲ့လက္ခဏာဝန္တမကွဲရင် မဂ်ဇောကျလို့ရရဲ့လား(မရပါဘုရား)

စိတ်နဲ့လေက လက္ခဏာဝန္တ၊ ဖြစ်ပျက်က လက္ခဏာ၊ ဒီလိုကွဲပါစေ၊ အဲဒီတော့ လက္ခဏာဖြစ်တဲ့ ဖြစ်ပျက်ကို ရှုရမှာလား၊ လက္ခဏာဝန္တဖြစ်တဲ့ စိတ်နဲ့လေကို ရှုရမှာလား(လက္ခဏာဝန္တဖြစ်တဲ့ စိတ်နဲ့လေကိုရှုရမှာပါဘုရား)အဲဒါကိုမိအောင်ဖမ်းထား၊ သူ့လွှတ်ပြောလို့ ရရဲ့လား (မရပါဘုရား) သူ့ကို လွှတ်ပြီးတော့

ရှုလို့လဲ ရှုကွက်မှန်ပါမလား (မမှန်ပါဘုရား) ဒီစိတ်နဲ့လေ နာမ်တရားနဲ့ ရုပ်တရားကိုမှ မမြင်ဘဲနဲ့ ဖြစ်ပျက်နဲ့လက္ခဏာချည်း ရှုလို့ရရဲ့လား (မရပါဘုရား)။

မနေ့ကလဲ ပြောခဲ့ပါတယ်၊ ရှုဉာဏ်နဲ့ပေါ်ဉာဏ် မကွဲရင်လဲ မဂ်ဇောမကျဘူး၊ ဒါကြောင့် ရှုတဲ့အခါမှာ စိတ်နဲ့လေဖြစ်ပျက်၊ ရှိုက်တဲ့အခါကျတော့ စိတ်နဲ့လေ ဖြစ်ပျက်၊ အဲဒီလို ရှုရမယ်။

ဒါကြောင့် ဇာတံ နာမရူပံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိလက္ခဏံ။
ဥဒယော ဝိပရိဏာမ လက္ခဏံ ဝယော။

ဇာတံ၊ ဖြစ်ဆဲဖြစ်သော။ နာမရူပံ၊ စိတ်နဲ့လေဆိုတဲ့ နာမ်တရား ရုပ်တရားသည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်သာ ဘည်း။ စိတ်နဲ့လေကို ယခု ရှုနေတာက အတိတ်အနာဂါတ်ကို ရှုနေတာလား ပစ္စုပ္ပန်ကို ရှုနေတာလား (ပစ္စုပ္ပန်ကို ရှုနေတာပါဘုရား) ရှိတာက အတိတ် အနာဂတ်မှာ ရှိတာလား၊ ပစ္စုပ္ပန်မှာရှိတာလာလား (ပစ္စုပ္ပန်မှာ ရှိတာပါဘုရား) အဲဒီတော့ ရှိတဲ့အချိန်မှာ ရှုရမှာလား၊ မရှိတဲ့အချိန် ရှုရမှာလား (ရှိတဲ့အချိန် ရှုရမှာပါဘုရား) ရှိတဲ့အချိန်က ဘာပါလိမ့် (ပစ္စုပ္ပန်ပါဘုရား) ရှိတာ ဘာလို့ရှိတာလဲ မေးရင် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား) မနေ့ကလဲ ပြောခဲ့ပါတယ်၊ မုံညင်းစေ့ကလေး အပ်ဖျားပေါ်မှာ တင်လိုက် ကျလာလိုက် တင်လိုက် ဘာလဲ(ကျလာလိုက်ပါဘုရား) ယခုလဲ သင်္ခါရတရားတွေဟာ ဖြစ်လိုက် ပျက်လိုက်နဲ့ ရပ်တဲ့ဌာန ရှိရဲ့လား (မရှိပါဘုရား)။

(အဝဋ္ဌာနံ၊ ရပ်တည် ဟာည်တန့်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ သိရမယ်။) ဤစိတ်သဘော ယေသဘောဆိုတာက ရပ်နေတယ်၊ နားနေတယ်ဆိုတာ ရှိရဲ့လား (မရှိပါဘုရား) ဖြစ်ပြီးတော့ ဘယ်ရောက် (ပျက်) ဒါကြောင့် ရှုတိုင်း ရှုတိုင်းမှာ စိတ်နဲ့လေ ဖြစ်ပျက် ရှိုက်တိုင်း ရှိုက်တိုင်းမှာကော စိတ်နဲ့လေ ဖြစ်ပျက် အဲဒီလို ဖြစ်ပျက်ရှုခိုက်မှာ မနေ့ကလဲ အန္တရာယ်တွေ ပြောခဲ့ပြီ၊ စိတ်နဲ့လေ ဖြစ်ခိုက်မှာ အန္တရာယ်ဆယ်ပါး ပေါ်လာတတ်တယ်၊ ဘာပေါ်လာတတ်တာလဲ (အန္တရာယ်ဆယ်ပါးပါဘုရား)။

အန္တရာယ်ဆယ်ပါး မနေ့ကလဲပြောခဲ့ပါတယ်၊ ဩဘာသ ဉာဏ ပီတိ ပဿဒ္ဓိ သုခ အဓိမောက္ခ ပဂ္ဂဟ ဥပဋ္ဌာန ဥပေက္ခာ နိကန္တိတဲ့။ ဘယ်နှစ်ပါးတဲ့လဲ (ဆယ်ပါးပါဘုရား) အဲဒီလို ရှုတိုင်း ရှိုက်တိုင်းမှာ ဒီအန္တရာယ်တွေကို သိထားရတယ်၊ သိမထားရင် ဒါတွေနဲ့ဘဲ ကျေနပ်နေမှာစိုးလို့၊ ဒါကြောင့် ရှုတိုင်း ရှိုက်တိုင်းမှာ သတိလဲထား၊ တခါတလေ စိတ်နဲ့လေ ဖြစ်ပျက်လို့ ရှုနေတဲ့ အချိန်အခါမှာ အလင်းရောင်တွေ ပေါ်လာတတ်တယ်၊ ဘာတွေပေါ်လာတတ်သလဲ (အလင်း

ရောင်ပါဘုရား) အလင်းရောင်တွေက တခါတလေ နှစ်တောင်တွာ ပတ်ဝန်းကျင်နေ၁်၊ အဲဒီလိုလဲ ပေါ်လာတတ်တယ်။

နောက် စကြာဝဠာတခုလုံးမှာလဲ အလင်းရောင်တွေ ပေါ်လာတတ်တယ်၊ ဒီလို ဩဘာသဆိုတာ သမထဦးစားပေးပြီး ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေမှာ ပေါ်တတ်တယ်၊ သမထကို မျှားမျှားလုပ်ပြီး ဝိပဿနာတက်တဲ့ပုဂ္ဂိုလ်တွေ အလင်းရောင်တွေ မပေါ်ဘူးလား၊ ပေါ်သလား(ပေါ်ပါတယ်ဘုရား) တချို့ဆို စကြာဝဠာတခုလုံး အလင်းရောင်တွေ ပေါ်လာတတ်ပါတယ်တဲ့။

ဒါနဲ့ တကာ တကာမတွေ မနေ့ကဘဲ ပြောခဲ့ပါတယ်၊ စိတ္တလတောင်ကျောင်းငယ်တခုမှာ ဘာတောင် (စိတ္တလတောင်ပါဘုရား) မထေရ်နှစ်ပါး တရားအားထုတ်နေကြတယ်၊ ယခုလို အာနာပါန ပဗ္ဗကနေပြီး ရှုတိုင်း ရှိုက်တိုင်း မှာ စိတ်နဲ့လေ ဖြင်ပျက် စိတ်နဲ့လေ ဖြစ်ပျက်လို့ ရှုခိုက်မှာ စေတီ၏ ရင်ပြင်ပေါ်မှာ အဆင်းငါးမျိုးရှိသော အလင်းရောင်တွေ ပေါ်နေတယ်၊ မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) အဲဒီမထေရ်ငယ်က မထေရ်ကြီးကို လျှောက်ထားတယ်၊ အရှင်ဘုရား တပည့်တော် ဥဒယဝယဉာဏ်ပိုင်း ရှုခိုက်မှာ ဒီလို အလင်းရောင်တွေပေါ်ပါတယ်ဘုရားလို့ လျှောက်တယ်၊ ငါ့ရှင်တဲ့ ငါ့ရှင့်ပေါ်တာ ဘာဟုတ်သေးသလဲတဲ့၊ ငါလဲ ဒီဥဒယဝယဉာဏ်ပိုင်း ရှုခိုက်မှာ ပင်လယ်သမုဒ္ဒရာထဲမှာရှိတဲ့ ငါးလိပ်တွေဟာ ရွှေရောင်ကဲ့သို့ ဝင်းထိန်နေတာဘဲတဲ့၊ ဒီလိုကော မထင်ဘူးလား၊ ထင်သလား (ထင်ပါတယ်ဘုရား)။

ဒါပေမဲ့ ဒီအလင်းကို အထင်ကြီးမနေနဲ့၊ ဒီအလင်းရောင်ဟာ မဂ်ဉာဏ်လဲ မဟုတ်ဘူး ဖိုလ်ဉာဏ်လဲ့ မဟုတ်ဘူး၊ နိဗ္ဗာန်လဲ မဟုတ်ဘူး၊ ဘာလဲဆိုတော့ ဝိပဿနာရဲဉာဏ်ရောင်၊ ဘာဉာဏ်ရောင် (ဝိပဿနာရဲ ဉာဏ်ရောင်ပါဘုရား) နိဗ္ဗာန်နဲ့စာရင် ကောင်းရဲ့လား (မကောင်းပါဘုရား) ဒါဖြင့် ဒီတရား အကုသိုလ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒါကို တချို့က အကုသိုလ်ဆိုပြီးတော့ ပြောလေ့ရှိလို့ပါ၊ အဲဒါ အကုသိုလ် မဟုတ်ပါဘူး။

အဲဒီအလင်းရောင်ပေါ်မှာ သာယာနှစ်သက်မှုတွေ မပေါ်ဘူးလား၊ပေါ်လာသလား(ပေါ်လာပါတယ်ဘုရား)အဲဒါ နှစ်သက်တဲ့ တဏှာ၊ လောဘ၊ ဒီတဏှာလောဘ မဖြစ်ကောင်းဘူးလား၊ ဖြစ် ကောင်း သ လား (ဖြစ်ကောင်းပါတယ်ဘုရား) အဲဒီအလင်းရောင်ကိုပေါ်လာရင်လဲ ဖြစ်ပြီးတော့ (ပျက်) ဖြစ်ပြီးတာနဲ့ တပြိုင်နက် ရှိသေးရဲ့လား (မရှိတော့ပါဘုရား) ဖြစ်ပြီးပျက်တာဘဲလို့ ရှုလိုက်။ အဲဒီအလင်းရောင်ကို ဖြစ်ပျက်မှုဘဲနဲ့ ဒီအလင်းရောင်ပေါ်မှာ သာယာနှစ်သက်နေရင် ရှေ့ကာွားတက်ပါအုံ့ မလား (မတက်ပါဘုရား) လုပ်ငန်းလုပ်ပါဦးမလား (မလုပ်ပါဘုရား) လုပ်ငန်းမလုပ်တော့ ရပ်မနေဘူးလား၊ ရပ်နေသလား (ရပ်နေ

ပါတယ်ဘုရား) ရပ်နေတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မလွဲနိုင်ဘူးလား၊ လွဲနိုင်သလား (လွဲနိုင်ပါတယ်ဘုရား)

ဒါနဲ့ကျေနပ်နေမှာစိုးလို့ အဲဒီအလင်းရောင်လေးနဲ့ ကျေနပ်မနေပါနဲ့။ အဲဒီအလင်းရောင်တွေဟာ မဂ်တုတွေ၊ ဖိုလ်တုတွေ၊ နိဗ္ဗာန်တုတွေလို့ ဆုံးဖြတ်ချက်ချ။ ဘာ လဲ (မဂ်တု ဖိုလ်တု နိဗ္ဗာန်တုပါဘုရား) ဒါကြောင့် ဝိပဿနာဉာဏ်ကို မဂ်တု ဖိုလ်တုကလဲ အန္တရာယ်ဖြစ်နိုင်တယ်။ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အဲဒီအလင်းရောင်ပေါ်လာလို့ရှိရင် ဘယ်လိုရှုရမှာလဲ (ဖြစ်ပျက်လို့ရှုရမှာပါဘုရား) အဲဒါနဲ့ပတ်သက်လို့ မဟာနာဂ မထေရ်ကြီးဆိုတာ ဥစ္စဝါဠိကအရပ်မှာ၊ ဒါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြထားတယ်။ ဘယ်လိုပြထားသလဲဆိုလို့ရှိရင် ဥစ္စဝါဠိက အရပ်မှာ မဟာနာဂမထေရ်ကြီး သီတင်းသုံးနေတယ်။ ဥစ္စဝါဠိကအရပ်။ ဘာအရပ် (ဥစ္စဝါဠိကအရပ်ပါဘုရား)

အဲဒီ မဟာနာဂမထေရ်ကြီး အဲဒီမှာ သီတင်းသုံးနေတော့ အာနာပါနပဗ္ဗကနေပြီး ရှုတိုင်းရှုတိုင်း ရှိုက်တိုင်းရှိုက်တိုင်းမှာ စိတ်နဲ့လေဖြစ်ပျက် နာမ်နဲ့ရုပ် ဖြစ်ပျက်၊ မရှုဘူးလား၊ ရှုသလား (ရှုပါတယ်ဘုရား) အဲဒီလို ရှုလို့ရတယ်။ စိတ်စေဘသိတ် ရုပ် ဖြစ်ပျက်။ တနည်း ဝိညာဏ် နာမ်ရုပ် ဖြစ်ပျက်။ ဒီလိုကော ရှုလို့မရဘူးလား၊ ရသလား (ရပါတယ်ဘုရား)

အဲဒီသဘောတွေ ပြပြီးပြီ။ ဘယ်တရားကိုဘဲရှုရှု၊ တလုံးတည်းကိုသာ ရှုပါ။ အော်-ရှုတိုင်းရှိုက်တိုင်းမှာ ခန္ဓာငါးပါးဖြစ်ပျက်၊ ဒီလိုကော ရှုလို့မရဘူးလား (ရှုရပါတယ်ဘုရား) အဲဒီလိုရှုခိုက်မှာ မဟာနာဂမထေရ်ကြီး အလင်းရောင်ပေါ်လာတယ်တဲ့။ ဘာပေါ်လာတုံး (အလင်းရောင်ပါဘုရား) အလင်းရောင် ပေါ်လာတော့ မဟာနာဂမထေရ်ကြီးက အော်- အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတာ ဒါထင်ပါရဲ့၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုပြီး ယူလိုက်တယ်။ ငါ အရဟတ္တမဂ် အရဟတ္တဖိုလ်ရပြီ၊ ရဟန္တာဖြစ်ပြီလို့ သူ့ကိုယ်သူ အ ထင် မ ကြီး ဘူး လား၊ ကြီးသလား (ကြီးပါတယ်ဘုရား) အထင်ကြီးသွားတယ်။ ဘယ်လောက်ကြာပြီလဲဆိုတော့ နှစ်ပေါင်းခြောက်ဆယ်၊ ဘယ်လောက်ကြာသလဲ (နှစ်ပေါင်း ခြောက်ဆယ်ပါဘုရား) ဒီအလင်းရောင်တွေရတာနဲ့ ငါရဟန္တာဖြစ်ပြီဆိုပြီး မိမိကိုယ်ကိုဆုံး ဖြတ် ပြီး တော့ သူတရားအားထုတ်သေးရဲ့လား ( အားမထုတ်တော့ဘူး ) ဒီအလင်းရောင်ရတာနဲ့ ငါရဟန္တာဖြစ်ပြီဆိုပြီးတော့ သူ့ကိုယ်သူ ရဟန္တာထင်ပြီး မနေဘူးလား၊ နေသလား (နေပါတယ်ဘုရား)

နှစ်ပေါင်းဘယ်လောက်ကြာသွားပါလိမ့် (ခြောက်ဆယ်ပါဘုရား) ခြောက်ဆယ် ကြာသွားတယ်။ ဓမ္မဒိန္နပထေရ်က ငါ့ရဲ့ဆရာကြီး ဘယ်လိုနေပါလိမ့်မလဲလို့ ဓမ္မဒိန္နဆိုတာ ရဟန္တာ၊ ဓမ္မဒိန္နဆိုတာ ဘာလဲ ( ရဟန္တာပါဘုရား ) အဲဒီတော့ ဓမ္မဒိန္နက သူ့ရဲ့ဆရာ မဟာနာဂမထေရ် ဘယ်လိုနေပါလိမ့်မလဲလို့ ဆင်ခြင်လိုက်

တဲ့အခါ အော်- မဟာနာဂမထေရ်ကြီး သူ့ကိုယ်သူ အထင်ကြီးနေပါပြီကော၊ အလင်းရောင်ရတာနဲ့ သူ့ကိုယ်သူရဟန္တာဆိုပြီး အေးအေးဆေးဆေးနေပါလား။ တဆူးလဲအားမထုတ်တော့ဘူး။ ငါသတိသွားပေးမှဘဲလို့ ကောင်းကင်ကနေပြီးတော့ ဥစ္စဝါဋ္ဋကျံအရပ်မှာရှိတဲ့ မဟာနာဂမထေရ်ကြီးထံ ကြွမလာဘူးလား၊ ကြွလာသလား(ကြွလာပါတယ်ဘုရား)ကောင်းကင်ကကြွလာတယ်။ကောင်းကင်ကကြွလာတော့ မဟာနာဂမထေရ်ကြီးက ဘယ်လိုမိန့်သလဲဆိုတော့ ငါ့ရှင် အချိန်အခါမဟုတ်ဘဲနဲ့ ဘာအကြောင်းကြောင့် လာသလဲ၊ သူ့ရဲ့တပည့်ကို မေးတယ်။ (မှန်လှပါဘုရား) ဘုရားတပည့်တော်လဲ အရှင်ဘုရားကို လျှောက်စရာရှိလို့ပါဘုရား။

လျှောက်ပါဆိုတော့ ဓမ္မဒိန္နက ဘာတွေလျှောက်သလဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့ပတ်သက်တဲ့တရားတွေ မေးလျှောက်တယ်၊ မမေးဘူးလား၊ မေးသလား (မေးပါတယ်ဘုရား) မဂ်ဖိုလ်နဲ့စပ်တဲ့တရား၊ နိဗ္ဗာန်နဲ့စပ်တဲ့ တရားတွေ ဓမ္မဒိန္န မေးတိုင်းမှာ မဟာနာဂမထေရ်ကြီးကလဲ ချက်ကနဲ ချက်ကနဲ ဖြေလိုက်တာဘဲ။ မဖြေဘူးလား၊ ဖြေသလား (ဖြေပါတယ်ဘုရား) မ ဖြေ နိုင် ဘူး လား၊ ဖြေနိုင်သလား (ဖြေနိုင်ပါတယ်ဘုရား) ဖြေနိုင်ပါတယ်။ မေးတိုင်းမေးတိုင်းကို ဖြေပါတယ်။ ရဟန္တာမေးတာ အကုန်ဖြေနိုင်တယ်၊ ဒါနဲ့ ဓမ္မဒိန္န ရဟန္တာအရှင်မြတ်က အရှင်ဘုရားရဲ့ဉာဏ်ဟာ တယ်ကြီးပါလားဘုရား၊ တပည့်တော်မေးတိုင်းလဲ အရှင်ဘုရား ဖြေနိုင်ပါတယ်။ အရှင်ဘုရားရဲ့ဉာဏ်ဟာ အလွန်မတန် ကြီးကျယ်တဲ့ဉာဏ်ပါလားဘုရား။ အဲဒီလိုမလျှောက်ဘူးလား(လျှောက်ပါတယ်ဘုရား)အရှင်ဘုရား ဒီဉာဏ်ဘယ်တုံးကရပါသလဲလို့ ဆိုတော့ ငါနှစ်ပေါင်းခြောက်ဆယ်ရှိသွားပြီတဲ့။ ဒါနဲ့ ဓမ္မဒိန္နမထေရ်က (အရှင်ဘုရား အဲဒီလိုဆိုရင် ဘုရားတပည့်တော် လျှောက်ထားပါရစေဘုရား) အရှင်ဘုရား ဈာန် အ ဘိ ညာဉ် တွေ ကော ကျွမ်းကျင်ပါသလားဆိုပြီးတော့ မလျှောက်ဘူးလား၊ လျှောက်သလား (လျှောက်ပါတယ်ဘုရား) ကျွမ်းကျင်ပါတယ်၊ (ကျွမ်းကျင်ရင် ဘုရားတပည့်တော်ကို ဆင်ကောင်ကြီး ဖန်ဆင်းပေးပါဘုရား)ဘာဖန်ဆင်းခိုင်းတာတုံး(ဆင်ကောင်ကြီးပါဘုရား) ဆင်ကြီးဖန်ဆင်းခိုင်းတယ်၊ ဒါနဲ့ မဟာနာဂမထေရ်ကြီးက ဆင်ကြီးဖန်ဆင်းပေးလိုက်၊ ဖန်ဆင်းမပေးဘူးလား၊ ပေးသလား (ပေးပါတယ်ဘုရား)

ဈာန်အဘိညာဉ်တွေလဲရဘာဘဲ၊ ပုထုဇဉ်ဖြစ်ပေမဲ့ ဒါလဲရဟန္တာဟုတ်ရဲ့လား မဟုတ်သေးဘူး။ ပုထုဇဉ်လဲ ဈာန်အဘိညာဉ်မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ဈာန် အ ဘိ ညာဉ် က လဲ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရရင် စိတ်ချရရဲ့လား (စိတ်မချရဘူး) သူနဲ့မသည့်တဲ့အာရုံနဲ့ သွားတွေ့လိုက်ရင် ကာမအာရုံနဲ့သွားတွေ့လိုက်ရင် မပျက်စီးဘူးလား၊ ပျက်စီးသလား (ပျက်စီးပါတယ်

ဘုရား) ပျက်စီးထားတဲ့ ဝတ္ထုသက်သေ သာဓကတွေလဲ အများကြီးရှိတယ်ဆို တာ သိပြီးသားဖြစ်ပါတယ်။

ဒါနဲ့ ဆင်ကြီးဖန်ဆင်ပေးလိုက်တော့ (အရှင်ဘုရား အဲဒီဆင်ကြီးက နားရွက် ကြီး က ကား နေ အောင် ဖန် ဆင်း ပေး တော် မူ ပါ ဘု ရား ) တဲ့ နား ရွက် ကြီးကားနေအောင် မဖန်ဆင်းဘူးလား၊ ဖန်ဆင်းသလား (ဖန်ဆင်းပါတယ် ဘုရား) ဖန်ဆင်းလိုက်ပြန်ရော၊ နောက် (အမြီးကလဲ ကော့နေအောင် ဖန်ဆင်း ပေးတော်မူပါဘုရား) ဆင်ကြီးရဲ့အမြီးကော့နေအောင် ဖန်ဆင်းပေးပါဆိုတော့ မဖန်ဆင်းဘူးလား၊ ဖန်ဆင်းသလား (ဖန်ဆင်းပါတယ်ဘုရား) ဖန်ဆင်းလိုက် ပြန်ရော၊ နောက် (ဆက်ပြီးတော့ လျှောက်ပါရစေဦးဘုရား၊ အဲဒီ ဆင်ကြီးရဲ့ နှာမောင်းက ဆင်ကြီးရဲ့ပါးစပ်ထဲမှာ ဝင်နေတဲ့ ပုံစံမျိုးကို ဖန်ဆင်းပေးတော်မူ ပါဘုရား) ဓမ္မဒိန္န လျှောက်ထားတဲ့အခါ မဖန်ဆင်းဘူးလား၊ ဖန်ဆင်းသလား (ဖန်ဆင်းပါတယ်ဘုရား) ဖန်ဆင်းလိုက်တာဘဲ။

အရှင်ဘုရား တပည့်တော် နောက်ထပ် လျှောက်ပါရစေဘုရား၊ ယခု အရှင် ဘုရား ဖန်ဆင်းထားတဲ့ ဆင်ကြီးက အသံပေးပြီး အရှင်ဘုရားကို ထိုးမယ့်ပုံစံမျိုး ဖန်ဆင်းတော်မူပါလို့ မလျှောက်ဘူးလား၊ လျှောက်သလား(လျှောက်ပါတယ် ဘုရား)အဲဒီတော့ မဟာနာဂမထေရ်ကြီးက ဓမ္မဒိန္နမထေရ် လျှောက်တဲ့အတိုင်း ဖန်ဆင်းလိုက်တဲ့အခါ ဆင်ကြီးကအော်ပြီး မဟာနာဂမထေရ်ကြီးကို ထိုးမယ် လုပ်တော့ ကြောက်ပြီးပြေးမဲ့ပုံသဏ္ဍာန် မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါ တယ်ဘုရား) ဓမ္မဒိန္နက သဟ်န်းစွန်းကိုစွဲထားပြီး(မှန်လှပါဘုရား၊ တပည့်တော် လျှောက်ပါရစေတဲ့၊ ရဟန္တာတို့မည်သည်မှာ ကြောက်တာများ ရှိသေးရဲ့လား ဘုရားလို့ ) မလျှောက်ထားဘူးလား၊ လျှောက်ထားသလား (လျှောက်ထားပါ တယ်ဘုရား)။

ရဟန္တာတို့မည်သည်မှာ ကြောက်တာ လန့်တာများ ရှိသေးရဲ့လား ဘုရားလို့ ဆိုတော့ မဟာနာဂမထေရ်ကြီး သိသွားပြီ၊ မသိဘူးလား၊ သိသွားသလား (သိသွားပါတယ်ဘုရား) ငါပုထုဇဉ်ဘဲ ရှိသေးတယ်၊ သူက လန့်သွားတာကို၊ အော် ငါပုထုဇဉ်ဘဲရှိပါသေးလားဆိုပြီး ဓမ္မဒိန္နမထေရ်ထံမှ တရားတောင်း တယ်တဲ့။ ဓမ္မဒိန္နမထေရ်ထံမှာ ဘာတောင်းတုံး (တရာ တောင်းပါတယ်ဘုရား) ငါပုထုဇဉ်ဘဲရှိသေးတာဘဲလို့ သိလိုက်တာနဲ့ တပြိုင်နက် မပြင်ဘူးလား၊ ပြင် သလား (ပြင်ပါတယ်ဘုရား) ဒါကြောင့် သိလျက်သားနဲ့မှိတ်နေရင် မနစ်နာဘူး လား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား)။

ဒါကြောင့် တကာ တကာမတွေလဲ တရားကို သိဟန်မဆောင်ပါနဲ့၊ တခြား ကိစ္စကို ဟန်ဆောင်ချင်ဆောင်ပါ၊ သိချင်ဟန်ဆောင်ရင် ဘယ်သူနစ်နာမှာလဲ (ကိုယ်နစ်နာမှာပါဘုရား) ဒါကြောင့် တရားကို ရှင်းသထက်ရှင်းအောင် ဘယ်

သူကဟောဟော သာမဏေကဘဲဟောဟော မနာရဘူးလား၊ နာရမှာလား (နာရမှာပါဘုရား) တကာ တကာမတွေ တရားဆိုတာ နာရတယ်၊ သိအောင် သာလုပ် ပုဂ္ဂိုလ်မရွေးပါနဲ့ ဓမ္မမျက်နှာကြည့်ပြီးနာပါ၊ မသိဘဲနဲ့တော့ သိချင်ဟန် ဆောင်ပြီးနေရင် မဟာနာဂမထေရ်ကြီး အနှစ်ခြောက်ဆယ်တိုင်တိုင် သူက အသင်းချောင်ကို အထင်ကြီးပြီး မနေဘူးလား၊ နေသလား (နေပါတယ်ဘုရား) တရားသိပြီ တရားရပြီဆိုပြီးနေလိုက်တာ သိလိုက်တာနဲ့ တပ္ပိုင်နက် မဟာနာဂ မထေရ်ကြီး မပြင်ဘူးလား၊ ပြင်သလား (ပြင်ပါတယ်ဘုရား) ဓမ္မဒိန္နအား အရှင် ဘုရား တပည့်တော်ကို တရားဟောတော်မူပါ မလျှောက်ဘူးလား၊ လျှောက် သလား (လျှောက်ပါတယ်ဘုရား) ကျွန်ုပ်ရဲ့အားကိုးရာ အားထားရာ ဖြစ်တော် မူပါတဲ့၊ အဲဒီလိုဆိုတယ်နော်။

+ သော တပိုကာလေ အတ္တနော ပုထုဇ္ဇနဘာဝံ ဉတွာ အဝဿယော မေအာဝုသော ဓမ္မဒိန္န ဟောဟိတိ ဝတွာ ပါဒမူလေ နိသီဒိ။

သော၊ ထိုမဟာနာဂမထေရ်ကြီးသည်၊ တမ္ပိကာလေ၊ အဲဒီလို ရဟန္တာ မဟုတ်သေးဘူးလို့သိတဲ့ အခါကာလ၌၊ ပုထုဇ္ဇနဘာဝံ၊ ပုထုဇဉ်၏ အဖြစ်ကို။ ဉတွာ၊ သိ၍၊ အာဝုသော ဓမ္မဒိန္န၊ ငါ့ရှင်ဓမ္မဒိန္န၊ တွံ၊ သင်သည်။ မေ၊ ငါ၏။ အဝဿယော၊ အားကိုးရာ အားထားရာ မှီခိုရာသည်၊ ဟောဟိ၊ ဖြစ်ပါလော။ ဣတိ ဝတွာ၊ ဤသို့ ခွင့်တောင်း၍။ ပါဒမူလေ၊ ခြေရင်း၌၊ နိသီဒိ၊ ထိုင်နေ ရှာတယ်။

ဆရာမတင်လိုက်ဘူးလား၊ တင်လိုက်သလား(တင်လိုက်ပါတယ်ဘုရား)ငါ့ရှင် ဓမ္မဒိန္နတဲ့၊ ငါ့ရဲ့အားကိုးရာအားထားရာ မှီခိုရာဖြစ်ပါတော့တဲ့၊ အဲဒီလိုမလျှောက် ထားဘူးလား၊ လျှောက်ထားသလား (လျှောက်ထားပါတယ်ဘုရား) ပုထုဇဉ် မှန်း သိသွားတယ်၊ ဒါနဲ့ ဓမ္မဒိန္နက ဒီနေရာမှာ တရားမဟောလိုက်ဘူးလား၊ ဟောလိုက်သလား (ဟောလိုက်ပါတယ်ဘုရား) ဘာကိုဟောလိုက်သလဲဆိုတော့ သွားတဲ့အခါ ဣရိယာပထဟောလိုက်တယ် (ဣရိယာပထ ပဗ္ဗကို ဟောပါတယ် ဘုရား) တကာ တကာမတွေကိုလဲ ဣရိယာပထ ပဗ္ဗ ရှင်းပေးခဲ့ပါတယ်နော်

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ၊

ဂစ္ဆန္တော ဝါ၊ သွားသည်လည်း ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်၊ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိရမယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က သွားရင် ဘာတဲ့လဲ (သွားတယ်လို့ သိရမယ်တဲ့) သွားရင် သွားတယ်လို့သိပါ၊ ဒါလဲ ရှင်းခဲ့ ပြီ၊ သွားရင် သွားတယ်လို့သိတာက သမထကမ္မဋ္ဌာန်းလား ဝိပဿနာကမ္မဋ္ဌာန်း

+ ဝိသုဒ္ဓိ၊ ၁၊ နှာ ၂၇၁

လား(သမထကမ္မဋ္ဌာန်းပါဘုရား)သွားရင် သွားတယ်လို့သိတာ သမထကမ္မဋ္ဌာန်း ကောဂစ္ဆတိ၊ သွားတာက ဘယ်သူသွားသလဲ။ ကောစိ၊ တစုံတယောက်သော ပုဂ္ဂလောဝါ ပုဂ္ဂိုလ်သည်ရင်း။ သတ္တောဝါ၊ သတ္တဝါသည်ရင်း။ နဂစ္ဆတိ၊ သွားသည်မမည်။ ပုဂ္ဂိုလ်သတ္တဝါ သွားတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဟုတ်ဘူး၊ ဉာဏ်က မလိုက်လာဘူးသား၊ လိုက်လာသလား (လိုက်လာပါတယ် ဘုရား) လိုက်လာတဲ့အခါကျတော့ သွားချင်တယ်ဆိုတဲ့သဘော မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) သွားချင်တာက ဘာလဲ (စိတ်ပါဘုရား) စိတ်ဖြစ် တော့ ဘာဖြစ်သလဲ (လေဖြစ်ပါတယ်ဘုရား) လေဖြစ်တော့ ဘာပြန်ဖြစ်သလဲ အမူအယာမဖြစ်ဘူးလား၊ ဖြစ်သလား(ဖြစ်ပါတယ်ဘုရား)ကြွချင်တာက ဘာ ပါလိမ့်(စိတ်ပါဘုရား)စိတ်ဖြစ်တော့ ဘာဖြစ်(လေဖြစ်ပါတယ်ဘုရား) ချချင်တဲ့ သဘောဟာ (စိတ်ဖြစ်တာပါဘုရား) စိတ်ဖြစ်တော့ ဘာဖြစ် (လေဖြစ်ပါတယ် ဘုရား)စိတ်နဲ့ ဘာနဲ့လဲ(လေပါဘုရား) စိတ်နဲ့လေဖြစ်တာကို သွားတယ် ကြွတယ် လှမ်းတယ်၊ စိတ်နဲ့လေဖြစ်တာကို ချတယ်၊ ဒီလို လောကမခေါ်ဘူးလား၊ ခေါ် သလား (ခေါ်ပါတယ်ဘုရား)။

အမှန်ရှိတာက ဘာရှိသလဲ (စိတ်နဲ့လေပါဘုရား) ဘယ်အချိန်မှာ ရှိတာလဲ (သွားတိုင်း သွားတိုင်း) ရှိတာ ဘာလို့ရှိတာပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် ခုမှဖြစ်၊ ခုမှဖြစ်တဲ့ စိတ်နဲ့လေ ဖြစ်ပြီး ဘယ်ရောက်သွားသလဲ (ပျက်ပါတယ်ဘုရား) စိတ်နဲ့လေ ဖြစ်ပျက်နေတာလား (စိတ်နဲ့လေဖြစ်ပျက်ပါ ဘုရား)ဥဒယဗ္ဗယဉာဏ်မရောက်ဘူးလား၊ ရောက်သလား(ရောက်ပါတယ်ဘုရား) ဒီကနေပြီးတော့ ဉာဏ်စဉ် တဆယ့်ခြောက်ပါး တက်လို့မရဘူးလား၊ ရသလား (ရပါတယ်ဘုရား) ကြိုက်တဲ့နေရာကနေပြီး ဝိပဿနာ ရှုလို့ရတယ်၊ အာနာပါန ပဗ္ဗမှမဟုတ်ဘူး ဉာဏ်စဉ်က ဘယ်ကနေတက်တက် ရတယ်၊ ကမ္မဋ္ဌာန်းလွတ်တဲ့ နေရာရှိရဲ့လား (မရှိပါဘုရား)ကမ္မဋ္ဌာနံ ဝိနိမုတ္တော ဓမ္မော နာမနတ္ထိ။ ကမ္မဋ္ဌာန ဝိနိမုတ္တော၊ ကမ္မဋ္ဌာန်းမှ လွတ်သော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိ။ ကမ္မဋ္ဌာန်း လွတ်တဲ့တရား ရှိသေးရဲ့လား (မရှိပါဘုရား) မရှိဘူး။ ဘယ်ကနေ တက်တက်။

ဒါနဲ့ ဓမ္မဒိန္နသည် မဟာနာဂ မထေရ်ကြီးကို ကမ္မဋ္ဌာန်း မပေးလိုက်ဘူးလား၊ ပေးလိုက်သလား (ပေးလိုက်ပါတယ်ဘုရား) ပေးလိုက်တဲ့ အခါကျတော့ မဟာ နာဂမထေရ်ကြီးက ကောင်းပါပြီဆိုပြီး အဲဒီနေရာကနေပြီးတော့ စကြံကြွသွား တယ်။ ဘယ်နှစ်လှမ်းကြွသွားသလဲဆိုတော့ သုံးလှမ်းလဲရောက်ရော အရဟတ္တမဂ် အရဟတ္တဖိုလ်လဲ ဆိုက်တော့တာဘဲ၊ ဘယ်နှစ်လှမ်းတဲ့တုံး (သုံးလှမ်းပါဘုရား) ဉာဏ်က မကောင်းဘူးလား၊ ကောင်းသလား (ကောင်းပါတယ်ဘုရား)ကောင်း ပါတယ်။ ကြည့်စမ်း အလင်းရောင်ကို အထင်ကြီးနေတာ၊ ဘယ်လောက်ကြာ

သွားပါလိမ့် (အနှစ် ၆၀ ပါဘုရား) ယခု ဆ ၊ ကောင်း သမားကောင်းက ပြင် ပေးလိုက်တော့ ကြာရှဲလား (မကြာပါဘုရား) ဘယ်နှစ်လှမ်းတုံး (သုံးလှမ်းပါ ဘုရား)။

+ ထေရော ကမ္မဋ္ဌာနံ ဂဟေတွာ စင်္ကမံ အာရုယှ တတိယေ ပဒဝါရေ အဂ္ဂဖလံ အရဟတ္တံ ပါပုဏိ။

ထေရော၊ မဟာနာဂမထေရ်ကြီးသည်။ ကမ္မဋ္ဌာနံ၊ ဓမ္မဒိန္နပေးတဲ့ ကမ္မဋ္ဌာန်း တရားကို။ ဂဟေတွာ၊ တပည့်ထံယူ၍။ မယူဘူးလား၊ ယူသလား (ယူပါတယ် ဘုရား) ယူလိုက်တယ်။ ဣရိယာပထ ပဗ္ဗကနေပြီး ယူလိုက်တာ။ ကမ္မဋ္ဌာနံ။ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ စင်္ကမံ၊ စင်္ကြံသို့။ အာရုယှ၊ တက်၍။ စင်္ကြံမသွား ဘူးလား၊ သွားသလား (သွားပါတယ်ဘုရား) တတိယေ ပဒဝါရေ၊ သုံးခု မြောက်သော ခြေလှမ်းအကြိမ်၌ အဂ္ဂဖလံ၊ မြတ်သောအကျိုးဟု ဆိုအပ်သော အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်လေတော့၏။

ဘယ်နှစ်လှမ်း သွားလိုက်ရတာလဲ (သုံးလှမ်းပါဘုရား) သုံးလှမ်းနဲ့ သွားတယ် ဆိုတာ သတိရှိပြီး သွားတာလား၊ သတိမရှိဘဲ သွားတာလား (သတိရှိပြီ သွား တာပါဘုရား) သတိက လူတွေ သတ္တဝါတွေ သွားတာကိုဖော်တာလား၊ နာမ် ရုပ်ကိုဖော်တာလား (နာမ်ရုပ်ကို ဖော်တာပါဘုရား) အရှိတရား ဖော်တာလား၊ မရှိတရားဖော်တာလား (အရှိတရားဖော်တာပါဘုရား) ရှိတာ ဘာလို့ရှိနေတာ ပါလိမ့် (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား)အဲဒါ ရှုသွားတာဘဲ၊ အလင်းရောင်ပေါ်လာပြန်လဲ အဲဒီအလင်းရောင်ကို ဘယ်လို ရှုလိုက်သလဲ (ဖြစ်ပျက်လို့ ရှုပါတယ်ဘုရား) ဖြစ်ပျက်လို့ရှုလိုက်တဲ့ အခါကျတော့ ဒီနေရာ ဉာဏ်ကတက်လာ သတိကတက်လာတော့ ဒီဉာဏ် ဒီသတိဆိုတဲ့ တရား တွေက ဘယ်သူ့ကို ကျေးဇူးပြုလိုက်သလဲဆိုတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကျေးဇူးမပြုဘူးလား ပြုသလား (ပြုပါတယ်ဘုရား)။

ဖြစ်ပျက်က ကျေးဇူးပြုတာလား၊ သတိနဲ့ ပညာက ကျေးဇူးပြုမှာလား (သတိနဲ့ ပညာကပါဘုရား) ဖြစ်ပျက်ရှုတယ်ဆိုတာ သတိနဲ့ပညာ ကြီးထွားစေ တယ်ဆိုတာကို မပြောခဲ့ဘူးလား၊ ပြောခဲ့သလား (ပြောခဲ့ပါတယ် ဘုရား) ဒီမဟာနာဂမထေရ်ကြီးသည် ဓမ္မဒိန္နရဟန္တာအရှင်မြတ် ပေးတော်မူတဲ့ တရား ကို နှလုံးသွင်းပြီး သွားလိုက်တာ သုံးလှမ်းဘဲ သွားလိုက်တယ် အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်မသွားဘူးလား၊ ရောက်သွားသလား(ရောက်သွားပါတယ် ဘုရား) အကျိုးမများဘူးလား၊ များသလား (များပါတယ်ဘုရား) ဒါ့ကြောင့်

+ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၃၊ နှာ ၂၇၁

မိတ်ဆွေကောင်းဆိုတာ မလိုဘူးလား၊ လိုသလား (လိုပါတယ်ဘုရား)မိတ်ဆွေကောင်းဆိုတာ ဒီလိုလဲပြင်ပေးတတ်တယ်၊ ဆရာကောင်း သမားကောင်း မိတ်ဆွေကောင်းဆိုတာ လိုတယ်၊ မိတ်ဆွေဆိုတာ ဒီနေရာ ပရိယတ္တိပါဘဲ၊ မိတ်ဆွေဆိုတာ ဘာလဲ (ပရိယတ္တိပါဘုရား) စည်းနဲ့ ကမ်းနဲ့ ညီသွားရင် ဒါဟာအကျိုးများတာဘဲ၊ စည်းကမ်းမညီဘူးဆိုကတဲ့က ပရိယတ္တိနဲ့ မကိုက်လို့ မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား) ဒါကြောင့် ဒီနေရာ မိတ်ဆွေကောင်းလိုတယ်ဆိုတာ သဘာပြုပါ၊ မိတ်ကောင်းဆိုတာ ဘာပါလိမ့် (ပရိယတ္တိပါဘုရား)။

အဲဒီ စည်းကမ်းကို မကျွမ်းကျင်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) မရနိုင်ပါဘူးဆိုတာလဲ ရှင်းခဲ့ပါပြီ၊ ကဲ ရှေ့ဆက်ကြပါဦးစို့၊ ဩဘာသ အလင်းရောင်ပေါ်လာရင် ဘယ်နည်းရှုရမှာတုံး (ဖြစ်ပျက်လို့ရှုလိုက်) ဒီလိုဘဲ ရှိုက်တိုင်း ရှိုက်တိုင်းမှာ စိတ်နဲ့လေဖြစ်ပျက်၊ ဘာဖြစ်ပျက်တုံး (စိတ်နဲ့လေဖြစ်ပျက်) စိတ်နဲ့လေ ဖြစ်ပျက်လို့ရှုပါ၊ ဖြစ်ပျက်က လက္ခဏာ၊ စိတ်နဲ့လေက လက္ခဏဝန္တ၊ ဒီလိုကွဲပါစေ၊ ဒါမှမကွဲဘဲနဲ့ ဥဒယဗ္ဗယဉာဏ် မှန်ပါ့မလား (မမှန်ပါဘုရား)မမှန်ဘူး၊ နာမ်တရားနဲ့ရုပ်တရားကို ပိုင်ပိုင်နိုင်နိုင်သိ၊ နာမ်ဘဲရှုရှု ရုပ်ဘဲရှုရှု တခုကို ပိုင်ပိုင်နိုင်နိုင် ရှုရမယ်၊ စိတ်နဲ့လေ ဖြစ်ပြီးတော့ ဘာလဲ(ပျက်ပါတယ်ဘုရား) အဲဒီလိုရှုခိုက်မှာ အလင်းရောင် လဲပေါ်တယ်။

နောက်တချက်က ဉာဏ၊ ဉာဏ်တွေကလဲ ထက်လာတတ်တယ်၊ ဉာဏ်ကလဲ လွန်လွန်ကဲကဲ တက်လာတတ်တယ်၊ သဒ္ဓါနဲ့ ပညာဆိုတာလဲ မညီရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဝင်နိုင်ပါ့မလား (မဝင်နိုင်ပါဘုရား) သဒ္ဓါနဲ့ ပညာဆိုတာကလဲ ညီရတာကိုး၊ အဲဒီတော့ ဉာဏ်ကလွန်လွန်ကဲကဲ တရားအားထုတ်လိုက်တာနဲ့ တပြိုင်နက် ဖြစ်ခြင်း ပျက်ခြင်းတွေကို ပြတ်ပြတ်သားသား မြင်တဲ့ဉာဏ် တခါတလေ ပေါ်လာတတ်တယ်၊ အားမထုတ်လိုက်နဲ့ သတိမထားလိုက်နဲ့ ထားလိုက်ရင် ဒီစိတ်သဘော လေသဘော ရုပ်သဘော နာမ်သဘောတို့ရဲ့ အဖြစ်အပျက်ကို ပြတ်ပြတ်သားသား မြင်လာတယ်၊ ဉာဏ်ကထက်တတ်တယ် အဲဒီဉာဏ်ထက်လာလို့ရှိရင် ယောဂီပုဂ္ဂိုလ်ကလဲ အထင်ကြီးလာတတ်တယ်၊ ငါဖြင့် သောတာပတ္တိမဂ်ဉာဏ်ရပြီ၊ နှလုံးမသွင်းလိုက်နဲ့ နှလုံးသွင်းတာနဲ့ တပြိုင်နက် ဖြစ်ပျက်ကို မြင်တယ်၊ ငါ့ဉာဏ်တွေက တက်လာတယ်၊ ဟောဒီဉာဏ်ပေါ်မှာ အထင်ကြီးမလာဘူးလား၊ ကြီးလာသလား (ကြီးလာပါတယ်ဘုရား)။

ဒီဉာဏ်ကို မဂ်ဉာဏ်လို့ ထင်တတ်တယ်၊ မဂ်ဆိုတာ ဒီလိုဉာဏ်မျိုးနဲ့ တူပါရဲ့၊ ငါဖြင့် စိတ်ချရပြီဆိုပြီး သူ့ကိုယ်သူ သောတာပန်လို့အထင်ကြီးလာတာ၊ အထင်မကြီးဘူးလား (ကြီးပါတယ်ဘုရား) အမှန်အားဖြင့် ဒါဉာဏ်က ထက်လာတာ၊ ဉာဏ်ကထက်လာတဲ့အခါကျတော့ ငါဖြင့် သောတာပတ္တိ မဂ်ဉာဏ်ရပြီ၊ ငါဖြင့်

ဖြစ်ပျက် ဘယ်အချိန်ဘဲရှုရှု ဖြစ်ပျက် သိပ်ထင်ရှားတယ်၊ စိတ်သဘောနဲ့ လေသဘော ရုပ်တရားနဲ့နာမ်တရား ပြတ်ပြတ်သားသားမြင်ပြီ၊ ထိုနာမ်တရားနဲ့ ရုပ်တရားတို့ရဲ့ ဖြစ်ခြင်း ပျက်ခြင်းကို ငါ့သေသေချာချာ မြင်တယ်၊ ပြတ်ပြတ်သားသား ကွဲကွဲပြားပြားသိတယ်။

မဂ်ဉာဏ်ဆိုတာ ဒါနဲ့တူပါရဲ့ဆိုပြီး ဒါလေးနဲ့ တင်းတိမ်နေရင် ရှေ့အားထုတ်ပါ့မလား (အားမထုတ်ပါဘုရား) ဒါကို နှစ်သက်ကျေနပ်သွားမယ်၊ ကျေနပ်သွားတော့ ရှေ့အားထုတ်မှုမပါတဲ့အခါ ရပါ့မလား (မရပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတော့ဘူး၊ ဒီနေရာ ဉာဏ်ဆိုတဲ့အန္တရာယ်တပါးက မနှောက်ယှက်ဘူးလား၊ နှောက်ယှက်သလား(နှောက်ယှက်ပါတယ်ဘုရား)ဒီဉာဏ်မဖြစ်ကောင်းဘူးလား၊ ဖြစ်ကောင်းသလား (ဖြစ်ကောင်းပါတယ်ဘုရား) ဖြစ်ကောင်းပါတယ်၊ ဒီဉာဏ်ကို မဂ်ဉာဏ်လို့ မယူလိုက်ပါနဲ့။

အဲဒီဉာဏ်ကလဲ သင်္ခါရတရားဘဲ၊ သင်္ခါရတရားဖြစ်ပြီးတော့ ဘယ်ရောက်သွားသလဲ (ပျက်ပါတယ်ဘုရား) ဖြစ်ပြီးတော့ ပျက်တော့တာဘဲ၊ သူလဲ ဖြစ်ခြင်းပျက်ခြင်းဖြင့် ရှုလိုက်ရမယ်၊ ဒီအတိုင်းဆို ကြည့်နေလို့ ရမလား (မရပါဘုရား) အဲဒီဉာဏ်တွေ ပေါ်လို့ရှိရင်လဲ ဘယ်လိုရှုမရလဲ (ဖြစ်ပျက်လို့ရှုပါ)၊

ဘာပြုလို့လဲဆိုတော့ ဒီနေရာမှာ တင်းတိမ်နေမှာစိုးလို့၊ ဒီနေရာမှာ ဥပမာပြောဦးမယ်၊ ဒီမိုးကုတ်ကနေပြီးတော့ မန္တလေးမသွားဘူးလား၊ သွားသလား (သွားပါတယ်ဘုရား)ရောက်ချင်တာက ဘယ်ကို ရောက်ချင်တာတုံး (မန္တလေး) ရွှေညောင်ပင်တို့ ဖေါ့တောတို့ လက်ပန်လှတို့ ရောက်ချင်တာလား၊ မန္တလေး ရောက်ချင်တာလား (မန္တလေးရောက်ချင်တာပါဘုရား) မန္တလေးရောက်ချင်တာ ရွှေညောင်ပင်ကို မန္တလေးထင်ပြီးဆင်းရင် မန္တလေးရောက်ပါ့မလား (မရောက်ပါဘုရား) သူက ဘာပြုလို့လဲဆိုတော့ မန္တလေးလို့ထင်ပြီး ဆင်းနေလိုက်တာကိုး၊ ဒါဖြင့် တယောက်က ဖေါ့တောကို မန္တလေးထင်ပြီးဆင်းတော့ အဲဒီပုဂ္ဂိုလ် မန္တလေးရောက်ပါ့မလား (မရောက်ပါဘုရား)၊

လက်ပန်လှကိုကော မန္တလေးလို့ထင်ပြီးဆင်းလိုက်ပြန်ရင် မန္တလေးသူရောက်ပါ့မလား (မရောက်ပါဘုရား) မရောက်ဘူး၊ အဲဒီဥပမာအတိုင်းတဲ မန္တလေးက ဘာနဲ့တူပါသလဲဆိုတော့ နိဗ္ဗာန်နဲ့တူတယ်၊ ဘာနဲ့တူသလဲ (နိဗ္ဗာန်နဲ့တူပါတယ်ဘုရား)လမ်းမှာ ရွှေညောင်ပင်တို့ လက်ပန်လှတို့ဆိုတာက အန္တရာယ်ဆယ်ပါးနဲ့တူတယ်၊ ဘာနဲ့တူသလဲ (အန္တရာယ်ဆယ်ပါးနဲ့တူပါတယ်ဘုရား)ဩဘာသဆိုတဲ့ အလင်းရောင်ကို မန္တလေးနဲ့တူတဲ့ နိဗ္ဗာန်ဘဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘဲဆိုပြီး ဒီနေရာတင်နေမယ်ဆိုရင် ဩဘာသဆိုတဲ့ ရွှေညောင်ပင်နဲ့တူတဲ့ ဥပမာပေါ့၊ ဒီနေရာတင် တင်နေမယ်ဆိုရင် မန္တလေးနဲ့တူတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) မရနိုင်ဘူး၊ အဲဒီ ဥပမာအတိုင်းပါဘဲ၊ ယခုလဲဘဲ

ဒီဉာဏ်လေးနဲ့ တင်းတိမ်နေမယ်ဆိုရင် နိဗ္ဗာန် မဂ်ဖိုလ် ရနိုင်ပါ့မလား(မရနိုင်ပါဘုရား) ဒါဘာတွေတုံး (အန္တရာယ်တွေပါဘုရား) မဂ်တု ဖိုလ်တုတွေ နိဗ္ဗာန်တုတွေ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒါကြောင့် မဂ်တု ဖိုလ်တုနိဗ္ဗာန်တုကလဲ မဖျက်ဆီးဘူးလား၊ ဖျက်ဆီးသလား (ဖျက်ဆီးပါတယ်ဘုရား)ဖျက်ဆီးတတ်တယ်၊ အထင်ကြီးတတ်တယ်၊ ဒါကြောင့် တရားအားထုတ်တဲ့အခါမှာ ဉာဏ်တွေထက်လာလို့ရှိရင် ငါသိပြီဆိုပြီး ကိုယ့်ကိုယ်ကို အထင်မကြီးလိုက်နဲ့ ငါဖြင့် စိတ်ချရပြီဆိုပြီး အဲဒီနေရာ သောင်တင်နေရင်ဖြင့် မနစ်နာဘူးလား၊ နစ်နာမှာလား (နစ်နာမှာပါဘုရား) မဂ္ဂင်တည်းဟူသော ဖေါင်ပေါ်ကမဆင်းပါနဲ့၊ ဆင်းလိုက်ရင်ရပ်နေမှာတဲ့၊ ရပ်တယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒီသြဘာသအလင်းရောင်တွေ အထင်ကြီးပြီးတော့ ဒီဉာဏ်တွေကို စီးရင်ဖြင့် မဂ္ဂင်တည်းဟူသော ဖေါင်ပေါ်က ဆင်းတာနဲ့အတူတူဘဲ၊ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) အားထုတ်မှု ပါပါ့မလား (မပါပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရနိုင်ပါမလား (မရနိုင်ပါဘုရား) အဲဒါဘာလဲဆိုတော့ ဒီသြဘာသတို့ ဉာဏ်တို့ဆိုတဲ့ မဂ်တု ဖိုလ်တုက ဖျက်ဆီးလိုက်တယ်၊ သြဘာသဉာဏ် နောက်ဘာတဲ့ ပီတိတဲ့ ပေါ်လာတတ်တယ်၊ တရားအားထုတ်တဲ့အခါ ရုပ်တရား နာမ်တရား ငါသိပြီ၊ ဒီရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်ကိုလဲ ငါမြင်ပြီဆိုပြီး နှစ်သက်သဘောကျတယ်၊ ဝမ်းမြောက်မှုတွေ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါဘယ်ဘုရား) အဲဒီ ဝမ်းမြောက်မှုတွေ ဖြစ်လာရင်လဲ ဒီဝမ်းမြောက်မှုပေါ်မှာ တင်နေတတ်ဘယ်၊ ရှေ့အားမထုတ်တော့ဘူး၊ ဒီပီတိနဲ့ ကျေနပ်နေဘယ်၊ အဲဒါကိုဘဲ မဂ်ဉာဏ်ထင်ပါရဲ့ ဒီလောက်သိရင် ငါစိတ်ချရပြီဆိုပြီးနေရင် ဒါပုထုဇဉ်ဘဲ ရှိသေးတယ်၊ ဒီနေရာမှာ အသေဦးသွားရင် မနစ်နာဘူးလား၊ နစ်နာမှာလား (နစ်နာမှာပါဘုရား) ကုသိုလ်အရှိန် အားကောင်းသလောက်တော့ ကောင်းတဲ့ဌာနရောက်မှာဘဲ၊ ဒီနေရာ ပုထုဇဉ်ဘဝနဲ့သေတော့ ကိုလေသာက မကုန်တော့ စိတ်ချရရဲ့လား (စိတ်မချရပါဘုရား) ဒါကြောင့် ဒီနေရာ သောင်တင်နေမှာစိုးလို့ ဒီဉဒယဗ္ဗယဉာဏ်ပိုင်းမှာ အန္တရာယ်တွေပေါ်တတ်ပါတယ်၊ ရှုတိုင်းရှုတိုင်းမှာ စိတ်နဲ့လေ ဖြစ်ပျက်၊ ဘယ်လို ရှုရမှာလဲ (စိတ်နဲ့လေဖြစ်ပျက်) အဲဒီလိုရှုခိုက်မှာ ပီတိသဘောတွေ မပေါ်ဘူးလား၊ ပေါ်သလား (ပေါ်ပါတယ်ဘုရား) ဒီပီတိသဘောတွေ ပေါ်လာလို့ရှိရင် အဲဒီသဘောကိုဘယ်လိုရှုရမလဲ။ ဖြစ်ပျက်လို့ရှုလိုက်။ ပီတိကလဲနာမ်တရားဘဲ။ သူလဲ သင်္ခါရတရားဘဲ။ ဖြစ်ပြီးဘော့ဘာတဲ့၊ ပျက်တော့တာဘဲ။ ဒီအတိုင်း ရှုလိုက်။ ဒီနေရာမှာကျေနပ်နေရင် တင်မနေဘူးလား (တင်နေပါတယ်ဘုရား) သြဘာသ ပီတိ ပဿဒ္ဓိ၊ တခါတလေ ဒီလိုဖြစ်ပျက်။ ဉဒယဗ္ဗယ ဉာဏ်ပိုင်းမှာ စိတ်နဲ့လေ

ဖြစ်ပျက်လို့ ရှုခိုက်မှာ စိတ်ရဲ့အေးချမ်းမှု၊ စေတသိက်ရဲ့အေးချမ်းမှု၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စိတ်ရဲ့ငြိမ်းအေးမှု၊ စေတသိက်ရဲ့ငြိမ်းအေးမှုပေါ်လာတတ်တယ်။

တရားအားထုတ်ရတာအေးသွားတာဘဲ။ ဒီလို ယောဂီမှာမဖြစ်တတ်ဘူးလား ဖြစ်ဘတ်သလား ( ဖြစ်တတ်ပါတယ်ဘုရား ) အဲဒါ အန္တရာယ်လို့ မှတ်ချက်ချ။ အန္တရာယ်ဆိုတာ မဂ်တု ဖိုလ်တုလို့ မှတ်ချက်ချပါ။ အဲဒါကိုဘဲ မဂ်ဆိုတာ ဒီလို ထင်ပါရဲ့လို့ ယောဂီရဲ့သန္တာန်မှာ မဖြစ်တတ်ဘူးလား၊ ဖြစ်တတ်သလား (ဖြစ်တတ်ပါတယ်ဘုရား)တရားအားထုတ်လိုက်တာ အေးသွားတာဘဲ။ စိဘ်တွေကလဲ အေးလို့၊ စေတသိက်တွေကလဲအေးလို့၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ခန္ဓာကိုယ် တခုလုံးအေးပြီးသွားတာဘဲလို့ ယောဂီဉာဏ်မှာမပေါ်တတ်ဘူးလား၊ ပေါ်တတ်သလား (ပေါ်တတ်ပါတယ်ဘုရား) ပေါ်ရင်လဲ ဒါကို အထင်ကြီးမနေနဲ့။ မဂ်တု ဖိုလ်တု ဝိပဿနာညစ်ညူးကြောင်း ဆယ်ပါးတို့တွင် တပါးအပါအဝင်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒီတော့ ပဿဒ္ဓိဆိုတာလဲ စေတသိက်တရားတွေ။ စေတသိက်တရားတွေဆိုတော့ အဲဒီစေတသိက် တရားတွေကကော တည်နေရဲ့လား (မတည်ပါဘုရား) မတည်ဘူး။ ဒီအေးမှုတရားတွေကလဲ ဖြစ်ပြီးဘာတဲ့၊ ပျက်တော့တာဘဲ။ မြဲလို့လား (မမြဲပါဘုရား) မမြဲဘူး။ သူ့ကိုလဲ ဒီလိုရှုလိုက်။ မရှုဘဲနဲ့ ဒီသဘောတွေပေါ်မှာ ကျေနပ်နေရင် ဒီပေါ်မှာ တင်းတိမ်မနေဘူးလား၊ တင်းတိမ်နေသလား (တင်းတိမ်နေပါတယ်ဘုရား) အဲဒီ ပဿဒ္ဓိပေါ်မှာ ဒီဝိပဿနာဆိုတဲ့ မဂ္ဂင်တည်းဟူသော ဖေါင်ကြီးပေါ်က ဆင်းပြီး နေတယ်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ရှေ့ တရားအားမထုတ်တော့ဘူး။ ဒီနေရာတွင်ရပ်သွားရော။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတော့ဘူး၊ လက်လွှတ်သွားရတယ်။ မနစ်နာဘူးလား၊ နစ်နာသလား (နစ်နာပါတယ်ဘုရား) ဒီအပိုင်းတွေရောက်လာရင်လဲ ဝိပဿနာဉာဏ် ရင့်လာပြီလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဆက်ပြီးအားထုတ်။ ဒီအန္တရာယ်တွေပေါ်လာရင် ဒါကဖြင့်အန္တရာယ်တွေဘဲ၊ မဂ်အစစ် ဖိုလ်အစစ်ကို မဂ်အတု ဖိုလ်အတုက ဖျက်ဆီးတာပါလားလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ဒါမဂ်မဟုတ်သေးဘူး၊ဖိုလ်မဟုတ်သေးဘူး၊ ပဿဒ္ဓိသဘောတွေဘဲ။ ဖြစ်ပြီးတော့ဘာတဲ့ (ပျက်) ဖြစ်ပြီးတော့ ဘာတဲ့လဲ ပျက်တော့တာဘဲ။ ဒါကြောင့် သြဘာသ ဉာဏ ပီတိ ပဿဒ္ဓိ၊ နောက် သုခတဲ့။ ချမ်းသာမှုတွေ ပေါ်လာတတ်တယ်။ ဘာတွေပေါ်လာတတ်သလဲ (ချမ်းသာမှုတွေပါဘုရား) ဘယ်အချိန်တွေမှာ ပေါ်လာသလဲ ဆိုရင်ဖြင့် စိတ်နဲ့လေ ဖြစ်ပျက်ရှုခိုက်။ ဘယ်အချိန်တဲ့ (စိတ်နဲ့လေဖြစ်ပျက် ရှုခိုက်ပါဘုရား) မိခအောင်ဖမ်းထား၊ ဒီရှုကွက်လဲ လွတ်သွားအုံးမယ်၊ ရှုတိုင်းရှုက်တိုင်းမှာ စိတ်နဲ့ လေဖြစ်ပျက်လို့ ရှုတဲ့အချိန်မှာ တခါတလေ ချမ်းသာတဲ့သဘောတွေ ပေါ်လာ

တတ်တယ်၊ ဘယ်တုံးကမှ ဒီချမ်းသာမျိုး မဖြစ်ဘူးတဲ့ ချမ်းသာမျိုးတွေ မပေါ်ဘူးလား၊ ပေါ်လာသလား (ပေါ်ပါတယ်ဘုရား) ဝိပဿနာတရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီအန္တရာယ်ဆယ်ပါး တပါးပါးတော့ ပေါ်တာဘဲ။ တဦးနှင့်တဦး တော့မတူဘူး၊ တူရဲ့သား (မတူပါဘုရား)ပေါ်တာခြင်းတော့မဘူဘူး။ တချို့က အလင်းရောင်ပေါ်တယ်။ တချို့က ဉာဏ်ပေါ်တယ်။ တချို့က ပဿဒ္ဓိ၊ တချို့က သုခပေါ်တတ်ဘယ်၊

တရားအားထုတ်လို့တော့ ကောင်းလိုက်တာ၊ တရားခွင်ကကို မထချင်တော့ဘူး၊ အားထုဘ်လို့ကောင်းလိုက်ဘာ၊ နေလို့ကောင်းလိုက်တာ၊ ချမ်းသာလိုက်တာ။ ဒီသဘောဟာ မဂ်ဆိုဘာ ဒီလိုသဘောနဲ့တူပါရဲ့။ ယောဂီမှာ အထင်မကြီးဘူးလား၊ အသင်ကြီးသလား (အထင်ကြီးပါတယ်ဘုရား) အဲဒါမဂ်ဟုတ်ရဲ့လား ( မဟုတ်ပါဘုရား ) မဂ်တုတဲ့၊ ဘာတဲ့ ( မဂ်ဘုပါဘုရား ) ဒါမဂ်အတုဘဲလို့ အန္တရာယ်ကိုရှောင်တတ် ကွင်းတတ်လို့ရှိရင် အကျိုးမများဘူးလား၊များသလား (များပါတယ်ဘုရား) ဒီလိုသာ သိမထားလို့ရှိရင်ဖြင့် မဂ်လို့ထင်ပြီး ဒါနဲ့ဘဲ ကျေနပ်သွားရင် မဂ္ဂင်တည်းဟူသော ဖေါင်ကြီးက ဆင်းတာနဲ့အတူတူလို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား)

ဒါ့ကြောင့် မဂ္ဂင်တည်းဟူသော ဖေါင်ပေါ်ကမဆင်းပါနဲ့၊ ဆက်သာစီးပါ၊ ကျိုးစားအားထုတ်ပါလို့ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား) ဒီချမ်းသာမှုတွေပေါ်လာပြန်ရင်လဲ ဘာသဘောလဲ (သုခပါဘုရား) သုခဆိုတာ ကလဲ ဘာတရားတုံး (သင်္ခါရတရားပါဘုရား) သူလဲဖြစ်ပြီးတော့ဘာတဲ့ (ပျက်ပါတယ်ဘုရား) သူ့ကိုလဲ ဖြစ်ခြင်းပျက်ခြင်းရှုလိုက်။ လူကရှုရမှာလား၊ ဉာဏ်က ရှုရမှာလား (ဉာဏ်ကရှုရမှာပါဘုရား) ဖြစ်ပျက်ရှုလိုက်။ သုခပေါ်လာလဲ ဖြစ်ပျက်လို့ရှုလိုက်ပါ။ နောက် အဓိမောက္ခဆိုတဲ့ သဒ္ဓါတရားတွေ ပေါ်လာတတ်တယ်၊ ဘာပေါ်လာတုံး (သဒ္ဓါတရားပါဘုရား) အဓိမောက္ခမှ ဒီနေရာ သဒ္ဓါတရားကောက်။ အဲဒါနဲ့ တရားအားထုတ်တဲ့ အခါကျတော့ သဒ္ဓါတရားတွေ ဖြစ်လာတတ်တယ်။ သဒ္ဓါဘရားနဲ့ပညာ မညီရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) သဒ္ဓါနဲ့ပညာညီရတယ်။ ဘာနဲ့ဘာညီရမလဲ (သဒ္ဓါနဲ့ပညာပါဘုရား) ကဲ-အချိန်ကမရဘူး။ ဒီညီပုံလေးတွေ နောက်မှဘဲပြောတော့မယ်။

တရားအားထုဘ်တဲ့အခါ ရှုတိုင်းရှိုက်တိုင်းမှာ စိတ်သဘော လေသဘောဖြစ်ပျက်လို့ရှုခိုက်မှာဖြင့် သဒ္ဓါဘရားတွေကထက်လာတတ်တယ်၊ ဒါ့ါတရားတွေက လွှန်လွှန်ကဲကဲ ဖြစ်လ္ာလိုက်။ တရားကို အားမထုတ်ဘဲ မနေနိုင်လောက်အောင် သင်္ခါရတရားတွေက ဖြစ်မလာဘူးလား၊ ဖြစ်လာသလား (ဖြစ်လာပါတယ်ဘုရား) ဒီလိုင်ါတခါမှမဖြစ်ဘူးသေးဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ သောတာပန်ဆိုတာ ဒါမျိုးထင်ပါရဲ့၊ သကဒါဂါမ် အနာဂါမ် ရဟန္တာ

ဆိုတာ ဒီလိုဖြစ်လာတာထင်ပါရဲ့ ဆိုပြီးတော့ ဒါလေးနဲ့ ကျေနပ်နေတော့ ရွှေ တရားအားမထုတ်တော့ဘူး။ အားမထုတ်တော့ ဒီသဒ္ဓါတရားဆိုတဲ့ မဂ်တု ဖိုလ်တု က မဖျက်ဆီးဘူးလား၊ ဖျက်ဆီးသလား (ဖျက်ဆီးပါတယ်ဘုရား)

အဲဒီလိုပေါ်လာရင် ဒီသဒ္ဓါတရားကလဲ စေတသိက်ဖြစ်တော့ ဘာလဲ (ပျက်) ဖြစ်ပြီးတော့သူလဲဘာတုံး၊ ပျက်တော့တာဘဲ၊ အဲဒီလိုရှုလိုက် အထင်ကြီးမနေနဲ့။ ဒါကြောင့် အဓိမောက္ခဆိုတဲ့ သဒ္ဓါတရားတွေလဲ ပေါ်လာတတ်တယ်။ နောက် ဘာတဲ့။ (ပဂ္ဂဟတဲ့) ပဂ္ဂဟဆိုတာ ဝီရိယ။ ပဂ္ဂဟဆိုတာဘာတုံး(ဝီရိယပါဘုရား)

သတိကလဲ တခါတလေဖြင့် သတိမထားလိုက်နဲ့၊ ထားလိုက်ရင် ရုပ်ဓမ္မ နာမ် ဓမ္မတွေရဲ့ အဖြစ်သဘော အပျက်သဘောတွေကို ပြတ်ပြတ်သားသား ထင်ထင် ရှားရှား ပေါ်လာတတ်တယ်၊ ဒါကရုပ် ဒါကနာမ် ရုပ်တရား နာမ်တရားတွေ ကို လူကဖော်တာလား၊ သတိကဖော်တာလား (သတိက ဖော်တာပါဘုရား) တချိန်ကနဲ့ ငါမတူဘူးလို့ နှလုံးမသွင်းလိုက်နဲ့ နှလုံးသွင်းလိုက်တာနဲ့ တပြိုင်နက် ရုပ်တရား နာမ်တရား ပြတ်ပြတ်သားသား မြင်လာတော့တာဘဲ၊ ဒီရုပ်တရား နာမ်တရားရဲ့ ဖြစ်ခြင်း ပျက်ခြင်းကိုလဲ ထင်ရှားတော့တာဘဲ၊ သတိတွေက လွန် ကဲလာတာကို၊ လွန်ကဲလာတော့ ရုပ်တရား နာမ်တရားတွေလဲ ထင်ထင်ရှားရှား ဖြစ်လာတယ်၊ အဖြစ်အပျက်ကိုလဲ ထင်ထင်ရှားရှား မြင်လာတယ်။

မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ဆိုတာ ဒီလိုထင်ရှားတဲ့သဘော ထင်ပါရဲ့ ယောဂီရဲ့၊ ဉာဏ်မှာ မပေါ်လာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) အဲဒီလို မထင်လိုက်ပါနဲ့၊ အဲဒါ ဘာလွန်ကဲလာသလဲ (သတိပါဘုရား) ဒီနေရာမှာ သဒ္ဓါတို့ သတိ ဝီရိယတို့ သမာဓိတို့ ပညာတို့က အကုန်ညီရမှာကိုး၊ မညီလို့ဖြစ်ပါ့ မလား (မဖြစ်ပါဘုရား) သတိကတော့ ဖြစ်နိုင်သလောက် ဖြစ်ရမှာ သဒ္ဓါနဲ့ ပညာ ညီရမယ်၊ ဝီရိယနဲ့ သမာဓိညီရမယ်၊ မညီလို့ရပါ့မလား (မရပါဘုရား) သတိက လွန်လွန်ကဲကဲဖြစ်လာတဲ့အခါကျတော့ ဒီသတိကိုဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ထင်တတ်တယ် နိဗ္ဗာန်ထင်တတ်တယ်၊ နိဗ္ဗာန်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ်လဲ မဟုတ်ဘူး၊ မဂ်တု ဖိုလ်တု ပေါ်လာတယ်၊ ဒီသတိဆိုတဲ့ သဘောတရားကလဲ ဖြစ်ပြီးတော့ဘယ်ရောက် (ပျက်)ဖြစ်ပျက်ဘဲရှုလိုက်၊ ဘယ် လိုရှုမလဲ (ဖြစ်ပျက်ပါဘုရား) ပေါ်လာတဲ့အန္တရာယ်ဆယ်ပါးကို ရှင်းပြနေတာ၊ သတိထားလိုက် ရှုတိုင်းရှိုက်တိုင်းမှာ စိတ်သဘော လေသဘော ဖြစ်ပျက်၊ စိတ် သဘောလေသဘောလို့ ရှုခိုက်မှာ ဘာပေါ်တတ်သလဲဆိုတော့ နောက်တချက် က ဥပေက္ခာတဲ့၊ ဘာသဘော (ဥပေက္ခာပါဘုရား) ဥပေက္ခာဆိုတာ ပေါ်တတ် သေးတယ်၊ ဥပေက္ခာဆိုတာ ရှုတိုင်း ရှိုက်တိုင်းမှာ ဘာဖြစ်ပျက်နေတာလဲ စိတ်နဲ့ လေ၊ ဘာဖြစ်ပျက် (စိတ်နဲ့လေဖြစ်ပျက်ပါဘုရား) စိတ်နဲ့လေဖြစ်ပျက်လို့ ရှုခိုက်

မှာ စိတ်နဲ့လေမကြည့်လိုက်နဲ့၊ စိတ်နဲ့လေကြည့်လိုက်ရင် ဘာပေါ်လာမလဲ (ဖြစ်ပျက်ပါဘုရား)။

မှန်မကြည့်လိုက်နဲ့ ကြည့်လိုက်ရင် ဘာပေါ်လာမလဲ ရုပ်ပေါ်လာမယ်၊ ကြည့်ကိုမကြည့်ရဲတော့ဘူး၊ ရုပ်ကလဲဆိုးလိုက်တာ၊ မဆိုးဘူးလား ဆိုးသလား (ဆိုးပါတယ်ဘုရား) ဒီရုပ်ဆိုးတဲ့လူကို ကြည့်ချင်သေးသလား (မကြည့်ချင်တော့ပါဘုရား) မကြည့်ချင်သလိုပေါ့၊ ဥပမာ ယခုလဲ မှန်နဲ့တူတဲ့ စိတ်သဘော လေသဘောကြည့်လိုက်တာနဲ့တပြိုင်နက် ဘာပေါ်လာသလဲ(ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ဆိုတာ အနိစ္စပေါ်တယ် ဒုက္ခပေါ်တယ်၊ ပြီးတော့ ဘာပေါ်လာတုံး (အနတ္တပေါ်လာတယ်) ကြည့်လိုက်ရင်လဲ အနိစ္စ ဒုက္ခ အနတ္တ ပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား)။

သူ့ကြည့်လိုက်ရင်လဲ အနိစ္စ ဒုက္ခ အနတ္တ မကြည့်လဲ ဖြစ်ရဲ့လား၊ မဖြစ်ဘူး၊ ကြည့်နေရတာဘဲ၊ ဒါနဲ့ ပေါ်ချင်ပေါ်တော့၊ အနိစ္စဘဲပေါ်ပေါ် ဒုက္ခဘဲပေါ်ပေါ် အနတ္တဘဲပေါ်ပေါ် ဖြစ်ပျက်ဘဲပေါ်ပေါ် သူ့အကြောင်းရှိရင် ဖြစ်နေမှာဘဲ ဆိုပြီးတော့ သင်္ခါရကိုဘဲရှုလိုက်၊ စိတ်သဘော လေသဘောကို လျစ်လျူမရှုဘူးလား၊ ရှုသလား(ရှုပါတယ်ဘုရား)လျစ်လျူရှုမှ အေးတော့တာဘဲ၊ လျစ်လျူမရှုလို့ မဖြစ်ဘူး၊ လစ်လျူရှုမှအေးတယ်၊ လစ်လျူမရှုရင် အပြစ်တွေဘဲတွေ့နေတယ်၊ ကြည့်ကို မကြည့်ချင်တော့ဘူး၊ ယောဂီမှာ အဲဒီလိုပေါ်မလာဘူးလား၊ ပေါ်လာသလား (ပေါ်လာပါတယ်ဘုရား) အဲဒီဖြစ်ပျက်ကို သိပ်ပြီးတော့ ဂရုတစိုက်မကြည့်ဘဲလဲ မြင်နေတယ်၊ စိတ်ကလဲ သောမနဿလဲ မဖြစ် ဒေါမနဿလဲမဖြစ် အညီအမျှ ဖြစ်လာတယ်၊ အဲဒါ ဥပေက္ခာဆိုတဲ့သဘောတွေကို မဂ်လို့ထင်တတ်တယ်၊ ဘာလို့ ထင်တတ်သလဲ (မဂ်လို့ထင်တတ်တာပါဘုရား) အဲဒီ ဥပေက္ခာကို အထင်ကြီးလာတတ်တယ်။

အဲဒါ မဂ်အတုက မဂ်အစစ်ကိုဖျက်တာ၊ မဂ်အတုဆိုတော့ဘယ်သူ့ကို ဖျက်ဆီးတာလဲ (မဂ်အစစ်ကို ဖျက်ဆီးတာပါဘုရား) ဖိုလ်အတုက ဘယ်သူ့ကို ဖျက်ဆီးတာလဲ (ဖိုလ်အစစ်ကို ဖျက်ဆီးတာပါဘုရား နိဗ္ဗာန်အတုက ဘာလဲ(နိဗ္ဗာန်အစစ်ကို ဖျက်ဆီးတာပါဘုရား) ဒါကြောင့် သူတော်ကောင်းအတုက သူတော်ကောင်းအစစ်ကို ဖျက်ဆီးတာဘဲ၊ မဆိုထိုက်ဘူးလား ဆိုထိုက်သလား (ဆိုထိုက်ပါတယ်ဘုရား) ယောဂီမှာ အဲဒါတွေပေါ်လာရင် မဂ္ဂင်တည်းဟူသော ဖေါင်ကြီးပေါ်က ဆင်းမနေနဲ့၊ မဂ္ဂင်တည်းဟူသော ဖေါင်ကြီးပေါ်ကနေပြီး ဖြစ်ခြင်း ပျက်ခြင်းမရှုရဘူးလား၊ ရှုရမှာလား (ရှုရမှာပါဘုရား) ရှုတာရှု၊ အဲဒီ ဥပေက္ခာသဘောတွေ ပေါ်လာရင်လဲ ဖြစ်ပြီးတော့ ဘယ်ရောက်သလဲ (ပျက်တော့တာဘဲ) ဒါကြောင့် ဥပေက္ခာဆိုတဲ့ သဘောတွေ ပေါ်လာရင် ဖြစ်ပျက်ရှုလိုက်။

နောက်တချက်က ဘာတဲ့လဲ (နိကန္တိပါဘုရား) နိကန္တိဆိုတာ နှစ်သက်တဲ့သဘော၊ နိကန္တိဆိုတာ ဘာတဲ့(နှစ်သက်တဲ့သဘောပါဘုရား) ရှုတိုင်း ရှုကိတိုင်းမှာ ဘာသဘောတွေ ဖြစ်ပျက်တာလဲ(စိတ်သဘော လေသဘော ဖြစ်ပျက်ပါဘုရား)ကနည်း နာမ်နဲ့ရုပ် ဖြစ်ပျက်၊ အဲဒီလိုရှုခိုက်မှာ ပထမပြောခဲ့တဲ့ ဩဘာသဉာဏ ပီတိ ပဿဒ္ဓိ သုခ အဓိမောက္ခ ပဂ္ဂဟ ဥပဋ္ဌာနတို့ ဟောပဂ္ဂဟဆိုတာ ဝီရိယ၊ ဥပဋ္ဌာနဆိုတာ သတိ။ ပဂ္ဂဟဆိုတာ ဘာတုံး ဝီရိယ။ ဝီရိယလွန်ကဲလာရင်လဲ ဘယ်လိုရှုမလဲ (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်လို့ရှုလိုက်။ ဒါကြောင့် အဓိမောက္ခ ပဂ္ဂဟ ဥပဋ္ဌာန ဥပေက္ခာဆိုတဲ့ အဲဒီသဘောတွေပေါ်မှာ နှစ်သက်မှုတွေ ပေါ်မလာဘူး (ပေါ်လာပါတယ်ဘုရား) အဲဒီ နှစ်သက်မှုက ဘာလဲ (နိကန္တိပါဘုရား) အသင်းရောင်ပေါ်မှာနှစ်သက်ရင် ဘာလဲ (နိကန္တိပါဘုရား) အဲဒီနိကန္တိဆိုတာ တဏှာ၊ ဒီတဏှာသည် ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့တဏှာ ကာမဂုဏ်နဲ့ယှဉ်တဲ့တဏှာ၊ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဒါကြောင့် ဝိပဿနာနဲ့ ယှဉ်တဲ့တဏှာဟာ ဖြစ်ကောင်းသလား၊ မဖြစ်ကောင်းဘူးလား (ဖြစ်ကောင်းပါတယ်ဘုရား)။

ဒီတဏှာ နိကန္တိပေါ်လာရင်လဲ ဘယ်လိုရှုရမလဲ (ဖြစ်ပျက်ပါ ဘုရား) (သရာဂံဝါ စိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ) သရာဂစိတ္တံ၊ ရာဂနှင့်တကွ ဖြစ်သောစိတ်ကို။ သရာဂစိတ္တန္တိ၊ ရာဂနှင့်တကွ ဖြစ်တဲ့စိတ်ဟူ၍။ ပဇာနာတိ။ သိလိုက်ပါ။ နိကန္တိဆိုတာ ရာဂဘဲ။ ရာဂဆိုတာ ဘာလဲ (လောဘပါဘုရား) လောဘဆိုတာ ဘာတရားပါလိမ့် (စေတသိက်တရားပါဘုရား) သရာဂစိတ္တံ၊ ရာဂနှင့်တကွဖြစ်တဲ့စိတ်ကို ရာဂဆိုတာက စေတသိက်၊ စိတ်ကဘာတုံး (စိတ်ပါဘုရား) စိတ်၊ စေဘသိက် ဘယ်သူ့ကိုမှီဖြစ်တာတုံး (ဟဒယဝတ္ထု) ဟဒယဝတ္ထုက ဘာလဲ (ရုပ်ပါဘုရား) စိတ်စေတသိက် ရုပ် ဒီလိုကော ရှုလို့မရဘူးလား (ရပါတယ်ဘုရား) ဒီရှုကွက်ထဲမှာ ပြောင်းရှုလို့ကော မရဘူးလား (ရပါတယ်ဘုရား) ဉာဏ်ဘဲအရေးကြီးပါတယ်၊ အဲဒီစိတ် စေတသိက်ရုပ်တွေဖြစ်ပြီးတော့ (ပျက်ပါဘယ်ဘုရား) သမုဒယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ သမုဒယ ဝယဓမ္မာ နုပဿီဝါ စိတ္တသ္မိံ ဝိဟရတိ။ ပါဠိတော်စကားနဲ့ကော မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား) အဖြစ်ကိုအဖန်တလဲလဲရှု၊ အပျက်ကို အဖန်တလဲလဲရှုလိုက်ပါ၊ နိကန္တိပေါ်လာရင်လဲ ရာဂနှင့်တကွ ဖြစ်တဲ့စိတ်၊ အဲဒီ ရာဂနှင့်တကွဖြစ်တဲ့စိတ်က လူကိုမှီဖြစ်တာလား၊ ဟဒယဝတ္ထုကို မှီဖြစ်တာလား (ဟဒယဝတ္ထုကို မှီဖြစ်တာပါဘုရား)။

+ မိတ္တယမိုက်ပါဠိတော်

+ မူလပဏ္ဏာသ၊ ပါနာ ၇၆

ဒီနေရာမှာ ရာဂက လောဘစေတသိက်၊ စိတ်ကဘာလဲ (စိတ်) အဲဒီတော့ စိတ်စေတသိက်က ဘယ်သူ့ကိုမှီဖြစ်တာတုံး(ဟဒယဝတ္ထုကိုမှီဖြစ်ပါတယ်ဘုရား) ဟဒယဝတ္ထုက ဘာလဲ (ရုပ်ပါဘုရား) ပေါင်းလိုက်စမ်း၊ စိတ် စေတသိက် ရုပ် မရှိဘူးလား (ရှိပါတယ်ဘုရား)၊ ဘယ်အချိန်လဲဆိုတော့ (နှစ်သက်တဲ့အချိန်ပါ ဘုရား) သြဘာသကို နှစ်သက်ရင်လဲ သြဘာသနှစ်သက်တဲ့အချိန်ပေါ့၊ ဉာဏ်ကို နှစ်သက်ရင်လဲ ဉာဏ်နှစ်သက်တဲ့အချိန်၊ ဒီလို ဝိပဿနာရှုကွက် ပြောင်းရှုလို့ မရ ဘူးလား(ရပါတယ်ဘုရား) နိကန္တိ သာယာတာကို ကြည့်မနေနဲ့၊ ကြည့်နေရင် ဒီအပေါ်မှာ တင်းတိမ်မနေဘူးလား (တင်းတိမ်နေပါတယ်ဘုရား) ဝိပဿနာ ရှုဘယ်လို ဆိုထိုက်ပါ့မလား (မဆိုထိုက်ပါဘုရား)။

မဟာနာဂမထေရ်ကြီးဟာ ဘယ်လောက်နစ်နာသလဲ (အနှစ်ခြောက်ဆယ်ပါ ဘုရား) ဓမ္မဒိန္နကျေးဇူးကြောင့်ပေါ့၊ ဓမ္မဒိန္နကသာ ဒီနေရာပြင်မပေးလို့ရှိရင် မဟာနာဂမထေရ်ကြီး နစ်နာမယ်၊ ယခုတော့ ဆရာသမားကောင်း မိတ်ဆွေ ကောင်း တပည့်ကောင်းနဲ့ တွေ့လိုက်ရတဲ့အတွက် မဟာနာဂမထေရ်ကြီး အမြတ် ထွက်မသွားဘူးလား (ထွက်သွားပါတယ်ဘုရား)။

ဒါကြောင့် တကာ တကာမတွေလဲ ဝိပဿနာဉာဏ်ပိုင်းမှာ အထင်ကြီးတတ် တယ်၊ အထင်မကြီးပါနဲ့၊ အဲဒါပေါ်လာသမျှ ဘယ်လိုရှုရမှာလဲ (ဖြစ်ပျက်လို့ သာ ရှုလိုက်ပါ) နှစ်သက်တဲ့ နိကန္တိပေါ်လာရင်လဲ ဖြစ်ပြီးတော့ပျက်၊ နိကန္တိနဲ့ ယှဉ်တဲ့စိတ်လဲဖြစ်ပြီးတော့ (ပျက်ပါတယ်ဘုရား) စိတ်ရဲ့မှီရာ ဟဒယဝတ္ထုလဲ ဖြစ် ပြီးတော့ (ပျက်ပါတယ်ဘုရား) ဒီလိုရှုလို့ကော မရဘူးလား (ရပါတယ်ဘုရား) စိတ် စေတသိက် ရုပ်တွေဖြစ်ပြီးတော့ ပျက်၊ ဝိညာဏ် နာမ် ရုပ်တွေဖြစ်ပြီးတော့ ပျက်၊ အန္တရာယ်ဆယ်ပါး ကုန်မသွားဘူးလား (ကုန်သွားပါတယ်ဘုရား)လိုရင်း ကတော့ ဒီအန္တရာယ်ဆယ်ပါး တပါးပါးကတော့ မပေါ်ဘူးလား(ပေါ်မှာပါ ဘုရား) ပေါ်ကိုပေါ်တယ်၊ ဝိပဿနာဉာဏ်ရင့်လာလို့ရှိရင် တပါးပါးပေါ်တတ် တယ်၊ ပေါ်လာရင် ဒီသဘောကိုဘယ်လိုရှုရမလဲ (ဖြစ်ပျက်ပါဘုရား) ဒါကို မဂ် ဉာဏ် ဖိုလ်ဉာဏ် ထင်မနေပါနဲ့၊ မဂ္ဂင်တည်းဟူသော ဖောင်ကြီးစီးဘို့ရာက ခင်ဗျားတို့ရဲ့တာဝန်လို့ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား) မဂ္ဂင်ဖောင်ကြီး အခုစီးမသွားဘူးလား (စီးသွားပါတယ်ဘုရား)စီးတာ က ဘယ်ရောက်ချင်လို့ စီးတာလဲ (နိဗ္ဗာန်ပါဘုရား) မဂ္ဂင်ဖောင်ကြီးကို စီးသွား တာ လမ်းမှာဒီစခန်းဆယ်ခု မတွေ့ဘူးလား၊ တွေ့မှာလား (တွေ့မှာပါဘုရား)။

ဒီစခန်းဆယ်ခုကို နိဗ္ဗာန်ထင်ပြီးတော့ မဆင်းနဲ့၊ ဆင်းရင် နိဗ္ဗာန်ရောက်ပါ မလား (မရောက်ပါဘုရား) မရောက်တော့ဘူး၊ နိဗ္ဗာန်ထင်ပြီး ဒီစခန်းဆယ်ခု ကို ဆင်းပြီးမနေပါနဲ့၊ ခင်ဗျားတို့လုပ်ငန်းဖောင်ကြီးကို ဆက်စီးသွားဘို့ဘဲ၊ သူက

ဘယ်ကို ဆိုက်မှာတုံး (နိဗ္ဗာန်ပါဘုရား) မဂ္ဂင်ဖေါင်က နိဗ္ဗာန်ဆိုက်လိုက်တာနဲ့ တပြိုင်နက် အလိုလိုရပ်သွားမှာပါ၊ မမှန်ဘူးလား (မှန်ပါဘုရား) ဖေါင်ကမရပ်ဘဲနဲ့ ခင်ဗျားတို့ရပ်နေရင်ဖြင့် ဒီနေရာအန္တရာယ်ဆယ်ပါးကို မဂ်တု ဖိုလ်တု နိဗ္ဗာန်တုတို့က နှောက်ရှက်လိုက်ရင်ဖြင့် နိဗ္ဗာန်စစ် မဂ်စစ် ဖိုလ်စစ်တွေနဲ့ မလွဲဘူးလား (လွဲမှာပါဘုရား)။

ဒါကြောင့် မဂ်စစ် ဖိုလ်စစ် နိဗ္ဗာန်စစ်တွေနဲ့ မလွဲရလေအောင် မဂ်တု ဖိုလ်တု နိဗ္ဗာန်တုတွေကို ရှေးဦးစွာမသိသင့်ဘူးလား (သိသင့်ပါတယ်ဘုရား)ဩဘာသဲဆိုတာလဲ ဝိပဿနာညစ်ညူးကြောင်း ဉာဏ်ကလဲ ဝိပဿနာညစ်ညူးကြောင်းဘဲလို့ သိလိုက်တဲ့အခါကျတော့ မရှောင်တတ် မတိမ်းတတ်ဘူးလား (ရှောင်တတ်တိမ်းတတ်ပါတယ် ဘုရား) ရှောင်တတ် တိမ်းတတ်တယ်၊ ဒီလိုမှ မဟုတ်ရင် အန္တရာယ်ကို အန္တရာယ်မှန်းမသိဘူး၊ ဒီအတိုင်းဖြစ်ပျက်ကို ရှုလိုက်ပါ။

ရှုတိုင်း ရှိက်တိုင်းမှာ စိတ်နဲ့လေဟာ ဘာလဲ (ဖြစ်ပျက်ပါဘုရား) အဲဒီလိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ဥဒယဗ္ဗယဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (တီရဏပရိညာပါဘုရား) လက္ခဏာအားဖြင့် (အနိစ္စလက္ခဏာပါဘုရား) အနုပဿနာအားဖြင့် အနိစ္စာနုပဿနာ အနုပဿီအားဖြင့် (အနိစ္စာနုပဿီပါဘုရား) ဒါဥဒယဗ္ဗယဉာဏ်ပြီးရော။

ကဲ ရှေ့က ဘာဉာဏ်လဲ (ဘင်္ဂဉာဏ်ပါဘုရား) ဘင်္ဂဉာဏ်ဆိုတာ အဖြစ်ကိုလွတ်ပြီးတော့ အပျက်ကိုရှုတဲ့ဉာဏ်၊ အဲဒီတော့ တကာ တကာမတွေ သတိထားလိုက်ပါ၊ ဘယ်မှာ သတိထားရမှာလဲ (နှာသီးဖျား) နှာသီးဖျားမှာ သတိထားလိုက်တော့ အရှိတရားပေါ်တာလား၊ မရှိတရားပေါ်တာလား(အရှိတရားပေါ်တာပါဘုရား) အရှိတရားက ဘာနဲ့ဘာပါလိမ့် (စိတ်နဲ့လေပါဘုရား) မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိဘာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီးဘယ်ရောက် (ပျက်) အဖြစ်ကို လွတ်လိုက်ဘော့ အပျက်ကိုတွေ့ရမှာပါ။

ရှုတဲ့အခါ စိတ်နဲ့လေပျက်၊ ဘာတွေပျက် (စိတ်နဲ့လေ) ရှိက်တဲ့အခါ ဘာတွေပျက် (စိတ်နဲ့လေပျက်) လူတွေပျက်ဘာလား၊ စိတ်နဲ့လေ ပျက်ဘာလား (စိတ်နဲ့လေပျက်တာပါဘုရား) အဲဒီတော့ အဖြစ်ကိုလွတ်ပြီးတော့ အပျက်ကိုရှုတဲ့ဉာဏ်သည် ဘာဉာဏ် (ဘင်္ဂဉာဏ်ပါဘုရား) ဒီနေရာမှာ အဖြစ်ကော မမြင်ဘူးလားဆိုတော့ အဖြစ်လဲမြင်ပါတယ်၊ ဒါဖြင့် ရှုတာက ဘာကိုရှုနေတာလဲ (အပျက်ကိုပါဘုရား) အပျက်ကိုရှုနေတာ ဥပမာပြောပါဦးမယ်၊ အပ်ကလေးတွေမှာ အပ်ချည်လေးတွေ မထိုးဘူးလား (ထိုးပါတယ်ဘုရား)အပေါက်ကလေးထဲ တည့်တည့်ဆိုးလိုက်တာဘဲ၊ ကြည့်တော့ ဘာကိုကြည့်နေတာလဲ၊ အပေါက်ကလေး မကြည့်ဘူးလား (ကြည့်ပါတယ်ဘုရား) ဒါဖြင့် အပေါက်ကလေးက

ကြည့်တော့ အပ်ချည်ဖျားကလေး မြင်ရဲ့လား (မြင်ပါတယ်ဘုရား) ဒါပေမဲ့ ဂရုစိုက်နေတာက ဘယ်ကို ဂရုစိုက်တာပါလိမ့်(အပေါက်ကိုပါဘုရား)အပေါက်ကို ဂရုစိုက်နေသလို။

ယခုလဲ အဖြစ်နဲ့အပျက်၊ ဘယ်ဟာကို ဂရုစိုက်ရှုနေတာလဲ (အပျက်ကိုပါဘုရား)အပျက်၊ ဒါပေမဲ့ အဖြစ်မမြင်ဘူးလား၊ မြင်သလား (မြင်ပါတယ်ဘုရား) ဥပမာ တခုပြောပါဦးမယ်၊ ငါးလေးတွေကို မှန်ထဲ ထည့်မထားဘူးလား (ထည့်ထားပါတယ်ဘုရား)။

အဲဒီတော့ ကြည့်တော့ ဘာကိုကြည့်တာလဲ (မှန်ကိုပါဘုရား) မကြည့်ဘူးလား (ကြည့်ပါတယ်ဘုရား) မြင်တော့ ဘာကို မြင်နေတာလဲ (ငါးကိုမြင်နေပါတယ်ဘုရား) စိုက်ကြည့်နေတာက ဘာကိုစိုက်ကြည့်နေတာလဲ (ငါးကိုပါဘုရား) မှန်ကို သတိထားရဲ့လား (မထားပါဘုရား) သတိထားတာက ဘာကို သတိထားတာလဲ (ငါးပါဘုရား) မှန်ကိုလွှတ်ပြီး ငါးကိုကြည့်နေသလို ယခုလဲ အဖြစ်ကို လွှတ်ပြီး ဘာကိုကြည့်နေတာလဲလို့ မေးရင် (အပျက်ကိုပါဘုရား) မရှုဘူးလား (ရှုပါတယ်ဘုရား) ဒါကြောင့် ရှုတိုင်း ရှိုက်တိုင်းမှာ စိတ်နဲ့လေဖြစ်ပျက်၊ ဘာနဲ့ဘာ ဖြစ်ပျက်တာလဲ (စိတ်နဲ့လေပျက်ပါဘုရား) ရှိုက်တဲ့အခါလဲ (စိတ်နဲ့လေပျက်) အဖြစ်ကောမမြင်ဘူးလား၊ မြင်သလား (မြင်ပါတယ်ဘုရား)ကြည့်တော့ ငါးကိုကြည့်တယ်၊ မှန်ကိုမကြည့်ဘူးလား၊ ကြည့်သလား(ကြည့်ပါတယ်ဘုရား) မှန်ကိုကြည့်လိုက်တော့ အထဲမှာ ဘာမြင်တာလဲ(ငါးမြင်ပါတယ်ဘုရား) ငါးမြင်တာနဲ့တပြိုင်နက် မှန်ကိုကြည့်တာလား၊ ငါးကိုစိုက်ကြည့်တာလား (ငါးကိုစိုက်ကြည့်တာပါဘုရား) ငါးကိုစိုက်ကြည့်မနေနဲ့၊ မှန်ကိုမမြင်ဘဲနဲ့ငါးမြင်ရပါ့မလား (မမြင်ရပါ့ဘုရား) အဖြစ်မမြင်ဘဲနဲ့ အပျက်မြင်ပါ့မလား(မမြင်ပါဘုရား)။

ဥာဏ်က ဘာအာရုံကို စိုက်ကြည့်တာလဲ (အပျက်ကိုပါဘုရား) ဘာအပျက်တုံး (စိတ်နဲ့လေရဲ့ အပျက်ပါဘုရား) ရှုတဲ့အခါလဲ စိတ်နဲ့လေရဲ့အပျက် ရှိုက်တဲ့အခါကော (စိတ်နဲ့လေအပျက်ပါဘုရား) စိတ်က (နာမ်တရား) လေက (ရုပ်တရား) ရှုတဲ့အခါ ဘာပျက်ဘာတုံး(နာမ်ရုပ်ပျက်ပါတယ်ဘုရား) ရှိုက်တဲ့အခါကော ဘာပျက်ပါလိမ့် (နာမ်ရုပ်ပျက်)ဒါဖြင့် အဖြစ်ကောမမြင်ဘူးလား (မြင်ပါတယ်ဘုရား) ဘယ်သူ့ကိုဖိရှုနေတာလဲ (အပျက်ကိုပါဘုရား)။

ဥပမာတခု ပြောပါဦးမယ် ပတ္တမြားရဲ့လုံးကြီး မရှိဘူးလား၊ ရှိသလား(ရှိပါတယ်ဘုရား) အဲဒီပတ္တမြားကြီး အလယ်ခေါင်မှာ အပေါက်တပေါက်ရှိတယ်၊ ဘာရှိတာလဲ (အပေါက်ပါဘုရား) ကြည့်တော့ ပတ္တမြားကို ကြည့်တယ်၊ ဘာကြည့်တာလဲ (ပတ္တမြားကြည့်ပါတယ် ဘုရား) မြင်တော့ ဘာမြင်နေရတုံး

(အပေါက်ပါဘုရား) ဘာကို သူမြင်နေတာပါလိမ့် (အပေါက်ကိုမြင်နေပါတယ် ဘုရား)။

အပေါက်ကိုမြင်မနေဘူးလား (မြင်နေပါတယ်ဘုရား)ပတ္တမြားကို မမြင်ဘူးလားဆိုတော့ပတ္တမြားကိုလဲမြင်တယ်၊ ဘာကပိုပြီးတော့ထင်ရှားသလဲ(အပေါက်ကပါဘုရား) အပေါက်မှာ ရှိတဲ့အပြစ်ကြီးက ထင်ရှားတယ်၊ ဘာထင်ရှားနေတာလဲ (အပြစ်ကထင်ရှားနေပါတယ်ဘုရား) ယခုလဲ ဘာက ထင်ရှားကနေတာပါလိမ့် (အပျက်ကပါဘုရား) အဖြစ်ကော မပါဘူးလား (ပါပါတယ်ဘုရား) အဖြစ်လဲပါပါတယ်၊ ဒါပေမဲ့ အပျက်က ထင်ရှားနေတာ ဖြစ်သောကြောင့် ဘင် ဉာဏ်မှာ အပျက်ကိုဖိပြီးရှုရပါတယ်။ ဘာကို ဖိရှုရမှာလဲ (အပျက်ကိုပါဘုရား) ဒါကြောင့် ရှုတဲ့အခါ စိတ်နဲ့လေ ဘာတဲ့(ပျက်)ရှုက်တဲ့အခါလဲ (စိတ်နဲ့လေပျက်) လူဘော့ သတ္တဝါတွေ ပျက်တာသလား၊ စိတ်နဲ့လေပျက်တာလား (စိတ်နဲ့လေပျက်တာပါဘုရား) လူတွေ သတ္တဝါတွေ သေနေတာလား၊ စိတ်နဲ့လေသေနေတာလား (စိတ်နဲ့လေသေနေတာပါဘုရား) အသေရုပ်ရှိလား (မရုပ်ပါဘုရား)။

ရှုတိုင်း ရှုက်တိုင်း နာမ်ရုပ် အလောင်းတွေ ထပ်နေတာပါလား အလောင်းတွေ မထပ်ဘူးလား(ထပ်ပါတယ်ဘုရား) ဘာအလောင်းတွေပါလိမ့်(စိတ်နဲ့လေ နာမ်နဲ့ရုပ်ပါဘုရား) လူအလောင်းဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သတ္တဝါ အလောင်းတွေ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်သူလဲ (စိတ်နဲ့လေ) နာမ်နဲ့ ရုပ် မသေဘူးလား (သေနေပါတယ်ဘုရား) အသေရုပ်ရှိလား(မရုပ်ပါဘုရား) ဒီအသေက မျက်လုံးနဲ့မြင်တဲ့အသေလား၊ ဉာဏ်နဲ့မြင်တဲ့အသေလား (ဉာဏ်နဲ့ မြင်တဲ့အသေပါဘုရား)ဒီအလောင်းကမျက်လုံးနဲ့မြင်တဲ့အသေလား၊ ဉာဏ်နဲ့မြင် တဲ့ အသေလား (ဉာဏ်နဲ့မြင်တဲ့အသေပါဘုရား) ဒီအလောင်းက မျက်လုံးနဲ့ မြင် ကောင်းကဲ့အလောင်းလား၊ ဉာဏ်နဲ့မြင်ကောင်းတဲ့ အလောင်းလား (ဉာဏ်နဲ့ မြင်ကောင်းတဲ့အလောင်းပါဘုရား) မျက်လုံးနဲ့မြင်ကောင်းတဲ့အလောင်းကတော့ ကလေးတွေလဲသိဘယ်၊ မသိဘူးလား (သိပါတယ်ဘုရား) ဉာဏ်မြင် အလောင်း ကိုသိရမှာ။ ဘာမြင် အလောင်းကိုသိရမှာလဲ (ဉာဏ်မြင် အလောင်းသိရမှာပါ ဘုရား)။

ဉာဏ်မြင်အလောင်းကတော့ ရှုတိုင်း ရှုက်တိုင်း စိတ်နဲ့လေဘာဖြစ်(ဖြစ်ပျက်ပါဘုရား) ရေဘွက်လိုရသေးရဲ့လား (မရပါဘုရား)အဲဒီအလောင်းက အခေါင်းပြင်ရရဲ့လား (မပြင်ရပါဘုရား) အခေါင်းပြင်ရရင် မသက်သာဘူး၊ မျက်မြင် အလောင်းကသာခေါင်းပြင်ရတာ ဉာဏ်မြင်အလောင်းက ခေါင်းပြင်ရရဲ့လား (မပြင်ရပါဘုရား) မပြင်ရဘူး၊ ရှုဘိုင်း ရှုက်တိုင်းမှာ (စိတ်နဲ့လေပျက်) ရှုတိုင်း

လဲ (စိတ်နဲ့လေပျက်)ရှိက်တိုင်းကော(စိတ်နဲ့လေပျက်)အဲဒါ အနိစ္စမထင်ဘူးလား (ထင်ပါတယ်ဘုရား)။

အဲဒါ ဝိပဿနာဉာဏ် ရင့်လာပြီတဲ့၊ ဗလဝဝိပဿနာလို့ခေါ်၊ ဘာဝိပဿနာ ပါလိမ့် (ဗလဝဝိပဿနာပါဘုရား) ဗလဝဝိပဿနာမဆိုက်ဘူးလား၊ ဆိုက် သလား [ဆိုက်သာပါတယ်ဘုရား] အဲဒီသဘောကို မြင်လိုက်တဲ့အခါကျတော့ သမုတိ အသေသကဆန်းပါအုံးမလား(မဆန်းပါဘုရား) မဆန်းတော့ဘူး၊ ဒါသေ ရဲတော့ဘာဘဲ၊ ပရမတ်အသေ မြင်နေပြီကိုး၊ စိတ်နဲ့လေဖြစ်တိုင်း (ပျက်) ဖြစ် တိုင်း ဘာတဲ့ (ပျက်သွားတာဘဲ) ဖြစ်လိုက်ဘာနဲ့တပြိုင်နက် ဘာတဲ့၊ ပျက်သွား တော့တာဘဲ၊ သင်္ခါရပဲ့ရှိ လားရာသည် အပျက်၊ စိတ်လေတို့ရှိ လားရာသည် ဘာပါလိမ့် (အပျက်) အဟောင်ရှိဘဲ့သတ္တဝါရဲ့ လားရာသည် ဘာတဲ့ ကောင်း ကင်၊ သမင် ဒရယ် ဂျီငယ်တို့လားရာသည် ဘာပါလိမ့် (တောပါဘုရား)။

အဲဒီအတိုင်းဘဲ သင်္ခါရတို့၏ လားရာသည် အပျက်၊ ဘာကဲ့လဲ [အပျက်ပါ ဘုရား] ကဲ အချိန်လဲစေ့ပြီ နက်ဖြန်မှ ဆက်ကြပါစို့။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ
။ ။ ဓမ္မံ ပူဇေမိ
။ ။ သံဃံ ပူဇေမိ

## သစ္စာလေးပါး

သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၁၀)ရက်နေ့ ဟောကြားသောတရား။

ကဲ တကာ တကာမတွေ အောက်ပိုင်းခန္ဓာကိုယ်ကို တင်ပလ္လင်ခွေ အထက်ပိုင်းခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား၊ သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှုလိုက်။ ဘယ်မှာ ရှေးရှုရမှာလဲဆိုတော့ [နှာသီးဖျားမှာ]နှာသီးဖျားမှာ သတိထားလိုက်တဲ့အခါ ကျတော့ တကာ တကာမတွေ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ တွေ့မှာလား၊ ရှုမှု ရှိုက်မှုတွေ့မှာလား (ရှုမှု ရှိုက်မှု တွေ့မှာပါဘုရား) အပြင်လေထုတ်တာကို ဘာတုံး [ရှူတယ်] အတွင်းလေသွင်းတာကို (ရှိုက်တယ်) ရှူတာက (အာန)ရှိုက်တာက (ပါန) အောက်မေ့တာက [သတိ] ပေါင်းလိုက်တော့ (အာနာပါန သာဘိကမ္မဋ္ဌာန်းပါဘုရား)။

ဒီကမ္မဋ္ဌာန်းအခြေခံပြီးတော့ အားထုတ်မယ်လို့ ဆုံးဖြတ်ပါ၊ ရှူရင်လဲရှူမှန်းသိ၊ ရှိုက်ရင်လဲ ရှိုက်မှန်းသိ၊ ဒါပဌမအချက်အနေနဲ့ သိရမှာ၊ ဒုတိယ အချက်က ရှူစက ရှူဆုံးအထိရှူရင် ရှူတယ်လို့သိ၊ ရှိုက်စက ရှိုက်ဆုံးအထိ ရှိုက်တယ်၊ ရှိုက်တယ်လို့သိ၊ တတိယနည်းကျတော့ တကာ တကာမတွေ ရှူခြင်း အမှုမပြုဘူးလား (ပြုပါတယ်ဘုရား) ရှူခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး (ရှိုက်ခြင်း အမှုပြုပါတယ်ဘုရား) ရှူခြင်းအမှုပြုပြီးတော့ ဘာအမှုပြုတုံး [ရှိုက်ခြင်းအမှု ပြုပါတယ်ဘုရား]။

ဒါကြောင့် ရှူခြင်းအမှု ပြုရင်ပြု၊ မပြုရင် ရှိုက်ခြင်းအမှုပြုတော့တာဘဲ၊ တခုခုမပြုဘူးလား (ပြုပါတယ်ဘုရား) ပြုပြန်ရင်လဲ ကိုယ်ပြုတာ၊ ကိုယ်ပြုမှန်းသိမှ ကိုယ်ပြုတာကိုမသိရင် ကမ္မဋ္ဌာန်းမဖြစ်ဘူး ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ကမ္မဋ္ဌာန်းမဖြစ်ဘဲနဲ့ တကာ တကာမတွေ ရုပ်နာမ် ခန္ဓာငါးပါး၊ အာယတန တဆဲ့နှစ်ပါး ဓာတ် [၁၈]ပါး သစ္စာလေးပါး သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) စာလိုဟောသိပါတယ်၊ ဒါပေမဲ့ လုပ်ငန်းနဲ့ကျတော့ အံဝင်ခွင်ကျ ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

ဒါကြောင့် ဒီကနေ့ သင်တန်းက အပြောနဲ့ လုပ်ငန်းအံဝင်ခွင်ကျဖြစ်အောင် သင်တန်းတက်နေတဲ့အချိန်လို့ ဆုံးဖြတ်ပါ။ ဝိပဿနာသင်တန်း တက်နေတယ်ဆိုရင် မှားပါ့မလား (မမှားပါဘုရား) အပြောက ပရိယတ္တိ၊ လုပ်ငန်းက ပဋိပတ္တိ၊ ဒီတော့ ပရိယတ်နဲ့ ပဋိပတ်ဒွန်တွဲပြီး ဝိပဿနာသင်တန်းပေးနေတယ်ဆိုရင် မှားပါ့မလား (မမှားပါဘုရား) ဒါကြောင့် တကာ တကာမတွေ သတိထားလိုက်ပါ၊ ကိုယ်ပြုတာ ပြုမှန်းသိပါစေ၊ ပြုမှ ပြုတယ်လို့သိပါ၊ ရှူခြင်းအမှု ပြုပြီးရင်

ရှိုက်ခြင်းအမှုပြုတယ်၊ ရှိုက်ခြင်းအမှုပြုပြီးရင် ရှူခြင်းအမှုပြုပြန်တယ်၊ ဘယ်လိုပြု တာတုံး[ဤလိုပြုတယ်]ကမ္မဿဌာန် ကမ္မဋ္ဌာန်၊ ကမ္မဿ။ မိမိပြုလုပ်တဲ့ ကိစ္စပေါ် မှာ။ ဌာန်၊ စိတ်တည်နေခြင်းသည်၊ ကမ္မဋ္ဌာန်၊ ကမ္မဋ္ဌာန်းမည်တယ်။ မိမိပြုလုပ် တဲ့ကိစ္စပေါ်မှာ စိတ်ဘည်နေတဲ့အခါ ကုသိုလ်မဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) ကုသိုလ်တရားတွေ တည်နေသည့် အတွက်ကြောင့် ဘာတဲ့တုံး (ကမ္မဋ္ဌာန်းပါ ဘုရား)ဘာကမ္မဋ္ဌာန်းတုံး (အာနာပါနဿတိကမ္မဋ္ဌာန်းပါဘုရား)။

တကာ တကာမတွေ သတိထားလိုက်ပါ၊ ဤလိုပြုချင်တဲ့ သဘောမရှိဘူး လား [ရှိပါတယ်ဘုရား] ဤလိုပြုချင်တဲ့သဘောက လူဟုတ်ရဲ့လား (မဟုတ်ပါ ဘုရား) ငါကောဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သတ္တဝါကော ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘာသဘောရှိတာတုံး(စိတ်သဘောပါဘုရား) မတွေ့လာဘူး လား (တွေ့ပါတယ်ဘုရား) လုပ်ငန်းနဲ့ တွေ့တာလား၊ အပြောနဲ့ တွေ့တာလား (လုပ်ငန်းနဲ့တွေ့တာပါဘုရား) ဤလိုပြုချင်တဲ့သဘောကို စိတ်လို့လဲ ခေါ်တယ်။ ဝိညာဏ်လို့လဲခေါ်တယ်၊ နာမ်လို့လဲ ခေါ်တယ်၊ သင်္ခါရလို့လဲ ခေါ်တယ်။ ပရမတ်လို့လဲခေါ်ပါတယ်။

အဲဒီတော့ ဤလိုပြုချင်တဲ့ သဘောက လူလား စိတ်လား (စိတ်) ဒီစိတ်ကို လူကဖေါ်ပေးဘာလား၊ သတိကဖေါ်ပေးတာလား (သတိက ဖေါ်ပေးတာပါ ဘုရား) သတိကဘာတဲ့တုံး(စေတသိက်)စိတ် စေတသိက်ရမလာဘူးလား (ရလာ ပါတယ်ဘုရား) နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေကဘာတုံး (ရုပ်) ပေါင်းလိုက်တော့ (စိတ်စေတသိက်ရုပ်) မနေ့က တကာ တကာမတွေ နာမ်နဲ့ရုပ် မတက်ခဲ့ဘူးလား (တက်ခဲ့ပါတယ်ဘုရား) ဒါကြောင့် ဒီဉာဏ်စဉ်ကတော့ဖြင့် ဘယ်ကနေတက်တက် ရတယ်လို့ ဆုံးဖြတ်ချက်ချ၊ အော် ... ရှူတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ စိတ် စေတသိက်ရုပ်ရှိတာလား(စိတ်စေတသိက် ရုပ်ရှိတာပါဘုရား)။

စိတ်ဆိုတာဘယ်လိုပါလိမ့် [ဤလိုပြုချင်တဲ့သဘော] ဒီစိတ်ကို ဘယ်သူက ဖေါ်ထုတ်ပေးတာတုံး [သတိကပါဘုရား]သတိကဘာတုံး[စေတသိက်] နှာသီး ဖျား တိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့လေက ဘာတုံး (ရုပ်) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်) ဒါကြောင့် ရှူတဲ့အခါ (စိတ် စေတသိက် ရုပ်) ရှိုက်တဲ့ အခါကော (စိတ် စေတသိက် ရုပ်) ဒီတရားသုံးပါးဟာ ထင်ရှား မရှိဘူးလား (ရှိပါတယ်ဘုရား)ထင်ရှားရှိလသသောကြောင့် (သက္ကာယ)စိတ် စေတသိက်ရုပ် က ဘာတရားတုံး (သက္ကာယ) ရှူဘယ် ရှိုက်တယ်ထင်ရင် (ဒိဋ္ဌိ) ပေါင်းလိုက် တော့ (သက္ကာယဒိဋ္ဌိ) ဝိပဿနာသင်ဘန်းတက်တော့မယ်ဆိုတော့ ရှေးဦးစွာ သက္ကာဒိဋ္ဌိပယ်ရမယ်ဆိုတာကတော့ ပြင်းလို့ရသေးရဲ့လား (မရပါဘုရား) ရှူတိုင်း

ရှိုက်တိုင်းမှာ သက္ကာယနဲ့ ဒိဋ္ဌိကွဲပြီး ရှူပါ ရှိုက်ပါ။ သက္ကာယနဲ့ ဒိဋ္ဌိမကွဲရင်ရှေ့ဆက်ပြီး တက်လို့ရပါ့မလား (မရပါဘုရား)ရှေးဦးစွာ သက္ကာယဒိဋ္ဌိ ပြုတ်ဘို့အရေးကြီးပါတယ်၊ ဒါကြောင့် ရှူတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား စိတ် စေတသိက် ရုပ် ရှိတာလား (စိတ် စေတသိက်ရုပ်ရှိတာပါဘုရား) ရှူတဲ့အခါမှာလဲ (စိတ် စေတသိက် ရုပ်) ရှိုက်တဲ့အခါကော (စိတ် စေတသိက် ရုပ်)။

ဒီသဘောရှိနေတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဘယ်တုံးက ဖြစ်တာပါလိမ့် (ခုမှဖြစ်တာပါဘုရား) ဒါကြောင့် ရှူတဲ့အခါ ခုမှဖြစ်တဲ့ (စိတ် စေတသိက် ရုပ်) ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ်) ဒါ ဘာဉာဏ်ပါလိမ့် (နာမရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ဒိဋ္ဌိဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဒီစိတ် စေတသိက် ရုပ်တွေဟာ အလိုလိုဖြစ်တဲ့တရားလား သူများတွေကြောင့် ဖြစ်တဲ့တရားလား၊ ဖန်ဆင်းရှင်တွေက ဖန်ဆင်းပေးလိုက်တဲ့ စိတ် စေကသိက် ရုပ်လား (မဟုတ်ပါဘုရား) ဘယ်သူ့ကြောင့် ဖြစ်တာတုံး (အကြောင်းကြောင့်)။

အကြောင်းကို ဆင်ခြင်တဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား) ဒီရှုကွက်နဲ့ ရှူတိုင်းမှာ ခုမှဖြစ်တဲ့ စိတ် စေတသိက် ရုပ် [အကြောင်းကြောင့်ဖြစ်] ဘာဉာဏ်နဲ့ ဘာဉာဏ်တွဲရှုတာတုံး (နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါဘုရား)သုဒ္ဓိအားဖြင့် (ဒိဋ္ဌိ ဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ဉာတပရိညာပါဘုရား) ဒီအတိုင်းရှုပါ၊ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတွဲရှုတော့ အပါယ်မီး ငြိမ်းတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ဒါက လက္ခဏာယာဉ်သုံးပါးနဲ့ ဝိပဿနာရှုချင်တော့ ဒါကို ရှေးဦးစွာ စင်ကြယ်အောင် လုပ်ရတယ်၊ မလုပ်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)ဒါကို ရှေးဦးစွာအခြေခံရမယ်၊ ရှူတိုင်း ရှိုက်တိုင်းမှာ ရှူတာ ရှိုက်တာရှိတာလား၊ စိတ် စေတသိက် ရုပ်ရှိတာလား (စိတ် စေတသိက် ရုပ်ရှိတာပါဘုရား) ရှိတာက ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ် (ခုမှဖြစ်) ဖြစ်ပြီးဘယ်ရောက် (ပျက်) မြဲလို့လား၊ မမြဲလို့လား (မမြဲလို့ပါဘုရား)နိစ္စလား အနိစ္စလား (အနိစ္စပါဘုရား) နောက်ထပ် အသစ်မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ်ဘုရား) နောက်ထပ်ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား ဒုက္ခလား(ဒုက္ခပါဘုရား) မဖြစ်ပါနဲ့လို့ တားရရဲ့သလား (မရပါဘုရား) တားမရတာ အတ္တလား အနတ္တလား (အနတ္တပါဘုရား) ဆိုလိုက်စမ်းပါအုံး လက္ခဏာယာဉ်သုံးပါး၊ ဟိုတုံးကလဲ စိတ် စေတသိက် ရုပ်တို့သည် အနိစ္စ ဒုက္ခ အနတ္တဖြစ်ခဲ့တယ်၊ ယခုလဲ ဖြစ်ဆဲ နောင်လဲ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်အုံးမှာပါကသားလို့၊ အဲဒီလို ဆင်ခြင်တဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား)။

သုဒ္ဓိအားဖြင့်(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့်(တီရဏပရိညာပါဘုရား) အဲဒီတော့ တကာတကာမတွေ အတိတ်နဲ့အနာဂတ်ကိုလွတ်ပြီးတော့ ပစ္စုပ္ပန်ကိုရှုပါ။ ပစ္စုပ္ပန်မှာလဲ ရှုတိုင်းရှိက်တိုင်းမှာ အရှိတရားရှိတာလား၊ မရှိတရားရှိတာလား (အရှိတရားရှိတာပါဘုရား) အရှိတရားကဘာတွေတုံး (စိတ် စေတသိက် ရုပ်) ဤလိုပြုချင်တဲ့သဘောကဘာတုံး (စိတ်) ဒါဘယ်သူကဖေါ်ပေးတာတုံး (သတိက) သတိကဘာတုံး (စေတသိက်) နှာသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့လေကဘာတုံး (ရုပ်) ပေါင်းလိုက်တော့ (စိတ် စေတသိက် ရုပ်) အဲဒီ စိတ် စေတသိက် ရုပ်သည် စာအုပ်တွေ ဘောတွေမှာရှိတာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား)

ခန္ဓာမှာ ဘယ်အချိန်ရှိတာတုံး (ရှုတိုင်း ရှိုက်တိုင်း) ရှုတိုင်းရှိုက်တိုင်းမှာ ဘာတွေရှိတာတုံး (စိတ် စေတသိက် ရုပ်) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) ဖြစ်ပြီးတာနဲ့ တပြိုင်နက် ပျက်တော့တာဘဲ၊ ဖြစ်ပြီးတာနဲ့တပြိုင်နက် ရှိသေးရဲ့လား (မရှိပါဘုရား) (ဟုတ္ဝာ အဘာဝတော) ဟုတွာ၊ ဖြစ်ပြီးတာနဲ့တပြိုင်နက်၊ အဘာဝတော၊ မရှိတော့ဘူး၊ ဖြစ်ပြီးတာနဲ့တပြိုင်နက် မရှိတော့ဘူး။ အဲဒီတော့ တကာတကာမတွေ ဒီစိတ် စေတသိက် ရုပ်တွေဟာ မပေါ်လိုက်နဲ့၊ ပေါ်လိုက်ရင်ဘာတဲ့ (ပျက်) အဲဒီတော့ နှစ်သက်စရာရှိသေးရဲ့လား (မရှိပါဘုရား)

ဒီစိတ် စေတသိက် ရုပ်ဟာ လှလိုက်တာဆိုပြီးနှစ်သက်တော့မယ်ကြံဆဲ၊ရှိသေးရဲ့လား (မရှိတော့ပါဘုရား) မရှိတော့ဘူး။ မဖြစ်ခင်ကလဲမရှိဘူး' ဖြစ်ပြီးတော့ကော ရှိသေးရဲ့လား (မရှိတော့ပါဘုရား) ဘယ်အချိန်မှာရှိတုံး (ဖြစ်ဆဲအချိန်မှာရှိတာပါဘုရား) ရှုတိုင်း ရှိုက်တိုင်း စိတ် စေတသိက် ရုပ်တရားတို့သည် ဖြစ်ပြီးတာနဲ့ ဘယ်ရောက်သွားသလဲ (ပျက်) ပျက်တဲ့သဘောဟာ ငါ ဟုတ်ရဲ့လား (ငါမဟုတ်ပါဘုရား) ငါလို့ဆိုလို့ရသေးရဲ့လား (မရပါဘုရား) ရှုတိုင်း ရှိုက်တိုင်းမှာ စိတ် စေဘသိက် ရုပ်ဘို့သည် ဖြစ်ပြီးတော့ဘယ်ရောက်သွားတုံး [ပျက်] ဒါကြောင့် အတ္တနဝ ါ၊ငါဆိုတဲ့အတ္တသဘောမှုရင်း။ အတ္တနိယောနဝ ါ၊ငါ့ဥစ္စာဆိုတဲ့သဘောမှုရင်း၊ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ငါလဲမရှိဘူး၊ ငါ့ဥစ္စာကောရှိရဲ့လား (မရှိပါဘုရား) ရှိဘာကဘာတွေရှိတာတုံး (စိတ် စေတသိက် ရုပ်) ဘာပြုလို့ရှိ (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီးဘယ်ရောက် (ပျက်) ပုဗ္ဗန္တပရန္တေသု၊ မဖြစ်ခင် ရှေ့အစွန်း၊ ဖြစ်ပြီးတဲ့ နောက်အစွန်းတို့၌၊ သုညတော၊ မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏၊ မဖြစ်ခင်ကကော ရှိရဲ့လား (မရှိပါဘုရား) ဖြစ်ပြီးတဲ့နောက်ကောရှိရဲ့လား (မရှိပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ဖြစ်ဆဲ) ဖြစ်ပြီးတော့ဘယ်ရောက် (ပျက်) ဒီပြင် လုပ်

နေ်း ရှိသေးရဲ့လား (မရှိပါဘုရား) တရားဆိုတာ ဘာသဘောပါလိမ့် (မှန်တဲ့သဘောပါဘုရား)

လူဘွေ့ သတ္တဝါတွေ ဖြစ်တာ ပျက်တာလား၊ စိတ် စေတသိက် ရုပ် ဖြစ်တာပျက်တာလား (စိတ် စေတသိက် ရုပ် ဖြစ်ပျက်ပါဘုရား) ဘယ်အချိန်မှာဖြစ်တာပျက်တာတုံး (ရှုတိုင်း ရှိုက်တိုင်း) အဲဒီအချိန်မှာမိအောင်ဖမ်း။ တကာ တကာမတော့ မဖြစ်ခင်ကလဲမရှိ၊ ဖြစ်ပြီးတဲ့နောက်မှာလဲ (မရှိ) ဘယ်အချိန်မှာဖြစ်တာတုံး (ဖြစ်ဆဲ) ဖြစ်ပြီးဘော့ဘယ်ရောက်ပြန် (ပျက်) ဒါကိုမိအောင်ဖမ်း။ ဒီသဘောက-နိစ္စဓုဝသုခ။ နိစ္စ၊ မြဲတဲ့သဘော။ ဓုဝ၊ ခိုင်ခံ့တဲ့သဘော။ သုခ၊ ချမ်းသာတဲ့သဘောရှိရဲ့လား (မရှိပါဘုရား)

သုဘ၊ တင့်တယ်တဲ့သဘောကောရှိရဲ့လား (မရှိပါဘုရား) သုည၊ မရှိလုံးလုံးထိတ်သုဉ်းသောအားဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဘယ်သဘောရှိတာတုံး (စိတ်-စေတသိက်-ရုပ်) ဖြစ်ပြီးဘယ်ရောက် (ပျက်) ဖြစ်တာက-ဥဒယ။ ပျက်တာက (ဝယ) ဒါဘာဉာဏ်တုံး (ဥဒယဗ္ဗယဉာဏ်) သုဒ္ဓိအားဖြင့် (မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (တီရဏပရိညာ) လက္ခဏာအားဖြင့် (အနိစ္စလက္ခဏာ) အနုပဿနာအားဖြင့် (အနိစ္စာနုပဿနာ) အနုပဿီအားဖြင့် (အနိစ္စာနုပဿီ)တကာတကာမတွေ သတိထားလိုက်ပါ။ အဖြစ်ကိုလွှတ်ပြီးတော့ အပျက်ကို ရှုတဲ့ဉာဏ်သည် ဘာဉာဏ် (ဘင်္ဂဉာဏ်) ရှုတိုင်း ရှိုက်တိုင်းမှာ စိတ် စေတသိက် ရုပ်တို့သည် ဖြစ်ပြီးဘယ်ရောက် (ပျက်)

စိတ်-စေတသိက်-ရုပ်တို့သည် သင်္ခတ တရားလား၊ အသင်္ခတ တရားလား၊ (သင်္ခတတရားပါဘုရား) အသင်္ခတတရားကဘာတုံး (နိဗ္ဗာန်) အဲဒီတော့ သင်္ခတနယ်ထဲမှာလား၊ အသင်္ခတနယ်ထဲမှာလား (သင်္ခတနယ်ထဲမှာပါဘုရား) သင်္ခတနယ်ထဲမှာဆိုရင် သင်္ခတတရားကလွဲရင် ဒိပြင်ရှိသေးရဲ့လား (မရှိပါဘုရား)သင်္ခတတရားက စာအုပ်တွေ ဘောတွေထဲမှာရှိတာလား၊ ခန္ဓာမှာရှိတာလား (ခန္ဓာမှာရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်း ရှိုက်တိုင်း) ရှုတိုင်း ရှိုက်တိုင်းမှာ သင်္ခတတရား ဘယ်နှစ်ပါးရှိတာတုံး (သုံးပါးပါဘုရား) သုံးပါးက ဘာတွေတုံး (စိတ် စေတသိက် ရုပ်) သင်္ခတာဓမ္မာ၊ အသင်္ခတာဓမ္မာ။

ပိဋကတ်တော်ကြီးကို အကျဉ်းချုံးလိုက်ရင် ဒီတရားနှစ်ပါးဘဲ ရှိပါတယ်။ သင်္ခတာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပြုပြင်စီရင်အပ်ကုန်သော၊ ဓမ္မာ၊ စိတ် စေတသိက် ရုပ်တရားတို့သည်၊ သံဝိဇ္ဇန္တိ၊ ရှိကုန်၏၊ သင်္ခတနယ်မှာတော့ စိတ် စေတသိက် ရုပ် တရားတွေ ရှိတယ်၊ အသင်္ခတာဓမ္မာ၊ တရားကိုယ်အရကတော့ နိဗ္ဗာန်တရားဘဲ အားလုံးပေါင်းလိုက်တော့ (စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်) ဒါကို ပရမတ္ထတရားလို့ ခေါ်ပါတယ်။ သင်္ခတတရားကဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) အသင်္ခတက (တပါး) အဲဒီ

တော့ သင်္ခတတရားကိုရှုရမှာလား၊ အသင်္ခတတရားကိုရှုရမှာလား (သင်္ခတတရားကိုရှုရမှာပါဘုရား)

သင်္ခတတရားက အနီးမှာရှိတာလား၊ အဝေးမှာရှိတာလား (အနီးမှာရှိတာပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်း ရှိုက်တိုင်း) ဤလိုရှုချင်တယ် ဤလိုရှိုက်ချင်တယ်ဆိုတာကဘာတုံး (စိတ်) ဒီသဘောကိုထင်ရှားအောင် လှုံ့ကဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိကဘာတုံး (စေတသိက်) နှာသီးဖျားမှာ တိုးခတ် တွန်းကန်သွားတဲ့လေက ဘာတုံး (ရုပ်) ပေါင်း လိုက် တော့ (စိတ်-စေတသိက်-ရုပ်) မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) သင်္ခတနယ်မှာ စိတ် စေတသိက် ရုပ်တွေပျက်မှာ၊ သင်္ခတ တရားကလွဲရင် ပျက်စရာ ရှိသေးရဲ့လား (မရှိပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေသေနေတာလား၊ စိတ် စေတသိက် ရုပ်တွေသေနေတာလား (စိတ်-စေတသိက်-ရုပ်တွေသေနေတာပါဘုရား) အသေရုပ်ရဲ့လား (မရုပ်ပါဘုရား) အနမတဂ္ဂ သံသရာကစပြီး ခုအချိန်ထိ ခင်ဗျားတို့အသေရုပ်ရဲ့လား မရုပ်ပါဘုရား) မျက်မြင်အသေလား၊ ဉာဏ်မြင်အသေလား (ဉာဏ်မြင်အသေပါဘုရား) မြတ်စွာဘုရားက မျက်မြင်အသေရှုခိုင်းတာလား၊ ဉာဏ်မြင်အသေရှုခိုင်းတာလား (ဉာဏ်မြင်အသေ ရှုခိုင်းတာပါဘုရား) မျက်မြင်အသေက ခင်ဗျားတို့ အထူးဟောစရာ လိုသေးရဲ့လား (မလိုပါဘုရား) သမုတိအသေကတော့ ခင်ဗျားတို့မျက်မြင်ဘဲ။ အဲဒီတော့ ဝိပဿနာက ဉာဏ်မြင်အသေကိုရှုရဘယ်၊ အဲဒီအသေက အဝေးမှာ ရှိတာလား၊ အနီးမှာရှိတာလား(အနီးမှာရှိတာပါဘုရား)ဘယ်ဌာနမှာတုံး(နှာသီးဖျားမှာ)

အော်-ဒါကြောင့် စိတ် စေတသိက် ရုပ်တွေရှိတိုင်း (ဖြစ်) ဖြစ်တိုင်း (ပျက်) ရှုတိုင်း ရှိုက်တိုင်းမှာ စိတ်စေတသိက် ရုပ်တွေပျက် အဲဒီလို ရှုတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့်(ဘင်္ဂဉာဏ်)ဘာကိုလွတ်ရှုတာတုံး (အဖြစ်ကိုပါဘုရား) ဝယမ္ပော နုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယ ဓမ္မာ နုပဿီ ဝါ။ အပျက်သဘောကို အဖန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ မြတ်စွာဘုရားက ရှုရမယ်ဆိုတာ သတ္တဝါတွေရဲ့အပျက်သဘောကို ရှုရမှာလား၊ စိတ် စေတသိက်တို့ရဲ့ အပျက်သဘောကို ရှုရမှာလား(စိတ် စေတသိက်တို့ရဲ့ အပျက်သဘောကို ရှုရမှာပါဘုရား)။

ယခု အပျက်မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား)ဒါဖြင့် အဖြစ်ကောမမြင်ဘူးလား (မြင်ပါတယ်ဘုရား)အဖြစ်ကိုလွတ်ပြီးတော့ ရှုနေတာ မနေ့ကလဲ ပြောခဲ့ပါတယ်၊ တကာ တကာမတွေ နှပ်းတွေ အိုးကင်းထဲမှာ ထည့်ပြီး လှော်တာမတွေ့ဘူးလား (တွေ့ဘူးပါတယ်ဘုရား)လှော်တဲ့အခါ နှမ်းတွေ တခါထဲ ပေါက်ပေါက်ပြီး မသွားဘူးလား (သွားပါတယ်ဘုရား) ခင်ဗျားတို့ သိနေ

တာက နှမ်းတွေပေါက်ပြီးသွားတာကိုသိတယ်၊ နှမ်းသိဘာလား၊ နှမ်းတွေပျက်စီးသွားတာသိတာလား (နှမ်းတွေပျက်စီးသွားတာကိုသိတာပါဘုရား)။

နှမ်းတွေ ပျက်စီးသွားကိုသိတယ်၊ ဘာကို ဖိရှုတာလဲဆိုတော့ အပျက်ကို ဖိရှုတယ်၊ နှမ်းကိုလှော်ပြီးတော့ နှမ်းတွေ ပေါက်သွားကွဲသွားတာကိုဘဲ ရှုတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)နှမ်းကွဲသွားတာကိုဘဲရှုတယ်၊ ဥပမာ ဆိုကြပါစို့၊ ရေအိုးတွေကိုခွဲလိုက်တဲ့အခါကျတော့ ရေအိုးလို့မသိတော့ဘဲ ရေအိုးကွဲသွားပြီလို့ဘဲသိသလို ယခုလဲ စိတ် စေတသိက် ရုပ်တရားတို့သည် ဖြစ်ပြီးတော့ ဘာတုံး (ပျက်တာဘဲလို့ရှုပါ)အဲဒီလို အပျက်ကို ဦးစားပေးပြီး ရှုတဲ့ဉာဏ်သည် ဘာဉာဏ်တဲ့တုံး (ဘင်ဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (မဂ္ဂါ မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ပဟာန ပရိညာပါဘုရား) ပဟာန ပရိညာ ဆိုတာ ပဟာနက၊ ပယ်တာ။ ပရိညာက၊ ပိုင်းခြားတဲ့သဘော။ ပညာ ပရိညာတာ ပညာပဟာနတ္တာ၊ ပညာ၊ ပညာသည်၊ ပရိညာတာ၊ ပိုင်းခြားတဲ့သဘောရှိတယ်၊ ဘယ်လိုပိုင်းခြားသလဲဆိုတော့ အဖြစ်နဲ့အပျက် ပိုင်းခြားတယ်၊ ပြီးတော့ ပယ်တဲ့ သဘောရှိတယ်၊ ဒီနေရာမှာ အပျက်လို့ရှုခိုက်မှာ မြဲတယ်ဆိုတဲ့ အနိစ္စသညာတွေ လာသေးရဲ့လား (မလာပါဘုရား) ဒီနိစ္စသညာတွေ လူက ပယ်တာလား၊ ဉာဏ်ကပယ်တာလား (ဉာဏ်ကပယ်တာပါဘုရား)။

ဘာဉာဏ်နဲ့ပယ်လိုက်တုံး (ဘင်ဉာဏ်နဲ့ပါဘုရား) ဒါကြောင့် ပရိညာအားဖြင့်ဘာပရိညာ(ပဟာနပရိညာ)ဘာကိုပယ်လိုက်တာတုံး(နိစ္စသညာ) နိစ္စသညာ ပဇဟတိ။ နိစ္စသညာ၊ မြဲတယ်ဆိုတဲ့ သညာတွေကို၊ ပဇဟတိ၊ ပယ်စွန့်တယ်။ လူက ပယ်စွန့်လိုက်တာလား၊ ဉာဏ်ကပယ်စွန့်လိုက်တာလား (ဉာဏ်က ပယ်စွန့်တာပါဘုရား) ဒီတော့ ရှုတိုင်း ရှုကိုက်တိုင်းမှာ စိတ် စေတသိက် ရုပ်တွေပျက်တာလား၊ လူတွေ သတ္တဝါတွေ ပျက်တာလား (စိတ် စေတသိက် ရုပ်တွေ ပျက်တာပါဘုရား) အပျက်ရုပ်ရှိလား (မရုပ်ပါဘုရား)။

တကာ တကာမတွေ ဒီနေရာမှာ စိတ် စေတသိက် ရုပ်ကို လူကရှုတာလား၊ ဉာဏ်ကရှုတာလား (ဉာဏ်ကရှုတာပါဘုရား) အဲဒီဉာဏ်ကော တည်တန့်ရဲ့လား (မတည်တန့်ပါဘုရား) သူလဲဖြစ်ပြီးတော့ ဘာတုံး (ပျက်) ဒီနေရာမှာ ဉာတနဲ့ ဉာဏကွဲရတယ်၊ ဉာတဆိုတာက စိတ် စေတသိက် ရုပ်ဆိုတဲ့အရှုခံတရားက ဉာတ။ ဒီအရှုခံတရားဖြစ်တဲ့ စိတ် စေတသိက် ရုပ်တွေကို လူက ရှုတာလား၊ ဉာဏ်ကရှုတာလား (ဉာဏ်ကရှုတာပါဘုရား) ဒီဉာဏ်က (ဉာဏ) အဲဒီတော့ ဉာတနဲ့ ဉာဏကွဲမလာဘူးလား (ကွဲလာပါတယ်ဘုရား) အရှုခံတရားဖြစ်တဲ့ စိတ် စေတသိက် ရုပ်တွေလဲ ဖြစ်ပြီးတော့ ဘာတုံး (ပျက်)။

ဉာဏ ရှုတတ်တဲ့ ဉာဏ်လဲ ဖြစ်ပြီးတော့ ဘယ်ရောက် (ပျက်) သူလဲ ပျက်တော့တာဘဲ၊ အပျက်ကိုရှုရတယ်၊ ဒီနေရာမှာ အပျက်ဦးစားပေးပြီး ရှုတဲ့ဉာဏ်

သည် ဘာဉာဏ် (ဘင်္ဂဉာဏ်ပါဘုရား) ဘင်္ဂဉာဏ် ဆိုက်မလာဘူးလား (ဆိုက်လာပါတယ်ဘုရား) လက္ခဏာအားဖြင့် ဘာလဲ (အနိစ္စလက္ခဏာ) အနုပဿနာအားဖြင့် (အနိစ္စာနုပဿနာ) အနုပဿီအားဖြင့် (အနိစ္စာနုပဿီ) ဒါဘင်္ဂဉာဏ် ကုန်သွားရော။

တကာ တကာမတွေ နှာသီးဖျားမှာ သတိထားလိုက်စမ်းပါ။ အဲဒီလို သတိထားလိုက်တဲ့ အခါကျတော့ အရှိတရားတွေမှာလား၊ မရှိတရားတွေမှာလား (အရှိတရားတွေမှာပါဘုရား) အရှိတရားက ဘာတုံး (စိတ် စေတသိက် ရုပ်) မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ် (အခုမှဖြစ်) စိတ် စေတသိက် ရုပ်တွေဖြစ်တာကို ရှူတယ်၊ ရှိုက်တယ်၊ ရှူတယ် ရှိုက်တယ်ဆိုဘာ အမှန်တကယ်ရှိရဲ့လား (မရှိပါဘုရား) ရှိတာက ဘာတုံး(စိတ် စေတသိက် ရုပ်) ဖြစ်တာရှိတယ်နော်၊ အဖြစ် တွေ့မလာဘူးလား (တွေ့လာပါတယ်ဘုရား) ရှူတဲ့အခါမှာ (စိတ် စေတသိက် ရုပ်တွေဖြစ်) ရှိုက်တဲ့အခါကော (စိတ် စေတသိက် ရုပ်တွေဖြစ်) မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) တကာ တကာမတွေ အဖြစ်ဘေးကြီး မဆိုက်လာဘူးလား (ဆိုက်လာပါတယ်ဘုရား) ဥပ္ပါဒေါဘယံ အနုပ္ပါဒေါခေမံ ဥပ္ပါဒေါ။ ဖြစ်ခြင်းသည်။ ဘယံ၊ ဘေးတည်း။ အနုပ္ပါဒေ ။ မဖြစ်ခြင်းသည်။ ခေမံ၊ ဘေးမရှိရာ နိဗ္ဗာန်တည်း။ ယခု ခင်ဗျားတို့ ဘေးဆိုက်မနေဘူးလား (ဆိုက်နေပါတယ်ဘုရား) ဘာဘေးပါလိမ့် (အဖြစ်ဘေး)အဖြစ်ဘေးဆိုတာ ဇာတိဘေး၊ ဘယ်အချိန်မှာ ဆိုက်နေတာတုံး (ရှူတိုင်း ရှိုက်တိုင်း) ဘာပြုလို့ ဇာတိဘေးတွေ ဖြစ်နေတာတုံး[စိတ် စေတသိက် ရုပ်တွေ ဖြစ်နေလို့] အဖြစ်ဘေးကြီး မဆိုက်လာဘူးလား[ဆိုက်လာပါတယ်ဘုရား] စိတ် စေတသိက် ရုပ်တွေ ဖြစ်နေလို့ နိဗ္ဗာန်မရတာ။

စိတ် စေတသိက် ရုပ်တွေမဖြစ်ရင် ဘာတဲ့ (နိဗ္ဗာန်) မိအောင်ဖမ်းပါ၊ ဘယဉာဏ်ဆိုတာဘေးကင်းအောင်ရှုရတယ်။ အဖြစ်ဘေးကြီး အပျက်ဘေးကြီးမဆိုက်လာဘူးလား [ဆိုက်လာပါတယ်ဘုရား] ဖြစ် ပျက် ဘေးကြီးဆိုတာ လူတွေ သတ္တဝါတွေ ဖြစ် ပျက်ဘေးလား၊ စိတ် စေတသိက် ရုပ်တွေ ဖြစ်ပျက်ဘေးလား (စိတ် စေတသိက် ရုပ်ဖြစ်ပျက်ဘေးပါဘုရား)စိတ် စေတသိက် ရုပ်တွေ အသစ်အသစ်ဖြစ်ပြီးတော့ ဘာတုံး (ပျက်ပါတယ်ဘုရား) ပျက်ရင် ကုန်ပါတော့လား၊ မကုန်နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ အသစ် အသစ်တွေ ထပ်ပြီးဖြစ်နေလို့ စိတ် စေတသိက် ရုပ်အဟောင်းတွေပျက်ပြီး အသစ်အသစ် ဖြစ်နေတာကိုဘဲ အသက်

ရှင်တယ်လို့ ပြောနေရတာ၊ ဒါကိုဘဲ ငါလို့ခေါ်နေတာ၊ ငါဆိုတာရှိရဲ့လား (မရှိပါဘုရား)။

ဘာတွေရှိနေတာတုံး စိတ် စေတသိက် ရုပ်တွေက အသစ်အသစ် ဖြစ်နေလို့ (နိစ္စနဝါဠ ဟုတ္တာ သင်္ခါရာ ဥပဋ္ဌဟန္တိ) သင်္ခါရာ၊ စိတ် စေတသိက် ရုပ်ဆိုတဲ့ သင်္ခါရတရားတို့သည်။ နိစ္စနဝါဠ၊ အသစ်အသစ်တို့သည်သာလျှင် ဖြစ်ကုန်၏၊ အသစ်အသစ်တွေ ဖြစ်မနေဘူးလား (ဖြစ်နေပါတယ်ဘုရား) အသစ်အသစ်ဖြစ်နေလို့၊ ဆင်းရဲတာဖြစ်ပြီးတော့ ဘယ်ရောက် (ပျက်) ပျက်နေလို့ ဆင်းရဲတာ၊ ဒီပဇာလသမူပမာ ဆီမီးလျှံလျှင် ဥပမာရှိကုန်၏၊ ဥပမာ တကာ တကာမတွေ ဒီမှာ မီးရောင်မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) မီးက အခုနက မီးဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဘယ်တုံးက မီးလဲ (အခုမှဖြစ်တဲ့ မီးပါဘုရား) အခုမှဖြစ်တဲ့မီး၊ အရင်တုံးကမီးရှိသေးရဲ့လား (မရှိပါဘုရား) ဘယ်ရောက်သွားတုံး (ပျက်) နောက်ထပ် ဒိုင်နမိုလည်တိုင်း လည်တိုင်း ဒီမှာ မီးမပွင့်ဘူးလား (ပွင့်ပါတယ်ဘုရား)။

ဤအတူဘဲ ယခုလဲ တကာ တကာမတွေ ရှေးအတိတ်က အကြောင်းတရားတွေက ထောက်ပံ့တိုင်း အတိတ် အကြောင်းတွေ ပစ္စုပ္ပန် အကြောင်းတွေ ညီညွတ်တိုင်း ဘာတွေဖြစ်နေတာတုံး (စိတ် စေတသိက် ရုပ်တွေပါဘုရား) ခုနကဖြစ်တဲ့ စိတ် စေတသိက် ရုပ်တွေ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ခုနကဖြစ်တဲ့ စိတ် စေတသိက် ရုပ် ဘယ်ရောက် (ပျက်) တကာ တကာမတွေ စိတ် စေတသိက် ရုပ်တရားတွေ အသစ် အသစ်မပြတ်ဖြစ်ပြီး နှိပ်စက်နေပါတကား၊ ဥပ္ပါဒေါ ဘယံ အနုပ္ပါဒေါ ခေမံ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဘယံ၊ ဘေးတည်း။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ခေမံ၊ ဘေးမရှိရာ နိဗ္ဗာန်တည်း၊

ယခု စိတ် စေတသိက် ရုပ်တွေ ဖြစ်မနေဘူးလား ( ဖြစ်နေပါတယ်ဘုရား ) ဖြစ်နေရင်ဘာတဲ့တုံး ( ဘေးပါဘုရား ) မဖြစ်ရင်ဘာတုံး ( နိဗ္ဗာန်ပါဘုရား ) ဥပ္ပါဒေါ ဒုက္ခံ-အနုပ္ပါဒေါ သုခံ၊ ဥပ္ပါဒေါ၊ စိတ် စေတသိက် ရုပ်တို့ရဲ့ဖြစ်ခြင်းသည်၊ ဒုက္ခံ၊ ဆင်းရဲ၏။ အနုပ္ပါဒေါ၊ စိတ် စေတသိက် ရုပ်တို့ရဲ့မဖြစ်ခြင်းသည်။ သုခံ၊ ချမ်းသာ၏။ ယခုခင်ဗျားတို့ ချမ်းသာရဲ့လား (မချမ်းသာပါဘုရား) ဘာပြုလို့တုံး (စိတ် စေတသိက် ရုပ်တရားတွေ ဖြစ်နေလို့ပါဘုရား)

စိတ် စေတသိက် ရုပ်တွေ ဖြစ်နေလို့ဆင်းရဲတာ။ သူများကြောင့် ဆင်းရဲတာ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) သူများကို အပြစ်တင်မနေနဲ့၊ အဖြစ်ဘေးကြီးတွေ့ပြီလား (တွေ့ပါပြီဘုရား) ဖြစ်လာရင် ဘေးဘဲဖြစ်မှာဘဲ၊ ကောင်းတာဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ချမ်း သာ တာ ဖြစ် မှာ လား (ဆင်းရဲတာ ဖြစ်မှာပါ

---

+ ဝိသုဒ္ဓိမဂ်၊ ၃၊ နှာ၊ ၂၆၈၊ ၂၆၉၊

ဘုရား)ဆင်းရဲဘာက လူတွေ သတ္တဝါတွေမှာဖြစ်မှာလား (စိတ် စေတသိက် ရုပ် တွေမှာ ဖြစ်မှာပါဘုရား) စိတ် စေတသိက် ရုပ်တရားတွေ ဘယ်အချိန်မှာဖြစ်နေ တာတုံး (ရှုတိုင်း ရှုက်တိုင်း) အဖြစ်ဘေးကြီး ယခုတွေ့မနေဘူးလား(တွေ့နေပါ ပြီဘုရား) ဘေးကြီးဆိုက်နေလို့ ဆိုက်နေမှန်းမသိတာ ခင်ဗျားတို့ လူကမသိတာ လား၊ အဝိဇ္ဇာကမသိတာလား (အဝိဇ္ဇာကပါဘုရား) အဝိဇ္ဇာဆိုတာ ကုသိုလ် လား (အကုသိုလ်ပါဘုရား) အကုသိုလ်ခေါင်းဆောင်နေလို့မသိတာ။သတိထား ပြီး ဝိပဿနာဉာဏ်ခင်လိုက်တာနဲ့ တပြိုင်နက် ဘေးကြီးမတွေ့ဘူးလား (တွေ့ပါ ကယ်ဘုရား) ဉာဏ်နဲ့တွေ့တာလား၊ ငါနဲ့ တွေ့ တာ လား (ဉာဏ်နဲ့တွေ့တာပါ ဘုရား) မျက်မြင်ဘေးလား၊ ဉာဏ်မြင်ဘေးလား (ဉာဏ်မြင်ဘေးပါဘုရား) မျက်လုံးနဲ့ကော မြင်လို့ရရဲ့လား (မရပါဘုရား) ဉာဏ်နဲ့မြင်တဲ့ဘေး။ ဘယ်အချိန် မှာခင်ဗျားတို့ ဘေးကြီးဆိုက်နေတာတုံး (ရှုတိုင်း ရှုက်တိုင်း) ရှုတိုင်း ရှုက်တိုင်း မှာ တကာတကာမတွေ့ ဘေးကြီးဆိုက်နေတယ်လို့မဆိုထိုက်ဘူးလား (ဆိုထိုက်ပါ တယ်ဘုရား)

ရှုတိုင်း ရှုက်တိုင်းမှာ စိတ် စေတသိက် ရုပ်တွေရှိတာလား၊ လူတွေ သတ္တဝါ တွေရှိတာလား (စိတ်-စေတသိက် ရုပ်တွေရှိတာပါဘုရား) စိတ် စေတသိက်-ရုပ် တွေ ဘယ်မှာရှိတာလဲ (ခန္ဓာမှာရှိတာပါဘုရား) အဲဒီသံသရာဘေးကြီးက ဘယ် အချိန်မှာရှိတာတုံး (ရှုတိုင်း ရှုက်တိုင်း) သံသရာဘေးဆိုတာ လူတွေ သတ္တဝါ တွေ အဖြစ်မရပ်တာကိုဆိုတာလား၊ စိတ်-စေတသိက်-ရုပ်တရားတွေ အဖြစ်မရပ် တာကိုဆိုတာလား (စိတ်-စေတသိက်-ရုပ်တရားတို့ အဖြစ်မရပ်တာကို ဆိုတာပါ ဘုရား) အဖြစ်ရပ်ရဲ့လား (မရပ်ပါဘုရား) ဖြစ်တာကဘေး၊ အဖြစ်မရပ်တာက သံသရာ။ တကာတကာမတွေ့ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲအပေါင်းမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာလို့ မဆိုဘူးလား (ဆိုပါတယ်ဘုရား) သံသရာ ဘေးလဲမသိဘဲနဲ့ အမျှားသိတဲ့ သံသရာက လူတွေဖြစ်လိုက်၊ နတ်တွေဖြစ်လိုက်၊ ပြဟ္မာတွေဖြစ်လိုက်၊ တိရိစ္ဆာန်တွေဖြစ်လိုက်။ ဒါကိုခင်ဗျားတို့က သံသရာ ခင်နေ တာ။ အဲဒါ သံသရာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) စိတ်-စေတသိက် ရုပ်တရား တွေ အစဉ်မပြတ် ဒလစပ်ဖြစ်နေတာကို သံသရာလို့ခေါ်တာ။ သံသရာတွေ့ပြီလား (တွေ့ပါပြီဘုရား) ခင်ဗျားတို့ဆင်းရဲတယ်ဆိုတာ ဒီ စိတ်-စေတသိက်-ရုပ်တရား တွေ ဖြစ်ပြီးတော့ဘယ်ရောက် (ပျက်) အဖြစ်ဘေးကြီးပေါ့၊ ပြီးတော့ (အပျက် ဘေးကြီး)

ဒီဖြစ်ခြင်း ပျက်ခြင်းသာမရှိရင်ဘာတဲ့တုံး (နိဗ္ဗာန်) ဖြစ်ခြင်း ပျက်ခြင်းရှိမှာ ပေါ့၊ သင်္ခတနယ်ကိုး၊ ဟုတ်လား၊ သင်္ခတနယ်က ဖြစ်ခြင်းပျက်ခြင်းရှိတယ်။ ဖြစ် ပျက်မရှိတဲ့တရားက နိဗ္ဗာန်။ တကာ တကာမတွေ့ ဒီ စိတ်- စေတသိက်- ရုပ်တွေ

အသစ်ဖြစ်နေလို့ ဆင်းရဲတာဘဲ၊ စိတ်-စေတသိက်-ရုပ် မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) သူတို့ဖြစ်နေလို့ နိဗ္ဗာန်မရတာ။ ရှုတိုင်းလဲ စိတ်- စေတသိက်- ရုပ်တွေ ဖြစ်နေလို့နိဗ္ဗာန်မရ။ ရှိုက်တိုင်းလဲ စိတ်-စေတသိက်-ရုပ်တွေဖြစ်နေလို့ နိဗ္ဗာန်မရတာ။ ဆင်းရဲတာလဲ စိတ်-စေတသိက်-ရုပ်တွေဖြစ်နေလို့ ဆင်းရဲတာ။ အဲဒါကြောင့် ဇာတိပိဒုက္ခာဆိုတဲ့ ဒေသနာတော်နဲ့ မညီဘူးလား (ညီပါတယ်ဘုရား) ဇာတိဖြစ်လာရင် ဆင်းရဲတဲ့တရားဖြစ်တာလား၊ ချမ်းသာတဲ့တရား ဖြစ်တာလား (ဆင်းရဲတဲ့တရားပါဘုရား) ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံဥပ္ပဇ္ဇတိ။ ဥပ္ပဇ္ဇမာနံ၊ စိတ်-စေတသိက်- ရုပ် တရားတွေ ဖြစ်လာသည်ရှိသော်။ ဒုက္ခမေဝ၊ ဆင်းရဲတဲ့တရားသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ်။

ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေဖြစ်နေလို့ ဆင်းရဲတာလား၊ စိတ် စေတသိက်-ရုပ်တွေဖြစ်နေလို့ ဆင်းရဲတာလား (စိတ်- စေတသိက်-ရုပ်တွေဖြစ်နေလို့ပါဘုရား) တကာ တကာမတွေ ဆင်းရဲတဲ့ဘေးကြီး ဆိုက်မနေဘူးလား၊ (ဆိုက်နေပါတယ်ဘုရား) ဘေးထင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ဘယဉာဏ်ပါဘုရား) ဒီစိတ်- စေတသိက်- ရုပ်တရားတွေ ဖြစ်ခြင်း ပျက်ခြင်းက ကပ်ပြီးနှိပ်စက်လေသောကြောင့် (ဒုက္ခသစ္စာ) ဒီစိတ်- စေတသိက်-ရုပ် တရားတွေကို ရရာရကြောင်း ဆောင်ရွက်နေတာက (သမုဒယသစ္စာ) တဏှာကရှာတာဗျ။ လူတွေသတ္တဝါတွေက ရှာတာလား၊ တဏှာကရှာတာလား (တဏှာကပါဘုရား) စိတ်စေတသိက် ရုပ်တရားတွေနောက်ထပ်ပြန်ရအောင် ဆောင်ရွက်နေတာလဲသူဘဲဗျ။

ဒီသမုဒယသစ္စာ ချုပ်သွားလို့ရှိရင် နောက်ထပ်အကျိုးပေါ်ဦးမလား(မပေါ်ပါဘုရား) တဏှာတည်းဟူသော လက်သမားကဆောက်ပေးခဲ့လို့ ယခုခန္ဓာအိမ်မရလာဘူးလား (ရလာပါတယ်ဘုရား) ဘယ်သူကဆောက်ပေးတာတုံး (တဏှာကပါဘုရား) တဏှာကိုသစ္စာဖွဲ့လိုက်တော့ (သမုဒယသစ္စာ) ရုပ်-နာမ်တရားတွေနောက်ထပ်ဘဖန် ရရှိရေးကို ရှာဖွေနေရတာသည် ဆင်းရဲတာ မှန်သောကြောင့် (ဒုက္ခသစ္စာ) ဆင်းရဲတာကို ရှာဖွေတာလား၊ ချမ်းသာတာကို ရှာဖွေတာလား၊ (ဆင်းရဲတာကိုပါဘုရား)

ဒါ့ကြောင့် ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးရပလာဘူးလား(ရလာပါတယ်ဘုရား) ဒီစိတ်-စေတသိက်-ရုပ်တရားတွေ နောက်ထပ်မဖြစ်ရင် အေးမှာဘဲလို့ဆိုတော့ ဒီစိတ် စေတသိက် ရုပ်တရားတွေ နောက်ထပ်ရချင်သေးရဲ့လား (မရချင်တော့ပါဘုရား) မရချင်ရင်ဘာချုပ်မှာတုံး(တဏှာချုပ်မှာပါဘုရား)တဏှာဟာအကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား) အကြောင်းတရားချုပ်ရင် အကျိုးတရား မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) အကြောင်းအကျိုးချုပ်ကသည် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား) ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ အမှန်ရှိလို့လား(အမှန်ရှိလို့ပါဘုရား) အမှန်

က ဆင်းရဲတာအမှန်။ စိတ် စေတသိက် ရုပ်တွေဖြစ်တာ ဆင်းရဲတာအမှန်။ လူက ရှုဘာလား၊ ဉာဏ်ကရှုတာလား (ဉာဏ်ကရှုတာပါဘုရား) အမှန်ကိုရှုတဲ့ဉာဏ်သည် (သမ္မာဒိဋ္ဌိမဂ္ဂင်) သမ္မာဒိဋ္ဌိမဂ္ဂင်သည် ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား) အကြောင်းသမုဒယတဏှာချုပ်ရင် အကျိုးဒုက္ခသစ္စာလဲချုပ်တာဘဲ။ အကြောင်း အကျိုးချုပ်ဘာသိဘာ အမှန်သိလို့လား၊ အမှားသိလို့လား (အမှန်သိလို့ပါဘုရား) အမှန်ကိုသိဘာဟာ သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိကိုသစ္စာဖွဲ့တော့ ဘာသစ္စာ (မဂ္ဂသစ္စာပါဘုရား)

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဟော- သစ္စာလေးပါး မဆိုက်လာဘူးလား(ဆိုက်လာပါတယ်ဘုရား)ဒုက္ခထင်လိုက်လို့။ စိတ် စေတသိက် ရုပ်တွေ အသစ်အသစ်ဖြစ်နေရင် ဆင်းရဲတဲ့ဘေးကြီးအမှန်။ ရှုတိုင်း ရှိုက်တိုင်းမှာ စိတ် စေတသိက် ရုပ်ဘာရားတွေအသစ်အသစ်ဖြစ်နေတာမဆင်းရဲဘူးလား(ဆင်းရဲပါတယ်ဘုရား) ဒီဆင်းရဲတဲ့ဘေးကြီးဟာ ရပ်ကောရပ်ရဲ့လား (မရပ်ပါဘုရား) လည်မနေဘူးလား (လည်နေပါတယ်ဘုရား) လည်နေတာကသံသရာ၊ ဖြစ်နေတာက ဘေးဆိုတော့ဘာတွေတုံး (သံသရာဘေးပါဘုရား) ဒီသံသရာဘေးကြီး မြင်မှ ရှောင်တတ် တိမ်းတတ်မှာ၊ ခင်ဗျားတို့ ရှောင်တတ် တိမ်းတတ်ပါ့မလား [မရှောင်တတ်မတိမ်းတတ်သေးပါဘုရား]တကာတကာမတွေကို စိတ် စေတသိက် ရုပ်တို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းက နှိပ်စက်နေတာဗျ။ ဆင်းရဲတာ ဘယ်သူ့မှအပြစ်တင် မနေနဲ့၊ သားသမီးတွေနဲ့ကော ဆိုင်ရဲ့လား (မဆိုင်ပါဘုရား) ဆွေမျိုး မိတ်ဆွေ တွေနဲ့ကော (မဆိုင်ပါဘုရား) အဲဒီလို စိတ် စေတသိက် ရုပ်တို့ရဲ့ အဖြစ်အပျက် ဘေးကြီးကိုမြင်တဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ဘယဉာဏ်ပါဘုရား)

သုဒ္ဓိအားဖြင့်(ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပါဘုရား)ပရိညာအားဖြင့်(ပဟာန ပရိညာပါဘုရား) ပဟာနဆိုတာက ပယ်တာ၊ဘာကိုပယ်တာလဲဆိုတော့ချမ်းသာ တယ်လို့ထင်နေတဲ့ အမှတ်သညာကိုပယ်လိုက်တာ၊ လူကပယ်တာလား၊ ဉာဏ်က ပယ်တာလား (ဉာဏ်ကပယ်တာပါဘုရား) ဒီနေရာမှာ ဘယ်ဉာဏ်က ပယ်လိုက် တာတုံး (ဘယဉာဏ်ကပါဘုရား) လက္ခဏာအားဖြင့် (ဒုက္ခလက္ခဏာ) အနုပဿ နာအားဖြင့် (ဒုက္ခာနုပဿနာ) အဲဒီလို ဘေးလို့ရှုနေတဲ့ဉာဏ်သည် (ဒုက္ခာနုပ ဿနာ) ဒီဘေးကိုရှုနေတဲ့ပုဂ္ဂိုလ်သည် (ဒုက္ခာနုပဿီ)

ဒါကြောင့် ဒုက္ခလက္ခဏာ၊ ဒုက္ခာနုပဿနာ၊ ဒုက္ခာနုပဿီအားဖြင့် ဘယ်နှစ် ချက် ရလာသလဲ (သုံးချက်ပါဘုရား) တကာ တကာမတွေ ရှုတိုင်း ရှိုက်တိုင်း စိတ် စေတသိက် ရုပ်တို့သည် ဖြစ်မှုသဘော ပျက်မှုသဘောကလွဲရင် ဒီပြင်ဘာရှိ သေးတုံး (မရှိပါဘုရား) အဖြစ်ကနှိပ်စက်လိုက်၊ ပြီးတော့ဘာတုံး (အပျက်က နှိပ်စက်လိုက်) ဖြစ်လာလို့ရှိရင် ပီဠနဋ္ဌဒုက္ခ။ ဖြစ်တာက ဇာတိ၊ ပျက်တာက ဇရာ

မရဏ။ ဇာတိက နှိပ်စက်လိုက်၊ ဇရာမရဏက နှိပ်စက်လိုက်။ ဒီဇာတိ ဇရာမရဏ တရားတွေ အချိန်တိုင်းမရှိဘူးလား (ရှိပါတယ်ဘုရား)

ဘယ်ပေါ်မှာ ဇာတိ ဇရာမရဏရှိတာတုံး(စိတ် စေတသိက် ရုပ်တွေပေါ်မှာပါဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေပေါ်မှာ ရှိတာဟုတ်ရဲ့လား (မဟုတ်ပါဘုရား)စိတ် စေတသိက် ရုပ်တရားတွေ အသစ်ဖြစ်နေတာက ဘာတုံး (ဇာတိပါဘုရား) စိတ် စေတသိက် ရုပ်တရားတွေ ပျက်တာက ဘာတုံး (ဇရာမရဏပါဘုရား) အချိန်တိုင်း မရှိဘူးလား (ရှိပါတယ်ဘုရား) ဇာတိက နှိပ်စက်လိုက် ဇရာ မရဏကနှိပ်စက်လိုက်၊ မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ်ဘုရား) ဇာတိ မရဏဘေးကြီး တွေ့ပြီလား (တွေ့ပါပြီဘုရား) ဘေးမြင်မှ ဒီဘေးက လွတ်ချင်မှာ၊ ဘေးမမြင်ဘဲနဲ့ ဒီဘေးက လွတ်ချင်ပါ့မလား (မလွတ်ပါဘုရား)။

ရှုတိုင်း ရှုက်တိုင်းမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရဲ့ ဇာတိဘေးလား၊ စိတ် စေတသိက် ရုပ်တရားတို့ရဲ့ ဇာတိ ဇရာ မရဏဘေးလား (စိတ် စေတသိက် ရုပ်တရားတို့ရဲ့ ဘေးပါဘုရား)စိတ် စေတသိက် ရုပ်တရားတို့၏ အဖြစ်ဘေးကြီး ဖြစ်ပြီးဘယ်ရောက် (ပျက်) ဇာတိ ဇရာ မရဏဘေးကြီးကိုမြင်တဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် (ဘယဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိပါဘုရား) ပရိညာအားဖြင့် (ပဟာန ပရိညာပါဘုရား)ဒီနေရာမှာ ဉာဏ်က ဘာကိုပယ်လိုက်တာတုံး(သုခသညာကိုပါဘုရား) ဘာကို ဦးစားပေးရှုတာတုံး (ဒုက္ခ လက္ခဏာကိုပါဘုရား) အနုပဿနာအားဖြင့် ဘာအနုပဿနာတုံး (ဒုက္ခာ နုပဿနာပါဘုရား) အနုပဿီအားဖြင့်(ဒုက္ခာနုပဿီ) ဒုက္ခလက္ခဏာ ဒုက္ခာနုပဿနာ ဒုက္ခာနုပဿီအားဖြင့် သုံးပါးမရလာဘူးလား (ရလာပါတယ်ဘုရား)။

တကာ တကာမတွေ သတိထားလိုက်စမ်းပါ၊ ရှုတိုင်း ရှုက်တိုင်းမှာ အရှိတရားသတိထားရမှာလား၊ မရှိတရား သတိထားရမှာလား (အရှိတရားသတိထားရမှာပါဘုရား) အရှိတရားက ပရမတ်၊ မရှိတရားက ဘာတုံး (ပညတ်) ပရမတ်ကို ရှုရမှာလား၊ ပညတ်ကို ရှုရမှာလား (ပရမတ်ကို ရှုရမှာပါဘုရား) ပရမတ်ဆိုတာ ဘယ်သဘောတွေတုံး (စိတ် စေတသိက် ရုပ်) ရှုတိုင်း ရှုက်တိုင်းမှာ စိတ် စေတသိက် ရုပ်တွေရှိတာလား၊ လူတွေ သတ္တဝါတွေရှိတာလား (စိတ် စေတသိက် ရုပ်တွေရှိတာပါဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့)ဖြစ်ပြီးဘယ်ရောက် (ပျက်) မြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား (အနိစ္စပါဘုရား) ပျက်ရင်ကုန်ပါတော့လား (မကုန်ပါဘုရား) နောက်ထပ် အသစ်ဖြစ်နေလို့၊ ဖြစ်ရင်ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား)ဆင်းရဲတာ သုခလား (ဒုက္ခပါဘုရား)။

မဖြစ်နဲ့လို့ တားရရဲ့လား (မရပါဘုရား) မပျက်နဲ့လို့ တားရရဲ့လား (မရပါဘုရား) တားမရတာ အတ္တလား (အနတ္တပါဘုရား) အနိစ္စ ဒုက္ခ အနတ္တဆိုတာ

လူတွေ သတ္တဝါတွေပေါ်မှာရှိတာလား၊ စိတ် စေတသိက် ရုပ်တွေပေါ်မှာရှိတာလား (စိတ် စေတသိက် ရုပ်တွေပေါ်မှာရှိတာပါဘုရား) အဲဒီတော့ ရှိတဲ့နေရာရှုရမှာလား၊ မရှိတဲ့နေ ပု ရှုရမှာလား (ရှိတဲ့နေရာရှုရမှာပါဘုရား) ရှိတဲ့နေရာကက စိတ် စေတသိက် ရုပ် သူတို့ဖြစ်လိုက်တာနဲ့ အနိစ္စအပြစ် ဒုက္ခအပြစ် အနတ္တအပြစ်၊ အပြစ်ဘယ်နှစ်ချက်တုံး (သုံးချက်ပါဘုရား) ဒီပြင်ရှိသေးရဲ့လား(မရှိပါဘုရား)။

အနိစ္စဆိုတဲ့ အပြစ်ကိုတွေ့ရင် ဒုက္ခရဲ့အပြစ် အနတ္တရဲ့အပြစ်တွေကိုလဲ တွေ့ဘာဘဲ၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အပြစ်သုံးချက်က သား သမီးကွေ့ ဆွေမျိုးတွေပေါ်မှာ ရှိတာလား၊ စိတ် စေတသိက် ရုပ်တွေပေါ်မှာရှိတာလား (စိတ် စေဘသိက် ရုပ်ပေါ်မှာရှိတာပါဘုရား) အဲဒီတော့ ရှိတဲ့နေရာ ကြည့်ရမှာလား၊ မရှိတဲ့နေရာကြည့်ရမှာလား (ရှိတဲ့နေရာကြည့်ရမှာပါဘုရား) ဒါကြောင့် တကာ တကာမတွေ သူများတွေကို .အပြစ်ဘင်မနေပါနဲ့၊ သူများအပြစ်ကျတော့ မြင်တတ်တယ်၊ ဒီစိတ် စေတသိက် ရုပ်တရားတွေရဲ့အပြစ်ကျတော့ မမြင်ကြဘူး၊ မမြင်တာ မသိတာ လူကမသိတာလား၊ အဝိဇ္ဇာက မသိတာလား(အဝိဇ္ဇာက မသိတာပါဘုရား)အကုသိုလ်က ဖုံးလွှမ်းသွားတာကို။

အပြစ်ရှိတဲ့တရားကိုတော့ ခင်ဗျားတို့ကမသိ၊ အပြစ်မရှိတဲ့ ပညတ်တွေပေါ်မှာဘဲ အပြစ်ဘင်နေကြတယ်၊ ပညတ်တရားက ဖြစ်ခြင်း ပျက်ခြင်းရှိရဲ့လား (မရှိပါဘုရား) ဖြစ်ခြ်း ပျက်ခြင်းရှိတာက ဘယ်ဘရားတွေလဲ (စိတ် စေတသိက် ရုပ်ပါဘုရား) စိတ် စေဘသိက် ရုပ်ဘရားတွေပေါ်မှာ ဘယ်အပြစ်တွေ ရှိတာတုံး (အနိစ္စ ဒုက္ခ အနတ္တပါဘုရား) အဲဒီလို အပြစ်မြင်တဲ့ ဉာဏ်သည် (အာဒီနဝဉာဏ်) ဘာဉာဏ်တဲ့တုံး(အာဒီနဝဉာဏ်ပါဘုရား) အပြစ်မမြင်ရင် အာဒီနဝဉာဏ်ရပါ့မလား (မရပါဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ်ရချင်ရင် ပထမ အပြစ်ကိုမြင်ရမယ့် အာဒီနဝဉာဏ်ရအောင် ရှုရသေးတယ်၊ စိတ် စေတသိက် ရုပ်တို့သည် ဖြစ်လျှင်ပျက်ရသဘာဝကြောင့် အနိစ္စ၊ ဖြစ်ခြ်း ပျက်ခြင်း နှိပ်စက်ခြင်းကြောင့်။ ဒုက္ခ၊ အမြဲချမ်းသာဖြစ်စေရာလည်း အလိုသို့မပါသောကြောင့်၊ အနတ္တ သဘောတွေပါလား၊ ရှုတိုင်း ရှိုက်တိုင်းမှာ စိတ် စေဘသိက် ရုပ်ဘရားတွေ ဖြစ်ပြီးဘယ်ရောက် (ပျက်) မြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား (အနိစ္စပါဘုရား) အနိစ္စလို့ အမှန်သိလိုက်တယ်၊ ပျက်ရင်ကုန်ပါစေတော့လား (မကုန်ပါဘုရား)။

ဘာပြုလို့မကုန်ဘာတုံး (အသစ်ဖြစ်ဖြစ်နေလို့) အသစ်ဖြစ်ရင် ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား ဆင်းရဲဘာ အမှန်လို့ သိဘာဘာတဲ့တုံး (တရားပါဘုရား) အနိစ္စ အမှန် ဒုက္ခအမှန် စိတ် စေဘသိက် ရုပ်တရားတွေ မဖြစ်ပါနဲ့၊ မပျက်ပါနဲ့လို့ တားရရဲ့လား (မ ပါဘုရား) တားမရဘာသည် အတ္တလား

(အနတ္တပါဘုရား) အနတ္တသာ အမှန်လို့ ခင်ဗျားတို့သိမလာဘူးလား (သိလာပါတယ်ဘုရား) အမှန်သိတာလား (အမှန်သိတာပါဘုရား) အမှန်ပေါ်မှာ ဉာဏ်ကထင်ရှားနေရင် အဲဒါ ဘာတုံး (တရားပါဘုရား)။

အနိစ္စအမှန် ဒုက္ခအမှန် အနတ္တအမှန်ဆိုတာ လူတွေ သတ္တဝါတွေ ပေါ်မှာလား၊ စိတ် စေတသိက် ရုပ်တွေပေါ်မှာလား (စိတ် စေတသိက် ရုပ်တွေပေါ်မှာပါဘုရား) အဲဒီအချိန်အခါမှာ လောဘဖြစ်ခွင့် ရသေးရဲ့လား (မရပါဘုရား) လောဘနယ်ကနေပြီး မထွက်လာဘူးလား၊ ထွက်လာသလား (ထွက်လာပါတယ်ဘုရား)လောဘတောမှ ထွက်လာပြီးတောထွက်တယ်ဆိုတာ ဒါဘဲ၊ ဒေါသတောထဲကမထွက်ဘူးလား (ထွက်ပါတယ်ဘုရား) မောဟတောထဲက ထွက်မလာဘူးလား (ထွက်လာပါတယ်ဘုရား) လောဘ ဒေါသ မောဟတောက ထွက်ရင် အဲဒါ နေက္ခမ္မဓါတ် နေက္ခမ္မပါရမီ ရမလာဘူးလား (ရလာပါတယ်ဘုရား)။

လောဘ ဒေါသ မောဟက လွတ်လာတယ်၊ တောကြီးထဲသွားမှ ခင်ဗျားတို့က တောထွက်တယ်မှတ်မနေနဲ့၊ အမှန်တရားလေး မြင်လိုက်တာနဲ့ တပြိုင်နက်တောထွက်ပြီး လောဘတော ဒေါသတော မောဟတောက ထွက်လာပြီ၊ ဒါအမှန်မြင်လို့လား (အမှန်မြင်လို့ပါဘုရား) ဒီလို အဖြစ်ကို အမှန်အတိုင်းရှုတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (အာဒီနဝဉာဏ်ပါဘုရား) အပြစ်မြင်လာတော့ ခင်ဗျားတို့ စိတ် စေတသိက် ရုပ်တွေ ရချင် လိုချင်သေးရဲ့လား [မရချင် မလိုချင်တော့ပါဘုရား] ဘာပြုလို့ မရချင်တာတုံး (အပြစ်မြင်လို့ပါဘုရား) ဘယ်ကအပြစ်တွေ မြင်တာတုံး (အနိစ္စ ဒုက္ခ အနတ္တ) ဟိုရှေးအတိတ်ဘဝက ခင်ဗျားတို့ ကျုပ်တို့ အပြစ်မမြင်ခဲ့လို့ မဝယ်ခဲ့ဘူးလား၊ ဝယ်သလား [ဝယ်ခဲ့ပါတယ်ဘုရား] ကမ္မမူလေန၊ ကုသိုလ်ကံတည်း ဟူသော အဖိုးအခပေးသဖြင့်။ လဒ္ဓံ၊ ရခဲ့တယ်၊ ရခဲ့တော့ ဘာတွေရလာတုံး (စိတ် စေတသိက် ရုပ်) ရလာတော့ အပြစ်ဘယ်နှစ်ချက်ပြန်ရတုံး [သုံးချက်]အပြစ်ပြန်ရတာဘဲ၊ သိလို့လား၊ မသိလို့လား [မသိလို့ပါဘုရား] ဒီတော့ ဝယ်တော့မယ်ဆိုရင် မစစ်ဆေးရဘူးလား၊ စစ်ဆေးရမှာလား [စစ်ဆေးရမှာပါဘုရား) စစ်ဆေးပြီးတော့ ဝယ်ပါတော့။

တကာ တကာမတွေက ဒါနနဲ့ဝယ် သီလနဲ့ဝယ်လိုက်နဲ့၊ မဝယ်ဘူးလား (ဝယ်ပါတယ်ဘုရား)မသိဘဲ မစစ်ဆေးဘဲနဲ့ မျက်လုံးစုံမှိတ်ပြီး ဝယ်ခဲ့ရင်ကောင်းတာရမှာလား (မကောင်းတာရမှာပါဘုရား) အပြစ်ကင်းတာရမှာလား အပြစ်မကင်းတာရမှာလား (အပြစ်မကင်းတာရမှာပါဘုရား) အပြစ်မကင်းတဲ့ ခန္ဓာကိုယ်ပြန်ရမှာ၊ မရဘူးလား (ရမှာပါဘုရား) လူ့ဘဝ လူ့ချမ်းသာ ရရပါလို၏ ဆိုတော့ ချမ်းသာရှိလား (မချမ်းသာပါဘုရား) အပြစ်နဲ့ဘဲဗျ၊ ဘယ်နှစ်ချက်

တုံး (သုံးချက်)နတ်ဘဝ နတ်ချမ်းသာ ရ ရပါလို၏ ဆိုပြန်တော့ကော ချမ်းသာရှိလား (မချမ်းသာပါဘုရား) ဒီသုံးချက်ဘဲ ပြန်ရမှာဘဲ။

ဗြဟ္မာ ချမ်းသာရ ရပါလို၏ဆိုပြန်ဘော့ကော ဒီအနိစ္စ ဒုက္ခ အနတ္တဘဲ ပြန်ရမှာ၊ ဒါကြောင့် လှူတဲ့အခါမှာဖြင့် အပြစ်ကိုမြင်ပြီး လှူရမှာလား၊ မမြင်ဘဲနဲ့ လှူရမှာလား (အပြစ်ကိုမြင်ပြီး လှူရမှာပါဘုရား) အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာယာဉ် သုံးပါးနဲ့ တန်ဆာဆင်ပြီး လှူကြပါ။ (စိတ္တာလင်္ကာရ စိတ္တပရိက္ခာရဒါန မေဝသေဌံ) လို့ စိတ်ကို တန်ဆာဆင်ပြီး လှူဒါန်းတဲ့ ဒါန သီလ သည် အမြတ်ဆုံးမဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) အဋ္ဌကထာဆရာက သမထ ဝိပဿနာ ဝသေန။ သမထ ဝိပဿနာ ဘာဝနာ၏ အစွမ်းအားဖြင့်လို့ ဆိုတော့ သမထ ဝိပဿနာမပါရဘူးလား (ပါရပါတယ်ဘုရား)။

ဝိပဿနာဆိုတာ ဘာတုံးဆိုတော့ အနိစ္စ ဒုက္ခ အနတ္တသိရင် ဝိပဿနာဆိုက်တာဘဲ၊ ဘယ်အပေါ်မှာ ဝိပဿနာဉာဏ်ဆိုက်ရမှာတုံး (စိတ် စေတသိက် ရုပ်ပေါ်မှာပါဘုရား) အဲဒီလို အနိစ္စ ဒုက္ခ အနတ္တလို့ မြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (အာဒီနဝဉာဏ်ပါဘုရား) အပြစ်ကိုမြင်ပြီး လှူလို့ရှိရင် ဒီအပြစ်ရပါဦးမလား (မရပါဘုရား) ဒီအပြစ်ကို လိုချင်ပါအုံးမလား (မလိုချင်ပါဘူးဘုရား) မလိုချင်ဘူးဆိုကထဲက တဏှာမချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) တဏှာနိရောဓေါ နိဗ္ဗာနံ။ တဏှာချုပ်ရင် နိဗ္ဗာန်၊ ဒီလိုလှူရင် နိဗ္ဗာန် မျက်မှောက်ပြုတဲ့ ကုသိုလ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)ဘာမြင်လို့တုံး(အပြစ်မြင်လို့ပါဘုရား) ဥပမာဆိုကြပါစို့ တကာ တကာမတွေ အဝတ် အထည်တွေ ဝယ်တဲ့အခါမှာ ဟာ-ဒီအဆင်လေးက ငါနှင့်လိုက်တာ၊ ဒီအရောင်လေးကလိုက်တာဆိုပြီး မစစ်ဆေးဘဲ တခါထဲဝယ်လိုက်ပါရော၊ နောက် သေချာစွာ စစ်ဆေးကြည့်ရှုလိုက်တဲ့အခါကျတော့ အဝတ်မှာ အပေါက်သုံးပေါက် ပါနေတာကိုတွေ့ရတယ်၊ ဒီလို အပေါက်ပါနေတာကို တွေ့လိုက်တဲ့အခါကျတော့ ဒီအဝတ်ကို ဝယ်ချင်သေးရဲ့လား (မဝယ်ချင်တော့ပါဘုရား) ယူချင်သေးရဲ့လား (မယူချင်တော့ပါဘုရား)။

ယခုလဲ တကာ တကာမတွေ အကျို လုံချည်နဲ့တူတဲ့ စိတ် စေတသိက် ရုပ်တရားတွေပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အပေါက်တွေမြင်ရတဲ့အခါကျတော့ ဝယ်ချင်ပါအုံးမလား (မဝယ်ချင်ပါဘုရား) ကုသိုလ်တွေနဲ့ မဝယ်တော့ဘူး၊ ဒီအကျို လုံချည်တွေနဲ့တူတဲ့ခန္ဓာ၊ စိတ် စေတသိက် ရုပ်တွေ မလိုချင်တော့ဘူးဆိုပြီး လှူဒါန်းလိုက်တဲ့ အခါကျတော့ တဏှာလာသေးရဲ့လား (မလာတော့ပါဘုရား) တဏှာဆိုတာ အကြောင်းတရားလား၊ အကျိုးတရားလား(အကြောင်းတရားပါဘုရား) အကြောင်း သမုဒယသစ္စာ နောက်ထပ် မရှာလို့ ရှိရင်ဖြင့် ဒုက္ခပြန်ရပါအုံး

မလား (မရပါဘုရား) မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား)အကြောင်းအကျိုး ချုပ်တာက ဘာသစ္စာတုံး (နိရောဓသစ္စာ) ဒါနိဗ္ဗာန်မျက်မှောက်ပြုသွားတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ဘုန်းကြီးတို့ ရဟန်းတော်တွေကျတော့ သပိတ်ဝယ်တဲ့အခါ မစစ်ဆေးဘဲနဲ့ ဝယ်ရင် အပေါက်နဲ့ မတွေ့နိုင်ဘူးလား (တွေ့နိုင်ပါတယ်ဘုရား) စစ်ဆေးပြီး ဝယ်လိုက်တဲ့ အခါကျတော့ အပေါက်တွေ့နေရင် သပိတ်ဝယ်ယူ သေးရဲ့လား (မဝယ်ပါဘုရား) ကောဘိက္ခု။ ရဟန်းတော်ဘပါးသည်၊ ပတ္တံကိဏိတုကာမော၊ သပိတ်ဝယ်လိုသည်ဖြစ်၍၊ ပတ္တဝါဏိဇ္ဇကေန၊ သပိတ်ရောင်းတဲ့ ပုဂ္ဂိုလ်သည်။ အာဘတံ၊ ဆောင်ထားအပ်သော။ ပတ္တံ၊ သပိတ်ကို။ ဒိသွာ၊ မြင်၍။ ဟဋ္ဌပဟဋ္ဌော။ ရွှင်လန်းဝမ်းမြောက်စွာ။ ဂဏှိဿာမီတိ၊ ဝယ်ယူတော့အံ့ဟု၊ စိန္တေတွာ။ ကြံစည်ပြီးတော့။ ဝိမံသမာနော၊ စုံးစမ်းကြည့်တဲ့အခါမှာ။ တီဏိ ဆိဒ္ဒါနိပဿေယျ၊ အပေါက်ကလေး သုံးပေါက်မြင်တယ်။

အဲဒီရဟန်းတော်ဟာ ဒီသပိတ်ဝယ်မါအုံးမလား (မဝယ်ပါဘုရား)အဲဒီလိုဘဲ ခင်ဗျားတို့ ကျုပ်တို့ အဇ္ဈတ္တသန္တာန်မှာ ယခုရှိနေတဲ့ စိတ် စေတသိက် ရုပ်က ဘာနဲ့တူသလဲဆိုတော့ သပိတ်နဲ့တူတယ်၊ အနိစ္စ ဒုက္ခ အနတ္တက ဘာနဲ့တူဘာတုံး (အပေါက်နဲ့တူပါတယ်ဘုရား)အပေါက်သုံးပေါက်နဲ့တူတဲ့ အနိစ္စ ဒုက္ခ အနတ္တလဲ မြင်လိုက်ရော သပိတ်နဲ့တူတဲ့ စိတ် စေတသိက် ရုပ်တွေရချင်သေးရဲ့လား (မရချင်ပါဘုရား) လိုချင်သေးရဲ့လား (မလိုချင်ပါဘုရား)လိုချင်ရချင်တယ်ဆိုတာ လူက လိုချင်တာလား၊ တဏှာကလိုချင်တာလား (တဏှာကလိုချင်တာပါဘုရား)မလိုချင်တော့ရင် တဏှာမချုပ်ဘူးလား (ချုပ်ပါတယ် ဘုရား) တဏှာဆိုတဲ့ အကြောင်းသမုဒယချုပ်ရင် အကျိုးဒုက္ခလာသေးရဲ့လား(မလာတော့ပါဘုရား) အကြောင်းအကျိုး ချုပ်သွားလို့ရှိရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ဘဲ။ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတာဘဲ။

အမှန်သိလို့လား (အမှန်သိလို့ပါဘုရား) အမှန်သိတာက မဂ္ဂသစ္စာ၊ အဲဒီတော့ (ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ) မဆိုက်လာဘူးလား (ဆိုက်လာပါတယ်ဘုရား) ဉာဏ်အားဖြင့်(အာဒီနဝဉာဏ်ပါဘုရား) သုဒ္ဓိအားဖြင့် (ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ)ပရိညာအားဖြင့်(ပဟာန ပရိညာပါဘုရား) ဘာကိုပယ်လိုက်သလဲဆိုတော့ သုခသညာကိုပယ်လိုက်တယ်၊ ဒုက္ခလို့ရှုတာကိုးဗျ၊ လူတွေ သတ္တဝါတွေကို ရှုတာလား၊ စိတ် စေတသိက် ရုပ်တွေကို ရှုတာလား (စိတ် စေတသိက် ရုပ်ကို ရှုဘာပါဘုရား) ဒါကြောင့် ဒုက္ခလို့ရှုလိုက်တဲ့အတွက် သုခသညာ ပဇဟတိ သုခသညာ၊ ချမ်းသာတယ်ဆိုတဲ့ သုခသညာကို။ ပဇဟတိ၊ ပယ်စွန့်လိုက်တယ်။

နိစ္စသညာ သုခသညာ ဒီအမှတ်သညာတွေကိုမပယ်လိုက်ဘူးလား(ပယ်လိုက်ပါတယ်ဘုရား) လက္ခဏာအားဖြင့် ဘာလက္ခဏာ (ဒုက္ခလက္ခဏာ)အနုပဿနာအားဖြင့် (ဒုက္ခာနုပဿနာ) အနုပဿီအားဖြင့် (ဒုက္ခာနုပဿီ) ဘုန်းကြီးတို့ တကာ တကာမတွေ အချိန်လဲစေ့ပါပြီ။ မနက်ဖြန်ကျတော့ အကုန်ပြီးအောင် ရှင်းပေးပါ့မယ်၊ ဒါကြောင့် ယနေ့ ဘဂ်ဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် ဆိုတဲ့ သုံးပါးသောဉာဏ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။

| | | |
|---|---|---|
| ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ | | ဗုဒ္ဓံပူဇေမိ |
| ။ | ။ | ဓမ္မံပူဇေမိ |
| ။ | ။ | သံဃံပူဇေမိ |

!H'a'n: 72}

သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း(၁၁)ရက်နေ့ ဟောကြားသောတရား။

## သုံးဆယ့်တစ်ခုသည် ဝိုက်ကွန်ကြီးနှင့်တူသည်

ယနေ့အထိရောက်သလောက် ပြောရမယ်ဆိုရင်ဖြင့် တကာ တကာမတွေ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရေးဆိုတာ ကျင့်စဉ်မပါဘဲရနိုင်ပါ့မလား (မရနိုင်ပါဘုရား) အဲဒီတော့ အပြောနဲ့မပြီးဘူး လုပ်ငန်းပါရတယ်၊ ယနေ့ဆိုရင် သုံးဆယ်နဲ့ ခြောက်ရက်တိုင်တိုင် သင်တန်းတက်ခဲ့တယ်၊ ဒီသင်တန်းတွေတက်ပြီးတော့ မေ့ထားလို့ ရပါ့မလား (မရပါဘုရား) အားထုတ်ရမယ် ပွားများရမယ်။ အားထုတ်မှု ပွားများမှုမပါရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရနိုင်ဘူးလို့ တကာ တကာမတွေ မှတ်ချက်ချ၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက ဥပမာပေးထားတယ်။ ဘယ်လို ဥပမာ ပေးထားသလဲဆိုတော့။

ယေယျထာပိ အာနန္ဒ မဟတော ရုက္ခဿ တိဋ္ဌတော သာရဝတော တစံ အဆေတွာ ဖေဂ္ဂုံ အဆွေတွာ သာရစ္ဆေဒေါ ဘဝိဿတိ နေတံ ဌာနံ ဝိဇ္ဇတိ။

အာနန္ဒ၊ ငါဘုရား၌ ခစားလိမ္မာ အာနန္ဒာ။ သေယျထာပိ၊ ဥပမာပြရပါမူ ကား။ မဟတော၊ ကြီးစွာသော။ တိဋ္ဌတော၊ တည်သော။ သာရဝတော၊ အနှစ်နှင့်ပြည့်စုံသော။ ရုက္ခဿ၊ သစ်ပင်၏။ တစံ၊ အခွံကို။ အဆွေတွာ၊ မဖြတ်မူ၍။ ဖေဂ္ဂုံ၊ အကာကို။ အဆွေတွာ၊ မဖြတ်မူ၍။ သာရစ္ဆေဒေါ၊ အနှစ်ကိုဖြတ်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်ဘူးတဲ့။ သစ်ပင်တပင် ဖြတ်တော့မယ်ဆိုရင် အကာနဲ့အခွံ မဖြတ်ဘဲနဲ့ အနှစ်ပြတ်ပါ့မလား (မပြတ်ပါဘုရား)ထို့အတူ တကာ တကာမတွေလဲကျင့်စဉ် နားမလည်ဘဲနဲ့ ကျင့်စဉ်မှန်ပါ့မလား (မမှန်ပါဘုရား)။

ဒါကြောင့် ကျင့်စဉ်ကိုနားမလည်ဘဲနဲ့ နားလည်ပြန်သော်လဲ မကျင့်လို့ရှိရင် အနှစ်နဲ့တူတဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတာ ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) မြတ်စွာဘုရားက အရှင်အာနန္ဒာကိုဟောတော်မူတယ်၊ ပထမ အခွံကိုဖြတ်ပါ။ ဒုတိယ အကာကိုဖြတ်ပါ၊ အခွံနဲ့အကာကိုဖြတ်ပြီး ဘာကိုဖြတ်မလဲ (အနှစ်ပါဘုရား) ဒီအတိုင်းဘဲ တကာ တကာမတွေ ပထမကျင့်စဉ်ကိုသိပြီး နားလည်ရမယ်။

ယခုသင်တန်းတက်တယ်ဆိုတာ ကျင့်စဉ်သိအောင်နားလည်အောင် သင်တန်း တက်တာ၊ နားလည်ရုံနဲ့ ရပ်နေလို့ရှိရင် ပြီးပါ့မလား(မပြီးပါဘုရား) နားလည် ရင် နားလည်တဲ့အတိုင်း ဘာလုပ်ရမလဲ (အားထုတ်ရမှာပါဘုရား) အားထုတ်မှ သာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရနိုင်တယ်ဆိုတာ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဒီအတိုင်း မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်

ကြားပါတယ်ဘုရား) ဒါကြောင့် သေယျထာပိ အာနန္ဒ မဟာတော ရုက္ခဿ တိဋ္ဌတော သာရဝတော တစံ ဆေတွာ ဖေဂ္ဂုံ ဆေတွာ သာရစ္စေဒေါ ဘဝိဿတိ ဌာန မေတံ ဝိဇ္ဇတိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ သေယျထာပိ၊ ဥပမာသော်ကား။ မဟတော၊ ကြီးစွာသော။ တိဋ္ဌတော၊ တည်သော။ သာရဝတော၊ အနှစ်နှင့်ပြည့်စုံသော။ ရုက္ခဿ၊ သစ်ပင်၏၊ တစံ၊ အခွံကို။ ဆေတွာ၊ ဖြတ်၍။ ဖေဂ္ဂုံ၊ အကာကို။ ဆေတွာ၊ ဖြတ်၍။ သာရစ္စေဒေါ၊အနှစ်ကိုဖြက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။ ဣတိ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိနိုင်တယ်။

ပထမ အခွံကိုဖြတ်ပါ။ နောက် အကာကိုဖြတ်ပြီး တတိယ ဘာကိုဖြတ်မှာ တုံး (အနှစ်ကိုပါဘုရား) အဲဒီ အခွံနဲ့ အကာဖြတ်ပြီးမှသာလျှင် အနှစ်ဖြတ်သလို မဂ်ချမ်းသာ ဖိုလ်ချမ်းသာဆိုတာလဲ ပထမနားလည်အောင် လုပ်ရမယ်၊ နားလည် တဲ့အတိုင်း သိတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ်၊ အဲဒီလို အားထုတ် မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်လို့ ဘုရားရှင် ကိုယ်တော်မြတ်က ဥပမာပေးပြီး မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ် ဘုရား)။

အားထုတ်တဲ့အခါမှာလဲ သဒ္ဒါတရားမပါရင် ဖြစ်ပါ့မလား(မဖြစ်ပါဘုရား) တရားသင်တန်းတက်တယ်ဆိုတာကလဲ သဒ္ဒါတရားမရှိရင် တက်ဖြစ်ပါ့မလား (မတက်ဖြစ်ပါဘုရား) သဒ္ဒါတရားရှိမှသာလျှင် သင်တန်းတက်ပြီးတော့ နား လည်သည်အားလျော်စွာ အားထုတ်လို့ဖြစ်ပါတယ်၊ သဒ္ဒါတရားနဲ့ ပတ်သက် ပြီးတော့ တကာ တကာမတွေကို ပြောပါဦးမယ်။ မြတ်စွာဘုရားကိုယ်တော်မြတ် က ဘယ်လို ဥပမာပေးထားသလဲဆိုတော့။

သေယျထာပိ အာနန္ဒ ဂင်္ဂါနဒီ ပူရာဥဒ ကဿ သမတိတ္တိကာ ကာကပေယျာ။ အထ ဒုဗ္ဗလကော ပုရိသော အာဂစ္ဆေယျ။ ဘုရားက ဥပမာပြတယ်။

အာနန္ဒ၊ချစ်သားအာနန္ဒာ၊ သေယျထာပိ၊ ဥပမာပြောရမယ်ဆိုရင်။ ဂင်္ဂါနဒီ၊ ဂင်္ဂါမြစ်သည်။ ဥဒကဿ၊ ရေဖြင့်။ ပူရာ၊ ပြည့်၍နေတယ်။ သမတိတ္တိကာ၊ ကမ်းနဲ့အညီအမျှ ပြည့်၍နေတယ်။ ကာကပေယျာ၊ ကျီးငုံ့သောက်မယ်ဆိုရင် သောက်နိုင်တယ်။

ဒီမြစ်ကြီးကရေတွေ မပြည့်ဘူးလား (ပြည့်နေပါတယ်ဘုရား) ကမ်းနဲ့အညီ ပါတဲ့၊ ကျီးကန်းသောက်မယ်ဆိုရင် မသောက်နိုင်ဘူးလား(သောက်နိုင်ပါတယ် ဘုရား)ရေတွေပြည့်နေပုံကို မြတ်စွာဘုရားကပြတာ၊ ကာကပေယျ၊ ကျီးသောက် မယ်ဆိုရင် သောက်နိုင်တယ်၊ အထ၊ ထိုအခါ၌။ ဒုဗ္ဗလကော။ အားနည်းသော။ ပုရိသော၊ ယောကျ်ားသည်။

အဟံ ဂ္ဂါမိဿာ ဂင်္ဂါယ နဒိယာ တိရိယံ ဗာဟာယ သောတံ ဆေတွာ သော-တ္ထိနာ ပါရံ ဂစ္ဆိဿာမိ။ အဲဒီ အားနည်းတဲ့ ယောကျ်ားက။ အဟံ၊ ငါသည်၊ ဂ္ဂါမိဿာ ဂင်္ဂါယ နဒိယာ။ ဤဂင်္ဂါမြစ်၌၊ တိရိယံ၊ ဖီလာကန့်လန့်။ ဗာဟာယ၊ လက်ရုံးဖြင့်၊ သောတံ၊ ရေအယဉ်ကို။ ဆေတွာ၊ ဖြတ်၍၊ သောတ္ထိနာ၊ ချမ်းချမ်းသာသာ။ ပါရံ၊ တဘက်ကမ်းသို့၊ ဂစ္ဆိဿာမိတိ၊ သွားအံ့ဟူ၍။ အာဂစ္ဆေယျ၊ ရောက်လာတယ်ဆိုပါစို့တဲ့၊

အဲဒီယောကျ်ားက မြစ်ကြီးကို ဖြတ်ဘို့ရာ မရောက်လာဘူးလား (ရောက်လာပါတယ်ဘုရား) အားကောင်းတဲ့ ယောကျ်ားလားဆိုရင် (အားနည်းတဲ့ ယောကျ်ားပါဘုရား) ဖြတ်နိုင်ပါ့မလား (မဖြတ်နိုင်ပါဘုရား)၊

+ သော နသက္ကုဏေယျ ဂင်္ဂါယ နဒိယာ တိရိယံ ဗာဟာယ သောတံ ဆေတွာ

သောတ္ထိနာ ပါရံ ဂန္တုံ၊ ပါဠိတော်စကား။

သော၊ ထိုအားနည်းသော ယောကျ်ားသည်။ ဂင်္ဂါယ နဒိယာ၊ ဂင်္ဂါမြစ်၌။ တိရိယံ၊ ဖီလာကန့်လန့်။ ဗာဟာယ၊ လက်ရုံးဖြင့်။ သောတံ၊ ရေအယဉ်ကို၊ ဆေတွာ၊ ဖြတ်၍။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ ပါရံ၊ တဖက်ကမ်းသို့။ ဂန္တုံ၊ သွားခြင်းငှာ၊ နသက္ကုဏေယျ၊ မစွမ်းနိုင်။ စွမ်းနိုင်ပါမလား (မစွမ်းနိုင်ပါဘုရား)။

အဲဒီ ဥပမာအတိုင်းပါဘဲ၊ သဒ္ဓါတရားနည်းတဲ့ ပုဂ္ဂိုလ်က တရားနာချင်ပါတယ်ဆိုဘော့ နာပါ့မလား (မနာပါဘုရား) တရားအားထုတ်ပါမယ်လို့ ပြောဘော့ ပြောတာဘဲ၊ သဒ္ဓါတရားကန့်ညဲ့ကော့ ဒီပုဂ္ဂိုလ်အားထုတ်ပါမလား (အားမထုတ်ပါဘုရား) အားမထုတ်ဘူးတဲ့၊ မြတ်စွာဘုရားက ဒါအားနည်းတဲ့ ယောကျ်ားနဲ့တူတယ်၊ သဒ္ဓါတရားနည်းတဲ့ ပုဂ္ဂိုလ်ကဘာနဲ့တူသလဲ(အားနည်းတဲ့ ယောကျ်ားပါဘုရား) တရားနာတဲ့ အခါမှာလဲ ဒီပေါ်မှာ စိတ်ကမတည်ဘူးတဲ့၊

ဧဝမေဝခေါ အာနန္ဒယေသံ ကေသဉ္စိသက္ကာယ နိရောဓါယဓမ္မေ ဒေသိယမာနေ စိတ္တံနပက္ခန္ဒတိ နပသီဒတိ နသန္တိဋ္ဌတိ နဝိမုစ္စတိ သေယျထာပိ သောဒုဗ္ဗလကော ပုရိသောဧဝမေဝတေ ဒဋ္ဌဗ္ဗာ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧဝမေဝ၊ ယခုငါပေးတဲ့ ဥပမာအတိုင်းသာလျှင်။ ယေသံကေသဉ္စိ၊ အကြင်အကြင်သို့သောပုဂ္ဂိုလ်တို့အား။ သက္ကာယနိရောဓါယ၊ သက္ကာယချုပ်ခြင်းငှာ။ ဓမ္မေ-တရားတို့ကို။ ဒေသိယမာနေ၊ ဟောကြားအပ်သည်မှုသော်။ သက္ကာယက-နာမ်ကရားနဲ့ရုပ်တရား၊ နာမ်နဲ့ရုပ်ချုပ်ရင် ဘာတုံး (နိဗ္ဗာန်ပါဘုရား) သက္ကာယချုပ်ရင်ဘာတုံး (နိဗ္ဗာန်ပါဘုရား) ဒါကြောင့် သက္ကာယနိရောဓါယ၊ သက္ကာယချုပ်ခြင်းငှာ။ ဓမ္မေ၊ တရားတော်ကို။ ဒေသိယ

+ မဇ္ဈိမပဏ္ဏာသ မာလုကျသုတ် နှာ ၉၈

မာနေ၊ ဟောကြားအပ်သည်ရှိသော်။ ယခု တလသင်တန်းဆိုပြီး မြတ်စွာဘုရားရဲ့ ဒေသနာတော်ဟာဖြင့် သက္ကာယချုပ်ကြောင်းတရားဆိုရင်မှားပါ့မလား (မမှားပါဘုရား) သက္ကာယနိရောဓါယ၊ သက္ကာယချုပ်ခြင်းငှာ၊ ဓမ္မေ၊ တရားတော်ကို။ ဒေသိယမာနေ၊ ဟောကြားအပ်သည်ရှိသော်၊ ယေသံကေသဉ္စိ၊ အကြင်တစုံ တယောက်သောပုဂ္ဂိုလ်၏၊ စိတ္တံ၊ စိတ်သည်၊ နပက္ခန္ဒတိ၊ မသက်ဝင်ဘူး။ နိဗ္ဗာန် ရောက်ကြောင်းတရားဟောရင် ဒီပုဂ္ဂိုလ်ရဲ့စိတ်ဟာ တရားပေါ်မှာ မသက်ဝင်ဘူး တဲ့၊ သက်ဝင်နိုင်ပါ့မလား (မသက်ဝင်နိုင်ပါဘုရား) ဘာအားနည်းနေလို့တုံး (သဒ္ဓါတရားပါဘုရား)

စိတ္တံ၊ စိတ်သည်၊ နပက္ခန္ဒတိ၊ ဒီတရားတော်မှာ မသက်ဝင်တော့ဘူး။ နပသီဒတိ၊ နိဗ္ဗာန်ရောက်ကြောင်းတရားဟောနေရင် ဒီတရားကိုလဲမကြည်ညိုတော့ဘူး၊ သူနားမထောင်ချင်ဘူး။ မကြည်ညိုတော့ဘူး၊ နိဗ္ဗာန်မရောက်တဲ့ တရားတွေသာ လျှင် ကြည်ညိုတယ်။ သဒ္ဓါတရားနည်းတဲ့ ပုဂ္ဂိုလ်ကျဘော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါ့မလား (မရနိုင်ပါဘုရား)

နပသီဒတိ၊ သက္ကာယချုပ်ကြောင်းတရားကိုလဲ မကြည်ညိုတော့ဘူး။ နသန္တိဋ္ဌတိ၊ ဒီတရားတွေပေါ်မှာ စိတ်ကလဲမတည်တော့ဘူး၊ တည်ပါ့မလား (မတည်ပါဘုရား) အားနည်းလို့လား၊ အားကြီးလို့လား (အားနည်းလို့ပါဘုရား) ဘာအားနည်းတာတုံး(သဒ္ဓါတရားပါဘုရား)နဝိမုစ္စတိ၊ဒီသက္ကာယချုပ်ကြောင်း ကို နှလုံးမသွင်းတော့ မလွတ်မြောက်ဘူး။ အားထုတ်ပါ့မလား (အားမထုတ်တော့ပါဘုရား) သေယျထာပိသော ဒုဗ္ဗလကော ပုရိသော၊ ထိုအား နည်း တဲ့ ယောကျ်ားကဲ့သို့။ ဧဝံ၊ ဤအတူ။ ဧတေ၊ ထိုသဒ္ဓါတရားအားနည်းသော ပုဂ္ဂိုလ် တို့ကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

အဲဒီလို သက္ကာယချုပ်ကြောင်းတရားတွေ ဟောနေလို့ရှိရင် ဒီပေါ်မှာစိတ်က မတည်၊ ကြည်လဲမကြည်ညို၊ နှလုံးလဲမသွင်းရင်ဖြင့် ဘာ အား နည်း နေ လို့ တုံး (သဒ္ဓါတရားပါဘုရား) သဒ္ဓါတရားအားနည်းနေတဲ့ပုဂ္ဂိုလ်သည် သက္ကာယချုပ် ကြောင်း ကျင့်ဝတ်ပဋိပတ်သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) မသိနိုင်ရင် ကျင့် ကော ကျင့်ပါအုံးမလား ( မကျင့်ပါဘုရား ) မကျင့်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒါကြောင့် တရားနာတယ်ဆိုတာကလဲ တကာ တကာမတွေ့ သဒ္ဓါတရားထက်ထက်သန်သန် ဇွဲရှိရှိနဲ့ မနာသင့်ဘူးလား၊ နာသင့်သလား (နာသင့်ပါတယ်ဘုရား) အဲဒီလို သဒ္ဓါတရားရှိရှိနဲ့နာပါ။ သဒ္ဓါ တရားလျော့နည်းနည်းနှင့် ခင်ဗျားတို့မနာနဲ့၊ သဒ္ဓါတရား လျော့နည်းနည်းနဲ့နာ ရင် တရားဘယ်လောက်ဘဲ ကောင်းနေနေ ခင် ဗျား တို့ သိ ပါ့ မ လား (မသိပါ ဘုရား)

ဒါကြောင့် သဒ္ဒါအရားအားကောင်းတဲ့ပုဂ္ဂိုလ်ဟာ မြစ်ရေတွေဘယ်လောက်ဘဲပြည့်ပြည့်၊ အားရှိတဲ့ယောကျ်ားကူးရင် မလွန်မြောက်ဘူးလား (လွန်မြောက်မှာပါဘုရား) လွန်မြောက်မယ်။ ပါဠိတော်ရွတ်မနေတော့ပါဘူး။ လွန်မြောက်မယ်။ အားကောင်းတဲ့ပုဂ္ဂိုလ်ဟာ သဒ္ဒါတရားရှိတဲ့ပုဂ္ဂိုလ်ဘဲလို့ ဆုံးဖြတ်ချက်ချ။

ဒါကြောင့် သဒ္ဒါတရားမလိုဘူးလား (လိုပါတယ်ဘုရား) ပြောရုံနဲ့ပြီးမနေနဲ့၊ လုပ်ငန်းမပါရဘူးလား (ပါရပါတယ်ဘုရား) ဒါကြောင့် တကာ တကာမတွေ နေ့တိုင်းတက်နေတဲ့သင်တန်းဟာဖြင့် လုပ်ငန်းမပါဘူးလား (ပါပါတယ်ဘုရား) လုပ်ငန်းပါတယ်။ အပြောကောမပါဘူးလား (ပါပါတယ်ဘုရား) အပြောလဲပါတယ်၊ လုပ်ငန်းလဲပါတယ်၊ အပြောက ပရိယတ္တိ၊ လုပ်ငန်းက ပဋိပတ္တိ၊ ပရိယတ်ကော ပဋိပတ်ကောတွဲပြီး သုံးဆယ့်ခြောက်ရက်တိုင်တိုင် ခင်ဗျားတို့မပြခဲ့ဘူးလား ပြခဲ့သလား (ပြခဲ့ပါတယ်ဘုရား)

ဒါ့ကြောင့် လုပ်ငန်းနဲ့တွဲပြီးတော့ ရှင်းကြပါအုံးစို၊ လုပ် န်းမပါလို့ရှိရင်တဲ့ အနှစ်ကိုမဖြတ်မိသလို၊ အကာနဲ့အခွံမဖြတ်မိရင် အနှစ်ဖြတ်မိပါ့မလား (မဖြတ်မိပါဘုရား) ဒါ့ကြောင့် အလုပ်မပါရင်လဲ အနှစ်နဲ့တူတဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဒါကြောင့် အောက်ပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်ကိုတင်ပလ္လင်ခွေ၊ အထက်ပိုင်းဖြစ်တဲ့ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထား သတိထားလိုက်၊ သတိဘယ်မှာထားရမှာတုံး (နှာသီးဖျားမှာ ပါဘုရား) နှာသီးဖျားမှာသတိတားလိုက်တဲ့အခါကျတော့ ရှူတာတွေ့မယ်၊ ပြီးတော့ ရှိုက်တာတွေ့မယ်၊ ရှူတာကဘာတုံး (အာန) ရှိုက်တာက (ပါန) အောက်မေ့တာက (သတိ) ပေါင်းလိုက်တော့ (အာနာပါနဿတိ) ယခုကမ္မဋ္ဌာန်းက ဘာကမ္မဋ္ဌာန်းပါလိမ့် (အာနာပါနဿတိကမ္မဋ္ဌာန်း) ဒီကမ္မဋ္ဌာန်းကနေပြီးတော့ ဉာဏ်စဉ်တွေတက်နေတယ်ဆိုရင် ငြင်းလို့ရသေးရဲ့လား (မရပါဘုရား) ဒီကမ္မဋ္ဌာန်းလွှတ်ပြီးတက်လို့ရရဲ့လား (မရပါဘုရား)

မပြောလို့လဲမဖြစ်ဘူး၊ ကမ္မဋ္ဌာန်းကျော်ပြီးပြောလို့ရရဲ့လား (မရပါဘုရား) ဒါ့ကြောင့် အာနာပါနဿတိကမ္မဋ္ဌာန်းကိုရှေးဦးစွာ နှလုံးသွင်းလိုက်ပါ။ အာနာပါနဿတိကမ္မဋ္ဌာန်း နှလုံးသွင်းလိုက်တဲ့အခါကျတော့ သတိမပါဘဲနဲ့ နှလုံးသွင်းလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) သတိထားလိုက်ဘာနဲ့ တပြိုင်နက် စိတ်ဟာမတည်ဘူးလား (တည်ပါတယ်ဘုရား) ဒီအာနာပါန အာရုံပေါ်မှာ စိတ်တည်တာ ဘာတုံး (သမာဓိပါဘုရား) သတိရှိလို့လား၊ မရှိလို့လား (ရှိလို့ပါဘုရား) အဲဒီတော့ ပေါင်းလိုက်စမ်း (သတိ သမာဓိ) သတိ သမာဓိဆိုတာ အရှိတရားပေါ်ထုတ်တာလား၊ မရှိတရားပေါ်ထုတ်တာလား (အရှိတရားပေါ်ထုတ်တာပါဘုရား) အရှိတရားက ဘယ်လိုသဘောလဲလို့ဆိုတော့ ဤ လို ပြု ချင် တဲ့ သဘော၊ မရှိဘူးလား (ရှိပါတယ်ဘုရား) အဲဒါ အရှိတရားလား၊ မရှိတရားလား

(အရှိတရားပါဘုရား) အရှိတရားကိုကိုင်ပြီး တက်မှရတာ။ ဒါကိုကျော်တက်လို့ ရရဲ့လား (မရပါဘုရား) ဤလိုပြုချင်တဲ့သဘောကဘာတုံး (စိတ်ပါဘုရား)သတိ မထားရင် ပေါ်ပါ့မလား (မပေါ်ပါဘုရား)

သတိကအာရုံကိုဖေါ်ပေးတာဘဲ။ ယခုဘာအာရုံလဲဆိုတော့ စိတ်အာရုံ၊နာမ် အာရုံ။ စိတ်ဖြစ်လိုက်ဘာနဲ့ဘာဖြစ်တုံး (လေဖြစ်ပါတယ်ဘုရား) စိတ်ကိုလူက ဖေါ်တာလား၊ သတိကဖေါ်တာလား (သတိကဖေါ်တာပါဘုရား) သတိက နာမ်၊ စိတ်ကဝိညာဏ်၊ ဒီနေ့ဝိညာဏ်နာမ်ရုပ်နဲ့တက်ပြီး မနက်ဖန် ခန္ဓာငါးပါးနဲ့ တက်ကြပါစို့ ဒါကြောင့် သတိထားလိုက်တဲ့အခါကျတော့ သတိက အရှိတရား ဖေါ်တာလား၊ မရှိတရားဖေါ်တာလား (အရှိတရားဖေါ်တာပါဘုရား) အရှိ တရားဆိုတာ ဘယ်လိုသဘောပါလိမ့် ( ဤလိုပြုချင်တဲ့ စိတ်သဘောပါဘုရား ) အဲဒီစိတ်သဘော ဘယ် သူကဖေါ်တာတုံး (သတိကပါဘုရား) စိတ်ကဝိညာဏ်၊ သတိကဘာတုံး (နာမ်ပါဘုရား) စိတ်သဘောဖြစ်လိုက်ဘာနဲ့တပြိုင်နက် ဒီနေရာ မှာ တိုးခတ်ဘွန်းကန်တဲ့လေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) လေကဘာတုံး (ရုပ်ပါဘုရား) ဆိုစမ်းပါ (ဝိညာဏ် နာမ် ရုပ်) ဒါကိုကိုင်ထားပါ။

ဝိညာဏ် နာမ် ရုပ် ရှိတာလား၊ ရှူတာရှိုက်တာရှိတာလား (ဝိညာဏ် နာမ် ရုပ်ရှိတာပါဘုရား) ဝိညာဏ် နာမ် ရုပ်က သက္ကာယ။ ရှူတယ် ရှိုက်တယ်လို့ထင် ရင် (ဒိဋ္ဌိပါဘုရား) ပေါင်းလိုက်စမ်း (သက္ကာယဒိဋ္ဌိ) ဝိညာဏ် နာမ်ရုပ်နဲ့ ရှူတာ ရှိုက်တာမကွဲရင် ရှူတိုင်းရှိုက်တိုင်းသက္ကာယဒိဋ္ဌိမဖြစ်ဘူးလား(ဖြစ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိဖြစ်ရင် အပယ်မီးငြိမ်းပါ့မလား (မငြိမ်းပါဘုရား) အပယ်မီး မငြိမ်းဘူးဆိုတာ အပယ်မီးတောက်နေတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါ တယ်ဘုရား)ဒါကြောင့် ရှူတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်တွေ ရှိတာလား၊ ဝိညာဏ် နာမ်ရုပ်ရှိတာလား (ဝိညာဏ် နာမ်ရုပ်ရှိ တာပါဘုရား)ဒါကြောင့် ရှူတဲ့အခါ ဝိညာဏ် နာမ်ရုပ်၊ ရှိုက်တဲ့အခါ (ဝိညာဏ် နာမ်ရုပ်) ရှူတယ် ရှိုက်တယ်လို့ လာဦးမလား (မလာတော့ပါဘုရား) ငါတွေ သတ္တဝါတွေ ယောကျ်ား မိန်းမတွေ စွဲယူဦးမလား (မယူတော့ပါဘုရား)ဘာယူ တာတုံး (ဝိညာဏ် နာမ်ရုပ်ပါဘုရား)။

ရှိုက်တဲ့အခါ ဝိညာဏ် နာမ်ရုပ်၊ ရှူတဲ့အခါကော (ဝိညာဏ် နာမ်ရုပ်) ဝိညာဏ် နာမ်ရုပ်မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာ ဘာလို့ရှိတာတုံး (ဖြစ် ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်(ခုမှဖြစ်တာပါဘုရား) ရှူတဲ့အခါ ခုမှဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ်၊ ရှိုက်တဲ့အခါကော (ခုမှဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ်) အဲဒါ ဘာဉာဏ်တုံး (နာမ ရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား)။

ဒီဝိညာဏ် နာမ်ရုပ်ဟာ ငါ့ကြောင့်ဖြစ်တာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား) သူများကြောင့် ဖြစ်တာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) အလိုလို ဖြစ်တာဟုတ်ရဲ့

လား(မဟုတ်ပါဘုရား)ဘာကြောင့်ဖြစ်တာတုံး (အကြောင်းကြောင့်ပါဘုရား) အကြောင်းဆင်ခြင်တာ ဘာဉာဏ်တုံး (ပစ္စယ ပရိဂ္ဂဟဉာဏ်) ဒါကြောင့် ရှုတဲ့ အခါ ခုမှုဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် အကြောင်းကြောင့်ဖြစ်၊ ဘာဉာဏ်တွေနှင့်ရှု နေဘာတုံး (နာမ ရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်)။

ခင်ဗျားတို့ အခွံပို့အကာကိုပြတ်မှ အနှစ်ကိုဖြတ်မှာ မဟုတ်လား၊ အခွံနဲ့ အကာကို မဖြတ်ဘဲနဲ့ အနှစ်ပြတ်ပါ့မလား (မပြတ်ပါဘုရား) ယခုလုပ်ငန်းဆို တာ ဖြတ်တာနဲ့ မတူဘူးလား (တူပါတယ်ဘုရား) လုပ်ငန်းမပါဘူးလား (ပါပါတယ်ဘုရား) အဲဒီလို ရှုတတ်ရမယ်၊ မရှုတတ်လို့ဖြစ်ပါ့မလား (မဖြစ်ပါ ဘုရား) လုပ်ငန်းဆိုတာ ဒါကိုပြောနေတာ၊ ယခု ခင်ဗျားတို့ ဘာဉာဏ်နှင့် ရှုနေ တာတုံး (နာမ ရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်) နာမ ရူပ ပရိစ္ဆေဒ ဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်ဆိုတာ ရှုတိုင်း ရှိုက်တိုင်း ခုမှုဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါကော ခုမှုဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ် အကြောင်းကြောင့်ဖြစ်၊ အဲဒါ အပါယ်မီးငြိမ်းတာဘဲ၊ အပြောမပါဘူးလား၊ ပါသလား (ပါပါတယ်ဘုရား)လုပ်ငန်းကောမပါဘူးလား (ပါပါတယ်ဘုရား) အပြောလဲပါတယ်၊ လုပ်ငန်းလဲ ပါတယ်ဆိုတော့ ပရိယတ္တိသာသနာတော်နဲ့ ပဋိပတ္တိသာသနာတော်ကို ချီးမြှင့်နေတဲ့အချိန်လို့ ပြောလို့မရဘူးလား (ရပါ တယ်ဘုရား) ဒီလို ဆုံးဖြတ်ချက်ချ။

ရှုတိုင်း ရှိုက်တိုင်း လူတွေ သတ္တဝါတွေ ရှိတာလား၊ ဝိညာဏ် နာမ်ရုပ်ရှိ တာလား (ဝိညာဏ် နာမ်ရုပ်ရှိတာပါဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါ ဘုရား) ဘယ်တုံးကဖြစ် (ခုမှုဖြစ်တာပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) ဟိုတုံးကလဲ ဖြစ်ပြီးတော့ ပျက်ခဲ့တယ်၊ ယခုလဲ ဖြစ်ပြီးဘော့ပျက်ဆဲ၊ နောင်လဲ ဖြစ်ပြီးပျက်ဦးမှာဘဲ။ အဲဒီလိုရှုတာက ဘာဉာဏ်တုံး (သမ္မသနဉာဏ်) အဲဉာဏ် စဉ်ဘက်မလာဘူးလား (တက်လာပါတယ်ဘုရား) ဒါလုပ်ငန်းဘဲ၊ ဒါကိုရှုရမှာ၊ ဟကာ တကာမတွေ အတိတ်ကိုလဲ မကြည့်တော့နဲ့ အနာဂတ်ကိုလဲ မျှော်ပါနဲ့၊ ပစ္စုပ္ပန်ကို ရှုပါ၊ ပစ္စုပ္ပန်မှာ အရှိတရား ရှုရမှာလား၊ မရှိတရား ရှုရမှာလား (အရှိတရားရှုရမှာပါဘုရား) အရှိတရားက လူတွေ သတ္တဝါတွေ ရှိတာလား၊ ဝိညာဏ် နာမ်ရုပ်ရှိတာလား (ဝိညာဏ် နာမ်ရုပ်ရှိတာပါဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်) ရှုတဲ့အခါလဲ ဝိညာဏ် နာမ်ရုပ် ဖြစ်ပျက်၊ ရှိုက်တဲ့အခါကော (ဝိညာဏ် နာမ်ရုပ် ဖြစ်ပျက်) အဲဒါ ဉဒယဗ္ဗယဉာဏ်။

ဝိညာဏ် နာမ်ရုပ်တို့သည် မဖြစ်ခင်ကကောရှိရဲ့လား (မရှိပါဘုရား) ဖြစ်ပြီး တဲ့နောက်ကော ရှိသေးရဲ့လား(မရှိပါဘုရား) ဘယ်အချိန်မှာရှိတာတုံး (ဖြစ်ဆဲ)

အဲဒါပစ္စုပ္ပန်ဘဲ။ ဝိညာဏ် နာမ်ရုပ်တို့သည် ဖြစ်ဖြစ်ပြီးဘယ်ရောက် (ပျက်) ဒါကြောင့် ရှုတဲ့အခါလဲ ဝိညာဏ် နာမ်ရုပ် (ဖြစ်ပျက်) ရှုက်တဲ့အခါကော (ဖြစ်ပျက်) အဲဒါ ဘာဉာဏ်တုံး (ဥဒယဗ္ဗယဉာဏ်ပါဘုရား) ဒါတွေ မရှင်းခဲ့ဘူးလား (ရှင်းခဲ့ပါတယ်ဘုရား) အစဉ်မပျက်အောင် ပြောနေတာ။ ဒါကြောင့် ရှုတိုင်း ရှုက်တိုင်း ဝိညာဏ် နာမ်ရုပ်တွေရှိတာလား၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေရှိတာလား (ဝိညာဏ် နာမ်ရုပ် ရှိတာပါဘုရား) ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (ခုမှဖြစ်တာပါဘုရား) ဖြစ်ရင်ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဖြစ်ပြီးတော့ ဘယ်ရောက် (ပျက်) အဖြစ်ကိုလွှတ်ပြီးတော့ အပျက်ကိုရှုလိုက်၊ အဲဒါ ဘင်္ဂဉာဏ်၊ ဒါကြောင့် ရှုတဲ့အခါ ဝိဉာဏ် နာမ်ရုပ်ပျက်၊ ရှုက်တဲ့အခါကော (ဝိညာဏ် နာမ်ရုပ်ပျက်) အဲဒါ ဘာဉာဏ်တုံး (ဘင်္ဂဉာဏ်ပါဘုရား)။

ရှေ့ကို တဆင့်တက်ကြစို့၊ ဝိညာဏ် နာမ်ရုပ် လွှတ်လို့ရရဲ့လား (မရပါဘုရား) ဒါအရှုခံတရား၊ အရှုခံတရားလွှတ်ပြောလို့ ရရဲ့လား (မရပါဘုရား) အရှုခံတရားက ဒီနေရာ ဘာပြထားတုံး (ဝိညာဏ် နာမ်ရုပ်) ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှုက်တိုင်း) ဝိညာဏ်ဆိုတာ ဘယ်လိုသဘောလဲ (ဤလိုပြုချင်တဲ့ စိတ်သဘောပါဘုရား) အဲဒါကို ဉာဏ်နဲ့ဆုပ်ကိုင်ထား။ ဒီဝိညာဏ်ကို လူကဖေါ်တာလား၊ သတိက ဖေါ်တာလား (သတိက ဖေါ်တာပါဘုရား) သတိက ဘာတုံး (နာမ်ပါဘုရား)နှာသီးဖျားမှာ တိုးခတ်တွန်းကန်တဲ့ လေသဘောက ဘာတုံး (ရုပ်ပါဘုရား) ဒါအရှုခံတရား၊ ဘယ်နှစ်ပါးတုံး (သုံးပါးပါဘုရား) သခ်တတရားသုံးပါးဘဲ၊ ဒီသခ်တတရားသုံးပါးကလွဲရင် ရှုစရာရှိသေးရဲ့လား (မရှိပါဘုရား) ဝိညာဏ်ကိုရှုရှု၊ ရုပ်ကိုရှုရှု စိတ်ကိုရှုရှု စေတသိက်ကိုရှုရှု။

ဒီဝိညာဏ် နာမ်ရုပ်တွေ မရှိဘူးလား (ရှိပါတယ်ဘုရား) ဘယ်အချိန်မှာရှိတာတုံး (ရှုတိုင်း ရှုက်တိုင်း) ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) မဖြစ်ရင် ဘာတုံး (နိဗ္ဗာန်ပါဘုရား) အဇာတိမဖြစ်ရင် နိဗ္ဗာန်၊ ယခုဘော့ ခင်ဗျားတို့ ဇာတိရနေတယ်၊ ဘာဇာတိတုံး (ဝိညာဏ် နာမ်ရုပ်ပါဘုရား) ဝိညာဏ်ဖြစ်တာ ဇာတိ၊ နာမ်ဖြစ်တာကော (ဇာတိ) ရုပ်ဖြစ်တာကော (ဇာတိပါဘုရား) လူတွေ သတ္တဝါတွေ ဖြစ်တာလား၊ ဝိညာဏ် နာမ်ရုပ်ဖြစ်တာလား(ဝိညာဏ် နာမ်ရုပ်ဖြစ်တာပါဘုရား) ဝိညာဏ် နာမ်ရုပ်ဖြစ်လို့ ဆင်းရဲတာလား၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေဖြစ်လို့ ဆင်းရဲတာလား (ဝိညာဏ် နာမ်ရုပ်ဖြစ်လို့ ဆင်းရဲတာပါဘုရား)ဘယ်အချိန်မှာဖြစ်နေတာတုံး (ရှုတိုင်း ရှုက်တိုင်း)ခင်ဗျားတို့ ရှုတိုင်း ရှုက်တိုင်း ဆင်းရဲနေတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)ဉာဏ်မြင်ဆင်းရဲသလား၊ ပျက်မြင်ဆင်းရဲလား(ဉာဏ်မြင်ဆင်းရဲပါဘုရား)။

ဝိညာဏ်နာမ်ရုပ်အသစ် အသစ်ဖြစ်နေလို့ နိဗ္ဗာန်မရတာ။ သူမဖြစ်ရင်အေးမှာ။ ယခုအေးရဲ့လား (မအေးပါဘုရား) ယခုခင်ဗျားတို့ ဘေးမဆိုက်ဘူးလား (ဆိုက်ပါတယ်ဘုရား) အဖြစ်ဘေးကြီး။ ပြီးတော့ဘာဘေးတုံး (အပျက်ဘေးကြီး) ဖြစ်ပြီးတော့ ဘယ်သူကနှိပ်စက်လိုက်တုံး (အပျက်ကပါဘုရား) ဖြစ်ပြီးလိုက်တာနဲ့ အသုံးချလို့ ရသေးရဲ့လား (မရပါဘုရား) ဖြစ်ပြီးတော့ပျက်တော့တာဘဲ။ အဖြစ်က နှိပ်စက်လိုက်၊ အပျက်ကနှိပ်စက်လိုက်။ ဖြစ်ပျက်ဘေးကြီး တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)

ဖြစ်ပျက်က လူတွေ သတ္တဝါတွေ ပေါ်မှာလား၊ ဝိညာဏ်နာမ်ရုပ်ပေါ်မှာလား ( ဝိညာဏ်နာမ်ရုပ်ပေါ်မှာပါဘုရား ) အော်- ဝိညာဏ်နာမ်ရုပ် ဖြစ်တာဆင်းရဲတယ်။ ဝိညာဏ်နာမ်ရုပ်ပျက်တာဘာတုံး (ဆင်းရဲပါတယ်ဘုရား) ဘေးကြီး ဆိုက်မနေဘူးလား (ဆိုက်နေပါတယ်ဘုရား) ဘေးလို့ထင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (ဘယဉာဏ်ပါဘုရား) ဘယဉာဏ်ဆိုက်မလာဘူးလား (ဆိုက်လာပါတယ်ဘုရား) ဘေးတွေ့လာပြီ။ လူတွေ သတ္တဝါတွေမှာတွေ့တာလား၊ ဝိညာဏ်နာမ်ရုပ်မှာတွေ့တာလား (ဝိညာဏ်နာမ်ရုပ်မှာတွေ့တာပါဘုရား) ဝိညာဏ် နာမ်ရုပ်မှာ ဘေးမထင်ဘူးလား (ထင်ပါတယ်ဘုရား)

ဖြစ်ခြင်းပျက်ခြင်းတွေက ကပ်ပြီးတော့နှိပ်စက်နေတယ်။ ဖြစ်ပျက်ကနှိပ်စက်နေတာ။ သားသမီး ဆွေမျိုးတွေက နှိပ်စက်နေတာလား။ ဖြစ်ပျက်ကနှိပ်စက်နေတာလား (ဖြစ်ပျက်ကပါဘုရား) ဘာဖြစ်ပျက်က နှိပ်စက်နေတာတုံး (ဝိညာဏ်နာမ်ရုပ်ဖြစ်ပျက်ကပါဘုရား) ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှိုက်တိုင်း)

တကာတကာမတွေ အနှိပ်စက်ခံရတဲ့ဒုက္ခဘေးကြီး တွေ့မနေဘူးလား(တွေ့နေပါတယ်ဘုရား) အဲဒီလို ဒုက္ခဘေးလို့မြင်တဲ့ဉာဏ်က ဘာဉာဏ်တုံး (ဘယဉာဏ်ပါဘုရား) ဝိညာဏ်နာမ်ရုပ်ဖြစ်ပြီးတော့ ဘယ်ရောက် (ပျက်) မြဲလို့လား (မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား (အနိစ္စပါဘုရား) နောက်ထပ်အသစ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဖြစ်ရင်ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) သုခလား၊ ဒုက္ခလား (ဒုက္ခပါဘုရား) မဖြစ်နဲ့လို့ တားရရဲ့လား (မရပါဘုရား) မပျက်နဲ့လို့ကော တားရရဲ့လား ( မရပါဘုရား ) အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား) ဒီဝိညာဏ်နာမ်ရုပ်ပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တ အပြစ်ဘယ်နှစ်ချက်တုံး (သုံးချက်ပါဘုရား) သုံးချက်က ဘာတွေတုံး (အနိစ္စ ဒုက္ခ အနတ္တ) လူတွေ သတ္တဝါတွေမှာ အပြစ်ရှိတာလား၊ ဝိညာဏ်နာမ်ရုပ်မှာ အပြစ်ရှိတာလား (ဝိညာဏ်နာမ်ရုပ်မှာ အပြစ်ရှိတာပါဘုရား) ဘယ်အချိန်မှာ အပြစ်ရှိနေတာတုံး (ရှုတိုင်း ရှိုက်တိုင်း) ရှုတိုင်း ရှိုက်တိုင်းမှာ အပြစ်မြင်ရမှာ။ သားသမီးဆွေမျိုးတွေပေါ်၌သာ ခင်ဗျားတို့ အပြစ်ရှိတယ်ထင်နေတာ။ အပြစ်

မမြင်ရမဲ့နေရာ အပြစ်မြင်တယ်။ အပြစ်မြင်တော့ ခင်ဗျားတို့ဒုက္ခမများဘူးလား၊ များသလား (များပါတယ်ဘုရား)

ဒုက္ခများတော့ ဘေးတွေ့ပြီးသေနေရတယ်။ ဘေး တွေ့ ပြီး မ သေ ဘူး လား၊ (သေပါတယ်ဘုရား) ဘာဘေးတုံး (အဖြစ်ဘေး) ပြီးတော့ (အပျက်ဘေး)ဒီလို အဖြစ်ဘေး အပျက်ဘေး တွေ့နေရတာ အပြစ်မြင်လို့လား (အပြစ်မမြင်လို့ပါ ဘုရား) ယခုအပြစ်မြင်ပြီလား (မြင်ပါပြီဘုရား) အပြစ်ကများရဲ့လား (မများ ပါဘုရား) ဘယ်နှစ်ချက်ပါလိမ့် (သုံးချက်ပါဘုရား) သုံးချက်ကဘာတွေတုံး (အနိစ္စ ဒုက္ခ အနတ္တ ပါဘုရား) ဘယ်ပေါ်မှာမြင်ရမှာတုံး (ဝိညာဏ်နာမ်ရုပ် ပေါ်မှာပါဘုရား) ဘယ်အချိန်မှာမြင်ရမှာတုံး (ရှုတိုင်း ရှိုက်တိုင်း) အဲဒီလိုမြင်ရ မှာ၊ အပြစ်မြင်တဲ့ဉာဏ်က (အာဒီနဝဉာဏ်) ဘေးမြင်တဲ့ဉာဏ်က (ဘယဉာဏ် ပါဘုရား) ခင်ဗျားတို့ အာဒီနဝအပြစ်ကြီးတွေ့နေပြီ။ အပြစ်တွေ့လာတဲ့အခါကျ တော့ ဒီအပြစ်ကြီးနဲ့များ နေချင်သေးရဲ့လား (မနေချင်ပါဘုရား)

အနိစ္စ ဒုက္ခ အနတ္တဆိုတာ လက္ခဏာတဲ့။ ဝိညာဏ်နာမ်ရုပ်က(လက္ခဏဝန္တ) လက္ခဏနဲ့ လက္ခဏဝန္တကွဲရတယ်။ မကွဲရင် မဂ်ဇောကျလို့မရ။ ဒီနေရာမကွဲရဘူး လား (ကွဲရပါတယ်ဘုရား) အပြစ်ကဘာတုံး (အနိစ္စ ဒုက္ခ အနတ္တ) ဝိညာဏ် နာမ်ရုပ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဝိညာဏ်နာမ်ရုပ်သည် အနိစ္စ ဒုက္ခ အနတ္တ ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ကင်းကောင်းရဲ့လား (မကင်းကောင်းပါဘုရား) မ ကင်း ကောင်း ဘူး။ အဲဒီတော့ ဝိညာဏ်နာမ်ရုပ်ဆိုတဲ့ သင်္ခါရသည် လက္ခဏာ မဟုတ်၊ လက္ခဏာသည် ဝိညာဏ်နာမ်ရုပ် ဟုတ် ရဲ လား ( မဟုတ်ပါဘုရား ) ဒါကြောင့် သင်္ခါရော၊သင်္ခါရတရားသည်။နလက္ခဏံ၊လက္ခဏာမဟုတ်၊ အဋ္ဌကထာ ဆရာက၊ သင်္ခါရော၊ ဝိညာဏ်နာမ်ရုပ်ဆိုတဲ့ သင်္ခါရသည်။ နလက္ခဏံ၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့လက္ခဏာမဟုတ်။ လက္ခဏာပိစ၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာ ကလည်း။ နသင်္ခါရော၊ ဝိညာဏ်နာမ်ရုပ်မဟုတ်။ ကင်းကောကင်းကောင်းရဲ့လား (မကင်းကောင်းပါဘုရား)

အဲဒီတော့ ကြည့်ရမှာက သင်္ခါရကိုကြည့်ရမှာလား၊ လက္ခဏာကိုကြည့်ရမှာ လား (သင်္ခါရကိုကြည့်ရမှာပါဘုရား) ဒီနေရာ သင်္ခါရကဘာတွေတုံး (ဝိညာဏ် နာမ်ရုပ်) ဘယ်အချိန်မှာတုံး(ရှုတိုင်း ရှိုက်တိုင်း)ဝိညာဏ်ဆိုတာဘယ်လိုသဘော ပါလိမ့် (ဤလိုပြုချင်တဲ့စိတ်သဘောပါဘုရား) ဤလိုပြုချင်တဲ့စိတ်သဘော မရှိ ဘူးလား (ရှိပါတယ်ဘုရား) ဘယ်သူက ဖေါ်ပေးတာတုံး (သတိကပါဘုရား) သတိကဘာတုံး(နာမ်ပါဘုရား) နှာသီးဖျားမှာတိုးခတ်တွန်းကန်တဲ့လေသဘော က ဘာတုံး (ရုပ်ပါဘုရား) ပေါင်းလိုက်စမ်း (ဝိညာဏ်နာမ်ရုပ်) ဒါကိုရှုရမှာ။

လက္ခဏာသွားရှုလို့ရရဲ့လား(မရပါဘုရား) ဝိညာဏ်နာမ်ရုပ်ရှုလိုက်ရင် ဘာပေါ်မလဲ (လက္ခဏာပေါ်မှာပါဘုရား)

ဥပမာဆိုပါစို့။ ပတ္တမြားရတနာကြီးမှာ အပြစ်သုံးချက်ရှိတယ် ဆိုပါတော့။ အဲဒီအပြစ်ကြည့်ချင်ရင် ပတ္တမြားကိုကြည့်ရမှာလား၊ အပြစ်ကိုကြည့်ရမှာလား၊ (ပတ္တမြားကိုကြည့်ရမှာပါဘုရား) ပတ္တမြားကိုကြည့်ရမယ်။ ပတ္တမြားနဲ့ကင်းပြီး အပြစ်ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) အဲဒီတော့ ကြည့်တော့ဘာကြည့်ရမှာတုံး (ပတ္တမြားပါဘုရား)ပတ္တမြားကြည့်ရင်ဘာတွေ့မှာတုံး (အပြစ်ပါဘုရား) အပြစ်သုံးချက်စင်ရဲ့လား (မစင်ပါဘုရား) အပြစ်မြင်တော့တာဘဲ။ အဲဒီအပြစ်သည် ပတ္တမြားဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ပတ္တမြားသည် အပြစ်ဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒါဖြင့်ကင်းကောင်းရဲ့လား (မကင်းကောင်းပါဘုရား) ယခုလဲ သင်္ခါရနဲ့လက္ခဏာကွဲရတယ်။ လက္ခဏာဆိုတာ အနိစ္စ ဒုက္ခ အနတ္တ၊ သင်္ခါရက ဘာတုံး(ဝိညာဏ်နာမ်ရုပ်ပါဘုရား) ဒီလိုမကွဲရင် ရှုကွက်မှန်ပါ့မလား (မမှန်ပါဘုရား) ဒါ့ကြောင့် လက္ခဏာဆိုတဲ့တရားက ပညတ်လဲမဟုတ်ဘူး၊ ပရမတ်လဲမဟုတ်ဘူး။ သိကြောင်း မှတ်ကြောင်း လက္ခဏာဘဲ ဖြစ်တယ်။ ပညတ်အလားပုံသဏ္ဌာန်တော့ရှိတယ်လို့ အဋ္ဌကထာကပြတယ်။

လက္ခဏံ နာမ ပညတ္တိ ဂတိကံ နဝတ္တဗ္ဗ ဓမ္မဘူတံ၊ ယောပန အနိစ္စ ဒုက္ခမနတ္တာတိ တိဏ္ဏံ လက္ခဏာနံ သလ္လက္ခေတိ တဿ ပဉ္စက္ခန္ဓာ ဂဏ္ဍောဗန္ဓ ကုဏပံ ဝိယ ဟောန္တိ။

လက္ခဏံနာမ၊ လက္ခဏာမည်သည်ကား။ ပညတ္တိဂတိကံ၊ ပညတ်အလားရှိ၏။ လက္ခဏာက ဘာအလားရှိတာတုံး (ပညတ်အလားပါဘုရား) လက္ခဏာဆိုတာ ဘာတွေတုံး (အနိစ္စ ဒုက္ခ အနတ္တ) လက္ခဏာကို ရှုရမှာလား၊ သင်္ခါရကို ရှုရမှာလား (သင်္ခါရကို ရှုရမှာပါဘုရား) ခင်ဗျားတို့က အနိစ္စ, အနိစ္စ ရှုနေတယ်၊ ရှုရမှာက သင်္ခါရကို ရှုရမှာ၊ သင်္ခါရရှုတော့ ဘာပေါ်တုံး (အနိစ္စပေါ်ပါတယ်ဘုရား) ပြီးတော့ (ဒုက္ခပေါ်ပါတယ်ဘုရား) ပြီးတော့ (အနတ္တပေါ်ပါတယ်ဘုရား) ဒီလို ကွဲရဘယ်၊ သင်္ခါရမှ မပိုင်ရင် ရှုကွက်မှန်ပါ့မလား(မမှန်ပါဘုရား) ဒီနေရာ ဘာသင်္ခါရတွေကို ရှုကွက်ယူသွားတာတုံး (ဝိညာဏ် နာမ်ရုပ်ကိုပါဘုရား) ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှိက်တိုင်း) ဒါကြောင့်-

လက္ခဏံ နာမ၊ လက္ခဏာမည်သည်ကား။ ပညတ္တိ ဂတိကံ၊ ပညတ်အလားရှိ၏။ နဝတ္တဗ္ဗ ဓမ္မဘူတံ၊ ပရိတ္တ မဟဂ္ဂတ လောကုတ္တရာ တရားမဟုတ်၊ ပန၊ လက္ခဏာသည် ပညတ်ဖြစ်ပေမဲ့၊ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အနိစ္စ ဒုက္ခ အနတ္တာတိ၊ အနိစ္စ ဒုက္ခ အနတ္တဟူ၍၊ တိဏ္ဏံလက္ခဏာနံ၊ သုံးပါးသော လက္ခဏာတို့ကို။ သလ္လက္ခေတိ။ ဝိညာဏ် နာမ်ရုပ်ပေါ်မှာ မှတ်မှတ်သားသားထင်၏။ ဒီအနိစ္စ ဒုက္ခ

+ အဋ္ဌသာလိနီ နှာ ၂၉၆

အနတ္တဆိုတာ လူတွေ သတ္တဝါတွေပေါ်မှာ ထင်တာလား၊ ဝိညာဏ် နာမ်ရုပ် ပေါ်မှာထင်တာလား (ဝိညာဏ် နာမ်ရုပ်ပေါ်မှာ ထင်တာပါဘုရား)အဲဒီတော့ ဝိညာဏ် နာမ်ရုပ်ပေါ်မှာထင်ရင် ဝိညာဏ် နာမ်ရုပ်ကိုရှုရမှာပါဘုရား) ဝိညာဏ် နာမ်ရုပ်က ဘယ်ဌာနကတုံး (နှာသီးဖျားမှာပါဘုရား) ဘယ်အချိန်မှာတုံး။

ဟော-ဝိညာဏ်ဆိုတာ ဘယ်လိုသဘောတုံး (ဤလိုပြုချင်တဲ့စိတ်သဘောပါ ဘုရား) ဒီစိတ် ဘယ်သူကဖေါ်တာတုံး(သတိကပါဘုရား) သတိကနာမ်၊ နှာသီး ဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့ လေက (ရုပ်ပါဘုရား) အဲဒီလို ကွဲပါစေ၊ ရှုတိုင်းရှိက်တိုင်းကွဲပါစေ၊ ဒီလိုမှမကွဲရင် ဝိပဿနာဉာဏ်ဖြစ်နိုင်ပါမလား(မဖြစ် နိုင်ပါဘုရား) ဒါကြောင့် လက္ခဏာနဲ့ သင်္ခါရကွဲရတယ်၊ ဒါကြောင့် ပညတ္တိ ဂတိကံ၊ ပညတ်အလားရှိ၏။ နဝတ္တဗ္ဗ ခမ္မဘူတံ၊ ပရိတ္တ မဟဂ္ဂတ လောကုတ္တရာ၊ သင်္ခါရတရားမဟုတ်၊ ယော၊ အကြင်သူသည်၊ တီဏိ လက္ခဏာနိ၊ သုံးပါးသော လက္ခဏာတို့ကို။ သလ္လက္ခေတိ၊ ပရမတ္ထတရားပေါ် မှတ်မှတ်သားသားရှိ၏။

မှတ်မှတ်သားသား ဘယ်နှစ်ချက်တုံး(သုံးချက်ပါဘုရား) သုံးချက်ကဘာတုံး (အနိစ္စ ဒုက္ခ အနတ္တ)အဲဒီ အနိစ္စ ဒုက္ခ အနတ္တကို ဝိညာဏ် နာမ်ရုပ်ပေါ်မှာမြင်တဲ့ ဉာဏ်သည် ဘာဉာဏ်တုံး(အာဒီနဝဉာဏ်ပါဘုရား) အပြစ်မြင်တော့ ဒီအပြစ်နဲ့ နေချင်သေးရဲ့လား (မနေချင်ပါဘုရား)အပြစ်မြင်လို့ မနေချင်တာလား (အပြစ် မြင်လို့ပါဘုရား) အပြစ်မမြင်ခင်တော့ ဒီဝိညာဏ် နာမ်ရုပ်တွေဘဲ ရချင်တယ် မြင်ချင်တယ်၊ ဝယ်ပြီးကော မယူခဲ့ဘူးလား(ယူခဲ့ပါတယ်ဘုရား) ကမ္မမူလေန၊ ကံဘည်းဟူသော အဖိုးအခပေးသဖြင့်။ လဒ္ဓံ၊ ရခဲ့တယ်။ ရှေးအတိတ်ကဝယ်ခဲ့ တယ်၊ သိပြီးတော့ဝယ်ခဲ့တာလား၊ မသိဘဲနဲ့ဝယ်ခဲ့တာလား(မသိဘဲနဲ့ပါဘုရား) အပြစ်မြင်ပြီးတော့ ဝယ်တာလား၊ အပြစ်မမြင်ဘဲနဲ့ ဝယ်တာလား(အပြစ်မမြင် ဘဲနဲ့ဝယ်တာပါဘုရား) အပြစ်မမြင်ဘဲနဲ့ ဒါနတွေနဲ့ ဝယ်ခဲ့တယ်၊သီလတွေနဲ့ဝယ် ခဲ့တယ်၊ ဝယ်ခဲ့တော့မရလာဘူးလား (ရလာပါတယ်ဘုရား) ဘာကို ရလာတုံး (ဝိညာဏ် နာမ်ရုပ်ပါဘုရား) အဲဒီ ဝိညာဏ် နာမ်ရုပ်မှာ အပြစ်တွေမရှိဘူးလား (ရှိပါတယ်ဘုရား) ဘာအပြစ်တွေတုံး(အနိစ္စ ဒုက္ခ အနတ္တ အပြစ်တွေပါဘုရား) အပြစ်ဘဲပြန်ရနေပါပကော၊ မရဘူးလား (ရလာပါတယ်ဘုရား) နောက်ထပ် ဝိညာဏ် နာမ်ရုပ်ရချင်သေးရဲ့လား (မရချင်ပါဘုရား) ဘာပြုလို့မရချင်တာတုံး (အပြစ်မြင်လို့ပါဘုရား) အပြစ်မမြင်ရင် ရချင်ဦးမှာဘဲ။ လူချမ်းသာရပါလို၏ ဆိုတော့ ဝိညာဏ်နာမ်ရုပ်ဘဲရမယ်၊ ဝိညာဏ် နာမ်ရုပ်ရတော့ ဘာရလာပါ ဦးမှာတုံး (အပြစ်ပါဘုရား)နတ်ဘဝရရပါလို၏ဆိုပြန်တော့လဲ နတ်ဘဝရတော့ ဘာရမှာတုံး (ဝိညာဏ် နာမ်ရုပ်ရမှာပါဘုရား)။

ဝိညာဏ် နာမ်ရုပ်ဖြစ်လာရင်ဘာဖြစ်လာမလဲ(အပြစ်ပါဘုရား)ဘာပြန်ရမလဲ ဆိုတော့ အပြစ်ဘဲပြန်ရမယ်၊ ဗြဟ္မာဘဝ ဗြဟ္မာချမ်းသာ ရရပါလို၏ဆိုတဲ့တကျော

က ဓမ္မဆောင်ပြီး ခင်ဗျားတို့ကလုပ်ခဲ့တာ၊ ကုသိုလ်ကောင်းမှုလုပ်တဲ့အခါ ရရပါလို၏၊ ရောက်ရပါလို၏၊ ဒီလိုမလုပ်ခဲ့ဘူးလား၊ လုပ်ခဲ့သလား (လုပ်ခဲ့ပါတယ်ဘုရား) ရရပါလို၏၊ ရောက်ရပါလို၏ဆိုတာ ဘာတုံး(တဏှာပါဘုရား) တဏှာဆိုတာ အကြောင်းလား၊ အကျိုးလား (အကြောင်းပါဘုရား) ရရပါလို၏၊ ရောက်ရပါလို၏ ဆိုတာက အပြစ်ရရပါလို၏ဆုတောင်းတာနဲ့ အတူတူဘဲ၊ အပြစ်ကိုပြန်တောင်း အပြစ်ကိုပြန်ယူနေတာနဲ့ မတူဘူးလား (တူပါတယ်ဘုရား) ဘာအပြစ်တွေ ပြန်ရမှာတုံးဆိုတော့ အနိစ္စ ဒုက္ခ အနတ္တ အပြစ်ပြန်ရမှာ၊ ဘယ်သူ့ကြောင့်ရတာတုံး (တဏှာကြောင့်ပါဘုရား) သိလို့တောင်းတာလား၊ မသိလို့တောင်းတာလား (မသိလို့တောင်းတာပါဘုရား) မသိတာ ဘာတုံး (အဝိဇ္ဇာပါဘုရား) လိုချင်တာက (တဏှာပါဘုရား) ပေါင်းလိုက်စမ်း (အဝိဇ္ဇာတဏှာ) အဝိဇ္ဇာတဏှာသည် အကြောင်းတရားလား၊ အကျိုးတရားလား (အကြောင်းတရားပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ မူလနှစ်ပါးသည် (အဝိဇ္ဇာတဏှာ ဝသေန ဒွေမူလာနိ) လက်သန်းအဌကထာ၊ အဝိဇ္ဇာနဲ့ တဏှာသည် မူလနှစ်ပါးလို့ မဆိုထားဘူးလား (ဆိုထားပါတယ်ဘုရား)ဒီမူလနှစ်ပါး မပြတ်သမျှ ပဋိစ္စသမုပ္ပါဒ် လည်မနေဘူးလား(လည်နေပါတယ်ဘုရား) ဒီလိုလည်ခဲ့လို့ အပြစ်ကို မမြင်ဘူး၊ အပြစ်ကိုမမြင်တော့ရချင်တယ်၊ မမြင်တာကအဝိဇ္ဇာ၊ ရချင်တာကတဏှာ၊ အပြစ်မမြင်တာက (အဝိဇ္ဇာပါဘုရား) ဘာကိုမမြင်တာတုံး (အနိစ္စ ဒုက္ခ အနတ္တကိုပါဘုရား) မမြင်တော့ရချင်ရော။ အခုကော မမြင်ဘူးလား(မြင်ပါပြီဘုရား)လူတွေသတ္တဝါတွေပေါ်မှာ မြင်ရမှာလား၊ ဝိညာဏ် နာမ်ရုပ်ပေါ်မှာ မြင်ရမှာလား (ဝိညာဏ် နာမ်ရုပ်ပေါ်မှာ မြင်ရမှာပါဘုရား)။

ဝိညာဏ် နာမ်ရုပ်ပေါ်မှာ အပြစ်မြင်ရင် ဝိညာဏ် နာမ်ရုပ် ရချင်သေးရဲ့လား (မရချင်ပါဘုရား) လူဖြစ်ချင်တယ်ဆိုတာ ဘာကို ရချင်တာတုံး(ဝိညာဏ် နာမ်ရုပ်) နတ်ဖြစ်တယ်ဆိုရင် ဘာရမှာတုံး (ဝိညာဏ် နာမ်ရုပ်)ဖြဟ္မာဖြစ်တယ်ဆိုလဲ ဘာပြန်ရတာတုံး(ဝိညာဏ် နာမ်ရုပ်ပါဘုရား) အဲဒီ ဝိညာဏ် နာမ်ရုပ်က အပြစ်စင်ရဲ့လား(မစင်ပါဘုရား)အပြစ်မစင်ဘူး၊ အပြစ်မစင်တော့ ပြန်ရမှာဘဲ၊ အပြစ်မြင်လာတဲ့အခါ ဒီဝိညာဏ် နာမ်ရုပ်ရချင်သေးရဲ့လား (မရချင်တော့ပါဘုရား) အပြစ်ပြင်လို့လား (ပြင်လို့ပါဘုရား) မြင်တာ ဝိဇ္ဇာလား၊ အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား) အဝိဇ္ဇာချုပ်သွားပြီ၊ မချုပ်ဘူးလား (ချုပ်သွားပါပြီဘုရား)။

အပြစ်မြင်တော့ အပြစ်နဲ့နေရဘာ မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတာအမှန်ဘဲလား (အမှန်ပါဘုရား) ဘာအပြစ်တုံး (အနိစ္စ ဒုက္ခ အနတ္တအပြစ်ပါဘုရား) အနိစ္စ ဒုက္ခ အနတ္တအပြစ်နဲ့နေရတာ ဆင်းရဲတယ်၊ ဆင်းရဲတာ

အမှန်ဆိုတော့ ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)အဲဒီတော့ အပြစ်ရှိတဲ့ ဝိညာဏ် နာမ်ရုပ်ကို နောက်ထပ်ရအောင် ကျိုးစားပါဦးမလား [မကျိုးစားတော့ပါ ဘုရား] သူက လွတ်အောင်ဘဲလုပ်တော့ဘယ်၊ သူပြန်ရအောင် လုပ်ပါဦးမလား [မလုပ်တော့ပါဘုရား] ပုညာဘိ သင်္ခါရတွေနဲ့ကျိုးစားပါဦးမလား ၊(မကျိုးစား ပါဘုရား)ဒီသင်္ခါရမလာတော့ဘူး၊ ကာယသင်္ခါရတွေ ဝစီသင်္ခါရ မနောသင်္ခါရ တွေနဲ့ လုပ်ပါဦးမလား [မလုပ်တော့ပါဘုရား]။

ယခု ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရတွေ မရှိဘူးလား (ရှိပါတယ် ဘုရား) ဒီသင်္ခါရသည် ဘယ်ပေါ်ကလွတ်အောင် ကျိုးစားနေတာလဲ(ဝိညာဏ် နာမ်ရုပ်ကပါဘုရား) ဘာပြုလို့ လွတ်အောင်ကျိုးစားသလဲ (အပြစ်ရှိနေလို့ပါ ဘုရား)အပြစ်မြင်နေတဲ့ဉာဏ်သည် ဘာဉာဏ်ပါလိမ့် [အာဒီနဝဉာဏ်ပါဘုရား] အာဒီနဝဉာဏ်မြင်လိုက်ဘာနဲ့ တပြိုင်နက် ဒုက္ခသစ္စာ ပိုင်းခြားစွာသိတယ်။

နောက်ထပ် ဝိညာဏ် နာမ်ရုပ်မလိုချင် မရချင်ဘူးဆိုကတဲက တဏှာလာသေး ရဲ့လား [မလာတော့ပါဘုရား] တဏှာမချုပ်ဘူးလား [ချုပ်ပါတယ်ဘုရား] တဏှာချုပ်တော့ အကြောင်းတရားမပယ်ဘူးလား (ပယ်ပါတယ်ဘုရား) အဲဒါ သမုဒယသစ္စာပယ်သွားတာ၊ ဘာသစ္စာပယ်သွားတုံး (သမုဒယသစ္စာပါဘုရား) အကြောင်းချုပ်ရင် ဘာချုပ်မလဲ (အကျိုးချုပ်ပါတယ်ဘုရား) အကြောင်း အကျိုးချုပ်တာကနိဗ္ဗာန်၊ အဲဒီနိဗ္ဗာန်ကို သစ္စာဖွဲ့လိုက်တော့ [နိရောဓသစ္စာပါ ဘုရား] ယနေ့ နိဗ္ဗာန်ကို အနုမာနအားဖြင့် မျက်မှောက်ပြုနေတဲ့ ပရိသတ်လို့ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်ဘုရား) အမှန်မြင်လို့လား (အမှန်မြင် လို့ပါဘုရား) အမှန်မြင်တာက ဘာလဲ (သမ္မာဒိဋ္ဌိပါဘုရား)သမ္မာဒိဋ္ဌိသည် မဂ္ဂ သစ္စာ၊ သစ္စာလေးပါးမဆိုက်လာဘူးလား (ဆိုက်လာပါတယ်ဘုရား)။

အပြစ်မြင်လို့လား (မြင်လို့ပါဘုရား) အပြစ်မြင်တာက ဘာဉာဏ်တုံး (အာဒီနဝဉာဏ်ပါဘုရား)အပြစ်မြင်တော့ ဒီအပြစ်နဲ့ နေချင်သေးရဲ့လား(မနေ ချင်ပါဘုရား)ခင်ဗျားတို့ လည်ပင်းမှာ အကောင်ပုပ်ကြီးဆွဲထားရင် ဒီအကောင် ပုပ်ကြီးနဲ့ နေချင်သေးရဲ့လား (မနေချင်ပါဘုရား) အပြစ်မြင်လို့ မနေချင်တာ လား (အပြစ်မြင်လို့ မနေချင်ဘာပါဘုရား)။

တဿ၊ ထိုပုဂ္ဂိုလ်၏၊ ဂိဝါယ၊ လည်ပင်း၌။ ဗန္ဓကုဏပံဝိယ၊ ဆွဲထားအပ် သော အကောင်ပုပ်ကဲ့သို့၊ ရုပ်တရားတွေကဘာနဲ့တူတာတုံး (အကောင်ပုပ်ကြီးနဲ့ ပါဘုရား) အကောင်ပုပ်ကြီးလည်ပင်းဆွဲထားတော့ ဒီအကောင်ပုပ်ကြီးနဲ့နေချင် သေးရဲ့လား (မနေချင်ပါဘုရား) ယခုလဲ ဝိညာဏ်နာမ်ရုပ်က ဘာနဲ့တူတာတုံး (အကောင်ပုပ်ကြီးနဲ့ပါဘုရား) အနံ့ကလဲဆိုးပါ်ဘိတော့နဲ့။ မဆိုးဘူးလား (ဆိုး ပါတယ်ဘုရား) သူ့မှာ အိုဘာလဲရှိဘယ်၊ နာတာလဲရှိတယ် သေတာလဲရှိတယ်။ ဘယ်နှစ်ချက်တုံး (သုံးချက်ပါဘုရား) အပြစ်တွေကမြင်နေပြီ၊ အဲဒီတော့ အပြစ်

ရှိတဲ့ ဝိညာဏ်နာမ်ရုပ်နဲ့ စနေချင်သေးရဲ့လား (မနေချင်ပါဘုရား) ဒီပေါ်မှာ ငြီးငွေ့တဲ့ဉာဏ် ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား) ငြီးငွေ့တဲ့ဉာဏ်က နိဗ္ဗိန္ဒဉာဏ်။

စိတ္တကူဋ်တောင်ခြေရှိ ကြာကန်ထဲမှာ ကျက်စားနေတဲ့ ရွှေဟသာ်မင်းသည် ဒွန်းစဏ္ဍားရွာအပြင်မှာရှိတဲ့ ရွှံ့အိုင်ထဲမှာ သူနေချင်ပါဦးမလား (မနေချင်ပါဘုရား) ယခုလဲ ခင်ဗျားတို့ ကျုပ်တို့ ရွှံ့အိုင် ဗွက်အိုင်ကြီးနဲ့တူတဲ့ ဝိညာဏ်နာမ်ရုပ်ထဲမှာမနေရဘူးလား (နေရပါတယ်ဘုရား) ဒီရွှံ့ဗွက်အိုင်နဲ့တူတဲ့ ဝိညာဏ်နာမ်ရုပ်ထဲမှာနေရတာဖြင့် မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) ဟို စိတ္တကူဋ် တောင်ခြေမှာရှိတဲ့ကြာကန်ဟာဖြင့် နိဗ္ဗာန်နဲ့တူတယ်။ အဲဒီမှာနေရရင်ဖြင့် ဘယ်လောက်ကောင်းမလဲ။ ယခုတော့ကြာကန်နဲ့တူတဲ့ နိဗ္ဗာန်ကိုရပြီလား (မရသေးပါဘုရား)

ဒွန်းစဏ္ဍားတို့ရဲ့ ရွာအထွက်က ရွှံ့ဗွက်အိုင်ထဲမှာ ရွှေဟသာ်မင်း နေရသကဲ့သို့ နိဗ္ဗိန္ဒဉာဏ်ရလာတဲ့အခါကျတော့ ရွှံ့ဗွက်အိုင်နဲ့တူတဲ့ ဝိညာဏ်နာမ်ရုပ်နဲ့ မနေချင်တော့ဘူး။ နေချင်သေးရဲ့လား (မနေချင်ပါဘုရား) မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား)ငြီးငွေ့တဲ့ဉာဏ်ကဘာဉာဏ်တုံး(နိဗ္ဗိန္ဒဉာဏ်ပါဘုရား) နိဗ္ဗိန္ဒဉာဏ် ပေါ်လာတာ။ သို့မဟုတ်ရင်ခင်ဗျားတို့က ဒီဝိညာဏ်နာမ်ရုပ်ပြန်ရရှိရေး ကျိုးစားကြ။ ဒါနတွေ သီလတွေနဲ့ မကျိုးစားဘူးလား၊ ကျိုးစားသလား (ကျိုးစားပါတယ်ဘုရား) အပြစ်မြင်လို့လား (မမြင်လို့ပါဘုရား)ယခုတော့ အပြစ်မြင်လိုက်တာနဲ့တပြိုင်နက် ကျိုးစားသေးရဲ့လား (မကျိုးစားပါဘုရား) ဘယ်လိုကျိုးစားသလဲဆိုတဲ့အခါကျတော့ ရရှိရေးကို မကျိုးစားဘဲနဲ့၊ မရရှိရေး ကျိုးစားတယ်။ ဝိညာဏ်နာမ်ရုပ်က လွတ်မြောက်ရာကိုဘဲ ခင်ဗျားတို့ မကျိုးစားဘူးလား (ကျိုးစားပါတယ်ဘုရား) အပြစ်မြင်လို့လား (မြင်လို့ပါဘုရား)

ဟိမဝန္တာတောမှာကျက်စားနေတဲ့ဆဒ္ဒန်ဆင်မင်းကို နေပြည်တော်မှာ ဘယ်လိုဘဲ အစာအဟာရတွေ ကျွေးမွေးထားထား၊ ဘယ်လိုဘဲ အဆင်တန်ဆာတွေ ဆင်ထားထား၊ ဒီဆင်မင်းကြီးပျော်ပါဦးမလား (မပျော်ပါဘုရား) မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) ယခုလဲ ခင်ဗျားတို့ အစားအစာတွေ ပျော်ပျော်ပါးပါး စားလိုက်ကြ၊အဝတ်တန်ဆာတွေအပြိုင်ဆင်လိုက်ကြနဲ့၊ သိတဲ့လူကတော့ ပျော်သေးရဲ့လား (မပျော်ပါဘုရား) အပြစ်မမြင်တဲ့ပုဂ္ဂိုလ်ကျတော့ ပျော်ကြတယ်။ ပျော်လိုက် ဝတ်လိုက် ပြိုင်လိုက်နဲ့ အပြစ်မမြင်ဘဲကိုဗျ။

ဆဒ္ဒန်ဆင်မင်းကြီးဟာ ဆဒ္ဒန်အိုင်ထဲနေပြီး နေပြည်တော်ရှိတဲ့အိုင်ထဲမှာ ဘယ်လိုဘဲ အကောင်းတွေကျွေးကျွေး၊ အဆင်တန်ဆာတွေဆင်ထားထား၊ ဒီဆဒ္ဒန်ဆင်မင်းကြီးပျော်နိုင်ရဲ့လား (မပျော်နိုင်ပါဘုရား) မပျော်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမှာငြီးငွေ့တယ်။ ဟို -ဟိမဝန္တာတောထဲမှာရှိတဲ့ ဆဒ္ဒန်အိုင်ကြီးက ကျယ်ကျယ်ဝန်းဝန်းနဲ့ ပျော်စရာကောင်းတယ်။ ဆဒ္ဒန်အိုင်က ဘာနဲ့တူသလဲဆို

တော့ နိဗ္ဗာန်နဲ့တူတယ်။ ယခုခင်ဗျားတို့ဆိုရင် လောကအလယ်မှာ စားလိုက်ဟ၊ ဝတ်လိုက်ဟနှင့်ပျော်လိုက်ကြတာ ပျော်စရာရှိရဲ့လား (မရှိပါဘုရား) အပြစ်မြင်လို့လား (အပြစ်မြင်လို့ပါဘုရား)

ဘာအပြစ်တွေမြင်နေတာတုံး (အနိစ္စ ဒုက္ခ အနတ္တရဲ့အပြစ်ပါဘုရား) ဘယ်ပေါ်မှာ မြင်တာတုံး (ဝိညာဏ်နာမ်ရုပ်ပေါ်မှာပါဘုရား) ရွှေတွေ ငွေတွေ ဘယ်လောက်ဘဲရှိရှိ ဝိညာဏ်နာမ်ရုပ်ရှိတာဘဲ၊ ပစ္စည်းဥစ္စာတွေရှိနေတာလား၊ဝိညာဏ်နာမ်ရုပ်ရှိနေတာလား (ဝိညာဏ်နာမ်ရုပ်ရှိနေတာပါဘုရား) (အတ္တေနဝါ အတ္တနိယေနဝါ) ဆိုဘာကိုဗျ။ အတ္တေနဝါ၊ ငါဆိုတဲ့သဘောမှရှင်း၊ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဆိုတဲ့သဘောမှရှင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ရှိတာက ငါရှိတာဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာရှိတာတုံး(ဝိညာဏ်နာမ်ရုပ်ပါဘုရား) ပစ္စည်းဥစ္စာကောရှိရဲ့လာ· (မရှိပါဘုရား) ခင်ဗျားတို့က မရှိတာကျတော့ ငါငါလုပ်ကယ်။ ပြီးတော့ ငါ့ဥစ္စာတွေက ပါလာဘယ်။ ဝိညာဏ်နာမ်ရုပ်ကိုမမြင်ဘူး။ ဝိညာဏ်နာမ်ရုပ်ရဲ့ အပြစ်ကို မမြင်တော့ ပျော် နိုင် တယ်။ ဝိညာဏ်နာမ်ရုပ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တကို မမြင်တော့ မငြီးငွေ့နိုင်ဘူး။ စားလို့ကောင်းလိုက်တာ အိပ်လို့ကောင်းလိုက်တာနဲ့ ပျော်လိုက်တာ။ အပြစ်ကိုမသိဘူး။ အပြစ်ကိုမသိတာ လူကမသိတာလား၊ အဝိဇ္ဇာကမသိတာလား (အဝိဇ္ဇာကမသိတာပါဘုရား)ပျော်တာကဘာတုံး[တဏှာ] အဝိဇ္ဇာတဏှာနဲ့ပျော်နေတဲ့ပရိသတ်ပါလားလို့ ပြောထိုက် မပြောထိုက် (ပြောထိုက်ပါတယ်ဘုရား)

အဝိဇ္ဇာတဏှာဆိုတာ ကုသိုလ်လား (အကုသိုလ်ပါဘုရား) ကုသိုလ်နဲ့ ပျော်နေတာလား (အကုသိုလ်နဲ့ပျော်နေတာပါဘုရား) ဒီအတိုင်း အဖြေထွက်မလာဘူးလား (ထွက်လာပါတယ်ဘုရား) ဒါကြောင့် တကာတကာမတွေ အပြစ်မြင်ရမှာလား(အပြစ်မြင်ရမှာပါဘုရား)အပြစ်မြင်မှအားထုတ်ချင်မှာကိုးဗျ၊ ဒီအပြစ်က လွတ်ချင်အောင်လုပ်မှာ။ သို့မဟုတ်ရင် လုပ်ပါ့မလား (မလုပ်ပါဘုရား) လုပ်ငန်း မပါဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) အပြစ်တွေ့မနေဘူးလား (တွေ့နေပါတယ်ဘုရား)

ကေသရာဇာခြင်္သေ့မင်းကြီးကို လှောင်ချိုင့်ထဲမှာထားပြီး ဘယ်လိုဘဲကျွေးကျွေး၊ ကေသရာဇာခြင်္သေ့မင်းကြီးပျော်နိုင်ရဲ့လား (မပျော်နိုင်ပါဘုရား)ယခုလဲလှောင်ချိုင့်နဲ့တူတဲ့ သုံးဆယ့်တဘုံထဲမှာ အလှောင်ခံမနေရဘူးလား (ခံနေရပါတယ်ဘုရား) ဒီသုံးဆယ့်တစ်ဘုံထဲမှာ စားနေလိုက် ဝတ်နေလိုက်နဲ့အလှောင်ခံနေရတာ။ အပြစ်မြင်လိုက်တာနဲ့တပြိုင်နက် သုံးဆယ့်တစ်ဘုံထဲမှာနေချင်သေးရဲ့လား (မနေချင်တော့ပါဘုရား) ရချင်သေးရဲ့လား (မရချင်တော့ပါဘုရား) ဘာပြုလို့တုံး (အပြစ်မြင်နေလို့ပါဘုရား) အပြစ်မြင်တဲ့ဉာဏ်က အာဒီနဝဉာဏ်၊ ငြီးငွေ့တာက (နိဗ္ဗိန္ဒဉာဏ်)

ငြိမ်းငွေ့တော့ ဒီဝိညာဏ်နာမ်ရုပ်က မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဘုရား) ဝိညာဏ်နာမ်ရုပ်ကလဲ အချိန်တိုင်းမှာရှိတယ်။ အော်- ဝိညာဏ်နာမ်ရုပ်သာ မရှိရင် ဘယ်လောက်ကောင်းမလဲ၊ ဘယ် လောက် အေး မ လဲ။ ယ ခု တော့ ဝိညာဏ်နာမ်ရုပ်ရှိနေလို့ အပြစ်တွေကပုံကျနေတာ။ ဝိညာဏ်နာမ်ရုပ်သာ မရှိရင် အပြစ်ရှိပါ့မလား (မရှိပါဘုရား) အပြစ်မရှိတဲ့နေရာဌာနကဘာတုံး (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ကိုညွှတ်မသွားဘူးလား (ညွှတ်သွားပါတယ်ဘုရား) သားသမီးတွေ ဆွေမျိုးတွေပေါ်မှာ ညွှတ်နေတာလား၊ နိဗ္ဗာန်ဘက်ကို ညွှတ်နေတာလား၊ (နိဗ္ဗာန်ဘက်ကိုညွှတ်နေတာပါဘုရား) အပြစ်မြင်လို့ညွှတ်တာလား၊ အပြစ်မမြင်လို့ညွှတ်တာလား (အပြစ်မြင်လို့ညွှတ်တာပါဘုရား)

ခင်ဗျားတို့အပြစ်မမြင်ရင် သားသမီးတွေအပေါ် ညွှတ်လိုက်။ အိုးအိမ်တွေပေါ်ညွှတ်လိုက်၊ ကာမဂုဏ်တွေပေါ်ညွှတ်လိုက်နဲ့ ညွှတ်နေတယ်။ နိဗ္ဗာန်ညွှတ်ထဲ့အချိန်နဲ့ ကာမဂုဏ်ညွှတ်တဲ့အချိန် ဘယ်အချိန်ကများတုံး (ကာမဂုဏ်ညွှတ်တဲ့အချိန်တွေကများပါတယ်ဘုရား) အပြစ်မြင်လို့ညွှတ်တာလား (အပြစ်ပမြင်လို့ညွှတ်တာပါဘုရား) ယခုခင်ဗျားတို့ အပြစ်မတွေ့ဘူးလား၊ တွေ့သလား (တွေ့ပါတယ်ဘုရား) ဘယ်ပေါ်မှာ အ ပြစ် တွေ့ တာ တုံး (ဝိညာဏ်နာမ်ရုပ်ပေါ်မှာပါဘုရား) အပြစ်တွေ့တော့ ဝိညာဏ်နာမ်ရုပ်ရချင်သေးရဲ့လား (မရချင်ပါဘုရား) ဝိညာဏ်နာမ်ရုပ်တို့ရဲ့ချုပ်ရာဌာနကဘာတုံး (နိဗ္ဗာန်ပါဘုရား) ဝိညာဏ်နာမ်ရုပ်က သခ်တတရား၊ နိဗ္ဗာန်က (အသင်္ခတတရားပါဘုရား) အသင်္ခတဘက်ဘဲ ညွှတ်ညွှတ်သွား၊ လှည့်လှည့်သွား။ လူကလှည့်တာလား၊ဉာဏ်ကလှည့်တာလား(ဉာဏ်က လှည့်တာပါဘုရား) ဉာဏ်ကလှည့်လှည့်ပေးရတယ်။

တကာ တကာမတွေက နိဗ္ဗာန်ဘက်ကိုမလှည့်ဘူး၊ ကာမဂုဏ်ဘက် လှည့်နေတော့ ဂျမ်းပြန်ကျလာတယ်၊ မကျဘူးလား (ကျပါတယ်ဘုရား) အပြစ်မြင်လို့လား (မမြင်လို့ပါဘုရား) ယခု တနာရီအတွင်းမှာဖြင့် ဉာဏ်ဘယ်လှည့်နေတာတုံး (နိဗ္ဗာန်ကိုပါဘုရား) အပြစ်မြင်လို့လှည့်တာလား(အပြစ်မြင်လို့ပါဘုရား) ဘာအပြစ်တွေမြင်လို့တုံး(အနိစ္စ ဒုက္ခ အနတ္တရဲ့အပြစ်တွေပါဘုရား)သူနဲ့ နေရတာကို ငြိမ်းငွေ့သွားပြီ၊ အပြစ်မြင်တာက ဘာဉာဏ်(အာဒီနဝဉာဏ်ပါဘုရား) ငြိမ်းငွေ့တာက(နိဗ္ဗိဒ္ဒဉာဏ်ပါဘုရား)ငြိမ်းငွေ့တော့မလွတ်ချင်ဘူးလား(လွတ်ချင်ပါတယ်ဘုရား)လွတ်ချင်တာက မုစ္စိတု ကမျတာဉာဏ်၊ ဉာဏ်တဆက်ထဲ ထွက်မလာဘူးလား (ထွက်လာပါတယ်ဘုရား) ဘယ်အပေါ်က လွတ်ချင်တာတုံး (ဝိညာဏ်နာမ်ရုပ်ပေါ်ကပါဘုရား)အပြစ်ရှိတာလဲ ဘယ်ပေါ်မှာတုံး (ဝိညာဏ် နာမ်ရုပ်ပေါ်မှာပါဘုရား)အပြစ်ရှိတဲ့အပေါ်က လွတ်ချင်တာပေါ့၊ အပြစ်မရှိတဲ့အပေါ်က အလကား လွတ်ချင်ပါ့မလား၊

ခင်ဗျားတို့က သားတွေ သမီးတွေ စွန့်ချင်ရတာနဲ့ တရားရတာနဲ့ သားသမီး စွန့်တာနဲ့ တခြားစီ၊ စွန့်လွှတ်ရမှာက ဝိညာဏ် နာမ်ရုပ်ပေါ်က လွှတ်ရမှာ၊ ခန္ဓာ ငါးပါးပေါ်က လွှတ်ရမှာ၊ သားတွေ သမီးတွေပေါ်က လွှတ်ရမှာလား၊ ခန္ဓာ ငါးပါးပေါ်က လွှတ်ရမှာလား(ခန္ဓာငါးပါးပေါ်က လွှတ်ရမှာပါဘုရား) ခန္ဓာ ငါးပါးနဲ့ ဝိညာဏ် နာမ်ရုပ်အတူတူဘဲ၊ နောက်ထပ် ဝိညာဏ် နာမ်ရုပ်ဖြစ်ရင်လဲ အပြစ်နဲ့တွေ့မှာဘဲ၊ မတွေ့ဘူးလား (တွေ့မှာပါဘုရား) ယခုတော့ အပြစ်မြင် လိုက်တာနဲ့ တပ်ိုင်နက် ဝိညာဏ် နာမ်ရုပ် ရချင်သေးရဲ့လား (မရချင်တော့ပါ ဘုရား) ဝိညာဏ် နာမ်ရုပ်က လွှတ်ချင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (မုစ္စိတုကမျတာဉာဏ်ပါဘုရား)။

တကာတကာမတွေ ပြောပါဦးမယ်၊ တံငါယောကျ်ားတယောက်ရှိတယ်။ တံငါယောကျ်ားက ပိုက်ကွန်ကြီးနဲ့ ငါးဖမ်းလိုက်တာ ဘာသွားမိသလဲဆိုတော့ မြွေဟောက်သွားမိတယ်၊ ဘာသွားမိတာတုံး (မြွေဟောက်ကိုပါ ဘုရား) မြွေ ဟောက်သွားမိတယ်ဗျ၊ ဒါနဲ့ တံငါယောကျ်ားက ကြီးလိုက်တဲ့ငါးကြီးရပြီလို့ ဆိုပြီး ပိုက်ကွန်ကိုဆွဲယူလိုက်တယ်၊ သူကဘာထင်နေတာတုံး (ငါးလို့ထင်နေ တာပါဘုရား) မိတာက ဘာတုံး (မြွေဟောက်ကိုပါဘုရား) ကိုက်ရင်သေမှာ၊ သူကငါးလို့ထင်ပြီး အားရပါးရယူလိုက်တယ်။

ယခုလဲ ခင်ဗျားတို့ ကျုပ်တို့ကဖြင့် ဒါနတွေ သီလတွေ သမထတွေနဲ့ အားရ ပါးရယူထားလိုက်တာ တံငါယောကျ်ားနဲ့ မတူဘူးလား (တူပါတယ်ဘုရား) အားရပါးရနဲ့လုပ်လိုက်တာ ဘာရလာတုံးဆိုတော့ မြွေဟောက်ကြီး ရလာတယ်၊ မြွေဟောက်ကြီးရလာတာကို မြွေဟောက်မှန်းမသိဘဲနဲ့ ငါးလို့သိနေတယ်၊ ဘာ လို့သိနေတုံး (ငါးလို့သိနေပါတယ်ဘုရား) ဘယ်သူက ဖုံးလွှမ်းထားလို့တုံး (အဝိဇ္ဇာကပါဘုရား) ငါးထင်ပြီး အားရပါးရယူထားလိုက်တယ်၊ မြွေဟောက် ကြီးက ဘာနဲ့တူသလဲဆိုတော့ ဝိညာဏ် နာမ်ရုပ်နဲ့တူတယ်၊ မြွေဟောက်ကြီးနဲ့ တူတဲ့ ဝိညာဏ် နာမ်ရုပ်ကို ငါးထင်ပြီး ယူထားလိုက်တာ ကျွေးမွေးလိုက်တာ ဖြင့် သေသေချာချာသိလို့လား [မသိလို့ပါဘုရား]။

သေချာကြည့်လိုက်တဲ့ အခါကျတော့ ဒီမြွေဟောက်ကြီးက လည်ရစ်ကြီး သုံးရစ်နဲ့၊ အမယ်လေး ပါးပျဉ်းထောင်ပြီး ကိုက်လိုက်ရင် မ သေ ဘူး လား [သေပါတယ်ဘုရား] အော်-ငါးမှတ်လို့ ယူထားတာ ခုမှ မြွေဟောက်မှန်းသိ တယ်၊ သိတော့ဘေးကြီးရလာတယ်၊ ဝိညာဏ် နာမ်ရုပ်ဘေးကြီးရလာတာ၊ ယခု ခင်ဗျားတို့ရထားတာက ဘာကိုရထားတာလဲ (ဘေးကြီးရထားတာပါဘုရား) ဘေးကြီးရထားတာနော် ကိုက်လိုက်ရင်သေမှာ။

အဲဒါ ဘာဉာဏ်နဲ့ တူသလဲဆိုတော့ ဘယဉာဏ်နဲ့တူတယ်၊ ဘာဉာဏ်နဲ့တူ တုံး(ဘယဉာဏ်ပါဘုရား) ဘေးနှင့်တူတဲ့ ဝိညာဏ် နာမ်ရုပ်ကို သေချာကြည့်

လိုက်တဲ့အခါ အပြစ်ဘယ်နှစ်ချက်ပါလိမ့် (သုံးချက်ပါဘုရား) အဲဒီအပြစ်သုံးချက်က ဘာနဲ့တူသလဲဆိုတော့ လည်ရစ်ကြီးတွေနဲ့တူတယ်၊ ဒီလည်ရစ်ကြီးတွေထပြီး မြွေဟောက်ကိုက်လိုက်ရင် မသေဘူးလား (သေမှာပါဘုရား) သေမှာဘဲဆိုတဲ့ အပြစ်ဘေးကြီး မြင်သာတယ်၊ မြင်တော့ ဒီမြွေဟောက်ကြီးနဲ့ အတူတူနေချင်သေးရဲ့လား (မနေချင်ပါဘုရား) အတူတူနေတာကိုဘဲ ခင်ဗျားတို့ငြီးငွေ့တယ်၊ မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) ခင်ဗျားတို့ ကျုပ်တို့လဲ မြွေဟောက်ကြီးနဲ့တူတဲ့ ဝိညာဏ် နာမ်ရုပ်နဲ့ ယခုမနေရဘူးလား၊ နေရသလား (နေရပါတယ်ဘုရား) မြွေဟောက်ကြီးမထအောင် ချော့လိုက်ရတာ။ မြွေဟောက်ကြီးထလာတော့ ဆေးတွေသိုးလိုက် ဆေးတွေစားလိုက် ငြိမ်ငြိမ်နေရရဲ့လား (မနေရပါဘုရား) ဘယ်နေရမလဲ မြွေဟောက်ကြီးနဲ့တူတဲ့ ဝိညာဏ် နာမ်ရုပ်ရထားတာ။

လည်ရစ်ကြီးတွေမထဘူးလား (ထပါတယ်ဘုရား) လည်ရစ်ထလာပြီး ကိုက်လိုက်ရင်သေမှာ၊ ခင်ဗျားတို့ အကိုက်ဘေးခံရမှာဘဲ။ ယခုမကိုက်အောင် ဆေးနဲ့ ချော့လိုက်၊ အစာနဲ့ချော့လိုက်၊ အအိပ်နဲ့ချော့လိုက်၊ချော့မနေရဘူးလား (ချော့နေရပါတယ်ဘုရား)

\+ **ကာလေနကာလံ ဝုဋ္ဌာပေတဗ္ဗာ ကာလေနကာလံ န္ဟာပေတဗ္ဗာ ကာလေနကာလံ ဘောဇေတဗ္ဗာ ကာလေနကာလံ သံဝေသေတဗ္ဗာ။**

ထချိန်တန်ထပေးရတယ်၊ရေချိုးပေးချိန်တန်ရေချိုးပေးရတယ်။ မြွေဟောက်ကြီးကို မချိုးပေးရဘူးလား (ချိုးပေးရပါတယ်ဘုရား) ဒါကိုခင်ဗျားတို့က ငါထင်ပြီး အပြိုင်ဆင်နေကြတယ်။ ရသားတာကဘာတုံး (မြွေဟောက်ပါဘုရား) အကောင်းရတာလား၊ အဆိုးရတာလား (အဆိုးရတာပါဘုရား) ဘေးကင်းရဲ့လား (မကင်းပါဘုရား)

လည်ရစ်ကဘယ်နှစ်ခုပါလိမ့် (သုံးခုပါဘုရား) လည်ရစ်သုံးခုက ဘာနဲ့တူတုံး (အနိစ္စ ဒုက္ခ အနတ္တနဲ့ တူပါတယ်ဘုရား) အချိန်တိုင်း အနိစ္စ ဒုက္ခ အနတ္တ ဖြစ်မနေဘူးလား[ဖြစ်နေပါတယ်ဘုရား]အချိန်တိုင်းအချိန်တိုင်း လည်ရစ်ထနေတာ။ ဘယ်အချိန်မှာတုံး (ရှူတိုင်း ရှိုက်တိုင်း) ရှူတိုင်း ရှိုက်တိုင်း လည်ရစ်ထမနေဘူးလား (ထနေပါတယ်ဘုရား) အပြစ်မြင်မလာဘူးလား (မြင်လာပါတယ်ဘုရား) ဘေးလို့မြင်တာက ဘာဉာဏ်တုံး (ဘယဉာဏ်) အပြစ်မြင်တာက (အာဒီနဝဉာဏ်) မြွေဟောက်ကြီးနဲ့နေရတာကို သူမပျော်နိုင်ဘူး။ မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) အဲဒါကဘာဉာဏ် (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)

\+ သဠာယတနသံယုတ် ပါ၊ အာသိဝိသောပမသုတ် နှာ ၃၀၁

အော်-ခင်ဗျားတို့ ကျွေးလိုက်ရတာ မြွေဟောက်ကြီးမှန်း မသိတော့ ပျော်ပျော်ဘဲစားတယ်၊ ယခုတော့ ပျော်ပျော်စားလို့ရရဲ့လား (မရပါဘုရား) မငြီးငွေ့ဘူးလား၊ ငြီးငွေ့သလား (ငြီးငွေ့ပါတယ်ဘုရား) မြွေဟောက်ကြီးပါးပျဉ်း မထအောင်ကျွေးပေးရတယ်၊ မကိုက်အောင်အိပ်ပေးရတယ်၊ ဆေးပေးရတယ်၊ ဆေးရုံတက်ရတယ်၊ မလုပ်ရဘူးလား(လုပ်ရပါတယ်ဘုရား) ဒါကို ငြီးငွေ့ရမှန်း မသိဘူး၊ သိရဲ့လား(မသိပါဘုရား) ဒါကိုဘဲ အပြိုင်လုပ်နေတယ်ဗျ၊ ဘာဖြစ်ဖြစ် ပြိုင်လိုက်တာဘဲ၊ အဝတ်အစားပြိုင်ရတာနဲ့၊ အိမ်ပြိုင်ရတာနဲ့ မော်တော်ကားပြိုင်ရတာနဲ့ မပြိုင်ဘူးလား (ပြိုင်ပါတယ်ဘုရား) သိလို့လား (မသိလို့ပါဘုရား) အပြစ်ရှိမှန်း မသိလို့ဗျ။

ဘယ်လောက်ဘဲ ပစ္စည်းဉစ္စာရှိနေနေ လည်ရစ်ကြီးသုံးရစ်ထပြီး ကိုက်လိုက်ရင် တို့သေတော့မှာပါလားဆိုတော့ ပျော်နိုင်သေးရဲ့လား (မပျော်နိုင်ပါဘုရား) ဒီဝိညာဏ် နာမ်ရုပ်ဆိုတဲ့ ခန္ဓာနဲ့နေရတာ ပျော်သေးရဲ့လား (မပျော်ပါဘုရား) မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား)ငြီးငွေ့တော့မလွတ်ချင်ဘူးလား(လွတ်ချင်ပါတယ်ဘုရား)လွတ်ချင်တာကဘာဉာဏ် (မုစ္စိတုကမျတာဉာဏ်ပါဘုရား)

အော်-မြွေဟောက်ကြီး ဒီအတိုင်းထားလို့ မဖြစ်ဘူးနော်၊ သူလွတ်ချင်လာပြီ၊ ထားလို့ရပါ့မလား (မရပါဘုရား) မြွေဟောက်ကြီး ဒီအတိုင်းထားရင် ငါ့ကိုက်မှာဘဲဆိုပြီး ခေါင်းကိုကိုင်လိုက် အမြီးကို ကိုင်လိုက်တယ်၊ လွတ်ချင်တော့ ခင်ဗျားတို့လွတ်ရဲ့လား (မလွတ်ပါဘုရား) မလွတ်သေးဘူး၊ လွှတ်လိုက်ရင်လဲ မကိုက်ဘူးလား (ကိုက်မှာပါဘုရား) ဒီအတိုင်းလွှတ်လို့ ဖြစ်ပါ့မလား၊ သူ့ရဲ့ ခေါင်းကိုကိုင်ပြီး မြွေဟောက်ကြီးမောသွားအောင် မရမ်းရဘူးလား (ရမ်းရမှာပါဘုရား) မြွေဟောက်ကိုရမ်းသလို ဝိညာဏ် နာမ်ရုပ်ကို ဘယ်လိုရမ်းရမလဲဆိုတော့ အနိစ္စ ဒုက္ခ အနတ္တလို့ရှုလိုက်၊ ဘယ်ပေါ်မှာရှုရမှာတုံး (ဝိညာဏ် နာမ်ရုပ်ပေါ်မှာပါဘုရား) အဲဒီ ဝိညာဏ်နာမ်ရုပ်ပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တနဲ့ အဖန်တလဲလဲရှုနေတဲ့ဉာဏ်က ပဋိသင်္ခါဉာဏ်၊ ဘာဉာဏ်တုံး(ပဋိသင်္ခါဉာဏ်ပါဘုရား) မြွေဟောက်ကြီးကို ရမ်းနေတာနဲ့မတူဘူးလား(တူပါတယ်ဘုရား)။

မြွေဟောက်နဲ့တူတဲ့ ဝိညာဏ် နာမ်ရုပ်ကို ဘေးဘဲလို့မြင်လာတာ၊ ဘာဉာဏ် (ဘယဉာဏ်ပါဘုရား)မြွေဟောက်ကြီးမှာ လည်ရစ်သုံးရစ်နဲ့တူတဲ့ ဝိညာဏ် နာမ်ရုပ်ပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တလို့မြင်တာက ဘာဉာဏ် (အာဒီနဝဉာဏ်ပါဘုရား) အပြစ်လို့ဆိုတဲ့ မြွေဟောက်နဲ့တူတဲ့ ဝိညာဏ် နာမ်ရုပ်နဲ့ နေချင်သေးရဲ့လား (မနေချင်တော့ပါဘုရား) မနေချင်ဘူးဆိုကတည်းက မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) ငြီးငွေ့တာက ဘာဉာဏ် (နိဗ္ဗိန္ဒာဉာဏ်) ငြီးငွေ့တော့ မလွတ်ချင်ဘူးလား(လွတ်ချင်ပါတယ်ဘုရား)။

မြေ့ရှဲပါးစပ်ထဲမှာ ဖါးရောက်သွားရင် ဖါးကမြွေပါးစပ်ထဲက မလွှတ်ချင်ဘူးလား(လွှတ်ချင်ပါတယ်ဘုရား)လွှတ်ချင်သလို ခင်ဗျားတို့ကျုပ်တို့လဲ ဝိညာဏ်နာမ်ရုပ်နဲ့တူတဲ့ မြွေ့ရှဲပါးစပ်ထဲက မလွှတ်ချင်ဘူးလား၊ လွှတ်ချင်သလား (လွှတ်ချင်ပါတယ်ဘုရား) လွှတ်ချင်တာ လူကလွှတ်ချင်တာလား၊ ဉာဏ်က လွှတ်ချင်တာလား (ဉာဏ်က လွှတ်ချင်တာပါဘုရား) လွှတ်ချင်တဲ့ဉာဏ်က ဘာဉာဏ် (မုစ္စိတု ကမျတာဉာဏ်ပါဘုရား)။

ကျော့ကွင်းထဲမှာမိနေတဲ့ သမင်သည် ကျော့ကွင်းက မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား) ကျော့ကွင်းက လွှတ်ချင်သလို ခင်ဗျားတို့ ကျုပ်တို့လဲ ကြော့ကွင်းနဲ့တူတဲ့ ဝိညာဏ် နာမ်ရုပ်က မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား) လွှတ်ချင်နေတယ်၊ သိလို့ လွှတ်ချင်တာလား (သိလို့လွှတ်ချင်တာပါဘုရား) သိလို့လွှတ်ချင်ဘာနေဘ်။

ဂဠုံလက်ထဲမှာမိနေတဲ့ နဂါးသည် ဂဠုံလက်ထဲက မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား)ခင်ဗျားတို့ ကျုပ်တို့လဲ ဝိညာဏ် နာမ်ရုပ်ထဲမှ ဉာဏ်က လွှတ်ချင်စိတ်မပေါ်ဘူးလား(ပေါ်ပါတယ်ဘုရား) တံငါပိုက်ကွန်ထဲမှာ မိနေတဲ့ ငါးသည် ပိုက်ကွန်တွင်းမှ မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား) လွှတ်ချင်သလို သုံးဆဲ့တစ်ဘုံတည်းဟူသော ပိုက်ကွန်ကြီးက မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား)လွှတ်ချင်တဲ့ဉာဏ်က ဘာဉာဏ်တုံး (မုစ္စိတု ကမျတာဉာဏ်ပါဘုရား)။

လှောင်ချိုင့်ထဲမှာမိနေတဲ့ငှက်သည် သူကော မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား)လွှတ်ချင်သလို ခုလဲ ခင်ဗျားတို့ ရှုတိုင်း ရှိုက်တိုင်းမှာ ဘာတွေဖြစ်နေကုံး(ဝိညာဏ် နာမ်ရုပ်ပါဘုရား) ဝိညာဏ် နာမ်ရုပ် အသစ်အသစ်ဖြစ်တဲ့ဘေးကြီးကနေပြီးတော့ မလွှတ်ချင်ဘူးလား (လွှတ်ချင်ပါတယ်ဘုရား) အဲဒီ လွှတ်ချင်တဲ့ဉာဏ်သည် ဘာဉာဏ် (မုစ္စိတု ကမျတာဉာဏ်ပါဘုရား) လွှတ်ချင်တော့ လွှတ်ရဲလား(မလွှတ်ပါဘုရား)မလွှတ်တော့ ဒီဝိညာဏ် နာမ်ရုပ်ကို ပြန်ပြီးတော့ မရှုဘူးလား(ရှုပါတယ်ဘုရား) မရှုလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒီဝိညာဏ် နာမ်ရုပ်ကိုပြန်ပြီးရှုနေတာ၊အဲဒီလို အဖန်တလဲလဲပြန်ပြီးရှုနေတဲ့ဉာဏ်ကဘာဉာဏ် (ပဋိသင်္ခါဉာဏ်ပါဘုရား)။ အဲဒီတော့ အာဒီနဝဉာဏ်၊နိဗ္ဗိန္ဒာဉာဏ်၊ မုစ္စိတု ကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ် ဘယ်နှစ်ဉာဏ်တုံး (လေးဉာဏ်ပါဘုရား) အဲဒီဉာဏ်လေးဉာဏ်နဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ပူဇော်ကြပါစို့။

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
။ ။ ဓမ္မံပူဇေမိ
။ ။ သံဃံပူဇေမိ

သက္ကရာဇ် ၁၃၄၀-ခု၊ သီတင်းကျွတ် လဆန်း (၁၂) ရက်နေ့ ဟောကြားသောတရား။

## ဂဏကမောဂ္ဂလာန်

မခနေ့က ပြောခဲ့တဲ့အတိုင်းဘဲ၊ သစ်ပင်တပင်ကို ဖြတ်တဲ့အခါမှာ ပထမ အခွံဖြတ်ပြီးမှ ဒုတိယ အကာကိုဖြတ်၊ အကာကိုဖြတ်ပြီးမှ အနှစ်ကိုဖြတ်တယ်၊ အဲဒီအတိုင်းပါဘဲ၊ အခွံနဲ့ အကာမပြတ်ဘဲနဲ့ အနှစ်ပြတ်ပါတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား [မဖြစ်နိုင်ပါဘုရား] ပြောရုံတော့ ပြောနိုင်ပါတယ်၊ တကာတကာမတွေလဲ အားမထုတ်ဘဲနဲ့ ကျင့်စဉ်မပါဘဲနဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေသိပြီး ကိလေသာတွေကုန်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)။

အဲဒီတော့ တကာ တကာမတွေ ဘာလိုသလဲဆိုတော့ အားထုတ်ဘို့လိုပါတယ်၊ ဘာလိုသလဲ (အားထုတ်ဘို့လိုပါတယ်ဘုရား) အားထုတ်ဘို့ဆိုတာ သွားဘို့လိုပါတယ်၊ မသွားရင်ရောက်ပါ့မလား (မရောက်ပါဘုရား) မြတ်စွာဘုရားကိုယ်တော်မြတ်လက်ထက်တော်အခါက (ဂဏကမောဂ္ဂလာန်) ပုဏ္ဏားကြီးက မြတ်စွာဘုရားကို ဘယ်လိုလျှောက်ထားသလဲဆိုတော့ ဘုန်းတော်နေ၀န်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားတဲ့။ အရှင်ဘုရား၏ သာသနာတော်မှာဖြင့် နိဗ္ဗာန်ဆိုတဲ့ တရားလဲရှိပါတယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားလဲရှိပါတယ်၊ နိဗ္ဗာန်ကိုညွှန်ကြားတဲ့အရှင်ဘုရားလဲ ရှိပါတယ်ဘုရား၊ အင်္ဂါဘယ်နှစ်ချက်တုံး (သုံးချက်ပါဘုရား)။

နိဗ္ဗာန်လဲရှိတယ်တဲ့၊ မရှိဘူးလား (ရှိပါတယ်ဘုရား) နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းကော မရှိဘူးလား (ရှိပါတယ်ဘုရား) နိဗ္ဗာန်ကို ညွှန်ကြားတော်မူတဲ့ အရှင်ဘုရားကိုယ်တော်တိုင်လဲ (ရှိပါတယ်ဘုရား) ဒီအင်္ဂါသုံးချက်ရှိလျက်နဲ့ အချို့နိဗ္ဗာန်ရောက်ပြီးတော့ အချို့နိဗ္ဗာန်မရောက်တာ၊ ဘယ်အကြောင်းကြောင့်ပါလဲဘုရားတဲ့။ ဂဏကမောဂ္ဂလာန် ပုဏ္ဏားကြီးက မြတ်စွာဘုရားကို မလျှောက်ဘူးလား (လျှောက်ပါတယ်ဘုရား) ဒါနဲ့ မြတ်စွာဘုရားက တိုတိုဘဲ ဟောတော်မူပါတယ်၊ ဂဏကမောဂ္ဂလာန်ပုဏ္ဏား၊ သင့်ကိုငါမေးမယ်၊ ရာဇဂြိုဟ်ပြည်ကိုသွားလိုတဲ့ ယောကျ်ားတယောက်က သင့်ထံ ရောက်လာတယ် ဆိုပါတော့၊ ကျွန်တော် ရာဇဂြိုဟ်ပြည်ကို သွားချင်ပါတယ် ခင်ဗျာ၊ ကျွန်တော့ကို ရာဇဂြိုဟ်ပြည်သွားတဲ့ လမ်းပြပေးပါဆိုတော့ သင်က မညွှန်ကြားဘူးလား (ညွှန်ကြားပါတယ်ဘုရား) အဲဒီလို သင်ညွှန်ကြားတဲ့အခါ ပဌမ ရွာလေးတရွာတွေ့လိမ့်မယ်၊ ဒုတိယ နိဂုံးဆိုတဲ့ ရွာကြီးတရွာ တွေ့လိမ့်မယ်၊ တတိယကျတော့မှ အသင် ရောက်ချင်တဲ့ ရာဇဂြိုဟ်ပြည်တွေ့လိမ့်မယ်၊ အဲဒီကျမှ သင်ဆက်သွားလို့ သင်က ညွှန်ကြားလိုက်

တယ်၊ ညွှန်ကြားလိုက်တဲ့အခါကျတော့ ဒီယောကျ်ားက ပဌမရွာကို ရာဇဂြိုဟ်ပြည်ကြီးထင်ပြီး အဲဒီရွာမှာ ပျော်နေတယ်၊ ဒီရွာမှာဘဲနေတော့ ရာဇဂြိုဟ်ပြည်ရောက်ရဲ့သား(မရောက်ပါဘုရား)ဒုတိယ နိဂုံးမှာလဲဘဲ ရပ်နေရင် ရာဇဂြိုဟ်ပြည်ရောက်ပါ့မလား (မရောက်ပါဘုရား) နောက်ထပ်ပြီး ဒုတိယလူဘယောက်ရောက်လာတယ်ဆိုပါစို့။ ကျွန်တော်ရာဇဂြိုဟ်ပြည်သွားလိုပါတယ်ဆိုတော့ သင်ပုဏ္ဏားက ပဌမ ယောကျ်ားအတိုင်း ညွှန်ကြားလိုက်ပြန်တယ်၊ အဲ-ဒုတိယလူကျတော့ သင်ညွှန်ကြားတဲ့အတိုင်း ပဌမရွာကိုကျော်၍ နိဂုံးဖြတ်ပြီးတော့ ရာဇဂြိုဟ်ပြည်ကြီးရောက်သွားတယ်၊ ရောက်မသွားဘူးလား၊ ရောက်သွားသလား(ရောက်သွားပါတယ်ဘုရား)။

အသင်ပုဏ္ဏားကြီးတဲ့ ရာဇဂြိုဟ်ပြည်ဆိုတာလဲရှိတယ်၊ ရာဇဂြိုဟ်ပြည်သွားတဲ့လမ်းလဲရှိတယ်၊ ရာဇဂြိုဟ်ပြည်ကို ညွှန်ကြားတဲ့ သင်ပုဏ္ဏားလဲ ရှိပါလျက်နဲ့ တယောက်သောယောကျ်ားက ရာဇဂြိုဟ်ရောက်ပြီး တယောက်သော ယောကျ်ားက ရာဇဂြိုဟ်ကိုမရောက်ဘာဟာ ဘယ်အကြောင်းကြောင့်ပါလဲလို့ မြတ်စွာဘုရားက မမေးဘူးလား၊ မေးသလား (မေးပါတယ်ဘုရား) မှန်လှပါဘုရား၊ ဒါကတော့ ဘုရားတပည့်တော်လဲ မတတ်နိုင်ဘူးဘုရား၊ တပည့်တော်က လမ်းညွှန်ရုံသာ ညွှန်ကြားနိုင်တာပါဘုရား၊ ရာဇဂြိုဟ်ပြည်ရောက်အောင်တော့ ဘုရားတပည့်တော်မတတ်နိုင်ပါဘုရား။ ပုဏ္ဏားကြီးက ပြန်ပြီး မလျှောက်ထားဘူးလား၊ လျှောက်ထားသလား(လျှောက်ထားပါတယ်ဘုရား)ဒါနဲ့ မြတ်စွာဘုရား ကိုယ်တော်မြတ်က ပုဏ္ဏားကြီး ငါဘုရားကိုယ်တော်မြတ်လဲ့ ခရီးလမ်းညွှန်ရုံသာညွှန်နိုင်တာ၊ ရောက်အောင်တော့ မတတ်နိုင်ဘူးတဲ့၊ နိဗ္ဗာန်သွားချင်ရင်ဖြင့် ပဌမရွာနဲ့တူတဲ့ သီလ၊ ဒုတိယနိဂုံးနဲ့တူတဲ့ သမာဓိ၊ ရာဇဂြိုဟ်ပြည်နဲ့တူတဲ့ ပညာဆိုတဲ့ သာသနာတွင်းဖြစ်တဲ့ ပစ္စည်းသုံးပါးကို မညွှန်ကြားဘူးလား၊ ညွှန်ကြားသလား (ညွှန်ကြားပါတယ်ဘုရား) တကာတကာမတွေ ပဌမရွာလေးနဲ့တူတဲ့ သီလနဲ့သာ ပျော်နေမယ်၊ တင်းတိမ်နေမယ်ဆိုရင် ရာဇဂြိုဟ်နဲ့တူတဲ့ နိဗ္ဗာန် ရနိုင်ပါ့မလား [မရနိုင်ပါဘုရား]နိဂုံးနဲ့တူတဲ့ သမာဓိဆိုတဲ့သမထကမ္မဋ္ဌာန်းနဲ့ဘဲ တင်းတိမ်ရောင့်ရဲနေမယ်ဆိုရင် ဒီပုဂ္ဂိုလ်ကော နိဗ္ဗာန်ရောက်ပါ့မလား(မရောက်ပါဘုရား)။

သွားလို့လား (မသွားလို့ပါဘုရား) ရာဇဂြိုဟ်ပြည်ကြီးနဲ့တူတဲ့ နိဗ္ဗာန့်ကိုရောက်ချင်ရင် ဝိပဿနာပညာနှင့် ပြည့်စုံမှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်, နိဗ္ဗာန်ချမ်းသာရနိုင်တယ်ဆိုတာ ငြင်းလို့ရရဲ့လား(မရပါဘုရား)ဒါကြောင့် မြတ်စွာဘုရားက ဂဏကမောဂ္ဂလာန်ပုဏ္ဏားကြီးတဲ့ ငါဘုရားကိုယ်တော်မြတ်လဲ နိဗ္ဗာန်ရောက်ကြောင်းလမ်းကိုသာ ညွှန်ကြားနိုင်တယ်၊ သွားရမှာကတော့ ခင်ဗျားတို့ရဲ့တာဝန်ဘဲ၊ ဒီတာဝန်ကို မိမိရရ မှတ်ချက်ချထားပါ၊ အားမထုတ်လို့ကတော့ဖြင့် ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

အပြောတွေလျှော့ပြီး လုပ်ငန်းမလုပ်သင့်ဘူးလား (လုပ်သင့်ပါတယ်ဘုရား) လုပ်သင့်တယ်ဆိုတာ သွားသင့်တယ်လို့ပြောတာ၊ ဒါကြောင့် ယနေ့ တရားသင်တန်းဟာဖြင့် (၃၇)ရက်ရှိသွားပါပြီ၊ (၃၇)ရက်တိုင်တိုင် မြတ်စွာဘုရားညွှန်ကြားတော်မူတဲ့ တရားဒေသနာတော်တွေကို ဘုန်းကြီးကတဆင့် နေ့တိုင်းနေ့တိုင်း တနေ့ တနာရီပြခဲ့ပါပြီ၊ ဒီလိုနာရုံနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) ဘာလုပ်ရအုံးမှာလဲ (အားထုတ်ရမှာပါဘုရား) ဘုန်းကြီးကတော့မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေကို တဆင့်ဟောပြောပေးနေရတာ တာဝန်မကျေဘူးလား(ကျေပါတယ်ဘုရား)။

တကာ တကာမတွေရဲ့တာဝန်က ဘာလုပ်ရမှာလဲ[အားထုတ်ရမှာပါဘုရား] အားမထုတ်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာ ရနိုင်ပါ့မလား (မရနိုင်ပါဘုရား) အခွံတို့ အကာတို့ကို မဖြတ်ဘဲနဲ့ အနှစ်ကိုဖြတ်ပါတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား(မဖြစ်နိုင်ပါဘုရား) အားလဲမထုတ် ကျင့်လဲမကျင့်ဘဲနဲ့ ခန္ဓာငါးပါးရုပ်နာမ်တရားကို သိပါတယ်ဆိုတာ ပြောလို့တော့ ရပါတယ်၊ လုပ်ငန်းနဲ့ကျတော့ လုပ်တတ်ရဲ့လား(မလုပ်တတ်ပါဘုရား) လုပ်ငန်းလုပ်ပြပါ၊ သွားပြပါဆိုတော့ မသွားတတ်၊ ထိုင်ပြောနေရုံနဲ့ ပြီးရဲ့လား (မပြီးပါဘုရား) ဥပမာတခုပြောပါအုံးမယ်၊ ကြက်မကြီးတကောင်ဟာ ကြက်ဥသုံးလုံးသော်၎င်း လေးလုံးသော်၎င်း ငါးလုံးသော်၎င်း ဥထားတယ် ဆိုကြပါစို့ ။

ကြက်မကြီးဟာ ဒီကြက်ဥတွေကို မဝပ်ဘဲနဲ့ ငါ့ကြက်အုတွေ ပေါက်ပါစေလို့ဆန္ဒပြုနေရုံမျှနဲ့ ဒီကြက်အုတွေ ပေါက်ပါ့မလား(မပေါက်ပါဘုရား) မပေါက်တဲ့အပြင် ဒီကြက်အုတွေ ပုပ်မသွားနိုင်ဘူးလား(ပုပ်သွားနိုင်ပါတယ်ဘုရား) ယခုလဲအားမထုတ်ဘဲနဲ့ မကျင့်ဘဲနဲ့ မဂ် ဖိုလ် နိဗ္ဗာန်ကို ရရပါလို၏လို့ ဆိုပြီး ဆုတောင်းနေရင် ရနိုင်ပါ့မလား(မရနိုင်ပါဘုရား)ပုပ်ပြီးတော့သေခဲ့တဲ့ ဘဝတွေမများဘူးလား(များပါတယ်ဘုရား)ဆန္ဒပြုရုံသာ ပြုတာကိုးဗျ၊ လုပ်ငန်းမှုမပါဘဲ အားမှုမထုတ်ဘဲနဲ့၊ ကြက်အုတွေပုပ်ပြီးသွားသလို ကိုယ်ခန္ဓာတွေလဲသေပြီး ပုပ်မသွားကြဘူးလား(ပုပ်သွားကြပါတယ်ဘုရား) တရားအားမထုတ်ခဲ့ကျတော့ အဝိဇ္ဇာတည်းဟူသော ဥခွံ အတွင်းမှာ ပုပ်ပြီးတော့သေခဲ့ရတဲ့ဘဝတွေ ရေတွက်လို့ရသေးရဲ့လား (မရပါဘုရား) တကယ်လို့များ ဒီကြက်မကြီးက သူ့ကြက်အုတွေကိုဝပ်ပေးမယ်ဆိုရင် ကြက်ရဲ့အနံ့ကို တုံပေးမယ်။ အပူငွေ့လဲ ပေးမယ်ဆိုရင်ကြက်အုအထဲမှာရှိတဲ့ အရည်တွေဟာ တဖြေးဖြေး ခဲမလာဘူးလား (ခဲလာပါတယ်ဘုရား)။

အပူဓါတ်ကြောင့် ခဲလာတယ်၊ မပုပ်တော့ဘူး၊ အထဲက တဖြေးဖြေး ကြက်သတ္တဝါ ပုံစံကလေးပေါ်လာတယ်၊ နောက်ပြီး နှုတ်သီးကလေးတွေ ခြေသည်းကလေးတွေဟာ ထက်မလာဘူးလား(ထက်လာပါတယ်ဘုရား)အပြင်ကနေ ဝပ်

ပေးတာများလာတော့ ကြက်အုခွံဟာ ပါးလာပြီး အပြင်မှ အလင်းရောင်က ကြက်ဥထဲတိုးဝင်သွားတော့ အထဲမှာရှိတဲ့ ကြက်ကလေးတွေက လန့်ပြီး နှုတ်သီးကလေးတွေ ခြေသည်းကလေးတွေနဲ့ ဖြတ်ကနဲကန်ထုတ်လိုက်တော့ အခွံကကွဲသွားရော၊ ကွဲထွက်မသွားဘူးလား(သွားပါတယ်ဘုရား)။

ဥခွံတွင်းမှ အပြင်လောက အလင်းထဲ ရောက်မလာဘူးလား၊ ရောက်လာသလား(ရောက်လာပါတယ်ဘုရား) ယခု ခင်ဗျားတို့လဲ အဝိဇ္ဇာတည်း ဟူသော ဥခွံတွင်းမှာ ရောက်မနေဘူးလား(ရောက်နေပါတယ်ဘုရား)လို့လ ဝီရိယစိုက်ပြီး အားမထုတ်ရင်ဖြင့် မဝပ်ရင်ဖြင့် အလင်းရောင်ထဲ ရောက်နိုင်ပါ့မလား (မရောက်နိုင်ပါဘုရား) အမှောင်ထဲမှာပုပ်ပြီး သေခဲ့ပေါင်းများလှပြီ၊ ဒါကြောင့် တကာတကာမတွေ သာသနာတော်နဲ့ တွေ့တဲ့အခါမှာ ဓမ္မနု ဓမ္မပဋိပတ်ဆိုတဲ့ အတိုင်းကျင့်စဉ်တရားကို မကျင့်ရင် မဖြစ်တော့ဘူးဆိုတာ ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

တရားအားထုတ်လိုက်တဲ့အခါကျတော့ ကြက်အုခွံနဲ့တူတဲ့ အဝိဇ္ဇာဥခွံကြီးဟာ တဖြေးဖြေးပါးပါးလာတယ်၊ အကုသိုလ်တွေ ပါးပြီးလာတယ်၊ ကိုလေသာတွေကော ပါးမလာဘူးလား (ပါးလာပါတယ်ဘုရား) အားထုတ်လို့လား (အားထုတ်လို့ပါဘုရား) အားထုတ်ရမယ်၊ ဝိပဿနာသင်တန်း တက်ရုံတွင် မဟုတ်ဘူး၊ အားလဲထုတ်မှဖြစ်မယ်၊ အဲဒီလို အားထုတ်လိုက်တဲ့ အခါကျတော့ အဝိဇ္ဇာဥခွံကြီးပါးလာပြီး ဉာဏ်တွေက ထက်ထက်လာမယ်၊ ဉာဏ်က ဘာနဲ့တူသလဲဆိုတော့ အဲဒီ ကြက်ကလေးတွေမှာ ရှိနေတဲ့ ခြေသည်းလေးတွေ နှုတ်သီးလေးတွေနဲ့တူပါတယ်၊ ဝပ်ပါများလာတော့ အားထုတ်ပါများလာတော့ ဝိဇ္ဇာဉာဏ်အလင်းရောင်က အထဲထိုးဖေါက်မလာဘူးလား (ထိုးဖေါက်လာပါတယ်ဘုရား)အဝိဇ္ဇာတည်းဟူသော ဥခွံထဲမှာ ဝိဇ္ဇာဉာဏ်ဆိုတဲ့ အလင်းကပေးလိုက်တော့ အလင်းရောင် မြင်မလာဘူးလား(မြင်လာပါတယ်ဘုရား)မြင်လာတဲ့အခါကျတော့ အလင်းရောင်ဘက်ထွက်မလာဘူးလား(ထွက်လာပါတယ်ဘုရား)ထွက်လာတဲ့အခါ အသခ်တနယ်ထဲ ရောက်မလာဘူးလား(ရောက်လာပါတယ်ဘုရား)။

အသခ်တဆိုတဲ့ နိဗ္ဗာန်ကို ကူးတော်မူကြတဲ့ ဘုရား ရဟန္တာတွေ ရေတွက်လို့ ရရဲ့လား (မရပါဘုရား) ခင်ဗျားတို့ ကျုပ်တို့ ဘာပြုလို့ ကျန်နေရစ်ခဲ့သလဲဆိုတော့ တရားအားမထုတ်ခဲ့လို့ဆိုတာ မှတ်ချက်ချ။ ဒါကြောင့် တကာ တကာမတွေ အားထုတ်မှုနဲ့တွဲပြီး(၃၇)ရက်ဘိုင်တိုင်ပြခဲ့ပြီ၊ ယနေ့ နောက်ဆုံး ပြီးအောင်ပြရမယ်၊ လုပ်ငန်းမပါဘဲနှင့် ပြီးပါ့မလား (မပြီးပါဘုရား) အပြောက ပရိယတ္တိ လုပ်ငန်းက ဘာတုံး(ပဋိပတ္တိ)ဒီတော့ ပရိယတ် ပဋိပတ်ဒွန်တွဲပြီး သင်တန်းတက်နေတဲ့ တကာ တကာမတွေ ဖြစ်သောကြောင့် ပရိယတ် ပဋိပတ်နဲ့ဒွန်တွဲပြီး ဉာဏ်စဉ်တက်နေတယ်ဆိုတာကော ငြင်းလို့ရသေးရဲ့လား (မရပါဘုရား)။

ဒီတော့ လုပ်ငန်းပါရမယ်ဆိုရင် သတိမရှိရဘူးလား (ရှိရမှာပါဘုရား) (အတ္တနော ကရဇကာယေ ဉာဏေ ဩတာရေတွာ အဇ္ဈတ္တံ သမ္မသန္တော နိသီဒိ)အတ္တနော၊ မိမိ၏၊ ကရဇကာယေ၊ ကရဇကာကာယ၌။ ဉာဏေ၊ ဉာဏ်ကို၊ ဩတာရေတွာ၊ ချ၍၊ သမ္မသန္တော၊ သုံးသပ်ဆင်ခြင်လျက်၊ နိသီဒိ၊ နေရမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရချင်တဲ့ ပုဂ္ဂိုလ်က ခန္ဓာကိုယ်ကို နှလုံးသွင်းရမယ်၊ ခန္ဓာကို မူလကမ္မဋ္ဌာန်းမှာ ဘယ်နေရာ နှလုံးသွင်းရမှာတုံး (နှာသီးဖျားမှာ) နှာသီးဖျားမှာနှလုံးသွင်းပြီး သတိထားလိုက်တဲ့အခါကျတော့ အပြင်လေထုတ်တာ တွေ့မယ်၊ အတွင်းလေသွင်းတာတွေ့မယ်။

အပြင်လေထုတ်တာကို ရှုတယ်၊ အဘွင်းလေသွင်းတာကို ရှိုက်တယ်၊ ရှုတာက အာန၊ ရှိုက်တာက၊ ပါန၊အောက်မေ့ဘာက(သတိ)ပေါင်းလိုက်တော့ (အာနာပါနဿတိကမ္မဋ္ဌာန်း) ယခု ခင်ဗျားတို့ ဘာကမ္မဋ္ဌာန်းကနေပြီး ဉာဏ်စဉ် တက်နေတာတုံး (အာနာပါန ဿတိကမ္မဋ္ဌာန်းကနေပြီး ဉာဏ်စဉ်တက်နေတာပါဘုရား)ဒီမူလကမ္မဋ္ဌာန်းလွှတ်လို့ရရဲ့လား (မရပါဘုရား)ဒါကြောင့် သတိသမာဓိမပါရင် တရားသင်တန်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ဒါကြောင့် သတိသမာဓိရှိပါစေ၊ ခန္ဓာကိုယ်ကိုစာအုပ်ကြီးလို သဘောထားပြီး ကြည့်လိုက်၊ ဒီပြင် ဘယ်မှ မကြည့်နဲ့မိမိခန္ဓာကိုယ်သာ ဟုတ်မဟုတ် မှန်မမှန်နှလုံးသွင်းပါ၊ သတိရှိလိုက်တာနဲ့ တပြိုင်နက် သမာဓိနဲ့ ပြည့်စုံလာလိမ့်မယ်(သမာဟိတော ဘိက္ခဝေ ယထာ ဘူတံ ပဇာနာတိ)သမာဓိရှိရင် ယထာ ဘူတဉာဏ်ဟုတ်မှန်တဲ့ နာမ်တရား ရုပ်တရားကို မတွေ့နိုင်ဘူးလား (တွေ့နိုင်ပါတယ်ဘုရား) ထင်ရှားရှိတဲ့ သဘောတွေ့နိုင်တယ်။ ထင်ရှားရှိတဲ့ဘရားက အရှိတရားဖေါ်တာလား၊ မရှိဘရား ဖေါ်တာလား (အရှိတရားဖေါ်တာပါဘုရား)။

အရှိတရားဆိုတာက နှာသီးဖျားမှာ တိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့ လေသဘောဘဲ၊ ဒါမထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား) ဘယ်သူကဖေါ်ပေးတာတုံး(သတိကပါဘုရား)ဒါကြောင့် ခင်ဗျားတို့ သတိရှိဘို့ အရေးကြီးပါတယ်။ မြတ်စွာဘုရားက ပရိနိဗ္ဗာန်ပြုခါနီးမှာ (ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယမ္မော သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ) ချစ်သားတို့ မမေ့ကြနဲ့လို့ နောက်ဆုံးစကားတော် အနေနဲ့ မမှာကြားခဲ့ဘူးလား (မှာကြားခဲ့ပါတယ်ဘုရား)မေ့နေရင် ဘုရားစကားတော်ကို နားမထောင်တာနဲ့ အတူတူဘဲလို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)။

ဒါကြောင့် တကာတကာမတွေ သတိဆိုတာကအရှိတရားဖေါ်တာလား မရှိဟရားဖေါ်တာလား(အရှိတရားဖေါ်တာပါဘုရား)နှာသီးဖျားမှာ တိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့ လေသဘောက ဘာတုံး (ရုပ်)သတိက လူတွေသတ္တဝါတွေကိုဖေါ်တာလား၊ ရုပ်တရားကိုဖေါ်တာလား (ရုပ်တရားကိုဖေါ်တာပါဘုရား)

ဘယ်အချိန်မှာပေါ်တာတုံး (ရှုတိုင်း ရှိုက်တိုင်း)အဲဒီ နှာသီးဖျားမှာ တိုးခတ်တွန်းကန်သွားတဲ့လေသည်းဟူသော ရုပ်တရားကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ရူပက္ခန္ဓာပါဘုရား) ဒီနေ့ကျွန်တဲ့ဉာဏ်စဉ်ကို ခန္ဓာငါးပါးကနေပြီးဆက်ကြည့်၊ ပဌမနေ့က နာမ်နဲ့ရုပ်ကနေပြီး တွဲဘက်ခဲ့တယ်၊ ဒုတိယက စိတ် စေတသိက် ရုပ်ယနေ့ ဘာကနေတက်မှာတုံး (ခန္ဓာငါးပါးကပါဘုရား) ခန္ဓာငါးပါးက တက်မယ်ဆိုရင် ခန္ဓာငါးပါးမကွဲလို့ ဖြစ်ပါ့မလား(မဖြစ်ပါဘုရား) ဉာဏ်စဉ်မပြောသေးဘူး၊ အရှိတရားတွေကို အခြေခံကစပြီး ပေါ်ပေးနေသာ။

ဒါကြောင့် သတိရှိလိုက်တာနဲ့တပြိုင်နက် နှာသီးဖျားမှာ တိုးခတ်တွန်းကန်လှုပ်ရှားသွားတဲ့ သဘောက လူလား၊ ရုပ်လား(ရုပ်ပါဘုရား) ခန္ဓာဖွဲ့တော့ ဘာခန္ဓာ(ရူပက္ခန္ဓာပါဘုရား)မျက်မြင်ခန္ဓာလား၊ ဉာဏ်မြင်ခန္ဓာလား(ဉာဏ်မြင်ခန္ဓာပါဘုရား) ဉာဏ်မြင်ခန္ဓာက ဘယ်အချိန်မှာ ရှိနေတာတုံး (ရှုတိုင်း ရှိုက်တိုင်း)ရှုတိုင်း ရှိုက်တိုင်းမှာ နှာသီးဖျားမှာ တိုးခတ်တွန်းကန် လှုပ်ရှားသွားတဲ့ ဝါယော လေဓါတ် ရုပ်သည် ရူပက္ခန္ဓာမရှိဘူးလား(ရှိပါတယ်ဘုရား) ရူပက္ခန္ဓာရလာပြီ။ ရှုတဲ့အခါ တောက်လျှောက်ရှုလို့ရရဲ့လား(မရပါဘုရား) ရှုပြီးတော့ ဘာလုပ်ပြန်တုံး(ရှိုက်ပါတယ်ဘုရား)ခံသာလို့ ရှုရှိုက်နေတာလား (မခံသာလို့ပါဘုရား)ငြိမ်ငြိမ်နေလို့ရရဲ့လား (မရပါဘုရား) ရှုပြီးရင်ဘာလုပ်ပြန်တုံး(ရှိုက်) ရှိုက်ပြီးရင်ကော (ရှု) ခင်ဗျားတို့ အိပ်သာအိပ်နေတာ၊ ရှုရှိုက်က ရပ်ရဲ့လား (မရပ်ပါဘုရား)။

သက်သာလို့လား၊ မသက်သာလို့လား(မသက်သာလို့ပါဘုရား) မသက်သာလို့ ဝေဒနာမထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား) ဒီဝေဒနာက ဒူးတွေပေါင်တွေ ခါးတွေကပေါ်နေတာလား၊ အာနာပါနအာရုံက ပေါ်နေတာလား (အာနာပါနအာရုံကပေါ်နေတာပါဘုရား)ဝေဒနာဆိုတာ အာရုံကိုခံစားတာလား၊ လူကို ခံစားတာလား (အာရုံကို ခံစားတာပါဘုရား) အာရမ္မဏရ သံ ဝေဒယတိတိ ဝေဒနာ။ အာရမ္မဏရ သံ၊ အာရုံ၏အရသာကို။ ဝေဒယတိ၊ ခံစားတတ်၏။ ဣတိဘသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဝေဒနာဆိုတာ ဘာသဘော (အာရုံ၏ အရသာကိုခံစားတဲ့သဘောပါဘုရား) နာတာ ကိုက်တာ ခဲတာ ဟုတ်ရဲ့လား(မဟုတ်ပါဘုရား)ဘာသဘော (ခံစားတဲ့ သဘောပါဘုရား) ဒါကြောင့် ခင်ဗျားတို့ ရှုလို့ကောင်းတာကို ခံစားတာက သုခဝေဒနာ ရှိုက်လို့မကောင်းတာကို ခံစားတာက ဘာသဘောတုံး(ဒုက္ခဝေဒနာ) ရှုလို့ကောင်းတာလဲမဟုတ် ရှိုက်လို့ကောင်းတာလဲမဟုတ်တဲ့သဘောကို ခံစားတာက ဘာတုံး(ဥပေက္ခာ)သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတွေ လုပ်မနေနဲ့ တပါးထဲပေါင်းလိုက်တော့ ဘာတုံး(ဝေဒနာ)ဘယ်အချိန်မှာတုံး(ရှုတိုင်း ရှိုက်တိုင်း)သုခဝေဒနာမခံစားဘူးလား(ခံစားပါတယ်ဘုရား) ဝေဒနာကမသိမ်မွေ့

ဘူးလား၊ သိမ်မွေ့သလား (သိမ်မွေ့ပါတယ်ဘုရား) ဒီဝေဒနာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (ဝေဒနာက္ခန္ဓာ)။

ဝေဒနာက္ခန္ဓာ ဘယ်အချိန်မှာ ရှိဘာတုံး(ရှုတိုင်း ရှိုက်တိုင်း) ရှုတိုင်းရှိုက်တိုင်း ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ၊ ရှုတာ ရှိုက်ဘာရှိရဲ့လား(မရှိပါဘုရား) ရှုရင် ရှုဘယ်လို့ မမှတ်ဘူးလား (မှတ်ပါဘယ်ဘုရား) ရှိုက်ရင်ရှိုက်တယ်လို့ မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား) လူက မှတ်တာလား၊ သညာကမှတ်တာလား (သညာက မှတ်တာပါဘုရား) သညာကို ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ (သညာက္ခန္ဓာပါဘုရား)ဘယ်အချိန်မှာ ဖြစ်ဘာတုံး (ရှုတိုင်း ရှိုက်တိုင်း) မိအောင်ဖမ်း။ တကာတကာမတွေ ဒီနေ့ ခန္ဓာငါးပါးကနေ မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိအောင် ပြမဲ့နေ့ သတိထားပြီးတော့ နာပါ၊ သတိလွတ်ပြီး နာလို့ရတဲ့ တရားမျိုးဟုတ်ရဲ့လား (မဟုတ်ပါဘုရား) လွတ်လွတ်လပ်လပ်နာပါ၊ ပြင်ထိုင်ချင်ရင် ပြင်ထိုင်လိုက်အုံး၊ အညောင်းမခံနဲ့၊ တရားမှတ်မိဘို့ပဲ အရေးကြီးပါတယ်၊ ဒီတရားက နားထောင်ကောင်းအောင်ဟောတဲ့တရားမဟုတ်ဘူး။ မှတ်မိအောင်ဟောတဲ့တရားပါ၊ မှတ်မိအောင်နာကြားပါ၊ မမှတ်မိရင် အကျိုးမများဘူး။ သတိလဲထားပါ၊ လုပ်ငန်းနဲ့ ရှင်းနေတာ၊ ရှုတိုင်းရှိုက်တိုင်းမှာ ရှုလိုတယ် ရှိုက်လိုတယ်ဆိုတဲ့ စေတနာမရှိဘူးလား(ရှိပါတယ်ဘုရား)ဒီစေတနာကိုခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ(သင်္ခါရက္ခန္ဓာ) မရှိဘူးလား(ရှိပါတယ်ဘုရား)ဘယ်အချိန်မှာတုံး (ရှုတိုင်းရှိုက်တိုင်း) မရှိပါဘူးလို့ ငြင်းရရဲ့လား(မရပါဘုရား)။

ရှိတာက ပရမတ် မရှိတာက ပညတ် ပရမတ်အာရုံကိုဖေါ်ပေးနေတာ လုပ်ငန်းနဲ့ ဖေါ်ပေးနေတာလား အပြောနဲ့ ဖေါ်ပေးနေတာလား (လုပ်ငန်းနဲ့ဖေါ်ပေးနေတာပါဘုရား) ဘုန်းကြီးကပြောပေးတယ်၊ ခင်ဗျားတို့က လုပ်ငန်းနဲ့ပါလာတယ်၊ ဆရာက ပရိယတ္တိ၊ တပည့်က ပဋိပတ္တိ၊ ယနေ့ဖြင့် ပရိယတ် ပဋိပတ်ဒွန်တွဲပြီး သာသနာတော်နှစ်ရပ်ကို အလုပ်လုပ်နေတဲ့အချိန်လို့ဆိုရင် မှားပါ့မလား (မမှားပါဘုရား) ဒါကြောင့် တကာတကာမတွေ သတိထားပါ။ အကျိုးများလွန်းလို့ပါ၊ ရှုရင်ရှုမှန်းမသိဘူးလား၊ သိသလား (သိပါတယ်ဘုရား) ရှိုက်ရင်ရှိုက်မှန်းကော မသိဘူးလား(သိပါတယ်ဘုရား)။

လူတွေ သတ္တဝါတွေက သိတာလား၊ စိတ်ကသိတာလား (စိတ်က သိတာပါဘုရား)အဲဒီ စိတ် ခန္ဓာဖွဲ့လိုက်တော့ ဘာခန္ဓာ(ဝိညာဏက္ခန္ဓာပါဘုရား)ခန္ဓာဘယ်နှစ်ပါးရလာတုံး(ငါးပါးပါဘုရား) ငါးပါးဆိုလိုက်စမ်းပါ (ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ) ဘယ်အချိန်မှာ ခန္ဓာငါးပါးရတာတုံး (ရှုတိုင်း ရှိုက်တိုင်း) ရှုတဲ့အခါလဲ ခန္ဓာငါးပါး၊ ရှိုက်တဲ့အခါကော (ခန္ဓာငါးပါး) ရှုတာ ရှိုက်ဘာရှိဘာလား၊ ခန္ဓာငါးပါး ရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ခန္ဓာငါးပါးက သက္ကာယတရား၊ ရှုတယ် ရှိုက်တယ်ထင်

တာက (ဒိဋ္ဌိ) ပေါင်းလိုက်တော့ (သက္ကာယဒိဋ္ဌိ) ရှုတဲ့ရှိုက်တဲ့အခါ သက္ကာယဒိဋ္ဌိ မကွဲရင် ရှေ့ဉာဏ်စဉ်တက်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)။

ယခု သက္ကာယနဲ့ ဒိဋ္ဌိမကွဲဘူးလား (ကွဲပါတယ်ဘုရား) ရှုတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါ ဘုရား) ခန္ဓာငါးပါးရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ် (အခုမှ ဖြစ်)ဒါကြောင့် (အခုမှဖြစ်တဲ့ခန္ဓာငါးပါး)အဲဒီလိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ် (နာမ ရူပ ပရိစ္ဆေဒဉာဏ်ပါဘုရား) အခြေခံအောက်ဆုံးဖြစ်တဲ့ဉာဏ် ပေါ်လာ တယ်။ ဒီခန္ဓာငါးပါး သူများကြောင့် ဖြစ်တာလား၊ ငါ့ကြောင့်ဖြစ်တာလား (အကြောင်းကြောင့်ဖြစ်တာပါဘုရား)ဒါကြောင့် ရှုတဲ့အခါမှာလဲပဲ (အခုမှဖြစ် တဲ့ ခန္ဓာငါးပါး)အကြောင်းကြောင့်ဖြစ်၊ ရှိုက်တဲ့အခါကော(အခုမှဖြစ်တဲ့ ခန္ဓာ ငါးပါး) အကြောင်းကြောင့်ဖြစ်၊ ဘာဉာဏ်နဲ့တွဲရှုတာတုံး (နာမ ရူပ ပရိစ္ဆေဒ ဉာဏ်နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်ပါဘုရား)ခန္ဓာငါးပါး ရှုတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီးဘယ်ရောက် (ပျက်) ဟိုတုံး ကလဲ ဖြစ်ပြီးတော့ ပျက်ခဲ့တယ်၊ ယခုလဲ ဖြစ်ပြီးတော့ (ပျက်) နောင်လဲ ဖြစ်ပြီး တော့ ဘာတုံး (ပျက်) အဲဒီလို ဆင်ခြင်ရှုပွားတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (သမ္မသနဉာဏ်ပါဘုရား)။

ဒါကြောင့် တကာတကာမတွေ အတိတ်ကိုလဲ ငဲ့မနေနဲ့၊ အနာဂတ်ဆိုတာလဲ မပေါ်သေးတော့ ကြည့်မနေနဲ့၊ အတိတ်ဆိုဘာကလဲ ဖြစ်ခဲ့ပြီ၊ ကြည့်မနေနဲ့ မရှိ တော့ဘူး၊ ရှိတဲ့သဘောတရား ဖြစ်ဆဲ၊ ပစ္စုပ္ပန်သာကြည့်ပါ၊ ဘယ်အချိန်မှာ ရှုရမှာတုံး (ပစ္စုပ္ပန်အချိန်မှာပါဘုရား) ပစ္စုပ္ပန်က ဘယ်အချိန်မှာတုံး (ရှုတိုင်း ရှိုက်တိုင်း)ရှုတိုင်း ရှိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိ တာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ခန္ဓာငါးပါးရှိတာ ဘာလို့ရှိနေတာတုံး (ဖြစ်ဖြစ်နေလို့) ဖြစ်ပြီးဘယ်ရောက်(ပျက်) ဒါကြောင့် ရှုတဲ့အခါ ခန္ဓာငါးပါး ဖြစ်ပျက်၊ ရှိုက်တဲ့အခါကော ခန္ဓာငါးပါးဖြစ်ပျက်၊ အဲဒါ ဘာဉာဏ်တုံး(ဥဒယ ဗ္ဗယဉာဏ်ပါဘုရား) ဒါအသေးစိတ် ရှင်းခဲ့ပြီ။

(ဇာတံ နာမ ရူပါနံ ပစ္စုပ္ပန္နံ တဿ နိဗ္ဗတ္တိ လက္ခဏံ ဥဒယော ဝိပရိဏာမ လက္ခဏံ ဝယော) ရှိဆဲသဘောသည် ဖြစ်ဆဲ၊ ဖြစ်ပြီးဘယ်ရောက် (ပျက်) ဝိပရိ ဏာမ လက္ခဏံ၊ ဖေါက်ပြန်၍သွားခြင်းသည်၊ ဝယော၊ ဝယမည်၏။ ခန္ဓာငါး ပါးက ငြိမ်ငြိမ်နေရဲ့လား (မနေပါဘုရား) ဖေါက်ပြန်ပျက်စီးပြီးမသွားဘူးလား (သွားပါတယ်ဘုရား) အဲဒါဘာတုံး (ဝယ) ဝယဆိုဘာ အပျက်၊ ပြီးတော့

---

+ ပဋိသမ္ဘိဒါမဂ်၊ ၅၂၊ ဥပရိပဏ္ဏာသ နှာ ၂၂ဝ ၂၃၃

ဘာတုံး (ဖြစ်ပျက်) ရှုတဲ့အခါလဲ ခန္ဓာငါးပါးဖြစ်ပျက်၊ ရှုကိုက်တဲ့အခါကော (ခန္ဓာငါးပါးဖြစ်ပျက်) ခန္ဓာငါးပါး ဖြစ်ပျက်ရှုတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (ဥဒယဗ္ဗယဉာဏ်ပါဘုရား)ခန္ဓာငါးပါးအဖြစ်ကိုလွတ်ပြီးတော့ အပျက်ကိုရှုတဲ့ ဉာဏ်သည် ဘာဉာဏ်တုံး (ဘင်္ဂဉာဏ်ပါဘုရား) ဖြစ်ပြီးတာနဲ့ တပြိုင်နက် ပျက်တော့တာဘဲ။

တကာ တကာမတွေ အပျက်မမြင်ရင် အသေမမြင်တော့ဘူး၊ ဒီအသေမမြင်လို့ သံသရာမှာ အပဟ်ပေါင်း ဘဝပေါင်းများစွာ လည်နေရတာ၊ ခန္ဓာငါးပါးဖြစ်ပြီး ဘယ်ရောက်(ပျက်)ဒါကြောင့် ရှုတဲ့အခါ ခန္ဓာငါးပါး (ပျက်) ရှုကိုက်တဲ့အခါလဲ ခန္ဓာငါးပါး(ပျက်) သေနေတာပဲ၊ အလောင်းကောင်တွေ ထပ်မနေဘူးလား(ထပ်နေပါတယ်ဘုရား)မျက်မြင်အလောင်းလား၊ ဉာဏ်မြင်အလောင်းလား (ဉာဏ်မြင်အလောင်းပါဘုရား) မျက်မြင်အလောင်းကို ကြည့်ရမှာလား၊ ဉာဏ်မြင်အလောင်းကို ကြည့်ရမှာလား (ဉာဏ်မြင်အလောင်းကို ကြည့်ရမှာပါဘုရား)ပကတိ မျက်လုံးနဲ့ မမြင်ကောင်းဘူး၊ ဘာနဲ့မြင်ရမှာတုံး(ဉာဏ်နဲ့မြင်ရမှာပါဘုရား) ဝိပဿနာလုပ်ငန်းဆိုတာ ဉာဏ်လုပ်ငန်းလို့ မှတ်ချက်ချပါ။ အော်-ရှုတိုင်း ရှုကိုက်တိုင်းမှာ ခန္ဓာငါးပါးဖြစ်ပြီးရင် ပျက်တော့တာပဲ၊ ခန္ဓာငါးပါးအသုံးချလို့ ရသေးရဲ့လား (မရပါဘုရား) ခန္ဓာငါးပါး သေနေတာမြင်တော့ ဒီခန္ဓာပေါ်မှာစွဲလမ်းတဲ့ ကိလေသာတွေလာပါဦးမလား၊(မလာတော့ပါဘုရား) မာနတွေကော (မလာပါဘုရား) ငါဟုတ်လို့လား (ငါမဟုတ်လို့ပါဘုရား) ငါမဟုတ်တော့ အတ္တဒိဋ္ဌိတွေကော လာပါဦးမလား (မလာပါဘုရား) တဏှာ မာနဒိဋ္ဌိတွေ စင်မသွားဘူးလား (စင်သွားပါတယ်ဘုရား) အပျက်ကို ရှုနေလို့ ဗလဝဝိပဿနာဉာဏ် ဆိုက်လာတယ်။ ဒါကြောင့် တကာ တကာမတွေ သတိထားလိုက်ပါ။

အပျက်ကိုရှုတဲ့ဉာဏ်သည် ဘာဉာဏ် (ဘင်္ဂဉာဏ်ပါဘုရား) လက္ခဏာအားဖြင့် (အနိစ္စလက္ခဏာ) အနုပဿနာအားဖြင့် (အနိစ္စာနုပဿနာ) အနုပဿီအားဖြင့် (အနိစ္စာနုပဿီ) ရှုတိုင်း ရှုကိုက်တိုင်းမှာ ဒီခန္ဓာငါးပါးရှိတာလား၊ လူတွေသတ္တဝါတွေရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့) ဘယ်တုံးကဖြစ် (အခုမှဖြစ်) ဖြစ်ရင် ဆင်းရဲသလား၊ ချမ်းသာသလား (ဆင်းရဲပါတယ်ဘုရား) ဆင်းရဲတဲ့အပြစ်ကိုရှုပါ (ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ) ဥပ္ပဇ္ဇမာနံ၊ ဖြစ်လာသည်ရှိသော်။ ဒုက္ခမေဝ၊ ဆင်းရဲခြင်းသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တယ်၊ ဖြစ်လာရင် ဆင်းရဲတာပဲ၊ ရှုတိုင်း ရှုကိုက်တိုင်းမှာ သက်သာတဲ့အချိန်များရှိသေးရဲ့လား(မရှိပါဘုရား)။

ခန္ဓာသမံဒုက္ခံနာမ နတ္ထိ။ ခန္ဓာနဲ့တူတဲ့ဆင်းရဲများရှိသေးရဲ့လား (မရှိပါဘုရား) ခန္ဓာဖြစ်နေလို့ ဆင်းရဲတာ၊ ခန္ဓာမဖြစ်ရင် ဆင်းရဲစရာရှိသေးရဲ့လား (မရှိပါဘုရား)သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ဒုက္ခတွေဟာ လူတွေ သတ္တဝါတွေဖြစ်နေလို့ ရှိတာလား၊ ခန္ဓာငါးပါးဖြစ်နေလို့ ရှိတာလား (ခန္ဓာငါးပါးဖြစ်နေလို့ပါဘုရား) နိဗ္ဗာန်မရအောင် နှိပ်စက်နေတာ ဘယ်သူကတုံး (ခန္ဓာငါးပါး)ခန္ဓာငါးပါးသာ အသစ်မဖြစ်ရင် ဘာတဲ့တုံး (နိဗ္ဗာန်) ယခုတော့ ခန္ဓာဇာတိ အချိန်တိုင်းမရဘူးလား(ရပါတယ်ဘုရား) ဒီခန္ဓာငါးပါး ရှိနေသမျှ ကာလပတ်လုံး မသက်သာဘူး။ အိုတာလဲ မရပ်ခဲ့ဘူး၊ နာတာလဲ မရပ်ခဲ့ဘူး၊ သေတာလဲမရပ်ခဲ့ဘူး။ ဒါဘယ်သူ့ကြောင့်တုံး (ခန္ဓာငါးပါးကြောင့်ပါဘုရား) ဒီခန္ဓာငါးပါးဖြစ်နေလို့ နိဗ္ဗာန်မရအောင် ခင်ဗျားတို့ ကျုပ်တို့ ဘေးကြီးဆိုက်နေတယ်။ မဆိုက်ဘူးလား (ဆိုက်ပါတယ်ဘုရား) လောကဘေးတွေကမှ ရှောင်ကွင်းလို့ ရသေးတယ်၊ ဒီဘေးကရှောင်ကွင်းလို့ ရရဲ့လား (မရပါဘုရား)မရဘူး။

ဥပမာ ဆိုကြပါစို့။ အရှေ့ရပ်ကတောင်ကြီးကကြိတ်လို့ လူတွေသေကြတယ်၊ တောင်ကြီးကကြိတ်လို့လူတွေ သေကြတယ်ဆိုတော့ အနောက်အရပ်ကို ပြေးကြရော။ အနောက်ရပ်က တောင်ကြီးကကြိတ်လို့ တခါ သေပြန်ရော။ တဖန် အနောက်ရပ်က တောင်ကြီးက ကြိတ်လို့ဆိုပြီး မြောက်အရပ် ပြေးပြန်ရော။ မြောက်အရပ်ကတောင်ကြီးက ကြိတ်လို့ လူတွေသေကြပြန်တော့ တောင်အရပ်ကိုပြေးကြတယ်။ တောင်အရပ်ကတောင်ကြီးကလဲကြိတ်လို့ လူတွေ သေကြပြန်တယ်။ အဲဒီလို လေးဘက်လေးတန် တောင်ကြီးက ကြိတ်ကြိတ်ပြီးတော့ လာခဲ့တာ ယခုလဲကြိတ်ဆဲပဲ။ မကြိတ်ဘူးလား ကြိတ်သလား (ကြိတ်ပါတယ်ဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ အချိန်ပိုင်းသာလိုတော့တယ်။ အကြိတ်ခံပြီးသေသွားတဲ့လူတွေလဲများလှပြီ၊ မများဘူးလား (များပါတယ်ဘုရား) ဘာပြုလို့သေရတာတုံး ခန္ဓာရှိလို့ပါဘုရား) ခန္ဓာဘယ်နှစ်ပါးရှိတာတုံး (ငါးပါးပါဘုရား) ဘယ်အချိန်မှာ ခန္ဓာငါးပါးရှိနေတာတုံး (ရှုတိုင်း ရှိက်တိုင်း) ဖြစ်လာရင် အကြိတ်ခံပြီး သေရတယ်။ အဖြစ်ကကြိတ်လိုက်၊ အပျက်ကကြိတ်လိုက်နဲ့ ယခုလဲ အကြိတ်ခံနေရတယ်။ မခံရဘူးသား(ခံရပါတယ်ဘုရား)တချို့မျောနေပြီ၊ တချို့ဆေးရုံတင်ရပြီ။ အဲဒါ တောင်ကြိတ်တာဘဲ၊ ဇာတိတည်းဟူသောတောင်၊ ဇရာတည်းဟူသောတောင်၊ ဗျာဓိတည်းဟူသော တောင်၊ မရဏတည်းဟူသော တောင်။

တောင်ဘယ်နှစ်လုံးပါလိမ့်(လေးလုံးပါဘုရား)ဒီတောင်လေးလုံးရဲ့ အကြိတ်ခံမနေရဘူးလား (အကြိတ်ခံနေရပါတယ်ဘုရား) ဘာပြုလို့ ဒီလို အကြိတ်ခံနေရတာတုံး(ခန္ဓာငါးပါးရှိနေလို့ပါဘုရား)ခန္ဓာငါးပါးဘာပြုလို့ရှိနေတာတုံး(ဖြစ်ဖြစ်နေလို့ပါဘုရား) အဖြစ်ဆိုးကတော့ဖြင့် မလွန်ဘူးလား(လွန်ပါတယ်ဘုရား) ဒီအဖြစ်ဆိုးနဲ့ဘဲ ခင်ဗျားတို့ ကျုပ်တို့သေခဲ့ရတယ်။ သံသရာမှာမသေခဲ့ရဘူးလား

(သေခဲ့ရပါတယ်ဘုရား)ဒါတွေကိုမသိတော့ ဖြစ်ချင်ကြတယ်။ မဖြစ်ချင်ဘူးလား (ဖြစ်ချင်ပါတယ်ဘုရား)။

လူ့ဘဝ ဖြစ်ရပါလို၏၊ နတ်ဘဝ ဖြစ်ရပါလို၏၊ ဗြဟ္မာဘဝ ဖြစ်ရပါလို၏ ဆိုတာ တောင်ကြိတ်ခံချင်လို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား) သေမှာဘဲဗျ။ ယခုလဲသေဆဲ အသစ်က အစားထိုးပေးနေတော့ အသေရပ်ရဲလား (မရပ်ပါဘုရား)မရပ်ဘူး။ ခန္ဓာငါးပါးဖြစ်တာ ဘေးကြီးလို့ ဒီလိုထင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး(ဘယဉာဏ်ပါဘုရား) လက္ခဏာအားဖြင့် (ဒုက္ခလက္ခဏာ) အနုပဿနာအားဖြင့်[ဒုက္ခာနုပဿနာ]အနုပဿီအားဖြင့်(ဒုက္ခာနုပဿီ)သုံးချက်ကိုဗျ။ ဘယဉာဏ်မရဘူးလား (ရပါတယ်ဘုရား) ဘေးကြီး မမြင်လာဘူးလား (မြင်လာပါတယ်ဘုရား)မြင်လာတယ်၊ ကြောက်လာတယ်၊ ဉာဏ်ကြောက်လား ငါကြောက်လား (ဉာဏ်ကြောက်ပါဘုရား) ငါကြောက် မဟုတ်ဘူးနော်။ ဉာဏ်နဲ့ကြောက်ရတဲ့တရား၊ ဉာဏ်နဲ့ထင်ရတာလား၊ ငါနဲ့ထင်ရတာလား(ဉာဏ်နဲ့ထင်ရတာပါဘုရား) ရှုတိုင်း ရှုကိုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား)။

ခန္ဓာမရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား)ဖြစ်ပြီးဘယ်ရောက်(ပျက်)မြဲလို့လား(မမြဲလို့ပါဘုရား) နိစ္စလား၊ အနိစ္စလား(အနိစ္စပါဘုရား)ဘာအနိစ္စလဲ(ခန္ဓာငါးပါး အနိစ္စပါဘုရား) ခန္ဓာငါးပါး အနိစ္စဆိုတာ ဘယ်အချိန်မှာ ဖြစ်နေတာတုံး (ရှုတိုင်း ရှုကိုက်တိုင်း) မလွတ်နဲ့။ သို့မဟုတ်ရင် ခင်ဗျားတို့ ဘယ်အချိန် ဘယ်ဌာနဆိုတာ မသိဘဲဖြစ်နေအုံးမယ်၊ ပျက်ရင် ကုန်ပါတော့လားဆိုတော့ (မကုန်ဘူး) နောက်ထပ် အသစ်ဖြစ်ဖြစ်နေလို့။ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) နောက်ထပ် အသစ်ဖြစ်တာမဆင်းရဲဘူးလား(ဆင်းရဲပါတယ်ဘုရား)။

သုခလား ဒုက္ခလား (ဒုက္ခပါဘုရား) ရှုကိုက်တိုင်းမှာ ခန္ဓာငါးပါး မဖြစ်နဲ့လို့ တားရရဲ့လား(မရပါဘုရား)မပျက်ပါနဲ့လို့ တားရရဲ့လား (မရပါဘုရား)တားမရတာ အတ္တလား၊ အနတ္တလား (အနတ္တပါဘုရား) အနိစ္စ ဒုက္ခ အနတ္တ လူတွေ သတ္တဝါတွေပေါ်မှာလား၊ ခန္ဓာပေါ်မှာလား (ခန္ဓာငါးပါးပေါ်မှာ အနိစ္စ ဒုက္ခ အနတ္တပါဘုရား)ခန္ဓာငါးပါးသည် အနိစ္စအပြစ်၊ ဒုက္ခအပြစ်၊ အနတ္တအပြစ် မရှိဘူးလား၊ ရှိသလား (ရှိပါတယ်ဘုရား)အပြစ်မြင်မလာဘူးလား (မြင်လာပါတယ်ဘုရား) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေပေါ်မှာ မြင်တာလား၊ ခန္ဓာငါးပါးပေါ်မှာ မြင်တာလား(ခန္ဓာငါးပါးမှာ မြင်တာပါဘုရား)။

ဘယ်အချိန်မှာ ခင်ဗျားတို့ အပြစ်မြင်တာတုံး( ရှုတိုင်း ရှုကိုက်တိုင်း) မိအောင်ဖမ်း၊ ဒီအချိန်မှာ ရှုကွက်ထဲမိပါစေ၊ လုပ်ငန်းနဲ့မိမှ အကျိုးများမှာ ယခု အပြစ်သုံးချက်မတွေ့ဘူးလား(တွေ့ပါတယ်ဘုရား)ဘယ်အပေါ်မှာ အပြစ်တွေ့တာတုံး

(ခန္ဓာငါးပါးပေါ်မှာဘုရား)ဘယ်အချိန်မှာ တွေ့တာတုံး (ရှုတိုင်း ရှုက်တိုင်း မှာပါဘုရား)။

တံငါယောကျ်ားဟာ ဆောင်းနဲ့ ငါးမမျှားဘူးလား (မျှားပါတယ်ဘုရား) ဆောင်းတဲ့အခါ မြွေဟောက်ကြီးကိုငါးထင်ပြီး ယူထားတယ်။ သိလို့ယူတာလား (မသိလို့ပါဘုရား) အော်-ငါးမှတ်လို့ ယူလိုက်တာ၊ ဘာကြီးရလာတုံး (မြွေဟောက်ကြီးပါဘုရား)မြွေဟောက်ကြီးက ဘာနဲ့တူတာတုံး (ခန္ဓာငါးပါးနဲ့ပါဘုရား)အဲဒီ မြွေဟောက်ကြီးမှာလဲ လည်ရစ်က ဘယ်နှစ်ရစ်ရှိတာတုံး (သုံးရစ်ပါဘုရား) သုံးရစ်က ဘာနဲ့တူတာတုံး (အနိစ္စ ဒုက္ခ အနတ္တနဲ့ပါဘုရား) လည်ရစ်သုံးရစ်နဲ့တူတဲ့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အပြစ်ကြီးက မြင်လာပြီ။ အပြစ်မြင်တဲ့ ဉာဏ်သည် ဘာဉာဏ်တုံး(အာဒီနဝဉာဏ်ပါဘုရား) လူတွေ သတ္တဝါတွေပေါ်မှာ မြင်တာလား (ခန္ဓာငါးပါးပေါ်မှာမြင်တာပါဘုရား) ခန္ဓာငါးပါးရချင်သေးရဲ့လား(မရချင်ပါဘုရား) ဟိုတုံးကတော့ ရချင်တယ်ထားပါတော့။ ယခု ခင်ဗျားတို့ သိလျက်သားနဲ့ ခန္ဓာငါးပါး ရချင်သေးတယ်ဆိုရင် ဒီထက်ဆိုးတဲ့လူ ရှိသေးရဲ့လား (မရှိတော့ပါဘုရား)အဲဒီလို ဆုံးဖြတ်ချက် ချပါတော့။

ဟိုတုံးကလဲ မသိဘဲနဲ့၊ ကမ္မမူလေန၊ ကံတည်းဟူသော အဖိုးအခပေးသဖြင့်။ လဒ္ဓံ၊ ခန္ဓာငါးပါးကိုရခဲ့တယ်။ မရခဲ့ဘူးလား(ရခဲ့ပါတယ်ဘုရား)ဒါနတွေ သီလတွေ သမထတွေနဲ့ ဝယ်ခဲ့တယ်။ ယခုလဲ မသိဘဲနဲ့ ဒါနတွေ သီလတွေ သမထတွေ လုပ်ဦးမယ်ဆိုရင် ဘာပြန်ရမှာတုံး (ခန္ဓာငါးပါးပါဘုရား) ခန္ဓာငါးပါးရရင် ကောင်းမှာလား (ဆိုးမှာပါဘုရား) အပြစ်ရှိတာရမှာလား၊ အပြစ်မရှိတာရမှာလား(အပြစ်ရှိတာရမှာပါဘုရား) အပြစ်ကဘယ်နှစ်ချက်တုံး(သုံးချက်ပါဘုရား) သုံးချက်က ဘာတုံး(အနိစ္စ ဒုက္ခ အနတ္တ)အပြစ်ကိုတော့ဖြင့် မလိုချင်ပါတော့နဲ့။ မပြောသင့်ဘူးလား(ပြောသင့်ပါတယ်ဘုရား)အပြစ်မြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး(အာဒီနဝဉာဏ်ပါဘုရား)။

အပြစ်မြင်တော့ ခန္ဓာငါးပါးပေါ်မှာ မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) အပြစ်မြင်မှ ငြီးငွေ့မှာ အပြစ်မမြင်ရင် ငြီးငွေ့ပါ့မလား (မငြီးငွေ့ပါဘုရား)ခင်ဗျားတို့ လူလယ်ခေါင်မှာ ပျော်ကြတယ်။ မပျော်ကြဘူးလား(ပျော်ပါတယ်ဘုရား) ပျော်မှာပေါ့ အပြစ်မှ မမြင်တာကိုး။ လူလယ်ခေါင်မှာ စားလိုက်ကြ၊ ဝတ်လိုက်ကြ၊ ပြုပြင်လိုက်ကြ၊ နေတော့လဲ အပြိုင်အဆိုင်နေကြတယ်။ အပြစ်မြင်လို့လား (အပြစ်မမြင်လို့ပါဘုရား) အပြစ်မြင်တဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ဘယ်လိုဘဲ စားရစားရ၊ ဘယ်လိုဘဲဝတ်ရဝတ်ရ ငြီးငွေ့တော့တာဘဲ။ ခင်ဗျားတို့က ခန္ဓာရဲ့ အပြစ်ကိုမမြင်တော့ ပုဂ္ဂိုလ်တွေမှာ ညှတ်ညှတ်ပြီး အပြိုင်အဆိုင်ကျဲနေကြတယ်ဆိုရင် မှားပါ့မလား(မမှားပါဘုရား) အပြစ်မြင်လို့လား (မမြင်လို့ပါဘုရား)သာသနာတော်နဲ့ တွေ့ပါလျက်သားနဲ့ ခန္ဓာရဲ့အပြစ်ကိုမမြင်ဘဲ အသေ

ကဦးသွားရင်မနစ်နာဘူးလား(နစ်နာပါတယ်ဘုရား)ဒါကြောင့် တကာတကာမတွေ အပြိုင်အဆိုင်တွေ လျှော့ပါတော့လို့ မပြောသင့်ဘူးလား (ပြောသင့်ပါတယ်ဘုရား)သာသနာတော်နဲ့တွေ့တဲ့အခါ အပြစ်မြင်အောင်ကြည့်ပါ။

အပြစ်ကဘာတွေလဲ (အနိစ္စ ဒုက္ခ အနတ္တ) ဘယ်ပေါ်မှာတုံး (ခန္ဓာငါးပါးမှာပါဘုရား) လူတွေ သတ္တဝါတွေမှာလား(ခန္ဓာငါးပါးမှာပါဘုရား) ဒီကရွှေ အပြစ်တင်ရင် ခင်ဗျားတို့ ခန္ဓာငါးပါးသာ အပြစ်တင်ပါ။ ပုဂ္ဂိုလ်တွေ သတ္တဝါတွေမှာ အပြစ်မမြင်ပါနဲ့။ အပြစ်မရှိတာကို အပြစ်လုပ်ပြီး ကြီးကြီးကျယ်ကျယ် လုပ်နေတယ်လို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)အပြစ်ရှိတာက ဘယ်မှာရှိတာတုံး (ခန္ဓာငါးပါးမှာပါဘုရား)ရှိတဲ့နေရာတော့ အပြစ်လို့မကြည့်ဘူး၊ မရှိတဲ့နေရာကျတော့ကြည့်တယ်။ ပုထုဇဉ်ဆိုတာ ဒီအတိုင်းဘဲ။ မရှိတာကို သူက အရှိလုပ်တာ။ အပြစ်လို့မမြင်ဘူး။ သူ့ကို ဘာလို့ခေါ်တုံး (ပုထုဇဉ်ပါဘုရား) အန္ဓပုထုဇဉ်ကဏ်းဒါဘဲဗျ။ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)ကဏ်းလဲ ကဏ်းသေး လျှာကလဲရှည်သေးဆိုတော့ မလွန်လွန်းဘူးလား(လွန်လွန်းပါတယ်ဘုရား)။

ဒါကြောင့် တကာ တကာမတွေ အပြစ်ကိုမိအောင် ဖမ်းလိုက်ပါ။ ဘယ်ပေါ်မှာ အပြစ်ကိုမြင်ရမှာတုံး (ခန္ဓာငါးပါးပေါ်မှာပါဘုရား) အပြစ်ကိုမြင်တဲ့ဉာဏ်သည် ဘာဉာဏ်တုံး (အာဒီနဝဉာဏ်ပါဘုရား) အပြစ်မြင်လိုက်တာနဲ့ တပြိုင်ထဲ ဒီခန္ဓာငါးပါးနဲ့ နေရတာ မငြီးငွေ့ဘူးလား (ငြီးငွေ့ပါတယ်ဘုရား) ငြီးငွေ့တယ်။ ငြီးငွေ့တာက ဘာဉာဏ်တုံး (နိဗ္ဗိန္ဒဉာဏ်) အဲဒီ နိဗ္ဗိန္ဒဉာဏ်ကို ရောက်မှ စိတ်က နိဗ္ဗာန်ကိုလွတ်မှာ။ အဲဒီ နိဗ္ဗိန္ဒဉာဏ်ပေါ်လာတာနဲ့ တပြိုင်နက် ဒီခန္ဓာပေါ်က မလွတ်ချင်ဘူးလား၊ လွတ်ချင်သလား [လွတ်ချင်ပါတယ်ဘုရား] လွတ်ချင်တာက ဘာဉာဏ်တုံး(မုစ္စိတုကမျတာဉာဏ်ပါဘုရား) သားသမီးတွေ ဆွေမျိုးတွေပေါ်က လွတ်ချင်တာလား၊ ခန္ဓာငါးပါးပေါ်က လွတ်ချင်တာလား (ခန္ဓာငါးပါးပေါ်ကလွတ်ချင်တာပါဘုရား) ခင်ဗျားတို့ အပြစ်မရှိတာကျတော့အပြစ်ရှာတယ်၊ သားသမီးတွေ သူ့ဟာသူနေတာ ဒီသားသမီးတွေကဘဲ လွတ်ချင်တယ်တဲ့။ သားသမီးကလွတ်ချင်လို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား)ဘယ်ပေါ်က လွတ်ရမှာတုံး (ခန္ဓာငါးပါးပေါ်ကပါဘုရား) အပြစ်ရှိတဲ့ အပေါ်က လွတ်ချင်ရမှာ။ သားသမီးတွေ ဆွေမျိုးတွေက အပြစ်ရှိရဲ့လား (မရှိပါဘုရား) အပြစ်မရှိပါဘူး။ ခင်ဗျားတို့ကျုပ်တို့ရဲ့ အပြစ်ကဘယ်မှာတုံး (ခန္ဓာငါးပါးပေါ်မှာပါဘုရား) ခန္ဓာငါးပါးမှာသာ အပြစ်ရှိပါတယ်။

ညွှံဗွက်ထဲမှာနစ်နေတဲ့ ဆင်ပြောင်ကြီးဟာ ညွှံဗွက်က မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဘုရား) လွတ်ချင်သလို ခန္ဓာငါးပါးတည်းဟူသော ညွှံဗွက်ကြီးထဲက မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဘုရား) ညွှံဗွက်ထဲ နစ်နေတာ

ကော နစ်မှုန်းသိရဲ့လား (မသိပါဘုရား) မသိတော့ ငြိးငွေ့ရမှန်းမသိ။ အပြစ်က မမြင်ဘဲကိုး။ အပြစ်ကိုလဲမမြင် ငြိးငွေ့ရမှန်းလဲမသိတော့ လွတ်ချင်မှန်းကောသိရဲ့လား (မသိပါဘုရား) မသိတာ လူကလား၊ အဝိဇ္ဇာကလား (အဝိဇ္ဇာကမသိတာပါဘုရား) အဝိဇ္ဇာဆိုတာ ကုသိုလ်တရားလား (အကုသိုလ်တရားပါဘုရား) အကုသိုလ်စိတ် ၁၂-ပါးထဲမှာ အဝိဇ္ဇာလောက်ကြီးတဲ့အကုသိုလ် ရှိသေးရဲ့လား (မရှိပါဘုရား) တကာတကာမတွေ့ အကုသိုလ်ဆိုတာ ကြီးတာငယ်တာ ရှိရဲ့လား (မရှိပါဘုရား)

သံလုံးလေးရေထဲချကြည့်ရင်ပေါ်မှာလား(မြုပ်မှာပါဘုရား)သံလုံးကြီးတွေချကြည့် ပေါ်မှာလား (မြုပ်မှာပါဘုရား) သေးတာ ကြီးတာ ရွေးနေသေးရဲ့လား (မရွေးပါဘုရား) အကုသိုလ် ၁၂-ပါးကလဲ သေးတာ ကြီးတာ ရွေးနေသေးရဲ့လား (မရွေးပါဘုရား) မရွေးဘူး မြုပ်မှာဘဲ။ အလည်ခေါင်မျှားရပ်နေဦးမှာလား (မရပ်ပါဘုရား) တောက်လျှောက်မြုပ်မှာ။

ဒါကြောင့် အပြစ်မမြင်တော့ ဒုက္ခမရောက်ဘူးလား (ရောက်ပါတယ်ဘုရား) ဘယ်အပေါ်မှာအပြစ်မြင်ရမှာလဲ (ခန္ဓာငါးပါးပေါ်မှာပါဘုရား) ခန္ဓာငါးပါးပေါ်မှာ အပြစ်မြင်တဲ့ဉာဏ်ကဘာဉာဏ်တုံး (အာဒီနဝဉာဏ်ပါဘုရား) ငြိးငွေ့တာက(နိဗ္ဗိန္ဒဉာဏ်ပါဘုရား) လွတ်ချင်တာက (မုစ္စိတုကမျတာဉာဏ်ပါဘုရား) ဘယ်အပေါ်ကလွတ်ချင်တာတုံး (ခန္ဓာငါးပါးပေါ်ကပါဘုရား) အဲဒါကိုဉာဏ်နဲ့ မိအောင်ဖမ်းထားပါ။

အော်-ကျော့ကွင်းမှာ မိနေတဲ့ သားသမင်သည် ကျော့ကွင်းကနေပြီးတော့ မလွတ်ချင်ဘူးလား (လွတ်ချင်ပါတယ်ဘုရား) လွတ်ချင်သလို။ အဲဒီလိုဉာဏ်ကတက်လာမှာနော်။ မိရိုးဖလာ လွတ်ချင်လို့ဖြစ်ပါမလား (မဖြစ်ပါဘုရား) မဖြစ်ဘူး။ အဲဒီလိုလွတ်ချင်တဲ့ဉာဏ်ကဘာဉာဏ်တုံး(မုစ္စိတုကမျတာဉာဏ်ပါဘုရား) လွတ်ချင်တော့လွတ်ရဲ့လား (မလွတ်ပါဘုရား) မလွတ်တော့ ဘယ်အပေါ်ပြန်ပြီးရှုပြန်သလဲ (ခန္ဓာငါးပါးပေါ်ပါဘုရား) ပြန်ရှုတဲ့ဉာဏ်သည် ပဋိသင်္ခါဉာဏ်။ ပဋိသင်္ခါဉာဏ်ကပြန်ပြန်ပြီးမရှုဘူးလား (ရှုပါတယ်ဘုရား) မရှုလို့ကော ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) ပြန်ရှုလိုက်တဲ့အခါကျတော့ ဘာမြင်တုံး (အပြစ်ပါဘုရား)ဘယ်အပေါ်မှာပြန်ရှုလို့တုံး(ခန္ဓာငါးပါးအပေါ်ပါဘုရား)ဘယ်အချိန်မှာ ခန္ဓာငါးပါးပေါ်ရှုတာတုံး (ရှုတိုင်း ရှိုက်တိုင်းမှာပါဘုရား) ရှုကွက်လွတ်သွားမှာစိုးလို့ ပြန်ပြီးဖေါ်ပေးနေတာ။

ခန္ဓာငါးပါး ကြည့်လိုက်တဲ့အခါကျတော့ အပြစ်ဘယ်နှစ်ချက်တွေ့တုံး (သုံးချက်ပါဘုရား) သုံးချက်ကဘာတွေတုံး (အနိစ္စ-ဒုက္ခ-အနတ္တ) ဘယ်ဉာဏ်ကပြန်ရှုလိုက်တာတုံး (ပဋိသင်္ခါဉာဏ်ကပါဘုရား) ပြန်ရှုလိုက်တော့ အပြစ်မြင်၊ အပြစ်မြင်တော့ငြိးငွေ့၊ ငြိးငွေ့တော့လွတ်ချင်၊လွတ်ချင်တော့ပြန်ကြည့်။ မလည်

ဘူးလား (လည်နေပါတယ်ဘုရား) ပဋိသန္ဓေဉာဏ်၊ အာဒီနဝဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ် ပြန်လည်မလာဘူးလား (လည်နေပါတယ်ဘုရား) သူကဒီလိုဘဲရှုနေရမှာဘဲ။ မရှုလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အော်-ရှုလိုက်ပြန်တော့ အပြစ်မြင်၊ အပြစ်မြင်တော့ဘာတုံး (ငြီးငွေ့) ငြီးငွေ့တော့ဘာတုံး (လွတ်ချင်) လွတ်ချင်တော့ဘာဖြစ် (ပြန်ကြည့်) မိအောင်ဖမ်း။ ပြန်ကြည့်တော့ဘာတွေတုံး (အပြစ်ပါဘုရား) အပြစ်မြင်တော့ဘာပြန်ဖြစ်တုံး (ငြီးငွေ့ပါတယ်ဘုရား) ငြီးငွေ့တော့ဘာဖြစ် (လွတ်ချင်ပါတယ်ဘုရား) လွတ်ချင်တော့ဘာဖြစ် (ပြန်ရှုပါတယ်ဘုရား) ပြန်ရှုတာကဘာဉာဏ်တုံး ( ပဋိသင်္ခါဉာဏ်ပါဘုရား ) ဘယ်လိုရှုတာတုံး ( အနိစ္စ-ဒုက္ခ-အနတ္တ ) အနိစ္စ-ဒုက္ခ-အနတ္တကို မရှုလို့ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) အင်တိုက်အားတိုက် ရှုပြစ်ရမှာ။

မရှုလို့ရှိရင် မြွေဟောက်ကြီးနဲ့တူတဲ့ ခန္ဓာငါးပါးရဲ့အကိုက်မခံရဘူးလား (ခံရမှာပါဘုရား) ဒါကြောင့် ခေါင်းကိုင်မထားဘူးလား၊ ကိုင်ထားသလား (ကိုင်ထားပါတယ်ဘုရား) ဘာနဲ့ကိုင်ရမလဲဆိုတော့ အနိစ္စာနုပဿနာဉာဏ်၊ ဒုက္ခာနုပဿနာဉာဏ်၊ အနတ္တာနုပဿနာဉာဏ်နဲ့ ကိုင်ထားပါ။ လွတ်လို့ရရဲ့လား (မရပါဘုရား) လွတ်လိုက်ရင် အကိုက်ခံရမယ်။ ဒီမြွေဟောက်ကြီးနဲ့တူတဲ့ခန္ဓာကိုယ်ကို မောသွားအောင် ပင်ပမ်းသွားအောင် မလှုပ်နိုင်အောင် ရမ်းပြစ်ရမယ်။ မရမ်းရဘူးလား (ရမ်းရမှာပါဘုရား) ရမ်းတယ်ဆိုတာ ရှုပေးရတယ်။ ဘယ်လိုရှုရမလဲဆိုတော့ အနိစ္စ ဒုက္ခ အနတ္တလို့ရှုပါ။

အဲဒီအခါကျတော့ မြွေဟောက်ကြီးလှုပ်နိုင်သေးရဲ့လား(မလှုပ်နိုင်ပါဘုရား) မလှုပ်နိုင်တော့ ကိုက်လို့ရဦးမလား (မရပါဘုရား) မရသလို၊ အနိစ္စ ဒုက္ခ အနတ္တမှုမရှုရင် ခင်ဗျားတို့ တဏှာအကိုက်ခံရ၊ လောဘအကိုက်ခံရ၊ ဒေါသအကိုက်ခံရ၊ မောဟအကိုက်ခံရ၊ ဣဿာမစ္ဆရိယတွေအကိုက်ခံလိုက်ရ၊ မခံရဘူးလား (ခံရပါတယ်ဘုရား) ရှုလို့လား၊ မရှုလို့လား (မရှုလို့ပါဘုရား) ယခု ပဋိသင်္ခါဉာဏ်ကနေပြီး အနိစ္စ ဒုက္ခ အနတ္တတွေ အပူတပြင်း အားမထုတ်ရဘူးလား (အားထုတ်ရပါတယ်ဘုရား) အားထုတ်မှု မပါဘူးလား ( ပါပါတယ်ဘုရား ) ပါလာတော့ တဆင့်တက်လာတယ်။ ဘယ်လိုတက်လာသလဲဆိုတဲ့အခါ သင်္ခါရုပေက္ခာဉာဏ်က တက်လာတယ်။ ပဋိသင်္ခါဉာဏ်က အားကောင်းလိုက်တဲ့ အခါကျတော့ သင်္ခါရုပေက္ခာဉာဏ် တက်လာတယ်။ သင်္ခါရုပေက္ခာဉာဏ်က ဘယ်လိုရှုသလဲ ဆိုတော့ အတ္တေနဝါ၊အတ္တနိယေနဝါ။ အတ္တေနဝါ၊ ငါဆိုတဲ့သဘောမှရှင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဆိုတဲ့သဘောမှရှင်း။ သုညံ၊ မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်။ ဒွိဋ္ဌမ္ဘံ၊ မှတ်အပ်၏။

သူက အညီအမျှ ရှုပြစ်လိုက်ဘယ်။ ဘယ်လိုရှုလိုက်တာတုံး (အညီအမျှရှုတာပါဘုရား) အညီအမျှရှုလိုက်တော့ သောမနဿလဲမဖြစ်ဘူး၊ ဒေါမနဿလဲမဖြစ်

ဘူး။နေဝသုမနေ၁ဟောတိ နဒုမ္မနေ၁။ နေဝသုမနေ၁ဟောတိ၊ ဝမ်းလဲမမြောက်တော့ဘူး။ နဒုမ္မနေ၁ဟောတိ၊ ဝမ်းလဲမနည်းတော့ဘူးတဲ့။ ငါမှမဟုတ်ဘဲကိုဗျ။ ငါဟုတ်နေရင် ခင်ဗျားတို့ ဝမ်းလဲသာချင်သာမယ်၊ ဝမ်းလဲနည်းချင်နည်းမယ်၊ ယခုတော့ငါဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ငါမဟုတ်ဘူး၊ ခန္ဓာငါးပါးဘဲ၊ ရှုတိုင်းရှိုက်တိုင်းမှာ အတ္တေနဝါ၊ ငါဆိုတဲ့သဘောမှုဒင်း။ အတ္တနိယေနဝါ၊ ငါ့ဥစ္စာဟူသောသဘောမှုဒင်း၊ သုညတော၊ မရှိလုံးလုံး ဆိတ်သုဉ်းသောအားဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏၊ ငါလဲမရှိ၊ ငါ့ဥစ္စာလဲမရှိ၊ ငါလို့ ထင်ရင်ဒိဋ္ဌိ။ ငါ့ဥစ္စာလို့ ထင်နေတာကဘာတုံး (တဏှာပါဘုရား) တုန်လှုပ်တဲ့ တဏှာဒိဋ္ဌိစင်သွားတော့ အညီအမျှဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)

နေဝသုမနေ၁ဟောတိ နဒုမ္မနေ၁၊ဥပေက္ခကော ဝိဟရတိသတောသမ္ပဇာနော ဥပေက္ခကော၊ အညီအမျှရှုပြီးနေပါတယ်၊ မနေဘူးလား(နေပါတယ်ဘုရား) ဒီနေရာ ဥပေက္ခာဖြစ်လာတော့ ဉာဏ်အားဖြင့် သင်္ခါရုပေက္ခာဉာဏ် ဖြစ်လာတယ်၊ ခင်ဗျားတို့ တခါတလေအပြစ်မြင်တော့ ဒေါမနဿဘက် ပါချင်ပါသွားဦးမယ်။ ဒီတခါမှ အနိစ္စ ဒုက္ခ အနတ္တမြင်တယ်ဆိုပြီး ဝမ်းမြောက်မှုတွေ ဖြစ်ချင်ဖြစ်လာဦးမှာ။ အဲဒီလိုရှုမနေတော့နဲ့၊ ဘယ်လိုရှုရမလဲဆိုတော့ ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲမဟုတ်၊ ဘာတုံး(ခန္ဓာငါးပါးပါဘုရား)ဘယ်အချိန်မှာတုံး (ရှုတိုင်းရှိုက်တိုင်း) ဒါအညီအမျှရှုတာဘဲ၊ ဥပေက္ခာဖြစ်မလာဘူးလား (ဖြစ်လာပါတယ်ဘုရား)

နောက်တချက်က နိစ္စ ဓုဝ သုခ သဿတာ၊ နိစ္စ၊ မြဲတဲ့သဘောလဲမဟုတ်၊ မြဲတဲ့သဘောဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဓုဝ၊ ခိုင်ခန့်တဲ့သဘောလဲမဟုတ်။ သဿတာ၊ တည်တန့်တဲ့သဘောလဲမဟုတ်။ သုခ၊ ချမ်းသာတဲ့သဘောလဲမဟုတ်။ ငါလဲမဟုတ်၊ ချမ်းသာတဲ့သဘောလဲမဟုတ်၊ မြဲတဲ့သဘောလဲမဟုတ်၊ တည်တန့်တဲ့သဘောလဲမဟုတ်။ အဲဒီလို ရှုလိုက်တဲ့အခါကျတော့ သောမနဿ ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) ဝမ်းမြောက်မှုလဲမဖြစ်ဘူး။ နဒုမ္မနေ၁ ဟောတိ၊ ဝမ်းလဲမနည်းတော့ဘူး။ ဘာပြုလို့ ဝမ်းသာမှု ဝမ်းနည်းမှုမဖြစ်သလဲဆိုတော့ အညီအမျှရှုနေလို့၊ အညီအမျှရှုတဲ့ဉာဏ်သည် ဘာဉာဏ်တုံး(သင်္ခါရုပေက္ခာဉာဏ်ပါဘုရား)

ကြောင့်ကြမျာ း စိုက်နေရသေးသလား ( မစိုက်ရပါဘုရား ) ပထမ ပဋိသင်္ခါဉာဏ်တုံးကတော့ ကြောင့်ကြစိုက်လိုက်ရတာ၊ မစိုက်ရဘူးလား (စိုက်ရပါတယ်ဘုရား)ခန္ဓာငါးပါးရှုလိုက်တော့ဘာမြင်တုံး (အပြစ်ပါဘုရား) အပြစ်မြင်တော့ ငြီးငွေ့၊ ငြီးငွေ့တော့လွတ်ချင်၊ လွတ်ချင်တော့ပြန်ကြည့်၊ ဒီတခါတော့ ကြည့်မနေတော့ဘူးတဲ့။ ငါ ငါ့ဥစ္စာမှမဟုတ်တာ၊ အကြောင်းရှိရင်ဖြစ်မှာဘဲ၊ လျစ်လျူမရှုဘူးလား (ရှုပါတယ်ဘုရား) လျစ်လျူရှုတယ်ဆိုတာ သင်္ခါရကို လုံးဝ လျစ်လျူရှုလိုက်တာမဟုတ်ဘူး။ ငါမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူးလို့ အညီအမျှ ရှုလိုက်တာ။ ဒီနေရာမှာ အဋ္ဌကထာဆရာက ဘယ်လိုပြဆားသလဲဆိုတော့

+ သမ္မာပဋိပတ္တိ အာဂမ္မအလီနံ အနုဒ္ဓတံ အနိရာသာဒံ အာရမ္မဏေသု သမ္မပ္ပဝတ္တံ စိတ္တံဟောတိ သမထဝိထိ ပဋိပန္န စိတ္တံဟောတိ၊ တဒသ ပဂ္ဂဟ နိဂ္ဂဟာ သမ္ပဟံသနေသု နဗျာပါဒံ အာပဇ္ဇတိ၊ သာရထိဝ သမ္မာပဝတ္တေသု အဇ္ဈုပေက္ခ။

သမ္မာပဋိပတ္တိ၊ လမ်းမှန်တဲ့အကျင့်ကို၊ အာဂမ္မ၊ စွဲ၍။ စိတ္တံ၊ ဝိပဿနာရှုနေတဲ့စိတ်သည်၊ အလီနံ၊ မတွန့်ဆုတ်သည်။ အနုဒ္ဓတံ၊ မပျံ့လွင့်သည်။ အနိရာသာဒံ၊ သာယာနှစ်သက်ခြင်းမရှိသည်။ ခင်ဗျားတို့ဒီခန္ဓာငါးပါး ငါဟုတ်ရဲ့လား(မဟုတ်ပါဘုရား) ငါ့ဥစ္စာဟုတ်ရဲ့လား (မဟုတ်ပါဘုရား) ဒီခန္ဓာငါးပါးသည် ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲမဟုတ်လို့ အညီအမျှရှုခိုက်မှာ ဒီရှုနေတဲ့စိတ်ဟာ သာယာမှုတွေ ဖြစ်ပါဦးမလား (မဖြစ်တော့ပါဘုရား) စိတ်တည်မလာဘူးလား (တည်လာပါတယ်ဘုရား)

သမ္မာပဋိပတ္တိ၊ လမ်းမှန်တဲ့အကျင့်ကို၊ အာဂမ္မ၊ စွဲ၍၊ စိတ္တံ၊ ဝိပဿနာရှုနေတဲ့စိတ်သည်၊ အလီနံ၊ မတွန့်ဆုတ်သည်။ အနုဒ္ဓတံ၊ မပျံ့လွင့်သည်၊ အနိရာသာဒံ၊ သာယာခြင်းမရှိသည်၊ ဟုတွာ၊ ဖြစ်၍၊ အာရမ္မဏေသု၊ ခန္ဓာငါးပါးဆိုတဲ့ အာရုံတို့၌၊ သမ္မပ္ပဝတ္တံ၊ အညီအမျှရှုလေတော့သည်။ ဟောတိ၊ ဖြစ်၏။

ဘယ်လိုရှုနေတာတုံး (အညီအမျှရှုနေတာပါဘုရား) အညီအမျှဘယ်လိုရှုနေတာပါလိမ့် (ငါ-ငါ့ဥစ္စာလဲမဟုတ်) အညီအမျှရှုတယ်ဆိုတာ မြဲတဲ့သဘောလဲမဟုတ်၊ တည်တန့်တဲ့သဘောလဲမဟုတ်၊ ခိုင်ခံ့တဲ့သဘောလဲမဟုတ်၊ ချမ်းသာတဲ့သဘောလဲမဟုတ်။ အဲဒါအညီအမျှရှုနေတာဘဲ၊ ဝမ်းမြောက်မှုတွေလာဦးမလား (မလာတော့ပါဘုရား) ဝမ်းနည်းမှုတွေကော လာဦးမလား (မလာတော့ပါဘုရား) ဒါကြောင့် အာရမ္မဏေသု၊ ရှုတိုင်းရှိုက်တိုင်း ခန္ဓာငါးပါးဆိုတဲ့ အာရုံတို့၌၊ သမ္မပ္ပဝတ္တံ၊ အညီအမျှရှု၍နေသည်၊ ဟောတိ၊ ဖြစ်၏။ စိတ္တံ၊ စိတ်သည်။ သမထဝိထိပဋိပန္နံ၊ နိဝရဏတွေ ကြောင့်ကြစရာ တောင့်တစရာ ပူပန်စရာတွေ ငြိမ်းအေးနေတဲ့ လမ်းရိုးလမ်းစဉ်သို့လိုက်၍နေသည်၊ ဟောတိ၊ ဖြစ်၏။

ခင်ဗျားတို့ပူပန်စရာတွေ တောင့်တစရာတွေလာသေးရဲ့လား[မလာပါဘုရား] အညီအမျှရှုလို့လား (အညီအမျှရှုလို့ပါဘုရား) ဘယ်လိုရှုနေတာတုံး (ငါလဲမဟုတ် ငါ့ဥစ္စာလဲမဟုတ်)အကြောင်းရှိဖြစ်နေမှာဘဲ၊ အညီအမျှရှုတော့ဝမ်းသာမှုလဲမလာဘူး၊ ဝမ်းနည်းမှုလဲမလာဘူး။ နောက်-ဥပမာပေးထားပါတယ်။

သာရထိ၊ ရထားမောင်းသမားသည်။ သမ္မာပဝတ္တေသု အဇ္ဈုပေက္ခ၊ အညီအမျှသွားနေတဲ့မြင်း ၂-ကောင်တို့၌။ ဗျာပါဒံ၊ ကြောင့်ကြစိုက်ခြင်းကို။ နဇနေတိ

---

+ သုတ်မဟာဝါ ဋ္ဌ နှာ ၃၀၄

ယထာ၊ မဖြစ်စေသကဲ့သို့။ အောင်-မြင်း ၂-ကောင်ဟာအညီအမျှသွားနေတဲ့အခါ ကြိမ်နဲ့တို့ရသေးရဲ့လား (မတို့ရပါဘုရား) ကြိုးနဲ့ကောရိုက်ရသေးရဲ့လား (မရိုက်ရပါဘုရား) ဗျာပါဒံယထာ၊ ကြောင့်ကြစိုက်စရာ မလိုသလို။ ဧဝမေဝ၊ အဲဒီအတိုင်းသာလျှင်။ ပဂ္ဂဟနိဂ္ဂဟသမ္ပဟံသနေသု၊ ချီးမြှောက်ခြင်း နှိပ်ခြင်း ရွှင်ပြခြင်းတို့၌။ ဗျာပါဒံ၊ ကြောင့်ကြစိုက်ခြင်းသို့။ နအာပဇ္ဇတိ၊ မရောက်။

ဒီသခ်ါရကိုပင်ပမ်းခံပြီး ကြောင့်ကြစိုက်ရှုနေစရာ လိုသေးရဲ့လား (မလိုတော့ပါဘုရား) ဉာဏ်ကအသာလေးမျှော်ပြီးလိုက်သွားတယ်။ ငါလဲမဟုတ်၊ ငါ့ဥစ္စာလဲမဟုတ်၊ မြဲတဲ့သဘောလဲမရှိ၊ ချမ်းသာတဲ့သဘောလဲမရှိ၊ တည်တန့်ခိုင်ခံ့တဲ့သဘောလဲမရှိပါလား။ အဲဒီလို အညီအမျှမရှုဘူးလား (ရှုပါတယ်ဘုရား)

ဟော-အနိစ္စ ဒုက္ခ အနတ္တပါဘဲ။ ဒီသဘော ငါလဲမဟုတ် ငါ့ဥစ္စာလဲ မဟုတ်ပါလား၊ သူ့ကိုကြည့်လိုက်ရင် အပြစ်ဘဲ မြင်တော့တာဘဲ။ မမြင်ဘူးလား (မြင်ပါတယ်ဘုရား)အပြစ်ရှိတာ ငါရှိတာမှမဟုတ်တာ။ ဘယ်ပေါ်မှာ အပြစ်ရှိနေတာတုံး(ခန္ဓာငါးပါးမှာရှိနေတာပါဘုရား)ငါ့ဥစ္စာမှမဟုတ်တာ ခန္ဓာငါးပါးဘဲဆိုတော့ လျစ်လျူရှုလို့ မရဘူးလား (ရပါတယ်ဘုရား) အဲဒါ ဘာဉာဏ်တုံး (သင်္ခါရုပေက္ခာဉာဏ်ပါဘုရား)။

ဒီခန္ဓာငါးပါးကနေပြီးတော့ သူက ခွါခွါပြီးတော့ကြည့်တယ်။ ဉာဏ်က မခွါဘူးလား၊ ခွါသလား (ခွါပါတယ်ဘုရား) "အမတ ဓါတုယာ စိတ္တံ ဥပသံဟရတိ" အမတဓါတုယာ၊ ငြိမ်းအေးတယ်ဆိုတဲ့ အမတဓါတ်သို့။ စိတ္တံ၊ ဝိပဿနာရှုနေတဲ့စိတ်သည်၊ ဥပသံဟရတိ၊ ပူးပူးပြီးတော့ပေးတယ်တဲ့။ နိဗ္ဗာန်ဘက် ညွှတ်ကြည့်တယ်။ ခန္ဓာငါးပါးရဲ့ အပြစ်ကိုလဲမြင်၊ ငြီးလဲငြီးငွေ့၊ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ငါလဲမဟုတ် ငါ့ဥစ္စာလဲမဟုတ်လို့ လျစ်လျူရှုလိုက်။ လျစ်လျူရှုရာကနေပြီး နိဗ္ဗာန်ဘက်ကို ညွှတ်ကြည့်တယ်။ ညွှတ်ကြည့်တော့ ရောက်ရဲ့လား (မရောက်ပါဘုရား)။

ဒီနေရာမှာ အဋ္ဌကထာဆရာက ဥပမာပေးထားတယ်။ ဘယ်လိုပေးထားသလဲဆိုရင်ဖြင့် သင်္ဘောသားတွေဟာတဲ့ ပင်လယ်မှာ သွားတဲ့အခါကျတော့ ဒိသာကာကဆိုတဲ့ ကျေးသားကလေးမွေးထားတယ်တဲ့။ ကမ်းမမြင်တဲ့ အခါကျတော့ ကျေးသားလေးလွှတ်ရတယ်။ ကျေးသားလေးကနေပြီးတော့ ကမ်းရှိရာဘက်ကိုပျံတယ်။ ကမ်းမမြင်တဲ့ အခါကျတော့ သင်္ဘောပေါ်ကို ပြန်နားတယ်၊ ယခုလဲ ဒီဥပမာအတိုင်းဘဲ ဒီခန္ဓာငါးပါးဟာ သင်္ဘောကြီးနဲ့တူတယ်။ ကျေးသားလေးက ဉာဏ်နဲ့တူတယ်။ နိဗ္ဗာန်ဆိုတဲ့ကမ်းကို လွှတ်ကြည့်တယ်။ ကမ်းနဲ့တူတဲ့နိဗ္ဗာန်ကိုမမြင်တော့ ဒီခန္ဓာငါးပါးပေါ်မှာဘဲ ပြန်ပြီးတော့ မကျဘူးလား (ကျပါတယ်ဘုရား)ကျလိုက်တဲ့အခါမှာ ဘယ်လိုရှုတုံး(ငါလဲမဟုတ် ငါ့ဥစ္စာလဲမဟုတ်) ရှုရပြန်ပြီ။

ငါ၊ ငါ့ဥစ္စာမဟုတ်တဲ့ ခန္ဓာငါးပါးနဲ့ နေချင်သေးရဲ့လား (မနေချင်ပါဘုရား)ကျေးသားလေးသည် သဘော်ပေါ်နေရတာ ငြီးငွေ့သလို ခင်ဗျားတို့လဲ ခန္ဓာငါးပါးနဲ့နေရတာ အစမထင် သံသရာကစပြီးတော့ ခုအချိန်အထိ မနေရဘူးလား(နေရပါတယ်ဘုရား) ဘယ်အချိန်ကနေရတာတုံး (ရှုတိုင်း ရှုက်တိုင်း) ရှုတိုင်းရှိက်တိုင်းမှာ လူတွေ သတ္တဝါတွေ ရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား)ရှိတာဘာလို့ ရှိနေတာတုံး (ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် [ပျက်] အော်-ဖြစ်ပျက် ဖြစ်ပျက်နဲ့ မငြီးငွေ့ဘူးလား၊(ငြီးငွေ့ပါတယ်ဘုရား) ဖြစ်ပျက်ဘဲ မြင်နေတာကိုဗျ။

တကာတကာမတွေ ကျေးသားလေးကို လွှတ်ပါမျိုးတော့ ကမ်းကိုတဖြေးဖြေးမြင်မလာဘူးလား (မြင်လာပါတယ်ဘုရား) ယခုလဲ ခင်ဗျားတို့ရဲ့ ဉာဏ်ဟာ ခန္ဓာကခွါပြီး မလွှတ်သင့်ဘူးလား (လွှတ်သင့်ပါတယ်ဘုရား)အပြစ်မြင်မှ လွှတ်မှာဘဲ၊ အပြစ်မမြင် လွှတ်မှာမဟုတ်ဘူး။ ငြီးငွေ့ရမယ်၊ လွှတ်ချင်ရမယ်။ ရှုချင်ရမယ်၊ ရှုရမယ်၊ အားထုတ်ရမယ်၊ ငါ ငါ့ဥစ္စာမဟုတ်လို့ လျစ်လျူရှုရမယ်။ အညီအမျှရှုရမယ်။

အဲဒီလို အညီအမျှရှုလိုက်တော့ သင်္ခါရုပေက္ခာဉာဏ်က ရင့်သန်လာတော့ အနုလောမဉာဏ်က ပေးဝင်လာတယ်။ ဘာဉာဏ်ဝင်လာပြန်တုံး (အနုလောမဉာဏ်ပါဘုရား)အနုလောမဉာဏ်ဆိုတာ လျော်တဲ့ဉာဏ်၊ အောက်ဉာဏ် အထက်ဉာဏ်ကို လျော်တဲ့ဉာဏ်သည် အနုလောမဉာဏ်။ အဲဒီ အနုလောမဉာဏ်က အောက်ကို ဘယ်အထိ ဆင်းသလဲဆိုတော့ ဉဒယဗ္ဗယဉာဏ်အထိ ဆင်းတယ်၊ အောက်ကို ဘယ်အထိဆင်းတုံး[ဉဒယဗ္ဗယဉာဏ်အထိပါဘုရား)ဉဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုစ္စိတု ကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် ဒီရှစ်ဉာဏ်ကို အနုလုံ ပဋိလုံ အနုလောမဉာဏ်ကရှုတယ်။ ဘာပြုလို့လဲဆိုတော့ ဟိုဘက်ကမ်းကို သူကူးချင်နေတာကို။

ဒါပေမဲ့လို့ အောက်ဉာဏ်ကိုရှုလိုက်တော့ ပြန်တက်မလာဘူးလား (တက်လာပါတယ်ဘုရား)တက်လာပြီးတော့ ဟိုမဂ်ဉာဏ်ဘက်ကိုလဲ ကူးကူးကြည့်တယ်။

အနုလောမဉာဏ်ဆိုတာ ပရိကမ် ဉပစာ အနုလုံ အဲဒါကို အနုလောမဉာဏ်လို့ဆိုတာ အနုလောမဉာဏ်က လျော်တယ်ဆိုတာ ဘာကို အာရုံပြုပြီး လျော်သလဲလို့ဆိုတော့ အနိစ္စ ဒုက္ခ အနတ္တကို အာရုံပြုပြီးလျော်တာ။ အနိစ္စ ဒုက္ခ အနတ္တကို အာရုံပြုထားတာ။ ဘယ်ကို အာရုံပြုထားတာလဲ(အနိစ္စ ဒုက္ခ အနတ္တ) ဉဒယဗ္ဗယဉာဏ်ကနေပြီးတော့ သူမရှုခဲ့ဘူးလား (ရှုခဲ့ပါတယ်ဘုရား) ဘယ်လိုရှုတာတုံး(အနိစ္စ ဒုက္ခ အနတ္တ)ဘယ်ဉာဏ်ကနေ ရှုတာတုံး(အနုလောမဉာဏ်ကပါဘုရား)ဒီအနိစ္စ ဒုက္ခ အနတ္တဆိုတဲ့လက္ခဏာရေးသုံးပါးကိုအာရုံပြုပြီး အထက်

အောက် အပြန်အလှန်လျှော်တယ်။ လျှော်တယ်ဆိုတာ အားယူတယ်လို့ မဆိုထိုက်ဘူးလား(ဆိုထိုက်ပါတယ်ဘုရား)အားယူလိုက်တာဘဲ။

ဘယ်လို အားယူလိုက်သလဲဆိုတဲ့အခါ တကာ တကာမတွေ ပြောပါဦးမယ်။ ဟိုဘက်ကမ်းကို ကူးချင်တဲ့ ယောကျ်ားတယောက်ဟာ ဒီဘက်ကနေပြီး လုံတံနဲ့ ထောက်ပြီး ဟိုဘက်ကိုခုန်တယ်။ ခုန်တဲ့အခါကျတော့ ဟိုဘက်ကို မရောက်ခင် ဒီလုံတံလွှတ်ပါ့မလား (မလွှတ်ပါဘုရား) ယခုလဲအနုလောမဉာဏ်က ဟိုဘက်က မဂ်ဉာဏ် ဖိုလ်ဉာဏ် မရောက်သမျှ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လုံတံကို လွှတ်ပါ့မလား(မလွှတ်ပါဘုရား)ဒါဖြင့် ခုန်ခုန်မကြည့်ဘူးလား (ကြည့်ပါတယ်ဘုရား) ဒါက ကျမ်းဂန်ကပေးတဲ့ ဥပမာဘဲ။

တကာ တကာမတွေ ဥပမာတခု ပြောပါဦးမယ်။ ကမ်းမှာရှိတဲ့ သစ်ပင်ကို ကြိုးတချောင်းဆွဲထားလိုက်။ ဒီကြိုးကိုလွဲပြီးတော့ ဟိုဘက်ကမ်းကို မကူးဘူးလား [ကူးပါတယ်ဘုရား]ကူးတဲ့အခါကျတော့ ကြိုးကိုကိုင်ပြီးတော့ ဟိုဘက်ကို လွဲကြည့်လိုက်တယ်။ ဟိုဘက်ကမ်းရောက်မယ်မထင်ရင် ဒီကြိုးကို လွှတ်ပါ့မလား (မလွှတ်ပါဘုရား) ဒီဘက်ကမ်း ပြန်မကျလာဘူးလား (ကျလာပါတယ်ဘုရား) အဲဒီလိုဘဲ အနုလောမဉာဏ်က ကြိုးနဲ့တူတဲ့ ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တကို ကိုင်ထားတယ်။ ကိုင်ပြီး တခါတခါ လွှတ်ပြီးကြည့်တယ်။ အားမကောင်းသေးရင်း ပြန်ကျလာရင်း။ အဲဒါဘယ်နှစ်ချက်လောက်လျှော်သလဲဆိုတော့ သုံးကြိမ်၊ အနုလောမသုံးကြိမ်၊ အနုလုံကိုသုံးကြိမ် အားယူလိုက်တာ ပရိကမ် ဥပစာ အနုလုံ မဂ်ဖိုလ်ကိုးဗျ။ ဒါမဂ်ဇောကိုပြနေတာ။ ဝီတိသဘောကို အာရုံပြုပြီး ခင်ဗျားတို့ ပြနေတာ၊ ဒီအပိုင်းအထိ ခင်ဗျားတို့ ဉာဏ်ထဲမှာ ထင်ရှားပါစေ။ ဝါကထင်ရှားရမှာလား။ ဉာဏ်က ထင်ရှားရမှာလား (ဉာဏ်ကထင်ရှားရမှာပါဘုရား) အဲဒီ အနုလောမဉာဏ်မှာ ဘယ်နှစ်ကြိမ်စောတုံး(သုံးကြိမ်ပါဘုရား)အနုလောမဉာဏ်က နိဗ္ဗာန်လို့ မမြင်တတ်ဘူး။ ကိလေသာကိုသာ ပယ်တတ်တယ်။ အနုလောမဉာဏ်က ဘာကို ပယ်တာတုံး (ကိလေသာကိုပါဘုရား) နိဗ္ဗာန်ကို မြင်တာက ဂေါတြဘူဉာဏ်ကမြင်တယ်။ ဂေါတြဘူဉာဏ်က ကိလေသာကို မပယ်တတ်။ ဒါလဲ ကွဲပါစေ။

တကာ တကာမတွေ ကျမ်းဂန်ကပေးတဲ့ ဥပမာပြောပါဦးမယ်။ ညအခါမှာ လက သာလိုက်တာ။ ဒါပေမဲ့ လသာသော်လဲ တိမ်ရိပ်က ဖုံးနေတယ်။ နက္ခတ်တာရာကြည့်တဲ့ပုဂ္ဂိုလ်က နက္ခတ်တာရာတွေ ကြည့်တဲ့အခါကျတော့ လကိုမြင်ရရဲ့လား(မမြင်ပါဘုရား) ဘာဖုံးနေတုံး(တိမ်ရိပ်ပါဘုရား) ဘယ်သူ့ကို ဖုံးနေတုံး (လကိုပါဘုရား) ဒါဖြင့် အောက်က နက္ခတ်တာရာကြည့်တဲ့ ပုဂ္ဂိုလ်က ဒီတိမ်ကို ဖယ်လို့ရရဲ့လား (မရပါဘုရား) တိမ်ကို ဘယ်သူက ဖယ်နိုင်တာတုံး (လေကပါဘုရား)လေက တိမ်ကိုဖယ်ပေး။ လေက ပထမ တိမ်တွေကို ခပ်ကြမ်းကြမ်း ဖယ်

ပေးလိုက်တယ်။ ဒုတိယတကြိမ် ကျန်တဲ့တိမ်ကို ဖယ်ပေးလိုက်ပြန်တယ်။ တတိယ ကျန်တဲ့တိမ်ကိုဖယ်ပေးလိုက်တော့ဘာပေါ်လာတုံး(လပေါ်လာပါတယ်ဘုရား) တိမ်က လကိုမြင်ရရဲ့လား (မမြင်ရပါဘုရား) "လ"ကို ဘယ်သူက မြင်တာတုံး (နက္ခတ်ကြည့်နေတဲ့ ပုဂ္ဂိုလ်ကပါဘုရား) "လ" သည် ဘာနဲ့တူသလဲဆိုတော့ နိဗ္ဗာန်နဲ့တူတယ်၊ လေက ဘာနဲ့ တူသလဲဆိုတော့ အနုလောမဉာဏ်နဲ့တူတယ်၊ နက္ခတ်ကြည့်တဲ့ယောကျ်ားက ဂေါတြဘုဉာဏ်နဲ့တူတယ်။

အနုလောမဉာဏ်ကတခါထဲဖယ်ပေးလိုက်တော့ဂေါတြဘုဉာဏ်က လနဲ့တူတဲ့ နိဗ္ဗာန်ကိုမမြင်ပေဘူးလား(မြင်ပေးပါတယ်ဘုရား)မြင်လိုက်ပြီ။ သုံးကြိမ်လောက် လျှော်လိုက်တဲ့အခါကျတော့ ဒီဘက်ကကြိုး လွတ်မသွားဘူးလား၊ လွတ်သွား သလား (လွတ်သွားပါတယ်ဘုရား) ဒိဋ္ဌိခေါ်းပါး အနိစ္စ ဒုက္ခ အနတ္တကိုလွတ် ပစ်ခဲ့တယ်။ ဟိုဘက် ဂေါတြဘု ဖြစ်သွားတော့ ဂေါတြဘုက "လ" နှင့်တူတဲ့ နိဗ္ဗာန်ကို မြင်လိုက်တယ်။ ဂေါတြဘုဉာဏ်က ပုထုဇဉ်အနွယ်ကိုဖြတ်ပြီး အရိယာ အနွယ်ဘက်ကို ပြေးဝင်လိုက်တယ်။

+ ဥပ္ပါဒံ အဘိဘုယျတီတိ ဂေါတြဘု။

ဥပ္ပါဒံ၊ ပုထုဇဉ်အနွယ်ကို၊ အဘိဘုယျတိ၊ လွှမ်းမိုး၍ ဖြတ်တောက်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏၊ ဂေါတြဘုက ဘာကို ဖြတ်တာတုံး (ပုထုဇဉ်အနွယ်ကိုဖြတ်တာပါဘုရား) ပုထုဇဉ်အနွယ်ကို ဖြတ်လိုက် တော့ ဘာအနွယ်ထဲရောက်သလဲဆိုရင် အရိယာအနွယ်ဘက် ကူးမသွားဘူးလား (ကူးသွားပါတယ်ဘုရား) ဒီဘက်ကဘေးရန်ရှိတဲ့ကမ်း၊ ဟိုဘက်ကဘေးရန်မရှိတဲ့ ကမ်း။ ယခုဘယ်ဘက်ကမ်း ရောက်သွားတုံး ( ဘေးရန်မရှိတဲ့ကမ်းပါဘုရား ) ရောက်မသွားဘူးလား (ရောက်သွားပါတယ်ဘုရား)

+ အနုပ္ပါဒံပက္ခန္ဒတီတိ ဂေါတြဘု။

အနုပ္ပါဒံ၊ မဖြစ်ဘူးသောတဲ့အရိယာဇာတ်သို့၊ ပက္ခန္ဒတိ၊ ပြေးဝင်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။ အော်-ပုထုဇဉ်အနွယ် ကနေပြီးတော့ အရိယာနွယ်ကို ပြေးမဝင်ဘူးလား၊ ဝင်သလား (ဝင်ပါတယ် ဘုရား) အရိယာအနွယ်ဘက်ကို ပြေးဝင်တာဘယ်သူတုံး (ဂေါတြဘုပါဘုရား) မရလာဘူးလား (ရလာပါတယ်ဘုရား) တတောပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနံ အာလမ္ဗိတွာ။ တတော၊ ထိုအနုလုံနောင်မှ။ ဂေါတြဘုစိတ္တံ၊ ဂေါတြဘုစိတ် သည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာလမ္ဗိတွာ၊ အာလမ္ဗတိ၊ အာရုံပြု၍တဲ့။ ဂေါတြဘု

+ ဝိသုဒ္ဓိမဂ်၊ ၃၊ နှာ၊ ၃၁၄၊

က ဘာကိုအာရုံပြုလိုက်တာတုံး(နိဗ္ဗာန်ကိုပါဘုရား) ဒီအတိုင်းပြမထားဘူးလား (ပြထားပါတယ်ဘုရား) နိဗ္ဗာန်ကိုအာရုံပြုလိုက်ပြီ၊ ဂေါတြဘူက ရှေးဦးစွာ နိဗ္ဗာန်ကိုယူပေးတယ်၊ ရှေးဦးစွာ မဂ်ဉာဏ် ဖိုလ်ဉာဏ်က ယူပေးတာမဟုတ်ဘူး။ ဘယ်သူကယူပေးလိုက်တာတုံး (ဂေါတြဘူကပါဘုရား)

တကာတကာမတွေ ကျမ်းဂန်အနေနဲ့ ပြောပါဦးမယ်။ ဂေါတြဘူက ပြောလိုက်တယ်။ မဂ်ဉာဏ် ဒါနားလည်အောင်ပြောတာ။ ဟောဒါနိဗ္ဗာန်ပါ၊ အာရုံပြုပါတော့လို့ မပြလိုက်ဘူးလား (ပြလိုက်ပါတယ်ဘုရား) နိဗ္ဗာန်ကို အာရုံပြုတာက ဘယ်သူကအာရုံပြုတာတုံး (မဂ်ဉာဏ်ကပါဘုရား) မဂ်ဉာဏ်၊နိဗ္ဗာန်ကို ပြပေးတာက ဘယ်သူကယူပြတာတုံး (ဂေါတြဘူဉာဏ်ကပါဘုရား) ဒါကွဲပါစေနော်။

\+ တေနေဝစိတ္တံ မဂ္ဂဿ အာဝဇ္ဇနန္တိ ဝုစ္စတိ၊တဉှိအနာဝဇ္ဇနမ္ပိသမာနံ အာဝဇ္ဇနဋ္ဌာနေ ဌတွာ ဝေံနိဗ္ဗတ္တာဟိတိ မဂ္ဂသည့် ဒတွာဝိယနိရုဇ္ဈတိ။

အဋ္ဌကထာဆရာကပြတယ်။

တကာတကာမတွေ ဥပမာပြောပါဦးမယ်၊ သင်္ဂိုဟ်တက်ဘူးတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပါလိမ့်မယ်၊ စက္ခုဒွါရဝီတိမှာကြည့်။ စက္ခုဝိညာဏ်စိတ်ဟာ လူကိုအာရုံပြုတာလား၊ အဆင်းကိုအာရုံပြုတာလား (အဆင်းကိုအာရုံပြုတာပါဘုရား) စက္ခုဝိညာဏ်သည် အဆင်းကလွဲရင် အသံကိုအာရုံပြုရဲ့လား (မပြုပါဘုရား) နိဗ္ဗာန်ကို အာရုံပြုရဲ့လား (မပြုပါဘုရား) ဘာကိုအာရုံပြုတာတုံး (အဆင်းကိုပါဘုရား) ဟောဒါက အဆင်းဘဲဟေ့လို့ဆိုပြီးတော့ စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏဝုဋ္ဌော ဇောတွေကိုပြလိုက်တယ်။ ဘယ်သူကပြတာတုံး (ပဉ္စဒွါရဝဇ္ဇာန်းက ပြပါတယ်ဘုရား) ပဉ္စဒွါရဝဇ္ဇာန်းက ဟောဒါကအဆင်းပါ၊ မင်းတို့အာရုံပြုစမ်းပါ။ စက္ခုဝိညာဏ်သမ္ပဋိစ္ဆိုင်း သန္တီရဏဝုဋ္ဌော တို့ကို ပြလိုက်တာ။ ဟောဒီအာရုံကိုပြုတော့ ဒါအဆင်းအာရုံဘဲဟေ့လို့ ဘယ်သူက ယူပေးလိုက်သလဲ၊ဘယ်တရားကလဲ (ပဉ္စဒွါရဝဇ္ဇာန်းကပါဘုရား) အဲဒီဥပမာအတိုင်းဘဲ၊ နိဗ္ဗာန်ဆိုတာ ဒါဘဲဆိုပြီးတော့ ဘယ်သူကပြတာလဲ (ဂေါတြဘူကပါဘုရား) ဘယ်သူ့ကိုပြတာလဲ၊ မဂ်ဉာဏ်ကိုပြတယ်။ ဟောဒါနိဗ္ဗာန်ဘဲ၊ မင်းတို့အာရုံပြုပါတော့ မပြဘူးလား(ပြပါတယ်ဘုရား) အဲဒီလိုအဋ္ဌကထာကရှင်းပါတယ်။

တေနေဝ၊ ထို့ကြောင့်သာလျှင်၊ တံ၊ ဤဂေါတြဘူသည်။ မဂ္ဂဿ၊ မဂ်၏။ အာဝဇ္ဇနန္တိ၊ အာဝဇ္ဇာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒီနေရာမှာ ဂေါတြဘူက၊ အာဝဇ္ဇာန်း နေရာယူလိုက်ပါတဲ့။ ဟိ၊ မှန်တယ်၊ တံ၊ ထိုဂေါတြဘူသည်။ အနာဝဇ္ဇနံ၊ အာဝဇ္ဇာန်းမဟုတ်သည်။ သမာနမ္ပိ၊ ဖြစ်ပါသော်လည်း၊ အာဝဇ္ဇန

\+ ဝိသုဒ္ဓိမဂ် ၃၊ နှာ၊ ၃၁၊

ဌာနေ၊ အာဝဇ္ဇာန်းအရာ၌၊ ဌတွာ၊ တည်ပြီးတော့။ နိဗ္ဗတ္တာဟိ၊ ဖြစ်လေတော့၏၊ ဣတိ၊ ဤသို့၊ မဂ္ဂဿ၊ မဂ်အား၊ သညံ၊ အမှတ်သညာကို၊ ဒတွာဝိယ၊ ပေးသကဲ့သို့။ ဟုတွာ၊ ဖြစ်၍၊ နိရုဇ္ဈတိ၊ ချုပ်သွားလေတော့၏၊ (အဋ္ဌကထာ)

ဟောဒါ နိဗ္ဗာန်ပါ။ မဂ်ဉာဏ်ကို အာရုံပြုတော့ မဂ်ဉာဏ်ရဲ့ လက်ထဲ မအပ်လိုက်ဘူးလား (အပ်လိုက်ပါတယ်ဘုရား) ဘယ်သူကလဲ (ဂေါတြဘူက ပါဘုရား) ဂေါတြဘူဉာဏ် ပေါ်လိုက်တာနဲ့တပြိုင်နက် မဂ်ဉာဏ်နောက် ဖိုလ်ဉာဏ်၊ ဖိုလ်ဉာဏ်နောက်မှ ပစ္စဝေက္ခဏာဉာဏ် ပေါ်မလာဘူးလား (ပေါ်လာ ပါတယ်ဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒီလောက်ဘဲ ရှင်းပေးနိုင်တယ်၊ တကာ တကာမတွေ စာပေလောက်ဘဲပြောနိုင်တယ်။ ဆောက်အောင်လုပ်ဘို့ကခင်ဗျားတို့ တာဝန်၊ ဒီထက်ပိုပြောလို့ရရဲ့လား (မရပါဘုရား) မဂ်စကား ဖိုလ်စကား ဒီထက် ပိုပြောလို့မရဘူး။

ဂေါတြဘူဉာဏ်နောက် ဘာပေါ်သလဲ(မဂ်ဉာဏ်၊နောက် ဖိုလ်ဉာဏ်၊နောက် ပစ္စဝေက္ခဏာဉာဏ်) ပစ္စဝေက္ခဏာဉာဏ်ဆိုတာက ဆင်ခြင်တဲ့ဉာဏ်၊ ဘာကိုဆင်ခြင်သလဲဆိုတဲ့အခါကျတော့ မဂ်ကိုဆင်ခြင်တယ်။ ပြီးတော့ ဖိုလ်ကိုဆင်ခြင်တယ်၊ နိဗ္ဗာန်ကိုလဲဆင်ခြင်တယ်။ ပယ်ပြီးတဲ့ကိလေသာကိုလဲဆင်ခြင်တယ်၊ မပယ်ရသေးတဲ့ ကိလေသာကိုလဲဆင်ခြင်တယ်။ ပစ္စဝေက္ခဏာဘယ်နှစ်ဉာဏ်တုံး(ငါးဉာဏ်ပါ ဘုရား) ငါးဉာဏ်။ သောတာပတ္တိမဂ်ဉာဏ် မရလာဘူးလား (ရလာပါတယ် ဘုရား) သောတာပတ္တိမဂ်ဉာဏ်ရရင် ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဒီသုံးပါး မပယ်ဘူးလား(ပယ်ပါတယ်ဘုရား) ကျန်တဲ့ကိလေသာပယ်ရဲ့လား(မပယ်ရသေး ပါဘုရား) ဒါတော့ပယ်ပြီးပြီ။ ဒါတော့ မပယ်ရသေးဘူးလို့ ဒီလိုမဆင်ခြင်ဘူး လား၊ ဆင်ခြင်သလား (ဆင်ခြင်ပါတယ်ဘုရား) အဲဒီလိုဆင်ခြင်တော့ လူက ဆင်ခြင်တာလား၊ ပစ္စဝေက္ခဏာဉာဏ်ကဆင်ခြင်တာလား (ပစ္စဝေက္ခဏာဉာဏ် က ဆင်ခြင်တာပါဘုရား) ဟော-ဉာဏ်စဉ် ၁၆-ပါးကုန်မသွားဘူးလား (ကုန် သွားပါတယ်ဘုရား)

ဒါကြောင့် တကာ တကာမတွေ ဉာဏ်စဉ်တွေ ပြန်ပြီးပေါင်းလိုက်ကြပါစို့၊ ဉာဏ်စဉ်ဘယ်နှစ်ပါးရှိတာတုံး ( ၁၆-ပါးပါဘုရား ) ၁၆-ပါးကို အစကပြော စမ်းပါ။ (နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာ ဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ပစ္စဝေက္ခဏာဉာဏ်) ဘယ်နှစ်ပါးတုံး( ၁၆-ပါးပါဘုရား) ဉာဏ်စဉ် ၁၆-ပါးကို ခင်ဗျားတို့မရှင်းခဲ့ဘူးလား၊ ရှင်းခဲ့သလား(ရှင်းခဲ့ပါတယ် ဘုရား) ဂေါတြဘူ ဟိုဘက်ကျတော့ ဉာဏဒဿနဝိသုဒ္ဓိ၊ လောကီဉာဏ်ကျတော့ သမ္မသနဉာဏ်က စယူလိုက်။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယ

ဉာဏ်၊အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်။ အဲဒီဆယ်ဉာဏ်က လောကီဉာဏ်၊ဂေါ်တြဘူဉာဏ်၊မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ အဲဒါ လောကုတ္တရာဉာဏ်။ သုဒ္ဓိအားဖြင့် [ဉာဏ ဒဿနဝိသုဒ္ဓိ] လောကီဝိသုဒ္ဓိက ၆-ပါး၊ လောကုတ္တရာဝိသုဒ္ဓိက တပါး။ လောကီ ဝိသုဒ္ဓိ (၆) ပါး ဆိုစမ်းပါ။ (သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) အဲဒါ လောကီ ဝိသုဒ္ဓိ ၆-ပါး။ လောကုတ္တရာဝိသုဒ္ဓိက (ဉာဏဒဿနဝိသုဒ္ဓိ) သုဒ္ဓိဘယ်နှစ်ပါး ရလာတုံး(၇-ပါးပါဘုရား) ပရိညာအားဖြင့်ဘယ်နှစ်ပါးတုံး(သုံးပါးပါဘုရား) သုံးပါးဆိုစမ်းပါ။ (ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ)အဲဒါ ပရိညာ သုံးပါး။ ဟိုဘက်ကြဘာလဲ (နိဗ္ဗာန်ပါဘုရား)

နိဗ္ဗာန်ကလဲ သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်၊ ခန္ဓာအကြွင်း ရှိတဲ့ နိဗ္ဗာန်သည်။ သဉပါဒိသေသနိဗ္ဗာန်၊ သောတာပန်တွေဟာ တဘဝထဲနဲ့ နိဗ္ဗာန်ယူရဲ့လား(မယူပါဘုရား) ခန္ဓာမရှိဘူးလား (ရှိပါတယ်ဘုရား)အဲဒါ ဘာ နိဗ္ဗာန်တုံး(သဉပါဒိသေသနိဗ္ဗာန်ပါဘုရား) အနုပါဒိသေသနိဗ္ဗာန်ဆိုတာ ခန္ဓာ အကြွင်းအကျန်မရှိတဲ့ နိဗ္ဗာန်။ ဘုရား ရဟန္တာတွေ ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက်မှာ ခန္ဓာပေါ်သေးရဲ့လား (မပေါ်ပါဘုရား) အဲဒါ ဘာနိဗ္ဗာန်လဲ (အနုပါဒိသေသ နိဗ္ဗာန်ပါဘုရား) သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် ကွဲမသွားဘူး လား(ကွဲသွားပါတယ်ဘုရား)အဲဒီလောက်ဘဲ မှတ်ချက်ချ။

အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်၊ သုညတနိဗ္ဗာန် ဘယ်နှစ်မျိုးပြားပြန်တုံး (သုံးမျိုးပါဘုရား)အနိမိတ္တနိဗ္ဗာန်ဆိုတာက တကာတကာမတွေ ရှုတိုင်းရှုက်တိုင်း မှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိ တာပါဘုရား) ရှိတာဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဖြစ်ပြီးဘယ်ရောက် (ပျက်ပါတယ်ဘုရား)ရှုတဲ့အခါ ခန္ဓာငါးပါးပျက်၊ ရှုက်တဲ့အခါ ခန္ဓာငါးပါး ပျက်၊ နိစ္စလား(အနိစ္စပါဘုရား)အနိစ္စလို့ရှုနေတာလား၊ နိစ္စလို့ရှုနေတာလား (အနိစ္စလို့ရှုနေတာပါဘုရား)အဲဒီလို အနိစ္စလို့ရှုခိုက်မှာ ဒီနေရာ လောဘနိမိတ် လာသေးရဲ့လား (မလာတော့ပါဘုရား) ဒေါသနိမိတ်ကော [မလာတော့ပါ ဘုရား] မောဟနိမိတ်ကော (မလာတော့ပါဘုရား) လောဘနိမိတ် ဒေါသနိမိတ် ဖြစ်ကြောင်းတွေကော မကင်းဘူးလား (ကင်းပါတယ်ဘုရား) ကင်းသွားလေပြီ ဖြစ်သောကြောင့် အနိစ္စလက္ခဏာကိုရှုရင် ဘာနိဗ္ဗာန်လဲ (အနိမိတ္တနိဗ္ဗာန်ပါ ဘုရား) လောဘ ဒေါသ မောဟနိမိတ်ကင်းတယ်တဲ့။ နိမိတ်တွေ ကင်းမသွားဘူး လား (ကင်းသွားပါတယ်ဘုရား)ဘာကိုရှုလို့တုံး (အနိစ္စကိုရှုလို့ပါဘုရား) ဘယ် မှာရှုတာတုံး (ခန္ဓာငါးပါးမှာပါဘုရား) အဲဒီလိုရှုတဲ့အတွက် အဲဒါ ဘာနိဗ္ဗာန် (အနိမိတ္တနိဗ္ဗာန်ပါဘုရား)။

ပြီးတော့ ဘာတဲ့တုံး (အပ္ပဏိဟိတနိဗ္ဗာန်) အပ္ပဏိဟိတနိဗ္ဗာန်ဆိုတာ တကာ တကာမတွေ သတိထားလိုက်။ ရှုတိုင်း ရှုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာ လား။ ခန္ဓာငါးပါးရှိတာလား (ခန္ဓာငါးပါးရှိတာပါဘုရား) ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ်(ခုမှဖြစ်တာပါဘုရား)ဖြစ်ရင် ဆင်းရဲ သလား၊ ချမ်းသာသလား(ဆင်းရဲပါတယ်ဘုရား)သုခလား၊ ဒုက္ခလား (ဒုက္ခပါ ဘုရား) ရှုက်တဲ့အခါလဲ ခန္ဓာငါးပါးဖြစ်လို့ ဆင်းရဲတယ်။ ရှုတဲ့အခါကော (ခန္ဓာငါးပါးဖြစ်လို့ဆင်းရဲပါတယ်)ခုဘာကို ရှုနေတာတုံး(ဒုက္ခကို ရှုနေတာပါ ဘုရား)အဲဒီလို ရှုခိုက်မှာ ဒီခန္ဓာငါးပါးဖြစ်ချင်သေးရဲ့လား (မဖြစ်ချင်ပါဘုရား) ခန္ဓာငါးပါး နောက်ထပ်ရချင်တယ်လို့ တောင့်တသေးရဲ့လား (မတောင့်တ တော့ပါဘုရား)တောင့်တတယ်ဆိုတာ လူကတောင့်တတာလား။ ကိလေသာက တောင့်တတာလား(ကိလေသာက တောင့်တတာပါဘုရား) ဒီနေရာ ကိလေသာ လာဦးမလား (မလာတော့ပါဘုရား) ကိလေသာ ပူပန်မှုတွေ တောင့်တမှုတွေ ရှိပါဦးမလား (မရှိပါဘုရား) အဲဒီတောင့်တမှုတွေ မရှိသည့်အတွက်ကြောင့် အပ္ပဏိဟိတနိဗ္ဗာန်။ အပ္ပဏိဟိတဆိုတာ မတောင့်တတော့ဘူး၊ ဘာကိုမတောင့် တတာတုံး (ခန္ဓာငါးပါးကို မတောင့်တတော့ပါဘုရား) ဘာကို ရှုနေလို့တုံး (ဒုက္ခကို ရှုနေလို့ပါဘုရား) ဒုက္ခကို ရှုနေတဲ့အခိုက်မှာ ဘာကို အာရုံပြုနေသလဲ ဆိုတော့ အပ္ပဏိဟိတနိဗ္ဗာန်ကို အာရုံပြုနေတယ်၊ အနိစ္စကိုရှုနေရင် ဘာနိဗ္ဗာန် တုံး(အနိမိတ္တနိဗ္ဗာန်ပါဘုရား) ဒုက္ခလက္ခဏာကို ရှုနေရင် (အပ္ပဏိဟိတနိဗ္ဗာန်ပါ ဘုရား)။

နောက်ဘာတဲ့ဘုံး (သုညတနိဗ္ဗာန်) ဘုန်းကြီးတို့ တကာတကာမတွေ ရှုတိုင်း ရှုက်တိုင်းမှာ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား (ခန္ဓာ ငါးပါးရှိတာပါဘုရား)ရှိတာ ဘာလို့ရှိ (ဖြစ်ဖြစ်နေလို့ပါဘုရား) မဖြစ်နဲ့လို့ တားရရဲ့လား(မရပါဘုရား)မပျက်နဲ့လို့ တားရရဲ့လား(မရပါဘုရား) အတ္တလား အနတ္တလား [အနတ္တပါဘုရား] အဲဒီလို ခန္ဓာငါးပါးကို အနတ္တလို့ ရှုခိုက်မှာ ငါဆိုတဲ့ ဒိဋ္ဌိကိလေသာတွေ လာပါဦးမလား (မလာတော့ပါဘုရား) ဒိဋ္ဌိကိလေ သာတွေ မဆိတ်သုဉ်းဘူးလား၊ ဆိတ်သုဉ်းသလား (ဆိတ်သုဉ်းပါတယ်ဘုရား)။

အချိန်တိုင်းမှာ ဒီခန္ဓာငါးပါးကို သာယာပါတယ်ဆိုတဲ့ လောဘ ဒေါသ မောဟတွေ လာပါဦးမလား (မလာတော့ပါဘုရား) စိတ်လဲဆိုးပါဦးမလား (မဆိုးပါဘုရား) အမှန်ကို မြင်နေတော့ မောဟကော ဖြစ်ပါဦးမလား (မဖြစ်တော့ပါဘုရား)လောဘ ဒေါသ မောဟ မဆိတ်သုဉ်းဘူးလား(ဆိတ်သုဉ်း ပါတယ်ဘုရား) အကုသိုလ်တွေ ဆိတ်သုဉ်းနေတယ်လို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) အကုသိုလ်တွေ သုညဖြစ်နေတယ်။ လောဘ ဒေါသ မောဟဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား(အကုသိုလ်ပါဘုရား) အဲဒီတော့

လောဘာကိလေသာ၊ ဒေါသာကိလေသာ၊ မောဟာကိလေသာတွေ ဆိတ်သုဉ်းနေသည့်အတွက်ကြောင့် ဘာနိဗ္ဗာန် (သုညတနိဗ္ဗာန်ပါဘုရား) ဘာလက္ခဏာကို ရှုတာတုံး(အနတ္တလက္ခဏာကို ရှုတာပါဘုရား)။

အနိစ္စလက္ခဏာကိုရှုရင် ဘယ်နိဗ္ဗာန်ကို အာရုံပြုတာတုံး (အနိမိတ္တနိဗ္ဗာန်ပါဘုရား)ဒုက္ခလက္ခဏာကိုရှုရင် ဘယ်နိဗ္ဗာန် အာရုံပြုတာတုံး (အပ္ပဏိဟိတနိဗ္ဗာန်ပါဘုရား) အနတ္တလက္ခဏာကိုရှုရင် ဘယ်နိဗ္ဗာန်ကို အာရုံပြုတာတုံး (သုညတနိဗ္ဗာန်ကိုပါဘုရား)ကဲ-ခင်ဗျားတို့ (၃၇)ရက်တိုင်တိုင် နာကြားခဲ့ ပွားများခဲ့တဲ့ တရားတွေဟာ ယနေ့ နိဗ္ဗာန်အထိ မရောက်လာဘူးလား (ရောက်လာပါတယ်ဘုရား) ပြောစရာကျန်သေးရဲ့လား [မကျန်ပါဘုရား] ကမ္မဋ္ဌာန်းလွတ်တဲ့နေရာတွေကော ရှိသေးရဲ့လား[မရှိပါဘုရား]။

ဒါကြောင့် ရှုတိုင်း ရှိုက်တိုင်းမှာ သောတာပတ္တိမဂ်ဉာဏ် ရတယ်ဆိုတာလဲ သစ္စာလေးပါး သိတာဘဲဗျ။ သကဒါဂါမိမဂ်ဉာဏ်ရတယ်ဆိုတာကော (သစ္စာလေးပါးသိတာပါဘုရား) အနာဂါမိမဂ်ဉာဏ် ရတယ်ဆိုတာကော (သစ္စာလေးပါးသိတာပါဘုရား) အရဟတ္တမဂ်ဉာဏ် ရတယ်ဆိုတာကော (သစ္စာလေးပါးသိတာပါဘုရား)သစ္စာလေးပါးကို သိတယ်ဆိုပေမဲ့ သောတာပန်ပုဂ္ဂိုလ်တို့ရဲ့ ဉာဏ်အမြင်နဲ့ သကဒါဂါမ်ပုဂ္ဂိုလ်တို့ရဲ့ ဉာဏ်အမြင်တူနိုင်ပါမလား(မတူနိုင်ပါဘုရား) မတူနိုင်ဘူး။ အဆင့်မြင့်လေ ဉာဏ်အမြင် ပိုပြီးထိုးထွင်း၍ သိလေဘဲ၊ ဒါကြောင့် ရှုတိုင်း ရှိုက်တိုင်းမှာ ခင်ဗျားတို့ လူတွေ သတ္တဝါတွေရှိတာလား၊ ခန္ဓာငါးပါးရှိတာလား(ခန္ဓာငါးပါးရှိတာပါဘုရား)ရှိတာ ဘာလို့ရှိတာတုံး (ဖြစ်ဖြစ်နေလို့ပါဘုရား) ဘယ်တုံးကဖြစ် (အခုမှဖြစ်တာပါဘုရား) ဖြစ်ပြီးဘယ်ရောက်|(ပျက်ပါတယ်ဘုရား)ဘယ်အချိန်မှာ ဖြစ်ပျက်နေတာတုံး(ရှုတိုင်း ရှိုက်တိုင်း) လူတွေဖြစ်ပျက်နေတာလား၊ ခန္ဓာငါးပါးဖြစ်ပျက်နေတာလား (ခန္ဓာငါးပါး ဖြစ်ပျက်နေတာပါဘုရား)အော်-ခန္ဓာငါးပါးတို့သည် ဖြစ်ပျက် ဖြစ်ပျက်နှင့်ကပ်၍ နှိပ်စက်နေလေသောကြောင့် ဆင်းရဲတာအမှန်။ မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဘုရား)အဲဒါ ဘာသစ္စာတုံး(ဒုက္ခသစ္စာပါဘုရား)။

ဒီခန္ဓာငါးပါးနောက်ထပ်ရချင်သေးရဲ့လား(မရချင်တော့ပါဘုရား)ဘာပြုလို့မရချင်တာတုံး (ဆင်းရဲအမှန်သိလို့ပါဘုရား) ဆင်းရဲမှန်းသိတာ လူကသိတာလား၊ ဝိဇ္ဇာကသိတာလား (ဝိဇ္ဇာကသိတာပါဘုရား) အဝိဇ္ဇာလာသေးရဲ့လား (မလာတော့ပါဘုရား) ဟော- အဝိဇ္ဇာချုပ်သွားတော့ ဒီခန္ဓာငါးပါး လိုချင်သေးရဲ့လား (မလိုချင်တော့ပါဘုရား) ရချင်သေးရဲ့လား (မရချင်ပါဘုရား) လိုချင်တယ် ရချင်တယ်ဆိုတာ လူကရချင်တာလား၊ တဏှာက ရချင်တာလား (တဏှာကပါဘုရား)ဒီနေရာ တဏှာမဖြစ်ဘဲနဲ့ ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား) အဲဒါ သမုဒယသစ္စာပယ်တော့တာဘဲ၊ ဒုက္ခသစ္စာကို ပိုင်းခြား

စွာသိ၊ သမုဒယသစ္စာကိုပယ်။ အကြောင်းအဝိဇ္ဇာနဲ့ တဏှာမချုပ်ဘူးလား (ချုပ်သွားပါတယ်ဘုရား)ချုပ်သွားတယ်နော်။ အဝိဇ္ဇာ တဏှာဆိုတဲ့ မူလနှစ်ပါးချုပ်သွားတော့ အကြောင်းချုပ်တော့ အကျိုးလာသေးရဲ့လား (မလာတော့ပါဘုရား)အကြောင်းအကျိုးချုပ်တာ ဘာသစ္စာ (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ကိုမျက်မှောက်ပြုမသွားဘူးလား[ပြုသွားပါတယ်ဘုရား] အမှန်ရှုလို့လား (အမှန်ရှုလို့ပါဘုရား) လူတွေ သတ္တဝါတွေပေါ်မှာ ရှုတာလား၊ ခန္ဓာငါးပါးအပေါ်မှာ ရှုတာလား (ခန္ဓာငါးပါးအပေါ်မှာရှုတာပါဘုရား) ဘယ်အချိန်မှာရှုတာတုံး (ရှုတိုင်း ရှိက်တိုင်း) အမှန်ရှုရင် သမ္မာဒိဋ္ဌိလား၊ မိစ္ဆာဒိဋ္ဌိလား (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိသည်ဘာသစ္စာ (မဂ္ဂသစ္စာပါဘုရား) မဂ္ဂသစ္စာ။

ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ၊ သောတာပန်လဲဒါသိတာဘဲ။ သကဒါဂါမ်လဲ သစ္စာလေးပါးသိတာဘဲ။ အနာဂါမ်လဲ သစ္စာလေးပါးသိတာဘဲ။ ရဟန္တာလဲ သစ္စာလေးပါး သိတာဘဲ။ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) သစ္စာလေးပါး သိပေမဲ့ သောတာပန်ပုဂ္ဂိုလ်တို့ရဲ့ ဉာဏ်အမြင်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်တို့ရဲ့ဉာဏ်အမြင်မတူပါ။ အဆင့်မြင့်လေ ဉာဏ်အမြင်ထိုးထွင်းသိလေဘဲ။

အဲဒါကြောင့် ယနေ့ဖြင့် သစ္စာလေးပါး သိပြီးတော့ ဉာဏ်စဉ် (၁၆) ပါး၊ ဝိသုဒ္ဓိဘယ်နှစ်ပါးတုံး ( ၇-ပါးပါဘုရား ) ပရိညာ (သုံးပါးပါဘုရား) နိဗ္ဗာန်က ဘယ်နှစ်ပါးတုံး (ငါးပါးပါဘုရား) အဲဒါတွေနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ပူဇော်ကြပါစို့။

ယနေ့ တရားပွဲသိမ်းတဲ့နေ့။ မိမိတို့ရဲ့ (၃၇) ရက်တိုင်တိုင် အားထုတ်ခဲ့တဲ့၊ နာကြားခဲ့တဲ့ တရားဒေသနာတွေနဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ပူဇော်ရရင် အမြတ်ဆုံး ပူဇော်ခြင်းလို့ မဆိုထိုက်ဘူးလား ( ဆိုထိုက်ပါတယ်ဘုရား ) ပန်းတွေ ရေချမ်းတွေ ဆီမီးတွေ ဖယောင်းတိုင်တွေ ဆွမ်းတွေနဲ့ ပူဇော်တာနဲ့ ဓမ္မနဲ့ပူဇော်တာ ဘယ်ဟာကမြတ်တုံး (ဓမ္မနဲ့ပူဇော်တာက မြတ်ပါတယ်ဘုရား) ဒီနေ့ အမြတ်ဆုံးပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါစို့။ အာရုံပြုပြီး ဒီနေရာမှာ စိတ် ဘယ် မှ မ ရောက် ဘဲ နဲ့ မိမိတို့ကြိုးစားခဲ့တဲ့ နာကြားခဲ့တဲ့ တရားဒေသနာတွေနဲ့ ပူဇော်ကြပါစို့။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံပူဇေမိ
ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံပူဇေမိ
ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံပူဇေမိ
ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ အာစရိယာနံပူဇေမိ

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ဝိပဿနာ အကျင့်မြတ်ဖြင့် ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့် ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ် ဝိပဿနာအကျင့်မြတ်ဖြင့်၊ သံဃံ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် ရှစ်ယောက်သော ပရမတ္ထအရိယာသံဃာတော်အပေါင်းကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်မြတ်ဖြင့်၊ အာစရိယာနံ၊ အသက်ထင်ရှား ရှိသော ဆရာသခင် ကျေးဇူးရှင်၊ အသက်ထင်ရှားမရှိသော ဆရာသခင် ကျေးဇူးရှင်နှင့်တကွ ဆရာသမားအပေါင်းတို့အား၊ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဒ္ဓါ ဣမာယပဋိပတ္တိယာ၊ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ။

ဣမာယပဋိပတ္တိယာ၊ ဤဝိပဿနာ အကျင့်မြတ်ကြောင့်-

အဒ္ဓါ၊ မချွတ်မလွဲ အမြဲကေန်။ ဇာတိဇရာ ဗျာဓိမရဏမှာ၊ ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်းတရား အပေါင်းမှ။ ပရိမုစ္စိဿာမိ၊ မဂ်ဉာဏ် ချွတ်ဖေါက် အထွဋ်ရောက်၍ လွတ်မြောက်ရပါလို၏ အရှင်ဘုရား။

အရှင်သုနန္ဒ
သတိပဋ္ဌာန်ကျောင်း
မိုးကုတ်မြို့။

၂၄၁

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
[ နိ ] ရေးအဖွဲ့

## အမှားအမှန် ပြင်ဆင်ချက်

| နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃ | ၇ | ဆိုကာ | ဆိုတာ |
| ၇ | ၃ | နီဝရလဲ | နီဝရဏလဲ |
| ၈ | ၁၁ | ဗျာပါနီဝရဏ | ဗျာပါဒနီဝရဏ |
| ၉ | ၂၂ | ကမ္မာဋ္ဌာန်း | ကမ္မဋ္ဌာန်း |
| ၁၀ | ၁၆ | အိပ်ပါတော့ | သိပ်ပါတော့ |
| ၁၃ | ၈ | သမ္ဘောဝေစ | သန္တောစေဝ |
| ၁၃ | ၁၀ | သန္တောဝေစ | သန္တောစေဝ |
| ၁၄ | ၁၀ | တခု | ယခု |
| ၁၆ | ၂၅ | တိလေသာ | ဘိလေသာ |
| ၁၇ | ၉ | ဝန္တေန | ဝနန္တေ |
| ၁၇ | ၁၉ | အန္တိတော | အတန္တိတော |
| ၁၉ | ၁၄ | အာပါန | အာနာပါန |
| ၂၀ | ၂၉ | အာနပါန | အာနာပါန |
| ၂၃ | ၁၅ | အယမေစ | အယမေဝ |
| ၂၃ | ၃၁ | ရှုသုံး | ရှုဆုံး |
| ၂၄ | ၄ | နိဝါရဏ | နိဝရဏ |
| ၂၄ | ၈ | အဲဒိ | အဲဒါ |
| ၂၈ | ၃၁ | ထင်ရှာ | ထင်ရှား |
| ၂၉ | ၂ | တိတ္တမိတွာ | တိက္က တွာ |
| ၃၀ | ၁ | တရား | ဘုရား |
| ၄၀ | ၁၅ | ပဠိ | ပါဠိ |
| ၃၂ | ၃၁ | ရှိပ | ရှိပါ |
| ၃၃ | ၂ | လူတို့ | လူလို့ |
| ၃၃ | ၂၆ | ငါတို့ | ငါလို့ |
| ၃၃ | ၂၆ | သ့နား | သာသနာ |
| ၃၅ | ၃ | အောက်ပိုင် | အောက်ပိုင်း |
| ၃၅ | ၂၈ | ပြုငြိမ်းတော့ | ပြုပြီးတော့ |
| ၃၇ | ၁ | ရှိယံ | ရှိတဲ့ |
| ၃၇ | ၆ | တယ်ဘုရား | ပါဘုရား |
| ၃၇ | ၂၉ | ဂုတိဉာဏ် | ဂုတိဝိဉာဏ် |
| ၄၀ | ၁၁ | ပေပါတယ် | ပေးပါတယ် |

| နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၀ | ၂၁ | တွေ့တာပါလိမ့် | တွေ့တာဘာပါလိမ့် |
| ၄၃ | ၁၃ | မှုခုဖြစ် | ခုမှုဖြစ် |
| ၄၄ | ၁၂ | ဘယ်ကဖြစ် | ဘယ်တုံးကဖြစ် |
| ၄၅ | ၃၁ | သတ္တဝါဖြစ် | သတ္တဝါတွေဖြစ် |
| ၄၇ | ၁၆ | နိဗ္ဗတိ | နိဗ္ဗတ္တိ |
| ၅၀ | ၁၂ | သမ္မာဒိ | သမ္မာဒိဋ္ဌိ |
| ၅၁ | ၂ | ဘယ်တုံက | ဘယ်တုံးက |
| ၅၁ | ၁၀ | အဟံအငါ | အဟံ၊ ငါ |
| ၅၄ | ၂၃ | လဲလား | ဘဲလား |
| ၅၅ | ၄ | ဆင်ရဲ | ဆင်းရဲ |
| ၅၆ | ၃၃ | ယေကျ်ား | ယောကျ်ား |
| ၆၀ | ၂၁ | ကမ္မဌာန် | ကမ္မဌာန်း |
| ၆၂ | ၁၀ | ရသေ့ကြီး | ရသေ့တို့ |
| ၆၄ | ၂ | ဒိဋ္ဌိယာ | ဒိဋ္ဌိဟာ |
| ၆၄ | ၂၇ | သမတပါလို | သမထမပါလို့ |
| ၆၅ | ၂၇ | လူတိုင်း | ရှုတိုင်း |
| ၆၆ | ၁၅ | ဘယ်ဘော | ဘယ်သဘော |
| ၆၆ | ၂၂ | ဝိဂြိုလ် | ဝိဂြိုဟ် |
| ၇၅ | ၅ | ထားတုံး | ထားအုံး |
| ၇၅ | ၁၇ | ပရိဂ္ဂတ | ပရိဂ္ဂဟ |
| ၇၅ | ၃၂ | အဌကသာ | အဌကထာ |
| ၇၆ | ၅ | သမ္ဗန္ဓ | သမ္ဗန္ဓာ |
| ၇၆ | ၁၃ | ပရိဂ္ဂဉာဏ် | ပရိဂ္ဂဟဉာဏ် |
| ၇၆ | ၂၀ | တယ်ဉာဏ် | ဘယ်ဉာဏ် |
| ၇၇ | ၃၀ | ဝိစိကိစ္ဆာ | ဝိစိကိစ္ဆော |
| ၇၇ | ၃၁ | ဝိစိကိစ္ဆာ | ဝိစိကိစ္ဆော |
| ၉၆ | ၇ | ဝနဿ | စနဿ |
| ၁၀၃ | ၀၀ | ဇ္ဈာမာနံ | ဇ္ဈမာနံ |
| ၁၀၅ | ၂၄ | ကာယအ | ကာယကံ |
| ၁၀၇ | ၃ | ၁၂ | ၁၃ |
| ၁၀၀ | ၂၁ | သမ္မုတ္တိ | သမ္မုတိ |

# အမှားအမှန် ပြင်ဆင်ချက်

| နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၁၁ | ၁ | လေးက | လေးက |
| ၁၁၉ | ၂၁ | ပါဋ္ဌိတော် | ပါဠိတော် |
| ၁၂၀ | ၃၁ | ဘယ်တိုး | ဘယ်လိုတိုး |
| ၁၃၁ | ၂၃ | အတ္တဘော | အတ္တတော |
| ၁၃၃ | ၁၄ | နိဗ္ဗတံ | နိဗ္ဗတ္တံ |
| ၁၄၄ | ၃၃ | သလောင်း | အလောင်း |
| ၁၄၇ | ၃၃ | နိဗ္ဗန | နိဗ္ဗာန |
| ၁၅၁ | ၄ | နာပရိစ္ဆေ | နာမပရိစ္ဆေ |
| ၁၅၂ | ၁၂ | တောတိ | ဟောတိ |
| ၁၆၀ | ၁၈ | လေည် | လေသည် |
| ၁၆၀ | ၃၀ | ရူပကိုစ္ဆေဒ | ရူပပရိစ္ဆေဒ |
| ၁၆၆ | ၁၁ | အတ္တဘော | အတ္တတော |
| ၁၆၈ | ၃၂ | အရေးသလဲ | အရေးကြီးသလဲ |
| ၁၇၃ | ၁၁ | သုတ်လေး | ဘုတ်လေး |
| ၂၁၁ | ၂၆ | ပရိယ | ပစ္စယ |
| ၂၅၀ | ၄ | ဉဏ် | ဉာဏ် |
| ၂၆၇ | ၁၈ | သင်ချိုင်း | သင်္ချိုင်း |
| ၂၇၅ | ၉ | ထဟ္မာ | တသ္မာ |
| ၂၇၆ | ၂၂ | သလား | ဘူးလား |
| ၂၇၆ | ၂၅ | ဒုက္ခာ | ဒုက္ခာယ |
| ၂၇၆ | ၂၆ | အပဇ္ဇတိ | အာပဇ္ဇတိ |
| ၂၇၆ | ၂၆ | တဿာ | တဿ |
| ၂၇၆ | ၂၈ | လတ်သော် | လတ်ရှိသော် |
| ၂၇၇ | ၁၉ | ဧတော | ဧကော |
| ၂၇၇ | ၂၃ | ဧတော | ဧကော |
| ၂၇၇ | ၂၃ | မရ | စရ |
| ၂၈၇ | ၂၅ | နုယသနာ | နုပဿိဝါ |
| ၂၉၅ | ၃ | ပဋ္ဌာန်လေး | ပဋ္ဌာန်လေးပါး |
| ၃၁၆ | ၁၁ | ဘာ | ဘယ် |
| ၃၃၀ | ၅ | ကယာဿ | ကာယဿ |
| ၃၆၆ | ၁၄ | နမာ | နာမ |

# အမှားအမှန် ပြင်ဆင်ချက်

| နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၄၃ | ၁ | ဇနံ | ဇန် |
| ၅၄၁ | ၂၄ | ခန္ဓ | ခန္ဓာ |
| ၅၄၅ | ၁၃ | ဖိုဂ် | ဖိုလ် |
| ၅၄၅ | ၁၈ | ဖိုဂ် | ဖိုလ် |
| ၅၄၅ | ၂၀ | ပြုကွယ် | ပြုဘွယ် |
| ၅၄၇ | ၂၆ | ငါနှဲ့ | ဒါနှဲ့ |
| ၅၅၀ | ၂၈ | သလား | ဘူးလား |
| ၅၅၂ | ၁၇ | သံဝေသ | သံသေဝ |
| ၅၅၇ | ၂၃ | လုံးကြည့် | လုံးနှဲ့ကြည့် |
| ၅၅၉ | ၁၆ | မှလဲ | မှာလဲ |
| ၅၆၉ | ၉ | အာပေါ | အာပေါ |
| ၅၆၅ | ၆ | ပဿဒ | ပသာဒ |
| ၅၆၅ | ၁၁ | တက္ခဏာ | လက္ခဏာ |
| ၅၇၁ | ၂၁ | လိုက်ခဲ့ | လုပ်ခဲ့ |
| ၅၇၆ | ၂၈ | မွေးကိုက် | မွေးလိုက် |
| ၅၈၀ | ၂၄ | ဘူးသလား | ယူသလား |
| ၅၈၄ | ၅ | ပရိတ် | ပရိယတ် |
| ၆၀၁ | ၁၈ | ငါနှဲ့ | ဒါနှဲ့ |
| ၆၁၁ | ၀၇ | အဘော | သဘော |
| ၆၂၁ | ၂၅ | သဒ္ဒါရုပ် | သဒ္ဒရုပ် |
| ၆၂၂ | ၂၄ | အရား | တရား |
| ၆၂၄ | ၂၉ | သတ္တဝါဒ | အတ္တဝါဒ |
| ၆၃၃ | ၄ | ဒီပါဒါန် | ဒီဥပါဒါန် |
| ၆၃၃ | ၄ | ဝဇီကံ | ဝစီကံ |
| ၆၃၃ | ၅ | ဝဇီကံ | ဝစီကံ |
| ၆၃၃ | ၆ | ဝဇီကံ | ဝစီကံ |
| ၆၃၄ | ၁၁ | ဇက | ကေ |
| ၆၃၆ | ၂၃ | ဥပဒါန် | ဥပါဒါန် |
| ၆၃၆ | ၃၁ | သွားရ | သွားရင် |
| ၇၁၉ | ၁၂ | လုပ်န်း | လုပ်ငန်း |
| ၇၃၆ | ၁၀ | ဓမ္မနု | ဓမ္မာနု |

# ဓမ္မဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | မြို့ | အုပ်ရေ |
|---|---|---|---|
| ၁။ | ရဟန်းဒါယကာဦးမြင့်ဆန်း၊ ရဟန်းဒါယိကာမ ဒေါ်စိန်နု (သား) မောင်ကျော်ကျော်ဝင်း၊ မောင်ဇော်ဇော်ဝင်း (သမီး) မနီနီဝင်း၊ မကြည်ကြည်ဝင်း၊ ကန်တော်ရပ်၊ မိုးကုတ် | | ၃၀၀ |
| ၂။ | ဦးကျော်ဝင်း ဒေါ်ခင်သန်း (သား) မောင်ဝင်းမြင့်ဦး ရှမ်းစုရပ် | မိုးကုတ်မြို့ | ၁၀၀ |
| ၃။ | ကွယ်လွန်သူ ကျောင်းတကာကြီးဦးအို ရည်စူး၍ ကျောင်းဒါယိကာမ ဒေါ်ထွေး (သား) ကိုဝင်း+မသိန်းမြ (သမီး) မကြည်ကြည်မြင့်၊ ရှမ်းစုရပ် | မိုးကုတ်မြို့ | ၅၀ |
| ၄။ | ဦးလှဖေ+ဒေါ်မြသီ (သား) မောင်လှထူး မြို့မရပ် | ။ | ၅၀ |
| ၅။ | သိမ်အမ ဒေါ်သန်းတင်မိသားစု ပိတ်စွယ်ရပ် | ။ | ၅၀ |
| ၆။ | ဦးသိန်းမောင်+ဒေါ်ခင်ကြည် (သား) မောင်ဝင်းမင်း မောင်မျိုးမင်း၊ မောင်မောင်ငယ် (သမီး) မေသက်မော် ခင်ခင်ကြီး၊ စန်းစန်းယု၊ ရှမ်းစုရပ် | ။ | ၅၀ |
| ၇။ | ဒေါ်ပိနန်း (သား) ကိုထွန်းကြည်၊ ကိုသိန်းဖေ၊ ဘီးတောင်ရပ် | ။ | ၅၀ |
| ၈။ | ဦးတင်မောင် ဒေါ်တင်ရွှေ မိသားစု စည်ပင်သာယာရပ် | ။ | ၅၀ |
| ၉။ | ဦးကောင်း+ဒေါ်အုံးကြည် မိသားစု မြို့မရပ် | ။ | ၂၅ |
| ၁၀။ | ဦးမြသင်းကိုရည်စူး၍ ဒေါ်သိန်းသိန်းမိသားစု မြို့မရပ် | ။ | ၂၅ |
| ၁၁။ | ဦးဘမြင့် ဒေါ်အမာ မိသားစု၊ ရှမ်းစုရပ် | ။ | ၂၅ |
| ၁၂။ | ဦးညိုညို+ဒေါ်တင်ရီ မိသားစု၊ ဈေးဟောင်းရပ် | ။ | ၂၅ |
| ၁၃။ | ဦးအောင်သိန်း+ဒေါ်ခင်လေး (သမီး) မယဉ်ယဉ်မိုး ရွှေကူရပ် | ။ | ၂၅ |
| ၁၄။ | ဦးထွန်းမြတ် ဒေါ်အုံးကျင် | မိုးမိတ်မြို့ | ၂၅ |
| ၁၅။ | ဖွားနွယ် (သား) ကိုသိန်းအောင် မိသားစု | မိုးကုတ်မြို့ | ၂၅ |
| ၁၆။ | ဦးဘရင်+ဒေါ်အုံး မိသားစု ပိတ်စွယ်ရပ်၊ | မိုးကုတ်မြို့ | ၂၀ |
| ၁၇။ | ဦးဘကွန်း+ဒေါ်ခင်သန်း မိသားစု ကြပ်ပြင် | ။ | ၂၀ |
| ၁၈။ | ကြာညှပ်ယောဂီများကောင်းမှု ကြာညှပ်ရွာ | သပိတ်ကျင်း | ၁၅ |
| ၁၉။ | ဦးစံကျော်+ဒေါ်အမာ မိသားစု ရှမ်းစုရပ် | မိုးကုတ်မြို့ | ၁၅ |
| ၂၀။ | ဦးပညာဝံသ (ဓမ္မာစရိယ) တောင်တွင်း | မန္တလေး | ၁၀ |
| ၂၁။ | ဦးမောင်မောင်+ဒေါ်သွယ်သွယ်မိသားစု ရှမ်းစုရပ် | မိုးကုတ်မြို့ | ၁၀ |
| ၂၂။ | ဦးသိမ်းမောင် ဒေါ်လှဝင်း (သား) မောင်ကျော်ကျော်ဝင်း၊ မောင်ဝင်းသိန်းနိုင် မိသားစု ရှမ်းစုရပ် | မိုးကုတ်မြို့ | ၁၀ |

# ဓမ္မဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | | မြို့ | အုပ်ရေ |
|---|---|---|---|---|
| ၂၃။ | ဒေါ်ညွန့်ညွန့် ဒေါ်တင်ကြည် | ရှမ်းစု | မိုးကုတ် | ၁၀ |
| ၂၄။ | ဦးလှမောင် ဒေါ်အေး မိသားစု | ။ | ။ | ၁၀ |
| ၂၅။ | ဒေါ်စိတ်ကောင်း မိသားစု | ။ | ။ | ၁၀ |
| ၂၆။ | ဦးလှမောင် ဒေါ်ခင်သန်းဝင်း မိသားစု | ။ | ။ | ၁၀ |
| ၂၇။ | ဒေါ်တင်တင်ထွေး မိသားစု | ။ | ။ | ၁၀ |
| ၂၈။ | ဦးကွန်း+ဒေါ်ခင်မေ မိသားစု | မြို့မရပ် | ။ | ၁၀ |
| ၂၉။ | ဦးကျော်ညွန့်+ဒေါ်သန်းသန်း မိသားစု | မြို့မရပ် | ။ | ၁၀ |
| ၃၀။ | ဦးဘမြင့်+ဒေါ်စန်းစန်း မိသားစု | ပိတ်စွယ်ရပ် | ။ | ၁၀ |
| ၃၁။ | ဦးအောင်ကောင်း+ဒေါ်သန်းညွန့် မိသားစု | | ။ | ၁၀ |
| ၃၂။ | ဖွားလေးမြိုင်၊ ဒေါ်အုံးခင် (သား) မောင်အောင်မြင့် ပိတ်စွယ် | | | ၁၀ |
| ၃၃။ | ဦးဝင်းမောင်+ဒေါ်ငယ် မိသားစု၊ | စီ-လမ်း၊ | မန္တလေးမြို့ | ၁၀ |
| ၃၄။ | ဦးမောင်မောင်+ဒေါ်သန်းတင် မိသားစု၊ | ပုလဲငွေရောင်ရပ် | မန္တလေးမြို့ | ၁၀ |
| ၃၅။ | ဦးမောင်လေး မိသားစု၊ ကန်တော်ရပ် | | မိုးကုတ်မြို့ | ၁၀ |
| ၃၆။ | ဦးရင်ဆိုက်+ဒေါ်စက်လှမ့် မိသားစု၊ ရွှေဘုံသာရပ် | | မိုးကုတ်မြို့ | ၁၀ |
| ၃၇။ | ဦးလှမောင်+ဒေါ်ညို မိသားစု၊ ဂေါင်းဦးဘာ | | ကြပ်ပြင် | ၁၀ |
| ၃၈။ | ဦးခင်မောင်ရွှေ+ဒေါ်မြင့်မြင့်ရီမိသားစု၊ညောင်ပင်ကြီး | | ကြပ်ပြင် | ၁၀ |
| ၃၉။ | ဆရာတော်ဦးသုန္ဒရ ဗဟန်း ၃-လမ်း၊ | သံယုတ်ကျောင်း | ရန်ကုန်မြို့ | ၉ |
| ၄၀။ | မိဘနှစ်ပါးရည်စူး၍ ဒေါ်တင်တင် သမီးခင်ခင်ထွေး | ၁၀၁/ခန်း-၅ ရန်ကင်း | ရန်ကုန်မြို့ | ၅ |
| ၄၁။ | ဦးတင်မောင်+ဒေါ်ခင်သောင်းကြည် | ရွှေဂုံတိုင်၊ | ရန်ကုန်မြို့ | ၅ |
| ၄၂။ | ဦးအောင်လှိုင်နှင့်ဇနီးမိသားစု၊မြို့နယ်ကောင်စီဥက္ကဌ | | မိုးကုတ်မြို့ | ၅ |
| ၄၃။ | ဦးစိုးတင်နှင့်ဇနီးမိသားစု၊ မြို့နယ်ကောင်စီအဖွဲ့ဝင် | | ။ | ၅ |
| ၄၄။ | ဆရာတော်ဦးဥတ္တမ မဟာဗောဓိကမ္မဋ္ဌာန်းတိုက်၊ | | ကျိုင်းတုံမြို့ | ၅ |
| ၄၅။ | ဆရာတော် ဦးဥဿဏဝရ မဟာဗောဓိတိုက်ခွဲ | | မိုင်းပြင်မြို့ | ၅ |
| ၄၆။ | ခေမာသိဝံဆရာတော် | | မိုးကုတ်မြို့ | ၅ |
| ၄၇။ | ပတ္တမြားဆရာတော် | | ။ | ၅ |
| ၄၈။ | တောင်တောရဆရာတော် | | ။ | ၅ |
| ၄၉။ | ဆရာတော်ဦးနာရဒ ဗမ္မန်ကျောင်း | | ။ | ၅ |
| ၅၀။ | ဆရာတော်ဦးကောဝိဒ မင်းတံတားကျောင်း | | ။ | ၅ |
| ၅၁။ | ရတနာ့ဗိမာန်ကျောင်းဆရာတော် | | ။ | ၅ |

# စမ္မဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | မြို့ | အုပ်ရေ |
|---|---|---|---|
| ၅၂။ | အောင်မြေကျောင်းဆရာတော် | မိုးကုတ်မြို့ | ၅ |
| ၅၃။ | သုသာန်ကျောင်း ဆရာတော်ဦးစိန္တာ | ။ | ၅ |
| ၅၄။ | ရတနာသီရိဆရာတော် လယ်ဦးကျောင်း | ။ | ၅ |
| ၅၅။ | ဦးချို+ဒေါ်ငွေနှင့် သားများ၊ ရွှေဘုံသာရပ် | ။ | ၅ |
| ၅၆။ | ဦးခင်မောင်မောင်+ဒေါ်တင်မြင့် မိသားစု | ။ | ၅ |
| ၅၇။ | ဆရာမကြီးဒေါ်သိန်းနွဲ့ မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၅၈။ | ဦးမြမောင်+ဒေါ်အုံးခင် (သမီး) မသန်းသန်း ရှမ်းစုရပ် | ။ | ၅ |
| ၅၉။ | ဒေါ်မြသိန်း မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၀။ | ဒေါ်ယွမ်း (သား) မောင်စံလှ၊ ရှမ်းစုရပ် | မိုးကုတ်မြို့ | ၅ |
| ၆၁။ | ဦးဖိုးသာ(သမီး)ဒေါ်လှရင် ဒေါ်သိန်းတင်ရှမ်းစုရပ် | ။ | ၅ |
| ၆၂။ | ဦးလေးခ+ဒေါ်ကျန် မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၃။ | ဦးစီ+ဒေါ်ခင် မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၄။ | မဝင်းဝင်းစိုး မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၅။ | ဦးစောမောင်+ဒေါ်ညွန့် မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၆။ | ဦးသာဒွန်း+ဒေါ်မြအေး မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၇။ | ဒေါ်စောမြ (သမီး) မစိန်စိန် မိသားစု၊ ရှမ်းစုရပ် | ။ | ၅ |
| ၆၈။ | ဦးဘရင်+ဒေါ်သင် မိသားစု၊ မြို့လယ်ရပ် | မိုးကုတ်မြို့ | ၅ |
| ၆၉။ | ဖွားစက်ကြောင် ပိုတ်စွယ် | ။ | ၅ |
| ၇၀။ | ဦးကံညွန့်+ဒေါ်ခင်ရွှေ မိသားစု၊ စည်ပင်သာရပ် | ။ | ၅ |
| ၇၁။ | ဒေါ်ခင်သီ မိသားစု အောင်ချမ်းသာ | မိုးကုတ်မြို့ | ၅ |
| ၇၂။ | ဦးစိန်+ဒေါ်ငွေမြင့် စိန်ရတနာသစ်စက် စိတ္တကူ | ။ | ၅ |
| ၇၃။ | ကိုသာငွေ+မတင်တင်ထွေး မိသားစု၊ ဈေးဟောင်း | ။ | ၅ |
| ၇၄။ | ဦးကြီးသောင်နှင့် သား သမီး မြေး မြစ်၊ ဈေးဟောင်း | ။ | ၅ |
| ၇၅။ | ဦးဖေခင် ဒေါ်အေးကြည် မိသားစု၊ ။ | ။ | ၅ |
| ၇၆။ | ဦးထွန်းကြည် မကြည်ကြည် မိသားစု၊ ။ | ။ | ၅ |
| ၇၇။ | ဒေါ်အေး ဒေါ်ကြီး ။ | ။ | ၅ |
| ၇၈။ | ဦးခင်မောင်တင် ဒေါ်နုနုရီ မိသားစု၊ | တောင်ကြီးမြို့ | ၅ |
| ၇၉။ | ဦးထွန်းရွှေ ဒေါ်သန်းရွှေ မိသားစု၊ ထွန်းနီလာသင်္ကန်းဆိုင်၊ ဘုရားကြီး | မန္တလေး | ၅ |
| ၈၀။ | ဒေါ်ရွှေခွမ် ပိုတ်စွယ် | မိုးကုတ် | ၅ |
| ၈၁။ | ဦးမြသိန်း ဒေါ်လှစိန် မိသားစု၊ ပိတ်စွယ် | မိုးကုတ် | ၅ |
| ၈၂။ | ဦးမြင့်ဝေ မြို့မရပ် | ကြပ်ပြင် | ၅ |

# ဓမ္မဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | | | မြို့ | အုပ်ရေ |
|---|---|---|---|---|---|
| ၈၃။ | ဦးချစ်ဆွေ+ဒေါ်ခင်ဝင်း မိသားစု | | မြို့မရပ် | ။ | ၅ |
| ၈၄။ | ဦးထွန်းရှိန်+ဒေါ်လှကြည် | ။ | ။ | ။ | ၅ |
| ၈၅။ | ဒေါ်ငွေး | ။ | ။ | ။ | ၅ |
| ၈၆။ | ဦးချစ်မြ+ဒေါ်လှမေ | ။ | ရွာမရပ် | ။ | ၅ |
| ၈၇။ | ဒေါ်ခင်စန်း | | ။ | ။ | ၅ |
| ၈၈။ | ဦးသုတ+ဒေါ်မြညွန့် | ။ | ဂေါင်းဦးဘာ | ။ | ၅ |
| ၈၉။ | ဦးချစ်တီး+ဒေါ်ခင်မ | ။ | ။ | ။ | ၅ |
| ၉၀။ | ဦးစောမြစိန်+ဒေါ်ရင်ရင် | ။ | ။ | ။ | ၅ |
| ၉၁။ | ဦးထွန်းကြိုင်+ဒေါ်ခင်ထား | ။ | ။ | ။ | ၅ |
| ၉၂။ | ဦးသာရင်+ဒေါ်အုံးရွှေ | ။ | ။ | ။ | ၅ |
| ၉၃။ | ဦးဘသစ်+ဒေါ်လုံး | ။ | ။ | ။ | ၅ |
| ၉၄။ | ဦးကျော်အေး+ဒေါ်လုံးရင် | ။ | ။ | ။ | ၅ |
| ၉၅။ | ဦးဘဆင်+ဒေါ်မိုး | ။ | ။ | ။ | ၅ |
| ၉၆။ | ဦးထွန်း+ဒေါ်ခင်ကြွယ် | ။ | ။ | ။ | ၅ |
| ၉၇။ | ဦးတင်ရွှေ+ဒေါ်မြတင် | ။ | ဆေးရုံဝင်း | ။ | ၅ |
| ၉၈။ | ဒေါ်သန်းငွေးနှင့် သားများ | ။ | စစ်ရုံးအနီး | ။ | ၅ |
| ၉၉။ | ဦးလှဒင်+ဒေါ်စိမ်းစိမ်း | ။ | ကသဲရပ် | ။ | ၅ |
| ၁၀၀။ | ဦးစန်းသွင်+ဒေါ်မြမြ | ။ | ။ | ။ | ၅ |
| ၁၀၁။ | ဦးတင်ရွှေ+ဒေါ်ငြိမ်းဆွေး | ။ | ။ | ။ | ၅ |
| ၁၀၂။ | ဦးထွန်းအောင်+ဒေါ်စန်းစန်းမိသားစု | | ကသဲဈေး | ။ | ၅ |
| ၁၀၃။ | ဦးမိုး+ဒေါ်ခင်ရီ | ။ | ။ | ။ | ၅ |
| ၁၀၄။ | ဒေါ်ခင်ညွန့်သွီး ဆရာမ မြင့်မြင့်သန်းမိသားစု | | လူးထရပ် | ။ | ၅ |
| ၁၀၅။ | ဒေါ်အုံးရီ | ။ | ။ | ။ | ၅ |
| ၁၀၆။ | ဒေါ်အုံးခင် | ။ | ။ | ။ | ၅ |
| ၁၀၇။ | ဒေါ်တင်ကြည် | ။ | ။ | ။ | ၅ |
| ၁၀၈။ | ဦးမြတ်ငွေး+ဒေါ်ခင်သိန်း | ။ | ပန်းမရပ် | ။ | ၅ |
| ၁၀၉။ | ဦးသောင်းလှိုင်+ဒေါ်ဆန်းယဉ် | ။ | ။ | ။ | ၅ |
| ၁၁၀။ | ဦးချစ်ရီ+ဒေါ်ကြည်တင် | ။ | ညောင်ပင်ကြီးရပ် | | ၅ |
| ၁၁၁။ | ဦးထွန်းရွှေ+ဒေါ်ဝင်း | ။ | ။ | ။ | ၅ |
| ၁၁၂။ | ဦးကျော်ဝင်း+ဒေါ်သန်းမေ | ။ | ကျောက်ပြဿဒ် | | ၅ |
| ၁၁၃။ | ဦးတုပ်+ဒေါ်တင်အောင် | ။ | တောင်ပေါ်ကုန်း | | ၅ |
| ၁၁၄။ | ဦးထွန်းပေါ+ဒေါ်ချစ်ရန် | ။ | ပေါက်တပင်ရွာ | | ၅ |

## ဓမ္မဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | | မြို့ | အုပ်ရေ |
|---|---|---|---|---|
| ၁၁၅။ | ဦးသိန်းမောင်+ဒေါ်သန်းရင် | ။ ပေါက်တပင်ရွာ | | ၅ |
| ၁၁၆။ | ဦးအေးမောင်+ဒေါ်ညွန့်ကြည် | ။ ။ | | ၅ |
| ၁၁၇။ | ဦးအောင်ပေါ+ဒေါ်အေးတင် | ။ ကူဖြူရွာ | မြစ်သားမြို့ | ၅ |
| ၁၁၈။ | ဦးလှဒင်+ဒေါ်သန်း | ။ ။ | ။ | ၅ |
| ၁၁၉။ | ဦးကြည်စိန်+ဒေါ်သိန်းမယ် | ။ ။ | ။ | ၅ |
| ၁၂၀။ | ဦးကြည်ရွှေ ဒေါ်လှစိန် | ။ ။ | ။ | ၅ |
| ၁၂၁။ | ဦးချစ်သောင်း ဒေါ်အေးမွန်ကြည်(ဆရာမ) | ။ မြို့မရပ် | ။ | ၅ |
| ၁၂၂။ | အဖွားမှုန် | ။ တောင်ပိုင်း | မိုးမိတ်မြို့ | ၃ |
| ၁၂၃။ | ကိုမောင်မောင် မအဲန်းမြင့် | ။ ရှမ်းစုရပ် | မိုးကုတ် | ၃ |
| ၁၂၄။ | ကိုမြင့်သိန်း မဝင်းဝင်းရီ | ။ ။ | ။ | ၃ |
| ၁၂၅။ | ဦးညီညီ ဒေါ်ခင်မြင့် | ။ ။ | ။ | ၃ |
| ၁၂၆။ | ဦးထွန်းရှိန် ဒေါ်သိန်းမိ | ။ ။ | ။ | ၃ |
| ၁၂၇။ | ဦးချစ်ထွန်း ဒေါ်ငွေ | ။ ဂေါင်းဦးဘာ | ကြပ်ပြင် | ၃ |
| ၁၂၈။ | ဦးအုံးကြည် ဒေါ်တင်လှိုင် | ။ ။ | ။ | ၃ |
| ၁၂၉။ | ဒေါ်ထွေး | ။ တောင်ပေါ်ကုန်း | ။ | ၃ |
| ၁၃၀။ | ဒေါ်မြိုင် | ။ | ။ | ၃ |
| ၁၃၁။ | ဦးကျော်အေး ဒေါ်ချစ်မေ | ။ ။ | ။ | ၃ |
| ၁၃၂။ | ဦးကျော်ရှိန် ဒေါ်ပေါ | ။ ။ | ။ | ၃ |
| ၁၃၃။ | ဦးအောင်နီ ဒေါ်တင်အေး | ။ ။ | ။ | ၃ |
| ၁၃၄။ | ဦးစိုးဝင်း ဒေါ်တင်လှိုင် | ။ ။ | ။ | ၃ |
| ၁၃၅။ | ဒေါ်ငွေး | ။ ကသည်းဈေး | ။ | ၃ |
| ၁၃၆။ | ရဟန်းတကာ ဦးဘဒင် ရဟန်းအမ ဒေါ်တင်မိသားစု | | မိုးမိတ်မြို့ | ၃ |
| ၁၃၇။ | ဘဝနတ်ထံ ပျံလွန်တော်မူသော ဆရာတော် ဦးဝံသနှင့် ဦးအရိယဝံသတို့ကို ရည်မှန်း၍ မြို့ရွှေကျောင်း ဦးဩဘာသဘာဏ | ကြာညှပ်ရွာ | သပိတ်ကျင်း | ၃ |
| ၁၃၈။ | ဗိုလ်ကြီးမြင့်သိန်း ဒေါ်တင်ကြည်မိသားစု ၂၅၊ ၁၄၆ လမ်းရန်ကုန် | | | ၂ |
| ၁၃၉။ | ဦးစံငွေး ဒေါ်အုံးခင် | မိသားစုံ မြောက်ပိုင်း | မိုးမိတ် | ၂ |
| ၁၄၀။ | ဒေါ်တုပ် ဒေါ်လှမေ | ။ ။ | ။ | ၂ |
| ၁၄၁။ | ဦးဘဆွယ် ဒေါ်စံရွှေ | ။ ။ | ။ | ၂ |
| ၁၄၂။ | ဦးတင်မောင် ဒေါ်သိန်းဟံ | ။ ပေါက်တပင်ရွာ | သပိတ်ကျင်းမြို့ | ၂ |
| ၁၄၃။ | ဒေါ်မြိုင် | ။ တောင်ပေါ်ကုန်း | ကြပ်ပြင် | ၂ |
| ၁၄၄။ | မခင်စန်းအေး | မြို့မရပ် | မိုးကုတ် | ၂ |

# ဓမ္မဒါနကုသိုလ်ရှင်များစာရင်း

နံပါတ် အလှူရှင်အမည်နှင့်နေရပ် မြို့ အုပ်ရေ

၁၄၅။ အောင်နိုလာ ဖွားအေးနှင့် မြို့မရပ် ဈေးဟောင်း မိုးကုတ်မြို့ ၂
၁၄၆။ ဦးဆာရနှင့် သားသမီးများ လူးထ ကသည်း ၂
၁၄၇။ ဦးတင်ဦး ဒေါ်မြသန်း ။ ကသည်းဈေး ကြပ်ပြင် ၂
၁၄၈။ ဦးကျော်ဒွန်း ဒေါ်လှရှင် ။ ။ ။ ၂
၁၄၉။ ဒေါ်ခင်မေလွင်နှင့် မောင်ညီမများ လူးထ ။ ၂
၁၅၀။ ဦးတင်မောင် ဒေါ်ခင်ရွှေ မိသားစု ကသဲအောက်ပိုင်း ။ ၂
၁၅၁။ ဦးကျော်ဇံ ဒေါ်အုံးခင် ။ ကျောက်ဆောင်
ကသဲကြပ်ပြင် ၂
၁၅၂။ ဦးချစ်တီး ဒေါ်နီ ။ ကဆည်းဈေး ။ ၂
၁၅၃။ ဒေါ်ရွှေညွှာ ။ တောင်ပေါ်ကုန်း
။ ကျပ်ပြင် ၂
၁၅၄။ ကိုချစ်ညဏ် မသန်းတင် ။ ။ ၂
၁၅၅။ မသန်းတင် ။ ။ ။ ၂
၁၅၆။ ဦးကျော်ငြိမ်း ဒေါ်အေးတင် ။ ။ ။ ၂
၁၅၇။ ဦးထွန်းသိ ဒေါ်ရင် မိသားစု၊ ရွှေညောင်ပင် မိုးကုတ် ၂
၁၅၈။ ဦးထွန်းပြည့် ဒေါ်နန်းငြိမ်း မိသားစု၊ ရွှေညောင်ပင် မိုးကုတ် ၂
၁၅၉။ ဦးဘသောင်း ဒေါ်လှရီမိသားစု၊ တောင်ပေါ်ကုန်း ကျပ်ပြင် ၂
၁၆၀။ ဦးပို ဒေါ်တင်တင် မိသားစု၊ ကသည်းဈေး ကျပ်ပြင် ၂
၁၆၁။ ဦးဘိုချုပ် ဒေါ်သေးသေး မိသားစု၊ ကူဖြူရွာ မြစ်သား ၂
၁၆၂။ ဦးသန်းမောင် ဒေါ်မြကြည် မိသားစု၊ ။ ။ ၂
၁၆၃။ ဦးခင်မောင် ဒေါ်စက်ရီ မိသားစု၊ ။ ။ ၂
၁၆၄။ ဦးမြဟန် ။ ။ ၂
၁၆၅။ ဦးလှမောင် ဒေါ်ကြည်ရှင် သမီး မအေးအေးမူ
ကြာညှပ်ရွာ သပိတ်ကျင်း ၂
၁၆၆။ ဦးမြအုန်း ဒေါ်အုံးရီ မိသားစု၊ ကြာညှပ်ရွာ သပိတ်ကျင်း ၂
၁၆၇။ ဦးကြည် ဒေါ်သောင်းတင် သား မောင်ခင်ဇော်ထွန်း၊
သမီး မဝင်းဝင်းမာ၊ မစန်းစန်းချို ကြာညှပ်ရွာ သပိတ်ကျင်း ၂
၁၆၈။ မယ်တော်ကြီးဒေါ်သိန်းညွန့် သား မောင်ပြုံး
ကြာညှပ်ရွာ သပိတ်ကျင်း ၂
၁၆၉။ မောင်ဌေးလွင် လမ်း ၈၀/၂၀ ဒေါင့် မန္တလေး ၁
၁၇၀။ မတင်တင်ဝင်း လမ်း ၈၀/၂၀ ဒေါင့် မန္တလေး ၁
၁၇၁။ ရှင်သုဝဏ္ဏ ဗဟန်း ၃-လမ်း၊ သံယုတ်ကျောင်း၊ ရန်ကုန် ၁

## စမ္ပဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | မြို့ | အုပ်ရေ |
|---|---|---|---|
| ၁၇၂။ | ဦးအောင်သန်း ဒေါ်ညွန့်ညွန့်သန်း၊ အမှတ် ၆၅၊ ရေတာရှည်လမ်း | ရန်ကုန် | ၁ |
| ၁၇၃။ | ဒေါ်အေးသာ (သမီး) မြမြဝေ၊ ပိတ်စွယ်ရပ် | မိုးကုတ် | ၁ |
| ၁၇၄။ | မအေးအေးမြင့် ပိတ်စွယ်ရပ်၊ | ။ | ၁ |
| ၁၇၅။ | မထားထားရီ ပိတ်စွယ်ရပ် | ။ | ၁ |
| ၁၇၆။ | မထားထားကြည် ပိတ်စွယ်ရပ် | ။ | ၁ |
| ၁၇၇။ | မသက်ထားမေ ပိတ်စွယ်ရပ် | ။ | ၁ |
| ၁၇၈။ | မပြုံးပြုံးမြင့် ပိတ်စွယ်ရပ် | ။ | ၁ |
| ၁၇၉။ | မောင်မင်းလွင်+မိမိကြူ ပိတ်စွယ်ရပ် | ။ | ၁ |
| ၁၈၀။ | မမြင့်မြင့်ဦး ပိတ်စွယ်ရပ် | ။ | ၁ |
| ၁၈၁။ | မောင်သောင်းလွင် ပိတ်စွယ်ရပ် | မိုးကုတ်မြို့ | ၁ |
| ၁၈၂။ | ဦးထွန်းအောင် မိသားစု၊ ရှမ်းစုရပ် | ။ | ၁ |
| ၀၈၃။ | ဦးအောင်ခ+ဒေါ်သန်းထင် (သား) အောင်အောင် ရှမ်းစုရပ် | ။ | ၁ |
| ၁၈၄။ | ဒေါ်လှဝင်း ။ | ။ | ၁ |
| ၁၈၅။ | ဦးသိန်းလှိုင်+ဒေါ်ခင်ညွန့် မိသားစု၊ ။ | ။ | ၁ |
| ၁၈၆။ | ဦးသိန်းလှိုင်+ဒေါ်ခင်မာသက် မိသားစု၊ မြို့မရပ် | ။ | ၁ |
| ၁၈၇။ | ဒေါ်အုန်းခင် မြို့မရပ်၊ | ။ | ၁ |
| ၁၈၈။ | ဦးအောင်မြင့်+ဒေါ်သိန်းသိန်း မိသားစု၊ မြို့မရပ် | မိုးကုတ်မြို့ | ၁ |
| ၁၈၉။ | ဦးကိုကြီး ဒေါ်အုံးအုံးရီ မိသားစု၊ မြို့မရပ် | ။ | ၁ |
| ၁၉၀။ | ဦးကြည်+ဒေါ်ချစ်မေ မိသားစု၊ ကသည်း | ကျပ်ပြင် | ၁ |
| ၁၉၁။ | ဦးညွန့်ဝေ သူဌေးကုန်း | ။ | ၁ |
| ၁၉၂။ | ဦးကံသိန်း ဒေါ်ခင်ထွေး ကသည်းကျောက်ဆောင် | ။ | ၁ |
| ၁၉၃။ | ဒေါ်လေးရင်နှင့်သားသမီးများ ကသည်းအောက်ပိုင်း | ကျပ်ပြင် | ၁ |
| ၁၉၄။ | ဒေါ်လေးသီ ကသည်းအောက်ပိုင်း | ။ | ၁ |
| ၁၉၅။ | ဒေါ်လေးမိ ကသည်းအောက်ပိုင်း | ကျပ်ပြင် | ၁ |
| ၁၉၆။ | ဒေါ်ညွန့် သူဌေးကုန်း | ။ | ၁ |
| ၀၉၇။ | ဦးအောင်သိန်း ဒေါ်ခင်ညွန့် သူဌေးကုန်း | ။ | ၁ |
| ၁၉၈။ | ဦးထွန်း ရွာဟောင်း | ။ | ၁ |
| ၁၉၉။ | ဒေါ်ချစ်ပု (သား) မောင်အောင်မင်း ဒီပဲယင်း | ဒီပဲယင်းမြို့ | ၁ |
| ၂၀၀။ | ဒေါ်သန်းမေ ပန်းမ | မိုးကုတ် | ၁ |
| ၂၀၁။ | ဦးစိန်သောင်း ဒေါ်အုံးကြည် ပန်းမ | ။ | ၁ |

# ဓမ္မဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | မြို့ | အုပ်ရေ |
|---|---|---|---|
| ၂၀၂။ | ဦးကျော်စိန် ဒေါ်သန်းတင် ညောင်ပင်ကြီး | ကျုပ်ပြင် | ၁ |
| ၂၀၃။ | ဦးညွန့် ဒေါ်ကြီး ကသည်းကျောက်ဆောင် | ကျုပ်ပြင် | ၁ |
| ၂၀၄။ | ဦးတင်မောင် ဒေါ်အေးပွင့် ကသည်းကျောက်ဆောင် | ။ | ၁ |
| ၂၀၅။ | ဦးစံဘ ဒေါ်တင်ရွှေ ကသည်းကျောက်ဆောင် | ။ | ၁ |
| ၂၀၆။ | ဦးအောင်လှ ဒေါ်အုံးတင် မိသားစု၊ ကသည်းကျောက်ဆောင် | | ၁ |
| ၂၀၇။ | ဦးလွန်းမောင် ဒေါ်ရွှေလုံ မိသားစု၊ | ။ | ၁ |
| ၂၀၈။ | ဦးချစ်သာ ဒေါ်အုံးသီး မိသားစု၊ | ကျုပ်ပြင် | ၁ |
| ၂၀၉။ | ဦးစံမြင့် ဒေါ်အေးတင် မိသားစု၊ | ။ | ၁ |
| ၂၁၀။ | ဦးကျော်ညွန့် ဒေါ်တင်ရွှေ မိသားစု၊ | ။ | ၁ |
| ၂၁၁။ | ဦးမြအုံး ဒေါ်လှရင် မိသားစု၊ | ။ | ၁ |
| ၂၁၂။ | ဦးစံသိန်း ဒေါ်ငွေကြည် မိသားစု၊ | ကျုပ်ပြင် | ၁ |
| ၂၁၃။ | ဦးအေးမောင် မိသားစု၊ ကသည်းကျောက်ဆောင် | ကျုပ်ပြင် | ၁ |
| ၂၁၄။ | ဦးကျော်ငြိမ်း မိသားစု၊ ။ | ။ | ၁ |
| ၂၁၅။ | ဦးဆွဲယ်ခမ်း မိသားစု၊ ။ | ။ | ၁ |
| ၂၁၆။ | ဦးဝင်းရွှေ မိသားစု၊ ။ | ။ | ၁ |
| ၂၁၇။ | ဦးထွန်းတင် မိသားစု၊ ။ | ။ | ၁ |
| ၂၁၈။ | ဦးအေး ဒေါ်ရွှေလှ မိသားစု၊ ။ | ။ | ၁ |
| ၂၁၉။ | ဦးအောင်သိန်း မိသားစု၊ ။ | ။ | ၁ |
| ၂၂၀။ | ဒေါ်ငွေစိန် မိသားစု၊ ။ | ။ | ၁ |
| ၂၂၁။ | ဒေါ်စောရီ မိသားစု၊ ကသည်းကျောက်ဆောင် | ကျုပ်ပြင် | ၁ |
| ၂၂၂။ | ဒေါ်အိမ် မိသားစု၊ ။ | ။ | ၁ |
| ၂၂၃။ | ဒေါ်ရွှေရင် မိသားစု၊ ။ | ။ | ၁ |
| ၂၂၄။ | ဦးတင်မောင် ဒေါ်ခင်ပြုံးမိသားစု၊ ကသည်းကျောက်ဆောင် | ကျုပ်ပြင် | ၁ |
| ၂၂၅။ | ဦးဂန္ဓမာ ရေပူကျောင်း | မိုးကုတ် | ၁ |
| ၂၂၆။ | ဦးထွန်းနိုင်+ဒေါ်ငွေးတင် | အရာတော်မြို့ | ၁ |
| ၂၂၇။ | ဦးဇော်ဝင်း က-လ-သ-ဖ | သပိတ်ကျင်း | ၁ |
| ၂၂၈။ | ရဟန်းမယ်တော်ကြီး ဒေါ်ဖွားအေး | လယ်ကြီးရွာ | ၁ |
| ၂၂၉။ | ဒေါ်သိန်းသိန်းမိသားစု၊ လူးထ | ကသည်း | ၁ |
| ၂၃၀။ | ဦးကျန်းမြင့်+ဒေါ်လေးမြင့်မိသားစု၊ လူးထ | ကသည်း | ၀ |
| ၂၃၁။ | ဦးသန်းမြင့်+ဒေါ်လေးဆင့် မိသားစု၊ လူးထ | ကသည်း | ၁ |
| ၂၃၂။ | ဦးတွန်းတင်+ဒေါ်သန်းနွဲမိသားစု၊ ရွှေညောင်ပင် | ကျုပ်ပြင် | ၁ |

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | | မြို့ | အုပ်ရေ |
|---|---|---|---|---|
| ၂၃၃။ | ဦးဘတုတ် ဒေါ်မြ (သား) စာရေးကြီးမောင်တင်ဖေ | ရွှေညောင်ပင် | ကျပ်ပြင် | ၁ |
| ၂၃၄။ | ဦးပညာ | ။ | ။ | ၁ |
| ၂၃၅။ | ဦးဆန်း | ။ | ။ | ၁ |
| ၂၃၆။ | ဦးကျော်မြ ဒေါ်စိန် မိသားစု၊ | ။ | ။ | ၁ |
| ၂၃၇။ | ဦးရာကျော်+ဒေါ်လှကြည်မိသားစု၊ | ရွှေညောင်ပင် | ကျပ်ပြင် | ၁ |
| ၂၃၈။ | ဦးမြသိန်း+ဒေါ်ခင်သိန်း | ။ | ။ | ၁ |
| ၂၃၉။ | ဦးဘိုနီ ဒေါ်ဝင်းကြည် | ။ | ။ | ၁ |
| ၂၄၀။ | ဦးအောင်ရွှေ ဒေါ်ဝင်းဝင်း (သမီး) မိုးမိုးဝင်း စိုးစိုးဝင်း၊ (သား) ဝင်းမောင်အောင် | ရွှေညောင်ပင် | ကျပ်ပြင် | ၁ |
| ၂၄၁။ | ဦးညို ဒေါ်ပု ။ | ။ | ။ | ၁ |
| ၂၄၂။ | ဒေါ်အုန်းစိန် | ။ | ။ | ၁ |
| ၂၄၃။ | ဦးဘသိန်း | ။ | ။ | ၁ |
| ၂၄၄။ | ဦးထွန်းပြား ဒေါ်တင်သန်း | ။ | ။ | ၁ |
| ၂၄၅။ | ဦးစိန်မောင် ဒေါ်ခင်ခင် | ။ | ။ | ၁ |
| ၂၄၆။ | ဦးထွန်းညွန့် ဒေါ်လှ | ။ | ။ | ၁ |
| ၂၄၇။ | ဦးဝါဝင်း ဒေါ်သောင်း | ။ | ။ | ၁ |
| ၂၄၈။ | ဦးကျော်အုန်း ဒေါ်စိုးတင် (သမီး) ဆန်းသန်းခိုင် (သား) မောင်ထိန်လင်း | ရွှေညောင်ပင် | ကျပ်ပြင် | ၁ |
| ၂၄၉။ | ဦးသိန်းထွန်း ဒေါ်မြမေ | ။ | ။ | ၁ |
| ၂၅၀။ | ဒေါ်စံမေ မိသားစု၊ | ကူဖြူရွာ | မြစ်သားမြို့ | ၁ |
| ၂၅၁။ | ဒေါ်အေးကြည် မိသားစု၊ | ။ | ။ | ၁ |
| ၂၅၂။ | ဦးတင်မောင် ဒေါ်တင်အောင် မိသားစု | ။ | ။ | ၁ |
| ၂၅၃။ | ဆရာလေး+ဒေါ်အေးကြည် မိသားစု၊ | ။ | ။ | ၁ |
| ၂၅၄။ | ကွယ်လွန်သူဦးစောလှိုင်ရည်စူး၍ ဒေါ်သိန်းမေ မိသားစု၊ | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၅၅။ | ဒေါ်သိန်းညွန့်အမှူးထား၍ သား မောင်လှအောင် မခင်ညွန့် | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၅၆။ | မိဘများရည်စူး၍ ဦးဘကြိုင် ဒေါ်တင်အေး | | သပိတ်ကျင်း | ၁ |
| ၂၅၇။ | ကျောင်းတကာဦးထန် ဒေါ်သိန်းတင်တို့ကိုရည်စူး၍ (သား) မောင်ရွှေတိုး မအုံးရေ | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၅၈။ | ဘုရားတကာ ဦးအေးမောင် ဒေါ်သန်းရွှေ | | သပိတ်ကျင်း | ၁ |

## စမ္ပဒါနကုသိုလ်ရှင်များစာရင်း

| နံပါတ် | အလှူရှင်အမည်နှင့်နေရပ် | | မြို့ | အုပ်ရေ |
|---|---|---|---|---|
| ၂၅၉။ | မောင်ကြည် မငွေ မိသားစု၊ | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၆၀။ | ဦးသောင်း ဒေါ်ကျင်နု | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၆၁။ | မောင်ညွန့်ဆွေ မသန်းတင် | ။ | ။ | ၁ |
| ၂၆၂။ | ကိုညွန့်မောင်ရည်စူး၍ ဇနီးမဝင်းမြင့် | ။ | ။ | ၁ |
| ၂၆၃။ | ဒေါ်သိန်းရွှေ မိသားစု၊ | ။ | ။ | ၁ |
| ၂၆၄။ | ဦးလှမောင် ဒေါ်ကြည်ခင် | ။ | ။ | ၁ |
| ၂၆၅။ | ဦးမောင်လေး ဒေါ်အုံးတင် | ။ | ။ | ၁ |
| ၂၆၆။ | မောင်စံတင် မမေဝင်း မိသားစု၊ | ။ | ။ | ၁ |
| ၂၆၇။ | မအုံးကြည် မောင်ညွန့် | ။ | ။ | ၁ |
| ၂၆၈။ | ဦးလှမောင် ဒေါ်ကြည်ခင် | ။ | ။ | ၁ |
| ၂၆၉။ | ဦးဘလှကိုရည်စူး၍ မရင်စိမ်းမိ | ။ | ။ | ၁ |
| ၂၇၀။ | ဒေါ်အေးတင်ကို အမှူးထား၍ ဦးချစ်လှိုင် ဒေါ်ကြည်စိန် | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၇၁။ | ဦးကံကြီး၊ ဦးအောင်သိန်း၊ ဒေါ်စောရင်တို့ကို ရည်စူး၍ ဦးချစ်လှိုင် ဒေါ်ကြည်စိန် | ကြာညှပ်ရွာ | သပိတ်ကျင်း | ၁ |
| ၂၇၂။ | ဒေါ်ကံလှအမှူးထား၍ မောင်ကံညွန့် မကျင်ရီ | | ။ | ၁ |
| ၂၇၃။ | ရဟန်းတကာ ဦးအေး ဒေါ်အေးရင်၊ | မြင်သာရွာ | ။ | ၁ |
| ၂၇၄။ | မောင်မြင့် မတင့် မိသားစု၊ | ။ | ။ | ၁ |
| ၂၇၅။ | မောင်ရေတိုး မစန်းမမိသားစု | ။ | ။ | ၁ |
| ၂၇၆။ | ကိုဘိုစိုး မတင်စိန် မိသားစု | ။ | ။ | ၁ |
| ၂၇၇။ | မောင်သိန်းအောင် မကျင်စန်း မိသားစု | ။ | ။ | ၁ |
| ၂၇၈။ | မောင်စံတင်ကိုရည်စူး၍ မခင်မွှေး မိသားစု | ။ | ။ | ၁ |
| ၂၇၉။ | ဦးဌေးမောင် ဒေါ်အေးထိ မိသားစု၊ | ။ | ။ | ၁ |
| ၂၈၀။ | ဒေါ်စိန်ကြည် မိသားစု၊ | ။ | ။ | ၁ |
| ၂၈၁။ | ဦးထွေး ဒေါ်မြစိန် မိသားစု၊ | ကိုးပင်ရွာ | ။ | ၁ |
| ၂၈၂။ | ဦးမြအုံး ဒေါ်လှိုင် မိသားစု၊ | ။ | ။ | ၁ |
| ၂၈၃။ | မတင်စန်း | မြောက်ပိုင်းရပ် | မိုးမိတ်မြို့ | ၁ |
| ၂၈၄။ | ဦးဘခင် ဒေါ်ဦး | ။ | ။ | ၁ |
| ၂၈၅။ | ဒေါ်သောင်းမြ | ။ | ။ | ၁ |
| ၂၈၆။ | ဦးသိန်းလှိုင် ဒေါ်ခင်ညွန့် မိသားစု၊ | ရှမ်းစု | မိုးကုတ် | ၁ |

# ကျေးဇူးတင်ရှိခြင်း

အသံသွင်းကြိုးခွေ (၃၇) ခွေကို လှူဒါန်းကြသော မိုးကုတ်မြို့၊ ရှမ်းစုရပ်၊ ဦးသိမ်းမောင် + ဒေါ်ခင်ကြည် (သား) မောင်ဝင်းမင်း၊ မောင်မျိုးမင်း၊ မောင်မောင်ငယ်၊ (သမီး) မေသက်မော်၊ ခင်ခင်ကြီး၊ စန်းစန်းယု တို့အား ကျွန်ုပ်တို့အဖွဲ့မှ လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

သာသနာ့နုဂ္ဂဟ အသင်း
သတိပဋ္ဌာန် ကျောင်းတိုက်
မိုးကုတ်မြို့။

---

သာသနာ့ဗောဓိတွင်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

# ကျေးဇူးတင်ရှိခြင်း

အသံသွင်းကြိုးခွေ မှ စာမူကြမ်းအဖြစ်သို့ ရောက်ရှိရန် ကူညီဆောင်ရွက်ပေးတော်မူကြသော အရှင်ဝါသဝ, အရှင်ဥာဏိန္ဒ, အရှင်သြဘာသ, အရှင်ခေမိန္ဒ တို့အားရှင်း၊ စာမူကြမ်းကို သန့်ရှင်းအောင် ကောင်းစွာ တည်းဖြတ် ကြပ်မ, သုတ်သင် ပြင်ဆင်တော်မူသော တိပိဋကဓရ ဆရာတော် အရှင် ကောသလ္လ (ပြည်) မထေရ် အားရှင်း၊ ကျွန်ုပ်တို့ အဖွဲ့မှ ကျေးဇူးဥပကာရ တင်ရှိကြောင်း ဖော်ပြပါသည်။

သာသနာ့ဒုနုဂ္ဂဟ အသင်း
သတိပဋ္ဌာန်ကျောင်းတိုက်
မိုးကုတ် မြို့။

294.364,4-37
A1MMGB019582

# ဓမ္မဒါနကုသိုလ်ရှင်

မိုးကုတ်မြို့၊ ကန်တော်ရပ်
ရဟန်းဒါယကာ ဦးမြင့်သန်း + ရဟန်းဒါယိကာမ ဒေါ်စိန်နု
(သား)
မောင်ကျော်ကျော်ဝင်း၊ မောင်ဇော်ဇော်ဝင်း၊
(သမီး)
မနီနီဝင်း၊ မကြည်ကြည်ဝင်း

တို့ ကောင်း မှု၊
အုပ်ရေ (၃၀၀)

---

မိုးကုတ်မြို့၊ ရှမ်းစု ရပ်၊
ဦးကျော်ဝင်း + ဒေါ်ခင်သန်း
(သား)
မောင် ဝင်း မြင့် ဦး

တို့ ကောင်း မှု၊
အုပ်ရေ (၁၀၀)